www.burmeseclassic.com



# ဓိနုဋ္ဌပကာသနီကျမ်း

ဆဋ္ဌမအကြိမ်

## ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသည်။

မြစ်ကျွေးဆရာတော် အမှာနှင့်အတူ

မေဏ္ဍက သူဌေးကြီး နှင့် မြေး သူဌေးမကြီး ဝိသာခါဝတ္ထု နှစ်ခန်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


**ပထမပိုင်း** ၁၉

။၁။ ဂေါတမဘုရားလောင်း ဆုပန်ခြင်း ၂၀

။၂။ ဘုရားလောင်းနတ်သား ပဋိသန္ဓေယူခြင်း ၂၃

။၃။ ကြည့်ခြင်းကြီး ငါးပါးကို ကြည့်တော်မူခြင်း ၂၄

။၄။ ဘုရားလောင်း ဖွားမြင်တော်မူခြင်း ၂၅

။၅။ သိဒ္ဓတ္ထမင်းသား လေးအတတ်ကို ပြခြင်း ၃၆

။၆။ သိဒ္ဓတ္ထမင်းသားအား နိမိတ်ကြီးလေးပါး ထင်ခြင်း ၄၀

။၇။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း ၄၃

။၈။ သိဒ္ဓတ္ထမင်းသား ဒုက္ကရစရိယာ ကျင့်တော်မူခြင်း ၄၈

။၉။ ဘုရားလောင်းမင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ၅၁

။၁၀။ မြတ်စွာဘုရား သတ္တသတ္တာဟ စံတော်မူခြင်း ၅၉

။၁၁။ သဟမ္ပတိဗြဟ္မာမင်း တရားဟောရန် တောင်းပန်ခြင်း ၆၇

။၁၂။ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောတော်မူခြင်း ၇၁

။၁၃။ သာတာဂိရိနတ်နှင့် ဟေမဝတနတ်တို့အကြောင်းကို ပြခြင်း ၇၂

။၁၄။ အရှင်နာဠကထေရ် မောနေယျအကျင့်ကို ကျင့်ခြင်း ၈၂

**ဒုတိယပိုင်း** ၈၉

။၁၅။ ယသသူဌေးသားကို တရားဟော၍ ရဟန်းပြုခြင်း ၈၉

။၁၆။ ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့ ရဟန်းပြုခြင်း ၉၄

။၁၇။ ဥရုဝေလကဿပ စသော ရသေ့ညီနောင်တို့ ရဟန်းပြုခြင်း ၉၆

။၁၈။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း ၁၀၃

။၁၉။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်အလောင်းတို့
သိဉ္စည်းဆရာထံ ဆည်းကပ်ခြင်း ၁၀၆

။၂၀။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်အလောင်းတို့
ဘုရားရှင်ထံ ရဟန်းပြုခြင်း ၁၀၈

။၂၁။ အရှင်ကောဏ္ဍည၏ ရှေးအကြောင်းကိုပြခြင်း ၁၁၄

။၂၂။ အရှင်မဟာယသ, ဘဒ္ဒဝဂ္ဂီ, ဥရုဝေလကဿပတို့၏
ရှေးအကြောင်းကို ပြခြင်း ၁၁၇

။၂၃။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ရှေးအကြောင်းကိုပြခြင်း ၁၂၂

။၂၄။ ညီတော် နန္ဒမင်းသား ရဟန်းပြုခြင်း ၁၃၆


www.burmeseclassic.com

www.burmeseclassic.com


။၂၅။ သားတော် ရာဟုလာမင်းသား ရှင်ပြုခြင်း ၁၄၀
။၂၆။ မြတ်စွာဘုရား ဝါဆိုစဉ်ဌာနကို အကျဉ်းပြခြင်း ၁၄၂

**တတိယပိုင်း** ၁၄၉
။၂၇။ သာကီဝင်မင်းသား ခြောက်ယောက်နှင့် ဥပါလိတို့ ရဟန်းပြုကြခြင်း ၁၄၉
။၂၈။ အရှင်အနုရုဒ္ဓါ၏ ရှေးအကြောင်းကို ပြခြင်း ၁၅၅
။၂၉။ အရှင်ဘဒ္ဒိယ၏ ရှေးအကြောင်းကို ပြခြင်း ၁၆၀
။၃၀။ အရှင်အာနန္ဒာ၏ ရှေးအကြောင်းကို ပြခြင်း ၁၆၂
။၃၁။ အရှင်အာနန္ဒာ မြတ်စွာဘုရားအား အမြဲ လုပ်ကျွေးခြင်း ၁၆၇
။၃၂။ အရှင်ဥပါလိ၏ ရှေးအကြောင်းကို ပြခြင်း ၁၇၃
။၃၃။ အရှင်မဟာကဿပ၏ ရှေးအကြောင်းကို ပြခြင်း ၁၈၁
။၃၄။ ရှင်ရာဟုလာ, ရှင်ရဋ္ဌပါလထေရ် နှစ်ပါးတို့၏ ရှေးအကြောင်းကိုပြခြင်း ၁၉၉

**စတုတ္ထပိုင်း** ၂၁၃
။၃၅။ ရှင်ပိဏ္ဍောလမထေရ်၏ ရှေးအကြောင်းကို ပြခြင်း ၂၁၄
။၃၆။ ရှင်မဟာကစ္စည်းမထေရ်၏ ရှေးအကြောင်းကို ပြခြင်း ၂၁၆
။၃၇။ ရှင်မဟာပန်, ရှင်စူဠပန် ထေရ်နှစ်ပါးတို့၏ ရှေးအကြောင်းကို ပြခြင်း ၂၂၁
။၃၈။ ရှင်စူဠပန်ထေရ် ဉာဏ်ပညာထိုင်းခြင်းအကြောင်းကို ပြခြင်း ၂၃၂
။၃၉။ အရှင်သောဏမထေရ်၏ ရှေးအကြောင်းကို ပြခြင်း ၂၃၆
။၄၀။ ရှင်ဥပသေနထေရ်၏ ရှေးအကြောင်းကို ပြခြင်း ၂၄၄
။၄၁။ ရှင်စုန္ဒထေရ်၏ ရှေးအကြောင်းကို ပြခြင်း ၂၄၆
။၄၂။ စိတ္တသူကြွယ်၏ ရှေးအကြောင်းကို ပြခြင်း ၂၄၉
။၄၃။ ဇောတိကသူဌေး၏ ရှေးအကြောင်းကို ပြခြင်း ၂၅၇
။၄၄။ ဇဋိလသူဌေး၏ ရှေးအကြောင်းကို ပြခြင်း ၂၆၇
။၄၅။ ဇောတိကသူဌေး ရဟန်းပြုခြင်း ၂၇၂
။၄၆။ ကာကဝလိယသူဌေး၏ ရှေးအကြောင်းကိုပြခြင်း ၂၇၄

**ပဉ္စမပိုင်း** ၂၈၁
။၄၇။ သာကီဝင်မင်းသမီး ငါးရာနှင့် မိထွေးတော်ဂေါတမီ ရဟန်းပြုခြင်း ၂၈၁
။၄၈။ မိထွေးတော်ဂေါတမီ၏ ရှေးအကြောင်းကို ပြခြင်း ၂၉၂
။၄၉။ သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း ၂၉၄
။၅၀။ ဗိမ္ဗိသာရမင်းကြီးနှင့် ခေမာမိဖုရားတို့၏ ရှေးအကြောင်းကို ပြခြင်း ၃၀၀
။၅၁။ ဓမ္မဒိန္နာထေရီ၏ ရှေးအကြောင်းကို ပြခြင်း ၃၀၇


www.burmeseclassic.com

www.burmeseclassic.com


။၅၂။ ဘဒ္ဒကာပိလာနီထေရီ၏ ရှေးအကြောင်းကို ပြခြင်း ၃၁၁

။၅၃။ နန္ဒမာတာဥတ္တရာထေရီ၏ ရှေးအကြောင်းကို ပြခြင်း ၃၁၂

။၅၄။ ရူပနန္ဒာမည်သော ဇနပဒကလျာဏီ
ဘိက္ခုနီမ၏ ရှေးအကြောင်းကို ပြခြင်း ၃၂၃

။၅၅။ ဘဒ္ဒကစ္စာနာမည်သော ယသောဓရာမိဖုရား၏
ရှေးအကြောင်းကို ပြခြင်း ၃၂၉

**ဆဋ္ဌမပိုင်း** ၃၃၅

။၅၆။ အရှင်ပိဏ္ဍောလမထေရ်၏ အကြောင်းကိုပြခြင်း ၃၃၅

။၅၇။ အနာထပိဏ်သူဌေး၏ အကြောင်းကို ပြခြင်း ၃၄၀

။၅၈။ မေဏ္ဍကသူဌေးကြီး စသော ပုညရှင်ငါးဦးတို့၏
ရှေးအကြောင်းကိုပြခြင်း ၃၄၈

။၅၉။ မိဂါရမာတာ ဝိသာခါ၏ ရှေးအကြောင်းကို ပြခြင်း ၃၅၇

။၆၀။ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်း ၃၉၁

။၆၁။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောတော်မူခြင်း ၄၀၀

။၆၂။ တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းတော်မူခြင်း ၄၀၄

။၆၃။ ဥပ္ပလဝဏ်ထေရီမ၏ အကြောင်းကို ပြခြင်း ၄၀၇

။၆၄။ နကုလပိတာ, နကုလမာတာ သမီးခင်ပွန်းတို့အကြောင်းကို ပြခြင်း ၄၂၀

။၆၅။ ဗောဓိမင်းသား၏ အကြောင်းကို ပြခြင်း ၄၂၂

။၆၆။ အရှင်မောဂ္ဂလာန်ဝမ်းသို့ မာရ်နတ်ဝင်ခြင်း ၄၂၅

**သတ္တမပိုင်း** ၄၃၁

။၆၇။ ဃောသကသူဌေး၏ ရှေးအကြောင်းကို ပြခြင်း ၄၃၁

။၆၈။ သာမာဝတီမိဖုရား၏ ရှေးအကြောင်းကို ပြခြင်း ၄၃၈

။၆၉။ မာဂဏ္ဍီမိဖုရား၏ ရှေးအကြောင်းကို ပြခြင်း ၄၄၃

။၇၀။ မြတ်စွာဘုရား ပါလိလေယျကတောသို့ ကြွတော်မူခြင်း ၄၅၀

။၇၁။ နန္ဒောပနန္ဒ နဂါးမင်းကို ချွတ်တော်မူခြင်း ၄၆၀

။၇၂။ ဗကဗြဟ္မာကို ချွတ်တော်မူခြင်း ၄၆၄

။၇၃။ မြတ်စွာဘုရား ဒက္ခိဏာဂိရိကျောင်း၌ ဝါကပ်တော်မူခြင်း ၄၆၈

။၇၄။ မြတ်စွာဘုရား ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူခြင်း ၄၇၁

။၇၅။ သူစိလောမ, ခရလောမ ဘီလူးနှစ်ယောက်တို့ကို ချွတ်တော်မူခြင်း ၄၇၈

။၇၆။ အင်္ဂုလိမာလကို ဆုံးမတော်မူခြင်း ၄၈၂


www.burmeseclassic.com

www.burmeseclassic.com


**အဋ္ဌမပိုင်း** ၄၉၃

။၇၇။ မြတ်စွာဘုရား အာဠဝကဘီလူးကို ချွတ်တော်မူခြင်း ၄၉၃

။၇၈။ ဒေဝဒတ်သည် သံဃာတော်ကို သင်းခွဲခြင်း ၅၀၉

။၇၉။ ဒေဝဒတ်သည် ဗိမ္ဗိသာရမင်းကြီးကို သတ်စေခြင်း ၅၁၄

။၈၀။ ဒေဝဒတ်သည် ဘုရားရှင်ကို သေကြောင်းကြံစည်ခြင်း ၅၁၉

။၈၁။ ဒေဝဒတ်ကို မြေမျိုခြင်း ၅၂၄

။၈၂။ အဇာတသတ်သည် ဘုရားရှင်၌သက်ဝင်ယုံကြည်၍ သရဏဂုံတည်ခြင်း ၅၃၀

။၈၃။ ဆရာဇီဝက၏ ရှေးအကြောင်းကို ပြခြင်း ၅၃၂

။၈၄။ ဝေသာလီပြည် ပျက်စီးခြင်း ၅၄၆

**နဝမပိုင်း** ၅၆၁

။၈၅။ ဝေဠုဝရွာ၌ ဝါကပ်တော်မူခြင်း ၅၆၁

။၈၆။ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း ၅၆၃

။၈၇။ အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း ၅၇၁

။၈၈။ မာရ်နတ်သား ဘုရားထံသို့ ကပ်၍အာယုသင်္ခါရ လွှတ်တော်မူရန် တောင်းပန်ခြင်း ၅၇၄

။၈၉။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း ၅၈၀

**ဒသမပိုင်း** ၆၂၁

။၉၀။ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာ ၅ဝဝ ပါးရာ ပထမသင်္ဂါယနာတင်ခြင်း ၆၂၁

။၉၁။ ဘုရားရှင်ဓာတ်တော်ကို ဌာပနာခြင်း ၆၃၀

။၉၂။ ဒုတိယသင်္ဂါယနာတင်ခြင်း ၆၃၃

။၉၃။ မောဂ္ဂလိပုတ္တတိဿထေရ်၏ အကြောင်းကို ပြခြင်း ၆၃၈

။၉၄။ ဇာနက္ကပုဏ္ဏား၏အကြောင်းကို ပြခြင်း ၆၄၃

။၉၅။ ဗိန္ဒုသာရမင်း၏သားတော် ဓမ္မာသောကမင်းဆက်အကြောင်းကို ပြခြင်း ၆၄၈

။၉၆။ အဇာတသတ်မင်းတည်ထားသော ဌာပနာတိုက်အား ဖျက်ဆီးခြင်းကိုပြခြင်း ၆၅၉

။၉၇။ ဥပဂုတ္တတိဿနာဂထေရ်သည် မာရ်နတ်ကို ဆုံးမတော်မူခြင်း ၆၆၂


။၉၈။ ယန္တရားဆရာကို သတ်ရန်ဆက်သခြင်းနှင့် မဟိန္ဒမင်းသား, သင်္ဃမိတ္တာမင်းသမီးတို့ ရဟန်းပြုကြခြင်း ၆၆၈

။၉၉။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် တတိယသင်္ဂါယနာ တင်ခြင်း ၆၇၂

**နိဂုံး** ၆၇၉


www.burmeseclassic.com

www.burmeseclassic.com




# ဓိနုတ္ထပကာသနီကျမ်း

BURMESE CLASSIC .com

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းဖွားမြင်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးသင်လေးထပ်ဆရာတော်ဘုရားကြီး
# အတ္ထုပ္ပတ္တိအကျဉ်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**'မာဒိသာ ဝေဇိနာ ဟောန္တိ၊ ယေပတ္တာ အာသဝက္ခယံ။**

**ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာဟံ ဥပက ဇိနော'** ဟူသော မူလပဏ္ဏာသ ပါဠိတော် ၂၆, အရိယပရိယေသနသုတ် ခေါ်သော ပါသရာသိသုတ် ၁၉၉, မဇ္ဈိမပဏ္ဏာသ ပါဠိတော် ၃၅, ဗောဓိရာဇ ကုမာရသုတ် ၂၁၇, ဝိနည်းမဟာဝါ ပါဠိတော် ၁, မဟာခန္ဓက ၁၁, စသည်တို့၌ ဘုရားရှင်ကိုယ်တော်တိုင် ဝန်ခံတော်မူသောကြောင့်လည်း 'ဇိန'ဟူသော အမည်တော်ဖြင့် ထင်ရှားကျော်စောတော်မူသည်။

'ဒေသပုတ္တော ကိလေသောစ၊ အဘိသင်္ခါရ မာရကော။

ခန္ဓမာရော မစ္စုမာရော၊ မာရော ပဉ္စဝိဓော မတောတိ။

ဝုတ္တေပဉ္စမာရေ ဇိနာတိ အဇိနိ ဇိနိဿတီတိ ဇိနော။ တေ ဇိတဝါတိ ဇိနော' ဟူသောကစ္စာယန သုတ္တနိဒ္ဒေသ ၂၄, ၎င်းနှင့် ဆင်တူလာသော ကစ္စာယန ဘေဒ ဋီကာသစ် ၉၄-၁၁၅, ဝိဘင်္ဂမာရဘဉ္ဇနော စသော ဓာတုကထာ အဋ္ဌကထာ အနုသန္ဓေ ပဋ္ဌမဂါထာ ဝဏ္ဏနာ မူလဋီကာ ၁-၁, အနုဋီကာ ၁-၁, မခုသာရတ္ထ ဒီပနီဋီကာ ၁၁၅-၁၁၅, ဓာတုကထာ မူလဋီကာဝဏ္ဏနာ, ဓာတုကထာ အနုဋီကာဝဏ္ဏနာ, ဓာတုကထာ မူလဋီကာ ယောဇနာ စသည်တို့နှင့်အညီ မာရ်ငါးပါးကို အောင်တော်မူသောကြောင့်လည်း 'မာရဇိ မာရဘဉ္ဇန' ဟူသောအမည်တော်ဖြင့် ထင်ရှားကျော်စောတော်မူသည်။ အသင်္ချေယျာနိနာမာနိ စသော ဂါထာဖြင့်လည်း အမည်တော်များစွာတို့ဖြင့် ထင်ရှားကျော်စောတော်မူသည်။

ဤသို့ 'ဇိန', 'မာရဇိန', 'မာရဘဉ္ဇန' စသည်ဖြင့် များစွာသောအမည်တော်တို့တွင် ဤနေရာ၌ အလိုရှိအပ် အကြောင်းစပ်သဖြင့် 'ဇိန'ဟူသောအမည်တော်ဖြင့် ကျော်စောတော်မူသော မြတ်စွာဘုရားကြီး၏အကြောင်း အတ္ထုပ္ပတ္တိတော်တို့ကို ထုတ်ဖော်၍ ပြရာပြကြောင်း ဖြစ်တော်မူကြကုန်သော ဗုဒ္ဓဝံသပါဠိတော်, ၎င်းအဋ္ဌကထာ, ၎င်းဋီကာ စသည်ဖြင့် နိကာယ်ငါးရပ်ပါဠိတော် အဋ္ဌကထာ ဋီကာ, သာသနာတော် ၁၇၀၀-က သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်

www.burmeseclassic.com

www.burmeseclassic.com

နေ အရှင် ဗုဒ္ဓရက္ခိတထေရ် စီရင်ခဲ့သော ဂါထာ ၂၇၉ရှိ ဇိနာလင်္ကာရဋီကာပါဌ်, သီဟိုဠ်ကျွန်း ဝိဇယဗာဟုမင်းကြီးကျောင်းတော်နေ အရှင် မေဓင်္ကရထေရ် စီရင်ခဲ့သော ဂါထာ ၄၇၁ ရှိ ဇိနစရိတပါဌ် စသည်ဖြင့် များစွာသောဂန္ထန္တရတို့သည် ရှိကြကုန်၏။ ၎င်းပါဠိဘာသာ မာဂဓေထာ၌ နားမလည်ကုန်သော မြန်မာတိုင်းဖွား ဥပါသကာ, ဥပါသိကာတို့၏အကျိုးငှာ နိဝေရက နာမသန့်ရှင်း ဦးရန်ကင်းသည် ဝပ်စင်းရက်ဆက် တောင်းပန်ချက်ကြောင့် ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည် 'ဇိနတ္ထပကာသနီ' အမည်ရှိသော ဤကျမ်းကြီးကို စီရင်တော်မူခဲ့ပေ၏။ ဤ၌ အတ္ထသဒ္ဒါသည်-

'အတ္ထော ပယောဇနေ သဒ္ဒါ၊ ဘိဓေယျေ ဝုဒ္ဓိယံ ဓနေ။

ဝတ္ထုမှိ ကာရဏေ နာသေ၊ ဟိတေ ပစ္ဆိမပဗ္ဗတေ' ဟူသော အဘိဓာနပ္ပဒီပိကာ အမည်ရှိသော မာဂဓအဘိဓာန်ပါဌ် အနေကတ္ထဝဂ် ဂါထာနံပါတ် ၇၈၅ နှင့်အညီ အတ္ထသဒ္ဒါ၏ ကိုးပါးသောအနက်တို့တွင် ၂၅၆ ယောစအတ္ထံ အနတ္ထဉ္စာတိ ဘူတဉ္စ အဘူတဉ္စ ကာရဏံ ဓမ္မပဒအဋ္ဌကထာ ၁၉, ဝိနိစ္ဆယ မဟာမတ္တဝတ္ထု ၂၈၉, တေမတ္ထဝသင်္ကိတေသံ။ လ။ ကာရဏံဇာနိတွာ၊ ၎င်းအဋ္ဌကထာ ပဋ္ဌာစာရီဝတ္ထု၊ ဥဒါန်းအဋ္ဌကထာ၊ မုစလိန္ဒဝဂ်၊ ဒသမသုတ်အဖွင့် စေကနိပါတ် ၉၂၊ မဟာသာရ ဇာတ် အဋ္ဌကထာ ၃၁၁၊ သီ ၃၂၀၊ တေမတ္ထံ ဝိဒိတွာ ဟူသော ဥဒါန်းပါဠိတော် စသည်တို့၌ကဲ့သို့ အကြောင်းဟောဖြစ်ကြောင်းကို ဆရာတော်ဘုရားကြီး အလိုရှိတော်မူသည်။

၎င်း ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ အကြောင်းအတ္ထုပ္ပတ္တိကို အကျဉ်းမျှ နောက်သားတို့၏အကျိုးငှာ ဖော်ပြပေအံ့။

၎င်းဆရာတော်ကို ရွှေတောင်မြို့ ကျီးသဲရွာ ရှမ်းတန်းကလေး၌ သက္ကရာဇ် ၁၁၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်။ *ခမည်းတော်, မယ်တော်တို့၏အမည်ကို မသိရလေ။ ဆရာတော်ဘုရား ငယ်နာမည်မှာ 'ဦးကင်း'ဟူ၍ ခေါ်တွင်သည်။ ၉နှစ်သားအရွယ် ရှိသောအခါ သစ်နီတောကျောင်းတိုက်ဘုန်းတော်ကြီး ဦးပညာသာမိထံ သို့ ဝင်ရောက်၍ စာပေသင်သည်။ ၁၁ နှစ်သားအရွယ် ရှိသောအခါ သဒ္ဒါကြီးကို သင်သည်။ ၁၄ နှစ်သားအရွယ် ရှိသောအခါ သဒ္ဒါကြီးရှစ်စောင်, အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းတို့ကို သင်ပြန်သည်။

၎င်းတို့ကိုသင်ပြီး၍ ၁၇နှစ်သား အသက်ပြည့်လျှင် ငယ်ဆရာတို့ထံမှ မင်းတဲပထမကျော် လင်္ကာဒီပ အမည်ရှိသော ဆရာတော်ထံ၌ စာပေသင်ရသည်။ ညဉ့်ဝါနှင့် ဋီကာကျော်ကျမ်း တို့ကို သင်သည်။ ငယ်စဉ်ပင်လျှင် အသက် ၂၀အဝင် ၁၉နှစ်နှင့် ၆ လတွင် ၁၀၉၂ ခုဖွား, ၁၁၇၂ ခု စုတိတော်မူသော ရွှေနတ်တောင် မင်းရွာဇာတိ ငယ်မည် ဦးရွှဲ ဘွဲ့တော် ဦးဂုဏာစာရီ,

* အရှင်ဓမ္မသာမီဘိဝံသ(ပဲခူးမြို့ သာသနာမဏ္ဍိုင် ပါဠိတက္ကသိုလ်)၏ ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး ထေရုပတ္တိအကျဉ်းတွင် 'အဘ (ခံတော်) တရားသူကြီး ဦးအောင်မင်း၊ အမိ ဒေါ်ဂျမ်းဘုံ'၊ '၁၂၅၆ ခုနှစ် သီတင်းကျွတ်လကွယ်၂၇-၁၀-၁၈၉၄ ခုနှစ် စနေနေ့ ညနေ ၄ နာရီ အချိန်တွင် ပျံလွန်တော်မူသည်' ဟု ဖြဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကဝိန္ဒာဘိသဒ္ဓမ္မ ပဝရမဟာဓမ္မရာဇဂုရု၊ ဂုဏမုနိန္ဒာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇဓိရာဇာဂုရု တံဆိပ်တော် နှစ်ထပ်ရ။ ၁၁၂၈ ခုက သဒ္ဒတ္ထဘေဒစိန္တာနိသျ,၁၁၃၁ ပြည့်က အလင်္ကာနိသျ, ၁၁၃၃ ခုက ဓာတုကထာပါဠိတော်နိသျသစ်, စတုက္ကနိပါတ် ဇာတ်အဋ္ဌကထာနိသျ, ဝိထိလက်ရိုးကျမ်း, ၁၁၄၇ ခုက ကဝိဟဒယဝါဟိနီ အမည်ရှိသော သမ္မောဟ ဝိနောဒနီဂဏ္ဌိ ကျမ်း စသည်တို့ကို စီရင်တော်မူသော အမရပူရမြို့တော် ရွှေတောင်ဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိကတပည့် ရွှေတောင်မြို့ ဂိုဏ်းအုပ်ဆရာတော် ဦးကုမာရကို ဥပဇ္ဈာယ်ပြု၍၊ ဆုံထားဆရာတော် အရှင်နန္ဒမာလာ, ၎င်းတပည့် အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီပါဠ်နိသျ စသော ကျမ်းပေါင်းများစွာပြု ငယ်မည်တော် ဦးဆိုင်, ဘွဲ့တော် ဦးဂုဏဝန္တ, ဂုဏဝံသဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ စလင်းမြို့ ပန်းလှွားဂိုဏ်းအုပ်ဆရာတော် ၎င်းတပည့် ၁၁၂၅ ခု ဖွား- ၁၂၀၁ ခု ပျံလွန်တော်မူသော ငယ်မည်တော် ဦးချစ်လောက်, ဘွဲ့တော် ဦးပညာသီဟ, ရတနာပုရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီးက ဆက်ကပ်လှူဒါန်းအပ်သော မုနိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ, မဟာဓမ္မရာဇာဓိရာဇဂုရု, မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ, သိရိသဒ္ဓမ္မပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု စသော တံဆိပ်တော်လေးထပ်ရ အဘိဓမ္မာဝတာရ နိသျသစ်ကို ၁၁၈၈ ခုနှစ် ပထမဝါဆိုလဆန်း ၁ ရက်နေ့ကစ၍ ၅၅ ရက်နှင့် အပြီး စီရင်တော်မူခဲ့သော စလင်းသာသနာပိုင်ဆရာတော်ကြီး, ၎င်းဆရာတော်၏ သဒ္ဒိဝိဟာရိက တပည့် ရွှေတောင်မြို့ မင်းတဲပထမကျော် အရှင်လင်္ကာဒီပကို ကမ္မဝါစာဆရာပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။ ဆရာမြတ်တို့မှည့်အပ်သော ဘွဲ့တော်ကား 'ရှင်မုနိန္ဒာဘိဓဇ' ပင်တည်း။

ဒွေမာတိကာ, ပါတိမောက်ပါဠိတော်, ကင်္ခါဝိတရဏီ, အဋ္ဌကထာပါဠ်, ခုဒ္ဒသိက္ခာပါဠ် တို့ကို ဝါစုဂ္ဂတ နှုတ်ရဆောင်ထား၍ ပါရာဇိကဏ်ပါဠိတော်နှင့် ၎င်းအဋ္ဌကထာ သမန္တပါသာ ဒိကာကို သင်သည်။

ထို့နောက် ရဟန်း နှစ်ဝါမြောက်သောအခါ အမရပူရမြို့တော်သို့ ဆန်တက်၍ ၁၆၁၁ ခုဖွား- ၁၂၂၇ ခု ပျံလွန်တော်မူသော ငယ်မည်တော် ဦးသံမှို, ဘွဲ့တော် အရှင်ဥေယျဓမ္မ ရွှေဘိုမင်းတရားကြီးက ၁၁၉၉ ခု သဲအင်းဆရာတော်ကြီးကို သာသနာပိုင် အပ်တော်မူသောအခါ တံဆိပ်ရုံ ၁၂ပါးတို့တွင် ဥေယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ၎င်းမင်းတရားကြီး ပင် ၁၂၀၁ ခုက ဥေယျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ သားတော် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးက ၁၂၁၅ ခု ဥေယျဓမ္မာဘိဝံသမုနိ ဝရ, ဉာဏကိတ္တိ သိရိဓဇ ဓမ္မသေနာပတိ, မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ကပ်လှူသဖြင့် တံဆိပ်တော် သုံးထပ်ရ နတ်ရဲတောင်ရွာဇာတိ ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော် ဦးဥေယျ၏ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍၊ ဥတ္တမ စက္ကိန္ဒဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မိတ္ထီလာဆရာတော် ၁၁၄၉ ခု ဖွား မြင်းခြံမြို့ သမုံးကိုင်းရွာဇာတိ ငယ်မည် တော် ဦးပြား, သာမဏေဘွဲ့ ရှင်ပဏ္ဍိတ, ရဟန်းဘွဲ့ ဦးမဏိဇောတ မဏိဇောတာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ခင်မကန်ဆရာတော်တို့၏ထံ၌ အဘိဓာန်စာကိုယ်,

www.burmeseclassic.com

www.burmeseclassic.com

၎င်းဋီကာ, နျာသရစ်စောင်ပါဠိ, ၎င်းအဖွင့် သံပျင်ဋီကာ ရှစ်စောင်တို့ကို သင်သည်။ ၎င်း သာသနာပိုင်ဆရာတော် ဦးဥေယျထံ၌ပင် ပါရာဇိကဏ် အဋ္ဌကထာ, သာရတ္ထဒီပနီ ဋီကာတို့ကို သင်သည်။ ခင်မကန်ဆရာတော်ထံ၌ ပါစိတ်အဋ္ဌကထာ, ဝိနည်းမဟာဝါအဋ္ဌကထာတို့ကို သင်သည်။

၁၁၄၂ ခုဖွား ငယ်မည်တော် ဦးရွှေမင်း, ဘွဲ့တော် ဦးအရိန္ဒမ အရိန္ဒမဂုဏာ ဘိသိရိဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ရွှေတိုက်ဝန်ဆရာတော်ထံ၌ ဖြို့ဟဒ်ရာဇမတ္တဏ် ကျမ်းတို့ကို သင်သည်။

၎င်းနောက် ရွှေတောင်မြို့သို့ ပြန်လာ၍ ငယ်ဆရာ၏ထံ၌ သုတ်သီလက္ခန်စသော သုတ္တန်ကျမ်းစု, ပါဠိအဋ္ဌကထာ ဋီကာတို့ကို သင်သည်။ ရဟန်း ၆ ဝါ ရှိသောအခါ ရွှေတောင်မြို့, ပန်းတောင်းမြို့, ဟံသာဝတီ ရန်ကုန်မြို့များကို ပုဂံမင်းလက်ထက်အုပ်ချုပ်၍ ဝန်ကြီးလုပ်ရသော သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် နော်ရထာဘွဲ့ခံ ဦးမှုံသည် ကျီးသဲရွာ၏အရှေ့မျက်နှာ တာ နှစ်ရာကျော်ခန့် ကွာသောအရပ်၌ လေးထပ်ကျောင်းကြီး ဆောက် လုပ်လှူဒါန်းသည်ကို အလှူခံတော်မူ၍ ရှေးဦးစွာ သီတင်းသုံးတော်မူသောကြောင့် 'ကျီးသဲလေး ထပ်ဆရာတော် ပုဂ္ဂိုလ်သူမြတ်'ဟု ထင်ပေါ်ကျော်စောတော်မူသည်။

၎င်း ကျီးသဲလေးထပ် ဆရာတော်ဘုရားသည် ပန်းတောင်းမြို့ဝန်မင်းက ပင့်၍၊ ပန်း တောင်းမြို့၌ တစ်လှည့် သီတင်းသုံးတော်မူသည်။ မော်လမြိုင်မြို့၌လည်း သီတင်းသုံးတော်မူ သည်။ ပထမအမည် အင်္ဂပူ, ဒုတိယအမည် အုတ်ဖို, တတိယ ယခုအမည် အင်္ဂပူမြို့ မြို့မကျောင်းတိုက် ငယ်မည် ဦးသာအောင်, ဘွဲ့တော် ဦးအရိယခေါ်သော ဂိုဏ်းအုပ်ဆရာတော် ဘုရားကြီး၏အထံတော်သို့ ၁၂၁၁ ခုနှစ်လောက်ကရောက်၍ သီတင်းသုံးတော်မူသဖြင့် အင်္ဂပူမြို့၌ ယခုတိုင် 'ကျီးသဲကျောင်း'ဟု ထင်ရှားစွာရှိသည်။ ၎င်းနောက် ၁၂၁၄ ခုနှစ်လောက် တွင် ဟင်္သာတမြို့ကပင့်၍ သီတင်းသုံးတော်မူသည်။

ယခုအခါ ဟင်္သာတမြို့ ရွှေကျောင်း၏တောင်ဘက် ကသဲတန်းဥယျာဉ်ကြီးရပ်ရှိ ရှင်ပင်သာလျောင်းဘုရား၏ ခေါင်းရင်းဘက် အရှေ့အနီးရှိ 'ရတနာဃရရွှေအိမ်'အမည်ရှိသော စေတီသည် ကျောင်းဆိပ်ရပ် ကျောင်းဒါယကာကြီး ဦးဖော်ကြီး, ကျောင်းအစ်မ မယ်ငွေဥတို့ တည်ထားကိုးကွယ်သော ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ကျောင်းတွင်းက ကျောင်း ဦးစေတီပင် ဖြစ်သည်။

၎င်း ဆရာတော်ဘုရားကြီးသည် စကုမြို့ ကလပါးရွာ၌ ဦးရွှေဝိုင်း၏သား ၁၁၉၂ ခုဖွား– ဟင်္သာတမြို့၌ ၁၂၆၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၁၀ ရက် သက်တော် ၆၈ နှစ် ပျံလွန်တော်မူ သော ငယ်မည်တော် ဦးသာဘွား, ဘွဲ့တော် ဦးသဒ္ဓမ္မခေါ် ပုဂ္ဂိုလ်သူမြတ်သည် မြစ်ကွေ့မြို့မဲထီး ကျောင်းတိုက်၌ သီတင်းသုံး၍ ၎င်းမြို့မှ စုန်ဆင်းကြွလာခဲ့ရာ ၎င်း ဦးသဒ္ဓမ္မ ပုဂ္ဂိုလ်သူမြတ်အား ကျောင်းကန်ပရိဘောဂတို့ကို ပေးစွန့်လှူဒါန်းခဲ့၍၊ မိအချို့လောင်သဖြင့် ကျောင်းဒါယကာ ဦးဖော်ကြီး, ဦးကြိုင်, အမိန့်တော်ရ ဦးသာထွန်းဖြူ, ဒေါ်ကွန်း, ဦးရွှေစွန်, ဒေါ်ပဲကြီး စသော ဥပါသကာ ဥပါသိကာတို့က ရှေး သရက်တောဆရာတော်ဘုရားကြီး ဦးကဝိကြီး၏သိမ်

www.burmeseclassic.com

www.burmeseclassic.com

အနီး, ယခုအခါ ချစ်တီးဘုရားကျောင်း၏အရှေ့ဘက်၌ ကျောင်းတိုက်တည်ထောင်ရာ အာဒိကမ္မိက ပထမတိုက်တည် ဆရာတော်ဘုရားကြီးကို စွဲ၍ 'ဦးမကွေးကျောင်း'ဟူ၍ လည်းကောင်း၊ 'မြစ်ကွေ့တိုက်'ဟူ၍လည်းကောင်း ရဟန်းရှင်လူတို့ ခေါ်ဝေါ်အပ်သော ကျောင်းတိုက်သည် ဖြစ်သတည်း။

ဎင်းတိုက်၌ ဇန့်ကျီမြို့ ပိတောက်ခေါင်းရွာ၌ သက္ကရာဇ် ၁၂၁၀-ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့ဖွားတော်မူသော ငယ်မည်တော် ဦးမြ, ဘွဲ့တော် အရှင်ပညာရံသီ မဟာထေရ်သည် ဆက်ခံသိမ်းပိုက်၍ သီတင်းသုံးတော်မူသည်။

ဎင်း ဒုတိယ မြစ်ကွေ့ဆရာတော်ဘုရားကြီးသည် ၁၂၆၉ ခု သက်တော် ၅၉နှစ်တွင် ဎင်းတိုက်၌ပင် ပျံလွန်တော်မူရာ၊ ၁၁၈၂ ခုဖွား-၁၂၆၂ ခု ပျံလွန်တော်မူသော ဟင်္သာတမြို့ ညောင်ပင်ရွာရပ် ဘိုးသိန်းတန်ဆရာတော်ဘုရားကြီး ဦးကဝိကလေး, ဎင်းဆရာတော်၏ သဒ္ဓိဝိဟာရိကတပည့် ၁၁၉၈ ခုဖွား ငယ်မည်တော် ဦးမောင်, ၁၂၆၀ ပြည့်နှစ် တော်သလင်းလဆန်း ၄ ရက် သောကြာနေ့ ပျံလွန်တော်မူသော ဟင်္သာတမြို့ ညောင်ပင်ရွာရပ် မင်းကျောင်းဆရာတော် အရှင်ပညာဇောတ မဟာထေရ်၏ အန္တေဝါသိကတပည့် ဟင်္သာတဒိစတြိတ် မြန်အောင်မြို့ ထန်းသုံးပင်တိုက် အနောက်ကုန်းရွာ ဦးရွှေမျှင်-ဒေါ်တူတို့၏သား ၁၂၃၉ ခု ဝါဆိုလဆန်း ၄ ရက် ၄နေ့ဖွား အရှင်ဝိမလဗုဒ္ဓိ အမည်တော်ရှိသော ပုဂ္ဂိုလ်သူမြတ်သည် ၁၂၆၉ ခုနှစ်ကပင် ဆက်လက် သီတင်းသုံးတော်မူသည်။ ဎင်း တတိယမြစ်ကွေ့ဆရာတော် မဟာထေရ်သူမြတ်၏လက်ထက်၌ စာသင်တိုက်ဖွဲ့၍ သင်ကြားပို့သခဲ့ရာ သံဃာတော် လေးဆယ်လောက်ကစ၍ ယခုအခါ သံဃာတော် တစ်ရာ့လေးဆယ်ကျော်ရှိ စာသင်တိုက် တစ်တိုက် ဖြစ်လေသတည်း။

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည်လည်း ဎင်း ဟင်္သာတမြို့မှ ဆန်တော်မူခဲ့၍ ကျီးသဲရွာဒေသ မဟာနိဂမမှ အထက်သို့ ငါးမိုင်ခန့်ကွာသော မြောက်ဆိပ်အရပ်၌ ကျောင်းကန်တိုက်တာ အသစ်တည်ထောင်တော်မူ၍ အရပ်ထက်ဝန်းကျင် ထိုထိုမြို့ရွာမှ ကြွလာတော်မူကြကုန်သော စာသင်သားတို့အား အားစွမ်းနိုင်သမျှ တစ်နေ့လျှင် စာ လေးဝါ, ငါးဝါ ချပို့တော်မူ၍ ဓမ္မာနုဂ္ဂဟ သာသနာတော်ထမ်း ရဟန်းတို့၏ ဂန္ထဓုရတာဝန်ကို ရွက်ဆောင်တော်မူသည်။ ဎင်းမှ အားလပ်သောအခါ၌ ဝိပဿနာဓုရတာဝန်ကို ရွက်ဆောင် ဖြည့်ကျင့်တော်မူသည်။ ရံဖန်အခွင့်ရသောအခါ၌ကား ထိုထို အမေးပုစ္ဆာ, ပဥှာတို့ကို ဖြေတော်မူသည်။ အမျိုးမျိုးသော နိသျ, ဂဏ္ဌိနုရတို့ကိုလည်း နောက်လူတို့အား ကရုဏာရှေ့ထူ အရေးယူ၍ စီရင်တော်မူသည်။

တစ်ရံသောအခါ မြို့အုပ်မင်းဒါယကာ လူ့ဒါန်းပါသော လူအိုတို့၏လက်စွဲ ကတ္တရယဋ္ဌိ အမည်ရှိသော တောင်ဝှေးကို အားပြု၍ကိုင်ထောက်ရာ အလွန်ချောသောတောင်ဝှေး၌ လက်မမြဲဘဲ ချော်ချွတ်တိမ်းလဲသောရောဂါနှင့် ယခုအခါ ဗိုလ်ရုံကျောင်း တွင်သော မြောက်ဆိပ်ကျောင်း၌ပင် သမ္မုတိမရဏာ စုတိကျ၍ ဘဝပြောင်းတော်မူသည်ဟု ကြားရဖူးသည်။ ဎင်းဆရာတော်ဘုရားကြီး၏ ပျံလွန်တော်မူသော သက္ကရာဇ်, လ, ရက်, နေ့ တို့ကို စူးစမ်း၍ပင် မရသေးချေ။ ဎင်း ကျီးသဲလေးထပ် မုနိန္ဒာဘိဓေ နာမပညတ် အရှင်မြတ်သည် စီရင်တော်မူအပ်သော

www.burmeseclassic.com

www.burmeseclassic.com

ကျမ်းပေစာ အရပ်ရပ်တို့ကိုကား ကျမ်းဂန်သုံး နောက်ဆုံးဟု ဆိုအပ်သော အထက်၌ ရေးသားပြဆို လတ္တံ့သောအတိုင်း မှတ်ရာ၏။

ဂန္ထဝံသနိသျ ဦးရန်ကင်း တောင်းပန်၍ စီရင်ခဲ့သော ဓိနတ္ထပကာသနီကျမ်း ဆယ်တွဲ၊ ၎င်းကိုဆယ်တွဲနှင့် ဆုံးသည် မထင်။ သီလဘေဒပကာသနီကျမ်း, မင်္ဂလတ္ထဒီပနီနိသျ ပေ အင်္ဂါ သုံးဆယ်ကျော်၊ ကလျာဏဓဇထေရ်, ပဉ္ဉာလထေရ်တို့တောင်းပန်၍ ကျီးသဲလေးထပ်ဆရာတော်သည် ပြည်မြို့ ဓိုးအုပ်ဆရာတော် လင်္ကာသာရထေရ် ဖြေအပ်သော ဝိသုဒ္ဓနာ သုံးရာကျော်ကို ဖြည့်စွက်သဖြင့်စီရင်၍ ၁၂၂၇ ခု သီတင်းကျွတ်လဆုတ် ၈ ရက် ၅ နေ့ပြီးသော စွယ်စုံကျော်ထင်အဖြေကျမ်း, ဒိဋ္ဌိဒီပကကျမ်း ၂ အင်္ဂါ, အင်္ဂလိပ်လူမျိုး ပြည်မြို့နေ သစ်တောအုပ် မောင်မောင် လျှောက်၍ ၁၂၂၈ ခု နတ်တော်လပြည့်နေ့ပြီး စီရင်သော ပဉ္စာဗျာကရဏကျမ်း ၄ အင်္ဂါ၊ တောရဘုန်းကြီး ဦးဝိမလလျှောက်၍ ၁၂၃၇ ခု သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့ပြီး စီရင်ခဲ့သော နိဗ္ဗာန်လမ်းပြကျမ်း ၃ အင်္ဂါ၊ ပေါင်းတည်မြို့နေ ဦးသုမနလျှောက်၍ ၁၂၃၃ ခု ဝါခေါင်လကွယ် တနင်္လာနေ့ပြီး စီရင်ခဲ့သော ဝိမတိစ္ဆေဒနီကျမ်း ၆ အင်္ဂါ၊ ၁၂၃၅ ခု တော်သလင်းလဆန်း ၁၁ ရက်, တနင်္လာနေ့ပြီးသော မနောရထပူရဏီကျမ်း ၁၄ အင်္ဂါ, အဘိဓမ္မတ္ထ သင်္ဂဟနိသျ ၆ အင်္ဂါ, ဘိက္ခုပါတိမောက်ဝိဘင်း ပါဠိတော်နိသျသစ်, ဘိက္ခုနီဝိဘင်း ပါဠိတော်နိသျသစ်, ဝိနည်းမဟာဝါ ပါဠိတော်နိသျသစ်, စူဠဝါပါဠိတော် နိသျသစ်, ပရိဝါပါဠိတော် နိသျသစ်, ကဝိသာရ ဆန်းဋီကာနိသျ ၁၅ အင်္ဂါ, သဒ္ဒါကြီးနိသျ, ကဗျာသာရတ္ထ သင်္ဂဟကျမ်း, မဟာသာရပျို့သစ်, သဒ္ဓနဝိလာသနီကျမ်း, ဆပဉ္စဂ်ီက သုပိနာ ဗျာသယံသယ ဝိသောဓနာကျမ်း ၈ အင်္ဂါ, ဓမ္မဒေသနာ ၁၀ အင်္ဂါ, ကျီးသဲလေးထပ် မေတ္တာစာ, ဗုဒ္ဓဝန္ဒနာ ၄ အင်္ဂါ, ဆုတောင်း ၁၅ ဂါထာပါ၌၊ ရွှေတောင်ဝန်ကြီး ဦးမှုံ တောင်းပန်၍ ၁၂၄၀ ပြည့် နတ်တော်လဆန်း ၅ ရက် ၅နေ့ စီရင်ပြီးသော မဟာဝင်ဝတ္ထု ၁၅ အင်္ဂါ, ရွှေတောင်မြို့နေ စစ်ကဲတော်မင်း မောင်မဲ့ တောင်းပန်၍ ၁၂၄၂ ခု တပေါင်းလပြည့် ကျော် ၁၁ ရက် ၅ တေးနေ့ စီရင်ပြီးသော ပုရာဏ်ကျမ်းနှင့် ဓမ္မဂန်ဖတ်စာ ပေါင်း ၃၁ စောင်မျှ ကျမ်းပြီးနိဂုံးတို့၌ တွေ့ရသည်ကိုလည်းကောင်း၊ စာရင်းတင်ထားသည်ကိုလည်းကောင်း တွေ့ရသည့်အတိုင်း တည့်သွင်း ဖော်ပြလိုက်ပါသည်။

ဤကား ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း ပြီး၏။

အတိတ် ကလိယုဂ် ၅၀၃၀, အနာဂတ် ကလိယုဂ် ၄၂၆၉၇၀, အတိတ်သာသနာတော် ၂၄၇၃, အနာဂတ်သာသနာတော် ၂၅၂၇, မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ် သီတင်းကျွတ်လပြည့် ၅ နေ့ ဟသ်ာတမြို့ မြစ်ကွေ့ကျောင်းတိုက် တိုက်အုပ်ဘုန်းတော်ကြီး ဦးပညာဝံသ မဟာထေရ် ရေးစီရင်၍ ပို့လိုက်သည့်အတိုင်း ကျေးဇူးတင်စွာဖြင့် ထည့်သွင်းဖော်ပြလိုက်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



# ဇိနတ္ထပကာသနီကျမ်း

## ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com





ဘုရားလောင်းနတ်သား ပဋိသန္ဓေယူခြင်း-သိဒ္ဓတ္ထမင်းသား လေးအတတ်ကိုပြခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ဝိနယဋ္ဌပကာသနီကျမ်း

## ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းနတ်သား ပဋိသန္ဓေယူခြင်း-သိဒ္ဓတ္ထမင်းသား လေးအတတ်ကိုပြခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဇိနတ္ထပကာသနီကျမ်း
## ပထမပိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

**အနန္တ ကပ္ပ သဉ္စိတ၊ ပါရမိနာ ဇိနဇ္ဇာဝံ။**
**ပတွာ တာရေသိ ဒမ္မကာံ၊ သော ပါတု သာသနေ စိရံ။**

ယော ဇိနော၊ အကြင် ငါးမာရ်အောင်တံတတ် သုံးလူ့နတ်သည်။ အနန္တ ကပ္ပသဉ္စိတ ပါရမိနာ၊ ထောင်သောင်းသိန်းနေ အကုဋေတို့ဖြင့် တွက်ရေမသိ ဆုံးမရှိသော ကပ်ကမ္ဘာ ကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူးတော်မူအပ်သော ဆယ်ပါးသုံးလီ ပါရမီတော်တို့ကြောင့်။ ဇိနဇ္ဇာဝံ၊ ငါးမာရ်ပယ်ရှား ဘုရားအဖြစ်သို့။ ပတွာ၊ ရောက်တော်မူ၍။ ဒမ္မကာံ၊ ဆုံးမထိုက်ရာ သတ္တဝါကို။ တာရေသိ၊ မဂ်,ဖိုလ်အမြိုက် ထိုက်သင့်ရာရာ တိုက်ကျွေးကာဖြင့် သံသရာ ယာဉ်ဘောင် ဝဲလယ်ခေါင်မှ ထုတ်ဆောင်ကယ်ငင် တင်တော်မူလေပြီ။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သော ဇိနော၊ ထိုငါးမာရ်အောင်ပြီး သုံးလူ့ထီးသည်။ သာသနေ၊ ဆုံးမဟောကြား ဘုရားသြဝါ သာသနာတော်၌။ ဝါ၊ စတုပါရိ သုဒ္ဓိမြဲမြံ ဂန္ထဓုရ ဝိပဿနဟု လမ်းမနှစ်ဖြာ သာသနာတော်၌။ စိရံ၊ အာယု ဝဏ္ဏ သုခ ပဋိဘာန် မြဲမြံရှည်စွာ။ ဌိတတ္တာယ၊ တည်စေခြင်းငှာ။ မံ၊ အကျွန်ုပ်ကို။ ပါတု၊ တွင်း,ပ နှစ်တန် ရန်မာရ်ခွာရဲ့ အမြဲစောင်မတော် မူပါစေသတည်း။

## ပဋိညာဉ်

ဤဂါထာဖြင့် ဂန္ထာရမ္ဘ သုံးပါးတို့တွင် အာသီသပုဗ္ဗက ဂန္ထာရမ္ဘကိုပြု၍ ဆရာကြီး 'ဦးရန်ကင်း' အမည်ရှိသော ဥပါသကာသည် မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ကို ဆုပန်တော်မူသည်မှစ၍ ဘုရားအဖြစ်သို့ရောက်ပြီးသော် အနုပါဒိသေသနိဗ္ဗာန် စံယူတော်မူသည့်တိုင်အောင် ဝေနေယျတို့အကျိုးကို ဆောင်တော်မူလျက် လေးဆယ့်ငါးဝါ တည်တော်မူသောအစဉ်ကို အစီအလျဉ်မှန်ကန်စွာ ကျမ်းဂန်လာအတိုင်း မှတ်သိလိုပါသည့်အကြောင်းနှင့် တောင်းပန်လျှောက်ထားသည့်အတိုင်း ဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာ၊ အပဒါန်ပါဠိတော် အဋ္ဌကထာ၊ ဒီဃနိကာယ် မဇ္ဈိမနိကာယ် အင်္ဂုတ္တရနိကာယ် ပါဠိတော် အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ် အဝင်ဖြစ်သော ဝိနည်းပါဠိတော် အဋ္ဌကထာ၊ ဓမ္မပဒ သုတ္တနိပါတ် ဇာတ်ပါဠိ အဋ္ဌကထာ၊ စရိယာပိဋက အဋ္ဌကထာ၊ အနာဂတဝင် မဟာဝင် ဒီပဝင် အဋ္ဌကထာ၊ ဇာတတ္ထကီနိဒါန်း၊ သောတတ္ထကီနိဒါန်း၊ တထာဂတုပ္ပတ္တိကျမ်းတို့၌ ဆိုအပ်သော အဆုံးအဖြတ်ကို ညီညွတ်နိုင်းဆကာ သင့်ရာသင့်ရာခင်း၍ အကျဉ်းမျှ ပြဆိုပေအံ့။

## ။၁။ ဂေါတမဘုရားလောင်း ဆုပန်ခြင်း

ငါတို့ ဂေါတမ ဘုရားလောင်းသည်–

'စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျ ဝါစကံ။

ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ' ဟူသော ပါဠ်နှင့်အညီ ဤရွေ့ဤမျှဟု တွက်ဆမှတ်သားခြင်းငှာ မတတ်ရာသော မဟာကပ်ပေါင်း အသင်္ချေယျတို့တွင် နန္ဒအသင်္ချေ၊ သုနန္ဒအသင်္ချေ၊ ပထဝီအသင်္ချေ၊ မဏ္ဍအသင်္ချေ၊ ဓရဏီအသင်္ချေ၊ သာဂရအသင်္ချေ၊ ပုဏ္ဍရီကအသင်္ချေ တည်းဟူသော ခုနစ် အသင်္ချေအတွင်း၌ ပွင့်တော်မူကုန်သော ဗြဟ္မဒေဝ အစရှိကုန်သော တစ်သိန်း နှစ်သောင်း ငါးထောင်ကုန်သော ဘုရားရှင်တို့ကို ဖူးမြင်တွေ့ကြုံရသဖြင့် ဓမ္မဒေသနာကို ကြားနာရလေလျှင် ဘုရားဖြစ်ချင်သော စိတ်တော်ရှိလှ၍ ဒသပါရမီ ငါးလီသော ပရိက္ခာရတို့ကို တစ်စတစ်စ ဖြည့်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သဗ္ဗဘဒ္ဒ အသင်္ချေ၊ သဗ္ဗဖုလ္လ အသင်္ချေ၊ သဗ္ဗရတန အသင်္ချေ၊ ဥသဘက္ခန္ဓ အသင်္ချေ၊ ခန္ဓုတ္တမ အသင်္ချေ၊ မာဏိတ အသင်္ချေ၊ ဘဒ္ဒ အသင်္ချေ၊ ပဒုမ အသင်္ချေ၊ သဗ္ဗဘလ္လ အသင်္ချေတည်းဟူသော ကိုးသင်္ချေထက်၌ ပွင့်တော်မူကြကုန်သော 'ပေါရာဏသကျဂေါတမ အစရှိကုန်သော သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်ကုန်သော ဘုရားရှင်တို့နှင့် တွေ့ကြုံပြန်လျှင်လည်း ထို ဘုရားရှင်တို့အား ပစ္စည်းလေးပါးတို့ဖြင့် မြှောက်စားပူဇော်ကာ တရားတော်ကိုနာ၍ "နောင်သောအခါ ငါလည်း ထို့သွင် လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်စေသော" ဟု နှုတ်ရောစိတ်ပါ ပတ္ထနာ၍ ပါရမီသုံးဆယ် ငါးသွယ်သောပရိစ္စာဂ စရိယတို့ကို နိစ္စကြိုးကုတ် အားထုတ်တော်မူသဖြင့် ဆောက်ဦးရင့်မာ၍ 'သုမေဓာရှင်ရသေ့' အဖြစ်သို့ ရောက်တော်မူသည်။

ထိုမှစ၍ သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇေယျအသင်္ချေ၊ ရုစိယ အသင်္ချေတည်းဟူသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြကုန်သော နှစ်ကျိပ်ခုနစ်ဆူကုန်သော ဘုရားရှင်တို့တွင် ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ နိယတဗျာဒိတ်ကို ခံရလျက် ဗောဓိသမ္ဘာရအပေါင်းကို ဖြည့်တော်မူကာ အစဉ်လာသဖြင့် ဤကမ္ဘာ၀ယ် မဟာသမ္မတမင်း တစ်ကြိမ်၊ သုဒဿန၀ရ မန္ဓာတ်မင်း တစ်ကြိမ်၊ မဃဒေဝမင်း တစ်ကြိမ်၊ နေမိမင်း၊ တေမိမင်း၊ သိဝိရာဇ်၊ စန္ဒကုမာရ၊ မဟာဂေါဝိန္ဒ၊ အကိတ္တိဗြာဟ္မဏ၊ သင်္ခဗြာဟ္မဏ၊ ဓနဉ္စယ၊ သသရာဇ၊ ဟတ္ထိနာဂ၊ ဘူရိဒတ္တ၊ စမ္ပေယျ၊ စူဠဗောဓိ၊ မဟိံသ၊ ရုရုမိဂ၊ မာတင်္ဂ၊ ဓမ္မဓေ၊ ဇယဒိသ၊ သင်္ခပါလ၊ ယုဓဉ္စယ၊ သောမနဿ၊ အယောဃရ၊ သောဏဒန္တ၊ ကပိရာဇ၊ သစ္စယုဂ၊ ၀ဋ္ဋပေါတက၊ မစ္ဆရာဇ၊ ကဏှဒီပါယန၊ မဟာသုတသောမ၊ သု၀ဏ္ဏသာမ၊ ဧကရာဇ၊ မဟာလောမဟံသ တစ်ကြိမ်စီအားဖြင့် သုံးဆယ့်ငါးဇာတ် ဖြစ်တော်မူ၍ ဆောက်ဦးရင့်မာသဖြင့် 'ဝေဿန္တရာမင်း'၏အဖြစ်သို့ ရောက်တော်မူသည်။

စိန္တိတံဂါထာ ရှင်းလင်းချက်။ ။ ဤစကားအစဉ်၌ ဦးတင်၍ပြအပ်သော 'စိန္တိတံ သတ္တသင်္ချေယျံ' စသောဂါထာသည် သင်္ဂါယနာဝင်ရှိ ကျမ်းကြီးကျမ်းခိုင်တို့၌ မလာ။ ဇာတတ္ထကီကျမ်း, သောတတ္ထကီနိဒါန်း ဤကျမ်းငယ်တို့၌သာ လာသည်ဖြစ်၍ လည်းကောင်း၊ ဤအတိုင်းယူချေသော် ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက ဟူသော သုံးဆူသောဘုရားတို့ ပါရမီဖြည့်တမ်းသည် အထူးအပြား မရှိ။ အသင်္ချေနှစ်ဆယ်စီ အညီကျရာသောကြောင့် လည်းကောင်း၊ ယသောဓရာမှာ ဘုရားလောင်း၏အလုပ်အကျွေး ဖြစ်ရပါကြောင်းကို သုံးသိန်းခြောက်သောင်း သုံးရာ့ရှစ်ဆယ့် ခုနစ်ကုဋေသော ဘုရားအပေါင်း, ခြောက်ဆယ့်လေးကုဋေသော ပစ္စေကဗုဒ္ဓါအပေါင်း, အသင်္ချေသော ရဟန္တာအပေါင်းတို့ထံ ဆုပန်ခဲ့ရသည်ဟု ကျမ်းဂန်လာလျက် ဘုရားမြတ်စွာအလောင်းမှာမူ ဤမျှသာမကလေရာသောကြောင့် လည်းကောင်း ယုတ္တိမရ မုချမယူသာ။ နောက်ဆရာတို့ ကြံစည်၍ဆိုသောစကားသာ ဖြစ်ရာသည်ဟု ပညာရှိပြုသော အချို့ဆရာတို့ ဆိုကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဆရာတို့၏စကားသည် ကျမ်းဂန်အများကိုလည်း မတိုင်းမထွာ, ယုတ္တိကိုလည်း မစာနာ, ပုဗ္ဗာစရိယကိုလည်းမညှာဘဲ စိတ်ရှိတိုင်းသာ ဆိုရာရောက်မည် ထင်သည်။ အဘယ်ကြောင့်နည်းဟူလျှင် ထိုသူတို့ အပြစ်တင်ကြသော ဓာတတ္ထကီနိဒါန်း၊ သောတတ္ထကီကျမ်းကို 'အရှင်ဗုဒ္ဓဃောသ' စီရင်သည်ဟု ကျမ်းနိဂုံးတွင်ပါသည်။ ထိုဆရာလည်း အဘိဓမ္မာ အဋ္ဌကထာကို စီရင်တော်မူပါဟု မဟာဗုဒ္ဓဃောသထံ တောင်းပန်သော သင်္ဂါယနာတင် ကျမ်းဝင်ဆရာပင် ဖြစ်ပေသည်။ ထိုဆရာ၏ ဂုဏ်ဝိသေသကို အဋ္ဌသာလိနီ၌–

'ဝိသုဒ္ဓါစာရ သီလေန၊ နိပုဏာ မလ ဗုဒ္ဓိနာ။

ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သက္ကစ္စံ အဘိယာစိတော' ဟု မိန့်သောကြောင့် သိရသည်။

ထိုသို့ ချီးမွမ်းထိုက်သော သီလ၊ သမာဓိ၊ ပညာရှိသော ဆရာသည် မှီခိုရာ သင်္ဂါယနာ ဝင်ကျမ်းဂန်မရှိဘဲ မိမိကြံစည်၍ အနာဒေယျ, သမ္ပပ္ပလာပ စကားကို မရေးထားပေရာ။ ဤကျမ်းကိုမျှ မယူသာသော် ဆရာအဆက်ဆက်တို့ ဖွဲ့စီရင်အပ်သော 'သမ္ဗုဒ္ဓေ'စသော ဂါထာတို့သည် အနာဒေယျဝါစာ, သမ္ပပ္ပလာပချည်း ဖြစ်ရာတော့သည်။ ယင်းသို့ ယုတ္တိ အဝိစာရဏာ, ဂုရုဂါရဝ ဖြစ်ရုံသာမဟုတ်၊ ဗုဒ္ဓဝစနဖြစ်သော အပဒါန်ပါဠိတော်, ၎င်း၏ အဋ္ဌကထာတို့ကိုလည်း **မမြော်ရာ** ရောက်ချေသည်။ ထိုပါဠိတော်၌–

'အဟမ္ပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တ မဘိပတ္ထယိံ။

မနသာယေဝ ဟုတွာန၊ ဓမ္မရာဇာ သခ်ယာ' ဟု ဟောတော်မူသည်။

အနက်ကား–အာနန္ဒ၊ အာနန္ဒာ။ အဟမ္ပိ၊ ငါဘုရားသည်လည်း။ ပုဗ္ဗဗုဒ္ဓေသု၊ ရှေးရှေးသောဘုရားသခင်တို့၏ အထံတို့၌။ မနသာယေဝ၊ စိတ်ဖြင့်သာလျှင်။ အဓိဋ္ဌိတ၊ ဆောက်တည်သည်။ ဟုတွာန၊ ဖြစ်၍။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်ကို။ အဘိပတ္ထယိံ၊ ဆုတောင်းဖူးပြီ။ တေ၊ ထို ငါ ဆုတောင်းအပ်ကုန်သော။ ဓမ္မရာဇာ၊ ဘုရားအပေါင်းတို့သည်။ **အသခ်ယာ၊** ရေတွက်ခြင်းငှာ မတတ်ရာကုန်ပြီ။

ဤသို့ ကိုယ်, နှုတ်နှစ်ပါးဖြင့် ဘုရားဆုကိုမပန်မီက စိတ်ဖြင့် တောင့်တ၍သာ ပါရမီဖြည့်ရသော ဘဝအသင်္ချေ ရှိကြောင်း၊ ဘုရားအသင်္ချေနှင့် တွေ့ကြောင်းကို ဟောတော်မူသည်။ ယသောဓရာ အပဒါန်၌ကား–

'ဗြဟ္မဒေဝဋ္ဌ သမ္ဗုဒ္ဓံ၊ ပေါရာဏံ သကျဂေါတမံ။

အညေသံ လောကနာထာနံ၊ အဓိကာရံ ဗဟူ မယာ' – ဟူ၍ ဗြဟ္မဒေဝ ဘုရားလက်ထက်ကို အစပြု၍ လာသည်။

၎င်း အပဒါန် အဋ္ဌကထာ၊ စရိယာပိဋက အဋ္ဌကထာတို့၌လည်း 'ဣမ မဟာပုရိသော ဥပနိဿယသမ္ပန္နော ဟောတိ၊ ပုရိမကေသု ဗုဒ္ဓေသု ကတာဓိကာရော၊ အယံ ပဋ္ဌမော ဟေတု မဟာဘိနီဟာရာယ' စသည်ဖြင့် လာသည်။

ယင်းသို့ ပါဠိတော်, အဋ္ဌကထာတို့ကို ထောက်လျှင် သုမေဓာဇာတ်သို့ မရောက်မီ ပါရမီဖြည့်ရသောကာလကား အရှည်အလျားပင် ရှိ၏။ ယင်းသို့ ရှိငြားသော်လည်း ကပ်ကမ္ဘာများသောကြောင့် ဘုရားဆုကို တောင့်တသသူတို့ ထိတ်လန့်ပေရာသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အဋ္ဌကထာကြီးတို့သည် ဂန္ထဘာရဖြစ်မည်ကြောင့် လည်းကောင်း ထင်စွာ မပြသည်ကို အရှင်စူဠဗုဒ္ဓဃောသ ထုတ်ပြပြန်သည်ဟု ကြံဖွယ်ရှိသည်။

တစ်ကြောင်းလည်း မဟာအဋ္ဌကထာ၌ ကျယ်စွာသော စကားကို ချုံးရုံး၍ အဋ္ဌကထာသစ်ကို စီရင်ကုန်သောကြောင့် ဒူရေနိဒါန်း ကြွင်းသည်ကို ထိုအရှင်သွင်းသည်ဟု ယူရန်ရှိသည်။ ဤအရာကို ငါတို့သာ ယုံကြည်၍ ကြံဆိုသည်မဟုတ်။ ဗုဒ္ဓမတည့် ကျမ်းပြုဆရာတို့၏အာဘော်ကို သိလှသော အတ္ထယုတ္တိ မဟာဝေယျာကရဏ တိပိဋကဓရ သာသနဓိသောဓန ဖြစ်တော်မူသော အရှင်သာဂရဗုဒ္ဓိ မထေရ်မြတ်သည် စီရင်အပ်သော 'သီမဝိသောဓန' ကျမ်း၌လည်း ရှင်စူဠဗုဒ္ဓဃောသ၏ ထိုဝါဒသည် အစလသုပ္ပတိဋ္ဌိတ ဖြစ်၍ စင်စစ်မှတ်ယူကောင်းရကား ထိုဝါဒကို ထောက်ပံ့သောအားဖြင့် ရှေ့ဖျားအစ၌–

'အမှာကံ ကိရ ဘဂဝါ ပြဟ္မဒေဝဗုဒ္ဓံ အာဒိံ ကတွာ ယာဝ ပေါရာဏသကျဂေါတမာ မနောပဏိဓိဝသေန ကဠ္ဌဝါဟနဇာတကံ အာဒိံ ကတွာ ။ပ။ ဝုတ္တနယေန အသင်္ချေ့ ဟုတွာ၊ ဗုဒ္ဓတ္တံ စိန္တေန္တဿဝ သတ္တ အသင်္ချေယျာနိ ဝီတိဝတ္တာနိ၊ အနတိသင်္ချေ့ ဟုတွာ ဝါစာမတ္တမေဝ နဝ အသင်္ချေယျာနိ ဝီတိ ဝတ္တာနိ၊ အတိသင်္ချေ့ ဟုတွာ ကာယင်္ဂဝါစင်္ဂ ဝသေန ပူရေန္တဿ စတ္တာရိ အသင်္ချေယျာနိ ဝီတိဝတ္တာနိ'ဟု ဆိုတော်မူသည်။

အရှင်သီလဝံသမထေရ်မြတ် စီရင်အပ်သော 'ဆုတောင်းခန်းပျို့'၌လည်း

'ဆယ့်ခြောက်သင်္ချေ၊ ကပ်လုံးကြေ၍၊ လူ့ဆွေမြတ်မွန်၊ အဖန်ဖန်လျှင်၊ နိဗ္ဗာန်ပျော်မိန်း၊ အသိန်းသိန်းတည့်၊ ရှင်ဖိန်းပညာ၊ ပွင့်သောခါက၊ ဆိုရာမသီး၊ လုံ့လမီးလျက်၊ မှုကြီးလုပ်ကြံ၊ သူမြတ်ထံ၌၊ အကမ္ဘာဘာ၊ လေ့လာစွာလျှင်' စသည်ဖြင့် စပ်ဆိုတော်မူသည်။

ယင်းသို့ 'စိန္တိတံ' စသောဂါထာသည် သင်္ဂါယနာဝင်ကျမ်းတို့၌ မပါသော်လည်း သင်္ဂါယနာဝင်ကျမ်းနှင့် မထူးမပြား စကားအဓိပ္ပာယ် ညီညွတ်သည်၊ ဆရာကောင်းဆရာမြတ်တို့ ယုံမှတ်သည်ဖြစ်ရကား ဇာတတ္ထကီ သောတတ္ထကီကျမ်းများကို ပေါ့စားမပြုသင့်ပေ။ ကျမ်းဆရာကို ရိုသေသဖြင့်လည်း ယုံကြည်စွာ မှတ်သင့်ပေသည်။

အနာဂတဝင် အဋ္ဌကထာ၌ကား အာယုကပ်ပေါင်း ခြောက်ထောင့်ငါးရာ ပါရမီဖြည့်သဖြင့် သုမေဓာရှင်ရသေ့အဖြစ်သို့ ရောက်သောဟူ၏။

## ။၂။ ဘုရားလောင်းနတ်သား ပဋိသန္ဓေယူခြင်း

ထို ဝေဿန္တရာမင်းအဖြစ်မှ စုတေလေသော် တုသိတာနတ်ပြည်ဝယ် 'သေတကေတု' အမည်ရှိသော နတ်မင်းဖြစ်၍ နတ်တို့၏အရေအတွက်အားဖြင့် အနှစ်လေးထောင်၊ လူတို့၏အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းစေ့အောင် နတ်မင်းစည်းစိမ်ကို စံစား၍



www.burmeseclassic.com

www.burmeseclassic.com



နေတော်မူသည်တွင် လူ့ခွင်လူ့ခေတ်၌ အနှစ်တစ်ထောင်ကပင် 'လူတွင်ထင်ရှား ဘုရားဖြစ်လတ္တံ့' ဟူသော ဗုဒ္ဓကောလာဟလ ဖြစ်လေသော်၊ စကြာဝဠာတစ်သောင်း၌ ရှိကုန်သော သိကြား၊ သုယာမ၊ သန္တုသိတ၊ သုနိမ္မိတ၊ ဝသဝတ္တီ၊ မဟာဗြဟ္မာ အပေါင်းတို့သည် ငုံ့ညှောင့်ရှုမြော်ကြကုန်သော် အလောင်းတော်နတ်သားကိုမြင်၍ ထက်ဝန်းကျင်မှလာကြကုန်လျက် "အလောင်းတော်နတ်သား ဘုရားဖြစ်ချိန် တန်ပါပြီ။ လူ့ပြည်သို့သွား၍ ဘုရားဖြစ်တော်မူပါ။ သတ္တဝါအပေါင်းတို့ကို ကောင်းမြတ်သောအမြိုက်ရေအေးဖြင့် တိုက်ကျွေးတော်မူပါ' ဟု နတ်ဗြဟ္မာအပေါင်းတို့သည် တောင်းပန်ကြကုန်၏။ ထိုသို့ တောင်းပန်ကြကုန်သော် အလောင်းတော်နတ်သားလည်း ဝန်ခံတော်မမူဦးဘဲ ဘုရားဖြစ်ထိုက်သော ကာလ, ဖြစ်ရာဒီပ, ဖြစ်ရာအရပ်, ဖြစ်ရအံ့သောအမျိုးအနွယ်, မယ်တော်၏ အာယုပရိစ္ဆေဒတည်းဟူသော ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်တော်မူ၏။

## ။၃။ ကြည့်ခြင်းကြီး ငါးပါးကို ကြည့်တော်မူခြင်း

ကြည့်ဟန်ကား-

၁။ လူတို့အသက် အသင်္ချေနေသည်မှ တစ်သိန်းတမ်း၏ အထက်တိုင်အောင်သောကာလသည် ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့ကာလ ကွာဝေး၍ လက္ခဏာရေး သုံးပါးနှင့်စပ်သော တရားစကားကို ဟောပြကြားသော်လည်း တရားကို မယုံကြည်ပေရာ၊ အကျိုးမဲ့သာ ဖြစ်လေရာသောကြောင့် မြတ်စွာဘုရားတို့ ဖြစ်မြဲကာလ မဟုတ်ချေ။

လူတို့ အသက်တစ်ရာ နေသည်မှ ဆုတ်ယုတ်သောအခါလည်း သတ္တဝါတို့ ကိလေသာ ပြန့်ပြော၍ လောဘ, ဒေါသ, မောဟတရား အားကြီးရကား ဆုံးမဟောကြားသော တရားဒေသနာကို လိုက်နာ၍ မကျင့်လိုကုန်၊ အကျိုးမဲ့သာ ဖြစ်လေရာသောကြောင့် မြတ်စွာဘုရားတို့ ဖြစ်မြဲကာလ မဟုတ်ချေ။

အသက်တစ်သိန်းနေသည်မှ တစ်ရာတမ်းတိုင်ရှိသော ကာလသည်သာလျှင် ဘုရားဖြစ်ထိုက်သောအခါ ဖြစ်သည်။ ယခုလည်း လူတို့ အသက်တစ်ရာရှည်သောအခါဖြစ်၍ ဘုရားဖြစ်ခြင်းငှာ သင့်ပေသည်။

၂။ ဖြစ်ရာဒီပလည်း ဝိတ္ထာရအချင်းအားဖြင့် ယူဇနာ တစ်သန်းနှစ်သိန်းသုံးထောင် လေးရာ့ငါးဆယ်ကျယ်သော စကြာဝဠာ၏အတွင်း၌ သင်းပင်းငါးရာစီ ငါးရာစီ ဝန်းရံသော ကျွန်းငယ်နှင့်တကွ လေးရပ်သောဒီပတွင် မြင်းမိုရ်တောင်မှ လက်ယာဝယ် ယူဇနာတစ်သောင်းရှိသော ဇမ္ဗူဒိပ်ကျွန်းသည်သာ ဘုရားမြတ်စွာတို့ ပွင့်ရာဒီပ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၃။ ထိုကျွန်းတွင်မှလည်း တောနေ သုံးထောင်, ရေနေ လေးထောင်, လူနေ သုံးထောင် ရှိသည်တွင် လူနေ သုံးထောင်၏အလယ်၌ တောင်,မြောက် အလျားအားဖြင့် ယူဇနာ သုံးရာ၊ အရှေ့,အနောက် အနံအားဖြင့် ယူဇနာ နှစ်ရာ့ငါးဆယ်၊ အဝန်း ယူဇနာ ကိုးရာရှိသော အရှေ့သို့လားသော် ဂဇင်္ဂလနိဂုံးရွာ၊ အရှေ့တောင်သို့ လားသော် သလ္လာဝတီမြစ်၊ တောင်သို့လားသော် သေတကဏ္ဏိက နိဂုံးရွာ၊ အနောက်သို့လားသော် ထူဏမည်သော ပုဏ္ဏားရွာ၊ မြောက်သို့လားသော် ဥသိရဒ္ဓဇတောင် ဤနိမိတ်ငါးရပ်တို့ဖြင့် သတ်မှတ်အပ်သော မဇ္ဈိမဒေသ ဌာနသာလျှင် ဘုရားတကာတို့ ပွင့်ရာအရပ် ဖြစ်သည်။

၄။ လူမျိုးလေးပါးတို့တွင်လည်း အကြင် မင်း ပုဏ္ဏားမျိုးတို့သည် လူတို့ အမြတ်တနိုး ကိုးကွယ်ရှိသေရာဖြစ်၍ ဤဇာတ်နှစ်ပါး၌သာ ဘုရားတကာတို့ ဖြစ်ကြကုန်သည်။ ထိုအမျိုးနှစ်စုတွင်လည်း ယခုအခါ မင်းမျိုးသာလျှင် လွန်စွာ သင့်မြတ်ချေသည်။ ထိုမင်းမျိုးတွင်မှလည်း သက္ကတိုင်း ကပိလဝတ်ပြည်ကို အစိုးရသော သုဒ္ဓေါဒနမင်းကြီးသည် မဟာသမ္မတမင်းမှစ၍ သုံးသိန်း သုံးသောင်း လေးထောင် ငါးရာ့ ခြောက်ကျိပ် ခုနစ်ပါးသော ဥက္ကာဝံသ မဟာဝံသ အသမ္ဘိန္န ခတ္တိယအစစ် ဖြစ်ပေသည်။

၅။ ထိုမင်း၏မိဖုရားသည်လည်း လော်လည်ခြင်း ငါးပါး, မာန်မူခြင်း ကိုးပါး, အယုတ်တရားတို့မှ ကင်းလျက် မကျိုးမပျက်သော ပဉ္စသီလမွှေ ရှိရကား ငါ့အမိဖြစ်ခြင်းငှာ ထိုက်သည်။ အာယုပရိစ္ဆေဒလည်း ဆယ်လ၏အထက်၌ ခုနစ်ရက်သာ ကြွင်းတော့သည်။

သို့ကြည့်တော်မူ၍ ပြည့်စုံစွာမြင်လေလျှင် ထက်ဝန်းကျင်မှ တောင်းပန်ကြသော နတ် ဗြဟ္မာအပေါင်းတို့အား "ကောင်းပြီ"ဟု ဝန်ခံတော်မူ၏။

ယင်းသို့ ဝန်ခံပြီးမှ နတ်အပေါင်းခြံရံလျက် နန္ဒဝန်အမည်ရှိသော နတ်ဥယျာဉ်သို့ ဝင်၍ စုတေခဲ့ပြီးသော် အဝန်းကိုးရာရှိသော မဇ္ဈိမဒေသအချက် သက္ကတိုင်း ကပိလဝတ်ပြည် အာဒိစ္စဝင်မင်းဖြစ်သော သိရီသုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင် တောင်ညာစဒေဝီဖြစ်သော သိရီမဟာမာယာ မိဖုရားကြီး၏ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေတော်မူ၏။

## ။၄။ ဘုရားလောင်း ဖွားမြင်တော်မူခြင်း

ဘိုးတော် အဥ္စနမင်းကြီးသည် ရှစ်ထောင့်ခြောက်ရာ လေးဆယ့်ငါးခုသော သက္ကရာဇ်ကို ဖြိုပစ်သည့်နောက် ခြောက်ဆယ့်ခုနစ်ခု ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသာဠ်နက္ခတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လနတ်ယှဉ်စံသော သန်းခေါင်ယံအချိန်တွင် သန္ဓေယူတော်မူသည်။ ယင်းသို့ သန္ဓေစံနေတော်မူလျှင်–

**ပုဗ္ဗနိမိတ် ၃၂ ပါး**

၁။ မြေရေအပေါင်း တစ်သောင်းသောလောကဓာတ်တို့သည် တစ်ပြိုင်နက် ဆတ်ဆတ်ခါမျှ တုန်လှုပ်ကုန်သည်။
၂။ ပူခြင်း, ချမ်းခြင်းဟူသော ဥတုနှစ်ဝ ကင်းငြိမ်းမျှတသည်။
၃။ လောကဓာတ်အလုံး ဆိတ်ညံလျက် အသံမရှိ အနှောင့်အယှက်ကင်းသည်။
၄။ လေပြင်းမုန်တိုင်း မလာ၊ လေသာလေပြည် မြူးသည်။
၅။ ဂင်္ဂါ, ယမုနာစသော မြစ်ခပင်းတို့၌ ရေစီးခြင်းမရှိ၊ **တန့်ရပ်သည်။**
၆။ မြေအရပ်၌ မြင်မြင်သမျှသော ပန်း, သစ်ပင်အပေါင်းတို့ နှာမောင်း ဆင့်ကာဆင့်ကာ ပွင့်ကုန်သီးကုန်သည်။
၇။ ကောင်းကင်ထက် ကွန့်မြူးကာတည်သော အာကာသ၌ ရတနာတို့သည် လွန်စွာအရောင်ထွက်ကုန်သည်။
၈။ လူ့ပြည် နတ်ပြည်၌ရှိကုန်သော စည်, စောင်း, ပတ်သာ, တူရိယာအသီးသီးတို့သည် မတီးမမှုတ်ဘဲ မြည်ကုန်သည်။
၉။ နတ်ပြည်၌ရှိသော ပန်း, နံ့သာမိုးတို့သည် ဖြိုးဖြိုးပြည့်မျှ ရွာကုန်သည်။
၁၀။ စကြဝဠာ ကောင်းကင်, မြေပြင် ရိုက်ဟည်းလျက် တော်ပဲ့တင်လည်းသည်။
၁၁။ ရှစ်ထပ်သောငရဲဘုံ၌ မီးဟုန်အပူ ငြိမ်းသည်။
၁၂။ မီးခိုး, သူရိန်, မြူတိမ်, မိုးလျှံကင်းလျက် နေမင်း၏အရောင် တောက်ပသည်။
၁၃။ နက္ခတ်တာရာ ကြယ်တကာတို့ နေ့အခါ၌ ညဥ့်မှာကဲ့သို့ မြင်ရသည်။
၁၄။ မြေညစ်ကြေးကို ဆေးလျှော်သည့်ပမာ မိုးမရွာဘဲပင် ရေယဉ်ဖြိုင်ဖြိုင်စီးသည်။
**၁၅။ တာရာအပေါင်း, သောကြာ, ဗုဒ္ဓဟူးစသော ဂြိုဟ်ကြယ်ဘုံဆောင် တို့အရောင်အလွန်ထွန်းပသည်။**
၁၆။ သတ္တဗီသနက္ခတ်တို့ ပြတ်သားစွာထင်မြင်သည်။
၁၇။ ငွေစင်စန္ဒာသည် ဝိသာခါနက္ခတ်နှင့် ယှဉ်သည်။
၁၈။ တွင်း ဂူ လိုဏ်ခေါင်း မြေအောင်းသတ္တဝါတို့ ထွက်ကုန်သည်။
၁၉။ လူခပ်သိမ်းတို့ ရောင့်ရဲလွယ်ကုန်သည်။
၂၀။ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာရှိသူတို့ ကျန်းခံ့သည်။
၂၁။ မွတ်သိပ်ဆာလောင်ခြင်း ငြိမ်းသည်။
၂၂၊ ပြိတ္တာအပေါင်းတို့ ဝပြောနေသည်။
၂၃။ လောဘ, ဒေါသ, မာနထန်သူတို့ အလွန်ခေါင်းပါးကုန်သည်။
၂၄။ အပါယ်လေးရွာ၌ နှစ်ဆယ့်ငါးဖြာသောဘေးအပေါင်း ကင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၅။ ရေမှုန်, မြူညက်တို့ တက်လွင့်ခြင်းမရှိ၊ စင်ကြယ်သည်။
၂၆။ မကောင်းရနံ့ ပျောက်သည်။
၂၇။ နတ်၏ရနံ့သာ လှိုင်သည်။
၂၈။ အရူပလေးဘုံကိုထား၍ ခြောက်ပါးသော နတ်ရွာ, ဗြဟ္မာ တစ်ဆယ့်ခြောက်ဘုံကို အကုန်မြင်ရသည်။
၂၉။ ငရဲကြီးရှစ်ဝဝယ် ခံရသောသူအပေါင်းတို့ကို မြင်ရကုန်သည်။
၃၀။ တိုက်နံရံတံခါး, တောင်ဖျားတိုင်ထိပ်တို့ မကွယ်မကာ ဟင်းလင်းသာ ဖြစ်ကုန်သည်။
၃၁။ သတ္တဝါတို့ ခန္ဓာပျက်ကြွေ သေလွန်ရခြင်း မရှိကုန်။
၃၂။ သန္ဓေယူခြင်း, ဖွားမြင်ခြင်း မရှိကုန်။ ဤသို့ သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်တို့ ထင်ကုန်သည်။

မယ်တော်မာယာသည် ကြီးစွာသောအိပ်မက်ကို မြင်မက်သည်။ အိပ်မက်ကား 'စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် မိဖုရားကို အိပ်ရာသလွန်နှင့်တကွ ချီ၍ ဟိမဝန္တာသို့ဆောင်ပြီးလျှင်၊ ယူဇနာခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ၏အပြင် အင်ကြင်းပင်ကြီး၏အောက်၌ ချထား၏။ ထိုအခါ နတ်မိဖုရားလေးဦးတို့သည် လာကုန်၍ သီတာနဝတတ်ရေတို့ကို ချိုးစေပြီးလျှင် နတ်တို့၏ ပန်းနံ့သာတန်ဆာကို ဆင်ယင်လျက် ငွေတောင်ထွတ်ထက်ရှိသော ရွှေဗိမာန်သို့ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ငွေသားစွာတောင်သို့သော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာ၍ မာယာမိဖုရား၏ လက်ယာနံပါးကို လှစ်၍ဝင်သည်'ဟု မြင်မက်တော်မူ၏။

ထိုသို့ သန္ဓေယူသောအခါမှ စ၍ ငါတို့စကြဝဠာမှ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် သန်လျက် လက်စွဲကုန်လျက် ရွှေနန်းကျက်သရေတိုက်၌ စောင့်လာကုန်သည်။ ထက်ဝန်းကျင်သော စကြဝဠာတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းစွာ စောင့်ရှောက်လာကုန်သည်။ ယင်းသို့ သန္ဓေတည်နေသည်မှစ၍ မယ်တော်မိဖုရားသည် ယောကျ်ားတို့၌ ညွတ်ငိုက်တပ်ငြိသော ရာဂရမ္မက်ဖြင့် နှောင့်ယှက်ခြင်း မရှိ။ အမြိုက်အတိဖြင့် ဝလျက် နှစ်သက်အပ်သောမင်းစည်းစိမ်ကို ခံ၍ ခြွေရံသင်းပင်းနှင့်သာလျှင် သန့်ရှင်းစွာ စံတော်မူ၏။

ကြည်စွာသောပတ္တမြားရတနာ၌ သီသော သန္တာနီကြိုးကဲ့သို့ လည်းကောင်း၊ ဖန်တကောင်းအတွင်း၌ သွင်းထားအပ်သော ပုလဲရုပ်ကဲ့သို့ လည်းကောင်း၊ တရားဟောပလ္လင်ထက်ထိုင်နေသော တရားဟောပုဂ္ဂိုလ်ကဲ့သို့ လည်းကောင်း မယ်တော်ဝမ်းဝယ် ထက်ဝယ်ဖွဲ့ခွေ ရှေးရှုနေတော်မူသည်ကို မယ်တော်နှင့်တကွ လူအပေါင်းတို့ ထင်မြင်ကုန်သတည်း။

ယင်းသို့ သန္ဓေတည်နေတော်မူနေ၍ ဆယ်လစေ့သော် ဆွေတော်မျိုးတော် မယ်တော် ခမည်းတော်တို့၏နေရာဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသောဆန္ဒဖြစ်၍ သိရီသုဒ္ဓေါဒန မင်းကြီးအား ကြားလျှောက်လေရာ၊ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်အကြား ငါးယူဇနာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသောအရပ်ကို ခတ်အပ်သောတလင်းအသွင် သန့်စင်စွာညီညွတ်၍ ကြာသွတ်အိုး, ရေချမ်း, ကွန်းထောက်, မဏ္ဍပ်, ဇရပ်, ကနား, ကုက္ကား, တံခွန်စသည်တို့ဖြင့် ခင်းကျင်းပြုပြင် တန်ဆာဆင်၍ စစ်အင်္ဂါလေးပါး ဝန်းရံစေလျက် ရွှေထမ်းစင်စီးပြီးလျှင် ထွက်စေတော်မူ၏။

ယင်းသို့ထွက်ကြွ၍ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်၏အကြား၌ နှစ်ပါးသော ပြည်သူတို့ ဆွတ်ယူသုံးဆောင်ရာ သာယာနုပျို ကြည်ညိုဖွယ်ရှိလှသော လုမ္ဗိနီအင်ကြင်း တောသို့ရောက်၍ ပင်လုံးကျွတ်ပွင့်လျက် သားငှက် ပိတုန်းအပေါင်းတို့ဖြင့် တင့်တယ်သော အင်ကြင်းပင်စည်ကို မြင်တော်မူလျှင် ပျော်ရွှင်ဝင်နား ကစားမြူးထူးလိုသော နှလုံးတော် ရှိလှ၍ ရွှေထမ်းစင်ထက်မှ သက်ဆင်းပြီးသော် အင်ကြင်းပင်အောက်သို့ ဝင်ကြွတော်မူ၏။

ယင်းသို့ ဝင်ကြွတော်မူပြီးလျှင် မင်္ဂလာရှိသောအင်ကြင်းပင်ကြီး၏ အခက်သည် ညွတ်လျက် ခံလာ၏။ ထိုသို့ခံလာသော မင်္ဂလာအင်ကြင်းခက်ကို ရပ်လျက်လှမ်းတော်မူလျှင် စကြဝဠာတစ်သောင်းသည် ကောင်းချီးပေးသကဲ့သို့ အေးအေးကြည်ကြည် ကျူးမြည် ရိုက်ဟည်းလျက် မြေကြီးတုန်လှုပ်ခြင်း၊ ဥက္ကာပျံညီး မီးရှူးရောင်ဝေ လ,နေကြယ်စုံထွက်၍ တစ်ပြိုင်နက်ထွန်းလင်းခြင်းအစရှိသော သုံးဆယ့်နှစ်သွယ်သော အံ့ဖွယ်သရဲ လွန်ကဲသော တိတ်နိမိတ်တို့ကို ထင်ရှားစွာပြလျက် ကမ္ဘာဇလေလှုပ်လတ်သော် အထိန်းအယ မောင်းမ ကိုယ်လုပ်တို့အား အကြောင်းကိုကြား၍ ထိုအင်ကြင်းပင်၏အပါးတွင် တင်းထိမ်အရံဖြင့် ကာရံခယလျက် မ,စပြုပြင်ကုန်စဉ် သန့်ရှင်း လွန်ကဲသောပုလဲမှည့်ရတနာသည် အာကာ တိမ်ညွန့်မှ မြူးကွန့်ထွက်ဆင်းသကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော အလောင်းတော်မင်းသားကို မဟာသက္ကရာဇ် ၆၈ ခု ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့ နံနက်တစ်ချက်တီးအချိန် သိဟ်လင် ဗြိဿာစန်း ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ဖွားမြင်တော်မူ၏။ ယင်းသို့ ဖွားမြင်တော်မူလျှင် ကောင်းကင်ပြင်မှ ရေယဉ်နှစ်သွယ်တို့သည် မယ်တော်၏ လည်းကောင်း၊ အလောင်းမင်းသား၏ လည်းကောင်း ချမ်းမြကြည်သာ ဝေဒနာမရှိ စေခြင်းငှာ သက်ဆင်း သွန်းဖျန်းလာကုန်၏။ အလောင်းမင်းသားသည်လည်း တစ်ပါးသော သူတို့ကဲ့သို့ လိမ်းကျံ ရစ်ထွေး ညစ်ကြေးသမ်းမို့ခြင်း မရှိ၊ ပကတိသွန်းသစ်သော ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ စင်ကြယ်စွာ ဖွားမြင်တော်မူလာ၏။

ထိုအခါ ရဟန္တာဖြစ်ပြီးသော ဗြဟ္မာကြီးလေးယောက်တို့သည် ရတနာရွှေကွန်ရက်ဖြင့် ဖြန့်လျက် ခံလာကုန်၏။ ထို့နောင်မှ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် အလွန်မင်္ဂလာရှိသည်ဟု သမုတ်အပ်သော နုထွတ်ချောမွေ့ သိမ်မွေ့ပြေပြစ်သော သစ်နက် ရေဖြင့် ခံလာကုန်သည်။ ထို့နောင်မှ လူမင်းသား လေးယောက်တို့သည် အဖိုး အတိုင်းမသိ ထိုက်သော ဘွဲ့ဖြူပုဆိုးဖြင့် ခံကြကုန်သည်။ ထိုသူတို့လက်မှ မြေကြီးထက်သို့သက်၍ အရှေ့ကိုမျက်နှာမူလျက် ရပ်တော်မူသော် တစ်ခဲနက်သော စကြဝဠာအပေါင်းတို့သည် ကောင်းစွာ ထင်လာကုန်သည်။ အတိုင်းမသိ ရှိနေကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ သည်လည်း "သိန်းသောင်းကုဋေဖြင့် တွက်ရေမဆုံး အလုံးစုံသောလောကဓာတ် ခေတ်



www.burmeseclassic.com

www.burmeseclassic.com



သုံးရပ်အတွင်းတွင် အလောင်းမင်းနှင့်တူသောသူကား မရှိပြီ။ အရှင့်ထက် သာလွန်သောသူကို အဘယ်မှာ ရှာဖွယ်ရာ ရှိတော့အံ့နည်း”ဟု ကောင်းချီးပေးကုန်လျက် ဦးယုက်တိုက်ကြကုန်သည်။ ထိုအခါ ဗြဟ္မာကြီးတို့သည် ထီးဖြူအုပ်ကာလျက်၊ သုယာမနတ်မင်းသည် သားမြီးယပ်ခတ်လျက်၊ တစ်ပါးသောနတ်တို့သည် သန်လျက်, ခြေနင်း, သင်းကျစ် စွဲကုန်လျက် ကောင်းချီးကြွေးကြော် ပူဇော်ကြကုန်၏။

အလောင်းမင်းမြတ်လည်း အရှေ့အရပ်မှ မြောက်သို့ လှည့်တော်မူလျက် ခုနစ်ဖဝါးသွား၍ မတ်မတ်ရပ်တန့်ပြီးသော်–

‘အဂ္ဂေါ ဟမသ္မိ လောကဿ၊

ဇေဋ္ဌော ဟမသ္မိ လောကဿ

သေဋ္ဌော ဟမသ္မိ လောကဿ’ ဟူ၍ သုံးခွန်းသောစကားဖြင့် ကြုံးဝါးတော်မူ၏။

[ထိုသို့သွားစဉ် မြင်ကုန်သော လူ နတ်အပေါင်းတို့ကား အလောင်းမင်းသားသည် ဖွားတိုင်းသောကိုယ်ဖြင့် သွားသည်ကို ဝတ်စားဆင်ယင်လျက် သွားသကဲ့သို့၊ ငယ်သောအရွယ်ဖြင့် သွားသည်ကို တစ်ဆယ့်ခြောက်နှစ်အရွယ်ဖြင့် သွားသကဲ့သို့ ထင်ကြကုန်၏။]

ဘုရားလောင်း ဖွားသည်နှင့်တစ်ပြိုင်နက် ဒေဝဒဟပြည်ကိုအစိုးရသော သုပ္ပဗုဒ္ဓမင်း အမိတာမိဖုရားတွင် ‘ဘဒ္ဒကစ္စနာ’မင်းသမီးကို ဖွားမြင်သည်။ ဘထွေးတော် အမိတောဒန တွင်လည်း ‘အာနန္ဒာ’မင်းသားကိုဖွားမြင်သည်။ ‘ဆန္န’အမတ်၊ ‘ကာဠုဒါယီ’၊ ‘ကဏ္ဍက’ မြင်းတို့လည်း ဖွားကုန်သည်။ မဇ္ဈိမဒေသ မြေမျှားအချာ၌လည်း ‘မဟာဗောဓိပင်’ ပေါက်သည်။ ရွှေနန်းတော်အတွင်း၌ ‘ရွှေအိုးကြီး လေးလုံး’ပေါ်သည်။

ဆောင်ပုဒ်။ ။ ကာဠု, ယသော်၊ ညီတော်, ဆန္န, ကဏ္ဍက၊ သောဏ္ဍ, ဗုဒ္ဓဟေ။
ဖွားဖက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြ မျိုးလေးထွေ။

[ရွှေအိုးကြီးလေးလုံး ရှင်းချက်။ ။ ရွှေအိုးကြီးလေးလုံးတို့တွင် ‘သင်္ခ’မည်သော ရွှေအိုးတစ်လုံးသည် တစ်ဂါဝုတ် ပမာဏရှိသည်။ ‘ဧဠ’မည်သော ရွှေအိုးတစ်လုံးသည် ယူဇနာဝက် ပမာဏရှိသည်။ ‘ဥပ္ပလ’မည်သော ရွှေအိုးတစ်လုံးသည် သုံးဂါဝုတ် ပမာဏရှိသည်။ ‘ပုဏ္ဍရိက’ မည်သော ရွှေအိုးတစ်လုံးသည် တစ်ယူဇနာ ပမာဏရှိသည်။ အစောက်ကား နှစ်သိန်း လေးသောင်း အထုရှိသောမြေနှင့် တမျှတည်း ဖြစ်ကုန်သည်။]

ယင်းသို့ အလောင်းမင်းသားကို ဖွားတော်မူပြီးသော် ပြည်ကြီးနှစ်ပြည်မှ ရောက်လာကြကုန်သော ဆွေတော်မျိုးတော်အပေါင်းတို့သည် ကောင်းစွာဝန်းညီ၍ ကပိလဝတ်ပြည်သို့ ပြန်ပို့ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သုဒ္ဓေါဒနမင်းကြီး၏ဆရာ သမာပတ်ရှစ်ပါးကိုရသော 'ကာဠဒေဝိလ'မည်သောရသေ့သည် မိမိနေရာသခ်မ်းမှ နေ့သန့်တော်မူခြင်းငှာ တာဝတိံသာနတ်ပြည်သို့ ကြွလည်လေသော် တာဝတိံသာနတ်အပေါင်းတို့သည် သောင်းသောင်းအုတ်အော် ကြွေးကြော်ရွှင်ပျလျက် "ကပိလဝတ်ပြည်ကြီး၏အရှင် ဘုရင်သုဒ္ဓေါဒနမင်းတရားဝယ် ဘုရားလောင်းဖြစ်သော သားကောင်းရတနာကို ရလာပေသည်။ ထိုမင်းသား ဘုရားဖြစ်သောအခါ ငါတို့ ဖူးရတော့မည်။ တရားတော် နာရတော့မည်" ဟု ရုံးစုပြောကြား ကစားမြူးခုန်ကြသည်ကို မြင်၍ ကြောင်းအင်စုံစမ်း မေးမြန်းလေလျှင်၊ နတ်တို့က အကြောင်းကိုလျှောက်ထား၍ ကြားသိရသဖြင့် ထို ကာဠဒေဝိလရသေ့လည်း အားရဝမ်းသာစွာ တာဝတိံသာနတ်ပြည်မှ လျင်စွာ သက်ခဲ့ပြီး၍ မင်းကြီးနန်းတော်သို့ ကြွရောက်လာ၏။

သုဒ္ဓေါဒနမင်းကြီးလည်း ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်းစသော ပဋိသန္ထာရကို ပြုပြီးသော် ရသေ့၏အနီး၌ နေ၏။ ကာဠဒေဝိလရသေ့လည်း "ဒကာတော်မင်းတရား၌ ဘုရားလောင်းဖြစ်သော သားကောင်းရတနာကို ယနေ့ဖွားသည်ဟု တာဝတိံသာနတ်တို့ ပြောစကားကို ငါ ကြားသိရသောကြောင့် ဒကာတော်ထံ ငါ လာသည်။ ဟုတ်မှန်ပါ၏လော" ဟု မေး၏။ မင်းကြီးလည်း ဟုတ်မှန်ကြောင်းကို လျှောက်ကြား၏။ "ထိုသားရတနာကို ငါ ရှုမြင်လိုသည်" ဟု ဆိုလေသော်၊ သားတော်ကို ယူဆောင်စေခဲ့၍ မင်းကြီး၏ရင်ခွင်၌ ထားပြီးမှ ရသေ့အားရှိခိုးစိမ့်သောငှာ လက်နှစ်ဖက်ကိုယှက်စေသော် အလောင်းမင်းသား၏ ဖဝါးတော်အစုံသည် လျှပ်ခြည်စက်ကဲ့သို့ပျံတက်၍ ရသေ့၏ဦးထိပ်ပြင်ထက်၌ တည်လေ၏။ ဤသို့သော အံ့ဖွယ်သရဲ ထူးကဲစွာဖြစ်သည်ကိုမြင်လျှင် ရှင်ရသေ့သည် ထ၍ညွတ်ကျိုး ရှိခိုးဦးတိုက်၏။ ဖခင်မင်းတရားလည်း သားတော်မြတ်ကို တုပ်ဝပ်ရိုကျိုး ရှိခိုးလေသတည်း။

ရှေ့နောက် ကမ္ဘာလေးဆယ်စီမြင်နိုင်သော ပုဗ္ဗေနိဝါသ, အနာဂတံသဉာဏ်နှင့် ပြည့်စုံသော ထို ကာဠဒေဝိလရသေ့လည်း ယနေ့ဖွားစသော ဘုရားလောင်း၏လက္ခဏာကြီးငယ်ကိုမြင်လျှင် 'စင်စစ်မချွတ် ဘုရားဖြစ်လတ္တံ့သောသူမြတ်ကို ထက်ကြပ်ဖူးမြင်ရသည်'ဟု ရွှင်ကြည်လှသောနှလုံးဖြင့် ပြုံးရယ်တော်မူ၏။ ထို့နောင်မှ 'ဤမင်းသား ဘုရားဖြစ်သောအခါ ငါ ဖူးတွေ့ရပါအံ့လော'ဟု မိမိ၏အာယုပရိစ္ဆေဒကို ဆင်ခြင်ပြန်လျှင်၊ ဘုရားမဖြစ်ခင် သေလွန်၍ အထက်အရူပဘုံ၌ ဖြစ်လတ္တံ့သည်ကိုသိ၍ 'တွေ့ခဲလှစွာသော အစ္ဆရိယပုရိသကို တွေ့ရငြားလျက် ဘုရားဖြစ်သည်တိုင်အောင်မျှ ငါ မနေရပါ'ဟု မိမိကံကြမ္မာကို ဝမ်းနည်း၍ သည်းစွာ ငိုပြန်၏။

ထိုအကြောင်းကို သုဒ္ဓေါဒနမင်းကြီး မေးလျှောက်လေသော် "ဒကာတော်မင်းကြီးသား၌ ဖြစ်ထိုက်သောအန္တရာယ်သည် စိုးစဉ်းမျှ မရှိပေ။ ကေန်စင်စစ် ဘုရားဖြစ်လတ္တံ့သူ မှန်ပေသည်။ ထိုသို့သောသူကို တွေ့ရ၍ ဝမ်းမြောက်လှသောကြောင့်သာ ငါ ရယ်မိသည်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



သို့တွေ့ပါကြောင်းလျက် ဘုရားဖြစ်သောအခါ ငါ မဖူးမြင်ရပြီ။ တရားတော်ကို မနာရပြီ။ ဘုရားမဖြစ်မီ အကျိုးမဲ့စုတေရမည်ကို မြင်၍ ငါ၏အဖြစ်ကို ဝမ်းနည်းသဖြင့် ငိုမိသည်" ဟု ပြောဆို၏။ မင်းတရားကလည်း "အကျွန်ုပ်သားသည် အဘယ်အရွယ်ရှိမှ ဘုရားဖြစ်လတ္တံ့နည်း"ဟု လျှောက်ပြန်သော်၊ "သုံးဆယ့်ငါးနှစ်တိုင်မှ ဘုရားဖြစ်မည်"ဟု ဆို၏။

ထိုသို့ ပြောဟောကြပြီးမှ ကာဠဒေဝိလရသေ့လည်း မိမိနေရာသို့ကြွလေ၍၊ နှမတော်၏သားဖြစ်သော 'နာဠက'သူကြွယ်ကို ခေါ်ပြီးသော် "ငါ့တူနာဠက၊ သုဒ္ဓေါဒနမင်းကြီး၏ သားသည် သုံးဆယ့်ငါးနှစ်တိုင်လျှင် စင်စစ်မချွတ် ဘုရားဖြစ်လိမ့်မည်။ ထိုအခါ တရားတော်ကို နာ၍ကျင့်သဖြင့် ချမ်းသာတကာတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရအောင် ယနေ့ပင် သင် ရဟန်းပြုလေလော့" ဟု တိုက်တွန်း၏။ ထိုစကားကိုကြားသော် တူတော် နာဠကလည်း 'ငါ့ဦးရီးသည် အကျိုးမဲ့ကို မဆိုပေရာ။ ကောင်းကျိုးရှိသည်သာ ဖြစ်လတ္တံ့'ဟု ယုံကြည်သည်ဖြစ်၍ ရှစ်ဆယ့်လေးကုဋေကြွယ်ဝသော ရွှေငွေဥစ္စာ လယ်ယာကျွန်နွား သားမယားတို့ကို စွန့်ပစ်၍ ထိုနေ့ပင် ရဟန်းပရိက္ခရာကို ဖွေရှာလျက် ဘုရားလောင်းရှိရာ အရပ်သို့ ရှိခိုးရည်မှန်း၍ ရဟန်းပြုလေ၏။

ထို နာဠကကား ဘုရားပွင့်သောအခါ ဓမ္မစကြာတရားကို ဟောကြားပြီးသည့်နောက် ခုနစ်ရက်မြောက်သောနေ့တွင် ဘုရားသခင်နှင့်တွေ့၍၊ မောနေယျအကျင့်ကို လျှောက်ထားပြီးလျှင် ဘုရားရှင်ဟောကြားတိုင်း အားထုတ်၍ကျင့်သဖြင့် တစ်ခုသောရွှေတောင်ကိုမှီလျက် ပရိနိဗ္ဗာန် ပြုလေ၏။

[မောနေယျအကျင့် ရှင်းလင်းချက်။ ။ မောနေယျအကျင့်ကို ကျင့်သောပုဂ္ဂိုလ်တို့သည်

(၁) အထက်ဆုံး,အမြတ်ဆုံးကျင့်ကြသော ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ခုနစ်လသာ အသက်ရှည်၏။

(၂) အလယ်အလတ်ကျင့်ကြသော မဇ္ဈိမပုဂ္ဂိုလ်သည် ခုနစ်နှစ်သာ အသက်ရှည်၏။

(၃) လျော့လျော့နန့်နန့် ကျင့်ကြသော မုဒုံပုဂ္ဂိုလ်သည် တစ်ဆယ့်နှစ်နှစ်သာ အသက်ရှည်၏။

ဘုရားတစ်ဆူတစ်ဆူတွင် မောနေယျကျင့်သူ တစ်ယောက်သာ ရှိမြဲ။ ဤနာဠကမထေရ်ကား ဥက္ကဋ္ဌကျင့်သောကြောင့် ကျင့်သည့်နေ့မှ ခုနစ်လသာ အသက်ရှည်သည်။]

ကာဠဒေဝိလရသေ့ကား သုဒ္ဓေါဒနမင်း၏ခမည်းတော် 'သီဟဟနု'မင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားသားဖြစ်သော 'အသိတ'လုလင်တည်း။ သုဒ္ဓေါဒနမင်း ငယ်စဉ်အခါကပင် အတတ်သင်သောဆရာ ဖြစ်၍ တစ်နေ့မပြတ် မင်းသားအထံသို့ကပ်၍ အတတ်သင်ရ၏။ သီဟဟနုမင်းလွန်၍ သားတော်သုဒ္ဓေါဒနမင်း ဘိသိက်ခံ၍ နန်းစံသောအခါ ထို ဆရာအသိတကို ကာဠဒေဝိလ ဟူသောအမည်ဖြင့် ပုရောဟိတ်အရာ၌ ထား၏။ သာကီဝင်မင်းတို့ဓမ္မတာသည်



www.burmeseclassic.com

www.burmeseclassic.com



ဘိသိက်ခံသောအခါမှစ၍ မိဘမှတစ်ပါးသောသူတို့အား ညွတ်တွားရိုကျိုး ရှိခိုးမြဲမဟုတ် ရကား သုဒ္ဓေါဒနမင်းတရားလည်း ဆရာဖြစ်သော ကာဠုဒေဝိလပုဏ္ဏားအား ညွတ်တွားရှိခိုးခြင်းကို မပြု။ ပစ္စည်းပရိက် အထိုက်အလျောက်သာလျှင် ချီးမြှောက်ပေးကမ်း၏။

ထိုအခါ ဆရာကာဠုဒေဝိလလည်း 'ဤမင်းသားသည် မင်းမာန်ပွား၍ ငါ့အား ရှိသေခြင်း မရှိပြီ။ ဤမင်းသား ရှိခိုးရအောင် ဤလူ့ဘောင်မှ ခွာရှောင်၍ ရဟန်းပြုတော့အံ့'ဟု ကြံ၍ သုဒ္ဓေါဒနမင်းကြီးထံ ခွင့်ပန်၍ ရဟန်းပြုလေ၏။ မင်းကြီးလည်း "အရှင်မြတ်အား မပြတ် ဖူးမြင်လိုပါသည်။ ရဟန်းပင်ပြုသော်လည်း အကျွန်ုပ်ဥယျာဉ်၌သာ နေတော်မူ၍ အကျွန်ုပ်အား သင်ကြားဆုံးမပါ" ဟု လျှောက်၏။ ကာဠုဒေဝိလဆရာလည်း "ကောင်းပြီ"ဟု ဝန်ခံလျက် မင်းကြီးဥယျာဉ်၌နေ၍ ကမ္မဋ္ဌာန်းဝိပဿနာကို လွန်စွာအားထုတ်သဖြင့် သမာပတ်ရှစ်ပါး, အဘိညာဉ်ငါးပါး တရားထူးကို ရ၏။ ထိုသို့ရသည်မှစ၍ မင်းအိမ်၌ ဆွမ်းခံလျက် ရံဖန်ရံခါ ဟိမဝန္တာတော၌၊ ရံဖန်ရံခါ စတုမဟာရာဇ် တာဝတိံသာနတ်ပြည်တို့၌ လှည့်လည်ကာ နေ့သန့်တော်မူ၏။ ဘုရားလောင်းဖွားမြင်သောနေ့မှာ တာဝတိံသာတွင် နေ့လှည့်ကျသည်နှင့် ကြွတော်မူရာတွင် တာဝတိံသာနတ်တို့ မြူးတူးချီးပခြင်းကို ကြားမြင်ရလေသတည်း။ [သုတ္တနိပါတ် အဋ္ဌကထာ၌ကား ငယ်မည်ကိုစွဲ၍ အသိတရသေ့ ဟု ဆို၏။]

အလောင်းမင်းသားကို ဖွားမြင်သည့်နောက် ငါးရက်မြောက်၌ အမည်မှည့်အံ့သော နေ့သို့ရောက်သောအခါ အလုံးစုံသောမင်းအိမ်တော်ကို အကျော်, ဇလပ်, ပရုတ်, စန္ဒကူး ဟူသော နံ့သာမျိုးလေးပါး ထူးပြားသောအခိုးအထုံတို့ဖြင့် လိမ်းကျံပက်ဖျန်း၍ ဇလပ်ပန်း၊ မုလေးပန်း, ပေါက်ပေါက်ပန်း, နေဇာ, မာလာကျိကျူ စသောပန်းမျိုးတို့ကို ဖြိုးဖြိုးပြည့်မျှ ကြဲစေလျက်၊ သားတော်ကို နံ့သာရည်တို့ဖြင့် ခုနစ်ကြိမ်ချိုးလျက် ကိုးပါးသောရတနာ အစုထက်နေစေ၍ ဗေဒင်သုံးကျမ်း ကမ်းတစ်ဘက်ရောက် တတ်မြောက်စွာသော ပုဏ္ဏား တစ်ရာ့ရှစ်ယောက်ကိုခေါ်၍ အဖျော်ယမကာ ဃနာထမင်းတို့ဖြင့် ကျွေးမွေးပြီးသော် ပူဇော်သက္ကာရ အများဆောက်နှင်း၍ မင်းသား၏လက္ခဏာနိမိတ်ကို စစ်ဆေးမေးတော်မူ၏။

ထိုအခါ တစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ထင်ရှားတတ်မြောက်စွာသော ရာမ, ဓဇ, လက္ခဏ, ဇောတိမန္တ, ယည, သုဘောဇ, သုယာမ ဟူသော ပုဏ္ဏားခုနစ်ယောက်တို့က လက်နှစ်ချောင်းမြှောက်၍ "အရှင့်သားတော်မြတ်သည် ကျွန်းရပ်လေးမည်ကို လှည့်လည် ပိုင်နင်းသော စကြာမင်းသော်လည်း ဖြစ်လတ္တံ့။ လူတွင်ထင်ရှား ဘုရားသော်လည်း ဖြစ်လတ္တံ့."ဟူ၍ လျှောက်ထားကြ၏။ ကောဏ္ဍညအနွယ်ဖြစ်သော 'သုဒတ္တ'အမည်ရှိသော ပုဏ္ဏားငယ်တစ်ယောက်မူကား "အရှင့်သားသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, အံ့ဖွယ် တစ်ဆယ့်နှစ်ဖြာ, တစ်ရာ့ ရှစ်ကွက်သော စက်တော်အစုံ ပါပေသည်။ သုံးဆယ့်တစ်ဘုံဝယ် တစ်စုံတစ်ယောက်သော သူမျှ အတုမရှိ အသဒိသအစစ် ဓမ္မရာဇ်ထွတ်ထား ဘုရားကေန် ဖြစ်ပါလိမ့်မည်။ လူတို့



www.burmeseclassic.com

www.burmeseclassic.com



ဘောင်တွင် တည်အံ့သောဌာ မဟုတ်ပါ" ဟု လက်ညှိုးတစ်ချောင်းကိုသာ မြှောက်၍ ကြားလျှောက်၏။ [ထို ကောဏ္ဍညကား ပစ္ဆိမဘဝ၌ တည်သောသူဖြစ်၍ စင်စစ် သိနိုင်လေသတည်း။]

ထိုစကားကိုကြားလေသော် ခမည်းတော်မင်းတရားသည်လည်း "ငါ၏သားသည် ဘုရားဖြစ်လတ္တံ့ဆိုသော် အဘယ်အကြောင်းကိုမြင်၍ လူ၏ဘောင်တွင် မရှင်ပျော်ဘဲ ရှောင်လွဲ တောထွက်လတ္တံ့နည်း" ဟု မေးတော်မူ၏။ ကောဏ္ဍညပုဏ္ဏားလည်း "အရှင့်သားသည် ကြီးမားရင့်မာသော ပါရမီသမ္ဘာ, ပညာသတ္တိ ရှိပါသည်။ တဏှာရမ္မက် ငေါက်ခြင်းကင်းပါလိမ့်မည်။ သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော နိမိတ်လေးပါးကို မြင်ဘိ၍ သတိသံဝေဂရသဖြင့် မုချဆတ်ဆတ် တောထွက်ပါလိမ့်မည်"ဟု လျှောက်၏။ ထိုစကားကို ကြားသော် ခမည်းတော်သုဒ္ဓေါဒနမင်းတရားသည်လည်း သား၏ရဟန်းဖြစ်ခြင်းကို မနှစ်သက်၊ စကြာရတနာတို့ ရွေ့ဆောင်၍ နှစ်ထောင်ရံဝန်းသော ကျွန်းငယ်နှင့်တကွ ဒီပလေးမည်ကို လှည့်လည်ပိုင်နင်းသော စကြာမင်းဖြစ်သည်ကိုသာ မြင်လိုရကား သားတော်၏ သံဝေဂရခြင်း အကြောင်းကင်းအောင် ပြည်တွင်းပြည်ပ တစ်ဂါဝုတ်မျှသောအရပ်၌ အစောင့်အရှောက်ထားလျက် သူအို, သူနာ, သူသေ, ရဟန်းအသွင်ကို မြင်ရမည်ကို မဆိုထားဘိ၊ သတင်းစကားမျှ မကြားရအောင် ကြံဆောင်အားထုတ်တော်မူသတည်း။

မင်းသား၏ အမည်နာမကို ရွေးချယ်ကြကုန်သော် အလုံးစုံသောလူနတ်တို့၏ အလိုခပ်သိမ်းကို ပြီးငြိမ်းစေတတ်ရကား 'သိဒ္ဓတ္ထကုမာရ' ဟူသောအမည်ကို မှည့်ကုန်၏။ ထို မင်္ဂလာအခါနေ့ရက်၌ စုဝေးလာသော မဟာဆွေတော်မျိုးတော် အပေါင်းတို့မှလည်း တစ်ယောက်တစ်ယောက်သော မင်းသားကို နံ့ထားဆောက်နှင်းကြရ၏။ အသောင်းအသိန်းမကသော အထိန်းအယ မောင်းမကိုယ်လုပ်တို့ကိုလည်း အပ်နှင်းတော်မူ၏။ အတိုင်းမသိသော အခြံအရံနှင့်တကွ ကြီးပွားရ၏။

အလောင်းမင်းသားကို ဖွားမြင်တော်မူသည်မှ နောက် ခုနစ်ရက်မြောက်သောနေ့ဝယ် မယ်တော် 'သိရီမဟာမာယာ' မိဖုရားသည် ဓမ္မတာဝန်အားဖြင့် အိပ်ပျော်သောယောကျ်ားကဲ့သို့ များစွာသောအန္တရာယ်မတွေ့ဘဲ စုတေခဲ့ပြီးသော်၊ ဘုရားမယ်တော်တို့၏ဖြစ်ရာ တုသိတာနတ်ပြည်ဝယ် 'သန္တုသိတ'အမည်ရှိသော နတ်မင်း ဖြစ်လေ၏။

[သန္တုသိတနတ်သား ရှင်းလင်းချက်။ ။ အချို့သောဆရာတို့ကား 'မာတရံ ပမုခံ ကတွာ' ဟူ၍ အဘိဓမ္မာ အဋ္ဌကထာ လာသည်ကိုထောက်၍ နတ်မိန်းမအဖြစ်ဖြင့်ပင် မယ်တော်ဖြစ်၏ ဟု ဆိုကုန်သည်။ မဓုသာရတ္ထဒီပနီဋီကာဆရာသည် 'မယ်တော် ယောကျ်ားဖြစ်ကြောင်းကို သင်္ဂါယနာဝင်ကျမ်းတို့၌ မလာ။ ရှေးဆုတောင်းလည်း မပါ။ ဓမ္မတာသုံးဆယ်၌လည်း မဝင်။ ထို့ကြောင့် နတ်မိန်းမပင် ဖြစ်သည်ဟူ၍ ယူရန်ရှိသည်' ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဆိုကုန်သော်လည်း ထိုဆရာတို့ထက် ခိုင်ခံ့သော ထေရအဋ္ဌကထာ၌ 'ဒေဝူ ပပတ္တိ ပန ပုရိသဘာဝေန ဝုတ္တာ'ဟု လာသောကြောင့် လည်းကောင်း၊ ဓမ္မပဒ အဋ္ဌကထာ၌ 'မာတုဘူတပုဗ္ဗော သန္တုသိတ ဒေဝပုတ္တော'ဟူ၍ လာသောကြောင့် လည်းကောင်း၊ အဘိဓမ္မာ ဝတာရဋီကာ၌ 'မာတုဒေဝပုတ္တော'ဟု မိန့်သောကြောင့်လည်းကောင်း၊

ထိုဆရာတို့၏ဝါဒသည် အစလသုပ္ပတိဋ္ဌိတ မဖြစ်။ ဤသို့သော သင်္ဂါယနာဝင် အဋ္ဌကထာ, ဋီကာတို့၌ ရှိပြီးဖြစ်၍ စင်စစ် ယောကျ်ားဖြစ်၏ဟု မှတ်အပ်သည်။ မယ်တော်ကိုလည်း ဒေဝဒဟပြည်သို့ယူဟန် အချို့သောစာငယ်များတွင် ဆိုသည်။ အဋ္ဌကထာကြီး၌ကား ကပိလဝတ်ပြည်သို့ ပြန်ပို့ကြောင်းကို ဆိုသည်။]

မယ်တော် နတ်ပြည်စံခဲ့သော် မိထွေးတော်ဖြစ်သော 'မဟာပဇာပတိ ဂေါတမီ' မိဖုရားသည် သားတော် 'နန္ဒ'မင်းသားကို နို့ထိန်းတို့အား အပ်နှင်း၍ အလောင်းမင်းသားကို မိဖုရားကိုယ်တိုင် နို့တိုက်၍ မွေးမြူတော်မူ၏။ ဤသို့ သိဒ္ဓတ်မင်းသားကိုဖွား၍ တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားသည်လည်း များစွာသော မှူးမတ်ဗိုလ်ပါ အခြံအရံတို့နှင့် ထွက်စံ စံပယ်၍ လယ်ထွန်မင်္ဂလာ ပြုတော်မူသည်။ ထိုအရပ်၏အနီး ကြီးစွာသောဇမ္ဗုသပြေပင်ရင်းဝယ် ခင်းကျင်းကာရံ စီမံအပ်သော ကောင်းမြတ်သောနေရာ၌ အလောင်းတော်မင်းသားကို ထားပေ၏။

အထိန်းအယမိန်းမတို့လည်း မင်းကြီး၏လယ်ထွန်သဘင်ကို ရှုမျှော်လျက် မေ့လျော့၍နေစဉ်တွင် အလောင်းမင်းသားသည် သိပ်ထားသောနေရာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးသော် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့် ပထမဈာန်ကို ဝင်စားတော်မူ၏။ ထိုအလောင်းမင်းသား၏ အာနုဘော်ကြောင့် ဇမ္ဗုသပြေပင်ရိပ်သည် နံနက်ကာလမှစ၍ ညနေ မွန်းစောင်းသည်တိုင်အောင် မပြောင်းမယွန်းဘဲ ထီးဝန်းအုပ်သကဲ့သို့ တည်၏။ နို့ထိန်းမိန်းမတို့သည် သတိရသဖြင့် တင်းထိမ်တွင်းသို့ ဝင်၍ကြည့်ရှုကြသော် အလောင်းမင်းမြတ်၏ သမာပတ်ဝင်စားနေသော အခြင်းအရာကိုမြင်၍ အလျင်တဆော သုဒ္ဓေါဒနမင်းကြီးအား လျှောက်ပေ၏။ မင်းကြီးလည်း လျင်စွာလာ၍ ရှုမျှော်သော် သားတော်မြတ်၏အခြင်းအရာကို မြင်သဖြင့် ရွှင်ကြည်ညွတ်တုပ် လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်တော်မူ၏။ ဤကား နှစ်ကြိမ်မြောက်သော ခမည်းတော်၏ ရှိခိုးခြင်းတည်း။

ဤမှသည် အစဉ်အတိုင်းကြီးပွား၍ ဘုရားလောင်း ခုနစ်နှစ်အရွယ်သို့ရောက်သောအခါ ခမည်းတော်မင်းမြတ်သည် မှူးမတ်အပေါင်းတို့ကို စည်းဝေးတော်မူစေ၍ "ခုနစ်နှစ်ရှိသော သူငယ်တို့မည်သည် အဘယ်အမူအရာကို လွန်စွာ မြတ်နိုးတတ်ကုန်သနည်း။ အဘယ်ကိစ္စနှင့် မိဘတို့ချီးမြှောက်သံဖြင့် တင့်တယ်ရာသနည်း"ဟု မေးတော်မူ၏။ အမတ်တို့လည်း "ဤအရွယ်သို့ရောက်သော မင်းသားတို့မည်သည် ရေသဘင်ပျော်ရွှင်ခြင်းကို အလိုရှိတတ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဤအမှုဖြင့်လည်း သင့်တင့်လျောက်ပတ်ပါသည်" ဟု လျှောက်ကြကုန်လျှင်၊ ဖခင်မင်းတရားလည်း မြို့ပြုပြင်သော လက်သမားတို့ကို ခေါ်တော်မူ၍ "ဤမည်သောဌာန၌ လုပကြီးကျယ်သော ရေကန်ကို စီမံပြုပြင်ကြလေကုန်"ဟု စေတော်မူ၏။

ထိုလက်သမားတို့လည်း ရေကန်နေရာကို တိုင်းတာ စနစ်ကြပြီးသော် "ယနေ့ကား အကာလဖြစ်ပြီ။ နက်ဖြန်နံနက်မှ ပြုလုပ်ကြကုန်အံ့" ဟု အိမ်သို့ပြန်လေသော်၊ နေဝင်အခါ၌ သိကြားနေရာ ပဏ္ဍုကမ္ဗလာသည် တင်းမာဘိသဖြင့် အဋ္ဌုပ္ပတ္တိကိုရှုမျှော်သော် အလောင်းမင်းသား၏ ပျော်ပါးရန် ရေကန်ပြုလိုကြောင်းကိုသိ၍ ဝိသကြုံနတ်သားကို "သင်သွား၍ ဖန်ဆင်းချေ"ဟု စေတော်မူ၏။ ထိုနတ်သားလည်း လျင်လျားစွာလာပြီးသော် မြို့လေးမျက်နှာ၌ တစ်ဂါဝုတ်မျှလောက်ကျယ်သော ရေကန်ကို ဖန်ဆင်း၍ပေး၏။

ထိုရေကန်သည်ကား သန္တာရစ်၊ ပုလဲရစ်၊ ဥဿဖယားရစ်၊ ပတ္တမြားရစ်၊ ကြောင်မျက်ရွဲရစ်၊ ဝံသဝဏ်ရစ်၊ ရွှေဖလံနီရစ်တို့ဖြင့် ခုနစ်ဆစ် ခုနစ်ကန့် တန့်လျက် ပြိုးပြိုးပြက်မျှရှိ၏။ ရေ၏အစ၌ လုပဖြူစင် ထိန်လွင်တောက်ပသော ရွှေသလဲ၊ ငွေသလဲတို့သည် ကြဲဖြန့်ကာတည်ကုန်၏။ ရတနာခုနစ်ပါးအတိပြီးသော အုတ်ကျောက်နံရံ သုံးတန်ဝန်းပတ်လျက် ပြင်အထပ်မှ ရွှေပွတ်လုံးရွှေပွတ်တိုင်တို့သည် အဆိုင်အဆိုင်ခြံရံကာ တည်ကုန်၏။ ပန်းစုံရုပ်စုံထည့်လုပ်အပ်သော သန္တာနီအဆင်းရှိသော စောင်းတန်းလှေကားတို့ဖြင့် ခင်းထားအပ်သော ရေဆိပ်ခုနစ်သွယ်တို့သည် ပတ်လည်ရံကာ ရှိကုန်၏။ ရွှေကြာသွတ်အိုးတို့ဖြင့် စိုက်ပျိုးစီထားဘိသကဲ့သို့ တစ်ဖို့တစ်ကန့်စီပေါက်ရောက်သော ကြာမျိုးခုနစ်ပါးတို့သည် ထွားထွားဖွံ့ဖွံ့ အညွန့်အညှောက် ပေါက်ရောက်ပြည့်စုံလျက် ငုံကာပွင့်ကာ ရုံခါမလပ် မပြတ်သောရနံ့တို့ဖြင့် လှိုင်လျက် တကြိုင်ကြိုင်တကြူကြူ ဖြစ်၏။ ထိုကန်ဦး၌ ကွန့်မြူးပျံသွားကုန်သော ကျေးငှက်အပေါင်းတို့သည်လည်း ပြောင်းကာပျံကာ တွန်သာရင့်ကြွေးသောအသံတို့ဖြင့် တရံမပြတ် နတ်တူရိယာကဲ့သို့ သာယာစွာဖြစ်၏။

ထိုကန်မြတ်ဝယ် လော်ခတ်ပျော်ပါးစေခြင်းငှာ ရတနာခုနစ်ပါး အတိပြီးသော လှေ၊ ဖောင်၊ ကတ္တူ၊ သရဂူ၊ သမ္ဗန်တို့ကိုလည်း ဖန်ဆင်းပြုထား၏။ ထိုဖောင်လှေတို့တွင် ရွှေအတိပြီးသောလှေ၌ ငွေဖြင့်ပြီးသော ထီးဖြူ၊ ရာဇပလ္လင်၊ ဥကင်၊ ကနက်တင်လျက် ငွေအတိပြီးသောလှေ၌ ရွှေဖြင့်ပြီးသော ထီးဖြူ၊ ရာဇပလ္လင်၊ ဥကင်၊ ကနက်တင်လျက် နှစ်သက်ဖွယ် မင်းဆောင်မင်းခမ်းကျင်းပကာ ကောင်းစွာစီမံပေး၏။ ဤသို့လျှင် လူတို့ရပ်၌ မမြင်စဖူး လွန်ကြူးတင့်တယ် အံ့ဖွယ်ရှိလှသော နတ်ရေကန်ကို ညဥ့်သုံးယံအတွင်း၌ ဖန်ဆင်းခဲ့ပြီးမှ မိမိနေရာ နတ်ရွာသို့ ပြန်လေ၏။ နံနက်သောကာလ လူတို့ မြင်ကြကုန်သော် "အံ့သြဘနန်း ရှုမခန်းသော ရေကန်သည် ညဥ့်သုံးယံအတွင်း အလိုအလျောက် မြေမှပေါက်၍ ဖြစ်မြောက်လာပေသည်"ဟု အံ့သြချီးပ၍ သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြားကြကုန်၏။ မင်းတရားလည်း အားရဝမ်းသာ ထွက်သွားကာရှုမျှော်၍ "ငါ့သားတော်ဘုန်းကံကြောင့် နတ်ဖန်၍ ပေးလာသည်"ဟု ဝမ်းသာလှရကား သားတော်အား ဆောက်နှင်းပေ၏။ အလောင်းတော်မင်းသားလည်း နတ်သိကြားကဲ့သို့ များစွာသောအခြွေအရံဖြင့် ရေကန်ဝယ် စံပယ်ပျော်ပါးတော်မူ၏။ [ဤကား အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ အနာဂတဝင် အဋ္ဌကထာတို့၌ လာသော အဋ္ဌုပ္ပတ္တိတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ အစဉ်သဖြင့် ချမ်းသာစွာကြီးပွား၍ မင်းသား တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လတ်သော် ဘေးတော်, ဘိုးတော်အဆက်ဆက်တို့သည် တစ်ကြိမ်တစ်ရံမျှ မစံစဖူး ထူးမြတ်လှသော ကာလသုံးစု ဥတုသုံးရပ်နှင့်လျော်သော ရမ္မ, သုရမ္မ, သုဘ အမည်ရှိသော ရွှေနန်းပြာသာဒ်သုံးဆောင်ကို တည်ထောင်ဆောက်လုပ်၍ ပေးအပ်တော်မူ၏။

ရမ္မ ပြာသာဒ်ကား ဘုံကိုးဆင့် ရှိသည်။ သုရမ္မ ပြာသာဒ်ကား ဘုံခုနစ်ဆင့် ရှိသည်။ သုဘ ပြာသာဒ်ကား ဘုံကိုးဆင့် ရှိသည်။

ထိုပြာသာဒ် သုံးဆောင်တို့သည် အစောက်အားဖြင့် အပိုင်းအခြားမရှိ မြင့်သည်။ အပြန့်အားဖြင့် ရွှေရံ ရှစ်သောင်းကျော် နေပျော်လောက်သည်။ အဆန်းအကြွယ်အားဖြင့် ပြောပချီးမွမ်း၍ မကုန်နိုင်အောင် တင့်တယ်သတည်း။

## ။၅။ သိဒ္ဓတ္ထမင်းသား လေးအတတ်ကို ပြခြင်း

ဤရွှေနန်းသုံးရပ်ကို အပ်နှင်းတော်မူပြီးမှ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့ ကြံတော်မူ၏။ 'ငါ၏သားတော်မြတ်သည် လျောက်ပတ်သောအရွယ်သို့ ရောက်ချေပြီ။ အတိုင်းမသိသော မင်းမိဖုရားတို့ ခစားဝန်းရံလျက် နိုင်ငံတိုင်းကားကို စိုးမိုးအုပ်ချုပ်၍ မင်းလုပ်စိမ့်မည်။ မယား,သားတို့နှင့် ပျော်ပါးတပ်ငြိခြင်းရှိမှ သတိသံဝေဂ မသက်၊ တောထွက်၍ ရဟန်းမပြုဘဲ လူ့စည်းစိမ်၌မွေ့လျော်ကာ စကြာမင်းဖြစ်သည်ကို ငါ မြင်ရချိမ့်မည်။ စကြာမင်းအဖငါ ခံချိမ့်မည်'ဟု ကြံရည်တော်မူပြီးသော် အသီးသီးသော ဆွေတော်မျိုးတော်တို့၏အထံသို့ ရာဇသံရွှေပေနှင့်စေလွှတ်၍ သမီးရတနာ ပို့ဆက်လာရမည့်အကြောင်းနှင့် တောင်းတော်မူ၏။

ထိုရာဇသံကို ကြားသော် ဒေဝဒဟပြည်, ကပိလဝတ်ပြည်၌ ရှိနေကုန်သော သုပ္ပဗုဒ္ဓမင်းအစရှိကုန်သော အချို့သော ဆွေတော်မျိုးတော်အပေါင်းတို့သည် ဤသို့ ဆိုကြကုန်၏။ "ဤသိဒ္ဓတ်မင်းသားသည် 'ဘုရားဖြစ်လတ္တံ့' ဟု ပုဏ္ဏားတို့မြွက်စားသော စကားကိုမှီ၍ ဂုဏ်မာန်တက်သဖြင့် မည်သည့်အတတ်ကိုမျှ မသင်မကြား။ ကိုးစားယုံမှတ် လောက်အောင် အဋ္ဌာရသသိပ္ပတွင် တစ်ခုခုမျှ မတတ်ချေ။ အဆင်းအဝါသာ လှပ၍ စွမ်းပကားပညာ ကင်းရကား မြိုင်တွင်း၌ရောက်နေသော ပေါက်ပင်ကဲ့သို့သာ ဖြစ်ချေသည်။ ပြည်ထောင်ချင်းချင်း မင်းတစ်ပါးတို့ အကယ်၍ရန်မူလာက လဲဝါဂွမ်းကဲ့သို့ လွင့်ဖို့ရာသာ ဖြစ်ချေသည်။ ငါတို့ရင်သွေးကို ပေး၍ မလျော်" ဟု ဆိုကြကုန်၏။

ထိုမင်းတို့ ဆိုလိုက်သောစကားကို မှူးမတ်တို့ ပြန်ကြားလျှောက်ထား၍ သုဒ္ဓေါဒနမင်းကြီးကြားလေသော် သားတော်၏အစွမ်းကိုလည်း မသိရသေးရကား ဘုရားလောင်းထံသို့



www.burmeseclassic.com

www.burmeseclassic.com



သွား၍ မင်းတစ်ပါးတို့ ကဲ့ရဲ့လိုက်သောအကြောင်းကို ကြားပြီးမှ အဋ္ဌာရသသိပ္ပကို သင်စိမ့်သောငှာ တိုက်တွန်း၏။ အလောင်းမင်းသားလည်း "သင်ကြားဖွယ် မရှိ။ ပဋိသန္ဓေကတတ်မြောက်ပြီး ဖြစ်ပါသည်။ မည်သည့်အတတ်ကို ရှုလိုသည်ဟု မိန့်တော်မူပါ။ ရှေ့တော်တွင် ပြပါမည်"ဟု လျှောက်၏။ ယင်းသို့လျှောက်ကြားသော် ခမည်းတော်မင်းတရားလည်း အားရဝမ်းသာတော်မူ၍ မင်းရင်ပြင်ဝယ် ကြီးကျယ်သော တလင်းမင်းကွန်းကို ပြုပြီးလျှင် ဗိုလ်တစ်ထောင်တင်ထိုက်သော လေးတော်ကိုအပ်၍ လေးအတတ်ကို ပြစေ၏။

ထိုအခါ အလောင်းမင်းမြတ်သည်လည်း ကပိလဝတ်ပြည်တော်တွင် ထက်ဝန်းကျင်မှကျော်စောကုန်သော အက္ခဏဝေဓိ၊ ဝါလဝေဓိ၊ သရဝေဓိ၊ သဒ္ဒဝေဓိ အမည်ရှိသော လေးသမားတို့ကိုခေါ်၍ မင်းရင်ပြင်၌စည်းဝေးပြီးသော်၊ ကိုယ်တော်မြတ်မူကား ပတ္တမြားပြောက်ဖြင့်ပြီးသော ချပ်မိန်ညို၊ မျဉ်းတို၊ မျဉ်းရှည် စသည်တို့ကိုဝတ်၍ နဝရတ်ကိုးပါးဖြင့်စီတပ်သော သင်းကျစ်မကိုဋ်ကို ဦးခေါင်း၌စွပ်လျက် တစ်ခဲနက် ရတနာခုနစ်ပါးဖြင့် ချုပ်အပ်သော ခါးကြိုးကိုပန်း၍ လခြမ်းသဏ္ဌာန်ရှိသော သားချိုလေးဝယ် သန္တာအဆင်းရှိသော ညှို့ဖြင့်ဖွဲ့လျက် မြအဆင်းကဲ့သို့သော တောင့်ကိုလွယ်ပြီးလျှင် မြေကြီးမှခွဲ၍ထွက်သော နဂါးလုလင်၊ စစ်သဘင်ကျင်းရာသို့ထွက်သော သိကြားကဲ့သို့ ပရိသတ်လေးပါး၏ အလယ်၌ တင့်တယ်စွာရပ်တော်မူပြီးလျှင် ယခင်လေးသမားကြီးတို့ကို လေးထောင့်ကန်ပမာ လေးမျက်နှာအရပ်က နေစေပြီးသော် မြားကမ်းသူနှင့်တကွ သုံးသောင်း,သုံးသောင်းမျှ လောက်သော မြားတို့ကိုအပ်၍ တညီတညွတ်တည်း ပစ်လွှတ်ကြကုန်ဟု ဆို၏။

ထိုလေးသမားတို့ကလည်း "အရှင့်သား။ အကျွန်ုပ်တို့ အများကိုမဆိုထားဘိ။ တစ်ယောက်တည်း ပစ်သောမြားကိုမျှ တားမြစ်ခြင်းငှာ မတတ်နိုင်ရာ။ ပြုတော်မမူပါလင့်" ဟု လျှောက်ကုန်၏။ အလောင်းမင်းသားက "ငါ့အား သင်တို့ မစိုးရိမ်လင့်။ ကိုယ်စွမ်းရှိသမျှသာ ပစ်လွှတ်ကြကုန်" ဟု မိန့်တော်မူ၍ မင်းကွန်း၏အလယ် ကျယ်လှသောအပြင်ဝယ် ရွှေခြသေ့ကဲ့သို့ ရပ်တော်မူသည်။ လေးသမားတို့လည်း စွမ်းပကားရှိသမျှ အားထုတ်လျက် လျှပ်တစ်ပြက်လျှင် အချက် အရာအထောင် ရှိသမျှ စေလွှတ်ကြသည်။ လာသမျှသောမြားတို့ကို အလောင်းမင်းသားသည် ဝဇိရစိန်စဉ်းသွားတပ်သော မြားတစ်စင်းဖြင့်သာ ဆီးကာပုတ်ခတ်၍ ထိုထိုအရပ်သို့ ကျစေသည်။ ဤသို့ မြားအလာကို ဆီးကာဖယ်ရှားသော 'သရပဋိက္ခိပ' အတတ်ကို ပြတော်မူရာတွင် ထက်ဝန်းကျင် မြေပြင်ပြည့်မျှ ရှုနေကုန်သော မင်းညီမင်းသား၊ ပုဏ္ဏား၊ သူဌေးစသော ပရိသတ်တို့၏ ရင်ဘတ်လက်တီး အံ့ချီးပြောပသောအသံသည် မိုးယံအပြင်၌ တော်ပဲ့တင်ဟည်းလျက် မြေကြီးတုန်ဘနန်းမျှ ရှိ၏။

ထို့နောက်မှ ထိုလေးသမားတို့၏နေရာ၌ စီစိုက်ထားအပ်သော ငှက်ပျောပင်တို့ကို တစ်ကြိမ်တည်းပစ်အပ်သော မြားဖြင့် အားလုံးကိုမှန်စေပြီးမှ လက်တွင်းသို့ မြားကျလာသော 'စက္ကဝေဓိ' အတတ်ကို ပြတော်မူသည်။ ထို့နောက် လျှပ်တစ်ပြက်ကို အချက် အသောင်းအသိန်းပစ်ခြင်းတည်းဟူသော 'အက္ခဏဝေဓိ အတတ်'၊ ခါးရမ်းသီးစသော အမှတ်ကို ချက်ရာမစပ်



www.burmeseclassic.com

www.burmeseclassic.com



မှန်အောင်ပစ်ခြင်း၊ သားမြီးမွေးမှင်ကိုလျက် ထက်ဝက်ထွင်းအောင် ပစ်ခြင်းတည်းဟူသော 'ဝါလဝေဓိ အတတ်'၊ ရှေ့ပစ်လိုက်သောမြားကို နောက်မြားဖြင့် မှန်အောင်ပစ်ခြင်း တည်းဟူသော 'သရဝေဓိ အတတ်'၊ မျက်စိဖြင့်မမြင်ဘဲ အသံကိုနားထောင်၍ မှန်အောင်ပစ်ခြင်းတည်းဟူသော 'သဒ္ဒဝေဓိ အတတ်' ဤလေးပါးသော မြားရေးကြီးတို့ကို လည်းကောင်း။

နွယ်တန်းကဲ့သို့ မြားတန်းမပြတ်အောင် ပစ်ခြင်းတည်းဟူသော 'သရလဋ္ဌိအတတ်'၊ ကြိုးအစဉ်ကဲ့သို့ ပစ်ခြင်းတည်းဟူသော 'သရရဇ္ဇုအတတ်'၊ မြားပြာသာဒ်ဆင့်တက်အောင် ပစ်ခြင်းတည်းဟူသော 'သရပါသာဒအတတ်'၊ မြားစောင်းတန်းဆင့်အောင် ပစ်ခြင်း တည်းဟူသော 'သရသောပါန အတတ်'၊ မြားကို မြားဖြင့် ဆီးကာအောင်ပစ်ခြင်းတည်း ဟူသော 'သရပ္ပဋိဗာဟန အတတ်'၊ မဏ္ဍပ်အုပ်ကဲ့သို့ ပစ်ခြင်းတည်းဟူသော 'သရမဏ္ဍပ အတတ်'၊ မြားတံတိုင်း ဝိုင်းအောင်ပစ်ခြင်းတည်းဟူသော 'သရပါကာရအတတ်'၊ လေးထောင့် ကန်ကဲ့သို့ တည်အောင်ပစ်ခြင်းတည်းဟူသော 'သရပေါက္ခရဏီအတတ်'၊ ပဒုမ္မာပွင့်ချပ်ကဲ့ သို့ မြားထပ်အဆိုင်ဆိုင်တက်အောင် ပစ်ခြင်းတည်းဟူသော 'သရပဒုမအတတ်'၊ မြားမိုး ရွာစေခြင်း တည်းဟူသော 'သရဝဿအတတ်'၊ မြားစက်ဝန်းသွားအောင် ပစ်ခြင်းတည်းဟူသော 'စက္ကဝိဒ္ဓအတတ်'၊ မြားရဟတ်လည်အောင် ပစ်ခြင်းတည်းဟူသော 'သရအာဝဋ္ဋနအတတ်' ဤသို့ သူတစ်ပါးနှင့် မဆက်ဆံသော တစ်ဆယ့်နှစ်ပါးသော မြားရေးငယ်တို့ကို လည်းကောင်း။

လက် တစ်ဆယ့်နှစ်သစ်ထူသော ရေသဖန်းပျဉ်ကို ထုတ်ချင်းထွင်းအောင် ပစ်ခြင်း၊ လက် ရှစ်သစ်ထူသော ပိတောက်နှစ်ပျဉ်ကို ထုတ်ချင်းထွင်းအောင်ပစ်ခြင်း၊ လက်လေးသစ် ထူသော ကြေးနီပြားကို ထုတ်ချင်းထွင်းအောင် ပစ်ခြင်း၊ လက်နှစ်သစ်ထူသော သံပြားကို ထုတ်ချင်းထွင်းအောင် ပစ်ခြင်း၊ ပိုတစ်ရာဝန်တင်သော လှည်းကို နောက်မှရှေ့, ရှေ့မှနောက် ထွင်းပေါက်အောင် ပစ်ခြင်း၊ ကောက်ရိုးအပြည့်တင်သော လှည်းကို ထွင်းပေါက်အောင် ပစ်ခြင်း၊ သဲအပြည့်တင်သော လှည်းကို ထွင်းပေါက်အောင်ပစ်ခြင်းတည်း ဟူသော ခုနစ်ပါးသော အားအစွမ်းတို့ကို လည်းကောင်း ပြတော်မူသည်။

[လေးပစ်ခန်း ရှင်းချက်။ ။ဤပမာဏကို ပြသောအရာဝယ် ဗုဒ္ဓဝင်အဋ္ဌကထာ၌ – 'ဝိဒတ္ထိဗဟလံ ဥဒုမ္ဗရဖလကံ၊ အဋ္ဌင်္ဂုလဗဟလံ အယောပဋ္ဋံ၊ စတုရင်္ဂုလ ဗဟလံ အသနဖလကံ' စသည်ဖြင့် တစ်ထွာထူသော ရေသဖန်းပျဉ်, လက်ရှစ်သစ်ထူသော သံပြား, လက်သေးသစ်ထူသော ပိတောက်နှစ်ပျဉ်တို့ကို ထွင်းအောင်ပစ်သည်ဟု ကျိတကျူ အနုက္ကမ လာသည်။

သရဘင်္ဂဇာတ်၌ကား– အဋ္ဌင်္ဂုလဗဟလံ ဥဒုမ္ဗရပဒရံ၊ စတုရင်္ဂုလဗဟလံ အသနပဒရံ။ ဒွင်္ဂုလဗဟလံ တမ္ဗပဋ္ဋံ၊ ဧကင်္ဂုလ ဗဟလံ အယောပဋ္ဋံ' ဟူသောပါဠ်ဖြင့် လက်ရှစ်သစ်ထူသော ရေသဖန်းပျဉ်၊ လက်သေးသစ်ထူသော ပိတောက်နှစ်ပျဉ်၊ လက်နှစ်သစ်ထူသော ကြေးနီပြား၊ လက်တစ်သစ်ထူသော သံပြားကို ပစ်သည်ဟူ၍ ယထာက္ကမလာသည်။ ဤ အဋ္ဌကထာ နှစ်စောင်ကိုညှိ၍ ယုတ္တိရရာကို ဆိုလိုက်သည်။]



www.burmeseclassic.com

www.burmeseclassic.com



ဤ ဗိုလ်တစ်တောင်တင်သော လေးကို လက်ဝဲလက်ဖြင့်ချီ၍ လက်ယာလက်ဖြင့် ညှို့ကို ဖြန်းအပ်သောအသံသည် မိုးကြိုးပဲ့တင် ငလျင်တော်ဟိန်းသကဲ့သို့ လန့်ကြိမ်းကြောက်မက်ဖွယ် ဖြစ်၍ ကပိလဝတ်ပြည်အလုံး ထိတ်လန့်တုန်လှုပ်၏။ ဝဇိရစိန်သွားတပ်အပ်သော မြားရတနာကို လက်ယာလက်ဖြင့်ဆွဲ၍ လက်ဝဲလက်သန်း အသည်းဖြင့် စဉ်းကိုခတ်အပ်သော အသံသည် ပဋင်, ဒုံမင်း, လင်းကွင်း, စည်းဆုပ်ကို တီးမှုတ်သောအခါကဲ့သို့ သာယာနာပျော်ဖွယ် ရှိ၏။ မြားတော်ကို ရေထဲသို့ လွတ်သည်ရှိသော် လေးဥဘာသတိုင်အောင် ရောက်သည်။ အထက်သို့ အစောက်ပစ်သော် ရှစ်ဥသဘာတိုင်အောင် ရောက်သည်။ ဖီလာအားဖြင့်ပစ်သော် တစ်ယူဇနာ အရပ်သို့ ရောက်သည်။ (ဤကား ပကတိပစ်သော အစွမ်းတည်း။) အလိုတော်ရှိ၍ အားထုတ် တော်မူသော် စတုမဟာရာဇ်သို့ စေသော်လည်း ရောက်ရာ၏။

ထိုမှတစ်ပါး မင်းသားတကာတို့ တတ်ရာသမျှသော ဆင်စီး, မြင်းစီး, စက်မီး, ဓားတင်, ကာငင်, လှံထိုး အစရှိသော အတတ်မျိုးအပေါင်းတို့ကိုလည်း ကောင်းစွာပြသတော်မူ၏။ ယင်းသို့ မင်းအဆက်ဆက်တို့ လေ့ကျက်နိုင်မည်ကို မဆိုထားဘိ၊ သတင်းစကားမျှ မကြား စဖူး ထူးမြတ်လွန်ကဲ အံ့အဲချီးမွမ်း၍မကုန် လူတို့ဘုံထဲတွင် တစ်စုံတစ်ယောက်သောသူမျှ ပြိုင်တူဖက်ယှဉ်ခြင်းငှာ မတတ်နိုင်ရာသော အဋ္ဌာရသ သိပ္ပအပေါင်းကို ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့၏အလယ်၌ ဆန်းကြယ်စွာပြတော်မူ၍ ပြည်သူအပေါင်းတို့မြင်ရလျှင် ကြည်ရွှင်ဝမ်းမြောက်ကြကုန်၍ ပုဆိုးမြှောက်ခြင်း, ဦးရစ်မြှောက်ခြင်း, ပန်းပေါက်ပေါက် ကြဲဖြန့်ခြင်း, ရွှေသလဲ ငွေသလဲကြဲခြင်း, ရင်သပ်လက်တီး ချီးမွမ်းအံ့သြခြင်း အစရှိသည်တို့ဖြင့် ပူဇော်ကုန်သည်။ ထက်ဝန်းကျင်သော အရပ်တို့၌ နတ်တို့ ပန်းမိုး,နံ့သာမိုး ရွာကုန်သည်။ လူနတ်အပေါင်းတို့၏ ကောင်းချီးပေးကြသောအသံသည် မိုးယံအပြင်ဝယ် တော်ပဲ့တင် ကျော်ဟည်းလျက် မြေကြီးပြိုမတတ် ရှိလေ၏။

[ဤကား အကျဉ်းတည်း။ အကျယ်ကိုလိုသော် စတ္တာလီသနိပါတ် သရဘင်္ဂဇာတ် အဋ္ဌကထာ၌ ယူပါကုန်။]

ထိုအခါမှ မဟာဆွေတော်မျိုးတော်အပေါင်းတို့သည် ဦးခေါင်းနှိမ့်ချ ချီးပပြောကြား လျက် သားကောင်း, သမီးကောင်းနှင့်တကွ များစွာသောပဏ္ဏာကာရကို ဆက်သလာကုန် သတည်း။ ဒေဝဒဟပြည်ကို အစိုးရသော 'သုပ္ပဗုဒ္ဓ'မင်းကလည်း ဘဒ္ဒကဉ္စနာ အမည်ရှိသော မင်းသမီးကို အထိန်းအယ မိန်းမကိုယ်ရံနှင့်တကွ ပို့သလေသည်။ ကပိလဝတ်ပြည်သို့ရောက် လျှင် အသီးအသီး ရွေးကောက်တော်မူ၍ လေးသောင်းသော မောင်းမတို့နှင့်တကွ ဘဒ္ဒကဉ္စနာကို 'ယသောဓရာ ဗိမ္ဗာဒေဝီ' ဟူသောအမည်ဖြင့် ဘိသိက်ခံ၍ အဂ္ဂမဟေသီ ထားတော်မူသည်။ ဤသို့လျှင် အလောင်းမင်းသားကိုယ်တော်မြတ်သည် ပြာသာဒ်သုံးခုဝယ် ဥတုအလှည့် အလှည့်အားဖြင့် ယောကျ်ားကင်းလျက် စောင်း, ငြင်း, ပတ်သာ, ခရာ, အငြိမ့် အစရှိသော



www.burmeseclassic.com

www.burmeseclassic.com



အတိုးအက ခ,ယမ်းစေပါးခြင်းတို့၌ မိန်းမအခြံအရံဖြင့်သာလျှင် ပျော်စံတော်မူ၍ တစ်ဆယ့်သုံးနှစ်တိုင်တိုင် ရှိ၏။

ဆွေတော်မျိုးတော် အဆက်ကား ကပိလဝတ်ပြည်ကို အစိုးရသော ဇယသေနမင်းသားတော် သီဟဟနုမင်းနှင့် ဒေဝဒဟပြည်ကို အစိုးရသော အဥ္စနမင်းနှမတော် ဘဒ္ဒကဥ္စနာနှင့် စုံဖက်ရာတွင် ဖွားမြင်သည်ကား သုဒ္ဓေါဒန, သုက္ကောဒန, ဓောတောဒန, သက္ကောဒန, အမိတောဒန သားတော်ငါးပါး၊ နှမတော် အမိတာမင်းသမီး, ပါလိတာမင်းသမီး သမီးတော်နှစ်ပါး ပေါင်း ခုနစ်ပါးတည်း။

ဇယသေနမင်းသမီးတော် ယသောဓရာနှင့် အဥ္စနမင်းတို့စုံဖက်ရာတွင် ဖွားမြင်သည်ကား သိရိမဟာမာယာမင်းသမီး, မဟာပဇာပတိဂေါတမီမင်းသမီး, မောင်တော် ဒဏ္ဍပါဏိ, ညီတော် သုပ္ပဗုဒ္ဓ ပေါင်းလေးပါးတည်း။

သီဟသာနုမင်း သားတော် သုဒ္ဓေါဒနမင်းနှင့် အဥ္စနမင်းသမီးတော် သိရိမဟာမာယာတစ်ပါး၊ ညီမတော် ပဇာပတိဂေါတမီတစ်ပါး သည်နှစ်ပါးနှင့် စုံဖက်ရာတွင် ဖွားမြင်သည်ကား ညီမတော်ဂေါတမီတွင် ဇနပဒကလျာဏီနှင့် နန္ဒမင်းသားကို ဖွားမြင်ပြီးမှ အစ်မတော် သိရိမဟာမာယာတွင် ဘုရားလောင်း သိဒ္ဓတ္ထကုမာရကို ဖွားမြင်သည်။

သီဟဟနုမင်း သမီးတော်အမိတာနှင့် အဥ္စနမင်းသားတော် သုပ္ပဗုဒ္ဓမင်း စုံဖက်ရာတွင် ဖွားမြင်သည်ကား၊ သမီးတော် ဘဒ္ဒကဥ္စနာနှင့် မောင်တော် ဒေဝဒတ်ကို ဖွားမြင်လေသည်။

သုဒ္ဓေါဒနမင်းကြီး သားတော် သိဒ္ဓတ္ထကုမာရနှင့် သုပ္ပဗုဒ္ဓမင်း သမီးတော် ဘဒ္ဒကဥ္စနာတို့ စုံဖက်တော်မူပြန်၍ သက္ကရာဇ် ၉၇ ခု ဝါဆိုလတွင် သားတော် ရာဟုလာကို ဖွားမြင်သည်။

(ဤကား ဒီပဝင် စသည်၌လာသော မဟာဆွေတော်အစဉ်တည်း။)

## ။၆။ သိဒ္ဓတ္ထမင်းသားအား နိမိတ်ကြီးလေးပါး ထင်ခြင်း

ဤသို့ ရွှေနန်းသုံးရပ်ဝယ် နတ်စည်းစိမ်နှင့်မယွင်းသော လူမင်းချမ်းသာကို ကောင်းစွာခံစားတော်မူ၍ သက်တော် နှစ်ဆယ့်ရှစ်နှစ် သက္ကရာဇ် ကိုးဆယ့်ခြောက်ခုသို့ ရောက်သောအခါ ဥယျာဉ်တော်သို့ ထွက်စံတော်မူလိုသောစိတ်ရှိရကား ကိုးပါးသောနဝရတ်ဖြင့် ခြယ်တပ်စီမံသော ဝေဇယန်ရထားဝယ် ကုမုဒြာကြာချပ်နှင့်အလားတူသော သိန္ဓောမြင်းလေးစီးကို ကစေလျက် မှူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် ထွက်ကြွတော်မူ၍ ဥယျာဉ်တော်၏အနီးသို့ ရောက်သောအခါ တုသိတာနတ်အပေါင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



'အလောင်းမင်း၏ ရဟန်းပြုရာသောအချိန် သင့်ပြီ။ သတိသံဝေဂရအောင် ငါတို့ ပြတော့မည်' ဟုကြံ၍ ဝေဇယန်ရထား၏ ရှေ့တူရူ၌ ဆံဖြူသွားကြွေ အရေတွန့်တို့ အိုမင်းစွာသောသူ၏အသွင်ကို ဖန်ဆင်း၍ပြ၏။ အလောင်းမင်းနှင့် ရထားမှူးကိုသာ မြင်စေသည်။ တစ်ပါးသော ဗိုလ်ပါ ပရိသတ်တို့ မမြင်ရကုန်။

ဘုရားလောင်းလည်း ထိုသူအိုကိုမြင်လျှင် ရထားမှူးကိုခေါ်တော်မူ၍ "အချင်းရထားမှူး။ ဤလမ်းဦး၌ ထူးကဲယိုယွင်းသော အဆင်းသဏ္ဌာန်ဖြင့် အလွန်ပင်ပန်းစွာ လာလတ်သည်ကား အဘယ်သူနည်း" ဟု မေးတော်မူ၏။ ရထားမှူးကလည်း "သူအို ဖြစ်ပါသည်" ဟု လျှောက်၏။ "ငါတို့လည်း ဤကဲ့သို့ အိုရဦးမည်လော" ဟု မေးတော်မူပြန်လျှင်၊ "အရှင်မင်းမြတ်။ လောကဓာတ်သုံးခွင်ဝယ် မြင်မြင်သမျှသော သတ္တဝါအပေါင်းတို့သည်ကား အကြောင်းသုံးပါးကြောင့်ဖြစ်၍ ခေတ်ကာလသုံးရပ်နှင့်ယှဉ်သော သစ်ပင်သစ်သီး၏ပမာ မာတာပိတ အမှီရ၍ ကလလရေကြည် တည်နေပေါက်ဖွားသော လူအပေါင်းတို့သည် အကြောင်းသုံးပါးနှင့်ကြိုက်၍ အခိုက်အတန့်သုံးရပ်ဖြင့် ပျက်စီးမြဲဓမ္မတာ ဖြစ်ချေသည်။ ဇာတိရှိက ဇရာရ၍ ဒုက္ခဗျာဓိ ပရိဒေဝ မရဏာသောအာ ရောက်သောဓမ္မတာ ဤအရာကို သူငါမလွတ် တွေ့တတ်ရကား ရှင်မင်းဖျားလည်း မရှားရှောင်သာ ဤခန္ဓာသည် အိုပါမည် ဆက်ဆက်ပင်ဘုရား" ဟု နားတော်လျှောက်သော်၊ အလောင်းတော်မြတ်လည်း အတ္တပ္ပဝတ္တိကို ဆင်ခြင်လျက် ဘဝင်တုန်လှုပ် သည်းဆုတ်အေးမျှ ပူဆွေးကြောက်လန့်တော်မူ၍ ဥယျာဉ်သို့ မဝင်ဘဲ မြင်ရာအရပ်ကပင် ရထားဦးလှည့်၍ ရွှေပြည်ဗိမာန်သို့ ပြန်ဝင်တော်မူလေ၏။ ခမည်းတော်မင်းကြီးလည်း ထိုအကြောင်းကို သိတော်မူလျှင် စိုးရိမ်တော်မူလှ၍ ရှေးကထားသော အစောင့်အရှောက်ထက် လုံခြုံအောင် ထပ်မံကာ တစ်ဂါဝုတ်တိုးချဲ့၍ ထားတော်မူလေ၏။

ထို့နောက်လေးလမြောက် သောအခါ မင်္ဂလာဥယျာဉ်သို့ ထွက်လိုသော ဆန္ဒဖြစ်၍ ထွက်တော်မူပြန်လျှင် ယခင်နတ်တို့ပင် သူနာအဟန်ကို ဖန်ဆင်း၍ပြပြန်သဖြင့် ရထားမှူးအား ရှေးနည်းမေးတော်မူသော် "ဤသူနာကဲ့သို့ မချွတ် နာရဦးမည်" ဟု လျှောက်တင်၍ သိမြင်တော်မူလျှင် ယနေ့နက်ဖြန်ပင် တွေ့ရအံ့သကဲ့သို့ သံဝေဂ ရှိတော်မူသည်။ ထိုအကြောင်းကို ခမည်းတော်မင်းတရား သိပြန်လျှင် ယခင်ရှေးကထက် တစ်ဂါဝုတ်တိုးချဲ့၍ အစောင့်အရှောက် ထားတော်မူပြန်သည်။

ထို့နောက် လေးလမြောက် တစ်ကြိမ် ထွက်တော်မူရာဝယ် ထိုတုသိတာနတ်တို့ပင် လူသေအဟန်ကို ဖန်ဆင်း၍ပြပြန်သဖြင့် တစ်ဖန် ရထားမှူးအား မေးတော်မူသော် "ဤသူသေကဲ့သို့ မသွေမလွဲ အမြဲသေရပါဦးမည်" ဟု လျှောက်ထား၍ ကြားတော်မူလျှင်ပင် ယနေ့နက်ဖြန်ပင် သေရမည်ကဲ့သို့ထင်၍ အတိုင်းထက်အလွန် သံဝေဂ ရှိတော်မူသည်။ ထိုအကြောင်းကို ခမည်းတော်မင်းကြီး သိပြန်လေသော် မှူးတော်မတ်တော်တို့အား စိစစ်



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းတော်မူလျက် ရှေးကထားသောအစောင့်အရှောက်ထက် တစ်ဂါဝုတ် တိုးချဲ့ထားတော်မူပြန်သည်။

ထို့နောက်လေးလမြောက် တစ်ကြိမ် ထွက်တော်မူပြန်လျှင် ယခင်နတ်တို့ပင် ရဟန်းအသွင်ကိုပြသဖြင့် ထိုရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုမေး၍ သိတော်မူရသော် ရဟန်းအဖြစ်၌ ညွတ်သောစိတ် ရှိတော်မူ၍ ဥယျာဉ်သို့ဝင်တော်မူ၏။

(အသက်ရှည်သော ဘုရားလောင်းတို့မှာ အနှစ် တစ်ရာ,တစ်ရာရှိမှ နိမိတ်တစ်ပါး, တစ်ပါးကို မြင်သည်။ ငါတို့ဘုရားလောင်းမှာ အသက်တိုသောကာလ၌ ဖြစ်၍ လေးလ တစ်ခါ မြင်ရသည်။)

ယင်းသို့ ဥယျာဉ်သို့ဝင်တော်မူ၍ မင်္ဂလာကျောက်ဖျာထက်ဝယ် စံပယ်တော်မူပြီးမှ တန်ဆာဆင်ယင်လိုသောစိတ် ရှိလေသော် သိကြားနေရာ ပဏ္ဍုကမ္ဗလာသည် တင်းမာသော အကြောင်းဖြစ်သဖြင့် အခွင့်ကိုရှုလေသော် အလောင်းတော်မြတ်သည် တန်ဆာဆင်ယင်လိုသောစိတ် ရှိကြောင်းကိုသိ၍ ဝိသကြုံနတ်သားအား "သင်သွား၍ တန်ဆာဆင်ချေ" ဟု စေတော်မူလိုက်၏။ ဝိသကြုံနတ်သားလည်း မထင်ရှားသောအသွင်ဖြင့် လာ၍ နတ်တန်ဆာတို့ကို ကောင်းစွာဆင်ယင်ပေ၏။ ထိုအခိုက်တွင် ဘဒ္ဒကစ္စနာမိဖုရားသည် သားတော်မျက်နှာမြင်ကြောင်းကို လျှောက်လာ၍ ကြားသိတော်မူသော် အလောင်းတော်မြတ်လည်း ကျဉ်းကျပ်သောနှလုံးတော် ရှိလှ၍ "လကို ရာဟုဖမ်းသကဲ့သို့ မယားဟူသော အနှောင်အဖွဲ့ တစ်ခုတွင် ယခု သား ထပ်မံ၍နှောင်ဖွဲ့ပြန်ဘိသည်" ဟု မိန့်တော်မူလိုက်၏။ ထိုစကားကို သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြား သံတော်ဦးတင်လေသော် မြေးတော်ကို 'ရာဟုလာ' ဟု မှည့်တော်မူ၏။

သိဒ္ဓတ်မင်းလည်း ညချမ်းသောအခါ ဗိုလ်ပါအပေါင်း ဝန်းရံလျက် ဗိမာန်ရွှေနန်းသို့ ဝင်တော်မူ၏။ ထိုအခါ မင်းလမ်းမ၏အနီး ကြီးစွာသောအိမ်နန်းမှ ကိသာဂေါတမီသည် လေသာပြတင်းကို ဖွင့်၍ရှုသဖြင့် ဘုရားလောင်း၏ တင့်တယ်ခြင်းအသရေကို မြင်လေသော် ရွှင်လန်းသောစိတ်ရှိလှ၍–

'နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ၊

နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပကတိ' ဟူသော ဥဒါန်းဖြင့် ချီးမွမ်းဆိုလင့်၏။

ထိုဂါထာ၏ အဓိပ္ပာယ်သော်ကား:– 'အို ခင်ပွန်းမတို့။ လောကဤရွာဝယ် ဘုန်းပညာ အသရေ အခြွေအရံတို့ဖြင့် စံပယ်တင့်တယ်ခြင်းအမှု၌ အတုမရှိ အသဒိသဖြစ်သော သားတော်မြတ်၏မိခင်ဖခင်သည် အလွန်သာလျှင် ကြည်လင်ငြိမ်းချမ်း ရွှင်လန်းပေအံ့သည်တကား။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့သော လင်ကောင်းမယား ညာထားငယ်ကြင်သည် အလွန်သာလျှင် ရှုမြင်မရဲ ယှဉ်နွဲ့ပျော်မြန်း ငြိမ်းချမ်းလေဒုံ့သည်တကား' ဟူလိုသည်။

ဤ ကိသာဂေါတမီ ဆိုအပ်သောဥဒါန်းစကားကို အလောင်းမင်းသား ကြားတော်မူလျှင် 'ပုထုဇဉ်သာဖြစ်သေးသော ဤလူ၏အတ္တဘောကို မြင်သဖြင့် မိခင်ဖခင် ငယ်ကြင် မယားတို့အား ငြိမ်းချမ်းခြင်းဖြစ်၏ဆိုသည်မှာ အသို့ ဖြစ်နိုင်ရာအံ့နည်း။ ရာဂ, ဒေါသ, မောဟ ဟူသောမီး ငြိမ်းမှသာလျှင် ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဒုက္ခကင်းဝေးလျက် ဘေးအပေါင်းမှ ငြိမ်းနိုင်ရာသည် တကား။ ထိုသို့ ငြိမ်းအောင်ဆောင်သောသားမှ 'နိဗ္ဗုတာ' မည်ရာသည် တကား' ဟု ဉာဏ်တော်ဖြင့်ယူ၍၊ 'ဤသူမ ချီးမွမ်းအပ်သော ထုတိမင်္ဂလာနှင့်မယှဉ်း ငြိမ်းချမ်းခြင်းသဘောကို ရာရအောင် ယနေ့ပင်လျှင် ဤလူ့ခွင်မှထွက်၍ တောနက်မြိုင်ဝှမ်း ဝယ် ရဟန်းပြုပြီးလျှင် နိဗ္ဗုတာကို ရာမိုးတော့အံ့'ဟု အကြံတော်ဖြစ်၍ လည်၌ရစ်ဆင် သော အဖိုးတစ်သိန်းထိုက်သော ပုလဲသွယ်ကို ထို ကိသာဂေါတမီအား ဆရာစားပြု၍ ပို့စေ၏။

ထို မင်းသမီးကလည်း 'သိဒ္ဓတ်မင်းသားသည် ငါ့ကိုမြင်၍ သွားသဖြင့် ငါ့အား နှစ်သက် တပ်မက်မြတ်နိုးခြင်းရှိ၍ လက်ဆောင်ပဏ္ဏာ ပို့ရောက်လာသည်။ ယသောဓရာမှာမူကား သားဖွား၍ အိုပြီ။ ငါ့ကိုသိမ်းမြန်းက ငါ မိဖုရားကြီး ဖြစ်ရတော့မည်' ဟု ကြံအောက်မေ့လျက် ဝမ်းမြောက်ဝမ်းသာ မျက်နှာတရွှင်ရွှင်နှင့် စားမဖြောင့် စက်မပျော် ရှိ၏။ ဤ ကိသာဂေါတမီကား ဘုရားလောင်း နှမတော်ပင်တည်း။

## ။ရ။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း

အလောင်းမင်းမြတ်သည်လည်း ရွှေနန်းပြာသာဒ်သို့ တက်တော်မူ၍ ထီးဖြူကနက် ဖြန့်ကျက်လျက် ခင်းအပ်သော အသရေရှိသောမင်းနေရာထက်၌ တက်စံတော်မူလျှင် ထက်ဝန်းကျင် ရံခ၍နေကြသော ကချေသည်မင်းသမီးတို့သည်လည်း အထူးထူးသော စည်, စောင်း, ငြင်း စသည်တို့ဖြင့် သီ, က, မှုတ်, တီးလျက် မငြီးငွေ့ကြောင်းကို ကောင်းစွာဖျော် ဖြေကုန်၏။ ဘုရားလောင်းလည်း ကိလေသာ၌ အာသာကင်းတော်မူ၍ မပျော်ရွှင်ရကား ထိုခဏ၌ပင် စက်တော်မူ၏။ အတီး, အက, မောင်းမအပေါင်းတို့သည်လည်း စည်, စောင်း, ငြင်းတို့ကိုပိုက်၍ အိပ်စက်ကြလေသော် ရွှေနန်းတော်၌ ထွန်းမြဲဖြစ်သော နံ့သာဆီမီးသည် ထွန်းညှိလျက်ပင် ရှိ၏။

ညဉ့်ဦးယံလွန်သော် အလောင်းတော်မြတ် နိုး၍ နဝရတ်ကိုးပါးဖြင့် စီအပ်သော သလွန်တော်ထက်ဝယ်နေပြီးလျှင် အသီးအသီးအိပ်ကြကုန်သော ကချေသည်မိန်းမတို့ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှုတော်မူလျှင် အချို့ ရှုလျက်, အချို့ ဟောက်လျက်, အချို့ စက်စက်ယိုသော အရိအရည်ဖြင့် လိမ်းကျံလျက်, အချို့ အံသွားကြိတ်လျက်, အချို့ ယောင်ယမ်းကုန်လျက်, အချို့ကား မိမိခံတွင်းကို ဟင်းလင်းဖွင့်ကုန်လျက်, ထိုခံတွင်းမှ မကောင်းသောရနံ့ လှိုင်လျက်, အချို့ကား ခါးဝတ်ကျွတ်ကုန်လျက် အိပ်စက်ကြကုန်သည်ကိုမြင်၍ မြတ်သောပြာသာဒ်အပြင်ကို မစင်ဘင်ပုပ် စက်ဆုပ်ဖွယ်သော သူကောင်တို့ဖြင့်ပြည့်သော သုသာန်ခွင်ကဲ့သို့ ထင်မှတ်တော်မူ၍ ကာမဂုဏ်တို့၌ အတိုင်းထက်အလွန် ငြီးငွေ့တော်မူလျက် "နှိပ်စက်လေစွ တကား။ နှိပ်စက်လေစွ တကား။ အယုတ်တရား၌ ကာလရှည်လျား ပျော်ပါး၍သာ ငါ နေမိချေ၏တကား" ဟု မြည်တမ်းလျက်၊ 'ယခုပင် တောထွက်အံ့'ဟု ကြံတော်မူပြီးသော် သလွန်ပေါ်ထက်မှ ဆင်းသက်တော်မူ၍ တံခါးခုံ၌ ခေါင်းစိုက်လျက်အိပ်သော ဆန္နအမတ်ကို နှိုးခေါ်၍ "ကဏ္ဍက မြင်းတော်ကို ယခု က,ချေ" ဟု စေတော်မူ၏။ ဆန္နအမတ်လည်း ဆင်အပ်သောတန်ဆာတို့ကို ပိုက်လျက် မြင်းတင်းကုပ်သို့သွား၍ မြင်းတော်ကိုက,လေသော် ကဏ္ဍကမြင်းတော်က 'ငါ့ကို အချိန်မဲ့က,ခြင်းသည် အလောင်းမင်းသား တောထွက်တော်မူလိုသည် ဖြစ်လတ္တံ့' ဟုကြံ၍ အားသန်ရွှင်လန်းသောစိတ် ရှိရကား သည်းစွာဟီလေ၏။ ထိုဟီသံသည် ကပိလဝတ်ပြည်အလုံးကို လွှမ်း၍သွားသော်လည်း နတ်တို့ ပိတ်ပင်သောအားဖြင့် မည်သူတစ်ယောက်မျှ မကြားကြကုန်။

အလောင်းမင်းမြတ်သည်လည်း ဆန္နအမတ်ကို စေလိုက်ပြီးလျှင် ဖွားမြင်သော သားတော်ရာဟုလာကို ရှုလိုသောအကြံတော်ရှိ၍ ယသောဓရာမိဖုရားစံမြန်းသော ရွှေနန်းကျက်သရေဆောင်သို့ ဝင်၍ကြည့်တော်မူလျှင် နံ့သာဆီမီးရောင်ဖြင့် ထွန်းလင်းလျက် တစ်အမွှဏ မျှလောက်သော ပန်းတို့ဖြင့်ပြွမ်းသော ရတနာသလွန်ပေါ်ဝယ် သားတော်ရာဟုလာ၏ထိပ်ထက်၌ လက်ထား၍စက်ပျော်သော ယသော်မိဖုရားကို မြင်တော်မူ၏။

ထိုအခါ 'ငါသည် သားတော်ကိုယူ၍ ကြည့်ပြန်သော် ယသော်မိဖုရားနိုး၍ အားကြီးရည်ဆောင်သော ငါ၏ တောထွက်အံ့သောအကြံသည် မမြောက်ရှိချေတော့မည်'ဟု ကြံ၍ ရပ်လျက်သာကြည့်တော်မူပြီးလျှင် လျင်စွာပြန်ခဲ့၍ ကဏ္ဍကမြင်း၏အထံသို့ သွားပြီးသော် "ဖွားဖက်တော် ကဏ္ဍက။ ယနေ့ ငါ့ကို ကူပံ့လော့။ သင့်ကိုမှီ၍ သုံးလီသောဘဝနှောင်ချိုင့်မှ ငါထွက်မြောက်လျှင် သုံးခွင်လောက၌ ဝေနေယျသတ္တဝါတို့ကို ခေမာရပ်ခွင်သို့ ငါတင်ပေအံ့" ဟု ဆို၍ မြင်းတော်ကို လက်ဖြင့် သုံးကြိမ်သပ်ပြီးမှ၊ အလျား တစ်ဆယ့်ရှစ်တောင်, အရပ်ရှစ်တောင်ရှိသော ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူနှစ်သောအဆင်းရှိသော ကဏ္ဍကမြင်းထက်သို့ တက်တော်မူ၍ ငယ်ဖော်ဆန္နကို အမြီးကဆွဲစေလျက်၊ သက်တော် နှစ်ဆယ့်ကိုးနှစ်, သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ သန်းခေါင်ယံအခါ ဥတ္တရာသာဠ် နက္ခတ်နှင့် စန်းမြတ်ယှဉ်သောအခိုက်တွင် တောထွက်တော်မူ၏။ မြင်းခြေသံကို နိုင်ငံပြည်သားတို့ ကြားမည်ကို ကြောင့်ကြ၍ ခြေချတိုင်းခြေချတိုင်း နတ်သားလေးယောက်တို့ လက်ဝါးဖြင့် ခံကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓေါဒနမင်းကြီးသည် အမှတ်မဲ့ သားတော် တောထွက်မည်ကိုစိုးရိမ်၍ လုံခြုံစွာ ပြုလုပ်အပ်သော အရပ် တစ်ဆယ့်ရှစ်တောင် မြို့တံတိုင်းဝိုင်းလျက် တံခါးရွက် တစ်ခုတစ် ခုကို ယောက်ျားတစ်ထောင်ဖွင့်မှ ပွင့်နိုင်သောတံခါးရွက် ပိတ်လျက်ရှိသည်ကို နတ်တို့ဖွင့်၍ အသင့်ပင် ထွက်တော်မူရ၏။ မြို့တော်မှ ထွက်မိလျှင်ပင် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ် မင်းလာ၍ ခရီးဦး၌ရပ်ပြီးသော် "သိဒ္ဓတ်မင်းသား၊ အဘယ့်ကြောင့် ဆင်းရဲရန်ကို ရှာကြံဘိ သနည်း။ ယနေ့မှ ခုနစ်ရက်လွန်လျှင် စကြာရတနာ ရောက်လိမ့်မည်။ ကျွန်းငယ်နှစ်ထောင် ရံဝန်းသော ကျွန်းကြီးလေးကျွန်းကို အုပ်ကွပ် စိုးမိုးရလိမ့်မည်။ နန်းသို့ပြန်၍ စံတော်မူချေ ဦး" ဟု ဆို၍ တားလင့်၏။

ထိုစကားကိုကြားသော် ဘုရားလောင်းကလည်း "ဟယ်၊ မကောင်းသော မာရ်နတ်၊ ကျွန်းရပ်လေးမည်ကို လှည့်လည်နိုင်သော စကြာရတနာ ရောက်လိမ့်မည်ကို ငါ သိသော် လည်း မင်း၏အဖြစ်ကို အလိုမရှိပြီ။ လောကီချမ်းသာကို တံတွေးပေါက်ကဲ့သို့သာ ငါ စွန့်မည်" ဆို၍ မတန့်မရပ် ထွက်တော်မူသဖြင့် မြို့နှင့် သင့်ရုံကွာလေသော် ဥက္ကာမုခ စသော အာဒိစ္စဝင် မင်းမျိုးတို့၏နေရာ မဟာကပိလဝတ်ပြည်ကို လည်၍ကြည့်တော်မူလိုသော ဆန္ဒဖြစ်စဉ် "အလောင်းမင်းမြတ် ကြည့်ရှုဖွယ်မရှိပြီ။ လှည့်လည်၍ ပြအံ့" ဟူဘိသကဲ့သို့ ရှေ့တော် မှောက်ဝယ် အိုးထိန်းစက်သဖွယ် လည်၍ ရွှေပြည်တော် တည်လာ၏။

[ထိုတည်ရာဌာနကို နောက်ကာလ၌ 'ကဏ္ဍက အနိဝတ္တနစေတီ' တည်သတည်း။]

ထို့နောက်မှ အစဉ်အတိုင်း ထွက်တော်မူလေသော် နတ်အပေါင်းတို့သည် လက်ဝဲ, လက်ယာ, ရှေ့, နောက် ခြောက်သောင်းခြောက်သောင်းသော မီးရှူးတို့ကို ညှိထွန်းကုန်လျက်၊ တစ်ပါးသောနတ်တို့သည် စကြဝဠာအနားရေးအထိ မရေတွက်နိုင်သောမီးရှူးတို့ကို ညှိ ထွန်းကုန်လျက်၊ လေဝန်းဖြင့် ရွာသောမိုးပေါက်ကဲ့သို့ ပန်းနံ့သာအထုံအခိုးတို့ကို တဖြိုးဖြိုး ကျစေလျက်၊ နတ်၌ဖြစ်သော စည်, စောင်း, ငြင်း တူရိယာတို့ဖြင့် သာယာစွာမှုတ်တီး၍ ကြီးမြတ်သော မင်္ဂလာသဘင်ကို ဖြစ်စေလျက် ထက်ဝန်းကျင်မှပူဇော်၍ လိုက်ကြကုန်သည်။

အလောင်းမင်းသည်လည်း တစ်ညဉ့်ချင်းတွင် ယူဇနာ သုံးဆယ်မျှသောခရီးကို လွန် ၍ ရှစ်ဥသဘကျယ်သော အနောမာမြစ်ကို တွေ့လေလျှင် "အချင်းဆန္န၊ ဤမြစ်ကား အဘယ် အမည် တွင်သနည်း" ဟု မေး၏။ 'အနောမာမြစ် မည်ပါကြောင်း' ကို လျှောက်လျှင်၊ "ငါ၏ရဟန်းပြုခြင်းသည် မယုတ်မာ။ မြင့်မြတ်ကောင်းမွန်သည်သာ ဖြစ်လတ္တံ့"ဟု နိမိတ် ယူ၍ မြစ်ကို ကူးစေသည်။ လေ၏လျင်ခြင်းကဲ့သို့ မြင်းတော်ကဏ္ဍကလည်း ဆန္နအမတ်နှင့် တကွသော ဘုရားလောင်းကိုဆောင်၍ အနောမာမြစ်ကိုခုန်သဖြင့် ထိုမှာဘက်ကမ်း၌ တည် လေ၏။ ထိုအခါ ဘုရားလောင်းလည်း မြင်းမှဆင်းသက်၍ ဆန္နအမတ်ကိုခေါ်ပြီးသော် ဆင်ဝတ်တော်မူသောတန်ဆာနှင့် မြင်းတော်ကိုအပ်၍ "နေပြည်တော်သို့ သင်တို့ ပြန်ကြလေ" ဟု စေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောင်မှ မကိုင်ငြိနှင့်တကွသော ဆံကျစ်တော်ကို စွဲတော်မူသောသန်လျက်ဖြင့် ဖြတ်၍ "ငါသည် စင်စစ် ဘုရားဖြစ်မည်မှန်မူ ဆံတော်သည် မြေသို့မသက်ဘဲ အထက် ကောင်းကင်၌ တည်စေသော" ဟု အဓိဋ္ဌာန်၍ ကောင်းကင်သို့ လွှင့်မြှောက်တော်မူသော် တစ်ယူဇနာမျှလောက်သောအရပ်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်၏။ ထိုဆံတော်ကိုမြင်သော သိကြားမင်းသည် တစ်ယူဇနာရှိသော ရတနာပန်းတောင်းဖြင့်ခံယူ၍ တာဝတိံသာ၌ 'စူဠာမဏိ' ပုထိုးတော်တည်၍ ကိုးကွယ်သတည်း။

ဘုရားလောင်းလည်း 'ဤ ကောင်းမြတ်သော ကာသိတိုင်းဖြစ် ပုဆိုးတို့နှင့် မလျောက် ပတ်ချေ'ဟု အကြံတော်ဖြစ်လေသော်၊ ကဿပဘုရားရှင်၏လက်ထက်က အဆွေဖြစ်ခဲ့ဖူးသော 'ဃဋိကာရ' ဗြဟ္မာမင်းသည် ပရိက္ခရာရှစ်ပါးနှင့်တကွသော ကြာသင်္ကန်းအစုံကို ယူလာ၍ "ဤကြာသင်္ကန်းဖြင့် ရဟန်းပြုတော်မူပါ"ဟု ကပ်၏။

[ပရိက္ခရာ ရှစ်ပါးကား- ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ အပ်၊ ပဲကွပ်၊ သပိတ်၊ ရေစစ် ဤရှစ်ပါးတည်း။ ဤ ပရိက္ခရာရှစ်ပါးသည် ကမ္ဘာတည်စက ပုဗ္ဗနိမိတ် အဖြစ်ဖြင့် ပေါက်သောကြာပွင့်တွင် အစုံပါလာသည်။]

ဘုရားလောင်းလည်း အဖိုးအတိုင်းမသိ ထိုက်သော ကာသိကရစ်တိုင်းဖြစ် ပုဆိုးတို့ ကိုချွတ်၍ ထိုပရိက္ခရာ ကြာသင်္ကန်းဖြင့် ရဟန်းပြုတော်မူ၏။

ဃဋိကာရ ဗြဟ္မာလည်း လဲတော်မူသောပုဆိုးကို ယူ၍ ဗြဟ္မာပြည်သို့ဆောင်ပြီးသော် အကနိဋ္ဌဘုံ၌ ကိုးပါးသော ရတနာအတိပြီးသောအုတ်တို့ဖြင့် 'ဒုဿစေတီ'တည်၍ ကိုးကွယ် လေသတည်း။

ထိုသို့ ရဟန်းပြုပြီးမှ ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတော်သည် မပြန်ပါရမည့် အကြောင်းနှင့် တောင်းပန်လျက်နေသည်ကို ဖျောင်းဖျတော်မူ၍ "ခမည်းတော်၊ မယ်တော်တို့အား သတင်းစကား ကြားသိရအောင် ပြန်ကြချေ" ဟု စေတော်မူသဖြင့် ပြန်ကြလေသော်၊ အနောမာ မြစ်တစ်ဖက်သို့ရောက်လျှင်ပင် ကဏ္ဍကမြင်းသေ၍ တာဝတိံသာနတ်ပြည်၌ ကဏ္ဍက နတ်သား ဖြစ်လေ၏။ ဆန္နအမတ်လည်း မြင်းတော်ကို အနောမာမြစ်သဲခုံ၌ သင်္ဂြိုဟ်ခဲ့ပြီး မှ ကကြိုးတန်ဆာကိုထမ်းလျက် လမ်းတစ်လျှောက်လုံး ငိုယိုကာပြန်လာသဖြင့် နန်း တော်သို့ရောက်သော် ခမည်းတော်၊ မယ်တော်၊ ယသောဓရာ စသော မောင်းမမိဿံ အပေါင်း တို့အား အကြောင်းကိုပြန်ကြား၍၊ နန်းသူနန်းသားအပေါင်းတို့သည် သောင်းသောင်းညံမျှ ငိုကြွေးကြကုန်၏။

ဘုရားအလောင်းသည် ထို ရဟန်းပြုရာအရပ်အနီး၌ ကြီးစွာသော အနုပိယမည်သော သရက်တော၌ ပဗ္ဗဇ္ဇသုခဖြင့် စံနေတော်မူ၍ ခုနစ်ရက်လွန်ပြီးသော် ယူဇနာသုံးဆယ်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ခရီးကို နေ့ချင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံတော်မူသည်။ ထိုအခါ နာဠာဂိရိဆင်လာ၍ မြို့အလုံး ချောက်ချားသကဲ့သို့၊ အသုရာနတ်မင်းဝင်လာ၍ အသုရာပြည် ချောက်ချားသကဲ့သို့ ဘုရားလောင်း၏အဆင်းတော်ကို မြင်လျှင် ကြည်ရွှင်ဝမ်းသာ အံ့အားသရဲ ရှိကြ၍ ပြည်အလုံး ချောက်ချား၏။ မင်းချင်းယောကျ်ားတို့မြင်၍ ဗိမ္ဗိသာရမင်းကြီးအား ကြားလျှောက်လျှင် ပြာသာဒ်ပြင်ထက်ရပ်၍ လေသွန်ပြတင်းဖြင့် မင်းကြီးကြည့်တော်မူလတ်သော် "လူလော, နတ်လော, နဂါးလော, ဂန္ဓဗ္ဗလော။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ တကား၊ သွား၍ ကြည့်ချေကုန်" ဟု မင်းချင်းတို့ကို စေတော်မူ၏။

အလောင်းမင်းသား ဆွမ်းခံပြီးလျှင် မြို့မှထွက်ခဲ့၍ မြို့ရှေ့ 'ပဏ္ဍဝ'တောင်ရိပ်သို့ ကပ်၍၊ အရှေ့သို့မျက်နှာမူ၍ ထိုင်တော်မူပြီးသော် ဆွမ်း ဘုဉ်းပေးတော်မူအံ့သောငှာ သပိတ်တော်ကို ဖွင့်၍ကြည့်လျှင် အနီ အဖြူ အကြောင် အကျား အရောရောဆွမ်းကို မြင်တော်မူ၍ အူအသည်းပြောင်းပြန်လန်၍ ပျို့အန်မည်ကဲ့သို့ ရှိတော်မူ၏။ ထိုအခါ ကိုယ်တော်ကို အလိုလိုဆုံးမတော်မူသည်ကား "သိဒ္ဓတ်မင်းသား။ သင်သည် သန့်စင်ပျံ့မွှေးလှသော သလေးထမင်းကို စွန့်ခွာ၍ ရလွယ်သောအာဟာရဖြင့် မျှတမှီတင်းလျက် သေမင်းမတွေ့ရာ ဘဝ၏အဆုံးကို ရာအံ့ဟုရည်မှတ်၍ ကြီးမြတ်သောမင်း၏ချမ်းသာကို စွန့်ခွာခဲ့သည် မဟုတ်လော။ အပုပ်အတိပြီးသော ဤကိုယ်ကို တန်ဆာဆင်ခြင်း၌ အဘယ့်ကြောင့် ရောင့်ရဲခြင်း မရှိသနည်း" ဟု ဆုံးမလျက် ဘုဉ်းပေးတော်မူ၏။

ထိုအကြောင်းကို မင်းချင်းယောကျ်ားတို့ မြင်သဖြင့် အလျင်ပြန်၍ ဗိမ္ဗိသာရမင်းကြီးအားလျှောက်ထားလျှင် ပြည့်ရှင်မင်းကြီးလည်း ဆောစွာလာ၍ ဝမ်းမြောက်ဝမ်းသာ ပြောဟောကြသဖြင့် သုဒ္ဓေါဒနမင်းကြီးသား ဘုရားလောင်း၏အဖြစ်ကို သိလေသော် "ပြည်တော်ထက်ဝက်ကို ပေးအပ်ပါမည်။ အသက်အရွယ် ငယ်ပါသေးသည်။ တောမထွက်ပါနှင့်။ မင်းပြု၍ စံစားပါဦး" ဟုလျှောက်၏။ ထိုစကားကိုကြားလေသော် "အဆွေတော်မင်းမြတ်။ ခံစားအပ်သော မင်း၏ချမ်းသာသည် ရေပေါ်၌တက်သော ရေပွက်၏ပမာ တစ်သက်လျာမျှသာ ဖြစ်ချေသည်။ ထိုစည်းစိမ်ကိုမှီ၍ ကိလေသာပွားသဖြင့် များသော အကုသိုလ် ဒုစရိုက်ဖြစ်၍ သံသရာ၌ နစ်မွန်းရခြင်း၏အကြောင်းသာ ဖြစ်ချေသည်။ ထို့ကြောင့် ပြည်၏စည်းစိမ်ကို ဘင်အိမ်၌လောက်, တံတွေးပေါက်ကဲ့သို့ ရွံရှာ၍ ငါ စွန့်ခွာထွက်ခဲ့သည်" ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားသောအခါ ဗိမ္ဗိသာရမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးလျှင် "အရှင်သိဒ္ဓတ္ထ။ ဖြောင့်မတ်စွာသော အားထုတ်ပါလော့။ သို့ရာတွင် သင် ဘုရားဖြစ်လျှင် အကျွန်ုပ်ပြည်သို့ ရှေ့ဦးစွာ ကြွတော်မူပါ" ဟု လျှောက်၏။ ဘုရားလောင်းလည်း "ကောင်းပြီ" ဟု ဝန်ခံတော်မူ၏။

ထိုအရပ်မှသည် အစဉ်သဖြင့် ကြွတော်မူလေသော် တစ်ခုသောတောအုပ်၌ လောကီဈာန်ကို စီးဖြန်းနေသော 'ကာလာမ'အမျိုး၌ဖြစ်သော 'အာဠာရ' ရသေ့ထံသို့ကပ်၍ ဈာန်



www.burmeseclassic.com

www.burmeseclassic.com



သမာပတ်ကို နီးနှော၍အားထုတ်သဖြင့် လောကီရျာန် ခုနစ်တန်ကို ရတော်မူ၏။ ထို့နောက်မှ 'ဥဒက'ရသေ့ထံသို့ ကပ်၍ အထက်ဈာန်ကို နီးနှောစီးဖြန်းပြန်သော် ရှစ်တန်သော သမာပတ်ကို ရတော်မူ၏။ 'ဤ ရှစ်ပါးသောသမာပတ်တို့သည် မြတ်သော သဗ္ဗညုတဉာဏ်၏ အကြောင်းမဟုတ်ချေ။ အကြောင်းကို ရှာဖွေဦးမှ ဖြစ်ချေမည်' ဟု အကြံတော်ဖြစ်ပြန်၍ တစ်ဖန် 'ဥရုဝေလ'တောအုပ်သို့ ကပ်တော်မူသည်။ ထိုတောအုပ်သို့ရောက်သော် 'ဤအရပ်ကား ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ သင့်လှစွာသော အရပ်ပေတည်း'ဟု နှလုံးပြု၍ နေတော်မူစဉ် 'ပဉ္စဝဂ္ဂီ'တို့နှင့် တွေ့လေ၏။

ထိုပဉ္စဝဂ္ဂီတို့၏ အကြောင်းကား။ ။ လက္ခဏာဖတ် ပုဏ္ဏားခုနစ်ယောက်တို့သည် မိမိ မိမိတို့၏အိမ်သို့ ပြန်သွားကြ၍ သားတို့ကိုခေါ်ပြီးလျှင် "သုဒ္ဓေါဒနမင်းကြီးသားသည် ဘုရားစင်စစ် ဖြစ်လိမ့်မည်။ ထိုမင်းသား ဘုရားဖြစ်သောအခါ အဆုံးအမခံတည်၍ ရဟန်းပြု ကြလေကုန်" ဟု မှာခဲ့၍ ကံအားလျော်စွာ သေလွန်ကြကုန်၏။ 'ကောဏ္ဍည'အနွယ်ဖြစ်သော 'သုဒတ္တ'ပုဏ္ဏားတစ်ယောက်သာ အသက်ရှည်၍ တည်ရစ်သတည်း။ ဘုရားလောင်း ရဟန်းပြု၍ 'ဥရုဝေလ'တောအုပ်ကို ရောက်ပြီဟုကြားလျှင် ကောဏ္ဍညနှင့်တကွ ပုဏ္ဏားသား လေးယောက်တို့သည် ရဟန်းပြု၍ ဥရုဝေလတောသို့ လာကြကုန်သဖြင့် ဘုရားလောင်းနှင့် တွေ့ကြလေသတည်း။ [ပဉ္စဝဂ္ဂီတို့၏အမည်ကား 'ကောဏ္ဍည'၊ 'ဝပ္ပ'၊ 'ဘဒ္ဒိယ'၊ 'မဟာနာမ်'၊ 'အဿဇိ' တည်း။]

## ။၈။ သိဒ္ဓတ္ထမင်းသား ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

ဘုရားလောင်းလည်း ထိုပဉ္စဝဂ္ဂီတို့လျှင် အလုပ်အကျွေးရှိသည်ဖြစ်၍ တစ်နေ့လုံးကို ဆွမ်း တစ်လုတ်ဖြင့်သာ လည်းကောင်း၊ သစ်သီး တစ်လုံးဖြင့်သာ လည်းကောင်း၊ နှမ်း တစ်စေ့၊ ဆန် တစ်စေ့ဖြင့်သာ လည်းကောင်း နေ့ရက်ကိုလွန်စေခြင်း၊ အလျှင်းပင် အာဟာရကို မမှီဝဲဘဲ ဖြတ်ခြင်း စသည်ကိုပြု၍ ကျင့်တော်မူသဖြင့် ကိုယ်တော်ကြံ့လှီစွာရကား လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်များ ကွယ်ပျောက်၏။ အာဟာရကို မှီဝဲခြင်းနည်းပါးသဖြင့် အလွန်ပင်ပန်း လှရကား အာနာပါနဈာန်ကို ဝင်စားသည်တွင် မဝင်စားနိုင်ဘဲ စင်္ကြံဦး၌ လဲတော်မူသည်။ ထိုသို့လဲသည်ကိုမြင်သော် စိတ်ကျွမ်းမဝင်သောနတ်တို့သည် သုဒ္ဓေါဒနမင်းကြီးထံသွား၍ "သင်၏သားသည် ဘုရား မဖြစ်ရရှာပြီ။ ဒုက္ကရစရိယာကျင့်စဉ်တွင် စင်္ကြံဦး၌ ကမ္မဋ္ဌာန်း စီးဖြန်းရင်း လဲ၍သေပြီ" ဟု ကြားကြ၏။ ခမည်းတော်လည်း အကြိမ်များစွာ နတ်တို့လာ၍ ကြားသော်လည်း "ဘုရားမဖြစ်ဘဲ ငါ့သား မသေနိုင်"ဟု ယုံတော်မမူ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းသည်လည်း ယင်းသို့ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်အောင် ကျင့်တော်မူပြီးမှ 'ငြိုငြင်စွာသောအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ။ သတ္တဝါတို့၏ ဓမ္မတာလည်း သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွဲ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိသာလျှင် လွန်သည်မရှိ၊ လိုသည်သာ ဖြစ်သည်။ ထို့ကြောင့် ယခု ငါသည် အာဟာရကို မျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိကို မျှတစေတော့အံ့' ဟု ကြံလျက် ထိုထိုမြို့ရွာသို့ ချဉ်းကပ်၍ ခံအပ်သောဆွမ်းကို ဘုဉ်းပေးတော်မူ၏။ ထိုသို့ ဘုဉ်းပေးရာတွင်မှ မဟာပုရိသ လက္ခဏာတော်တို့သည် ပေါ်မြ ပြကတေ့ ဖြစ်ပြန်သတည်း။

ထိုအခါ ပဉ္စဝဂ္ဂီတို့က "သိဒ္ဓတ်မင်းသားသည် အလွန်ခြိုးခြံစွာ ကျင့်သည်ကိုမျှ ဘုရား မဖြစ်နိုင်။ ယခု အဘယ်မှာ ဖြစ်တော့အံ့နည်း" ဟု ဘုရားအလောင်းကိုစွန့်ခွာ၍ တစ်ဆယ့် ရှစ်ယူဇနာကွာသော 'ဣသိပတန မိဂဒါဝုန်'တောသို့ သွားကြကုန်သည်။

**ထို့နောက်မှ ကိုယ်တော်တစ်ယောက်တည်း ကျင့်တော်မူ၍ လူတို့ သက္ကရာဇ် ၁၀၃-ခု** ကဆုန်လဆန်း ၁၄ ရက် အင်္ဂါနေ့ညဉ့်တွင် အိပ်မက်ကြီး ငါးအင်ကို မြင်တော်မူ၏။

**အိပ်မက်ကြီးငါးပါး**

၁။ မြေအပြင်ကို အိပ်ရာပြု၍၊ ယူဇနာငါးရာရှိသော ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက်၊ အရှေ့အနောက် သမုဒ္ဒရာအပြင်ထက် လက်တော်ကိုထားပြီးသော်၊ ခြေတော်အစုံကို တောင်သမုဒ္ဒရာ၌ ထားလျက် စက်တော်မူရသည်ဟု မြင်မက်သည်လည်း တစ်ပါး။

၂။ ဝင်ရိုးပမာ သဏ္ဌာန်အဆင်းရှိသော 'တိရိယ'မည်သောမြက်သည် ချက်တော်မှဖောက်၍ ဘဝဂ်သို့ရောက်အောင် တက်သည်ဟု မြင်မက်သည်လည်း တစ်ပါး။

၃။ အဆင်းဖြူသောပိုးမျိုးသည် ခြေတော်မှ ပုဆစ်တိုင်အောင် လွှမ်း၍တက်သည်ဟု မြင်မက်သည်လည်း တစ်ပါး။

၄။ အထူးထူးသောအဆင်းရှိသော ငှက်အပေါင်းတို့သည် လေးမျက်နှာမှလာကုန်၍ ခြေတော်ရင်းမှာနေကုန်သော် အလုံးစုံ အဖြူချည်းသာဖြစ်သည်ဟု မြင်မက်သည် လည်း တစ်ပါး။

၅။ ကြီးစွာသောမစင်တောင်ထက်သို့ တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကပ်ခြင်း မရှိဟု မြင်မက်တော်မူသည်လည်း တစ်ပါး။

ဤ ငါးပါးသောအိပ်မက်ကို မြင်တော်မူ၍ ဆင်ခြင်တော်မူလျှင် 'ငါသည် ယနေ့စင်စစ် ဘုရားဖြစ်အံ့သည်' ဟု ကြံရည်ဆုံးဖြတ်၍ မိုးသောက်ယံ၌ ဆွမ်းခံသွားသောအချိန်ကို


www.burmeseclassic.com

www.burmeseclassic.com



ငံ့လင့်တော်မူလျက် နံနက်စောစောကလျှင် လာတော်မူ၍ 'သေနနိဂုံး'၏အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ထွန်းလင်းသောကိုယ်ရောင်ကို ဖြစ်စေလျက် နေတော်မူလင့်၏။

ထိုအခါ၌ ကြိမ်ကြိုက်သောလာဘ်သည်ကား ဥရုဝေလတော၏အနီး သေနနိဂုံး၌ 'မဟာသေန'မည်သော သူကြွယ်သမီး 'သုဇာတာ'သည် အရွယ်သို့ရောက်စကာလက ညောင်ပင်ရင်းသို့ကပ်၍ "အကျွန်ုပ်သည် အမျိုးတူသောယောကျ်ားနှင့် ပေါင်းမိကြ၍ အစစွာ သားယောကျ်ားကို ရပါအံ့။ အရှင်ရက္ခစိုးအား တစ်နှစ်တစ်ကြိမ် တစ်သိန်းသောဥစ္စာကို စွန့်၍ပူဇော်ပါမည်။ အကျွန်ုပ်အား မ,စတော်မူပါ" ဟု ဆုတောင်း၏။ ဆုတောင်းတိုင်း ပြည့်စုံလျှင် ကဆုန်လပြည့်နေ့ ဗလိနတ်စာကို ပြုလိုပါရကား မဆွကပင်နွားမတစ်ထောင်ကို နွယ်ချိုတော၌ကျောင်း၍ ထိုတစ်ထောင်သောနွားကို ငါးစုပြု၍ ရှစ်ရာသော နွားတို့၏နို့ရည်ကို နှစ်ရာသောနွားတို့၌ တိုက်သည်။ ၎င်းနှစ်ရာကို ငါးစုပြုပြန်၍ တစ်ရာ့ခြောက်ဆယ်သော နွားတို့၏နို့ရည်ကို လေးဆယ်သောနွားတို့၌ တိုက်သည်။ ထိုလေးဆယ်ကို ငါးစုပြုပြန်၍ လေးစုသောနွားတို့၏ နို့ရည်ကို ရှစ်ခုသောနွားတို့၌ တိုက်ပြန်သည်။ ထို ရှစ်ခုသောနွားတို့၏ နို့ရည်ဖြင့်သာ 'ဃနနို့ဆွမ်း'ချက်လေသော် အလောင်းတော်မြတ် ဘုဉ်းပေးရမည်ကိုသိ၍ လောကပါလ နတ်မင်းကြီးလေးယောက်တို့ ခံလောက်၌ စောင့်လာကုန်သည်။ ဗြဟ္မာကြီး ထီးဖြင့် ကာသည်။ သိကြားမင်းလည်း ထင်းထိုးသည်။ တစ်သောင်းသော စကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းမြတ်သောနတ်သြဇာတို့ကို ထည့်ကြကုန်သည်။

[ဃနနို့ဆွမ်း ရှင်းချက် ။ ။
ပါရမီခန်း၌ 'ငါးရာနွားကို၊ ကြိမ်များဖန်ဖန်၊ ရည်ပြန်တိုက်ပြီး၊ မကားကြီးတည်း၊ သင်းသီးရှစ်ခု၊ နို့နပ်ပြုလျက်'ဆိုသည်မှာ–

'သဟဿဂါဝီနံ လတာဝနေ စရာပေတွာ တတော ဂဟေတွာ ပဥ္စရာသိ

ကတွာ တိက္ခတ္တုံ ဘဇိတွာ အဋ္ဌေ အဋ္ဌဂါဝီနံ မဓုရရသံ ဒုဟိတွာ' ဟူသော သုတ်မဟာဝါ အဋ္ဌကထာ၊

'ဓေနုသဟဿံ လဋ္ဌိမဓုဝနေ စရာပေတွာ တတော တိက္ခတ္တုံ ဝိဘာဂေန ပါယေတွာ' ဟူသော ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန် အဋ္ဌကထာတို့နှင့် မညီ။ ကျမ်းတို့၌ 'နွားမတစ်ထောင်'ဟု လာလျက် 'ငါးရာ'ဟု မဆိုတန်။ 'ငါးရပ်နွားကို'ဟု စပ်ရင်းစကားသည် အရေးအသား ပျက်၍သာ ရှိမည်ထင်သည်။]

ယင်းသို့ ထူးမြတ်သော နို့ဃနာကိုချက်ပြီးမှ 'ပုဏ္ဏာ'အမည်ရှိသော ကျွန်မကို "ငါတို့ ညောင်စောင့်နတ်မင်းနေရာကို သုတ်သင်ပါချေ" ဟု စေသဖြင့် ကျွန်မ သွား၍ကြည့်ရှုလေသော်၊ ကိုယ်တော်ရောင်ဖြင့် ညောင်ပင်အလုံးကို ထွန်းလင်းစေလျက် ညောင်ပင်ရင်း၌ အရှေ့လောကဓာတ်ကို ရှေးရှုနေတော်မူသော ဘုရားလောင်းကိုမြင်သဖြင့် ရွှင်လှသောစိတ်ရှိလျက်



www.burmeseclassic.com

www.burmeseclassic.com



မြက်မှိုက်တို့ကို သုတ်သင်ခဲ့ပြီးမှ အိမ်သို့လာ၍ သုဇာတာအား လျှောက်၏။ "အရှင်မ။ ယနေ့ ငါတို့အရှင်နတ်မင်းသည် ညောင်ပင်ရင်း၌ ကိုယ်ထင်ပြ၍ အတုမရသောအသရေဖြင့် စံတော်မူသည်။ အံ့ဖွယ်ရှိလှ၏။ လျင်စွာကြွ၍ ပူဇော်လော့" ဟု လျှောက်၏။

သုဇာတာလည်း ပုဏ္ဏာအမည်ရှိသော ကျွန်မ၏စကားကိုကြားသော် အားရဝမ်းသာ လှသည်ဖြစ်၍ အသပြာတစ်သိန်းထိုက်သော ရွှေခွက်၌ အလုံးစုံသော ဃနာနို့ဆွမ်းကို ထည့်၍ တစ်ခုသောရွှေခွက်ကို ဖုံး၍ယူဆောင်လေသဖြင့် ညောင်ပင်ရင်းသို့ရောက်၍ ဘုရားလောင်း၏ တင့်တယ်ခြင်းကို မြင်ပြန်လျှင် အတိုင်းထက်အလွန်ပင် နှစ်သက်ရကား ရွှေခွက်ပါ ပူဇော်၏။ ထိုအခါ ဃဋိကာရ ဗြဟ္မာလှူသော သပိတ်တော်ကွယ်ပြီးဖြစ်၍ ရွှေခွက်နှင့်တကွ ခံတော်မူ၏။

[ဘုရားလောင်းတို့သည် ဘုရားဖြစ်သည့်နေ့၌ အဖိုးတစ်သိန်းထိုက်သော ရွှေခွက် ရမြဲ ဓမ္မတာတည်း။]

ယင်းသို့ နို့ဃနာဆွမ်းကို ခံတော်မူပြီးလျှင် အနီးဖြစ်သော 'နေရဉ္ဇရာ'မြစ်သို့ ကပ်တော်မူ၍ ဘုရားလောင်းတို့ ရေချိုးမြဖြစ်သော 'သုပ္ပတိဋ္ဌိတ' မည်သောဆိပ်၌ ရေချိုးတော်မူပြီးမှ ကမ်းခုံစပ်ထက် ထက်ဝယ်ဖွဲ့၍ အရှေ့အရပ်သို့ ရှေးရှုနေတော်မူလျက် ထန်းသီးမှည့်ပမာဏ ရှိသော ဆွမ်းလုတ်ဖြင့် လေးဆယ့်ကိုးလုတ် ပရိဘုတ်တော်မူပြီးလျှင် "ငါသည် ယနေ့စင်စစ် ဘုရားဖြစ်မည်မှန်မူ ရေညာသို့ ဆန်စေသတည်း" ဟုအဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောတော်မူလျှင် ရွှေခွက်သည် ရေအယဉ်ကိုဖြတ်၍ မတ်မတ်ဆန်ပြီးမှ မြစ်လယ်သို့ကျသောအခါ ရေညာသို့ အတောင်ရှစ်ဆယ်ခန့်ဆန်၍ မြုပ်လေသဖြင့် 'ကာဠနဂါး'ဗိမာန်၏အပါး ရှေးဘုရားတို့ ရွှေခွက်သုံးလုံးကို ထိ၍ ထိုရွှေခွက်တို့အောက်၌ တည်လေ၏။

## ။၉။ ဘုရားလောင်းမင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

ဘုရားလောင်းလည်း ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုနေရဉ္ဇရာမြစ်၏ အနီးဖြစ်သော အင်ကြင်းတော၌ နေ့သန့်၍ မူလကမ္မဋ္ဌာန်းဟုဆိုအပ်သော ကာယဂတာသတိ ဘာဝနာကို ကောင်းစွာစီးဖြန်း၍ ညချမ်းသောအခါ ကာဠနဂါးမင်းသည် "ဘုရား ခုတင်ခု ပွင့်ပေသည်" ဟု မြည်တမ်းသောကောင်းချီးသံကို နာခံ၍၊ ကုမ္ဘဏ်, ဂန္ဓဗ်, နတ်, အသုရာ, ဗြဟ္မာ, သိကြား စသောနတ်တို့သည် စီမံဖန်ဆင်းအပ်သည်ဖြစ်၍ ရှစ်ဥသဘကျယ်သော ပန်းတို့ ဖြင့်ပြွမ်းသော နတ်လမ်းမဖြင့် မဟာဗောဓိရှိရာသို့ ကြွတော်မူသော်၊ 'သောတ္ထိယ' အမည်ရှိ သော မြက်ထမ်းယောကျ်ားသည် လမ်း၌ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူ၍ မဟာဗောဓိပင်သို့ကပ်ပြီးမှ တောင်အရပ်က ရပ်တော်မူလျှင် ထက်ဝန်းကျင်သော မြေပြင်



www.burmeseclassic.com

www.burmeseclassic.com



စကြဝဠာတို့သည် စောင်းထောင်လာဘိသကဲ့သို့ ထင်မှတ်၍ 'ဤအရပ်ကား ဘုရားဖြစ်ရာ မဟုတ်' ဟု ကြံလျက်၊ တစ်ဖန် အနောက်အရပ်, မြောက်အရပ်တို့ကို အစဉ်အတိုင်းလည်း၍ ရပ်တော်မူပြန်လျှင်၊ မြေပြင်စကြဝဠာတို့သည် စောင်းထောင်၍သာ ထင်လာရကား 'ဘုရားဖြစ်ရာ မျက်နှာ မဟုတ်ချေသေး'ဟု ကြံတွေးတော်မူ၍၊ အရှေ့သို့လည်း၍ ရပ်တော်မူပြန်လျှင် မြေပြင်ကြံ့ကြံ့ခံရကား 'ဘုရားဖြစ်ရာ ဌာန မှန်ပြီ' ဟု နှလုံးပြု၍ မြက်ရှစ်ဆုပ်ကို အဖျားက ကိုင်၍ ကြဲဖြန့်တော်မူလျှင် တစ်ဆယ့်လေးတောင် အပြန့်ကျယ်သော 'အပရာဇိတ' ပလ္လင်ဖြစ်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ အာနာပါနစျာန်ကို ဝင်စား၍ 'ဘုရားမဖြစ်သမျှ ဤနေရာက ငါ မထပြီ' ဟု 'စတုရင်္ဂဝီရိယ'ဖြင့် နေတော်မူသော်–

သိကြားမင်းသည် တစ်ကြိမ်မှုတ်လေလျှင် လေးလကြာမှ အသံစဲသော အတောင်တစ်ရာ့နှစ်ဆယ်ရှိသော 'ဝိဇယုတ္တရ'မည်သော ခရုသင်းကိုမှုတ်လျက်၊ ကာဠနဂါးမင်းသည် တစ်ထောင်သောဂါထာတို့ဖြင့် ကောင်းချီးပေးလျက်၊ ဗြဟ္မာမင်းသည် ထီးဖြူမိုးလျက်၊ သုယာမနတ်မင်းကြီးကား သားမြီးယပ်ခတ်လျက်၊ သန္တုသိတနတ်မင်းကြီးကား ပတ္တမြားယပ်ဖြင့် ခတ်လျက်၊ ပဉ္စသိခနတ်မင်းသည် ဥသျှစ်မှည့်အဆင်းရှိသော 'ဗေလုဝပဏ္ဍု'မည်သော စောင်းကို တီးလျက်၊ များစွာသောနတ်တို့သည် အထူးထူးသောပူဇော်သက္ကာရဖြင့် ပူဇော်လျက် နေကြကုန်စဉ် 'ဝသဝတ္တိ' မာရ်နတ်မင်း လာ၍ လက်ဝဲ တစ်ဆယ့်နှစ်ယူဇနာ, လက်ယာ တစ်ဆယ့်နှစ်ယူဇနာ, နောက်မျက်နှာက စကြဝဠာတံတိုင်းထိ, အထက်ကို ကိုးယူဇနာရှိသော နတ်စစ်သည် ဗိုလ်ပါအပေါင်းတို့ ဝန်းရံလျက် ယူဇနာ တစ်ရာ့ငါးဆယ်ရှိသော 'ဂိရိမေခလာ'ဆင်ထက်၌စီး၍ အသီးသီးလက်နက်ကိုင်သော လက်ရုံးတစ်ထောင်ကိုဖန်ဆင်းလျက် တိုက်ဖျက်လာသည်ကို ပါရမီတော်အဟုန်ဖြင့် နေမဝင်မီ အောင်တော်မူပြီးမှ၊ ညဉ့်ဦးယံ၌ 'ပုဗ္ဗေနိဝါသဉာဏ်', သန်းခေါင်ယံ၌ 'ဒိဗ္ဗစက္ခုဉာဏ်'ကိုရ၍၊ မိုးသောက်ထအခါ စကြဝဠာတစ်သောင်းလုံးကို တုန်လှုပ်စေလျက် 'ပဋိစ္စသမုပ္ပါဒ်'မှစ၍ အာနာပါန စတုတ္ထစျာန်ကို ဝင်စား၍ ဝိပဿနာကို ပွားစေသည်တွင် အစဉ်အတိုင်းရအပ်သော 'အာသဝက္ခယဉာဏ်'ဖြင့် ကိလေသာအပေါင်းကို ထောင်းထောင်းပိုင်းဖြတ်လျက် မဂ်လေးတန်ကို အစဉ်အတိုင်းရ၍ ထို ရအပ်သောမဂ်ဖိုလ်ကို ဆင်ခြင်သော 'ပစ္စဝေက္ခဏာဝီထိ' တစ်ဆယ့်ကိုးချက်၏အဆုံး၌ အလုံးစုံသောတရားကို သိတတ်သော 'သဗ္ဗညုတဉာဏ်'ကိုရ၍ သက္ကရာဇ် ၁၀၃ – ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အကုန် နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် စန်းနှင့်ဝိသာခါ အကြိုက်တွင် လောကသုံးပါး၏အထွတ်အထိပ် 'ဘဝိဿရ'အဖြစ်သို့ ရောက်တော်မူ၍ 'အနေကဇာတိ သံသာရံ' စသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

ဤကား ဘုရားဖြစ်ခြင်း၌ အကျဉ်းဖြစ်သော အဓိပ္ပာယ်တည်း။

ဝိဇ္ဇာသုံးပါးကို ရတော်မူခြင်းသည် အကြောင်းကင်းလျက် ရတော်မူသည် မဟုတ်။ အားထုတ်စီးဖြန်းအပ်သော အာနာပါနကမ္မဋ္ဌာန်းလျှင် အကြောင်းရင်း ဖြစ်သည်။ ထိုကမ္မဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com



ကို စီးဖြန်းသောအခြင်းအရာ စသည်ကို ဤသို့ သိအပ်၏။ မဟာဗောဓိပင်၏အောက်အပြင် ရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးသောအခါ "ငါ၏ အရေ, အကြော, အသွေး, အသားတို့သည် ခြောက်ကပ်၍ အရိုးစုမျှပင် ကြွင်းသော်လည်းကြွင်းပေစေ။ သဗ္ဗညုတဉာဏ်ကို မရသမျှ ဤထက်ဝယ်မှ မပြောင်းပြီ" ဟု အဓိဋ္ဌာန်တော်မူ၍ အင်္ဂါလေးပါးနှင့် ပြည့်စုံစွာသော သမ္မာဝါယာမ လုံ့လတော် နှိုးဆော်ချီးပင့်လျက် ထွက်သက်, ဝင်သက် နှစ်ပါးကို အာရုံပြု၍ မနောဒွါရ ဝိထိများစွာဖြင့် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူလျှင် ထင်စွာသော သမ္မာသတိ သည် ဖြစ်၏။ ထိုသတိဖြစ်ခြင်းကြောင့် မေ့လျော့ခြင်း, တွေဝေခြင်း ကင်းကွာလျက် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ဟူသော ကိုယ်၏ငြိမ်းချမ်းခြင်း, စိတ်၏ ငြိမ်းချမ်းခြင်းသည် ဖြစ်၏။

ထို ပဿဒ္ဓိ၏ဖြစ်ခြင်းကြောင့် စိုးရိမ်ပူပန် ပေါ့လျှုံ့ခြင်း ကင်းဝေးလျက် အာနာပါနအာရုံ မတုန်မလှုပ် မင်းတုပ် ကျောက်စာတိုင်ကဲ့သို့ ခံ့ခိုင်တည်ကြည်စွာသော သမ္မာသမာဓိသည် ဖြစ်၏။ ထိုသမာဓိ၏အဟုန်ကြောင့် ကာမဂုဏ်အာရုံတို့၌ စုံမက်တိမ်းညွတ်တတ်သော ဆန္ဒ၊ ပြင်းပြစွာတပ်သော ရာဂ၊ အလွန်အားကြီး ဖိစီးလိုလားတတ်သော ဆန္ဒရာဂ၊ မိန်းမယောကျ်ား စသည်ဖြင့် ကြံခြင်း၊ ထိုမိန်းမယောကျ်ားတို့၏ လက်ခြေအင်္ဂါ မျက်နှာကိုယ်ပြင် ရုပ်သွင်သက်ရှယ်တို့၏ တင့်တယ်ဟန် မတင့်တယ်ဟန်ကို ကြံခြင်း အစရှိသော သက်ပ္ပရာဂတို့ သည် လည်းကောင်း၊ ထို ဝတ္ထုကာမ, ကိလေသာကာမကို မှီ၍ဖြစ်သော စိုးရိမ်ခြင်း အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း အစရှိသော ဗျာပါဒတရား၊ စိတ်စေတသိက်တို့၏ မခံ့မရဲ လေးလံထိုင်းမှိုင်း ပျင်းရိခြင်း, ငိုက်မျဉ်းခြင်းဟူသော ထိနမိဒ္ဓတရား၊ မတည်မတံ့ ပျံ့လွင့်ခြင်း, နလုံးမသာခြင်းဟူသော ဥဒ္ဓစ္စ ကုက္ကုစ္စတရား၊ အာရုံ၏သဘာဝကို မုချဆတ်ဆတ် မဆုံး ဖြတ်နိုင်ခြင်းဟူသော ဝိစိကိစ္ဆာတရား ဤငါးပါးသော နီဝရဏ ဓမ္မဘေးရန်ကို တွန်းလှန် ပယ်ခွာလျက်၊ ထိနမိဒ္ဓကိုနှိပ်စက်၍ သမ္ပယုတ်တရားတို့ကို အာရုံသို့တက်စေခြင်းလက္ခဏာ ရှိသော ဝိတက်အင်္ဂါ၊ ဝိစိကိစ္ဆာကို နှိပ်စက်၍ အာရုံသို့တက်ပြီးသော သမ္ပယုတ်တရားအလုံးစုံကို သုံးသပ်ခြင်းလက္ခဏာရှိသော ဝိစာရအင်္ဂါ၊ ဗျာပါဒကိုနှိပ်စက်၍ အာရုံကိုနှစ်သက်ခြင်း လက္ခဏာရှိသော ပီတိအင်္ဂါ၊ ဥဒ္ဓစ္စ ကုက္ကုစ္စကို နှိပ်စက်၍ နှစ်သက်အပ်သော အာရုံ၏အရသာကို ကောင်းစွာခံစားခြင်းလက္ခဏာရှိသော သုခအင်္ဂါ၊ ကာမစ္ဆန္ဒကို နှိပ်စက်၍ ယွင်းကွက်မလည် တည်ကြည်ခြင်းလက္ခဏာရှိသော သမာဓိအင်္ဂါ ဤဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပထမဈာန်သို့ရောက်တော်မူလျက် မျက်မှောက်ပြုပြီးသော် ထို ပထမဈာန်ကိုပင် ငါးအင် သောဝသီဘော်တို့ဖြင့် ဝင်စားတော်မူလျက် ရှစ်ချက်သော ဝီထိ၏နောက်၌'ငါ ရမြောက်ပြီးသော ပထမဈာန်သည် ဘေးရန်ဖြစ်သော နီဝရဏ နီးလှချေသေး၏' ဟု ရှေးရှုတင်အပ် သုံးသပ်အပ် သော ဝိတက်, ဝိစာရကိုခွာလျက် အာနာပါနသို့ ရှေ့ရှုတော်မူပြန်လျှင် ထိုအခါ အင်္ဂါနှစ်ပါး၏ ကင်းခြင်းကြောင့် နှောင့်ယှက်ခြင်းမရှိ အတိပသန္နဖြစ်သော ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ဒုတိယဈာန်သို့ ရောက်တော်မူပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရောက်၍ ခြောက်တန်သောဝီထိတို့ဖြင့် ဒုတိယဈာန်သမာပတ်ကို ဝင်စားတော်မူပြီးမှ ထို ဒုတိယဈာန်၌ရှိသော ပီတိကိုခွာခြင်းငှာ အာနာပါနသို့ ရှေးရှူတော်မူပြန်လျှင် ယခင်ပီတိတရားကင်းလျက် သန့်ရှင်းထူးမြတ်သည်ဟု သမုတ်အပ်သော သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော တတိယဈာန်သို့ရောက်ပြန်၍၊ ငါးတန်သောဝီထိတို့ဖြင့် တတိယဈာန်ကို ဝင်စားတော်မူပြီးမှ 'ကာယိကသုခသည် သောမနဿဖြစ်ခြင်း၏ အကြောင်း၊ သောမနဿသည် ဆန္ဒဖြစ်ခြင်း၏ အကြောင်း၊ ဆန္ဒသည် ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်၍ စင်စစ် ရန့်ရှင်းသေး၏တကား' ဟု သုခကိုပယ်ခြင်းငှာ အာနာပါနသို့ ရှေ့ရှူတော်မူပြန်လျှင် ယခင် သုခမှကင်းလျက် အလွန်ဖြူစင်သန့်ရှင်း မယွင်းမဖည် တည်ကြည်လှစွာသော ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်သို့ ရောက်တော်မူပြန်၍၊ အလေ့အလာပြုအပ်သော ဝသီဘော် ငါးတန်ဖြင့် ထိုဈာန်ကို ဝင်စားတော်မူပြီးမှ ပဉ္စမဝီထိ၏အချုပ်၌ ထိုစတုတ္ထဈာန်မှ ထတော်မူ၍ အရူပဘာဝနာကို အာရုံပြုတော်မူပြန်သဖြင့် လေးတန်သော အရူပါဝစရဈာန်သို့ အစဉ်အတိုင်း ရောက်တော်မူသည်။ ထိုသို့ရောက်ပြီးသော် အသီးအသီးသော အရူပဈာန်ကို ငါးတန်သောဝသီဘော်တို့ဖြင့် ဝင်စားတော်မူလျက် ရှစ်ချက်သော သမာပတ်ကို အလေးအမြတ်ပြုကာ လူးလာထက်အောက် မှောက်မှောက်လှန်လှန် ဧကန္တရိက, ဒွန္တရိကစသော နည်းအားဖြင့်လည်း ဝင်စားတော်မူ၏။

ထိုသို့ဝင်စားပြီးမှ စတုတ္ထဈာန် သမာပတ်၌ဖြစ်သော ကောင်းမြတ်တည်ကြည်သော သတိသမာဓိ၏အစွမ်းကြောင့် အလွန်စင်ကြယ်ခြင်း၊ ဖြူစင်ခြင်း၊ ကိလေသာရာဂကို ဖျောက်ခြင်း၊ နူးညံ့စွာဖြစ်ခြင်း၊ တန်ခိုးဖန်ဆင်းခြင်း၌ စွမ်းနိုင်ခြင်း၊ စင်ကြယ်သောအာရုံ၌သာ တည်ကြည်ခြင်း၊ မတုန်မလှုပ်သောအဖြစ်သို့ ရောက်ခြင်း၊ လျင်သောစိတ် ရှိခြင်းတည်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အဘိညာဏ်ဖြင့် မျက်မှောက်ပြုအပ်သောတရားတို့ကို မျက်မှောက်ပြုခြင်းငှာ အာလောကကသိုဏ်းကို အာရုံပြု၍ ရူပါဝစရ စတုတ္ထဈာန်ဖြစ်သော ပါဒကဈာန်ကို ဝင်စားတော်မူပြန်၍ ပါဒကဈာနဝီထိ, အဓိဋ္ဌာနဝီထိ၊ ၎င်း ပါဒကဈာနဝီထိ, အဓိဋ္ဌာနဝီထိတို့နောက် ကျမြောက်သော အဘိညာဏ်ဝီထိဖြင့် မိမိသန္တာန်, သူတစ်ပါးသန္တာန်၌ ဖြစ်ဖူးသော ခန္ဓာအစဉ် အမည်အမျိုး အကျိုးအကြောင်း ပြောင်းဟန်ပြန်ဟန်ကို မကျန်ကုန်စင် သိမြင်တော်မူနိုင်သော 'ပုဗ္ဗေနိဝါသ အတီတံသ' အမည်ရသော ပထမဝိဇ္ဇာဉာဏ်ကို ညဉ့်ဦးယံ၌ ရတော်မူ၏။

ထို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ပုဗ္ဗန္တအလုံးကို ဖုံးလွှမ်းမြှေးယှက်တတ်သော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖွင့်လှစ်တော်မူ၍ သုံးဆူသောဘုံဝယ် တလုံလဲလဲ မြင့်မြဲလှစွာ ကမ္ဘာအသင်္ချေ လွန်လေသမျှ ဘဝရှေးရှေးက ဖြစ်ခဲ့ဖူးသော ကိုယ်တော်၏ခန္ဓာ, ထိုခန္ဓာ၏ ဖြစ်ရာဌာန, ခံစားရသော အာရုံ, တွေ့ကြုံခဲ့ရသော သားမယား ဆွေမျိုးအစရှိသော ဒုဗ္ဗသမ္ဘာရတို့ကို လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော ဤမည်သောကမ္ဘာ၌ ဤမည်သောဘုရားလောင်းသည် ဤမျှလောက်သော စည်းစိမ်ချမ်းသာကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်သဖြင့် ဤသို့ တောထွက်တော်မူ၍ ဤမည်သောဗောဓိပင်ရင်း၌ ဤမည်သော ဝိပဿနာကို ရှုတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့် ဤမျှသောသတ္တဝါတို့ကို ဤမည်သောတရားအမြိုက်ဖြင့် တိုက်ကျွေးတော်မူ၏ဟု စေ့ငုစဉ်လာ ဤကမ္ဘာမှသည် ပဋိလောမပြန်သဖြင့် လည်းကောင်း၊ ရှေးရှေးသောကမ္ဘာမှသည် ဤကမ္ဘာရောက် တစ်လျှောက်တည်းရှုအပ်သော အနုလောမနည်းအားဖြင့် လည်းကောင်း၊ အစဉ်အတိုင်း မလျှောက်မူ၍ သီဟောက္ကန္တိကာနုသရဏ ဟု ဆိုအပ်သော ကေသရာဇာခြင်္သေ့မင်း၏ ခုန်လွှားခြင်းတူစွာ လိုရာလိုရာ ကမ္ဘာအထက်၌ ပျက်ဟန်ဖြစ်ဟန်ကို လည်းကောင်း တပြောင်းပြန်ပြန် အဖန်ဖန်ရှုလျက် အကုဋေမကသော သမာပတ်ကို ဝင်စားတော်မူသဖြင့် ညဦးယံလွန်လတ်သော် 'သုံးဖော်သောဘဝ၌ ဖြစ်ကြသော သတ္တဝါတို့၏ စုတိ ပဋိသန္ဓေ နေဟန်ကို တစ်ဖန်ရှုတော်မူအံ့'ဟု စိတ်တော်ညွတ်ကာမျှဖြင့် ပရိကံ အထူးမပြုရဘဲ စတုတ္ထဈာန်ကို ဝင်စားတော်မူ၍ သုံးတန်သော ဝီထိတို့၏နောက် ကျမြောက်သော အဘိညာဉ်ဝီထိဖြင့် အတိပသန္နဖြစ်သော ပသာဒဝတ္ထု၊ ဟဒယဝတ္ထုရှိလျက် နတ်မျက်စိမက အဆအရာ သာလွန်၍မြင်နိုင်သော တစ်ဆယ့်တစ်ပါးသော အညစ်အကြေးမရှိသော 'ဒိဗ္ဗစက္ခု'ဟု ဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်ကို သန်းခေါင်ယံ၌ ရတော်မူ၏။

ဝိစိကိစ္ဆာ၊ အမနသိကာရ၊ ထိနမိဒ္ဓ၊ ဆမ္ဘိတတ္တ၊ ဥပ္ပဝ၊ ဒုဋ္ဌုလ္လ၊ အစ္စာရဒ္ဓ ဝီရိယ၊ အတိလီန ဝီရိယ၊ အဘိဇပ္ပ၊ နာနတ္တသညီ၊ အဘိနိဇ္ဈာယိတတ္တ တည်းဟူသော တစ်ဆယ့်တစ်ပါးသောအညစ်အကြေးမှ ကင်းသည်ဖြစ်၍ အလွန်သန့်ရှင်းစင်ကြယ်သော ထိုဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အပရန္တ၊ ဣဒပ္ပစ္စယတာ ဤနှစ်ဖြာသောအစွန်း၌ ဖုံးလွှမ်းမြှေးယှက်တတ်သော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖွင့်လှစ်၍ရှုတော်မူသဖြင့် စုတေလတ္တံ့သော သတ္တဝါ၊ ပဋိသန္ဓေနေလတ္တံ့သော သတ္တဝါတို့ကို လည်းကောင်း။ သန္ဓေဇာတိ၊ အမိ၊ အဖ၊ သုခသမ္ဘတ္တိ၊ ဣဿရိယ၊ ဘောဂ၊ ယသ စသောအားဖြင့် ယုတ်သောသတ္တဝါ၊ မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ၊ အဆင်းမလှသော သတ္တဝါ၊ ကြွယ်ဝသော သတ္တဝါ၊ ဆင်းရဲသော သတ္တဝါ၊ နတ်ပြည်သို့သွားသော သတ္တဝါ၊ လူ့ပြည်၌ တည်သော သတ္တဝါ၊ ငရဲသို့လားသော သတ္တဝါတို့ကို လည်းကောင်း။ နတ်ပြည်ခြောက်ခွင်ဝယ် ဥယျာဉ်ရေကန် ဗိမာန်နန်းအိမ်၌ စည်းစိမ်ကြီးစွာကို ခံစားကာနေသော နတ်သမီး၊ နတ်သား၊ သိကြား၊ ဗြဟ္မာ သတ္တဝါတို့ကို လည်းကောင်း။ ဤဇမ္ဗူဒိပ်ကျွန်းမြေ လူနေဌာန၏အောက် အဇောက် တစ်သောင်းစီ ခြားကွာလျက် ကြီးစွာသောဥမင်လိုဏ်တွင်းဝယ် ပြည့်တင်းစွာစွဲသော ပျားမွဲ၏သဖွယ် သိပ်နယ်စည်းကျပ်စွာ ဌာနရှစ်ရပ် မပြတ်မစဲ ဆင်းရဲကြီးစွာ ခံနေရရှာကုန်သော ငရဲသူ သတ္တဝါတို့ကိုလည်းကောင်း တစ်ပြောင်းပြန်ပြန်ရှုသဖြင့် အဏုမြူမျှမကြွင်း လက်ငင်း ပစ္စုပ္ပန်ဖြစ်သော ရူပါရုံအပေါင်းတို့ကို မြင်တော်မူ၏။

ထို ဒိဗ္ဗစက္ခုအဘိညာဉ်ကို တစ်ဖန်အခြေပြုသဖြင့် ယထာကမ္မူပဂ အဘိညာဉ်၊ အနာဂတံသ အဘိညာဉ်နှစ်ပါးကို ပွားစေတော်မူပြန်လျှင် ပဋိသန္ဓေနေကုန်သောသတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



တို့တွင် ယုတ်ညံ့သောသတ္တဝါသည် တဏှာမောဟ၏အကျိုးဆက်တည်း။ မြတ်သော သတ္တဝါသည် ပညာ၏အကျိုးဆက်တည်း။ အဆင်းလှသောသတ္တဝါသည် မေတ္တာ၏ အကျိုးဆက်တည်း။ မလှသောသတ္တဝါသည် ဒေါသ၏အကျိုးဆက်တည်း။ ကြွယ်ဝသော သတ္တဝါသည် အလောဘ၏အကျိုးဆက်တည်း။ ဆင်းရဲလှသောသတ္တဝါသည် လောဘ၏ အကျိုးဆက်တည်း။ သုဂတိသတ္တဝါသည် သုစရိုက်၏အကျိုးဆက်တည်း။ ဒုဂ္ဂတိသတ္တဝါ သည် ဒုစရိုက်၏အကျိုးဆက်တည်း။ ဤသို့စသည်ဖြင့် အကြောင်းဖြစ်သော ကံကြမ္မာကို လည်းကောင်း၊ ဤသတ္တဝါကား ဤစာရိတ္တ ရှိ၏, ဤဂတိသို့ လားရလတ္တံ့, ဤမည်သော ဆင်းရဲကို ခံရလတ္တံ့, ဤမည်သောချမ်းသာကို စံရလတ္တံ့ စသည်ဖြင့် အနာဂတ်၌ဖြစ် လတ္တံ့သော အာရုံအပေါင်းကို လည်းကောင်း ကျိုးကြောင်းကုန်စင် သိမြင်တော်မူ၏။

ဤသို့ စုတူပပါတဉာဏ်, ယထာကမ္မူပဂဉာဏ်, အနာဂတံသဉာဏ်လျှင် အခြံအရံ ရှိသော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် အစဉ်အတိုင်း ရှုတော်မူ၍ သန်းခေါင်ယံလွန်မြောက်သဖြင့် မိုးသောက်ယံသို့ကျလတ်သော် ကိုယ်တော်၏ မပင်ပန်းခြင်းအကျိုးငှာ ထို တတိယယံ၏ သုံးဖို့တစ်ဖို့ခန့်မျှ ကျိန်းစက်တော်မူ၍ ရေးရှုပြီးသော စတုတ္ထဈာန်ကို တစ်ဖန်ဝင်စား၍ ထိုဈာန်မှထပြီးသော် ကိုယ်တော်၏ လည်းကောင်း, စိတ်တော်၏လည်းကောင်း အမြဲမရှိ သော သဘော၊ ဆင်းရဲသော သဘော၊ အတ္တဟု မှတ်ဖွယ်မရှိသောသဘောသို့ တင်ဘိ၍ ဝိပဿနာကို ကောင်းစွာရှေးရှု ပြုတော်မူလျှင်–

၁။ ဆင်ခြင်သုံးသပ်တတ်သော 'သမ္မသနဉာဏ်'၊
၂။ သင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သိတတ်သော 'ဥဒယဗ္ဗယဉာဏ်'၊
၃။ ဖြစ်ခြင်းတည်းဟူသော ဥပါဒ်ကိုလွှတ်လျက်၊ ပျက်ခြင်းတည်းဟူသော ဘင် ကိုသာ ရှုသဖြင့် ယခုယခု ချုပ်လတ္တံ့သည်ကို မြင်တတ်သော 'ဘင်္ဂဉာဏ်'၊
၄။ စိတ် စေတသိက် စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ ပဝတ္တိကမ္မဇရုပ် တည်းဟူသော သင်္ခါရတရားတို့၏ ချုပ်ခြင်းအလျဉ် စသည်ကို အစဉ်မပြတ်ရောက်၍ ကြောက်မက်ဖွယ်ရှိ၏ဟု သိသော 'ဘယဉာဏ်'၊
၅။ ထိုတရားတို့၌ အပြစ်ကိုသိသော 'အာဒီနဝဉာဏ်'၊
၆။ အပြစ်ကိုမြင်ပြီး၍ ငြီးငွေ့စက်ဆုပ်တတ်သော နိဗ္ဗိဒါဉာဏ်၊
၇။ ထိုသင်္ခါရဝဋ်မှ ကင်းလွတ်လိုသောအဖြစ်ကို သိသော 'မုစ္စိတုကမျတာဉာဏ်'၊
၈။ လွတ်နိုင်အံ့သောအကြောင်းကို ရှာ၍ ထိုသင်္ခါရတို့ကို တစ်ဖန် သိမ်းဆည်းခြင်း၌ သိတတ်သော 'ပဋိသင်္ခါဉာဏ်'၊
၉။ သိမ်းဆည်းမိသော သင်္ခါရတို့ကို အာသက်မဖက် သက်သက်လျစ်လျူရှုတတ်သော 'သင်္ခါရုပေက္ခာဉာဏ်'၊
၁၀။ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့နှင့်တကွ ဝိမောက္ခသုံးပါး, မဂ်ကိစ္စ တစ်ဆယ့်ခြောက်ပါးတို့အား လျော်သော 'အနုလောမဉာဏ်'။



www.burmeseclassic.com

www.burmeseclassic.com



ဤ ဆယ်တန်သော ဝိပဿနာဉာဏ်၏ ရင့်ခြင်းသို့ရောက်သဖြင့်– လင်းပျောက်ခဲ့စွာ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ လွှမ်းထားပိတ်ပင်တတ်သော အဝိဇ္ဇာကွန်ရက်ကို ပယ်ရှားဖြတ်ခွာလျက် ဒုက္ခသစ္စာ၏ ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ သဘာဝတရားတို့ကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာ၏ အာယူဟနဋ္ဌ, နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပလိဗောဓဋ္ဌ သဘာဝလေးပါးတို့ကို ပယ်ရှားဖြတ်ခွာခြင်း၊ နိရောဓသစ္စာ၏ နိဿရဏဋ္ဌ, ဝိဝေကဋ္ဌ, အသင်္ခတဋ္ဌ, အမတဋ္ဌ သဘာဝလေးပါးကို မျက်မှောက်ပြုထားခြင်း၊ မဂ္ဂသစ္စာ၏ နိယျာနဋ္ဌ, ဟေတွဋ္ဌ, ဒဿနဋ္ဌ, အာဓိပတေယျဋ္ဌ သဘာဝလေးပါးတို့ကို ပွားစည်းစေနိုင်ခြင်း တည်းဟူသော ကိစ္စလေးပါး, ကိစ္စ တစ်ဆယ့်ခြောက်ပါးတို့ကို သိကြားမင်း၏လက်နက် ဝဇီရစိန်စက်ကဲ့သို့ တစ်ပြိုင်နက် တစ်ချက်တည်းပြီးစေလျက် သောတာပတ္တိမဂ်စိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးဖြာ ဝိစိကိစ္ဆာတရားတို့ကို ပယ်ရှားတုံဘိ၍ မဂ်ဝီထိအဖြစ်သို့ သက်၏။ ထို မဂ္ဂါနန္တရဖိုလ်မှသည် ဉပနိဿယ ပစ္စည်းဆက်၍ သကဒါဂါမိမဂ်, သကဒါဂါမိ ဖိုလ်ကိုလည်း အလိုလိုရောက်တော်မူ၏။ ထို့နောက်ဆက်၍ ဝိပဿနာကိုရှုတော်မူလျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အနာဂါမိမဂ်သည် ပယ်ဖျက်ထိုက်သောဒေါသကို နိရဝသေသအားဖြင့် ငြိမ်းစေလျက် မဂ်ကိစ္စဖြစ်၍ ချုပ်၏။ ထို မဂ္ဂါနန္တရဖိုလ်မှသည် ကာလမခြား တဏှာမခြားဘဲ ဝိပဿနာတရားကိုသာ ပွားစေတော်မူပြန်လျှင် သုံးအင်သောမဂ်တို့ဖြင့် ပယ်ဖျက်၍ကြွင်းသေးသော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် လေးခု၊ ဉဒ္ဓစ္စစိတ် တစ်ခုနှင့်တကွ တစ်ထောင့်ငါးရာမျှသော ကိလေသာရန်သင်းကို အကြွင်းမဲ့ချုပ်စေလျက် 'အာသဝက္ခယ'ဟု သမုတ်အပ်သော 'အရဟတ္တ မဂ်ဉာဏ်'ကို မိုးသောက်ယံအကုန် နေအရုဏ်ထွက်သည်နှင့် တစ်ပြိုင်နက်ရ၍ မဂ္ဂါနန္တရ ဖိုလ်၏နောက် ကျမြောက်သော ပစ္စဝေက္ခဏာ ဖလသမာပတ္တိဝီထိ, ဌေယျဓမ္မလျှင် အာရုံရှိသော မနောဒွာရဝီထိတို့ဖြင့် အပရိမာဏ ဆုံးဆထုတ်ဖွေ မရေတွက်နိုင်သော ဆအသာဓာရဏ, စတုဝေသာရဇ္ဇ, ဒသဗလ, ဆအဘိညာ, ဝိဇ္ဇာရှစ်ဝ, စရဏတစ်ဆယ့်ငါး တရားအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ဖြင့် နိဗ္ဗာန်သင်းကျစ် ဓမ္မရာဇ်ထွတ်ဖျား ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

[ဤကား – မကျဉ်းမကျယ် အဓိပ္ပာယ်တည်း။ အကျယ်ကိုလိုသော် ပဋိသမ္ဘိဒါမဂ် ပါဠိတော်, အဋ္ဌကထာ, သာရတ္ထဒီပနီ စသည်တို့၌ ယူပါကုန်။]

[ရှေ့ဉာဏ်နှစ်ပါး ရခဲ့, ကွယ်ခဲ့ကြောင်း ရှင်းချက်။ ။ ဉာဏ်တော်သုံးပါးတို့တွင် ပုဗ္ဗေနိဝါသဉာဏ်နှင့် ဒိဗ္ဗစက္ခုဉာဏ် နှစ်ပါးတို့သည် ရှေး တောထွက်တော်မူစအခါ အာဠာရ ရသေ့, ဉဒက ရသေ့တို့ထံ လောကီစျာန်ကို နည်းခံ၍ စီးဖြန်းသည့်ကာလ သမာပတ်ရှစ်ပါး, အဘိညာဉ်ငါးပါးတို့ကို ရသည်ဖြစ်၍ ထိုအဘိညာဉ်၌ ဝင်ပြီး မဟုတ်လော။ အဘယ်ကြောင့် ဤအခါမှ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခုကို ရ၏ဟု ဆိုပြန် သနည်းဟူမူ–

ထို တောထွက်တော်မူစက အာဠာရကရသေ့, ဉဒကရသေ့တို့ထံ လောကီစျာန်ကို ရစကပင် အဘိညာဉ်နှစ်ပါးကို ရ၏။ ရသော်လည်း အာလောကကသိုဏ်းကို ပွားစေ၍



www.burmeseclassic.com

www.burmeseclassic.com



ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ပစ္စုပ္ပန်ရှုပါရုံကို မြင်သည်ရှိသော် 'ဤအဆင်းကား အဘယ် အဆင်းနည်း'ဟု ယုံမှားခြင်း ဝိစိကိစ္ဆာဖြစ်ခြင်းကြောင့် ထိုအလင်း ကွယ်ခဲ့၏။

အလင်းကို နှလုံးသွင်းသောကြောင့်သာ ဝိစိကိစ္ဆာ ဖြစ်ဘိ၏။ မသွင်းသော် မဖြစ်ရာပြီဟု နှလုံးသွင်းခြင်းကို မပြုသော် အမနသိကာရ ဖြစ်ပြန်ခြင်းကြောင့်လည်း အလင်းတစ်ဖန် ကွယ်ခဲ့ပြန်၏။

အမနသိကာရအားကြီး၍ အိပ်မွေ့ငိုက်မျဉ်းခြင်း များသောအခါ လွန်စွာ ထိနမိဒ္ဓ ဖြစ်ခြင်းကြောင့်လည်း အလင်းတစ်ဖန် ကွယ်ခဲ့ပြန်၏။

တစ်ဖန်အားထုတ်၍ အလင်းကိုရပြန်သဖြင့် ဟိမဝန္တာစသည်ကို ရှုလတ်သော် ထိုဟိမဝန္တာ သီဒါခုနစ်တန် သတ္တရဘာန် ဂိရိန် အာလိန်ငါးထပ်၌ တည်ကုန်သော နဂါး ဂဠုန် ကုမ္ဘဏ် ရက္ခိုသ်တို့ကို မြင်ရခြင်းကြောင့် ထိတ်လန့်ခြင်း ဥဗ္ဗိဂ္ဂ, ဆမ္ဘိတတ္တ ဖြစ်ပြန်၍လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

ထိုသို့ ထိတ်လန့်ခြင်းကိုဖျောက်၍ ရဲရင့်ခြင်း အဆင်ခြင်ပညာကို ဖြစ်စေပြန်လျှင် ထိုကောသလ္လကိုမှီ၍ ဗလဝပီတိ တည်းဟူသော စိတ်ပေါ်လွင်ခြင်း ဥပ္ပိလဖြစ်ပြန် ၍လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

ထို ဥပ္ပိလ မဖြစ်ရအောင် လုံ့လကိုလျှော့ပြန်လျှင် ဝီရိယလျှော့ခြင်းကြောင့် ကိုယ်၏လေးလံခြင်း ဒုဋ္ဌုလ္လ ဖြစ်ပြန်၍လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

လုံ့လလျှော့ခြင်းကြောင့် ဒုဋ္ဌုလ္လ ဖြစ်သည်တကားဟု လွန်စွာအားထုတ်သောအခါ အစ္စာရဒ္ဓဝီရိယ ဖြစ်ပြန်၍လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

လုံ့လလွန်သောကြောင့် ဖြစ်သည်တကားဟု အားလျှော့ပြန်လျှင် တွန့်တိုခြင်း အတိလီန ဝီရိယဖြစ်ပြန်၍လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

နတ်သမီးဗိမာန် စသည်ကိုမြင်သောအခါ ငါလည်း ဤကဲ့သို့ဖြစ်လိုသည်ဟု စုံမက်တပ်ငြိခြင်း အဘိဇပ္ပ ဖြစ်ပြန်၍လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

ထို နတ်သမီးနတ်သားတို့၏ အရောင်အဆင်း တင့်တယ်ခြင်းကိုသာ တပ်မက်၍ နှစ်သက်ခြင်း, စိတ်ဖောက်ပြန်ခြင်း, အထူးထူးသော ကြံခြင်းဟူသော နာနတ္တသညာ ဖြစ်ပြန်၍လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

ထိုသို့ အထူးထူးသော အမှတ်သညာကို မဖြစ်စေဘဲ ဣဋ္ဌာရုံ, အနိဋ္ဌာရုံကိုသာ ရှုအံ့ဟု နှလုံးပြုသဖြင့် အလွန်ရှုမောခြင်း, ကြံမှိုင်ထိုင်းမှိုင်းခြင်း အဘိနိဇ္ဈာယိတတ္တ ဖြစ်ပြန်သဖြင့်လည်း တစ်ဖန် အလင်းကွယ်ခဲ့၏။

ဤသို့ ဝိစိကိစ္ဆာ,အမနသိကာရ,ထိနမိဒ္ဓ,ဆမ္ဘိတတ္တ,ဥပ္ပိလ,ဒုဋ္ဌုလ္လ,အစ္စာရဒ္ဓ ဝီရိယ,အတိလီနဝီရိယ,အဘိဇပ္ပ,နာနတ္တသညာ,အဘိနိဇ္ဈာယိတတ္တအားဖြင့် တစ်ဆယ့် တစ်ပါးသော အညစ်အကြေးသည် မြေးယှက်ဖုံးကွယ်ရကား ဘုရားလောင်းသန္တာန်၌ မြဲမြဲစွာ မတည်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ကရစရိယာ ကျင့်လွန်းစွာ၍ လက္ခဏာတော်ကြီးငယ်တို့ ကွယ်သောအခါကပင် ဤဉာဏ်တို့လည်း ကွယ်ပြန်လေသည်။

ဤဗောဓိမဏ္ဍိုင်သို့ ကပ်သောအခါမှ သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိ မျှသော မဇ္ဈိမပဋိပဒါကြောင့် ထင်ရှားစွာ ဖြစ်လေသတည်း။ ထို့ကြောင့် ဤနှစ်ယံ၌ အဘိညာဉ်နှစ်ပါး ကို ရသည်ဟု ဆိုသတည်း။

ပထမစျာန်၌ ရှစ်တန်သောဝီထိ ဟူသည်ကား - ရှေးဦးစွာရသော အာဒိကမ္မိက တစ်ဝီထိ၊ ဝိတက်ကိုဆင်ခြင်သည် ပစ္စဝေက္ခဏာ တစ်ဝီထိ၊ ဝိစာရကိုဆင်ခြင်သည် တစ်ဝီထိ၊ ပီတိကို ဆင်ခြင်သည် တစ်ဝီထိ၊ သုခကိုဆင်ခြင်သည် တစ်ဝီထိ၊ ဧကဂ္ဂတာကို ဆင်ခြင်သည် တစ်ဝီထိ၊ အပေါင်းကို ဆင်ခြင်သည့် တစ်ဝီထိ၊ သမာပတ္တိ တစ်ဝီထိ၊ ပေါင်း ရှစ်ပါးတည်း။ နောက်ကိုလည်း ဤနည်းအတူ ကြံလေ။ ပရမတ္ထအရာ၌ မလေ့လာဘူးသူအား နားပါးမှုးမည်ကြောင့် အထူးအကျယ် မဆိုသတည်း။ ဤကား ပါရာဇိကဏ် ပါဠိတော်, ၎င်း အဋ္ဌကထာ, ၎င်း ဋီကာတို့၌ လာသောအဓိပ္ပာယ်တည်း။]

## ။၁၀။ မြတ်စွာဘုရား သတ္တသတ္တာဟ စံတော်မူခြင်း

။ ၁ ။

ယင်းသို့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် ဗောဓိပင်နှင့် လေးတောင်ကွာ အရှေ့မျက်နှာ၌တည်သော ထိုရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ ပဋိစ္စသမုပ္ပါဒ်ဓမ္မကို အနုလောမ, ပဋိလောမအားဖြင့် ဆင်ခြင်ရှုကြံလျက် ကုဋေတစ်သိန်းမကသော ဖလသမာပတ်ကို ဝင်စား၍ သိကြား, သုယာမ, သန္တုသိတ, မဟာဗြဟ္မာ စသော နတ်တို့၏ပူဇော်ခြင်းကို ခံလျက် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူသည်။ ထိုအရပ်သည် 'ပလ္လင် သတ္တာဟ' မည်၏။

။ ၂ ။

ထို့နောက် ရွှေပလ္လင်မှ ထတော်မူ၍ ဗောဓိပင်၏ အရှေ့မြောက်ယံ တစ်ဆယ့်လေးလံ ကွာသောအရပ်၌ ရပ်တော်မူ၍ 'ငါသည် ဤဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ် ကို ရပေသည်တကား' ဟု မမိုတ်သောမျက်စိဖြင့် ရှုကြည့်တော်မူလျက် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူရာအရပ်သည် 'အနိမိသ သတ္တာဟ' မည်၏။

။ ၃ ။

ထိုသို့ ပလ္လင်တော်ကို စိန်းစိန်းတည့်တည့် ကြည့်တော်မူသောအခါ နတ်တို့က 'ဤသိဒ္ဓတ်မင်းသား ဘုရားအလောင်းတော်သည် စံပျော်ဖူးသည့် ရွှေပလ္လင်ကိုမျှ ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



တောင့်တခြင်း မပြတ်။ ထပ်၍ပြုအပ်သော မင်္ဂကိစ္စ ရှိချေသေးသည်' ဟု အကြံဖြစ်၏။ ထို အကြံကို သိမြင်တော်မူလတ်၍ နတ်တို့၏သံသယကို ပယ်ဖျောက်ခြင်းငှာ တစ်ယူဇနာမျှ လောက်သော ကောင်းကင်သို့ပျံတက်၍ ရေအစုံမီးအစုံ ထွက်စေခြင်း အစရှိသော ယမိုက်ပြာ ဋိဟာကို ပြတော်မူပြီးလျှင် ကောင်းကင်မှသက်တော်မူ၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်နှစ်ဆယ်ရှိသော အရပ်ကို အလယ်ထား၍ တစ်ဘက် ငါးလံကွာဌာနတွင် အရှေ့မှ သည်အနောက်သို့ အတောင်ခြောက်ဆယ်ရှိသော ရတနာစင်္ကြံကို ဖန်ဆင်းလျက် ခုနစ် ရက်ပတ်လုံး စင်္ကြံကြွတော်မူရာအရပ်သည် 'ရတနစင်္ကမ သတ္တာဟ' မည်၏။

။ ၄ ။

ထို့နောက် မဟာဗောဓိပင်မှ အနောက်မြောက် အတောင်လေးဆယ်အကွာတွင် ရတနာခုနစ်ပါးအတိပြီးသော နတ်တို့စိမံဖန်ဆင်းအပ်သော ရတနာရွှေအိမ်၌ ထက်ဝယ် ဖွဲ့ခွေနေတော်မူလျက် ဝိနည်း ပိဋကတ်, သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်တို့ကို သုံးသပ် ဆင်ခြင်တော်မူရာ မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းသို့ရောက်လျှင် ထက်ဝန်းကျင် ကိုယ်တော်မှ အညို, အရွှေ, အနီ, အဖြူ, အမောင်း, ပြိုးပြိုးပြက်အားဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ထွက်၍ အထက်အဖို့အားဖြင့် ဘဝဂ်တိုင်အောင်၊ အောက်အဖို့အားဖြင့် သုံးပါးသော မြေထု, ရေထု, လေထုတို့ကိုဖောက်၍ အောက် ကောင်းကင်တိုင် အောင်၊ ဖီလာအားဖြင့် အနန္တစကြဝဠာတိုင်အောင် ပျံ့နှံ့စေလျက် ခုနစ်ရက်ပတ် လုံး စံပယ်တော်မူရာအရပ်သည် 'ရတနဃရ သတ္တာဟ' မည်၏။

။ ၅ ။

ထို့နောက် မဟာဗောဓိပင်မှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ အဇပါလမည် သောညောင်ပင်ရင်းသို့ ကပ်တော်မူ၏။ ထိုအခါ မာရ်နတ်မင်းသည် 'ဤမျှလောက်သော ကာလပတ်လုံး ရဟန်းကြီး၏ ယုတ်သောအဖြစ်ကို ရှုကြည့်ပါသော်လည်း တစ်စုံတစ်ခုမျှ ချော်ချွတ်သည်ကို မမြင်ချေ။ ငါ၏နိုင်ငံကို လွန်ရလေ၏' ဟု နှလုံးမသာရှိလှ၍ ခရီးလမ်းမ ၌ ဝေးမှိုင်ကာထိုင်လျက် တစ်ဆယ့်ခြောက်ကြောင်းသော အရေးတို့ကို ငင်၍နေ၏။

'(၁) ဤရဟန်းကြီးသည် ဖြစ်လေရာဘဝ၌ပင် ဒါနပါရမီကို သူတစ်ထူးထက် ကျူး လွန်၍ ဖြည့်သောကြောင့် ဤရွှေပလ္လင်ကို ရပေသည်။ ငါ ဤကဲ့သို့ မဖြည့်မိသောကြောင့် ဤရွှေပလ္လင်ကို မရချေ။ (၂) သီလ ပါရမီ။ (၃)နေက္ခမ္မ ပါရမီ။ (၄) ပညာ ပါရမီ။ (၅) ဝီရိယ ပါရမီ။ (၆) ခန္တီ ပါရမီ။ (၇) သစ္စာ ပါရမီ။ (၈) မေတ္တာ ပါရမီ။ (၉) အဓိဋ္ဌာန ပါရမီ။ (၁၀) ဥပေက္ခာ ပါရမီ။ (၁၁) ဓန ပရိစ္စာဂ။ (၁၂) အင်္ဂ ပရိစ္စာဂ။ (၁၃) ပုတ္တ ပရိစ္စာဂ။ (၁၄)ဘရိယ ပရိစ္စာဂ။ (၁၅) ဇီဝိတ ပရိစ္စာဂ။ (၁၆) စရိယတရား သုံးပါးတို့ကို သူတစ်ပါးနှောင့်ယှက်၍မျှ မဖြစ်။ အားသစ်၍သာ ပြုသောကြောင့် ဤရွှေပလ္လင်ကို ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဤကဲ့သို့ မဖြည့်မိသောကြောင့် လွန်ကဲစွာ မရချေ'ဟု တစ်ဆယ့်ခြောက်ကြောင်းသော အရေးကို ငင်၍နေ၏။

ထိုသို့နေရာဝယ် တဏှာ, အရတိ, ရဂါ မည်သော သမီးသုံးယောက်တို့က "ဖခင် အဘယ်ကြောင့် စိုးနောင့်ပူဆာ မျက်နှာမရွှင် စားမဝင်ဘဲ မြေတွင်အကြောင်းခြစ်၍ နေဘိသနည်း" ဟု မေးလေသော်၊ "သမီးတော်တို့၊ ဤဂေါတမရဟန်းသည် ငါ မှန်း၍ထားသော ရွှေပလ္လင်ဝယ် ငါ့အလျင် သူ ဘုရားလုပ်ချေပြီ။ ဤရဟန်းကြီး၏ ပျက်စီးကြောင်းကို ကြံပါသော်လည်း မကြံနိုင်၍ တွေမှိုင်ရတော့သည်" ဟု အကြောင်းကို ပြောဆိုလေ၏။ ထိုစကာကိုကြားလျှင် သမီးသုံးယောက်တို့က "ဖခင်၊ မစိုးရိမ်လင့်။ ငါတို့ မိန်းမမာယာအစွမ်းဖြင့် ဤရဟန်းကြီးကို ဖျောင်းဖျ၍ ဖခင်နိုင်ငံသို့ ပါအောင်ပြုအံ့" ဟု ဝန်ခံကြ၍၊ တစ်ယောက်ကား တစ်ဆယ့်သုံးနှစ် အရွယ်၊ တစ်ယောက်ကား တစ်ဆယ့်နှစ်နှစ် အရွယ်၊ တစ်ယောက်ကား တစ်ကြိမ်သားဖွားပြီးသော မိန်းမအရွယ်ဖြင့် တင့်တယ်စွာတန်ဆာဆင်ပြီးလျှင် ဘုရားရှိရာသို့ကပ်၍ ခြေတော်ရင်း၌ အလုပ်အကျွေးပြုလုပ်လိုပါကြောင်း တောင်းပန်လာသည်ကို ပယ်ခွာတော်မူလျက်–

'ယဿ ဇိတံ နာဝဇီယတိ၊ ဇိတမဿ နော ယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓ, မနန္တဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။
ယဿ ဇာလိနီ ဝိသတ္တိကာ၊ တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓ, မနန္တဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ' ဟူသော ဂါထာတို့ကို ဟောတော်မူသည်။

အနက်ကား – မာရဓီတရော၊ မာရ်မင်းရင်နှစ် သမီးချစ်တို့။ ယဿ၊ အကြင်မြတ်စွာဘုရားအား။ ဇိတံ၊ အောင်အပ်လှစွာသော ကိလေသာကို ကောင်းစွာအောင်တော်မူသည်ဖြစ်၍။ နာဝဇီယတိ၊ တစ်ဖန် မရှုံးနိုင်ပြီ။ အဿ၊ ထိုမြတ်စွာဘုရားသည်။ ဇိတံ၊ အောင်ပြီးသော ကိလေသာရန်သူကို။ လောကေ၊ လောကသုံးပါး၌။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ နော ယာတိ၊ တစ်ဖန်ထပ်ကာ ရန်မူလာအောင် မဆောင်နိုင်ချေ။ အပဒံ၊ တဏှာဟူသော အကြောင်းလည်း ကင်းထသော။ အနန္တဂေါစရံ၊ အဆုံးမထင် အကုန်မြင်သော သဗ္ဗညုတဉာဏ်လျှင် အာရုံရှိထသော။ တံ ဗုဒ္ဓံ၊ ထို မြတ်စွာဘုရားကို။ ကေန ပဒေန၊ အဘယ်အကြောင်းဖြင့်။ တုမှေ၊ သင် နတ်သမီးတို့သည်။ နေဿထ၊ ဆောင်နိုင်ကုန်လတ္တံ့နည်း။

မာရဓီတရော၊ မာရ်မင်းရင်နှစ် သမီးချစ်တို့။ ယဿ၊ အကြင်မြတ်စွာဘုရားအား။ ဇာလိနီ၊ ကွန်ရက်နှင့်လည်း တူထသော။ ဝိသတ္တိကာ၊ ငါးပါးအာရုံ ကာဂုဏ်၌ ခုံမင်ကပ်ငြိတတ်ထသော။ တဏှာ၊ တဏှာသည်။ နတ္ထိ၊ မရှိပြီ။ တဿ၊ ထိုမြတ်စွာဘုရားအား။ ကုဟိဉ္စိ၊ တစ်စုံတစ်ရာ အယုတ်မာသို့။ နေတဝေ၊ ဆောင်ခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်ရာ။ အပဒံ၊ တဏှာဟူသောအကြောင်းလည်း ကင်းပြီးထသော။ အနန္တဂေါစရံ၊ အဆုံးမထင် အကုန်မြင်သော သဗ္ဗညုတဉာဏ်လျှင် အာရုံရှိထသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။



www.burmeseclassic.com

www.burmeseclassic.com



ကေန ပဒေန၊ အဘယ်အကြောင်းဖြင့်။ တုမှေ၊ သင် နတ်သမီးတို့သည်။ နေဿထ၊ ဆောင်နိုင် ကုန်လတ္တံ့နည်း။

ဤဂါထာဖြင့် "ကိလေသာရန်သူကို အောင်တော်မူသောအခြင်းအရာကို ပြလျက် သင်တို့ဖျောင်းဖျသော အမူအရာသည် ရာဂ, ဒေါသ, မောဟ, အဘိဇ္ဈာ စသော အညစ်အကြေးမကင်း။ သိမ်ဖျင်းယုတ်ညံ့သော သတ္တဝါသာလျှင် ဝမ်းသာနစ်သက် စုံမက်လိမ့်မည်။ ငါဘုရားသည် ကိလေသာတရားတို့ကို ပယ်ရှားအောင်မြင် အပ်ပြီဖြစ်၍ သုသာန်၌စွန့်ပစ်အပ်သော သူကောင်ပုပ်ကဲ့သို့ စက်ဆုပ်တော်မူသည်" ဟု ကဲ့ရဲ့တော်မူသဖြင့်၊ နတ်သမီးသုံးယောက်တို့သည် "လောက၌ မြတ်သောအလှူကို ခံတော်မူထိုက်ပေ၏။ ကောင်းသောအလား ရှိပေ၏။ လူအပေါင်းတို့ တပ်အပ်သောအရာ၌လည်း ဆုံးမတော်မူနိုင်ပေ၏" ဟု ဆို၍ မာရ်နတ်မင်းထံသို့ ပြန်ကြရလေကုန်၏။

---

ထို့နောက် 'ဟုံဟုက်' မည်သော ပုဏ္ဏားသည် ဘုရားထံသို့လာ၍ "အရှင်ဂေါတမ၊ အဘယ်သို့သောသူသည် 'ဗြာဟ္မဏ' မည်ပါသနည်း" ဟု မေးလျှောက်သည်တွင်၊ "ပုဏ္ဏား၊ အကြင်သူသည် တဟုန်းဟုန်းတက်သော အမျက်ကင်းကွာလျက် သတ္တဝါတို့အား သနားချစ်ခင်ခြင်းလည်း ရှိ၏။ ရာဂစသော ကိလေသာတို့ကိုလည်း ပယ်ခွာစွန့်ပစ်တတ်၏။ မြတ်သည်ဟု သမုတ်အပ်သော ပုညကြိယာဝတ္ထုတို့၌သာ ပျော်၏။ ထိုသူသာလျှင် မြတ်ရာသို့ သွားအံ့သည်ဖြစ်၍ ဗြာဟ္မဏမည်၏" ဟု ဖြေတော်မူသည်။

ဤသို့ မာရ်နတ်မင်းသမီး သုံးယောက်၊ ဟုံဟုက်ပုဏ္ဏားတို့အား တရားအမြွက် တိုက်ကျွေးတော်မူလျက် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူရာအရပ်သည် 'အဇပေါလ သတ္တာဟ' မည်၏။

။ ၆ ။

ထို့နောက် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာ (ဝါ) နှစ်ဆယ့်ကိုးလံကွာတွင် 'မုစလိန္ဒာ'မည်သော အိုင်၏အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးနေတော်မူရာ စကြဝဠာတိုက်အလုံး နှံ့အောင်ရွာသော အခါမဲ့မိုးကြီး ဇွေသည်တွင် မုစလိန္ဒနဂါးမင်းသည် မိမိဗိမာန်မှထွက်၍ မြတ်စွာဘုရားအား တစ်စုံတစ်ခုသော ဖြုတ်, ခြင်, ယင်ရဲ စသည်တို့ မထိပါးစေခြင်းငှာ လည်းကောင်း၊ အပူ, အချမ်း, လေကြမ်း, မိုးဖွဲတို့သည် မညှဉ်းဆဲစေခြင်းငှာ လည်းကောင်း ရတနာအတိပြီးသော ဗိမာန်ကိုဖန်ဆင်းလျက် လှူခြင်းငှာတတ်နိုင်လျက်လည်း မိမိကိုယ်ဖြင့် ကသိုလ်ပြုခြင်းငှာ ကြီးစွာသောကိုယ်ကို ဖန်ဆင်း၍ တစ်ပိုင်းတစ်ခွေကို ပလ္လင်ခင်းပြီးသော် ကိုယ်တော်ကို ခုနစ်ရစ်ပတ်ရံလျက် ဦးခေါင်းတော်ထက်က ပါးပျဉ်းဖြင့်အုပ်မိုး၍ မိုးမစွတ်ရအောင် တည်လာသည်။ မြတ်စွာဘုရားလည်း နဂါးမင်း၏ အခွေထက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စား၍ နေတော်မူသည်။ ခုနစ်ရက်စေ့၍ မိုးစဲသောကာလမှ နဂါးမင်းသည် လုလင်ယောင်ဖန်ဆင်းလျက် ရှေ့တော်၌ ရှိခိုး၍နေလေသော်–



www.burmeseclassic.com

www.burmeseclassic.com



'သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော' စသော ဥဒါန်းစကားဖြင့် "လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီးသော ရဟန္တာသည် လွန်စွာချမ်းသာ၏။ ထို့အတူ သတ္တဝါအပေါင်းတို့၌ တိုက်ခိုက်ထိပါးတတ်သော ဒေါသ၏ကင်းခြင်းသည် အလွန်ချမ်းသာ၏။ ကာမဂုဏ်ငါးပါး၌ လိုက်စားတပ်ငြိတတ်သော ရာဂ၏ကင်းခြင်းသည်လည်း အလွန်ချမ်းသာ၏။ ငါဟူသော မာန်ယစ်ခြင်းကို ခွာ၍ သတ္တဝါတို့အား မညှဉ်းဆဲဘဲ သည်းခံခြင်းသည်လည်း အလွန်ချမ်းသာ၏"ဟု ဟောတော်မူရာအရပ်သည် 'မုစလိန္ဒ သတ္တာဟ' မည်၏။

။ ၇ ။

ထို့နောက် မဟာဗောဓိပင်မှ တောင်မျက်နှာ အလံလေးဆယ်ကွာတွင် လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး သမာပတ်ကို ဝင်စားတော်မူ၍ ခုနစ်ရက်စေ့သောနံနက်၌ မျက်နှာသစ်တော်မူလိုသော အကြံတော်ဖြစ်လေသော် သိကြားမင်းသည် ကြစုသီး၊ ကွမ်းရိုးဒန်ပူ၊ အနော်တတ်ရေများကို ကပ်လှူလာ၍ သုံးဆောင်တော်မူပြီးစအခါတွင် ရာမညတိုင်း ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ဘုရားရှင်ရှိရာအရပ်သို့ ရောက်လေသော် မိမိတို့အဆွေဖြစ်ဖူးသော နတ်က လှည်းကို မသွားနိုင်အောင်ချုပ်နှောင်၍ ဗလိနတ်စာပြုသောကာလ နတ်ကကိုယ်ထင်ပြလျက် "လောကသုံးပါးတွင် အတုမရှိသောဘုရားထင်ရှားဖြစ်တော်မူ၍ ယခု လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူသည်။ သင်တို့ အကျိုးစီးပွား များလိုမူကား တစ်စုံတစ်ခုဖြင့် လှူဒါန်းပူဇော်ချေ" ဟု ဆို၏။

ထိုစကားကိုကြားလျှင် ညီနောင်နှစ်ပါးတို့သည် အားရဝမ်းသာရှိ၍ မိမိတို့တွင်ပါသော ကြွက်ကျစ်မုန့်၊ ပျားဆုပ်မုန့်တို့ကို ယူ၍ကပ်လာ၏။ ထိုအခါ ဃဋိကာရဗြဟ္မာလှူသော သပိတ်တော်သည် သုဇာတာ နို့ဆွမ်းလှူစကပင် ကွယ်ခဲ့၍ 'အဘယ်ဝတ္ထုဖြင့်ခံသော် လျော်အံ့နည်း။ နောင်တော်ဘုရားတို့သည် အဘယ်ဝတ္ထုဖြင့် ခံသနည်း' ဟု ရှုတော်မူသော် နောင်တော်ဘုရားတို့သည် သပိတ်တော်ဖြင့် ခံတော်မူကြသည်ကိုမြင်၍ သပိတ်တော်ကို အောက်မေ့လျက် ထိုမုန့်ကိုခံလိုသော အကြံတော်ဖြစ်လေသော် စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ဣန္ဒနီလာ ကျောက်ညိုဖြင့်ပြီးသော သပိတ်လေးလုံးကို ကပ်လာ၏။ ဘုရားသခင်လည်း ထိုသပိတ်ကို ခံတော်မမူ။ ယင်းသို့ ခံတော်မမူသော် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူပြန်၏။ ထိုကျောက်သပိတ်ကို ခံတော်မူလျက် လေးလုံးသောသပိတ်ကို ဓိဋ္ဌာန်၍နှိပ်လျှင် အနားရေး လေးခုရှိသော သပိတ်တစ်လုံးတည်း ဖြစ်သဖြင့် ထိုသပိတ်နှင့် ခံတော်မူ၏။ ထို ကုန်သည်ညီနောင်တို့အားလည်း-

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ' ဟူသော 'ဒွေဝါစိက' သရဏဂုံကို ပေးတော်မူသည်။ ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓာတ် တစ်လက်ဆုပ်ကိုလည်း အပ်တော်မူလိုက်၏။ ဤအရပ်သည် 'ရာဇာယတန သတ္တာဟ' မည်၏။



www.burmeseclassic.com

www.burmeseclassic.com



သတ္တဋ္ဌာနရှင်းချက် ။ ။

ဤစကားစဉ်၌ ဗောဓိပင်နှင့် သတ္တဋ္ဌာန နေရာအရပ် မျက်နှာတို့ကား သင်္ဂါယနာဝင် အဋ္ဌကထာကြီးတို့၌ တိုက်ရိုက်သေချာစွာလာ၏။ အဝေးအကွာ တောင်တာ လက်သစ်များကား မလာ။ အာစရိယ ပရမ္ပရ ရေးထားကြသော ဗောဓိဝင်စာကိုယ် ဋီကာ, ဗောဓိဝိဘာဝနီစသော ကျမ်းငယ်တို့၌သာ လာသည်။ ယင်းသို့လာသော်လည်း စာတစ်စောင်နှင့် တစ်စောင် မညီကြ။ ယုတ္တိရသည်ကို မှီ၍သာ ဆိုရသည်။ ထိုစကား ရပ်တို့တွင်

'ပလ္လင်တော်သည် ဗောဓိပင်မှ အရှေ့မျက်နှာ'ဟူသောစကားကို

'ပုရတ္ထိ မဒိသာဘာဂံ ဂန္တွာ ပစ္ဆိမာဘိမုခေါ အဋ္ဌာသိ။

ပုရတ္ထိမဒိသာဘာဂေ ပန သဗ္ဗဗုဒ္ဓါနံ ပလ္လင်္ကဋ္ဌာနံ အဟောသိ' ဟူသော အပဒါန်အဋ္ဌကထာ, ၎င်းနည်းတူလာသော ဗုဒ္ဓဝင်အဋ္ဌကထာ, မဟာဝါအဋ္ဌ ကထာတို့ကို မှီ၍ ဆိုသည်။

'လေးတောင်ထွာခြား၏' ဟူသောစကားကို

'ဗောဓိဿ သမီပေ ဝိဒတ္ထာဓိက စတုဟတ္ထဗ္ဘန္တရေ ဌာနေ ပဝတ္တော ပလ္လင်္ကော' ဟူသော ပရိတ်ကြီးဋီကာကို မှီ၍ဆိုသည်။

'တစ်ဆယ့်လေးတောင် အပြောကျယ်၏'ဟူသောစကားကို

'တာနိ တိဏာနိ အဂ္ဂေ ဂဟေတွာ စာလေသိ၊ တာဝဒေဝ စုဒ္ဒသဟတ္ထော ပလ္လင်္ကော အဟောသိ'ဟူသော အပဒါန်အဋ္ဌကထာ, ၎င်းနည်းတူလာသော ဗုဒ္ဓဝင် အဋ္ဌကထာ, ဇာတ်အဋ္ဌကထာ, 'စုဒ္ဒသဟတ္ထဝိတ္ထတံ တိဏသန္ထာရံ'ဟူသော ၎င်းအဋ္ဌကထာတို့ကို လည်းကောင်း၊ 'ပထဝိတော အမုတ္တော ဟုတွာ သဏ္ဌာတော'ဟူသော မဏိဒီပပါဠိ၊ 'တိဏသန္ထာရံ ပလ္လင်္ကံ၊ တံ ဘူမိတော ကေသဂ္ဂမတ္တမ္ပိ ဥဒ္ဓံ န ဇေတိ' ဟူသော မဓုသာရတ္ထဒီပနီ ပါဠ်ကိုမှီ၍ ဆိုသည်။

အရဏဝတီသုတ်၌ကား –

'တိဏသန္ထာရံ သန္ထရိတွာ စတုဒ္ဒသ ဟတ္ထပ္ပမာဏော ပလ္လင်္ကော ဥဋ္ဌဟိတွာ ပလ္လင်္ကေ နိသီဒိတွာ' စသည်ဖြင့် တစ်ဆယ့်လေးတောင် ပမာဏရှိသော ပလ္လင်ပေါ်က်သည်ဟု ဆို၏။

ဤ ဥဋ္ဌဟိတွာပါဠ်ကိုမှီ၍ ပရိတ်ကြီးဋီကာဆရာလည်း 'ပထဗျာ ဥဋ္ဌိတော သဗ္ဗရတနမယော စုဒ္ဒသဟတ္ထုစ္စဝိတ္ထာရော တဒနုကူလာ ယာမော ဘူမိကဏ္ဍိကော အပရာဇိတပလ္လင်္ကော' ဟူ၍ အမြင့်အစောက် တစ်ဆယ့်လေးတောင်, အပြန့်အကျယ် တစ်ဆယ့်လေးတောင်တို့နှင့် လျော်သောအလျားရှိကြောင်းကို ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများသည် ယခင်ကျမ်းများနှင့်မလျော်။ ယင်းသို့မလျော်လျက် ကျမ်းဂန် အရေးအခင်း၌ မြင်းပြေးသကဲ့သို့ ပဋိဘာန်ရှိတော်မူသော အရှင်သီလဝံသ ထေရ်မြတ် သည်
'ဗောဓိညောင်ရွှေ ဗုဒ္ဓဟေအောက် ဆန်းကြယ်ပေါက်သား ရောင်တောက်'ပလ္လင် သမိုက် ပြင်ထက်' ဟူ၍ အဘယ်ကြောင့် စပ်ပြန်သနည်းဟူမူ လောက၌ 'ဆားဆပ်ပြာ ပေါက်သည်' ဟူသော စကားကဲ့သို့ ဝေါဟာရမျှကို လိုက်၍စပ်သည်ဟု ယူရမည်ဟူ၍ အဋ္ဌသာလိနီဂဏ္ဌိ၌ မိန့်၏။

အနိမိသသည် မဟာဗောဓိမှ အရှေ့မြောက် ဟူသောစကားကို
'ပလ္လင်္ကတော ဤသာန် ပါစိနနိသိတေ ဥတ္တရဒိသာဘာဂေဌတ္ဘာ' ဟူ၍ အဋ္ဌ ကထာကြီး လေးကျမ်းနှင့်အညီ လာသည်ကို မှီ၍ဆိုသည်။
'တစ်ဆယ့်လေးလံကွာ' ဟူသောစကားကို ယုတ္တိရသော စာဟောင်းမှတ်ပုံကိုမှီ၍ ဆိုသည်။ ဗောဓိဝိဘာဝနီ၌ ပလ္လင်နှင့် အနိမိသ လေးလံကွာ ဟု ဆိုသည်။ သမိုင်းမှတ်ပုံတို့၌ တစ်ဆယ့်လေးလံကွာ ဆိုသည်။ ထိုစကားသုံးရပ်ကို စပ်၍ ညှိသော် အနိမိသနှင့် မဟာဗောဓိအကြား **စင်္ကမဌာနခြားရကား** တစ်ဆယ့်လေးလံကွာဟူ သော သမိုင်းစကားသာ သင့်မြတ်သည်ဟု ဆရာကြီးတို့ ဆိုကြသည်။

'ရတနာစင်္ကြံ' ဟူသည်လည်း အမှတ်မဲ့ ဘုရားကြွတော်မူသည့်နေရာသာ မဟုတ်။ နတ်တို့ဖန်ဆင်းအပ်သော ရတနာအတိပြီးသောစင်္ကြံ ဖြစ်သည်။ ထို့ကြောင့် 'ရတနစင်္ကမေတိ ဒေဝတာဟိ မာပိတေ ရတနမယေ စင်္ကမေ' ဟု တေရသကဏ်ဋီကာ မိန့်သည်။

'အလျား အတောင်ခြောက်ဆယ်'ဟူသောစကားကို -
'ပုထုလတော ပန ဒီဃမုရတန် ဒွိသု ပဿေသု ရတနမတ္တံ အနုစင်္ကမံ ဒီဃတော သဋ္ဌိဟတ္ထံ မုဒုတလံ သမဝိပ္ပကိဏ္ဏဝါဠုကံ စင်္ကမံ တတ္တတိ' ဟူသော အဘိဓမ္မာ အဋ္ဌကထာကို မှီ၍ ဆိုသည်။

ဗောဓိပင်မှ အတောင်လေးဆယ်ကွာ ဟူသောစကားကို -
'ဓဝံဗောဓိ သမီပေယေဝ စတ္တာရိ သတ္တာဟာနိ ဝီတိနာမေသိ' ဟူသော အဋ္ဌကထာကြီး လေးစောင်၊
'တတော ပစ္ဆိမဒိသာဘာဂေ ဒေဝတာ ရတနဃရံ မာပယိံသု' ဟူသော မဟာဝါအဋ္ဌကထာ၌ 'တတော'၏အရကို အနိမိသ၏အကြား **စင်္ကမဌာနကိုစွဲ၍** အနုမာနအားဖြင့် လည်းကောင်း၊ မှတ်ပုံကိုမှီ၍ လည်းကောင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗောဓိဝိဘာဝနီ၌ နှစ်ဆယ့်သုံးလံ ခြားသည်။ ဗောဓိဝင်၌ အလံလေးဆယ် ခြားသည်။ မှတ်ပုံ၌ သုံးဆယ်ခြားသည်ဟု ဆိုသည်။

အဘိဓမ္မာပိဋကတ်ကို သုံးသပ်ဆင်ခြင်သည်ဟု အဋ္ဌကထာ အစောင်စောင်ရှိလျက် ဝိနည်းသုတ္တန်တို့ကိုလည်း သုံးသပ်၏ဟူသောစကားကို –

'ဝိသေသတော စေတ္ထ အဘိဓမ္မပိဋကံ ဝိစိနန္တော သတ္တာဟံ ဝီတိနာမေသိ' ဟူသော မဟာဝါအဋ္ဌကထာ၏ သိဒ္ဓေယျသိဒ္ဓိကို လည်းကောင်း၊

'န ကေဝလံ အဘိဓမ္မမေဝ၊ ဝိနယ သုတ္တန္တာနိပိ သမ္မသိ' ဟူသော သုမင်္ဂလ ဝိလာသိနီ ဋီကာသစ်ကို လည်းကောင်း မှီ၍ဆိုသည်။

'အဇပါလညောင်ပင်သည် ဗောဓိပင်မှအရှေ့'ဟူသောစကားကို –

'ဗောဓိတော ပုရတ္ထိမဒိသာဘာဂေ ဧသ ရုက္ခော အဟောသိ'ဟူသော ဝိနည်း အဋ္ဌကထာကို မှီ၍ ဆိုသည်။ ကြွင်းသော အဋ္ဌကထာသုံးကျမ်း၌ အရပ်ညွှန်း မရှိ။

'သုံးဆယ့်နှစ်လံကွာ'ဟူသောစကားကို ဗောဓိဝိဘာဝနီ စသော စာငယ်အစောင်စောင် ညီကြ၍ ဆိုသည်။

'မုစလိန္ဒအိုင်သည် ဗောဓိပင်မှ အရှေ့တောင်'ဟူသောစကားကို –

'မုစလိန္ဒ မူလာတိ မဟာဗောဓိတော ပါစီနကောဏေ ဋ္ဌိတာ မုစလိန္ဒမူလာ' ဟူသော မဟာဝါ အဋ္ဌကထာကို မှီ၍ဆိုသည်။

'ငါးဆယ့်တစ်လံကွာ' ဟူသောစကားကို ဗောဓိဝိဘာဝနီကို မှီ၍ဆိုသည်။

သမိုင်းစာငယ်များမှာ 'နွားလားဥသဘ တစ်တွန်ကွာ' ဟူ၍လည်းကောင်း၊ 'သုံးဆယ့်ငါးလံကွာ' ဟူ၍လည်းကောင်း၊ 'နှစ်ဆယ့်သုံးလံကွာ' ဟူ၍လည်းကောင်း ဆိုကြသည်။

'ရာဇာယတန' အရပ်ညွှန်းကို မဟာဝါအဋ္ဌကထာ၌ လာသည်။

'အလံ လေးဆယ်ကွာ' ဟူသောစကားကို ကျမ်းငယ်များစွာ လာသည်ကိုမှီ၍ ဆိုသည်။ အချို့သမိုင်းများမှာ 'တစ်ဆယ့်ငါးလံကွာ'၊ အချို့မှတ်ပုံမှာ 'တစ်ဆယ့်တစ်လံကွာ' ဟု ဆို၏။

ဤကား ကျမ်းများမညီကြ၍ အပွဲသုတတို့အား ဥပါရမ္ဘ ကင်းစိမ့်သောငှာ ပြဆိုလိုက်သည်။]



www.burmeseclassic.com

www.burmeseclassic.com



## ။၁၁။ သဟမ္ပတိဗြဟ္မာမင်း တရားဟောရန် တောင်းပန်ခြင်း

ဤသို့ သတ္တသတ္တာဟ စေ့တော်မူလျှင် လင်းလွန်းပင်မှသည် အဇပါလညောင်ပင်ရင်းသို့ တစ်ဖန်ကပ်တော်မူပြန်၍ နေတော်မူသောအခါ ဤသို့သောအကြံတော် ဖြစ်၏။ 'ငါ သိအပ်သောတရားတော်သည် မြင်းမိုရ်တောင်ဖြင့် ဖုံးလွှမ်းအပ်သော မုန်ညင်းသီးကဲ့သို့ အလွန်သိမ်မွေ့နက်နဲ မြင်နိုင်ခဲ၏။ ပဋိစ္စသမုပ္ပါဒဓမ္မသည်လည်း ပံသုပထဝီ၏အောက်၌ ဖြစ်သော မြေဆီသြဇာကဲ့သို့ လွန်စွာ နက်နဲခက်ခဲလှ၏။ ဤလောက၌ဖြစ်ကုန်သော သတ္တဝါတို့သည် ပညာနည်းပါးကာ ကိလေသာသာလျှင်များရကား စဉ်းစားခြင်း အလွန်နည်းပါးကြ၏။ ကာမဂုဏ်ငါးပါး၌သာ လိုက်စားပျော်မွေ့ကြ၏။ ငါ ဟောပြောသော်လည်း တရားတော်ကို မမြင်နိုင်ကုန်ရာ။ ငါ ပင်ပန်းရုံသာ ရှိချိမ့်မည်' ဟု တရားမဟောလိုသော အကြံတော်ဖြစ်လတ်လျှင်၊ ကဿပဘုရားရှင်သာသနာတော်၌ 'သဟကသ'မည်သော ပထမဈာနလာဘီ ရဟန်းသည် စုတေ၍ ပထမဈာန်ဘုံ၌ ဖြစ်လေသော သဟမ္ပတိဗြဟ္မာမင်း သိလေ၍ 'နဿတိ ဝတ ဘော လောကော' ဟူသောစကားဖြင့် ကြွေးကြော်လျက် နတ်ဗြဟ္မာအပေါင်းတို့ကိုခေါ်၍ ဘုရားသခင်ထံလာပြီးလျှင် မြင်းမိုရ်တောင်လုံးမျှလောက်သော ရတနာပန်းကုံးဖြင့် ပူဇော်လျက် –

'ဒေသေတု ဘန္တေ ဘဂဝါ၊ ဓမ္မံ ဒေသေတု သုဂတော' စသော ဂါထာဖြင့် "အရှင်ဘုရား။ တရား ဟောတော်မူပါ။ သတ္တဝါတို့အား တရားဟောရွတ် ချွတ်ခြင်းငှာလျှင် ပါရမီသုံးဆယ်ကို ဖြည့်တော်မူပါသည်။ ကိုယ်တော်ဘုရားမှ တရားမဟောချေသော် ဘယ်သူလာ၍ ဟောပါအံ့နည်း။ ယခုအခါ မဂဓရာဇ်တိုင်း၌ ပူရဏကဿပ, မက္ခလိဂေါသာလ, ပကုဓကစ္စာယန, နိဂဏ္ဌနာဋပုတ္တ, အဇိတကေသကမ္ဗလ, သိဉ္စည်း၊ ဤခြောက်ယောက်သောသူတို့သည် ဘုရားမဟုတ်ဘဲလျက် 'ဘုရား'ဟု ဝန်ခံ၍ များစွာသောသတ္တဝါတို့ကို လှည့်ပတ်လျက် မိစ္ဆာဝါဒကို ပြ၍နေကြချေပြီ။ အပါယ်လေးပါး တံခါးဟင်းလင်း ပွင့်ချေပြီ။ နတ်ရွာနိဗ္ဗာန်ဝင်ရန် တံခါးပိတ်ချေပြီ။ တရားစည်ကြီး တီးတော်မူပါ။ အပါယ်တံခါးပိတ်တော်မူပါ။ နတ်ရွာတံခါး ဖွင့်တော်မူပါ။ ကျွတ်ထိုက်သောသတ္တဝါလည်း ရှိပါလိမ့်မည်။ ထိုသူတို့အား တရားမိုးဖြင့် သွန်းဖြိုးတော်မူပါ" ဟု တောင်းပန်၏။ ထိုသို့တောင်းပန်လျှင် အာသယာနုသယ, ဣန္ဒြိယပရောပရိယတ္တဉာဏ်တည်းဟူသော ဘုရားရွှေမျက်စိဖြင့် ကျွတ်လတ္တံ့သောသူကို ရှု၍မြင်တော်မူသဖြင့် ပဋိညာဉ်ပေးတော်မူ၏။

ထို့နောက်မှ တရားဟောရအံ့သောသူကို ကြည့်တော်မူသော် 'ကာလာမအမျိုးဖြစ်သော အာဠာရ ရသေ့သည် ပညာအဆင်အခြင် လျင်လျားလှသည်။ တရားဟောရသော် လျင်စွာ သိလတ္တံ့' ဟု အကြံဖြစ်၏။ ထိုအခါ နတ်သားတစ်ယောက်သည် "အရှင်ဘုရား။ အာဠာရရသေ့ သေလွန်၍ ခုနစ်ရက် ရှိချေပြီ" ဟု လျှောက်၏။ ဘုရားသခင်လည်း ထိုရသေ့ သေလွန်၍ အာကိဉ္စညာယတနဘုံ၌ ဖြစ်သည်ကို မြင်တော်မူသော် 'အာဠာရရသေ့သည် ရှုံးခြင်းကြီး ရှုံးလေစွ။ ငါ့တရားကို နာရမူ ကိစ္စပြီးငြိမ်းလေရာ၏' ဟု အောက်မေ့လျက် ရင်ကိုသပ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ 'အဘယ်သူအား တရားဟောရအံ့နည်း'ဟု အကြံတော်ဖြစ်ပြန်သော် ရာမမင်း၏မင်းသားဖြစ်သော ဥဒကရသေ့ကို မြင်တော်မူ၍ ထိုရသေ့အား တရားဟောလိုသောအကြံ ဖြစ်ပြန်လျှင်၊ ယခင်နတ်က 'ဥဒကရသေ့သည် ယမန်နေ့သန်းခေါင်ယံတွင် သေလွန်ကြောင်း' ကို လျှောက်ပြန်၏။ ဘုရားသခင်လည်း ဥဒကရသေ့ သေလွန်၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်သည်ကို မြင်တော်မူသော် "ဤရသေ့လည်း ရှုံးခြင်းကြီး ရှုံးလေစွ" ဟု လက်ခုပ်ခတ်တော်မူ၏။

ထို့နောင်မှ တရားဟောရအံ့သောသူကို ရှုပြန်လျှင် တင်ပေဖူးသော ကျေးဇူးရှိသော ပဉ္စဝဂ္ဂီတို့ကို မြင်တော်မူ၏။ ထိုသို့မြင်ပြီးမှ အဇပါလညောင်ပင်ရင်း၌ နှစ်ရက်,သုံးရက်ခန့် စံတော်မူပြီးလျှင် အစဉ်အတိုင်း ဗာရာဏသီပြည်သို့ ရှေးရှုကြွတော်မူလတ်သော် မဟာဗောဓိနှင့် ဂယာသီသ၏အကြား၌ 'ဥပက' အမည်ရှိသော တက္ကတွန်းကို တွေ့၍ –

ထိုတက္ကတွန်းက "ငါ့ရှင်၊ သင်၏ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဖွယ် ရှိပေ၏။ သန့်ရှင်းစင်ကြယ် သပ္ပာယ်ပြည့်ဖြိုးလျက် ပြိုးပြိုးပြက်မျှ ထွက်ထွန်းသောအရောင်လည်း ရှိပေ၏။ အဘယ်သူကိုရည်မှန်းလျက် ရဟန်းပြုဘိသနည်း။ သင့်ဆရာကား အဘယ်သူနည်း။ သင်ကာ အဘယ်အမည် ရှိသနည်း" ဟု မေး၏။

မြတ်စွာဘုရားလည်း "ချစ်သား ဥပက၊ ငါကား ကိလေသာရန်သင်းကို နှိမ်နင်းဖျက်ဆီး၍တည်သဖြင့် အလုံးစုံ ဘုံသုံးပါး၌ဖြစ်သော တရားအပေါင်းကို သိတော်မူ၍ တေဘူမကခမ္မခပ်သိမ်းတို့၌ လိမ်းကျံကပ်ငြိခြင်းမှ ကင်းတော်မူ၏။ အလုံးစုံသော အကုသိုလ်တရားကို ပယ်ရှားစွန့်ခွာ၍ တဏှာ၏ကုန်ရာ နိဗ္ဗုတာအောင်ဘုံကို အာရုံပြုဘိသဖြင့် ကိလေသာအပေါင်းတို့မှ လွတ်၏။ ချစ်သားဥပက၊ စတုဘူမက ဓမ္မအလုံးစုံကို အလိုလိုသာ ငါ သိတော်မူရကား လောကသုံးပါး၌ ထင်ရှားပြစရာ ငါ့ဆရာသည် အဘယ်မှာ ရှိတော့အံ့နည်း။ ငါ့အမည်ကာ ငါးပါးသောမာရ်ကို ပယ်လှန်အောင်ဘိ၍ 'အနန္တဇိန' မည်သတည်း" ဟု ပြတော်မူခြင်းငှာ –

'သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊ သဗ္ဗေသု ဓမ္မေသု အနုပလိတ္တော။

သဗ္ဗံ ဇဟော တဏှာက္ခယေ ဝိမုတ္တော၊ သယံ အဘိညာယ ကမုဒ္ဒိသေယျံ' အစရှိသော ဂါထာကို မိန့်တော်မူလျှင် "အရှင်ဂေါတမ၊ ဟုတ်ရာပေ၏။ သို့ရာတွင် သင်ကား ယခု အဘယ်သို့ ကြွအံ့နည်း"ဟု မေးပြန်၏။ "ချစ်သား ဥပက၊ သမုဒ္ဒရာ ဂင်္ဂါ သဲလုံးမျှပွင့်ကြကုန်သော ဗုဒ္ဓတို့ဓမ္မတာ ဓမ္မစကြာဟူသော တရားစည်ကြီးကို တီးတော်မူခြင်းငှာ ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောကြီးသို့ ငါ ကြွတော်မူအံ့" ဟု မိန့်တော်မူလေသော်၊ 'ဟုပေယျာအာဝုသော' ဟူသောစကားကို ဆိုလျက် ခေါင်းညိတ်ပြီးလျှင် ခရီးလွှဲ၍ 'ဝင်္က' မည်သောဇနပုဒ်သို့ သွားလေ၏။

ထိုဥပကသည် ဝင်္ကဇနပုဒ်၌ မုဆိုးရွာငယ်တစ်ခုကို မှီ၍ ဤရွာတွင် အကြီးဖြစ်သော 'စဏ္ဍာမိ'မုဆိုး၏ ကိုးကွယ်လုပ်ကျွေးခြင်းကိုခံလျက် ခြံစောင်ရန်းအတွင်းဝယ် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်တစ်ခုဖြင့် နေ၏။ ထိုမုဆိုးဝယ် ရှုချင့်စဖွယ် တင့်တယ်လှစွာ 'စာပါ'ဟူသော သမီး ငယ်တစ်ယောက်သာ ရှိ၏။

တစ်ရံရောအခါ စဏ္ဍာမိ မုဆိုးသည် ဝေးစွာသော သမင်တောသို့သွားခြင်းငှာ ရိက္ခာ စားနပ်ပြင်ဆင်ပြီးသော် သမီးစာပါကို ခေါ်၍ "ငါတို့ဆရာ ရဟန္တာမြတ်ကို လျော်ပတ် ကောင်းမွန်စွာ လုပ်ကျွေးရစ်လော့။ မမေ့မလျော့စေနှင့်" ဟု မှာထားခဲ့၍ များစွာသော အဖော်တို့နှင့် တောသို့ဝင်လေ၏။

အဖထွက်၍ နှစ်ရက်မြောက်သောနေ့ရက် နံနက်သောအခါ ထိုစာပါလည်း ဆရာဥပက ရဟန်းအား ဆွမ်းပန်းလုပ်ကျွေးခြင်းငှာ တင့်တယ်စွာတန်ဆာဆင်ယင်လျက် ဘောဇဉ် ခဲဖွယ်တို့ကို စီရင်ပြီးသော် ဆွမ်းစားနေရာအနီး၌ စောင့်နေ၏။

ဥပကလည်း ဆွမ်းစားကာလ အချိန်တန်လျှင် သပိတ်သင်္ကန်းကို ပြင်ဆင်လျက် အိမ်သို့သွား၍ ခင်းထားအပ်သောနေရာ၌ နေပြီးသော်၊ အနီးသို့ကပ်၍ ဆွမ်းလုပ်ကျွေးလာ သော စာပါ၏အဆင်းပြင်လျာ အမူအရာအလုံးစုံကို မြင်လျှင် အသချေ်သောဘဝက အစ္စျတ္တသန္တာန်၌ ကိန်းစက်သောရာဂမီးသည် ညီးညီးပြောင်ပြောင် တောက်လောင်ဘိရကား စားမိသောဆွမ်းကိုမျှ မျို၍မကျနိုင်။ မေးပါးခိုင်ခိုင် ငေးမှိုင်ဝေနောက်လှသဖြင့် ခွက်ကဆွမ်းကို သပိတ်၌ထည့်သွတ်၍ နေအပ်သောကျောင်းသို့ သွားပြီးသော် လျော်ရာအရပ်၌ ဆွမ်းကို ထားလျက် အိပ်ရာထက်၌ ပက်လက်တလန်းကြားနေပြီးလျှင် "ရှင်စာပါကို ငါရမှ ချမ်းသာ တော့မည်၊ မရချေလျှင် သည်နေရာက သေရွာသို့ လိုက်တော့မည်။ စာပါကိုရလျှင် သည် ကထား၍ စံစားမည်" ဤသို့စသည်ဖြင့် တဖျစ်ဖျစ်မြည်လျက် ခုနစ်ရက်ပတ်လုံး နေ၏။

ခုနစ်ရက်မြောက်၍ မုဆိုးပြန်ရောက်သောအခါ သမီးစာပါကို "ငါ့ဆရာအား ကောင်းစွာ လုပ်ကျွေးပါ၏လော" ဟု မေးလျှင်၊ "ဖခင်ဆရာသည် အိမ်သို့ တစ်နေ့သာလာ၍ ဆွမ်းဩဇာကိုမျှမစားဘဲ လျင်လျားစွာပြန်၏" ဟု ပြောပေသော်၊ မုဆိုးလည်း "ဆရာသည် ဝေဒနာရှိသည် ဖြစ်လတ္တံ့." ဟုဆို၍ ကျောင်းသို့ သွားလေ၏။

ကျောင်းသို့ရောက်လျှင် ကိုယ်တွင် အဝတ်မကပ်, ပါးစပ်မှ တဖျစ်ဖျစ်မြည်၍နေသော ဥပကရဟန်း၏အမူအရာကို မြင်၍ "အရှင်ဘုရား၊ အဘယ်သို့ မချမ်းသာရှိသနည်း" ဟု မေး၏။ ဥပကလည်း အဘယ်စကားမျှ မပြန်ကြားဘဲ ညည်းတွားမြည်တမ်းလျက် တစ် ဘက်မှသည် တစ်ဘက်သို့ ပြန်၏။

မုဆိုးလည်း "အရှင်ဘုရား၊ အကျွန်ုပ်အား အကြောင်းကို ကြားလော့။ အားနာတော် မမူလင့်။ လိုအပ်သမျှသောဆန္ဒကို ပြည့်စုံစေအံ့"ဟုဆိုသော်၊ "အို ဒါယကာ။ ငါသည် သင်၏သမီး စာပါကြောင့်ပင်လျှင် ဤဖြစ်အင်သို့ ရောက်ချေ၏။ စာပါကိုမျှ ငါမရမူ ငါ့ အသက်ရှည်မည် မဟုတ်ပြီ" ဟု ပြော၏။

မုဆိုးလည်း "အရှင်ရဟန်း၊ အကျွန်ုပ်သမီး စာပါကိုရခြင်းသည် ခဲယဉ်းလှသည် မဟုတ်။ လူလုပ်သောသူတို့မည်သည်မှာ ပညာရှိမှ ဥစ္စာရသည်။ ဥစ္စာရှိမှ ချမ်းသာရသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးနိုင်သော ကိုယ့်စွမ်းပညာ, ဥစ္စာသာလျှင် ခဲယဉ်းပါသည်။ အဘယ်အတတ်ပညာကို အကျွန်ုပ်ဆရာ တတ်ပါသနည်း" ဟု မေး၏။

ထိုစကားကို ကြားလျှင် "အသင်မုဆိုး၊ ငါကား အဘယ်အတတ်ကိုမျှ မတတ်ပါ။ သင်၏အဖော်သာပြု၍ ရကစုသားငှက်ကို ထမ်းလျက် ဈေးလမ်း၌ရောင်းခြင်းငှာ တတ်နိုင်ပါ၏" ဟု ဆိုလေလျှင် -

"ရှင်ရဟန်း၊ အသိန်းအသန်းသောဥစ္စာကို ရှာနိုင်၏ဟူသော်လည်း အကျွန်ုပ် မနှစ်သက်။ သင် ထွက်၍ဝန်ခံသော အမှုကိုသာ နှစ်သက်ပါ၏။ ငါ့ပုဆိုးတစ်ပိုင်းကို ဝတ်၍ ယခုပင် အိမ်သို့ လိုက်ခဲ့လော့" ဟု ခေါ်ပြီးလျှင် သမီးစာပါနှင့် ထိမ်းမြား၏။

ကာလရှည်လျားလေသော် သားတစ်ယောက်ကိုရ၍ 'သုဘဒ္ဒ' ဟူသောအမည်ကို မှည့်၏။ ထိုသူငယ် ငိုယိုသောအခါ အမိစာပါလည်း လွန်စွာငေါက်ငမ်းလျက် "သားထမ်းသမား၏သား၊ မုဆိုးနောက်လိုက် လူထွက်မိုက်၏သား။ ငါ့အား အပူမရှာနှင့်" စသည်ဖြင့် တိုက်ခိုက်ထိပါးကာ ဆို၏။ ရံခါရံခါ သားကျူးရာ၌လည်း "နင့်ဘရူးနှမ်း ရဟန်းပေါ့ပျက်၊ ငါ့ကိုမက်၍၊ လူထွက်လာသည်၊ ပညာပေတုံး၊ ထမင်းဖြုန်းသည်၊ ခေါင်းတုံးမွဲ၏သား" ဤသို့ အစရှိသော သားကျူးခြင်းဖြင့် ပြက်ရယ်ဆို၏။

ထိုအခါ ဥပကလည်း "ငါ့ကို စာပါသည် ကိုးကွယ်ရာမရှိသူဟု ထင်မှတ်သလော။ လောကဓာတ်၌ ပြိုင်ဖက်မရ အနန္တဇိန အမည်ရသော ငါ့အဆွေဘုရားသည် ထင်ရှားစွာ ရှိ၏။ ထိုအဆွေထံ ငါ ပြန်၍ ရဟန်းပြုလျှင် သားတစ်ခုနှင့် ယခုပင် သင် မုဆိုးမ ဖြစ်တော့မည်"ဟု ကြိမ်းပလေ့ပြု၏။

စာပါလည်း "ငါဆိုသောစကားကို ဤလူထွက်ကား ရှက်လည်းရှက်၏။ နားလည်း ငြီးငွေ့၏"ဟု နေ့တိုင်းနေ့တိုင်း ကြိမ်ဖန်များစွာဆို၏။

ထိုသို့ ဆိုဖန်များသဖြင့် နားငြီးငွေ့လာလျှင် ရှင်စာပါအား မပန်ကြားဘဲ ဘုရားရှိရာ မဇ္ဈိမဒေသသို့ ရှေးရှုသွားလေ၏။

သာဝတ္ထိပြည်၏ ဇေတဝန်ကျောင်းသို့ရောက်လျှင် "ငါ့ ရှင်တို့၊ အနန္တဇိနသည် အဘယ်မှာ ရှိသနည်း"ဟု မေး၏။ ရဟန်းတို့လည်း ဘုရားသခင်က ရှေးမဆွကပင် "'အနန္တဇိန'ဟူသောအမည်ဖြင့် မေး၍လာသောသူကို ငါ့ထံသို့ ဆောင်ခဲ့"ဟု မှာတော်မူရင်းရှိသည်နှင့် ထိုဥပကကို ဘုရားထံသို့ဆောင်၍ ပြကြလေ၏။

ဘုရားသခင်ကို မြင်လျှင် "အရှင်ဘုရား၊ အကျွန်ုပ်အား သိတော်မူပါသေး၏လော" ဟု လျှောက်၏။ "ဥပါသကာ၊ ငါ သိသေး၏။ ယခုအခါ သင် အဘယ်အရပ်မှာ နေသနည်း" ဟု မေးတော်မူလျှင်၊ "အရှင်ဘုရား၊ အကျွန်ုပ်ကား ဝင်္ကဇနပုဒ်၌ မုဆိုးသမက် ဖြစ်၍နေပါသည်" ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း "အချင်းဥပက၊ အသက်အရွယ်လည်း ကြီးလှချေပြီ။ ဤလလော, နောက်လ,လောဟု သေရအံ့သောကာလကို တွေးတောရသောအခွင့်သို့ ရောက်ချေပြီ။ အဆီအသားမကပ်သော အမဲရွတ်ကို ဝါးသောသူ၏ပမာ ကာမချမ်းသာကို မြိန်နိုး၍ အကျိုးမဲ့သေရချေမှု လူ၏အဖြစ်ကို ရတော့မည်မဟုတ်ချေ။ သတိသံဝေဂ ဖြစ်ချိန်တန်ပြီ" ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား၊ ဟုတ်မှန်ပါ၏" ဟု ဝန်ခံလေ၏။

"ဟုတ်မှန်လျှင် သင် ရဟန်းပြုနိုင်ပါအံ့လော" ဟု မေးတော်မူ၏။ "အရှင်ဘုရား၊ ရဟန်းပြုခြင်းငှာ တတ်နိုင်ပါ၏။ အကျွန်ုပ်အား ရဟန်းပြုတော်မူပါလော့" ဟု လျှောက်လျှင်၊ ဘုရားသခင်လည်း လျင်စွာရဟန်းပြုတော်မူ၍ 'တစပဉ္စက ကမ္မဋ္ဌာန်း'ကို ပေးတော်မူ၏။

ဥပကရဟန်းလည်း ကမ္မဋ္ဌာန်းကို လွန်စွာအားထုတ်သဖြင့် အနာဂါမိဖိုလ်၌ တည်ပြီးမှ အသက်အတိုင်းနေ၍ စုတေခဲ့သော် 'အဝိဟာ'ဘုံ၌ ပဋိသန္ဓေ နေလေ၏။ ထိုဘုံ၌ဖြစ်သော ခဏ၌ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

[အဝိဟာဘုံသို့ ရောက်ဆဲခဏ၌ ရဟန္တာဖြစ်ကြသောသူတို့ကား ဥပက၊ သလဘဏ္ဍ၊ ပက္ကုသာတိ၊ ဘဒ္ဒိယ၊ ခဏ္ဍဒေဝ၊ ဗဟုရန္တိ၊ ပိင်္ဂိယ ဤ ခုနစ်ယောက်တို့တည်း။
မဟာဗောဓိနှင့် ဂယာသီသကား သုံးဂါဝုတ် ကွာသည်။ မဟာဗောဓိနှင့် ဗာရာဏသီပြည်ကား တစ်ဆယ့်ရှစ်ယူဇနာ ကွာသည်။
ရှေးဘုရားတို့ တရားဓမ္မစကြာကို ဟောခြင်းငှာ မိဂဒါဝုန်သို့ကြွသော် ကောင်းကင်ခရီးဖြင့် ကြွကုန်သည်။ ငါတို့ဘုရားမှာ ဥပက၏ အနာဂါမ်ဖြစ်လတ္တံ့သော ဥပနိဿယကို ရည်၍ ခြေဖြင့် ကြွတော်မူသည်။]

## ။၁၂။ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောတော်မူခြင်း

ဘုရားသခင်လည်း အစဉ်အတိုင်းကြွတော်မူ၍ ဗာရာဏသီပြည်၏အနီးဖြစ်သော မိဂဒါဝုန်တောသို့ ဝင်ရောက်တော်မူလျှင် ပဉ္စဝဂ္ဂီတို့က မြင်ဦးစ၌ ကတိကဝတ်ထားကြ၏။ "အရှင်ဂေါတမသည် ဘုရားအဖြစ်ကို ရခြင်းငှာ ဒုက္ကရစရိယာအကျင့်ကို ကျင့်သည်။ မဖြစ်မီကပင် ဤအကျင့်မှထွက်၍ ဆွမ်းသက်န်းများအောင် ရာလျက် မြို့ရွာအရပ်ရပ်သို့ လှည့်လည်သည်။ အကျင့်ပျက်သသူ ဖြစ်သည်။ ခရီးဦးကြိုဆိုခြင်း၊ နေရာခင်းခြင်း၊ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း စသောဝတ်ကို မပြုကြလင့်"ဟု ကတိကဝတ်ကို ထားကြလင့်၏။



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ရောက်သောကာလ ထားကြသောကတိကဝတ်၌ မတည်နိုင်။ ယိမ်းယိုင်တုန်လှုပ်သောစိတ်ရှိကြရကား ထားရင်းကတိကဝတ်ကို ဖျက်၍ အချို့က သပိတ် သင်္ကန်းကို လှမ်းယူသည်။ အချို့က ခြေဆေးရေ တည်လင့်သည်။ အချို့က နေရာ ခင်းလင့်သည်။

ဤသို့ ဝတ်ကြီးဝတ်ငယ်ကိုပြု၍ ခင်းအပ်သောနေရာထက် နေတော်မူပြီးသော် ကိုယ်တော်မြတ်က "ငါကား ဘုရားဖြစ်တော်မူပြီ။ အလုံးစုံသောတရားတို့ကို သိတော်မူပြီ။ သင်တို့အား အမြိုက်တရားကို ဟောကြားခြင်းငှာ ငါ လာတော်မူသည်။ ရှိသေစွာ တရားနာကုန်လော့" ဟု တိုက်တွန်း၏။

ထိုအခါ ပဉ္စဝဂ္ဂီတို့က "ငါ့ရှင်ဂေါတမ၊ သင်သည် ငြိငြင်လှစွာသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ပတ်လုံးကျင့်၍မျှ သဗ္ဗညုဘုရားအဖြစ်သို့ မရောက်တုံသေး။ ယခုမူကား ဆွမ်း သင်္ကန်း ကျောင်းစသော ပစ္စည်းကို များအောင်လုံ့လပြုကာ ဒါယကာ ဒါယိကာမတို့ကိုရှာ၍ မြို့ရွာတိုင်းလှည့်လည်လျက် မင်္ဂဖိုလ်ချမ်းသာကို အဘယ်မှာ ရချေအံ့နည်း။ သင် ဝါကြွား၍ လှည့်ဖြားကာနှင့် ငါတို့ မယုံနိုင်ချေ"ဟု သုံးကြိမ်တိုင်အောင် ပယ်ရှား၏။

ထိုသို့ ပယ်ရှားငြားသော်လည်း အပြစ် ထားတော်မမူ။ များစွာသော ပရိယာယ်စကားဖြင့် ဘုရားဖြစ်ကြောင်းကို သိစေတော်မူလျက် သက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့် စနေနေ့ ညနေဝင်စအချိန်တွင် 'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ' အစရှိသော 'ဓမ္မစက္က ပဝတ္တနသုတ်'ကို ဟောတော်မူသည်။

ဒေသနာတော်၏အဆုံး၌ ရှင်ကောဏ္ဍညသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ တစ်သောင်းသောလောကဓာတ်မှ စည်းဝေးလာသော နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေတို့သည်လည်း အကျွတ်တရားကို ရလေကုန်သည်။ ဤဓမ္မစကြာတရားကို ဟောတော်မူသောအခါလည်း စကြဝဠာတစ်သောင်း မြေအပေါင်းသည် ကောင်းချီးကျူးသကဲ့သို့ အထူးသဖြင့် တုန်လှုပ်သည်။ သုံးဆယ့်နှစ်ပါးသောနိမိတ်တို့ ထင်ကုန်သည်။

ဤ ဓမ္မစကြာဒေသနာကား ထိုနေ့ညဦး ပထမယံအဆုံး မဇ္ဈိမယံအစ၌ ပြီးဆုံးသတည်း။

## ။၁၃။ သာတာဂိရိနတ်နှင့် ဟေမဝတနတ်တို့အကြောင်းကို ပြခြင်း

ပစ္ဆိမယံသို့ ရောက်သောအခါ သာတာဂိရိနတ်, ဟေမဝတနတ်မင်းတို့သည် အသင်းအပင်းဖြစ်သော နတ်ဘီလူးစစ်သူကြီးတို့နှင့်တကွ တရားကိုနာအံ့သောငှာ ရောက်လာကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုနတ်တို့၏အကြောင်းကား– ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ရတနာသုံးပါးအထံသို့ ဆည်းကပ်မှီဝဲလေ့ရှိသော အမျိုးကောင်းသားနှစ်ယောက်တို့သည် ပရိနိဗ္ဗာန်ဝင်တော်မူရာ၌ တစ်ခဲနက်ဖြင့်သာ ကြွင်းရစ်သော မွေတော်ဓာတ်တော်အပေါင်းတို့ကို ရှည်မြင့်စွာတည်စေခြင်းငှာ ရတနာခုနစ်ပါးအတိပြီးသော အုတ်တို့ဖြင့် စေတီ တည်လုပ်ပြုစု၍ စေတီပြီးလတ်သော် သာသနာတော်၌ အလွန်စုံမက် မြတ်နိုးခြင်းရှိရကား ဘုရားရှေ့တော်၌ တပည့်ခံရသော သာဝကကြီးတို့၏အထံ၌ ရဟန်းပြုကြ၏။

ပဋ္ဌင်းအဖြစ်ကို ရကြပြီးသော် သာသနာတော်၌ မှီဝဲရာတရားကို ဆရာဥပဇ္ဈာယ်အား လျှောက်ထားမေးမြန်း၍ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ဝရှိကြောင်းကို သိလေလျှင် 'ငါတို့ကား အသက်အရွယ် ငယ်သေး၏။ ပရိယတ်ဓမ္မဖြင့် ဘုရားကျေးဇူးတော်ကို ဆပ်ပြီးမှ ဝိပဿနာဓုရကို ဖြစ်စေတော့အံ့' ဟု ကြံ၍ ကျမ်းဂန်သင်ကြားခြင်းကို အားထုတ်သဖြင့် မရှည်မမြင့်မီပင် အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်၏။ အထူးထူးသော အာစရိယဝါဒ ဝိနိစ္ဆယ ကထာမဂ္ဂတို့၌ လိမ္မာသည်ဖြစ်၍ သာသနာတော်ဝယ် ထင်ပေါ်ကျော်စော၏။ ပရိယတ် ပဋိပတ်နည်းနာကိုမှီ၍ အရပ်ရှစ်မျက်နှာမှ ရောက်လာကုန်သော ရဟန်းတပည့်သားတို့သည် တစ်ပါးတစ်ပါး၌ ငါးရာစီငါးရာစီ အရံရှိကုန်၏။ ပရိသတ်လေးပါးတို့အားလည်း ဘုရားရှင်အဆုံးအမကို ပြသညွှန်ကြားလျက် ဘုရားတစ်ဖန်ပွင့်ပြန်သောအခါကဲ့သို့ သာသနာတော်သည် လွန်စွာထွန်းလင်း၏။

တစ်ရံသောအခါ ဓမ္မဝါဒီ လဇ္ဇီရဟန်းတစ်ဦးသည် ကြမ်းတမ်းရှန့်ရင်းလှသော အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်၏ ယွင်းယိုပျက်စီးသော သီလရှိသည်ကိုသိလျှင် "ငါ့ရှင်၊ သင်ပြုသောအမှုသည် သာသနာတော်နှင့် မတန်ချေ" ဟု ဆိုဆုံးမသည်ကို၊ ထိုအဓမ္မဝါဒီက "သင် အဘယ်သို့ သိသနည်း။ အဘယ်ကို မြင်သနည်း" စသည်ဖြင့် ပစ်လွှင့်ဖယ်ရှား၏။

ဓမ္မဝါဒီကလည်း "ငါ မသိသော် ရှိစေ။ ဝိနည်းဓိုရ်ဆရာတို့ သိလတ္တံ့" ဟု ဆို၏။ ထိုစကားကို ကြားလျှင် အလဇ္ဇီပုဂ္ဂိုလ်က မိမိအမှုကို ကြောင့်ကြသဖြင့် ထိုဆရာနှစ်ဦးတို့၏အထံသို့လာ၍ ပရိက္ခရာစသည်ကို လှူပြီးလျှင် ဝတ်ကြီးဝတ်ငယ်တို့ကို ရိုသေစွာဆောင်ရွက်၍ နှစ်သက်ကျွမ်းဝင်သောကာလ "အရှင်ဘုရား၊ အကျွန်ုပ်သည် ဤမည်သော သိက္ခာပုဒ်၌ ငြိစွန်းခြင်းကြောင့် ဤမည်သောရဟန်းနှင့် ဝိဝါဒကလဟ ရှိကြပါသည်။ အကယ်၍ ဤရဟန်းသည် အရှင်တို့ထံ လျှောက်ကြားလေသော် တရားသက်တိုင်း ဆုံးဖြတ်တော်မမူပါလင့်" ဟု လျှောက်၏။

မထေရ်နှစ်ပါးတို့လည်း "တရားသက်လတ်မူ မဆုံးဖြတ်ဘဲနေခြင်းငှာ မထိုက်ပေ" ဟုဆိုလျှင်၊ "အရှင်ဘုရား၊ အကျွန်ုပ်အား တရားသက်တိုင်း ဆုံးဖြတ်တော်ချေလျှင် တပည့်တော်သည် သာသနာ၌ တည်ရာမရနိုင်ပြီ။ အကျွန်ုပ်ပြုမိသောဟက်ကို အကျွန်ုပ်တာဝန်သာ ရှိပါစေလော့" ဟု အကြိမ်ကြိမ် တောင်းပန်ဖန်များသဖြင့် မထေရ်နှစ်ပါးတို့ သနားခြင်းဖြစ်ရကား "ကောင်းပြီ" ဟု ဝန်ခံလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အဓမ္မဝါဒီပုဂ္ဂိုလ်လည်း ထိုပဋိညာဉ်ကိုရလျှင် ယခင်အရပ်သို့ပြန်၍ ဓမ္မဝါဒီထံ၌ လွှမ်းမိုးနိုပ်စက်သောစကားကို ဆို၏။ ဓမ္မဝါဒီကလည်း 'ဤရဟန်းကား မိမိအပြစ်ကို ဖုံးလွှမ်းစုံစမ်း၍ မိုငြမ်းကိုးစားရာ ဆရာကောင်းတွေ့ဟန် ရှိချေပြီ။ ဝိနည်းမိုရ်ဆရာတို့အား ငါ ကြားလျှောက်တော့အံ့'ဟု ကြံလျက် မထေရ်နှစ်ဦးတို့ထံသို့ ဓမ္မဝါဒီလာ၍ အလဇ္ဇီပုဂ္ဂိုလ်၏အခြင်းအရာကို လျှောက်ကြားသော် မထေရ်နှစ်ပါးတို့ စကားမဆိုဘဲ ဆိတ်ဆိတ်နေလေ၏။

ထိုအခါ အဓမ္မဝါဒီက လာ၍ "ငါ၌ အပြစ်ရှိသည်ကို ဝိနည်းမိုရ်ဆရာများ သိလတ္တံ့။ သင်ဆိုသောအမှုသည် ယခု သိပါစေတော့လော။ သဘောကောက်ကျစ်၍ ငါ့အပြစ်ကို သင်သာရှာဘိသည်" ဟု ကြမ်းတမ်းစွာဆို၏။ ထိုကာလ ဓမ္မဝါဒီပုဂ္ဂိုလ်က ဝိနည်းမိုရ်ဆရာတို့အား ဤသို့လျှောက်ထား၏။ "အရှင်ဘုရားတို့သည် အကျွန်ုပ်တို့၏ကိုးကွယ်ရာ ဖြစ်ပါသည်။ အဂတိ မလိုက်ပါလင့်။ တရားသက်တိုင်းသာ ဆုံးဖြတ်တော်မူပါ။ မဆုံးဖြတ်သော် သာသနာတော်၌ အညစ်အကြေး များပါလိမ့်မည်" ဟု လျှောက်၏။

ဝိနည်းမိုရ်နှစ်ပါးလည်း မည်သို့သောစကားကိုမျှ မပြန်နေလေလျှင် "အရှင်ဘုရားတို့သည် အကျွန်ုပ်တို့၏အလုပ်အကျွေးကို ခံရသူဖြစ်ပါလျက် သာသနာတော်၏အညစ်အကြေး ဘေးရန်ဖြစ်မည်ကို မရှု။ သဗ္ဗညုဘုရား၏ မျက်နှာတော်ကို မထောက်။ တရားတော်ကိုလည်း မစောင့်ရှောက်။ တစ်ယောက်သော ဒုဿီလပုဂ္ဂိုလ်ကိုသာ စောင့်ရှောက်ညှာတာ၍ ဘုရားသာသနာတော်တည်းဟူသော ရတနာစိုင်ကို ထုံးအိုင်၌ စွန့်ပစ်ဘိသည်တကား။ ကဿပဘုရားသည် ငါတို့အားစွန့်ပစ်၍ ယနေ့ပင် ပရိနိဗ္ဗာန် စံတော်မူချေပြီ။ ငါတို့ကိုးကွယ်ရာ မရှိချေ" ဟု ငိုကြွေးမြည်တမ်းလျက် သွားလေ၏။

ထိုနေ့မှစ၍ မထေရ်နှစ်ပါးတို့သည်ကား 'သာသနာတော်ကို မငဲ့ကွက်။ ဒုဿီလပုဂ္ဂိုလ်ကိုသာ ငဲ့ကွက်ရာရောက်ပေသည်' ဟု ကြီးစွာသောကုက္ကုစ္စရှိလျက် အသက်ထက်ဆုံး နှလုံးမသာခြင်း ဖြစ်၏။ စုတေကြသောအခါ အထက်နတ်ရွာ၌ ဖြစ်ထိုက်သောကံရှိပါလျက် မိမိတို့ကုက္ကုစ္စ နှိပ်စက်သောအားဖြင့် တစ်ယောက်ကား ဟိမဝန္တာတော၏အတွင်း ဟေမဝတ မည်သောတောင်၌ နတ်ဘီလူးစစ်သူကြီး ဖြစ်၏။ တစ်ယောက်ကား မဇ္ဈိမဒေသအတွင်း သာတာဂိရိမည်သောတောင်၌ နတ်ဘီလူးစစ်သူကြီး ဖြစ်၏။ ထိုသူတို့၏ပရိသတ်ဖြစ်သော ရဟန်းတို့လည်း အလိုတူကျင့်ကြသဖြင့် နတ်စစ်သူကြီးတို့၏အထံ၌ အခြံအရံပင် ဖြစ်ကြကုန်သတည်း။ ထိုသူတို့၏အလုပ်အကျွေးဖြစ်သော ကျောင်းဒါယကာကား တာဝတိံသာ နတ်ပြည်၌ ဖြစ်၏။ ဤ သာတာဂိရိ၊ ဟေမဝတတို့သည် နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့တွင် အကျုံးဝင်သော နတ်တို့ပေတည်း။ ထိုနတ်တို့ကား တရားဆုံးဖြတ်ခြင်းငှာ တစ်လတစ်လ၌ ရှစ်ခါ ဟိမဝန္တာတော၏အတွင်း မဏ္ဍာဂိရိတောင်ရင်းဝယ် တင့်တယ်စွာ ပြုလုပ်အပ်သော **ဘဂလဝ** တီမည်သောမဏ္ဍာပ်၌ နတ်အစည်းအဝေးကို ပြုမြဲဓမ္မတာ ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထို သာတာဂိရိ ဟေမဝတတို့သည် နတ်အစည်းအဝေးသို့ဝင်ရာ၌ အချင်းချင်း တွေ့ကြုံ သိမြင်ကြ၍ ဤဘဝ ဖြစ်ရသောဒေသများကို မေးမြန်းပြန်ကြားလျက် အဆအရာ ကြင်နာစုံမက်ကြသဖြင့် ဤသို့သောကတိကဝတ်ကို ထားကြ၏။ "အဆွေ ဟေမဝတ၊ သင်၏နေရာ ဟိမဝန္တာတောကား အံ့ဖွယ်သရဲ ထူးကဲသောတောပေတည်း။ တစ်စုံတစ်ရာ ထူးကဲစွာသောအကြောင်း ရှိသည်ဖြစ်အံ့။ ငါ့အား ကြားပါလော့" ဟု သာတာဂိရိက ဆို၏။

ထိုဟေမဝတကလည်း "သင်၏နေရာ မဇ္ဈိမဒေသအရပ်လည်း မြတ်သောသူတို့နေရာပင် ဖြစ်သည်။ အံ့ဖွယ်သရဲ ထူးကဲသောအကြောင်းရှိလျှင် ငါ့အား ကြားလှည့်ပါ" ဟု ဆို၏။ ထိုကတိကဝတ်အားဖြင့် ဘုရားတစ်ဆူမှသည် တစ်ဆူအကြား မြေသား တစ်ယူဇနာနှင့်သုံးဂါဝုတ် တက်သည့်တိုင်အောင်ပင် နတ်ဘီလူးအဖြစ်တွင်သာ တည်၍ ငါတို့ဘုရားအလောင်းတော် ပဋိသန္ဓေနေသောအခါ, ဖွားတော်မူသောအခါ စသည်တို့၌ တစ်သောင်းသောလောကဓာတ်တုန်လှုပ်လျက် ပုဗ္ဗနိမိတ် သုံးဆယ်နှစ်ပါးတို့ ထင်သည်ကိုမြင်ကုန်သော်လည်းကာမဖော်ဖြင့် ပျော်မြူးခြင်းများသောကြောင့် လည်းကောင်း၊ နိမိတ်များလည်း ရှည်လျားစွာမတည်သောကြောင့် လည်းကောင်း 'ပုဗ္ဗုပ္ပါဒနိမိတ်'ဟု မသိလိုက်ကြကုန်။

သဗ္ဗညုတဉာဏ်ကို ရသောအခါ, ဓမ္မစကြာတရားကို ဟောကြားတော်မူသောအခါမှ နိမိတ်ဩဘာတို့သည် ရှည်မြင့်စွာတည်လတ်၍ နတ်နှစ်ယောက်တို့တွင် သာတာဂိရိနတ်သည် ရှေးဦးစွာ သိသတည်း။

ယင်းသို့ သိလတ်သော် ဘုရားသခင်ထံတော်သို့ ကပ်၍၊ ဓမ္မစကြာတရားမြတ်၏ သာယာနက်နဲ ခက်ခဲသိမ်မွေ့လှစွာသော တရားတော်ကိုကြားနာ၍ နေ့စဉ် 'ငါ့အဆွေ ဟေမဝတသည် ဤအစည်းအဝေးသို့ ပါလာလိမ့်မည်လော' ဟု တွေးတောကြည့်မျှော်လျက် နာ၍သမာဓိကိုမရသောကြောင့် မဂ်ဖိုလ်ဓမ္မကို မရနိုင်လေ။ တရားပြီးဆုံးသောအခါမှ 'ငါ့ အဆွေ ဟေမဝတသည် ဆန်းကြယ်လှသော တရားဓမ္မစကြာကို မနာရလေသေး။ ရှေးက ထားဖူးသောကတိကဝတ်လည်း ရှိပေသည်။ ငါ့အဆွေကို ခေါ်ချေပြီးမှ အတူတကွလာ၍ တရားနာအံ့' ဟုကြံလျက် မိမိဗိမာန်သို့ ပြန်၍ ဆင်ယာဉ်, မြင်းယာဉ်, ဂဠုန်ယာဉ် စသည်တို့ကို ဖန်ဆင်းပြီးလျှင် ဘီလူးအရံ ငါးရာနှင့်တကွ ဟိမဝန္တာသို့ ရှေးရှုထွက်၏။

ဟေမဝတနတ်မင်းလည်း မိမိနေရာ ဟိမဝန္တာ၌ အခါမဲ့ပွင့်သော ပန်း၊ တောက်ထွန်းသော ကြယ်လျှံ, လလျှံ, ရတနာလျှံတို့ဖြင့် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ လွန်ကဲထွေထူးသောတောတောင်၏တင့်တယ်ခြင်းအသရေကို မြင်၍ ရွှင်လန်းပျော်မွေ့စွာရှိရကား 'ငါ၏အဆွေ သာတာဂိရိနတ်ကိုခေါ်၍ ကာမဖော်ဖြင့် ပျော်ပါးမြူးထူးအံ့' ဟုကြံ၍ အခြံအရံ ငါးရာနှင့်တကွ သာတာဂိရိနတ်ကို ခေါ်အံ့သောငှာ မဇ္ဈိမဒေသသို့ ရှေးရှုလာ၏။

ထို နတ်စစ်သူကြီးနှစ်ဦးတို့သည် ရာဇဂြိုဟ်ပြည်၏အထက်၌ မျက်နှာချင်းဆိုင်ပေါင်းမိကြ၍၊ သာတာဂိရိနတ်က လာသောအကြောင်းကို မေးလေသော် ဟေမဝတနတ်ကလည်း ထိုအကြောင်းကို ကြားပေ၏။

ထိုအခါ သာတာဂိရိနတ်ကလည်း "ဤလောက၌ အသဒိသပုဂ္ဂိုလ်ထူး ဂုဏ်ကျေးဇူးအပေါင်းတို့၏တည်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားထင်ရှားဖြစ်၍ ယနေ့ ဓမ္မစကြာ



www.burmeseclassic.com

www.burmeseclassic.com



တရားကိုဟောသဖြင့် အခါမဲ့ပွင့်သောပန်း, ထူးဆန်းသောအံ့ဖွယ်သရဲ, မဖြစ်ဖူးမြဲသော ပုဗ္ဗနိမိတ်တို့သည် ဖြစ်သတည်း" ဟု ဗုဒ္ဓုပ္ပါဒကို ကြား၍ ဘုရားသခင်ထံသို့ ဟေမဝတကို ဆောင်လို၍ -

'အဇ္ဇ ပန္နရသော ဥပေါသထော၊ ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။

အနောမ နာမံ သတ္ထာရံ၊ ဟန္ဒ ပဿာမိ ဂေါတမံ' - ဟူသော ဂါထာကိုရွတ်လျက်-

"အချင်းဟေမဝတ။ နှယ်တာလ ပန္နရသီ တိထိရက်စေ့ ဤယနေ့ည ဤ သမယကား လောကသုံးဘုံဝယ် တစ်စုံတစ်ယောက်မျှ နှိုင်းထောက်ပြိုင်သူ အတူမမြော် တိလော်ကဂ္ဂ အနုတ္တရမုနိ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တရားဓမ္မစကြာ ဒေသနာကို ကောင်းစွာဟောတော်မူ၍ တစ်သောင်းသောလောကဓာတ်မှ လာသော နတ် ဗြဟ္မာအပေါင်းတို့၏ ကိုယ်ရောင်,တန်ဆာရောင်တို့ဖြင့် ပြောင်ပြောင်ထွန်းပလျက် နှစ်သက်စဖွယ် တင့်တယ်လှသော အခါတည်း။ အချင်း ဟေမဝတ၊ အနောမသညာ ဖြင့် သာကီဝင်မင်းမျိုးမှဖြစ်သော ဓမ္မရာဇ်ထွတ်ဖျား ဘုရားဂေါတမကို အားရအောင် ဖူးမြော်၍ တရားတော်ကို နာကြကုန်အံ့" ဟု ဆိုပေ၏။

သာတာဂိရိနတ်၏စကားကို ဟေမဝတနတ်ကြားလျှင် 'ဤသူကား မိမိဆရာ၏ 'သဗ္ဗညု'အဖြစ်ကို ပြ၏။ သဗ္ဗညုအဖြစ် မည်သည်ကား စင်စစ် ခဲယဉ်းသည်သာတည်း။ ပူရဏ, ကဿပ စသောသူတို့သည် သဗ္ဗညုဟု ဝန်ခံလျက် မိစ္ဆာဉာဏ်တရားဖြင့် လူများအပေါင်း ကို အလွန်နှိပ်စက် ဖျက်ဆီးကြ၏။ ယခုပြောပြန်သော ဂေါတမဘုရားသည် အကယ်၍ သဗ္ဗညုဖြစ်အံ့။ စင်စစ် တာဒိဂုဏ်နှင့် ပြည့်စုံရာ၏။ လက္ခဏာကို ငါ စုံစမ်းဦးအံ့' ဟု ကြံ၍ -

'ကစ္စိ မနော သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။

ကစ္စိ ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပဿ ဝသီကတာ' ဟူသော ဂါထာဖြင့် -

"အဆွေ သာတာဂိရိ၊ သင်၏ဆရာသည် ဗြဟ္မာ, နတ်, လူတို့၏ အထွတ် အမြတ်ဖြစ်သော 'ဘုရား' ဟု သင်ကား ဆိုပေပြီ။ ထို သင့်ဆရာသည် ကောင်းစွာ တည်တံ့သောစိတ်နှလုံး ရှိပါ၏လော။ ခပ်သိမ်းသော ဒုက္ခိတသတ္တဝါ၊ သုခိတသတ္တဝါ၊ ရန်သူဖြစ်သောသတ္တဝါ၊ မိတ်ဆွေဖြစ်သောသတ္တဝါတို့၌ ချစ်ခြင်း,မုန်းခြင်းမရှိ ပကတိအညီအညွတ်ဖြစ်သော တာဒိလက္ခဏာနှင့် ပြည့်စုံပါ၏လော။ အလုံးစုံသော ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့မှ တုန်လှုပ်ကပ်ငြိ ထိပါးတတ်သော သင်္ကပ္ပရာဂ, ဆန္ဒ, ဒေါသ, မောဟ, တဏှာတို့ ကင်းကွာပါ၏လော" ဟု မေး၏။

သာတာဂိရိလည်း မိမိဉာဏ်အား ဘုရားဖြစ်ကြောင်းကိုသာ သိ၍ အတိဝိတ္ထာရဖြစ် သော သဗ္ဗညုတ၏ဂုဏ်ဝိသေသကို စိတ်ဖြာ၍မပြနိုင်သေးရကား ဟေမဝတ၏ပုစ္ဆာကို အစဉ်လျှောက်သဖြင့် မျက်မှောက်သိသမျှသော ဘုရားကျေးဇူးတော်ကို ထုတ်ဖော်၍ ပြလို ရကား -



www.burmeseclassic.com

www.burmeseclassic.com



'မနော စသာ သုပဏီဟိတော၊ သဗ္ဗဘူတေသု တာဒိနော။

အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပဿ ဝသီကတာ'ဟူသောဂါထာကို ဆို၏။

အဓိပ္ပာယ်ကား - "အချင်း ဟေမဝတ၊ သုံးလောကမျက်ရှ သဗ္ဗညုဘုန်းမော်၏ နှလုံးတော်မြတ်သည်ကား အာရုံငါးပါး၌ လိုက်စားတုန်လှုပ်ခြင်း မရှိ။ ဂိရိဇဟို မြင်းမိုရ် တောင်မင်းသည် လေပြင်းမုန်တိုင်း ခတ်သော်လည်း မညွတ်မယိုင် အမြဲတည်နိုင်ဘိ သကဲ့သို့ လည်းကောင်း၊ နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေဝသုန်သည် မတုန် မလှုပ်ဘဲ အမြဲ တည်နိုင်ဘိသကဲ့သို့ လည်းကောင်း၊ ကိလေသ, ခန္ဓ, မစ္စု, အဘိသင်္ခါရအား ဖြင့် လေးပါးသော အဇ္ဈတ္တမာရ်, ဒေဝပုတ္တ အစရှိသော ဗာဟိရမာရ်တို့ကို တိုက်လှန်ချိုး ဖျက်၍ ယွင်းကွက်မရှိ ပကတိကောင်းမွန်စွာ တည်တော်မူ၏။ ဤသို့ တည်တံ့ခြင်း သည် ယခုဘဝ ဘုရားအဖြစ်သို့ ရောက်မှသာ မဟုတ်။ 'ဗုဒ္ဓသမ္ဘာရ'ကို ဖြည့်စဉ် ဆဒ္ဒန် ဆင်မင်းဖြစ်သောအခါကပင် ပစ်သတ်လာသောမုဆိုးကို ငြိုးထားခြင်း မရှိ။ မိမိ အစွယ်ကိုပင် ဖြတ်၍ပေးသေးသည်။ မဟာကပိလ မျောက်မင်းဖြစ်သောအခါ ကလည်း သတ်ခြင်းငှာရိုက်ခတ်သော ပုဏ္ဏားကိုလျက် အမျက်မဆီး ခရီးညွှန်ပြ လိုက်သေးသည်။ ဝိဓုရစစ် ဖြစ်စဉ်ကလည်း ယူဇနာခြောက်ဆယ်မျှသော ကာဠတောင် အောက်သို့ စောက်ထိုးပစ်ချသော ပုဏ္ဏကဘီလူးကိုလျက် အမျက်မထား တရားဟော တော်မူသေးသည်။ ထိုအကြောင်းကြောင့် ကောင်းစွာထားအပ် မြတ်သောစိတ်တော် ရှိသည်ဟု သိအပ်သတည်း။ သုခိတ, ဒုက္ခိတ စသည်များစွာ သတ္တဝါခပ်သိမ်း၌ မယိမ်းမယို ကိုယ်တော်နှင့်ညီမျှသော မေတ္တာစိတ်တော် ရှိခြင်း၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ အလုံးစုံတို့၌ ခုံမင်စွဲလမ်းခြင်း မရှိ ပကတိသည်းခံတော်မူနိုင်ခြင်း၊ လာဘ, အလာဘ, ယသ, အယသ စသော လောကဓံတရားရှစ်ပါးတို့၌ လှုပ်ရှားမှုမရှိ ပကတိသည်းခံ တော်မူနိုင်ခြင်း တည်းဟူသော တာဒိလက္ခဏာနှင့် ကောင်းစွာပြည့်စုံတော်မူ၏။ သင်္ကပ္ပရာဂစသော တရားမှလည်း သမုဒ္ဒရာခြားသကဲ့သို့ လွတ်ရှားကင်းကွာတော်မူ ၏"ဟု ဖြေပေသော်၊ ဟေမဝတလည်း 'ဒွာရတ္တယသုဒ္ဓိ'ကို စိစစ်ပြန်ခြင်းငှာ

'ကစ္စိ အဒိန္နံ နာဒိယတိ၊ ကစ္စိ ပါဏေသု သညတော။

ကစ္စိ အာရာ ပမာဒမှာ၊ ကစ္စိ ဈာနံ န ရိဉ္စတိ' ဟူသောဂါထာကို ဆို၏။

အဓိပ္ပာယ်ကား - "အဆွေ သာတာဂိရိ၊ သင်၏ဆရာသည် သတ္တဝါအပေါင်းတို့ အား ညှဉ်းဆဲကြောင်းဖြစ်သော ပါဏာတိပါတ, လောဘရမ္မက်ဖြင့် ခိုးဝှက်ခြင်းဟူသော အဒိန္နာဒါနမှ ကောင်းမွန်စွာ စောင့်စည်းပါ၏လော။ လူတို့မွေ့လျော်ရာ ငါးဖြာသော ကာမဂုဏ်အာရုံတို့၌ ခုံမင်ငြိကပ် တပ်မက်မော၍ စိတ်ပျော်မွေ့သော မေ့လျော့ခြင်း ပမာဒမှ ထမြောက်နိုင်ပါ၏လော။ မာတုဂါမ စသောသတ္တဝါ၌ တဏှာရမ္မက်ဖြင့် ညစ်ညူးခြင်းတည်းဟူသော အဗြဟ္မစာရိ အကျင့်ညီမှ ဝသီအားဖြင့် ကင်းပါ၏လော၊ နီဝရဏ ခြောက်ပါး တရားဝေးလံလျက် ဈာန်သမာပတ် မြတ်သည့်တရား ဘိညာဉ် များကို ပွားများစည်ပင်အောင် ရွက်ဆောင်နိုင်ပါ၏လော"ဟု မေးမြန်းသော်



www.burmeseclassic.com

www.burmeseclassic.com



အဆွေတော် သာတာဂိရိလည်း 'ပဋိဝစန'ဂါထာဖြင့် ထင်ရှားစွာ ဖြေဆိုခြင်းငှာ –

'န သော အဒိန္နံ အာဒိယတိ၊ အထော ပါဏေသု သညတော။

အထော အာရာ ပမာဒမှာ၊ ဗုဒ္ဓေါ ဈာနံ န ရိဉ္စတိ' ဟူသောဂါထာကို ဆို၏။

အဓိပ္ပာယ်ကား – "အချင်းဟေမဝတ၊ ငါတို့ဆရာ မြတ်စွာဘုရား ဂေါတမကား ထိုပါဏာတိပါတ အဒိန္နဒါန် မိစ္ဆာကံတို့မှ ပစ္စုပ္ပန်ဖြစ်သော ယခုဘဝသာ ကင်းကွာပေသည် မဟုတ်။ ရှေးရှေးသောကာလ ဘဝများစွာကပင် ရှောင်ခွာကင်းလွတ်တော်မူလှ၍ နိဗ္ဗာန်မှ အစရှိသော လက္ခဏာတော်ကြီး သုံးဆယ့်နှစ်သွယ်, ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့နှင့် တင့်တယ်ပြည့်စုံတော်မူ၏။ ဈာန်ဝိမောက္ခ စသောတရားသည်လည်း ဘုရားဖြစ်မှ ပြည့်စုံသည် မဟုတ်။ မယ်တော်ဝမ်းမှဖွားသော **တစ်လသားစဉ်ကပင်** ဈာန်ဝင်စားတော် မူနိုင်သတည်း" ဟု ဖြေပေသော်၊ ဟေမဝတနတ်လည်း 'ကာယဒွါရသုဒ္ဓိ'ကို ကြားရ၍ အားရဝမ်းသာသဖြင့် 'ဝစီဒွါရသုဒ္ဓိ'ကို တစ်ဖန် မေးပြန်လိုရကား

'ကစ္စိ မုသာ န ဘဏတိ၊ ကစ္စိ န ခီဏဗျပ္ပထော။

ကစ္စိ ဝေဘူတိယံ နာဟ၊ ကစ္စိ သမ္ဖံနု ဘာသတိ' – ဟူသောဂါထာကို ဆို၏။

အဓိပ္ပာယ်ကား – "အဆွေ သာတာဂိရိ၊ သင်၏ဆရာသည် သတ္တဝါတို့အား လှည့်ဖြားလိုခြင်းဖြင့် ချွတ်ယွင်းစွာဆိုတတ်သော မုသာဝါဒ, သူတစ်ပါးအား စိတ်ထား ညစ်ညူးစေတတ်သော ဗျပ္ပထယုတ် ဖရုသဝါစာ, ညီညွတ်စွာသော သူနှစ်ပါးတို့၏ မေတ္တာတရားကို ပျက်ပြားစေတတ်သော ပိသုဏဝါစာ, စီးပွားမဲ့သာ ဆိုရာဖြစ်သော သမ္ဖပ္ပလာပ ဤလေးဝသော ဝစီကံမှလည်း ပယ်လှန်စွန့်နိုင်ပါ၏လော"ဟု မေးပြန်၏။ သာတာဂိရိနတ်သည်လည်း 'ပဋိဝစန'ဂါထာဖြင့် ကောင်းစွာဖြေဆိုလိုရကား –

'မုသာစ န သော ဘဏတိ၊ အထော န ခီဏဗျပ္ပထော။

အထော ဝေဘူတိယံ နာဟ၊ မန္တာ အတ္ထံ သုဘာသတိ' – ဟူသောဂါထာကို ဆို၏။

အဓိပ္ပာယ်ကား – "အချင်းဟေမဝတ။ ငါ့ဆရာသည် မုသာဝါဒ, ဖရုသဝါစာ, ပိသုဏဝါစာ, သမ္ဖပ္ပလာပတို့မှ ယခုဘဝ၌သာ ပယ်ခွာတော်မူသည် မဟုတ်။ ရှေးရှေးသောဘဝကပင် မြူကြေးမတင် ကင်းစင်တော်မူသောကြောင့် သလိပ် သည်းခြေ ပျောက်ပြေစင်လင်း သန့်ရှင်းချောင် ဖြဟ္မသံကဲ့သို့ အလွန်အမင်း သန့်ရှင်းသာယာ သိသာနာဖွယ် မပြယ်လုံးခဲ နက်နဲစေ့စပ် ပဲ့တင်ထပ်သော အင်္ဂါရှစ်ဖော် အသံတော်နှင့်လည်း ပြည့်စုံတော်မူ၏။ ပညာဖြင့်လွှမ်းမိုး၍ အကျိုးရှိသောစကားကိုသာ ဆိုတတ်သည့်အမှုကြောင့် ယခုအဖို့ဝယ် မည်သို့မသွေ ဖြစ်စေဆိုက ဖြစ်လာရသော သီဟနာဒဂုဏ်နှင့် ပြည့်စုံတော်မူ၏" ဟု ဖြေလတ်သော်၊ ဟေမဝတနတ်လည်း တစ်ဖန်ထုတ်၍ 'မနောဒွါရိကသုဒ္ဓိ'ကို စိစစ် ပြန်ခြင်းငှာ –



www.burmeseclassic.com

www.burmeseclassic.com



'ကစ္စိ န ရဇ္ဇတိ ကာမေသု၊ ကစ္စိ စိတ္တံ အနာဝိလံ။

ကစ္စိ မောဟံ အတိက္ကန္တော၊ ကစ္စိ ဓမ္မေသု စက္ခုမာ၊ ဟူသောဂါထာကို ဆို၏။

အဓိပ္ပာယ်ကား – "အဆွေသာတာဂိရိ၊ သင်၏ဆရာသည် ကိလေသာ၏ အာရု ကာမဂုဏ်ငါးပါး၌ လိုလားတောင့်တခြင်းတည်းဟူသော အဘိဇ္ဈာမှ ကြဉ်နိုင်ပါ၏လော။ စိတ်၏ ဖောက်ပြန်မှောက်လှန် နောက်ကျုခြင်းတည်းဟူသော ဗျာပါဒကို ပစ်စွန့်နိုင်ပါ၏လော။ ခပ်သိမ်းသောတရားတို့၌ မပိတ်ပင် သိမြင်တတ်သော ပညာမျက်စိ ရှိပါ၏လော" ဟု မေးပြန်၏။

သာတာဂိရိလည်း ပဋိဝစနဂါထာဖြင့် ထင်ရှားစွာဖြေပြန်လိုရကား –

'န သော ရဇ္ဇတိ ကာမေသု၊ အထော စိတ္တံ အနာဝိလံ။

သဗ္ဗမောဟံ အတိက္ကန္တော၊ ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ' – ဟူသောဂါထာကို ဆို၏။

အဓိပ္ပာယ်ကား – "အချင်း ဟေမဝတ၊ ထို ငါ့ဆရာသည် ကိလေသာဆယ်ပါး တရား၏အာရုံ ကာမဂုဏ်တို့၌ ခုံမင်ကပ်ငြိခြင်း ကင်းတော်မူလှသောကြောင့် ဝသဝတ္တိနတ်မင်းသမီးတို့သော်မှ ရှုံးခြင်းကြီး ရှုံးရချေသည်။ နှလုံးတော်အနေလည်း အထွေအထူး ညစ်ညူးနောက်ကျုသောအရာသည် မည်သည့်အခါမှ မဖြစ်ဘူးပေ။ ခြောက်ဆယ့်နှစ်ထွေသော မိစ္ဆာအယူမှ ဖြူစင်တော်မူလှ၍ လောကသုံးခွင်ဝယ် မမြင်သောတရားကား မရှိ။ သိမြင်ပေသည်သာတည်း" ဟု ဖြေလေသော်၊ ဟေမဝတလည်း 'ဒွါရသုံးပါး၌ဖြစ်ထိုက်သော ဒုစ္စရိတ၏ စင်ကြယ်ကာမျှဖြင့် သဗ္ဗညုဟု မခေါ်ဝေါ် လောက်ချေသေး။ မေးခွင့်ရှိသမျှကို ငါ မေးဦးအံ့'ဟု ကြံ၍ –

'ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊ ကစ္စိ သံ သုဒ္ဓ စရဏော။

ကစ္စိဿ အာသဝါ ခီဏာ၊ ကစ္စိ နတ္ထိ ပုနဗ္ဘဝေါ' ဟူသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား – "အဆွေ သာတာဂိရိ၊ သင်၏ဆရာသည် ဘုရားတကာ ပြည့်စုံရာသော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး မြတ်တရားနှင့် ပြည့်စုံပါ၏လော။ နိဗ္ဗာန်သွားကြောင်း ကောင်းစွာတင့်တယ် စင်ကြယ်လှသော စရဏတရား တစ်ဆယ့်ငါးပါးနှင့် မခြား ပြည့်စုံပါ၏လော။ အဝီစိမှ နေဝသညာ နာသညာဘုံ လွှမ်းခြုံမိအောင် စီးဝင်တတ်သော အာသဝေါဥဿုံတို့သည် ကုန်ခန်းပါ၏လော။ အသစ်သောဘဝဝယ် တစ်ဖန် ပဋိသန္ဓေတည်နေခြင်းမှ ကင်းပါပြီလော"ဟု မေး၏။ ထိုသို့မေးပြန်သောအခါ သာတာဂိရိကလည်း 'သင် မေးသမျှသောကျေးဇူးဂုဏ်သည် ပြည့်စုံသည်သာတည်း'ဟု ပြလို၍

'ဝိဇ္ဇာယ စေဝ သမ္ပန္နော၊ အထော သံသုဒ္ဓ စရဏော။

သဗ္ဗဿ အာသဝါ ခီဏာ၊ နတ္ထိ တဿ ပုနဗ္ဘဝေါ' ဟူသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား – "အချင်း ဟေမဝတ။ ငါ၏ဆရာ မြတ်စွာဘုရားသည် ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယ တည်းဟူသော ဝိဇ္ဇာသုံးပါး၊ ဣဒ္ဓိဝိဓ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ ပရစိတ္တ



www.burmeseclassic.com

www.burmeseclassic.com



ဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ အာသဝက္ခယ, မနောမယိဒ္ဓိ, ဝိပဿနာဉာဏ်တည်းဟူသော ဝိဇ္ဇာရှစ်ပါး၊ သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနမတ္တညုတာ, ဇာဂရိယာနုယောဂ, သတ္တသဒ္ဓမ္မ, စတ္တာရိဈာန တည်းဟူသော စရဏတစ်ဆယ့်ငါးပါး တရားအပေါင်းတို့နှင့်လည်း ကောင်းစွာ ပြည့်စုံတော်မူ၏။ အလုံးစုံသော အာသဝေါကုန်ခန်းလျက် သုံးခန်းသောဘဝဝယ် ပဋိသန္ဓေနေရခြင်းကိစ္စ မရှိပြီ”ဟု ဖြေပေသော်၊ ဟေမဝတလည်း အစ္ဆရိယဖြစ်သော ဘုရား၏ ကျေးဇူးတော်ကို ကြားနာရ၍ ဝမ်းသာနှစ်မြို့လှသောစိတ် ရှိရကား –

“အဆွေ သာတာဂိရိ၊ ဤမျှသောဂုဏ်နှင့် ပြည့်စုံပေလျှင် သင်၏ဆရာသည် စကြဝဠာ လောကဓာတ်၌ နှိုင်းယှဉ်အပ်သောပုဂ္ဂိုလ် မရှိ။ ပုရိသထွတ်ဖျား ဘုရားသဗ္ဗညုအစစ် မှန်ပေပြီ။ ဤမြတ်စွာဘုရားကို သွား၍ ဖူးမြင်ကုန်အံ့။ တရားတော်ကို နာကုန်အံ့” ဟု ခေါ်ခြင်းငှာ

‘ဧဏိဇင်္ဃံ ကိသံ ဝီရံ၊ အပ္ပာဟာရံ အလောလုပံ။

မုနိံ ဝနသ္မိံ ဈာယန္တံ၊ ဧဟိ ပဿာမ ဂေါတမံ။

**သီဟံဝေကစရံ နာဂံ၊** ကာမေသု အနပေက္ခိနံ။

ဥပသင်္ကမ္မ ပုစ္ဆာမ၊ မစ္စုပါသ ပမောစနံ’ ဟူသော ဂါထာကို ဆိုသတည်း။

အဓိပ္ပာယ်ကား – သမ္မ၊ အဆွေ သာတာဂိရိ။ ဟန္ဒ၊ ယခု။ ဧဟိ၊ အမြန်လာလော့။ ဧဏိဇင်္ဃံ၊ ဟိမဝန္တာ မြိုင်ခန်းဝါ၌ ကောင်းစွာခိုမှီ သားဧဏီကဲ့သို့ ညီညွတ်ဖွံ့ထွား ဆစ်လျားမမြင် အစဉ်စုရုံး စပါးဖုံးကဲ့သို့ လုံးဝန်းပြည့်ဖြိုးသော မြင်းခေါင်းတော်သည်လည်း ရှိတော်မူထသော။ ကိသံ၊ ရှည်ခြင်းငါးမည် တိုသည်ကားလေး အသေးစတု မြင့်မှုခြောက်ဆင့် ဝန်းသင့်သည့်အရာ ဝန်းလှစွာသော အင်္ဂါကြီးငယ်၏ ပြည့်စုံခြင်းဖြင့် သင့်တင့်လှပသော အင်္ဂါလည်း ရှိထသော။ ဝီရံ၊ ကြီးမြတ်သောလုံ့လလည်း ရှိတော်မူထသော။ အပ္ပါဟာရံ၊ တစ်ထပ်တည်းသာ ခန္ဓာတည်ရုံ မှီဝဲဟုန်ကြောင့် ခေါင်းပါးသောအာဟာရလည်း ရှိထသော။ အလောလုပံ၊ လျှပ်ပေါ်လော်လည်ခြင်း မရှိထသော။ မုနိံ၊ မောနေယျဂုဏ်နှင့် ပြည့်စုံစွာထသော။ ဝနသ္မိံ၊ ဆိတ်ငြိမ်သောတောအုပ်၌။ ဈာယန္တံ၊ ဈာန်ဝင်စားကာ မွေ့လျော်စွာထသော။ သီဟံဝ၊ သိန်းခတ်အသပြာ ကမ္ဘာလာဟန် မှင်ဆံရှိခြင်း ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော နှလုံးတော်လည်း ရှိထသော။ ဧကစရံ၊ ဝဲ,ယာ,ရှေ့,နောက် ဖော်မလှောက်ဘဲ တစ်ယောက်တည်းသာ ကျင့်လေ့ရှိထသော။ ဝါ၊ လောကဓာတ်၌ ပြိုင်ဖက်မပြု တစ်ဆူတည်းသော ယောကျာ်းလည်းဖြစ်ထသော။ နာဂံ၊ ဘဝတစ်ပါး သွားလာခြင်းလည်း မရှိထသော။ ကာမေသု၊ ကိလေသာကာမ, ဝတ္ထုကာမ ဤနှစ်ဝတို့၌။ အနပေက္ခိနံ၊ ဆန္ဒရာဂအားဖြင့် ငဲ့ကွက်ခြင်း မရှိထသော။ ဂေါတမံ၊ ဂေါတမအမည်တော်ရှိသော မြတ်စွာဘုရားကို။ ပဿာမ၊ ဖူးမြင်ကြကုန်အံ့။ တံ၊ ထိုမြတ်စွာဘုရားကို။ ဥပသင်္ကမ္မ၊ ကပ်လတ်၍။ မစ္စုပါသ ပမောစနံ၊ သေမင်း၏ကျော့ကွင်းမှ လွတ်ကင်းရာဖြစ်သော အမြိုက်နိဗ္ဗာန်ကို။ ပုစ္ဆာမ၊ မေးလျှောက်ကြကုန်အံ့။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ချီးပ၍ ဘုရားထံတော်သို့ သွားကြလေ၏။

[ဤနတ်နှစ်ဦးတို့ကား ကဿပဘုရားရှင် သာသနာတော်ကပင် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို အာဂုံဆောင်ဖူးသည်ဖြစ်၍ ဉာဏ်ကြီးလှသောကြောင့် ဘုရားဂုဏ်ကျေးဇူး အမြွက်ကို အချက်ကျကျ သိနိုင်လေသတည်း။]

နတ်စစ်သူကြီးတို့၏ အသီးသီးပြောဆိုကြသော ဘုရားကျေးဇူးတော်စကားကို 'ကာဠီ' အမည်ရှိသော အမျိုးသမီးတစ်ယောက်သည် ပြာသာဒ်သို့တက်၍ လေသွန်တံခါးကို ဖွင့်လျက် ကိုယ်ဝန်၏ပင်ပန်းခြင်းကို ဖျောက်ခြင်းငှာ ရပ်နေသောအခိုက်တွင် နားစိုက်မိ၍ အစ,အလယ်, အဆုံးတိုင်အောင် ကြားလျှင် 'ဘုရားတို့သဘောသည် ဤသို့သောဂုဏ်အထူးနှင့် ပြည့်စုံပေသည်တကား' ဟု ဘုရားဂုဏ်လျှင် အာရုံရှိသောပီတိကိုဖြစ်စေလျက် ထိုပီတိဖြင့် နီဝရဏတရားကိုခွာ၍ ဝိပဿနာကိုစီးဖြန်းလျှင် ထိုပြာသာဒ်ထက်၌ ရပ်လျက်ပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

[ထို့ကြောင့် ထိုကာဠီအား ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ဧတဒဂ်အရာ၌ ထားတော်မူသည်။ ထိုအကြောင်းကို နောက်မှ ဆိုလတ္တံ့။]

ထိုနတ်ဘီလူး စစ်သူကြီးတို့သည်လည်း တစ်ထောင်သောနတ်ဘီလူးအပေါင်း ခြံရံလျက် ပစ္ဆိမယံ၌ ဣသိပတန မိဂဒါဝုန်တောသို့ရောက်ကုန်၍ ဓမ္မစကြာတရား ဟောတော်မူလျက် ထက်ဝယ်ဖြင့်ထိုင်နေတော်မူသော ဘုရားရှင်၏အထံသို့ ကပ်၍ လက်အုပ်ချီလျက် 'အဇ္ဇာတာရံ' အစရှိသောဂါထာဖြင့် မြတ်စွာဘုရားအား ချီးမွမ်းခြင်းကိုပြု၍ ဆယ်ခုသောပြဿနာတို့ကို လျှောက်ကုန်သည်တွင် ဘုရားသခင်လည်း 'ဟေမဝတ'သုတ်ဒေသနာကို ဟောတော်မူပေ၏။ တရားတော်၏အဆုံး၌ ထို နတ်စစ်သူကြီးနှစ်ဦးတို့သည် သောတာပန် တည်လေကုန်၏။ ကြွင်းကုန်သော နတ်ဘီလူးတို့သည် သရဏဂုံ ပဉ္စသီ တည်ကြကုန်သတည်း။

ထို့နောက် ဓမ္မစက္ကပဝတ္တနသုတ်ကိုပင် အကျယ်တစ်ဖန် ဟောတော်မူပြန်သဖြင့် ငါးဝါဆိုလပြည့်ကျော် တစ်ရက်နေ့ အရှင်ဝပ္ပသည် သောတာပတ္တိဖိုလ်၌ တည်သည်။ နှစ်ရက်နေ့ အရှင်ဘဒ္ဒိယ၊ သုံးရက်နေ့အရှင်နာမ၊ လေးရက်နေ့အရှင်အဿဇိထေရ် တို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကုန်၍ ပေါ်ဘိက္ခု ရဟန်းအဖြစ်ကို ရကြကုန်သည်။

လပြည့်ကျော် ငါးရက်နေ့ ၌ ငါးဦးသောရဟန်းတို့ကို စည်းဝေးစေ၍ 'အနတ္တလက္ခဏ သုတ်'ကို ဟောတော်မူသဖြင့် ငါးဦးလုံးပင် ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ ဤသို့ ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်ကြလျှင် ဘုရားသခင်လည်း ထို မိဂဒါဝုန်တော၌ပင် လှည့်လည်၍ မွေ့လျော် တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



## ။၁၄။ အရှင်နာဠကထေရ် မောနေယျအကျင့်ကို ကျင့်ခြင်း

လပြည့်ကျော် ခုနစ်ရက်နေ့သို့ ရောက်သောအခါ 'ဒေဝိလ'ရသေ့၏တူဖြစ်သော 'နာဠကထေရ်' ရောက်လာ၍ မောနေယျပဋိပတ်ကို ဟောကြားတော်မူသဖြင့် ကျင့်ရလေသည်။

အတ္ထုပ္ပတ္တိအကျဉ်းကား။ ။ ဒေဝိလရသေ့၏ နှမတော်ဖြစ်သော 'မန္တာဏီ'ပုဏ္ဏေးမ၌ 'နာဠက'မည်သော တစ်ယောက်သောသားသည် ရှိသတတ်။ ထို သတို့သားသည် အဆင်းလှ၏။ မိဘ ဘိုးဘွားတို့အားလည်း ရှိသေ၏။ အရွယ်ရောက်သောကာလ အမျိုးအနွယ် အရွယ်တူသော မယား ရ၍ များစွာသောစည်းစိမ်ချမ်းသာတို့၏ အရှင် ဖြစ်၏။

အထက်က ဆိုခဲ့ပြီးသောနည်းအားဖြင့် ဘုရားလောင်းဖွားစကပင် အရှင်ဒေဝိလ၏ ဆုံးမသောစကားကြောင့် ဘုရားလောင်းကိုရည်မှန်း၍ ရဟန်းပြုပြီးလျှင် တစ်ခုသော တောအုပ်ကို မှီ၍နေ၏။ 'ရေငုပ်ဖန်များက နား ချို့တဲ့ရာသည်။ နားချို့တဲ့၍ မကြားလျှင် တရားတော်မှ ရှုံးခြင်းသို့ ရောက်ရာချေသည်'ဟု နှလုံးပြု၍ အမျိုးတို့၏စာရိတ္တဖြစ်သော ရေငုပ်ခြင်းကိုပယ်လျက် သုံးဆယ့်ငါးနှစ်ပတ်လုံး စင်ကြယ်စွာသောအကျင့်ဖြင့် နေသည်တွင် ဘုရားသခင် ဓမ္မစကြာ တရားကို ဟောကြားတော်မူရာ၌ ကြားနာရသော သဟာယဖြစ်သော နတ်သားတစ်ယောက်သည် အရှင်နာဠကအား ဘုရားဖြစ်ကြောင်းကို ကြားလာ၍ သိသဖြင့် မိဂဒါဝုန်တော သို့လာပြီးသော် အထံတော်သို့ချဉ်းကပ်၍ ထက်ဝန်းကျင် အတောင် ရှစ်ဆယ်မျှလောက် သောအရပ်၌ တလျှပ်လျှပ်ပထွန်းသော ရောင်ခြည်တော်အဝန်းဖြင့် တင့်တယ်တော်မူသော ဘုရားသခင်ကိုမြင်လျှင် ကြည်ရွှင်ရှိညွတ်လှသောစိတ် ရှိရကား 'ငါ့ဦးရီး ဟောကြားတိုင်း ဘုရားစင်စစ် ဖြစ်သည်မှန်ချေပြီ။ ဆင်းရဲကင်းရာ နိဗ္ဗာန်ညာကို ကောင်းစွာ ညွှန်တတ်သောသူကို တွေ့ရချေပြီတကား' ဟု အားရဝမ်းသာလျက် မောနေယျပဋိပတ်ကို သိခြင်းငှာ–

'အနဂါရိယုပေတဿ၊ ဘိက္ခာစရိယံ ဇိဂီသတော။

မုနိ ပဗြူဟိ မေ ပုဋ္ဌော၊ မောနေယျံ ဥတ္တမံ ပဒံ' ဟူသော ဂါထာဖြင့်–

"သံသရာ၏ ကမ်းတစ်ဘက်သို့ ကူးမြောက်တော်မူပေသော အရှင်ဘုရား။ အိမ်ရာမထောင် ရဟန်းဘောင်၌ ကျင့်ဆောင်သဖြင့် ဆွမ်းခံခြင်းကို မှီတင်း၍နေလင့်ပါသော အကျွန်ုပ်အား အလျင်အမြန် နိဗ္ဗာန်ရကြောင်း ကောင်းမြတ်သော မောနေယျပဋိပတ်ကို ကောင်းစွာဟောတော်မူပါလော့" ဟု လျှောက်၏။

ယင်းသို့လျှောက်သောအခါ မြတ်စွာဘုရားသည် "ချစ်သား နာဠက၊ ဤ မောနေယျ ပဋိပတ်ကား ဆည်းပူးအပ်သောပါရမီ ရှိမှသာလျှင် ကျင့်နိုင်ရာသည်။ ပြုခြင်းငှာ အလွန် ခဲယဉ်းသော တရားတည်း။ သင် ကျင့်လိုမူကား ငါ ဟောကြားအံ့။ မှတ်သားနာယူ၍ ကောင်းစွာအားထုတ်လော့" ဟု တိုက်တွန်းတော်မူလိုရကား –



www.burmeseclassic.com

www.burmeseclassic.com



'မောနေယျံ တေ ဥပညိသံ၊ ဒုက္ကရံ ဒုရာဘိသမ္ဘဝံ။

ဟန္ဒ တေ နံ ပဝက္ခာမိ၊ သန္တ မ္ဘသု ဒဠှော ဘဝ' ဟူသောဂါထာကို ဟောတော်မူ၏။

အနက်ကား – 'နာဠက၊ ချစ်သား နာဠက။ ဟန္ဒ၊ ယခု။ ဒုက္ကရံ၊ ပြုနိုင်ခဲစွာ ထသော။ ဒုရာဘိသမ္ဘဝံ၊ လွန်၍ ကျင့်ရထသော။ ဝါ–ဖြစ်စေခြင်းငှာ ငြိုငြင်စွာကျင့်ရထသော။ မောနေယျံ၊ မောနေယျကျင့်ဝတ်ကို။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ ဥပညိသံ၊ သိစေအံ့။ တေ၊ သင့်အား။ နံ၊ ထိုမောနေယျပဋိပတ်ကို။ ပဝက္ခာမိ၊ ဟောပေအံ့။ တွံ၊ သင်သည်။ သန္တ မ္ဘသု၊ ဝီရိယဖြင့် ထောက်ပင့်လော့။ ဒဠှော၊ မြဲမြံသည်။ ဘဝ၊ ဖြစ်လော့'

ဤဂါထာဖြင့် နာဠကမထေရ်အား သန္တ မ္ဘန, ဒဠှီဘာဝအဖြစ်၌ တိုက်တွန်းတော်မူပြီး၍ ယခုအခါ ပဋိပတ်အစဉ်ကို ထင်စွာပြတော်မူခြင်းငှာ –

'သမာနဘာဂံ ကုဗ္ဗေထ၊ ဂါမေ အက္ကုဋ္ဌ ဝန္ဒိတံ။

မနောပဒေါသံ ရက္ခေယျ၊ သန္တော အနုဏ္ဏတော စရေ' – အစရှိသော နှစ်ဆယ့်နှစ်ဂါထာကို ဟောတော်မူ၏။

အနက်ကား။ ။ နာဠက၊ ချစ်သားနာဠက။ ဂါမေ၊ ရွာ၌။ အက္ကုဋ္ဌဝန္ဒိတံ၊ အမျက်ထွက်ငြား ထိပါးသောသူ, ကြည်ညွတ်ရိုကျိုး ရှိခိုးလာသောသူကို။ သမာနဘာဂံ၊ မုန်း,ချစ်မဟူ အတူအမျှ။ ကုဗ္ဗေထ၊ ပြုရာ၏။ မနောပဒေါသံ၊ စိတ်ဖြင့် ပြစ်မှားခြင်းကို။ သန္တော၊ သူတော်ကောင်းသည်။ ရက္ခေယျ၊ စောင့်ရာ၏။ အနုဏ္ဏတော၊ ဝမ်းမမြောက်သည်ဖြစ်၍။ စရေ၊ ကျင့်ရာ၏။

ဒါယေ၊ တော၌။ အဂ္ဂိသိခူပမာ၊ လောင်သောမီးလျှံနှင့် တူကုန်သော။ နာရိယော၊ မိန်းမတို့သည်။ ဥစ္စာဝစာ၊ ယုတ်ယုတ်မြတ်မြတ် ဖြစ်ကုန်သောစကားတို့ကို။ နိစ္ဆရန္တိ၊ မြွက်ဆိုပြောကြားကုန်လျက်။ မုနိံ၊ ရဟန်းကို။ ပလောဘေန္တိ၊ စကားချိုသာ လှူဒါပေငြား လှည့်ပတ်အားဖြင့် ဖြားယောင်းသွေးဆောင် တတ်ကုန်၏။ တာ၊ ထိုတောမီးပမာ လောင်တတ်စွာတုံ့ အာရုံငါးဝ မိန်းမအပေါင်းတို့သည်။ တံ၊ သင့်ကို။ မာ ပလောဘယုံ၊ မဖျက်စီးစေကုန်လင့်။ ဝါ၊ မဖြားယောင်းစေကုန်လင့်။

မေထုနဓမ္မာ၊ ယှဉ်ဖက်မြူးခုန် မေထုန်အကျင့်မှ။ ဝိရတော၊ ကြဉ်သည်။ ဘဝ၊ ဖြစ်လော့။ အပရာပရေ၊ ထိုမှတစ်ပါးကုန်သော။ ကာမေ၊ ငါးပါးအာရုံ ကာမဂုဏ်တို့ကို။ ဟိတွာ၊ စွန့်၍။ ပါဏေသု၊ ရန်မူသောသတ္တဝါတို့၌။ အဝိရုဒ္ဓေါ၊ မဆန့်ကျင်သည်။ ပါဏေသု၊ အဖော်ကျွမ်းဝင် ကြင်နာသောသတ္တဝါတို့၌။ အသာရတ္တော၊ တပ်မက်ခြင်းမရှိသည်။ ဘဝ၊ ဖြစ်လော့။ တသထာဝရေ၊ ပုထုဇဉ်သေက္ခဖြစ်သော သတ္တဝါ, အသေက္ခဖြစ်သော သတ္တဝါတို့ကို။ အဟံ ယထာ၊ ငါကဲ့သို့။ ဧတေ၊ ထိုသတ္တဝါတို့သည်။ တထာ၊ ထို့အတူ။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧတေယထာ၊ ထိုသတ္တဝါတို့ကဲ့သို့။ တထာ၊ ထို့အတူ။ အဟံ၊ ငါသည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပမံကတွာ၊ ထပ်တူဥပမာကို ပြု၍။ န ဟနေယျ၊ သူ့ကို မထိပါးရာ။ န ဃာတယျ၊ မညှဉ်းဆဲရာ။



www.burmeseclassic.com

www.burmeseclassic.com



[ဤပါဠိတို့ဖြင့် ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယ သံဝရသီလ နှစ်ပါးကို အကျဉ်းအားဖြင့် ပြတော်မူ၏။]

ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ ယတ္တ၊ အကြင်ပစ္စည်းလေးပါး၌။ သတ္တော၊ တပ်ငြိသည်ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။ တတ္ထ၊ ထိုပစ္စည်းလေးပါး၌။ ဣစ္ဆဥ္စ၊ မရသေးသည်ကို လိုချင်တပ်မက်သော ဣစ္ဆာကို လည်းကောင်း။ လောဘဥ္စ၊ ရပြီးသည်ကို မဖိတ်မယို လိုချင်မက်မောသော လောဘကို လည်းကောင်း။ ဟိတွာ၊ ပယ်စွန့်၍။ စက္ခုမာ၊ ဆင်ခြင်ခြင်း ပညာစက္ခု ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဣမံ၊ ဤ မောနေယျအကျင့်ကို။ ပဋိပဇ္ဇေယျ၊ ကျင့်ရာ၏။ ဧဝံ၊ ဤသို့ ကျင့်သောသူသည်။ နရကံ၊ ငရဲသို့ ဆောင်တတ်သော။ ဣမံ၊ ဤမိစ္ဆာဇီဝ၏ အကြောင်းဖြစ်သော ပစ္စယ တဏှာကို။ တရေယျ၊ ကူးရာ၏။

[ဤဂါထာဖြင့် ကုလဒူသန, အနေသန စသည်မှခွာ၍ အာဇီဝ ပါရိသုဒ္ဓိသီလကို ပြတော်မူသည်။]

ဩနောဒရော၊ လျှော့သောဝမ်း ရှိသည်။ မိတာဟာရော၊ နှိုင်းရှည့်ပိုင်းခြားအပ်သော အာဟာရ ရှိသည်။ အဿ၊ ဖြစ်ရာ၏။ အပ္ပိစ္ဆော၊ အလိုနည်းသည်။ အလောလုပေါ၊ မလျှပ်ပေါ်သည်။ အဿ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ဖြစ်သည်ရှိသော်။ သဒါ၊ အခါခပ် သိမ်း။ ဣစ္ဆာယ၊ လိုချင်ခြင်းဖြင့်။ အနစ္ဆာတော၊ ဆာလောင်ခြင်း မရှိသည်။ အနိစ္ဆော၊ အလိုမရှိသည် ဖြစ်၍။ နိဗ္ဗုတော၊ ငြိမ်းပြီးသော ကိလေသာတည်းဟူသော ပူပန်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။

မုနိ၊ မောနေယျအကျင့်ကို ကျင့်သော။ သောဘိက္ခု၊ ထိုရဟန်းသည်။ ပိဏ္ဍစာရံ၊ ဆွမ်းခံရွာသို့။ စရိတွာ၊ သွား၍။ ဘတ္တကိစ္စံဝါ၊ ဆွမ်းစားခြင်း ကိစ္စကိုမူလည်း။ ကတွာ၊ ပြု၍။ ဝနန္တံဝ၊ တောသို့သာလျှင်။ အဘိဟာရယေ၊ ရှေးရှု သွားရာ၏။ ရုက္ခ မူလသ္မိံ၊ သစ်ပင်ရင်း၌။ ဥပဋ္ဌိတော၊ ရပ်သည်ဖြစ်၍။ အာသနူပဂတော၊ နေရာသို့ကပ် လျက်။ နိသိန္နော၊ မလျောင်းမစက် ထက်ဝယ်ထိုင်နေသည်။ အဿ၊ ဖြစ်ရာ၏။

[ဓုတင်မှတ်ချက်။ ။ လူတို့နှင့် ဟောပြောခြင်းစသည်ကို မပြုဘဲ တောထဲသို့ကပ်၍ ရပ်လျက်, ထိုင်လျက်သာ နေအပ်၏ ဟူလိုသည်။ ဤဂါထာဖြင့် ပိဏ္ဍပါတိကဓုတင်၊ သပဒါနစာရီ၊ ကောသနိက်၊ ပတ္တပိုဏ်၊ ခလုပစ္ဆာဓုတင်တို့ကို သဘာဝအားဖြင့် ပြသည်။ တေစီဝရိက၊ ပံသုကူလဓုတင်တို့ကို သမာဒါနတ္ထအားဖြင့်ပြသည်။ အရညကင်ဓုတင်၊ ရုက္ခမူဓုတင်၊ နိသဇ္ဇိဓုတင်တို့ကို နီတတ္ထအားဖြင့် ပြတော်မူသည်။ အဗ္ဘောကာသိက၊ ယထာသန္ထတိ၊ သောသာနိကဓုတင်တို့ကိုလည်း အတ္တာပတ္တိအားဖြင့် ပြတော်မူသည်။]

သော၊ ထိုဓုတင်တေရသကို ဆောင်ပြီးသောရဟန်းသည်။ ဈာန ပသုတော၊ အာရမ္မဏူပနိဇ္ဈာနဈာန်, လက္ခဏူပ နိဇ္ဈာနဈာန်တို့၌ လေ့ကျက်သည်။ ဓီရော၊ ဝီရိယ ပညာ သမာဓိနှင့် ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ ဝနန္တေ၊ တောအတွင်း၌။ ရမိတော၊ မွေ့လျော်သည်။ သိယာ၊ ဖြစ်ရာ၏။ ရုက္ခမူလသ္မိံ၊ သစ်ပင်ရင်း၌။ လောကုတ္တရ



www.burmeseclassic.com

www.burmeseclassic.com



နေနှ၊ လောကုတ္တရာဈာန်ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ အဘိတောသယံ၊ အလွန် နှစ်သက်ပေလျက်။ ဈာယေထ၊ ဈာန်ဝင်စားရာ၏။

တတော၊ ထိုသို့သော ရှေးရှုသွားသည်မှ။ ဥတ္တရိ၊ အထက်၌။ ရတ္យာဝ သာနေ၊ ညဉ့်ကိုလွန်လတ်သည်ရှိသော်။ ဂါမန္တံ၊ ရွာတွင်းသို့။ အဘိဟာရယေ၊ အဘိသမာ စာရိက ကျင့်ဝတ်ကို ဖြစ်စေလျက် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ သွားရာ၏။ အဂှာနံ၊ အကျွန်ုပ်တို့၏ အိမ်၌ ဆွမ်းစားပါ'ဟု ပင့်ခေါ်ခြင်းကို။ နာဘိ နန္ဒေယျ၊ မနှစ်သက် ရာ။ ဝါ၊ မခံရာ။ ဂါမတော၊ ရွာမှ။ အဘိဟာရဉ္စ၊ ရှေးရှုဆောင်ခဲ့သော ဆွမ်းကို လည်း။ နာဘိနန္ဒေယျ၊ မခံရာ။

မုနိ၊ မောနေယျအကျင့်ကို ကျင့်သောရဟန်းသည်။ ဂါမံ၊ ရွာသို့။ အာဂမ္မ၊ ရောက်၍။ ကုလေသု၊ ဒါယကာတို့၌။ သဟသာ၊ တကွရောနှောသဖြင့်။ နစရေ၊ မပြုကျင့်ရာ။ ဆိန္နကထော၊ မပြောဟောလတ် ပြတ်သောစကား ရှိသည်ဖြစ်၍။ စရေ၊ ကျင့်ရာ၏။ ပယုတ္တံ၊ ပရိယာယ်ရိပ် နိမိတ်ဩဘာသနှင့် ယှဉ်သော။ ဃာသေသနံ၊ အစားအဝတ် ရှာခြင်းနှင့်စပ်သော။ ဝါစံ၊ စကားကို။ နဘဏေယျ၊ မဆိုရာ။

ဂါမံ၊ ရွာသို့။ ပဝိဋ္ဌော၊ ဝင်သော။ ဘိက္ခု၊ ရဟန်းသည်။ ကိဉ္စိ၊ စိုးစဉ်းမျှသော ဝတ္ထုကို။ လဒ္ဓေ၊ ရသည်ရှိသော်။ ယံ၊ အကြင်ဝတ္ထုကို။ အလတ္ထံ၊ ရအပ်ပြီ။ တံ၊ ထိုသို့ ရခြင်းသည်။ သာဓု၊ ကောင်း၏။ အလဒ္ဓေ၊ စိုးစဉ်းမျှ မရသည်ရှိသော်။ ယံ နာလတ္ထံ၊ အကြင်အခြင်းအားဖြင့် မရ။ ဝေ၊ ဤသို့ မရခြင်းသည်လည်း။ ကုသလံ၊ ကောင်း၏။ ဣတိ၊ ဤသို့။ ဥဘယေနေဝ၊ ရ, မရ နှစ်ပါးဖြင့်ပင်လျှင်။ တာဒိ၊ ဖောက်ပြန်ခြင်း မရှိသည်။ ဟုတွာ၊ ဖြစ်၍။ ရက္ခံဝ၊ သစ်ပင်ကဲ့သို့။ ဥပနိဝတ္တတိ၊ လျစ်လျူပြု၍ လွန်ရာ၏။

သပတ္တပါဏိ၊ သပိတ်ကိုပိုက်လျက်။ စရန္တော၊ သွားသည်ရှိသော်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အမူဂေါ၊ မအ,ဘဲလျက်။ မူဂသမ္မတော၊ အ,၏ဟူ၍ သမုတ်အပ်သည်။ အဿ၊ ဖြစ်ရာ၏။ အပ္ပဒါနံ၊ အနည်းငယ်လှူခြင်းကို။ န ဟီဠေယျ၊ မရှုတ်ချရာ။ ဒါတရံ၊ လှူသောသူကို။ နာဝဇာနိယာ၊ မထီမဲ့မြင် မပြုရာ။

[ဤမှတစ်ပါး ဟောတော်မူအပ်သော ပဋိပတ်ကား များသေး၏။ ကျမ်း လေးအံ့စိုး၍ မရေးချေပြီ။ အလိုရှိမူ သုတ္တနိပါတ်ပါဠိတော်၌ ယူလေ။ မောနေယျပဋိပဒါကို မနာရဘူးသေးသူ များသောကြောင့် အမြွက်မျှ ရေးလိုက်သည်။]

နာဋကလည်း ဘုရားဆုံးမသော ဩဝါဒအတိုင်း မှတ်နာ၍ ငါကား တစ်ဖန် ဘုရားရှင်ကို ဖူးမြင်ရမူ, တစ်ဖန် တရားတော်ကို နာရပြန်မူ, တစ်ဖန် မောနေယျ ပဋိပတ်ကို မေးလျှောက်ရပြန်မူ ပေါ့တန်လျှပ်ပေါ်ရာ ရောက်ချေမည်ဟု နှလုံးပြုလျက် တစ်ခုသောတောအုပ်သို့ ဝင်ပြီးသော် သစ်ပင်တစ်ပင်ရင်း၌ နှစ်ရက်မနေ၊ တစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



တွင် နှစ်ရက် ဆွမ်းမခံ။ တစ်တောမှသည် တစ်တော, သစ်တစ်ပင်မှသည် သစ်တစ်ပင်, တစ်ရွာမှသည် တစ်ရွာသို့ လှည့်ပတ်ကာသာ ခြိုးခြံစွာကျင့်သဖြင့် ခုနစ်လတိုင်လျှင် အရဟတ္တဖိုလ်ကို ရ၍၊ မိမိ၏ အာယုသင်္ခါရ ကုန်သည်ကိုလည်းသိ၍ ရေချိုးပြီးသော် သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်, ခါးပန်းတို့ကို ရှိသေစွာဝတ်ရုံလျက်၊ ဘုရားရှိရာမျက်နှာပြုလျက် တစ်ခုသော ဆေးဒန်းမြင်းသီလာတောင်ကို မှီလျက်၊ ထိပ်ထက်လက်အုပ်ကိုထား၍ ရပ်လျက်ပင် ပရိနိဗ္ဗာန် ပြုလေ၏။

ဘုရားသခင်လည်း သံဃာ တော်အပေါင်းနှင့်တကွ ကြွ၍ သင်္ဂြိုဟ်တော်မူ၏။

**ဗိနတ္ထုပကာသနိကျမ်း 'ပထမပိုင်း' ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com


# ဇိနတ္ထပကာသနီကျမ်း

# ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com





ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့ ရဟန်းပြုခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ဇိနတ္ထပကာသနီကျမ်း

## ဒုတိယပိုင်း

www.burmeseclassic.com



ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့ ရဟန်းပြုခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဓိနဲ့ဏ္ဍပဏာသနိကျမ်း
## ဒုတိယပိုင်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ။၁၅။ ယသသူဌေးသားကို တရားဟော၍ ရဟန်းပြုခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရွတ် ချွတ်တော်မူ၍ မိဂဒါဝုန်တော၌ နေတော်မူသောအခါ ဗာရာဏသီပြည် သေနနိဂုံး၌ 'ဗြာဟ္မဏမဟာသာလ' သူဌေးကြီးသမီး နို့ဆွမ်းလှူသော သုဇာတာ၏သားဖြစ်သော 'ယသ'လုလင်သည် စင်ကြယ်သန့်ရှင်းသော အဆင်းအဝါလည်း ရှိ၏။ သိမ်မွေ့နူးညံ့သော အပြင်အလျာလည်း ရှိ၏။ များလှစွာသော စည်းစိမ်ဥစ္စာလည်း ရှိ၏။ ထိုသူဌေးသားသည် သုံးပါးသောဥတုနှင့် လျော်ကပ်သော ပြာသာဒ်သုံးဆောင်၌ တစ်ထောင့်ငါးရာမျှလောက်သော အတီး, အက, မောင်းမမိဿံတို့ကို ခြံရံခစားစေလျက် မိမိမှတစ်ပါး ယောကျ်ားမရှိဘဲ လွန်ကဲကြီးမြတ်စွာသော ကာမဂုဏ်ချမ်းသာကို ခံစား၍နေသတည်း။

ထိုသတို့သားအား တစ်ဥတုမှသည် တစ်ဥတုသို့ ပြောင်း၍ ဆောင်းစံသောပြာသာဒ်မှ နွေစံသောပြာသာဒ်သို့၊ နွေစံသောပြာသာဒ်မှ မိုးစံသောပြာသာဒ်သို့၊ မိုးစံသောပြာသာဒ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းစံသောပြာသာဒ်သို့ ပြောင်းလတ်သောအခါ နတ်ကညာတို့ကဲ့သို့ တင့်တယ်စွာ တန်ဆာဆင်အပ်သော မင်းမိန်းမတို့သည် အချို့ကား စောင်း, ငြင်း, ပတ်သာ တူရိယာ တီးမှုတ်ကုန်လျက်၊ အချို့ကား သီချင်းသီကုန်လျက်၊ အချို့ကား အလွန်က,မြူးကုန်လျက် ခြံရံ၍လိုက်ကြသဖြင့် ပွဲသဘင်ကြီးစွာဖြစ်၍ ပြည်သူပြည်သားအပေါင်းတို့သည် သောင်း သောင်းအုတ်အင် မြေပြင်ပြည့်မျှ ရှုကြကုန်သတည်း။

ဤသို့ ကြီးမြတ်သောလောကီချမ်းသာကို ခံစားလျက်နေစဉ် တစ်နေ့သောအခါ ကာမဂုဏ်ချမ်းသာတို့ဖြင့် စံပယ်ပျော်ပါးလျက် ယသ,သတို့သားသည် စောစောကလျှင် အိပ်ပျော်၍ ပစ္ဆိမယံအစ၌ နိုးလေသော် အခြွေအရံဖြစ်သော ကိုယ်လုပ်မောင်းမတို့သည် အချို့ကား ရှုပဟောက်၍ အာစောက်ခံတွင်း ဟင်းလင်းပွင့်ကုန်လျက် စက်ဆုပ်ဖွယ်သော အနံ့တို့ဖြင့် လှိုင်လျက်၊ အချို့ကား ကိုယ်ဝတ်လုံချည် ကျွတ်ကုန်လျက်၊ အချို့ကား ဦးဆံ ဖားလျား ကြဲကုန်လျက်၊ အချို့ကား စောင်းကို ပိုက်လျက်၊ အချို့ကား မုရိုးစည် လွယ်လျက်၊ ပက်လက်ကားကား တလန်းကြားဖားသီ မှီလျက်ဖိလျက် ရှုပ်ယှက်ခတ်မျှ အိပ်စက်ကြသည် ကို ညဥ့်သုံးယံလုံးထွန်းညှိသော နံ့သာဆီမီးရောင်ဖြင့် မြင်လေလျှင် မရွှင်မပျော် ညှိုးရော် တုန်လှုပ်သောနှလုံးနှင့် ယူကျုံးမရရှိလျက်

'ဥပဒ္ဒုတံ ဝတ ဘော, ဥပဿဋ္ဌံ ဝတ ဘော' – ဟူသော ဥဒါန်းကိုဆိုလျက်

"အို အချင်းတို့။ အလုံးစုံသော ကိုယ်၏အဖြစ်သည် နှစ်သက်ခင်မင်ဖွယ် မရှိဘဲလျက် တပ်ငြိစွဲလမ်းသဖြင့် ပင်ပန်းနှိပ်စက် လေစွတကား။ ဤ ခန္ဓာငါးပါး၏အဖြစ်သည် အနှစ်သာရ မရှိ။ တစီးတွင်း၌တက်သော အမြှုပ်ကဲ့သို့ ယုတ်မာလှစွာလျက် တဏှာ၏အဟုန်ဖြင့် စုံမက်ခြင်းပြင်း၍ ညှဉ်းဆဲပူလောင်လေစွတကား" ဟု မြည်တမ်း၏။

ဤသို့သော ဥဒါန်းစကားကိုဆိုပြီးလျှင် မိမိကိုယ်၏အဖြစ်အပျက်ကို စဉ်းစား၍ ချောက် ချားထိတ်လန့်ရကား အိပ်ရာညောင်စောင်းမှ ထ၍ ရွှေခြေနင်းတို့ကိုစီးလျက် ထွက်လေသဖြင့် အိမ်တံခါးဝသို့ရောက်လေလျှင် နတ်တို့သည် "သူဌေးသား၏ ရဟန်းပြုခြင်း၌ တစ်စုံတစ် ခုသောအန္တရာယ်သည် မတွယ်မငြိစေသတည်း" ဟု တံခါးကိုဖွင့်လင့်၍ ပွင့်နှင့်လေသဖြင့် အသင့်ပင် ထွက်သွားရ၍ မြို့တံခါးဝသို့ရောက်ပြန်လျှင် ယခင်ကဲ့သို့ နတ်ဖွင့်ပြီးဖြစ်၍ အဆီးအတားမရှိ ထွက်သွားရဘိ၍ မိဂဒါဝုန်တောသို့ ရောက်လေ၏။

ထိုအခါ မြတ်စွာဘုရား သည်လည်း ထိုညဥ့်မိုးသောက်ယံ၌ ကျောင်းတော်မှမနီးမဝေး ဖြစ်သော လွင်တီးခေါင်၌ စင်္ကြံကြွ၍နေတော်မူစဉ် အဝေးမှလာသော ယသသူဌေးသားကို မြင်တော်မူလျှင် စင်္ကြံမှသက်၍ သင့်တင့်လျောက်ပတ် ခင်းအပ်သောနေရာ၌ နေတော်မူလင့်၏။

သူဌေးသားလည်း ဘုရားရှင်၏အနီးသို့ ရောက်လျှင် ယခင်ဆိုအပ်သော 'ဥပဒ္ဒုတံ ဝတ ဘော, ဥပဿဋ္ဌံ ဝတ ဘော' ဟူသော ဥဒါန်းစကားကိုပင် ကျူး၏။

ဘုရားသခင်သည်လည်း ရွှင်လှသောမျက်နှာတော်ဖြင့် 'ဣဒံ ခေါ ယသ အနုပဒ္ဒုတံ အနုပဿဋ္ဌံ၊ ဧဟိ ယသ နိသီဒ၊ ဓမ္မံ တေ ဒေသေဿာမိ' ဟူသောစကားဖြင့်–



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား ယသ။ ငါ ရအပ်သော အမြိုက်နိဗ္ဗာန်သည် ရွံရှာစက်ဆုပ်အပ်သော သဘော မရှိ။ ထိပါးနှိပ်စက်ခြင်းလည်း ကင်း၏။ သန့်ရှင်းစင်ကြယ်စွာ ချမ်းသာတကာ တို့၏အထွတ်လည်း ဖြစ်၏။ ယုတ်ညံ့သောသတ္တဝါတို့ ရောက်ခြင်းငှာ မထိုက်။ ကြီးမြတ်သော ပုညသမ္ဘာရရှိသော သူတို့၏နေရာသာလျှင် ဖြစ်၏။ အနှစ်သာရ နှင့်ပြည့်စုံ၍ ဂုဏ်အပေါင်းတို့၏တည်ရာလည်း ဖြစ်၏။ ချစ်သား ယသ။ စင်ကြယ် လှသောသုခကို သင် အလိုရှိမှုကား လျှင်စွာလာလော့။ ချမ်းသာကြောင်းဖြစ်သော နိဗ္ဗာန်တရားကို သင့်အား ငါ ဟောအံ့" ဟု မိန့်တော်မူ၏။

ယင်းသို့ခေါ်၍ မိန့်တော်မူလျှင် ယသလည်း ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ ရွှေခြေနင်းကိုချွတ်လျက် ဘုရားအထံသို့ကပ်၍ ရှိသေစွာနေ၏။ ဘုရားသခင်လည်း အစဉ် အတိုင်းသော တရားစကားဖြင့် ဟောကြားတော်မူ၍ သစ္စာလေးပါးကို ပြတော်မူလျှင် ဖြူစင် သောအဝတ်ကို တပ်လှသောဆိုးရည်ဖြင့် ဆိုးတပ်ဘိသကဲ့သို့ ဒိဋ္ဌိ, ဝိစိကိစ္ဆာကင်းလျက် ရတ်ခြည်းပင် သောတာပတ္တိဖိုလ်သို့ ရောက်သတည်း။

ထိုအခါ ရှင်ယသ၏အိမ်၌လည်း ယသ၏မိခင် သူဌေးမသည် နံနက်စောစောထ၍ ယသသတို့သား၏ စံရာပြာသာဒ်သို့ တက်၍ကြည့်လေသော် သားကို မမြင်သဖြင့် ပူပင်လောင်ဆာ ဗျာပါဒကြီး ရင်တီးလက်ခတ် ရေရွတ်မြည်တမ်းလျက် အဖသူဌေးအား အကြောင်းကို ကြား၏။ ယသ၏ ဖခင်သူဌေးလည်း အရပ်လေးမျက်နှာတို့သို့ မြင်းစီးတမန်တို့ကို စေလွှတ် လိုက်ဘိ၏။ မိမိလည်း သားသွားလေသော ရွှေခြေနင်းရာကို အစဉ်မှီးသဖြင့် လိုက်လာသော် ထိုမိဂဒါဝုန်တောသို့ ရောက်လေ၏။

ဘုရားသခင်လည်း သူဌေးလာလတ်သည်ကို အဝေးကမြင်လျှင် အထံတော်တွင် ရှိသော 'ယသသတို့သားကို ဝှက်ထားဦးမှ သင့်မည်'ဟု အကြံတော်ဖြစ်၍ ယသကို မမြင်ရ အောင် တန်ခိုးဖန်ဆင်းတော်မူ၏။

သူဌေးလည်း ဘုရားရှိရာ ကပ်ပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်ကား သားပျောက် ရှာ လာပါသည်။ သတို့သားတစ်ယောက် လာသည်ကို မြင်ပါသလော" ဟု လျှောက်၏။

ဘုရားသခင်လည်း "သင်သူဌေး။ ထိုင်ဦးလော့။ ဤအရပ်၌ပင် သင်၏သား ယသကို မြင်ရလတ္တံ့" ဟု မိန့်တော်မူ၏။ သူဌေးလည်း 'သားကို မြင်ရအံ့' ဟူသောစကားကိုကြား လျှင် အားရဝမ်းသာဖြစ်ကာ ဘုရားခြေတော်ရင်းသို့ ကပ်၍နေလေ၏။

ဘုရားသခင်လည်း ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာဒီနဝ၊ ဩကာရ၊ သံကိလေသ၊ နေက္ခမ္မာနိသံသ တည်းဟူသော အစဉ်သောတရားစကားကို ဟောကြားတော် မူပေ၏။

ဒေသနာတော်၏အဆုံး၌ သူဌေးသည် သောတာပန်တည်လေ၍ "အရှင်ဘုရား၏ တရားဒေသနာသည် အလွန် ကောင်းလေစွတကား။ ခရီးမှားသောသူအား ဖြောင့်သားစွာ လမ်းညွှန်သကဲ့သို့ လည်းကောင်း၊ ဖုံးမှောက်ဝှက်ထားသောဝတ္ထုကို လှစ်လှန်၍ ပြသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အင်္ဂါလေးပါးရှိသော အမိုက်မှောင်၌ တန်ဆောင်မီးကို ထွန်းညှိသကဲ့သို့ လည်းကောင်း ဖြစ်ပေသည်။ ဤသို့ အကျွန်ုပ် သိရပေသည်။ ယနေ့မှစ၍ အကျွန်ုပ်သည် ဘုရားသခင်ကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း ကိုးကွယ်မှီခိုရာဟူ၍ ဆည်းကပ်ပါ၏။ အကျွန်ုပ်ကို ဥပါသကာဟူ၍ မှတ်တော်မူပါ။ အရှင်ဘုရား ဟောကြားဆုံးမရာကို နာခံ၍ ကျင့်ပါတော့မည်" ဟု လျှောက်၏။ ထိုသူဌေးကား လောကသုံးရွာ၌ ရှေးဦးစွာ တေဝါစိက သရဏဂုံတည်သော ဒါယကာတည်း။ ယသ သတို့သားလည်း အဖသူဌေးအား ဟောကြားသောတရားတော်ကို နာရ၍ လူ့ဝတ်နှင့်ပင် ရဟန္တာ ဖြစ်လေသတည်း။

ထိုအခါ မြတ်စွာဘုရားလည်း ဤသို့ အကြံတော်ဖြစ်၏။ 'ယသလည်း အာသဝေါ ကုန်၍ ရဟန္တာ ဖြစ်လေပြီ။ အိမ်ရာထောင်သော လူ့ဘောင်သို့ဝင်၍ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းငှာ မထိုက်ပြီ။ အဖသူဌေးကြီးလည်း သာသနာတော်ကို မဖျက်ဆီးရာပြီ။ တန်ခိုးတော် ကို ငြိမ်းစေသော် သင့်၏'ဟု ကြံတော်မူ၍၊ သားအဖနှစ်ဦးတို့ ဤနေရာ၌ပင် ထင်မြင်စေ ၏။ သူဌေးလည်း အနီး၌ရှိသော ယသ,သတို့သားကို မြင်လျှင် ရွှင်လန်းသောစိတ် ရှိသည် ဖြစ်၍ "ချစ်သား။ သင်၏အမိသည် စိုးရိမ်ခြင်း, ငိုကြွေးခြင်း ကြီးစွာဖြစ်ချေသည်။ သင့် အမိအား အသက်ကိုပေးခြင်းငှာ အိမ်သို့လိုက်ပါဦး"ဟု ဆိုလျှင်၊ ရှင်ယသကလည်း ဘုရား မျက်နှာတော်ကို မော်၍ကြည့်၏။ ဘုရားသခင်လည်း "သင်သူဌေးသည် ငါ ဟောကြားသော သစ္စာတရားကို ထင်ရှားမြင်သကဲ့သို့ ယသ သတို့သားသည်လည်း တရားတော်ကိုမြင်ပြီ။ အာသဝေါတရားလေးပါးတို့မှ လွတ်ပေပြီ" ရှေးလူဖြစ်သော အခါကဲ့သို့ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းငှာ မလိုက်ပြီ"ဟု မိန့်တော်မူ၏။ ထိုစကားကို သူဌေးကြားလျှင် အားရဝမ်းသာလွန်စွာ ချီးပ၍ သားယသနှင့်တကွ ဘုရားသခင်အား နက်ဖြန်အလို့ငှာ ဆွမ်းဖိတ်၍ အိမ်သို့ပြန်လေ၏။

သူဌေးသွား၍ မကြာမြင့်မီပင် ရှင်ယသလည်း ဘုရားအထံတော်တွင် ရှင်ရဟန်း အဖြစ်ကို တောင်းပန်၍ 'ဧဟိဘိက္ခု' ခေါ်တော်မူသဖြင့် ဆံ, မုတ်ဆိတ်, လူ့ဝတ်လူစားတို့သည် ကွယ်ပ၍ ဘိက္ခုဘာဝသည် ပြည့်စုံလေသတည်း။

[ထိုအခါ သုံးရွာသောလောက၌ ခုနစ်ဦးသော ရဟန္တာတို့သည် ဖြစ်ကုန်၏။]

နက်ဖြန်နံနက်သောအခါ၌ မြတ်စွာဘုရားလည်း ရှင်ယသနှင့်တကွ သူဌေးအိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးပြီးလျှင်၊ ရှင်ယသ၏ အမိ, မယားတို့အား အစဉ်သောတရားစကားကို ဟောကြားတော်မူ၍ သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၏။

ထိုသူတို့သည် မိန်းမအပေါင်းတို့တွင် ရှေးဦးစွာ တေဝါစိက သရဏဂုံတည်သော သူတို့တည်း။

ဤဗာရာဏသီပြည်၌ အဆက်ဆက်သော သူဌေးကြီးတို့၏သားဖြစ်ကုန်သော ရှင်ယသ ၏လူက အဆွေခင်ပွန်းဖြစ်ကုန်သော ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝံပတိ ဟူသော



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်သောပုဏ္ဏားတို့သည် မိမိတို့၏မိတ်ဆွေဖြစ်သော ယသသည် ကြီးကျယ်လှစွာသော စည်းစိမ်ဥစ္စာ၊ လယ်ယာ၊ သားမယားတို့ကို စွန့်ပစ်၍ ရဟန်းပြုလေပြီဟု ကြားလျှင်၊ ဤသို့ ကြံကြ၏။ 'ရဟန်းအဖြစ်သည် စင်စစ် အကျိုးနည်းသည်ဖြစ်အံ့။ ငါတို့အဆွေ ယသသည် ကြီးမြတ်လှသော စည်းစိမ်ချမ်းသာကို ခွာသန်း၍ ရဟန်း မပြုလေရာ။ ထူးမြတ်လှသည်သာ ဖြစ်လတ္တံ့.' ဟု ကြံတွေး၍ ထိုသူဌေးသားလေးယောက်တို့သည် ရှင်ယသထံသို့သွားပြီး လျှင် ဘုရားသခင်အထံတော်သို့ ပို့ပါမည့်အကြောင်းကို တောင်းပန်၏။ ရှင်ယသလည်း ထိုသူလေးယောက်တို့ကို ဘုရားရှေ့တော်သို့ဆောင်၍ "ရဟန်းဘောင်သို့ သွင်းတော်မူပါ"ဟု လျှောက်လျှင်၊ အစဉ်သောတရားစကားကို ဟောကြားပြသတော်မူ၍ အရဟတ္တဖိုလ်၌ တည်စေပြီးမှ 'ဧဟိဘိက္ခု' ခေါ်တော်မူ၍ လေးဦးလုံးပင် ရဟန္တာ ဖြစ်ကြလေသတည်း။

ထို့နောက် ဗာရာဏသီပြည်၏အနီး ဇနပုဒ်၌နေကုန်သော၊ ရှင်ယသ၏ လူက အဆွေခင်ပွန်းဖြစ်ကုန်သော၊ ရှေးရှေးသောဘဝက အနာထသရီရကို သင်္ဂြိုဟ်ခြင်းကိစ္စ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းသောကာလ၌ တကွဖြစ်ဖူးကုန်သော သူဌေးသား ငါးကျိပ် တို့သည် ရှင်ယသ၏ ရဟန်းပြုခြင်းသတင်းစကားကို ကြားသိလေသော် 'ငါတို့အဆွေ ယသသည် လူ့စည်းစိမ်ထက် ရဟန်းစည်းစိမ်ယုတ်ညံ့လျှင် ကြီးကျယ်များမြတ်လှသော ဥစ္စာရွှေငွေ အခြွေအရံကိုစွန့်ပစ်၍ ရဟန်းဇာတ်သို့ မဝင်လေရာ' ဟု မဟာမိတ်ဖြစ်လေ သော ယသတို့သားကို အားကျသဖြင့် မိဘ ဥစ္စာ သားမယားတို့ကို စွန့်ပစ်၍ ဘုရားရှင် ခြေတော်ရင်း၌ ရဟန်းပြုကြသဖြင့် ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်ကြကုန်၏။

[ထိုအခါ သုံးလွှာသောလောက၌ ခြောက်ကျိပ်တစ်ယောက်သော ရဟန္တာတို့ ထင်ရှားစွာ ဖြစ်ကြကုန်၏။]

ယင်းသို့ ပဉ္စဝဂ္ဂီ အစရှိကုန်သော ခြောက်ကျိပ်ကုန်သော သူတို့အား လည်းကောင်း၊ ထိုသူတို့၏ မိဘ၊ ဆွေညာ၊ ဒါယကာ စသည်တို့အား လည်းကောင်း တရားအမြိုက် တိုက် ကျွေးတော်မူ၍ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ 'နန္ဒိယ'မည်သော ဥပါသကာသည် ဆောက် လုပ်အပ်သောကျောင်း၌ ပထမဝါ ဆိုတော်မူသည်။

ထိုဝါ ကျွတ်လျှင် တပည့်ရဟန်းတို့ကို ခေါ်တော်မူ၍ "လူ့ပြည်၊ နတ်ရွာ၊ ဗြဟ္မာ့ဘုံတိုင် အောင် တလုံလဲလဲ တဝဲလည်လည် ကြီးရှည်ရှည်ဖြင့် နွားကို လှန်ထားဘိသကဲ့သို့ လူနတ် တို့၌ ငြိယှက်ဖွဲ့နှောင်တတ်သော ကာမဂုဏ်ငါးပါး၌ တပ်ကြိုက်ခင်မင်သော လောဘ၊ ဒေါသ၊ မောဟဟူသော ကျော့ကွင်းကို ရှင်းရှင်းကျွတ်အောင် ငါလည်း ချွတ်နိုင်ပေပြီ။ သင်တို့လည်း ချွတ်နိုင်ပေပြီ။ မကျွတ်လွတ်နိုင်ဘဲ ဝဋ်ဆင်းရဲ၌ ပျော်ပိုက်သောသတ္တဝါတို့သည် လွန်စွာ များလှကုန်သည်။ ထိုသူတို့အား စီးပွားချမ်းသာကိုပြုခြင်းငှာ ထိုထိုမြို့ရွာသို့ ဒေသစာရီ ကိုယ်စီကိုယ်င သွားကြလေကုန်။ ထိုဝဋ်ဆင်းရဲဘေးမှ ကင်းဝေးအောင် ကြံဆောင်ဖျောင်းဖျ ၍ တရားဟောကြလေကုန်။ ပါရမီရင့်မာ၍ ပညာကြီးသောသတ္တဝါလည်း ရှိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူတို့အား တရားဟူသောမိုးဖြင့် နှိုးကြလေကုန်။ ရဟန်းခွင်သို့ ဝင်လိုမူကား ငါ ဘုရားထံသို့ မခေါ်ဘဲပင် သင်တို့ ရဟန်းပြုကြလေကုန်" ဟု သရဏဂုံသုံးပါးဖြင့် ရဟန်း ပြုခြင်းကို ခွင့်ပေးတော်မူ၍ စေလွှတ်တော်မူ၏။

## ။၁၆။ ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့ ရဟန်းပြုခြင်း

ကိုယ်တော်မြတ်သည်လည်း မိဂဒါဝုန်တောအရပ်မှသည် ဉရုဝေလတောသို့ ရှေးရှုကြွတော်မူ၏။ ထိုအခါ ခရီးအကြား၌ တောအုပ်တစ်ခုကို တွေ့၍ ထိုတောအုပ်သို့ ဝင်ပြီးသော် သစ်ပင်ကြီးရင်း၌ သီတင်းသုံးနေတော်မူစဉ် သုံးကျိပ်မျှလောက်သော 'ဘဒ္ဒဝဂ္ဂီ'မင်းသားတို့နှင့် တွေ့တော်မူ၏။

ထိုမင်းသားတို့၏အကြောင်းကား ကောသလမင်းကြီး၏သားဖြစ်ကုန်သော၊ လုပတင့်တယ်သော အဆင်းအရောင်ရှိကုန်သော၊ ပျိုမျစ်နုနယ်သော အသက်အရွယ်ရှိကုန်သော ဘဒ္ဒဝဂ္ဂီ မင်းသားသုံးကျိပ်တို့သည် 'မြို့ပြရွာငယ် လူများစွာတို့၏အလယ်၌ ငါတို့အလိုရှိတိုင်း ကာမဂုဏ်ချမ်းသာကို ခံစားမြူးထူးလျှင် သူတစ်ထူး ကဲ့ရဲ့လေရာသည်။ တောခန်းဝါ၌ နေရမူကား သူတစ်ပါးကို မငဲ့မကွက် မရှက်မကြောက်ရပြီ။ ငါတို့ဆန္ဒရှိတိုင်းပင် ပျော်ပါးရတော့မည်' ဟု ကြံ၍၊ မိမိတို့၏မယားနှင့်တကွ ထိုတောအုပ်ဝယ် စံပယ်ပျော်ပါးလျက် နေကြကုန်၏။

ထိုသုံးကျိပ်တို့တွင် တစ်ယောက်သောမင်းသားသည် မယား မရှိ၍ အဆင်းပြင်လျာလုပသော ပြည့်တန်ဆာမတစ်ယောက်ကို မယားပြု၍ ပျော်ပါးလေသော်၊ တစ်နေ့သ၌ မင်းသားအိပ်ပျော်သောအခိုက်တွင် အဖိုးထိုက်သော ဥစ္စာရတနာတို့ကို ထို ပြည့်တန်ဆာမသည် ယူ၍ ပြေးလေ၏။ ထိုသို့ပြေးလေသော် အဖော်ဖြစ်ကုန်သော မင်းသား နှစ်ကျိပ်ကိုးယောက်တို့အား အကြောင်းကိုကြား၍ အားလုံး လိုက်လံရှာဖွေကြသော် သစ်ပင် ရင်း၌ သီတင်းသုံးနေတော်မူသော ဘုရားသခင်ကိုမြင်၍ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား။ မိန်းမတစ်ယောက်ကို မြင်ပါသလော" ဟု မေး၏။

ဘုရားသခင်လည်း "သင်မင်းသားတို့ အဘယ်ကြောင့် မိန်းမကို ရှာကုန်သနည်း" ဟု မေးတော်မူလျှင်၊ ယခင်အကြောင်းကို လျှောက်ကြား၍ မြတ်စွာဘုရားလည်း " သင်မင်းသားတို့။ မယားကိုရှာခြင်းသည် မြတ်သလော။ သင်တို့၏ကိုယ်ကို ရှာခြင်းသည် မြတ်သလော" ဟု မေးတော်မူ၏။ မင်းသားတို့လည်း "အကျွန်ုပ်တို့၏ကိုယ်ကို ရှာခြင်းသည်ပင် မြတ်သည်ထင်ပါ၏ ဘုရား" ဟု လျှောက်ကြလျှင်–



www.burmeseclassic.com

www.burmeseclassic.com



"သင်မင်းသားတို့။ မယားကိုရှာ၍ ပေါင်းဖက်ခြင်းမည်သည်ကား သူ၏အလိုသို့ လိုက်ရခြင်း၊ ကိုယ့်အလိုသို့ပါအောင် သွေးဆောင်ရခြင်း၊ များစွာသောဘဏ္ဍာကို ရှာမှီး သိမ်းဆည်းရခြင်း၊ သူ့ကို မပြတ်စောင့်ရှောက်ရခြင်း၊ ကျွေးမွေးပြုပြင် သုတ်သင်ရခြင်း အစ ရှိသော ဆင်းရဲအပေါင်းတို့၏ အကြောင်းသာဖြစ်၍ သာယာအပ်သောသဘော နည်းပါး လျက် ချောက်ချားပူပန်ရခြင်းသာလျှင် များ၏။ အိပ်မက်တွင်စားရသော အရသာနှင့် တူ၏။ ထိုသူတို့ကို ပေါင်းဖော်ယှဉ်နွှဲ မှီဝဲရခြင်းသည်ကား အဆိပ်သီးကို စားရသည်နှင့် တူ၏။ မြွေ၏ခံတွင်း, မီးကျီးတွင်း ဆင်းရသည်နှင့်လည်း တူ၏။ ထို့ကြောင့် မိန်းမတို့မည်သည် ကား လှည့်ဖြားတတ်သော မျက်လှည့်သည်နှင့် လည်းကောင်း၊ အာသာငမ်းငမ်း တမ်းယမ်း စေတတ်သော တံလှပ်နှင့်လည်းကောင်း တူ၏။ စိုးရိမ်ပူပန်ရခြင်း၏ အကြောင်း၊ အနာ ရောဂါရခြင်း၏အကြောင်း၊ နှိပ်စက်တတ်သောဘေးရန်ကို ခံရခြင်း၏အကြောင်းသာ ဖြစ်၏။ လောဘ, ဒေါသ အစရှိသော အကုသိုလ်အစု ဒုစရိုက်တရားပွားခြင်း၏ အကြောင်း၊ အပါယ်လေးပါးလားရခြင်း၏ အကြောင်းသာ ဖြစ်၏။ ဆင်းရဲဒုက္ခ ဟူသမျှတို့သည် မာတုဂါမ တို့ကို မှီ၍သာ ဖြစ်ကုန်၏။ ထိုအကြောင်းကြောင့် မိန်းမတို့ကို ကြည်ညိုယှဉ်နွှဲ မှီဝဲသော သူသည်ကား ယောကျ်ားတကာတို့တွင် အယုတ်မာဆုံးတည်း" ဟု ပြတော်မူခြင်းမှာ–

'မာယာ စေသာ မရီစိ၊ သောကော ရောဂေါ စုပဒ္ဒဝေါ။

ခရာစ ဗန္ဓနာ စေသာ၊ သော နရေသု၊ နရာဓမော'ဟူသောဒေသနာကို ဟောတော်မူ၏။

အနက်ကား– သော၊ ဤမိန်းမသည်ကား။ မာယာစ၊ သူ့မျက်စိအား လှည့် ဖြားတတ်သော မျက်လှည့်သည်နှင့်လည်း တူ၏။ မရီစိ၊ သားတကာကို အာသာ ငတ်ငတ် ရေဟုမှတ်၍ စွဲကပ်လိုက်လံ နှိပ်နှံ့ရိစ္ဆမ်း ပင်ပန်းစေတတ်သော တံလှပ် နှင့်လည်း တူ၏။ သောကော စ၊ စိုးရိမ်ပူပန်ရခြင်း၏ အကြောင်းလည်း ဖြစ်၏။ ရောဂေါ စ၊ ကိုးဆယ့်ခြောက်ဖြာ အနာဟူသမျှကိုရခြင်း၏ အကြောင်းလည်း ဖြစ်၏။ ဥပဒ္ဒဝေါစ၊ မင်း, ခိုးသူ စသော ဘေးရန်တို့ နှိပ်နှံ့ခြင်း၏အကြောင်းလည်း ဖြစ်၏။ ခရာ စ၊ ကြမ်းတမ်းခက်ထန် စောင်မာန်ငြိုးထား ပျက်ပြားအောင်လည်း ညှဉ်းဆဲ တတ်၏။ သော၊ ဤမိန်းမမည်သည်ကား။ ဗန္ဓနာ စ၊ ကွန်အုပ်သည့်ငှက် မြှုံးချက် ဝင်ငါး, ပိုက်မိသားကဲ့သို့ မထွက်သွားနိုင်အောင်လည်း ချည်နှောင်ဖွဲ့ယှက်တတ်၏။ ယသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ဣတ္ထိံ၊ မိန်းမကို။ နပ္ပ ဋိသေဝေယျ၊ မမှီဝဲရာ။ ယော နရော၊ အကြင်သူသည်။ ပဋိသေဝေယျ၊ ပေါင်းဖော် ယှဉ်နွှဲ မှီဝဲငြားအံ့။ သော နရော၊ ထိုသူသည်။ နရေသု၊ ယောကျ်ားတကာတို့တွင်။ နရာဓမော၊ ယောကျ်ားယုတ်တည်း။

ဤသို့ 'ကာမာဒီနဝ'ကို ပြတော်မူ၍ သစ္စာလေးပါးကို ဟောကြားတော်မူလျှင် မင်းသား တို့သည် အချို့ကား သောတာပန်, အချို့ကား သကဒါဂါမ်, အချို့ကား အနာဂါမ် တည်၍ 'ပေါ်ဘိက္ခု' ရဟန်းချည်း ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



[ထိုမင်းသား သုံးကျိပ်တို့ကား တုဏ္ဍိလဇာတ်၌ သေသောက်ကြူးသုံးကျိပ်တို့ ဖြစ်ခဲ့ကြဖူး၍ ဘုရားလောင်းအဆုံးအမ၌ တည်သဖြင့် ပဥ္စသီ, အဋ္ဌသီ, ဒသသီတို့ကို ဆောက်တည်ကြ၏။ ထိုကောင်းမှုကြောင့် မဂ်ဖိုလ်ကို ရကြလေသတည်း။]

## ။၁၇။ ဥရုဝေလကဿပ စသော ရသေ့ညီနောင်တို့ ရဟန်းပြုခြင်း

ထို ရဟန်းသုံးကျိပ်တို့ကို ထိုတောအုပ်၌ပင် ထားခဲ့၍ ဘုရားကိုယ်တော်မြတ်သည် ထိုအရပ်မှ ဒေသစာရီ ကြွချီလေသော် ဥရုဝေလတောသို့ ရောက်တော်မူ၏။ ထိုအခါ ထိုတောအုပ်၌ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူသော ရသေ့ညီနောင်သုံးဦးတို့ အကြီးအမှူးပြု၍ မြစ်ကွေ့တစ်ခုတစ်ခုစီကို မှီလျက် ရသေ့တစ်ထောင်တို့ နေကြကုန်၏။ ဥရုဝေလကဿပ၌ တပည့်ရသေ့ ငါးရာ၊ နဒီကဿပ၌ တပည့်ရသေ့ သုံးရာ၊ ဂယာကဿပ၌ တပည့်ရသေ့ နှစ်ရာ အသီးသီး ရှိကြကုန်၏။

ထိုသူတို့၏အယူဝါဒကား ကိလေသာခြောက်ခန်းမှ ရဟန္တာ ဖြစ်မည်။ ကိလေသာခန်းအောင်ကိုလည်း ပင်ပန်းစွာကစားပျော်ပါးမှ တစ်ပါးသောအာရုံသို့ စိတ်မထွက်ရှိမည်ဟု နှလုံးပြု၍ နံနက်နေမထွက်မီ ရေ၌ဆင်း၍ မြုပ်ထူးသည်။ ဆွမ်းစားချိန်တန်မှ တက်၍ ဆွမ်းစားပြီးသော် ကျေးသား, ဖယ်ပုံ, တံကျစ်ခုံစသော ကစားခြင်းတို့ဖြင့် ကစား၍ ကိုယ်ကို မီးကင်လျက် ပူပင်လှမှ 'ကိလေသာကို ရေမှာမျှောအံ့'ဟု ရေသို့သက်ပြန်၍ အိပ်ချိန်တန်မှ တက်သတည်း။ ဤသို့သောအကျင့်ကို ဆောက်တည်၍ ကြာမြင့်စွာ နေကြကုန်၏။

ဘုရားသခင်လည်း ဥရုဝေလ ကဿပရသေ့၏သင်္ခမ်းသို့ ကပ်၍ "ကဿပ။ သင်သည် ဝန်မလေးမူ ကျောင်း၏အနီး မီးတင်းကုပ်၌ တည်းပါရစေ" ဟု မိန့်တော်မူ၏။ "ရဟန်းကြီး။ ငါကား ဝန်မလေး။ ဤမီးတင်းကုပ်၌ ကြမ်းကြုတ်ခက်ထန် စောင်မာန်တန်ခိုးကြီးသော နဂါးမင်းသည် နေ၏။ ထိုနဂါးသည် သင့်ကို ညှဉ်းဆဲလတ္တံ့။ ထို့ကြောင့် မတည်းလင့်" ဟု ဆို၏။ ဘုရားသခင်ကလည်း "ကဿပ။ ငါ့ကို နဂါး မညှဉ်းဆဲနိုင်ရာ။ သင်ကသာ ခွင့်ပေးလော့" ဟု မိန့်တော်မူ၏။ ကဿပရသေ့ကလည်း "နဂါးကို မကြောက်လျှင် နေလော့" ဟု အခွင့်ပြု၍၊ မီးတင်းကုပ်သို့ဝင်လျက် မြက်ခင်းထက်၌ စက်ဝယ်ဖွဲ့ခွေကာ အာနာပါနကမ္မဋ္ဌာန်းသို့ ရှေးရှုပြု၍ နေတော်မူ၏။

ထိုသို့ နေတော်မူသောဘုရားကို နဂါးမြင်လျှင် အလျှံရဲရဲတောက်ဆဲသော မီးကဲ့သို့ ကြီးစွာသော အမျက်ရန်ငြိုးဖြင့် အခိုးအလျှံကို လွှတ်၏။ ထိုနဂါးမင်း၏မာန်ကို ချိုးလှန်တော်မူခြင်းငှာ မြတ်စွာဘုရားလည်း တေဇောကသိုဏ်းကိုဝင်စား၍ နဂါးမင်း၏အခိုးအလျှံထက်



www.burmeseclassic.com

www.burmeseclassic.com



လွှန်ကဲသောအခိုးအလျှံကို လွှတ်တော်မူ၏။ နဂါးဘုရား ထိုနှစ်ပါးတို့၏ အခိုးအရှိန်သည် ထိန်ထိန်ပြောင်ပြောင် တောက်လောင်သောမီးပုံကြီးကဲ့သို့ ရှိ၏။ ရသေ့တို့လည်း မီးတင်းကုပ်ကို အဝေးကဝန်းရံ၍ "အချင်းတို့။ ရဟန်းကြီးသည် အလွန် အဆင်းလှလေစွ။ နဂါးမင်းသည် ညှဉ်းဆဲပေါက်သတ်၍ ယနေ့ သေရှာလေတော့မည်" ဟု ဆိုတ,ကြလေကုန်၏။ ဘုရားသခင်လည်း ညဉ့်သုံးယံပတ်လုံး ထိုနဂါးကို နှိမ်နင်းတော်မူ၍ နံနက်မိုးသောက် ရောက်လတ်သောအခါ နဂါးကို သပိတ်တော်၌ထည့်ပြီးလျှင် "ငါ့ရှင် ဥရုဝေလ။ ဤကား သင်တို့ နဂါးမင်းပင်တည်း" ဟု ပြတော်မူ၏။ ထိုအခါ ဥရုဝေလကဿပ သည် ဤသို့ အကြံဖြစ်၏။ 'ဂေါတမရဟန်းကား အဟုတ်အဟတ် တန်ခိုးကြီးပေ၏။ ကြမ်းတမ်းခက်ထန် စောင်မာန်တန်ခိုးကြီးသော နဂါးမင်းကိုလျက် နှိမ်နင်းနိုင်ပေ၏။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး'ဟု အကြံဖြစ်၏။

ဥရုဝေလ ကဿပသည်လည်း ဤသို့သော ဘုရား၏တန်ခိုးတော်ကို မြင်၍ ချစ်ခင်ကြည်ညိုရကား "ရဟန်းကြီး။ ဤအရပ်၌ပင် အစဉ်နေပါလော့။ ငါတို့ အမြဲ ဆွမ်းလုပ်ကျွေးပါအံ့" ဟု လျှောက်၏။ ဘုရားသခင်လည်း ဝန်ခံတော်မူ၍ ဥရုဝေလကဿပ သင်္ခမ်း၏အနီး တောအုပ်ကြီးတစ်ခုတွင် နေထိုင်တော်မူ၏။

ညဉ့်ဦးယံသို့ရောက်သောအခါ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ထက်ဝန်းကျင်မှ တောက်ပသောကိုယ်ရောင်ကိုဖြစ်စေလျက် လေးမျက်နှာသောအရပ်တို့မှ ခစားဖူးမြော်လာကုန်၏။

နံနက်မိုးသောက် ရောက်လာသောကာလ ဥရုဝေလလည်း ဘုရားအထံတော်သို့ ကပ်၍ "ရဟန်းကြီး။ ဆွမ်းစားချိန် တန်ပြီ။ ဆွမ်းပြင်၍လည်း ပြီးပြီ။ ကြွတော်မူပါလော့" ဟု ပင့်၍၊ လာခဲ့ကြသော် လမ်းတွင် ဤသို့ မေး၏။ "ရဟန်းကြီး။ သင်၏ထံ၌ ညဉ့်ဦးယံက မီးပုံကြီးကဲ့သို့ တောက်ပသောကိုယ်ရောင်ကိုယ်ဝါဖြင့် အရပ်လေးမျက်နှာမှနေ လာကြသော သူတို့ကား အဘယ်သူတို့နည်း"ဟု မေး၏။ ဘုရားသခင်ကလည်း "ကဿပ။ ထို လေးယောက်သောသူတို့ကား စတုမဟာရာဇ် နတ်မင်းကြီးတို့တည်း။ ငါ့တရားကို ကြားနာခြင်းငှာ လည်းကောင်း၊ ငါ့ကို လုပ်ကျွေးခြင်းငှာ လည်းကောင်း ဆည်းကပ်လာကုန်သတည်း"ဟု မိန့်တော်မူလျှင်၊ 'ရဟန်းကြီးကား တန်ခိုးကြီးပေ၏။ စတုမဟာရာဇ် နတ်မင်းကြီးတို့ပင် ဝပ်စင်းလာရပေသည်။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး' ဟု အကြံဖြစ်ပြန်၏။

ဘုရားသခင်သည်လည်း ထို အကြံကိုသိလျက် သည်းခံတော်မူ၍ ဥရုဝေလ၏ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ထိုတောအုပ်၌ပင် နေတော်မူ၏။

နောက်တစ်နေ့၌ ညဉ့်အခါ နတ်ရွာနှစ်ထပ်ကို အစိုးရသော သိကြားမင်းသည် ဝပ်စင်းခစားလာပြန်၏။

ဥရုဝေလလည်း နံနက်မိုးသောက်ထသောအခါ မြတ်စွာဘုရားအား ဆွမ်းပင့်ခဲ့ပြီးလျှင် ခရီးအကြား၌ ရှေးနည်း မေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကလည်း "ကဿပ။ ယမန်နေ့ ညဦးသန်းခေါင်ယံအခါက ရောက်လာသောသူကား သိကြားမင်းတည်း။ ငါ့တရားကို နာအံ့သောငှာ လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းငှာ လည်းကောင်း ဆည်းကပ်လာသတည်း" ဟု မိန့်တော်မူလျှင်၊ ဥရုဝေလကလည်း 'ရဟန်းကြီးကား သိကြားမင်းပင် ခစားလာရပေသည်။ တန်ခိုးအာနုဘော် ကြီးပေ၏။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး' ဟု အကြံဖြစ်ပြန်၏။

နောက်တစ်နေ့၌ ညဦးအခါ ဗြဟ္မာမင်း ခစားလာသည်ကိုလည်း ရှေးနည်းမေး၍ အကြောင်းကို မိန့်တော်မူလျှင်၊ ဤနည်းပင် အကြံဖြစ်ပြန်၏။

ဤသို့သောနည်းဖြင့် နေတော်မူ၍ ပြာသိုလပြည့်သို့ ရောက်သောအခါ များစွာသော အင်္ဂတိုင်း, မဂဓတိုင်းသူတို့သည် ကြီးစွာသော ပွဲလမ်းသဘင်ခင်းကျင်း၍ ဥရုဝေလရသေ့တို့အား ပူဇော်လှူဒါန်းမြဲဖြစ်၍ အဖိတ်နေ့ကပင် ဆွမ်းဘောဇဉ်တို့ကို စီရင်နှိုးဆော်လျက် အုတ်အုတ်ကျက်ကျက်ဖြစ်ကြ၏။ ထိုအခါ ကဿပရသေ့သည် ဤသို့ အကြံဖြစ်၏။ 'မနက်ဖြန် ငါတို့အထံသို့ ကြီးစွာသော ပူဇော်သက္ကာရဖြင့် ဒါယကာတို့ ရောက်ကြလတ္တံ့။ ရဟန်းကြီးသည် အလွန်လည်း အဆင်းလှသည်။ တန်ခိုးလည်း ကြီးသည်။ လူအပေါင်းတို့အလယ်၌ ကြီးကျယ်သော တန်ခိုးပြာဋိဟာကိုပြခဲ့လျှင် မြင်သမျှသောသူတို့သည် အလွန်ကြည်ညို ကြလိမ့်မည်။ ငါတို့အား သဒ္ဓါတရားပြတ်၍ ပူဇော်သက္ကာ နည်းလိမ့်မည်။ နက်ဖြန် ငါတို့ အထံသို့ ရဟန်းကြီး မလာပါမူကား ကောင်းရာ၏' ဟု အကြံဖြစ်၏။

ဘုရားသခင်လည်း ထိုရသေ့တို့၏အကြံကို သိတော်မူ၍ ၁၀၃ ခုနှစ် ပြာသိုလပြည့်နေ့ နံနက် မြောက်ကျွန်းသို့ ဆွမ်းခံကြွလတ်၍ အနောတတ်အိုင်၏အနီး၌ ဆွမ်းဘုဉ်းပေးခဲ့ပြီးသော်၊ နောင်သောအခါ သာသနာတော်၏ထွန်းပရာ ဖြစ်မည်ကိုမြင်တော်မူ၍ လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့ ကိုယ်တစ်ယောက်တည်း ကြွတော်မူ၍ နတ်ဘီလူးတို့ကို နှိမ်နင်းလျက် သုမနနတ်မင်းအား ဆံတော် တစ်လက်ဆုပ်မျှ ပေးအပ်ခဲ့၍၊ အရုဏ်မတက်မီ ပြန်ကြွသဖြင့် ဥရုဝေလတောအရပ်သို့ ရောက်တော်မူ၏။

လပြည့်ကျော်တစ်ရက်နေ့ ဥရုဝေလရသေ့ ဆွမ်းစားပင့်လာသောအခါ ပျူငှာစကားဖြင့် ဤသို့ဆိုကြ၏။ "ရဟန်းကြီး။ ယမန်နေ့က သင် အဘယ့်ကြောင့် မလာသနည်း။ ငါတို့ အလွန်တောင့်တ မျှော်ခေါ်ပါသည်။ ဆွမ်းဘောဇဉ် များစွာထားပါသည်။ သင် မလာနေဘိ၏" ဟု ဆိုလျှင်၊ ဘုရားသခင်ကလည်း "ကဿပ။ သင်သည် ဤသို့အကြံဖြစ်သည် မဟုတ်လော။ သင်၏စိတ်အကြံကို ကေန် ငါ သိတော်မူ၍ ဥတ္တရကုရုမည်သော မြောက်ကျွန်း၌ ဆွမ်းခံတော်မူပြီးလျှင် စန္ဒကူးမြိုင်တွင် ဝင်၍ နေ့သန့်တော်မူသည်"ဟု စိတ်အကြံရှိတိုင်းကို ဖော်၍ မိန့်တော်မူ၏။

ထိုအခါမှ ကဿပရသေ့လည်း၊ 'ရဟန်းကြီးသည် အလွန် တန်ခိုးကြီး၏။ ပညာလည်း ရှိ၏။ ငါ ကြံတိုင်းကိုပင် သိပေသည်။ အံ့ဖွယ်ရှိစွ။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး'ဟု အကြံဖြစ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း ကဿပရသေ့၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုအရပ်၌ပင် နေတော်မူ၏။

တစ်နေ့သောအခါ ဒေသစာရီကြွချီတော်မူရာ သေနနိဂုံးရွာမှ သူဌေးကျွန်မ ပုဏ္ဏာ၏အသေကောင်ကို ထုပ်၍ပစ်သော ပိုက်ဆံလျှော်ပုဆိုးကိုတွေ့၍ 'အရိယဝံသ'တရားကို ရှေးရှုလျက် တစ်တုံ (တစ်ပြည်) မျှလောက်သော ပိုးလောက်ကိုပယ်၍ ပံ့သုကူ ကောက်တော်မူ၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသဖြင့် ယေင်စက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်၏။ ယင်းသို့ ပံ့သုကူ ကောက်ယူတော်မူပြီးသော် 'ဤသင်္ကန်းကို အဘယ်အရပ်၌ ဖွပ်လျှော်ရအံ့နည်း' ဟု အကြံတော်ဖြစ်လျှင်၊ သိကြားမင်းလာ၍ လေးထောင့်ကန် တူးပြီးလျှင် "အရှင်ဘုရား။ ဤရေကန်၌ ဖွပ်လျှော်တော်မူပါ" ဟု လျှောက်၏။ ဖွပ်သောအခါလည်း မဟာပထဝီမြေကြီးသည် သည်းစွာတုန်လှုပ်၏။ ဖွပ်လျှော်ပြီးလျှင် 'ဤသင်္ကန်းကို အဘယ်အရပ်၌ လှန်းရပါအံ့နည်း'ဟု အကြံတော်ဖြစ်ပြန်၍၊ သိကြားမင်း သိလေလျှင် ကျောက်ဖျာကြီးကို အနီး၌ထားလာ၍ "ဤကျောက်ဖျာပေါ်၌ လှန်းတော်မူပါ" ဟု လျှောက်၏။ လှန်းတော်မူပြီးသော် 'ဤသင်္ကန်းကို အဘယ်မှာ ဆွဲရအံ့နည်း' ဟု အကြံတော်ဖြစ်ပြန်၍၊ ရေခံတက်ပင်စောင့်နတ် သိလေလျှင် ရေခံတက်ကိုင်းကို ညွတ်စေ၍ "အရှင်ဘုရား။ ဤတန်း၌ ဆွဲတော်မူပါ" ဟု လျှောက်၏။ ထို့နောက် 'အဘယ်မှာ ဖြန့်ရအံ့နည်း။ အဘယ်သို့ ဆိုးရည် ကျိုရအံ့တုံနည်း' ဟု အကြံတော်ဖြစ်လျှင်၊ ကြံတော်မူတိုင်း ပြည့်စုံရအောင် သိကြားမင်း ဖန်ဆင်း၍ပေး၏။

ထိုညဉ့် ကုန်မြောက်၍ မိုးသောက်သောကာလ ကဿပရသေ့လည်း မြတ်စွာဘုရားထံသွား၍ ဆွမ်းစားပင့်လေသော် ရေကန်၊ ကျောက်ဖျာ၊ ရေခံတက်ပင် စသည်တို့ကို မြင်၍ "ရှင်ကြီးဂေါတမ။ ရှေးကာလ၌ ဤအရပ်တွင် ရေကန်, ကျောက်ဖျာ မရှိစဖူး။ ဤရေခတက်ပင်လည်း မညွတ်စဖူး။ ယခုအခါ ဘယ်သူ ပြုပြင်လာသနည်း"ဟု မေး၏။

ဘုရားသခင်လည်း ပံ့သုကူသင်္ကန်းကို ကောက်ယူသည်မှစ၍ အလုံးစုံဖြစ်လာသော အခြင်းအရာများကို မိန့်ကြားတော်မူ၏။ ထိုသို့မိန့်တော်မူသော် ဥရုဝေလကဿပလည်း 'ရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးပေသည်။ သိကြားမင်းသော်မှ ခြေရင်းအလုပ်အကျွေးဖြစ်သော သာမဏေကဲ့သို့ အမှုကြီးငယ်ကို ရွက်ဆောင်လာရပေသည်။ အံ့ဖွယ်ရှိပေစွ။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး'ဟု ကြံ၏။

ဘုရားသခင်လည်း ထို ကဿပရသေ့တို့၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ နေမြဲသော တောအုပ်၌ပင် နေတော်မူ၏။

နောက်တစ်နေ့နံနက် ဆွမ်းစားပင့်လာသော် "ကဿပ။ သွားနှင့်လော့။ ငါ လာခဲ့အံ့" ဟု ဆို၍ ရသေ့ကိုလွှတ်လိုက်ပြီးမှ ဇမ္ဗူသပြေသီးကို ယူဆောင်ခဲ့၍ ရှေးဦးစွာကြွလာသဖြင့် မီးတင်းကုပ်၌ နေတော်မူလင့်၏။ ကဿပရသေ့ မြင်လေသော် "ရှင်ကြီးဂေါတမ။ ငါ့ရှင်သည်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့နောက်မှလာလျက် အဘယ်ကြောင့် ရှေးဦးစွာ ရောက်သနည်း။ ဘယ်ခရီးဖြင့် လာသနည်း”ဟု မေး၏။ “ကဿပ။ ငါသည် ဇမ္ဗုဒိပ်ကျွန်းဦး၌ ပေါက်ရောက်သော ဇမ္ဗုသပြေပင်အောက်ဝယ် သပြေသီးကိုကောက်ခဲ့၍ လာသဖြင့် ရှေးဦးစွာ မီးတင်းကုပ်သို့ ရောက်သတည်း။ ကဿပ။ သင်တို့ သပြေသီးကို မသုံးဆောင်ဘူးမူ ယူ၍ သုံးဆောင်လော့။ အလွန်ကောင်းမြတ်သော အနံ့အရသာနှင့် ပြည့်စုံ၏” ဟု မိန့်တော်မူ၏။

ကဿပရသေ့လည်း “ဤသပြေသီးသည် အကျွန်ုပ်တို့နှင့် မထိုက်ပေ။ ရှင်ရဟန်းကြီးသည်သာ သုံးဆောင်လော့”ဟု လျှောက်၏။ ‘ဤရှင်ကြီး ဂေါတမကား စင်စစ် တန်ခိုးကြီးလှပေသည်။ ငါတို့ကို ရှေးဦးစွာ လွှတ်လိုက်ပြီးမှ သပြေသီးကိုလည်း ဆောင်ခဲ့သေး၏။ ငါတို့အလျင်လည်း ရောက်သေး၏။ မကြံကောင်းဖွယ်ပင် ဖြစ်ပေသည်။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး’ ဟု အကြံဖြစ်ပြန်၏။

ဘုရားသခင်လည်း ကဿပရသေ့တို့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ နေတော်မူ၏။

နောက်တစ်နေ့ ဆွမ်းစားပင့်လာသောကာလ “ကဿပ။ သွားနှင့်လော့”ဟု လွှတ်လိုက်ပြီးသော် ကိုယ်တော်မြတ်သည် ကျွန်းဦးဇမ္ဗုသပြေပင်၏အနီး သရက်ဖြူသီးကို ဆောင်၍ ရှေးနည်းအတူ နေတော်မူလင့်သည်။

တစ်နေ့သ၌လည်း ထိုသပြေပင်၏အနီး သျှိသျှားသီးကို ဆောင်၍ နေတော်မူလင့်သည်။

တစ်နေ့လည်း ထိုသပြေပင်၏အနီး ကြစုသီးကို ဆောင်၍ နေတော်မူလင့်သည်။

တစ်နေ့လည်း တာဝတိံသာနတ်ပြည်မှ ပင်လယ်ကသစ်ပွင့်ကို ဆောင်ယူ၍ နေတော်မူလင့်သည်။

ဤသို့ အံ့ဖွယ်သရဲသော ပြာဋိဟာကိုပြ၍ မြင်သမျှကိုပင် ‘ရှင်ကြီးဂေါတမကား တန်ခိုးအာနုဘော် ကြီးပေ၏။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး’ဟု အကြံဖြစ်၏။

ဘုရားသခင်လည်း ထိုရသေ့တို့၏အကြံကို ရွှေဉာဏ်တော်ဖြင့်သိလျက် သိုဝှက်သည်းခံတော်မူကာ ထိုသူတို့၏ဆွမ်းကို ဘုဉ်းပေး၍ နေမြဲနေတော်မူ၏။

တစ်နေ့သောအခါ ထိုရသေ့တို့ မီးကိုလုပ်ကျွေးခြင်းငှာ ထင်းခွဲပါသော်လည်း ထင်းတို့ကို ကွဲစေခြင်းငှာ မတတ်နိုင်ကြကုန်။ ထိုအခါ ဥရုဝေလကဿပက ‘ရှင်ကြီးဂေါတမသည် တန်ခိုးလည်း ကြီးလှ၏။ ငါ့ကိုလည်း ကြင်နာ၏။ ဤ ထင်းငါးရာကို ခွဲစေသော်ကောင်း၏’ ဟု ကြံ၍ ဘုရားထံသို့သွား၍ လျှောက်ကြားလေသော်၊ “ကွဲစေသတည်း” ဟု ဘုရားသခင်မိန့်တော်မူလျှင် ထင်းငါးရာလုံး တစ်ကြိမ်တည်းဖြင့်သာ ကွဲကုန်၏။

ထိုထင်းကို မီးညှိပါသော်လည်း တောက်စေခြင်းငှာ မတတ်နိုင်ပြန်လျှင်၊ ဘုရားသခင်ကို လျှောက်ကြား၍ ဘုရားသခင်က “မီးညှိစေ” ဟု မိန့်တော်မူလျှင် တစ်ပြိုင်နက်ပင် တောက်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



တောက်ပြီးသောမီးကို ငြိမ်းစေသောငှာ မတတ်နိုင်ပြန်လျှင် ဘုရားသခင်ကို လျှောက်ကြား၍၊ ဘုရားသခင်က "မီးငြိမ်းစေ"ဟု မိန့်တော်မူလျှင် တစ်ပြိုင်နက်ပင် ငြိမ်း၏။

ရေကစားရာမှ ချမ်း၍တက်လာလျှင် မီးလှုံစိမ့်သောငှာ မီးမယ်ဖျူးငါးရာတို့ကိုလည်း ဖန်ဆင်း၍ ပေးတော်မူ၏။

ဤသို့သော ပြာဋိဟာကိုမြင်လျှင် 'ရှင်ကြီးဂေါတမကား ကြီးမြတ်သောတန်ခိုး အာနုဘော် ရှိပေသည်။ ထင်းငါးရာလည်း တစ်ပြိုင်တည်း ကွဲစေနိုင်သည်။ မီးကိုလည်း တောက်စေနိုင်သည်။ တောက်ပြီးသောမီးကိုလည်း ငြိမ်းစေနိုင်သည်။ မီးမယ်ဖျူးငါးရာကိုလည်း တစ်ပြိုင်နက်ဖန်ဆင်း၍ ပေးနိုင်ပေသည်။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော သူပါပေတည်း။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး' ဟု အကြံဖြစ်ပြန်၏။

ဆောင်းလအခါ သည်းထန်စွာရွာသော မိုးကြီးရွာလတ်၍ အရပ်ထက်ဝန်းကျင်မှ ရေအလျဉ်တို့သည် သွင်သွင်ဒီးဒီး စီးလတ်ကုန်၍ အလုံးစုံသော နေရာမြေတို့ကို ရေလွှမ်း၏။ ဘုရားသခင်လည်း ထိုရေပြင်အလယ်၌ စံပယ်တော်မူရာအရပ်ကို ရေမလွှမ်းစေဘဲ သဲဖုတ် တထောင်းထောင်းလွင့်စေလျက် ထိုမြေပြင်တွင် စင်္ကြံကြွတော်မူ၏။ ဥရုဝေလကဿပတို့သည် "ရှင်ကြီးဂေါတမသည် ရေ၌မျော၍ ပါလေပြီ။ ရေမွန်း၍ သေရှာတော့မည်။ မသေပါစေလင့်" ဟု တပည့်တို့ကို လျင်စွာခေါ်၍ လှေလှော်ကာဖြင့် ဘုရားရှိရာသွားလေသော် ရေအလျဉ်၏ထက်ဝန်းကျင်၌ ဖုန်ညက်တထောင်းထောင်း လွင့်သောမြေ၌ စင်္ကြံကြွ၍ နေတော်မူသည်ကို မြင်လျှင်၌ "ရှင်ကြီးဂေါတမ။ ရေ၌ မျော၍လာသည် ထင်၍ သင့်ကို ယူဆောင်ရအောင် ငါတို့လာသည်။ သင့်မှာ ရေမထိဘဲ နေသည်တကား" ဟု လျှောက်၏။ ဘုရားသခင်လည်း မြေအပြင်မှသည် ရသေ့တို့၏လှေထက်သို့ ပျံတက်တော်မူပြန်၏။ ထိုအခါ ကဿပရသေ့က 'ရဟန်းကြီးသည် စင်စစ် တန်ခိုးကြီးသည် မှန်ပေ၏။ အဝိဉာဏက ဖြစ်သောရေမှ မညှဉ်းဆဲနိုင်ဘဲ သဲသောင်ပေါ်၍ ခံရပေသည်။ အံ့ဖွယ်သရဲ ရှိလှပေ၏။ သို့သော် ငါတို့ကဲ့သို့ ရဟန္တာကား မဟုတ်သေး' ဟု အကြံဖြစ်ပြန်၏။

ထိုအခါ မြတ်စွာဘုရားက 'ရသေ့ကား ဤမျှလောက်သော တန်ခိုးတော်ကိုမြင်၍ မျှလည်း မာနကို မလျှော့ဘဲ။ မိမိကိုယ်ကို ရဟန္တာပင် မှတ်ထင်လျက် ရှိချေသည်။ ထိတ်လန့် ခြင်းသံဝေဂကို ယခု ဖြစ်စေတော့အံ့' ဟု ကြံ၍ "ချစ်သားကဿပ။ သင်၏မာနကား ထောင်လွှားမြင့်ဖွင့်လေစွ။ နေလတို့၏အရောင်သည် ငါ့ကိုယ်ရောင်ကဲ့သို့ မလင်းဟု နေမင်း ကိုဂုဏ်ပြိုင်သော ပိုးစုန်းကြူးမိုက်ကဲ့သို့ မိမိသန္တာန်၌ရှိသော ဉာဏ်အာနုဘော်ကိုလည်း မချင့်၊ ကိုယ်၏အကျင့်ကိုလည်း မတွက်၊ မဂ်ဖိုလ်၏အကြောင်းကိုလည်း မမြင်။ သို့စင်မျှဖြစ်ပါလျက် 'ငါကဲ့သို့ ရဟန္တာကား မဟုတ်သေး' ဟူ၍ ယုတ်မာသောအကြံဖြင့်သာလျှင် သင် နေဘိ၏ တကား" ဟု မိန့်တော်မူသော်၊ ကဿပရသေ့လည်း သတိသံဝေဂကိုရ၍ ဘုရားခြေရင်း၌ ဦးခေါင်းဖြင့်ဝပ်၍ "အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားအထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကလည်း "ကဿပ။ သင်သည် ရသေ့အများကို သင်ကြားပြသ ဆုံးမ တတ်သော 'ဂဏပါမောက္ခ' ဖြစ်ပေသည်။ ငါ့အထံ၌ ရဟန်းပြုလိုလျှင် သင်၏တပည့်များကို ပန်ကြားဦးလော့"ဟု မိန့်တော်မူ၏။

ထို ကဿပရသေ့လည်း တပည့်တို့၏အထံသို့ ကပ်၍ စည်းဝေးပြီးလျှင် "အချင်းတို့။ ငါသည် ရဟန်းဂေါတမ၏အထံ၌ အဆုံးအမကိုခံ၍ မြတ်သောအကျင့်ကို ကျင့်လိုပြီ။ ငါတို့စာရိတ္တသည် မဂ်ဖိုလ်ရကြောင်း မဟုတ်ချေ။ သင်တို့ စဉ်းစားကြလော့"ဟု ဆို၏။

တပည့်တို့ကလည်း "အကျွန်ုပ်တို့လည်း ရဟန်းကြီးအထံ၌ အဆုံးအမကိုခံ၍ ရဟန်းပြုလိုသည်ကား ကြာမြင့်ပြီ။ ဆရာသည် အကယ်၍ ရဟန်းကြီးအထံ၌ အဆုံးအမခံသည် ဖြစ်အံ့။ အကျွန်ုပ်တို့လည်း အဆုံးအမကို ခံပါအံ့"ဟု လျှောက်ကြ၍ တညီတညွတ်တည်း ဘုရားသခင်ထံ၌ ရဟန်းပြုရန် တောင်းပန်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားလည်း မားယွင်းသောအကျင့်ကို ထင်စွာပြခြင်းငှာ –

'န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊ နာနာသကာ ထဏ္ဍိလ သာယိကာ စ။

ရဇော ဇလ္လ မုက္ကုဋိကပ္ပဓာနံ၊ သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ' – အစရှိသော တရားဖြင့် ဟောကြားဆုံးမတော်မူသည်။

အဝိတိဏ္ဏကင်္ခံ၊ ရှစ်ပါးသောအရာ၌ သင်္ကာမကင်း ယုံမှားခြင်းကို မလွန်နိုင်သော။ မစ္စံ၊ သတ္တဝါကို။ နဂ္ဂစရိယာ၊ အဝတ်မစည်း အချည်းနှီး ကျင့်သော အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ဇဋာ ဇဋာယ၊ အိမ်ရာစွန့်ပစ် ဆံကျစ်ထုံး၍ တောဌ်မွေ့လျော်သော ရသေ့အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ပင်္ကာပင်္ကေန၊ လူတို့ဓမ္မ ကိစ္စပယ်ရှား သွားကိုမျှစင် မသုတ်သင်ဘဲ ညွန်တင်အောင် ကျင့်သဖြင့်လည်း။ နသောဓေန္တိ၊ မစင်ကြယ်စေနိုင် ကုန်။ နာနာသကာ န အနာသကေန၊ ထမင်းမစား ဖြတ်ထားသောအကျင့်ဖြင့် လည်း။ နသောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ထဏ္ဍိလသာယိကာ စ၊ ယဇ်ခုံထက်၌ အိပ်စက်၍ ကျင့်သောအကျင့်ဖြင့်လည်း။ နသောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ရဇောဇလ္လံ၊ မြူဖြင့်ပွမ်းလျက် ညစ်ညမ်းသောကိုယ်ရှိသော အကျင့်ဖြင့်လည်း။ နသောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ဥက္ကုဋိကပ္ပဓာနံ၊ တုံးလုံးမစက် ရပ်လျက်မတည် သွားသည်မရှိ ပကတိဆောင့်ကြောင့်နေသော အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်စေနိုင် ကုန်။ တု၊ စင်စစ်သော်ကား။ သတ္တံ၊ ဝိစိကိစ္ဆာဟူသော ငြောင့်ကို။ ဟန္တွာ၊ နုတ်ပယ် ပိုင်းဖြတ်၍။ ဓမ္မေသု၊ ကုသိုလ်ဆယ်ပါး တရားတို့၌။ ဝါ– ဗောဓိပက္ခိယ တရားတို့၌။ ဝါယမန္တော၀၊ လုံ့လပြုသော သူသည်သာလျှင်။ အမတာဿ၊ အမြိုက်ခေါ်ဆို မဂ်ဖိုလ် တရား၏။ ဘာဂေါ၊ အဖို့ပေတည်း။

ဤသို့အစရှိသော တရားကို ဟောကြားဆုံးမတော်မူ၍ "ဧဟိ ဘိက္ခု" ခေါ်တော်မူလျှင် ရဟန်းချည်း ဖြစ်ကြကုန်၏။ ယင်းသို့ ရဟန်းအဖြစ်ကိုရကြပြီးသော် မီးမွှေးယောက်မ၊ သစ်သားသုံးခွ၊ ခြင်းတောင်း၊ တံချူ၊ တံကျစ်၊ ပြာစစ်၊ ထမ်းပိုး အစရှိသော ရသေ့တို့၏ ပရိက္ခရာကို ဂင်္ဂါမြစ်၌ မျှောလိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်မြစ်ကွေ့၌နေသော နဒီကဿပလည်း ရေ၌မျောလာသော ရသေ့ပရိက္ခရာတို့ကို မြင်လေသော် 'ငါ့နောင်တော်၌ ရောက်ဆိုက်သောဘေးအန္တရာယ်ရှိသည် ဖြစ်လတ္တံ့'ဟု ကြံ၍ တမန်စေလွှတ်သဖြင့်၊ နောင်တော်များသည် ဘုရားရှင်ထံ အဆုံးအမခံ၍ ရဟန်းဖြစ်ကြောင်းကိုကြားသော်၊ ညီတော်အငယ် ဂယာကဿပအား အကြောင်းကိုကြား၍ ခေါ်ပြီးလျှင် မိမိတို့၏ပရိသတ်ဖြစ်သော ရသေ့ငါးရာတို့နှင့်တကွ လာ၍ မြတ်စွာဘုရားထံ ခွင့်ပန်၍ ရဟန်းပြုကြလေ၏။

[ဥရုဝေလကဿပ စသော ရသေ့တို့ကို ဆုံးမရာ၌ ပြာဋိဟာပေါင်းကား တစ်ထောင့်ငါးရာခြောက်ပါး ရှိသတည်း။]

ဤရသေ့တစ်ထောင်ကို မြူမှောင်ပယ်သန်း၍ ရဟန်းဖြစ်စေတော်မူပြီးလျှင် ထိုရဟန်းတစ်ထောင်နှင့်တကွ ဥရုဝေလတောမှ ထွက်ကြွတော်မူ၍ ဂယာသီသသို့ ရောက်တော်မူလျှင် ရွာ၏အနီး ကြီးစွာသောကျောက်ဖျာထက်၌ စည်းဝေး၍ 'အာဒိတ္တပရိယာယသုတ်'ကို ဟောတော်မူသည်။ ဒေသနာတော်၏အဆုံး၌ ရဟန်းတစ်ထောင်တို့ ရဟန္တာ ဖြစ်ကုန်၏။ ဤသူတို့လည်း 'ဧဟိ ဘိက္ခု' ရဟန္တာတို့ချည်းတည်း။

## ။၁၈။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

ဂယာသီသ၌ မွေ့လျော်သမျှ နေတော်မူ၍ "ဘုရားဖြစ်လျှင် အကျွန်ုပ်ပြည်သို့ ရှေးဦးပထမ ကြွတော်မူပါ" ဟု ဗိမ္ဗိသာရမင်းကြီး ကြားလျှောက်သောစကားကို နှလုံးထားတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလျှင် ဥယျာဉ်၏အလယ် ကျယ်သော, အရိပ်ရှိသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးကြားလေလျှင် တစ်သိန်းနှစ်သောင်းမျှလောက်သော ပုဏ္ဏားမတ်, သူဌေး, ပုဏ္ဏားတို့ ခြံရံလျက် အထံတော်သို့ ကပ်လာ၏။ ထိုတစ်သိန်းနှစ်သောင်းသော ပုဏ္ဏားမတ်, သူဌေး, ပုဏ္ဏားတို့တွင် အချို့ကား မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက်၊ အချို့ကား မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ တစ်သက်လျာလုံး ယူကျုံးမှတ်ပိုက် အောက်မေ့ထိုက်သောစကားကို ပြောကြားကုန်လျက်၊ အချို့ကား အမျိုးအမည်ကို လျှောက်ကြား၍ ပစ္စည်းလေးပါးဖြင့် ဖိတ်ကုန်လျက်၊ သင့်တင့်ရာ၌ နေကြကုန်၏။

ထိုအခါ ရောက်လာသမျှသော လူအပေါင်းတို့သည် ဤသို့ အကြံဖြစ်ကြ၏။ 'ငါတို့ဆရာ ကဿပသည် ဂေါတမရဟန်းကြီးထံ နည်းခံ၍ ကျင့်ရလေသလော။ ထိုသို့မဟုတ် ရဟန်းကြီးဂေါတမသည်ပင်လျှင် ကဿပရသေ့တို့ထံ၌ နည်းခံ၍ ကျင့်ရလေသလော' ဟု တွေးတောကြံစည်ခြင်း ရှိကြ၏။

ဘုရားသခင်လည်း ထိုသူတို့၏အကြံကို သိတော်မူ၍ ဥရုဝေလကဿပကို ခေါ်တော်မူလျက် –



www.burmeseclassic.com

www.burmeseclassic.com



'ကိမေဝ ဒိသွာ ဥရုဝေလဝါသိ၊

ပဟာသိ အဂ္ဂိ ကိသကောဝဒါနော' စသော ဂါထာဖြင့် မေးတော်မူ၏။

အဓိပ္ပာယ်ကား - "ဥရုဝေလ ဌာနပျော်မွေ့ တရားလေ့သည့် ရသေ့ကဿပ။ သင်သည် အကျင့်ဖြင့် ကြုံလှီသောကိုယ်ရှိသော ရသေ့ငါးရာတို့၏ ဆရာဖြစ်လျက် အဘယ် အကျိုးကိုမြင်၍ သင်တို့မပြတ် လေ့ကျင့်အပ်သော မီးပူဇော်ခြင်းကို စွန့်သနည်း" ဟု မေးတော်မူသတည်း။

ဤသို့ ဘုရားသခင် မေးတော်မူလျှင် ဥရုဝေလ ကဿပသည်

'ရူပေ စ သဒ္ဒေ စ အထော ရသေ စ၊

ကာမိတ္ထိယော စာဘိဝဒန္တိ ယညာ' စသောဂါထာဖြင့် "ရွှေဘုန်းတော်ရှင် သခင်ဘုရား။ လူအများတို့ ခံစားစုံမက် နှစ်သက်ကြသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသော အလုံးစုံသော ဝတ္ထုကာမ, လုပတင့်တယ် ငယ်ရွယ်သော မိန်းမအတွေ့ သိမ်မွေ့သောကိလေသာကာမ ဤ နှစ်ဝသော လောကီချမ်းသာသည် ယဇ် ပူဇော်ခြင်း ကြောင့်သာ ပြည့်စုံ၏ဟု တပည့်စဉ်လာ ဆရာအဆက်ဆက်တို့ ဆိုမြွက်ဟောပြ ကြကုန်သည်။ ထိုအကျိုးကို မြတ်နိုးမှား၍ နှစ်ပါးသော ယဇ်ကြီးယဇ်ငယ်ကို ကိုးကွယ် ပူဇော်မိပေသည်။ ယခုမှာတုံ 'အလုံးစုံသော ထို ကာမချမ်းသာသည် ခန္ဓာဟူသော ဥပဓိတို့၌ ကပ်ငြိတတ်သော အညစ်အကြေးသာ ဖြစ်ချေသည်'ဟု ဒေသနာတော်ကို မှီ၍သိသဖြင့် ကျင့်မိသော ယဇ်ပူဇော်ခြင်းကို စွန့်ပါသတည်း" ဟု လျှောက်၏။

ထို့နောက်တစ်ဖန် ထပ်၍မေးတော်မူပြန်လျှင် အရှင်ကဿပလည်း နေရာမှထ၍ ခြေတော်ကို ဦးဖြင့်တိုက်လျက် "အရှင်ဘုရားကား ဟောကြားဆုံးမ ပြသပေးသော ဆရာ။ အကျွန်ုပ်ကား တပည့်ပါတည်း။ ပြဿနာကို ဖြေဆိုခြင်းငှာ မဝံ့ပါ" ဟု လျှောက်သည်။

ထိုအခါ များစွာသောလူအပေါင်းတို့သည် ကဿပရသေ့ညီနောင်တို့ ဘုရားရှင်ထံ တပည့်ခံကြောင်းကို သိသတည်း။ ထိုသို့သိကုန်၍ ထိုရသေ့တို့အား ဟောကြားဆုံးမတော် မူသော အခြင်းအရာကို လွန်စွာချီးမွမ်းကြသော စကားစပ်တွင် "ကဿပစသောသူတို့ကို ယခုဘဝသာ ငါ ဆုံးမသည် မဟုတ်သေး။ ရှေးသောဘဝ 'နာရဒ'ရသေ့ ဖြစ်သောအခါ၌ လည်း မိစ္ဆာဝါဒကင်းအောင် နှိမ်နင်းဆုံးမတော်မူဖူးပြီ" ဟု အတ္တုပ္ပတ္တိကိုပြ၍ ဂါထာ တစ်ရာ့ကိုးဆယ်ရှိသော 'နာရဒကဿပဇာတ်'ကို ဟောတော်မူသည်။

ဗိမ္ဗိသာရမင်းနှင့်တကွ တစ်သိန်းတစ်သောင်းသော သူတို့သည်လည်း သောတာပန် တည်ကုန်၏။ တစ်သောင်းသော သူတို့ သရဏဂုံ တည်ကုန်သတည်း။

ထိုအခါ မဂဓတိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် ဤသို့ နားတော်လျှောက် ၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် အိမ်ရှေ့မင်းဖြစ်သောကာလကပင် ဤသို့ ချင်ခြင်း ငါးပါး ဖြစ်ပါသည်။ ၎င်းငါးပါးမှာ—

'ငါသည် ရွှေထီးရွှေနန်းကို စိုးအုပ်၍ မင်းလုပ်ရပါကား ကောင်းလေစွ' ဟူ၍ လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



'ငါမင်းပြုသောအခါ ငါ၏နိုင်ငံသို့ ဘုရားသခင်ကြွလာပါမူကား ကောင်းရာ၏' ဟူ၍ လည်းကောင်း၊

'ဘုရားကြွလာသောအခါ၌ ငါဆည်းကပ်၍ တရားတော်မြတ်ကို နာရပါမူကား ကောင်းရာ၏' ဟူ၍လည်းကောင်း၊

'မြတ်စွာဘုရားဟောပြောတိုင်း ငါ သိရပါမူကား ကောင်းရာ၏' ဟူ၍လည်း ကောင်း၊

'မိစ္ဆာဒိဋ္ဌိဖြစ်သော အယူဝါဒကင်းကွာလျက် ဟုတ်မှန်စွာသောတရားလမ်းကို ဖြောင့်တန်းစွာ လိုက်ရပါမူကား ကောင်းရာ၏' ဟူ၍ လည်းကောင်း၊

"ဤ ငါးပါးသောတောင့်တခြင်း ဖြစ်ပါသည်။ ယခု အကျွန်ုပ်ကား ငါးပါးသော ဆန္ဒ ပြည့်စုံပါပြီ။ ဤယနေ့မှစ၍ အကျွန်ုပ်ကို 'ဉပါသကာ'ဟု မှတ်တော်မူပါ။ နက်ဖြန်နံနက် လည်း သံဃာတော်နှင့်တကွ နန်းတော်သို့ကြွ၍ ဆွမ်းအလှူကို ခံတော်မူပါ" ဟု လျှောက်၍ ပြန်လေ၏။

မိုးသောက်သောကာလ ဆွမ်းကွမ်းနေရာ ပြင်ဆင်ပြီးလျှင် အမတ်တစ်ယောက်ကို ပင့်လျှောက်စေ၍ သံဃာတော် တစ်ထောင်နှင့်တကွ ဘုရားကိုယ်တော်မြတ်သည် ကြွတော် မူ၏။ ထိုအခါ သိကြားမင်းသည် လုလင်အသွင် ဖန်ဆင်းလျက် ရှေ့တော်မှလာ၍ ဘုရား ကျေးဇူးတော်ကို လှစ်ဖော်ချီးမွမ်းခြင်းငှာ

'ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ။ ပ။

ရာဇဂဟံ ပါဝိသိ ဘဂဝါ' အစရှိသောဂါထာဖြင့် သာယာစွာသီလျက် ကြွေး ကြော်၏။ ထိုအသံကိုကြား၍ ပြည်သူပြည်သားတို့သည် သောသောညံမျှ ပူဇော်ကြ ကုန်သတည်း။

ဘုရားသခင် နန်းတော်သို့တက်တော်မူလျှင် ဗိမ္ဗိသာရမင်းကြီးသည် ခရီးဦးကြိုဆိုခြင်း စသောဝတ်ကို ရိုသေစွာဆောင်ရွက်လျက် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍၊ တရားတော်မြတ်ကို နာပြီးသော် ကိန်းဝပ်တော်မူရန်အကျိုးငှာ ဝေဠုဝန်ဉယျာဉ်အတွင်း၌ မင်း၏နန်းတော်ကို အရံနှင့်တကွ ရေစက်သွန်းချ၍ လှူတော်မူ၏။ ရေစက်သွန်းချသည်နှင့် တစ်ပြိုင်နက်ပင် စကြဝဠာတိုက်ဖွေ ဤမြေနှစ်သိန်းသည် အိုးထိန်းစက်ကဲ့သို့ တုန်လှုပ်၏။

['မြေနှစ်သိန်းလည်း ပျက်ကိန်းဘနန်း ရှင့်ဘုန်းတန်းကား' ဟူသကဲ့သို့ အခိက သချာနည်းတည်း။]

ဘုရားသခင်လည်း ဗိမ္ဗိသာရမင်းကြီးအား တရားအနုမောဒနာ ပြုတော်မူ၍ ဝေဠုဝန် ဉယျာဉ်သို့ ပြန်ကြွတော်မူ၏။ ဘုရားသခင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူကြောင်းကို ကြားလျှင် ပဉ္စဝဂ္ဂီတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော ရှင်အဿဇိသည် လည်းကောင်း၊ ဘဒ္ဒဝဂ္ဂီမင်းသားများသည် လည်းကောင်း၊ ရှင်ယသစသော မထေရ်တို့သည် လည်းကောင်း ရောက်လာကြကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၁၉။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်အလောင်းတို့သိဥ္စည်းဆရာထံ ဆည်းကပ်ခြင်း

ထိုရာဇဂြိုဟ်ပြည်၌လည်း သိဥ္စည်းမည်သော ပရိဗိုဇ်ရဟန်းသည် တပည့် နှစ်ရာ့ငါးကျိပ်နှင့်တကွ ထင်ရှားစွာနေ၏။ ထိုပရိဗိုဇ်၏အထံ၌ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့၏ အလောင်းဖြစ်သော 'ဥပတိဿ'၊ 'ကောလိတ'တို့သည် နှစ်ရာ့ငါးကျိပ်, နှစ်ရာ့ငါးကျိပ်စီဖြစ်သော အခြံအရံနှင့်တကွ ရဟန်းပြုကြသတည်း။

ရဟန်းပြုကြောင်းကား ဘုရားဖြစ်တော်မမူမီ ရာဇဂြိုဟ်ပြည်၏ မနီးမဝေးသောအရပ်၌ ဥပတိဿမည်သော ရွာကြီးတစ်ရွာ၊ ကောလိတမည်သော ရွာကြီးတစ်ရွာသည် ရှိ၏။ ထိုနှစ်ရွာတို့တွင် ဥပတိဿရွာ၌ ဥစ္စာအင်အား ကြီးမားပြည့်ဖြိုး၍ အမျိုးခုနစ်ဆက်တိုင် ကြွယ်ဝလျက် ဗြာဟ္မဏမဟာသာလဟု ခေါ်ဝေါ်အပ်သော 'ဝင်္ကန္တ'မည်သောပုဏ္ဏားသည် 'ရူပသာရီ'မည်သော ပုဏ္ဏေးမနှင့်သင့်မြတ်၍ ထိုအရပ်ကို ကြီးစိုးအုပ်ချုပ်သတည်း။ ကောလိတရွာ၌လည်း ဤနည်းတူကြွယ်ဝသော 'သုဇာတာ'ပုဏ္ဏားသည် 'မောဂ္ဂလီ'မည်သော ပုဏ္ဏေးမနှင့် သင့်မြတ်၍ ထိုကောလိတအရပ်ကို အုပ်ကွပ်စိုးမိုးရသတည်း။

ထိုနှစ်ဦးသော ပုဏ္ဏားတို့သည် တစ်မိဝမ်းဖွားကဲ့သို့ သားမယား ဆွေမျိုးနှင့်တကွ ချစ်ကြည်လေးမြတ်စွာ မဟာမိတ်ဖြစ်ကြ၍၊ တစ်ရံသောအခါ ဥပတိဿရွာ၌ ရူပသာရီမည်သော ပုဏ္ဏေးမ၏ ဝမ်းဝယ် ပဋိသန္ဓေတည်နေလေသော်၊ အဆွေဖြစ်သော မောဂ္ဂလီပုဏ္ဏေးမတွင်လည်း ထိုနေ့၌ပင် သန္ဓေရလေ၏။ ယင်းသို့ သန္ဓေရကြောင်းကို တစ်ဦးသည် တစ်ဦးအား သတင်းစကား ပြန်ကြားနှုတ်ဆက်ကြရကား ကိုယ်ဝန်စောင့်ကို တညီတမျှတည်း ထားကြကုန်သတည်း။ ဆယ်လလွန်၍ ဖွားလေသော် အဆင်းနိကာယ် တင့်တယ်လှစွာသော သားကောင်းရတနာချည်းဖြစ်ကြ၍ သာရီပုဏ္ဏေးမ၏သားကို 'ဥပတိဿ' အမည်မှည့်၏။ မောဂ္ဂလီ ပုဏ္ဏေးမ၏သားကို 'ကောလိတ' အမည်မှည့်၏။

ထိုသူငယ်နှစ်ဦးတို့သည် အရွယ်သို့ရောက်လေသော် ဗေဒင်အတတ်ကို သင်စေ၍ ဗေဒင်သုံးကျမ်း၌ ကမ်းတစ်ဘက်ရောက် တတ်မြောက်လိမ္မာကြ၏။ မိမိဆရာမှတစ်ပါးသော သူတို့သည် အယူဝါဒ စသည်နှင့်စပ်သောစကားကို နီးနှောခြင်းငှာမျှ မဝံ့ကုန်။ အလုံးစုံသော လောကီသိပ္ပ၌လည်း အပြီးတိုင်၏။

ထိုသူနှစ်ယောက်အား အမိအဖတို့သည် များစွာ ချီးမြှောက်အပ်သည်ဖြစ်၍ ဥပတိဿလုလင်သည် ဥယျာဉ်ကစား မြစ်နားကမ်းခွင် ပွဲသဘင်သို့ ထွက်ဝင်မြူးထူးသောအခါ အရွယ်တူသောပုဏ္ဏားလုလင်တို့သည် ရွှေထမ်းစင်ငါးရာ စီးလျက် ခြံရံ၍လိုက်ရကုန်၏။ ကောလိတလုလင်လည်း မြင်းရထားစီးသော ပုဏ္ဏားလုလင် ငါးရာခြံရံလျက် လိုက်ရကုန်သတည်း။

ရာဇဂြိုဟ်ပြည်တွင် ထက်ဝန်းကျင်သော ပြည်သူပြည်သားတို့ ပျော်ပါးခြင်းငှာ နှစ်စဉ်မပြတ် ပြုလုပ်အပ်သော တောင်ထွတ်သဘင်သည် ဖြစ်၏။ ထိုသဘင်သို့ မြူးရွှင်ရန်သွားသောအခါ ဥပတိဿ, ကောလိတ နှစ်ဦးတို့သည် မိမိတို့၏ပရိသတ်ကို ရောနှောစေလျက် တခဲနေရာတည်းနေ၍ ပွဲသဘင်ရှုသဖြင့် ရွှင်သင့်သောအရာ၌လည်း အတူတကွ ရွှင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသင့်သောအရာ၌လည်း အတူတကွ ပြောဆိုကြသည်။ မြူးထူးသင့်သောအရာ၌ အတူတကွ မြူးထူးကြသတည်း။

ဤသို့ နေ့ရည်ရက်များ ပျော်ပါးပေါင်းဖက်ကြသည်တွင် တစ်ရံသောကာလ ဥပတိဿ သတို့သားအား ကြီးပွားရင့်မာသော ပညာ၏ဖြစ်ခြင်းကြောင့် ဤသို့သောအကြံသည် ဖြစ်၏။ 'လောက၌ဖြစ်ကြသော လူအပေါင်းတို့ကား ဖြစ်ကြောင်းအားဖြင့် အစားဟောင်းအတွင်းဝယ် ငြိတွယ်ကြီးပွားသော ပိုးလောက်အစုကဲ့သို့ အမိ၏ဥတုသွေး, အဖ၏သုတ်ရည် ဤနှစ်ထွေသော အညစ်အကြေးကို မှီ၍ဖြစ်ရကား အလွန်စက်ဆုပ်ဖွယ် ဖြစ်၏။ မှီရာအားဖြင့် အမိစားသော အစာဟောင်းအစာသစ်တို့၏ အလယ်၌နှစ်၍ တစ်ဆယ့်ရှစ်ထပ်သော အူခွေကြားဝယ် အိမ်ငယ်ကိုမှီ၍တည်ရကား အလွန်ဆိုးဝါး၍ ညစ်ညမ်း၏။ ဖွားမြောက်လာလည်း များလှစွာသော အနာရောဂါတို့သည် လွန်စွာနှိပ်စက်ခြင်း ဖြစ်၏။ ရောဂါကင်းလျက် သန့်ရှင်းစွာ ကြီးပွားသောသူမှ လွန်စွာ့အဆုံး အနှစ်တစ်ရာခန့်သာ နေရချေသည်။ သေမင်း၏ခံတွင်းသို့ ဆင်းရမည့်သူချည်း ဖြစ်ချေသည်။ မသေမီအကြား၌လည်း စားရန်, ဝတ်ရန်, နေထိုင်ရန်ကို ရှာကြံခြင်းကြောင့်ဖြစ်သော ဆင်းရဲ၊ မိဘဆွေဝါး, သားမယားတို့ကြောင့်ဖြစ်သော ဆင်းရဲ ဤဆင်းရဲအပေါင်းနှင့်သာ များစွာ တွေ့ရချေသည်။ ထိုသို့ဖြစ်၍ ပျော်မွေ့ရွှင်မြူးခြင်း မရှိဘဲ လျက် အုတ်အုတ်ကျက်ကျက် အားတက်ရွှင်လန်း ရယ်သွမ်းသွေးကာ ပျော်နိုးရှာကြဘိ လေသည်' ဟု စိတ်အကြံဖြစ်လတ်၍ ရှေးရှေးသောနေ့ကဲ့သို့ ပျော်မွေ့ရွှင်မြူးခြင်း မရှိ။ ပကတိ ညှိုးခြောက်သောမျက်နှာဖြင့်လျှင် တောင်ထွတ်သဘင်ကို ရှု၏။

ထိုသို့ ညှိုးနွမ်းလေသည်ကို အဆွေကောလိတမြင်လျှင် "အချင်း ဥပတိဿ။ သင်သည် ရှေးအခါတစ်ပါးကဲ့သို့ မြူးစားခြင်း အဘယ်ကြောင့်မရှိသနည်း" ဟု မေး၏။ ထိုအခါ ဥပတိဿကလည်း မိမိကြံဆသောအကြောင်းကို ပြန်ကြား၍ ပွဲသဘင်ပျော်ပါးခြင်း၌ အကျိုးမဖြစ်, အနှစ်မရှိကြောင်းကို ပြော၏။

ထိုစကားကို ကောလိတကြားလျှင် သံဝေဂရ၍ "အဆွေ။ သင်မြင်အပ်သော သဘောတရားသည် ဖြောင့်သားဟုတ်မှန်လေစွ။ သို့ရာတွင် သေခြင်းသဘောတရား, ဆင်းရဲခြင်းသဘောတရားသည် ထင်ရှားရှိခဲ့သော် ထို သေခြင်း, ဆင်းရဲခြင်းတို့၏ကင်းလွတ်ရာ ချမ်းသာ တရားလည်း ရှိတန်ပါ၏။ ငါတို့ ရှာကြံကုန်အံ့"ဟု တိုင်ပင်၍၊ မိခင်ဖခင်တို့အား ခွင့်တောင်းပြီးလျှင် မိမိတို့အခြံအရံနှင့်တကွ သိဥ္စည်းပရိဗိုဇ်အထံသို့ လာ၍ ရဟန်းပြုကြ၏။ ထိုသူတို့ ရဟန်းပြုသည်မှစ၍ သိဥ္စည်းဆရာ၌လည်း များစွာသော လာဘ်ပူဇော် အခြံအရံတို့ သည် ဖြစ်ကုန်၏။

ရဟန်းပြု၍ နှစ်ရက်သုံးရက်ရှိလျှင် သိဥ္စည်းဆရာ၏ဉာဏ်အမြင်သည် ဤမျှပင် တည်း' ဟု သိကြ၍၊ လောက၏အစအဆုံးကို မမြင်သောကြောင့် မေးကြကုန်၏။

"ဆရာ ယခုပြသော နည်းနာမှတစ်ပါး ဆရာတို့သိအပ်သော အနှစ်သာရရှိသော ဒုတတ်သည် ရှိသေးသလော" ဟု မေး၏။ သိဥ္စည်းဆရာကလည်း "တပည့်တို့။ မရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သွေးပူအန်သောဝေဒနာသည် ဖြစ်၏။ ထိုအကြောင်းကြောင့် တပည့်ဟောင်းတို့သည် ပြန်၍ လုပ်ကျွေးရကုန်သတည်း။

မြတ်စွာဘုရားလည်း ပရိသတ်လေးပါးတို့အား တရားဟောလျက်နေတော်မူစဉ် နှစ်ရာ့ငါးကျိပ်စီသော ပရိဗိုဇ်အခြံအရံနှင့်တကွ လာကြသော ဥပတိဿ, ကောလိတတို့ကို အဝေးကမြင်တော်မူလျှင် သံဃာတော်တို့ကို ခေါ်တော်မူ၍ "ချစ်သားတို့။ ဥပတိဿ, ကောလိတဟူသော အဆွေခင်ပွန်းနှစ်ယောက်တို့သည် ယခု လာကုန်ပြီ။ ဤသူနှစ်ပါးကား ငါဘုရား၏ တပည့်မြတ်အစုံ ဖြစ်လတ္တံ့." ဟု မိန့်တော်မူလင့်၏။

ဘုရားအထံတော်သို့ ရောက်လာလျှင် ခြေတော်ကို ဦးတိုက်၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား။ အကျွန်ုပ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပါ။ အထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကြလျှင် ဘုရားသခင်လည်း–

'ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊

စရထ ဗြဟ္မစရိယံ

သမ္မာ ဒုက္ခဿ အန္တကိရိယာယ'– ဟု 'ဧဟိဘိက္ခု' ခေါ်တော်မူ၍ တန်ခိုးဖြင့်ပြီးသော သင်္ကန်း, သပိတ်, ပရိက္ခရာကိုရလျက် ရဟန်းဖြစ်ကြလေကုန်၏။ ရှင်ဥပတိဿ, ရှင်ကောလိတမှတစ်ပါး ငါးရာသောသူတို့သည် အစဉ်အတိုင်းသော မဂ်ကိစ္စဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

ထိုသူနှစ်ဦးတို့ကား ကြီးမားသော သာဝကပါရမီဉာဏ်၏ ပရိကံ မပြည့်စုံသေးသော ကြောင့် ရှေးရရှင်း သောတာပန်၏အဖြစ်ဖြင့်သာ တည်၏။ အရှင်ကောလိတသည် ရဟန်းဖြစ်သည့်နောက် ခုနစ်ရက်မြောက်သောနေ့၌ ဤရာဇဂြိုဟ်ပြည်၏အနီး ကလ္လဝါဠဂ္ဂရွာကြီး၏အတွင်း သစ်ပင်ရင်း၌ ကမ္မဋ္ဌာန်းစီးဖြန်းရင်း ငိုက်မျဉ်း၍နေစဉ် ဘုရားသခင်လည်း "အချင်းကောလိတ။ သင်သည် အိုခြင်း, နာခြင်း, သေခြင်းကို လွန်မြောက်ရာ အမြိုက်ချမ်းသာကို ဖွေရှာသော သူဖြစ်လျက် ထိန, မိဒ္ဓ, ပမာဒ ဟူသော မသူတော်တို့နှင့် အဘယ်ကြောင့် ပေါင်းဖော် ပြန်သနည်း"ဟု မိန့်တော်မူ၍ ဓာတုကမ္မဋ္ဌာန်းကို ဟောတော်မူသည်ကို နာရလျှင် သုံးအင်သောမဂ်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အရှင်ဥပတိဿကား ရဟန်းဖြစ်ပြီးနောက် လခွဲမြောက်သောအခါ 'သူကရခါတ' မည် သော လိုဏ်၌နေစဉ် ဘုရားသခင်သည် အရှင်ဥပတိဿ၏တူဖြစ်သော 'ဒီဃနခ'ပရိဗိုဇ် အား 'ဝေဒနာပရိဂ္ဂဟ လက္ခဏာသုတ်'ကို ဟောတော်မူရာဝယ် ကြားနာရ၍ သာဝကပါရမီဉာဏ် ၏ အပြီးအဆုံးသို့ ရောက်သတည်း။

[ဤသို့ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ၌ လာသည်။]



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် အရှင်ဥပတိဿ ရဟန္တာဖြစ်ပြီး၍ ထိုသည့်နေ့ပင် ဘုရားသခင်လည်း ဝေဠုဝန်ကျောင်းတော်၌ တပည့်သံဃာအားလုံးကို စုရုံးစည်းဝေးစေ၍ အရှင်ဥပတိဿကို 'ဓမ္မသေနာပတိ သာရိပုတ္တရာ' ဟူသောအမည်နှင့် လက်ယာရံ အဂ္ဂသာဝကအရာ၊ ရှင်ကောလိတကို 'မဟာမောဂ္ဂလာန်' ဟူသောအမည်နှင့် လက်ဝဲရံ အဂ္ဂသာဝကအရာ ထားတော်မူသည်။

သမုဒ္ဒရာ ဂင်္ဂါသဲလုံးနှင့်အမျှ ပွင့်တော်မူကုန်သော အဆူဆူသောဘုရားရှင်တို့၏ အစဉ်ပြုတော်မူကုန်မြဲဖြစ်သော–

'ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သာမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။

မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။

အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ' ဟူသော ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

အနက်ကား–တိတိက္ခာ၊ အား ခုနစ်ပါးထက် ထက်သန်သော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ ပရမံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ပရူပဃာတီ၊ သူတစ်ပါးအား ထိပါးသတ်ဖြတ်တတ်သောသူသည်။ န ပဗ္ဗဇိတော၊ ရဟန်းမမည်။ ပရံ၊ သူတစ်ပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲနှိပ်စက်လေ့ ရှိသောသူသည်။ သာမဏော၊ ကိလေသာကို ငြိမ်းစေတတ်သောသူ မည်သည်။ နဟောတိ၊ မဖြစ်။

သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကို။ အကရဏံ၊ မပြုခြင်း လည်းကောင်း။ ကုသလဿ၊ ကုသိုလ်ဆယ်ပါးတရားကို၊ ဥပသမ္ပဒါ၊ ဆည်းပူးခြင်း လည်းကောင်း။ ဝါ–ပြည့်စုံစေခြင်း လည်းကောင်း။ သစိတ္တ ပရိယောဒပနံ၊ မိမိစိတ်ကို ဖြူစင်စွာထားခြင်း လည်းကောင်း။ ဧတံ၊ ဤတရားသည်လျှင်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

အနူပဝါဒေါ၊ သူတစ်ပါးအား စွပ်စွဲပြစ်ဖွဲ့ မကဲ့ရဲ့ခြင်း လည်းကောင်း။ အနူပဃာတော၊ ကိုယ်, နှုတ်, ဥစ္စာ ဒဏ်သုံးဖြာဖြင့် လွန်စွာမနှိပ်စက်ခြင်း လည်းကောင်း။ ပါတိမောက္ခေ စ သံဝရော၊ အာပတ်ခုနစ်ပုံကို စောင့်စည်းခြင်း လည်းကောင်း။ ဘတ္တသ္မိံ၊ အစာအာဟာရ၌။ မတ္တညုတာ စ၊ အတိုင်းအရှည်ကို သိသောအဖြစ် လည်းကောင်း။ ပန္တဉ္စသယနာသနံ၊ ရွာနီးကျောင်း၌ မနေခြင်း လည်းကောင်း။ အဓိစိတ္တေ စ၊ ဝေါတြဘူ ဝေါဒါန် ဈာန်မဂ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်လတ်၍ လွန်မြတ်သောစိတ်၌သာလျှင်။ အာယောဂေါ၊ လွန်စွာလုံ့လပြုခြင်း လည်းကောင်း။ ဧတံ၊ ဤတရားသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

ဤကား ရှေးဦးစွာ သာဝက သန္နိပါတတည်း။

။၂၁။ အရှင်ကောဏ္ဍည၏ ရှေးအကြောင်းကိုပြခြင်း

ထိုအခါ အချို့သောသံဃာတို့က ဤသို့ အပြစ်တင်ကုန်သည်။ "ငါတို့ဆရာ မြတ်စွာဘုရားသည် မျက်နှာကိုကြည့်၍ ဆွမ်းပေးသကဲ့သို့ ပြုတော်မူသည်။ အကယ်၍ အဂ္ဂသာဝက အရာကို ပေးတော်မူလျှင် သာသနာသို့ ရှေးဦးစွာဝင်သော ပဉ္စဝဂ္ဂီတို့အားသော်လည်း ပေးသင့်ပါ၏။ ထိုသူတို့အား သနားတော်မမူပါသော် နှစ်ကြိမ်မြောက်ဝင်သော အရှင်ယသ စသော ငါးကျိပ်ငါးယောက်သော သူတို့အားသော်လည်း သနားတော် မူသင့်ပါ၏။ ထိုသူတို့ကိုမျှ မပေးလိုမူ သုံးကြိမ်မြောက်ဝင်သော ဘဒ္ဒဝဂ္ဂီမင်းသား ရဟန်းတို့အားလည်း ပေးသင့်ပါ၏။ ထိုသူတို့ကိုမျှ မထားလိုမူ ဥရုဝေလကဿပ စသော ရသေ့ညီနောင်တို့အားသော်လည်း သနားသင့်ပါ၏။ ထိုသို့ဖြစ်လျက် ထိုသူတို့၏မျက်နှာကို မညှာမလှည့် ကြည့်တော်မမူဘဲ နောက်ဆုံးမှဝင်လာသော ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝကအရာ၌ ထားတော်မူဘိသည်။ အကြောင်းမသင့်" ဟု အပြစ်တင်ကုန်၏။

ထိုစကားကို အဆင့်ဆင့်အားဖြင့် ကြားတော်မူလျှင် ဘုရားရှင်လည်း "သင်ချစ်သားတို့။ ငါကား မျက်နှာကိုကြည့်၍ အရာပေးသည် မဟုတ်။ ရှေးရှေးသောဘဝက ထိုသူတို့ တောင်းကြသောဆု, ပြုကြသောပါရမီအတိုင်းသာလျှင် အရာပေးတော်မူသတည်း" ဟု မိန့်တော်မူ၍၊

ထိုသူတို့၏ ရှေးပါရမီတို့ကို သိလိုပါကြောင်းနှင့် သံဃာတော်အပေါင်းတို့ လျှောက်ထားတောင်းပန်ရာတွင် 'အညာတကောဏ္ဍညော ပန ဘိက္ခဝေ' အစရှိသော ပုဗ္ဗကမ္မစကားကို ဤသို့ ဟောကြားတော်မူသည်။

"ချစ်သားတို့။ ငါးဦးသောပဉ္စဝဂ္ဂီတို့တွင် 'အညာတကောဏ္ဍည'သည် ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းထက်၌ 'ပဒုမုတ္တရ'အမည်ရှိသော မြတ်စွာဘုရားသည် လောက သုံးပါး၌ ထင်ရှားပွင့်တော်မူ၏။ ထိုဘုရားရှင်ကား လူတို့၏အသက် တစ်သိန်းတမ်း၌ ပွင့်တော်မူ၏။ ကိုယ်ရပ်တော်ကား ငါးဆယ့်ရှစ်တောင် ရှိ၏။ အရောင်တော်ကား တစ်ဆယ့်နှစ် ယူဇနာ ရှိ၏။ ထိုဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကိုရပြီး၍ ဗောဓိအောက်ပြင် ရွှေပလ္လင်မှ



www.burmeseclassic.com

www.burmeseclassic.com



'ငါမင်းပြုသောအခါ ငါ၏နိုင်ငံသို့ ဘုရားသခင်ကြွလာပါမူကား ကောင်းရာ၏'
ဟူ၍ လည်းကောင်း၊
'ဘုရားကြွလာသောအခါ၌ ငါဆည်းကပ်၍ တရားတော်မြတ်ကို နာရပါမူကား
ကောင်းရာ၏' ဟူ၍လည်းကောင်း၊
'မြတ်စွာဘုရားဟောပြောတိုင်း ငါ သိရပါမူကား ကောင်းရာ၏' ဟူ၍လည်း
ကောင်း၊
'မိစ္ဆာဒိဋ္ဌိဖြစ်သော အယူဝါဒကင်းကွာလျက် ဟုတ်မှန်စွာသောတရားလမ်းကို
ဖြောင့်တန်းစွာ လိုက်ရပါမူကား ကောင်းရာ၏' ဟူ၍ လည်းကောင်း၊

"ဤ ငါးပါးသောတောင့်တခြင်း ဖြစ်ပါသည်။ ယခု အကျွန်ုပ်ကား ငါးပါးသော ဆန္ဒ ပြည့်စုံပါပြီ။ ဤယနေ့မှစ၍ အကျွန်ုပ်ကို 'ဥပါသကာ'ဟု မှတ်တော်မူပါ။ နက်ဖြန်နံနက်လည်း သံဃာတော်နှင့်တကွ နန်းတော်သို့ကြွ၍ ဆွမ်းအလှူကို ခံတော်မူပါ" ဟု လျှောက်၍ ပြန်လေ၏။

မိုးသောက်သောကာလ ဆွမ်းကွမ်းနေရာ ပြင်ဆင်ပြီးလျှင် အမတ်တစ်ယောက်ကို ပင့်လျှောက်စေ၍ သံဃာတော် တစ်ထောင်နှင့်တကွ ဘုရားကိုယ်တော်မြတ်သည် ကြွတော်မူ၏။ ထိုအခါ သိကြားမင်းသည် လုလင်အသွင် ဖန်ဆင်းလျက် ရှေ့တော်မှလာ၍ ဘုရားကျေးဇူးတော်ကို လှစ်ဖော်ချီးမွမ်းခြင်းငှာ

'ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ။ ပ။
ရာဇဂဟံ ပါဝိသိ ဘဂဝါ' အစရှိသောဂါထာဖြင့် သာယာစွာသီလျက် ကြွေးကြော်၏။ ထိုအသံကိုကြား၍ ပြည်သူပြည်သားတို့သည် သောသောညံမျှ ပူဇော်ကြကုန်သတည်း။

ဘုရားသခင် နန်းတော်သို့တက်တော်မူလျှင် ဗိမ္ဗိသာရမင်းကြီးသည် ခရီးဦးကြိုဆိုခြင်း စသောဝတ်ကို ရိုသေစွာဆောင်ရွက်လျက် မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေး၍၊ တရားတော်မြတ်ကို နာပြီးသော် ကိန်းဝပ်တော်မူရန်အကျိုးငှာ ဝေဠုဝန်ဥယျာဉ်အတွင်း၌ မင်း၏နန်းတော်ကို အရံနှင့်တကွ ရေစက်သွန်းချ၍ လှူတော်မူ၏။ ရေစက်သွန်းချသည်နှင့် တစ်ပြိုင်နက်ပင် စကြဝဠာတိုက်ဖွေ ဤမြေနှစ်သိန်းသည် အိုးထိန်းစက်ကဲ့သို့ တုန်လှုပ်၏။

['မြေနှစ်သိန်းလည်း ပျက်ကိန်းဘနန်း ရှင့်ဘုန်းတန်းကား' ဟူသကဲ့သို့ အဓိက
သချာနည်းတည်း။]

ဘုရားသခင်လည်း ဗိမ္ဗိသာရမင်းကြီးအား တရားအနုမောဒနာ ပြုတော်မူ၍ ဝေဠုဝန်ဥယျာဉ်သို့ ပြန်ကြွတော်မူ၏။ ဘုရားသခင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူကြောင်းကို ကြားလျှင် ပဉ္စဝဂ္ဂီတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော ရှင်အဿဇိသည် လည်းကောင်း၊ ဘဒ္ဒဝဂ္ဂီမင်းသားများသည် လည်းကောင်း၊ ရှင်ယသစသော မထေရ်တို့သည် လည်းကောင်း ရောက်လာကြကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၁၉။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်အလောင်းတို့သိဥ္စည်းဆရာထံ ဆည်းကပ်ခြင်း

ထိုရာဇဂြိုဟ်ပြည်၌လည်း သိဥ္စည်းမည်သော ပရိဗိုဇ်ရဟန်းသည် တပည့် နှစ်ရာ့ငါးကျိပ်နှင့်တကွ ထင်ရှားစွာနေ၏။ ထိုပရိဗိုဇ်၏အထံ၌ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့၏ အလောင်းဖြစ်သော 'ဥပတိဿ'၊ 'ကောလိတ'တို့သည် နှစ်ရာ့ငါးကျိပ်, နှစ်ရာ့ငါးကျိပ်စီ ဖြစ်သော အခြံအရံနှင့်တကွ ရဟန်းပြုကြသတည်း။

ရဟန်းပြုကြောင်းကား ဘုရားဖြစ်တော်မမူမီ ရာဇဂြိုဟ်ပြည်၏ မနီးမဝေးသောအရပ်၌ ဥပတိဿမည်သော ရွာကြီးတစ်ရွာ၊ ကောလိတမည်သော ရွာကြီးတစ်ရွာသည် ရှိ၏။ ထိုနှစ်ရွာတို့တွင် ဥပတိဿရွာ၌ ဥစ္စာအင်အား ကြီးမားပြည့်ဖြိုး၍ အမျိုးခုနစ်ဆက်တိုင် ကြွယ်ဝလျက် ဗြဟ္မဏမဟာသာလဟု ခေါ်ဝေါ်အပ်သော 'ဝင်္ဂန္တ'မည်သောပုဏ္ဏားသည် 'ရူပသာရီ'မည်သော ပုဏ္ဏေးမနှင့်သင့်မြတ်၍ ထိုအရပ်ကို ကြီးစိုးအုပ်ချုပ်သတည်း။ ကောလိတရွာ၌လည်း ဤနည်းတူကြွယ်ဝသော 'သုဗ္ဗတာ'ပုဏ္ဏားသည် 'မောဂ္ဂလီ'မည်သော ပုဏ္ဏေးမနှင့် သင့်မြတ်၍ ထိုကောလိတအရပ်ကို အုပ်ကွပ်စိုးမိုးရသတည်း။

ထိုနှစ်ဦးသော ပုဏ္ဏားတို့သည် တစ်မိဝမ်းဖွားကဲ့သို့ သားမယား ဆွေမျိုးနှင့်တကွ ချစ်ကြည်လေးမြတ်စွာ မဟာမိတ်ဖြစ်ကြ၍၊ တစ်ရံသောအခါ ဥပတိဿရွာ၌ ရူပသာရီမည်သော ပုဏ္ဏေးမ၏ ဝမ်းဝယ် ပဋိသန္ဓေတည်နေလေသော်၊ အဆွေဖြစ်သော မောဂ္ဂလီပုဏ္ဏေးမတွင်လည်း ထိုနေ့၌ပင် သန္ဓေရလေ၏။ ယင်းသို့ သန္ဓေရကြောင်းကို တစ်ဦးသည် တစ်ဦးအား သတင်းစကား ပြန်ကြားနှုတ်ဆက်ကြရကား ကိုယ်ဝန်စောင့်ကို တညီတမျှတည်း ထားကြကုန်သတည်း။ ဆယ်လလွန်၍ ဖွားလေသော် အဆင်းနိကာယ် တင့်တယ်လှစွာသော သားကောင်းရတနာ ချည်းဖြစ်ကြ၍ သာရီပုဏ္ဏေးမ၏သားကို 'ဥပတိဿ' အမည်မှည့်၏။ မောဂ္ဂလီ ပုဏ္ဏေးမ၏ သားကို 'ကောလိတ' အမည်မှည့်၏။

ထိုသူငယ်နှစ်ဦးတို့သည် အရွယ်သို့ရောက်လေသော် ဗေဒင်အတတ်ကို သင်စေ၍ ဗေဒင်သုံးကျမ်း၌ ကမ်းတစ်ဘက်ရောက် တတ်မြောက်လိမ္မာကြ၏။ မိမိဆရာမှတစ်ပါးသော သူတို့သည် အယူဝါဒ စသည်နှင့်စပ်သောစကားကို နှီးနှောခြင်းငှာမျှ မဝံ့ကုန်။ အလုံးစုံ သော လောကီသိပ္ပ၌လည်း အပြီးတိုင်၏။

ထိုသူနှစ်ယောက်အား အမိအဖတို့သည် များစွာ ချီးမြှောက်အပ်သည်ဖြစ်၍ ဥပတိဿ လုလင်သည် ဥယျာဉ်ကစား မြစ်နားကမ်းခွင် ပွဲသဘင်သို့ ထွက်ဝင်မြူးထူးသောအခါ အရွယ်တူ သောပုဏ္ဏားလုလင်တို့သည် ရွှေထမ်းစင်ငါးရာ စီးလျက် ခြံရံ၍လိုက်ရကုန်၏။ ကောလိတ လုလင်လည်း မြင်းရထားစီးသော ပုဏ္ဏားလုလင် ငါးရာခြံရံလျက် လိုက်ရကုန်သတည်း။

ရာဇဂြိုဟ်ပြည်တွင် ထက်ဝန်းကျင်သော ပြည်သူပြည်သားတို့ ပျော်ပါးခြင်းငှာ နှစ်စဉ် မပြတ် ပြုလုပ်အပ်သော တောင်ထွတ်သဘင်သည် ဖြစ်၏။ ထိုသဘင်သို့ မြူးရွှင်ရန်သွား သောအခါ ဥပတိဿ, ကောလိတ နှစ်ဦးတို့သည် မိမိတို့၏ပရိသတ်ကို ရောနှောစေလျက် တင်နေရာတည်းနေ၍ ပွဲသဘင်ရှုသဖြင့် ရွှင်သင့်သောအရာ၌လည်း အတူတကွ ရွှင်ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသင့်သောအရာ၌လည်း အတူတကွ ပြောဆိုကြသည်။ မြူးထူးသင့်သောအရာ၌ အတူတကွ မြူးထူးကြသတည်း။

ဤသို့ နေ့ရှည်ရက်များ ပျော်ပါးပေါင်းဖက်ကြသည်တွင် တစ်ရံသောကာလ ဥပတိဿ သတို့သားအား ကြီးပွားရင့်မာသော ပညာ၏ဖြစ်ခြင်းကြောင့် ဤသို့သောအကြံသည် ဖြစ်၏။ 'လောက၌ဖြစ်ကြသော လူအပေါင်းတို့ကား ဖြစ်ကြောင်းအားဖြင့် အစာဟောင်းအတွင်းဝယ် ငြီတွယ်ကြီးပွားသော ပိုးလောက်အစုကဲ့သို့ အမိ၏ဥတုသွေး, အဖ၏သုတ်ရည် ဤနှစ်ထွေသော အညစ်အကြေးကို မှီ၍ဖြစ်ရကား အလွန်စက်ဆုပ်ဖွယ် ဖြစ်၏။ မှီရာအားဖြင့် အမိစားသော အစာဟောင်းအစာသစ်တို့၏ အလယ်၌နှစ်၍ တစ်ဆယ့်ရှစ်ထပ်သော အူခွေကြားဝယ် အိမ်ငယ်ကိုမှီ၍တည်ရကား အလွန်ဆိုးဝါး၍ ညစ်ညမ်း၏။ ဖွားမြောက်လာလည်း များလှစွာသော အနာရောဂါတို့သည် လွှမ်းစွာနှိပ်စက်ခြင်း ဖြစ်၏။ ရောဂါကင်းလျက် သန့်ရှင်းစွာ ကြီးပွားသောသူမှ လွန်စွာအဆုံး အနှစ်တစ်ရာခန့်သာ နေရချေသည်။ သေမင်း၏ခံတွင်းသို့ ဆင်းရမည့်သူချည်း ဖြစ်ချေသည်။ မသေမီအကြား၌လည်း စားရန်, ဝတ်ရန်, နေထိုင်ရန်ကို ရှာကြံခြင်းကြောင့်ဖြစ်သော ဆင်းရဲ၊ မိဘဆွေဝါး, သားမယားတို့ကြောင့်ဖြစ်သော ဆင်းရဲ ဤဆင်းရဲအပေါင်းနှင့်သာ များစွာ တွေ့ရချေသည်။ ထိုသို့ဖြစ်၍ ပျော်မွေ့ရွှင်မြူးခြင်း မရှိဘဲ လျက် အုတ်အုတ်ကျက်ကျက် အားတက်ရွှင်လန်း ရယ်သွမ်းသွေးကာ ပျော်နိုးရှာကြဘိ လေသည်' ဟု စိတ်အကြံဖြစ်လတ်၍ ရှေးရှေးသောနေ့ကဲ့သို့ ပျော်မွေ့ရွှင်မြူးခြင်း မရှိ။ ပကတိ ညှိုးခြောက်သောမျက်နှာဖြင့်လျှင် တောင်ထွတ်သဘင်ကို ရှု၏။

ထိုသို့ ညှိုးနွမ်းလေသည်ကို အဆွေကောလိတမြင်လျှင် "အချင်း ဥပတိဿ။ သင်သည် ရှေးအခါတစ်ပါးကဲ့သို့ မြူးစားခြင်း အဘယ်ကြောင့်မရှိသနည်း" ဟု မေး၏။ ထိုအခါ ဥပတိဿကလည်း မိမိကြံဆသောအကြောင်းကို ပြန်ကြား၍ ပွဲသဘင်ပျော်ပါးခြင်း၌ အကျိုးမဖြစ်, အနှစ်မရှိကြောင်းကို ပြော၏။

ထိုစကားကို ကောလိတကြားလျှင် သံဝေဂရ၍ "အဆွေ။ သင်မြင်အပ်သော သဘောတရားသည် ဖြောင့်သားဟုတ်မှန်လေစွ။ သို့ရာတွင် သေခြင်းသဘောတရား, ဆင်းရဲခြင်းသဘောတရားသည် ထင်ရှားရှိခဲ့သော် ထို သေခြင်း, ဆင်းရဲခြင်းတို့၏ကင်းလွတ်ရာ ချမ်းသာတရားလည်း ရှိတန်ပါ၏။ ငါတို့ ရှာကြကုန်အံ့"ဟု တိုင်ပင်၍၊ မိခင်ဖခင်တို့အား ခွင့်တောင်းပြီးလျှင် မိမိတို့အခြံအရံနှင့်တကွ သိဥ္စည်းပရိဗိုဇ်အထံသို့ လာ၍ ရဟန်းပြုကြ၏။ ထိုသူတို့ ရဟန်းပြုသည်မှစ၍ သိဥ္စည်းဆရာ၌လည်း များစွာသော လာဘ်ပူဇော် အခြံအရံတို့သည် ဖြစ်ကုန်၏။

ရဟန်းပြု၍ နှစ်ရက်သုံးရက်ရှိလျှင် သိဥ္စည်းဆရာ၏ဉာဏ်အမြင်သည် ဤမျှပင်တည်း' ဟု သိကြ၍၊ လောက၏အစအဆုံးကို မမြင်သောကြောင့် မေးကြကုန်၏။

"ဆရာ ယခုပြသော နည်းနာမှတစ်ပါး ဆရာတို့သိအပ်သော အနှစ်သာရရှိသော အတတ်သည် ရှိသေးသလော" ဟု မေး၏။ သိဥ္စည်းဆရာကလည်း "တပည့်တို့။ မရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤမျှကိုသာ ငါ သိမြင်သတည်း"ဟု ဆို၏။ ထိုစကားကိုကြားလျှင် ရှင်ဥပတိဿက ဤသို့ ဆို၏။ "ရှင်ကောလိတ။ ဤမျှသောအကျင့်ဖြင့် အမြိုက်တရားကို မရပေရာ။ ဤဆရာ့ဝါဒကား အနှစ်သာရ မရှိ။ ဤဆရာကို မှီ၍သာနေသဖြင့် သေခြင်းကင်းသောနိဗ္ဗာန်ကို မမြင်ရာ။ ငါတို့ဇမ္ဗူဒိပ်ကျွန်းသည် ကျယ်ဝန်းပါသေး၏။ ထိုထိုမြို့ရွာ၌ ပညာရှိဟု ကျော်စောသူတို့ကို ဖွေရှာ၍ စုံစမ်းမေးမြန်းကြဦးအံ့။ သို့ရာတွင်မူကား ငါတို့နှစ်ဦးတွင် အကြင်သူသည် တရားအထူးကို ရှေးဦးစွာ မြင်အံ့။ ထိုသူသည် တစ်ဦးအား ကြားစတမ်း" ဟု ကတိကဝတ် ထားကြ၏။

ထို့နောက်မှ မိမိတို့၏ပရိက္ခရာကို မိမိတို့ဆောင်လျက် တစ်ပါးမြို့သို့ လှည့်လည်ပြီးလျှင် ပညာရှိတို့ကိုရှာ၍ ပြဿနာမေးကြ၏။ ထိုသူနှစ်ဦးတို့၏ ပြဿနာကို တစ်စုံတစ်ယောက်သော လူ, ရဟန်း, ပုဏ္ဏားတို့သည် မဖြေဆိုနိုင်ကုန်။ ထိုထိုရပ်ခန်း၌ ရဟန်း ပုဏ္ဏားတို့၏ပြဿနာကို ထိုသူနှစ်ဦးသာ ဖြေဆို၍ လာရကုန်သတည်း။ ဤသို့အားဖြင့် ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်ပတ်၍မတွေ့သဖြင့် နေရင်းဌာန သိဥ္စည်းဆရာ့အထံသို့ ပြန်လာကြ၏။

## ။၂၀။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်အလောင်းတို့ ဘုရားရှင်ထံ ရဟန်းပြုခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းကို ခံတော်မူ၍ သုံးရက်မြောက်သော နေ့၌ ပဉ္စဝဂ္ဂီတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော အရှင်အဿဇိသည် နံနက်သောအခါတွင် သင်္ကန်းကိုပြင်ဝတ်၍ သပိတ်ပိုက်လျက် ငြိမ်သက်မြတ်မွေ့သောဣန္ဒြေဖြင့် ရှိသေကြည်ညွတ်ဖွယ်ရှိသော ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ သပိတ်, သင်္ကန်း လှမ်းယူခြင်း စသည်နှင့်ပြည့်စုံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်၏။

ထိုအခါ ရှင်သာရိပုတ္တရာအလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် မြို့တွင်းမှ ဆွမ်းစားပြီး ကျောင်းသို့ပြန်လာသည်နှင့် အခန့်သင့်တွေ့မြင်လျှင် ဤသို့ အကြံဖြစ်၏။ 'ဤအရှင်ကဲ့သို့ ယဥ်ကျေးငြိမ်သက်သော ဣန္ဒြေအမူအရာနှင့်ပြည့်စုံသော ရဟန်းကို ငါ မမြင်စဖူး။ ထူးမြတ်တင့်တယ်ပေစွ။ ဤလောကတွင် ဤအရှင်ကား အမြိုက်တရား၏ တည်ရာ ရဟန္တာသော်လည်း ဖြစ်လတ္တံ့။ ရဟန္တာဖြစ်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံသောသူသော်လည်း ဖြစ်လတ္တံ့။ ဤရဟန်းအထံသို့ကပ်၍ ကျင့်အပ်သောစာရိတ္တနည်းဖြင့် ပြသောဆရာတို့ကို ငါ မေးရသော် ကောင်း၏' ဟု ကြံ၏။

ထို့နောက်မှ ဤသို့ ကြံပြန်၏။ 'ယခုအခါ ရွာတွင်းသို့ဝင်ဆဲ ဖြစ်ပေသည်။ မေးမြန်းခြင်းငှာ အခါ မဟုတ်သေးချေ။ သူ့နည်းကိုခံလိုမူ သူ၏ပရိက်ကို ပြုဦးမှ သင့်ချိမ့်မည်' ဟု



www.burmeseclassic.com

www.burmeseclassic.com



ကြံဆင်ခြင်၍၊ အရှင်အဿဇိ ကြွသောခရီးဖြင့် မနီးမဝေးမှ လိုက်၏။ ထို အရှင်အဿဇိလည်း ဆွမ်းရပြီးသော် ဘုဉ်းပေးခြင်းငှာ သင့်တင့်စွာသောဇရပ်တစ်ခုသို့ ကပ်၏။

ထိုသို့ကပ်သည်ကို မြင်လျှင် မိမိတွင်ပါသော ပရိဗိုဇ်တို့၏အင်းပျဉ်ကို ခင်းလျက် ကရားမှရေကိုပေး၍, ဆွမ်းစားရေး၌ ပြုထိုက်သမျှသော အာစရိယဝတ်ကိုပြု၍ ရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီးလျှင် ရွှင်ပျဝမ်းသာစွာ ပဋိသန္ထာရစကား ပြောဟောပြီးမှ –

ထို ဥပတိဿက "ငါ့ရှင်။ သင်၏ ဣန္ဒြေအမူအရာတို့သည် လွန်စွာနှစ်သက်ဖွယ် ရှိ၏။ ဖြူစင်သန့်ရှင်းသော အဆင်းအသရေလည်း ရှိပေ၏။ သင်သည် အဘယ်ကိုရည်မှန်း၍ ရဟန်းပြုသနည်း။ သင်၏ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏တရားစကားကို သင်ကား နှစ်သက်သနည်း။ အဘယ်သူ၏ဩဝါဒကို သင် ရဘိသနည်း" ဟု မေး၏။

အရှင်အဿဇိလည်း "ငါ့ရှင်။ ငါကား သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော, ကိုးပါးသောဂုဏ်နှင့် ပြည့်စုံတော်မူသော, နတ်နှင့်တကွသော လူတွင် အတုမရှိ အသဒိသပုဂ္ဂိုလ် ဖြစ်တော်မူသော သာကီဝင်မင်းသား ဘုရားကိုရည်မှန်း၍ ရဟန်းပြုသတည်း။ ထိုဘုရားသည် ငါ၏ ဆရာပေတည်း။ ထိုဘုရားသည် ဟောကြားအပ်သောတရားကိုသာ ငါ နှစ်သက်၍ မိန့်မြွက်သောဩဝါဒကို ခံသတည်း"ဟု ဆိုပေသော် –

"ငါ့ရှင်။ သင်တို့ဆရာ မြတ်စွာဘုရားသည် အသို့အယူ ရှိသနည်း။ မည်သို့သော တရားကို ဟောကြားသနည်း။ ငါ့အား ဟောပါလော့" ဟု ဆိုပြန်လျှင်–

အရှင်အဿဇိလည်း 'ထိုပရိဗိုဇ်ရဟန်းတို့သည် သာသနာတော်၏ ရန်သူကွန်ရက် ဆန့်ကျင်ဘက်ဖြစ်ကုန်သည်။ သာသနာတော်၏ နက်နဲကျယ်ဝန်းကြောင်းကို ဆိုဦးမှ သင့်မည်'ဟု အကြံရှိ၍

"ငါ့ရှင်။ ငါကား သာသနာတော်၌ ရဟန်းပြု၍ မကြာမြင့်ပါသေး။ လေးပါးသော ဂမ္ဘီရဂုဏ်နှင့်ပြည့်စုံသော တရားတော်ကို အကျယ်ဟောခြင်းငှာ မစွမ်းနိုင်ပါ။ စိုးစဉ်းမျှသာ ဟောနိုင်ပါသေးသည်" ဟု ဆိုလျှင်

ထိုဥပတိဿက "ငါ့ရှင်။ ငါတစ်မူကား ဇမ္ဗူဒိပ်ကျွန်းခွင်ဝယ် ပညာအရာ၌ လွန်စွာ ကျော်စောသသူ တစ်ယောက်ပင်တည်း။ အရှင်၏ အစွမ်းအားရှိသမျှပင် ငါ့အား ဟောပါလော့။ နည်းအရာ, နည်းအထောင်တို့ဖြင့် ကုန်အောင်ချဲ့ထွင်၍ သိမြင်ခြင်းငှာ အကျွန်ုပ် တာဝန်ရှိစေသတည်း" ဟု ဆိုလျှင် အရှင်အဿဇိလည်း–

'ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။

အာဟတေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော' ဟူသောဂါထာကို ဟောပေ၏။

အနက်ကား– ယေ ဓမ္မာ၊ အကြင် ဇာတိ, ဇရာ, ဗျာဓိ, မရဏ အစရှိသော ဒုက္ခသစ္စာတရားတို့သည်။ ဝါ–ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ အစရှိသော ဒုက္ခသစ္စာတို့သည်။ ဟေတုပ္ပဘဝါ၊ တဏှာဟူသော သမုဒယသစ္စာလျှင် အစအမွန် ရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



တေသံ၊ ထို ဒုက္ခ, သမုဒယ သစ္စာနှစ်ပါးတို့၏။ ဟေတုံ၊ ဖြစ်ရာဖြစ်ကြောင်း ချုပ်ရာချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသဉ္စ၊ ထိုအလုံးစုံသော တရားတို့၏လည်း။ နိရောဓော၊ ချုပ်ရာဧကန် နိဗ္ဗာန်တရားကို။ အာဟ၊ ဟောတော်မူ၏။ မဟာသမဏော၊ ရဟန်းမြတ်စွာတို့ဆရာသည်။ ဧဝံဝါဒီ၊ ဤသို့ အယူတော်ရှိ၏။ ဝါ- ဤသို့ ဟောတော်မူလေ့ရှိ၏။

[ငှင်းဂါထာ၏အနက် ယောဇနာနည်းကို မမိလျှင် နေတ္တိအဋ္ဌကထာ၊ ဋီကာ- စသည်ကို မျှော်။]

ဤဂါထာကိုဟော၍ နှစ်ပါဒကိုကြားရလျှင် ရှင်ဥပတိဿသည် နည်းတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိမဂ်သို့ ရောက်တော်မူ၏။ နောက်နှစ်ပါဒကို ဖလဋ္ဌာန်ဖြစ်ပြီးမှ နာရသတည်း။

ဤဂါထာဆုံးလျှင် လေးအင်သောသစ္စာကို မြင်၍ "အရှင်ဘုရား။ အရှင်ဘုရား၏ ဟရားဒေသနာကို မပွားပါလင့်လော့။ ဤမျှတည်းဖြင့် ဆိုင်းသင့်သောအကြောင်းသည် အကျွန်ုပ်၌ ရှိပါသည်။ သို့ရာတွင် အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်မှာ နေပါသနည်း" ဟု မေး၏။

အရှင်အဿဇိလည်း ဘုရားသခင် ဝေဠုဝန်ကျောင်းတော်တွင် ရှိကြောင်းကိုဆိုလျှင် "အရှင်ဘုရား။ ကြွတော်မူလင့်ပါလော့။ အကျွန်ုပ်မှာ အထက်က ကတိကဝတ်ရှိဖူးကြသော အဆွေတစ်ယောက် ရှိပါသည်။ ထိုအဖော်ကို ခေါ်၍ ဘုရားထံတော်သို့ လာပါအံ့" ဟု လျှောက်လိုက်၍၊ အရှင်အဿဇိ ကြွလေလျှင် ရှင်ဥပတိဿလည်း မိမိနေရာသို့ ပြန်ခဲ့၏။

ထိုသို့ ဥပတိဿ ပြန်လာသည်ကို ကောလိတပရိဗိုဇ် အဝေးကမြင်လျှင် 'အရှင်။ ငါ့အဆွေ၏ ဣန္ဒြေအမူအရာတို့သည် ယနေ့ ထူးခြားစွာဖြစ်၏။ မြတ်သောတရားကို ကြားနာခဲ့ရသည် ဖြစ်လတ္တံ့။ ငါမေးရသော် ကောင်း၏'ဟု ကြံ၍နေသည်နှင့် အနီးသို့ ရောက်လျှင်၊ "ငါ့ရှင်။ သင် ယနေ့ကား နေ့တိုင်းတစ်ပါးထက် ထူးခြားစွာဖြစ်သော ဣန္ဒြေအမူအရာ ရှိ၏။ လပြည့်လဝါ ထန်းမှည့်ညှာကဲ့သို့ သာယာရွှင်လန်းသော မျက်နှာအဆင်းလည်း ရှိ၏။ အကြောင်း အသို့နည်း။ အမြိုက်တရားကို ကြားနာရပြီလော" ဟု မေး၏။

ဥပတိဿလည်း အရှင်အဿဇိကို တွေ့သည်မှစ၍ တရားကို နာရသည်တိုင်အောင် အလုံးစုံသောအတ္ထုပ္ပတ္တိကို ပြန်ပြောင်း၍ပြော၏။

ကောလိတလည်း "သင် နာခဲ့ရသောတရားကို ငါ့အား ဟောပါ" ဟု ဆိုလေသော်၊ 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' စသော ဂါထာကို ဟော၏။ ထိုဂါထာ ဒေသနာ၏အဆုံး၌ ကောလိတပရိဗိုဇ်သည် သောတာပတ္တိဖိုလ်သို့ ရောက်၏။

ထိုသို့ သောတာပန်ဖြစ်ပြီးလျှင် "ငါ့ရှင်။ ငါတို့ဆရာ မြတ်စွာဘုရားသည် အဘယ်မှာ နေသနည်း။ ဘုရားရှိရာသို့ လျင်စွာ သွားကြကုန်အံ့" ဟု ဆိုပေသော်၊ ဥပတိဿလည်း ဤသို့ ဆို၏။ "ငါ့ရှင်။ ငါတို့လက်ဦးဆရာမြတ် အဿဇိထေရ် ပြောသည်မှာ မြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com



သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေသတည်း။ သို့ရာတွင် ဤ နှစ်ရာ့ငါးကျိပ် သောပရိဗိုဇ်တို့သည် ငါတို့ကိုမှီ၍ပင် နေကုန်၏။ ထိုသူတို့အားလည်း အကြောင်းကို ကြားဦးမှ သင့်မည်" ဆို၍၊ ထိုပရိဗိုဇ်တို့အား ဘုရားထံ သွားမည့်အကြောင်းကို ကြားလျှင် "အရှင်တို့နှင့် အတူလိုက်၍ ဘုရားအဆုံးအမကို အကျွန်ုပ်တို့လည်း ခံပါအံ့"ဟု ဆို ကုန်၏။

ထို့နောက်မှ ဥပတိဿ, ကောလိတ နှစ်ဦးတို့သည် သိဥ္စည်းထံ သွား၍

"အရှင်ဘုရား။ အကျွန်ုပ်တို့သည် နိဗ္ဗာန်တရားကို ဟောကြားပြသနိုင်တတ်သော ဆရာမြတ်ကို တွေ့ပါပြီ။ ဤလောက၏ အစ, အဆုံးကို မြင်၍ အဝိဇ္ဇာ၏စင်ခြင်းကို ပြုတတ်သော မြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူပေပြီ။ တရားတော်သည် လည်းကောင်း၊ သံဃာတော်သည် လည်းကောင်း ထင်ရှားဖြစ်ချေပြီ။ ဆရာတို့သည် အနှစ်သာရမရှိ အကာအတိသာဖြစ်၍ စင်စစ် အချည်း နှီးသောအကျင့်ကို စွန့်ခွာလော့။ မြတ်စွာဘုရားထံ ဆုံးမခံ၍ ကျင့်ရအောင် သွားကြကုန်အံ့" ဟု ဆို၏။

ထိုအခါ သိဥ္စည်းဆရာက "ငါသည် ဤရာဇဂြိုဟ်ပြည်ကြီး၌ ထင်ရှားသော ဂိုဏ်းဆရာတစ်ယောက်ပင် ဖြစ်သည်။ အိုးစရည်းကြီးကို လက်ငင်အိုးပြုချင်၍ အမြင်မတော်သကဲ့သို့ သူတစ်ပါးလက်အောက်ခံ၍ မလျော်ကန်ရာပြီ။ ငါတို့ပရိသတ်လည်း များပါ၏။ ဆရာတပည့် သုံးဦးပင် ဤသံဃာအပေါင်းကို ဆောင်ကြအံ့။ သင်တို့လည်း မသွားလေလင့်" ဟု သုံးကြိမ် မြောက်အောင် တားမြစ်၏။

ဥပတိဿ, ကောလိတတို့ကလည်း "ဤလောက၌ အတုမရှိ အသဒိသပုဂ္ဂိုလ်ဖြစ် သော ဘုရားရှိကြောင်းကို လူအပေါင်းတို့သိလျှင် မည်သည့်သူမျှ ဆရာ့အထံသို့ ကျိုးနွံ ပူဇော်ခြင်းငှာ မရောက်ပေရာ။ ဘုရားရှင်ထံသို့သာလျှင် ပန်းနံ့သာလက်စွဲလျက် မှီဝဲဆည်း ကပ်ကုန်လတ္တံ့။ အနှစ်မရှိသော ဂုဏ်အရောင်ဖြင့် မထောင်လွှားလိုပါလင့်" ဟု ဆို၏။

သိဥ္စည်းဆရာကလည်း "ချစ်သားတို့။ ဤလူ့ရွာ၌ ပညာရှိသောသူတည်း များသလော၊ ပညာနည်းသောသူတည်း များသလော" ဟု မေးလေ၏။

"ဆရာ။ ပညာနည်းသောသူသာ များ၏" ဟု ဆိုပေသော်

"တပည့်တို့။ ယုတ်ညံ့သောသတ္တဝါသည် ယုတ်မာသောခင်ပွန်းကိုသာ မှီဝဲသည်။ ဆင်းရဲသောသတ္တဝါသည် ဆင်းရဲသောမိတ်ဆွေနှင့်သာ ယှဉ်နွဲ့သည်။ မလိမ္မာသောသတ္တဝါ သည် မလိမ္မာသောဆရာကိုသာ မှီဝဲသည်။ ဤကား လူ့ခပဲတို့၏ ဖြစ်မြဲဓမ္မတာတည်း။ ထို့အတူ ပညာမရှိ ဂုဏ်အထူးကိုမသိတတ်သော သူသည် ငါတို့ထံသို့ လာလတ္တံ့။ ထို့ကြောင့် လာဘ်ပူဇော် နည်းမည်ကို မစိုးရိမ်လင့်။ သင်တို့သွားလိုသော် သွားကြလေကုန်" ဟု ဆို၏။

ထိုအခါ ဥပတိဿ, ကောလိတတို့လည်း မိမိတို့၏ ပရိသတ်ငါးရာကိုခေါ်၍ ဝေဠု ဝန်ကျောင်းတော်သို့ ရှေးရှုထွက်၏။ သိဥ္စည်းဆရာတို့၏ တပည့်ဟောင်းတို့လည်း လိုက်ကြ လေ၍ သံဃာမရှိ အချည်းနှီးသော ကျောင်းအာရမ်တို့ကို ထိုသိဥ္စည်းဆရာမြင်လျှင် ရင်ဝမှဆူ၍



www.burmeseclassic.com

www.burmeseclassic.com



သွေးပူအန်သောဝေဒနာသည် ဖြစ်၏။ ထိုအကြောင်းကြောင့် တပည့်ဟောင်းတို့သည် ပြန်၍ လုပ်ကျွေးရကုန်သတည်း။

မြတ်စွာဘုရားလည်း ပရိသတ်လေးပါးတို့အား တရားဟောလျက်နေတော်မူစဉ် နှစ်ရာ့ငါးကျိပ်စီသော ပရိဗိုဇ်အခြံအရံနှင့်တကွ လာကြသော ဥပတိဿ, ကောလိတတို့ကို အဝေးကမြင်တော်မူလျှင် သံဃာတော်တို့ကို ခေါ်တော်မူ၍ "ချစ်သားတို့။ ဥပတိဿ, ကောလိတဟူသော အဆွေခင်ပွန်းနှစ်ယောက်တို့သည် ယခု လာကုန်ပြီ။ ဤသူနှစ်ပါးကား ငါဘုရား၏ တပည့်မြတ်အစုံ ဖြစ်လတ္တံ့" ဟု မိန့်တော်မူလင့်၏။

ဘုရားအထံတော်သို့ ရောက်လာလျှင် ခြေတော်ကို ဦးတိုက်၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား။ အကျွန်ုပ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပါ။ အထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကြလျှင် ဘုရားသခင်လည်း–

'ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊

စရထ ဗြဟ္မစရိယံ

သမ္မာ ဒုက္ခဿ အန္တကိရိယာယ'– ဟု 'ဧဟိဘိက္ခု' ခေါ်တော်မူ၍ တန်ခိုးဖြင့်ပြီးသော သင်္ကန်း, သပိတ်, ပရိက္ခရာကိုရလျက် ရဟန်းဖြစ်ကြလေကုန်၏။ ရှင်ဥပတိဿ, ရှင်ကောလိတမှတစ်ပါး ငါးရာသောသူတို့သည် အစဉ်အတိုင်းသော မဂ်ကိစ္စဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

ထိုသူနှစ်ဦးတို့ကား ကြီးမားသော သာဝကပါရမီဉာဏ်၏ ပရိကံ မပြည့်စုံသေးသော ကြောင့် ရှေးရှင်း သောတာပန်၏အဖြစ်ဖြင့်သာ တည်၏။ အရှင်ကောလိတသည် ရဟန်းဖြစ်သည့်နောက် ခုနစ်ရက်မြောက်သောနေ့၌ ဤရာဇဂြိုဟ်ပြည်၏အနီး ကလ္လဝါဠရွာကြီး၏အတွင်း သစ်ပင်ရင်း၌ ကမ္မဋ္ဌာန်းစီးဖြန်းရင်း ငိုက်မျဉ်း၍နေစဉ် ဘုရားသခင်လည်း "အချင်းကောလိတ။ သင်သည် အိုခြင်း, နာခြင်း, သေခြင်းကို လွန်မြောက်ရာ အမြိုက်ချမ်းသာကို ဖွေရှာသော သူဖြစ်လျက် ထိန, မိဒ္ဓ, ပမာဒ ဟူသော မသူတော်တို့နှင့် အဘယ်ကြောင့် ပေါင်းဖော် ပြန်သနည်း"ဟု မိန့်တော်မူ၍ ဓာတုကမ္မဋ္ဌာန်းကို ဟောတော်မူသည်ကို နာရလျှင် သုံးအင်သောမဂ်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အရှင်ဥပတိဿကား ရဟန်းဖြစ်ပြီးနောက် လခွဲမြောက်သောအခါ 'သူကရခါတ' မည် သော လိုဏ်၌နေစဉ် ဘုရားသခင်သည် အရှင်ဥပတိဿ၏တူဖြစ်သော 'ဒီဃနခ'ပရိဗိုဇ်အား 'ဝေဒနာပရိဂ္ဂဟ လက္ခဏာသုတ်'ကို ဟောတော်မူရာဝယ် ကြားနာရ၍ သာဝကပါရမီဉာဏ် ၏ အပြီးအဆုံးသို့ ရောက်သတည်း။

[ဤသို့ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ၌ လာသည်။]



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် အရှင်ဥပတိဿ ရဟန္တာဖြစ်ပြီး၍ ထိုသည့်နေ့ပင် ဘုရားသခင်လည်း ဝေဠုဝန်ကျောင်းတော်၌ တပည့်သံဃာအားလုံးကို စုရုံးစည်းဝေးစေ၍ အရှင်ဥပတိဿကို 'ဓမ္မသေနာပတိ သာရိပုတ္တရာ' ဟူသောအမည်နှင့် လက်ယာရံ အဂ္ဂသာဝကအရာ၊ ရှင်ကောလိတကို 'မဟာမောဂ္ဂလာန်' ဟူသောအမည်နှင့် လက်ဝဲရံ အဂ္ဂသာဝကအရာ ထားတော်မူသည်။

သမုဒ္ဒရာ ဂင်္ဂါသဲလုံးနှင့်အမျှ ပွင့်တော်မူကုန်သော အဆူဆူသောဘုရားရှင်တို့၏ အစဉ်ပြုတော်မူကုန်မြဲဖြစ်သော–

'ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သာမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။

မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။

အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ' ဟူသော ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

အနက်ကား–တိတိက္ခာ၊ အား ခုနစ်ပါးထက် ထက်သန်သော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ ပရမံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ပရူပဃာတီ၊ သူတစ်ပါးအား ထိပါးသတ်ဖြတ်တတ်သောသူသည်။ န ပဗ္ဗဇိတော၊ ရဟန်းမမည်။ ပရံ၊ သူတစ်ပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲနှိပ်စက်လေ့ ရှိသောသူသည်။ သာမဏော၊ ကိလေသာကို ငြိမ်းစေတတ်သောသူ မည်သည်။ နဟောတိ၊ မဖြစ်။

သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကို။ အကရဏံ၊ မပြုခြင်း လည်းကောင်း။ ကုသလဿ၊ ကုသိုလ်ဆယ်ပါးတရားကို၊ ဥပသမ္ပဒါ၊ ဆည်းပူးခြင်း လည်းကောင်း။ ဝါ–ပြည့်စုံစေခြင်း လည်းကောင်း။ သစိတ္တ ပရိယောဒပနံ၊ မိမိစိတ်ကို ဖြူစင်စွာထားခြင်း လည်းကောင်း။ ဧတံ၊ ဤတရားသည်လျှင်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

အနူပဝါဒေါ၊ သူတစ်ပါးအား စွပ်စွဲပြစ်ဖွဲ့ မကဲ့ရဲ့ခြင်း လည်းကောင်း။ အနူပဃာတော၊ ကိုယ်, နှုတ်, ဥစ္စာ ဒဏ်သုံးဖြာဖြင့် လွန်စွာမနှိပ်စက်ခြင်း လည်းကောင်း။ ပါတိမောက္ခေ စ သံဝရော၊ အာပတ်ခုနစ်ပုံကို စောင့်စည်းခြင်း လည်းကောင်း။ ဘတ္တသ္မိံ၊ အစာအာဟာရ၌။ မတ္တညုတာ စ၊ အတိုင်းအရှည်ကို သိသောအဖြစ် လည်းကောင်း။ ပန္တဉ္စသယနာသနံ၊ ရွာနီးကျောင်း၌ မနေခြင်း လည်းကောင်း။ အဓိစိတ္တေ စ၊ ဂေါတြဘူ ဝေါဒါန် ဈာန်မဂ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်လတ်၍ လွန်မြတ်သောစိတ်၌သာလျှင်။ အာယောဂေါ၊ လွန်စွာလုံ့လပြုခြင်း လည်းကောင်း။ ဧတံ၊ ဤတရားသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

ဤကား ရှေးဦးစွာ သာဝက သန္နိပါတတည်း။

## ။၂၁။ အရှင်ကောဏ္ဍည၏ ရှေးအကြောင်းကိုပြခြင်း

ထိုအခါ အချို့သောသံဃာတို့က ဤသို့ အပြစ်တင်ကုန်သည်။ "ငါတို့ဆရာ မြတ်စွာဘုရားသည် မျက်နှာကိုကြည့်၍ ဆွမ်းပေးသကဲ့သို့ ပြုတော်မူသည်။ အကယ်၍ အဂ္ဂသာဝက အရာကို ပေးတော်မူလျှင် သာသနာသို့ ရှေးဦးစွာဝင်သော ပဥ္စဝဂ္ဂီတို့အားသော်လည်း ပေးသင့်ပါ၏။ ထိုသူတို့အား သနားတော်မမူပါသော် နှစ်ကြိမ်မြောက်ဝင်သော အရှင်ယသ စသော ငါးကျိပ်ငါးယောက်သော သူတို့အားသော်လည်း သနားတော် မူသင့်ပါ၏။ ထိုသူတို့ကိုမျှ မပေးလိုမူ သုံးကြိမ်မြောက်ဝင်သော ဘဒ္ဒဝဂ္ဂီမင်းသား ရဟန်းတို့အားလည်း ပေးသင့်ပါ၏။ ထိုသူတို့ကိုမျှ မထားလိုမူ ဥရုဝေလကဿပ စသော ရသေ့ညီနောင်တို့အားသော်လည်း သနားသင့်ပါ၏။ ထိုသို့ဖြစ်လျက် ထိုသူတို့၏မျက်နှာကို မညှာမလှည့် ကြည့်တော်မမူဘဲ နောက်ဆုံးမှဝင်လာသော ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့အား အဂ္ဂသာဝကအရာ၌ ထားတော်မူဘိသည်။ အကြောင်းမသင့်" ဟု အပြစ်တင်ကုန်၏။

ထိုစကားကို အဆင့်ဆင့်အားဖြင့် ကြားတော်မူလျှင် ဘုရားရှင်လည်း "သင်ချစ်သားတို့။ ငါကား မျက်နှာကိုကြည့်၍ အရာပေးသည် မဟုတ်။ ရှေးရှေးသောဘဝက ထိုသူတို့ တောင်းကြသောဆု, ပြုကြသောပါရမီအတိုင်းသာလျှင် အရာပေးတော်မူသတည်း" ဟု မိန့်တော်မူ၍၊

ထိုသူတို့၏ ရှေးပါရမီတို့ကို သိလိုပါကြောင်းနှင့် သံဃာတော်အပေါင်းတို့ လျှောက်ထားတောင်းပန်ရာတွင် 'အညာတကောဏ္ဍညော ပန ဘိက္ခဝေ' အစရှိသော ပုဗ္ဗကမ္မစကားကို ဤသို့ ဟောကြားတော်မူသည်။

"ချစ်သားတို့။ ငါးဦးသောပဥ္စဝဂ္ဂီတို့တွင် 'အညာတကောဏ္ဍည'သည် ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းထက်၌ 'ပဒုမုတ္တရ'အမည်ရှိသော မြတ်စွာဘုရားသည် လောက သုံးပါး၌ ထင်ရှားပွင့်တော်မူ၏။ ထိုဘုရားရှင်ကား လူတို့၏အသက် တစ်သိန်းတမ်း၌ ပွင့်တော်မူ၏။ ကိုယ်ရပ်တော်ကား ငါးဆယ့်ရှစ်တောင် ရှိ၏။ အရောင်တော်ကား တစ်ဆယ့်နှစ်ယူဇနာ ရှိ၏။ ထိုဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကိုရပြီး၍ ဗောဓိအောက်ပြင် ရွှေပလ္လင်မှ



www.burmeseclassic.com

www.burmeseclassic.com



ထတော်မူလတ်သော် ခြေတော်လှမ်း၍ ချရာချရာအရပ်၌ ကြီးစွာသော ပဒုမ္မာကြာပွင့်တို့သည် အသင့်မြေမှ ထွက်၍ခံလာ၏။ ထိုကြာပွင့်ချပ်ကား အလျား အတောင် ကိုးဆယ်, အနံ အတောင် ခြောက်ဆယ်ရှိ၏။ ဝတ်ဆံကား အတောင် သုံးဆယ်၊ အချက်ကား တစ်ဆယ့်နှစ်တောင် ရှိ၏။ ထိုကြာ၏အထက်၌ လက်ယာခြေတော်ကို ချတော်မူလျှင် တစ်တုံ (တစ်ပြည်) မျှ လောက်သော ဝတ်မှုန်တို့လည်း မီ ခိုးဟုန်ကဲ့သို့တက်ကြွ၍ ကိုယ်တော်ကိုလွှမ်းပြီးမှ သက်၏။ လက်ဝဲခြေတော်ကို တစ်ဖန်ချပြန်လျှင်လည်း ရှေးနည်းအတူ ကြာပွင့်ပေါက်ပြန်၍ အလျောက် ခံလာသဖြင့် လက်ယာခြေတော်ကို ချီတော်မူလျှင် ယခင်ခံရသော ပထမကြာပွင့်သည် ကွယ်ပျောက်၍ အသစ်သာ ပေါက်လာပြန်သတည်း။ ဤသို့သောနည်းအားဖြင့် ဖဝါးလှမ်း တိုင်းလှမ်းတိုင်းသာ ပဒုမ္မာကြာ ခံလာရသောဂုဏ်ကြောင့် 'ပဒုမုတ္တရ' ဟူသောအမည်ဖြင့် ကျော်စောသတည်း။

ထိုဘုရားသခင်သည် သံဃာတစ်သိန်း ခြံရံလျက် လူအပေါင်းတို့ကို သင်္ဂြိုဟ်ချီးမြှောက် ခြင်းငှာ ထိုထိုမြို့ရွာသို့ ဒေသစာရီ ကြွချီတော်မူလာသဖြင့် ချက်တော်သိုရာ ဟံသာဝတီ ပြည်သို့ ရောက်တော်မူလာ၏။ ထိုအခါ မြတ်စွာဘုရားခမည်းတော်ဖြစ်သော အာနန္ဒာမင်း ကြီးသည် ခရီးဦးကြိုဆိုခြင်း စသောအမှုကိုပြု၍ ဥယျာဉ်၏အတွင်း သန့်ရှင်းသောအရပ်၌ ကျောင်းတော်ကိုဆောက်၍ သီတင်းသုံးနေစေပြီးသော် ဆွေတော်မျိုးတော်မှူးတော်မတ်တော် အပေါင်းနှင့်တကွ တရားတော်ကိုနာ၏။ ဘုရားမြတ်စွာလည်း ဓမ္မဒေသနာကို ကောင်းစွာ ဖြစ်စေ၏။ ဒေသနာ၏အဆုံး၌ အချို့သောသူတို့သည် သောတာပန်၊ အချို့သောသူတို့သည် သကဒါဂါမ်၊ အချို့ကား အနာဂါမ်၊ အချို့ကား ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ ထို နေ့မှစ၍ မင်းနှင့်တကွသော ပြည်သူပြည်သားတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့ အား တစ်နေ့ကား မင်း၊ တစ်နေ့ကား ဆင်းရဲသား အားဖြင့် အလှည့်ထား၍ လုပ်ကျွေးကြ ကုန်သတည်း။

ထိုအခါ အညာတကောဏ္ဍည၏အလောင်းသည် ဟံသာဝတီပြည်၌ ဂဟပတိ မဟာသာလအမျိုး၌ဖြစ်၏။ တစ်နေ့သောအခါ မြတ်စွာဘုရားထံသို့ ပန်းနံ့သာလက်စွဲလျက် ကပ်လေသော် ဘုရားကိုယ်တော်မြတ်လည်း တပည့်သားတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ဒေသနာတော်အဆုံး၌ ရှေးဦးအစ တရားရသော ရဟန်းတစ်ပါးကို တေဒဂ်အရာထားသည်ကို မြင်သဖြင့် ဤအရှင်ကဲ့သို့ ဖြစ်ချင်သောဆန္ဒ ရှိရကား 'ဘုရား အမှူးရှိသော သံဃာတော်တို့အား များစွာသောအလှူကို ပေး၍ ငါ ဆုတောင်းအံ့'ဟု ကြံပြီး လျှင် ဘုရားသခင်နှင့်တကွ တစ်သိန်းမျှလောက်သော သံဃာတို့ကို မိမိအိမ်သို့ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ယာဂုဆွမ်းဖြင့် လှူဒါန်းလုပ်ကျွေး၏။ ခုနစ်ရက်မြောက်သောအခါ သံဃာ တစ်ပါးတစ်ပါးလျှင် အသပြာ ငါးရာငါးရာထိုက်သော တိစီဝရိတ်သင်္ကန်းဖြင့် လှူဒါန်း ပူဇော်ပြီးမှ ဘုရားခြေတော်ရင်းသို့ ကပ်၍ "အရှင်ဘုရား။ အကျွန်ုပ် ယခုပြုရသော ကောင်းမှု ကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် ဆင်းရဲကင်းသည် ဖြစ်စေသော။ အရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသာသနာတော်ဝယ် ရှေးဦးစွာတရားရ၍ တေဒဂ်ချီးပသော သာဝကမြတ်ကဲ့သို့ နောင်ဘုရားတို့၏သာသနာတော်၌ ရှေးဦးစွာ တရားကို သိရပါလိုသော" ဟု ဆုတောင်း၏။

ဘုရားမြတ်စွာလည်း 'အနာဂတံသဉာဏ်'ဖြင့် ရှုတော်မူ၍ စင်စစ် ပြည့်စုံလတ္တံ့သော အကြောင်းကို မြင်တော်မူလျှင် "အချင်းဥပါသကာ။ ငါဘုရားနောက် ကမ္ဘာတစ်သိန်းမြောက် ကျရောက်သော ဘဒ္ဒကမ္ဘာ၌ 'ဂေါတမ'အမည်ရှိသော ဘုရား ဖြစ်တော်မူလိမ့်မည်။ ထိုအခါ သင်သည် နတ်, ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေတို့နှင့်တကွ ဓမ္မစကြာတရားဦးကို နာရ၍ ရှေးဦးစွာ သိသဖြင့် 'အညာတကောဏ္ဍည' အမည်ရှိသော တေဒဂ်ရသော သာဝကကြီး ဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

သူကြွယ်လည်း ထိုအခါမှစ၍ ဒါနသီလကို အားထုတ်လျက် အသက်ဆုံးသောအခါ နတ်ရွာ၌ ဖြစ်လေ၏။

ထိုမှသည် လူ့ပြည်, နတ်ပြည် ကျင်လည်ကာသာ အစဉ်လာသဖြင့် ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ 'ဝိပဿီ'ဘုရား ပွင့်တော်မူ၏။ ထိုအခါ ပစ္စန္တ ရစ်ရွာ၌ 'စူဠကာလ', 'မဟာကာလ' အမည်ရှိသော သူကြွယ်ညီနောင် နှစ်ဦးတို့သည် သလေး လယ် လုပ်ကြသည်တွင် ကောက်ပင်တို့ အဖုံးအလုံးတက်သောအခါ ကောဏ္ဍညအလောင်း ဖြစ်သော ညီ စူဠကာလလည်း စပါးဖုံးကိုနွှာလျက် အရသာကိုမြည်းမိသဖြင့် အလွန်ချိုမြိန် ရကား 'ဘုရားအမှူးရှိသော သံဃာတော်တို့အား ဤစပါးဖုံးအရသာကို လှူရသော်ကောင်း၏' ဟုကြံ၍ အစ်ကိုကြီးအား တိုင်ပင်၏။ အစ်ကိုမဟာကာလလည်း ဆဲရေး၍ "ရှေးရှေး သောသူများပင် စပါးဖုံးကိုလှူသည်ဟု သင် ကြားဖူးပါသလော။ ငါ့စပါးကို ဖျက်ဆီးခြင်းငှာ သင် မကြံလင့်" ဟု ဆို၏။

ယင်းသို့ဆိုသော်လည်း ထိုအကြံကို အဖန်တလဲလဲ ညည်းညူသဖြင့် မဟာကာလ အမျက်ထွက်၍ လယ်ကိုဝက်ပြီးလျှင် "သင်၏အဖို့ကို သင်အလိုရှိတိုင်း ပြုလော့" ဟု ဆို၏။ ထိုစူဠကာလလည်း၊ အားရဝမ်းသာစွာ မိမိတာ၌ စပါးဖုံးကိုဆွတ်၍ လူအများတို့ကို ခေါ်ပြီး လျှင် အခွံကိုနွှာစေ၍ ရေမရောဘဲ နွားနို့, ထောပတ်, ပျားသကာတို့ဖြင့် ကောင်းစွာရောနှော လျက်ကျက်စေပြီးသော် ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းလုပ်ကျွေး၏။

ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌ "အကျွန်ုပ်သည် ဦးဦးဖျားဖျား စပါးဖုံးအလှူကို လှူရသော ကုသိုလ်ကံကြောင့် နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏အထံဝယ် သူတစ်ပါး တို့၏ ရှေးဦးစွာ တရားအရသာကို သောက်ရသည် ဖြစ်စေသော်" ဟု ဆုပန်၏။

ဘုရားသခင်လည်း "သင် တောင်းသောဆုအတိုင်း ပြည့်စုံလတ္တံ့" ဟု မိန့်တော်မူပြီး တရားအနုမောဒနာပြု၍ ကြွတော်မူ၏။ ထိုသူ၏လယ်၌လည်း သလေးစပါးသည် ရိတ်ရာယူရာ မထင်၊ သီးမြဲတိုင်း သီး၏။ ထိုသို့ရှိသည်ကို စူဠကာလမြင်လျှင် အတိုင်းထက်အလွန်ပင် ရွှင်လန်းသောစိတ် ရှိသည်ဖြစ်၍ 'ငါသည် လှူ၏အဖြစ်ကို အရတော်စွတကား။ ကောင်းမြတ် သောအမှုကို ပြုမိပေသည်တကား'ဟု ကြံအောက်မေ့လျက် မုန့်ဆန်းကာလ၌ မုန့်ဆန်းဦး



www.burmeseclassic.com

www.burmeseclassic.com



အလှူကို လည်းကောင်း၊ ရိတ်သောကာလ ရိတ်ဦးအလှူကို လည်းကောင်း၊ အဆုပ်ပြုသောကာလ ဆုပ်ဦးအလှူကို လည်းကောင်း၊ လှိုင်းသောကာလ လှိုင်းဦးအလှူကို လည်းကောင်း၊ နင်းသော ကာလ နင်းဦးအလှူကို လည်းကောင်း၊ ချင်သောကာလ ချင်ဦးအလှူကို လည်းကောင်း၊ ရောင်းသောကာလ ရောင်းဦးအလှူကို လည်းကောင်း၊ စားသောက်သောကာလ အစားဦး အလှူကို လည်းကောင်း သံဃာတော်တို့ သုံးဆောင်လောက်အောင် လှူသတည်း။ ဤသို့ လှူငြားသော်လည်း စပါးအရသည် ယုတ်လျော့သည် မရှိ။ အစ်ကိုကြီးထက်ပင် လွန်၍ရ၏။

ထိုအကြောင်းကို ဘုရားသခင်အားလျှောက်ကြားသော် ရှင်တော်ဘုရားလည်း–

'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။

သောနိသံသော ဓမ္မေ သုစိဏ္ဏေ၊ န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ' ဟူသော ဒေသနာကို ဟောတော်မူ၏။

အနက်ကား – ဓမ္မစာရိံ၊ တရားကို ကျင့်သောသူကို။ ဓမ္မော၊ တရားသည်။ ဟဝေ၊ စင်စစ်။ ရက္ခတိ၊ စောင့်ရှောက်ပေ၏။ သုစိဏ္ဏော၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မော၊ ကုသိုလ်တရားသည်။ သုခံ၊ ချမ်းသာကို။ အာဝဟတိ၊ ဆောင်ပေ၏။ သော၊ ဤသို့ ချမ်းသာကို ဆောင်ခြင်းသည်ကား။ သုစိဏ္ဏေ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မေ၊ တရားတော်၏ အာနိသံသော၊ အကျိုးဆက်တည်း။ ဓမ္မစာရီ၊ ကုသိုလ်ကမ္မပထ တရားဆယ်ပါးကို ကျင့်လေ့ ရှိသော သူသည်။ ပရမ္မရဏာ၊ သေသည်၏အခြားမဲ့၌။ ဒုဂ္ဂတိံ၊ မကောင်းသောအလားသို့။ နဂစ္ဆတိ၊ မလားရ။

[ဤကား ဒေသနာတော်၏ အနက်တည်း။]

ဤသို့ တစ်နှစ်တည်းလုပ်သော လယ်၌ ကိုးကြိမ်တိုင်တိုင် အဦးသောအလှူကိုပေး၍ 'တရားဦးကို ရပါစေသော်'ဟု ဆုတောင်း၏။

"ဤသို့လျှင် အညာတကောဏ္ဍညသည် ရှေးကတောင်းခဲ့ဖူးသော ဆုထူးဝိသေသ ရှိရကား ထိုဆုအတိုင်းသာလျှင် ငါ ပေးတော်မူသတည်း။ မျက်နှာကိုကြည့်၍ ငါ အရာ ပေးတော်မူသည် မဟုတ်"ဟု မိန့်တော်မူ၏။

## ။၂၂။ အရှင်မဟာယသ, ဘဒ္ဒဝဂ္ဂီ, ဉရုဝေလကဿပတို့၏ ရှေးအကြောင်းကို ပြခြင်း

ထို့နောက်မှ ရှင်ဝပ္ပ၊ ရှင်ဘဒ္ဒိယ၊ ရှင်မဟာနာမ၊ ရှင်အဿဇိတို့၏ ပုဗ္ဗကမ္မကို လျှောက်ကြပြန်၍လည်း အသီးအသီး ဆုတောင်းကြသောအကြောင်းကို လှစ်ဖော်၍ ဟောတော် မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရှင်ယသအမှူးရှိသော ငါးကျိပ်ငါးဦးသောအရှင်တို့၏ ပုဗ္ဗကမ္မကို မေးလျှောက်ကြပြန်၏။ ဘုရားသခင်ကလည်း "ချစ်သားတို့။ ထို ငါးကျိပ်ငါးဦးသော သူတို့သည်လည်း တစ်ဆူသောဘုရားရှင်၏ သာသနာ၀ယ် ရဟန်းပြု၍ 'နောင်သောအခါ မဂ်ဖိုလ်ချမ်းသာကို ရပါလိုသော' ဟု ဆုတောင်း၍ ပါရမီကို ဖြည့်ကြ၏။ ဘုရားမဖြစ်သောခေတ်၌ ကြုံကြိုက်သောအခါ ကောင်းမှုဖြစ်ရာကိုပြုခြင်းငှာ ဖွဲ့ရာကြဲစည်ကုန်လျက် အဆွေအမျိုး ကိုးကွယ်ရာမဲ့ သေသောသူတို့၏အကောင်ကို ထင်း, တလား စသည်တို့ဖြင့် ကောင်းမွန်စွာ ဖုတ်ကြည်းသင်္ဂြိုဟ်ကြ၏။

ထိုသူတို့လည်း တစ်နေ့သောအခါ ကိုယ်ဝန်နှင့်တကွသေသော မိန်းမ၏အလောင်းကို တွေ့၍ သင်္ဂြိုဟ်ခြင်းငှာ သုသာန်သို့ဆောင်ပြီးသော် ရှင်ယသ၏အလောင်း အမှူးရှိသော ငါးယောက်သောသူတို့ကို "သင်တို့ သင်္ဂြိုဟ်ရစ်"ဟု မှာခဲ့၍ ငါးကျိပ်သောသူတို့သည် ရွာသို့ ပြန်လေ၏။ ရှင်ယသ၏အလောင်း ယောကျ်ားလည်း တံစူးဝါးဖြင့် ထိုမိန်းမ၏အသေကောင်ကို ပြန်ကာလှန်ကာမီးဖုတ်ရာတွင် စက်ဆုပ်ဖွယ်ရာသောအဖြစ်ကို မြင်၍ မခင်မင်အပ် မနှစ်သက်အပ် မလေးမြတ်ထိုက်သော အသုဘရုပ်ပင်ဖြစ်ချေသည်ဟု နှလုံးသွင်း၍ ကြွင်းသောသူလေးယောက်တို့အားလည်း ပြောပြလျက် အသုဘတရားကိုပွားစေ၏။ ရွာသို့ပြန်သောအခါ ငါးကျိပ်သော ခင်ပွန်းတို့အား လည်းကောင်း၊ မိမိ၏ မိဘ, မယားတို့အား လည်းကောင်း အကြောင်းကိုကြား၍ အသုဘဘာဝနာကို ပွားစေလျက် မဂ်ဖိုလ်ရကြောင်းဖြင့် ဆုတောင်းကြ၏။ နောက်နောက်သောကမ္ဘာ၌ မြတ်စွာဘုရားတို့နှင့် တွေ့သောအခါလည်း ဤဘာဝနာကို ပွားစေလျက် ဒါန, သီလ စသည်ကိုအားထုတ်၍ ဤနည်းတူပင် ဆုတောင်း၏။ ထို့ကြောင့် ထိုသူတို့သည် ငါဘုရားရှေ့မှောက်တော်၌ ရှေးဆုတောင်းအတိုင်း သာ ဖြစ်လာကြကုန်သတည်း။ ငါဘုရားသည် မျက်နှာကိုကြည့်၍ အရာပေးတော်မူသည် မဟုတ်" ဟု မိန့်တော်မူ၏။

ထို့နောက် ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့၏ အကြောင်းကို လျှောက်ကြပြန်သော် "ချစ်သားတို့။ ထိုသူတို့သည်လည်း ရှေးဘုရားတို့၏အထံ၌ ရဟန္တာဖြစ်ရကြောင်းကို ဆုတောင်းပတ္ထနာဖြင့် ပါရမီဖြည့်ကြကုန်၍ ငါဘုရား 'တုဏ္ဍိလ'ဝက်မင်းဖြစ်သောကာလ သုံးကျိပ်မျှလောက်သော သေသောက်ကြူးဖြစ်လာ၍ ငါ ဆုံးမသောတရားစကားဖြင့် ငါးပါးသောသီလကို အနှစ်ခြောက်သောင်းမျှလောက် စောင့်ရှောက်ခဲ့ဖူး၏။ ငါ့တရားစကားကို ကြားနာခဲ့ဖူး၏ဟု တုဏ္ဍိလဇာတ်ကို ဟောတော်မူ၍ ထိုသူတို့ ရှေးဆုတောင်းအဟောင်း ရှိတိုင်းသာ ဖြစ်လာကုန်သည်။ ငါဘုရား မျက်နှာကိုကြည့်၍ အရာပေးတော်မူသည် မဟုတ်" ဟု မိန့်တော်မူ၏။

ထို့နောက် ဥရုဝေလကဿပတို့၏ ပုဗ္ဗကမ္မကို မေးလျှောက်ကြပြန်၏။ ထိုအခါ မြတ်စွာဘုရားလည်း ဤသို့ မိန့်တော်မူ၏။ "ချစ်သားတို့။ ဥရုဝေလကဿပတို့သည်လည်း ပဒုမုတ္တရဘုရားရှင်၏လက်ထက်တော်ကပင် 'ကတာဓိကာရ ပူရိတပါရမီရှိလျက် အဆက်ဆက်သောဘဝဖြင့် လာခဲ့ကြ၍ ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ်နှစ်ကမ္ဘာထက်၌



www.burmeseclassic.com

www.burmeseclassic.com



'တိဿ' အမည်ရှိသော ဘုရား၊ 'ဖုဿ' အမည်ရှိသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ထိုနှစ်ဆူတို့တွင် ဖုဿဘုရားသခင်၏ခမည်းတော်ကား 'မဟိန္ဒမင်း' မည်၏။ ထိုမင်း၏ ညီတော်သားသည် လက်ယာရံ အဂ္ဂသာဝက ဖြစ်၏။ ပုရောဟိတ်ပုဏ္ဏား၏သားသည် လက်ဝဲရံ အဂ္ဂသာဝက ဖြစ်၏။ နမတော်၏သားသည် အလုပ်အကျွေးရဟန်း ဖြစ်၏။ ထို မဟိန္ဒမင်းကြီး၌ ဘုရားသခင်မှတစ်ပါး သားတော်လည်း သုံးယောက် ရှိ၏။ ထိုသုံးယောက်တို့တွင် သားကြီး၌ အခြံအရံသူရဲ ငါးရာ၊ သားလတ်၌ အခြံအရံသူရဲ သုံးရာ၊ သားငယ်၌ အခြံအရံသူရဲ နှစ်ရာ ရှိ၏။ ထိုသုံးယောက်တို့ကား ဥရုဝေလကဿပ ညီနောင်တို့၏ အလောင်းများတည်း။

ဖုဿဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် ခမည်းတော်ပြည်သို့ ကြွတော်မူလာသောအခါ ခမည်းတော် မဟိန္ဒမင်းလည်း ဘုရားရှင်ထံသို့ သွား၍ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးလျက် သားဘုရားကို တစိမ်းစိမ်းရှု၍ ဤသို့အကြံသည် ဖြစ်၏။ 'ငါ့သားပင် ဘုရား၊ ငါ့သား၏စကားသည်ပင် တရား၊ ငါ့သားပင် သံဃာ။ ဤလူ့ရွာ၌ ငါကဲ့သို့ ကောင်းမြတ်ခြင်းအသရေနှင့် ပြည့်စုံသောမင်းသည် ရှေးရှေးသောကာလ၌လည်း မဖြစ်ဘူးရာ။ နောင်အခါလည်း မဖြစ်လတ္တံ့။ ငါကား ကောင်းမြတ်လှစွာသော လူမင်းအဖြစ်ကို ရပေသည်တကား' ဟု ကြံအောက်မေ့သဖြင့် ကြက်သီးမွေးညင်းထလျက် အားရဝမ်းသာ မြတ်စွာဘုရားနှင့် စကားပြောဟောပြီးလျှင် ဘုရားသခင်အား ဤသို့ နားတော်လျှောက်ပေ၏။

"သားတော်ဘုရား။ အကျွန်ုပ်၏အသက်သည် အလွန်ရှည်ဖြစ်ပါမှ အနှစ် ကိုးသောင်းခန့်သာ ရှည်ပါမည်။ ကြိမ်းစွန်းဖျား၌ လည်းကောင်း၊ ကမ်းပါးပြတ်၌ လည်းကောင်း အိပ်ရသောသူကဲ့သို့ သေခြင်းသဘော နီးလှပါသည်။ အကျိုးရှိရှိ အသက်ရှည်လိုပါသည်။ သို့ဖြစ်၍ ခမည်းတော် အသက်ရှည်သမျှကာလပတ်လုံး သားဘုရားသည် သံဃာတော်နှင့်တကွ သူတစ်ပါးအိမ်ဝသို့ မကြွမူ၍ ဖခင်၏ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို ခံတော်မူပါ။ ခမည်းတော်ကချည်း လုပ်ကျွေးပါရစေ" ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ဖခင်၏ဏ္ဍေ့ကို ငဲ့လင့်၍ သည်းခံတော်မူ၏။ ထိုနေ့မှစ၍ တစ်စုံတစ်ယောက်သောသူမျှ လှူဒါန်းပူဇော်ခြင်းကို မရကုန်။ မင်းသားညီနောင် သုံးယောက်တို့လည်း ခမည်းတော်အား နောင်တော်ဘုရားကို လုပ်ကျွေးပါရမည့်အကြောင်းဖြင့် တောင်းပန်ကြသော်လည်း အခွင့်မရကုန်။

တစ်ရံသောအခါ ပစ္စန္တရစ်ရွာ၌ ကြီးစွာသောစစ်မက်ဘေးရန်ဖြစ်၍ သားတော်သုံးယောက်ကို စေတော်မူ၏။ သားတော်တို့သည် ထိုရန်ကို ငြိမ်းစေပြီးသော် ခမည်းတော်ထံသို့ ပြန်လာကြ၏။ ထိုအခါ မဟိန္ဒမင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ "ငါ့သားတို့အား လိုအပ်သောဆုကို ငါ ပေးအံ့။ သင်တို့ ယူကြကုန်" ဟု ဆို၏။ ထိုမင်းသားတို့သည် "တစ်ပါးသောဆုကို မလိုပါ။ နောင်တော်ဘုရားကိုသာ အသက်ထက်ဆုံး လုပ်ကျွေးရပါစေ" ဟု တောင်း၏။ မင်းကြီးလည်း "ငါ့သားတို့။ ဤဆုကိုကား ငါ မပေးနိုင်။ တစ်ပါးသောဆုကိုသာ ငါ ပေးအံ့" ဟူ၍ ဆို၏။ သားတော်တို့ကလည်း "အရှင်မင်းကြီး။ အသက်ထက်ဆုံး မပေးနိုင်လျှင် အနှစ်တစ်သောင်းမျှသာ ပေးတော်မူပါ" ဟု တောင်း၏။ "ဤမျှ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ငါ မပေးနိုင်”ဟုဆိုလျှင်၊ ထိုအောက် ယုတ်၍ယုတ်၍တောင်းသဖြင့် ဝါတွင်း သုံးလ တိုင်၏။ ခမည်းတော်လည်း ‘ဝါတွင်းသုံးလမျှ ငါမပေးမူ ငါ့သားတို့သည် ငါ၏ ရန်သူ ဖြစ်ချိမ့်မည်’ဟု ကြံ၍၊ “အမောင်တို့သုံးယောက်တွင် တစ်ယောက် တစ်လခန့် ရည်၍ ဝါတွင်းသုံးလကို ငါ ပေးတော့အံ့” ဟု ဆို၏။

ထိုသို့အခွင့်ရလျှင် မင်းသားတို့သည် မိမိတို့အိမ်သို့သွား၍ တရားသူကြီး၊ ဘဏ္ဍာစိုး၊ စချီစမာတို့ကို ခေါ်၍ ဘဏ္ဍာတိုက်ကို အပ်နှင်းပြီးလျှင် “ဤ ဝါတွင်းသုံးလကို ဘုရားအမှူး ရှိသော သံဃာတော် ကိုးသောင်းနှင့်တကွ ငါတို့နှင့်ပါသော ပရိသတ်တို့အား ပစ္စည်းလေးပါး ဖြင့် ပြည့်စုံလုံလောက်အောင် ထောက်ပံ့လုပ်ကျွေးကြကုန်” ဟုဆို၍ ထိုမင်းသားညီနောင် သုံးယောက်တို့သည် အခြံအရံ တစ်ထောင်နှင့်တကွ ဘုရားအထံတော်သို့လာ၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီးလျှင် ဆယ်ပါးသောသီလကို ဆောက်တည်၍ ဘုရားရှင်ထံ၌ နေကုန်၏။ ဘဏ္ဍာစိုး၊ စချီစမာတို့လည်း ရှစ်သောင်းလေးထောင်မျှလောက်သော ဝတ်ချက်သမားတို့ကို ရှာလျက် ယာဂု၊ ဆွမ်း၊ အဖျော် စသည်တို့ကို စီရင်လျက် နေ့စဉ်မပြတ် လုပ်ကျွေးသတည်း။

ထိုအခါ သံဃာအပေါင်း ကိုးသောင်းမျှစင် များလှသောကြောင့် ချက်ပြုတ်လုပ်ကိုင် သူတို့သည် မိမိတို့ သားငယ်သမီးငယ်တို့အား ယာဂုကြွင်း၊ ဆွမ်းကြွင်းမျှ မပေးမကျွေး ရကုန်။ ချက်တိုင်းချက်တိုင်းပင်ကုန်၍ လောက်ငရုံသာ ရှိ၏။ ထိုသို့ မကြွင်း၍ မပေးကြ ရသော် သံဃာတော်တို့၏အဦးအဖျားကို ဖက်ထား၍ သားငယ်သမီးငယ်တို့အား ပေးကုန် ၏။ ထို ဝတ်ချက်သမားတို့သည် သံဃာတော်တို့အား လှူအပ်သောပစ္စည်းများကို သုံးစား ပေးကမ်းသောကြောင့် သေလွန်သောအခါ ပြိတ္တာဘုံ၌ ဖြစ်ကြကုန်၏။

မင်းသားသုံးယောက်တို့သည် ဝါကျွတ်သောအခါ သံဃာတော်တို့အား ရှစ်ပါးသော ပရိက္ခရာဖြင့် လှူဒါန်း၍ “ဤသို့ပြုရသော ဒါန၊ သီလ၊ ဘာဝနာ၏အကျိုးအားဖြင့် နောင် ဘုရားရှင်တို့၏အထံ၌ အရံတစ်ထောင်နှင့်တကွ အရဟတ္တဖိုလ်ကို ရပါလိုသော” ဟု ဆုတောင်း၏။ ထိုဘဝမှ စုတေကြကုန်သော် နတ်ပြည်၌ ဖြစ်ကုန်၏။ ဤသို့ လူ့ပြည် နတ်ပြည်လှည့်လည်ကာ ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး စံစားခဲ့၍ ငါတို့ဘုရားလက်ထက်တော် ၌ ဥရုဝေလကဿပညီနောင် ရှင်တစ်ထောင်တို့ ဖြစ်လာကုန်သတည်း။ ထို့ကြောင့် ထို သူတို့ “တောင်းသောဆုအတိုင်းသာ ရကြကုန်သည်။ ငါ မျက်နှာကိုကြည့်၍ အရာပေးတော် မူသည် မဟုတ်” ဟု မိန့်တော်မူ၏။

ထိုမင်းသားတို့၏ တရားသူကြီးဖြစ်သော စချီသည် ယခုအခါ ‘ဗိမ္ဗိသာရမင်း’ ဖြစ်လာ၏။ ကျီစိုးသည် ‘ဝိသာခ’ဥပါသကာ ဖြစ်လာ၏။ဝတ်ချက်သမားတို့သည် ကိုးဆယ့်နှစ် ကမ္ဘာပတ်လုံး သုဂတိ၊ ဒုဂ္ဂတိအလားဖြင့် များစွာကျင်လည်ပြီးမှ ဤဘဒ္ဒကမ္ဘာဝယ် ရာဇဂြိုဟ်ပြည်၏အနီး တောင်ကြီးငါးလုံးတို့၏အကြား၌ ကြီးမားသော ကိုယ်၊ ငယ်သောဦးခေါင်းရှိသော အရိုးစု ပြိတ္တာ၊ အသားစုပြိတ္တာ ဖြစ်လာကုန်၍ ‘ကကုသန်’ဘုရား ပွင့်တော်မူသောကာလ ဖူးတွေ့



www.burmeseclassic.com

www.burmeseclassic.com



ကြလျှင် "အရှင်ဘုရား။ အကျွန်ုပ်တို့အား အစာအာဟာရကို ဘယ်အခါမှ သုံးဆောင်ရပါအံ့နည်း" ဟု မေးလျှောက်ကြလျှင်၊ ဘုရားသခင်လည်း "သင်တို့ ငါ့အား မလျှောက်ကြားကုန်လင့်။ ငါလွန်သည့်နောက် မြေကြီး တစ်ယူဇနာမြောက်သောအခါ ငါ၏ညီတော် 'ကောဏာဂုံ'ဘုရား ပွင့်လတ္တံ့။ ထိုအခါမှ လျှောက်ကြကုန်" ဟု မိန့်တော်မူသဖြင့် ငံ့လင့်၍ နေကြရကုန်၏။

ကောဏာဂုံဘုရား ပွင့်တော်မူသောအခါလည်း ရှေးနည်းပင် လျှောက်ကြပြန်၏။ ဘုရားသခင်လည်း "ငါ့လက်ထက်တော်တွင် သင်တို့ မလျှောက်ကြလင့်ဦး။ ငါ၏နောက် မြေကြီး တစ်ယူဇနာမြောက်သောကာလ 'ကဿပ' အမည်ရှိသောဘုရား ပွင့်လိမ့်မည်။ ထိုအခါမှ လျှောက်ကြလေကုန်" ဟု မိန့်တော်မူသဖြင့် ငံ့လင့်၍ နေကြရကုန်၏။

ကဿပဘုရား ပွင့်တော်မူသောကာလ ယခင်နည်းလျှောက်ကြပြန်လျှင် ဘုရားသခင်က "သင်တို့သည် ငါ့လက်ထက်တွင် မစားရ၊ မဝတ်ရချေသေး။ ငါလွန်သည့်နောက် မြေကြီး တစ်ယူဇနာနှင့် သုံးဂါဝုတ်မြောက်သောအခါ ငါ၏ညီတော် 'ဂေါတမ'မည်သောဘုရား ပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်တို့၏ အလျင်က အဆွေအမျိုးဖြစ်ဖူးသော တရားသူကြီးသည် ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမည်သောမင်း ဖြစ်လိမ့်မည်။ ထိုအခါ ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူပေး၍ တရားတော်ကိုနာပြီးလျှင် သင်တို့အား အမျှပေးဝေလိမ့်မည်။ ထိုအခါ သင်တို့ လောက်ငအောင် စားရ၊ သောက်ရ၊ ဝတ်ရလိမ့်မည်" ဟု မိန့်တော်မူ၏။ ထိုစကားကိုကြားလျှင် ဘုရားတစ်ဆူနှင့် တစ်ဆူ အကြားကာလကိုပင် နက်ဖြန်သန်ဘက်ကဲ့သို့ ထင်၍ ရှင်လန်းဝမ်းသာကြကုန်၏။

ငါတို့ဘုရား ပွင့်တော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်သောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူပေးသောကာလ အမျှမဝေမိသဖြင့် ညဉ့်သောအခါ ထိုပြိတ္တာတို့သည် 'ငါတို့ ရှည်မြင့်စွာ ငံ့လင့်၍နေရပါလျက် ငါတို့အား အမျှမဝေပေးပါ'ဟု လွန်စွာသောဝမ်းနည်းခြင်းဖြင့် နန်းတွင်းသို့ဝင်၍ ရုပ်အသွင်ကို ပြသကုန်၏။ မင်းကြီးလည်း ထိတ်လန့်လှသဖြင့် ဘုရားအထံတော်သို့ သွားရောက်လျှောက်ကြားလေလျှင် "မင်းကြီး။ သင်၏ ဆွေမျိုးဖြစ်ဖူးသော ပြိတ္တာတို့သည် ကိုးဆယ့်နှစ်ကမ္ဘာလုံး မှတ်သိပ်ခဲ့ကြ၍ ငါ့နောင်တော် ကဿပဘုရားထံလျှောက်လျှင် ဘုရားသခင်က သင်မင်းကြီး အလှူပေး၍ အမျှဝေလတ္တံ့သော အကြောင်းစကားကို ကြားတော်မူ၍ ထိုအခါမှစ၍ တောင့်တကာနေသည်ကို သင် အလှူပေးသောအခါ အမျှမဝေပါသောကြောင့် ချမ်းသာမရ၍ မလှသောရုပ်အသွင်ကို သင်မင်းကြီးအား ပြသတည်း"ဟု အထက်ကနည်း အကျယ်ဖြစ်သော အတ္တုပ္ပတ္တိကိုပြ၍ 'တိရောကုဋ္ဋ' သုတ်ကို ဟောတော်မူ၏။

[ဤအကြောင်းကား စကားစပ်၍ သွင်းလိုက်သည်။]



www.burmeseclassic.com

www.burmeseclassic.com



## ။၂၃။ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ရှေးအကြောင်းကို ပြခြင်း

ထို့နောက်မှ သံဃာတော်အပေါင်းတို့သည် အဂ္ဂသာဝကနှစ်ပါး၏ အကြောင်းကို တောင်းပန်ကြပြန်၏။ ဘုရားသခင်လည်း "သင်ချစ်သားတို့ နာကြကုန်လော့။ ဤကမ္ဘာမှ ပြန်၍ရေသော် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရိပုတ္တရာသည် ဗြာဟ္မဏ မဟာသာလအမျိုး၌ဖြစ်၍ 'သရဒ'လုလင် အမည်ရှိ၏။ မောဂ္ဂလာန်သည် ဂဟပတိမဟာသာလ အမျိုး၌ဖြစ်၍ 'သိရိဝမုန' အမည်ရှိ၏။

"ထိုသူနှစ်ဦးတို့သည် မြေမှုန့်ကစားဖော်ဖြစ်၍ အလွန် ချစ်ကျွမ်းဝင်ကြ၏။ အရွယ်ရောက်လတ်သော် သရဒလုလင်သည် ဖခင်လွန်သဖြင့် အမျိုးစဉ်ဆက်မှလာသော ဥစ္စာစည်းစိမ်ကိုရ၍ တစ်နေ့သ၌ ဆိတ်ငြိမ်ရာသို့ကပ်လျက် ဤသို့ ကြံ၏။ 'ငါသည် မျက်မှောက်သော ဤကိုယ်၏အဖြစ်ကိုသာ သိချေသည်။ တမလွန်ဘဝ ဖြစ်လတ္တံ့သည်ကို မသိချေ။ ပဋိသန္ဓေအားဖြင့်ဖြစ်သော သတ္တဝါတို့ကား သေခြင်းတရားသည် မြဲ၏။ ထိုသို့ သေသောအခါ ဥစ္စာရွှေငွေ ဆန်ရေစပါးတို့ကို ဆောင်သွားယူငင်ခြင်းငှာ မတတ်နိုင်။ သားမယား ဆွေမျိုးအပေါင်းတို့သည်လည်း ကောင်းအောင်လိုက်၍ မပြုပြင်နိုင်ချေ။ မသေမီကာလက ပျော်နိုးကြသော ကာမချမ်းသာသည်လည်း အနှစ်သာရ မရှိ။ ထိုသို့ အနှစ်သာရမရှိဘဲ မှိဝဲပျော်ပါးကာနေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လူ့ဘောင်ကိုစွန့်ခွာ၍ ရဟန်းပြုပြီးလျှင် နိဗ္ဗာန်ကို ရှာရမှု ကောင်း၏' ဟု အကြံဖြစ်၍ အဆွေဖြစ်သော သိရိဝမုနအား ပြောကြားတိုင်ပင်၏။

သိရိဝမုနလည်း "အဆွေ။ ငါကား ရဟန်းပြုခြင်းငှာ မစွမ်းနိုင်ပါ။ သင် စွမ်းနိုင်က ပြုလေလော့" ဟု ဆို၏။

ထိုအခါ သရဒလုလင်သည် အိမ်တွင်ရှိသမျှသော ဥစ္စာရတနာတို့ကို များစွာသော ပြည်သူလူအပေါင်းတို့အား စွန့်ခဲ၍ တစ်ခုသောတောင်ကို မှီလျက် ရသေ့ရဟန်းပြု၍ နေလေ၏။ ထိုသို့ သရဒလုလင် ရဟန်းပြုလေလျှင် မြော်မြင်လိမ္မာကုန်သောသူတို့သည် အတူလိုက်၍ တရွေ့ရွေ့ ရဟန်းပြုကြကုန်သဖြင့် ခုနစ်နှစ်တိုင်လျှင် ခုနစ်သောင်းလေးထောင်သော ရသေ့တို့သည် ဖြစ်ကြကုန်၏။ သရဒရသေ့လည်း တပည့်တို့အား ဈာန်အဘိညာဉ်တရားကို ရကြောင်းဖြစ်သော ကသိုဏ်းပရိကံကို ညွှန်ကြား၍အားထုတ်စေသဖြင့် အလုံးစုံပင် အဘိညာဉ် ခြောက်ပါး, သမာပတ် ရှစ်ပါးကို ရကြ၏။

ထိုအခါ မဇ္ဈိမဒေသ စန္ဒဝတီပြည်ဝယ် 'အနောမဒဿီ' မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူ၏။ ထိုဘုရားရှင်၏ခမည်းတော်ကား 'ယသဝါ'မင်း၊ မယ်တော်ကား 'ယသောဓရာ'၊ မြောက်သားတော်ကား 'သုနန္ဒာ'၊ ပွင့်ရာဗောဓိပင်ကား 'ဖောက်ကြံ့'ပင်တည်း။ လက်ယာရံကား 'အရှင်နိသဘ'၊ လက်ဝဲရံကား 'အရှင်အနောမ'၊ အလုပ်အကျွေးကား 'အရှင်ဝရုဏ' အမည်ရှိ၏။ လက်ယာရံ ဘိက္ခုနီမကား 'သုန္ဒရာ'၊ လက်ဝဲရံကား 'သုမနာ'တည်း။ ထိုဘုရားကား လူတို့အသက် တစ်သိန်းတမ်း၌ ပွင့်တော်မူသည်။ ကိုယ်အရပ်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ့်ရှစ်တောင် မြင့်သည်။ ကိုယ်တော်ရောင် တစ်ဆယ့်နှစ်ယူဇနာ ရှိသည်။ ရဟန်း တစ်သိန်း အခြံအရံ ရှိသတည်း။

တစ်နေ့သောအခါ မြတ်စွာဘုရားသည် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကို ရှုတော်မူသော် တစ်ခုသောတောင်ခြေရင်း၌ တပည့်အပေါင်းနှင့်တကွနေသော သရဒရသေ့ကို မြင်၍ ထိုရသေ့တို့အား တရားတော်မိုး ရွာဖြိုးသွန်းဖျန်းလျက် ဗျာဒိတ်ပန်း ကို ပေးကမ်းတော်မူခြင်းငှာ သာဝကတို့ကိုမခေါ်ဘဲ ကိုယ်တော်တည်းပင် ကောင်းကင်ခရီး ဖြင့် ကြွတော်မူ၍ သရဒရသေ့၏အထံအပါး၌ ငှက်နားသကဲ့သို့ သက်တော်မူ၏။ ထိုအခါ များစွာကုန်သော တပည့်ရသေ့တို့သည် သစ်သီးအာဟာရကို ဆောင်ခြင်းငှာ တောသို့ဝင်ကြ သဖြင့် သရဒရသေ့ တစ်ဦးတည်းသာရှိသတည်း။

သရဒရသေ့လည်း အတိုင်းမသိသော လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ်, အံ့ဖွယ် တစ်ဆယ့်ရှစ်စုံ, ရောင်ဟုန်ခြောက်စိုင်တို့ဖြင့် တစ်ပြိုင်နက်ထွန်းပသော ဘုရားကိုယ်တော် ၏ပြည့်စုံခြင်းကို မြင်လျှင် ဗေဒင်ကျမ်းတို့၌လာသော လက္ခဏာကို အစဉ်မှီသဖြင့် 'ဤ သို့သောသူမြတ်ကား လောကဓာတ်အတွင်းမှ ပြိုင်ဖက်ကင်းမြောက် တစ်ယောက်တည်း သောပုဂ္ဂိုလ် ဖြစ်ပေရာသည်။ အိမ်ရာထောင်သော လူ၏ဘောင်၌ ကိလေသာမှောင်လွှမ်း လျက် ရွှင်လန်းမွေ့လျော်အံ့သောသူ မဟုတ်ပေရ။ သဗ္ဗညုဘုရားသာ ဖြစ်ပေရာ၏' ဟု ကြံဆကာသိသဖြင့် မိမိကိုယ်တိုင် ခရီးဦးကြိုဆိုခြင်း၊ သောက်ရေ, သုံးဆောင်ရေ တည်ခြင်း၊ နေရာခင်းခြင်း စသောဝတ်ကို ပြုပြင်လျက် ငါးအင်္ဂါရှိခိုးခြင်းတို့ဖြင့် ရိုသေစွာရှိခိုးလျက် သင့်တင့်သောအရပ်၌ နေ၏။

ထိုအခိုက်တွင် ခုနစ်သောင်းလေးထောင်မျှလောက်သော တပည့်ရသေ့တို့သည် မွန် မြတ်သော သစ်သီးကိုဆောင်၍ လာကြကုန်သဖြင့် တင့်တယ်စွာနေတော်မူသော ဘုရားရှင် နှင့် မိမိတို့ဆရာကို မြင်လေသော် ဤသို့ ဆိုကြကုန်၏။ "ဆရာ။ အကျွန်ုပ်တို့သည် ဤ လောကဓာတ်၌ ဆရာထက် လွန်မြတ်သောသူကား မရှိပြီဟု အောက်မေ့ပါကုန်သည်။ ယခု မှာ ဆရာပင် အမြတ်တနိုး ရှိခိုးရပြန်သည်။ ဤပုဂ္ဂိုလ်ကား ဆရာထက် လွန်မြတ်သလော" ဟု မေး၏။ သရဒရသေ့လည်း "ချစ်သားတို့။ အသို့ ဆိုကုန်ဘိသနည်း။ မုန်ညင်းစေ့နှင့် ယူဇနာ တစ်သိန်းခြောက်သောင်းရှစ်ထောင် မြင့်ခြင်းဆောင်သော မြင်းမိုရ်တောင်ကို နှိုင်းစာဘိသကဲ့သို့ နှိုင်းခိုင်းခြင်းငှာ မထိုက်သောပုဂ္ဂိုလ်နှင့် ငါ့ကို နှိုင်းခိုင်းဘိသည်။ ဤပုဂ္ဂိုလ် ကား သုံးပါးသောလောကဝယ် အတုမရှိ အသဒိသဖြစ်သော မြတ်စွာဘုရား ပေတကား။ ငါတို့ကား သာသနာ၏အပ အရည်းမျှသာတကား" ဟု ဆို၏။

ထိုစကားကိုကြားလျှင် ရသေ့အပေါင်းတို့လည်း ဘုရားခြေရင်း၌ ဦးဖြင့်တိုက်၍ ရှိခိုးကြကုန်၏။

သရဒရသေ့လည်း တပည့်တို့အား ဘုရားသခင်နှင့် လျောက်ပတ်မွန်မြတ်သော သစ်သီး ကြီးငယ်တို့ကိုဆောင်စေ၍ ရိုသေစွာလုပ်ကျွေးပြီးသော် တရားတော်ကိုနာ၍ တစ်ဆယ့် နှစ်ဂါထာတို့ဖြင့် ဥပမာ, ဥပမေယျပြုလျက် သဗ္ဗညုတဉာဏ်တော်ကို ပူဇော်ချီးမွမ်း၏။

[ထိုဂါထာတို့ကား အပဒါန်ပါဠိတော်၌ လာကုန်သည်။]



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားလည်း အဂ္ဂသာဝကနှစ်ပါးတို့၏ လာခြင်းကို တောင့်တတော်မူ၏။ ထိုသို့တောင့်တကြောင်းကို သိလေလျှင် သံဃာတော်တစ်သိန်းနှင့်တကွ အဂ္ဂသာဝကနှစ်ပါးတို့ ရောက်လာကြ၍ ဘုရားထံပါး၌ ခစားရှိခိုးလျက် နေကုန်၏။ သရဒရသေ့လည်း တပည့်များကို "ဘုရားသခင်၏နေရာ၊ သံဃာတော်တို့၏နေရာသည် လွန်စွာနိမ့်သေး၏။ သိမ့်မွေ့နူးညံ့သော ပန်းနေရာဖြင့် ပူဇော်ရမူ ကောင်းရာ၏။ လျင်စွာ အားထုတ်ကြကုန်" ဟုဆိုလျှင်၊ ထိုရသေ့တို့လည်း အားရဝမ်းသာ များစွာသောပန်းပွင့်တို့ကိုဆောင်၍ ခင်းကြကုန်၏။ ဘုရားသခင်၏နေရာကား တစ်ယူဇနာ မြင့်သည်။ အဂ္ဂသာဝကတို့နေရာကား သုံးဂါဝုတ် မြင့်သည်။ မဟာသာဝကတို့နေရာကား ယူဇနာဝက် မြင့်သည်။ သံဃာတော်တို့၏နေရာကား တစ်ဂါဝုတ်မျှ မြင့်သတည်း။

အနောမဒဿီ မြတ်စွာဘုရားလည်း ရသေ့တို့အား များစွာသောကုသိုလ် ဖြစ်စိမ့်သော ငှာ ပန်းနေရာထက်၌ ခုနစ်ရက်ပတ်လုံး 'နိရောဓသမာပတ်'ကို ဝင်စား၍နေတော်မူ၏။ ဘုရားသခင် သမာပတ်ဝင်စားကြောင်းကိုသိလျှင် သံဃာတော်တစ်သိန်းနှင့်တကွ အဂ္ဂသာဝကနှစ်ပါးတို့လည်း သမာပတ် ဝင်စားကြသတည်း။ ထိုအခါ သရဒရသေ့သည် ခုနစ်ရက်ပတ်လုံးပင် ဘုရားရှင်အား ပန်းထီးကာလျက် သစ်သီးအာဟာရကို မှီဝဲခြင်းမရှိ ပီတိချမ်းသာဖြင့်သာလျှင် နေသတည်း။

ဘုရားမြတ်စွာလည်း သမာပတ်မှ ထတော်မူပြီးလျှင် လက်ယာတော်တွင်ရှိသော 'နိသဘ'ထေရ်မြတ်ကို ခေါ်တော်မူ၍ "ရသေ့တို့အား ပန်းနေရာ အနုမောဒနာကို ပြုလော့" ဟု မိန့်တော်မူ၏။ ထိုအခါ နိသဘထေရ်မြတ်သည်လည်း ပိဋကတ်သုံးပုံကို ရောပြွမ်းလျက် ပန်းအနုမောဒနာကို ပြု၏။ ထို့နောက်မှ ဒုတိယသာဝကဖြစ်သော 'အနောမ'ထေရ်ကို ခေါ်တော်မူ၍ ယခင်နည်းတူ စေတော်မူ၏။ ထိုသို့ အဂ္ဂသာဝကနှစ်ပါးကို တရားဟောတော်မူစေသော်လည်း ဒေသနာတော်၏အဆုံး၌ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်မျှ မဂ်ဖိုလ် မရကြကုန်။

ထို့နောက်မှ အနောမဒဿီ မြတ်စွာဘုရားသည် ထူးပြားဆန်းကြယ်စွာသော အာကာသဂင်္ဂါကို လွှတ်ဘိသကဲ့သို့ မြတ်သောတရားဒေသနာဖြင့် အနုမောဒနာ ပြုတော်မူ၏။ ဒေသနာတော်၏အဆုံး၌ သရဒရသေ့မှတစ်ပါး ခုနစ်သောင်းလေးထောင်သော ရသေ့တို့သည် တန်ခိုးဖြင့်ပြီးသော သပိတ်၊ သင်္ကန်း၊ ရဟန်းတို့ပရိက္ခရာတို့ကို ရလျက် ရဟန္တာဖြစ်ကြကုန်၍၊ သရဒရသေ့မူကား နိသဘထေရ်မြတ်၏ တရားစကားကြားနာရစဉ်ကပင် 'ဤအရှင်ကဲ့သို့ နောင်ပွင့်တော်မူသော ဘုရားရှင်တို့၏သာသနာတော်ဝယ် ငါဖြစ်လို၏'ဟု စိတ်အကြံရှိ၍ သမာဓိကိုမရနိုင်သောကြောင့် အရဟတ္တဖိုလ်ကို မရောက်သတည်း။

တရားနာပြီးသောနောက်မှ သရဒရသေ့လည်း ဘုရားရှင်အား ဤသို့ နားတော် လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် ဤသို့ ဖန်တီးပူဇော်ရသော ကောင်းမှု၊ သဗ္ဗညုတ ဂုဏ်ကျေးဇူးကို ချီးကျူးရသောကောင်းမှု၊ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ရှိသေ



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေး လုပ်ကျွေးရသောကောင်းမှု အစုစုတို့ကြောင့် အရှင်ဘုရား၏လက်ယာရံဖြစ်သော နိသဘထေရ်ကဲ့သို့ နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏သာသနာဝယ် လက်ယာရံ အဂ္ဂသာဝက ဖြစ်ရပါလိုသော" ဟု ဆုတောင်း၏။

ဘုရားသခင်လည်း 'အနာဂတံသဉာဏ်'ဖြင့် ပြည့်တော်မူ၍ နောင်ပြည့်စုံအံ့သော အခြင်းအရာကိုမြင်လျှင် "အချင်းသရဒ။ ဤကမ္ဘာမှ စ၍ရေသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း လွန်သောကာလ 'ဘဒ္ဒကမ္ဘာ' ဖြစ်လိမ့်မည်။ ထိုကမ္ဘာ၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပဟူသော ဘုရားသုံးဆူတို့နောက်၌ 'ဂေါတမ' အမည်ရှိသောဘုရား ပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် သာဝကပါရမီတို့၏ အထွတ်အထိပ်သို့ရောက်၍ 'ဓမ္မသေနာပတိ သာရိပုတ္တရာ ဟူသောအမည်ဖြင့် ကြေညာလျက် လက်ယာရံအဂ္ဂသာဝကကြီး ဖြစ်လတ္တံ့။ သင်၏ဉာဏ်သည် ပံသုပထဝီ မဟီမြေထုနှင့် မတူနိုင်သည်သာ ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ဤသို့ ဗျာဒိတ်စကား ကြားတော်မူပြီးလျှင် ဘုရားသခင်လည်း သံဃာတော်အပေါင်းနှင့် တကွ ကျောင်းသို့ ကြွတော်မူ၏။

သရဒရသေ့လည်း မိမိတပည့်တို့ ရဟန္တာဖြစ်၍ ဘုရားသခင်နောက်တော်သို့ လိုက်ခြင်း၌ အားထုတ်ကြသည်ကိုမြင်လျှင် "အရှင်ဘုရားတို့။ အကျွန်ုပ်အား မြတ်စွာဘုရားသည် ဗျာဒိတ်စကား ကြားတော်မူသောအကြောင်းကို အကျွန်ုပ်မိတ်ဆွေဖြစ်သော သီရိဝမုန သူကြွယ်အား ကြားခွင့်သင့်သောအခါ ကြားကြပါလေကုန်" ဟု မှာဘိ၍ မိမိသည်လည်း ခရီးတစ်ကြောင်းဖြင့်သွား၍ အိမ်တံခါးဝ၌ ရပ်လေ၏။

သီရိဝမုနသူကြွယ် မြင်လျှင် "အရှင်ဘုရား။ အရှင်အား မဖူးမြင်ရသည်မှာ ကြာလှပေပြီ။ ဤသို့ ကြွတော်မူပါ။ ဤနေရာ၌ နေတော်မူပါ။ ဤ ပူဇော်သက္ကာရကို ခံတော်မူပါ" ဤသို့စသော စကားဖြင့် မြတ်နိုးတနာပြု၍ တပည့်တို့ မပါလာသောအကြောင်းကို မေးလျှောက်၏။

သရဒရသေ့လည်း မိမိတို့နေရာသို့ ဘုရားသခင် ကြွတော်မူသည်မှစ၍ ဗျာဒိတ်ရသည့်တိုင်အောင် အလုံးစုံသောအကြောင်းကို မြွက်ကြား၍ "ငါကား လက်ယာရံ အဂ္ဂသာဝကဆုကို ရပြီ။ သင်သည်လည်း ငါနှင့်အတူမကွဲ လက်ဝဲရံ အဂ္ဂသာဝက ဖြစ်ရမည့် အကြောင်းကို ဆုတောင်း၍ ပါရမီဖြည့်လော့" ဟု ဆိုပေ၏။ ထိုစကားကိုကြားလျှင် "အရှင်ဘုရား။ အကျွန်ုပ်ကား ဘုရားသခင်နှင့်လည်း အကျွမ်းမဝင်ပါ။ အကျွန်ုပ်အိမ်သို့ ဘုရားသခင် ကြွအောင် မစ,တော်မူပါလျှင် စွမ်းနိုင်ပါသမျှ ကောင်းမှုကိုပြု၍ ဆုတောင်းပါမည်" ဟု လျှောက်၏။ သရဒရသေ့လည်း "ဘုရားသခင်ကို ဖူးမြော်ရခြင်း၌ ငါ့တာဝန်ရှိစေ။ ပူဇော်သက္ကာရကိုသာ စီရင်လော့" ဟု ဆိုလျှင်၊ ထိုသူကြွယ်လည်း ကြီးကျယ်စွာ သံဃာ နှစ်သိန်းခန့်နေလောက်သော မဏ္ဍာပ်ကိုဆောက်၍ မွန်မြတ်သော ဆွမ်းဟင်းအဖျော် ပူဇော်ရန်ပစ္စည်းများကို ခုနစ်ရက်ကာလမျှလောက်အောင် ပြုပြင်စီရင်၍ ရသေ့အား ကြားလျှောက်၏။

သရဒရသေ့လည်း ဘုရားရှင်အား သံဃာတော်တစ်သိန်းနှင့်တကွ ပင့်လျှောက်၍ ကြွရောက်တော်မူလျှင် "ဤသူကြွယ်အား သနားတော်မူသဖြင့် ခုနစ်ရက်ပတ်လုံး အလှူကို



www.burmeseclassic.com

www.burmeseclassic.com



ခံတော်မူပါ။ တရားရေအေး တိုက်ကျွေးတော်မူပါ" ဟု လျှောက်၏။ ဘုရားသခင်လည်း ဝန်ခံတော်မူလျက် နံနက်တိုင်း ကြွ၍ ဘုဉ်းပေးတော်မူ၏။ ခုနစ်ရက်စေ့သောနေ့၌ သီရိဝမုန သူကြွယ်လည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား တိစီဝရိတ် သင်္ကန်း, ဆွမ်း, အဖျော်တို့ဖြင့် ပူဇော်လှူဒါန်း၍ တရားတော်ကိုနာပြီးလျှင် ဘုရားရှင်အား ဤသို့ လျှောက်၏။

"ကျွန်ုပ်၏အဆွေဖြစ်သော သရဒရသေ့သည် 'နောင်ပွင့်လတ္တံ့သော ဂေါတမ ဘုရားသခင် သာသနာတော်ဝယ် လက်ယာရံအဂ္ဂသာဝကအဖြစ်ကို ရပါလိုသော' ဟု ဆုတောင်း၏။ အကျွန်ုပ်လည်း ယခုပြုရသော ဤပုညကောင်းမှုကြောင့် ထိုဂေါတမဘုရား ပွင့်တော်မူသော အခါ လက်ဝဲရံအဂ္ဂသာဝကအဖြစ်ကို ရပါလိုသော" ဟု ဆုတောင်း၏။ ဘုရားမြတ်စွာလည်း အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူ၍ ပြည့်စုံအံ့သောအကြောင်းကို မြင်တော်မူလျှင် "ချစ်သား သီရိဝမုန။ ထိုအရှင်ဂေါတမ ဘုရားပွင့်သောအခါ သင်လည်း 'မဟာမောဂ္ဂလာန်' အမည်ရှိသော လက်ဝဲရံအဂ္ဂသာဝကကြီး ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၍ ထိုသူအား တရားဟောတော်မူပြီးလျှင် သံဃာတော်အပေါင်းနှင့်တကွ ကျောင်းသို့ ကြွတော်မူ၏။ [ဤသည်လျှင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ အကြောင်းရင်းတည်း။]

"ချစ်သားတို့။ ယင်းသို့ဖြစ်ရကား ငါ့သားတော်ကြီးနှစ်ဦးတို့အား ရှေးတောင်းခဲ့ဖူးသော ဆုတောင်းအတိုင်းသာလျှင် ငါ ပေးတော်မူသည်။ မျက်နှာကိုကြည့်၍ အရာတော်ပေးသည် မဟုတ်"ဟု မိန့်တော်မူ၏။ ဤသို့ ရှေးဆုတောင်းအကြောင်းကို ထုတ်ဖော်၍ဟောတော်မူလျှင် သံဃာတော်အပေါင်းတို့လည်း ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် ဤသို့ နားတော်လျှောက်ကုန်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အကျွန်ုပ်တို့သည် အရှင်အဿဇိထေရ် ဟောပြောသော ဓမ္မဒေသနာကိုမှီ၍ သောတာပန်အဖြစ်သို့ ရောက်သောအခါ ဘုရားသာသနာ၌ အနှစ်သာရ ရှိသည်ကိုသိ၍ သိဥ္စည်းဆရာက 'ငါ အိုးစရည်းနှင့် တူချေသည်။ သူတစ်ပါးအောက်ဝယ် လက်ငင်အိုးငယ်ကဲ့သို့ ပြုခြင်းငှာ မတတ်နိုင်။ ပညာနည်းပါးသောသူတို့ကား ငါ့ထံသို့ ရောက်လတ္တံ့။ သင်တို့သွားလိုမူ သွားလေကုန်'ဟု ဆို၍ နေပါသည်ဘုရား"ဟု နားတော်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားလည်း အခွင့်အားလျော်ပတ်သော တရားဒေသနာကို ပြတော်မူခြင်းငှာ –

'အသာရေ သာရမတိနော၊ သာရေ စာ သာရဒဿိနော။

တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ' ဟူသောဂါထာကို ဟောတော်မူသည်။

အနက်ကား – သာရိပုတ္တ မောဂ္ဂလာနာ၊ ချစ်သား သာရိပုတ္တရာ, မောဂ္ဂလာန်တို့။ သာရမတိနော၊ အနှစ်ရှိသည်ဟု ထင်မှတ်လေ့ရှိကုန်သော။ သာရေစ၊ အကျိုးပေးတတ် မြတ်သောအကျင့်စာရိတ္တ၌လည်း။ အသာရဒဿိနော၊ မမြတ်ဟူ၍ ယူလေ့ရှိကြကုန်သော။ တေဇာလာ၊ ထိုပညာရှိယောင်ဆောင်သော လူမိုက်တို့သည်။ မိစ္ဆာသင်္ကပ္ပ ဂေါစရာ၊ ကာမဝိတက်စသော မှားသောအကြံလျှင် အာရုံရှိကုန်သည်ဖြစ်၍။ သာရံ၊ အနှစ်ဆိုအပ်မြတ်သော သီလ, သမာဓိ, ပညာတရားကို။ နာဓိဂစ္ဆန္တိ၊ မရကုန်။



www.burmeseclassic.com

www.burmeseclassic.com



[ဤဒေသနာတော်အဆုံး၌ များစွာသောပရိသတ်တို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်သတည်း။]

ထိုအခါ ရာဇဂြိုဟ်ပြည်၌ ထင်ရှားကုန်သော အမျိုးကောင်းသားတို့သည်လည်း ဘုရားသခင့်အထံတော်၌ များစွာပင် ရဟန်းပြုကြကုန်၏။ ယင်းသို့ ရဟန်းပြုကြကုန်သော် ပြည်သူပြည်သားတို့က "ရှင်ဂေါတမသည် သူ့လင်သူ့သားကို ဖျောင်းဖျချော့မော့၍ နောက်လိုက်ဖြစ်အောင် ဆောင်ယူတတ်သည်။ ငါတို့အား သားမြေးမရှိစိမ့်သောငှာ ကျင့်သည်။ မိန်းမအမျိုးကို မုဆိုးမ ဖြစ်စိမ့်သောငှာ ကျင့်သည်။ လူမျိုးလူဆက် ပျက်စီးပြတ်ကင်းစိမ့်သောငှာ ကျင့်သည်။ ယခု သိဥ္စည်းဆရာ တပည့်နှစ်ရာငါးကျိပ်တို့ကိုလည်း မျက်ချိုသွေး၍ ဆောင်လေပြီ။ မာဂဓတိုင်းသား ထင်ရှားကြွယ်ဝသော အမျိုးကောင်းသားတို့ကိုလည်း ထိုနည်းတူ ဆောင်ယူခေါ်ငင်လိမ့်မည်" ဤသို့စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချကုန်လျက် လင်သားတို့ကို အသွားအလာ မရှိစေရ။ အိမ်တံခါးဝကို ပိတ်လျက် ဆွမ်းလောင်းရုံ, ဖူးမြော်ရုံမျှ မထွက်ရအောင် ချုပ်နှောင်ကြကုန်၍၊ ရဟန်းတို့လာသည်ကို မြင်လျှင်–

'အာဂတော ခေါ မဟာသမဏော၊ မာဂဓာနံ ဂိရိဗ္ဗဇံ။

သဗ္ဗေ သဥ္စယေ နေတွာန၊ ကံသု ဒါနိ နယိဿတိ' ဟူသောဂါထာဖြင့် ကြွေးကြော်ကာ အပြစ်တင်ကုန်၏။

အနက်ကား – မဂဓာနံ၊ မဂဓတိုင်းသူတို့၏။ ဂိရိဗ္ဗဇံ၊ တောင်ငါးတန်သည် နွားခြံကဲ့သို့ ရံအပ်ထသော ရာဇဂြိုဟ်ပြည်သို့။ မဟာသမဏော၊ လူကို ဖျက်ဆီးတတ်သော ရဟန်းကြီးသည်။ အာဂတောခေါ၊ လာလတ်ပြီ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သဥ္စယေ၊ သိဥ္စည်းဆရာ၏တပည့်တို့ကို။ နေတွာန၊ နောက်လိုက်ဖြစ်အောင် ခေါ်ဆောင်ပြီး၍။ ဒါနိ၊ ယခု။ ကံ၊ အဘယ်သူကို။ နယိဿတိ၊ ဆောင်လတ္တံလည်း မသိ။

ရဟန်းတို့ကို ဤသို့ ကဲ့ရဲ့ရှုတ်ချ ဖရိုဖရဲဆိုသောစကားကို ဘုရားသခင်အား လျှောက်ကြကုန်၏။ ဘုရားသခင်လည်း "ချစ်သားတို့။ ထို ကဲ့ရဲ့ကြသောစကားသည် ရှည်လျားစွာ တည်မည်မဟုတ်။ သင်တို့၌ ယုတ်ရာသောအကြောင်းလည်း မရှိ။ ထိုသူတို့ကို သတိရစေလိုမူကား 'အာဂတော ခေါ' စသောစကားဖြင့် အပြစ်တင်သောအခါ သင်တို့ကလည်း

'နယန္တိ ဝေ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ၊

ဓမ္မေန နီယမာနာနံ၊ ကာ ဥသူယာ ဝိဇာနတံ' ဟူသော ဂါထာဖြင့် ဆိုလင့်ကြကုန်" ဟု မိန့်တော်မူ၏။

အနက်ကား – မဟာဝီရာ၊ ကြီးမြတ်သော လုံ့လရှိကုန်သော။ တထာဂတာ၊ မြတ်စွာဘုရားတို့သည်။ သဒ္ဓမ္မေန၊ အနိုင်အထက် နှိပ်စက်မမူ သူတော်ကောင်းတရား၌ တည်သဖြင့်။ နယန္တိ၊ ဆောင်ကုန်၏။ ဓမ္မေန၊ တရားသဖြင့်။ နီယမာနာနံ၊ ဆောင်ကုန်သော။ ဝိဇာနတံ၊ ပညာရှိ သူတော်ကောင်းတို့အား။ ဥသူယာ၊ စောင်းမြောင်းငြူစူ ပြစ်ယူကျိုးမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကဲ့ရဲ့ရခြင်းသည်။ ကာ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဝါ၊ တစ်နည်းကား။ ကာ–ကုအာ၊ စက်ဆုပ်အပ်စွာ အပါယ်ရွာသို့ လားရာသလျှင်ကတည်း။

[ဤဂါထာဖြင့် ဆိုသောအခါမှ ပြည်သူတို့ ကဲ့ရဲ့ကြသောအသံသည် ငြိမ်းသတည်း။]

ယင်းသို့ လူနတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဘုရားသခင် သီတင်းသုံးနေတော်မူကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိလေသော် အမတ်တစ်ယောက်ကို ခေါ်၍ "အချင်းအမတ်။ သင်သည် ယောကျ်ားအခြံအရံ တစ်ထောင်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ သွား၍ ငါ့စကားဖြင့် သားတော်ဘုရားကို ပင့်လျှောက်ချေ။ 'အရှင့်ခမည်းတော်သည် အိုမင်းသောအရွယ်သို့ ရောက်ချေပြီ။ သားတော်ဘုရားကို မတွေ့မမြင်သည်လည်း ကာလရှည်လေပြီ။ မသေခင်ကို ဖူးမြင်လိုပါသည်။ မဖျားမနာ ကျန်းမာစဉ်က မွေးသည့်ဖခင် ဖူးမြင်ရအောင် ကြွတော်မူပါ' ဟု လျှောက်၍ ငါ့သားဘုရားကို ပင့်ဆောင်ချေ" ဟု စေလိုက်၏။

ထိုအမတ်လည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ မိုလ်ရံတစ်ထောင်နှင့်တကွ သွား၍ ဘုရားရှေ့မှောက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်သားတို့ တရားနာခိုက်နှင့်ကြုံ၍ ပရိသတ်စွန်က တရားတော်ကို နာ၍နေကြသော် ဒေသနာတော်၏အဆုံး၌ အလုံးစုံသော ကိလေသာအစဉ်ပြတ်၍ အရဟတ္တဖိုလ်သို့ရောက်သဖြင့် ရဟန်းပြုလိုကြောင်းကို တောင်းမန်ကြလေလျှင် "ဧဟိဘိက္ခု" ခေါ်တော်မူ၍ ရဟန္တာ ဖြစ်ကြလေကုန်၏။ ယင်းသို့ ရဟန္တာဖြစ်ပြီးသော အခါမှစ၍ အရိယာတို့သဘောသည် အလုံးစုံသောကိစ္စ၌ လျစ်လျူရှုသည်သာဖြစ်ရကား သုဒ္ဓေါဒနမင်းကြီး မှာအပ်သောစကားကို မြတ်စွာဘုရားအား မလျှောက်ကြားဘဲ နေလေကုန်၏။

သုဒ္ဓေါဒနမင်းကြီးလည်း သွားလေသောအမတ်တို့ ပြန်ချိန်သင့်၍ မပြန်လေသော် လိမ္မာသောအမတ်တစ်ယောက်ကို ခေါ်၍ ရှေးနည်းအတူ စေပြန်၏။ ထိုအမတ်လည်း ဘုရားထံတော်သို့ရောက်လျှင် ယခင်သူတို့ကဲ့သို့ ပရိသတ်နှင့်တကွ ရဟန္တာဖြစ်ကြ၍ ဘုရားသခင်အား မလျှောက်ကြားဘဲ ဆိတ်ဆိတ်သာနေ၏။

ဤသို့ ထပ်ခါထပ်ခါ ကိုးကြိမ်တိုင်တိုင်စေပါသော်လည်း သတင်းစကားမျှ မရောက်လာ, ဆိတ်ဆိတ်သာ ဖြစ်လေကုန်လျှင် ဖခင် သုဒ္ဓေါဒနမင်းကြီးသည်လည်း "ငါ၏ နန်းတော် နေပြည်တော်၌ရှိကုန်သော လူအပေါင်းတို့သည် ငါ၌ချစ်ခြင်းပင် မရှိကြချေသောကြောင့် သတင်းစကားကိုမျှ မကြားလာကြကုန်။ ယခုအခါ ဘယ်သူသာလျှင် ငါ့အား သတင်းစကားကိုကြားရအောင် ရွက်ဆောင်ပါမည်နည်း။ ငါ့သားဘုရားကို ဖူးမြင်ရအောင် ပင့်ဆောင်နိုင်ပါမည်နည်း" ဟု မြည်တမ်းလျက် မိုလ်ပါအပေါင်းကို ကြည့်လတ်သော် ဖွားဖက်တော်ဖြစ်သော ကာဠုဒါယီအမတ်ကိုမြင်လျှင် "အချင်း ကာဠုဒါယီ။ သင်သည် ငါ့သားဘုရားကို ဖူးမြင်ရအောင် ပင့်ဆောင်နိုင်ပါမည်လော" ဟု မေးလတ်လျှင် "အရှင်မင်းကြီး။ အကျွန်ုပ် ရဟန်းပြုရပါမူ တတ်နိုင်ပါ၏" ဟု လျှောက်ပေ၏။ မင်းကြီးလည်း "အချင်း



www.burmeseclassic.com

www.burmeseclassic.com



အမတ်။ သင် ရဟန်းပြုလိုလည်း ပြုလေ, မပြုလိုလည်း မပြုဘဲနေစေ။ ငါ့သားကိုသာ မြင်ရအောင် ကြံဆောင်ပါလေ" ဟု ဆို၏။

ကာဠုဒါယီအမတ်လည်း ဗိုလ်ပါတစ်ထောင်နှင့်တကွ သွားလေ၍ ဘုရားခြေတော်ရင်းသို့ရောက်လျှင် ပရိသတ်တို့အား တရားဟောတော်မူခိုက်ကြုံသည်နှင့် ပရိသတ်စွန်က တရားနာလေလျှင် အခြွေအရံ တစ်ထောင်နှင့်တကွ ရဟန္တာအဖြစ်ကိုရ၍ ဖေဟိဘိက္ခုချည်း ဖြစ်ကြလေကုန်၏။ ထိုသို့ ကာဠုဒါယီရောက်၍ ခုနစ်ရက်, ရှစ်ရက်မြောက်ရှိလျှင် အလုံးစုံသော ဆောင်းဥတုကုန်လေ၍ နွေဥတုအပြောင်း တပေါင်းလပြည့်နေ့ကြိမ်၍ ခြောက်ဆယ်မျှလောက်သော ဂါထာတို့ဖြင့် ကာလသမယကို ချီးမွမ်း၍၊ သုဒ္ဓေါဒနမင်းကြီး မှာလိုက်သောသတင်းစကားကို ဘုရားသခင်အားလျှောက်၍ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်ခြင်းငှာ ကပိလဝတ်ပြည်သို့ ကြွတော်မူပါမည့်အကြောင်းကို ခွင့်တောင်းလျှောက်ထား၏။ ဘုရားသခင်လည်း သံဃာတော်အပေါင်းတို့အား ခရီးသွားခြင်းဌ် ပြုထိုက်သော 'ဂမိယ'ဝတ်ကို ပြည့်စုံစေလျက် မာဂဓတိုင်းသား သံဃာတစ်သောင်း, ကပိလဝတ်မြို့သား သံဃာတစ်သောင်း ခြံရံလျက် တပေါင်းလပြည့်ကျော်တစ်ရက်နေ့ပင် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူ၏။

ဤအရာဌ် ကျမ်းဂန်လာတိုင်းယူရန် ခက်ခဲသည်ကား ဗုဒ္ဓဝင်အဋ္ဌကထာဌ်–

'ယဒါ ပန သတ္ထာ ဗုဒ္ဓေါ ဟုတွာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ ပဌမဝဿံ ဝသိတွာ ဝုတ္ထဝဿော ပဝါရေတွာ ဥရုဝေလာယံ ဂန္တွာ တတ္ထ တယော မာသေ ဝသန္တော တေဘာတိကဇဋိလေ ဒမေတွာ ဘိက္ခုသဟဿ ပရိဝါရော ဖုဿမာသ ပုဏ္ဏမိယံ ရာဇဂဟံ ဂန္တွာ ဒွေ မာသေ တတ္ထ ဝသိ' – အစရှိသော ဥဒ္ဒေသပါဠိဖြင့် ဘုရားသခင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တောဌ် ပဌမဝါ ကပ်တော်မူ၍၊ ဝါကျွတ်ပြီးသော် ပဝါရဏာပြုတော်မူ၍ ဥရုဝေလသို့ ကြွတော်မူသည်။ ထိုတောအုပ်ဌ် သုံးလနေတော်မူ၍ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ဆုံးမတော်မူပြီးလျှင်၊ ထိုရဟန်းတစ်ထောင် ခြံရံလျက် ပြာသိုလပြည့်နေ့ ဥရုဝေလတောမှ ထွက်ကြွတော်မူ၍ ယူဇနာသုံးဆယ်ကွာခြားသော ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသည်။ ဤ ရာဇဂြိုဟ်ပြည်ဌ်လည်း နှစ်လသာ နေတော်မူ၍ တပေါင်းလပြည့်နေ့ ရောက်သောအခါ ကာဠုဒါယီ ပင့်လျှောက်သောစကားဖြင့် ကပိလဝတ်ပြည်သို့ လပြည့်ကျော် တစ်ရက်နေ့ပင် ထွက်ကြွတော်မူသည်ဟု ဆိုသောစကားသည် အထက်ဆိုလတ္တံ့သော–

'သုဒ္ဓေါဒနမဟာရာဇ ပုတ္တော မေ ဆဗ္ဗဿာနိ ဒုက္ကရကာရိယံ ကတွာ ပရမာဘိသမ္ဗောဓိံ ပတွာ ပဝတ္တိတဝရ ဓမ္မစက္ကော ရာဇဂဟံ ပတွာ ဝေဠုဝနဝိဟာရေ ဝိဟရတီတိ သုတွာ အညတရံ မဟာအမစ္စံ အာမန္တေသိ ။ပ။ တေနေဝ နိယာမေန နဝက္ခတ္တုံ အမစ္စေ ပေသေသိ' ဟူသောစကားနှင့် ဆန့်ကျင်၏။ အသို့ဆန့်ကျင်သနည်း ဟူမူကား –

ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည်သည် ယူဇနာခြောက်ဆယ် ခရီးကွာရကား နှစ်လသွားခရီး ဖြစ်သည်။ ရာဇဂြိုဟ်ပြည်ဌ် နှစ်လသာ နေတော်မူတည့်လျှင် ဘုရားသခင် ရာဇ



www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်ပြည်သို့ရောက်ကြောင်း သတင်းစကားကို ကပိလဝတ်ပြည်က ကြားအံ့ရှုံမျှရှိသေးသည်။ ခမည်းတော်မင်းကြီးလည်း သတင်းစကားကို ကြားရမှပင် အမတ်တို့ကို စေလွှတ် ရမည်။ ရှေး စေလိုက်သောအမတ်တို့ ပြန်ချိန်သင့်၍မပြန်လာမှ ထပ်ဆင့်ကာ လွှတ်ပြန် ရမည်။ ဤသို့သောနည်းဖြင့် အမတ် ဆယ်ယောက်ကို ဆယ်ခေါက်လွှတ်မှ ဘုရားကြွတော်မူ ချေသည်။ ထို စေသောကာလ အမတ်တို့လည်း ဆဋ္ဌာဘိညာ မဟုတ်ကြသေး၍ ယူဇနာခြောက် ဆယ်မျှကို နှစ်လနှင့် ဆယ်ခေါက် မသွားနိုင်ရာ။ ဘုရားတန်ခိုးတော်ကြောင့်သာ ဖြစ်သည်ဟု ကြံရမည်လည်း ဘုရားသခင်က တန်ခိုးနှင့်စေကြောင်းကို အရိပ်အမြွက်မျှ မထင်။ ဆယ်ပါး သောတန်ခိုးတွင်လည်း မဝင်။ ထို့ကြောင့် ဆင်ခြင်ခြင်းငှာ ခဲယဉ်းသည်။

ဥရုဝေလတောမှ သီဟိုဠ်ကို ပြာသိုလပြည့်နေ့ ဘုရား ကြွတော်မူကြောင်းကို အင်္ဂုတ္တိုရ် အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာတို့၌ 'ဘဂဝါ ကိရ အဘိသမ္ဗောဓိတော နဝမေ မာသေ ဖုဿပုဏ္ဏမ ဒိဝသေ ယက္ခာဓိဝါသံ လင်္ကာဒီပံ ဥပဂန္တွာ' ဟု လာသည်။ မဟာဝင်, ဒီပဝင်တို့၌လည်း ဤနည်းတူပင် ဆိုကုန်သည်။ ထို ပြာသိုလပြည့်နေ့သည် အင်္ဂတိုင်း, မဂဓတိုင်းသူတို့ ဥရုဝေလရသေ့တို့အား ကြီးမားသော ပူဇော်သက္ကာပွဲဖြစ်၍ 'ယနေ့ ရှင်ဂေါတမ ငါ့ထံသို့ မလာမူကောင်း၏'ဟု ရသေ့တို့အကြံရှိသည်ကို သိတော်မူ၍ မြောက်ကျွန်း၌ ဆွမ်းခံပြီးသော် အနောတတ်အိုင်နား၌ ဘုဉ်းပေးတော်မူ၍ စန္ဒကူးတော၌ နေ့သန့် တော်မူပြီးလျှင် ညချမ်းသောအခါ လင်္ကာဒီပသို့ ကြွတော်မူကြောင်းကို ဝိနည်းမဟာဝါ အဋ္ဌကထာ, တေရ သကဏ် ဋီကာ စသည်တို့၌ လာသည်။

ထို့နောက်လည်း တန်ခိုးပြာဋိဟာတို့ကို ပြ၍ ဥရုဝေလ၌ပင် နေတော်မူသေးသည် ဖြစ်၍ 'ပြာသိုလပြည့် ဥရုဝေလတောမှ ထွက်ကြွတော်မူ၏' ဟူသောစကားတို့သည် တစ်ပါး ကျမ်းဂန်နှင့် ညှိ၍ ယုတ္တိမရနိုင်။

ဝေဠုဝန်ကျောင်းတော်ကို ခံတော်မူသည့်နောက် နှစ်ရက်,သုံးရက်မြောက်နေ့ပင် ရှင် သာရိပုတ္တရာတို့ မြတ်စွာဘုရားထံရောက်ကြောင်းကိုလည်း ဓမ္မပဒအဋ္ဌကထာ, အပဒါန် အဋ္ဌကထာတို့၌ လာသည်။

ဤသို့ ကျမ်းဂန်များစွာလာသည်ကို နီးနှောသော် ဥရုဝေလတောမှ ပြာသိုလပြည့် ကျော် ဆယ်ရက်နေ့တွင် ထွက်တော်မူ၍ ဆယ့်တစ်ရက်နေ့ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလျှင် ပြည်သူပြည်သားအပေါင်းနှင့်တကွ ဗိမ္ဗိသာရမင်းကြီးအား နာရဒဇာတ်ကို ဟောတော်မူသည်။ ၎င်း လကွယ်နေ့ပင် ရှင်သာရိပုတ္တရာတို့ ရဟန်းပြုလာကြသည်။ တစ်ဆယ့်ငါးရက်မြောက် တပို့တွဲလပြည့်နေ့မှ ရဟန္တာဖြစ်၍ ထိုနေ့ပင် သာဝကသန္နိပါတကို ပြုတော်မူ၍ ပါတိမောက် ပြတော်မူသည်။ ထို့နောက်မှလည်း ကျွတ်ထိုက်သောဝေနေယျတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ဤနှစ် ဝါဆိုပြီးမှ သက္ကရာဇ် ၁၀၄ ခုနှစ် တပေါင်းလတွင် ကပိလဝတ် ပြည်သို့ ကြွတော်မူသည်ဟုယူမှ ဗုဒ္ဓဝင်, ရာဇဝင်, အနာဂတဝင်, မဟာဝင်တို့ အစဉ်ကျန ညီညွတ်မည်။ ဉာဏ်စွမ်းရှိတိုင်းမျှော်၍ ကြံတော်မူကုန်။



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဂန်ကျနနိုင်နင်းလှ၍ မြန်မာ့တိုင်းအလုံးကျော်စောသော အရှင်သီလဝံသ ထေရ်မြတ်လည်း ရာဇဂြိုဟ်ပြည်၌ ဝါကပ်ပြီးမှ ကပိလဝတ်ပြည်သို့ ကြွတော်မူကြောင်းကို ဆုတောင်းခန်းပျို့၌ –

'ဥရုဝေလ၊ ကဿပကာ၊ စသည့်ညီနောင်၊ ရှင်တစ်ထောင်အား၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွာ၍ အရာနောက်တော်၊ ပါအောင်ခေါ်ပြီး၊ ပြည်ကျော်နဂိုရ်၊ ရာဇဂြိုဟ်တွင်၊ ရောက်တုံကျင်မှ ဖူးမြင်လာရှောင်း၊ တစ်သိန်းပေါင်းနှင့်၊ နှစ်သောင်းမကြွင်း၊ ဗိမ္ဗိမင်းကို၊ လင်းစေမျက်မှောက် အမိုက်ဖျောက်၍၊ ရောက်တုံထိုခါ၊ ဝါလနီးသော်၊ စောစီးရှင်မွန်၊ ဝေဠုဝန်၌၊ တစ်ဖန်ပျော်မိန်း ငြိမ်သက်ကိန်းသည် ။ ။ ရွှင်ဖိန်းမင်ဖိုလ် ပီတိတည်း။' ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ သို့မလိုက်၊ ရာဇဂြိုဟ်၌ ဝါဆိုကြောင်းကို စပ်သည်။]

ယင်းသို့ ဘုရားကြွတော်မူလျှင် ကာဠုဒါယီထေရ်လည်း သုဒ္ဓေါဒနမင်းကြီးအား သတင်းကြားသိစေခြင်းငှာ မြတ်စွာဘုရား အလျင်ပင် ကောင်းကင်ခရီးဖြင့် ကြွသွားလေ၍ သုဒ္ဓေါဒနမင်းကြီးရှေ့တွင် ထင်ရှားပြပေ၏။ မင်းကြီးလည်း ကာဠုဒါယီမထေရ်ကို မြင်လျှင် ရွှင်လန်းသောစိတ် ရှိရကား "ငါ့သား ကာဠုဒါယီ။ အမောင်တို့ဆရာ မြတ်စွာဘုရားသည် ဤကဲ့သို့ပင် အသွင်အပြင် ရှိသလော။ အသင်လိုပင် ကောင်းကင်ခရီးကို ပျံနိုင်သလော။ ယခုအခါ ဘုရား အဘယ်မှာရှိသနည်း" စသည်ဖြင့် မေးမြန်း၏။

ကာဠုဒါယီ မထေရ်လည်း "ဒကာတော်မင်းကြီး။ မီးပွားပမာဏရှိသော ပိုးမြည်မြူး၏ အရောင်နှင့် နေရောင်ကို ပုံဆောင်ခြင်းငှာမထိုက်သကဲ့သို့ လည်းကောင်း၊ နွားဦးချိုနှင့် မြင်းမိုရ်တောင်ကို ပုံဆောင်ခြင်းငှာ မထိုက်သကဲ့သို့ လည်းကောင်း၊ ငါတို့မှုနှင့် ဘုရား အရုပ်အဝါကို အဘယ်မှာ နှိုင်းခိုင်းထိုက်မည်နည်း။ ဒကာတော့်သား ဘုရားသခင်၏အသွင် တော်ကား ခြောက်ပါးသောရောင်ခြည်တော်အဝန်းဖြင့် ထွန်းပလျက် တက်သစ်သော နေလုလင် တစ်ထောင်၏ အရောင်အသရေထက်လည်း ကဲတက်လွန်မြတ်၏။ ဣဿရိယစသော ဘုန်းတော် ခြောက်ပါး, လောကီတန်ခိုး ရှစ်ပါး, လောကုတ္တရာတန်ခိုး ရှစ်ပါး တရား အပေါင်းနှင့် ပြည့်စုံသည့်ဖြစ်၍ သုံးဆယ့်တစ်ဘုံတွင် တစ်စုံတစ်ယောက်သောသူမျှ အတုမရှိ။ အနန္တစကြဝဠာ ဝိသယာခေတ်ကုန်အောင်ကို မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှဖြင့်လည်း ကြွလည်ပြန်ခေါက် ရောက်တော်မူနိုင်၏"

ဤသို့စသည်ဖြင့် အစိန္တေယျဖြစ်သော ဂုဏ်တော်, တန်ခိုးတော်ကို ချီးကျူးမြွက်ကြား၍ "ဘုရားသခင်သည် သင်မင်းကြီးဖူးမြင်စေခြင်းငှာ သံဃာတော်နှစ်သောင်းနှင့်တကွ ကြွတော် မူလာပြီ။ ယနေ့ မည်သည့်စခန်းသို့ ရောက်ပြီ"ဟု ကြား၏။

မင်းကြီးလည်း အလွန်အားရတော်မူ၍ မထေရ်အား ဘောဇဉ်ငါးပါးတို့ဖြင့် ကောင်းစွာ လုပ်ကျွေးပြီးသော် သားတော်ဘုရားအလို့ငှာ မွန်မြတ်သောဘောဇဉ်တို့ကို ပြင်ဆင်ကပ်လှူ ပြီးသော် "သားတော်ဘုရားသည် အကျွန်ုပ်တို့မြို့သို့ ရောက်သည့်တိုင်အောင် ကျွန်ုပ်နန်း တော်ကဆွမ်းကိုသာ ဆောင်၍ လုပ်ကျွေးတော်မူပါ"ဟူ၍လည်း လျှောက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မထေရ်လည်း ထိုဆွမ်းကိုဆောင်လျက် ကောင်းကင်ခရီးဖြင့်ကြွ၍ ဘုရားသခင်အား ကပ်ပေ၏။

ဤသို့သောနည်းဖြင့် ကာဠုဒါယီသည် နေ့တိုင်းနေ့တိုင်း နန်းတော်မှဆွမ်းကိုဆောင်၍ လုပ်ကျွေးရကား ခရီးအကြား၌ ဘုရားသခင်သည် ဖခင်မင်းကြီး၏ဆွမ်းကိုသာ ဘုဉ်းပေးတော်မူရ၏။

ထို့ကြောင့် ကာဠုဒါယီကို– 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကုလပ္ပသာဒကာနံ ယဒိဒံ ကာဠုဒါယီ' ဟူ၍ 'ကုလပ္ပသာဒက ဧတဒဂ်'အရာ၌ ထားတော်မူသတည်း။

ဘုရားသခင်လည်း တစ်နေ့ တစ်ယူဇနာစီ ကြွ၍ နှစ်လမြောက်သဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၏။ ထိုအခါ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင်မင်းတို့သည်လည်း ဘုရားသခင်နှင့် လျော်သောနေရာကို ရွေးချယ်စိစစ်၍ 'နိဂြောဓ'သာကီဝင်မင်းသား၏ ဥယျာဉ်အလယ် မွေ့လျော်ဖွယ်ရှိသောအရပ်၌ လျောက်ပတ်ကောင်းမွန်စွာ ကျောင်းတော်ကိုဆောက်၍ လှူဒါန်းကုန်သဖြင့် ထို နိဂြောဓာရုံကျောင်း၌ နေတော်မူ၏။

သာကီဝင်မင်းသားတို့သည်လည်း မာန်မာနကြွား၍ 'ဤသိဒ္ဓတ္ထမင်းသားကား ငါတို့တူ၊ ငါတို့သားသာ။ ငါတို့အောက် ငယ်စွာ၏။ ငါတို့ ရှိခိုးခြင်းငှာ မထိုက်'ဟု နှလုံးပြု၍ ငယ်ကုန်ငယ်ကုန်သောသူတို့ကိုသာ ရှေ့တင်၍သွားစေပြီးသော် ကြီးသောသူတို့သည် နောက်မှနောက်မှလိုက်၍ ရှိမခိုးဘဲပင် ရှေ့တော်တွင် ထိုင်နေကြကုန်၏။ ထိုအကြောင်းကို မြင်တော်မူသော် ဆွေတော်မျိုးတော်တို့၏မာန်မာန ကျစိမ့်သောငှာ စံတော်မူရာပလ္လင်ထက်၌ စတုတ္ထဈာန်ကို ဝင်စားတော်မူ၍ ကောင်းကင်ထက်သို့တက်တော်မူပြီးသော် လက်ယာ ခြေတော်ကိုဆန့်၍ စင်္ကြံကြွတော်မူလျက် အထက်ကိုယ်တော်မှ မီးအလျှံ၊ အောက်ကိုယ်တော်မှ ရေအယဉ်၊ လက်ဝဲဖဝါးတော်မှ မီးအလျှံ၊ လက်ယာဖဝါးတော်မှ ရေအယဉ်၊ လက်ယာ မျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှ ရေအယဉ်၊ ခံတွင်းတော်အပြင် နှာခေါင်းတော် အစဉ်တို့မှ မီး,ရေ အစုံအစုံ၊ အလုံးစုံသောကိုယ်တော်မှ အညို,အရွှေ,အနီ,အဖြူ,အမောင်း, အနက် ပြိုးပြက်သောရောင်ခြည်တော် ခြောက်သွယ်ကို လှယ်ကာလှယ်ကာ အဇင်္ဂာ ပြင်လုံးပြည့်မျှ ထွက်ထွန်းစေလျက် အံ့ဖွယ်ဘနန်း ရှုမခန်းသော ယမိုက်ပြာဋိဟာကို ရတနာ စင်္ကြံထက်၌ ပြတော်မူ၍ သာကီဝင်မင်းအပေါင်းတို့၏ ဦးခေါင်းထက်၌ ဖဝါးခြေမှုန့်ကို ကြဲဘိသကဲ့သို့ ဖြစ်စေတော်မူ၏။

ထိုသို့ အံ့ဖွယ်သရဲ ထူးကဲလွန်မြတ်သော တန်ခိုးပြာဋိဟာကိုမြင်လျှင် ဖခင်သုဒ္ဓေါဒန မင်းကြီးလည်း ခြေတော်ကို ဦးဖြင့်တိုက်၍ "အရှင်ဘုရား။ ဖွားတော်မူစက ဒေဝိလရသေ့၏ ထိပ်ထက်၌ ခြေစက်စုံတင်သည်ကိုမြင်၍ ဖခင် တစ်ကြိမ် ရှိခိုးပါပြီ။ လယ်ထွန်မင်္ဂလာပြုသောအခါ ကြီးစွာသော ဇမ္ဗုသပြေပင်ရိပ်ဝယ် သိပ်ထားသည်တွင် သစ်ပင်အပေါင်း ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ပြောင်းလျက် သားကောင်းစံနေသော သပြေပင်ရိပ်ဝန်းသည် မယွန်းမရွေ့ ပြကတေ့ တည်သည်ကို မြင်၍လည်း ဖခင် တစ်ကြိမ် ရှိခိုးပါပြီ။ ဤယခုမှာ တစ်ခါတုံမျှ မကြုံစဘူး မမြင်ဘူးအောင် ထူးမြတ်သောတန်ခိုးပြာဋိဟာကို မြင်ပါရ၍ ဖခင် ပူဇော်ပါသည်။ ဤအခါ ကား သုံးကြိမ်မြောက်သော ရှိခိုးခြင်းပါတည်း"ဟု လျှောက်၏။

ဤသို့ မင်းကြီး ရှိခိုးသည်ကိုမြင်လျှင် ရှိမခိုးဘဲနေဝံ့သောသူကား မရှိပြီ။ အလုံးစုံသော သာကီဝင်မင်းအပေါင်းတို့သည် ဦးခေါင်းနိမ့်ချလျက် ရှိခိုးကြကုန်သတည်း။

ဘုရားသခင်လည်း ကောင်းကင်မှသက်၍ ရတနာပလ္လင်ထက်၌ စံတော်မူလျှင် ကောင်းကင်အလုံးမှချိ၍ ကြေးနီရည်ကဲ့သို့သော 'ပေါက္ခရဝဿ'မိုးကြီး ရွာလတ်၍ အချို့ သောသူကား စွတ်၏၊ အချို့သောသူကား မစွတ်။ ထိုသို့ စွတ်လိုသောသူကို စွတ်၍ မစွတ်လိုသောသူကား မစွတ်ရသောအခြင်းအရာကို မြင်လျှင် ထက်ဝန်းကျင်သော ပရိသတ် အပေါင်းတို့သည် သောင်းသောင်းချီးကျူး အံ့မူးပြောကြားကုန်၏။ ထိုစကားစပ်တွင် ဘုရားသခင်လည်း "ယခုသာလျှင် မဟာဆွေတော်မျိုးတော်တို့၏မျက်မှောက်၌ ပေါက္ခရဝဿ မိုးကို ရွာစေသည် မဟုတ်သေး။ ရှေးသောကာလ ဤနှစ်မှလျှင် တွက်ဆရေဖွဲ့သော ငါးဆယ့် ခုနစ်ကုဋေ အနှစ်ခြောက်သောင်းကျော်အကွာ 'ဝေဿန္တရာ'မင်းကြီး ဖြစ်စဉ်ကလည်း ဤနည်းတူပင် ရွာသွန်းဖူးပြီ"ဟု မြွက်ချီတော်မူ၍၊ နာလိုသောသူအပေါင်းတို့ တောင်းပန်ကြ သောစကားစပ်တွင် ကဆုန်လပြည့်ကျော်တစ်ရက် အင်္ဂါနေ့ညချမ်း သုံးချက်တီးအခါတွင် ဂါထာတစ်ထောင်ကျော်ရှိသော ဝေဿန္တရာဇာတ်ကို ဟောတော်မူ၏။ [ဇာတ်ဂဏ္ဌိတွင် ဆိုသောလသည် ဘုရားရောက်သည်နှင့် မမျှ၍ ပြင်လိုက်သည်။]

တရားဒေသနာကို နာပြီးသော် မဟာဆွေတော်အပေါင်းတို့သည် ဦးခေါင်းညွတ်ကျိုး ရှိခိုးပြီးလျှင် အသီးသီးပြန်ကြကုန်၏။ တစ်ယောက်သောသူမျှ 'ဆွမ်းအလှူ ခံတော်မူပါ'ဟု မပင့်မိကြကုန်။ ဖခင်မင်းတရားကြီးသည်လည်း 'ငါ့သားဘုရားသည် ငါ၏နန်းတော်သို့သာ ဆွမ်းစားလာလတ္တံ့'ဟု နှလုံးချင့်၍ မပင့်ဘဲပြန်လေ၏။

ဘုရားကိုယ်တော်မြတ်လည်း ထိုညဉ့်ကုန်လျက် နံနက်သောအခါ 'များစွာသော နောင်တော်ဘုရားတို့သည် ဖွားတော်မူသောပြည်သို့ ကြွသောအခါ ဖခင်အိမ်၌သာ ဆွမ်းခံ ၍ ဘုဉ်းပေးကြကုန်သလော။ ထိုသို့မဟုတ် အိမ်စဉ်လည်ပတ်၍ ဆွမ်းခံရပ်ကုန်သလော'ဟု ဆင်ခြင်တော်မူလျှင်၊ အိမ်စဉ်လည်ပတ်၍ ဆွမ်းခံရပ်တော်မူကြသော အဖြစ်ကိုမြင်၍ 'ငါ ဘုရားလည်း နောင်တော်များ၏ 'ပဋိပတ်'ကို ချီးမြှောက်အပ်ပေသည်' ဟု နှလုံးပြုတော်မူ၍ သံဃာတော် နှစ်သောင်းနှင့်တကွ မြို့တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူ၏။

ထိုအခါ သာကီဝင်မင်းအပေါင်းနှင့်တကွ ကပိလဝတ်ပြည်အလုံး ရှန်းရင်းတက်မျှ အုတ်အုတ်ကျက် ကျက် လက်အုပ်ချီ၍ ကိုယ်စီကိုယ်င ပြောကြ,အံ့သြကြကုန်သည်။ ထိုအသံကို ယသော ရောမင်းသမီး ကြားလတ်သော် 'မောင်တော်မင်းသားသည် သိကြားမင်း၏



www.burmeseclassic.com

www.burmeseclassic.com



အသရေကဲ့သို့ ခြေရွေဝန်းရံလျက်, ဆဒ္ဒန်ပြောင်သွင် ရွှေထမ်းစင်နှင့် အစဉ်သွားမြဲဖြစ်ပါလျက် ယခု ခွက်လက်ဆွဲ၍ ဆွမ်းခံ၏ဟူသည်မှာ တင့်တယ်ပါလိမ့်လော'ဟု နန်းပြတင်းကိုဖွင့်၍ မျှော်လင့်ပေသော် ရောင်ခြည်တော်ခြောက်ဆိုင်သည် တစ်ပြိုင်နက်ထွန်းလင်းလျက် သင်းကျစ်တော်ဖျားမှ ဖဝါးတော်အပြင်တိုင်အောင် မအဲ့သြနိုင်သော ဘုရားအသရေကိုမြင်၍ 'နရသီဟ'မည်သော ရှစ်ဂါထာတို့ဖြင့် လွန်စွာချီးမွမ်းလျက် လွမ်းမောဆွတ်လွတ် ကြည်ညွတ်မြတ်နိုးလှသဖြင့် 'ပရိဒေဝ'သဘောဖြစ်၏။

ထို့နောက်မှ သုဒ္ဓေါဒနမင်းကြီးထံ သွား၍ "အရှင့်သားသည် သားမယား မိဘကိုမျှအားမနာ။ ဝမ်းစာရှာအံ့သောငှာ အိမ်တကာရှေ့၌ ရပ်၍ရပ်၍သာ စားစရာကို တောင်းသည်။ ကောင်းပါသလော" ဟု လျှောက်၏။

ခမည်းတော်မင်းကြီးလည်း ထိုစကားကိုကြားလျှင် တုန်ရင်ထိတ်လန့်သော နှလုံးရှိရကား ရုတ်ခြည်းထ၍ ပုဆိုးစကိုလက်ဖြင့်မလျက် နန်းတော်မှ အဆောတလျင်သက် ပြီးသော် သားတော်ဘုရားအနီး၌ ရပ်၍ "အရှင်ဘုရား။ အဘယ့်ကြောင့် အကျွန်ုပ်အား အရှက်ခွဲပါသနည်း။ အဘယ်အကျိုးကို မျှော်၍ တစ်အိမ်တစ်လုတ် ဝမ်းစာ ရှာဘိသနည်း။ ဤနှစ်သောင်းမျှသော သံဃာကို ဒကာတော်မကျွေးနိုင်ဟု ထင်ဘိသလော"ဟူ၍ လျှောက်၏။

ဘုရားသခင်လည်း "ဖခင်မင်းကြီး။ ဤ ဆွမ်းခံသောအရာသည် ငါတို့အနွယ်အဆက်မှ လာသဖြင့် သင့်တင့်လျောက်ပတ် ချီးမွမ်းအပ်သော အကျင့်ပေတည်း" ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား။ မဟာသမ္မတမင်းမှ စ၍ ဘုရားဘိုးတော် 'သီဟဟနု'မင်းတိုင် သုံးသိန်းသုံးသောင်း လေးထောင်ငါးရာ ခြောက်ကျိပ်ကိုးယောက်သောအနွယ်သည် အကျွန်ုပ်တို့၏အနွယ်မဟုတ်လော။ ထို မင်းအနွယ်အပေါင်းတို့တွင် တစ်ယောက်ကောင်းမျှ ဆွမ်းတောင်းစားသည်ကို အကျွန်ုပ်တို့ မကြားဘူးပါ"ဟု လျှောက်လေ၏။ "ခမည်းတော်မင်းကြီး။ ဤ မဟာသမ္မတမင်းမှလာသော 'ရာဇပဝေဏီ'သည်ကား မင်းတရားတို့၏ အနွယ်သာတည်း။ ဒကာတော်သားငါဘုရားမူ ရှေးဖျားလွန်လေ အသချေ်များစွာ ကမ္ဘာဘာက ဂဏ်ဝါဠူ သဲစုထပ်မျှ ပွင့်ကြကုန်သော သမ္ဗုဒ္ဓရာဇာ စောမြတ်စွာတို့၏ မဟာဝံသ ဖြစ်ပေသည်။ ထိုဘုရားတို့လည်း ဖိဝ်ကြားအပ်သော ဒါယကာမရှိမူ ဆွမ်းခံ၍သာ စားမြဲဓမ္မတာ ဖြစ်သတည်း"ဟု မိန့်တော်မူပြီးမှ ခရီးအလယ်၌ ရပ်တော်မူလျက် -

'ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ၊

ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိစ' ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား - မဟာရာဇ၊ ခမည်းတော်မင်းကြီး။ ဥတ္တိဋ္ဌေ၊ ဘုရားစဉ်လာ ကျင့်ရာမချွတ် ဆွမ်းခံဝတ်၌။ နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ။ သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ ကုသိုလ်ဆယ်ပါး တရားမူရှိ ဗောဓိပက္ခိယ မြတ်ဓမ္မကို။ စရေ၊ အမြဲမကွာ ကျင့်ပေရာ၏။ ဓမ္မစာရီ၊ ကုသိုလ်တရားကို အားထုတ်၍ ကျင့်လေ့ရှိသောသူသည်။ အသ္မိံ လောကေစ၊ ဤပစ္စုပ္ပန်ဘဝ၌ လည်းကောင်း။ ပရမှိစ၊ တမလွန်ဘဝ၌ လည်းကောင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဂါထာ၏အဆုံး၌ မင်းကြီး သောတာပန် တည်လေ၏။ ထိုသို့ သောတာပန် တည်ပြီးသော် မင်းကြီးလည်း သပိတ်တော်ကိုလှမ်း၍ ရွှေနန်းပြာသာဒ်သို့ ပင့်လေ၏။ နန်းတော်သို့တက်ပြီးလျှင် ခြသေ့်ခံသော ရာဇပလ္လင်ထက်၌ နေ၍

'ဓမ္မဥ္စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ' အစရှိသောဂါထာကို ဟောတော်မူရာတွင် မင်းကြီး သကဒါဂါမ် တည်လေသည်။ မိထွေးတော်လည်း သောတာပန် တည်လေသည်။

ယင်းသို့ ရွှေနန်းဥကင် ရာဇပလ္လင်ထက်၌ တက်စံတော်မူလျှင် ဖခင်မင်းမြတ်သည်လည်း လျှောက်ပတ်ကောင်းမွန်သော ဘောဇဉ်ခဲဖွယ်တို့ဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသောအဆုံး၌ အလုံးစုံသော မောင်းမ, မိဿံ, ခြွေရံ, ကိုယ်လုပ်တို့သည် အုတ်အုတ်ကျက်ကျက်မျှ လာကြကုန်၍ ဘုရားရှင်အား ညွှတ်တွားရိုကျိုး ရှိခိုးပူဇော်ကြကုန်၏။ ယသောဓရာ ဗိမ္ဗာဒေဝီသည် ပူဇော်ခြင်းငှာ မထွက်လာ၍ များစွာသော နန်းသူနန်းသားတို့က "သခင်မ။ ထွက်ကြွတော်မူ၍ သုံးလူ့သခင်ကို ဦးတင်ပူဇော် ဖူးမြော်ပါလော့" ဟု လျှောက်ကြသော်၊ "အကယ်၍ အကျွန်ုပ်ကျေးဇူးရှိသည်ကို ထောက်မျှော်၍ သနားတော်မူပါလျှင် ကိုယ်တော်ဝင်၍ ကြွလာမှ ပူဇော်ပါတော့မည်" ဆို၍သာ နေ၏။

ထိုအကြောင်းကို နန်းသူနန်းသားတို့က ဘုရားရှင်အား လျှောက်ကြားကြသော် ခမည်းတော်မင်းကြီးအား သပိတ်ကိုကမ်းတော်မူ၍၊ နှစ်ဦးသော အဂ္ဂသာဝကတို့ကို ခေါ်တော်မူလျက် ယသောဓရာမင်းသမီး၏နေရာ တိုက်ခွင်သို့ ဝင်တော်မူ၍၊ "ယနေ့ ယသောဓရာမင်းသမီးကို အလိုရှိတိုင်း ရှိခိုးစေ။ မည်သူအားမျှ တစ်ခွန်းစကား မတားဆိုကြလင့်"ဟု မိန့်တော်မူ၍ ခင်းအပ်သောနေရာ ရတနာသလွန်ထက်၌ တက်စံတော်မူ၏။ ထိုအခါ ယသောဓရာမင်းသမီးသည်လည်း ပန်းကြီးခုံမင်စွာ လာ၍ ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကို နမ်းကာနမ်းကာ ခြင်းရာစကား ဘယ်သည်များမှ မကြားနိုင်စွာ မျက်နှာမျက်ရည် မဆည်နိုင်ပြီး ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက်ငင် ဘဝင်ပြောင်းပြန် လန်လုမတတ်ဆံဖြင့်ပွတ်သပ် ပါးဖြင့်အပ်၍ အထပ်ထပ် ရှိခိုးရှာလေသတည်း။

ထိုအခါ ခမည်းတော်မင်းကြီးက "အကျွန်ုပ်သမီးသည် သားကြီးဘုရားကို အလွန်စုံမက် နှစ်သက်လေးမြတ်ပေသည်။ သားဘုရား ထွက်သွားတော်မူသော်လည်း ရှိတော်မူစဉ်က ပြုပြင်ခယမြဲဖြစ်သောဝတ်ကို မချွတ်မယွင်းစေရ၊ ညတိုင်း,နေ့တိုင်း ပြုပေသည်။ သားဘုရားသည် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ပြီဟု ကြားသည်မှစ၍ အကျွန်ုပ်သမီးလည်း ဖန်ရည်စွန်းသောအဝတ်ကိုသာ ဝတ်ပေသည်။ သားဘုရားသည် တစ်ထပ်သာစားသည်ဟု ကြားသည်မှစ၍ အကျွန်ုပ်သမီးလည်း တစ်ထပ်သာ စားပေသည်။ သားဘုရားသည် မြတ်သောအခင်းနေရာကို ပယ်သည်ဟု ကြားသည်မှစ၍ နိမ့်သောညောင်စောင်း၌သာ အိပ်ပေသည်။ သားဘုရားသည် ပန်းနံ့သာမျိုး အခိုးအထုံတို့၌ တပ်မက်ခြင်းမရှိဟု ကြားသည်မှစ၍ ပန်းနံ့သာတို့၌ တပ်မက်ခြင်းကို မပြုပေ။ အဆွေအမျိုးဖြစ်သော မင်းညီမင်းသား သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးတို့ မြှောက်စားမြတ်လေးစွာ မွေးမြူပါအံ့ဟု သတင်းစကား ကြားပါသော်လည်း တစ်ယောက်ကိုမျှ ပြန်၍မကြည့်ပေ။ ဤသို့ အကျွန်ုပ်သမီးသည် စောင့်ထိန်းပေသည်" ဟု ချွေးမတော်၏ဂုဏ်ကျေးဇူးကို ချီးကျူးလျှောက်ထားရာတွင်

"ယခုအခါ ဒကာတော်မင်းကြီးသည် စောင့်ရှောက်ထိန်းအပ်သည်ဖြစ်၍ ဖြောင့်မတ်တည်ကြည်သည်ကား အံ့ဖွယ် မရှိသေး။ ရှေးသောအခါ 'စန္ဒကိန္နရီ' ဖြစ်သောအခါက ဆွေညာမိဘ စောင့်သူမရှိဘဲလျက် မိမိကိုယ်ကို မိမိ စောင့်သဖြင့် ကာလရှည်မြင့်စွာ ကြင်နာဖူးပြီ" ဟု စန္ဒကိန္နရီဇာတ်ကို ဟောတော်မူ၏။ ယင်းသို့ တရားဟောတော်မူပြီးသော် နိဂြောဓာရုံကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

## ။၂၄။ ညီတော် နန္ဒမင်းသား ရဟန်းပြုခြင်း

သုဒ္ဓေါဒနမင်းဟရားလည်း 'ငါ့သားတော်အကြီးလည်း ရွှေထီးရွှေနန်း တိုင်းခန်းပြည်ထောင်ကို စိုးဆောင်အုပ်ကွပ်၍ လေးမြတ်စပယ်ခြင်းတည်းဟူသော လူမင်းတို့၏ စည်းစိမ်ချမ်းသာကို ငြီးငွေ့သည် မှန်ချေပြီ။ နောင်သောအခါ ငါ့ရိုက်ရာကို အုပ်ချုပ်၍ မင်းလုပ်စိမ့်သောငှာ သားတော် 'နန္ဒ' မင်းသားကို နမတော် 'ဇနပဒကလျာဏီ'နှင့် စုံဖက်၍ အိမ်ရှေ့နှင်းမည်'ဟု ကြံ၍ စီမံခင်းကျင်းရှိသည်နှင့် ဘုရားသခင်ရောက်၍ သုံးရက်မြောက်သောနေ့၌ ညီတော်နန္ဒမင်းသား၏ အိမ်တက်မင်္ဂလာ, ဦးသျှောင်ထုံးမင်္ဂလာ, သင်းကျစ်ဆောင်းမင်္ဂလာ, ထိမ်းမြားမင်္ဂလာ, အိမ်ရှေ့ထီးဆောင်းမင်္ဂလာ ဤ ငါးဖြာသောမင်္ဂလာ သဘင်သည် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားလည်း ဆွမ်းခံဝင်တော်မူ၍ မင်္ဂလာမဏ္ဍပ်တော်၌ ထူးမြတ်သော မင်္ဂလာတရားကို ဟောကြားပြီးသော် ညီတော်နန္ဒမင်းသားအား သပိတ်တော်ကို ကမ်း၏။ နန္ဒမင်းသားလည်း ဘုရား၌ ရိုသေခြင်းပြင်းသဖြင့် သပိတ်တော်ကို သူတစ်ပါးအားလည်း မပေးဝံ့၊ ဘုရားရှင်အားလည်း မကပ်ဝံ့ဘဲ ပခုံးထက်ထမ်းကာသာ နောက်တော်ကလိုက်၍ 'ရွှေနန်းရင်ပြင်သို့ရောက်လျှင် ဘုရားသခင် ယူတော်မူလိမ့်သတည်း' ဟု ကြံ၏။ ထိုသို့ ရောက်၍မှ မယူပြန်လျှင် 'ဥကင်စောင်းတန်းရင်းသို့ ရောက်သော် ယူလတ္တံ့.' ဟု ကြံပြန်၏။ ဤသို့ရောက်၍ မယူပြန်လျှင် 'မြင်ရတော်မမူဘိ၍ သတိမရသောကြောင့်သာ မယူသည်' ဟု အောက်မေ့၍ နောက်တော်မှ လမ်းစောင်းတက်ကာ သံဃာတော်တို့အား စကားပြောဟောကာ 'ဤဌာနသို့ရောက်သော် ယူလတ္တံ့.'၊ 'ဤဌာနသို့ရောက်သော် ယူလတ္တံ့.'စသည်ဖြင့် ကြံလျက် နောက်တော်ရုံက သပိတ်ကိုထမ်းပိုက်၍ တစိုက်စိုက်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးအား မောင်းမများက "သခင်မဖုရားမောင်တော်ကို သူ့နောင်တော်ရဟန်းက သပိတ်ထမ်းခေါ်ချေသည်" ဟု လျှောက်ကြားကြလျှင် ဇနပဒကလျာဏီသည် လျင်မြန်စွာ ထမျှော်၍၊ မောင်တော်၏အမူအရာကိုမြင်လျှင် ရင်အုံထဲ၌ ရေဝဲလိုက်သကဲ့သို့ ရိုက်ရိုက် တုန်မျှ ဆွတ်မောလှ၍ စီးကျသောမျက်ရည်, ဖြည်အပ်သောဆံတို့ဖြင့် ငယ်သံငယ်မူကို ဖြစ်စေလျက် "အရှင့်သား။ ရှည်လျားစွာ မနေပါလင့်။ လျင်စွာ ပြန်ခဲ့ပါလော့" ဟု လျှောက် လိုက်၏။ ထိုစကားသည် နန္ဒမင်းသား၏သည်းကြားဝမ်းပြင်၌ တံကျင်လျှိုသကဲ့သို့ ပါ၏။

မြတ်စွာဘုရားလည်း ကျောင်းတော်သို့ရောက်လျှင် "ညီတော်နန္ဒ။ ရဟန်းပြုနိုင်မည် လော" ဟု မေး၏။ နန္ဒမင်းသားလည်း ဘုရားရှင်၌ ရိုသေကြောက်ရွံ့ခြင်းကြောင့် "မပြု လိုပါ" ဟု မဆိုဝံ့ရကား "ပြုပါမည်" ဟု လျှောက်၏။ ဘုရားရှင်လည်း အရှင်သာရိပုတ္တရာ ကို ခေါ်တော်မူ၍ ညီတော်ကို ရဟန်းပြုစေ၏။

မင်းသားလည်း ထိုနေ့မှစ၍ သာဝတ္ထိပြည်သို့ ရောက်သည့်တိုင်အောင် ထိုင်တိုင်း နေတိုင်း စက်မွေ့တိုင်းပင် နမတော်မှာလိုက်သော အသံကိုသာကြား၍ စားမဖြောင့် စက်မပျော် ရှိ၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်နေသောအခါ၌ "ငါသည် သာသနာ၌ ချမ်းသာမရနိုင်ပြီ။ လူထွက်၍ ထီးဆက်နန်းရာကို ခံစံတော့မည်" ဟု သီတင်းသုံးဖော်တို့ အား ပြောကြားလေသော်၊ သံဃာတော်တို့လည်း ဘုရားသခင်အား နားတော်လျှောက်ကြ၏။

ကိုယ်တော်မြတ်လည်း ညီမင်းနန်ကို ခေါ်တော်မူလျက် "လူထွက်လိုသည်ဟု ငါ ကြားတော်မူသည်။ မှန်သလော"ဟု မေးတော်မူ၍၊ မှန်ကြောင်းကို လျှောက်လေလျှင် "ငါ့ညီခင်။ သင် အဘယ်အကြောင်းအရာကြောင့် သာသနာ၌ မမွေ့လျော်ဘိသနည်း"ဟု မေးတော် မူပြန်၏။ နန္ဒမင်းသားလည်း "နမတော် ငိုယိုကာနှင့် အမြန်ပြန်လာပါဟု မှာလိုက်သော စကားသည် အသည်းကြား၌ ချပ်လျက်ပါသကဲ့သို့ရှိ၍ နွမ်းရိုသိုးချုံး နှလုံးမရွှင်နိုင်ပါသော ကြောင့် လူထွက်လိုပါသည်" ဟု လျှောက်လျှင်၊ ဘုရားသခင်လည်း "သင် ငြီးငွေ့လျှင် ဒေဝစာရီချီတော်မူရာ ငါနှင့်လိုက်လှည့်"ဟု မိန့်တော်မူလျက် ညီတော်၏ လက်ရုံးကိုကိုင်ပြီးလျှင် မြိုင်စခန်းသို့ ခေါ်၍ကြွတော်မူ၏။

တောခရီး၌ မီးလောင်ပြင်စု တစ်ခုသောသစ်ငုတ်တိုဝယ် အိုမင်းဆိုးရွား မေးပါးရှုံ့တွန့် နှာလွန့်ဖြိုးဖြိုး အရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် လူတိုင်းစက်ဆုပ်ဖွယ်ရှိသော မျောက်မတစ် ကောင်ကိုမြင်လျှင် ထိုတွင်ရပ်လျက် လက်ညှိုးညွှန်တော်မူပြီးသော် "ဤသူကား အဘယ် သူနည်း" ဟု မေးတော်မူ၍၊ 'မျောက်မဖြစ်ကြောင်း'ကို နားတော်လျှောက်လျှင် "ထိုမျောက်မနှင့် ငါ့ညီနမ ဇနပဒကလျာ ဤနှစ်ဖြာသည် ဘယ်သူကသာသနည်း" ဟု မေးတော်မူ၏။ ညီတော်လည်း အလွန်ဝမ်းနည်းရကား သည်းစွာငိုကြွေးမြည်တမ်းလျက် "ရဟန်းမင်းသည် ကိုယ်ချင်းမစာ မညာမရှု ပြုတော်မူဘိသည်" ဟုလျှောက်သော်၊ ကိုယ်တော်မြတ်က "ငါ့



www.burmeseclassic.com

www.burmeseclassic.com



ညီသဘောကို သိလို၍သာ ငါ ကျီစယ်သည်။ စိတ်မငယ်နှင့်" ဟု မိန့်တော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ တက်ကြွတော်မူ၏။

နတ်လမ်းမသို့ ရောက်သောအခါ ဝေဇယန္တာနန်းရင်ပြင်၌ အရှင်သိကြားမင်းအား ခစားအံ့သောငှာ တင့်တယ်စွာတန်ဆာဆင်လျက် လာကုန်သော ခိုခြေအသွင် နီလွင်တောက်ပ အလွန်လှသော အဆင်းအရောင်ရှိကုန်သော ငါးရာမျှလောက်ကုန်သော နတ်သမီးတို့ကို ခရီးရင်ဆိုင် တွေ့ကြသဖြင့် ပြတော်မူပြီးသော် "ညီတော်နန္ဒ။ ငါးရာမျှသော ဒေဝစ္ဆရာ နတ်ကညာတို့သည် မူရာသွင်ပြင် ကြန်အင်လက္ခဏာဖြင့် ရှုချင်စဖွယ် တင့်တယ်ပါ၏လော" ဟု မေးတော်မူ၏။ အလွန်တင့်တယ် ချစ်ဖွယ်ရှိကြောင်းကို လျှောက်လျှင် "ယခုမြင်သော ဤနတ်ကညာတို့နှင့် သာကီဝင်မင်းစစ် ညီချစ်နှမ ဇနပဒကလျာဏီသည် ဘယ်သူသာ၍ ဆင်းဝါလွန်ကြူး အထူးတင့်တယ်ဘိသနည်း" ဟု မေးတော်မူပြန်၏။ ညီတော်မြတ်လည်း "ရွှေဘုန်းတော်ရှင် သခင်ဘုရား။ ငါးရာမျှလောက်သော ဤနတ်သမီးတို့နှင့် သာကီဝင်မ ဇနပဒကလျာဏီသည် မီးလောင်ရာမြေအပြင်တွင် ယခင်ပြတော်မူခဲ့သော မျောက်အိုမနှင့် တူပါတော့သည်ဘုရား" ဟု လျှောက်ထား၏။

ဘုရားသခင်လည်း "ညီတော်နန္ဒ။ ငါ့သာသနာ၌ ကောင်းစွာကျင့်ဘိလော့။ ဤနတ်သမီးများသည် သင့်ထံသို့ ခံစားစေတတ်သော အတတ်ပညာကို ငါ ပေးတော်မူအံ့" ဟုဆို၍ ထိုနတ်ပြည်မှ ပြန်လည်တော်မူ၍ ကျောင်းသို့ရောက်သောအခါ လက္ခဏာရေး သုံးပါးနှင့်စပ်သော တရားဒေသနာကို ဂါထာဖွဲ့သီ၍ ပေးတော်မူသဖြင့် နေ့ညဥ့်မခြား ထိုင် လျက်သာလျှင် နတ်ကလျာတို့လာအောင် ရည်မှန်းပြီး စီးဖြန်းသရဇ္ဈာယ်၏။

ထိုအခါ များစွာသောရဟန်းတို့က "ညီတော်မြတ်ဖြစ်၍ နတ်သမီးလာစေတတ် သော ဂါထာကို မြတ်စွာဘုရား ပေးသနားတော်မူပေသည်။ မင်းနန္ဒလည်း နတ်သမီးကို ရစိမ့်သောငှာ သာသနာတော်၌ ရဟန်းပြုလေသည်။ ဤအကျင့်ဖြင့် နတ်သမီးကို ဝယ်မည် ဟု ကြံသည်။ အံ့ဖွယ်ရှိစွ" ဤသို့စသည်ဖြင့် ပြက်ရယ်ပြု၍ ကျီစယ်ကြသော် ညီတော် ရဟန်းလည်း အဆွေခင်ပွန်းတို့ကိုရှက်ရကား ကွယ်ဝှက်ရာ၌နေ၍ စီးဖြန်းသည်။

ထိုသို့ စီးဖြန်းဖန်များသဖြင့် တရားတော်၏အနက်အဓိပ္ပာယ်သည် မျက်စိဝယ် မြင်သကဲ့သို့ ထင်ရကား များမကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအခါ တစ်ဦး တည်းသောနတ်သည် ဘုရားထံတော်သို့ကပ်၍ "ဤ အရှင်မြတ်၏ ညီတော်ဖြစ်သော နန္ဒမင်းသား အာသဝေါတရားလေးပါးမှ လွတ်ပေပြီ။ ဤလောက၏အဆုံးကို မြင်ပေပြီ" ဟု နားတော်လျှောက်၏။ နန္ဒမင်းသားလည်း ထိုညဥ့်လွန်လျှင် ဘုရားသခင်ထံသို့ကပ်၍ "နတ်သမီးများအား အကျွန်ုပ် မလိုပါပြီ။ ဤမျှလောက်သော ကာလပတ်လုံး အဆုံးမရှိသော ဒုက္ခကို ရခြင်း၏အကြောင်း၌သာလျှင် ပျော်ရွှင်နေမှားဘိ၍ ယခုမှသာ ဒေသနာဖြင့် ဖြောင့် သောလမ်းကို မြင်ပေသည်။ သံသရာ၏အဆုံးသို့ ရောက်ပေသည်။ မှောက်အပ်သောဝတ္ထုကို လှန်ဘိကဲ့သို့ ရှိပေသည်" ဟု သဗ္ဗညု၏ကျေးဇူးတော်ကို ချီးမွမ်း၍လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း "သင်သည် နတ်သမီးကို အလိုမရှိပါမူ ငါ၏ဝန်ခံခြင်း ငြိမ်းတော့သည်" ဟု မိန့်တော်မူ၍၊

'ယဿ ကာမပင်္ကော တိဏ္ဏော' စသောဥဒါန်းကို ကျူးရင့် ဘော်မူ၏။

အနက်ကား - ယဿ၊ အကြင် ရဟန္တာသည်။ ကာမပင်္ကော၊ ကာမဂုဏ်တည်းဟူသော ညွန်ပျောင်းကို။ တိဏ္ဏော၊ ကူးမြောက်ပြီ။ ကာမကဏ္ဍကော၊ ကာမဂုဏ်အာရုံတည်းဟူသော ဆူးငြောင့်ကို။ မဒ္ဒိတော၊ ချိုးနှိပ်အပ်ပြီ။ မောဟက္ခယံ၊ မောဟ၏ကုန်ရာဖြစ်သော နိဗ္ဗာန်သို့။ အနုပ္ပတ္တော၊ အစဉ်ရောက်ပြီ။ သော၊ ထိုရဟန္တာသည်။ သုခဒုက္ခေ၊ ချမ်းသာ, ဆင်းရဲ၌။ န ဝေဓတိ၊ မတုန်မလှုပ်။

ဤသို့ ရှင်နန္ဒ ရဟန္တာဖြစ်၍ သုံးရက်မြောက်လျှင် သံဃာတော်တို့လည်း ဤသို့ မေးကြကုန်၏။ "ငါ့ရှင်နန္ဒ။ သင်သည် သာသနာ၌ လွန်စွာဆန့်ကျင်၏ ဟူသည်။ ယခုမူကား အသို့နည်း" စသည်ဖြင့် မေးကြကုန်သော် "အဆွေသံဃာတော်တို့။ အကျွန်ုပ်သည် လူ၏ဘဝကို တောင့်တခြင်း ကင်းပါပြီ" ဟု ပြော၏။ ထိုစကားကို မယုံစား၍ ဘုရားရှင်အားလျှောက်လေသော်၊ ဘုရားရှင်လည်း "သင်ချစ်သားတို့။ နန္ဒမင်းသားသည် ရှေးရှေးသောနေ့များက ပျက်ပြားသောအမိုးအကာရှိသော အိမ်နှင့် တူသည်။ ယခုမူကား လွှမ်းထားလုံခြုံစွာ မိုးကာပိတ်ဆို့အပ်သော အိမ်နှင့်တူလေပြီ။ ကိလေသာဟူသော နေပူ, လေပြင်း, မိုးညင်းပေါက်တို့သည် မဖောက်ထွင်းနိုင်ပြီ" ဟု ပြတော်မူခြင်းငှာ

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။

ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။ ပ'။ ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူ၏။

အနက်ကား - ဒုစ္ဆန္နံ၊ ပျက်စီးဆိုးကောင်း မကောင်းသောအမိုးရှိသော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးသည်။ သမတိဝိဇ္ဈတိ ယထာ၊ ထွင်းဖောက်လေသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ အဘာဝိတံ၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းမရှိသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ သမတိ ဝိဇ္ဈတိ၊ ထွင်းဖောက်နိုင်၏။

သုစ္ဆန္နံ၊ ကောင်းစွာမိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးသည်။ န သမတိ ဝိဇ္ဈတိ ယထာ၊ မထွင်းဖောက်နိုင်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သုဘာဝိတံ၊ ရုံခါမလပ်ပွားစေအပ်သော ဝိပဿနာရှိသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ န သမတိ ဝိဇ္ဈတိ၊ မထွင်းဖောက်နိုင်။

ဤဒေသနာတော်ကို ဟောတော်မူရာဝယ် များစွာသောသူတို့သည် အကျွတ်တရားကို ရကုန်သတည်း။ [မှတ်လွယ်စိမ့်သောငှာ ရှေ့မှာ စပ်၍ဆိုလိုက်သည်။]



www.burmeseclassic.com

www.burmeseclassic.com



## ။၂၅။ သားတော် ရာဟုလာမင်းသား ရှင်ပြုခြင်း

ထို့နောက်မှ ခုနစ်ရက်မြောက်သောအခါ ရာဟုလာမယ်တော် ယသောဓရာမိဖုရားသည် သားတော်ကို တန်ဆာဆင်ယင်ပြီးသော် ဘုရားသခင်အထံတော်သို့ အမွေတောင်းစေလို၍ "ချစ်သား။ သုံးပါးသောလောကဝယ် အတုမရ အသဒိသစစ် ဖြစ်တော်မူ၍ နတ်လူအလုံးတို့ ညွတ်ရုံးဦးခိုက်ကြကာ ရဟန္တာနှစ်သောင်းခြံရံလျက် စံပယ်တော်မူသော ဤပုဂ္ဂိုလ်မြတ်သည်ကား အခြားမဟုတ်။ သားမောင့်ဖခင် ကျေးဇူးရှင်တည်း။ မွေးမိခင်နှင့် ရွှေနန်းပြင်ဝယ် စံရွှင်တော်မူသောကာလက တစ်ယူဇနာသုံးဂါဝုတ်မျှ ကြီးကျယ်လှသော ရွှေအိုးလေးလုံးတို့သည် ရှိကုန်၏။ ထိုရွှေအိုးတို့သည် သားတော့်ဖခင် တောဝင်သည်မှစ၍ မိခင်တို့ မမြင်ရကုန်။ ဘယ်ရပ်ဘယ်ကွက် ဘယ်သူ့လက်၌ လျှို့ဝှက်ခဲ့သည်ဟု မသိရပါ။ ငါ့သားမှာမူ အောင်ချာပြည်ကြီး ရွှေထီးရွှေနန်း သည်တိုင်းခန်းကို သိမ်းမြန်းစိုးချုပ် ရှစ်ဖြူအုပ်၍ မင်းလုပ်ရမည့်သူ ဖြစ်ချေသည်။ ဘိုးတော်ဘွားတော် မယ်တော်တို့အား နှစ်လရှည်လျားသင်ချစ်သားပင် စောင့်စားကျွေးမွေးရလိမ့်မည်။ သားဟူသမျှသည် အဘအမွေကို ခံရစမြဲဖြစ်သည်။ သို့ဖြစ်သောကြောင့် မောင့်ဘဘုရားမှာ သွား၍ အမွေတောင်းချေလော့"ဟု စေလွှတ်လိုက်လေ၏။

ရာဟုလာမင်းသားလည်း ဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူရာ အနီးသို့ကပ်၍ ဖခင်၏ ချစ်ခြင်းဖြင့် ရဲတင်းရွှင်လန်းစွာ မိမိနှင့်လျော်ရာ များစွာသောစကားတို့ကို ဆိုလျက်ရပ်၏။ ဘုရားသခင်လည်း ဆွမ်းဘုဉ်းပေးပြီး၍ ကြွတော်မူလေသော် နောက်တော်ကကပ်၍ သင်္ကန်းစကိုကိုင်လျက် "ဖခင်ရဟန်းမြတ်။ အကျွန်ုပ်အား အမွေသနားတော်မူပါ။ အဖဥစ္စာဟူကသားရမြဲ ဓမ္မတာ ဖြစ်ပါသည်" ဟု တောင်းကာတောင်းကာ လိုက်၏။ ကိုယ်တော်မြတ်လည်း သားတော်ကို "ပြန်လေတော့"ဟုလည်း အမိန့်တော် မရှိ။ မိမိ အခြွေအရံများကလည်း "ပြန်ပါ"ဟု မဆိုဝံ့ကြ၍ ကျောင်းတော်သို့တိုင်အောင် လိုက်ပါလေ၏။

ထိုအခါ မြတ်စွာဘုရားလည်း "ငါ့သားရာဟုလာသည် ဥစ္စာအမွေကို အလိုရှိ၏၊ ထိုဥစ္စာကား ဝဋ်တရား၌ ရှည်လျားစွာကျင်လည်ရကြောင်း မကောင်းသောအဆောက်အဦသာ ဖြစ်သည်။ မောင့်ဘမြတ်စွာ ငါဘုရားသည် ကြီးစားကုတ်ကပ်၍ရှာသဖြင့် မဟာဗောဓိပင် ရွှေဘုံ၌ အလုံးစုံရအပ်သော လောကုတ္တရာဓမ္မအမွေကိုသာ ငါ ပေးတော်မူမည်" ဟု မိန့်တော်မူပြီးလျှင်၊ အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ "ဤ ရာဟုလာမင်းသားကို ငါ အမွေ သနားတော်မူလိုသည်။ ရှင်ပြုဘိလော့"ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ဆံရိတ်၍ သင်္ကန်းဝတ်ပေး၏။ အရှင်သာရိပုတ္တရာသည် သရဏဂုံ ပေး၏။ ရှင်မဟာကဿပသည် ဩဝါဒဆရာ ဖြစ်၏။

ထိုသို့ သားတော်၊ မြေးတော်တို့ ရဟန်းပြုလေလျှင် ဖခင် သုဒ္ဓေါဒနမင်းတရားသည် နှလုံးမသာ ကြီးစွာသောဆင်းရဲခြင်းဖြစ်၍ ဘုရားသခင်ထံသို့လာပြီးသော် ဤသို့ နားတော်လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သားတော်ဘုရားသည် ငယ်စဉ်ကပင် လေးဝသောနိမိတ်ကို မြင်၍ လူ့ခွင်၌ မပျော်မြိန်းဘဲ ရဟန်းပြုလိမ့်မည်ဟု ပုဏ္ဏားတို့ဖတ်သော နိမိတ်စကားကို ကြားသည်မှစ၍ ဖခင် နှလုံးမသာ လုံ့လကြီးစွာဖြင့် မခွာထွက်နိုင်အောင် ဗိုလ်တစ်ထောင်ဖွင့်မှ ပွင့်နိုင်သော တံခါးတို့ကို ထား၍ သုံးပါးသောဥတုနှင့် လျော်ကပ်သော ရွှေနန်းပြာသာဒ် ဝယ်ဝန်းပတ်ခြောင်း လေးသောင်းမျှလောက်သော မောင်းမမိဿံ အလွန်အကြူး ထူးမြတ်သော မင်း၏ စည်းစိမ်ချမ်းသာတို့ဖြင့် မြှောက်စား၍အားထုတ်ပါသော်လည်း သားဘုရားသည် အကျွန်ုပ်အား မငဲ့ကွက်၊ တောထွက်၍ရဟန်းပြုခြင်းကြောင့် ကြီးမားသောဒုက္ခဝန်ကို အကျွန်ုပ် သည်းမခံနိုင်အောင် ရှိရပါပြီ။ သည်နှင့်မနေ နန်းလျာထားသော သားမင်းနန်ကို တစ်ဖန်ဆောင်ယူ၍ ရဟန်းပြုပြန်သောကြောင့် ကြီးစွာသောစိတ်ဒုက္ခ ဖြစ်ရပါသည်။ သားကြီး,သားငယ်ပင် ရဟန်းဖြစ်စေကာမူ မြေးတော်ရာဟုလာ နန်းမှာကျန်ရစ်၍ ကေရာဇ်မင်းကောင်း ဘေးလောင်းတို့၏ အနွယ်မပျက် ထီးနန်းကနက်ကို စိုးဆက်စံမြန်းကာ စကြာမင်းအသရေကို ရှုမြင်ရပါမူ စိတ်က ဖြေနိုင်ပါ၏။ ခမည်းတော်မှာ အရိုက်အရာ ခံမည့်သူလည်း မရှိ၊ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းကို အုပ်ဆောင်းစောင်မနိုင်သူလည်း မရှိပြီ။ ရာဇပဝေဏီ အစီအလျဉ်ယုတ်၍ လူ့သစ်ငုတ်ကဲ့သို့ ဖြစ်ချေပြီ။ အကျွန်ုပ်သည် ဘုရား,တရား,သံဃာကို လွန်စွာလေးမြတ်သောသူ ဖြစ်လျက် အတိုင်းထက်အလွန် ပူပန် ဆင်းရဲ ကြေကွဲသောနှလုံး ရှိပါသည်။ သူတစ်ထူးတို့မှာ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့ နည်း အရှင်ဘုရား။ မိဘများ၏ သားမြေးတို့၌ချစ်ခြင်းသည် ရိုးတွင်းခြင်ဆီကိုထိလျက် တည်ပါသည်"

ဤသို့လျှောက်လေလျှင် ဘုရားသခင်လည်း မင်းကြီးအား တရားစကား ဟောကြားညွှန်ပြတော်မူ၍ 'ပဗ္ဗဇိတသုတ်' ဒေသနာတော်ကို ဟောတော်မူ၏။

ထို့နောက်မှ ဖခင်မင်းကြီးလည်း ဤသို့ လျှောက်ပြန်၏။

"အရှင်ဘုရား။ ကြီးမားသော အကျိုးပင်ရှိသော်လည်း မသိမမြင်သောမိဘတို့သည် စိတ်ကိုမသိမ်းနိုင်ရာ။ အကျွန်ုပ် တောင်းပန်ပါမည်။ ယနေ့မှစ၍ မိဘတို့ အနုးအညွှတ်ခွင့်မလွှတ်သော သားသမီးကို အရှင်ဘုရား ယူ၍ ရဟန်းမပြုပါလင့်" ဟု လျှောက်၏။

ဘုရားသခင်လည်း ဝန်ခံတော်မူ၍ ရဟန်းတို့ကို ခေါ်ပြီးသော် –

'န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော။ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ –' ဟူသော သိက္ခာပုဒ်ကို ပညတ် တော်မူ၏။

[ယသောဓရာ သားတောင်းလာသောအကြောင်းကို နောက်မှ ပြတော့အံ့။]

တစ်နေ့သ၌ ဘုရားသခင်သည် နန်းတော်တွင် ဆွမ်းဘုဉ်းပေး၍အပြီးတွင် ဖခင်မင်းကြီးက "အရှင်ဘုရား။ ဒုက္ကရစရိယာကျင့်စဉ်က မထင်ရှားသော နတ်သားတစ်ယောက်သည် လာ၍ 'အရှင်မင်းကြီးသား ဘုရား မဖြစ်နိုင်ပြီ။ စင်္ကြံဦးတွင် ကမ္ဗလာနိုင်းစီးဖြန်းစဉ် လဲ၍ အသည်းကွဲသဖြင့် သေရှာပြီ' ဟု သုံးကြိမ်,လေးကြိမ် ပြောဆိုလာသည်။ ထိုစကားကို အကျွန်ုပ် မယုံပါ။ 'ငါ၏သားသည် ဘုရားမဖြစ်ဘဲကို မသေနိုင်ရာ' ဟု ဆိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်အတိုင်းပင် ယခု မှန်ပေသည်။ ထိုအကြောင်းကိုအောက်မေ့၍ အလွန်ဝမ်းမြောက်ပါသည်" ဟု နားတော်လျှောက်၏။ ဘုရားသခင်လည်း "ခမည်းတော်မင်းကြီး။ ယခုဘဝ၌ ပါရမီရင့်လှပြီကို အဘယ်မှာ ယုံပေအံ့နည်း။ ပါရမီနုစဉ်သာဖြစ်သေးသော ရှေးလွန်လေပြီးသောဘဝက 'မဟာဓမ္မပါလ'သူငယ်ဖြစ်သောအခါ ဒိသာပါမောက္ခဆရာသည် တူရာအရိုးကို ယူဆောင်၍ပြသဖြင့် 'အသင့်သား သေပြီ' ဟု အလီလီပြောသော်လည်း မယုံကြည်ဘူးလေပြီ" ဟု အတ္တုပ္ပတ္တိကိုပြ၍ မဟာဓမ္မပါလဇာတ်ကို ဟောတော်မူလေ၏။ ထိုအခါ မင်းကြီး အနာဂါမ်တည်လေ၏။

## ။၂၆။ မြတ်စွာဘုရား ဝါဆိုစဉ်ဌာနကို အကျဉ်းပြခြင်း

ယင်းသို့ ခမည်းတော်မင်းကြီးအား သုံးပါးသောဖိုလ်၌ တည်စေပြီးမှ ဝါဆိုလတွင် ရာဇဂြိုဟ်ပြည်သို့ပြန်၍ ဝေဠုဝန်ကျောင်း၌ 'ဒုတိယ, တတိယ, စတုတ္ထ သုံးဝါ' ကပ်တော်မူသည်။

ထို့နောင် လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို မဂ်ဖိုလ်ခရီး၌ တည်စေတော်မူလျက် ဝေသာလီပြည် မဟာဝုန်တောဝယ် စုလစ်မွမ်းချွန်တပ်သော ဇရပ်ကျောင်း၌ 'ပဥ္စမဝါ' ဆိုတော်မူသည်။

– ထို့နောင် မကုဋတောင် ချရားတော၌ ဆဋ္ဌမဝါ ဆိုတော်မူသည်။

– ထို့နောင် တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ 'သတ္တမဝါ' ဆိုတော်မူသည်။

ထို့နောင် ဘဂ္ဂတိုင်း သံသုမာရဂိရိပြည် ဘဂ္ဂါသယဇနပုဒ်၏အနီးဖြစ်သော ဘေသကလာ မိဂဒါဝုန်တော၌ 'အဋ္ဌမဝါ' ဆိုတော်မူသည်။

– ထို့နောင် ဥတေနမင်း၏နေရာ ကောသမ္ဗီပြည်၌ ကောသမ္ဗကသူဌေးတို့ ဆောက်လှူအပ်သော ဃောသိတာရုံ, ကုက္ကုဋာရုံ, ပါဝါရိကာရုံ ကျောင်းသုံးရပ်၌ 'နဝမဝါ' ဆိုတော်မူသည်။

– ထို့နောင် ကောသမ္ဗီပြည်သား ရဟန်းတို့၏ ဝိဝါဒကို ဆုံးမခြင်းမှ ရှောင်တော်မူလျက် ပါလိလေယျကတောအုပ်၌ ပလလည်းဆင်မင်း၏ အလုပ်အကျွေးကိုခံ၍ ကိုယ်တော်တည်းပင်လျှင် အင်ကြင်းပင်အရိပ်၌ 'ဒသမဝါ' ဆိုတော်မူသည်။

– ထို့နောင် နာဠမည်သော ပုဏ္ဏားရွာအနီး နာဠိကာရုံ ကျောင်းကြီး၌ ဧကာဒသမဝါ ဆိုတော်မူသည်။

– ထို့နောင် ဝေရဥ္စပုဏ္ဏား ပင့်ဖိတ်သည်ဖြစ်၍ ဝေရဥ္စတိုင်း၏အနီး ကြီးစွာပေါက်သော 'နဠေရု'အမည်ရှိသောဘီလူးသည် စောင့်ရှောက်အပ်သော တမာပင်ရင်း၌ 'ဒွါဒသမဝါ' ဆိုတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝသဝတ္တီမာရ်နတ်မင်းသည် ဘုရားသခင်ကို နှိမ်နင်းလိုသောဆန္ဒဖြင့် နေ့ညဥ့် ကြည့်ရှု၍နေသဖြင့် အခွင့်ရလေရကား ဝေရဉ္ဇပုဏ္ဏားနှင့်တကွ တိုင်းသူတိုင်းသားတို့ကို ဖီတား(တားမြစ်)၍ မေ့လျော့စေသဖြင့် ဘုရားရှိသည်ကို သတိမရသောကြောင့် လည်းကောင်း၊ မိုးရေခေါင်းပါး၍ အစားအစာ လွန်စွာရှားပါးသောကြောင့် လည်းကောင်း ဘုရား နှင့်တကွသော သံဃာငါးရာတို့ လွန်စွာ ဆွမ်းပန်းခေါင်းပါးကြသတည်း။ [ထိုအခါ အရှင်မောဂ္ဂလာန် လျှောက်သောအကြောင်းကို နောက်မှ ဆိုတော့အံ့။]

– ထို့နောင် နတ်ဘီလူးအပေါင်းတို့အား တရားဟောရွတ် ချွတ်တော်မူ၍ စာလိယ တောင်၌ 'တေရသမဝါ' ဆိုတော်မူသည်။

– ထို့နောင် 'အနာထပိဏ်'သူဌေးတို့ ပင့်လျှောက်သည်ကို ထောက်တော်မူ၍ သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ 'စုဒ္ဒသမဝါ' ဆိုတော်မူသည်။

ထိုအခါ လူတို့၏ကောဇာသက္ကရာဇ် ၁၁၇ ခု နှယ်တာလဆန်း လေးရက်နေ့ နေလွဲတစ်ဖဝါးတွင် သံဃာတော်တို့ အတိုင်းမသိသော ပညတ်တော်နှင့် ပြည့်စုံတော်မူသည်ကို ချီးမွမ်းကြသောစကားစပ်တွင် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော 'မဟာဥမင်္ဂဇာတ်' ကို ဟောတော်မူသည်။

ထိုနှစ် တန်ဆောင်မုန်းလဆန်းတစ်ရက် သောကြာနေ့ ညချမ်းအခါတွင် သံဃာ တော်တို့ မဟာဘိနိက္ခမနကို ချီးမွမ်းကြသောစကားစပ်ဖြစ်၍ အတ္တုပ္ပတ္တိကိုပြလျက် ငါးရာ နှစ်ဆယ့်လေးဂါထာရှိသော 'မဟာဇနကဇာတ်'ကို ဟောတော်မူသည်။

ထို့နောက် နတ်တော်လဆန်းလေးရက် ဗုဒ္ဓဟူးနေ့ ညဉ့်အခါ မဟာဘိနိက္ခမနကို ချီးမွမ်းကြသောစကားစပ်ဖြစ်၍ တစ်ရာ့သုံးဂါထာရှိသော 'တေမိဇာတ်'ကို ဟောတော်မူ သည်။

အကြားအကြား၌ ဟောတော်မူအပ်သော သုတ်, နိပါတ်, ဇာတ်ဒေသနာတော်ကား အပရိမာဏပင် ဖြစ်သတည်း။

– ထို့နောင် ဆွေတော်မျိုးတော်တို့ကို သင်္ဂြိုဟ်ထောက်ပံ့တော်မူခြင်းငှာ ကပိလဝတ် ပြည် နိဂြောဓာရုံကျောင်း၌ 'ပန္နရသမဝါ' ဆိုတော်မူသည်။ ထိုအခါ "ဤကျောင်းရာတွင် ဈာန်ချမ်းသာဖြင့် ရှေးသောအခါ ငါ နေဖူးပြီ" ဟု 'မဟာကဏှဇာတ်'ကို ဟောတော်မူသည်။

[ဗုဒ္ဓဝင် ဒေသနာတော်ကိုလည်း ဤ တစ်ဆယ့်ငါးဝါမြောက်မှ ဟောတော်မူသည်ဟု အနာဂတဝင် အဋ္ဌကထာ၌ ဆိုသည်။ ဗုဒ္ဓဝင်အဋ္ဌကထာ၌ကား ပထမ ကြွတော်မူစဉ်ကပင် ဟောတော်မူသည် ဟူ၏။ နှစ်ကျမ်း မတူညီကြ။]

– ထို့နောင် အာဋ္ဌဝကဘီလူး အစရှိသော သတ္တဝါတို့ကို ကောင်းစွာ ချေချွတ်တော် မူလျက် အာဠဝီပြည်၏အနီး မဟာဝုန်ကျောင်းကြီး၌ 'သောဠသမဝါ' ဆိုတော်မူသည်။

– ထို့နောက် နတ်ဘီလူးအပေါင်းတိုအား တရားရသကို ဝေငှတိုက်ကျွေးတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ 'သတ္တရသမဝါ' ဆိုတော်မူသည်။

ထိုအခါ ယောက်ဖတော်ဒေဝဒတ်သည် အဇာတသတ်မင်းနှင့်ညီညွတ်၍ တောင် ပေါ်မှ ကျောက်ကိုလိမ့်ချခြင်း, လေးဖြင့်ပစ်ခြင်း, နာဠာဂိရိဆင်ကို လွှတ်ခြင်း စသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုသည်။ သားတော် အဇာတသတ်မင်းကိုလည်း ခမည်းတော်ဗိမ္ဗိသာရမင်းကို သတ်စေသည်။ ဗိမ္ဗိသာရမင်းကြီးကား သက္ကရာဇ် ၁၂၀ ပြည့်တွင် လွန်တော်မူသည်။ ထိုမင်းကား ဘုရားသခင်အောက် နှစ်နှစ် ငယ်သည်။ ထိုဝါ၌ အဇာတသတ်, ဒေဝဒတ်တို့ကို အကြောင်း စပ်လျဉ်းမိ၍ အသီတိနိပါတ်၌ 'မဟာသုဝဇာတ်'၊ 'ကပိရာ ဇာတ်'၊ 'ဝါနရ ဇာတ်'၊ 'သောမန သဇာတ်' အစရှိသော များစွာသောဇာတ်တို့ကိုလည်း ဟောတော်မူသည်။ နယုန်လဆန်း လေးရက် တနင်္ဂနွေနေ့ မွန်းလွဲအချိန်တွင် ဂါထာကိုးဆယ်ရှိသော 'စန္ဒကုမာရဇာတ်'ကို ဟောတော်မူသည်။

– ထို့နောင် နတ်ဘီလူးတို့ကို ဆုံးမတော်မူလျက် စာလိယတောင်၌ 'အဋ္ဌာရသမဝါ', 'ကေ့ုနဝိသတိမဝါ' ဆိုတော်မူသည်။

– ထို့နောင် သတ္တဝါအပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူလျက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ 'ဝိသတိမဝါ' ဆိုတော်မူသည်။

ထိုအခါ အဇာတသတ်မင်းသည် ဖခင်ကိုသတ်မိ၍ နှလုံးမသာ ချမ်းသာမရ ရှိလေသော် ဆရာဇီဝကကိုမှီ၍ ဘုရားအထံတော်သို့လာသဖြင့် တရားတော်ကိုနာရသော် ဘုရားသာသနာတော်၌ လွန်စွာစုံမက်၍ မစက်မရက်မြတ်နိုးသဖြင့် ချီးပင့်ပူဇော်လေသည်။ များစွာသော သုတ်, နိပါတ်, ဇာတ်တို့ကိုလည်း ဟောတော်မူသည်။

– ထို့နောင် ဝေနေယျအများကို တရားရသ ဝေငှတော်မူ၍ သာဝတ္ထိပြည်၏ တောင်မျက်နှာ ရှစ်ပယ်စာခန့်တွင် ဆောက်လုပ်အပ်သော ဇေတဝန်ကျောင်းတော်မြတ်၌ 'ဧကဝီသတိမဝါ'မှ စ၍ တစ်ဆယ့်ကိုးဝါတိုင်တိုင် နေတော်မူသည်။

ထို့နောင် ဝိသာခါ ဒါယိကာမမြတ်သည် ဆောက်လှူအပ်သော ပုဗ္ဗာရုံကျောင်းတော်မြတ်၌ 'စတ္တာလီသမဝါ'မှ စ၍ ခြောက်ဝါတိုင်တိုင် ဝါဆိုတော်မူသည်။

အဆုံးစွန်သောကာလ၌ကား ဝေဠုဝရွာ၌ ဝါကပ်တော်မူသည်။

ငင်းဝါဆိုစဉ်ကို လင်္ကာဖြင့်ပြအံ့ –

## ဝါဆိုစဉ်လင်္ကာ

သုံးလူ့သခင်၊ ငါးမာရ်သင်၍၊ ပလ္လင်ပတ်ရုံ၊ သတ္တဋ္ဌာန်ဝယ်၊ သတ္တာဟံဖွဲ့၊ စံပယ်ခဲ့ပြီး၊ တစ်ဆယ့်ရှစ်ယူဇနာ၊ ထိုမှကြွသည့်၊ ဗာရာနဂရ၊ မိဂဒဥ်၊ နန္ဒိယဝိဟာ၊ ပထမဝါတည့်၊ ဒွိ, တိ, ဇယ၊ ရာဇဂဟံ၊ ဝေဠုန်ဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လိစ္ဆဝီဝိဟာ၊ ဆဝါ မကုဋ၊ သတ္တမ ဝတိံသာ၊ အဋ္ဌာ ဘဂ္ဂ၊ နဝမ ကောသမ္ဗီ၊ ဃောသိ ရွှေဘုံ၊ ရဂုံ ပလလေယျ၊ ဒသမတည့်၊ နာဠပုဏ္ဏားရွာ၊ ကောဒသဉ်၊ ဝေရဉ် ဗာရည်၊ တောင်မြတ် စာလိယ၊ တေရသတည့်၊ စုဒ္ဒသဝါ၊ သာဝတ်တောင်စွန်၊ ဇေတဝန်စံမှီ၊ ကပီ ပန္နရည်၊ ကျောင်းမြတ် နိဂြောဓ၊ သောဠသမီ၊ အာဠဝိတည့်၊ ဂိရိဗ္ဗဇ၊ သတ္တရသာ၊ ဆယ့်ရှစ်ဝါနှစ်၊ နဝါဒသ၊ စာလိယ ကပ်ဆို၊ ရာဇဂြိုဟ် ဝိသ၊ ဤထိုမျှကား၊ ပထမဗောဓိ၊ အနိယ ဝါ၊ နောင်လာ တွက်ဖွဲ့၊ နှစ်ဆယ့်လေးတန်၊ ဇေတဝန် ပုဗ္ဗာ၊ လှည့်လည်ကာဖြင့်၊ ခေမာနီးသော်၊ ရွာကြီးဝေဠုဝ၊ ဝါတော်မျှ၍၊ ပဉ္စစတ္တာလီး



www.burmeseclassic.com

www.burmeseclassic.com



အသိတျာယု၊ တိုင်သမှုဖြင့်၊ ဤလူ့သက္ကရာဇ်၊ အင်္ဂ, ဇော, ဇက်၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမိစေ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား၊ ရှင်ဘုရားကို၊ ညွတ်တွားဝန္ဒနာ၊ ပူဇော်ပါ၏။

အဋ္ဌကထာပါဌ်ဖြင့် မှတ်သားလိုမူကား –

ပဌမဝဿံ ဣတိပတနေ မိဂဒါယေ ဓမ္မစက္ကံ ပဝတ္တေတွာ အဋ္ဌာရသ ဗြဟ္မကောဋိယော အမတပါနံ ပါယေတွာ ဗာရာဏသိံ ဥပနိ ဿာယ ဣသိပတနေ မိဂဒါယေ ဝသိ၊ ဒုတိယဝဿံ ရာဇဂဟံ ဥပနိဿယ ဝေဠုဝန မဟာဝိဟာရေ၊ တတိယစတုတ္ထာနိပိ တတ္ထေဝ၊ ပဉ္စမံ ဝေသာလိံ ဥပနိဿယ မဟာဝနေ ကူဋာဂါရသာလာယံ၊ ဆဋ္ဌံ မကုဠ ပဗ္ဗတေ၊ သတ္တမံ တာဝတိံသ ဘဝနေ၊ အဋ္ဌမံ ဘဂ္ဂေသု သံသုမာရဂိရိံ ဥပနိဿာယ ဘေသကလာဝနေ၊ နဝမံ ကောသမ္ဗိယံ၊ ဒသမံ ပါလိလေယျက ဝနသဏ္ဍေ၊ ဧကာဒသမံ နာဠာယံ ဗြာဟ္မဏဂါမေ၊ ဒွါဒသမံ ဝေရဉ္ဇာယံ၊ တေရသမံ စာလိယ ပဗ္ဗတေ၊ စုဒ္ဒသမံ ဇေတဝနမဟာဝိဟာရေ၊ ပဉ္စဒသမံ ကပိလဝတ္ထု မဟာနဂရေ၊ သောဠသမံ အာဠဝကံ ဒမေတွာ စတုရာသီတိပါဏ သဟဿာနိ အမတပါနံ ပါယေတွာ အာဠဝိယံ၊ သတ္တရသမံ ရာဇဂဟေယေဝ၊ အဋ္ဌာရသမံ စာလိယပဗ္ဗတေယေဝ၊ တထာ ဧကူနဝီသတိမံ၊ ဝီသတိမံ ပန ဝဿံ ရာဇဂဟေယေဝ ဝသိ။ တေန ဝုတ္တံ 'ဘဂဝါ ဟိ ပဌမဗောဓိယံ ဝီသတိဝဿာနိ အနိဗဒ္ဓ နိဝါသေတွာ ယတ္ထ ယတ္ထ ဖာသုကံ ဟောတိ၊ တတ္ထတတ္ထေဝ ဂန္တွာဝသိ" တိ။ တတော ပဋ္ဌာယ ပန သာဝတ္ထိံယေဝ ဥပနိဿာယ ဇေတဝနမဟာဝိဟာရေ စ ပုဗ္ဗာရာမေ စ ဓုဝပရိဘောဂဝသေန ဝသိ' ဟူသော အဋ္ဌကထာပါဌ်ကို ဆောင်ရာသည်။

အနက်ကား – ပဌမဝဿံ၊ ရှေးဦးစွာသော ဝါကို။ ဣသိပတနေ၊ ဣသိ ပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန် တောရဂုံ၌။ ဓမ္မစက္ကံ၊ ကို။ ပဝတ္တေတွာ၊ ၍။ အဋ္ဌာရသ ဗြဟ္မကောဋိယော၊ တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့ကို။ အမတပါနံ၊ အမြိုက် တည်းဟူသော အဖျော်ကို။ ပါယေတွာ၊ သောက်စေပြီး၍။ ဗာရာဏသိံ၊ ကို။ ဥပနိ ဿာယ၊ အမှီပြု၍။ ဣသိပတနေ၊ အမည်ရှိသော။ မိဂဒါယေ၊ ၌။ ဝသိ၊ ဝါဆိုတော်မူ၏၊ ဒုတိယဝဿံ၊ ဝါကို။ ရာဇဂဟံ၊ ပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ ဝေဠုဝနမဟာဝိဟာရေ၊ ဝေဠုဝန် အမည်ရှိသောကျောင်းကြီး၌။ ဝသိ၊ မူ၏။ တတိယစတုတ္ထာနိပိ၊ တတိယ, စတုတ္ထဝါ တို့ကိုလည်း။ တတ္ထေဝ၊ ထိုရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌သာလျှင်။ ဝသိ၊ ၏။ ပဉ္စမံ၊ ပဉ္စမဝါကို။ ဝေသာလိံ၊ ကို။ ဥပနိဿာယ။ ၍။ မဟာဝနေ၊ မဟာဝန်တောကြီး၌။ ကူဋာဂါရသာလာယံ၊ စုလစ်မွမ်းချွန်တပ်သော ဇရပ်၌။ ဝသိ၊ မူ၏။ ဆဋ္ဌံ၊ ဝါကို။ မကုဠပဗ္ဗတေ၊ ၌။ သတ္တမံ၊ ဝါကို။ တာဝတိံသဘဝနေ၊ ၌။ အဋ္ဌမံ၊ ကို။ ဘဂ္ဂေသု၊ ဘဂ္ဂတိုင်းတို့၌၊ သံသုမာရဂိရိံ၊ ငါးမိကျောင်း၏ ဦးခေါင်းတူပြီ တောင်ကိုမှီ၍ တည်အပ်သောကြောင့် သံသုမာရဂိရိ မည်ရှိဝေါဟာ မြို့ပြည်ရွာကို။ ဥပနိဿာယ၊ မှီ၍။ ဘေသကလာဝနေ၊ ဘေသကလာ မိဂဒါဝုန်တော၌။ ဝသိ၊ မူ၏။ နဝမံ၊ ကို။ ကောသမ္ဗိယံ၊ ၌။ ဒသမံ၊ ကို။ ပါလိလေယျက ဝနသဏ္ဍေ၊ ပါလိလေယျက တောအုပ်၌။ ဧကာဒသမံ၊ ဝါကို။ နာဠာယံ၊ နာဠအမည်ရှိသော။ ဗြာဟ္မဏဂါမေ၊ ပုဏ္ဏားရွာ၌။ ဝသိ၊ ၏။ ဒွါဒသမံ၊ ဝါကို။ ဝေရဉ္ဇာယံ၊



www.burmeseclassic.com

www.burmeseclassic.com



၌။ တေရသမံ၊ ဝါကို။ စာလီယပဗ္ဗတေ၊ ၌။ ဒုဒ္ဒသမံ၊ ဝါကို။ ဇေတဝန မဟာဝိဟာရေ၊ ၌။ ဝသိ၊ ၏။ ပဥ္စဒသမံ၊ တစ်ဆယ့်ငါးကြိမ်မြောက်သော ဝါကို။ ကပိလဝတ္ထု မဟာနဂရေ၊ ကပိလဝတ်ပြည်မြတ်၌။ ဝသိ၊ ၏။ သောဠသမံ၊ ဝါကို။ အာဠဝကံ၊ အာဠဝကဘီလူးကို။ ဒမေတွာ၊ ဆုံးမတော်မူ၍။ စတုရာသီတိပါဏသဟဿာနိ၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ကို။ အမတပါနံ၊ အမြိုက်အရသာကို။ ပါယေတွာ၊ သောက်စေတော်မူ၍။ အာဠဝိယံ၊ ပြည်၌။ ဝသိ၊ ၏။ သတ္တရသမံ၊ ကို။ ရာဇဂဟေယေဝ၊ ၌သာလျှင်။ ဝသိ၊ ၏။ အဋ္ဌာရသမံ၊ တစ်ဆယ့်ရှစ်ဝါကို။ စာလီယပဗ္ဗတေ ယေဝ၊ ၌သာလျှင်။ ဝသိ၊ ၏။ တထာ၊ ထို့အတူ။ ဧကူနဝီသတိမံ၊ တစ်ဆယ့်ကိုးဝါကို။ စာလီယပဗ္ဗတေယေဝ၊ ၌သာလျှင်။ ဝသိ၊ ၏။ ဝီသတိမံ၊ နှစ်ဆယ်ပြည့်မြောက်သော။ ဝဿံ ပန၊ ဝါကိုကား။ ရာဇဂဟေယေဝ၊ ပြည်၌သာလျှင်။ ဝသိ၊ မူ၏။ တေန၊ ထို့ကြောင့်။ ဘဂဝါ ဟိ။ ပ။ ဝသီတိ၊ ဝသိဟူ၍။ ဝုတ္တံ၊ ၏။ တတော၊ ထို ဝါတော်နှစ်ဆယ် ပြည့်သည်မှ။ ပဋ္ဌာယ ပန၊ စ၍ကား။ သာဝတ္ထိံ ယေဝ၊ ကိုသာလျှင်။ ဥပနိဿာယ၊ မှီ၍။ ဇေတဝနမဟာဝိဟာရေ စ၊ ၌လည်းကောင်း။ ပုဗ္ဗာရာမေ စ၊ ပုဗ္ဗာရုံကျောင်းတော်၌ လည်းကောင်း၊ ဓုဝပရိဘောဂဝသေန၊ အမြဲနေခြင်း၏ အစွမ်းဖြင့်။ ဝသိ၊ ဝါဆိုတော်မူ၏။

**ဓိနတ္ထပကာသနီကျမ်း 'ဒုတိယပိုင်း' ပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com



# ဝိနုဋ္ဌပကာသနီကျမ်း

# တတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရားအား ရှင်အာနန္ဒာ အမြဲလုပ်ကျွေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဝိနည္ထုပ္ပကာသနီကျမ်း
## တတိယပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ။၂၇။ သာကီဝင်မင်းသား ခြောက်ယောက်နှင့် ဥပါလိတို့ ရဟန်းပြုကြခြင်း

လူသုံးပါးတို့၏ ပဋ္ဌမြားသင်းကျစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခမည်းတော်မင်းတရာ နှင့်ဘကွ တစ်သိန်း ကိုးသောင်းမျှလောက်သော မဟာဆွေတော်အပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီး၍ ဝါဆိုခါနီးလတ်သော် ချက်တော်သိုရာ မဟာကပိလဝတ်ပြည်မှသည် ပြန်လည်ထွက်ကြွကာ ဒေသစာရီချီတော်မူခဲ့၍ 'အနုပိယ' အမည်ရှိသော ရွာနိဂုံးသို့ ရောက်သောအခါ လွန်စွာ ကျော်စောထင်ရှားသော သာကီဝင်မင်းသား ဖြစ်ကုန်သော အနုရုဒ္ဒါ, အာနန္ဒာ, ဘဒ္ဒိယ, ကိမိလ, ဘဂု, ဒေဝဒတ်ဟူသော မင်းသား ခြောက်ယောက်၊ ဥပါလိ အမည်ရှိသော ဆတ္တာသည် တစ်ယောက် ဤ ခုနစ်ယောက်သော သူတို့သည် ဘုရားနောက်တော်သို့ လိုက်၍ ရဟန်းပြုကြကုန်သတည်း။

ပြုကြောင်းကား - သုဒ္ဓေါဒနမင်းတရားသည် ဘုရားကြွတော်မူသောနေ့ပင် သာကီဝင်မင်းအပေါင်းကို စည်းဝေးစေ၍ ဤသို့ဆိုတော်မူ၏။ "အမောင်တို့သည် ငါ့သား ဖွားဦးစ



www.burmeseclassic.com

www.burmeseclassic.com



ကပင် 'ဤမင်းသားသည် အကယ်၍ အိမ်ရာထောင်သော လူ၏ဘောင်၌နေ၍ စကြာဝတေး မင်းစည်းစိမ်ကို ခံစားငြားအံ့၊ ဆွေတော်မျိုးတော်ဖြစ်သော မင်းညီမင်းသား ပရိသတ်ခြံရံကာ စကြာရတနာကို ရှေ့ညွှန်း၍ လေးကျွန်းလုံးကို လည်စေအံ့။ အကယ်၍ ဘုရားဖြစ်ငြားအံ့၊ မင်းညီမင်းသားဖြစ်သော ရဟန်းပရိသတ်ခြံရံလျက် နိုင်ငံတိုင်းကားသို့ ဒေသစာရီ ကြွချီ လှည့်လည်စေအံ့'ဟူ၍ အမောင်တို့ ဆိုကြကုန်သည်။ ယခု ငါ့သားသည် ဘုရားစင်စစ် ဖြစ်တော်မူပြီ။ အရင်းအချာ မဟာဆွေတော်ဖြစ်သော ရဟန်းတစ်ဦးမျှ မရှိကြသေး။ ရှေးက ဝန်ခံသော ပဋိညာဉ်အတိုင်း တစ်ဦးတစ်ဦးသောအမျိုးမှ တစ်ယောက်တစ်ယောက်စီသော မင်းသားကို ဘုရားရှင်နောက်၌ ရဟန်းပြုကြစေကုန်လော့" ဟု ဆိုတော်မူ၏။

ထိုအခါ မဟာဆွေတော်အပေါင်းတို့တွင် မင်းကြီးညီတော် 'သုက္ကောဒန'မင်း၌ 'မဟာနာမ်', 'အနုရုဒ္ဓါ'ဟူသော သားနှစ်ယောက်တို့ ရှိကုန်၏။ ထိုနှစ်ယောက်တို့တွင် ညီတော် အနုရုဒ္ဓါမင်းကား အဆင်းလည်း လှ၏၊ ဘုန်းကံလည်း ကြီး၏၊ အလွန်လည်း သိမ်မွေ့ နူးညံ့၏၊ မရှိဟူသော စကားကိုမျှ မကြားစဘူး။ ထိုစကားသည် မှန်၏။

တစ်ရံရောအခါ ဂုဏ်ဝါတူမျှသော သာကီဝင်မင်းသားတို့နှင့် မုန့်လောင်းတမ်း အန်ကစားကြကုန်သော် အနုရုဒ္ဓါမင်းသားလည်း မုန့်များစွာ ရှုံးသည်ဖြစ်၍၊ မိခင်ထံ မုန့်တောင်းစေသော် နှစ်ကြိမ်, သုံးကြိမ်သာ ပေးလိုက်၍ လေးကြိမ်မြောက် တောင်းသောအခါ "မုန့်မရှိပြီ"ဟု ဆိုလိုက်၏။ ထိုစကားကို တမန်ယောကျ်ားသည် မင်းသားအား လျှောက် လေသော် "ငါ့မယ်တော်ပြောလိုက်သော မရှိမုန့်ကိုပင် တောင်းခဲ့"ဟု မှာလိုက်၏။ တမန် ယောကျ်ားလည်း မင်းသားစေလိုက်တိုင်း လျှောက်လေသော် မယ်တော်ကလည်း ငါ့သားသည် 'မရှိ' ဟူသောစကားကိုမျှ မကြားဘူးသောကြောင့် မုန့်အထူး ဖြစ်မည်ထင်၍ မှာလိုက်သည်။ ယခုကား 'မရှိသည်ကို သိစေတော့အံ့' ဟု ကြံလျက် အချည်းနှီးသောရွှေခွက်ကို အထက်က ဖုံးအုပ်၍ ပေးလိုက်၏။ ထိုအခါ မင်းသား၏ ကုသိုလ်သမ္ဘာကြောင့် မြို့စောင့်နတ်တို့လည်း မနေသာ၍ နတ်ဩဇာဖြင့်ပြည့်သော မုန့်ယှက်တို့ကို ရွှေခွက်၌ ပြည့်အောင်ထည့်လိုက်၏။

အန်ကစားရာမဏ္ဍပ်သို့ ရောက်သောအခါ အနုရုဒ္ဓါမင်းသား ဖွင့်၍ကြည့်လျှင် အပြည့်ပါလာသော မုန့်တို့ကိုမြင်လျှင် ထိုမုန့်တို့၏အနံ့တို့သည် တစ်မြို့လုံးပျံ့လှိုင်၍ တည်၏။ မင်းသားလည်း စားလိုသောအာသာဖြင့် လျှာထက်၌တင်မိသော် ခုနစ်ထောင်သောအကြောမှ စိမ့်၍ နှစ်သက်ခြင်းအလွန်ဖြစ်ရကား ဤသို့ ကြံ၏။ 'ငါ့မိခင်သည် ငါ့၌ ချစ်ခြင်းနည်း ဘိ၏။ ဤ'မရှိမုန့်'ကို ယခုမှ ပေးလေသည်။ ယနေ့မှစ၍ မရှိမုန့်ကိုသာ ငါ စားအံ့'ဟု ကြံ၏။ အိမ်သို့ပြန်သောကာလ မိခင်ရင်ခွင်ထက်၌ နေပြီးလျှင် "မိခင်။ အကျွန်ုပ်အား ချစ်ပါ၏လော, မချစ်သလော" ဟု မေး၏။ မွေးမိခင်ကလည်း "ချစ်သား။ အသို့ဆိုသနည်း။ မျက်စိတစ်ဖက်သာ ရှိသောသူ၏ မျက်စိကဲ့သို့ လည်းကောင်း၊ ရင်တွင်း၌ရှိသော နှလုံးသားကဲ့သို့ လည်းကောင်း အလွန် ချစ်ခင်စုံမက်၏။ ဤလောက၌ မိဘတို့အား သားနှင့်တူသော ချစ်ခင်သူကား မရှိပြီ"ဟု ဆို၏။ "ထိုသို့ချစ်ပါမူ အခါတစ်ပါး စားသောမုန့်ထက် အဆအရာ သာ၍ကောင်းမြတ်သော ဤ'မရှိမုန့်' ကို အဘယ်ကြောင့် ယခုမှ ပေးပါသနည်း"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားသော် မယ်တော်ကလည်း မုန့်ယူလာသောယောကျ်ားကို "ငါကား ရွှေခွက်ချည်းသာပေးလိုက်လျက် ငါ့သားထံသို့ရောက်သောအခါ မုန့်ပါသလော" ဟု မေးလျှင်။ "အရှင်မ။ အလွန် အနံ့အရသာရှိသောမုန့်တို့သည် ခွက်ပြည့်ပင် ပါပါသည်။ ဤလူ့ရွာ၌ ရံခါမျှပင် ဤမုန့်ကဲ့သို့ အဆင်း,အနံ့ သင်းပျံ့ကောင်းမွန်သောမုန့်ကို အကျွန်ုပ် တို့ မမြင်ရဘူးပါ" ဟု လျှောက်၏။ ထိုအခါမှ မိခင်ကလည်း 'ငါ့သားသည် ဘုန်းရှိသော ယောကျ်ား ဖြစ်ပေသည်။ ရှေးဆုတောင်း အကြောင်းကြီးစွာ ရှိလိမ့်မည်' ဟု အောက်မေ့၏။ မင်းသားလည်း "မိခင်။ ယနေ့မှစ၍ အကျွန်ုပ်အား 'မရှိမုန့်'ကို ပေးပါ" ဟု ဆို၏။ မုန့်စားလို၍တောင်းလျှင် မိခင်ကလည်း အချည်းနှီးသောရွှေခွက်ကို ဖုံးလျက်သာပေးလိုက်၏။ ထိုအခါမှသည် အိမ်ရာထောင်သော လူ့၏ဘောင်၌ နေသမျှကာလပတ်လုံး နတ်တို့ မုန့်ကိုသာ သုံးဆောင်ရဘိသတည်း။

အရွယ်သို့ရောက်လတ်သော် လျော်ကပ်သောအမျိုးသမီးနှင့် ထိမ်းမြား၍ ဥတု သုံးပါးနှင့်လျော်ကပ်သော ပြာသာဒ်သုံးဆောင်ဝယ် ကြီးကျယ်မွန်မြတ်သော နတ် စည်းစိမ်ကဲ့သို့သော စည်းစိမ်ချမ်းသာကို ကောင်းစွာခံစားစေ၏။ မိုးဥတုရောက်လတ်သော် မိုးစံသော ပြာသာဒ်ဝယ် အောက်ထပ်သို့မျှ မဆင်းရ။ ယောကျ်ားကင်းလျက် စောင်း, ငြင်း, တူရိယာ, ပတ်သာ, တံပိုးစသော အတီးအက ခ,ယမ်းစေပါးခြင်းတို့၌ နတ်ကညာကဲ့သို့သော မင်းမိန်းမ ငါးရာရံလျက် ပျော်စံမြူးထူးရ၏။ ဆောင်းဥတု, နွေဥတုတို့၌လည်း ထို နည်းတူပင် ပျော်ရွှင်ရသည်ဖြစ်၍၊ ထမင်းဖြစ်ရာကိုမျှ မသိဘဲ အတိုင်းမသိသော စည်းစိမ် ချမ်းသာ၏အရှင် ဖြစ်၏။

ထိုစကားသည် မှန်၏။ တစ်ရံသောအခါ အနုရုဒ္ဓါမင်းသားသည် ဘဒ္ဒိယမင်းသား, ကိမိလမင်းသားတို့နှင့် ကစားမြူးထူးကြရာ "သင်တို့ ပညာရှိ၏ဟူသော် သင်တို့ နေ့တိုင်း စားသောထမင်းသည် ဘယ်ကဖြစ်သည်ကို သိကြ၏လော" ဟူ၍မေး၏။ ထိုအခါ ကိမိလမင်းသားသည် ကျီကစပါးကို ထုတ်လှန်းထောင်းဖွပ်၍ ချက်ပြုတ်သည်ကို မြင်ဖူး သောကြောင့် "ထမင်းသည် ကျီက ဖြစ်သည်" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ဘဒ္ဒိယ မင်းသားက ထမင်းအိုးမှ ခူးသည်ကို မြင်ဖူးသောကြောင့် "သင်ကား ထမင်းဖြစ်ရာကိုမျှ မသိ။ အဘယ်မှာ ပညာရှိ ဆိုရအံ့နည်း။ ထမင်းမည်သည်ကား ထမင်းအိုးမှ ဖြစ်သတည်း" ဟု ဆို၏။ ထိုအခါ အနုရုဒ္ဓါက သည်းစွာရယ်၍ရွှင်လျက် "သင်တို့နှစ်ယောက်လုံးပင် မသိ ကြ။ ငါ့စကားကိုသာ အသက်ထက်ဆုံး မှတ်လေကုန်။ ထမင်းသည်ကား ရွှေအိုးလှလှဝယ် ယောက်မနှင့်မွှေ၍ ဖြစ်သတည်း"ဟု ဆို၏။

[ထိုသူတို့ကား မြင်ဖူးသမျှကို စွဲမှတ်၍ ထမင်းဖြစ်ရာ အရပ်ကား ဤသည်ပင်ဟု ထင်ကြလေသတည်း။]

ဆိုခဲ့ပြီးသောနည်းအားဖြင့် သုဒ္ဓေါဒနမင်းကြီး ဆိုသောစကားကို ကြားရသောအခါ မဟာနာမ်မင်းသားသည် ညီတော်အနုရုဒ္ဓါထံ သွား၍ "ညီဖွားအနုရုဒ္ဓါ။ ငါတို့အမျိုးတွင်



www.burmeseclassic.com

www.burmeseclassic.com



အကြင်တစ်ဦးဦးသောသူမျှ နောင်တော်ဘုရားထံလိုက်၍ ရဟန်း မပြုကြကုန်။ တစ်ပါးသောအမျိုးမှ ရဟန်းပြုကြသည်ကား များလှလေပြီ။ သင် ရဟန်းပြုလိုမူလည်း ပြုလေ။ ငါသော်မူလည်း ရဟန်းပြုအံ့" ဟု ဆို၏။

ထိုစကားကိုကြားသော် ညီတော်အနုရုဒ္ဓါကလည်း "ရဟန်းဟူသည်မှာ ဘယ်သို့နေထိုင်ရသနည်း" ဟု မေး၏။

"ငါ့ညီဖွား။ ရဟန်းဟူသည် ဤလူ့ဘောင်မှ စွန့်ရှောင်ပယ်ရှား၍ ဆံမုတ်ဆိတ်များကိုဖြတ်ပြီးလျှင် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လျက် သက်သက်သော သစ်သားညောင်စောင်း, ကြိမ်ညောင်စောင်းတို့၌ တစ်ယောက်တည်းသာလျောင်း၍၊ စားကောင်းသောက်ဖွယ်လိုသောအခါ ရွာတွင်းသို့ သပိတ်ပိုက်လျက်လာသဖြင့် ဆွမ်းခံကာ စားရ၏။ ဤကားရဟန်း အဖြစ်တည်း" ဟု ကြားပေသော်၊ "နောင်တော်။ အကျွန်ုပ်ကား အလွန် သိမ်မွေ့နူးညံ့၏။ ပင်ပန်းဆင်းရဲခြင်းကို သည်းမခံနိုင်။ ဤမျှလောက်ကြမ်းတမ်းမှု ရဟန်းပြုနိုင်မည် မထင်။ နောင်တော်သာ ပြုလိုလျှင် ပြုပါလော့" ဟု ဆို၏။

ထိုအခါ မဟာနာမ်မင်းသားကလည်း "သင် ရဟန်းမပြုလိုသော် မိဘတို့၌ပြုအပ်သော 'လူမှုကိစ္စ'ကို လုံ့လပြု၍သာ ဆောင်ရွက်ပါလော့။ ငါပင် ရဟန်းပြုတော့အံ့" ဟု ဆိုပြန်၏။

"နောင်တော်။ 'လူမှုကိစ္စ'ဟူသည် အဘယ်သို့ ပြုရသနည်း"ဟု မေးပြန်လျှင်၊ "ညီချစ်။ ကောင်းစွာ မှတ်လော့။ အရပ်ရပ်သော လူတို့ကိစ္စတွင် လယ်လုပ်ရသော အမှုတစ်ခု၌ ရှေးဦးစွာ လယ်ယာတီထွင်လျက် မြေကို ညက်အောင်ထွန်ယက်ရာ၏။ ထွန်ယက်ပြီးသောအခါ ရွာသောမိုးရေကို တင်စေခြင်းငှာလည်း ကောင်းစွာ ကန်သင်းဆည်ရာ၏။ ဆည်ပြီးမှ စပါး, ကောက်, ပဲမျိုးစုံတို့ကို ကြဲရာ၏။ ရေများသော် ဖောက်လွှဲ၍၊ ရေနည်းသော် သွင်းရာ၏။ ကောက်ပင်ကြီးသောအခါ ကောင်းစွာယူ၍ စိုက်ရ၏။ စိုက်ပြီးသော် နွမ်းရော်ခြင်းမရှိရအောင် ရေကို သွင်းရာ၏။ ရေဟောင်းပုပ်သော် ထုတ်ဖော်ပစ်၍ ရေသစ်သွင်းရာ၏။ အသီးအနှံဖြစ်သောအခါ စာငယ်ကျေးငှက်တို့ကိုလည်း ကန့်ကွက်စောင့်ရှောက်ရာ၏။ ကောက်မှည့်သောအခါ ကောင်းစွာရိတ်၍ အလှိုင်းပြုရာ၏။ အလှိုင်းပြုပြီးမှ စု၍ နယ်ရာ၏။ နယ်ပြီးမှ ကောက်ရိုးအဖျင်းတို့ကို လွှင့်ရာ၏။ လွှင့်ပြီးမှ စည့်, ကျီ, တိုက်, ကြတို့ကို ပြု၍ ထားရာ၏။ ထားပြီးသောအခါ စင်ကြယ်စွာထောင်းဖွပ်၍ ဆန်ဖြစ်စေရာ၏။ ဤကား စားရန်ထမင်း၌ ပြုထိုက်သော အရေးတည်း။

"ဝတ်ရန်ကိစ္စ၌လည်း ဤသို့ ပြုရာ၏။ ရွှေ, ငွေ,ဘဏ္ဍာ ရခြင်းငှာကိစ္စ၌လည်း ဤသို့ ပြုရာ၏၊ နောင်နှစ်သောကာလ စားရကြောင်း, ဝတ်ရကြောင်းကိုလည်း ဤသို့ ကြံဆောင်ရ၏။။ 'လူမှုကိစ္စ'ကား ဆုံးပါးကုန်ခန်းသည် မရှိ။ လုပ်ကြံဆောင်ရွက်စဉ်ပင် အသက်ဆုံး တုံးရချေသည်" ဟု စေ့ငုစွာ ပြောဆိုဆုံးမသော် –

ညီတော် အနုရုဒ္ဓါက "နောင်တော်။ ယင်းသို့ဖြစ်မှုကား ဤလူ့ဘုံတွင် ကာမဂုဏ်ဖြင့် မွေ့လျော်၍နေခြင်း၌ အဘယ်အကျိုး ရှိအံ့နည်း။ နောင်တော်ပင် လူ့ဘောင်တွင်နေ၍ မိဘ



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတို့ကို လုပ်ကျွေး ပြုစုပါလော့။ အကျွန်ုပ်မူကား ရဟန်းပြုလုပ်ပါတော့အံ့” ဟု ဝန်ခံ၍ မယ်တော်ထံ ခွင့်တောင်းလေ၏။

မယ်တော်ကလည်း “ချစ်သား အနုရုဒ္ဓါ။ ငါတို့ကိုးစားရာသည် အမောင်တို့နှစ်ယောက်သာ ရှိချေသည်တကား။ အသက်တမျှ အဆအရာ ကြင်နာစုံမက်သော သားပါတကား။ သေသဖြင့်မျှ ကွဲရခြင်းကို အလိုမရှိဘဲလျက် ပကတိမျက်မြင် သင်နှင့်ငါတို့ ကွေကွင်းဖို့ကို ဘယ်သို့ ခွင့်လွှတ်နိုင်ချေအံ့နည်း” ဟု ဆို၍ ငိုမြည်တမ်း၏။ အနုရုဒ္ဓါမင်းသားလည်း ဤနည်းတူ သုံးကြိမ်မြောက် ကြားလျှောက်ခွင့်ပန်သော် မယ်တော်က ပရိကပ္ပ စကားမျှဖြင့် ဖြားယောင်း၍ဖျက်လိုရကား “ချစ်သားမောင်၏ အဆွေဖြစ်သော ဘဒ္ဒိယမင်းသည် အကယ်၍ ရဟန်းပြုမူကား ချစ်သားလည်း အတူလိုက်၍ ရဟန်းပြုလော့” ဟု ဆို၏။

ထိုစကားကို ကြားလျှင် အနုရုဒ္ဓါမင်းသားလည်း ဘဒ္ဒိယမင်းသားထံ သွား၍ ဖျောင်းဖျ သွေးငင်၏။

[ထို ဘဒ္ဒိယမင်းသားကား သာကီဝင်မင်းတို့နေရာ ကောလိယမြို့ကိုအုပ်စိုးသော မင်းတစ်ယောက်တည်း။]

“အဆွေဘဒ္ဒိယ။ ငါကား အိမ်ရာထောင်သော လူ၏ဘောင်တွင် မရွှင်ပျော်ပြီ။ နောင်တော်ဘုရားထံ လိုက်၍ ရဟန်းပြုတော့အံ့။ သို့ရာတွင် ငါ့မိခင်က ‘သင် ရဟန်းပြုမှ ငါ့ကို ခွင့်လွှတ်အံ့’ဟု ဆိုချေသည်။ ထို့ကြောင့် ငါ၏ရဟန်းအဖြစ်သည် သင်နှင့်စပ်၏။ ငါ့ကိုကြင်နာမူ ငါနှင့်အတူ သင် ရဟန်းပြုပါ” ဟု ဆို၏။

ဤသို့သောနည်းဖြင့် အကြိမ် များစွာ ဆိုလာသောစကားကို ဘဒ္ဒိယမင်းသားကြားလျှင် များစွာ ရဟန်းမပြုလိုသော်လည်း ထိုအနုရုဒ္ဓါကို ကြင်နာလေးမြတ်လှရကား အားနာသဖြင့်ပင် “သင်၏ရဟန်းပြုခြင်းသည် အကယ်၍ ငါနှင့်စပ်ဘိမူကား နှစ်ယောက်အတူပင်သွား၍ ရဟန်းပြုကြအံ့” ဟု ဆို၏။ ထိုစကားကို ကြားရလျှင် အနုရုဒ္ဓါလည်း “အဆွေ ဘဒ္ဒိယ။ ယနေ့ပင် လာလော့။ မြတ်စွာဘုရား ကြွသွားသည်ကို အမီလိုက်အံ့”ဟု ဆို၏။

ထိုအခါ လူတို့သည် မြဲသောပဋိညာဉ်, မှန်သောစကား ရှိရကား ဘဒ္ဒိယမင်းသားလည်း အားနာ၍သာ ဆိုသည်။ ရဟန်းပြုလိုသောစိတ် မရှိလှ၍ “အဆွေ။ ခုနစ်နှစ်မျှ ငါ့ကို ငံ့ပါဦးလော့” ဟု တောင်းပန်၏။ အနုရုဒ္ဓကလည်း “ငါ မငံ့နိုင်” ဟု ဆိုလျှင်၊“ခြောက်နှစ်မျှငံ့ပါ”, “ငါးနှစ်မျှ ငံ့ပါ”, “တစ်နှစ်မျှ ငံ့ပါ” ဤသို့စသည်ဖြင့် လခွဲတိုင်အောင် တောင်းပန်၏။ ထိုသို့တောင်းပန်ပါသော်လည်း အနုရုဒ္ဓါက “ကြာမြင့်လှသည်။ ငါ မငံ့နိုင်” ဟု ဆို၏။ ဘဒ္ဒိယကလည်း “ထိုမျှလောက် မငံ့နိုင်လျှင် ပြင်ပရပ်ခြား သွားလေကုန်သော ညီတော်, သားတော်များရောက်ရုံ ခုနစ်ရက်မျှသာ ငံ့ပါလော့” ဟု ဆို၏။ အနုရုဒ္ဓါလည်း “ကောင်းပြီ” ဟုဝန်ခံ၍ ပြန်ခဲ့ပြီးသော်၊ မယ်တော်အား ဘဒ္ဒိယမင်းသား ရဟန်းပြုဖော်ရကြောင်းကို ကြား၍ အားရဝမ်းသာ ငံ့လင့်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သုဒ္ဓေါဒနမင်းကြီးညီတော် အမိတောဒနမင်း၏သားဖြစ်သော အာနန္ဒာသတို့သားကိုလည်း အနုရုဒ္ဓါမင်းသားနည်းတူ မိဘတို့တိုက်တွန်းကြသဖြင့် ကိမိလ, ဘဂု, ဒေဝဒတ်တို့နှင့်တကွ အနုရုဒ္ဓါ၏အထံသို့ ရောက်လာ၏။ ခုနစ်ရက်စေ့သောကာလ ဘဒ္ဒိမင်းသားလည်းရောက်လာ၍ သာကီဝင်မင်းမျိုးဖြစ်သော အနုရုဒ္ဓါ, အာနန္ဒာ, ဘဒ္ဒိယ, ကိမိလ, ဘဂု, ဒေဝဒတ်ဟူသော မင်းသားခြောက်ယောက်၊ ဥပါလိ အမည်ရှိသော ဆတ္တာသည် တစ်ယောက် ဤခုနစ်ယောက်သောသူတို့သည် မင်းပွဲသဘင် ဥယျာဉ်ဝင်သောအခါကဲ့သို့ စစ်အင်္ဂါလေးပါး ဝန်းရံလျက် ဘုရားရှင်ကြွတော်မူသောခရီးဖြင့် လိုက်လေ၏။ နိုင်ငံတစ်ပါးသို့ ရောက်သောအခါ စစ်အင်္ဂါလေးပါးနှင့်တကွ မှူးမတ်ပရိသတ်တို့ကို ပြန်စေ၍ ခြေဖြင့်သာ သွား ကြ၏။

လမ်းခရီး၌ တောအုပ်ကြီးတစ်ခုကိုတွေ့လျှင် ကိုယ်တွင် ဆင်ယင်ဝတ်စားသော တန်ဆာရတနာတို့ကိုချွတ်၍ အထုပ်ပြုပြီးမှ ဥပါလိမည်သော ဆတ္တာသည်အား အပ်၏။ "အချင်းဥပါလိ။ ဤတန်ဆာရတနာကို မှီ၍ ငါတို့ ဘေးအန္တရာယ်ရှိတော့မည်။ သင် ဆောင်၍ အသက်မွေးလေလော့" ဟု ဆို၏။ ထိုအခါ ဥပါလိကလည်း "အကျွန်ုပ်သည် အရှင်သားတို့နှင့် ကောင်းတူဆိုးဖက်ပေါင်းလို၍ လိုက်လာပါသည်။ မပြန်ပါရစေလင့်" ဟု တောင်းပန်၏။ မင်းသားတို့ကလည်း "ပြန်လော့, ပြန်လော့"ဟု သုံးကြိမ်ဆိုသော် အာဏာကိုမလွန်ဆန်ဝံ့ရကား ငိုယိုလျက်ပြန်သွား၏။

ထိုခဏ၌ တောအုပ်ကြီးသည် ကောင်းချီးကျူးဘိသကဲ့သို့ ထူးကဲစွာသောအသံသည် ဖြစ်၏။ ပြန်၍ အတန်ငယ်ရောက်သောအခါ ဥပါလိလည်း ဤသို့ ကြံပြန်၏။ 'ဤ သာကီဝင်မင်းမျိုးတို့သည် ကြမ်းကြုတ်ခက်ထန် စောင်မာန်ဒေါသ ကြီး၏။ ဤဆတ္တာသည်ကား မင်းသားတို့ကိုသတ်၍ ဆင်အပ်သောတန်ဆာတို့ကို ဆောင်၍လာသည်ဟု ထင်မှတ်သဖြင့် ငါ့ကို သတ်လတ္တံ့။ စည်းစိမ်ချမ်းသာ ကြီးကျယ်စွာသော သာကီဝင်မင်းသားတို့ဖြစ်လျက် ရဟန်းဖြစ်ခြင်းကို အလိုရှိသေး၏။ ငါမူကား သူတို့ကျေးကျွန်မျှသာ ဖြစ်သည်။ အဘယ်ကြောင့် ရဟန်းမပြုနိုင် ရှိအံ့နည်း။ လိုက်၍ ရဟန်းပြုတော့အံ့' ဟု ကြံ၍ ဘဏ္ဍာထုပ်ကို သစ်ပင်၌ ဆွဲပြီးလျှင် "အကြင်သသူ တွေ့မြင်မူကား ယူလေဘိလော့" ဟု ဆို၍ ပြန်ခဲ့၏။

မင်းသားတို့ထံ ရောက်သောအခါ "အဘယ်ကြောင့် ပြန်လာသနည်း" ဟု မေးသော် မိမိတွေးခေါ်၍ အကြံဖြစ်ကြောင်း၊ ဘဏ္ဍာထုပ်ကို ပစ်ခဲ့ကြောင်း၊ ရဟန်းပြုလိုကြောင်း များကိုကြား၍ မင်းသားတို့နှင့်တကွ ဘုရားအထံတော်သို့ သွားလေ၏။

ဘုရားရှေ့မှောက် ရောက်သောကာလ မင်းသားတို့ကလည်း "အကျွန်ုပ်တို့သာကီဝင်မင်းမျိုးတို့သည် ဇာတိမာန်ဖြင့် ခက်ထန်တင်းမာ လှပါသည်။ ရဟန်းဖြစ်သောအခါ ရှိသေရာဖြစ်အောင် ဤဥပါလိကိုပင် ရှေးဦးစွာ ရဟန်းပြုတော်မူပါ" ဟု တောင်းပန်၍၊ ဆတ္တာသည် ဥပါလိကိုပင် အလျင်ရဟန်းပြုစေပြီးမှ မင်းသားတို့လည်း ရဟန်းပြုကြကုန်၏။ ရဟန်းဖြစ်ကြပြီးလျှင် ခရီးစဉ်အတိုင်း ကြွတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝါကပ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤဝါတွင်းပင် အရှင်ဘဒ္ဒိယသည် ဝိဇ္ဇာသုံးပါးနှင့်တကွ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်၏။ အရှင်အနုရုဒ္ဓါကား ဒိဗ္ဗစက္ခုဉာဏ်ကို ရ၏။ အရှင်အာနန္ဒာကား သောတာပတ္တိဖိုလ်၌ တည်၏။ အရှင်ဒေဝဒတ်ကား ပုထုဇဉ်၏ အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံ၏။ ဘဂုထေရ်, ကိမိလထေရ်, ဉပါလိထေရ်တို့ကား နောင်သောအခါမှ ရဟန္တာဖြစ်ကြ၏။

အရှင်အနုရုဒ္ဓါထေရ်ကား ဝါကျွတ်သောကာလ ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာ ထံ၌ လျော်ကန်သောကမ္မဋ္ဌာန်းကို ယူပြီးသော်၊ စေတိယတိုင်း ပါစီနဝံသမြို့သို့ သွား၍ ရဟန်းတရားကို အားထုတ်လေသော်၊ ခုနစ်ပါးသော မဟာပုရိသ ဝိတက်တို့ကို ကြံမိ၍ ရှစ်ခု မြောက်သောအကြံ၌ ကထံကထဖြစ်၍ အလွန်ပင်ပန်း၏။ ထိုအကြောင်းကို ဘုရားသခင် သိတော်မူ၍ အကြံကိုပြည့်စေခြင်းငှာ ကိုယ်တိုင်ကြွ၍ အကြံကိုဖြေဖျောက်ပြီးသော် လေးပါးသော ပစ္စည်း၌ရောင့်ရဲခြင်း ဘာဝနာ၌ မွေ့လျော်ရာကိစ္စဖြင့် တန်ဆာဆင်အပ်သော မဟာအရိယဝံသ ပဋိပတ်ကို ဟောတော်မူလေလျှင် ကင်းစင်သောအာသဝေါတရား ရှိသည်ဖြစ်၍ ဝိဇ္ဇာသုံးပါး နှင့်တကွ 'ပဋိသမ္ဘိဒါပတ္တ ရဟန္တာ' ဖြစ်လေ၏။

ဘုရားသခင်လည်း ဇေတဝန်ကျောင်းတော်သို့ရောက်၍ သာဝကသန္နိပါတ ပြုတော်မူသောအခါ အရှင်အနုရုဒ္ဓါကို 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဒိဗ္ဗစက္ခုကာနံ ဘိက္ခူနံ ယဒိဒံ အနုရုဒ္ဓေါ' ဟူ၍ ဧတဒဂ်အရာ၌ ထားတော်မူသည်။

အနက်ကား - ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဒိဗ္ဗစက္ခုကာနံ၊ နတ်မျက်စိလား ဝေးခြားစွာဘိ တည်ရှိလေတဲ့ ရူပါရုံကို ချက်ကုန်ထင်ထင် သိမြင်တတ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ = ယော အယံ အနုရုဒ္ဓေါ၊ အကြင်အနုရုဒ္ဓါသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအနုရုဒ္ဓါသည်။ အဂ္ဂံ = အဂ္ဂေါ၊ လွန်ကဲ၏။

## ။၂၈။ အရှင်အနုရုဒ္ဓါ၏ ရှေးအကြောင်းကို ပြခြင်း

ထို အရှင်အနုရုဒ္ဓါ၏ ရှေးပတ္တနာကောင်းမှုကား ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာ တစ်သိန်းထက်၌ 'ပဒုမုတ္တရ'ဘုရား ထင်ရှားစွာ ပွင့်တော်၏။ ထိုအခါ ဟံသာဝတီပြည်ဝယ် 'အပါကဋ'မည်သော သူကြွယ်တစ်ဦးသည် ညချမ်းအခါ ပန်းနံ့သာလက်စွဲလျက် ကျောင်းသို့သွား၍ တရားနာကုန်သောသူတို့နှင့်အတူ လိုက်သွား၍ ဘုရားသခင်အထံသို့ ရောက်သော် ချီးမြှောက်အပ်သောအရာ အထူးရှိကုန်သော မင်း,အမတ်,သူဌေး,သူကြွယ်, ပရိသတ်တို့သည် ချပ်ကာချပ်ကာ နေရာအသီးသီး၌နေကြ၍ အပါကဋသူကြွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်စွန်းကသာ တရားတော်ကို နာ၏။ ဘုရားသခင်လည်း အစဉ်သောတရားစကားဖြင့် ဟောကြားတော်မူပြီး၍ ဒေသနာတော်၏အဆုံး၌ တစ်ဦးသောရဟန်းကို ဖုံးလွှမ်းကွယ်ဝှက်သောအရပ်၊ ဝေးကွာသောအရပ်၌တည်သော ရူပါရုံ, အလွန်သေးဖွဲ့သိမ်မွေ့သော ရူပါရုံတို့ကို မြင်နိုင်စွမ်းသောအရာ၌ ဧတဒဂ် ထားတော်မူ၏။

ထိုသို့ ဧတဒဂ်ထားသည်ကိုမြင်လျှင် ဤအရှင်ကဲ့သို့ ဖြစ်ချင်သောဆန္ဒ အလွန်ရှိရကား ပရိသတ်တို့သွားအောင် ငံ့နေ၍၊ ပရိသတ်ရှင်းသောအခါမှ မြတ်စွာဘုရားအထံတော်သို့ ကပ်၍ "နက်ဖြန် သံဃာတော်နှင့်တကွ ကိုယ်တော်မြတ်သည် တပည့်တော်အိမ်သို့ ကြွ၍ ဆွမ်းခံတော်မူပါ" ဟု ပင့်ဖိတ်၍၊ နံနက်သောအခါ သံဃာတော်တို့အား ဆွမ်းအဖျော်စသည်ဖြင့် လုပ်ကျွေး၏။

ဤသို့သောနည်းဖြင့် ခုနစ်ရက်ပတ်လုံး ဆွမ်းကွမ်းလုပ်ကျွေးလျက် ခုနစ်ရက်မြောက်နေ့၌ တိစီဝရိတ်သင်္ကန်း, ရဟန်း၏ပရိက္ခရာတို့ကို သံဃာစေ့ကပ်လှူပြီးသော် ဘုရားထံတော်သို့ကပ်၍ "အရှင်ဘုရား။ အကျွန်ုပ်ကား ဤကောင်းမှုအကျိုးအားဖြင့် သိကြား, ဗြဟ္မာ, စကြာမင်း စသည်တို့၏အဖြစ်ကို အလိုမရှိပါ။ ရှေးခုနစ်ရက်သောအခါက ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ ဧတဒဂ်ရသော ရဟန္တာကဲ့သို့ နောင်ဘုရားတို့၏သာသနာတော်၌ အကျွန်ုပ်သည်လည်း ဧတဒဂ်ရသောရဟန္တာ ဖြစ်စေသော" ဟု ဆုတောင်း၏။

ဘုရားသခင်လည်း အနာဂတံသဉာဏ်ဖြင့် ရှုတော်မူ၍၊ ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူလျှင် "အချင်းအပါကင္။ ငါပွင့်တော်မူရာ ဤကမ္ဘာမှ နောက်ကပ်တစ်သိန်း လွန်မြောက်၍ ဘဒ္ဒကမ္ဘာသို့ ရောက်သောကာလ 'ဂေါတမ'အမည်ရှိသောဘုရား ပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် 'အနုရုဒ္ဓါ'ဟူသောအမည်ဖြင့် ထင်ရှားလျက် ဒိဗ္ဗစက္ခုဉာဏ်အရာ၌ ဧတဒဂ်ရရဟန္တာ ဖြစ်လတ္တံ့." ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

သူကြွယ်ကလည်း "ဒိဗ္ဗစက္ခုဉာဏ်ကို ရကြောင်း၌ အဘယ်ကောင်းမှုကို ပြုရပါအံ့နည်း" ဟု မေးလျှောက်ပြန်သော်၊ "ဆီမီးအလှူသည် ထိုဉာဏ်၏ အဆောက်အဦပင်တည်း" ဟု ဖြေတော်မူ၏။ ထိုသို့ပြောဟောပြီးမှ တရားအနုမောဒနာကိုပြု၍ ကြွတော်မူ၏။

သူကြွယ်လည်း ထိုနေ့မှစ၍ ဘုရား သက်တော်ထင်ရှား ရှိသမျှကာလပတ်လုံး သရဏဂုံပဉ္စသီကို အမြဲဆောက်တည်လျက် ဆီမီးဝတ် မပြတ်တည်၏။ ဘုရား ပရိနိဗ္ဗာန်စံလွန်သောကာလ သရီရဓာတ်တော်အပေါင်းတို့ကို ကောင်းစွာတည်စေခြင်းငှာ ခုနစ်ယူဇနာမျှလောက် တည်လုပ်အပ်သော ရွှေစေတီကြီး၌လည်း ဆီမီးတိုင်တစ်ထောင်ဖြင့် ထွန်းညှိခြင်းဝတ်ကို ပြု၏။ ထိုသို့ပြုလျက် အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းအဖြစ် အကြိမ်တစ်ထောင်တိုင်အောင် ဖြစ်၏။ ထိုနတ်မင်း၏ဗိမာန်သည် အလျှံတညီးညီး တောက်လောင်ပြီးသော မီး၏အရောင်ကဲ့သို့ တပြောင်ပြောင်ထွန်းပ၏။ ထက်ဝန်းကျင် တစ်ယူဇနာမျှလောက်သော အရပ်၌ တောက်ပပျံ့နှံ့သောကိုယ်ရောင်လည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှသည် လူ့ပြည်သို့လာပြန်သော် စကြဝတေးမင်း၏အဖြစ် အကြိမ်တစ်ရာ၊ ပဒေသရာဇ်မင်း, ဧကရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်အောင် ဖြစ်၏။ သုမေဓာဘုရား လက်ထက်သို့ ရောက်သောအခါ၌လည်း တစ်ဦးတည်းသောသူကြွယ် ဖြစ်၍၊ ဆီမီးနှစ်ထောင် ပူဇော်ပြန်သောကြောင့် သိကြားမင်းအဖြစ် အကြိမ် သုံးဆယ်, စကြာမင်းအဖြစ် နှစ်ဆယ့်နှစ်ကြိမ် ဖြစ်ရ၏။

ဤသို့ လူ့ပြည်နတ်ပြည် လှည့်လည်ကာလာသဖြင့် ဤကမ္ဘာဝယ် ကဿပမြတ်စွာ ဘုရားလက်ထက်တော်၌ ဗာရာဏသီပြည်ဝယ် ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးမျိုး ဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူသော ဘုရားရှင်၏ဓာတုစေတီဝယ် ကြီးကျယ်သောရွှေခွက်တို့၌ ထောပတ် ဖြင့်ပြည့်စေ၍ ဆီမီးတစ်ထောင်ဖြင့် ပူဇော်၏။ ဤသို့ ကုသိုလ်ကောင်းမှုကိုပြုလျက် အသက်အတိုင်းနေ၍ လွန်လေသော် နတ်ပြည်၌ ဖြစ်ပြန်၏။

ထိုမှသည် လူ့ပြည်သို့ လာပြန်သော် တစ်ခုသောမကောင်းမှုကံကြောင့် ငါတို့ဘုရား မပွင့်မီ ဗာရာဏသီပြည်၌ 'သုမန'သူဌေးကို မှီ၍နေရသော သူဆင်းရဲတစ်ဦး၏အိမ်၌ ပဋိသန္ဓေ နေလာ၏။ ဖွားမြင်သောကာလ၌ ထမင်းအိုးထမ်းယောကျ်ား၏ သားဖြစ်သောကြောင့် 'အန္နဘာရ'ဟူသောအမည်ကို မှည့်၏။ သုမနသူဌေးကား ကိုယ်ထီးကပဏာ မှီခိုရာမဲ့သော သူ, ဖုန်းတောင်းယာစကာ, ရဟန်း ပုဏ္ဏားတို့အား တစ်နေ့မပြတ် လှူဒါန်းပေးကမ်းလေ့ ရှိ၏။

တစ်ရံသောအခါ 'ဥပရိဋ္ဌ'မည်သော ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်ကို ဝင်စားရာမှ ထတော်မူ၍ 'ယနေ့ ဘယ်သူ့အား ငါ ချီးမြှောက်ရလတ္တံ့ နည်း' ဟု ရှုတော်မူသော် 'ထို အန္နဘာရ သူဆင်းရဲကို ချီးမြှောက်အံ့'ဟု ကြံလျက်၊ ဂန္ဓမာ ဒနတောင်မှ ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့၍၊ ထိုသူ၏အိမ်ဝတွင် ရပ်လာ၏။ ထိုအခါ အန္နဘာရလည်း သူဌေးအားလုပ်ကျွေးရန် ထင်း,ဟင်းရွက်အလို့ငှာ တောသို့သွား၍ ထို တောမှပြန်လာသဖြင့် အိမ်သို့ရောက်ဆဲတွင် သပိတ်ချည်းသာ ပိုက်၍လာသော ပစ္စေက ဗုဒ္ဓါကိုမြင်လျှင် ရွှင်လှသောနှလုံးရှိ၍ "အရှင်ဘုရား။ ဤတွင် ရပ်တော်မူပါဦး" ဟု လျှောက်၍ အိမ်သို့ဝင်ပြီးသော် မိမိမယားကိုခေါ်၍ "ရှင်မ။ ငါတို့စားရန် ထမင်းကျက်ပြီလော"ဟု မေး၏။ မယားက ကျက်ကြောင်းကိုပြောသော် အဆောတလျင်ရှူး၍ သပိတ်ကိုတောင်းပြီးလျှင် သပိတ်တွင်အပြည့်လောင်းပြီးမှ ပစ္စေကဗုဒ္ဓါအား ကပ်လှူ၏။

လိမ္မာသော မယားလည်း 'ငါ့လင်ကား ပင်ပန်းစွာလာလျက် အစာကိုမမက်ဘဲ လှူပေသည်။ အိမ်၌နေရစ်သော ငါမူကား အဘယ်ကြောင့် မလှူနိုင်အံ့နည်း' ဟု ကြံလျက် မိမိဖို့ဖြစ်သော ထမင်းကိုလည်း ထို့အတူ သပိတ်၌လောင်း၏။ ပြီးမှ အန္နဘာရလည်း သတိရပြန်၍ အပေါ်ကိုယ်ဝတ်ကို ခင်းပြီးလျှင် "အရှင်ဘုရား။ ဤနေရာ၌ ထိုင်၍ ဆွမ်းဘုဉ်း ပေးတော်မူပါ"ဟု လျှောက်လျှင် ပစ္စေကဗုဒ္ဓါလည်း ထိုင်၍ ဆွမ်းဘုဉ်းပေးတော်မူ၍၊ ဤသို့ရှိသေစွာ ဆွမ်းလုပ်ကျွေးပြီးမှ တရားအနုမောဒနာကို နာပြီးသော် "အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်တို့မောင်နှံကား ရှေ့ဘဝက ဒါန,သီလနည်းသောကြောင့် ယခု ဆင်းရဲလှစွာ သူတကာကို မှီ၍ နေရချေသည်။ ယခုပြုသော ကုသိုလ်ကံကြောင့် နိဗ္ဗာန်မရသေးသမျှ ဘဝခပ်သိမ်းတို့၌ ဆင်းရဲဒုက္ခကို မတွေ့မမြင်ရသည် ဖြစ်စေသော။ အလိုရှိက ခဏချင်းသာ ပြည့်စုံလာသည် ဖြစ်စေသော။ ထမင်းဖြစ်ရာ ဌာနကိုမျှ မသိရအောင် သုခတရား ပွားစေသော" ဟု ဆုတောင်း၏။

ပစ္စေကဗုဒ္ဓါလည်း – 'ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ' ဟူသောဂါထာဖြင့် အနုမောဒနာပြု၍ ကြွတော်မူ၏။

ထိုခဏ၌ သုမနသူဌေး၏ပြာသာဒ်ထက်၌ ထီးချက်စောင့်နေသော နတ်သမီးသည် –

"အဟော ဒါနံ ပရမဒါနံ ဥပရိဋ္ဌေ သုပ္ပတိဋ္ဌိတံ" ဟူ၍ သုံးကြိမ်တိုင်အောင် ကောင်းချီးနမော် သာဓုခေါ်၏။ ထိုအသံကို သုမနသူဌေးကြားလေသော် "ငါသည် ရှည်မြင့်စွာသောကာလပတ်လုံး ဖုန်းတောင်းယာစကာ ကိုးကွယ်ရာမဲ့သော သူအပေါင်းတို့အား တစ်နေ့မပြတ် လှူဒါန်းစွန့်ကြဲပါလျက် သင်သည် ရှေးက သာဓုမခေါ်။ ယနေ့မှ အဘယ်ကြောင့် သာဓုခေါ်သနည်း"ဟု မေး၏။ ထီးချက်စောင့်နတ်သမီးကလည်း "သင်သူဌေး၏ဒါနကို ငါ သာဓု မခေါ်။ အန္နဘာရသည် ပစ္စေကဗုဒ္ဓါအား လှူဒါန်းသောကောင်းမှုကို အကျွန်ုပ် သာဓုခေါ်သည်"ဟု ဆို၏။

ထိုစကားကို ကြားလျှင် သူဌေးကလည်း 'ငါသည် အရှည်အကြာ လှူဒါန်းပါသည်ကိုမျှ နတ်သာဓု မခေါ်ချေ။ ဤ အန္နဘာရသည် တစ်ကြိမ်မျှပင်ပြုသော်လည်း ကောင်းမြတ်သော အလှူခံနှင့် ကြုံကြိုက်၍ အဖိုးထိုက်သောအကျိုးကို ရပေသည်။ ငါ ဝယ်ယူ၍ရသော် ကောင်း၏' ဟု ကြံလျက်၊ အန္နဘာရကို ခေါ်ပြီးလျှင် "သင် အဘယ်သူအား အဘယ်အလှူကို ပေးသနည်း"ဟုမေး၍၊ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူကြောင်းကိုပြန်ကြားသဖြင့် သိရလျှင် "သင်၏ဒါနကို ငါ့အား ရောင်းပါ။ ငွေတစ်အသပြာကို ငါ ပေးမည်" ဟု ဆို၏။ ထိုအန္နဘာရကလည်း "ရှင်သူဌေးမင်း။ တစ်ကြိမ်မျှပင်ပြုရသော ကောင်းမှုဖြစ်၍ မရောင်းလိုပါ" ဟု ဆိုသော်၊ နှစ်သပြာ, သုံးသပြာ, တစ်ရာ, တစ်ထောင်တိုင်အောင် ပေး၍ "ရောင်းပါ"ဟု တောင်းပန်၏။ "အကျွန်ုပ် မရောင်းလို" ဟု ဆိုသော် "မရောင်းလိုလျှင် သင်၏ကုသိုလ် အဖို့ကို ငါ့အားဝေပါ"ဟု တောင်းပန်၏။

အန္နဘာရကလည်း "ရှင်သူဌေး။ အကျွန်ုပ် ဆရာ ပစ္စေကဗုဒ္ဓါကိုမေး၍ ပေးဝေသင့်မှ အကျွန်ုပ်ပေးဝေအံ့"ဟု ဆို၍၊ ထိုပစ္စေကဗုဒ္ဓါနောက်သို့ လိုက်လေ၏။ မီသောကာလ "အရှင်ဘုရား။ အကျွန်ုပ်ပေးလှူသောဒါနကို သုမနသူဌေးက 'ငါ့အား အမျှပေးဝေပါ'ဟု တောင်းပန်ပါသည်၊ အမျှပေးဝေသော် သင့်လျော်ပါအံ့လော" ဟု လျှောက်၏။

ပစ္စေကဗုဒ္ဓါကလည်း "ဒါယကာ။ သင်တို့အိမ်တွင် ညဥ့်အခါ၌ ထွန်းထားသောဆီမီး ကို သူတစ်ပါးတို့ မီးစာဖြင့် ကူးညှိလာအံ့။ ထိုအခါ ရှေးဦးစွာထွန်းထားသော ဆီမီးရောင်သည်



www.burmeseclassic.com

www.burmeseclassic.com



နည်းပါးကုန်ခန်းသလော" ဟု မေး၏။ "အရှင်ဘုရား မညှိုးမှိန်ပါ။ တိုး၍သာ တင့်တယ်ပါသည်"ဟု လျှောက်၏။

"ဒါယကာ။ ဤအတူပင် သင်၏ကုသိုလ်အဖို့ကို သူတစ်ပါးအား ပေးဝေဖြန့်သော်လည်း ကုန်ခန်းလျော့ပါးသည် မရှိ။ တိုး၍သာ ကုသိုလ်တရား ပွားများဘိသည်။ ရဟန်းတစ်ဦးအား တစ်သပိတ်သော ဆွမ်းကို လှူဒါန်းပြီးသော် လူတစ်ကျိပ်အား အမျှဝေခဲ့အံ့။ ဆယ်သပိတ်ပင် လှူသည် မည်၏။ တစ်ရာ, တစ်ထောင်သောသူတို့အား အမျှဝေခဲ့အံ့။ သပိတ် တစ်ရာ, တစ်ထောင်ပင် လှူသည်မည်၏။ ထို့ကြောင့် ဘယ်သူ့ကိုမဆို အလိုရှိသမျှကို ပေးလော့"ဟု ဆို၏။

အန္နဘာရလည်း ပစ္စေကဗုဒ္ဓါအား ရှိခိုး၍ အမြန်ပြန်ခဲ့ပြီးသော် သုမနသူဌေးကြီးအား အမျှပေးဝေ၏။ သူဌေးကြီးကလည်း "ဤ တစ်ထောင်မျှလောက်သောအသပြာကို ယူပါ" ဟု ပေးသော်၊ "အကျွန်ုပ် မယူလိုပါ။ အရှင့်ကိုကြင်နာ၍ သဒ္ဓါခြင်းဖြင့်သာ ပေးဝေပါသည်" ဟုဆို၏။ ထိုသူဌေးကလည်း "သင် သဒ္ဓါတရားဖြင့် ငါ့အား အမျှပေးဝေသကဲ့သို့ ငါ သဒ္ဓါ၍ပင် ဤအသပြာတစ်ထောင်ဖြင့် ပူဇော်ပါသည်။ ယူသာယူပါလော့" ဟု ဆို၏။

ထိုအခါ အန္နဘာရလည်း အသပြာကို သိမ်းယူ၏။ ထိုအခါမှစ၍ သူဌေးထံ၌ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စမရှိပြီ။ ဤသို့ဖြစ်သော်လည်း အကျိုးဆက် မကုန်သေး၍ သုမနသူဌေးသည် ညချမ်းသောအခါ မင်းကြီးအထံသို့ ညီလာခံဝင်မြဲဖြစ်၍ ဝင်ခြင်းငှာ နောက်ပါလူကိုရှာသော် အန္နဘာရမှတစ်ပါး အခြားသူကိုမတွေ့ရကား အန္နဘာရကိုပင် ခေါ်၍ သွားရ၏။

မင်းကြီးအထံသို့ရောက်လျှင် ပြည့်ရှင်မင်းကြီးကလည်း သူဌေးကို မကြည့်။ အန္နဘာရကိုသာ လွန်စွာကြည့်ရှု၏။ သူဌေးကလည်း "အရှင်မင်းကြီး။ ယနေ့ အဘယ်ကြောင့် ဤသူကိုသာ ကြည့်သနည်း" ဟု မေး၏။ "ငါ မမြင်ဘူးသောကြောင့် ကြည့်သည်" ဟု ဆိုပေသော်၊ "မမြင်ဖူး၍သာ ကြည့်အပ်သည် မဟုတ်။ ဤသူ၌ ကြည့်ထိုက်သောကောင်းမှုလည်း ရှိပေသည်"ဟု လျှောက်လျှင်၊ "သင်သူဌေး။ ဤသူ၌ ကြည့်ထိုက်သောကောင်းမှု အသို့ရှိသနည်း" ဟု မေးပြန်သော်၊ အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူသည်မှစ၍ မိမိက အသပြာတစ်ထောင် ပေးသည်တိုင်အောင်သောအကြောင်းကို လျှောက်၏။

ထိုစကားကိုကြားလျှင် ပြည့်ရှင်မင်းကြီးလည်း "ဤအန္နဘာရကို သင်သူဌေးသာ ပူဇော်သင့်သည် မဟုတ်။ ငါလည်း ပူဇော်သင့်ပေသည်။ ကောင်းမြတ်သောအရာ၌ ထားသင့်ပေသည်" ဟုဆို၍ လျှောက်ပတ်သောနေရာကို ရှာစေပြီးလျှင် အိမ်ရာကိုပြုပြင်စေသော် မြေညှိဒွန်းစဏ္ဍားတို့သည် ပေါက်တူးနှင့်ဆွဲ၍ ညှိကြသောကာလ ပေါက်တူးချသမျှအရပ်၌ ရွှေအိုးကြီးတို့သည် လည်ချင်းမိုကာ ပေါ်လာကုန်၏။

ထိုအိုးတို့ကိုမြင်၍ ပြည့်ရှင်မင်းကြီးအား လျှောက်ကြားကြလျှင်၊ ပြည့်ရှင်မင်းကြီးလည်း "မြေမှဖြစ်သောဥစ္စာသည် မြေရှင်ဖြစ်သော ငါနှင့်သာ ထိုက်သည်။ ဖော်ယူချေ" ဟု စေလိုက်၏။ မင်းချင်းတို့လည်း ယူမည်ဟုတူးဆွလျှင် မြေပြင်ဖြစ်မြဲဖြစ်၍၊ တစ်ဖန် ကြားလျှောက်ကြသဖြင့် "အန္နဘာရ၏ ဥစ္စာဟုဆို၍ ယူလေကုန်" ဟု မှာပြန်၏။ မင်းချင်းတို့လည်း မှာလိုက်တိုင်းဆို၍



www.burmeseclassic.com

www.burmeseclassic.com



ဖော်လေသော် မြေမှပေါ်သော မှိုင်းကဲ့သို့ အလုံးစုံသောရွှေအိုးကြီးတို့သည် တက်လတ်ကုန်၏။ ထိုရွှေအိုးတို့ကို မင်းရင်ပြင်သို့ဆောင်၍ ပုံစေလျှင် ထန်းပင်သုံးဆင့် မြင့်သောဟူ၏။

မင်းကြီးလည်း အမတ်တို့ကိုခေါ်၍ "ငါတို့နိုင်ငံတွင် ဤသူကဲ့သို့ ဥစ္စာကြွယ်ဝသော သူ ရှိသေးသလော"ဟု မေး၏။ "မရှိကြောင်း"ကိုလျှောက်ကြသော် "ယနေ့မှစ၍ ဤ အန္နဘာရကို 'မဟာသုမနသူဌေး'ဟု ခေါ်ဝေါ်လေကုန်"ဟု ဆို၍၊ သူဌေးကြီးတို့၏ အဆောင် အယောင်ကို ပေးလေ၏။ [နိရောဓသမာပတ်မှ ထသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား လှူရမှု ထိုနေ့ပင် အကျိုးပေးမြဲတည်း။]

ဤ မဟာသုမနသူဌေးသည်လည်း ကုသိုလ်ကောင်းမှုကို များစွာပြုလျက် အသက်တိုင်း နေ၍ စုတေလေသော် နတ်ပြည်၌ သိကြားမင်းဖြစ်၏။ ထိုမှသည် လူ့ပြည်နတ်ပြည် လှည့်လည်ကာလာသဖြင့် ငါတို့ဘုရားဖြစ်သောအခါ ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်းကြီး ၏ညီတော် 'သုက္ကောဒန'မင်း၏သား ဖြစ်လာသတည်း။

[အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ကား 'အမိတော ဒနဿ သက္ကဿ ဂေဟေ ပဋိသန္ဓိံ ဂဏှိ'ဟူ၍လာ၏။ 'အရှင်အာနန္ဒာလည်း အမိတောဒန၏သား၊ အရှင်အနုရုဒ္ဓါလည်း အမိတောဒန၏သား ဖြစ်ခဲ့လျှင် ညီနောင်အရင်းအချာ ဖြစ်လေရာသည်။ အရင်းအချာလည်း မဟာနာမ်နှင့် အနုရုဒ္ဓါ နှစ်ယောက်သာရှိကြောင်းကို စူဠဝါပါဠိတော် အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတို့၌ လာသည်။ ၎င်းအဋ္ဌကထာတို့၌ အဖအမည်ကို မဆို။ အမိတောဒနကို နှစ်ဦးယူရမည်လည်း မင်း၏ညီတော် ငါးယောက်တွင် တစ်ယောက်မဝင် ဖြစ်ရာသည်။ ယင်းသို့ ယုတ္တိမရဘဲလျက် ဗုဒ္ဓဝင်အဋ္ဌကထာ၊ အပဒါန်အဋ္ဌကထာ၌လည်း အင်္ဂုတ္တိုရ်နည်းသာ ဆိုကုန်သည်။ ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ အဋ္ဌကထာ၌လည်း ညီတော် သုက္ကောဒန၏သားဟု ဆိုသည်။ ရှင်ဗုဒ္ဓဃောသ ပြုချည်းဖြစ်လျက် မညီညွတ်ကြ။ ရှေ့ဝါဒကား ကျမ်းပင်များသော်လည်းယုတ္တိမရသောစကားဖြစ်၍ မူလပဏ္ဏာသ အဋ္ဌကထာကိုမှီကာ ဆိုလိုက်သည်။]

ဤကား အရှင်အနုရုဒ္ဓါ၏ အတ္ထုပ္ပတ္တိတည်း။

## ။၂၉။ အရှင်ဘဒ္ဒိယ၏ ရှေးအကြောင်းကို ပြခြင်း

အရှင်ဘဒ္ဒိယထေရ်၏အကြောင်းကား – ၎င်း ပဒုမုတ္တရဘုရား လက်ထက်တော်ဝယ် သူကြွယ်အမျိုး၌ဖြစ်၍၊ ဘုရားရှင်ထံသို့ တရားတော်နာသွားရာ၌ အမျိုးမြတ်သော ရဟန္တာ တစ်ပါးအား 'ဥစ္စာကုလတေဒဂ်' ထားတော်မူသည်ကိုမြင်၍ ဤအရှင်ကဲ့သို့ ဖြစ်ချင်သော ဆန္ဒရှိရကား ဘုရားထံတော်သို့ကပ်၍ "ဤသို့ မြင့်မြတ်သောအမျိုး၌ ဖြစ်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကောင်းမှုကို ပြုရပါအံ့နည်း" ဟုလျှောက်လျှင်၊ ဘုရားသခင်က "ဒါယကာ။ သံဃာတို့၏နေရာပလ္လင်ကို လှူသဖြင့် မြင့်မြတ်သောအမျိုး၌ ဖြစ်ရာ၏" ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားသော် သူကြွယ်လည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး ဆွမ်း,အဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေး၍၊ ခုနစ်ရက်မြောက်သောနေ့၌ အဖိုးများစွာထိုက်သော ညောင်စောင်းဝယ် တင့်တယ်ကောင်းမြတ်လှသော ကော်ဇောအခင်း, လဲဖြင့် သွတ်အပ်သော မွေ့ရာအခင်း, ခေါမတိုင်း ကောဇွမ္ဗရတိုင်း၌ ဖြစ်ကုန်သော ရွှေချည်ဖြင့်ရက်အပ်သော အခင်းတို့ကိုခင်းလျက် မျက်နှာကြက်ဖိတာန်နှင့်တကွသော အိပ်ရာနေရာကို သံဃာတစ်သိန်းစေ့အောင် ပူဇော်၏။

ထိုသို့ပူဇော်ပြီးသော် ဘုရားအထံတော်သို့ကပ်၍ "အရှင်ဘုရား။ အကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဘဝများစွာ ဖြစ်လေရာ၌ ယုတ်မာသောအမျိုးတို့မှ ကင်းလွတ်၍ မြင့်မြတ်သောအမျိုး၌သာ ဖြစ်ရ၍၊ နောင်ဘုရားတို့၏သာသနာဝယ် ယခုအခါ ဥစ္စာကုလတေဒဂ်ရသောအရှင်ကဲ့သို့ ထင်ရှားမြင့်မြတ်စွာ ဥစ္စာကုလတေဒဂ်ရသော မဟာသာဝက ဖြစ်ရပါလိုသော" ဟု ဆုတောင်းခဲ့လေ၏။

ဘုရားမြတ်စွာလည်း အနာဂတံသဉာဏ်ဖြင့် ရှုတော်မူ၍ ပြည့်စုံအံ့သောအကြောင်းကိုမြင်သော် "အချင်းဥပါသကာ။ ပါရမီကိုသာ ဖြည့်လော့။ ငါပွင့်တော်မူရာ ဤကမ္ဘာမှ နောက် ကပ်တစ်သိန်းမြောက်၌ ဂေါတမဘုရားပွင့်တော်မူသောကာလ ဘဒ္ဒိယအမည်ရှိသော ဥစ္စာကုလတေဒဂ်ရ ရဟန္တာဖြစ်လတ္တံ့။ မဖြစ်မီအကြားလည်း သိကြားမင်း ခုနစ်ဆယ့်လေးကြိမ်, စကြဝတေးမင်း ငါးဆယ့်တစ်ကြိမ်, ကေရာဇ်မင်း အကြိမ်တစ်ထောင်, ပဒေသရာဇ် ဒီပရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်, သူဌေးသူကြွယ် မရေတွက်နိုင်ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ယင်းသို့ ဗျာဒိတ်စကားကြားပြီးမှ တရားအနုမောဒနာပြု၍ ကြွတော်မူ၏။ သူကြွယ်လည်း အသက်အတိုင်းတည်နေ၍ စုတေလတ်သောအခါ တာဝတိံသာနတ်ရွာ၌ သိကြားမင်း ဖြစ်လေ၏။ ဤသို့ လူ့ပြည်နတ်ပြည် လှည့်လည်ကာသာ ဥစ္စာကုလချည်းဖြစ်၍ ငါတို့ဘုရားလက်ထက်တော်တွင် ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်း၏နှမတော်ဖြစ်သော 'ကာဠိဂေါဓာ'မည်သော မိဖုရား၏သား ဖြစ်လာသတည်း။ အရွယ်သို့ရောက်သောအခါ တစ်ဆယ့်ငါးယူဇနာရှိသောအရပ်၌ ပဒေသရာဇ်မင်းအဖြစ်ကိုရ၍ မင်း၏စည်းစိမ်ကို ခံစားလျက်ရှိနေစဉ် ယခင်ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် မင်းသားငါးယောက်တို့နှင့်တကွ ရဟန်းပြုကြသတည်း။

ရဟန်းဖြစ်ပြီးသောကာလ ထိုဘဒ္ဒိယကား ရဟန်းတရားကို အားထုတ်လျက် တောတောင် သစ်ပင်ရင်း စသော ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သောအခါ "သြော်- ချမ်းသာစွ, သြော်-ချမ်းသာစွ" ဟူသောဥဒါန်းကို မပြတ်ဆိုလေ့ပြု၏။

တစ်နေ့သောအခါ သံဃာတော်တို့ကြား၍ ဘုရားသခင်အားလျှောက်လေသော် ဘဒ္ဒိယကို ခေါ်တော်မူ၍ "ချစ်သားဘဒ္ဒိယ။ တောဖျားတောင်ချောက် သစ်ပင်အောက်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရောက်တိုင်းပင် သင် ဥဒါန်းကျူး၏ဟူသည် မှန်သလော" ဟု မေးတော်မူ၏။ မှန်ပါကြောင်းကိုလျှောက်လျှင် "သင် အဘယ်သို့သော အကျိုးဆက်ကိုမြင်၍ ရွှင်ရွှင် လန်းလန်း 'ချမ်းသာစွ' ဟူသောစကားကို ဆိုသနည်း" ဟု မေးတော်မူ၏။ ဘဒ္ဒိယကလည်း "အရှင်ဘုရား။ အကျွန်ုပ်သည် ရှေး လူမင်းစည်းစိမ်နှင့် နေသောကာလ အိမ်တွင်းအိမ်ပမှ လည်းကောင်း၊ မြို့တွင်းမြို့ပြင်မှ လည်းကောင်း အစောင့်အရှောက်ကို များစွာထားလျက် သွားခြင်း, ရပ်ခြင်း, ဥယျာဉ်ဝင်ခြင်း စသည်တို့ကို ပြုသောအခါ လွန်စွာ ထိတ်လန့်တုန်လှုပ် ရပါသည်။ ကြက်သီးဖြိုက်ဖြိုက် ချွေးကြီးအိုက်မျှ ကိုယ်၌ ကြောင့်ကြရပါသည်။ ယခု၌ မူကား တစ်ယောက်တည်းပင် သွား, လာ, ရပ်, ထိုင်ခြင်းကိုပြုသော်လည်း ကြောက်ရွံ့မှု မရှိပါပြီ။ ထို့ကြောင့် ဝမ်းမြောက်လှ၍ 'အဟော သုခံ' ဟူသောဥဒါန်းကို မြည်တမ်း မိပါသည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားလည်း–

'ယဿန္တရတော န သန္တိ ကောပါ၊
ဣတိ ဘဝါဘဝတ္ထံ ဝီတိဝတ္တော။
တံ ဝိဂတဘယံ သုခီ ဝိသောကံ၊
အသောကံ နာနုဘောန္တိ ဒေဝါ ဒဿနာယ' ဟူသောဥဒါန်းကို ကျူးတော်မူ၏။

အနက်ကား – ယဿ၊ အကြင် အရိယာပုဂ္ဂိုလ်၏။ အန္တရတော၊ ကိုယ်တွင်း၌။ ကောပါ၊ ပြုစုနှောင့်ယှက် အမျက်စောင်မာန်တို့သည်။ နသန္တိ၊ မရှိကုန်။ ဣတိ ဘဝါဘဝတ္ထံ၊ သဿတ, ဥစ္ဆေဒ အစရှိသော ဒိဋ္ဌိတရားကိုလည်း။ ဝီတိဝတ္တော၊ လွန်နိုင်၏။ ဝိဂတဘယံ၊ ကင်းပြီးသော ဘေးရှိသော။ သုခိံ၊ ချမ်းသာလည်း ရှိထသော။ ဝိသောကံ၊ ကာယ, စိတ္တ ိဝေကလည်း ရှိထသော။ အသောကံ၊ စိုးရိမ်ခြင်းလည်း မရှိထသော။ တံ၊ ထိုရဟန္တာ၏ ိတ်ကို။ ဒေဝါပိ၊ သူ၏စိတ်ကို သိတတ်သော နတ်တို့သည်လည်း။ ဒဿနာယ၊ မြင်ခြင်းငှာ။ နာနုဘောန္တိ၊ မစွမ်းနိုင်ကုန်။

ဤဒေသနာ၏အဆုံး၌ များစွာသောပရိသတ်တို့သည် အကျွတ်တရားကို မြင် ကုန်သတည်း။

ဤကား အရှင်ဘဒ္ဒိယ၏ အကြောင်းအတ္တုပ္ပတ္တိတည်း။

## ။၃၀။ အရှင်အာနန္ဒာ၏ ရှေးအကြောင်းကို ပြခြင်း

အရှင်အာနန္ဒာ၏အကြောင်းကား ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူ၏။ ထိုဘုရားရှင်ကား လူတို့၏အသက် တစ်သိန်းတမ်း၌ ပွင့်တော်မူသည်။ ဖွားတော်မူရာပြည်ကား ဟံသာဝတီပြည် မည်၏။ ခမည်းတော်ကား



www.burmeseclassic.com

www.burmeseclassic.com



အာနန္ဒာမင်း, မယ်တော်ကား သုဇာတာ မိဖုရား, ဘုရားလောင်းအမည်ကား 'ဥတ္တရကုမာရ' မည်၏။ ငါတို့ဘုရားလောင်းကဲ့သို့ ရွှေနန်းသုံးရပ်ဝယ် နတ်မင်း၏စည်းစိမ်ကဲ့သို့သော ရွှေနန်းစည်းစိမ်ကိုခံစား၍ အနှစ်သုံးသောင်းရှိသောအခါ သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်၍ သံဝေဂဖြစ်သဖြင့် မြောက်သားတော် 'ဝသုလဒတ္တာဒေဝီ'တွင် သားတော် ဥဋ္ဌရမင်းသားကို မျက်နှာမြင်သောနေ့၌ တောထွက်တော်မူ၍၊ ခုနစ်ရက် ဒုက္ကရစရိယာ ကျင့်ပြီးသော် အင်ကြင်းဗောဓိ၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

သတ္တသတ္တာဟကိုလွန်၍ ဓမ္မစကြာတရားဟောခြင်းငှာ ဒေသစာရီ ကြွချီတော်မူသော် ခြေတော်ချတိုင်းချတိုင်းသော အရပ်၌ ရထားလှည်းဘီး ပမာဏရှိသော ပဒုမာကြာပွင့်သည် မြေမှ ထွက်၍ထွက်၍ ခံလာ၏။ ထိုသို့ ခံလာသည်ကို စွဲ၍ 'ပဒုမုတ္တရ'ဟူသော အမည်တော်သည် ဖြစ်၏။ ထိုဘုရားရှင်၏ လက်ယာရံ အဂ္ဂသာဝကကား 'ဒေဝလထေရ်' မည်၏။ လက်ဝဲရံကား 'သုဇာတထေရ်' မည်၏။ တပည့်မိန်းမအစုံကား 'အမိတာထေရီ', 'အသမာထေရီ' မည်၏။ အလုပ်အကျွေးကား 'သုမနထေရ်' မည်၏။

တစ်ရံသောအခါ မြတ်စွာဘုရားသည် ခမည်းတော်အား လည်းကောင်း၊ ဆွေတော်မျိုးတော်တို့အား လည်းကောင်း တရားအမြိုက်ဆေး တိုက်ကျွေးချီးမြှောက်ခြင်းငှာ သံဃာတစ်သိန်း ခြံရံလျက် ဟံသာဝတီပြည်သို့ ကြွလာ၍ သီတင်းသုံးနေတော်မူ၏။

ထိုဘုရား၏ ညီတော်အငယ်ဖြစ်သော သုမနမင်းသားကို ခမည်းတော် အာနန္ဒာမင်းကြီးသည် ဟံသာဝတီပြည်မှ ယူဇနာတစ်ရာ့နှစ်ဆယ် ကွာသောအရပ် တိုင်းကျပ်မြို့ငယ်၌ မြို့စားပေး၍၊ မင်းပြုရသတည်း။ ထို သုမနမင်းသားသည် နောင်တော်ဘုရားရှင်အား လည်းကောင်း၊ ခမည်းတော်မင်းကြီးအား လည်းကောင်း ဖူးမြင်ခြင်းငှာ ရံခါရံခါ ဟံသာဝတီပြည်သို့ လာရောက်စမြဲတည်း။ တစ်ရံသောအခါ မင်းကြီးနိုင်ငံ၌ ပစ္စန္တ ရစ်အရပ်သည် မငြိမ်မဝပ်ဖြစ်၍ သားတော် သုမနမင်းသားကို "သင် သွား၍ ငြိမ်ဝပ်အောင်ပြုချေ"ဟု စေလိုက်၏။ မင်းသားလည်း စစ်အင်္ဂါလေးပါးနှင့်တကွ သွား၍ ရန်သူတို့ကို ငြိမ်ဝပ်စေပြီးသော် ခမည်းတော်အထံသို့ တမန်စေလွှတ်၍ 'ငြိမ်ဝပ်ပါကြောင်း'ကို လျှောက်လိုက်၏။

မင်းကြီးသည် အလွန် ဝမ်းသာစိတ်ရှိရကား "သားတော်ကို အမြန်ခေါ်ချေ" ဟု စေလိုက်၏။ အမတ်တို့လည်း မင်းသားအား လျှောက်ကြားခေါ်ဆောင်ခဲ့၍ ခရီးအကြားသို့ ရောက်သောကာလ မင်းသားက ဤသို့တိုင်ပင်၏။ "ခမည်းတော်သည် ငါ့အား နှစ်သက်စုံမက်မြတ်လေး၍ ဆုပေးခဲ့သော် အဘယ်ဆုကို ယူ၍ကောင်းမည်နည်း" ဟု တိုင်ပင်၏။

ထိုအခါ အချို့အမတ်တို့ကလည်း "ဆင်ရတနာကို ယူပါ", "မြင်းရတနာကို ယူပါ", "မြို့ရွာကိုယူပါ" စသည်ဖြင့် ဆိုကြကုန်၏။ လိမ္မာသောအမတ်တစ်ဦးကမူကား "အရှင့်သားတို့၌ ရတနာခုနစ်ပါးတွင် အဘယ်ရတနာမျှ ရခဲသည် မရှိပြီ။ ဤလောကီရတနာဖြင့် အဘယ်မှု စံအံ့နည်း။ လောကုတ္တရာရတနာကိုသာ ရခဲပါသည်။ ထို့ကြောင့် ခမည်းတော် ဆု ပေးခဲ့သော် နောင်တော်မြတ်စွာဘုရားအား ကိုးကွယ်ရမည့်ဆုကိုသာ ယူပါ"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သုမနမင်းသားလည်း "ဤဆုကား ကောင်းလှပြီ။ ဤအမှုကိုသာ ငါလည်း နှစ်သက်သည်" ဟုဆို၍ လာခဲ့ကြသဖြင့်၊ ဖခင်မင်းကြီးအထံသို့ ရောက်လျှင် ရှေ့တော်တွင် ရှိခိုး၍ နေ၏။ မင်းကြီးလည်း သားတော်ကိုမြင်လျှင် ရာဇပလ္လင်မှသက်၍ ဖက်ယမ်းနမ်းရှုပ်လျက် ရင်ခွင်ထက်ဝယ် နေစေပြီးသော် "သားတော်လိုသမျှဆုကို ငါပေးမည်။ ယူလော့"ဟု ဆိုပေ၏။ မင်းသားလည်း "ဆင်း, မြင်း, ရထား, မြို့ရွာ, ရွှေငွေကို အကျွန်ုပ် မလိုပါ။ နောင်တော်ဘုရားကိုသာ အသက်ထက်ဆုံး လုပ်ကျွေးပါရစေ"ဟု ခွင့်တောင်း၏။ ခမည်းတော်ကလည်း "ချစ်သား။ ဤဆုကိုကား ငါ မပေးနိုင်။ တစ်ပါးဆုကိုသာ ယူလော့" ဟု ဆိုပေ၏။ မင်းသားကလည်း "ခမည်းတော်။ မင်းတို့မည်သည်ကား နှစ်ခွသောစကားကို ဆိုမြဲ မဟုတ်ပါ။ အကျွန်ုပ်ကား ဤဆုကိုသာ လိုပါသည်"ဟု လျှောက်သော် ခမည်းတော်က "ချစ်သား။ ဤဆုကိုသာ လိုတပြီးကား ဝါတွင်းသုံးလမျှ ကိုးကွယ်လော့"ဟု ဆို၏။

ထိုသို့အခွင့်ရလျှင် သုမနမင်းသားကလည်း "နောင်တော်ဘုရား အလိုရှိမှလည်း ဖြစ်ပါမည်။ အလိုတော် ရှိ, မရှိ သိရအောင် စုံစမ်းပါဦးအံ့"ဟု လျှောက်ကြား၍ ဘုရားကျောင်းတော်သို့ သွားလေ၏။ ထိုအခါ မြတ်စွာဘုရားလည်း ဆွမ်းစားခြင်းကိစ္စ ပြီးလတ်၍ ဂန္ဓကုဋိတိုက်တွင်းသို့ဝင်၍ သီတင်းသုံးတော်မူသဖြင့် တရားရုံအပြင်၌ သံဃာတော်တို့ စည်းဝေးနေသည်ကိုသာ တွေ့၏။

မင်းသားလည်း သံဃာတော်တို့ထံ ကပ်၍ "မြတ်စွာဘုရားကို ယခု ဖူးမြင်လိုပါသည်။ ဖူးမြင်ရအောင် မ,စတော်မူပါ"ဟု လျှောက်တင်လျှင်၊ သံဃာတော်တို့ကလည်း "မင်းသား။ ငါတို့ကား မလျှောက်ကြားဝံ့ချေ။ ငံ့လင့်၍သာ နေဦးလော့"ဟု ဆိုကြ၏။ မင်းသားကလည်း "အရှင်ဘုရားတို့ မစွမ်းနိုင်လျှင် အဘယ်အရှင် စွမ်းနိုင်သနည်း"ဟု လျှောက်၏။ "အလုပ်အကျွေးဖြစ်သော သုမနထေရ်သာ ဤအရာကို စွမ်းနိုင်သည်"ဟုဆိုလျှင်၊ "ထိုအရှင်သည် အဘယ်တွင် ရှိပါသနည်း"ဟု မေး၍၊ သုမနထေရ်ထံ ကပ်ပြီးသော် "ဒကာတော်သည် ယခုပင် ဘုရားရှင်ကို မြင်လိုပါသည်။ အရှင်ဘုရား မ,စတော်မူပါ"ဟု လျှောက်လျှင်၊ အရှင်သုမနလည်း "ကောင်းပြီ"ဟုဝန်ခံ၍၊ မြင်စဉ်ပင်လျှင် မြေအပြင်ကို ငုပ်လျှိုး၍သွားသဖြင့် ဘုရားစံရာ ဂန္ဓကုဋိသို့ဝင်၍ "အရှင်ဘုရား။ ညီတော် သုမနမင်းသားသည် ဘုရားသခင်ကို ယခုအလျှင် ဖူးမြင်လို၍ ရောက်ပါသည်"ဟု လျှောက်ကြား၏။ ဘုရားသခင်ကလည်း "ဖူးမြင်လိုသော် နေရာတော်ကို ခင်းဘိလော့"ဟု မိန့်တော်မူလိုက်၏။

ထို အရှင်သုမနလည်း ဘုရားရှင်၏နေရာတော်ကို ဆောင်လျက် မြေကိုငုပ်လျှိုး၍ ...ပြီးသော် သံဃာတော်တို့ ညီမူရာအပြင်၌ ခင်းထား၍ မင်းသားအား ဘုရားကြွလာလတ္တံ့သောအကြောင်းကို ကြား၏။ မင်းသားလည်း ထို သုမနထေရ်၏ တန်ခိုးဣဒ္ဓိပါဒ်ကိုမြင်လျှင် 'ဤအရှင်ကား ကြီးမားသောတန်ခိုးအာနုဘော် ရှိပေစွ။ ဤအရှင်ကဲ့သို့ နောင်ဘုရားတို့အကဟွင် ဖြစ်ရမှုကား ကောင်း၏'ဟူသောအကြံသည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း ဂန္ဓကုဋိတိုက်မှ ထွက်တော်မူ၍ ခင်းအပ်သောနေရာ၌ စံပယ်တော်မူလာသော်၊ ညီတော်သုမနမင်းသားလည်း ညွတ်တွားရိုကျိုး ရှိခိုး၍ ယလျက် ဘုရားခြေတော်ရင်းသို့ကပ်၍ လျှောက်ပတ်သောစကားကို လျှောက်ကြားဟောပြောပြီးသော် "နောင်တော်ဘုရား။ ကိုယ်တော်မြတ်သည် ဂန္ဓကုဋိတိုက်တွင်း၌ သီတင်းသုံးနေတော်မူသည်ကို ဖူးမြင်ရအောင် မ,စပါဟု သံဃာတော်တို့အား ခွင့်တောင်းပါလျက်လည်း အဘယ်အရှင်မှ မလျှောက်ဝံ့ကြ။ ဤ အရှင်သုမနသာ အရှင်ဘုရားကို ဖူးမြင်ရအောင် ပြစွမ်းနိုင်ပေသည်။ ကိုယ်တော်မြတ်၏သာသနာ၌ ဤအရှင်သည် အလွန် ကျွမ်းဝင်ပေသည်"ဟု လျှောက်၏။

ဘုရားသခင်လည်း "ဤသုမနကား ငါဘုရားအား လုပ်ကျွေးသူဖြစ်၍ လေးပါးသော ဆုကို ပေးသနားသဖြင့် ခွင့်ရကျွမ်းဝင် ရှိသည်"ဟု မိန့်တော်မူ၏။ မင်းသားကလည်း "အဘယ်ကောင်းမှုကို ပြုသဖြင့် နောင်ဘုရားတို့၏အထံတွင် ဤအရှင်ကဲ့သို့ အကျွမ်းတဝင်ဖြစ်ရအံ့နည်း"ဟု လျှောက်ပြန်သော်၊ "ညီတော်သုမန။ ဘုရားအမှူးရှိသော သံဃာတော်တို့၏ ကံကိစ္စကို ရိုသေစွာဆောင်ရွက်သဖြင့် လည်းကောင်း၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းကို ပြုသဖြင့် လည်းကောင်း ဖြစ်ရာ၏"ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူလျှင် "အရှင်ဘုရား။ အကျွန်ုပ်အား နောင်ဘုရားတို့အထံတွင် ဤအရှင်ကဲ့သို့ ဖြစ်ပါအောင် မ,စ ချီးမြှောက်သောအားဖြင့် မနက်ဖြန် တပည့်တော်အလှူကို ခံတော်မူပါ"ဟု ပင့်ဖိတ်၍ နေရာသို့ပြန်ပြီးသော် သံဃာတော်တို့အား လုပ်ကျွေးလှူဒါန်းရန်ကို စီမံပြုပြင်၏။ ဘုရားသခင်လည်း နံနက်သောအခါ သံဃာတစ်သိန်းနှင့်တကွ ကြွ၍ ဆွမ်း ဘုဉ်းပေးတော်မူ၏။

ဤသို့သောနည်းအားဖြင့် ခုနစ်ရက်ပတ်လုံး လှူဒါန်းလုပ်ကျွေးလျက် ခုနစ်ရက်မြောက်လတ်သော် ညီတော်မင်းသားသည် ဘုရားခြေရင်း၌ ရိုသေစွာရှိခိုးလျက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အကျွန်ုပ်သည် ခမည်းတော်ထံ တောင်းပန်ခယ၍ ဝါတွင်းသုံးလမျှ အရှင်မြတ်ကို ကိုးကွယ်ခွင့် ရပါသည်။ ဤသုံးလ ကြွတော်မူ၍ အကျွန်ုပ်၏အလှူကို ခံတော်မူပါ"ဟု လျှောက်၏။ ဘုရားသခင်လည်း ရှေးရှေးသော နောင်တော်ဘုရားတို့၏ကျင့်စဉ်ကို မျှော်၍ သည်းခံတော်မူ၏။

ထိုသို့ ဆိတ်ဆိတ်နေသဖြင့် အခွင့်ပေးကြောင်းကို သိလျှင် "အရှင်ဘုရား။ အကျွန်ုပ်ကား စားသောမြို့ရွာကို ပြန်၍ ကျောင်းအာရာမ် ပြုလုပ်ပါတော့မည်။ ပြီးစီး၍ ပင့်လျှောက်လာသောအခါ သံဃာတစ်သိန်းနှင့်တကွ ကြွတော်မူပါ" ဟု လျှောက်ထား၍ ပြန်ခဲ့ပြီးလျှင်၊ ဖခင်မင်းကြီးအား ဘုရားသခင် ခွင့်ပေးတော်မူကြောင်းကို လျှောက်၍ ပူဇော်ကန်တော့ပြီးလျှင် ခရီးစဉ်အတိုင်း ပြန်လာ၍ တစ်ယူဇနာလျှင် ကျောင်း တစ်ဆောင်ကျစီဆောက်စေ၏။ ခရီးလမ်းကိုလည်း ကောင်းမွန်စွာညီညွတ်စေလျက် တံခွန်, ကုက္ကားတို့ဖြင့် စိုက်ထားခင်းကျင်းစေ၏။

နေရာမြို့သို့ ရောက်သောကာလ 'သောဏ'အမည်ရှိသော သူဌေး၏ဉယျာဉ်ကို အသပြာတစ်သိန်းဖြင့် ဝယ်ပြီးသော်၊ ကမ္ဘိက လက်ခတစ်သိန်းပေး၍ တစ်သိန်းသော အသပြာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သစ်ဖိုး, ကျောက်ဖိုးပြုလျက် ကျောင်းတော် ဆောက်လုပ်၏။ ပြီးစီးသောကာလ ဖခင် မင်းကြီးထံ တမန်စေလွှတ်၍ ဘုရားကြွတော်မူပါမည့်အကြောင်းကို တောင်းပန်စေ၏။

ဘုရားသခင်လည်း သံဃာတော်တစ်သိန်းနှင့်တကွ ကြွတော်မူ၏။ မင်းသားလည်း ဘုရားကြွတော်မူလာကြောင်းကို ကြားလျှင် တစ်ယူဇနာသောအရပ်က ခရီးဦးကြိုဆို၍ ထိုထိုသို့သော ပူဇော်ဖွယ်ဝတ္ထုတို့ဖြင့် ကပ်လှူပူဇော်လျက် ကျောင်းတော်သို့ ပင့်ဆောင်လေ၏။ ကျောင်းအာရာမ်တို့ကို ကပ်လှူပူဇော်ပြီး ဝါဆိုခါနီးလတ်သော် ညီတော်သုမနမင်းသားသည် မိမိသားမယားနှင့်တကွ ကျောင်းတော်သို့လာ၍ သံဃာတော်တို့အား ရှစ်ပါးသောပရိက္ခရာတို့ကို ကပ်လှူပြီးလျှင် မိမိအမတ်တို့ကို ခေါ်၍ ဤသို့ဆို၏။ "ဘုရားမြတ်စွာသည် ငါတို့ဌာနသို့ ဝေးမင်းလှလျက်ပင် ကြွတော်မူလာပေသည်။ ဘုရားတို့မည်သည်လည်း တရားဥ္ဓသာဂရုပြုသည်။ အာမိသစသည်၌ ဂရုပြုတော် မမူ။ ထို့ကြောင့် ငါသည် ဝါတွင်းသုံးလပတ်လုံး ဖန်ရည်စွန်းသော ပုဆိုးကိုဝတ်၍ ဒသသီလကို ဆောက်တည်ပြီးလျှင် ကျောင်းတော်တွင်နေ၍ လုပ်ကျွေးခြင်းကို ပြုအံ့။ သင်တို့သည် စည့်,ကျီ,တိုက်,ကြ ၌ ရှိသမျှသောပစ္စည်းတို့ဖြင့် တစ်သိန်းသောသံဃာကို လုံလောက်စွာ လုပ်ကျွေးဘိလော့"ဟု ဆို၏။

ထိုနေ့မှစ၍ အမတ်တို့လည်း စီရင်အပ်သောအတိုင်း လုပ်ကျွေးပြုစုလျက် ဝါကျွတ်သောအခါ တစ်သိန်းသောသံဃာတော်တို့အား အသပြာတစ်ထောင်,တစ်ထောင်စီထိုက်သော တိစီဝရိတ် သင်္ကန်းပရိက္ခရာတို့ကို ကပ်လှူ၏။ လှူပြီးသောကာလမှ ဘုရားခြေရင်းသို့ကပ်၍ ပျပ်ဝပ်ရှိခိုးပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် ဤမျှလောက်ပြုရသော ကုသိုလ်ကံ၏ အကျိုးအားဖြင့် သိကြား, စတုလောကပါလ, စကြာမင်းတို့၏အဖြစ်ကို အလိုမရှိပါ။ ကိုယ်တော်မြတ်သာသနာ၌ အလွန်ချစ်ကျွမ်းဝင်သော အရှင်သုမနထေရ်ကဲ့သို့ နောင်ဘုရားတို့၏သာသနာ၌ လွန်စွာချစ်ကျွမ်းဝင်သော ဘုရားသခင်၏အလုပ်အကျွေး ဖြစ်ပါစေသော"ဟု လျှောက်၏။

ဘုရားမြတ်စွာလည်း အနာဂတံသဉာဏ်ဖြင့် ကေန်ပြည့်စုံလတ္တံ့သည်ကို မြင်သော် "ညီတော် သုမန။ ငါဘုရားနောက် ကပ်တစ်သိန်းမြောက်၍ ဘဒ္ဒကမ္ဘာ ပေါ်သောအခါ သာကီဝင်မင်းမျိုးမှ ဂေါတမအမည်ရှိသော မြတ်စွာဘုရား ပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် မဟာဆွေတော်ဖြစ်သော အမိတောဒနမင်း၏ သားဖြစ်၍ ထင်ရှားကျော်စောစွာ 'အာနန္ဒာ'ဟူသောအမည်ကို ရလျက် ဤ အရှင်သုမနကဲ့သို့ 'ဗုဒ္ဓဝလ္လဘ' အလုပ်အကျွေးဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

သုမနမင်းသားလည်း ထိုဗျာဒိတ်စကားကို ကြားလျှင် 'ဘုရားရှင်တို့၏ စကားမည်သည် ယွင်းပါးတိမ်းယိမ်းခြင်း မရှိ။ စင်စစ်လျှင် ငါ ဖြစ်ရတော့မည်' ဟု ရွှင်ကြည်စိတ်သန်လျက် ယနေ့မနက်ဖြန်ပင် အရှင်ဂေါတမဘုရား၏ သင်္ကန်း, သပိတ်, ပရိက္ခရာတို့ကို လွယ်လျက် နောက်တော်က လိုက်ရအံ့သကဲ့သို့ ထင်၏။

ထို ပဒုမုတ္တရာဘုရား ပွင့်သောအခါ ငါတို့ ဘုရားလောင်းသည် ဇဋိလရသေ့ဖြစ်၍ နိယတဗျာဒိတ်ကို ခံရ၏။ သုမနမင်းသားလည်း ဗျာဒိတ်ရသည်မှာ စ၍ ဒါန, သီလ,



www.burmeseclassic.com

www.burmeseclassic.com



ဘာဝနာကို လွန်စွာအားထုတ်လျက်၊ ဂေါတမဘုရားလောင်းဖြစ်သော ဇဋိလရသေ့အားလည်း များစွာချီးမြှောက်လျက် အသက်အတိုင်းတည်၍ စုတေလေသော် တုသိတာနတ်ပြည်၌ ဖြစ်၏။ ထိုမှသည် လူ့ပြည်သို့လာ၍ စကြာမင်းအဖြစ် အကြိမ် တစ်ထောင်၊ နတ်မင်းအဖြစ် အကြိမ် တစ်ထောင်၊ ပြဟ္မာမင်းအဖြစ် အကြိမ် သုံးဆယ်၊ ပဒေသရာဇ်, ဧကရာဇ်မင်းအဖြစ် မရေမတွက်နိုင်အောင် ဖြစ်၏။

ဤသို့ လူ့ပြည်နတ်ပြည် လှည့်လည်ကာသာ ကမ္ဘာတစ်သိန်း တပေါင်းတည်းသာ များစွာဖြစ်ရ၍ ကဿပဘုရားပွင့်တော်မူသောအခါ တစ်ဦးသောပုဏ္ဏားမျိုး၌ဖြစ်၍ ဆွမ်းခံလာသော ရဟန်းတစ်ပါးအား သပိတ်ကို ဖွဲ့ခြင်းငှာ ကိုယ်၌ရုံလျက်ပါသော စုလျားပုဆိုးကိုကပ်လှူ၍ ခုနစ်ရက်မြောက်သောနေ့၌ပင် ရွှေအိုးပဒေသာတို့၏ အရှင် ဖြစ်၏။ ထိုဘုရာလက်ထက်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို အားထုတ်၏။ စုတေသောအခါ နတ်ရွာ၌ နတ်မင်း ခုနစ်ကြိမ် ဖြစ်ပြီးသော်၊ လူ့ပြည်သို့လာ၍ ဗာရာဏသီမင်းကြီး ဖြစ်ပြန်၏။ ထိုအခါ ဂန္ဓမာဒနတောင်မှ ကြွလာသော ပစ္စေကဗုဒ္ဓါ ငါးကျိပ်ရှစ်ပါးတို့အား ငါးဆယ့်ရှစ်ဆောင်သော ကျောင်းကန်ကို ဆောက်၍ပူဇော်၏။

ထိုမှသည် တုသိတာနတ်ပြည်၌ ဘုရားလောင်းနှင့် အတူတကွဖြစ်ခဲ့ကြ၍ ဘုရားလောင်းပဋိသန္ဓေနေလာသောအခါ မိမိလည်း အမိတောဒန သာကီဝင်မင်းအိမ်တွင် တစ်ချိန်တည်း ဖြစ်လာ၏။ ဖွားမြောက်၍ အရွယ်ရောက်သောကာလ အထက်ကဆိုခဲ့ပြီးသော နည်းအားဖြင့် မင်းသားငါးယောက်တို့နှင့် အတူတကွ ရဟန်းပြုကြသတည်း။

## ။၃၁။ အရှင်အာနန္ဒာ မြတ်စွာဘုရားအား အမြဲ လုပ်ကျွေးခြင်း

ဘုရားသခင်လည်း ဝါတော် နှစ်ဆယ်တိုင်အောင်ပင် အရှင်အာနန္ဒာအား ဥပဋ္ဌာကအရာ၌မထားဘဲ မမြဲသောလုပ်ကျွေးခြင်းဖြင့်သာ လုပ်ကျွေးစေရ၏။ ရံဖန်ရံခါလည်း 'နာဂသမာလ' ထေရ် လုပ်ကျွေးသည်။ ရံခါလည်း 'နာဂိတ'ထေရ် လုပ်ကျွေးသည်။ ရံဖန်လည်း 'ဥပဝါန'ထေရ် လုပ်ကျွေးသည်။ ရံခါလည်း 'သုနက္ခတ္တ'ရဟန်း လုပ်ကျွေးသည်။ ရံဖန်လည်း 'စုန္ဒ'သာမဏေ လုပ်ကျွေးသည်။ ရံခါ 'စုန္ဒ'ထေရ်၊ ရံဖန်လည်း 'သာဂတ'ထေရ်၊ ရံဖန်လည်း 'ရာဓ'ထေရ်၊ ရံဖန်လည်း 'မေဃိယ'ထေရ်တို့ လုပ်ကျွေးသတည်း။ ထိုမထေရ်တို့ လစ်လပ်သောအခါသာ ရှင်အာနန္ဒာ လုပ်ကျွေးရ၏။

တစ်ရံသောအခါ နာဂသမာလထေရ် အလုပ်အကျွေးပါလျက် ဒေသစာရီ ကြွချီတော်မူလေသော် ခရီးမ၌ လမ်းနှစ်ခွရှိသည်ကို တွေ့လေလျှင်၊ ဘုရားသခင်က လက်ယာလမ်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြွတော်မူလိုသည်။ ရှင်နာဂသမာလကလည်း လက်ဝဲလမ်းဖြင့် သွားလို၍ "အကျွန်ုပ် ဤလမ်းသို့ သွားလိုပါသည်"ဟု လျှောက်၏။ ဘုရားသခင်ကလည်း "ဤလမ်းဖြင့် မသွားလင့်"ဟု တားတော်မူ၏။ ထိုသို့တားသော်လည်း မဆုတ်မနစ်ဘဲ သွားခြင်းငှာ ဘုရားရှင်၏ပရိက္ခရာကို 'မြေမှာချထားအံ့'ဟု အားထုတ်၏။ ထိုကိုမြင်လျှင် ဘုရားသခင်က "ငါ့ထံသို့ ဆောင်ခဲ့"ဟု မိန့်တော်မူ၍ ကိုယ်တော်တိုင် ဆောင်ယူပြီးလျှင်ကြွတော်မူ၏။ ထို နာဂသမာလထေရ်လည်း လက်ဝဲလမ်းဖြင့်သွားသော် ခရီးအကြားဝယ် ခိုးသားတို့နှင့်တွေ့၍ သပိတ်, သင်္ကန်းကို လုယူပြီးလျှင် ထိုအရှင်ကိုလည်း ရိုက်ခတ်၍ ကွဲပြတ်သွေးယို ဖြစ်လေသတည်း။ ထို နာဂသမာလထေရ်လည်း "ဘုရားရှင်ကို မထောက်ညှာ၍ ငါ ယခု ကိုးကွယ်ရာမဲ့ ဖြစ်ချေပြီ" ဟုမြည်တမ်းလျက် ဘုရားနောက်တော်သို့ လိုက်လေလျှင်၊ ဘုရားသခင်က "သင် အသို့ဖြစ်သနည်း"ဟု မေးတော်မူ၍ ခိုးသူနှိပ်စက်ကြောင်းကိုလျှောက်လျှင်၊ "ငါ့ရှင် နာဂသမာလ။ ရေးကပြုသော ဝင့်ရှိမှု မရှောင်လွှဲသာ ခံရမြဲဓမ္မာ ဖြစ်ချေသည်။ ဝေနေယျတို့အား မေတ္တာကိုသာ ပွားလော့"ဟု မိန့်တော်မူ၏။

တစ်ရံသောကာလ 'မေဃိယ'ထေရ် လုပ်ကျွေးပြုနိသောအခါ ပါစီနဝံသ မိဂဒါဝုန်တော 'ဇန္တု'မည်သောရွာသို့ ဒေစာရီကြွချီလေသော် ဘုရားရှင်နှင့်တကွ မေဃိယထေရ်သည် ဇန္တု မည်သောရွာ၌ ဆွမ်းခံပြီးသော် ဂင်္ဂါမြစ်နား၌ ကြည်ညိုဖွယ်ရှိသော သရက်တောကိုမြင်၍ "အရှင်ဘုရား။ အကျွန်ုပ်ကား ဤသရက်တောမှနေ၍ ရဟန်းတရားကို အားထုတ်လိုပါသည်။ သပိတ်ပရိက္ခရာကို ယူတော်မူပါ"ဟု အပ်၏။ ဘုရားသခင်လည်း သုံးကြိမ်တိုင်အောင်ပင် တားမြစ်လျက် မဆုတ်မနစ်ဘဲ ယုတ်သောအကြံဖြင့် ချန်ရစ်၍ သရက်ဥယျာဉ်သို့ ဝင်၍နေ လေ၏။

ဘုရားသခင်လည်း အစဉ်သဖြင့်ကြွတော်မူ၍ သာဝတ္ထိပြည်သို့ရောက်သောအခါ သံဃာတော်အပေါင်းတို့ကို စည်းဝေးစေ၍ ဤသို့ မိန့်တော်မူ၏။

"ချစ်သားရဟန်းတို့။ ယခုအခါ ငါဘုရားသည် အသက်အရွယ်လည်း ကြီးရင့်ပြီ။ အမြဲလုပ်ကျွေးသော ရဟန်းရှိမှ သင့်တော့မည်။ ငါ၏သာသနာဝယ် 'သဒ္ဓါပဗ္ဗဇိတ'ဟု ဝန်ခံလျက် မကျိုးမနွံသောရဟန်းလည်း ရှိချေသည်။ အချို့ရဟန်းလည်း ငါနှင့်'အတူ သွားအံ့'ဟူလျက် အယူပြား၍ ခရီးတစ်ပါး သွားလိုသောအခါ ငါဘုရား၏ပရိက္ခရာကို မြေမှာ ထား၍ သွားကြဘိသည်။ အချို့လည်း ဂရုမမူ မယူငင်ဘဲ သွေလွှဲကုန်သည်။ အချို့ကလည်း ငါဘုရားကို ထောက်ထားမညှာ လိုရာဝင်နေကြကုန်သည်။ အသိန်း,အသန်းများသော တပည့်သံဃာရှိပါလျက် သင်္ကန်း, သပိတ် ပရိက္ခရာကို ငါကိုယ်တိုင်လွယ်ရချေလျှင် သင်တို့ အပေါ် သူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ် ဖြစ်ချေသည်။ ထို့ကြောင့် အမြဲလုပ်ကျွေးသောသူကို ငါလိုသည်"ဟု မိန့်တော်မူ၏။ ထို အမိန့်တော်ကို ကြားလျှင် တပည့်သာဝကတို့သည် ဓမ္မ သံဝေဂအလွန်ဖြစ်၍ ကြက်သီး တဖြိုက်ဖြိုက် ရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှင်သာရိပုတ္တရာသည် နေရာမှထ၍ ငါးဝသောရှိခိုးခြင်းတို့ဖြင့် ရှိခိုးပြီးသော် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားတို့ကဲ့သို့သော 'ပုရိသုတ္တမ အနုတ္တရ' ပုဂ္ဂိုလ်ကို လုပ်ကျွေးလိုသောကြောင့် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေကာလပတ်လုံး ပါရမီကို ဖြည့်ခဲ့ပါသည်။ ကိုယ်တော်မြတ်၏ကျေးဇူးတော်ကို ခံ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါသည်။ အရှင်မြတ်၏ သာသနာဝယ် အကျွန်ုင်ကဲ့သို့ ပညာကြီးသောသူ, အရာကြီးသောသူ မရှိပါ။ အကျွန်ုပ်ကဲ့သို့သော တပည့်သာလျှင် မြတ်စွာဘုရားအား လုပ်ကျွေးထိုက်ပါသည်။ ထို့ကြောင့် အကျွန်ုပ် လုပ်ကျွေးပါအံ့"ဟု နားတော်လျှောက်၏။

ဘုရားသခင်လည်း "ချစ်သားသာရိပုတ္တရာ။ သင်သည် အကြင်အရပ် အကြင်နေရာ၌ နေ၏။ ထိုအရပ် ထိုနေရာသည် လေးဖြာသောပရိသတ်တို့ဖြင့် မဆိတ်ညံ။ သင်၏ဆုံးမဩဝါဒသည် ငါဘုရား ဆုံးမဩဝါဒနှင့် တူ၏။ သင် ဟောကြားသောတရားသည် ငါဘုရား ဟောကြားသည်နှင့် တူ၏။ ထို့ကြောင့် သင်သို့သော အဂ္ဂသာဝကသည် ငါဘုရားအား လုပ်ကျွေးဖွယ်ကိစ္စ မရှိပြီ"ဟု မိန့်တော်မူ၏။

ထို့နောက် အရှင်မဟာမောဂ္ဂလန် လျှောက်ထားပြန်လျှင်လည်း ဤနည်းပင်ဆို၍ ပယ်တော်မူ၏။ ထို့နောက် အနုရုဒ္ဓါ, ဥပါလိ, ဘဒ္ဒိယ စသော 'အသီတိ မဟာသာဝက'တို့သည် လုပ်ကျွေးပါမည့်အကြောင်းကို အသီးသီးလျှောက်ထားကြကုန်၏။ ဘုရားသခင်လည်း အခွင့်မပေးဘဲ ပယ်တော်မူသည်သာတည်း။

ထိုအခါ အရှင်အာနန္ဒာကား ခွင့်မတောင်းဘဲ ဆိတ်ဆိတ်သာ နေ၏။ သံဃာတော်တို့ကလည်း အရှင်အာနန္ဒာကို "လုပ်ကျွေးခြင်းငှာ ခွင့်တောင်းပါ"ဟု တိုက်တွန်းကြ၏။ အရှင်အာနန္ဒာကလည်း "ငါ့ရှင်တို့။ တောင်း၍ရသောအရာ မည်သည်ကား သူရင်းငှားခကဲ့သို့သာ ဖြစ်သည်။ ဘုရားသခင်သည် အကျွန်ုပ်ကို မမြင်အံ့လော။ အကယ်၍ နှစ်သက်တော်မူသည်ဖြစ်အံ့။ 'ချစ်သားအာနန္ဒာ။ ငါဘုရားကို လုပ်ကျွေးလော့'ဟု မိန့်တော်မူလတ္တံ့."ဟု ဆို၍သာ နေ၏။

မြတ်စွာဘုရားကလည်း "ချစ်သားရဟန်းတို့။ အာနန္ဒာသည် ငါဘုရားကိုလည်း အလွန်ချစ်ခင်၏။ သူတစ်ပါးတို့ထက်လည်း အားထုတ်ခြင်းဝီရိယလုံ့လနှင့် ပြည့်စုံ၏။ ဤအာနန္ဒာပင် ကောင်းစွာအခွင့်သိ၍ ငါဘုရားအား လုပ်ကျွေးလတ္တံ့."ဟု မိန့်တော်မူ၏။ ထိုအမိန့်ကိုကြားသော် သံဃာတော်တို့ကလည်း "ငါ့ရှင်အာနန္ဒာ။ မြန်စွာထလော့။ ဘုရားရှင်၌ အလုပ်အကျွေးအရာကို တောင်းပန်ပါလော့"ဟု ဆိုကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် နေရာမှထ၍ 'ပဉ္စပတိဋ္ဌိတ'တို့ဖြင့် ရှိခိုးပြီးသော် "ရွှေဘုန်းတော်ရှင် သခင်ဘုရား။ အကျွန်ုပ်အား လေးပါးသောဆုကို ပယ်၍ လေးသွယ်သောဆုကို သနားတော်မူပါမူ မြတ်စွာဘုရားအား လုပ်ကျွေးပါအံ့" ဟု လျှောက်၏။

"သင် ပယ်လိုသော ဆုလေးပါးကား အဘယ်နည်း."ဟု မေးတော်မူလျှင်–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား။ ကိုယ်တော်မြတ်သည် ရအပ်သော မွန်မြတ်သော ဆွမ်း,ကွမ်း ပစ္စည်းဖြင့် မချီးမြှောက်ခြင်းလည်း တစ်ပါး၊

"မွန်မြတ်သောသင်္ကန်းပစ္စည်းဖြင့် မချီးမြှောက်ခြင်းလည်း တစ်ပါး၊

"ကိုယ်တော်မြတ်ကျိန်းဝပ်သော ဂန္ဓကုဋိတိုက်သို့ ဝင်၍မအိပ်ရခြင်းလည်း တစ်ပါး၊

"ဆွမ်းဖိတ်သော ဒါယကာတို့အိမ်သို့ အမြဲခေါ်၍ ကြွတော်မမူခြင်းလည်း တစ်ပါး။ ဤလေးပါးသော ဆုကို ပယ်လိုပါသည်"ဟု လျှောက်၏။

"အဘယ်အပြစ်ကိုမြင်၍ သင် ပယ်လိုသနည်း"ဟု မေးတော်မူလျှင်၊

"အရှင်ဘုရား။ များစွာသော ရှင်, လူ, ရဟန်းတို့သည် ငြူစူခြင်းများ၍ သူတစ်ပါး၏ ကျေးဇူးမဲ့ကို ဆိုတတ်ပါသည်။ 'ရှင်အာနန္ဒာကား ဘုရားချီးမြှောက်တော်မူသော ဆွမ်းသင်္ကန်းကို ရသောကြောင့်သာ လည်းကောင်း၊ ဘုရားနှင့်အတူတကွ တစ်ခန်းတစ်နေရာတည်း အိပ်ရသောကြောင့်သာ လည်းကောင်း၊ ဒါယကာတို့ ပင့်ဖိတ်ရာသို့ အတူမကွာ ပါရသောကြောင့်သာ လည်းကောင်း လုပ်ကျွေးပြုစုရသည်။ ငါတို့ကို ဤကဲ့သို့မချီးမြှောက်၍ လုပ်ကျွေးဖွယ် မရှိ'ဟု ဆိုဘိရာ၏။ ထို့ကြောင့် ဤဆုလေးပါးကို အကျွန်ုပ် ပယ်လိုပါသည်"ဟု လျှောက်၏။

"ယူလိုသော ဆုလေးပါးကား အဘယ်နည်း"ဟု မေးတော်မူပြန်လျှင်–

"အရှင်ဘုရား အကျွန်ုပ်ဝန်ခံ၍ နိမန္တနအပ်သောဆွမ်းကို ခံတော်မူပါသော် လည်းကောင်း၊

"အနီးအဝေး မြို့ကျေးရွာက ရောက်လာကုန်လတ်သော ပရိသတ်လေးပါးသည် ဘုရားသခင်ကိုဖူးမြင်လို၍ တပည့်တော်ကိုကပ်သဖြင့် တပည့်တော်လျှောက်လာလျှင် ဖူးမြင်ခွင့်ရပါ သော်လည်းကောင်း၊

"အကျွန်ုပ်သည် အကြင်အခါ၌ တစ်စုံတစ်ခုသောတရား၌ ယုံမှားခြင်းရှိသဖြင့် မြတ်စွာဘုရားထံဆည်းကပ်၍ မေးလျှောက်ခြင်းငှာ အလိုရှိ၏။ ထိုအခါ ဆည်းကပ်ရပါ သော် လည်းကောင်း၊

"ကွယ်ရာ အခြားတစ်ပါးဒေသ၌ ဟောတော်မူသမျှသော တရားစကားကိုအကျွန်ုပ်အား ပြန်၍ဟောကြားတော်မူပါ သော်လည်းကောင်း အကျွန်ုပ် လုပ်ကျွေးပါအံ့။ ဤ လေးပါးသော ဆုကို ရလိုပါသည်"ဟု လျှောက်၏။

"အဘယ်သို့သော အကျိုးထူးမြတ်ကို မြင်၍ လေးအင်သောဆုကို ရလိုသနည်း" ဟု မေးတော်မူပြန်လျှင်၊

"အရှင်ဘုရား။ သဒ္ဓါပသန္နရှိသော အမျိုးသားတို့သည် ဘုရားရှင်ကိုပင့်ရန် အခွင့်မရသောအခါအကျွန်ုပ်ထံသို့လာ၍ 'အာနန္ဒာ။ မြတ်စွာဘုရားနှင့်တကွ မနက်ဖြန် အကျွန်ုပ်တို့အိမ်သို့ ကြွ၍ ဆွမ်း,သင်္ကန်းအလှူကို ခံတော်မူပါ'ဟု လျှောက်လတ္တံ့။ ထိုအခါ အကျွန်ုပ်တောင်းပန်၍



www.burmeseclassic.com

www.burmeseclassic.com



အခွင့်မရခဲ့သော်လည်းကောင်း၊ အဝေးမှရောက် လာသောပရိသတ်တို့သည် ဘုရားသခင်ကို ဖူးမြင်လို၍ အကျွန်ုပ်သို့ ကပ်လာသောကာလ ဖူးမြင်ရအောင်မပြနိုင်သော်လည်းကောင်း လူအပေါင်းတို့ ဤသို့ ဆိုဖွယ်ရှိပါသည်။ 'အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အလွန်လုပ်ကျွေးခယလျက် ဤမျှသောအခွင့်ကိုမျှ ဘုရား မ,စတော် မမူပါ။ ဝင့်တုံ့ရှိ၍သာ ပြုရရှာသည်'ဟု ဆိုပါလတ္တံ့။

"အကျွန်ုပ်သည် ခက်ခဲသောအရာ၌ သက်ံယနရှိ၍ ထိုသံသယကို ကင်းစိမ့်သောငှာ အထံတော်သို့ ကပ်လို သောခဏ၌ ကပ်ခွင့်မရသော်လည်းကောင်း၊ တစ်ပါးသောသတ္တဝါတို့အား ဟောကြားခဲ့သော တရားကို အကျွန်ုပ်အား ပြန်၍ ဟောကြားတော်မမူသည် ဖြစ်အံ့။ ကိုယ်တော်မြတ်၏ ကွယ်ရာ၌ အကျွန်ုပ်ထံသို့ လာ၍ 'အရှင်အာနန္ဒာ။ ဤဒေသနာကား သုတ်လော, ဝိနည်းလော, အဘိဓမ္မာလော။ အဘယ်အရပ်၌ အဘယ်ဇာတ်, အဘယ်တရားကို ဟောကြားသနည်း' စသည်ဖြင့် မေးလျှောက်သောကာလ မဖြေဆိုနိုင် ရှိပါလိမ့်မည်။ ထိုအခါ 'အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ သွားလေရာပါသော အရိပ်ကဲ့သို့ ဖဝါးခြေထပ် ထက်ကြပ်ပါသူဖြစ်လျက် ဘုရားဒေသနာတော်ကို ရှိသေစွာမမှတ်ဘိ။ သိသင့်လျက်မျှ မသိရှာလေ'ဟု သူတစ်ထူးတို့ ကဲ့ရဲ့လေရာသည်။ ထို့ကြောင့် ဤဆုလေးပါးကို တပည့်တော် ရလိုပါသည်"ဟု လျှောက်၏။

ဘုရားသခင်ကလည်း "သင်အလိုရှိတိုင်းပင် ငါ ပေးတော်မူမည်"ဟု ဆုပေး၍၊ အလုပ်အကျွေး၏အရာ၌ ဌာနန္တရဖြင့် ထားတော်မူ၏။ အရှင်အာနန္ဒာလည်း ဤအလို့ငှာ ကမ္ဘာတစ်သိန်းကာလပက်လုံး ဖြည့်ခဲ့သောပါရမီအကျိုးသည် ပြည့်ဖြိုးစုံညီစွာ ဖြစ်သတည်း။

ဤသို့ ဥပဋ္ဌာကအရာ ဝိသေသကို ရသည်မှစ၍—

နံနက်သောကာလ၌ ဘုရားထတော်မမူမီ ထ၍ ဂန္ဓကုဋိဝယ် ဘုရားနေရာကို စင်ကြယ်စွာ တံမြက်လှည်းလျက် အထူ,အလတ်,အပါးအားဖြင့် သုံးပါးသောဒန်ပူကို လည်းကောင်း၊ ရေအေး, ရေကျက်အားဖြင့် နှစ်ပါးသောမျက်နှာသစ်ရေကို လည်းကောင်း တည်ထား၍ မိမိကား မျက်နှာသုတ်ပဝါဖြင့် နေလင့်၏။

မျက်နှာတော်သစ်ပြီးမှ ဘုရားနေရာ၌ စံပယ်တော်မူလာသော် ကောင်းစွာခြေသုတ်ခြင်းကို ပြု၏။

ထ၍ စင်္ကြံကြွသောအခါ မိမိနေရာသို့လာ၍ ယာဂုကိုစီရင်ပြီးမှ ကပ်၏။

ဆွမ်းခံကြွတော်မူလိုသော် ရှာဝတ်သင်းပိုင်ကို ပေးခြင်း၊ ကျောင်းဝတ်သင်းပိုင်ကို ခေါက်၍ထားခြင်း၊ နေရာတော်ကို သိမ်းဆည်းခြင်း စသောကိစ္စကိုပြုပြီးမှ သပိတ်တော်ကို လွယ်၍လိုက်၏။

ပြန်လတ်သောအခါ နေရာကို ခင်းလင့်ခြင်း၊ သက်နှ်းကို လှမ်းယူခြင်း၊ ယပ်လေခတ်ခြင်း၊ ခြေလက်ဆုပ်နယ်ခြင်း စသည်တို့ကို ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာဘတ္တတိုင်လျှင် အစဉ်ကျိန်းတော်မူမြဲဖြစ်သော ညောင်စောင်းအင်းပျဉ်ကို ခါ လျက် တင့်တယ်စွာ နေရာခင်းထား၏။

မြတ်စွာဘုရား လျောင်းတော်မူလတ်သော်, ယပ်လေခတ်ပေးခြင်း၊ ခြေလက်ဆုပ်နယ် ခြင်း စသည်တို့ကိုပြု၏။

ဂန္ဓကုဋိမှထတော်မူသော် သုံးတော်ရေ သောက်တော်ရေ တည်ထားခြင်း၊ နေရာ ခင်းခြင်း၊ တရားဟောပလ္လင် တည်ခြင်း၊ သံဃာတော်တို့ စည်းဝေးရာနေရာကို သုတ်သင် ခြင်း စသည်ကို ပြု၏။

ညချမ်းသောကာလ ဒေသစာရီ ချီတော်မူရာမှပြန်လေသော် ခြေဆေးတော်မူရန်, သုံးဆောင်တော်မူရန်, ချိုးတော်မူရန် ရေပူရေချမ်းကို လည်းကောင်း၊ ခြေသုတ်ပုဆိုး, ခြေပွတ် အိုးခြမ်း, ရေသနုပ်သက်န်းတို့ကို လည်းကောင်း ထားလင့်၏။

ရေသပ္ပါယ်တော်မူလျှင် ချေးတွန်းခြင်းစသော ပရိကံကို ပြု၏။

ညဉ့်မိုက်သောအခါ ဆီမီးထွန်းညှိခြင်း၊ လျောင်းတော်မူသော် ထူသောအရုံ,ပါးသော အရုံဖြင့် လွှမ်းခြင်း၊ ခြေလက်ဆုပ်နယ်ခြင်း၊ ယပ်လေခတ်ခြင်း စသည်တို့ကို ပြု၏။ ဤသို့ စသည်ဖြင့် အရာမလပ်သော ဝတ်တို့ကို တစ်နေ့မပြတ်ပြုတော်မူသတည်း။

ဇေတဝန်ကျောင်းတော်သို့ရောက်၍ သာဝကသန္နိပါတကို ပြုသောအခါ မြတ်စွာ ဘုရားသခင်လည်း အရှင်အာနန္ဒာကို များစွာသောအတ္တုပ္ပတ္တိတို့ဖြင့် ချီးမွမ်းတော်မူ၍ ဓမ္မဘဏ္ဍာ ဂါရိကအရာ၌ ထားပြီးသော်-

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဗဟုဿုတာနံ ဘိက္ခူနံ, သတိမန္တာနံ ဘိက္ခူနံ, ဂတိမန္တာနံ ဘိက္ခူနံ, ဓိတိမန္တာနံ ဘိက္ခူနံ၊ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော'ဟူ၍ ဧတဒဂ် ထားတော်မူ၏။

အနက်ကား - ဘိက္ခဝေ၊ တို့။ ဣမသ္မိံ သာသနေ၊ ဤ ငါဘုရားသာသနာတော်၌။ ဗဟုဿုတာနံ၊ များသောအကြားအမြင် ရှိကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ သတိမန္တာနံ၊ သတိရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ဂတိမန္တာနံ၊ ပညာရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ဓိတိမန္တာနံ၊ တည်ကြည်ခြင်း သမာဓိ ရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ဥပဋ္ဌာကာနံ၊ အလုပ်အကျွေး ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ-ယော ဧသော အာနန္ဒော၊ အကြင်အာနန္ဒာ သည်။ အတ္ထိ၊ ရှိ၏။ ဧသော အာနန္ဒော၊ ဤအာနန္ဒာမည်ခေါ် ငါ့ညီတော်သည်။ အဂ္ဂ- အဂ္ဂေါ၊ ကဲလွန်၏။

ဤကိုရည်၍ ပါရမီခန်းပျို့၌ - 'ငါးခါဧတဒဂ် မိန့်မြွက်သံတော် ကောင်းချီးခေါ် သည် ရှင်ကျော်မထေရ် ညီတော်သည်လျှင်' ဟူ၍ စပ်ဆိုတော်မူလေသည်။

ဤကား အရှင်အာနန္ဒာ၏ အကြောင်းအတ္တုပ္ပတ္တိတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၃၂။ အရှင်ဥပါလိ၏ ရှေးအကြောင်းကို ပြခြင်း

အရှင်ဥပါလိအကြောင်းကား ဤကမ္ဘာမှပြန်၍ရေသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရာဘုရား ပွင့်တော်မမူမီကပင် ဟံသာဝတီပြည်တွင် ဘေးဘိုးအစဉ်အားဖြင့် စင်ကြယ်သန့်ရှင်းသော 'သုဇာတ'ပုဏ္ဏားသည် ရှိ၏။ ထိုပုဏ္ဏားသည် ကုဋေရှစ်ဆယ် ဥစ္စာကြွယ်၏။ များစွာသော ဥစ္စာစပါးလည်း ရှိ၏။ လက္ခဏာကျမ်း, ဣတိဟာသကျမ်းနှင့်တကွသော ဗေဒင်သုံးပုံ အလုံးစုံကိုလည်း အာဂုံရွတ်ဆောင်၏။ ထိုသို့ အမျိုး, ဥစ္စာ, ပညာကြီးမြတ်သောဂုဏ်ကြောင့် ထိုပြည်၌ရှိကုန်သော ပရိဗိုဇ်ရဟန်း, ဦးစွန်းတစ်ခုရှိသော တက္ကတွန်း, ဂေါတမအနွယ်ဖြစ်သော တက္ကတွန်း, ဗုဒ္ဓသာဝကအမည်ရသော တက္ကတွန်း, ရသေ့အယောင်ဆောင်သော တက္ကတွန်း, သူလျှို ထိုထိုသော ရသေ့အရည်းတို့သည် ညွတ်ကျိုးဦးနှိမ်ကာ ခြံရံပူဇော် လာရကုန်၏။ ထိုသို့ အပူဇော်ကို ခံရလျက် ဇာတိမာန်, ဂုဏမာန်, ပညာမာန်တို့ဖြင့် ယစ်၍ ဘုရားမဖြစ်မီကပင် နေလင့်၏။

တစ်ရံသောအခါ ထိုသုဇာတပုဏ္ဏားသည် သားမယားတို့အား စည်းစိမ်ဥစ္စာ ရတနာရွှေငွေတို့ကို အပ်နှင်းခဲ့၍ တောအရပ်သို့ကပ်ပြီးသော် ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် လောကီဈာန်, အဘိညာဉ်တို့ကို ရ၏။ ထိုအခါ 'သုနန္ဒာရသေ့'ဟု တွင်၏။

ရသေ့ပြု၍ မမြင့်မီပင် ဟံသာဝတီပြည်ဝယ် ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသဖြင့် ခမည်းတော်အား တရားရသ တိုက်ကျွေးခြင်းငှာ သံဃာတစ်သိန်းနှင့်တကွ ကြွတော်မူလာ၍ ခေမမိဂဒါဝုယျာဉ်၌ ထက်ဝန်းကျင် တစ်ယူဇနာမျှလောက်သော ပရိသတ်တို့အား တရားဟောပြလျက် နေတော်မူ၏။

ထိုခဏ၌ သုနန္ဒာရသေ့သည် ချဉ်, ဆား မှီဝဲအံ့သောငှာ ဟိမဝန္တာမှ ဟံသာဝတီပြည်သို့ ကြွလာသည်နှင့် တင့်တယ်စွာနေတော်မူသော ဘုရားရှင်ကိုမြင်လျှင် ကြည်လင်မြတ်နိုး လျက်ရှိခိုးပူဇော်၏။ ထိုသို့ပူဇော်ပြီးလျှင် 'ဘုရားရှင် သီတင်းသုံးတော်မူသော ဤနေရာကား အမိုးအကာလည်း မရှိ။ လွင်တီးခေါင်အတိသာ ဖြစ်ချေသည်။ ပန်းနေရာဖြင့် ငါ ပူဇော်အံ့'ဟု ကြံမိ၍၊ ဟိမဝန္တာ၌ ပန်းနံ့သာတို့ကို လျင်စွာဆောင်ပြီးလျှင် အဘိညာဉ်တန်ခိုးဖြင့် ပန်းမိုးမဏ္ဍပ်ကို ဖန်ဆင်းပေ၏။

ဘုရားသခင်လည်း ဤမဏ္ဍပ်အတွင်း၌ သီတင်းသုံးနေလျက် ခုနစ်ရက်ပတ်လုံး တရားဟောတော်မူသဖြင့် ကုဋေတစ်သိန်းမျှလောက်သော သူတို့သည် အကျွတ်တရားကို ရကုန်၏။ ရှစ်ရက်မြောက်သောအခါ မြတ်စွာဘုရားလည်း 'သဗ္ဗပါဠိက'မည်သော ရဟန္တာတစ်ဦးအား တရားဆုံးဖြတ်သောအရာ, ဝိနည်းကို ဆောင်ရွက်သောအရာ၌ သံဃာတစ်သိန်းတို့ထက် ကဲလွန်၍ ဧတဒဂ် ထားတော်မူ၏။

ထိုသို့ထားသည်ကိုမြင်လျှင် ဤအရှင်ကဲ့သို့ ဖြစ်ချင်သောဆန္ဒ ရှိရကား ဘုရားရှင်ထံသို့ကပ်၍ "အကျွန်ုပ်ယခုပြုအပ်သော ကုသိုလ်ကံကြောင့် နောင်ဘုရားတို့၏သာသနာဝယ် ဤ သဗ္ဗပါဠိကရဟန်းကဲ့သို့ ဝိနယဓရအရာ၌ ဧတဒဂ်ရသည်သာ ဖြစ်ရပါလိုသော"ဟု ဆုတောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း ပြည့်စုံလတ္တံ့သော အကြောင်းကိုမြင်၍ "သင်ရသေ့။ ဤကမ္ဘာမှနောက် တစ်သိန်းမြောက်ကျသော ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရား ပွင့်တော်မူသောအခါ 'ဥပါလိ' အမည်ရသော ဓမ္မဒါယာဒ, ဝိနယဓရ, သာသနာနုဂ္ဂဟ ပဋ္ဌမသာဝကကြီး ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုအခါ သုနန္ဒာရသေ့လည်း ဤသို့ ကြံပြန်၏။ 'ငါ လူဖြစ်သောအခါက ကောင်းစွာ သိမ်းဆည်းစုထားခဲ့သော ရွှေ, ငွေ, ဥစ္စာကား အလွန်များစွာ ရှိ၏။ ထိုဥစ္စာကို အကျိုးရှိရာ၌ တည်အောင် ဘုရားရှင်၏နေရာ ကျောင်းအာရာမ်ကို ပြုစေအံ့'ဟု ကြံ၍ သားမယားဖြစ်ဖူးသောသူတို့ထံ သွားပြီးသော် နိုးဆော်ကြပ်မလျက် ဟံသာဝတီပြည်မှ အရှေ့ကုပ်လုပ်လေးတာ ငါးရာခန့်ကွာသောအရပ်၌ 'သောဘန'မည်သောဥယျာဉ်ကို အသပြာတစ်သိန်း ဖြင့်ဝယ်လျက် လက်ခကဲကျွေး အသပြာတစ်သိန်းပေးသဖြင့် တင့်တယ်ကောင်းမွန်စွာ ကျောင်းနေရာကို ပြုလုပ်၏။

ထိုကျောင်းကား များစွာသော စုလစ် မွမ်းချွန်, ပြာသာဒ်ဝန်း, ပြာသာဒ်တို့, ထိုထိုသို့သော မုခ်ထွတ်တို့ဖြင့် လည်းကောင်း၊ သံဃာတို့စည်းဝေးရာ မဏ္ဍပ်, ပြာသာဒ် ဦးပြည်းတို့ဖြင့် လည်းကောင်း၊ သစ်လိုဏ် အုတ်လိုဏ် ကျောက်လိုဏ်အားဖြင့် သုံးပါးသော လိုဏ်, ရပ်ထိုင်သွားလာရန် စင်္ကြံကြီးငယ်တို့ဖြင့် လည်းကောင်း၊ ဇရုံးအိမ်, ရေချိုးအိမ်, မီးတင်းကုပ် စသည်တို့ဖြင့် လည်းကောင်း တင့်တယ်ပြည့်စုံစွာ ခြံရံအပ်၏။ ကျောင်း၏အသုံးအဆောင် ဖြစ်သော ညောင်စောင်း, အင်းပျဉ်, ခုတင်, ဘုံလျှို ထိုထိုသောအသုံးအဆောင်တို့ကိုလည်း ကောင်းစွာထားပေ၏။ သံဃာတော်တို့အား တစ်စုံတစ်ခုသောဘေးအန္တရာယ်မှ မတွယ်မငြိစေခြင်းငှာ ရှစ်မျက်နှာသောအရပ်မှ ဝန်းပတ်ခြံရံလျက် တံတိုင်း မီးတားတို့ကိုလည်း ပြုပြင်ပေ၏။ သစ်သီးအာရာမ်, ပန်းအာရာမ်, ရေကန်, ရေတွင်း စသည်တို့ကိုလည်း စိုက်လုပ်ပြုပြင်ပေ၏။

ဤသို့ တင့်တယ်ဆန်းကြယ် ပြည့်စုံသောကျောင်းအာရာမ်ကို ဖန်ဆင်းပြုလုပ်ပြီးလျှင် ဘုရားသခင်အမှူးရှိသော သံဃာတော်တို့အား လှျောက်ကြားပင့်ဆောင်၍ ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးသော် ပူဇော်လှူဒါန်း၍ မိမိရည်မှန်းသောဆုကို ပတ္ထနာခြင်းငှာ–

'ကီတော သတသဟဿေန၊ တတ္တကေနေဝ ကာရိတော။

သောဘနေ နာမ အာရာမော၊ သမ္ပဋိစ္ဆ တုဝံ မုနိ။

ဣမိနာရာမဒါနေန၊ စေတနာပဏိဓီဟိ စ။

ဘဝေ နိဗ္ဗတ္တမာနောဟံ၊ လဘာမိ မမ ပတ္ထိတံ'ဟူသော ဂါထာဖြင့် လျှောက်၏။

အနက်ကား – မုနိ၊ မောနေယျပဋိပတ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ သတ သဟဿေန၊ တစ်သိန်းသောအသပြာဖြင့်။ သောဘနာ နာမ အာရာမော၊ 'သောဘန'မည်တွင် ဥယျာဉ်ကို။ ကီတော၊ ဝယ်ရပါ၏။ တတ္တကေနေဝ၊ ထိုမျှလောက်သော သိန်းအသပြာဖြင့်လျှင်။ ဝိဟာရော၊ ကျောင်းကို။ ကာရိတော၊



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ပြုပြင်ရပ်ပါ၏။ တံ၊ ထိုအလုံးစုံသော ကျောင်းအာရာမ်ကို။ တဝ၊ အရှင်ဘုရားအား။ နိယျာတေမ၊ ဆောင်နှင်းပါကုန်၏။ တုဝံ၊ အရှင်ဘုရားသည်။ သမ္ပဋိစ္ဆ၊ ခံတော်မူပါလော့။

အဟံ၊ ...သည်။ ဣမိနာရာမဒါနေန၊ ဤကျောင်းအာရာမ် လှူရသောဒါနကြောင့် လည်းကောင်း။ စေတနာပဏိဓိဟိ စ၊ ဆုတောင်းပတ္ထနာ စေတနာတို့ကြောင့် လည်းကောင်း။ ဘဝေ၊ ယုတ်, မြတ်, ကြီး, ငယ် အသွယ်သွယ်ဘဝသံသရာ၌။ နိဗ္ဗတ္တမာနော၊ ဖြစ်သည် ရှိသော်။ မမ၊ အကျွန်ုပ်၏။ ပတ္ထိတံ၊ တောင့်တအပ်သော ဆုကို။ လဘာမိ၊ ရပါလို၏။

ဤသို့ ဆုတောင်းပတ္ထနာ၍ လှူသောအခါ မြတ်စွာဘုရားလည်း ဖြစ်လတ္တံ့သော ဘဝ, ရလတ္တံ့သောအကျိုးဆက်ကို ပြက်ပြက်ကုန်စင် သိမြင်တတ်သော အနာဂတံသ ဉာဏ်စက္ခုဖြင့် ရှုတော်မူ၍ အစဉ်အတိုင်းမြင်လျှင် ထက်ဝန်းကျင်သောပရိသတ်တို့အား သဒ္ဓါပသန္နပွား၍ ထင်ရှားစေခြင်းငှာ–

'ယော သော ဗုဒ္ဓဿ ပါဒါသိ၊ သံဃာရာမံ သုမာပိတံ။
တမဟံ ကိတ္တယိဿာမိ၊ သုဏာထ မမ ဘာသတော။
ဟတ္ထိ အဿာ ရထာ ပတ္တိ၊ သေနာ စ စတုရင်္ဂိနီ။
ပရိဝါရေဿန္တိ မံ နိစ္စံ၊ သံဃာရာမဿိဒံ ဖလံ။ (လ)
သဗ္ဗမေတ အဘိညာယ၊ ဂေါတမော သကျပုင်္ဂဝေါ။
ဘိက္ခုသံဃေ နိသီဒိတွာ၊ တေဒဂ္ဂေ ဌပေဿတိ'ဟူသော တစ်ဆယ့်သုံးဂါထာကို ဟောတော်မူ၏။

အနက်ကား– ယောနရော၊ အကြင်သူသည်။ သုမာပိတံ၊ ကောင်းစွာစီမံ ဖန်ဆင်းအပ်သော။ သံဃာရာမံ၊ ကျောင်းအာရာမ်ကို။ ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ပါဒါသိ၊ လှူဒါန်းပူဇော်၏။ သော နရော၊ ထိုသူသည်။ လဘိတဗ္ဗံ၊ ရအပ် ခံစားအပ်သော။ ယံ ဖလံ၊ အကြင်အကျိုး သည်။ အတ္ထိ၊ ရှိ၏။ တံ ဖလံ၊ ထိုအကျိုးကို။ အဟံ၊ ငါသည်။ ကိတ္တယိဿာမိ၊ ဟောကြား ပေအံ့။ ဘာသတော၊ ဟောကြားလတ္တံ့သော။ မမ၊ ငါဘုရား၏။ ဝစနံ၊ စကားတော်ကို။ သုဏာထ၊ နာလင့်ကုန်။

သော၊ ထိုကျောင်းအာရာမ် လှူဒါန်းသောဒါယကာသည်။ မနုဿေသု၊ လူ့ပြည်တို့ ၌။ နိဗ္ဗတ္တမာနော၊ ပဋိသန္ဓေ နေရဘိသော်။ စတုရင်္ဂိနီ၊ အင်္ဂါလေးပါး ရှိကုန်သော။ ဟတ္ထိ အဿာ ရထာ ပတ္တိသေနာ၊ ဆင်, မြင်း, ရထား, ခြေသည် ဟူသော ဗိုလ်ပါအပေါင်းတို့ သည်။ ဣမံ၊ ဤသူကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေဿန္တိ၊ ခြံရံကုန်လတ္တံ့။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်။ သံဃာရာမဿ၊ ကျောင်းအာရာမ်အလှူ၏။ ဖလံ၊ အကျိုးတည်း။

သဋ္ဌိတူရိယ သဟဿာနိ၊ ငါးပါးတူရိယာ သချာရေရှောင်း ခြောက်သောင်းမျှလောက် တို့သည် လည်းကောင်း။ သမလင်္ကတာ၊ အနီ, အပြာ, ရွှေ, ငွေ, ဝါဖြင့် တန်ဆာဆင်အပ် ကုန်သော။ ဘေရိယော၊ မုဒိန်းတံပိုး မုရိုးအာလာမ် ပုစွန်မည်ရှောင်း စည်ကြီးအပေါင်းတို့ သည် လည်းကောင်း။ ဣမံ၊ ဤသူကို။ နိစ္စံ၊ အမြဲ။ ပရိဝါရေဿန္တိ၊ တီးမှုတ် ကခုန် ခြံရံကုန်လတ္တံ့။ ဣဒံ၊ ဤသို့ ဖြစ်ခြင်းသည်။ သံဃာရာမဿ၊ ကျောင်းအာရာမ် အလှူ၏။ ဖလံ၊ အကျိုးတည်း။



www.burmeseclassic.com

www.burmeseclassic.com



သမလင်္ကတာ၊ သင်္ကသ်ရှယ်သင့်ရာ တန်ဆာဆင်အပ်ကုန်သော။ ဝိစိတ္တဝတ္ထာ ဘာရဏာ၊ ရှုမောစဖွယ် ဆန်းကြယ်သောအဝတ်လည်း ဝတ်ကုန်ထသော။ အာမုတ္တမဏိကုဏ္ဍလာ၊ အလျှံရွှဲရွဲ ပုလဲမြသား ခြယ်စီထားသည့် ပတ္တမြားနားတောင်းလည်း ဝတ်ကုန်ထသော။ အာဠာရပမှာ၊ ကျယ်သောနဖူး ကော့မြူးသောမျက်တောင်လည်း ရှိကုန်ထသော။ ဟာသုဋ္ဌာ၊ ပြုံးရယ်ချိုသာ ဆိုတတ်စွာကုန်ထသော။ သုသညာ၊ သာယာသောအမည် ဖွဲ့ချည်အပ်ကုန်ထသော။ တနုမဇ္ဈိမာ၊ မကြီးသက်ရှယ် နုငယ်အလတ်သာ ဖြစ်ကုန်ထသော။ ဆဋ္ဌာသီတိ သဟဿာနိ၊ ရှစ်သောင်း လေးထောင်ကုန်သော။ နာရိယော၊ မိန်းမတို့သည်။ ဣမံ၊ ဤသူကို။ ပရိဝါရေဿန္တိ၊ ခြံရံကုန်လတ္တံ့။ ဣဒံ၊ ဤသို့ဖြစ်ခြင်းသည်။ သံဃာရာမဿ၊ ကျောင်းအာရာမ်အလှူ၏။ ဖလံ၊ အကျိုးတည်း။

တိံသ ကပ္ပ သဟဿာနိ၊ ကမ္ဘာသုံးသောင်းတို့ပတ်လုံး။ ဒေဝလောကေ၊ နတ်ပြည်၌။ ရမိဿတိ၊ မွေ့လျော်ရလတ္တံ့။ ဒေဝိန္ဒော၊ နတ်တကာတို့ကို အစိုးရသော သိကြားနတ်မင်းသည်။ ဟုတွာ၊ ဖြစ်၍။ သဟဿက္ခတ္တုံ၊ အကြိမ်တစ်ထောင်။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ ဒေဝရာဇေန၊ နတ်မင်းသည်။ ပတ္တဗ္ဗံ၊ ရအပ်သော။ သဗ္ဗံ၊ အလုံးစုံသော စည်းစိမ်ချမ်းသာ ဘုန်းအာနုဘော်ကို။ ပဋိလဘိဿတိ၊ ရလတ္တံ့။ အနူနဘောဂေါ၊ မယုတ်သော စည်းစိမ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။

သဟဿက္ခတ္တုံ၊ အကြိမ်တစ်ထောင်။ စက္ကဝတ္တိရာဇာ၊ စကြဝတေးမင်းသည်။ ဟုတွာ၊ ဖြစ်၍။ ရဋ္ဌေ၊ ကျွန်းငယ်နှစ်ထောင် ဝန်းဆောင်ပတ်ရံ တိုင်းနိုင်ငံ၌။ ဘဝိဿတိ၊ စိုးမိုးနိမ်နင်းရလတ္တံ့။ ဝိပုလံ၊ ပြန့်ပြောစွာသော။ ပထဗျာရဇ္ဇံ၊ ပဒေသရာဇ်, ဧကရာဇ်မင်းအဖြစ်ကို။ ဂဏနသော၊ ဂဏန်းသင်္ချာအားဖြင့်။ အသင်္ခယံ၊ မရေတွက်နိုင်အောင်။ ဘဝိဿတိ။ ဖြစ်ရလတ္တံ့။ ဣတော၊ ဤ ငါပွင့်သောကမ္ဘာမှ။ ပဉ္စာ၊ နောင်ဖြစ်သော။ ကပ္ပ သတ သဟဿမှိ၊ ကမ္ဘာတစ်သိန်းထက်၌။ ဩက္ကာက ကုလသမ္ဘဝေါ၊ ဥက္ကာကရာဇ်မင်းမျိုး၌ဖြစ်သော။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ ဂေါတမော နာမ၊ အမြတ်တို့ထက် ကဲတက်လွန်စွာ မွန်မြတ်လှသောကြောင့် 'ဂေါတမ'အမည်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောကသုံးပါး၌။ ဘဝိဿတိ၊ ထင်ရှားဖြစ်လတ္တံ့။

တဿ၊ ထို သကျဝံသာ ဥက္ကာကရာဇ် မင်းစစ်နွယ်ဝင် အရှင်ဂေါတမဘုရား၏။ ဓမ္မေသု၊ တရားတို့၌။ ဒါယာဒေါ၊ အမွေခံသည်။ ဩရသော၊ ရွှေရင်တော်ဖြစ် သားတော်စစ်သည်။ ဓမ္မနိမ္မိတော၊ တရားတော်ကို ဖန်ဆင်းအပ်သည်။ ဟုတွာ၊ ဖြစ်၍။ နာမေန၊ အမည်အားဖြင့်။ ဥပါလိ နာမ၊ 'ဥပါလိ'ဟူသော အမည်ရှိသည်ဖြစ်၍။ သတ္ထုသာဝကော၊ ဘုရား·တပည့်သည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။ တဒါ၊ ထို ဥပါလိဖြစ်သောအခါ၌။ ဝိနယေ၊ ဝိနည်းပိဋကတ်၌။ ပါရမိံ ပတွာ၊ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်၍။ ဌာနာ ဌာနေစ၊ အရာဟုတ်သည်, မဟုတ်သည်၌လည်း။ ကောဝိဒေါ၊ လိမ္မာသည်ဖြစ်၍။ ဇိနသာသနံ၊ ဘုရားမြတ်စွာသာသနာကို။ ဓာရေန္တော၊ ခုနစ်ဆယ့်ရှစ်ဝါ ဆောင်ရွက်ရှာလျက်။ အနာသဝေါ၊ အာသဝေါကင်းလတ် ရဟန္တာမြတ်ဖြစ်၍။ ဝိဟရိဿတိ၊ နေရလတ္တံ့။ တေ သဗ္ဗံ၊ ဤအလုံး

www.burmeseclassic.com



စုကို။ အဘိညာယ၊ သဗ္ဗညုတဉာဏ်ဖြင့်သိ၍။ ဂေါတမော နာမ၊ 'ဂေါတမ'အမည်ရှိသော။ သကျပုဂ်ဝေါ၊ သာကီဝင်မင်းသား ယောကျ်ားတမွတ် သုံးလူ့ထွတ်သည်။ ဘိက္ခုသံဃေ၊ ရဟန်းအပေါင်းတို့၏အလယ်၌ ။ နိသီဒိတွာ၊ နေတော်မူ၍။ ဓမ္မဒေသနံ၊ ဝိနယစရေ တေဒဂ် အရာ၌။ တံ၊ သင့်ကို။ ဌပေဿတိ၊ ထားလတ္တံ့။

ဤသို့ ဗျာဒိတ်စကား ကြားတော်မူသည်ကို နာရလျှင် သုနန္ဒာရသေ့လည်း အလွန်ရွှင်လန်း ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ အထူးထူးသော ဥပမာ,ဥပမေယျတို့ဖြင့် ဘုရားကျေးဇူးတော်ကို ချီးမွမ်းလျက်၊ မိမိ ဖြစ်လမ်းကိုလည်း ဥဒါန်းကျူးလျက် မျက်မှောက်တော်မှဖဲခွာ၍ မိမိနေရာသို့ သွားလေ၏။

ထိုအခါမှစ၍ ကုသိုလ်သမ္ဘာကို များစွာဆည်းပူးလျက် အသက်အတိုင်းနေ၍ စုတေသောအခါ နတ်ရွာ၌ဖြစ်၍ ဘုရား ဗျာဒိတ်ကြားတော်မူသောအတိုင်း ခံစားစံစားကာ အစဉ်သာလျှင် လူ့ရွာ, နတ်ပြည် ကျင်လည်ခဲ့သဖြင့် ဤဘဒ္ဒကမ္ဘာ မပေါ်လာမီ ရှေးကမ္ဘာဝယ် ဘုန်းအာနုဘော် အကျော်အစောနှင့်ပြည့်စုံသော၊ အတိုင်းမသိသောဥစ္စာ အခြံအရံရှိသော၊ 'အဍ္ဎသ'မည်သော ဧကရာဇ်မင်းဖျား၏ သားကြီးရတနာ ဖြစ်လာ၏။ ထိုမင်းသားကား နှစ်သက်စဖွယ် တင့်တယ်သောအဆင်းအဝါ ရှိလှ၍ 'နန္ဒကုမာရ'ဟု အမည်တွင်၏။

ထို နန္ဒမင်းသားသည် ဥတုသုံးပါးနှင့်လျော်သော ပြာသာဒ်သုံးဆောင်ဝယ် ကြီးကျယ်သောမင်းစည်းစိမ်ကို ခံစားရ၏။ ဥယျာဉ်ကစား သွားသောကာလ စသည်တို့၌ တစ်သိန်းတစ်သိန်းမျှသော ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ, ခြေသည်သူရဲတို့သည် ခြံရံကာ လိုက်ကြရကုန်၏။ တစ်သောင်းမျှလောက်ကုန်သော ကချေသည် မင်းမိန်းမအပေါင်းလည်း စည်, စောင်း, ပတ်သာ, တူရိယာတို့ကို တီးမှုတ်၍ မငြီးငွေ့ကြောင်း ဖျောင်းဖျဖြေဖျော်ကာ လိုက်ရကုန်၏။

ယင်းသို့ ကြီးကျယ်သောစည်းစိမ်ချမ်းသာ အာဏာတန်ခိုးရှိရကား မင်းသားသည် ဇာတိမာန်ဖြင့် ခက်ထန်ကြမ်းကြုတ်၏။ သူယုတ်သူကောင်း၏ ဂုဏ်ကျေးဇူးကိုလည်း အထူးမသိ။ မိမိမာန်တံခွန်ကိုသာ အလွန်ထောင်လွှားလေ့ ရှိ၏။

တစ်ရံရောကာလ ထိုနန္ဒမင်းသားသည် ဥယျာဉ်ကစားခြင်းငှာ များစွာသောအခြံအရံတို့နှင့်တကွ 'သိရိက'မည်သော ဆင်တော်ကိုစီးလျက် ထွက်လတ်သော် မြို့၏အပဝ၌ စရဏတစ်ဆယ့်ငါးပါး, သံဝရလေးပါး တရားအပေါင်းနှင့်ပြည့်စုံသော 'ဒေဝလ' မည်သော အရှင်ပစ္စေကဗုဒ္ဓါသည် ရှေ့မှလာသည်နှင့် မျက်နှာချင်းဆိုင် တွေ့လေ၏။ ထိုသို့မြင်လျှင်ပင် "ငါသို့စင်သော ယောကျ်ားမြတ်၏မျက်နှာ၌ ရှေးရှုလာရာသလော" ဟု ဒေါသမာန်စောင်ရှိ၍ မိမိစီးသော သိရိကဆင်ပြောင်ကို အမျက်ထွက်အောင်ပြုသဖြင့် ချွန် ဖွင့်၍လွှတ်လေသော် ဆင်ပြောင်ကြီးသည် တောမီးဟိန်းသကဲ့သို့ ကြောက်ကြမ်းဖွယ်သော အသံကိုဟစ်လျက် အရှင်ပစ္စေကဗုဒ္ဓါအား တိုးဝှေ့ညှဉ်းပန်း၏။ ထိုသို့ညှဉ်းပန်းပြီးမှ ဥယျာဉ်သို့သွား၍ ကစားမြူးထူးပြီးသော် နန်းတော်သို့ ပြန်လာ၏။ ထိုအခါမှစ၍ နန္ဒမင်းသားသည် ကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com



အရိယူပဝါဒကကြောင့် သံကောက်ကိုမျိုမိသော ငါး, လုံသွား၌အိပ်ရသော သူကဲ့သို့ ပူပန်သောက ဗျာပါဒအပုံသည် မီးဟုန်ကဲ့သို့တောက်၍ တချောက်ချားချား မစားနိုင် မအိပ်နိုင် ကိုယ်စိတ်နှစ်ဖြာပင် သက်သာရာမရ ရှိ၏။

ထိုအကြောင်းကို ဖခင် အဋ္ဌသမင်းကြီးအား ကြားလျှောက်လျှင်၊ ဖခင်မင်းကြီးလည်း "ငါ့သားတော်မြတ်သည် လတ်တလောသေစေတတ်သော အဆိပ်ရှိသော မြွေပွေးမြွေဟောက်ကို ကောက်၍ကိုင်ဘိသကဲ့သို့ လည်းကောင်း၊ အလျှံပြောင်ပြောင်လောင်သော မီးကျီးတွင်းသို့ ဆင်းဘိသကဲ့သို့ လည်းကောင်း၊ အမုန်ယစ်သော ဆင်၏စွယ်ပြောင်ကို ကိုင်ငင်ဘိသကဲ့သို လည်းကောင်း မပြုကောင်း, မပြစ်မှားထိုက်သောပုဂ္ဂိုလ်ကို ပြစ်မှားမိချေသည်။ ဤသို့သောအမှုကို ပြုခြင်းသည် ပြစ်မှားရင်းသူသာလျှင် ပျက်စီးတတ်သည် မဟုတ်။ အခြံအရံ တိုင်းနိုင်ငံသားနှင့်တကွ ပျက်စီးရအံ့သောအကြောင်း ဖြစ်သည်။ ငါတို့အထက်က မင်းပြုကြသော သုခမေလမင်း, ကောသလမင်း, သိင္ဂဝမင်း၊ သတ္တကမင်းတို့သည် ဤကဲ့သို့သော ရဟန်းကောင်းအား ပြစ်မှားဘိ၍ မိမိတိုင်းနိုင်ငံနှင့်တကွ ပျက်စီးကြဖူးလေသည်။ ထိုအရှင်မြတ်တို့သည် အကယ်၍ အမျက်ထွက်ကုန်ငြားအံ့။ ငါတို့လူကို မဆိုထားဘိ ခြောက်ပါးသော နတ်ဘုံသော်လည်း အကုန်ပျက်သုဉ်းဘိရာ၏။ ယမုနာ ရှစ်သောင်းလေးထောင်နက်သော မဟာသမုဒ္ဒရာသော်လည်း ခန်းခြောက်ဘိရာ၏။ ဤသို့သောအရာကို ပြေပျောက်စေခြင်းငှာ သူတစ်ပါး ပြုနိုင်မည် မဟုတ်။ ဤအရှင်မြတ်ကိုသာ လျှင်စွာသွား၍ ပူဇော်ကန်တော့လော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် နန္ဒနမင်းသားသည် အလွန်ထိတ်လန့် ကြောက်ရွံ့ခြင်းရှိရကား လူနေဖြစ်သော ယမုနာသုံးထောင်၏အတွင်း၌ မင်းချင်းယောကျ်ားတို့ကို စည်းဝေးစေ၍ ပူဇော်ရန် ပန်းနံ့သာ လက်စွဲကုန်လျက် စိုသောအဝတ်, စိုသောဆံရှိသော ကိုယ်ဖြင့် ထိုပစ္စေကဗုဒ္ဓါ၏ထံသို့ သွားပြီးသော် ခြေတော်ကို ဦးဖြင့်ခိုက်၍ "အရှင်ဘုရား။ အကျွန်ုပ်အား သနားတော်မူပါသဖြင့် လွန်ကျူးမိသောအပြစ်ကို သည်းခံတော်မူပါ။ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသော ဘဝ၌ ဒုက္ခကင်းကွာအောင် မေတ္တာတရားကို ပွားတော်မူပါ" ဟု လျှောက်၏။

အရှင်ပစ္စေကဗုဒ္ဓါလည်း "ဒကာမင်းသား။ ငါတစ်မူကား ခြောက်ပါးနတ်ရွာ သုရာဂန္ဓဗ် နတ်နတ်တစ်လွှား နဂါးဒါနဝနှင့် တကွသောသူအပေါင်းတို့သည် ငါ့ဦးခေါင်းထက်၌ သန်လျက်လှံတံ နှင်တံ သံတူဖြင့်နက်၍ အသက်ပင်ဆုံးစေကာမူ ဘယ်သူ့ကိုမျှ မာန်မူခြင်း, အမျက်ထွက်ခြင်းကို ငါ မပြုပြီ။ အကုသိုလ်စေတနာကို ငါ ပယ်ပြီးဖြစ်ရကား မီးသည် ရေ၌မတည်သကဲ့သို့ လည်းကောင်း၊ မျိုးစေ့သည် ကျောက်ဖျာထက်၌ စိုက်၍ မပေါက်သကဲ့သို့ လည်းကောင်း၊ ပိုးရွသည် မီးကျီးစု၌ မတည်သကဲ့သို့ လည်းကောင်း ဘုရားပစ္စေကဗုဒ္ဓါတို့၏ သန္တာန်၌ စောင်မာန်ဒေါသ မတည်ချေ။ ကန်တော့ပေသောသူတို့အားလည်း တစ်ဆယ့်ခြောက်ပါးသော ဥပဒ်, နှစ်ဆယ့်ငါးရပ်သော ဘေးသည် ကင်းဝေးလွင့်ကွာစေသတည်း။ ဣရိယာပုထ် လေးဖြာ၌ ချမ်းသာ ပွားစေသတည်း" ဤသို့စသည်ဖြင့် ဆုပေး၍ သက်သာရာကိုရစေပြီးမှ ကောင်းကင်ခရီးဖြင့် ပြန်၍ ဟိမဝန္တာတောသို့ ကြွတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒနမင်းသားလည်း ထိုအခါမှစ၍ သံဝေဂဖြစ်သဖြင့် ဒါန, သီလကို အားထုတ်လျက် အသက်အတိုင်းတည်၍ စုတေသောအခါ လူ့ရွာ, နတ်ပြည် ကျင်လည်ပြီးမှ ငါတို့ဘုရား သာသနာဝယ် ထိုပစ္စေကဗုဒ္ဓါကို မထိမဲ့မြင် ပြုမိသောကံကြောင့် အမျိုးမသန့်သော ဆတ္တာသည်၏ဝမ်း၌ ဖြစ်လာ၏။ ယခင်ဆိုအပ်ပြီးသော နည်းဖြင့် မင်းသားတို့နှင့်အတူ ရဟန်းပြုပြီးလျှင် ဘုရားသခင်က ဝိနည်းပိဋကတ်ကို အဋ္ဌကထာနှင့်တကွ သင်စေ၍ တတ်မြောက်လိမ္မာသဖြင့် ဘာရုကစ္ဆကဝတ္ထု၊ အဇ္ဇုကဝတ္ထု၊ ကုမာရကဿပဝတ္ထုတို့ကို သဗ္ဗညုတဉာဏ်နှင့် ညီညွတ်အောင် ဆုံးဖြတ်နိုင်လျှင် ဘုရားသခင်က များးစွာချီးမွမ်းတော်မူ၍

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဝိနယဓရာနံ ဘိက္ခူနံ ယဒိဒံ ဥပါလိ' ဟူ၍ ဧတဒဂ်အရာ၌ ထားတော်မူသည်။

အနက်ကား – ဘိက္ခဝေ၊ ရဟန်းတို့။ ဝိနယဓရာနံ၊ ဝိနည်းကိုဆောင်ကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ဥပါလိ၊ အကြင် 'ဥပါလိ'ထေရ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤဥပါလိထေရ်သည်။ အဂ္ဂံ–အဂ္ဂေါ၊ ကဲလွန်၏။

ထို အရှင်ဥပါလိလည်း ဘဝဟောင်းကို ပြန်ပြောင်း၍ မြင်သောအခါမှစ၍ များစွာသော လူအပေါင်းတို့အား ငါးဆယ့်လေးဂါထာတို့ဖြင့် ဩဝါဒ ပေးစမှတ်ပြုမူ၏။ [ဂါထာတို့ကား များသောကြောင့် သင့်ရုံမျှသာ ရေးတော့အံ့။]

သယမ္ဘုံ တံ ဝိမာနေတွာ၊ သန္တစိတ္တံ သမာဟိတံ။
တေန ကမ္မေနာဟံ အဇ္ဇ၊ ဇာတောမှိ နီစယောနိယံ။ (ပ)
အဗ္ဘတီတာ စ ယေ ဗုဒ္ဓါ၊ ဝတ္တမာနာ အနာဂတာ။
ခဏေနာနေန သုဇ္ဈန္တိ၊ တသ္မာ ဧတေ နမဿိယာ။

ဘောန္တော၊ အိုလူများတို့။ အဟံ၊ ငါ ဥပါလိသည်။ ပုရေ၊ ရှေးဘဝ၌။ သန္တစိတ္တံ၊ ငြိမ်သက်သောစိတ်ရှိသော။ သမာဟိတံ၊ ကောင်းစွာတည်ကြည်သော အကျင့်ရှိသော။ သယမ္ဘုံ၊ သစ္စာလေးဝ မြတ်မေ့ကို အလိုလိုသိတော်မူသော။ တံ ဗုဒ္ဓံ၊ ထိုအရှင်ပစ္စေကဗုဒ္ဓါကို။ ဝိမာနေတွာ၊ ပြစ်မှားမိ၍။ တေန ကမ္မေန၊ ထိုမကောင်းမှုကံကြောင့်။ အဇ္ဇ၊ ယခု။ အဟံ၊ ငါသည်။ နီစယောနိယံ၊ ယုတ်သော ဆတ္တာသည်အမျိုး၌။ ဇာတော၊ ပဋိသန္ဓေ နေရသည်။ အမှိ၊ ဖြစ်၏။

တုမှေ၊ သင်တို့သည်။ ခဏံ၊ ဗုဒ္ဓုပ္ပါဒ ခဏကို။ မာ ဝိရာဓေထ၊ မချွတ်မယွင်းကြ စေလင့်။ ဟိ၊ ထိုစကား မှန်၏။ ခဏာတီတာ၊ ခဏကိုလွန်ကုန်သော သူတို့သည်။ သောစရေ၊ လိမ္မာသောအခါ စိုးရိမ်စွာဖြစ်ရ၏။

သဒတ္ထေ၊ မိမိအကျိုးစီးပွား၌။ ဝါယမေယျာထ၊ လုံ့လပြုကြကုန်။ ဝေါ၊ သင်တို့သည်။ ခဏော၊ ဘုရားမြတ်စွာ ဖြစ်စဉ်ခါကို။ ပဋိပါဒိတော၊ ဒါန, သီလ စသည်ဥသုံ ပြီးပြည့်စုံ အောင် ဆောင်ကုန်လသေး။



www.burmeseclassic.com

www.burmeseclassic.com



သာသန်၊ ဘုရား အဆုံးအမတော်သည်။ ကေစ္စာန်၊ အချို့ကုန်သောသူတို့အား။ ဝမန်၊ ပျို့အန်စေတတ်သော ဆေးတည်း။ ကေစ္စာန်၊ အချို့ကုန်သော သူတို့အား။ ဝိရေစန်၊ ဝမ်းလားဆေးတည်း။ ကေစ္စာန်၊ အချို့ကုန်သော သူတို့အား။ ဟလာဟလ်၊ လတ်တလော သေစေတတ်သော။ ဝိသံ၊ အဆိပ်တည်း။ ကေစ္စာနဥ္စ၊ အချို့သောသူတို့အားကား။ ဩသဓံ၊ အမြိုက်ဆေးတည်း။

ပဋိပန္နာန်၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား။ ဝါ၊ ကောင်းမြတ်စွာကျင့်ကုန်သော ပုဂ္ဂိုလ်တို့အား။ ဝမန်၊ ကိလေသာမာရ်ကို အန်စေတတ်သော ဆေးတည်း။ ဖလဋ္ဌာန်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား။ ဝိရေစန်၊ ဝမ်းလားဆေးတည်း။ ဖလလာဘိန်၊ အကျိုးကိုအလိုရှိကုန်သော သူတို့အား။ ဩသဓံ၊ အမြိုက်ဆေးတည်း။ ဂဝေသီန်၊ စီးပွားကိုရှာကုန်သော သူတို့အား။ ပုညခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်းတည်း။

သာသနေန၊ ဘုရားဩဝါ သာသနာနှင့်။ ဝိရုဒ္ဓါနံ၊ ဆန့်ကျင်ကုန်သော သူမိုက်တို့အား။ ဟလာဟလ်၊ လတ်တလော သေစေတတ်သော။ ဝိသံ ယထာ၊ အဆိပ်ကဲ့သို့ ဖြစ်၏။

ဒဋ္ဌဝိသော၊ မျက်စောင်းရိပ်ကာ သတ္တဝါကို ဖွဲပြာအသွင် လျှင်စွာသေစေတတ်သော အဆိပ်ရှိသော။ အာသီဝိသော၊ မြွေပွေးမြွေဟောက်သည်။ တံ နံရံ၊ ထိုသို့ဆန့်ကျင် ဖမ်းငင်ဆွဲကိုင်သောသူကို။ ဈာပေတိ ယထာ၊ ကိုယ်လုံးကျွတ်အောင် လောင်စေသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သာသန်၊ သာသနာတော်သည်။ တံ နံရံ၊ ထို မထိမဲ့မြင် ဆန့်ကျင်စွာသော သူကို။ ဈာပေတိ၊ ညက်ညက်ကြေအောင် လောင်စေတတ်၏။

သကိံ ပီတံ၊ တစ်ကြိမ်သောက်အပ်သော။ ဟလာဟလ်၊ အဆိပ်သည်။ ဇီဝိတံ၊ ဇီဝိတိန္ဒြေကို။ သကိံ၊ တစ်ကြိမ်။ ဥပရုန္ဓတိ၊ ဖြတ်တတ်၏။ သာသနေ၊ သာသနာတော်၌။ သော၊ ထို ပြစ်မှားတတ်သော သူမိုက်သည်။ ဝိရုဇ္ဈိတွာ၊ ဆန့်ကျင်စွာကျင့်မိသော်။ ကပ္ပကောဋိ ဟိပိ၊ ကမ္ဘာအကုဋေတို့ ပတ်လုံးလည်း။ ဍယှတိ၊ လောင်၏။

ခန္တိယာစ၊ သည်းခံခြင်းဖြင့် လည်းကောင်း။ အဝိဟိံသာယ စ၊ မညှဉ်းဆဲခြင်းအားဖြင့် လည်းကောင်း။ မေတ္တစိတ္တဝတာယ စ၊ မေတ္တာစိတ်ဖြင့် လည်းကောင်း။ သဒေဝကံ၊ နတ်နှင့်တကွသောလူကို။ သော ဗုဒ္ဓေါ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသည်။ တရတိ၊ ကယ်ဆယ်တော်မူ၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုမြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, သံဃာတော်တို့ကို။ အဝိရောဓိယာ၊ မဆန့်ကျင်အပ်ကုန်။

လာဘာလာဘေ၊ ရခြင်း, မရခြင်း၌။ န သဇ္ဇန္တိ၊ မကပ်ငြိကုန်။ သမ္မာနန ဝိမာနနေ၊ မြတ်နိုးခြင်း, မမြတ်နိုးခြင်း၌။ န သဇ္ဇန္တိ၊ မကပ်ငြိကုန်။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ပထဝိသဒိတာ၊ မြေကြီးနှင့် တူကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာတို့ကို။ အဝိရောဓိယာ၊ မဆန့်ကျင်အပ်ကုန်။

ပဋ္ဌေ၊ ခရီး၌။ ဆဥ္ဆိတံ၊ စွန့်အပ်သော။ မိဋ္ဌ၊ မကိ္ခတံ၊ မစင်လိမ်းကပ်သော။ ကာသာဝံ၊ သင်္ကန်းကို။ ဒိသွာန၊ မြင်ရဘိသော်။ သိရသ္မိံ၊ ဦးခေါင်း၌။ အဥ္ဇလိံ ကတ္ဂာ၊ လက်အုပ်ချီခြင်းကို ပြု၍။ ဣသိဒ္ဓဇံ၊ အရဟတ္တဖိုလ်၏ တံခွန်ဖြစ်ပေသည်ဟူ၍။ ဝန္ဒိတံ၊ ရှိခိုးအပ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဘ္ဘတီတာ၊ လွန်လေကုန်ပြီးသော။ ယေ ဗုဒ္ဓါ၊ အကြင်ဘုရားတို့သည် လည်းကောင်း။ ဝတ္တမာနာ၊ ဖြစ်ဆဲကုန်သော။ ယေ ဗုဒ္ဓါ စ၊ ...တို့သည် လည်းကောင်း။ အနာဂတာ၊ ပွင့်တော်မူလတ္တံ့ကုန်သော။ ယေ ဗုဒ္ဓါ စ။ ...တို့သည် လည်းကောင်း။ အနေန ဓဇေန၊ ဤသင်္ကန်းတည်းဟူသော တံခွန်ဖြင့်။ သုဓ္ဓန္တိ၊ စင်ကြယ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတေ၊ ထိုသင်္ကန်းတို့ကို။ နမဿိယာ၊ ရှိခိုးထိုက်ကုန်၏။

[သဝိညာဏကသန္တာန်ကို မဆိုထားဘိ။ ဘုရားအစရှိသော သူတော်သူမြတ်တို့၏ အသုံးအဆောင်ဖြစ်သော သင်္ကန်းကိုမျှ မြင်ရကုန်သော် ပူဇော်မြတ်နိုး ရှိခိုးရာ၏ ဟူလိုသည်။]

ဤကား အရှင်ဥပါလိ မပြတ်ဆုံးမသော ဩဝါဒတော်တည်း။

အပဒါန် ပါဠိတော်, အဋ္ဌကထာ, အင်္ဂုတ္တိုရ် အဋ္ဌကထာတို့နှင့် ညီညွတ်၍ စီရင်အပ်သော အရှင်ဥပါလိ၏ အကြောင်းအတ္တုပ္ပတ္တိတည်း။

## ။၃၃။ အရှင်မဟာကဿပ၏ ရှေးအကြောင်းကို ပြခြင်း

သဗ္ဗညုအထွတ် သုံးလူ့နတ်သည် ကပိလဝတ်ပြည်မှပြန်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ စံနေတော်မူသောအခါ အရှင်မဟာကဿပအလောင်းဖြစ်သော 'ပိပ္ပလိ'လုလင်သည် သာသနာသို့ဝင်၍ ရှင်ရဟန်း ပြုလာသတည်း။

ထို အရှင်မဟာကဿပ၏အကြောင်းကား – ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်း၏အထက်၌ 'ပဒုမုတ္တရ'ဘုရား ထင်ရှားဖြစ်တော်မူ၏။ ဟံသာဝတီပြည်သို့ အမှီပြုလျက် သားငှက်အပေါင်းတို့ကို ဘေးမဲ့ပေးရာ 'ခေမာ'အမည်ရှိ ဥယျာဉ်တွင်း၌ သီတင်းသုံးတော်မူသောအခါ ထိုဟံသာဝတီမြို့တွင်းမှ ကုဋေရှစ်ဆယ်ကြွယ်ဝသော 'ဝေဒေဟ' အမည်ရှိသော သူကြွယ်တစ်ဦးသည် ဘုရားရှင်ထံ နိယံရှိညွတ် ဆည်းကပ်ကိုးကွယ်လေ့ ရှိ၏။

တစ်ရံရောအခါ ပန်းနံ့သာလက်စွဲလျက် ကျောင်းတော်သို့သွားပြီးလျှင် အင်္ဂါရှစ်ပါးသော ဥပုသ်ကိုဆောက်တည်၍ ဘုရားရှင်၏အနီး၌ နေ၏။ ထိုခဏ၌ တတိယသာဝကဖြစ်သော 'မဟာနိသဘ'အမည်ရှိသော မထေရ်မြတ်သည် ဆည်းကပ်ခစားလာသည်ကို ပဒုမုတ္တရဘုရားသခင်သည်

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ ယဒိဒံ နိသဘော' ဟူ၍ ဓုတင် တေရသကိုဆောင်သော ဧတဒဂ်အရာ၌ထား၍ ချီးမြှင့်တော်မူ၏။

ထိုသို့ချီးမြှင့်သည်ကို သူကြွယ်သိမြင်လျှင် ထိုအရှင်ကဲ့သို့ ဖြစ်ချင်သောဆန္ဒသည် ဖြစ်လတ်၍ ပရိသတ်တို့ သွားကြသောအခါ မြတ်စွာဘုရား အထံသို့ကပ်၍ "မနက်ဖြန် နံနက်သောအခါ သံဃာတော်အပေါင်းနှင့်တကွ အရှင်ဘုရားသည် ဒကာတော်အိမ်သို့ကြွ၍ ဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘုဉ်းပေးတော်မူပါ"ဟု ပင့်လျှောက်၏။ ဘုရားသခင်လည်း "ဥပါသကာ။ သံဃာတော်ကား အလွန်များ၏။ ခြောက်သန်းမျှစင် ရှိ၏။ အဘယ်မျှလောက်သော သံဃာဖြင့် ကြွလာရအံ့နည်း"ဟု မေးတော်မူလျှင်၊ "အရှင်ဘုရား။ တပည့်သားသံဃာမှန်လျှင် ရှင်သာမဏေကိုမျှ မကြွင်းစေဘဲ သံဃာခြောက်သန်းနှင့် ကြွတော်မူပါ"ဟု လျှောက်၏။ ဘုရားသခင်လည်း ဆိတ်ဆိတ် ဝန်ခံတော်မူ၏။ ဥပါသကာလည်း မြတ်စွာဘုရား ဝန်ခံကြောင်းကိုသိလျှင် အိမ်သို့ အလျင်မြန်လာ၍ လုပ်ကျွေးစရာ ဆွမ်း, ကွမ်း, အချို, အချဉ် စီရင်ပြီးသော် သံဃာတော်တို့၏နေရာကို ကောင်းစွာပြုလုပ်၏။ နံနက်သောအခါ မြတ်စွာဘုရားအား ကြားလျှောက်ပင့်ဆောင်၍ ယာဂုဆွမ်းတို့ဖြင့် လုပ်ကျွေးပြီးသော် အထံတော်ပါး၌ နေ၏။

ထိုအခါ တတိယသာဝကဖြစ်သော မဟာနိသဘထေရ်မြတ်သည် သပိတ် သက်န်း ပြင်လျက် အိမ်စဉ်အတိုင်း ဆွမ်းခံ၍လာသည်ကို ဝေဒေဟ ဥပါသကာမြင်လျှင် လျင်စွာလိုက်၍ "အရှင်ဘုရား။ သပိတ်ကို သနားတော်မူပါ။ ဤအိမ်သို့လည်း ကြွတော်မူပါ။ ဘုရားမြတ်စွာလည်း ဤအိမ်၌ ရှိပါသည်"ဟု လျှောက်၏။ မဟာနိသဘထေရ်သည်လည်း မည်သည့်စကားကိုမျှ မပြန်ကြားဘဲ သွားမြဲတိုင်းသွားလေလျှင် သပိတ်တွင်းသာ ဘောဇဉ်ငါးပါးဖြင့် ပြည့်စေလျက် လိုက်၍ကပ်ရ၏။

ပြီးသောကာလ ဘုရားထံတော်သို့ကပ်၍ "အရှင်ဘုရား။ ဤ မဟာနိသဘထေရ်ကား 'ဘုရားသခင် ဤတွင် ရှိပါသည်။ အိမ်သို့ ကြွတော်မူပါဦး'ဟု အကျွန်ုပ် ပင့်ဖိတ်ပါသော်လည်း မဝင်လိုပါ။ ဤပုဂ္ဂိုလ်၌ ကိုယ်တော်မြတ်ထက် သာလွန်သောဂုဏ်ကျေးဇူး အထူး ရှိပါသလော"ဟု လျှောက်၏။

ဘုရားသခင်တို့မည်သည်လည်း သူတစ်ထူး၏ ကျေးဇူးဂုဏ်ကို တစ်စုံတစ်ခုမျှ ကွယ်ဝှက်ဝန်တိုသည်မရှိရကား ထိုနိသဘထေရ်၏ ကျေးဇူးစကားကို မိန့်ကြားတော်မူခြင်းငှာ "ဥပါသကာ။ ဤမဟာနိသဘသည် အဘယ်မှာ ငါတို့မျှ က,ပါအံ့နည်း။ ငါတို့ကား ပင့်ဖိတ်လာသော ဒါယကာတို့၏ဆွမ်းကို သုံးဆောင်၏။ ဤ နိသဘထေရ်မြတ်ကား မသုံးဆောင်။ ဆွမ်းခံ၍ သုံးဆောင်သည်။ ငါတို့ကား ရွာ၏အနီးအပါးဖြစ်သော ကျောင်း၌ နေ၏။ ဤ နိသဘထေရ်ကား မနေပေ။ တောကျောင်း၌သာ မွေ့လျော်ပေသည်။ ငါတို့ကား အမိုးရှိသောကျောင်းသို့ ဝင်သေး၏။ ဤ နိသဘမထေရ်ကား မဝင်။ ဟင်းလင်းအပြင်၌သာ နေသည်" ဤသို့ စသည်ဖြင့် သန္တုဋ္ဌိ, သလ္လေခနှင့်တကွသော အရိယဝံသ ဓမ္မကျေးဇူးကို ချီးကျူးမိန့်ကြားတော်မူလျှင် ဝေဒေဟ ဥပါသကာလည်း အလျှံအဝါနှင့်တကွ တောက်ပသောဆီမီးဟောင်းတွင် ဆီထပ်၍ လောင်းသကဲ့သို့ အတိုင်းထက်အလွန် ကြည်ညို၍ 'ဤပုဂ္ဂိုလ်ကဲ့သို့သာ နောက်နောက်သော ဘုရားရှင်တို့၏သာသနာ၌ ဖြစ်စေသောဟု ငါ ဆုပန်တော့အံ့'ဟု ကြံလျက် ခုနစ်ရက်ပတ်လုံး ရှေးနည်းအတူ အလှူကြီးကိုပေး၍၊ ခုနစ်ရက်မြောက်သောနေ့၌ သံဃာတော် ခြောက်သန်းတို့အား တစ်ပါးတစ်ပါးလျှင် အသပြာတစ်ထောင်ထိုက်သော တိစီဝရိတ်သင်္ကန်းကိုကပ်လှူပြီးလျှင် ဘုရားရှင်ခြေတော်ရင်း၌ ဝပ်၍–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား။ အကျွန်ုပ်ကား သိကြားလိမ္မာသည်မှ စ၍ စွမ်းနိုင်သမျှဖြည့်အပ်သော ကုသိုလ်စေတနာ၊ သံဃာတော်ခြောက်သန်းနှင့်တကွ ကိုယ်တော်မြတ်အား ခုနစ်ရက်ပတ်လုံး ဆွမ်း,သင်္ကန်း ကပ်လှူသော စေတနာ၊ ကာယကံ, ဝစီကံ, မနောကံတို့ကို အလွန်သိမ်းဆည်းအပ်သော သီလပရိပူရဏ မေတ္တာသဟဂတ စေတနာ ဤစေတနာအပေါင်းတို့ကြောင့် လူကောင်းနတ်ကောင်းတို့၏အဖြစ်ကို မလိုပါ။ နောင် ဘုရားရှင်တို့၏သာသနာ၌ ဤ မဟာနိသဘထေရ်ကဲ့သို့ အရာအထူးကိုရ၍ ဓုတင်တေရသကို ဆောင်နိုင်သည်သာ ဖြစ်စေသော"ဟု ဆုတောင်း၏။

ထိုမြတ်စွာလည်း အနာဂတံသဉာဏ်ဖြင့်ရှု၍ ဆုတောင်းတိုင်း ပြည့်အံ့သည်ကို မြင်တော်မူလျှင် ရှင်လုသောလက္ခဏာကို ထားလျက် "ချစ်သားဝေဒေဟ။ ဤကမ္ဘာမှ နောက် တစ်သိန်းမြောက်ကျသော ဘဒ္ဒကမ္ဘာ၌ 'ဂေါတမ' အမည်ရှိသောဘုရား ပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် 'မဟာကဿပ' အမည်ရလျက် ဓုတင်တေရသကို ဆောင်နိုင်သော တတိယသာဝကကြီး ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကားကို ကြားတော်မူ၏။

ထိုအခါမှစ၍ ဥပါသကာလည်း ဒါန, သီလ, ဘာဝနာကို လွန်စွာအားထုတ်လျက် ခန္ဓာပျက်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ ထိုမှစ၍ လူ့ပြည်နတ်ပြည် လှည့်လည်ကာသာ ချမ်းသာကိုခံစားလျက် ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ 'ဝိပဿီ' ဘုရား ပွင့်တော်မူသောအခါ 'ဗန္ဓုမတီ'ပြည် သိမ်ငယ်သောပုဏ္ဏား ဆင်းရဲအမျိုး၌ ဖြစ်လာ၏။ ထိုဘဝကား တစ်ခုသောမကောင်းမှုကံကြောင့် အလွန်ဆင်းရဲ၍ ဟင်းရွက်ခူး,ထင်းခွေဖြင့်သာ အသက်မွေးရ၏။ မိမိ၌ လည်းကောင်း, မယား၌ လည်းကောင်း ကိုယ်ဝတ်တစ်ထည်စီ၊ အပေါ်ရုံစုလျားမှာ တစ်ထည်တည်းသာ ရှိ၏။ ပုဏ္ဏားတို့အစည်းအဝေးရှိ၍ လင်သွားရလျှင် မယား အိမ်တွင်းကမထွက်ဝံ့။ ပုဏ္ဏေးမတို့အစည်းအဝေးရှိ၍ မယားသွားရလျှင် လင် အိမ်တွင်းကမထွက်ဝံ့ ဖြစ်၍ 'ဧကသာဋက'ဟု အမည်ရ၏။

ဝိပဿီ မြတ်စွာဘုရားလည်း သတ္တဝါအပေါင်းတို့အား ခုနစ်နစ် တစ်ကြိမ် တရားဟောတော်မူ၏။ ဟောချိန်နီးသောအခါ ပြည် ရွာ တော တောင် စောင့်သောနတ်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်ပတ်၍ "မြတ်စွာဘုရား တရားဟောချိန် သင့်ပြီ။ စည်းဝေးကြကုန်"ဟု ဆော်ကြားလျက် ကြီးစွာသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏။ ဧကသာဋက ပုဏ္ဏားလည်း ထိုသတင်းစကားကိုကြားလျှင် တရားနာလိုသောဆန္ဒ ရှိ၍ မိမိပုဏ္ဏေးမအား ဤသို့ဆို၏။ "အဆွေမ။ တရားတော်ကို နာခြင်းငှာ ငါသော်လည်း သွားအံ့။ သင်သော်လည်း သွားချေ" ဟု ဆို၏။ ပုဏ္ဏေးမကလည်း "အကျွန်ုပ်တို့ မိန်းမသည်သည်ကား ညဉ့်အခါသွား၍ မသင့်ချေ။ နေ့အခါမှာ ကျွန်ုပ် သွားပါအံ့။ ယခု အမောင်သာ သွားပေလော့" ဟု ဆိုပေသော် ထို ဧကသာဋကသည်လည်း ဝတ်စားပြင်ဆင်လျက် ဘုရားရှင်ကျောင်းတော်သို့ သွား၍ တရားနာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားလည်း မင်းနှင့်တကွသော ပရိသတ်လေးပါးတို့အား ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ ဟူသော တရားစကားအစဉ်ဖြင့် ကောင်းကင် မြစ်ကြီး စီးဘိသကဲ့သို့ နှစ်မြို့လောက်စွာ အင်္ဂါရှစ်ပါး ရှိသော အသံဖြင့် စိတ်ဖန်ကာဟော တော်မူ၏။

ပရိသတ်စွန်ကနေ၍သာ တရားတော်ကိုနာရသော ကေသာငှကလည်း အဆအရာ ဝမ်းသာနှစ်မြို့ခြင်းရှိ၍ ပီတိငါးပါးဖြစ်လျက် ပခုံးထက်၌ပါသော စုလျားပုဆိုးကို ပုံစုလျက် 'ဤဝတ္ထုကို ဘုရားရှင်အား လှူတော့အံ့'ဟု ကြံ၏။ တစ်ဖန်လည်း 'ဤစုလျားကိုပင် ငါလှူ၍ သွားခဲ့သော် ပုဏ္ဏားတို့ အစည်းအဝေးရှိသောအခါ ငါလည်း မဝင်ဝံ့၊ ပုဏ္ဏေးမလည်း မဝင်ဝံ့ ရှိချိမ့်မည်။ နောက် တစ်ထည်ရမှပင် လှူတော့အံ့'ဟု ကြံပြန်၏။ ဤသို့စသည်ဖြင့် သဒ္ဓါစိတ် တစ်ရံဖြစ်သည်ကို မစ္ဆေရစိတ် တစ်ထောင်မျှလောက်ဖျက်၍ ပခုံးထက်၌ တင်မြဲတင် ပြန်သည်။

တစ်ဖန် 'လှူဦးမည်'ဟု ကြံစည်ပြန်လျှင်လည်း ယခင်နည်းကဲ့သို့ စေးနဲစုံမက်သော မစ္ဆေရစိတ်သာ ကပ်ငြိ၍ မလှူမိဘဲ ပထမယံ, မဇ္ဈိမယံ လွန်မြောက်၍ ပစ္ဆိမယံသို့ရောက်လေသော် မိမိကိုယ်ကို မိမိနှလုံးဖြင့် ဆိုဆုံးမသည်ကား 'အချင်း ကေသာငှက။ သင်သည် ဤ တစ်ထည်မျှလောက်သော ပုဆိုးကိုလျက် မလှူရက်ဘိသကဲ့သို့ အထက်အထက်သောဘဝက မစ္ဆေရနောက်သို့လိုက်လံကာ ဒါနကောင်းမှုကို မပြုခဲ့သောကြောင့် ယခုဘဝ၌ ဆင်းရဲရသည် မဟုတ်လော။ နောက်နောက်သောဘဝတို့၌လည်း ဤကဲ့သို့ ဆင်းရဲလိုသလော။ အဆော တလျင် သင်လှူမှသာ ဒါန ဖြစ်တော့မည်'ဟု တိုက်တွန်းဆုံးမ၍ ပခုံးမှစုလျားကို ချပြီးလျှင် ဘုရားရှင်ခြေတော်ရင်း၌ ထား၍ အားရဝမ်းသာစွာ လက်ယာလက်ဖြင့် လက်ပမ်းပေါက် တီးလျက် "အောင်ပြီ" ဟု သုံးကြိမ်ဆို၏။

ထိုအသံကို ဗန္ဓုမမင်းကြီး ကြားလေလျှင် "သင်ကား အဘယ်သူကို အောင်သနည်း" ဟု မေး၏။ ကေသာငှကလည်း "ညဉ့်ဦးယံ၌ အကြံဖြစ်သည်မှစ၍ မစ္ဆေရနှင့် သဒ္ဓါသည် အခါခါစစ်ထိုးကြရာတွင် ယုတ်မာသောမစ္ဆေရသည် ပစ္ဆိမယံမှ ရှုံးနစ်လျက် လှူနိုင်သည် ဖြစ်၍ ထိုမစ္ဆေရကို အောင်ပြီ ဆိုပါသည်"ဟု လျှောက်၏။ မင်းကြီးလည်း အားရဝမ်းသာ လွန်စွာချီးပ၍ တစ်စုံမျှသောပုဆိုးကို ပေး၏။ ကေသာငှကလည်း 'ဘုရားကျေးဇူးတော်ကိုမှီ၍သာ ရလာသောဝတ္ထုဖြစ်ရကား ဘုရားနှင့်သာ ထိုက်ပေသည်'ဟု ကြံ၍ တစ်ဖန်လှူပြန်၏။ ထိုသို့လှူသည်ကို မင်းကြီးသိပြန်လျှင် နှစ်စုံပင် ထပ်၍ ပေး၏။ ကေသာငှကလည်း ဘုရားအား လှူပြန်၏။ တစ်ဖန် လေးစုံ လည်းကောင်း၊ ရှစ်စုံ လည်းကောင်း ပေးပြန်လျှင်လည်း ယခင် ကဲ့သို့ အကုန်ပင်လှူ၏။ ထို့နောက် တစ်ဆယ့်ခြောက်စုံ ပေးလေသော် 'ဤ ကေသာငှက သည် တစ်ဆတစ်ဆ ရမှန်းသိ၍သာ လှူသည်ဟု လူတစ်ထူးတို့ ကဲ့ရဲ့စရာဖြစ်ပေတော့ မည်' ဟု ကြံမိ၍ မိမိအဖို့ တစ်စုံ၊ မယားအဖို့ တစ်စုံ ထား၍ အကြွင်းကို ဘုရားရှင်အား



www.burmeseclassic.com

www.burmeseclassic.com



လှူ၏။ ထိုအခါမှစ၍ ကေသာဋကလည်း ဘုရားသခင်နှင့် အကျွမ်းဝင်ကြ၍ သရဏဂုံ သီလကိုခံလျက် ဘုရားရှင်ထံ နိယံမပြတ် ဆည်းကပ်ခစားသတည်း။

တစ်ရံရောကာလ ဆောင်းလအခါ မဟာဗန္ဓုမ မင်းကြီးသည် ဘုရားရှင်ထံ တရားနာခြင်းငှာ လာရာဝယ် အသပြာတစ်သိန်းထိုက်သော ကမ္ဗလာတစ်စုံကို ပဥ္စလ္လာရာဇ်တိုင်းမှ ဆက်လာ၍ရသဖြင့် ဘုရားထံပါးတွင်နေသော ထို ကေသာဋကအား "ဤ ကမ္ဗလာအစုံကို အမြဲဝတ်ရုံ၍ တရားတော်ကို နာပါ။ ဘုရားရှင်အမှုကို ဆောင်ရွက်ပါ"ဟု ဆို၍ ပေး၏။ ကေသာဋကကလည်း 'ဤ ကောင်းမြတ်လှသောကမ္ဗလာဖြင့် အပုပ်ကောင်သာဖြစ်သော ငါ၏ကိုယ်ကို ဆင်ယင်၍ အဘယ်အကျိုး ရှိအံ့နည်း။ ဘုရားအား လှူရမှ ဘဝဆက်တိုင်း ပါရာ၏'ဟု ကြံ၍ ဘုရားစံရာ ဂန္ဓကုဋီဝယ် တစ်ထည်ကိုအခင်းပြုလျက် တစ်ထည်ကို ဗိတာန်ကြက်၍ လှူ၏။

တစ်နေ့သ၌ မင်းကြီး ကျောင်းတော်သို့လာလတ်သော် ကိုယ်တော်မြတ်၏ရောင်ခြည်ဟုန်သည် အစုံသောကမ္ဗလာရောင်ဖြင့် ကူးယှက်ရကား ပြိုးပြိုးပြက်ထွန်းသော ပတ္တမြားတောင်ကို နေရောင်လရောင်ဖြင့် ဟပ်သကဲ့သို့ တလျှပ်လျှပ်တညီးညီး အံ့ချီးစဖွယ်ဖြစ်၍ နှစ်သက်ဝမ်းသာစွာ "ဤကမ္ဗလာကို ဘယ်ဒါယကာ လှူပါသနည်း"ဟု လျှောက်မေး၏။ ကေသာဋက လှူကြောင်းကို ဘုရား မိန့်တော်မူသဖြင့် သိလေလျှင် "အရှင်ဘုရား။ ဤကမ္ဗလာကို ကေသာဋကကို အကျွန်ုပ် ပေးပေသည်။ ကေသာဋကလည်း သင့်တင့်သောဌာန၌ပင် ထားပေသည်"ဟု ဆို၍ ကြည်ညိုဝမ်းသာ ပြောဟောပြီးမှ ထိုကေသာဋကကို ခေါ်၍ သံဃာတော်တို့၏အလုပ်အကျွေး ပြုစိမ့်သောငှာ အသပြာတစ်သိန်းထွက်သော ရွာကြီး ရှစ်ရွာ၊ ရထားစီးကညာ ရှစ်ယောက်၊ ဆင်ပေါက် ရှစ်စီး၊ ကျွန်သီး ရှစ်အိမ်ထောင်၊ ရှစ်ဆောင်သော တိုက်ပြာသာဒ်၊ ရှစ်ရပ်စီသာဖြစ်သော ဆင်, မြင်း, ကျွဲ, နွားတို့ကို ပေးတော်မူ၏။ ကေသာဋကလည်း ထိုနေ့မှစ၍ ဒါန, သီလ, ဘာဝနာကို လွန်စွာအားထုတ်လျက် အသက်ဆုံးသောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။

ထိုမှသည် လူ့ပြည်နတ်ပြည် ကျင်လည်ကာလာသဖြင့် ဤဘဒ္ဒကမ္ဘာဝယ် ကောဏာဂုံဘုရားနှင့် ကဿပဘုရား၏အကြား၌ ဗာရာဏသီပြည်တွင် သူကြွယ်၏အမျိုး၌ ဖြစ်လာ၏။ အရွယ်ရောက်သောအခါ အိမ်ရာထောင်ခြင်းဖြင့်နေ၍ တစ်နေ့သ၌ တောကစားသွားလေသော် ရေနီးသော တောအုပ်တစ်ခု၌နေသော ပစ္စေကဗုဒ္ဓါတို့၏ ကျောင်းကိုမြင်၍ ကျောင်းသို့ ဝင်လေ၏။ အရှင်ပစ္စေကဗုဒ္ဓါတို့လည်း သင်္ကန်းချုပ်လုပ်ရာ အနားပတ် မလောက်သဖြင့် ခေါက်ထားခြင်းငှာ ရုံးစုသည်ကိုမြင်လျှင် "အရှင်ဘုရားတို့။ သင်္ကန်း မလောက်သလော"ဟု လျှောက်၏။ အနားပတ်တင်ရန် လိုကြောင်းပြောဆိုလျှင် ကိုယ်တွင်ဝတ်သော ပုဆိုးကိုဖြတ်၍ "လိုအပ်သမျှ သုံးတော်မူပါ"ဟု လှူ၍ "အကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဖြစ်လေရာရာ ဘဝဝယ် တောင့်တတိုင်းပြည့်စုံသည်သာ ဖြစ်ပါစေသော"ဟု ဆုတောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်၌ သူကြွယ်အိမ်ဝယ် သူကြွယ်၏မယားနှင့် သူကြွယ်၏နှမသည် ငြင်းခုံခိုက်ရန် ဖြစ်၍နေကြစဉ် အရှင်ပစ္စေကဗုဒ္ဓါတစ်ဦးသည် ဆွမ်းရပ်လာသတည်း။ ထိုသို့ ရပ်လာသည်ကိုမြင်က သူကြွယ်ညီမသည် ရှိသမျှဆွမ်းကို ကပ်လှူပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဖြစ်ဖြစ်သမျှသော ဘဝတို့၌ ဤမိန်းမမိုက်ကို လည်းကောင်း၊ ဤကဲ့သို့မိုက်သောသူကို လည်းကောင်း ယူဇနာတစ်ရာကပင် ကြဉ်ရှောင်ရသည် ဖြစ်စေသော"ဟု ဆုတောင်း၏။

ထိုစကားကို သူကြွယ်မယားသည် တံခါးဝ၌ရပ်ခိုက် ကြားသဖြင့် 'ဤမိန်းမကား ငါ့အကြောင်းကြောင့် ဆုတောင်းလေသည်။ ဤမိန်းမ၏ဆွမ်းကို အရှင်ကောင်း မသုံးဆောင်စေအံ့'ဟု ကြံ၍၊ ပစ္စေကဗုဒ္ဓါထံ သွား၍ သပိတ်ကိုတောင်းလျက် ညွန်ပျောင်းဖြင့်ပြည့်စေ၍ ကပ်၏။

ယောက်မကလည်း "ဟယ် အယုတ်မ။ ငါ့ကိုမူကား သင် ဆဲလိုမူလည်း ဆဲ၊ ရေရွတ်လိုမူလည်း ရေရွတ်လော့။ နှစ်သင်္ချေပတ်လုံး ဖြည့်အပ်သောပါရမီရှိသော အရှင်မြတ်၏ သပိတ်တော်ဝယ် အဘယ့်ကြောင့် ညွန်ပျောင်းကို ထည့်ပါသနည်း"ဟု ဆို၏။

ထိုစကားကိုကြားလျှင် သူကြွယ်မယားလည်း သတိရ၍ လက်တော်မှ သပိတ်တော်ကိုတောင်းပြီးလျှင် "အရှင်ဘုရား။ သည်မှာ ရပ်တော်မူပါဦး"ဟု တောင်းပန်၍ အမြန်သွားပြီးသော် သပိတ်တော်ကိုပွတ်ဆေး၍ မွှေးလှစွာသော နံ့သာရည်တို့ဖြင့်ပွတ်ပြီးလျှင် နီလွင်ဝင်းဝါ မဟာလှေကားပွင့်အဆင်းနှင့်တူသော စတုမဓုအရသာဖြင့် ပြည့်စေလျက် သပိတ်တော်ကိုကပ်၍ "အကျွန်ုပ် ဤကောင်းမှုကြောင့် ရှု၍မရောင့်ရဲနိုင်သော အဆင်းနှင့် ဘဝတိုင်းပြည့်စုံသည် ဖြစ်စေသော"ဟု ဆုတောင်း၏။ ပစ္စေကဗုဒ္ဓါလည်း အနုမောဒနာပြုပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။

တောကစားရာမှ သူကြွယ်ပြန်လေသော် အိမ်မှပြုလင့်သောဒါနကို ပြောကြား၍ လင်အား အမျှဝေ၏။ သူကြွယ်ကလည်း သက်န်းအနားပတ် ဖြည့်ခဲ့ရသောဒါနကို အမျှဝေ၏။

ထိုသူနှစ်ဦးတို့သည် အသက်အတိုင်းနေ၍ စုတေလေသော် အထက်နတ်ပြည်၌ဖြစ်၍ ကဿပဘုရား ပွင့်တော်မူသောအခါ လူ့ပြည်သို့လာ၍ ဗာရာဏသီပြည်ဝယ် ကုဋေရှစ်ဆယ် ဥစ္စာကြွယ်သော သူကြွယ်၏အမျိုး၌ ဖြစ်လာ၏။ ထိုသူ၏မယားလည်း ထိုနည်းကြွယ်ဝသော သူဌေးသမီးပင် ဖြစ်၏။

အရွယ်ရောက်သောကာလ မိဘနှစ်ပါးတို့သည် ထိမ်းမြားကုန်သဖြင့် လင့်အိမ်သို့ ရောက်လေသော်၊ အဆင်းကိုမြင်သဖြင့် လင်ယောကျ်ားသည် သနားစုံမက်ခြင်းရှိ၍ ကိုယ်ထိလက်ပါး စံစားခြင်းငှာ အနီးသို့ချဉ်းလာသော် ပစ္စေကဗုဒ္ဓါအား ပြစ်မှားခဲ့ဖူးသော မကောင်းမှုကံကြောင့် အရုံအကာကို လှစ်ခွာ၍ထားအပ်သော ဘင်ပုပ်စိုင်ကဲ့သို့ မကောင်းသော ရနံ့သည်လှိုင်၍ မကပ်နိုင်ရှိသဖြင့် မိဘတို့၏အိမ်သို့သာ ပို့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ သူကြွယ်ခြောက်ဦးတို့သည် အနူးအညွတ်တောင်းဆိုလာ၍ ထိမ်းမြားပါသော်လည်း အနီးသို့ကပ်သောအခါ ရွံ့ညှနံမစင်နံ့သာ လှိုင်၍ အတူမနေနိုင်ဘိသဖြင့် မိဘတို့အိမ်သို့သာ ပို့လာကြရလေသတည်း။

တစ်ရံရောအခါ ကဿပမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူ၍ တစ်ခဲနက်ကျန်ရစ်သော သရီရဓာတ်တော်ကို တစ်ယူဇနာမျှလောက်သော စေတီတည်ခြင်းငှာ များစွာသော ပြည်သူအပေါင်းတို့သည် ရွှေအုတ် ငွေအုတ် ပြုလုပ်ကြကုန်လျှင် ယခင်သူဌေးသမီးသည်လည်း ဤသို့ကြံ၏။ 'ငါသည် ခုနစ်ကြိမ်ပင် လင်၏အိမ်သို့ ရောက်ပါလျက် ယုတ်မာသောအနံ့ဖြစ်၍ ပြန်ရချေသည်။ အများနည်းတူ လှူ မလုပ်ရပြီတကား။ ကိုယ်ကိုပြုပြင်သဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း'ဟု ကြံ၍ ဆင်ဝတ်သမျှသော တန်ဆာကိုရောင်းချ၍ ရွှေအုတ်ဝယ်ပြီးသော် စေတီတော်တည်ရာသို့ သွား၍ "အကျွန်ုပ်အား တစ်ခုသောနေရာကို ချပါ" ဟု တောင်းပန်၏။ အထက်ထီးချက် ခံရာ၌ စီ၍ဆင်းလာသောယောက်ျားလည်း "ဤအဖျား၌ပင် စီချေလော့"ဟု ဆိုလျှင် ထိုသူဌေးသမီးလည်း ဆေးဒန်းမြင်းသီလာကို နံ့သာရည်တို့ဖြင့် သွေးပြီးလျှင် လေးခိုင်သော ကြာလက်တို့ကိုယူ၍၊ ကိုယ်တိုင်တက်ပြီးမှ မြင်းသီလာညက်တို့ဖြင့် သရွတ်တင်၍ ယခင်ရွှေအုတ်တို့ကို စီပြီးသော် အပေါ်၌ ကြာလက်တို့ကိုစိုက်၍ ဆင်းသက်ခဲ့ပြီးမှ လက်ယာရစ် သုံးပတ်လည်ကာ ရှိသေစွာပူဇော်ပြီး၍ "အကျွန်ုပ်သည် ယခုပြုရသော ကောင်းမှုကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်ရသောဘဝတိုင်အောင် လှိုင်လှသောစန္ဒကူးနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင်သော ကိုယ်၏အနံ့၊ ကြာဝတ်ကဲ့သို့ပျံ့သော ခံတွင်း၏အနံ့ ရှိသည်သာဖြစ်ပါစေသော"ဟု ဆုတောင်း၍ အိမ်သို့ပြန်လာ၏။

ထိုခဏ၌ လက်ဦးစွာထိမ်းမြားသော သူကြွယ်သည် ထိုမိန်းမငယ်အား သတိရ၍ "ငါကပြန်ပို့သော သတို့သမီးငယ်သည် အဘယ်၌ နေသနည်း"ဟု မေး၏။ အချင်းအရင်းတို့ကလည်း "သူ့မိဘအိမ်၌ပင် နေပါသည်"ဟုပြောလျှင်၊ "သင်တို့ သွား၍ဆောင်ကြချေ"ဟု စေလိုက်၏။

တမန်တို့ရောက်လာလျှင် "သင်တို့ အဘယ်ကြောင့် လာသနည်း"ဟု မေး၍ သူဌေးစေလွှတ်ကြောင်းကို ကြားပေသော် "အမောင်တို့။ အကျွန်ုပ်ဆင်ယင်သော တန်ဆာကို ဓာတုစေတီ၌ ပူဇော်ပြီးဖြစ်၍ မရှိပါ။ ထို့ကြောင့် မလိုက်လိုပါ"ဟု ဆို၏။

ထိုအကြောင်းကို သူဌေးအား ပြန်ကြားပေသော် "အိမ်သို့ရောက်သောအခါ တန်ဆာကို ရလတ္တံ့ဆို၍ ဆောင်ခဲ့"ဟု မှာလိုက်၏။ အချင်းအရင်းတို့လည်း မှာသည့်အတိုင်း ရထားထက်၌ တင်ဆောင်ခဲ့၍ အိမ်တံခါးဝသို့ရောက်လျှင် ထက်ဝန်းကျင်သော အိမ်အလုံးသည် စန္ဒကူးနံ့၊ ကြာဝတ်နံ့တို့ဖြင့် လှိုင်ပျံ့ဖုံးလွှမ်းလေ၏။

သူဌေးသားလည်း ထိုသတို့သမီးအား ဆီးကြို၍ ကြည်ညိုဝမ်းသာ ဟောပြောပြီးလျှင် "သင်သည် ရှေးသောအခါ လွန်စွာစက်ဆုပ်ဖွယ်သော ကိုယ်နံ့ ရှိ၏။ ယခုမူကား အဘယ်ကြောင့် စန္ဒကူးနံ့၊ ကြာဝတ်နံ့တို့ဖြင့် လှိုင်ပျံ့သနည်း"ဟု မေး၏။ "အရှင့်သား။ အကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကဿပဘုရားမြတ်စွာ၏ ဘဏ္ဍာစေတီတော်ကို ပူဇော်ပြုလုပ်ခဲ့သောကောင်းမှုကြောင့် မကောင်းသောအနံ့ပျောက်၍ ကောင်းသောအနံ့ ရောက်လာပေသည်"ဟု ပြောလေသော်၊ သူဌေးသားလည်း "ဘုရားသာသနာမည်သည်ကား သတ္တဝါတို့၏ ကိုးကွယ်မှီခိုရာ ဖြစ်ပေသည်။ အယုတ်မှသည် အမြတ်သို့ရောက်ကြောင်း ဖြစ်ပေသည်"ဟု အလွန်ယုံကြည်ခြင်း သဒ္ဓါပသန္န ဖြစ်၍ ထို တစ်ယူဇနာမျှလောက်သောစေတီကို ကမ္ဗလာနီအဆင်းရှိသော အုတ်တို့ဖြင့်ရံလျက် ကြာတံကြာလက်စိုက်အပ်သော ကြာသွတ်အိုး, မုခ်ထွတ်, တုရင်တို့ဖြင့် တင်လျှုပူဇော်၏။ ထိုသူနှစ်ဦးတို့သည် အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်၌ ဖြစ်ကြကုန်၏။

ထိုမှတစ်ခါစုတေလေသော် ဗာရာဏသီပြည်မှ တစ်ယူဇနာကွာသော အမတ်တို့၏ရွာ၌ အမတ်ကြီးသား ဖြစ်လေ၏။ ထိုသူ၏မယားကား ဗာရာဏသီမင်းကြီး၏ သမီး ဖြစ်၏။ သတို့သား သည် ဖွားစကပင် သန့်စင်လှပရကား လူအပေါင်းတို့ နှစ်သက်စဖွယ်ရှိလှ၍ 'နန္ဒိယ' ဟူသောအမည်ကို မှည့်၏။ မင်းသမီးလည်း ရှု၍မငြီး ဆီမီးအဝါကဲ့သို့ တင့်တယ်စွာသော အဆင်းအရောင်ရှိလှ၍ 'ဘဒ္ဒကာ'ဟူသောအမည်ကို မှည့်၏။

ထို နန္ဒိယသတို့သားသည် အရွယ်သို့ရောက်သောအခါ ထိုမြို့ရွာ၌ ကြီးစွာသောနက္ခတ်သဘင်သည်ဖြစ်၍ ထိုသဘင်၌ ရွှင်မြူးပျော်ပါးခြင်းငှာ မိခင်အား ဝတ်စားတန်ဆာကို တောင်း၏။ မိခင်လည်း အသပြာတစ်ထောင်ထိုက်သော ပုဆိုးကို ပေး၏။ ပုဆိုးကိုမြင်လျှင် "ဤပုဆိုးကား ကြမ်းတမ်းရှန့်ရင်းလှသည်။ အကျွန်ုပ်ကား မဝတ်လို"ဟု ပယ်၏။ တစ်ထည်လဲကာ အသပြာနှစ်ထောင်ထိုက်သော ပုဆိုးကို ပေးပြန်လျှင်လည်း ရှေးနည်းဆို၍ ပယ်၏။ ထို့နောက် အသပြာတစ်သောင်းထိုက်သော ပုဆိုးကို ပေးပြန်သော် "ဤခက်ချော်ကြမ်းတမ်းသော ပုဆိုးဖြင့် အဘယ်မှု စ,အံ့နည်း"ဟုဆို၍ ပယ်ပြန်၏။

ထိုစကားကိုကြားသော် မယ်တော်က "အမောင် နန္ဒိယ။သည်ထက်သာ၍ နူးညံ့ကောင်းမွန်သောပုဆိုးကိုကား ငါတို့အိမ်တွင် မဆိုထားဘိ။ ငါတို့နေရာ ဗာရာဏသီပြည်တွင်မျှ မရှိပြီ။ သင့်ဘုန်းနှင့်သာ ရာကြံလေလော့"ဟု ဆို၏။ နန္ဒိယသတို့သားလည်း "မိဘနှစ်ပါးတို့ အခွင့်ပေးပါလျှင် အကျွန်ုပ် ရှာပါအံ့"ဟု ခွင့်တောင်း၏။ မိခင်ကလည်း "ချစ်သားနန္ဒိယ။ ယနေ့ပင် သင် ဗာရာဏသီပြည်၌ မင်းအဖြစ်ကိုရ၍ ကြွယ်ဝသည်ကို ငါတို့ မြင်လို၏။ ကြွသာ ကြွတော်မူ"ဟု ဆိုပေသော်၊ ထို နန္ဒိယသတို့သားလည်း မိခင်ဖခင်တို့အား ရှိခိုး၍ ထွက်သွားလေသဖြင့် ဗာရာဏသီမြို့၏အနီး မင်းကြီးဥယျာဉ်၏အလယ် ကျယ်သောမင်္ဂလာကျောက်ဖျာထက်၌ အိပ်လျက်နေလေ၏။

မိဘနှစ်ပါးတို့လည်း 'နန္ဒိယသတို့သားသည် ထိုမှဤမှ သွားလာ၍ ဆွေမျိုးများအိမ်၌သာ နေလတ္တံ့'ဟူသောအမှတ်ဖြင့် ခပ်မဆိတ်နေ၏။

ထိုအခါကား ဗာရာဏသီပြည်၌ ပြည့်ရှင်မင်းကြီးလွန်၍ ခုနစ်ရက်ရှိသဖြင့် သရီရကိစ္စပနကို ပြုပြီးသော် မှူးမတ်, ပုရောဟိတ် စသောသူတို့သည် မင်းရင်ပြင်၌ တိုင်ပင်စည်းဝေးကြ



www.burmeseclassic.com

www.burmeseclassic.com



လျက် "ငါတို့မင်းကြီးကား သမီးနန်းနွယ်သာ ရှိသည်။ ညီတော်, သားတော်ဖြစ်သော နန်းမြစ် နန်းဆက် မရှိချေ။ မင်းမဲ့သောပြည်မည်သည်လည်း မတည်မတံ့ ရှိရာသည်။ ထို့ကြောင့် ရှေးသူဟောင်းများကဲ့သို့ ဖုဿရထားကိုလွှတ်၍ မင်းဖြစ်ထိုက်သောသူကို ရှာကြအံ့"ဟု စီမံပြုပြင်ကြပြီးလျှင်၊ မင်္ဂလာရထား၌ ကုမုဒြာကြာချပ်အဆင်းကဲ့သို့သော သိန္ဓောမြင်း လေးစီး ကလျက် သန်လျက်, ခြေနင်း, သင်းကျစ်, သားမြီးယပ်, ထီးဖြူ ဟူသော မင်းမြောက်တန်ဆာ ငါးပါးကို တင်လျက် စစ်အင်္ဂါလေးပါးခင်းကျင်း၍ ပြည်တွင်းပြည်ပရှိသော နတ်တို့ကို ပူဇော်ပသ၍ လွှတ်၏။ ထို ဖုဿရထားသည် မြို့အရှေ့တံခါးမှသည် ဥယျာဉ်သို့ ရှေးရှု သွား၍ နန္ဒိယသတို့သားအိပ်နေရာ ကျောက်ဖျာကို လက်ယာရစ် သုံးပတ်လည်၍ တည်လေ၏။

ပုရောဟိတ်ပုဏ္ဏားလည်း လှုပ်ရှားခြင်းမရှိ ပကတိဦးခေါင်းခြုံလျက် စက်နေသော သတို့သား၏ ဖဝါးအစုံကို လှစ်၍ရှုလေသော် ဘုန်းတော်ကြီးအံ့သော အကြောင်းကိုမြင်၍ ကျောက်ဖျာအပြင်မှဆင်းပြီးလျှင် "အချင်းအမတ်တို့။ ဤမင်းမြတ်ကား ငါတို့ဗာရာဏသီ ပြည်ကို မဆိုထားဘိ။ ငါးရာစီသောကျွန်းငယ်တို့ဖြင့် ခြံရံအပ်သော ကျွန်းကြီးလေးရပ်ကို အုပ်ကွပ်စိုးမိုးနိုင်လတ္တံ့"ဟု ဆို၏။ ထိုအခါ များစွာသောမှူးမတ်အပေါင်းတို့သည် စည်, စောင်း, တူရိယာတို့ကို တညီတညာတည်း တီးမှုတ်စေလျက် ဦးယုက်တိုက်ကြကုန်၏။

နန္ဒိယမင်းသားလည်း လွှမ်းထားသောမျက်နှာကို ဖွင့်၍ "အဘယ်အခွင့်ကြောင့် ရောက်လာသနည်း"ဟု မေးတော်မူသော် ခြေတော်ရင်းသို့ ဗာရာဏသီပြည် ရောက်ပါကြောင်းကို လျှောက်ထား၍၊ အလုံးစုံသောအကြောင်းကို ကြားပြီးလျှင် ထိုဥယျာဉ်၌ပင် မင်္ဂလာမဏ္ဍပ်ကို ပြု၍ မင်းသမီးနှင့်ထိမ်းမြားလျက် သုံးပါးသောအဘိသိက်ကို သွန်းကုန်၏။

ထိုအခါ များစွာသော မှူးမတ် မင်းဆွေမင်းမျိုးတို့သည် အဖိုးတစ်သိန်းထိုက်သော ဝတ်လဲပုဆိုးကို ဆက်လာ၏။ နန္ဒိယမင်းမြင်သော် "သင်တို့ပုဆိုးကား အလွန် ရှန့်ရင်းစွာ တကား"ဟု မိန့်တော်မူလျှင်၊ "အရှင်မင်းကြီး။ ဤထက်သာသော အထည်သည် အကျွန်ုပ်တို့ ပြည်၌ မရှိပြီ"ဟု လျှောက်ကြ၏။ "သင်တို့အရှင်မင်းကြီးသည် ဤမျှလောက်သော ဝတ်လဲ ကိုပင် ဝတ်ဆင်ရသလော"ဟုမေးပြန်၍၊ 'မှန်ပါကြောင်း'ကို လျှောက်တင်သော် "သင်တို့ မင်းသည် ဘုန်းကံကောင်းမှု နည်း၍သာ ဤ ရှန့်ရင်းစွာသောဝတ်လဲကို ဝတ်ဆင်ရသည်။ ငါမူကား မဆင်လို"ဟု ဆို၍၊ ရွှေကရားနှင့် ရေကိုဆောင်စေပြီးလျှင် နေရာမှထ၍ မျက်နှာ ခံတွင်းကို သန့်ရှင်းတော်မူလျက် လက်ယာလက်ဖြင့် ရွှေကရားကိုကိုင်ပြီးသော် "သုံးဖော်သော လောက၌ ဝေနေယျအပေါင်းတို့အား ကြီးမားသောချမ်းသာကို ပေးနိုင်ခြင်းငှာ ငါ ကုသိုလ် ပြုခဲ့သည် မဟုတ်လော။ ထိုအကျိုးသည် ယခုမျက်မှောက် ရောက်လာစေသော"ဟု ဆို၍ အရှေ့အရပ်သို့ သွန်းဖျန်းတော်မူလျှင် မြေအပြင်ကို ဝက်ဝက်ခွဲ၍ ဝတ်လဲပဒေသာတို့သည် ပေါက်လာကုန်၏။ ထို့အတူ တောင်, မြောက်, အနောက် အရပ်သို့လည်း သွန်းဖျန်းလေလျှင် လိုအင်ရှိသမျှသီးသော ပဒေသာပင်ကြီးတို့သည် ရှစ်ပင်, ရှစ်ပင်စီ ပေါက်၍ လေးမျက်နှာ၌ ပဒေသာ သုံးဆယ့်နှစ်ပင်တို့သည် ဖြစ်ကုန်၍ ထိုပဒေသာပင်တို့မှ အသပြာ အတိုင်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သော နတ်ဝတ်လဲကိုသာလျှင် ဆွတ်ယူ ဆင်ယင်တော်မူသတည်း။ ပြည်သူတို့ကိုလည်း "အလိုရှိသမျှ ဆွတ်လှည့်ကြကုန်"ဟု စည်လည်စေ၍၊ နေပြည်တော်နိုင်ငံသားတို့သည် ဗိုင်းရက်ကန်းမျှ မဝင့်ရဘဲ ပဒေသာပင်၌သာ ဆွတ်ကာဆွတ်ကာ သုံးဆောင်ရကုန်၏။

နန္ဒိယမင်းဖျားလည်း မိဖုရားနှင့်တကွ ဆောင်းအပ်သောထီးဖြူရှိသော ဆင်ကျောက်ကုန်းထက်သို့ တက်ပြီးသော် မြို့နန်းတော်သို့ဝင်၍ မင်းစဉ်စံမြဲဖြစ်သော ပြာသာဒ်အပြင်ထက် ထက်ဝန်းကျင်ရံခသော မင်းမောင်းမ တစ်သောင်းခြောက်ထောင်နှင့်တကွ သိကြားမင်း စည်းစိမ်ကဲ့သို့သော မင်း၏စည်းစိမ်ကိုခံစား၍ အနှစ်တစ်သောင်းကျော် ရှိလတ်သော် တစ်နေ့သ၌ ကြင်ဖော်ဖြစ်သော ဘဒ္ဒကာမိဖုရားအား ဤသို့ဆို၏။ "အချင်းမိဖုရား။ ငါတို့ကား ရှည်လျားသောဘဝက ပုညဝတ္ထုကို ပြုစုအားထုတ်ခဲ့ဖူးသောကြောင့် ထူးမြတ်သောသုခကို ယခုဘဝ ရကြပေပြီ။ နောင်သောအခါ သည်ကဲ့သို့ချမ်းသာကို ခံစားပါရအောင် ယခုကလည်း ပုညအထူးကို ဆည်းပူးမှသာ သင့်ချိမ့်မည်။ လယ်မြေကောင်းသဖွယ် စင်ကြယ်သောသီလရှိသူ အလှူခံပုဂ္ဂိုလ်ကို စူးစမ်း၍ လှူဒါန်းပူဇော်လော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် မိဖုရားလည်း မှူးမတ်မင်းချင်းတို့အား "သတင်းစကားကို နာ၍ အရပ်ရှစ်မျက်နှာ၌ ပေးလှူရာပုဂ္ဂိုလ်ကို ရှာကြကုန်"ဟု စေလွှတ်၏။ နှစ်လည်၍မျှ အလှူခံမတွေ့လျှင် 'ငါတို့ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီး မရှိလေရာ။ ပူဇော်ထိုက်သော ရဟန္တာတို့လည်း ရှိတန်ရာ၏'ဟု ကြံ၍ လှူဒါန်းရန်ဖြစ်သော ဒါတဗ္ဗဝတ္ထုတို့ကို စီရင်ပြီးသော် မင်းမိဖုရား နှစ်ပါးတို့သည် ပြာသာဒ်သို့တက်၍ လေသာနန်းတံခါးကို ဖွင့်ပြီးလျှင် အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကိုဆောက်တည်၍ အရှေ့သို့ရှိခိုးပူဇော်ကာ "ရဟန္တာအရှင်မြတ်တို့သည် ဤအရပ်ဝယ် အကယ်၍ရှိပါကုန်မူ အကျွန်ုပ်တို့အလှူကို ခံတော်မူလှည့်ပါ"ဟု လျှောက်၏။ အချိန်ကုန်၍ မကြွလာသော် ခရီးသွားယာစကာတို့အား စွန့်ကြဲ၏။ နောက်တစ်နေ့သောအခါလည်း ဤနည်းအတူ အလှူဝတ္ထုကိုပြင်ဆင်လျက် တောင် လေသာနန်းတံခါးကို ဖွင့်၍ ပင့်ဖိတ်လျှောက်ထား၏။ နောက်တစ်နေ့သောအခါလည်း အနောက်မျက်နှာ လေသာနန်းတံခါးကို ဖွင့်၍ ပင့်ဖိတ်လျှောက်ထား၏။ နောက်တစ်နေ့သောအခါလည်း မြောက်အရပ်မျက်နှာ လေသာနန်းတံခါးကို ဖွင့်၍ ပင့်ဖိတ်လျှောက်ထား၏။

ထိုအခါ ဟိမဝန္တာ၌နေကုန်သော ပဒုမဒေဝီမိဖုရား၏ သားဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါငါးရာတို့တွင် နောင်တော်အကြီးဖြစ်သော မဟာပဒုမ ပစ္စေကဗုဒ္ဓါသည် ညီတော် လေးရာကိုးကျိပ်ကိုးယောက်တို့အား စည်းဝေးခေါ်ဆောင်၍ အနောတတ်အိုင်၌ မျက်နှာသစ်ပြီးသော် သပိတ်သင်္ကန်းကိုပြင်လျက် ကောင်းကင်ခရီးဖြင့်ကြွလာ၍ ဗာရာဏသီပြည် မြောက်တံခါး၌ သက်ကြလေကုန်၏။ လူအပေါင်းတို့မြင်လျှင် ပြည့်ရှင်မင်းကြီးအား 'ပစ္စေကဗုဒ္ဓါတို့ ကြွလာကြောင်း'ကို လျှောက်ကြ၏။

မင်း, မိဖုရား နှစ်ပါးတို့သည် ခရီးဦးကြိုဆို၍ သပိတ်ကိုလှမ်းယူပြီးလျှင် ပြာသာဒ်ထက်ပင့်တင်၍ ကြည်ရွှင်ဝမ်းသာစွာ ယာဂုဆွမ်း, အဖျော်တို့ဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးသောအခါ တရားတော်ကိုနာ၍ "အရှင်မြတ်တို့သည် အကျွန်ုပ်တို့အား သနားတော်မူပါသဖြင့် ဤပြည်၏အနီး ဥယျာဉ်ကြီးအတွင်း၀ယ် သီတင်းသုံးတော်မူပါ။ အရှင်တို့အားလည်း လေးပါးသောပစ္စည်းတို့ဖြင့် မပင်မပန်းရအောင်၊ အကျွန်ုပ်တို့လည်း ဒါန, သီလ ပွားများရအောင် အားထုတ်လျက် အသက်ထက်ဆုံး ကိုးကွယ်ကြပါရစေ"ဟု လျှောက်၏။ ပစ္စေကဗုဒ္ဓါတို့လည်း 'ကောင်းပြီ'ဟု ပဋိညာဉ်ကိုပေးလေလျှင် ထိုဥယျာဉ်၌ ငါးရာမျှလောက်သော ကျောင်း သင်္ကန်း, ကမ္မဋ္ဌာန်းစီးဖြန်းရာ ဇရပ်တို့ကို လည်းကောင်း၊ ငါးရာသောစင်္ကြံ, ငါးရာသောတံကဲပြင်တို့ကို လည်းကောင်း စီရင်လှူဒါန်း၍ ဆွမ်း, သင်္ကန်း, ပရိက္ခရာတို့ဖြင့် ရံခါမပြတ် လုပ်ကျွေး၏။

နေ့ရက်ရှည်လျား၍ တစ်ရံရောအခါ ပစ္စန္တ ရစ်ရပ်ရွာ မငြိမ်မ၀ပ်ရှိ၍ ထိုကိုငြိမ်းစိမ့်သောငှာ မင်းကြီးထွက်လိုသော် မိဖုရားကိုခေါ်၍ "သင်သည် အရှင်ပစ္စေကဗုဒ္ဓါအား လုပ်ကျွေးခြင်း မမေ့မလျော့စေလင့်"ဟု မှာ၍ စစ်အင်္ဂါလေးပါးစီရင်လျက် ထွက်တော်မူ၏။ မိဖုရားလည်း ကျွေးမြဲတိုင်းသော၀တ်ဖြင့် ကျွေးမွေး၍၊ တစ်နေ့သောအခါ ပစ္စေကဗုဒ္ဓါတို့၏ အာယုသင်္ခါရသည် ကုန်လေခဲ့ရကား မဟာပဒုမ ပစ္စေကဗုဒ္ဓါသည် ဈာန်သမာပတ်ကို ညဥ့်သုံးယံပတ်လုံး၀င်စား၍ အရုဏ်တက်အချိန်တွင် ပရိနိဗ္ဗာန် ယူလေ၏။ ကြွင်းသော ပစ္စေကဗုဒ္ဓါတို့လည်း ထိုနည်းအတူ ပရိနိဗ္ဗာန် ယူကြလေကုန်၏။

နံနက်ကာလတိုင်ဘိသော် မင်းမိဖုရားလည်း ဆွမ်းလုပ်ကျွေးမြဲသောနေရာ၌ ကောင်းစွာသန့်ရှင်း၍ ပန်းမွှေ့ရာတို့ကို ခင်းပြီးလျှင် ဘောဇဉ်ငါးပါးတို့ဖြင့် ခင်းကျင်းလျက် စောင့်နေ၏။ အချိန်သင့်၍ မကြွလာလျှင် "အရှင်ကောင်းတို့အား သွား၍ရှုချေ"ဟု မင်းချင်းတို့ကို စေလိုက်သော် ပစ္စေကဗုဒ္ဓါတို့၏ ကျောင်းသို့ ရောက်လျှင် ပရိနိဗ္ဗာန်၀င်ကြသော အဖြစ်ကိုသိ၍ မိဖုရားအား အကြောင်းကို ပြန်ကြား၏။

မိဖုရားလည်း များစွာငိုကြွေးမြည်တမ်းလျက် နန်းမှထွက်၍ နှစ်သက်ဖွယ်သော ထင်းတလားတို့ကိုပြုလျက် သင်္ဂြိုဟ်ဖုတ်ကြည်းပြီးသော် ဓာတ်တော်တို့ကို စေတီတည်လေ၏။ စေတီတည်ပြီးသောကာလ နန္ဒိယမင်းကြီးလည်း ပစ္စန္တ ရစ်ကို ငြိမ်၀ပ်စေရာမှ ပြန်လာသော် ဘဒ္ဒကာမိဖုရားသည် ခရီးကြိုဆိုရာ လျှောက်တင်၍၊ အရှင်ပစ္စေကဗုဒ္ဓါတို့ ပရိနိဗ္ဗာန်ယူကြောင်းကိုသိလျှင် မြို့တွင်းသို့မ၀င်ဘဲ ဥယျာဉ်အရပ်၌ပြုအပ်သော ဓာတုစေတီတော်ကို ပူဇော်ဖူးမြင်၍ 'ကောင်းကင်ပျံခြင်း, မြေလျှိုးခြင်းစသော တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော ဤအရှင်တို့မှသော်လည်း သေမင်းနိုင်ငံသို့ လိုက်ရချေသည်။ ငါတို့ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း'ဟု သတိသံ၀ေဂရ၍ သားအကြီးအား ထီးနန်းတိုင်းပြည်ကိုအပ်ပြီးလျှင် ထိုဥယျာဉ်၌ ရဟန်းပြု၍နေလေ၏။

မိဖုရားလည်း 'မင်းကြီးရဟန်းပြုခဲ့သော် နန်းတော်၌ ငါနေသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း'ဟုဆင်ခြင်၍ ဥယျာဉ်တွင်ပင် ကျောင်းသခ်မ်းတစ်ခုဖြင့် ရဟန်းပြု၍ နေလေ၏။ ထိုရဟန်းနှစ်ပါးတို့သည် ဈာန်, ဝိပဿနာကိုပွားစေလျက် အသက်အတိုင်းနေ၍ စုတေသောအခါ ဗြဟ္မာ့ပြည်၌ ဖြစ်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဘုရား ထင်ရှားဖြစ်လတ္တံ့သောအခါ ထို နန္ဒိယမင်းသားသည် ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ မဂဓရစ်တိုင်း 'မဟာတိတ္ထ'မည်သော ပုဏ္ဏားရွာ၌ ကပိလမည်သော ကဿပအနွယ်ဖြစ်သော မင်းပုဏ္ဏား၏မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေလေ၏။ အမည်မှည့်သောအခါ လွန်စွာချစ်ဖွယ်ရှိသောကြောင့် 'ပိပ္ပလိ'ဟူသော အမည်ကို မှည့်၏။ ဘဒ္ဒကာမိဖုရားလည်း မဒ္ဒရစ်တိုင်း သာဂလမြို့၌ ကောသိယမည်သော မင်းပုဏ္ဏား၏မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေ၏။ အမည်မှည့်သောအခါ တင့်တယ်စွာသော အဆင်းအရောင်ရှိရကား 'ဘဒ္ဒကာပိလာနီ'ဟူသော အမည်ကို မှည့်၏။

ထိုသူနှစ်ဦးတို့သည် အစဉ်သဖြင့်ကြီးပွား၍ ပိပ္ပလိသတို့သားသည် အသက်နှစ်ဆယ်, ဘဒ္ဒကာပိလာနီ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သောကာလ သတို့သား၏မိဘတို့သည် ဤသို့ ဆိုကြကုန်၏။ "ချစ်သား ပိပ္ပလိ။ ကျက်သရေရှိသောအရွယ်သို့ သင် ရောက်ပေပြီ။ ဤ ငါတို့အမျိုးအနွယ်ကို ဆက်သွယ်ပြန့်ပွားအောင် သင်ကား ဆောင်ရလတ္တံ့။ သင် နှစ်မြို့သော သတို့သမီးကို ညွှန်ပြလော့။ ငါတို့ ဆောင်နှင်းမည်"ဟု ဆို၏။ ထိုစကားကို ကြားလျှင် ပိပ္ပလိလုလင်လည်း "မိခင်ဖခင်တို့။ အကျွန်ုပ်အား ဤစကားကို မဆိုပါလင့်။ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းကို အလိုမရှိပါ။ မိဘနှစ်လီ အသက်ရှည်သမျှကို အကျွန်ုပ် လုပ်ကျွေး၍ မိဘတို့လွန်သောအခါ ရဟန်းပြုပါအံ့"ဟု ဆိုလေ၏။ လေး,ငါးရက်ကြာ၍ ထပ်ခါတစ်ဖန် တိုက်တွန်းပြန်လျှင်လည်း ရှေးနည်းပင်ပယ်၍ နှစ်သွယ်သောနားတွင်းကို ပိတ်၏။

ဤနည်းတူသာ အကြိမ်များစွာ ခြင်းရာပြညွှန်း၍ တိုက်တွန်းလေဘိသော် 'မွေးမိခင်အား နားလည်းသာယာ ရာလည်းမရ ဤကိစ္စကို နှောင်မဆိုအောင်'ဟု နှလုံးပြု၍ ရွှေစင်နိက္ခတစ်ထောင်ကို မိန်းမယောင်ထုလုပ်ပြီးလျှင် စင်ကြယ်စွာပွတ်သပ်၍ ကောင်းမြတ်သောအဝတ်တန်ဆာတို့ကို ဆင်ယင်လျက် "ဤရွှေရုပ်၏ အသွင်အပြင်နှင့်တူသော မိန်းမကိုရလျှင် အများနည်းတူ လူပြုပါတော့အံ့"ဟုဆို၍ မိခင်အား ပြလေ၏။

မယ်တော်ကလည်း 'ငါ့သားသည် ဘုန်းကံရှိသောယောကျ်ား ဖြစ်သည်။ ဤရွှေရုပ်ကဲ့သို့ လှသောမိန်းမကို မရဘဲမရှိရာ'ဟု ကြံ၍ ရှစ်ယောက်သောပုဏ္ဏားတို့ကို ခေါ်၍ ပဏ္ဏာကာရပေးပြီးသော် ရွှေရုပ်ကို ရထားထက်၌တင်၍ "ဤရွှေစင်ရုပ်နှင့်တူသော မိန်းမကို ရှာကြလေကုန်"ဟု စေလွှတ်၏။ ပုဏ္ဏားတို့လည်း အမြို့မြို့အပြည်ပြည်သို့ လှည့်လည်ရှာဖွေသည်ဖြစ်၍ မဒ္ဒရစ်တိုင်း သာဂလမြို့သို့ရောက်သောအခါ လူတို့စုဝေးရာ ရေဆိပ်နား၌ ရွှေရုပ်ကိုထား၍ ပုဏ္ဏားတို့ သင့်တင့်ရာက ရှုမျှော်ကာင့်နေကြ၏။

ညချမ်းသောအခါ ဘဒ္ဒကာပိလာနီ၏ အလုပ်အကျွေးဖြစ်သောမိန်းမသည် မိမိ၏အရှင်မဖြစ်သော ဘဒ္ဒကာပိလာနီကို နံ့သာရည်တို့ဖြင့်ချိုးစေလျက် ဘယက်တန်ဆာ ပန်းနံ့သာတို့ကိုဆင်ယင်ခဲ့ပြီးလျှင် မိမိရေချိုးခြင်းငှာ ရေဆိပ်သို့လာသော် ကောင်းစွာထားလင့်သော ထိုရွှေစင်ရုပ်ကို မြင်လေက "အရှင်မ။ ဌာန မသင့်ရာသို့ အဘယ့်ကြောင့်လာသနည်း။ ယခု



www.burmeseclassic.com

www.burmeseclassic.com



အမြန်ပြန်လော့"ဟု ဆိုလျက် လက်ဝါးဖြင့်ရိုက်၏။ ရွှေရုပ်ကိုခတ်မိ၍ လက်နာသောအခါ ဘဒ္ဒကာပိလာနီ မဟုတ်မှန်းသိ၍ ရယ်ရွှင်၏။

ထိုအခြင်းအရာများကို ပုဏ္ဏားတို့မြင်လျှင် "သင်၏အရှင်မသည် ဤရွှေရုပ်ကဲ့သို့ လှသလော"ဟု မေး၏။ အထိန်းခုဇ္ဇာလည်း "အကျွန်ုပ်၏သခင်မသည် အဘယ်မှာ ဤရွှေရုပ်မျှ ကအံ့နည်း။ အဆအရာ, အဆအထောင်ပင် ကဲလွန်၏။ ရတ်ခြည်းမြင်သော်သာ ရိုးရိပ်တူပါသည်။ အရှင်မကိုယ်ရောင်သည် တစ်ဆယ့်နှစ်တောင်ရှိသော တိုက်ခန်း၌ မီးထွန်းရခြင်း မရှိ၊ ပကတိသာ ထွန်းလင်း၏။ အရှေ့, အနောက်, တောင်, မြောက် ခုနစ်အိမ်ပြန့်အောင် ကိုယ်နံ့ မွှေးကြူ၏"ဟု ဆိုပေသော် ရွှေရုပ်ကို ရထားထက်၌တင်ပြီးလျှင် "ဤတွင် ငါတို့အလို ပြည့်လတ္တံ့."ဟုဆို၍ ထိုအထိန်းတော် ခုဇ္ဇာနှင့် အတူတကွ ကောသိယပုဏ္ဏားအိမ်သို့ ဝင်လေ၏။

ကောသိယပုဏ္ဏားသည် "အဘယ်ဒေသမှ အဘယ်ကိစ္စကြောင့် လာသနည်း" ဟု မေး၏။ ပုဏ္ဏားတို့လည်း "မဂဓတိုင်း မဟာတိတ္ထရွာ၌ ဥစ္စာ ကုဋေရှစ်ဆယ်ရှိသော ကပိလပုဏ္ဏားသည် သားပညာရှိ ပိပ္ပလိလုလင်ကိုရ၍ ဂုဏ်ရည်မျှသောအမျိုးသမီးနှင့် ထိမ်းမြားအံ့ဟု ကြံပါသော်လည်း အခါခါပစ်ပယ်၍ 'ဤဇမ္ဗူရစ်ရွှေရည်နှင့် တူမျှသောမိန်းမ ရမှ မိဘစကားကို နားထောင်ပါမည်'ဟု ဆို၍ သားအလိုသို့လိုက်သဖြင့် လွှတ်လိုက်၍လာရပါသည်"ဟု လျှောက်၏။ ကောသိယပုဏ္ဏားလည်း "အမျိုးကောင်းသား ဘုန်းရှိသောယောကျ်ားပင် ဖြစ်ပေသည်။ စိတ်မတူ ရှိရတော့မည်လော"ဟု ဆို၍ ရွှေရုပ်နှင့်တကွသော ပဏ္ဏာကာရကို သိမ်း၏။

ထိုအကြောင်းကို ဘဒ္ဒကာပိလာနီ သိကြားလျှင် ပိပ္ပလိသတို့သားအား တစ်ဝမ်းဖွားကဲ့သို့ ချစ်ခြင်းမေတ္တာကား ရှိ၏။ ကာမဂုဏ်ဖြင့် ရောပြွမ်းခြင်းကိုကား အလိုမရှိလေ။ ထိုစေလိုက်သောပုဏ္ဏားတို့သည် မိမိတို့၏အရှင်ဖြစ်သော ကပိလပုဏ္ဏားအား 'ရွှေရုပ်နှင့်တူသော သတို့သမီးရကြောင်း' သတင်းစကားကို ကြားမှာလိုက်ဘိ၍ ကပိလပုဏ္ဏားကသား ပိပ္ပလိလုလင်ကို ပြောဆိုပေလျှင် 'သို့စင်သော မိန်းမကိုကား မရနိုင်တန်ဟု ကြံစည်၍ ငါဆိုပါလျက် ယခု ရပြန်လာခဲ့သည်'ဟု နှလုံးမသာခြင်းရှိ၍ တစ်နေ့သောအခါ ဆိတ်ကွယ်ရာ၌နေပြီးလျှင် ရွှေပေဖြင့် သဝဏ်စာရေး၍ မှာလိုက်၏။ 'အချင်းဘဒ္ဒကာပိလာနီ။ သင်တို့အရိုး အမျိုးအရွယ်တူမျှသော ယောကျ်ားတစ်ပါးနှင့်သာလျှင် အိမ်ရာထောင်ခြင်းကို ပြုကုန်လော့။ ငါတို့မူကား လူတို့ဘောင်တွင် ပျော်ရွှင်ခြင်းကို အလိုမရှိ။ မိဘနှစ်ပါးတို့ အနိုင်အထက်ထိမ်းမြားသော်လည်း ထွက်သွား၍ ငါ ရဟန်းပြုလိမ့်သတည်း။ ထိုအခါ သင် နှလုံးမသာ ရှိလတ္တံ့.' ဟု မှာလိုက်၏။

ဘဒ္ဒကာပိလာနီလည်း ဤနည်းအတူပင် 'အရှင့်သားသည် အကျွန်ုပ်မှတစ်ပါး ကောင်းမြတ်သောအမျိုးအနွယ် တင့်တယ်လျောက်ပတ်သော သတို့သမီးနှင့်သာ အိမ်ထောင်မှုကို ပြုတော်မူလော့။ ကျွန်ုပ်ကား လင်သားနေမှုကို အလိုမရှိပါ။ ရဟန်းအဖြစ်ကိုသာ တောင့်တပါ၏'ဟု သဝဏ်စာ ရေးပို့စေ၏။



www.burmeseclassic.com

www.burmeseclassic.com



သဝဏ်စာ ဆောင်ယူသောသူနှစ်ဦးတို့သည် ခရီးလမ်း၌ ဆုံမိ၍ "သင် ဘယ်ကိစ္စဖြင့် လာရသနည်း"ဟု မေးလျှင်၊ မင်းသား၏လုလင်က "အကျွန်ုပ်တို့အရှင်သားသည် 'ဘဒ္ဒကာ ပိလနီအား ဤသဝဏ်စာခွေကို ပို့ချေ'စေ၍ လာရသည်" ဟု ဆိုဘိ၍၊ မိမိ၌ပါသောစာကို ပြ၏။ ဘဒ္ဒကာပိလာနီ၏တမန်ကလည်း ဤနည်းအတူ ပြောဆိုဘိ၍ မိမိဆောင်ခဲ့သော စာကိုပြ၏။ သဝဏ်စာနှစ်ခုကို ဖတ်ပြီးလျှင် တမန်လုလင်တို့သည် ရင်ခတ်လက်တီး ချီးမွမ်းအံ့ဩကြ၍ "သူငယ်နှစ်ဦးတို့၏ဖြစ်အင်ကို သင်တို့ရှုပါကုန်"ဟု ပြောဆိုကြပြီးသော် ပါလာရင်းကို တညီတညာတည်း 'ချစ်ခင် ပေါင်းသင်းလိုကြောင်း'ဟု ပြင်၍ အသစ် ကောင်းမွန်စွာရေးပြီးမှ ပေးကမ်းကြ၏။

ဤသို့သောနည်းအားဖြင့် မိဘနှစ်ဦးသားနှင့် အကြားစေ့ဆော်သူတို့သည် သူငယ် နှစ်ဦး အလိုမရှိဘဲပင် ဖက်ယှဉ်ထိမ်းမြား၍ လင်မယားအဖြစ်သို့ ရောက်စေ၏။

ဘဒ္ဒကာပိလာနီသည် ပိပ္ပလိသတို့သား၏အိမ်သို့ ရောက်သောနေ့ ထမင်းညစာ စားပြီးသော် သတို့သားသည် တစ်ခုသောပန်းကုံးကို ကိုင်၍၊ ဘဒ္ဒကာပိလာနီလည်း တစ်ခု သော ပန်းကုံးကိုကိုင်၍ တစ်ပြိုင်နက် အိပ်ရာသို့တက်ပြီးလျှင် နှစ်ယောက်၏အကြား၌ တစ်ခုသောနေရာကိုထား၍ ပန်းကုံးအသီးသီး သားပြီးလျှင် "သင်၏ပန်းကုံး ညှိုးက သင် ရာဂစိတ်ဖြစ်သည်ကို သိရလတ္တံ့။ ငါ့ပန်းကုံး ညှိုးခဲ့မူကား ငါ ရာဂစိတ်ဖြစ်သည်ဟူ၍ သိဘိလော့။ ရာဂကြူးသောသတ္တဝါကို စွန့်ခွာစတမ်း"ဟု ဆို၍ ပိပ္ပလိသတို့သားလည်း လက်ယာနံတောင်းဖြင့် စောင်းလျက်၊ ဘဒ္ဒကာပိလာနီလည်း လက်ဝဲနံတောင်းဖြင့် စောင်းလျက် ကိုယ် လက်မထိပါးစေဘဲ ညဉ့်သုံးယံပတ်လုံး စက်မွေ့ကြ၏။ နေ့ကာလ၌လည်း ရယ်ရွှင်မြူးထူး ခြင်းကိုမျှ မပြု။ စားမှု သောက်မှု စီမံမှုတို့၌သာ အတူတကွဖြစ်စေ၏။ ဤသို့သောနည်းဖြင့် အဖအမိ ရှိသမျှကာလပတ်လုံး 'လောကာမိသ'ဖြင့် ရောယှက်လျက် နှစ်သက်ခြင်းကိုမပြု၊ အမှုခပ်သိမ်းကိုလည်း မစီရင်၊ မိခင်ဖခင်တို့အား လုပ်ကျွေး၍သာ နေ၏။

မိဘတို့လွန်လေသော် ရွှေ၊ ငွေစသော စည်းစိမ်အလုံးစုံကို စုရုံး၍ သိမ်းပိုက်ရ၏။ ထိုသူတို့၏ဘဏ္ဍာကား ရွှေ၊ ငွေ အသပြာပေါင်း ရှစ်ဆယ့်ခုနစ်ကုဋေ ရှိ၏။ တစ်နေ့ သ၌ ကိုယ်ကိုချေးတွန်း၍ ပစ်အပ်သောရွှေမှုန့်သည် မဂဓရေစ်ကွမ်းစားဖြင့် တစ်ဆယ့် နှစ်ကွမ်းစား ရ၏။ ယခု လူတို့ခေါ်ဝေါ်ကြသော တင်းဖြင့်ကား တစ်ဆယ့်နှစ်ပြည် ရှိ၏။ ကာလသုံးထွေ၌ ရေကိုယူခြင်းငှာ ကောင်းစွာပြုအပ်သော တစ်ဘက်ဆည်ကန်ကြီး ခြောက်ဆယ် ရှိ၏။ အမှုလုပ်သောသူတို့သည် တစ်ဆယ့်နှစ်ယူဇနာ မျှလောက်သောအရပ်၌ ပြည့်၏။ သီဟိုဠ်ကျွန်း၌ အနုရာဓမြို့ပမာဏရှိသော ဆင်ထိန်း တစ်ဆယ့်လေး ရွာ၊ မြင်းထိန်း တစ်ဆယ့်လေးရွာ၊ ရထားထိန်း တစ်ဆယ့်လေးရွာ ရှိ၏။

ဤသို့ ကြီးကျယ်စွာသော ဥစ္စာစည်းစိမ်ကို သိမ်းပိုက်ရ၍လည်း တစ်နေ့သောအခါ ပိပ္ပလိသည် များစွာသောလူအပေါင်း ခြံရံလျက် တန်ဆာဆင်အပ်သော မြင်းရထားထက်စီး



www.burmeseclassic.com

www.burmeseclassic.com



ပြီးသော် အမှုလုပ်တို့ကို နှိုးဆော်ခြင်းငှာ လယ်လုပ်ရာသို့သွားလေသော် ထွန်သွားခွဲရာမြေ၌ ပေါ်နေသော တီ, ပိုးရွ, သတ္တဝါတို့ကို များစွာသော ကျီး, စွန်တို့ စားနေသည်ကိုမြင်၍ "ဤလယ်ပြင်၌ ကျီး, စွန်တို့ အဘယ်ကို စားသနည်း"ဟု မေး၏။ "တီ, ပိုးရွ စသည်တို့ကို ဖော်၍ စားပါသည်"ဟု လျှောက်လျှင်၊ "ဤမကောင်းမှုသည် အဘယ်သူနှင့် စပ်သနည်း" ဟု မေးပြန်၏။ "ဤလယ်မြေ၏ အရှင်နှင့်သာ စပ်သည်"ဟု ဆိုကြသော် 'ငါ့ကိုမှီ၍ ဤ သတ္တဝါတို့ ပျက်စီးရာရပေသည်။ လူ့ဘောင်တွင်နေသော ငါသည် အဘယ်မှာ ကောင်းမှုပွားနိုင် အံ့နည်း။ ဤမျှလောက်သော စည်းစိမ်ချမ်းသာကို ဘဒ္ဒအား ဆောက်နှင်းခဲ့၍ ယနေ့ပင် ငါ ရဟန်းပြုတော့အံ့'ဟု ကြံလျက် အိမ်သို့ပြန်ခဲ့၏။

ထိုသနေ့၌ ဘဒ္ဒကာပိလာနီလည်း များစွာသော အထိန်းမိန်းမတို့နှင့်တကွ နှမ်းလုပ် ခင်း၌ နှမ်းကို သိမ်းကြရာဝယ် ကျီးတို့သည် ကပ်တွယ်သောပိုးတို့ကို စားကြသည်ကိုမြင် လျှင် ကြောင်းအင်ခြင်းရာကို မေးမြန်း၍၊ "ဤနှမ်းခင်းအရှင်နှင့်သာ ဤမကောင်းမှုသည် စပ်၏"ဟု ဆိုကြသဖြင့်၊ ထိတ်လန့်သဖြင့် သံဝေဂရှိရကား ဤသို့ကြံ၏။ 'ငါတို့ခန္ဓာသည် အလျား တစ်လံ, အနံ နှစ်ထွာ, ထု တစ်ထွာမျှသာ ဖြစ်ချေသည်။ ရိက္ခာ တစ်ကွမ်းစား, အလွှား လေးတောင်ရှိက ကိစ္စပြီးမြင့်ရာလျက် ဇမ္ဗူဒီပါပြည့်ဘနန်းသော စီးပွားဘဏ္ဍာကို ရ၍မျှလည်း ဆန္ဒမပြီးနိုင်ချေ။ သေသောအခါလည်း တစ်ချင်ရွေးမျှ ပါသည်မဟုတ်။ ဤသူယုတ်အများတို့ ပြုသော မကောင်းမှုအပေါင်းသည် ငါတို့ခေါင်း၌သာ ဖြစ်ချေလျှင် သေစေတတ်သော အဆိပ်ဆေးကို ငွေတစ်ထောင်ပေး၍ ဝယ်သကဲ့သို့ ဖြစ်သည်တကား။ လူ့ဘောင်တွင်နေ၍ အဘယ်အကျိုး ရှိအံ့နည်း။ အရှင့်သားအား စီးပွားဘဏ္ဍာ ဟူသမျှကိုအပ်၍ ယနေ့ပင် ငါ ရဟန်းပြုတော့အံ့'ဟု ကြံလျက် အိမ်သို့ပြန်လာ၏။

ယင်းသို့ပြန်လာ၍ မောင်နှံနှစ်ပါးတို့သည် ပြာသာဒ်အထက်သို့ရောက်လျှင်၊ ထက်ဝန်း ကျင်မှ စောင့်ရှောက်ကာနေကြသော အလုပ်အကျွေးတို့သည် စကြဝတေးမင်းနှင့်သာ ထိုက် သော ဘောဇဉ်ခဲဖွယ်တို့ကို ပြင်ဆင်၍ ဆက်သလာကြကုန်၏။

မောင်နှံနှစ်ပါးတို့သည် စားသောက်ခြင်းပြီးလတ်၍ ပရိသတ်တို့ရှင်းသောအခါ ဆိတ်ငြိမ် ရာသို့ ဝင်ပြီးသော် "အချင်းဘဒ္ဒါ။ ငါ့အိမ်သို့ သင်လာသောကာလ အဘယ်မျှလောက် ရွှေ ငွေဥစ္စာ ပါသနည်း"ဟု မေး၏။ ဘဒ္ဒကာပိလာနီလည်း "အကျွန်ုပ်မိဘ ပေးလိုက်သော ဥစ္စာကား အသပြာ ငါးသန်း ငါးသိန်း ပါပါ၏"ဟု ဆိုသော်၊ "ထိုမျှလောက်သော ဥစ္စာကို လည်းကောင်း၊ ငါ၌ရှိသော ရှစ်ဆယ်ခုနစ်ကုဋေသော ရွှေ ငွေ ဥစ္စာ, တစ်ဆယ့်နှစ်ယူဇနာ ပြည့်မျှလောက်သော အမှုလုပ်လူသူ, အဆူခြောက်ဆယ်သော တစ်ဘက်ဆည်ကန်, တစ်ဆယ့် လေးတန်သုံးလီသော ရွာကြီး ဤ အသီးသီးသောစီးပွားဥစ္စာတို့ကို လည်းကောင်း သင်သာ သိမ်းယူဘိလော့။ ငါတစ်မူကား လူ၏ဘောင်တွင် မရှင်နိုင်ပြီ။ ဤယနေ့ပင် တောထွက်၍ ရဟန်းပြုတော့အံ့"ဟု ဆို၏။

ထိုစကားကြားသော် ဘဒ္ဒကာပိလာနီကလည်း "အရှင့်သားသာ ဤချမ်းသာကို စွန့်ခွာ လိုသည် မဟုတ်။ အကျွန်ုပ်လည်း ဤလူ့ဘောင်ကို အလျှံပြောင်ပြောင် တောက်လောင်သော



www.burmeseclassic.com

www.burmeseclassic.com



မီးကဲ့သို့မှတ်ထင်၍ ရဟန်းပြုချင်လှသဖြင့် အရှင့်သားကို မျှော်တ၍သာ နေပါသည်။ နှစ်ဦးသဘောပင် ညီညာမှု အတူ ရဟန်းပြုကြကုန်အံ့”ဟု ဆို၍၊ အခြံအရံတို့ကို မသိစေဘဲ ဖန်ရည်စွန်းသောအဝတ်, မြေညက်သပိတ်, ပရိက္ခရာတို့ကို အိမ်ဈေးမှဆောင်စေ၍၊ ထိုနေ့ညဥ့်ပင် တစ်ယောက်၏ဆံကို တစ်ယောက်ပယ်ဖြတ်လျက် “ဤလောက၌ ရဟန္တာအရှင်မြတ်တို့သည် အကယ်၍ ရှိကုန်အံ့။ ထိုအရှင်မြတ်တို့ကို ဆရာဟု ရည်မှန်း၍ ကျွန်ုပ်တို့ ရဟန်းပြုပါသည်”ဟု ဆို၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ကြပြီးသော် ပြာသာဒ် ပေါ်မှသက်၍ အရှေ့သို့ ရှေးရှုထွက်လေ၏။ အိမ်နေရှာသားတို့သည် တစ်စုံတစ်ယောက်မျှ မသိကုန်။

နံနက်သောအခါ ကျေးကျွန်တို့၏ရွာကို မလွန်သေးသဖြင့် ထိုကျေးကျွန်တို့မြင်လျှင် သွင်ပြင်နိမိတ် အရိပ်အသံကိုဖမ်း၍ မိမိတို့အရှင်မှန်း သိရကား၊ ခြေရင်း၌ ဝပ်တွားလျက် “အကျွန်ုပ်တို့အား ကိုးကွယ်ရာမဲ့အောင် ပြုလေဘိသည်”ဟု ငိုမြည်တမ်းလျက် ဝန်းရံမြဲတားကြ၏။ မထေရ်နှစ်ပါးတို့သည်လည်း “သင်တို့အလျော့က်အလျား စီးပွားဖွေရှာသော်လည်း အနှစ်တစ်ရာတိုင်မျှ ငါ့ကျွန်အဖြစ်မှ မတော်လှန်နိုင်ရာ။ ငါတို့ ယခု ခွင့်ပြုတော့အံ့။ သင်တို့အသီးသီးသာ ဦးခေါင်းဆေး၍ အသက်မွေးကြလေကုန်”ဟု ဆို၍ ထိုကျွေးကျွန်အပေါင်းတို့ သောင်းသောင်းဖျဖျ ငိုကြွေးကြစဉ်ပင် အစဉ်အတိုင်းထွက်လေ၏။

တစ်ခုသောတောအုပ်သို့ ရောက်သော် ပိပ္ပလိမထေရ်သည် ပြန်၍ရှုသဖြင့် နောက်မှ လိုက်သော ဘဒ္ဒကာပိလာနီကို မြင်လျှင် ‘ဤအရှင်မ ဘဒ္ဒါသည် ငါတို့ဇမ္ဗူဒိပ်ကျွန်းဝယ် အဘယ်သူမျှမတူနိုင်သော မိန်းမရတနာ ဖြစ်ချေသည်။ ရဟန်းပြု၍လာသော ငါ၏နောက်၌ လိုက်စေ၍ မသင့်လျော်ချေ။ တစ်စုံတစ်ယောက်သောသူ မြင်ခဲ့သော် ‘ဤသူတို့ကား ရဟန်းဖြစ်၍မျှ မပစ်ခွာနိုင်ချေသေး’ဟု တွေးတော၍ ကဲ့ရဲ့ပေရာသည်’ဟု ကြံစည်လျက် သွားသဖြင့်၊ နှစ်ပါးသော ခရီးလမ်းကြောင်းကိုတွေ့သော် ခရီးလမ်းထိပ်ပေါ်၌ ရပ်လင့်၏။ ဘဒ္ဒကာပိလာနီလည်း ရှိခိုးကာဝပ်၏။

ထိုအခါ ပိပ္ပလိထေရ်က ဤသို့ဆို၏။ “အချင်းဘဒ္ဒါ။ သင်သို့သော မိန်းမမြတ်သည် တကပ်ကပ်နောက်မှလိုက်သဖြင့် အခွင့်မလျော်ချေ။ သူတစ်ထူးတို့ မြင်ခဲ့မူ ‘ဤသူတို့သည် ရဟန်းပြု၍မျှ လူမှုမကင်း၍ ကွေကွင်းရခြင်းငှာ မတတ်နိုင်သေး’ဟု တွေးတောပြစ်မှား၍ အပါယ်သို့ လားဘိရာ၏။ ငါတို့ကိုမှီ၍ သူတစ်ထူး အပါယ်လေးပါး မလားပါစေနှင့်။ သင့်တင့်သောခရီးဖြင့်သာ သင် သွားလေ။ ငါလည်း ဤခရီးဖြင့် သွားတော့အံ့”ဟု ဆို၏။

ထိုအခါ ဘဒ္ဒကာပိလာနီလည်း ရပ်ကာနေသော ပိပ္ပလိမထေရ်၏ခြေကို ဖက်၍ လက်ယာရစ် သုံးပတ်လည်လျက် ငါးမည်သောရှိခိုးခြင်းတို့ဖြင့် ရိုသေစွာရှိခိုးလျက် “မြတ်နိုးစုံမက်စွာ ကမ္ဘာတစ်သိန်း၏အထက်က တူစုံဖက်၍ ငှက်ပင်ဖြစ်သော်လည်း သစ်တစ်ကိုင်းဖျား နားပါရကြောင်းဖြင့် ဆုပန်တောင်းကာ ကြင်နာကျွမ်းဝင်ခဲ့ကြသော ‘မိတ္တသန္ထဝ’ အဖြစ်သည် စင်စစ်ယနေ့ ပျက်ချေပြီ။ ဤအရာတွင် အရှင်တို့ကား ယောကျ်ားဖြစ်၍ လက်ယာ အရပ် မည်ချေသည်။ လက်ယာလမ်းမဖြင့် ကြွတော်မူ။ ကျွန်ုပ်တို့မိန်းမသည် လက်ဝဲအရပ် မည်ရကား လက်ဝဲလမ်းဖြင့် သွားပါအံ့”ဟု ဆို၍ မငိုမယို တစ်ကိုယ်တည်းသာ သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဘဒ္ဒကာပိလာနီ ရဟန်းပြုပုံ နောက်မှာပါသည်။]

ထိုသူနှစ်ဦးတို့ ခရီးခြား၍ သွားသောခဏ၌ စကြဝဠာတောင်နှင့်တကွသော ဤမြေကြီးသည် "အသီးသီးရှိသော ဟိမဝန္တာ, သမုဒ္ဒရာရှစ်တန်, သတ္တရဘန်, မြင်းမိုရ် ထိုထိုသောအစုအပုံကို မတုန်မလှုပ်ဆောင်ခြင်းငှာ ငါ စွမ်းနိုင်၏။ မထေရ်နှစ်ဦးတို့၏ ကျေးဇူးဂုဏ်ကို မတုန်မလှုပ်ဆောင်ခြင်းငှာ ငါ မစွမ်းနိုင်ချေ"ဟု ဆိုလေဘိသကဲ့သို့ အတိုင်းမသိသောအသံကို ကြော်ညံထစ်ကြိုးလျက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်၏။ ကောင်းကင်အပြင် ထက်ဝန်းကျင်မှလည်း တော်ပဲ့တင်ရိုက်ကြိုးလျက် မိုးကြိုး ပြင်းထန်စွာထစ်၏။ လျှပ်စစ်မီးဝါ ဥက္ကာကြယ်ပျံတို့လည်း အလျှံတပြောင်ပြောင် တောက်လောင်ဘနန်း ဖြစ်၏။

ဘုရားသခင်လည်း ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၏ ဂန္ဓကုဋိတိုက်တွင်း၌ သီတင်းသုံးတော်မူလျက်ပင် မိုးရိပ်ကောင်းကင် ပဲ့တင်တော်ဟည်းလျက် မြေကြီးတုန်လှုပ်သောအသံကို ကြားတော်မူ၍ 'အကြောင်းဘယ်သို့ ရှိသနည်း'ဟု သမန္တစက္ခုဖြင့် ရှုတော်မူလေသော် 'ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီတို့သည် အတိုင်းမသိသော စည်းစိမ်ချမ်းသာကို ပယ်ခွာ၍ ငါဘုရားကို ရည်မှန်းလျက် ရဟန်းပြုပြီးမှ လာလတ်ကြရာဝယ် မဟာမိတ်ဖျက်ကြလေသောအကြောင်းကြောင့် ဤမြေနှစ်သိန်းလေးသောင်းသည် ကောင်းချီးပေးသည်'ဟု သိတော်မူ၍ 'ငါဘုရားလည်း ထိုသူတို့ကိုကြို၍ ချီးမြှောက်တော်မူအံ့'ဟု ကြံလျက် ခြွေရံသံဃာ မခေါ်ကိုယ်တော်တည်းသာ သုံးဂါဝုတ်မျှသောအရပ်သို့ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်နှင့် နာလန္ဒမြို့၏အကြား၌ 'ဗဟုပုတ္တက'မည်သော ပညောင်ပင်ရင်းဝယ် တင့်တယ်ဆန်းကြယ်လှသောအပရာဇိတပလ္လင်ထက်၌ တစ်ခဲနက်သော ရောင်ခြည်တော်ခြောက်သွယ်ကို အတောင် ရှစ်ဆယ်မျှလောက်သော အဝန်းဖြင့် တောက်ထွန်းကွန့်မြူးစေလျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလင့်၏။

ထိုသို့နေလင့်သော ဘုရားသခင်ကို အစဉ်သဖြင့်လာသော ပိပ္ပလိမထေရ်မြင်လျှင် 'ဤအရှင်ကား သုံးခွင်လောက၌ အတုမရသော ဘုရားသာလျှင် ဖြစ်ရာပေ၏။ ဤဘုရားအား ကိုးစားရည်မှန်း၍ ငါ ရဟန်းပြုပေသတည်း'ဟု ရွှင်ကြည်လှသောသဘောဖြင့် မြင်သောအရပ်မှစ၍ တုပ်ကွရိုကျိုး ရှိခိုးပူဇော်ကာ "သတ္ထာ မေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ" ဟူသော စကားကိုဆို၍ ချဉ်းကပ်၏။

မြတ်စွာဘုရားလည်း ငယ်မည်အားဖြင့် ပိပ္ပလိတွင်သည်ကို သိတော်မူသော်လည်း မိစဉ်ဖရိုး အမျိုးတို့၏ဂုဏ်ဖြင့်ဖြစ်သော အမည်ဖြင့် ခေါ်တော်မူလိုရကား "ချစ်သား ကဿပ။ သင်၏ ရှိသေတုပ်ဝပ်ခြင်းအမှုကို မြေအပြင်ဝယ် အကယ်၍ ပြုမိအံ့။ ဤမြေကြီးသည် ပကတိ မတည်နိုင်လေရာ။ ယူဇနာနှစ်သိန်းလေးသောင်း မြေအပေါင်းသည် ထောင်းထောင်းကွဲအက် မုန့်မုန့်ညက်၍ ပြိုပျက်ဘိရာ၏။ သီလ, ပညာ, သမာဓိဖြင့် နှိုင်းယှဉ်ဖက်ပြိုင်မတုနိုင်သော ငါဘုရားသာလျှင် သင်၏တုပ်ဝပ်ခြင်းကို ခံ၍ အန္တရာယ်မရှိ ဖြစ်လေသည်။ ချစ်သား ကဿပ။ ငါ့ရှေ့တော်တွင် နေလော့။ လောကုတ္တရာတရားတည်းဟူသော အမွေကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ပေးအံ့”ဟု အမိန့်တော်ကြားလျက် သုံးပါးသော ဩဝါဒဂါထာဖြင့် ကောင်းစွာဆုံးမ၍ ‘ဥပသမ္ပဒ’ အဖြစ်သို့ ရောက်စေ၏။

[ဤ ရှင်မဟာကဿပကား ဥပသမ္ပဒါရစ်ပါးတွင် ဩဝါဒပဋိဂ္ဂဟဏူပ သမ္ပဒါတည်း။]

ယင်းသို့ ပဥ္စင်းဖြစ်စေပြီးသော် နေတော်မူလင့်သော ဗဟုပုတ္တက ပညောင်ရိပ်မှ ထွက်လတ်၍ ထို အရှင်မဟာကဿပကိုပင် ပစ္ဆာသမဏပြုပြီးသော် ကြွတော်မူလေ၍ တစ်ဂါဝုတ်မျှတိုင် ရောက်သောအခါ သွားရာခရီးမှဖဲ၍ တစ်ခုသောသစ်ပင်ရိပ်သို့ ဝင်လိုသော အခြင်းအရာကိုပြသော် အရှင်မဟာကဿပလည်း ပခုံးထက်မှာပါသော အသပြာ တစ်ထောင်ထိုက်သော ဒုကုဋ်ကို လေးထပ်ပြု၍ ခင်း၏။ ဘုရားသခင်လည်း ထိုဒုကုဋ်ထက် ထိုင်ပြီးလျှင် “သင်၏ဒုကုဋ်သည် အလွန်နူးညံ့ပေစွ”ဟု ချီးမွမ်းလျက် လက်တော်ဖြင့် သုံးသပ်၏။ ရှင်မဟာကဿပလည်း ‘ငါ့ဒုကုဋ်ကို ဘုရားသခင် လက်တော်တင်၍ သုံးသပ်ချီးမွမ်းဘိသည်။ ဝတ်ရုံတော်မူလိုသည် ဖြစ်လတ္တံ့.’ဟု ကြံ၍၊ “အရှင်ဘုရား။ အကျွန်ုပ်အား သနားတော်မူပါသဖြင့် ဤသင်္ကန်းကို သုံးဆောင်တော်မူပါ။ အကျွန်ုပ် ကပ်လှူပါအံ့”ဟု လျှောက်၏။ မြတ်စွာဘုရားလည်း “ချစ်သားကဿပ။ ငါ့အား ဒုကုဋ်ကိုလှူလျှင် သင် အဘယ်ကို ဆောင်အံ့နည်း”ဟု မေးတော်မူ၍၊ “အရှင်ဘုရား၏ သင်းပိုင်များကို သနားတော်မူပါလျှင် အကျွန်ုပ် သုံးဆောင်ပါအံ့”ဟု လျှောက်လျှင်၊ ဘုရားသခင်လည်း ပခုံးတော်ထက်တွင်ပါသော ပိုက်ဆံလျှော်ဒုကုဋ်ကို ပြလျက် “ချစ်သားကဿပ။ ဝတ်ရုံ၍နွမ်းပြီးသော ဤဒုကုဋ်ကို သင် ဆောင်နိုင်ပါအံ့လော။ ဤပံ့သကူဒုကုဋ်ကို ကောက်သောအခါ မဟာပထဝီမြေကြီးသည် ရေအဆုံးရှိသည်ကိုပြုလျက် စက်ရဟတ်ကဲ့သို့ လည်သည်။ နှစ်ဆယ့်ခြောက်ဘုံ ရှိနေကုန်သော နတ်ဗြဟ္မာတို့ လွန်စွာ ကောင်းချီးပေးကြသည်။ ရှေးရှေးသော ဘုရားရှင်တို့ဓမ္မတာ အရိယဝံသ တရားသို့လိုက်သဖြင့် ငါ ကောက်ယူ သုံးဆောင်တော်မူသည်ဖြစ်၍ နမျစ်သိမ်ငယ်သော သီလဂုဏ်, သမာဓိဂုဏ်ရှိသော သူတို့နှင့်ကား မထိုက်ချေ”ဟု မိန့်တော်မူပြီးမှ အရှင်မဟာကဿပအား ဒုကုဋ်ကို ပေးတော်မူ၏။ ဘုရားသခင်လည်း ရှင်မဟာကဿပ၏ဒုကုဋ်ကို တင်၏။ ရှင်မဟာကဿပလည်း ဘုရားဒုကုဋ်ကို ဆောင်၏။

ယင်းသို့လဲလှယ်၍ သုံးဆောင်သောခဏ၌ အဝိညာဏကသာ ဖြစ်သော မဟာပထဝီ မြေကြီးသည် ကောင်းချီးကျူးသည့်ပမာ ဆတ်ဆတ်ခါမျှ တုန်လှုပ်သတည်း။

ဘုရားသခင်လည်း အစဉ်အတိုင်းကြွ၍ ဝေဠုဝန်ကျောင်းသို့ရောက်လျှင် ရှင်မဟာကဿပအား ခေါ်တော်မူ၍ ‘ဓုတင်တေရသ’ ကျင့်ဝတ်ကို ဟော၏။ ရှင်မဟာကဿပလည်း ဥဿာဟပြု၍ကျင့်လေလျှင် ပုထုဇဉ်အဖြစ်ဖြင့် ခုနစ်ရက်သာတည်၍၊ ရှစ်ရက်မြောက်သောနေ့ အရုဏ်တက်၌ အရဟတ္တမဂ်ကိုရ၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ‘ဆဠဘိည’ရဟန္တာ ဖြစ်၏။ ဘုရားသခင်လည်း ရှင်မဟာကဿပကို အကြောင်းပြု၍ ကဿပ သံယုတ် စသောဒေသနာကို များစွာဟောတော်မူသည်။ ကိုယ်တော်နှင့်အမျှ ထား၍လည်း ချီးမြှောက်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဇေတဝန်ကျောင်းတော်သို့ရောက်၍ သံဃာတော်တို့အား အရာအသီးသီး ထားတော်မူသောအခါ–

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကနံ ဓုတင်္ဂဓရာနံ ဘိက္ခုနံ ယဒိဒံ မဟာကဿပေါ' ဟူ၍ 'ဓုတင်္ဂဓရ' ဧတဒဂ်ဖြင့် တတိယ မဟာသာဝကအရာ၌ ထားတော်မူသည်။ (အနက်ကား သိသာပြီ။)

[ဤ အရှင်မဟာကဿပကား ကုမာရကဿပ, ဥရုဝေလကဿပတို့နှင့် ခြားနားစိမ့် သောငှာ 'မဟာကဿပ'ဟု ခေါ်တော်မူသည်။]

ဤကား အရှင်မဟာကဿပ၏ အကြောင်းအတ္တုပ္ပတ္တိတည်း။

## ။၃၄။ ရှင်ရာဟုလာ, ရှင်ရဋ္ဌပါလထေရ် နှစ်ပါးတို့၏ ရှေးအကြောင်းကို ပြခြင်း

ရှင်ရာဟုလာနှင့် ရှင်ရဋ္ဌပါလထေရ်နှစ်ပါးတို့၏ အကြောင်းကား– ယခင် ပဒုမုတ္တရ ဘုရား ထင်ရှားဖြစ်တော်မူသောအခါ ဟံသာဝတီပြည်ဝယ် ကုဋေလေးဆယ် ဥစ္စာကြွယ်ဝသော ဂဟပတိ မဟာသာလအမျိုး၌ ဖြစ်ကြကုန်၍ အသက်အရွယ်ငယ်သောအခါက မိဘတို့သည် အမည်နာမဖြင့် တပ်မှတ်၍မျှ မခေါ်ရက်ကြကုန်။ 'မောင်', 'ဘ' စသည်ဖြင့်သာ ခေါ်ကြကုန်၏။ အရွယ်သို့ရောက်လတ်သော် လျောက်ပတ်သောအမျိုးကောင်းသမီးနှင့် ထိမ်းမြား၍ စီးပွား ဥစ္စာတို့၏အရှင် ပြုစေ၏။

မိဘတို့လွန်သောအခါ ဘဏ္ဍာတိုက်စိုး စချီစမာ အစရှိသောသူတို့သည် ကမ္ပည်း စာရင်းကိုပြလျက် "အဘေး, အဘိုးမှလာသော ဥစ္စာကား ဤမျှ၊ မိဘတို့၏ ဥစ္စာကား ဤမျှ ရှိသည်။ ဤအလုံးစုံကို အရှင်သားတို့ သိမ်းဆည်းလော့"ဟု အပ်နှင်းလာသည်တွင် မိမိတို့ဘဏ္ဍာတိုက်သို့ လိုက်၍ကြည့်ရှုပြီးသော် ဤသို့ကြံ၏။ 'ငါတို့ ဘိုး, ဘေး, မိဘ တို့သည် ဤမျှလောက် ရွှေ ငွေ ဥစ္စာကို သိမ်းဆည်းကြလျက် တစ်ဘဝသို့ ပြောင်းသော အခါ တစ်ချင်ရွေးမျှ ပါအောင် မယူဆောင်နိုင်ကြချေ။ ငါတို့ ရွှေ ငွေပုံကို ကုန်အောင်စား သုံးအံ့'ဟု ငံ့လင့်၍လည်း မနေကြရ။ ထိုမျှလောက်သော ဥစ္စာသည် အိမ်မှာ တစ်ပုံပုံသာ ရှိ ရစ်ချေသည်။ အကြင်ငါတို့လည်း သိမ်းဆည်း၍ စောင့်စားသဖြင့် ဘိုးဘေးများကဲ့သို့ သူ တစ်ပါးဖို့သာ ပစ်ခွာခဲ့ရအံ့သည်ကား မချွတ်ပြီ။ ထို့ကြောင့် ဘဝတိုင်းပါအောင် ငါ ယူဆောင် အံ့'ဟု ကြံပြီးသော်၊ ငယ်ဖော်တစ်ဦးအား ညှိနှိုင်းပြောကြား၍၊ သူဌေးသားနှစ်ဦးပင် စိတ်ညီ ကြရကား မြို့တံခါးလေးဝဝယ် အလှူမဏ္ဍပ်ဆောက်၍ ရောက်လာသမျှသော ရဟန်း, ပုဏ္ဏား, ခရီးသွားသူတို့အား ကျွေးမွေးပေးကမ်း၏။

ထိုအခါမှစ၍ ရှင်ရာဟုလာ၏အလောင်းသည် 'အာဂတပါက' သဌေးဟု တွင်၏။ ရှင်ရဋ္ဌပါလ၏ အလောင်းဖြစ်သော သူကြွယ်သည်လည်း အလှူမဏ္ဍပ်သို့ ကပ်ရောက်သမျှသော



www.burmeseclassic.com

www.burmeseclassic.com



အလှူခံတို့၏လက်၌ပါသော ခွက်ယောက်ကို ဖြိုးမောက်စွာပြည့်စေလျက် လှူတတ်ရကား 'အနဂ္ဂတပါက' သူဌေးဟု တွင်၏။ ထိုသူနှစ်ဦးတို့သည် ကြည်နူးစုံမက်စွာ သွားလာနေထိုင်ရာ၌လည်း အတူတကွသာ ဖြစ်ကြ၏။

တစ်နေ့သ၌ နံနက်သောအခါကပင် တစ်ခုသော ပြုရာကိစ္စကြောင့် မြို့၏အပသို့ သွားကြလေသော် ဟိမဝန္တာမှ ဆွမ်းခံခြင်းငှာ ကောင်းကင်ခရီးဖြင့် လာသော ရသေ့နှစ်ဦးတို့သည် သူဌေးနှစ်ယောက်၏အနီးသို့ ဆင်းသက်၍ သပိတ်သက်နုန်းပြင်ပြီးလျှင် ရွာသို့ ဆွမ်းခံဝင်လေ၏။ ထိုသို့ဝင်သည်ကိုမြင်သော် သူဌေးနှစ်ဦးသားတို့သည် တစ်ပါးသို့မသွားဘဲ ရသေ့နှစ်ပါးတို့၏နောက်သို့သာ ရိုရိုးကာလိုက်ခဲ့၍ မိမိတို့အိမ်သို့ရောက်လျှင် တစ်ယောက်တစ်ပါးစီ ပင့်ဆောင်၍ ဆွမ်းလုပ်ကျွေးခြင်းကို ပြု၏။ ယင်းသို့ လုပ်ကျွေးပြီးလျှင် "အရှင်ဘုရားတို့သည် ဤကဲ့သို့ နေ့စဉ်မပြတ် အကျွန်ုပ်အိမ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု ပင့်ဖိတ်လိုက်၏။ ရသေ့တို့လည်း "ကောင်းပြီ"ဟု ဝန်ခံလျက် ပြန်ကြကုန်၍၊ နေ့စဉ်မပြတ် ကြွလာ၏။

တစ်ရံရောအခါ အာဂတပါကသူဌေး၏အိမ်၌ ဆွမ်းဘုဉ်းပေးသောရသေ့သည် ပူပန်ခြင်းကို ဖျောက်အံ့သောငှာ မဟာသမုဒ္ဒရာသို့ သွားလေ၍ မိမိ၏အဘိညာဉ်တန်ခိုးအားဖြင့် သမုဒ္ဒရာရေကို ခွဲပြီးသော် 'ပထဝိန္ဓရ'မည်သော နဂါးဗိမာန်သို့ဝင်၍ နေ့သန့်ခြင်းကို ပြု၏။ မနက်ဖြန် ဆွမ်းခံကြွ၍ မိမိဒါယကာအား ဆွမ်းအနုမောဒနာ ပြုသောကာလ "သင်သူဌေး၏နေရာအိမ်သည် ပထဝိန္ဓရမည်သော နဂါးဗိမာန်ကဲ့သို့ ကြီးကျယ်သောစည်းစိမ်ကို ရစေသော"ဟု ဆုပေး၏။ ထိုအခါ သူဌေးကလည်း "ထိုနဂါးမင်း၏စည်းစိမ်သည် အဘယ်မျှလောက် ကြီးကျယ်ပါသနည်း" ဟု မေးသော်၊ "ဒါယကာ။ ထိုနဂါးမင်း၏ဗိမာန်ကား အပြန့်အားဖြင့် ငါးယူဇနာ, အစောက်အားဖြင့် ခုနစ်ယူဇနာ ရှိ၏။ အလုံးစုံသော ရတနာခုနစ်ပါးဖြင့် ပြီး၏။ မရေတွက်နိုင်သော နဂါးလုလင်, နဂါးမင်းသမီးတို့သည် တီးမှုတ်, ကခုန်လျက် ခြံရံရသည်ဖြစ်၍ လောက၌ အတုမမြင် ပျော်ရွှင်ဖွယ်ဖြစ်၏"ဟု ဆိုပေ၏။ ထိုစကားကိုကြားရလျှင် အာဂတပါကသူဌေးလည်း ထိုနဂါး၏စည်းစိမ်၌ တိမ်းညွတ်သောစိတ်သည်ဖြစ်၏။

အနဂ္ဂတပါကသူဌေး၏ ဆရာရသေ့သည်လည်း ဆွမ်းစားပြီးသော် တာဝတိံသာသို့ သွား၍ နေ့သန့်သဖြင့် သိကြားမင်းစည်းစိမ်ကို မြင်ရ၍ ဆွမ်းအနုမောဒနာပြုသောကာလ "သိကြားမင်းစည်းစိမ်နှင့်တူသော နတ်မင်း၏စည်းစိမ်ကို ရစေသော"ဟု ဆုပေး၏။ သူဌေးလည်း သိကြားမင်းနေဟန် ဗိမာန်စည်းစိမ်များကို မေးမြန်း၍ စေ့စုံစွာပြန်ကြားသဖြင့် သိရသော် သိကြားမင်းစည်းစိမ်၌ တိမ်းညွတ်သောစိတ်သည် ဖြစ်၏။

ထိုသူနှစ်ဦးသည် အသက်အတိုင်းတည်၍ ကုသိုလ်ကောင်းမှုကိုပြုလျက် စုတေသောအခါ မိမိတို့တပ်ရာ ဘုံသို့ရောက်၍၊ တစ်ယောက်ကား ပထဝိန္ဓ ရ နဂါးမင်း ဖြစ်၏။ တစ်ယောက်ကား သိကြားမင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အာဂတပါက သူဌေးသည် မိမိရအပ်သော နဂါးမင်း၏ ရုပ်အသွင်ကိုမြင်လျှင် မရွှင်မလန်း ဝမ်းပန်းကွဲမျှ ဆင်းရဲသောနှလုံးရှိလျက် "ငါသည် မလိမ္မာသော အဆွေခင်ပွန်း၏ ချီးမွမ်းသောစကားကို နားယောင်၍တပ်ငြိမှားသဖြင့် ဖားစိမ်း, ငါးစိမ်းကိုစားလျက် ရင်ဖြင့်သွားရသော တိရစ္ဆာန်မျိုး၌ ဖြစ်ချေပြီ"ဟု မြည်တမ်း၏။ ထိုခဏ၌ လုပတင့်တယ်စွာ တန်ဆာဆင်ယင်အပ်သော နဂါးကချေသည်တို့သည် လူ၏အရုပ်အဝါကို ဖန်ဆင်းလျက် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ခြံရံဖြေဖျော် လာကြကုန်၏။ ထိုအခါမှ မိမိလည်း နဂါး၏အရုပ်အဝါပယ်လျက် တင့်တယ်သောလုလင်၏အဟန်ကို ဖန်ဆင်း၍ ပျော်ပါးသတည်း။

ဓတရဋ္ဌ, ဝိရူဠ္ဍက, ဝိရူပက္ခ, ကုဝေရ စသော စတုမဟာရာဇ်နတ်မင်းကြီးတို့သည် လခွဲတစ်ကြိမ် တာဝတိံသာသို့တက်၍ နတ်သဘင်ကို ဝင်မြဲဓမ္မတာဖြစ်ရကား ထိုသူဌေးမှ ဖြစ်သော ပထဝိန္ဓရ နဂါးမင်းလည်း ဝိရူပက္ခနတ်မင်းကြီးနှင့်တကွ သိကြားမင်းအား ခစားခြင်းငှာလိုက်လေသော် လူ့ပြည်က အဆွေဖြစ်ကြဖူး၍ သိကြားမင်းမြင်လျှင် သိသဖြင့် မိမိအပါးသို့ ခစားရောက်လာသောအခါ "အဆွေ။ သင် ယခု အဘယ်မှာဖြစ်သနည်း"ဟု မေး၏။ နဂါးမင်းကလည်း "အရှင်မင်းမြတ်။ အကျွန်ုပ်ကား ယုတ်ညံ့သောမိတ်ဆွေ၏စကားကို တပ်မက်ယောင်မှားသောကြောင့် ရင်ဖြင့်သွားရသော နဂါးမျိုး၌ ဖြစ်ချေပြီ။ အရှင့်မှာကား ကလျာဏမိတ္တကို အမှီရ၍ ကောင်းမြတ်သောဘုံဘဝ၌ ဤမျှလောက်သော စည်းစိမ်ချမ်းသာကို ရပေသည်"ဟု ဆို၏။

ထိုစကားကိုကြားသော် သိကြားမင်းကလည်း "အချင်းနဂါး။ ဂတိယွင်းပါးကာဖြင့် နေရာမဟုတ်သည်၌ ဖြစ်သည်ဟု နှလုံးမသာ မရှိလင့်။ ရှင်ရသေ့အား ပြစ်မှားခြင်းကို မပြုလင့်။ ယခုအခါ လူတို့နေရာ ဟံသာဝတီပြည်ဝယ် ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူပြီ။ သတ္တဝါတို့အား ဘုရားရှင်ကဲ့သို့ ကယ်တင်နိုင်သောသူ မရှိပြီ။ သင် သွား၍ ဘုရားသခင်အား ပူဇော်လော့။ တရားတော်ကိုနာ၍ ငါ၏နေရာကို တောင့်တလော့။ ငါတို့နှစ်ယောက်ပင် နတ်၏ချမ်းသာကို ခံစားကြကုန်အံ့"ဟု ဆိုပေ၏။ ထိုအခါ နဂါးမင်းလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍၊ မိမိနေရာ နဂါးရွာသို့မပြန်ဘဲ ဘုရားရှင်ထံသို့သွားပြီးသော် "သံဃာတော်နှင့်တကွ နဂါးပြည်သို့ ကြွတော်မူပါ"ဟု ပင့်လျှောက်၏။ ဘုရားသခင်လည်း နဂါးမင်း၏ 'ဥပနိဿယ'ကို မြင်သဖြင့် ဆိတ်ဆိတ်သည်းခံတော်မူ၏။

နဂါးမင်းလည်း ခွင့်ရကြောင်းကိုသိသော် မိမိနေရာသို့ပြန်၍ ခြွေရံပရိသတ်တို့နှင့် စည်းဝေးတိုင်ပင်လျက် လှူဒါန်းပူဇော်ရန် ပရိက္ခာတို့ကို ညဉ့်သုံးယံလုံး စီမံပြုပြင်၏။ နံနက်အရုဏ်တက်သောအခါ မြတ်စွာဘုရားလည်း အလုပ်အကျွေးဖြစ်သော သုမနထေရ်ကို ခေါ်တော်မူ၍ "ယနေ့ ဝေးသောဆွမ်းခံရွာသို့ ငါ ကြွတော်မူမည်။ ပုထုဇဉ်သံဃာတို့ မပါစေဘဲ 'ဆဠဘိည ပဋိသမ္ဘိဒါပတ္တ'ဖြစ်သော ရဟန်းတို့ကိုသာ လိုက်လာကြစေ"ဟု မိန့်တော်မူ၏။

သုမနထေရ်လည်း အမိန့်တော်ရှိတိုင်း အရိယာရဟန်းတို့ကိုသာ ခေါ်၍ ရှေ့တော်၌ စည်းဝေးစေ၏။ အချိန်သင့်လတ်သော် ကိုယ်တော်မြတ်သည်လည်း သပိတ်, သင်္ကန်းပြင်လျက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ သမုဒ္ဒရာရေထဲ၌တည်သော ပထဝိန္ဓရနဂါးမင်းဗိမာန်သို့ ဝင်လေ၏။

ထိုအခါ နဂါးမင်းလည်း များစွာသော ကရေချသည်မောင်းမအပေါင်း ခြံရံလျက် ဘုရားရှင်အား ခရီးဦးကြိုဆို၍ နောက်တော်မှလိုက်သဖြင့် သံဃာတို့၏နောက်စွန်၌ပါသော ဘုရားသားတော်ဖြစ်သော 'ဥပရေဝတ' သာမဏေ၏ တင့်တယ်ခြင်းအသရေကို မြင်လေလျှင် 'ဘုရားသခင်သာ အံ့ဖွယ်သရဲ ထူးကဲသောတန်ခိုးအာနုဘော် ရှိသည်မဟုတ်။ ကိုယ်တော်၏ နောက်၌ပါသော ဤသာမဏေငယ် စင်လျက်လည်း ကောင်းကင်ပျံခြင်း, မြေလျှိုးခြင်းစသော တန်ခိုးအရာ၌ လွန်စွာအံ့ဖွယ် ဖြစ်ပေသည်'ဟု ချစ်ကြည်စုံမက် နှစ်သက်လှသောစိတ်သည် ဖြစ်၏။

ဘုရားသခင်လည်း ခင်းအပ်သောရတနာပလ္လင်၌ နေတော်မူသောအခါ သံဃာတော်တို့သည် ဝန်းရံ၍ ထေရ်စဉ်အတိုင်းနေကြသော် သားတော်ဖြစ်သော ဥပရေဝတ သာမဏေ၏နေရာသည် ဘုရားရှေ့တော်သို့ ကျ၏။ နဂါးမင်းလည်း နတ်၌ဖြစ်သော ယာဂု, ဆွမ်းစသည်တို့ဖြင့် ကပ်လှူလုပ်ကျွေးပြီးသောအခါ မြတ်စွာဘုရားကို တစ်ကြိမ်၊ သာမဏေကို တစ်ကြိမ် လှည့်ကာလှည့်ကာကြည့်လေသော် ဘုရားကိုယ်တော်မြတ်ကဲ့သို့ သုံးဆယ့်နှစ်ရပ်သော မဟာပုရိသလက္ခဏာ, အရာမကသော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံလျက် ထက်ဝန်းကျင်ပြောင်ပြောင်လောင်သော ရွှေတန်ဆောင်းကြီးကဲ့သို့ တညီးညီးထွန်းပစွာတည်သော သာမဏေ၏အသရေကို မြင်သဖြင့် အနီးတွင်ရှိသော ရဟန်းတစ်ပါးအား ဤသို့မေး၏။ "ဤသာမဏေကား ဘုရားသခင်နှင့် သွင်ပြင် တူလှပါသည်။ မြတ်စွာဘုရားနှင့် အသို့တော်သနည်း"ဟု မေး၏။ ထိုရဟန်းကလည်း ဘုရားသားတော်ဖြစ်ကြောင်းကို ပြန်ပေသော် 'ဤအရှင်ကား အလွန် မွန်မြတ်ပေစွတကား။ ဘုရားသခင်နှင့် အသွင်သဏ္ဌာန်သည်လည်း ကောင်း၊ လက္ခဏာကြီးငယ်၏ တင့်တယ်ဟန်သည်လည်းကောင်း တစ်တမျှတည်း ဖြစ်ပေသည်တကား။ နောင် ဘုရားရှင်တို့၏သာသနာ၌ ငါလည်း ဤကဲ့သို့ဖြစ်ရအောင် ဆုတောင်းရသော် ကောင်း၏'ဟု ကြံ၍ ဘုရားထံတော်သို့ ကပ်ပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်လည်း ဤသာမဏေငယ်ကဲ့သို့ ဖြစ်လိုပါသည်။ အဘယ်ကောင်းမှုကို ပြုပါရအံ့နည်း"ဟု လျှောက်၏။ ဘုရားသခင်လည်း "အချင်းပထဝိန္ဓရ။ အသီးဟူသမျှသည် မျိုးစေ့ကြောင့်သာ ဖြစ်သကဲ့သို့ အကျိုးတရားဟူသမျှသည် အကြောင်းကြောင့်သာ ဖြစ်၏။ ဒါန, သီလ, ဘာဝနာသည် ပတ္ထနာသမျှသောဆုကိုပင် ပြီးစေတတ်၏"ဟု မိန့်တော်မူ၏။

နဂါးမင်းလည်း ထိုစကားကိုကြားလျှင် ကြေးမုံသဏ္ဌာန် အလျှံလက်သော ကြေးအုတ်တို့ကို ဘုရားကျောင်းတော်သို့ဆောင်စေ၍ ကျောင်းတော်၏အတွင်း၌ ခင်းကျင်းလှူပေ၏။ ပြီးသောကာလ ပဉ္စသီလကို ဆောက်တည်၍ ဘုရားရှင်အား တစ်လသုံးကြိမ် လုပ်ကျွေးပါမည့်အကြောင်းဖြင့် တောင်းပန်၏။ ထို့နောက်မှ ဤသို့ နားတော်လျှောက်၏။ "အရှင်ဘုရား။ အကျွန်ုပ်သည် ယခုပြုရသော ကောင်းမှုကံစေတနာကြောင့် နောင် ဘုရားတို့ပွင့်သောအခါ ဤ ဥပရေဝတ သာမဏေငယ်ကဲ့သို့ ဘုရားသားတော်အဖြစ်ဖြင့် နိဗ္ဗာန်ရသည် ဖြစ်စေသော"ဟု ဆုပန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း အနာဂတံသဉာဏ်ဖြင့် ရှုတော်မူ၍ ပြည့်စုံအံ့သည်ကိုမြင်လျှင် အင်္ဂါ ရှစ်ပါးသော အသံတော်ဖြင့် ခေါ်တော်မူ၍ "အချင်းပထဝိန္ဓရ။ သင်သည် ယခုပြုသောကောင်းမှု ကံကြောင့် ဘဝသံသရာ၌ ကျင်လည်ရသောအခါ ရတနာခုနစ်ပါးအတိပြီးသော ဗိမာန်၌ ပျော်စံရသော လေးကျွန်းသနင်း စကြာမင်းလည်း အကြိမ်တစ်ထောင် ဖြစ်လတ္တံ့။ သိကြားမင်း လည်း ခြောက်ဆယ့်လေးကြိမ်, ဗြဟ္မာမင်းလည်း အကြိမ်သုံးဆယ် ဖြစ်လတ္တံ့။ ဤကမ္ဘာမှ နောက် နှစ်ဆယ့်တစ်ကပ်မြောက်သောအခါ နတ်ရွာခြောက်ထပ်ကိုပိုင်သော 'ဝိမလ'မည်သော စကြဝတေးမင်း ဖြစ်လတ္တံ့။ သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်အဖြစ်တို့မှာ မရေ မတွက်သာပြီ။ ဤကမ္ဘာမှ နောက် တစ်သိန်းမြောက်သော ဘဒ္ဒကမ္ဘာဝယ် 'ဥက္ကာကရာဇ်' မင်းမျိုးမှဖြစ်သော ဂေါတမဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် ဘုရား လောင်းမြောက်သားတော် ယသောဓရာဒေဝီ၏ဝမ်း၌ စွဲလမ်း၍ 'ရာဟုလာ'ဟူသောအမည် နှင့် ထင်ရှားစွာဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုစကားကို ကြားရသော် နဂါးမင်းသည် ဝမ်းမြောက်ဝမ်းသာရှိလှ၍ ဘုရားနှင့်တကွ သံဃာတော်တို့အား ပူဇော်သက္ကာ ကြီးစွာပြုပေ၏။ ဘုရားသခင်လည်း အစဉ်အတိုင်း ပြန် တော်မူခဲ့၏။ ထို့နောက် လခွဲမြောက်သောအခါ နဂါးမင်းသည် ဝိရူပက္ခနတ်မင်းတို့နှင့်တကွ သိကြားထံသွား၍ ခစားကြလေသော် သိကြားမင်းက "အဆွေ ပထဝိန္ဓရ။ ဘုရားထံသွား၍ သိကြားဆုကို တောင်းပြီလော"ဟု မေး၏။ "အကျွန်ုပ် ဆုမတောင်းပေ"ဟု လျှောက်သော် "အဘယ်ကြောင့် မတောင်းသနည်း"ဟု မေးပြန်၏။ နဂါးမင်းလည်း "အရှင်သိကြားမင်း။ အကျွန်ုပ် ဘုရားသခင်ကို ဖူးမြင်ရသောအခါ သားတော်ဖြစ်သော ဥပရေဝတ သာမဏေကို မြင်၍ တစ်ပါးသောဆုကို မလိုချင်ပြီ။ ဤအရှင်ကဲ့သို့သော ဖြစ်ချင်သောဆန္ဒရှိ၍ ကျွန်ုပ် ဆုတောင်းဘိသတည်း။ ဘုရားသခင်လည်း သို့စင်သောဗျာဒိတ်တော်ကို ကြား၏"ဟု စေ့ငု စွာ လျှောက်ထား၍ "အရှင်သိကြားလည်း ရှည်လျားဘဝ ဖြစ်သမျှ၌ အတူတကွသာ ကြံ ကြိုက်၍၊ ကျွတ်ထိုက်သောဘဝ ရောက်သောအခါ အတူတကွသော ကျွတ်ရအောင် ဘုရားထံ သွား၍ ဆုတောင်းပါ"ဟု တိုက်တွန်းပြန်၏။

သိကြားမင်းလည်း "ကောင်းပြီ"ဟု ဝန်ခံလျက် တစ်ရံရောအခါ မြတ်စွာဘုရားအထံ သို့သွားလေသော် ကိုယ်တော်မြတ်သည်လည်း ဘုန်းအာနုဘော်ကြီးမြတ်သော ရဟန်းတစ်ပါး အား 'သဒ္ဓါပဗ္ဗဇိတ'အရာ၌ ဧတဒဂ်ထားသည်ကို မြင်၍ 'ဤအရှင်ကဲ့သို့ဖြစ်ရအောင် ငါ ဆုတောင်းအံ့'ဟု ရည်ရွယ်လျက် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက် ပတ်လုံး နတ်၌ဖြစ်သော ဆွမ်း, ယာဂု, အဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေးလျက်၊ ခုနစ်ရက်စေ့ သောကာလ မြတ်လှစွာသော ရောဝဏ်ဆင်ပြောင်ကို လှူ၏။ ဘုရားသခင်လည်း ခံတော် မမူ။ ထိုသို့မခံလျှင် ဆင်ကို အဖိုးဖြတ်စေ၍ ထိုက်လတ်သောရတနာဖြင့် သံဃာတို့၏ နေထိုင်သုံးဆောင်ရန် ကျောင်းအာရာမ်ကို ပြုလုပ်စေ၏။ ထိုအာရာမ်ကား ပြာသာဒ်ပေါင်း လေးသောင်း ငါးထောင်တို့ဖြင့် တင့်တယ်၏။ ဘုရားစံရာ ဂန္ဓကုဋိတိုက်ပြာသာဒ်၏ အထက်



www.burmeseclassic.com

www.burmeseclassic.com



၌ကား တိမ်မီးခိုးအဆင်းရှိသော နတ်ဝတ်လဲကို ထီးဖြူပြု၍ မိုးပေ၏။ အလုံးစုံဖန်ဆင်းပြီးသောကာလ ဘုရားရှင်အား ကပ်လှူပြီးသော် အထံတော်သို့ကပ်၍ "အရှင်မြတ်အား ပူဇော်ရသော ကောင်းမှုကံစေတနာကြောင့် နောင်ဘုရားရှင်တို့သာသနာဝယ် ဤ သဒ္ဓါပဗ္ဗဇိတ တေဒဂ်ရ ရဟန္တာကဲ့သို့ ဖြစ်ပါစေသော"ဟု ဆုတောင်း၏။

ဘုရားသခင်လည်း အနာဂတံသဉာဏ်ဖြင့် ကြည့်၍ ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူလျှင် "အချင်းသိကြား။ သင်ကား ငါ ဘုရားပွင့်သည့်နောက် တစ်သိန်းမြောက်သော ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် 'ရဋ္ဌပါလ'မည်သော ရဟန္တာဖြစ်၍ သဒ္ဓါပဗ္ဗဇိတ တေဒဂ်ကို ရလတ္တံ့။ ထိုသို့မရောက်မီ အကြားလည်း နှစ်ပါးသော လူ့ရွာ နတ်ဘုံ၌ ဆန်စုန်သွားလာလျက် သိကြားမင်းအဖြစ် အကြိမ်ငါးဆယ်၊ စကြာမင်းအဖြစ် အကြိမ်ငါးဆယ်၊ ပဒေသရာဇ်, ကေရာဇ်အဖြစ် အကြိမ်များစွာ ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။ ထိုအခါ သိကြားမင်းလည်း အလွန်ဝမ်းမြောက်သောစိတ်ရှိလျက် မိမိနေရာ နတ်ပြည်သို့ပြန်လေ၏။

ထိုသူနှစ်ဦးတို့သည် အသက်အတိုင်းတည်၍ ကုသိုလ်ကောင်းမှုကိုအားထုတ်လျက် စုတေကြသောကာလ ဘုရားဗျာဒိတ်တော် ရသောအတိုင်း လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ်ကို ခံစားကာလာသဖြင့် ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဖုဿမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ ထိုဘုရား၏ညီတော်ဖြစ်သော မင်းသားသုံးပါး၏ ပရိသတ်တို့တွင် ရှင်ရဋ္ဌပါလ၏အလောင်းသည် အလှူဒါန ကြပ်မစီရင်ရသော အမတ်ဖြစ်လာ၏။ ရှင်ရာဟုလာ၏အလောင်းကား သိကြားမင်း ဖြစ်လာ၏။

ထိုလူတို့သည် ကုသိုလ်ကောင်းမှုကိုပြုလျက် အသက်အတိုင်းနေ၍ စုတေသောအခါ လူ့ရွာ နတ်ပြည် ကျင်လည်ကြကုန်၍ ကဿပဘုရား ပွင့်တော်မူသောအခါ ရှင်ရာဟုလာ၏အလောင်းသည် ကိကီမင်း၏သားကြီး ဖြစ်လာ၏။ ရှေးကသညာအတိုင်း 'ပထဝိန္ဓရမင်းသား'ဟူသော အမည်ကို ရ၏။ ထိုမင်းသားအား နှမတော် ခုနစ်ယောက် ရှိ၏။ ထိုခုနစ်ယောက်တွင် အငယ်ဆုံးဖြစ်သော 'သဃ်ဒါသိ' မင်းသမီးကား 'ဝိသာခါ'ဒါယိကာမ၏ အလောင်းတည်း။ အရွယ်သို့ရောက်သောကာလ ပထဝိန္ဓရမင်းသားသည် အိမ်ရှေ့အရာကို ရ၏။ ကဿပမြတ်စွာဘုရား ထင်ရှားဖြစ်တော်မူ၍ မိမိတိုင်းပြည်သို့ ကြွသောအခါ ထို မင်းသမီးခုနစ်ဦးတို့သည် အသီးအသီးတည်ထောင်၍ ခုနစ်ဆောင်သောကျောင်းပရိဝုဏ်ကို ပြုလုပ်၏။

ထိုအခါ မောင်တော် ပထဝိန္ဓရမင်းသားက "သင်တို့ဆောက်လုပ်သော ကျောင်းများမှ ငါ့အား တစ်ဆောင်ပေးပါ" ဟု တောင်း၏။ နှမတော်တို့ကလည်း "အရှင့်သား။ ဥစ္စာများသောသူဋ္ဌေးဖြစ်လျက် မှဆိုးမလက်၌ရှိသော အသပြာကို ချေးငှားသကဲ့သို့ အဘယ့်ကြောင့် ပြုပါသနည်း။ မောင်တော်သည် ဤတိုင်းနိုင်ငံကိုအစိုးရသော အိမ်ရှေ့မင်း မဟုတ်ပါလော။ အကျွန်ုပ်တို့သာ တောင်းသင့်ပါလျက် မောင်တော်က တောင်းခြင်းသည် သတင်းမျှ မဖွယ်ချေတကား။ အခြားသာ ပြုတော်မူလော့"ဟု ဆို၏။ ထိုစကားကိုကြားမှ သတိရ၍ ပထဝိန္ဓရမင်းသားလည်း ငါးရာမျှလောက်သော ကျောင်းပရိဝုဏ်တို့ကို ဆောက်လုပ်လှူဒါန်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောနည်းဖြင့် ကုသိုလ်ကောင်းမှုကိုပြုလျက် အသက်အတိုင်းနေ၍ စုတေခဲ့သော် တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ငါတို့ဘုရား ထင်ရှားပွင့်အံ့သောအခါ နတ်ပြည်မှစုတေ လာ၍ ဘုရားလောင်း၏ မိဖုရားခေါင်ကြီးဖြစ်သော 'ယသောဓရာ ဗိမ္ဗာဒေဝီ'၏ဝမ်း၌ ပဋိသန္ဓေ စွဲနေ၍ ဖွားသောကာလ ဘိုးတော် သုဒ္ဓေါဒနမင်းတရားသည် "ငါ့သား မှည့်လိုရာအမည်ကို ဖွဲ့ချည်မည်။ သားတော်ဖွားကြောင်းကို လျှောက်ချေ"ဟု အမတ်တစ်ယောက်ကို စေလိုက်၍ ဥယျာဉ်ကစားနေသော 'သိဒ္ဓတ်'မင်းသားအား ကြားလျှောက်သော် "လက်ကို ရာဟုဖမ်းသကဲ့သို့ ညှဉ်းပန်းနှောင်ဖွဲ့ခြင်းငှာ ဖြစ်လာသည်"ဟု ဆိုသောစကားကြောင့် မင်းသားကို 'ရာဟုလာ'ဟု မှည့်၏။

အထက်က ဆိုခဲ့ပြီးသောနည်းအားဖြင့် ဘုရားရှင်သာသနာသို့ဝင်၍ ရှင်အဖြစ်ကို ရသောအခါ ခုနစ်နှစ်သားသာ ရှိသေးရကား မြတ်စွာဘုရားလည်း သားတော်၏ သိက္ခာပုဒ် ၌ မယုတ်မယိုစေခြင်းငှာ 'ရာဟုလောဝါဒသုတ်' ဒေသနာဖြင့် မပြတ်ဆုံးမတော်မူ၏။ ရှင် ရာဟုလာကလည်း နံနက်စောစောက ထ၍ သဲကိုလည်း လက်ခုပ်ဖြင့်ကျုံးပြီးသော် "ဘုန်း တော်ကြီးလှသော ဘုရားအထံမှ လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပတို့၏အထံမှ လည်းကောင်း ဤသဲလုံးမျှလောက်သော ဩဝါဒစကားကို ယနေ့ရပါမူကား ငါ့အား ကောင်းရာ၏"ဟု တောင့်တလေ့ပြု၏။ ဆရာဥပဇ္ဈာယ်တို့ ဆုံးမသော သိက္ခာပုဒ်တို့ကိုလည်း တစ်ဆံဖျားမျှ မတိမ်းပါးရအောင် ကျင့်၏။ ထိုအကြောင်းအရာကို သံဃာတော်တို့သိလေလျှင် တရားသဘင်၌ ရှင်ရာဟုလာအား များစွာချီးမွမ်းကြ၏။

ထိုအခါ မြတ်စွာဘုရားလည်း တရားဟောနေရာသို့ ကြွတော်မူလာ၍ အကြောင်းအရာ ကို မေးတော်မူသည်တွင် သံဃာတော်မြတ်တို့ကလည်း "ရှင်ရာဟုလာသည် ခုနစ်နှစ်သားသာ ဖြစ်လျက် သိက္ခာပုဒ်ကို အားထုတ်လိုသော သမ္မာဆန္ဒ ရှိလှပေသည်။ အတုမရသော အဖ ကောင်းသား ပီသပေသည်ဟု ပြောဆိုချီးမွမ်း၍ နေပါသည်"ဟု နားတော်လျှောက်ကြသော်၊ ကိုယ်တော်မြတ်ကလည်း "ချစ်သားတို့။ ငါ့သား ရာဟုလာသည် ယခုဘဝသာ ဆရာဆုံးမသော စကားကို ရိုသေစွာ မှတ်သားကျင့်ဆောင်တတ်သည် မဟုတ်သေး။ ပညာမရင့်သေးသော သမင်အဖြစ်ကပင် သွန်သင်ပြသသော ဆရာ့စကား၌ မှတ်သားရိုသေခြင်းကြောင့် သေခွင့် သို့ရောက်လျက် အသက်မသေ လွတ်ဖူးလေပြီ"ဟု အကြောင်းကိုပြ၍ 'မိဂပေါတက'ဇာတ်ကို ဟောတော်မူ၏။ [ဇာတ်ကား ဧကနိပါတ်၌ အကျယ်လာ၏။]

ခုနစ်နှစ်အရွယ်မှစ၍ တစ်ဆယ့်ရှစ်နှစ်ရွယ် ရှိသည်တိုင်အောင် ပြက်ရယ်သောစကား ကိုမျှ ဆိုသောမည်သည် မရှိ။ မိမိဇာတိမာန်ဖြင့် ခက်ထန်တင်းမာခြင်းကိုလည်း ရံခါမျှ မပြု။ ရဟန်းသံဃာတို့အား 'လူသာမဏေတို့နှင့် တစ်မိုးတစ်ရံတည်းသောကျောင်း၌ အရုဏ် တက်အောင် မအိပ်အပ်'ဟု သိက္ခာပုဒ်ပညတ်သောအခါ သံဃာတော်တို့ကို ညာသောအားဖြင့် ရှင်ရာဟုလာသည် မြတ်စွာဘုရား၏ ဝစ္စကုဋီ၌သာ ဝင်၍ အိပ်နေသတည်း။ ဘုရားသခင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



၍ အကြောင်းကိုမေးသဖြင့် သိတော်မူသောအခါ များစွာသောပရိယာယ်တို့ဖြင့် ချီးမွမ်းတော်မူသည်။

တစ်ဆယ့်ရှစ်နှစ်အရွယ် ရောက်သောကာလ ဘုရားနောက်တော်က သပိတ်ပိုက်လျက် လိုက်လေသော် ကိုယ်တော်မြတ်၏ တင့်တယ်ခြင်းအသရေနှင့် မသွေမခြား သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့်ပြည့်စုံလျက် ပြိုးပြိုးပြက်မျှထွက်ထွန်းသော ရူပကာယ သမ္ပတ္တိကိုမြင်သော် ထက်ဝန်းကျင်သော ပြည်သူပြည်သား ယောကျ်ားမိန်းမတို့သည် 'သဒ္ဓါပေမ'ဖြင့် ဖူးမြင်ခြင်းငှာမတတ်နိုင်။ 'တဏှာပေမ'သာလျှင်၍ ယိမ်းယိုင်တုန်လှုပ်လျက် အုတ်အုတ်ကျက်ကျက်သော ချီးမွမ်းသံသည် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားလည်း 'မဟာရာဟုလောဝါဒသုတ်'ကို ဟောတော်မူ၏။ သက်တော် တစ်ဆယ့်ရှစ်နှစ်ပြည့်လုသော် သားတော်၏ ဉာဏ်ရင့်သောအဖြစ်ကို သိ၍ တစ်ခုသောတောအုပ်၌ နေတော်မူလျက် 'စူဠရာဟုလောဝါဒသုတ်'ကို ဟောတော်မူသည်။ ထိုဒေသနာ အဆုံး၌ ရှင်ရာဟုလာသည် တရားနာလာ နတ်, ဗြဟ္မာ ကုဋေတစ်သိန်းတို့နှင့်တကွ အရဟတ္တ ဖိုလ်သို့ ရောက်၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်ကြသော နတ်တို့ကား မရေတွက်နိုင်သည်သာတည်း။

နောက် ဇေတဝန်ကျောင်းတော်သို့ရောက်၍ သာဝကတို့အား ဌာနန္တရ ထားသောအခါ ရှင်ရာဟုလာကို 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ သိက္ခာကာမာနံ ဘိက္ခူနံ ယဒိဒံ ရာဟုလော'ဟူ၍ ဧတဒဂ် ထားတော်မူသည်။

အနက်ကား – ဘိက္ခဝေ၊ ရဟန်းတို့။ သိက္ခာကာမာနံ၊ သိက္ခာသုံးပါးကို ဖြည့်ကျင့်လိုကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်သားဖြစ်ကြကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ယောအယံ ရာဟုလာ၊ အကြင်ရာဟုလာသည်။ အတ္ထိ၊ ရှိ၏။ ဧတံ–သော၊ ဤရှင်ရာဟုလာသည်။ အဂ္ဂံ–အဂ္ဂေါ၊ လွန်ကဲ၏။

[ဤကား ရှင်ရာဟုလာ၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။]

အရှင်ရဋ္ဌပါလ၏အလောင်းသည်လည်း ဆိုအပ်ခဲ့ပြီးသောအစဉ်အားဖြင့် လူ့ပြည် နတ်ပြည်ကျင်လည်ခဲ့၍ ငါတို့ဘုရား ထင်ရှားပွင့်တော်မူသောအခါ ကုရုတိုင်း ထုလ္လကောဋ္ဌိကမည်သော နိဂုံး၌ ရဋ္ဌပါလအမည်ရသော သူဌေးအိမ်၌ဖြစ်လာ၍ ဝံသာနုရက္ခဖြစ်သော သညာအားဖြင့် 'ရဋ္ဌပါလ သတို့သား'ဟူသောအမည်ကို ရ၏။ ထိုသတို့သားသည် များစွာသော အခြံအရံတို့နှင့်တကွ ကြီးပွား၍ အရွယ်သို့ရောက်သောကာလ မိဘတို့သည် အမျိုးကောင်းသမီးနှင့် ထိမ်းမြား၍ များစွာသောအခြံအရံနှင့်တကွ နတ်စည်းစိမ်ကဲ့သို့သော စည်းစိမ်ချမ်းသာကို ခံစားစေ၏။

တစ်ရံရောအခါ မြတ်စွာဘုရားလည်း ကုရုတိုင်းသို့ ဒေသစာရီ ချီတော်မူလာ၍ ထိုနိဂုံးသို့ရောက်သောအခါ ရဋ္ဌပါလသူဌေးသားလည်း များစွာသောသူတို့နှင့်တကွ ဘုရားထံ



www.burmeseclassic.com

www.burmeseclassic.com



တော်သို့လာ၍ တရားတော်ကိုနာလေသော် သာသနာတော်၌ သဒ္ဓါတရားထက်ပွားခြင်း-အလွန်ရှိရကား "အကျွန်ုပ်အား ရဟန်းပြုတော်မူပါ"ဟု လျှောက်၏။ ဘုရားသခင်လည်း "သင်၏အမိအဖတို့ကို ခွင့်တောင်းဦးလော့"ဟု မိန့်တော်မူလျှင်၊ အိမ်သို့ပြန်၍ မိဘတို့ထံ၌ ခွင့်တောင်း၏။ မိဘတို့ကလည်း "ချစ်သားရဋ္ဌပါလ။ သင်ကား တစ်ယောက်တည်းသောသား ဖြစ်ပါ၍ ကြင်နာစုံမက် အသက်အသွင် ထင်မှတ်ပါ၏။ သင် ရဟန်းပြုခဲ့မူ ဤလူ့ခွင်၌ ငါတို့ အသက်ရှည်မည် မဟုတ်ပြီ"ဟု ဆို၍ အကြိမ်ကြိမ်ဖျက်ဆီး၏။ သတို့သားလည်း အကြိမ်များစွာ တောင်းပန်၍မျှ ခွင့်မရလေလျှင် အိမ်ဝမြေပြင်၌ မှောက်ခုံအိပ်၍ "ရဟန်းမပြုရလျှင် ဤနေရာ၌ပင် ငါ သေတော့မည်"ဟု ဆို၍ အစာအာဟာရကိုပြတ်လျက် ခုနစ်ရက်တိုင်တိုင် နေ၏။ ဆွေမျိုး, မိဘစသည်တို့ တောင်းပန်လာကြသော်လည်း စကားမပြန်ဘဲသာ နေ၏။

ထိုအခါ မိဘတို့က "ငါတို့ အခွင့်မပြုချေမူ သေခြင်းသို့ ရောက်ချေတော့မည်။ ရဟန်းပြုမူကား ငါတို့သားကို မြင်ရသေး၏။ ခွင့်ပေးတော့အံ့"ဟု တိုင်ပင်ကြ၍ "ချစ်သားရဋ္ဌပါလ။ ထလော့၊ ထလော့။ အမောင်စိတ်မှန်းတိုင်း ရဟန်းပြုလော့" ဟု ခွင့်ပေး၏။ ထိုအခါမှ နေရာကထ၍ အာဟာရကိုစားလျက် ကိုယ်လက်ဖြည့်တင်းပြီးလျှင် ဘုရားထံတော်သို့ကပ်၍ "အကျွန်ုပ်အား ရဟန်းပြုတော်မူပါ"ဟု တောင်းပန်၏။ ဘုရားသခင်လည်း ရဟန်းပြုတော်မူ၍ 'ကာယဂတာသတိ ကမ္မဋ္ဌာန်း'ကို စီးဖြန်းစေပြီးလျှင် ဝိပဿနာကို ပွားစေ၍ များမကြာမီပင် ရဟန္တာဖြစ်ပြီးသော် ဘုရားထံတော်သို့ ခွင့်ပန်၍ မိဘတို့အား တရားဟောခြင်းငှာ ထုလ္လကောဋ္ဌိကသို့ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံလျက်လာ၍ မိဘတို့အိမ်သို့ ရောက်သော် ရပ်တော်မူလင့်၏။

ထိုအခါ အစေအပါးဖြစ်သော ကျွန်မသည် ညစာကကြွင်း၍ သိုးပြီးသောထမင်းကို စွန့်ခြင်းငှာထွက်လာသည်နှင့် ရှင်ရဋ္ဌပါလက မြင်လျှင် "နှမ။ စွန့်ထိုက်သောဝတ္ထုဖြစ်မူကား ဤသပိတ်၌ လောင်းလော့"ဟုဆို၍ ခံယူပြီးလျှင် တစ်ခုသောနံရံကိုမှီ၍ အမြိုက်သုတာဘုတ်ကဲ့သို့ သုံးဆောင်၏။ ထိုသို့ သုံးဆောင်လာသည်ကို ကျွန်မ မြင်လျှင် "ငါတို့အရှင်သားသည် ပျက်ပြားသောစိတ်ပင် ရှိလေသလော။ မမြင်ဝံ့အောင် စွန့်စားလေဘိသည်တကား"ဟု ဆို၍ သူဌေးကြီးတို့အား အကြောင်းကိုကြားလျှောက်၏။ သူဌေးလင်မယားတို့လည်း လျင်စွာလာ၍ သားကိုရှုပြီးသော် ငိုယိုမြည်တမ်းလျက် ပြာသာဒ်ထက်သို့ပင့်လေ၍ ဆွမ်းလုပ်ကျွေးခြင်းငှာ အားထုတ်၏။ ရှင်ရဋ္ဌပါလလည်း "ဒါယကာ, ဒါယိကာမကြီးတို့။ ယနေ့ဆွမ်းကိစ္စ ပြီးပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ သူဌေးကြီးတို့က မနက်ဖြန်အလို့ငှာ ဆွမ်းဖိတ်၏။ အရှင်လည်း ဆိတ်ဆိတ်ဝန်ခံ၍ ပြန်ခဲ့ပြီးမှ၊ မနက်ဖြန်သောကာလ မိဘအိမ်သို့ သွား၏။ မိဘနှစ်ပါးတို့ကလည်း သားကို လူထွက်စေချင်လှရကား များစွာသော ရွှေတိုက်ငွေတိုက်တို့ကို ဖွင့်လှစ်၍ "ဤမျှလောက်ကား အဖဥစ္စာ, ဤမျှလောက်ကား အမိဥစ္စာ။ ဤရတနာအပေါင်းကို ကောင်းစွာသိမ်းဆည်း၍



www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်ချမ်းသာကို ခံစားပါဦးလော့”ဟု အကြိမ်ကြိမ်တောင်းပန်၍၊ အခွင့်မရလေလျှင် ချွေးမနှင့်တကွ အရွယ်သင့်စွ လှပသော ကိုယ်လုပ်မောင်းမတို့ကို တန်ဆာဆင်ယင်စေ၍ “သင်တို့ ဖျောင်းဖျနားပါးချလျက် ငါ့သားလူထွက်အောင် တောင်းပန်ကြဦး”ဟု ဆို၏။

ထိုမိန်းမတို့သည် နတ်ကညာကဲ့သို့ တင့်တယ်စွာဆင်ယင်ဝတ်စားလျက် “အရှင့်သား။ များစွာလှသော စည်းစိမ်ချမ်းသာ၏အရှင်ဖြစ်လျက် ခွက်လက်စွဲ၍ တောင်းစားသောအမှုအရာဖြင့် အဘယ်ကြောင့် ဆင်းရဲခံပါသနည်း။ နတ်သမီးကို ရအောင်ရည်မှန်း၍ ရဟန်းပြုကြသည်မှာ နတ်ကညာတို့သည် အကျွန်ုပ်တို့ထက် ဘယ်လောက်သာ၍ လှပတင့်တယ်ပါသနည်း။ ကျွန်ုပ်တို့အားလည်း ကြင်နာ သနားတော်မူပါဦးလော့” စသည်ဖြင့် ခ,ယလျှောက်ထားကြ၏။

ထိုအခါ ရှင်ရဋ္ဌပါလလည်း ကာမဂုဏ်ငါးပါး၌ မက်မောယောင်မှားသောသူအများကို တရားညွှန်ပြ ဆုံးမတော်မူခြင်းငှာ–

‘ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုံ ကာယံ သမုဿိတံ။

အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

အစိရံ ဝတာယံ ကာယော၊ ပထဝိံ အဓိသေဿတိ။

ဆုဍ္ဍော အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ, အစရှိသောဂါထာကို ဟောတော်မူ၏။

အနက်ကား – စိတ္တကတံ၊ နီး,နွယ်,ပုဆိုး ကြိုးသေးကြိုးမွှားတို့ဖြင့် ဆန်းကြယ်စွာပြုလုပ်အပ်သော။ ဗိမ္ဗံ၊ ညဲမင်း (ချစ်ဖွယ်သတို့သမီး) ရုပ်နှင့်လည်း တူထသော။ သမုဿိတံ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်လေးဝတို့ဖြင့် စိုက်ဆောက်ပြုလုပ်အပ်သော။ ဝါ၊ ကေသာ, လောမာ စသည်သွယ်သွယ် စက်ဆုပ်ဖွယ်တို့၏ စုဝေးပေါင်းရုံးရာလည်းဖြစ်ထသော။ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါအပေါင်းတို့သည် သောင်းသောင်းပြင်းဝှန် နှိပ်စက်ဟန်ကြောင့် အလွန် နာကျင်စွာထသော။ ဗဟုသင်္ကပ္ပံ၊ များစွာသော ပြုပြင်ရန်လည်းရှိထသော။ ဝါ၊ အယုတ်တရားကိုလည်း များစွာကြံတတ်ထသော။ အရုံ ကာယံ၊ ဤခန္ဓာကိုယ်ကို။ တုမှေ၊ သင်တို့သည်။ ပဿ။ ရှုကြကုန်လော့။ ယဿ၊ အကြင်ခန္ဓာကိုယ်၏။ ဓုဝံ၊ မြဲစွာ။ ဌိတိ၊ တည်ခြင်းသည်။ နတ္ထိ၊ မရှိပြီတကား။

အယံ ကာယော၊ ဤခန္ဓာကိုယ်သည်။ အစိရံ၊ မကြာမြင့်မီ ပင်လျှင်။ အပေတဝိညာဏော၊ ကင်းသောဝိညာဉ် ရှိသည်ဖြစ်၍။ နိရတ္ထံ၊ အကျိုးမရှိသော။ ကလိင်္ဂရံ၊ ဖွဲကိုကဲ့သို့။ ဆုဍ္ဍော၊ စွန့်ပစ်အပ်သည်ဖြစ်၍ ။ပထဝိံ၊ မြေ၌။ အဓိသေဿတိ ဝတ၊ အိပ်ရလတ္တံ့သည်တကား။

[ဟောသောတရားကို အပြည့်အစုံလိုမူ မဇ္ဈိမနိကာယ် ရဋ္ဌပါလသုတ်၌ ယူလေ။ ကျယ်အံ့စိုး၍ အမြွက်မျှသာ ရေးလိုက်သည်။]

ဤသို့ မိဘဆွေညာ များစွာသောမောင်းမတို့အား ကာမာဒီနဝ ‘လက္ခဏာသမ္ဘန္ဓ’ဖြစ်သောတရားကို ဟောကြားပြီးလျှင်၊ “မိခင်ဖခင်တို့။ အကယ်၍ ငါ့ကို ချစ်ခင်ကြင်နာလျက်



www.burmeseclassic.com

www.burmeseclassic.com



ငါဆိုတိုင်း လိုက်နာမည်ဖြစ်အံ့။ မိခင်ဖခင်တို့တွင်ရှိသော အကုဋေမကသော ဤဥစ္စာရတနာတို့ကို ကြီးစွာသောလျှော်အိတ်ဖြင့် ထည့်သိပ်၍ လှည်းရထားတို့ဖြင့်တင်လျက် ရေတွင်စွန့်ပစ်ချေလော့။ ဤဥစ္စာ၌ အာသာမပြတ် တပ်ငြိခြင်းတဏှာရမ္မက်ကို မဖြစ်စေလင့်။ ဥစ္စာဟူသည်ကား များစွာသောဘေးရန်အပေါင်းကိုလည်း ရကြောင်း၊ တွေ့ကြောင်း၊ မကောင်းသော ဂတိဘဝသို့ လားရကြောင်းသာ ဖြစ်၏”ဟု ဆုံးမပြီးလျှင် ပလ္လင်ထက်မှ လျှင်စွာထ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။

[အမှာ စကားချပ်။ ။ အဘယ်ကြောင့် ‘ကောင်းကင်ခရီးဖြင့်း ကြွသနည်း’ ဟူမူကား ထို အရှင်ရဋ္ဌပါလ၏ အဖသူဌေးသည် ‘သားကြွလာသောအခါ အသာအယာဖျောင်းဖျ၍ ရလျှင်လည်း လူထွက် စေမည်။ မရလျှင်လည်း အတင်းပင် သင်္ကန်းကိုချွတ်၍ လူဝတ်လဲစေမည်’ဟု ကြံလျက် ခုနစ်တန်သောတံခါး၌ စောင့်နေသောသူတို့အား “သင်တို့ တံခါးကို မြဲစွာ ပိတ်ကြကုန်။ ငါ့သားထွက်လာလျှင် သင်္ကန်းကိုချွတ်၍ လူဝတ်လဲကြကုန်”ဟု မှာထားသောကြောင့် တံခါး လုံခြုံစွာပိတ်လျက်ရှိ၏။ ထို့ကြောင့် ကောင်းကင်ခရီးဖြင့် ပျံ၍ ကြွရလေသတည်း။]

ယင်းသို့ကြွ၍ ‘ကောရဗျ’မင်းကြီး၏နန်းတော်အတွင်း ‘မိဂါဇိန်’ဥယျာဉ်ဝယ် မင်္ဂလာရှိသောကျောက်ဖျာထက်၌ သက်တော်မူ၏။ ထိုအကြောင်းကို မင်းကြီးကြားသိလေသော် ဆောစွာလာ၍ သင့်တင့်စွာနေပြီးမှ ဤသို့လျှောက်ထား၏။ “ချစ်သား ရဋ္ဌပါလ။ ဤလူ့လောက၌ ရဟန်းပြုကြသည်ကား အချို့သူမှာ အနာရောဂါ သည်းစွာနှိပ်စက်၍ အသက်မမွေးနိုင်ကြသောကြောင့်လည်း ပြုကြသည်။ သားချင်းဆွေမျိုး ကိုးစားရာမရှိ ပျက်စီးဘိသောကြောင့်လည်း ပြုကြသည်။ မိဘနှစ်ပါး မယားသားကြီးတို့ ပျက်စီးသောကြောင့်လည်း ပြုကြသည်။ သင့်မှာမူကား တစ်စုံတစ်ခုသော ပျက်စီးကွေကွင်း ဆင်းရဲခြင်းသည် မရှိပါလျက် ကြီးစွာသောစည်းစိမ်ကို စွန့်ခဲ့၍ အဘယ်ကြောင့် ရဟန်းပြုပါသနည်း”ဟု မေး၏။

ရှင်ရဋ္ဌပါလကလည်း “ဒါယကာမင်းကြီး။ ပျက်စီးသောအမှုသည် တစ်စုံတစ်ခုမျှ ငါ၌ မရှိသေးသော်လည်း ပျက်စီးလတ္တံ့သောဘေးကို တရေးရေး ငါ မြင်လင့်သတည်း။ အကြင် လူ့ရွာ၌ ခန္ဓာငါးပါးကိုရကြသော သတ္တဝါဟူသမျှသည် နိစ္စဓုဝသဘော မဟုတ်ချေ။ ချုပ်ခြင်း၊ ဖြစ်ခြင်းနှင့်သာ စပ်ယှဉ်ရကား ပျက်စီးလတ္တံ့သော ‘ဗျသန’ သဘောသည် ထင်ရှား၏။ ထွက်သက်ဝင်သက် နှစ်ပါးသောသတ္တဝါတို့ကို ကပ်၍ဆောင်၏။ မအိုရ၊ မနာရ၊ မသေရခြင်းငှာ မြစ်တားစောင့်ရှောက်အံ့သောသူလည်း မရှိ။ ဒုဂ္ဂတိသို့ မလားရအောင် ကိုးစားမှီခိုရာလည်း မရှိ။ စည်းစိမ်ဥစ္စာ၊ သားမယားစသော အဖော်ဟူသမျှသည် ဒုဂ္ဂတိဘဝသို့ ပို့ဆောင်တတ်သော ကူးတို့သမားသာ ဖြစ်ချေသည်။ ဤကာမဂုဏ်ကို တလုံလဲလဲ (အကြိမ်များစွာ) မြင့်မြဲရှည်စွာ ခံစားငြားလည်း အားရခြင်း၊ ရောင့်ရဲခြင်း မဖြစ်နိုင်။ နွံအိုင်သို့ဆင်းစေတတ်သော တဏှာ၏ကျွန်ချည်းသာ ဖြစ်ချေသည်။ ထိုအကြောင်းကိုသိ၍ ‘တေဘူမကဝဋ်’၌ ငါ ငြီးငွေ့လှရကား မြတ်သောတရားကို ရှာခြင်းငှာ ငါ ရဟန်းပြုသတည်း”ဟု မိန့်တော်မူ၍–



www.burmeseclassic.com

www.burmeseclassic.com



'ပဿာမိ လောကေ သဓနေ၊ မနုဿေ လဒ္ဒါန ဝိတ္တံ' အစရှိသော တစ်ဆယ့်ငါးဂါထာတို့ကို ဟောတော်မူ၏။

ယင်းသို့ ကောရဗျမင်းကြီးအား တရားဟောပြီးမှ ဘုရားအထံတော်သို့ ပြန်လာ၏။ ထိုသို့ တစ်ပါးသောရဟန်းတို့ထက် သာသနာ၌ သဒ္ဓါတရား အားကြီးလှသောကြောင့် ထိုရဋ္ဌပါလကို ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ သဒ္ဓါပဗ္ဗဇိတာနံ ဘိက္ခူနံ ယဒိဒံ ရဋ္ဌပါလော' ဟူ၍ ဧတဒဂ် ထားတော်မူသည်။

အနက်ကား - ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓါပဗ္ဗဇိတာနံ၊ သဒ္ဓါ၍ ရဟန်းပြုကြကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ-ယော အယံ ရဋ္ဌပါလော၊ အကြင် ရဋ္ဌပါလသည်။ အတ္ထိ၊ ရှိ၏။ ဧတံ-ဧသော ရဋ္ဌပါလော၊ ဤ ရဋ္ဌပါလသည်။ အဂ္ဂံ-အဂ္ဂေါ၊ ကံလွန်၏။

ရှင်ရာဟုလာ, ရှင်ရဋ္ဌပါလတို့ ဗျာဒိတ်ရပုံ ရှင်းချက်။ ။ ဤမထေရ် နှစ်ပါးတို့၏ ပုဗ္ဗကမ္မကိုဆိုရာ အပဒါန်အဋ္ဌကထာ၌ ပဒုမုတ္တရာဘုရားရှင်ထံ ဗျာဒိတ်ခံသောအခါ ရှင်ရာဟုလာမှာ နဂါးအဖြစ်မှ စုတေ၍ လူသူဌေးအဖြစ်ဖြင့် ဗျာဒိတ်ခံရသည်ဟု ဆိုသည်။ ရှင်ရဋ္ဌပါလလည်း သိကြားမင်းအဖြစ်မှ စုတေ၍ လူသူဌေးအဖြစ်ဖြင့် ခံရသည်ဟု ဆိုသည်။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား နဂါးမင်း, သိကြားမင်းအဖြစ်ဖြင့်ပင် ခံရသည်ဟု ဆိုသည်။ ထိုအဋ္ဌကထာ နှစ်စောင်ပင် မညီကြ။ ပရိကပ္ပသိဒ္ဓိအားဖြင့်ကား နှစ်ပါးသောဘဝ၌ပင် ဘုရားရှင်ကို တွေ့မြင်ရသည်၊ ဗျာဒိတ် ခံရသည်ဟု ယူဆဟန်ရှိသည်။

ဤကား ရှင်ရာဟုလာ, ရှင်ရဋ္ဌပါလမထေရ်တို့၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

**ဓိနတ္ထပကာနီကျမ်း 'တတိယတွဲ' ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com


# ဇိနတ္ထပကာသနီကျမ်း

## စတုတ္ထပိုင်း

www.burmeseclassic.com

www.burmeseclassic.com






ရှင်ပိဏ္ဍောလမထေရ်၏ ရှေးအကြောင်းကို ပြခြင်း

www.burmeseclassic.com

# ဝိနယတ္ထပကာသနီကျမ်း

# စတုတ္ထပိုင်း

www.burmeseclassic.com



ရှင်ပိဏ္ဍောလမထေရ်၏ ရှေးအကြောင်းကို မြင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဓိနတ္ထုပကာသနီကျမ်း
## စတုတ္ထပိုင်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဝက္ခမာနံ ဣတော ပရံ၊ န ဒဿိတံ ကမေန တု။
အမုမှိ အယမာဝသေ၊ ကတ္ထစိ ယုတ္တိမာဂမံ။

အနက်ကား – ဣတော၊ ဤ ဆိုအပ်ခဲ့ပြီးသော တတိယ ပရိစ္ဆေဒမှ။ ပရံ၊ နောက်၌။ ဝက္ခမာနံတု၊ ဆိုလတ္တံ့သော စကားရပ်ကိုကား။ အမုမှိ၊ ဤမည်သောနှစ် သက္ကရာဇ်၌။ အာဝသေ၊ ဤသည့်ပြည်ရွာ ဝါဆိုခါ၌။ အယံ၊ ဤပုဂ္ဂိုလ်သည်။ သာသနောဂဓောတိ၊ သာသနာတော်သို့ ဝင်၏ဟူ၍။ ကမေန၊ အစဉ်အလာ မှန်ကန်စွာဖြင့်။ ဂန္ထေသု၊ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌။ ယသ္မာ၊ အကြင်ကြောင့်။ န ဒဿိတံ၊ မပြအပ်။ တသ္မာ၊ ထို့ကြောင့်။ ကတ္ထစိ၊ အချို့သောအရာ၌။ ယုတ္တိံ၊ အသင့်ကို။ ကတ္ထစိ၊ အချို့သောအရာ၌။ အာဂမံ၊ တိုက်ရိုက်ညွှန်ပြ အာဂမကို။ သံသန္ဒိတွာ၊ နှီးနှောနှိုင်းစာ၍။ ဝက္ခံ–ဝက္ခာမိ၊ ပြဆိုပေအံ့။

[ဝဇီရဗုဒ္ဓိ၌ ပြအပ်သော ပါဠ်ခြောက်ပါးတွင် သာဝသေသနယဖြင့် စီအပ်သော ပါဠ်ဖြစ်၍ ပါဌသေသနှင့်တကွ ယောဇနာသည်။]



www.burmeseclassic.com

www.burmeseclassic.com



## ။၃၅။ ရှင်ပိဏ္ဍောလမထေရ်၏ ရှေးအကြောင်းကို ပြခြင်း

ဆအသာဓာရဏ, စတုဝေသာရဇ္ဇ, ဒသဗလ စသည် ကျေးဇူးဂုဏ်အထူးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းပြုလာကြသော သာဝကအပေါင်းတို့တွင် 'ရှင်ပိဏ္ဍောလ'၏အကြောင်းကား ဤကမ္ဘာမှပြန်၍ရေသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသောကာလ ဤပိဏ္ဍောလ၏အလောင်းသည် ဟိမဝန္တာတော၏အနီး တောင်ကြီးတစ်ခုကို အမှီပြု၍နေသော ကေသရရာဇာ ခြင်္သေ့မင်း၏အမျိုး၌ ဖြစ်၏။

တစ်ရံသောအခါ မြတ်စွာဘုရားသည် 'ပစ္ဆိမသ သမယ'၌ ကျွတ်ထိုက်သော ဝေနေယျကို ရှုတော်မူလတ်သော် ဉာဏ်တော်ကွန်ရက်၏အတွင်းသို့ ဝင်လာသော ကေသရရာဇာခြင်္သေ့၏ ဟေတုသမ္ပတ္တိကိုမြင်၍ 'ခြင်္သေ့အား ယနေ့ ငါ ဘုရားသွား၍ တရားရေချမ်းဖြင့် ဆွတ်ဖျန်းတော်မူအံ့' ဟု ကြံလျက်၊ ဟံသာဝတီပြည်ခွင်သို့ ဆွမ်းခံဝင်တော်မူပြီးလျှင် အစဉ်သဖြင့် ကြွလာ၍ နံ့သာတော၌ ဆွမ်းဘုဉ်းပေးပြီးမှ၊ ညချမ်းသောအခါဝယ် ခြင်္သေ့နေရာ ရတနာ ရွှေဂူသို့ဝင်၍ ကောင်းကင်ပြင်၌ ပလ္လင်ဖွဲ့ခွေလျက် နိရောဓသမာပတ်ကို ဝင်စား၍နေတော်မူလင့်၏။

ခြင်္သေ့မင်းလည်း အစာရှာသွားရာမှ ပြန်လာသော် ရတနာဂူတွင် ကောင်းကင်ပြင်၌ ပလ္လင်ဖွဲ့ခွေနေတော်မူသော ဘုရားသခင်ကိုမြင်လျှင် ကြည်ရွှင်ဝမ်းသာသောစိတ်ရှိလျက် 'ဟုတ်ဟုတ်ငြားငြား တစ်ပါးသောသတ္တဝါသည် ငါ၏နေရာ ဂူခွင်သို့မဝင်ဝံ့, မနေဝံ့ရာ။ ယနေ့လာသော ယောကျ်ားမြတ်ကား အခင်းတည်ရာ မရှိ။ ပကတိဟင်းလင်းအပြင်၌ပင် ပလ္လင်ဖွဲ့ခွေ၍ နေနိုင်စွမ်းပေသည်။ အညို, အရွှေ, အနီ, အဖြူ, အမောင်း, အနက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်အဝန်းဖြင့် တထိန်ထိန်တောက်ထွန်းလျက် နေဝန်းတစ်ထောင် ထွက်သကဲ့သို့ ရှိပေသည်။ ဤသို့သော 'အစ္ဆရိယပုရိသ'ကို ဤလောကတွင် တစ်ခါမျှပင် ငါ မမြင်စဘူး။ ထူးမြတ်သော ဤယောကျ်ားကား အာဇာနည်လေးပါးတွင် အထွတ်အထိပ်ထားအပ်သော ယောကျ်ားမြတ်ဇာနေယျ 'အနုတ္တရပုဂ္ဂိုလ်' ဖြစ်ရာသည်။ ဤသူမြတ်အား အစွမ်းရှိသမျှ ပူဇော်ရမူ ကောင်းကျိုးများစွာ ဖြစ်ရာလတ္တံ့'ဟု ကြံ၍၊ မြိုင်ယံတစ်ဝန်း၌ရှိသော ရေပန်း, ကြာပန်းတို့ကို ဆောင်၍ ညောင်စောင်းအလို့ငှာ ဖွဲ့နေတော်မူရာ ထက်ဝယ်ခိုက်အောင် ခင်းပေး၏။ ညဉ့်သုံးယံပတ်လုံးလည်း မအိပ်စက်ဘဲ ဘုရားသခင်ကို ဖူးမြင်လျက်သာ နေ၏။ မိုးသောက်သောအခါလည်း ညှိုးလေပြီးသောပန်းတို့ကို စွန့်ပစ်၍ အသစ်သော ပန်းနေရာကို ရှေးအတူသာ ခင်းပေ၏။

ဤသို့သောနည်းအားဖြင့် ခုနစ်ရက်ပတ်လုံးပူဇော်၍ ဂူဝ၌သာ အခါမပြတ် စောင့်နေ၏။ ခုနစ်ရက်မြောက်သောအခါ မြတ်စွာဘုရားလည်း သမာပတ်မှ ထတော်မူ၍ ခြင်္သေ့မင်းအား သင့်တင့်သောတရားစကားဖြင့် ဟောကြားဆုံးမတော်မူပြီးသော် ရောင်ခြည်တော် ခြောက်ဆိုင်ကို တစ်ပြိုင်တည်းလွှတ်တော်မူလျက် လက်ယာရစ် သုံးပတ်လည်၍ပူဇော်သော ခြင်္သေ့



www.burmeseclassic.com

www.burmeseclassic.com



မင်းအား လက်ယာလက်ဖြင့် သုံးသပ်ပြီး၍ ကောင်းကင်ခရီးဖြင့်သာ စံနေရာကျောင်းတော်သို့ ပြန်လာ၏။

ခြသေ့်မင်းလည်း 'တွေ့ခဲလှစွာသော အစ္စရိယပုဂ္ဂိုလ်ကိုတွေ့ရလျက် နှစ်သက်ဝမ်းသာ ရှည်မြင့်စွာမှ ငါ မလုပ်ကျွေးရပါ' ဟု လွန်စွာသောစိုးရိမ်ခြင်း ဖြစ်ပွားလျက် ဘုရားရှင်နှင့် ကွေကွင်းရခြင်းဟူသော ဒုက္ခသည် နှိပ်စက်၍ အသက်အဆုံးတိုင်လေသော်၊ ဟံသာဝတီပြည်ဝယ် ဥစ္စာ နှစ်ဆယ့်လေးကုဋေ ကြွယ်ဝသော၊ မဟာသာလအမျိုး၌ ပဋိသန္ဓေနေရ၍၊ အရွယ် ရောက်သောကာလ ဘုရားအထံ၌ နိယံမပြတ် ဆည်းကပ်ကုန်သော ဥပါသကာတို့နှင့် ပေါင်းမိ၍ ကျောင်းတော်သို့သွားပြီးလျှင် တရားတော်ကိုနာ၍ ဥပါသကာအဖြစ်ကို ယူ၏။ ဘုရား အမှူးရှိသော သံဃာတော်တို့အား လေးပါးသောပစ္စည်းဖြင့် ဖိတ်မန်၍ နိယံမပြတ် ဒါန, သီလကို အားထုတ်၍ "နောင် ဗုဒ္ဓုပ္ပါဒဝယ် သာဝကပါရမီဉာဏ်ကို လျှင်မြန်ထုတ်ချောက် ရောက်ရပါ လိုသော"ဟု ဆုတောင်း၏။

ပဒုမုတ္တရဘုရားလည်း နောင်အလားကို မြင်တော်မူ၍ "သင်သည် ယခုပြုစု ဆည်း ပူးအပ်သောပုညကြောင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယဂတိသို့ မကပ်ဘဲ လူ့ရပ်, နတ်ပြည်၌သာ ကျင်လည်ကာဖြစ်ရ၍ ဤကမ္ဘာမှ နောက် ရစ်ခုမြောက်သောကမ္ဘာ၌ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော လေးကျွန်းသနင်း စကြာမင်းသည် ခြောက်ဆယ့်လေးကြိမ် ဖြစ်လတ္တံ့။ ထို့နောက် ရှည်ကြာသံသရာ၌ လူ့ရွာ, နတ်ရပ် ဗြဟ္မာ့ဇာတ်၌ ကြီးမြတ်သောမင်း၏စည်းစိမ် ကိုခံစား၍ ဘုရားဂေါတမ ပွင့်တော်မူသောအခါ 'ဘာရဒွါဇ'အမည်ရှိသော 'ဣန္ဒြိယမင္တ'သာဝကကြီး ဖြစ်လတ္တံ့." ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုအခါမှစ၍ ပိဏ္ဍောလ၏အလောင်းဖြစ်သော သူကြွယ်လည်း ကြီးကျယ်စွာ ဒါန, သီလကိုအားထုတ်လျက် အသက်အတိုင်းနေ၍ စုတေလေသော် ဘုရားဗျာဒိတ်တော်အတိုင်း လူ, နတ်, ဗြဟ္မာ ဘုံသုံးရွာ၌ ချမ်းသာကိုခံစားလျက် ငါတို့ဘုရား ထင်ရှားပွင့်ချိန်နီးသော အခါ ရာဇဂြိုဟ်ပြည်ဝယ် ဥစ္စာကြွယ်ဝသော ဗြာဟ္မဏ မဟာသာလအမျိုး၌ ဖြစ်လာ၍ 'ဘာရဒွါဇ' ဟူသောအမည်ကို မှည့်၏။ အရွယ်သို့ရောက်သောအခါ ဣတိဟာသ,ကေဋုဘကျမ်းတို့နှင့် တကွသော ဗေဒင်သုံးပုံတို့၏ ကမ်းတစ်ဘက်သို့ရောက်၍ ငါးရာမျှလောက်သော ပုဏ္ဏား လုလင်တို့ကို သွန်သင်ပြသလျက်နေ၏။

ရာဇဂြိုဟ်ပြည်၌ မင်း, အမတ်, သူဌေး, သူကြွယ်တို့ဝယ် ကြီးကျယ်သောမင်္ဂလာကိစ္စ ရှိ၍ ဗြာဟ္မဏဘတ်အလို့ငှာ ဖိတ်မန်လာသည်ရှိသော် ထို ဘာရဒွါဇသည် အကြီး မိဘအရာ၌ တည်သူဖြစ်သောကြောင့် ခပ်သိမ်းသောသူတို့၏အလို့ငှာ ဆောင်လာသောထမင်းကို မိမိသာ လျှင် ဦးစွာခံယူ၍ ဝေဖန်၏။ အတန်ငယ် လျှပ်ပေါ်သောသဘော ရှိရကား မိမိသာ သူတကာ ထက် လွန်၍လည်း ယူလေ့ရှိ၏။ "ယာဂု အဘယ်မှာနည်း", "ခဲဖွယ် အဘယ်မှာနည်း" စသည်ဖြင့် မေးရှာလေ့လည်း ရှိ၏။ ထို့ကြောင့် 'ပိဏ္ဍောလ ဘာရဒွါဇ' ဟူသော အမည်သည် ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထို ပိဏ္ဍောလ ဘာရဒွါဇပုဏ္ဏားသည် ဘုရားသခင် ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူသော အခါ ဉပါသကာတို့နှင့်တကွ ဘုရားကျောင်းတော်သို့ လိုက်လာ၍ မြတ်စွာဘုရား ဟောကြားသော တရားတော်ကိုနာရလျှင် အားကြီးစွာသော သဒ္ဓါတရားသည်ဖြစ်၍ "အနှစ်မရှိသော ဤ ဗေဒင်ကိုမှီ၍ အသက်မွေးသဖြင့် အဘယ်အကျိုး နပ်အံ့နည်း။ မြတ်လှစွာသောတရားကို ကျင့်ရအောင် သာသနာ၌ ငါ ရဟန်းပြု၍ မကြာမြင့်ပင် ဝိပဿနာကို လွန်စွာအားထုတ်၍ ဝိမုတ္တိသုခကို မျက်မှောက်ပြုရသော ပဋိသမ္ဘိဒါပတ္တ ဆဠဘိညရဟန္တာ ဖြစ်သတည်း။

ယင်းသို့ အရဟတ္တဖိုလ်သို့ ရောက်သည်မှစ၍ သံကောက်တစ်ခုကိုကိုင်ပြီးလျှင် "အကြင်သူသည် မဂ်တရား, ဖိုလ်တရားတို့၌ ယုံမှားသံသယ ရှိသည်ဖြစ်အံ့။ ထိုသူကား ငါ့အား မေးလာဘိလော့"ဟု ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောအသံကိုပြုလျက် တစ်ခုသောပရိဝုဏ်မှသည် တစ်ခုသောပရိဝုဏ်သို့, တစ်ကျောင်းမှသည် တစ်ကျောင်းသို့ လှည့်လည်၏။ တစ်ရံတစ်ခါ မြတ်စွာဘုရား၏ရှေ့တော်၌ နေ၍လည်း "ဤသာသနာတော်တွင် အကြင်ရဟန်းသည် မကုန်ခန်းသော ပြုဖွယ်ကိစ္စ ရှိသည်ဖြစ်အံ့။ ထိုရဟန်းအား ကုန်ခန်းပြီးငြိမ်းအောင် ယခုပင် ငါ ပြုအံ့"ဟု ကြုံးဝါးလေ့ရှိ၏။

ထိုအကြောင်းကြောင့် ဤပိဏ္ဍောလကို သာဝကတို့အား အသီးအသီး အရာထားသော အခါ–

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ သီဟနာဒိကာနံ ဘိက္ခူနံ ယဒိဒံ ပိဏ္ဍောလဘာရဒွါဇော'ဟု 'သီဟနာဒိက' ဧတဒဂ်အရာ၌ ထားတော်မူသည်။

[အနက်ကား လွယ်၏။ ဤပိဏ္ဍောလထေရ်၏ တန်ခိုးဝိသေသကို အထက်မှာမှ ထင်စွာပြလတ္တံ့။]

ဤကား အရှင် ပိဏ္ဍောလဘာရဒွါဇ၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၃၆။ ရှင်မဟာကစ္စည်းမထေရ်၏ ရှေးအကြောင်းကို ပြခြင်း

ရှင်မဟာကစ္စည်းမထေရ်၏ အကြောင်းကား ပဒုမုတ္တရဘုရား ထင်ရှားဖြစ်တော်မူသော အခါ ရှင်မဟာကစ္စည်းထေရ်၏အလောင်းသည် ဟံသာဝတီပြည်ဝယ် အသည်သူကြွယ်၏အမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်သောအခါ မြတ်စွာဘုရားအထံသို့ ဆည်းကပ်၍ မပြတ် တရားတော်ကို နာ၏။

တစ်ရံသောကာလ ရုပတင့်တယ် သပ္ပာယ်လှသော ရဟန်းတစ်ပါးသည် ကွန့်မြူးကျယ် ဝန်း ထိုးထွင်းသိမြင်နိုင်သော ပဋိဘာန်ရှိသည်ဖြစ်၍ ရှင်ချစ်ဘုရား ဟောကြားတော်မူအပ်သော



www.burmeseclassic.com

www.burmeseclassic.com



သခင်ပဒေသနာကို အထူးထူးသောနည်းနာဖြင့် ဆန်းကြယ်စွာဖွင့်လှစ်၍ တပည့်တို့အား သင်ကြားပြသသဖြင့် ပဒုမုတ္တရာဘုရား ကြားသိတော်မူသော် သံဃာတော်၏အစည်းအဝေး၌ ထိုရဟန်းအား များစွာချီးမွမ်းလျက် ဧတဒဂ်အရာ၌ ထားတော်မူသည်ကိုမြင်လျှင်၊ ဤအရှင်ကဲ့သို့ ဖြစ်ချင်သောအာသာသည် လွန်စွာရှိလတ်ရကား မိမိအိမ်သို့သွား၍ များစွာသော အလှူဝတ္ထုတို့ကို ပြုပြင်စီရင်ပြီးလျှင် ဘုရားသခင်နှင့်တကွသော သံဃာတော်အပေါင်းတို့အား ဆွမ်း, အဖျော်တို့ဖြင့် လုပ်ကျွေး၍၊ တရားတော်ကို ကြားနာပြီးသော် ဘုရားကိုယ်တော်မြတ်ကျိန်းဝပ်တော်မူရန်အလို့ငှာ ရတနာခုနစ်ပါးတို့ဖြင့် ခြယ်လှယ်အပ်သော ရွှေသလွန်ညောင်စောင်းကို လည်းကောင်း၊ ကောင်းစွာကြက်အပ်သော ကွန်ရက်ဗိတာန် နှင့်တကွသော ရတနာထီး, ရတနာ သားမြီးယပ်တို့ကို လည်းကောင်း ကောင်းစွာ ပေးလှူပူဇော်ပေ၏။ ထိုသို့ပူဇော်ပြီးမှ ဘုရားရှင်ခြေတော်ရင်း၌ ဝပ်လျက် "အကျွန်ုပ်သည် အားထုတ်၍ပြုသော ဤဒါနစေတနာကြောင့် လူချမ်းသာ, နတ်ချမ်းသာတို့ထက် ကဲလွန်မြတ်သော အရဟတ္တဖိုလ်ချမ်းသာကို ယမန်နေ့က ဧတဒဂ်ရသော ရဟန္တာကဲ့သို့ နောင်ဘုရားတို့၏သာသနာ၌ ဌာနန္တရသို့ရောက်၍ မျက်မှောက်စံရပါလိုသော"ဟု ဆုတောင်း၏။

ဘုရားသခင်လည်း ပြည့်စုံအံ့သောအကြောင်းကို မြင်တော်မူ၍ "ဒါယကာ။ သင်သည် ယခုပြုရသောဒါနကြောင့် သုံးဆယ်မျှလောက်သော အာယုကပ်ပတ်လုံး သုံးကူဋေခြောက်သန်းသော နတ်သမီး, နတ်သားတို့ဖြင့် ခစားဝန်းရံလျက် စိုးစံပျော်ပါးရသော သိကြားမင်းအဖြစ်သည် ဖြစ်လတ္တံ့။ ထိုအခါ ထက်ဝန်းကျင် ယူဇနာတစ်ရာမျှလောက်သော အရပ်၌ နံ့စပ်ထွန်းပသော ကိုယ်ရောင်သည် ဖြစ်လတ္တံ့။ ထိုမှသည် လူ့ပြည်သို့သက်လာသော် စကြဝဠာတိုက်အလုံးကို လွှမ်းဖုံးအုပ်မိုး၍ အစိုးပိုင်သော ကိုယ်မှအရောင် ရှစ်တောင်သောအရပ်၌ မပြတ်ထွန်းပသော 'ပဘဿရ'အမည်ရှိသော စကြာမင်းသည် ဖြစ်လတ္တံ့။ ထို့နောက် မပြတ်လူ့ရပ် နတ်ရွာ လှည့်လည်ကာလျှင် ချမ်းသာငါးပါးကို ခံစားသုံးဆောင် ရလတ္တံ့။ ဤကမ္ဘာမှနောက် တစ်သိန်းမြောက်ကျသော ဘဒ္ဒကမ္ဘာ၌ ဥက္ကာကရာဇ် နွယ်မြစ်တော်ရှိး မင်းအမျိုးမှ ဂေါတမအမည်ရှိသော ဘုရား ထင်ရှားဖြစ်တော်မူသောအခါ 'မဟာကစ္စာယန'ဟူသောအမည်ဖြင့် ဧတဒဂ်ရ သာဝကကြီး ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုအခါမှစ၍ သူကြွယ်လည်း စင်ကြယ်သန့်ရှင်းသော အသက်မွေးခြင်းဖြင့်သာ အသက်မွေး၍ ဒါန, သီလ, ဘာဝနာကို လွန်စွာအားထုတ်လျက် အသက်အတိုင်းနေ၍ စုတေခဲ့သော် ဘုရားဗျာဒိတ်တော်အတိုင်း လူနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားကာလာခဲ့၍ ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗာရာဏသီပြည်ဝယ် ကြွယ်ဝကုံထံသော သူဌေးအမျိုး၌ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တစ်သိန်းတို့အား [illegible]ဝရိတ်သင်္ကန်းဖြင့် လှူဒါန်းပူဇော်၏။

ဘုရားသခင် ပရိနိဗ္ဗာန်စံသောကာလ သရီရဓာတ်တော်တို့ကို စေတီတည်၍ ကိုးကွယ်ကြသောအခါလည်း အသပြာတစ်သိန်းထိုက်သော ရွှေအုတ်တို့ဖြင့် စီလုပ်ပူဇော်လျက် "ဤ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုအကျိုးဆက်ကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ ဇမ္ဗူနဒ ရွှေစင်ကဲ့သို့ မြင်၍ မရောင့်ရဲ လွန်ကဲသောအဆင်းနှင့် ပြည့်စုံသည်ဖြစ်စေသော"ဟု ဆုတောင်း၍ ထိုဘဝမှသည် တစ်ဖြစ်နှင့် တစ်ဖြစ်အကြား ကာလပတ်လုံး လူ့ရပ်နတ်ရွာ၌သာ လူးလာစံစားလျက် ငါ ဘုရား ပွင့်ချိန်နီးသောအခါ အဝန္တီတိုင်း ဥဇ္ဇေနီပြည်၌ စဏ္ဍပဇ္ဇောတမင်းကြီး၏ မိတ်ဖြစ်သော ပုရောဟိတ်ပုဏ္ဏား၏အိမ်၌ ပဋိသန္ဓေ နေလာ၏။ ဖွားသောကာလ ထွန်းသစ်သော ဇမ္ဗူရာဇ်ရွှေ၏ အရောင်အဝါကဲ့သို့ လွန်စွာထွန်းပသော ကိုယ်ရောင်ရှိရကား 'ငါတို့သားသည် မိမိအမည်ကို မိမိဆောင်၍ပင် လာသည်'ဟု အမည်မှည့်သောအခါ 'ကဉ္စန'သတို့သား ဟူသောအမည်ကို မှည့်၏။ အရွယ်သို့ရောက်သောအခါ သိက္ခာ, နိရုတ္တိ, အဘိဓာန, ကေဋုဘကျမ်းတို့နှင့်တကွ သော ဗေဒင်သုံးပုံကို အာဂုံဆောင်စွမ်းလျက် ကမ်းတစ်ဘက်ရောက် တတ်မြောက်လိမ္မာသဖြင့် အဖ လွန်သောအခါ ပုရောဟိတ်အရာကို ရသတည်း။ ထိုအခါ အနွယ်မှလာသောနာမဖြင့် 'ကစ္စာယန' ဟူသောအမည်သည် ဖြစ်၏။

တစ်ရံသောအခါ ရာဇဂြိုဟ်ပြည်သား ကုန်သည်များတို့သည် ဥဇ္ဇေနီပြည်သို့သွား၍ ဖောက်ကားရောင်းဝယ်ကြရာ ရာဇဂြိုဟ်ပြည်၌ ဘုရားရှိတော်မူကြောင်း လူ, နတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူကြောင်း၊ မင်းနှင့်တကွသော ပြည်သူများစွာတို့ သောတာ ပန်အဖြစ်သို့ရောက်ကြောင်း သတင်းစကားများကို ပြောကြားသဖြင့် စဏ္ဍပဇ္ဇောတမင်း ကြားသိလေသော် မှူးတော်မတ်တော် အပေါင်းတို့ကို စည်းဝေးစေ၍ ဤသို့ တိုင်ပင်တော်မူ၏။ "အချင်းတို့။ ဤလောကဓာတ်အတွင်း၌ သတင်းစကားကို ကြားရရုံမျှလည်း အတိဒုလ္လဘ ကြုံခဲလှသော လောကစက္ခု သဗ္ဗညုမိပတိ မုနိအစစ် ဓမ္မရာဇ်ဘုရား ဖြစ်ကြောင်းများကို ယခု ကြားသိရချေပြီ။ ထိုဘုရားကို ငါတို့တိုင်းပြည်သို့ ရောက်အောင် သွား၍ ပင့်ဆောင်ကြရမည်။ သည်အရာဝယ် ဘယ်သူသွားသဖြင့် အခွင့်လျော်တုံအံ့နည်း"ဟု မေးတော်မူလျှင်၊ "အရှင်မင်း ကြီး။ ပညာရှိသော ပုဂ္ဂိုလ်တို့၏အထံ၌ ပညာရှိသောပရိသတ်တို့သာ တန့်ရပ်နိုင်ပါသည်။ ဘုန်းအာနုဘော်ရှိသော ပုဂ္ဂိုလ်တို့၏အထံ၌ ဘုန်းကံရှိသော ပရိသတ်သာ ဝန်းပတ်ခြံရံနိုင်ပါသည်။ ယင်းသို့ဖြစ်ရကား, အားတော် ဆယ်တန်, ဉာဏ်တော် ဆယ်စုံ, ဂုဏ်တော်အစိန္တေယျ ဖြစ်တော်မူသော မြတ်စွာဘုရားအား ကျွန်ုပ်တို့ဆရာ ကစ္စာယန ပုရောဟိတ်မှတစ်ပါး သွား၍ ပင့်ခေါ်ရာ၌ လျော်ကန်သူ မရှိပြီ"ဟု ဆိုကြ၏။

စဏ္ဍပဇ္ဇောတမင်းလည်း ထိုအရေးကို နှစ်သက်တော်မူ၍ ပုရောဟိတ်ပုဏ္ဏားအား "ဆရာ သွား၍ ဘုရားရှင်ကို ပင့်ဆောင်ချေ"ဟု စေ၏။ ကစ္စာယနပုဏ္ဏားလည်း "အကျွန်ုပ် ရဟန်း ပြုရပါမူ ပင့်ဆောင်နိုင်ရာ၏"ဟု ဆိုပေသော်၊ "သင် အလိုရှိတိုင်းပင် ပြုလေ။ ဘုရားသခင် ကိုသာ ပါအောင်ပင့်လော့"ဟု အခွင့်ပေးတော်မူ၏။

ထိုအခါ ဆရာပုဏ္ဏားလည်း ရေးခြားလိမ္မာ ပညာကြီးကျယ်သော ပုဏ္ဏားခုနစ်ယောက်ကို ခေါ်၍ ဘုရားနေတော်မူရာ ရာဇဂြိုဟ်ပြည်သို့ လာခဲ့၏။

ကျောင်းတော်သို့ရောက်သောအခါ မြတ်စွာဘုရားသည်လည်း ပရိသတ်လေးပါးတို့အား တရားဟောပြတော်မူခိုက်နှင့် ကြုံသဖြင့် ပရိသတ်အစွန်ကနေ၍ တရားတော်ကိုနာလေသော်



www.burmeseclassic.com

www.burmeseclassic.com



ဒေသနာတော်၏အဆုံး၌ အလုံးစုံသော ပုဏ္ဏားရှစ်ဦးတို့သည် ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်ကိုရ၍ 'ဧဟိဘိက္ခု' ခေါ်တော်မူလျှင် လူ့ဝတ်လူစားဆံမုတ်ဆိတ်တို့သည် ကွယ်ပ၍ ဣဒ္ဓိမယ ပတ္တစီဝရဖြင့် ဝဿသဋ္ဌိက ဝါတော်ခြောက်ဆယ်ရ မထေရ်ကဲ့သို့ ရဟန္တာ ဖြစ်လေကုန်သတည်း။

မဟာကစ္စာယန မထေရ်လည်း မိမိ၏ကိစ္စ ပြီးမြောက်သော် တုဏှီဘောဖြင့်သာ မနေမူ၍ ကာဠုဒါယီ မထေရ်ကျော်သည် ပင့်ခေါ်သောအလားကဲ့သို့ ဘုရားသခင်ကို ဥဇ္ဇေနီပြည်ခွင်သို့ ကြွစေချင်သော အခြင်းအရာဖြင့် ကာလ, သမယ, ဒေသခရီးကို ချီးမွမ်း၍ နားတော်လျှောက်၏။

ဘုရားမြတ်စွာလည်း အခြင်းအရာကို သိတော်မူလျက် ငဲ့ကွက်အပ်သော အကြောင်း တစ်ပါးရှိမူ ဘုရားတို့မည်မှတာသည် ကြွရာကြွခွင့် သင့်လေငြားလည်း ကြွသွားမြဲ မဟုတ်ရကား "ချစ်သား ကစ္စာယန။ သင်တို့သာလျှင် ရှေးဦးစွာ ဥဇ္ဇေနီပြည်သို့သွား၍ ဇုဒ္ဓပ္ပဇ္ဇောတကို ကြား ကြလေဦးလော့။ သင့်တင့်သောအခါမှ ငါ ကြွတော်မူအံ့"ဟု မိန့်တော်မူ၏။

ထိုအခါ မဟာကစ္စည်းထေရ်လည်း မိမိနှင့်အတူလာသော ရဟန္တာခုနစ်ဦးနှင့်တကွ ကောင်းကင်ခရီးဖြင့် ကြွလေ၍ 'တေလပနာဠိ'အမည်ရှိသော ခရီးအကြား နိဂုံးသို့ရောက်လျှင် ဝင်၍ ဆွမ်းရပ်တော်မူ၏။

ထိုနိဂုံး၌ နှစ်ဦးသော သူဌေးသမီးတို့သည် ရှိကုန်၏။ ထိုနှစ်ဦးတို့တွင် တစ်ယောက်ကား ပျက်ပြားသောစည်းစိမ်ဥစ္စာလည်း ရှိ၏။ အမိအဖတို့ လွန်လေသဖြင့် အထိန်းမိန်းမကို မှီ၍သာ ဆင်းရဲစွာ အသက်မွေးရ၏။ ထိုသတို့သမီးကား အပြင်အလျာလည်း လွန်စွာလှပ၏။ ရှည်သွယ်ကောင်းမြတ်သော ဆံရှိရကား 'ဒီဃကေသာ'ဟု အမည်ရှိ၏။

တစ်ယောက်သောသတို့သမီးကား ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ချမ်းသာရှိ၏။ မိဘ ဆွေမျိုးတို့နှင့်လည်း ပြည့်စုံ၏။ အဆင်းပြင်လျာကား သင့်ရုံသာ ဖြစ်၏။ ဆံပင်လည်း မရှိ၍ 'နိကေသီ' အမည်ရှိ၏။

ထို နိကေသီသည် ရှေးသောအခါက ဒီဃကေသာ၏အထံ၌ "ဆံကိုဖြတ်၍ ရောင်းပါ" ဟု အသပြာ တစ်ရာလည်းကောင်း, တစ်ထောင် လည်းကောင်း ပေး၍ အကြိမ်ကြိမ်တောင်း သော်လည်း မရောင်း၍ မရချေ။

ထိုနေ့၌ကား မထေရ်ရှစ်ပါးတို့သည် နိကေသီ၏အထံ၌ ဆွမ်းခံ၍မရသဖြင့် အိမ်စဉ် အတိုင်းကြွ၍ ဒီဃကေသာ၏အထံသို့ ရောက်လေလျှင် "အရှင်ဘုရားတို့။ အကျွန်ုပ်အား သနားတော်မူသဖြင့် ဆွမ်းအလှူကို ခံတော်မူပါ။ ဤအိမ်ထက်သို့ တက်၍ ဆိုင်းတော်မူပါ"ဟု လျှောက်ထား၍၊ မထေရ်တို့ တက်နေပြီးသော်၊ အထိန်းမိန်းမကို ခေါ်၍ ဦးခေါင်းမှဆံတို့ကို ဖြတ်စေပြီးလျှင် "မိခင်။ အကျွန်ုပ်တို့မှာ အလှူကောင်းမှုပြုလုပ်ရန် ဥစ္စာလည်း မရှိပြီ။ ဤဆံ တို့ကိုယူ၍ 'နိကေသီ'အမည်ရှိသော သူဌေးသမီးအထံ ရောင်းချချေ။ ရခဲ့သမျှသော အသပြာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဤမဟာထေရ်တို့ကို ဆွမ်းလုပ်ကျွေးအံ့”ဟု ဆို၏။ ထိုအထိန်းမလည်း ‘ရှေးက ကြီးကျယ်စွာ ဥစ္စာစည်းစိမ်၏ အရှင်ဖြစ်လျက် သို့စင်မှု ဆင်းရဲရချေသည်’ ဟု လွန်စွာသနားခြင်း ဖြစ်လျက် မျက်ရည်တို့ကိုသုတ်၍ ဆံပင်ကိုထုပ်ပြီးလျှင် နိကေသီအထံသို့ သွား၍ရောင်းလေ၏။

ထိုအခါ နိကေသီလည်း “ရှေး ငါတောင်းစဉ်အခါက မပေး, မရောင်း။ ယခုမှ ရောင်းလာသည်။ ကုန်တို့၏သဘောသည် ဝယ်သူကရှာရမှု လွန်စွာ အဖိုးကောင်း၏။ ရောင်းသူကလာမူ အဖိုးယုတ်ရာသည်။ ထို့ကြောင့် ဤဆံသည် ဤမျှသာ တန်၏”ဟု ဆို၍ ရှစ်အသပြာသောငွေကို ပေးလိုက်၏။ အထိန်းမိန်းမလည်း ပေးလိုက်သမျှသော အသပြာတို့ကိုဆောင်၍ ဒီဃကေသာအား အပ်နှင်းလျှင်၊ ချက်ချင်းပင် ဘောဇဉ်ခဲဖွယ်တို့ကို ဝယ်ယူပြုပြင်လျက် အရှင်မြတ်ရှစ်ပါးတို့အား လှူဒါန်းလုပ်ကျွေးစေ၏။

မဟာကစ္စည်းထေရ်မြတ်လည်း အတိတ်, အနာဂတ်ကိုဆင်ခြင်သော် ယခင်က ဒီဃကေသာ၏ ကြီးစွာသောဥပနိဿယကို မြင်တော်မူသဖြင့် ဆွမ်းဘောဇဉ် ဘုဉ်းပေးပြီးသော် “သူဌေးသမီးဖြစ်သော ဒါယိကာမသည် အဘယ်မှာနည်း” ဟုမေး၍ အထိန်းမိန်းမက တိုက်ခန်းတွင် ရှိပါကြောင်းကို လျှောက်လျှင်၊ “ယခုပင် လာစေလော့”ဟု မိန့်တော်မူ၏။

ဒီဃကေသာလည်း မဟာထေရ်မြတ်တို့အား တုံ့ဝပ်ရှိသေခြင်းဖြင့် ချက်ချင်းပင် ထွက်လာ၍ မဟာကစ္စည်းထေရ်အား ဖူးမြင်သော် အတိုင်းထက်အလွန်ပင် ကြည်လင်သောသဒ္ဓါတရားသည် ဖြစ်ပွားတိုးတက်ပြန်၍ “အကျွန်ုပ်ပြုရသော ဤပူညကို မျက်မှောက်ဘဝပင် စံရပါလိုသော”ဟု ဆုတောင်း၏။

မထေရ်ရှစ်ပါးလည်း တရားအနုမောဒနာ ပြုတော်မူ၍ ထိုသူတို့မြင်စဉ်ပင် ကောင်းကင်ခရီးဖြင့် ကြွတော်မူလေ၏။ ဒီဃကေသာလည်း သဒ္ဓါဗလဝဖြင့် ပူဇော်လိုက်သောခဏပင် ဖြတ်သမျှသောဆံပင်တို့သည် ပြကတေ့ ပြန်ဖြစ်သတည်း။

မထေရ်ရှစ်ပါးတို့လည်း ကောင်းကင်ခရီးဖြင့် ကြွသွားလေ၍ ဥဇ္ဇေနီပြည်သို့ရောက်လျှင် ကဉ္စနအမည်ရှိသော မင်းကြီး၏ဥယျာဉ်၌ သက်လေ၏။ ဥယျာဉ်စောင့်ယောကျ်ားမြင်လျှင် ပြည့်ရှင်မင်းကြီးအထံသို့ သွား၍ ‘အရှင်မင်းတရား၏ဆရာ ကစ္စာယနပုဏ္ဏားသည် ရဟန်းပြု၍ ယခုရောက်လာသဖြင့် ဥယျာဉ်၌ရှိကြောင်း’ကို လျှောက်တင်၏။

စဏ္ဍပဇ္ဇောတမင်းတရားလည်း အားရဝမ်းသာ များစွာသောမှူးမတ်အပေါင်း ဝန်းရံလျက် ဥယျာဉ်သို့ထွက်လာ၍ ဝမ်းမြောက်ဝမ်းသာ ပြောဟောပြီးလျှင် “အရှင်ဘုရား။ ယခု ဘုရားမြတ်စွာ အဘယ်မှာနည်း”ဟု မေးသော်၊ “ဒကာတော်မင်းကြီး။ ဘုရားမြတ်စွာသည် ငါတို့ပြည်ရွာသို့ ကြွလာတော် မမူလိုသေး။ ရှေးဦးစွာ ငါတို့ကို လွှတ်လိုက်၍ လာရချေသည်” ဟု ကြားလျှင်၊ “ဘုရားသခင် ဟောတော်မူအပ်သော တရားကို အကျွန်ုပ်အား ဟောတော်မူပါလော့”ဟု တောင်းပန်၍ အတန်ငယ်သောတရားစကားတို့ကို ဟောကြားပြသပေ၏။

ထို့နောက် စဏ္ဍပဇ္ဇောတမင်းကြီးလည်း “အရှင်ဘုရား။ ယနေ့ ရာဇဂြိုဟ်ပြည်မှလာသော် အဘယ်မှာ ဆွမ်းဘုဉ်းပေးရသနည်း” ဟုမေး၍၊ သူဌေးသမီးနှစ်ဦးတို့၏ အခြင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



ကို စေ့စုံစွာ ပြောတော်မူလျှင် ပြည့်ရှင်မင်းကြီးသည်လည်း ရင်းနှီးခဲ့ဖူးသော ကံဟောင်းပါသူဖြစ်၍ ဒီဃကေသာဒ္ဓ လွန်စွာတိမ်းညွတ်ခြင်းရှိရကား မထေရ်ရှစ်ပါးတို့၏နေရာကို ကောင်းစွာစီမံပြီးလျှင် နန်းတော်သို့ပြန်လာခဲ့၍ နက်ဖြန်နံနက်ပင် တေလပနာဋိ နိဂုံး၌နေသော သူဌေးသမီး ဒီဃကေသာကိုဆောင်စေ၍ အဂ္ဂမဟေသီအရာ၌ ထားပေ၏။ ဒီဃကေသာလည်း ပတ္တနာလိုက်သောအတိုင်း မျက်မှောက်သောဘဝ၌ပင် ကြီးကျယ်မြင့်မြတ်လှသော မင်းမိဖုရား၏ စည်းစိမ်ကို ခံရလေ၏။

မိဖုရားဖြစ်၍ မကြာမြင့်မီပင် ဒီဃကေသာ၌ အဆင်းအဝါနှင့်ပြည့်စုံသော သားကို ရ၍၊ အဘိုးဖြစ်သော သူဌေး၏နာမဖြင့် 'ဂေါပါလ'မင်းသား ဟူသောအမည်ကို မှည့်၏။

မိဖုရားလည်း အရှင်ကစ္စည်းထေရ်၌ အလွန်ကြည်ညိုရကား မင်းကြီးအား ပန်ကြား၍ ကဥ္စနဥယျာဉ်၌ အရှင်မြတ်နေရန်ဟု ကျောင်းအာရာမ်ကြီးကျယ်စွာ ဆောက်လုပ်လှူဒါန်း၏။ အရှင်မြတ်လည်း ဥဇ္ဇေနီပြည်အရပ်၌ နေကုန်သောလူအပေါင်းတို့အား တရားဟောပြ၍ အလွန်သော သဒ္ဓါပသန္နကိုဖြစ်စေလျက် ရဟန်းပြုလိုသော မိန်းမ, ယောကျ်ားအားလည်း များစွာ ရဟန်းပြုပေးတော်မူ၏။ ယင်းသို့ ဥဇ္ဇေနီပြည်အလုံးကို ညွတ်ရုံးကြည်ညိုစေပြီးမှ ရှင်ကစ္စာယနလည်း ဘုရားရှေ့မှောက်တော်သို့ ပြန်လာသတည်း။

ထိုမထေရ်ကား အဆင်းအဝါလည်း သူတကာထက် သာလွန်၍ သပ္ပာယ်၏။ လျင်သောပညာ, ထက်သောပညာ, နက်နဲသောပညာ, ထိုးထွင်းသောပညာ, ကြီးကျယ်များပြားသောပညာနှင့်လည်း ပြည့်စုံ၏။ မြတ်စွာဘုရားသခင် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံ၏ သံဝဏ္ဏနာဖြစ်သော သဒ္ဒါကျမ်း, နိရုတ္တိကျမ်း, နေတ္တိကျမ်း, ပေဋကောပဒေသကျမ်းတို့ကိုလည်း ဟောတော်မူ၏။

နောက် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရား အမြွက်မျှဟောကြားအပ်သော မဓုပိဏ္ဍိကသုတ်၊ ကစ္စာယနပေယျာလ, ပါရာယနသုတ်တို့ကို အကျယ်ဖွင့်အပ်သော အတ္ထုပ္ပတ္တိအဖြစ်တွင် 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ဘိက္ခူနံ, ယဒိဒံ မဟာကစ္စာယနော'ဟု ဧတဒဂ်အရာ၌ ထားတော်မူ၏ [အနက်ကား လွယ်၏။]

ဤကား ရှင်မဟာကစ္စည်းထေရ်၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၃၇။ ရှင်မဟာပန်, ရှင်စူဠပန် ထေရ်နှစ်ပါးတို့၏ ရှေးအကြောင်းကို ပြခြင်း

ရှင်မဟာပန်နှင့် ရှင်စူဠပန် မထေရ်မြတ်တို့၏အကြောင်းကား ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်၌ ထိုမထေရ်နှစ်ပါးတို့၏အလောင်းဖြစ်သော သူတို့သည် ဟံသာဝတီပြည်



www.burmeseclassic.com

www.burmeseclassic.com



ဝယ် သူကြွယ်ညီနောင် ဖြစ်ကြ၍ ဘုရားရှင်တရားတော်ကို နာသဖြင့် သာသနာ၌ သဒ္ဓါပသန္န ရှိရကား ဘုရားအထံ၌ နိယံမပြတ် ဆည်းကပ်ကိုးကွယ်လေ့ ရှိသတည်း။

တစ်နေ့သောအခါ မြတ်စွာဘုရားသည် ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းတစ်ပါးအား တန်ခိုးဖန်ဆင်းခြင်းအရာ၌ လည်းကောင်း၊ စေတောဝိဝဋ္ဋအရာ၌ လည်းကောင်း ကဲလွန်စွာ သတ္တိရှိသည်ဖြစ်၍ တေဒဂ် ထားတော်မူသည်ကို ညီသူကြွယ် မြင်လေလျှင် ဤအရှင်ကဲ့သို့ ဖြစ်ချင်သောဆန္ဒရှိရကား ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးကိုပေး၍ ရှေးသူတော်ကောင်းတို့ကဲ့သို့ ဆုတောင်းပတ္ထနာ ပြု၏။ ဘုရားသခင်လည်း ရှေးနည်းအတိုင်း ဗျာဒိတ်စကား ကြားတော်မူ၏။

[ဤအရာဝယ် အပဒါန်ပါဠိတော် လာသည်နှင့် အဂ္ဂုတ္တိုရ်အဋ္ဌကထာ မညီကြ။ ပါဠိတော်ကား 'စူဠပန်၏အလောင်းသည် ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၏အနီး၌ နေသည်တွင် ဘုရားသခင်လည်း ကိုယ်တော်တည်း ကြွတော်မူလာ၍ နံ့သာတော၌ နိရောဓသမာပတ်ကို ဝင်စားနေသဖြင့် အသင့်ဖူးတွေ့ရလျှင် အဆအရာ သဒ္ဓါပသန္နရှိရကား ဘုရားကိုယ်တော်မြတ်ကို အထပ်တစ်ရာရှိသော ပဒုမ္မာကြာထီးဖြင့် ဆောင်းမိုးပူဇော်၏။ သမာပတ်မှ ထမြောက်သောအခါလည်း များစွာသော သစ်သီးကြီးငယ်တို့ဖြင့် လုပ်ကျွေး၍ တေဒဂ်ရ သာဝကဆုကို ပန်၏။ ထိုအခါ မြတ်စွာဘုရားလည်း 'ချစ်သားရသေ့။ သင်သည် ဤပန်းထီးကို လှူရသောဒါနကြောင့် နတ်မင်းအဖြစ်နှင့် နှစ်ဆယ်၊ စကြာမင်းအဖြစ် သုံးဆယ့်လေးကြိမ်၊ ပဒေသရာဇ်၊ ကေရာဇ်မင်းအဖြစ် အကြိမ်များစွာဖြစ်ရ၍ ဂေါတမဘုရား ထင်ရှားပွင့်တော်မူသောအခါ မဟာပန်၏ညီ စူဠပန်အမည်ရသော သာဝကကြီး ဖြစ်လတ္တံ့.' ဟု ဗျာဒိတ်စကား ကြားတော်မူသည်'ဟု လာ၏။ နှစ်သက်ရာ မှတ်လေကုန်။]

ထိုကိုယ်၏အဖြစ်၌ အသက်အတိုင်းနေ၍ စုတေလေသော် ကြားတော်မူသော ဗျာဒိတ်တော်အတိုင်း လူ, နတ်တို့၏စည်းစိမ်ကို ခံစားခဲ့၍ ကဿပဘုရား ပွင့်တော်မူသောအခါ စူဠပန်၏အလောင်းဖြစ်သောသူသည် ဗြာဟ္မဏ မဟာသာလအမျိုး၌ဖြစ်၍၊ အရွယ်သို့ရောက်သောကာလ ကဿပဘုရားရှင်သာသနာ၌ သိက္ခာသုံးပါးကို ဖြည့်စွမ်းနိုင်သောရဟန်း ဖြစ်လေ၍၊ အနှစ် နှစ်သောင်းပတ်လုံး 'ဩဒါတကသိုဏ်း'ကို စီးဖြန်းလျက် ရဟန်းအပေါင်းတို့အားလည်း ဘုရားမုခပါဌ်ကို မပြတ်ပို့သကာနေ၏။ တစ်ရံသောအခါ ပညာထိုင်းမှိုင်းသော ရဟန်းတစ်ပါးအား များစွာရှုတ်ချ ကဲ့ရဲ့ခြင်းကိုပြုမိ၏။

ထိုအဖြစ်မှ စုတေလေသော် နတ်ပြည်၌ လည်းကောင်း၊ လူ့ပြည်၌ လည်းကောင်း ပြောင်းကာပြန်ကာ ချမ်းသာစည်းစိမ်ကို ခံစားခဲ့၍ ငါတို့ဘုရား လက်ထက်တော်၌ ရာဇဂြိုဟ်ပြည်ဝယ် ဥစ္စာကြွယ်ဝသော မဟာဓနသူဌေး၏မြေး ဖြစ်လာ၏။ ဖြစ်သောအကြောင်းကား-

ဤသူဌေး၌ ယဉ်ကျေးနုနယ် တင့်တယ်လှပသော သမီးတစ်ယောက်သည် ရှိ၏။ ထိုသမီးသည် အရွယ်သို့ရောက်သောအခါ အမျိုး, ဥစ္စာ, ဂုဏ်, အာနုဘော်တူမျှသော အမျိုးသားနှင့် ထိမ်းမြားဆောင်နှင်းအံ့'ဟု မိဘတို့သည် ပြောဆိုစေ့စပ်ကြသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စေ့စပ်စဉ်ပင် ယခင်သူဌေးသမီးသည် မိမိ၏အိမ်၌ စာရင်းငှား၍နေလာသော ကျွန်ယောကျ်ားနှင့် ယဉ်ပါးရည်ငံကြ၍ "မိဘတို့ပေးစားသော လင်ကို ငါ မလို။ သင့်ကိုသာ ငါ လင်ပြုအံ့။ ငါ့ကို သင်အလိုရှိရာသို့ ဆောင်လော့"ဟု ဆို၏။ ထိုကျွန်ယောကျ်ားကလည်း "ငါတို့ကြောင်းလျားကို မိဘသူဌေးများသိလျှင် ငါ့အားမချွတ် သတ်ပေလတ္တံ့။ အရပ်တစ်ပါးသို့သွား၍ အသက်မွေးမှသာ ချမ်းသာရာရမည်" ဟု ကြံလျက် ထိုက်တန်ကောင်းမွန်သော ဥစ္စာနှစ်တို့ကို ခိုးယူစေဘိ၍ မိမိရောက်ပေါက်ဖူးသော ရွာငယ်တစ်ရွာသို့ ဆောင်ပြေး၍ မထင်ရှားသောအသွင်ဖြင့် နေလေ၏။

နှစ်, လရှည်ဝေးသော် သူဌေးသမီး၏ဝမ်း၌ ပဋိသန္ဓေ တည်နေစွဲလမ်းသဖြင့် ကိုယ်ဝန်ရင့်လာသော် လင်ယောကျ်ားအား ဤသို့တိုင်ပင်၏။ "အမောင်။ ငါ၏ကိုယ်ဝန်ကား အတန်ရင့်မာချေပြီ။ ဤအရပ်၌ ငါတို့နှင့်နီးစပ်သော အဆွေအမျိုးလည်း တစ်စုံတစ်ယောက်မျှ မရှိ။ ထိုသို့မရှိသော ဒေသ၌ သားဖွားရချေမူ အမောင်သည် လည်းကောင်း၊ ငါသည်လည်းကောင်း အလွန် ဆင်းရဲပင်ပန်းခြင်း ဖြစ်လတ္တံ့။ ထို့ကြောင့် မိဘတို့၏အထံသို့ ပြန်၍နေကြအံ့"ဟုဆို၏။

ထိုအခါ လင်ယောကျ်ားလည်း "မိဘထံသို့ ပြန်သွားရမူ သင်ကား မထောင်းတာ။ ငါ့ကိုမူကား သတ်လတ္တံ့."ဟု ဆို၏။ သူဌေးသမီးကလည်း "အမောင်။ မိဘတို့မည်သည်ကား သမီး, သားတို့၏ စီးပွားမဲ့ကို ပြုလေ့ မရှိကုန်။ အသက်တည်သမျှ မိဘတို့မေတ္တာ ပြယ်ရိုးမရှိ" ဟု ဆို၏။ ထိုစကားကိုကြားလျှင် လင်ယောကျ်ားကလည်း မယား၏အာဏာကို မဆန်သာရကား 'နက်ဖြန်သွားအံ့'၊ 'သန်ဘက်သွားအံ့'ဟု နေ့ရက်ရှည်လျားအောင်သာ သွေးဆောင်နေ၏။

ထိုအခါ သူဌေးသမီးလည်း 'ဤယောကျ်ားကား ငါ့အား မိဘထံသို့ မပို့ဝံ့သည် မှန်ပြီ။ ဤသူ၏အလိုကို လိုက်၍သာ ငါနေသဖြင့် ကြီးစွာသောဒုက္ခကို တွေ့ရတော့မည်။ ထို့ကြောင့် ငါချည်းပင် သွားတော့အံ့' ဟု ကြံ၍၊ လင် အရပ်တစ်ပါးသို့ သွားသောအခိုက်ဝယ် အိမ်၌ ပရိက္ခရာတို့ကို သိုမှီး၍၊ အိမ်နီးချင်းလူတို့ကို ပြောဆိုမှာထား၍ မိဘတို့ရှိရာ ရာဇဂြိုဟ်ပြည်သို့ လာခဲ့၏။

လင်ယောကျ်ားလည်း ခရီးသွားရာမှပြန်လာ၍၊ အိမ်၌ မယားကိုမတွေ့လတ်သော် အိမ်နီးချင်းတို့ကိုမေး၍၊ မိဘထံသို့ ပြန်လေကြောင်းကို သိသဖြင့် အဆောတလျင် လမ်းစဉ်အတိုင်းလိုက်လာ၍ ခရီးအကြား ရွာတစ်ရွာ၌ မီလေ၏။ ထိုရွာသို့ ရောက်သောနေ့ပင် သူဌေးသမီးလည်း ကိုယ်ဝန်မွေးဖွား၍ နားရာဇရပ်၌ပင် ဥပဒ်ကင်းစင်အောင် နေရ၏။ ဖွားမြင်သောသတို့သားကိုလည်း ခရီးသွားစဉ် ရသောကြောင့် 'ပန္ထက'ဟူသောအမည်ကို မှည့်၏။

ကိုယ်ဝန်မှ ထ(ဖွားမြင်)ပြီးနောက် လင်ယောကျ်ားလည်း ဤသို့ ဆို၏။ "ရှင်မ။ သင်သည် ကိုယ်ဝန်မှ ထမြောက်လိုသောကိစ္စကြောင့် မိဘထံသို့ လာခဲ့ချေသည်။ ယခု ချမ်းသာစွာ ထမြောက်ပြီ။ သွား၍ အဘယ်အကျိုး ရှိအံ့နည်း။ ငါတို့နေရင်းဒေသကို ပြန်ကြကုန်အံ့"ဟု ဆို၍၊ အလိုတူသဖြင့် မိမိနေရာသို့ ပြန်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဖန် ကိုယ်ဝန်ရပြန်လျှင်လည်း ရှေးနည်းအတူ အကြံဖြစ်၍ မိဘတို့ရှိရာသို့ သွားခြင်းငှာ ခွင့်တောင်းပြန်သော် လင်ယောကျ်ားလည်း မသွားရအောင်သာ ရက်ရှည်သွေး၍ နေ၏။ သူဌေးသမီးလည်း ရှေးအတူ လာခဲ့၍ ခရီးအကြား ရွာသို့ရောက်လျှင် တစ်ဖန် ဖွားမြင်ပြန်၏။ လင်ယောကျ်ားလည်း ရှေးနည်းအတူလိုက်လာ၍ ချမ်းသာစေကြောင်းဖြင့် ကောင်းစွာပြုစု၏။ ထို့နောက် ဖွားသောသားကိုလည်း ခရီးသွားစဉ်ပင် မျက်နှာမြင်ရကား 'စူဠပန္ထက' ဟူသောအမည်ကို မှည့်၏။ သားငယ်မှထောက်၍ ရှေးဖွားမြောက်သော သားကို 'မဟာပန္ထက'ဟု ခေါ်ဝေါ်သတည်း။

ထိုလင်မယားတို့သည် သားငယ်နှစ်ဦးကို ယူ၍ မိမိတို့နေရာ ရွာသို့ပင် ပြန်၍နေကြသဖြင့် 'မဟာပန်'သည် ထိုမှ၌မှ ပြေးသွား၍ ကစားနိုင်သောအရွယ်သို့ ရောက်သောအခါ ကျေးရွာ၌ရှိသော တစ်ပါးသောသူငယ်တို့သည် အဘိုး, အဘွားဟူ၍ လည်းကောင်း၊ ဘကြီး, ဘထွေးဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်ကို ကြားသော် မိခင်အား ဤသို့မေး၏။ "မိခင်။ တစ်ပါးသောသူငယ်တို့မှာ အဘိုး, အဘွား စသည်ဖြင့် ခေါ်ဝေါ်ကြရကုန်သည်။ အကျွန်ုပ်တို့မှာ ခေါ်ဝေါ်စရာပင် မရှိ။ မွေးမိခင်တို့၏ အဆွေအမျိုးသည် သေကျေပျက်စီး၍ ကုန်ဘိသလော"ဟု မေး၏။ မိခင်ကလည်း "ချစ်သားပန္ထက။ ဤအရပ်၌နေ၍ ငါတို့မိဘ ဆွေမျိုးတို့သည် မရှိချေ။ ရာဇဂြိုဟ်ပြည်၌ကား မဟာဓန အမည်ရှိသော သူဌေးကြီးသည် သင်တို့၏အဘိုးပင်တည်း။ ထိုမှတစ်သီး ဦးရီး, အရီး, ဘကြီး, ဘထွေးစသော သားချင်းဆွေမျိုးတို့လည်း များစွာပင် ရှိကုန်၏" ဟု ဆိုပေ၏။

ထိုစကားကိုကြားလျှင် သား မဟာပန္ထကလည်း "မိခင်။ ထိုသို့ မိဘဆွေမျိုးတို့ များစွာရှိလျက် မိခင်ဖခင်တို့သည် အဘယ်ကြောင့် မသွားပါသနည်း" ဟု မေးပြန်လေသော်၊ မိမိတို့၏အခြင်းအရာကို ထင်စွာမကြားဘဲ လှည့်စား၍သာ ပြောဆို၏။ သားငယ်တို့က အကြိမ်ကြိမ်မေးမြန်းတသလျက် ဘိုးဘွား, ဆွေမျိုးတို့ထံ သွားရန်အခွင့်ကိုတောင်းသော် သူဌေးသမီးလည်း လင်ယောကျ်ားကို ဤသို့ဆို၏။ "အမောင်။ မိဘတို့မည်သည်ကား အကယ်၍ အမျက်ရှိငြားသော်လည်း သားသမီး၏အသားကို မစားပေရာ။ ဤ ဝေးကွာသော အရပ်၌နေမှု မိဘတို့သေသဖြင့်လည်း အမွေဥစ္စာ ကင်းချေတော့မည်။ ဤ နှစ်ယောက်သော သားကို မိဘတို့အား ပြကုန်အံ့" ဟု ဆို၏။

လင်ယောကျ်ားလည်း "ကောင်းပြီ"ဟုဝန်ခံ၍၊ အိမ်ထောင်ပရိက်တို့ကို သိမ်းပြီးလျှင် မိဘဆွေမျိုးရှိရာ ရာဇဂြိုဟ်ပြည်သို့ လာခဲ့ကြ၍၊ ရောက်သော် အိမ်သို့မဝင်ဝံ့ရကား မြို့တံခါးဝ၌နေ၍ အဆွေခင်ပွန်းတို့ကိုသာ "ဤသူငယ်နှစ်ယောက်ကို ကျွန်ုပ်မိဘထံသို့ ပို့၍ ကျွန်ုပ်တို့ရောက်ကြောင်းကို ကြားပါ" ဟု စေလိုက်၏။

မဟာဓနသူဌေးလည်း သမီး၏သတင်းစကားကိုကြားလျှင် "ဘဝများစွာ သံသရာဝယ် သူငါကစ မြင်သမျှပင် အဖ, အမိ မဖြစ်ဘူးသောသူ မရှိ။ ဖြစ်ဖူးကြသည်သာ။ သို့ရာတွင် ဤအယုတ်မာမကား ငါ့အား အလွန်ပြစ်မှားသည်။ ငါတို့၏အရှက်ကို ခွဲသည်။ ငါတို့ မြင်သောအရပ်တွင် မနေလာလင့်။ ဤမျှလောက်သော ဥစ္စာကိုယူ၍ တစ်ပါးအရပ်မှာ အသက်



www.burmeseclassic.com

www.burmeseclassic.com



မွေးလေ။ မြေးနှစ်ယောက်ကိုသာ ငါတို့ထံ၌ ထားခဲ့လော့"ဟု ဆို၍ ဥစ္စာ, ရွှေ, ငွေတို့ကို ပို့စေ၏။ သူဌေးသမီးလည်း သားနှစ်ယောက်ကို မိဘတို့၏အထံ၌ ထားခဲ့၍ သနားပေးကမ်းသမျှသော ဥစ္စာကိုယူပြီးလျှင် ယခင်နေရင်းရွာသို့ ပြန်၍နေကြလေ၏။ ထိုအခါ မဟာပန်ကားဆယ်နှစ်အရွယ်, စူဠပန်ကား ငါးနှစ်အရွယ်သာ ရှိ၏။

သူဌေးကြီးလည်း ဘုရားရှင်ထံသို့ နိယံမပြတ် ဆည်းကပ်မြဲဖြစ်၍ ကျောင်းတော်သို့ သွားလေသော် မြေးနှစ်ဦးကိုခေါ်၍ သွားသတည်း။ သူငယ်နှစ်ယောက်တို့လည်း ဘုရားရှေ့မှောက်တော်၌နေ၍ ဟောတော်မူသောတရားသံကို နာရဖန်များသဖြင့် ဘုရားအထံတော်၌ ရဟန်းပြုလိုသောအကြံ ရှိသည်ဖြစ်၍ အဘိုးဖြစ်သောသူဌေးကြီးအား အကြောင်းကိုလျှောက်ကြား ခွင့်တောင်းသော်၊ သူဌေးကြီးကလည်း သဒ္ဓါပသန္နရှိသော ဥပါသကာပင် ဖြစ်ရကား "ချစ်မြေး ပန္ထက။ ဤလောက၌ ရှိရှိသမျှသော မိန်းမ, ယောကျာ်းပင် ရဟန်းဖြစ်ကြသည်ကို ငါ မြင်လို၏။ ထို့ကြောင့် သင် စွမ်းနိုင်ပါမူ မြန်စွာပင် ရဟန်းပြုလော့"ဟု ဆို၍၊ ထိုမဟာပန်ကို ခေါ်ပြီးလျှင် ဘုရားအထံတော်သို့ သွားလေ၏။

ဘုရားသခင်လည်း "သူဌေးကြီး။ ဤသူငယ်ကို အဘယ်မှ ရအပ်သနည်း" ဟု မေးတော်မူလျှင်၊ "အရှင်ဘုရား။ အကျွန်ုပ်၏သမီးမှဖြစ်သော မြေးစစ်အရင်း ပါတည်း။ ယခု ဤသူငယ်သည် အရှင်ဘုရား၏သာသနာတော်ဝယ် ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်သော်၊ ကိုယ်တော်မြတ်လည်း တစ်ဦးသော ပိဏ္ဍစာရိကရဟန်းကို ခေါ်၍ "ဤသူငယ်ကို ရှင်ပြုလော့" ဟု စေတော်မူ၏။ ထိုရဟန်းလည်း မဟာပန်အား 'တစပဉ္စက' ကမ္မဋ္ဌာန်းကိုကြား၍ သရဏဂုံသုံးပါးဖြင့် ရှင်ပြု၏။ ရှင်အဖြစ်ကိုရပြီးသော် ဘုရားစကားတော်ဖြစ်သော ပိဋကတ်ကို မပြတ်သင်ကြား၍ အသက်နှစ်ဆယ်ပြည့်သော် ပဉ္စင်းအဖြစ်ကို ရလေသတည်း။ ပဉ္စင်းဖြစ်သောကာလ ယောနိသော မနသိကာရဖြင့် ပထဝိကသိုဏ်းစသည်၌ အားထုတ်၍ စတုက္ကစတုတ္ထဖြစ်သော ရူပ, အရူပဈာန်တို့ကို အလွန်လေ့လာသဖြင့် ထိုသမာပတ်၌ သခ်ါရအားဖြင့် သုံးသပ်၍ အရဟတ္တဖိုလ်သို့ ရောက်လေသတည်း။

ထိုသို့ရောက်သောအခါ မိမိရအပ်သော ဈာန်မဂ်ဖိုလ်ချမ်းသာဖြင့် လေ့လာပျော်မြူးလျက် ကြည်နူးနှစ်သက်လှရကား 'ငါရအပ်သော ချမ်းသာတရားကို ငါ့ညီစူဠပန်အား ပေးရသော် ကောင်း၏'ဟု ကြံပြီးလျှင်၊ အဘိုးဖြစ်သော သူဌေးကြီးအထံသို့ လာခဲ့၍၊ ညီ စူဠပန်ကို ဘုရားသာသနာတွင်းသို့ သွတ်သွင်းလိုကြောင်းကိုကြား၍၊ သူဌေးကြီးလည်း "ကောင်းပြီ" ဟု ဝန်ခံ၍၊ စူဠပန်ကို ရဟန်းပရိက္ခရာနှင့်တကွ မဟာပန်ထေရ်ထံ၌ အပ်နှံ၍ ရှင်ပြုလေ၏။

ရှင်အဖြစ်ကို ရပြီးသော်–

'ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။

အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ'– ဟူသော ဂါထာကို သင်စေ၏။

အနက်ကား – ကောကနဒံ၊ ကောကနဒ အမည်ရသော။ ပဒ္မံ၊ ရွှေသားဝတ်ဆံ ချပ်ရံတစ်ရာ ပဒုမ္မာကြာသည်။ ပါတော၊ နေမင်းဂုဏ်ဖြင့် အရုဏ်တက်သော နံနက်အခါ၌။ ဖုလ္လံ၊ ကားကားလှတင့် ပွင့်သည်ဖြစ်၍။ အဝီတဂန္ဓံ၊ ထက်ဝန်းဒိသာ ယူဇနာတိုင်တိုင် သင်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုင်ထုံပျံ့ ရနံ့မွှေးကြူခြင်း ရှိသည်ဖြစ်၍။ သုဂန္ဓံ၊ အေးချိုပျံ့လှောင်း ကောင်းသောရနံ့ ရှိသည် ဖြစ်၍။ ဝိရောစမာနံ၊ ထွန်းပစံပယ် လွှန်တင့်တယ်သည်။ သိယာ ယထာ၊ ဖြစ်သကဲ့သို့။ အန္တလိက္ခေ၊ မင်းလွင်တိမ်ထပ် မြူလျှပ်စင်ဆုံး တန်ဆောင်မုန်းမာသ ကောင်းကင်ဝဲ၌။ တေဇသာ၊ တန်ခိုးရောင်ခြည် ထွန်းလည်ပြောင်ပြောင် ထိန်ထိန်လောင်သဖြင့်။ တပန္တံ၊ တောက်ပသော။ အာဒိစ္စံ့ဣဝ၊ လေးကျွန်းမှန်ကင်း ရှင်နေမင်းကဲ့သို့။ ဝိရောစမာနံ၊ ရောင်ခြည်ခြောက်သွယ် ထွန်းစံပယ်လျက် တင့်တယ်တော်မူထသော။ သုဂန္ဓံ၊ ခံတွင်းတော်နံ့ ကိုယ်တော်နံ့ဖြင့် သင်းပျံ့ အေးလှိုင် လွှန်မွှေးကြိုင်တော်မူထသော။ အဝီတဂန္ဓံ၊ တစ်သိန်းကုဋေ တွက်ရေစကြဝဠာ အနံ့ဖြာသော အာဏာတော်နံ့, ဂုဏ်တော်နံ့လည်း ရှိထသော။ အင်္ဂီရသံ၊ ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော ရောင်ခြည်တော်ရှိသော မြတ်စွာဘုရားကို။ တွံ၊ သင်သည်။ ပဿ၊ ရှုလော့။

ဤဂါထာကို သင်ပါသော်လည်း ရှေးသောဘဝ ကဿပဘုရားလက်ထက်တော်၌ ရဟန်းဖြစ်သောအခါ ပညာထုံသော ရဟန်းတစ်ပါးအား ကျီစားပြက်ရယ်မှုပြုလျက် နှိပ်စက်ဖူးသောဝိပါက်ကြောင့် အနက်အဓိပ္ပာယ်ကို မဆိုထားဘိ။ စကားအစဉ်ကို ပဌမပါဒဆုံး၍ ဒုတိယပါဒသို့ရောက်လျှင် သင်ခဲ့သော ပဌမပါဒ မေ့ရစ်၏။ ယင်းသို့ဖြစ်လျက် အားသစ်၍သာ သင်အံသရဇ္ဈာယ်သဖြင့် လေးလတိုင်တိုင်လွန်၍မှ ထိုဂါထာကို မရလေသော် နောင်တော် မဟာပန်လည်း ဤသို့ဆို၏။ "အချင်းစူဠပန္ထက။ သင်သည် လေးပိုဒ်မျှသာရှိသော ဤဂါထာကို ဝါတွင်းလေးလပတ်လုံး သင်၍မျှ မရ,မမိချေ။ သင်ကဲ့သို့သောသူသည် လူမည်ကာသာဖြစ်၍ အနှစ်သာရနှင့် ပြည့်စုံလှသော ဘုရားရှင်သာသနာတော်နှင့် မထိုက်တန်ပေ။ မြေနုကျွန်း၌ ရေသွန်း၍မပေါက်သော မျိုးစေ့ကဲ့သို့ အကျိုးမဲ့သောဘဝသာ ဖြစ်ရချေသည်။ ယနေ့ပင်လူထွက်၍ အသက်မွေးလေလော့"ဟု နှင်ထုတ်၏။

ယင်းသို့ နောင်တော်နှင်သောကာလ စူဠပန်လည်း သာသနာတော်မှ ရွေ့လျောလိုသော စိတ်သည် မရှိ။ မိမိ ဉာဏ်, ကံကိုသာ ဝမ်းနည်းသဖြင့် ကျောင်းစွန်သို့ထွက်၍ တရှိုက်မက်မက် ငိုလျက်သာနေသတည်း။

ထိုအခါ၌ ဆရာဇီဝကသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးခြင်းငှာ အပင့်ရောက်လာသော် မြတ်စွာဘုရားအထံ၌ အတန်ငယ်သာ နေခဲ့၍၊ မဟာပန်ထေရ်သည် ထိုအခါ သံဃာတော်တို့၌ ဆွမ်းညွှန်းဖြစ်ရကား ထိုအရှင်ထံသို့ကပ်၍ "အရှင်မြတ်။ ဘုရားရှင်နှင့်တကွသော သံဃာတော်သည် အဘယ်မျှ ရှိသနည်း"ဟု လျှောက်၏။ "ငါးရာ ရှိသည်" ဟု ဆိုလျှင်၊ "ထိုငါးရာသော သံဃာတော်အပေါင်းသည် မနက်ဖြန် အကျွန်ုပ်အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု လျှောက်၏။ ထို မဟာပန်ထေရ်ကလည်း "စူဠပန်ကိုထား၍ တစ်ပါးသော သံဃာတို့နှင့်တကွ ကြွလာအံ့"ဟု ဆိုပေ၏။ "အဘယ်ကြောင့် စူဠပန်ကို ခြွင်းပါသနည်း"ဟု မေးသော်၊ "ဒါယကာ။ စူဠပန်ကား အလွန်လေးလံ ထိုင်းမှိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



လေးပိုဒ်သောဂါထာကိုမျှ လေးလပတ်လုံး သင်၍မတတ်နိုင်။ ထို့ကြောင့် သူ့အလူကို ခံခြင်းငှာ မလျောက်ပတ်"ဟု ဆို၏။

ထိုအခါ စူဠပန်လည်း မနီးမဝေးသော ဌာနတွင်ရှိသည်နှင့် နောင်တော်ဆိုသောစကားကို ကြားလျှင် 'နောင်တော်ကား ငါ့အား ချစ်ခြင်း, စုံမက်ခြင်း မရှိ။ ပကတိစွန့်ပစ်သည် မှန်ပြီ။ ညီနောင်အရင်းအချာ ဖြစ်သောပုဂ္ဂိုလ်မှ ငါ့ကိုမသနားမူ ငါကိုးစားရာ အဘယ်မှာရှိတော့အံ့နည်း။ ဤသာသနာ၌ ရှည်မြင့်စွာနေ၍ အကျိုးမရှိရာပြီ။ ဂိဟိဘာဝဖြင့်ပင် ဒါန, သီလကို အားထုတ်ရအောင် နက်ဖြန်နံနက်ပင် ငါ လူထွက်တော့အံ့'ဟု ကြံလျက် ကျောင်းတံစက်အောက်၌ အိပ်နေ၍ မိုးသောက်သောကာလ ကျောင်းမှဆင်းခဲ့လေသော်၊ ဘုရားကိုယ်တော်မြတ်လည်း စူဠပန်၏အခြင်းအရာကို ကုန်စင်စွာသိတော်မူလင့်၍ လာအံ့သောလမ်းမ တံခါးမုခ်ဝ၌ စင်္ကြံကြွ၍ နေတော်မူ၏။ ရှင်စူဠပန်လာ၍ မြတ်စွာဘုရားကိုမြင်လျှင် ခြေတော်ရင်းတွင် ဝပ်၍ရှိခိုး၏။

ဘုရားသခင်လည်း "ချစ်သားစူဠပန်။ အလွန် စောစွာလျက် အသို့သော အခြင်းအရာဖြင့် သင် လာဘိသနည်း"ဟု မေးတော်မူ၏။ စူဠပန်ကလည်း "တပည့်တော်သည် ပညာလေးလံလှသောကြောင့် နောင်တော်က နှင်လိုက်သည်ဖြစ်၍ လူထွက်ခြင်းငှာ လာပါတော့သည်"ဟု ငိုယိုလျက် နားတော်လျှောက်လေသော်၊ ဘုရားကိုယ်တော်မြတ်လည်း စူဠပန်၏ဦးခေါင်းကို လက်ဖြင့်သုံးသပ်တော်မူ၍ "ချစ်သား စူဠပန်။ ငါသို့စင်သော သဗ္ဗညုဘုရား ထင်ရှားရှိပါလျက် ပညာလေးလံရုံမျှနှင့် ရဟန်းဘဝကို အသို့ စွန့်ရတုံအံ့နည်း။ သင်၏အစ်ကိုကား သူတစ်ပါးတို့၏ 'အာသယာနုသယ'ကို မချအားဖြင့် သိတတ်သောဉာဏ်သည် မရှိ။ သင်ကား သာဝကဝေနေယျ မဟုတ်။ ဗုဒ္ဓဝေနေယျ ဖြစ်သော ပုဂ္ဂိုလ်ပေတည်း။ လျှင်စွာ လာလော့။ ငါ သင်ဦးအံ့"ဟု မိန့်တော်မူ၍ စူဠပန်၏လက်ကို ကိုင်ငင်ပြီးသော် ကျောင်းတော်ထက်သို့ခေါ်ခဲ့၍၊ တန်ခိုးဖြင့်စီရင်လျက် ဖြူစင်စွာသောပုဆိုးပိုင်းကို အပ်ပြီးမှ "ဤအဝတ်ကို ပွတ်နယ်လျက် 'ရဇောဟရဏံ၊ ရဇောဟရဏံ'ဟု စီးဖြန်းလော့"ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူခဲ့၍ သပိတ်, သင်္ကန်းကို ပြင်ပြီးလျှင် တစ်ပါးဖြင့်ယုတ်သော ငါးရာသော သံဃာတော်တို့နှင့်တကွ ဆရာဇီဝက၏အိမ်သို့ ကြွတော်မူလေ၏။

စူဠပန်လည်း ဘုရားမြွက်ဟတော်မူသောအတိုင်း ပုဆိုးပိုင်းကို ဆုပ်နယ်လျက် ကမ္မဋ္ဌာန်းကို စီးဖြန်းလေသော် ပုဆိုးပေါ်၌ ချေးညှော်အလိမ်းလိမ်း ကပ်သဖြင့် မကြာမြင့်မီပင် ညစ်နွမ်းခြင်းသို့ ရောက်သည်ကိုမြင်၍ 'ဤ စင်ကြယ်စွာသော ပုဆိုးသည်လျက် 'ဥပါဒိန္နက'ဖြစ်သော ငါ့ခန္ဓာကိုယ်ကိုမှီ၍ ဤသို့ ဖောက်ပြန်ခြင်းသည် ဖြစ်သေး၏။ ရူပကာဖြစ်သော ဤခန္ဓာသည်မူကား ယွင်းပါးပျက်စီးတတ်သော ခယ, ဝယ သဘော ဧကန်တည်း။ ဤ ငါ၏စိတ်စေတသိက်သည်လည်း ဤနည်းအတူသာ ဖြစ်၏' ဤသို့စသည်ဖြင့် သတိ, သမာဓိ, ပညာကို လွန်စွာပွားစေလျက် လေးပါးသော 'ရူပါဝစရဈာန်'ကို ရ၏။

ထိုဈာန်ကိုအခြေပြု၍ သင်္ခါရတရားတို့ကို လက္ခဏာရေးအားဖြင့် သုံးသပ်စဉ် သဗ္ဗညုမြတ်စွာဘုရားသည် ထင်ရှားသောကိုယ်ဖြင့် ကြွ၍ဟောပြသကဲ့သို့ ဩဘာသဘုရားကို တန်ခိုးအားဖြင့် လွှတ်တော်မူ၍–



www.burmeseclassic.com

www.burmeseclassic.com



'ရာဂေါ ဒေါသော စ မောဟော စ၊ ရဇော ရေဏူတိ ဝုစ္စတိ။

ရာဂဿေတံ အိဝစနံ၊ ဧတံ ရဇံ ဇဟိတွာန။

ဘိက္ခဝေါ ဝိဟရန္တိ တေ၊ ဝီတရဇဿ သာသနေ –' ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား – ရာဂေါစ၊ ကပ်ငြိတတ်သော ရာဂကို လည်းကောင်း။ ဒေါသောစ၊ ပြစ်မှားတတ်သော ဒေါသကို လည်းကောင်း။ မောဟောစ၊ တွေဝေတတ်သော မောဟကို လည်းကောင်း။ ရဇောတိ၊ မြူဟူ၍ လည်းကောင်း။ ရေဏူတိ၊ မှုန်နည်ညစ်ကြေးဟူ၍ လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧတံ နာမံ၊ ဤ'ရဇော'ဟူသော အမည်သည်။ ရာဂဿ၊ ရာဂတရား၏။ အဓိဝစနံ၊ အမည်တည်း။ ဧတံ ရဇံ၊ ဤရာဂစသော မြူမှုန်ညစ်ကြေးကို။ ဇဟိတွာန၊ စွန့်၍။ တေ ဘိက္ခဝေါ၊ ထိုရဟန်းတို့သည်။ ဝီတရဇဿ၊ ကင်းသောမြူ ရှိတော်မူသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ဝိဟရန္တိ၊ နေကုန်၏။

ဤသို့ ဟောကြားတော်မူသော ဒေသနာကိုကြားရလျှင် သန်္ဓါရတို့သည် ဉာဏ်အား ထင်လာ၍ ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါး တရားအထူးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

[အမှာစကားချုပ် – ဤစူဠပန်ထေရ်ကား ရှေးသောအခါ ဗာရဏသီပြည်ကို အစိုးရသော ဗြဟ္မဒတ်မင်းကြီးဖြစ်၍ မြို့လှည့်သောအခါ နဖူးကချွေးယိုသောကြောင့် ဖြူစင်သော ပုဆိုးဖြင့်သုတ်၍ ညစ်ညူးသည်ကိုမြင်လျှင် ဤဖြူစင်သောပုဆိုးသည်လျက် ကိုယ်ခန္ဓာကိုမှီ၍ ဖောက်ပြန်ခြင်းသို့ ရောက်ရချေသည်။ ဤ ငါ၏ကိုယ်ခန္ဓာကား အသာရက အနတ္တသဘော, အနိစ္စသဘောသာတည်းဟု နှလုံးပြုလျက် အသုဘတရားကို ပွားစီးစေဖူး၏။ ထို့ကြောင့် အဝတ်စကိုမှီ၍ မဂ်ဖိုလ်ကို ရလွယ်လေသတည်း။]

ဆရာဇီဝကလည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်း, ယာဂုတို့ကို ကပ်လှူခြင်းငှာအားထုတ်သော် ကိုယ်တော်မြတ်ကလည်း သပိတ်ကိုအပ်တော်မမူဘဲ ကျောင်းတွင် သံဃာတစ်ပါး ကျန်ကြောင်းကို မိန့်တော်မူ၏။ ဇီဝကလည်း တစ်ဦးသောယောကျ်ားကို "သင် သွား၍ပင့်ချေ"ဟု စေခိုင်းလိုက်သော်–

ရှင်စူဠပန်က 'ငါ့နောင်တော်သည် ကျောင်းတွင် သံဃာမရှိပြီ ဟု ဆိုသည်။ ယခုအခါ သံဃာရှိကြောင်းကို ငါ ပြလိုက်အံ့'ဟု ကြံ၍ စတုတ္ထဈာန်အဘိညာဉ်ကို ဝင်စားပြီးလျှင် ကျောင်းအာရာမ် ပြည့်အောင်မျှလောက်သော သံဃာတော်တို့ကို ဖန်ဆင်း၍နေ၏။ ထိုသံဃာတော်တို့တွင် အချို့ရဟန်းကား သင်္ကန်းချုပ်လျက်, အချို့ရဟန်းကား သင်္ကန်းဖွပ်လျက်, အချို့ကား ဆိုးရည်ကျိုလျက်, အချို့ကား စာပေသရဇ္ဈာယ်လျက်။ တစ်ဦး လေ့ကျက်သော ကိစ္စနှင့် တစ်ဦး ကိစ္စသည် မတူရ။ အသွင်သဏ္ဌာန် ထူးခြားစွာ ဖန်ဆင်း၍နေ၏။

အပင့်သွားသောယောကျ်ားလည်း များစွာသောရဟန်းတို့ကိုမြင်လျှင် မည်သည့်အရှင်အား ပင့်ခဲ့ရမည်ကို မသိနိုင်ရကား လျင်မြန်စွာပြန်လာ၍ "ဆရာဇီဝက။ ကျောင်း၌ သံဃာတို့



www.burmeseclassic.com

www.burmeseclassic.com



ကား အလွန်များ၏။ အဘယ်အရှင်အား ပင့်ရမည်နည်း”ဟု မေးလျှင်၊ ဘုရားသခင် ကြားတော်မူ၍ “ဒါယကာ။ စူဠပန်အမည်ရှိသောရဟန်းကို ပင့်ဆောင်ခဲ့လော့”ဟု မိန့်တော်မူ၍ တစ်ဖန် ပြန်ရလေ၏။

စူဠပန်လည်း အသွင်သဏ္ဌာန် တူမျှအောင်ပင် ဖန်ဆင်း၍နေပြန်သည်နှင့် ပင့်သော ဒါယကာက “ရှင်စူဠပန်။ ကြွတော်မူပါ” ဟု လျှောက်လျှင်၊ “ငါလည်း စူဠပန်တည်း”ဟု ရဟန်းတစ်ထောင်လုံးကပင် ဆိုကြ၏။ ထိုဒါယကာလည်း ‘မည်သည့်ပုဂ္ဂိုလ် ကြွပါ’ဟု မလျှောက်တတ်ရကား ဘုရားရှင်ထံသို့ပြန်၍ “အရှင်ဘုရား။ အကျွန်ုပ် သွား၍ပင့်ပါသော်လည်း အလုံးစုံသော သံဃာကပင် ‘ငါလည်း စူဠပန်’, ‘ငါလည်း စူဠပန်’ဟု ပြောဆိုကြပါသည်”ဟု လျှောက်၏။

ဘုရားသခင်လည်း “ဒါယကာ။ ပင့်ခေါ်သောအခါ ရှေးဦးစွာထူးသော ရဟန်းကိုသာ လျင်စွာ လက်ကိုကိုင်၍ ပင့်ခဲ့လော့”ဟု မိန့်တော်မူလိုက်၏။ ထိုဒါယကာလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း သွား၍ လျှောက်ထားကိုင်ငင်သော် သံဃာတော်တို့သည် ကွယ်ပျောက်၍ တစ်ပါးတည်း ဖြစ်လေ၏။ ထိုအခါ အပါပင့်ခဲ့၍ အိမ်သို့ရောက်လျှင် ဆွမ်း, ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။

ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားကိုယ်တော်မြတ်လည်း စူဠပန်ထေရ်အား “တရားအနုမောဒနာကို ပြုလော့”ဟု တိုက်တွန်းတော်မူ၏။ ရှင်စူဠပန်လည်း ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော အသံဖြင့် သုံးတန်သောပိဋကတ်ကို အနှံ့အစပ်နှီးနှောလျက် ဆွမ်းအနုမောဒနာ ပြုပေ၏။ ပြီးစီးသောအခါ မြတ်စွာဘုရားလည်း ငါးရာသော သံဃာတော်တို့နှင့်တကွ ကျောင်းသို့ပြန်၍ ကြွတော်မူ၏။

ညချမ်းသောအခါ သံဃာတော်အပေါင်းတို့သည် တရားနာရာကျောင်း၌ ရုံးပေါင်းစည်းဝေးကြလျက် “ငါ့ရှင်တို့။ မဟာပန်ထေရ်သည် လေးလပတ်လုံး တစ်ဂါထာကို သင်၍မျှ မတတ်နိုင်သဖြင့် နှင်ထုတ်လိုက်ရသော စူဠပန်ကို သုံးလောကသင်းကျစ် ဓမ္မရာဇ်ဖြစ်တော်မူသော ဘုရားမြတ်စွာသည် နေအရုဏ်တက် တစ်နံနက်ဖြင့်သာ မဂ်ဖိုလ်ကိစ္စကို ပြီးစေ၍ လေးထွေသော ပဋိသမ္ဘိဒါနှင့်တကွ ဆဋ္ဌာဘိညာဖြစ်အောင် သွန်သင်ပြသတော်မူနိုင်သည်။ အလွန်အံ့ဖွယ် ရှိပေစွ။ အနုတ္တရ ဓမ္မရာဇာဖြစ်တော်မူသော ဘုရားသခင်တို့၏ ကျေးဇူးဂုဏ်ကို ဝသုန္ဓရေ ဤမြေနှစ်သိန်းနှင့် နှိုင်းသော်လည်း အဆုံး မရှိပေရာတကား”ဟု ဘုရားကျေးဇူးတော်ကို အံ့ဩချီးမွမ်း၍ နေကြကုန်သည်တွင်၊ ဘုရားသခင်လည်း ဂန္ဓကုဋိတိုက်မှ ကြွတော်မူလာ၍ “အဘယ်မည်သော ခြင်းရာစကားဖြင့် ပြောကြား စည်းဝေးကြသနည်း”ဟု မေးတော်မူ၍၊ သံဃာတော်အပေါင်းတို့က အကြောင်းကိုလျှောက်ပန်ဆင်သော် သဗ္ဗညုမြတ်စွာဘုရားသည်လည်း “ဤစူဠပန်အား ယခုဘဝ၌သာလျှင် ငါ မ,စတော်မူသည် မဟုတ်သေး။ ရှေးရှေးသောဘဝကလည်း မ,စတော်မူဖူးပြီး။ ဤစူဠပန်လည်း ယခုဘဝ၌သာ ငါဆုံးမတိုင်း လိုက်နာ



www.burmeseclassic.com

www.burmeseclassic.com



၍ လောကုတ္တရာစည်းစိမ်ကို ရသည်မဟုတ်။ ရှေးရှေးသောဘဝကလည်း ဩဝါဒကိုလိုက်နာ၍ ကြီးစွာသော လောကီစည်းစိမ်ကို ရဖူးပြီ”ဟု မိန့်တော်မူ၍ အတိတ်အကြောင်းကို ဟောတော်မူ၏။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြု၏။ ထိုအခါ ငါ ဘုရားလောင်းသည် ဥစ္စာကြွယ်ဝသော ‘စူဠက’မည်သော သူဌေးသည်ဖြစ်၏။ အလွန်လည်း လိမ္မာ၏။ ပညာလည်း ကျယ်ဝန်း၏။ အလုံးစုံသော နက္ခတ်နိမိတ် တိတ်တဘောင်တို့ကိုလည်း ကျွမ်းကျင်၏။ ထို စူဠကသူဌေးသည် တစ်ရံသောအခါ မင်းခစားရာမှပြန်လေသော် ခရီးမ၌ကျသော ကြွက်သေတစ်ခုကိုမြင်၍ နက္ခတ်ရှုပြီးလျှင် “ပညာမျက်စိရှိသော အမျိုးသားသည် ဤကြွက်သေကို အရင်းထား၍ စီးပွားရှာရမူ အသက်မွေးခြင်းငှာ ပြည့်စုံရာသတည်း”ဟု မြည်တမ်း၏။

ထိုစကားကို အနီးအပါး၌ရှိသော သူဆင်းရဲတစ်ယောက်ကြား၍လျှင် ‘ဤသူဌေးကား ပညာကြီး၏။ အကြောင်းမသိဘဲ မဆိုရာ’ဟု ယုံကြည်လှရကား ထိုကြွက်သေကိုယူ၍ တစ်ခုသောအိမ်ဈေး၌ ကြောင်စာအလို့ငှာ ရောင်းသော် သပြာကောင်း တစ်ချင်ရွေးမျှ ရ၏။ ထိုဥစ္စာဖြင့် တင်လဲကိုဝယ်ပြီးလျှင် ခရီးစခန်း၌ အေးလှသောရေချမ်းဖြင့် တောမှအရောင်းလာကြသော ပန်းသည်တို့အား အတန်ငယ်အတန်ငယ် ကမ်း၏။ ပန်းသည်တို့ကလည်း တစ်ဆုပ်တစ်ဆုပ်စီမျှသော ပန်းတို့ကိုပေး၍၊ ရသမျှပန်းတို့ကို ဈေး၌ရောင်းသောအခါ တစ်သပြာသော ဥစ္စာကို ရ၏။ ထိုဥစ္စာဖြင့် တင်လဲဝယ်ပြီးလျှင် ယခင်ကကဲ့သို့ ကမ်းပြန်၏။ ပန်းသည်တို့ကလည်း ပေးမြဲပေးခဲ့၍ ရသောပန်းကို ရောင်းသဖြင့် မရှည်မမြင့်မီပင် ရှစ်သပြာသော ဥစ္စာကို ရ၏။ ထိုသူသည် စူဠကသူဌေး၏ စကားကိုမှီ၍ ကြွယ်ဝရကား ‘စူဠန္တေဝါသိက’ဟု တွင်၏။

ထို စူဠန္တေဝါသိကလည်း ရှစ်အသပြာရသောအခါ များစွာသောတင်လဲကို ဝယ်နိုင်ပြီဖြစ်၍ တွေ့ကြုံသမျှသော ကုန်သည်တို့အား လည်းကောင်း၊ ဆိတ်ကျောင်း, နွားကျောင်းဖြစ်သော သူတို့အား လည်းကောင်း တင်လဲရည်ဖြင့် ပေးကမ်း၍ အကျွမ်းမိတ်ဆွေ ဖွဲ့သတည်း။ ထိုသူတို့ကလည်း “အကြောင်းကိစ္စရှိလျှင် အကျွန်ုပ်တို့အား ကြားပါ”ဟု ဆိုကြ၏။

တစ်ရံသောအခါ သည်းထန်စွာသောလေသည် လာသည်ဖြစ်၍ မင်းဥယျာဉ်၌ သစ်ပင် သစ်ခက်တို့သည် များစွာ ကျိုးပျက်ကုန်၏။ ထိုအခါ စူဠန္တေဝါသိကလည်း ဥယျာဉ်မှူးအထံသို့သွား၍ “သစ်ပင်, သစ်ခက်တို့ကို အကျွန်ုပ် ရှင်းလင်းပါမည်။ ထင်းကို ယူပါရစေ”ဟု ဆို၏။ ဥယျာဉ်မှူးက “ကောင်းပါပြီ”ဟု ဝန်ခံလျှင် မြို့ပြင်၌ ကစား၍နေကြသော နွားကျောင်းသားသူငယ်တို့ကို ခေါ်၍ သိမ်းဆည်းစုရုံးစေကာ ကောင်းမွန်စွာထား၏။

နှစ်ရက်,သုံးရက်ခန့်ကြာလျှင် ပြည့်ရှင်မင်း၏အိုးတော်လုပ်သည် အိုးဖုတ်ခြင်းငှာ ထင်းဝယ်လာသဖြင့် တစ်ဆယ့်ခြောက် သပြာတို့ကို ရ၏။ အရင်း ရှစ်သပြာနှင့်တကွ နှစ်ဆယ့်လေးသပြာတို့ကို ရလေသော် မြို့တံခါးလေးမျက်နှာ၌ ကြီးစွာသော တင်လဲရည်အိုးကို ထား၍



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ကားရောင်းဝယ်သမျှသော သူတို့အား လည်းကောင်း၊ ငါးရာမျှလောက်သော မြက်ထမ်းယောကျ်ားတို့အား လည်းကောင်း ကျွေးမွေး၏။ မြက်ထမ်းယောကျ်ားတို့ကလည်း "အကျွန်ုပ်တို့အား များစွာ ကျေးဇူးရှိပေသည်။ အရှင်အလိုရှိလျှင် အကျွန်ုပ်တို့အား အကြောင်းကို ကြားပါ" ဟု ဖိတ်ကြားလေ၏။

တစ်နေ့သောအခါ ကြည်းကြောင်းကို ခရီးသွားသောမိတ်ဆွေတို့က ဥတ္တရပထတိုင်းမှ မြင်းကုန်သည်ငါးရာတို့ မြင်းရောင်းလာသော သတင်းစကားကိုပြောဆိုသော်၊ ထို စူဠန္တေဝါသိကလည်း မြက်ထမ်းယောကျ်ား ငါးရာတို့ကို ခေါ်၍ "သင်တို့ နက်ဖြန် သူတစ်ပါးတို့ထံသို့ မသွားဘဲ အကျွန်ုပ်အားသာ မြက်ကိုရောင်းပါ"ဟု ဆို၍ အလုံးစုံသောမြက်တို့ကို ဝယ်၏။ မြင်းကုန်သည်တို့ ရောက်လာသောကာလ တစ်ပါး၌ာနဌ မြက်မရနိုင်သော် စူဠန္တေဝါသိက၏ အထံ၌သာ ဝယ်ရ၍ တစ်ထောင်မျှလောက်သော အသပြာတို့ကို ရ၏။

တစ်ရက်, နှစ်ရက်ကြာလျှင် သမုဒ္ဒရာလမ်း ကူးသန်းသွားလာကြသောသူတို့က မနက်ဖြန် သင်္ဘောဆိုက်အံ့သောအကြောင်းကို ကြား၏။ စူဠန္တေဝါသိကလည်း 'ဤသင်္ဘော၌ပါသမျှသော အထုပ်အထည်ကို ဥပါယ်တံမျဉ်ဖြင့် ဝယ်ယူအံ့'ဟု ကြံ၍ အဖိုးတန်သော လက်စွပ်တစ်ချည်ကို ဝယ်ပြီးလျှင် သင်္ဘောသူကြီး၏မိန်းမထံသို့ လက်ဆောင်ပို့စေ၍ "ပါသမျှသော ဥစ္စာကို ဝယ်ပါရစေ"ဟု ခွင့်တောင်း၏။ သင်္ဘောသူကြီးကလည်း "ကောင်းပြီ" ဟု ဝန်ခံလိုက်၏။ သင်္ဘောဆိုက်သောအခါ အရာမကသော သူဌေးကုန်သည်တို့ အဝယ်လာကြသော် သင်္ဘောသူကြီးက "စူဠန္တေဝါသိကနှင့် ချိန်းချက် မိကြလေပြီ။ ဤသူကိုသာ ငါတို့ ရောင်းရအံ့။ အလိုရှိမူ ထိုသူ၏အထံ၌သာ ပန်ကြားကြကုန်"ဟု ဆို၏။

ထို စူဠန္တေဝါသိကလည်း မြစ်ကမ်းဝ၌ ချမ်းမြေ့သာယာစွာ နေရာဆိပ်ကွန်းဆောက်လုပ်၍ မဟာသာလ သူကြွယ်ကဲ့သို့ တင့်တယ်စွာနေလင့်၏။ အရာမျှလောက်သော ကုန်သည်တို့လည်း စူဠန္တေဝါသိကကိုသာ အသပြာတစ်ထောင်, တစ်ထောင်စီ လက်ဆောင်ပေး၍ 'အကျွန်ုပ် ဤမျှဤမျှသောဘဏ္ဍာကို ဝယ်ပါရစေ'ဟု ခွင့်တောင်းကြသဖြင့် တစ်သိန်းမျှလောက်သောဥစ္စာကို ရ၏။ သင်္ဘော၌ပါသော ဘဏ္ဍာတို့ကို အသီးသီးဝယ်စေပြီးလျှင် မိမိမှာ အသပြာတစ်သိန်းဖြင့် အလုံးစုံဝယ်၍ရောင်းသော ကြေးကောင်းထမ်းပိုးကြွသဖြင့် နှစ်သိန်းမျှလောက်သော အသပြာကို ရသတည်း။

ဤသို့လျှင် ကြွက်သေတစ်ခု အရင်းပြု၍ လှယ်ပယ်သဖြင့် လေးလအတွင်းဝယ် နှစ်သိန်းမျှလောက်သော အသပြာတို့ကို ရလတ်သော်၊'ငါသည် ဤမျှလောက်သောဥစ္စာကို ဩဝါဒပေးသော 'စူဠက' သူဌေးကို မှီ၍သာ ရပေသည်။ ဤသူဌေးအား ကျေးဇူးဆပ်အံ့'ဟုကြံ၍ တစ်သိန်းသောအသပြာကို သူဌေးထံသို့ ဆောင်ယူပြီးလျှင် "အရှင်သူဌေး။ ဤအသပြာကို အလိုရှိရာ သုံးတော်မူပါ"ဟု လျှောက်၏။ စူဠကသူဌေးကလည်း "သင် အဘယ်မှရ၍ ငါ့အား ပေးလာသနည်း" ဟုမေးသော်၊ သူဌေးဆိုသောစကားကို အမှီပြုလျက် ကြွက်သေတစ်ခုကို ရောင်းသည်မှစ၍ အသပြာနှစ်သိန်းရသည့်တိုင်အောင် အလုံးစုံသောအကြောင်း ပြန်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



စူဠကသူဌေးလည်း ထိုအကြောင်းကိုကြားလျှင် အားရဝမ်းသာစွာဖြစ်၍ "ဤကဲ့သို့ ပညာ, သတိ, ဝီရိယရှိသော ယောကျ်ားကား အလွန်ရှားပေသည်သာတည်း။ ပညာ, သတိ, ဝီရိယ ရှိရုံသာလည်း မဟုတ်သေး။ သူ၏ကျေးဇူးကို သိတတ်သော ကတညုတ ကတဝေဒိဂုဏ်နှင့်လည်း ပြည့်စုံပေသည်" ဟု ချီးမွမ်း၍၊ အရွယ်ရောက်ရုံသာရှိသော မိမိသမီးငယ်နှင့် ထိမ်းမြား၍ ထပ်တူကိုယ်စား ပြုပေ၏။ စူဠကသူဌေး လွန်သောအခါ သူဌေးအရာကိုရ၍ ကြီးကျယ်လှသော စည်းစိမ်၏အရှင် ဖြစ်သတည်းဟု အတ္တုပ္ပတ္တိကို ဖော်ပြလျက်–

'အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။

သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ' – ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား –ဝိစက္ခဏော၊ ရောင်းဝယ်ကုန်သွယ်ခြင်း၌ မြော်မြင်လိမ္မာသော။ မေဓာဝီ၊ ပညာရှိသောသူသည်။ အပ္ပကေနာပိ၊ အနည်းငယ်သာလည်း ဖြစ်သော။ ပါဘတေန၊ အရင်းအိမ်ပါ ကိုယ့်ဥစ္စာဖြင့်။ အတ္တာနံ၊ မိမိအစီးအပွားကို။ သမုဋ္ဌာပေတိ၊ ဖြစ်ပွားကြီးမြင့်စေ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ အဏုံ၊ အနည်းငယ်သော။ အဂ္ဂိံ၊ မီးကို။ သန္ဓမံ၊ မှုတ်သည်ဖြစ်၍။ တံ–အဂ္ဂိံ၊ ထိုမီးကို။ သမုဋ္ဌာပေတိဣဝ၊ ကြီးပွားစည်ပင် စေသကဲ့သို့တည်း။

ဤဒေသနာတော်ကို ဟောတော်မူပြီးလျှင် "ချစ်သားတို့။ ရှေးသောအခါ ထို စူဠန္တေဝါသိကသည် ယခု စူဠပန်ထေရ် ဖြစ်လာ၏။ စူဠကသူဌေးသည် ငါဘုရား ဖြစ်တော်မူ၏။ ထို့ကြောင့် စူဠပန်ကို ယခုဘဝသာ လောကုတ္တရာစည်းစိမ်ကို ငါ ပေးတော်မူသည်မဟုတ်။ ရှေးရှေးသောဘဝကလည်း လောကီသုခကို ရစေဖူးပြီ"ဟု မိန့်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။

## ။၃၈။ ရှင်စူဠပန်ထေရ် ဉာဏ်ပညာထိုင်းခြင်းအကြောင်းကို ပြခြင်း

"ချစ်သားတို့။ ဤစူဠပန်ကား ယခုဘဝသာ ပညာနုံ့သည်၊ လေးလံထိုင်းမှိုင်းသည် မဟုတ်။ ဘဝရှေးရှေးကလည်း လေးလံ ထိုင်းမှိုင်းဖူးသည် သာတည်း။ ငါဘုရားလည်း ယခုဘဝသာ စူဠပန်၏ကိုးကွယ်ရာ ဖြစ်သည် မဟုတ်။ ရှေးသောအခါကလည်း ကိုးကွယ်ရာ ဖြစ်ဖူးပြီ"ဟု မိန့်တော်မူ၍၊ ရဟန်းတို့တောင်းပန်လတ်သော် ရှေးအတိတ်ကို ဆောင်တော်မူ၏။

ရှေးလွန်လေပြီးသောအခါ ငါတို့ဘုရားလောင်းသည် တက္ကသိုလ်ပြည်ဝယ် ပညာကြီးကျယ်လှသော ဒိသာပါမောက္ခဆရာဖြစ်၍ အရပ်လေးမျက်နှာမှ ရောက်လာကုန်သောသူတို့အား အတတ်ပညာကို သင်ကြားပြသ၍ နေသတည်း။ တစ်ရံသောအခါ ဗာရာဏသီပြည်မှ



www.burmeseclassic.com

www.burmeseclassic.com



'ဒန္ဒက'မည်သော အမျိုးသားတစ်ဦးသည် အတတ်ပညာသင်ခြင်းငှာ ရောက်လာ၏။ ထိုဒန္ဒကသည် ဆရာ့ထံသို့ ရောက်သည်မှစ၍ နေ့ညဥ့်မပြတ် ဆည်းကပ်ခစားလျက် ဆရာ့အား ခြေဆုပ်လက်နယ် ပြုခြင်း၊ သောက်ရေသုံးရေ တည်ခြင်း၊ နေရာခင်းခြင်း၊ ချေးတွန်းခြင်း၊ ယပ်ခတ်ခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ဥစ္စာပစ္စည်းကို သိမ်းဆည်းသိုမှီးခြင်း စသော ကိစ္စခပ်သိမ်းတို့၌ မပြတ်မလပ် ကြည်ညွတ်ရိုသေစွာပြု၏။

ဒိသာပါမောက္ခဆရာလည်း ကျေးဇူးများစွာ ပြုပေသောသူဖြစ်ရကား သူတစ်ပါးထက် ဆထက်လေးမြတ်၍ အတတ်ပညာကို လွန်စွာသင်သတည်း။ ထိုသို့သင်သော်လည်း ပညာနုံ့လှရကား တစ်ပုဒ်,တစ်ဂါထာကိုမျှ သေချာစွာ မတတ်နိုင်ဖြစ်၏။ လေးနှစ်ပတ်လုံး သင်၍မျှမတတ်သဖြင့် သင်အပ်သောသိပ္ပ၌ အာလယကင်းရကား ပျင်းရိဆန့်ကျင်သည်ဖြစ်၍ မိဘထံသို့ ပြန်ခြင်းငှာ ဆရာအား ခွင့်တောင်းသော်၊ ဆရာကလည်း 'ဤသူသည် ငါ့အား အလွန်လေးမြတ်စွာ ဆည်းကပ်လုပ်ကျွေးပါလျက် တစ်စုံတစ်ခုသောပညာကိုမျှ မရသော် 'ပဏ္ဍိတသေဝန မင်္ဂလာ' မပြည့်စုံရာ။ အသက်မွေးခြင်းငှာ တစ်ခုသောဂါထာကို ငါ သင်ပေးဦးအံ့'ဟု ကြံစည်၍ ဒန္ဒကလုလင်ကို တောအရပ်သို့ ခေါ်ဆောင်ပြီးလျှင်–

'ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ။

အဟမ္ပိ တံ ကာရဏံ ဇာနာမိ ဇာနာမိ'– ဟူသော ဂါထာကို အကြိမ်များစွာ သင်၏။

တပည့်က "အကျွန်ုပ် မြဲစွဲစွာ မှတ်မိပါပြီ"ဟု ဆိုသော်၊ "ဤဂါထာကို အခါမပြတ် ရွတ်ဖတ်သရဇ္ဈာယ်လော့။ သင့်အသက်မွေးခြင်းငှာ တတ်ကောင်းရာလတ္တံ့."ဟု ဆိုပေ၏။ တပည့်ဒန္ဒကလည်း ဆရာသင်သမျှသော ဂါထာကို ရိုသေစွာမှတ်သား၍ ဆရာအား လိုက်ပို့ပြီးမှ မိဘတို့နေရာ ဗာရာဏသီပြည်သို့ ပြန်ခဲ့၏။ မိဘတို့လည်း 'အတတ်သင်၍ ပြန်လာသည်'ဟု မြတ်နိုးတနာဖြင့် များစွာသော ပူဇော်သက္ကာရတို့ကို ပြုပေ၏။

ထိုအခါ ဗာရာဏသီပြည့်ရှင်မင်းကြီးလည်း 'ငါသည် ဤပြည်ကို တရားနှင့်အညီပင် မင်းပြုသည်။ သို့ရာတွင် သတ္တဝါတို့၏သဘောသည် မိမိ၌ရှိသောအပြစ်ကို မိမိ မမြင်။ သူတစ်ပါးကသာ မြင်တတ်ချေသည်။ ငါ၌ မကောင်းပြစ် ရှိသည် ဖြစ်အံ့။ ပြည်ရွာသားတို့ ထင်ရှားစွာ မကဲ့ရဲ့ဝံ့ရာ။ ဆိတ်ဆိတ်သာကဲ့ရဲ့၍ ရန်ငြိုးဖွဲ့ကြလတ္တံ့။ မကောင်းပြစ်ကို သိမှသာလည်း ကောင်းအောင် ငါ ကျင့်နိုင်ရာသည်။ ထို့ကြောင့် ငါ၏သတင်းကို အချင်းချင်းပြောဆိုရာ၌ ချောင်းမြောင်း၍ နာအံ့'ဟု ကြံစည်ပြီးလျှင် ထမင်းညစာ စားပြီးအချိန်ဝယ် တစ်ယောက်တည်းလည်၍ ဝှက်ကွယ်ရာဖြစ်သောအရပ်က ကပ်၍ကပ်၍ အိမ်စေ့ နားထောင်သတည်း။

အတတ်သင်၍ပြန်လာသော ဒန္ဒကတို့၏ အိမ်အနီးသို့ရောက်သောကာလ အိမ်ရိပ်ကပ်၍ နားထောင်စဉ် ဥမင်တူးဖောက်၍ ခိုးတတ်သောလူတို့သည် 'ဤအိမ်၌ ဥစ္စာကို ခိုးယူအံ့'ဟု လူဆံ့ရုံသောဥမင်ကို တူးဖောက်၍ အိမ်အောက်မှတက်ဝင်လေသော် ယခင် ဒန္ဒကလည်း အိပ်ရာမှနိုးလတ်၍ ဆရာသင်အပ်သောဂါထာကို ကောင်းစွာ သရဇ္ဈာယ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကို ကြားလျှင် ခိုးသူများလည်း ကြောက်လန့်သည်ဖြစ်၍ မိမိတို့ဥပါသော လက်နက်ဥစ္စာကိုပစ်၍ ထွက်ပြေးကြလေ၏။ ထိုအခြင်းအရာကို မင်းကြီး စေ့စုံစွာမြင်လျှင် 'ဤအိမ်ရှင်ကား ထူးခြားကောင်းမွန်သောပညာကို တတ်ပေစွ။ ငါ သင်ရမူ ကောင်း၏'ဟု ကြံ၍၊ အိမ်ကိုမှတ်ပြီးသော် နန်းတော်သို့ ပြန်လေ၏။

နံနက်မိုးသောက် ရောက်လတ်သောကာလ ထိုဒန္တကကို ခေါ်စေလျက် "သင် ညဉ့်ဦးက အဘယ်အတတ်ကို ရွတ်ဖတ် သရဇ္ဈာယ်သနည်း"ဟု မေး၏။ "ဆရာပေးလိုက်သော မန္တန်ကို ရွတ်အံ သရဇ္ဈာယ်ပါသည်"ဟု လျှောက်လျှင် "သင်သည် တက္ကသိုလ်ပြည်မှ အတတ်သင်၍ လာသလော"ဟု မေး၏။ "ဟုတ်မှန်ကြောင်း"ကို လျှောက်လျှင်၊ "သင်၏မန္တန်ကို ငါ့အား သင်ပါ"ဟု တောင်းပန်၍ ကောင်းမွန်မြင့်မြတ်သောနေရာ၌ နေစေပြီးသော်၊ မင်းကြီးသည် နိမ့်ရာကနေ၍ ဂါထာကို သင်ယူ၏။ ထိုသို့သင်ယူပြီးမှ ဆရာ့ကျေးဇူးဆပ်ခြင်းငှာ အသပြာ တစ်ထောင်ဖြင့် ပူဇော်လိုက်၏။ မင်းကြီးလည်း ထိုမန္တန်ကို အလွန်ယုံမှတ်ရကား မပြတ် သရဇ္ဈာယ်၏။

တစ်ရံသောအခါ စစ်သူကြီးသည် ပြည့်စည်းစိမ်ကို တောင့်တသဖြင့် ရာဇဝလ္လဘဖြစ်သော ဆတ္တာသည်ကို ဤသို့ဆို၏။ "အချင်း ဆတ္တာသည်။ သင်သည် မင်းကြီး၏နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ကို သုတ်သင်သောအခါ လက်ဥပါသောဓားဖြင့် မင်းကြီးအား သတ်ဘိလော့။ ငါ မင်းပြုရလျှင် သင့်အား စစ်သူကြီးအရာကို ငါ ပေးမည်"ဟု ဆို၏။ ထိုဆတ္တာသည်လည်း ယုံကြည်ရကား "ကောင်းပါပြီ"ဟု ဝန်ခံ၍၊ မင်းကြီး၏မုတ်ဆိတ်ဆံကို ပြုပြင်ရသောအခါ ထက်လှစွာသောဓားဖြင့် လည်ကို တစ်ချက်တည်းဖြတ်အံ့ဟုကြံ၍ မင်းကြီးထံပါးသို့ ကပ်လျက် လက်တစ်ဖက်ဖြင့် မေးကိုမ,၍ လက်တစ်ဖက်က ဓားကိုကိုင်၍ ရွယ်၏။ ထိုအခါ မင်းကြီးက–

'ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ' – စသော ဂါထာကို ရွတ်၏။

ဆတ္တာသည်လည်း 'ငါတို့၏အကြံကို မင်းကြီး သိလေပြီတကား'ဟု အလန့်တကြား တုန်လှုပ်လျက် ကြက်သီးမွေးညင်းထ၍ ကိုယ်မှဇောချွေးတို့သည် ယိုစီးသဖြင့် ခြေရင်း၌ ဝပ်၍ရှိခိုးလျက် "အရှင်မင်းကြီး။ အကျွန်ုပ်အား ထားလျှင်လည်း ရှင်ရပါတော့မည်။ သတ်လျှင်လည်း သေရပါတော့မည်"ဟု လျှောက်၏။ မင်းကြီးလည်း ရာဇမာယာ၌ လိမ္မာတော်မူရကား "ငါ့အား ဘုန်းကံပညာရှိသော မင်းဟူ၍ သင် မသိသလော။ သင်၏အမှုကို ထင်စွာဆိုမှ သင် ချမ်းသာရာရမည်"ဟု ခြိမ်းခြောက်၏။

ဆတ္တာသည်ကလည်း "အကျွန်ုပ်၏အကြံ မဟုတ်ပါ။ စစ်သူကြီးကသာ 'မင်းကိုသတ်ပါ'ဟု အသပြာတစ်ထောင်ပေး၍ တိုက်တွန်းသောကြောင့် အကျွန်ုပ် ကြံမိပေသည်"ဟု လျှောက်၏။

ထိုစကားကိုကြားသော် စစ်သူကြီးကိုခေါ်၍ မေးမြန်းစစ်ကြောပြီးမှ ပြည်မှ နှင်ထုတ်လိုက်၍ 'ငါ့ဆရာကို မှီ၍သာ ငါ စည်းစိမ်မပျက် အသက်မသေ ရှိပေသည်'ဟု နှလုံးထားလျက် ဒန္တကသတို့သားကို ခေါ်ပြီးလျှင် စစ်သူကြီးအရာ၌ ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဤသို့ တစ်ဂါထာကိုမှီ၍ စစ်သူကြီးအရာကိုရသော ဒန္တကကား ယခုအခါ စူဠပန်ထေရ် ဖြစ်လာ၏။ ဒီသာပါမောက္ခဆရာကား ငါဘုရား ဖြစ်တော်မူ၏။ ချစ်သားရဟန်းတို့။ ထို့ကြောင့် စူဠပန်သည် ယခုမှသာ ဉာဏ်လေးသည် မဟုတ်။ ရှေးကလည်း လေးဖူးပြီ"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ဤ မထေရ်ညီနောင်နှစ်ပါးတွင် မဟာပန်ထေရ်ကား အရူပဈာန်ကို အလွန်အားဖြင့် ဝင်စားလေ့လာနိုင်သောကြောင့် 'ရူပသညာ'စသည်ကို လည်စေခြင်း၌ လည်းကောင်း၊ အနိစ္စာနုပဿနာ အစရှိသော ခုနစ်ပါးသော အနုပဿနာ, တစ်ဆယ့်ရှစ်ပါးသော မဟာဝိပဿနာတို့၌ လည်းကောင်း၊ အင်္ဂသက်တ္တ အာရမ္မဏဝဝတ္ထာန်တို့၌ လည်းကောင်း လိမ္မာ၏။

ညီဖြစ်သော စူဠပန်ထေရ်ကား ရူပါဝစရ စတုတ္ထဈာန်ကို အလွန်အားဖြင့် ဝင်စားလေ့လာနိုင်သောကြောင့် ရူပဈာန်သမာဓိစိတ်ကို တည်စေခြင်း၌ လည်းကောင်း၊ အာရမ္မဏသင်္ကေတ္တ, အာရမ္မဏဝဝတ္ထာန်တို့၌ လည်းကောင်း အလွန်လိမ္မာ၏။ ဣဒ္ဓိဝိဓ အဘိညာဉ်တရားကို ဝင်စားသောအရာ၌လည်း တစ်ပါးသောရဟန္တာတို့ထက် သာလွန်လျင်မြန်၏။ တစ်ပါးသော ရဟန္တာတို့မှာ နိမ္မိတကာယကို ဖန်ဆင်းလိုကြသော် နှစ်ဦး, သုံးဦး စသည်တို့ဖြင့် လည်းကောင်း၊ မိမိ၏ကိုယ်နှင့် အသွင်အတူအမျှကို လည်းကောင်း ဖန်ဆင်းနိုင်ကြကုန်သည်။ စူဠပန်ထေရ်မူကား တစ်ခုသောအာဝဇ္ဇန်းရှိသော အဘိညာဉ်တစ်ဝီထိဖြင့်လည်း ကိုယ်ခန္ဓာ တစ်ရာ, တစ်ထောင်တိုင်အောင် သော်လည်းကောင်း၊ မိမိကိုယ်နှင့် တစ်သွင် တစ်သဏ္ဌာန်တည်း သော်လည်းကောင်း၊ တစ်ပုံတခြား သဏ္ဌာန်ပြား အဆင်ကွဲအောင် သော်လည်းကောင်း ဖန်ဆင်းနိုင်သတည်း။

ထို့ကြောင့် ဇေတဝန်ကျောင်းတော်သို့ရောက်၍ သာဝကတို့ကို အသီးအသီးအရာဌာန၌ ထားသောအခါ မဟာပန်ထေရ်ကို 'သညာဝိဝဋ္ဋ' တေဒဂ်အရာ၌၊ စူဠပန်ထေရ်ကို အဘိညာဉ်စိတ်ဖြင့် ပြီးသော နိမ္မိတကာယကိုဖန်ဆင်းနိုင်သော ပုဂ္ဂိုလ်တို့ထက် မြတ်သော 'နိမ္မိတ'တေဒဂ်အရာ, စေတောဝိဝဋ္ဋ တေဒဂ်အရာ၌ ထားတော်မူသည်။

[ဤမဟာထေရ်တို့ကား ဘုရားသခင် ရာဇဂြိုဟ်ပြည်၌ ဒုတိယ, တတိယ ဝါဆိုသောအခါမှစ၍ ရှင်ရဟန်းဖြစ်ကြသဖြင့် နောင်တစ်ဖန် ကြွလာတော်မူပြန်မှ ကိစ္စပြီးမြောက်ကြသည်။ နှစ်ကာလကြာမြင့်သော်လည်း အမှတ်လွယ်အောင် တစ်ပေါင်းတည်းစပ်၍ ဆိုလိုက်သည်။ အတိတ်ဇာတ်ကိုဟောရာ၌ အင်္ဂုတ္တိုရ်, ဓမ္မပဒအဋ္ဌကထာ နှစ်စောင်ပြတိုင်း ဆိုလိုက်သည်။ 'ပန္တ' ဟူသောပုဒ်မှာ ခရီးဟောဖြစ်၍၊ 'ဒန္တဇ' ဒုတိယက္ခရာ, ပဉ္စမက္ခရာ အဆင့်နှင့် ရေးသင့်သည် ဟု အဘိဓာန်ဋီကာ မိန့်၏။ အဋ္ဌကထာတို့မှာ 'မုဒ္ဓဇ' ဒုတိယက္ခရာ, ပဉ္စမက္ခရာ အဆင့်နှင့် ရှိကြ၏။]

ဤကား ရှင်မဟာပန်, ရှင်စူဠပန်တို့၏အကြောင်း အတ္ထုပ္ပတ္တိ အမြွက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၃၉။ အရှင်သောဏမထေရ်၏ ရှေးအကြောင်းကို ပြခြင်း

အရှင်သောဏမထေရ်၏ အကြောင်းအတ္ထုပ္ပတ္တိကား ဤကမ္ဘာမှ ပြန်၍ရေသော် တစ်သချေ်နှင့် ကမ္ဘာတစ်သိန်းမြောက်ကျသော 'ဝရကမ္ဘာ'၌ 'အနောမဒဿီ'အမည်ရှိသော မြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူ၏။ ထိုကာလ အရှင်သောဏမထေရ်၏အလောင်းသည် တစ်ဦးသော အမျိုးကောင်းသားဖြစ်၍ ဘုရားသခင်အထံ၌ နိယံမပြတ် ဆည်းကပ်ကိုးကွယ်သတည်း။

တစ်ရံရောအခါ မြတ်စွာဘုရားသည် လှင်တီးခေါင်၌သာ စင်္ကြံကြွတော်မူသည်ကို မြင်၍ 'ပြည့်ရှင်မင်းနှင့်တကွသော လူအများတို့သည် မကြံမစည်မိသောအရာဝယ် ငါ ကုသိုလ်ပြုအံ့'ဟု ကြံလျက် သစ်, ကျောက်, အုတ်, အင်္ဂတေတို့ကို စုရုံးပြီးလျှင် ဘုရားသခင်ကြွတော်မူသောဌာန၌ သံတောင်တစ်ရာမျှ အလျားရှိသော ရတနာစင်္ကြံကို ကောင်းမွန်စွာ ဆောက်လုပ်၍ လှူဒါန်းပူဇော်၏။ အနုမောဒနာပြုသောကာလ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ လှူဒါန်းပူဇော်၍ တရားတော်ကိုနာ၏။ ထိုအခါ မြတ်စွာဘုရားသည်လည်း ခံစားရလတ္တံ့သောအကျိုးဆက်ကို ပြက်ပြက်ထင်ထင်သိမြင်စေခြင်းငှာ–

'ယော သော ဟဋ္ဌေန စိတ္တေန၊ ဒီဃသာလံ အဒါသိ မေ' – အစရှိသော ဂါထာဖြင့် ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုဂါထာတို့ကို မြန်မာပြန် ဖြေတင်သော် "အကြင်ဒါယကာသည် ငါ၏ လေးပါးသော ဣရိယာပုထ်ကို မျှတစေခြင်းငှာ ကြွရာဖြစ်သော ဤရတနာစင်္ကြံကိုလည်း ဆောက်လုပ်လှူဒါန်း၏။ သပရိဝါရဒါနဖြစ်သော သုံးဆောင်စရာ ပရိက္ခရာတို့ကိုလည်း လှူဒါန်း၏။ သရဏဂုံ သီလတို့ကိုလည်း နိစ္စဆောက်တည်၏။ ထိုဒါယကာကား မျက်မှောက်လောကဓံ ပစ္စုပ္ပန်လည်း ကြံကြံသမျှသော ဣစ္ဆာသယတို့သည် ပြည့်စုံလတ္တံ့။ ရောဂါဘေးဒဏ် အန္တရာယ်မနှောင့် မကြောင့်မကြ သုခပွားစည်လျက် အသက်ရှည်သည် ဖြစ်လတ္တံ့။ ဘဝပြောင်းစေ့ စုတေသောအခါ နတ်တို့ရွာမှ ဝေဇယန္တာရထားဖြင့် သိကြား ဆောင်ယူလာလတ္တံ့။ နတ်ပြည်သို့ရောက်သောအခါ ရတနာခုနစ်သွယ်တို့ဖြင့် စီခြယ်မွမ်းမံအပ်သော ပြာသာဒ်ဗိမာန် ဝေဇယန်ဘုံကြီး၌ နတ်သမီး, နတ်သား ဝန်းလျားခယ ဖျောင်းဖျရှိညွတ်သော နတ်မင်း၏စည်းစိမ်ကို အကြိမ်အားဖြင့် မရေတွက်သာ ကမ္ဘာအားဖြင့် သုံးသောင်းပတ်လုံး ခံစားမွေ့လျော်ရတ္တံ့။ ထို့နောက်တွက်ဖွဲ့၍ နှစ်ဆယ့်ငါးကမ္ဘာတိုင်တိုင် နတ်တကာတို့ကိုစိုးပိုင်သော သိကြားမင်း ဖြစ်လတ္တံ့။ ထိုမှလူ့ရွာ စုတေလာသော် ယသောရော သညာနာမ သမုတ်ကြသော စကြဝတေးမင်း၏အဖြစ်သည် ခုနစ်ဆယ့်ခုနစ်ကြိမ် ဖြစ်လတ္တံ့။ ထိုဤ အန္တရာဘဝ အဆစ်ဆစ်တို့၌လည်း ပဒေသရာဇ်, ဧကရာဇ်, သူဌေး, သူကြွယ်အဖြစ်သာ အကြိမ်များစွာ ဖြစ်လတ္တံ့။ ငါ့နောက်စဉ်ကာ ပွင့်လာကြကုန်သော ဘုရားတို့၏အထံ၌ အလွန်သော ကုသိုလ်သမ္ဘာရကို ဆည်းပူးသဖြင့် လူ, နတ်, ဗြဟ္မာ ဘုံသုံးရွာ၌ ကြီးကျယ်စွာသော ချမ်းသာစည်းစိမ်ကို ခံစားရလျက် ဘဒ္ဒကမ္ဘာ ဖြစ်သောအခါဝယ် ဥက္ကာကရာဇ် မင်းစစ်ကေန် ဖြစ်လတ္တံ့။ ထိုအနွယ်မှ ဆက်သွယ်ပွား၍



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဂေါတမ လူ့ဘသင်းကျစ် ဖြစ်သောအခါ ထိုဒါယကာသည် သာဝကပါရမီဉာဏ်၏ အဆုံးသို့ ရောက်လတ္တံ့."ဟူ၍ အနုမောဒနာဖြင့် ဗျာဒိတ်စကား ကြားတော်မူ၏။

[ပါဠိဂါထာကို လိုလျှင် အပဒါန်ပါဠိတော်မှ ယူလေ။]

ထိုအမျိုးကောင်းသားသည် ဗျာဒိတ်စကားကိုကြားလျှင် အားရဝမ်းသာစွာ သဒ္ဓါတရား တိုးတက်ပွားများခြင်း ရှိရကား ဒါန, သီလ အစရှိသော ကုသိုလ်ကံကို အလွန်အားထုတ်လျက် အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်, လူ့ရွာ၌ မြတ်စွာဘုရား ဗျာဒိတ်စကားကြား တော်မူတိုင်း လူ, နတ်တို့၏စည်းစိမ်ကို အကြိမ်ကြိမ်ခံစားခဲ့ရ၍ ပဒုမုတ္တရဘုရား ထင်ရှား ဖြစ်တော်မူသောကာလ ဟံသာဝတီပြည်ကြီးဝယ် ကြွယ်ဝကုံထံသော 'သိရိဝဍ္ဍန' အမည်ရှိသော သူဌေး ဖြစ်လာ၏။ အရွယ်သို့ရောက်သောအခါ တရားတော်ကိုနာရ၍ သာသနာ၌ သဒ္ဓါခြင်းရှိ ရကား ဘုရားသခင်အား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းလုပ်ကျွေး၏။

တစ်နေ့သောအခါ မြတ်စွာဘုရားသည် ရဟန်းတရား၌ အလွန်အားထုတ်သော ရဟန်း တစ်ပါးအား များစွာ ကောင်းချီးပေးတော်မူ၍ ဧတဒဂ်အရာ၌ ထားသည်ကိုမြင်လျှင် ဤအရှင်ကဲ့ သို့ ဖြစ်ချင်သောဆန္ဒ ရှိရကား ဘုရားသခင်နှင့်တကွသော သံဃာတော်တို့အား အလှူကြီးပေး ၍ 'ယမန်နေ့ ဧတဒဂ်ရသောရဟန္တာကဲ့သို့ နောင်ဘုရားတို့သာသနာ၌ ဖြစ်ပါစေသော' ဟု ဆုတောင်း၏။ ဘုရားသခင်လည်း အစဉ်သောဓမ္မဒေသနာဖြင့် ဗျာဒိတ်စကား ကြားတော် မူခဲ့သတည်း။

သိရိဝဍ္ဍနသူဌေးလည်း ကုသိုလ်ကောင်းမှုကိုသာ လွန်စွာအားထုတ်လျက် အသက်အတိုင်း နေ၍ စုတေလေသော် လူ့ပြည်, နတ်ရွာ၌ ကမ္ဘာတစ်သိန်းပတ်လုံး ကျင်လည်ခဲ့ရ၍ ကဿပ ဘုရား နိဗ္ဗာန်လားသည့်နောက် ထားတော်မူအပ်သောသာသနာ ကုန်သောအခါ ဗာရာဏသီ ပြည်ဝယ် သူကြွယ်အမျိုး၌ဖြစ်လာ၍ 'မဟာသာလ'ဟူသောအမည်ကို ရ၏။ ထို မဟာသာလ သတို့သားသည် ငါးရာမျှလောက်သော အဆွေခင်ပွန်းတို့နှင့် အတူတကွသာလျှင် သွားလာ လှည့်ပတ်လေ့ပြု၏။

တစ်ရံသောအခါ ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဗာရာဏသီပြည်ကိုအမှီပြု၍ ဝါကပ်လို သဖြင့် ဝါဆိုကျောင်းအလို့ငှာ ဂင်္ဂါမြစ်၌မျောလာသော သစ်, ဝါး, ကြိမ်, နွယ်တို့ကို ဆယ်ငင်ရုံးစု၍နေ၏ ထိုသို့နေသည်ကို မဟာသာလသတို့သား မြင်လျှင်၊ ငါးရာသော အဆွေခင်ပွန်းတို့နှင့်တကွ ပစ္စေကဗုဒ္ဓါအထံသို့ ကပ်၍၊ "အရှင်မြတ်။ အဘယ်အလို့ငှာ ဆယ်ငင်ရုံးစု ပါသနည်း"ဟု မေး၏။ ပစ္စေကဗုဒ္ဓါကလည်း "ဒါယကာ။ ငါတို့ရဟန်းမည်သည် ကား ဝါတွင်းကာလ၌ ဝါဆိုကျောင်းကို ရခြင်းငှာအပ်၏"ဟု ပြောလျှင်၊ "အရှင်ဘုရား။ ယနေ့ကား မပြီးရာပြီ။ မနက်ဖြန် အကျွန်ုပ် ဆောက်ပါအံ့။ သန်ဘက်ခါသာ ကြွလာ၍ အလှူခံတော်မူပါ"ဟု လျှောက်၏။ ပစ္စေကဗုဒ္ဓါလည်း ထိုဒါယကာအား ချီးမြှောက်ခြင်းငှာပင် ကြွလာသည်ဖြစ်၍ "ကောင်းပြီ"ဟု ဝန်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



မဟာသာလလည်း အိမ်သို့ရောက်လျှင် အကျွမ်းဝင်သော အဆွေခင်ပွန်းတို့ကို ညီညွတ်၍ လျောက်ပတ်သောဌာနၚ် သစ်ရွက်မိုးသော ကျောင်းသခ်မ်း, နေ့သန့်ရာ, ညဥ့်သန့်ရာတို့ကိုလည်းကောင်း၊ စင်္ကြံ, မဏ္ဍပ်, ဇရပ်တဲကွန်းတို့ကို လည်းကောင်း စောင်ရန်း, မီးတားတို့ဖြင့် ခြံရံကာ ကောင်းမွန်စွာ ဆောက်လုပ်ပေး၏။ ပြီးလျှင် ဆွမ်း, ယာဂု စသော ပူဇော်သက္ကာရကို ပြင်ဆင်လျက် အရှင်ကောင်း၏လာခြင်းကို မျှော်လင့်ကာနေ၏။ အချိန်းအချက်စေ့၍ ပစ္စေကဗုဒ္ဓါ ကြွလာလျှင် ဘောဇဉ်ငါးပါးတို့ဖြင့် လုပ်ကျွေး၍ အလုံးစုံသောအဆောက်အဦတို့ကို ပေးလှူပူဇော်၏။ ပစ္စေကဗုဒ္ဓါ အရှင်ကောင်းသခင် ကျောင်းသို့ဝင်သောအခါ 'မြူလွှာဖြင့် လိမ်းကပ်ခြင်း မရှိစေသတည်း'ဟု မိမိအပေါ်ရုံဖြစ်သော အသပြာတစ်သိန်းထိုက်သော ကမ္ဗလာနီကို မြေအခင်း ပြုပေ၏။ ပစ္စေကဗုဒ္ဓါ တက်၍ထိုင်တော်မူလျှင် ယခင်ကမ္ဗလာနီ၏အရောင်ဖြင့် ဟပ်၍ လျှပ်စစ်တိမ်မီးခိုးကဲ့သို့ တညီးညီ တောက်ပလျက် အရွှန်းနှစ်သက်စဖွယ် ဖြစ်၏။

ထိုသို့တင့်တယ်သည်ကို မြင်လျှင် သာရှင်ဝမ်းမြောက်လှစွာသောစိတ် ရှိသည်ဖြစ်၍ "အကျွန်ုပ်သည် ဤသို့ပြုရသော ကုသိုလ်သမ္ဘာရကြောင့် ဖြစ်တိုင်းသောဘဝတို့၌ လယ်ခေါင်ရန်းပန်းကဲ့သို့ တပ်စွမ်းလှပသော လက်ခြေအဆင်းရှိသည် ဖြစ်စေသော။ အကြိမ်တစ်ရာဖတ်သော ဝါဂွမ်းစုကဲ့သို့ နုထွတ်သိမ်မွေ့သော ကိုယ်အသားအရေရှိသည် ဖြစ်စေသော။ လျှပ်စစ်တိမ်တောင်ကဲ့သို့ ကိုယ်ရောင်ထွန်းပသည် ဖြစ်စေသော"ဟု သုံးပါးသောဆုကို ပတ္ထနာ၏။

ထိုအခါမှစ၍ ပစ္စေကဗုဒ္ဓါတို့အား ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးပြုစုလျက် ဝါကျွတ်သောအခါ အသပြာတစ်သိန်းထိုက်သော ကမ္ဗလာသင်္ကန်းတို့ဖြင့် လှူဒါန်းပူဇော်၏။ ပဝါရဏာပြုပြီးသောအခါ ပစ္စေကဗုဒ္ဓါလည်း ဟိမဝန္တာသို့ ပြန်ကြွတော်မူ၏။

## သာကီဝင်မင်းမျိုး ဖြစ်ပေါ်လာပုံနှင့် ကပိလဝတ်ပြည်တည်ထောင်ပုံ

မဟာသာလလည်း ထိုဘဝ၌ အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ နတ်မင်းအဖြစ်ကို ရ၏။ ဤသို့ လူ့ပြည်, နတ်ပြည် လှည့်လည်ကာလာသဖြင့် ဤကမ္ဘာဝယ် ကောဒသမမြောက်သော မဟာသမ္မတမင်းမှစ၍ နှစ်သိန်း ငါးသောင်း နှစ်ထောင့်ငါးရာ ငါးကျိပ် ငါးယောက်သော မင်းတို့၏နောက်၌ ဗာရာဏသီပြည်ဝယ် ဥက္ကာကရာဇ်အမည်ရှိသောမင်းကြီး ဖြစ်လာ၏။ ထိုမင်းကား ကြီးမားသော တန်ခိုးအာနုဘော်ရှိ၏။ စကားပြောလျှင် ခံတွင်းမှ စက်ပြောင်ပြောင်တောက်၏။ ကိုယ်အဆင်းအင်္ဂါသည်လည်း လွန်စွာတင့်တယ်ထွန်းပ၏။

ထို ဥက္ကာကရာဇ်မင်း၌ ဟတ္ထာ, စိတ္တာ, စန္ဒာ, ဇာလိနီ, ဝိသာခါ ဟူ၍ မိဖုရားငါးယောက် ရှိသတည်း။ ထိုငါးယောက်တို့တွင် အဂ္ဂမဟေသီဖြစ်သော ဟတ္ထာမိဖုရား၌ သားတော်လေးပါး, သမီးတော် ငါးပါးအားဖြင့် ကိုးယောက်သော သားတော်,သမီးတော်တို့ကို ရသတည်း။ သားတော်လေးပါးတို့၏ အမည်ကား ဥက္ကာမုခမင်း, ဘဒ္ဒရမင်း, ဝဏ္ဏမင်း, ဟတ္ထိနီမင်း တည်း။ သမီးတော်တို့၏အမည်ကား အနုပိယာမင်းသမီး, သုပိယာမင်းသမီး, အာနန္ဒာမင်းသမီး, ဝိစိတ္တာမင်းသမီး, သေနာမင်းသမီး ဤငါးပါးတို့တည်း။ ဤ သားတော်, သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



ကိုးယောက်တို့ကိုဖွားမြင်ပြီးလျှင် ဟတ္ထာမိဖုရားသည် အနိစ္စရောက်တော်မူ၏။ ဥက္ကာကရာဇ်မင်းကြီးလည်း စိတ္တာမိဖုရားကို အဂ္ဂမဟေသီ ထားတော်မူပြန်၏။ ထား၍ များမကြာမိ 'စန္ဒု' အမည်ရှိသော သားကို ဖွားမြင်သတည်း။

တစ်ရံသောအခါ ဥက္ကာကရာဇ်မင်းကြီးသည် လက်ညှိုး၌ ခူကိုက်သောဝေဒနာကပ်၍ စက်တော်မခေါ်ရ ရှိလတ်သော် စန္ဒုမင်းသား၏မယ်တော်မိဖုရားသည် ခံတွင်း၌ထား၍ အိပ်သဖြင့် အာငွေ့သင့်၍ ပြည်ပုပ်ထွက်လေသော် မင်းကြီးနိုးတော်မူမည်စိုးရကား ထိုပြည်ပုပ်ကို မထွေးဘဲ ဝမ်းထဲသို့ မျိုချ၏။ နံနက်ထ၌ ဝေဒနာသက်သာ၍ အခြင်းအရာကိုမေးသဖြင့် အကြောင်းကို သိတော်မူလျှင် "သင် မိဖုရားကဲ့သို့ ငါ့အားချစ်ခင်သူ မရှိပြီ။ သင်လိုသောဆုကို ငါ ပေးအံ့"ဟု မိန့်တော်မူ၏။ မိဖုရားလည်း "တစ်ပါးသောဆုကို အကျွန်ုပ် မလိုပါ။ သားတော် စန္ဒုကိုသာ အရှင်မင်းကြီး၏အရိုက်အရာကို ခံပါစေ"ဟု လျှောက်၏။ မင်းကြီးလည်း "သားတော်အကြီးတို့ ရှိပေသည်"ဟု အကြိမ်ကြိမ်ပယ်တော်မူလျက် လျှောက်ဖန်များသဖြင့် "မိဖုရားတောင်းသောဆုကို ယူလော့"ဟူ၍ ပေးတော်မူ၏။ ယင်းသို့ပေးပြီးသော် သားတော်လေးပါးတို့ကိုခေါ်၍ ဤသို့မိန့်တော်မူ၏။ "ငါ့သားတို့ရှိလျက်ကို မိဖုရားသည် 'စန္ဒုသတို့သားကို မင်းပြုပါစေ'ဟူသောဆုကို အကြိမ်ကြိမ်တောင်းသောကြောင့် ငါ ပေးမိချေပြီ။ ဤငါ့အပါးတွင်နေသဖြင့် အန္တရာယ်များအံ့သော အကြောင်းကို ငါမြင်သည်။ မင်္ဂလာပြုသော ဆင်, မြင်း, ကျေးကျွန်တို့ကိုထား၍ ငါ့သားတို့အလိုရှိသမျှသော ဆင်, မြင်း, ကျေးကျွန်တို့ကိုယူ၍ အရပ်တစ်ပါးသို့ သွားကြလေကုန်။ ငါမရှိမှ လာ၍ မင်းပြုကုန်"ဟု မိန့်တော်မူလျှင် သားတော်တို့ကလည်း ခယရိုသေစွာရှိခိုး၍ 'ငါးဦးသောနှမတော်တို့ကို ခေါ်ပါရမည့်အကြောင်း'ဖြင့် ခွင့်တောင်း၏။

ခမည်းတော်လည်း အခွင့်ပေးပြီးသော် အမတ်ကြီး ရှစ်ယောက်နှင့်တကွသော အထူးထူးသော ပေးဖွယ်ကမ်းဖွယ်တို့ကို ပေးတော်မူ၍ သားတော်, သမီးတော်တို့ကို လွှတ်တော်မူ၏။ ပြည်သူပြည်သားတို့လည်း "အရှင့်သားတို့နှင့်အတူ လိုက်မည်" ဟူ၍ သုံးရက်ပတ်လုံး အစဉ်မပြတ် လိုက်ကြကုန်သည်။ ဗိုလ်ပါအထုကား သုံးယူဇနာ ရှိသတည်း။

ထိုမင်းသားတို့လည်း ထိုမျှလောက်သော ရဲမက်ဗိုလ်ပါကိုမြင်လျှင် 'သို့စင်သော ပရိသတ်နှင့် မည်သည့်တိုင်းနိုင်ငံမဆို နှိမ်နင်းလျှင် မခံနိုင်လေရာ။ သို့သော်လည်း သူ့ပြည်ကို ငါ့ပြည်မူ၍ အဘယ်အကျိုး ရှိအံ့နည်း။ ဇမ္ဗူဒီပါဝယ် မိုးမြေကျယ်သေးသည် ဖြစ်ရကား လွတ်လပ်သောမြေယာ၌ ငါတို့ ပြည်တည်၍နေတော့အံ့'ဟု ကြံ၍၊ ပြည်တည်ထောင်ရာ ရှာကြလေသော် ငါတို့ဘုရားအလောင်းတော် ကပိလပုဏ္ဏားသည် ကြွယ်ဝစွာသောဥစ္စာစည်းစိမ်ကို စွန့်၍ ရသေ့ရဟန်းပြုကာနေသော အင်ကြင်းတောအုပ်ကို တွေ့လေသတည်း။

ထိုတောအုပ်၌ရောက်သော မြက်, နွယ်, ချုံတို့သည်ကား လယ်ယာရစ်လည်လျက် အရှေ့မျက်နှာသို့သာ ညွတ်သောအကိုင်းအဖျား ရှိကုန်၏။ ခြင်္သေ့, သစ်, ကျား အစရှိကုန်သော သတ္တဝါတို့သည် သမင်, ဒရယ်, ချေယယ်, စိုင်ဆတ်တို့ကို သတ်စားအံ့ဟု လိုက်လာသော် ထိုအရပ်သို့ရောက်လျှင် ချစ်ခင်စုံမက်၍ အမျက်ပြေသဖြင့် သင့်တင့်ငြိမ်းချမ်းစွာ ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကပိလရှင်ရသေ့လည်း ဤသို့သောဂုဏ်ကိုမြင်၍ 'ဤမြေအရပ်ကား အလွန်မြတ်သော ဘူမိနက်သန်ပေတည်း'ဟု သခ်မ်းပြု၍နေ၏။ ထိုရသေ့ကား 'ဘူမိဇာလ'မည်သော မန္တ ရားကို အပြီးတိုင် တတ်တော်မူ၏။ ထိုမန္တ ရား၏အာနုဘော်ကား မြေထဲ၌လည်းကောင်း၊ ကောင်း ကင်၌လည်းကောင်း အတောင်ရှစ်ဆယ်တိုင်အောင် ရှိရှိသမျှသော အကျိုးအပြစ်ကို သိသတည်း။

ဥက္ကာမုခ မင်းသားတို့လည်း ကပိလရှင်ရသေ့ကိုတွေ့၍ မြို့ရာမြေရှာကြောင်းကို လျှောက် လျှင် ရှင်ရသေ့ကလည်း "ဤအရပ်ကား မြတ်သော ဘူမိနက်သန်ပေတည်း။ ဤနေရာ၌ နေရသောသူတစ်ယောက်ကို အထောင်အသောင်းသောဗိုလ်ပါတို့ ကြောက်ရွံ့ရလတ္တံ့။ ဤ ဇမ္ဗူဒိပ်၌ ထီးစိုက်နန်းဆောက်ဖြစ်သောပြည်စုတွင် အတုမရှိသောပြည်ကြီး ဖြစ်လတ္တံ့။ ထို့ကြောင့် ငါ့သခ်မ်းရာ၌ နေ၍ ပြည်တည်လေကုန်"ဟု မိန့်တော်မူ၏။ မင်းသားတို့လည်း ရှင်ရသေ့ဆို တိုင်း မယုတ်မလွန်ပြု၍ ပြည်တည်ကုန်၏။ [ထိုပြည်သည် ကပိလရသေ့ကိုစွဲ၍ 'ကပိလ ဝတ်'ဟု တွင်သတည်း။]

ပြည်တည်၍နေထိုင်ပြီးလျှင် အမတ်ကြီးရှစ်ယောက်တို့လည်း ဤသို့ ကြံကုန်၏။ 'မင်းသားတို့သည် အရွယ်သို့ ရောက်လတ်တော်မူကြကုန်ပြီ။ ခမည်းတော်ထံမှာဖြစ်သော် ကြင်ဖော်စုံကြပြီ။ ယခုမှာ ငါတို့ဝန်ပင် ဖြစ်တော့သည်'ဟု ကြံ၍ မင်းသားတို့အား ဤသို့ နားတော်လျှောက်၏။ "အရှင့်သားတို့နှင့် ထိုက်တန်သော မင်းသမီးတစ်ပါးကို မရသာပြီ။ အမျိုးအနွယ်ကို စောင့်ရှောက်တော်မူသဖြင့် နှမတော်ငါးဦးတွင် အကြီးဖြစ်သော အနုပိယာကို အမိအရာထား၍ နှမတော်လေးပါးနှင့် သင့်မြတ်မှ အနွယ်တော် သန့်ရှင်းနိုင်ပါမည်"ဟု လျှောက်၏။ မင်းသားတို့လည်း အမတ်တို့လျှောက်ထားတိုင်း နာယူသဖြင့် နှမတော်လေးပါး နှင့် မောင်တော်လေးပါးတို့သည် အသီးသီး သင့်မြတ်ကြသတည်း။

ထိုအကြောင်းကို ခမည်းတော် ဥက္ကာကရာဇ်မင်းကြီး ကြားတော်မူလျှင် "သကျာ ဝတ ဘော ရာဇကုမာရာ" ဟူသောစကားဖြင့် "ငါ့သားတော် လေးယောက်တို့သည် အမျိုး အနွယ်ကို စင်ကြယ်အောင် စောင့်ရှောက်နိုင်ပေစွတကား"ဟု ချီးမွမ်းတော်မူ၏။

[ထိုစကားကိုစွဲ၍ ကပိလဝတ်ပြည်၌နေကုန်သော မင်းမျိုးတို့သည် 'သာကီဝင်'ဟု တွင်ကုန်သတည်း။]

ဤသာကီဝင်မင်းတို့၏အဖဖြစ်သော ဥက္ကာရာဇ်မင်းကြီးသည် ထိုကိုယ်၏အဖြစ်မှ စ၍တေလေသော် လူ့ပြည် နတ်ရွာ၌ များစွာကျင်လည်ခဲ့ပြီးမှ ငါတို့ဘုရား ပွင့်တော်မူအံ့သော အခါကာလ စမ္ပာနဂိုရ်ပြည်ဝယ် 'ဥပ သေဋ္ဌိ'အမည်ရှိသော သူဌေးအိမ်၌ ပဋိသန္ဓေနေလာ၏။

ထိုအခါမှစ၍ သူဌေးအိမ်၌ များစွာသော လာဘ်ပူဇော်သက္ကာတို့သည် ရောက်လာကုန်၏။ ဘဏ္ဍာတိုက်တို့၌ ထားအပ်သော ရွှေ, ငွေ, ရတနာတို့သည်လည်း လွန်စွာတိုးတက် ပွားစီး ကုန်၏။ ပွားမြင်သောအခါကာလ၌လည်း စမ္ပာနဂိုရ်ပြည်အလုံးသည် အုံးအင်းတက်မျှ ပွ



www.burmeseclassic.com

www.burmeseclassic.com



ဇော်သဣ္ကျာရုဇ္ဇတို့ကို ပြုကြကုန်သတည်း။ အမည်မှည့်အံ့သောနေ့သို့ ရောက်သောကာလ မိဘနှစ်ပါးတို့သည် ငါတို့သားကား ဇမ္ဗူဒိပ်တစ်လွှား၌ တိုင်းစားနိုင်းရှည့်အပ်သောသူ မရှိ။ မီးကျီးခဲကဲ့သို့ ရဲရဲပြောင်ပြောင် လောင်လုဘနန်းသော ဇမ္ဗူရစ်ရွှေရုပ်ကို သွန်းလုပ်ဘိသကဲ့သို့ တင့်တယ်သောအဆင်းအရောင် ရှိသည်ဖြစ်၍ မိမိအမည်ကို မိမိပင် ဆောင်သောသူဖြစ်ရကား ‘သောဏ’သတို့သား ဟူသောအမည်ကို မှည့်ကြကုန်၏။ ထိုသတို့သား၏ လက်ဖဝါး, ခြေဖဝါး အပြင်တို့သည် နီလွင်တပ်စွန်းသော လယ်ခေါင်ရန်းပန်းကဲ့သို့ ထူးဆန်းတင့်တယ်စွာ ဖြစ်ကုန်၏။ အကြိမ်တစ်ရာဖတ်သော ဝါဂွမ်းစုပမာ နူးညံ့သိမ်မွေ့စွာသော ကိုယ်အတွေ့သည်လည်း ဖြစ်၏။

ထို သောဏသတို့သားသည် အရွယ်အဆင်းအားဖြင့် သင့်တင့်ကောင်းမြတ်သော ခြောက်ကျိပ်လေးယောက်မျှလောက်သော အထိန်းအယ မိန်းမကိုယ်လုပ်တို့နှင့်တကွ ချမ်းသာစွာ ကြီးပွားရ၏။

ထမင်းစားခြင်းကိစ္စ၌ ဤမျှလောက်သော အသရေသည် ဖြစ်၏။ ပယ်ခြောက်ဆယ်မျှလောက်သော မြေအကွက်ကို ညက်ညောစွာ ထွန်ပြီးသော် ပကတိရေ, နို့သာရေ, နို့ရည်ဟူသော ရေသုံးပါးကို့ဖြင့် အကြိမ်များစွာသွန်းလောင်း၍ ကောင်းမြတ်နူးညံ့လှသော သလေးစပါးတို့ကို စိုက်ပြီးလျှင် ယခင်ရေသုံးပါးတို့ဖြင့် ဖျန်းလျက်၊ အဖုံးအလုံးတက်သောအခါ ကျေးငှက်တို့ မလာစိမ့်သောငှာ ရတနာချည်တို့ဖြင့်ပြီးသော ကွန်ရက်တို့ဖြင့်အုပ်မိုးလျက် အရပ်ရှစ်မျက်နှာမှ ဖျာတို့ဖြင့်ကာရံ၍ စောင့်ရှောက်ရန်ဖြစ်သော ယောကျ်ားတို့နှင့်တကွ ထားပေ၏။ ကောက်မှည့်သောအခါ နို့သာမျိုးလေးပါးတို့ဖြင့် ပက်ဖျန်းလျက် အသိန်းအသန်းမျှလောက်သော ယောကျ်ားတို့သည် သီးနှံဖျားကိုသာ ရိတ်ယူပြီးသော် ကြီးစွာသောတလင်း၌ ခြောက်စေ၍ ကျီသွင်းသောအခါ လုံခြုံစွာသောနံရံ၌ အင်္ဂတေသရွတ်တို့ကိုမံပြီးမှ စတုဇာတိကဖြစ်သော နို့သာမှုန့်တို့ကိုခံလျက် အထက်၌ သလေးနှံတို့ကို ထားကုန်၏။ ဤသို့ နို့သာမှုန့်တစ်ထပ်၊ သလေးနှံတစ်ထပ် စီ၍ ကျီပြည့်သောအခါ လုံခြုံစွာပိတ်ထားလျက် သုံးနှစ်လည်မှ စပါးကျီကိုဖွင့်ယူသော် နတ်ကက္ကရပန်းကဲ့သို့ မြို့အလုံးလွှမ်း၍ ကြိုင်လှိုင်၏။

ထိုသလေးစပါးကို ထောင်းဖွပ်သောအခါ ကွာသော ဖွဲနုဖွဲကြမ်းတို့ကို သေသောက်ကြူးတို့သည် သေအိုး၌ဖြူးခြင်းငှာ ယူကုန်၏။ ကျိုးသောဆန်ကွဲတို့ကို အလုပ်အကျွေးဖြစ်သော မိန်းမ, ယောကျ်ားတို့သည် စားသုံးရကုန်၏။ မကွဲမဖျ လုပကောင်းမွန်သောဆန်တို့ကိုသာလျှင် ရတနာဖြင့်ပြီးသော တောင်း၌ထည့်၍ အကြိမ်တစ်ရာဆေးပြီးသော် ကျိုက်ကျိုက်ဆူသောရေ၌ တစ်ကြိမ်နှစ်၍ ရေစစ်ပြီးမှ ရွှေခွက်၌ထား၍ ကျိုက်ကျိုက်ဆူသော ထောပတ်, ဃနာ, ပျားသကာတို့ဖြင့် သွန်းလျက် အငွေ့ဖြင့်နပ်စေပြီးမှ ငွေလင်ပန်းထက်၌ခူး၍ သူဌေးသား၏အထံသို့ ဆောင်၏။

သတို့သားလည်း မျှလောက်ရုံသာ စားပြီးလျှင် နို့သာတို့ဖြင့်ထုံအပ်သော ရေဖြင့် ခံတွင်းကိုဆေး၍ မွှေးလှစွာသောနို့သာဆီတို့ကို ပွတ်လိမ်းလျက် အသပြာတစ်သိန်းထိုက်သော ခြင်္သေ့, သစ်, ကျား, သားရဲရုပ်တို့ဖြင့်ဆန်းကြယ်သော သားမွေးလက်လေးသစ်, ရှစ်သစ်ရှိသော ကော်ဇောအခင်း၌သာ စင်္ကြံလူးလာသွားပြီးမှ ရတနာသလွန်ထက်၌ အိပ်စက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လက်ဝဲလက်ယာမှ တစ်ရာ, တစ်ရာစီသော မိန်းမကညာတို့သည် ရတနာခြယ်တပ်သော ရွှေယပ်, ငွေယပ်တို့ဖြင့် တလွဲလွဲခတ်ကုန်လျက် အတိုင်အဖောက်သီချင်းကောက်၍ လျှောက်ကြရကုန်၏။

ဤသို့ ကြီးကျယ်စွာသောချမ်းသာစည်းစိမ်ကိုသာ ခံစံကာကြီးပွားရကား ထိုသောဏသတို့သား၏ လက်ဖဝါး, ခြေဖဝါးအပြင်၌ ပတ္တမြားနားတောင်းဝယ် လက်ယာရစ်လည်၍တည်သော ကြာခြည်၏သဏ္ဌာန်ကဲ့သို့ အလွန်တင့်တယ်သော မွေးညင်းတို့သည် ပေါက်ရောက်ကုန်၏။ တစ်စုံတစ်ယောက်သော အထိန်းအယ မောင်းမကျေးကျွန်တို့အား မျက်မာန်ပွားသောအခါ "ငါ မြေကိုနင်းအံ့"ဟု ဆို၍ ခြိမ်းခြောက်သတည်း။ ထို သောဏသတို့သားအရွယ်သို့ရောက်လတ်သော် ဥတုသုံးပါးနှင့်လျော်သော ပြာသာဒ်သုံးဆောင်ကို တည်ထောင်ပြုစု၍ တစ်ခုခုသောပြာသာဒ်၌ နတ်ကညာကဲ့သို့ အဆင်းအဝါလှပသော မိန်းမ ငါးရာ, ငါးရာအရံဖြင့် စံစားရသတည်း။

ငါတို့ဘုရား ပွင့်တော်မူ၍ ရာဇဂြိုဟ်ပြည်၌ စံနေတော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် မိမိနှင့် အဆွေခင်ပွန်းဖြစ်ကြသော ထိုသောဏသတို့သား ဘုရားသခင်ကို ဖူးမြင်စေခြင်းငှာ –

'တထာဂတော လောကေ သမုပ္ပန္နော' စသောဂါထာကို ရတနာရွှေပေဖြင့် ရေးသား၍ သတင်းစကားကြားစေ၏။

သတို့သားလည်း 'ဘုရား' ဟူသောအသံကို ကြားရလျှင် အားရဝမ်းသာစွာဖြစ်၍ ရှစ်သောင်းမျှလောက်သော ဂါမိယပရိသတ်တို့နှင့်တကွ ဘုရားအထံတော်သို့ လာခဲ့၏။ အထံတော်သို့ရောက်၍ တရားတော်ကိုနာရလျှင် သာသနာ၌ သဒ္ဓါခြင်း အလွန်ရှိသည်ဖြစ်၍ ရဟန်းပြုခြင်းငှာ အခွင့်တောင်း၏။

ဘုရားသခင်လည်း "အချင်းသောဏ။ အမိ အဖတို့သည် အနုအညွှတ် ခွင့်မလွှတ်သောသားကို ဘုရားရှင်တို့ ရဟန်းပြုတော် မမူကုန်"ဟု ပယ်တော်မူ၏။

ထိုစကားကြားသော် သောဏသတို့သားလည်း မိဘတို့၏ထံသို့ ပြန်လေ၍ ဘုရားသာသနာ၌ ရဟန်းပြုလိုပါကြောင်းဖြင့် အခွင့်တောင်း၏။ မိဘသူဌေးတို့ကလည်း "ချစ်သားသောဏ။ သင်ကား ငါတို့၏ တစ်ယောက်တည်းသော သားတည်း။ အလွန်လည်း ချစ်ခင်စွာ၏။ နှစ်လိုစုံမက် အသက်ပမာ ငါတို့ အောက်မေ့ကုန်၏။ သေမင်းခွဲမှ မလွဲစသာ ကွဲရပါအံ့။ ငါတို့မျက်မြင် သက်ရှင်ပင်လျှင်သင်ချစ်သားကို အသို့ ခွင့်ပေးနိုင်အံ့နည်း"ဟု ဆိုသော်၊ ထိုသောဏလည်း ခယရှိသေစွာ သုံးကြိမ်တိုင်အောင်ပင် ခွင့်တောင်း၏။ မိဘတို့ကလည်း အဆတစ်ရာ လွန်စွာ ပိတ်ပင်လေသော် ရှင်သုဒိန်ကဲ့သို့ ခုနစ်ရက်ပတ်လုံး ထမင်းအာဟာရကိုမစားဘဲ အိပ်ရာ၌ အလျားမှောက်၍ "ရဟန်းမပြုရမူ ဤဌာန၌ပင် သေတော့အံ့" ဟု နေ၏။ မိခင်ဖခင်တို့က ပုံပြင်နည်းနာဖြင့် များစွာချော့မော့ ပြောဆိုသော်လည်း မတုန်မလှုပ်ဘဲနေလေလျှင်၊ "သင် အလိုရှိတိုင်း ပြုပါလော့"ဟု ခွင့်ပေးရ၏။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အားရဝမ်းသာထ၍ ထမင်းအာဟာရတို့ဖြင့် ကိုယ်လက်ဖြည့်တင်းလျက် သုံးရက်, လေးရက်ခန့်ရှိသော် ရှင်တော်ဘုရားအထံသို့ လာ၍ ရဟန်းပြုလေ၏။

[ရဟန်းပြုရာ ဝိတ္ထာရစကားကိုလိုမူ ဝိနည်းပါဠိတော်မှာ ယူလေ။]

ယင်းသို့ ရဟန်းပြုပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ရှိကုန်သော အရှင်သောဏ၏ လူက အဆွေအမျိုးဖြစ်ကုန်သော သူဌေးသူကြွယ်တို့သည် လည်းကောင်း၊ သံဒိဋ္ဌ သမ္ဘတ္တဖြစ်ကုန်သော ခင်ပွန်းတို့သည် လည်းကောင်း အထူးထူးသော ပူဇော်သက္ကာရတို့ဖြင့် နေ့ညဥ့်မပြတ် ဆည်းကပ် ပူဇော်လာကုန်၏။ သိမ်မွေ့သပ္ပာယ် တင့်တယ်လှသော အဆင်းအရောင်ကို ရှုလိုကြသော သူတစ်ပါးတို့သည်လည်း တိုးဝှေ့မအားမျှ လာကြကုန်သတည်း။

ထိုအခါ အရှင်သောဏသည် ဤသို့ကြံ၏။ 'များစွာသောသူတို့သည် ငါ့ထံသို့သာ လာကြသဖြင့် ကမ္မဋ္ဌာန်းဝိပဿနာကို စီးဖြန်းရာတွင် အခွင့်မရနိုင်ပြီ။ ဤအရပ်၌ ငါနေ၍ မဂ်ဖိုလ်ချမ်းသာကို အဘယ်မှာ ရချေအံ့နည်း။ လူစက်ဆုပ်သော ယင်းတိုက်တော သုသာန်သို့ သွား၍ ရဟန်းတရားကို အားထုတ်မှသာ ငါ၏ကိစ္စ ပြီးမြောက်တော့အံ့'ဟု ကြံ၍ ဘုရားထံ၌ ကမ္မဋ္ဌာန်းကိုယူပြီးလျှင် မြို့နှင့်မနီးမဝေးသော ယင်းတိုက်တောသုသာန်သို့ သွားလေ၏။ ထိုသို့ရောက်သောအခါ 'ငါကား အလွန် သိမ်မွေ့နူးညံ့၏။ လောကီချမ်းသာကို ခံစားလိုသဖြင့် ထို့ထက်လွန်မြတ်သော လောကုတ္တရာချမ်းသာသို့ မရောက်နိုင်ရာ။ ဤခန္ဓာကိုယ်ကို ပင်ပန်းစေလျက် ရဟန်းတရားကို အားထုတ်အံ့'ဟုကြံပြီးလျှင်၊ အိပ်ခြင်းဣရိယာပုထ်ကိုပယ်၍ ထိုင်ခြင်း, ရပ်ခြင်းဖြင့်သာလျှင် ဘာဝနာကို ပွားစေ၏။ ရပ် ပင်ပန်းသောကာလ ထိနမိဒ္ဓဖြစ်လာလျှင်၊ ထို ထိနမိဒ္ဓကိုဖျောက်ခြင်းငှာ စင်္ကြံသွားဖန်များသဖြင့် ခြေဖဝါးနှစ်ဖက်တို့သည် ဖူးရရှုးထ၍ ပေါက်ပြဲကွဲအက်ကုန်ရကား စင်္ကြံသွားရာဖြစ်သော မြေတလင်းသည် ခြင်းခြင်းနီမျှ သွေးတို့ဖြင့် ပြွမ်းကုန်၏။

ဤသို့သာလျှင် ဝါတွင်းသုံးလပတ်လုံး လွန်စွာ အားထုတ်ပါသော်လည်း ဈာန်သမာပတ် မြတ်သောတရားတို့၏ အရိပ်နိမိတ်ကိုမျှ မထင်သောကြောင့် ဤသို့ ဆင်ခြင်ပြန်၏။ 'သူတစ်ပါးတို့သည် ရဟန်းတရားကို အလွန်အားထုတ်၏ ဟူသော်လည်း ငါတို့နှင့် တူရုံမျှသာ ရှိရာသည်။ သို့စင်အားထုတ်ပါလျက် ဩဘာသမျှ ငါ့အား မထင်နိုင်ချေ။ အကျဉ်းပြလျှင် အကျယ်မြင်သော 'ဥဃဋိတညူ ပုဂ္ဂိုလ်'၊ အကျယ်ဟောကြားမှ တရားကိုသိတတ်သော 'ဝိပဉ္စိတညူပုဂ္ဂိုလ်'၊ တစ်ခု သောပုဒ်ကို ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသအားဖြင့် ဖွင့်၍ပြမှ သိစွမ်းနိုင်ကြသော 'နေယျပုဂ္ဂိုလ်'၊ ဟောသမျှသာ မှတ်နိုင်စွာသော 'ပဒပရမပုဂ္ဂိုလ်'အားဖြင့် လေးပါးသော ပုဂ္ဂိုလ်စုတွင် ငါသည် 'ပဒပရမပုဂ္ဂိုလ်'သာ ဖြစ်ရာလတ္တံ့။ ထို့ကြောင့် ရဟန်းပြု၍နေသဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း။ လူထွက်၍ ကြီးမြတ်သော လောကီစည်းစိမ်ကိုပင် ခံစားဦးအံ့'ဟု အကြံဖြစ်၏။

ထိုအကြံကို ဘုရားသခင်သိမြင်တော်မူ၍ ထိုနေ့ ညချမ်းသောအခါဝယ် သံဃာတော် အပေါင်းခြံရံလျက် ယင်းတိုက်တောသုသာန်သို့ ကြွတော်မူလေ၍ မြေပြင်အလုံး၌ ခြင်းခြင်းနီသော



www.burmeseclassic.com

www.burmeseclassic.com



သွေးတို့ဖြင့် လိမ်းကျံသည်ကိုမြင်တော်မူလျှင် အရှင်သောဏမထေရ်ကို ခေါ်စေ၍ အခြင်းအရာကိုမေးပြီးမှ မတင်းမလျော့ပြု၍တီးသော စောင်းဥပမာဖြင့် ဩဝါဒပေးခဲ့၍ ကျောင်းသို့ ပြန်ကြွတော်မူသည်။ အရှင်သောဏလည်း ဘုရားဆုံးမတော်မူတိုင်း ဝီရိယနှင့် သမာဓိ,သဒ္ဓါနှင့် ပညာကို မျှစေလျက် အားထုတ်တော်မူသဖြင့် မရှည်မြင့်မီပင် ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါး, သမာပတ် ရှစ်ပါး တရားအထူးနှင့်တကွသော အရဟတ္တဖိုလ်သို့ ရောက်ပေ၏။

ထိုအရှင်သောဏကို ဇေတဝန်ကျောင်းတော်သို့ရောက်၍ သာဝကတို့ကို အရာဌာနအသီးသီး ထားတော်မူသောအခါ 'အာရဒ္ဓ ဝီရိယ တေဒဂ်'အရာ၌ ထားတော်မူသည်။

[ကောဋိဝိသ မှတ်ချက် ။ ။ ဤအရှင်သောဏကား အထွတ်အဖျားရောက်သော စည်းစိမ်အခြံအရံရှိသောအမျိုးမှ ရဟန်းပြုသည်ဖြစ်၍ 'ကောဋိယသသောဏ'ဟု အမည်တွင်သတည်း။ အဂ်ုတ္တိုရ်အဋ္ဌကထာ၌ကား 'ကောဋိဝိသ'ဟူ၏။ တရားစာတို့၌ ထမင်းဖြစ်ရာကိုမျှ မသိသော အနုရုဒ္ဓါမထေရ်၊ လက်, ခြေ၌ အမွေးရောက်သော သောဏကုဋ္ဌကရမထေရ်ဟု ရေးကြသည်ကား အမည်မှားစွ။]

ဤကား အရှင်သောဏမထေရ်၏ အကြောင်းအတ္ထုပ္ပတ္တိတည်း။

## ။၄၀။ ရှင်ဥပသေနထေရ်၏ ရှေးအကြောင်းကို ပြခြင်း

တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ၏ ညီတော် သုံးဦးတို့တွင် အရှင်ဥပသေန၏ အကြောင်းကား ပဒုမုတ္တရာဘုရား၏လက်ထက်တော်၌ ဟံသာဝတီပြည်ဝယ် သူကြွယ်တစ်ဦးဖြစ်၍၊ ရှေးအရှင်တို့၏ အလောင်းများကဲ့သို့ ဘုရားအထံတော်သို့ချဉ်းကပ်၍ တရားတော်မြတ်ကို နာသဖြင့် သရဏဂုံပဉ္စသီလ၌ တည်၏။

တစ်ရံသောအခါ မြတ်စွာဘုရားသည် တစ်ခုသောတောအုပ်တောင်ဝှမ်း၌ နေ့သန့်တော်မူသည်ကို ထိုသူကြွယ်သည် တောလည်သွားသည်နှင့် မြင်လျှင် ထက်ဝန်းကျင်သော တောအုပ်၌ရှိသော မဟာလေ့ကားပန်းတို့ကို ဆွတ်ခြွေ၍ ဘုရားရှင်၏နေရာတော်ကိုလည်း ခင်း၏။ ပန်းထီးပြု၍လည်း မိုးကာ၏။ မြို့သို့ပြန်သောအခါ များစွာသော ဆွေမျိုးတို့အား နှိုးဆော်တိုက်တွန်း၍ ဆွမ်းအဖျော်တို့ကို စီရင်လျက် ဘုရားသခင်နှင့်တကွသော သံဃာတော်အပေါင်းတို့အား ဆွမ်းလောင်းခြင်းကို ပြု၏။ မိမိအိမ်၌လည်း ရှစ်ပါးသောသံဃာတော်တို့ကို ပင့်၍ အမြဲ ဆွမ်းလုပ်ကျွေး၏။

တစ်ရံသောအခါ မြတ်စွာဘုရားသည် တစ်ပါးသောသံဃာအား 'သမန္တပါသာဒိက' တေဒဂ်အရာ၌ ထားသည်ကိုမြင်၍ 'ဤအရှင်ကဲ့သို့ နောင်ဘုရားတို့၏သာသနာ၌ ဖြစ်ရပါ



www.burmeseclassic.com

www.burmeseclassic.com



လိုသော'ဟု ဆုတောင်း၏။ ဘုရားသခင်လည်း ယခင်မထေရ်ကဲ့သို့ ဗျာဒိတ်စကား ကြားတော်မူသတည်း။

ထိုအဖြစ်မှ စုတေခဲ့သော် ယခင်ပြုခဲ့သော ကောင်းမှုအရင်းကြောင့် နတ်တကာတို့ကို ပိုင်နင်းသော နတ်မင်း၏အဖြစ် အကြိမ် သုံးဆယ်၊ စကြဝတေးမင်း၏အဖြစ် နှစ်ဆယ့်တစ်ကြိမ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ သူဌေး၊ သူကြွယ်တို့၏အဖြစ်သည် မရေမတွက်နိုင်ဖြစ်ခဲ့၍ ငါတို့ ဘုရားရှင်လက်ထက်တော်၌ ရာဇဂြိုဟ်ပြည်၏အနီး 'နာဠက'မည်သော ရွာကြီး၏တံခါး၌ 'ဝင်္ဂန္တ'ပုဏ္ဏား၏မယား 'သာရီ'မည်သော ပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေနေလာ၍၊ ဖွားသောအခါ 'ဥပသေန'ဟူသောအမည်ကို မှည့်၏။ အရွယ်သို့ရောက်သောအခါ ဗေဒင်သုံးပုံကို သင်၍ ကျွမ်းကျင်လိမ္မာသတည်း။ အစ်ကိုကြီးဖြစ်သော ရှင်သာရိပုတ္တရာသည် ရဟန်းပြု၍ အဂ္ဂသာဝက ကြီးအဖြစ်သို့ရောက်လျှင် နောင်တော်၌ ကြင်နာသောအားဖြင့် ဘုရားကျောင်းတော်သို့ တစ်လ တစ်ကြိမ် လာသတည်း။ တရားတော်ကိုနာသဖြင့် သာသနာ၌ သဒ္ဓါတရားဖြစ်ပွားလေ၍ ထိုနေ့ပင်လျှင် ဝင်၍ ရဟန်းပြုလေ၏။

ယင်းသို့ ရဟန်းပြု၍ တစ်ဝါရလျှင်ပင် 'ငါသည် ဘုရားသာသနာတော်၌ အရိယာဖြစ်သောပရိသတ်ကို ပွားစေအံ့'ဟု နှလုံးထား၍၊ တစ်ဦးသောအမျိုးကောင်းသားအား ရဟန်း ပြု၍ပေး၏။ ထို ဆရာတပည့်နှစ်ဦးတို့သည် ဝါကျွတ်သောအခါ မြတ်စွာဘုရားကို ပူဇော်ခြင်းငှာ လာခဲ့၍ မြတ်စွာဘုရားအား ရှိခိုးပူဇော်လေသော် ကိုယ်တော်မြတ်သည်လည်း မေးအပ်သော ပဋိသန္ဓာရစကားတို့ကို မြွက်ကြားတော်မူပြီး၍ "ချစ်သား ဥပသေန။ သင်ကား အဘယ်မျှ ဝါရပြီနည်း"ဟု မေးတော်မူ၏။ 'နှစ်ဝါရ ကြောင်း'ကိုလျှောက်လျှင် "သင်နှင့်အတူပါသော ရဟန်းကား အဘယ်မျှ ဝါရပြီနည်း။ သင်နှင့် အသို့ စပ်သနည်း"ဟု မေးတော်မူပြန်၏။ 'တစ်ဝါသာ ရကြောင်း'၊ 'သဒ္ဓိဝိဟာရိက တပည့်ဖြစ်ကြောင်း'ကိုလျှောက်လျှင် ဘုရားသခင် လည်း "ချစ်သား ဥပသေန။ သင်၏ အစီးအပွားဖြစ်သော မဂ်ဖိုလ်တရားကိုမရဘဲ လျင်စွာ ပရိသတ်ပွားစေခြင်းငှာ အဘယ်ကြောင့် လှည့်လည်ပါဘိသနည်း။ သင်ကား သူတစ်ပါးဆုံးမ ထိုက်သေးသောသူသာ ဖြစ်ပါလျက် အဘယ့်ကြောင့် သူတစ်ပါးကို ဖျက်ဆီးခြင်းငှာ အားထုတ် သနည်း"ဟု ကဲ့ရဲ့တော်မူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ထိုအခါမှစ၍ အရှင်ဥပသေနလည်း 'ငါ့အား ဘုရားသခင်သည် ပရိသတ်ကိုမှီ၍ ယခု ကဲ့ရဲ့တော်မူချေသည်။ နောင်သောအခါ ပရိသတ်ကိုမှီ၍ပင် လပြည့်ဝန်းနှင့်တူသော ရွှေမျက်နှာတော်ဖြင့် အံ့ဩချီးမွမ်းခြင်းကိုရအောင် ငါ လုံ့လပြုအံ့' ဟု ကြံပြီးလျှင်၊ ဘုရား သခင်ကို ပူဇော်ခဲ့၍ မိမိနေရာသို့ ပြန်လာ၏။ ကျောင်းသို့ရောက်သောအခါ ကမ္မဋ္ဌာန်းဝိပ ဿနာကို လွန်စွာအားထုတ်သဖြင့် မမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအခါမှစ၍ မိမိအထံသို့ ဆည်းကပ်လာသော ဥပါသကာ၊ ဥပါသိကာမတို့အား ကာမာဒီနဝ၊ နေက္ခမ္မာနိ သံသ စသောတရားတို့ကို ဆန်းကြယ်စွာဟောကြား၏။

ထိုအရှင်ကား ကြီးမားမြင့်မြတ်သောအမျိုးမှ ရဟန်းပြုသောပုဂ္ဂိုလ် ဖြစ်၍လည်းကောင်း၊ နှစ်သက်ဖွယ်သော တရားစကားကို ဟောကြားပြသတတ်သောကြောင့် လည်းကောင်း အရှင်ဥပ သေန၏တရား၌ ကြည်ညိုသောအားဖြင့် များစွာသောသူတို့သည် ရဟန်းပြုကြကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ပြုတိုင်းပြုတိုင်းသော သူတို့အားလည်း "ငါကား အာရညကင် ဓုတင်ဆောင်သည်။ သင်တို့လည်း အာရညကင် ဓုတင်ဆောင်ကြပါမူ ငါ၏အထံ၌ ရဟန်းပြုလော့"ဟူ၍ လည်းကောင်း၊ "ငါသည် သပဒါနဓုတင်ဆောင်သည်။ သင်တို့လည်း ငါကဲ့သို့ ဆောင်ကြပါမူ ငါ၏အထံ၌ ရဟန်းပြုလော့"ဟူ၍ လည်းကောင်း ဓုတင် တေရသတို့၌ အသီးသီးဝန်ခံစေပြီးမှ ရဟန်းပြုပေးသတည်း။ မိမိသည် ဆယ်ဝါပြည့်၍ 'ထေရသမ္မုတိ'ကို ရသောအခါ ဝိနည်းဒေသနာကို ဝါစုဂ္ဂတပြုလျက် အလုံးစုံသောသူတို့အား ပဋ္ဌင်းခံစေကုန်၏။ ယင်းသို့ ပဋ္ဌင်းခံစေ၍ အခြံအရံဖြစ်သော ရဟန်းတပည့် ငါးရာမျှရှိလတ်သော် ဘုရားကိုယ်တော်မြတ်ကို ဖူးမြင်ခြင်းငှာ ကျောင်းတော်သို့လာခဲ့၏။

ထိုအခါ ဘုရားသခင်လည်း ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူ၍ ဘိက္ခုသံဃာအပေါင်းတို့ကို စည်းဝေးစေပြီးလျှင် "ချစ်သားတို့။ ငါဘုရားသည် လခွဲကာလပတ်လုံး ဆိတ်ငြိမ်ရာ၌ ကိန်းအောင်းခြင်းငှာ အလိုရှိတော်မူ၏။ ဆွမ်းဆောင်သော ရဟန်းမှတစ်ပါးသော ရဟန်းသည် ငါဘုရားကို မဖူးမြင်စေအပ်။ အကြင်ရဟန်းသည် ဖူးမြင်လာငြားအံ့။ ပါစိတ် အာပတ်သင့်စေ"ဟု ကတိကဝတ်ထား၍၊ ဘုရား ကိန်းအောင်းတော်မူသောအခါတွင် အရှင်ဥပသေနမထေရ် ရောက်လာသည်နှင့် မြတ်စွာဘုရားအား ဝင်၍ဖူးမြော်လေသော် ကိုယ်တော်မြတ်သည်လည်း အရပ်ရပ်ရှိသော အာလာပသလ္လာပစကားကို ဆိုတော်မူပြီး၍ တစ်ဦးသောရဟန်းငယ်အား "သင်သည် ခေါင်းပါးသော ပံသုကူသင်္ကန်းကို အဘယ်ကြောင့် ဆောင်သနည်း"ဟု မေးတော်မူသော်၊ "ဥပဇ္ဈာယ်ဆရာက ငါကဲ့သို့ဆောင်မှ ငါ၏အထံ၌ ရဟန်းပြုရမည်ဟု ပညတ်သောကြောင့် တပည့်သံဃာ ငါးရာလုံးပင် အရှင်ဥပသေနကဲ့သို့ အာရညကင်ဓုတင် ဆောင်ရပါသည်၊ သောသာနိကဓုတင် ဆောင်ရပါသည်၊ အဗ္ဘောကာသိကဓုတင်၊ ရုက္ခမူဓုတင်၊ နိသဇ္ဇဓုတင်၊ တေစီဝရိကဓုတင်၊ ပံသုကူဓုတင်၊ ပိဏ္ဍပါတိကဓုတင်၊ သပဒါနစာရိကဓုတင်၊ ဧကာသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင်၊ ခလုပစ္ဆာဓုတင်၊ ယထာသန္ထတိဓုတင်တို့ကို စွမ်းနိုင်သမျှ ဂရုဂါရဝအားဖြင့် ဆောင်ရပါသည်"ဟု နားတော် လျှောက်တင်သော်၊ ဘုရားသခင်လည်း ရွှင်လှသောမျက်နှာတော်ဖြင့် သုံးကြိမ်တိုင် သာဓုခေါ်၍ ကောင်းချီးပေးတော်မူသည်။ ထိုအရှင်အား ကျေးဇူးစကားဖြင့် များစွာ ချီးမွမ်းတော်မူသည်။ ယင်းသို့ ချီးမွမ်းပြီးမှ အရှင်ဥပသေနအား 'သမန္တပါသာဒိက' ဧတဒဂ်အရာ၌ ထားတော်မူသတည်း။

[ဤကား အကျဉ်းသာတည်း။ အကျယ်ကိုလိုမူ ဝိနည်းပါဠိတော်၌ ယူပါကုန်။]

## ။၄၁။ ရှင်ခုန္ဒထေရ်၏ ရှေးအကြောင်းကို ပြခြင်း

ရှင်ခုန္ဒထေရ်၏အကြောင်းကား ဤကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်ခြောက်ကမ္ဘာထက်၌ 'သိဒ္ဓတ်'ဟု အမည်ရှိသောမြတ်စွာဘုရား ထင်ရှားဖြစ်တော်မူသောကာလ အရှင်ခုန္ဒ၏အလောင်း



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ဦးသောဥပါသကာဖြစ်၍ သရဏဂုံ ပဉ္စသီလကိုဆောက်တည်လျက် နံနက်, နေ့, ညဥ့်ပင် ဘုရားအထံသို့ ဆည်းကပ်သတည်း။ တစ်ရံသောအခါ 'မြတ်စွာဘုရားအား ထူးပြားသော ဒါနဝတ္ထုဖြင့် လှူဒါန်းချီးမြှင့်အံ့'ဟု ကြံပြီးလျှင် ကြီးကျယ်လှသောပန်းစေတီကို ပြု၍ ပူဇော်၏။

ဘုရားကိုယ်တော်မြတ်လည်း လှူအပ်သောဒါန၏ အကျိုးဆက်ကို မြွက်ကြားတော်မူခြင်းငှာ–

'ဒိဗ္ဗဂန္ဓံ ပဝါယန္တံ၊ ယော မေ ပုပ္ဖဃ္ဃိယံ အဒါ။

တမဟံ ကိတ္တယိဿာမိ၊ သုဏာထ မမ ဘာသတော' – စသောဂါထာတို့ဖြင့် ဗျာဒိတ်စကား ကြားတော်မူ၏။

အနက်ကား – ယော၊ အကြင်ဒါယကာသည်။ ဒိဗ္ဗဂန္ဓံ၊ နတ်၏ရနံ့ကို။ ပဝါယန္တံ၊ လှိုင်စေတတ်သော။ ပုပ္ဖဃ္ဃိယံ၊ ပန်းစေတီကို။ မေ၊ ငါဘုရားအား။ အဒါ၊ လှူပြီ။ တံ၊ ထိုလှူခြင်း၏အကျိုးကို။ အဟံ၊ ငါဘုရားသည်။ ကိတ္တယိဿာမိ၊ ကြားပေအံ့။ ဘာသတော၊ ဟောတော်မူသော။ မမ၊ ငါဘုရား၏။ ဝစနံ၊ စကားကို။ သုဏာထ၊ နာလင့်ကုန်။

အယံ ပေါသော၊ ဤယောကျ်ားသည်။ ဣတော၊ ဤလူ၏ဘဝမှ။ စုတော၊ စုတေခဲ့သော်။ ဒေဝသင်္ဃပုရက္ခတော၊ နတ်သမီး နတ်သားအပေါင်း ခြံရံလျက်။ ဇာတိ ပုပ္ဖေဟိ၊ မုလေးပန်းတို့ဖြင့်။ ပရိကိဏ္ဏော၊ ပြွမ်းလျက်။ ဒေဝလောကံ၊ နတ်ပြည်သို့။ ဂမိဿတိ၊ ရောက်လတ္တံ့။ တဿ၊ ထိုသူ၏။ ပုညကမ္မ ဘာဝိတံ၊ ကောင်းမှုကံကြောင့်ဖြစ်သော။ ဘဝနံ၊ ဘုံဟု သမုတ်အပ်သော။ ဥဗ္ဗိဒ္ဓံ၊ အစောက်မြင့်သော။ သောဝဏ္ဏဥ္စ၊ ရွှေဖြင့်ပြီးသည်လည်း ဖြစ်သော။ မဏိ မယံ၊ ပတ္တမြားဖြင့်ပြီးသည်လည်း ဖြစ်သော။ ဗျမ္ဟံ၊ ရတနာဗိမာန်သည်။ ပါတု ဘဝိဿတိ၊ ထင်ရှားဖြစ်လတ္တံ့။

သော၊ ထိုသူသည်။ စတုသတ္တတိက္ခတ္တုံ၊ ခုနစ်ဆယ့်လေးကြိမ်တိုင်တိုင်။ ဒေဝရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ကရိဿတိ၊ ပြုရလတ္တံ့။ အစ္ဆရာဟိ၊ ပျိုငှာဆန်းကြယ် သက်ရှယ်မကြီး နတ်သမီးအပေါင်းတို့ဖြင့်။ ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍။ သမ္ပတ္တိံ၊ နတ်၏စည်းစိမ်ကို။ အနုဘောဿတိ၊ အစဥ့်ခံစားရလတ္တံ့။ တိသတံ၊ အကြိမ်သုံးရာတိုင်တိုင်။ ပထဗျာရဇ္ဇံ၊ ဧကရာဇ်မင်းသည်။ ဟုတွာ၊ ဖြစ်၍။ ဝသုဓံ၊ မြေပြင်ပတ်ကုံး ကျွန်းအလုံးကို။ အာဝသိဿတိ၊ စိုးမိုးပိုင်ချုပ် မင်းလုပ်ရလတ္တံ့။ ပဉ္စသတ္တတိက္ခတ္တုဥ္စ၊ ခုနစ်ဆယ့်ငါးကြိမ်တိုင်တိုင်လည်း။ စက္ကဝတ္တိ၊ စကြာရှေ့တည် လေးကျွန်းလည်သော မန္ဓာတ်မင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

နာမေန၊ အမည်အားဖြင့်။ ဒုဒ္ဓယော နာမ၊ ရန်ခပဲတို့ အောင်ခဲလှ၍ ဒုဒ္ဓယ အမည်ရှိသော။ မနုဇာဓိပေါ၊ လူတို့သနင်း စကြာမင်းသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။ သကကမ်၊ မိမိ၏ကုသိုလ်ကံကို။ အပဿိတော၊ မှီလျက်။ တံပုညံ၊ ထိုကုသိုလ်အကျိုးကို။ အနုဘောတ္တွာန၊ ခံစား စံစားခဲ့၍။ ဝိနိပါတံ၊ အပါယ်လေးရွာသို့။ အနာဂန္တွာ၊ မလားမူ၍။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ ဂမိဿတိ၊ လားလတ္တံ့။ ဟိရညသာ၊ ငွေအသပြာ၏။ ကောဋိသတာနမ္ပိ၊ ကုဋေအရာတို့ဖြင့်လည်း။ အနပ္ပကာ၊ မနှိုင်းယှဥ်နိုင်သော။ ဝါ–ကောဋိသတမနပ္ပကာ၊ ကုဋေငါးရာ ခြောက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်သာမျှ အနပ္ပကမ်း။ နိစိတံ၊ ဘိုးဘေးစဉ်လျက် ခုနစ်ဆက်မီ ရှစ်ဆယ်စီလျှင် အညီ ဆည်းပူး၍။ နိဟိတခနေ၊ လက်မထိသီး သိုမှီးပိုက်ထုပ် မြုပ်သောဥစ္စာရှိသော။ ယောနိမှိ ဗြာဟ္မဏော၊ ပုဏ္ဏားအမျိုး၌။ နိဗ္ဗတ္တိသတိ၊ ဖြစ်လတ္တံ့။ ဝင်္ကန္တသ၊ ဝင်္ကန္တပုဏ္ဏား၏။ သာရိယာ၊ သာရီပုဏ္ဏေးမ၏။ ပိယော၊ ချစ်အပ်သော။ ဩရသော၊ ရင်၌ဖြစ်သော။ ဓိမာ၊ ပညာရှိသော။ သုတော၊ သားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

[ဓမ္မပဒအဋ္ဌကထာ၌ အရှင်သာရိပုတ္တရာ၏မိဘတို့၌ ဥစ္စာကုဋေ ငါးရာ့ခြောက်ဆယ်ရှိသည်ဟု ဆိုသည်။ ဘိုးဘေးခုနစ်ဆက်မှ ရှစ်ဆယ်စီ, ရှစ်ဆယ်စီလာ၍ ငါးရာ့ခြောက်ဆယ် ဖြစ်ဖွယ်ရှိ၏။ ဤကို ထောက်ဆ၍ ကောဋိသတ မနပ္ပကံကို အဓိပ္ပာယတ္ထယောဇနာသည်။]

သော၊ ထိုဝင်္ကန္တပုဏ္ဏား၏သားသည်။ ပစ္ဆာ၊ နောက်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အင်္ဂီရသဿ၊ ဂေါတမမြတ်စွာဘုရား၏။ သာသနေ၊ သာသနာ၌။ စူဠစုန္ဒော တိနာမေန၊ ‘စူဠစုန္ဒ’ ဟူသော အမည်ဖြင့်။ သတ္ထုသာဝကော၊ ဘုရားတပည့်သည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။

သော၊ ထို စူဠစုန္ဒသည်။ သာမဏေရောဝ သမာနော၊ ခုနစ်နှစ်ဝင် ရှင်သာမဏေ ပြုလေ၍။ ခီဏာသဝေါ၊ ရဟန္တာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါတရားတို့ကို။ ပရိညာယ၊ သိ၍။ အနာသဝေါ၊ အာသဝေါမရှိဘဲ။ နိဗ္ဗာယိဿတိ၊ ပရိနိဗ္ဗာန် စံယူလတ္တံ့။

ဤဒေသနာဖြင့် မြတ်စွာဘုရားသည် ဗျာဒိတ်စကား ကြားတော်မူလတ်သော် ထိုစုန္ဒ ထေရ်၏အလောင်းဖြစ်သော ဥပါသကာသည်လည်း သဒ္ဓါတရား အတိုင်းထက်အလွန်ဖြစ်၍၊ အသစ်အသစ်သော ကုသိုလ်သမ္ဘာရတို့ကို များစွာဆည်းပူးလျက် အသက်အတိုင်းနေ၍ စုတေသောအခါ မြတ်စွာဘုရား မိန့်ကြားတော်မူသော ဗျာဒိတ်တော်အတိုင်း လူ့ပြည်နတ်ရွာ၌ ချမ်းသာစည်းစိမ်ကို ခံစားခဲ့၍ ငါတို့ဘုရား ထင်ရှားဖြစ်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၏ အနီးဖြစ်သော နာဠန္ဒရွာကြီး၌ ဝင်္ကန္တအမည်ရှိသော ပုဏ္ဏား၏မယား သာရီမည်သော ပုဏ္ဏေးမ ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွားသောကာလ ‘ဥပတိဿ’, ‘ဥပသေန’ဟူသော သားကြီးနှစ်ယောက်၊ ‘စာလာ’, ‘ဥပစာလာ, ‘သိသုစာလာ’ ဟူသော သမီးသုံးယောက်တို့၏နောက်မှ ဖွားမြောက်လာ၍ ငယ်သောသားဖြစ်ရကား ‘စူဠစုန္ဒ’ဟူသောအမည်ကို မှည့်၏။

ထို စုန္ဒသတို့သားလည်း အစဉ်အတိုင်း ချမ်းသာကြီးပွား၍ ခုနစ်နှစ်အရွယ်သို့ ရောက် သောအခါ နောင်တော်နှစ်ဦး, အစ်မသုံးဦးတို့သည် ဘုရားရှင်သာသနာ၌ ရဟန်းချည်း ဖြစ် ကြလေကုန်ရကား ကျောင်းသို့မပြတ် သွားစမှတ်ပြု၏။ တစ်ရံသောအခါ နောင်တော် အရှင်သာ ရိပုတ္တရာက “ညီချစ်စုန္ဒ။ သင်သည် ငါတို့ကဲ့သို့ ရဟန်းပြုလို၏လော”ဟု မိန့်တော်မူလျှင်၊ “နောင်တော်တို့ကို ကြင်နာသောအားဖြင့်ပင် ရဟန်းပြုချင်ပါ၏”ဟု လျှောက်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည်လည်း ဆင်အပ်သောတန်ဆာတို့ကို ချွတ်စေ၍ ဦးခေါင်းကို ရေဆွတ်စေ ပြီးလျှင် ဆံပင်ကို သန့်ရှင်း၏။ ထိုသို့ ဆံရိတ်သောအခါ ကေသာ, လောမာ စသော



www.burmeseclassic.com

www.burmeseclassic.com



'တစပဥ္စက'ကိုသင်စေ၍ ဆံပင်အမွေးတို့၏ ဝဏ္ဏသဏ္ဌာန, ဓာတုအာကာရ စသည်ကိုပြော ဟောတော်မူလျှင် သံသရာဘဝက ဥပနိဿယ ကြီးသသူဖြစ်၍ တစ်ရာ့ရှစ်ပါးသော တဏှာ အစေးတို့သည် ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအခါမှစ၍ စုန္ဒသာမဏေသည် နောင်တော် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တ ရာအား နိယံမပြတ် ဆည်းကပ်လုပ်ကျွေး၏။ တစ်ရံတစ်ခါဝယ် မြတ်စွာဘုရားအားလည်း ရေနွေး, ရေချမ်း ကမ်းလှမ်းခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း၊ နေရာခင်းခြင်း၊ မျက်သစ် ဒန်ပူကပ်ခြင်းဖြင့် လုပ်ကျွေးပြုစုသတည်း။ အသက်နှစ်ဆယ် ပြည့်သောအခါ ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြု၍ သဗ္ဗညုသာသနာ၌ ထင်ရှားစွာသော သာဝကမြတ် ဖြစ်သတည်း။

[ဤစုန္ဒထေရ်ကား တေဒဂ်ရ သာဝကတွင် မပါ။ အသီတိသာဝကတွင်သာ ပါသည်။ ၎င်းတို့ညီဖြစ်သော အရှင်ရေဝတကား ဘုရားရှင် ရာဇဂြိုဟ်ပြည်ဝယ် ဝိသတိမ ဝါဆိုတော်မူ သောအခါမှ သာသနာသို့ ဝင်ရောက်ဟန်ရှိသည်။ ဤမှတစ်ပါး များစွာသော မထေရ်တို့၏ အတ္ထုပ္ပတ္တိကို ပြဆိုလျှင် လိုရင်းမကျ ဂန္ထဂရု ဖြစ်ရာသောကြောင့် ထင်ရှားစွာသော ပုဂ္ဂိုလ် တို့ကိုသာ ပြဆိုလိုက်သည်။]

## ။၄၂။ စိတ္တသူကြွယ်၏ ရှေးအကြောင်းကို ပြခြင်း

ရာဇဂြိုဟ်ပြည်တွင် ဘုရားရှင်ထံသို့ဆည်းကပ်ကြသော ဥပါသကာအပေါင်းတို့တွင် 'စိတ္တသူကြွယ်'၏အကြောင်းကား ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသောကာလ စိတ္တသူကြွယ် ၏အလောင်းသည် ဟံသာဝတီပြည်ဝယ် သိမ်ငယ်သောအမျိုး၌ဖြစ်၍၊ တစ်ရံသောကာလ ဘုရားအထံသို့ ဆည်းကပ်လေသော်၊ အထံတော်၌ ပုစ္ဆာပြဿနာကို မေးလျှောက်ပြောဟော ကာနေသော တေဒဂ်ရ ဓမ္မကထိက သူဌေးတစ်ဦးကိုမြင်၍ 'အရှင်သူဌေး၏ ကုသိုလ်ကံကား ကြီးမားမြင့်မြတ်ပေစွ။ ငါတို့လောကတွင် ဤသူ တောင့်တစရာပင် မရှိ။ အတိုင်းမသိသော ရွှေ, ငွေ ဥစ္စာ၊ အတိုင်းမသိသော သား, မြေး, ကျေးကျွန်တို့နှင့်လည်း ပြည့်စုံ၏။ အံ့ဩစဖွယ် တင့်တယ်သော အဆင်းအဝါ, ဆန်းကြယ်လိမ္မာသော ပညာတို့နှင့်လည်း ပြည့်စုံ၏။ ဘုရား သခင်ကိုလျက် ကျွမ်းဝင်ရောပြွမ်းနိုင်၏။ ဤသူဌေးကဲ့သို့ နောင်ဘုရားရှင်တို့၏သာသနာ၌ ငါလည်းဖြစ်ရအောင် ပုညအထူးကို ဆည်းပူး၍ ဆုတောင်းအံ့'ဟု ကြံလျက် သံဃာတို့၏ အာရာမ်ကိုလည်း သုတ်သင်ပြင်ဆင်၏။ သံဃာတို့၏ အလိုရှိသမျှသော ကိစ္စခပ်သိမ်းကိုလည်း ရွက်ဆောင်၏။ အားတန်အင်မျှသော လှူဖွယ်ဝတ္ထုတို့ကိုလည်း ပြုစုလှူဒါန်း၏။ သရဏဂုံ ပဉ္စသီကိုလည်း ဆောက်တည်၍ တရားတော်ကိုနာပြီးလျှင် "အကျွန်ုပ်သည် ဤသို့ပြုရသော



www.burmeseclassic.com

www.burmeseclassic.com



ပုညအစုကြောင့် ယခု တေဒဂ်ရသော ဓမ္မကထိက ဒါယကာကဲ့သို့ နောင်ဘုရားရှင်တို့၏ သာသနာတော်၌ ဖြစ်ပါစေသော" ဟု ဆုတောင်း၏။ ဘုရားသခင်လည်း ပြည့်စုံလတ္တံ့သော အကြောင်းကိုမြင်၍ ဗျာဒိတ်စကား ကြားတော်မူ၏။

ထို သူဆင်းရဲလည်း ထိုဘဝ၌ အသက်အတိုင်းနေ၍ စုတေလေသော် ကာမသုဂတိ ခုနစ်ဘုံ၌ ဆန်စုန်လှည့်လည်ကာဖြစ်ရ၍ ကဿပဘုရားပွင့်တော်မူသောအခါ တစ်ခုသော ရွာငယ်၌ မုဆိုးအိမ်ဝယ် ပဋိသန္ဓေ နေလေ၏။ ဖွားမြောက်၍ အရွယ်သို့ရောက်သောအခါ သားငါးရှာဖွေခြင်းငှာ တောသို့ သွားလာလှည့်ပတ်လေသော် တစ်ခုသောတောင်ဝှမ်း၌ ရဟန်းတရားကို အားထုတ်၍နေသော မထေရ်တစ်ပါးကိုမြင်၍ 'အရှင်မြတ်အား ဆွမ်းအဖျော်ဖြင့် ပူဇော်လှူဒါန်းမူ ကောင်းမြတ်သောအကျိုး ဖြစ်ရာ၏'ဟု ဖြောင့်တန်းစွာသော သဒ္ဓါစိတ်သည်ဖြစ်၍ အိမ်သို့ပြန်ပြီးလျှင် ယမန်နေ့ကဆောင်ခဲ့၍ ကင်ထားသော သားဟင်းမျိုးတို့ကိုလည်းကောင်း၊ တစ်ကွမ်းစားသော ဆန်ကိုလည်းကောင်း ချက်၍၊ သို့ချက်စဉ် ဆွမ်းခံဝင်လာသော ရဟန်းတစ်ပါးကိုလည်း အတန်ငယ်ခူး၍ လှူပြီးလျှင် တစ်ပါးစာသော ဆွမ်းနှင့် ဟင်းကို ပြင်၍ ယခင်တောသို့ လာခဲ့၏။ ခရီးအကြား၌ ထူးခြားတင့်တယ်စွာသော ပန်းတို့ကို မြင်ပြန်သော် 'အရှင်မြတ်၏နေရာ၌ ဤပန်းတို့ကိုခင်းရသော် ကောင်း၏'ဟုကြံ၍ ဆွတ်ယူ ဆောင်ခဲ့ပြီးလျှင် ယခင်ရဟန်း၏နေရာ၌ ကောင်းစွာခင်းလှူ၏။ ယူခဲ့သောဆွမ်းနှင့် ဟင်းတို့ကို လည်း ကပ်လှူပေ၏။

ယင်းသို့ကပ်လှူပြီးသော် "အကျွန်ုပ်သည် ဤ နှစ်သက်ဖွယ်သော သားဟင်းမျိုးနှင့်တကွ သော ဆွမ်း,ပန်း,နေရာတို့ကို ကပ်လှူရသောပုညကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ တစ်ထောင်မျှလောက်သော ပဏ္ဏာကာရတို့ကို ရလတ်စေသတည်း။ ငါးပါးသောအဆင်းရှိသော ပန်းမိုးတို့သည် ရွာစေသတည်း"ဟု ဆုတောင်း၏။ ထိုရဟန်းလည်း ဒါယကာ၏ သဒ္ဓါ သမ္ပတ္တိကိုဆင်ခြင်လျက် ပဉ္စသီလတို့ကိုပေး၍ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သင်စေပေ၏။ မုဆိုးသားသည်လည်း ထိုအခါမှစ၍ ဒုစ္စရိတတို့ကိုပယ်ပစ်၍ ကုသိုလ်တရားတို့ကို အားထုတ် လျက် အသက်ကုန်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ ဖြစ်သောခဏ၌ ပုဆစ် ဒူးကျုံမျှလောက်သော နတ်ပန်းမိုးတို့သည် ရွာကုန်၏။ ထိုနတ်သားသည် တစ်ပါးသောနတ်သား တို့ထက် လွန်မြတ်သော အဆင်းအဝါ, ပညာခွန်အားနှင့်လည်း ပြည့်စုံ၏။

ယင်းသို့အားဖြင့် ဘုရားတစ်ဆူမှသည်တစ်ဆူ၏ အကြားကာလပတ်လုံး နတ်ပြည်, လူ့ပြည် ကျင်လည်ကာလာခဲ့၍ ငါတို့ဘုရားဖြစ်တော်မူအံ့သောကာလ မဂဓတိုင်း ရာဇဂြိုဟ် ပြည်တွင် မစ္ဆိကာသဏ္ဍမည်သော မြို့ဝယ် ငါးဆယ့်လေးကုဋေကြွယ်ဝသော သူဌေးအမျိုး၌ ဖြစ်လာ၏။ ဖွားသောကာလ ပုဆစ်ဒူးနစ်ကျုံမျှလောက်သော ပန်းမိုးသည် ဆန်းကြယ်စွာ ရွာပေ၏။ အမည်မှည့်သောကာလ အမိအဖတို့လည်း ငါတို့သားကား ကြီးမားသော ဘုန်းကံ ရှိ၏။ မိမိ၏အမည်ကို မိမိပင် ဆောင်၍လာပေသည်ဟု နှလုံးပြု၍ 'စိတ္တ'သတို့သား ဟူသော အမည်ကို မှည့်၏။ ထို စိတ္တသတို့သားသည် အရွယ်သို့ရောက်၍ အိမ်ရာကျသောအခါ၊ အဖသူဌေးလွန်သဖြင့် ထို မစ္ဆိကာသဏ္ဍမြို့၌ သူဌေးကြီးအရာကို ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဘုရား ဖြစ်တော်မူ၍ ဥရုဝေလတောၚ် နေတော်မူသောအခါကပင် ပဉ္စဝဂ္ဂီတို့တွင် အကျုံးဝင်သော မဟာနာမ်ထေရ်သည် မစ္ဆိကာသဏ္ဍာမြို့သို့ ကြွရောက်၍၊ စိတ္တသူဌေးမြင်လျှင် ထိုအရှင်၏ဣရိယာပုထ်၌ ကြည်ညိုရကား ဆွမ်းအဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေး၍ တရားတော်တို့ကိုနာပြီးလျှင် ထိုအရှင် မဟာနာမ်အား တောင်းပန်၍ 'အမ္ဗဋ္ဌက'မည်သော ဥယျာဉ်၌ ကျောင်းကန်ဆောက်လုပ်၍ လှူဒါန်းပြီးသော် "အကျွန်ုပ်၏အိမ်၌ အမြဲ ဆွမ်းဆောင်ပါ"ဟု လျှောက်ထား၏။

မဟာနာမ်ထေရ်လည်း သူကြွယ်အိမ်၌ ဆွမ်းဘုဉ်းပေး၍ အနုမောဒနာပြုသောအခါ အာယတန ခြောက်ပါးကိုသာ စိတ်ဖြာခွဲခြမ်း၍ ဟောပေ၏။ တရားတော်ကိုနာရလျှင် စိတ္တသူဌေးလည်း ရှေးရှေးသောဘဝက သုံးသပ်ဖူးသော သင်္ခါရတရား ရှိသောသူဖြစ်၍ မကြာမြင့်မီပင် သောတာပန်အဖြစ်သို့ ရောက်၏။

တစ်ရံသောကာလ စိတ္တသူကြွယ်သည် ထို မဟာနာမ်ထေရ်အား "ထူးပြားသော တန်ခိုးပြာဋိဟာကို ပြတော်မူပါ"ဟု တောင်းပန်သော်၊ မဟာနာမ်ထေရ်လည်း အရိယာတို့၏အစွမ်းသတ္တိကို သိစေခြင်းငှာ အံ့ဖွယ်သရဲဖြစ်သော တန်ခိုးပြာဋိဟာကို ပြ၏။ ထိုသို့ပြပြီးမှ 'ဤဒေသ၌ ငါနေသဖြင့် မသင့်ပြီ'ဟု နှလုံးထား၍ အရပ်တစ်ပါးသို့ ကြွလေ၏။

တစ်ရံသောအခါ ဣသိဒတ္တထေရ် ကြွလာ၍လည်း အရှင်မဟာနာမ်ကဲ့သို့တောင်းပန်၍ ကိုးကွယ်၏။ ထိုအခါ စိတ္တသူကြွယ်သည် ဆန်းကြယ်နက်နဲ ခက်ခဲသိမ်မွေ့သောပုစ္ဆာကို ကြံမိ၍ ဣသိဒတ္တထေရ်အား လျှောက်ကြားလေသော် အထွေထွေသော ပုံပြင်နည်းနာဖြင့် စိတ်ဖြာခွဲခြမ်း၍ ဖြေပေ၏။ ဖြေပြီးလျှင် အစဉ်သော လောကီ, လောကုတ္တရာစကားတို့ကို ပြောကြားကြသော စကားစပ်တွင် အရှင်ဣသိဒတ္တ၏ လူက အဆွေခင်ပွန်းဖြစ်သောအကြောင်းကိုသိ၍ အတိုင်းထက်လွန်စွာသော သဒ္ဓါတရားဖြင့် ချီးမြှောက်ပူဇော်၏။ ထိုအခါ ဣသိဒတ္တထေရ်လည်း 'ဤအရပ်တွင် ငါနေသဖြင့် မသင့်ချေပြီ'ဟု အရပ်တစ်ပါးသို့ ကြွသွားပြန်လေ၏။

ထို့နောင် သုဓမ္မထေရ်ကြွလာပြန်လျှင် ယခင်မထေရ်တို့ကဲ့သို့ တောင်းပန်၍ အမ္ဗဋ္ဌကဥယျာဉ်၌ ဆောက်လုပ်အပ်သောကျောင်းတွင် သီတင်းသုံးစေ၏။ ဘုရားသခင် ရာဇဂြိုဟ်ပြည်ဝယ် စံပယ်တော်မူသောကာလ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်ဟူသော အဂ္ဂသာဝက နှစ်ဦးတို့သည် တစ်ထောင်မျှလောက်သော ရဟန်းအခြံအရံတို့နှင့်တကွ မစ္ဆိကာသဏ္ဍာ သို့ ကြွလေသဖြင့် အမ္ဗဋ္ဌကာရာမသို့ ရောက်လေသော် စိတ္တသူကြွယ်သည် သတင်းကိုကြား၍ ထိုအရှင်တို့အား များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်ဆည်းကပ်၍ "တရားတော်ကို နာ[illegible]ရပါစေ"ဟု ခွင့်တောင်း၏။

အရှင်သာရိပုတ္တရာလည်း "ဒါယကာ။ ငါတို့ကား ရှည်သောခရီးကို လာရသဖြင့် ပင်ပန်းစွာဖြစ်၏။ အတန်ငယ်သောတရားကိုသာ နာလော့"ဟု ဆို၍ ထိုသူနှင့်လျော်ကပ်သော ပရမတ်တရားကို ဟောကြား၏။ သူကြွယ်လည်း တရားကိုနာရလျှင် အနာဂါမိဖိုလ်၌ တည်လေ၏။ ထိုအခါမှစ၍ သာဝကနှစ်ပါးတို့အား များစွာသော ပူဇော်သက္ကာကိုပြု၍ တစ်နေ့ သုံးကြိမ် သုံးကြိမ် ဆည်းကပ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ သံဃာတစ်ထောင်နှင့်တကွသော သာဝကနှစ်ပါးတို့ကို "အကျွန်ုပ် အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု ပင့်လျှောက်၍ ကျောင်းနေဖြစ်သော သုမဗ္ဗထေရ်အားလည်း ဆွမ်းဘုဉ်းပေးခြင်းငှာ ပင့်၏။ ထိုအခါ သုမဗ္ဗထေရ်ကား 'ငါ 'နေဝါသိက' ရဟန်းဖြစ်လျက် နောက်မှ ငါ့ကိုပင့်သည်။ ငါ့ထံသို့ကား ဆယ်ရက်တစ်ကြိမ်, လခွဲတစ်ကြိမ်သာ ဆည်းကပ်သည်။ သာဝကနှစ်ပါးတို့အား တစ်နေ့ သုံးကြိမ် ဆည်းကပ်၍ ကြီးမြတ်သောပူဇော်သက္ကာကို ပြုသည်'ဟု ဣဿာမစ္ဆရိယဖြင့် ဒေါသဖုံးလွှမ်း၍ နှလုံးမသာရှိရကား "ငါမကြွလို"ဟု ဆို၏။ ပင့်သောဒါယကာသည် အကြိမ်ကြိမ်တောင်းပန်သော်လည်း "တစ်ပါးမှာ ငါ ဆွမ်းရှာမည်"ဟူ၍သာနေ၏။ နံနက်သောကာလ စိတ္တသူကြွယ်လည်း သံဃာတော်တို့အား လုပ်ကျွေးရန် ကောင်းမွန်စွာသော ဆွမ်းခဲဖွယ်တို့ကို ပြင်ဆင်၍နေလင့်၏။

သုမဗ္ဗထေရ်လည်း နံနက်သောအခါ 'အဂ္ဂသာဝကတို့အား ပြုအပ်သော ပူဇော်သက္ကာကို ငါသွား၍ရှုအံ့'ဟုကြံလျက် သပိတ်, သင်္ကန်းကိုပြင်၍ သူကြွယ်အိမ်သို့ ရှေးဦးစွာ လာလတ်၏။ စိတ္တသူကြွယ်လည်း "အရှင်ဘုရား။ ဤသို့ ကြွတော်မူပါ။ ဤနေရာ၌ နေတော်မူပါ"ဟု လျှောက်သည်ကို၊ "ငါကား နေခြင်းငှာ မလာ။ ပူဇော်သက္ကာကို ကြည့်ခြင်းငှာသာ လာသည်" ဟု ဆို၍ ထိုထိုခဲဖွယ်ဘောဇဉ်တို့ကို ကြည့်ရှုပြီးမှ စိတ္တသူကြွယ်အား နှမ်းကြွပ်မုန့်သည် အမျိုးကို ယိုးကိုး၍ဆိုသောစကားဖြင့် ရှုတ်ချလိုရကား "ဒါယကာ။ သင်ပြုအပ်သော ပူဇော်သက္ကာသည် အလွန်များပြားပေစွ။ သို့ရာတွင် နှမ်းကြွပ်မုန့်တစ်မျိုးကား မပါချေ"ဟု ဆို၏။

ထိုအခါ သူကြွယ်ကလည်း "အရှင်သုဓမ္မ။ အရှင်ကား တစ်ခဏမျှပင် နား၍ရှုသော်လည်း အကုန်အစင်မြင်တတ်သော ကျီးငှက်နှင့် တူပေ၏"ဟု ဆို၍ ခြိမ်းမောင်းလိုက်၏။

သုဓမ္မထေရ်လည်း လွန်စွာအမျက်ထွက်၍ အိမ်ထက်မှဆင်းခဲ့ပြီးသော် 'ဤသူကြွယ် ကျောင်း၌ ငါ မနေပြီ'ဟု မိမိပရိက္ခရာတို့ကို ယူ၍လာခဲ့သဖြင့် ရာဇဂြိုဟ်ပြည်သို့ရောက်သော် ဘုရားအထံတော်သို့ ကပ်လေ၏။

ကိုယ်တော်မြတ်လည်း အတ္ထုပ္ပတ္တိကို မေးတော်မူ၍ စိတ္တသူကြွယ် ဆိုအပ်သောစကား၊ မိမိဆိုအပ်သောစကားကို နားတော်လျှောက်တင်သော် "သင်သည် ဒါယကာတို့၏ သဒ္ဓါပသန္န ကို ယုတ်မာသော ဣဿာ, မစ္ဆေရဖြင့် ဖျက်ဆီးဘိ၏။ ထိုအပြစ်ကား သူတစ်ပါး၌ မထင်။ သင်ရဟန်းအားသာ ဖြစ်သည်"ဟု ဆို၍ ပဋိသာရဏီယကံကို ပညတ်တော်မူသည်။ ထိုကံကို ပြုပြီးမှ "စိတ္တသူကြွယ်အား သွား၍ကန်တော့ချေ"ဟု စေလိုက်၏။

သုဓမ္မထေရ်လည်း ဘုရားအာဏာတော်ဖြင့် လာခဲ့၍ သူကြွယ်အား "သည်းခံပါ"ဟု တောင်းပန်၏။ သူကြွယ်ကလည်း "အကျွန်ုပ် သည်းမခံလိုသေး"ဟု ဆို၍ သုံးကြိမ်တိုင်တိုင် ပယ်သဖြင့် ဘုရားထံသော်သို့ ပြန်ရလေ၏။ ဘုရားကိုယ်တော်လည်း 'ဤရဟန်းကား ပင်ပန်းစွာ သွားလာရမှ ခက်ထန်သောမာန်စောင် ကျချိမ့်မည်'ဟုရည်မှတ်လျက် သည်းခံလတ္တံ့သော အကြောင်းကို မသင်ကြားဘဲ "သွား၍တစ်ဖန် ကန်တော့ချေ"ဟု လွှတ်တော်မူပြန်၏။ သူကြွယ်ထံသို့ ရောက်၍ ရှေးနည်းအတူ "ငါ့အား သည်းခံပါ"ဟု ဆိုလျှင် ထိုသူကြွယ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပင့်အပြစ်ကို ကျွန်ုပ် သည်းမခံလို။ ဘုရားကိုသာ လျှောက်လော့"ဟု ဆိုသဖြင့် တစ်ဖန် ဘုရားထံသို့ ပြန်ရပြန်၏။

အထံတော်သို့ရောက်၍ သူကြွယ် သည်းမခံပါကြောင်းကိုလျှောက်လျှင်၊ ဘုရားသခင်လည်း "ချစ်သားသုဓမ္မ။ ရဟန်းတို့မည်သည်ကား 'ငါ၏ကျောင်း, ငါ၏နေရာ, ငါ၏ ဒါယကာ'ဟု အမှတ်ပြု၍ မာနတရား, ဣဿာတရားတို့ကို မပွားစေအပ်။ အကယ်မှတ်များသဖြင့် ထိုတရားကို ပွားစေသောသူအား ဈာန်မဂ်ဖိုလ်၏အန္တရာယ်ဖြစ်သော ကိလေသာတို့သည် လွန်စွာပွားစီးကုန်၏"ဟု မိန့်တော်မူ၍–

'အသန္တံ ဘာဝံ နမိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု ဣဿရိယံ၊ ပူဇာ ပရကုလေသု စ။
မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဉဘော။
မမေဝါတိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဎတိ' – ဟူသော ဒေသနာကို ဟော တော်မူ၏။

အနက်ကား။ ။ သုဓမ္မ၊ ချစ်သားသုဓမ္မ။ ဣဓ၊ ဤ ငါဘုရား၏ သာသနာတော်၌။ ယောဗာလော၊ အကြင်ရဟန်းမိုက်သည်။ အသန္တေါ၊ မိမိ၏သဒ္ဓါတရား မရှိဘဲလျက်။ သန္တောတိ၊ သဒ္ဓါတရားရှိပေ၏ ဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိ စ၊ ဤသို့ လည်းကောင်း။ ဒုဿီလော၊ မိမိ၌ သီလ, သိက္ခာ ပြည့်စုံစွာမရှိဘဲလျက်။ သီလဝါတိ၊ သီလရှိ၏ ဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိ ဝါ၊ ဤသို့ လည်းကောင်း၊ အပ္ပဿုတော၊ နည်းသောအကြားအမြင် ရှိလျက်။ ဝါ ပိဋကတ်နည်းနာ အရာရာ၌ လေ့လာဆောင်ရွက်ခြင်း မရှိဘဲလျက်။ ဗဟုဿုတောတိ၊ များသောအကြားအမြင် ရှိ၏ဟူ၍။ ဝါ– လေ့လာဆောင်ရွက်ခြင်း ရှိ၏ဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။ အဝိဝိတ္တော၊ ကိလေသာစိတ် မဆိတ်ညံသည်။ သမာနော၊ ဖြစ်လျက်။ ဝိဝိတ္တော၊ ဆိတ်ညံ၏ ဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိစ၊ ဤသို့လည်းကောင်း။ ကုသီတော၊ ရဟန်းတရားကို အားထုတ်ခြင်း၌ ပျင်းရိထိုင်းမှိုင်းသည်။ သမာနော၊ ဖြစ်လျက်။ အာရဒ္ဓဝီရိယောတိ၊ အားထုတ်သောလုံ့လ ရှိ၏ဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိစ၊ လည်းကောင်း။ အနုပဋ္ဌိတဿတိ၊ မထင်သောသတိရှိသည်။ သမာနော၊ ဖြစ်လျက်။ ဉပဋ္ဌိတဿတီတိ၊ ထင်သောသတိ ရှိ၏ဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိစ၊ လည်းကောင်း။ အသမာဟိတော၊ သူတော်ကောင်းတရား၌ မတည်ကြည်သည်။ သမာနော၊ ဖြစ်လျက်။ သမာဟိတောတိ၊ တည်ကြည်၏ ဟူ၍။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိစ၊ လည်းကောင်း။ ဒုပ္ပညော၊ အသိပညာ မရှိသည်။ အခီဏာသဝေါ၊ မကုန်ခန်းသော အာသဝေါရှိသည်။ သမာနော၊ ဖြစ်လျက်။ ပညဝါတိ၊ ပညာရှိ၏ ဟူ၍လည်းကောင်း။ ခီဏာသဝေါတိ၊ အာသဝေါကုန်၏



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လည်းကောင်း။ မံ၊ ငါ့ကို။ ဇနော၊ လူသည်။ ဇာနာတု၊ သိစေသတည်း။ ဣတိစ၊ လည်းကောင်း။ အသန္တံ၊ မိမိ၌ ထင်ရှားမရှိသော။ နံဘာဝံ၊ ထိုဂုဏ်ကို။ ဣစ္ဆေယျ၊ အလိုရှိ တတ်ချေ၏။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဘိက္ခူသု၊ ရဟန်းတို့၌။ ပုရေက္ခာရဉ္စ၊ အခေါင်အဖျား ရှေ့သွားအမှူး၏အဖြစ်ကိုလည်း။ ဣစ္ဆေယျ၊ အလိုရှိတတ်၏။ အာဝါသေသုစ၊ သံဃာ့အာရာမ် ကျောင်းကန် ခပ်သိမ်းတို့၌လည်း။ သယမေဝ ဝိစာရိတော၊ မိမိသာလျှင် စီရင်ပေးကမ်းပိုင်သည်။ ဟုတွာ၊ ဖြစ်၍။ ဣဿရိယံ၊ အစိုးရခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိတတ်၏။ ပရကုလေသု စ၊ မိဘဆွေမျိုးမှတစ်ပါး အခြားသော ဒါယကာ, ဒါယိကာမတို့သည်လည်း။ ပူဇာ၊ ပူဇော် သက္ကာရကို။ မယှမေဝ၊ ငါ့အားသာလျှင်။ ဒဒေယျုံ၊ ပေးလှူကုန်မူကား။ အညေသံ၊ ငါမှတစ်ပါး ရဟန်းများတို့အား။ နဒဒေယျုံ၊ မလှူကုန်မူကား။ အဟောဝတ၊ ဩော် ကောင်းရာ၏။ ဣတိ၊ ဤသို့။ ဣစ္ဆေယျ၊ အလိုရှိတတ်၏။

ဝိဟာရာနိ စ၊ ကျောင်းတို့ကိုလည်းကောင်း။ ဥပေါသထာဂါရာနိ စ၊ ဥပုသ်အိမ်တို့ ကို လည်းကောင်း။ အညာနိ၊ တစ်ပါးကုန်သော။ ဒဗ္ဗသမ္ဘာရာနိစ၊ အဆောက်အဦတို့ကို လည်းကောင်း။ မမေဝ ကတံ၊ ငါ ပြု၏, ငါ့ကိုမှီ၍ ပြု၏ ဟူ၍သာလျှင်။ မညန္တု၊ အောက် မေ့စေကုန်သတည်း။ ဣတိ သင်္ကပ္ပေါ၊ ဤသို့သောအကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဂိဟီ စ၊ လူတို့သည် လည်းကောင်း။ ပဗ္ဗဇိတာ စ၊ ရဟန်းတို့သည် လည်းကောင်း။ ဥဘော၊ နှစ်ပါးသောသူတို့သည်။ ကိသ္မိဉ္စိ၊ အလုံးစုံကုန်သော။ ကိစ္စာ– ကိစ္စေသု၊ ကိစ္စကြီးငယ်တို့၌။ မမေဝ၊ ငါ၏သာလျှင်။ အတိဝသာ၊ အလိုလိုက်ရကုန်သည်။ အဿု၊ ဖြစ်စေကုန်သတည်း။ ဣတိ၊ ဤသို့။ ဗာလဿ၊ ရဟန်းမိုက်၏။ သင်္ကပ္ပေါ၊ အကြံသည်။ အဟောသိ၊ ဖြစ်၏။ တဿ ဗာလဿ၊ ထိုရဟန်းမိုက်အား။ ဣစ္ဆာ စ၊ ရမ္မက်တဏှာ ကိလေသာသည် လည်းကောင်း။ မာနောစ၊ ထောင်လွှားခြင်းဟူသော မာန်ကိုး ပါးသည် လည်းကောင်း။ ဝဍ္ဎတိ၊ တစ်နေ့တခြား တိုးပွားစည်ပင်၏။ ကုသလာ၊ ကုသိုလ် တရားတို့သည်။ န ဝဍ္ဎန္တိ၊ မပွားကုန်။

[အဓိပ္ပာယ်ထင်စိမ့်သောငှာ အဋ္ဌကထာပါဌ်ကို သွင်း၍ ယောဇနာသည်။]

သုဓမ္မထေရ်လည်း မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသော ဩဝါဒကိုကြားလျှင် ဘုရားသခင်အား ရှိခိုးခဲ့၍ အဖော်ရဟန်းတစ်ဦးနှင့်တကွ မစ္ဆိကာသဏ္ဍာသို့လာ၍ စိတ္တဒါ ယကာ၏ မြင်ရာအရပ်၌ အာပတ်ကို ကုစားပြီးမှ “ငါ့အပြစ်ကို သည်းခံပါ”ဟု တောင်းပန်၏။ စိတ္တသူကြွယ်လည်း “အရှင်ဘုရား၏အပြစ်ကို အကျွန်ုပ် သည်းခံပါတော့မည်။ အကျွန်ုပ် ဆောက်လုပ်သောကျောင်း၌ နေ၍ အကျွန်ုပ်အလှူကို ခံပါ”ဟု လျှောက်၏။ သုဓမ္မထေရ်လည်း “ကောင်းပြီ”ဟု ဝန်ခံ၍ အမ္ဗဋ္ဌကကျောင်း၌ နေပြီးလျှင် ဝိပဿနာတရားကို အားထုတ်သဖြင့် မမြင့်မီပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ္တသူကြွယ်လည်း 'ငါကား မြတ်စွာဘုရားကို မဖူးမြင်ရဘဲလျှင် တရားတော်ကိုမှီ၍ သုံးလီသောမဂ်ဖိုလ်၌ တည်ပေပြီ။ ဤသို့ ကျေးဇူးရှင်ဖြစ်သော မြတ်စွာဘုရားကို ယခု ငါသွား၍ ဖူးမြင်တော့အံ့။ သို့ရာတွင် ဘုရားရှင်ထံ လက်ချည်းသွားသဖြင့် မသင့်ပေရာ'ဟု များစွာသော ဆီ, ဆန်, ထောပတ်, ပျားသကာတို့ကို ငါးရာသောလှည်းတို့ဖြင့် တင်ပြီးသော် "ငါတို့မြို့တွင် ဘုရားသခင်အထံသို့ လိုက်လိုကုန်ကြသော ယောကျ်ား,မိန်းမတို့သည် ငါ့ရိက္ခာကိုသာ စားသဖြင့် ငါနှင့် လိုက်လှည့်ကုန်လော့"ဟု စည်လည်စေ၍၊ သုံးထောင်မျှလောက်သော ပရိသတ်နှင့်တကွ လာခဲ့ကြ၏။

ထိုအခါ မစ္ဆိကာသဏ္ဍာနှင့် ရာဇဂြိုဟ်ပြည်၏အကြား ယူဇနာ သုံးဆယ်မျှလောက်သော ခရီးဝယ် အသီးအသီးနေကုန်သော ဘုမ္မစိုး, ရုက္ခစိုး စသောနတ်တို့သည် တစ်ယူဇနာလျှင် တစ်ဆောင်တစ်ဆောင်စီသော တဲကွန်းမဏ္ဍပ်ကိုပြု၍ အထူးထူးသော ပူဇော်သက္ကာရတို့ဖြင့် ကြိုလင့်ကာ ပေးကမ်းကြ၏။ ထိုမျှလောက်သော ခရီးပတ်လုံး မိမိ၏အိမ်ကပါသော ခဲဖွယ် ဘောဇဉ်တို့ကို တစ်စုံတစ်ယောက်သောသူမျှ မသုံးဆောင်ရကုန်။ နတ်တို့၏ပဏ္ဏာကာရကိုသာ သုံးဆောင်ရကုန်၏။ ဤသို့သောနည်းဖြင့် တစ်နေ့လျှင် တစ်ယူဇနာသွား၍၊ တစ်လစေ့ သောအခါ ရာဇဂြိုဟ်ပြည်သို့ရောက်၍ ဘုရားသခင်ကို ဖူးမြင်လေသော် ထိုဇေတဝ ထက်ဝန်း ကျင်သောအရပ်မှ ပုဆစ်ဒူးနစ်မျှသော ပန်းမိုးသည် ရွာလတ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုသူတို့ အဇ္ဈာသယကို သိတော်မူ၍ သဋ္ဌာယတန သံယုတ္တဒေသနာတော်မြတ်ကို ဟောတော်မူ၏။ ထိုနေ့မှစ၍ ဘုရားကျောင်းတော်ရင်း၌ နေလျက် သံဃာတော်အပေါင်းနှင့် တကွသော မြတ်စွာဘုရားကို ဆွမ်း, ယာဂု, အဖျော်တို့ဖြင့် ပူဇော်လုပ် ကျွေးလျက်၊ နံနက်တစ်ကြိမ်, ညဉ့်တစ်ကြိမ် တရားတော်ကိုနာလျက် လခွဲကာလပတ်လုံး နေသတည်း။

စိတ္တသူကြွယ်သည် ကြီးကျယ်များပြားလှသော ပရိသတ်တို့နှင့်တကွ ဘုရားသခင်ကို ဖူးမြင်ခြင်းငှာလာသည်ဟု ရာဇဂြိုဟ်ပြည်သားတို့ ကြားလျှင် များစွာသော လက်ဆောင်ပဏ္ဏာ ကိုယူလျက် သူကြွယ်၏အသရေကို ရှုခြင်းငှာ လာကြကုန်သဖြင့် ဆီ, ပျား, တင်လဲ စသော အဆောက်အဦတို့သည် အတိုင်းမသိ ပြည့်စုံသည်သာဖြစ်၏။ စိတ္တသူကြွယ်လည်း လခွဲ လွန်သောအခါ လှည်းငါးရာ၌ ပါသမျှသော လှူဖွယ်ဝတ္ထုတို့ကို ဘုရားအမှူးရှိသော သံဃာ တော်တို့အား လှူဒါန်းခဲ့၍ မိမိနေရာ မစ္ဆိကာသဏ္ဍမြို့သို့ ပြန်လာ၏။ ဝန်မပါသောလှည်းတို့ ဖြင့် ပြန်လာသည်ကို နတ်တို့ကမြင်လျှင် 'ကုသိုလ်ရှင်ဖြစ်သော ဤသူကြွယ်အား အချည်းနှီး သောလှည်းတို့ဖြင့် မပြန်သင့်ပေ'ဟု တော၌ အရှင်မဲ့သော ရွှေ,ငွေတို့ကို ယူဆောင်၍ လှည်း၌ တင်သဖြင့် လာစဉ်ကထက်ပင် ပြည့်လေ၏။

ထိုအကြောင်းကို များစွာသောလူတို့ သိ,ကြား၍ အလွန်ချီးမွမ်းသောစကားဖြင့် ဘုရား ရှင်အား နားတော်လျှောက်သော် ဘုရားကိုယ်တော်မြတ်လည်း လျှောက်ပတ်သောတရားစကား ကို ဟောကြားပြသတော်မူခြင်းငှာ-



www.burmeseclassic.com

www.burmeseclassic.com



'သဒ္ဓါ သီလေန သမ္ပန္နော၊ ယသော ဘောဂသမပ္ပိတော။

ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော' – ဟူသော ဒေသနာတော်ကို ဟောတော်မူ၏။

အနက်ကား – ဘောန္တော၊ အို သူတော်ကောင်းအပေါင်းတို့။ သဒ္ဓေါ၊ ရတနာသုံးပါး ဂုဏ်၌ ယုံကြည်ခြင်း သဒ္ဓါတရားနှင့်ပြည့်စုံသော။ သီလေန၊ အကျင့်သီလနှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ ယသော၊ အခြံအရံအကျော်အစောနှင့်ပြည့်စုံသော။ ဘောဂသမပ္ပိတော၊ လောကီဥစ္စာ, လောကုတ္တရာဥစ္စာ ရတနာတို့နှင့် ပြည့်စုံသော။ ကုလပုတ္တော၊ အမျိုးသားသည်။ ယံ ယံ ပဒေသံ၊ အကြင်အကြင် အရပ်သို့။ ဘဇတိ၊ ဆည်းကပ်သွားလာ၏။ တတ္ထ တတ္ထေဝ၊ ထိုထိုအရပ်၌သာလျှင်။ ပူဇိတော၊ နတ်လူတကာတို့ ပူဇော်သက္ကာကို ခံရသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ ဧတေဟိ၊ ထိုသဒ္ဓါ, သီလတရားတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံအောင်။ ဥဿာဟေထ၊ အားထုတ်ကုန်လော့။

စိတ္တသူကြွယ်သည်လည်း ဘုရားသခင်ကို ဖူးမြင်၍ ပြန်သည်မှစ၍ ငါးရာမျှလောက်သော ဗုဒ္ဓသာဝက ဥပါသကာတို့နှင့်တကွ လှည့်လည်ကာ ဒါန, သီလကို အားထုတ်နေသတည်း။ ထို့ကြောင့် ထိုဒါယကာကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ရောက်၍ အသီးအသီး တေဒဂ် ထားတော်မူသောအခါ ဤစိတ္တသူကြွယ်ကို 'ဓမ္မကထိက' တေဒဂ်အရာ၌ ထားတော်မူ၏။

ထို့ကြောင့် ပါရမီခန်း၌ 'ငါးရာငါးရာ၊ အရံပါသား၊ ထိုခါသင်းမူး၊ သီတင်းဦးဟု မည်ထူးခေါ်လောက်၊ ခုနစ်ယောက်တွင်၊ လက်မြောက်တွင်ကျယ်၊ စိတ်သူကြွယ်နှင့်၊ လူဝယ်လူဆန်း၊ မာန်ဖြင့်ကျန်းသား၊ မြတ်မှန်းမသိ၊ ရှင်မုနိအား၊ ပြစ်မှားရှေးဦး၊ စားမူးမူးဝယ် ဘီလူးအာဠဝက၊ လူ၍ရသား၊ အာဠဝကရှာစား၊ မင်း၏သားလျှင်၊ ရှည်လျားကြီးပြင်း၊ မိုက်မျက်ကင်း၍၊ သီတင်းဦးကြီး၊ မည်သီးထင်စွာ၊ ထိုအခါ၌၊ ဟတ္ထာဠဝက၊ ခေါ်တွင်ကြအံ့'ဟူ၍ စပ်ဆိုတော်မူသည်။

[ဤစိတ္တသူကြွယ်၏ အတ္တုပ္ပတ္တိကိုပြရာ ဓမ္မပဒအဋ္ဌကထာ၌ သာဝတ္ထိပြည်တွင် ဘုရားစံနေတော်မူသောအခါ ရောက်လာသည်ဟု ဆိုသည်။ အင်္ဂုတ္တိုရ် အဋ္ဌကထာ, သံယုတ်အဋ္ဌကထာတို့၌ကား ရာဇဂြိုဟ်ပြည်တွင် နေတော်မူခိုက် ရောက်လာသည်ဟု ဆိုသည်။ ထိုသုံးကျမ်းလုံးပင် အရှင်ဗုဒ္ဓဃောသ စကားချည်းဖြစ်လျက် မညီညွတ်ကြ။ ယုတ္တိကို ဆသော် ဓမ္မပဒ၌ ပမာဒလေခ ဖြစ်မည်ထင်သည်။ ဟတ္ထာဠဝက မင်းသားအကြောင်းမှာ အထက်၌ ထင်ရှားစွာ ဖြစ်လတ္တံ့။]



www.burmeseclassic.com

www.burmeseclassic.com



## ။၄၃။ ဇောတိကသူဌေး၏ ရှေးအကြောင်းကို ပြခြင်း

ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းမျှ မကမူ၍ ဇမ္ဗူဒိပ်ကျွန်းလုံးသိမ့်မျှ ဘုန်းရှိသောသူကား ဇောတိက, ဇဋိလ, မေဏ္ဍက, ကာကဝလိယ, ပုဏ္ဏ ဟူသော သူဌေးကြီး ငါးဦး ရှိသတည်း။

ထိုငါးဦးတို့တွင် ဇောတိကသူဌေး၏အကြောင်းကား ရှေးလွန်လေပြီးသော ကမ္ဘာ၌ ဗာရာဏသီပြည်ဝယ် သူကြွယ်ညီနောင်နှစ်ဦးတို့သည် ကြံစွာသောကြံခင်းကို ပြုလုပ်ကြ၏။ တစ်နေ့သ၌ ညီဖြစ်သောသူကြွယ်သည် ကြံခင်းသို့သွားလေ၍ အိမ်သို့ ပြန်လတ်သောအခါ မိမိအလို့ငှာလည်း တစ်ချောင်း, အစ်ကိုအလို့ငှာလည်း တစ်ချောင်းအားဖြင့် နှစ်ချောင်းသော ကြံတို့ကိုဖြတ်၍၊ ထိုဖြတ်ရာမှ အရသာကို မယိုထွက်စိမ့်သောငှာ ဖက်တို့ဖြင့် လုံခြုံစွာထုပ်စည်း၍ ယူခဲ့၏။ [ထိုအခါကား အသီးအပင်တကာတို့ပင် ဩဇာရှိသောကာလ၌ဖြစ်၍ ကြံရည်တို့ကို ညှစ်၍မယူရ။ အရင်းမှ လည်းကောင်း၊ အဖျားမှ လည်းကောင်း ဖြတ်၍ မှောက်လတ်သည်ရှိသော် အလုံးစုံသောအရသာတို့သည် ဓမကရိုဏ်မှကျသော ရေကဲ့သို့ အကြွင်းမဲ့ ဆင်းလာကုန်၏။ ထို့ကြောင့် ဖက်တို့ဖြင့် ထုပ်၍ယူရသတည်း။]

သူကြွယ်ငယ်လည်း ထိုကြံနှစ်ချောင်းကို ကောင်းစွာဆောင်၍လာလတ်သော် ဂန္ဓမာဒနတောင်၌နေသော ပစ္စေကဗုဒ္ဓါသည် သမာပတ်မှထပြီး၍ ချီးမြှောက်ထိုက်သောသူကို ရှာလျက် ကြွတော်မူလာသည်နှင့် အသင့်ဖူးမြင်ရလေလျှင်၊ အလွန်ရွှင်လန်းသော သဒ္ဓါတရားသည်ဖြစ်လတ်၍ မိမိကိုယ်ဝတ်ပုဆိုးကို ခင်းပြီးလျှင် "အရှင်ဘုရား။ ဤနေရာ၌ ထိုင်တော်မူပါ။ အကျွန်ုပ်အား သနားတော်မူသဖြင့် အကျွန်ုပ်၏အလှူကို ခံတော်မူပါ"ဟု လျှောက်၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း ငြိမ်သက်စွာ ထိုင်တော်မူ၏။ သူကြွယ်အား သပိတ်ကိုအပ်လျှင် မိမိအလို့ငှာပါသော ကြံချောင်းမှအရည်ကို လောင်း၍ သပိတ်ကိုပြည့်စေပြီးမှ ပစ္စေကဗုဒ္ဓါအား ကပ်လှူ၏။ အရှင်မြတ်လည်း အားရဝမ်းသာ ဘုဉ်းပေးတော်မူ၏။

ထိုသို့ ဘုဉ်းပေးတော်မူသည်ကိုမြင်လျှင် အတိုင်းထက်အလွန်ပင် သဒ္ဓါတရားဖြစ်ပြန်၍ အစ်ကိုဖို့ရာ ပါလာသောကြံကိုလည်း 'သူ့ မလှူခဲ့ပါမူ ငါ အဖိုးပေးတော့အံ့'ဟု ကြံ၍၊ တစ်ဖန် သပိတ်၌လောင်းပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် အဦးအဖျား ထူးပြားမွန်မြတ်လှစွာသော ဤကြံရည်ကို လှူရသော ပုညစေတနာဟုန်ကြောင့် လူ့ဘုံနတ်ရွာ ဖြစ်လေရာဘဝတို့၌ တောင့်တတိုင်း ပြီးမြောက်သည် ဖြစ်စေသော။နောင်သောကာလ အရှင်မြတ်တို့ ရအပ်သော တရားကိုလည်း ရသည်ဖြစ်စေသော"ဟု ဆုပတ္ထနာ၏။ ပစ္စေကဗုဒ္ဓါလည်း "ဒါယကာ တောင်းသောဆုအတိုင်း ပြည့်စုံစေသော"ဟု ဆုပေး၍၊ သူကြွယ်မြင်စဉ် ကောင်းကင်ခရီးဖြင့် မိမိနေရာ ဂန္ဓမာဒနတောင်သို့ ကြွလေပြီးသော် သီတင်းသုံးဖော်ဖြစ်သော ပစ္စေကဗုဒ္ဓါငါးရာတို့အား ထိုကြံရည်ကို လှူပေ၏။

သူကြွယ်လည်း ထိုအံ့ဖွယ်သော တန်ခိုးပြာဋိဟာကို ဖူးမြင်ရလျှင် အတိုင်းထက်အလွန်ပင် ရွှင်ပျဝမ်းသာခြင်းရှိလျက် မိမိအိမ်သို့ပြန်ခဲ့သော်၊ အစ်ကိုသူကြွယ်က "သင် အဘယ်သို့ သွားသနည်း"ဟု မေး၍၊ ကြံခင်းသို့သွားကြောင်းကို ပြောလျှင် "သင် အဘယ်ကြောင့် ကြံ



www.burmeseclassic.com

www.burmeseclassic.com



မယူခဲ့သနည်း"ဟု ဆို၏။ ထို ညီသူကြွယ်ကလည်း "အစ်ကိုအလို့ငှာ လည်းကောင်း၊ အကျွန်ုပ်အလို့ငှာ လည်းကောင်း နှစ်ချောင်းသောကြံကို ဆောင်ခဲ့သည်တွင် အရှင်ပစ္စေကဗုဒ္ဓါနှင့် ခရီးမှာတွေ့ကြ၍ အကျွန်ုပ် လှူလိုက်ပေသည်။ ထိုအရှင်လည်း တစ်ချောင်းသောကြံရည်ကို ရှေ့တွင်ဘုဉ်းပေး၍၊ တစ်ချောင်းသောကြံရည်ကို ကောင်းကင်ခရီးဖြင့် ဆောင်ပြီးသော် ငါးရာသောပစ္စေကဗုဒ္ဓါတို့အား ကျွေးမွေး၏။ အစ်ကိုသည် ကုသိုလ်အဖို့ကို လိုလျှင်လည်း ယူတော်မူ။ အဖိုးကိုလိုလျှင် အကျွန်ုပ် ပေးပါအံ့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် အစ်ကိုကလည်း အားရဝမ်းသာစွာ ငါးဖြာသောပီတိ ဖြစ်လျက် "အသက်ထက်ဆုံးနေ၍မျှ ပြုရခဲစွာသောဒါနကို ငါ့ညီ ပြုရပေသည်။ အဘယ်မှာ အဖိုးလိုအံ့နည်း။ ကုသိုလ်အဖို့ကိုသာ ငါ ယူအံ့။ မျက်မှောက်တွင်ပင် ထိုအရှင်ကဲ့သို့ ဖြစ်ရပါလိုသော" ဟု ဆုတောင်းပတ္ထနာပြု၏။

ထို ညီနောင်နှစ်ဦးတို့သည် မျက်မှောက်ဘဝ၌ပင် တစ်နေ့ထက်တစ်နေ့ စည်းစိမ်ဥစ္စာတိုးပွား၍ များပြားကြီးကျယ်သောချမ်းသာကို ခံစားလျက် အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်ခြောက်ရွာ၌သာ လူးလာစုန်ဆန်ဖြစ်ရ၍၊ ဝိပဿီဘုရား ထင်ရှားဖြစ်တော်မူသောအခါ ဗန္ဓုမတီပြည်ဝယ် တစ်ဦးသောသူကြွယ်မျိုး၌ ညီနောင်ပင် ပဋိသန္ဓေနေလာ၏။ ဖွားသောကာလ အစ်ကိုအကြီးအား 'သေန' ဟူသော အမည်ကို, ညီငယ်အား 'အပရာဇိတ' ဟူသောအမည်ကို မှည့်၏။ အရွယ်သို့ရောက်၍ သားမယား အိမ်ရာကျသောအခါ ထိုသူ၏ဘုန်းကြမ္မာကြောင့် များစွာသော စည်းစိမ်ဥစ္စာတို့၏အရှင် ဖြစ်၏။

ဘုရားသခင်သည် ခမည်းတော်အား ချီးမြှောက်ခြင်းငှာ ဗန္ဓုမတီပြည်သို့ ကြွလာ၍ များစွာသောပြည်သူပြည်သားတို့သည် တရားနာခြင်း, လှူဒါန်းပူဇော်ခြင်း ပြုကြသောကာလ သေနသူကြွယ်သည် လှူဖွယ်ဝတ္ထုတို့ကိုပြင်လျက် ဘုရားရှင်ထံသို့ကပ်၍ တရားတော်မြတ်ကို နာလေသော်၊ ရှင်တော်ဘုရားသည်လည်း ထိုသူ၏ပါရမီအား လျောက်ပတ်သော ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ, ကာမာဒီနဝ, နေက္ခမ္မာနိသံသ တည်းဟူသော အစဉ်သောတရားတို့ကို ဟောကြားတော်မူသဖြင့် သာသနာတော်၌ သက်ဝင်ကြည်ညိုခြင်း ပြင်းစွာရှိရကား တရားတော်၏အဆုံး၌ ဘုရားရှင်ထံသို့ကပ်၍ ရဟန်းပြုလိုပါကြောင်းဖြင့် ခွင့်တောင်း၏။ ဘုရားသခင်လည်း "သင်သည် ပန်ကြားထိုက်သော ဆွေမျိုးညာတိရှိမူ ပန်ကြားဦး" ဟု မိန့်တော်မူ၏။

ထို သေနသူကြွယ်လည်း ကျောင်းမှပြန်ခဲ့သော် ညီ အပရာဇိတကိုခေါ်၍ "ငါ့ညီချစ်။ အမျိုးခုနစ်ဆက်မှ ဆင်းသက်၍လာသော ဤ ငါ၏အိမ်၌ရှိသော ဥစ္စာနှစ်ကို သင် ယူဘိလော့။ ငါမူကား ဘုရားသာသနာ၌ ရဟန်းပြုတော့အံ့"ဟု ဆို၏။ ထိုစကားကို ကြားသောအခါ ညီ အပရာဇိတကလည်း "နောင်တော် အသို့ဆိုသနည်း။ မိဘနှစ်ပါးတို့ လွန်လေသော် နောင်တော်ကိုပင် ဖခင် မိခင်လုပ်၍ အကျွန်ုပ် ကိုးကွယ်ရပါသည်တကား။ အကျွန်ုပ်အား ကိုးစားရာမဲ့ မပြုပါလင့်။ များစွာသောဥစ္စာကို စွန့်ပစ်မခွာ စောင်မကာလျှင် ဒါန, သီလ, ဘာဝနာကိုသာ အားထုတ်ကာနေပါလော့"ဟု ငိုယိုလျက်တောင်းပန်၏။ အစ်ကိုသေနကလည်း "ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



မကန့်ကွက်လင့်။ ငါ့ညီသာလျှင် ဤဥစ္စာကို သိမ်းရုံး၍ ခံစားရစ်လော့"ဟု ဆို၍၊ ရဟန်း ပရိက္ခရာတို့ကို ယူပြီးလျှင် ဘုရားရှင်ထံသို့ သွား၍ ရဟန်းပြုလေ၏။ ရဟန်းပြု၍ မကြာမြင့်မီပင် ကမ္မဋ္ဌာန်းဝိပဿနာကို လွန်စွာအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။

ညီ အပရာဇိတသည်လည်း နောင်တော် ရဟန်းပြုသည်မှစ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား များစွာအလှူကြီးကို ပေး၍ တရားတော်ကိုနာသဖြင့် ဥပါသကာမြတ်၏ အဖြစ်သို့ ရောက်၏။ တစ်ရံသောအခါ ထို အပရာဇိတသည် နောင်တော် မဟာသေနမထေရ် အား ဤသို့လျှောက်၏။ "အရှင်ဘုရားတို့သည် ဘဝသုံးပါးမှ ထွက်လွတ်ပေပြီ။ အကျွန်ုပ် မှာ ကာမဂုဏ်တည်းဟူသော အနှောင်အဖွဲ့မှ မလွတ်မြောက်နိုင်ချေသေး။ နောင် လွတ်မြောက် ခြင်း၏အကြောင်း ကောင်းမှုကို ယခု ပြုလိုပါသည်။ အကျွန်ုပ်နှင့်လျော်သော ကောင်းမှုကို ကြားတော်မူပါ" ဟု လျှောက်၏။ နောင်တော်ထေရ်မြတ်ကလည်း "အချင်း အပရာဇိတ။ အလွန်ကောင်းစွ, ကောင်းစွ။ သင်သည် ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွား များလိုမူကား ဘုရားမြတ်စွာ၏ ကိန်းဝပ်တော်မူရာဖြစ်သော ဂန္ဓကုဋိတို့ကို ဆောက်လုပ်လော့" ဟု ဆိုပေ၏။

ထိုစကားကိုကြားလျှင် ညီဒါယကာလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ အထူးထူးသော သစ်, ကျောက်, အုတ်, အင်္ဂတေတို့ကို စုပြီးလျှင် သစ်သည်တိုင်၌ အချို့ကို ရွှေဖြင့် စီသည်။ အချို့ကို ငွေဖြင့် စီသည်။ အချို့ကို ပတ္တမြားဖြင့်, အချို့ကို ပုလဲဖြင့်, အချို့ကို ကျောက်မျက်ရွဲ ဖြင့် စီသည်။ ဤသို့ ရတနာခုနစ်ပါးဖြင့် စီအပ်သော ရွှေသည်တိုင်တို့ကို စိုက်၍ အထက်၌ ရွှေပြားအုတ်ကြွပ်တို့ဖြင့်မိုးလျက် ထက်ဝန်းကျင်သောအရပ်မှလည်း ရတနာခုနစ်ပါးဖြင့် စီ ခြယ်သော နံရံတို့ကိုကာလျက် နှစ်ဂါဝုတ်ကျယ်သော ဂန္ဓကုဋိကို ဆောက်လုပ်၏။ ထိုမှ သည် တစ်ဂါဝုတ်စီချဲ့ပတ်၍ ကောင်းမြတ်စွာသော တံတိုင်း မီးတားကိုပြုပြီးလျှင်၊ အာရာမ် အတွင်းမြေပြင်၌ ငွေပြားအခင်းကဲ့သို့ အုတ်, အင်္ဂတေတို့ကို ပြေပြစ်စွာ ပြုလုပ်၏။ အာရာမ်၏ ထက်ဝန်းကျင်မှလည်း ပန်းသစ်ပင်အပေါင်းတို့ကို ကောင်းစွာစိုက်ထား၏။ တံခါးလေးမျက်နှာ တို့၌ ကြီးကျယ်စွာသော ရေကန်လေးခုတို့ကို တူး၍ ထူးမြတ်သောရေတို့ဖြင့် ပြည့်စေ၏။ ကျောင်းတော်၏အနီးအပါး၌လည်း ငါးပါးသောအဆင်းရှိသော တံခွန်လုံး, တံခွန်ပြားတို့ ကို ဆွဲထား စိုက်ဆောက်ပေ၏။ ကျောင်းတော်အချက်၌လည်း ရွှေကွန်ရက်ဖြင့် အုပ်လွှမ်းကာ သန္တာဖြင့်ပြီးသော အထွတ်တို့ကိုတပ်၍ အထောင့်အထောင့်သောအရပ်တို့၌ ပတ္တမြားဖြင့် ပြီးသော ကြာသွတ်အိုး၊ နီလာရိုးတပ်သော ရတနာပန်းခိုင်တို့ကို အပြိုင်အပြိုင်ပြုလုပ်၏။ ကျောင်းတော်လက်ရန်း အမွှမ်းခြင်ပိတ် စသည်တို့၌လည်း ရတနာခုနစ်ပါးတို့ဖြင့် ထူးပြား ဆန်းကြယ်စွာပြုလုပ်အပ်သော အရုပ်အပေါင်းတို့သည် သောင်းသောင်းခြိမ့်ရုံလျက် ကဟန် ခုန်ဟန် တည်ကုန်၏။ ဘုရားသခင် ဝင်တော်မူသောကာလ ရောင်ခြည်တော်ထူး၍ တောက်ပစိမ့်သောငှာ အသပြာတစ်သိန်းထိုက်သော ပတ္တမြား၊ နှစ်သိန်း, သုံးသိန်း စသည် ထိုက်သော ပတ္တမြား၊ အလျားလေးတောင် လုံးပတ်သုံးထွာရှိသော မနောမယပတ္တမြား တို့ကိုလည်း နေရာတော်ပါး၌ တည်ထားစီမံ၏။ ကျောင်းအာရာမ်တွင်း၌လည်း ဆီးသီး, သျှိသျှားသီးပမာဏရှိသော ရွှေ ငွေ ကျောက်သံပတ္တမြားတို့ကို ပုဆစ်ဒူးကျွံမျှ ကြဲဖြန့်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ကျောင်းဆောက်လုပ်သောကာလ မိမိနှမ၏သားဖြစ်သော အပရာဇိတအမည်ရသော တူတော်သူငယ်သည် "ဦးရီးတော်ပြုသော ကောင်းမှု၌ အကျွန်ုပ်လည်း တစ်စုံတစ်ခု ဝင်ပါရစေ"ဟု ခွင့်တောင်းသော်၊ "ငါ့ကျောင်းအာရာမ်၌ သင် မဝင်လင့်။ ပြုလိုသော် အခြားသာ ပြုလုပ်လော့"ဟု ဆို၏။ ထို့အတူ အပရာဇိတလည်း အကြိမ်ကြိမ် ခွင့်တောင်း၍မှု ခွင့် မရလေရကား ကျောင်းတော်ဦး၌ သံဃာတော်တို့၏စည်းဝေးရန် ဆိတ်ရပ်ခံသောဇရပ်ကို ရတနာခုနစ်ပါးတို့ဖြင့် ခြယ်တပ်လျက် ကောင်းမြတ်စွာ ဆောက်လုပ်၏။ [ထိုသူကား ငါတို့ဘုရားလက်ထက်တော်၌ 'မေဏ္ဍက'သူဌေးအလောင်းပေတည်း။]

ထို အပရာဇိတဒါယကာလည်း ကြီးကျယ်ကောင်းမြတ်လှစွာသော ကျောင်းတော်ကို ဆောက်လုပ်ပြီးလျှင် အစ်ကို မဟာသေနမထေရ်အား လျှောက်ကြား၏။ မဟာသေနထေရ်လည်း ဘုရားရှင်ထံတော်သို့ကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်မြတ်အား ရည်မှတ်၍ အပရာဇိတမည်သော ညီ ဒါယကာသည် နေရာကျောင်းတော်အလို့ငှာ ဆောက်လုပ်ပါသည်။ ထိုဒါယကာအား သနားတော်မူသဖြင့် ကျောင်းအလှူကို ခံတော်မူပါ" ဟု လျှောက်၏။

ဘုရားသခင်လည်း သံဃာတော်အပေါင်းနှင့်တကွ ကြွတော်မူလေ၍ ကျောင်းသို့ တက်သောအခါ အဖိုးများစွာထိုက်သော ရတနာတို့ဖြင့် ပြည့်သည်ကိုမြင်လျှင် ကျောင်းတော်တွင်းသို့မဝင်ဘဲ တံခါးမုခ်တွင်သာ ရပ်တော်မူ၏။ ဒါယကာက "ဝင်တော်မူပါ"ဟု အကြိမ်များစွာ လျှောက်လေလျှင် ဘုရားသခင်က အရှင်မဟာသေနအား ကြည့်တော်မူ၏။ ထိုမထေရ်လည်း အလိုတော်ကိုသိသဖြင့် "သင်၏ကျောင်း၌ အဖိုးထိုက်သောရတနာတို့ကား အလွန်များ၏။ 'ထိုရတနာတို့ကို အကျွန်ုပ် အစောင့်အရှောက်ထားပါအံ့'ဟု လျှောက်လေလော့"ဟူ၍ သင်၏။ ဒါယကာလည်း မဟာသေနထေရ် သင်တိုင်း လျှောက်သောအခါမှ မြတ်စွာဘုရားလည်း ကျောင်းတွင်းသို့ ဝင်တော်မူ၏။

[ရတနာတို့၏ အစောင့်အရှောက်ကို ဘုရား အဘယ်ကြောင့် အလိုရှိသနည်းဟူမူကား ယုတ်ယုတ်မြတ်မြတ်သော လူအများတို့သည် ငါဘုရားအား ဖူးမြင်ခြင်းငှာ အခါခပ်သိမ်း ရောက်ကုန်လတ္တံ့။ ထိုသူတို့သည် အဖိုးထိုက်သောရတနာကို ယူသွားခဲ့လေသော် ငါဘုရားလည်း မတားမြစ်ကောင်း။ ကျောင်း၌ ယိုယွင်းသောအခါ ဤကျောင်းဒါယကာသည် ငါဘုရားအားလည်းကောင်း၊ သံဃာတော်တို့အား လည်းကောင်း ယုံမှားယိုးကိုး၍ ရန်ငြိုးဖွဲ့သဖြင့် အပါယ်လားကြောင်း မကောင်းမှုအစုသည် ဖြစ်ခဲ့ရာ၏ဟု နှလုံးပြု၍ အစောင့်အရှောက်ကို အလိုရှိတော်မူသတည်း။]

ကျောင်းဒါယကာဖြစ်သော အပရာဇိတသူဌေးလည်း ဘုရားသခင်အား ကျောင်းတော်ကို ကပ်လှူပြီးသော် အချင်းယောကျ်ားတို့ကိုခေါ်၍ တံခါးလေးမျက်နှာတို့၌ လေးယောက်၊ လေးယောက်စီသော အစောင့်အရှောက်တို့ကို ထား၏။ "ဘုရားသခင်အထံသို့ ဆည်းကပ်ဖူးမြော် ပူဇော်လာကုန်သောသူတို့တွင် အချို့လည်း ကုံထံကြွယ်ဝလတ္တံ့။ အချို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လျစ်လျူသာရှိလတ္တံ့။ အချို့လည်း ပင်ပန်းဆင်းရဲစွာ လတ္တံ့။ ထိုသူတို့သည် ဤ ကြဲအပ်သော ရတနာတို့ကို လက်ဖြင့်သာ ကောက်ယူမှု အလိုရှိသမျှ ယူစေ။ ခါးပိုက်, အိတ်ထောင်, တင်း, တောင်း, အုတ်ခွက်တို့ဖြင့် ယူသော်သာလျှင် သင်တို့ မြစ်တားဘိလော့"ဟု ဆို၏။

[ထိုသူဌေးအား ဤသို့သောအကြံသည် ဖြစ်၏။ 'ဘုရားရတနာ၌ သဒ္ဓါသောသူတို့သည်ကား ဘုရားသခင်ကို ဖူးမြင်ခြင်းငှာ၊ တရားတော်ကို နာခြင်းငှာ၊ အလှူကောင်းမှု ပြုခြင်းငှာ သက်သက်ပင် လာကုန်လတ္တံ့။ မသဒ္ဓါသောသူတို့မူကား ဥစ္စာကိုလိုချင်သော လောဘဖြင့် လာကုန်လတ္တံ့။ ရောက်သောအခါ တရားတော်ကိုနာရသဖြင့် ဒုက္ခ၏ကင်းလွတ်ခြင်းကို မြင်ပါစေသတည်း'ဟု နှလုံးပြု၍ ဤရတနာတို့ကို လက်ဖြင့်ပါသမျှ ယူစေဟု ခွင့်ပြုသတည်း။]

ထိုအခါ နီးရာဝေးရာမှ များစွာသောလူအပေါင်းတို့သည် ကျောင်းကိုရှုခြင်းငှာ လည်းကောင်း၊ ဘုရားသခင်ကို ဖူးမြင်ခြင်းငှာ လည်းကောင်း လာကြကုန်၍ အိမ်သို့ပြန်သောကာလ ပရိဝုဏ်ထဲ၌ကြဲအပ်သော ရတနာတို့ကို ကောက်ယူကုန်၏။ အပရာဇိတသူဌေးလည်း လျှော့ပါးသမျှသောအရပ်၌ ထပ်၍သာ လောင်းစေ၏။ ဘုရားသခင်၏ ခြေတော်ရင်း၌လည်း ရောင်ခြည်တော်ကို နှိုင်းစံခြင်းငှာ သန္ဓားသီးပမာဏရှိသော အဖိုးအနဂ္ဃထိုက်သော ပတ္တမြားရတနာကို ထားပေ၏။ ထိုပတ္တမြားကြောင့်လည်း ဘုရားသခင်၏ရောင်ခြည်တော်တို့သည် အထူးသဖြင့် တောက်ပတင့်တယ်သည်ဖြစ်၍ လူအပေါင်းတို့ပင် ဖူးမြင်၍မရောင့်ရဲနိုင်သော အသရေတော် ဖြစ်သတည်း။

တစ်နေ့သ၌ တစ်ယောက်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် ဘုရားသခင်ကို ဖူးမြင်လိုသကဲ့သို့ ကျောင်းတော်သို့သွား၍ ဘုရားခြေတော်ရင်းသို့ကပ်ပြီးသော် ပရိသတ်ရှင်းခိုက်တွင် အဖိုးအနဂ္ဃထိုက်သော ပတ္တမြားရတနာကို ခိုးယူလေ၏။ ကျောင်းဒါယကာသူဌေးလည်း ပတ္တမြား မရှိသည်ကိုမြင်လျှင် စိတ်ကြည်လင်ခြင်းငှာ မတတ်နိုင်ရကား အလွန် တုန်လှုပ်ချောက်ချားလျက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အကျွန်ုပ်သည် ဂန္ဓကုဋိကိုရစ်၍ ပုဆစ်ဒူးကျွံမျှလောက်သော ရတနာတို့ကိုကြဲဖြန့်ရာ လာသမျှသောသူတို့ ကျုံးယူသည်ကိုမျှ နှလုံးမသာ မရှိပါ။ အလွန်သာလျှင် ရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်ပါ၏။ ယခုမူကား အရှင်ဘုရား၏ ရောင်ခြည်တော်ကို ထောက်ပံ့ခြင်းငှာထားသော ပတ္တမြားရတနာကို ဤမိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် ဝှက်သွားခိုးယူလေခြင်းကြောင့် နှလုံးသာရွှင်ခြင်းငှာ မတတ်နိုင်ပါ" ဟု လျှောက်၏။ ဘုရားသခင်ကလည်း "ဥပါသကာ။ ရေးဆုတောင်း မပါသောကြောင့် သင်၏ဥစ္စာကို သူတစ်ပါး ယူနိုင်လေသည်။ ယခု ဆုတောင်းလော့"ဟု မိန့်တော်မူ၏။ သူဌေးလည်း "အရှင်ဘုရား။ ယနေ့မှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဖြစ်ဖြစ်သမျှ၌ အကျွန်ုပ်ရအပ်သော စည်းစိမ်ဥစ္စာကို ငါးဖြာသောရန်သူတို့သည် လုယက်ဖျက်ဆီးခြင်းငှာ မတတ်နိုင်သည် ဖြစ်စေသော။ မြိတ်ဆာချည်မျှင်ကိုမျှ အကျွန်ုပ်မပေးက အရာမကသောမင်း, အရာမကသော ခိုးသူတို့သည် လုယက်၍မရသည် ဖြစ်စေသော"ဟု ဆုပန်၏။ ဘုရားသခင်ကလည်း "သင် တောင်းသော ဆုအတိုင်း ပြည့်စုံစေသော"ဟု အနုမောဒနာ ပြုတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို အပရာဇိတသူဌေးလည်း ထိုနေ့မှစ၍ ဂန္ဓကုဋိတော်ကို ပူဇော်ပွဲအလို့ငှာ ခြောက်သန်းရှစ်သိန်းသော သံဃာတို့အား ကိုးလပတ်လုံး ယာဂုဆွမ်းအဖျော်တို့ဖြင့် လုပ်ကျွေး၍ အဆုံးနေ့သို့ရောက်သောအခါ သံဃာတော်အပေါင်းတို့အား တိစီဝရိတ်သင်္ကန်းဖြင့် လှူဒါန်းပူဇော်ပေ၏။ အငယ်ဆုံးသံဃာတို့ ရအပ်သောသင်္ကန်းသည်ပင် အသပြာတစ်ထောင် ထိုက်သတည်း။

ဤသို့ ကုသိုလ်ကောင်းမှုကိုသာ များစွာအားထုတ်လျက် အသက်အတိုင်းနေ၍ စုတေသောအခါ လူ့ပြည်နတ်ရွာ၌ ကြီးကျယ်စွာသော လူ့ချမ်းသာနတ်ချမ်းသာကို ခံစားခဲ့၍ ငါတို့ဘုရား ပွင့်တော်မူအံ့သောအခါ ရာဇဂြိုဟ်ပြည်၌ တစ်ဦးသောသူဌေးအိမ်ဝယ် ပဋိသန္ဓေနေလာ၍ ကိုးလနှင့် တစ်ဆယ့်ငါးရက်လွန်သဖြင့် ဖွားမြင်သတည်း။

ဖွားသောနေ့မှာပင် ရာဇဂြိုဟ်ပြည်အလုံး၌ရှိကုန်သော လက်နက်အသုံးအဆောင်တို့သည် လည်းကောင်း၊ အလုံးစုံသော ယောကျာ်း, မိန်းမတို့၏ကိုယ်တွင် ဆင်အပ်သော တန်ဆာရတနာတို့သည် လည်းကောင်း လွန်စွာ တောက်ပကုန်သည်ဖြစ်၍ တစ်ခဲနက်သောအရောင်အလျှံသည် ဖြစ်၏။ အဘသူဌေးလည်း ထိုနေ့နံနက်၌ မင်းခစားခြင်းငှာ သွားလေလျှင် ပြည့်ရှင်မင်းကြီးက "ယနေ့နံနက် လက်နက်ကိရိယာ တန်ဆာအရောင်တို့သည် တောက်လောင်ထွန်းပလတ်သည်ကား အကြောင်းအသို့နည်း"ဟု မေးတော်မူ၏။ "အရှင်မင်းကြီး။ မစိုးရိမ်လင့်။ အကျွန်ုပ်တို့အိမ်တွင် အရှင်တို့၏ကျွန်ယောကျာ်းကို ဖွားမြင်သတည်း"ဟု လျှောက်သော်၊ "အချင်းသူဌေး။ သင်၏သားကား ထူးခြားလှလေစွ။ သူခိုးသော်လည်း ဖြစ်လတ္တံ့လော။ ငါ၏စည်းစိမ်ကို လုယက်အံ့သော မင်းလျာသော်လည်း ဖြစ်လတ္တံ့လော" ဟု မေးပြန်လျှင်၊ "အရှင်မင်းကြီး။ ထိုသို့ ဖြစ်အံ့သောသူ မဟုတ်။ ပုဗ္ဗသမ္ဘာရရှိ၍ အတိုင်းမသိသောစည်းစိမ်ချမ်းသာတို့ကို ကောင်းစွာ ခံစားအံ့သောသူတည်း"ဟု လျှောက်ဆို၏။ "ထိုသို့ဖြစ်တပြီးကား သင်၏သားကို ကောင်းစွာမွေးဘိလော့"ဟု ဆို၍ နို့ဖိုးအလို့ငှာ တစ်ထောင်, တစ်ထောင်သောအသပြာကို နေ့တိုင်း မင်းကြီးက ပေးလေ၏။ အမည်မှည့်သောအခါ လက်နက်တန်ဆာတို့သည် လွန်စွာတောက်ပသော ပဝတ္တနိမိတ်ကြောင့် 'ဇောတိက'ဟူသော အမည်ကို မှည့်၏။

အစဉ်အတိုင်းကြီးပွား၍ အရွယ်ရောက်သောကာလ မိဘနှစ်ပါးတို့သည် ဇောတိကသတို့သား၏နေရာ အိမ်ရာကို ပြုပြင်ဆောက်လုပ်ခြင်းငှာ ဘူမိနက်သန်ရှာလတ်သော် တာဝတိံသာနတ်ပြည်မှ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာတင်း၍ အကြောင်းကိုရှုမြင်လျှင် လက်သမား၏အသွင်ဖြင့် လာခဲ့၍ "အဘယ်ကို ရှာသနည်း" ဟု မေး၏။ လူလက်သမားတို့က ဇောတိက၏အလို့ငှာ အိမ်ရာစီရင်ကြောင်းကိုဆိုလျှင် "သင်တို့ ဖဲကြကုန်။ သင်တို့ ပြုအပ်သောအိမ်၌ အရှင်ဇောတိကသည် အဘယ်မှာ နေထိုင်ပေအံ့နည်း။ ငါ ပြုလုပ်အံ့"ဟု ဆို၍ တစ်ဆယ့်ခြောက်မင်းပယ်မြေအရပ်ကို သတ်မှတ်ခြားနားလေသော် မြေဌာနသည် တစ်ခဏာချင်းပင် ကသိဏ်းဝန်းအပြင်ကဲ့သို့ သန့်စင်ညီညွတ်စွာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ "ဤမြေ၌ဘုန်း ရှေးကပြုဖူးသော ကောင်းမှုနှင့်လျော်ကန်အောင် ဘုံဗိမာန်ပေါက်လော့"ဟု ဆိုပြန်လျှင်၊ မြေအပြင်ကိုခွဲဖောက်၍ ရတနာခုနစ်ပါး အတိပြီးသော ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်သည် ထူးမြတ်စွာ ပေါက်လာပေ၏။

ထို့နောက်မှ တံတိုင်းရာတို့ကိုလှည့်ကာ သားနားပြန်လျှင် အရပ်ရှစ်မျက်နှာမှ တစ်ဂါဝုတ်စီကျယ်သော၊ ရတနာခုနစ်ပါးဖြင့်ပြီးသော တံတိုင်းခုနစ်ထပ်တို့သည် ပတ်ပတ်ဝန်းရံကာ တံခါးလေးမျက်နှာနှင့်တကွ ပေါ်လာကုန်၏။

"ထိုတံတိုင်းတို့၏အကြား၌ ထူးပြားသော အဆောက်အအုံတို့သည် ဖြစ်စေကုန်သတည်း"ဟု ကြည့်ရှုသားနားပြန်လျှင် လိုအင်ရှိသမျှသီးသော ပရိက္ခရာပဒေသာပင်ကြီးတို့သည် လည်းကောင်း၊ ရှေးကောင်းမှုအင်အားကို ထင်ရှားပြခြင်းငှာ ထန်းလုံးပမာဏရှိသော ကြံပဒေသာပင်တို့သည် လည်းကောင်း စီကာစီကာ ပေါက်လာပေကုန်၏။ ပြာသာဒ်လေးထောင့်၏အနီး၌လည်း တစ်ဂါဝုတ်၊ နှစ်ဂါဝုတ်၊ သုံးဂါဝုတ်၊ တစ်ယူဇနာကြီးသော ရွှေအိုးကြီးလေးလုံးတို့သည် ပေါက်လာကုန်၏။ ခုနစ်ထပ်သော တံတိုင်းတို့၏ တံခါးလေးမျက်နှာတို့တွင် ပထမတံခါးမုခ်ဝ၌ 'ယမကောလိ' မည်သော နတ်ဘီလူးသည် အခြံအရံတစ်ထောင်နှင့်တကွ စောင့်ရှောက်၏။ ဒုတိယတံခါးမုခ်ဝ၌ 'ဥပ္ပလ'မည်သော နတ်ဘီလူးသည် အခြံအရံနှစ်ထောင်နှင့်တကွ စောင့်ရှောက်၏။ တတိယတံခါးမုခ်ဝ၌ 'ဝဇိရ' မည်သော နတ်ဘီလူးသည် အခြံအရံ သုံးထောင်နှင့်တကွ စောင့်ရှောက်၏။ စတုတ္ထတံခါးမုခ်ဝ၌ 'ဝဇိရဗာဟု' နတ်ဘီလူးသည် အခြံအရံ လေးထောင်နှင့်တကွ စောင့်ရှောက်၏။ ပဉ္စမတံခါးမုခ်ဝ၌ 'ကသန္တက' မည်သော နတ်ဘီလူးသည် အခြံအရံ ငါးထောင်နှင့်တကွ စောင့်ရှောက်၏။ ဆဋ္ဌမဖြစ်သော တံခါးမုခ်ဝ၌ 'ကဋ္ဌ' မည်သောနတ်ဘီလူးသည် အခြံအရံ ခြောက်ထောင်နှင့်တကွ စောင့်ရှောက်၏။ သတ္တမဖြစ်သော တံခါးမုခ်ဝ၌ 'ဒိသာပါမုခ' မည်သောနတ်ဘီလူးသည် အခြံအရံဖြစ်သော နတ်ဘီလူး ခုနစ်ထောင်နှင့်တကွ စောင့်ရှောက်ပေ၏။

ယင်းသို့ တံတိုင်း ခုနစ်ထပ်၊ လေးရပ်သော ရွှေအိုး၊ ပဒေသာပင်တို့နှင့်တကွ ရတနာမယ ပြာသာဒ်သည် မြေမှပေါက်လတ်သော အခြင်းအရာကို ဗိမ္ဗိသာရမင်းကြီး ကြားတော်မူလေလျှင် ဇောတိကသတို့သားအား အဆက်ဆက်သောသူဌေးကြီးတို့၏ ဆောင်းမြဲဖြစ်သော ထီးဖြူကို ဆောက်နှင်းပေး၏။

ထိုသူဌေးနှင့် ရှေးကောင်းမှု ပြုဖက်ဖြစ်သောမိန်းမသည် ဥတ္တရကုရုကျွန်း၌ ပဋိသန္ဓေနေ၏။ အရွယ်သို့ရောက်သဖြင့် နတ်တို့ဆောင်ခဲ့၍ ပြာသာဒ်၏အချက် ကျက်သရေရှိသော တိုက်၌ ထားလာ၏။ ဤမိန်းမကား အကြိမ်တစ်ရာဖတ်အပ်သော လဲဝါဂွမ်းစုကဲ့သို့ နုထွတ်သိမ်မွေ့လှရကား 'တူလကာယီ' အမည်ရှိ၏။ ထိုမိန်းမ၌ တစ်ကွမ်းစားသော ဆန်နှင့် ဇောတိပါသာဏမည်သော မြခုံလောက် သုံးလုံးသာ ပါသတည်း။

ထို တစ်ကွမ်းစားသောဆန်ကို ရွှေအိုး၌ထည့်၍ မြခုံလောက်ထက်တင်လျှင် တစ်ခဏချင်းပင် အငွေ့ခြောင်းခြောင်းတက်၍ ကျက်နပ်သဖြင့် အငွေ့တို့သည် ငြိမ်းကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုထမင်း စားလိုသမျှသောသူတို့ ခူးသော်လည်း ယောက်မရာ မထင်။ ပြည့်မြဲပင် ပြည့်သတည်း။ ပါသောဆန် တစ်ကွမ်းစားကို အလိုရှိမူ လည်းတစ်ရာဖြင့် တိုက်သော်လည်း မကုန်။ ထိုသူနှစ်ပါးတို့သည် အသက်ထက်ဆုံး စား၍မျှမကုန်သော ဟူ၏။ ထမင်းချက်သောအခါ၌လည်း ထိုနည်းတူ အလိုလိုပင်အငွေ့တက်၍ ကျက်လေ၏။ ချက်သောကာလ 'ဇောတိပါသာဏ' ကျောက်တို့၏ရောင်ဟုန်ကြောင့် မြင်ကုန်သောသူတို့သည် မီးပုံမီးလျှံကဲ့သို့ ထင်သတည်း။

'ဇောတိကအား ဤမျှလောက်သော စည်းစိမ်ချမ်းသာတို့သည် မြေမှပေါက်လာကုန်၏' ဟူ၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ထင်ရှားလတ်သော် များစွာသောလူအပေါင်းတို့သည် ရေကြောင်း, ကြည်းကြောင်းတို့ဖြင့် လာ၍ရှုကြကုန်သည်။ ထို လာတိုင်းလာတိုင်းသော သူတို့အားလည်း မြောက်ကျွန်းမှပါသော ဆန်တစ်ကွမ်းစားဖြင့်သာ ချက်၍ကျွေးမွေး၏။ ပဒေသာပင်၌ ဆင်ယင်အပ်သော အဝတ်တန်ဆာ ဘဏ္ဍာအသုံးအဆောင်တို့ကို လည်းကောင်း၊ တစ်ဂါဝုတ်ရှိသော ရွှေအိုးကြီးမှ မီးကျီးခဲကဲ့သို့သော ရွှေဆိုင်ရွှေတုံးတို့ကို လည်းကောင်း အလိုရှိသမျှ ယူ၍ပြန်စေ၏။ ယူလေရာရာ ရွှေအိုးပဒေသာပင်တို့၌လည်း ယူရာမထင် ပြကတေ့ပင် ဖြစ်ပြန်၏။

တစ်ရံသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းသူအပေါင်းတို့ သောင်းသောင်းညံမျှ အံ့သြကြသော ကောင်းချီးသံကိုကြား၍၊ ဇောတိကသူဌေး၏ဘုံဗိမာန်ကို ရှုမြင်လိုသောဆန္ဒသည်ဖြစ်၍ ဇောတိက၏အဖသူဌေးကို ခေါ်ပြီးလျှင်၊ "သင့်သားပြာသာဒ်သို့ သွား၍ ရှုကြအံ့"ဟု ဆိုပြီးလျှင်၊ ထိုသူဌေးလည်း "ကောင်းပြီ" ဟု ဝန်ခံ၍ ဇောတိကသူဌေးထံသို့ တမန်စေလိုက်၏။

ဗိမ္ဗိသာရမင်းကြီးလည်း များလှစွာသော စစ်သည်ဗိုလ်ပါအပေါင်းနှင့်တကွ ထွက်ကြွတော်မူ၍ ပြာသာဒ်သို့ရောက်သောအခါ ရှေးဦးစွာ မုခ်ဝ၌ အမှိုက်သိမ်းခြင်းငှာ စောင့်နေသော အမျိုးကျွန်မသည် ဗိမ္ဗိသာရမင်းကြီးအား လက်ကို ကမ်းလင့်၏။ မင်းကြီးလည်း ထိုမိန်းမ၏အသွင်မူရာ တန်ဆာအဝတ် လျောက်ပတ်လှသောကြောင့် ဇောတိက၏မယားပင်ဟု ထင်မှတ်လျက် ရှက်နိုးရကား လက်ဖျားကိုမျှ မလှမ်းဝံ့ရှိ၏။

ထိုကတစ်ဖန် တက်လေပြန်လျှင် ယခင်ကဲ့သို့ ဒုတိယ, တတိယ စသော တံခါးမုခ်တို့၌လည်း စောင့်နေသောမိန်းမတို့သည် လက်လှမ်းလင့်ကြသည်ကို မင်းကြီးက ဇောတိက၏မယားဟု ထင်မှတ်လျက် လက်ကိုမျှ မပေးဝံ့ရှိသတည်း။

သတ္တမမုခ်ဝသို့ ရောက်သောအခါ ဇောတိကလည်း ခရီးဦးကြိုဆိုလျက် ရိုသေစွာ ရှိခိုးပြီးလျှင် မင်းကြီး၏နောက်တော်မှ လိုက်၍ တိုက်ခန်းတံခါးကို ဖွင့်ကာဖွင့်ကာပြလျက် လှည့်လည်၍ရှုစေသော် တစ်ခုသော ပတ္တမြားညိုဖြင့်ပြီးသော တိုက်ခန်းသို့ရောက်၍ အောက်သို့ကြည့်လေလျှင် အသူတစ်ရာနက်သော ချောက်ကဲ့သို့ထင်၍ 'ဤဇောတိကသည် ငါ့ကို သတ်ခြင်းငှာ ဤ နက်စွာသောချောက်ကို ထားသည်ဖြစ်လတ္တံ့.'ဟု အောက်မေ့လျက်



www.burmeseclassic.com

www.burmeseclassic.com



ပြာသာဒ်ထက်၌ပင် ခြေမလှမ်းဝံ့ဘဲ ကြောက်ရွံ့တုန်လှုပ်စွာ ရပ်၏။ ထိုသို့ရပ်သည်ကို မြင်လျှင် "အရှင်မင်းကြီး။ ဤကား တွင်းမဟုတ်။ အကျွန်ုပ်၏နောက်မှ ကြွတော်မူပါ"ဟု ဆို၍ ဇောတိကသည် ရှေ့မှတက်၍သွား၏။

ထိုအခါ 'အဇာတသတ်'မင်းသားသည် ခုနစ်နှစ်အရွယ်သာ ရှိ၏။ မင်းကြီးလက်တော်ကို ဆွဲလျက်ပါသည်နှင့် ဤသို့ကြံ၏။ 'ငါ၏ဖခင်မင်းကြီးသည် အလွန် မိုက်ပလေစွ။ မိမိ၏ကျေးကျွန်ဖြစ်သော သူဌေးသည် ရတနာခုနစ်ပါးအတိပြီးသော ပြာသာဒ်ဖြင့်နေလျက် မိမိမှာ သစ်သားဖြင့်ပြီးသော အိမ်၌ နေရှာဘိသည်။ ငါသာ မင်းဖြစ်မူကား ဤဇောတိကကို သတ်၍ ပြာသာဒ်ကို ယူအံ့'ဟု ကြံအောက်မေ့၏။

ဗိမ္ဗိသာရမင်းကြီးလည်း အထက်ပြာသာဒ်သို့ လှည့်ပတ်၍ရှုစဉ်ပင် နံနက်စာ စားချိန်တန်လေ၏။ ရှင်သူဌေးလည်း "အရှင်မင်းကြီး။ နံနက်စာ သုံးဆောင်တော်မူခြင်းငှာ ဤသို့ ကြွပါ"ဟု လျှောက်၍ တစ်ဆယ့်ခြောက်လုံးသော နံ့သာရေတို့ဖြင့် ချိုးစေပြီးသော်၊ ရတနာအစုဖြင့်ပြီးသော အခင်းနေရာ၌ ကောင်းစွာနေစေ၍ အသပြာတစ်သိန်းထိုက်သော ရွှေခွက်ဖြင့် လက်တော်ကိုပွတ်သပ်ခြင်းငှာ ပျော့ပျောင်းသောနို့ဃနာကို ကပ်လာ၏။

ဗိမ္ဗိသာရမင်းကြီးလည်း စားတော်ထမင်းပင်ဟု မှတ်၍ စားခြင်းငှာ အားထုတ်သည်ကိုမြင်လျှင် "အရှင်မင်းကြီး။ ဤကား စားတော်မူရန် မဟုတ်ပါ။ လက်သုံးသပ်တော်မူရန် ဖြစ်ပါသည်"ဟု လျှောက်၍ နောက်မှ ရွှေစင်တစ်သိန်းထိုက်သော မနောလင်ပန်းဖြင့် မြောက်ကျွန်းသူ၏အိုးမှဖြစ်သော နတ်သုဓာဘုတ်နှင့်တူသော ထမင်းသြဇာကို ကောင်းစွာ ဆက်ပေ၏။

မင်းကြီးလည်း အရသာ၏မွန်မြတ်ခြင်းကြောင့် အလွန်စားတော်မူလိုသော်လည်း "အရှင်မင်းကြီး။ ဤမျှဖြင့်ပင် တန်တော်မူပါ။ ထို့ထက်သာ၍ သုံးဆောင်တော်မူလျှင် အစာမကျေနိုင် ရှိပါလိမ့်မည်"ဟု လျှောက်၏။ မင်းကြီးကလည်း "အချင်းဇောတိက။ ဤထမင်းမျှကို အဘယ်ကြောင့် အလေးပြု၍ ဆိုသနည်း"ဟု မိန့်လျှင်၊ "အရှင်မင်းကြီး။ အကျွန်ုပ် အလေးပြု၍ ဆိုသည်မဟုတ်။ ဤအိမ်၌နေကုန်သော သူခပ်သိမ်းတို့အား လည်းကောင်း၊ ရောက်လာသမျှသော ဧည့်သည်အာဂန္တုတို့အား လည်းကောင်း ဤထမင်းကိုသာ ကျွေးမြဲဖြစ်ပါ၏။ သို့ရာတွင် အရှင်မင်းကြီးတို့သည် နန်းတော်သို့ပြန်သောကာလ 'ယမန်နေ့က ဇောတိကသူဌေးသည် ကျွေးအပ်သောအာဟာရကြောင့်ပင် မအီမသာ ငါ ရရှိသည်'ဟု ကဲ့ရဲ့တော်မူမည်ကိုသာ အကျွန်ုပ် ကြောက်ပါသည်"ဟု လျှောက်၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးလည်း စားတော်ပွဲကိုယူစေ၍ နံ့သာဖြင့်ထုံအပ်သောရေကို သုံးတော်မူ၏။ ထို့နောက်မှ ရာဇပရိဝါရဖြစ်သော ဗိုလ်ပါအပေါင်းတို့အားလည်း ဤထမင်းကိုသာ ကျွေးမွေးပေ၏။

ထမင်းစားပြီးသော် ဗိမ္ဗိသာရမင်းကြီးလည်း ချီးမွမ်းအံ့သြဖွယ်ကာ ချမ်းသာသောစကားကို ပြောကြားလျက် "အချင်းဇောတိက။ သင်၏အိမ်၌ စည်းစိမ်ရှင်မသည် မရှိသေးသလော"

www.burmeseclassic.com



ဟု မေး၏။ သူဌေးကလည်း "မြောက်ကျွန်းသူသူဌေးမသည် ကျက်သရေတိုက်ခန်း၌ ရှိပါ၏။ အရှင်မင်းကြီးတို့ ကြွတော်မူသည်ကို သူ မသိ၍သာ မဖူးမြင်လာပါသည်"ဟု လျှောက်လျှင်၊ "သင်၏ ကြင်ဖက်ဖြစ်သောသူဌေးမကို ငါ မြင်လိုသည်"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဓောတိကလည်း သူဌေးမအထံသို့ သွားလေ၍ "စည်းစိမ်ရှင်မ။ ငါတို့မင်းကြီးသည် ယခု ငါတို့အိမ်သို့ ကြွလာ၏။ သင်လည်း ဖူးမြင်ခြင်းငှာ မသင့်ပါသလော"ဟုဆိုလျှင်၊ "အရှင်သူဌေး။ မင်းဟူသည်ကား အဘယ်သောသူနည်း"ဟု မေး၏။ "ဤရာဇဂြိုဟ်ပြည်နှင့်တကွ ငါတို့ကို အစိုးရသော သူပေတည်း"ဟု ပြောသော်၊ သူဌေးကတော်က နှလုံးမသာသော အခြင်းအရာကို ကြားလျက် "သြော်။ ငါတို့ကား ရှေးကောင်းမှုပြုသော အခါက သဒ္ဓါတရား ချို့တဲ့သောအမှုကြောင့် ယခုဘဝ၌ သူတစ်ပါးအစိုးရသော ဌာနအတွင်း ဝယ် ဆင်းရဲစွာ ဖြစ်လာဘိသည်"ဟု မြည်တမ်း၍၊ "မင်းကြီးထံ၌ အကျွန်ုပ် အဘယ်ကဲ့သို့ ပြုရအံ့နည်း"ဟု မေး၏။ သူဌေးကလည်း "ရတနာစီတပ်သော ထန်းရွက်ယပ်ဖြင့် ခတ်လှည့်လော့"ဟု ဆိုလျှင် ထိုသူဌေးမလည်း နေရာမှထ၍ မင်းကြီးအား ယပ်ခတ်လာ၏။

ထိုသို့ ယပ်ခတ်ကာနေစဉ် မင်းကြီး၏ဘောင်းတော်မှ အနံ့လေသည် သူဌေးမ၏ မျက်စိကို ခတ်မိသောကြောင့် မျက်ရည်တို့သည် တွေတွေစီးဆင်းကုန်၏။ ထိုသို့ဖြစ်သည်ကို မင်းကြီးမြင်လျှင် "အချင်းဓောတိက။ မိန်းမတို့မည်သည်မှာ ပညာ အလွန်နည်း၏။ 'ငါ၏စည်းစိမ်ကို မင်းကြီးယူလေအံ့'ဟု တွေးတောကြောက်ငြင်၍ သင်၏သူဌေးမ ငိုဟန်ရှိချေသည်"ဟု ဆိုသော်၊ သူဌေးကလည်း "အရှင်မင်းကြီးတွေးသည့်အတိုင်း မဟုတ်။ အကျွန်ုပ်၏သူဌေးမကား ပကတိသော မီးရောင်၊ ဆီမီးရောင်တို့ကို မမြင်စဖူး။ ပတ္တမြားရောင်ဖြင့်သာ လျှင် သွားလာခြင်း၊ စားသောက်ခြင်း စသည်တို့ကို ပြု၏။ အရှင်မင်းကြီးကား ဆီမီးရောင် ဖြင့် နေတော်မူသည် ဖြစ်လတ္တံ့။ ထိုအရောင်နှင့်စပ်သော အဝတ်တို့မှကြွသော လေဟုန်ခတ်သော ကြောင့်သာ မျက်ရည်ယိုပါသည်"ဟု လျှောက်၏။

မင်းကြီးကလည်း "ဟုတ်မှန်ပေ၏။ ငါတို့ကား ဆီမီးရောင်၌သာ နေပေသည်"ဟု ပြောလျှင်၊ "အရှင်မင်းကြီး။ ယနေ့မှစ၍ ပတ္တမြားရောင်ဖြင့်သာ အခါခပ်သိမ်း နေတော်မူပါ" ဟု လုံးပတ်သုံးထွာရှိသော သန္တားသီးပမာဏမျှလောက်သော ပတ္တမြားရတနာကို ဆက်ပေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း 'ငါ၏အဆွေဖြစ်သော ဓောတိက၏ စည်းစိမ်ချမ်းသာသည်ကား ဤကမ္ဘာလုံး ပြောမဆုံးအောင်ပင် ကြီးကျယ်မြတ်ထွတ်ပေစွတကား'ဟု အံ့သြလျက် နန်းတော်သို့ ပြန်လေ၏။

[ရဟန်းဖြစ်ကြောင်းကို နောက်မှာမှ ဆိုလတ္တံ့။]



www.burmeseclassic.com

www.burmeseclassic.com



## ။၄၄။ ဇဋိလသူဌေး၏ ရှေးအကြောင်းကို ပြခြင်း

ဇဋိလသူဌေး၏အကြောင်းကား ဗာရာဏသီပြည်၌ နှစ်ဆယ့်လေးကုဋေကြွယ်ဝသော သူဌေးသမီးတစ်ဦးသည် အဆင်းလှသည်ဖြစ်၍ မိဘတို့သည် အလွန်လေးမြတ်ရကား တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်လတ်သော် ပြာသာဒ်မ၏အထက် ကျက်သရေရှိသော တိုက်ခန်း၌ အလုပ်အကျွေးဖြစ်သော မိန်းမတစ်ယောက်နှင့်သာ နေစေ၏။

တစ်နေ့သောအခါ လေသာပြတင်းပေါက်ကို လှစ်လတ်၍ ကောင်းမြတ်သောတန်ဆာတို့ဖြင့် ဆင်ယင်လျက် ပျော်ရွှင်မြူးထူးကာနေသည်တွင် ကောင်းကင်ခရီးဖြင့် သွားလာသော ဝိဇ္ဇာဓိုရ်တစ်ဦးသည်မြင်၍၊ ကြင်နာစုံမက်ခြင်းရှိရကား လေသာနန်းတံခါးဖြင့်ဝင်၍ သူဌေးသမီးနှင့် ယဉ်ပါးမိကြသတည်း။

ယင်းသို့ ယဉ်ပါးဖန်များသဖြင့် သူဌေးသမီး၌ ကိုယ်ဝန်ရလေသော် အထိန်းမိန်းမက "အရှင်မ။ ဤဖောက်ပြန်ခြင်းကား အကြောင်းအသို့နည်း"ဟု မေး၍၊ ဝိဇ္ဇာဓိုရ်ယောကျ်ားနှင့် ယဉ်ပါးမိသဖြင့် ကိုယ်ဝန်ရှိကြောင်းကို ပြောလျှင်၊ "အရှင်မ။ ထိုသို့ဖြစ်စေကာမူ သူတစ်ထူးအား မကြားသိစေလင့်"ဟု ဆို၍ ဆိတ်ငြိမ်စွာနေကြ၏။ နေ့လစေ့သောခါ အဆင်းအင်္ဂါနှင့်ပြည့်စုံသော သတို့သားငယ်ကို ဖွား၏။ သူဌေးသမီးလည်း "အထိန်းမ။ ဤဖွားသော သူငယ်ကို အိုးသစ်ဝယ် ထည့်ပိတ်၍၊ အိုး၏အဝ ပြင်ပခပ်သိမ်းတို့၌ ပန်းခိုင်ပန်းကုံးတို့ကို ရံလျက် ခေါင်းဖြင့်ရွက်သွား၍ ဂင်္ဂါမြစ်၌ စွန့်ချေ။ သူတစ်ပါးမေးသောအခါ 'ငါတို့အရှင်မ၏ နတ်ပူဇော်ခြင်းဗလိစ္စတည်း'ဟူ၍ ဆိုလေ" ဟူ၍ စေလိုက်၏။

ထိုကျွန်မလည်း သွန်သင်တိုင်းစီရင်၍ ဂင်္ဂါမြစ်တွင် မျှောလေ၏။ ထိုအိုးသည် အစဉ်အတိုင်းမျောလေ၍ ဥဒ္ဒေနီပြည်သို့ရောက်လေသော် ဂင်္ဂါမြစ်ဆိပ်၌ မိန်းမနှစ်ဦးတို့သည် ရေချိုး၍နေခိုက် ကြိမ်သည်နှင့် မျောလာသောအိုးကိုမြင်လျှင် တစ်ယောက်သောမိန်းမက "ဤအိုးကား ငါ့အိုးတည်း"ဟု ဆို၏။ တစ်ယောက်ကလည်း "အိုး၏အတွင်း၌ပါမူ ငါ၏ ဥစ္စာတည်း"ဟု ဆို၍၊ အိုးကို ဆယ်ယူကြပြီးလျှင် ကြည့်လတ်သော် အဆင်းအင်္ဂါနှင့် ပြည့်စုံသော သူငယ်ကိုမြင်၍ အလျင်အိုးကိုမှတ်သော မိန်းမက "ဤသူငယ်ကို ငါ ရသင့်သည်"ဟု ဆို၏။ ပါသောအရာဝတ္ထုကိုမှတ်သော မိန်းမကလည်း "ငါသာ ရသင့်သည်"ဟု ဆို၍ ငြင်းခုံခိုက်ရန် ဖြစ်ကြသော်၊ တရားဆုံးဖြတ်ရာအရပ်သို့ သွား၍ တရားသူကြီးတို့အား လျှောက်ကြားလျှင်၊ တရားသူကြီးတို့သည် မဆုံးဖြတ်နိုင်ရကား မင်း၏အထံသို့သွား၍ အကြောင်းကို လျှောက်ကြား၏။

မင်းကြီးလည်း အခြင်းအရာကိုမေးပြီးမှ "အိုးကိုမှတ်သောမိန်းမက အိုးကို ရစေ။ အိုး၌ပါသောဝတ္ထုကို မှတ်သောမိန်းမကသာ ဤသူငယ်ကို ရစေ"ဟု ဆုံးဖြတ်၏။ ထိုသူငယ်ကို ရသောမိန်းမကား အရှင်မဟာကစ္စည်းထေရ်၏ အလုပ်အကျွေးဒါယိကာမဖြစ်၍၊ 'ဤသူငယ်ကို အရွယ်ရောက်သောအခါ ငါ့ဆရာ၏အထံ၌ ရဟန်းပြုစေအံ့'ဟု ကြံ၍ ကောင်းမွန်စွာလုပ်ကျွေး၏။ အမည်မှည့်သောအခါဝယ် သတို့သားငယ်အား ဖွားစသောအခါကပင်



www.burmeseclassic.com

www.burmeseclassic.com



ကင်ပွန်းရေစင်ဖြင့် သုတ်သင်ဆေးကြောခြင်း မရှိခဲ့သောကြောင့် ဦးခေါင်း၌ရောက်သောဆံတို့သည် ရောယှက်တွန့်လိန်ကာ တည်ကုန်ရကား 'ဇဋိလ' ဟူသောအမည်ကို မှည့်၏။

ထိုဇဋိလသည် ခြေဖြင့်သွားနိုင်သောအခါ အရှင်မဟာကစ္စည်းထေရ်သည် အိမ်သို့ ကြွလာ၍ "ဥပါသိကာမ။ ဤသူငယ်ကို အဘယ်မှရသနည်း"ဟု မေး၍၊ ရသောအခြင်းအရာကို စေ့စုံစွာလျှောက်ကြားလျှင် "သင်၏သားကား ဘုန်းရှိသောသူတည်း။ ကောင်းမွန်စွာမွေးလော့"ဟု ဆို၍ ထိုသူငယ်အား သရဏဂုံ ပဉ္စသီလကို ပေး၏။ ဥပါသိကာမလည်း "ဤသူငယ်ကို အရှင်ဘုရားထံတော်တွင် ရှင်ရဟန်းပြုလို၍သာ အကျွန်ုပ် မွေးမြူပါသည်။ အလိုရှိရာဆောင်၍ ရှင်ရဟန်း ပြုတော်မူပါ"ဟု အပ်နှံ၏။ မထေရ်မြတ်လည်း "ကောင်းပြီ" ဟု ဝန်ခံ၍ ကျောင်းသို့ခေါ်ခဲ့ပြီးလျှင် ဆင်ခြင်လတ်သည်ကား 'ဤသတို့သားသည် ကြီးမားသော ဘုန်းကံပါရမီ ရှိ၏။ ဂိဟိသမ္ပတ္တိကို ခံစားပြီးမှ ရဟန်းအဖြစ်ကို ရလတ္တံ့၊ ယခုကား ငယ်နုစွာသေး၏။ ရှေးက ကံ၏အဟုန်ကို စိတ်ကုန်အောင် ခံစားစံစားစေဦးလော့။ ဉာဏ်ရင့်လောက်သောအခါမှ ငါယူ၍ ရဟန်းပြုတော့အံ့'ဟုကြံလျက်၊ တက္ကသိုလ်ပြည်သို့ ဆောင်လေပြီးလျှင် မိမိ၏အလုပ်အကျွေးဖြစ်သော သူကြွယ်တစ်ဦးအထံ၌ အပ်နှံထား၏။

ထိုဒါယကာလည်း အရှင်မဟာကစ္စည်းထေရ်၌ ရိုသေသောအားဖြင့် လည်းကောင်း၊ သူငယ်ကို သနားသောအားဖြင့် လည်းကောင်း မိမိသားကဲ့သို့ သနားစုံမက်စွာ လူရေးလူရာ၌ လိမ္မာပွန်းတီးအောင် သွန်သင်၍ကျွေးမွေးသဖြင့် တစ်ဆယ့်နှစ်နှစ် တိုင်အောင်ပင် ကြာမြင့်၏။

တစ်ရံသောအခါဝယ် သူကြွယ်သည် ရွာတစ်ပါးသို့ သွားခွင့်ရှိ၍ ဇဋိလသူငယ်အား "ဤဝတ္ထုကား ဤမျှ ထိုက်၏။ ဤမျှလောက် အဖိုးကိုရလျှင် ရောင်းချနှင့်ဘိ"ဟု မှာထား၍ သွား၏။ ထိုသို့ ဇဋိလသည် စောင့်ရှောက်ရသောအခါ မြို့ရွာ၌စောင့်နေသော နတ်တို့သည် ကုန်ဝယ်လိုသောသူခပ်သိမ်းအား လှည့်ပတ်သွေးဆောင်၍ဆိုင်သဖြင့် တစ်ထိုင်တည်းတွင်ပင် အထောင်အသောင်းမျှလောက်သော အထုပ်အထည်တို့ကို ရောင်းရ၏။ တစ်ဆယ့်နှစ်နှစ်ကာလ ပတ်လုံး စုထားအပ်သောဘဏ္ဍာကို တစ်နေ့ချင်းဖြင့်သာ ကုန်အောင်ရောင်းပေး၏။

သူကြွယ် ပြန်ရောက်သောအခါ ဆိုင်၏ဘဏ္ဍာတို့ကို မမြင်၍ "သင်ချစ်သား။ ဤဘဏ္ဍာတို့ကို အသို့ပြုသနည်း"ဟုမေးလျှင်၊ "အရှင်သူကြွယ်တို့ မှာခဲ့တိုင်း အကျွန်ုပ် ရောင်းနှင့်ပါသည်"ဟု ဆို၍ အသပြာတို့ကို အပ်နှင်း၏။ သူကြွယ်လည်း အလွန်ကြည်လင်ဝမ်းမြောက်ရကား "ငါ့သား ဇဋိလသည် အဖိုးအနဂ္ဃထိုက်သော ယောကျ်ားပေတကား" ဟု ချီးမွမ်း၍ မိမိအိမ်၌ နားထွင်းမင်္ဂလာဆောင်ချိန်တန်သော သတို့သမီးငယ်နှင့် ထိမ်းမြား၍ တစ်ခုသော အရပ်၌ အိမ်ကို ဆောက်လုပ်၍ပေး၏။

ထိုဇဋိလလင်မယားတို့သည် အိမ်သို့တက်သောကာလ အိမ်တံခါး၌ အတောင်ရှစ်ဆယ်မျှရှိသော ရွှေတောင်ကြီးသည် မြေမှ ပေါက်လာ၏။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီးကြားသိသော် 'ထိုဇဋိလအား သူဌေးကြီးတို့၏ ဆောင်းမြဲဖြစ်သောထီးဖြူကို ဆောင်းစေ'ဟု စေလွှတ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ကာလရှည်ဘိသော် ထိုဇဋိလသူဌေးအား သား သုံးယောက်တို့ကို ရ၍၊ သားတို့ အရွယ်ရောက်သောအခါ မိမိသည် ရဟန်းပြုလိုသော အာသာဖြစ်သဖြင့် 'ဤဇမ္ဗူဒိပ်ကျွန်း၌ ငါနှင့်အတူ စည်းစိမ်ဥစ္စာ ဘဏ္ဍာရွှေငွေ ရတတ်သသူ ရှိလေမူကား ငါ ရဟန်းပြုအံ့။ မရှိမူကား လူ၏ဘောင်တွင် ပျော်ရွှင်ဦးအံ့'ဟု ကြံလျက်၊ အချင်းယောက်ျားတို့ကို ခေါ်ပြီးလျှင် ရွှေဖြင့်ပြီးသောအုတ်, ရွှေလုံတံ, ရွှေသန်လျက်, ရွှေခြေနင်းတို့ကို ပေးအပ်၍ "အရပ်ရပ်သောမြို့ပြနိုင်ငံသို့ ရောင်းဟန်ပြု၍ လှည့်လည်လေကုန်။ ငါနှင့်တူသော စည်းစိမ်ချမ်းသာ ရှိသသူကို တွေ့မူကား ငါ့အား ပြန်ကြားလှည့်ကုန်"ဟု ဆို၍ လွှတ်လိုက်၏။

ထိုယောက်ျားတို့သည် အစဉ်အတိုင်းသွားလေ၍ ဘဒ္ဒိယမြို့သို့ ရောက်သောကာလ မေဏ္ဍကသူဌေး၏သတင်းကို ကြား၍ ထိုသူဌေးထံ ဝင်လေလျှင်၊ မေဏ္ဍကသူဌေးလည်း "ငါ့သားတို့သည် အဘယ်အလို့ငှာ လာကုန်သနည်း"ဟု မေး၍ တစ်စုံတစ်ခုကို ကြည့်ရှုခြင်းငှာ လာပါကြောင်းကို လျှောက်လျှင်၊ "ငါ့အိမ်နောက်တွင် ရှိသောဝတ္ထုကို ကြည့်လေလော့"ဟု ဆို၏။ ထိုယောက်ျားတို့လည်း သွား၍ကြည့်ကြလတ်သော် ရှစ်မင်းပယ်စာမျှသော မြေအပြင်၌ ဆင်ကြီး, မြင်းကြီးပမာဏရှိသော ရွှေဆိတ်ရုပ်တို့သည် ကျောချင်းထိကာ ထိကာ တည်သည်ကိုမြင်၍ ရင်တီးလက်မ အံ့သြကြပြီးလျှင် မေဏ္ဍကသူဌေးထံသို့ ဝင်ပြန်၏။ သူဌေးကလည်း "ငါ့သားတို့သည် တစ်စုံတစ်ခုကို ကြည့်ရှုလို၍လာသော် မြင်ခဲ့ပါ၏လော" ဟု မေး၏။ မြင်ခဲ့ရကြောင်းကိုလျှောက်လျှင် "သင်တို့အလိုရှိမူ ထမ်းနိုင်သမျှ ယူလေ" ဟု ဆို၍ လွှတ်လိုက်၏။

ထိုသူတို့ ရောက်သောကာလ ဇဋိလသူဌေးကလည်း "အမောင်တို့လှည့်လည်ရာ၌ ငါကဲ့သို့ ရတတ်သောသူကို တွေ့ခဲ့ပါ၏လော" ဟု မေး၏။ ဘဒ္ဒိယမြို့၌ မေဏ္ဍကအမည်ရှိသောသူဌေးကို တွေ့ခဲ့ကြောင်း၊ စည်းစိမ်ဥစ္စာ လွန်စွာများပြားကြောင်းကို လျှောက်လျှင် အလွန်ရွှင်လန်းသောစိတ် ရှိသည်ဖြစ်၍၊ 'ထိုမှတစ်ပါး ငါနှင့်တူသော စည်းစိမ်ဥစ္စာရှိသောသူသည် ဇမ္ဗူဒိပ်ကျွန်း၌ ရှိဦးမည်လော'ဟု တွေးတောဆင်ခြင်ပြန်၍ အဖိုး တစ်သိန်းထိုက်သော ကမ္ဗလာကိုအပ်ပြီးလျှင် "အမောင်တို့။ ဤကမ္ဗလာကို ရောင်းအံ့သောအခြင်းအရာဖြင့် ငါကဲ့သို့ ဥစ္စာကြွယ်ဝသောသူကို ရှာကြချေဦး"ဟု လွှတ်ပြန်၏။

အချင်းယောက်ျားတို့သည် အစဉ်သဖြင့်သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်သောကာလ ဇောတိကသူဌေး၏အိမ်နှင့် မနီးမဝေးသောအရပ်တွင် သစ်ခြောက်တို့ကို စုရုံးပြီးသော် မီးထည့်၍ နေကြကုန်၏။ ပြည်သူပြည်သားတို့က "အဘယ်အလို့ငှာ မီးပုံပါသနည်း"ဟု မေးသော် "ငါတို့သည် ဤကမ္ဗလာတစ်ထည်ကို ရောင်းလို၍လာပါသည်။ ဝယ်မည့်သူကိုပင် မတွေ့၍ ခိုးသူတို့ကို စိုးရိမ်သောကြောင့် မီးတိုက်၍ သွားတော့မည့်အကြံနှင့် မီးပုံသည်" ဟု ပြောလျှင်၊ "ငါတို့အရှင် ဇောတိကအိမ်သို့ သွား၍ရောင်းချေ။ ကျေးကျွန်အလို့ငှာ ယူကောင်းရာ၏" ဟုဆိုသဖြင့် ထိုသူတို့လည်း ဇောတိကထံသို့ ဝင်လေသော် ဇောတိကသူဌေးက "သင်တို့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဗလာသည် အဘယ်မျှ ထိုက်သနည်း”ဟု မေး၏။ တစ်သိန်းထိုက်ကြောင်းကို ပြော၍ ပါသောကမ္ဗလာကိုပြလျှင် တစ်သိန်းမျှလောက်သောအသပြာကို ပေးစေ၍ “တံခါးမုခ်ထွက်၌ တံမြက်ချေးသိမ်း၍နေသော ကျွန်မတစ်ယောက်အား ဤကမ္ဗလာကို ပေးချေ” ဟု ထိုသူတို့ရှေ့တွင် စေလိုက်၏။

ကျွန်မလည်း ထိုကမ္ဗလာကိုမြင်လျှင် ရင်ဝကို လက်ဖြင့်ထု၍ ငိုပြီးမှ ဇောတိကခြေရင်းသို့လာ၍ “အရှင်သူဌေး။ ကျွန်တော်မအား ယွင်းမှားသောအပြစ် ရှိခဲ့သော် ပုတ်ခတ်ဆုံးမတော်မူပါလော့။ ဘုန်းကံမဲ့သောသူတို့၏ သုံးဆောင်ရာဖြစ်သော ကမ္ဗလာကြမ်းကြီးကို အဘယ်ကြောင့် ကျွန်တော်မအား သနားပါသနည်း၊ ဤကဲ့သို့သော ကမ္ဗလာကို တစ်ခါမျှ မဝတ်ရဖူးဘဲလျက် အဘယ်သို့ ဝတ်နိုင်၊ ရုံနိုင်ပါအံ့နည်း”ဟု လျှောက်၏။ ထိုစကားကိုကြားလျှင် ဇောတိကကလည်း “ချစ်သမီး။ သင့်အား ဝတ်ရုံစိမ့်သောငှာ ငါ ပေးသည်မဟုတ်။ ခြေသုတ်ပုဆိုး အလို့ငှာသာ ပို့လာပါစေသည်။ ခြေသုတ်ခြင်းမျှ မတတ်နိုင်သလော” ဟု ဆို၏။ ထိုကျွန်မလည်း “အရှင်ကပေးလျှင် မသုတ်ချင်သော်လည်း သုတ်ပါရတော့မည်” ဆို၍ ယူလေ၏။ ထိုသို့သောအခြင်းအရာကို ကမ္ဗလာသည်တို့မြင်ရသော် ရင်တီးလက်မအံ့သြကြလျက် မိမိတို့ဌာနသို့ ပြန်လေ၏။

ရောက်သောကာလ ဇဋိလသူဌေးက “အမောင်တို့ အသို့နည်း။ ငါကဲ့သို့ ကြွယ်ဝသောသူကို တွေ့ခဲ့သေး၏လော” ဟု မေးမြန်းလျှင် “အရှင်သူဌေး။ အရှင်တို့၏စည်းစိမ်ချမ်းသာသည် အဘယ်မှာ ပြောစလောက်အံ့နည်း။ ရာဇဂြိုဟ်ပြည်၌ ဇောတိကသူဌေး၏ စည်းစိမ်ချမ်းသာကား ဤသို့သဘော ရှိ၏” စသည်ဖြင့် အလုံးစုံသော အတ္ထုပ္ပတ္တိကို ပြန်ပေသော် ဇဋိလသူဌေးလည်း အလွန်ဝမ်းမြောက်သောစိတ်ရှိလျက် ‘မိမိသည် ရဟန်းပြုတော့အံ့’ဟု ကြံပြီးသော်၊ သားသုံးယောက်တို့ကိုခေါ်၍ ဝဇိရစိန်အသွားတပ်သော ရွှေဖြင့် ပြီးသောပေါက်တူးကို သားကြီးအားအပ်ပြီးလျှင် “ဖခင်၏အိမ်နောက်တွင်ရှိသော ရွှေတောင်ကို ပေါက်ချေ”ဟု စေ၏။

သားကြီးလည်း သွား၍ပေါက်သော ကျောက်ဖျာအပြင်ကဲ့သို့ တင်းမာစွာ တည်၏။ ထို့နောက် သားလတ်အား သွား၍ပေါက်စေပြန်လျှင် ထိုနည်းတူပင် တည်လေ၏။ ထို့နောက် သားငယ်အား သွား၍ပေါက်စေသော် မြေစိုင်ကိုခွဲသကဲ့သို့ ရွှေခဲအတုံးအတုံးကို ရ၍၊ အဖသူဌေးလည်း သားတို့ကိုခေါ်ပြီးသော် “သားကြီး၊ သားလတ်တို့၏အလို့ငှာ ဤရတနာရွှေတောင်သည် မပေါက်။ ငါ၏ လည်းကောင်း၊ ငါ့သားငယ်၏ လည်းကောင်း အလို့ငှာသာ ပေါက်လာပေသည်။ အမောင်တို့မှာ ညီငယ်ပေးသမျှကို မှီ၍ အသက်မွေးရစ်ကြကုန်။ ငါ့သားငယ်သာလျှင် ငါ၏စည်းစိမ်ကို သိမ်းယူရစ်”ဟု အပ်ပေးပြီးမှ ဇဋိလသူဌေးသည် ဘုရားသခင်အထံသို့သွား၍ ရဟန်းပြုလေ၏။ ရဟန်းဖြစ်၍ နှစ်ရက်သုံးရက်ကြာလျှင်ပင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံသောအခါ မြတ်စွာဘုရားလည်း ငါးရာသော သံဃာတော်တို့နှင့်တကွ ဒေသစာရီကြွချီတော်မူ၍ ဇဋိလမထေရ်၏သားအိမ်သို့ ရောက်လာသော် သားသုံးယောက်တို့လည်း အဆအရာ သဒ္ဓါမြတ်နိုးလျက် ဘုရားအမှူးရှိသော သံဃာတော်တို့အား အခွင့်ကိုလျှောက်ကြား၍ လခွဲပတ်လုံး ဆွမ်းလုပ်ကျွေး၍ တရားတော်ကို နာ၏။

ထိုအခါ သံဃာတော်တို့က ဤသို့ မေးကြ၏။ "ငါ့ရှင် ဇဋိလ။ သင် ရေးကနေဖူးသောအာရုံနှင့် တွေ့ကြုံရချေသည်။ သင်၏သားမယားတို့၌ လည်းကောင်း၊ အတောင် ရှစ်ဆယ်မျှလောက်သော ရွှေတောင်ကြီး၌ လည်းကောင်း တပ်ငြိခြင်း, စုံမက်ခြင်းအာသာသည် မဖြစ်သလော"ဟု မေးလျှင်၊ "ရှင်ပင်တို့။ အကျွန်ုပ်သည် ဤလောကီချမ်းသာ၌ သာယာမက်မောတတ်သော တဏှာသည် မရှိပြီ"ဟု ဆိုပေ၏။ ထိုစကားကို သံဃာတို့ မယုံသဖြင့် လောကသနင်းတရားမင်းအား နားတော်လျှောက်လေသော် ကိုယ်တော်မြတ်သည်လည်း

'ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။

တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ' - ဟူသော ဒေသနာကို ဟောတော်မူ၏။

အနက်ကား - ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဣဓ၊ ဤ ငါဘုရား သာသနာတော်၌။ တဏှံ၊ အာရုံခြောက်ပါး၌ ကျက်စားတတ်သောတဏှာကို။ ပဟန္တွာန၊ ပယ်ဖျောက်၍။ အနာဂါရော၊ အိမ်ရာထောင်ခြင်း၌ ကင်းသောစိတ် ရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ကျင့်၏။ တဏှာဘဝပရိက္ခီဏံ၊ ကုန်ပြီးသောတဏှာ, ကုန်ပြီးသော ဘဝရှိသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကိုအပပြုသော ရဟန္တာဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

ဤဒေသနာ၏အဆုံး၌ များစွာကုန်သောသူတို့သည် အကျွတ်တရားကို ရကြကုန်၏။

ဤ ဇဋိလထေရ်သည် 'ငယ်သောအခါက ဂင်္ဂါမြစ်၌ မျှောသည်ကို အဘယ်ကြောင့် ခံရသနည်း။ သားကြီးနှစ်ယောက်တို့သည် အဖမွေဖြစ်သောရွှေတောင်ကို အဘယ့်ကြောင့် မရထိုက်သနည်း' ဟူမူကား ဤဇဋိလသူဌေး၏အလောင်းသည် ကဿပဘုရား ပွင့်တော်မူသောအခါ ဗာရာဏသီပြည်၌ ရွှေပန်းထိမ်သည်ဖြစ်၍ ဘုရားအထံတော်၌ နိယံမပြတ် ဆည်းကပ်ကိုးကွယ်သတည်း။ ကဿပဘုရား နိဗ္ဗာန်လားတော်မူသောကာလ ကြွင်းရစ်သောဓာတ်တော်တို့ကို ရှည်မြင့်စွာတည်စေခြင်းငှာ များစွာသော သူတို့သည် ဥစ္စာအသပြာစုရုံး၍ စေတီတော်တည်ကြရာဝယ် မြောက်မုခ်မျက်နှာ၌ တစ်ဖျာခန့်သောရွှေသည် မလောက်ရှိ၏။ ထိုသို့မလောက်သည်ကို ရဟန္တာတစ်ပါးမြင်လျှင် စေတီတွင်ပြုလုပ်သော ပန်းရံတို့အား "မြို့တွင်းသို့ ငါသွား၍ ဒါယကာ ရှာဦးမည်။ သင်တို့ ဆိုင်းလင့်ကုန်"ဟုဆို၍ မြို့တွင်းသို့ဝင် ခဲ့ပြီလျှင် ရွှေပန်းထိမ်သည်၏အိမ်သို့ တက်၍ရပ်၏။ ပန်းထိမ်သည်လည်း "အဘယ်အလို့ငှာ ကြွလာသနည်း"ဟု လျှောက်သော်၊ "ယခုလုပ်သော ဓာတုစေတီတော်၌ ဒါယကာတို့ တာဝန်ခံ၍ လုပ်သော မုခ်ဝ၌ ရွှေမလောက်သောကြောင့် နှိုးဆော်ခြင်းငှာ လာသည်"ဟုဆိုလျှင်၊ ရွှေပန်းထိမ်သည်လည်း မိမိ၏မယားနှင့် အချင်းများ၍ နလုံးညစ်ညူးခိုက်ကြိမ်သည်နှင့် "အရှင်ဘုရားတို့စေတီကို ဂင်္ဂါမြစ်၌သာ မျှောဘိလော့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို မယားကြားလတ်သော် "အမောင်သည် အကျွန်ုပ်အား အမျက်ထွက်ငြား က အကျွန်ုပ်ကိုသာ ပုတ်ခတ်ဆဲရေးပါလော့။ မြတ်စွာဘုရားအား အဘယ်ကြောင့် ဆဲရေးပါ သနည်း"ဟု ဆိုလျှင် လင်ယောကျ်ားလည်း သတိသံဝေဂကိုရ၍ ကြွလာသောအရှင်မြတ်အား ပူဇော်ကန်တော့၏။ ရဟန္တာကလည်း "ဒါယကာသည် ငါ့အား ပြစ်မှားသည်မဟုတ်။ ဗုဒ္ဓသရီရဖြစ်သော ဘုရားကိုသာ ပြစ်မှားရာချေသည်။ ဘုရား၌သာ ပူဇော်ကန်တော့လော့"ဟု ဆို၏။ ထိုအခါ ပန်းထိမ်သည်ဒါယကာကလည်း "အဘယ်သို့ ကန်တော့ရအံ့နည်း"ဟု လျှောက်ပြန်သော် "ဓာတ်တော်ဌာပနာတိုက်တွင်း၌ ရွှေပန်းခိုင်သုံးခုကို ပြု၍ ကန်တော့ လော့"ဟု နည်းပေး၏။ ပန်းထိမ်သည်လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ မီးလျှံကဲ့သို့ တောက်ပသော ဇမ္ဗူရာစ်ရွှေတို့ကို ပန်းခိုင်ပြုလုပ်သောကြောင့် သားသုံးယောက်တို့တွင် သားကြီးကို ခေါ်လတ်သော် "အဖသာလျှင် မြတ်စွာဘုရားအား ပြစ်မှားသည်။ အကျွန်ုပ်ကား မပြစ်မှား။ ထို့ကြောင့် အဖသာလျှင် ပြုပါတော့လော့" ဟု ဆို၍နေ၏။ သားအလတ်ကို ခေါ်ပြန် သော်လည်း ယခင်ကဲ့သို့သာ ဆို၍နေ၏။ သားအထွေးကို ခေါ်သောကာလ "မိဘတို့၏ ကံကိစ္စဟူသမျှသည် သားသမီးတို့ တာဝန်ပေတည်း"ဟုဆို၍၊ မငြိုမငြင် အတူပင်လုပ်ဆောင် ၏။ တစ်ထွာစီမြင့်သော ရွှေပန်းခိုင်ပြီးသောအခါ ဓာတ်တော်ဌာပနာသော တိုက်တွင်း၌ စီစိုက်၍ စိုသောဆံ, စိုသောပုဆိုးတို့ဖြင့် ရိုသေစွာရှိခိုးလျက် ပူဇော်ကန်တော့၏။ စေတီ၌ မပြည့် သောရွှေတို့ကိုလည်း ကောင်းမွန်စွာ ချပေ၏။ ဤသို့ ပြစ်မှားပြောဆိုခဲ့ဖူးသော ဝစီကံကြောင့် ဇဋိလသည် ခုနစ်ဘဝတိုင်တိုင် ရေ၌မျှောသည်ကို ခံရသတည်း။ သားကြီးနှစ်ယောက်တို့ သည်လည်း အဖ၏ ပြုရန်ဝန်ကို မကူဘူးသောကြောင့် အဖ၏အမွေဖြစ်သော ရွှေတောင်ကြီးကို မထိုက်ကြလေသတည်း။

ဤကား ဇဋိကသူဌေး၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၄၅။ ဇောတိကသူဌေး ရဟန်းပြုခြင်း

ယခင်က ပြဆိုခဲ့ပြီးသော ဇောတိကသူဌေးသည် ဘုရားမြတ်စွာ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူစပင် ဘုရားသခင်အထံတော်သို့ ကပ်၍ တရားတော်ကိုနာသဖြင့် မြတ်သော ဥပါသကာအဖြစ်ကို ယူသတည်း။ ထိုအခါမှစ၍ ပဥ္စသီလမ္မကို နိစ္စသုံးစွဲလျက် တစ်လ, တစ်လလျှင် ရှစ်ရက်, ရှစ်ရက်သောနေ့တို့၌ 'အဋ္ဌင်္ဂဥပုသ်'ကို ဆောက်တည်သတည်း။

ကာလရှည်လျား၍ ဘုရားမြတ်စွာ ဝါတော်နှစ်ဆယ် ပြည့်သောအခါ အဇာတသတ် မင်းသားသည် ဒေဝဒတ်နှင့် အပေါင်းအဖော်ရ၍ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ် ပြီးလျှင် ထီးနန်းတိုင်းပြည်ကို သိမ်းအုပ်၍ မင်းလုပ်၏။ ထိုအခါ အဇာတသတ်မင်းသည်



www.burmeseclassic.com

www.burmeseclassic.com



'ဇောတိကသူဌေး၏ စည်းစိမ်ချမ်းသာကို ငါ လုယက်သိမ်းယူအံ့'ဟု ကြံ၍ နိုင်ငံတော်အတွင်း ဝယ် စစ်ခင်းရေးရာ၌လိမ္မာသော အမတ်သူရဲကြီးတို့ကို ရုံးစုစီရင်၍ မင်းကြီးကိုယ်တိုင်ပင် ထွက်လေသဖြင့်၊ ဇောတိကသူဌေး၏ ပြာသာဒ်ပါးသို့ ရောက်လတ်သော် ပတ္တမြားတံတိုင်း၌ ဆင်, မြင်း, ဗိုလ်ပါ အခြံအရံနှင့်တကွသော မိမိစစ်သည်၏ အရိပ်ထင်သည်ကိုပင်၊ 'ဇောတိက သူဌေးသည် ငါ့အားစစ်ထိုးခြင်းငှာ ဗိုလ်ပါနှင့်ထွက်သည်'ဟု ထင်မှတ်၍ အနီးသို့မကပ်ဝံ့ ဘဲ အဝေးကသာ ဝန်းရံကာနေ၏။

ထိုနေ့၌ သူဌေးကြီးလည်း ဥပုသ်ဆောက်တည်သည်ဖြစ်၍ နံနက်စောစောကပင် ဘုရားသခင်နေတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့သွား၍ တရားတော်ကိုနာလျက် ချမ်းသာစွာ နေလေသတည်း။ ထိုသို့ စစ်ထိုးအံ့သောငှာ ဝန်းရံလာနေသော အဇာတသတ်မင်းကို ပထမ တံခါးမုခ်၌စောင့်နေသော 'ယမကောဠိ' မည်သော နတ်ဘီလူးသည် မြင်လျှင် စစ်သည်ဗိုလ်ပါ နှင့်တကွ ထွက်၍ ကြောက်မက်ဖွယ်သောအသံကို ပြုလျက် "ယခု ဝန်းရံသည်ကား အသူနည်း။ ငါတို့အရှင်ကို ဘယ်သို့မှတ်ထင်၍ စစ်ခင်းကျင်းလာသနည်း။ လာသမျှကို တစ်ယောက်မျှ မကြွင်းအောင် ချက်ချင်းသေစေအံ့"ဟု ခြိမ်းခြောက်လျက် တိုက်ဖျက်လေလျှင်၊ အဇာတသတ်မင်း စစ်သည်တို့သည် ကိုးကွယ်ရာမဲ့ ပရမ်းပတာ ပြေးလေကုန်၏။

အဇာတသတ်မင်းလည်း မြင်းစီး၍ တစ်ယောက်တည်းသာ ပြေးလာသဖြင့် မြတ်စွာ ဘုရားကျောင်းတော်သို့ ဝင်လေသော်၊ အထံတော်၌ တရားနာ၍နေသော ဇောတိကသူဌေး မြင်လျှင် "အရှင်မင်းကြီး။ အဘယ်အလို့ငှာ ကြွရောက်လာသနည်း" စသည်ဖြင့် ပျူငှာပြု၍ နေရာမှ ထ,လင့်၏။ မင်းကြီးကလည်း "သင်သူဌေးသည် ကျေးကျွန်ယောကျ်ားတို့ကို ငါနှင့် စစ်ထိုးစိမ့်သောငှာ မှာထားစီရင်ခဲ့၍ အဘယ့်ကြောင့် ကျောင်းတော်၌ ဥပုသ်ဆောက်တည်ဟန်, တရားနာဟန် ပြု၍နေပါသနည်း"ဟု မေး၏။

သူဌေးကလည်း "အကျွန်ုပ် မသိပါ။ အရှင်မင်းကြီးသာ အကျွန်ုပ်ကို အဘယ်အလို့ငှာ စစ်ထိုး ကြွပါသနည်း" ဟု မေးသော်၊ "သင်၏ဗိမာန်ပြာသဒ်ကို အလိုရှိ၍ပင် ငါ စစ်ထိုး ပေသည်"ဟု ဆို၏။ "အရှင်မင်းကြီး။ အကျွန်ုပ် မပေးလိုငြားက ပြာသာဒ်ကို မဆိုထားဘိ။ မြိတ်ဆာချည် မျှင်အဖျားကိုမျှ တစ်ထောင်မျှလောက်သောမင်း, တစ်ထောင်မျှလောက်သော ရန်သူတို့သည် လုယူ၍ မရပေရာ"ဟု လျှောက်လျှင်၊ "သင်သူဌေးသည် ငါ၏ဥစ္စာကို ငါ သာ အစိုးရသည်ဟု ထင်မှတ်သလော"ဟုဆို၍ ကြုံးဝါး၏။ သူဌေးကလည်း "အရှင်မင်းကြီး။ သိလိုမူကား အကျွန်ုပ်လက်၌ ဝတ်ဆင်သောလက်စွပ်ကို ချွတ်တော်မူစမ်းလော့"ဟု ဆို၏။

ထိုအခါ အဇာတသတ်မင်းလည်း ထ,၍ ချွတ်သည်။ မကျွတ်နိုင်လေ။ ယိုမင်းကား ဆောင့်ကြောင့်ထိုင်လျက် အထက်သို့ခုန်သော် တစ်ဆယ့်ရှစ်တောင်, ရပ်လျက်ခုန်သော် အတောင်ရှစ်ဆယ်ကို ကျော်နိုင်၏။ အသွားခုန်သော် တစ်ဥသဘ ရောက်နိုင်၏။ သို့လောက်စင် အင်အားကြီးသောသူဖြစ်လျက် လက်၌ဝတ်ဆင်သော လက်စွပ် ကွင်းနှစ်ဆယ်တို့တွင် တစ် ကွင်းမျှ ထ၍ လည်းကောင်း၊ ထိုင်၍ လည်းကောင်း၊ ပြောင်းပြန်လူးလဲလျက် ချွေးစက်စက် ကျအောင် ချွတ်၍မျှ မရနိုင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူဌေးကလည်း "အရှင်မင်းကြီး။ ဝတ်လဲကို ဖြန့်တော်မူ။ အကျွန်ုပ် ပေးပါအံ့" ဟုဆို၍ လက်ကို မြှောက်၍စောင်းသော် လက်ဆယ်ချောင်း၌ဝတ်ဆင်သော လက်စွပ်နှစ်ဆယ်တို့သည် ဓမကရိက်မှ ရေလွတ်သကဲ့သို့ ကျွတ်၍ကျလေကုန်၏။ ထိုသို့ဖြစ်ပြီးမှ "အရှင်မင်းကြီး။ သိတော်မူလော့။ အကျွန်ုပ်၏ဥစ္စာကို အကျွန်ုပ်သဒ္ဓါသဖြင့် မပေးက အသောင်း, အသိန်းမျှသော မင်းတို့သည် စစ်ခင်း၍ယူငြားသော်လည်း မရပေရာ"ဟု ဆိုပြီးသော်၊ မင်းကြီးပြုအပ်သော အမှုအရာဖြင့်ပင် လွန်စွာထိတ်လန့်သော သံဝေဂရှိသည်ဖြစ်၍ "အရှင်မင်းကြီး။ ဤစည်းစိမ်ကို အကျွန်ုပ် မနှစ်သက်ပါပြီ။ ရဟန်းပြုခြင်းငှာ ခွင့်ပေးတော်မူပါ"ဟု တောင်းပန်၏။

အဇာတသတ်မင်းလည်း 'ဤသူဌေး ရဟန်းပြုခဲ့သော် ပြာသာဒ်နှင့်တကွသော စည်းစိမ်ချမ်းသာကို ငါယူအံ့'ဟုကြံ၍၊ တစ်ကြိမ်တောင်းပန်သော စကားဖြင့်ပင် "သင် ရဟန်းပြုလိုသော် ပြုလော့" ဟု ခွင့်ပေး၏။ သူဌေးလည်း အားရဝမ်းသာ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုလေ၏။ ရဟန်းဖြစ်၍ မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ရ၍ 'ဇောတိကမထေရ်' ဟု ထင်ရှားစွာ ဖြစ်သတည်း။

ဤသို့ ဇောတိက အရဟတ္တဖိုလ်ကို ရသောနေ့ပင် အလုံးစုံသော ရွှေအိုးရွှေအိမ် ပဒေသာပင်တို့သည် ကွယ်လေကုန်၏။ 'တူလကာရီ' အမည်ရှိသော မြောက်ကျွန်းသူ သူဌေးမကိုလည်း နတ်တို့ဆောင်၍ ဥတ္တရကုရုကျွန်းသို့ ပို့ကြလေကုန်သတည်း။

[ရဟန်းပြုသောကာလ ဝေးကွာသည်ကို သိသာစိမ့်သောငှာ အဋ္ဌကထာမှ ဇဋိလဝတ္ထုခြားလျက် ပြထားသောကြောင့် ဤ၌ ခြား၍ဆိုလိုက်သည်။]

ဤကား ဇောတိကသူဌေး၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၄၆။ ကာကဝလိယသူဌေး၏ ရှေးအကြောင်းကိုပြခြင်း

ကာကဝလိယသူဌေး၏အကြောင်းကား ရာဇဂြိုဟ်ပြည်တွင် ဆင်းရဲစွာသော ပုဏ္ဏားလင်မယားနှစ်ဦးတို့သည် ရှိကုန်၏။ ထိုနှစ်ဦးတို့တွင် လင်ပုဏ္ဏားသည် နေ့တိုင်းနေ့တိုင်း နံနက်စောစွာက တောသို့သွားလေ၍ ထင်းခွေခဲ့ပြီးလျှင်၊ မြို့တွင်ရောင်းချ၍ တစ်ကွမ်းစားမျှသော ဆန်ကိုရသဖြင့် မွန်းတည့်နီးအခါမှ အိမ်သို့လာ၍ နံနက်စာထက်ဝက်, ညစာထက်ဝက် ထား၍စားရ၏။ မယားပုဏ္ဏေးမလည်း သူတစ်ပါးအိမ်၌ စပါးထောင်း, ဆန်ဖွပ်ငှား၍ သနားပေးကမ်းသမျှသော ဥစ္စာကို ဟင်းလျာဖိုးပြု၍ ကြွင်းကျန်သည်ကို စုပြီးမှ အဝတ်တန်ဆာဝယ်ရ၏။ ထိုသူတို့၏အိမ်၌ကား စားစရာထမင်းမျှ မကြွင်းကျန်သည်သာ များသောကြောင့် ကျီးငှက်မျှ မနားလို။ ကျီးငှက်တို့ကို အစောင့်လွှတ်ရကား 'ကာကဝလိယပုဏ္ဏား'ဟု ခေါ်စမှတ်ပြုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံသောအခါ အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှ ထ,တော်မူ၍ ချီးမြှောက်အပ်သော ဝေနေယျတို့ကို ကြည့်ရှုတော်မူလျှင်၊ ကာကဝလိယ သူဆင်းရဲလင်မယားတို့ကို မြင်လျှင် "ဤသူကား ရှေးပြုဖူးသော ကံဟောင်းရှိလျက် တစ်ခုသောမကောင်းမှု နှိပ်စက်သောကြောင့် ဖုံးဖုက်ထားသောမီးကဲ့သို့ မကြီးပွားနိုင် ရှိချေသည်။ ငါ သွား၍ ချီးမြှောက်ရမှု ဒိဋ္ဌဓမ္မပင် သုခသမ္ပတ္တိကို ရရာ၏"ဟု ကရုဏာဉာဏ်တော်သက်သဖြင့် နံနက်အခါ၌ ဆွမ်းခံကြွလာတော်မူ၏။

သူဆင်းရဲမလည်း လင်ယောကျ်ားအလို့ငှာ ထတ်ထတ်သောယာဂုကို ချက်ပြီးလျှင် ခရီးမကို မျှော်လျက်နေသဖြင့် သပိတ်ကိုပိုက်ကာရပ်လာသော အရှင်သာရိပုတ္တရာကို မြင်လျှင် ကြည်လင်ညွတ်နူးလှသော သဒ္ဓါတရားရှိသည်ဖြစ်၍ 'ရှေးရှေးသောနေ့တို့၌ အရှင်ကောင်းကို မတွေ့ရ။ ယနေ့မူကား အလှူဝတ္ထုလည်း ပြည့်စုံ၊ အရှင်ကောင်းနှင့်လည်း ကြုံပေသည်။ ဤအခါမှ ငါ မလှူချေမူ အဘယ်မှာ ဒါန ဖြစ်နိုင်တော့အံ့နည်း'ဟု ကြံ၍ အရှင်မြတ်အထံသို့ ကပ်ပြီးလျှင် ပဉ္စပတိဋ္ဌိတတို့ဖြင့် ရှိခိုး၍ "အရှင်ဘုရား။ အကျွန်ုပ်တို့အား သနားတော်မူပါသဖြင့် အကျွန်ုပ်အလှူကို ခံတော်မူပါ" ဟုလျှောက်၍၊ သပိတ်တော်၌ ယာဂုအိုးကို မှောက်၍လောင်းပေ၏။ ထိုသို့လောင်းပြီးမှ "ဤပုညကြောင့် ဒိဋ္ဌဓမ္မပင် ဒုက္ခကင်းလွတ်ပါစေသော"ဟု ဆုတောင်း၏။ အရှင်သာရိပုတ္တရာလည်း "ဒါယိကာမ တောင်းသောဆုအတိုင်း ပြည့်စုံစေ"ဟု ဆုပေး၍ ကြွတော်မူ၏။ ထင်းခွေရာမှ ပုဏ္ဏား ပြန်လာသောအခါ၌လည်း ထိုအခြင်းအရာကို ပြန်ကြားက လင်မယားနှစ်ဦးပင် ဝမ်းမြောက်ဝမ်းသာရှိကြသတည်း။

ထိုနေ့၌ ဗိမ္ဗိသာရမင်းကြီးလည်း ရထားစီး၍ မြို့ကိုလှည့်ရာတွင် သုသာန်ပြင်၌ တံကျင်လျှို၍ထားသော ယောကျ်ားတစ်ဦးသည် သေခြင်းသို့ မရောက်သေးသည်နှင့် မင်းကြီးလာသည်ကို မြင်လျှင် "အရှင်မင်းကြီး။ အကျွန်ုပ်အား မသေမီ ထမင်းတစ်နပ်စာနှင့် ရေတစ်မှုတ်မျှ သနားတော်မူပါ"ဟု လျှောက်၏။ မင်းကြီးလည်း ထိုသူအား အလွန်သနားတော်မူလှ၍ "ငါ့တွင် ယခု ထမင်း မပါလာပြီ။ နန်းတော်သို့ကျသောအခါမှ ပို့စိမ့်မည်" ဆို၍ သွားလေသဖြင့်၊ နန်းတော်သို့ရောက်သောအခါလည်း များစွာသော ကချေသည်, မောင်းမတို့ ခ,ယဖျော်ဖြေသည့်ကိစ္စကြောင့် မေ့လျော့သဖြင့် နေဝင်သောကာလ သတိရလတ်သော် မင်းချင်းတို့ကိုခေါ်၍ "ငါ ဝန်ခံတော်မူခဲ့သောကတိ ရှိပေသည်။ သုသာန်ပြင်၌ တံကျင်လျှို၍ထားသော ယောကျ်ား၏အထံသို့ ထမင်းနှင့် ရေကို ပို့ပါချေ"ဟု စေ၏။

မင်းချင်းတို့လည်း မည်သူမျှ မသွားဝံ့ကြ။ အဘယ်ကြောင့်နည်းဟူမူကား မြို့တံခါးထန်းနှစ်ပင်၌နေသော 'ဒီဃတာလ' အမည်ရှိသောဘီလူးကို "နေဝင်သည်မှစ၍ အရုဏ်တက်သည့်တိုင်အောင် မြို့တံခါးမှ ထွက်သောသူ၊ ဝင်သောသူတို့ကို သင် ဖမ်းယူ၍ စားဘိလော့"ဟု မင်းကြီး အပိုင်စား ပေး၍ထား၏။ ထို့ကြောင့် မသွားဝံ့ကြသတည်း။

ထိုအခါ မင်းကြီးလည်း ကတိပျက်မည်ကိုစိုး၍ "သုသာန်သို့ သွားဝံ့သောသူကို အသပြာတစ်ထောင် ပေးမည်"ဟု စည်လည်စေသော်၊ ကာကဝလိယ သူဆင်းရဲမကြား၍ "ငါ သွား၍ ပို့ချေအံ့"ဟု လင်ယောကျ်ားကိုတိုင်ပင်လျှင်၊ "ရှင်မသွား၍ ဘီလူးစားခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



ငါကား အသို့ အသက်ရှင်နိုင်တော့အံ့နည်း။ ကိုယ်ပင် ဆင်းရဲငြားသော်လည်း ငါတို့လင်မယား အတူနေရမှု စိတ္တသုခ ရှိပါသေး၏။ အသင်မှုသေချေမူ လူပြည်တွင် ငါ မနေနိုင်ပြီ။ ထို့ကြောင့် ဥစ္စာကို မမက်ပါလင့်"ဟု ဆို၏။ သူဆင်းရဲမကလည်း "မကြောင့်ကြလင့်။ ဘိလူးမစားရအောင် ငါ ကြံနိုင်၏"ဟု ဆို၍ မင်းကြီးထံသို့ရောက်လေလျှင် "ကျွန်တော်မ သွား၍ ပို့ပါမည်"ဟု ဝန်ခံ၏။ မင်းကြီးလည်း အလွန်ဝမ်းသာလျက် တစ်ယောက်စာထမင်းကို ခွက်တွင်း၌ထည့်၍ ရေအိုးနှင့်တကွ ပေး၏။ သူဆင်းရဲမကလည်း "မင်းလက်ဆောင်ပိစ္စာ ဤထမင်းကို မနောလင်ပန်းဖြင့် ထည့်၍ သနားတော်မူပါ"ဟု လျှောက်၏။ မင်းကြီးက လျှောက်တိုင်း ပေးလေလျှင် လင်ပန်းကိုရွက်၍, တဘက်ကို ခါးပန်းလျက်, ရေခွက်ရေအိုးတို့ကို ဆွဲပြီးလျှင် အစဉ်အတိုင်းထွက်သွား၍ တံခါးဝသို့ရောက်လတ်သော် ထန်းပင်၌နေသော ဒီဃတာလ ဘီလူးသည် ကိုယ်ထင်လျက် "ဟယ် မိန်းမ။ သင်ကား ငါ့အစာဖြစ်ပြီ။ ရပ်လော့, ရပ်လော့"ဟု ဆို၏။

ထိုအခါ သူဆင်းရဲမကလည်း "အမောင် ဒီဃတာလ။ သူတစ်ပါးကို စားခွင့်ရသော်လည်း ငါ့ကို သင် မစားနိုင်ချေ။ သင်သည်လည်း ပြည့်ရှင်မင်းကြီး၏အမှုထမ်း ကျေးဖူးခံ။ ငါလည်း မင်းကြီး၏တမန်တော် ဖြစ်သည်။ ငါ့စကားကို မယုံသော် ငါ့တွင်ပါသော မနော လင်ပန်းကို ကြည့်ဦးလော့"ဟု ဆို၏။ ထိုစကားကိုကြားလျှင် ဒီဃတာလဘီလူးကလည်း ဟုတ်ရာပေ၏။ သို့ရာတွင် ငါတို့ မင်းကြီးတမန်တော်ဖြစ်လျှင် တမန်အင်္ဂါနှင့် ပြည့်စုံရာ ပေလတ္တံ့။ ငါမှာလိုသော သတင်းစကားကိုလည်း မှာထားလိုက်အံ့'ဟု ကြံလျက်၊ "တမန်မိန်းမ။ မင်းကြီးကစေလွှတ်မှု သွားလော့။ ငါ၏ သတင်းစကားကိုလည်း ကြားခဲ့စေချင်သည်"ဟု ဆို၏။ "အဘယ်ကို ကြားရအံ့နည်း"ဟု မေးလျှင်၊ "သုသာန်ပြင်၏အနီး မန်ကျည်းပင်ကြီး ခုနစ်ပင်၌စောင့်နေသော သုမနနတ်မင်းကြီးအား 'သင် နတ်မင်း၏သမီး ဒီဃတာလ၏မယား ဖြစ်သော 'ကာလီ'မည်သောနတ်သမီးဝယ် စင်ကြယ်လှပသော သားကောင်းရတနာကို ယနေ့ မျက်နှာမြင်ပါကြောင်းကို လျှောက်လိုက်ပါသည်'ဟု ကြားပါလေ" ဟူ၍ မှာလိုက်၏။

သူဆင်းရဲမလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ လာခဲ့ပြီးလျှင် တံကျင်လျှိုထားသောသူ အား စားဖွယ်ထမင်းနှင့် ရေကိုပေးပြီးလျှင်၊ မန်ကျည်းပင်အောက်သို့လာ၍ ဒီဃတာလ မှာလိုက်သောအတိုင်းကို ကြားလေ၏။

သုမနနတ်မင်းကြီးလည်း အလွန်ဝမ်းမြောက်ရကား ထင်ရှားစွာသောကိုယ်ကို ပြလျက် "သုတမင်္ဂလာစကားကို ငါ့အား သင် လျှောက်လာသည်။ သင့်ကို ငါ ဆုပေးမည်။ ငါ့ မန်ကျည်းပင်ခုနစ်ပင်တွင် တစ်ပင်စီအရင်း၌ ရွှေအိုး နှစ်လုံးစီရှိသည်ကို နံနက်အခါ လာ၍ ဖော်လှည့်လော့"ဟု ဆိုပေ၏။

ထိုသူဆင်းရဲမလည်း သုမနနတ်မင်းကြီးအား ရှိခိုးလျက် "ကောင်းပါပြီ"ဟု ဝန်ခံ၍ လာခဲ့ပြီးလျှင် မြို့ဝင်တံခါးဝသို့ရောက်သောအခါ ဒီဃတာလ၏နေရာ ထန်းပင်သို့ကပ်၍ "အရှင်နတ်မင်း။ အရှင်မှာလိုသော သတင်းစကားကို အကျွန်ုပ် ကြားခဲ့ပါပြီ။ အရှင်ယောက္ခမ သုမနနတ်မင်းက 'ကောင်းမြတ်လှသော သုတမင်္ဂလာကို အခါမဲ့ ငါ့အား ကြားလာပေသည်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းမြောက်ဝမ်းသာရှိလှ၍ ကျွန်တော်မအား များစွာသောရွှေအိုးတို့ကို ဆုပေးလိုက်ပါသည်”ဟု ပြန်ဆိုသော်၊ ဒီဃတာလလည်း ‘ငါ့ယောက္ခမပင် ဤမျှ ဆုပေးပေသည်။ ငါ စေရင်းသူကား ထို့ထက် အဆသာ၍ ပေးဖွယ်ရှိသည်’ဟု ကြံလျက်၊ “နက်ဖြန် ငါ့ထန်းပင်ရင်း၌လည်း ရွှေအိုးကြီးလေးလုံးကို တူးယူလှည့်လော့”ဟု ဆိုလိုက်၏။

ထိုမှသည် အစဉ်အတိုင်းဝင်လာ၍ ဗိမ္ဗိသာရမင်းကြီး၏အထံသို့ ရောက်သောအခါ ရှိသေစွာရှိခိုးလျက် အကြောင်းမျိုးစုံကို လျှောက်လျှင် ပြည့်ရှင်မင်းကြီးလည်း အလွန်အားရလျက် မိမိကပေးလိုက်သော အသပြာတစ်ထောင်ထုပ်ကိုလည်း အပ်ပေ၏။ နံနက်အခါ များစွာသော မင်းချင်းတို့နှင့်တကွ နတ်တို့ကပေးအပ်သော ရွှေအိုးတို့ကိုဖော်စေ၍ မင်းရင်ပြင်၌ စုပုံပြီးသော် အမတ်ကြီးတို့ကို တိုင်ပင်တော်မူ၍ “ဤမျှလောက်သော ရွှေရတနာရှိပေက သူဌေး၏အရာဌာနကို ရသင့်ပေပြီ”ဟု ဆိုပြီးလျှင်၊ သူဌေးတို့၏ ဆောင်းမြဲသောထီးကို ပေးပေ၏။ ထိုအခါမှစ၍ ‘ကာကဝလိယသူဌေး’ဟု တွင်သတည်း။

ထိုလင်မယားတို့သည် သူတစ်ပါး၏အိမ်ကြား၌သာ အိမ်ငယ်နှင့်နေကြရ၍ နေရာဌာနလည်း မရသေးရကား မင်းကြီးအား အိမ်အရာကိုတောင်းလေလျှင် ပျက်စီးလေသော သူဌေးတစ်ဦး၏အိမ်ရာကို ပေး၍ ချုံပုတ်ပေါင်းတို့ကို သုတ်သင်လျက် အိမ်ဆောက်ခြင်းငှာ တွင်းတူးလေသော်၊ တူးတိုင်းတူးတိုင်းပင် ရွှေအိုး ငွေအိုးတို့သာရ၍ အတိုင်းမသိသောစည်းစိမ်ချမ်းသာတို့သည် ဖြစ်သတည်း။ ထို ကာကဝလိယ သူဌေးလင်မယားတို့သည်လည်း ‘ငါတို့ကား အရှင်သာရိပုတ္တရာ၏ ကျေးဇူးတော်ကြောင့် ဤသို့သော စည်းစိမ်ချမ်းသာကို ရပေသည်’ ဟု ကျေးဇူးတော်တို့အောက်မေ့၍ တစ်နေ့တစ်နေ့ဝယ် ငါးရာမျှလောက်သော သံဃာတော်မြတ်တို့အား မပြတ် လုပ်ကျွေးလေသတည်း။

[ဤ ကာကဝလိယအကြောင်းကား ပပဉ္စသူဒနီ မည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာ ကမ္မဝိဘင်္ဂသုတ်တွင် လာသည်။ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၌ ရှင်မဟာကဿပဟူ၍ ဆို၏။ မေဏ္ဍကသူဌေး၏အကြောင်းမှာ ဝိသာခါ၏အတ္တုပ္ပတ္တိကို ပြရာ အထက်မှာမှ ထင်စွာဖြစ်လတ္တံ့။]

**ဓိနတ္ထပကာသနီကျမ်း ‘စတုတ္ထပိုင်း’ ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ဗိနယပကာသနီကျမ်း

## ပဉ္စမပိုင်း

www.burmeseclassic.com

www.burmeseclassic.com





စိဥ္စမာဏဝိကာပရိဗိုဇ်မကလေးကို အောင်မြင်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ဇိနတ္ထပကာသနီကျမ်း

## ဗုဒ္ဓဓမ္မပိုင်း

www.burmeseclassic.com





စိဥ္စမာဏဝိကာပရိဗိုဇ်မကလေးကို အောင်မြင်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဗိနည္ဓပကာသနီကျမ်း

## ပဥ္စမပိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဉာဏ္ဍသရိယ စသော ဘုန်းတော်ခြောက်ပါး, လောကီတန်ခိုး ရှစ်ပါး, ကျေးဇူးတော် တစ်ဆယ့်ရှစ်ပါး တရားအထူးနှင့်ပြည့်စုံတော်မူသော သုံးလူ့ထွတ်ဖျားဘုရားသခင်သည် ပဥ္စမ ဝါဝယ် ဝေသာလီပြည်၌ ဝါကပ်တော်မူသောအခြင်းအရာကို ဝေသာလီပြည်၏အတ္ထုပ္ပတ္တိမှ စ၍ ပြဆိုပေအံ့။

### ။၄၇။ သာကီဝင်မင်းသမီး ငါးရာနှင့် မိထွေးတော်ဂေါတမီ ရဟန်းပြုခြင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကိုအစိုးရသော ဗြဟ္မဒတ်မင်းကြီး၏မိဖုရား ဝမ်းဝယ် ပဋိသန္ဓေစွဲလမ်းသဖြင့် မင်းအား အကြောင်းကိုကြားလတ်သော် များစွာသော အခြံအရံ အစောင့်အရှောက်တို့ကို ပေးတော်မူ၏။ ဆယ်လစေ့သဖြင့် ကိုယ်ဝန်ရင့်သောအခါ သားဖွားရာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ဝင်လတ်သော် ဘုန်းကံရှိသောသူတို့အား နံနက်ထ၌ သားဖွားမြဲဓမ္မတာ ဖြစ်ရကား မိဖုရားကြီး၏သားသည်လည်း ကြီးမားသောဘုန်းပါရမီ ရှိသောသူဖြစ်၍ မည်းညစ်ကင်းပျောက် မိုးသောက်ထအခါဝယ် လယ်ခေါင်ရန်းပန်းအဆင်းကဲ့သို့ ခြင်းခြင်းနီသောသားတစ် စိုင်ကို ဖွား၏။ တစ်ပါးသော မိဖုရားငယ်တို့မူကား လုပတင့်တယ်စွာ သတို့သားကို ဖွားကုန်၏။

ထိုအခါ မိဖုရားကြီးသည် ဤသို့ ကြံ၏။ 'ငါ၌ သားစိမ်းတစ် ဖွားသောအကြောင်းကို မင်းကြီးသိလေက ငါ့အား ရှုတ်ချကဲ့ရဲ့ခြင်းကိုသော်လည်း ပြုရာသည်။ စည်းစိမ်အသရေကို သော်လည်း လျှော့ရာသည်။ မင်းကြီးမသိမီ စွန့်တော့အံ့'ဟု ကြံ၍၊ တစ်ခုသောအိုးသစ်၌ သားတစ်ကိုထည့်သွင်း၍ မင်းတို့ဝတ်ဆင်သော လက်စွပ်ဖြင့် တံဆိပ်ဖွဲ့ခတ်လျက် ဂင်္ဂါမြစ် ရေအလယ်၌ မျှောလေ၏။

လူတို့လက်မှလွတ်လျှင် ထက်ဝန်းကျင်သောအရပ်မှ နတ်တို့သည် စီရင်ဖန်ဆင်းလျက် 'ဤအိုး၏အတွင်း၌ ကြီးမားသော ဘုန်းပါရမီရှိသော ဗာရာဏသီမင်း၏ မိဖုရားကြီး၏ သားတော်သည် တည်သတည်း'ဟု ဆေးဒါန်းမြင်းသီလာဖြင့် အက္ခရာတံဆိပ် ရေးမှတ်လျက် မပြတ်စောင်မကြသဖြင့် လှိုင်းတံပိုးစသော ဘေးဘျမ်းဒုက္ခ မငြိမထင်ဘဲ အစဉ်အတိုင်း မျောလေ၏။

ထိုအခါ ဂင်္ဂါမြစ်၏အကြေ၌ ကျွဲ, နွားမွေးမြူသော လူတို့၏နေရာ ရွာငယ်တစ်ရွာကို အမှီပြု၍ ရသေ့တစ်ဦးသည် နေ၏။ ထိုရသေ့သည် နံနက်ထ,အခါ ဂင်္ဂါမြစ်သို့ သက်လတ်သော် အထက်မှမျောလာသော အိုးကိုမြင်၍ ပံ့သုကူထင်မှတ်သဖြင့် ကူးခတ်ဆယ်တင်၍ အိုးတွင်ပါသော အက္ခရာအမှတ်နှင့် လက်စွပ်တံဆိပ်ကိုကြည့်ပြီးသော် အိုးပေါ်မှအဖုံးကို ဖွင့်၍ရှုလေလျှင် နုထွတ်သိမ်မွေ့စွာ သန္တာအဆင်းကဲ့သို့သော သားတစ်စိုင်ကို မြင်၏။

ထိုအခါ ရသေ့သည် ဤသို့ကြံ၏။ 'ဤသားတစ်ကား ဆိုးညစ်နံလှောင်း မကောင်း သောအနံ့လည်း မရှိ။ ပုပ်လည်း မပုပ်။ ဥတုဇရုပ်သာဖြစ်သော သားတစ်မျှ မဟုတ်ရာ။ ရှေးကြမ္မာနိုပ်နင်းသဖြင့် မပွင့်မပွားသေးသော သူငယ်သာ ဖြစ်ဘိရာသည်။ ငါ သိမ်းမွေးရသော် ကောင်း၏'ဟု ကြံ၍၊ မိမိနေရာသင်္ခမ်းသို့ ဆောင်ပြီးလျှင် သန့်စင်ချမ်းမြေ့သောနေရာ၌ ထား၍ စောင့်စားကြည့်ရှု၏။

လခွဲကာလလွန်လျှင် ယခင်က သားတစ်စိုင်သည် နှစ်ခု ဖြစ်၏။ ရှင်ရသေ့လည်း ချမ်းမြေ့မွှေးကြူသော ပန်းရွက်ကြား၌ အိုးကိုထားပေ၏။ လခွဲတစ်ဖန် လွန်ပြန်လျှင် တစ်ခုတစ်ခုသောသားတစ်မှ ခြေနှစ်ဖက်, လက်နှစ်ဖက် အထက်ဦးခေါင်းအားဖြင့် ငါးဖြာ သောခက်မတို့သည် ထင်ကုန်၏။ ထို့နောက် လခွဲတစ်ဖန် လွန်ပြန်သောကာလ သားတစ် တစ်ခုမှသည် လုပတင့်တယ် စင်ကြယ်စွာသွန်းလုပ်သော ရွှေရုပ်ထုကဲ့သို့ နုထွတ်လုပသော သတို့သားငယ်သည် ဖြစ်၏။ တစ်ခုသောသားတစ်မှလည်း ထိုနည်းလုပသော သတို့သမီး ငယ်သည် ဖြစ်၏။

ရှင်ရသေ့လည်း ထိုသူငယ်နှစ်ယောက်တို့ကို မြင်လျှင် ရင်မှဖွားသောသားကဲ့သို့ ချစ် ခင်ခြင်းဖြစ်ရကား မိမိလက်ချောင်းမှ နို့ရည်ကို ဖြစ်စေ၏။ ဆွမ်းခံရွာမှ နို့ဆွမ်းရလာလျှင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မိမိမှာ ဆွမ်းကိုသာဘုဉ်းပေး၍ သူငယ်တို့အား နို့ရည်ကို တိုက်ပေ၏။ ထိုသူငယ်တို့၏ဝမ်းတွင်းသို့ ဝင်လေသမျှသော အစာအာဟာရသည် မြခွက်ဖန်ခွက်အတွင်း၌ တည်သောရေကဲ့သို့ သက်လေသောအတိုင်းပင် အပြင်က မြင်ရလေသတည်း။

ယင်းသို့လျှင် ထိုသူငယ်တို့သည် ကာကွယ်မွေးယုက်သော အရေအလွှာမရှိသကဲ့သို့ ဖြစ်၍လည်းကောင်း၊ ချုပ်အပ်‚စပ်အပ်သကဲ့သို့ နဖပ်တွန့်လိပ်သော အရေအလွှာ ရှိသည်ဖြစ်၍လည်းကောင်း 'လိစ္ဆဝီ' ဟူသောအမည်သည် ဖြစ်၏။ ထိုအခါမှစ၍ ရှင်ရသေ့သည် အဆောတလျင် ရွာသို့ဝင်၍ ဆွမ်းခံပြီးသော်၊ အမြန်ပင် ကျောင်းသို့ဝင်၍ ကောင်းမွန်စွာ လုပ်ကျွေးစောင့်ရှောက်၏။

ထိုသို့သော ဗျာပါရကို ရွာသူဒါယကာတို့ သိကြလျှင် "အရှင်ဘုရား။ ရသေ့ရဟန်းတို့အား သားငယ်မွေးမြူရခြင်းကိစ္စသည် ကြောင့်ကြကြီးတစ်ခုပင် ဖြစ်ချေသည်။ ထိုသူငယ်တို့ကို အပ်တော်မူပါ။ အကျွန်ုပ်တို့ မွေးမြူပါမည်။ အရှင်မြတ်မှာ ရဟန်းတရားကိုသာ အားထုတ်တော်မူပါ"ဟု လျှောက်၏။ ရှင်ရသေ့ကလည်း "ဤအရေးကား သင့်၏။ ဤသူငယ်တို့ကား ကြီးမားသော ဘုန်းပါရမီ ရှိ၏။ မမေ့မလျော့ မွေးမြူကြကုန်။ အရွယ်ရောက်သောကာလ သင်းတို့မောင်နှမကို ထိမ်းမြား၍ ပြည့်ရှင်မင်းကြီးအား ငါးပါးသောဂေါရသတို့ဖြင့် နှစ်သက်စေလျက် မြို့ရွာမြေအဖို့ကိုတောင်း၍ မြို့တည်လေကုန်။ ယင်းသို့တည်ပြီးသော် ငါ့သမီး‚ ငါ့သားနှစ်ပါးကို မင်းအဖြစ်၌ အဘိသိက်သွန်းလေကုန်။ သင်တို့အား ရှည်မြင့်စွာ ကောင်းကျိုးမင်္ဂလာ ဖြစ်လတ္တံ့"ဟု ဆိုပေ၏။

ရွာသူကြီးလည်း အိမ်သို့ပြန်၍ နက်ဖြန်နံနက်သောအခါ ခရီးကို ညီညွတ်စွာညှိ၍ ပန်းပေါက်ပေါက်တို့ဖြင့် ကြဲဖြန့်ပြီးသော် တံခွန်‚ ကုက္ကား‚ မုလေးပွားတို့ဖြင့် စိုက်ဆောက်၍၊ စည်‚ စောင်း‚ ပတ်သာ တူရိယာမှုတ်တီးလျက် ကြီးစွာသောပူဇော်သက္ကာနှင့် လာ၍၊ မင်းသားမောင်နှံတို့ကိုဆောင်ယူ၍ မွေးမြူပေ၏။

သူငယ်နှစ်ဦးတို့သည် ကစားမြူးထူးနိုင်သော အရွယ်သို့ ရောက်လတ်သော် သူငယ်ဖော်ချင်းနှင့် ဂုံညင်း‚ ကျေးသား စသည်ဖြင့် ကစားကြရာဝယ် ငြင်းခုံခိုက်ရန်ဖြစ်ကြ၍ ပုတ်ခတ်သောအခါ တစ်ပါးသူငယ်တို့ နာကျင်၍ငိုယိုကြလျှင် မိဘတို့က "ဤမောင်နှမကား မိဘမရှိဘဲလျက် ငါတို့သားကို ညှဉ်းဆဲကလူ ပြုဘိသည်။ ချင်းတို့နှင့် အပေါင်းအဖော် မပြုကြလင့်။ ကြဉ်ကြကုန်"ဟု ဆို၏။ ထိုစကားကို အစွဲပြု၍ ထိုအရပ်သည် 'ဝဇ္ဇီတိုင်း'ဟု တွင်သတည်း။

ထိုမင်းသားငယ်တို့ အရွယ်သို့ရောက်သောအခါ ရွာသူကြီးသည် ရသေ့ဆုံးမလိုက်သောအတိုင်း ဗာရာဏသီ ပြည့်ရှင်မင်းကြီးအား များစွာသော ပဏ္ဏာကာရတို့ဖြင့် နှစ်သက်စေပြီးမှ ယူဇနာတစ်ရာမျှလောက်သော မြေအရပ်ကိုခွင့်တောင်း၍ လူတို့နေရာ မြို့ရွာတည်ထောင်၏။ မင်းသားတို့ နေစိမ့်သောငှာလည်း သုံးဂါဝုတ် ပမာဏရှိသောအရပ်ကို ကျုံး‚မြောင်း‚တံတိုင်းတို့ဖြင့် ရစ်ဝိုင်းကာရံလျက် အတန်တန်သော တိုက်ရံ‚ ပြာသာဒ်တို့ကို တည်လုပ်ပြုစု၏။ မင်းသားမောင်နှမတို့ကိုလည်း ထိမ်းမြားလက်ထပ်၍ ထိုအရပ်ကို မင်းပြုစိမ့်သောငှာ အဘိသိက်သွန်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားတို့လည်း မင်းအဖြစ်ကိုရလျှင် ဤသို့ ကတိကဝတ် ထားကြ၏။ "တစ်ပါးသော အမျိုးမှ မင်းမိန်းမကိုလည်း မယူဆောင်အံ့။ ငါတို့မျိုးမှ ပွားစီးသောမင်းသမီးကိုလည်း တစ်ပါးသောမင်းတို့နှင့် ဆက်ဆံခြင်းကို မပြုအံ့"ဟူ၍ ကတိကဝတ် ထားကြ၏။

ထိုအစစွာသော မင်း၏မိဖုရား၌ မိန်းမယောကျ်ား အစုံအားဖြင့် တစ်ဆယ့်ခြောက်ကြိမ်ဖွား၍ သားသမီး သုံးကျိပ်နှစ်ယောက် ရ၏။ ထိုသားသမီးတို့အားလည်း မိဘအလားကဲ့သို့ ထိမ်းမြားပြန်လျှင်လည်း ရှေးနည်း အစုံအစုံစီ တစ်ဆယ့်ခြောက်ကြိမ်လည်း ဖွားသဖြင့် မင်းညီမင်းသားတို့သည် အလွန်ပွားစီးကုန်၏။ ကာလရှည်လတ်သော် မြို့တွင်းမြို့ပြင်အနံ့ မဆံ့နိုင်အောင် ဗိုလ်လူအများ ပွားတိုးစည်ပင်ရကား အရပ်လေးမျက်နှာ၌ တစ်ဂါဝုတ်စီပတ်၍ တစ်ထပ် မြို့တည်ရ၏။ ထို့နောက်တစ်ဖန် မြင့်ရှည်ပြန်လျှင်လည်း ရှေးနည်းတိုးပွားသဖြင့် လေးပါးသောအရပ်မျက်နှာ၌ တစ်ဂါဝုတ်စီ ချဲ့ပတ်၍ တစ်ထပ် မြို့တည်ရပြန်သတည်း။ ယင်းသို့ ချဲ့၍ချဲ့၍သာ သုံးဂါဝုတ် မြို့တည်လတ်ရကား ထိုအရပ်ကို 'ဝေသာလီပြည်'ဟူ၍ ခေါ်ဝေါ် ပညတ်ကြ၏။

ဤဝေသာလီပြည်သည် ငါတို့ဘုရား ထင်ရှားဖြစ်တော်မူသောအခါ ပြန့်ပြောစည်ပင်စွာ ဖြစ်၏။ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ကျိပ် ခုနစ်ယောက်သော မြို့စားထီးဆောင်း မင်းအပေါင်းတို့သည် လည်းကောင်း၊ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ကျိပ် ခုနစ်ယောက်သော အိမ်ရှေ့မင်း, စစ်သူကြီး, ဘဏ္ဍာစိုး, စချီစမာတို့သည် လည်းကောင်း ရှိကုန်သည်ဖြစ်၍၊ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆယ့် ခုနစ်ဆောင်သော ပြာသာဒ်ရှည်၊ ထိုမျှလောက်သော ပြာသာဒ်တို၊ ထိုမျှလောက်သော တရားရုံး၊ ထိုမျှလောက်သော စုလစ်မွမ်းချွန်တပ်သော ဇရပ်၊ ထိုမျှလောက်သော ဥယျာဉ်အာရာမ်, ရေကန်ရေတွင်းတို့သည် ရှိကုန်၏။ မရေတွက်နိုင်သော လူနေအိမ်ခြေတို့သည်လည်း ရှိကုန်၏။

ထိုဝေသာလီပြည်သည် တစ်ရံသောအခါ မိစ္ဆာဝါဒီရှိကုန်သောသူတို့၏ အယူဝါဒ၏ စကားဖြင့် နှောင့်ယှက်ချောက်ချားလေရကား မိုးရေဆွဲ့ရှား၍ ကောက်ပဲစပါးတို့သည် သီးနှံမထွက် ရိုးတံချက်သာဖြစ်သဖြင့် လူအပေါင်းတို့သည် ခေါင်းပါးငတ်မွတ်ကြကုန်၏။ အနာရောဂါ များစွာနှိပ်စက်ကုန်၏။ ထိုသူတို့ သေလွန်လေလျှင် တစ္ဆေဖုတ်ပြိတ္တာ အဟိတ်ဘီလူးတို့ဖြစ်သည် များကုန်၏။ သေသောသူကောင်တို့၏ အပုပ်နံ့ကိုမှီ၍ ဘီလူးတို့သည် မြို့တွင်းသို့ဝင်သဖြင့် ရှင်သောသူတို့ကိုလည်း ဖမ်းဆီးနှိပ်စက်လေရကား လူအများတို့သည် 'အဟိဝါတ'မည်သော ကူးနာယဉ်းနာရောက်၍ သေပျောက်ပျက်စီးကြကုန်၏။

ထိုသို့ မွတ်သိပ်ခြင်းဘေး, ဘီလူးဘေး, အနာရောဂါဘေး တည်းဟူသော ဘေးသုံးပါး နှိပ်စက်လေသော် ဝေသာလီပြည်သားတို့သည် လိစ္ဆဝီမင်းတို့၏အထံတော်သို့ ကပ်ကုန်၍ ဤသို့လျှောက်ကြ၏။ "အရှင်မင်းကြီးတို့။ ယခုအခါ အကျွန်ုပ်တို့၏ဝေသာလီပြည်သည် ရှေး ဘေး, ဘိုး, ဘတို့၏လက်ထက်မှစ၍ ဆွေခုနစ်ဆက်တိုင်အောင် မဖြစ်ဖူးမြဲ ထူးကဲလွန်မင်းသော ဘေးသုံးပါးတို့သည် ဖြစ်ခဲ့ကုန်၏။ ဤသို့ဖြစ်ခြင်းသည် အရှင်မင်းကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



တရားမစောင့်သောကြောင့်သာ ဖြစ်သည်ဟု ထင်ပါသည်။ တရား စောင့်တော်မူပါကုန်"ဟု လျှောက်ကြ၏။ ထိုအခါ မင်းပြုသောသူတို့ကလည်း "ငါတို့ မတရားသောအပြစ်ကို စိစစ်ရှာဖွေကြပါကုန်။ မည်သည့်အရေးအခင်း၌ ယိုယွင်းကျင့်မှားသည်ဟု ထင်ရှားမြင်လျှင် စင်ကြယ်ကောင်းမွန်အောင် ငါတို့ပြုပါမည်"ဟု ဝန်ခံ၏။ ပြည်သားတို့လည်း တရားစီရင်သော မင်းကွန်း, လွှတ်ရုံး စသည်တို့၌စုဝေး၍ မင်းတို့၏ မတရားသောအပြစ်ကို စိစစ်ရှာဖွေပါသော်လည်း စိုးစဉ်းမျှ မမြင်ကုန်။ ထိုသို့ မမြင်လေသော် 'ငါတို့ပြည်၌ ဤသုံးပါးသောဘေးသည် အဘယ်သို့ ငြိမ်းချမ်းပါအံ့နည်း'ဟု ကြံစည်တိုင်ပင်ကြကုန်၏။

ထိုအခါ အချို့သောသူတို့က "ရာဇဂြိုဟ်ပြည်၌ 'မက္ခလိဂေါသာလ'မည်သော ဘုရားသည် လူအပေါင်းတို့အား တရားရေအေး တိုက်ကျွေးလျက်ရှိသည်။ ထိုဘုရားကို ပင့်၍ တရားနာရမှ ငြိမ်းချမ်းရာ၏"ဟု ဆိုကြကုန်၏။ အချို့သော သူတို့ကလည်း "ပူရဏကဿပကို ပင့်ဆောင်မှ ငြိမ်းရာ၏"ဟု ဆိုကြကုန်၏။ အချို့ကလည်း 'ပကုဓကစ္စာယန'ကို၊ အချို့ကလည်း 'နိဂဏ္ဌာဆရာ'ကို၊ အချို့ကလည်း 'သိဉ္စည်းဆရာ'ကို ပင့်ရမှ ငြိမ်းရာ၏ဟု ဆိုကြကုန်၏။ မြတ်စွာဘုရား၏ကျေးဇူးတော်ကို သိကုန်သော အချို့သောသူတို့ကလည်း "လောကသနင်း တရားမင်းဖြစ်တော်မူသော ဘုရားသခင်သည် တန်ခိုးအာနုဘော်လည်း ကြီး၏။ ပစ္စုပ္ပန်, အတိတ်, အနာဂတ်၌ ဖြစ်သော အကျိုးအကြောင်းကိုလည်း သိမြင်တော်မူ၏။ ထိုဘုရားကို ပင့်ဆောင်ရလျှင် ဤဘေး ငြိမ်းလတ္တံ့"ဟု ဆိုကုန်၏။

ထို နောက်စကားကို ပြည်သူပြည်သားတို့နှင့်တကွ လိစ္ဆဝီမင်းတို့ နှစ်သက်ကုန်၍ "အချင်းတို့။ ယခုအခါ မြတ်စွာဘုရားသည် အဘယ်ပြည်၌ သီတင်းသုံးနေတော်မူသနည်း" ဟု မေး၏။ သတင်းစကားကို ကြားသိသောသူတို့ကလည်း ရာဇဂြိုဟ်ပြည်၌ နေတော်မူကြောင်းကိုပြောလျှင် "ဘုရားသခင်ကို ငါတို့ပင့်ခေါ်သော် ကြွတော်မူပါလတ္တံ့လော"ဟု မေးပြန်၏။ ထိုသူတို့ကလည်း "ဘုရားတို့ဓမ္မတာသည် သတ္တဝါတို့အား အလွန်သနားခြင်း ရှိသည်။ လူတို့၏အကျိုးစီးပွား များစေခြင်းငှာသာလျှင် ဖြစ်တော်မူသည်။ ထို့ကြောင့် ကြွတော်မူရာပါ၏။ သို့ရာတွင် ရာဇဂြိုဟ်ပြည့်ရှင်ဖြစ်သော ဗိမ္ဗိသာရမင်းသည် ဝပ်စင်းခယ နေ့ညဉ့်ဆည်းကပ် မပြတ်ကိုးကွယ်လျက် ရှိချေသည်။ ထိုမင်းကလည်း အခွင့်ပေးမည်, မပေးမည်ကို မသိနိုင်" ဟု ဆိုကြကုန်၏။

ထိုစကားကိုကြားလျှင် လိစ္ဆဝီမင်းကြီးလည်း "ယင်းသို့တပြီးကား ဗိမ္ဗိသာရမင်းအား ပန်ကြားပြီးမှ ဘုရားသခင်ကို ပင့်လေကုန်"ဟု ဆို၍၊ နှစ်ယောက်သော လိစ္ဆဝီမင်းသားတို့ကို အခြံအရံနှင့်တကွ များစွာသော လက်ဆောင်ပဏ္ဏာတို့ဖြင့် ဗိမ္ဗိသာရမင်းထံ စေလွှတ်၏။

မင်းသားနှစ်ယောက်တို့လည်း ရာဇဂြိုဟ်ပြည်သို့ရောက်လျှင် ပြည့်ရှင်မင်းအား များစွာသော ပဏ္ဏာလက်ဆောင်တို့ကို ဆက်သ၍ ဝေသာလီပြည်၌ ဘေးဖြစ်သောအကြောင်းကိုကြား၍ "အရှင်မင်းဖျား။ ဘုရားသခင်ကို အကျွန်ုပ်တို့ပြည်သို့ ကြွအောင် ပင့်၍ပေးတော်မူပါ"ဟု လျှောက်၏။ ဗိမ္ဗိသာရမင်းကလည်း "မင်းသားတို့။ ဘုရားသခင်ကို ငါ မဆိုင်ပေ။ သင်တို့အလျောက်သာ ပင့်လျှောက်ပါတော့"ဟု ခွင့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့အခွင့်ရလျှင် မင်းသားတို့လည်း ဘုရားအထံတော်သို့ ကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တပည့်တော်တို့ ဝေသာလီပြည်သည် ရောဂ, အမနုဿ, ဒုဗ္ဘိက္ခ ဟူသော ဘေးသုံးပါးနှိပ်စက်၍ ပျက်လုဘနန်း ရှိပါသည်။ ကိုယ်တော်မြတ် ကြွပါမှ သတ္တဝါတို့ ချမ်းသာရာရတော့မည်"ဟု နားတော်လျှောက်ကုန်၏။

ဘုရားသခင်လည်း ဆင်ခြင်ရှုမြင်သော် 'ငါ ကြွတော်မူ၍ ဝေသာလီပြည်သူတို့အား 'ရတနသုတ်'တရားကို ဟောကြားတော်မူလျှင် ဘေးသုံးပါးလည်း ငြိမ်းလတ္တံ့။ ကုဋေတစ်သိန်းသောစကြဝဠာ၌ အာဏာစက် နှံ့လတ္တံ့။ ဒေသနာ၏အဆုံး၌ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့ မဂ်ဖိုလ်ချမ်းသာကို ရလတ္တံ့.'ဟု မြင်တော်မူ၍၊ "ငါ ကြွမည်"ဟု ဝန်ခံတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားသခင် ဝန်ခံတော်မူကြောင်းကို ကြားလျှင် ဘုရားသခင်ထံသို့ လျင်စွာလာ၍ အခြင်းအရာကိုစုံစမ်းပြီးသော် "ကြွတော်မူရာလမ်းခရီးကို အကျွန်ုပ်သုတ်သင်ပါဦးမည်။ ငံ့လင့်တော်မူပါဦး"ဟု လျှောက်၏။

ယင်းသို့လျှောက်ပြီးမှ နန်းတော်သို့ပြန်ခဲ့၍ "ဘုရားသခင်သည် ဝေသာလီပြည်သို့ ကြွတော်မူလတ္တံ့။ လမ်းခရီးကို သုတ်သင်ကြကုန်အံ့"ဟု ပြည်၌ စည်လည်စေ၍၊ ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်အကြား ငါးယူဇနာသောတောအရပ်ကို ညီညွတ်စွာသုတ်သင်ပြီးသော်၊ တစ်ယူဇနာလျှင် ကျောင်းကြီးတစ်ဆောင် တစ်ဆောင်စီ ဆောက်၍ လမ်းတစ်လျှောက် ပန်းပေါက်ပေါက်တို့ဖြင့်ကြဲဖြန့်လျက် ကုက္ကား, တံခွန်, ဗိတာန်, ရာဇမတ်, ကြာသွတ်အိုး, ငှက်ပျောပင်စသည်တို့ကို စိုက်စေ၍ လမ်း၏အသရေ ရှိသောအခါမှ မြတ်စွာဘုရားအား ကြွအံ့သောအခါကို လျှောက်စေ၏။

မြတ်စွာဘုရားလည်း သံဃာတော်ငါးရာ ခြံရံလျက် တစ်ရက် တစ်ယူဇနာစီ ဖြန့်ချီထွက်ကြွတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားသခင်အား ထီးဖြူ နှစ်စင်း, သံဃာတော်တို့အား ထီးဖြူ တစ်စင်းစီ ဆောင်းစေလျက် အခြွေအရံနှင့်တကွ နောက်တော်မှလိုက်၍ ဆွမ်း, အဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေး၏။ ငါးရက်တို့ဖြင့် ဂင်္ဂါမြစ်နားသို့ရောက်လေသော် အထူးထူးသောတန်ဆာတို့ဖြင့် ကောင်းစွာစီရင်အပ်သော ရွှေလှေ, ရွှေဖောင်တို့ကို ပြုပြင်စေလျက် ဝေသာလီပြည်သား လိစ္ဆဝီမင်းသားတို့အားလည်း ဘုရားသခင်ကြွလာ၍ ဂင်္ဂါမြစ်ဆိပ်သို့ ရောက်ကြောင်းကို စေလိုက်၏။ လိစ္ဆဝီမင်းတို့ကလည်း "နှစ်ဆတက် ပူဇော်ကြကုန်အံ့"ဟု ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်အကြား သုံးယူဇနာသောခရီးကို ညီညွတ်စေ၍ ရွှေသလဲ, ငွေသလဲ ကြဲဖြန့်လျက် ယူဇနာဝက်၌ ကျောင်းကြီးတစ်ဆောင်စီဆောက်၍ ပေါက်ပေါက်, ဆီမီး, ထီးဖြူ, တံခွန်တို့ဖြင့် ကောင်းမွန်စွာပူဇော်လျက် ခရီးဦးကြိုဆိုလာကုန်၏။

ဗိမ္ဗိသာရမင်းကြီးလည်း နှစ်စင်းသောလှေတို့ကို ဖောင်ဖွဲ့ပြီးသော် အပေါ်၌ မဏ္ဍပ်ပြာသာဒ်ဆောက်၍ ပန်းဆိုင်း, ကြာယပ်တို့ဖြင့် တန်ဆာဆင်လျက် ရတနာပလ္လင်တင်ပြီးသော်၊ ပလ္လင်ပေါ်၌ ဘုရားသခင်ကိုကိန်းဝပ်စေလျက် သံဃာတော်တို့အား လျောက်ပတ်သော လှေ၌တင်၍ ပဥ္စင်တူရိယာ တီးမှုတ်လျက်ပို့စေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးလည်း လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအရှည်ရှိသော ရေသို့ဆင်းလျက် "ကိုယ်တော်အရှင်မြတ် ကြွလာသည်တိုင်အောင် ဂင်္ဂါမြစ်နားတွင်သာ ဒကာတော် စောင့်နေပါမည်"ဟု လျှောက်၏။

ဘုရားသခင်လည်း အစဉ်သဖြင့် ကြွတော်မူလေသော် ဖောင်တော်၏ထက်ဝန်းကျင်သောအရပ်၌ နတ်, ဗြဟ္မာအပေါင်းတို့သည် လည်းကောင်း၊ နဂါး, အသုရာ, အာကာသစိုး, ဘုမ္မစိုးနတ်တို့သည် လည်းကောင်း တံခွန်, ဆီမီး, ထီးဖြူအထပ်ထပ်တို့ဖြင့် အဆင့်ဆင့်ပူဇော်ကုန်သတည်း။ ယင်းသို့ ပူဇော်သက္ကာကိုခံလျက် တစ်ယူဇနာကျယ်သော ဂင်္ဂါမြစ်ကိုကူး၍ ဝေသာလီပြည်ဘက်သို့ ရောက်တော်မူလျှင် လိစ္ဆဝီမင်းသည် လည်ပင်းနစ်လောက်သော ရေသို့သက်၍ နှစ်ဆတက်သော ပူဇော်သက္ကာဖြင့် ကြိုဆိုလာကုန်၏။

မြတ်စွာဘုရားလည်း ဂင်္ဂါမြစ်နား၌ ဖဝါးချတော်မူလျှင်ပင် အရပ်ကိုးခွင် ထက်ဝန်းကျင်မှ လျှပ်စစ်တိမ်မီးခိုးတို့သည် တောက်၍ ပေါက္ခရဝဿမည်သော မိုးကြီးသည် ရွာ၏။ စွတ်လိုသောသူသာ စွတ်သည်၊ မစွတ်လိုသောသူကား မစွတ်။ ဝေသာလီပြည် မြေအပြင်၌ လည်မျှလောက်သော ရေအယဉ်သည် စီးလတ်၍ အပုပ်အစပ်ဟူသမျှတို့သည် ရေ၌မျောသဖြင့် သန့်ရှင်းစင်ကြယ်စွာ ဖြစ်၏။

ဘုရားသခင်လည်း အစဉ်အတိုင်း ကြွတော်မူလာ၍ ဝေသာလီပြည်သို့ရောက်လတ်သော် ကိုယ်တော်မြတ်ကို ဆည်းကပ်ပူဇော်ခြင်းငှာ နတ်ရွာနှစ်ထပ်ကိုအစိုးရသော သိကြားမင်းသည် သင်းပင်းကျေးကျွန်ဖြစ်သော နတ်မင်းကြီးတို့နှင့်တကွ ခစားဆည်းကပ်လာရကား များစွာသော ဖုတ်, ပြိတ်, ဘီလူးတို့သည် ထွက်ပြေးရလေကုန်၏။

မြတ်စွာဘုရားလည်း မြို့တံခါးဝ၌ ရပ်တော်မူ၍ ညီတော်အာနန္ဒာကို ခေါ်ပြီးသော် 'ရတနသုတ်' ဒေသနာတော်ကို ကောင်းစွာသင်စေ၍ "ဖုတ်, ပြိတ်, ဘီလူးတို့ နှောင် မဝင်နိုင်စိမ့်သောငှာ မြို့ရှစ်မျက်နှာမှရံဝိုင်းသော တံတိုင်းသုံးထပ်၏အကြား၌ အရံအတားကိုပြုလေ"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ညဉ့်သုံးယံပတ်လုံး ရွတ်ဖတ်သရဇ္ဈာယ်ပေ၏။ ထိုဒေသနာတော်၏အဆုံး၌ အလုံးစုံသောဘေးတို့သည် ငြိမ်းချမ်းသာယာ ပြေပျောက်ကုန်၏။ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည်လည်း အကျွတ်တရားကို ရကုန်၏။

ဘုရားသခင်လည်း ဝေသာလီပြည်၌ လခွဲသာ နေတော်မူ၍ ပြန်ကြွသောအခါ ဝေသာလီပြည်သူပြည်သားတို့သည် နှစ်ဆတက်သော ပူဇော်သက္ကာဖြင့် ဂင်္ဂါမြစ်ဆိပ်သို့ရောက်အောင် ပူဇော်လျက် ပို့ကြကုန်သည်။ မြစ်ဆိပ်သို့ရောက်သောအခါ ဂင်္ဂါမြစ်၌နေသော နဂါးမင်းတို့သည် ဤသို့ ကြံကြကုန်၏။ 'လူ နတ်တို့ကား မြတ်စွာဘုရားကို များစွာပူဇော်ကြရလေပြီ။ ငါတို့မူကား မပူဇော်ရချေသေး။ အရေးအခွင့်သင့်သော ယခုအခါတွင် ငါတို့ပြည်သို့ ရောက်အောင် ပင့်ဆောင်ကြအံ့'ဟု ကြံ၍ အလျှံညီးညီး ယိုစီးဘနန်းသော လှေ, ဖောင်, လှော်ကားတို့ကို တန်ဆာဆင်ပြီးလျှင် ဘုရားရှင်ခြေတော်ရင်းသို့ကပ်လျက် "အရှင်ဘုရား။ ဒါယကာတို့အား သနားချီးမြှောက်တော်မူပါသဖြင့် ရတနာလှေဖောင်ထက်သို့ တက်ကြွတော်မူပါ"ဟု ပင့်၍၊ နဂါးပြည်သို့ဆောင်ပြီးလျှင် ကြီးစွာသော ပူဇော်သက္ကာကို ပြုကုန်၏။ ဘုရားသခင်လည်း သံဃာတော် ငါးရာနှင့်တကွ နဂါးပြည်၌ ညဉ့်သုံးယံပတ်လုံး အမြိုက်တရား ဟောကြားပြသ



www.burmeseclassic.com

www.burmeseclassic.com



တော်မူလျက် နံနက် ဆွမ်းစားပြီးအခါမှ လူ့ရွာသို့ ပြန်တော်မူခဲ့၏။ ထိုအခါ အာကာသစိုး, ဘုမ္မစိုး မှစ၍ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် နတ်, ဗြဟ္မာအပေါင်းတို့သည် ထီး,တံခွန် အဆင့်ဆင့်ဆောင်းလျက် ကောင်းချီးကြွေးကြော် ပူဇော်ကြကုန်သတည်း။

ရာဇဂြိုဟ်ပြည်ဘက်သို့ ရောက်တော်မူလျှင် ကမ်း၏အနီးတွင်စောင့်နေသော ဗိမ္ဗိသာရ မင်းကြီးလည်း ဝေသာလီမင်းတို့ထက် နှစ်ဆတက်ပူဇော်၍ ကျောင်းတော်သို့ ပင့်ဆောင်လေ၏။ ဝေဠုဝန်ကျောင်းသို့ ရောက်သောအခါ တပည့်သံဃာတော်အပေါင်းတို့သည် တရားနာ ရာကျောင်း၌ စည်းဝေးကြပြီးလျှင် ဘုရားသခင် ဘုန်းအာနုဘော် ကြီးတော်မူကြောင်း၊ အတိုင်း မသိသော ပူဇော်သက္ကာကို ခံရကြောင်းများကို ပြောကြားချီးမွမ်း၍နေကုန်သော်၊ ကိုယ်တော် မြတ်သည်လည်း ကြွတော်မူလာ၍ "အဘယ်မည်သော ခြင်းရာစကားကို ပြောကြား၍ နေကုန်သနည်း"ဟု မေးတော်မူသော်၊ သံဃာတော်တို့ကလည်း အလုံးစုံသောအကြောင်း စကားကို ရွှေနားတော်လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည်လည်း "ချစ်သားတို့။ သင်တို့ဆရာ ငါဘုရားသည် ကြွ သွားလေရာဝယ် အံ့ဖွယ်သရဲ လွန်ကဲထူးမြတ်သော ပူဇော်သက္ကာကို ခံရခြင်းသည်ကား ဘုရား တို့၏ ဘုန်းအာနုဘော်ကြောင့် ဖြစ်သည်လည်း မဟုတ်။ ဂဠုန်, နဂါး, သိကြား, ဂန္ဓဗ္ဗတို့၏ ဘုန်းအာနုဘော်ကြောင့် ဖြစ်သည်လည်း မဟုတ်။ ရှေးသောဘဝ 'သင်္ခပုဏ္ဏား' ဖြစ်သောအခါ 'သုသိမ'မည်သော ပစ္စေကဗုဒ္ဓါ၏ ဓာတုစေတီတော်ကို ပူဇော်ချီးမြှောက်ခဲ့ဖူးသော ကုသိုလ်ပုည သမ္ဘာရအဆောက်အဦကြောင့် ဤမျှလောက်သော ပူဇော်သက္ကာကို ငါ ခံရသတည်း"ဟု မိန့်တော်မူ၍ 'သင်္ခဗြဟ္မဏဇာတ်'ကို ဟောတော်မူ၏။

[ယင်းသို့ ဝေသာလီပြည်မှပြန်၍ တစ်ဖန် ရာဇဂြိုဟ်ပြည်၌ ဆိုတော်မူသောဝါသည် စတုတ္ထဝါနှင့် ဆိုင်သည်။]

မြတ်စွာဘုရားလည်း ရာဇဂြိုဟ်ပြည်၌ စတုတ္ထဝါ ပြည့်တော်မူလျှင် သံဃာတော်အပေါင်း တို့အား 'ဂမိကဝတ်'ကို နှီးဆော်တော်မူ၍ ဒေသစာရီကြွချီလေသော် လိစ္ဆဝီမင်းတို့၏နေရာ ဝေသာလီပြည်သို့ရောက်၍ မြို့အနောက်မျက်နှာ တစ်ဂါဝုတ်ကွာသောအရပ်တွင် လျောက်ပတ် တင့်တယ် ကြီးကျယ်စွာပြုလုပ်အပ်သော စုလစ်မွမ်းချွန်တပ်သော အရပ်၌ တန့်ရပ်မှီတင်း သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဝေသာလီပြည်သား မင်းအများတို့သည် သတင်းစကား ကြားသိကုန်၍ ဘုရားရှင်ထံသို့ မြန်စွာလာပြီးလျှင် "ကိုယ်တော်မြတ်သည် ဤအရပ်၌ ဝါကပ် သီတင်း သုံးတော်မူပါ"ဟု လျှောက်ထား၍ ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားကြကုန်၏။ ဘုရားသခင်လည်း ဆိတ်ဆိတ် ဝန်ခံတော်မူ၏။ ထိုသို့ ဝန်ခံတော်မူပြီးလျှင် ပြည်သူပြည်သားတို့သည် အားရဝမ်းသာ စွာ သံဃာတော်တို့နေရန် ကျောင်း, ကန်, ဇရပ်, မဏ္ဍပ်, ကနား, တရားသဘင်တို့ကိုလည်း ကောင်း၊ နေ့သန့်ရာ, ညဥ့်သန့်ရာ, ကမ္မဋ္ဌာန်းစီးဖြန်းရာ, လိုဏ်သာ ဥမင်တို့ကို လည်းကောင်း ပြုပြင်လှူဒါန်းကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဝေသာလီပြည်သို့ရောက်တော်မူ၍ တစ်လကျော်ရှိလျှင် ဖခင် သုဒ္ဓေါဒနမင်းတရား၌ ကြီးမားသည်းထန်စွာ ရောဂါကပ်လာ၍ "သားတော်ဘုရားကို သွား၍ပင့်ချေ" ဟု အမတ်တစ်ယောက်ကို စေလိုက်သဖြင့် ခြေတော်ရင်းသို့ ရောက်လေ၏။ မြတ်စွာဘုရားလည်း အတ္တုပ္ပတ္တိကိုကြားလျှင် ဖခင်မင်းကြီးအား ချီးမြှောက်လိုသောစိတ်တော် ရှိသည်ဖြစ်၍ အမှုသစ်ပြုလုပ်ကုန်သောသူတို့၏ ဝတ္တုကံကို စီမံစိမ့်သောငှာ အချို့သံဃာကို ဝေသာလီပြည်၌ထားခဲ့၍ ငါးရာသော သံဃာတော်တို့နှင့်တကွ ကိုယ်တော်မြတ်သည် ကပိလဝတ်ပြည်သို့ ကြွတော်မူ၏။ နိဂြောဓာရုံကျောင်းသို့ ရောက်၍ သုံးရက်မြောက်သောနေ့၌ပင် သုဒ္ဓေါဒနမင်းကြီးလည်း သိအပ်သော 'တေဘူမကဓမ္မ'ကို သဗ္ဗညုသို့တင်၍ ဆင်ခြင်သုံးသပ်သဖြင့် ဖြန့်အုပ်သောထီးဖြူအောက်ဝယ် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်စံလေ၏။

ဘုရားသခင်လည်း ဖခင်မင်းတရားကြီး၏အလောင်းကို ကောင်းမွန်တင့်တယ်စွာ တန်ဆာဆင်ယင်လျက် နန်းဥကင်အချက်ဝယ် စကြဝတေးမင်း၏အလောင်းကို သင်္ဂြိုဟ်သောနည်းဖြင့် သင်္ဂြိုဟ်တော်မူ၏။

သရီရစျာပနကိစ္စ ပြီးဘိ၍ နိဂြောဓာရုံကျောင်းဝယ် စံပယ်တော်မူသောအခါ မဟာပဇာပတိ ဂေါတမီမိဖုရားသည် သားတော်ဘုရား၏ထံသို့ ကပ်၍ လေးမြတ်ရိုကျိုး ရှိခိုးပြီးသော် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ သားတော်မြတ်သည် ပညတ်ဟောပြ ဆုံးမအပ်သောသာသနာ၌ အကျွန်ုပ်တို့ မာတုဂါမတို့သည် အိမ်ရာထောင်သောလူ၏ဘောင်မှ ခွာရှောင်ပယ်သန်း၍ ရဟန်းအဖြစ်ကို ရလိုပါ၏။ မယ်တော်မှစ၍ မာတုဂါမတို့ကို ရဟန်းပြုတော်မူပါ" ဟု လျှောက်၏။

ဘုရားသခင်လည်း "မယ်တော်။ ငါဘုရား၏သာသနာ၌ မာတုဂါမတို့ကို ရဟန်းပြုခြင်းငှာ မသင့်။ ပြုသဖြင့်လည်း ရှည်မြင့်စွာ မစင်ကြယ်ရာ။ ထို့ကြောင့် ရဟန်းအဖြစ်၌ မနှစ်သက်လင့်"ဟု မိန့်တော်မူ၏။ မယ်တော်ဂေါတမီလည်း ဤသို့သောစကားဖြင့် သုံးကြိမ်တိုင်အောင် လျှောက်ကြား၍ ရဟန်းပြုခြင်းငှာ တောင်းပန်ပါသော်လည်း မြတ်စွာဘုရားက ခွင့်သနားတော်မမူ၍ ဆာပူလှိုက်လဲ ဆင်းရဲငြိုငြင်သောနှလုံးဖြင့် ယူကျုံးမရ တသဒိုယိုကာ ဘုရားမြတ်စွာကို လက်ယာရစ် သုံးပတ်လည်၍ပူဇော်ပြီးမှ နန်းတော်သို့ပြန်လေ၏။

ဘုရားသခင်ကိုယ်တော်မြတ်လည်း ကပိလဝတ်ပြည်တော်ဝယ် မွေ့လျော်သမျှနေခဲ့၍ ဝေသာလီပြည်သို့ တစ်ဖန် ပြန်တော်မူလာသဖြင့် မဟာဝုန်တော 'ကူဋာဂါရ'ဇရပ်အတွင်းဝယ် သီတင်းသုံးနေတော်မူသတည်း။ ထိုအခါ မိထွေးတော် မဟာပဇာပတိဂေါတမီသည် သားတော်ဘုရားထံ ရဟန်းပြုရန်တောင်းပန်၍ ခွင့်မရဘိရကား၊ မိမိအလိုလိုပင် ဆတ္တာသည်တို့ကိုခေါ်၍ ဆံကိုဖြတ်စေပြီးသော် ဖန်ရည်စွန်းသောအဝတ်တို့ကို ဆီးလျက် သာကီဝင်မင်းသမီးအပေါင်းနှင့်တကွ ဘုရားကြွတော်မူရာ သတင်းနာ၍လိုက်လာသဖြင့် ဝေသာလီပြည်သို့ ရောက်လျှင် ဘုရားရှင်ရှိရာ မဟာဝုန်တော ကူဋာဂါရသို့ကပ်၍ ကျောင်းတော်မြတ်၏တံခါးဝဝယ် ခရီးပြင်းစွာလာခဲ့ရခြင်းကြောင့် ခြင်းခြင်းနီမှု စီးကျသောသွေးရှိသော ဖဝါး, မြူသားအလိမ်းလိမ်းကပ်သော ကိုယ်တို့ဖြင့် ပြင်းပြစွာငိုယိုလျက် နေလတ်၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုငိုသံကို အရှင်အာနန္ဒာကြားသဖြင့် အပါးသို့လာ၍ ရှုလတ်သော် မယ်တော်ဖုရား၏ အခြင်းအရာ ပူဆာပင်ပန်းသောအဖြစ်ကို မြင်၍ "ကျေးဇူးရှင် ဒါယိကာမ။ အဘယ်ဆန္ဒ မပြည့်ဝ၍ ဤမျှလောက်စင် ရှိုက်ငင် ငိုယိုဘိသနည်း။ ဝေးလံကြမ်းတမ်း ဤသည့်လမ်းက ပင်ပန်းဆင်းရဲစွာ ဘယ်ခြင်းရာကြောင့် လာဘိသနည်း"ဟု မေး၏။ မယ်တော်မိဖုရားလည်း "ချစ်သား အာနန္ဒာ။ သားတော်ဘုရား၏ သာသနာဝယ် မယ်တော်နှင့်တကွ မာတုဂါမတို့သည် ရဟန်းအဖြစ်ကို ရလိုပါသည်။ ထိုအကြောင်းကို ခွင့်တောင်းခြင်းငှာ လာပါသတည်း"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် အရှင်အာနန္ဒာကလည်း "မယ်တော်။ ထိုသို့ ရဟန်းပြုလိုတပြီးကား နောင်တော်ဘုရားကို အကျွန်ုပ်သွား၍ နားတော်လျှောက်ဦးအံ့။ ဤအရပ်၌ပင် ဆိုင်းနှင့်လော့" ဟု ဆို၍ ဘုရားသခင်ထံ ကပ်လေပြီးလျှင် "အရှင်ဘုရား။ မယ်တော် ဂေါတမီမိဖုရားသည် မိမိဆံဖျားကို အလိုလိုဖြတ်ပယ်လျက် သာသနာတော်ဝယ် ရဟန်းပြုလိုသောဆန္ဒဖြင့် ဖဝါးမှ သွေး ဒီးဒီးယိုစီး ကွဲပြတ်အောင်လာ၍ မြူလွှာလိမ်းကျံသောကိုယ်ဖြင့် ငိုယိုရှိုက်ငင် မမြင်ဝံ့ မျှရှိလျက် ကျောင်းထွက်တံခါးဝ၌ နေလာပါသည်။ အရှင်ဘုရား။ တပည့်တော် တောင်းပန် ပါအံ့။ ကိုယ်တော်မြတ်သည် သိအပ်သောသာသနာဝယ် မာတုဂါမတို့ကို ရဟန်းပြုခြင်းငှာ အခွင့်ပေးတော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်ကလည်း "ချစ်သားအာနန္ဒာ။ ငါဘုရား၏သာသနာ၌ မာတုဂါမတို့ကို ရဟန်းပြုစေသဖြင့် မသင့်မလျော်ချေ။ အကယ်၍ ပြုစေမူကား ရှည်လျားစွာ မစင်ကြယ်ရာ။ ထို့ကြောင့် မာတုဂါမတို့ ရဟန်းပြုခြင်းကို သင် အလိုမရှိလင့်"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း ဤနည်းဖြင့်သာ သုံးကြိမ်သုံးခါတိုင်အောင် လျှောက်ထားလျက် ဘုရား ခွင့်ပြုတော်မမူလေသော် မယ်တော်၏ဂုဏ်ကို ချီးပ၍ ခွင့်ရအောင်တောင်းလိုရကား ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဘုရားကိုယ်တော် မြတ်သည် သိအပ်, ရအပ်, ဆုံးမအပ်သော သာသနာ၌ မာတုဂါမတို့သည် ရဟန်းဖြစ်ခြင်းငှာ မထိုက်ပါသလော။ ထိုသူတို့ကို ရဟန်းပြုသဖြင့် မြတ်သော သောတာပတ္တိဖိုလ်ကို လည်း ကောင်း၊ သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်တို့ကို လည်းကောင်း မျက်မှောက် ပြုခြင်းငှာ မစွမ်းနိုင်ပါသလော။ အကယ်၍ ထိုတရားတို့ကိုရခြင်းငှာ စွမ်းနိုင်ပါသည် ဖြစ်အံ့။ ရဟန်းပြုခြင်းငှာ အခွင့် ပေးတော်မူသင့်ပါ၏။ မြတ်စွာဘုရား မိထွေးတော်ဂေါတမီ မိဖုရားသည် ကိုယ်တော်မြတ်အား များသောကျေးဇူး ရှိပေသည်။ ငယ်ကတည်းက ထိန်းယချီပိုးလျက် မြတ်နိုးတနာ ပြုပေသည်။ နို့ရည်ကျွေး၍ မွေးမြူပေသည်။ ကိုယ်တော်မြတ်ကို ဝမ်းဖြင့်လွယ်သော မယ်တော်ရင်းနှင့် ထက်အောက်ဆင်းသော မိထွေးချစ်လည်း ဖြစ်ပါသည်။ မယ်တော်ရင်းထက် တိုးတက်ကဲ၍ ဆင်းရဲခံရသူလည်း ဖြစ်ပါသည်။ ထိုမျှလောက်စင် ကျေးဇူးရှင်ကို သခင်ဘုရား ခွင့်မသနားက နောက်သားနောင်လာ လူများစွာတို့ မာတုဂုဏ ဝိသေသကို မနှိုင်းဆဘဲ ရှိပါလိမ့်မည်။ ထို့ကြောင့် မယ်တော်မြတ်ကို ရဟန်းပြုခြင်းငှာ ခွင့်ပေးတော်မူပါ"ဟု လျှောက်၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားကလည်း "ချစ်သားအာနန္ဒာ။ ငါ၏မယ်တော်မိဖုရားသည် ရှစ်ပါးသော ဂရုဓမ္မကို အသက်တည်သမျှ မကျူးလွန်ရအောင် နိစ္စဖြည့်စွမ်းနိုင်သည် ဖြစ်အံ့။ ရဟန်းပြုခြင်းငှာ ခွင့်ပေးတော်မူမည်"ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာလည်း ရှစ်ဖြာသောဂရုဓမ္မတို့ကို ဘုရားထံတော်၌ သင်နာခဲ့ပြီးသော်၊ မယ်တော့်အထံသို့ လာ၍ မြတ်စွာဘုရားဟောကြားအပ်သော ဂရုဓမ္မကို ညွှန်ပြလိုရကား 'ဝဿသတမဘိက္ခုကဲ' စသောဂါထာကို ဆို၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"မယ်တော်...

၁။ အဝါတစ်ရာရှိသော ဘိက္ခုနီမသည် ယနေ့ပြုစသော ရဟန်းယောကျ်ားအား ညွတ်တွားရှိသေရခြင်း။

၂။ ရဟန်းယောကျ်ားကင်းသော ကျောင်းရပ်၌ ဝါမကပ်ရခြင်း။

၃။ လခွဲတစ်ကြိမ် ရဟန်းယောကျ်ားတို့အား နှစ်ပါးသောဓမ္မတို့ကို တောင်းပန်ရခြင်း။

၄။ ဝါကျွတ်သောအခါ ဥဘတော သံဃာ၌ ပဝါရဏာပြုရခြင်း။

၅။ ပက္ခမာနတ်ကို နှစ်စဉ်မပြတ် ကျင့်ရခြင်း။

၆။ သိက္ခမာန်အဖြစ်၌ နှစ်နှစ်တိုင်အောင်တည်ပြီးမှ ဥဘတော သံဃာ၌ ဥပသမ္ပဒကံ ဆောင်ရခြင်း။

၇။ ရဟန်းယောကျ်ားတို့အား ပရိယာယ်စကားမျှဖြင့်လည်း မဆဲရေး မခြိမ်းခြောက်ရခြင်း။

၈။ ရဟန်းယောကျ်ားတို့ ဟောကြားဆုံးမတိုင်း လိုက်နာရခြင်း။

"ဤရှစ်ပါးသော ဂရုဓမ္မတို့ကို လုံ့လအားထုတ်၍ မယုတ်မယိုရအောင် အသက်တည်သမျှ ကျင့်ပါအံ့ဟု ဝန်ခံပါလျှင် သာသနာတော်ဝယ် မယ်တော်တို့ ရဟန်းဖြစ်တော့မည်"ဟု ဆိုပေ၏။

ထိုစကားကိုကြားလျှင် ဂေါတမီမိဖုရားလည်း အားရဝမ်းသာသောစိတ် ရှိသည်ဖြစ်၍ "ချစ်သားအာနန္ဒာ။ ဤရှစ်ဖြာသော ဂရုဓမ္မကို ရိုသေလေးမြတ်စွာ မယ်တော်လည်း ကျင့်ပါအံ့။ သာကီဝင်မင်းသမီးတို့ကိုလည်း ထို့အတူ ကျင့်ပါစေအံ့"ဟု ဝန်ခံ၏။

ယင်းသို့ဝန်ခံသော အခြင်းအရာကို မြတ်စွာဘုရားအား ကြားလျှောက်လျှင် ဘုရားသခင်ကလည်း "ချစ်သား အာနန္ဒာ။ မာတုဂါမတို့သည် ရဟန်းအဖြစ်ကိုရ၍ ဂရုဓမ္မရှစ်ပါးကို အားထုတ်သည်ဖြစ်အံ့။ ငါဘုရား၏သာသနာသည် မာတုဂါမတို့၏ဘောင်၌ အနှစ်တစ်ထောင် ပတ်လုံး တည်ရစ်လတ္တံ့။ ထို့ကြောင့် မာတုဂါမတို့ကို ရဟန်းပြုကြစေလော့"ဟု ခွင့်ပြုတော်မူ၍ ဘိက္ခုနီ ဥပသမ္ပဒကံကို တစ်ဖန် ပညတ်တော်မူသတည်း။

ထိုအခါ မဟာပဇာပတိ ဂေါတမီမိဖုရားသည် ငါးရာသော သာကီဝင်မင်းသမီးတို့နှင့်တကွ ရဟန်းအဖြစ်ကို ရကုန်၏။ မယ်တော်လည်း ရဟန်းပြုပြီးလျှင် ဘုရားသခင်ထံသို့ ကပ်၍ လျှောက်ပတ်သောကမ္မဋ္ဌာန်းကို သင်လျက် အစဉ်အတိုင်း အားထုတ်သဖြင့် လောကုတ္တရာ တရား၏ အထွတ်သို့ရောက်၏။ ကြွင်းသော ဘိက္ခုနီမတို့ကား 'နန္ဒကောဝါဒသုတ်'ကို ဟောတော်မူသောအဆုံးမှ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

[အကျယ်ကိုလိုမူ စူဠဝါပါဠိတော်၊ အဋ္ဌကထာတို့မှ ယူပါကုန်။]



www.burmeseclassic.com

www.burmeseclassic.com



## ။၄၈။ မိထွေးတော်ဂေါတမီ၏ ရှေးအကြောင်းကို ပြခြင်း

ထို မိထွေးတော်ဂေါတမီ၏ ရှေးအကြောင်းကား–

ပဒုမုတ္တရဘုရား ပွင့်တော်မူသောအခါ မထင်ရှားသောအမျိုး၌ ပဋိသန္ဓေနေရ၍ သင့်သောအရွယ်သို့ ကျသောအခါ မြတ်စွာဘုရားအထံသို့ ဆည်းကပ်လျက် တရားမြတ်ကို နာသတည်း။

တစ်ရံသောကာလ ဘုရားမိထွေးတော်ဖြစ်သော ဘိက္ခုနီမသည် အခြံအရံနှင့်တကွ ဘုရားထံရင်းသို့ကပ်လာသော် ရှင်တော်ဘုရားသည် 'ရတ္တညူ'တေဒဂ်အရာ၌ထား၍ မြောက်စားချီးမြှင့်သည်ကို မြင်သဖြင့်၊ ဤအရှင်မကဲ့သို့ ဖြစ်ချင်သောဆန္ဒ ရှိရကား ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးကိုပေး၍ "နောင်ဘုရားတို့၏သာသနာဝယ် ဤဘိက္ခုနီမကဲ့သို့ ဘုရား၏မိထွေးတော် ဖြစ်ပါစေသော။ ဧတဒဂ်ကို ရစေသော"ဟု ဆုတောင်း၏။

ဘုရားမြတ်စွာလည်း အနာဂတံသဉာဏ်ဖြင့် ကြည့်၍ ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူလျှင် "သင်သည် ငါ ဘုရားပွင့်တော်မူရာ 'သာရကမ္ဘာ'၏နောက် ကပ်တစ်သိန်းမြောက်ကျသော ဘဒ္ဒကမ္ဘာ၌ ဥက္ကာကရာဇ် နေမြစ်နွယ်ရိုးမှ 'ဂေါတမ'အမည်ရှိသောဘုရားသည် ထင်ရှားဖြစ်လတ္တံ့။ ထိုအခါ 'မဟာပဇာပတိ ဂေါတမီ'အမည်ရသော ဘုရားမိထွေးတော်ရင်းဖြစ်၍ အစ်မတော်၏သား ဘုရားလောင်းကို ကောင်းစွာနို့ကျွေး၍ မွေးရလတ္တံ့"ဟု ဗျာဒိတ်စကားကြားတော်မူ၏။

ထိုအခါမှစ၍ ထိုဒါယိကာမလည်း ဒါန, သီလကို များစွာပြုလျက် အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ ထိုမှတစ်ဖန် စုတေပြန်သော် ဗာရာဏသီပြည်၌ ကုဋေငါးဆယ်ကြွယ်ဝသော သူဌေးအိမ်ဝယ် ငါးရာသော သူခစားတို့၏အကြီးဖြစ်သော ကျွန်မသည် ဖြစ်၏။ 'ဓေဋ္ဌကဒါသီ'အမည်ရှိ၏။ ထို ငါးရာသောကျွန်မတို့ကား မိမိလင်သားတို့နှင့်တကွ တစ်အိမ်တွင်နေ၍ နေ့အခါ အရှင်အမှုကို ဆောင်ရွက်ရသဖြင့် ညဉ့်အခါမှ မိမိတို့ကိစ္စကို ပြုလုပ်ရသတည်း။

တစ်ရံသောအခါ ဂန္ဓမာဒနတောင်၌နေသော ပစ္စေကဗုဒ္ဓါ ငါးပါးတို့သည် ဝါလနီးသောအခါ ဝါဆိုရာကျောင်းကို ပြုလိုလှရကား 'ဟတ္ထကံ'အလို့ငှာ ဗာရာဏသီသူဌေးအိမ်သို့ ကြွလာသတည်း။ ထိုအခါ ဓေဋ္ဌကဒါသီမည်သော ကျွန်မကြီးသည် ရေအိုးကိုရွက်လျက် မြစ်ဆိပ်သို့သွားခိုက် ကြုံ၏။ သူဌေးကြီးလည်း ပစ္စေကဗုဒ္ဓါတို့အား ကြွလာသောအကြောင်းကို မေးမြန်း၍ "ကျောင်းသင်္ခမ်းပြုရန် ဟတ္ထကံအလို့ငှာ လာသည်"ဟု ပြောဆိုလျှင်၊ "အရှင်ဘုရားတို့။ အကျွန်ုပ်ကား အားလပ်သောအခွင့်ကို မရပါ။ သင့်တင့်ရာ၌ ရပ်ပါဦးလော့"ဟု ဆို၍ ကန်တော့လိုက်၏။

ပစ္စေကဗုဒ္ဓါတို့လည်း မြို့အပသို့ထွက်ခဲ့ကြသော် မြစ်မှ ရေခပ်၍ပြန်လာသော ဓေဋ္ဌကဒါသီနှင့်တွေ့၍ "အရှင်ဘုရားတို့ မကြာမီပင် မြို့တွင်းသို့ဝင်လျက် ယခုပင် ထွက်လာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအသို့နည်း"ဟု လျှောက်၏။ ပစ္စေကဗုဒ္ဓါတို့ကလည်း ဝါကပ်ရန် ကျောင်းခံခြင်းငှာ ကြွလာကြောင်းကိုဆိုလျှင် "အရှင်ဘုရားတို့ ရခဲ့ပါ၏လော"ဟု လျှောက်ပြန်၏။ "ဒါယိကာမ။ ငါတို့ မရခဲ့ချေ။ သင့်တင့်ရာ၌ပင် ရှာဖွေဦးအံ့"ဟု ဆိုသော်၊ "ကိုယ်တော်မြတ်တို့၏ကျောင်းကို အစိုးရသောသူတို့သာ ပြုထိုက်ပါသလော။ ဆင်းရဲသောသူတို့ကား မပြုထိုက်ပါသလော"ဟု လျှောက်၍၊ ပစ္စေကဗုဒ္ဓါတို့ကလည်း "ဒါယိကာမ။ မည်သူမဆို ပြုလိုသမျှပင် ပြုခြင်းငှာ တတ်ကောင်းပါ၏"ဟု ဆိုလျှင်၊ "အရှင်ဘုရား။ ယင်းသို့တပြီးကား ကျောင်းကို အကျွန်ုပ် အားထုတ်ပြုပြင်ပါအံ့။ နက်ဖြန် အကျွန်ုပ်၏ဆွမ်းကို ခံယူတော်မူပါ"ဟု လျှောက်လိုက်၏။

မိမိအိမ်သို့ပြန်လာ၍ ရောက်သောအခါ ငါးရာသောကျွန်မတို့ကို စည်းဝေးစေ၍ "အရှင်မတို့သည် ကျွန်အဖြစ်မှ လွတ်လိုကြ၏လော, မလွတ်လိုသလော" ဟု မေး၏။ ထိုမိန်းမတို့လည်း "အခွင့်ရမူ ယခုပင် လွတ်ချင်ပါ၏"ဟုဆိုလျှင်၊ "သင်တို့ ရှေးက ပုညအထူး ဆည်းပူးသမှု မပြုခဲ့ရ၍ ယခုဘဝ၌ သူတစ်ပါးကျွန် ဖြစ်သည်မဟုတ်လော။ ကုသိုလ်အစု ကောင်းမှုဥစ္စာ ရတနာသာလျှင် ငါတို့ကိုပြောင်းလဲအောင် ပြုပေလတ္တံ့သည်တကား။ ယင်းသို့ဖြစ်၍ ကျောင်းပြုပြင်ရန် ဟတ္ထကံရှာလာသော ပစ္စေကဗုဒ္ဓါတို့အား နက်ဖြန်အလို့ငှာ ငါ ဆွမ်းဖိတ်ခဲ့အပ်ပြီ။ သင်တို့၏လင်တို့ကို ကြည်လင်စေကြောင်း ဖျောင်းဖျပြောဆို၍ ကျောင်းကို ပြုပြင်စေကုန်လော့" ဟု ဆို၏။

ထိုမိန်းမတို့လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ မိမိတို့လင် တောဝင်ရာမှ ပြန်လာသော ကာလ ထိုအကြောင်းကို ပြောဆိုကြ၏။ လင်ယောကျ်ားတို့ကလည်း အားရဝမ်းသာစွာ သဒ္ဒါသောစိတ်ဖြစ်၍ ဇေ္ဈကဒါသီ၏အိမ်၌ စုဝေးကြကုန်၏။ မိုးသောက်ထ၍ ပစ္စေကဗုဒ္ဓါတို့ ကြွလာသော် မွန်မြတ်သောအာဟာရတို့ဖြင့် လုပ်ကျွေး၍ ရှေးရိုးရင်းကျောင်းရပ်ကို မေးမြန်း ပြီးလျှင် အသီးသီးသော အဆောက်အဦတို့ကို ယူငင်၍ ပြုပြင်လုပ်ဆောင်ကြသတည်း။

မိမိတို့က ထပ်မံ၍လည်း စကြံ, မဏ္ဍပ်, ဇရပ်, တံကွန်း, နေ့ညသန့်ရာ စသည်တို့ ကို ဆောက်လှူ၏။ ထို ပစ္စေကဗုဒ္ဓါတို့အား ဝါတွင်းသုံးလပတ်လုံး အလှည့်အလည်ထား၍ နှစ်ပါးသောပစ္စည်းတို့ဖြင့်လည်း လုပ်ကျွေးပူဇော်ကြကုန်၏။ ဝါလကျွတ်သောအခါ တစ်ရာ တစ်ရာစီ စုဝေး၍ တိစီဝရိတ်သင်္ကန်းဖြင့် လှူဒါန်းပူဇော်ကြကုန်၏။ ရှင်ပစ္စေကဗုဒ္ဓါတို့လည်း ဂန္ဓမာဒနတောင်သို့ ကြွလေကုန်၏။

ထိုသူတို့လည်း အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်လေ ကုန်၏။ ထို ဇေ္ဈကဒါသီသည် နတ်ပြည်မှတစ်ခါ စုတေလာသော်၊ ဗာရာဏသီပြည်၏ အနီးအပါး ငါးရာသောရက်ကန်းသည်တို့တွင် အကြီးဖြစ်သော ရက်ကန်းသည်အိမ်၌ ဖြစ်လေ ၍၊ အရွယ်သို့ရောက်သောအခါ ကြွယ်ဝစွာသော လင်၏အိမ်သို့ရောက်၍ ထွန်းတောက်သော စည်းစိမ်ကျက်သရေဖြင့် လှူပြည့်၌ ထင်ရှားစွာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံသောအခါ 'ပဒုမဝတီ'မိဖုရား၏ သားဖြစ်ကုန်သော ပစ္စေကဗုဒ္ဓါတို့နှင့် တွေ့ကြိမ်ရ၍ ဝါတွင်းသုံးလပတ်လုံး ကိုးကွယ်လုပ်ကျွေးပေ၏။ ထိုမျှလောက်သော ကုသိုလ်ကောင်းမှုကိုပြု၍ လူ့ပြည်, နတ်ပြည် လှည့်လည်ကာ ကမ္ဘာတစ်သိန်းပတ်လုံး စံစားခဲ့ရ၍ ငါတို့ဘုရားထင်ရှားဖြစ်တော်မူခါနီးလတ်သော် ဘုရားဘိုးတော်ဖြစ်သော 'အဥ္စန'မင်းကြီး၏ကြင်ဖော်ယသောဓရာဝမ်းဝယ် စွဲလမ်းဖြစ်ထွန်းလာသတည်း။ အမည်မှည့်အံ့သောအခါ လက္ခဏာဖတ်သော ပုဏ္ဏားတို့က "ဤမိန်းမငယ်သည် အကယ်၍ သားယောကျ်ားကိုဖွားမူ စကြဝတေးမင်း ဖြစ်လတ္တံ့။ မိန်းမဖွားမူကား စကြဝတေးမင်း၏မိဖုရား ဖြစ်လတ္တံ့." ဟူ၍ ဆိုကုန်၏။ ထိုစကားကို အစွဲထား၍ မြတ်သော သမီး, သားတို့၏အရှင် ဖြစ်ရာသောကြောင့် 'မဟာပဇာပတိ ဂေါတမီ' ဟူသောအမည်ကို မှည့်၏။ အရွယ်သို့ရောက်လာသောကာလ အစ်မတော် 'သိရိမဟာမာယာ'နှင့်တကွ ညီအစ်မ နှစ်ယောက်ကိုပင် ကပိလဝတ်ပြည့်ရှင်ဖြစ်သော သုဒ္ဓေါဒနမင်းအား ဆောက်နှင်းကြသတည်း။

ငါတို့ဘုရားလောင်းသည် နတ်ပြည်မှလာ၍ မာယာမိဖုရားကြီး၏ဝမ်း၌ စွဲလမ်းတော်မူလျှင်ပင် ဘုရင်သုဒ္ဓေါဒနသည် နှမတော်ဂေါတမီကို အဂ္ဂမဟေသီအရာ၌ ထားတော်မူ၏။ ထား၍ မျှားမကြာမီပင် 'နန္ဒ'မင်းသားကို မျက်နှာမြင်သတည်း။ ထို့နောက်မှ အစ်မတော်သိရိမဟာမာယာတွင် ဘုရားလောင်းကိုဖွားမြင်၍ ခုနစ်ရက်မြောက်၌ နတ်ပြည်စံလေသော် ညီမတော် ဂေါတမီမိဖုရားသည် နန္ဒမင်းသားကို နို့ထိန်းတို့အား အပ်နှင်း၍ မိမိမှာ ဘုရားလောင်းကိုသာ ကောင်းစွာနို့ကျွေး၍ မွေးမြူပေ၏။

[ယခင်ဆိုအပ်ပြီးသော အစဉ်အလာအားဖြင့် ဘုရားရှင်အထံ၌ တောင်းပန်၍ ရဟန်းပြုလေသဖြင့် ဇေတဝန်ကျောင်းတော်သို့ ဘုရားရှင်ရောက်လာသောကာလ ပတ္ထနာပြုခဲ့ဖူးသော ကုသိုလ်ကံအဆက်နှင့် 'ရတ္တညူ တေဒဂ်'ကို ရလေသည်။]

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌-

'အမှာကံ သတ္ထု နိဗ္ဗတ္တိတော ပုရေတရမေဝ ဒေဝဒဟနဂရေ မဟာသုပ္ပဗုဒ္ဓသဂေဟေ ပဋိသန္ဓိံ ဂဏှိ၊ ဂေါတမီတိဿာ နာမံ အကံသု' ဟုရှိ၏။

ဤကား မိထွေးတော်ဂေါတမီ၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၄၉။ သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း

ဘုရားမြတ်စွာသည် ဤဝေသာလီပြည်၌ နေတော်မူသောအခါပင် မိစ္ဆာဒိဋ္ဌိ အယူရှိသော 'သစ္စကပရိဗိုဇ်'ကို အောင်တော်မူသောအကြောင်းကား-

ဘုရားပွင့်တော်မမူမီကပင် ဝေသာလီပြည်ဝယ် ကြွယ်ဝသော အမျိုးသားတစ်ယောက်သည် တစ်ပြည်ရပ်ခြား သွားလာဘိ၍ နိဂဏ္ဌာအယူရှိသော သူတို့၏အထံ၌ ကပ်နွံ၍သင်



www.burmeseclassic.com

www.burmeseclassic.com



ကြားသဖြင့် ငါးရာသောဝါဒကို တတ်လျှင် ဇမ္ဗူဒိပ်ကျွန်းပြင်၌ ထင်ရှားသမျှသော မြို့တို့သို့ လှည့်ပတ်၍ မိမိသင်အပ်သောဝါဒကို ပြောပြချေတင်နိုင်သောသူကို မတွေ့သဖြင့် နေရင်း ဝေသာလီပြည်သို့ ပြန်လာ၍ များစွာသော လိစ္ဆဝီမင်းသားတို့အား သင်ကြားပြသကာ မင်းဆရာ ပြု၍နေသတည်း။

တစ်ရံသောကာလ 'နိဂဏ္ဌ'အယူရှိသော ပရိဗိုဇ်မတစ်ဦးသည်လည်း ဤနည်းအတူ ငါးရာသောဝါဒကိုတတ်၍ အရပ်ရပ်သောမြို့သို့ လှည့်လည်လာသဖြင့် ဝေသာလီပြည်သို့ ရောက်လတ်သော် လိစ္ဆဝီမင်းတို့က "အဘယ်အလို့ငှာ လှည့်လည်လာသနည်း"ဟု မေး၍၊ "ငါနှင့်အတူ အယူဝါဒနှင့်စပ်သောပြဿနာကို ပြောဆိုတင်ခြင်းငှာ စွမ်းနိုင်သောသူကို ရှာလာသည်"ဟု ဆိုလျှင်၊ "ငါတို့ပြည်တွင်ရှိသော နိဂဏ္ဌဆရာနှင့် ဝါဒပြိုင်စိမ့်မည်"ဟုဆို၍ မင်းရင်ပြင်၌ တွေ့မြင်ကြစေပြီးသော် နီးနှော မေးဖြေစေသည်။ တစ်ဦး၏ပြဿနာကို တစ်ဦး မဖြေနိုင် ရှိ၏။ ထိုအခါ လိစ္ဆဝီမင်းတို့က ဤသို့ဆိုကုန်၏။ "ဆရာနှစ်ပါးပင် ပညာရှိချည်း ဖြစ်ကြပေသည်။ အတူနှစ်စုံ ပေါင်းစုံနေကြားက ငါတို့ဝေသာလီပြည်အပါးသို့ တစ်ပါးမြို့ရွာမှ ပညာရှိတို့ မချဉ်းကပ်ဝံ့ရာပြီ။ ထို့ကြောင့် အတူတကွ နေကြပါလော့"ဟု တောင်းပန်၍ အထိုက်အတန် မွှောက်စားလျက် ထိမ်းမြားပေးကုန်၏။

ထို နိဂဏ္ဌနှစ်ဦးတို့သည် ကာလမြင့်ရှည်လတ်သော် 'သစ္စာ'အမည်ရှိသော သမီး တစ်ယောက်၊ 'လောကာ'မည်သော သမီးတစ်ယောက်၊ 'ဇေါစရာ'မည်သော သမီးတစ်ယောက်၊ 'အာစာရတ'မည်သော သမီးတစ်ယောက်၊ 'သစ္စက'မည်သော သားတစ်ယောက် အားဖြင့် ငါးယောက်သောသူတို့ကို ရ၏။ ထို ငါးယောက်တို့တွင် သမီးလေးယောက်တို့သည် အမိမှ လာသော ဝါဒငါးရာကို ကောင်းစွာသင်ယူ၍ အရွယ်ရောက်သောကာလ မိဘနှစ်ပါးတို့က ဤသို့ဆိုကုန်၏။

"ချစ်သမီးတို့။ ငါတို့အမျိုး၌ဖြစ်ကြသော မိန်းမတို့တွင် အကြင်တစ်စုံတစ်ယောက် သောသူကိုမျှ မိဘတို့က ရွှေ ငွေ ဥစ္စာ သုံးဆောင်ရာ စသည်ကိုပေး၍ လင်၏အိမ်သို့ ပို့ရဖူးသေးသောသူမည်သည် မရှိ။ မိမိ၏ဝါဒတည်းဟူသော အတတ်ဖြင့် အရပ်ထက်ဝန်း ကျင်သို့ လှည့်လည်၍ အကြင်သူသည် ဤအယူဝါဒကို ပြောပြနှိမ်နင်းနိုင်သည်ဖြစ်အံ့။ ထို သူ့အား ကိုယ်ကိုဆောင်နှင်းလျက် ခြေရင်းအလုပ်အကျွေးပြု၍ နေရာ၏။ အကြင်ရဟန်းသည် နှိမ်နင်းဖြေရှင်းနိုင်သည် ဖြစ်အံ့။ ထိုရဟန်း၏အထံ၌ နည်းခံ၍ ရဟန်းပြုရာ၏။ ဤကား ငါတို့အနွယ်မှလာသော အကျင့်တည်း"ဟု ဆို၏။

ထိုစကားကိုကြားသော် သမီးလေးယောက်တို့ကလည်း "မိဖတို့ ထုံးနည်းအတိုင်းသာ အကျွန်ုပ်တို့ ကျင့်ပါအံ့"ဟု ဝန်ခံ၍ ပရိဗိုဇ်တို့၏ သဏ္ဌာန်ကိုယူပြီးသော် 'ဤဇမ္ဗူကျွန်းမြေကား သပြေပင်တည်းဟူသော တံခွန်ဖြင့် အလွန် ထင်ရှားသတည်း'ဟု နှလုံးပြု၍ ဇမ္ဗူသပြေခက်ကို ကိုင်ပြီးလျှင် အသီးအသီးသော မြို့ရွာ နိဂုံးအရပ်သို့ လှည့်ပတ်ကြလေ၏။ အကြင်မြို့ရွာသို့ ရောက်သောကာလ ရွာတံခါးဝ၌ မြေကို လည်းကောင်း၊ သဲကို လည်းကောင်း စုပုံလျက် သပြေခက်ကိုစိုက်ပြီးလျှင် "အကြင်သူသည် အယူဝါဒဖြင့် ငါတို့ကို တင်ဆိုနိုင်ငြားအံ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ဤစေတီကို ဖျက်စေသတည်း" ဟုဆို၍ ထားခဲ့ပြီးမှ ရွာတွင်းသို့ ဝင်သတည်း။ ဤသို့သောအကျင့်ကို ဆောက်တည်၍ လရှည်နှစ်ကြာ ရှာဖွေလှည့်လည်လေ၏။ [သာဝတ္ထိပြည်သို့ ဘုရားသခင်ရောက်သောအခါ ပရိဗိုဇ်မ လေးယောက်တို့ ရောက်လာ၍ အရှင်သာရိပုတ္တရာနှင့်တွေ့သဖြင့် ဘိက္ခုနီမဖြစ်ကြောင်းကို နောက်မှ ဆိုတော့အံ့။]

ထိုသူမတို့၏ မောင်အငယ်ဖြစ်သော သစ္စကမူကား အဖမှလာသော ဝါဒငါးရာ, အမိမှလာသော ဝါဒငါးရာကို ကောင်းစွာသင်ဆောင်၍ တစ်ထောင်မျှသောဝါဒကို တတ်သဖြင့် လည်းကောင်း၊ ထိုမှတစ်ပါး လောကီဗာဟိရကဖြစ်သော ဝတ္ထု, ပုံပြင်, ဗေဒင်, ဓမ္မသတ်ကို တတ်သဖြင့် လည်းကောင်း အရပ်ထက်ဝန်းကျင်၌ ပညာရှိဟု ထင်ရှားလျက် လိစ္ဆဝီမင်းတို့အား သင်ကြားဆုံးမကာ ဤဝေသာလီပြည်၌ပင် နေသတည်း။ ဤ သစ္စကပရိဗိုဇ်သည် 'ငါ၏ဝမ်း၌ရှိသော ပညာကား အလွန်များ၏။ ဆန်စပါးထည့်သောအိတ်သည် ပြည့်သိပ်လွန်းသောကာလ ပေါက်ကျသကဲ့သို့ ငါ့ဝမ်းလည်း ပညာအလွန်ပြည့်လွန်းရကား မခံနိုင်ဘဲ ကွဲပေါက်ဘိရာသည်'ဟု ဝမ်းကွဲမည်ကိုစိုးသောကြောင့် သံပြားဖြင့် ရစ်ပတ်၍သာ နေလေ့သွားလေ့ ရှိ၏။

ထိုသစ္စကသည် ဘုရားသခင် ဝေသာလီပြည်သို့ ရောက်သည်မှစ၍ 'ရှင်ဂေါတမကို ဝါဒဖြင့် ငါ တင်ဆိုမည်။ သို့ရာတွင် ထိုအရှင်၏ဝါဒကို သိရမှသာလျှင် ငါ တင်နိုင်ချိမ့်မည်။ သို့ဖြစ်၍ ရှင်ဂေါတမ၏ဝါဒကို သိရအောင် ပြုဦးအံ့'ဟု ကြံ၍နေသည်နှင့် တစ်ရံသောအခါ အရှင်သာရိပုတ္တရာ၏ဆရာဖြစ်သော 'အရှင်အဿဇိမထေရ်'သည် အိမ်စဉ်လှည့်လျက် ကြွသည်ကို သစ္စကပရိဗိုဇ် မြင်လေသော် 'ဤရဟန်းကား ဘုရားဂေါတမ၏ သာဝကကြီးပင်တည်း။ မိမိ ဆရာ၏ဝါဒ၌ လိမ္မာသည်ဖြစ်လတ္တံ့။ ဤရဟန်းကို မေးရမူ ရှင်ဂေါတမ၏အယူကို ငါ သိရာ၏'ဟုကြံ၍ အမြန်လိုက်လာပြီးလျှင် "အရှင်ရဟန်း။ သင်တို့ဆရာ ဂေါတမသည် အဘယ်ဝါဒဖြင့် ဆုံးမပြောဆိုလေ့ ရှိသနည်း"ဟု မေး၏။

အရှင်အဿဇိကလည်း 'ဤသစ္စကသည် မိစ္ဆာဝါဒ၌ တည်သောသူ ဖြစ်ချေသည်။ ပရိ ယာယ်စကားဖြင့် မသင့်ရာ။ 'နိပ္ပရိယာယ'ဒေသနာဖြင့် လွန်စွာ ချောက်ချားစေအံ့'ဟုကြံ၍ "ဒါယကာ။ ဤ ငါတို့ဆရာ မြတ်စွာဘုရားကား 'ဘုံသုံးပါး၌ ဖြစ်ကြိုက်သောသတ္တဝါတို့၏ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တရားကား အနိစ္စသဘော, ဒုက္ခသဘော, အနတ္တ သဘောသာတည်း'ဟူ၍ အယူရှိ၏။ တပည့်တို့အားလည်း ဤသို့ပင် ဟောကြားဆုံးမ လေ့ရှိ၏"ဟု ဆိုလျှင်၊ ထိုသစ္စကလည်း 'ရှင်ဂေါတမ၏ အယူမကျသောအဖြစ်ကို ငါ သိပြီ။ ဤဝါဒကို အစပြု၍ပင် အပြစ်တင်အံ့'ဟု ကြံ၍ အိမ်သို့ပြန်ပြီးသော် မိမိတပည့်ဖြစ်သော လိစ္ဆဝီမင်းသား ငါးရာတို့၏ထံသို့ သွား၍ ဤသို့ ကြုံးဝါးပြောဆို၏။

"မင်းသားတို့။ ဤလောက၌ ငါ ပညာရှိသောသနစ်ကို သင်တို့အသိ ဖြစ်တော့သည်။ ယခု အသီးအသီး ပညာကြီးပညာကျယ် အသွယ်သွယ်ရောက်လာသမျှ ဆရာများသည် ငါ့စကား တစ်ခွန်းအမေးကိုမျှ မခံနိုင်ကုန်။ ငါ၏ ဝါဒအတင်ကို ပြေပြစ်အောင် ချေဆိုနိုင်သောသူကား လူတို့ဘုံတွင် တစ်စုံတစ်ယောက်မျှ ငါ မမြင်။ လူတွင်ထင်ရှား ဘုရားဆိုသောသူပင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငါနှင့်ကြုံက တုန်လှုပ်ရမည်။ ငါ မေးရက ဖောချွေးပြန်ရမည်။ လူတို့ကို မဆိုထားဘိ။ သစ်ပင်များမှ တုန်လှုပ်ရသေးသည်။ မင်းသားအပေါင်းတို့ ယခုလောကတွင် ရှင်ဂေါတမသည် 'ဘုရား'ဟု မိမိပြုလျက် သုံးလူ့ဆရာ သူလုပ်သည်။ ထိုဘုရားကား ဘုန်းတန်ခိုးသာ ကြီးမားသည်။ အယူဝါဒ၌ ကျနမည်ဟု ငါ မထင်။ ထိုရှင်ဂေါတမကို ဝါဒဖြင့်တင်၍ ရယ်ချင်ဖွယ် အရှက်ရအောင် ငါ မေး၍ပြမည်။ ပရိသတ်အလယ်တွင် ရှုံးစေ၍ နှလုံးမသာ မျက်နှာမလှအောင် ဝါဒဖြင့် ငါ ကျီစယ်မည်။ သင်တို့မင်းသား လူအများနှင့် ဘုရားဂေါတမထံသို့ ငါသွားရာ လိုက်လာကြကုန်"ဟု ခေါ်၏။

ထိုအခါ အချို့သော လိစ္ဆဝီမင်းတို့က 'သစ္စကဆရာပင် သာလွန်၍တတ်သဖြင့် မြတ်စွာဘုရားကို ဝါဒအားဖြင့် နှိမ်နင်းနိုင်မည်လော၊ ဂေါတမ မြတ်စွာဘုရားကပင် ဆရာသစ္စကကို ဝါဒတင်နိုင်လိမ့်မည်လော'ဟု တွေးတောပြောဆိုကြ၏။ အချို့သောမင်းတို့ကလည်း "ဘုရားဂေါတမကို ပြိုင်၍နိုင်ရိုး မရှိချေ။ သစ္စကဆရာဝယ် ဘယ်ဖြဟ္မာ,ဘယ်သိကြား, ဘယ်နတ်များက စွဲကပ်၍ တတ်နိုင်ချေအံ့နည်း"ဟု ဆို၏။ ထိုသို့ဖြစ်ငြားသော်လည်း 'ပညာရှိနှစ်ပါး၏ တရားနီးနှောသံကို နာခံရအောင် လိုက်ကြမည်'ဟုဆို၍ လာကြ၏။

သစ္စကဆရာလည်း နံနက်စာထမင်းစားပြီးသော် များစွာသော မင်း, ဆင်းရဲသား, ပုဏ္ဏားပရိသတ် ခြံရံလျက် ဝေသာလီမြို့မှထွက်၍ ဘုရားရှင်နေရာ မဟာဝုန်တော ကူဋာဂါရသို့ ကပ်လာ၏။

မြတ်စွာဘုရားသည်လည်း ထိုနေ့နံနက် အရုဏ်တက်သောအခါကပင် ဓမ္မတာဝင်စားမြဲဖြစ်သော မဟာကရုဏာသမာပတ်မှ ထ,တော်မူ၍ တစ်သောင်းသော စကြဝဠာတိုက်၌ ကျွတ်ထိုက်သောဝေနေယျတို့ကို 'သမန္တစက္ခု'ဖြင့် ရှုတော်မူလျှင် ယခင် သစ္စကပရိဗိုဇ်၏ အခြင်းအရာကို ကုန်စင်စွာသိတော်မူလင့်၍ ပြုသင့်သမျှသော 'ပုရေဘတ္တ'ကိစ္စကို ပြည့်စုံစေပြီးသော် ကျောင်းတော်မှမဝေးမနီး ကြီးစွာသောသစ်ပင်ရိပ်အတွင်း၌ သီတင်းသုံးနေတော်မူ၏။

သစ္စကလည်း ပရိသတ်တို့နှင့်တကွ ကူဋာဂါရသို့ရောက်၍ ဘုရားသခင်ကို မြင်လေသော်၊ သံဃာတော်တို့အား "ဘုရားဂေါတမသည် အဘယ်ဌာန၌ ရှိသနည်း"ဟု မေးမြန်း၍၊ "နေ့သန့်ရာ သစ်ပင်ရင်း၌ သီတင်းသုံးတော်မူသည်"ဟုပြောလျှင် ထိုသစ်ပင်သို့ ကပ်လေ၏။ အထံတော်သို့ ရောက်သောကာလ ချမ်းမြေ့သာယာသော အာလာပသလ္လာပစကားကို လျှောက်ကြားပြောဆို၍ နေကြ၏။

ထိုသို့နေပြီးမှ သစ္စကဆရာသည် မြတ်စွာဘုရားအား "ရှင်ဂေါတမ။ အကျွန်ုပ်အား အခွင့်သနားပါလျှင် ပြဿနာတစ်ခုကို မေးလိုပါသည်။ ထိုပြဿနာကို ဖြေတော်မူအံ့လော"ဟု လျှောက်၏။ ဘုရားသခင်ကလည်း "အချင်း 'အဂ္ဂိဝေဿန'။ ပြဿနာ ဖြေရသော အရာဝယ် ငါ၌ ဝန်လေးသောမည်သည် မရှိ။ အလိုရှိသမျှကိုပင် မေးလော့"ဟု ခွင့်ပေးတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အခွင့်ရသောအခါ ဆရာသစ္စကလည်း အထက်က အရှင်အဿဇိဖြေသော ပြဿနာ၌ ဝါဒကိုတင်လိုရကား "အရှင်ဂေါတမ။ တပည့်သာဝကတို့ကို အဘယ်သို့ ဆုံးမတော်မူသနည်း။ တပည့်သားတို့အား မှတ်သားသိစေခြင်းငှာ အဘယ်ဒေသနာဖြင့် 'အနုသာသနီ' ကို ပြုပါသနည်း"ဟု လျှောက်၏။

ဘုရားသခင်ကလည်း အရှင်အဿဇိ ဖြေသောအတိုင်းပင် ဖြေတော်မူ၏။

'ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာ အနတ္တာ၊ သင်္ခါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ။ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ –' ဟူသော ဒေသနာကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား "အချင်း အဂ္ဂိဝေဿန။ တပည့်သာဝကတို့အား ငါဘုရား ဆုံးမလေ့ပြုသော အနုသာသနီမူကား–

"ချစ်သားရဟန်းတို့။ လောက၌ လူ, နတ်, ဗြဟ္မာ သတ္တဝါဟု သမုတ်ကြသည်ကား ခန္ဓာ ငါးပါး၏အစုသာ ဖြစ်သည်။ ထိုငါးပါးတို့တွင် အကြင် နှစ်ဆယ့်ရှစ်ပါး ရုပ်တရားတို့၏ အပေါင်းဖြစ်သော ရူပက္ခန္ဓာသည်လည်း မြဲစွာတည်သော သဘောမရှိ။ မိမိကိုယ်လည်း မဟုတ်ချေ။ ဝေဒနာသုံးပါး, ဝေဒနာငါးပါး, ဝေဒနာခြောက်ပါး တရားအစုဖြစ်သော ဝေဒနာက္ခန္ဓာသည်လည်း မြဲစွာတည်တတ်သော သဘောမရှိ။ မိမိကိုယ်လည်း မဟုတ်။ သညာနှစ်ပါး, သညာခြောက်ပါး တရားအစုဖြစ်သော သညာက္ခန္ဓာသည် လည်းကောင်း၊ ဖဿစေတနာ စသည်ဖြင့် ပြားသော ငါးဆယ်သော စေတသိက်ဟုဆိုအပ်သော သင်္ခါရက္ခန္ဓာသည် လည်းကောင်း၊ စိတ်တစ်ခုယုတ် ကိုးဆယ်၊ အကျယ် တစ်ရာ့နှစ်ဆယ့်တစ်ပါးဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာသည် လည်းကောင်း မြဲစွာတည်တတ်သော သဘောမရှိ။ မိမိ၏ကိုယ်လည်း မဟုတ်။ ဒုက္ခရှစ်ပါး, ဒုက္ခတစ်ဆယ့်နှစ်ပါးတို့သာ သက်ဝင်ရာ ရှိချေသည်။ ထို့ကြောင့် ဤခန္ဓာ၌ အာသာငမ်းငမ်း စွဲလမ်းတပ်မက်ခြင်းကို မဖြစ်စေလင့်။ ဤသို့သောနည်းအားဖြင့် ငါဘုရား ဆုံးမလေ့ ပြုသတည်း"ဟု ဖြေတော်မူသော်–

အယူတိမ်းလှသော သစ္စကလည်း သမ္မာသမ္ဗုဒ္ဓ၏ဒေသနာကို ပုံဆောင်ကာ ပယ်လိုရကား "ဘုရားဂေါတမ။ အရှင်ကဲ့သို့ ဖောက်ဖောက်ပြန်ပြန် ကြံ၍ဆုံးမသော် ဤလောက၌ ဝိပဿနာချည်း ဖြစ်ရာသည်တကား။ မြေမှပွားစီးသော သစ်ပင်သည် မြေကြီးသာလျှင် တည်ရာမှီရာဖြစ်သကဲ့သို့ ထို့အတူ သတ္တဝါတို့သည်လည်း ခန္ဓာငါးပါး၌ တည်၍သာလျှင် ချမ်းသာဆင်းရဲကို ခံစားရသည်။ ကုသိုလ်, အကုသိုလ်တရားကို အားထုတ်ရသည်။ မဂ်ဖိုလ်ချမ်းသာကို ဖွေရှာကြရသည် မဟုတ်လော။ မပျက်စီးသေးသောကာလ၌ အတ္တဟု ထင်ရှားရှိပါလျက် 'သဗ္ဗေ ဓမ္မာ အနတ္တာ'ဟု ပြောပြခြင်းသည် အဘယ်သို့ သင့်ချေတုံအံ့နည်း" ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဘုရားသခင်ကလည်း "အချင်း အဂ္ဂိဝေဿန။ ဤငါးဝသော ရုပ်နာမ်ခန္ဓာကို 'ငါ၏ကိုယ်'ဟူ၍ပင် သင် အလိုရှိသလော"ဟု မေး၏။ သစ္စကလည်း:



www.burmeseclassic.com

www.burmeseclassic.com



"အရှင် ဂေါတမ။ အကျွန်ုပ်သာ 'ငါ၏ကိုယ်'ဟူ၍ အယူရှိသည်မဟုတ်။ ဤ ပရိသတ်လေးပါး လူအများပင် မှတ်ထင်ခေါ်ဆိုကြပါ၏"ဟုဆိုသော်၊ "သူတစ်ပါးအပေါ်၌ သင် ပစ်၍မတင်လင့်။ သင်၏အယူကိုသာ ထင်စွာဖြေဆိုလော့"ဟု တိုက်တွန်းတော်မူပြန်၏။ သစ္စကလည်း လွဲချခြင်းငှာ မတတ်သာရကား "ဘုရားဂေါတမ။ အကျွန်ုပ်လည်း ဤ ရုပ်နာမ်ခန္ဓာကို ငါ၏ ကိုယ်ဟု အယူရှိပေသတည်း"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဘုရားသခင်လည်း ရွှင်လှသောမျက်နှာဖြင့် "အချင်း အဂ္ဂိဝေဿန။ ဤ ငါးဝသောခန္ဓာကို ငါ၏ကိုယ်ပင်ဟု သင် ဝန်ခံသော် တစ်ဖန် သင့်ကို ငါ မေးဦးအံ့။ အကြင်ပြည့်ရှင်မင်းတို့သည် မိမိပိုင်သော နိုင်ငံအတွင်း၌ နှိပ်နင်းကွပ်ညှပ်ထိုက်သူကိုလည်း နှိပ်နင်းကွပ်ညှပ်ခြင်းငှာ, နှင်ထုတ်ထိုက်သောသူကိုလည်း နှင်ထုတ်ခြင်းငှာ, ချီးမြှောက်ထိုက်သောသူကိုလည်း ချီးမြှောက်ခြင်းငှာ အစိုးရ၏ မဟုတ်လော"ဟု မေး၏။ "အစိုးရသည် မှန်၏"ဟု ဝန်ခံလျှင်၊ "သင်၏ရုပ်တရားသည် မတင့်တယ်သောအားဖြင့် ငါ မဖြစ်လို။ ကြည်ညိုနှစ်သက်စဖွယ် တင့်တယ်လှပသည် ဖြစ်လို၏ဟူ၍ လည်းကောင်း၊ ဆံဖြူ သွားကြွေ သားရေတွန့်တို့ အိုခြင်းသို့မရောက်ဘဲ တစ်ဆယ့်ခြောက်နှစ်ရွယ်သာ တည်ပါလို၏ ဟူ၍ လည်းကောင်း သင်၏အလိုသည် ဖြစ်၏။ ထိုအလိုအတိုင်း သင်၏ရုပ်ကို လိုက်စေခြင်းငှာ အစိုးရပါ၏လော"ဟု မေး၏။

ထိုအမေးကို ကြားသောအခါ ဆရာသစ္စကလည်း– 'အကယ်၍ ငါ၏ရုပ်သည် ငါ၏ အလိုသို့ လိုက်၏ဟုဖြေချေသော်၊ ဝေသာလီမင်းအပေါင်း ထ၍ 'ဆရာ့ရုပ်သည် ငါတို့ကဲ့သို့ လှပတင့်တယ်ပါစေလော့'ဟုဆိုရာ၏။ 'အလိုသို့ မလိုက်ပေ'ဟု ဆိုချေလျှင်လည်း 'အရှင် ဂေါတမ၏ အနတ္တဟူသောစကားသည် ဆိုပိုင်၍ ငါ့ကို နိုင်ဘိလေသည်'ဟု စဉ်းစားလျက် မည်သည့်စကားကိုမျှ မဆိုဘဲ ဆိတ်ဆိတ်သာနေလေ၏။

ထိုအခါ မြတ်စွာဘုရားကလည်း "သစ္စက။ ဤဝါဒကို သင် ဖြေဆိုဦးလော့" ဟု နှစ်ကြိမ်မြောက် တိုက်တွန်းတော်မူ၏။ ထိုအခါ နတ်ရွာနှစ်ထပ်ကို အစိုးရသော သိကြားမင်းသည် ဘီလူးအသွင်ဖန်ဆင်းလျက် သံတင်းပုတ်တို့ဖြင့် နက်အုံ့သကဲ့သို့ရွယ်လျက် "ဟယ် သစ္စက။ အဘယ်ကြောင့် မေးတော်မူသည်ကို မလျှောက်ဆိုသနည်း"ဟု ခြိမ်းခြောက်၏။ ထိုသို့ ခြိမ်းခြောက်လာသော သိကြားကို ဘုရားသခင်နှင့် သစ္စကတို့သာ မြင်ရသတည်း။

ထိုအခါ ဆရာသစ္စကလည်း ဆိတ်ဆိတ် မနေဝံ့ရကား "အရှင်ဘုရား။ အကျွန်ုပ်ကား မှားခြင်းကြီး မှားပေပြီ။ အရှင်၏ဝါဒကို အသက်ရှည်သမျှ ယုံမှတ် ကိုးကွယ်ပါတော့မည်" ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားလည်း ငါးပါးသောခန္ဓာတို့၌ ပုစ္ဆာပြဿနာထား၍ လေးပါးသောနက်နဲခြင်းနှင့်ပြည့်စုံသော ဓမ္မဒေသနာကို ကောင်းစွာဟောတော်မူ၏။ တရားတော်၏အဆုံး၌ အလုံးစုံသောပရိသတ်တို့သည် အကျွတ်တရားကို မြင်သတည်း။

[ဂန္ထဂရု ဖြစ်ရာသောကြောင့် အကျဉ်းသာ ရုံး၍သတ်ရသည်။ စေ့စုံစွာသိလိုမူ မဇ္ဈိမနိကာယ်ပါဠိတော်, အဋ္ဌကထာ မဟာသစ္စက စူဠသစ္စကသုတ်တို့၌ ယူပါကုန်။]



www.burmeseclassic.com

www.burmeseclassic.com



## ။၅၀။ ဗိမ္ဗိသာရမင်းကြီးနှင့် ခေမာမိဖုရားတို့၏ ရှေးအကြောင်းကို ပြခြင်း

ဤသို့ သစ္စကပရိဗိုဇ် စသောသူတို့အား ဘုရားဟောရွှတ် ချွတ်တော်မူကာ ဝေသာလီပြည်၌ ဝါကပ်တော်မူ၍၊ ဝါကျွတ်သောအခါ ရာဇဂြိုဟ်ပြည်သို့ တစ်ဖန် ပြန်ကြွတော်မူ၏။ ဘုရားမြတ်စွာသည် ဝေသာလီပြည်မှ ပြန်လည်တော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားခေါင် တောင်ညာဒေဝီဖြစ်သော ခေမာမိဖုရားသည် တရားတော်မြတ်ကို နာရ၍ အရဟတ္တဖိုလ်ကို ရသဖြင့် ဘိက္ခုနီမ ဖြစ်သတည်း။

ထိုမိဖုရား၏အကြောင်းကား– ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသောကာလ ဟံသာဝတီပြည်ဝယ် ကြွယ်ဝထင်ရှားစွာ ဥစ္စာ နှစ်ဆယ့်လေးကုဋေရှိသော သူဌေးသမီး ဖြစ်၏။ တစ်နေ့သောအခါ 'သုဇာတ'အမည်ရှိသော အဂ္ဂသာဝကမထေရ်သည် ဆွမ်းခံကြွလာသည်ကို မြင်သဖြင့် ကြည်ရွှင်ရိုညွတ်သော စိတ်ရှိရကား မိမိအိမ်သို့ပင့်၍ ဆွမ်းဘောဇဉ်ဖြင့် လုပ်ကျွေးပြီးလျှင် "အရှင်မြတ်။ အကျွန်ုပ်သည် လူ့ပြည်၌ဖြစ်သော ဆင်းရဲကို အလိုမရှိပါ။ အရှင်မြတ်တို့ ရအပ်သောတရားကို ရလိုပါသည်"ဟု လျှောက်၏။ သုဇာတထေရ်ကလည်း "ဒါယိကာမ။ ငါတို့ရအပ်သော တရားကို ရလိုလျှင် ဘုရားသခင်အထံသို့သာ ဆည်းကပ်ပါတော့လော"ဟု မိန့်တော်မူ၍၊ အတန်ငယ်သောတရားစကားကို ဟောကြားပြီးမှ ကြွတော်မူလေ၏။

သူဌေးသမီးလည်း မနက်ဖြန် နံနက်သောကာလ ဘုရားအထံသို့ ဆည်းကပ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း ကျောင်းသို့လိုက်လာ၍ တရားတော်မြတ်ကိုနာရလျှင် အဆအရာသာလွန်၍ သဒ္ဓါတရားဖြစ်သဖြင့် ပြန်နစ်သောကာလ မိဘတို့အားပန်ကြားပြီးသော် ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၍ တရားတော်မြတ်ကို နာ၏။ အဆုံးနေ့သို့ ရောက်သောအခါ မြတ်စွာဘုရားသည်လည်း ကြီးမားသောပညာနှင့် ပြည့်စုံသော 'နန္ဒာ'အမည်ရှိသော ဘိက္ခုနီမအား တရားအနုမောဒနာ ပြုစေ၍ ဒေသနာ၏အဆုံး၌ အလုံးစုံသောပရိသတ်တို့ ရင်သပ်လက်တီး ကောင်းချီးပေးကြကုန်လေသော် ရှင်တော်ဘုရားသည်လည်း ထို နန္ဒာဘိက္ခုနီမအား အဂ္ဂသာဝိကာ အရာ၌ထား၍ 'မဟာပညာ' တေဒဂ်ကို သနားတော်မူ၏။

ထိုအခြင်းအရာကို ခေမာ၏အလောင်းဖြစ်သော သူဌေးသမီးမြင်လေသော် 'ဤအရှင်မကဲ့သို့ ဖြစ်ရအောင် ငါ ဆုတောင်းအံ့'ဟု ကြံ၍၊ ဘုရားအထံတော်သို့ချဉ်းကပ်၍ ခြေတော်ရင်းသို့ ဦးတိုက်ပြီးသော် "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား။ ဒကာတော်မသည် ဤမျှလောက်သော ကုသိုလ်အစုကို ပြုရသောစေတနာကြောင့် နောင်ပွင့်တော်မူကုန်သော ဘုရားသခင်တို့၏သာသနာဝယ် ပညာကြီးကျယ်သော ဘိက္ခုနီမဖြစ်၍ အဂ္ဂသာဝိကာ အရာကို ရပါစေသော"ဟု ဆုတောင်း၏။

ဘုရားမြတ်စွာသည် အနာဂတံသဉာဏ်ဖြင့် ကြည့်၍ ပြည့်စုံအံ့သည်ကို မြင်တော်မူလျှင် "အချင်း ဒါယိကာမ။ ကုသိုလ်သမ္ဘာရကိုသာ များစွာဆည်းပူးလော့။ ငါ ပွင့်တော်မူရာ



www.burmeseclassic.com

www.burmeseclassic.com



ဤသာရကမ္ဘာ၏နောက် တစ်သိန်းမြောက်ကျသော ဘဒ္ဒကမ္ဘာ၌ ဥက္ကာကရာဇ် နေမြစ်နွယ်ရိုးမှ ဂေါတမအမည်ရှိသော ဘုရားသည် ထင်ရှားဖြစ်လတ္တံ့။ ထိုအခါ သင်သည် 'ခေမာ' အမည်ရသော အဂ္ဂသာဝိကာမြတ် ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုအခါမှစ၍ သူဌေးသမီးလည်း ကြီးစွာသောဥဿာဟဖြင့် ဒါန, သီလ, ဘာဝနာကို လွန်စွာဖြည့်ကျင့်လျက် အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်၏။ ထိုမှတစ်ဖန် ရွေ့ပြန်သောအခါ ယာမာနတ်ပြည်၌ ဖြစ်၏။ ထိုယာမာမှသည် တုသိတာ၊ တုသိတာမှသည် နိမ္မာနရတိ၊ နိမ္မာနရတိမှသည် ဝသဝတ္တီနတ်ပြည်၌ ဖြစ်၏။ ထိုမှတစ်ဖန် ပြန်လာခဲ့၍ လူ့ရွာ၌ဖြစ်လေသော် ပဒေသရာဇ်, ဧကရာဇ်, စကြဝတေး မန္ဓာတ်မင်းမြတ်တို့၏ မိဖုရားသာလျှင် အကြိမ်များစွာ ဖြစ်ရ၏။

ဤသို့ လူ့ပြည်နတ်ပြည် လှည့်လည်စုန်ဆန်ကာလာသဖြင့် ဤကမ္ဘာမှသည် ကိုးဆယ့်တစ်ကမ္ဘာထက်၌ 'ဝိပဿီ'ဘုရား ထင်ရှားဖြစ်တော်မူသောအခါ မဟာသာလ သူဌေးသမီးဖြစ်လာ၍၊ အရွယ်သို့ရောက်သောကာလ ဘုရားအလုပ်အကျွေးဖြစ်သော ဥပါသိကာမတို့နှင့်ပေါင်းဖော်၍ တရားတော်ကို နာရလေလျှင် ဘုရားရှင်သာသနာ၌ သဒ္ဓါသောစိတ်ရှိရကားများစွာသောစည်းစိမ်ခြွေရံကို ပယ်သန်း၍ ရဟန်းပြုလေသတည်း။

ယင်းသို့ ရဟန်းပြုပြီးလျှင် ဘုရားသခင်ဟောတော်မူအပ်သော ပိဋကတ်သုံးပုံကို အာဂုံသင်ဆောင်လျက် တစ်ထောင်မျှလောက်သော ဘိက္ခုနီမတို့အား သင်ကြားပြသ၍ ဓမ္မကထိကကြီး ဖြစ်သတည်း။ ထိုမှတစ်ထွေ စုတေလေသော် တုသိတာနတ်ပြည်ဝယ် ရွှေဗိမာန်ကြီး၌ နတ်သမီးဖြစ်၍ အတိုင်းမသိသောနတ်ချမ်းသာကို ခံစားပြီးမှ လူ့ပြည်သို့တစ်ဖန်လာပြန်သောအခါလည်း သာသနာ၌ ရဟန်းပြုခဲ့သော ကုသိုလ်အဟုန်ကြောင့် လူ့ဘုံတွင် မနိုင်းအပ် ထူးမြတ်၍အဆင်းလှခြင်း၊ ပညာကြီးခြင်း၊ အသံသာခြင်း၊ ဥစ္စာများခြင်း၊ အခြွေအရံများခြင်း၊ သားမြေးကျေးကျွန်တို့ ကြောက်ရွံ့ရိုသေခြင်း၊ လင်ရာဘိလည်း မိမိအလိုသို့သာလိုက်ရခြင်း၊ အမိတမျှ နှမထပ်တူ ကြည်ဖြူရှိသေခြင်း တည်းဟူသောအကျိုးနှင့် ပြည့်စုံသော သူဌေး, သူကြွယ်, ပဒေသရာဇ်, ဧကရာဇ်တို့၏ မိဖုရားကြီးသာ ဖြစ်ရ၍–

ဤဘဒ္ဒကမ္ဘာ၌ 'ကောဏာဂုံ'ဘုရားလက်ထက်တော်ဝယ် ကုဋေငါးဆယ် ဥစ္စာကြွယ်သော ဗာရာဏသီသူဌေးကြီး၏ သမီးသုံးယောက်တွင် ခေမာ အမည်တွင်သော သတို့သမီးဖြစ်လာ၏။

'ဓနဥ္စာနီ' အမည်ရှိသော အစ်မတစ်ယောက်, 'သုမေဓာ' အမည်ရှိသော အစ်မတစ်ယောက် ဤနှစ်ယောက်တို့နှင့် အတူတကွ ဘုရားတပည့်ဖြစ်သော သံဃာတော်တို့၏နေရာ ကျောင်းကန်, အာရာမ်, ဥယျာဉ်စသည်ကို ပြုပြင် လှူဒါန်းကြ၏။

ထိုမှတစ်ဖန် စုတေပြန်၍ ခြောက်တန်သောနတ်ရပ်ဝယ် နတ်တို့၏စည်းစိမ်ကို ခံစားပြီးမှ ကဿပဘုရား ပွင့်တော်မူသောအခါ လူ့ပြည်သို့လာ၍ ဗာရာဏသီပြည်ဝယ် ကိကီမင်း၏ သမီးခုနစ်ယောက်တို့တွင် 'သမဏီ' အမည်ရသော အစ်မအကြီးဆုံး ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး ခုနစ်ယောက်တို့၏ အမည်ကား–

၁။ ခေမာ၏အလောင်းဖြစ်သော သမဏီလည်း တစ်ယောက်၊

၂။ ဥပ္ပလ်ဝဏ်၏အလောင်းဖြစ်သော သမဏဂုတ္တာလည်း တစ်ယောက်၊

၃။ ပဋာစာရီ၏အလောင်းဖြစ်သော ဘိက္ခုနီလည်း တစ်ယောက်၊

၄။ ကုဏ္ဍလကေသီ၏အလောင်းဖြစ်သော ဘိက္ခုဒါယိကာလည်း တစ်ယောက်၊

၅။ ကိသာဂေါတမီ၏အလောင်းဖြစ်သော ဓမ္မာလည်း တစ်ယောက်၊

၆။ ဓမ္မဒိန္နာ၏အလောင်းဖြစ်သော သုဓမ္မာလည်း တစ်ယောက်၊

၇။ ဝိသာခါ၏အလောင်းဖြစ်သော သံဃဒါသီလည်း တစ်ယောက် ဤ ခုနစ်ယောက်တို့တည်း။

ထို မင်းသမီးခုနစ်ပါးတို့သည် ဘုရားသခင်အထံတော်၌ ရဟန်းပြုလိုသောဆန္ဒ ရှိ၍ မိဘတို့အား ခွင့်တောင်းလတ်သော် ခမည်းတော်, မယ်တော် နှစ်ဦးတို့က ခွင့်မပြုကြသဖြင့် လူမိန်းမအဖြစ်၌ပင် တည်လျက်၊ အနှစ် နှစ်သောင်း ရှည်သမျှကာလပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား လေးပါးသောပစ္စည်းတို့ဖြင့် ထောက်ပံ့လုပ်ကျွေးလျက် မြတ်သောအကျင့်ကို ကျင့်ကြ၏။

ထိုမှတစ်ခါ စုတေလာသော် တာဝတိံသာပြည်၌ဖြစ်၍၊ ငါတို့ဘုရား ထင်ရှားဖြစ်ချိန်နီးသောအခါ မဇ္ဈိမဒေသဝယ် သာဂလပြည်မြတ်၌ မဒ္ဒရာဇ်မင်းကြီး၏သမီး ဖြစ်လာ၏။

မင်းသမီးကို ဖွားသောခဏ၌ သာဂလ ပြည်သူပြည်သားအပေါင်းတို့အား မကောင်းသောဘေးဥပဒ် စွဲကပ်သောရောဂါတို့သည် ကင်းကွာစင်ကြယ်လေရကား 'ခေမာ'ဟူသောအမည်ကို မှည့်၏။ ဇမ္ဗူရာဇ်ရွှေကို ခုနစ်ထွေသောရတနာတို့ဖြင့် စီလျက် ပန်းချီပန်းပုကို ရေးထု၍ထားဘိသကဲ့သို့ မြင်သမျှသော ယောကျ်ားမိန်းမတို့သည် နှစ်မြို့လေးမြတ်လျက် မရပ်တည်နိုင် မူးမိုင်တွေဝေလောက်သော အရေအဆင်းနှင့်လည်း ပြည့်စုံ၏။ အရွယ်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်ကိုအစိုးရသော ဗိမ္ဗိသာရမင်းနှင့် ဆောက်နှင်းသင့်မြတ်ကြသဖြင့် အဂ္ဂမဟေသီ ဒေဝီရတနာ၏ ချမ်းသာစည်းစိမ်ကို ခံစားရလေသတည်း။

မြတ်စွာဘုရားသည်လည်း ဝေဠုဝန်ဥယျာဉ်ဝယ် စံပယ်တော်မူလာ၍ သုံး,လေးဝါတိုင်အောင်ပင် ဘုရားသခင်သည် အဆင်းလှသောသူတို့၏အဆင်း၌ အပြစ်ကိုတင်ဖွဲ့၍ ကဲ့ရဲ့တော်မူတတ်သည်ဟု ကြားရကား 'ငါ့အားလည်း အဆင်းလှခြင်း၌ အပြစ်ကိုရှာ၍ ကဲ့ရဲ့ဘိရာသည်'ဟု အဆင်းအဝါ၌ ယစ်သောမာနဖြင့် ဘုရားထံသို့ ဖူးမြင်ခြင်းငှာမျှ မသွားသတည်း။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ဤသို့ ကြံ၏။ 'ငါသည် မြတ်စွာဘုရားအား အသက်ဆံဖျားထား၍ ကိုးကွယ်လုပ်ကျွေးသော ဥပါသကာမြတ် ဖြစ်သည်။ ငါကဲ့သို့သော မင်း၏မိဖုရားသည် ဘုရားရှင်အား ဖူးမြင်ခြင်းငှာ မသွားဘဲနေသော် မလျော်ကန်ပေ။ အာဏာဖြင့် စေကလည်း ပြည်သူပြည်သားတို့ မိဖုရားအား ကဲ့ရဲ့ခြင်း ဖြစ်ရာသည်။ တစ်ခုသောပရိယာယ်ဖြင့်သာ မြတ်စွာဘုရားအထံသို့ ရောက်စေအံ့'ဟု ကြံ၍ "ရတု, ကဗျာ,



www.burmeseclassic.com

www.burmeseclassic.com



လက်ာ, သီချင်း ဖွဲ့တတ်ကုန်သောသူတို့အား ဝေဠုဝန်ဥယျာဉ်၏ တင့်တယ်သာယာဟန်ကို သီကုံး၍ နှလုံးမွေ့လျော်ခြင်းရှိအောင် ခေမာမိဖုရားကြီး ကြားလောက်ရာ၌နေ၍ သီလေကုန်"ဟု စေတော်မူ၍၊ ထိုသူတို့သည်လည်း–

'ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
န ဒိဋ္ဌံ နန္ဒနံ တေန၊ ဣတိ မညာမသေ မယံ။
ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရနန္ဒန နန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒ သုနန္ဒနံ။
ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ န တပ္ပေန္တိ သုဝိမှိတာ။
ရာဇပုညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊ ဝနဿ ဂုဏသဉ္စယံ'။ – ဟူသော ဂါထာတို့ဖြင့် ကောင်းစွာသီဆိုပေ၏။

ထိုဂါထာတို့၏အနက်ကား – သဟာယကာ၊ အို ခင်ပွန်းတို့။ ယေန၊ အကြင်သူသည်။ ရမ္မံ၊ ပန်းရက်ခြွေသုံး ပျားပိတုံးကျေးငှက် ထွေးကာယှက်၍ နှစ်သက်မွေ့လျော်ဖွယ်လည်း ရှိထသော။ သုဂတာလယံ၊ ဘုရားမြတ်စွာ စေသတ္တာ၏ ဣရိယာလေးဖော် မျှတတော်မူရာ လည်း ဖြစ်ထသော။ ဝေဠုဝနံ၊ ဝေဠုဝန်ခေါ် ဥယျာဉ်တော်သို့။ န ဒိဋ္ဌံ၊ ရောက်ပေါက်ကိုယ်ထင် မမြင်ရလေ။ တေန၊ ထိုသူသည်။ နန္ဒနံ၊ နတ်သိကြားတို့ ပျော်ပါးစံရာ နန္ဒဝန်မည်တွင် နတ်ဥယျာဉ်ကို။ န ဒိဋ္ဌံ၊ မမြင်ရသည် မည်၏။ ဣတိ၊ ဤသို့။ မယံ၊ ငါတို့သည်။ မညာမသေ၊ မှတ်ထင်ကုန်၏။

ယေန နရေန၊ အကြင်ကံညွန် လူ့တံခွန်သည်။ နရနန္ဒနံ၊ လူအပေါင်းတို့ နှစ်လိုစဖွယ် တင့်တယ်စွာထသော။ နန္ဒနံ၊ နတ်တို့ရပ်ဌာန် နန္ဒဝန်လည်း မလွန်နိုင်အောင် လှိုင်သောရနံ့ လည်း ရှိထသော။ ဝေဠုဝနံ၊ ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဒိဋ္ဌံ၊ ပေါက်ရောက်ကိုယ်ထင် မြင်သည်ဖြစ်အံ့။ တေန၊ ထိုသူသည်။ အမရိန္ဒ သုနန္ဒနံ၊ မအိုမသေ နေပေတတ်ကြသော နတ်သိကြား တို့ ကစားရွှင်ပျရာလည်း ဖြစ်သော။ နန္ဒနံ၊ နန္ဒဝန်မည်တွင် နတ်ဥယျာဉ်ကို။ သုဒိဋ္ဌံ၊ ကိုယ် တိုင်ထုတ်ချောက်ရောက်၍ ထင်းထင်းမြင်သည် မည်၏။

ဒေဝါ၊ နတ်ရွာပျော်ပါး နတ်အများတို့သည်။ နန္ဒနံ၊ နန္ဒဝန်ဥယျာဉ်ကို။ ဝိဟာယ၊ စွန့်ခဲ့၍။ မဟီတလံ၊ မြေအပြင်သို့။ ဩတရိတွာ၊ သက်လာကြကုန်၍။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိထသော။ ဝေဠုဝနံ၊ ဝေဠုဝန်ဥယျာဉ်ကို။ ဒိသွာ၊ မြင်ကုန်၍။ သုဝိမှိတာ၊ 'ငါတို့နတ်ပင် မမြင်ဘူးအောင် ထူးဆန်းပေစွ သာယာလှ'ဟု အံ့ဩကြကုန်လျက်။ န တပ္ပေန္တိ၊ ရောင့်ရဲမပြေ ပျော်ကြပေကုန်၏။

ရာဇပုညေန၊ ငါတို့သနင်း မင်း၏ဘုန်းတော် အာနုဘော်ကြောင့်။ နိဗ္ဗတ္တံ၊ ကောင်းစွာ ဖြစ်ထသော။ ဗုဒ္ဓပုညေန၊ ဘုရားရှင်ဂုဏ် ဘုန်းတော်ဟုန်ဖြင့်။ ဘူသိတံ၊ တင့်တယ်လှစွာ



www.burmeseclassic.com

www.burmeseclassic.com



တန်ဆာဆင်အပ်ထသော။ တဿ ဝနဿ၊ ထိုဥယျာဉ်၏။ နိဿေသံ၊ အကြွင်းမဲ့သော။ ဂုဏ သဠ္ဌယံ၊ ဂုဏ်ကျေးဇူးအပေါင်းကို။ ကော၊ အဘယ်သူသည်။ ဝတ္တာ၊ ရတုကဗျာ လင်္ကာ သံချို ဖွဲ့ဆိုနိုင်ပေအံ့နည်း။

ဤသို့သောဂါထာဖြင့် များစွာသော နန်းသူနန်းသား ယောကျ်ားမိန်းမတို့ ကျူးသီ ချီးမွမ်းကြသောအသံကို ကြားသော် ခေမာမိဖုရားသည် ဤသို့ ကြံ၏။ 'ငါတို့ ဝေဠုဝန်ဥယျာဉ် သည် ရေးယခင်ကကဲ့သို့ သာမည မဟုတ်ရာပြီ။ သီချင်းကဗျာ လင်္ကာရတု ပြုလောက်အောင် ပင် ဥယျာဉ်၏အသရေ ဖြစ်ဟန်ရှိချေသည်။ ငါ သွား၍ရှုရသော် သင့်၏'ဟုကြံ၍၊ ဗိမ္ဗိသာရမင်းကြီးအား ဥယျာဉ်ကစား ထွက်သွားလိုကြောင်းဖြင့် လျှောက်ထား၏။ မင်းတရား ကလည်း "သင်မိဖုရား ဥယျာဉ်သို့သွားမူ ဘုရားသခင်ကို ဝင်၍ ဖူးမြော်ခဲ့လော့"ဟု မိန့် တော်မူ၏။ မိဖုရားကလည်း "ကောင်းပါပြီ"ဟု ဝန်မခံဘဲ ဆိတ်ဆိတ်သာလျှင် ဗိမ္ဗိသာရမင်း ကြီးအား ရှိခိုး၍လာခဲ့၏။

မင်းကြီးလည်း အနီးအပါး၌နေသော မှူးမတ်တို့အား "မိဖုရားသည် ဥယျာဉ်သွားလျက် ဘုရားသခင်ကို မဖူးမြင်ဘဲပြန်ခဲ့မူ မင်းဒဏ်ဖြစ်စေအံ့"ဟု မှာလိုက်၏။

မိဖုရားလည်း များစွာသော အခြွေအရံတို့နှင့်တကွ ထွက်ကြွလေ၏။ တစ်နေ့ပတ်လုံး ဥယျာဉ်တော်၌ ပျော်ပါးရွှင်လန်းလျက် ညချမ်းအခါ နန်းသို့ ပြန်လာမည်ကိုစီမံသော် ခြွေရံ မှူးမတ်တို့က "အရှင်မ။ ဘဝရှင်မင်းတရားကြီးက အကျွန်ုပ်တို့အား မှာတော်မူလိုက်ချေသည်။ ဘုရားသခင်ကို မဖူးမြင်ဘဲ ပြန်လာချေသော် မင်းဒဏ်ရာဇဝတ်ကို ဆက်ဆက်ခံရတော့မည်"ဟု လျှောက်ကြ၏။ ခေမာမိဖုရားလည်း မင်း၏အာဏာကို မဆန်သာခြင်းကြောင့် ဘုရားခြေ တော်ရင်းသို့ ဝင်လေ၏။

ဘုရားကိုယ်တော်မြတ်လည်း အတ္တုပ္ပတ်အလုံးစုံကို အကုန်သိတော်မူ၍ ထိုသူနှင့် လျော်က် ပတ်သော တရားစကားကို ဟောကြားခွင့်ရအောင် သူနှင့်မမျှ နတ်ထက်လှသော မိန်းမကညာကို ရတနာအတိစီသောယပ်ဖြင့် ခပ်စေလျက် ခြေတော်ရင်း၌ ဖန်ဆင်း၍ ထားလင့်၏။

ခေမာမိဖုရားသည်လည်း ဘုရားကိုယ်တော်မြတ်ကို ယပ်ခတ်၍နေသော မိန်းမငယ်ကို မြင်လျှင် 'ဤလူ့ခွင်၌ာနဝယ် ငါ့ထက်သာ၍ အဆင်းအဝါလှပသော မိန်းမမည်သည် မရှိပြီဟု ငါ ထင်ပေသည်။ ယခုမြင်ရသော ဤမိန်းမနှင့်စာမူ ငါ၏အဆင်းသည် ရွှေဟင်္သာနှင့် လင်းပြာငှက်ကဲ့သို့ မဆက်မဆံမူ၍ သူ၏အလုပ်အကျွေး ပြုခြင်းငှာမျှ မတန်ဖြစ်ချေသည်။ သို့ဖြစ်ပါလျက် အဆင်းအဝါကိုမှီ၍ ငါ မာန်တက်ခြင်းသည် ပျက်လေစွတကား'ဟု နှလုံးပြုလျက် တစိုက်မက်မက် ကြည့်ရှုကာနေ၏။

ယင်းသို့နေသောခဏ၌ပင် ထိုမိန်းမငယ်လည်း အရွယ်ကြီးပွား၍ သားတစ်ယောက် မိ, နှစ်ယောက်မိသဏ္ဌာန်သည် ဖြစ်၏။ ထို့နောက် အတန်ငယ်ကြာလတ်သော် ဆံဖြူသွား ကြွေ အရေတွန့်တို အိုသောအရွယ်သို့ရောက်၍ မှည့်မည်းအပြောက်ပြောက်ထလျက် ပါးစပ်မှ အရီအရည်တို့သည် ယိုစီးကုန်၏။ ထို့နောက် အတန်ကြာလတ်ပြန်က ယပ်နှင့်တကွ ဘုရား ခြေရင်း၌ပင် လဲ၍ တညည်းတွားတွား နာဘိ၏။

ထိုသို့သော ဖောက်ပြန်ခြင်းကို မြင်သောအခါ ခေမာမိဖုရားလည်း ကြီးမားရင့်မာသော ပါရမီရှိသူဖြစ်ရကား ဤသို့သော 'ယထာဘူတဉာဏ်'သည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'နှစ်သက်ရှုချင်ဖွယ် တင့်တယ်ခြင်း၏အထွတ်သို့ရောက်သော ဤမိန်းမ၏ကိုယ်သည် ထိုထိုသို့သော သဏ္ဍာန်ဖြင့် ဖောက်ပြန်ပျက်စီးရဘိသကဲ့သို့ ငါ၏ခန္ဓာသည်လည်း ယွင်းယို ဖောက်ပြန်၍ ကေန် ပျက်စီးလတ္တံ့သည်တကား။ မှောက်မှားယွင်းချွတ်သော အယူဝါဒဖြင့် ငါ မာနထောင်မိချေသည် တကား'ဟု ကြံအောက်မေ့လျက် ကြက်သီးတပြိုက်ပြိုက် ဆူလှိုက် ဘနန်းသော သံဝေဂသည် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားလည်း ခေမာမိဖုရားအား တရားအမြိုက်ဆေး တိုက်ကျွေး တော်မူခြင်းငှာ–

အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။

ဥဂ္ဃရန္တံ ပဃ္ဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။

သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါ ဗဟုလာ ဘဝ။ ပ။

ယေ ရာဂရတ္တာ နုပတန္တိ သောတံ၊ သယံ ကတံ မက္ကဋကောဝ ဇာလံ။

ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊ န ပေက္ခိနော ကာမသုခံ ပဟာယ–' ဟူသော တရား ဒေသနာကို ဟောတော်မူ၏။

အနက်ကား – ခေမေ၊ ခေမာမိဖုရား၊ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ဖြင့် ကျင်နာတတ်ထသော။ အသုစိံ၊ အညစ်အကြေးတို့၏ စုဝေးရာဖြစ်၍လည်း မစင်ကြယ်ထ သော။ ပူတိံ၊ ညှီဝေါ်စက်ဆုပ် ပုပ်နံ့အတိသာ လှိုင်ထသော။ ဣမံ သမုဿယံ၊ ဤ ခန္ဓာကိုယ်ကို။ ပဿ။ စေ့စေ့စာနာ ရှုစပါလော့။ ဥဂ္ဃရန္တံ၊ ဒွါရကိုးခွင် ထက်ဝန်းကျင်မှ မစင်အတိသာ ယိုစီးထသော။ ပဃ္ဃရန္တံ၊ ဖောက်ပြန်ထွေထူး ရှုးမူးဖွယ်လီ ညစ်ကျိအပေါင်း၏ ကိန်းအောင်းရာလည်း ဖြစ်ထသော။ သမုဿယံ၊ ကိုယ်ခန္ဓာကို။ ဗာလာနံ၊ အဆင်အခြင် ပညာမဲ့ငြား လူအများတို့သည်။ အဘိနန္ဒိတံ၊ အလွန်စုံမက် နှစ်သက်ယောင်မှား အပ်လေ၏။

ခေမေ၊ ခေမာမိဖုရား။ တသ္မာ၊ ထိုသို့သော အကြောင်းကြောင့်။ ဣမံ၊ ဤခန္ဓာကိုယ် ၌။ အသုဘာယ၊ မတင့်တယ်ဟူ၍။ စိတ္တံ၊ စိတ်ကို။ ဘာဝေဟိ၊ နေ့ညဥ့်မသွေ ဖြစ်ပစေလော့။ ဧကဂ္ဂံ၊ တစ်ခုတည်းသော အာရုံရှိသော။ သုသမာဟိတံ၊ ကောင်းစွာ တည်ကြည်သော။ စိတ္တံ၊ စိတ်ကို။ ဘာဝေဟိ၊ ပွားစေလော့။ တေ၊ သင်၏။ သတိ၊ သတိသည်။ ကာယဂတာ၊ ကေသာ, လောမာ စသည်၌သာ ကျွမ်းလေ့လာသည်။ အတ္ထု၊ ဖြစ်စေလော့။ ဗဟုလာ၊ များ စွာ။ နိဗ္ဗိဒါ၊ ငြီးငွေ့သည်။ ဘဝ၊ ဖြစ်လော့။

ဣဒံ ယထာ၊ ဤ ငါ မြင်ရသော မိန်းမငယ်ကဲ့သို့။ တထာ၊ ထို့အတူ။ ဧတံ၊ ထို ငါ၏ကိုယ်သည်။ ဝိပလ္လတိ၊ ဖောက်ပြန်လတ္တံ့။ ဣတိ၊ ဤသို့။ မနသိကရောဟိ၊ နှလုံးသွင်း လေလော့။ ကာယေ၊ ကိုယ်၌။ အဇ္ဈတ္တဥ္စ၊ အတွင်းသန္တာန်၌ လည်းကောင်း။ ဗဟိဒ္ဓါစ၊ အပသန္တာန်၌ လည်းကောင်း။ နန္ဒိံ၊ နှစ်သက်ခြင်း တဏှာကို။ ဝိရာဇယေ၊ ကင်းစေလော့။

အနိမိတ္တဥ္စ၊ အနိစ္စသညာကိုလည်း။ ဘာဝေဟိ၊ ပွားစေလော့။ မာနာနုသယံ၊ ကိုယ်ခန္ဓာ အတွင်း၌ ကိန်းအောင်းသောမာနကို။ ဥဇ္ဇဟ၊ စွန့်ခွာလော့။ တတော မာနာဘိသမယာ၊



www.burmeseclassic.com

www.burmeseclassic.com



ထိုမာန်ကို စွန့်ခြင်းကြောင့်။ ဥပသန္တာ၊ ကိလေသာမီး ငြိမ်းငြိမ်းကုန်သည်ဖြစ်၍။ စရိုဿသိ၊ သွားရလတ္တံ့။

ခေမာ၊ ခေမာမိဖုရား။ မက္ကဋကော၊ ပင့်ကူသည်။ သယံ ကတံ၊ မိမိပြုအပ်သော။ ဇာလံ၊ ကွန်ရက်အမျှင်ကို။ အနုပတတိ ဣဝ၊ အစဉ်တစိုက် လိုက်ဘိသကဲ့သို့။ ရာဂရတ္တာ၊ ရာဂရမ္မက်ဖြင့် နှစ်သက်တပ်ငြိကုန်သော။ ယေ နရာ၊ အကြင်လူတို့သည်။ သယံ ကတံ၊ မိမိပြုအပ်သော။ သောတံ၊ ရာဂအလျဉ်သို့။ အနုပတန္တိ၊ အစဉ်တစိုက် လိုက်ရကုန်၏။ ဧတမ္ပိ၊ ထို ရာဂတဏှာ ကိလေသာအယဉ်ကိုလည်း။ ဆေတွာန၊ ဖြတ်၍။ အနပေက္ခိနော၊ ငဲ့ကွက်ခြင်း ကင်းကုန်သည်ဖြစ်၍။ ကာမသုခံ၊ ကာမဂုဏ်ချမ်းသာကို။ ပဟာယ၊ ပယ်၍။ ပရိဗ္ဗဇန္တိ၊ ကျင့်ကုန်ဘိရာ၏။

ဤသို့ ဟောကြားသော တရားဒေသနာကို ကြားနာရလေလျှင် ခေမာမိဖုရားလည်း တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းကင်းကွာလျက် သောတာပတ္တိမဂ်မှ စ၍ အစဉ်အတိုင်း ရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုအခါမှ မြတ်စွာဘုရားအား ကြံမှားအောက်မေ့ မိသောအပြစ်ကို ကန်တော့ခြင်းငှာ–

'နမော တေ သဗ္ဗဒဿာဝိ၊ နမော တေ ကရုဏာကရ။

နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံ ဒဒ။' အစရှိသောဂါထာဖြင့် လျှောက်၏။

အဓိပ္ပာယ်ကား – "တရားခပ်သိမ်းကို မြင်တော်မူသော မြတ်စွာဘုရား။ အကျွန်ုပ်သည် အရှင်မြတ်အား ညွှတ်တွားရိုကျိုး ရှိခိုးကန်တော့ပါ၏။ မဟာကရုဏာ၏ တည်ရာဖြစ်တော်မူသော မြတ်စွာဘုရား။ သံသရာတည်းဟူသောဝဋ်မှ ကျွတ်လွတ်ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား။ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ကို ခေမာအမြိုက် နိဗ္ဗာန်ဆိုက်အောင် ဆောင်တော်မူတတ်သော မြတ်စွာဘုရား။ အကျွန်ုပ်သည် အရှင်မြတ်အား ကံသုံးပါးဖြင့် ညွှတ်တွားရိုကျိုး ရှိခိုးကန်တော့ပါ၏။ ဤမျှလောက်သော ကာလပတ်လုံး ရှုံးခြင်းကြီး ကြီးမားလျက် ဘုရားကိုယ်တော်မြတ်ကို မအပ်မရာထင်၍ ဖူးမြော်ခြင်းငှာမျှ မရောက်ဘဲ နေမိချေသည်။ ဤအပြစ်ကိုလည်း သည်းခံတော်မူပါ။ ဒဏ္ဍာတော်မကိုလည်း မ,စ ချီးမြှောက်တော်မူပါ"ဟု လျှောက်၏။

ယင်းသို့လျှောက်ပြီးမှ မိမိ၏ အာယုသင်္ခါရကို ဆင်ခြင်သော် 'ရဟန္တာဖြစ်သော လူတို့မည်သည်ကား ထိုဖြစ်သည့်နေ့ပင် ရှင်ရဟန်းသော်လည်း ပြုရာ၏။ ပရိနိဗ္ဗာန်သော်လည်း ပြုရာ၏။ သို့ဖြစ်၍ ဤ၌ ငါ မြင့်စွာနေသဖြင့် မသင့်ချေ။ မင်းကြီးအား ပြန်၍ ခွင့်ပန်ဦးအံ့' ဟုကြံလျက် မြန်စွာ နန်းတော်သို့ဝင်လာ၏။

ဗိမ္ဗိသာရမင်းလည်း ထွန်းလင်းတင့်တယ်စွာ အရိယာတို့၏ဣန္ဒြေဖြင့် လာလင့်သော မိဖုရားကိုမြင်လျှင် ဆင်ခြင်မိလေ၍ "အချင်းခေမာ။ ယနေ့ သင် ဥယျာဉ်သို့ သွားသော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကို ဖူးမြင်ခဲ့ပါ၏လော”ဟု မေး၏။ မိဖုရားကလည်း “အရှင်မင်းတရား။ ဘုရားသခင်ကို အရှင်တို့ဖူးမြင်ရခြင်းသည်ကား ကြီးမားသောအကျိုး မရှိ။ အကျွန်ုပ်၏ဖူးမြင်ရခြင်းသာ လွန်စွာသောအကျိုး ရှိချေသည်။ အကျွန်ုပ်ကို ယနေ့ပင် ရဟန်းခွင်သို့ ဝင်ရောက်ရအောင် ချီးမြှောက်တော်မူပါ”ဟု လျှောက်၏။

ဗိမ္ဗိသာရမင်းကြီးလည်း အားရဝမ်းသာစွာ ရတနာအတိမွမ်းသော ရွှေထမ်းစင်ဖြင့် ဆောင်စေ၍ တစ်ထောင်မျှလောက်သော ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုပေ၏။ ရဟန်းပြုပြီးသောအခါ 'ခေမာထေရီ'ဟု ထင်ရှားလျက်၊ များစွာကျယ်ဝန်းသော ပညာရှိရကား 'အဂ္ဂသာဝိကာ'အရာ၌ ထားတော်မူ၏။

ထို့နောက် ဇေတဝန်ကျောင်းတော်သို့ ရောက်သောကာလ ဘိက္ခုနီမတို့အား အရာအသီးသီး ချီးမြှောက်တင်ထားသောအခါ ထို ခေမာထေရီကို

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ မဟာပညာနံ ဘိက္ခုနီနံ ယဒိဒံ ခေမာ'ဟူ၍ မဟာပညာ ဧတဒဂ်အရာ၌ ထားတော်မူ၏။

ဤကား ခေမာမိဖုရား၏ အကြောင်းအတ္ထုပ္ပတ္တိတည်း။

[ဤမိဖုရား၏ ရဟန်းပြုသောနှစ် ဝါကို ပါဠိ, အဋ္ဌကထာ၌ တိုက်ရိုက်မလာသော်လည်း ဝေသာလီ၌ ဝါဆိုတော်မူမှ ဘိက္ခုနီမတို့၏ ဥပသမ္ပဒါကို ထပ်မံ၍ ခွင့်ပြုတော်မူသော အတ္ထုပ္ပါယာ, 'သုဝဏ္ဏ သိဝိကာယ ဘိက္ခုနီဉပဿယံ ဥပနေတွာ ပဗ္ဗာဇေသိ'ဟူသော အဋ္ဌကထာဂမ ဤနှစ်ဝကိုမှီ၍ ယုတ္တိရသောကြောင့် ပြဆိုလိုက်သတည်း။ ဤ ခေမာထေရီ၏အဖက် အဂ္ဂသာဝိကာဖြစ်သော ဉပ္ပလဝဏ်ကား သာဝတ္ထိပြည်သို့ရောက်မှ ရဟန်းပြုသည်ဖြစ်၍ ထိုသို့ ရောက်မှ ပြဆိုတော့အံ့။]

## ။၅၁။ ဓမ္မဒိန္နာထေရီ၏ ရှေးအကြောင်းကို ပြခြင်း

ယင်းသို့ ရာဇဂြိုဟ်ပြည်ဝယ် စံပယ်တော်မူသောအခါ 'ဓမ္မဒိန္နာ' အမည်ရသော သူဌေးမသည် ဘုရားသာသနာ၌ ရဟန်းပြုလာသတည်း။

ထို ဓမ္မဒိန္နာ၏အကြောင်းကား–

ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသောကာလ ဟံသာဝတီပြည်ဝယ် သူကြွယ်တစ်ဦးကို မှီ၍ အသက်မွေးရသော အမျိုးကျွန်မတစ်ယောက်သည် မိမိအိမ်သို့ ဆွမ်းရပ်လာသော သုဇာတအမည်ရှိသော အဂ္ဂသာဝကထေရ်မြတ်အား မပြတ် ဆွမ်းကွမ်းဖြင့် လုပ်ကျွေးလေ့ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံသောကာလ ဘုရားအထံသို့ကပ်သော် သံဃာတော်တို့၏အလယ်၌ ပညာကြီးကျယ်သော ဘိက္ခုနီမတစ်ပါးအား ဧတဒဂ်အရာထား၍ ချီးမြှောက်တော်မူသည်ကို မြင်ရ၍၊ 'ဤဘိက္ခုနီမကဲ့သို့ နောင်ဘုရားတို့၏သာသနာ၌ ငါလည်း ဖြစ်ရအောင် ဆုတောင်းအံ့'ဟု ကြံပြီးလျှင် အရှင်သုဇာတထေရ်အား အကြောင်းကိုလျှောက်ကြား၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား စွမ်းနိုင်သမျှဒါနကောင်းမှုကို ပြုလျက် "ဤကုသိုလ် အကျိုးအားကြောင့် နောင်ပွင့်လတ္တံ့သော ဘုရားရှင်တို့သာသနာဝယ် မဟာပညာ ဧတဒဂ်ကိုရသော ဘိက္ခုနီမ ဖြစ်ပါစေသော"ဟု ဆုတောင်း၏။

ထိုမှ အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်, လူ့ရွာ၌ စုန်ဆန်ကာ ဖြစ်ရ၏။ 'ဖုဿ'မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောကာလ ဘုရားညီတော်ဖြစ်သော မင်းသုံးပါးတို့ အလုပ်အကျွေးဖြစ်သော တရားသူကြီး၏မယား ဖြစ်၍၊ ဝါတွင်းသုံးလပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်နှစ်သောင်းတို့အား လည်းကောင်း၊ ဖန်ရည်စွန်းသောအဝတ်ကို ဆီးလျက် ဒသသီလဖြင့်နေကုန်သော မင်းသားသုံးဦးတို့အား လည်းကောင်း လုပ်ကျွေးပြုစုရ၏။ တစ်ခုသောဝတ္ထုကို အလိုရှိ၍တောင်းလာမူ ကြည်ဖြူသောစေတနာဖြင့် နှစ်ခု, သုံးခုသာ ပေးလှူ ရှိ၏။

ဤသို့သောစေတနာဖြင့် ထိုမိန်းမသည် ဒါန, သီလကို လွန်စွာအားထုတ်လျက် အသက်အတိုင်းနေ၍ စုတေပြန်သောအခါ နတ်ပြည်, လူ့ရွာ၌ လူးလာစုန်ဆန်ဖြစ်ရ၍ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ ဗာရာဏသီပြည်၌ ကိကီမင်းကြီး၏ သမီးခုနစ်ယောက်တို့တွင် 'သုဓမ္မာ'အမည်ရှိသော မင်းသမီးဖြစ်လာ၍ အစ်မ, ညီမတို့နှင့် အတူတကွ ကဿပဘုရားအမှူးရှိသော သံဃာတော်အပေါင်းတို့အား ကျောင်း, အာရာမ်, ရေကန်, ရေတွင်းတို့ကို လှူဒါန်းပူဇော်၏။ အနှစ်နှစ်သောင်း ကာလပတ်လုံးလည်း မြတ်သောအကျင့်ကို ကျင့်သုံးဆောက်တည်၏။

ထိုဘဝမှ စုတေလေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏မိဖုရားကြီးအဖြစ် အကြိမ် ငါးဆယ်၊ သူဌေး,သူကြွယ်, ပဒေသရာဇ်, စကြာဝတေးမင်းတို့၏ မိဖုရားကြီးအဖြစ် အကြိမ်များစွာဖြစ်၍၊ ငါတို့ဘုရား ထင်ရှားဖြစ်တော်မူသောအခါ ရာဇဂြိုဟ်ပြည်ဝယ် ကုဋေနှစ်ဆယ် ဥစ္စာကြွယ်သော သူဌေးအမျိုး၌ဖြစ်လာ၍ 'ဓမ္မဒိန္နာ'ဟူသောအမည်ကို မှည့်၏။ အရွယ်သို့ရောက်သောအခါ ဗိမ္ဗိသာရမင်း၏သူငယ်ချင်း အတတ်သင်ဖက်ဖြစ်သော 'ဝိသာခ' အမည်ရှိသော သူဌေးနှင့် ရည်ငံသင့်မြတ်ကြသဖြင့် ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရသတည်း။

ထို သူဌေးဝိသာခကား ဗိမ္ဗိသာရမင်းနှင့်အတူတကွ ဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွစကပင် ဖူးမြင်ရ၍ ဓမ္မဒေသနာကိုနာသဖြင့် သောတာပန်အဖြစ်၌ တည်သတည်း။ ထို့နောက် ကာလရှည်လျား၍ တစ်ပါးသောအခါ တရားတော်ကိုနာရပြန်လျှင် အနာဂါမ်အဖြစ်ကို ရပြန်၏။ ထိုသူဌေးသည် အနာဂါမိဖိုလ်ကို ရသည့်နေ့ အိမ်သို့ပြန်လတ်၍ ပြာသာဒ်မ၏ လှေကားစောင်းတန်းဦးသို့ ရောက်သောအခါ သူဌေးမဖြစ်သော ဓမ္မဒိန္နာလည်း အခါခပ်သိမ်း ကြိုမြဲဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ချစ်စဖွယ်သောအမူအရာဖြင့် ကောင်းစွာဆီး၍ ခရီးဦးကြိုဆိုလျက် လက်ကို ကမ်းလင့်၏။ သူဌေးလည်း ကမ်းသောလက်ကို မဆန့်လှမ်းဘဲ ကိုယ်စွမ်းဖြင့်သာတက်လတ်၍ ပြာသာဒ်အတွင်းသို့ ဝင်လတ်၏။

ထိုအခါ ဓမ္မဒိန္နာလည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ပြုပြင်စီမံလျက် သူဌေးထံသို့ ဆောင်ပြီးသောအခါ ကောင်းမွန်စွာလုပ်ကျွေး၏။ သူဌေးလည်း အေးကြောင်း, ပူကြောင်း, ကောင်း, မကောင်း စသည့် မည်သည့်စကားကိုမျှမဆိုဘဲ အာဟာရကို သုံးဆောင်၍သာနေ၏။ ထိုအခါ ဓမ္မဒိန္နာလည်း ရွှေယောက်မကိုကိုင်ပြီးလျှင် အနီး၌ စောင့်နေလျက် ဤသို့ကြံ၏။ 'ဤသူဌေးသည် ယနေ့ တစ်ပါးမှပြန်လတ်၍ ပြာသာဒ်သို့ တက်မည်ပြုသောအခါ ငါ လက်ကမ်းလည်း လှမ်းမယူ။ ယခုမူလည်း မည်သည့်စကားကိုမျှ မကြားမဆို။ စားဖွယ်ကိုသာ စား၍နေခဲ့သည်။ ငါ့အား အဘယ်အပြစ်ဖြင့် မနှစ်သက် အမျက်ရှိပါလိမ့်မည်နည်း' ဟု ကြံဆကာနေ၏။

သူဌေး ထမင်းစားပြီးသောအခါ ဓမ္မဒိန္နာလည်း သာယာချောင်သောစကားဖြင့် "အရှင့်သား။ အကျွန်ုပ်အား အဘယ်အပြစ်များကြောင့် စကားမဆိုဘဲ နေပါသနည်း"ဟု မေးသော်၊ သူဌေးဝိသာခလည်း "ဓမ္မဒိန္နာ။ နှလုံးမသာအပ်သော သင်၏အပြစ် မရှိပေ။ ယနေ့ ငါသာလျှင် ထူးကဲလှစွာသောတရားကို ရ၍ ရှေးကကဲ့သို့ တဏှာသန္တဝဖြင့် မရွှင်မပျနိုင်ပြီ။ သင်၏အိမ်ဝယ် စည်းစိမ်ချမ်းသာကို ခံစံ၍ ငါ မနေလိုပြီ။ ရှင်မ သာလျှင် အိမ်တွင်း၌ ရှိသမျှပစ္စည်းကို သိမ်းဆည်း၍ ခံစားရစ်လော့။ မိတ်ဆွေအသစ် လိုသည်ဖြစ်လည်း သင် နှစ်သက်သမျှသော ဥစ္စာကိုဆောင်သွား၍ ပျော်ပါးသသူထံမှာ နေလေလော့"ဟု ဆို၏။ ထိုစကားကို ကြားသောအခါ ဓမ္မဒိန္နာကလည်း "အရှင့်သား။ အသို့သောစကားကို ဆိုသနည်း။ အရှင်တို့ထွေး၍ ပျို့အန်ခဲ့သော တံတွေးပေါက်ကို အကျွန်ုပ်ကောက်၍ အဘယ်အကျိုးငှာ မျိုပါတော့အံ့နည်း။ အကျွန်ုပ်ကိုသာ ရဟန်းပြုခြင်းငှာ လျင်စွာခွင့်ပေးလော့"ဟု ဆို၏။

ထိုအခါ ဝိသာခသူဌေးလည်း ကောင်းချီးကြွေးကြော်ကာ ဗိမ္ဗိသာရမင်း၏အထံသို့ သွား၍ အကြောင်းကို လျှောက်ကြားပြီးမှ သူဌေးမဖြစ်သော ဓမ္မဒိန္နာကို ရတနာထမ်းစင်ဖြင့် ဆောင်ယူ၍ ဘိက္ခုနီမတို့၏ကျောင်းသို့ ပို့လေ၏။

ဓမ္မဒိန္နာလည်း လူ၏အရပ်အဝါကို ပယ်သန်း၍ ရဟန်းပြုပြီးသော် ဤသို့ကြံ၏။ 'ငါ၏ခင်ပွန်းဖြစ်သော ဝိသာခသူကြွယ်သည် အိမ်၏အလယ်၌နေလျက်သာ သံသရာဝဋ်ဆင်းရဲ၏ လွတ်စဲဆုံးခန်းခြင်းကို ပြုနိုင်သေးသည်။ ငါမူကား ရဟန်းပြု၍မှ ဒုက္ခ၏အဆုံးသို့ မရောက်သဖြင့် မသင့်ပေရာ။ ခြိုးခြံစွာကျင့်ဦးအံ့'ဟု ကြံလျက်၊ ဆရာဥပဇ္ဈာယ်ထံသို့ ကပ်ပြီးလျှင် "အရှင်မတို့။ အကျွန်ုပ်သည် လူသူရောပြွမ်းသော ဤအရပ်ခန်းဝါ၌ မမွေ့လျော်နိုင်ပါ။ ရွာငယ်ကျောင်းသို့သွား၍ တရားကို အားထုတ်ပါဦးအံ့"ဟု လျှောက်ကြား၏။

ဆရာဥပဇ္ဈာယ်ဖြစ်သော ထေရီတို့လည်း ထိုဓမ္မဒိန္နာကို ကြီးကျယ် မြင့်မြတ်စွာသော အမျိုးမှ ရဟန်းပြုလာသူဖြစ်၍ တားမြစ်ခြင်းငှာ မတတ်နိုင်ရကား မိမိတို့ပါ ရွာငယ်ကျောင်းသို့ သွား၍နေရလေ၏။ ထိုဓမ္မဒိန္နာလည်း ရွာငယ်ကျောင်းသို့ ရောက်၍ မကြာမီပင် အတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဘ၀က ဗုဒ္ဓပ္ပါဒကြ၍ ထုံအပ်, လေ့အပ်, နှိပ်နယ်အပ်သော သဒ္ဓါရတနာရှိသူဖြစ်ရကား လေးပါးသော ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအခါ ဓမ္မဒိန္နာထေရီလည်း ဤသို့ ကြံပြန်၏။ 'ငါသည် အရဟတ္တဖိုလ် အကျိုးငှာသာ ဤအရပ်သို့ လာသည်။ ယခုမှာ ငါ၏ကိစ္စ ပြီးမြောက်ပြီ။ ဤတွင်နေ၍ အဘယ်အကျိုးရှိတော့အံ့နည်း။ ရာဇဂြိုဟ်ပြည်သို့ ပြန်လည်၍နေရမှု များလှစွာသော ငါ၏အမျိုးတို့သည် ငါ့ကိုအမှီပြု၍ ကုသိုလ်ဆယ်ပါး ပွားများလတ္တံ့။ ငါ့ဆရာထေရီများလည်း ပစ္စည်းလေးပါးဖြင့် မပင်ပန်းလတ္တံ့.'ဟု ကြံ၍ ဆရာဥပဇ္ဈာယ်တို့နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ပြန်လာ၏။

ခင်ပွန်းဟောင်းဖြစ်သော ဝိသာခသူဌေးလည်း ဓမ္မဒိန္နာထေရီ ရောက်လာပြီဟု ကြားလျှင် 'ဤရဟန်းမကား တောသို့သွား၍ များမကြာမီပင် ပြန်လာချေသည်။ သာသနာတော်၌ပင် မမွေ့လျော်ခြင်း ဖြစ်လေသလော' ဟု တွေးတောကြံဆလျက်၊ ညချမ်းသောအခါ ကျောင်းသို့လာပြီးလျှင် 'ဆန့်ကျင်သောအကြောင်းကို တိုက်ရိုက်မေးသဖြင့် မသင့်ချေ။ လေးထွေသော မဂ်၌ ခက်ခဲသောပြဿနာကို ငါ မေးတော့အံ့'ဟု ကြံ၍ ခန္ဓာငါးပါး၀ယ် တစ်ဆယ့်ခြောက်ပါးသောကိစ္စဖြင့် သီထိုက်သမျှသောလက္ခဏာကို မေး၏။ ထေရီမလည်း မေးသမျှသောပြဿနာ၌ ကြာရိုးကို သန်လျက်ဖြင့်ပိုင်းသကဲ့သို့ မဆိုင်းမရပ်ဘဲ ဖြေပေ၏။ ယင်းသို့ဖြေပြီးမှ "ဝိသာခ ဒါယကာ။ တရားတော်မည်သည်ကား လေးပါးသော ဂန္ထိရဂုဏ်နှင့် ပြည့်စုံချေသည်။ ငါ ဖြေသောတရားကို ဘုရားသခင်အား လျှောက်ကြား၍ သဗ္ဗညုတဉာဏ်ဖြင့် ဆက်ဆံညီညွတ်မှုကား မှတ်သား ပိုက်ကျုံးလေလော့"ဟု မှာဆို၏။

ထိုသူဌေးလည်း ဖြေသောအတိုင်း မှတ်သား၍ ဘုရားရှင်အထံ၌ လျှောက်လေလျှင်၊ ဘုရားသခင်လည်း "ဒါယကာ။ ငါ၏သမီးတော်ဖြစ်သော ဓမ္မဒိန္နာသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်ကုန်သော ခန္ဓာတို့၌ မြေးယှက်လွှမ်းကာသော အဝိဇ္ဇာကွန်ရက်ကို ပယ်ဖျက်စွန့်ခွာလေပြီ။ တဏှာဟူသော အကြောင်းအားဖြင့် တပြောင်းပြန်ပြန် သံသရာ၌ကျင်လည်ခြင်း မရှိပြီ။ ဤပုစ္ဆာကို ငါဘုရားအား လျှောက်ပန်ငြားသော်လည်း ဤအတိုင်းသာ ငါ ဖြေလတ္တံ့." ဟု မိန့်တော်မူ၍–

'ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။

အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ' – ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား – ဂဟပတိ၊ သူကြွယ်။ ယဿ၊ အကြင်သူအား၊ ပုရေ စ၊ ရှေး အတိတ်ဖြစ်သော ခန္ဓာငါးရပ် ဓာတ် အာယတနတို့၌ လည်းကောင်း။ ပစ္ဆာ စ၊ လာလတ္တံ့. သော ခန္ဓာ အာယာတန ဓာတ်တို့၌ လည်းကောင်း၊ မဇ္ဈေ စ၊ အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌ လည်းကောင်း။ ကိဉ္စနံ၊ တဏှာအားဖြင့် စွဲလမ်းခြင်းဟုဆိုအပ်သော စိုးရိမ်ကြောင့်ကြ ဗျာပါ ရသည်။ ဝါ၊ ပိတ်ပင်ရစ်ပတ် မြေးယှက်တတ်သော အဝိဇ္ဇာသည်။ နတ္ထိ၊ မရှိ။ အကိဉ္စနံ၊ ကြောင့်ကြခြင်းလည်း မရှိထသော။ အနာဒါနံ၊ တဏှာဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်းလည်း မရှိထ သော။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာဟူ၍။ အဟံ၊ ငါ ဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤဒေသနာကို ဟောပြီးမှ ဓမ္မဒိန္နာထေရီအား ပညာကြီးသောအခြင်းအရာဖြင့် များစွာ ကောင်းချီးပေးတော်မူ၏။ ထိုအခါမှစ၍ ဓမ္မဒိန္နာထေရီလည်း ဘိက္ခုနီအပေါင်းတို့တွင် ထင်ရှားလှသော ဓမ္မကထိကလည်း ဖြစ်၏။ နောက် ဇေတဝန်ကျောင်းသို့ ရောက်သောအခါ ဓမ္မဒိန္နာကို 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဓမ္မကထိကာနံ ဘိက္ခုနီနံ ယဒိဒံ ဓမ္မဒိန္နာ' ဟု ဓမ္မကထိက ဧတဒဂ်အရာ၌ထား၍ မြှောက်စားချီးမြှင့်တော်မူသတည်း။

ဤကား ဓမ္မဒိန္နာထေရီ၏ အကြောင်းအထွေပွတ္တိ အမြွက်တည်း။

## ။၅၂။ ဘဒ္ဒကာပိလာနီထေရီ၏ ရှေးအကြောင်းကို ပြခြင်း

အရှင်မဟာကဿပ၏ လူက အဆွေခင်ပွန်းဖြစ်ခဲ့သော ဘဒ္ဒကာပိလာနီသည်လည်း ရှေး၌ဆိုအပ်ခဲ့ပြီးသော အစဉ်အားဖြင့် ဘုရားရှင်ထံသို့လာကြရာ နှစ်ဖြာသောခရီးလမ်းကို တွေ့သည်တွင် ပိပ္ပလိလုလင်ကလည်း လက်ယာလမ်းကိုလိုက်သွား၍ ဘုရားနှင့် တွေ့လေသည်။ ဘဒ္ဒကာပိလာနီမူကား လက်ဝဲလမ်းကို အစဉ်တစိုက်လာခဲ့သဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်လျှင်၊ ဘုရားသခင်လည်း မာတုဂါမတို့၏ ရဟန်းဖြစ်မှုကို ခွင့်ပြုတော်မမူသေး၍ ဘိက္ခုနီမတို့ မရှိသေးရကား မြတ်သောတရားရှိသူကို ရှာဖွေသော် ထိုပြည်နှင့် မဝေးမနီး ကြီးစွာသော ပရိဗိုဇ်မတို့၏ကျောင်းတိုက်ကိုမြင်၍ ထိုသို့ဝင်ပြီးလျှင် ရှင်ရဟန်းပြုလိုကြောင်းဖြင့် တောင်းပန်ခယလျက် ပရိဗိုဇ်ရဟန်းမ ပြု၍နေ၏။

အကြင်အခါ၌ မဟာပဇာပတိ ဂေါတမီတို့သည် ဘိက္ခုနီအဖြစ်ကို ရလာ၍ ရာဇဂြိုဟ်ပြည်သို့ရောက်သည်ဟု ကြားလျှင်၊ များစွာသော ပရိဗိုဇ်မတို့နှင့်တကွ လာ၍ ပုစ္ဆာပြဿနာကို နှီးနှောကြသဖြင့် ဘုရားတရားတော်ကို ကြားနာရလေသော် သာသနာတော်၌ အနှစ်သာရရှိကြောင်းကိုသိ၍ ထို မဟာပဇာပတိထေရီအထံ၌ပင် တောင်းပန်၍ ရဟန်းပြုလေ၏။ ရဟန်းပြု၍ မကြာမြင့်မီပင် သင်္ခါရတရားတို့၏ အခြင်းအရာကို လေးဖြာသောမဂ်တို့ဖြင့် ဖြတ်၍ အရဟတ္တဖိုလ်သို့ ရောက်လေသတည်း။

ရဟန္တာ ဖြစ်ပြီးလျှင် အဘိညာဉ်တရားတို့ကို မပြတ်ပွားများစေသဖြင့် ပုဗ္ဗေနိဝါသဉာဏ်၌ အလွန်အကဲပင် မြော်မြင်လေ့လာနိုင်၏။

ထို့နောက် ဘုရား ဇေတဝန်ကျောင်းတော် သို့ရောက်သောအခါ ဤ ဘဒ္ဒကာပိလာနီထေရီကို 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ပုဗ္ဗေနိဝါသာနုဿတီနံ ဘိက္ခုနီနံ ယဒိဒံ ဘဒ္ဒကာပိလာနီ'ဟု ဧတဒဂ်အရာဖြင့် ချီးမြှင့်တင်ထား တော် မူသတည်း။

ဤကား ဘဒ္ဒကာပိလာနီထေရီ၏ အကြောင်းအထွေပွတ္တိ အမြွက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၅၃။ နန္ဒမာတာဥတ္တရာထေရီ၏ ရှေးအကြောင်းကို ပြခြင်း

နန္ဒမာတာဥတ္တရာဟူသော ဥပါသိကာမ၏ ရှေးအတိတ်အကြောင်းကား-

ဘုရားရှင် ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူသောအခါ ဤရာဇဂြိုဟ်ပြည်ဝယ် ကုဋေငါးဆယ် ဥစ္စာကြွယ်ဝသော 'သုမန'အမည်ရှိသော သူဌေးအိမ်ဝယ် လယ်ယာလုပ်မှုဖြင့် သူရင်းငှားပြု၍နေရသော 'ပုဏ္ဏ'အမည်ရှိသော သူဆင်းရဲတစ်ယောက် ရှိ၏။ ထို သူဆင်းရဲမ၏ မယားဖြစ်သော 'ဘာရိတာ'၌ 'ဥတ္တရာ' အမည်ရှိသော သတို့သမီးကို ရသတည်း။

တစ်ရံသောအခါ ရာဇဂြိုဟ်ပြည်သူပြည်သားတို့သည် နှစ်စဉ်ပျော်ပါးမြဲဖြစ်သော နက္ခတ်သဘင်အချိန်နှင့်ကြုံ၍ အလုံးစုံသော မိန်းမ, ယောကျ်ားတို့သည် 'ခုနစ်ရက်ပတ်လုံး နက္ခတ်သဘင် ပျော်ရွှင်ကစားကုန်အံ့'ဟု ကြွေးကြော်ကြသောအသံကို သုမနသူဌေး ကြားလတ်သော်၊ နံနက်စောစွာလာလတ်သော ပုဏ္ဏသူရင်းငှားကို ခေါ်၍ "အချင်းပုဏ္ဏ။ ယနေ့ သင်တို့သည် နက္ခတ်သဘင် ပျော်ရွှင်မြူးထူးကြအံ့လော။ ထိုသို့မဟုတ် လုပ်မြဲယူမြဲတိုင်းသောအခဖြင့် လယ်ထွန်ကိစ္စ ပြုအံ့လော"ဟု မေး၏။ ပုဏ္ဏ သူဆင်းရဲကလည်း "အရှင်သူဌေး။ အကျွန်ုပ်တို့မှာ ဥစ္စာစည်းစိမ်ရှိသောသူတို့ကို မတုသာချေ။ ယနေ့ လုပ်ခွင်တွင် မဝင်ငြားက မနက်ဖြန်စားစရာ မရှိပြီ။ သို့ဖြစ်၍ အဘယ်မှာ နက္ခတ်သဘင် ပျော်ရွှင်နိုင်အံ့နည်း။ ထွန်နှင့်နွားကို သနားပါလျှင် ယခုပင် လယ်သို့သွားပါအံ့"ဟု ဆို၏။

ထိုစကားကိုကြားသော် သုမနသူဌေးလည်း ပေးမြဲတိုင်းသောအခကို ပေး၍ ထွန်နွားတို့ကို အပ်၏။ ပုဏ္ဏ သူရင်းငှားလည်း ထွန်နွားကို ဆောင်ယူပြီးလျှင်၊ အိမ်ရှင်မ ဘာရိတာကို ခေါ်၍ "ရှင်မ။ ယနေ့ ငါ လယ်သို့သွား၍ များစွာပြီးအောင် ထွန်အံ့။ နေ့တိုင်းထက် အဆသာ၍ ငါ့အား ထမင်းပို့လာလော့"ဟု မှာပြီးမှ လယ်ထွန်ရာအရပ်သို့ သွားလေ၏။

ထိုအခါ အဂ္ဂသာဝကကြီးဖြစ်သော အရှင်သာရိပုတ္တရာလည်း နံ့သာတော၌ နိရောဓသမာပတ်ကို ခုနစ်ရက်ပတ်လုံး ဝင်စားတော်မူပြီး၍ ထိုနေ့နံနက်၌ သမာပတ်မှ ထတော်မူပြီးသော် 'ငါသည် ယနေ့ အဘယ်သူအား ချီးမြှောက်ရအံ့နည်း'ဟု ကြည့်ရှုလေလျှင်၊ ထွန်သွားငင်၍ လယ်ပြင်သို့လာသော ပုဏ္ဏသူဆင်းရဲကို မြင်လေ၍ 'ဤပုဏ္ဏအား ငါ ချီးမြှောက်သဖြင့် ကြီးမြတ်ကြွယ်ဝထိုက်သော ရှေးပါရမီ, ဤဘဝ၌ ရအပ်သောတရားနှင့် ပြည့်စုံပါ၏လော၊ မပြည့်စုံပါ၏လော'ဟု တွေးတောဆင်ခြင်ပြန်လျှင်၊ စုံလင်ညီညွတ်စွာရှိ၍ သမ္ပတ္တိလေးပါးကို လျှင်လျားစွာရအံ့သော အကြောင်းကိုမြင်၍ သင်္ကန်း, သပိတ်, ပရိက္ခရာကို လွယ်ပြီးသော် လာတော်မူခဲ့၍ ပုဏ္ဏသူဆင်းရဲလုပ်သော လယ်ကန်သင်း၌ ရေတွင်း၏အနီး ချုံကြီးတစ်ခုကို ရှု၍ ရပ်လင့်၏။

ထိုသို့ရပ်သည်ကို ပုဏ္ဏသူဆင်းရဲ မြင်လျှင် ကြည်ရွှင်ဝမ်းသာစွာ သဒ္ဓါတရားသည် ဖြစ်လတ်၍ 'အရှင်မြတ်ကား မျက်သစ်ဒန်ပူအလို့ငှာ ရပ်လာသည် ဖြစ်လတ္တံ့'ဟု ကြံပြီးသော်၊



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ကပ်လေ၍ ငါးရပ်သောရှိခိုးခြင်းတို့ဖြင့် ရှိခိုးလျက် နေလာ၏။ အရှင်သာရိပုတ္တရာလည်း ကိုယ်တွင်ပါသော သပိတ်, ရေစစ်တို့ကို ထုတ်အပ်၏။ ပုဏ္ဏလည်း မျက်နှာသစ်ရေကို ခပ်၍ ကောင်းမြတ်သောဒန်ပူနှင့်တကွ ကပ်ပေ၏။

အရှင်မြတ်လည်း ကပ်သော ရေ ဒန်ပူကို ခံယူသုံးဆောင်ပြီးလျှင် ဆင်ခြင်တော်မူသည်ကား 'ဤပုဏ္ဏတို့သည် သူတစ်ပါး၏အိမ်နောက်ဘေး၌သာ နေရရှာချေသည်။ အကယ်၍ ချင်းတို့အိမ်သို့ သွားသော်လည်း ချင်းမယား ငါ့ကို မဖူးမြင်ရရာ။ ထမင်းပို့လာသောအခါမှ လမ်းမှာ တွေ့စေတော့အံ့'ဟု ကြံလျက် အတန်ငယ်ဆိုင်းတော်မူပြီးသော် ခရီးစဉ်အတိုင်း ကြွတော်မူလေ၍၊ ထိုပုဏ္ဏ၏မယားဖြစ်သော ဘာရိတာလည်း ထမင်းအဖျော်တို့ကို သင့်လျော်စွာစီရင်၍ လင်၏ထံသို့ ပို့ခြင်းငှာလာခဲ့သော် ခရီးအကြား၌ အရှင်သာရိပုတ္တရာကို မြင်၍ ဆင်ခြင်လတ်သည်ကား 'ရှေးရှေးသောနေ့တို့၌ ဤအရှင်မြတ်တို့ကို တပ်အပ်ကိုယ်ထင် ငါတွေ့လျှင်လည်း ကိုယ်တွင် လှူဒါမပါဘဲ ရှိခဲ့သည်။ ကိုယ်တွင် လှူဒါ ပါသောအခါလည်း ပက်ပင်းပါ မတွေ့ခဲ့ ဖြစ်သည်။ ယခုမူကား အလှူဝတ္ထုလည်း ငါ၌ ပါ၏။ အရှင်ကောင်းကိုလည်း တွေ့ကြုံရ၏။ ဤအခါမှ မလှူရမူ ငါ့အား အဘယ်မှာ ကုသိုလ်ဖြစ်တော့အံ့နည်း'ဟု ကြံပြီးလျှင်၊ အရှင်သာရိပုတ္တရာ၏ခြေရင်း၌ ထမင်းခွက်ကိုချ၍ ပဉ္စပတိဋ္ဌိတတို့ဖြင့် ရှိခိုးပြီးသော် "ကိုယ်တော်မြတ်သည် ဒကာမအား သနားကယ်မတော်မူသဖြင့် ကောင်းဆိုး, ယုတ်မြတ်မဟူ ဤဆွမ်းအလှူကို ခံတော်မူပါ"ဟု လျှောက်၍ ခွက်မှထမင်းကို သပိတ်အတွင်းသို့ လောင်း၏။ ထမင်းတစ်ဝက်ခန့် ရောက်လျှင် အရှင်မြတ်လည်း "တန်ပြီ"ဟု သပိတ်ကို ဖုံးစေ၏။

ထိုအခါ ဘာရိတာလည်း "အရှင်ဘုရား။ ဤဆွမ်းကား တစ်ယောက်စာမျှ ဝလောက်ရုံသာ ဖြစ်ပါသည်။ ချန်၍ထားခြင်းငှာ မတတ်ကောင်းပါ။ ဒကာတော်မအား ဤလောက်ဖြင့် ချီးမြှောက်ခြင်းကို မပြုပါလင့်။ တမလွန်ဖြင့်သာ သင်္ဂြိုဟ်တော်မူပါ"ဟု လျှောက်၍ အကြွင်းမဲ့လောင်းပြီးမှ "ဤကောင်းမှု၏ အာနိသံသကို ဒိဋ္ဌဓမ္မ၌ပင် ခံစားရပါလို၏"ဟု ဆုတောင်း၏။ အရှင်သာရိပုတ္တရာလည်း "ဒါယိကာမ တောင့်တတိုင်း ပြည့်စုံစေ"ဟု ဆို၍၊ ရပ်လျက်ပင် တရားအနုမောဒနာပြုပြီးမှ ကြွတော်မူလေ၏။

ထို ဘာရိတာလည်း အိမ်သို့တစ်ဖန် ပြန်ပြီးသော် ဆန်, ဟင်းရွက်တို့ကို ရှာ၍ ကောင်းစွာ ချက်ပြီးမှ လင်ပုဏ္ဏထံသို့ ပို့ခြင်းငှာ လာ၏။ ထိုပုဏ္ဏလည်း ရှစ်မင်းပယ်မျှလောက်သော လယ်အရပ်သို့ လှည့်ပတ်ကာထွန်ပြီး၍ အလွန် မောပန်းဆာမွတ်ရကား နွားတို့ကို သင့်ရာ၌ လွှတ်ဘိ၍ မိမိမှာ လယ်ကန်သင်းကို ခေါင်းစိုက်လျက် အိပ်နေ၏။ မယားဘာရိတာ အနီးသို့ရောက်လျှင် 'လင်မောင်ပုဏ္ဏသည် အာဟာရဆာမွတ်ခြင်းဖြင့် ငါ့အား အမျက်ထွက်၍ နှိပ်စက်ခြိမ်းမောင်းလျှင် ယခင်ပြုခဲ့သော ဒါနသည် ငါ့အား လည်းကောင်း, သူ့အား လည်းကောင်း အကျိုးမရှိ နိရတ္ထကသာ ဖြစ်ဘိရာသည်။ ရှေးဦးစွာ အကြောင်းကိုကြားအံ့'ဟု ကြံ၍၊ အသံကြားလောက်သောဌာနသို့ ရောက်လျှင် "ချစ်လင်ပုဏ္ဏ။ အကျွန်ုပ်သည် ယနေ့ စောစွာကပင် ထမင်းအစာ ဆောင်၍လာသည်ကို အရှင်သာရိပုတ္တရာနှင့် လမ်းခရီးမှာ တွေ့ရ၍



www.burmeseclassic.com

www.burmeseclassic.com



ပါသမျှကို ကပ်လှူလိုက်ပြီးမှ အိမ်သို့တစ်ဖန် ပြန်၍ချက်ရသဖြင့် နေမြင့်ချေသည်။ အကျွန်ုပ်၏အပြစ်ကို သည်းခံပါ။ သင့်အစာကို လှူလိုက်ရသော ဒါနအထူးကိုလည်း ကြည်နူးဝမ်းမြောက်ပါလော့" ဟု ဆို၏။

ထိုစကားကို ကြားလျှင် လင်မောင်ပုဏ္ဏလည်း အားရဝမ်းသာ သဒ္ဓါတိုးပွားလျက် "နံနက်အခါကပင် ငါလည်း ဤရှင်ချစ်အား မျက်သစ်ဒန်ပူ ကပ်လှူလိုက်ရပါသည်။ သင်အမျှသာ ယူလော့"ဟု ပျူပျူငှာငှာပြောဆို၍ ပါသောထမင်းကို စားကြ၏။ ထိုသို့စားပြီးလျှင် ပင်ပန်းခြင်းမပြေလတ်ရကား မယားဘာရိတာ၏ တင်ထက်၌ ခေါင်းစိုက်၍ အိပ်ပြန်၏။

ထိုအခါ မိမိထွန်ယက်ခဲ့သော လယ်ယာမြေတစ်ပြင်လုံးသည် ထွန်ကျစ်စာမှစ၍ ရွှေတုံးအတိဖြစ်လျက် လျှပ်စစ်တိမ်မီးရောင်ကဲ့သို့ တပြောင်ပြောင်ထွန်းတောက်၏။

မောင်ပုဏ္ဏလည်း အိပ်ရာမှနိုးသောအခါ ဖြစ်လာသောရွှေတို့ကို မြင်၍ "အိမ်ရှင်မ။ ထ၍ မျှော်စမ်းဦးလော့။ ငါ မောပန်းစွာ ထမင်းအစာကို စားရဘိ၍ မျက်စိလည်သဖြင့်ပင် ထင်လေသလော။ အလုံးစုံသောလယ်မြေတွင် ရွှေအတိပင် မြင်ခဲ့၏တကား"ဟု ဆိုသော်၊ ထိုဘာရိတာကလည်း "အကျွန်ုပ်လည်း ရွှေအတိသာ မြင်ပါ၏"ဟု ပြောလျှင်၊ ဆောစွာထ၍ကျုံးပြီးမှ ထွန်တုံးထက်၌ ရိုက်နက်ထုချေ၍စမ်းသဖြင့် ရွှေစစ်မှန်းကိုသိလေက မယားဘာရိတာကို ခေါ်၍ "အိမ်ရှင်မ။ အမြန်လာ၍ ရှုပါဦးလော့၊ ရှေးရှေးသောအခါက ငါတို့စိုက်ပျိုးအပ်သော မျိုးပဲဗီဇသည် သုံးလေးလကြာမှ စားသုံးရသည်။ ယခု အရှင်သာရိပုတ္တရာ၏ထံ၌ အတန်ငယ်မျှ မျိုးချစိုက်ပျိုးအပ်သော ကုသိုလ်မျိုးစေ့သည် ကာလမရွေ့ ယနေ့ပင်ပွားစီး၍ အတိုင်းမသိ သီးပေသည်။ အံ့ဖွယ်ရှိစွ။ ငါ ထွန်ခဲ့သမျှမြေကြီးသည် ဆီးကင်းခန့်မျှ မကျန်ပြီ။ အလွန်နီသော ရွှေစိုင်ရွှေခဲသာ ဖြစ်တော့သည်"ဟု ဆို၏။

ထိုဘာရိတာကလည်း "ဤမျှလောက်သော ဥစ္စာကို ငါတို့ဖုံးလွှမ်း၍ သုံးဆောင်ခြင်းငှာ မတတ်နိုင်ရာ။ ဗိမ္ဗိသာရမင်းကြီးအား လျှောက်ကြားမှ သင့်မည်"ဟု တိုင်ပင်လျက်၊ ဘာရိတာ တွင်ပါသော ထမင်းခွက်ကို ရွှေဖြင့်ပြည့်စေပြီး၍ မင်းကြီး၏နန်းတော်သို့ ဝင်လေ၏။

မင်းကြီးလည်း "အကြောင်း အသို့ရှိသနည်း"ဟု မေးတော်မူလျှင်၊ "အရှင်မင်းမြတ်။ ယနေ့ အကျွန်ုပ်တို့ထွန်အပ်သော လယ်ယာမြေရပ်အလုံးသည် ရွှေတုံးရွှေခဲအတိသာ ဖြစ်လာပါသည်။ ဆောင်ယူခြင်းငှာ များစွာသောလှည်းတို့ကို လွှတ်တော်မူပါ"ဟု လျှောက်၏။

မင်းကြီးက "သင် အဘယ်အမည် ရှိသနည်း။ အဘယ်ကောင်းမှုကို ပြုခဲ့ဘိသနည်း"ဟု မေးပြန်လျှင်၊ "အကျွန်ုပ်ကား ပုဏ္ဏအမည်ရှိသော သူရင်းငှား ပါတည်း။ နံနက်သောအခါက ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာအား မျက်သစ်ရေ ဒန်ပူတို့ကိုလည်းကောင်း၊ တစ်ထပ်စာသော ဆွမ်းကို လည်းကောင်း လှူဒါန်းပူဇော်ပါသည်"ဟု လျှောက်၏။

မင်းကြီးကလည်း "သင်တို့ အရှင်မြတ်အား လှူအပ်သောဒါန၏အကျိုးဆက်ကို မျက်မှောက်ပင် ခံစားရချေတော့မည်"ဟု ဆို၍၊ မင်းချင်းတို့ကိုခေါ်ပြီးလျှင် "ယခုပေါ်သော ရွှေရတနာတို့ကို များစွာသောလှည်းတို့ဖြင့် ဆောင်ယူချေ"ဟု စေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းချင်းယောက်ျားတို့ သွား၍ များစွာသောရွှေအထုကို မြင်လျှင် "ငါတို့အရှင် ဗိမ္ဗိသာရမင်းကြီး၏ဘုန်းတော်ကြောင့် ပေါ်ပေါက်လာသော ဥစ္စာပေတည်း"ဟု ဆို၍ ကျုံးယူကြ၏။ လက်သို့ရောက်သောအခါ မြေအတိသာ ဖြစ်ပြန်သတည်း။

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား လျှောက်ကြားပြန်လျှင် "သင်တို့ အဘယ်သို့ ဆို၍ ကျုံးသနည်း"ဟု မေး၍၊ "အရှင်မင်းကြီး၏ဥစ္စာ ဟု ဆို၍ ကျုံးပါသည်"ဟု လျှောက်လျှင်၊ "ငါ၏ဥစ္စာ မဟုတ်ပေ။ ပုဏ္ဏသူဆင်းရဲ၏ ဥစ္စာဟု ဆို၍သာ ကျုံးလေ"ဟု စေတော်မူ၏။

မင်းချင်းတို့လည်း မှာလိုက်သောအတိုင်း ဆို၍ကျုံးသောအခါမှ ရွှေအစစ်ရ၍ လှည်းတို့ဖြင့် အပြည့်တင်ပြီးသော် မင်းရင်ပြင်သို့ဆောင်၍ ပုံထားသည်။ အစောက်အားဖြင့် အတောင် ရှစ်ဆယ် မြင့်သတည်း။

မင်းကြီးသည် ပြည်သူပြည်သားတို့ကို စည်းဝေးစေ၍ "ငါတို့ ရာဇဂြိုဟ်ပြည်ဝယ် အဘယ်သူ၏အိမ်၌ ဤမျှလောက်သောရွှေ ရှိသနည်း"ဟု မေး၍၊ 'မရှိပါကြောင်း'ကို လျှောက်ကြလျှင် "ပုဏ္ဏကား သူဌေး၏အရာဌာနကို ရသင့်ပေပြီ"ဟု ဆို၍၊ ထိုထိုသို့သော သူဌေးကြီးတို့၏ အစီးအနင်း အဆောင်အရွက်ဖြစ်သော ထီး, စည်နှင့်တကွ ပေးတော်မူ၏။

ထိုအခါ ပုဏ္ဏ, ကလည်း "အရှင်မင်းကြီး။ အကျွန်ုပ်တို့သည် ဤမျှလောက်သော ကာလပတ်လုံး သူတစ်ပါးအိမ်ကိုသာ မှီ၍နေရပါသည်။ လျောက်ပတ်သောအိမ်ကို သနားတော်မူပါဦး"ဟု လျှောက်တင်လေသော်၊ "သင်တို့ နှစ်သက်သောအရပ်၌ နေလေလော့"ဟု ခွင့်ပေး၍ ရှေးသူဌေးဟောင်းတို့ နေရာတစ်ခုကို သုတ်သင်၍နေရ၏။

ထို ပုဏ္ဏသူဌေးကား လေး, ငါးရက်ပတ်လုံး အိမ်ကိုပြုပြင်ပြီးသော် သဘင်ကြီးစွာခံလျက် တစ်ပြိုင်နက်ပင် အိမ်တက်မင်္ဂလာ, ထီးဆောင်းမင်္ဂလာ, သမီးဥတ္တရာ၏ နားထွင်းမင်္ဂလာတို့ကို ပြုလျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးကို ပေး၏။

ထိုအခါ မြတ်စွာဘုရားလည်း အစဉ်သောစကားဖြင့် တရားအနုမောဒနာ ပြုတော်မူသော် ဒေသနာတော်၏အဆုံး၌ သုံးယောက်သောသူတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။ ထိုနေ့မှစ၍ သူဌေးလင်မယားတို့သည် ဘုရားသခင်အား လည်းကောင်း၊ သံဃာတော်တို့အား လည်းကောင်း ခစားလုပ်ကျွေးခြင်းကိုပြုလျက် သီတင်းသီလ ဆောက်တည်ကြသတည်း။

တစ်ရံသောကာလ မိမိတို့မှီ၍ နေခဲ့ရသော သုမနသူဌေးကြီးက "သမီးဥတ္တရာကို သား နန္ဒနှင့် ထိမ်းမြားလိုပါကြောင်း"ဖြင့် တောင်းလာ၏။

ထိုအခါ ပုဏ္ဏသူဌေးက "ဤသုမနကား ဘုရား, တရား, သံဃာ, ရတနာသုံးပါးတို့၏ ကျေးဇူးဂုဏ်ကို မသိ။ မိစ္ဆာဒိဋ္ဌိကြီး ဖြစ်သည်။ ငါ့သမီး ဥတ္တရာကား ရတနာသုံးပါးနှင့် ကင်း၍မနေနိုင်။ ထို့ကြောင့် ငါ့သမီးကို ထိုသူ၏သားနှင့် မထိမ်းမြားလို"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ များစွာသော အဆွေခင်ပွန်းသူဌေးတို့ကလည်း "အဆွေပုဏ္ဏ။ ယောကျ်ားဟူသမျှသည် တစ်ဘဝလုံး ဤကဲ့သို့ချည်း အယူရှိသည် မဖြစ်ရာ။ သင်သည် ဤသုမနသူဌေးအိမ်ဝယ် ကပ်တွယ်မှီတင်းသဖြင့် ရှည်မြင့်စွာ နေရဖူးပေသည်။ မိတ်ဆွေ၏အဖြစ်ကို မဖျက်ပါလင့်။ သင့်သမီးဥတ္တရာကို မဟာမိတ် ဆက်လက်မိအောင် သုမနသူဌေးသား နန္ဒအား ပေးပါလော့"ဟု ဆိုကြ၏။

သူဌေးပုဏ္ဏလည်း အကြိမ်ကြိမ်တောင်းပန်ကြသော စကားကို အားနာသဖြင့် "ကောင်းပါပြီ"ဟု ဝန်ခံလိုက်ပြီးမှ အချိန်းအချက် ရက်နီးသောအခါ သမီးဥတ္တရာကို ကောင်းစွာ ပြင်ဆင်၍ အခြံအရံနှင့်တကွ နွယ်တာလပြည့်နေ့၌ သုမနသူဌေးအိမ်သို့ ပို့ရလေ၏။

ထို သုမနသူဌေးလည်း ချွေးမဥတ္တရာ ရောက်လာသောနေ့ပင် မိမိသားနှင့် ထိမ်းမြားလက်ထပ်ခြင်းကို ပြုပေ၏။

သတို့သမီးဥတ္တရာလည်း လင့်အိမ်သို့ရောက်၍ နှစ်ရက်, သုံးရက်မြောက်ရှိလျှင် မိမိလင်ကို ရိုသေစွာခယ၍ "အရှင့်သား။ အကျွန်ုပ်ကား မိဘတို့အိမ်၌ နေသောကာလ လဆန်းပက္ခ၌ လေးရက်, လဆုတ်ပက္ခ၌ လေးရက်အားဖြင့် ရှစ်ပါးသော ဥပုသ်နေ့တို့၌ အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်မြဲဖြစ်ပါသည်။ ဘုရားသခင်ကိုဖူးမြင်၍ တရားတော်ကို နာမြဲ ဖြစ်ပါသည်။ ယခုလည်း အရှင့်သားသည် အကျွန်ုပ်အား ခွင့်သနားပါလျှင် ရှေးကာလ ပြုမြဲတိုင်းသော ကုသိုလ်ကို ပြုလိုပါသည်"ဟု ခွင့်တောင်း၏။ လင် နန္ဒသူဌေးကလည်း "သင့်အား ငါ ခွင့်မလွှတ်နိုင်" ဟု ဆို၏။

ထို့နောက် အဖန်ဖန်ခွင့်တောင်းပြန်သောကာလ "သင်တို့ဆရာ ဂေါတမကို ခယ ဝပ်တွားသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ပူဇော်လှူဒါန်းသဖြင့် ဥစ္စာကုန်ခန်းရုံသာ မဟုတ်လော။ ဥပုသ်ဆောက်တည်ပါသဖြင့် ကာမချမ်းသာမြတ်သည် လစ်လပ်ရုံသာ မဟုတ်လော" ဟု ဆို၍ ဆိတ်ဆိတ်နေ၏။

ယင်းသို့လျှင် ရှင်မ ဥတ္တရာသည် လင့်အိမ်သို့ရောက်သည်မှစ၍ တစ်စုံတစ်ခုသော ဒါန, သီလကိုမျှ မပြုရဘဲ နှစ်လခွဲတိုင်တိုင်ရှိလေသော် မမွေ့လျော်ခြင်းဖြင့် ပြင်းစွာနှိပ်စက် သောနှလုံး ရှိရကား မိဘသူဌေးတို့၏အထံသို့ တမန်စေလိုက်၏။

စာတွင် မှာလိုက်သည့်စကား –

'ကြီးမားသောကျေးဇူးအရှင် မိခင်မွေးမိဘတို့။ အကျွန်ုပ်ကို ယုတ်ညံ့သိမ်ဖျင်း ကျဉ်းကျပ်စွာသော ဤနှောင်အိမ်အတွင်းသို့ အဘယ့်ကြောင့် ပို့သွင်းပါသနည်း။ ဆင်းရဲလှသော သူနုပ်တို့၏အထံဝယ် တစ်သက်ပတ်လုံး ကျွန်စာရင်းဖြင့် သွတ်သွင်း၍အပ်သော်လည်း မြတ်၏ဟု ထင်ပါသေး၏။ ဤမျှလောက်စင် အမြင်, အကျင့် ယုတ်မာသော မိစ္ဆာဒိဋ္ဌိအမျိုး၏ အိမ်သို့ ပို့ခြင်းကို အကျွန်ုပ် မနှစ်သက်နိုင်ပါ။ ဤအိမ်ကို လာသည်မှစ၍ ယနေ့ထက် တိုင်အောင်ပင် ဘုရားသခင်နှင့် သံဃာတော်တို့အား ခစားလုပ်ကျွေးရမည်ကို မဆိုသာ။ ဖူးမြင်ပူဇော်ရုံကိုမျှ အခွင့်မရပါ'ဟု မှာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို အဖဖြစ်သော ပုဏ္ဏသူဌေးကြားလျှင် "ငါကား မှားခြင်းကြီးမှား၍ ငါ့သမီးသည် နှလုံးဆင်းရဲစွာ ရှိရှာလေပြီ"ဟု အလွန်သော သနားပင်ပန်းခြင်းသည် ဖြစ်၏။ ထို့နောက်မှ အကြံရ၍ တစ်သောင်းငါးထောင်မျှလောက်သော အသပြာကို ထုတ်ပေးပြီးလျှင် သမီးဥတ္တရာကို ဤသို့ မှာလိုက်၏။

"ချစ်သမီး။ ဤရာဇဂြိုဟ်ပြည်၌ သိရိမာမည်သော ပြည့်တန်ဆာမသည် မိမိကိုယ်ခဖြင့် အသက်မွေး၏။ တစ်နေ့တစ်နေ့၌ အသပြာ တစ်ထောင်, တစ်ထောင်ပေး၍ ပျော်ပါးရ၏။ ထိုသိရိမာကို ငှား၍ သင့်လင်အား လုပ်ကျွေးစေ။ သင်မူကား အလိုရှိသမျှ ဒါန, သီလကို အားထုတ်၍နေလေ"ဟု မှာလိုက်၏။

ဥတ္တရာလည်း မှာသောတမန်တို့ရောက်၍ ဖခင်မှာလိုက်သောစကားကို ကြားလျှင် အားရဝမ်းသာစွာဖြစ်၍ သိရိမာအမည်ရှိသော ပြည့်တန်ဆာမကိုခေါ်ပြီးလျှင် "အဆွေမ။ ငါကား ဤလခွဲမျှလောက်ကို ဥပုသ် ဆောက်တည်လိုပါသည်။ သင်မူကား ဤ တစ်သောင်းငါးထောင်သော အသပြာကိုယူ၍ ငါ၏လင်သူဌေးကို လုပ်ကျွေးရစ်ပါ"ဟု ဆို၏။ သိရိမာလည်း "ကောင်းပါပြီ" ဟု ဝန်ခံလျှင်၊ မိမိလင်ဖြစ်သော သူဌေးအထံသို့ ဆောင်၍ "အမောင်သူဌေး။ ဤမိန်းမငယ်ကား အကျွန်ုပ်၏ ခင်ပွန်းမတည်း။ ဤလခွဲကာလကို အကျွန်ုပ်ကိုယ်စား အရှင့်သားကို လုပ်ကျွေးပါလတ္တံ့။ အကျွန်ုပ်မှာ ဘုရားသခင်၏တရားတော်ကို နာ၍ ဥပုသ်ဆောက်တည်ကာ နေပါရစေ"ဟု ခွင့်တောင်း၏။ လင်သူဌေးလည်း အဆင်းပြင်လျာနှင့်ပြည့်စုံသော သိရိမာကိုမြင်လျှင် ချစ်ခင်တိမ်းညွတ်သောစိတ် ရှိသည်ဖြစ်၍ "ကောင်းပြီ" ဟု ခွင့်လွှတ်လိုက်၏။

ယင်းသို့ အခွင့်ရလျှင် ဥတ္တရာလည်း များစွာသောကျွန်မတို့နှင့်တကွ အထူးထူးသော ဘောဇဉ်ကို စီရင်ပြုထားလျက် ဘုရားသခင်အထံတော်သို့ ကပ်၍ "ကိုယ်တော်မြတ်သည် တပည့်သံဃာ ငါးရာနှင့်တကွ ဤ လခွဲကာလကို သူတစ်ပါးအိမ်သို့ မကြွမူ၍ ဒကာတော်မ အိမ်၌သာ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု ပင့်ဖိတ်၏။

ဘုရားသခင်လည်း ဝန်ခံတော်မူ၍ တစ်နေ့မခြား ထိုဥတ္တရာ၏အိမ်၌သာ ဆွမ်းဘုဉ်းပေးတော်မူ၏။ ဥတ္တရာလည်း တရားတော်ကိုနာ၍ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ဆောက်တည်ပြီးလျှင် တစ်ခုသော ပြာသာဒ်အပြင်၌သာ ကောင်းစွာနေလေ့ပြုသတည်း။

ဝါကျွတ်လပြည့် အဖိတ်နေ့သို့ရောက်သောအခါ ရှင်မ ဥတ္တရာလည်း များစွာသော ကျွန်မတို့နှင့်တကွ စားဖိုအိမ်ဝယ် အသွယ်သွယ်သော ခဲဖွယ်ဘောဇဉ်တို့ကို ပြုပြင်လုပ်ဆောင်လျက်နေသည်နှင့်၊ လင်ဖြစ်သောသူဌေးလည်း လေသွန်တံခါးဝ၌ရပ်၍ ရွှသဖြင့် စားမှုသောက်မှုကိုပြုပြင်နေသော ဥတ္တရာကိုမြင်လျှင် "ဤကျွန်ယုတ်မကား အလွန် မိုက်မဲလေစွတကား။ ကြီးမားမြင့်မြတ်လှသော စည်းစိမ်ချမ်းသာကို ခံစားကာမနေလိုဘဲ ဤစားဖိုအိမ်ထဲဝယ် ပြာ, အိုးမည်း အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် ပြိုက်ပြိုက်စီးယိုသောချွေးရှိအောင် ဆင်းရဲလျက်



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည်းဖြစ်သော ရဟန်းဂေါတမတို့ကို လုပ်ကျွေးခြင်းငှာ ချက်ပြုတ်၍ နေဘိတကား"ဟု ကဲ့ရဲ့ရှုတ်ချလျက် သည်းစွာရယ်ရွှင်၍ တိုက်တွင်းသို့ ဝင်လေ၏။

ထိုသို့ရယ်ရွှင်သည်ကို သိရိမာမြင်လျှင် 'အရှင်သူဌေးသည် အဘယ်ကိုမြင်၍ ရယ်ဘိသနည်း'ဟု ထို လေသွန်တံခါးဖြင့် ရှုလတ်သော် ဥတ္တရာကိုမြင်၍ 'ငါ့လင်သူဌေးကို ဤမိန်းမသည် ဖျောင်းဖျဖျက်ဆီးဟန်ရှိသည်'ဟု ကြံဘိ၍၊ မိမိ၏'ဇင်မဘရိယ'၏အဖြစ်ကို မဆင်ခြင်ဘဲ စည်းစိမ်ရှင်ကဲ့သို့မာန်ကြွ၍ ထာဝရစည်းစိမ်ရှင်ဖြစ်သော ဥတ္တရာကို ကြီးစွာ ရန်ငြိုးထားလျက် ထောပတ်ချက်ရာသို့ သွား၍ယူပြီးလျှင်၊ ကျိုက်ကျိုက်ဆူသောထောပတ် ရည်ကျက်ဖြင့် ဥတ္တရာ၏အထက်၌ သွန်းလောင်းအံ့သောငှာ မှုတ်ဖြင့်ယူလာ၏။

ဥတ္တရာလည်း ထိုသို့လာသည်ကို မြင်လျှင် 'ဤခင်ပွန်းမ သိရိမာကား ငါ၏ကျေးဇူးသခင် ဖြစ်သည်။ ငါ့လင်သူဌေးကို သူ လုပ်ကျွေးပေသောကြောင့်သာ ဒါန, သီလ, ဘာဝနာကို ငါ ပြုခွင့်ရပေသည်။ ယူဇနာ တစ်သန်းနှစ်သိန်း သုံးထောင်လေးရာ့ငါးဆယ် ကျယ်သော စကြဝဠာနှင့် သိရိမာ၏ကျေးဇူးကိုစာသော် စကြဝဠာကား ကျဉ်း၏၊ သိရိမာ၏ ကျေးဇူးသာ ကျယ်ဝန်း၏။ အကနိဋ္ဌဗြဟ္မာ့ပြည်နှင့် သိရိမာ၏ကျေးဇူးကိုစာသော် ဗြဟ္မာ့ပြည်ကား နိမ့်သေး၏၊ သိရိမာ၏ကျေးဇူးကား မြင့်မြတ်၏။ ထို့ကြောင့် သိရိမာကို ငါ အမျက် မရှိသင့်ပေ။ အကယ်၍ အမျက်ရှိချေအံ့။ ယခုလောင်းသော ထောပတ်ရည်သည် ငါ့ကို လောင်စေသတည်း။ အကယ်၍ အမျက်မရှိမူကား ချမ်းအေးစွာသော နံ့သာရည်ပျောင်းကဲ့သို့ သွန်းလောင်းတိုင်း အေးစေသတည်း'ဟု မနောအဓိဋ္ဌာန်ဖြင့် ခံလင့်ကာနေ၏။

သိရိမာလည်း ယူလာခဲ့သောထောပတ်ကျက်ဖြင့် ဥတ္တရာ၏ဦးခေါင်းထက်၌ သွန်းလောင်းသော် မေတ္တာအာနုဘော်အဟုန်ကြောင့် တစ်စုံတစ်ခုမျှ ပူခြင်းသည် မရှိ။ ပကတိရေချမ်းဖြင့် ဆွတ်ဖျန်းသကဲ့သို့သာ ဖြစ်၏။

သိရိမာလည်း 'ဤထောပတ်ကား အယူနှေး၍ အေးမြဟန်ရှိသည်။ တစ်ဖန်လာ၍ ငါ လောင်းဦးအံ့' ဟု ကြံလျက် မြန်စွာသွား၍ ခပ်ယူပြီးလျှင်၊ ယခင်ကကဲ့သို့ လာပြန်သော် ဥတ္တရာ၏ကျွန်မတို့က မြန်စွာထ၍ "ဟယ် မိန်းမယုတ်။ သင်သည်ကား ကမ်းနားသစ်ပင်ကဲ့သို့ အငှားမယားသာဖြစ်လျက်၊ ငါတို့အရှင်မကို ဘယ်မာနဖြင့် နှိပ်စက်ဘိသနည်း"ဟု ဆို၍ ဆံထုံးကိုင်ငင်လျက် အိမ့်ပြင်၌လှဲပြီးလျှင် သည်းစွာပုတ်ခတ်ကြကုန်၏။

ထိုကိုမြင်သောအခါ ဥတ္တရာလည်း လျှင်စွာထ၍ "ငါ့ခင်ပွန်းမကို မပြုကြပါလင့်" ဟု မြစ်တား၍၊ ပုတ်ခတ်မိသောဒဏ်ရာများကို ဆီနံ့သာဖြင့် ကောင်းစွာ သုတ်လိမ်းပေး၏။ ထိုအခါမှ သိရိမာလည်း မိမိ၏ ဗာဟိရမိန်းမ၏အဖြစ်ကို သိ၍ 'ငါသည် ဝန်လေးစွာသော အမှုကို ပြုမိချေသည်တကား။ လင်ယောကျ်ားရယ်ကာမျှဖြင့် မဆွေရလ္လာသာဖြစ်၍ စင်စစ် သူတော်ကောင်းမကို ပြစ်မှားမိပေသည်တကား။ သူ့အား ငါ ဝန်မချမူ ငါ့ဦးခေါင်းသော်လည်း ခုနစ်စိတ် ကွဲဘိရာ၏'ဟု ကြံ၍၊ လွန်စွာသောထိတ်လန့်ခြင်းဖြင့် ဥတ္တရာ၏ခြေရင်း၌ ဝပ်စင်း ဦးတိုက်ပြီးလျှင် "အရှင်မ။ အကျွန်ုပ် ပြုမိသောအပြစ်ကို သည်းခံပါ"ဟု တောင်းပန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဥတ္တရာကလည်း "အဆွေသိရိမာ။ ငါကား အဖရှိသော သမီးပေတည်း။ ငါ၏အဖဖြစ်သော ဘုရားသခင်က သည်းခံစေလိုလျှင် သင့်ကို ငါ သည်းခံအံ့"ဟု ဆိုပေ၏။ ထိုသိရိမာကလည်း "အကျွန်ုပ်သည် ဘုရားသခင်နှင့်လည်း အကျွမ်းမဝင်ပါ။ အသို့ တောင်းပန်ရပါအံ့နည်း"ဟု ဆိုလျှင်၊

"ဘုရားသခင်သည် မနက်ဖြန်နံနက်ပင် ငါတို့အိမ်သို့ ကြွလာလတ္တံ့။ ထိုအခါ သင်သဒ္ဓါသမျှသော အရာဝတ္ထုဖြင့် ပူဇော်၍ တရားတော်ကိုနာပြီးမှ အပြစ်ကိုပြ၍ တောင်းပန်လော့"ဟု သင်ပေး၏။ သိရိမာကလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ အခြံအရံဖြစ်သော မိန်းမငါးရာတို့နှင့်တကွ အိမ်သို့သွားပြီးလျှင် ဆွမ်းဘောဇဉ်တို့ကို စီရင်ဆောင်ယူခဲ့၏။

နံနက်အရုဏ်တက်၍ ဘုရား ကြွလာတော်မူသောအခါ မိမိ၏အလှူဒါနကို ဥတ္တရာအားအပ်၍ ကပ်လှူလုပ်ကျွေး၏။

ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားသခင်ခြေတော်ရင်း၌ ဝပ်စင်းလျက် "ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ အကျွန်ုပ်သည် ဥတ္တရာအမည်ရှိသော ခင်ပွန်းမအား ယမန်နေ့က ဤမျှသောအပြစ်ကို ပြုမိပေသည်။ ထိုအပြစ်ကို လွှတ်စိမ့်သောငှာ ကန်တော့ပါသော်လည်း 'ကိုယ်တော်မြတ်က သည်းခံစေမှ သည်းခံအံ့'ဟု ဆိုပါသည်။ ထိုအပြစ်ကို သည်းခံစေတော်မူပါ"ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားလည်း သိရိမာအား သူတော်ကောင်းကို ပြစ်မှားခြင်း၌ ကြီးမားသောအပြစ် ရှိသည်ကို ဟောတော်မူ၍၊ဥတ္တရာကို ခေါ်ပြီးလျှင် "ချစ်သမီး ဥတ္တရာ။ သိရိမာသည် ကျိုက်ကျိုက်ဆူသောထောပတ်နှင့် လောင်းလာသောကာလ အသို့ နှလုံးရှိသနည်း"ဟု မေး၏။ ဥတ္တရာကလည်း "ဒကာတော်မကား သိရိမာကြောင့် ဒါန, သီလကို ပြုခွင့်ရပေသည်။ ကိုယ်တော်မြတ်ကို ဖူးခွင့်ရပေသည်။ တရားတော်ကို နာရပေသည်။ 'ဤသိရိမာကား ငါ၏ကျေးဇူးရှင် ဖြစ်ပေသည်။ စကြဝဠာကောင်းကင် မြေပြင်မက ကြီးကျယ်လှသော ဂုဏ်သခင်ဖြစ်ပေသည်'ဟု သိရိမာကို လွန်စွာချစ်ကြည်သော မေတ္တာစိတ်ဖြင့်သာ ခံနေပါသည်"ဟု လျှောက်သော်၊ ကိုယ်တော်မြတ်ကလည်း ဥတ္တရာအား သာဓု, သာဓု, သာဓုဟု သုံးကြိမ်ကောင်းချီးပေးတော်မူ၍-

'အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလီကဝါဒိနံ-' ဟူသောဂါထာကို ကောင်းစွာဟောတော်မူ၏။

အနက်ကား - ဥတ္တရေ၊ သမီးမြတ်စွာ ဥတ္တရာ။ ကောဓံ၊ ကြမ်းကြုတ်ခက်ထန် စောင်မာန်အမျက် ကြီးသောသူကို။ အက္ကောဓေန၊ အမျက်မကူ ကြည်ဖြူသာယာ မေတ္တာစကားဖြင့်။ ဇိနေ၊ အောင်ရာ၏။ အသာဓုံ၊ သူတော်မဟုတ် ယုတ်သောအကျင့် ရှိသောသူကို။ သာဓုနာ၊ နူးညံ့စင်ကြယ် တင့်တယ်ကောင်းမြတ်သော အကျင့်ဖြင့်။ ဇိနေ၊ အောင်ရာ၏။ ကဒရိယံ၊ ဝန်တိုစဉ်းလဲ စေးနဲချုပ်ချယ်သောသူကို။ ဒါနေန၊ စွန့်ကြဲပေးကမ်း ထောက်ပံ့သောအမှုဖြင့်။ ဇိနေ၊ အောင်ရာ၏။ အလီက ဝါဒိနံ၊ ချွတ်လွဲဖောက်ပြန် မမှန်စကား မုသားဆိုတတ်သူကို။ သစ္စေန၊ မဖောက်မပြန် ဟုတ်မှန်သောစကားဖြင့်။ ဇိနေ၊ အောင်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောဒေသနာကို ဟောကြား၍ သစ္စာလေးပါးကို ပြတော်မူလျှင် သိရိမာလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။ များစွာသော တရားနာပရိသတ်တို့လည်း အကျွတ်တရားကို မြင်ကြကုန်သတည်း။

ယင်းသို့ သိရိမာလည်း သောတာပန်အဖြစ်ကို ရပြီးသော်၊ ရှင်တော်ဘုရားအား မနက်ဖြန်အလို့ငှာ မိမိအိမ်သို့ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်အား သနားတော်မူပါသဖြင့် တပည့်သံဃာရှစ်ပါးကို ဤအိမ်၌ မပြတ် ဆွမ်းရပ်ပါစေ"ဟု ခွင့်တောင်း၏။ ဘုရားသခင်လည်း ပဋိညာဉ်ပေးတော်မူ၍ ရှစ်ပါးသောသံဃာတော်တို့ကို အလှည့်အလည် လွှတ်တော်မူသတည်း။ သိရိမာလည်း တစ်ဆယ့်ခြောက်သပြာဖြင့် ဝယ်ခြမ်းလျက် ဆွမ်းဘောဇဉ်တို့ကို ပြုပြင်လှူဒါန်း၏။ ဆွမ်းခံလာသော သံဃာတော်ရှစ်ပါးတို့တွင် တစ်ပါးပါး၌ရအပ်သော ဆွမ်းစသော အာဟာရသည် သုံးလေးပါးပင် သုံးဆောင်ခြင်းငှာ လောက်၏။

တစ်နေ့သ၌ သိရိမာ၏အိမ်၌ ဆွမ်းခံလာသော ရဟန်းတစ်ပါးသည် သုံးယူဇနာကွာခြားသောအရပ်သို့ သွားလေသော်၊ တစ်ဦးသော သံဃာ့ထေရ်၏အထံသို့ဝင်၍ ကြောင်းအင်စုံစမ်း မေးမြန်းပြောဆိုကြသောအခါ "သိရိမာ၏ ရုပ်ဝါဟန်ပန် ကြန်ပုံလက္ခဏာကား ဤသို့သသော ရှိ၏။ နတ်နှင့်တကွသော လူတွင် အတူမရအောင် လုပယဉ်ကျေး၏။ သို့စင်မျှလောက်သော ခဲဖွယ်ဘောဇဉ်ဖြင့်လည်း နေ့စဉ်မပြတ် လှူပေ၏။ ကောင်းမြတ်သောဆွမ်းကို ရသောထက်လည်း သိရိမာကိုမြင်ရခြင်းသည် အဆအရာ သာလွန်၍မြတ်၏" ဤသို့စသည်ဖြင့် ပြောပြချီးမွမ်းလေလျှင် ထို သံဃာ့ထေရ်ရဟန်းသည် အသိန်းအသန်းမကသော ဘဝသံသရာက ကိုယ်ခန္ဓာအတွင်း၌ ကိန်းဝပ်၍နေသော ကိလေသာမီးသည် တညီးညီးတောက်လာ၍၊ သိရိမာကို တစ်ခါစင်မျှ မမြင်ဖူးဘဲလျက် နလုံးထဲသို့ ရောက်လာသောသတင်းစကားဖြင့် ချောက်ချားရိပ္ပတ်လျက် မရပ်မတည်နိုင်ရှိ၍ 'ထိုသိရိမာကို ငါ သွား၍ရှုအံ့'ဟုကြံလျက် မြန်စွာလာခဲ့၏။ ရောက်သောအခါ သိရိမာ၏အိမ်သို့ ဆွမ်းခံ စာရေးတံကျသော ရဟန်းတို့နှင့် အတူတကွ သံဃာ့ထေရ်ပြု၍ ကြွလာ၏။

ထိုနေ့၌ သိရိမာလည်း ရောဂါနှိပ်စက်ဘိ၍ ပကတိသောကိုယ်ဖြင့် မတည်နိုင်ရကား ဆင်ယင်သောတန်ဆာတို့ကို ချွတ်၍ နွမ်းပါးသောကိုယ်ဖြင့်သာ အိပ်နေ၏။ သံဃာတို့ ကြွလာသည်ကို ကျွန်မတို့မြင်၍ သိရိမာအား ပြောကြားသော် "ငါကား မထကြွနိုင်ပြီ။ သင်တို့သာလျှင် ရှေးအခါကဲ့သို့ ယာဂု, ဆွမ်း, ခဲဖွယ်တို့ဖြင့် သံဃာတော်တို့အား လုပ်ကျွေးလှူဒါန်းပါလော့"ဟု ဆို၍ ထိုကျွန်မတို့ပင် ပြုပြင်လုပ်ကျွေးရသတည်း။

မထေရ်တို့ ကြွခါနီးလတ်သော် ပူဇော်ရှိခိုးခြင်းငှာ သိရိမာကို ကျွန်မတို့သည် မ,စပိုက်ချီ၍ဆောင်ခဲ့၏။ သိရိမာလည်း ရီနွမ်းပင်ပန်းစွာသော ကိုယ်ဖြင့် ရှိသေစွာရှိခိုးသည်ကို သံဃာ့ထေရ်မြင်လျှင် ချစ်ကျွမ်းဝင်သောရာဂစိတ်သည် ဖြစ်လတ်၍ 'ဤမိန်းမမြတ်ကား လျောက်ပတ်တင့်တယ်လေစွ။ နှိပ်စက်သောရောဂါဖြင့် တန်ဆာမဆင်ယင်ဘဲပင် ဤမျှလောက်သော ရှုဖွယ်ရှိသေး၏။ ရှေး ကောင်းမွန်သောအခါကမူ အဘယ်ဆိုဖွယ်ရာ ရှိပေအံ့နည်း'ဟု



www.burmeseclassic.com

www.burmeseclassic.com



ကြိဆလျက် တရှိုက်မက်မက်ပြန်ခဲ့၍ ကျောင်းသို့ရောက်လျှင် ဆွမ်းဘောဇဉ်ကိုမျှ မသုံးဆောင်နိုင်, ငေး မှိုင်တွေဝေစွာ ဖြစ်၏။

သိရိမာလည်း ထိုညနေချမ်းအခါ၌ပင် ဝေဒနာအဟုန်ဖြင့် ကံကုန်လေ၏။

ထိုသို့ ကံကုန်ကြောင်းကို ဗိမ္ဗိသာရမင်းကြီးကြား၍ ဘုရားသခင်အထံသို့ ကပ်ပြီးလျှင် "အရှင်ဘုရား။ ဆရာဇီဝက၏ နှမအငယ်ဖြစ်သော သိရိမာသည် ကြမ္မာကုန်ချေပြီ" ဟု လျှောက်လျှင်၊ ဘုရားသခင်လည်း "အသင်မင်းကြီး။ သိရိမာ၏အလောင်းကို သင်္ဂြိုဟ် ဖုတ်ကြည်းခြင်းကို မပြုလင့်။ သုသာန်အပြင်၌သာ ကျီး, လင်းတစာ မဖြစ်အောင် ထားရမှု များစွာ အကျိုးရှိရာ၏"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း ဘုရားမိန့်တော်မူသောအတိုင်း သုသာန်ထား၍ လေးငါးရက်ရှိသော် နံစော်ညှီလှောင်း မကောင်းသောရနံ့သည်ဖြစ်၍ ဖူးဖူးရောင်သောကိုယ်၌ ထိုထိုသို့သောအပေါက်မှ ပိုးလောက်အစုတို့သည် ယိုစီးကျထွက်ကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးလည်း ရာဇဂြိုဟ်ပြည်သူပြည်သားတို့ကို "အိမ်စောင့်သာ ချန်ထား၍ သိရိမာအား သွား၍ ကြည့်ရှုကြချေကုန်။ မရှုသောသူအား ရှစ်သပြာဒဏ်ကို ခံရလတ္တံ့"ဟု စည်လည်စေလေ၏။ ဘုရားသခင်ကိုလည်း "သံဃာတော်အပေါင်းနှင့်တကွ ကြွ၍ သိရိမာကို ရှုတော်မူပါ"ဟု ပင့်စေ၏။

ဘုရားကိုယ်တော်မြတ်လည်း တပည့်သံဃာတို့အား အကြောင်းကို ကြားတော်မူ၏။

ထိုအခါ သိရိမာကိုမြင်သဖြင့် ပူပင်စွာဖြစ်သောရဟန်းကြီးသည် လေးငါးရက် တိုင်အောင်ပင် ဆွမ်းဘောဇဉ်ကိုမစားဘဲ သပိတ်၌ထားသော ဆွမ်းဘောဇဉ်တို့သည် ပုပ်သိုး၍အကျိုးမဲ့ဖြစ်သဖြင့် သီတင်းသုံးဖော်တို့ တရားပြလျက် ဖျောင်းဖျပြောဆိုပါသော်လည်း မနာယူ။ ဘယ်အာဟာရကိုမျှ မစားဘဲ ညောင်စောင်းကြား၌ အလျားမှောက်၍သာ နေသည်ကို သံဃာတော်တို့က "သိရိမာအား ယခု သွား၍ရှုရမည်ဟု ဘုရား အမိန့်တော်ရှိသည်" ဆိုလျှင်၊ ထိုရဟန်းကြီးက လျင်စွာထ၍ "အဘယ်ကို ပြောကြသနည်း"မေး၍၊ "သိရိမာအား ငါတို့ သွား၍ရှုရမည်"ဟု ပြောသော်၊ အဆောတလျင်ထ၍ သပိတ်မှဆွမ်းကို စွန့်ပြီးလျှင် သင့်ရာ၌ထား၍ "ယခုပင် သွားကြအံ့" ဟု အားရဝမ်းသာဆို၍ လိုက်လာ၏။

ဘုရားမြတ်စွာလည်း တပည့်သံဃာအပေါင်းနှင့်တကွ ကြွတော်မူလာ၍ သိရိမာ၏ လက်ယာနံပါး၌ ရပ်တော်မူ၏။ ဘိက္ခုနီမ ပရိသတ်, လူ ပရိသတ်တို့လည်း အထပ်ထပ် ဝန်းရံကာနေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားလည်း မင်းကြီးအား ခေါ်တော်မူ၍ "ဒကာတော် မင်းကြီး။ ဇီဝက၏နှမဖြစ်သော ဤသိရိမာကား ရှေးသောအခါ သပြာမည်မျှ ထိုက်သနည်း"ဟု မေးတော်မူ၏။ "တစ်နေ့, တစ်နေ့တာကိုပင် အသပြာတစ်ထောင် ထိုက်ပါသည်"ဟု လျှောက်လျှင်၊ "ယခုအခါ ဤသိရိမာကို အသပြာတစ်ထောင်ပေး၍ အဘယ်သူ ဝယ်ယူအံ့ နည်း"ဟု မေးပြန်၏။ "အရှင်ဘုရား။ ယခုအခါ အသပြာတစ်ထောင်ကို မဆိုထားဘိ။ သက်သက် အားဖြင့်ပေး၍မျှ မယူကြလိုပါပြီ"ဟု လျှောက်သော်–



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်မြတ်လည်း လျောက်ပတ်သောတရားစကားဖြင့် ဟောကြားပြသတော်မူခြင်းငှာ–

'ပဿထ ဘိက္ခဝေ မဟာဇနေဿ ပိယံ မာတုဂါမံ

လ္လမသ္မိံ ယေဝ နဂရေ သဟဿံ ပုဗ္ဗေ လဘိံသု–'အစရှိသော စကားဖြင့် မြွက်ကြားတော်မူ၍–

'ပဿ စိတ္တကတံ ဗိမ္ဗံ၊ အဒုံ ကာ ယံ သမုဿိတံ။

အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ–'ဟူသော ဓမ္မပဒဂါထာကိုလည်း ဟောတော်မူ၏။

အနက်ကား – ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ မဟာဇနေဿ၊ ရာဇဂြိုဟ်ပြည်သား လူအများသည်။ ပိယံ၊ ချစ်ခင်လေးမြတ် နှစ်သက်အပ်သော။ မာတုဂါမံ၊ မာတုဂါမကို။ ပဿထ၊ ရှုကြပါကုန်လော့။ လ္လမသ္မိံယေဝ နဂရေ၊ ဤရာဇဂြိုဟ်ပြည်၌ပင်လျှင်။ ပုဗ္ဗေ၊ အသက်ရှင်စဉ် ရှေးယခင်၌။ ဧကဒိဝသံ၊ တစ်နေ့၌။ သဟဿံ၊ တစ်ထောင်မျှလောက်သော အသပြာကို။ ဒတွာ၊ ပေးမှလျှင်။ လဘိံသု၊ ရပေကုန်၏။ လ္လဒါနိ ပန၊ ယခုမူကား။ မုဓာ၊ အဖိုးမကျ သက်သက်မျှလျှင်။ ဂဏှန္တောပိ၊ ယူလိုသောသူသည်လည်း။ နတ္ထိ၊ မရှိချေပြီ။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ခယဝယပ္ပတ္တံ၊ ကုန်ခြင်းပျက်ခြင်းသို့ ရောက်တတ်သော။ နာမရူပံ၊ နာမ်ရုပ်အစုကို။ ပဿထ၊ ရှုကြကုန်လော့။

စိတ္တကတံ၊ အဝတ်တန်ဆာ ဖုံးလွှမ်းကာဖြင့် ဆန်းကြယ်စွာပြုအပ်သော။ ဗိမ္ဗံ၊သဏ္ဌာန် ထုလုပ် အရုပ်နှင့်လည်းတူထသော။ သမုဿိတံ၊ အရိုးသုံးရာ, ကြောကိုးရာဖြင့် ဖွဲ့ကာစိုက်ဆောက်အပ်ထသော။ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဖြင့် ကျင်နာတုန်လှုပ်ခြင်းလည်း ရှိထသော။ ဗဟုသင်္ကပ္ပံ၊ များသောအကြံလည်း ရှိထသော။ ဝါ၊ များစွာ ဖောက်ပြန်ကြံစည်နှစ်သက် တပ်မက်ငြိတွယ်ခြင်းလည်း ရှိထသော။ အဒုံကာယံ၊ ဤ ခန္ဓာကိုယ်ကို။ ပဿ၊ ရှုကြပါလော့၊ ယဿ၊ အကြင် ရုပ်, နာမ်နှစ်ဖြာ စုဝေးရာဖြစ်သော ခန္ဓာကိုယ်၏။ ဓုဝံ၊ မြဲမြဲကြာရှည်စွာ။ ဌိတိ၊ တည်ခြင်းသဘောသည်။ နတ္ထိ၊ မရှိချေတကား။

ဤဒေသနာကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့သည် အကျွတ်တရားကို မြင်ကြကုန်သတည်း။ ထိုအခါ ဥတ္တရာ၏ခင်ပွန်းဖြစ်သော သူဌေးသား နန္ဒသည်လည်း ဘုရားဟောပြသော တရားစကားကို ကြားရ၍ သတိသံဝေဂရသဖြင့် 'ဥတ္တရာသည် ငါ့အား အလွန်ကျေးဇူးရှိပေသည်။ သူ့ကိုအမှီပြု၍ ဆင်းရဲအပေါင်း၏ ကင်းရာလမ်းကို မြင်ရပေသည်'ဟု နှလုံးထား၍ ဥတ္တရာအား အလွန်သော ချစ်ခင်စုံမက် နှစ်သက်ရှိသေခြင်းရှိသဖြင့် အမိအရာ၌တင်၍ "သင်ဆုံးမတိုင်း လိုက်နာပါတော့မည်"ဟု ဝန်ချ၍ ပေါင်းဖက်ကြသတည်း။

ထိုအခါမှစ၍ ဥတ္တရာသည် 'နန္ဒမာတာ'ဟု အမည်တွင် သတည်း။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂုတ္တိုရ် အဋ္ဌကထာ, ဓမ္မပဒ အဋ္ဌကထာတို့၌ 'နန္ဒမာတရံ နာမ ဥတ္တရံ ဈာယိနံ အဂ္ဂဋ္ဌာနေ ဌပေသိ' စသည်ဖြင့် 'နန္ဒမာတာ'မည်သော 'ဥတ္တရာ'ဟု တစ်ယောက်တည်း ဆိုသည်။

ဗုဒ္ဓဝင်ပါဠိတော်၌ကား 'နန္ဒမာတာ စ ဥတ္တရာ၊ အဂ္ဂါ ဟေဿန္တုပါသိကာ' ဟူ၍ အဂ္ဂသာဝိကာအစုံ ဟောတော်မူသည်။

ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန် အဋ္ဌကထာ, ဓိနာလင်္ကာရ ဋီကာတို့၌လည်း 'နန္ဒမာတာလည်း တစ်ယောက်, ဥတ္တရာလည်း တစ်ယောက်' ဖြစ်ကြောင်းကို ဆိုသည်။

အရှင်သီလဝံသအကျော် စီရင်တော်မူအပ်သော ပါရမီခန်းပျို့၌လည်း– 'နန္ဒမာတာ ဥတ္တရာဟု၊ ဒကာမိန်းမ၊ တကွနှစ်စုံ၊ တရားယုံလည်း၊ ဥသုံပရိသတ်၊ လေးပါးမှတ်လျက် ချေချွတ်ပွဲတွင်၊ မည်ရည်ထင်အံ့၊ သဘင်တလင်း၊ ဤသူခင်းသည်၊ ခပင်း စုံစုံစေ့စေ့တည်း' ဟူ၍ စပ်ဆိုတော်မူသည်။

**အဂ္ဂသာဝိကာ မှတ်ချက်။ ။**

[ရှေးရှေးသောဘုရားတို့လက်ထက်လည်း အဂ္ဂသာဝက ရဟန်းယောကျ်ား အစုံ, ရဟန်းမိန်းမ အစုံ, အဂ္ဂသာဝက ဥပါသကာ ယောကျ်ားအစုံ, ဥပါသိကာ မိန်းမအစုံချည်း ဖြစ်ရကား ငါတို့ဘုရား၏ အဂ္ဂသာဝိကာလည်း နှစ်ယောက်ပင် ဖြစ်သင့်သည်။ သို့ဖြစ်လျက် ပုဏ္ဏသူဌေး၏သမီး 'ဥတ္တရာ'မှတစ်ပါး 'နန္ဒမာတာ'မည်သော ဥပါသိကာမကား ကျမ်းများစွာ၌ မလာမတွေ့ပြီ။ ထို့ကြောင့် ဥတ္တရာကို နန္ဒမာတာ ဟူသောအမည်နှင့် သာမာဝတီ၏ဆရာ ဖြစ်သော ခုဇ္ဇုတ္တရာကို ဥတ္တရာ ဟူသော အမည်နှင့်ဆိုသည်ဟု ယူမှ ယခင် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် ညီညွတ်ကြတော့မည်။]

## ။၅၄။ ရူပနန္ဒာမည်သော ဇနပဒကလျာဏီ ဘိက္ခုနီမ၏ ရှေးအကြောင်းကို ပြခြင်း

'ရူပနန္ဒာ'အမည်ရသော ဇနပဒကလျာဏီ ဘိက္ခုနီမ၏ ရှေးအကြောင်းကား –

ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသောကာလ ဤ ရူပနန္ဒာအလောင်းသည် ဟံသာ ဝတီပြည်ဝယ် ကြွယ်ဝလှစွာသော မဟာသုခသူဌေးကြီး၏ သမီးဖြစ်၍၊ အရွယ်သို့ရောက်သော အခါ မြတ်စွာဘုရားအထံသို့ သွား၍ တရားတော်ကိုနာသဖြင့် ဥပါသိကာမအဖြစ်သို့ ရောက်၏။

တစ်ရံသောအခါ မြတ်စွာဘုရားသည် ဈာန်ဝင်စားခြင်း၌သာ လွန်စွာမွေ့လျော်သော ဘိက္ခုနီမတစ်ဦးအား တေဒဂ်အရာ၌ထား၍ ချီးမြှောက်တော်မူသည်ကို မြင်သဖြင့် 'ဤအရှင်မ



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ဖြစ်ရအောင် ငါ ဆုတောင်းအံ့’ဟု ကြံလျက်၊ သံဃာတို့၏ ကျောင်းအာရာမ်ကို ဆောက်လုပ်လှူဒါန်း၏။ ဆွမ်း, သင်္ကန်းတို့ဖြင့်လည်း လုပ်ကျွေးပြုစု၏။ အိမ်သို့ရောက်လာကုန်သော အလှူခံတို့အားလည်း များစွာ ပေးလှူစွန့်ကြဲ၏။ ကုသိုလ်ပြုတိုင်းပြုတိုင်းလည်း “ဈာနာဘိရတ တေဒဂ်ရသော ထေရီမကဲ့သို့ နောင်ဘုရားရှင်တို့၏သာသနာ၌ ဖြစ်ရပါလိုသော”ဟု ဆုတောင်း၏။

ပဒုမုတ္တရာဘုရားလည်း ရှေးရှေးသောသူများကဲ့သို့ နောင်လားကိုရှုတော်မူ၍ ပြည့်စုံလတ္တံ့သည်ကို မြင်တော်မူလျှင် “အချင်းဥပါသိကာမ။ သင်သည် ယခုပြုရသော ပုညပတ္တနာဝိသေသကြောင့် ဘဝများစွာ သံသရာဝယ် ချမ်းသာသောအမျိုး၌သာဖြစ်၍၊ သာရကမ္ဘာ၏နောက် တစ်သိန်းမြောက်အကျဉ် ဘဒ္ဒကမ္ဘာဖြစ်သောအခါ ဥက္ကာကရာဇ် နွယ်မြစ်တော်ရင်း မင်းတို့ဇာတိမှ ဂေါတမအနွယ်ရှိသောဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်သည် ဘုရားသခင်၏နမ ‘ဇနပဒကလျာဏီ’ အမည်ရှိသော ဘိက္ခုနီမ ဖြစ်၍၊ ဈာနာဘိရတ တေဒဂ်ကို ရလတ္တံ့.”ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ဥပါသိကာမလည်း အနှစ်တစ်သိန်း ကာလပတ်လုံး ဘုရားသခင်အား ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးလျက် အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းကြီး၏မိဖုရားသည် အကြိမ်တစ်ထောင် ဖြစ်၏။ ထိုမှသည် တုသိတာနတ်ပြည်ဝယ် နတ်မင်းကြီးတို့၏မိဖုရားသည် အကြိမ်များစွာ ဖြစ်၏။ ထိုမှသည် နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီဘုံတို့၌ အလုံးစုံသောနတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရ၏။ ထိုမှတစ်ဖန် လူ့ပြည်သို့လာပြန်သော် ကျွန်းရံ နှစ်ထောင်နှင့်တကွ လေးကျွန်းလုံးကိုအစိုးရသော စကြဝတေးမင်း၏ မိဖုရား အကြိမ်တစ်ထောင် ဖြစ်ရ၏။ ပဒေသရာဇ်, ကေရာဇ်မင်းတို့၏ မိဖုရားဖြစ်သည်ကား မရေမတွက်နိုင်ပြီ။

ယင်းသို့ လူ့ပြည်နတ်ပြည် ကျင်လည်ကာလာခဲ့၍ ဤဘဒ္ဒကမ္ဘာဝယ် ကောဏာဂုံဘုရား ပွင့်တော်မူသောအခါ ဗာရာဏသီပြည့်ရှင်မင်းကြီး၏ မိဖုရားဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့၏မှီခိုရန် ကျောင်း, ကန်, ပြာသာဒ်, ဇရပ်, ဥမင်တို့ကိုလည်း ပြုပြင်လှူဒါန်း၏။ သီတင်းသီလတို့ကိုလည်း နိစ္စမပြတ် ဆောက်တည်၏။

ထိုမှတစ်ဖန် စုတေပြန်သော် လူ့ဌာန်နတ်ပြည် ကျင်လည်ခဲ့၍ ငါတို့ဘုရား ဖြစ်တော်မူချိန်နီးသောအခါ မယ်တော် မဟာပဇာပတိဂေါတမီ၏ဝမ်း၌ ဖွဲလမ်းသန္ဓေတည်နေ၍ ဖွားမြင်လာသတည်း။ အမည်မှည့်သောအခါ သာကီဝင်မင်းမျိုးတို့၏ နှစ်လိုစုံမက်ဖွယ် တင့်တယ်လှပသော အဆင်းအရောင်ရှိရကား ‘ရူပနန္ဒာ’ ဟူသောအမည်ကို မှည့်၏။ [ထိုမင်းသမီးကား ဘုရား အလောင်းထက် သုံးနှစ် ကြီးသည်။ နန္ဒမင်းသားကား ငါးရက် ကြီးသည်။]

မင်းသမီးလည်း အစဉ်အတိုင်းကြီးပွား၍ အရွယ်သို့ရောက်သောအခါ လွန်စွာထွန်းပသော အပြင်အလျာဖြင့် ငါးဖြာသောကောင်းခြင်းနှင့်ပြည့်စုံရကား ‘ယသောဓရာ’ မှတစ်ပါးသော မိန်းမတို့သည် မမျှမယှဉ်နိုင်ဘဲ လွန်ကဲသောအဆင်းအသရေ ရှိသည်ဖြစ်၍၊ ‘ဇနပဒကလျာဏီ’ဟူသောအမည်ဖြင့် သမုတ်လျက် ကြီးစွာသောနန်းပြာသာဒ်၌ လျောက်ပတ်တင့်



www.burmeseclassic.com

www.burmeseclassic.com



တယ် အရွယ်တူမျှသော မင်းမိန်းမအပေါင်းခြံရံလျက် နတ်သမီးကဲ့သို့ ကြီးမြတ်သော လူမင်းစည်းစိမ်ကို ခံစားရသတည်း။

အထက်ကဆိုအပ်ခဲ့သော နည်းဖြင့်လည်း ဘုရားသခင် ကပိလဝတ်ပြည်သို့ ကြွလည်စံနေတော်မူသောအခါ ခမည်းတော်သုဒ္ဓေါဒနမင်းတရားက 'ငါ့သားတော်အကြီးသည် ရွှေထီးရွှေနန်းကို စိုးအုပ်တော်မူ၍ မင်း မလုပ်သည် မှန်ပြီ။ သားတော် မင်းနန္ဒကိုသာ ဘေးလောင်းတော် ဥက္ကာမုခတို့ကဲ့သို့ မောင်ရင်းနမ စုံဖက်၍ ငါ့အရိုက်အရာကို ခံစေအံ့'ဟုကြံပြီးလျှင်၊ ကြီးစွာသော မင်္ဂလာလက်ထပ်ပွဲကို စီရင်စဉ်၊ ဘုရားသခင်က နန္ဒမင်းသားကို ခေါ်တော်မူ၍ ရဟန်းပြုတော်မူလေသော် နမတော် ဇနပဒကလျာဏီသည် မောင်တော်ဘုရား၌ များစွာမကြည်မသက် ရှိတော်မူ၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန် စံလေသည့်နောက် မယ်တော် ဂေါတမီမိဖုရားလည်း ငါးရာသော သာကီဝင်မင်းသမီးတို့နှင့်တကွ ဘုရားသာသနာ၌ ရဟန်းပြုလေသော် သမီးတော် ဇနပဒကလျာဏီသည် ဤသို့ အကြံဖြစ်၏။ 'ငါ၏ မောင်တော်အကြီးဖြစ်သော သိဒ္ဓတ်မင်းသားသည်လည်း သိကြားမင်း၏စည်းစိမ်နှင့်တူသော မင်းစည်းစိမ်ကိုပယ်သန်း၍ ရဟန်းပြုတော်မူသဖြင့် သဗ္ဗညုအစစ် ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူပြီ။ ငါ့တူရင်းချာ ရာဟုလာသည်လည်း စကြာမင်းဖြစ်လတ္တံ့သော ဘုန်းတန်ခိုးရှိလျက် ထိုစည်းစိမ်ကို မငဲ့ကွက်ဘဲဘုရားဘက်သို့ ပါချေပြီ။ ငါကိုးစားရာ တစ်အူချာဆင်း လင်ရင်းဥပရာဇ် ဖြစ်တော်မူသော မောင်တော် မင်းနန္ဒလည်း ငါ့အားမညှာ မပြန်လာဘဲ ရဟန်းပြုကာ နေရှာလေပြီ။ ဤအပေါ်တွင် မယ်တော်ဘုရား ငါ့ထိပ်ထားလည်း သူ့သားများအသွင် ရဟန်းခွင်သို့ ဝင်လေပြီ။ ဤနန်းမ၌ ငါချည်းသာနေသဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း။ ယခုပင်သွား၍ မယ်တော်များနှင့် အတူမကွာ နေတော့အံ့'ဟုကြံ၍၊ အခြွေအရံဖြစ်သော ကိုယ်လုပ်မောင်းမတို့နှင့်တကွ ရာဇဂြိုဟ်ပြည်သို့လာခဲ့၍ ရောက်သောအခါ မယ်တော်ထံမှာပင် လူဝတ်ဖြင့် နေ၏။

ခုနစ်ရက်, ရှစ်ရက်ရှိသောအခါဝယ် မယ်တော်ဂေါတမီလည်း ဤသို့ ဆုံးမ၏။ "ချစ်သမီး။ သင်သည် မြတ်လှစွာသော သာကီဝင်မင်းမျိုးတို့၌ဖြစ်၍ မောင်ချစ်ဘုရားသို့ အတူလိုက်သော အဆင်းရှိ၏။ ကြင်ဖော်ရင်းဖြစ်သော မင်းနန္ဒနှင့်လည်း အတူတကွ မနေရဘဲ နန်းပွဲသဘင်ဝယ် အဘယ်ကြောင့် တစ်ယောက်တည်း နေချင်ဘိသနည်း။ အရွယ်ကောင်းခြင်းသည် အိုမင်းရင့်ရော်ခြင်းလျှင် အဆုံးရှိ၏။ တင့်တယ်သော အဆင်းပြင်လျာသည် အနာရောဂါနှိပ်စက်ခြင်းလျှင် အဆုံးရှိ၏။ အသက်ဟူသော ဇီဝိတိန္ဒြေသည် သေမင်းဟူသော ရန်သူလျှင် အဆုံးရှိ၏။ အညစ်အကြေးတို့၏ စုဝေးရာဖြစ်သော ဤကိုယ် တင့်တယ်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လောကသုံးဘုံဝယ် တစ်စုံတစ်ယောက်သောသူမျှ အတူမရသော ရူပကာယသမ္ပတ္တိ ဣဿရိယ သိရီ ကာမ စသည်ကျေးဇူး ဂုဏ်အထူးနှင့် ပြည့်စုံတော်မူသော မောင်တော်ဘုရားကိုသာ ရှုစားပါလော့။ သို့စင်တေဇော် အာနုဘော်နှင့်ပြည့်စုံသော မောင်



www.burmeseclassic.com

www.burmeseclassic.com



တော်ထိပ်ပန်းမှ ရဟန်းပြုပေသေး၏တကား”ဟု ပြောဆိုဆုံးမသော်၊ ဇနပဒကလျာဏီလည်း သာသနာ၌ သဒ္ဓါကြည်ညွတ်သောစိတ် ဖြစ်၍ မယ်တော်ထံ၌ ရဟန်းပြုလေ၏။

ရဟန်းအဖြစ်ကို ရပြီးသော် ‘မောင်တော်ဘုရားသည် လှပသောအဆင်းရှိသော သူ၏ ကိုယ်ခန္ဓာကို အပြစ်ရှာ၍ ကဲ့ရဲ့တတ်သည်။ အနိစ္စ, ဒုက္ခ, အနတ္တသဘော၊ အသုဘ သဘောသို့ တင်၍ ရှုတ်ချတတ်သည်ဟု တစ်ဆင့်စကားကြား၍ ငါ၏အဆင်းကိုလည်း အပြစ်ဖွဲ့၍ ကဲ့ရဲ့လတ္တံ့သည်’ဟု စိုးရိမ်ရကား ဘုရားအထံတော်သို့လည်း မချဉ်းကပ်။ မိမိနေအပ်သော ကျောင်းအနီးအပါးသို့ ဘုရားကြွလာလျှင်လည်း ပုန်းရှောင်ကွယ်ဝှက်၍သာ နေ၏။ ဘိက္ခုနီမတို့ ဘုရားထံ၌ ဩဝါဒခံ အလှည့်ကျလျှင် မိမိအလုပ်အကျွေးဖြစ်သော ဘိက္ခုနီမတို့ကိုသာ စေလွှတ်၏။

ဘုရားသခင်လည်း နမတော်ရူပနန္ဒာ၏ အဆင်းအင်္ဂါကိုမှီ၍ မာန်ယစ်သောအခြင်း အရာကို သိတော်မူသဖြင့် ဘိက္ခုနီမသံဃာတို့သည် ဩဝါဒခံ အလှည့်ကျသောနေ့၌ “သူတစ်ပါး ကို မစေလွှတ်လင့်။ ကိုယ်တိုင်လာ၍ ဩဝါဒခံစေ။ မခံလာသော် ပါစိတ်အာပတ် သင့်စေ”ဟု ပညတ်တော်မူ၏။ ထိုအခါ ရူပနန္ဒာလည်း အာဏာတော်ကို မဆန့်ဝံ့ရကား နောက်အလှည့် ကျသောအခါ မြတ်စွာဘုရားထံသို့ ဩဝါဒခံ လာရ၏။ လာသော်လည်း တစ်ပါးသော ဘိက္ခုနီမတို့၏နောက်ကသာ ကွယ်ဝှက်ကာနေသတည်း။

ဘုရားသခင်လည်း နမတော်ဇနပဒ၏ မာနတည်းဟူသောတံခွန်ကို တွန်းလှန်ချိုး ဖျက်တော်မူခြင်းငှာ လူ့ရွာနတ်ခွင်၌ မမြင်ဘူးအောင် ထူးဆန်းလှပသော မိန်းမငယ်၏သဏ္ဌာန် ကို ဖန်ဆင်းတော်မူ၍ ခြေရင်း၌ ရွှေယပ်ငွေယပ်တို့ဖြင့် ယပ်ခတ်လျက်နေစေ၏။ ထို ဖန်ဆင်း သောမိန်းမကို ပရိသတ်တို့နှင့်တကွ မြင်ရသတည်း။

ရူပနန္ဒာလည်း ထိုမိန်းမငယ်ကိုမြင်လျှင် ကြံဆင်ခြင်လတ်သည်ကား – ‘ဤလောက၌ ငါ့ထက်သာ၍ အဆင်းအဝါလှသူ မရှိပြီဟု ငါ ထင်ပေသည်။ ဤမိန်းမနှင့် ငါ့ကိုစာမူ ကေသရာဇာခြင်္သေ့မင်း၏အပါး၌ သွားလာသောမြေခွေးငယ်ကဲ့သို့သာ ဖြစ်ချေသည်။ အံ့ ဖွယ်သရဲ မမြင်ဘူးမြဲသော အဆင်းအဝါကို မြင်ရပေသည်။ ဤလူ၏မျက်စိကို ရခြင်းသည် အကျိုးရှိပေစွတကား။ မောင်တော်ဘုရားလည်း သို့လောက်စင်မျှ လှပတင့်တယ်သော မိန်းမ၏ အလုပ်အကျွေးကို ခံသေး၏တကား။ ငါ မှားသောနှလုံးဖြင့် ပုန်းရှောင်နေမိပေသည်’ဟု ကြံအောက်မေ့လေ၏။

ထိုသို့ကြံစဉ်တွင်ပင် ဖန်ဆင်းသောမိန်းမသည် ဘုရားအထံမှခွာ၍ ရူပနန္ဒာ၏အနီး သို့ကပ်လာသော် အလွန်ကြင်နာ စုံမက်နှစ်သက်သောစိတ်ရှိရကား ‘တမဟံ ပေါ် သုဘ ဂေ’စသော ဂါထာဖြင့် ပျူငှာလင့်၏။

အဓိပ္ပာယ်ကား – “ဖွံ့ထွားမွေ့ညက် ပြိုးပြက်အရောင် လောင်ဘနန်းမျှ တင့်တယ်လှပ သော ညီမချစ်။ သင်ကဲ့သို့မူ ငါတို့လူတွင် တစ်ခါစင်မျှ မမြင်ဘူးပေ။ ရှူးမှုးစရာ သင်ကလျာ သည် ဘယ်ရွာဌာန ဘယ်ကနွယ်စစ် ဖြစ်ပေသနည်း။ မြင်ကတည်းက အဆအရာ ကြင်နာ ပါ၏။ ငါ၏ရင်ခွင် တင်အပြင်၌ မုဟုတ်မျှစင် ရှင်ပမြူးကာ စက်လှည့်ပါလော့”ဟု ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ ထို နိမ္မိတမိန်းမလည်း ပိယဝါစာဖြင့် သာယာစွာတုံ့ပြန်လျက် ရင်ခွင်ထက်၌ အိပ်စက်တုံလေ၏။ ယင်းသို့အိပ်ခိုက်တွင် နဖူးပြင်၌ ဝက်ခြံအနာသည် ပေါက်၍ တောက်သစ်စ မီးကဲ့သို့ တစ်ခဏချင်း ကြီးပွားသဖြင့် တညည်းတွားတွားသော ကိုယ်သည် ဖြစ်၏။ ထိုမှတစ်ဖန်ပွားစီးပြန်သဖြင့် အလွန်ကြီးကျယ်သော အိုင်းအမာသည်ဖြစ်၍ အညစ်အကြေး ပြည်သွေးအတိ ယိုစီးလျက် ငြီးငွေ့စက်ဆုပ်ဖွယ်သော အပုပ်နံ့သည် လှိုင်လာ၏။ ကိုယ်ခန္ဓာလည်း အိုဆာကျုံ့ခြောက်လျက်, မဲ့ပြောက်အမျိုးမျိုး နံ့ရိုးပြိုင်းရရိုင်းထလျက် ခံတွင်းမှ သွေးပြည်တို့သည်လည်း အန်ကုန်၏။ မျက်နှာနှုတ်ခမ်းလည်း ရောင်ရမ်းတက်ကြွ၍ ဥဒ္ဓုမာတက ဝိနီလက လက္ခဏာသည် ဖြစ်၏။ ထို နိမ္မိတမိန်းမသည် အလွန်တုန်ရင် ဘဝင်ဆူလှိုက် ရှုရှိုက်ပန်းမောလျက် မမြင်ဝံ့ဖွယ်သော ဆင်းရဲဝေဒနာကိုခံလျက် အဖန်တလဲလဲ မြည်တမ်းသည်ကား-

အဟံ၊ ငါသည်။ ဒုက္ခေန၊ နာခြင်းအိုခြင်းဟူသော ဆင်းရဲခြင်း။ ဒုက္ခိတာ၊ ပင်ပန်းခြင်းသို့ ရောက်သည်။ ဟောမိ၊ဖြစ်၏။ ဝေဒနာ၊ ဆင်းရဲဝေဒနာတို့သည်။ ဖုဘယန္တိ၊ ပြင်းစွာနှိပ်စက်ကုန်၏။ မဟာဒုက္ခေ၊ ကြီးစွာသော ဆင်းရဲအလယ်၌။ နိမုဂ္ဂါ၊ မွန်းနစ်သည်။ အမှိ၊ ဖြစ်၏။ သခီ၊ အို ခင်ပွန်းမ။ မေ၊ အကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ဖြစ်ပါလော့။

ဤသို့ သနားစဖွယ် လှယ်ပယ်ယောင်ယမ်း မြည်တမ်းတသ,သောအခါ ရူပနန္ဒာလည်း လွန်စွာ ကရုဏာစိတ်ရှိသည်ဖြစ်၍ မြွေဆိပ်ဖြင့် လတ်တလောဖမ်းသောသားကို ပိုက်ဖြား၍မြည်တမ်းသော မိခင်ကဲ့သို့ ရင်တီးလက်မ တ,သမြည်တမ်းခြင်းငှာ 'ကုဟိံ ဝဒနသောဘံ တော' စသော ဂါထာတို့ကို ဆို၏။

အနက်ကား - သုဘဂေ၊ အလွန်တင့်တယ် ရှုချင်ဖွယ်သောသတို့သမီး။ တေ၊ သင်၏။ ဝဒနသောဘံ၊ တင့်တယ်သောမျက်နှာသည်။ ကုဟိံ၊ အဘယ်မှာနည်း။ တေ၊ သင်၏။ တုင်္ဂနာသိကာ၊ ပန်းဆိုင်းပုံသင့် မြင့်သောနှာခေါင်းသည်။ ကုဟိံ၊ အသို့ ဖြစ်ဘိသနည်း။ တေ၊ သင်၏။ တမ္ဗဗိမ္ဗဝရောဋ္ဌံ၊ နီမြန်းလှစွာသော, ကျီးအာသီးမှည့်နှင့်တူသော နှုတ်ခမ်းသည်။ ကုဟိံ၊ အသို့ခုခါ ဖြစ်ရှာဘိသနည်း။ တေ၊ သင်၏။ ဝဒနံ၊ ကြာတိုက်သဖွယ် မွှေးကြွယ်လှသော ခံတွင်းသည်။ ကုဟိံဂတံ၊ အဘယ်သို့ သွားရှာဘိသနည်း။ သသိနိဘံ၊ ပန္နရသီ ရက်ဆီပြည့်ထွန်း လဝန်းသဖွယ် လွန်တင့်တယ်သော။ ဝဏ္ဏံ၊ အရောင်အဆင်းသည်။ ကုဟိံ၊ အဘယ်သို့သာ ပျောက်ပါဘိသနည်း။ ကမ္ဗုဂီဝါ၊ ရွှေမုရိုးစည်နှင့်တူသော လည်သည်။ ကုဟိံဂတာ၊ အဘယ်သို့သာ ဖြစ်ရှာသနည်း။ ဒေါလောလုလ္လာဝ၊ ရွှေယောဉ် လွှဲသကဲ့သို့ တန္တန့်တင့်တယ်သော။ တေ၊ သင်၏။ ကဏ္ဏာ၊ နားနှစ်ဖက်တို့သည်။ ကုဟိံဂတာ၊ အဘယ်သို့သာ သွားရှာကုန်သနည်း။ ဝေဝဏ္ဏံ၊ ရေးနှင့်မတူ အမူဖောက်ပြန် မှောက်လှန်သော အဆင်းသို့။ သမုပါဂတာ၊ မကြာမျက်မှောက် ရောက်ခဲ့ပြီတကား။

မကုဋ္ဌခါရကာကာရာ၊ ဖြူနုစ်ရင့်မှဲ ပန်းငုံသီးန သဏ္ဌာန်ရှိကုန်သော။ ပယောဓရာ၊ ရင်ဦးရတနာ ပန်းနှစ်မြွာတို့သည်။ ဣဒါနိ၊ ယခုအခါ၌။ ကလိကာဝ၊ သီးရင့်တမျှ ရှုံ့တွဲ့တွဲ့



www.burmeseclassic.com

www.burmeseclassic.com



အိခဲ့ကုန်ပြီတကား။ ပဘိန္နာ၊ ပေါက်ပြဲပျက်စီးကုန်သည် ဖြစ်၍။ ပူတိကုဏပါ၊ အကောင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာဖွယ် ရှိသည်ဖြစ်၍၊ တွံ၊ သင်သည်။ ဒုဋ္ဌဂန္ဓိတွံ၊ မကောင်းသောအနံ့ ရှိသည်၏အဖြစ်သို့။ အာဂတာ၊ ရောက်ရှာခဲ့ပြီတကား။

ဝေဒိမဇ္ဈာဝ၊ ရွှေပွတ်တိုင်သဖွယ် တင့်တယ်လှစွာသော။ သုသောဏိ၊ ပန်းစည်းသဖွယ် တင့်တယ်သောခါးသည်။ သူနာဝ နီတကိဗ္ဗိသာ၊ စည်သို့တဖြောင့် တောင့်တင်းကြမ်းမာ၏။ အမဇ္ဈာဘရိတာ၊ မစင်ဖြင့် ပြည့်သည်။ ဇာတာ၊ ဖြစ်၏။ ရူပံ၊ အဆင်းသည်။ အဟော အသဿတံ၊ သြော် မမြဲချေစွတကား။ သဗ္ဗံ၊ အလုံးစုံသော။ သရီရသဉ္ဇာတံ၊ ကိုယ်ကို မှီ၍ဖြစ်သော။ ပူတိဂန္ဓံ၊ ပုပ်နံ့ တကြိုင်ကြိုင်လှိုင်သော။ ဘယာနကံ၊ အလွန်ကြောက်မက်ဖွယ်ရှိသော။ သုသာနမိဝ၊ သူကောင်ဖုတ်သော သုသာန်ပြင်ကဲ့သို့။ ဗိဘစ္ဆံ၊ မတင့်တယ်လေစွတကား။ ယေ ဗာလာ၊ အကြင် သူမိုက်တို့သည်။ ယတ္ထ၊ အကြင် မတင့်တယ်သောကိုယ်၌၊ သုဘံ ဣဝ၊ တင့်တယ်လှပသကဲ့သို့။ ပဿိယ၊ ထင်မှတ်ရှုစား၍။ ရမန္တေ၊ မွေ့လျော်ယောင်ယမ်းကုန်ဘိ၏။

ဇနပဒကလျာဏီလည်း ဤဂါထာတို့ဖြင့် လွန်စွာ မြည်တမ်းဆိုတလျက် ထိုမိန်းမ၏ အပါးမှ ခွာ၍ 'ငါ၏ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ပင် စင်စစ်မုချ ဖြစ်ရအံ့သည်တကား။ ဤသို့ဖြစ်လျက် အဆင်းအရောင်ကိုမှီ၍ ငါ မာန်ယစ်မိသည်တကား။ မှားခြင်းကြီး မှားလေစွ။ မောင်ကြီးဘုရားသည် ဤသို့သောတရားကို မြင်တော်မူ၍ ဇမ္ဗူတစ်သောင်း မြေညောင်းမတတ် ခံစားအပ်သော နတ်မင်းစည်းစိမ်ကဲ့သို့သော စည်းစိမ်ချမ်းသာကို ပယ်ခွာသန်း၍ ရဟန်းပြုပေသည်တကား။ ဘုရားဘုန်းခေါင်ကို ငါ ရှောင်ကွင်းခြင်းသည် ရှုံးခြင်းကြီး ရှုံးလေစွတကား'ဟု အောက်မေ့လျက် ဘုရားရွှေမျက်နှာတော်ကို ဖူးမြော်၍ကြည့်၏။

ထိုသို့ကြည့်လျှင် ဘုရားသခင်လည်း "နှမတော် ဇနပဒ။ ယခုရအပ်သော ငါတို့ခန္ဓာကား ကိုးဆယ့်ခြောက်ဖြာသော အနာရောဂါတို့ဖြင့် နာကျင်တုန်လှုပ်ရခြင်း ရှိ၏။ အပုပ်အစပ် မပြတ်သော အညစ်အကြေးတို့၏ စုဝေးပေါင်းရုံးရာလည်း ဖြစ်၏။ ယုတ်မာသော အကုသိုလ်တရားတို့၏ ပွားစီးစည်ပင်ရာလည်း ဖြစ်၏။ မြွေသေကောင်ကို လှောင်သောအိုးကဲ့သို့ ပုပ်သိုးသောအနံ့အတိသာ လှိုင်၏။ ထိုသို့သောခန္ဓာကိုယ်ကို သူမိုက်တို့သာလျှင် အလွန်စုံမက်နှစ်သက်တပ်ငြိခြင်း ရှိ၏"ဟု ပြတော်မူခြင်းငှာ–

'အာတုရံ ကုဏပံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ–' အစရှိသော ဒေသနာတော်ကို ဟောတော်မူသည်။

ထို့နောက်မှ နိမ္မိတဖြစ်သောမိန်းမသည် ဖူးရောင်ပေါက်ပြဲ အက်ကွဲယိုကျသော အရေအသားရှိလျက် အရိုးအတိသာ ထင်စွာဖြစ်ပြန်၏။ ယင်းသို့ဖြစ်သည်ကို ရူပနန္ဒာမြင်သော် မရွှင်သောနှလုံးဖြင့် ယူကျုံးမရ သံဝေဂဖြစ်ခြင်းရှိလျက် မိမိကိုယ်၌လည်း ယို့အတူ ငြီးငွေ့ရွံရှာခြင်း ဖြစ်၏။ ထိုသို့ဖြစ်သည်ကို ဘုရားသခင် သိမြင်တော်မူ၍–



www.burmeseclassic.com

www.burmeseclassic.com



'အဋ္ဌိနံ့ နဂရံ ကတံ၊ မံသ လောဟိတလေပနံ။

ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော –' ဟူသော ဒေသနာတော်ကို ဟောတော်မူသည်။

အနက်ကား – ရူပနန္ဒေ၊ ရူပနန္ဒာ သညာမည်ခေါ် နှမတော်။ အယံကာယော၊ ဤခန္ဓာကိုယ်သည်ကား။ အဋ္ဌိနံ၊ သုံးရာသော အရိုးတို့ဖြင့်။ ဉဿာပေတွာ၊ စိုက်ထောင်၍။ နဂရံ၊ မြို့ကို။ ကတံ၊ ပြုအပ်၏။ မံသလောဟိတလေပနံ၊ တစ်လက်ဆွမ်းမျှသော သံသရဏ သွေး, တစ်တုံမျှလောက်သော အသံသရဏသွေး, စိုစွတ်သောသားတစ် ကိုးရာတို့ဖြင့် လိမ်းကျံ ကာ တည်၏။ ယတ္ထ၊ အကြင်ခန္ဓာကိုယ်၌။ ဇရာ စ၊ အိုခြင်းသည် လည်းကောင်း၊ မစ္စု စ၊ သေခြင်းသည် လည်းကောင်း။ မာနော စ၊ ထောင်လွှားခြင်းသည် လည်းကောင်း။ မက္ခော စ၊ သူ့ကျေးဇူးကို ချေခြင်းသည် လည်းကောင်း။ ဩဟိတော၊ တည်၏။

ထိုမှတစ်ပါး 'စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ယဒိ ဝါသယံ' အစရှိသော သုတ် ဒေသနာကိုလည်း ဟောတော်မူ၏။

ဤသို့သောဒေသနာကို ကြားနာရလျှင် နှမတော်ရူပနန္ဒာလည်း ပါရမီရှိသူ ဖြစ် ရကား အားသစ်သော ဝိပဿနာဇောေ၏နောက်၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ တစ်ပါး သော ဘိက္ခုနီမတို့သည်လည်း အကျွတ်တရားကို ရကြသည် များ၏။ ယင်းသို့ ရဟန္တာဖြစ်ပြီး သော် ဆုံးမတော်မူသော ဩဝါဒကိုခံလျက် ရူပဈာန်, အရူပဈာန်တို့၌သာ လွန်စွာအား ထုတ်ရသဖြင့် ဈာနလာဘီပုဂ္ဂိုလ်တို့ထက် သာလွန်ထူးမြတ်စွာ ဖြစ်၏။ ထို့ကြောင့် သာဝတ္ထိ ပြည်သို့ ရောက်သောအခါ ထိုရူပနန္ဒာကို 'ဈာယိနီတေဒဂ်'အရာ၌ ထားတော်မူသတည်း။

[ပါဠိတော်၌ ထင်စွာလာသည်ကို အဋ္ဌကထာဆရာတို့ မဖွင့်ကြ။ အနုတ္တာနကိုသာ ဖွင့်ကုန်သည်ဖြစ်၍ အဋ္ဌကထာတို့၌ သခေ်ပသာ ရှိသည်။ ထိုအတိုင်းသာ ဆရာစဉ်ဆက် ရေးသားပြောဆိုကြရကား ဇနပဒကလျာဏီ၏ဝတ္ထုသည် မပြည့်စုံသည်ဖြစ်၍ အပဒါန်ပါဠိတော်, အဋ္ဌကထာ, ဓမ္မပဒ, အင်္ဂုတ္တိုရ်အဋ္ဌကထာတို့နှင့် နီးနောကာ ပြဆိုလိုက်သည်။ ။ တစ်နည်းတွေ့နှင့် လွှေ့လွှေ့ရမ်းရမ်း လျှာသရမ်း၍ ချီးမွမ်းခြေဆောင့် မမူရာ။

ဤကား ဇနပဒကလျာဏီထေရီ၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၅၅။ ဘဒ္ဒကစ္စာနာမည်သော ယသောဓရာမိဖုရား၏ ရှေးအကြောင်းကို ပြခြင်း

ဘဒ္ဒကစ္စာနာအမည်ရှိသော ရာဟုလာမယ်တော် ယသောဓရာမိဖုရား၏အကြောင်းကား– ဤကမ္ဘာမှ ပြန်၍ရေသော် သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြသော ဗြဟ္မဒေဝ အစရှိသော ဘုရားရှင်တို့၏လက်ထက်တော်ကပင် ငါတို့ဘုရားသခင်အလောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် တွေ့ကြုံကြ၍ 'ပိယသံဝါသဖြင့် ဘဝအဆက်ဆက် မပျက်သောမေတ္တာဖြင့် ပါရမီဖြည့်ရ၍ အတူတကွပင် ဘဝအထွတ် တိုင်စေသော'ဟု မနောပဏိဓိ ရှိကြသည်နှင့်အညီ ပါရမီဖြည့်ခဲ့သမျှ အပရိမေယျဘဝတို့၌ အတူတကွသာ ဖြစ်ရသည်များ၍ သူ တစ်ပါးအား မယားပြုစေခြင်းငှာ စွန့်ခွာပေးလှူသောဘဝလည်း ကုဋေ အထောင်မက၊ ကျွန်ပြုစေခြင်းငှာ စွန့်ခွာပေးလှူသောဘဝလည်း ကုဋေ အထောင်မက၊ မွတ်သိပ်သောသူတို့အား စားရန်အလို့ငှာ ပေးလှူသောဘဝလည်း ကုဋေ အရာမက၊ အသက်ကိုလှူသောဘဝ, လက်ခြေအင်္ဂါ နားနှာ ခေါင်းတို့ကို လှူစေသောဘဝလည်း ကုဋေ အရာမက၊ ရွှေငွေဥစ္စာ ဘဏ္ဍာပရိက်တို့ကို မကြွင်းမကျန် လှူရသောဘဝ, အားတန်အင်မျှသာ လှူရသောဘဝလည်း အသချေ်။

ယင်းသို့ ရှည်လှစွာသောသံသရာ၌ ဘုရားလောင်းအကျိုးငှာသာ ခံနိုင်ခဲစွာသော ဒုက္ခကိုခံလျက် အဆက်ဆက်လာကြသဖြင့် ငါတို့ဘုရားလောင်း သုမေဓာရှင်ရသေ့ ဖြစ်သောအခါ ရမ္မဝတီပြည်၌ 'သုမိတ္တာ'အမည်ရှိသော သတို့သမီးဖြစ်၍ ကြာရှစ်လက်တို့ကို ဘုရားလောင်းအား ကမ်းသဖြင့် ရည်မှန်းခဲ့ဖူးသောအတိုင်းပင် ပတ္ထနာပြု၍ ပါရမီဖြည့်ကြသဖြင့် 'ပဒုမုတ္တရ'ဘုရားလက်ထက်တော်သို့ ရောက်သောအခါ နိယတဗျာဒိတ်ကိုရ၍ သတသဟဿကပ်ပတ်လုံး လူ့ပြည်, နတ်ပြည် ကျင်လည်ခဲ့သဖြင့် ငါတို့ဘုရားလောင်းနှင့် အတူပင် တုသိတာနတ်ပြည်မှ စုတေခဲ့၍ ဒေဝဒဟပြည်ကို အစိုးရသော 'သုပ္ပဗုဒ္ဓ'မင်းကြီး၏ မိဖုရားခေါင် တောင်ညာဒေဝီဖြစ်သော မိဖုရား၏ဝမ်း၌ စွဲလမ်းတည်နေ၍ ဘုရားလောင်း ဖွားသည့်နေ့ပင် ဖွားမြင်လာသတည်း။

အမည်မှည့်သောအခါ အကြိမ်တစ်ရာ လော်ပြီး,ဦးပြီးသော ရွှေဇမ္ဗူရစ်ကို နတ်ဖြစ်ပန်းချီတို့သည် ပီပြင်စွာ ပြုလုပ်ရေးထားသကဲ့သို့ အလွန် လှပတင့်တယ် စင်ကြယ်ကောင်းမြတ်ခြင်းနှင့် ပြည့်စုံရကား 'ဘဒ္ဒကစ္စနာ'ဟူသောအမည်ကို မှည့်၏။ ဆည်းပူးခဲ့သမျှသော ကုသိုလ်ကံဟောင်းသည် တစ်ပေါင်းတည်းစု၍ပေးသောဘဝ ဖြစ်သောကြောင့် ကာမလောက ဓာတ်ဟု ဆိုအပ်သော နတ်ရပ်ခြောက်မည် လူ့ပြည်တစ်ဝန်း ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်သောဌာန၌ ဘုရားလောင်းမှတစ်ပါးသော ယောကျ်ား, မိန်းမ ဟူသမျှတို့သည် တူမျှတန်,၏ဟု နှိုင်းစံဖက်ယှဉ်စရာ မရှိ။ အဘိက္ကန္တဝဏ္ဏ သိရီသောဘဂ္ဂဖြစ်သော လူနတ်တို့အဆင်းကို လွန်၏။ မနောမယဖြစ်သော မဏိဇောတိရသ် ကျောက်မြတ်ရတနာကဲ့သို့ လွန်စွာထွန်းလင်းသော ကိုယ်အဆင်းအရောင်နှင့်လည်း ပြည့်စုံ၏။ မယ်တော်, ခမည်းတော်တို့နှင့် တကွသော သာကီဝင်မင်းအပေါင်းတို့သည်လည်း သောင်းသောင်းကြွေးကြော် အံ့သြချီးကျူးလျက် အထူးသဖြင့် မြတ်နိုးတနာ ရှိကုန်သည်ဖြစ်၍ တစ်သောင်းမျှလောက်သော အထိန်းအယ မိန်းမအခြွေအရံတို့ကို ဆောက်နှင်းပေ၏။ ယင်းသို့လျှင် အစဉ်အတိုင်း ချမ်းသာစွာကြီး၍ မင်းသမီး တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောကာလ ဘုရားလောင်း သိဒ္ဓတ္ထကုမာရနှင့် စုံဖက်ကြသတည်း။

အထက်ဆိုခဲ့ပြီးသော အစဉ်အားဖြင့် ဘုရားသခင်သာသနာတော်၌ မယ်တော် ဂေါတမီ မိဖုရား, ယောက်မတော် ဇနပဒကလျာဏီတို့သည် ဘိက္ခုနီမ ပြုကြလေသော် ယသောဓရာ ဗိမ္ဗာဒေဝီလည်း ဤသို့ကြံ၏။ 'ငါတို့သခင် ဘုရင်သုဒ္ဓေါဒန စောမြတ်လှလည်း ဘဝကေန်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းလေပြီ။ နန်းရိုးဥပရာဇ် ဖြစ်တော်မူသော နန္ဒမင်းသားလည်း ဘုရားဘက်ပါချေပြီ။ ထို့နောက် နန်းလျာရည်စူးပါသော ရာဟုလာမင်းစစ် ငါ့ရင်နှစ်ကိုလည်း ရှစ်ချစ်ဘုရား ယူလေပြီ။ ဤကဲ့သို့သာ ရဟန်းပြုကြလျှင် ဘေးလောင်းတော် ဥက္ကာမုခမင်းမှစ၍ ပြုစုတည်ထောင်ခဲ့သော ဤကပိလဝတ်ပြည်ကြီး ရွှေထီးရွှေနန်းသည် စိုးမြန်းဆက်ခံသူဆုံး၍ သုဉ်းဖျင်းပျက်စီး လေရာသည်။ ယင်းသို့ပျက်စီးလေသော် ဆွေတော်ရှစ်သောင်း မျိုးတော် အပေါင်းတို့သည် ဆောင်းလွှန်နွေစဥ်ရောက်သော ကြာကဲ့သို့ တစ်နေ့တစ်ပါးသာ ညှိုးငယ်ရာ သည်။ ငါလည်း မင်းမိန်းမသာဖြစ်၍ မင်းမှုခြင်းငှာ မသင့်လေ။ ငါ့ရင်သွေး ရာဟုလာကိုသာ ဘုရားထံမှတောင်း ၍ ထီးဆောင်း ဘိသိက်ခံစေအံ့'ဟုကြံ၍၊ အခြံအရံဖြစ်သော မောင်းမ, မှူးမတ်တို့နှင့်တကွ ရထားစီး၍ ဘုရားထံသို့ လာခဲ့၏။

ဝေဠုဝန်ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်၏အစီးအပွားကိုသာ ကျင့်ဆောင်တော် မမူပါနှင့်။ သတ္တဝါတို့၏အစီးအပွား, ဆွေတော်မျိုးတော်တို့၏အစီးအပွားကိုလည်း ကျင့် တော်မူပါ။ ယခု အကျွန်ုပ်တို့၏ကပိလဝတ်ပြည်သည် ရောင်ခြည်မဲ့သော ကျောက်, အတောက် အခိုးမဲ့သော မီးကဲ့သို့ ထီးဆောင်းနန်းနေသုဉ်း၍ ပြည်လုံး ဂုဏ်သရေမဲ့ချေပြီ။ အကျွန်ုပ်သား ရာဟုလာကို သာသနာမှထွက်၍ ထီးဆက်နန်းရံကို ဆက်ခံအုပ်စိုးစေမှ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းနှင့်တကွသော ပြည်သူပြည်သားတို့သည် ကိုးစားမှီတင်းရာ ရှိပါတော့မည်။ သို့ဖြစ်၍ ရာဟုလာသတို့သားကို အကျွန်ုပ်အား ပေးတော်မူပါ။ ဘေးတော်ဘိုးတော်တို့၏ အမွေအနှစ်ဖြစ်သော ထီးနန်းစည်းစိမ်ကို ခံစံပါစေ"ဟု နားတော်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားလည်း "အချင်း ဘဒ္ဒကစ္စနာ။ ငါဘုရားကား ကိုယ်တော်၏ အစီးအပွားကိုသာလည်း ကျင့်တော်မမူ။ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏ အကျိုး စီးပွားကိုသာလည်း ကျင့်တော်မမူ။ အလုံးစုံသော ဘုံသုံးပါး၌ဖြစ်ကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းကိုပင် ရင်သွေး ရာဟုလာနှင့်မခြား သနားစုံမက်တော်မူသဖြင့် ထိုသူတို့၏ အစီးအပွားကိုပင် ငါ ကျင့်တော်မူ၏။ သင်လျှောက်ထားသော အရေးကား သားတော် ရာဟုလာ၏ ချမ်းသာစီးပွားကြောင်းလည်း မဟုတ်။ သင်၏ ချမ်းသာစီးပွားကြောင်းလည်း မဟုတ်။ ဆွေတော်မျိုးတော်တို့၏ အစီးအပွားလည်း မဟုတ်။ ယုတ်ညံ့စွာသော ဤ လောကီ စည်းစိမ်ကို ခံ,စံသဖြင့် သံသရာဝဋ်၌ ဆီပွတ်ယန္တရားကဲ့သို့ သွားလာကျင်လည်ရခြင်း၏ အကြောင်းသာဖြစ်၏။ မင်း၏ချမ်းသာမည်သည်ကား ကာမဂုဏ်ဟူသော ရန်သူငါးပါးတို့သည် ချောက်ချားတုန်လှုပ်စေအပ်သည် ဖြစ်၍ ဒေါမနဿ, ပရိဒေဝ, အဘိဇ္ဈာ, ဗျာပါဒ စသော သူရဲတို့သည် ခြိမ်းမဲထောင်လွှားသဖြင့် ပါဏာတိပါတ စသော ဒုစရိုက်တရားတို့သည် ပွားစီး စည်ပင်သဖြင့် မျက်မြင်ဘဝ၌ နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ, ဘယဘေရဝုပ္ပဒ်, အလာဘ စသော ဒုက္ခတရားတို့သည် များစွာ ဖြစ်လာကုန်၏။ စုတေပြောက်သော နောက် နောက်သောဘဝ၌လည်း အပါယဒုက္ခကို ခံရခြင်း၏အကြောင်းသာ ဖြစ်၏။ ထို့ကြောင့် ဤလူ့ဘုံ၌ ကာမဂုဏ်ဟူသောအမှိုက်ကိုစု၍ ကိလေသာဟူသောမီးကို မွေးသဖြင့် တခြေးခြေး တပြောင်ပြောင် တောက်လောင်ပျက်စီးခြင်းအကျိုးကိုသာ ဖြစ်ရာသည် မဟုတ်လော။ သံသရာ က ပါရမီဖြည့်ဖက်ဖြစ်သော ငါဘုရားနှင့် လည်းကောင်း၊ သားရာဟုလာ မဟာဆွေတော်



www.burmeseclassic.com

www.burmeseclassic.com



ငါဘုရားနှင့် လည်းကောင်း၊ သားရာဟုလာ မဟာဆွေတော်မျိုးတော်တို့နှင့် လည်းကောင်း စုပေါင်းမကွာ ခေမာဘူမိ သိရီပဝရ ပြည်မနိဗ္ဗာန်ကို လျင်မြန်စွာလိုက်ရအောင် ဤလူ့ဘောင်မှခွာသန်း၍ ငါ၏သာသနာ၌ ရဟန်းသာ ပြုဘိလော့”ဟု မိန့်တော်မူ၏။

ယင်းသို့ ဆန်းကြယ်စွာသော ကာမာဒီနဝ, နေက္ခမ္မာနိသံသ ဓမ္မကထာကို ကြားနာရလေလျှင် ဘဒ္ဒကစ္စနာမိဖုရားလည်း လေးပါးသောသစ္စာကို မြင်၍ ဘုရားသခင်အား ညွတ်တွားပူဇော်ခဲ့ပြီးသော် ကျောင်းတော်မှသက်ခဲ့၍ အခြံအရံဖြစ်သော မောင်းမတို့နှင့်တကွ ဇနပဒကလျာဏီ ထေရီ၏အထံ၌ ရဟန်းပြုလေ၏။ ရဟန်းဖြစ်သော အခါမှစ၍ ကမ္မဋ္ဌာန်းဝိပဿနာကို လွန်စွာအားထုတ်သဖြင့် မမြင့်မီပင် ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါး, သမာပတ်ရှစ်ပါး တရားအထူးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအခါ သာသနာ၌ 'ဘဒ္ဒကစ္စနာထေရီ'ဟု ထင်ရှားစွာဖြစ်သတည်း။

ထို ဘဒ္ဒကစ္စနာသည် ပုဗ္ဗေနိဝါသ ဉာဏ်အရာ၌ တစ်ပါးသောရဟန္တာတို့ထက် ကဲလွန်စွာ မြင်နိုင်၏။ ပဋိလောမအားဖြင့် ပြန်၍ရေသော် တစ်သင်္ချေ, နှစ်သင်္ချေ, သုံးသင်္ချေ, လေးသင်္ချေ, တစ်ဆယ့်ခြောက်သင်္ချေသောကာလ၌ ဖြစ်ဖြစ်သမျှ ဘဝအစုကိုလည်း တစ်ခုသော အာဝဇ္ဇန်းရှိသော ဝီထိစိတ်အစဉ်ဖြင့် တစ်ပြိုင်နက် မြင်နိုင်၏။ ထို့ကြောင့် ဘဒ္ဒကစ္စနာကို သာဝတ္ထိပြည်သို့ ရောက်သောအခါ 'မဟာဘိညာ ဧတဒဂ်'အရာ၌ ထားတော်မူသည်။

[တစ်ဆူတစ်ဆူသော ဘုရားရှင်သာသနာ၌ မဟာဘိညာဖြစ်သောပုဂ္ဂိုလ်ကား လေးပါး ရှိသတည်း။ ငါတို့ဘုရားရှင် သာသနာ၌လည်း အဂ္ဂသာဝက နှစ်ပါး, အရှင်ဗာကုလ တစ်ပါး, ယသောဓရာထေရီ တစ်ပါး ဤလေးပါးသော ပုဂ္ဂိုလ်တို့သာလျှင် အသင်္ချေသောကပ်ကမ္ဘာ ကာလ၌ ဖြစ်ခဲ့သမျှသော ခန္ဓာအစဉ်ကို မြင်သိနိုင်သည်။ တစ်ပါးသောရဟန္တာတို့မှာ လွန်စွာသောအပိုင်းအခြားဖြင့် ကမ္ဘာတစ်သိန်းမျှသာ သိမြင်နိုင်သတည်း။

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ကမ္ဘာတစ်သိန်းထက်ကပွင့်သော ပဒုမုတ္တရာဘုရားလက်ထက်တော်က အစပြု၍ဆိုသော်လည်း အပဒါန်ပါဠိတော်၌ပင် –

'ဗြဟ္မဒေဝဋ္ဌ သမ္ဗုဒ္ဓံ၊ ဂေါတမံ သကျနာယကံ။

အဉေသံ လောကနာထာနံ၊ သင်္ကမံ တေ ဗဟုံ မယာ–'အစရှိသည်ဖြင့် သင်္ချေ နှစ်ဆယ်ထက်က ပွင့်ကုန်ကြသော ဗြဟ္မဒေဝ ဘုရားလက်ထက်မှစ၍ စုံဖက်ကာ ပါရမီဖြည့်၍ ဆုတောင်းခဲ့ကြောင်းကို ဟောတော်မူပြီးဖြစ်သောကြောင့် ထိုအဋ္ဌကထာ၌ နိယတဗျာဒိတ်ရသည်ကို ရည်၍သာဆိုသည်ဟု မှတ်ရာ၏။ ဤမှတစ်ပါး များစွာသော ဘိက္ခု, ဘိက္ခုနီတို့၏ အကြောင်းအတ္ထုပ္ပတ္တိကိုပြလျှင် ဂန္ထဂရု ဖြစ်ရာသောကြောင့် လျစ်လျူသာ ရှုရတော့သည်။

ဤကား ယသောဓရာထေရီ၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

**စိနတ္ထပကာသနီကျမ်း 'ပဌမပိုင်း' ပြီး၏။**

**ပန်းရှေပြည်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com


# ဇိနတ္ထပကာသနီကျမ်း

## ဆဋ္ဌမပိုင်း

www.burmeseclassic.com

www.burmeseclassic.com






မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

www.burmeseclassic.com

# ဝိနတ္ထပကာသနီကျမ်း

## ဆဋ္ဌမပိုင်း



မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဓိနတ္တပကာသနီကျမ်း

## ဆဋ္ဌမပိုင်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ။၅၆။ အရှင်ပိဏ္ဍောလမထေရ်၏ အကြောင်းကိုပြခြင်း

ဘုရားမြတ်စွာသည် ဝေသာလီပြည်မှသည် ရာဇဂြိုဟ်ပြည်သို့ကြွတော်မူလာ၍ ခေမာ, နန္ဒနာတာ, ယသောဓရာ စသော သူတို့အား အမြိုက်တရား ဟောကြားကယ်ချွတ်တော်မူပြီးမှ ဆဋ္ဌမမြောက်သော ဝါဝယ် ရာဇဂြိုဟ်မြို့နှင့် မနီးမဝေးဖြစ်သော မကုလတောင် ချရားတော်၌ ဝါကပ်တော်မူ၏။

ထိုအခါ ရာဇဂြိုဟ်သူဌေးသည် ကျေးကျွန်ပရိသတ်နှင့်တကွ ဂင်္ဂါမြစ်သို့သွား၍ ထက်ဝန်းကျင်မှ ပိုက်ကွန်ရံထားလျက် ရေကစားလေသော် ရေ၏အညာ ဟိမဝန္တာတောမှ ကျမျောလာသော စန္ဒကူးသစ်သည် မြစ်ကွေ့ချောင်းကောက် ကျောက်ဆောင်ကမ်းစွန်းတို့၌ ရေဟုန်ဖြင့်တွန်းတိုက်၍ အပိုင်းပိုင်းပြတ်လျက် သဲခုံကျောက်ဖျာတို့၌ များစွာ သွေးပွတ်သဖြင့် အကာမရှိ အနှစ်အတိသာ တိတိဝန်းဝန်းဖြစ်လျက် ဂင်္ဂါမြစ်အယဉ်ဖြင့် မျော၍ ပိုက်ကွန်၌ ငြိလာသတည်း။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးလည်း ထိုသစ်ကို ယူစေ၍ ခုတ်ရွေစူးစမ်းသော် အဖိုးများစွာထိုက်သော စန္ဒကူးနှစ် အဖြစ်ကို သိ၍ မိမိအိမ်သို့ ဆောင်ခဲ့လေ၏။ ထို့နောက် ထိုသူဌေးလည်း မိစ္ဆာဒိဋ္ဌိနှင့်လည်း မယှဉ်၊ သမ္မာဒိဋ္ဌိသို့လည်း မသက်ဝင်၊ ဆင်ခြင်တိုင်းစာ ယုံမှားသံသယ များသူဖြစ်ရကား ဤသို့သောအကြံသည် ဖြစ်၏။ 'ထိုကဲ့သို့သော စန္ဒကူးနှစ်တို့သည် ငါ၏အိမ်၌ အလွန်များစွာ ရှိပြီ။ ဤစန္ဒကူးနှစ်ဖြင့် လောကစီးပွားကိုမပြုဘဲ တစ်ခုသောသံသယကို ကင်းစေတော့အံ့။ ဤလောက၌ ဘုရားရဟန္တာဖြစ်ကြသည်ဟု ပြောဆို၍ ဂိုဏ်းဆရာလုပ်ကြသည်ကား အလွန်များကုန်ပြီ။ အကယ်၍ ရဟန္တာဖြစ်လျှင် ကောင်းကင်သို့ ပျံနိုင်ရာ၏။ ယခုသိသာအောင် ငါစုံစမ်းအံ့' ဟု ကြံလျက် သပိတ်သဏ္ဌာန်ဖြင့် ကောင်းမွန်စွာပွတ်တိုက်ပြီးလျှင် ဝါးအဆက်ဆက်တို့ဖြင့် စိုက်ထောင်၍၊ အတောင်ခြောက်ဆယ်မျှလောက်သော ကောင်းကင်၌ ဆွဲထား၍ ထိုအပါး၌ တံဆိပ်အက္ခရာကို ထင်စွာရေးထားပေ၏။ စာကား– 'ငါတို့လောက၌ ဘုရားရဟန္တာဖြစ်သောသူ အကယ်၍ရှိမူကား ကောင်း ကင်မှပျံလာ၍ ငါထားသောသပိတ်ကို ယူလှည့်ကုန်။ အကယ်၍ ယူနိုင်မူကား သားမယား ဆွေမျိုးနှင့်တကွ နိမ့်ချပျပ်ဝပ်လျက် အသက်ထက်ဆုံး ငါ လုပ်ကျွေးအံ့'ဟု ရေးထား၏။

ထိုအခါ ပူရဏကဿပဆရာသည် သူဌေးထံသို့ လာ၍ "ဒါယကာ။ ငါကား တပည့်ငါးရာတို့အား ဆုံးမသင်ကြား၍ ဘုရားပြုနေသည်ကို သင်တို့မျက်မြင်ပင် ဖြစ်သည်။ ဤသပိတ်ကား ငါ့အား ထိုက်တန်၏။ ငါ့ကို လှူလော့"ဟု ဆို၏။ ထိုသူဌေးကလည်း "ကောင်းကင်ဖြင့်ကြွ၍ ယူနိုင်မူ ယူပါလော့"ဟု ဆိုလိုက်၍ ရှက်သောကိုယ်ဖြင့်သာ ပြန်ရ၏။

တစ်နေ့သ၌ 'နာဋပုတ္တ'အမည်ရှိသော တက္ကတွန်းသည် မိမိတပည့်တို့ကို ခေါ်၍ "သူဌေးအား သင်တို့သွား၍ ဆိုချေကုန်။ ငါတို့ဆရာကား အရေးအရာကြုံလျှင် ကောင်းကင်သို့ ကြွသည်ကို ငါတို့အမြင် ဖြစ်သည်။ ထို့ကြောင့် ဤသပိတ်ကား ငါတို့ဆရာအား လျောက်ပတ်၏။ သို့ရာတွင် ပမာဏ မမှုလောက်သော ဤသပိတ်မျှအကြောင်းဖြင့် ကောင်းကင်သို့ မပျံပေ ရာ။ သဒ္ဓါကြည်ညိုမူ ငါတို့ဆရာကိုသာ လှူလော့ဟု ဆိုချေကုန်"ဟူ၍ စေလိုက်၏။

တပည့်တို့လည်း ဆရာစေလိုက်တိုင်း ပြောလေသော်၊ သူဌေးကလည်း "ထွေထွေရာရာ မပြောလာနှင့်။ ကောင်းကင်ဖြင့်သာ ပျံ၍ ယူစေကုန်"ဟု ဆိုလိုက်၏။ ထို့နောက်မှ နာဋပုတ္တဆရာသည် မိမိကိုယ်တိုင် လာလို၍ တပည့်တို့ကို ဤသို့ သညာပေး၏။ "ငါကား ကောင်းကင်သို့ ပျံ၍ယူမည့်အဟန် ပြုမည်။ သင်တို့ကား 'ဤသစ်သားသပိတ်မျှနှင့် ကြီးကျယ်လှသော အာနုဘော်ကို ဆရာ မပြုပါလင့်။ ဆရာရအပ်သော အရဟတ္တဖိုလ်၏ကျေးဇူးလက္ခဏာကို လွန်စွာ လျှို့ဝှက်အပ်ပါသည်'ဟုဆို၍ ငါ့ကို ဆွဲလင့်ကုန်"ဟု အမှတ်ပေး၍၊ သူဌေးအိမ်သို့လာပြီးသော် "သူဌေးကြီး။ သင်၏သပိတ်ကား ငါမှတစ်ပါး သုံးဆောင်ထိုက်သူ မရှိပြီ။ ဤသပိတ်ကို ငါ့အားသာ လှူလော့။ အနည်းငယ်မျှသော အကြောင်းဖြင့် ကောင်းကင်ပျံခြင်းကို သင် အလိုမရှိလင့်" ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးလည်း"အကျွန်ုပ် စကားပြင်၍ မဆိုပြီ။ အလိုရှိလျှင် ကောင်းကင်သို့သာ ပျံ၍ယူ"ဟု ဆိုပေ၏။ ထိုအခါ နာဋပုတ္တဆရာလည်း "ငါ ယခုပင် ကောင်းကင်သို့ပျံ၍ ယူမည်။ ဖဲကုန်ရှားကုန် ကြည့်ကြကုန်"ဟု ဆို၍ အိမ်မှဆင်းသွားပြီးလျှင် သပိတ်အနီး၌ ရပ်၍ ကိုယ်ဝတ်သင်္ကန်းတို့ကို ပြင်ဆင်ပြီးသော် ကောင်းကင်သို့ ပျံတက်မည်ဟု လက်တစ်ဖက်ကိုမြှောက်၍ အောက်ခြေတစ်ဖက် ကြွ၏။ ထိုခဏ၌ တပည့်တို့ ဝိုင်းအုံကြ၍ "ဆရာ။ အသို့ ပြုဘိသနည်း။ ဤသပိတ်ငယ်မျှအကြောင်းဖြင့် ကောင်းကင်သို့ မပျံပါလင့်"ဟု ဆရာမှာတိုင်းဆို၍ ကြွသောခြေကို ဆွဲကြ၏။ ထိုသို့ပြုပြီးသောအခါ အနီးသို့လာ၍ ကြည့်ကြကုန်သော ပရိသတ်တို့တွင် အချို့သောသူတို့ကလည်း 'ဤဆရာကား ပြနိုင်ရာလတ္တံ့'ဟု သံသယရှိကုန်၏။ အချို့ကား မပြနိုင်မည်ကိုသိ၍ ပြက်ရယ်ပြုကုန်၏။

ထိုအခါ နာဋပုတ္တလည်း "သူဌေးကြီး။ ငါ ကောင်းကင်သို့ ပျံနိုင်သောအကြောင်းကို သင် သိကောင်းရာပြီ။ ငါ ပျံမည်ဟုကြံလျက် တပည့်တို့ အခွင့်မပေးသောကြောင့် မပျံရပါ။ သပိတ်ကိုသာ ငါ့အား လှူဘိလော့"ဟု ဆို၏။ ရာဇဂြိုဟ်သူဌေးကလည်း "ကောင်းကင်သို့ မပျံသမျှ မရချေရာ"ဟု ဆို၍၊ ရှက်ကိုးရှက်ကန်းနှင့်သာ ပြန်ရ၏။

ထို့နောက်မှ ပကုဓကစ္စာယန, ကေသကမ္ဗလ အစရှိကုန်သော တိတ္ထိဆရာကြီးတို့သည် အသီးသီးလာ၍ ထွေထွေရာရာ ပြောဆိုတောင်းရမ်းကုန်လျက် ခြောက်ရက်တိုင်တိုင်ရှိလေ၏။

ခုနစ်ရက်မြောက်သောနေ့၏ နံနက်တွင် အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလ နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်အံ့သောငှာ ကြွလာ၍ မြို့တံခါးအနီး ကြီးစွာသော ကျောက်ဖျာထက်၌ သင်္ကန်း သပ္ပာယ်လျက်နေစဉ် မြို့တွင်းသို့ဝင်သော သေသောက်ကြူးတို့သည် ဤသို့ အချင်းချင်း ပြောဆိုကြကုန်၏။ "အချင်းတို့။ ငါတို့ပြည်ရွာဝယ် ဘုရားရဟန္တာဟု အသီးသီး ပြောဆိုလျက် မိမိကိုယ်ကို ချီးမြှောက်ကြသောသူ အလွန်များ၏။ ငါတို့သူဌေးထားသော သပိတ်ကို ကောင်းကင်ဖြင့်လာ၍ ယူနိုင်သောသူကား တစ်လူမျှပင် မပေါ်လာ။ ဤလူ့ရွာ၌ ဘုရားရဟန္တာ မရှိသောအဖြစ်ကို စင်စစ်ယခု သိရပြီ။ ဤအခါမှစ၍ ရဟန္တာဟု ဝါလာကြွားသော်လည်း နားမထောင်လိုပြီ"ဟု ပြောဆို၏။

ထိုစကားကို ကြားလျှင် အရှင်မောဂ္ဂလာန်က "ငါ့ရှင် ပိဏ္ဍောလ။ ဤသူတို့ကား ဘုရားရှင်သာသနာကို ဂွမ်းဝါထုပ်ကဲ့သို့ ရှုတ်ချ ပစ်လွှင့်ချေပြီ။ သို့အရာကို ငါတို့ကြားသိလျက် သတိမချုပ် အမှတ်မဲ့သာနေချေသော် သုံးထွေသောရတနာ၌ သတ္တဝါတို့သည် ကြီးစွာသောယုံမှားခြင်းဖြစ်၍ သံသရာမြစ်၌ မွန်းနစ်သူ များကုန်လတ္တံ့။ ထို့ကြောင့် သင်သည် ကောင်းကင်ဖြင့် သွား၍ ထားသောသပိတ်ကို ယူပါ"ဟု ဆို၏။

အရှင်ပိဏ္ဍောလကလည်း "အရှင်မြတ်ကား ကြီးမားသောတန်ခိုး ရှိကုန်သောသူတို့ထက် အဆ အရာအထောင်မက သာလွန်သောပုဂ္ဂိုလ် ဖြစ်ပါသည်။ ကေသရာဇာ ခြင်္သေ့ရှိလျက် တိဏ, ကာဠတို့ မဟောက်သင့်သကဲ့သို့ ဖြစ်သည်။ အရှင်မြတ်သာ ကြွ၍ ယူတော်မူပါ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်မောဂ္ဂလာန်ကလည်း "ငါ့ရှင်သာ ယူချေ"ဟု တိုက်တွန်းပြန်လျှင် အရှင်ပိဏ္ဍောလလည်း အဘိညာပါဒကဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ အလျား သုံးဂါဝုတ်, အနံသုံးဂါဝုတ်ရှိသော ကျောက်ဖျာကြီးကို ခြေမတော်များဖြင့် ညှပ်ယူပြီးသော် ရာဇဂြိုဟ်မြို့ပေါ်ထက်၌ ဟင်္သာငှက် ဝဲသကဲ့သို့ တလူးလာလာ စင်္ကြံကြွတော်မူ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သူတို့လည်းကျောက်ဖျာဖြင့် မြို့အလုံးကို ဖုံးအုပ်အံ့သကဲ့သို့ ထင်၍ အတွင်းအပြင်နေကုန်သော လူတစ်လွှားပင် ပြေးသွားအုန်းအင်း ရုန်းရင်းခတ်ကုန်လျက် 'ငါတို့ထိပ်ထက်သို့ ဤကျောက်ဖျာကျ၍ သေရကုန်လတ္တံ့.'ဟု အလွန်ကြောက်လန့်ခြင်းဖြစ်ရကား၊ အချို့လည်း အိမ်အောက်ကြားသို့ ဝင်ကုန်သည်။ အချို့လည်း တွင်း, ကျင်းသို့ ဆင်း၍ ဝပ်ကုန်သည်။အချို့လည်း သစ်ပင်ရင်းသို့ ချဉ်းကြကုန်သည်။ အချို့လည်း သစ်ငုတ်စိုက်၍ လာကုန်သည်။ အချို့လည်း ထိပ်ဦးထက်ဝယ် ဗန်းငယ်ဖြင့် ဖုံးကုန်သည်။ ခုနစ်ပတ်ရစ်၍ စေ့သောအခါ ကျောက်ဖျာကိုထွင်းဘိ၍ မိမိကိုယ်ကို ထင်ရှားစေ၏။

ပြည်သူ ပြည်သားတို့လည်း အရှင်ပိဏ္ဍောလကိုမြင်လျှင် "သခင်ပိဏ္ဍောလ။ သခင်၏ကျောက်ဖျာကို မြဲမြံစွာ ဆွဲတော်မူပါလော့။ အကျွန်ုပ်တို့ကိုပိ၍ စိစိမကြေပါစေလင့်"ဟု တောင်းပန်လျက် ဦးရှက်တိုက်ကြကုန်၏။ အရှင်ပိဏ္ဍောလမထေရ်လည်း မြို့ထိပ်၌ရပ်လျက် ကျောက်ဖျာကို ခြေဖြင့်ခတ်လေသော် မိုးကြိုးပဲ့တင် လျှောင်တော်ဟိန်းသကဲ့သို့ လန့်ကြိမ်းကြောက်မက်ဖွယ်သော အသံသည်ဖြစ်၍ တည်မြဲတိုင်းနေရာသို့ ကျစေပြီးမှ သူဌေးကြီးအိမ်ထက်၌ ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်ဖြင့် ရပ်တော်မူ၏။

သူဌေးကြီးလည်း အရှင်ပိဏ္ဍောလကိုမြင်လျှင် မြေအပြင်ဝယ် ရင်ဖြင့်ဝပ်၍ "အရှင်မြတ်ဆင်းသက်တော်မူပါ။ အကျွန်ုပ်တို့၏အလှူကို ခံတော်မူပါ"ဟု လျှောက်ထား၍ ဆင်းသက်သောအခါ၊ ကောင်းမြတ်သောနေရာ၌ နေစေပြီးလျှင် စန္ဒကူးသပိတ်ကို ချစေ၍၊ စတုမဓုအရသာဖြင့် ပြည့်စေလျက် အရှင်ပိဏ္ဍောလအား ကပ်လှူ၏။

မထေရ်မြတ်လည်းသပိတ်ကိုဆောင်၍ ကျောင်းသို့ကြွလေသော် သီတင်းသုံးဖော်ဖြစ်သော မထေရ်တို့တွင် အချို့သောပုဂ္ဂိုလ်တို့သည် ဆိတ်ငြိမ်ရာ၌ နေခိုက်ဖြစ်သောကြောင့် ပြသောတန်ခိုးပြာဋိဟာကို မမြင်ရကုန်။ ထို မမြင်ရသော မထေရ်တို့သည် အညီအညွတ်စည်းဝေးကုန်၍ "အရှင်ဘုရား။ အကျွန်ုပ်တို့အားလည်း တန်ခိုးတော်ကို ပြပါဦး"ဟု တောင်းပန်၍ တစ်ဖန်ရှေးနည်းပင် ပြရပြန်၏။ထိုအခါ များစွာကုန်သော လူ့ရဟန်းအပေါင်းတို့သည် ကောင်းချီးပေးကုန်လျက် အုတ်အုတ်ကျက်ကျက်သောအသံသည် ဖြစ်၏။

ထိုအသံကို မြတ်စွာဘုရား ကြားတော်မူလျှင် သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူလျက်ပင် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ။ ဤ ကြော်ငြာသောအသံကား အဘယ်အသံနည်း"ဟု မေးတော်မူ၍၊ အရှင်ပိဏ္ဍောလ၏ အခြင်းအရာကို စုံစေ့စွာလျှောက်ကြားလျှင် အရှင်ပိဏ္ဍောလကို ခေါ်တော်မူ၍၊ "သင်သည် ဤသို့သောအမှုကို ပြုသည်မှန်သလော"ဟု မေးတော်မူ၍၊ "မှန်ပါကြောင်းကို"နားတော်လျှောက်တင်သော် "ငါ့ရှင်ပိဏ္ဍောလ။ သင်သည် ဤသပိတ်ငယ်မျှသော အကြောင်းအရာဖြင့် အဘယ့်ကြောင့် ပြာဋိဟာကို ပြသနည်း"ဟု



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်တော်မူ၍ ထိုစန္ဒကူးသပိတ်ကို အစိတ်စိတ်ခွဲစေပြီးမှ သံဃာတို့အား မျက်စဉ်းမှုန့်ကြိတ်စေခြင်းငှာ ဝေတော်မူ၍ "ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော အကြောင်းမျှဖြင့် 'အရဟဒ္ဓဇ'ဖြစ်သော တန်ခိုးပြာဋိဟာကို မပြရ"ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ယင်းသို့ သိက္ခာပုဒ်ကို ပညတ်တော်မူသောအကြောင်းကို တိတ္ထိတို့ကြားလျှင် 'ရဟန်းဂေါတမ၏ တပည့်သားသံဃာတို့ကား မိမိအသက်ပင် သေကြေသော်လည်း ပညတ်သောသိက္ခာပုဒ်ကို မလွန်ကျူးကုန်။ ရဟန်းဂေါတမလည်း မိမိပညတ်သော သိက္ခာပုဒ်ကို မိမိပင် အလွန်ထိန်းသိမ်းတတ်သည်။ ယခုအခါ ငါတို့ အခွင့်ရပြီ'ဟု ကြံအောက်မေ့လျက် မြို့လေးမျက်နှာကို လှည့်လှည်၍ပြောဟောကြသည်ကား "လူအများတို့။ ငါတို့ကား မိမိရအပ်သော ဂုဏ်ကျေးဇူးကို စောင့်ရှောက်သည်ဖြစ်၍ ဤ သစ်သားသပိတ် ဟူသောအကြောင်းမျှဖြင့် တန်ခိုးပြာဋိဟာကို မပြကုန်။ ရဟန်းဂေါတမ၏ တပည့်သာဝကတို့သည် ပညာမဲ့ကြသောကြောင့် သပိတ်ငယ်မျှသော အကြောင်းဖြင့် ကောင်းကင်ပျံခြင်းကို ပြုဘိ၏။ မိမိတို့ဆရာက တားမြစ်ဆုံးမရပြီ။ ဂေါတမဆရာကား ပညာအတန်ရှိ၍ သတိရသောကြောင့် ရခဲ့သောသပိတ်ကို ခွဲစေသည်။ အကယ်၍ သင်တို့သိလိုမူ ရဟန်းဂေါတမ တန်ခိုးပြလျှင် ဆယ်ဆထောင်ရာ ထို့ထက်သာ၍ ငါတို့ တန်ခိုးပြမည်။ နှစ်ဦးဆိုင်၍ ပြိုင်သည့်ပွဲမှာ သူသာငါသာ ဘုန်းတေဇာကို ရှုကြပါလော့"ဟု ဆိုကုန်၏။

ထိုစကားကို အဆင့်ဆင့်အားဖြင့် ဗိမ္ဗိသာရမင်းကြီးကြားလေသော် ဘုရားထံတော်သို့လာ၍ "မြတ်စွာဘုရားကိုယ်တော်မြတ်သည် သာဝကတို့အား ပြာဋိဟာပြခြင်းကို ပညတ်တော်မူ၏ဟူသည် မှန်သလော"ဟု လျှောက်၏။ ဘုရားသခင်ကလည်း မှန်ကြောင်းကို မိန့်တော်မူလျှင် "အရှင်ဘုရား။ ဤပညတ်တော်ကား တိတ္ထိများကို အားပေးသကဲ့သို့ ဖြစ်ချေပြီ။ ချင်းတို့ အခွင့်သာ၍ လွန်စွာ ပြောဆိုကြကုန်သည်။ အရှင်ဘုရားနှင့် တန်ခိုး ပြိုင်၍ပြမည်ဟု ကြုံးဝါးကြကုန်သည်။ အသို့ ပြုပါအံ့နည်း"ဟု လျှောက်၏။

ဘုရားသခင်ကလည်း "မင်းကြီး။ တိတ္ထိတို့ကို နှိမ်နင်းစိမ့်သောငှာ တန်ခိုးပြာဋိဟာ ပြစေလိုသော် ငါကိုယ်တိုင်ပင် ပြအံ့"ဟု မိန့်တော်မူ၏။ "အရှင်ဘုရားတို့မှာ သိက္ခာပုဒ် ပညတ်တော်မူပြီ မဟုတ်လော"ဟု လျှောက်ပြန်လျှင်၊ "မင်းကြီး။ ပညတ်သည် မှန်၏။ ပညတ်သော်လည်း ငါ၏အကျိုးငှာ မပညတ်။ သာဝကတို့၏အကျိုးငှာသာ ပညတ်တော်မူသည်"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား။ မိမိကား မကျင့်ဘဲ သူတစ်ပါးကိုကျင့်စေသော် လျော်ပါတုံအံ့လော"ဟု လျှောက်ပြန်လျှင်၊ "သင်မင်းကြီး။ သင့်အားငါ မေးဦးအံ့။ သင်စိုးပိုင်သော နိုင်ငံတွင်း၌ မင်း၏ဥယျာဉ်တို့သည် ရှိကုန်၏လော"ဟု မေး၍၊ ရှိကြောင်းကို လျှောက်လျှင် "ထိုဥယျာဉ်၌သစ်ပင်, သစ်သီးတို့ကို သူတစ်ပါး စားသုံးဖျက်ဆီးသော် အသို့ ပညတ်အံ့နည်း"ဟု မေး၏။ "အရှင်ဘုရား။ သူတစ်ပါးတို့ သုံးစားဖျက်ဆီးသော် မင်းဒဏ်ပေးပါသည်"ဟု လျှောက်လျှင်၊ "သင် မင်းကြီး သုံးစားဖျက်ဆီးရာ၌ အသို့ပြုသနည်း"ဟု မေးပြန်၏။ "ဒကာတော်မှာ ဥစ္စာရှင်ဖြစ်၍ သုံးစားသဖြင့် လည်းကောင်း၊ ဖျက်ဆီးသဖြင့် လည်းကောင်း အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ"ဟု လျှောက်လျှင် "သင်မင်းကြီးအား အပြစ်မရှိသကဲ့သို့ ကာလသမယကို သိမြင်တော်မူသော ငါဘုရားအားလည်း သိက္ခာပုဒ်ကို ပညတ်ခြင်းကြောင့် မလွန်ကျူးရသောမည်သည် မရှိ။ သာဝကတို့သာ မလွန်ကျူးရာသည်။ ထို့ကြောင့် တန်ခိုးပြာဋိဟာကို ငါ ပြတော်မူမည်"ဟု မိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ "ကောင်းလှပါပြီ။ ပြတော်မူပါ"ဟု လျှောက်ထား၍ ပြန်လေ၏။

ထိုစကားကို အဆင့်ဆင့်ပွားသဖြင့် တိတ္ထိများကြားလေလျှင် ဤသို့ ဆိုပြန်၏။ "ရဟန်းဂေါတမသည် သာဝကတို့အား ပြန့်ပွားကျော်စောသော ဂုဏ်သတင်းမဖြစ်ရအောင် တန်ခိုးပြခြင်းကို မြစ်တား၍ မိမိသာပြမည်ဟု ဆိုသည်။ ထိုသို့ဖြစ်လျက် ရဟန်းဂေါတမကို သူတော်ကောင်းဟု သမုတ်မှားကြလေသည်"ဟူ၍ ကဲ့ရဲ့ကုန်၏။ ထိုသို့ ကဲ့ရဲ့ဖန်များသဖြင့် ဗိမ္ဗိသာရမင်းကြီးကြားလေလျှင် ဘုရားသခင်ထံတော်သို့ လာ၍ "မြတ်စွာဘုရား။ တိတ္ထိတို့သည် အရှင်မြတ်အားများစွာ ကဲ့ရဲ့ကြချေပြီ။ တန်ခိုးပြာဋိဟာကို အဘယ်အခါမှ ပြတော်မူအံ့နည်း"ဟု လျှောက်၏။

ဘုရားသခင်လည်း "ပြည့်ရှင်မင်းကြီး။ ဤလမှသည် လေးလလွန်သဖြင့် ဝါဆိုလပြည့်နေ့၌ ပြတော်မူမည်"ဟု မိန့်တော်မူ၏။ "အဘယ်အရပ်၌ ပြတော်မူအံ့နည်း"ဟု လျှောက်ပြန်လျှင် "ပြည့်ရှင်မင်းကြီး။ ရှေးရှေးသော နောင်တော်ဘုရားတို့သည် သာဝတ္ထိပြည်ကိုမှီ၍သာ ယမိုက်ပြာဋိဟာကို ပြတော်မူကုန်မြဲ ဖြစ်သည်။ သင်တို့ဆရာ ငါဘုရားလည်း ရှေးနောင်တော်များ ထုံးစံကို မလွန်စကောင်းပေ။ သာဝတ္ထိပြည်ကို အမှီပြု၍ ပြာဋိဟာကို ပြတော်မူအံ့"ဟု မိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းကြီးက ထိုစကားကိုကြားရမှ စိတ်ချ၍ နန်းတော်သို့ ပြန်၏။

ထိုစကားကို တိတ္ထိတို့ကြားကြကုန်လျှင် ဥပါယ်တံမျဉ်ဖြင့်ကြံစည်ချင်၍ ဘုရားသခင်ကြွတော်မူတိုင်း နောက်ကလိုက်ကြကုန်၏။ လူတို့က "အဘယ်ကြောင့် လိုက်ကြသနည်း"ဟု မေးလျှင် "ရှင်ကြီးဂေါတမကို ငါတို့နှင့် တန်ခိုးပြိုင်မည်ဆိုသဖြင့် ထွက်ပြေးအံ့သည်ကို စိုးရိမ်၍လိုက်သည်"ဟု ပြောကြကုန်၏။ ပြည်သူပြည်သား လူအများတို့လည်း ပြတော်မူသော တန်ခိုးပြာဋိဟာကို ငါတို့ကိုယ်ထင် ဖူးမြင်ရအောင် လိုက်ကြကုန်အံ့"ဟု စည်းဝေးတိုင်ပင်၍ နေကြ၏။

ထိုအခါတွင် မြတ်စွာဘုရားလည်း အနာထပိဏ်သူဌေးပင့်လာ၍ သာဝတ္ထိပြည်သို့ ကြွတော်မူသတည်း။

## ။၅၇။ အနာထပိဏ်သူဌေး၏ အကြောင်းကို ပြခြင်း

အနာထပိဏ်သူဌေး၏အကြောင်းကား သာဝတ္ထိပြည်ဝယ် အဆွေခုနစ်ဆက်တိုင်တိုင် ဖြိုးခိုင်ကြွယ်ဝသော 'သုဒတ္တ'အမည်ရှိသော သူဌေးသည် ရှိ၏။ ထိုသူဌေးသည် သက်မွေးခဲကပ်မွတ်တေဝမ်းလျကုန်သော ဖုန်းတောင်းယာစကာတို့အား စားဖွယ်ထမင်းဖြင့် တစ်နေ့မပြတ်ပေးကမ်းတတ်သောအလေ့ ရှိသောကြောင့် 'အနာထပိဏ္ဍိက'ဟု တွင်သတည်း။

ထိုအခါ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်ပြည်၌နေသော 'ဝိသာလ'သူဌေး၏နှမ 'သိရီသုမန'နှင့် သင့်မြတ်ကြသဖြင့် အမျိုးယောက်ဖ တော်စပ်၏။ ယင်းသို့တော်စပ်ရကား ထိုသူတို့အား အကြောင်းပြုသဖြင့် လည်းကောင်း, ရောင်းဝယ်ဖောက်ကား စီးပွားရှာလို



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်၍ လည်းကောင်း နှစ်နှစ် တစ်ခေါက်, သုံးနှစ် တစ်ခေါက် ရောက်မြဲမမှတာ ဖြစ်သတည်း။

တစ်ရံသောအခါ ထို အနာထပိဏ်သူဌေးသည် လှည်းငါးရာတို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ လာရောက်သော် အမျိုးယောက်ဖဖြစ်သော ဝိသာလသူဌေးအိမ်သို့ ဝင်၏။ ထိုသူဌေးလည်း နက်ဖြန်အလို့ငှာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဖိတ်သည်ဖြစ်၍ ကျွေးမွေးလှူဒါန်းရန်အလို့ငှာ များစွာသော ကျေးကျွန် အမှုလုပ်တို့နှင့်တကွ အဖျော်ယမကာ ဆွမ်း, ယာဂုတို့ကို စီမံပြုပြင်ကာနေ၏။ အနာထပိဏ်သူဌေးအား အာလာပသလ္လာပစကားမျှ မပြောဖြစ်လေ။

အနာထပိဏ်သူဌေးလည်း ဤသို့ ကြံ၏။ 'ငါ၏ယောက်ဖ ဝိသာလသည် ရှေးအခါက ငါရောက်လာမူ များစွာသောကိစ္စတို့ကို စွန့်ထား၍ ငါ့အား ပျူငှာမြဲဖြစ်သည်။ ယခုမူကား ကျေးကျွန်များနှင့် စာရေးသောက်မှုကိုသာ စီရင်ကာနေခဲ့၏။ ဤသူဌေးကား ငါ့အားသုန်မာန် ဒေါသခံ၍ ရန်ငြိုးမူလေသလော၊ သို့မဟုတ်ငြား သမီး,သားပင် ထိမ်းမြားမင်္ဂလာအခါဌ် ကြံလေသလော၊ ဗိမ္ဗိသာရ ပြည်မသနင်း မင်းသော်မူလည်း သူ၏အိမ်သို့ လာမည့်အခါနှင့် ဆုံလေသလော'ဟု တွေးတောလျက် နေလင့်၏။ ဝိသာလသူဌေးလည်း အရေးပြီးသောအခါ အနာထပိဏ်ထံသို့လာ၍ ဝမ်းမြောက်ဝမ်းသာ များစွာပြောဆို၏။

ထိုအခါ အနာထပိဏ်ကလည်း "အချင်းဝိသာလ။ သင်သည် အဘယ်ကိစ္စကြောင့် ဗျာပါရ ဖြစ်သနည်း"ဟု မေးလေသော်၊ "အဆွေအနာထပိဏ်။ အစိန္တေယျ အပ္ပမေယျ လောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ယခု ငါတို့ ရာဇဂြိုဟ်ပြည်၌ လူ နတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးစံနေတော်မူသည်။ ထိုဘုရားရှင်နှင့် သံဃာတို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကို နာခြင်းငှာ ငါ၏အိမ်သို့ ပင့်ဆောင်အပ်သည်ဖြစ်၍ ကောင်းမြတ်စွာသော ဆွမ်း,ယာဂုကို ပြုပြင်စီမံသတည်း"ဟု ပြောပေ၏။

ထိုစကားကိုကြားလျှင် အနာထပိဏ်သူဌေးလည်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတက်ပွားခြင်းဖြင့် "အချင်းဝိသာလ။ 'ဘုရား'ဟူသောသတင်းစကား ကြားရရုံလည်း အတိဒုလ္လဘ ရခဲတောင်းပင် ဖြစ်ပေသည်။ ယင်းသို့ဖြစ်ခဲလျက် စောရဲဘုရား ရှိကြောင်းများကို ကြားသိရ၍ အဆအရာ ဝမ်းသာပါ၏။ ငါတို့၏ လူအဖြစ်ကိုရခြင်းသည် ကောင်းမြတ်လှလေစွ။ ငါ့အား ယခု သဗ္ဗညုထံ အမြန်ပို့ပါ။ ဖူးမြင်လိုပါသည်"ဟု တောင်းပန်၏။ ဝိသာလကလည်း "အချင်းအနာထပိဏ်။ ယနေ့ကား အချိန်မဟုတ်ပြီ။ နက်ဖြန်နံနက် နေစက်ထွန်းတောက် မိုးသောက်သောအခါ စောမြတ်စွာသည် ငါတို့အိမ်သို့ ကြွလာလတ္တံ့။ ထိုအခါမှ အားရအောင်ပင် သင်ဖူးမြင်လော့"ဟု ဆိုပေ၏။

အနာထပိဏ်သူဌေးလည်း 'နံနက်အခါတွင် ဘုရားရှင်ကို ဖူးမြင်တွေ့ကြုံအံ့သည်တကား'ဟု ငါးပါးသောပီတိဖြင့် ထုံလျက် ဂုဏ်ကျေးဇူးကိုအောက်မေ့၍ အိပ်လေသော် သန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



ယံကျော်လျှင် မပျော်နိုင်ခြင်းဖြင့် 'လင်းပြီ'ဟု မှတ်ထင်၍ သုံးကြိမ်တိုင်အောင်ပင် ထမှား၍၊ တတိယယံသို့ ရောက်လာသောအခါ ထင်စွာသောအလင်းရောင်သည် ဖြစ်သဖြင့်'အရုဏ်တက်ပြီ' ထင်၍ အလျင်တဆောထွက်သွားသဖြင့် 'သိဝက'မည်သော မြို့တံခါးသို့ရောက်လေသော် တံခါးကိုစောင့်သောနတ်တို့က ဖွင့်လင့်သဖြင့် အသင့်ပင်ထွက်ရ၏။ မြို့မှထွက်မိလျှင် ယခင်အလင်းရောင်သည် ပျောက်၍ အမိုက်အတိ ရောက်လာ၏။ ထိုအခါ အနာထပိဏ်သူဌေးလည်း ထိတ်လန့်ကြောက်ရွံ့ခြင်း၊ ကိုယ် ခက်ထရော်ရှိခြင်း၊ ကြက်သီးမွေးညင်း ထခြင်းတို့သည်ဖြစ်၍ 'ပြန်နစ်နေဦးအံ့'ဟု ကြံလတ်သော် မြို့တံခါးပေါက်စောင့်နေသော သိဝကမည်သော နတ်သားသည် မိမိကိုယ်ကိုဖုက်ထား၍ ထင်ရှားသောအသံဖြင့်–

'သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီ ရထာ။

သတံ ကညာ သဟဿာနိ၊ အာမုတ္တ မဏိကုဏ္ဍလာ။

ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာဂ္ဃတိ သောဠသိံ–'ဟူသော ဂါထာကို ရွတ်၏။

အနက်ကား – ဘော ဂဟပတိ၊ အို ရှင်သူဌေး။ အာမုတ္တ မဏိကုဏ္ဍလာ၊ ကောင်းစွာစွပ်အပ်သော ပတ္တမြားစီမြဲ တန်ဆာရှိကုန်သော။ သတံ သဟဿာနိ၊ တစ်သိန်းကုန်သော။ ဟတ္ထီ၊ ဆင်ပြောင်ကြီးတို့သည် လည်းကောင်း။ သတံ သဟဿာနိ၊ တစ်သိန်းကုန်သော။ အဿာ၊ မြင်းတို့သည် လည်းကောင်း။ သတံ သဟဿာနိ၊ တစ်သိန်းကုန်သော။ အဿာတရီရထာ၊ အဿတိုရ်မြင်း က,သော ရထားတို့သည် လည်းကောင်း။ အာမုတ္တ မဏိကုဏ္ဍလာ၊ အလျှံရှိုးရဲလည်၌ဆွဲသော ပုလဲသွယ်ပျောင်း မြနားတောင်းလည်း ဆင်ကုန်ထသော။' သတံကညာ သဟဿာနိ၊ အသိန်းမျှသော မိန်းမကညာတို့သည် လည်းကောင်း။ ပရိဝါရေတွာ၊ ခြံရံ၍။ ဌိတံ၊ တည်သော။ ရဇ္ဇသိရိ၊ မင်း၏အသရေသည်။ ဝိဟာရံ၊ ဘုရားနေရာ ကျောင်းတော်သာသို့။ ဂစ္ဆန္တဿ၊ သွားသော။ တဝ၊ ရှင်သူဌေး၏။ ဧကဿပဒ ဝီတိဟာရဿ၊ ဖဝါး တစ်လှမ်းတစ်လှမ်း၌ဖြစ်သော စေတနာကို။ သောဠသိံ၊ တစ်ဆယ့်ခြောက်စိတ် စိတ်သည်ကို။ကတွာ၊ ပြု၍ ။ ဧကကလံပိ၊ တစ်စိတ်ရှိခန့်မျှလည်း။ နာဂ္ဃတိ၊ မမီလာ။ ဝါ၊ အဖိုးမထိုက်။ ဂဟပတိ၊ ရှင်သူဌေး။ အဘိက္ကမ၊ ရှေ့သို့တက်လော့။ နော ပဋိက္ကမ၊ နောက်သို့ မဆုတ်လင့်။ တေ၊ သင်၏။ ဂမနံ၊ သွားခြင်းကား။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဖွယ်ရှိ၏။ သေယျော၊ အထူးသဖြင့် ချီးမွမ်းအပ်၏။

ဤဂါထာဖြင့် သုံးခါသုံးကြိမ်တိုင်အောင် ဟစ်ကြွေး၍ ကောင်းချီးပေးလေသော် သူဌေးအနာထပိဏ်လည်း စိုးရိမ်ခြင်းကင်းပျောက်လျက် ဘုရားကျောင်းတော်သို့ ရောက်အောင်ပင် အစဉ်သဖြင့် သွားလေ၏။

ဘုရားကိုယ်တော်မြတ်လည်း လွင်တီးခေါင်အရပ်၌ စင်္ကြံကြွ၍ နေတော်မူသည်နှင့် အဝေးမှလာသော အနာထပိဏ်သူဌေးကို မြင်လျှင် ကျောင်းတော်အပြင်သို့တက်၍ မြတ်သော ဘုရားနေရာ၌ နေတော်မူလင့်၏။ သူဌေးလည်း အထံတော်သို့ကပ်၍ ခြေရင်း၌ဝပ်လျက် အထပ်ထပ်ရှိခိုးလေသော် ကိုယ်တော်မြတ်လည်း "အချင်းသုဒတ္တ။ သင်၏လာခြင်းကား စောစွာတကား"ဟု ငယ်မည်ဖြင့်ခေါ်၍ နှုတ်ဆက်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးလည်း အတိုင်းထက်အလွန်ပင် ရွှင်လန်းဝမ်းသာသောစိတ် ရှိသည်ဖြစ်၍ တစ်သက်ပတ်လုံး ကျင့်သုံးမှတ်ပိုက် အောက်မေ့ထိုက်သောစကားကို လျှောက်ကြားပန်ထွာ၍ နေသည်တွင်၊ ဘုရားသခင်လည်း အစဉ်သောတရားစကားဖြင့် ဟောကြားဆုံးမတော်မူ၍ ကြည်ဖြူနူးညွှဲ့သောအခါ သစ္စာလေးပါးကို ပြတော်မူသဖြင့် ထို အနာထပိဏ်သူဌေးသည် ရှေးဦးစွာသောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ မြတ်စွာဘုရားအား လည်းကောင်း၊ တရားတော်၊ သံဃာတော်တို့အား လည်းကောင်း ကောင်းချီးပေးခြင်းကိုပြု၍ ဥပါသကာ၏အဖြစ်ကို တောင်းပန်လျက်–

'သောဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊

ဥပါသကံ မံ ဘဂဝါ ဓာရေတု၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ'။–

ဟူသောစကားဖြင့် သရဏဂုံကို ယူ၏။

အနက်ကား– ဘန္တေ၊ အရှင်ဘုရား။ သော အဟံ၊ ထို အကျွန်ုပ်သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂစ္ဆာမိ၊ ရောက်ပါ၏။ ဓမ္မဉ္စ၊ တရားတော်ကို လည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာကို လည်းကောင်း။သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂစ္ဆာမိ၊ ရောက်ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မံ၊ အကျွန်ုပ်ကို။ အဇ္ဇတဂ္ဂေ၊ ယနေ့မှစ၍။ ပါဏုပေတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ သရဏံဂတံ၊ ကိုးကွယ်ခြင်းသို့ရောက်သော။ ဥပါသကံ၊ ဒါယကာဟူ၍။ ဓာရေတု၊ မှတ်တော်မူပါလော့။

ထို့နောက်မှ ဘုရားအမှူးရှိသော သံဃာတော်တို့အား နက်ဖြန်အလို့ငှာ ဆွမ်းဖိတ်၍ ဝန်ခံတော်မူလေသော် ကိုယ်တော်မြတ်ကို သုံးပတ် လက်ယာရစ်၍ ပူဇော်ခဲ့ပြီးမှ ဝိသာလသူဌေး အိမ်သို့ ပြန်လာ၏။ ဘုရား ကြွတော်မူ၍ ဝိသာလသူဌေးအိမ်၌ ဆွမ်းဘုဉ်းပေးပြီးသော် တရားဟောတော်မူသောအခါလည်း ကောင်းစွာနာယူရ၏။

ဝိသာလသူဌေးလည်း အရေးပြီးသောအခါ အနာထပိဏ်သူဌေးအား မေးမြန်း၍ ဆွမ်းဖိတ်ခဲ့ကြောင်းကို သိလျှင် "သင်ကား ခရီးသွားအာဂန္တုသာ ဖြစ်သည်။ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပူဇော်လုပ်ကျွေးခြင်းငှာ မတတ်နိုင်ရာ။ အကျွန်ုပ်အဖို့သာ ဖြစ်စေလော့"ဟု ဆို၏။

ထို အနာထပိဏ်သူဌေးကလည်း "အချင်းဝိသာလ။ ဤမျှလောက်သောကိစ္စကို ပြုပြင်ဆောင်ရွက်ခြင်းငှာ ငါ စွမ်းနိုင်၏။ သင်တို့အား လွှဲခြင်းငှာ မသင့်"ဟု ဆိုပေ၏။ ထို့အတူ နိဂုံး နေကုန်သော မိတ်ဆွေသူဌေးတို့သည် လည်းကောင်း၊ ဗိမ္ဗိသာရမင်းကြီးသည် လည်းကောင်း ခွင့်တောင်းပြောဆိုသော်လည်း ထို့အတူပင် ပယ်ရှား၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပူဇော်လုပ်ကျွေးရန် ဆွမ်းဘောဇဉ်တို့ကို မိမိတွင်ပါသော ပရိသတ်နှင့်သာလျှင် ပြုပြင်စီမံ၍၊ နက်ဖြန်နံနက်သောအခါ ဝိသာလသူဌေး၏အိမ်၌ပင် ဆွမ်း, ကွမ်းနေရာကို ကောင်းစွာပြင်ဆင်၍ ဘုရားနှင့်တကွသော သံဃာတော်တို့အား လုပ်ကျွေးသတည်း။

ယင်းသို့ လုပ်ကျွေးမွေး၍ တရားတော်ကိုနာပြီးသော်"ဘုရားကိုယ်တော်မြတ်သည် အကျွန်ုပ်ကို သနားတော်မူပါသဖြင့် သာဝတ္ထိပြည်သို့ ကြွလည်၍ သီတင်းသုံးတော်မူပါ"ဟု



www.burmeseclassic.com

www.burmeseclassic.com



ပင့်လျှောက်၏။ ဘုရားသခင်လည်း "အချင်း ဥပါသကာ။ ငါဘုရားကား သုံးပါးသောဘဝ၌ ကျင်လည်သမျှသော ဝေနေယျတို့၏အကျိုးငှာ ပါရမီ ဖြည့်တော်မူသည်။ ရာဇဂြိုဟ်ပြည်သူတို့၏ အကျိုးငှာသာ ဖြစ်သည် မဟုတ်။ ထိုထိုခန်းဝါ၌ လှည့်လည်ကာ နေတော်မူမည်။ သို့ရာတွင်ကား ဘုရားတို့ဓမ္မတာသည် လူနှင့်မပြွမ်းသော တောခန်းဝါ၌သာ မွေ့လျော်စွာသတည်း"ဟု မိန့်တော်မူ၏။

သူဌေးလည်း ဤသို့သော အမိန့်တော်ကိုကြားလျှင် "အရှင်ဘုရား။ အကျွန်ုပ် သိပါပြီ။ သင့်မြတ်ရာ၌သာ နေရာကျောင်းကန်ကို စီမံဆောက်လုပ်ပါတော့မည်"ဟု လျှောက်ထား၏။ ဘုရားသခင်လည်း အစဉ်သော ဓမ္မဒေသနာဖြင့် အနုမောဒနာပြု၍ ကြွတော်မူ၏။

အနာထပိဏ်သူဌေးလည်း ရာဇဂြိုဟ်ပြည်ဝယ် ပြုဖွယ်ကိစ္စ ဟူသမျှကို ပြီးဆုံးစေ၍ မိမိနေရာ သာဝတ္ထိပြည်သို့ ပြန်လေသော် အဆွေခင်ပွန်း အများရှိသူဖြစ်ရကား ခရီးအကြား မြို့ကျေးရွာတို့၌ သဟာယဖြစ်သောသူတို့ကို ရောက်တိုင်းရောက်တိုင်း စည်းဝေးစေ၍ အသပြာ တစ်သိန်း, တစ်သိန်းစီပေးပြီးမှ "သင်တို့ကျေးရွာ၌ ကျောင်းတစ်ဆောင် ဆောက်ပါ"ဟု မှာဆို၏။

ဤသို့သောနည်းအားဖြင့် ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည် လေးဆယ့်ငါးယူဇနာသော ခရီးကို တစ်ယူဇနာလျှင် တစ်ကျောင်းစီ, တစ်ကျောင်းစီ ဆောက်စေ၍သွားလေသဖြင့် သာဝတ္ထိပြည်သို့ရောက်သောအခါ ဘုရားကိန်းဝပ်ခြင်းငှာ သင့်ရာအရပ်ကို ရှာလတ်သော် မြို့၏အနောက်တောင်မျက်နှာ တစ်ကောသ ကွာသောအရပ်ဝယ် ဇေတမင်းသား စိုက်လုပ်အပ်သောဥယျာဉ်ကို မြင်၍ 'ဤဥယျာဉ်ကား လူတို့နှင့် ဝေးလည်းမဝေး, နီးလည်းမနီး အသွားအလာနှင့် ပြည့်စုံသည်။ သူတော်ကောင်းတို့ နှစ်သက်မွေ့လျော်ဖွယ် တင့်တယ်သောအရပ်လည်း ဖြစ်သည်။ နေ့အခါ လူတို့နှင့် မပြွမ်း။ ညဉ့်အခါ လူသံ မကြား။ အခါခပ်သိမ်း စည်းဝေးစေသောသူတို့၏ ကြွေးကြော်သံ မရှိ။ ယင်းသို့ဖြစ်ရကား ဘုရား မွေ့လျော်တော်မူလတ္တံ့။ ဤဥယျာဉ်ကိုဝယ်၍ ကျောင်း ဆောက်တော့အံ့'ဟု ကြံပြီးလျှင်၊ ဇေတမင်းသားထံသို့ကပ်၍ "အရှင့်သား။ ဤဥယျာဉ်၌ ဘုရားရှင်နေရာ ကျောင်းဆောက်လိုပါသည်။ အကျွန်ုပ်အား ရောင်းပါ"ဟု ဆိုရာ၊ ထိုမင်းသား ကလည်း "အဖိုး အဘယ်မျှ ပေးမည်နည်း"ဟု မေးသော်၊ လိမ္မာသော အမတ်တစ်ယောက်ကိုခေါ်၍ "ဤဥယျာဉ်အား အဘယ်မျှ အဖိုးတန်သနည်း"ဟု မေး၏။ "ဥယျာဉ်မြေဝယ် ငွေခွက်အပြည့် ခင်းမျှ တန်၏"ဟုဆိုသော်၊ ထိုအမတ်ဆိုတိုင်း ငွေကို လှည်းဖြင့်တိုက်စေ၍ မြေပြင်အပြည့်ခင်းသော် တစ်ဆယ့်ခြောက်ပယ် ကျယ်သောမြေ၌ ငွေအသပြာ တစ်ဆယ့်ရှစ်ကုဋေ ဝင်၏။ "ထိုမျှလောက်ကိုပင် ပေးပါမည်"ဟုဆိုလေသော်၊ ဇေတမင်းသားလည်း ထိုအသပြာတို့ကို သိမ်း၍ "ဥယျာဉ်ကို သင်အလိုရှိတိုင်း ပြုလော့"ဟု ပေး၏။

သူဌေးလည်း ထိုအခါမှစ၍ များစွာသော အမှုလုပ်လက်သမားတို့ကို ငှား၍ သစ်, ကျောက်, အုတ်, အင်္ဂတေတို့ကို ရုံးစုစေ၏။ စုဝေးပြီးလျှင် တစ်ဆယ့်ရှစ်ကုဋေသော ငွေ အသပြာကို ဓမ္မစရိတ်ထုတ်လျက် ဆောက်လုပ်ပြုပြင်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



[ထိုကျောင်းတော်ကား ဘုံအားဖြင့် သုံးဆင့် ရှိ၏။ တစ်ဆင့် တစ်ဆင့်သောဘုံဆောင်၌ တစ်ထောင်,တစ်ထောင်မျှလောက်သော တိုက်ခန်းရှိ၏။ ဂန္ဓကုဋိ, သလာဠကကုဋိ, ကောသမ္ဗက ကုဋိ, ကရေရိကုဋိ တည်းဟူသော ကုဋိလေးလုံးတို့ဖြင့် တင့်တယ်၏။ တစ်ထောင်မျှလောက် သော ပြာသာဒ်အရံလည်း ရှိ၏။ များလှစွာသော စင်္ကြံ, မဏ္ဍပ်, ဇရပ်, ဂူ, လိုဏ်တို့ကိုလည်း ခြံရံကာဆောက်လုပ်ပေ၏။]

ထိုကျောင်းတော်ကား သိကြားနေရာ ဝေဇယန္တာပြာသာဒ်ကဲ့သို့ ထူးမြတ်ဆန်းကြယ် ရှုဖွယ်ဘနန်းဖြစ်၏။ လက်သမားတစ်ထောင်တို့သည် ကိုးလတိုင်အောင်ဆောက်မှ ပြီးမြောက် သတည်း။

[အကျယ်ကိုသိလိုမူ- စူဠဝါ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဒီဃနိကာယ်, မဟာဝါ အဋ္ဌကထာ ဋီကာတို့၌ ရှုလေ။ အချို့မှတ်ပုံများ၌ သစ်ဖြင့် ဆောက်လုပ်ကြောင်း၊ ထုတ်လျှောက် တိုင်ဝ မည်မျှရှိကြောင်းကို ဆို၏။ ထိုအတိုင်းကျမ်းဂန် မတွေ့ချေ။]

ယင်းသို့ ဆောက်လုပ်ပြီးသောအခါ အနာထပိဏ်သူဌေးလည်း လိမ္မာသော သူကြွယ်တစ်ဦးအား ယောကျ်ားအခြံအရံနှင့်တကွ ဘုရားထံတော်သို့ စေလိုက်၏။ ဘုရားကိုယ် တော်မြတ်လည်း သာဝတ္ထိပြည်၌ အရှည်သဖြင့် သီတင်းသုံးတော်မူရအံ့သော အကြောင်း၊ အတိုင်း မသိသော ဘုရားကျေးဇူးတော်၏ ကျော်စောပျံ့နှံ့အံ့သော အကြောင်း၊ များစွာသော ပြည်သူပြည် သားတို့ အကျွတ်တရားကို ရလတ္တံ့သောအကြောင်းကို မြင်တော်မူ၍ ရာဇဂြိုဟ်၌ အနည်း ငယ်သော သံဃာတော်တို့ကိုထားပြီးလျှင် လေးအင်သော သံဃာပရိသတ်ခြံရံလျက် ထွက်ကြွ တော်မူ၍ တစ်ယူဇနာ တစ်ယူဇနာလျှင် တစ်ကျောင်းတစ်ကျောင်း၌ ကိန်းအောင်းတည်းခို တော်မူကာ ဒေသစာရီကြွချီလာသဖြင့် သာဝတ္ထိပြည်အနီးသို့ ရောက်တော်မူ၏။

ယင်းသို့ ဘုရားရှင်ကြွလာကြောင်းကို အနာထပိဏ်သူဌေး ကြားလျှင် မယားဆွေမျိုး တို့ကိုစုရုံး၍ လှူဖွယ်ဝတ္ထုတို့ကို ပြုပြင်စေပြီးလျှင်၊ သားကြီးဖြစ်သော 'မဟာကာလ'ကို ဝတ်စား တန်ဆာ ကောင်းစွာဆင်ယင်စေလျက် ငါးရာသောအခြံအရံနှင့်တကွ ပဉ္စရူပတံခွန်ကို ကိုင် စေလျက် ထွက်၍ကြိုစေ၏။

ထို့နောက်မှ စူဠသုဘဒ္ဒါ, မဟာသုဘဒ္ဒါဟူသော သမီးနှစ်ယောက်တို့ကို ငါးရာ ငါးရာမျှလောက်သော သတို့သမီးအခြံအရံနှင့် ရွှေမြူတာ, ငွေမြူတာအိုးတို့ ရွက်စေ၍ လက်မှ ပန်းပေါက်ပေါက်ကိုင်စေလျက် ထွက်၍ ကြိုရကုန်၏။

ထို့နောက်မှ 'သိရီသုမန'မည်သော သူဌေးမယားသည် ငါးရာမျှလောက်သော အရွယ်တူ မိန်းမတို့နှင့်တကွ ရေပြည့်အိုး, ရေဖလား ရွက်စေလျက် ထွက်၍ကြိုရကုန်၏။

ထို့နောက်မှ အနာထပိဏ်သူဌေးသည် အဆွေခင်ပွန်းဖြစ်သော သူဌေးငါးရာတို့နှင့်တကွ အသစ်စက်စက်သော ပုဆိုးတို့ကိုဝတ်ကုန်၍ ပန်း, နံ့သာ, အဖျော် လက်စွဲကုန်လျက် ထွက်၍ ကြိုဆိုကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုယ်တော်မြတ်လည်း များလှစွာသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ဟူသော ပရိသတ်လေးပါးဝန်းရံကာ ရတနာဂူမှထွက်သော ခြင်္သေ့မင်းကဲ့သို့ လည်းကောင်း၊ ညချမ်းဆည်းဆာဝယ် တိမ်ဝါလျှပ်ရောင်ဖြင့်တောက်ပသော ဣန္ဒနီလာတောင်မင်းကဲ့သို့ လည်းကောင်း ဝိုးဝင်းထိန်ပြောင် ရောင်ခြည်တော်အဝန်းဖြင့် ထွန်းလင်းတောက်ပသော ဘုရား အသရေကိုဆောင်လျက် ဇေတဝန်ကျောင်းတော်သို့ တက်တော်မူ၏။

ကျောင်းတော်သို့ရောက်၍ နှစ်ရက်မြောက်သောအခါ အနာထပိဏ်သူဌေးလည်း သံဃာ တော်အပေါင်းနှင့်တကွ ပါသမျှသောပရိသတ်တို့အား ထူးပြားမွန်မြတ်သော ခဲဖွယ်ဘောဇဉ် တို့ဖြင့် လုပ်ကျွေးပြီးသော်၊ ရှင်တော်ဘုရား ထံသို့ကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤကျောင်းကို အသို့ဆို၍ လှူအပ်ပါသနည်း"ဟု နားတော်လျှောက်၏။ ဘုရားသခင်လည်း "ဤသို့ပြုပြင်"ဟု သွန်သင်မူပြီးလျှင်–

'ဣမံ ဇေတဝနဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ

ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဒေမ–' ဟုဆို၍ ရေစက်ကို ဘုရားလက်ထက်တော်၌ လောင်းစေ၏။

အနက်ကား– မဟာကာရုဏိက၊ ကြီးမြတ်သောကရုဏာ၏ တည်ရာဖြစ်သော မြတ်စွာ ဘုရား။ ဣမံ ဇေတဝန ဝိဟာရံ၊ ဤဇေတဝန်ကျောင်းတော်ကို။ ဗုဒ္ဓပ္ပမုခဿ၊ ဘုရားအမှူး ရှိသော။ အာဂတာနာဂတဿ၊ ရောက်ဆဲ ရောက်လတ္တံ့သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက် နှာ၌တည်သော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာတော်အား။ ဒေမ၊ လှူဒါန်းပူဇော်ပါကုန်၏။

ယင်းသို့ လှူစေပြီးသော် ကိုယ်တော်မြတ်လည်း ဝတ္ထုနှင့်လျော်ကပ်စွာ တရား အနုမောဒနာပြုလို၍ 'သီတံ ဥဏှံ ပဋိဟနတိ' အစရှိသော ဓမ္မဒေသနာကို ဟောတော်မူ၏။

သူဌေးလည်း ထိုနေ့မှစ၍ 'သပရိဝါရ' ဒါနဖြစ်စေခြင်းငှာ များစွာသော ရှင်လူ ပုဏ္ဏား မျိုးလေးပါးတို့အား တစ်ဆယ့်ရှစ်ကုဋေသော ရွှေငွေဥစ္စာတို့ဖြင့် စွန့်ကြဲလှူဒါန်းကာ ကြီးစွာသောသဘင်ကို ဖြစ်စေ၏။ ထိုသူဌေး၏ ကျောင်းပူဇော်ပွဲကား ကိုးလတိုင်တိုင်ရှိမှ ပြီးသတည်း။

ဘုရားသခင်ကို တင်လှူသောနေ့မှစ၍ သူဌေးအိမ်၌ တစ်နေ့မပြတ် လှူဒါန်းအပ်သော ဒါတဗ္ဗတို့ကား ငါးရာမျှလောက်သော စာရေးတံဆွမ်း၊ စာရေးတံယာဂုတို့ကို လည်းကောင်း၊ ငါးရာ မျှလောက်သော ပက္ခိကဆွမ်း၊ ပက္ခိကယာဂုတို့ကို လည်းကောင်း၊ ငါးရာမျှလောက်သော အိမ်ဦး၌ကျွေးအပ်သော ဓုရဘတ်၊ ဓုရယာဂုတို့ကို လည်းကောင်း၊ ငါးရာမျှလောက်သော အာဂန္တုကဆွမ်း၊ အာဂန္တုကယာဂုတို့ကို လည်းကောင်း၊ ငါးရာမျှလောက်သော ခရီးသွားလိုသော ရဟန်းတို့အား လှူအပ်သော ဂမိကဆွမ်း၊ ဂမိကယာဂုတို့ကို လည်းကောင်း၊ ငါးရာမျှ လောက်သော သူနာရဟန်းတို့အား လှူအပ်သောဂိလာနဘတ်၊ ဂိလာနယာဂုတို့ကို လည်း ကောင်း၊ ငါးရာမျှလောက်သော သူနာကိုလုပ်ကျွေးသော ရဟန်းတို့အားလှူအပ်သော ဂိလာန ပဋ္ဌာကဘတ်၊ ဂိလာနပဋ္ဌာကယာဂုတို့ကို လည်းကောင်း တည်ကျွေးလှူဒါန်းကာ ငါးရာမျှ လောက်သော အိပ်ရာ နေရာတို့ကို တစ်နေ့မပြတ် အိမ်ဦးရပ်၌ ခင်းထားအပ်သတည်း။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



သခင်အား ခစားခြင်းငှာ တစ်နေ့သုံးကြိမ် ကျောင်းတော်သို့သွားရာ၌လည်း အလှူဝတ္ထုမပါဘဲ သွားဖူးသောမည်သည် မရှိ။ အိမ်တံခါးမုခ်၌စောင့်နေသော နတ်သမီးမြစ်တား၍မျှလည်း မယူမနာ လွန်စွာအားထုတ်သောကြောင့် နောက်သောအခါ၌ 'ဒါနပတိ'အရာ၌ တေဒဂ်ထား၍ ဘုရား ချီးမွမ်းတော်မူရသတည်း။

ဇေတဝန်ကျောင်းတော်ရာဝယ်–

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ 'သုစိတ္တ'မည်သောသူဌေးသည် ရွှေအုတ်တို့ဖြင့်ခင်းဝယ်၍ တစ်ယူဇနာကျယ်သော သံဃာ့အာရာမ်ကို ပြုလုပ်လှူဒါန်းသည်။

သိခီဘုရား ပွင့်တော်မူသောကာလ 'သိရိဝဍ္ဍန'မည်သော သူဌေးသည် ရွှေထွန်သွားဖြင့် ခင်းဝယ်၍ သုံးဂါဝုတ်ကျယ်သော သံဃာ့အာရာမ်ကို ပြုလုပ်လှူဒါန်းသည်။

ဝေဿဘူဘုရား ပွင့်တော်မူသောကာလ 'သောတ္ထိယ'မည်သောသူဌေးသည် ရွှေပြားအခင်းဖြင့်ဝယ်၍ နှစ်ဂါဝုတ်ကျယ်သော သံဃာ့အာရာမ်ကို ပြုလုပ်လှူဒါန်းသည်။

ကကုသန်ဘုရား ပွင့်တော်မူသောကာလ 'အစ္စုတ'မည်သောသူဌေးသည် ရွှေအုတ်ဖြင့် ခင်းဝယ်၍ တစ်ဂါဝုတ်ကျယ်သော သံဃာ့အာရာမ်ကို ပြုလုပ်၍လှူဒါန်းသည်။

ကောဏာဂုံဘုရား ပွင့်တော်မူသောကာလ 'ဥဂ္ဂ'အမည်ရှိသော သူဌေးသည် ရွှေလိပ်ရုပ် အခင်းဖြင့်ဝယ်၍ နှစ်ကောသကျယ်သော သံဃာ့အာရာမ်ကို ပြုလုပ်လှူဒါန်းသည်။

ကဿပဘုရား ပွင့်တော်မူသောကာလ 'သုမင်္ဂလ'အမည်ရှိသောသူဌေးသည် ရွှေထွန်တုံးအခင်းဖြင့်ဝယ်၍ တစ်ကောသ ပမာဏရှိသော သံဃာ့အာရာမ်ကို ပြုလုပ်လှူဒါန်းသည်။

ငါတို့ဘုရား ပွင့်တော်မူသောအခါ၌ကား ငယ်မည်အားဖြင့် 'သုဒတ္တ'အမည်ရှိသော၊ ဆင်းရဲသောသူဖုန်းစားတို့အား စားရန်ထမင်းဖြင့် ထောက်ပံ့တတ်စွာ၍ 'အနာထပိဏ်' အမည်ရှိသော သူဌေးမြတ်သည် တစ်ဆယ့်ရှစ်ကုဋေသော အသပြာငွေအခင်းဖြင့် ဝယ်၍ တစ်ဆယ့်ခြောက်ပယ် ပမာဏရှိသော သံဃာ့အာရာမ်ကို ပြုလုပ်လှူဒါန်းသည်။

ထို့ကြောင့် ဤဇေတဝန်ကျောင်းတော်ရာကား ဘုရားတကာတို့ စွန့်ခွာမြဲမဟုတ်သော 'အဝိဇဟိတဋ္ဌာန'တည်း။

[သက်တော်ရှည်သော ဘုရားရှင်တို့လက်ထက်၌ ကျောင်းတော်ကြီး၌ အာရာမ်နေရာကျယ်သည်။ 'မင်းပယ်'ဟူသောစကား၌ ဆယ့်တစ်စိတ်ဝင် ဇလားသည် 'တစ်အမွဏ'မည်၏။ ထိုအမွဏဖြင့် လေးအမွဏ မျိုးကြဲလောက်သောအရပ်ကို 'တစ်ပယ်'ဟူ၍ အဘိဓာန်စာကိုယ်ဋီကာ၌ ဆိုသည်။ တင်းနှင့် ချင့်သော်လည်း ဆယ့်တစ်တင်းကျ ဖြစ်သည်။ တောင်တာကို ကျမ်း၌ မဆို။

စတုရန်း တစ်ရာ့ခုနစ်ဆယ့်ငါးတောင်ကို တစ်ပယ်ဟူ၍ သချာပကာသကကျမ်း၌ ဆိုသည်။ မျိုးဝင်ကို မဆို။ ယင်းသို့ မဆိုသော်လည်း စပါး တစ်တင်း အစေ့ သုံးသိန်းရှစ်သောင်း လေးထောင်ကို ဆယ့်တစ်ခုမြှောက်၍ တစ်လက်သစ်ခြား ကြဲလျှင် မျိုးဝင် ဆယ့်တစ်တင်း ဖြစ်ရာသည်။ ထို စတုရန်း တစ်ရာခုနစ်ဆယ့်ငါးတောင်ကို ခုနစ်တောင်တာဖြင့် ချင့်သော် ရှစ်ဆယ့်ငါးတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ့်နှစ်တောင်တာနှင့် စတုရန်းဆယ်တာကို တစ်ပယ်ဟူ၍ ဂဏန်းကျမ်း၌ ဆိုသည်။ မျိုးဝင်ကို မဆို။ လက်သစ် နှစ်ဆယ့်ရှစ်သစ်၊ တောင်နှင့် ခုနစ်တောင်တာ၊ စတုရန်း အတာနှစ်ဆယ်ကို တစ်ပယ်ဟူ၍ ရှေးစာဟောင်း ရှိသည်။

ယင်းသို့ နာနာဒေသ ဝေါဟာရဖြစ်၍ မညီညွတ်ကြသည်တွင် သချ်ာပကာသကဌ် ဆိုအပ်သော 'တစ်ရာ့ခုနစ်ဆယ့်ငါးတောင်, ခုနစ်တောင်တာနှင့် နှစ်ဆယ့်ငါးတာရသော လေးအမွှာ မျိုးကြိရာအရပ်သည် တစ်ပယ် မည်၏' ဟူသောစကားသာလျှင် သင်္ဂါယနာဝင် ကျမ်းဂန်တို့နှင့် ညီညွတ်သည်။ ၎င်း ပကတိပယ်ထက် မင်းပယ် တစ်ပြန်ကြီးသည်ဆိုသော ကြောင့် ခုနစ်တောင်တာဖြင့် စတုရန်း အတာငါးဆယ်သည် မင်းပယ် တစ်ပယ် မည်၏။ ထိုမင်းပယ်ဖြင့် ရှစ်ပယ်သည် ဇေတဝန်ကျောင်းတော်ရာဟု မှတ်ရာသည်။ စတုရန်းတွင် တစ်မျက်နှာလျှင် ခုနစ်တောင်တာနှင့် အတာကိုးရာ ရှိ၏။]

## ။၅၈။ မေဏ္ဍကသူဌေးကြီး စသော ပုညရှင်ငါးဦးတို့၏ ရှေးအကြောင်းကိုပြခြင်း

မြတ်စွာဘုရားသည် အင်္ဂတိုင်း,ဥတ္တရတိုင်းတို့၌ ကြွချီတော်မူလတ်သည်ရှိသော် မေဏ္ဍက သူဌေးကြီး၏ လည်းကောင်း၊ ထိုသူဌေးကြီး၏ 'စန္ဒပဒုမာ'အမည်ရှိသော သူဌေးကတော်ကြီး၏ လည်းကောင်း၊ သားဖြစ်သော 'ဓနဉ္စယ'သူဌေး၏ လည်းကောင်း၊ ချွေးမဖြစ်သော 'သုမနဒေဝီ' ၏လည်းကောင်း၊ ထို မဏ္ဍကသူဌေးကြီး၏မြေးဖြစ်သော 'ဝိသာခါ'၏လည်းကောင်း၊ ကျွန်ဖြစ် သော 'ပုဏ္ဏ'၏လည်းကောင်း ဤသူတို့၏သောတာပတ္တိဖိုလ်၌ တည်အံ့သောအကြောင်း ဥပနိဿယ ကိုမြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ ကြွသွားတော်မူပြီးလျှင် မြလေးတော၌ နေတော်မူ သတတ်။ မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရား၏ ကြွလာတော်မူခြင်းကို ကြားရလေ၏။

အဘယ့်ကြောင့် ဤသူဌေးကြီးသည် မေဏ္ဍကသူဌေး မည်သနည်းဟူမူကား ထိုသူဌေး ကြီး၏ အိမ်နောက်ဖေး၌ ရှစ်မင်းပယ်စာမျှလောက်သောအရပ်၌ ဆင်, မြင်း, နွားလားဥသဘ အတိုင်းအရှည်ရှိကုန်သော ရွှေဖြင့်ပြီးသော ဆိတ်ရုပ်တို့သည် မြေကိုဖောက်ခွဲပြီးလျှင် ကျောက်ကုံး ဖြင့် ကျောက်ကုံးကို ထိခိုက်ကုန်လျက် အိမ်နောက်ဖေးမှ ပေါ်ပေါက်လာကြကုန်သတတ်။ ထို ရွှေဆိတ်ရုပ်တို့၏ ခံတွင်းတို့၌ ငါးပါးသောအဆင်းရှိသော ချည်ထွေး, ချည်ခင်တို့ကို ထည့်ထားအပ်ကုန်၏။ ထောပတ်, ဆီ, ပျား, တင်လဲ စသည်တို့ဖြင့်လည်းကောင်း၊ အဝတ် ပုဆိုး, ရွှေ, ငွေ စသည်တို့ဖြင့် လည်းကောင်း အလိုရှိသည်ရှိသော် ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်ထွေး, ချည်ခင်တို့ကို နုတ်ပယ်လိုက်သည်ဖြစ်အံ့။ တစ်ခုသော ရွှေဆိတ်ရုပ်၏ ခံတွင်းမှသော်လည်း ဇမ္ဗူဒီပါကျွန်း၌ နေကုန်သောသူတို့အား သုံးဆောင်ခြင်းငှာလောက်သော ထောပတ်, ဆီ, ပျား, တင်လဲ, အဝတ်ပုဆိုး, ရွှေ, ငွေတို့သည် ထွက်ကျလာကုန်၏။ ထိုအခါမှစ၍ 'မေဏ္ဍကသူဌေးကြီး' ဟူ၍ ထင်ရှားကျော်စောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမေဏ္ဍကသူဌေးကြီး၏ ရှေး၌ပြုအပ်သော ကောင်းမှုကံသည် အဘယ်နည်းဟူမူကား ဝိပဿီဘုရားရှင်လက်ထက်တော်၌ ဤသူဌေးကြီးသည် 'အဝရောဇ'အမည်ရှိသော သူကြွယ်၏ တူဖြစ်၍ ဦးရီးနှင့် တူသောအမည်ရှိသော 'အဝရောဇ' မည်သောသူဖြစ်လေ၏။ ထိုအခါ ထိုသူ၏ဦးရီးသည် မြတ်စွာဘုရား၏ ဂန္ဓကုဋိကို ဆောက်လုပ်ခြင်းငှာ အားထုတ်လေ၏။ ထို့တူ အဝရောဇသည် ဦးရီး၏အထံသို့သွား၍ "ဦးရီး။ ကျွန်တော်တို့နှစ်ယောက်စလုံးတို့သည် အတူတကွသာလျှင် ဆောက်လုပ်ကြကုန်စို့အံ့"ဟု ဆိုလတ်သော်၊ "ငါကား သူတစ်ပါးတို့နှင့် အတူတကွဆက်ဆံသည်ကို မပြုမူ၍ တစ်ယောက်အထီးတည်းသာလျှင် ဆောက်လုပ်ပေအံ့"ဟု ဆိုလေ၏။ ဦးရီးသည် ပယ်သောအခါကာလ၌ 'ဤအရပ်၌ ဂန္ဓကုဋိကို ဆောက်လုပ်သည်ရှိသော် ဤအရပ်ဝယ် 'ကုဋ္ဌရ'အမည်ရှိသော ဇရပ်ကိုရခြင်းငှာ သင့်၏'ဟု ကြံပြီးလျှင် တောအုပ်မှ သစ်သားအဆောက်အအုံတို့ကို ဆောင်ယူစေ၍ သည်တိုင်တစ်ခုကို ရွှေဖြင့် ခြယ်စီ၏။ သည်တိုင်တစ်ခုကို ငွေဖြင့် ခြယ်စီ၏။ သည်တိုင်တစ်ခုကို ပတ္တမြားဖြင့် ခြယ်စီ၏။ သည်တိုင်တစ်ခုကို ရတနာခုနစ်ပါးဖြင့် ခြယ်စီ၏။ ထုပ်, လျောက်, တံခါးပေါင်, တံခါးမ, တစ်ခါးရွက်, လေသာပြတင်း, အခြင်, ရနယ်, အမိုးအုပ်ဟုဆိုအပ်သော အလုံးစုံတို့ကိုလည်း ရွှေစသည်တို့ဖြင့် ခြယ်စီ မွမ်းမံအပ်သည်တို့ကိုသာလျှင် ပြုလုပ်စေသဖြင့်၊ ဂန္ဓကုဋိတိုက်၏ မျက်မှောက်ရှေးရှုရာ အရပ်၌ မြတ်စွာဘုရားအလို့ငှာ ရတနာခုနစ်ပါးဖြင့်ပြီးသော် 'ကုဋ္ဌရ'အမည်ရှိသော ဇရပ်ကို ဆောက်လုပ်စေလေ၏။ ထိုဇရပ်၏အထက်၌ တစ်ခဲနက်ရွှေနီဖြင့် ပြီးကုန်သော ကမ္ဗလာ, သန္တာဖြင့်ပြီးကုန်သော အချွန်အထွတ် ထုပိကာတို့သည် ဖြစ်ကုန်၏။

ကုဋ္ဌရဇရပ်၏ အလယ်ဖြစ်သောအရပ်၌ ရတနာမဏ္ဍပ်ကို ဆောက်လုပ်စေလေ၏။ တရားဟောပလ္လင်နေရာကို တည်ထားစေလေ၏။ ထို တရားဟောပလ္လင်နေရာ၏ အခြေတို့သည် တစ်ခဲနက်ရွှေနီဖြင့် ပြီးသည်သာလျှင် ဖြစ်ကုန်၏။ လေးခုသော အပေါင်တို့သည် ထိုအတူ ရွှေနီတစ်ခဲနက်ဖြင့် ပြီးကုန်၏။ လေးခုသော ရွှေဆိတ်ရုပ်တို့ကိုလည်း ပြုလုပ်စေ၍ တရားဟောပလ္လင်နေရာ၏ အခြေလေးခုတို့၏အောက်၌ ထားလေ၏။ နှစ်ခုသော ရွှေဆိတ်ရုပ်တို့ကို ပြုလုပ်စေ၍ ခြေတော်ချရာ ခြေနင်းပျဉ်၏အောက်၌ ထားလေ၏။ ခြောက်ခုသော ရွှေဆိတ်ရုပ်တို့ကို ပြုလုပ်စေပြန်၍ မဏ္ဍပ်ကို ထက်ဝန်းကျင်မှဝန်းရံစေလျက် ထားလေ၏။ တရားဟောပလ္လင်နေရာတော်ကို ရှေးဦးစွာ ချည်ဖြင့်ပြီးကုန်သော ကြိုးတို့ဖြင့် ရက်လုပ်စေပြီးလျှင် အလယ်၌ ရွှေချည်ဖြင့်ပြီးကုန်သော, အထက်၌ ပုလဲဖြင့်ပြီးကုန်သော ချည်တို့ဖြင့် ရက်လုပ်စေ၏။ တရားဟောပလ္လင်နေရာတော်၏ နောက်မှီတံကဲပျဉ်ကား စန္ဒကူးဖြင့်ပြီးသော တံကဲ ဖြစ်လေ၏။ ဤသို့လျှင် ကုဋ္ဌရဇရပ်ကို ပြီးစေပြီးလျှင် ဇရပ်ပူဇော် သာဓုခေါ်ပွဲကြီးသဘင်ကို ဆင်ယင်ကျင်းပ လတ်သည်ရှိသော် ခြောက်သန်းရှစ်သိန်းကုန်သော ရဟန်းတော်တို့နှင့် အတူတကွ ဝိပဿီမြတ်စွာဘုရားကို ပင့်ဖိတ်၍ လေးလတို့ပတ်လုံး အလှူကြီးကို ပေးလှူလေ၏။ အဆုံးဖြစ်သောနေ့၌ တိစီဝရိတ်သင်္ကန်း သုံးထည်ကို လှူလေ၏။ ထိုရဟန်းတို့တွင် အငယ်ဖြစ်သော သံဃာအား အဖိုးတစ်သိန်းထိုက်သော သင်္ကန်းသည် ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဝိပဿီဘုရား ထင်ရှားပွင့်တော်မူသောအခါ ကောင်းမှုကို ပြုလုပ်စေပြီးလျှင် ထိုဘဝမှ စုတေမနေ သေလွန်သည်ရှိသော် နတ်ပြည် လူ့ပြည်၌သာလျှင် ကျင်လည်သဖြင့် ဤဘဒ္ဒကပ်၌ ဗာရာဏသီပြည်ဝယ် များစွာသောဥစ္စာရှိသော အမျိုး၌ဖြစ်၍ 'ဗာရာဏသီသူဌေးကြီး'အမည်ရှိသောသူ ဖြစ်လေ၏။

ထိုသူဌေးကြီးသည် တစ်နေ့သ၌ မင်းအား ခစားခြင်းသို့ သွားလတ်သည်ရှိသော် ပုရောဟိတ်ပုဏ္ဏားကိုမြင်လျှင် "ဆရာပုဏ္ဏား။ အသို့နည်း။ နက္ခတ်ကို တစ်ခဏမျှ စူးစပ်ဆင်ခြင်ကြ ပါကုန်၏လော"ဟု ဆိုလေ၏။ "ဩော်– စူးစမ်းဆင်ခြင်ပါ၏"ဟူ၍လည်းကောင်း၊ "ငါတို့အား တစ်ပါးသောအမှု အဘယ်မှာရှိအံ့နည်း"ဟူ၍လည်းကောင်း ဆိုလတ်သော် "ထိုသို့ဖြစ်မူ ဇနပုဒ်၌ အဖြစ်အပျက်သည် အဘယ်သို့ဖြစ်အံ့နည်း"ဟု မေးလေ၏။ "တစ်ခုသော ဘေးသည် ဖြစ်လတ္တံ့"ဟု ဆိုလတ်သော်၊ "ဘေးမည်သည် အဘယ်ဘေးနည်း"ဟု မေးပြန်လေ၏။ "သူဌေးကြီး။ ဝတ်မွတ်ခေါင်းပါးသောဘေး"ဟု ဆိုပြန်လတ်သော်၊ "အဘယ်အခါဖြစ်အံ့နည်း" မေးပြန်လေ၏။ "ဤနေ့မှ သုံးနှစ်လွန်သောအခါ ဖြစ်လတ္တံ့"ဟုဆိုလတ်သော် ထိုစကားကိုကြားရလျှင် ဗာရာဏသီသူဌေးသည် များစွာသော လယ်ထွန်ခြင်းအမှုကိုပြုစေ၍ အိမ်၌ရှိသော ဥစ္စာဖြင့်လည်း စပါးကိုသာလျှင် ဝယ်ယူသဖြင့် နှစ်ရာငါးဆယ်ကုန်သော ကျီတို့ကို ဆောက်လုပ်စေပြီးလျှင် အလုံးစုံသော ကျီတို့ကို စပါးတို့ဖြင့် ပြည့်စေလေ၏။ ကျီတို့သည် မဆံ့ကုန်သည်ရှိသော် အိုးထုပ်ကြီးစသည်တို့ကို ပြည့်စေ၍ ကြွင်းသောစပါးကို မြေ၌ တွင်းတို့ကိုတူး၍ မြှုပ်ထားလေ၏။ မြှုပ်ပြီး သိမ်းပြီးသည်မှ ကြွင်းသောစပါးကို မြေနှင့်တကွနယ်၍ နံရံတို့ကို လိမ်းကျံစေ၏။

ထိုသူဌေးကြီးသည် အခါတစ်ပါး၌ ဝတ်မွတ်ခြင်းဘေး ရောက်လတ်သည်ရှိသော် အကြင်အကြင် ထားအပ်သောစပါးကို သုံးဆောင်စားသောက်လျက် ကျီတို့၌ လည်းကောင်း၊ အိုးထုပ်ကြီးစသည်တို့၌ လည်းကောင်း ထားအပ်သောစပါး ကုန်လတ်သည်ရှိသော် ကျေးကျွန်အခြွေအရံတို့ကို ခေါ်စေ၍ "အမောင်တို့။ သွားကြလေကုန်လော့။ တောင်ခြေရင်းသို့ဝင်၍ အသက်မွေးကြကုန်လျက် ဝပြောသောခါ၌ ငါ၏အထံသို့ လာလိုကုန်သောသူတို့သည် လာကြကုန်လော့။ မလာလိုကုန်သောသူတို့သည် ထိုတောင်ခြေရင်း၌ပင် အသက်မွေးကြကုန်လော့"ဟု ဆိုလေ၏။ ထို ကျေးကျွန်အခြွေအရံတို့သည် ငိုကြွေးကုန်လျက်မျက်ရည်နှင့် မျက်ခွက် ရှိကုန်သည်ဖြစ်၍ သူဌေးကြီးကိုရှိခိုးသဖြင့် တောင်းပန်ကန်တော့ကြကုန်သောကြောင့် ခုနစ်ရက်ပတ်လုံး နေစေပြီးလျှင် ထိုသူဌေးဆိုတိုင်း ပြုကြရကုန်၏။ ထိုသူဌေးကြီး၏အထံ၌ကား အမှုကြီးငယ်ကို ပြုတတ်သော ပုဏ္ဏအမည်ရှိသော ကျွန်တစ်ယောက်သည်သာလျှင် ကျန်ရစ်ခဲ့လေ၏။ ထိုပုဏ္ဏအမည်ရှိ ကျွန်နှင့်အတူတကွ သူဌေးကတော်သည် လည်းကောင်း၊ သူဌေးသားသည် လည်းကောင်း၊ သူဌေးချွေးမသည် လည်းကောင်း ဤငါးယောက်သော သူတို့သည်သာလျှင် ရှိကုန်၏။ ထိုငါးယောက်သောသူတို့သည် မြေ၌,တွင်းတို့၌ သိမ်းသိမ်းဆည်း၍ထားအပ်သော စပါးသည်ပင် ကုန်ပြန်သည်ရှိသော် နံရံ၌ကပ်၍ ထားအပ်သော မြေကိုခွာပြီးလျှင် ရေဖြင့်ဆွတ်လျက် ထိုနံရံမှ ရအပ်သောစပါးဖြင့် မျှတကြလေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အခါ ထို ဗာရာဏသီသူဌေးကြီး၏ ဇနီးအိမ်ရှင်ဖြစ်သော သူဌေးကတော်ကြီးသည် ငတ်မွတ်ခြင်းဘေး လွှမ်းမိုးစဉ် နံရံ၌ကပ်ထားသော စပါးရှိသောမြေလည်း ကုန်ခဲ့ပြန်သော ကြောင့် နံရံအခြေတို့၌ ကြွင်းသောမြေကိုခွာပြီးလျှင် ရေဖြင့်ဆွတ်၍ တစ်စလယ်သောဆန်ကို ရလတ်သည်ရှိသော် "ငတ်မွတ်ခေါင်းပါးသောကာလ သူခိုးတို့သည် များပြားလှကုန်၏"ဟု ခိုးသူဘေးမှကြောက်သဖြင့် တစ်ခုသောအိုး၌ ထည့်၍ပိတ်လျက် မြေ၌မြှုပ်ထားလေ၏။ ထိုအခါမှ သူဌေးကတော်ကြီးကို သူဌေးကြီးသည် မင်းအားခစားရာမှ ပြန်လာ၍ "ရှင်မ။ မွတ်သိပ် ဆာလောင်လှပါ၏။ တစ်စုံတစ်ခုသော စားဖွယ်သောက်ဖွယ် ရှိပါသလော"ဟု ဆိုလေ၏။ သူဌေးကတော်ကြီးသည် 'ရှိသည်ကို မရှိ'ဟု မဆိုတဲ့မူ၍ "ဆန် တစ်စလယ်ရှိပါသည်ဟု ဆိုလေ၏။ "ထို ဆန်တစ်စလယ်သည် အဘယ်မှာနည်း"ဟုမေးလျှင်၊ "ခိုးသူဘေးမှ ကြောက် သောကြောင့် ကျွန်တော်မ မြှုပ်နှံ၍ ထားပါသည်"ပြောဆိုလေ၏။ "ထိုသို့ဖြစ်မူ ထိုဆန်တစ် စလယ်ကို ထုတ်၍ တစ်စုံတစ်ခု ချက်ပါလော့"ဟု ဆိုလတ်သော်၊ "အရှင်သူဌေးကြီး။ ယာဂုကို အကယ်၍ ကျိုရသည်ဖြစ်အံ့။ နှစ်ခါနှစ်ကြိမ် သုံးဆောင်ရလတ္တံ့။ ထမင်းကို အကယ်၍ ချက်ရသည်ဖြစ်အံ့။ တစ်ခါတစ်ကြိမ်သာလျှင် သုံးဆောင်ရလတ္တံ့။ အဘယ်ကို ချက်ရပါအံ့နည်း"ဟု မေးလေ၏။ "ငါတို့အား တစ်ပါးသော အကြောင်းအထောက်အပံ့သည် မရှိလေပြီ။ ထမင်းကို စား၍ သေကြပါစို့။ ထမင်းကိုသာ ချက်ပါလော့"ဟုဆိုလျှင် သူဌေး ကတော်ကြီးသည် ထမင်းကို ချက်၍ ငါးခုသော အဖို့အစုတို့ကို ပုံလျက် သူဌေးကြီး၏ အဖို့ထမင်းကို ခူး၍ ရှေ့၌ထားလေ၏။

ထိုခဏ၌ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါတစ်ဆူသည် ခုနစ်ရက်ပတ်လုံး နိရောဓ သမာပတ်ဝင်စားရာမှ ထတော်မူ၏။

[သမာပတ်အတွင်း၌ကား သမာပတ်အစွမ်းဖြင့် မွတ်သိပ်ခြင်းသည် မနှိပ်စက်နိုင် သတတ်။ သမာပတ်မှ ထလတ်ကုန်သော အရှင်မြတ်တို့အားသော်ကား မွတ်သိပ်ခြင်း အား ကြီးသည်ဖြစ်၍ ဝမ်းရေအပြင်ကို လောင်ကျွမ်းကုန်သကဲ့သို့ ဖြစ်၏။ ထို ပစ္စေကဗုဒ္ဓါစသော အရိယာတို့သည် ဆွမ်းရရာအရပ်ကို ကြည့်ရှု၍ ကြွသွားကြရကုန်၏။ ထိုနေ့၌လည်း ထိုအရှင် မြတ်တို့အား အလှူပေးလှူကြရကုန်သည်ရှိသော် စစ်သူကြီးအရာ စသည်တို့တွင် အမှတ်မရှိ။ တစ်ပါးပါးသော အရာဌာနနှင့် ပြည့်စုံခြင်းကို ရနိုင်ကြကုန်၏။]

ထိုကြောင့် ထိုအရှင်ပစ္စေကဗုဒ္ဓါသည်လည်း ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရှုတော်မူ လတ်သည်ရှိသော် 'အလုံးစုံသော ဇမ္ဗူဒိပါကျွန်း၌ မွတ်သိပ်သောဘေးသည် ဖြစ်၏။ သူဌေးကြီး ၏အိမ်၌လည်း ငါးယောက်သောသူတို့အလိုငှာ ဆန်တစ်စလယ် ထမင်းကိုလည်း ချက်အပ်၏။ ဤသူတို့ သဒ္ဓါတရား ရှိကုန်အံ့လော။ ငါ့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုခြင်းငှာ စွမ်းကြကုန် အံ့လော'ဟု ကြည့်ရှုတော်မူလတ်သော် ထိုသူတို့၏ သဒ္ဓါတရားရှိသည့် အဖြစ်ကို လည်းကောင်း၊ သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုခြင်းငှာ စွမ်းနိုင်သည့်အဖြစ်ကို လည်းကောင်း မြင်တော်မူရလျှင် သပိတ်,သင်္ကန်းကိုယူ၍ သူဌေးကြီး၏ရှေ့တူရူအရပ် တံခါး၀၌ ရပ်တော်မူလျက်သာလျှင် မိမိကိုယ်တော်ကို ပြတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် ထိုအရှင်ပစ္စေကဗုဒ္ဓါကို မြင်ရလျှင် ကြည်လင်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ 'ရှေးအခါ၌လည်း ငါသည် အလှူဒါနကို မလှူလေသောကြောင့် ဤသို့သဘောရှိသော ဝတ်မွတ်သောဘေးကို တွေ့မြင်ရ၏။ စင်စစ်အားဖြင့် ဤထမင်းသည် ငါ့ကို တစ်ရက်မျှသာလျှင် စောင့်နိုင်ရာ၏။ အရှင်ပစ္စေကဗုဒ္ဓါအား လှူအပ်သောအလှူသည် များစွာကုန်သော ကမ္ဘာကုဋေတို့၌ ငါ၏စီးပွားချမ်းသာကို ဆောင်နိုင်သည် ဖြစ်လတ္တံ့.'ဟုနှလုံးသွင်း၍ ထိုထမင်းခွက်ကို ပယ်သဖြင့် အရှင်ပစ္စေကဗုဒ္ဓါသို့ ချဉ်းကပ်ပြီးလျှင် ငါးပါးသောတည်ခြင်းဖြင့် ရှိခိုး၍ အိမ်သို့ပင့်ဆောင်လျက် နေရာ၌နေထိုင်သော ပစ္စေကဗုဒ္ဓါ၏ခြေတို့ကို ဆေးကြောပြီးလျှင် ရွှေခြေဆေးအင်းပျဉ်၌ ထားသဖြင့် ထမင်းခွက်ကိုယူလျက် အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်၌ ဆွမ်းကို လောင်းလှူလေ၏။ ဆွမ်းသည် ထက်ဝက်မျှကြွင်းကျန်လတ်သည် ရှိသော် အရှင်ပစ္စေကဗုဒ္ဓါသည် လက်ဖြင့် သပိတ်ကို ပိတ်တော်မူလေ၏။ ထိုအခါ ထိုအရှင်ပစ္စေကဗုဒ္ဓါကို "အရှင်ဘုရား။ ဤဆွမ်းသည် တစ်စလယ်သောဆန်ဖြင့် ငါးယောက်သောသူတို့အလို့ငှာ ချက်အပ်သောထမင်း၏ တစ်ခုသောအဖို့မျှသာ ဖြစ်ပါသည်။ ဤ ငါးဖို့ တစ်ဖို့မျှဖြစ်သော ထမင်းကို နှစ်ဖို့ပြုခြင်းငှာ မတတ်ကောင်းပါဘုရား။ တပည့်တော်အား ဤပစ္စုပ္ပန်ဘဝ၌ သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုတော်မမူကြပါလင့်။ တပည့်တော်သည် အကြွင်းမဲ့ လှူလိုပါသည်ဘုရား"ဟု လျှောက်ကြား၍ အလုံးစုံသောဆွမ်းကို လှူဒါန်းလေ၏။ လှူဒါန်းပြီး၍ သော်ကား "အရှင်ဘုရား။ တစ်ဖန် ဖြစ်လေရာဖြစ်လေရာအရပ်၌ ဤသို့သဘောရှိသော ငတ်မွတ်သောဘေးကို မမြင်ရပါလို။ ဤအခါမှစ၍ အလုံးစုံဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော သူတို့အား မျိုးထမင်းကိုပေးခြင်းငှာ စွမ်းနိုင်သောသူ ဖြစ်ရပါလို၏။ မိမိလက်ဖြင့် အမှုကိုပြု၍ အသက်မမွေး ရပါလို။ နှစ်ရာ့ငါးဆယ်သောကျီတို့ကို သုတ်သင်စေ၍ ဦးခေါင်းကို ရေချိုးပြီးလျှင် ထိုကျီတို့၏တံခါး၌ထိုင်လျက် အထက်သို့ကြည့်သော ခဏ၌သာလျှင် တပည့်တော်အား သလေးနီ မိုးအလျဉ်တို့သည် ကျ၍ အလုံးစုံသောကျီတို့၌ ပြည့်ပါစေကုန်သတည်း။ ဖြစ်တိုင်းဖြစ်တိုင်း ဘဝ၌လည်း ဤမယားသည် လည်းကောင်း, ဤသားသည် လည်းကောင်း, ဤချွေးမသည် လည်းကောင်း, ဤကျွန်သည် လည်းကောင်း ဖြစ်ပါစေဘုရား"ဟု ပတ္ထနာအမှု ဆုတောင်းခြင်းကိုပြုလေ၏။

ထိုသူဌေးကြီး၏ဇနီး သူဌေးကတော်ကြီးသည်လည်း 'ငါ၏လင်ယောကျ်ားသည် မွတ်သိပ်ခြင်းဖြင့် နိပ်စက်အပ်သည်ဖြစ်ပါလျက် ငါသည် စားသောက်ခြင်းငှာ မတတ်ကောင်း'ဟုကြံ၍ မိမိအဖို့ကို အရှင်ပစ္စေကဗုဒ္ဓါအား လှူ၍ "အရှင်ဘုရား။ ယခုအခါ၌ ဖြစ်လေရာဖြစ်လေရာ သံသရာဘဝအဆက်ဆက်၌ ဤသို့သဘောရှိသော ငတ်မွတ်သောဘေးကို မတွေ့မကြုံရပါလို။ ထမင်းအိုးကို ရှေ့တွင်ထား၍ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ နေသောသူတို့အား ထမင်းကို ပေးဝေသော်လည်း တပည့်တော်မ၏ မထသေးသမျှကာလပတ်လုံး ခူးယူရာအရပ်သည် ပြည့်မြဲတိုင်း ပြည့်သည်သာလျှင် ဖြစ်ပါစေသတည်း။ ဤလင်ယောကျ်ားသည် လည်းကောင်း, ဤသားသည် လည်းကောင်း, ဤချွေးမသည် လည်းကောင်း, ဤကျွန်သည် လည်းကောင်း ဖြစ်ပါစေဘုရား"ဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ဖြစ်စေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူဌေးကြီး၏သားသည်လည်း မိမိ၏အဖို့ထမင်းကို အရှင်ပစ္စေကဗုဒ္ဓါအား လှူ၍ "အရှင်ဘုရား။ ဤနေ့မှစ၍ ဤသို့သဘောရှိသော ငတ်မွတ်သောအားကို မတွေ့မမြင်ရပါလို။ တပည့်တော်သည် အသပြာတစ်ထောင်ရှိသော အိတ်တစ်လုံးကိုလွယ်၍ အလုံးစုံသော ဇမ္ဗူဒီပါ ကျွန်း၌ နေသောသူတို့အား အသပြာကိုပေးသော်လည်း ဤ အသပြာတစ်ထောင်ရှိသော အိတ်သည် ပြည့်မြဲတိုင်းသာ ပြည့်ပါစေသတည်း။ ဤ အမိအဖတို့သည်သာ ဖြစ်ကြပါစေကုန်သတည်း။ ဤမယား, ဤကျွန်သည်သာ ဖြစ်ပါစေဘုရား"ဟု ဆုတောင်းခြင်းကို ဖြစ်စေလေ၏။

ထိုသူဌေးကြီး၏ချွေးမသည်လည်း မိမိ၏အဖို့ထမင်းကို အရှင်ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ "အရှင်ဘုရား။ ဤဘဝမှစ၍ ဤသို့သဘောရှိသော ငတ်မွတ်သောအားကို မတွေ့မမြင်ရပါလို။ တပည့်တော်မသည် စပါးတောင်းတစ်ခုကို ရှေ့တွင်တည်ထား၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ နေသောသူတို့အား မျိုးထမင်းကို ပေးကမ်းသော်လည်း ကုန်သောအဖြစ်သည် မထင်ပါစေသတည်း။ ဖြစ်လေတိုင်း ဖြစ်လေတိုင်းသောဘဝ၌ ဤယောက္ခမယောကျ်ားသူ, ယောက္ခမမိန်းမသူတို့သည်သာ ဖြစ်ကြပါစေကုန်သတည်း။ ဤလင်သည်သာလျှင်, ဤကျွန်သည်သာလျှင် ဖြစ်ပါစေဘုရား"ဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ဖြစ်စေလေ၏။

ထိုသူဌေးကြီး၏ ပုဏ္ဏအမည်ရှိသော ကျွန်သည်လည်း မိမိ၏အဖို့ထမင်းကို အရှင်ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ "ဤကိုယ်အဖြစ်မှစ၍ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းအားကို မကြုံမတွေ့ မမြင်ရပါလို။ အလုံးစုံသော ဤသခင်တို့သည်သာ ဖြစ်ကြပါစေကုန်သတည်း။ တပည့်တော်သည် လယ်ထွန်သည်ရှိသော် ဤလက်ယာဘက်၌ သုံးခု, ဤလက်ဝဲဘက်၌ သုံးခု, အလယ်၌ တစ်ခု ဤသို့အားဖြင့် သစ်သားကျင်းမျှ အတိုင်းအရှည်ရှိကုန်သော ခုနစ်ခုနစ်ခုသော အရေးအသားတို့သည် ဖြစ်ပါစေကုန်သတည်းဘုရား"ဟု ဆုတောင်းခြင်းကို ဖြစ်စေလေ၏။

[ထို ပုဏ္ဏမည်သောကျွန်သည် ထိုနေ့၌ စစ်သူကြီးအရာကို တောင့်တ၍ ရခြင်းငှာ စွမ်းနိုင်သော်ငြားလည်း သခင်တို့၌ချစ်ခင်လှသဖြင့် 'ဤသခင်တို့သည်သာလျှင် ဖြစ်ကြပါစေကုန်သတည်း'ဟု ပတ္ထနာအမှု ဆုတောင်းခြင်းကို ပြုရှာလေသတည်း။]

အရှင်ပစ္စေကဗုဒ္ဓါသည် အလုံးစုံသောသူတို့၏လည်း ပတ္ထနာအမှုဆုတောင်းခြင်းကို ပြုသောအဆုံး၌ "ဤသို့ ဆုတောင်းတိုင်း ပြည့်စေသတည်း"ဟု မိန့်တော်မူ၍–

'ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ'။

ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော စီးပွားချမ်းသာမင်္ဂလာ အပေါင်းသည်။ တုယှံ၊ သင်အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော၊ သင်္ကပ္ပါ၊ အကြံအစည်တို့သည်။ စန္ဒောပန္နရသော ယထာ၊ ဆယ့်ငါးရက်တက်ထွန်းသော လပြည့်ဝန်းကဲ့သို့။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဣဋ္ဌစိတ်၊ အလိုရှိအပ်သော။ ပတ္တိတ်၊ တောင့်တအပ်သော စီးပွားချမ်းသာမင်္ဂလာ အပေါင်းသည်။ တုယုံ၊ သင်အား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော၊ သင်္ကပ္ပာ၊ အကြံအစည်တို့သည်။ မဏိဇောတိရသော ယထာ၊ အလိုဟူသမျှကို ပြီးစေနိုင်သော မဏိဇောတိရသ် ကျောက်မြတ်ရတနာကဲ့သို့။ ပူရေန္တု၊ ပြည့်စုံစေကုန်သတည်း။

ဤသို့လျှင် ရှင်ပစ္စေကဗုဒ္ဓါသည် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုတော်မူပြီးလျှင် 'ငါသည်ဤသူတို့၏စိတ်ကို ကြည်ညိုစိမ့်သောငှာ သင့်၏'ဟု ကြံတော်မူလျက်၊ 'ဂန္ဓမာဒနတောင်သို့ ရောက်သည်တိုင်အောင် ဤသူတို့သည် ငါ့ကို ဖူးမြင်ကြရပါစေကုန်သတည်း'ဟု ဓိဋ္ဌာန်တော်မူ၍ ဖဲကြွသွားတော်မူ၏။ ထိုသူတို့သည်လည်း ဖူးမြင်ကြကုန်လျက်သာ တည်နေကြလေကုန်၏။ ထို ပစ္စေကဗုဒ္ဓါသည် ကြွသွားတော်မူ၍ ထိုဆွမ်းကို ငါးရာသော ပစ္စေကဗုဒ္ဓါတို့နှင့် အတူတကွ ခွဲခြမ်းဝေဖန်တော်မူလေ၏။ ထိုဆွမ်းသည် အရှင်ပစ္စေကဗုဒ္ဓါ၏ အာနုဘော်ကြောင့် အလုံးစုံသော ပစ္စေကဗုဒ္ဓါ ငါးရာတို့အားလည်း လောက်လောက်ငငဖြစ်၏။ ထို လှူဒါန်းသောသူတို့သည် ကြည့်ရှုလျက်သာလျှင် တည်နေကြလေကုန်၏။

မွန်းတည့်သောကာလကို လွန်လတ်သည်ရှိသော်ကား သူဌေးကတော်ကြီးသည် ထမင်းအိုးကိုဆေး၍ စလောင်းအုပ်လျက် ထားလေ၏။ သူဌေးကြီးသည်လည်း မွတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက်ခြင်းကြောင့် တုံးလုံးလှဲ၍ အိပ်ပျော်ခြင်းသို့ ရောက်ရှာလေ၏။ ထိုသူဌေးကြီးသည် ၎င်းညချမ်းသောအခါ နိုး၍ မယားကို "ရှင်မ။ ငါသည် အလွန်လျှင် မွတ်သိပ်ဆာလောင်လှ၏။ ထမင်းအိုးအပြင်၌ ချိုးကပ်သောထမင်းလုံးတို့သည် ရှိသေးသည် မဟုတ်လော"ဟု ဆိုရှာလေ၏။ သူဌေးကတော်ကြီးသည် ထမင်းအိုးကိုဆေး၍ ထားသည်အဖြစ်ကို သိပါလျက်လည်း 'မရှိ'ဟူသောစကားကို မဆိုတဲ့မူ၍ 'ထမင်းအိုးကိုဖွင့်ပြီးမှ ပြောကြားပေအံ့'ဟု ထ၍ ထမင်းအိုးအနီးသို့ သွားပြီးလျှင် ထမင်းအိုး ဖွင့်လိုက်သည်ရှိသော်၊ ထိုမျှလောက်သာလျှင် မြလေးငုံအဆင်းနှင့် တူသောအဆင်းရှိသော ထမင်းဖြင့် ပြည့်လျက်ရှိလေ၏။ ထမင်းအိုးစလောင်းဖုံးသည် ကြွလျက်တည်လေ၏။ သူဌေးကတော်ကြီးသည်လည်း ထိုထမင်းကို မြင်လျှင်မြင်ချင်း နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် ပျံ့နှံ့သောကိုယ် ရှိသည်ဖြစ်၍ သူဌေးကြီးကို "အရှင်သူဌေးကြီး။ ထဦးလော့။ ကျွန်တော်မသည် ထမင်းအိုးကို ဆေး၍ ပိတ်ထားပါသည်။ ထိုထမင်းအိုးသည်ကား မြလေးငုံအဆင်းနှင့်တူသော အဆင်းရှိသောထမင်းဖြင့် ပြည့်နေပြီ။ ကောင်းမှုတို့မည်သည်ကား ပြုအပ်သောသဘော ရှိကုန်၏။ အလှူမည်သည်ကား ပေးအပ်သည်နှင့် ယှဉ်၏။ အရှင်သူဌေးမင်း။ ထဦးလော့။ သုံးဆောင်ပါဦးလော့"ဟု ဆိုလေ၏။

သူဌေးကတော်ကြီးသည် နှစ်ယောက်သော သားအဖတို့အားလည်း ကျွေးမွေးပေးကမ်းလေ၏။ ထို သားအဖနှစ်ယောက်တို့သည် စားပြီး၍ ထကြကုန်သည်ရှိသော်၊ ချွေးမနှင့်တကွ အတူထိုင်လျက် ကျွန်ပုဏ္ဏအား ထမင်းကို ပေးလေ၏။ ခူး၍ ယူရာယူရာအရပ်သည် မကုန်နိုင်။ ယောက်မဖြင့် တစ်ကြိမ်ခူး၍ ယူသောအရာ၌သာလျှင် ထင်၏။ ထို့နေ့၌ပင်လျှင် ကျီစသည်တို့သည် ရှေး၌ပြည့်ဖူးသော နည်းအားဖြင့်သာလျှင် ပြည့်ကြလေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီး၏အိမ်၌ ထမင်းဖြစ်၏။ မျိုးထမင်းတို့ဖြင့် အလိုရှိကြကုန်သော သူတို့သည် လာ၍ယူကြပါစေကုန်သတည်း"ဟု မြို့၌ ကြွေးကြော်ခြင်းကို ပြုစေလေ၏။ လူတို့သည် ထိုသူဌေးကြီး၏အိမ်မှ မျိုးထမင်းကို ယူကြလေကုန်၏။ ဇမ္ဗူဒီပါကျွန်းတစ်ကျွန်းလုံး၌ နေကြကုန်သောသူတို့သည် ထို ဇာရာဏသီသူဌေးကြီးကို မှီ၍ အသက်ရှင်ခြင်းကို ရကြလေကုန်သတည်း။

ထို ဇာရာဏသီသူဌေးကြီးသည် ဤဘဝမှ စုတေမနေ သေလွန်သည်ရှိသော် နတ်ပြည်၌ ဖြစ်၍ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်လျက် ဤ ငါတို့ဘုရား ထင်ရှားပွင့်တော်မူသော အခါ ဘဒ္ဒိယမြို့ဝယ် သူဌေးအမျိုး၌ ဖြစ်လေ၏။ ထိုသူဌေးကြီး၏ သူဌေးကတော်ကြီးသည် လည်းများသော စည်းစိမ်ဥစ္စာရှိသောအမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သည်ရှိသော် ထိုသူဌေးကြီး၏အိမ်သို့သာ ရောက်သွားလေ၏။ ထိုသူဌေးကြီး၏ ရှေးကောင်းမှုကံကိုမှီ၍ အိမ်၏နောက်ဖေး၌ ဆိုအပ်ပြီးသော အပြားရှိကုန်သောဆိတ်ရပ်တို့သည် ပေါ်ပေါက်လာကြကုန်၏။ သားသည်လည်း ထိုသူတို့၏ သားသည်သာလျှင်, ချွေးမသည် ချွေးမသည်သာလျှင်, ကျွန်သည် ကျွန်သည်သာလျှင် ဖြစ်လေ၏။

ထိုအခါ တစ်နေ့သ၌ မေဏ္ဍကသူဌေးကြီးသည် မိမိ၏ကောင်းမှုကို စုံစမ်းလိုသည်ဖြစ်၍ နှစ်ရာငါးဆယ်သောကျီတို့ကို သုတ်သင်စေပြီးလျှင် ဦးခေါင်းကို ရေချိုးလျက် တံခါး၌ထိုင်၍ အထက်သို့ ကြည့်ရှုလေ၏။ အလုံးစုံသောကျီတို့ကို ဆိုအပ်ခဲ့ပြီးသော အပြားရှိသော သလေးနီ စပါးတို့သည် ပြည့်စေကြလေကုန်၏။ ထိုသူဌေးကြီးသည် ကြွင်းသောသူတို့၏ ကောင်းမှုတို့ကို လည်း စူးစမ်းလိုသည်ဖြစ်ရကား မယားကို လည်းကောင်း, သား စသောသူတို့ကို လည်းကောင်း "သင်တို့၏ကောင်းမှုတို့ကိုလည်း စူးစမ်းကြကုန်လော့"ဟု ဆိုလေ၏။

ထိုအခါ သူဌေးကြီး၏ဇနီး သူဌေးကတော်ကြီးသည် အလုံးစုံသောတန်ဆာကို တန်ဆာဆင်လျက် များစွာသောလူအပေါင်း၏ ကြည့်ရှုစဉ်ပင်လျှင် တစ်ဓလယ်မျှသောဆန်ကို ယူ၍ ထိုဆန်တို့ဖြင့် ထမင်းကိုချက်စေပြီးမှ တံခါးမုခ်၌ ခင်းအပ်သောနေရာ၌ နေထိုင်လျက် ရွှေယောက်မကိုကိုင်ပြီးလျှင် "ထမင်းဖြင့် အလိုရှိကုန်သောသူတို့သည် လာကြစေကုန်သတည်း" ဟု ကြွေးကြော်စေသဖြင့်၊ လာတိုင်းလာတိုင်းကုန်သောသူတို့၏ ဆောင်ယူခဲ့သောခွက်တို့ကို ပြည့်စေလျက်ပေးလေ၏။ တစ်နေ့ပတ်လုံးပင် ပေးသော်လည်း ယောက်မဖြင့်ခူး၍ ယူရာအရပ် သည်သာ ထင်၏။

ရှေးဘုရားရှင်တို့အား လည်းကောင်း၊ ရဟန်းသံဃာတော်အပေါင်းအား လည်းကောင်း လက်ဝဲလက်ဖြင့် ထမင်းအိုးကို, လက်ယာလက်ဖြင့် ယောက်မကိုကိုင်လျက် ဤအတူသာလျှင် သပိတ်၌ပြည့်စေသဖြင့် ဆွမ်းကို လှူဒါန်းဖူးသည့်အဖြစ်ကြောင့် ထိုသူဌေးကတော်ကြီး၏ လက်ဝဲလက်ဖဝါးအပြင်၌ ပြည့်စေလျက် ပဒုမာကြာလက္ခဏာ ဖြစ်ပေါ်လေ၏။ လက်ယာ လက်ဖဝါးအပြင်၌ပြည့်စေလျက် လဝန်းလက္ခဏာ ဖြစ်ပေါ်လေ၏။ အကြင်ကြောင့် ဓမကရိုက်ရေစစ်ကိုကိုင်လျက် ရဟန်းသံဃာတော်အပေါင်းအား ရေကိုစစ်၍ လှူဒါန်း ဆက်ကပ်ကာ ထိုမှဤမှ အဖန်ဖန်လှည့်လည်ခဲ့ဖူး၏။ ထို့ကြောင့် သူဌေးကတော်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



လက်ယာခြေဖဝါးအပြင်၌ ပြည့်စေလျက် လဝန်းလက္ခဏာ ဖြစ်ပေါ်လေ၏။ လက်ဝဲ ခြေဖဝါး အပြင်၌ ပြည့်စေလျက် ပဒုမာကြာလက္ခဏာ ဖြစ်ပေါ်လေ၏။ ထိုသူဌေးကတော်ကြီးအား ဤလက္ခဏာပါရှိသောအကြောင်းကြောင့် 'စန္ဒပဒုမာ'ဟူသောအမည်ကို မှည့်ခေါ်ကြလေကုန်၏။

ထိုသူဌေးကြီး၏ သားသည်လည်း ဦးခေါင်းကိုရေချိုးပြီးလျှင် အသပြာတစ်ထောင်ရှိသော အိတ်ကိုယူ၍ "အသပြာဖြင့် အလိုရှိကုန်သောသူတို့သည် လာကြပါစေကုန်သတည်း"ဟု ဆိုလျက် လာကုန်လာကုန်သောသူတို့၏ ယူလာခဲ့သောခွက်တို့ကို ပြည့်စေသဖြင့် ပေးကမ်းလေ၏။ အိတ်၌ အသပြာတစ်ထောင်သည် ဖြစ်မြဲတိုင်းပင် ဖြစ်လေ၏။

ထိုသူဌေးကြီး၏ ချွေးမသည်လည်း အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်ပြီးလျှင် စပါးတောင်းကိုယူ၍ ဟင်းလင်းအပြင်၌နေထိုင်လျက် "မျိုးထမင်းတို့ဖြင့် အလိုရှိကြကုန်သော သူတို့သည် လာကြပါစေကုန်သတည်း"ဟုဆိုသဖြင့် လာကုန်လာကုန်သောသူတို့၏ ယူလာခဲ့သောခွက်တို့ကို ပြည့်စေလျက် ပေးကမ်းလေ၏။ တောင်းသည် ပြည့်မြဲတိုင်းသာ ပြည့်သည် ဖြစ်လေ၏။

ထိုသူဌေးကြီး၏ ပုဏ္ဏအမည်ရှိသော ကျွန်သည်လည်း အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ရွှေထမ်းပိုးတို့၌ ရွှေကြိုးတို့ဖြင့် နွားတို့ကို က,စေပြီးလျှင် ရွှေနှင်တံကိုကိုင်၍ နွားနှစ်ကောင်တို့အား နံ့သာလက်ငါးချောင်းရာတို့ကို ပေးသဖြင့် ဦးချိုတို့၌ ရွှေအစွပ်တို့ကို စွပ်ပြီးလျှင် လယ်သို့သွား၍ မောင်းနှင်လေ၏။ ဤလက်ယာဘက်၌ သုံးခု, ဤလက်ဝဲဘက်၌ သုံးခု, အလယ်၌တစ်ခု ဤသို့ ခုနစ်ခုကုန်သော အရေးအသားတို့သည် ကွဲ၍ သွားကြလေကုန်၏။

ဇမ္ဗူဒီပါကျွန်း၌ နေသောသူတို့သည် ထမင်း, မျိုးစပါး, ငွေ, ရွှေ စသည်တို့တွင် အကြင်အကြင်အလိုရှိရာကို မေဏ္ဍကသူဌေးကြီး၏ အိမ်မှာသာလျှင် ယူကြရလေကုန်၏။

ဤ ငါးယောက်သောသူတို့သည် ကြီးမြတ်သောဘုန်းကံ ရှိကြကုန်၏။ ဤသို့ အာနုဘော်ကြီးမြတ်သော သူဌေးကြီးသည် မြတ်စွာဘုရား ကြွလာတော်မူသတတ်ဟု ကြားသိရလျှင် 'မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို ပြုဦးအံ့'ဟု ထွက်လာလတ်သည်ရှိသော် လမ်းခရီး အကြား၌ တိတ္ထိတို့ကိုမြင်ရသဖြင့်၊ ထိုတိတ္ထိတို့က "သူဌေးကြီး။ သင်သည် ကုသိုလ်ကောင်းမှု ပြုအပ်၏ဟု အယူရှိသောသူ ဖြစ်ပါလျက်၊ ကုသိုလ်ကောင်းမှုမပြုအပ်ဟု အယူရှိသော ရဟန်းဂေါတမ၏အထံသို့ အဘယ့်ကြောင့် သွားရဘိသနည်း"ဟုဆို၍ တားမြစ်အပ်သော်လည်း ထိုတိတ္ထိတို့၏စကားကို မနာမယူမူ၍ သွားပြီးလျှင် မြတ်စွာဘုရားကိုရှိခိုးလျက် တင့်အပ် လျောက်ပတ်သောအရပ်၌ နေလေ၏။

ထိုအခါ မေဏ္ဍကသူဌေးကြီးအား မြတ်စွာဘုရားသည် အစဉ်အတိုင်းဖြစ်သော တရားစကားကို ဟောကြားတော်မူလေ၏။ မေဏ္ဍကသူဌေးကြီးသည် ဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်သို့ရောက်၍၊ မြတ်စွာဘုရားအား တိတ္ထိတို့သည် ကျေးဇူးမဲ့ကိုဆို၍ မိမိအား တားမြစ်သောအဖြစ်ကို လျှောက်ကြားလေ၏။ ထိုအခါ သူဌေးကြီးကို မြတ်စွာဘုရားသည်



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီး။ ဤသတ္တဝါတို့မည်သည်ကား ကြီးကျယ်မြားမြောင်သော်လည်း မိမိ၏အပြစ်ကို မမြင်နိုင်ကြကုန်။ ထင်ရှားမရှိသော်လည်း သူတစ်ပါးတို့၏အပြစ်ကို ထင်ရှားရှိသည်ဟု ပြုလုပ်၍ ထိုထိုအရပ်တို့၌ ဖွဲကိုကဲ့သို့ လွင့်ကြဲတတ်ကုန်ကြ၏"ဟု မိန့်တော်မူ၍-

'သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။

ပရေသံ ဟိ သော ဝဇ္ဇာနိ၊ ဩဖုဏာတိ ယထာဘုသံ။

အတ္တနော ပန ဆာဒေတိ၊ ကလိံဝ ကိတဝါ သဌော' ဟူသောဂါထာကို ဟောတော်မူ၏။

အညေသံ၊ သူတစ်ပါးတို့၏။ ဝဇ္ဇံ၊ အပြစ်ကို။ သုဒဿံ၊ မြင်လွယ်၏။ အတ္တနော၊ မိမိ၏။ ဝဇ္ဇံပန၊ အပြစ်ကိုကား။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲ၏။ ဟိ၊ ထိုစကား သင့်စွ။ သော၊ ထို သူတစ်ပါး၏အပြစ်သာမြင်, မိမိအပြစ် မမြင်လေ့ရှိသောသူသည်။ ဘုသံ၊ ဖွဲကို။ ဩဖုဏာ တိယထာ၊ လွင့်သကဲ့သို့။ ပရေသံ၊ သူတစ်ပါးတို့၏။ ဝဇ္ဇာနိ၊ အပြစ်တို့ကို။ ဩဖုဏာတိ၊ လွင့်တတ်၏။ သဌော၊ စဉ်းလဲသော ငှက်မုဆိုးသည်။ ကလိံ၊ အပြစ်ရှိသော မိမိကိုယ်ကို။ ကိတဝါဝ၊ သစ်ခက်ကျိုးစသည်တို့ဖြင့် ဖုံးလွှမ်းဘိသကဲ့သို့။ အတ္တနော၊ မိမိ၏။ ဝဇ္ဇံပန၊ အပြစ်ကိုကား။ ဆာဒေတိ၊ ဖုံးလွှမ်း၏။

[ငှက်တို့၌ ပြစ်မှားသည့်အစွမ်းဖြင့် ကိုယ်သည် 'ကလိ'မည်၏။ သစ်ခက်ကျိုး စသည်ကို ဖုံးလွှမ်းခြင်းသည် 'ကိတဝါ'မည်၏။ ငှက်မုဆိုးသည် 'သဌ'မည်၏။ ငှက်မုဆိုးသည် ငှက်တို့ကို ဖမ်းသတ်လိုသည်ရှိသော် သစ်ခက်ကျိုးစသည်ကို ဖုံးလွှမ်းခြင်းကဲ့သို့ မိမိကိုယ်ကို ဖုံးလွှမ်းဘိ သကဲ့သို့ ထို့အတူ မိမိအပြစ်ကို ဖုံးလွှမ်းထား၏ ဟူလို]။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေကုန်၏။

## ။၅၉။ မိဂါရမာတာ ဝိသာခါ၏ ရှေးအကြောင်းကို ပြခြင်း

ထို ဝိသာခါဒါယိကာမသည်ကား အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏သား ဖြစ်သော ဓနဉ္စယသူဌေး၏ သူဌေးကတော်ကြီးဖြစ်သော 'သုမနဒေဝီ'မည်သော သူဌေးမ၏ ဝမ်း၌ဖြစ်သတတ်။ ထိုဝိသာခါ၏ ခုနစ်နှစ်သမီးအရွယ်ရှိသောအခါ ဘုရားရှင်သည် သူဌေး ပုဏ္ဏားအစရှိသောသူတို့၏ လည်းကောင်း၊ သစ္စာလေးပါးသိခြင်းငှာထိုက်သော မိတ်ဆွေတို့၏ လည်းကောင်း အကြောင်းဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူသဖြင့် များစွာသော ရဟန်းသံဃာအပေါင်း ခြံရံတော်မူလျက် ဒေသစာရီ ကြွချီတော်မူလတ်သည်ရှိသော် ထိုဘဒ္ဒိယ မြို့သို့ ဆိုက်ရောက်တော်မူလေ၏။ ထိုအခါ၌လည်း မေဏ္ဍကသူဌေးကြီးသည် ထိုဘဒ္ဒိယမြို့၌



www.burmeseclassic.com

www.burmeseclassic.com



ရှေးဘုန်းရှေးကံကြီးမားကုန်သော ငါးယောက်သောသူတို့၏ အကြီးအမှူးဖြစ်၍ သူဌေးအရာကို ပြုလေ၏။ ရှေးဘုန်းရှေးကံကြီးမားကုန်သော ငါးယောက်သောသူတို့မည်သည်ကား မေဏ္ဍက သူဌေးကြီး, မေဏ္ဍကသူဌေး၏ စန္ဒပဒုမာမည်သော သူဌေးကတော်ကြီး, မေဏ္ဍကသူဌေး၏ ဓနဥ္စယမည်သော သားကြီး, ထို ဓနဥ္စယသူဌေးကလေး၏ သုမနဒေဝီမည်သော သူဌေးကတော် ကလေး, မေဏ္ဍကသူဌေး၏ ပုဏ္ဏမည်သော ကျွန်ယောကျ်ား ဤ ငါးယောက်တို့ပေတည်း။

သက်သက် ဤမေဏ္ဍက သူဌေးကြီးတစ်ဦးသာ မဟုတ်သေး။ ဗိမ္ဗိသာရမင်းကြီး၏ တိုင်း ပြည်နိုင်ငံတော်၌ အတိုင်းမသိသော စည်းစိမ်ဥစ္စာရှိသည်မည်ကုန်သော ဇောတိက, ဇဋိလ, မေဏ္ဍက, ပုဏ္ဏ, ကာကဝလိယ ဟူသော သူဌေးကြီး ငါးဦးတို့လည်း ရှိကုန်သေး၏။ ထိုငါးယောက် ကုန်သော သူဌေးကြီးတို့တွင် ဤမေဏ္ဍကသူဌေးကြီးသည် မိမိ၏ ဘဒ္ဒိယမြို့သို့ မြတ်စွာဘုရား ကြွရောက်တော်မူလာသည့်အဖြစ်ကို သိ၍ သားဖြစ်သော ဓနဥ္စယသူဌေးကလေး၏သမီး ဝိသာခါ သတို့သမီးငယ်ကို ခေါ်စေပြီးလျှင် “ချစ်မြေးဝိသာခါ။ သင်အားလည်း မင်္ဂလာဖြစ်လတ္တံ့။ ငါတို့အားလည်း မင်္ဂလာဖြစ်လတ္တံ့။ သင်၏အခြံအရံ ငါးရာသောသတို့သမီးငယ်တို့နှင့်တကွ ငါးရာသောရထားထက် တက်စီး၍ ငါးရာကုန်သောကျွန်မတို့ဖြင့် ခြံရံလျက် ကိုယ်အား, ဉာဏ်အား ဆယ်ပါးသခင်ဘုရားရှင်အား ခရီးဦးကြိုဆိုခြင်း အမှုပြုလော့”ဟု ဆိုလေ၏။

ဝိသာခါသတို့သမီးငယ်သည်လည်း“ကောင်းလှပြီ”ဟု ဝန်ခံ၍ သူဌေးကြီးဆိုတိုင်း ပြုလေ၏။ အကြောင်းဟုတ်သည်, မဟုတ်သည်တို့၌ လိမ္မာသောသဘော ရှိသည်အဖြစ်ကြောင့် အကြင်မျှလောက်ယာဉ်၏ သွားခြင်းငှာလျောက်ပတ်သော မြေပြင်သည် ရှိ၏။ ထိုမျှလောက် ယာဉ်ဖြင့် သွား၍ ယာဉ်မှ သက်ဆင်းပြီး ခြေဖြင့်သာလျှင် သဗ္ဗညုဘုရားရှင်သို့ ချဉ်းကပ်ကာ ရှိခိုးလျက် တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေ၏။ ထိုအခါ ဝိသာခါအား ရှေးရှေး သောကာလ အတိတ်ဘဝက လေ့ကျက်ခဲ့ဖူးသော ကောင်းမှုကံစရိုက်၏ အစွမ်းအားဖြင့် ဘုရားရှင်သည် တရားကို ဟောတော်မူ၏။ ထိုဝိသာခါသည် ဒေသနာတော်၏အဆုံး၌ ငါးရာသောသတို့သမီးတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ မေဏ္ဍကသူဌေးကြီးသည် လည်း ဘုရားရှင်သို့ချဉ်းကပ်၍ တရားစကားကို ကြားနာရသဖြင့် သောတာပတ္တိဖိုလ်၌ တည်ပြီးလျှင် နက်ဖြန် ကောင်းမှုအလို့ငှာ ပင့်ဖိတ်ခဲ့၍၊ တစ်ဖန် နံနက်မိုးသောက်ရောက်သော နေ့၌ မိမိ၏နေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော သံဃာတော်မြတ် အပေါင်းကို ဆွမ်းလုပ်ကျွေး၍ ဤသို့သောနည်းဖြင့်သာလျှင် တစ်ဆယ့်ငါးရက်ပတ်လုံး အလှူကြီးကို ပေးလှူ၏။ မြတ်စွာဘုရားသည်လည်း ဘဒ္ဒိယမြို့၌ မွေ့လျော်သမျှကာလပတ်လုံး သီတင်းသုံးနေထိုင်တော်မူ၍ ဖဲကြွသွားတော်မူလေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းနှင့် ပသေနဒီကောသလမင်းတို့သည် အချင်းချင်း တစ်ယောက် သည် တစ်ယောက်၏ မောင်လည်းမလည် နှမ၏ခင်ပွန်းတို့ ဖြစ်ကြကုန်၏။ ထိုအခါ တစ်နေ့သ၌ ကောသလမင်းကြီးစည်သည်မှာ ‘ဗိမ္ဗိသာရမင်း၏နိုင်ငံတော်၌ အတိုင်းမသိ များစွာသော စည်စိမ်းချမ်းသာရှိကုန်သော ဘုန်းကံကြီးမားသော ငါးယောက်ကုန်သော သူဌေး ကြီးတို့သည် နေထိုင်ကြကုန်၏။ ငါ၏နိုင်ငံတော်၌ကား ထိုသို့သဘောရှိသော သူဌေးသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတစ်ယောက်မျှလည်း မရှိချေ။ ငါသည် ဗိမ္ဗိသာရမင်းအထံသို့ သွား၍ ဘုန်းကံကြီးမားသော သူဌေးကြီးတစ်ဦးကို တောင်းရမူကား ကောင်းလေစွ'ဟု ကြံစည်လေ၏။ ထို ကောသလမင်းကြီးသည် ရာဇဂြိုဟ်ပြည်သို့သွား၍ ဗိမ္ဗိသာရမင်းသည် စေ့စပ်ခြင်း ပဋိသန္ထာရ လောကဝတ် ပြုအပ်သည်ဖြစ်၍ "အသင်မင်းကြီးသည် အဘယ်အကြောင်းကြောင့် ကြွလာတော်မူသနည်း"ဟု မေးအပ်သည်ရှိသော် "အသင်မင်းကြီးတို့၏ တိုင်းနိုင်ငံတော်၌ အတိုင်းမသိ စည်းစိမ်ချမ်းသာများစွာ ကြွယ်ဝကုန်သော ဘုန်းကံကြီးမားကုန်သော သူဌေးကြီးငါးဦးတို့သည် နေထိုင်ကြကုန်၏။ ထို ငါးဦးကုန်သော သူဌေးကြီးတို့တွင် တစ်ဦးတစ်ယောက်မျှသောသူဌေးကို ယူ၍သွားအံ့'ဟု အကျွန်ုပ် လာခဲ့ပါသည်။ ထိုသူဌေးကြီး ငါးဦးတို့တွင် အသင်မင်းကြီးတို့သည် တစ်ယောက်ကို ပေးကြပါကုန်လော့"ဟု ဆို၏။ "ကြီးကျယ်သော အမျိုးကြီးတို့ဖြစ်သဖြင့် အကျွန်ုပ်တို့သည် လှုပ်ရှားခြင်းငှာ မတတ်နိုင်ကုန်"ဟု ဆိုလတ်သော် "အကျွန်ုပ်သည် မရသည်ရှိသော် နေပြည်တော်သို့ ပြန်မသွားတော့အံ့"ဟု ဆိုပြန်၏။ ထိုအခါ၌ ဗိမ္ဗိသာရမင်းကြီးသည် အမတ်တို့နှင့်အတူ တိုင်ပင်၍ ဇောတိက အစရှိသော အမျိုးမြတ်သူဌေးကြီးတို့ကို ရွေ့ပြောင်းတုန်လှုပ်စေခြင်းမည်သည် မြေကြီးကို ရွေ့ပြောင်းတုန်လှုပ်စေရသည်နှင့် တူ၏။

"မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေးမည်သည် ရှိ၏။ ထို ဓနဉ္စယသူဌေးနှင့်အတူ တိုင်ပင်ပြီးမှသာလျှင် အသင်မင်းကြီးအား စကားတုံ့ကို ပြန်အံ့"ဟု ဆို၍ ဓနဉ္စယသူဌေးကို ခေါ်စေပြီးလျှင်၊ "ချစ်သားဓနဉ္စယသူဌေး။ ကောသလမင်းကြီးသည် 'ဥစ္စာကြွယ်ဝသော သူဌေးတစ်ယောက်ကို ယူဆောင်၍ တိုင်းပြည်သို့ ပြန်သွားအံ့'ဟု ဆို၏။ သင်သည် ထို ကောသလမင်းကြီးနှင့် အတူတကွ လိုက်သွားပါလော့"ဟု ဆိုလတ်သော်၊ "အရှင်မင်းကြီး။ အရှင်မင်းကြီးတို့သည် စေလွှတ်ကုန်သည်ရှိသော် သွားပါအံ့"ဟု လျှောက်တင်လျှင်၊ "ချစ်သား။ ယင်းသို့ဖြစ်မူ စီရင်ဖွယ်ရှိသမျှ စီရင်ပြုလုပ်၍ လိုက်သွားပါလော့"ဟု မိန့်ဆို၍ လွှတ်လိုက်၏။ ဓနဉ္စယသူဌေးလည်း မိမိပြုလုပ်သင့်သမျှကို ပြုလုပ်လေ၏။ ဗိမ္ဗိသာရမင်းကြီးသည်လည်း "ထို ဓနဉ္စယသူဌေးအား များစွာကြီးကျယ်သော ပူဇော်သက္ကာရကို ပြု၍ ဤသူဌေးကို ခေါ်၍ သွားကြပါကုန်လော့"ဟု ပြောဆိုကာ ပသေနဒီကောသလမင်းကြီးကို လွှတ်လိုက်လေ၏။

ကောသလမင်းကြီးလည်း ထိုသူဌေးကိုခေါ်၍ သာဝတ္ထိပြည်သို့ တစ်ညဉ့်အိပ်ခရီးဖြင့် သွားသဖြင့် ချမ်းသာသောအရပ်တစ်ခုသို့ ရောက်လျှင် နေရာကို ယူလေ၏။ ထိုအခါ ကောသလမင်းကြီးကို ဓနဉ္စယသူဌေးသည် "ဤအရပ်ကား အဘယ်မင်းမြတ်၏ နိုင်ငံအဝင်အပါ အရပ်ဖြစ်ပါသနည်း"ဟု မေးလျှောက်လေ၏။ "သူဌေးကြီး။ ငါ၏နိုင်ငံ အဝင်အပါအရပ်ဖြစ်သည်"ဟု ပြောဆိုလျှင်၊ "သာဝတ္ထိပြည်သည် ဤအရပ်မှ အဘယ်မျှဝေးကွာသောအရပ်၌ တည်ရှိပါသနည်း"ဟု မေးပြန်လေ၏။ "ခုနစ်ယူဇနာထက်၌ တည်ရှိပေ၏"ဟု ပြောဆိုလျှင်၊ "အရှင်မင်းကြီးမြတ်။ မြို့၏အတွင်းမည်သည် ကျဉ်းမြောင်းလှ၏။ အရှင့်ကျွန်တော်မျိုးတို့၏ အခြံအရံ, အလုပ်အကျွေး, လူပရိသတ်ကား များလှစွာ၏။ အရှင်မင်းကြီးတို့သည် အကယ်၍ နှစ်သက်ကုန်သည် ဖြစ်ခဲ့အံ့။ ဤအရပ်၌ပင် နေလိုပါ၏"ဟု လျှောက်တင်လေ၏။ ကောသလမင်းကြီးလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ထိုအရပ်၌ မြို့ကိုတည်ထောင်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခနဥ္စယသူဌေးအားပေးပြီး ကြွသွားလေ၏။ ထိုအရပ်၌ မိမိကိုယ်တိုင် နေရာအရပ်ယူအပ်သောကြောင့် 'သာကေတ'ဟူ၍ မြို့၏အမည် တွင်လေ၏။

သာဝတ္ထိပြည်၌လည်း မိဂါရသူဌေး၏သားဖြစ်သော ပုဏ္ဏဝဓ္ဓနမည်သော သတို့သားသည် အရွယ်သို့ရောက်သည် ဖြစ်ပေ၏။ ထိုအခါ မိဘတို့သည် ထို ပုဏ္ဏဝဓ္ဓနသတို့သားကို "ချစ်သား သင်နှစ်သက်ရာအရပ်၌ သတို့သမီးတစ်ယောက်ကို စုံစမ်းရှာဖွေလော့"ဟု ဆိုကြကုန်၏။ "မိခင်ဖခင်တို့။ ဤသို့သဘောရှိသော မယားဖြင့် ကျွန်တော့်အား ပြုဖွယ်ကိစ္စ အလိုဆန္ဒ မရှိပါ" ဟုဆိုသဖြင့် မိခင်ဖခင်တို့လည်း "ချစ်သား။ ဤသို့ မပြုပါလင့်။ သားမရှိသော အမျိုးမည်သည်ကား ကာလ အရှည် မတည်တံ့နိုင်။ ပျက်စီးတတ်သည်။ ထို့ကြောင့် ချစ်သား နှစ်သက်ရာ သတို့သမီးငယ်တစ်ယောက်ကိုသာ ရှာဖွေလော့"ဟု ဆိုပြန်လေ၏။ ပုဏ္ဏဝဓ္ဓနသူဌေးသားသည် အဖန်ဖန် ပြောဆိုတိုက်တွန်းအပ်သည်ရှိသော် "ထိုသို့ဖြစ်မူ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော သတို့သမီးကို ရသည်ဖြစ်အံ့။ သင် မိခင်ဖခင်တို့၏ ပြောကြားသောစကားကို လိုက်နာပါအံ့"ဟု ဝန်ခံ၏။ "ချစ်သား။ ကောင်းခြင်းငါးပါးတို့ဟူသည် အဘယ်သည်တို့နည်း"ဟု မေးသဖြင့် "ဆံပင်၏ကောင်းခြင်း, အသား၏ကောင်းခြင်း, အရိုး၏ကောင်းခြင်း, အရေ၏ ကောင်းခြင်း, အရွယ်၏ကောင်းခြင်း ဟူသော ဤငါးပါးတို့တည်း"ဟု ဖြေဆိုလေ၏။ ထိုစကား မှန်၏။

၁။ ဘုန်းကံကြီးသော မိန်းမ၏ဆံပင်တို့သည် ဥဒေါင်းမြီးစည်းနှင့် တူကုန်သည်ဖြစ်၍ ခေါင်းမှ ဖြည်၍ချလိုက်သည်ရှိသော် အဝတ်ထမီအစွန်းကို ထိ၍ အဖျားကော့တက်လျက် တည်ကုန်၏။ ဤကား ဆံပင်၏ကောင်းခြင်း မည်၏။

၂။ သွားကိုဖုံးသော နှုတ်ခမ်းသားသည် ကျီးအာသီးမှည့်နှင့်တူစွာ နီမြန်းသောအဆင်းနှင့် ပြည့်စုံသည်ဖြစ်၍ ညီညွတ်၏။ ကောင်းစွာ ထိခြင်း, စပ်ခြင်း ရှိ၏။ ဤကား အသား၏ ကောင်းခြင်း မည်၏။

၃။ သွားတို့သည် ဖြူစင်ခြင်း, ညီညွတ်ခြင်း, မကျဲခြင်း ရှိကုန်သည်ဖြစ်၍ စိုက်၍ ထားအပ်သော ဝဇီရစိန်ရတနာ အစီအတန်းကဲ့သို့ လည်းကောင်း, ကောင်းမွန်ညီညွတ်စွာ ဖြတ်အပ်သော ခရုသင်းအစီအတန်းကဲ့သို့ လည်းကောင်း တင့်တယ်ကုန်၏။ ဤကား အရိုး၏ ကောင်းခြင်း မည်၏။

၄။ အသားညိုသောမိန်းမ၏ အရေအဆင်းသည် ကသည်မှုန့်စသည်တို့ဖြင့် မလိမ်းကျံဘဲသာလျှင် ပင်ကို ညက်ညောပြေပြစ်၏။ ကြာညိုပန်းဆိုင်းနှင့် တူ၏။ အသားဖြူသော မိန်းမ၏ အရေအဆင်းသည် မဟာလေှကားပန်းဆိုင်းနှင့် တူ၏။ ဤကား အရေ၏ကောင်းခြင်း မည်၏။

၅။ ဆယ်ကြိမ်တိုင်အောင် သားသမီးဖွားမြင်ပြီးသော်လည်း စင်စစ်အားဖြင့် တစ်ကြိမ်သားဖွားသောမိန်းမကဲ့သို့ အရွယ်ကွေကွင်းဆုတ်ယုတ်ခြင်း မရှိသည်သာတည်း။ ဤကား အရွယ်၏ကောင်းခြင်း မည်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုဏ္ဏဝမုနသတို့သား၏ မိခင်ဖခင်တို့သည် ပုဏ္ဏားရှစ်ယောက်တို့ကို ပင့်ခေါ်၍ ကျွေးမွေးပြီးလျှင် "ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော မိန်းမတို့မည်သည် ရှိပါကုန်သလော" မေးမြန်းကြကုန်၏။ ပုဏ္ဏားတို့သည် "သြော်၊ ရှိကြကုန်၏"ဟု ဆိုလျှင်၊ "ထိုသို့ဖြစ်မူ ဤသို့သဘောရှိသော သတို့သမီးကို ရှာဖွေခြင်းငှာ ရှစ်ယောက်သောပုဏ္ဏားတို့သည် သွားကြပါကုန်လော့"ဟု ဆို၍ များစွာသောဥစ္စာကို ပေးပြီးလျှင်၊ "ပြန်ရောက်လာသောအခါ သင်တို့အား ကျေးဇူးတုံ့ပြုဖွယ်ကို သိကြပါကုန်အံ့။ ကျေးဇူးဆပ်ပါမည်။ သွားကြပါကုန်လော့။ ဤသို့ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို ရှာဖွေကြပါကုန်လော့။ တွေ့သောအခါ၌လည်း ဤတန်ဆာကို ပေးခဲ့ကြပါကုန်လော့"ဟု မှာထားပြောဆိုလျက် အဖိုးတစ်သိန်းထိုက်သော ရွှေပန်းကုံးကို ပေး၍ လွှတ်လိုက်ကြလေကုန်၏။

ထိုပုဏ္ဏားတို့သည် ကြီးကုန်, ကြီးကုန်သော မြို့ကြီးပြကြီးတို့သို့ သွား၍ ရှာဖွေကြကုန်သော်လည်း ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသော သတို့သမီးကို မတွေ့မထင် မမြင်ရသဖြင့် ပြန်လည်ဆုတ်နစ်ခွာ လာကုန်သည်ရှိသော် ဝိဝင္ဂနက္ခတ်ပွဲသဘင် ကြိမ်သောနေ့၌ သာကေတမြို့သို့ အစဉ်အတိုင်း ရောက်လာကြကုန်ရကား 'ယနေ့ ငါတို့၏အမှုကိစ္စသည် ပြီးဆုံးခြင်းသို့ ရောက် လတ္တံ့'ဟု ကြံစည်ကြကုန်၏။

ထိုသာကေတမြို့၌ကား နှစ်စဉ်မပြတ် ကျင်းပပြုလုပ် အပ်သော ဝိဝင္ဂနက္ခတ်ပွဲသဘင် မည်သည် ရှိ၏။ ထိုအခါ ပြင်ပသို့ ထွက်သွားလေ့မရှိကုန်သော အမျိုးသား အမျိုးသမီးတို့သည်လည်း အခြံအရံနှင့်တကွ နေအိမ်မှထွက်၍ မကွယ်မဝှက်သော ကိုယ်ရှိသည်ဖြစ်၍ ခြေဖြင့်သာလျှင် မြစ်ကမ်းနားသို့ သွားလေ့ရှိကုန်၏။ ထိုနေ့၌ ခတ္တိယ, မဟာသာလ စသည်တို့၏ သားယောကျ်ားတို့သည်လည်း 'မိမိနှင့် အမျိုးအနွယ်တူမျှသော နှစ်သက်ဖွယ်ကောင်းသော အမျိုးသတို့သမီးကိုမြင်လျှင် ပန်းကုံးဖြင့် ပစ်ကုန်အံ့ (ပန်းကုံး စွပ်ကုန်အံ့)'ဟု ကြံလျက် ထိုထို ခရီးလမ်းမကို မှီ၍ ရပ်တည်နေကြကုန်၏။

ထိုပုဏ္ဏားတို့သည်လည်း မြစ်ကမ်းနား၌ ဇရပ်တစ်ခုသို့ ဝင်ရောက်၍ ရပ်တည်နေကြကုန်၏။ ထိုခဏ၌ ဝိသာခါသည် တစ်ဆယ့်ငါးနှစ်, တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိပြီဖြစ်၍ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်လျက် သတို့သမီးငယ် ငါးရာတို့ဖြင့်ခြံရံကာ မြစ်သို့ သွား၍ 'ရေးချိုးအံ့'ဟု လာခဲ့ရာ ထိုပုဏ္ဏားတို့နေသော အရပ်သို့ ရောက်လာလေ၏။ ထိုအခါ မိုးတက်၍ရွာလတ်သဖြင့် ငါးရာကုန်သော သတို့သမီးတို့သည် လျင်မြန်စွာပြေး၍ ဇရပ်သို့ ဝင်ကြကုန်၏။ ပုဏ္ဏားတို့လည်း ကြည့်ရှုကြသည်ရှိသော် ထို သတို့သမီးငါးရာတို့တွင် ကောင်းခြင်းငါးဖြာ လက္ခဏာနှင့် ပြည့်စုံသူတစ်ယောက်ကိုမျှ မမြင်ကြရကုန်။ ထို့နောက်မှ ဝိသာခါသည် ပြကတေ့သောသွားခြင်းဖြင့်သာ ဇရပ်သို့ဝင်လာသဖြင့် ဆင်သောအဝတ်တန်ဆာတို့သည် စွတ်စိုကုန်၏။

ပုဏ္ဏားတို့သည် ထိုဝိသာခါ၏ လေးပါးသောကောင်းခြင်းတို့ကို မြင်၍ သွားတို့ကို ကြည့်ရှုလိုသောကြောင့် "ငါတို့သမီးကား ပျင်းရိသောသဘော ရှိ၏။ ဤသတို့သမီး၏အရှင်သည် ပအုံးရည်မျှကိုလည်း ရလိမ့်မည် မဟုတ်ယောင်တကား"ဟု အချင်းချင်းပြောဆိုကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝိသာခါသည် ထိုပုဏ္ဏားတို့ကို "အသင်ပုဏ္ဏားကြီးတို့သည် အဘယ်သူကို ပြောဆိုကြပါသနည်း"ဟု မေးလေသဖြင့်၊ "ချစ်သမီး။ အသင့်ကို ပြောဆိုကြကုန်၏"ဟု ဆိုကြလေကုန်၏။ ထိုဝိသာခါ၏အသံသည် သာယာနာပျော်ဖွယ် နားဝင်ချိုသည်ဖြစ်၍ တီးခေါက်အပ်သော ကြေးဖလား, ကြေးခွက်သံကဲ့သို့ မြည်ထွက်လေ၏။ ထိုအခါ ပုဏ္ဏားတို့ကို တစ်ဖန် သာယာစွာသောအသံဖြင့် "အဘယ်အကြောင်းကြောင့် ပြောဆိုကြပါကုန်သနည်း"ဟု မေးပြန်လေ၏။ "သင်၏အခြံအရံဖြစ်ကုန်သော မိန်းမတို့သည် အဝတ်တန်ဆာတို့ကို မစွတ်စိုစေမူ၍ လျင်မြန်စွာ ဇရပ်သို့ ဝင်လာကြကုန်ပြီ။ သင့်အားမူကား ဤမျှလောက် လျင်မြန်စွာလာခြင်းမျှလည်း မရှိ။ အဝတ်တန်ဆာတို့ကို စွတ်စိုစေလျက် လာခဲ့သည် ဖြစ်ပေ၏။ ချစ်သမီး။ ထို့ကြောင့် ငါတို့သည် ပြောဆိုကြကုန်သတည်း"ဟု ပြောကြားကြလေကုန်၏။

ထိုအခါ ဝိသာခါသည် "ဖခင်တို့။ ဤသို့သောစကားကို မဆိုကြပါကုန်လင့်။ ကျွန်မသည် ဤမိန်းမတို့ထက် လွန်စွာကြီးသော ခွန်အားဗလ ရှိပါသည်။ စင်စစ်သော်ကား အကြောင်းကို မှတ်သား၍ လျင်မြန်စွာ မလာခြင်းဖြစ်ပါသည်"ဟု ဆိုသဖြင့်၊ "ချစ်သမီး။ အဘယ်အကြောင်းကို နည်း"ဟု မေးမြန်သော်၊ ဖခင်တို့။ လေးယောက်ကုန်သော သူတို့သည် လျင်မြန်စွာ သွားကြသည်ရှိသော် မတင့်တယ်ကြပါကုန်။ ထိုမှတစ်ပါးလည်း အကြောင်းတစ်ပါး ရှိပါသေးသည်"ဟု ဝိသာခါက ဆိုလေ၏။ "ချစ်သမီး။ လျင်မြန်စွာ ပြေးသွားသဖြင့် မတင့်တယ်ကုန်သော လေးယောက်ကုန်သောသူတို့သည် အဘယ်သူတို့နည်း"ဟု မေးပြန်သော်–

"ဖခင်တို့–

၁။ အဘိသိက်သွန်းပြီးသော မင်းသည် အလုံးစုံသော မင်းမြောက်တန်ဆာ ငါးပါးဆင်ယင်လျက် ခါးတောင်းအောက်ပိုးကျိုက်ခြင်းကို ပြု၍ မင်းရင်ပြင်၌ လျင်မြန်စွာသွားသည်ရှိသော် မတင့်တယ်ပါ။ "အသို့နည်း။ ဤမင်းသည် လယ်လုပ်ကုန်သွယ် အသက်မွေးသော သူကြွယ်ကဲ့သို့ လျင်စွာပြေးသွားသည်"ဟု သူတစ်ပါးတို့၏ကဲ့ရဲ့ခြင်းကို ဧကန် မုချ ရရာပေ၏။ ဖြည်းဖြည်းသာသာ သွားမှသာလျှင် တင့်တယ်လှပါသည်။

၂။ မင်း၏မင်္ဂလာရှိသော ဆင်ရတနာသည်လည်း တန်ဆာဆင်ခြင်းရှိသည်ဖြစ်လျက် လျင်မြန်စွာသွားသည်ရှိသော် မတင့်တယ်ပါ။ ဆင်မင်းတို့၏ တင့်တယ်စံပယ်ခြင်းဖြင့် သွားမှသာလျှင် တင့်တယ်ပါသည်။

၃။ ရဟန်းတော် အရှင်မြတ်သည်လည်း လျင်မြန်စွာသွားသည်ရှိသော် မတင့်တယ်ပါ။ "အသို့နည်း။ ဤရဟန်းသည် လူကဲ့သို့ လျင်စွာပြေးသွားဘိသည်"ဟု သက်သက်ကဲ့ရဲ့ခြင်းကိုသာ ခံရပေ၏။ ငြိမ်သက်တည်ကြည်စွာသွားခြင်းဖြင့် သွားမှသာလျှင် တင့်တယ်ပါသည်။

၄။ မိန်းမတို့သည်လည်း လျင်မြန်စွာ သွားကုန်သည်ရှိသော် မတင့်တယ်ကြပါကုန်။ "အသို့နည်း။ ဤမိန်းမသည် ယောကျ်ားကဲ့သို့ လျင်မြန်စွာ ပြေးသွားလေသည်"ဟု သူတစ်ပါးတို့ ကဲ့ရဲ့အပ်သည်သာတည်း။

"ဤ လေးယောက်သော သူတို့သည်လျင်မြန်စွာ သွားကြသည်ရှိသော် မတင့်တယ်ကြပါကုန်"ဟု ဆိုလေ၏။ "ချစ်သမီး။ ထိုမှတစ်ပါး အကြောင်းတစ်ပါး ရှိပါသေးသည်"ဟု ဆိုရာ၌



www.burmeseclassic.com

www.burmeseclassic.com



"ထို အကြောင်းကား အဘယ်နည်း"ဟု မေးပြန်လတ်သော် "ဖခင်တို့။ မိခင်, ဖခင်တို့မည်သည် မိမိတို့၏သမီးကို အင်္ဂါကြီးငယ် အသွယ်သွယ်အဝဝတို့ကို လုပတင့်တယ် ရှုချင်ဖွယ်ရှိသည်၏အဖြစ်၌ တည်စေလျက် မွေးမြူကြရပါကုန်၏။ ကျွန်မတို့သည် ရောင်းအပ်သော ဥစ္စာဘဏ္ဍာမည်ပါသည်။ ကျွန်မတို့ကို တစ်ပါးသောအမျိုးသားအိမ်သို့ စေလွှတ်ခြင်းအကျိုးငှာ မွေးမြူကြရပါကုန်၏။ လျင်မြန်စွာသွားသဖြင့် ဆင်ယင်ဝတ်စားထားသော အဝတ်၏ အစွန်းအနား၌ နင်းမိသည်ဖြစ်၍ လည်းကောင်း, မြေ၌ ချော်ချော်သည်ဖြစ်၍ လည်းကောင်း လဲပြိုသောအခါ လက်သည် လည်းကောင်း, ခြေသည်လည်းကောင်း ကျိုးခဲ့ငြားအံ့။ အမျိုးအားသာလျှင် တာဝန်ဖြစ်ရာ၏။ ကျွန်မ၏ ဆင်ယင်ဝတ်စားသော တန်ဆာသည်ကား မိုးစိုစွတ်သော်လည်း ခြောက်သွေ့ပါလတ္တံ့။ ဤအကြောင်းကိုမြင်ကာ မှတ်သား၍ လျင်မြန်စွာမသွားဘဲ နေပါသည် ဖခင်တို့"ဟု ပြန်ပြောလေ၏။

ပုဏ္ဏားတို့လည်း ထိုဝိသာခါ၏ စကားပြောဆိုသောကာလ၌ ညီညွတ်လှသော သွား၏ပြည့်စုံခြင်းကို မြင်ရ၍ "ဤသို့သဘောရှိသော သွား၏ကောင်းခြင်းနှင့် ပြည့်စုံသော သတို့သမီးကို ငါတို့ မမြင်အပ်စဖူးကုန်"ဟု အချင်းချင်းပြောဆိုပြီးမှ ဝိသာခါအား ကောင်းချီးပေး၍ "ချစ်သမီး။ ဤပန်းကုံးသည် သင် ချစ်သမီးအားသာလျှင် လျောက်ပတ် ထိုက်တန်၏"ဟု ဆို၍၊ ထိုရွှေပန်းကုံးကို ပန်ဆင်စေကြကုန်၏။ ထိုအခါ ဝိသာခါက ပုဏ္ဏားတို့ကို "ဖခင်တို့။ ဖခင်တို့သည် ဘယ်ပြည်ဘယ်မြို့မှ လာကြပါကုန်သနည်း"ဟု မေးသော်၊ "ချစ်သမီး။ ငါတို့သည် သာဝတ္ထိပြည်မှ လာခဲ့ကြကုန်၏"ဟု ဆိုလျှင်၊ "ဖခင်တို့ သူဌေးမျိုးသည် အဘယ်အမည် ရှိပါသနည်း"ဟု မေးပြန်သော် "ချစ်သမီး။ မိဂါရသူဌေး မည်၏"ပြောလျှင်၊ "အရှင်သူဌေးသားကား အဘယ်အမည် ရှိပါသနည်း"ဟု မေးသဖြင့် "ချစ်သမီး။ ပုဏ္ဏဝဍ္ဎနသတို့သား အမည်ရှိ၏"ဟု ပြောဆိုလေကုန်၏။ ဝိသာခါသည်လည်း 'ငါတို့နှင့်တူမျှသော ဇာတ်ရှိသော အမျိုးပေတည်း'ဟု ရွှေပန်းကုံးကို သိမ်းပိုက်လက်ခံ ပန်ဆင်ပြီးလျှင် "ဖခင်၏အထံသို့ ကျွန်မတို့အလို့ငှာ ရထားစေလွှတ်ပါ"ဟု မှာကြားလိုက်၏။

[ရထားမှာရခြင်း အကြောင်းကား ဝိသာခါသည် လာသောအခါ ခြေဖြင့် လာခဲ့သော်လည်း ရွှေပန်းကုံးကို တန်ဆာဆင်ရသောအခါမှစ၍ ထိုသို့ ခြေဖြင့်သွားခြင်းငှာ မရ။ ကြွယ်ဝချမ်းသာသော သတို့သမီးတို့သည် ရထား စသည်တို့ဖြင့် သွားကြရကုန်၏။ တစ်ပါးသော သတို့သမီးတို့ကား ပြကတေ့သော ယာဉ်ကိုသော်လည်း စီးကြရကုန်၏။ ထီးကို လည်းကောင်း၊ ထန်းရွက်ကို လည်းကောင်း အထက်၌ ပြုကြရကုန်၏။(ဆောင်း၍ သွားကြရကုန်၏။) ထို ထီး,ထန်းရွက်မျှလည်း မရှိခဲ့သော် ဝတ်ဆင်သောအဝတ်၏ အမြိတ်ဖဆာစွန်းကို ပင့်မြှောက်၍ ပခုံးထက်၌ တင်လွှားကုန်လျက် သွားကြရကုန်စမြဲတည်း။]

ထို ဝိသာခါအလို့ငှာ ဖခင်သူဌေးကြီးလည်း ရထားငါးရာတို့ကို စေလွှတ်လေ၏။ ဝိသာခါသည် အခြံအရံ ငါးရာနှင့်တကွ ရထားထက်သို့ တက်စီး၍ သွားကြကုန်၏။ ပုဏ္ဏားတို့သည်လည်း အတူတကွသာလျှင် လိုက်သွားကြကုန်၏။

အိမ်သို့ရောက်သောအခါ ထိုပုဏ္ဏားတို့ကို သူဌေးကြီးသည် "အဘယ်အရပ်မှ လာခဲ့ကြပါသနည်း"ဟု မေး၏။ "သူဌေးကြီး။ အကျွန်ုပ်တို့သည် သာဝတ္ထိပြည်မှ လာခဲ့ကြပါကုန်၏"ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလျှင်၊ "အသင်တို့၏သူဌေးကြီးသည် အဘယ်အမည် ရှိသနည်း"ဟုမေး၏။ "မိဂါရ သူဌေး မည်ပါသည်"ဟု ပြောဆိုလျှင်၊ "သူဌေးသားသည် အဘယ်အမည် ရှိသနည်း" ဟု မေး၏။ "ပုဏ္ဏဝဍ္ဎနသတို့သား မည်ပါသည်"ဟု ပြောဆိုလျှင်၊ "ဥစ္စာ အဘယ်မျှရှိသနည်း"ဟု မေးပြန်လေ၏။ "အရှင်သူဌေးမင်း။ ကုဋေလေးဆယ် ရှိပါကုန်၏"ဟု ဆိုလတ်သော် 'ထို ကုဋေလေးဆယ်မျှသော ဥစ္စာသည် ငါတို့ပိုင်ဥစ္စာကိုထောက်သော် တစ်ချင်ရွေး မျှလောက် ဖြစ်၏။ သို့သော်လည်း ငါ့သမီးကို စောင့်ရှောက်ရန် ရသောအခါမှစ၍ တစ်ပါးသော အကြောင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း'ဟု ကြံ၍ဝန်ခံလေ၏။ ဓနဉ္စယသူဌေးသည် ထိုပုဏ္ဏားတို့အား ပူဇော်သက္ကာရကိုပြု၍ တစ်ရက်,နှစ်ရက်ပတ်လုံး နေစေပြီးမှ လွှတ်လိုက်လေ၏။

ထိုပုဏ္ဏားတို့သည် သာဝတ္ထိပြည်သို့ ပြန်သွား၍ "ငါတို့ကား သတို့သမီးကို ရအပ်ပါပြီ" ဟု ပြောကြားကြလေကုန်၏။ "အဘယ်သူ၏ သမီးနည်း"ဟု မေးလတ်သော်၊ "ဓနဉ္စယသူဌေးကြီး ၏သမီးတည်း"ဟု ပြောကြားကုန်၏။ မိဂါရသူဌေးလည်း 'ငါ့အား ကြီးကျယ်မြင့်မြတ်သော အမျိုး၏ သတို့သမီးကို ရအပ်ပေပြီတကား။ ထို့ကြောင့် လျင်မြန်စွာသာလျှင် သတို့သမီးကို ဆောင်ယူခြင်းငှာ သင့်သည်'ဟူ၍ ထို သာကေတပြည်သို့ သွားအံ့သောငှာ ကောသလမင်းကြီး အား လျှောက်ကြား သံတော်ဦးတင်လေ၏။

ကောသလမင်းကြီးသည်လည်း 'ဤသူဌေးမျိုးကား ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ရှိ၏။ ဗိမ္ဗိသာရမင်းကြီးထံမှ တောင်းရမ်းဆောင်ယူပြီးလျှင် ဤသာကေတပြည်၌ နေစေအပ်၏။ ထိုသူဌေးအား အမြတ်တနိုး ချီးမြှောက်ထောက်ပံ့ခြင်းငှာ သင့်၏'ဟုကြံ၍ "ငါသည်လည်း သွားအံ့"ဟု ဆိုလေ၏။ မိဂါရသူဌေးသည် "အရှင်မင်းကြီး။ ကောင်းလှပါပြီ"ဟု ဝန်ခံပြောဆို၍ ဓနဉ္စယသူဌေးကြီး၏အထံသို့ "အကျွန်ုပ်လာသည်ရှိသော် သာဝတ္ထိပြည်ကြီးရှင် ဘုရင်မင်းမြတ်သည်လည်း ကြွလာတော်မူပါလတ္တံ့။ မင်းကြီး၏ စစ်သည်ဗိုလ်ပါရဲမက် အပေါင်းကား များပြားလှ၏။ ဤမျှလောက်သော လူအပေါင်းအား ကောင်းစွာကျွေးမွေး ပေးကမ်းနှစ်ခြိုက် ပြုထိုက်ပြုသင့်သောအမှုကိစ္စ အဝဝအလုံးစုံကို အကုန်ပြုခြင်းငှာ တတ်နိုင်အံ့ လော, မတတ်နိုင်အံ့လော"ဟု တမန်စေလွှတ်လိုက်လေ၏။

ဓနဉ္စယသူဌေးကလည်း "တစ်ကျိပ်ကုန်သောမင်းတို့သည် အကယ်၍ လာကြကုန်သည် ဖြစ်အံ့။ လာကြပါစေ"ဟု သတင်းတုံ့ တစ်ဖန်ပြန်၍ စေလွှတ်လေ၏။ မိဂါရသူဌေးကြီးသည် ထိုမျှလောက်ဖြင့် ကြီးကျယ်သောပြည်၌ အိမ်စောင့်မျှလောက်ကိုသာထားခဲ့၍ ကြွင်းသော လူအပေါင်းကို ခေါ်ယူလျက် သွားသည်ရှိသော် ယူဇနာခွဲအရပ်၌ တည်နေဆိုင်းငံ့၍ "အကျွန်ုပ်တို့ လာကြကုန်ပြီ"ဟု သတင်းစကား ပို့လိုက်လေ၏။

ဓနဉ္စယသူဌေးကြီးလည်း များစွာသောလက်ဆောင်ပဏ္ဏာကို ပို့သစေ၍ သမီးနှင့်တကွ တိုင်ပင်စကား ဤသို့ပြောကြားလေ၏။

"ချစ်သမီး။ အသင်၏ယောက္ခမဖြစ်သော မိဂါရသူဌေးကြီးသည် ကောသလမင်းကြီးနှင့် တကွ ကြွလာသတတ်။ ထိုသူဌေးကြီးအလို့ငှာ အဘယ်အိမ်ကို သုတ်သင်ပြင်ဆင်သင့်သနည်း။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးအလို့ငှာ အဘယ်အိမ်ကို၊ အိမ်ရှေ့မင်း စသည်တို့အလို့ငှာ အဘယ်အိမ်တို့ကို သုတ်သင်ပြင်ဆင်သင့်သနည်း"ဟု တိုင်ပင်စကား ပြောကြားလေ၏။

သူဌေးသမီးသည်ကား ပညာကြီး၏။ ဝဇီရစိန်သွားကဲ့သို့ ထက်မြက်သောဉာဏ်အမြင် ရှိ၏။ ကမ္ဘာတစ်သိန်းကာလပတ်လုံး တောင့်တအပ်သော ဆုတောင်းပတ္ထနာ ရှိ၏။ ရှေးကောင်းမှု ဆုတောင်းခြင်းနှင့်လည်း ပြည့်စုံလှပေသည်ဖြစ်ရကား "ကျွန်မ၏ယောက္ခ အလို့ငှာ ဤမည်သောအိမ်ကို သုတ်သင်ပြင်ဆင်ကြပါကုန်လော့။ မင်းကြီးအလို့ငှာ ဤမည်သောအိမ်ကို သုတ်သင်ပြင်ဆင်ကြပါကုန်လော့။ အိမ်ရှေ့မင်း စသည်တို့အလို့ငှာ ဤမည်သော အိမ်တို့ကို သုတ်သင်ပြင်ဆင်ကြပါကုန်လော့"ဟု ပြောဆိုစီမံ၍ ၊ကျွန်အမှုလုပ်တို့ကို ခေါ်စေပြီးလျှင် "ဤမျှလောက်ကို မင်းကြီးအား ပြုသင့်သမျှအလုံးစုံကို ပြုစုကြပါကုန်လော့။ ဤမျှလောက်ကို အိမ်ရှေ့မင်း စသည်တို့အား ပြုစုကြပါကုန်လော့။ ဆင်၊ မြင်း စသည်တို့ကိုလည်း သင်တို့သာလျှင် ထိန်းကျောင်းကျွေးမွေး သုတ်သင်ကြပါကုန်လော့။ ဆင်ထိန်း၊ မြင်းထိန်း စသောသူတို့သည် လည်း လာရောက်၍ မင်္ဂလာဆောင်ပွဲသဘင်ကို ကြည့်ရှုခံစားနိုင်ကြပါကုန်လတ္တံ့."ဟု ပြုစုစီမံလေ၏။

[အဘယ်ကြောင့် ဤသို့ စီမံရသနည်းဟူမူကား "ငါတို့သည် ဝိသာခါသူဌေးသမီး၏ မင်္ဂလာဆောင်ရာ ပွဲသဘင်သို့ သွားရောက်ကြပါလျက် တစ်စုံတစ်ခုကိုမျှ ကြည့်ရှုခွင့် မရကုန်။ ဆင်၊ မြင်းစောင့်ရှောက် ထိန်းကျောင်းခြင်း စသည်တို့ကို ပြုကာနေရသည်ဖြစ်သောကြောင့် ချမ်းသာစွာ မလှည့်ပတ် မသွားလာကြရကုန် ဟု အချို့သောသူတို့သည် ပြောဆိုပြစ်တင်ခွင့်ကို မရပါစေကုန်သတည်း'ဟု နှလုံးသွင်း၍ ဤသို့ ပြုစုစီမံလေသတည်း။]

ထို့နေ့၌ပင်လျှင် ဝိသာခါ၏ ဖခင်သူဌေးကြီးသည် ရွှေပန်းထိမ်ငါးရာတို့ကို ခေါ်စေ၍ "ငါ့သမီး ဆင်ယင်ဖို့ရာ မဟာလတာတန်ဆာမည်သည်ကို ပြုကြကုန်လော့"ဟု နီမြန်းသောရွှေ စင်နိက္ခတစ်ထောင်ကိုပေး၍ ထိုရွှေစင်အား ထိုက်လျောက်သင့်လျောက်ကုန်သော ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ၊ ဝရဇိန်ကျောက် စသည်တို့ကိုလည်း ပေးစေလေ၏။ ပသေနဒီကောသလမင်းကြီး သည် နှစ်ရက်သုံးရက်မျှနေပြီးလျှင် ဓနဥ္စယသူဌေးကြီး၏အထံသို့ "သူဌေးကြီး။ ငါတို့အား တာရှည်လေးမြင့်စွာ လုပ်ကျွေးမွေးမြူခြင်းမည်သည်ကို ပြုခြင်းငှာ မစွမ်းနိုင်ကောင်းပေ။ ဤယခုအခါ သတို့သမီး၏ သွားသင့်သောအခါကိုသာ သိပါလေလော့"ဟု သတင်းစကား စေလွှတ်လိုက်၏။ သူဌေးကြီးသည်လည်း ကောသလမင်းကြီး၏အထံသို့ "ယခုအခါ မိုးကာလ ရောက်လာပါပြီ။ မိုးလေးလတို့ပတ်လုံး လှည့်လည်သွားလာခြင်းငှာ မတတ်ကောင်းပါ (မသင့်သေးပါ)။ အရှင်မင်းကြီးတို့၏ မိုလ်ပါအပေါင်းအား ရသင့်သမျှအဖုံဖုံ ထိုထိုအလုံးစုံသည် အကျွန်ုပ်၏တာဝန်ပါတည်း။ အကျွန်ုပ် ခွင့်လွှတ်လျှောက်တင်သောအခါမှ အရှင်မင်းကြီး ပြန်ကြွတော်မူနိုင်ရပါလတ္တံ့."ဟု သတင်းစကားကို စေလိုက်၏။

ထိုနေ့မှစ၍ သာကေတမြို့အလုံးသည် အမြဲ နက္ခတ်ပွဲသဘင်ကဲ့သို့ ဖြစ်လေ၏။ မင်းကြီးကို အစပြု၍အလုံးစုံသောသူတို့အလို့ငှာ ပန်းနံ့သာ၊ အဝတ်ပုဆိုးစသည်တို့ကို စီရင်



www.burmeseclassic.com

www.burmeseclassic.com



အပ်ကုန်သည်သာ ဖြစ်ကုန်၏။ ထို့နောက်မှ ထိုလူများတို့သည် 'သူဌေးကြီးသည် ငါတို့အားသာလျှင် ပူဇော်သက္ကာရ ချီးမြှင့်ခြင်းကို ပြုလေဘိသည်ဟု' ကြံစည်အောက်မေ့ မှတ်ထင်ကြကုန်၏။

ဤသို့သောနည်းဖြင့် သုံးလတို့သည် လွန်မြောက်ကုန်ပါသော်လည်း မဟာလတာတန်ဆာသည် မပြီးဆုံးသေးသည်သာတည်း။ အမှုကြီးငယ်လုပ်ဆောင်ရာ၌ ကြီးမှူးကြပ်မတ်ကြည့်ရှုကြရကုန်သောသူတို့သည် လာလတ်၍ "တစ်ပါးသောမရှိသော (မပြည့်စုံသော)အရာမည်သည် မရှိပါ။ ဗိုလ်ပါရဲမက်အပေါင်းအလို့ငှာ ထမင်းချက်ပြုတ်ရန် ထင်းတို့သည် မလောက်နိုင်ကုန်ပါ"ဟု သူဌေးကြီးအား ပြောကြားကြကုန်၏။ သူဌေးကြီးက "အမောင်တို့ သွားကြချေ။ ဤမြို့၌ ဟောင်းနွမ်းဆွေးမြည့်ကုန်သော ဆင်တင်းကုပ်စသည်တို့ကို လည်းကောင်း, ဟောင်းနွမ်းဆွေးမြည့်ကုန်သော အိမ်တို့ကိုလည်းကောင်း ဖျက်ဆီးဆောင်ယူ၍ ချက်ပြုတ်ကြကုန်လော့"ဟု ဆိုရလေ၏။

ဤသို့ပြု၍ ချက်ပြုတ်ကုန်သော်လည်း လခွဲမျှသာ လွန်မြောက်လေ၏။ ထို့နောက်တစ်ဖန်လည်း "ထင်းတို့ မရှိပါကုန်"ဟု ပြောကြားကြပြန်ကုန်၏။ "ဤအချိန်အခါ၌ ထင်းတို့ကို ရခြင်းငှာ မတတ်ကောင်း။ ရနိုင်ဖွယ် မရှိချေ။ ပုဆိုးတိုက် ကျီကျတို့ကို ဖွင့်လှစ်၍ထူကြမ်းသော ပုဆိုးတို့ကို မီးစာကျစ်သဖြင့် ဆီအိုးတို့၌ဆွတ်၍ ထမင်းကို ချက်ကြကုန်လော့"ဟု ဆိုလေ၏ ။ ထိုသူတို့လည်း လခွဲပတ်လုံး ထိုသူဌေးဆိုတိုင်း ပြုကြကုန်၏။ ဤသို့လျှင် လေးလတို့သည် လွန်ကုန်သည်ဖြစ်၍ ပြုပြင်စီမံသော မဟာလတာတန်ဆာသည်လည်း ပြီးဆုံးခြင်းသို့ ရောက်လေ၏။

ထို မဟာလတာတန်ဆာ၌ လေးစလယ်ကွမ်းစားရှိသော ဝရဇိန်ကျောက်တို့သည် ထည့်စွပ်ယှဉ်တပ်ခြင်းသို့ ရောက်ကုန်၏။ ပုလဲ တစ်ဆယ့်တစ်စလယ် ကွမ်းစားတို့ လည်းကောင်း၊ သန္တာ နှစ်ဆယ့်နှစ်စလယ် ကွမ်းစားတို့ လည်းကောင်း၊ ပတ္တမြား သုံးဆယ်သုံးစလယ် ကွမ်းစားတို့ လည်းကောင်း၊ ဤသို့ဆိုအပ်ပြီးသော ရတနာတို့ဖြင့် လည်းကောင်း၊ တစ်ပါးသော ရတနာခုနစ်ပါးတို့ဖြင့် လည်းကောင်း ပြုပြင်စီရင် ခြယ်လှယ်အပ်သည်ဖြစ်၍ ပြီးဆုံးခြင်းသို့ ရောက်လေ၏။ ဤတန်ဆာကား ချည်တို့ဖြင့်ရက်လုပ်အပ်သော မဟုတ်။ မရောမယှက် ငွေသက်သက်ဖြင့်သာ ချည်ကိစ္စကို ပြုကြရကုန်၏။ ထို မဟာလတာတန်ဆာသည် ဦးခေါင်း၌ စွပ်သည်ရှိသော် ခြေဖမိုးတိုင်အောင် ရောက်၏, ဖုံးမိ၏။ ထိုထိုအရပ်၌ လက်စွပ်ကွင်းတို့ကို ယှဉ်၍ပြုအပ်သော ကမ္ဘတ်သိမ်းကြယ်သီးတို့သည် ရွှေဖြင့် ပြီးကုန်၏။ ကမ္ဘတ်ကွင်းကြယ်သီးအိမ်တို့သည် ငွေဖြင့် ပြီးကုန်၏။ အထက်ဦးခေါင်းအလယ်၌ လက်စွပ်ကွင်း တစ်ခု၊ နှစ်ခုသောနားရင်းတို့၌ နှစ်ခု၊ လည်ချောင်းရေမြို၌ တစ်ခု၊ နှစ်ဖက်သော ပုဆစ်ဒူးဝန်းတို့၌ နှစ်ခု၊ တံတောင်ဆစ်နှစ်ဖက်တို့၌ နှစ်ခု၊ ပေါင်နှစ်ဖက်တို့၌ နှစ်ခု၊ ခါးစောင်နံဘေး နှစ်ဖက်တို့၌ နှစ်ခုတို့သည် ရှိသည်ဖြစ်ကုန်၏။ ထို မဟာလတာတန်ဆာ၌ တစ်ခုသော ဥဒေါင်းရုပ်သဏ္ဍာန် ပြုကြကုန်၏။ ထိုဥဒေါင်းရုပ်၏ လက်ယာတောင်ပံ၌ ရွှေနီဖလံဖြင့်ပြီးသော ငါးရာသော လေသာတောင်တို့သည် လည်းကောင်း၊ လက်ဝဲတောင်ပံ၌ ငါးရာသော လေသာတောင်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ရှိကြကုန်၏။ နှုတ်သီးသည် သန္တာဖြင့် ပြီး၏။ မျက်လုံးတို့သည် ပတ္တမြားတို့ဖြင့် ပြီးကုန်၏။ လည်တံနှင့် အမြီးတို့သည်လည်း ထိုအတူ ပတ္တမြားဖြင့် ပြီးကုန်၏။ ငါးရာသော လေသာတောင်အရိုးတံတို့သည် ငွေဖြင့် ပြီးကုန်၏။ သလုံးမြင်းခေါင်းတို့သည် ထိုအတူ ငွေဖြင့် ပြီးကုန်၏။ ထို ဥဒေါင်းရုပ်သဏ္ဌာန်သည် ဝိသာခါ၏ဦးထိပ်အလယ်၌ တောင်ထွတ်၌ နားလျက်က,သော ဥဒေါင်းကဲ့သို့ မြင်သူတို့စိတ်တွင် ထင်မြင်ရ၏။ လေသာတောင် အရိုးတံတစ်ထောင်၏အသံသည် နတ်တို့၏ကောင်းစွာညို၍ ဆိုအပ်သော သီချင်းသံကဲ့သို့ လည်းကောင်း၊ ငါးပါးသော အင်္ဂါရှိသော တူရိယာအသံကဲ့သို့ လည်းကောင်း သာယာနာ ပျော်ဖွယ် ဖြစ်၏။ အနီးသို့ရောက်သောသူတို့သာလျှင် ထိုဝိသာခါ မဟာလတာတန်ဆာ ဥဒေါင်းရုပ်၏ ဥဒေါင်းစင်စစ် အရှင်မဟုတ်သည့်အဖြစ်ကို သိနိုင်ကြရကုန်၏။ ထိုတန်ဆာသည် ကိုးကုဋေ အဖိုးထိုက်သည်ဖြစ်၍ ရွှေပန်းထိမ်သည်တို့အား လက်ခ တစ်သိန်း ပေးရ၏။

အဘယ်မည်သော ကောင်းမှု၏အကျိုးဆက်ကြောင့် ထိုဝိသာခါသည် ဤမဟာလတာ တန်ဆာကို ရသနည်း ဟူမူကား ကဿပဘုရားရှင် လက်ထက်တော်အခါ၌ နှစ်သောင်းသော ရဟန်းတို့အား သင်္ကန်းလျာပုဆိုးကို လှူဒါန်း၍ မိမိ၏ဥစ္စာသာလျှင်ဖြစ်သော ချည်ကိုလည်း ကောင်း, အပ်တို့ကိုလည်းကောင်း, ဆိုးရည်တို့ကိုလည်းကောင်း လှူဒါန်းဖူးလေသတတ်။ ထိုသင်္ကန်းဒါန၏ အကျိုးဆက်ဖြင့် ဤမဟာလတာတန်ဆာကို ရလေသတည်း။

[ထိုစကားသည် မှန်၏။ မိန်းမတို့အား သင်္ကန်းအလှူသည် မဟာလတာတန်ဆာ ဘဏ္ဍာရခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်ပေ၏။ ယောကျ်ားတို့အားကား တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းရခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်ပေ၏။]

ဤသို့လျှင် သူဌေးကြီးသည် လေးလတို့ဖြင့် လေးလတို့ပတ်လုံး သမီးအတွက် စီရင်ဖွယ် အမှုကြီးငယ်အခမ်းအနားကို ပြုပြီးလျှင် ထိုဝိသာခါအား ပေးအပ်သော ဥစ္စာစည်းစိမ်ကို ပေးကမ်းချီးမြှင့် လက်ဖွဲ့လိုသဖြင့် အသပြာတို့ဖြင့်ပြည့်သော လှည်းငါးရာ၊ ရွှေအိုးရွှေခွက်တို့ဖြင့် ပြည့်သော လှည်းငါးရာ၊ ငွေအိုးငွေခွက်တို့ဖြင့်ပြည့်သော လှည်းငါးရာ၊ ကြေးနီအိုးကြေးနီခွက် တို့ဖြင့်ပြည့်သော လှည်းငါးရာ၊ ပတ္တုဏ္ဏတိုင်းမှဖြစ်သောပုဆိုး, ပိုးချည်ပုဆိုးတို့ဖြင့်ပြည့်သော လှည်းငါးရာ၊ ထောပတ်ဖြင့်ပြည့်သော လှည်းငါးရာ၊ ဆီဖြင့်ပြည့်သော လှည်းငါးရာ၊ သလေး ဆန်ဖြင့်ပြည့်သော လှည်းငါးရာ၊ ထွန်တုံး, ထွန်သွားစသော အဆောက်အအုံတို့ဖြင့် ပြည့်သော လှည်းငါးရာတို့ကို ပေးလိုက်လေ၏။

ထို ဓနဥ္စယသူဌေးကြီးအား 'ငါ့သမီးသည် ရောက်လေ ရာအရပ်၌ ဤမည်သော ဥစ္စာပစ္စည်းတို့ဖြင့် ငါ့အား အလိုရှိ၏ဟူ၍ သူတစ်ပါးအိမ်သို့ မစေခိုင်းရပါစေလင့်'ဟု အကြံ အစည် ဖြစ်လေသတတ်။ ထို့ကြောင့် ခပ်သိမ်းသောအဆောက်အအုံတို့ကို ပေးကမ်း လက်ဖွဲ့ စေလေသတည်း။ တစ်ခုတစ်ခုသောရထား၌ အလုံးစုံသောတန်ဆာ ဆင်ယင်လျက် သုံးယောက်, သုံးယောက်စီဖြစ်ကုန်သော အဆင်းလှပသောကျွန်မတို့ကို ထား၍ ရထားငါးရာတို့ကို ပေးလိုက် လေ၏။

"ထို အဆင်းလှပသော ကျွန်မတို့ကို ရေချိုးခိုင်းလျက်, ကျွေးမွေးခိုင်းလျက်, တန်ဆာဆင် ယင်ခိုင်းလျက် လှည့်လည်ကြကုန်လော့"ဟု တစ်ထောင့်ငါးရာသော အလုပ်အကျွေး အခြွေအရံ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့ကို ပေးလိုက်လေသတည်း။ ထို့နောက် သူဌေးကြီးအား 'ငါ၏ချစ်သမီးအား နွားတို့ကို ပေးလိုက်ဦးအံ့'ဟု အကြံအစည် ပေါ်ပေါက်လာပြန်သဖြင့် သူဌေးကြီးသည် ယောကျ်ားတို့ကိုခေါ်၍ ဤသို့ စေခိုင်းလေ၏။

"အချင်းတို့။ သွားကြချေကုန်လော့။ ငယ်သောနွားခြံ၏ တံခါးကိုဖွင့်၍ သုံးဂါဝုတ်တို့၌ သုံးလုံးသောစည်တို့ကို ယူ၍ တည်နေကြကုန်လော့။ အပြန့်အကျယ်အားဖြင့် တစ်ဥသဘ အတိုင်းအရှည်ရှိသော နေရာ၌ နံပါးနှစ်ဘက်တို့၌ တည်နေကြကုန်လော့။ နွားတို့အား ထိုထက်အလွန် သွားအံ့သောငှာ မပေးကြကုန်လင့်။ ဤသို့ တည်နေသောကာလ၌ စည်ကြီးသံပြု ကြရမည်"ဟု စေခိုင်းလေ၏။ ထိုယောကျ်ားတို့လည်း သူဌေးကြီးဆိုတိုင်း ပြုကြ၍ နွားတို့ကို နွားခြံမှ ထွက်စေသဖြင့် တစ်ဂါဝုတ်သို့ရောက်သောအခါ စည်သံ အမှတ်သညာကို ပြုကြကုန်၏။ တစ်ဖန် ယူဇနာခွဲသို့ရောက်သောအခါ စည်သံ အမှတ်သညာကို ပေးကြပြန်၏။ တစ်ဖန် သုံးဂါဝုတ်သို့ ရောက်ပြန်သောအခါလည်း စည်သံအမှတ်သညာကို ပေးလျက် အပြန့်အကျယ် အားဖြင့် သွားခြင်းကိုလည်း တားမြစ်ကြလေကုန်၏။ ဤသို့ အလျားအားဖြင့် သုံးဂါဝုတ်, အပြန့်အကျယ်အားဖြင့် တစ်ဥသဘမျှသောအရပ်၌ နွားတို့သည် အချင်းချင်း တိုးဝှေ့လျက် နေကြလေကုန်၏။

သူဌေးသည်လည်း "ငါ့သမီးအလို့ငှာ ဤမျှလောက်သော နွားတို့သည် သင့်တော်လောက် ပြီ။ တံခါးကို ပိတ်ကြကုန်လော့"ဟုဆိုလျက် နွားခြံတံခါးကို ပိတ်ထားစေ၏။ တံခါးပိတ်အပ် သည်ရှိသော် ဝိသာခါ၏ကောင်းမှုအအကျိုးအားဖြင့် ခွန်အားကြီးကုန်သော နွားလားတို့သည် လည်းကောင်း၊ နွားမတို့သည် လည်းကောင်း ခုန်၍ခုန်၍ ထွက်ကြလေကုန်၏။ လူတို့ ပိတ်ပင် တားဆီးကြကုန်စဉ်ပင်လျှင် ခြောက်သောင်းအတိုင်းအရှည်ရှိကုန်သော အားကြီးသော နွားလားတို့ သည် လည်းကောင်း၊ ခြောက်သောင်းအတိုင်းအရှည်ရှိကုန်သော နွားမတို့သည် လည်းကောင်း ထွက်လိုက်ကြကုန်၏။ ထိုမျှလောက် အတိုင်းအရှည်ရှိသော ခွန်အားကြီးသောနွားလား ဥသဘတို့သည် ထိုနွားမတို့၏နောက်မှ ခုန်ထွက်ခါ အစဉ်လိုက်ကြကုန်၏။ အဘယ်ကောင်း မှုကံ၏ အကျိုးဆက်အားဖြင့် ဤသို့ နွားတို့သည် တားမြစ်ကုန်သော်လည်း လိုက်သွားကြလေ ကုန်သနည်းဟူမူကား "တန်ပြီ"ဟု တားမြစ်ကုန်, တားမြစ်ကုန်သော အလှူခံပုဂ္ဂိုလ်တို့အား အားကြီးစွာလှူဒါန်းသော အလှူဒါန၏အစွမ်းဖြင့် လိုက်သွားကြလေကုန်သတည်း။

ထိုဝိသာခါသည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် အငယ်အထွေးဆုံး 'သံဃဒါသီ'မည်သော မင်းသမီးဖြစ်၍ နှစ်သောင်းသောရဟန်းတို့အား ငါးပါးသော နွားနို့အရသာအလှူကို ပေးလှူလတ်သည်ရှိသော် မထေရ်တို့၏လည်းကောင်း၊ ပဉ္စင်းငယ်တို့၏လည်းကောင်း၊ သာမဏေတို့၏ လည်းကောင်း သပိတ်ခွက်ကို လက်ဖြင့်ပိတ်ထား၍ "တန်ပြီ,တန်ပြီ"ဟု တားမြစ်ကြကုန်သော်လည်း "ဤ အာဟာရသည် ကောင်းမြတ်ချိုမြိန်လှပါသည်ဘုရား။ ဤအာဟာရသည် နှစ်သက်မြတ်နိုးဖွယ် ရှိလှပါသည် ဘုရား"ဟုဆို၍ လှူဒါန်းပေးကမ်းဖူးသတတ်။ ဤသို့ လှူဒါန်းပေးကမ်းအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ထိုကုသိုလ်ကံ၏အကျိုးဆက်အားဖြင့် တားဆီးပိတ်ပင်အပ်ကုန်သော်လည်း ထိုနွားတို့သည် ခြံမှခုန်၍ ထွက်လိုက်ကြလေကုန်သတည်း။

သူဌေးကြီးသည် ဤမျှလောက်သောဥစ္စာကို ပေးသောအခါ၌ သူဌေးကတော်ကြီးသည် ဤသို့ ဆိုလေ၏။ "အရှင်သူဌေးကြီးတို့သည် ကျွန်တော်မ၏သမီးအလို့ငှာ အလုံးစုံသော စည်းစိမ်ဥစ္စာကို စီရင်ပေးအပ်ပြီ။ အမှုကြီးငယ် ရွက်ဆောင်ပြုလုပ်အံ့သော ကျွန်ယောကျ်ား, ကျွန်မိန်းမတို့ကို မစီရင်အပ်ကုန်။ အကြောင်းကား အသို့ရှိပါသနည်း"ဟု မေးမြန်းပြောဆိုလေ၏။ "ငါ့သမီး၌ ချစ်ခင်သည်, မချစ်ခင်သည်တို့ကို သိရစိမ့်သောငှာ မစီရင်အပ်ကုန်။ ငါသည် ငါ့သမီးဝိသာခါနှင့် အတူမလိုက်လိုသောသူတို့ကို လည်ပင်း၌ ကိုင်ငင်ဆွဲယူ၍ နှင်ထုတ်ခြင်းငှာ အလိုမရှိ။ ယာဉ်သို့တက်စီး၍ သွားသောအခါသာလျှင် 'ငါ့သမီးဝိသာခါနှင့်အတူလိုက်လိုသောသူတို့သည် လိုက်သွားကြကုန်လော့။ မလိုက်လို သောသူတို့သည် မလိုက်သွားကြကုန်လင့်' ဟူ၍ ပြောဆိုပေအံ့"ဟု ဖြေဆိုလေ၏။

ထို့နောက် 'နက်ဖြန် ငါ့သမီးသည် သွားရပေတော့လတ္တံ့'ဟု တိုက်ခန်းတွင်း၌ နေထိုင်လျက် သမီးကို အနီး၌ထိုင်နေစေပြီးလျှင် "ချစ်သမီး။ လင့်အိမ်၌နေသော မိန်းမသည်သည် ဤမည် ဤမည်သော ဝတ်အကျင့်ကို စောင့်ရှောက်ခြင်းငှာ သင့်လျော်ပေ၏"ဟုဆိုလျက် အဆုံးအမ ဩဝါဒကို ပေးလေ၏။ ဤ မိဂါရသူဌေးကြီးသည်လည်း အခြားမဲ့ဖြစ်သောတိုက်ခန်း၌ နေလျက် ဓနဉ္စယသူဌေးကြီး၏ အဆုံးအမပေးသော စကားကို နားကြားနားထောင်ကာ နေလေ၏။ ထို ဓနဉ္စယသူဌေးကြီးသည် သမီးဝိသာခါကို ဤသို့ ဆုံးမဩဝါဒ ပေးလေ၏။

"ချစ်သမီး။ ယောက္ခမအိမ်၌နေသော အမျိုးချွေးမမည်သည်ကား-

၁။ အတွင်းမီးကို အပသို့ မထုတ်အပ်။

၂။ အပမီးကို အတွင်းသို့ မသွင်းအပ်။

၃။ ပေးသောသူအားသာ ပေးအပ်၏။

၄။ မပေးသောသူအား မပေးအပ်။

၅။ ပေးသောသူအား လည်းကောင်း, မပေးသောသူအား လည်းကောင်း ပေးအပ်၏။

၆။ ချမ်းသာစွာ ထိုင်နေအပ်၏။

၇။ ချမ်းသာစွာ စားအပ်၏။

၈။ ချမ်းသာစွာ အိပ်စက်အပ်၏။

၉။ မီးကို လုပ်ကျွေးအပ်၏။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။

ဤသို့ဆယ်ပါးသော အဆုံးအမဩဝါဒကို ပေး၍၊ တစ်ဖန် မိုးသောက်ရောက်သောနေ့၌ ခပ်သိမ်းသော စစ်သည်ဗိုလ်ပါတို့ကို စည်းဝေးစေ၍ မင်းစစ်သည်အပေါင်းတို့အလယ်၌ ရှစ်ယောက်သောသူကြွယ်တို့ကို တာဝန်ခံယူစေလျက် ရောက်ရာအရပ်၌ "ငါ၏သမီးအား အပြစ်ဒေါသသည် အကယ်၍ ဖြစ်ခဲ့ငြားအံ့။ သင်တို့သည် အပြစ်ဒေါသကို စောကြောပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သင်ရမည်"ဟုဆို၍ ကိုးကုဋေအဖိုးထိုက်သော မဟာလတာတန်ဆာဖြင့် သမီးကို တန်ဆာဆင်ယင်စေပြီးလျှင် ရေချိုးကသည်မှုန့်(ဆပ်ပြာ)ဖိုး ငါးဆယ့်လေးကုဋေသော ဥစ္စာကိုပေးပြီးမှ ယာဉ်ထက်သို့တက်စေလျက် သာကေတပြည်၏အနီးထက်ဝန်းကျင် မိမိဥစ္စာဖြစ်ကုန်သော အနုရာဓပြည်မျှလောက် အတိုင်းအရှည်ရှိသော တစ်ဆယ့်လေးခရိုင် အပိုင်စားရာ ကျေးရွာတို့၌ "ငါ၏သမီးနှင့် အတူတကွ လိုက်သွားလိုသောသူတို့သည် လိုက်သွားကြကုန်လော့"ဟု စည်လည်စေ၏။ ရွာသူရွာသားတို့သည် စည်သံကိုကြားလျှင်ကြားချင်း 'ငါတို့၏သခင်မ သွားသောအခါ ဤအရပ်၌နေသဖြင့် ငါတို့အား အဘယ်အကျိုး ရှိတော့အံ့နည်း'ဟု တစ်ဆယ့်လေးရွာ၌ အနည်းငယ်မျှလောက်သောသူကိုသာ ကြွင်းကျန်စေသဖြင့် ထွက်လိုက်ကြလေကုန်၏။

ဓနဥ္စယသူဌေးကြီးသည်လည်း ကောသလမင်းကြီးအား လည်းကောင်း, မိဂါရသူဌေးကြီးအား လည်းကောင်း ပူဇော်သက္ကာ မြတ်နိုးတနာပြု၍ အတန်ငယ်လိုက်ပို့လျက် ထိုသူတို့နှင့်တကွ သမီးဝိသာခါကို လွှတ်လိုက်လေ၏။

မိဂါရသူဌေးသည်လည်း အလုံးစုံသောသူ တို့၏နောက်မှ ယာဉ်ငယ်၌စီးနေလျက် သွားသည်ရှိသော် ဗိုလ်ပါအပေါင်းကိုမြင်ရလျှင် "ဤသူတို့ကား အဘယ်မည်သော သူတို့နည်း"ဟု မေး၏။ "အရှင်သူဌေးကြီး၏ ချွေးမ၏ အမှုကြီးငယ် ပြုလုပ်ဆောင်ရွက်ကြကုန်သော ကျွန်မိန်းမ, ကျွန်ယောကျာ်းတို့ပါတည်း"ဟု ပြောဆိုလတ်သည်ရှိသော်၊ "ဤမျှလောက်သောသူတို့ကို အဘယ်သူသည် ကျွေးမွေးနိုင်လတ္တံ့နည်း။ ထိုသူတို့ကို ပုတ်ခတ်ရိုက်နှက်၍ ထွက်ပြေးစေကုန်လော့။ မပြေးကြကုန်သည်ရှိသော် ဤအရပ်မှနေ၍ ဒဏ်ထားကြကုန်လော့"ဟု ဆိုလေ၏။

ဝိသာခါသည်ကား "ဖဲကြပါကုန်လော့။ မတားမြစ်ကြပါကုန်လင့်။ ဗိုလ်ပါအပေါင်းသည် ပင်လျှင် ဗိုလ်ပါအပေါင်းအား ထမင်းကို ပေးလေလတ္တံ့"ဟု ဆိုလေ၏။ ဤသို့ပင်ဆိုသော်လည်း မိဂါရသူဌေးကြီးသည် "ချစ်သမီး။ ငါတို့အား ဤသူတို့ဖြင့် အလိုမရှိ။ ဤသူတို့ကို အဘယ်သူ ကျွေးမွေးနိုင်လတ္တံ့နည်း"ဟုဆိုလျက် အုတ်ခဲ, လုံ့တံစသည်တို့ဖြင့် ပစ်ခတ်ရိုက်နှက်၍ ရှေးဦးစွာ ထွက်ပြေးစေပြီးလျှင် ကြွင်းကျန်သောသူတို့ကို "ငါတို့အား ဤမျှလောက်သောသူတို့ဖြင့် သင့်တော်လောက်ပေပြီ"ဟုဆို၍ ထိုသူတို့ကိုယူဆောင်ကာ သွားလေ၏။

ထို့နောက် ဝိသာခါသည် သာဝတ္ထိပြည်မြို့တံခါးသို့ရောက်သောအခါ ဤသို့ကြံ၏။ 'ငါသည် ဖုံးလွှမ်းမိုးကာသောယာဉ်၌ နေထိုင်၍ ဝင်ရအံ့လော။ ထိုသို့မဟုတ် ရထားထက်၌ ရပ်တည်၍ ဝင်ရအံ့လော'ဟု ကြံလေ၏။ ထိုအခါ ဝိသာခါအား ဤသို့သောအကြံ ဖြစ်လေ၏။ 'ဖုံးလွှမ်းမိုးကာသောယာဉ်ဖြင့် ဝင်မူ မဟာလတာတန်ဆာ၏ ဂုဏ်အထူးသည် ထင်ရှားလိမ့်မည် မဟုတ်'ဟု အကြံ ဖြစ်ပေါ်လာလတ်သဖြင့်၊ ဝိသာခါလည်း အလုံးစုံသော ပြည်သူပြည်သားအပေါင်းအား မိမိကိုယ်ကို မြင်စေလျက် အမိုးမရှိသောရထားထက်၌ ရပ်တည်၍ သာဝတ္ထိပြည်သို့ ဝင်လေ၏။

သာဝတ္ထိပြည်သူပြည်သားတို့သည် ဝိသာခါ၏ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံခြင်းကို မြင်ရလျှင် "ဝိသာခါမည်သော ဤသတို့သမီးသည် ဤသို့သဘော ရှိပေသတတ်။ အံ့ဩ၍



www.burmeseclassic.com

www.burmeseclassic.com



မဆုံးနိုင်အောင် ခမ်းနားသော ဤစည်းစိမ်နှင့် ပြည့်စုံခြင်းသည် ဤ ဝိသာခါသတို့သမီးအားသာ လျှင် သင့်လျော်လျောက်ပတ်လှပေ၏”ဟု ချီးမွမ်းပြောဆိုကြကုန်၏။ ဤသို့လျှင် ဝိသာခါသည် ကြီးကျယ်ခမ်းနားများစွာသော စည်းစိမ်ချမ်းသာဖြင့် မိဂါရသူဌေးကြီး၏အိမ်သို့ ဝင်လေ၏။ ရောက်သောနေ့၌ပင်လျှင် ထိုဝိသာခါအား မြို့၌နေသော အလုံးစုံသောသူတို့သည် ‘ငါတို့၏ ဓနဥ္စယသူဌေးသမီး ဝိသာခါသည် မိမိမြို့သို့ ရောက်လာသောသူတို့အား များစွာသော ပူဇော်သက္ကာရကို ပြုဖူး၏။ ငါတို့သည်လည်း ပေးတုံ့ပေးလှည့် ပူဇော်သက္ကာရကို ပြုကုန်အံ့’ဟု စွမ်းအားသတ္တိရှိသည်အလျောက် လက်ဆောင်ပဏ္ဏာကို စေလွှတ်ပို့ကြလေကုန်၏။

ဝိသာခါသည်လည်း ထိုပြည်သူပြည်သားတို့ ပို့သလာသော လက်ဆောင်ပဏ္ဏာကို ထိုပြည်၌သာလျှင် အချင်းချင်းဖြစ်ကုန်သော အမျိုးတို့၌ ရောက်လာတိုင်းသော လက်ဆောင် ပဏ္ဏာကာရတို့ကို လဲလှယ်လျက် အလုံးစုံသော သူတို့အားသာလျှင် ပေးကမ်းစေလေ၏။ ဤသို့လျှင် ဝိသာခါသည် “ဤဥစ္စာကို ငါ့မိခင်အား ပေးကြပါကုန်လော့။ ဤဥစ္စာကို ငါ့ဖခင် အား ပေးကြပါကုန်လော့။ ဤဥစ္စာကို ငါ့မောင်ကြီး, မောင်ငယ်တို့အား ပေးကြပါကုန်လော့။ ဤဥစ္စာကို ငါ့အစ်မ, ညီမအား ပေးကြပါကုန်လော့”ဟု ထိုထိုသူတို့၏ အရွယ်အားလျော်စွာ ချစ်ဖွယ်သောစကားကို ဆို၍ လက်ဆောင်ပဏ္ဏာကို ပို့သစေ၏။ သာဝတ္ထိပြည်အလုံး၌နေသော သူတို့ကို ဆွေမျိုးအရင်းအချာတို့ကဲ့သို့ ပြုလေ၏။ ထို့နောက် ဝိသာခါသူဌေးသမီးအိမ်သို့ ရောက်သော ညဉ့်အဖို့ အခြားမဲ့သန်းခေါင်ယံအခါ၌ အာနာနည်မြင်းငယ်ကို ကိုယ်ဝန်ဆောင် သော မြည်းမအား ကိုယ်ဝန်မှ ထမြောက်ဖွားမြင်ခြင်း ဖြစ်လေ၏။ ဝိသာခါသည် ကျွန်မတို့နှင့် အတူတကွ မီးရှူးမီးတိုင်တို့ကို ညှိထွန်းကိုင်ယူစေ၍ ထိုမြည်းမ သားဖွားရာသို့သွားသဖြင့် မြည်းမကို ရေနွေးဖြင့်ရေချိုးစေ၍ ဆီဖြင့်လိမ်းကျံပြီးလျှင် မိမိနေရာ အရပ်သို့သာ သွားလေ၏။

မိဂါရသူဌေးကြီးသည်လည်း သားအား ထိမ်းမြားခြင်းမင်္ဂလာကို ပြုသည်ရှိသော်၊ မနီးမဝေး သော ဇေတဝန်ကျောင်းတော်၌ နေတော်မူသော်လည်း မြတ်စွာဘုရားကို နှလုံးသွင်းခြင်းမပြုမူ၍ ရှည်ကြာစွာသောကာလပတ်လုံး အဝတ်မရှိသော ‘အစေလကတိတ္ထိ’ ရဟန်းတို့၌ ချစ်ကြည်မြတ် နိုးခြင်း တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်ရကား၊ ‘ငါ၏အရှင်ကောင်းတို့အားလည်း ပူဇော်သက္ကာရ ကို ပြုကြကုန်ဦးအံ့’ဟု တစ်ခုသောနေ့၌ အရာမက များစွာကုန်သောအိုးသစ်တို့၌ ရေမရောသော နို့ယနာကိုချက်စေ၍ ငါးရာမျှလောက်ကုန်သော အစေလကတက္ကတွန်းတို့ကို ပင့်ဖိတ်စေပြီး လျှင် အိမ်တွင်းသို့ပင့်သွင်း၍ “ငါ၏ချွေးမ ဝိသာခါသည် လာပါစေ။ ရဟန္တာကြီးတို့ကို ရှိခိုးပါစေ”ဟု ဝိသာခါထံသို့ သတင်းစကားကို စေလွှတ်လိုက်လေ၏။

သောတာပန်အရိယာ သာဝိကာမဖြစ်သော ဝိသာခါသည် ‘ရဟန္တာကြီးတို့ကို’ဟူသော စကားကို ကြားရလျှင် အလွန်တရာ ရွှင်လန်းနှစ်သက်သော စိတ် ရှိသည်ဖြစ်၍၊ ထိုရဟန္တာကြီး တို့၏ ဆွမ်းဘုဉ်းပေးရာအရပ်သို့ ရောက်သွားလျှင် ထို အစေလကတက္ကတွန်းတို့ကို ကြည့်ရ မြင်ရသဖြင့် ‘ဤသို့သဘော ရှိကုန်သော, အရှက်အကြောက် ဟိရိဩတ္တပ္ပမှ ကင်းကုန်သော သူတို့သည် ရဟန္တာမည်သောသူတို့ မဟုတ်ကုန်။ အဘယ်ကြောင့် ငါ၏ယောက္ခမ



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် ငါ့ကို ခေါ်စေလေဘိသနည်း'ဟု မနှစ်သက်သဖြင့်၊ "စက်ဆုပ်ဖွယ်ရှိလေစွ, စက်ဆုပ်ဖွယ်ရှိလေစွာ။ ဓီ, ဓိ" ဟု ကဲ့ရဲ့ရှုတ်ချလျက် မိမိနေရာအရပ်သို့သာ ပြန်သွားလေ၏။

အလုံးစုံသော အစေလကတက္ကတွန်းတို့သည် ထို ဝိသာခါကိုမြင်လတ်သော် တစ်ပြိုင်နက်တည်းအားဖြင့်သာလျှင် သူဌေးကြီးကို ကဲ့ရဲ့ကြလေကုန်၏။ "ဒါယကာသူဌေးကြီး။ အသင်သည် တစ်ပါးသောအမျိုးကောင်းသမီးကို မရနိုင်လေသလော။ ရဟန်းဂေါတမ၏တပည့်မ ဖြစ်သော အလွန်ယုတ်မာသော သူယုတ်မာမကို ဤအိမ်သို့ ဆောင်ယူသွင်းထားလေဘိသနည်း။ လျင်မြန်စွာ ထိုသူယုတ်မာမကို ဤအိမ်မှ နှင်ထုတ်စေလော့"ဟု ဆိုကြကုန်၏။

သူဌေးကြီးသည်ကား 'ငါသည် ဤရဟန္တာကြီးတို့၏ စကားမျှဖြင့်သာလျှင် ငါ့ချွေးမ ဝိသာခါကို နှင်ထုတ်စေခြင်းငှာ မတတ်နိုင်။ ဝိသာခါသည် များမြတ်သော စည်းစိမ်ချမ်းသာ ရှိသော အမျိုးကြီးတစ်ဦး၏သမီး ဖြစ်လေသည်'ဟုကြံလျက် "အရှင်ကောင်းတို့။ အသက်အရွယ် နုနယ်ပျိုမျစ်သော သူတို့မည်သည်ကား သိ၍လည်းကောင်း, မသိ၍လည်းကောင်း ပြုကုန်ရာ၏။ အရှင်ဘုရားတို့သည် ဆိတ်ဆိတ်ငြိမ်ငြိမ်သာ နေကြပါကုန်လော့"ဟု တောင်းပန်လျှောက်ကြား၍၊ ထို အစေလကတို့ကို လွှတ်လိုက်ပြီးလျှင် သူဌေးကြီးသည် မြတ်သောသူတို့အား နေခြင်းငှာ ထိုက်သောနေရာ၌ ထိုင်နေလျက် ရွှေခွက်၌ ရေမရောသောနို့ဃနာကို သုံးဆောင်စားသောက်၍ နေလေ၏။ ထိုအခါ ဆွမ်းခံလှည့်လည်လေ့ရှိသော မထေရ်တစ်ပါးသည် ဆွမ်းအလို့ငှာ လှည့်လည်လတ်သည်ဖြစ်၍ ထိုသူဌေးကြီးအိမ်သို့ ဝင်ရောက်လာလေ၏။

ဝိသာခါသည် ယောက္ခမဖြစ်သော မိဂါရသူဌေးကြီးကို ယပ်ခတ်လျက်နေစဉ် ဆွမ်းခံကြွလာသော ထိုမထေရ်ကို မြင်ရ၍ 'ငါ၏ယောက္ခမကြီးအား ပြောကြားခြင်းငှာ မသင့်မလျော်' ဟု ကြံစည်လျက် သူဌေးကြီးသည် မထေရ်ကို မြင်နိုင်လောက်သောအခြင်းအရာဖြင့် နေရာမှ ဖယ်၍နေလေ၏။ထို မိဂါရသူဌေးသည်ကား မိုက်မဲတွေဝေသည်၏ အဖြစ်ကြောင့် မထေရ်ကို မြင်ပါလျက်လည်း မမြင်လေယောင်ဟန်ဆောင်၍ အောက်သို့မျက်နှာမူလျက် (ငုံ့လျက်) စားမြဲတိုင်းသာ စားနေသည်သာတည်း။ ဝိသာခါသည် 'ငါ၏ယောက္ခမကြီးသည် မထေရ်မြတ်ကိုမြင်၍လည်း အမှတ်သညာ မပြုလေ'ဟု သိ၍၊ "အရှင်ဘုရား လွန်၍ အလိုရှိတော်မူကြပါဘုရား (ကန်တော့ဆွမ်းပါဘုရား)။ တပည့်တော်မ၏ယောက္ခမကြီးသည် အဟောင်းကိုသာ စားသောက် ပါသည်ဘုရား"ဟု လျှောက်ကြားလေ၏။

ထို မိဂါရသူဌေးကြီးသည် အစေလကတက္ကတွန်းတို့က ပြောဆိုသောကာလ၌ သည်းခံနိုင်ပါသော်လည်း' အဟောင်းကိုသာ စားသောက်ပါသည်'ဟူ၍ ဆိုသောခဏ၌သာလျှင် လက်ကိုဖယ်၍ "ဤနို့ဃနာကို ဤနေရာမှ ဆောင်ယူကြကုန်လော့"ဟု ဆိုပြီးလျှင်၊ "ဤ သူယုတ်မ အားလုံးတို့ကို ဤအိမ်မှ နှင်ထုတ်ကြကုန်လော့။ ကိုင်ဆွဲကြ ကုန်လော့။ ဤချွေးမ ဝိသာခါသော်မှလည်း ငါ့ကို ဤသို့သဘောရှိသော မင်္ဂလာအခါကောင်း၌ အညစ်အကြေးကို စားသောက်သူဖြစ်အောင် ပြုဘိ၏တကား"ဟု ဆိုလေ၏။

ထိုအခါ အိမ်၌ အလုံးစုံသော ကျွန်အမှုလုပ်တို့သည် ဝိသာခါ၏ဥစ္စာဖြစ်ကုန်သော ကျွန်အမှုလုပ်တို့သာလျှင်ဖြစ်၍ အဘယ်သူသည် ထိုဝိသာခါကို လက်၌ လည်းကောင်း, ခြေ၌



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ကိုင်ဆွဲယူငင်ဝံ့အံ့နည်း။ ခံတွင်းဖြင့် ပြောဆိုခြင်းငှာ ဝံ့သောသူမျှလည်း မရှိ။ ဝိသာခါသည် ယောက္ခမကြီး၏စကားကို ကြားရသဖြင့် ဤသို့ဆိုလေ၏။ "ဖခင်။ ကျွန်မတို့သည် ဤမျှလောက်သောစကားကို ပြောကာမတ္တမျှဖြင့် မထွက်သွားနိုင်ပါ။ ကျွန်မကို အသင်သူဌေးကြီးတို့သည် ရေဆိပ်မှ ခေါ်ငင်ယူဆောင်လာသော ရေခပ်ကျွန်မကဲ့သို့ ဆောင်ယူအပ်သည်မဟုတ်ပါ။ထင်ရှားရှိသော မိခင်ဖခင်တို့၏ သမီးတို့မည်သည်ကား ဤမျှဖြင့် မထွက်သွားနိုင်ကြပါကုန်။ ဤသို့သောအကြောင်းကြောင့် ကျွန်မ၏ဖခင်သည် ဤအရပ်သို့လာသောအခါ သူကြွယ်ရှစ်ယောက်တို့ကိုခေါ်စေ၍ 'ငါ့သမီးအား အပြစ်ဒေါသသည် အကယ်၍ ဖြစ်ခဲ့ငြားအံ့။ အသင်တို့သည် စောကြောပြစ်တင် သုတ်သင်ကြကုန်လော့'ဟုဆို၍ ကျွန်မကို ထိုသူကြွယ်ရှစ်ယောက်တို့၏လက်၌ အပ်နှံ၍ ထည့်လိုက်ပါသည်။ ထိုသူကြွယ်တို့ကို ခေါ်စေ၍ ကျွန်မ၏ အပြစ် ရှိ, မရှိကို သုတ်သင်ရှင်းလင်း စေတော်မူကြပါကုန်ဦးလော့"ဟု ဆို၏။

သူဌေးကြီးသည်လည်း 'ဤဝိသာခါကား ကောင်းသောစကားကို ဆိုပေသည်'ဟု သူကြွယ်ရှစ်ယောက်တို့ကို ခေါ်စေ၍ "ဤသူငယ်မသည် မင်္ဂလာအခါကောင်း၌ ထိုင်နေလျက် ရေမရောသော နို့ဃနာကို ရွှေခွက်တွင်ထည့်၍ သုံးဆောင်စားသောက်နေသော ငါ့ကို 'အညစ်အကြေး သုံးဆောင်စားသောက်သောသူ' ဟူ၍ ဆိုလေဘိသည်"ဟု ဆိုပြီးလျှင်၊ "ဤသတို့သမီးအား အပြစ်ကိုတင်၍ ဤသတို့သမီးကို ဤအိမ်မှ နှင်ထုတ်လိုက်ကြပါကုန်လော့"ဟု ပြောဆိုလေ၏။

သူကြွယ်ရှစ်ယောက်တို့ကလည်း "ချစ်သမီး။ ဤသို့ပြောဆိုမိသည် မှန်သလော"ဟု မေးစစ်လတ်သော်၊ ဝိသာခါက "ဖခင်တို့။ ကျွန်မသည် ဤသို့ပြောဆိုရသည် မဟုတ်ပါ။ ဆွမ်းခံလှည့်လည်သော မထေရ်တစ်ပါးသည် အိမ်တံခါး၌ ရပ်လာသည်ရှိသော် ကျွန်မ၏ ယောက္ခမကြီးသည် ရေမရောသော ချိုမြိန်ကောင်းမြတ်သော နို့ဃနာကို သုံးဆောင်စားသောက်စဉ် မထေရ်ရှင် ဆွမ်းရပ်လာသည်ကို နှလုံးသွင်းခြင်းကို မပြုသောကြောင့် 'ငါ၏ယောက္ခမကြီးကား ဤကိုယ်အဖြစ်၌ ကောင်းမှုကို မပြု။ ရှေး၌ပြုအပ်သော ကောင်းမှုကံ၏အကျိုးကိုသာလျှင် ခံစား,စံစားလေဘိ၏'ဟု ကြံစည်မိ၍၊'အရှင်ဘုရား။ ကန်တော့ဆွမ်းပါဘုရား။ တပည့်တော်မ၏ယောက္ခမကြီးသည် အဟောင်းကို စားသောက်ပါသည်'ဟု ကျွန်မ ပြောဆိုပါသည်။ ဤသို့ပြောဆိုရာ၌ ကျွန်မအား အဘယ်အပြစ် ရှိပါသနည်း"ဟု ဝိသာခါ ဆိုသည်ရှိသော်၊ ရှစ်ဦးကုန်သော သူကြွယ်တို့ကလည်း "အရှင်သူဌေးမင်း။ ဤသို့ပြောဆိုရာ၌ တစိုးတစိ အပြစ် မရှိချေ။ အကျွန်ုပ်တို့သမီးသည် သင့်လျော်လျောက်ပတ် ကောင်းမြတ်သောစကားကိုသာ ဆိုချေသည်တကား။ အရှင်သူဌေးကြီးသည် အဘယ့်ကြောင့် အမျက်ထွက်ဘိသနည်း"ဟု ဆိုကြကုန်၏။

ထိုအခါ မိဂါရသူဌေးကြီးက "အမောင်သူကြွယ်တို့။ ဤအပြစ်သည် အပြစ် မဟုတ်သေးလျှင် ရှိပါစေဦးတော့။ ဤဝိသာခါသည် တစ်နေ့သ၌ သန်းခေါင်ယံတွင် ကျွန်ယောက်ျားကျွန်မိန်းမတို့ဖြင့် ခြံရံလျက် အိမ်နောက်ဖေးသို့ ဆင်းသွားဖူးသည်"ဟု ဆိုလတ်ပြန်သော်၊ "ချစ်သမီး ဝိသာခါ။ ဤမိဂါရသူဌေးကြီး ပြောဆိုတိုင်း မှန်လေသလော"ဟု မေးစစ်ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖခင်တို့။ ကျွန်မသည် တစ်ပါးသောအကြောင်းဖြင့် သွားရသည် မဟုတ်ပါ။ ဤအိမ်၌ အာဇာနည်မြင်း ကိုယ်ဝန်ဆောင်သောမြည်းမသည် သားပေါက်ဖွားရာ၌ 'အမှတ်သညာမျှကို သော်လည်း မပြုဘဲနေခြင်းငှာမည်သည် မသင့်ပေတကား'ဟု အောက်မေ့ဆင်ခြင်မိသဖြင့် မီးရှူးမီးတိုင်တို့ကို ညှိထွန်းကိုင်ယူ စေ၍၊ ရေနွေးစသည်တို့ကိုလည်း ယူစေ၍ ကျွန်ယောကျ်ား ကျွန်မိန်းမတို့နှင့် အတူတကွသွားပြီးလျှင် မြည်းမ၏ သားဖွားမြင်ခြင်းကို အစောင့်အရှောက် ပြုစေပါသည်"ဟု ဆိုပြီးလျှင်၊ "ဤသို့ပြုစုရာ၌ ကျွန်မအား အဘယ်အပြစ် ရှိပါသနည်း"ဟု ပြောကြားလေ၏။

"အရှင်သူဌေးမင်း။ အကျွန်ုပ်တို့၏သမီးသည် အရှင်သူဌေးကြီးအိမ်၌ ကျွန်မတို့ပင် ပြုခြင်းငှာ မလျောက်ပတ်သောအမှုကို ပြုပါပေသည်။ အသင်သူဌေးကြီးသည် ဤသို့ သန်းခေါင်ယံ အိမ်နောက်ဖေးသို့သွား၍ ပြုစုရာ၌ အဘယ်အပြစ်ကို မြင်ပါသနည်း"ဟု မေးကုန်၏။

"အမောင်သူကြွယ်တို့။ ဤအရာ၌လည်း ဝိသာခါ၏အပြစ် မဟုတ်သေးမူ ရှိပါစေဦးတော့။ ဤဝိသာခါ၏ဖခင် ဓနဥ္စယသူဌေးကြီးသည် ဤအိမ်သို့ လာအံ့သောအခါ ဤသို့ သဘောရှိသော ဆုံးမသြဝါဒကို ပြောကြားဆုံးမသည်ရှိသော် လျှို့ဝှက်ဖုံးကွယ်အပ်သော ဆယ်ပါးသော အဆုံးအမသြဝါဒတို့ကို ပေးလေ၏။ ထို ဆယ်ပါးသောသြဝါဒတို့၏ အနက်အဓိပ္ပာယ်ကို ငါ့အား ပြောကြားပါစေ။ ဤဝိသာခါ၏ဖခင် ဓနဥ္စယသူဌေးကြီးသည် 'အတွင်းမီးကို အပသို့ မထုတ်အပ်'ဟူဆိုဆုံးမ၏။ ငါတို့သည် နှစ်ခုသော အဖို့၌တည်သော အိမ်နီးချင်းဖြစ်သော အိမ်တို့အား မီးကိုမပေးမူ၍ နေခြင်းငှာ တတ်နိုင်ကောင်းပါအံ့လော"ဟု ဆိုလေ၏။

"ချစ်သမီး။ ဤသို့ပြောဆိုသည့်အတိုင်း ဟုတ်မှန်ပေသလော"ဟု မေးစစ်ကုန်သည်ရှိသော်၊ "ဖခင်သူကြွယ်တို့။ ကျွန်မ၏ဖခင်သည် ဤသို့သောပကတိမီးကို ရည်မှန်း၍ ပြောဆိုဆုံးမသည် မဟုတ်ရပါ။ 'သင်၏ ယောက္ခမမိန်းမသူ, ယောက္ခမယောကျ်ားသူ, ကျေးဇူးရှင်လင်ယောကျ်ားတို့၏ ဂုဏ်ကျေးဇူးမဲ့အပြစ်ကိုမြင်လျှင် အပဖြစ်သော ထိုထိုအိမ်၌ တည်နေ၍ မပြောမဆိုလေလင့်'ဟူသော အနက်အဓိပ္ပာယ်ကို ရည်မှန်း၍ ပြောဆိုဆုံးမပါသည်။ ထိုစကားသည် မှန်လှပါ၏။ ဤသို့သဘောရှိသော ယောက္ခမ, မိဘ, ချစ်လင်တို့၏ ဂုဏ်ကျေးဇူးမဲ့ အပြစ်မီးနှင့်တူသော မီးမည်သည် မရှိပါ"ဟု ပြောပြလေ၏။

"အမောင်သူကြွယ်တို့။ ဤ လျှို့ဝှက်အပ်သော သြဝါဒသည် ဤသို့ပြောဆိုသောအတိုင်း ပင် ရှိပါစေဦးတော့။ ဤဝိသာခါ၏ ဖခင်သူဌေးကြီးသည် 'အပမှမီးကို အတွင်းသို့ မသွင်းအပ်' ဟု ဆိုဆုံးမ၏။ ငါတို့ကား အိမ်တွင်း၌ မီးငြိမ်းခဲ့သည်ရှိသော် အပမှမီးကို မဆောင်ယူဘဲ နေခြင်းငှာ အဘယ်မှာ တတ်နိုင်ကောင်းပါအံ့နည်း"ဟု ဆို၏။

"ချစ်သမီး။ ဤသို့ပြောဆိုသည်အတိုင်း မှန်ပေသလော"ဟု မေးစစ်ကြပြန်၏။ "ဖခင် သူကြွယ်တို့။ ကျွန်မ၏ဖခင်သည်ကား ဤသို့သောပကတိမီးကို ရည်မှန်း၍ ပြောဆိုဆုံးမ သည် မဟုတ်ရပါ။ အိမ်နီးချင်းဖြစ်သော အိမ်တို့၌နေကုန်သော မိန်းမတို့သည် လည်းကောင်း၊ ယောကျ်ားတို့သည် လည်းကောင်း ယောက္ခမ, မိဘ, ချစ်လင်တို့၏ ဂုဏ်ကျေးဇူးမဲ့ အပြစ်ကို ပြောဆိုကြကုန်သည်ရှိသော် ထိုသူတို့ ပြောဆိုအပ်သောစကားကို ဆောင်ယူ၍ 'ဤအမည်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သူသည် အရှင်တို့၏ ဤသို့ဤသို့လျှင် ဂုဏ်ကျေးဇူးမဲ့ အပြစ်စကားကို ပြောဆိုဘိ၏'ဟု တစ်ဆင့်တစ်ဖန် ပြန်ကြားပြောစားခြင်းကို မပြုလေနှင့်'ဟူသော အနက်အဓိပ္ပာယ်ကို ရည်မှန်း၍ ပြောဆိုဆုံးမပါသည်။ ထိုစကားသည် မှန်လှပါ၏။ ဤသို့သဘောရှိသော မီးနှင့်တူသော မီးမည်သည် မရှိပါ"ဟု ပြောပြန်လေ၏။

ဤသို့သောနည်းဖြင့် ဤအကြောင်းကြောင့်လည်း ဝိသာခါသည် အပြစ်မရှိသည်သာ ဖြစ်လေ၏။ ဤသြဝါဒနှစ်ပါးတို့၌ အပြစ်မရှိလေသကဲ့သို့ ကြွင်းသောသြဝါဒတို့၌လည်း ဤအတူ အပြစ်မရှိသည်သာတည်း။ ကြွင်းသော သြဝါဒရှစ်ပါးတို့၌ ဤဆိုလတ္တံ့သည်ကား အနက်အဓိပ္ပာယ် ဖြစ်ပါသတည်း။

ဝိသာခါ၏ ဖခင်သူဌေးကြီးသည်–

'ပေးသောသူတို့အားသာ ပေးအပ်၏'ဟု ဆိုအပ်သော စကားကိုကား 'အကြင်သူတို့သည် ငှားရမ်းအပ်သော အသုံးအဆောင်ကိုငှားယူပြီးလျှင် တစ်ဖန်ပြန်၍ ပို့လာကြကုန်၏။ ထိုသူတို့အားသာလျှင် ပေးအပ်၏'ဟု ဤသို့သောအနက်အဓိပ္ပာယ်ကို ရည်မှန်း၍ ဆိုအပ်၏။

'မပေးကုန်သောသူတို့အား မပေးအပ်'ဟူသော စကားကို၊ အကြင်သူတို့သည် ငှားရမ်းအပ်သော အသုံးအဆောင်ကိုငှားယူပြီးလျှင် တစ်ဖန် ပြန်၍မပေးကြကုန်။ ထိုသူတို့အား မပေးအပ်'ဟု ဤသို့သောအနက်အဓိပ္ပာယ်ကို ရည်မှန်း၍ ဆိုအပ်၏။

'ပေးသောသူအား လည်းကောင်း, မပေးသောသူအား လည်းကောင်း ပေးအပ်၏' ဟူသော ဤစကားကိုကား 'ဆင်းရဲငြိုငြင် ပင်ပန်းကုန်သော အဆွေအမျိုး, အကျွမ်းဝင်သော သူတို့သည် ရောက်လာကုန်သည်ရှိသော် တစ်ဖန်ပြန်၍ပေးခြင်းငှာ တတ်နိုင်ကြသည်မှ လည်း ဖြစ်စေကုန်၊ မတတ်နိုင်ကြမူလည်း ဖြစ်စေကုန်၊ ပေးကမ်းခြင်းငှာသာလျှင် သင့်လျော် ပေ၏'ဟု ဤသို့သော အနက်အဓိပ္ပာယ်ကို ရည်မှန်း၍ဆိုအပ်၏။

'ချမ်းသာစွာ ထိုင်နေအပ်၏'ဟူသော ဤစကားကိုကား 'ယောက္ခမမိန်းမသူ, ယောက္ခမ ယောကျ်ားသူ, ကျေးဇူးရှင်လင်ယောကျ်ားတို့ကို မြင်လျှင် 'ထ,သင့်သောနေရာ၌ ထိုင်၍နေခြင်း ငှာ မလျောက်ပတ်'ဟူသော အနက်အဓိပ္ပာယ်ကို ရည်မှန်း၍ ဆိုအပ်၏။

'ချမ်းသာစွာ စားအပ်၏'ဟူသော ဤစကားကိုလည်း 'ယောက္ခမမိန်းမသူ, ယောက္ခမ ယောကျ်ားသူ, ကျေးဇူးရှင်လင်ယောကျ်ားတို့ စားသည်မှ ရှေးဦးစွာမစားနှင့်မူ၍ ယောက္ခမ, မိဘ, အရှင်လင်ယောကျ်ားတို့ကို လုပ်ကျွေးပြီးလျှင် လောက်လောက်ငငရ,မရ အလုံးစုံကိုလည်း သိပြီး၍ နောက်ဆုံးမှ မိမိစားခြင်းငှာ သင့်လျော်၏'ဟူသော အနက်အဓိပ္ပာယ်ကိုသာ ရည်မှန်း၍ ဆိုအပ်၏။

'ချမ်းသာစွာ အိပ်စက်၏'ဟူသော ဤစကားကိုလည်း ယောက္ခမ,မိဘ, အရှင်လင် ယောကျ်ားတို့ အိပ်သည်မှ ရှေးဦးစွာ အိပ်ရာသို့တက်၍ မအိပ်လိုက်ရသေး။ ထိုသူတို့အား ပြုသင့်ပြုထိုက်သော ခြေဆုပ်လက်နယ်ခြင်း အစရှိသော ဝတ်ကြီးဝတ်ငယ်ကိုပြု၍ နောက်မှ အိပ်ရာသို့တက်၍ အိပ်ခြင်းငှာ သင့်လျော်၏'ဟူသောအနက်အဓိပ္ပာယ်ကို ရည်မှန်း၍ ဆိုအပ်၏။



www.burmeseclassic.com

www.burmeseclassic.com



'မီးကို လုပ်ကျွေးအပ်၏'ဟူသော ဤစကားကိုကား ယောက္ခမမိန်းမသူကို လည်းကောင်း၊ ယောက္ခမယောကျ်ားသူကို လည်းကောင်း၊ ကျေးဇူးရှင်လင်ယောကျ်ားကို လည်းကောင်း မီးပုံကြီးကဲ့သို့ လည်းကောင်း, နဂါးမင်းကြီးကဲ့သို့ လည်းကောင်း ရိုသေကြောက်ရွံ့ခြင်းကိုပြု၍ ကြည့်ရှုခြင်းငှာ သင့်လျော်၏'ဟူသော အနက်အဓိပ္ပာယ်ကို ရည်မှန်း၍ဆိုအပ်၏။

'အိမ်တွင်းနတ်ကို ရှိခိုးအပ်၏'ဟူသော ဤစကားကို'ယောက္ခမမိန်းမသူကို လည်းကောင်း၊ ယောက္ခမ ယောကျ်ားသူကို လည်းကောင်း၊ ကျေးဇူးရှင်လင်ယောကျ်ားကိုလည်းကောင်း နတ်ကဲ့သို့ အရိုအသေ အလေးအမြတ်ပြု၍ ကြည့်ရှုဖူးမြင်ခြင်းငှာ သင့်လျော်၏'ဟူသော ဤ အနက်အဓိပ္ပာယ်ကို ရည်မှန်း၍ဆိုအပ်၏။

ဤကား ဩဝါဒစကားတို့၏ အနက်အဓိပ္ပာယ်တည်း။ ဤသို့လျှင် မိဂါရသူဌေးကြီးသည် ဤဆယ်ပါးသော ဆုံးမဩဝါဒ အနက်အဓိပ္ပာယ်ကို ကြားနာရလျှင် တစ်ဖန်ထပ်လောင်း ပြန်ပြောစရာ တစ်စုံတစ်ခုသောစကားကို မမြင်ရာသဖြင့် မျက်နှာအောက်ချ ငုံ့လျက်သာ နေရှာရလေ၏။

ထိုအခါ မိဂါရသူဌေးကြီးကို သူကြွယ်ရှစ်ယောက်တို့သည် "အရှင်သူဌေးကြီး။ အသို့ပါနည်း။ အကျွန်ုပ်တို့၏သမီးအား တစ်ပါးသောအပြစ်ဒေါသသည် ရှိပါသေးသလော"ဟု မေးကြကုန်၏။ "အမောင်သူကြွယ်တို့။ မရှိပါပြီ"ဟုဆိုလျှင်၊ "ထိုသို့ အပြစ်မရှိဘဲလျက် အဘယ့်ကြောင့် အပြစ်မရှိသော ဤသတို့သမီးကို အကြောင်းမဲ့သက်သက် အိမ်မှ နှင်ထုတ်စေဘိသနည်း"ဟု အပြစ်တင်စကား ပြောကြားကြပြန်လေကုန်၏။ ဤသို့ မိဂါရသူဌေးကြီး ပြစ်တင်ပြောဆိုခံရစဉ် ဝိသာခါက ဤသို့ ဆိုလေ၏။

"ဖခင်တို့။ ယောက္ခမကြီးစကားဖြင့် ရှေးဦးစွာက ကျွန်မ ဆင်းသွားခြင်းသည် အကယ်၍ကား သင့်လျော်လှပါ၏။ ထိုသို့ပင် ဆင်းသွားသင့်သော်လည်း ဖခင် ဓနဉ္စယသူဌေးကြီးသည် ကျွန်မ ဤအိမ်သို့လာစဉ်အခါက ကျွန်မအပေါ်၌ အပြစ်ကြီးငယ်ကို စောကြောပြစ်တင်သုတ်သင်ခြင်းအကျိုးငှာ ကျွန်မကို အရှင်သခင် သူကြွယ်ရှစ်ယောက်တို့၏လက်၌ အပ်နှံ၍ထည့်လိုက်ပါသည်။ အရှင်သခင်တို့သည်လည်း ကျွန်မ၏ အပြစ်မရှိသည့် အဖြစ်ကိုသိအပ်လေပြီ။ ယခုအခါ ကျွန်မ၏ ဆင်းသွားခြင်းငှာ သင့်လျော်ပါပြီ"ဟု ဆို၍ ကျွန်မိန်းမ, ကျွန်ယောကျ်ားတို့ကို "ယာဉ်ရထားစသည်ကို ပြင်ဆင်စေကြကုန်လော့"ဟု စေခိုင်းလိုက်လေ၏။ ထိုအခါ မိဂါရသူဌေးကြီးသည် ရှစ်ဦးကုန်သော. သူကြွယ်တို့ကိုခေါ်၍ ဝိသာခါကို "ချစ်သမီး။ ငါသည် မသိ၍သာ ပြောဆိုမိပါသည်။ ငါ့အား သည်းခံပါလော့"ဟု တောင်းပန်စကား ပြောကြားလေ၏။

"ဖခင်။ သင်ဖခင်တို့၏အပေါ်၌ သည်းခံသင့်သမျှကို သည်းခံပါ၏။ သို့ရာတွင် ကျွန်မသည် သစ္စာလေးပါး တရားသိမြင် ဘုရားရှင်၏သာသနာတော်မြတ်၌ မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်းရှိသော အမျိုး၏သမီး ဖြစ်ပါသည်။ ကျွန်မတို့သည် ရဟန်းသံဃာနှင့်ကွေကွင်း၍ မနေလိုကြပါ။ ကျွန်မ၏အလိုအားဖြင့် ရဟန်းသံဃာကို လုပ်ကျွေးခြင်းငှာ အကယ်၍ရသည်ဖြစ်အံ့။ ဤသို့ ရသည်ရှိသော် နေပါမည်"ဟု ဆို၏။ "ချစ်သမီး။ သင်ချစ်သမီးသည်



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိတိုင်း သင်ချစ်သမီး၏ရဟန်းတော်တို့ကို လုပ်ကျွေးပါလော့"ဟု အခွင့်ပေးစကား ပြောကြားလေ၏။

ဝိသာခါသည်လည်း မြတ်စွာဘုရားကို ဖိတ်မန်စေ၍ တစ်ဖန်မိုးသောက်သောနေ့၌ နေအိမ်တွင်းသို့ ဆွမ်းဘုဉ်းပေးစိမ့်သောငှာ ပင့်သွားလေ၏။ အဝတ်မဆီးသော အစေလက တက္ကတွန်းရဟန်းတို့သည်လည်း မိဂါရသူဌေးကြီး၏အိမ်သို့ မြတ်စွာဘုရား ကြွသွားတော်မူသည့်အဖြစ်ကို ကြားရသဖြင့်၊ သွားပြီးလျှင် အိမ်၏နောက်ဖေး၌ ဝိုင်းဝန်းခြံရံလျက် နေကြလေကုန်၏။ ဝိသာခါသည် မြတ်သော အလှူရေစက် ဆက်ကပ်လှူဒါန်း၍ အလုံးစုံသောပူဇော်သက္ကာရကို စီရင်အပ်ပြီးသည်ရှိသော် "ကျွန်မ၏ယောက္ခမ မိဂါရသူဌေးကြီးသည် လာရောက်၍ ဘုရားသဗ္ဗညု သုံးလူ့သခင် အားတော်ဆယ်ပါး ဘုရားရှင်ကို လုပ်ကျွေးသမှု ပြုစုပါလော့" ဟု သတင်းစကားကို စေလွှတ်လိုက်လေ၏။

ထိုအခါ သွားခြင်းငှာအလိုရှိသော မိဂါရသူဌေးကြီးကို အာဇီဝကတက္ကတွန်းတို့သည် "သူဌေးကြီး။ သင်သည် ရဟန်းဂေါတမ၏အထံသို့ မသွားလေလင့်"ဟု တားမြစ်ကြလေကုန်၏။ မိဂါရသူဌေးကြီးကလည်း "ငါ၏ချွေးမသည် မိမိကိုယ်တိုင်သာ လုပ်ကျွေးသမှု ပြုစုလှူဒါန်းပါလော့"ဟု သတင်းစကားကို တုံ့ပြန်စေလွှတ်လိုက်၏။ ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်မြတ်အပေါင်းကို ဆွမ်းလုပ်ကျွေးပြီးလျှင် ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးလတ်သည်ရှိသော် တစ်ဖန် "ကျွန်မ၏ယောက္ခမ မိဂါရသူဌေးကြီးသည် လာရောက်၍ တရားစကားတော်ကို နာကြားပါလော့"ဟု သတင်းစကား စေလွှတ်ပြန်၏။ ထိုအခါ 'ယခုအခါ၌ မသွားဘဲ နေခြင်းမည်သည် အလွန်လျှင် မသင့်တော်လေတကား'ဟု တရားကိုနာကြားလိုသဖြင့် တရားနာရန်သွားသော မိဂါရသူဌေးကြီးကို အာဇီဝကတက္ကတွန်းတို့သည် "ထိုသို့ဖြစ်မူ ရဟန်းဂေါတမ၏အထံ၌ တရားကိုနာသည်ရှိသော် တင်းထိမ်အကာ၏ ပြင်ဘက်ကနေ၍ နာလော့"ဟု ဆိုကြကုန်၏။

မိဂါရသူဌေးကြီး မသွားမီ ရှေးဦးကပင်လျှင်သွား၍ တင်းထိမ်အကာကို ကာရံ၍ ထားကြကုန်၏။ မိဂါရသူဌေးကြီးသည် သွား၍ တင်းထိမ်အကာ၏ပြင်ဘက်၌ နေလေ၏။ မြတ်စွာဘုရားသည် "သင် မိဂါရသူဌေးကြီးသည် တင်းထိမ်အကာ၏ အပြင်ပ၌မူလည်း နေသည်ဖြစ်စေ, တိုက်နံရံတစ်ဘက် ခြားသောအရပ်၌မူလည်း နေသည်ဖြစ်စေ, တစ်ပါးသောစကြဝဠာ၌မူလည်း နေသည်ဖြစ်စေ ငါဘုရားမည်သည်ကား ထိုထိုသူကို ငါ့အသံကို ကြားစေခြင်းငှာ စွမ်းနိုင်၏"ဟု ကြိမ်းဝါးတော်မူလေဟန်ပြု၍ သပြေပင်ကြီး၏ပင်စည်ကို ကိုင်ငင်၍လှုပ်ဘိသကဲ့သို့ လည်းကောင်း၊ အမြိုက်ဟူသောမိုးကြီးကို ရွာသွန်းချဘိသကဲ့သို့ လည်းကောင်း တရားကို ဟောကြားတော်မူခြင်းငှာ အစဉ်အတိုင်းသောစကားကို အားထုတ်တော်မူလေ၏။

မြတ်စွာဘုရားတို့သည်ကား တရားစကားကို ဟောကြားတော်မူကြကုန်သည်ရှိသော် ရှေ့တည့်တည့်၌နေသော သူတို့သည် လည်းကောင်း, နောက်တည့်တည့်၌နေသော သူတို့သည် လည်းကောင်း, စကြဝဠာအရာ စကြဝဠာအထောင်ကိုကျော်လွန်၍ တည်သောသူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အကနိဋ္ဌဗြဟ္မာ့ပြည်၌ တည်နေကုန်သော သူတို့သည် လည်းကောင်း 'မြတ်စွာဘုရားသည် ငါ့ကိုသာလျှင် ကြည့်ရှုတော်မူ၏။ ငါ့အားသာလျှင် တရားဟောတော်မူ၏'ဟု ပြောဆိုကြရကုန်၏။ ထိုစကားသည် မှန်၏။ မြတ်စွာဘုရားသည် ထိုထိုသူကို ကြည့်ရှုတော်မူနေဘိသကဲ့သို့ လည်းကောင်း၊ ထိုထိုသူနှင့် အတူတကွ စကားပြောကြားတော် မူနေဘိသကဲ့သို့ လည်းကောင်း ဖြစ်တော်မူလေ၏။ ဘုရားရှင်တို့ကား စင်စစ် လပြည့်ဝန်းကြီးနှင့် တူကုန်၏။ လပြည့်ဝန်းကြီးသည် ကောင်းကင်အလယ်၌ တည်နေသည်ဖြစ်လျက် 'ငါ၏အထက်၌လမင်း တည်ရှိလေ၏'ဟူ၍ အလုံးစုံသောသတ္တဝါတို့အား ထင်ရှားပြသကဲ့သို့ ဤအတူသာလျှင် အမှတ်မထင် အကြင်တစ်ပါးပါးသောအရပ်၌ တည်နေကုန်သောသတ္တဝါတို့၏ ရှေးရှု မျက်နှာမူရာအရပ်၌ တည်နေတော်မူကြကုန်ဘိသကဲ့သို့ ထင်ရှား ပြတော်မူကြကုန်၏။

ဤသို့ ထင်ရှားပြနိုင်သော လမင်းနှင့်တူရခြင်းသည် ထိုဘုရားရှင်တို့၏ ပါရမီတော် ဖြည့်တော်မူစဉ်အခါ အပြည့်အစုံတန်ဆာဆင်အပ်ပြီးသော ဦးခေါင်းကို ဖြတ်၍ လည်းကောင်း၊ မျက်စဉ်းဆေးကွင်းအပ်သဖြင့် ညိုမည်းလှပသော အဆင်းရှိသောမျက်လုံးတို့ကို ထုတ်နုတ်၍ လည်းကောင်း၊ နှလုံးသားကို ထုတ်နုတ်၍ လည်းကောင်း၊ သူတစ်ပါး၏ခိုင်းစေရန် ကျွန်အလို့ငှာ ဇာလီမင်းသားနှင့်တူသော သားတော်တို့ကိုလည်းကောင်း၊ ကဏှာဇိန်မင်းသမီးနှင့်တူသော သမီးတော်တို့ကိုလည်းကောင်း၊ မဒ္ဒီမိဖုရားနှင့်တူသော ဇနီးကြင်ဖက်တို့ကို လည်းကောင်း၊ စွန့်လွှတ်၍လည်းကောင်း ပေးလှူတော်မူအပ်သော အလှူဒါန၏ အကျိုးအာနိသင် ဖြစ်ပေသတတ်။]

မိဂါရသူဌေးကြီးလည်း မြတ်စွာဘုရားသည် တရားဟောကြားခြင်း ပြီးဆုံးရပ်တန့် စေလိုက်သည်ရှိသော် တင်းထိမ်အကာ၏ပြင်ပ၌ နေလျက်သာလျှင် နည်းတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော၊ တန်ဆာဆင်၍ဟောကြားအပ်သော သောတာပတ္တိဖိုလ်၌ တည်၍ မတုန်မလှုပ် မြဲမြံခိုင်ခံ့သော သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သုံးပါးသော သရဏဂုံတို့၌ ယုံမှားကင်းခြင်းကြီးကင်းလျက် တင်းထိမ်ထောင့်စွန်းကို မြှောက်တင်ပင့်ကာ ထွက်လာပြီးလျှင် ချွေးမဖြစ်သောဝိသာခါ၏ သားမြတ်ကို ခံတွင်းဖြင့်ယူစို့၍ "ယနေ့မှစ၍ သင်သည် ငါ၏မိခင် ပေတည်း"ဟု ဝိသာခါကို မိခင်အရာ၌ ထားလေ၏။ ဝိသာခါသည်လည်း ထိုအခါမှစ၍ 'မိဂါရမာတာ' ဟူသော အမည်ရသူ ဖြစ်လေ၏။ နောက်အဖို့၌ သားယောက်ကိုရရှိသဖြင့်လည်း ထိုသားယောက်အား 'မိဂါရ'ဟူသောအမည်ကို မှည့်လေ၏။

မိဂါရသူဌေးကြီးသည် ချွေးမသားမြတ်ကို စွန့်လွှတ်ပြီးလျှင် သွား၍ မြတ်စွာဘုရား၏ နှစ်ခုသောခြေတော်တို့၌ ဦးခေါင်းဖြင့်ဝပ်စင်းလျက် ခြေတော်တို့ကို လက်တို့ဖြင့် သုံးသပ် ဆုပ်နယ်သဖြင့် လည်းကောင်း၊ ခံတွင်းဖြင့် နမ်းစုပ်သဖြင့် လည်းကောင်း၊ "ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ တပည့်တော်သည် မိဂါရပါတည်း၊ တပည့်တော်သည် မိဂါရပါတည်း"ဟု သုံးကြိမ်တိုင်တိုင် အမည်ကို သိသိသာသာ လျှောက်ကြား၍၊ "ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ တပည့်တော်သည် ဤမျှလောက်သော ကာလ



www.burmeseclassic.com

www.burmeseclassic.com



ပတ်လုံး ဤသာသနာတော်မြတ်အား ပေးလှူခြင်းမည်သည် အကျိုး ကြီးမြတ်လှပေ၏ဟူ၍ မသိမိပါဘုရား။ ယခုအခါ၌ကား တပည့်တော်၏ချွေးမကို အမှီပြု၍ သိအပ်ပါပြီ။ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်ကင်းရပြီ ဘုရား"ဟု လျှောက်ကြားပြီးလျှင်၊ "ဤအိမ်သို့ ရောက်လာသော တပည့်တော်၏ချွေးမ ဝိသာခါသည် တပည့်တော်၏ အကျိုးများခြင်းငှာ, စီးပွားတိုးတက်ခြင်းငှာ, ချမ်းသာကြီးခြင်းငှာ ရောက်လာပါသည်ဘုရား"ဟု လျှောက်ကြား၍–

'သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏိသာ ဃရမာဂတာ' ဟူသောဂါထာကို ရွတ်ဆိုလေ၏။

ဘန္တေ၊ ရှင်ဘုန်းတော် နေ,လဝန်းမက ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ ယတ္ထ၊ အကြင်သာသနာတော်မြတ်အား။ ဒိန္နံ၊ လှူဒါန်းခြင်းသည်။ မဟပ္ဖလံ၊ ကြီးကျယ်ပြန့်ပြော များမြတ်သောအကျိုး ရှိ၏။ တံ၊ ထို အကျိုးများကြောင်း လှူဒါန်းကောင်းရာ သာသနာတော်မြတ်ကို။ သောဟံ၊ ထိုတပည့်တော်သည်။ အဇ္ဇ၊ ယခုနေ့၌။ ပဇာနာမိ၊ သိရပါ၏ဘုရား။ ဝတ၊ စင်စစ်။ မေမမ၊ ဘုရားတပည့်တော်၏။ အတ္ထာယ၊ အကျိုးငှာ။ ဘဒ္ဒါ၊ ကောင်းလှပေသော။ သုဏိသာ၊ ချွေးမသည်။ ဃရံ၊ နေအိမ်သို့။ အာဂတာ၊ ရောက်လာရပါသည်ဘုရား။

ဝိသာခါသည် တစ်ဖန်မိုး သောက်သောနေ့၌လည်း မြတ်စွာဘုရားကို ပင့်ဖိတ်ပြန်လေ၏။ ထို့နောက်တစ်ဖန် မိုးသောက်ရောက်သောနေ့၌လည်း ဝိသာခါ၏ယောက္ခမ မိန်းမဖြစ်သော သူဌေးကတော်ကြီးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုအခါမှစ၍ ထိုအိမ်သည် သာသနာတော်အား ဟင်းလင်းပွင့်သောတံခါးရှိသော အိမ် ဖြစ်လေ၏။ ထို့နောက် မိဂါရ သူဌေးကြီး ကြံစည်စိတ်ကူးမိသည်မှာ 'ငါ၏ချွေးမသည် ငါ့အား အလွန်လျှင် ကျေးဇူးများလှပေသည်။ ထိုချွေးမအား ကြည်လင်နှစ်သက်သော အခြင်းအရာကို ပြုပေအံ့။ ဤ ငါ၏ချွေးမအား ယခုရှိသော ဤမဟာလတာတန်ဆာသည် လေးလံလှသည်ဖြစ်၍ အခါခပ်သိမ်း ဆင်ယင်ခြင်းငှာ မတတ်ကောင်း။ နေ့၌လည်းကောင်း, ညဉ့်၌လည်းကောင်း အလုံးစုံသော ဣရိယာပုထ်တို့၌ ဆင်ယင်ခြင်းငှာလျောက်ပတ်သော ပေါ့ပါးသောတန်ဆာတစ်ခုကို ချွေးမအလို့ငှာ ပြုပေအံ့' ဟု ကြံပြီးလျှင် အဖိုးတစ်သိန်းထိုက်သော တစ်ခဲနက် ပြေပြစ်ချောမောသောကြောင့် 'ဃနမဋ္ဌက' မည်သော တန်ဆာကို ပြုလုပ်စေ၍၊ ထိုတန်ဆာ ပြီးလတ်သည်ရှိသော် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို ပင့်ဖိတ်၍ ရိုသေကောင်းမွန်စွာ ဆွမ်းကျွေးပြီးလျှင်၊ ဝိသာခါကို တစ်ဆယ့်ခြောက်လုံးသော နံ့သာရေအိုးတို့ဖြင့် ရေချိုးစေ၍ မြတ်စွာဘုရား မျက်မှောက်တော်ထားသဖြင့် (နေစေသဖြင့်) တန်ဆာဆင်ယင်စေလျက် မြတ်စွာဘုရားကို ရှိခိုးစေလေ၏။ မြတ်စွာဘုရားသည် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု၍ ကျောင်းတော်သို့သာလျှင် ကြွသွားတော်မူ၏။

ဝိသာခါသည်လည်း ထိုအခါမှစ၍ အလှူပေးခြင်း အစရှိသောကောင်းမှုတို့ကို ပြုလျက် ဘုရားရှင်၏အထံတော်မှ ရှစ်ပါးသောဆုတို့ကို ရ၍ ကောင်းကင်ပြင်၌ လ, ရေးပမာ လွန်စွာ ထင်ရှားသဖြင့် သားသမီးတို့ဖြင့် စည်ပင်ပေါများ ကြီးပွားခြင်းသို့ ရောက်လေ၏။ ထို ဝိသာခါအား တစ်ကျိပ်သောသားတို့သည် လည်းကောင်း, တစ်ကျိပ်သော သမီးတို့သည် လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖွားလေကုန်သတတ်။ ထို သားသမီးတို့တွင်တစ်ယောက် တစ်ယောက်အား တစ်ကျိပ်တစ်ကျိပ်သော သားတို့သည် လည်းကောင်း, တစ်ကျိပ်တစ်ကျိပ်သော သမီးတို့သည် လည်းကောင်း ပေါက်ဖွားပြန်ကုန်၏။ ထိုမြေးတို့တွင်လည်း တစ်ယောက်တစ်ယောက်အား တစ်ကျိပ်တစ်ကျိပ်သော သားတို့သည် လည်းကောင်း, တစ်ကျိပ်တစ်ကျိပ်သော သမီးတို့သည် လည်းကောင်း ပေါက်ဖွားပြန်လေကုန်၏။ ဤသို့လျှင် ဝိသာခါ၏ သားမြေးမြစ် အစဉ်၏ အစွမ်းဖြင့် ဖြစ်ကုန်သောသူတို့သည် ရှစ်ထောင့်လေးရာနှစ်ဆယ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ရှေးဆရာတို့သည်–

'ဝိသာခါ ဝီသတိပုတ္တာ၊ နတ္တာစ စတုရော သတာ။

ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ' ဟူသောဂါထာကို မိန့်ဆိုတော်မူကုန်၏။

ဝိသာခါ– ဝိသာခါယ။ ဝိသာခါ၏။ ဝီသတိ၊ နှစ်ဆယ်သော။ ပုတ္တာ၊ သား,သမီးတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ နတ္တာစ၊ ဝိသာခါ၏ မြေးတို့ကား။ စတုရောသတာ၊ လေးရာတို့တည်း။ ပနတ္တာ၊ ဝိသာခါ၏ မြစ်တို့ကား။ စတုရောသတာ၊ လေးရာတို့တည်း။ ပနတ္တာ၊ ဝိသာခါ၏ မြစ်တို့ကား။ အဋ္ဌသဟဿာ၊ ရှစ်ထောင်တို့တည်း။ ဣတိ၊ ဤသို့။ ဇမ္ဗုဒီပေ၊ ဇမ္ဗူဒီပါကျွန်းအပြင်၌၊ သုပါကဋာ၊ အလွန်ထင်ရှား၏။

ဝိသာခါ၏အသက်ကား တစ်ရာ့နှစ်ဆယ် ရှည်၏။ ဦးခေါင်း၏ တစ်ခုသော ဖြူသော ဆံပင်မျှမည်သည်လည်း မရှိ။ အမြဲမပြတ် တစ်ဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့ ဖြစ်လေ၏။ သား,မြေး,မြစ်တို့ဖြင့် ခြံရံလျက် ကျောင်းတော်သို့သွားသော ဝိသာခါကို မြင်ကုန်သည်ရှိသော် "ဤသူတို့တွင် အဘယ်သူသည် ဝိသာခါ ဖြစ်ပါသနည်း"ဟု မေးမြန်းကြရကုန်၏။ သွားဆဲဖြစ်သော ဝိသာခါကို မြင်ရကုန်သောသူတို့သည် 'ယခုအခါ အတန်ငယ် သွားပါစေဦး။ သွားဆဲသာလျှင်ဖြစ်သော ငါတို့၏သခင်မသည် တင့်တယ်လှပေ၏'ဟု ကြံစည်မိကြကုန်၏။ ရပ်ဆဲ, ထိုင်ဆဲ, လျောင်းစက်ဆဲဖြစ်သော ဝိသာခါကို မြင်ရကုန်သောသူတို့သည် 'ယခုအခါ အတန်ငယ် လျောင်းစက်ပါစေဦး။ လျောင်းစက်ဆဲသာလျှင်ဖြစ်သော ငါတို့၏သခင်မသည် တင့်တယ်လှပေ၏'ဟု ကြံစည်မိကြကုန်၏။ ဤသို့လျှင် ဝိသာခါအား သွား,ရပ်,ထိုင်,လျောင်းခြင်းတည်းဟူသော ဣရိယာပုတ်လေးပါးတို့၌ 'ဤမည်သော ဣရိယာပုတ်ဖြင့် မတင့်တယ်သောမည်သည် ရှိပေ၏'ဟု ဆိုဖွယ်မရှိ။ ထို ဝိသာခါသည် ဆင်ပြောင်ငါးစီးတို့၏ အားစွမ်းကိုလည်း ဆောင်နိုင်၏။

ပသေနဒီ ကောသလမင်းကြီးသည် 'ဝိသာခါကား ဆင်ပြောင်ငါးစီးတို့၏ အားအစွမ်းကို ဆောင်နိုင်၏'ဟူသောစကားကို ကြားရသဖြင့် ကျောင်းတော်သို့သွား၍ တရားနာပြီးပြန်လာသော အခါကာလ ဝိသာခါ၏အားအစွမ်းကို စုံစမ်းလိုသည်ဖြစ်၍ ဆင်ပြောင်ကို လွှတ်စေလေ၏။ ထိုဆင်ပြောင်သည် နှာမောင်းကိုပင့်မြှောက်၍ ဝိသာခါရှိရာသို့ ရှေးရှု ပြေးသွား၏။ ထို ဝိသာခါ၏



www.burmeseclassic.com

www.burmeseclassic.com



အခြံအရံ မိန်းမငါးရာတို့တွင် အချို့သောမိန်းမတို့ ထွက်ပြေးကြကုန်၏။ အချို့သောမိန်းမတို့ကား ဝိသာခါကို ထက်ဝန်းကျင် တားဆီးကာကွယ်သော အခြင်းအရာကို စီရင်ကြကုန်သည်ဖြစ်၍ "ဤသို့ပြုခြင်းကား အကြောင်းအသို့နည်း"ဟု ဝိသာခါကမေးလတ်သော်၊ "သခင်မ။ မင်းကြီးသည် သခင်မ၏အားအစွမ်းကို စုံစမ်းလိုသည်ဖြစ်၍ ဆင်ပြောင်ကို လွှတ်စေဘိသတတ်"ဟု ပြောဆိုကြကုန်၏။ ဝိသာခါသည် 'ဤဆင်ပြောင်ကိုမြင်၍ ထွက်ပြေးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ အဘယ်သို့သော အခြင်းအရာဖြင့် ထိုဆင်ပြောင်ကို ငါ ကိုင်ဖမ်းရအံ့နည်း'ဟု ကြံပြီးလျှင်၊ 'အကယ်၍ မြဲမြံစွာကိုင်ဖမ်းသည်ဖြစ်အံ့။ ထိုဆင်သည် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ရာရာ၏'ဟု ဆင်ခြင်မိသဖြင့် နှစ်ခုသောလက်ချောင်းတို့ဖြင့် နှာမောင်း၌ဖိနှိပ်ကာ တွန်းလိုက်လေ၏။ ဆင်ပြောင်ကြီးသည် မိမိကိုယ်ကို တည့်တံ့စွာဆောင်လျက် ရပ်တည်ခြင်းငှာ မတတ်နိုင်ရကား မင်းရင်ပြင်၌ ဆောင့်ကြောင့်ထိုင်လျက် လဲကျသွားလေ၏။ များစွာသော လူအပေါင်းသည် အုတ်အုတ်ကျက်ကျက် ကောင်းချီးပေးလေ၏။ ဝိသာခါသည်လည်း အခြံအရံနှင့်တကွ ချမ်းသာစွာ အိမ်သို့ ပြန်သွားလေ၏။

ထိုအခါ သာဝတ္ထိပြည်ကြီးဝယ် 'ဝိသာခါသည် များသောသားသမီး ရှိ၏။ များသော မြေး ရှိ၏။ များသောမြစ် ရှိ၏။ သားသမီး မြေးမြစ်တို့သည် အနာရောဂါဝေဒနာမှ ကင်းကြကုန်၏။ အလွန် မင်္ဂလာရှိသည်'ဟု သမုတ်အပ်ကုန်၏။ ထိုမျှလောက်ကုန်သော သား သမီး မြေး မြစ်တို့တွင် တစ်ယောက်သူမျှလည်း အကြား၌ သေခြင်းသို့ ရောက်လေသောသူမည်သည် မရှိစဘူး။ သာဝတ္ထိပြည်သူပြည်သားတို့သည် မင်္ဂလာရှိသော ပွဲသဘင်တို့၌ ဝိသာခါကို ရှေးဦးစွာ ဖိတ်မန်၍ကျွေးမွေးကြရကုန်၏။ ထိုအခါ တစ်ခုသောပွဲသဘင်နေ့၌ လူများအပေါင်းသည် အဝတ်တန်ဆာဖြင့် တန်ဆာဆင်လျက် တရားနာခြင်းငှာ ကျောင်းတော်သို့ သွားလတ်သည်ရှိသော် ဝိသာခါသည်လည်း ဖိတ်မန်ရာအရပ်၌ သုံးဆောင်စားသောက်ပြီးမှ မဟာလတာတန်ဆာကို ဆင်ယင်လျက် လူများအပေါင်းနှင့်တကွ ကျောင်းသို့သွား၍ တန်ဆာတို့ကိုချွတ်ပြီးလျှင် အပေါ်ရုံအဝတ်ဖြင့် အထုပ်ကိုထုပ်၍ ကျွန်မအား "ဤဘဏ္ဍာထုပ်ကို ယူခဲ့လော့"ဟု ပေးလေ၏။

[ဤအကြောင်းအရာကိုရည်မှန်း၍ ပါဠိတော်၌ 'တေနခေါ ပန သမယေန။ လ။ ပာန္တ ဖေ ဣမံ ဘဏ္ဍိကံ ဂဏှာဟိ'ဟု ဆိုအပ်ပြီ။]

ဝိသာခါသည် ကျောင်းတော်သို့သွားသည်ရှိသော် 'ဤသို့သဘောရှိသော အဖိုးများစွာထိုက်တန်သော, ဦးခေါင်း၌စွပ်၍ ခြေဖနောင့်တိုင်ဆင်ယင်အပ်သော, တန်ဆာကိုဆင်ယင်ဝတ်စားလျက် ကျောင်းတော်သို့ဝင်ခြင်းငှာ မသင့်မလျော်ပါတကား'ဟု ကြံမိသဖြင့် ထိုတန်ဆာကို ချွတ်၍ အထုပ်ကိုပြုပြီးလျှင် မိမိ၏ကောင်းမှုကြောင့်သာဖြစ်ပေါ်လာသော ဆင်ပြောင်ငါးစီးအားကို ဆောင်စွမ်းနိုင်သော ကျွန်မ၏လက်၌ ပေးအပ်လေ၏။ ထိုကျွန်မသည်သာလျှင် ထိုတန်ဆာကို ဆောင်ယူခြင်းငှာ စွမ်းနိုင်သတတ်။ ထို့ကြောင့် ကျွန်မကို "အမိ။ ဤမဟာလတာတန်ဆာကို ယူထားဦးလော့။ ဘုရားရှင်၏အထံတော်မှ ပြန်လာသောအခါကျမှ ထိုတန်ဆာဆင်ယင်ပေအံ့"ဟု ဆိုလေ၏။ ထိုတန်ဆာကိုကား ပေးအပ်ပြီးလျှင် ဃနမဋ္ဌကတန်ဆာကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်လျက် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ တရားတော်ကို နာကြားလေသတည်း။ တရားနာပြီးသောအဆုံး၌ ဘုရားရှင်ကိုရှိခိုး၍ ထပြီး ဖဲသွားလေ၏။

ဝိသာခါ၏ မဟာလတာတန်ဆာကို ယူသိမ်းထားသော ထိုကျွန်မသည်လည်း တန်ဆာကို သတိလွတ်ကင်းသဖြင့် မေ့လျော့ခဲ့မိလေ၏။ တရားတော်ကိုနာ၍ ပရိသတ် ဖဲလတ်သည်ရှိသော် တစ်စုံတစ်ခုသောပစ္စည်းဥစ္စာသည် အကယ်၍ မေ့ကျန်ရစ်သည်ဖြစ်အံ့။ ထိုပစ္စည်းဥစ္စာကို အရှင်အာနန္ဒာမထေရ်သည် သိုမှီးသိမ်းဆည်းထားနေကျဖြစ်၏။ ထို့ကြောင့် အရှင်အာနန္ဒာမထေရ်သည် ထိုနေ့၌ မဟာလတာတန်ဆာကိုမြင်လေလျှင် ဘုရားရှင်အား "မြတ်စွာဘုရား။ ဝိသာခါသည် မဟာလတာတန်ဆာကို မေ့ရစ်၍ သွားပါသည်ဘုရား"ဟု လျှောက်ကြားသဖြင့်၊ "ချစ်သားအာနန္ဒာ။ တင့်အပ်လျောက်ပတ်သောအရပ်၌ ထားလော့"ဟု မိန့်တော်မူလျှင်၊ အရှင်အာနန္ဒာမထေရ်သည် ထိုမဟာလတာတန်ဆာကို ပင့်ချီမြောက်ယူ၍ စောင်းတန်းနံပါး၌ ဆွဲချိတ်ကာ ထားလေ၏။

ဝိသာခါသည်လည်း 'သုပ္ပိယာ'မည်သော ဒါယိကာမနှင့်တကွ အာဂန္တုဖြည့်သည်ရဟန်း, ခရီးသွားသောရဟန်း, သူနာရဟန်း စသည်တို့အား ပြုစုသင့်ပြုစုထိုက်သော ကိစ္စအလုံးစုံကို သိရအံ့ဟု ကျောင်းတွင်း၌ လှည့်လည်ခဲ့လေ၏။ ထိုဒါယိကာမတို့ကို ကျောင်းတွင်း၌ တွေ့မြင်ကြကုန်သည်ရှိသော် ထောပတ်,ပျား,တင်လဲ အစရှိသည်တို့ဖြင့် အလိုရှိကုန်သော ပဉ္စင်းငယ်တို့သည်လည်းကောင်း၊ သာမဏေတို့သည် လည်းကောင်း ပြကတေ့အားဖြင့်သာလျှင် ခွက် စသည်တို့ကို ယူကုန်လျက် ချဉ်းကပ်လာကြကုန်၏။ ထိုနေ့၌လည်း ထိုနည်းအတူသာလျှင် ပြုကြလေကုန်၏။

အခါတစ်ပါး၌ မကျန်းမာသော ဂိလာနရဟန်းတစ်ပါးကို မြင်ရ၍ သုပ္ပိယာ ဒါယိကာမသည် "အရှင်မြတ်အား အဘယ်ဝတ္ထုဖြင့် အလိုတော်ရှိပါသနည်း"ဟု မေးလျှောက်သဖြင့် "သားပြွမ်းဟင်းရည်ဖြင့် အလိုရှိကြောင်း"ကို ဆိုလတ်သော်၊ "အလိုတော်ရှိသည်ဖြစ်ပါမူ အရှင်မြတ်ထံ ပို့ခိုင်းလိုက်ပါမည်ဘုရား"ဟု လျှောက်ကြားဝန်ခံ၍ နစ်ရက်မြောက်သောနေ့၌ အပ်သောအသားကို ရှာ၍မရခြင်းကြောင့် မိမိ၏ပေါင်သားဖြင့် ပြုဖွယ်ဖြစ်သော သားပြွမ်းဟင်းရည်ကိစ္စကို မချွတ်မယွင်းရအောင် ပြုလုပ်လှူဒါန်း၍ နောက်တစ်ဖန် မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ကြောင့် ပြကတေ့သောကိုယ် ရှိသည်သာလျှင်ဖြစ်ပြန်၏။

ဝိသာခါသည်လည်း သူနာရဟန်းတို့ကို လည်းကောင်း၊ ရဟန်းငယ်တို့ကို လည်းကောင်း၊ သာမဏေတို့ကိုလည်းကောင်း ကြည့်ရှု၍ တစ်ခုသောတံခါးဖြင့် ထွက်ခဲ့ပြီးလျှင် ကျောင်းဥပစာ၌တည်နေလျက်"အမိ။ မဟာလတာတန်ဆာကို ဆောင်ခဲ့လော့။ ဆင်ယင်ဦးအံ့"ဟု ဆိုလေ၏။ ထိုခဏ၌ ကျွန်မသည် "မေ့လျော့ခဲ့မိပါပြီ"ဟု ပြောဆိုလေ၏။ "ထိုသို့ဖြစ်မူ သွားယူ၍ လာခဲ့လော့။ ငါ၏အရှင်သခင် အာနန္ဒာမထေရ်မြတ်သည် ချီမ၍ ဤမည်သောအရပ်၌ အကယ်၍ ထားအပ်သည်ဖြစ်အံ့။ မဆောင်ယူခဲ့လေလင့်။ အရှင်မြတ်အားသာလျှင် ထိုတန်ဆာကို ငါသည် စွန့်လွှတ် လှူဒါန်းအပ်ပေပြီ"ဟု ဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤသို့သော စကားကို မှာထားလိုက်ခြင်းသည်ကား အမျိုးကောင်းသားသမီးတို့၏ မေ့လျော့ကျန်ရစ်သောဘဏ္ဍာကို အရှင်အာနန္ဒာမထေရ်သည် သိမ်းဆည်းမြဲဖြစ်၏ဟု ဝိသာခါ သိပြီးဖြစ်လေသတတ်။ ထို့ကြောင့် ဤသို့ မှာထားလိုက်ခြင်း ဖြစ်၏။]

အရှင်အာနန္ဒာမထေရ်သည်လည်း ထိုကျွန်မကို မြင်လျှင်မြင်ချင်း"အဘယ့်ကြောင့်လာသနည်း"ဟုမေးသဖြင့်၊ "အရှင်ဘုရား။ တပည့်တော်မ၏ သခင်မတန်ဆာကို မေ့လျော့ခဲ့မိ၍ ပြန်လာရပါသည်ဘုရား"ဟု လျှောက်ကြားလတ်သော်၊"ငါသည် တစ်ခုသော စောင်းတန်းနံပါး၌ ထားအပ်၏။ သွားချေ။ ထိုတန်ဆာကို ယူလော့"ဟု မိန့်ဆိုတော်မူလေ၏။ ကျွန်မသည်"အရှင်ဘုရား။ အရှင်မြတ်တို့၏လက်တော်ဖြင့် သုံးသပ်အပ်ပြီးသောဘဏ္ဍာကို တပည့်တော်မ၏ သခင်မသည် မဆောင်ယူအပ်သည်ကို ပြုအပ်ပါလေပြီဘုရား"ဟု လျှောက်ထား၍ အချည်းနှီးသော လက်ရှိသဖြင့်သာလျှင် ပြန်သွား၍၊"အမိ။ အကြောင်း အသို့နည်း"ဟု ဝိသာခါကမေးလျှင် ထိုအကြောင်းကို ပြောကြားလေ၏။

"အမိ။ ငါ၏အရှင်သခင် အာနန္ဒာသုံးသပ်လေပြီးသော ဘဏ္ဍာကို ငါသည် မဆင်ယင်တော့အံ့။ ငါသည် စွန့်လွှတ်လှူဒါန်းအပ်ပေပြီ။ ထိုသို့ စွန့်လွှတ်အပ်သော်လည်း အရှင်မြတ်သည် သိမ်ဆည်းစောင့်ရှောက်ခြင်းငှာ ဆင်းရဲငြိုငြင်ပေလတ္တံ့။ ထိုတန်ဆာကို စွန့်လွှတ်ရောင်းချပြီးလျှင် အပ်သောကပ္ပိယဘဏ္ဍာကို ဆောင်ပို့လှူဒါန်းအံ့။ သွားချေ။ ထိုတန်ဆာကို ဆောင်ယူခဲ့လော့"ဟု စေလွှတ်ပြန်၏။

ကျွန်မလည်း သွား၍ မဟာလတာတန်ဆာကို ယူဆောင်လေ၏။ ဝိသာခါသည် ကျွန်မ ဆောင်ယူလာသော တန်ဆာကို မဆင်ယင်မူ၍သာလျှင် ပန်းထိမ်သည်တို့ကို ခေါ်စေ၍ အဖိုးဖြတ်စေ၏။ ထို ပန်းထိမ်သည်တို့က "ကိုးကုဋေ အဖိုးထိုက်၏။ လက်ခကား တစ်သိန်းထိုက်၏"ဟု ဖြတ်ဆိုသည်ရှိသော် "ထိုသို့ဖြစ်မူ ဤတန်ဆာကို လှည်းယာဉ်ထက်၌ တင်စေ၍ ရောင်းချကြကုန်လော့"ဟု ဆိုလေ၏။ ထိုမျှလောက်သော အဖိုးဥစ္စာကိုပေး၍ ဝယ်ယူအံ့သောငှာ တစ်စုံတစ်ယောက်သောသူမျှ မစွမ်းနိုင်လတ္တံ့။

[မဝယ်နိုင်ကြောင်းကား ထိုတန်ဆာကို ဆင်ယင်ခြင်းငှာ ထိုက်တန်သောမိန်းမတို့မည်သည် ရနိုင်ခဲကုန်၏။ ထိုစကား မှန်၏။ ဤမြေမြင်အဝန်း၌ သုံးယောက်သော မိန်းမတို့သည်သာလျှင် မဟာလတာတန်ဆာကို ရကြလေကုန်၏။ဝိသာခါသည် လည်းကောင်း၊ မလ္လမင်းသား ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည် လည်းကောင်း၊ ဗာရာဏသီသူဌေးကြီး၏ သမီးသည် လည်းကောင်း ဤသုံးဦးတို့သာ ရကြလေကုန်၏။]

ထို့ကြောင့် ဝိသာခါသည် မိမိကိုယ်တိုင်ပင်လျှင် ထို မဟာလတာတန်ဆာ၏အဖိုးကို ပေး၍ တစ်သိန်းအလွန်ရှိသော ကိုးကုဋေသောဥစ္စာတို့ကို လှည်း၌တင်၍ ကျောင်းတော်သို့ ဆောင်ယူလျက် မြတ်စွာဘုရားကို ရှိခိုးပူဇော်ပြီးလျှင်–

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ တပည့်တော်မ၏ အရှင်သခင် အာနန္ဒာမထေရ်မြတ်သည် တပည့်တော်မ၏ မဟာလတာတန်ဆာကို လက်တော်ဖြင့် သုံးသပ်



www.burmeseclassic.com

www.burmeseclassic.com



အပ်လေပြီ။ ထိုမထေရ်မြတ် သုံးသပ်သောအခါမှ စ၍ ထိုတန်ဆာကို တပည့်တော်မ ဝတ်ဆင်ခြင်းငှာ မတတ်နိုင်ပါ။ ထိုတန်ဆာကို စွန့်လွှတ်ရောင်းချ၍ အပ်သောကပ္ပိယဘဏ္ဍာကို ဆောင်ပို့လှူဒါန်းအံ့ဟု လှည့်လည်ရောင်းချစေပါသော်လည်း ဝယ်ယူခြင်းငှာစွမ်းနိုင်သော တစ်ပါးသောသူကို မမြင်ခြင်းကြောင့် တပည့်တော်မသည်ပင်လျှင် အဖိုးကိုပေး၍ ဝယ်ယူပြီးမှ ထိုတန်ဆာအဖိုးကို ယူဆောင်စေ၍ လာရောက်ခဲ့ပါသည်။ လေးပါးသောပစ္စည်းတို့တွင် အဘယ်ပစ္စည်းကို ဆောင်ယူ လှူဒါန်းရပါအံ့နည်းဘုရား"ဟု လျှောက်ကြားလေ၏။

"ဝိသာခါ ဒါယိကာမ။ သင်သည် မြို့၏အရှေ့တံခါး၌ သံဃာတော်အပေါင်း သီတင်းသုံးနေစရာ ကျောင်းကို ဆောက်လုပ်ခြင်းငှာ သင့်လျော်ပေ၏"ဟု မိန့်တော်မူ၏။ ဝိသာခါသည် "မြတ်စွာဘုရား။ သင့်တော်ကောင်းမြတ် လျှောက်ပတ်လှပါသည်ဘုရား"ဟု လျှောက်ကြား၍၊ နှစ်သက်ဝမ်းမြောက်လှစွာ ကိုးကုဋေသောဥစ္စာတို့ဖြင့် မြေကိုသာလျှင် ဝယ်ယူလေ၏။ တစ်ပါးသောကိုးကုဋေသောဥစ္စာတို့ဖြင့် ကျောင်းကို ဆောက်လုပ်ခြင်းငှာ အားထုတ်လေ၏။

ထို့နောက် တစ်နေ့သ၌ မြတ်စွာဘုရားသည် နံနက်စောစော မိုးသောက်ယံအခါ၌ လောကကို ကြည့်ရှုတော်မူလတ်သည်ရှိသော် နတ်ပြည်မှစုတေ၍ ဘဒ္ဒိယပြည် သူဌေးမျိုး၌ဖြစ်သော 'ဘဒ္ဒိယ'မည်သော သူဌေးသား၏ အကြောင်းဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ အနာထပိဏ်သူဌေးကြီး၏ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြုပြီးလျှင် မြောက်တံခါးသို့ ရှေးရှုကြွတော်မူလေ၏။

[ပကတိသဘောအားဖြင့် မြတ်စွာဘုရားသည် ဝိသာခါအိမ်၌ ဆွမ်းကို ခံယူတော်မူသည်ရှိသော် တောင်တံခါးဖြင့် ထွက်ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလေ့ရှိ၏။ အနာထပိဏ်သူဌေးကြီးအိမ်၌ ဆွမ်းကို ခံယူတော်မူပြီးသည်ရှိသော် အရှေ့တံခါးဖြင့် ထွက်ကြွတော်မူ၍ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူလေ့ ရှိ၏။ မြောက်တံခါးသို့ ရည်ရွယ်၍ ကြွသွားတော်မူသည်သာလျှင်ဖြစ်သော ဘုရားရှင်ကို မြင်ကြကုန်လျှင် 'ဒေသစာရီ ကြွချီလတ္တံ့'ဟု သိကြရကုန်၏။]

ဝိသာခါသည်လည်း ထိုနေ့၌ မြတ်စွာဘုရားသည် မြောက်တံခါးသို့ ရှေးရှုကြွသွားတော်မူ၏ဟု ကြားသိရသဖြင့် လျင်မြန်စွာလိုက်သွား၍ ရှိသေမြတ်နိုး ရှိခိုးလျက် "ဘုန်းတော်ကြီးမူသော မြတ်စွာဘုရား။ ဒေသစာရီ ကြွချီတော် မူလိုကြပါသလော ဘုရား"ဟု မေးလျှောက်ကြားလေ၏။ "ဝိသာခါ။ ကြွချီလိုသည် မှန်ပေ၏"ဟု မိန့်တော်မူလတ်သော်၊ "မြတ်စွာဘုရား။ ဤမျှလောက်သော ပစ္စည်းဥစ္စာကိုစွန့်လွှတ်၍ ရှင်တော်မြတ်ဘုရားတို့အလို့ငှာ ကျောင်းကို ဆောက်လုပ်မည်ဖြစ်ပါသောကြောင့် ပြန်လည် ဆုတ်နစ်တော်မူပါဘုရား"ဟု လျှောက်ကြားပြန်လေ၏။ "ဝိသာခါ။ ဤကြွခြင်းကား ပြန်လည်ဆုတ်နစ်ခြင်းမရှိသော ကြွသွားခြင်းတည်း"ဟု မိန့်တော်မူလေလျှင်၊ ဝိသာခါသည် 'မချွတ်လျှင် အကြောင်းဥပနိဿယနှင့် ပြည့်စုံသော တစ်စုံတစ်ယောက်ပုဂ္ဂိုလ်ကို မြတ်စွာဘုရား မြင်တော်မူလတ္တံ့'ဟု ကြံမိ၍၊ "မြတ်စွာဘုရား။ ထိုသို့ဖြစ်ပါမူ တပည့်တော်မ၏ ပြုသင့်ပြုထိုက်၊ မပြုသင့်မပြုထိုက်သည်ကို ကျွမ်းကျင်နားလည်သော ရဟန်းတစ်ပါးကို ပြန်နစ်စေ၍ ကြွမြန်းတော်မူကြပါဘုရား"ဟု လျှောက်ကြား



www.burmeseclassic.com

www.burmeseclassic.com



ပြန်သဖြင့်၊ "ဝိသာခါ။ အကြင်ရဟန်းကို နှစ်သက်၏။ ထိုရဟန်း၏သပိတ်ကို ယူလော့"ဟုံ မိန့်တော်မူလေ၏။

ဝိသာခါသည် 'ရှင်အာနန္ဒာ မထေရ်ကို အကယ်၍ကား ချစ်ကြည်မြတ်နိုး၏။ ထိုသို့ပင် ဖြစ်သော်လည်း ရှင်မောဂ္ဂလာန် မထေရ်ကား တန်ခိုးကြီး၏။ ထို ရှင်မောဂ္ဂလာန် မထေရ်ကို အမှီပြုရလျှင် ငါ၏အမှုသည် လျင်မြန်စွာ ပြီးစီးပေလတ္တံ့.'ဟု တစ်ဖန်ကြံစည်လျက်၊ ရှင်မောဂ္ဂလာန်မထေရ်၏ သပိတ်ကိုယူလေ၏။ မထေရ်လည်း မြတ်စွာဘုရားကို မော်၍ ဖူးမြော်ကြည့်ရှုရကား မြတ်စွာဘုရားက "ချစ်သားမောဂ္ဂလာန်။ သင်၏အခြံအရံ ရဟန်းငါးရာ တို့ကို ခေါ်၍ ပြန်လည် ဆုတ်နစ်နေရစ်လေလော့"ဟု မိန့်တော်မူလျှင်။

ရှင်မောဂ္ဂလာန်လည်း ဘုရားမိန့်တော်မူတိုင်း ဆုတ်နစ်နေရစ်လေ၏။ ထို ရှင် မောဂ္ဂလာန်၏ တန်ခိုးအာနုဘော်တော်အားဖြင့် ယူဇနာ ငါးဆယ်,. ခြောက်ဆယ်သို့တိုင် အောင်လည်း သစ်သားအလို့ငှာ လည်းကောင်း, ကျောက်အလို့ငှာလည်းကောင်း သွား၍၊ ကြီးကုန်ကြီးကုန်သော သစ်သားတို့ကိုလည်းကောင်း, ကျောက်တို့ကိုလည်ကောင်း ယူပြီးလျှင်၊ ထိုနေ့၌ပင် ပြန်လာနိုင်ကြကုန်၏။ လှည်းပေါ်သို့ သစ်သား, ကျောက်တို့ကို တင်သော သူတို့သည် ပင်ပန်းခြင်းမည်သည်လည်း မရှိကြကုန်။ လှည်းဝင်ရိုး ကျိုးခြင်းလည်း မရှိ။

မကြာမြင့်မီပင်လျှင် ဘုံနှစ်ဆင့် ရှိသောပြာ သာဒ်ကျောင်းကြီးကို ဆောက်လုပ်ကြလေ ကုန်၏။ အောက်ထပ်ဘုံဆင့်၌ တိုက်ခန်း ငါးရာတို့ လည်းကောင်း, အထက်ထပ် ဘုံဆင့်၏ တိုက်ခန်းငါးရာတို့ လည်းကောင်း, ဤသို့ တိုက်ခန်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော ပြာသာဒ်ကျောင်းတော်ကြီးသည် ဖြစ်လေ၏။ ရှစ်မင်းပယ်စာမျှလောက်သော သန့်ရှင်းသော မြေအဖို့၌ ပြာသာဒ်ကို ဆောက်လုပ်စေ၏။ သက်သက်သောပြာသာဒ်သည် မတင့်တယ်ခဲ့ဟု ပြာသာဒ်ကို ပတ်လည်ဝန်းရံပြီးလျှင် ကမ္မဋ္ဌာန်းစီးဖြန်းစရာ ကျောင်း ငါးရာတို့ကို လည်းကောင်း, ပြာသာဒ်ငယ် ငါးရာတို့ကို လည်းကောင်း, ရှည်လျားသော ဇရပ်တန်ဆောင်း ငါးရာတို့ကို လည်းကောင်း ဆောက်လုပ်စေပြန်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ကိုးလတို့ပတ်လုံး ဒေသစာရီ ကြွချီတော်မူ၍ တစ်ဖန် သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလာ၏။ ဝိသာခါ၏ပြာသာဒ်ကျောင်းတော်ကြီး၌ ဆောက် လုပ်ခြင်းအမှုသည် ကိုးလတို့ဖြင့် ပြီးဆုံးခြင်းသို့ ရောက်လေ၏။ ပြာသာဒ်အထွတ်အဖျား စုလစ်မွမ်းချွန်ကား တစ်ခဲနက်ခတ်အပ်သော နီသောရွှေဖြင့်သာလျှင် ရေအိုး အလုံးခြောက်ဆယ် ဝင် အိုးစရည်းကြီးပမာဏရှိသော ကြာသွတ်အိုးကို ပြုလုပ်စေလေ၏။ "မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်တော်မူ၏" ဟူသောစကားကို ကြား၍ ခရီးဦးကြိုဆိုပြီးလျှင် မြတ်စွာဘုရားကို မိမိ၏ကျောင်းသို့ ပင့်ဆောင်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤမိုး လေးလပတ်လုံး ရဟန်းသံဃာတော်အပေါင်းကို ခေါ်ယူတော်မူခဲ့သဖြင့် ဤကျောင်း၌သာလျှင် သီတင်းသုံးတော်မူပါ။ ပြာသာဒ်ပူဇော်ပွဲသဘင် ကျောင်းသာခုခေါ်ခြင်းကို ပြုလုပ်လိုပါသည် ဘုရား"ဟု ပဋိညာဉ်ကို ယူ၏။ မြတ်စွာဘုရားသည်လည်း သည်းခံတော်မူလေ၏။ ဝိသာခါသည် ထိုအခါမှစ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကျောင်း၌သာလျှင် အလှူဒါန ပေးလှူစွန့်ကြဲ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝိသာခါ၏ အဆွေခင်ပွန်းမဖြစ်သော ဒါယိကာမတစ်ယောက်သည် အဖိုးတစ်သိန်းထိုက်သော တစ်ထည်သောအဝတ်ပုဆိုးကို ယူလာ၍ "အဆွေခင်ပွန်းမ ဝိသာခါ။ ငါသည် ဤအဝတ်ပုဆိုးကို သင်အရှင်မ၏ ကျောင်းပြာသာဒ်၌ မြေအခင်းအသွင်ဖြင့် ခင်းလိုပါသည်။ ခင်းဖို့ရာအရပ်ကို ငါ့အား ပြောကြားပါကုန်လော့"ဟု ဆို၏။ "အဆွေခင်ပွန်းမ။ ကောင်းလှပါပြီ။ ငါသည် သင့်အား ခင်းဖို့ရာ အခွင့်အရပ်မရှိဟု အကယ်၍ ဆိုသည်ဖြစ်အံ့။ 'ငါ့အား ခင်းဖို့ရာ အခွင့်အရပ်ပေးခြင်းငှာ အလိုမရှိ'ဟု သင် အောက်မေ့လတ္တံ့။ ထို့ကြောင့် ကိုယ်တိုင်သာလျှင် ပြာသာဒ်၏ ဘုံနှစ်ဆင့်တို့ကို လည်းကောင်း, တိုက်ခန်းတစ်ထောင်ကိုလည်းကောင်း ကြည့်ရှု၍ ခင်းဖို့ရာအရပ်ကို သိပါလေလော့"ဟုဆို၏။ ထို အဖော်မသည်လည်း အဖိုးတစ်သိန်းထိုက်သော အဝတ်ပုဆိုးကိုယူ၍ ထိုထိုအရပ်၌ သွားလာကြည့်ရှုသည်ရှိသော် မိမိယူလာသော ထို အဝတ်ပုဆိုးထက် နည်းသောအဖိုးရှိသော အဝတ်ပုဆိုးကို မမြင်ခြင်းကြောင့် "ငါသည် ဤကျောင်းပြာသာဒ်၌ ကောင်းမှုအဖို့ မရဘဲရှိချေ၏" ဟု နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍ တစ်ခုသောအရပ်၌ ငိုကြွေးလျက်ရပ်နေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် ငိုကြွေး၍နေသော ဒါယိကာမကို မြင်ရသဖြင့် "အဘယ့်ကြောင့် ငိုကြွေးဘိသနည်း"ဟု မေးသော်၊ ငိုကြွေးသောဒါယိကာမသည် ထိုအကြောင်းကို လျှောက်ကြားလေ၏။ အရှင်အာနန္ဒာမထေရ်က "မစိုးရိမ်လင့်။ ငါသည် သင့်အား ခင်းဖို့ရာအရပ်ကို ပြောကြားပေအံ့"ဟု မိန့်တော်မူပြီးလျှင်၊ "စောင်းတန်းခြေရင်း ခြေဆေးရာအရပ်၌ ဤတစ်သိန်းတန်အဝတ်ပုဆိုးကို ခြေသုတ်ပုဆိုးပြု၍ ခင်းလေလော့"ဟု မိန့်ကြားတော်မူ၍ "ရဟန်းတို့သည် ခြေတို့ကိုဆေး၍ ရှေးဦးစွာ ဤအဝတ်ပုဆိုး၌ ခြေကိုသုတ်သင်ပြီးမှ ကျောင်းတွင်းသို့ ကြွဝင်ကြကုန်လတ္တံ့။ ဤသို့လျှင် သင်ဒါယိကာမကြီးအား များစွာ အကျိုးရှိသည် ဖြစ်လတ္တံ့"ဟု မိန့်ကြားတော်မူလေ၏။ [ထိုနေရာကား ဝိသာခါသည် မမှတ်သားမိသောအရပ် ဖြစ်သတတ်။]

ဝိသာခါသည် လေးလတို့ပတ်လုံး ကျောင်းတွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်မြတ်အပေါင်းအား အလှူကို ပေးလှူလေ၏။ နောက်ဆုံးဖြစ်သောနေ့၌ ရဟန်းသံဃာတော်မြတ်အပေါင်းအား သင်္ကန်းလျာပုဆိုးတို့ကို ပေးလှူ၏။ သီတင်းအငယ်ဆုံးဖြစ်သော 'သင်္ဃနဝ'ရဟန်းရသော သင်္ကန်းလျာပုဆိုးတို့သည် အဖိုးတစ်ထောင် ထိုက်ကုန်၏။ ခပ်သိမ်းသောရဟန်းတို့အား သပိတ်တို့ကို ပြည့်စေလျက် ဆေးပစ္စည်းကို ပေးလှူ၏။ ဒါနဝတ္တုကို စွန့်လွှတ်လှူဒါန်းခြင်းအားဖြင့် အသပြာကိုးကုဋေတို့သည် ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ ဤသို့အားဖြင့် ကျောင်းရာမြေကို ဝယ်ယူခြင်းဖြင့် ကိုးကုဋေ, ကျောင်းဆောက်လုပ်စေခြင်းဖြင့် ကိုးကုဋေ, ကျောင်းပူဇော်ပွဲကို ကျင်းပခြင်းဖြင့် ကိုးကုဋေ ဤသို့ အလုံးစုံ နှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတို့ကို ဝိသာခါသည် ဘုရားရှင်သာသနာတော်၌ စွန့်ကြဲလှူဒါန်းပေ၏။ မိန်းမအဖြစ်၌ တည်၍ မိစ္ဆာဒိဋ္ဌိအိမ်၌ နေရသည်ဖြစ်လျက် ဤသို့သဘောရှိသော များမြတ်သောစွန့်ကြဲခြင်းမည်သည် ဝိသာခါမှတစ်ပါး အခြားသောမိန်းမအား မရှိစဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဝိသာခါသည် ကျောင်းသာစုခေါ်ခြင်း၏ ပြီးဆုံးသောနေ့၌ ညချမ်းသောအခါ သား, မြေး,မြစ်တို့ခြံရံလျက် 'ငါသည် ရှေး၌ အကြင်အကြင်ဆုကို တောင့်တအပ်၏။ ထိုထို အလုံးစုံသောဆုသည် အထွတ်အထိပ်ပြည့်စုံခြင်းသို့ ရောက်ပေပြီ"ဟု ကျောင်းပြာသာဒ်ကို အစဉ်လှည့်လည်ကာသွားလျက် ငါးခုသောဂါထာတို့ဖြင့် အသံသာယာစွာ ဤဥဒါန်းစကားကို မြွက်ကြားကျူးရင့်လေ၏။

'ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာ မတ္တိက လေပနံ။
ဝိဟာရ ဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ မဉ္စ ပီဌဉ္စ၊ ဘိသိဗိမ္ဗော ဟနာနိစ။
သေနာသန ဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ သလာက ဘတ္တံ၊ သုစိ မံသုပသေစနံ
ဘောဇန ဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမ ကပ္ပါသိကာနိစ။
စီဝရ ဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။
ကဒါဟံ သပ္ပိ နဝ နီတံ၊ မဓု တေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇ ဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော'

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ သုဓာ မတ္တိက လေပနံ၊ ထုံး,အင်္ဂတေ, မြေဖြူ, မြေနီဖြင့် လိမ်းကျံအပ်သော။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ဖွယ်လည်းရှိသော။ ပါသာဒံ၊ ပြာ သာဒ်ဟု ဆိုအပ်သော။ ဝိဟာရ ဒါနံ၊ ကျောင်းဟူသော အလှူကို။ ဒဿာမိ၊ ပေးလှူပါအံ့ နည်း။ ဣတိ၊ ဤသို့၊ မယှံ၊ငါ၏။ သင်္ကပ္ပေါ၊ တောင့်တအပ်သောအကြံသည်။ အဇ္ဇ၊ ယနေ့။ ပူရိတော၊ ပြည့်လေပြီ။

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ငါသည်။ မဉ္စပီဌဉ္စ၊ ညောင်စောင်းအင်းပျဉ်လည်း ဖြစ်သော။ ဘိသိဗိမ္ဗော ဟနာနိစ။ ဘုံလျှိုခေါင်းအုံးတို့လည်း ဖြစ်ကုန်သော။ သေနာသန ဘဏ္ဍံ၊ အိပ်ရာနေရာ ကျောင်းဘဏ္ဍာကို။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့။ မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ တောင့်တအပ်သော အကြံသည်။ပူရိတော၊ ပြည့်လေပြီ။

ကဒါ၊အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ သုစိ၊ သန့်ရှင်းစင်ကြယ်သော။ မံသူပသေစနံ၊ ငါးအမဲဖြင့်ပြွမ်းသော။ သလာကဘတ္တံ၊ စာရေးတံဆွမ်း အစရှိသော။ ဘောဇန ဒါနံ၊ ဘောဇဉ်ဟူသောအလှူကို။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့။မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ တောင့်တအပ်သော အကြံသည်။ပူရိတော၊ ပြည့်လေပြီ။

ကဒါ၊ အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ ကာသိကဝတ္ထဉ္စ၊ ကာသိကရာဇ်တိုင်း၌ဖြစ်သော အဝတ်ပုဆိုးလည်း ဖြစ်သော။ ခေါမ ကပ္ပသိ ကာနိစ၊ ခေါမတိုင်း၌ဖြစ်သော ပုဆိုးဝါချည်ပုဆိုးတို့သည် ဖြစ်ကုန်သော။ စီဝရ ဒါနံ၊ သင်္ကန်းဟူသော အလှူကို။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့။ မယှံ၊ ငါ၏။ သင်္ကပ္ပေါ၊ တောင့်တအပ်သော အကြံသည်။ ပူရိတော၊ ပြည့်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကဒါ၊အဘယ်နံ့ရောအခါ၌။ အဟံ၊ ငါသည်။ သပ္ပိ နဝ နီတဥ္စ၊ ထောပတ်ဆီဥလည်း ဖြစ်သော။ မဓုတေလဥ္စ၊ ပျားရည်ဆီလည်း ဖြစ်သော၊ ဖာဏိတံ၊ တင်လဲလည်း ဖြစ်သော။ ဘေသဇ္ဇဒါနံ၊ ဆေးဟူသော အလှူကို။ ဒဿာမိ၊ ပေးလှူရပါအံ့နည်း။ ဣတိ၊ ဤသို့။ မယှံ၊ ငါ၏။ သက်ပ္ပေါ၊တောင့်တအပ်သောအကြံသည်။ ပူရိတော၊ ပြည့်လေပြီ။

ရဟန်းတို့သည် ထိုဝိသာခါ၏ ဂါထာရွတ်ဆိုသောအသံကို ကြားရလျှင် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်ကုန်၏။ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တပည့်တော်တို့သည် ဤမျှအတိုင်းအရှည်ရှိသော ကာလတို့ပတ်လုံး ဝိသာခါဒါယိကာမ၏ သီချင်းဆိုခြင်းမည်သည်ကို မကြားမထင် မမြင်ဘူးပါ။ ထိုဝိသာခါသည် ယနေ့ သား မြေး မြစ်တို့ခြံရံကာ သီချင်းသီဆိုလျက် ကျောင်းပြာသာဒ်ကို အစဉ်လှည့်လည်ပါသည်။ ထိုဝိသာခါအား သည်းခြေသည်မူလည်း ပျက်စီးပါလေသလော။ထိုသို့မဟုတ် ရူးသွပ်ခြင်းသည်လည်း ဖြစ်ပါလေသလော ဘုရား"ဟု လျှောက်ကြားကြလေကုန်၏။

မြတ်စွာဘုရားသည်လည်း "ချစ်သားရဟန်းတို့။ ငါ၏သမီး ဝိသာခါသည် သီချင်းသီဆိုသည် မဟုတ်။ ထိုဝိသာခါအား မိမိ၏အလိုဆန္ဒ ပြည့်ဝလေပြီ။ ထိုဝိသာခါသည် 'ငါ၏ တောင့်တအပ်သောဆုတောင်းခြင်းသည် အထွတ်အထိပ်အပြီးအဆုံးသို့ ရောက်ရပေပြီ'ဟု နှစ်သက်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ဥဒါန်းသီကုံးကျူးရင့်လျက် လှည့်ပတ်သွားလာပါ၏"ဟု မိန့်တော်မူသည်ရှိသော်၊ "မြတ်စွာဘုရား။ အဘယ်အခါကာလ၌ ထိုဝိသာခါသည် ဆုတောင်းခြင်းကို တောင့်တဖူးပါသနည်း ဘုရား"ဟု ရဟန်းတို့ လျှောက်ထား ပြန်သည်ဖြစ်၍၊ "ချစ်သား ရဟန်းတို့။ နာကြားလိုကြကုန်သလော"ဟု မိန့်တော်မူပြန်သဖြင့်၊ "နာကြားလိုကြပါကုန်သည် မြတ်စွာဘုရား"ဟု ရဟန်းတို့က လျှောက်ထားပြန်သောကြောင့် လွန်လေ ပြီးသောအတိတ်ကို ဆောင်တော်မူလေ၏။

"ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဤကမ္ဘာမှ ပြန်ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရ မည်တော်မူသော မြတ်စွာဘုရားသည် လောက၌ ထင်ရှားပွင့်တော်မူလေ၏။ ထို ပဒုမုတ္တရဘုရားရှင်၏ အသက်တော်ကား အနှစ်တစ်သိန်း ဖြစ်၏။ ရဟန္တာတစ်သိန်း အခြံအရံ ရှိ၏။ နေပြည်တော်ကား ဟံသာဝတီ အမည်ရှိ၏။ ခမည်းတော်ကား သုနန္ဒာ အမည်ရှိသောမင်းကြီး ဖြစ်၏။ မယ်တော်ကား သုဇာတာ အမည်ရှိသောမိဖုရားကြီး ဖြစ်၏။

"ထို ပဒုမုတ္တရဘုရားရှင်၏ မြတ်သောအလုပ်အကျွေး ဒါယိကာမတစ်ယောက်သည် ရှစ်ပါးသောဆုတို့ကို တောင်းယူ၍ မိခင်၏အရာ၌ တည်ပြီးလျှင် ဘုရားသဗ္ဗညုကို ပစ္စည်းလေးပါးတို့ဖြင့် နေ့ ညဉ့်မပြတ် ဆည်းကပ်လုပ်ကျွေးလေ၏။ ညဉ့်နံနက် မပျက်မကွက်စေသောအားဖြင့် ခစားလုပ်ကျွေးခြင်းငှာ ရောက်၏။ ထိုအလုပ်အကျွေးဒါယိကာမ၏ တစ်ယောက်သော အဆွေခင်ပွန်းမသည် ထိုအလုပ်အကျွေးဒါယိကာမနှင့် အတူတကွ ကျောင်းတော်သို့ မပြတ်သွား၏။ ထို အဆွေခင်ပွန်းမသည် ထို အလုပ်အကျွေးဒါယိကာမအား



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်နှင့်တကွ အကျွမ်းဝင်သဖြင့် စကားပြောဆိုခြင်းကို လည်းကောင်း၊ အထူးအကျွမ်းဝင်ခြင်းကို လည်းကောင်းမြင်ရလျှင် 'အဘယ်ကောင်းမှုကိုပြု၍ ဤသို့ ဘုရားရှင်တို့နှင့် အကျွမ်းဝင်သော သူတို့ ဖြစ်ကြသနည်း'ဟု ကြံစည်၍ မြတ်စွာဘုရားကို ဤသို့ မေးမြန်းလျှောက်ထားလေ၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဤမိန်းမသည် ရှင်တော်မြတ်ဘုရားတို့နှင့် အဘယ်သို့ တော်စပ်ပါသနည်း"ဘုရားဟု မေးလျှောက်လတ်သော်၊ "အလုပ်အကျွေး ဒါယိကာမတို့တွင် မြတ်သောအလုပ်အကျွေးတစ်ယောက် ဖြစ်ပေသည်"ဟု မိန့်တော်မူလေ၏။

"မြတ်စွာဘုရား။ အဘယ်ကောင်းမှုကိုပြုခြင်းကြောင့် ဒါယိကာမတို့တွင် မြတ်သောအလုပ်အကျွေး ဖြစ်ရပါသနည်းဘုရား"ဟု လျှောက်ပြန်သော်၊ "ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဆုတောင်းခြင်းကို ပြုခြင်းကြောင့်ဖြစ်သည်"ဟု မိန့်တော်မူလျှင်၊ "မြတ်စွာဘုရား။ ယခုအခါ၌ ဆုတောင်းက ရခြင်းဌာ တတ်နိုင်ကောင်းပါမည်လော ဘုရား"ဟု လျှောက်ပြန်သော်၊ "တတ်နိုင်ကောင်းသည် မှန်၏"ဟု မိန့်တော်မူလျှင်၊ "မြတ်စွာဘုရား။ ထိုသို့ဖြစ်ပါမူ ရဟန်းတစ်သိန်းနှင့်တကွ ခုနစ်ရက်ပတ်လုံး တပည့်တော်မ၏ဆွမ်းကို ခံယူတော်မူပါဘုရား"ဟု လျှောက်ကြားလေ၏။ ပဒုမုတ္တရဘုရားရှင်လည်း သည်းခံတော်မူလေ၏။

ထိုအဆွေခင်ပွန်းမသည် ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးလှူ၍ အဆုံးဖြစ်သောနေ့၌ သင်္ကန်းလျာပုဆိုးတို့ကို လှူဒါန်းပြီးလျှင် ဘုရားရှင်ကိုရှိခိုး၍ ခြေတော်ရင်း၌ဝပ်လျက် "ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား။ တပည့်တော်မသည် ဤအလှူကောင်းမှု၏ အကျိုးဆက်အားဖြင့် နတ်စည်းစိမ်, အစိုးတရမင်းစည်းစိမ် စသည်တို့တွင် တစ်ပါးပါးသော စည်းစိမ်ကိုမျှ တောင့်တရည်ရွယ်ခြင်း မပြုလိုပါ။ ရှင်တော်မြတ်ဘုရားတို့ကဲ့သို့ သဘောရှိသော တစ်ဆူသောဘုရားရှင်၏ အထံတော်၌ ရှစ်ပါးသောဆုတို့ကို ရ၍ မိခင်၏အရာ၌ တည်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးသမှု ပြုစုခြင်းငှာစွမ်းနိုင်သော သူတို့တွင် မြတ်သော အလုပ်အကျွေးသည် ဖြစ်ရပါလို၏ဘုရား"ဟု ဆုတောင်းခြင်းကို ပြုလေ၏။ ပဒုမုတ္တရဘုရားရှင်သည်လည်း 'ဤဒါယိကာမ၏ ဆုတောင်းခြင်းကား ပြည့်စုံလတ္တံ့လော'ဟု အနာဂတ်ကာလကို ရှုစမ်းဆင် ခြင်တော်မူသဖြင့် ကမ္ဘာတစ်သိန်းကို ကြည့်ရှုတော်မူလတ်၍ ထိုဒါယိကာမ၏ဆုတောင်း ပြည့်စုံလတ္တံ့သည်အဖြစ်ကို မြင်တော်မူလျှင် "ကမ္ဘာတစ်သိန်း၏အဆုံး၌ ဂေါတမအမည်ရှိသော မြတ်စွာဘုရားသည် ထင်ရှားစွာ ပွင့်တော်မူလတ္တံ့။ ထိုအခါ သင်သည် 'ဝိသာခါ'အမည်ရှိသော ဒါယိကာမဖြစ်၍ ထို ဂေါတမဘုရားရှင်၏အထံ၌ ရှစ်ပါးသော ဆုတို့ကိုရလျက် မိခင်၏အရာ၌ တည်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးနိုင်သော ဒါယိကာမတို့တွင် မြတ်သောအလုပ်အကျွေး ဒါယိကာမ ဖြစ်ပေလတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။ ထိုဒါယိကာမအား ထိုသို့သောပြည့်စုံခြင်းကို နက်ဖြန်၌ပင် ရအပ်လတ္တံ့ကဲ့သို့ ဖြစ်လေ၏။

"ထို ဝိသာခါအလောင်းဖြစ်သော ဒါယိကာမသည်လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကိုပြုလျက် ထိုကိုယ်၏အဖြစ်မှ စုတေမနေ သေသည်ရှိသော် နတ်ပြည်



www.burmeseclassic.com

www.burmeseclassic.com



၌ဖြစ်၍ နတ်ပြည်လူ့ပြည်တို့၌ ကြိမ်ဖန်များစွာကျင်လည်လျက် ကဿပမြတ်စွာဘုရား၏ လက်ထက်တော်၌ ကိကီအမည်ရှိသော ကာသိကရာဇ်မင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် အငယ်ဆုံး သံဃဒါသီမည်သော မင်းသမီးဖြစ်၍ လင့်အိမ်သို့မလိုက်ဘဲ (အိမ်ထောင်မပြုဘဲ) ထိုအစ်မကြီးတို့နှင့် အတူတကွ ရှည်ကြာစွာသောကာလပတ်လုံး ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်၍ ကဿပဘုရားရှင်၏ ခြေတော်ရင်း၌လည်း "နောင်သောအခါ ရှင်တော်မြတ်ဘုရားတို့ကဲ့သို့သော ဘုရားရှင်တစ်ဆူ၏ အမိအရာ၌တည်ပြီးလျှင် လေးပါးသော ပစ္စည်းတို့ဖြင့် လုပ်ကျွေးကုန်သောဒါယိကာမတို့တွင် မြတ်သောအလုပ်အကျွေး ဒါယိကာမ ဖြစ်ရပါလို၏ဘုရား"ဟု ပတ္ထနာအမှု ဆုတောင်းခြင်းပြုလေ၏။

"ဝိသာခါအလောင်းဖြစ်သော ထိုဒါယိကာမသည် ထိုအခါမှစ၍ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်လျက် ဤကိုယ်၏အဖြစ်၌ မေဏ္ဍကသူဌေးကြီး၏သားဖြစ်သူ ဓနဉ္စယသူဌေး၏ သမီးကောင်းရတနာ ဖြစ်လာ၍ ငါဘုရား၏သာသနာတော်၌ များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လေ၏။ ချစ်သားရဟန်းတို့။ ဤသို့သော အကြောင်းအရာကြောင့် ငါ၏သမီး ဝိသာခါသည် သီချင်းသီဆိုသည် မဟုတ်။ တောင့်တအပ်သော ဆုတောင်းခြင်း၏ ပြီးစီးခြင်း, ပြည့်စုံခြင်းကို မြင်ရသဖြင့် ဥဒါန်းစကား ကျူးရင့်မြွက်ဆိုခြင်းကို ပြုပေ၏"ဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူလိုရကား–

"ချစ်သားရဟန်းတို့။ ဥပမာ မည်သည်ကား လိမ္မာလှသောပန်းသည်သည် အထူးထူးသောပန်းတို့ကို အစုအပုံကြီးပြု၍ အထူးထူးအပြားပြားသော ပန်းကုံးတို့ကိုပြုဘိသကဲ့သို့ ဤအတူသာလျှင် ဝိသာခါ၏စိတ်သည် အထူးထူးအပြားပြားသော ကောင်းမှုတို့ကို ပြုခြင်းငှာ ညွတ်၏"ဟု မိန့်တော်မူ၍–

'ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။

ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ' ဟူသောဂါထာကို ဟောတော်မူလေ၏။

ပုပ္ဖရာသိမှာ၊ အထူးထူးသောပန်းတို့၏ အပေါင်းအစုမှ။ ဗဟူ၊ များစွာကုန်သော။ မာလာဂုဏေ၊ ပန်းကုံးအထူးတို့ကို။ ကယိရာယထာ၊ ပြုရာသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဇာတေန၊ ဖွားမြင်ပြီး၍။ မစ္စေန၊ သေခြင်းငှာထိုက်သော သတ္တဝါသည်။ ဗဟုံ၊ များလှစွာသော။ ကုသလံ၊ ဒါနစသော ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။

[အဓိပ္ပာယ်ကား– 'အထူးထူးသောပန်းတို့၏ အပေါင်းအစု'ဟုဆိုခြင်းကား များပြားလှသောပန်းတို့ကို ပြခြင်းအကျိုး ရှိ၏။ အကယ်၍ ပန်း နည်းပါးအံ့။ ပန်းသည်သည် လိမ္မာသော်လည်း ပန်းကုံးများစွာပြုခြင်းငှာ မတတ်ကောင်း။ မလိမ္မာသောပန်းသည်သည်ကား ပန်း နည်းပါးသည်ဖြစ်စေ, ပေါများသည်ဖြစ်စေ မတတ်နိုင်သည်သာတည်း။ ပန်းပွင့်လည်း များပါမှ, ပန်းသည်သည်လည်း လိမ္မာပါမှ များစွာသောပန်းကုံးတို့ကို ပြုခြင်းငှာ တတ်ကောင်းသကဲ့သို့ ဤအတူ သဒ္ဓါတရားနည်းပါး၍ စည်းစိမ်များစွာရှိသောသူသည် များစွာသော ကုသိုလ်တို့ကိုပြုခြင်းငှာ မတတ်နိုင်။ သဒ္ဓါတရားနည်းပါး၍ စည်းစိမ်နည်းပါးသောသူသည် လည်း မတတ်နိုင်။ သဒ္ဓါတရား ပေါများသော်လည်း စည်းစိမ်နည်းပါးသူသည်လည်း မတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်သာတည်း။ သဒ္ဓါတရားလည်း ပေါများပါမှ စည်းစိမ်လည်း ပေါများပါမှ, များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုခြင်းငှာ တတ်နိုင်ပေသည်။ ဝိသာခါဥပါသိကာမသည် ထိုသို့ သဘောရှိသော သဒ္ဓါကြွယ်၍ စည်းစိမ်ကြွယ်သူတစ်ယောက်ဖြစ်၏ ဟူလို]။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပန်စသည်တို့ ဖြစ်ကြလေကုန်၏။ လူများအပေါင်းအား အကျိုးရှိသောတရားဒေသနာ ဖြစ်တော်မူလေ၏။

## ။၆၀။ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

ဘုရားသခင်လည်း ဇေတဝန်ကျောင်းတော်ကို အလှူခံပြီးလျှင် သာသနာသို့ဝင်လာသော ဥပ္ပလဝဏ်, မလ္လိကာ အစရှိသော မာတုဂါမတို့အား လည်းကောင်း၊ ကောသလမင်းကြီး, စူဠအနာထပိဏ် အစရှိသော ဥပါသကာတို့အား လည်းကောင် တရားရသကို ဝေ့တိုက်ကျွေးတော်မူ၍ သက္ကရာဇ် ၁၁၀ ပြည့် ဝါဆိုလရောက်သောအခါ ရာဇဂြိုဟ်ပြည်မှ ကြွတော်မူစဉ်ကပင် အတူလိုက်လာကြသော တိတ္ထိတို့သည် မိမိတို့၏ တပည့်အလုပ်အကျွေးဖြစ်သော ဒါယကာတို့ကို နှိုးဆော်ဟောပြော၍ တစ်သိန်းမျှလောက်သော မျိုးရိက္ခာကိုရသဖြင့် လိမ္မာသောလက်သမားတို့ကိုငှား၍ ရှားသည်တိုင်တို့ဖြင့် ကြီးစွာသောမဏ္ဍပ်ကို ဆောက်ပြီးသော် ကြာညိုပန်းတို့ဖြင့် မိုးစေ၍ "ငါတို့ တန်ခိုးပြာဋိဟာကို ပြအံ့"ဟု အရပ်အနှံ့ သတင်းလွှင့်ပြီးလျှင်၊ မီးပုံး, မီးပန်းစသည်ဖြင့် စီရင်၍နေကြလေသတည်း။

ထိုအကြောင်းကို ပသေနဒီကောသလမင်းကြီး ကြားလျှင် ဘုရားသခင်အထံတော်သို့ကပ်၍ "မြတ်စွာဘုရား။ တိတ္ထိတို့သည် တန်ခိုးပြအံ့ဟု မဏ္ဍပ် ဆောက်ချေပြီ။ အကျွန်ုပ်လည်း အရှင်ဘုရားအလို့ငှာ မဏ္ဍပ် ဆောက်လုပ်ပါမည်။ အဘယ်အရပ်မှာ ဆောက်ရအံ့နည်း"ဟု လျှောက်၏။

ဘုရားသခင်လည်း "မင်းကြီး။ မဆောက်လင့်"ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရားမှာ ဒကာကိုထား၍ အဘယ်သူ ဆောက်လုပ်တော့အံ့နည်း"ဟု လျှောက်၏။ "သိကြားမင်း ဆောက်လုပ်လတ္တံ့"ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား။ အဘယ်အရပ်၌ ယမိုက်ပြာဋိဟာကို ပြတော်မူအံ့နည်း"ဟု လျှောက်ပြန်၏။ "ကဏ္ဍမ္ဗအမည်ရှိသော သရက်ပင်ရင်း၌ ပြတော်မူအံ့"ဟု မိန့်တော်မူသော် "အဘယ်နေ့၌ ပြတော်မူအံ့နည်း။ အကျွန်ုပ်တို့ အဘယ်အရပ်မှ ဖူးမြော်ရအံ့နည်း"ဟု လျှောက်၍၊ "ဝါဆိုလပြည့်နေ့၌ ငါ ပြတော်မူမည်။ ထက်ဝန်းကျင်သော မြေပြင်ကပင်သင်တို့ စည်းဝေးဖူးမြော်ကြကုန်"ဟု မိန့်တော်မူ၏။

ထိုအမိန့်တော်ကိုကြားလျှင် ကောသလမင်းကြီးလည်း အသီးသီးသော မြို့ရွာနိုင်ငံသို့ သဝဏ်စာချွေဖြင့် စေတော်မူ၏။

တိတ္ထိတို့သည်လည်း 'ဘုရားသခင်သည် သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာပြအံ့'ဟူသောစကားကို ကြားလျှင် များစွာသောအလုပ်အကျွေးတို့ကိုခေါ်၍ တစ်ယူဇနာအတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



ရှိရှိသမျှသော သရက်ပင်တို့ကို ခုတ်ထွင် ဖျက်ဆီးစေသည်။ အယုတ်သဖြင့် ထိုနေ့၌ပေါက်သော သရက်ပင်မျှလည်း မကြွင်းရသော ဟူ၏။

ဘုရားကိုယ်တော်မြတ်သည်လည်း ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ နံနက်စောစောကပင် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ ကောသလမင်း၏ ဥယျာဉ်စောင့်ဖြစ်သော 'ကဏ္ဍ'အမည်ရှိသောသူသည် မိမိဥယျာဉ် သရက်ပင်ဝယ် ခါချဉ်အုံအတွင်း၌ကြွင်းရစ်သော သရက်ဖြူသီးတစ်လုံး ရ၍ မင်းကြီးအား ဆက်ခြင်းငှာ ဆောင်၍လာခဲ့သော် မြတ်စွာဘုရားနှင့်တွေ့၍ 'ယနေ့ မင်းကြီးအား ဤသရက်သီးကို ငါဆက်ရသော် တစ်ဆယ့်ခြောက်သပြာမျှသာ ရရာသည်။ မြတ်စွာဘုရားအား ကပ်လှူရမူ ဘဝသချေ်ပတ်လုံး မဆုံးမကုန်နိုင်သော အကျိုးဖြစ်ရလတ္တံ့'ဟုကြံလျက်၊ ဘုရားလက်တော်သို့ ကပ်အံ့သောအခြင်းအရာကိုပြုလျှင် ဘုရားသခင်လည်း အရှင်အာနန္ဒာကို ကြည့်တော်မူ၏။

အရှင်အာနန္ဒာလည်း စတုမဟာရာဇ်နတ်မင်းတို့ လှူအပ်သောသပိတ်ကို အိတ်မှထုတ်၍ လက်တော်သို့ကပ်လျှင် ယခင်သရက်သီးကို သပိတ်ဖြင့် ခံတော်မူ၏။

ယင်းသို့ခံပြီးလျှင် ထိုဥယျာဉ်အနီး၌ပင် ရပ်တော်မူသော် ညီတော်အာနန္ဒာလည်း ပခုံးထက်ပါသော သင်္ကန်းတော်ကို ခင်းပေး၏။

ဘုရားကိုယ်တော်မြတ်လည်း ထို ခင်းအပ်သောနေရာ၌ ထိုင်တော်မူပြီးလျှင် ယခင်သရက်သီးကို ဘုဉ်းပေးတော်မူ၏။ ဘုဉ်းပေးပြီးလျှင် သရက်စေ့ကို ထိုဥယျာဉ်စောင့်အား "ဤနေရာ၌ စိုက်လော့"ဟု အပ်တော်မူ၏။

ဥယျာဉ်စောင့်လည်း မိန့်တော်မူတိုင်း စိုက်လေသော် ကိုယ်တော်မြတ်လည်း စိုက်ရာမြေထက်၌ လက်ဆေးတော်မူ၍၊ ဆေးရေ မြေသို့ကျလျှင်ပင် မီးပုံမှသက်သော မီးခိုးကဲ့သို့ ဖြိုးဖြိုးလုံးလုံး ထွန်တုံးရှည်လောက်သော အညှောက် အကိုင်း အခက်တို့သည် ဖြာဖြာထွက်၍ ပွားတက်လတ်သဖြင့် တစ်ခဏချင်းတွင်ပင် အစောက်အားဖြင့် သံတောင် ငါးဆယ်၊ အကျယ်အပြန့်အားဖြင့် သံတောင် တစ်ရာရှိသော ငါးဖြာသော ခက်မ၊ တစ်ရာ့ငါးဆယ်သော ခက်သေး၊ မွှေးလှစွာသော အရွက်,အပွင့်,အသီးတို့နှင့်ပြည့်စုံသော သရက်ပင်ကြီးသည် ဖြစ်၏။ နောက်တော်သို့လိုက်လာသော သံဃာတော်အပေါင်းတို့လည်း ထိုအပင်၌သီးသော သရက်သီးကို စားရကုန်၏။

ထိုသို့ဖြစ်သော အံ့ဖွယ်သရဲကို ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်ယောကျ်ား မြင်လျှင် သာရှင်ဝမ်းမြောက်စွာ 'ဥဗ္ဗေဂါပီတိ'ကို ရ၍ ခုန်ကမြူးထူးလျက် သာဝတ္ထိပြည်တွင်းသို့ဝင်ပြီးလျှင် အိမ်စဉ်အတိုင်းကြွေးကြော်၍ မင်းကြီးနန်းတော်သို့ ဝင်လေ၏။

ကောသလမင်းကြီးလည်း သရက်ပင်ဖြစ်လာသော အကြောင်းကိုကြားလျှင် အလွန်အားရဝမ်းသာခြင်းဖြင့် မင်းချင်းယောကျ်ားတို့ကို "သွား၍စောင့်ရှောက်ချေ"ဟု စေလိုက်ပြီးလျှင်၊ နန်းတော်တွင်ရှိသော မင်းသမီး, မင်းသား, မိဖုရားတို့ကိုလည်းကောင်း၊ မှူးမတ်, သေနာပတိတို့ကိုလည်းကောင်း "ဘုရားမြတ်စွာ ပြာဋိဟာပြသည်ကို ထွက်၍ ကြည့်ကြကုန်"ဟု နှိုးဆော်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားကြသဖြင့် ပြာဋိဟာပွဲကို ကြည့်ရှုခြင်း၌ အဝေးမှလာ၍ နေလင့်ကုန်သောသူတို့သည်လည်း အချင်းချင်း ပြောဆိုခေါ်ငင်ကြဘိ၍ သာဝတ္ထိပြည်အလုံးသည် ရုန်းရင်းတက်မျှ အုတ်အုတ်ကျက်ကျက်သောအသံသည် ဖြစ်၏။

သရက်ပင်ကိုစောင့်နေကုန်သော သေသောက်ကြူးတို့သည်လည်း သရက်ပင်မှ ကြွေကျသောအသီးတို့ကို စားပြီးသော် ရှမ္ဘော်ဖျက်ဆီးခြင်း၌လာကုန်သော တိတ္ထိတို့အား စားဖတ်အစေ့တို့ဖြင့် ပစ်ခတ်ကုန်လျက်"ဟယ် တိတ္ထိတို့။ ငါတို့ဆရာဂေါတမနှင့် တန်ခိုးပြိုင်ပြမည်ဟု သင်တို့ ကြုံးဝါးကြကုန်သည်။တစ်စုံတစ်ခုမျှသော အထူးအကဲကို ငါတို့ မမြင်ရကုန်။ မြို့တွင်းမြို့ပြင်၌ သရက်ပင်အပေါင်းသာလျှင် သင်တို့ဖြုန်းတီး၍ ပြုန်းတီးလေဘိသည်"ဟု ခြိမ်းမောင်းဆဲရေးကြကုန်၏။ တိတ္ထိတို့လည်း အလိုလိုပင် ရှက်ကြောက်ရကား မိမိတို့ဆောက်သောမဏ္ဍပ်၌ စုဝေးကာနေကုန်၏။

ထိုအခါ နတ်ရွာနှစ်ထပ်ကိုအစိုးရသော သိကြားမင်းသည် လေနတ်သားကိုခေါ်၍ "မလျော်သောအကြံရှိသော တိတ္ထိတို့၏မဏ္ဍပ်ကို လေမုန်တိုင်းဖြင့်ခတ်၍ ဖျက်ဆီးလော့"ဟု စေပေ၏။ လေနတ်သားလည်း သိကြားမင်းအာဏာတော်အတိုင်း အပိုင်းပိုင်းကျိုးပြတ်လောက်သော လေပြင်းကို လာစေ၏။ ထို့နောက်မှ နေနတ်သားကိုခေါ်၍ "တိတ္ထိတို့၏အပေါ်၌သာ လွန်စွာနှိပ်စက်၍ ပူလော့"ဟု စေ၏။ ထို့နောက် မိုးနတ်သားကိုခေါ်၍ "လွန်ကဲသောမိုးကြီးကို ရွာစေဘိလော့"ဟု စေ၏။ ထိုနတ်သားတို့သည်လည်း သိကြားမင်းစေလိုက်တိုင်း ပြုဘိ၍ တိတ္ထိအပေါင်းတို့မှာ တည်းခိုရာမရ မြေမှုတက်သော ဖုတ်အလိမ်းလိမ်းကပ်သောကိုယ်တွင် ရွာစိုသောမိုးပေါက်ကြောင့် နွားပြောက်, မြင်းကျားကဲ့သို့ ဆိုးရွားညစ်ညမ်းသောကိုယ်ကာယ ရှိသည်ဖြစ်၍ ပရိသတ်တို့အမြင်ကိုမျှ မခံဝံ့ဘဲ ပြေးလွှဲပုန်းရှောင်ရလေကုန်၏။

ထိုအခါ ပူရဏကဿပ ဆရာ့အလုပ်အကျွေးဖြစ်သော လယ်ထွန်ယောကျ်ားတစ်ယောက်သည် 'ငါ့ဆရာတို့ တန်ခိုးပြာဋိဟာပြသည်ကို ဖူးမြင်အံ့'ဟု ကြံလျက် နံနက်စောစွာပင် လယ်ထွန်ရာမှ နွားကိုလွှတ်လိုက်ပြီးသော် ကြိုးနှင့် ထမင်းအိုးကိုဆွဲ၍ လာခဲ့၏။ ရှေ့တူရူမှ ပူရဏကဿပဆရာ လျင်စွာပြေးလာသည်ကိုမြင်လျှင် "အရှင်ဘုရား။ အဘယ်မှာ တန်ခိုးပြတော်မူအံ့နည်း။ အကျွန်ုပ်တို့ ဖူးမြင်ခြင်း၌ လာပါသည်။ ယခု အဘယ်၌ာနသို့ ကြွတော်မူအံ့နည်း"ဟု မေးလျှောက်၏။ ကဿပဆရာကလည်း "ဒါယကာ။ ပြာဋိဟာကို ဖူးမြင်လိုလျှင် ငါ၏ ကိုယ်ကိုသာ ကြည့်လော့။ အသော့ သင့်ကြိုးနှင့် အိုးကို ငါ့အားပေးပါ"ဟု ဆို၍ ကြိုးနှင့်အိုးကို တောင်းယူပြီးလျှင် လည်တွင်ရစ်ဆွဲ၍ မြစ်ရေဝဲကြီး၌ ဆင်း၍သေလေ၏။ ထို သေသောဌာန၌ပင် အဝီစိငရဲ၌ ဖြစ်လေသတည်း။

ဘုရားကိုယ်တော်မြတ်လည်း သုံးဆယ့်ခြောက်ယူဇနာသော မြေအရပ်၌ ခြေရာစပ်မျှ ပရိသတ်တို့ စည်းဝေးရောက်လာကြသည်ကို မြင်လျှင်၊ထက်ဝန်းကျင် စကြဝဠာတိုက်အလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်ခြင်းမရှိ ပကတိမြင်စေတတ်သော 'လောကဝိဝရဏ'တန်ခိုးကို ဖွင့်တော်မူ၍ ယူဇနာဝက် ပမာဏမြင့်သော ကောင်းကင်ပြင်၌ အရှေ့စကြဝဠာမှ အနောက်စကြဝဠာတိုင်အောင်သော ရတနာစကြံကို ဖန်ဆင်းတော်မူ၍ ထိုနေ့ မွန်းတိမ်းသောအခါဝယ် ရတနာဂူမှထွက်သော ရွှေခြင်္သေ့မင်းကဲ့သို့ ဂန္ဓကုဋိတိုက်မှထွက်၍ ရတနာစကြံဦး၌ ရပ်တော်မူ၏။

ထိုအခါ 'ဃရဏီ'အမည်ရှိသော ဥပါသိကာမသည် ဘုရားခြေတော်ရင်း၌ ဝပ်၍ ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား။ အကျွန်ုပ်ကဲ့သို့သော သမီးကောင်းရှိပါလျက် ကိုယ်တော်မြတ် အပင်ပန်း မခံသင့်ပါ။ တန်ခိုးပြာဋိဟာကို အကျွန်ုပ် ပြပါအံ့"ဟု လျှောက်၏။

ဘုရားသခင်လည်း "ချစ်သမီး။ သင်သည် အဘယ်သို့သောတန်ခိုးကို ပြအံ့နည်း" ဟု မေးတော်မူလျှင်၊ "အရှင်ဘုရား။ တစ်ခုသော စကြဝဠာတိုက်အပြင်ကို ရေအယဉ်ဖြင့် ပြည့်စေ၍ အကျွန်ုပ် ကြက်မငယ်သဏ္ဌာန် ဖန်ဆင်းပြီးလျှင် အနောက်စကြဝဠာမှငုပ်၍ အရှေ့စကြဝဠာနား၌ ပေါ်ပါမည်။ ၎င်း အရှေ့စကြဝဠာမှငုပ်၍ အနောက်စကြဝဠာနား၌ ပေါ်ပါမည်။ တောင်စကြဝဠာမှငုပ်၍ မြောက်စကြဝဠာနား၌ ပေါ်ပါမည်။ မြောက်စကြဝဠာမှငုပ်၍ တောင်စကြဝဠာနား၌ ပေါ်၍ပြပါအံ့။ ထိုသို့ပြသည်ကို လူတို့မြင်ရလျှင် 'ဘုရားသမီးတော် ဃရဏီ ဥပါသကာမျှလည်း ရေကြက်မအသွင်ဖြင့် သို့စင်သော တန်ခိုးပြာဋိဟာကို ပြနိုင်ချေသည်။ ဘုရားကိုယ်တော်မြတ်မူကား အဘယ်မှာ ဆိုစရာရှိတော့အံ့နည်း'ဟု အံ့သြချီးပ၍ တိတ္ထိတို့ ပြေးရပါလတ္တံ့"ဟု လျှောက်၏။

ဘုရားကိုယ်တော်မြတ်လည်း "ချစ်သမီးဃရဏီ။ ဤသို့သော တန်ခိုးပြာဋိဟာကို သင်ပြနိုင်သောအခြင်းအရာကို ငါ သိတော်မူ၏။ သို့ရာတွင် ဤမျှစွာသော ပရိသတ်အစည်းအဝေးကို သင်၏အလို့ငှာ ငါ ဖွဲ့တော်မူသည် မဟုတ်"ဟု မိန့်တော်မူ၏။ ဃရဏီ ဥပါသိကာမလည်း 'ငါထက်လွန်၍ တန်ခိုးပြနိုင်သော သာဝကကား များစွာရှိပေသေးသည်'ဟု ရှား၍နေလေ၏။

ဘုရားမြတ်စွာလည်း သာဝကအပေါင်းတို့အား ကြည့်ရှုတော်မူ၍ "သင်တို့ကား အသို့သော တန်ခိုးပြာဋိဟာကို ပြနိုင်ကုန်အံ့နည်း"ဟု မေးတော်မူသော်၊ 'စူဠအနာထပိဏ်'အမည်ရှိသော အနာဂါမ်တည်သူဌေးသည် ခြေတော်ရင်း၌ ဝပ်လျက် "အရှင်ဘုရား။ အကျွန်ုပ်ကဲ့သို့သော သားကောင်းရတနာရှိပါလျက် ကိုယ်တော်မြတ် မပင်ပန်းသင့်ပါ။ တန်ခိုးပြာဋိဟာကို အကျွန်ုပ် ပြပါအံ့"ဟု လျှောက်၏။ "အဘယ်သို့ သင်ပြအံ့နည်း"ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား။ အကျွန်ုပ်သည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗြဟ္မာမင်း၏ကိုယ်သဏ္ဌာန်ကို ဖန်ဆင်း၍ လေပြင်း မိုးကြိုး၏ အသံနှင့်တူသော လောကဓာတ်ကိုလွှမ်းမိုးအောင် လက်ပန်း ပေါက်တီးပါအံ့။ ထိုအသံကို ပရိသတ်တို့ကြားလျှင် များစွာထိတ်လန့်ခြင်းဖြစ်၍ 'ဘုရား သားတော်ငယ်ဖြစ်သော စူဠအနာထပိဏ်သူဌေးသည်လျှင် ဗြဟ္မာကြီး၏အဟန်ဖန်ဆင်း၍ တန်ခိုးပြနိုင်ချေသေးသည်။ ဘုရားကိုယ်တော်မြတ်မူကား ဆိုဖွယ်ရာမရှိပြီ'ဟု အံ့သြချီးမွမ်းကြ၍ တိတ္ထိတို့ ပြေးရလတ္တံ့"ဟု လျှောက်၏။ ဘုရားသခင်ကလည်း "သင်၏ တန်ခိုးပြနိုင်သောအဖြစ်ကို ငါ သိတော်မူ၏။ ဤ သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်တို့ကား ငါဘုရားကိုသာ ရည်၍ စုဝေးလာချေသည်။ သင် ရှား၍သာ နေဘိဦး"ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ 'ပဋိသမ္ဘိဒါပတ္တ'ဖြစ်သော ခုနစ်နှစ်အရွယ်သာရှိသော 'စီရ'အမည်ရှိသော သာမဏေသည် ဘုရားခြေတော်ရင်း၌ဝပ်၍ "အကျွန်ုပ်လည်း ကျေးဇူးတော်ကို ဆပ်သောအားဖြင့် တန်ခိုးပြပါအံ့"ဟု လျှောက်၏။ "အသို့သောအခြင်းအရာဖြင့် သင် ပြအံ့နည်း"ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား။ မြင်းမိုရ်, စကြဝဠာ, သီဒါ, သတ္တရဘာန်တောင်ရံ, သမုဒ္ဒရာတို့ကို ဤအရပ်သို့ဆောင်၍ အစဉ်အတိုင်းထားပြီးလျှင် အကျွန်ုပ်သည် ဟင်္သာမင်းသဏ္ဌာန် ဖန်ဆင်း၍ ထိုထိုအရပ်မှထွက်လျက် မငြိမယှက် ပျံပါအံ့။ ထိုအခါ များစွာသောလူအပေါင်းတို့မြင်လျှင် 'ဘုရားသခင်၏ မြေးတော်ငယ်ဖြစ်သော စီရသာမဏေစင်လျက် ဤသို့သော တန်ခိုးပြာဋိဟာကို ပြနိုင်ချေသေးသည်။ဘုရားကိုယ်တော်မှာ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း'ဟု ချီးပ၍ တိတ္ထိတို့ ပြေးရကုန်လတ္တံ့."ဟု လျှောက်၏။ ဘုရားသခင်လည်း "သင်၏ တန်ခိုးပြနိုင်သော အခြင်းအရာကို ငါ သိတော်မူ၏"ဆို၍သာ ခွင့်မပေးဘဲ နေတော်မူ၏။

ထို့နောက် 'ပဋိသမ္ဘိဒါပတ္တ ခီဏာသဝ'ဖြစ်သော ခုနစ်နှစ်အရွယ်ရှိသော 'စုန္ဒ'သာမဏေသည် ခြေတော်ရင်း၌ဝပ်၍ အထပ်ထပ်ရှိခိုးလျက် "အကျွန်ုပ်လည်း တစ်ခုသောတန်ခိုးပြာဋိဟာကို ပြပါအံ့"ဟု လျှောက်၏။"အသို့ပြအံ့နည်း"ဟု မေးတော်မူလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် ဤဇမ္ဗူကျွန်းဦး၌ ပေါက်ရောက်သော အစောက် ယူဇနာတစ်ရာရှိသော ဇမ္ဗုသပြေပင်ကြီးကို အသီးအပွင့်နှင့်တကွ နုတ်ထမ်း၍လာပြီးလျှင် များစွာသောလူပရိသတ်တို့အား ကြီးမားကောင်းမြတ်လှသော ဇမ္ဗူသပြေသီးကို စားစေအံ့။ တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်ကြီးကိုလည်း ဤနည်းတူ ထမ်းယူခဲ့၍ ကသစ်ပန်းကို လူအများတို့အား ဝေပါအံ့။ ထိုအခါ များစွာကုန်သော ပရိသတ်တို့မြင်ကုန်၍ 'ဘုရားရှင်၏မြေးတော်ငယ်ဖြစ်သော စုန္ဒသာမဏေစင်လျက် ဤသို့သော တန်ခိုးပြာဋိဟာကို ပြနိုင်ချေသေးသည်။ဘုရားကိုယ်တော်မှာ အဘယ်ဆိုဖွယ် ရှိတော့အံ့နည်း'ဟု အံ့သြချီးပ၍ တိတ္ထိတို့ ပြေးရကုန်လတ္တံ့."ဟု လျှောက်၏။ ဘုရားသခင်လည်း ယခင်ကဲ့သို့ပင် ဆို၍ ပယ်တော်မူ၏။

ထို့နောက်မှ 'ဥပ္ပလဝဏ်'အမည်ရှိသော အဂ္ဂသာဝိကာ ဘိက္ခုနီမသည် ခြေတော်ရင်း၌ဝပ်၍ နားတော်လျှောက်ပြန်သည်။"အရှင်ဘုရား။ အကျွန်ုပ်လည်း တစ်ခုသော တန်ခိုးပြာဋိဟာကို ပြပါအံ့"ဟု လျှောက်၏။ "အသို့ ပြအံ့နည်း"ဟု မေးတော်မူလျှင်၊ "အရှင်ဘုရား။ အကျွန်ုပ်သည် စကြဝတေးမင်း၏အဟန် ဖန်ဆင်း၍ သုံးဆယ့်ခြောက်ယူဇနာ ပြည့်လောက်သော ပရိသတ်အခြံအရံနှင့်တကွ ကောင်းကင်ခရီးဖြင့်လာ၍ မြတ်စွာဘုရား၏ခြေတော်ကို ဦးတိုက်ပါမည်"ဟု လျှောက်၏။ ဘုရားသခင်ကလည်း "ချစ်သမီး ဥပ္ပလဝဏ်။ သင်၏အာနုဘော်ကို ငါဘုရား သိတော်မူ၏။ သို့ရာတွင် ဤ သုံးဆယ့်ခြောက်ယူဇနာသော ပရိသတ်ကား ငါဘုရား၏အကျိုးငှာသာ ဖွဲ့လာချေသည်"ဟု ဆို၍ ပယ်တော်မူ၏။

ထို့နောက်မှ လက်ဝဲရံ အဂ္ဂသာဝကဖြစ်သော အရှင်မောဂ္ဂလာန်ထေရ်သည် ရှေ့တော်၌ဝပ်၍ "အရှင်ဘုရား။ ဤလောက၌ မိဘတို့၏အရေးအရာသည် သားကြီးတို့၏တာဝန်သာဖြစ်သကဲ့သို့၊ ဆရာတို့၏အရေးအရာသည်လည်း တပည့်ကြီးတို့၏ဝန်သာ ဖြစ်ပါသည်။ ကိုယ်တော်မြတ်၏အရေးအရာသည်လည်း တပည့်ကြီးဖြစ်သော အကျွန်ုပ်တို့၏ဝန်သာ ဖြစ်ပါသောကြောင့် တန်ခိုးပြာဋိဟာကို အကျွန်ုပ် ပြပါရစေ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားလည်း “ချစ်သား မောဂ္ဂလာန်။ သင်သည် အဘယ်သို့သောတန်ခိုးကို ပြလိုသနည်း”ဟု မေးတော်မူလျှင်၊ “အရှင်ဘုရား။ အကျွန်ုပ်သည် ယူဇနာ ရှစ်သောင်းလေးထောင် နစ်ပြန်ဆောင်သော မြင်းမိုရ်တောင်မင်းကို ခံတွင်းသွားကြားထား၍ သခွား,ဖရုံကဲ့သို့ ညက်ညက်ကြေအောင် ဝါးပါအံ့။ ထိုမှတစ်ပါးလည်း ဤစကြာဝဠာသား သတ္တဝါများကို လက်ဝါးတစ်ဖက်၌ နေစေ၍ ဤမြေကြီးကို နီးဖြာသင်ဖြူးကဲ့သို့လိပ်လျက် လက်ချောင်းအကြား၌ ထားပါအံ့။ ဤမှ တစ်ပါးလည်း ရထားလှည်းဘီးစက်ကဲ့သို့ သွက်သွက်ခါမျှ မဟာပထဝီကို လည်စေပြီးလျှင် မြေကြီးအောက်၌တည်နေသော မြေလွှာသြဇာကိုယူ၍ ဗိုလ်လူအများ သုံးစားပါစေအံ့” ဟူ၍ လျှောက်၏။ “ထိုမှတစ်ပါး ချစ်သား အဘယ်သို့ ပြနိုင်အံ့နည်း”ဟု မေးပြန်လျှင်၊ “အရှင်ဘုရား ဤစကြာဝဠာ၌ နေကုန်သောသတ္တဝါများကို လက်ဝါးတစ်ဖက်၌နေစေ၍ အစိုင်အတိပြီးသော မြင်းမိုရ်တောင်ကို ထီးရိုးပြုလျက် ဤစကြာဝဠာမြေကြီးကို ထီးရွက်တပ်ပြီးလျှင် ထီးလက်စွဲသော ရဟန်းကဲ့သို့ လက်တစ်ဖက်ဖြင့်သာကိုင်၍ လူမြင်လောက်သော ကောင်းကင်ယံ၌ စကြံသွား၍ ပြပါအံ့”ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် ဘုရားသခင်ကလည်း “ချစ်သား မောဂ္ဂလာန်။ သင်၏အစွမ်းအာနုဘော်ကို ငါ သိတော်မူ၏။ သို့ရာတွင် ဤ သုံးဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်ကား ငါဘုရားကိုရည်မှတ်၍သာ စုဝေးလာချေသည်။ ထို့ကြောင့် ယခုအခါကား ငါဘုရား၏ သဘင်တော်သာ ဖြစ်ရသည်။ သမုဒ္ဒရာ ဂင်္ဂါသဲမျှ ပွင့်ကြကုန်သော နောင်တော်ဘုရားတို့ပင် အစဉ်ပြတော်မူမြဲလည်း ဖြစ်သည်။ သင်ချစ်သားတို့ တန်ခိုးအာနုဘော် ကြီးမားသော်လည်း ငါဘုရား၏ဝန်ကို မရွက်ဆောင်နိုင်ရာ။ ယခုသာလျှင် ငါဘုရား ဆောင်ထိုက်သောဝန်ကို သင်တို့ မဆောင်နိုင်သည် မဟုတ်။ လွန်လေပြီးသောဘဝ ‘နန္ဒိဝိသာလ’ နွားမင်းဖြစ်သောအခါကလည်း မဆောင်နိုင်ကြသည်သာတည်း”ဟု မိန့်တော်မူ၍ ထိုအရှင်မောဂ္ဂလာန် တောင်းပန်သောစကားစပ်တွင် နန္ဒိဝိသာလဇာတ်ကို ဟောတော်မူ၏။

ထို့နောက်မှ ဘုရားမြတ်စွာလည်း ရတနာစင်္ကြံသို့ တက်တော်မူ၍သုံးဆယ့်ခြောက် ယူဇနာရှိသော လူပရိသတ်တို့၏အလယ်ချက် အထက်ကောင်းကင်၌ ရပ်တော်မူပြီးလျှင် စတုတ္ထဈာန်ကိုဝင်စားတော်မူ၍ထက်ဝန်းကျင်သောကိုယ်တော်မှ မီးအလျှံဖြစ်စိမ့်သောငှာ တေဇောကသိဏ်းကို အာရုံပြုလျက် ပစ္စဝေက္ခဏာဇော သုံးကြိမ်, လေးကြိမ်၊ ရေအလျဉ်ဖြစ်စိမ့်သောငှာ အာပေါကသိဏ်းကိုအာရုံပြုလျက် ပစ္စဝေက္ခဏာဇော သုံးကြိမ်,လေးကြိမ် အရှိန်အလျှံနှင့်တကွသော ရောင်ခြည်တော်ခြောက်သွယ် ဖြစ်စိမ့်သောငှာ နီလာဒိကသိဏ်းကိုအာရုံပြု၍ ပစ္စဝေက္ခဏာဇော သုံးကြိမ်,လေးကြိမ်အားဖြင့် များစွာသော ဝီထိစိတ်တို့ကို ဖြစ်စေတော်မူလျှင် ယခင် ပစ္စဝေက္ခဏာသမာပတ်တို့၏ အာနုဘော်ကြောင့် အထက်အဖို့ဖြစ်သောကိုယ်တော်မှ မီးဟုန်သည်တောက်လတ်၍ လောကဓာတ်တစ်သိန်း ထစ်ခြိမ်းပုံတင် သံရှင်ကြည်းဟည်း မြေကြီးခုန်လှိုက် အစုံကြိုက်သော ယမိုက်တော်သံကိုဖြစ်စေလျက် ဘဝဂ်တိုင်အောင် တပြောင်ပြောင်တက်လေ၏။ အောက်အဖို့ဖြစ်သော ကိုယ်တော်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



ရေအလျှဉ်သည် သွင်သွင်ဒီးဒီး ယိုစီးထွက်ဖြာလျက် စကြဝဠာနရန်း ရစ်သန်းဖြိုးနက် မိုးကြိုးစက်ကဲ့သို့ အောက်ထက်အုပ်လွှမ်း တင်းကျမ်းနစ်မြုပ် သဲသဲရုတ်မျှသော ရေအလျှဉ်သည် ဖြစ်၏။ ထို့နောက်တစ်ဖန် အောက်ကိုယ်တော်မှ မီးအလျှံသည် ထွက်ပြန်လေသော် အထက်ကိုယ်တော်မှ ရေအလျှဉ်သည် ဖြစ်၏။ ရှေ့အဖို့ဖြစ်သောကိုယ်တော်မှ မီးအလျှံတောက်ပြန်လတ်သော် နောက်အဖို့ဖြစ်သောကိုယ်တော်မှ ရေအလျှဉ်သည် ဖြစ်၏။ နောက်ကိုယ်တော်မှတစ်ဖန် မီးအလျှံတောက်လတ်သော် ရှေ့ကိုယ်တော်မှရေအလျှဉ်သည် ဖြစ်၏။ လက်ယာမျက်လုံးတော်မှ မီးအလျှံထွက်လတ်သော် လက်ဝဲမျက်လုံးတော်မှ ရေအလျှဉ်သည် ဖြစ်၏။ လက်ဝဲမျက်လုံးတော်မှ မီးအလျှံထွက်လတ်သော် လက်ယာမျက်လုံးတော်မှ ရေအလျှဉ်သည် စီး၏။ လက်ယာနားအတွင်းမှ မီးအလျှံထွက်လတ်သော် လက်ဝဲနားတော်မှရေအလျှဉ်သည် စီး၏။ လက်ဝဲနားတွင်းတော်မှ မီးအလျှံထွက်လတ်သော် လက်ယာနားတော်မှ ရေအလျှဉ်သည် စီး၏။

ဤအတူ လက်ယာနှာခေါင်းတော်မှ မီးအလျှံ, လက်ဝဲနှာခေါင်းတော်မှ ရေအလျှဉ်၊ လက်ဝဲနှာခေါင်းတော်မှ မီးအလျှံ, လက်ယာနှာခေါင်းတော်မှ ရေအလျှဉ်၊ လက်ယာပခုံးတော်မှ မီးအလျှံ, လက်ဝဲပခုံးတော်မှ ရေအလျှဉ်၊ လက်ဝဲပခုံးတော်မှ မီးအလျှံ, လက်ယာ ပခုံးတော်မှ ရေအလျှဉ်၊ လက်ယာလက်ရုံးတော်မှ မီးအလျှံ, လက်ဝဲလက်ရုံးတော်မှ ရေအလျှဉ်၊ လက်ယာနံပါးတော်မှ မီးအလျှံ, လက်ဝဲနံပါးတော်မှ ရေအလျှဉ်၊ လက်ယာခြေတော်မှ မီးအလျှံ, လက်ဝဲခြေတော်မှ ရေအလျှဉ်၊ လက်ဝဲခြေတော်မှ မီးအလျှံ, လက်ယာခြေတော်မှ ရေအလျှဉ်၊ အစဉ်သော ခြေချောင်းလက်ချောင်းတို့မှ မီးအလျှံတော်ထွက်လတ်သော် ခြေချောင်းလက်ချောင်းတော်ကြားတို့မှ ရေအလျှဉ်သည် ဖြစ်၏။ အကြားအကြားတို့မှ မီးအလျှံဖြစ်သည်ရှိသော် ခြေချောင်းလက်ချောင်းတို့မှ ရေအလျှဉ်သည် ဖြစ်၏။ အချို့အချို့သော မွေးတွင်းတော်တို့မှ မီးအလျှံဖြစ်သည်ရှိသော် အချို့အချို့သောမွေးတွင်းတော်တို့မှ ရေအလျှဉ်သည် ဖြစ်၏။ အလုံးစုံသောကိုယ်မှသည် ညိုသောရောင်ခြည်တော်, ရွှေသောရောင်ခြည်တော်, နီသောရောင်ခြည်တော်, ဖြူသောရောင်ခြည်တော်, မောင်းသောရောင်ခြည်တော်, ပြိုးပြိုးပြက် ရှိုးရှိုးရက် တစ်ခဲနက်သောရောင်ခြည်တော်တို့သည် နေခြည်ပြက်ထွန်းသော ညချမ်းဆည်းဆာဝယ် လွန်စွာတောက်လောင်သော ရွှေတန်ဆောင်းကြီးမှ ဆီမီးအလျှံကဲ့သို့ ပျံကာပျံကာထွက်၍ အထက်ဗြဟ္မာပြည်တိုင်အောင် တက်လေ၏။

ထိုအခါ မြတ်စွာဘုရားလည်း ကိုယ်တော်ပွား နိမ္မိတဗုဒ္ဓတစ်ဆူကို ကိုယ်တော်နှင့် အသွင်တူဖန်ဆင်း၍ ကိုယ်တော် စင်္ကြံကြွလတ်သော် နိမ္မိတဘုရားသည် လျောင်း၏။ ကိုယ်တော် ရပ်သည်ရှိသော် နိမ္မိတဘုရားသည် စင်္ကြံကြွပေ၏။ ကိုယ်တော်ထိုင်ဘိသော် နိမ္မိတဘုရားသည် ရပ်သော်လည်း ရပ်၏၊ လျောင်းသော်လည်း လျောင်း၏။ နိမ္မိတဘုရားသည် ထူးပြားနက်နဲသောပြဿနာကို မေး၍၊ ကိုယ်တော်မြတ် ဖြေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ပစ္စေကဗုဒ္ဓါ၊ သာဝကတို့နှင့်မဆက်ဆံရာ 'အသာဓာရဏ'ဖြစ်သော ယမကပါဋိဟာရိယ ဉာဏ်ဖြင့် ရတနာစင်္ကြံ ထက်မိုးယံဝယ် တပြောင်းပြန်ပြန် အဖန်ဖန်ကြံ၍ ပြတော်မူပေ၏။ ထိုအခါဝယ် ကိုယ်တော်မှထွက်သော မီးအလျှံ,ရေအလျဉ်တို့သည် စပ်ယှဉ် ရောပြွမ်းခြင်းမရှိဘဲ တကွဲတခြားစီသာ ထွက်လေ၍ အထက်အဖို့အားဖြင့် နေဝသညာ နာသညာ ယတနဘုံတိုင်အောင်၊ ဖီလာအားဖြင့် ယူဇနာ တစ်သန်းနှစ်သိန်းသုံးထောင့်လေးရာ့ငါးဆယ် ကျယ်သော စကြဝဠာအနားရေးတိုင်အောင် တစ်ပြိုင်တည်းထွက်၍ တလက်လက် တထိန်ထိန် ဟည်လေကုန်၏။ ဘုရားသခင်လည်း တန်ခိုးပြာဋိဟာကို ပြတော်မူလျက်ပင် အကြားအကြား၌ လူအပေါင်းတို့အား တရားဟောတော်မူ၏။ ထိုသို့ ဟောကြားသောတရားတော်ကို နာရသဖြင့် အကုဋေမကသော သတ္တဝါတို့သည် 'ဓမ္မာဘိသမယ'ကို ရကြလေကုန်သတည်း။

ဘုရားသခင်လည်း ဤသို့သော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် 'အဘယ်အရပ်၌ ဝါကပ်တော်မူရအံ့နည်း။ ရှေးရှေးသော နောင်တော်ဘုရားတို့သည် တန်ခိုးပြပြီးသောအဆုံးဝယ် အဘယ်အရပ်၌ ဝါကပ်တော်မူကြသနည်း'ဟု ကြည့်ရှုဆင်ခြင်တော်မူသော် တာဝတိံသာနတ် ပြည်၌ ဝါကပ်၍၊ မယ်တော်နတ်သားအား တရားဟောတော်မူကြသော ဘုရားတို့ဓမ္မတာကို မြင်တော်မူသဖြင့် ထိုဝါဆိုလပြည့်နေ့ ညချမ်းဆည်းဆာဝယ် တာဝတိံသာနတ်ပြည်သို့ တက်ခြင်းငှာ လက်ယာခြေတော်ကို ချီတော်မူလျှင် ယူဇနာ လေးသောင်းနှစ်ထောင် မြင့်ခြင်း ဆောင်သော ယုဂန္ဓိုရ်တောင်ထိပ်သည် ဦးညိတ်ညွတ်ပြားလျက် ဖဝါးတော်အောက်တွင် ခံလာသည်။ ထိုတောင်ထိပ်၌ လက်ယာခြေတော်ကိုချပြီး၍ လက်ဝဲမှတစ်ဖန် ချီပြန်လျှင် ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်သည် မီးမျှဉ်းသော ကြိမ်ညှောက်ကဲ့သို့ ခြေတော်အောက်သို့ ညွတ်လျက်ခံလာသည်။

ဤသို့ ဘုရားမြတ်စွာ ကြွလာတော်မူသည်ကို သိကြားမင်းမြင်လျှင် မိမိထံတွင်ရှိသော နတ်မှူးမတ်တို့နှင့်တကွ ခရီးဦးကြိုဆိုလာ၍ မြတ်စွာဘုရားနောက်တော်မှ လိုက်လျက်ပင် ဤသို့ ကြံဆင်ခြင်၏။ 'ဘုရားသခင်သည် ငါတို့တာဝတိံသာနတ်ရွာ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ ထက်၌ ဝါကပ်တော်မူလိုယောင် ရှိသည်။ အကယ်၍ စံနေတော်မူခဲ့သော် ဤကျောက်နေရာသည် ဗုဒ္ဓါသနဖြစ်၍ နတ်အများတို့သည် လက်ဖျားမျှ မတင်ဝံ့ကုန်ရာ။ မြတ်စွာဘုရားကိုယ်တော်ကား တစ်ဆယ့်ရှစ်တောင်သာ ရှိသည်။ ဤပဏ္ဍုကမ္ဗလာကား အလျားအားဖြင့် ယူဇနာ ခြောက်ဆယ်, အနံအားဖြင့် ယူဇနာငါးဆယ်, အထုအားဖြင့် တစ်ဆယ့်ငါးယူဇနာ ရှိသည်။ ဤသို့ နေရာကျယ် ဝန်းစွာလျက် အနည်းငယ်၌သာနေသဖြင့် တစ်ပြင်လုံး သုဉ်းလေတော့မည်'ဟု အကြံဖြစ်၏။ ထိုအကြံကို ဘုရားသခင် သိမြင်တော်မူ၍ ဒုကုဋ်သင်္ကန်းဖြင့် ကျောက်ဖျာကိုလွှမ်းလေသော် သင်္ကန်းတော်သာလျှင် ကျော်လွန်၍ ကျဘိ၏။ ထို့နောက် ကျောက်ဖျာထက်သို့ တက်တော်မူ၍ ရှစ်ရပ်မျက်နှာဝယ် ကျောက်ဖျာတစ်ပြင်လုံးပြည့်စေလျက် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားမြတ်စွာသည် တာဝတိံသာနတ်ပြည်သို့ ကွန့်လည်တက်ကြွတော်မူလေလျှင် လူ့မြေအပြင်၌ ယမိုက်ပြာဋိဟာပွဲသို့ စည်းဝေးရောက်လာကုန်သော လူဗိုလ်ပါအပေါင်းတို့သည်လည်း ကောင်းကင်သို့ကြည့်မျှော်၍ ရှင်တော်ဘုရားကိုမမြင်သဖြင့် ပူပင်ထိတ်လန့်သော နှလုံးရှိရကား လူစုများရာသို့ ပြေးကူး၍ တစ်ဦးမှသည်တစ်ဦးကို စူးစမ်းမေးမြန်းကြကုန်၏။ "အချင်းတို့။ မြတ်စွာဘုရားသည် အာကာသစကြံ့ထက် ခေါက်ပြန်လူးလာ ခုတင်ခါဝယ် ပြာဋိဟာပြပြီးလျှင် ယခု ဘယ်သို့ဝင်၍ စံရှင်တော်မူလေသနည်း။ စိတ္တကုဋ်တောင်, ကေလာသတောင်, ယုဂန္ဓိုရ်တောင်တို့သို့ပင် ရှောင်တခင် ကြွတော်မူလေသလော။ နေဝန်း, လဝန်းတို့သည် အနောက်ကျွန်း အတ္ထတောင်သို့ရောက်၍ ကွယ်ပျောက်လေသကဲ့သို့ ပကတိကိုယ်တော် ကွယ်လေပြီတကား"ဟု မြည်တမ်းလျက် မေးမြန်းကြကုန်၏။

ထိုအခါ အချို့သောသူတို့ကလည်း "လောကသနင်းသည် တိတ္ထိတို့ကို နှိမ်နင်းအံ့ဟု ကြီးမားသောတန်ခိုးပြာဋိဟာကို ပြမိ၍ ရှက်နိုးဘိရကား တစ်ပါးသောပြည်နိုင်ငံသို့ ဈာန်ဖြင့်ကြွတော်မူသည် ထင်၏"ဟု ဆိုကြကုန်သည်။ အချို့သောသူတို့ကလည်း 'တပည့်သားတော်တို့သာ သိနိုင်ရာသည်'ဟု ကြံ၍ အရှင်မောဂ္ဂလာန်ကို မေးလျှောက်ကြကုန်သည်။ ထိုသို့လျှောက်ကြသော် အရှင်မောဂ္ဂလာန်သည် မိမိ သိမြင်ပြားသော်လည်း အရှင်အနုရုဒ္ဓါ၏ဂုဏ်ထင်ရှားစိမ့်သော့ငှာ "နတ်မျက်စိကဲ့သို့ သိမြင်သောအရာ၌ မြတ်စွာဘုရားမှ ဧတဒဂ်ထားရသော အနုရုဒ္ဓါထေရ်ကို မေးကြကုန်"ဟု တိုက်တွန်း၏။ ဒါယကာတို့လည်း အရှင်အနုရုဒ္ဓါထံ သွား၍ လျှောက်ထားကြသော် အရှင်အနုရုဒ္ဓါကလည်း "ဒါယကာတို့။ မြတ်စွာဘုရားသည် တာဝတိံသာနတ်တို့ရွာဝယ် ဝါကပ်ဝါဆိုတော်မူလို၍ မြင်းမိုရ်တောင်သို့ တက်ကြွတော်မူသည်။ ယခု သုဒဿနမြို့ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာထက် တင့်တယ်စွာ စံပယ်တော်မူသည်"ဟု မိန့်ဆိုပေ၏။ ထိုစကားကိုကြားမှပင် ပရိသတ်လေးပါးလည်း အားရဝမ်းသာဖြစ်၍ "ဘယ်အခါမှ လူတို့ရွာသို့ ကြွလာတော်မူလတ္တံ့နည်း"ဟု လျှောက်ပြန်၏။ အရှင်အနုရုဒ္ဓါကလည်း "ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူ၍ သီတင်းကျွတ်လပြည့်နေ့တိုင်မှ ကြွတော်မူလတ္တံ့"ဟု ဆိုပေသော်၊ ထိုပရိသတ်အများလည်း 'ဘုရားသခင်ကို မဖူးမြင်ရသမျှ ဤပြည်ကမပြန်အံ့'ဟု ကြံကြပြီးလျှင်၊ သာဝတ္ထိမြို့၏အနီးဝယ် အသီးအသီးသော သစ်ခက်တဲကိုပြု၍ နေကြကုန်၏။ ထိုသူတို့၏ တဲကား မိုဝဲရရုံသာ အမိုးအကာမှ လုံစွာမရှိကုန်။ အချို့ကား ဟင်းလင်းအတိသာ ဖြစ်ကုန်၏။ သို့ဖြစ်ငြားသော်လည်း ဘုရားရှင်၌ ခင်မင်ရှိညွတ်သော အကျိုးဆက်ကြောင့် ကိုယ်လက်ကျင်နာ ရောဂါဘေးဘျမ်း မသန်းမငြိကုန်။ မြေအခင်းသည်လည်း သန့်ရှင်းစင်ကြယ်စွာ ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ။၆၁။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောတော်မူခြင်း

ဘုရားသခင်လည်း ပြာဋိဟာမပြမီကပင် အရှင်မောဂ္ဂလာန်ကို မှာဆိုတော်မူလင့်သည်ကား "ချစ်သား မောဂ္ဂလာန်။ ဝန်းရံစုဝေးလတ်သော ဤပရိသတ်အပေါင်းတို့အား ငါ၏ကိုယ်စား သင် တရားဟောရစ်လော့။ စူဠအနာထပိဏ်သူဌေးသည် သင်တို့အား လုပ်ကျွေးချီးမြှင့်လတ္တံ့"ဟု မှာတော်မူ၏။ ထို့ကြောင့် အရှင်မောဂ္ဂလာန်အား အရံသံဃာများနှင့်တကွ စူဠအနာထပိဏ် သူဌေးသည် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လျက် ရောက်လာသမျှသော ဗိုလ်လူပရိသတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးပေသတည်း။

ဘုရားသခင်လည်း ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ စံပယ်တော်မူသောအခါဝယ် တာဝတိံသာနတ်အပေါင်းတို့သည် သောင်းသောင်းအုတ်အော် ကြွေးကြော်ကာလာကြကုန်သည်။ အထက်အထက်သော နတ်ဘုံ, ဗြဟ္မာဘုံတို့မှလည်း ထိုအသံကိုကြားလေ၍ မယ်တော်ဖြစ်ဖူးသော 'သန္တုသိတ' နတ်သားနှင့်တကွ 'အင်္ကုရ', 'ဣန္ဒက' စသော များစွာသောနတ်ဗြဟ္မာတို့သည် တရားနာခြင်းငှာရောက်လာကြကုန်၏။ ဤစကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းချီးကြော်ငြာသောအသံကို ကြားသဖြင့် တစ်ပါးသော စကြဝဠာတစ်သောင်း၌နေကုန်သော နတ်ဗြဟ္မာအများတို့သည်လည်း "ဘုရား ယခု နတ်ရွာသို့ ကြွတော်မူပြီ။ တရားရသကို ငါတို့သောက်ရအောင် သွားကြကုန်အံ့"ဟု တစ်ဦးမှတစ်ဦးကို ဆင့်ကူးခေါ်ငင်၍ ထိုည၌ပင် ရောက်လာကြကုန်သတည်း။

ဘုရားသခင်၏ ထက်ဝန်းကျင်သောအရပ်မှ နတ် ဗြဟ္မာအပေါင်းတို့ သောင်းသောင်း ဝန်းရံကာနေသော်လည်း မိမိတို့၏ ကိုယ်ရောင်, တန်ဆာရောင်တို့သည် မပြောင်မလင်းနိုင်ကုန်။ ဘုရားသခင်၏ ကိုယ်တော်မှထွက်သော ရောင်ခြည်ခြောက်ဆိုင်တို့သည်သာလျှင် တစ်ပြိုင်တည်း ထွန်းလင်းကုန်၏။ ထိုပရိသတ်တို့၏ အလယ်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည် ဘုရားသခင်၏ လက်ယာနံပါးတော်၌ နေ၏။ ထိုနတ်သား၏အနီး၌ တန်ခိုးကြီးသော ဣန္ဒကနတ်သားသည် နေ၏။ ဘုရားသခင်၏ လက်ဝဲနံပါးမှာကား အင်္ကုရနတ်သားသည် နေ၏။ ထိုနှစ်ဦးတို့တွင် အင်္ကုရနတ်သားသည် တန်ခိုးကြီးသော နတ်,ဗြဟ္မာတို့ရောက်လာသော အခါ မိမိနေရာမှ တရွေ့ရွေ့ နောက်သို့ဆုတ်ရသဖြင့် ဘုရားမှ တစ်ဆယ့်နှစ်ယူဇနာ ကွာလေ၏။

ထိုအခါ မြတ်စွာဘုရားသည် နတ်သားနှစ်ဦးတို့၏ ကုသိုလ်အထူးအပြားကို အများသိစေလို၍ ဤသို့ မိန့်တော်မူ၏။ "အချင်း အင်္ကုရနတ်သား။ သင်သည် ရှေးလူ့ပြည်၌နေသော အခါ မဇ္ဈိမဒေသကို အုပ်စိုးရသော မင်းဖြစ်၍ အနှစ်တစ်သိန်းမျှပတ်လုံး တစ်ဆယ့်နှစ်ယူဇနာရှိသော အရပ်ကို ဖိုခံလောက်ချင်း စပ်စေလျက် အလှူကြီးကို ပေးခဲ့သည်မဟုတ်လော။ သို့ဖြစ်လျက် ယခုအခါ အဘယ့်ကြောင့်သာလျှင် ငါဘုရားနှင့် ဝေးခြားရာက သင်နေသနည်း"ဟု မေးတော်မူ၏။ အင်္ကုရနတ်သားသည်လည်း "အရှင်ဘုရား။ အကျွန်ုပ်ကား များစွာသောအလှူကို ပေးပါသော်လည်း သာသနာတော်၏အတွင်းနှင့် မကြုံသဖြင့် သရဏဂုံပဥ္စသီတည်သော အလှူခံမြတ်ကိုမျှ မရပါ။ ညံ့ဖျင်းသော အလှူခံပုဂ္ဂိုလ်တို့ကိုသာ လှူရ၍ အကျိုးပေးနည်းလှသောကြောင့် တန်ခိုးကြီးသောနတ်တို့လာလျှင် ရှောင်ခွာ၍ နေရပါသတည်း"ဟု နားတော်လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဣန္ဒကနတ်သားကိုခေါ်၍ မိန့်တော်မူပြန်သည်ကား "အချင်း ဣန္ဒက နတ်သား။ သင်သည် ရှေးလူဖြစ်သောအခါ ညီတော်အနုရုဒ္ဓါ ဆွမ်းခံရာ၌ တစ်ထပ်စာသော ဆွမ်းကို လှူဒါန်းဖူးသူဖြစ်လျက် ယခုအခါ သင် နေရာမှ မထမကြွဘဲ ငါ့အနီး၌ အဘယ့်ကြောင့် နေနိုင်သနည်း"ဟု မေးတော်မူ၏။ ဣန္ဒကနတ်သားလည်း "အရှင်ဘုရား။ အကျွန်ုပ်သည် အနည်းငယ်သော ဒါနကိုပင် ပြုရသော်လည်း ရှင်တော်ဘုရား သာသနာတော်၌ မြတ်လှစွာသော သီလဝန်, ဂုဏဝန် ပုဂ္ဂိုလ်မွန်အလှူခံနှင့် ကြုံ၍ ပြည့်စုံထူးမြတ်သောအကျိုး ရှိပေရကား သူ တစ်ပါးကို ခံ့ညားကြောက်ရွံ့ခြင်းမရှိ ပကတိ နေနိုင်ပါသတည်း"ဟု နားတော်လျှောက် ပေ၏။

ထိုအခါ မြတ်စွာဘုရားလည်း ထိုနတ်သားတို့အား သက်သေထား၍ တရားဩဝါဒကို ညွှန်ပြတော်မူခြင်းငှာ–

'ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။

ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ–'ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား –ဝိစေယျ၊ အလှူခံမြတ် ရွေးချယ်လတ်၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ယတ္ထ ပဋိဂ္ဂါဟကေ၊ အကြင် မြတ်သော အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ၊ ပေးအပ်သော အလှူသည်။ မဟပ္ဖလံ၊ ကြီးသောအကျိုး ရှိ၏။

ဝိစေယျ ဒါနံ၊ မြတ်ထက်မြတ်ရာ ရွေးချယ်ရာ၍ သဒ္ဓါကြည်ဖြူ ပေးလှူရသောဒါနကို။ သုဂတပ္ပသတ္ထံ၊ ဘုရားမြတ်စွာ အရိယာတို့ လွန်စွာ ချီးမွမ်းတော်မူအပ်၏။ ဣဓ ဇီဝလောကေ၊ ဤ အသက်ရှည်သော လူ၏ဘောင်၌။ ယေ ဒက္ခိဏေယျာ၊ အကြင် သီလဖြူစင် အလှူခံတတ် ပုဂ္ဂိုလ်မြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေသု၊ ထိုပုဂ္ဂိုလ်မြတ်တို့၌။ ဒိန္နာနိ၊ ပေးလှူရကုန်သည် ရှိသော်။ မဟပ္ဖလာနိ၊ ကြီးကျယ်များမြတ်သော အကျိုးရှိကုန်၏။ ယထာ၊ အဘယ်သို့ နှိုင်းစာဘိရာသနည်း ဟူမူကား။ သုခေတ္တေ၊ ဩဇာလေးနက် အလွန်ထက်သော လယ်မြေ ကောင်း၌။ ဝုတ္တာနိ၊ စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိ၊ မျိုးစေ့တို့သည်။ မဟပ္ဖလာနိ ယထာ၊ အသီးအနှံ အလွန်များစွာ ထွက်လာကုန်သကဲ့သို့တည်း။

ခေတ္တာနိ၊ လယ်တို့ကို။တိဏဒေါသာ၊ မြက်သည် ဖျက်ဆီးအပ်ကုန်၏။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းကိုလည်း။ ရာဂဒေါသာ၊ ရာဂသည် ဖျက်ဆီးအပ်ကုန်၏။ဒေါသ ဒေါသာ၊ ဒေါသသည် ဖျက်ဆီးအပ်ကုန်၏။ မောဟ ဒေါသာ၊ မောဟသည် ဖျက်ဆီးအပ်ကုန်၏။ ဣစ္ဆာ ဒေါသာ၊ အလိုရမ္မက်သည် ဖျက်ဆီးအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝီတရာဂေသု၊ ရာဂ ကင်းသောပုဂ္ဂိုလ်တို့၌။ ဝီတဒေါသေသု၊ ဒေါသကင်းသော ပုဂ္ဂိုလ်တို့၌။ ဝီတမောဟေသု၊ မောဟကင်းသောပုဂ္ဂိုလ်တို့၌။ ဝီတဣစ္ဆေသု၊ အလိုရမ္မက်ကင်းသောပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ ပေးလှူ ခြင်းသည်။ မဟပ္ဖလံ၊ ကြီးသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


(ဤသို့ နတ်သားနှစ်ဦးတို့ကို မေးတော်မူသောအသံ, နတ်တို့က လျှောက်ထားသော အသံ, တရားဟောတော်မူသော အသံတို့ကို လူ့နိုင်ငံ၌သာနမှ အတိုင်းပင် ကြားနာရကုန်သတည်း။)

ဤသို့ တရားဟောပြီးလျှင် ဘုရားသခင်လည်း ဆင်ခြင်တော်မူလတ်၍ 'ဤနတ်တို့ကား ကြီးမားသောဉာဏ်အမြင် ရှိကုန်၏။ သိမ်မွေ့နက်နဲ မြင်နိုင်ခဲသော ပရမတ္ထတရားနှင့်သာ လျော်၏။ ထိုတရားတို့ကို ကြားနာရမှ ငါဟူသော မာန၊ တောင့်တခြင်း တဏှာ၊ မိစ္ဆာဉာဏ် ကုန်ခန်း၍ မဂ်လမ်း,ဖိုလ်လမ်းကို မြင်လွယ်မည်'ဟု ကြံတော်မူလျက်–

'ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ'အစရှိသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဟောတော်မူသတည်း။

ယင်းသို့ တရားဟောလျက် အထက်နတ်ရွာ၌ ဝါဆိုတော်မူသောကာလ 'ဥပါဒိန္နက' စတုဇရုပ်သာဖြစ်သော မြတ်စွာဘုရား၏ကိုယ်ခန္ဓာတော်သည် အဘယ်သို့သောအကြောင်းဖြင့် မျှတနိုင်သနည်း ဟူမူကား၊ လူတို့ရွာ၌ အခါအချိန်ကို မှတ်တော်မူ၍ ဤဇမ္ဗူဒိပ်ကျွန်း၌ နေဝန်း တက်ချိန်သင့်လတ်သော် ကိုယ်တော်မြတ်သည် သွင်ပြင်ဟန်ပန် အသံရုပ်ဝါ ရည်တူမျှသော နိမ္မိတဘုရားကို ဖန်ဆင်းတော်မူ၍ "ငါ၏ကိုယ်စား ဤဘုရားသည် ဤမျှလောက်သောတရားကို ဟောကြားစေသတည်း"ဟု မိန့်တော်မူလျက် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ကောင်းစွာထားခဲ့ပြီးသော် ကိုယ်တော်အစစ်မူကား သင်္ကန်း,သပိတ်ပြင်လျက် သက်ခဲ့ပြီးမှ ဟိမဝန္တာတော အနောတတ်အိုင်၏အနီး နံ့သာပင်ကြီးအရင်းဝယ်, ခင်းအပ်သော ဆေးဒန်းမြင်းသီလာကျောက် မြေ၌ ရပ်တော်မူ၏။

ထိုအခါ ဟိမဝန္တာ၌နေကြသော နတ်နဂါးတို့သည် 'နာဂလတာ'မည်သော ကွမ်းရိုး ဒန်ပူကို ကပ်လာကုန်၏။ ကိုယ်တော်မြတ်လည်း ထိုဒန်ပူကို ခံတော်မူ၍အနောတတ်အိုင်သို့ သက်လျက် မျက်နှာခံတွင်းကို သန့်ရှင်းတော်မူပြီးသော် ထိုကျောက်ဖျာပေါ်၌ ရပ်တော်မူကာ တိမ်နီလာအဆင်းနှင့်တူသော အလွန်နီမြန်းသော သင်္ကန်းအစုံကို ဝတ်ရုံသပ္ပါယ်တော်မူပြီးမှ နတ်မင်းကြီးလေးယောက်တို့ ကပ်လှူအပ်သော ပတ္တမြားညိုဖြင့်ပြီးသော သပိတ်ကိုဆောင်တော် မူလျက် မြောက်ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။ ထို ကျွန်းသူကျွန်းသားတို့သည်လည်း ဘုရားဟူ၍ အမှတ်မရှိ။ မိမိတို့ကိုးကွယ်အပ်သော နတ်မင်းဟု မှတ်ထင်လျက် ကြည်ရွှင်ဝမ်းသာ စွာ နတ်သုဓာကဲ့သို့သောဆွမ်းကို လှူဒါန်းပူဇော်ကုန်၏။ ကိုယ်တော်မြတ်လည်း မျှလောက်ရုံ သောဆွမ်းကို ရလျှင် မြောက်ကျွန်းမှ ပြန်တော်မူခဲ့၍၊ အနောတတ်အိုင်၏အနီး၌ ဆွမ်းဘုဉ်းပေး ပြီးသော် ကြီးစွာသော စန္ဒကူးနံ့သာတောသို့ဝင်၍ နေ့သန့်တော်မူ၏။

ထိုအခါ ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာသည် နံ့သာတော၌ ဘုရားစံပယ် တော်မူသည်ကိုမြင်၍ လျင်စွာလာပြီးသော် ခြေတော်ကို ဆုပ်နယ်ခြင်း၊ သုံးရေ သောက်ရေ တည်ခြင်း၊ ယပ်လေခတ်ခြင်းစသော ဝတ်ကြီးဝတ်ငယ်ကိုပြု၍ ဆည်းကပ်ခစားလာ၏။ မြတ်စွာဘုရားလည်း "ချစ်သား သာရိပုတ္တရာ။ ငါ ယနေ့ကား ဤမျှလောက်သောတရားကို နတ်တို့အား ဟောကြားခဲ့သတည်း"ဟု အကျဉ်းအားဖြင့် မိန့်ကြားနည်းပေးတော်မူ၏။ ထိုအခါ


www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာလည်း 'မဟာပညာတိက္ခပုဂ္ဂိုလ်'ဖြစ်၍ နည်းအမြွက်မျှ သင်နာရလျှင် ကမ်းစွန်မှ ရပ်တည်ကာ သမုဒ္ဒရာကိုညွှန်ပြသကဲ့သို့ ဟောတော်မူသမျှတရားကို အကျယ်အားဖြင့် မြင်လေသတည်း။ ဘုရားသခင်လည်း ထိုတွင် နေ့သန့်၍ ညချမ်းသောအခါ တာဝတိံသာ နတ်ပြည်သို့တက်ပြီးလျှင် အစဉ်သောတရားကို ဟောကြားတော်မူ၏။

ဤသို့ ဘုရားမြတ်စွာ လူ့ပြည်သို့လာလျက် ဆွမ်း, ဩဇာမိုတင်းကြောင်းကို တရားနာ နတ်အပေါင်းတို့တွင် တန်ခိုးပညာကြီးသောနတ်တို့သာ သိကုန်သည်။ တန်ခိုးငယ်သောနတ်တို့ မသိကုန်။ အဘယ့်ကြောင့်နည်းဟူမူ ကိုယ်တူရုပ်ပွားထားခဲ့သော နိမ္မိတဘုရားနှင့် ကိုယ်တော် စစ်ဘုရားသည် အသွင်သဏ္ဌာန်, အသံအမူအရာဖြင့် ထူးပြားကွဲလွဲခြင်းမရှိ၍ မသိနိုင် လေသတည်း။

အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားထံမှ သင်ရခဲ့သောအဘိဓမ္မာကထာမဂ္ဂကို မဇ္ဈိမ ဒေသသို့ဆောင်လာ၍ မိမိ၏တပည့်ဖြစ်သော ရဟန်းငါးရာတို့အား သင်ကြားပို့ချပေ၏။ ဤသို့သောနည်းအားဖြင့် ဘုရားသခင် နေ့စဉ်မပြတ် နည်းပေးအပ်သော ပရမတ္ထဒေသနာကို ထိုတပည့်ရဟန်းတို့အားလည်း နေ့တိုင်း သင်ကြားပေးရကား နတ်တို့ရွာဝယ် မြတ်စွာဘုရား၏ တရားဟော၍ပြီးဆုံးခြင်း၊ အရှင်သာရိပုတ္တရာသည် တပည့်ငါးရာတို့အား သင်ကြား၍ ပြီးဆုံး ခြင်းသည် တစ်နေ့တစ်ရက် တစ်ပြိုင်နက်ပင် ဖြစ်၏။

ထိုရဟန်းငါးရာတို့ကား ကဿပဘုရားလက်ထက်တော်၌ လင်းနို့သားဖြစ်ကုန်၍ တစ်ခုသော ဥမင်လိုဏ်ခေါင်းထဲ၌ တွဲလဲနေကြရာ အဘိဓမ္မာကိုဆောင်ကုန်သော ရဟန်းနှစ် ပါးတို့သည် စင်္ကြံသွားလျက် တရားသရဇ္ဈာယ်သောအသံကို ကြား၍ တရားဟူသောအမှတ်ဖြင့် လေးမြတ်စွာ နာကြကုန်၏။ ဤကောင်းမှုကြောင့် ထိုအဖြစ်မှ စုတေလေသော် တာဝတိံသာ နတ်ပြည်၌ နတ်သား ဖြစ်လေကုန်၏။ ထိုနတ်သားတို့သည် ဘုရားတစ်ဆူမှ တစ်ဆူ၏အကြား ကာလပတ်လုံး လူ့ပြည်နတ်ပြည် လှည့်လည်ကာစံစား၍ ငါတို့ဘုရား ပွင့်သောအခါ နတ်ပြည် မှလာ၍သာဝတ္ထိပြည်၌ အမျိုးကောင်းသားဖြစ်လာကြသဖြင့် ဘုရားသခင် တန်ခိုးပြသည်ကို မြင်လျှင် အဆအရာ သဒ္ဓါပသန္နပွား၍ အရှင်သာရိပုတ္တရာ၏အပါး၌ရဟန်းပြုကြလေကုန်၏။ ထို့ကြောင့် ထိုရဟန်းငါးရာတို့ကို သင်စေခြင်းငှာ အရှင်သာရိပုတ္တရာအား ဘုရား နည်းပေးတော် မူသတည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် ဘုရားမြတ်စွာသည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူလေ၍ ဒေသနာတော်၏အဆုံး၌ ကုဋေရှစ်သန်းမျှလောက် သော နတ်ဗြဟ္မာတို့သည် သစ္စာလေးပါးတရားကို မြင်လေကုန်၏။ မယ်တော်နတ်သားလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ။၆၂။ တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းတော်မူခြင်း

လူ့ပြည်၌ာန၌ စုဝေးနေကြသော သုံးဆယ့်ခြောက်ယူဇနာမျှလောက်သော ပရိသတ်တို့ သည်လည်း သီတင်းကျွတ်လဆန်း ရှစ်ရက်နေ့သို့ရောက်လတ်သော် သားတော် မောဂ္ဂလာန်၏ အထံသို့ကပ်ပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်တို့လူ့ရွာသို့ ဘုရားကြွလာအံ့သော နေ့ရက်နီးချေပြီ။ ဘယ်ဆိနိုင်ငံ ရပ်ဌာန်နယ်ကွက်သို့ ဆင်းသက်တော်မူမည်ကို မသိရပါ။ အရှင့်ကြဲရေးသာ ဖြစ်ပါတော့သည်"ဟု လျှောက်ကြကုန်၏။

ရှင်မောဂ္ဂလာန်ကလည်း 'ဤအရာကား ငါ၏ဝန်ပင် ဖြစ်ပေသည်'ဟု ဆိုပြီးမှ မြေကြီးကို ငုပ်လျှိုး၍သွားခြင်းငှာ အဓိဋ္ဌာန်ဒိဒ္ဓိကိုပြုပြီးလျှင် သာဝတ္ထိပြည်၏အနီးဝယ် မြေကြီး အတွင်းသို့သက်ဝင်၍ အစဉ်အတိုင်းသာလျှင် ဖြူစင်သောပတ္တမြားဋ္ဌတည်သော ပိုးနိကြိုးကဲ့သို့ အမျိုးလေးပါး လူတစ်လွှားတို့ကို ထင်ရှားမြင်စေလျက် မြင်းမိုရ်တောင်အလယ်ချက်ဖြင့် တက်ကြွလေ၏။ လူတို့သည်လည်း "အရှင်မောဂ္ဂလာန် ပျံတက်လေသည်ကား တစ်ယူဇနာခန့် ရောက်ပြီ"စသည်ဖြင့် ပြောပြလျက် ကြည့်မျှော်ကြကုန်၏။ မြင်းမိုရ်ထိပ်သို့ရောက်သော် ဘုရား ခြေတော်ကို ဦးခေါင်းဖြင့်ရွက်လျက် ပေါ်ထွက်လတ်၍ မြတ်စွာဘုရား၏အနီး၌ လက်အုပ်ချီကာ ထိုင်ပြီးသော် ဤသို့ နားတော်လျှောက်၏။

"ဘုန်းတော်ကြီးလှသော တရားမင်းဘုရား။ များစွာ စည်းဝေးကုန်လတ်သော လူပရိသတ် အပေါင်းတို့သည် ကိုယ်တော်မြတ်အား ထက်ကြပ်ဖူးမြင်ရမှသာလျှင် နေရင်းဌာနသို့ ပြန်ကြနိုင် ပါမည်။ ဤနတ်ရွာမှ ဆင်းသက်မည့်ကာလ ရပ်ဌာနကို ယခု က သိလိုပါသည်။ ဗျာဒိတ်စကား မိန့်ကြားတော်မူပါ"ဟု လျှောက်၏။

မြတ်စွာဘုရားလည်း "ချစ်သား မောဂ္ဂလာန်။ သင်၏နောင်ကြီးဖြစ်သော သာရိပုတ္တရာ သည် အဘယ်ပြည်ရွာ၌ ဝါကပ်သနည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား။ သင်္ကဿနဂိုရ်ပြည် ၌ ဝါကပ်ပါသည်"ဟု လျှောက်ကြားလျှင်၊ "ချစ်သားမောဂ္ဂလာန်။ ငါဘုရားသည်လည်း ဤနေ့မှ နောက် ခုနစ်ရက်မြောက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့၌ သင်္ကဿနဂိုရ်ပြည်၏ တောင်တံခါးရင်းဝယ် ဆင်းသက်တော်မူအံ့။ ငါဘုရားကို ဖူးမြင်လိုကုန်သော ပရိသတ်တို့သည် ထိုအရပ်သို့ လာစေကုန်လော့။ သင်တို့၏နေခိုရာ သာဝတ္ထိပြည်မှသည် သင်္ကဿနဂိုရ်ပြည် ကား ယူဇနာအားဖြင့် သုံးဆယ် ခြား၏။ ယင်းသို့ခြားသော်လည်း 'လူအများတို့သည် စားနပ်ရိက္ခာ မယူဆောင်ဘဲ ဥပုသ်သုံးဆဲသော သူတော်ကောင်းတို့သည် သွားမြဲကျောင်းသို့ တရားနာသွားသကဲ့သို့သာလျှင် လျင်စွာ သွားလေကုန်'ဟု ပရိသတ်တို့အား အကြောင်းစကားကို သင်ကြားလေဘိလော့"ဟူ၍ မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန်လည်း "ကောင်းပါပြီ"ဟု ဝန်ခံလျက် ခြေတော်ကို ဦးဖြင့်ရွက်၍ မြင်းမိုရ်တောင်မှသက်ခဲ့ပြီးသော် ဘုရားမှာတော်မူတိုင်းသော စကားကို ပရိသတ်တို့အား ကြားပေ၏။ သာဝတ္ထိပြည်သားတို့နှင့်တကွ စည်းဝေးလင့်ကြသော လူအပေါင်းတို့လည်း သောင်းသောင်းဖြဖြ ညှိနှိုင်းကြလျက် လဆန်း ကိုးရက်နေ့ပင် သင်္ကဿနဂိုရ်ပြည်သို့ ရှေးရှုလျက် ထွက်ခဲ့လေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်လပြည့်နေ့သို့ ရောက်သောအခါ မြတ်စွာဘုရားလည်း သိကြားမင်းအား ဤသို့ မိန့်တော်မူ၏။ "အချင်းသိကြားမင်း။ သင်တို့နတ်ရွာဝယ် ငါပြုအပ်သောကိစ္စ ပြီးပြီ။ လူ့ပြည်ခရီးသို့ ယနေ့ ငါ သက်တော်မူအံ့"ဟု မိန့်တော်မူ၏။ ထိုစကားကိုကြားလျှင် သိကြားမင်းလည်း အချင်းအရင်းဖြစ်သော နတ်တို့အား အကြောင်းကိုပြန်ကြား၍ သင်္ကာသနမြို့ တောင်တံခါးမှသည် သင်္ကာသနဂိုရ်ပြည် တောင်တံခါး၀တိုင်အောင် ထောင်အပ်သောလှေကားကဲ့သို့ ရှည်လျားကြီးကျယ် ရှုဖွယ်ရှိလှသော ပတ္တမြားစောင်းတန်းကို ဖန်ဆင်းပြီးလျှင် ထို၏အနီး၌လည်း ရွှေဖြင့်ပြီးသော စောင်းတန်းတစ်သွယ်, ငွေဖြင့်ပြီးသော စောင်းတန်းတစ်သွယ် တင့်တယ်စွာ ဖန်ဆင်းပေး၏။ ဘုရားကိုယ်တော်မြတ်လည်း သင်္ကာသနမြို့ထိပ်၌ ရပ်တော်မူလျက် နတ်ဗြဟ္မာအပေါင်းတို့၏ ပီတိသောမနဿတရားကို ပွားစေခြင်းငှာ လောကဝိဝရဏမည်သော တန်ခိုးပြာဋိဟာကို ပြတော်မူလို၍ စတုတ္ထဈာန်ကို ဝင်စားတော်မူလျက် အထက်သို့ ကြည့်တော်မူ၏။ ထို့နောက်မှ အောက်သို့တစ်ဖန် ကြည့်တော်မူပြန်၏။

ထိုသို့ ကြည့်တော်မူလတ်သော် မြတ်စွာဘုရားတန်ခိုးတော်ကြောင့် အဝီစိမှသည် အထက်ဘဂဂ်တိုင်အောင် အလုံးစုံသောလောကဓာတ်သည် ပွတ်အပ်သောကြေးမုံပြင်ကဲ့သို့ စင်ကြယ်သန့်ရှင်းသည်ဖြစ်၍ ဟင်းလင်းတစ်ပြင်တည်းသာ ဖြစ်လေ၏။ မြေ၌တည်သော လူတို့ကလည်း နတ်ပြည်ခြောက်ရွာ ဗြဟ္မာနှစ်ဆယ်နှင့်တကွ ဩကာသအလုံးစုံကို အကုန်မြင်ရ၏။ နတ်တို့ကလည်း လူတို့ပြည်မှသည် အဝီစိကျအောင် ရှိသမျှသောရူပါရုံတို့ကို အကုန်မြင်ကြ၏။ ဘုရားသခင်လည်း ထက်ဝန်းကျင် အတောင် ရှစ်ဆယ်စီရှိသောဌာနသို့ နီလ, ပီတစသော ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်းထွက်ထွန်းစေလျက် ကေတုမာလာဟုဆိုအပ်သော ရတနာဦးထိပ်မှ သိင်္ဂနိက်ဇမ္ဗူရာဇ် ချက်သစ်သောရွှေစိုင်နှင့်တူသော ရောင်လျှံတော်မကိုဋ်ကို ဘဝဂ်ခိုက်တောက်ပစေလျက် သိနေရုထိပ်ဖျားမှသည် ပတ္တမြားစောင်းတန်းဖြင့် သက်တော်မူ၏။ ထိုအခါ ဗြဟ္မာမင်းကြီးတို့သည် ရွှေထီး, ငွေထီး, သန္တာထီးတို့ဖြင့် အသီးသီးမိုးကာလျက် ဗြဟ္မာပရိသတ်အပေါင်းနှင့်တကွ လက်ယာရွှေစောင်းတန်းဖြင့် သက်ကုန်၏။ သုံးကျိပ်သုံးပါးသော သိကြားမင်းတို့သည်လည်း အချို့ကား ရွှေတံခွန်, ငွေတံခွန်, ပုလဲတံခွန်တို့ကို ကိုင်ကုန်လျက်၊ အချို့ကား 'ဝိဇယုတ္တရ'မည်သော ခရုသင်းကို မှုတ်လျက်၊ ပဉ္စသိခနတ်သားလည်း ဦးသျှောင်ငါးခုရှိသော မကိုဋ်ကိုဆောင်းလျက်, ဗေလုဝမည် သော နတ်စောင်းကိုတီး၍မငြီးငွေ့ဖွယ်သောအသံဖြင့် ပူဇော်လျက်၊ မာတလိနတ်သားလည်း စာမရီသားမြီးယပ်ဖြင့် တလွဲလွဲခတ်လျက် နတ်ဂန္ဓဗ္ဗအပေါင်းနှင့်တကွ လက်ဝဲငွေစောင်းတန်းဖြင့် သက်ကုန်၏။ ယင်းသို့ ရှုဖွယ်မရဲ ထူးကဲလွန်မြတ်သော ဘုရားသခင်၏အသရေတော်ကို ရှုမျှော်လင့်ကုန်သော လူအပေါင်းတို့မြင်ရလျှင် အဆအရာ ဝမ်းသာနှစ်မြို့ခြင်း ရှိသည်ဖြစ်၍ ချီးမွမ်းအံ့ဩလျက် သောသောရတ်ရတ် အုတ်အုတ်ကျက်မျှ ပူဇော်ကြကုန်၏။ သုံးဆယ်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်အပုံတွင် တစ်စုံတစ်ယောက်မျှ ဘုရားဆုကို မတောင်းသောသူမည်သည် မရှိ၊ ဆုတောင်းကြသည်ချည်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်မြတ်လည်း နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူ၍ သင်္ကဿနဂိုရ်ပြည် တောင်တံခါးဝ၌ ရပ်တော်မူလျှင် အရှင်သာရိပုတ္တရာလည်း တပည့်သံဃာတော်တို့နှင့်တကွ လာလတ်၍ မြတ်စွာဘုရားခြေတော်၌ ဦးဖြင့်တိုက်၍ ရှိခိုးပူဇော်ပြီးလျှင် "အရှင်ဘုရား။ သုံးပါးသောဘုံဝယ် တစ်စုံတစ်ခုသောဝတ္ထုဖြင့်လည်း နှိုင်းတုစာနာခြင်းငှာ မအပ်။ လူနတ်အပေါင်းတို့၏ မျက်စိအရသာကို ရှုဖွယ်ရာဟူသမျှထက် အဆအရာ, အဆအထောင်မကသော ဘုရားအသရေတော်ကို ဖူးမြင်ရပေသည်။ အကျွန်ုပ်တို့လည်း ဤ လူ့ဘဝကို အရတော်ပေစွ။ ကိုယ်တော်မြတ်အား နတ်ဗြဟ္မာတို့သည် လွန်စွာ ချစ်မြတ်နိုးပေကုန်စွ"ဟု ချီးပ၍ လျှောက်ကြားသည်တွင် ဘုရားသခင်လည်း အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍-

'ယေ ဈာနပ္ပသုတာ ဓီရာ၊ နေက္ခမ္မူပသမေ ရတာ။

ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ' ဟူသောဂါထာကို ဟောတော်မူသတည်း။

အနက်ကား-သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ယေ ဓီရာ၊ အကြင်ဘုရား အစရှိကုန်သော သူတော်ကောင်းတို့သည်။ ဈာနပ္ပသုတာ၊ အာရမ္မဏူပ နိဇ္ဈာနဈာန်, လက္ခဏူပ နိဇ္ဈာနဈာန်တို့၌ ငါးတန်သော ဝသီဘော်တို့ဖြင့်ရှင်ပျော်လေ့လာခြင်း ရှိကုန်၏။ နေက္ခမ္မူပသမေ၊ ကိလေသာတို့၏ငြိမ်းရာ နိဗ္ဗာန်ချမ်းသာ၌။ ရတာ၊ မွေ့လျော်ကုန်၏။ တေသံ၊ ထိုဈာန်သမာပတ် ကျေးဇူးမြတ်နှင့်ပြည့်စုံကုန်သော။ သတီမတံ၊ သတိရှိကုန်သော။ သမ္ဗုဒ္ဓါနံ၊ ဘုရားသခင်တို့အား။ ဒေဝါပိ၊ နတ်ဗြဟ္မာတို့သည်လည်း။ ပိဟယန္တိ၊ ချစ်ကြည်မြတ်နိုးကုန်၏။

ဤဂါထာ၏အဆုံး၌ တစ်ကုဋေ အတိုင်းအရှည်ရှိကုန်သော သတ္တဝါတို့သည် အမြိုက်အရသာကို သုံးရလေကုန်သတည်း။

(ဘုရားမြတ်စွာသည် တာဝတိံသာနတ်ပြည်မှသက်၍ လက်ယာခြေတော်ကို ချရာဖြစ်သော ဤ သင်္ကဿနဂိုရ်ပြည် တောင်တံခါးဝသည်လည်း ဘုရားတကာတို့ စွန့်ခွာမြဲမဟုတ်သော 'အဝိဇဟိတဌာန'ပင်တည်း။)

ဘုရားသခင်လည်း ထိုတံခါးဝတွင် ရပ်တော်မူ၍ ရှင်လူအပေါင်းတို့အား တရားရသကို သောက်ကြစေခြင်းငှာ ပုထုဇဉ်တို့အား မေးတော်မူ၏။ ထို့နောက် သောတာပန်တို့၏အရာဖြစ်သော ပြဿနာကို သောတာပန်ပုဂ္ဂိုလ်တို့အား လည်းကောင်း၊ သကဒါဂါမ်, အနာဂါမ်တို့၏ အရာဖြစ်သောပြဿနာကို သကဒါဂါမ်, အနာဂါမ်တို့အား လည်းကောင်း မေးတော်မူ၏။ ထိုပုဂ္ဂိုလ်တို့လည်း မိမိတို့အရာဖြစ်သော ပြဿနာကို ဖြေဆိုနိုင်ကုန်၍၊ အထက်အထက် ပုဂ္ဂိုလ်တို့၏အရာဖြစ်သော ပြဿနာကို မဖြေဆိုနိုင်ကုန်။ ထို့နောက်မှ ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာတို့အားလည်း ဘုရားတို့၏အရာဖြစ်သော ပြဿနာကို မေးတော်မူ၍ ထိုအရှင်နှစ်ဦးတို့ မဖြေနိုင်လေလျှင် ထက်ဝန်းကျင်သောအရပ်မျက်နှာကို လှည့်လည်ကာ မျှော်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ များစွာကုန်သော ပုထုဇဉ်အရိယာ နတ်ဗြဟ္မာအပေါင်းတို့သည် ဦးခေါင်းထိပ်၌ လက်အုပ်ကိုချီတင်၍ "အရှင်ဘုရား။ သုံးပါးသောဘုံရပ်၌ အရှင်မြတ်၏ပြဿနာကို ဖြေနိုင်အံ့သောသူသည် မထင်ပြီ။ အရှင်ဘုရားပင် ဖြေတော်မူပါမှ သတ္တဝါတို့ ကြားနာရပါမည်"ဟု လျှောက်၏။ ဘုရားသခင်လည်း 'သာရိပုတ္တရာကား ဤပြဿနာကိုဖြေခြင်းငှာ ပင်ပန်း၏။ ယင်းသို့ဖြစ်သော်လည်း နည်းပေးတော်မူလတ်က မချွတ် ဖြေနိုင်လတ္တံ့'ဟု ကြံတော်မူ၍၊ ခန္ဓာအာယတန စသည်တို့နှင့် ရောယှက်သောနည်းအမြွက်ကို ပြတော်မူ၏။ အရှင်သာရိပုတ္တရာလည်း နည်းနာဥပဒေသကိုရလျှင် ဗုဒ္ဓဝိသယဖြစ်သော ပြဿနာကို နည်းနာအရာအထောင်ဖြင့် တန်ဆာဆင်လျက် ဟောမြွက်ဖြေဆို၏။

ထို့နောက်မှ စည်းဝေးကြသော ပရိသတ်အများတို့အား တရားတော်၏ ဂမ္ဘီရအဖြစ်ကို သိစေခြင်းငှာ အရှင်သာရိပုတ္တရာသည် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တပည့်တော်သည် လောကုတ္တရာအထွတ်သို့ ရောက်သည်မှုစ၍ 'တစ်ကမ္ဘာ ကာလပတ်လုံး ရွာသောမိုးရေပေါက်ကို ဤမျှလောက်ကား သမုဒ္ဒရာ၌ ကျ၏။ ဤမျှလောက်ကား မြင်းမိုရ်သတ္တရဘန် ကျွန်းရံမြေပြင်၌ ကျ၏'ဟု ကာလမကြာ ရေတွက်ခြင်းငှာ စွမ်းနိုင်ပါ၏။ သို့စင် ပညာရှိပါလျက် ဒေသနာတော်၏အနက်ကို နည်းအမြွက်မျှမရလျှင် မဖြေဆိုနိုင်ရှိချေသည်"ဟု နားတော်လျှောက်တင်၏။ သဗ္ဗညုမြတ်စွာဘုရားလည်း အရှင်သာရိပုတ္တရာအား ကောင်းချီးပေးတော်မူ၍ 'ပရော သဟဿံ'စသော ဂါထာကို ဟောတော်မူ၏။

ဤကား မြတ်စွာဘုရားသည် တာဝတိံသာနတ်တို့ရွာ၌ ဝါကပ်တော်မူသော အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၆၃။ ဥပ္ပလဝဏ်ထေရီမ၏ အကြောင်းကို ပြခြင်း

ဘုရားမြတ်စွာသည် သာဝတ္ထိပြည်သို့ရောက်မှ တရားရကုန်သော ပုဂ္ဂိုလ်အပေါင်းတို့တွင် အရှင်ဥပ္ပလဝဏ် ထေရီမ၏အကြောင်းကား–ရှေး ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသောအခါ သမုဒ္ဒရာကမ်းယံ ဟိမဝန္တာတောစပ်၌ ရေနတ်နဂါးမျိုးတို့ နေသည်တွင် အရှင်ဥပ္ပလဝဏ်၏ အလောင်းလည်း 'မဟောရဂ'မည်သော နဂါးမင်းကြီး၏မြောက်သား 'ဝိမလာဒေဝီ'မည်သော နဂါးမ ဖြစ်သတည်း။ ထို ဝိမလာဒေဝီကား ငါးရာမျှလောက်သော နဂါးမအခြံအရံတို့ဖြင့် ကဲလွန်သော ကာမချမ်းသာကို ခံစားကာနေ၏။

လူတို့ပြည်ရွာဝယ် မြတ်စွာဘုရား ပွင့်တော်မူသောအကြောင်းကို ကြားလျှင် မင်းနှစ်ပါးတို့သည် နဂါးအခြွေအရံနှင့်တကွ လာကုန်ကြ၍၊ ခယပူဇော်ကာ သံဃာတော်နှင့်တကွသော ဘုရားသခင်အား နဂါးပြည်သို့ပင့်ဆောင်၍၊ ကြွရောက်တော်မူသောအခါ ငွေသာခွာသဲပြင်၌



www.burmeseclassic.com

www.burmeseclassic.com



ရတနာပလ္လင်ခင်းပြီးလျှင် ကြီးကျယ်စွာသော ရတနာမဏ္ဍပ်ကိုပြုလုပ်၍ နတ်သုဓာဆွမ်းတို့ဖြင့် လှူဒါန်းပူဇော်၏။ ရှင်တော်ဘုရားလည်း နဂါးတို့၏အလှူကို ခံယူသုံးဆောင်တော်မူပြီးသော် သင့်လျော်သောတရားစကားကို ဟောကြားဆုံးမတော်မူပြီးမှ နဂါးမ ဝိမလာဒေဝီ၏ ဥပနိဿယ သမ္ပတ္တိကိုမြင်သဖြင့် ရှင်ပဝမ်းသာ သဒ္ဓါအထူး လွန်ကြူးတက်ပွားစေခြင်းငှာ အဂ္ဂသာဝိကာ ဖြစ်သော ဘိက္ခုနီထေရီကို ခေါ်တော်မူ၍ အသူတရာ ကြီးမြင့်စွာသော ဗြဟ္မာ၏သဏ္ဌာန်ကို ဖန်ဆင်းခြင်း၊ သမုဒ္ဒရာရေပေါ်၌ လူးလာစင်္ကြံ ကြွခြင်း၊ နေဝန်းလဝန်းကို ဒုကုဋ်စွန်ကြား၌ ဆောင်၍ စကြဝဠာတောင်ကို လှည့်လည်ခြင်း စသော တန်ခိုးပြာဋိဟာကို များစွာပြစေ၏။

ယင်းသို့ပြသည်ကို နဂါးမ ဝိမလာဒေဝီမြင်လျှင် ဤအရှင်မကဲ့သို့ ဖြစ်ချင်သောဆန္ဒ အားကြီးရကား သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသောသီလကို ခံယူ၍၊ ပူဇော်ဖွယ် အထူးထူး တို့ဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပူဇော်လှူဒါန်း၏။ နဂါးပြည်၌ဖြစ်သော အရုဏ မည်သောကြာပန်းဖြင့် လှူဒါန်းပူဇော်၍ "နောင်သောအခါ ဤပန်း၏အရောင်အဝါကဲ့သို့ လှပစွာသောကိုယ်အသွင်လည်း ရှိစေသော။ ဤ တန်ခိုးကြီးသော ထေရီမကဲ့သို့ နောင်ဘုရားတို့၏ သာသနာ၌ သာဝိကာမလည်း ဖြစ်စေသော"ဟု ဆုတောင်း၏။

ဘုရားသခင်လည်း အစဉ်သောတရားကို ဟောကြားဆုံးမ၍ နဂါးပြည်မှ ပြန်လည် တော်မူခဲ့၏။ နဂါးမ ဝိမလာလည်း ထိုအခါမှစ၍ နဂါးအဖြစ်ကို ငြီးငွေ့လျက် အသက်အတိုင်း နေ၍ စုတေသေလွန်ခဲ့သော် ဟံသာဝတီပြည်ဝယ် ကုဋေလေးဆယ် ဥစ္စာကြွယ်သော သူဌေး သမီးဖြစ်လာ၍၊ အရွယ်သို့ရောက်သောအခါ မြတ်စွာဘုရားထံ၌ ဆည်းကပ်၍ မပြတ်သရဏဂုံ သီလကိုယူလျက် အလှူကြီး အကြိမ်များစွာ ပေး၏။

တစ်ရံသောအခါ များစွာသောပရိသတ်နှင့်တကွ တရားနာကြကုန်၏။ ဘုရားသခင် လည်း အပါးတွင်ရှိသော ဘိက္ခုနီမတစ်ပါးအား အထူးသဖြင့် တန်ခိုးကြီးသောနေရာ၌ တေဒဂ် ထား၍ ချီးမြှောက်စားသည်ကိုမြင်လျှင် "ဤ အရှင်မကဲ့သို့ 'ဣဒ္ဓိမန္တ'တေဒဂ်ရသည် ဖြစ်ရပါလို သော"ဟု ဆုတောင်းပတ္ထနာ ပြန်၏။ ထိုသူဌေးသမီးလည်း ကြီးကျယ်သောကုသိုလ်ကံကို ပွားစေလျက် အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်လူ့ရွာ၌ လူးလာစုန်ဆန် အဖန် ဖန်ဖြစ်ခဲ့ပြီးမှ ဤဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ဗာရာဏသီပြည်ကို အစိုးရသော ကိကီမင်းကြီး၏ သမီးခုနစ်ယောက်တို့တွင် 'သမဏဂုတ္တာ'မည်သော မင်းသမီးဖြစ် လာ၏။ ထိုဘဝ၌လည်း အနှစ်နှစ်သောင်းမျှ ကာလပတ်လုံး ဘုရားအဆုံးအမတော်ကို နာ၍ သရဏဂုံသီလကို ကျင့်ဆောင်လျက် သံဃာတစ်သောင်းတို့ မှီဝဲရန် ကျောင်း, ကန်, ပရိဝုဏ်ကို လှူဒါန်း၏။ ထိုအဖြစ်မှ စုတေလေသော် တာဝတိံသာနတ်ပြည်၌ဖြစ်၍ နတ်ချမ်းသာကို ခံစားရ၏။

ထိုမှစုတေသောအခါ ဗာရာဏသီပြည်တွင်းဝယ် သူဆင်းရဲတစ်ဦး၏ သမီးတစ်ဦး ဖြစ်လာ၏။ အရွယ်သို့ရောက်သောအခါ များစွာသော ပြည်သူအပေါင်းတို့ ကောင်းမြတ်သော ပန်းဝတ်တန်ဆာကိုဆင်လျက် နက္ခတ်သဘင် ရွှင်မြူးကြသည်ကိုမြင်၍ ဝတ်ချင်စိတ်ရှိလှရကား



www.burmeseclassic.com

www.burmeseclassic.com



မိဘတို့အား "တစ်ထည်မျှသော ပန်းဝတ်ကို ဝတ်ပါရစေ"ဟု တောင်း၏။ မိဘတို့ကလည်း "ချစ်သမီး။ ငါတို့ကား အလွန် နွမ်းပါး၏။ စားရုံဝတ်ရုံမျှကို ပင်ပန်းစွာ ကြံစည်ရချေသည်။ ပန်းဝတ်တန်ဆာကို အဘယ်မှာ ပေးနိုင်အံ့နည်း။ ဝတ်ဆင်လိုက ကြွယ်ဝသောသူ၏ထံ၌ ကျွန်ခံ၍ ဝတ်လေ"ဟုဆိုလျှင်၊ ထိုသတို့သမီးလည်း သူဌေးတစ်ဦးအထံ၌ သုံးနှစ်စာရင်းနှံ၍ ကျွန်ခံလေ၏။ အမှုကြီးငယ်၌ ဥပါယ်မရှိ ရိုသေစွာရွက်ဆောင်ဘိရကား ထိုမိန်းမငယ်အား သူဌေးလင်မယားတို့သည် သနားခြင်းရှိသည်ဖြစ်၍ သုံးနှစ်မစေ့မီပင် သန့်စင်ချောမွတ်သော ပန်းဝတ်တစ်စုံကို ပေးလိုက်၏။ သူငယ်မလည်း မိဘတို့အိမ်သို့ ပြန်ခဲ့၍ ခရီးအကြား၌ရေကန်ကို မြင်လျှင် 'ရေသန့်စင်ပြီးမှ ပန်းဝတ်သစ်ကို ဝတ်အံ့'ဟုကြံ၍ ရေကန်၌ ရေချိုး၏။

ထိုအခါ ကဿပမြတ်စွာဘုရား၏ သာဝကဖြစ်သော ရဟန္တာတစ်ဆူသည် ခိုးသားတို့ သင်္ကန်းကို လုယက်သည်ဖြစ်၍ သစ်ခက်ကိုဖုံးကာလျက် ကြွလာသည်ကိုမြင်လျှင် 'ဤအရှင်ကား ခိုးသားတို့ သင်္ကန်းလုယူသည် ဖြစ်လတ္တံ့။ ငါလည်း ရှေးရှေးသောဘဝက ဒါနမဲ့ခဲ့သောကြောင့် တစ်ဆယ့်ခြောက်နှစ် အရွယ်တိုင်အောင် ပန်းဝတ်တစ်ထည်ကိုမျှ မဝတ်ဆင်ရ။ တောင့်တောင့်တတ ရှိရချေသည်။ ယခု ငါလည်း ထိုနည်းအတူ အလှူကောင်းမှု မပြုငြားက ဘဝနောင်လာ ဆင်းရဲစွာပင် ဖြစ်ချေမည်။ ထို့ကြောင့် သုံးနှစ် ကျွန်ခံမှရခဲ့သော ဤပန်းဝတ်ကို အရှင်မြတ်အား ငါ ကပ်လှူအံ့'ဟု ကြံ၍ ရေကန်မှတက်ပြီးလျှင်"အရှင်ဘုရား။ အကျွန်ုပ်ကို သနားသဖြင့် ဤပုဆိုးအစုံကို ဝတ်ရုံ သုံးဆောင်တော်မူပါဘုရား"ဟု ကပ်၏။ ရဟန္တာမြတ်လည်း ဝတ်ရုံသုံးဆောင်တော်မူလေလျှင် ထွက်သစ်သောနေလုလင်ကဲ့သို့ ရှုချင်စဖွယ် တင့်တယ်သော အရောင်အဝါသည် ဖြစ်၏။ ဒါယိကာမငယ်လည်း သပ္ပာယ်သော အဆင်းအဝါကို မြင်သဖြင့် ရွှင်လန်းလှသောစိတ်ရှိလျက် လက်အုပ်ချီပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် ဤသင်္ကန်းလှူရသော အကျိုးအားဖြင့် ရှည်လျားဘဝ နောင်ကာလတို့၌ လှပတင့်တယ် ရှုချင်ဖွယ်သော အရောင်အဝါနှင့်ပြည့်စုံသော အမျိုးကောင်းသမီး ဖြစ်ရပါလိုသော။ အကျွန်ုပ်ကိုမြင်ငြားက ယောကျ်ားတကာ စေတနာပျံ့ပျူး၍ ရူးမူးတိမ်းညွတ်သည် ဖြစ်စေသော"ဟု ဆုတောင်း၏။ ရဟန္တာမြတ်လည်း လျောက်ပတ်သော တရားဒေသနာတော်ဖြင့် အနုမောဒနာပြု၍ ကြွလေ၏။

သူငယ်မလည်း မိဘတို့ထံပြန်ခဲ့လျက် အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်၌ တစ်ကြိမ်ဖြစ်ပြီးမှ သိဝိတိုင်း အရိဋ္ဌပုရမြို့ကြီးဝယ် ကုဋေရှစ်ဆယ် ဥစ္စာကြွယ်သော 'တိရိတဝစ္ဆ'မည်သော သူဌေးကြီး၏သမီးရတနာ ဖြစ်လေ၏။ ငယ်သောအခါကပင် မြင်မြင်သမျှသော မိန်းမ, ယောကျ်ားတို့သည် တိမ်းပါးရူးမူးမတတ် လေးမြတ်စဖွယ် တင့်တယ်သောအဆင်းအရောင် ရှိရကား 'ဥမ္မာဒန္တီ' ဟူသောအမည်ကို မှည့်ကုန်၏။

ထိုသတို့သမီးလည်း ချမ်းသာစွာကြီးမြောက်၍ တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိလတ်သော် ပကတိသော လူတို့၏အဆင်းကို လွန်လတ်၍ နတ်သမီးအလားကဲ့သို့ ဖွံ့ထွားနုထွတ်ချောမွတ်ပြေပြစ်သော အဆစ်အမျက် ခြေလက်အင်္ဂါ မျက်နှာရင်ဝ လှပကောင်းမြတ်သော ကိုယ်အပြင်အလျာရှိရကား ယောကျ်ားတကာတို့မြင်ရလျှင် ကိလေသာမာန်ဝင်၍ ခင်မင်နူးညွတ်သည်းပွတ်လိုက်ဆူလျက် သုရာယစ်သောယောကျ်ားကဲ့သို့ တိမ်းပါးရူးသွပ်ကြသည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် သိဝိတိုင်း အရိဋ္ဌပုရပြည်၌ မင်းပြုတော်မူ၏။ ဘထွေးတော်၏သား 'အဘိပါရက'ကား စစ်သူကြီး ဖြစ်၏။

တစ်နေ့သောအခါ ဥမ္မာဒန္တီ၏အဖဖြစ်သော တိရိတဝစ္ဆသူဌေးသည် သိဝိရာဇ်မင်းထံသို့ ကပ်၍ "အရှင်မင်းမြတ်။ အကျွန်ုပ်အိမ်တွင် အရှင်တို့နှင့်သာ ထိုက်တန်သော မိန်းမရတနာသည် ဖြစ်လာပါ၏။ လက္ခဏာကြန်အင်ကို စုံစမ်း၍ နန်းတော်သို့ ဆောင်ပါလော့"ဟု လျှောက်ကြား၏။ မင်းကြီးလည်း အားရဝမ်းသာစွာ ကြန်အင်လက္ခဏာ၌လိမ္မာသော ဆရာပုဏ္ဏားတို့ကို "သွား၍ ရှုချေ"ဟု စေလိုက်၏။ ပုဏ္ဏားတို့လည်း သူဌေးအိမ်သို့ရောက်လျှင် ဖခင်သူဌေးက ကျွေးမွေးအပ်ရာ မွန်မြတ်စွာသော ဃနာထမင်းတို့ဖြင့် လုပ်ကျွေး၏။ ပုဏ္ဏားတို့ ထမင်းစားစဉ်အခါဝယ် ဥမ္မာဒန္တီသတို့သမီးလည်း ညီးရရီးသောတန်ဆာကို ဆင်ယင်လျက် အချို့အချင်းကပ်အံ့သောငှာ အနီးသို့ချဉ်းလာသည်ကို မင်းဆရာပုဏ္ဏားတို့ မြင်လျှင် ဘဝင်လိုက်ဆူ သည်းအူပြောင်းပြန် မျက်ဆံချာချာလည်လျက် မတည်မရပ်နိုင်ဘဲ ထမင်းပွဲအပေါ်တွင် အချို့ပုဏ္ဏားလည်း လဲ၏။ အချို့ပုဏ္ဏားလည်း စားခြင်းငှာယူသော ထမင်းလုတ်ကို ထိပ်ထက်၌တင်၏။ အချို့ပုဏ္ဏားလည်း လက်ကတီးကြားသို့ ထမင်းလုတ်ကို သွင်း၏။ အချို့ပုဏ္ဏားလည်း နံ့တ်ခမ်းသားကိုကိုက်၍ ငိုက်ဆိုက်နေ၏။ ဤသို့ ပုဏ္ဏားအားလုံး ရှန်းရင်းတက်မျှ ရူးကြလေသည်ကို ဥမ္မာဒန္တီ မြင်လျှင် "ပြည့်ရှင်မင်းကြီးက ငါ့လက္ခဏာကို ရှုစိမ့်သောငှာ စေခြားသော်လည်း ဤပုဏ္ဏားရူးတို့သည် မစူးစမ်းနိုင်ရာပြီ"ဟု ကြိုးဖြင့်ငင်၍ အိမ်ပြင်သို့ထုတ်စေ၏။

ပုဏ္ဏားတို့လည်း သတိရသောအခါ လျင်စွာ မင်းအိမ်သို့ပြန်ခဲ့၍ ဥမ္မာဒန္တီအား ရန်ငြိုးထားသဖြင့် "အရှင်မင်းဖျား။ ကြားတော်မူသော မိန်းမရတနာသည် အဆင်းအဝါကား တင့်တယ်၏။ မိဖုရားပြုခြင်းငှာ မလျှောက်ပတ်။ မမြတ်သောမိန်းမတည်း"ဟု လျှောက်၏။ မင်းကြီးလည်း ပုဏ္ဏားတို့၏စကားကို ယုံ၍ ဥမ္မာဒန္တီအား ဂရုမမူ မသိမ်းယူဘဲနေလေ၏။ သူဌေးလည်း မင်းမယူကြောင်းကို သိလျှင် အဘိပါရကစစ်သူကြီးအား ဆောက်နှင်းလေ၏ စစ်သူကြီးလည်း 'အလွန်ရခဲသော မိန်းမရတနာကို ရလာပေသည်'ဟု နှလုံးထားလျက်အခေါင်အဖျား မြှောက်စားချီးပင့်၏။

တန်ဆောင်မုန်းလပြည့်အခါ ထိုပြည်ရွာ၌ ကြတ္တိကာနက္ခတ်သဘင်သည် အစဉ်ခံကြမြဲဖြစ်သတည်း။ အဘိပါရက စစ်သူကြီးလည်း ထိုအခါ မိမိစားသော မြို့ကျေးရွာသို့သွားခြင်းငှာ အခွင့်ကြုံလာ၍ ဥမ္မာဒန္တီအား ဤသို့ မှာထား၏။ "မြောက်သား ဥမ္မာဒန္တီ။ ဤသဘင်အတွင်း၌ ငါတို့မင်းကြီးသည် ရထားစီး၍ ပြည်ကို လှည့်လည်လတ္တံ့။ ထိုအခါ သင်၏အဆင်းအဝါကို ထင်စွာမပြလင့်။ ပြသဖြင့်ကား ငါနှင့် သင် မပေါင်းရရှိလတ္တံ့"ဟု မှာခဲ့၏။ ဥမ္မာဒန္တီကလည်း "အရှင် မစိုးရိမ်လင့်။ သွားခွင့်ရှိရာ ကောင်းစွာသာ သွားလေ"ဟု ဆိုလိုက်၏။ မိမိစိတ်၌ကား 'ထိုမင်းဖျားသည် ပုဏ္ဏားမိုက်တို့ ကုန်းတိုက်သောစကားဖြင့် ငါ့အား မိန်းမယုတ်ထင်မှတ်သည်။ ယုတ်, မြတ်သည့်အဖြစ် ငါ့သနစ်ကို စင်စစ်ကိုယ်တွေ့ ယနေ့ပင် သိမြင်စေအံ့'ဟု ကြံလျက်၊ ကျေးကျွန်တို့အား "ဤအိမ်ပါးသို့ ရထားစီးနင်း၍ မင်းကြီးရောက်လာလျှင် ငါ့အား ကြားကုန်လော့"ဟု မှာထား၏။



www.burmeseclassic.com

www.burmeseclassic.com



သိဝိရာဇ်မင်းကြီးလည်း တန်ဆောင်မုန်းလပြည့်နေ့ အရှေ့လောကဓာတ်မှ လဝန်းထွက်မြူးသော ညဦးယံအချိန်ဝယ် အိမ်စဉ်ထွန်းညှိသော ဆီမီးရောင်ကိုခံလျက် ခြံရံမှုများစွာမပါဘဲ မင်္ဂလာရှိသော မြင်းရထားကိုစီးလျက်၊ ခရီးမဖြင့် ကြွတော်မူလာ၍ ဥမ္မာဒန္တီ၏အိမ်သို့ ရောက်လေ၏။

ကျွန်မတို့ကလည်း မှာထားတိုင်းလျှောက်၍၊ သိလျှင် ဥမ္မာဒန္တီသည် ကိန္နရီမကဲ့သို့ လှပတင့်တယ် ရှုချင်စဖွယ်သောအမူအရာဖြင့် တန်ဆာဆင်ယင်လျက် အိမ်မှသက်ပြီးလျှင် မင်းကြီး၏အပါးသို့ကပ်၍ နတ်၏ရနံ့ကဲ့သို့သော ကိုယ်နံ့ကို သင်းပျံ့မွှေးထုံစေလျက် ရထားထက်သို့ ရွှေခွက်ဖြင့် ပန်းဝတ်ကို ကြဲလိုက်၏။

သိဝိရာဇ်မင်းကြီးလည်း အနီးသို့ရောက်လာသော ဥမ္မာဒန္တီကိုမြင်လျှင် နတ်သမီးထင်လျက် ခင်မင်တိမ်းညွတ်ဘိ၍ သတိကို မတန့်စားနိုင်ရကား ရထားမှူးကိုခေါ်၍ "ရှုမျှော်စဖွယ်တင့်တယ်လှသော ဤအိမ်ကား ဘယ်သူ့အိမ်နည်း။ နတ်၏သဖွယ် ဤမိမယ်ကား ဘယ်သူ့ဇနီး ဖြစ်သနည်း"ဟု မေး၏။ ရထားမှူးကလည်း "အရှင်မင်းမြတ်။ ဤအိမ်ကား စစ်သူကြီးအဘိပါရက၏အိမ်တည်း။ ဤမိန်းမငယ် အရွယ်ရောက်စ အခါကပင် အရှင်ထံ၌ လျှောက်ပန်လာသော ဥမ္မာဒန္တီ ကျော်ညီတွင်ထ မိန်းမလှတည်း။ ပြည်မသခင် မယူချင်သောကြောင့် အရှင့်ကျွန်သီး စစ်သူကြီးသည် ဇနီးပြုရလေသတည်း"ဟု လျှောက်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် မြင်းမိုရ်ရပ်ဖျားမှ လျှောကျလာသော အသူရာ၊ အသပြာ တစ်သိန်းမျှရှိသော ယောက်ျားကဲ့သို့ နှလုံးသားမှဆူ၍ သည်းအူပြောင်းပြန် လန်ဘနန်းမှု ပင်ပန်းတုန်လှုပ်သောစိတ် ရှိရကား "ရထားမှူး။ ယနေ့ ငါ နက္ခတ်သဘင် မရွှင်လိုပြီ။ ရထားကို လှည့်လော့"ဟုဆို၍ ထိုအရပ်ကပင် ပြန်လည်တော်မူ၏။

နန်းတော်သို့ ရောက်ဘိသော် သိရီသယန ပလ္လင်မထက် ပက်လက်တစောင်း ပြန်ပြောင်းအိပ်ကာ—

"ဥမ္မာဒန္တီ နတ်တညီသည် ဒေဝီငါ့မှာ ဖြစ်သင့်စွာလျက် ယုတ်မာမိုက်မဲ ပုဏ္ဏားမွဲတို့ကြောင့် လွဲရချေသည်။ လူတို့ဘုံတွင် မကြုံဖူးဘိ အံ့ဖွယ်ရှိသော ဣတ္ထိရတနာ လာဘ်များစွာမူ ငါရှုံးဘိသည်။ ကံကောင်းမကာ သိကြားလာ၍ ငါ့အားယခု ဆုပေးငြားအံ့ တစ်ပါးဆုကို မယူလိုပြီ။ ဥမ္မာဒန္တီ ဒေဝီကိုသာ ရလိုပါ၏ဟု ငါဆုယူအံ့"

ဤသို့ စသည်ဖြင့် တသရေရွတ်လျက် ရူးသွပ်ပြန့်လွင့်ခြင်းသို့ ရောက်၏။ မှူးမတ်အများ မိဖုရားတို့သည် ခစားမေးမြန်း ကြပါသော်လည်း မည်သည့်အခြင်းအရာကိုမျှ မပြန်။ ဟိန်းသံဟဲသံ ညည်းတွားသံနှင့်သာ မာန်တသုန်သုန် နေ၏။

စစ်သူကြီး အဘိပါရကလည်း ခရီးသွားရာမှပြန်လာ၍ ခြင်းရာစကား ဖြစ်ကြောင်းလျားကို ကြားသိရလျှင် မင်း၏ထံသို့ဝင် "အရှင်မင်းကြီး။ အဘယ်ရောဂါ ကပ်ရောက်လာ၍ ပူဆာတော်မူဘိသနည်း။ အဘယ်ဆန္ဒ မရသောအား စားတော်မခေါ် စက်မပျော်ဘဲ တအော်ဟစ်ဟစ် တဖျစ်ဖျစ်ဖြင့် နွမ်းညစ်တော်မူဘိသနည်း။ အကျွန်ုပ်အား ကြားတော်မူပါလော့။ ပြည်ကြီးသခင် လိုချင်သမျှ ကြောင်းကိစ္စကို တစ်ခဏချင်း ပြည့်စုံစေအံ့"ဟု လျှောက်ကြား၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း မည်သည့်စကားကိုမျှ မပြန်ဘဲ နေမြဲသာနေတော်မူလေလျှင် မင်းရင်ပြင်မှ ထခဲ့၍ မိမိ၏အချင်းတစ်ယောက်အား စေ့စုံစွာမှာထား၍ ဗလိနတ်စာ ပြုမြဲဖြစ်သောညောင်ပင်ကြီးအခေါင်းတွင်း၌ ဝင်၍နေစေ၏။ စစ်သူကြီးလည်း မင်း၏အထံသို့ ပြန်လာပြီးလျှင် မင်းကြီး၏အမတ်တစ်ယောက်ကို ဤသို့ဆို၏။ "အို အမတ်။ ငါတို့မင်းမြတ်၌ ကပ်ငြိသော အန္တရာယ်ကို ဘယ်သို့ဟု မသိသာဖြစ်သည်။ တန်ခိုးကြီးသော နတ်တို့မူကား သိကြားတန်ရာ၏။ ငါတို့အရှင်သည် နှစ်စဉ်မပြတ် ပူဇော်လတ်သော ညောင်ပင်ကြီးသို့သွား၍ ရက္ခစိုးနတ်အား အကြောင်းကို မေးချေ"ဟု စေလိုက်၏။ ထိုအမတ်လည်း စစ်သူကြီးစေတိုင်း သွား၍မေးလေသော် ညောင်ခေါင်းတွင်နေသောယောကျ်ားက "သင်တို့မင်းအား တစ်ပါးသောရောဂါ မရှိ။ အဘိပါရက၏ မြောက်သားဖြစ်သော ဥမ္မာဒန္တီကိုမြင်၍ ခင်မင်တိမ်းညွတ်သဖြင့် ရူးသွပ်လေသည်။ ဥမ္မာဒန္တီ ကိုရမူကား လျင်လျားစွာ ချမ်းသာရလတ္တံ့။ မရချေမူ သေလတ္တံ့"ဟု ဆိုလိုက်၏။

ထိုအမတ်လည်း လျင်လျားစွာပြန်ခဲ့၍ စစ်သူကြီးအား ရက္ခစိုးပြောလိုက်တိုင်း ပြန်ကြားသော် မင်း၏အထံတော်တွင် နေလင့်သောစစ်သူကြီးကလည်း "အရှင်မင်းမြတ်။ ဖြစ်လတ်သော အခြင်းအရာကို မျိုးသိပ်ကာသိုဝှက်ငြားသော်လည်း နတ်များတို့ သိကြလေပြီ။ အကျွန်ုပ်၏ ဥမ္မာဒန္တီကို အလိုရှိမူ သိမ်းယူတော်မူလော့။ဤမိန်းမမျှနှင့် ဒုက္ခကြီးစွာ မဖြစ်ပါစေလင့်"ဟု လျှောက်တင်၏။

ပြည့်ရှင်မင်းကြီးလည်း 'ငါ၏အတ္တုပ္ပတ်ကို နတ်တို့ပင် သိလေပြီ'ဟု ရှက်ခြင်း၊ ထိတ်လန့်ခြင်း ပြင်းရကား၊ ချက်ချင်းထ၍ "စစ်သူကြီး။ ငါသည် ပြည်သူ့ဥ ကင် မင်းစင်ဖြစ်လျက် ရာဂနိုင်ငံသို့သက်၍ သင့်ချစ်ဖက်ကို ဖျက်ပေတုံအံ့။ လုံးစုံပြည်သား လူအများတို့သည် ငါ့အားရှုတ်ချ ကဲ့ရဲ့ကြ၍ အဓမ္မမူ မင်းခိုးသူဟု ဆိုယူအံ့သည် မချွတ်တည်း။ ငယ်စဉ်ကစ ဓမ္မညီစေ ကျင့်ခဲ့ပေလျက် ယွင်းသွေဖောက်ပြန် ဤသည့်ကံကြောင့် ပစ္စုပ္ပန်တွင်း ဂုဏ်နံ့ကင်း၍ ပါယ်တွင်းနစ်မည် မချွတ်တည်း။ မိဘဘိုးဘိုး ကျင့်ရိုးမဟုတ် အကျင့်ယုတ်ကြောင့် မင်းဒုဿီလ မင်းပါပဟု တိုင်းမပြည်လုံး စုရုံးပြောပ ဥဒါန်းရမည် မချွတ်တည်း။ သို့အရာကြောင့် ငါတစ်မူကား သင့်မယား၌ တိမ်းပါးမိသော်လည်း သတိပညာ ထားပါသမှု တရားရှုလျက် ငါမလုယက် ချစ်စဖျက်ပြီ။ အသက်ရှည်စွာ သင်နှင့်သာလျှင် ကောင်းစွာ ပေါင်းဖက်ကြလော့"ဟု ဆို၏။

ထိုစကားကိုကြားရလျှင် အဘိပါရကစစ်သူကြီးလည်း "မင်းကြီးနှင့်အတူသော သူမြတ်ကား လောကဓာတ်၌ ရှားပေစွ"ဟု ချီးပအံ့သြ၍ တရားဟောပြီးလျှင် မိမိအိမ်သို့ ပြန်လာ၏။ ထိုသူတို့ကား အသက်အတိုင်းနေ၍ စုတေဘိသော် မိမိကံအားလျော်စွာ လားကြရလေ၏။

[ဤဇာတ်၌ သိဝိရာဇ်မင်းကြီးကား ဘုရားအလောင်း၊ စစ်သူကြီးကား အရှင်သာရိပုတ္တရာ၏အလောင်း၊ ဥမ္မာဒန္တီကား ဥပ္ပလဝဏ်၏အလောင်းတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာဒန္တီသည်လည်း ဤအဖြစ်မှ စုတေလေသော် နတ်ပြည်၌ တစ်ကြိမ်စံပြီးမှ တစ်ဖန် လူ့ပြည်သို့သက်လာသော် ဗာရာဏသီပြည်၏အနီးဖြစ်သော ရွာငယ်၌ လယ်လုပ်၍ အသက်မွေးသော သူဆင်းရဲမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သောကာလ မိဘတို့၏ အငုတ်အရင်းဖြစ်သော လယ်ကို လုပ်ရ၏။

တစ်နေ့သ၌ မိမိ၏လယ်ကို စောင့်ခြင်းငှာ အိမ်မှလာခဲ့သော် သွားရာခရီး၏ လမ်းအကြား၌ ကားကားပွင့်နေသော ပဒုမ္မာကြာအိုင်ကိုမြင်သဖြင့် ထိုအိုင်သို့သက်ဆင်း၍ ကြာရွက်ငါးရာ, ကြာပွင့်ငါးရာတို့ကို ဆွတ်ယူလာ၍ လယ်စောင့်ယာတဲသို့ရောက်သော် ကောက်နှံတို့ကိုယူ၍ ပေါက်ပေါက်ပွင့်ငါးရာတို့ကို ဖောက်လှော်ကာနေ၏။

ထိုအခါ၌ နိုရောဓသေမာပတ်မှ ထသစ်စဖြစ်သော ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဂန္ဓမာဒနတောင်မှ ကြွလာ၍ နေရာအနီးသို့ ရောက်သည်ကိုမြင်လျှင် ကြည်ရွှင်လှသော သဒ္ဓါတရားဖြင့် ငါးရာသောပေါက်ပေါက်ပွင့်တို့ကို ထိုအရှင့်သပိတ်တော်၌ လောင်းပြီးမှ ပဒုမ္မာကြာပန်းဖြင့် ဖုံးလွှမ်း၍လှူလိုက်၏။

ပစ္စေကဗုဒ္ဓါကြွ၍ အတန်ငယ်ခရီးကျလျှင် လယ်စောင့်မိန်းမလည်း ဤသို့ကြံ၏။ 'အရှင်ရဟန်းတို့ကား ကြာပန်းကို အလိုမရှိကုန်ရာ။ ငါပန်ရသော်ပင် ကောင်း၏'ဟု ကြံ၍ မြန်စွာလိုက်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်၌ပါသော ကြာပန်းတို့ကို လှမ်းယူ၏။ မိမိလက်သို့ရောက်လျှင် ဆင်ခြင်ပြန်သည်ကား 'ဤအရှင်များသည် လိုလားသည်မူလည်း ဖြစ်စေ၊ မလိုလားသည်မူလည်း ဖြစ်စေ ငါလှူရချေလျှင် ဒါနကြီး ဖြစ်တော့သည်တကား။ ငါမှား၍ ယူမိပြန်သည်'ဟု တစ်ဖန် သပိတ်ထက်၌ထားပြီးသော် ရှေ့တော်၌ဝပ်၍ ရှိခိုးပြီးမှ "အရှင်ဘုရား။ အကျွန်ုပ်သည် ဤကြာပန်းကို လှူဒါန်းရသော ကုသိုလ်ကံ စေတနာကြောင့် တမလွန်ဘဝ ဖြစ်သမျှ၌ ဖဝါးချရာ မြေမျက်နှာထက် ပဒုမ္မာကြာ ထွက်ခံလာသည် ဖြစ်စေသော။ ပေါက်ပေါက်လှူရ ထိုပုညကြောင့် အရှင်ကဲ့သို့ သားကောင်းငါးရာကို ရပါလိုသော"ဟု ဆုတောင်း၏။ ထို ပစ္စေကဗုဒ္ဓါသည်လည်း အနုမောဒနာပြု၍ ကြွတော်မူ၏။

လယ်စောင့်မိန်းမလည်း ထိုဘဝမှ အသက်အတိုင်းနေ၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ ထိုအခါ ကြာပန်းလှူခဲ့သော အကျိုးဆက်ကြောင့် ဖဝါးလှမ်းတိုင်းသောအကွက်၌ လှည်းဘီးစက်ပမာဏရှိသော ပဒုမ္မာကြာတို့သည် ပေါက်ကာပေါက်ကာ ခံလာသဖြင့် 'ပဒုမဝတီ'နတ်သမီးဟု ထင်ရှား၏။

ထိုမှ စုတေခဲ့ပြီးသော် ဟိမဝန္တာတောင်စပ် ကြီးကျယ်သောကြာအိုင်ကို အမှီပြု၍ တစ်ခုသောကြာငုံတွင်း၌ ပဋိသန္ဓေ နေလာ၏။ ထိုကြာအိုင်ကို မှီ၍နေသော ရသေ့တစ်ပါးသည် နံနက်အခါ၌ မျက်နှာသစ်ခြင်းငှာ ကြာအိုင်သို့သွားလေသော် တစ်ပါးသောကြာတို့ များစွာပွင့်ကြလျက် အပွင့်မပွင့်သော ကြာငုံကြီးတစ်ခုကိုမြင်လျှင်'ဤကြာပင်၌ တစ်စုံတစ်ခုသော အကြောင်းဝိသေသ ရှိရာချေသည်'ဟု ကြံလျက် ရေသို့သက်၍ ကြာပွင့်ကို ကိုင်၏။ ထိုခဏ၌ ပွပွကားကား ဖွားရရားပွင့်၍ ကြာတိုက်တွင်း၌ အိပ်လျက်ပါသော သူငယ်မကို မြင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မြင်လျှင် ရှင်ရသေ့လည်း 'သမီး' ဟူသောအမှတ်ဖြင့် လေးမြတ်ချစ်ခင်လျက် ကြာနှင့်တကွ ကျောင်းသို့ဆောင်၍ ညောင်စောင်းထက်၌ထားပြီးသော် အခိဌာန်သော အာနဘော်ဖြင့် လက်ချောင်းမှ နို့ကိုဖြစ်စေလျက် ရှိသေစွာမွေးမြူ၏။ သတို့သမီးငယ်သည် ထိုမှ၌မှ သွားနိုင်သောအခါ ဖဝါးလှမ်းရာလှမ်းရာ၌ ပဒုမ္မာကြာပွင့်တို့သည် မြေမှထွက်လင့်၍ ခံလာကုန်၏။ ကိုယ်အဆင်းအဝါလည်း ပဒုမ္မာကြာ၏ အလျှံ, ကုကုံမံ, ဝတ်မှုန်စုကဲ့သို့ ရှုချင်စဖွယ် တင့်တယ်လျောက်ပတ်လျက် နတ်သမီးအသွင်ကဲ့သို့ ဖြစ်၏။ 'ပဒုမဝတီ' ဟူသော အမည်ဖြင့်လည်း ခေါ်ဝေါ်သမုတ်၏။

အဖ ရသေ့လည်း နေ့တိုင်းနေ့တိုင်း သစ်သီးကြီးငယ် ရှာဆောင်ခြင်းငှာ တောသို့ဝင်လေသော် ကျောင်းသခ်မ်းအတွင်း၌ တစ်ယောက်ချင်းသာ ကျန်ရစ်၏။ ထို ပဒုမဝတီသည် အရွယ်သို့ရောက်၍ တစ်နေ့သောအခါ လူတို့ရွာမှ တောလာမုဆိုးတစ်ဦးသည် ခရီးလွန်၍ ထိုအရပ်သို့ ရောက်လေသဖြင့် တစ်ယောက်ချင်း သခ်မ်းတွင်း၌နေလင့်သော ပဒုမဝတီကိုမြင်လျှင် 'ငါတို့လူ့ခွင်ဝယ် မမြင်စဖူး ထူးမြတ်တင့်တယ် အံ့ဩဖွယ်၌သတို့သမီးကား လူသာ စစ်ပင် ဖြစ်လေသလော။ ဂဠုန်နဂါး သိကြားဂန္ဓဗ္ဗ နတ်ယက္ခတို့ပင် ရွှင်ပျူခြင်းငှာ တောခန်းဝါသို့ လာလေသလော။ အကယ်၍ လူဖြစ်ဘိက မိဘဆွေညာ ရှိတန်ရာ၏။ ငါသိအောင် စုံစမ်းအံ့' ဟု ကြံ၍ မြင်တန်သောအချက်မှ သစ်ခက်တဲဖြင့် နေလင့်၏။

အဖရသေ့ကြီးသည် တောမှ သစ်သီးရှာ၍ ပြန်လာသည်ကိုမြင်လျှင် သတို့သမီးသည် သခ်မ်းမှ ဆင်းသက်လာ၍ အဖလက်၌ပါသော ရသေ့ပရိက္ခရာတို့ကို လှမ်းယူလျက် ကျောင်းသို့ တက်သောအခါ နေရာခင်းခြင်း၊ ခြေသုတ်ခြင်း၊ ယပ်ခတ်ခြင်း စသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြု၏။

ထိုသို့ပြုသည်ကို မုဆိုးမြင်ရမှ စေက္ခ လူဇာတ်ဖြစ်ကြောင်းကိုသိ၍ ရသေ့ထံ ကပ်လေသော် ရှင်ရသေ့လည်း ထိုမုဆိုးအား စားဖွယ်သောက်ဖွယ်တို့ကို ကျွေးမွေးပြီးလျှင် "သင်သည် လူတို့ပြည်သို့ ပြန်သောကာလ ငါ့သမီးရှိကြောင်းကို သူတစ်ပါးအား မပြောကြားဘဲ နေနိုင်ပါအံ့လော" ဟု မေး၏။ မုဆိုးကလည်း "အဘယ်အကျိုးရှိ၍ သူတစ်ပါးအား အကျွန်ုပ် ပြောပါအံ့နည်း" ဟု ဆို၍၊ ရသေ့အား ရှိခိုးပြီးသော် ခရီးအစဉ်ကိုမှတ်၍ ပြန်လာသဖြင့် ဗာရာဏသီမြို့သို့ရောက်သော် အလုံးစုံသောအကြောင်းကို ပြည့်ရှင်မင်းကြီးအား လျှောက်ကြား၏။

မင်းကြီးလည်း ထိုအကြောင်းကိုကြားလျှင် အားရဝမ်းသာစွာ မှူးမတ်ဗိုလ်ပါတို့ကို ခန့်ရံ၍ မုဆိုးလျှင် ခရီးညွှန်ရှိလျက် ပြည်မှထွက်ခဲ့၍ ရသေ့ကျောင်းအနီးသို့ ရောက်လတ်သော် သစ်တပ်မြို့တည်၍ နေ၏။ ယင်းသို့တည်နေပြီးမှ ကြီးကြီးငယ်ငယ်သော ရဟန်းပရိက္ခရာတို့ကို ရှင်ရသေ့အား ကပ်လှူပြီးလျှင် ခင်မင်လောက်စွာသော ပျူငှာစကားဖြင့် လျှောက်ကြားပြောဆိုပြီးမှ "ဘုန်းတော်ကြီးလှသော အရှင်ရသေ့။ အရှင့်ထံ၌ ရဟန်းတို့နှင့် မလျော်ကန်သော ဝိသဘာဂ ပုဂ္ဂိုလ်ရှိကြောင်း ကြားသိရ၍ အကျွန်ုပ် လာပါသည်။ ထိုမိန်းမငယ်ကို အကျွန်ုပ်အား သနားဆောက်နှင်းတော်မူပါ" ဟု တောင်း၏။ ရသေ့ကလည်း "မင်းကြီး။ ငါ့သမီးဝယ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးနီးပါး ကိုးစားမည့်သူ လူတစ်ဦးမျှ မရှိချေ။ ပြည်ကြီးသနင်း မင်းမည်သည်လည်း ဝန်းလည်ခြွေရံ မိသံမောင်းမ များစွာလှ၏။ သူကဖျက်ပြား ကုန်းချောငြားအံ့၊ မင်းဖျားအရှည် မချစ်ရာ။ စာနာ တိုင်းစားတတ်သူ ရှား၏။ သနားသော်ကြင် မုန်းလျှင်ပြစ်လျော့ မထောက် မညှာ ပြုတတ်စွာသောမင်းသာ များ၏။ သို့အရာကြောင့် ငါ့သမီးကို မင်းကြီးအား ဆောက် နှင်းရန် ခက်သည်”ဟု ဆို၏။

ထိုစကားကိုကြားလျှင် “အရှင်ဘုရား စိုးရိမ်တော် မမူလင့်။ အကျွန်ုပ်ထံသို့ ကျရောက် လျှင် သူ တစ်ထူးမနိုပ်စက်ရအောင် အဂ္ဂမဟေသီ ပြုပါအံ့”ဟု ဝန်ခံ၏။ ထိုသို့ဝန်ခံမှ ရသေ့ကလည်း ပဒုမဝတီကို ခေါ်၍ သင့်လျော်သောဩဝါဒဖြင့် ဆုံးမသွန်သင်ပြီးလျှင် မင်းကြီးအား ဆောက်နှင်းပေ၏။ မင်းကြီးသည်လည်း ပဒုမဝတီကိုရလျှင် အဖရသေ့၏နှလုံးကို ပြည့်စေခြင်းငှာ တောခန်းဝါ၌ပင် ရတနာအစုထက်ထား၍ မိဖုရားကြီးတို့၏အဘိသိက်ကို သွန်းပြီးမှ နေရာထီးနန်းသို့ ပြန်လာ၏။

ဗာရာဏသီမင်းလည်း ပဒုမဝတီကို ရသည်မှစက ကြွင်းသောမိန်းမတို့အား မကြည့်မရှု ပဒုမဝတီနှင့်သာ စံပယ်ကာနေ၏။ ထိုအခါ ငါးရာသော မိဖုရားမောင်းမတို့သည် ပဒုမဝတီကို ငြူစူကြကုန်လျက် ဖျက်ဆီးလိုသည်ဖြစ်၍ “အရှင်မင်းကြီး။ ဤပဒုမဝတီကား လူသားဇာတိ မဟုတ်။ မနုဿစစ် ဖြစ်သောသူတို့မှာ ဖဝါးချရာ၌ ကြာခံလာရသည်ဟု တစ်ရံတစ်ခါမျှ မကြားရဘူးချေ။ နတ်ဘီလူးတို့၏အမျိုးသာလျှင် ကြာခံလာကြောင်းကို ထုံးဟောင်း ကြားဖူး ချေသည်။ ထို့ကြောင့် အရှင်မိဖုရားကား လူသားဇာတိ မဟုတ်။ နာနာရုပ်ဖြင့် ပြုလုပ်ဖန်ဆင်း ကာနေသော နတ်ဘီလူးမသာဖြစ်သည်။ အကျွန်ုပ်တို့ သူနှင့်အတူ မနေဝံ့ပါ။ အကျွန်ုပ်တို့ ငါးရာကို ပစ်စွာတော်မူလိုလျှင်လည်း ပစ်စွာတော်မူ။ ပဒုမဝတီကို ပစ်စွာလိုလျှင်လည်း ပစ်စွာတော်မူ”ဟု ဆိုကြကုန်၏။ ယင်းသို့ အကြိမ်ကြိမ်လျှောက်သော်လည်း မင်းကြီး စကားမပြန်ဘဲ နေမြဲသာ နေတော်မူသတည်း။

နှစ်,လရှည်လျားလတ်သော မိဖုရားပဒုမဝတီ၌ ပဋိသန္ဓေ တည်နေလေ၏။ ထိုအခါ ဗာရာဏသီပြည်စွန်သည် ပုန်ကန်သောင်းကျန်းသည်ဖြစ်၍ ငြိမ်းချမ်းစေခြင်းငှာ မင်းကြီး ကြွသွားသည်ရှိသော် မိဖုရားကို နန်းတော်၌ ထားခဲ့ရ၏။ ငါးရာသောမောင်းမတို့သည် ပဒုမဝတီ၏ အလုပ်အကျွေးမိန်းမကို တန်ဖိုးများစွာပေးပြီးလျှင် “သင်၏အရှင်မ သားဖွား သောအခါ ဖွားလာသောသားကို ငါတို့အားအပ်၍ သစ်တုံးပြတ်တစ်ခုကိုသာ သားပြု၍ ထားပါ” ဟု မှာဆို၏။ ထို အလုပ်အကျွေးမိန်းမလည်း “ကောင်းပြီ”ဟု ဝန်ခံလျက် အရံသင့် ပြုထား၏။

ပဒုမဝတီမိဖုရားလည်း များမကြာမီပင် မဟာပဒုမမင်းသားကို ဖွားမြင်၍ စဉ်သမျှသော ကိုယ်ဝန်၏အညစ်အကြေး သွေးပေါက်တို့၌ လေးရာကိုးကျိပ်ကိုးယောက်သောသူတို့သည် သံသေဒဇ ငြိတွယ်ကြ၍ ငါးရာမျှသောမင်းသားတို့သည် ဖြစ်ကြကုန်၏။ အလုပ်အကျွေး မိန်းမလည်း ထို ငါးရာမျှသော သားတို့ကိုပင် မောင်းမငါးရာတို့အားပေးအပ်၍ သစ်တုံးပြတ် တစ်ခုကိုသာ သွေးဖြင့်လိမ်းကျံကာ ထား၏။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားလည်း မိန်းမောရာမှ သတိရသော် အလုပ်အကျွေးမိန်းမကို ခေါ်၍ "အကျွန်ုပ် ဖွားမြင်သောသား အဘယ်မှာနည်း"ဟု မေးလျှင်၊ "အရှင်မသားကား ဤသစ်တုံးပင်တည်း" ဟု ပြ၏။ ပဒုမဝတီလည်း နလုံးမသာ ရှက်နိုးစွာ၍ "လျှင်စွာ ခွဲပစ်ဘိလော့"ဟုဆို၏။ ထို အလုပ်အကျွေးမိန်းမကလည်း အကျိုးလိုလုသောအဟန်ဖြင့် "မြန်စွာပယ်ရှား၍ သူတစ်ပါး မသိစေလင့်"ဟု နှုတ်ပိတ်၏။

သားငယ်ကိုယူကြသော မောင်းမငါးရာတို့သည်လည်း အသီးသီး ပန်းထိမ်သည်ထံ လွှတ်၍ ကြုတ်ကိုပြုစေပြီးသော် ထိုကြုတ်၌ သူငယ်ကိုသိပ်၍ တံဆိပ်ရေးမှတ်ကာ ကောင်းစွာသိုဝှက်ထားကြ၏။

မင်းကြီး ပစ္စန္တရစ် ငြိမ်ဝပ်စေရာမှ ပြန်လာသော် နက္ခတ်သဘင်အခါနှင့် ကြိမ်ခြင်းကြောင့် မြို့တွင်းသို့ မဝင်ဘဲ မြို့ပြင်၌သာ ယာယီတဲကွန်းဖြင့် ပွဲလမ်းသဘင်ပြု၏။

ထိုအခါ ငါးရာသော မောင်းမတို့သည် ခရီးဦးကြိုဆို၍ ပဒုမဝတီမိဖုရား၏ သစ်တုံးမွေးကြောင်း၊ ဘီလူးမ ဖြစ်ကြောင်းကို လျှောက်ထားပြောဆိုကြ၏။ မင်းကြီးလည်း ထိုစကားကို ယုံကြည်ရကား မိဖုရားကို နန်းမှ နှင်ထုတ်လေ၏။ ထိုမိဖုရားလည်း ဘဝတစ်ပါးက ပြုခဲ့ဖူးသော မကောင်းမှုကံဆိုးသည် အကျိုးပေးခွင့်ကြိမ်လေ၍ မင်းအိမ်က ဆင်းလာသည်ကစ၍ ဖဝါးချတိုင်းချတိုင်း ပေါက်မြဲသောကြာပဒုမာတို့သည် မပေါက်လာကုန်။ နတ်၏ရောင်ဝါကဲ့သို့ ထွန်းပစွာသောကိုယ်ရောင်တို့သည် ကွယ်၍ တင့်တယ်ရုံမျှသာ ရှိ၏။

ထိုသို့ညှိုးနွမ်းလျက် လမ်းငယ်အကြားဖြင့် သွားလေသော် ပြည်တော်၏အထောင့်၌ နေသော သူအိုမတစ်ဦးသည် မြင်၍၊ ချစ်ခင်မငြီး သမီးကဲ့သို့မှတ်ရကား လာလတ်သော အကြောင်းကို မေးမြန်း၏။ ပဒုမဝတီကလည်း "မိခင်။ အကျွန်ုပ်သည် ခရီးသွား အာဂန္တုပါတည်း။ တည်းခိုခြင်းငှာ ရှာ၍ လာပါသည်"ဟု ဆိုပေသော်၊ "ချစ်သမီး။ ယင်းသို့တပြီးကား မိခင်အိမ်၌ နေလော့"ဟု ဆို၍ သမီးထပ်တူ မွေးမြူသိမ်းပိုက်လေ၏။

မင်းသားငယ်တို့ကို ဝှက်ထားသော မောင်းမငါးရာတို့သည်လည်း တညီတညာလည်း မင်းကြီးအား လျှောက်ကုန်သည်ကား "အရှင်မင်းဖျားသည် ထွက်သွားတော်မူသောအခါ အောင်မြင်လွယ်စိမ့်သောငှာ ဂင်္ဂါနတ်တို့ကို မပြတ်ဝပ်ညောင်း၍ ဆုတောင်းပူဇော်နှင့်ပါသည်။ ယခု အောင်မြင်လာသောအခါ ဗလိနတ်စာ မပြုရသေး။ ကျွန်ုပ်တို့ နှုတ်ကြွေးမတင်ရအောင် ဂင်္ဂါသဘင် ရွှင်တော်မူပါ"ဟု လျှောက်၏။ မင်းလည်း ထိုမောင်းမတို့၏စကားကို လိုက်နာ၍ ဂင်္ဂါသဘင်ကို စီရင်လေ၏။

ထိုအခါ ငါးရာသောမောင်းမတို့သည် မိမိတို့ဝှက်ထားသော ကြုတ်တို့ကို မျှောခြင်းငှာ ကိုယ်ဝတ်တန်ဆာဖြင့်ဖုံးကွယ်လျက် ရေသို့သက်၍ မျှောလေကုန်၏။ ထိုကြုတ်တို့သည် ရုံကာ၍နေသော ပိုက်ကွန်၌ငြိသဖြင့် မင်းကြီး ရေမှတက်၍ ပိုက်ကွန်ကိုဖော်သောအခါ ပါလာကုန်ရကား မင်းအား ဆက်လေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း ကြုတ်ကိုဖွင့်စေသော် ရွှေအဆင်းနှင့်တူသော မင်းသားငယ်တို့ကို မြင်၍ ကြုတ်တွင် ပါသော အက္ခရာတံဆိပ်တို့ကို ရှုပြန်သော် 'ဘုန်းကံကြီးမား ဤမင်းသားတို့ကား မိဖုရားပဒုမဝတီ ဝမ်းမှဆင်းသော ဗာရာဏသီမင်း၏ သားတော်တို့တည်း'ဟူသော တံဆိပ်ကို မြင်၏။ [တံဆိပ်ကား မောင်းမငါးရာတို့ ကြုတ်တွင်းသို့သွင်းသည့်နေ့ပင် နောင်တွေ့သောအခါ မင်းကြီးသိစိမ့်သောငှာ သိကြားလာ၍ရေးလေသတည်း။]

ဗာရာဏသီမင်းကြီးလည်း မိမိသားရင်းအဖြစ်ကို သိလေသော် ရိုးတွင်းခြင်ဆီစိမ့် မျှ နှစ်သိမ့်လေးမြတ်စွာလျက် မဟာပဒုမမင်းသားကို ချီယူ၍ ကလူဖက် ရမ်းပြီးမှ မှူးမတ်တို့အားလည်း ကြွင်းသောသားငယ်တို့ကို ထိန်းစေလျက် ခပ်သိမ်းသောဗိုလ်ပါနှင့်တကွ မြို့နန်းသို့ ဝင်၏။ ရောက်သောအခါ အသပြာထောင်ထုပ်ကို ဆင်လည်ကုပ်၌ဆွဲစေလျက်"ပြည်ထဲပြည်ပ ပဒုမဝတီကို ရှာဖွေမေးမြန်းလေကုန်။ အကြင်သူကား မိဖုရားကို ပြနိုင်ပေအံ့။ ထိုသူအား ဤအသပြာထုပ်ကို ပေးလေလော့"ဟု အမတ်တို့ကို စေလိုက်၏။

မင်းချင်းတို့လည်း မင်းကြီးဆိုတိုင်း ရှာဖွေမေးမြန်းကြလေသော် မိဖုရား တည်းနေသော အိမ်သို့ရောက်၍၊ ထိုသူတို့ ကြော်ငြာစကားကို ပဒုမဝတီကြားလျှင် "မိခင်။ ဤဆင်၏လည်ကုပ်၌ပါသော အသပြာထုပ်ကို ယူချေလော့။ မင်းချင်းတို့က 'ပဒုမဝတီကို သိ၏လော'ဟု မေးလျှင်၊ 'ငါ့သမီးသည် သိ၏'ဟု ဆိုလေလော့"ဟု စေ၏။

သူအိုမလည်း "သမီး။ မပြနိုင်သော် မခက်လော"ဟုဆို၍ မယူဘဲနေလျှင်၊ "မိခင်။ မစိုးရိမ်လင့်။ အသပြာထုပ်ကို လျင်စွာယူချေ"ဟု စေဖန်များသဖြင့် သူအိုမ လိုက်၍ယူသော် မင်းလူမှူးမတ်တို့သည် သူအိုမနှင့်တကွလိုက်လာ၍ အိမ်မှာနေလင့်သော ပဒုမဝတီမိဖုရားကို မြင်လေလျှင် ဦးတင်တုပ်ကွ ရိုညွတ်ကြလျက် အိမ်ဝအိမ်ပြင် တန်ဆာဆင်ပြီးမှ ပြည့်ရှင်မင်းကြီးအား တွေ့ကြောင်းကို လျှောက်ကြား၏။

မင်းလည်း နန်းတော်မှသည် ပဒုမဝတီနေသော အိမ်ဝတိုင်အောင် ရတနာခုနစ်ပါးကို တံတားခင်းပြီးမှ အသီးသီးသော ပန်း၊ ထီး၊ တံခွန်တို့ကို ကောင်းမွန်စွာစိုက်ထားလျက် မင်္ဂလာရှိသောရထားဖြင့် နန်းတော်သို့ တင်ဆောင်၏။ မိဖုရားလည်း ရထားမစီးမူ၍ ပြည်သူတို့အား မိမိဘုန်းအာနုဘော်ကို မြင်စေခြင်းငှာ ခြေဖြင့်သာလာလတ်သော် ဖဝါးချရာချရာ ဌာနဌိ လှည်းဘီးပမာဏရှိသော ပဒုမာကြာသည် ထွက်ကာထွက်ကာခဲလာ၍၊ ဖဝါးချီသောအခါမှ ထိုကြာ ကွယ်လေသတည်း။

မိဖုရားလည်း များစွာသော အခြံအရံနှင့်တကွ လာ၍ နန်းတော်သို့ရောက်လျှင် လမ်းအစဉ်၌ခြင်းသမျှသော အဝတ်တန်ဆာ ရတနာရွှေငွေတို့ကို မွေးမြူပေသော သူအိုမအား အခပြု၍ ပေး၏။

မင်းကြီးလည်း ယခင် ငါးရာသောမောင်းမတို့ကို ပဒုမဝတီအား ကျွန်အလို့ငှာ ပေး၏။ မိဖုရားလည်း ထိုမောင်းမတို့သည် မကောင်းကြ၍ ကျွန်ခံရကြောင်းကို ပြည်သူအပေါင်းတို့ သိစေခြင်းငှာ မြို့လေးမျက်နှာ၌ စည်လည်စေပြီးမှ မင်းကြီးအား တောင်းပန်၍ တော်လှန်စေပြီးသော်၊ မိဖုရားမှာ မဟာပဒုမမင်းသားကို မွေး၍၊ ကြွင်းသောမင်းသားငယ်တို့ကို ထိုမောင်းမငါးရာတို့အား မွေးမြူစေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားတို့ ကစားနိုင်သောအရွယ်သို့ ရောက်သောအခါ ဗာရာဏသီမင်းလည်း နန်းတော်တွင်း၌ သန့်ရှင်းသော ရေကန်, ပန်းအာရာမ်, ဥယျာဉ်ကိုပြု၍ ပျော်ပါးစေ၏။

မင်းသားတို့အရွယ်ရောက်၍ တစ်နေ့သောအခါ ကစားရာရေကန်၌ ကြာတို့သည် နံနက်ပွင့်စအခါ လွန်စွာတင့်တယ်လှပလျက် ညချမ်းအခါ ညှိုးရော်လာသည်ကိုမြင်လျှင် 'ကြာပင် ကြာပွင့်တည်းဟူသော 'အနုပါဒိန္နက' ရုပ်သည်မျှလည်း ဝယပတ္တအနိစ္စသဘော ဖြစ်သေး၏။ ဥပါဒိန္နကဖြစ်သော ငါတို့ရုပ်နာမ် ခန္ဓာမှာမူ အဘယ်မှာ လွန်နိုင်တော့အံ့နည်း'ဟု ဝိပဿနာ ရှုကြလျက် ထိုခဏ၌ပင် ပစ္စေကဗုဒ္ဓါ ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ ကြာပွင့်၏အချက်၌ ထက်ဝယ်ဖွဲ့ခွေ၍ ငြိမ်သက်စွာနေသည်ကို အခြွေအရံဖြစ်သော လူတို့မြင်လျှင် "အရှင့်သားတို့။ နန်းတော်သို့ သွားချိန်တန်ပြီ။ ရေကန်မှ တက်တော်မူကြလော့"ဟု လျှောက်၏။ သို့လျှောက်ကြားသော်လည်း စကားမပြန်ဘဲနေလျှင် ဖခင်မင်းကြီးအား အကြောင်းကိုလျှောက်ကြား၍ "ငါ့သားတို့ နေလိုတိုင်း နေစေ။ သင်တို့သာ စောင့်ရှောက်လေ"ဟု ဆိုလိုက်သဖြင့် ညဉ့်သုံးယံစောင့်နေ၍ နေအရုဏ်တက်သောအခါ "အရှင့်သားတို့။ နေ့တစ်ပါး ရောက်ချေပြီ။ နန်းသို့ တက်တော်မူပါ"ဟု လျှောက်ကြားလျှင်၊ "အသင်မင်းချင်းတို့။ ငါတို့ကား မင်းသားမဟုတ်။ ပစ္စေကဗုဒ္ဓါ ဖြစ်ပြီ"ဟု ဆိုပေ၏။

မင်းချင်းတို့ကလည်း "ပစ္စေကဗုဒ္ဓါမည်သည် ဤကဲ့သို့ မဟုတ်။ မုတ်ဆိတ်ဆံကို ပယ်ရိတ်၍ သပိတ်, သင်္ကန်း ပရိက္ခရာအစုံနှင့် ဖြစ်သည်။ အရှင့်သားတို့ ဝန်လေးစွာသောစကား ကို မဆိုကြလင့်"ဟု လျှောက်လျှင်၊ ထိုအသွင်သို့ ညွတ်သောစိတ်ရှိလျက် မိမိတို့ဦးခေါင်းတို့ကို မိမိလက်ဖြင့်သုံးသပ်သော် လူဇာတ်၏အသွင်သည် ကွယ်ပ၍ ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းအသွင်ကို ရကုန်၏။ ယင်းသို့ ရဟန်းဖြစ်ကြပြီးသော် ကောင်းကင်ခရီးဖြင့် ပျံ၍ ဂန္ဓမာဒနတောင်သို့ ကြွလေကုန်၏။

ပဒုမဝတီမိဖုရားလည်း ထိုအကြောင်းကို ကြားရသော် "ငါသည်ကား သားအများ မွေးရပါလျက် ငါ၏ထံ၌ တစ်ယောက်မျှ မရှိ။ 'နိပုတ္တက' ဖြစ်ချေပြီ"ဟု လွန်စွာ စိုးရိမ်ပင်ပန်း ခြင်းဖြစ်လျက် စိတ်ညစ်သောဝေဒနာဖြင့် ကြမ္မာကုန်လေသော်၊ ရာဇဂြိုဟ်၏အနီးဖြစ်သော ရွာငယ်၌ လယ်လုပ်သူကြီး၏သမီးပင် ဖြစ်ပြန်လေ၏။ အရွယ်သို့ရောက်၍ အိမ်ရာပြုသောအခါ မိဘတို့စဉ်လာဖြစ်သော လယ်ကို လုပ်ဆောင်ရ၏။

တစ်နေ့သ၌ကား မိမိသားဖြစ်ဖူးသော ပစ္စေကဗုဒ္ဓါ ငါးရာတို့တွင် ရှစ်ဦးသော ပစ္စေ ကဗုဒ္ဓါတို့သည် ကောင်းကင်ခရီးဖြင့် လာသည်ကိုမြင်၍ လင်ယောကျ်ားအား ဤသို့ဆို၏။ "အရှင်။ ကောင်းကင်ဖြင့်ကြွလာသော ပစ္စေကဗုဒ္ဓါတို့ကို ရှုစမ်းလော့။ ထိုရဟန်းတို့ကို ပင့်၍ ဆွမ်းလှူကြအံ့"ဟုဆို၏။လင်ယောကျ်ားကလည်း "ဤပုဂ္ဂိုလ်တို့ကား ရဟန်းငှက် မည်ကုန် ၏။ အဘယ်ဌာန၌ သက်ကြမည် မသိ"ဟု ဆို၏။

ထိုခင်ပွန်းနှစ်ဦးတို့ ပြောကြစဉ်ပင် အရှင်ပစ္စေကဗုဒ္ဓါတို့လည်း ကောင်းကင်မှ သက်လာ၍ နေရာအနီး၌ပင် တည်ကုန်လျှင်၊ လယ်ရှင်မိန်းမကလည်း ပစ္စေကဗုဒ္ဓါတို့အား ပင့်၍ ရှိလင့်သော



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခဲဖွယ်တို့ဖြင့် လုပ်ကျွေးပြီးလျှင် "အရှင်မြတ် ရှစ်ပါးသည် နက်ဖြန်လည်း အကျွန်ုပ်ဆွမ်းကို ခံတော်မူပါ"ဟု ဖိတ်၏။ ပစ္စေကဗုဒ္ဓါတို့ကလည်း "ဒါယိကာမ။ လုပ်ကျွေးအံ့ သောဆွမ်းကို လည်းကောင်း၊ နေရာကို လည်းကောင်း ရှစ်ပါးဖို့သာ ရှိစေ။ ကုသိုလ်စေတနာ ပြန့်ပွားအောင် ငါးရာသောရဟန်းတို့ ကြွလာအံ့"ဟုဆို၍ ပြန်ကြလေ၏။

နောက် မိုးသောက်သောအခါ ရှစ်ဦးသောပစ္စေကဗုဒ္ဓါတို့သည် အကြွင်း လေးရာ့ ကိုးကျိပ်နှစ်ပါးတို့အား "သင်တို့အမိဖြစ်ဖူးသော ဒါယိကာမအား ချီးမြှောက်ခြင်းငှာ တစ်ပါးသောနေရာသို့ ဆွမ်းရှာ မကြွမူ၍ ငါတို့နှင့် အတူလိုက်ပါကုန်"ဟု ဆို၍၊ ထိုငါးရာလုံးပင် ကောင်းကင်ခရီးဖြင့် ကြွလာ၏။

ဒါယိကာမလည်း မှာခဲ့သမျှသော ဆွမ်း, ကွမ်း, နေရာကိုသာ စီမံ၍ထားသည်နှင့် ငါးရာသောရဟန်းတို့ရောက်လျှင် ဝမ်းမြောက်ဝမ်းသာ နေရာပြခြင်းငှာ အားထုတ်၏။ ပစ္စေကဗုဒ္ဓါတို့လည်း မိမိတို့တန်ခိုးအားဖြင့် အိမ်ကို လည်းကောင်း၊ နေရာကို လည်းကောင်း ပွားစေ၍ ငါးရာလုံးပင် ထေရ်စဉ်အားဖြင့် နေကြ၏။ ဒါယိကာမကလည်း ရသမျှသော ဆွမ်းကိုပြင်ဆင်သော် ရှစ်ဦးသောရဟန်းကို ရည်မှန်း၍ပြုထားသော ခဲဖွယ်ဘောဇဉ်သည် တိုးပွား၍ ငါးရာလုံးပင် လောက်ပေ၏။

ဆွမ်းကျွေးပြီးသောအခါ ကြာညိုလက်တို့ကို လှူဒါန်း၍ ဆွမ်းအနုမောဒနာတရားကို နာပြီးသော် "အကျွန်ုပ်သည် ယခုအားထုတ်သော ပုညကြောင့် ဖြစ်ဖြစ်သမျှ နောက်ဘဝတို့၌ ကြာညိုပွင့်ချပ်ကဲ့သို့ လျောက်ပတ်တင့်တယ်သော ကိုယ်အဆင်းရှိသည် ဖြစ်ပါစေသော။ အရှင်မြတ်တို့ရအပ်သော တရားအထူးကိုလည်း ရပါလိုသော"ဟု ဆုတောင်း၏။ ပြီးသောအခါ ပစ္စေကဗုဒ္ဓါတို့လည်း ဂန္ဓမာဒနတောင်သို့ ကြွလေကုန်၏။

လယ်ရှင်မိန်းမလည်း ထိုဘဝမှ အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်၌ တစ်ကြိမ်ဖြစ်ပြီးမှ ငါတို့ဘုရား ပွင့်ချိန်နီးသောအခါ သာဝတ္ထိပြည်ဝယ် ကုဋေတစ်ရာ့ခြောက် ဆယ် ဥစ္စာကြွယ်ဝသော သူဌေးအိမ်၌ ပဋိသန္ဓေ နေလာ၏။ ဖွားသောအခါ ကြာညိုတိုက်၏ အဆင်းအရောင်နှင့်တူသော ကိုယ်အဆင်းရှိရကား 'ဥပ္ပလဝဏ်' ဟူသောအမည်ကို မှည့်၏။ ကိုယ်၏ရနံ့လည်း ကြာညိုနံ့ကဲ့သို့ သင်းပျံ့မွှေးထုံ၏။

ထိုမိန်းမငယ်သည် အရွယ်သို့ရောက်လျှင် မြင်မြင်သမျှသော ယောကျ်ားမိန်းမတို့သည် ချီးပအံ့သြ၍ အဆင့်ဆင့်ပြောသဖြင့် ဇမ္ဗူဒိပ်ကျွန်းအလုံး ကျော်စောရကား တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းအပေါင်းတို့သည် လည်းကောင်း၊ စည်းစိမ်ကြီးကျယ်သော သူဌေးသူကြွယ် တို့သည် လည်းကောင်း အောင်သည်(သွယ်)တမန်ဖြင့် ဖခင်သူဌေးထံ ဥပ္ပလဝဏ်ကို တောင်းလာကြကုန်၏။

ထိုကာလ အဖသူဌေးသည် ဤသို့ကြံ၏။ 'ငါသည် ဤ သမီးတစ်ယောက်မျှနှင့် တောင်းဆိုလာကြသော မင်း, ပုဏ္ဏား, သူဌေးတို့၏ နလုံးကို ပြည့်စေခြင်းငှာ မတတ်နိုင်ရာ။ ငါ၌လည်းကောင်း၊ သမီး၌လည်းကောင်း ရန်ကင်းကြောင်းဖြစ်သော ဥပါယ်ကို ပြုအံ့'ဟု ကြံပြီးသော်၊ သမီးကို ခေါ်၍ "ချစ်သမီး။ သင်သည် ဤလူ့ဘုံဝယ် ကာမဂုဏ်ဖြင့် မရွှင်မြန်းဘဲ ရဟန်းပြုနိုင်ပါအံ့လော"ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဥပ္ပလဝဏ်ကလည်း ပစ္ဆိမဘဝ၌ တည်သူဖြစ်ရကား အဖ မဆိုမီကပင် ရဟန်းပြုချင်သောဆန္ဒ ရှိလှ၍ "ဖခင်။ အကျွန်ုပ် ရဟန်းပြုနိုင်ပါ၏။ သာသနာသို့ လျှင်စွာသွင်းပါလော့"ဟု ဆိုလျှင် မိခင်ဖခင်တို့လည်း ဝမ်းမြောက်ဝမ်းသာ ရတနာထမ်းစင်ဖြင့်တင်လျက် ဘိက္ခုနီမတို့၏ ကျောင်းသို့ ဆောင်၍ ရဟန်းပြုပေ၏။

ထေရီမလည်း ရဟန်းပြု၍ မကြာမြင့်မီ 'စာတုဒ္ဒသီ' ဥပုသ်နေ့နှင့်ကြုံ၍ ဥပုသ်အိမ်၌ ဆီမီးထွန်းလှည့်ကျသဖြင့် ထွန်းညှိရလေသော် ပြောင်ပြောင်လောင်သော ဆီမီးရောင်ကို အာရုံစောလျက် တေဇောကသိုဏ်းကိုရှုသဖြင့် ရှစ်ဆင့်သော ရူပ, အရူပဈာန်သို့ ရောက်ပြီးသော်၊ ဝသီဘော်ငါးတန်ဖြင့် ထိုဈာန်ကိုဝင်စားပြီးမှ ၎င်းဈာန်ကို ပါဒကပြုလျက် ရှုအပ်သော ဝိပဿနာဉာဏ်ဖြင့် မဂ်လေးတန်ကို တဏှာမခြားဘဲရ၍ ရဟန္တာမိန်းမ ဖြစ်လေ၏။

အရဟတ္တဖိုလ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက်ပင် ဣဒ္ဓိဝိဓ စသော အဘိညာဉ်တို့သည် သူမယှဉ်နိုင်အောင် ဖြစ်ကုန်၏။ ထို့ကြောင့် ဘုရားသခင် တန်ခိုးပြအံ့သောအခါ၌ ရဲရင့်စွာ ဝန်ခံပေ၏။

ထိုအကြောင်းကြောင့် နောက်နှောင်းသောအခါဝယ် တန်ခိုးကြီးသောအရာ၌ ဧတဒဂ်သနား၍ အဂ္ဂသာဝိကာ အရာ၌ထားတော်မူသည်။

ဤကား ဥပ္ပလဝဏ်ထေရီမ၏ အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

[ထေရီအပဒါန် ပါဠိတော်၊ ၎င်းအဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၌ လာ၏။ ဤမှတစ်ပါးသော ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့၏ အတ္ထုပ္ပတ္တိကိုပြဆိုလျှင် အထက်စကားဆက် ကွာမည်ကြောင့် ပေယျာလ ထားတော့မည်။]

## ။၆၄။ နကုလပိတာ, နကုလမာတာ သမီးခင်ပွန်းတို့အကြောင်းကို ပြခြင်း

ဘုရားကိုယ်တော်မြတ်လည်း သက်ဿနဂိုရ်ပြည် တောင်တံခါးဝ၌ စည်းဝေးကြကုန်သော ပရိသတ်အပေါင်းတို့အား တရားရေအေး တိုက်ကျွေးတော်မူပြီးလျှင် သံဃာအပေါင်းခြံရံလျက် နိုင်ငံအသီးသီး ပြည်ကြီးအရပ်ရပ်ကို လှည့်ပတ်ကာ ဒေသစာရီကြွချီတော်မူသဖြင့် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့သို့ ရောက်သောအခါ မြို့၏တောင်မျက်နှာဖြစ်သော ဘေသကလတောအုပ်၌ သီတင်းသုံးတော်မူ၏။

ထိုအခါ သံသုမာရဂိရိမြို့၌ အမျိုးခုနစ်ဆက်တိုင်ကြွယ်ဝသော 'နကုလပိတာ', 'နကုလမာတာ' အမည်ရှိသော သူကြွယ်ကြီးသမီး ခင်ပွန်းနှစ်ဦးတို့သည် ဘုရားကြွလာကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကြား၍၊ မြို့သူမြို့သားအပေါင်းနှင့်တကွ ဖူးမြော်ကြခြင်းငှာ လာလေသော် ဘုရားကိုယ်တော်မြတ်ကိုမြင်လျှင် မိမိရင်မှဖွားသော သားဟူသောအမှတ်ဖြင့် လေးမြတ်ချစ်ခင်ခြင်းဖြစ်ရကား သူကြွယ်လင်မယားတို့သည် ဘုရားခြေတော်ရင်း၌ဝပ်လျက် အထပ်ထပ်ရှိခိုးပြီးမှ "သားမြတ်ဘုန်းခေါင် သားတော်မောင်သည် ဤမျှလောက်ကြာသော ကာလပတ်လုံး မိခင်ဖခင်တို့အား ပယ်မှားစွန့်ခွာ၍ အဘယ်မှာ နေဘိသနည်း။ ကျွန်ုပ်တို့ အိုမင်း၍ သေခြင်းနီးလှသော ယခုကာလမှပင် သားဘုရားကို မြင်ရတော့သည်။ မိဘနှစ်ပါးတို့အား သားဘုရားသည် သနားစုံမက်ခြင်း မရှိသကဲ့သို့ ပြုဘိသည်"ဟု ငိုယိုကာ လျှောက်ဆိုမြည်တမ်း၍ အတူပါလာသော သားသမီးတို့အား "ဤဘုရားမြတ်ကား သမီးတို့၏ မောင်ဖွားတည်း။ သားကြီးတို့၏ ညီတည်း။ သားငယ်တို့၏ အစ်ကိုတည်း"ဟု ညွှန်ပြလျက်၊ "သားဘုရားသည် နက်ဖြန် သံဃာအပေါင်းနှင့်တကွ ဖခင်တို့၏အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု လျှောက်၏။ ဘုရားကိုယ်တော်မြတ်လည်း ဆိတ်ဆိတ်သာ ဝန်ခံတော်မူ၏။

ထိုအခါ သံဃာတော်တို့လည်း "ငါတို့မြတ်စွာဘုရားသည် 'အသမ္ဘိန္နခတ္တိယ'ဖြစ်သော သုဒ္ဓေါဒနမင်း, သိရီမဟာမာယာ မိဖုရားကြီးတို့၏ သားတော်စင်စစ်ဖြစ်ကြောင်းကို တစ်သောင်းသောလောကဓာတ်၌ လူ နတ် ဗြဟ္မာ ဟူသမျှတို့ပင် သိကြသည်ချည်းဖြစ်လျက်၊ ဤသူကြွယ်လင်မယားသည် 'သား'ဟူသောခေါ်ဝေါ်ခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုပြန်သည်။ ထိုအရာကိုလည်း မြတ်စွာဘုရား ဆိတ်ဆိတ်သာ သည်းခံတော်မူသည်။ ဘယ်သို့အကြောင်း ရှိလေသနည်း"ဟု ပြောဆိုကြ၏။

ထိုစကားကို ကြားတော်မူလျှင် ဘုရားသခင်လည်း ရွှင်လှသောဣန္ဒြေဖြင့် နေတော်မူလျက် "ချစ်သား ရဟန်းတို့။ ဤ နကုလမည်သော သူကြွယ်သည်ကား ရှေးသောကာလ ဘဝမခြား ငါးရာပတ်လုံး ငါဘုရား၏ ဖခင်စစ်လည်း ဖြစ်ဖူးပေပြီ။ ဘဝငါးရာပတ်လုံး ဘထွေးစစ်လည်း ဖြစ်ဖူးပေပြီ။ ဘဝငါးရာပတ်လုံး ဘကြီးစစ်လည်း ဖြစ်ဖူးပေပြီ။ ဘဝငါးရာပတ်လုံး ဦးရီးစစ်လည်း ဖြစ်ဖူးပေပြီ။ ဤသူကြွယ်မလည်း ဘဝမခြား ငါးရာမျှစင် မိခင်စစ်လည်း ဖြစ်ဖူးပေ၏။ မိထွေး,မိကြီး,အရီးစစ်လည်း အဖြစ်ငါးရာ ဖြစ်ရှာဖူး၏။ နှစ်ဦးပေါင်းစပ်သဖြင့် ဘဝလေးထောင်တိုင်တိုင် သူတို့လက်တွင်းသာ ငါဘုရားသည် ကြီးပွားရလေသောကြောင့် ငါ့အား ချစ်ခြင်းအလျဉ်သည် အစဉ်မပြတ်လေရကား ငါဘုရားကို သားဟူသောအမှတ်ဖြင့် လေးမြတ်ချစ်ခင်ကြသတည်း"ဟု မိန့်တော်မူ၍–

'ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။

ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ–' ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား – ပုဗ္ဗေဝ သန္နိဝါသေန၊ ရှေးဘဝ၌ မိဘပေါက်ဖော် တော်စပ်ကျွမ်းဝင်ဖြစ်ဖူးအင်ကြောင့် လည်းကောင်း။ ပစ္စုပ္ပန္နဟိတေန ဝါ၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကို ဆောင်ရွက်လှသောကြောင့် လည်းကောင်း။ ဧဝံ ဣမိနာ၊ ဤအကြောင်းနှစ်ပါးဖြင့်။ တံပေမံ။ ထိုချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဥဒကေ၊ ရေ၌။ ဥပ္ပလံဝ ယထာ၊ ညွန်ကို လည်းကောင်း, ရေကို လည်းကောင်း မှီ၍ဖြစ်သော ကြာကဲ့သို့တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤမှတစ်ပါးလည်း များစွာသော ဒေသနာတို့ကို ဟောတော်မူ၏။ သူကြွယ်သမီး ခင်ပွန်းနှစ်ဦးသည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။ ကြွင်းသော ပရိသတ်အများတို့လည်း တရားရသကို သောက်ရလေကုန်သည်။ ဤ သူကြွယ်နှစ်ဦးတို့သည် ပင့်ဖိတ်အပ်သည်ဖြစ်၍ ကိုယ်တော်လည်း ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ ဘေသကလတောအုပ်၌ အဋ္ဌမဝါ ဆိုတော်မူသတည်း။

နောက် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဤ နကုလပိတာ, နကုလမာတာတို့ကို 'ဝိဿာသိက'အရာ၌ ဧတဒဂ် ထားတော်မူသတည်း။

## ။၆၅။ ဗောဓိမင်းသား၏ အကြောင်းကို ပြခြင်း

ယင်းသို့ သံသုမာရဂိရိ၌ ဘုရား နေတော်မူသောအခါ သံသုမာရဂိရိပြည်ကို အစိုးရတော်မူသော ဗောဓိမင်းသားသည် စိတ္တဝဍ္ဍကီလက်သမားအား မိမိနေရာအလို့ငှာ နန်းပြာသာဒ်ကို ဆောက်လုပ်စေသော် လက်သမားသည် ဆန်းကြယ်သောအကြံဉာဏ် ရှိသူဖြစ်ရကား တစ်ပါးတိုင်းနိုင်ငံ၌ တစ်ရံတစ်ဆစ်မျှ မဖြစ်စဖူး ထူးဆန်းလှစွာ အာကာတိမ်ညွှန့်သို့ ပျံကွန့်ဘနန်း အံ့ဩ၍မခန်းသော 'ကောကနဒ'အမည်ရှိသော နန်းပြာသာဒ်ကို ပြုလုပ်၍ပေး၏။

မင်းသားလည်း ထိုပြာသာဒ်ကိုမြင်လျှင် ရွှင်ပျဝမ်းသာလျက် "ဆရာလက်သမား။ သင်သည် တစ်ပါးမြို့ရွာ၌ မင်းတို့အလို့ငှာ ဤ ငါ၏ပြာသာဒ်ကဲ့သို့ ကောင်းမြတ်ဆန်းကြယ်သောပြာသာဒ်ကို ပြုလုပ်ဖူးပြီလော။ ယင်းသို့မဟုတ် ဉာဏ်စွမ်းထုတ်၍ သင် လက်ဦးအတတ်ပင်လော"ဟုမေး၍၊ လက်သမားလည်း "တစ်ပါးမြို့ရွာ၌ မပြုစဖူး လက်ဦးအတတ်ပင်ဖြစ်ပါသည်"ဟု လျှောက်လျှင်၊ မင်းသားသည် ဤသို့ကြံ၏။ 'ဤလက်သမား ရှိချေငြားက တစ်ပါးသောမင်းသားတို့သည် ဤကဲ့သို့သောပြာသာဒ်ကို ပြုစေလတ္တံ့။ ထိုအခါ ငါ၏ပြာသာဒ်သည် ထူးမြတ်အံ့ဩဖွယ် မဖြစ်ရာပြီ။ ပြာသာဒ်ပြီးလျှင် လက်သမားကို သတ်သော်လည်း သတ်အံ့၊ လက်ကိုသော်လည်း ဖြတ်အံ့၊ မျက်စိကိုသော်လည်း ဖောက်အံ့'ဟု ကြံ၍ တိုင်ပင်၏။

မိမိထံ၌ နိယံခစားသော 'သိဉ္စဝ'လုလင်အား ပြောကြားတိုင်ပင်၏။ သိဉ္စဝလည်း ထိုစကားကိုကြားရသော် 'ငါတို့မင်းသည် မှားယွင်းသောအကြံကို ကြံချေပြီ။ ဤ လက်သမားနှင့်တူသူလည်း ဇမ္ဗူဒိပ်ကျွန်းပြင်ဝယ် ဘယ်တွင်မျှ မရှိချေ။ အတတ်ပညာ အဖိုးအနဂ္ဃ ထိုက်ပေသည်။ ထို့ကြောင့် ဆရာကိုမသေအောင် ငါကြံအံ့'ဟု ကြံလျက်၊ လက်သမားထံသို့ လာပြီးလျှင် "ဆရာ။ ငါတို့မင်းသည် လက်ငင်းမျှကိုသာ မြော်၍ မလျော်သော အမှုကို ပြုလို၏။ 'ပြာသာဒ်ကိစ္စ ပြီးပြီလော'ဟုမေးလျှင် 'မပြီးသေး'ဟုဆို၍သာ ဆရာ ချမ်းသာကြောင်းကို ရှာလော့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်သမားလည်း "ကောင်းပြီ"ဟု ဝန်ခံ၍၊ "ပြာသာဒ်စီရင်ဖွယ် ပြီးပြီလော"ဟု မင်းသား မေးသောအခါ၊ "မပြီးသေးပါ။ ပြုဖွယ်ကိစ္စ အများပင် ကြွင်းပါသေးသည်။ ရှေးရှေးမင်းတို့သည် တစ်ရံတစ်ဖန်မျှ မစံရဘူးသည်ကို အရှင့်သားစံရအောင် ကျွန်ုပ်တို့ ပြုပါအံ့။ သစ်သားလောက်အောင် ပေးတော်မူပါ။ သို့ရာတွင် လူသူအကြည့်အလာများလျှင် ကိစ္စလပ်လျားပါလိမ့်မည်။ ထမင်းပို့အံ့သော အကျွန်ုပ်မိန်းမမှတစ်ပါး အခြားသူ မဝင်ရအောင် ပိတ်ပင်ထားတော်မူပါ"ဟု လျှောက်၏။ မင်းသားလည်း "ကောင်းပြီ။ သင့်ဉာဏ်စွမ်းရှိတိုင်း ပြုလေ"ဟု ခွင့်ပေး၏။

လက်သမားလည်း ထိုနေ့မှစ၍ ပို့လာသမျှသောသစ်ကို မိမိသားမယားနှင့်တကွ နေလောက်အောင် ဂဠုန်ရုပ်ကို ပြုလုပ်၏။ ယန္တရားစက်နှင့်တကွသော ငှက်ရုပ်ပြီးလျှင် "အိမ်တွင်ရှိသမျှသော ဝတ္ထုပစ္စည်းကိုရောင်း၍ ရွှေ၊ ငွေ၊ ဘဏ္ဍာနှင့် သားသမီးတို့ကိုသာ ယူ၍လာခဲ့"ဟု မှာထားပြီးသော် သိုမှီးထိုက်သမျှသော ခဲဖွယ်ဘောဇဉ်တို့ကိုထည့်၍ သားမယားနှင့်တကွ ငှက်၏အတွင်းသို့ဝင်၍ ကောင်းကင်ဖြင့် ပျံပြေးလေ၏။

ထိုအခါ များစွာသော ပြည်သူအပေါင်းတို့သည် "လက်သမား ပြေးလေပြီ။ ပြေးလေပြီ"ဟု စီစီကျွက်ကျွက်ကြွေးကြော်လျက် ကြည့်မျှော်ကုန်စဉ်၊ ယခင်လက်သမားတို့လည်း ဟိမဝန္တာ၏အနီးသို့သက်၍ လူတို့ကိုစုဝေးပြီးလျှင် မြို့ကြီးတည်ထောင်၍ နေလေ၏။ ထိုမြို့ကား 'ကဋ္ဌဝါဟန'မြို့ဟု တွင်၏။

သံသုမာရဂိရိမြို့၌ ဗောဓိမင်းသားလည်း 'ပြာသာဒ်ထီးနန်း သိမ်းမြန်းစံပယ်အံ့'ဟု ကြံ၍ ကောင်းမွန်တင့်တယ်စွာ တန်ဆာဆင်ပြီးသော် အသီးအသီးသော နံ့သာဆိုင်း၊ ပန်းဆိုင်းတို့ကိုဆွဲထားလျက် ဘုရားကိုယ်တော်မြတ်အား ဆွမ်းအလို့ငှာ ပင့်ဖိတ်၏။ ထိုအခါ များစွာသော မိဖုရား၊ မောင်းမတို့သည် 'ငါတို့၌ အကယ်၍ သားကို လည်းကောင်း၊ သမီးကို လည်းကောင်း ရလတ္တံ့သည် ဖြစ်အံ့။ ဤပုဆိုးကို ဘုရားသခင်နင်း၍ ကြွတော်မူလတ္တံ့။ အကယ်၍ မရမူကား မနင်းဘဲ ကြွလတ္တံ့'ဟု ရည်မှတ်အဓိဋ္ဌာန်လျက် တံခါးခုံမှစ၍ ပြာသာဒ်အပြင်တိုင်အောင် ကိုယ်ဝတ်စုလျားကို ခင်းထားကြကုန်၏။

ဘုရားသခင်လည်း နန်းဥကင်သို့ဝင်ကြွ၍ များလှသောပုဆိုးအခင်းကို မြင်သော် ဝင်တော်မမူဘဲ တန့်ရပ်၍နေတော်မူ၏။

ဗောဓိမင်းသားလည်း ခရီးဦးကြိုဆိုကာ "ဝင်တော်မူပါ"ဟု လျှောက်ထားလျှင်၊ ဘုရားသခင်လည်း ဝင်တော်မမူဘဲ အရှင်အာနန္ဒာကိုသာကြည့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာက "ဒကာတော်မင်းသား။ ပြာသာဒ်အပြင်၌ ခင်းထားသောပုဆိုးတို့ကို သိမ်းထားလော့"ဟုဆို၏။ ထိုပုဆိုးခင်းအားလုံးကို သိမ်းရုံးပြီးသောအခါ မြတ်စွာဘုရားလည်း နန်းတွင်းသို့ဝင်၍ ပလ္လင်ထက်၌ နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မဟာဗောဓိ မင်းသားနှင့်တကွသော မိဖုရား, မောင်းမတို့သည် အထံတော်သို့ ကပ်၍ ရိုညွတ်ပူဇော်ပြီးမှ သရဏဂုံပဥ္စသီကို ယူကြ၏။ ခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။ ပြီးသောအခါ မဟာဗောဓိမင်းသားက "ဘုရားကိုယ်တော်မြတ်သည် အကျွန်ုပ်ခင်းအပ်သော ပုဆိုးနေရာကို အဘယ့်ကြောင့် နင်းတော်မမူပါသနည်း"ဟု လျှောက်၏။

ဘုရားသခင်လည်း "သင်မင်းသားနှင့် တကွသော မိဖုရားမောင်းမတို့သည် 'အကယ်၍ ငါတို့အား သားကိုလည်းကောင်း, သမီးကိုလည်းကောင်း ရသည်ဖြစ်လတ္တံ့မူကား ဘုရားနင်းစေသတည်း။ မရလတ္တံ့မူကား မနင်းစေသတည်း'ဟု အဓိဋ္ဌာန်၍ စီမံခင်းထားသည် မဟုတ်လော"ဟု မေးတော်မူ၏။ "ဟုတ်ပါကြောင်း"ကိုလျှောက်လျှင် "သင်မင်းသား၌ သားသမီး မရရာသည်ကို သိစေခြင်းငှာ ငါ မနင်းသတည်း"ဟု မိန့်တော်မူ၏။

မင်းသားကလည်း "အရှင်ဘုရား။ အကျွန်ုပ်အား အဘယ်ကံများကြောင့် သားသမီး မရရာသနည်း"ဟု နားတော်လျှောက်ပြန်လျှင် "သင်မင်းသားသည် လည်းကောင်း၊ မိဖုရားသည် လည်းကောင်း အခြားမဲ့ဘဝက ပြုခဲ့သော မကောင်းမှုကံ အားကြီး၍ သားသမီး မရရာသည်"ဟု မိန့်တော်မူ၏။ "အဘယ်သို့သော မကောင်းမှုပါနည်း"ဟု လျှောက်ပြန်လျှင်၊ "သင်မင်းသားသည် ရှေးလွန်လေပြီးသောအခါ ခုနစ်ရာသော လူအပေါင်းတို့သည် စုဆောင်း၍ သင်္ဘောသွားကြလေသော်၊ တစ်ရံသောအခါ ကြီးစွာသောလေမုန်တိုင်းနှင့် တွေ့၍ သင်္ဘောပျက်လေသဖြင့် လူတို့ သေကျေပျက်စီးကြကုန်၏။ ထိုအခါ သင်မင်းသားနှင့် မိဖုရားအလောင်း သင်္ဘောသူကြီးကတော် နှစ်ဦးသာလျှင် ကံထူးထောက်မ၍ ပျဉ်တစ်ချပ်ကို အမှီရလျက် ကျွန်းငယ်တစ်ခုသို့ ရောက်လေသတည်း။ ထိုကျွန်းငယ်ကား ငှက်အများတို့၏ မှီဝဲရာဖြစ်သော သစ်ပင်ကမ်းပါး ချုံတောကြားတို့၌ များစွာသော ငှက်သိုက်,ငှက်ဥတို့သည် ရှိကုန်၏။ သင်္ဘောသူကြီးမောင်နှံတို့လည်း စားသောက်ရန် ရှာကြသော် များစွာသောငှက်ဥတို့ကို တွေ့မြင်၍ ရွှင်ပျဝမ်းသာ စားသောက်ကာ နေလေ၏။ ဤသို့ ရှေးမကောင်းမှုကံကြောင့် ယခုဘဝ၌ သားသမီး မရရာသတည်း။ ဒါယကာ မင်းသား အရွယ်သုံးပါးတွင် အကြင်သူသည် ပထမအရွယ်၌ ပါဏာတိပါတစသော မကောင်းမှုကို ပြုခဲ့ဖူးအံ့။ ဘဝသစ်ဖြစ်သောကာလ ငယ်စဉ်ကပင် ရောဂါဗျာဓိ ကပ်ငြိနှိပ်စက်ခြင်း၊ အသက်တိုခြင်း၊ သားသမီးမရခြင်း စသည်ဖြင့် ချို့တဲ့စွာဖြစ်၏။ ဒုတိယအရွယ်သို့ရောက်မှ ပြုခဲ့မူကား ဒုတိယအရွယ်သို့ရောက်သောအခါ ချို့တဲ့စွာဖြစ်၏။ တတိယအရွယ်သို့ ရောက်မှ ပြုခဲ့မူကား ထိုနည်း တတိယအရွယ်သို့ရောက်သောအခါ ချို့တဲ့စွာဖြစ်လတ်၏။ ထို့ကြောင့် ချို့တဲ့ခြင်းကို အလိုမရှိကုန်သော သူတော်တကာတို့သည် အရွယ်သုံးပါး၌ပင် ကာယဒုစရိုက် တရားတို့ကို မြစ်တား စောင့်ရှောက်ကုန်ရာ၏"ဟု ပြတော်မူခြင်းငှာ–

'အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။

တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော–'ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား– ယော နရော၊ အကြင်သူသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ ချစ်အပ်၏ ဟူ၍။ စေ ဇညာ၊ အကယ်၍ သိသည်ဖြစ်အံ့။ဝေ၊ ဤသို့ ချစ်သည်ရှိသော်။ နံ၊ မိမိကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာစောင့်အပ်သော ဒုစရိုက်တရားကို။ ရက္ခေယျ၊ စောင့်ရာ



www.burmeseclassic.com

www.burmeseclassic.com



၏။ တီသု ဝယေသု၊ အရွယ်သုံးပါးလုံးတို့၌။ အရက္ခန္တော၊ မစောင့်နိုင်ခဲ့သော်။ ပဏ္ဍိတော၊ ပညာရှိသော အမျိုးသားသည်။ တိဏ္ဏံ၊ သုံးပါးကုန်သော အရွယ်တို့တွင်။ အညတရံ၊ တစ်ပါးပါးသော။ ယာမံ၊ အရွယ်ကို။ ပဋိဇဂ္ဂေယျ၊ ကောင်းစွာ စောင့်စည်းရာ၏။

ဤတရားတော်၏အဆုံး၌ ဗောဓိမင်းသားသည် သောတာပန် တည်လေသည်။ ကြွင်းသောပရိသတ်တို့လည်း မြတ်သောတရားကို ရကုန်သတည်း။

## ။၆၆။ အရှင်မောဂ္ဂလာန်ဝမ်းသို့ မာရ်နတ်ဝင်ခြင်း

ယင်းသို့ သံသုမာရဂိရိမြို့၌ ဘုရားသီတင်းသုံးတော်မူသောအခါ မဟာမောဂ္ဂလာန်ထေရ်သည် တစ်ခုသောတောင်စောင်းကျောင်း၌ နေတော်မူ၍၊ တစ်နေ့သ၌ လွင်တီးခေါင်၌ စင်္ကြံသွားစဉ် အရှင်မြတ်၏ဝမ်းတွင်းသို့ မာရ်နတ်ဝင်လာ၍ အစာကျက်အိမ်၌ စွဲနေ၏။

အရှင်မောဂ္ဂလာန်လည်း 'ငါ၏ ဝမ်းသည် ယနေ့ကား လေးလှ၏။ အသို့ကိစ္စ ရှိအံ့နည်း' ဟုကြံ၍ စင်္ကြံမှသက်ပြီးသော် ညောင်စောင်းပေါ်ထက်၌ အိပ်နေ၍၊ အစာကြေ,မကြေကို ဆင်ခြင်လျက် မာရ်နတ်ဝင်နေသောအဖြစ်ကိုသိ၍ "ဟယ် မာရ်နတ်ယုတ်။ သားကိုညှဉ်းဆဲက အဖကိုညှဉ်းဆဲသည် မည်သကဲ့သို့ ဘုရားသခင်တပည့်ကို ညှဉ်းဆဲငြားက ဘုရားကိုညှဉ်းဆဲသည် မည်ရကား၊ ဘုရားတပည့်ဖြစ်သော ငါ့ကို မညှဉ်းဆဲလင့်။ သင်သည် ရှည်စွာသောကာလပတ်လုံး အဆုံးမရှိသောဆင်းရဲကို မခံလိုလင့်။ ထွက်ဘိလော့"ဟု မိန့်တော်မူ၏။

မာရ်နတ်လည်း 'ဤရဟန်းသည် ငါ့ကိုမသိဘဲလျက် ထွက်လော့ဟု ဆို၏။ တပည့်ကို မဆိုလင့်ဦး။ ကိုယ်ပင့်ဆရာဖြစ်သော ဘုရားသော်မှလည်း ငါ့ကို ဆောစွာမသိရာ။ တပည့် ဘယ်မှာ သိနိုင်ပါအံ့နည်း'ဟု ကြံလျက် မထွက်ဘဲနေလေလျှင်၊ အရှင်မောဂ္ဂလာန်လည်း "ဟယ် မာရ်နတ်ယုတ်။ သင့်ကို ငါ သိသည်သာတည်း။ ထွက်လော့"ဟု ဆို၏။ မာရ်နတ်လည်း 'ဤရဟန်း သိ၍ပင် ဆိုချေသည်'ဟု အရှင်မောဂ္ဂလာန်၏ခံတွင်းမှ ထွက်၍ ကျောင်းတံခါးရွက်ကို မှီကာနေ၏။

အရှင်မောဂ္ဂလာန်လည်း "မာရ်နတ်သား။ သင့်ကို ငါမြင်၏။ မမြင်ဟု မထင်လင့်"ဟု ဆိုပြီးမှ 'ဤမာရ်နတ်သည် အလွန် ပြစ်မှားလိုသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသောဌာနသို့ ဝင်၍ နေဘိ၏။ သတိမမူသောအခါ နှိပ်စက်လေရာလတ္တံ့။ သို့ရာတွင် ဆွေညာသင်္ဂဟ ဆိုသည်ရှိသော် မနူးညံ့သောသူမည်သည် မရှိ။ ထို့ကြောင့် ဆွေမျိုးစပ်သဖြင့် ဤမာရ်နတ်ကို နူးညံ့စေအံ့'ဟု ကြံလျက်-



www.burmeseclassic.com

www.burmeseclassic.com



"မာရ်နတ်။ ရှေးအခါ၌ ငါသည်'ဒုဿီ'မည်သော မာရ်နတ် ဖြစ်ဖူး၏။ ငါ၏နှမကား 'ကာလီ' အမည်ရှိ၏။ ထိုကာလီ၏သားကား သင်ဖြစ်ရကား သင်သည် ငါ၏ တူအရင်းပင်တည်း။ ထိုအခါ လူတို့ရွာ၌ 'ကကုသန်'ဘုရား ထင်ရှားဖြစ်တော်မူ၏။ ထိုဘုရား၏ လက်ယာရံကား 'ဝိဓုရ'၊ လက်ဝဲရံကား 'သဉ္ဇီဝ'တည်း။ ထိုမြတ်စွာဘုရား၌ ဒုဿီမည်သော ငါသည် လွန်စွာငြိုးထားလျက် ပြစ်မှားလိုသည်ဖြစ်၍ ပုဏ္ဏား,သူကြွယ် စသည်တို့၌စွဲဝင်၍ ဘုရားရှင်ကို လည်းကောင်း၊ ရဟန်းတို့ကို လည်းကောင်း ဆဲရေးစေသည်။ ရဟန်းတို့ကို ချောက်ချားစေသည်။ ကဲ့ရဲ့ရှုတ်ချစေသည်။ လူတို့ကိုယ်၌ မဝင်မူ၍ ရဟန်းတို့၏အနီးတွင် 'ဝိသဘာဂအာရုံ'ကို လူတို့ မြင်စေသည်။ ရဟန်းတို့သည် ဆောင်းကိုယူ၍ ငါး ဆောင်းဘိသကဲ့သို့၊ ညွတ်ကွင်းကို ယူ၍ ငှက် ထောင်ဘိသကဲ့သို့၊ မာတုဂါမနှင့် အတူတကွ ဆိတ်ကွယ်ရာဌာန၌ နေကြဘိသကဲ့သို့၊ ရဟန်းမိန်းမတို့၏နေရာ၌ ပျိုမျစ်စွာသောယောကျ်ားကို ထားဘိသကဲ့သို့ လူတို့ကို ထင်စေသည်။ ကျောင်းသို့လာကုန်သော မိန်းမ, ယောကျ်ားတို့သည် ရဟန်းတို့နှင့် မသင့်လျော်သော အမူအရာကိုသာ မြင်ကုန်ရကား တစ်ပါးသူတို့အားလည်း ပြောဆို၍ ရဟန်းတို့ကို ကြည်ညိုခြင်း ပျက်ကုန်၏။ 'သီလမဲ့သော ရဟန်းတို့ကို လှူဒါန်း၍ အဘယ်အကျိုး ရှိတော့အံ့နည်း'ဟု ဆဲရေးရှုတ်ကြကုန်၏။ ယင်းသို့ များစွာသောမကောင်းမှုကို ပွားစေ၍ လူတို့သေသောအခါ ငရဲရွာ၌သာ ဖြစ်ကုန်၏။

ထိုအခါ မြတ်စွာဘုရားလည်း ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားတို့။ ဒုဿီမည်သော မာရ်နတ်သည် လူတို့ကိုလှည့်ပတ်၍ သံဃာတော်တို့ကို ဖျက်ဆီးချေသည်။ သင်တို့သည် စိတ်ဖောက်ပြန်ခြင်းကို မဖြစ်စေကုန်လင့်။ အကယ်၍ ဖောက်ပြန်မှုကား မာရ်နတ်သားသည် အခွင့်ရလေရာ၏။ 'ဗြဟ္မဝိဟာရ' တရားလေးပါးကိုသာ ပွားများ၍နေကုန်လော့"ဟု ဆုံးမတော်မူ၏။ ရဟန်းတို့လည်း ဆုံးမတိုင်းကျင့်၍ ရဟန္တာဖြစ်ကြကုန်၏။

ထိုအခါ ဒုဿီ မည်သောမာရ်နတ်သည် ကြံလတ်ပြန်သည်ကား 'ဤရဟန်းတို့သည် ချို့တဲ့အောင်ပြုလျက်ပင် စိတ်မပျက်ကြ။ သေသော်ကား နိဗ္ဗာန်ကို ရကုန်သည်။ ပူဇော်သက္ကာရဖြင့် ဝိပလ္လာသ ဖြစ်စေဦးအံ့'ဟု ကြံ၍ လူတို့မြင်ရာ၌ ရဟန်းတို့သည် ကောင်းကင်ဖြင့် သွားဘိသကဲ့သို့ လည်းကောင်း၊ ထက်ဝယ်ဖွဲ့ခွေ နေဘိသကဲ့သို့ လည်းကောင်း၊ ကောင်းကင်၌ သက်န်းချုပ်နေဘိသကဲ့သို့ လည်းကောင်း ထင်မြင်စေပြန်၏။ လူတို့သည် ရဟန်းတို့၏ တန်ခိုး ဣဒ္ဓိပါဒ်ကိုမြင်သဖြင့် အလွန်လျှင်ကြည်ညိုရကား ညဥ့်နေ့မခြား များစွာသော လာဘ်ပူဇော် သက္ကာရဖြင့် ကပ်လာလှူဒါန်း လာကုန်၏။ ယင်းသို့ ရှိသေစွာ ပူဇော်သက္ကာရပြုသောသူတို့ သေလေလျှင် နတ်ပြည်၌ဖြစ်သည် များကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားတို့။ ဒုဿီမည်သောမာရ်နတ်သည် တိုက်တွန်းအပ်သည်ဖြစ်၍ လူတို့ မြတ်နိုးတနာ လွန်စွာပူဇော်ကြကုန်သည်။ အသုဘသညာကို များစွာရှုကြကုန်။ အာဟာရ၌ ပဋိကူလသညာ ရှိစေကုန်။ သခ်ါရလောက၌ အနဘိရတိသညာကို ဖြစ်စေကုန်"ဟု ဆုံးမတော်မူ၏။ ရဟန်းတို့လည်း ဆုံးမတိုင်းကျင့်၍ ရဟန္တာ ဖြစ်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မာရ်နတ်သည် ရဟန်းတို့ လာဘ်၌ မက်မောစိမ့်သောငှာ အားထုတ်ပါသော်လည်း လိုရာမကျ ခွင့်မရသည်ဖြစ်၍ ဒေါသသည်းထန်စွာလျက် 'ငါကြံသည်ကို မမြောက်ရှိရာသလော' ဟု ကကုသန်ဘုရားသခင်နှင့် အရှင်ဝိဓုရထေရ် ဆွမ်းခံကြွလာရာဝယ် ရွာသူ ရွာသားငယ်တစ်ယောက်၏ ကိုယ်ကိုမှီ၍ ဝင်ပြီးလျှင် အရှင်ဝိဓုရ၏ဦးခေါင်းကို ကျောက်ခဲဖြင့် ပစ်စေ၏။ လက်ယာရံဖြစ်သော အရှင်ဝိဓုရထေရ်မြတ်လည်း အရေအသားကွဲပြတ်၍ အရိုးစပ်ကိုထိလျက် တည်သောကျောက်ကို ပယ်ပြီးလျှင် ယိုစီးသောသွေးရှိလျက်ပင် ဘုရားရှင်နောက်တော်မှ လိုက်၏။

ဘုရားသခင်လည်း ဆဒ္ဒန်ဆင်မင်းကဲ့သို့သော ကြည့်ခြင်းဖြင့်ကြည့်တော်မူ၍ "ဤဒုဿီမာရ်နတ်သည် ပြုအပ်သော မကောင်းမှု၏ပမာဏကို မစာနာ။ အတိုင်းထက်အလွန်သာ ပြုသည်တကား"ဟု မိန့်တော်မူ၏။

မာရ်နတ်လည်း ဘုရားကြည့်သည်နှင့်တစ်ပြိုင်နက် အထက်နတ်ဘုံသို့ပြေး၍ ရောက်လျှင် မရှည်မြင့်ခင် စုတိ၍ အဝီစိငရဲကြီး၌ ခံရလေ၏။

ထိုငရဲသည် ဆဖဿာယတနိက မည်သောငရဲ, သင်္ကုသမာဟတ မည်သောငရဲ, ပစ္စတ္တဝေဒနီယမည်သော ငရဲအားဖြင့် သုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင် စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန တည်းဟူသော ခြောက်ဒွာရတို့၌ အသီးသီးတွေ့ရခံရသော ဝေဒနာခြောက်ပါး၏အကြောင်းဖြစ်သော ငရဲသည် 'ဆဖဿာယတနိက ငရဲ'မည်၏။

ငရဲသို့ကျလျှင် သုံးဂါဝုတ်မျှသော ကိုယ်ရှိသည်ဖြစ်၍ ငရဲထိန်းတို့သည် ထန်းလုံးပမာဏရှိသော ပြောင်ပြောင်တောက်သော သံတံစို့ဖြင့် ထိုးလျက် ခံရသောငရဲသည် 'သင်္ကုသမာဟတ ငရဲ'မည်၏။

သံတံစို့နက်ခြင်းကား ငါးရာသောငရဲထိန်းတို့သည် ငရဲခံထိုက်သောသူကို သံပူမြေထက်၌ ပက်လက်အိပ်စေပြီးသော် ရဲရဲညီသော သံတံကျင်ကို ရင်မှစ၍ ဦးခေါင်းသို့ကျအောင် နက်ကုန်သည်။ ငါးရာသော ငရဲထိန်းတစ်သင်းတို့ကလည်း ရင်ဝမှသည် ခြေဖျားသို့ကျအောင် နက်ရကုန်သည်။ ထို သံတံစို့အဖျားသည် အနှစ်ငါးရာတိုင်မှ ခေါင်းမှ လည်းကောင်း၊ ခြေမှ လည်းကောင်း ထွက်သတည်း။

ဤသို့လျှင် လွန်စွာသောဒုက္ခကို အနှစ်တစ်သိန်းမျှ ကာလပတ်လုံး ငါ ခံခဲ့ရ၏။ "ဟယ် မာရ်နတ်ယုတ်။ သင်သည်လည်း သင့်ဦးရီးဖြစ်သော ဒုဿီ မာရ်နတ်ကဲ့သို့ မကြံစည်အပ်သောအကြံကို ကြံ၍ မပြစ်မှားတန်သော ဘုရား, သံဃာတို့အား ပြစ်မှားခြင်းသည် မြင့်ရှည်စွာသောကာလပတ်လုံး အဆုံးမရှိသောငရဲဘေးကို ခံရလတ္တံ့သည်သာတည်း"ဟုဆိုလျှင် ထိုမာရ်နတ်လည်း နှလုံးမသာ ထိတ်လန့်စွာလျက် ထိုနေရာ၌ပင် ကွယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဤကမ္ဘာတွင် အရှင်မောဂ္ဂလာန်သည် ကကုသန်ဘုရားလက်ထက်တော်၌ ဒုဿီမည်သော မာရ်နတ်ဖြစ်၍၊ ရဟန္တာကို သတ်ခြင်းတည်းဟူသော 'အနန္တရိယကံ'ကို ပြုမိ၍ အဝီစိငရဲ၌ကျက်ပြီးမှ ငါတို့ဘုရားသာသနာ၌ ရဟန္တာ အဂ္ဂသာဝက ဖြစ်လာရပြန်သည်။

[ထို့ကြောင့် သံဃဘေဒကမှ တစ်ပါးသော အနန္တရိယကံတို့သည် 'တစ်ကမ္ဘာ'ပတ်လုံး ခံရသည်မဟုတ်ကြောင်းကို သိသင့်သည်။ တစ်ကမ္ဘာ ဟူသောစကားကိုလည်း 'အန္တရကပ်' ကိုသာ ရည်၍ဆိုသည်ဟု သာရတ္ထဒီပနီဋီကာ, ဝိမတိ ဝိနောဒနီဋီကာတို့၌ မိန့်၏။]

ယင်းသို့ ဆိုအပ်ပြီးသောနည်းဖြင့် ဘုရားကိုယ်တော်မြတ်သည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့၌ ဝေနေယျတို့၏အကျိုးငှာ အဋ္ဌမဝါ ကပ်တော်မူ၍ ဝါကျွတ်သောအခါ မဟာမဏ္ဍလဖြင့် ဒေသစာရီ ကြွတော်မူ၍၊ သာဝတ္ထိပြည်သို့ရောက်သော် စံနေတော်မူ၏။

**ဓိနတ္ထုပကာသနီကျမ်း 'ဆဋ္ဌမပိုင်း' ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com




# ဇိနတ္ထပကာသနီကျမ်း

# သတ္တမပိုင်း

www.burmeseclassic.com

www.burmeseclassic.com





အင်္ဂုလိမာလကို ဆုံးမတော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ဇိနတ္ထပကာသနီကျမ်း

## သတ္တမပိုင်း

www.burmeseclassic.com



အင်္ဂုလိမာလကို ဆုံးမတော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဓိနုတ္တပကာသနီကျမ်း
## သတ္တမပိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ။၆၇။ ဃောသကသူဌေး၏ ရှေးအကြောင်းကို ပြခြင်း

လူသုံးပါးတို့၏ ပတ္တမြားမှန်ကူ ဖြစ်တော်မူသော သဗ္ဗညုရှင်စောသည် ကောသမ္ဗီပြည်၌ နဝမဝါ ဆိုတော်မူသောအကြောင်းကား ဤသို့တည်း။

ငါတို့ဘုရား ပွင့်တော်မမူမီ ဇမ္ဗူဒီပါကျွန်း၏ မြောက်မျက်နှာဖြစ်သော မလ္လာတိုင်း၌ လူအပေါင်းတို့သည် ယဉ်းအနာဖြင့် နှိပ်စက်၍ တစ်ဦးတစ်ဦးသောသူ၏ အိမ်၌ပင် တစ်ကျိပ်လည်းကောင်း၊ နှစ်ကျိပ် လည်းကောင်း၊ သုံးကျိပ် လည်းကောင်း၊ အိမ်လုံးကျွတ် လည်းကောင်း သေကျေပျက်စီးကြကုန်၏။ အရပ် တစ်ပါးသို့ ပြေးသွားသောသူသည်သာလျှင် ချမ်းသာရာ ရကြသတည်း။

ထိုအကြောင်းကို ကြားဖူးသူတစ်ဦးသည် မိမိ၏မယား, သားနှင့်တကွ တိုင်းတစ်ပါးသို့ သွားခြင်းငှာ ရိက္ခာစားနပ်ပြင်ဆင်လျက် နေရာမှပြေးထွက်ခဲ့သော် လူဆက်ပြတ်သော တောခရီး



www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်သောအခါ မိမိတွင်ပါသောရိက္ခာ ကုန်သည်ဖြစ်၍ သစ်ဥသစ်ဖုကိုစားလျက် သွားရသဖြင့် လင်မယားနှစ်ဦးပင် အားအင်ကုန်ခန်း၍ ပင်ပန်းကြရကား ပါသောသားငယ်ကို အမိတစ်လှည့်, အဖတစ်လှည့် ချီဆောင်ကြသည်တွင် အဖယောကျ်ားသည် ဤသို့ကြံ၏။ 'ဤခရီးကား ရှည်လျားသေးစွ။ ဘယ်လောက်ကြာမှ မြို့ရွာဒေသကို တွေ့ရအံ့လည်း မသိ။ ငါတို့မောင် နှံလည်း အားခွန် ကုန်ခန်းလှပြီ။ ဤသားငယ်ကို တွယ်တာ၍ဆောင်ယူသဖြင့် မသင့်ချေ'ဟု ကြံလျက်၊ မိမိချီယူလှည့် ကျသောအခါ ရေရှာဟန်ဖြင့် နောက်ချန်ပြီးမှ ချုံကြီးတစ်ခု၏အောက်၌ သားငယ်ကို ထားခဲ့၏။

လျင်စွာလိုက်သွား၍ မယားနှင့်တွေ့သောကာလ "ငါ့သား ဘယ်မှာနည်း"ဟု မေးလျှင်၊ "ချုံအောက်တွင် ပစ်ခဲ့ပြီ"ဟု ဆို၏။ ထိုအခါ သားငယ်မိခင်ကလည်း သည်းစွာငိုလျက် "သားကို ဆောင်ယူပေးပါ"ဟု ဆို၏။ ထိုယောကျ်ားကလည်း "သားကိုယူ၍ ဘယ်အကျိုးရှိအံ့နည်း။ အသက်ရှင်စွာ တို့ချမ်းသာမှ သား ရပါလိမ့်မည်"ဟု ဆို၏။ မိန်းမကလည်း "အမောင်ကား အလွန် စိမ်းကားရက်စက်၏။ ကိုယ့်အသက်ကိုသာလျှင် ခင်မွတ်ရမှန်း သိ၏။ အမောင် သွားလော့။ အကျွန်ုပ် သားငယ်ကို သေအတူရှင်အတူ ယူခဲ့ပါအံ့"ဟု ဆို၍ သားငယ်ကို ပြန်၍ယူ၏။ ထိုသူလည်း အတူပင်ယူ၍ လာပြန်ကြ၏။

ဤသို့သောနည်းဖြင့် နှစ်ကြိမ်,သုံးကြိမ်ပင် လင်ယောကျ်ားသည် သားငယ်ကို ပစ်ခဲ့ဖူးသည်ကို အမိသာလျှင် ပြန်ကာပြန်ကာ ယူ၍လာသဖြင့် တောကန္တာရမှထွက်၍ နွားမွေးမြူသော လူတို့ရွာသို့ ရောက်လေ၏။

ထိုရွာသားတို့လည်း ရေမရောသော နို့ဃနာထမင်းကို သုံးဆောင်ကြသောအခါနှင့် ကြိမ်ရကား ခြောက်ပိန်မွတ်သိပ်စွာလာသော သမီးခင်ပွန်းတို့ကိုမြင်လျှင် ချစ်ခင်သနားကြသဖြင့် များစွာသောနို့ထမင်းကို ကျွေးမွေး၏။ မိန်းမကား မျှတရုံသာ စားခြင်းကြောင့် အန္တရာယ်မထင်။ လင်ယောကျ်ားမူကား များစွာစားလေ၍ အစာမကြေခြင်းကြောင့် ထိုည၌ပင် သေလွန်လေ၏။ သားအမိနှစ်ယောက်မူကား ထိုသူတို့ရွာ၌ပင် မှီတင်းကာနေရ၏။

သေသောယောကျ်ားလည်း မိမိစားသော အာဟာရ၌ လည်းကောင်း၊ သားမယား၌ လည်းကောင်း ငြိတွယ်လျက် သေလေရကား ထို နွားမွေးသောလူတို့၏ အိမ်၌ပင် တစ်ခုသော ခွေးမ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ခွေးဖြစ်လေ၏။ ရုပ်ဝါသဏ္ဌာန်လည်း လှပ, ပြောဆိုသမျှသော လူ၏စကားကိုလည်း နားလည်လိမ္မာလေလျှင် အိမ်ရှင်ဖြစ်သောလူတို့သည် အလွန် စုံမက်ကုန်၏။

ထို ခွေးရှင်ယောကျ်ားသည် တစ်ရံသောအခါ ပစ္စေကဗုဒ္ဓါတစ်ပါးကို ပင့်၍ ဆွမ်းလုပ်ကျွေးပြီးသော် မိမိတို့ရွာအနီး၌ နေစိမ့်သောငှာတောင်းပန်၍ တစ်ခုသောတောအုပ်၌ ကျောင်းဆောက်၍ ထား၏။ ထို ပစ္စေကဗုဒ္ဓါထံသို့ တစ်ရံတစ်ခါသွားသော် ခွေးကို ခေါ်၍ သွား၏။ သားရဲမြွေကင်းတို့ ရှိရာသို့ရောက်လျှင် ကျောက်ခဲ,လှံတံတို့ဖြင့် ပစ်ခတ်ခြင်းကို ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



ခွေးလည်း လူပြောသမျှသော အမူအရာကိုမှတ်သား၍၊ ပစ္စေကဗုဒ္ဓါထံသို့ ရောက်သော အခါ ဒါယကာလည်း ဤသို့ လျှောက်၏။ "အရှင်ဘုရား။ အကျွန်ုပ်တို့မည်သည်ကား အလွန် ကိစ္စများ၏။ ဤခွေးကား လူ၏ဘာသာ၌ လိမ္မာပါ၏။ အကျွန်ုပ် မလာနိုင်သောအခါ ဤခွေးကို လွှတ်လိုက်ပါအံ့။ ခွေးလာသောအမှတ်ဖြင့် အရှင်မြတ် ကြွတော်မူပါ"ဟု လျှောက်၏။ ပစ္စေကဗုဒ္ဓါလည်း "ကောင်းပြီ"ဟု ဝန်ခံလိုက်၏။

အိမ်သို့ပြန်ခဲ့၍ တစ်ရံသောနေ့၌ "အရှင်ပစ္စေကဗုဒ္ဓါအား သွား၍ ပင့်ချေ"ဟု ခွေးကို စေလိုက်လျှင် လမ်းစဉ်ဖြင့်လာ၍ အရှင်ပစ္စေကဗုဒ္ဓါ၏ခြေရင်း၌ ဝပ်၏။ အရှင်မြတ်လည်း ခွေးလာသောအမှတ်ဖြင့် 'ငါ့အား ပင့်လတ်သည်'ဟု သိ၍ မိမိ၏ပရိက္ခရာကို ဆောင်လျက် ကြွလာ၏။

ခရီးအကြားသို့ရောက်လျှင် မိမိသခင်နှင့်လာသောအခါ အသံပြုရာအရပ်ကို မှတ်၍ သစ်, ကျား, သားရဲတို့ ပြေးလွှဲစေခြင်းငှာ ကျယ်စွာသောအသံကိုပြု၏၊ အရှင်မြတ်လည်း ခွေး၏အလိုကိုသိ၍ စုံစမ်းခြင်းငှာ ခရီးမဟုတ်ရာသို့ ကြွလျှင် ခွေးက ရှေ့သို့တက်၍ ခရီးမှန်ဘက်ကို သွား၏။ အရှင်မြတ် လမ်းမှန်သို့လိုက်မှ နောက်က လိုက်မြဲလိုက်၏။

အရှင်မြတ် အိမ်သို့ရောက်၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ ခွေးအား ကောင်းစွာ ကျွေးမွေး၏။ ထိုသို့ ကျွေးမွေးခြင်းကြောင့်လည်း ခွေးသည် အတိုင်းထက်အလွန်ပင် အရှင်မြတ်၌ ချစ်ခင်ကြည်ညိုခြင်း ဖြစ်ခဲ့၏။

ဤသို့သောနည်းဖြင့် မိုးဥတုပတ်လုံးနေ၍ ဝါကျွတ်သောအခါ အရှင်ပစ္စေကဗုဒ္ဓါလည်း "ဟိမဝန္တာသို့ သွားတော့အံ့"ဟု ဒါယကာတို့အား ပြောကြားလျှင် နွားကျောင်းလူမျိုးတို့လည်း မြတ်နိုးစုံမက်သောစိတ်ဖြင့် တိစီဝရိတ် သင်္ကန်း, ရဟန်းအသုံးအဆောင်တို့ကို လှူ၍ စွမ်းနိုင်သမျှ လိုက်ပို့ကြ၏။

ခွေးလည်း ပစ္စေကဗုဒ္ဓါ၏ မပြန်လာအံ့သောအကြောင်းကို သိလျှင် ပူပင်လှိုက်လှဲ သော ရင်ကွဲနာဖြင့်သေလွန်၍ တာဝတိံသာနတ်ပြည်၌ နတ်သားအဖြစ်ကို ရလေ၏။

ထိုအခါ ပစ္စေကဗုဒ္ဓါနှင့်လာစဉ်က ခြသေ့်, သစ်ကျားတို့ကို ရှားစေခြင်းငှာ ကျယ်စွာ သောအသံကို ပြုခဲ့ဖူးသော ကုသိုလ်ကံကြောင့် စကားပြောတိုင်းပြောတိုင်း တာဝတိံသာနတ်ရွာ အလုံး ကြားလောက်သောအသံ ရှိသောကြောင့် 'ဃောသကနတ်သား'ဟူသောအမည်ကို ရ၏။

ထိုနတ်သားသည် နတ်ပြည်၌ အသက်အတိုင်းနေ၍ စုတေခဲ့သော် ကောသမ္ဗီပြည်၌ တစ်ဦးသောပြည့်တန်ဆာမ၏ဝမ်း၌ ပဋိသန္ဓေ နေလေ၏။ ဆယ်လစေ့၍ ဖွားမြင်သောအခါ ပြည့်တန်ဆာမလည်း 'ငါတို့အား သားမွေးမြူသဖြင့် မသင့်လျော်ပတ်ချေ'ဟု နှလုံးပြုလျက် တံမြက်ချေးစွန့်ရာအရပ်၌ သားငယ်ကို ပစ်ထားလေ၏။

ထိုခဏ၌ ကောသမ္ဗီသူဌေးအိမ်မှ အမှုလုပ်ကိုင်သော ယောကျာ်းတစ်ဦးသည် စောစော ထလျက် မိမိအိမ်သို့ သွားရာလမ်းခရီး၌ ကျီးငှက်တို့ ဝန်းရံလျက်နေသော သူငယ်ကိုမြင်သဖြင့် ချစ်ခင်စုံမက်သောစိတ် ရှိရကား မိမိအိမ်သို့ သူငယ်ကိုပို့ပြီးမှ သူဌေးအိမ်သို့ လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောသမ္ဗီသူဌေးကြီးလည်း ထိုနေ့ညဦးကပင် မင်းခစားခြင်းငှာ သွားရာ၀ယ် မင်းဆရာ ပုရောဟိတ်ပုဏ္ဏားကိုတွေ့၍ 'ယနေ့ နက္ခတ် ကောင်း၏လော, မကောင်း၏လော'ဟု စောကြော သော်၊ "အရှင်သူဌေး။ ယနေ့ကား အလွန် နက္ခတ်ကောင်း၏။ ယနေ့ည၌ဖွားသောသားကား ငါတို့ကောသမ္ဗီပြည်၀ယ် သူ မဆွယ်နိုင်သော သူဌေးကြီးဖြစ်လတ္တံ့."ဟုဆို၏။

ထိုစကားကိုကြားလျှင် သူဌေးကြီးလည်း 'ဤပုဏ္ဏားစကားသည် ယွင်းပါးဖူးသည် မရှိ။ ငါ၏ သူဌေးမ၌လည်း ရင့်သောကိုယ်ဝန် ရှိ၏။ ယနေ့ဖွားအံ့လော, မဖွားအံ့လော'ဟုတွေး တောကာလာလတ်၍၊ မိမိသူဌေးမကို ကြည့်ရှုစစ်ဆေးသော် မဖွားသောအဖြစ်ကိုသိ၍ သတိမူကာ အိပ်နေပြီးမှ နံနက်ကာလ၌ "ယနေ့ည ဘယ်သူ့၏အိမ်၀ယ် သူငယ် ဖွားသနည်း။ ရှာကြကုန်"ဟု ကျေးကျွန်အမှုလုပ်တို့ကို စေလိုက်၏။

ကျေးကျွန်တို့ ရှာဖွေမေးမြန်း၍ သူငယ်ကိုတွေ့သဖြင့် သူဌေးအားကြားလေသော် သူဌေးက ထိုအမှုလုပ်ကို ခေါ်၍ "သင်ရသောသားကို ငါ့အားပေးပါ" ဟုတောင်း၏။ အမှုလုပ် ကလည်း "အကျွန်ုပ် မပေးနိုင်ပါ"ဟု ဆိုလျှင်၊ "သင်ကား တစ်ထောင်မျှလောက်သော ဥစ္စာကိုယူ၍ သူငယ်ကို ငါ့အားရောင်းလော့"ဟု ဆို၏။ ထိုအမှုလုပ်လည်း ဥစ္စာပါးသူ ဖြစ်ရကား သူဌေးအား ရောင်းလေ၏။

သူဌေးလည်း သူငယ်ကိုရလျှင် 'ဃောသက' ဟူသောအမည်ကို ပေး၍ မွေးမြူပေ၏။ 'ငါ၏သူဌေးမ၌ အကယ်၍ သမီးမိန်းမ ရတုံအံ့။ ဤသူငယ်နှင့် ထိမ်းမြား၍ သားသမက် ပြုအံ့။ သားယောကျ်ားရမူကား ဤသူငယ်ကို သေစေအံ့'ဟု အကြံဖြစ်၏။ သူငယ်ရ၍ လေး, ငါးရက်ရှိလျှင်ပင် သူဌေးမလည်း သားကို ဖွားမြင်လေ၏။

ထိုအခါ သူဌေးကြီးက ဃောသကကို သေစေလို၍ အထိန်းမိန်းမကို ခေါ်ပြီးလျှင် "နွားတို့ထွက်ချိန် နီးသောအခါ ခြံ၀၌ထားချေ"ဟု စေ၏။ အထိန်းမိန်းမလည်း သူဌေးဆိုတိုင်း ထားလေသော် နွားအုပ်ကြီးသည် ဦးစွာလာ၍ တစ်ပါးနွားတို့ မထိပါးစိမ့်သောငှာ စောင့် ရှောက်ကာနေလေ၏။ ထိုသို့နေသည်ကို နွားကျောင်းသားမြင်လျှင် "ဘုန်းရှိသောသူငယ် ဖြစ်ချေသည်"ဟု ကောက်ယူ၍ မွေးမြူလေ၏။

ထိုအကြောင်းကို သူဌေးသိလေသော် နွားကျောင်းသားထံ၌ တစ်ဖန် အသပြာတစ် ထောင်ဖြင့် ၀ယ်ယူပြန်၍ သုသာန်တစ၌ ပစ်လေ၏။ ထိုအခါ သုသာန်အနီး၌ကျက်စားသော ဆိတ်မကြီးတစ်ကောင်သည် သူငယ်အား မကြာမကြာလာ၍ နို့တိုက်၏။ ဆိတ်ကျောင်းသား ယောကျ်ားလာ၍ တွေ့မြင်လေလျှင် 'ဤသူငယ်ကား ဘုန်းကံရှိသောသူ ဖြစ်ရာသည်။ တိရစ္ဆာန်စင်လျက် ဤသူငယ်၏ကျေးဇူးကို သိပေသည်'ဟု နှလုံးပြုလျက် ကောက်ယူ၍ မွေးမြူလေ၏။

ထိုအကြောင်းကို သူဌေးကြီးသိပြန်လျှင် တစ်ဖန် အသပြာတစ်ထောင်ဖြင့် ၀ယ်ယူပြန်၏။ သူငယ် အိမ်သို့ရောက်၍ နှစ်ရက်,သုံးရက်မြောက်လျှင် တစ်ယောက်သော လှည်းမှူးသည် လှည်းအစီးငါးရာနှင့်တကွ မြို့သို့ဝင်လာအံ့သည်ဟု ကြား၍ "ဤဃောသကအား



www.burmeseclassic.com

www.burmeseclassic.com



လှည်းသွားရာခရီးမှ၌ ပစ်ချေ"ဟု စေလိုက်၏။ ကျွန်ယောက်ျားတို့ ပစ်ထားခဲ့ရာ၌ ရှေးဦးစွာ သောလှည်းသည် သူငယ်အနီးသို့ရောက်လျှင် နွား နောက်သို့ အလန့်တကြား ဆုတ်သည်နှင့် လှည်းသမား ဆင်း၍ကြည့်သဖြင့် သူငယ်ကိုမြင်လျှင် "ဘုန်းအင်ကြီးမြတ်သော သူငယ်တကား" ဟု အားရဝမ်းသာ ယူ၍မွေးမြူလေ၏။

ထိုအကြောင်းကို သူဌေးကြီးသိပြန်သော် တစ်ဖန် အသပြာတစ်ထောင်ဖြင့် ဝယ်ယူပြီးမှ မြို့နှင့် မနီးမဝေးဖြစ်သော တောင်ကမ်းပါးပြတ်၌ ချစေ၏။ ထို ချရာဌာန၏ အောက်၌လည်း ကျူထရံသည်တို့ တည်းခိုရာဖြစ်သော ဇရပ်တစ်ဆောင် ရှိသည်နှင့်၊ ထိုဇရပ်ထက်သို့ ကျလေသော် သူငယ်၏ ဘုန်းအာနုဘော်ကြောင့် ဇရပ်အမိုးသည် အကြိမ်တစ်ရာဖတ်သော ဝါဂွမ်းစိုင်ကဲ့သို့ဖြစ်၍ ခံလင့်၏။ ကျလာသောအသံကို ကျူထရံသည်သားအဖ ကြား၍ ကြည့်ရှုလေလျှင် သူငယ်ကိုမြင်၍ "လူတွင် အထူးမကြုံဘူးသော သူငယ်တကား"ဟု အားရဝမ်းသာ ယူ၍ မွေးမြူပေ၏။ ထိုအကြောင်းကို သူဌေးကြီး သိပြန်လေသော် တစ်ဖန် အသပြာတစ်ထောင် ပေးယူ၍ မွေးမြူပြန်၏။

[ဤသို့ အကြိမ်ကြိမ်ပစ်သည်ကို ခံရခြင်းသည်ကား ရှေးဘဝ၌ သားသူငယ်ကို လမ်းဝယ်ပစ်ထားခဲ့ဖူးသော မကောင်းမှု အကျိုးတည်း။ စွန့်ပစ်လေရာဝယ် အန္တရာယ် မရှိနိုင်ခြင်းသည်ကား ခွေးဖြစ်သောအခါ အရှင်ပစ္စေကဗုဒ္ဓါ၏ ခရီးအန္တရာယ်ကို ပယ်ရှားခဲ့ဖူးသော ကောင်းမှုအကျိုးတည်း။]

သူဌေးကြီးလည်း လေးကြိမ်တိုင်တိုင်ပစ်၍ မသေနိုင်မှ ဃောသကကို မိမိသားနှင့် အတူမွေးမြူ၍ ကြီးစေ၏။သူငယ်နှစ်ယောက်တို့လည်း ညီအစ်ကို ဟူသောအမှတ်ဖြင့် လေးမြတ်စွာ ဖြစ်ကြ၏။ မိမိသားရင်းကိုကား အတတ်ပညာ သင်စေ၏။ ဃောသကကိုကား မသင်စေ။

သူငယ်နှစ်ဦးတို့ အရွယ်ရောက်သောကာလ အဖသူဌေးသည် ဤသို့ ကြံပြန်၏။ 'ငါ့သားသည် ပျက်ပြားအံ့သောအန္တရာယ် မရှိပြီ။ ဤဃောသကကို ထားချေက ငါ့သား သူဌေးကြီး မဖြစ်နိုင်ရာ။ ဤဃောသကကို သေစေမှ သင့်မည်'ဟု ကြံ၍ မိမိအိုးထိန်းသည်ထံသို့ သွားပြီးသော် "အချင်း ယောက်ျား။ ငါ့အိမ်တွင်ဖွားသော သတို့သားတစ်ဦးသည် အထူးသဖြင့် ယုတ်မာ၏။'ငါတို့ရန်သူ ဖြစ်အံ့'ဟူ၍လည်း ပညာရှိတို့ ပြောဆိုကြ၏။ ထိုသူငယ်ကို သင့်ထံသို့ လွှတ်ပါမည်။သင် ဖျောက်ဖျက်လိုက်ပါ"ဟု ဆို၏။ ထိုအိုးထိန်းယောက်ျားကလည်း နားနှစ်ဖက်ကို အုပ်၍ "အကျွန်ုပ် မဝံ့ပါ"ဟု ဆို၏။

ထိုအခါ သူဌေးကြီးကလည်း 'ဤလောက၌ တံစိုးလက်ဆောင်မည်သည်ကား ချစ်လှစွာသော လင်မယားကိုသော်လည်း ကွဲပြားစေတတ်၏။ ထိုသူ့အား တံစိုးပေးမှသာ ငါ၏ကိစ္စ ပြီးလွယ်မည်'ဟု ကြံ၍၊ "ငါ့ရန်သူကို ပယ်ရှားလျှင် သင့်အား အသပြာတစ်ထောင် ပေးပါမည်"ဟုဆိုသော်၊ ထိုအိုးထိန်းသည်လည်း "ကောင်းပါပြီ။ ဤမည်သောနေ့ရက်တွင် အကျွန်ုပ်ထံသို့ လွှတ်လိုက်လော့"ဟူ၍ ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူဌေးကြီးလည်း အိမ်သို့ပြန်ခဲ့၍ ချိန်းချက်သောနေ့သို့ ရောက်လတ်သော် ဃောသကကိုခေါ်၍ "ချစ်သား။ ငါတို့အား အိုးများစွာ လိုချေသည်။ ဤမည်သော အိုးထိန်းထံသို့သွား၍ 'ငါတို့အဖမှာတိုင်း ပြုပါ'ဟု ဆိုချေ"ဟူ၍ စေလိုက်၏။

ဃောသကလည်း အိမ်မှဆင်း၍ သွားလေသော် ခရီးအကြား သူ့တစ်ပါးအိမ်ရိပ်၌ သူဌေးသားရင်းသည် ဂုညင်းကစား၍နေရာ များစွာရှုံးသည်နှင့်၊ ဃောသက လာသည်ကိုမြင်လျှင် "အစ်ကို။ ကျွန်တော့်ဘက်က ကူညီပါ"ဟု ဆို၏။ "ငါ မကူသာသေး။ အရေးကိစ္စနှင့် ဖခင် စေလိုက်သည်။ ဤမည်သော အိုးထိန်းအိမ်သို့ သွားရဦးမည်"ဟု ဆိုလျှင်၊ "အစ်ကို။ ထိုသူအိမ်သို့ ကျွန်ုပ် သွားပါမည်။ ကျွန်ုပ်ရှုံးသမျှကို ရနှင့်အောင်သာ ဂုညင်းထိုးရစ်ပါ"ဟု ဆို၏။ ထိုအခါ ဃောသကလည်း အဖမှာလိုက်သောစကားကို ညီငယ်အား ပြန်ကြားလိုက်၍၊ မိမိသည် ဂုညင်းခွင်သို့ ဝင်နေ၏။

သူဌေးသားလည်း အိုးထိန်းအိမ်သို့သွား၍ မှာလိုက်သောစကားကို ပြောလေလျှင် အိုးထိန်းသည်လည်း အိမ်တွင်းသို့သွင်း၍ သူငယ်ကို ခုတ်စဉ်းပြီးမှ အိုးဖို၌ သိုမှီး၍ မီးဖုတ်လေ၏။ ဃောသကလည်း ကစားရာ၌ များစွာဂုညင်းကို ရ၍ 'ငါ့ညီ လာခဲလှသည်'ဟု အိုးထိန်းအိမ်သို့ လိုက်သော်လည်း သူငယ်ကို မမြင်မတွေ့သဖြင့် အိမ်သို့ လျင်စွာပြန်လာခဲ့၏။

သူဌေးလည်း ဃောသကကိုမြင်လျှင် "သင် အိုးထိန်းအိမ်သို့ မသွားသလော"ဟု မေး၏။ ဃောသကလည်း "ကျွန်ုပ်သွားရာ လမ်းတွင် ညီငယ်ကိုတွေ့၍ 'ကိုယ်စား သွားပါရစေ' ဆို၍ သွားလေသည်"ဟု အကြောင်းအလုံးစုံကို ပြန်ကြား၏။ သူဌေးလည်း ထိုစကားကို ကြားလျှင် ရင်တွင်းမှ ဆူတက်လျက် ဦးခေါင်းထက်၌ နှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးဖြင့် ဖိစီးသကဲ့သို့ထင်၍ အလျင်တဆောထပြီးလျှင် အိုးထိန်းသည်ထံသို့ ပြေး၍ "ဆိုင်းပါဦး။ ဆိုင်းပါဦး"ဟု ဆို၏။ ထိုအိုးထိန်းသည်ကလည်း "အရှင်မှာခဲ့သောကိစ္စ ပြီးလင့်ပြီ"ဟု ဆိုသော စကားကိုကြားလျှင် သူဌေးကြီးအား ကြီးမားစွာသောစိတ်ဒုက္ခသည် ဖြစ်လေ၏။

ထိုနေ့မှစ၍ ဃောသကနှင့် ထမင်းလည်း အတူမစား၊ ခရီးလည်း အတူမသွား။ 'ငါ့သားသည် ချင်းကြောင့်ပင် သေရသည်'ဟု ရန်ငြိုးထားလျက် သတ်ခွင့်ကိုသာ ကြံ၏။

တစ်ရံသောအခါ ကမ္ပည်းစာရေးပြီးသော် ဃောသကကိုခေါ်၍ "ချစ်သား။ ဤမည်သော ရွာတွင် ဖခင်၏ အမှုလုပ်သောသူသည် ရှိ၏။ ထိုသူအား ဤစာကို ပေးချေ။ ခရီးအကြား၌ ဤမည်သောရွာတွင် ဖခင်၏မိတ်ဆွေဖြစ်သော သူဌေးအိမ်သို့ဝင်၍ ထမင်းစားလေ။ စာကိုမူကား မည်သူ့အားမျှ မပြလေနှင့်"ဟု စေလိုက်၏။

ဃောသကလည်း အဖစေလိုက်တိုင်း လာခဲ့၍ ရွာငယ်နေ သူဌေးအိမ်သို့ရောက်သော အခါ ထိုသူဌေးက "လုလင်။ အဘယ်မှ လာသနည်း။ သင် အသူ၏သားနည်း"ဟု မေးလျှင်"အကျွန်ုပ်ကား ကောသမ္ဗီပြည်၌နေသော သူဌေးကြီး၏သားပါတည်း။ ဖခင်စေလိုက်သော ကိစ္စကြောင့် လာရပါသည်"ဟု ဆိုသော်၊ ထိုသူဌေးကလည်း 'ငါ့အဆွေ၏သားဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်'ဟု ကြင်နာစုံမက်ခြင်း ရှိလျက်၊ မိမိသမီး၏ အလုပ်အကျွေးဖြစ်သော မိန်းမကိုခေါ်၍ ခြေဆေးခြင်း, ခြေဆုပ်နယ်ခြင်းကိစ္စကို ပြုစေလျက် နေရာကို ကောင်းမွန်စွာခင်းပြီးမှ ထမင်း စသည်တို့ကို ကျွေးမွေး၍ အိပ်စေ၏။

ထို အလုပ်အကျွေးမိန်းမလည်း သူဌေးသမီးထံသို့ ဝင်လေသော် "ရှင်မသည် အဘယ့်ကြောင့် ပြင်ပ၌ ကြာမြင့်စွာနေသနည်း"ဟု မေး၏။ "အရှင်မ။ အရှင့်ဖခင်၏အဆွေဖြစ်သော ကောသမ္ဗီသူဌေးကြီး၏သားသည် အိမ်သို့ရောက်လာသောကြောင့် အာဂန္တုကဝတ်ကို ပြု၍နေသဖြင့် ကြာမြင့်ပါသည်။ ယောက်ျားတကာတို့တွင် ဤလုလင်ကဲ့သို့ ယဉ်ကျေးလှပသောသူကို ကျွန်ုပ် မမြင်ဘူးပါ"ဟု လျှောက်၏။

သူဌေးသမီးကလည်း လေးကြိမ်မြောက်သော ဘဝကပင် ဤလုလင်၏ခင်ပွန်းမ ဖြစ်ဖူးရကား ထိုသူ၏သတင်းကို ကြားရလျှင် တန့်နားဖြေဆည်ခြင်းငှာ မစွမ်း၊ စွဲလမ်းခြင်း ဝေဒနာသန်လျက် ကျွန်မနှင့်အတူလာ၍ အိပ်ပျော်ရာအနီးသို့ ကပ်၍ရှုသော် လုလင်၏ပုဆိုး၌ ထုပ်လျက်ပါသောစာကို မြင်၍ မနိုးစေဘဲ စာကို ဖြည်၍ဖတ်သဖြင့် သတ်စိမ့်သောငှာ ပါး လိုက်သောစာ ဖြစ်ကြောင်းကိုသိသော် မိမိ သိမ်းယူဖွက်ထားလျက် တစ်ပါးသောကမ္ဘည်းစာကို ရေး၍ထည့်လိုက်၏။ စာတွင်ကား–

'ကြားမှာလိုက်သည် အမှုလုပ်။ ဤသည့်ရှာ၍နေသော ငါ့အဆွေသူဌေးအိမ်ဝယ် အရွယ်ရောက်သောသမီး ရှိကြောင်းကို ငါ ကြားသိသည်ဖြစ်၍ သားရတနာကို ငါလွှတ် လိုက်သည်။ ရောက်လျှင် သင်သည် ငါ၏ကိုယ်စားပြု၍ ထိုသူ၏သမီးနှင့် ထိမ်းမြားပါလေ။ ငါအစိုးရသော မြို့ရွာမှ တစ်ရာတစ်ရာစီသော ဆင်, မြင်း, ကျွဲ, နွား, ရွှေ, ငွေ ဝတ္ထုကို ရုံးစု၍ ချီးမြှောက်လေ။ ထိမ်းမြားမင်္ဂလာပြုပြီးသောအခါမှ ငါ၏အထံသို့ စာပြန်လိုက်'ဟု အမှာစာရေး၍ ရှေးအနေကျအောင် စည်းနှောင်၍ထားပေ၏။

ယောသကလည်း မိုးသောက်သောအခါ အိပ်ရာမှထ သူဌေးအားခွင့်ပန်၍ သွားပြန် သဖြင့်၊ စေလိုက်သောအမှုလုပ်ထံသို့ ရောက်၍ သဝဏ်စာကိုပြသော် အမှုလုပ်ကလည်း "ငါ့အရှင် သူဌေးသည် ရင်သွေးသားကြီးကို ချီးမြှောက်စေခြင်းငှာ ငါ၏အထံသို့ စေလိုက်သည်တကား"ဟု ကျေးရွာသားတို့၌ ရထိုက်သောဘဏ္ဍာကို ရုံးစု၍ ရွာငယ်သူဌေးအား အကြောင်းကြားပြီးလျှင် ယခင်သတို့သမီးနှင့် ထိမ်းမြားလေ၏။ ပြီးစီးသောကာလ အဖဖြစ်သော ကောသမ္ဗီသူဌေးထံသို့ သဝဏ်စာရေး၍ မှာလိုက်၏။

သူဌေးကြီးကြားသိလျှင် မိမိရင်မှ ပူပင်တောက်လောင်ခြင်းပြင်းလျက် ခံတွင်းမှ သွေးအန်သောဝေဒနာသည် ဖြစ်၏။ ထိုအခါ 'ဤဝေဒနာဖြင့် ငါပင်သေရသော်လည်း ငါ့အမွေ ဉစ္စာကို ယောသက မရစိမ့်သောငှာ ငါ ဆိုခဲ့မည်'ဟုကြံ၍၊ "ချစ်သား ယောသကသည် ဖခင်ထံသို့ အမြန်ပြန်လာခဲ့ပါ"ဟု မှာလိုက်၏။ ထိုစကားကို ကြားလျှင် လျင်စွာသွားမည်ဟု ကြံစည်သော် အိမ်ရှင်ဖြစ်သော သူဌေးသမီးက 'ငါ့လင်သည် ငါ့ကိုမှီ၍သာ ဤသို့သောချမ်းသာ ကိုရလျက် ချင်းအဖ ပေးသည်ဟုမှတ်ထင်၍ သွားချင်ပြန်ဘိသည်။ မသွားဖြစ်အောင် ငါ



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဦးအံ့'ဟု ကြံ၍၊ "အကျွန်ုပ်လည်း လိုက်ပါမည်။ ရှေ့လမှ သွားအံ့, နောက်လမှ သွားအံ့"ဟု သွေးဆောင်၍သာ နေ၏။

ကောသမ္ဗီသူဌေးလည်း "ငါ့သားကား ကြာမြင့်လှ၏။ ဖခင် အသက်ရှင်စဉ် မြင်ရပါအောင် လျင်စွာလာပါ"ဟု မှာပြန်၏။ ထိုစကားကိုကြား၍ 'သွားအံ့'ဟု ကြံသောအခါ မယားကလည်း "အမောင် ဃောသက။ ဤကောသမ္ဗီသူဌေးကား အမောင်၏ဖခင် မဟုတ်။ အမောင်အား သတ်စိမ့်သောငှာ အမှုလုပ်ထံသို့ စေလိုက်ရာ ကမ္ဗည်းစာကို ကျွန်ုပ် ဖွက်ထား၍ တစ်ပါးသောစာကို ထည့်လိုက်သဖြင့် ဤစည်းစိမ်ချမ်းသာနှင့်တကွ အကျွန်ုပ်ကို ရသည်။ မောင့်အဖဆောက်နင်း၍ ရသည်မဟုတ်။ မောင့်အဖ ပေးလိုက်ရင်းစာကား ဤသည်ပင်တည်း"ဟု ပြ၍၊ "ယခုလည်း ငါတို့အား သားစစ် မဟုတ်သည်ကို ပြောဆိုခြင်းငှာ မှာလိုက်သည် ဖြစ်လတ္တံ့။ ထို့ကြောင့် စောင့်၍သာ နေဦး။ သေချိန်နီးသောအခါမှ ငါတို့ သွားကုန်အံ့"ဟု ဆို၍နေကြ၏။

သူဌေးလည်း ရောဂါကြီးပွား၍ သေဝပါးနီးပြီဟု ကြားလျှင် သမီးခင်ပွန်း နှစ်ဦးပင် ကောသမ္ဗီပြည်သို့ သွားလေ၍၊ သူဌေးအား ပြုစုမ,စလျက် သေသောကာလ သရီရဈာပနကံကို စီမံဆောင်ရွက်ပြီးလျှင် သူဌေးအနီး၌ ရှိကုန်သောသူတို့အား တံစိုးပေး၍ သူဌေး၏သားရင်းအဖြစ်ကို ပြောဆိုစေ၏။ ကောသမ္ဗီမင်းကြီးသည်လည်း ထိုဃောသကအား အဖ၏စည်းစိမ်ကို ပေး၍၊ သူဌေးကြီးအဖြစ်သို့ ရောက်လေ၏။

ထိုအခါ သူဌေးမက ဤသို့ဆို၏။ "အရှင်ဃောသက။ ဤဘဝ၌ အမောင်လည်း 'အဝဇာတ' ဖြစ်ခဲ့၏။ အကျွန်ုပ်လည်း ဥစ္စာနည်းသောအမျိုး၌ ဖြစ်ရ၏။ ရှေးကပြုသော ကောင်းမှု၏အာနိသင်ကြောင့်သာ သို့စင်သောချမ်းသာကို ရလာပေသည်။ နောက်နောက်သော ဘဝတို့၌ ဤကဲ့သို့မနွမ်းပါးရအောင် ဒါန,သီလ စသောကောင်းမှုကို ပြုကြကုန်အံ့"ဟု တိုင်ပင်၏။ သူဌေးကလည်း "ကောင်းလှပြီ"ဟု ဝန်ခံလျက်၊ နေ့တိုင်းနေ့တိုင်း တစ်ထောင်စီသောဥစ္စာကို စွန့်လွှတ်၍ အလှူဝတ်ကို ဖြစ်စေကြကုန်၏။

## ။၆၈။ သာမာဝတီမိဖုရား၏ ရှေးအကြောင်းကို ပြခြင်း

ထိုအခါ 'ဥတ္တရာ'အမည်ရှိသော နတ်သမီးသည် နတ်ပြည်မှ စုတေခဲ့၍ ထိုသူဌေးမောင်နှံတို့၏ အထိန်းဖြစ်သော မိန်းမ၏ဝမ်း၌ တည်နေလာ၏။ ဖွားမြင်သောအခါ အတန်ငယ် ကုန်းသောကိုယ် ရှိရကား 'ခုဇ္ဇုတ္တရာ'ဟူသောအမည်ကို မှည့်၏။ ထို ဃောသကသူဌေးနှင့် ဘဒ္ဒိယမြို့၌နေသော ဘဒ္ဒဝတီသူဌေးသည် ကြေးငွေပေးကမ်း ကူးသန်းရောင်းဝယ်သော သတိကို စွဲ၍ မမြင်ဖူးဘဲပင် ချစ်ခင်သောအဆွေခင်ပွန်း ဖြစ်ကြသတည်း။ ဘဒ္ဒဝတီသူဌေး၏အိမ်၌လည်း ခုဇ္ဇုတ္တရာနှင့် တစ်ပြိုင်နက်ပင် နတ်သမီးတစ်ဦးသည် ပဋိသန္ဓေနေလာ၍ ဖွားသောအခါ 'သာမာဝတီ' ဟူသောအမည်ကို မှည့်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံသောကာလ ထို ဘဒ္ဒိယမြို့၌ ဝတ်မွတ်ခြင်းဖြစ်လာ၍ များစွာသောလူတို့ သေကျေပျက်စီးကြလတ်သော် ဘဒ္ဒဝတီသူဌေးသည် မိမိခင်ပွန်းအား ဤသို့ တိုင်ပင်၏။ "အိမ်ရှင်မ။ ယခုတွေ့ရသော ဒုဗ္ဘိက္ခကပ်သည် အဘယ်မည်သည့်အခါမှ လွတ်ကွာမည်ဟု ငါတို့ မသိနိုင်ချေ။ ကောသမ္ဗီပြည်၌ တို့အဆွေဖြစ်သော ဃောသကထံသို့သွား၍ အသက်မွေးကြကုန်အံ့"ဟု တိုင်ပင်လျက် အိမ်တွင်ရှိသမျှသော ကျေးကျွန်ဘဏ္ဍာကို ပစ်ထားလျက် မယားနှင့် သမီးကိုသာ ယူ၍လာခဲ့သဖြင့် ကောသမ္ဗီပြည်သို့ရောက်သော် 'ငါတို့ အလွန်ဆင်းရဲသောကိုယ်ဖြင့် အဆွေဖြစ်သော ဃောသကသူဌေးထံ ဝင်၍ မသင့်ချေသေး။ သူတစ်ပါး၏ ပေးကမ်းစာကို ခံလျက် အတန်ငယ်လူပုံလုမှ ငါ့အဆွေထံ ဝင်တော့မည်'ဟုကြံလျက် ဧည့်သည်တို့၏ တည်းခိုရာဖြစ်သော ဇရပ်တစ်ခု၌ တည်းနေ၏။

ဃောသကသူဌေးလည်း မိမိအိမ်ဝဝယ် ကြီးကျယ်သောမဏ္ဍပ်ကို ဆောက်လုပ်၍ စောင့်ရှောက်ပေးကမ်းသူ ထားပြီးလျှင် ခရီးသွား, ပုဏ္ဏား, ရဟန်း စသော ဖုန်းတောင်းယာစကာတို့အား နေ့စဉ်မပြတ် အလှူကြီးကို ပေးစေ၏။

ဘဒ္ဒဝတီသူဌေးလင်မယားတို့လည်း ထိုအလှူတင်းကုပ်ပါးသို့ ကပ်ခြင်းငှာ လွန်စွာရှက်နိုးရကား သမီး သာမာဝတီကိုသာ စေလိုက်၏။သာမာဝတီလည်း ထမင်းထည့်စရာ ခွက်ဆွဲ၍လာပြီးလျှင် အများတောင်းခံရာသို့ မဝင်ဝံ့ဘဲ မျက်နှာလွှဲပြု၍ တစ်ခုသောအရပ်၌သာ နေ၏။ ထိုသို့နေသည်ကို အလှူစီမံသောသူ မြင်လျှင် 'ဤသတို့သမီးကား များစွာရှက်ခြင်း ရှိ၏။ အဆင်းအင်္ဂါလည်း ရှုဖွယ်ဘနန်း ဖြစ်၏။ ဤတင်းကုပ်သို့ရောက်လာသမျှသော သူအများပင် တံငါ ငါးလုသကဲ့သို့ သူ့ထက်ငါကောင်း တောင်းခံ၍ အသံပြုကြလျက် ဤမိန်းမငယ်ကား လွတ်ရှင်းရာကသာ ငြိမ်သက်စွာ နေချေသည်။ အမျိုးကောင်းသမီးစစ် ဖြစ်ရာပေလိမ့်မည်'ဟု ကြံ၍၊ သာမာဝတီထံ ကပ်ပြီးသော် "ချစ်သမီး။ အဘယ့်ကြောင့် သင် ဝင်၍ မတောင်းသနည်း" ဟု မေး၏။ "ကျွန်ုပ် မဝင်ဝံ့ပါ"ဟု ဆိုလျှင်၊ "သင်သည် ထမင်း အဘယ်မျှလောက် လိုသနည်း" ဟု မေးပြန်၏။ "သုံးယောက်စာ လိုပါသည်"ဟု ဆိုလျှင်၊ ထိုယောကျ်ားလည်း စားဖွယ်နှင့်တကွ သုံးယောက်စာမျှသော ထမင်းကို ပေးလိုက်၏။

သာမာဝတီလည်း ရခဲ့သောထမင်းကို မိခင်ဖခင်တို့အား ကျွေးလေသော် သူဌေးကြီးလည်း ဝတ်မွတ်ခြင်းကြာသည်နှင့် လွန်စွာစားမိခြင်းကြောင့် စားပိုးနှင့်၍ ထိုညဉ့်၌ပင် ကံကုန်လေ၏။

နောက်နေ့ရောက်သောအခါ သာမာဝတီလည်း ရှေးနည်း မဏ္ဍပ်သို့သွား၍ နှစ်ယောက်စာထမင်းကိုသာ ယူ၏။ ထို နောက်နေ့ညဉ့်၌ပင် မိခင်သူဌေးမလည်း ကံကုန်ပြန်၏။

တတိယနေ့ ရောက်သောအခါ ငိုယိုလျက်လာ၍ တစ်ယောက်စာသောထမင်းကို ယူ၏။

ထိုအမူအရာကို အလှူစီမံသူမြင်လျှင် အနီးသို့ကပ်၍ "ချစ်သမီး။ အဘယ်ကြောင့် တစ်ယောက်စာသော ထမင်းကိုသာ ယူသနည်း။ အဖော် မရှိပြီလော"ဟု မေး၏။ သတို့သမီးလည်း 'မိဘသေလွန်၍ တစ်ယောက်တည်း ရှိကြောင်း'ကိုပြောသော် အလှူဆော်ဖန်သူကလည်း "ချစ်သမီး။ သင်ကား အဘယ်မြို့ရွာမှလာသော အဘယ်သူ၏ သမီးနည်း"ဟု မေး၏။ သာမာ



www.burmeseclassic.com

www.burmeseclassic.com



ဝတီကလည်း "ဖခင်။ ကျွန်ုပ်ကား ဘဒ္ဒိယမြို့၌နေသော ဘဒ္ဒဝတီ သူဌေးသမီးပါတည်း။ ကြီးစွာသော ဝတ်မွတ်ခြင်းဘေးကြောင့် ဤအရပ်၌နေသော အဆွေဃောသကသူဌေးအား ကိုးစား၍ လာခဲ့ပါသည်"ဟု အခြင်းအရာအလုံးစုံကို ပြန်ကြား၏။

ထိုစကားကိုကြားလျှင် ယင်းသို့ ဖြစ်ပြီးတကား "ချစ်သမီး။ ငါတို့အရှင် သူဌေးကြီး၏ သမီးပင် မည်ချေတော့သည်။ ယနေ့မှစ၍ ဖခင် သမီးပြု၍ မွေးမြူပါအံ့"ဟု ဆို၍ မွေးမြူလေ၏။

နောက်တစ်နေ့အခါ သာမာဝတီလည်း အလှူစီမံသူအား ဤသို့ လျှောက်ကြား၏။ "ဖခင်။ ဤအလှူတင်းကုပ်၌ အုတ်အုတ်ကျက်ကျက်သောအသံကို ဆိတ်ငြိမ်အောင် မကြံနိုင်ပါလော"ဟု မေး၏။ "မကြံနိုင်ပါ"ဟုဆိုလျှင်၊ "ဖခင်။ အပြင်ကျယ်သောဌာန၌ ထက်ဝန်းကျင်အရံ အတားကို ပြုလျက် ထွက်ပေါက်ဝင်ပေါက်ကို တစ်ယောက်ဆံ့ရုံသာထား၍ အတွင်းမှနေ၍ ပေးကမ်းရသော် တိုးဝှေ့ခြင်း, ငြင်းခုံခြင်း မရှိသည်ဖြစ်၍ အသံ ဆိတ်ငြိမ်ပါလတ္တံ့"ဟု ဆို၏။

ထိုအလှူကို စီမံသောသူသည် သာမာဝတီ၏စကားအတိုင်း ပြု၍ပေးစေသော် လေမခတ်သော ကြာရေကန်ကဲ့သို့ အသံ ဆိတ်ငြိမ်လေ၏။ ဃောသကသူဌေးလည်း ရှေးရှေးသောနေ့တို့၌ အလှူတင်းကုပ်ဝယ် အုတ်အုတ်ကျက်ကျက်သောအသံကို ကြားရလျက် တစ်ရက်နှစ်ရက်မကြားလေလျှင် စီရင်သူကိုခေါ်၍ "ယနေ့ အဘယ်ကြောင့် အလှူ မပေးသနည်း"ဟု မေး၏။ "ကျွန်ုပ် ပေးမြဲတိုင်း ပေးပါ၏"ဟု လျှောက်သော်၊ "အဘယ့်ကြောင့် အသံ မကြားသနည်း"ဟု မေးပြန်၏။ "အကျွန်ုပ်၌ ဉာဏ်ရှိသောသမီးတစ်ယောက်ကို ရရှိ၍ ထိုသမီး၏ အစီအမံဖြင့် အသံ ဆိတ်ပါသည်"ဟု လျှောက်လျှင်၊ "သင့်အား ရှေးက သမီး မရှိဖူးလျက်၊ ယခု ဘယ်က ရပြန်သနည်း"ဟု မေး၏။ ထိုသူလည်း လှည့်ပတ်ခြင်းငှာ မတတ်သာရကား သာမာဝတီ၏အကြောင်းအလုံးစုံကို လျှောက်ဆိုရ၏။

ဃောသကသူဌေးလည်း ထိုအကြောင်းကိုကြားလျှင် "သင်သည် ဝန်လေးစွာသော အမှုကို အဘယ့်ကြောင့် ပြုဘိသနည်း။ ငါ့သမီးကိုဝှက်ထား၍ ငါ့အား အဘယ့်ကြောင့် မလျှောက်သနည်း"စသည်ဖြင့် အပြစ်တင်၍ ရတ်ခြည်းခေါ်ငင်စေပြီးသော်၊ သမီးအရာ၌ ထား၍ မွေးစားပေ၏။ ခုနှစ်ရာ့ငါးဆယ်ရာနှင့်တကွ ငါးရာမျှသော သတို့သမီးငယ်တို့ကို ရံစေ၏။ ထိုအခါမှစ၍ 'သာမာဝတီသည် ဃောသကသူဌေးသမီး'ဟု ထင်စွာဖြစ်သတည်း။

ထိုအခါ ဥတေနမင်းစောသည် တောမှလာ၍ မိဘ၏အရိပ်အရာဖြစ်သော ကောသမ္ဗီပြည်ထီးနန်းကို သိမ်းမြန်း၍ မင်းပြုသတည်း။ တစ်နေ့သောအခါ ဥတေနမင်းကြီးသည် ရထားစီး၍ ပြန်လည်လေသော် ရံရွေဖော်သူငယ်မတို့နှင့် ကစားနေသော သာမာဝတီကိုမြင်၍ ခင်မင်တိမ်းညွတ်သောစိတ် ရှိရကား "ဤမိန်းမငယ်သည် ဘယ်သူ၏ သမီးနည်း"ဟု မေး၏။ မင်းချင်းတို့ကလည်း ဃောသကသူဌေးကြီး၏ သမီးဖြစ်ကြောင်းကို လျှောက်လျှင် "လင်ရှိသည်, မရှိသည် လည်းကောင်း၊ ငါ့အား ဆောက်နှင်းလို, မဆောက်နှင်းလိုသော အဖြစ်ကို လည်းကောင်း သူဌေးအား စုံစမ်းချေ"ဟု အမတ်တို့ကို စေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမတ်တို့လည်း သူဌေးကြီး သမီးအား မင်းလိုသောအကြောင်းကို ကြားလျှင်၊ သူဌေး လင်မယားက "ဤသာမာဝတီမှတစ်ပါး ကျွန်ုပ်တို့ရှုစားရန် သမီး မရှိပြီ။ ဤသမီးကိုသာလျှင် အသက်ပမာ ချစ်ရပါ၏။ ပြည်ရှာသနင်း မင်းမည်သည်ကား မိဖုရားမောင်းမ များစွာလှ၏။ ဆောက်နှင်းရသော်လည်း ငါ့သမီးကို ရန်သူတို့၏အလယ်၌ မထားနိုင်"ဟု ဆိုလိုက်၏။

ထိုစကားကို မင်းအားပြန်လျှောက်လေသော် ဥတေနမင်းက "ယင်းသို့တပြီးကား သူဌေးကြီးလင်မယားကို အနီးအပါးအိမ်၌နေစေ၍ သမီးနေသောအိမ်ကို 'မင်းအိမ်'ဟု တံဆိပ် ခတ်လော့"ဟု အမတ်တို့ကို စေလိုက်၏။ အမတ်တို့လည်း မင်းအာဏာအတိုင်း စီမံလေ၏။

သာမာဝတီလည်း ကစားရာမှ ပြန်လာ၍ အိမ်မှာခတ်နှိပ်သော တံဆိပ်လက်မှတ်ကို လည်းကောင်း၊ မိဘတို့ အိမ်ပြင်၌နေသည်ကို လည်းကောင်း မြင်လျှင် "မိခင်ဖခင်တို့။ အဘယ့်ကြောင့် အိမ့်ပြင်၌ နေရသနည်း။ အကျွန်ုပ်တို့အိမ်ဝယ် ဘယ်သူ တံဆိပ် ခတ်သနည်း"ဟု မေး၏။ သူဌေးမောင်နှံတို့ကလည်း "ချစ်သမီး။ ဥတေနမင်းကြီးသည် သမီးတော်ကို တောင်း လာဘိ၍ မိဘတို့က 'ရန်သူများလှသော မင်းအိမ်သို့ မထည့်နိုင်ပါ'ဟု ဆိုလိုက်သဖြင့် မင်း တံဆိပ်တို့ကို အိမ်မှာ ကပ်လာသတည်း"ဟု ပြောလျှင်၊ "မိခင် ဖခင်တို့။ အသို့ဆိုဘိသနည်း။ ရန်သူများသောမင်းထံ၌ ကျွန်ုပ်တို့၏သမီးတစ်ယောက်တည်း မထားနိုင်ပါ။ အခြံအရံငါးရာ နှင့်တကွ ထားရပါမူ ထားလိုပါ၏ဆိုသော် မလျော်ပါလော"ဟု ဆို၏။

ထိုစကားကို ကြားလျှင် သူဌေးလင်မယားကလည်း "သမီး၏အလိုကို မသိသေး၍သာ ဤသို့ ဆိုနှင့်ပါသည်။ သဘောမျှပါမူကား ဤစကားဖြင့် မင်းအား လျှောက်တော့အံ့"ဟု ဆို၍၊ မင်းကြီးထံ၌ သံတော်ဦးတင်လေ၏။ မင်းကြီးလည်း "သင်းပင်းငါးရာသာမက တစ်ထောင်မျှ ခြွေရံပါသော်လည်း ငါ ဝမ်းမြောက်၏"ဟု ဆိုလျက်၊ မင်္ဂလာရှိသော နေ့ရက် အခါ၌ အရံငါးရာနှင့်တကွ သာမာဝတီကို နန်းတော်သို့ဆောင်၍ ခြောက်ထောင်သောမောင်းမ တို့၏ အထွတ်အဖျားဖြစ်သော မိဖုရားကြီးအရာဖြင့် ရာဇာဘိသိက်ခံ၍ စံနန်းပြာသာဒ် တစ်ဆောင်၌ ထားပေ၏။

ဤကောသမ္ဗီပြည်၌ ဃောသကသူဌေးနှင့်တကွ ပေါင်းဖက်ကြသော 'ကုက္ကုဋ'အမည်ရှိ သော သူဌေး၊ 'ပါဝါရိက' အမည်ရှိသော သူဌေးကြီးတို့သည်လည်း ရှိကုန်၏။ ထိုသူဌေးကြီး သုံးဦးတို့သည် ဘဝကူးကောင်းရန်ကို ရည်၍ ရသေ့ငါးရာတို့အား နှစ်စဉ် လုပ်ကျွေးမြဲဖြစ် သတည်း။ ထို ရသေ့ငါးရာတို့လည်း မိုး လေးလအခါ မြို့ရွာအနီး၌နေ၍၊ ဆောင်း၊ နွေ ရှစ်လအခါဝယ် ဟိမဝန္တာ၌ နေကြ၏။

ဘစ်ရံသောအခါ ထိုရသေ့ငါးရာတို့သည် ဟိမဝန္တာမှ လာကြကုန်သော် တစ်ခုသော ကန္တာရခရီး၌ ရေသိပ်ခြင်းကြောင့် ပင်ပန်းကြကုန်သည်ဖြစ်၍ တစ်ခုသော ညောင်ပင်ရင်းသို့ ကပ်ပြီးသော် 'ဤညောင်စောင့်နတ်မင်းသည် ငါတို့ဆင်းရဲကို မြင်သဖြင့် ကြည်လင်အေးမြ သောရေကို လှူပါမူကား ချမ်းသာရရာ၏' ဟု လွန်စွာတောင့်တလျက် နေကြကုန်၏။ ထိုစကား ကို ညောင်စောင့်နတ်ကြားသဖြင့် မိမိအသွင်ကို ထင်ရှားပြပြီးသော် အဖျော်ယမကာနှင့်တကွ လိုသမျှသောပစ္စည်းကို မိမိလက်မှ ယိုထွက်စေ၍ လုပ်ကျွေး၏။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ငါးရာတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ အံ့သြကြလျက် "သင်နတ်သားကား ကြီးမားသောဘုန်းအာနုဘော် ရှိပေစွ။ အဘယ်ကောင်းမှု ပြုခဲ့ရ၍ ဤမျှသောပစ္စည်းကို ရသနည်း"ဟု မေး၏။ နတ်ကလည်း "အရှင်ရသေ့တို့။ လောကသုံးဘုံ၌ အလုံးစုံတို့ထက် မြတ်တော်မူသော ဘုရားသခင်သည် ထင်ရှားဖြစ်တော်မူ၍ ယခုအခါ သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ ကိန်းအောင်းစံနေတော်မူသည်။ ထိုကျောင်းဒါယကာ အနာထပိဏ်သူဌေးသည် လုပ်ကျွေးပြုစုလျက် တစ်ရက်မပြတ် ဆည်းကပ်ကိုးကွယ်ပေသည်။ ထိုသူဌေးကား သား မြေး ကျေးကျွန်နှင့် တကွ တစ်လလေးသီတင်း၌ မယွင်းမယုတ် ဥပုသ်ဆောက်တည်ခြင်းကို ပြုသည်။ အကျွန်ုပ်လည်း ထိုသူဌေးအိမ်ဝယ် လယ်လုပ်သူရင်းငှားပြု၍နေ့ထက်ဝက်မျှ ဥပုသ် ဆောက်တည်ခဲ့ရဖူးသော ကောင်းမှု, သံဃာတော်တို့၏ကိစ္စကို ဆောင်ရွက်ခဲ့ရသော ကောင်းမှု တို့ကြောင့် စုတေသောကာလ ဤမျှလောက်သော နတ်တို့၏ချမ်းသာကို ရပါပေသတည်း"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် ရသေ့ငါးရာတို့လည်း နှစ်လိုဝမ်းသာလျက် ထိုနေရာကပင် ဘုရားရှိရာ သာဝတ္ထိပြည်သို့ သွားလိုသောဆန္ဒသည် အလွန်ဖြစ်ကြသော်လည်း 'ကောသမ္ဗီပြည်မ ၌ ငါတို့အလုပ်အကျွေးဖြစ်သော သူဌေးကြီးသုံးဦးတို့သည် ကျေးဇူးကြီးမားလှပေသည်။ ထိုဒါယကာတို့အားလည်း ဘုရားပွင့်တော်မူကြောင်းကို ကြားပြီးမှ ငါတို့ သွားတော့အံ့'ဟု ကြံ၍ ကောသမ္ဗီပြည်သို့ လာခဲ့ကြ၏။ ရောက်လျှင် သူဌေးကြီးသုံးဦးတို့က အထူးထူးသော ပူဇော်သက္ကာရတို့ဖြင့် မြတ်နိုးတနာကို ပြုကြကုန်၏။

ထိုအခါ ဆရာရသေ့တို့က ဤသို့ ဆိုပေ၏။ "ဒါယကာတို့။ သုံးရွာသောလောက၌ 'အဂ္ဂပုဂ္ဂလ' ဖြစ်တော်မူသော ဘုရားသခင်သည် ထင်ရှားဖြစ်တော်မူ၍ သာဝတ္ထိပြည်၌ စံနေ တော်မူသတတ်။ ထိုအရပ်သို့ ငါတို့ ယနေ့ပင်သွားကုန်အံ့"ဟု ဆိုပေ၏။ သူဌေးသုံးဦးတို့က "အကျွန်ုပ်တို့လည်း လိုက်ပါကုန်အံ့။ ငံ့ပါဦး"ဟု ဆို၏။ "လိုက်လိုလျှင် သင်တို့ ဖြည်းဖြည်း သာသာ လိုက်လာကြလော့။ ငါတို့ကား ယနေ့ပင် သွားတော့အံ့"ဟု ပန်ကြားလျက် ဘုရား ရှိရာသို့ သွားလေ၏။

ဘုရားထံသို့ ရောက်လျှင် ရဟန်းပြုကြသဖြင့် မကြာမြင့်မီပင် ရဟန္တာ ဖြစ်ကြကုန်၏။ သူဌေးသုံးဦးတို့သည်လည်း လှည်းငါးရာတို့ကို ပြင်ဆင်၍ အစဉ်လိုက်လာသဖြင့် သာဝတ္ထိပြည် သို့ရောက်သော် ဇေတဝန်ကျောင်းတော်၏အနီး၌ ခိုမှီးရန် မဏ္ဍပ်တဲကွန်းဖြင့်နေလျက်၊ ဘုရားထံသို့ကပ်၍ တရားတော်မြတ်ကိုနာရလျှင် ဒါယကာသုံးဦးလုံးပင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါမှစ၍ ဒါယကာသုံးဦးတို့လည်း ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးကိုပေးလျက် တစ်ဆယ့်ငါးရက်ပတ်လုံး နေပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အကျွန်ုပ်တို့ ကောသမ္ဗီပြည်သို့ ကြွလည်တော်မူပါ"ဟု လျှောက်ပင့်၍၊ အခွင့် ပေးတော်မူလျှင် ရွှင်လန်းဝမ်းမြောက်စွာ ပူဇော်သက္ကာရ ပြုပြီးမှ မိမိတို့နေရာသို့ ပြန်လာကုန်၏။ ကောသမ္ဗီပြည်သို့ရောက်လျှင် ဘုရားသခင် ပျော်ရွှင်တော်မူအံ့သောဌာနကို ဆင်ခြင်၍ မိမိတို့ ဥယျာဉ်၌ ကျောင်းကြီးတစ်ဆောင်စီ ပြုလုပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



[ယောသကသူဌေး ဆောက်လုပ်သောကျောင်းသည် 'ယောသိတာရုံ' တွင်၏။ ကုက္ကုဋသူဌေး ဆောက်လုပ်သောကျောင်းသည် 'ကုက္ကုဋာရုံ' တွင်၏။ ပါဝါရိကသူဌေး ဆောက်လုပ်သောကျောင်းသည် 'ပါဝါရိကာရုံ'တွင်၏။ သူဌေးကြီးတို့လည်း ကျောင်းအာရာမ် ပြီးစီးသော် ဘုရားကိုယ်တော်မြတ်ထံသို့ တမန်စေလွှတ် လိုက်၏။]

## ။၆၉။ မာဂဏ္ဍီမိဖုရား၏ ရှေးအကြောင်းကို ပြခြင်း

ဘုရားသခင်သည်လည်း သံဃာတော်အပေါင်း ခြံရံလျက် ကောသမ္ဗီပြည်သို့ ကြွတော်မူလာသော် ခရီးအကြား၌ 'မာဂဏ္ဍိယ'ပုဏ္ဏား၏ အရဟတ္တဖိုလ် ရအံ့သောအကြောင်းကို မြင်သဖြင့် ခရီးအစဉ်ကိုပစ်၍ ကုရုရစ်တိုင်း၌ 'ကမ္မာသဒမ္မ'မည်သော နိဂုံးသို့ ဝင်တော်မူ၏။ ထိုရွာ၌ 'မာဂဏ္ဍိယ'မည်သောပုဏ္ဏားဝယ် အဆင်းပြင်လျာ ပြည့်စုံစွာသော 'မာဂဏ္ဍီ'မည်သော သမီးငယ်သည် ရှိ၏။ မိဘနှစ်ပါးတို့လည်း သမီးနှင့်လျော်သော ယောကျ်ားကိုရှာလျက် လှည့်လည်ကာ နေသတည်း။

ဘုရားရောက်၍ ဆွမ်းခံတော်မူသောအခါ၌ မာဂဏ္ဍိယပုဏ္ဏားလည်း ရွာ၏အပ၌ ညဉ့်သုံးယံပတ်လုံး မီးပူဇော်ခြင်းကိုပြုပြီးမှ စောစောကလျှင် ရွာတွင်းသို့ဝင်လာသည်နှင့် ဘုရားသခင်ကို ရင်ဆိုင်တွေ့လေလျှင် ပုဏ္ဏားက ဤသို့ကြံ၏။ 'ငါသည် ရှည်မြင့်စွာသော ကာလပတ်လုံး ငါ့သမီးနှင့် အသွင်တူမျှသော လုလင်ယောကျ်ားကို ရှာပါငြားသော်လည်း တစ်ဦးသားမျှ မတွေ့နိုင်ချေ။ အဆင်းလှပသော်လည်း ဤကဲ့သို့ ရဟန်း မဟုတ်ကြ။ ငါ့သမီးကိုလည်း ရဟန်းနှင့်သာ ထိမ်းမြားလို၏။ ဤရဟန်းကား ငါမှန်းသည်နှင့် သင့်လှလေစွ။ အဆင်းလည်း အလွန်လှ၏။ နူးညံ့ပြေပြစ်သော ဣန္ဒြေလည်းရှိ၏'ဟု ကြံ၍ မြန်စွာ အိမ်သို့လာခဲ့၏။ [ပုဏ္ဏားကား ပရိဗိုဇ်ရဟန်း၏အနွယ်မှ ဖြစ်ပွားသောသူဖြစ်၍ သမီးကိုလည်း ရဟန်းနှင့် ထိမ်းမြားခြင်းငှာ အလိုရှိသတည်း။]

အိမ်သို့ရောက်လျှင် အိမ်ရှင်ပုဏ္ဏေးမကိုခေါ်၍ "ငယ်ဖော်မ။ သင်၏သမီးကို လျင်မြန်စွာ တန်ဆာဆင်လော့။ ဤလူ့ခွင်၌ မမြင်ဖူးမျှ တင့်တယ်လှသော ဗြာဟ္မဏဇာတ် ရဟန်းမြတ်ကို ထက်ကြပ်ငါတို့ တွေ့ခဲ့သတည်း။ ထိုအရှင်အား သင်၏သမီးကို ဆောက်နှင်းရအောင် လိုက်ကြကုန်အံ့"ဟု ဆို၏။ ပုဏ္ဏေးမလည်း ထိုစကားကိုကြားလျှင် သမီးကိုတန်ဆာဆင်၍ လျင်စွာလိုက်ကြလေ၏။ ဘုရားကိုယ်တော်မြတ်သည် ပုဏ္ဏားတွေ့ရာအရပ်တွင် တံဆိပ်ခတ်သကဲ့သို့ မြတ်သောခြေတော်စုံကိုနင်း၍ ရွာတွင်းသို့ဝင်တော်မူသည်နှင့် အသင့်မတွေ့မြင်လျှင်၊ "သင်တို့ ကြာမြင့်စွာပြု၍ မတွေ့ရသည်"ဟု ပုဏ္ဏေးမအား ဆဲရေးမြည်တမ်းလျက် စုံစမ်းမျှော်ခေါ်သော် နင်းနိုပ်တော်မူခဲ့သော ခြေရာကိုမြင်၍ "အိမ်ရှင်မ။ ရှုလော့၊ ရှုလော့။ ဤခြေရာကား ထိုယောကျ်ား၏ ခြေရာပင်တည်း"ဟု ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏေးမလည်း ခြေရာကိုမြင်လျှင်'ငါ့လင်ပုဏ္ဏားကား မိုက်အားကြီးလေစွတကား။ မိဘတို့သင်ခဲ့သော ဗေဒင်၏အနက်ကိုမျှ မချင့်တွက်နိုင်ချေတကား။ ဤခြေရာသည် ရာဂ, ဒေါသ, မောဟတရား ကင်းလွတ်ရှားသော ဘုရားသခင်၏ခြေတော်ရာသာလျှင် ဖြစ်ရာလတ္တံ့.' ဟုကြံ၍၊ သံဝေဂဖြစ်စိမ့်သောငှာ–

'ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊

ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ၊

မူဠှဿ ဟောတိ အဝကမိတံ ပဒံ၊

ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒံ–' ဟူသော ဂါထာကို ဆို၏။

အနက်ကား –ဗြာဟ္မဏ၊ ပုဏ္ဏား။ ရတ္တဿ၊ တပ်စွမ်းခြင်း ရာဂများသောသူ၏။ ပဒံ၊ ခြေရာသည်။ ဥက္ကုဋိကံ၊ အလယ်ကောက်ကြား ဆောင့်ကြွားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုဋ္ဌဿ၊ ဒေါသများသောသူ၏။ ပဒံ၊ ခြေရာသည်။ သဟသာနုပီဠိတံ၊ အဆောတလျင် နှိပ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ မူဠှဿ၊ တွေဝေမှောက်မှား အမိုက်များသောသူ၏။ ပဒံ၊ ခြေရာသည်။ အဝကမိတံ၊ ငင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဤဒိသံ၊ ဤသို့သဘောရှိသော ရွှေခြေနင်းရာ ပမာတမျှ ညီစွာကျလျက် တစ်ရာ့ရှစ်ကွက် စက်တော်အစုံဖြင့် မှတ်အပ်သော။ ဣဒံ ပဒံ၊ ဤခြေရာသည်ကား။ ဝိဝဋ္ဋစ္ဆဒဿ၊ ဝဋ်သုံးကွင်းမှ လွတ်ကင်းသန့်စင် ဘုရားရှင်၏။ ပဒံ၊ ခြေတော်ရာပေတည်း။ တဝ၊ သင်၏။ မိတရံ၊ သမီးကို။ မာ ရုစ္စိဿတိ၊ မနှစ်သက်လတ္တံ့.။

ဤဂါထာကိုဆောင်၍ "အမောင်သည် ပညာနည်းပါး အမြင်မှား၍ ဤယောကျ်ားအား သားသမက် ပြုလိုသည်။ အမောင့်သမီးကို ကြည်ဖြူအံ့သောသူ မဟုတ်တကား"ဟု ဆိုလျှင်၊ လင်ပုဏ္ဏားကလည်း "မိန်းမဖြစ်လျက် ဂုဏ်မာန်တက်၍ နှုတ်ထွက်ကြမ်းစွာ မဆိုပါနှင့်"။ ဤသို့ စသည်ဖြင့်အချင်းချင်း ငြင်းခုံ၍နေစဉ် ဘုရားသခင်လည်း သံဃာတော်အပေါင်းနှင့်တကွ မြို့တွင်းမှ ထွက်ကြွတော်မူလာ၍ မာဂဏ္ဍိယပုဏ္ဏားတို့အနီးသို့ ရောက်လျှင်၊ အိမ်ရှင်ပုဏ္ဏေးမအား များစွာငေါက်ငမ်း၍ "ဤရဟန်းပင် ငါမြင်လိုက်သောသူတည်း"ဟု ပြ၍၊ ဘုရားအနီးသို့ ကပ်ပြီးလျှင် "အရှင်ရဟန်း။ အကျွန်ုပ်သည် နံနက်ကပင် အရှင့်ကိုမြင်၍ ချစ်ခင်လှလျက် မျှော်တမွေ့ရှာ နေလင့်ပါ၏။ မာဂဏ္ဍီအမည်ရှိသော ကျွန်ုပ်သမီးသည် ကျွန်းကြီးဇမ္ဗူ တစ်သောင်းငှ၌ ဘယ်သူမျှမတူနိုင်သော မိန်းမရတနာ ဖြစ်ပါ၏။ ဆင်းဝါတူငြား အရှင့်အားသာ ပေးလိုပါ၏။ မာဂဏ္ဍီကို အလိုရှိမူ ယူတော်မူပါ"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသခင်လည်း ပုဏ္ဏားကို တရားသံဝေဂ ဖြစ်စိမ့်သောငှာ 'ဒိသွာန တဏှံ အရတိဉ္စ ရာဂံ'အစရှိသော ဂါထာကို ဆိုတော်မူ၏။

အနက်ကား – ဗြဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ငါသည်။ ဗုဒ္ဓကာလေ၊ ဘုရားဖြစ်ဦးစကာလ၌။ မာရဓီတရော၊ မာရ်မင်းသမီး ဖြစ်ကုန်သော။ သုရူပါ၊ အလွန်ရှုဖွယ် ရှိကုန်သော။ တဏှာ စ၊ တဏှာမည်သော နတ်သမီးသည် လည်းကောင်း။ အရတိ စ၊ အရတိမည်သော နတ်သမီးသည် လည်းကောင်း၊ ရာဂါ စ၊ ရာဂါမည်သော နတ်သမီးသည် လည်းကောင်း။ တော၊



www.burmeseclassic.com

www.burmeseclassic.com



ဤသုံးယောက်သောသူတို့ သည်။ မံ၊ ငါ့ကို။ ပါရိစရိယာယ၊ ခြေရင်း အလုပ်အကျွေးပြုခြင်းငှာ။ ယာစန္တိ၊ တောင်းပန်ကုန်၏။ တေသံ၊ ထိုနတ်သမီးတို့ကို။ ဒိသွာ နပိ၊ မြင်၍မျှလည်း။ မေထုနသ္မိံ၊ နှစ်ဦးယှက်ဆုံ ပျော်မြူးကုန်သော မေထုန်အကျင့်၌။ ဆန္ဒော၊ အလိုသည်။ န ဟောတိ၊ ငါ့အား မဖြစ်။ အပိ၊ ယင်းသို့လျက်။ မုတ္တကရီသပုဏ္ဏံ၊ ကျင်ကြီးကျင်ငယ် အတိပြည့်သော၊ ဣဒံ၊ ဤ သင်၏သမီးကို။ ကိမိဝ ဆန္ဒသိ၊ အဘယ်မှာ အလိုရှိတော့အံ့နည်း။ နံ၊ ထို သင်၏သမီးကို။ ပါဒါပိ၊ ခြေဖြင့်လည်း။ သမ္ဖုသိတုံ၊ ထိခြင်း ငှာ။ န ဣစ္ဆေ၊ ငါ အလိုမရှိ။

ဤစကားဖြင့် ပယ်ရှား၍ 'ကာမာဒီနဝ' တရားကို ဟောကြားတော်မူလျှင် ပုဏ္ဏား သမီးခင်ပွန်းနှစ်ဦးတို့သည် အနာဂါမိဖိုလ်၌တည်၍၊ သမီးမာဂဏ္ဍီကို ညီဖြစ်သော ပုဏ္ဏားအား အပ်နှံလျက် ဘုရားထံ၌ ရဟန်းပြုကြသဖြင့်၊ မကြာမြင့်မီပင် ရဟန္တာ ဖြစ်လေကုန်၏။

မာဂဏ္ဍီလည်း 'ဤ ရှင်ဂေါတမသည် ငါ့ကိုအလိုမရှိမူ 'ငါမလို'ဟူသော စကားမျှသာ ဆိုသင့်ပါလျက် 'ရွံရှာဖွယ် ကျင်ကြီးကျင်ငယ်တို့ဖြင့်ပြည့်သော မိန်းမအား ခြေဖျားနှင့်မျှ မထိလို' ဟု ငါ့ကိုပြစ်ဖွဲ့၍ ကဲ့ရဲ့ရှုတ်ချ ဘိသည်တကား။ ရှေးကံများထောက်ပံ့၍ မြင့်မြတ်သော သူ ငါဖြစ်မှုကား ဤဘုရားကို ငါနှိပ်စက်အံ့'ဟူ၍ ရန်ငြိုးထား၏။

များမကြာမီ မာဂဏ္ဍီလည်း ကောသမ္ဗီပြည် ဥတေနမင်း၏ မိဖုရားအဖြစ်သို့ရောက်၍ ငါးရာသောအခြံအရံနှင့်တကွ တစ်ဆောင်သောပြာသာဒ်၌ စံစားရ၏။

ဘုရားသခင်လည်း အစဉ်သဖြင့် ဒေသစာရီကြွချီတော်မူ၍ ကောသမ္ဗီပြည်သို့ ရောက်လျှင် ယခင်သူဌေးကြီးသုံးဦးတို့သည် အထူးထူးသော ပူဇော်သက္ကာတို့ဖြင့် ခရီး ဦးကြိုဆိုလျက် ကြည်ညိုဝမ်းမြောက်စွာ ပင့်လျှောက်၍ မိမိတို့ဆောက်လုပ်သော ကျောင်း ကြီးတို့ကို အသီးအသီး လှူဒါန်းပူဇော်ကုန်၏။ ယင်းသို့လှူပြီးသော် ကိုယ်တော်မြတ်အား ဆွမ်း ဖိတ်၍ ပြန်ကြကုန်၏။

မာဂဏ္ဍီမိဖုရားသည် ဘုရား ရောက်လာကြောင်းကို ကြားလျှင် အရှက်မကြောက်မရှိ သော သေသောက်ကြူးတို့အား များစွာတံစိုးပေး၍ "အိမ်ဈေးလမ်းဝ သံဃာတော်တို့ ကြွတိုင်း ဆဲရေးကြကုန်"ဟု မှာထား၏။ဘုရားသခင်လည်း သံဃာတော်အပေါင်းခြံရံလျက် ဆွမ်းခံဝင် တော်မူလျှင် အိမ်စဉ်လပ်ရာမှာနေသော သေသောက်ကြူးအများတို့သည် အထူးထူးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးကြကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်၏။ "ဘုန်း တော်ကြီးသော မြတ်စွာဘုရား။ ဤပြည်သားတို့သည် ပျားသကာပေါ်တွင် မစင်စွန့်သော ခွေးကဲ့သို့ အတွေးအဆမရှိ မိမိတို့အပြစ်ကို မိမိတို့ရှာလျက် မြတ်စွာဘုရားအား လည်းကောင်း၊ သံဃာတော်တို့အား လည်းကောင်း မောင်းမဲဆဲရေး လုပါကုန်သည်။ ဤပြည်အတွင်း၌ သီတင်းသုံးခြင်းငှာ မလျော်ပါ။ တစ်ပါးမြို့ရွာသို့ ကြွတော်မူပါ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း "ချစ်သား အာနန္ဒာ။ ငါဘုရားတို့မည်သည်ကား ရှစ်ပါးသော လောကဓံတို့ဖြင့် ဖောက်ပြန်တုန်လှုပ်ခြင်း မရှိကုန်။ ဤ အလုံးစုံသောဆဲရေးသံသည် အလွန်အားဖြင့် ခုနစ်ရက်သာ တည်လတ္တံ့။ အပြစ်မရှိဘဲ ဆဲရေးကြသော ချင်းတို့၏စကားသည် ချင်းတို့၏ဦးဖျား၌သာ ကျလတ္တံ့။ သင်တို့ကား နလုံးမရှိလင့်"ဟု မိန့်တော်မူ၏။

သူဌေးကြီးသုံးဦးတို့လည်း ဘုရားရောက်သည်မှစ၍ တစ်လတိုင်တိုင် အလှူကြီးပေး၍ မိမိတို့လုပ်ကျွေးပြီးသော် "ရှင်တော်ဘုရားကား လူသုံးပါးတို့၏အကျိုးငှာ ဖြစ်တော်မူပေသည်။ ပြည်သူပြည်သားတို့လည်း လုပ်ကျွေးကြပါစေဦး"ဟု ကြံ၍၊ ကောသမ္ဗီပြည်သားတို့အား နှိုးဆော်ဖိတ်ကြား၏။ များစွာသောပြည်သူတို့လည်း အကြောင်းသင့်ရာဖွဲ့၍ အလှည့်အလှည့် အလှူပေးကြကုန်၏။

တစ်နေ့သောအခါ မြတ်စွာဘုရားသည် ပန်းသည်တစ်ဦး၏အိမ်၌ အလှူခံကြွတော်မူစဉ် သာမာဝတီ၏အလုပ်အကျွေးဖြစ်သော ခုဇ္ဇုတ္တရာသည် ရှစ်သပြာတို့ဖြင့် ပန်းဝယ်ခြင်းငှာ လာလတ်သော် အိမ်ရှင်တို့က ခေါ်၍ အလှူတော် ညီညာပြုစေပြီးမှ ဆွမ်းကျွေးကြ၍၊ ကိစ္စပြီးသော အခါ တရားတော်ကိုနာသည်တွင် ဘုရားသခင်လည်း မင်းပါးနေသူတို့နှင့်လျော်သော ဓမ္မကထာကို ဦးစွာညွှန်ကြားပြီးမှ တရားဟောတော်မူလျှင် ခုဇ္ဇုတ္တရာလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထို ခုဇ္ဇုတ္တရာသည် ရှေးရှေးသောနေ့တို့၌ ပန်းဝယ်ခြင်းငှာဆောင်လာခဲ့သော ရှစ်သပြာတို့တွင် မိမိအလို့ငှာ လေးသပြာကိုဝှက်ထား၍ မိဖုရားအလို့ငှာ လေးသပြာဖြင့်သာ ပန်းဝယ်၏။

ထိုနေ့၌ကား သစ္စာလေးပါးကိုမြင်၍ ဝှက်ချင်စိတ်မရှိရကား ရှစ်သပြာလုံးဖြင့် ပန်းဝယ်၍ များစွာဆောင်လာသည်ကို သာမာဝတီမြင်လျှင် "မိခင် ဥတ္တရာ။ ယနေ့ အကျွန်ုပ် အား အချစ်တိုးပွား၍ များစွာသောပန်းတို့ကို ဆောင်လာခဲ့သလော"ဟု မေး၏။ ခုဇ္ဇုတ္တရာလည်း ဟုတ်မှန်ရာကြောင်း အလုံးစုံကိုပြန်ကြား၍ ဘုရားသခင်ကို ဖူးမြင်ရကြောင်း, အမြိုက်တရားကို ရခဲ့ ကြောင်းတို့ကို ပြော၏။

ထိုအခါ သာမာဝတီကလည်း "မိခင်။ သင်ရခဲ့သောတရားကို ငါ့အား မျှပါ"ဟုဆိုလျှင် ထိုထို မင်းမောင်းမတို့ကလည်း လက်ဝါးဖြန့်ကာ၍ "မယ်ရှင်။ ရခဲ့သောတရားကို ငါတို့အားလည်း ပေးပါ, ပေးပါ"ဟု တောင်းကြ၏။ ခုဇ္ဇုတ္တရာကလည်း "ရှင်မတို့ ကျွန်ုပ်ရခဲ့သော တရားသည် လက်ဝါးဖြင့် ခံကောင်းသောဝတ္ထု မဟုတ်။ ဝိသုဒ္ဓိနတ်မြတ်၏စကားကို နားဖြင့် နာ၍ နှလုံးဖြင့်သာ မှတ်ခဲ့ရပါ၏။ နာကြားလိုမူ ကိုယ်တော်မြတ်ဟောသော အခြင်းအရာဖြင့် ကျွန်ုပ် ဟောပါအံ့၊ ပါရမီဉာဏ်ရှိကြမူ အမြိုက်ဓမ္မကို ရပါလတ္တံ့"ဟုဆိုသော်၊ ထိုမိဖုရားတို့လည်း "ဟောပါ, ဟောပါ"ဟု တောင်းပန်ကုန်၏။

ထို ခုဇ္ဇုတ္တရာလည်း သာမာဝတီအမှူးရှိသော မိဖုရားမောင်းမတို့ကို နိမ့်ရာမှ ရှိခိုးကာနေစေလျက် မိမိကား မြင့်ရာမှနေပြီးလျှင် ဘုရားရှင်ဟောတော်မူတိုင်းသော တရားကို အစဉ်အားဖြင့် ဟောပေ၏။ ဒေသနာ၏အဆုံး၌ အလုံးစုံသော မိဖုရားငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ခုဇ္ဇုတ္တရာကို အမိအရာ၌တင်၍ "မိခင်သည် ဘုရားသခင်ဟောတော်မူသော တရားကိုနာယူ၍ ကျွန်ုပ်တို့အား ဟောကြားသင်ပြကာ နေလော့"ဟု ခွင့်ပေး၏။ ခုဇ္ဇုတ္တရာလည်း မိဖုရားငါးရာတို့ တောင်းပန်တိုင်း ပြုပေ၏။

ထို ခုဇ္ဇုတ္တရာကား တရားတော်ကို တစ်ကြိမ်နာလျှင် အစ, အလယ်, အဆုံး သုံးပါးလုံးကို မှတ်သားမိ၍ သူတစ်ပါးတို့အား ဟောကြားနိုင်သတည်း။ ယင်းသို့ ပညာကြီး ကျယ်လျက် 'အဘယ့်ကြောင့် သူ့ကျွန် ဖြစ်သနည်း' ဟူမူကား ရှေး ကဿပဘုရားသာသနာ၌ ဥပါသိကာမဖြစ်၍ သူငယ်ချင်းဖြစ်ဖူးသော ရဟန်းမိန်းတစ်ဦးအား စေခိုင်းမိသော မကောင်းမှုကြောင့် သူ့ကျွန်အဖြစ်ဖြင့် အဖန်ငါးရာ ဖြစ်သတည်း။

'အဘယ့်ကြောင့် ခါးကုန်းသနည်း'ဟူမူကား ရှေး ဗာရာဏသီမင်းကြီး၏သမီးတော် ကျွန်မဖြစ်သောအခါ မင်းအိမ်သို့ကြွလာသော ပစ္စေကဗုဒ္ဓါတစ်ပါး၏ သွားဟန်လာဟန်ကို ပြက်ရယ်ရန် ပြု၍ပြဖူးသော မကောင်းမှုကြောင့် ခါးကုန်းခြင်း ဖြစ်သတည်း။

'အဘယ့်ကြောင့် ပညာကြီးသနည်း' ဟူမူကား ထိုဗာရာဏသီမင်းကြီး၏ သမီး ကျွန်မဖြစ်သောအခါ ပစ္စေကဗုဒ္ဓါရှစ်ဦးတို့အား ဆင်စွယ်လက်ကောက်တို့ကို သပိတ်ခြေအလို့ငှာ လှူဖူးသော ကောင်းမှု, သူတစ်ထူးအား ကမ္မဋ္ဌာန်းသင် ကြားဖူးသော ကောင်းမှုတို့ကြောင့် ပညာ ကြီးကျယ်လေသတည်း။

သာမာဝတီအမှူးရှိသော မောင်းမ ငါးရာတို့သည်လည်း သောတာပတ္တိဖိုလ်သို့ ရောက်သည်မှစ၍ ဘုရားသခင်အား နေ့စဉ်မပြတ် ဆည်းကပ်ပူဇော်လိုကြသော်လည်း၊ ဥတေနမင်းကြီးသည် သဒ္ဓါတရား မရှိသည်၏အဖြစ်ကြောင့် ကြွက်ကျစ်မှန့်ခြမ်း, တစ်ပွင့်ပန်းကိုမျှ လှူဒါန်း ခြင်း၊ ဖူးမြင်ခြင်းငှာ မပြုရကုန်။ ထို့ကြောင့် ဘုရားသခင် အိမ်စဉ်ဆွမ်းခံတော်မူရာ၌ ဖူးမြင်ခြင်းငှာ လေသာပြတင်းပေါက်မှ မလောက်သဖြင့် နံရံကိုဖောက်၍ ဖူးမြော်ကြရကုန်၏။

တစ်ရံသောအခါ မာဂဏ္ဍီသည် လှည့်လည်၍လာသည်တွင် ထိုအပေါက်တို့ကိုမြင်က "မယ်ရှင်တို့။ ဘယ်အလို့ငှာ ဤအပေါက်တို့ကို ဖောက်ကြသနည်း"ဟု မေး၏။ "ဘုရားသခင်ကို ဖူးမြင်ခြင်းငှာ ဖောက်ကြပါသည်"ဟု ပြောဆိုကြလျှင် ထိုမာဂဏ္ဍီလည်း 'ငါ့ရန်သူဖြစ်သော ရှင်ဂေါတမ၏အလုပ်အကျွေးမတို့ကို မကြာမီ သိရစေရမည်'ဟု ကြံ၍ ပြန်လေပြီးသော်၊ မင်းကြီး မိမိအဆောင်သို့ လာသောအခါ "သာမာဝတီတို့သည် အရှင်မင်းမြတ်အား ကြည်ညွတ်၍ချစ်ခင်ခြင်း မရှိကြကုန်။ ခရီးမဖြင့်သွားသော ဘုရားဂေါတမကိုသာ ကြင်နာစုံမက်ကြ၍ ခယဖူးမြော်ကုန်သည်။ ရှင်မင်းဖျားသည် သတိထားတော်မူ။ ကျွန်ုပ်စကားကို မယုံလျှင် ချင်းတို့ တိုက်နံရံတွင် ကြည့်လော့"ဟု ဆို၍ ကုန်းချော၏။

ဥတေနမင်းလည်း အကြိမ်ကြိမ်ပြောသော်လည်း မယုံကြည်။ အဆောင်လည်၍ ရောက်သောအခါ ဖောက်ကြသောအခြင်းအရာကို မေးစစ်၍၊ ဖြစ်တိုင်းလျှောက်တင်ကြသော် ဒေါသမရှိဘဲ ဖောက်မိသောအပေါက်တို့ကိုသာ ပိတ်စေ၍ လေသွန်တံခါးတို့ကို များစွာပြု၍ ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မာဂဏ္ဍီလည်း ထိုစကားဖြင့် မင်း အမျက်မပွားကြောင်းကို သိလျှင် တစ်ဖန် လျှောက်တင်ပြန်၏။ "အရှင်မင်းကြီး။ သာမာဝတီတို့သည် စည်းစိမ်သခင်ဖြစ်သော လင်၏ကျေးဇူးကို မသိ။ ကျေးဇူးမရှိသော ရှင်ဂေါတမ၏ဂုဏ်ကိုသာ များစွာချီးမွမ်းလေ့ပြု၏။ အရှင့်အား ချစ်ခင်သည်ဟု ကျွန်ုပ် မထင်။ ချစ်, မချစ်ကို သိချင်မူ မင်းကြီးအကျိုးငှာ 'ရှစ်ခုသောကြက်တို့ကို သတ်ပြီး ချက်၍ ပို့လာစေ'ဟု စေတော်မူစမ်းလော့"ဟု ဆို၏။ မင်းကြီးလည်း မာဂဏ္ဍီဆိုတိုင်း ကြက်တို့ကို ပို့စေသော်၊ သာမာဝတီတို့ကလည်း "အရှင်ဖြစ်သောကြက်တို့ကို ဘယ်သို့ ချက်ရအံ့နည်း"ဟု ဆို၍ နေလေ၏။ ထိုအကြောင်းကို မင်းချင်းတို့က ပြန်လျှောက်လာလျှင်၊ မာဂဏ္ဍီကလည်း "ရှင်ဂေါတမ၏အကျိုးငှာ ချက်၍ပို့ပါစေ"ဟု လျှောက်ပြန်၏။

မင်းလည်း မာဂဏ္ဍီသင်တိုင်း စေပြန်လျှင် မာဂဏ္ဍီ၏တံစိုးကိုရသော မင်းချင်းတို့သည် အကြားဥ္စသတ်၍ ပို့သည်နှင့်သာ သာမာဝတီတို့လည်း ကောင်းစွာချက်၍ ဘုရားထံသို့ ပို့ပေ၏။ ထိုအကြောင်းကိုကြားလာလျှင် မာဂဏ္ဍီက "အရှင်မင်းကြီး။ သိတော် မမူသေးလော"ဟု လျှောက် ၏။ ထိုသို့လျှောက်ငြားသော်လည်း သာမာဝတီတို့အား အမျက်မထွက် ချင့်တွက် စဉ်းစား၍သာ နေ၏။

ဥတေနမင်းဖျားလည်း မိဖုရားတစ်ဦး,တစ်ဦး၏ ပြာသာဒ်၌ ခုနစ်ရက်, ခုနစ်ရက်စီ စံမြဲဖြစ်ရကား တစ်ရံသောအခါ မာဂဏ္ဍီသည် မိမိ၏ပြာသာဒ်မှ သာမာဝတီ၏ပြာသာဒ်သို့ မင်းကြီးကူးလိုလတ်သော် ဆောင်တော်မူမြဲသော 'ဟတ္ထိကန္တ'မည်သော စောင်း၏အတွင်း ၌ အဆိပ်ပြင်းသောမြွေဟောက်ငယ်ကို ထည့်၍လုံစေပြီးလျှင် "အရှင်မင်းကြီး။ သာမာဝတီကား ဘုရားဂေါတမ၏ အလုပ်အကျွေးတည်း။ ချင်းပြာသာဒ်သို့သွားမူ သတိထားတော်မူပါ"ဟု မှာလိုက်၏။

သာမာဝတီ၏ပြာသာဒ်၌ ခုနစ်ရက်စေ့၍ မိမိထံသို့ပြန်လာသော် စောင်းတော်ကိုကိုင်၍ လှုပ်ရှားသဖြင့် သွင်းထားသောမြွေသည် ထွက်လာ၏။ မာဂဏ္ဍီလည်း အလန့်တကြား အော်ဟစ်လျက် "ကံတော်ရှိသေး၍သာ အသက် ချမ်းသာသည်။ သာမာဝတီတို့သတ္တိကို သိတော်မူပြီလော"ဟု ဆို၏။

ထိုအခါ ဥတေနမင်းလည်း ပြင်းစွာအမျက်ထွက်၍ ချက်ချင်းခေါ်စေပြီးလျှင် ကြီးစွာသောလေးကို တင်လျက် အဆိပ်ယှဉ်သောမြားဖြင့် ပစ်ခြင်းငှာ အားထုတ်၏။ သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့လည်း သတ်အံ့သောအမူအရာကိုမြင်လျှင် မင်းကြီးအား မေတ္တာစိတ်ကိုပွားစေလျက် ဂုဏ်တော်အရံအတားဖြင့် နေ၏။

မင်းကြီးလည်း လေးဖြင့် အကြိမ်ကြိမ်ပစ်လျက် မြားမသက်နိုင်ဘဲ မျက်နှာရင်ဝတို့မှ ချွေးများစွာကျလာသော်၊ သာမာဝတီကလည်း "အရှင်မင်းမြတ်။ တစ်ပါးရပ်သို့ ပစ်လွှတ်တော်မူဦးလော့"ဟု လျှောက်၏။ မင်းလည်း ပြကတေ့သောမြေပြင်သို့ ပစ်လွှတ်သောအခါ မြား လျင်စွာသွားသည်ကို မြင်လျှင် ဆင်ခြင်မိသည်ကား 'အသက်မရှိသော လေးမြားမှ မိဖုရား၏ ကျေးဇူးကို သိသေးလျက် အသက်ရှိသောငါသည် မသိရာရောက်ပေသည်တကား'ဟု ထိတ်လန့် သောနှလုံးရှိလျက် မိမိနေရာမှသက်၍ ရေချိုးပြီးလျှင် သာမာဝတီကို ပခုံးထက်တင်၍



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မိဖုရားသည် ငါ့အား သည်းခံပါလော့။ မာဂဏ္ဍီ၏ကုန်းစကားကြောင့် ငါ ပြစ်မှားမိချေသည်"ဟု မြတ်နိုးတနာပြုလျက် တောင်းပန်၏။ "ယနေ့မှစ၍ သင်တို့အလိုရှိတိုင်း ဘုရားရှင်အား ဖူးမြင်ခြင်း, တရားနာခြင်းတို့ကို ပြုကြကုန်"ဟု ခွင့်ပေး၏။ များစွာသော အစောင့်အရှောက်တို့ကိုလည်း ထား၏။

ထိုအခါ သာမာဝတီက ဤသို့လျှောက်၏။ "အရှင်မင်းကြီးလည်း ဘုရားမြတ်ကို ဆည်းကပ်တော်မူပါ။ ကျွန်ုပ်တို့အား တရားပြသ ဆုံးမအံ့သော ရဟန်းတစ်ပါးကိုလည်း ခွင့်တောင်း၍ပေးတော်မူပါ"ဟု လျှောက်၏။ ဥတေနမင်းကြီးလည်း ဆိုသောစကားအတိုင်း ဘုရားရှင်ထံကပ်၍ တရားတော်မြတ်ကို နာပြီးလျှင် "နန်းတော်သို့ဝင်၍ သင်ပြနိုင်သော ရဟန်းတစ်ပါးကို ပေးတော်မူပါ"ဟု တောင်းပန်သဖြင့် အရှင်အာနန္ဒာကို ရလေရကား မိဖုရားတို့အား သင်ကြားပြသရ၏။ မိဖုရားငါးရာတို့လည်း တစ်လတစ်ခါ အရှင်အာနန္ဒာကို ငါးရာသော သင်္ကန်းတို့ဖြင့် ပူဇော်၏။

[ထိုအရှင်အာနန္ဒာကား ရှေးသောအခါ ပစ္စေကဗုဒ္ဓါတစ်ဦးအား ငါးရာသော ပုဆိုးပိုင်းနှင့်တကွ အပ်ကိုလည်း လှူဒါန်းခဲ့ဖူးသော ပုညကြောင့် ဤဘဝ၌ ငါးရာသောသင်္ကန်းတို့ကို အကြိမ်ငါးရာတိုင်တိုင် အလှူခံရသည်။ ပညာလည်း ကြီးကျယ်လှသတည်း။]

မာဂဏ္ဍီလည်း တစ်ဖန်ကြံပြန်၍ မိမိ၏အထံသို့ မင်းကြီးရောက်လာသောအခါ ဥယျာဉ်ကစားခြင်းငှာ လျှောက်၏။ မင်းလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ အခြွေအရံ မှူးမတ်တို့ကို စီမံခင်းကျင်းစေ၏။ ထိုအခါ မာဂဏ္ဍီက မိမိ၏ဘထွေးကိုခေါ်ပြီးလျှင် "မင်းကြီးနှင့် ကျွန်ုပ် ဥယျာဉ်သို့ထွက်သောအခါ မင်းကြီး၏အာဏာဆို၍ သာမာဝတီတို့၏ပြာသာဒ်ကို ကောက်ရိုးပတ်၍ မီးတိုက်ဘိ"ဟု မှာ၏။ မင်း, မိဖုရားတို့ ဥယျာဉ်သို့သွားကြသော် ပုဏ္ဏားလည်း များမကြာမီ မာဂဏ္ဍီမှာခဲ့တိုင်း မီးတိုက်သဖြင့် ထိုညဉ့်ပင် မိဖုရားငါးရာတို့ ကြမ္မာကုန်လေ၏။

ထိုအကြောင်းကို ဥတေနမင်းကြားလျှင် ပရိယာယ်စကားဖြင့် "ငါ့အား သာမာဝတီတို့ ပြစ်မှားသည် များလှပြီ။ မိဘတို့အား ထောက်ထား၍သာ ငါ အပြစ်မပြုနေသည်။ ယခု ငါ့အလိုပြည့်အောင် ဘယ်သူ ကြံဆောင်ပေလိမ့်နည်း။ ကြံပေသူအား ဆုများစွာ ငါ ပေးလို၏"ဟု ဆိုသော်၊ ထိုမာဂဏ္ဍီလည်း အဟုတ်နှစ်သက်သည်ထင်၍ "ကျွန်ုပ်ပင် ကြံပါသည်"ဟု လျှောက်၏။ မင်းကြီးလည်း ဝမ်းမြောက်သောအခြင်းအရာဖြင့် "သင့်ဆွေမျိုးဟူသမျှကို ဆုလာဘ်ကြီးစွာ ငါချမည်။ စည်းဝေးကြစေ"ဟု ဆို၏။

ထိုစကားကို အားရဝမ်းသာလျက် မာဂဏ္ဍီလည်း ဆွေမျိုးတော်သမျှ လူအပေါင်းတို့ကို စုဆောင်းခေါ်စေပြီးလျှင် မင်းကြီးအား ပြပေ၏။ မင်းကြီးလည်း ထိုသူတို့ကို အစေ့အငတွင်းတူးကြစေ၍ လည်ပင်းရှိမျှမြုပ်ပြီးလျှင် မီးတိုက်၍ သံထွန်သွားဖြင့် ထွန်စေ၏။ မာဂဏ္ဍီကိုကား အသားကိုမွန်းပြီးလျှင် ဆီအိုးကင်းဖြင့် ကြော်စေ၏။ ဤသို့ အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားမိသော် အကျိုးဆက်ကို မျက်မှောက်တွင် ခံရမြဲ ဓမ္မတာတည်း။



www.burmeseclassic.com

www.burmeseclassic.com



သာမာဝတီအမှူးရှိသော မိဖုရားငါးရာတို့သည် အဘယ့်ကြောင့် မီးတိုက်ခံရလေသနည်းဟူမူကား – ဘုရားမပွင့်မီ ဗာရာဏသီပြည်၌ မင်းကြီး၏သမီးတော် အခြွေအရံဖြစ်ကြ၍၊ တစ်ရံသောအခါ ဂင်္ဂါမြစ်၌ ရေကစားရာမှ ချမ်း၍တက်ကြလတ်သော် နိရောဓသမာပတ်ဝင်စား၍နေသော ရှင်ပစ္စေကဗုဒ္ဓါ၏ကျောင်းရှိသော တောအုပ်ကို မီးတိုက်ကြ၏။ ကျောင်းနှင့်တကွ မီးလောင်လေ၍ ရွှေတုံးကဲ့သို့နေသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လျှင် "ငါတို့အရှင်မင်းကြီး၏ ဆရာပေတကား။ မင်းကြီးကြားသိလျှင် ငါတို့အား ရာဇဝတ်ပေးလတ္တံ့."ဟု ထိတ်လန့်ကြသဖြင့် ပစ္စေကဗုဒ္ဓါအား သေစိမ့်သောငှာ ထပ်မံကာ မီးတိုက်ပြန်၏။ ထိုအရှင်မြတ်ကား သမာပတ်၏အာနုဘော်ကြောင့် ကိုယ်တော်၌ အန္တရာယ်မရှိချေ။ ဤသို့ပြုခဲ့ဖူးသော မကောင်းမှုကံကြောင့် ငရဲခံပြီးမှ ကြွင်းကျန်သောအကျိုးဆက်အားဖြင့် တစ်ပြိုင်နက် မီးတိုက်ခံရလေသတည်း။

ထို့နောက် ဇေတဝန်ကျောင်းတော်သို့ရောက်၍ တပည့်တို့အား အရာထားတော်မူသောအခါ သာမာဝတီကို 'မေတ္တာဝိဟာရီ' ဧတဒဂ်အရာ၌, ခုဇ္ဇုတ္တရာကို 'ဗဟုသုတ' ဧတဒဂ်အရာ၌ထား၍ ချီးမြှောက်စားတော်မူသည်။ ဤဥတ္တရာကား သာဝိကာမ တစ်ဦးပင်တည်း။

## ။၇၀။ မြတ်စွာဘုရား ပါလိလေယျကတောသို့ ကြွတော်မူခြင်း

ဘုရားသခင်လည်း သူဌေးကြီးသုံးယောက်တို့ ဆောက်လှူအပ်သော ကျောင်းကြီးသုံးရပ်၌ နဝမဝါ ကပ်တော်မူ၍၊ ဝါပြည့်သောအခါလည်း ထိုကျောင်းတို့မှာပင် လှည့်လည်ကာစံပယ်တော်မူ၏။

ထိုအခါ ဃောသိတာရုံ ကျောင်းအာရာမ်တွင်း၌ သင်းပင်းငါးရာစီရသော 'ဝိနယဓရထေရ်' တစ်ဦး, 'ဓမ္မကထိကထေရ်'တစ်ဦးအားဖြင့် နှစ်ပါးသောမထေရ်တို့သည် ရှိကုန်၏။ ဝိနယဓရထေရ်ကား သုတ်, အဘိဓမ္မာတို့ကို သင့်ရုံသာလေ့လာ၍ ဝိနည်းဒေသနာကို အဋ္ဌကထာနှင့်တကွ ဆောင်၏။ ဓမ္မကထိကထေရ်ကား ဝိနည်းကို သင့်ရုံသာလေ့လာ၍ သုတ်, အဘိဓမ္မာကို အဋ္ဌကထာနှင့်တကွ ဆောင်၏။

တစ်ရံသောကာလ ဓမ္မကထိကထေရ်သည် ဝစ္စကုဋီသို့ တက်လတ်သော် သန့်သက်ခွက်၌ ရေကြွင်းထား၍ ဆင်းခဲ့၏။ ထို့နောက် ဝိနယဓရထေရ်တက်၍ သန့်သက်ရေကြွင်းကို မြင်သဖြင့် အပြင်သို့ထွက်လာသော ဓမ္မကထိကထေရ်ကို ခေါ်၍၊ "ငါ့ရှင်။ သင် အဘယ့်ကြောင့် သန့်သက်ခွက်၌ ရေကြွင်း ထားခဲ့သနည်း။အာပတ်သင့်သည်ကို မသိသလော"ဟု မေး၏။ ဓမ္မကထိကလည်း "ကျွန်ုပ် သိပါ၏။သတိလျော့၍သာ ရှိရစ်ပါသည်"ဟုဆိုသော်၊ "ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှင် သင် အနာပတ္တိပေတည်း"ဟုဆို၏။ ဓမ္မကထိ ကလည်း "ငါ့အား အာပတ်မသင့်"ဟု အယူရှိ၏။

ထို့နောက် ဝိနယဓရထေရ်သည် မိမိတပည့်များနှင့် စကားစပ်မိရာတွင် "ဆရာဓမ္မကထိက ကား ဒါယကာတို့အား တရားဟောဖို့ကိုသာ လေ့လာသည်။ သိက္ခာပုဒ်၌ အာပတ်သင့်သည်, မသင့်သည်ကိုမျှ မသိ"ဟု ပြော၏။ ထိုပုဂ္ဂိုလ်၏တပည့်တို့က ဓမ္မကထိက၏တပည့်တို့ကို မြင်လျှင် "သင်တို့ဆရာသည် ကျင့်ဝတ်သိက္ခာပုဒ်၌ အာပတ်ကိုမျှမသိ"စသည်ဖြင့် နှိပ်၍ ဆိုကြ၏။

ဓမ္မကထိက၏တပည့်တို့လည်း မိမိတို့၏ဆရာကို ပြောဆိုလျှင် "ဝိနည်းမိုရ်ကား ရှေးအခါ အာပတ်မသင့်ဟုဆိုပြီးလျှက် ယခုအခါ အာပတ်ရှိသည်ဟု ဆိုပြန်သည်။ မလိုတိုင်း အပြစ်ရှာသော မုသာဝါဒီ အလဇ္ဇီ သူယုတ်တည်း။ ထိုပုဂ္ဂိုလ်တို့နှင့် မပေါင်းလင့်"ဟု ဆင့်ဆို၏။ ထိုစကားကို တပည့်များကြားပြန်လျှင် ခိုက်ရန်ငြင်းခုံခြင်း ပွားစီးကြ၏။

ထိုအခါ ဝိနယဓရကလည်း သဟာဓမ္မိကဖြစ်သော သံဃာတို့ကိုရုံးစု၍ ဓမ္မကထိကအား အာပတ္တိအဒဿနနှင့် ဥက္ခိတ္တက ကံကိုထား၏။ ဓမ္မကထိကလည်း "အဓမ္မဝါဒီ အလဇ္ဇီတို့ ထားသော အဓမ္မကံကို ဆံခြမ်းမျှ မဖြို"ဟု တစ်ပုံတစ်စုသော သံဃာဖြင့် ခြားနား၍နေ၏။

ထိုအခါ ထိုသံဃာတို့၏ ပစ္စယဒါယကာတို့လည်း သူ့ဆရာ, ငါ့ဆရာ မှတ်သား၍ ကွဲပြားကြ၏။ ဩဝါဒခံသော ဘိက္ခုနီမတို့လည်း နှစ်စု ကွဲ၏။ လူတို့ကိုစောင့်သော ကိုယ်စောင့်နတ်တို့သည် လည်းကောင်း၊ ထိုနတ်တို့၏မိတ်ဆွေဖြစ်သော ဘုမ္မစိုး, ရုက္ခစိုးနတ်တို့သည် လည်းကောင်း၊ ထို၏မိတ်ဆွေဖြစ်သော အာကာသစိုးနတ်, စတုမဟာရာဇ်နတ်တို့သည် လည်းကောင်း လူမှစ၍ ဗြဟ္မာပြည်တိုင်အောင် ပုထုဇဉ်ဖြစ်သော လူ, နတ်, ဗြဟ္မာ ဟူသမျှတို့သည် နှစ်ကွဲ နှစ်ဝါဒ ရှိကြကုန်လျက် အုတ်အုတ်ကျက်ကျက်သော ငြင်းခုံခြင်းတို့သည် ဖြစ်ကုန်၏။

ထိုမထေရ်နှစ်ပါးတို့၏ တပည့်သံဃာတော်တို့လည်း ဆွမ်းခံရာ, ဆွမ်းစားရာ, သုသာန်ရှုရာ ရွာတွင်းရွာပ ဟူသမျှ၌ တွေ့ကြုံကြလတ်သော် မလျောက်ပတ်သောစကားတို့ဖြင့် တစ်ဦးအားတစ်ဦး အပြစ်မှုလျက် ငြူစူခြင်း, မောင်းမဲခြင်း စသောခိုက်ရန်ကို ပြု၏။

ထိုအခါ မြတ်စွာဘုရားလည်း တပည့်သံဃာတို့ ကွဲပြားကြောင်းကိုကြား၍ သံဃာတို့အား စည်းဝေးစေပြီးသော် "ချစ်သားတို့။ သင်တို့သည် တစ်ဦးသည် တစ်ဦးအား ငြိုးထားရန်ရှာခြင်းကို မပြုကုန်လင့်။ သင့်တင့်ညီညွတ်စွာ ကမ္မာကမ္မ ဟူသမျှ၌ တစ်ဝတည်း ဖြစ်ကြစေလော့။ သေခြင်း၏ကင်းရာ အမြိုက်နိဗ္ဗာန်ကိုရှာလျှင် ငါ၏သာသနာဝယ် မေတ္တာနှင့်သာ နေကုန်လော့"ဟု ဆုံးမတော်မူ၏။

ထိုအခါ အဓမ္မဝါဒီတစ်ဦးက "အရှင်ဘုရား။ ငံ့လင့်တော် မူဦးလော့။ ကိုယ်တော်မြတ်သည် အရဟတ္တဖိုလ်ချမ်းသာကိုသာ ခံစားကာ နေတော်မူပါ။ ခိုက်ရန်ဖြစ်ဖို့အရာမှာ ကျွန်ုပ်တို့တာဝန် ရှိပါစေ"ဟု လျှောက်၏။ ဘုရားသခင်လည်း သုံးကြိမ်တိုင်တိုင်ပင် အကျိုး,အပြစ်ပြ၍ ဆုံးမတော်မူသော်လည်း မလိုက်နာ၊ ငြင်းဆန်၍သာနေကုန်သော သံဃာတို့ကိုခေါ်၍



www.burmeseclassic.com

www.burmeseclassic.com



မိန့်တော်မူသည်မှာကား "ချစ်သားရဟန်းတို့။ ခိုက်ရန်ပြုခြင်းမည်သည်ကား ကောင်းကျိုးစီးပွားမရှိ။ မိမိ၏ လည်းကောင်း, သူတစ်ပါး၏ လည်းကောင်း ဘုန်းကျက်သရေ ခြွေရွေချမ်းသာ ဆုတ်ယုတ်ကြောင်းသာလျှင် ဖြစ်၏။ ရှေးသောအခါ ငယ်စွာသောနံ့စုတ်ငှက်ကို ဖက်၍ ရန်ဆောင်သဖြင့် ဆင်ပြောင်စင် လျက် အသက် ဆုံးရှုံးလေပြီ။ ငြင်းခုံခိုက်ရန်ကို မရှောင်၍ တစ်ထောင်မျှသောငုံးတို့သည် ပျက်ပြုန်းသေကျေကြဖူးပြီ" ဤသို့ စသည်ဖြင့်'လဋုကိကဇာတ်', 'ဝဋ္ဋကဇာတ်'တို့ကို ဟောတော် မူ၏။

ယင်းသို့ဟောပြ၍ ဆုံးမငြားသော်လည်း "ဘုရားကိုယ်တော်မြတ်သည် ကြောင့်ကြမဲ့သာ နေတော်မူပါ။ ခိုက်ရန်မှာ ကျွန်ုပ်တို့ တာဝန်ပါတည်း"ဟု သံဃာတို့ လျှောက်ကြပြန်လျှင် ဘုရားသခင်လည်း-

"သင်ချစ်သားတို့။ နားထောင်ဦးလော့။ ရှေးသောအခါ ဗာရာဏသီပြည်ကို အစိုးရသော ဗြဟ္မဒတ်မင်းသည် ကောသလတိုင်းကို အစိုးရသော ဒီဃီတိမင်းအား စစ်ထိုးလေသော် ကောသလမင်းသည် ဆင်, မြင်း, ဗိုလ်ပါ အားနည်းရကား ဆီးကာတိုက်လှန်၍ မခံမရပ်နိုင်သဖြင့် နိုင်ငံထီးနန်းကို စွန့်ပြီးလျှင် မင်းကြီးနှင့် မိဖုရားသည် မထင်မရှားသောအသွင်ဖြင့် ပြေးခဲ့၍ ပရိဗိုဇ်တို့၏အဝတ်ကို ဝတ်ပြီးလျှင် ဗာရာဏသီပြည်စွန်းဖြစ်သော အိုးထိန်းသည်တို့ထံ၌ နေလေ၏။

"ထို ဗာရာဏသီမင်းလည်း ကောသလတိုင်း၌ သိမ်းယူထိုက်သမျှသော ဆင်, မြင်း, ဥစ္စာကိုသိမ်းယူပြီးလျှင် စီးနင်းအုပ်ချုပ်အံ့သောသူကို ထား၍ မိမိပြည်သို့ ပြန်လာ၏။ တစ်ရံသောကာလ ဒီဃီတိကောသလမင်း၏ မိဖုရား ဝမ်းဝယ် သားငယ်ရှိလေလျှင် အင်္ဂါလေးပါးရှိသော 'စစ်သည်အပေါင်းကို ရှုလိုခြင်း, သန်လျက်ဆေးရေကို သောက်လိုခြင်း'တည်း ဟူသော ချင်ခြင်းနှစ်ပါးသည် ဖြစ်၏။

"ထိုအကြောင်းကို လင်ဖြစ်သော ကောသလမင်းကြီးအား ကြားပေသော်၊ မင်းကလည်း 'ရှင်မိဖုရား။ ဆင်းရဲနွမ်းပါးသောအခါဝယ် ဘယ်မှာ ရချေနိုင်အံ့နည်း'ဟုဆို၏။ ထိုမိဖုရားကလည်း "ဤချင်ခြင်းကိုမျှ မရမူ ကျွန်ုပ် သေရအံ့သည်"ဟုလျှောက်သော်၊ မင်းကလည်း "ငါ ကြံဦးအံ့"ဟုဆို၍၊ ရှေးက အဆွေဖြစ်ဖူးကြသော ဗာရာဏသီမင်း၏ပုရောဟိတ်ကို ဆိတ်ဆိတ် ခေါ်ပြီးလျှင် ထိုချင်ခြင်းရှိသောအကြောင်းကို ကြား၏။ ပုဏ္ဏားလည်း "မိဖုရားကို မြင်လိုပါသည်"ဆို၍၊ ထိုမိဖုရားကို ပြလျှင် ညွတ်ခဦးတိုက်လျက် "ဤဝမ်း၌ကိန်းသော သူငယ်ကား ဘုန်းပညာကြီးမား၍ ဘိုးဘွားမိဘတို့ ရိုက်ရာဖြစ်သော ကောသလနိုင်ငံကို ကေန် မင်းပြုအံ့သောသူပေတည်း။ ရှင်မိဖုရား၏ဆန္ဒကို ကျွန်ုပ် ပြည့်ဝစေအံ့"ဟု ဝန်ခံ၍ ပြန်ခဲ့ပြီးသော်၊ ဗာရာဏသီမင်း၏အထံသို့ ကပ်၍ "အရှင်မင်းမြတ်၏ စစ်သည်တို့ကို မမေ့လျော့လင့်။ ရန်သူက ကြောက်ငြင်စိမ့်သောငှာ ဗိုလ်ပါတို့ကို စစ်ရေးကျင့်စေရမည်။ လက်နက်တို့ကို ထက်စွာသွေး၍ ဂင်္ဂါ မြစ်၌ ဆေးစေရမည်"ဟု လျှောက်၏။ မင်းကြီးကလည်း "ဆရာပင် စီရင်လော့"ဟု ခွင့်ပေး၏။

"ထိုအခါ ပုရောဟိတ်လည်း စစ်သည်တို့ကို တန်ဆာဆင်၍ မြို့ပြင်မြို့တွင်း၌ ခင်းကျင်းလှည့်လည်စေလျက် သန်လျက်တို့ကို ဆေးစေ၏။ ကောသလမင်း၏မိဖုရားလည်း ထိုစစ်သည်တို့ကိုရှုလျက် သန်လျက်ဆေးရေကိုသောက်မှ ချင်ခြင်း ငြိမ်းသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်လစေ့၍ ဖွားလာသောအခါ ဘုန်းပညာနှင့် ရှည်စွာ ပြည့်စုံလတ္တံ့ဖြစ်၍ 'ဒီဃာဝု' ဟူသောအမည်ကို မှည့်၍၊ ထိုမင်းသား အရွယ်သို့ရောက်သောကာလ ဖခင်မင်းကြီးသည် ဤသို့ကြံ၏။ 'ဤ ဗာရာဏသီမင်းသည် အပြစ်မရှိဘဲ ငါတို့စည်းစိမ်ချမ်းသာကို လုယူဖျက်ဆီးဘိသည်။ ဤပြည်၌ ငါတို့နေကြောင်းကိုသိက မချွတ်သတ်လတ္တံ့။ ထို့ကြောင့် သားနှင့် ငါ အတူနေခြင်းငှာ မသင့်'ဟု ကြံ၍ မြို့ပြင်ဖြစ်သော ဆရာ့ထံ၌ နေစေ၏။

"တစ်နေ့သ၌ ကောသလမင်း၏ ဆတ္တာသည်လည်း ဗြဟ္မဒတ်မင်းအား ခစားသောအခါ 'ဤဗာရာဏသီပြည်တွင် ပရိဗိုဇ်အသွင်ဖြင့် ကောသလမင်း နေလာကြောင်း'ကိုပြောလျှင်၊ "ရုတ်ခြည်းခေါ်ငင်၍ သုတ်သင်လေ"ဟု သူသတ်တို့ကို စေ၏။ သူသတ်တို့လည်း မင်း, မိဖုရားနှစ်ဦးကို ကြိုးတို့ဖြင့် နှောင်ဖွဲ့ပြီးလျှင် ခရီးတစ်ကြောင်းမှသည် တစ်ကြောင်းသို့ကူး၍ အဆူးရှိသောကြိမ်တို့ဖြင့် ဒဏ်ခတ်လျက် သုသာန်အရပ်သို့ ဆောင်လေ၏။

"ထိုအခါ ဒီဃာဝု သတို့သားသည် မိဘတို့အားဖူးမြင်ခြင်းငှာ မြို့သို့လာသည်နှင့် ရာဇဝတ်ခံရသော မိဘတို့အဖြစ်ကို မြင်လျှင် ပူပင်ခြင်း အလွန်ရှိသော်လည်း သူသိမည်စိုးရိမ်ကာ ဣန္ဒြေမဖောက်မပြားဘဲ အပါးကသာ လိုက်၏။ ယင်းသို့လိုက်လာသော ဒီဃာဝုသတို့သားကို မြင်လျှင် ဖခင်ကောသလမင်းစောသည်လည်း ဩဝါဒပေးခြင်းငှာ–

'ပဿ ခေါ တွံ တာတ ဒီဃာဝု၊ ဒီဃံ ပဿ မာ ရဿံ။

န ဟိ တာတ ဒီဃာဝု၊ ဝေရေန ဝေရာ သမ္မန္တိ၊

အဝေရေန ဟိ တာတ ဒီဃာဝု ဝေရာ သမ္မန္တိ–'ဟူသောပါဠ်ကို ဆို၏။

အဓိပ္ပာယ်ကား – 'ချစ်သား ဒီဃာဝု အရှည်ကိုသာ ရှုလော့။ အတိုကို မရှုလင့်။ ဤလူ့ဘောင်၌ ရန်ထောင်တတ်သော ရန်သူကို ရန်တုံ့မူသဖြင့် ငြိမ်းခြင်းသဘော မရှိချေ။ မေတ္တာဝေမှသာလျှင် ရန်ငြိမ်းရသော သဘောတည်း' ဟူလိုသည်။

"ထိုစကားကို အာဏာသားတို့ကြားလျှင် "ကောသလမင်းသည် သေခြင်းနီးသောကြောင့် ရူးသလော"ဟု ဆိုကြ၏။ ထိုမင်းကလည်း "ငါ မရူးပါ။ ပညာရှိတို့ သိစိမ့်သောငှာ ဆိုပါသည်"ဟု ပြန်ပြောလေ၏။ ဤသို့ အကြိမ်ကြိမ်ဆိုမှာစဉ် သတ်ရာသုသာန်သို့ ရောက်၍ မင်း,မိဖုရားနှစ်ယောက်ကိုပင် လေးပိုင်းဖြတ်ပြီးလျှင် အစောင့်အကြပ်ထားပြီးမှ လူများတို့ ပြန်လာ၏။ ဒီဃာဝုသတို့သားသည်လည်း အစောင့်ထားသောသူတို့ကို သေရည်တိုက်၍ မေ့လျော့စေပြီးမှ မိဘအလောင်းကို သင်္ဂြိုဟ်၏။

"ကိစ္စပြီးစီးသော် ဗြဟ္မဒတ်မင်းကြီးအား ရန်တုံ့ပြုခြင်းငှာ မြို့တွင်းသို့လာ၍ ဆင်ထိန်းထံမှာ နေ၏။ ညဉ့်အခါ သာယာသောအသံဖြင့် သီချင်းသီ၍ စောင်းကိုတီး၏။ မင်းကြီးလည်း စောင်းသံကိုကြားသဖြင့် ဆင်ထိန်းအား မေးစစ်ပြီးသော် ဒီဃာဝုကိုခေါ်၍ အပါးတော်တွင် ခစားစေ၏။ သတို့သားလည်း မင်းခွင့်စိုးရာ၌ လိမ္မာကျေပွန်လှသဖြင့် မမြင့်မီပင် မင်းကျွမ်းဝင်သော သူယုံသူကောင်း ဖြစ်၏။

"တစ်ရံသောအခါ ဗာရာဏသီမင်းသည် တောကစားခြင်းငှာ ဒီဃာဝုကိုတိုင်ပင်၍ ရထား, မြင်း, ဆင် စီရင်စေ၏။ သတို့သားလည်း ရထားကိုပြင်ဆင်ပြီးလျှင် မင်းကြီးအား



www.burmeseclassic.com

www.burmeseclassic.com


ဟင်၍ အကြင်ခရီးဖြင့်နှင်လေ၍ ဝေးမြေတောအုပ်သို့ ရောက်၏။ မင်းကြီးလည်း အလွန်မောပန်းရကား "ချစ်သား ဒီဃာဝု။ ရထားကို ရပ်ဦးလော့။ အပန်းပြေရုံမျှ ငါ အိပ်ပါရစေ"ဆို၍ ထို ဒီဃာဝု၏ရင်ခွင်ထက်၌ အိပ်စက်လေ၏။

"ထိုအခါ ဒီဃာဝုသတို့သားလည်း ဤသို့ ကြံ၏။ 'ဤမင်းကား ငါတို့၏ တိုင်းနိုင်ငံနှင့်တကွ စည်းစိမ်ချမ်းသာကို လုယက်ဖျက်ဆီးရုံမက ငါ့အမိ,ငါ့အဖတို့ကိုသတ်၍ မရေတွက်အပ်သောအပြစ်ကို ပြု၏။ ယခု ငါ့အလှည့် ကြုံပြီ။ ဤမင်းကိုသတ်၍ တိုင်းရပ်ထီးနန်းကို ယူတော့အံ့'ဟု ကြံ၍၊ သန်လျက်ကို အအိမ်မှနုတ်၍ ခုတ်အံ့ဟုရွယ်စဉ် ဆင်ခြင်ပြန်သည်ကား 'ငါ့ဖမင်းဖျားသည် 'ချစ်သားဒီဃာဝု အရှည်ကိုရှုလော့။ အတိုကို မရှုလင့်။ သူပြုသောရန်ကို တုံ့ပြန်၍ပြုသဖြင့် ရန်ကို မငြိမ်းနိုင်ရာ'ဟု မှာခဲ့သောစကား ရှိချေသည်။ အကယ်၍ ဤမင်းကို ငါသတ်မူ မွေးဖမြတ်အာဏာကို ကျော်နင်းရာ ရောက်ချိမ့်မည်'ဟု ကြံ၍ သန်လျက်ကို အအိမ်သို့သွင်းပြန်၏။

"ဤသို့သောနည်းဖြင့် သုံးကြိမ်တိုင်တိုင် စွဲကိုင်သောသန်လျက်ကို အအိမ်မှ ထုတ်တုံ့၊ စွပ်တုံ့ပြုစဉ် ဗြဟ္မဒတ်မင်းသည် ချက်ချင်း အိပ်ရာမှ လန့်၍ထ၏။ ဒီဃာဝုက "အရှင်မင်းကြီး။ အဘယ့်ကြောင့် ထသနည်း"ဟုမေးသော်၊ "ငါ၏ရန်သူဖြစ်သော ကောသလမင်းကြီး၏သားသည် ငါ့အားသတ်ခြင်းငှာ သန်လျက်ချီကာ လာသည်ဟု ငါ အိပ်မက်မြင်သောကြောင့် ထသတည်း"ဟု ဆို၏။

"ထိုအခါ ဒီဃာဝုက ထတည့်ပြီးလျှင် မင်းကြီး၏ဦးခေါင်းကို လက်တစ်ဖက်ဖြင့်နှိမ်လျက် လက်တစ်ဖက်ဖြင့် သန်လျက်ကိုချီ၍ "ဒီဃီတိကောသလမင်း၏သားဖြစ်သော 'ဒီဃာဝု' ဟူသည် ငါ မဟုတ်လော။ သင်မင်းကြီးသည် ငါတို့၏ ထီးနန်းတိုင်းပြည်ကို လုယက်ရုံသာမက ငါ့မိ ငါ့ဖအသက်ကို နှိပ်စက် သတ်ညှစ်ဘိသည်။ ထိုအပြစ်ကို စင်စစ်ခံရမည်"ဟု ခြိမ်း၏။ မင်းလည်း အလွန်ကြောက်လန့်ရကား "ချစ်သား ဒီဃာဝု။ ငါပြုမိသော အပြစ်ကို သည်းခံလျက် ငါ့အသက်ကို ပေးပါ"ဟု တောင်း၏။

ဒီဃာဝုလည်း "သင်မင်းကြီးအား မသတ်ဘဲထားက ငါ့အား သင် သတ်ချေတော့မည်။ သတ္တဝါတို့မည်သည်မှာ သူ့အသက်ထက် ကိုယ့်အသက်ကို စုံမက်ရမြဲ ဖြစ်တော့သည်။ ထို့ကြောင့် သင်မင်းကြီးအား မထားသာပြီ"ဟု ဆိုသော်၊ ထိုမင်းကြီးကလည်း "ချစ်သား ဒီဃာဝု။ ငါပြုသောကံ ငါသို့ပြန်၍ မျက်မှာန် သင်၌ မဝင်ထိုက်ပေ။ အသေမသတ် ငါ့ကိုလွတ်မူ ပြည်ရပ်တိုင်းခန်း နန်းပါထီးပါ ငါပေးပါအံ့။ တစ်သက်လျာတွင် သက်သခင်ဟု ထင်ပါအံ့"ဆို၍ သစ္စာပြု၏။

"ဒီဃာဝုကလည်း သန်လျက်ကိုချ၍ မိမိကြံသမျှ အလုံးစုံကို ပြန်ပြောလျက် အသက်လွတ်ခွင့်ကို ပေး၏။ ဤသို့ သစ္စာထားပြီးမှ ပြန်ခဲ့ကြ၍ မိမိနန်းတော်သို့ရောက်သော် သမီးတော်နှင့်ထိမ်းမြား၍ ဘိုးဘရိုက်ရာဖြစ်သော ကောသလတိုင်းကို မင်းမူစေ၏။

"ချစ်သား ရဟန်းတို့။ ဤသို့လျှင်လုယက်သောသူကိုစင်လျက် ရန်ဖက်မပြန် သည်းခံကုန်သေး၏။ သင်တို့မူကား အမြိုက်တရားကို ရှာခြင်းငှာ ငါ၏သာသနာသို့ဝင်ကြလျက်


www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သောကိစ္စဖြင့် 'ကလဟ ဝိဝါဒ'ပွား၍ အဘယ့်ကြောင့် သံဃာကွဲပြားစေဘိသနည်း။ အမျက်ကင်းသော ငါဘုရား၏သာသနာ၌ မေတ္တာဝိဟာရဖြင့်သာ ညီညွတ်စွာဖြစ်စေကုန်လော့"ဟု မိန့်တော်မူ၏။

ယင်းသို့ ဆုံးမသော်လည်း "ကိုယ်တော်မြတ်မှာ ငြိမ်သက်စွာ စံတော်မူပါ။ အဓိကရုဏ်းမှာ တပည့်တော်တို့ တာဝန်တည်း"ဟု သံဃာတို့က နားတော်လျှောက်ပြန်လျှင်၊ ဘုရားသခင်လည်း 'ဤသံဃာတို့ကား ငါ့စကားကိုမျှ မလိုက်နာချေပြီ။ ဤသူတို့နှင့်ယှဉ်တွဲလျက် ဆင်းရဲစွာနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါတစ်ပါးတည်းသာ နေအံ့' ဟုကြံ၍၊ ခြွေရံသံဃာတို့အား မပန်ကြားဘဲ ဆွမ်းခံသွားရာမှသာ ထွက်ခွာတော်မူခဲ့၍ ကောသမ္ဗီပြည်မှ ခုနစ်ယူဇနာခန့်ကွာသော 'ပါလိလေယျက'ရွာသို့ ရောက်တော်မူ၏။

ထိုရွာကို မှီ၍နေသော 'ဘဂု'ထေရ်အား 'ဧကစာရိယ' ဝတ်တရားကို ဟောကြားပြီးသော်၊ 'ပါစီနဝံသ'မည်သော မိဂဒါဝုန်တောခွင်ဝယ် ချစ်ခင်ညီညွတ်စွာနေသော ရဟန်းသုံးဦးတို့အား သမဂ္ဂသံဝါသ၏ အကျိုးတရားကို ဟောကြားပြီးမှ ပါလိလေယျက တောအုပ်သို့ဝင်၍ အင်ကြင်းပင်ကြီးရင်း၌ သီတင်းသုံးနေတော်မူ၏။

ဤတောအုပ်၌နေသော 'ပါလိလေယျက' မည်သော ဆင်ပြောင်တစ်စီးသည် 'ငယ်ငယ်ကြီးကြီးသော ဆင်မ, ဆင်ရွှေတို့ဖြင့် ရောပြွမ်း၍နေရခြင်းကား ဆင်းရဲလှ၏။အဖျားပြတ်ပြီးသော မြက်, ကျိုးပြီးသော သစ်ခက်တို့ကိုသာ စားရ၏။ ဆင်ငယ်တို့မွှေနှောက်၍ နောက်ကျုသောရေကိုသာ သောက်ရ၏။ ထို့ကြောင့် ငါတစ်စီးတည်းသာ နေအံ့'ဟု ရံရွေမှ ခွဲ၍လာသဖြင့် တင့်တယ်စွာနေတော်မူသော ဘုရားသခင်ကိုမြင်လျှင် 'ဤအရှင်ကား တစ်ပါးတည်းနေထိုင်သောသူ မဟုတ်ဘဲလျက် တစ်ပါးတည်းနေခြင်းသည် ငါကဲ့သို့ အပေါင်းအဖော်နှင့် မမွေ့လျော်ဘဲ ခွဲ၍လာသည် ဖြစ်လတ္တံ့'ဟု ကြံ၍၊ ဘုရားရှင်ထံကပ်ပြီးလျှင် ခြေတော်ကို ဦးဖြင့်တိုက်၏။

ဘုရားသခင်လည်း "အချင်း ပါလိလေယျက။သင်ကား ငါနှင့်အလားတူစွာ အပေါင်းအဖော်နှင့် နေခြင်းမည်သည်ကား များစွာသောဆင်းရဲခြင်း ရှိ၏။ မိမိ၏ချမ်းသာကို ရှာလိုသော သတ္တဝါသည် လိမ္မာနူးညံ့သော ခင်ပွန်းကောင်းကိုမရမူ တစ်ယောက်တည်းသာ နေရာ၏" ဤသို့စသော တရားကို ဟောကြားတော်မူလျှင် ဆင်လည်း အတိုင်းထက်အလွန်ပင် ချစ်ခင်ကြည်ညိုခြင်း ဖြစ်၏။

ထိုနေ့မှစ၍ တစ်နေ့မပြတ် မြတ်စွာဘုရားအား သုံးရေသောက်ရေတည်ခြင်း၊ ပန်းမွှေ့ရာခင်းခြင်း၊ ပန်းဟောင်းကို နှာမောင်းဖြင့် တံမြက်လှည်းခြင်း၊ သစ်ခက်ခြောက်တို့ကို မီးပွတ်၍ပုံခြင်း၊ ဆွမ်းခံကြွသော် ကိုယ်တော်၏နောက်မှ ပရိက္ခရာကိုလှမ်းယူခြင်း စသော အာဘိသမာစာရိက ဝတ်တို့ကို တစ်နေ့မချွတ် ပြု၏။ ညဉ့်၌ ဘုရားသခင် ကျိန်းစက်တော်မူသောအခါ ကြီးစွာသော တုတ်လုင်ကန်ကို နှာမောင်းဖြင့်ကိုင်လျက် စိုင်, ပြောင်, ကြံ့, ဆင်, သမင်, သစ်, ကျားတို့ကို မြစ်တားခြင်းငှာ တောအုပ်ကို လှည့်လည်ကာနေ၏။ အရုဏ်တက်သောကာလ မျက်သစ်ဒန်ပူကပ်ခြင်း စသောဝတ်တို့ကို ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဆင်မင်းပြုသည်ကို တစ်ခုသောမျောက်ယယ်မြင်လျှင် 'ဤဆင်သည် ငါကဲ့သို့ တောတိရစ္ဆာန်ဖြစ်လျက် နှစ်သက်ရှိသေစွာ မြတ်စွာဘုရားအား လုပ်ကျွေးပေသည်။ ငါလည်း ကောင်းမှုပြုအံ့'ဟု ကြံလျက်၊ ပျားများပျံပြီးသော ပျားအုံကိုယူ၍ ကိုယ်တော်မြတ်အား ကပ်လှူ၏။ 'ဘုရား ဘုဉ်းပေးအံ့လော, မဘုဉ်းပေးအံ့လော'ဟု တွေးတောရှု၍ကြည့်နေစဉ် ဘုရား ဘုဉ်းပေးသည်ကိုမြင်လျှင် ရွှင်လန်းလှသောစိတ်ဖြစ်၍ သစ်ပင်တစ်ခုသို့တက်ပြီးမှ သစ်ခက် ဖျား၌ မြူးစားက,ခုန်လေသော် နင်းသောသစ်ခက်,ကိုင်သောသစ်ခက်တို့သည် ကျိုး၍ ရှားငုတ်ထက်ကျသဖြင့် ထိုခဏ၌ ကံကုန်လေ၏။ ထို ပျားအုံလှူသော ကုသိုလ်စေတနာကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသောဗိမာန်၌ အရံနတ်သမီး တစ်ထောင်ရှိသော နတ်သားအဖြစ်သို့ ရောက်လေ၏။

ဤသို့အားဖြင့် ဘုရားသခင်သည် ဆင်မင်း၏ အလုပ်အကျွေးကိုခံလျက် ထိုတော ယံ၌ ဝါကပ်တော်မူသောအခြင်းအရာကို ဇမ္ဗူဒီပါတစ်ကျွန်းလုံးပင် ထင်ရှားလေသတည်း။

ကောသမ္ဗီပြည်၌ ရှိရစ်ကြသော ကလဟဝိဝါဒရဟန်းတို့သည်လည်း ဘုရားကြွ၍ တစ်လလွန်သောအခါ ဒါယကာတို့သည် ဤသို့ တိုင်ပင်ကုန်၏။ "ဤရဟန်းတို့ကား ဘုရားသာသနာသို့ဝင်လျက် ဘုရားရှင်ဆုံးမသည်ကို မလိုက်နာ။ မာနထောင်လွှား ဒေါသများ လျက် တစ်ဦးအားတစ်ဦး နှိပ်နင်းခြင်းကိုသာ လုံ့လပြုကုန်သည်။ ဂန္ထဓုရ, ဝိပဿနာဓုရ တည်းဟူသော ရဟန်းကိစ္စကို လုံ့လမပြုကုန်။ ဤရဟန်းတို့ကြောင့်ပင် ဘုရားသခင်ကို ငါတို့မဖူးမြော်ရ။ တောဒွာနသို့ ကြွရောင်လေသည်။ ယင်းသို့ဆိုးသွမ်းသော ရဟန်းယုတ်တို့ကို လှူသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ထိုသူတို့အား ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ နေရာခင်း ခြင်း၊ ဆွမ်းကွမ်းလှူဒါန်းခြင်းကို မပြုကြလင့်"ဟု တိုင်ပင်၍နေကုန်၏။ အလှူခံလာသော် များစွာ ကဲ့ရဲ့လိုက်ကုန်၏။ ထိုရဟန်းတို့လည်း လှူဒါန်းရိုညွတ်သူ မရှိလျှင် သတိရကြ၍ "ငါတို့၏ အဓိကရုဏ်းကို ငြိမ်းစေကြအံ့"ဟု အချင်းချင်း တစ်ဦးထံတစ်ဦး ဝန်ချ၍ တညီတမျှ တည်း ဖြစ်ကုန်၏။

ထိုသို့ သမဂ္ဂဖြစ်သောအခြင်းအရာကို ဒါယကာတို့အား ပြောကြားပါသော်လည်း ဒါယကာတို့က "ရှင်ပင်တို့။ ဘုရားသခင်ထံ သွား၍လျှောက်ကြကုန်။ ဘုရားကြွလာမှ ရှေးအခါကဲ့သို့ အသင်တို့ကို ပြုပေအံ့"ဟု ဆို၍နေ၏။

ရဟန်းတို့လည်း ဝါကျွတ်သောအခါ အရှင်အာနန္ဒာထံသို့ကပ်၍ အရပ်ရပ်ကို ဝန်ချပြီး သော် "ရှင်တော်ဘုရားကို သွား၍ပင့်ပါ"ဟု လျှောက်၏။ သာဝတ္ထိပြည်မှလည်း ' အနာထပိဏ် သူဌေး, ဝိသာခါ အစရှိသော ဥပါသကာတို့သည် ဘုရားကိုပင့်စေခြင်းငှာ အရှင်အာနန္ဒာ၏အထံ သို့ တမန်စေလွှတ်ကြ၏။ အရှင်အာနန္ဒာလည်း ငါးရာသော သံဃာတော်အရံနှင့်တကွ ကြွလေ၍၊ နေတော်မူသော တောအုပ်အနီးသို့ရောက်သောအခါ 'တစ်ပါးတည်းသာ နေတော်မူသော ဘုရားရှင်ထံသို့ အရံသံဃာတော်နှင့်တကွ ကပ်ခြင်းသည် မသင့်ချေ'ဟု ကြံ၍၊ အခြံအရံ ရဟန်းတို့ကို သင့်ရာ၌ထားပြီးသော် တစ်ပါးတည်းသာလျှင် မြတ်စွာဘုရားထံသို့ ဝင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင်မင်းလည်း အဝေးမှလာသော ရှင်အာနန္ဒာကိုမြင်လျှင် လှင်ကန်ကိုင်၍ လျှင်စွာ ပြေးသွား၏။ ဘုရားသခင်က "ဆင်မင်း။ သင် မတားမြစ်လင့်။ ဤသူကား ငါဘုရား၏ အလုပ်အကျွေးပေတည်း"ဟု မိန့်တော်မူမှ လှင်ကန်ကိုချခဲ့၍၊ ခရီးဦးကြိုဆိုလျက် ပရိက္ခရာ တို့ကို လှမ်းယူပြီးသော် ကိုယ်တော်၏အနီး၌ ထား၏။

ရှင်အာနန္ဒာလည်း မြတ်စွာဘုရားခြေတော်ကို ဦးတိုက်၍ ညွတ်ငိုက်ကာ နေလေသော် ရှင်တော်ဘုရားကလည်း "ချစ်သားအာနန္ဒာ။ သင်တစ်ပါးတည်းသာ လာသလော"ဟုမေး၏။ "အရှင်ဘုရား။ ငါးရာသောရဟန်းတို့နှင့်ပင် လာပါသည်။ အလိုတော်ကို မသိသောကြောင့် သာလျှင် ဝေးရာ၌ ထားခဲ့ပါသတည်း"ဟု နားတော်လျှောက်လျှင်၊ "ယင်းသို့တပြီးကား သင်၏အဖော်တို့ကို ခေါ်ချေလော့"ဟု မိန့်တော်မူ၍ ခေါ်ရလေ၏။

သံဃာငါးရာတို့ ရောက်လျှင် ဘုရားသခင်လည်း ကြည်လင်ဝမ်းသာစွာ ပဋိသန္ထာရ စကားဖြင့် မိန့်ကြားပေးပြတော်မူ၏။ ထိုရဟန်းတို့ကလည်း "ဘုန်းတော်ကြီးလှသော တရား မင်းသည် အလွန်ချမ်းသာခြင်း၏ တည်ရာပုဂ္ဂိုလ်ဖြစ်လျက် မျက်သစ်ဒန်ပူ ကပ်အံ့သောသူမျှ မပါ။ ကိုယ်တော်တည်းသာ တစ်ဝါတွင်းလုံး သီတင်းသုံးတော်မူခြင်းသည် အလွန်ဆင်းရဲ လတ္တံ့"ဟု လျှောက်တင်သော်၊ ဘုရားသခင်ကလည်း "ချစ်သားတို့။ ငါတစ်ပါးတည်းသာ ဆင်းရဲစွာ နေရသည် မဟုတ်။ ဤ ပါလိလေယျကဆင်မင်းသည် ခြေရင်းအလုပ်အကျွေးဖြစ်သော သာမဏေကဲ့သို့ ပြုဖွယ်ကိစ္စ ဟူသမျှကို နေ့ညဆောင်ရွက်လျက် ငြိမ်သက်စွာ နေရပေသတည်း။ ဤသို့သော ခင်ပွန်းကောင်းကိုရမှု အဖော်နှင့်နေရခြင်းသည် လျောက်ပတ်၏"ဟု မိန့်တော်မူ ပြီးမှ–

'သစေ လဘေထ နိပက္ကံ သဟာယံ၊

သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ–' အစရှိသော သုံးဂါထာကို ဟောတော်မူ၏။

အနက်ကား – ဘိက္ခဝေ၊ရဟန်းတို့။ နိပက္ကံ၊ ရင့်သော ပညာရှိသော။ သဒ္ဓိံစရံ၊ တကွ ကျင့်ဖော်ဖြစ်သော။ သာဓုဝိဟာရိံ၊ကောင်းစွာနေလေ့ရှိသော။ ဓီရံ၊ တည်ကြည်သော။ သဟာယံ၊ ခင်ပွန်းကောင်းကို။ သစေ လဘေထ၊အကယ်၍ ရသည်ဖြစ်အံ့။ ဝေ၊ ဤသို့ ရသည်ရှိ သော်။ တေန၊ ထိုခင်ပွန်းကောင်းနှင့်။ သဒ္ဓိံ၊တကွ။ အတ္တမနော၊ နှစ်လိုဝမ်းသာ။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ပရိဿယာနိ၊ အတွင်းအပ ဘေးရန်တို့ကို။ အဘိဘုယျ၊ နှိပ်စက်၍။ သတိမာ၊ သတိရှိသော ပုဂ္ဂိုလ်သည်။ စရေ၊ ကျင့်ရာ၏။

နိပက္ကံ၊ ရင့်သော ပညာရှိသော။ သဒ္ဓိံစရံ၊တကွ ကျင့်ဖော်ဖြစ်သော။ သဟာယံ၊ ခင် ပွန်းကောင်းကို။ နော စေ လဘေထ၊ အကယ်၍ မရမူကား။ ရာဇာ၊ မင်းသည်။ ရဋ္ဌံ၊ တိုင်းကားဖြစ်သော။ ဝိဇိတံ၊ နိုင်ငံကို။ ပဟာယ၊ ပယ်၍။ ဧကော၊ တစ်ယောက်အထီးတည်း။ စရတိ ဣဝ၊ သွားလာသကဲ့သို့ လည်းကောင်း။ အရညေ၊ တော၌။ မာတင်္ဂေါ၊ ဆင်ပြောင်ကြီးသည်။ ဧကော၊ တစ်စီးတည်း။ စရိတိ ဣဝ၊ သွားလာသကဲ့သို့ လည်းကောင်း။ ဧကော၊ ဝဲယာရှေ့နောက် ဖော်မလှောက်ဘဲ တစ်ယောက်တည်းသာလျှင်။ စရေ၊ ကျင့်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇကံ စရိတ်၊ တစ်ယောက်တည်းနေခြင်းသည်။ သေယျော၊ မြတ်၏။ ဗာလေ၊ သူမိုက်၌။ သဟာယတာ၊ အဆွေခင်ပွန်း၏အဖြစ်သည်။ နတ္ထိ၊ မြတ်သည်ဟူ၍ မရှိ။

ဤသို့သောတရားကို ဟောကြားတော်မူလျှင် ရဟန်းငါးရာတို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ထိုအခါ အရှင်အာနန္ဒာလည်း အနာထပိဏ်သူဌေး စသော ဥပါသကာတို့ လျှောက်မှာသောသတင်းစကားကို နားတော်ပန်တင်၍ "အရှင်မြတ် ကြွတော်မူပါ" ဟု လျှောက်၏။ ဘုရားသခင်လည်း "ယင်းသို့တပြီးကား ချစ်သားအာနန္ဒာ။ ငါဘုရား၏ သပိတ်, သင်္ကန်းကို ယူလော့" ဟု မိန့်တော်မူ၍ ထိုနေရာမှကြွတော်မူလေလျှင် ပါလိလေယျကဆင်မင်းလည်း ပြင်းစွာသောအသံကိုမြည်လျက် လမ်း၌ဖီလာနေ၏။

ရဟန်းတို့ကလည်း "အရှင်ဘုရား။ ဆင်မင်းသည် အသို့ပြုလို၍သနည်း" ဟု လျှောက်သော်၊ ဘုရားသခင်ကလည်း "ချစ်သားတို့။ ဤဆင်သည် သင်တို့အား ဆွမ်းလုပ်ကျွေးသေးလိုသောကြောင့် တားမြစ်သတည်း။ ဤဆင်သည် နေ့ရက်ရှည်လျား ငါဘုရားအား များစွာ ကျေးဇူးပြုပေသည်။ သူ၏စိတ်နှလုံးကို မဖျက်စကောင်းပေ" ဟု မိန့်တော်မူပြီးလျှင် ခရီးမှ နစ်၍နေတော်မူ၏။

ထိုအခါ ဆင်မင်းသည် ဟိမဝန္တာတွင်း၌ဖြစ်သော ငှက်ပျော, ပိန္နဲ စသော သစ်သီးသစ်ဥတို့ကို များစွာဆောင်ယူ၍ နောက်နေ့သောအခါ သံဃာတော်တို့အား ကပ်လှူ၏။ သံဃာတော်တို့လည်း ဘုဉ်းပေးကြ၍ ကိစ္စပြီးသောအခါ သင်္ကန်းပရိက္ခရာတို့ကို ပြင်ဆင်လျက် ဘုရားသခင်အား "အရှင်ဘုရား။ ကြွတော်မူခြင်းငှာ အချိန်သင့်ပါပြီ" ဟုလျှောက်ထား၍၊ ဘုရားကိုယ်တော်မြတ်နှင့်တကွ ကြွတော်မူလျှင် သံဃာတော်တို့၏ အကြားအကြားဖြင့်သွား၍ ဘုရားရှေ့တော်မှ ဖီလာနေပြန်၏။

ထိုအကြောင်းကို သံဃာတော်တို့ လျှောက်ကြသော် "သင်တို့ကို လွှတ်လိုက်၍ ငါဘုရားအား ပြန်စိမ့်သောငှာ တားရာသည်"ဟုမိန့်တော်မူပြီးလျှင်၊ ဆင်မင်း၏ဦးခေါင်းကို လက်တော်ဖြင့်သုံးသပ်၍ "အချင်း ပါလိလေယျက။ သင်သည် ငါဘုရားအား ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးရပြီ။ ဤ၌ ရှည်မြင့်စွာ ငါနေငြားလည်း သင့်အား ကျေးဇူးမထူးနိုင်ရာပြီ။ ဤဘဝတွင် သင်ကား ဈာန်တရား,မဂ်ဖိုလ်တရားကို ရခြင်းငှာ မထိုက်ချေ။ သို့ဖြစ်၍ ကောင်းစွာ နေရစ်လော့။ ငါ၏သွားခြင်းသည် မပြန်နစ်သော သွားခြင်းတည်း"ဟု မိန့်တော်မူ၍ ကြွလေလျှင်၊ ဆင်မင်းသည် ချစ်ခြင်းကြောင့်ဖြစ်သော စိတ္တဇဝေဒနာဖြင့် နှာမောင်းကို ခံတွင်း၌သွင်းပြီးလျှင် ပြင်းစွာငိုယိုလျက် နောက်တော်မှ တစိုက်စိုက်လိုက်၍ ရွာအနီးသို့ရောက်သော်၊ ကိုယ်တော်မြတ်ကလည်း "အချင်း ပါလိလေယျက။ ဤဒေသကပင် သင် ပြန်ဦးလော့။ လူတို့၏အနီးမည်သည်ကား များစွာသောဘေးရန် ရှိချေသည်"ဟု မိန့်တော်မူပြီးမှ ကြွခဲ့လေလျှင်၊ ဆင်မင်းလည်း ဘုရားသခင်ကို မြင်ကောင်းသမျှ ဒေသပတ်လုံး ရပ်တန့်ကာဖူးမြော်၍၊ ကိုယ်တော်ကို မမြင်ရသောအခါ နှလုံးကြေကွဲသောအနာဖြင့် ခန္ဓာကုန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကောင်းမြတ်သောစေတနာကြောင့် ခန္တာကုန်ခဲ့သော် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာသုံးဆယ်ကျယ်သော ရွှေဗိမာန်၌ နတ်သမီးအရံ တစ်ထောင်နှင့်တကွ 'ပါလိလေယျက' မည်သော နတ်သား ဖြစ်လေ၏။

ဘုရားသခင်လည်း အစဉ်သဖြင့်ကြွ၍ ဇေတဝန်ကျောင်းတော်သို့ရောက်လေသော် ကောသမ္ဗီပြည်သားဖြစ်သော ကလဟဝိဝါဒရဟန်းတို့လည်း ဘုရားသခင်ကို ဖူးမြော်ကန်တော့ခြင်းငှာ လာကြကုန်၏။ ထိုအကြောင်းကို ကောသလမင်းကြီးကြားလေလျှင် ဘုရားသခင်အား ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ သူတော်ကောင်းတရားမရှိသော ဤ ဝိဝါဒရဟန်းတို့ကို အကျွန်ုပ် တားမြစ်လိုပါသည်"ဟု လျှောက်၏။ ဘုရားသခင်လည်း "မင်းကြီး။ ဤရဟန်းတို့သည် မြတ်သောတရား၌ကား တည်ပေ၏။ ငြင်းခုံခိုက်ရန်ဖြစ်ရာ၌ ငါဆုံးမ၍ မလိုက်နာသော အပြစ်တစ်ခုသာ ရှိပေသည်။ထို့ကြောင့် မတားမြစ်ကြလင့်။ လာပါစေ"ဟု မိန့်တော်မူ၏။ အနာထပိဏ်သူဌေးလည်း ဤနည်းတူပင် လျှောက်ကြား၍ ဘုရား မြစ်တော်မူရ၏။

ထို ကောသမ္ဗီရဟန်းတို့ ရောက်၍ တစ်ဆောင်သောကျောင်း၌ တည်းနေစေသောအခါ သာဝတ္ထိပြည်သားဖြစ်သော လူ,ရဟန်းအပေါင်းတို့သည် သောင်းသောင်းဖြဖြ လာကုန်ကြ၍ "ဒေါသစောင်မာန် ခက်ထန်လှသော ရဟန်းဟူသည် ဤသူတို့လော"ဟု လက်ညှိုးညွှန်ပြ ကြည့်ကြကုန်ရကား၊ ထို ငါးရာသော ရဟန်းအပေါင်းတို့သည် ဦးခေါင်းမျှမချီဝံ့ ဖြစ်ကုန်၏။

ထိုအခါ မြတ်စွာဘုရားလည်း "ချစ်သားတို့။ ခိုက်ရန်ပြုခြင်းမည်သည်ကား သူတစ်ပါးတို့ မျက်ဝါးထင်ထင် ပြစ်တင်ရှုတ်ချခြင်းကိုလည်း ခံရတတ်၏။ ရှေးပညာရှိတို့သည် လည်း မိဘစည်းစိမ်နှင့်တကွ ဖျက်ဆီးသောသူကိုလျက် အမျက်မပြန် သည်းခံဖူးသေး၏။ သင်တို့ကား အမျက်ကိုပယ်ရှားသော ငါဘုရားသာသနာ၌ ကောင်းစွာဝင်ကြပြီးလျက် အမျက်မူကြခြင်းသည် အလွန် ဝန်လေးစွတကား"ဟု မိန့်တော်မူ၍–

'ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။

ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ–' ဟူသော ဂါထာကို ဟော တော်မူ၏။

အနက်ကား– ဘိက္ခဝေ၊ ရဟန်းတို့။ ပရေ၊ ပညာမဲ့ကြား သူတစ်ပါးတို့သည်။ ဧတ္ထ၊ ဤလောက၌။ မယံ၊ ငါတို့သည်။ ယမာမသေတိ၊ သေမင်း၏နိုင်ငံသို့ လိုက်ရကုန်လတ္တံ့ ဟူ၍။ န ဝိဇာနန္တိ၊ မသိကုန်။ တတော၊ ထိုသို့ မသိခြင်းကြောင့်။ မေဓဂါ၊ ခိုက်ရန် ငြင်းခုံခြင်းတို့သည်။ န သမ္မန္တိ၊ မငြိမ်းကုန်။ တတ္ထ၊ ထိုသံဃာအလယ်၌။ ယေ စ၊ အကြင် ပညာရှိသော သူတို့သည်ကား။ ဝိဇာနန္တိ၊ သေမင်းနိုင်ငံသို့ လိုက်ရလတ္တံ့ဟု သိကုန်၏။ တတော၊ ထိုသို့ သိခြင်းကြောင့်။ တေသံ၊ ထိုသူတို့အား။ မေဓဂါ၊ ခိုက်ရန် ငြင်းခုံခြင်းတို့သည်။ သမ္မန္တိ၊ ငြိမ်းကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤ ဒေသနာတော်၏အဆုံး၌ အလုံးစုံသော ရဟန်းငါးရာတို့သည် အကျွတ်တရားကို ရကြကုန်သတည်း။

ဤကား ဒသမဝါ ကပ်တော်မူသော အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

[ဓမ္မပဒ အဋ္ဌကထာ၌ လာ၏။]

## ။ရ၁။ နန္ဒောပနန္ဒ နဂါးမင်းကို ချွတ်တော်မူခြင်း

မြတ်စွာဘုရားလည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော်မူ၍ တစ်နေ့သောအခါ အနာထပိဏ်သူဌေးသည် ညချမ်းသောအခါ ကျောင်းသို့လာ၍ တရားနာပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်မြတ်နှင့်တကွ ငါးရာမျှသော သံဃာတော်တို့သည် နက်ဖြန် အကျွန်ုပ်အိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု လျှောက်၍ ပြန်ခဲ့၏။

ဘုရားသခင်လည်း ဆိတ်ဆိတ်သည်းခံတော်မူလျက် ထိုည၌ထွက်၍ နံနက်သောအခါဝယ် မဟာကရုဏာသမာပတ်ဖြင့် တစ်သောင်းသောလောကဓာတ်၌ ကျွတ်အပ်သော ဝေနေယျကို နိစ္စရှုမြဲတိုင်း ရှုတော်မူလျှင် 'နန္ဒောပနန္ဒ' နဂါးမင်းသည် ဉာဏ်ကွန်ရက်အတွင်းသို့ ဝင်လာ၍ စာနာဆင်ခြင်တော်မူသည်ကား–

'ဤ နန္ဒောပနန္ဒနဂါးသည် ရှည်လျားသော ဘဝကုသိုလ်ဟူသော ဥပနိဿယရှိသူဖြစ်လျက် ဒုဂ္ဂတိဘဝသို့ ရောက်သောကြောင့် အမျက်စောင်မာန်ကြီးသဖြင့် ရေမနီးသောမျိုးသည် အစို့မထိုးနိုင်ဘိသကဲ့သို့ တဏှာအိုင်၌ နစ်ဘိ၍ မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်ချေသည်။ ငါ ကြွသွား၍ ချစ်သားမောဂ္ဂလာန်ကို နိပ်နှံဆုံးမစေရမူ အစလသဒ္ဓါဖြင့် သမ္မာဒိဋ္ဌိတည်းဟူသောမျိုးသည် ဖွံ့ဖြိုးစွာ ပေါက်လတ္တံ့'ဟု မြင်တော်မူသဖြင့်၊ ထိုည၌ မိုးသောက်လတ်သော် ကိုယ်တော်ကို သုတ်သင်ပြီးလျှင် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ။ ငါးရာသော သံဃာတော်တို့ကို နှိုးဆော်ဘိလော့။ ယနေ့ ငါဘုရားသည် နဂါးတို့နေရာ မြင်းမိုရ်ညာသို့ ဒေသစာရီ ကြွချီတော်မူအံ့"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း ဆဋ္ဌဘိည ဝသီပတ္တဖြစ်ကုန်သော ရဟန္တာငါးရာတို့အား အကြောင်းကိုကြား၍ ဘုရားရှေ့မှောက်သို့ လာရောက်စည်းဝေးမိသော်၊ ရှင်တော်ဘုရားလည်း ထို ငါးရာသော သံဃာနှင့်တကွ အာကာသခရီးဖြင့်ပျံလျက် နန္ဒောပနန္ဒနဂါးမင်း၏နေရာ ဗိမာန်ပေါ်သို့ကျော်၍ ကြွတော်မူ၏။

ထိုနေ့ နံနက်ယံ၌ နန္ဒောပနန္ဒနဂါးလည်း များစွာသော မှူးမတ်ပရိသတ် ခြံရံလျက် အဖျော်သောက်သဘင် ခံအံ့သောအခါနှင့်ကြိမ်၍ ဣန္ဒနီလာ မသာရဂလ် ဝင်သဝဏ်ရွှဲ ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြား ခုနစ်ပါးသော ရတနာမျက်မြတ်တို့ဖြင့် ခြယ်တပ်စီရင်သော နတ်ကွန်းဥကင် ပလ္လင်ရတနာဝယ် မင်္ဂလာရှိသော ထီးဖြူစိုက်ဆောက်လျက် ခြောက်ထောင်,ခြောက်ထောင်မျှ လောက်သော စည်, စောင်း, ပတ်သာ, တူရိယာတို့ကို နဂါးကညာတို့သည် လက်ဝဲလက်ယာမှ သာယာစွာတီးမှုတ်လျက် မကြီးသက်ရွယ် နုနယ်ချောမြ ချစ်ဖွယ်လှသော ကချေသည်နဂါးမ အပေါင်း ဝန်းရံ၍ နတ်ဌာန်၌ဖြစ်သော,နှစ်သက်စဖွယ် ဆန်းကြယ်ထူးမြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ကို သုံးဆောင်ကာ စံစား၍နေသတည်း။

ယင်းသို့ စံနေရာအပေါ်သို့ သံဃာတော်များတို့ ကြွသွားသည်ကို နဂါးမင်းမြင်လျှင် အမှင်ရဲရဲ တောက်ဆဲသောမီးပုံကို လေဟုန်ခတ်သကဲ့သို့ မတန့်ရပ်နိုင်အောင် မျက်မာန် ပေါက်၍ စိုက်ဆောက်အပ်သောထီးဖြူကို လှဲပြီးလျှင် 'ဤ ဦးပြည်းရဟန်းတို့သည် အခန်းခန်း အပြတ်ပြတ် အစပ်စပ်သောအဝတ်ကို ဝတ်လျက် ကြီးသူ, မြတ်သူဟူ၍ မချင့်တွက်။ ငါ့ ဦးခေါင်းထက်သို့ ကျော်၍ အပေါ်၌ ဖဝါးမြေမှုန့်ကို ကြဲဖြူးကာ မကြာမကြာ ဝတိံသာသို့ လူးလာခတ် ကူးသန်းကြသည်။ ယနေ့မှစ၍ ထိုသူတို့၏အသွားအလာကို ငါ ခွင့်မပေးအံ့။ အကယ်၍ မရှောင်ကွင်းမူ ငါ့ခံတွင်း၌ သေစေအံ့'ဟုကြံ၍ မိမိစံရာ ရတနာပလ္လင်မှသက်ပြီး လျှင် ကြီးစွာသောကိုယ်ကို ဖန်ဆင်း၍ ယုဇနာရစ်သောင်းလေးထောင် လုံးရပ်ဆောင်သော မြင်းမိုရ်တောင်မင်းကို အရင်းမှအဖျားတိုင်အောင် ကိုယ်အခွေဖြင့် ခုနစ်ဆင့်ပတ်ရစ်လျက် တောင်ထိပ်ထက်တည်သော တာဝတိံသာပြည်အလုံးကို ပါးပျဉ်းဖြင့် အုပ်ဖုံးကာနေ၏။

သံဃာတော်မြတ်တို့လည်း ယုဂန္ဓိုရ်တောင်ထွတ်နှင့်မျှသော မိုးလတ်သို့ရောက်၍ ပြာသာဒ်ဝေဇယန် ဗိမာန်ဘုံဆောင်တို့ကို မမြင်လျှင် အရှင်ရဋ္ဌပါလက ဘုရားသခင်အား ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တစ်ပါးသောအခါ အကျွန်ုပ်တို့လာ ၍ ဤဌာနသို့ရောက်လျှင် မြင်းမိုရ်တောင်ကိုလည်း မြင်ရပါသည်။ နတ်တို့၏နေရာ တာဝတိံသာ နတ်ပြည်ကို လည်းကောင်း၊ ဝေဇယန္တာပြာသာဒ်ကို လည်းကောင်း၊ စိုက်အပ်သော တံခွန် တို့ကို လည်းကောင်း မြင်ရပါသည်။ ယခုအခါ ဘယ်နေရာကိုမျှ မမြင်ရပါ။ စိမ်းမြညိုမှောင် မျက်စဉ်းတောင်ကဲ့သို့သာ ထင်ပါသည်။ အဘယ့်ကြောင့် ထိုအာရုံကို မမြင်လေသနည်း"ဟု နားတော်လျှောက်တင်သော်၊ ဘုရားသခင်လည်း "ချစ်သား ရဋ္ဌပါလ။ နန္ဒောပနန္ဒနဂါးသည် သင်တို့အား အမျက်ရှိသောကြောင့် မိမိကိုယ်ဖြင့် မြင်းမိုရ်တောင်ကို ခုနစ်ပတ်ရစ်လျက် နတ်ပြည်အလုံးကို ဖုံးလွှမ်း၍နေသောကြောင့် မမြင်ရလေသတည်း"ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား။ နဂါးကို အကျွန်ုပ် တန်ခိုးပြ၍ ဆုံးမပါအံ့"ဟု လျှောက်၏။ ဘုရားသခင်လည်း ခွင့်ပေးတော် မမူ။

ထို့နောက် အရှင်ရာဟုလာ, အရှင်ဘဒ္ဒိယ စသော မထေရ်တို့သည် အသီးအသီး ခွင့် တောင်းကြသော်လည်း ခွင့်ပေးတော်မမူလေလျှင်၊ အရှင်မောဂ္ဂလာန်သည် ထ၍ "လောကမှန်ကူ ဖြစ်တော်မူသော အရှင်ဘုရား။ သားကြီးဟူသမျှသည် မိဘတို့ဝန်ကို ကြူးလွန်၍ဆောင် ထိုက်သကဲ့သို့ တပည့်ကြီးဟူသမျှသည် ဆရာ့ဝန်ကို အလွန် ဆောင်ထိုက်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်သာဖြစ်သော ဤ နန္ဒောပနန္ဒနဂါးကို အရှင်ဘုရားကိုယ်တိုင် မဆုံးမ သင့်ပါ။ အကျွန်ုပ် ဆုံးမပါမည်"ဟု လျှောက်၏။

ဘုရားသခင်လည်း "သင်ပင် ဆုံးမလော့"ဟု ခွင့်ပေးတော်မူ၍၊ သံဃာတော်အစုနှင့် ယုဂန္ဓိုရ်တောင်ထိပ်ထက် တက်၍ ရပ်တန့်တော်မူ၏။ အရှင်မောဂ္ဂလာန်လည်း စတုတ္ထဈာန်ကို ဝင်စားတော်မူပြီးလျှင် ဣဒ္ဓိဝိဓအဘိညာဉ်ကိုပွား၍ နဂါးကြီး၏သဏ္ဍာန်ကို ဖန်ဆင်းလျက် နဂါးမင်းအထက်၌ တစ်ဆယ့်လေးထပ် ပတ်ရစ်ပြီးသော် နဂါးခေါင်းပေါ်၌ မိမိ၏ပါးပျဉ်းကို အုပ်လျက် မလှုပ်,မလွန့်နိုင်အောင် မြင်းမိုရ်တောင်ဖြင့် ညှစ်၍ကြိတ်၏။

နန္ဒောပနန္ဒလည်း အမျက်ပြင်းစွာထ၍ ကိုယ်မှ အခိုးအလျှံကို လွှတ်၏။ ရဟန္တာ နဂါးလည်း "သင်သာ အခိုးလွှတ်နိုင်သည် မဟုတ်။ ငါလည်း လွှတ်နိုင်သည်သာတည်း။။ ငါ၏အခိုးအလျှံကိုလည်း ခံဦးလော့"ဟု ဆို၍၊ ထိုအလျှံထက် ကဲလွန်၍ လွှတ်ပြန်၏။ နဂါး၏အလျှံသည် အရှင်မောဂ္ဂလာန်ကို မနှိပ်စက်နိုင်။ အရှင်မြတ်၏အလျှံသာလျှင် နဂါးမင်း၏ အရေအသားကို ဖောက်ခွဲ၍ ညှဉ်းဆဲနှိပ်စက်လေ၏။

နဂါးနှစ်ဦးတို့၏ အခိုးအလျှံကြောင့် ရွှေဆိုင်းသဏ္ဍာန်ရှိသော မြင်းမိုရ်တောင်မင်းသည် တဝင်းဝင်းတထိန်ထိန် အရှိန်ပြောင်ပြောင် လောင်ဘိသကဲ့သို့ ဖြစ်၏။ နန္ဒောပနန္ဒနဂါးလည်း "ငါ့အား မြင်းမိုရ်တောင်ဖြင့် ကြိတ်၍နှိပ်စက်လာသည်ကား အသူနည်း"ဟု မေး၏။ "ငါကား ဘုရားသခင်၏ လက်ဝဲတော်ရံဖြစ်သော အရှင်မောဂ္ဂလာန်မထေရ်တည်း"ဟုဆိုသော်၊ "ထိုသို့ ဖြစ်လျှင် ရဟန်းအသွင်ကို သင်ပြဦးမှ ကျွန်ုပ် ယုံကြည်အံ့"ဟုဆိုလျှင်၊ အရှင်မောဂ္ဂလာန် လည်း ဖန်ဆင်းသော နဂါးအသွင်ကိုဖျောက်၍ ရဟန်းအသွင်ကို ပြ၏။

နဂါးမင်းကလည်း 'လူသားဖြစ်လျက် ငါ့အမျက်ကို ဤသူ ခံနိုင်အံ့လော'ဟု အံသွား ကြိတ်လျက် အဆိပ်နှင့်တကွသော နှာခေါင်းလေကို မှုတ်၏။ အရှင်မြတ်လည်း မတုန်မလှုပ် တည်သည်ကိုမြင်လျှင်၊ 'ခံတွင်းတွင် ကြေစေအံ့'ဟုကြံ၍ တစ်ဖန် ခံတွင်းဖြင့် ဟပ်မျို၏။

ထိုအခါ မြတ်စွာဘုရားကလည်း "ချစ်သား မောဂ္ဂလာန်။ ဤ နန္ဒောပနန္ဒနဂါးကား တန်ခိုးကြီးလှ၏။ စတုတ္ထဈာန်သမာပတ်ကို ကြပ်ကြပ် နှလုံးသွင်းဘိလော့"ဟု သတိပေး တော်မူ၏။ အရှင်မောဂ္ဂလာန်ကလည်း "အရှင်ဘုရား။ စိုးရိမ်တော် မမူပါလင့်။ အကျွန်ုပ်ကား လေးပါးသော ဣဒ္ဓိပါဒ်တို့ကို မပြတ် လေ့လာပြီးပါတည်း။ ဤနဂါးထက် တန်ခိုးသာသော နဂါးအရာ, နဂါးအထောင်ပင် ဖြစ်သော်လည်း အကျွန်ုပ် ဆုံးမနိုင်ပါ၏"ဟု လျှောက်၏။

အရှင်မောဂ္ဂလာန်လည်း ခံတွင်းဖြင့်ဝင်လျက် လက်ယာနားတွင်းမှလည်း ထွက်၏။ လက်ဝဲနားတွင်းမှလည်း ထွက်၏။ လက်ယာနားတွင်းမှဝင်လျက် လက်ဝဲနားတွင်းမှ လည်းကောင်း၊ နှာခေါင်းနှစ်ပေါက်မှ လည်းကောင်း ထွက်၏။ ခံတွင်းကိုဟလျှင် ထိုခံတွင်းမှ ဝင်လျက် ဝမ်းတွင်းအူအစဉ်ဖြင့် စင်္ကြံကြွ၏။

နဂါးမင်းကလည်း 'ဝင်စဉ်က ငါ မမြင်လိုက်၍သာ သင်ရဟန်း ချမ်းသာသည်။ ထွက်သောအခါ ငါ၏အစွယ်ဖျား၌ ကြေစေအံ့'ဟု ကြံ၍၊ "ရှင်မောဂ္ဂလာန် ပြန်၍ ထွက်လှည့်ဦး။



www.burmeseclassic.com

www.burmeseclassic.com



အံ့မှုဖွယ်လိ ရှုံးရာရှိသော ဝမ်းတွင်း၌သာ မနေပါလင့်”ဟု ဆိုလျှင်၊ အရှင်မြတ်လည်း ထွက်လာ၍ အစွယ်နှစ်မြွာကို ပုတ်ခတ်လျက် အပြင်သို့ထွက်၏။ နဂါးမင်းလည်း ပြင်းစွာသော နှာခေါင်း လေကိုမှုတ်၍ တစ်မုဟုတ်ချင်း ကိုက်ပြန်လျှင် အရှင်မောဂ္ဂလာန်လည်း ခံတွင်းသို့ဝင်၍ လျှာပေါ်တွင် စင်္ကြံကြွပြီးမှ သွားကိုပုတ်ခတ်လျက် ထွက်၏။

နဂါးမင်းလည်း ပြင်းစွာသောဒေါသဖြင့် အစွမ်းရှိသမျှ ညှဉ်းဆဲပါသော်လည်း အရာ မထင်၊ မွေးညင်းတစ်ပင်မျှ မတုန်လှုပ်သည်ကိုမြင်လျှင် ‘ဤအရှင်ကား တန်ခိုးကြီးမားလှ၏။ ငါပြုသမျှသည် မောဃဘာဂီသာ ဖြစ်ချေသည်။ ဤရဟန်းနှင့် တန်ခိုးပြိုင်၍ မနိုင်ပေရာ။ ပြေးမှသာ ဖြစ်မည်’ဟုကြံ၍ နဂါးကြီးသဏ္ဌာန်ပယ်လျက် နဂါးငယ်အသွင်ဖြင့် သီတာရေပြင်သို့ သက်၏။

အရှင်မောဂ္ဂလာန်လည်း ဂဠုန်အဟန်ဖန်ဆင်း၍ လိုက်၏။ နဂါးက လူသားအဟန် ဖန်ဆင်း၍နေလျှင် အရှင်မြတ်လည်း နတ်ဘီလူးကြီးသဏ္ဌာန်ဖြင့် ကိုက်စားဟန်ပြု၏။ ထိုအခါမှ နန္ဒောပနန္ဒ နဂါးမင်းလည်း အလွန်ကြောက်လန့်ရကား လုလင်အဟန် ဖန်ဆင်းပြီးလျှင်၊ “အရှင်ဘုရား။ အကျွန်ုပ်ကား မှားခြင်းကြီး မှားချေပြီ။ ဤနေ့မှစ၍ အရှင်မြတ်တို့အား လေးမြတ်ရိုကျိုး ကိုးကွယ်ပါတော့မည်”ဟု ဝန်ခံလျက် အရှင်မောဂ္ဂလန်၏ခြေရင်း၌ ဦးဖြင့်တိုက်၍နေ၏။

အရှင်မြတ်ကလည်း “အချင်းနန္ဒောပနန္ဒ။ ထလော့, ထလော့။ လူသုံးပါးတို့၏ စီးပွားချမ်းသာကို လွန်စွာဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် သင့်အား သနား ကရုဏာဖြင့် ကြွတော်မူလာ၍ ယုဂန္ဓိုရ်တောင်ထိပ်ဝယ် စံပယ်တော်မူသည်။ သင် လိုက်ခဲ့လော့” ဟုခေါ်၍ ရှေ့တော်သို့ဆောင်လာ၏။

မြတ်စွာဘုရားလည်း နဂါးနှင့်လျောက်ပတ်သော ဓမ္မကထာဖြင့် ကောင်းစွာဆုံးမတော်မူ၍ ဥပါသကာ၏အဖြစ်ကို ယူစေ၏။

ယင်းသို့ နဂါးမင်းကို နှိမ်နင်းချေချွတ်တော်မူပြီးသော် သံဃာတော် ငါးရာနှင့်တကွ ကြွတော်မူ၍ အနာထပိဏ်သူဌေးအိမ်သို့ ဝင်တော်မူ၏။

သူဌေးကြီးလည်း ခရီးဦးကြိုဆိုလျက် “ကိုယ်တော်မြတ်သည် အဘယ်အကြောင်းဖြင့် နေမြင့်မှ ကြွတော်မူသနည်း”ဟု လျှောက်ပြန်လေသော်၊ “နန္ဒောပနန္ဒနဂါးအား သွား၍ ချေချွတ် တော်မူရသောကြောင့် နေမြင့်သတည်း”ဟု အတ္တုပ္ပတ္တိကိုဖော်၍ ဟောကြားတော်မူပေ၏။ ထိုအခါ အနာထပိဏ်သူဌေးကလည်း “ခုနစ်ရက်တိုင်တိုင် အကျွန်ုပ်အိမ်၌ ကိုယ်တော်မြတ်ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ”ဟု လျှောက်၍ လုပ်ကျွေးပြုစု၏။

ဤကား နန္ဒောပနန္ဒနဂါးကို ဆုံးမတော်မူသော အကြောင်းအတ္တုပ္ပတ္တိ အမြွက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၇၂။ ဗကပြဟ္မာကို ချွတ်တော်မူခြင်း

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ တစ်နေ့သောအခါ အာဘဿရဘုံ၌ မိစ္ဆာဒိဋ္ဌိအယူရှိသော ဗကပြဟ္မာကို မြင်တော်မူ၏။ ထိုပြဟ္မာကား ရှေးလူ၏ အဖြစ်၌ အနှစ်တစ်သိန်းမျှလောက် ရသေ့ရဟန်းပြု၍ လောကီစျာန်သမာပတ်တို့ကို မပြတ် လေ့လာသဖြင့် ခန္ဓာကြွေလတ်သော် 'ဝေဟပ္ဖိုလ်ဘုံ'၌ ဖြစ်၏။ ထိုဘုံ၌ မဟာကပ် ငါးရာပတ်လုံး ပြဟ္မာတို့၏ချမ်းသာကို ခံစားပြီး၍ စုတေခဲ့သော် ခြောက်ဆယ့်လေးကမ္ဘာ အသက်ရှည်သော 'သုဘကိဏှာဘုံ'၌ ဖြစ်၏။ ထိုမှ စုတေပြန်သော် ရှစ်ကမ္ဘာ အသက်ရှည်သော 'အာဘဿရဘုံ'၌ ဖြစ်၏။

ယင်းသို့ 'အဓောဂမန' ဖြစ်ခဲ့ရသော်လည်း အထက်အထက်ဘုံမှ စုတေရသော နာမ်ရုပ် အစဉ်ကိုလည်း မမှတ်မိ၊ ပဋိသန္ဓေကိုလည်း မထင်၊ အတိုင်းပင်တည်သည်ဟု မှတ်ရကား "ငါတို့၏ ပြဟ္မာဇာတ်ကား မြဲသော, မြဲသော နိစ္စရူပ ချမ်းသာပင်တည်း။ ဤအဖြစ်ထက် လွန်၍ရှာရန် နိဗ္ဗာန်မည်သည် မရှိပြီ။ ဤပြဟ္မာ့ကိုယ်လည်း အိုခြင်း,နာခြင်းစသော ဆင်းရဲ မရှိ။ အတိသုခဖြစ်သော နိဗ္ဗာန်ပင်တည်း'ဟု အယူရှိ၏။ မိမိ၏အနီးအပါးဖြစ်သော ခုနစ် ကျိပ်နှစ်ယောက်သော ပြဟ္မာတို့လည်း ဤသို့ပင် အယူရှိကုန်၏။

ထိုအကြောင်းကို ဘုရားသခင် မြင်တော်မူ၍ ထိုအယူကို ဖျောက်ခြင်းငှာ ပစ္ဆာဘတ္တ အခါ၌ ကွေးထားသောလက်ကို ရုတ်ခြည်းဆန့်သကဲ့သို့ တစ်မုဟုတ်ချင်းကြွ၍၊ ပြဟ္မာ့ရွာ၌ ထင်စွာရပ်တော်မူ၍ ဗကပြဟ္မာမြင်လျှင် "အရှင်ဘုရား။ အကျွန်ုပ်တို့ ပြဟ္မာ့ရွာသို့ ကြွလာတော်မူသလော။ အရှင်၏လာခြင်းကား အလွန်ကောင်းသော လာခြင်းတည်း။ ဤပြဟ္မာ့ ရွာသို့ ကြွလာသောအလှည့်သည် ကြာမြင့်မှ ဖြစ်၏တကား"ဟု ဆို၍ ကိုယ်တော်၏အနီး၌ နေ၏။

ထိုသို့ နေပြီးလျှင်"အရှင်ဂေါတမ။ လုံ့လပြု၍ ကျင့်တော်မူပါ။ ကျွန်ုပ်တို့ ပြဟ္မာ့ရွာ၌ဖြစ် လျှင် စင်စစ် ဆင်းရဲခြင်း ကင်းပါတော့သည်။ မအို,မသေ အမြဲနေသော ရွှေပြည်နိဗ္ဗာန် မှန်ပါတော့သည်"ဟုလျှောက်၏။

ထိုစကားကိုကြားလျှင် ဘုရားသခင်ကလည်း ထက်ဝန်းကျင်မှလာကြကုန်သော ပြဟ္မာတို့အား သက်သေထား၍ တရားအမြိုက် တိုက်ကျွေးတော်မူခြင်းငှာ"အို- များစွာသော ပြဟ္မာအပေါင်းတို့။ ဤ ဗကပြဟ္မာသည် အဝိဇ္ဇာတည်းဟူသော မှောင်တိုက်သို့ ဝင်ဘိ၏တကား။ မြုံးတွင်း၌ရှိသောငှက်သည် လွတ်ထွက်ပြီးသောသတ္တဝါကို 'ချမ်းသာလိုကြလျှင် ငါ့ထံသို့ လာလှည့်'ဟု ခေါ်ဘိသကဲ့သို့ ချော်ချွတ်သောမိစ္ဆာဉာဏ်ဖြင့် ပြဟ္မာ့သဏ္ဌာန်ကို နိဗ္ဗာန် ထင်မှတ်ဘိ၏တကား။ မိမိအား ဖြစ်လတ္တံ့သောဘေးကို မမြင်။ အနိစ္စကိုပင် နိစ္စ, အသုခကိုပင် သုခဟု ပြောပရှာဘိ၏တကား။ ဝဋ်တရား၏ ကင်းရာဖြစ်သောနိဗ္ဗာန်သည် ကောန်ရှိလျက် မသိရှာလေတကား"ဟု မိန့်တော်မူ၏။

ယင်းသို့ အမိန့်ကိုကြားသောအခါ ဗကပြဟ္မာလည်း ဥပမာအားဖြင့် ခိုးသားကို ရိုက်ခဝ်၍စစ်သော် ငါ၌သာ ခိုးပြစ်ရှိသည် မဟုတ်။ ဤသူလည်း ခိုးသူပင်တည်းဟု ဖော်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရှင်တော်ဘုရား၏ အပြစ်တင်ချက်ကို ရှက်နိုးရကား မိမိနှင့် အလားတူစွဲယူသော ဗြဟ္မာတို့ကို ဖော်ပြခြင်းငှာ 'ဒွာသတ္တတိ ဘော ဂေါတမ ပုညကမ္မာ'အစရှိသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား–"ဘုရားရှင် ဂေါတမ။ ဤသဿတဝါဒကို အကျွန်ုပ်တစ်ယောက်မျှသာ ယူသည်မဟုတ်။ ကျွန်ုပ်နှင့် ရှေးကောင်းမှု ပြုဖော်ဖြစ်သော ဗြဟ္မာဇာတ် ခုနစ်ကျိပ်နှစ်ယောက်တို့ပင် ဤသို့ အယူရှိကြပါသည်။ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ကင်းလွတ်ကြသောကြောင့် နိစ္စထာဝရတည်သောနိဗ္ဗာန်ပင်ဟု ထင်မှတ်ပေသည်။ အကျွန်ုပ်တို့အား အများနတ်ဗြဟ္မာတို့ လွန်စွာ ချီးပပူဇော်ကြလျက် 'နိစ္စထာဝရတည်ပေသော အရှင်ဗြဟ္မာမင်းကဲ့သို့ ငါတို့ ဖြစ်လိုပါသည်'ဟု ပတ္ထနာပြုကြကုန်သည်။ ထို့ကြောင့် ဤဗြဟ္မာ၏အဖြစ်ကို စင်စစ်နိဗ္ဗာန် ဆိုပေသတည်း"ဟု လျှောက်၏။

ဘုရားသခင်လည်း ထင်ရှားစွာပြတော်မူခြင်းငှာ 'အပ္ပမိ ဟိ ဧတံ န ဒီဃာယု'အစရှိသော ဂါထာကို မိန့်တော်မူ၏။

အဓိပ္ပာယ်ကား–"ချစ်သားဗက။ ဤဗြဟ္မာ့ရွာ၌ သင် ကြာသောကာလကား အင်္ဂုရကပ် အရေအတွက်အားဖြင့် တစ်သိန်းသုံးသောင်း ခြောက်ထောင်လေးရာ သုံးဆယ့်နှစ်ကပ်သာ ဖြစ်သည်။ နှစ် အရေအတွက်အားဖြင့် နိရဗ္ဗုဒ တစ်သိန်းမျှသာ ရှိသေးသည်။ ဇာတိ, ဇရာ, မရဏကိုလည်း မလွန်ရချေသေး။ စုတေရမည် မချွတ်ဟု ငါ မြင်တော်မူ၏။ သင် ပညာကင်းသောကြောင့် အသက်ကြွင်းကိုမျှ မမြင်သတည်း"ဟု မိန့်တော်မူ၏။

[ဤစကား၌ 'နိရဗ္ဗုဒ' အရေအတွက်ကား တစ်ဆယ် ဆယ်လီကို တစ်ရာ, ဆယ်ရာကို တစ်ထောင်, ဆယ်ထောင်ကို တစ်သောင်း, ဆယ်သောင်းကို တစ်သိန်း, ဆယ်သိန်းကို တစ်သန်း, ဆယ်သန်းကို တစ်ကုဋေ, ကုဋေပေါင်း သိန်းတစ်ရာကို ပကောဋိ, ပကောဋိပေါင်း သိန်းတစ်ရာကို ကောဋိပကောဋိ, ၎င်းပေါင်း သိန်းတစ်ရာကို နဟုတ, နဟုတပေါင်း သိန်းတစ်ရာကို နိန္နဟုတ ဟူ၍ဆိုအပ်၏။ ဤမျှလောက်ကိုသာ သချာတတ်သော လောကီပုဂ္ဂိုလ်တို့ ရေတွက်နိုင်သည်။ ဤထက်အလွန်ကိုကား ဘုရားရဟန္တာတို့မှ ရေတွက်နိုင်သည်။ နိန္နဟုတ တစ်သိန်းတို့၏တစ်ရာသည် အက္ခောဘဏီ မည်၏။ အက္ခောဘဏီ တစ်သိန်းတို့၏ တစ်ရာသည် ဗိန္ဒု မည်၏၊ ဗိန္ဒု တစ်သိန်းတို့၏တစ်ရာသည် အဗ္ဗုဒ မည်၏။ အဗ္ဗုဒ တစ်သိန်းတို့၏တစ်ရာသည် နိရဗ္ဗုဒ မည်၏။ ဤ နိရဗ္ဗုဒပေါင်း တစ်သိန်းသည် ဗကဗြဟ္မာ၏ ရှည်ကြာသောအသက်တည်း။]

ယင်းသို့ဟောပြသော် ဗကဗြဟ္မာလည်း "ရှည်မြင့်စွာမြင်ပေသော အရှင်ဘုရား။ ဤဗြဟ္မာ့ရွာ၌ ရှည်မြင့်စွာနေရသော ကျွန်ုပ်တို့အကြောင်း ရှေးကောင်းမှုကို မိန့်ဆိုတော်မူပါ။ ထိုအကြောင်းကို အမှန်ဟောကြားနိုင်လျှင် 'ဘုရား'ဟု ယုံကြည်ပါမည်"ဟု လျှောက်၏။ ကိုယ်တော်မြတ်လည်း တပ်အပ်ပြတော်မူခြင်းငှာ 'ယံ တွံ အပါယေတိ ဗဟူ မနုဿေ'အစရှိသော ဂါထာကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကား–

"အချင်း ဗက။ သင်တို့ ဗြဟ္မာဖြစ်ရသောအကြောင်း ရှေးကောင်းမှုကား ဤသို့တည်း။ သင်သည် ဤမည်သောကမ္ဘာဝယ် လူတို့နေရာ ဇာရာဏသီပြည်၌ ကေသဝမည်သော ပုဏ္ဏားသူကြွယ်ဖြစ်၍ ဃရာဝါသ၌ အပြစ်ကိုမြင်သဖြင့် တောသို့ဝင်၍ ရသေ့ပြုပြီးသော် စတုက္ကကသိဏ်းဝန်းကို မှီလျက် ဈာန်သမာပတ်တို့ကို မပြတ်လေ့လာသတည်း။ ထိုအခါ သင့်အား လူအများတို့လည်း 'ကေသဝ ရသေ့'ဟု သမုတ်ကုန်၏။

"ထိုရသေ့သည် သိမ်မွေ့ညံ့နု သဲအစုရှိသော မရုကန္တာရ၏အနီး တောအုပ်ကြီးတစ်ခု၌ နေသောအခါ ငါးရာမျှလောက်သော လှည်းကုန်သည်အပေါင်းတို့သည် ထိုသဲကြောင်းကန္တာရကို ကူးခတ်သော် အရပ်မျက်နှာကို မသိ၊ မျက်စိလည်ကုန်လျက် ခုနစ်ရက်ပတ်လုံး မထွက်နိုင်ကြသဖြင့် ပါသမျှသောရိက္ခာဆန်ရေတို့ ကုန်၍ အလုံးစုံသောလှည်းသားတို့သည် "ငါတို့ကား သေရအံ့သည် မချွတ်ပြီ"ဟု လှည်းမှ နွားကိုချွတ်၍ မွတ်သိပ်ပူပန်လှသောကိုယ်ဖြင့် ထိုထိုသော လှည်းအောက်၌ အခွေအခွေအိပ်နေကြသည်ကို ကေသဝရသေ့မြင်သော် ကြင်နာသနား လှသဖြင့် 'ဤသတ္တဝါအများတို့သည် ငါ၏အပါး မပျက်ပြားစေသတည်း'ဟု ကြံ၍၊ အဘိညာဉ် တန်ခိုးဖြင့် သောက်ချိုး၍မကုန်နိုင်ရာသော ဂင်္ဂါမြစ်ရေကိုစီးစေ၍ အသီးအပွင့်နှင့်ပြည့်စုံသော တောအုပ်ကိုလည်း အပါးတွင် ဖန်ဆင်း၏။ ထိုအခါမှ များစွာသောလူတို့သည် ရေကို သောက်ချိုး၍ အမျိုးမျိုးသောသစ်သီးတို့ကို စားလျက် နွားတို့ကိုအားပြည့်စေပြီးမှ အသီးအသီး လိုအပ်သောမြို့ရွာသို့ ချမ်းသာစွာသွားကြ၏။ ဤကား ရှေးဦးစွာသော သင်၏ကုသိုလ် ဟောင်းတည်း။

"တစ်ရံသောကာလ ထို ကေသဝရသေ့သည် တစ်ခုသောပစ္စန္တရွာကိုမှီ၍ ဇောဂီ မည်သောမြစ်၏ ကမ်းအနီး၌နေသောအခါ မြို့ရွာကိုဖျက်ယူတတ်သော ခိုးသူငါးရာတို့သည် ထိုပစ္စန္တရွာကို တိုက်ဖျက်၍ ဥစ္စာစီးပွား ကျွဲနွားလူသူကို သိမ်းယူပြီးလျှင် တောင်ကြီးအထက်သို့ တင်၍ ထက်ဝန်းကျင်မှကင်းစောင့်ထားလျက် ခိုးသူတို့ ထမင်းချက်၍နေကြသော် ခေါ် ဆောင်လေသော မိန်းမ,ယောကျ်ား,သူငယ်တို့သည် ငိုယိုသဖြင့် ထိုအသံကို ရှင်ရသေ့ ကြားသော်၊ 'ငါ့အပါးတွင် သို့စင်သောသတ္တဝါတို့ မပျက်ပါစေသတည်း'ဟု ကြံ၍ မိမိသဏ္ဌာန်ကို ဖျောက်ပြီး လျှင် မြင်း, ဆင်, ရဲမက်, လက်နက်ကိုင်ကာ ဗိုလ်ပါအရံနှင့်တကွသော မင်းသဏ္ဌာန်ကို ဖန်ဆင်း၍ ချင်းတို့အနီးသို့ တိုက်စည်တီးကာ ကြော်ငြာဟစ်ကြွေးလျက် သွားကြ၏။ ကင်းထား သောသူတို့ မြင်လျှင် 'ပြည့်ရှင်မင်းသည် ငါတို့ကို ဖမ်းခြင်းငှာ လိုက်လာချေပြီ'ထင်၍ လျင်စွာ သွား၍ ခိုးသားတို့ကိုပြောသော် "ဤလောကတွင် ပြည့်ရှင်မင်းနှင့် စစ်ဖက်၍ မပျက်စီးသော ခိုးသူမည်သည် မရှိ"ဟု မိမိတို့ထမင်းကိုမျှ ခံတွင်းသို့မကျဘဲ ထ၍ ပြေးလေကုန်၏။ ရသေ့ လည်း ကျန်ရစ်သော ကျွဲ, နွား, လူသူတို့ကို ဆောင်ယူခဲ့ပြီးမှ မိမိဌာန၌ ချမ်းမြစွာနေစေကုန်၏။ ဤကား နှစ်ကြိမ်မြောက်သော သင်၏ ကုသိုလ် ဟောင်းတည်း။

"တစ်ရံသောအခါ ထိုမြစ်ကမ်းအနီးနေရာဝယ် ဗာရာဏသီပြည်မှ ငါးရာသော အမတ် မင်းချင်းတို့သည် မြင်းကောင်း, ဆင်ကောင်းကို ဆောင်ယူခြင်းငှာ များစွာသောလှေတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ဖွဲ့၍၊ အထက်၌ မဏ္ဍပ်ကြီးကိုပြု၍ တစ်စုတည်း မျှောခဲ့ကြသဖြင့် ထို ကေသဝရသေ့၏ နေရာအနီး၌ဆိုက်ပြီးသော် အသီးအသီးသော စားဖွယ်သောက်ဖွယ်တို့ကို စားသောက်၍ ကြွင်းသော စားဖတ်အညစ်အကြေးတို့ကို မြစ်ထဲသို့ ချလေ၏။ ထိုအခါ မြစ်တွင်း၌နေသော ဂင်္ဂေယျနဂါးမင်းသည် "ချင်းတို့ စားဖတ်အညစ်အကြေးကို ငါ့ဦးခေါင်းထက် ပစ်ရသလော"ဟု ဒေါသပြင်းစွာထွက်၍ ဖောင်ထက်၌ပါသော လူအပေါင်းတို့ကိုသတ်ခြင်းငှာ ကြီးစွာသော ကိုယ်ကိုဖန်ဆင်း၍ ပါးပျဉ်းဖြန့်၍ ရေးရှုလာလတ်သော် ဖောင်ပေါ်၌ရှိသော လူအပေါင်းတို့သည် သောင်းသောင်းရုတ်ရုတ် အုတ်အုတ်ကျက်ကျက် ကြောက်မက်စွာ အသံကိုပြုကုန်၏။ ထိုအကြောင်းကို ရှင်ရသေ့မြင်လျှင် 'ငါ့အပါးတွင် ဤသူများ မပျက်စီးစေပါလင့်'ဟု ကြံ၍ ဂဠုန်ငှက်ဟန်ဖန်ဆင်းပြီးလျှင် နဂါးကြီးအား ခြိမ်းခြောက်၍ ပြေးစေ၏။ ထိုအခါမှ ငါးရာသော လူအပေါင်းတို့သည် ဘေးဘျမ်းကင်းကွာ၍ ချမ်းသာစွာ သွားရကုန်သတည်း။ ဤကား သုံးကြိမ်မြောက်သော သင်၏ ကုသိုလ်ဟောင်းတည်း။

"အချင်း ဗက။ သင်သည် ကေသဝရသေ့ ဖြစ်သောအခါ ငါသည် သင်၏ အန္တေဝါသိက တပည့်ဖြစ်သော 'ကပ္ပရ'ရသေ့ ဖြစ်ဖူး၏။ တစ်ရံသောအခါ ဟိမဝန္တာ၏အနီးဖြစ်သော တောအုပ်ကြီး၌ ငါနေသော် သင့်အား ဗာရာဏသီမင်းသည် ပင့်၍ ချီးမြှင့်ပူဇော်ပါသော်လည်း မြို့ရွာ၏အနီး၌ သင် မပျော်ပိုက်ခြင်းကြောင့် တောအုပ်၌နေသော တပည့်ရသေ့ထံသို့သာ လာ၍နေလေလျှင်၊ သင့်အား ပင့်လျှောက်ခြင်းငှာ နာရဒအမတ် လာ၍ "မင်း၏ဆရာ ဖြစ်တော်မူသော အရှင်ကေသဝ။ ကျွန်ုပ်တို့၏ဗာရာဏသီမင်းသည် လွန်မင်းစွာ ချီးမြှောက်ပါလျက် မြို့ရွာ၏အနီး၌ မပျော်ပိုက်ဘဲ တောကြီးထဲ၌သာ အဘယ့်ကြောင့် နေလာပါသနည်း။ ပြည်သူပြည်သား အများတပည့်တို့၏ လုပ်ကျွေးခြင်းကိုမခံ။ တစ်ဦးတည်းထံ၌ အဘယ့်ကြောင့် စံလိုသနည်း။ ပြည်သို့သာ ကြွတော်မူပါ"ဟု လျှောက်လေသော်–ကေသဝရသေ့ကလည်း "အမောင် နာရဒ။ ရဟန်းဟူသမျှသည် တော၌သာနေ၍သာ ထူးမြတ်စွာသော ဈာန်သမာပတ် စည်းစိမ်မြတ်ကို ရအပ်သတည်း။ တောရပ်သမီး ဇနီးအဝင် သစ်ပင်တို့က လုပ်ကျွေးကြသော အာဟာရသာလျှင် ပြစ်ဆာကင်းဘိ ဘေးမရှိ၍ 'အဘိရမဏီယ' ဖြစ်သတည်း။ မိန်းမ, ယောကျ်ား, ရွာသူများတို့၏ လှည့်ဖြားသောကာမဂုဏ် အာရုံခြောက်ဖြာမှ ဝေးကွာလှဘိ၍ ဝိတက်သုံးပါး ယင်ရဲများတို့သည် ငါ့အား မခဲနိုင်သတည်း။ တူသောအကျင့် အခွင့်သိငြား ငါ့အားကြည်ညို ငါ့လိုလိုက်လှ ပိယဝါစာ ဆိုတတ်စွာ၍ လိမ္မာလှသော ကပ္ပရမည်ရှောင်း တပည့်ကောင်းနှင့် ပေါင်းရခြင်းကြောင့်လည်း တောတွင်း၌သာ ငါမွေ့လျော်သတည်း"ဟု ဆိုပေသော်၊ ထိုနာရဒအမတ်လည်း "အရှင်မြတ်၏တရားသည် ဖြောင့်သား ဟုတ်မှန်လေစွ"ဟု ချီးပပူဇော်၍ ပြန်လေ၏။

"အချင်းဗက။ သင်သည် လူ့ပြည်က ကြီးကျယ်လှသော ဓိဝိတဒါန အများချမ်းသာကို အခါခါပြုခဲ့ဖူးသော ကံထူးပုညကြောင့် ဤဗြဟ္မာ့ပြည်၌ မြင့်ရှည်စွာ သင် နေရသတည်း။ ထိုမျှကောင်းမှု ပြုသောအခါ ငါဘုရားသည် သင်၏တပည့်ဖြစ်၍ နှစ်သက်စွာ ညီညာ ယှိုင်းပင်းခဲ့သတည်း။ သင် အောက်မေ့လော့"ဟု ရှေးအကြောင်းကိုထုတ်ဖော်ကာ ဗြဟ္မာ



www.burmeseclassic.com

www.burmeseclassic.com



အများတို့အား ကြားသိစေလို၍ ပြဆိုတော်မူ၏။ ထိုအခါ ဗကပြဟ္မာလည်း မိစ္ဆာဝါဒမှ ကင်းစင်ပ၍ ဘုရားသခင်ကို ချီးမွမ်းလိုရကား 'အဒ္ဒါပဇာနာတိ' အစရှိသောဂါထာကို ဆို၏။

အနက်ကား– "အို– ပြဟ္မာနတ်များတို့။ လူသားဖြစ်သော ဤ ရှင်ဂေါတမသည် လောကသုံးရွာဝယ် နှိုင်းခိုင်းစရာမရှိသော တန်ခိုး, လူသုံးမျိုးကိုအုပ်စိုးနိုင်သော ဘုန်း, အလုံးစုံကို မြင်နိုင်သော ပညာနှင့် ပြည့်စုံပေ၏။ ဘဝအများ လွှမ်းထားဘိသော ငါ၏ခန္ဓာ ရုပ်နာမ် ကိုလည်း ကေန်သိမြင်တော်မူပေတတ်၏။ ကြာမြင့်စွာသော ငါ၏အသက်ကိုလည်း အမှန်ရေတွက်၍ မျက်မှောက်ဆိုနိုင်ပေ၏။ ထိုသို့ ပညာရှိလှစွာသောကြောင့် ခန္ဓာကိုယ်မှ ဖြစ်သောရောင်ခြည်သည် ကွန့်လည်တောက်ထွန်းပေသတည်း။ ဤသို့သောပညာရှိ၏ တပည့်ပြုရခြင်းသည် ရှတ်ခြည်း ကောင်းမြတ်သည်သာတည်း"ဟု ချီးမွမ်းပြီးလျှင်၊ "အရှင်ဘုရား။ ယနေ့မှစ၍ အကျွန်ုပ်တို့အယူကို ပယ်ပါတော့မည်။ အရှင်ဟောသောတရားကို အားထုတ်ပါတော့မည်"ဟု လျှောက်ဆို၏။ ထိုအခါ မြတ်စွာဘုရားလည်း ဗကပြဟ္မာအား သစ္စာလေးပါး မြိုက်တရားကို ဟောကြား၍ ပြန်လည်တော်မူခဲ့၏။

[ဤပြဟ္မာကို ချွတ်တော်မူသောအကြောင်းကား သတ္တနိပါတ် ဇာတ်အဋ္ဌကထာ၌ လာ၏။]

## ။၇၃။ မြတ်စွာဘုရား ဒက္ခိဏာဂိရိကျောင်း၌ ဝါကပ်တော်မူခြင်း

ဘုရားကိုယ်တော်မြတ်လည်း သာဝတ္ထိပြည်၌ မွေ့လျော်သမျှနေပြီးသော် ကြွတော်မူ မြဲသော ဒေသစာရီယဝတ်ကို မချွတ်မယွင်းစေရန် ကြွတော်မူလေ၍၊ ရာဇဂြိုဟ်ပြည်၌ နွေလ ပတ်လုံးနေခဲ့ပြီးသော် ဝါလနီးသောအခါ များစွာသောပုဏ္ဏားတို့ လျှောက်ကြားပင့်ဖိတ်သည်ကို အကြောင်းပြု၍ ရာဇဂြိုဟ်ပြည်၏တောင်မျက်နှာ သုံးဂါဝုတ်ကွာသောရွာနှ၌ 'နာဠ' မည်သော ပုဏ္ဏားရွာကို အမှီပြု၍ 'ဒက္ခိဏာ ဂိရိ'ကျောင်းကြီး၌ ဝါကပ်တော်မူလေ၏။

အကြောင်းကား– ထို နာဠပုဏ္ဏားရွာ၌ လယ်လုပ်သောအမှုဖြင့် အသက်မွေးဘိသော 'ကသိဘာရဒ္ဒာဇ' အမည်ရှိသောပုဏ္ဏားသည် များစွာသော ဥစ္စာ ရွှေ ငွေ ဆန်ရေစပါးလည်း ရှိ၏။ သား, မြေး, ကျေးကျွန်, အခြွေအရံတို့နှင့်လည်း အလွန်ပြည့်စုံ၏။ ထိုပုဏ္ဏားသည် လယ်ထွန် မင်္ဂလာပြုသောအခါတို့၌ တင့်တယ်စွာ တန်ဆာဆင်ယင်အပ်ကုန်သော ထွန်တုံးထွန်သန် နှင်တံ ငါးရာတို့၌ သုံးထောင်မျှလောက်သော တန်ဆာဆင်ပြီးသော နွားကြီးတို့ကို အလှည့်အလှည့် က,ကုန်လျက် ငါးရာမျှလောက်သော ယောကျ်ားတို့ကို ထွန်နှင်စေ၍၊ နို့, ပလွေ, စောင်း, ငြင်း, ဒုံမင်း, ပတ်သာတို့ကို တညီတညာတည်း ရှင့်နွဲလျက် ပျော်ပွဲသဘင်ကို ဖြစ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



လုံးရပ်သဏ္ဍာန် ဖွေကြေ်လက္ခဏာနှင့်ပြည့်စုံသော သုံးထောင် သော နွားလားတို့၏ ကိုယ်၌ ညိုသောပုဆိုးဖြင့် အချို့ကို လွှမ်းသည်။ နီသောပုဆိုး၊ ရွှေသောပုဆိုး၊ ပြာသောပုဆိုး၊ နက်သောပုဆိုးတို့ဖြင့် အချို့ကို လွှမ်းသည်။ ဦးချိုအခွေတို့၌ ရွှေစင်ကတော့တို့ဖြင့် စွပ်သည်။ ရွှေကြယ်ငွေကြယ်စီသော ကတ္တီပါကြိုးတို့ဖြင့် ပါးသိုင်း,နားသိုင်း ထည့်ကုန်သည်။ ထိုနွားတို့၏ နွား၌ သာခွာငွေပြားကို ခတ်၍ဝတ်ကုန်သည်။ အဆင်းငါးပါးရှိကုန်သော ပန်းကုံး, ခြူကုံးတို့ဖြင့် ရစ်ဖုံး ဆင်ယင်ကုန်သည်။ ချောမွေ့သေသပ် ပွတ်လုပ်အပ်သော ထွန်တုံး, ထွန်သန်, လှင်ကန်, ထမ်းပိုးတို့၌လည်း ပြိုးပြိုးပြက်တောက်ပသော ကျောက်ကောင်းစိန်ကောင်းဖြင့် ခြယ်သော ရွှေကြယ်ငွေကြယ်တို့ကို လည်ကာလည်ကာ စီကုန်၏။ ထို ထွန်နွားတို့ဖြင့် အရွယ်သင့်သော ယောကျ်ားငါးရာတို့သည် အစာမခြေသောပုဆိုးတို့ကို ဝတ်ကုန်လျက် ဘယက်, စည်ပေါင်း, နားတောင်း, ခြူမြှာတို့ကို ကောင်းစွာဆင်၍ ထွန်နှင်စေကုန်၏။ နွားလားရှစ်စီး က,သော ထွန်ကြီးကို ရှေ့ကထားလျက် နွားလေးစီးက,သောထွန်ငယ်တို့ ရံကာရံကာ ဆယ်ရှဉ်းတစ်စုစီသာ ပြု၍ ထွန်ကုန်၏။

ထိုအခါ ကသိဘာရဒွာဇပုဏ္ဏားလည်း အသပြာ ငါးရာထိုက်သော ပုဆိုးတစ်ထည်ကို ဆင်ဝတ်၍ အသပြာတစ်ထောင်ထိုက်သော ပုဆိုးကို စလွယ်တင်ပြီးလျှင်၊ ခြင်္သေ့ခံတွင်းခံလျက် အလျှံတခြည်ခြည်သော ကျောက်စီနားတောင်း ဦးခေါင်းမကိုဋ် စွပ်လျက်၊ တလျှပ်လျှပ် တောက်ပသော ကျောက်စီလက်ကြပ် လက်စွပ်ဒွာဒရာ ရတနာခါးကြိုးတို့ဖြင့် ဆင်ယင်၍ ပုဏ္ဏားလုလင်အပေါင်း ခြံရံလျက် လယ်ထွန်သူတို့ကို ရှုမျှော်ကာနေ၏။ ထို ကသိဘာရဒွာဇ၏ ခင်ပွန်းဖြစ်သော ပုဏ္ဏေးမသည်လည်း လှပသန့်စင် တန်ဆာဆင်ပြီးသော် ချစ်ခင်စဖွယ် အရွယ်ကောင်းလှသော ဗြာဟ္မဏဒါယိကာ ရွှေငါးရာတို့ဖြင့် နို့ဃနာထမင်းကိုစီရင်လျက် ပျား, တင်လဲ, ထောပတ်တို့နှင့် ဖက်စပ်စေ၍ ရွှေခွက်တို့ဖြင့် ထည့်ကာထည့်ကာ ဆာမွတ် သမျှသော သူတို့အား ကျွေးမွေးကာနေ၏။

ဘုရားကိုယ်တော်မြတ်လည်း နေ့စဉ်မပြတ် ပြုမြဲသော ဗုဒ္ဓကိစ္စငါးတန်တွင် ပစ္ဆိမယံ ကိစ္စ၌ ချီးမြှောက်ထိုက်သောဝေနေယျကို ရှုတော်မူရာဝယ် ကသိဘာရဒွာဇပုဏ္ဏား၏ ဥပနိဿယကို မြင်တော်မူသဖြင့် 'ဤပုဏ္ဏား၏ လယ်ထွန်ရာဌာနသို့ ငါ ကြွတော်မူရသော် ထူးမြတ်သောဓမ္မကထာသည် ဖြစ်လတ္တံ့။ ပုဏ္ဏားလည်း ငါ့တရားကိုနာရလျှင် ကုဋေ ရှစ်ဆယ်သောဥစ္စာကို သာသနာတော်၌ ချမြှုပ်၍၊ ဥက္ကဋ္ဌပဋိပဒါဖြင့် ရဟန္တာစစ် ဖြစ်ပေလတ္တံ့'ဟု သိတော်မူ၍ ထိုနေ့ ဆွမ်းခံချိန်အခါ၌ ပဉ္စာသမဏာမခေါ် ကိုယ်တော်တည်းသာလျှင် သပိတ်, သင်္ကန်းကိုပြင်၍ လယ်ထွန်မင်္ဂလာပြုရာ ဌာနအနီးသို့ ကြွ၍ရပ်တော်မူ၏။

ထိုအခါ ရတနာရွှေရည် ရောင်ခြည်လျှံဝါရှိသော နေဝန်းလဝန်းတို့၏အရောင်ထက် ထောင်သောင်းမက ထွန်းပကွန့်မြူးသော ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်း လွှတ်တော်မူရကား ကသိဘာရဒွာဇပုဏ္ဏား၏ လယ်ထွန်သဘင် စီရင်ရာဌာန၌ ရှိသမျှသော တဲ,ကွန်း,မဏ္ဍပ်,ဇရပ်,သစ်ပင်,မြေအပြင်တို့သည် ရွှေစင်နီဖလံ ပုစွန်ခွံတို့ဖြင့် လိမ်းကျံပက်ဖျန်း မွမ်းဘိသကဲ့သို့ နှစ်မြို့စဖွယ် တင့်တယ်စွာဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထွန်ရာဌာနသို့ စည်းဝေးကြသော လူခပ်သိမ်းတို့သည် ထမင်းစားဆဲသော သူသည်လည်း ထမင်းကို ဖြတ်လျက်, ထွန်ယက်ဆဲသောသူသည်လည်း ထိုအမှုကို ပစ်ထားလျက် ဘုရားရှိရာ မျက်နှာပြု၍ ကြည့်မျှော်ကာနေကြကုန်၏။

ကသိဘာရဒွါဇပုဏ္ဏားလည်း ဘုရားကိုယ်တော်မြတ်၏ ဆွမ်းရပ်သည်ကိုမြင်လျှင် မရှင်သောနှလုံးဖြင့် ညှိုးချုံးပင်ပန်းလျက် 'ဤရဟန်းဂေါတမကား ငါ့အမှုလုပ်တို့ကို ဆုတ်ယုတ်လစ်လပ်စိမ့်သောငှာ လာသည်တကား။ နတ်သိကြားကဲ့သို့ ထူးပြားထွန်းပသော ရောင်ဝါကျက်သရေ ဂုဏ်အမြှုတေနှင့်ပြည့်စုံသော ဤသူမြတ်သည် လူ့ရပ်လူ့ရွာ၌နေ၍ လယ်လုပ်ကုန်သွယ် ရောင်းဝယ်ခြင်းစသည်၌ ငါတို့ကဲ့သို့ လုံ့လပြုမူကား ဤဇမ္ဗူဒိပ်ကျွန်းပြင်ဝယ် ဘယ်သူမျှမယှဉ်နိုင်သော လူအများတို့၏ ပတ္တမြားဦးသျှောင်ကျင်ကဲ့သို့ ဖြစ်ပါလျက် လူပျက်လူဖျင်း လူမစွမ်းတို့၏ ထုံးတမ်းဓလေ့ဖြင့် ရသေ့ရဟန်းပြုလေ၍ ဘုန်းကျက်သရေ ခြွေရွေစည်းစိမ်ကင်းလျက် စားရန်ထမင်းကိုမျှ တောင်းလာရသည် တကား'ဟုကြံလျက် 'အဟံ ခေါ သမဏ' အစရှိသောဂါထာကို ဆိုသတည်း။

အဓိပ္ပာယ်ကား "ပျိုထွားသက်ရွယ် ရှုချင်ဖွယ်သော ရှင်ရဟန်း။ ကျွန်ုပ်တို့သည် အရှင်ကဲ့သို့ နှစ်မြို့စလောက် လှခေါင်ရောက်သော ခြောက်သွယ်ရောင်ဝါ လက္ခဏာကြီးငယ် အံ့ချီးဖွယ်တို့နှင့် တင့်တယ်ပြည့်စုံသည် မဟုတ်ဘဲလျက် ပြုလုပ်အပ်သော လူတို့ကမ္မ စာရိတ္တ၌ လုံ့လပြုသဖြင့် စည်းစိမ်သခင် ဖြစ်တုံသေး၏။ အရှင်ကဲ့သို့သောသူသည် ငါတို့ကဲ့သို့ လုံ့လ ပြုမူကား အဘယ်အကျိုး မပြည့်ဖြိုးဘဲ ရှိရာအံ့နည်း။ မပေါ့မပျင်း လူချင်းတူအောင် ကြံဆောင်ကြိုးကုတ် လုပ်ကောင်းပါလျက် သူတောင်းစားတို့အလေ့၌သာ ဘယ့်ကြောင့် မွေ့လျော်ပါသနည်း"ဟူ၍ ဆိုလိုသည်။

ထိုပုဏ္ဏား၏စကားကို ကြားတော်မူလျှင် ဘုရားသခင်လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ကျူးရင့်၍ 'အဟမ္ပိ ခေါ ဗြာဟ္မဏ ကသာမိ'အစရှိသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား– "ပုဏ္ဏားဘာရဒွါဇ။ လယ်ထွန်ခြင်းကိစ္စကို သင်သာလျှင် ပြုရ သည် မဟုတ်။ 'ဝိမုတ္တိဖလ'ကို မြင်ရခြင်း၏အကြောင်း လယ်ကောင်းမြေတာကို ငါလည်း ပြုလုပ်သည်ပင်တည်း"ဟူလိုသည်။

ထိုစကားကို ပုဏ္ဏားကြားလေလျှင် အင်္ဂဝိဇ္ဇာ တတ်လိမ္မာ၍ ပညာရှိသူဖြစ်ရကား 'ဤရဟန်းသည် ဖြစ်ဆန်းမျှသာ မုသာဝါဒကိုလည်း ဆိုမည့်သူမဟုတ်။ လယ်လုပ်မှုကို မပြုဘဲလျက် ငါလည်းလယ်လုပ်၏ ဆိုခြင်းသည် ဘယ်ကိုရည်၍ ဆိုသနည်း။ ငါမေးဦးအံ့'ဟုကြံ၍ 'န ခေါ မယံ ဘောတော ဂေါတမဿ'အစရှိသော ဂါထာကို ဆိုပြန်၏။

အဓိပ္ပာယ်ကား–"ရှင်ဂေါတမ။ သင်သည် လယ်လုပ်၏ဟုဆိုပြီး၊ သင်၏လုပ်ရာ လယ်တောခိုင်ဖြိုး လမိုင်းကြီးကိုလည်း ငါမမြင်။ ထွန်သန်,ထွန်သွား,ကျွဲ,နွား,လူသူ ကူပံ့သမှု ပြုကြသည်ကိုလည်း ငါ မမြင်။ သို့စင်ဖြစ်လျက် ဘယ်အနက်ကြောင့် လိုက်ဖက်ကာသာ မုသာဝါဒ အရာကျအောင် ပြောပြဘိသနည်း။ သင့်လုပ်နက်ကို အချက်ကျအောင် ပြပါဦးလော့" ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ လျှောက်ကြားသော် ဘုရားသခင်ကလည်း 'သဒ္ဓါ ဗီဇံ'အစရှိသော ဂါထာဖြင့် "ဘာရဒွါဇ ပုဏ္ဏား။ ငါသည် ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယ သံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတ သီလတည်းဟူသော လယ်မြေအပြင်ကို တီထွင်ထွန်ယက်၍ ထက်သန်သောသဒ္ဓါမျိုးကို စိုက်ပျိုးပစ်ချသဖြင့် သမထဝိပဿနာ ဟူသောရသကို နေ့ညဥ့်ပွားစေလျက် အရိယာမဂ်ဖိုလ်တည်းဟူသော ထွန်တုံး,ထွန်သွားဝယ် သမ္မာသင်္ကပ္ပ, သမ္မာဝါယာမဟူသော နွားကို က,လျက် သမ္မာဒိဋ္ဌိ စသောနှင်တံဖြင့် အဖန်ဖန်ထွန်ယက်ရကား ငါဘုရားလည်း တရားလယ်မှူးပင်တည်း"ဟု မိန့်တော်မူ၏။

ဤသို့ စသည်ဖြင့် ဝက်တ္တဒေသနာကို ဆောင်တော်မူလျှင် ဘာရဒွါဇပုဏ္ဏားလည်း ကြီးမားသောပါရမီဉာဏ် ရှိသူဖြစ်ရကား လေးပါးသောသစ္စာကို ရှေးဦးစွာမြင်တတ်သော သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ယင်းသို့ သောတာပန်ဖြစ်ပြီးသော် ကိုယ်တော်မြတ်အား လျှောက်ပတ်သောနေရာသို့ ပင့်တင်၍ ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးသော် "ရှင်တော်ဘုရားသည် အကျွန်ုပ်အား ယနေ့မှစ၍ ဥပါသကာ မှတ်တော်မူပါ။ အကျွန်ုပ် သားမယားနှင့်တကွ ကိုးကွယ်ဆည်းကပ်ပါတော့မည်"ဟု သရဏဂုံယူ၏။

ထိုနေ့မှစ၍ ပုဏ္ဏားလည်း ဘုရားသခင်ကို အလွန်ကြည်ညို၍ "ကိုယ်တော်မြတ်သည် ဤအရပ်၌ ဝါကပ်တော်မူပါ။ သံဃာတော်အပေါင်းတို့အားလည်း ပစ္စည်းလေးပါးဖြင့် အကျွန်ုပ် ချီးမြှောက်ပါမည်"ဟု လျှောက်၏။ ကိုယ်တော်မြတ်လည်း မစင်ကြယ်သော အမူအကျင့်ရှိကုန်သော ပုဏ္ဏားတို့အား တရားရသကို ဝေငှတော်မူလျက် ထို နာဠရွာ၏အနီး ဒက္ခိဏဂိရိ ကျောင်းကြီး၌ ဝါကပ်တော်မူသည်။ ဝါကျွတ်သောအခါ ရာဇဂြိုဟ်ပြည်သို့ပင် ပြန်လည်ကြွရောက်တော်မူ၏။

ဤကား ကောဒသမ ဝါကပ်တော်မူသော အကြောင်းအတ္တုပ္ပတ္တိ အမြွက်တည်း။

## ။၇၄။ မြတ်စွာဘုရား ဝေရဥ္ဇာပြည်၌ ဝါကပ်တော်မူခြင်း

ထိုရာဇဂြိုဟ်၌ မွေ့လျော်သမျှနေပြီးသော် သာဝကကြီးတို့နှင့်တကွ ငါးရာမျှလောက်သော သံဃာအရံပါလျက် ဒေသစာရီ ကြွချီတော်မူ၍ ဝါလနီးသောအခါ 'ဝေရဥ္ဇာပြည်'သို့ ရောက်လေသဖြင့် ထိုပြည်နှင့်မဝေးမနီး တောအုပ်ကြီးအတွင်း၌ 'နဠေရု'ဘီလူးမင်းသည် မီတင်းစောင့်ကြပ်လျက် 'ဝနပ္ပတိ' အမည်တွင်သော တမာပင်ကြီးအရင်းဝယ် သီတင်းသုံး နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နေကြောင်းကို ပြည်သူအပေါင်းတို့၏ တစ်ဆင့်စကားဖြင့် ဝေရဉ္စပုဏ္ဏားသည် ကြားသိလေသော် ပြည်သူတို့ကိုခေါ်၍ နှိုးဆော်တိုင်ပင်သည်ကား "လူများအပေါင်းတို့။ ထီးဆောင်းမင်းအပေါင်းတို့၏ ညွတ်ကျိုးဦးနှိမ်ရာ သာကီဝင်မင်းမျိုးမှရဟန်းပြုသော ဂေါတမ အနွယ်တော်ဖြစ်သော ဘုရားသခင်သည် သံဃာတော်ငါးရာနှင့်တကွ ကြွတော်မူလာ၍ ငါတို့ ဝေရဉ္စာပြည်၏အနီး တမာပင်ကြီးရင်းတွင် သီတင်းသုံးနေတော်မူသတတ်။ ထို အရှင်ဂေါတမ၏ အရဟံ, သမ္မာသမ္ဗုဒ္ဓ အစရှိသောကျေးဇူးဂုဏ်သည် အလုံးစုံသောလောကဓာတ်ကို ထုတ်ခတ်ကြေညာလျက် နတ် ဗြဟ္မာနှင့်တကွသော လူအပေါင်းတို့အား အပါယ်လမ်းကြောင်းကို မြင်ဘိ၍ အာဒိကလျာဏ, မဇ္ဈေကလျာဏ, ပရိယောသာန ကလျာဏဂုဏ်နှင့် ပြည့်စုံသော တရားစကားကို ဟောကြားပြလျက် မြတ်လှသောကျင့်ဝတ်လမ်းကြောင်းကို ကောင်းစွာ ပြညွှန်းပေသတတ်။ ထိုအရှင်မြတ်အား ဆည်းကပ်ဖူးမြော် ပူဇော်ရမူ အဆအရာ ကောင်း မြတ်စွာ၏။ ငါတို့သွား၍ ညွတ်တွားဆည်းကပ်ကြကုန်အံ့"ဟု တိုင်ပင်၍၊ ဘုရားသခင်ရှိရာသို့ လာခဲ့ကြပြီးသော်၊ ကိုယ်တော်၏အနီး၌ အသီးသီးသောစကားကို လျှောက်ကြား၍နေကြ ကုန်၏။ ဘုရားသခင်လည်း အစဉ်သောဓမ္မကထာဖြင့် ကောင်းစွာ ဆုံးမတော်မူ၏။

ထိုအခါ ဝေရဉ္စပုဏ္ဏားသည် ဘုရားသခင်ကို အပြစ်တင်လို၍ "အရှင်ဂေါတမ။ အရှင်သည် ဆွေစစ်မျိုးရိုး ဘေးဘိုးဝံသအားဖြင့် ဗြဟ္မဏအစစ်ဖြစ်ကုန်သော၊ မင်း နှစ်ဆက်, သုံးဆက်ကြာအောင် ချမ်းသာစည်းစိမ်မပျက် အသက်ရှည်ကြာ ရောဂါမရှိ ပကတိအိုမင်းခြင်းသို့ ရောက်ကုန်သော ပညာရှိပုဏ္ဏားတို့ကို သူတစ်ပါးကဲ့သို့ ညွတ်တွားရိုကျိုး ရှိခိုးခြင်းကိုမပြု ဟူ၍လည်းကောင်း၊ ခရီးမှလာသော် နေရာခင်းခြင်း, သုံးရေသောက်ရေ တည်ခြင်း စသော ဝတ်ကိုမပြု ဟူ၍လည်းကောင်း ကျွန်ုပ် ရေးကကြားဖူး၏။ ထိုမျှသောသတင်းစုသည် ယခုမျက်မြင်နှင့် ညီညွတ်သည်သာလျှင် ဖြစ်၏။ အရှင်ဂေါတမသည် သူတော်ကောင်းလူလိမ္မာ ပညာရှိပုဂ္ဂိုလ်ဖြစ်လျက် ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိ, မဟလ္လကဖြစ်သော ပုဏ္ဏားမြတ်တို့အား ရိုညွတ်ခြင်း, ရှိခိုးခြင်းစသည်ကို ဘယ့်ကြောင့် မပြုပါသနည်း"ဟု လျှောက်၏။

ဘုရားသခင်လည်း "အချင်းဝေရဉ္စပုဏ္ဏား။ ငါဘုရားသည် ဝပ်တွားရိုကျိုး ရှိခိုးထိုက်သော လူနတ်ဗြဟ္မာကို သုံးရွာသောလောက၌ တစ်စုံတစ်ယောက်မျှ မြင်တော်မမူ။ အကြင်သူအား ငါ ရှိခိုးငြားအံ့။ ထိုသူ၏ဦးထိပ်တို့သည် ခုနစ်စိတ်ကွဲ၍ ဖရိုဖရဲ ဖြစ်ဘိရာ၏။ ထို့ကြောင့် ငါ ရှိမခိုးသတည်း"ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားလျှင် ဝေရဉ္စပုဏ္ဏားလည်း ဘုရားကို အပြစ်တင်လို၍ 'အရသရူပေါ ဘဝံ ဂေါတမော' အစရှိသောစကားကို ဆို၏။

အနက်ကား– "ဘုရားဂေါတမ။ အရှင်သည် အနှစ်အရသာကင်းသော သဘောရှိ၏။ အညီအညွတ်ခံစားအပ်သော စည်းစိမ်မှလည်း ကင်း၏။ ကောင်းသောအမှုကိုပင် မပြုအပ်ဟူ သော အကိရိယဝါဒလည်း ရှိ၏။ ကောင်းမှု၏အကျိုးကို ဖြတ်တတ်သော ဥစ္ဆေဒဝါဒလည်း ရှိ၏။ ပညာရှိတို့ ဆုံးမခြင်းငှာလည်း ထိုက်သေး၏။ သူ၏နှလုံးကို ပူပန်စေတတ်သော အကျင့်လည်း ရှိ၏။ နတ်ပြည်၌ ပဋိသန္ဓေနေကြောင်းမှလည်း ကင်း၏။ ထို့ကြောင့် အရှင်သည် ရိုသေလေးမြတ် ဆည်းကပ်ထိုက်သောပုဂ္ဂိုလ် မဟုတ်"ဟူ၍ ဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်မြတ်လည်း ထိုစကားကို တိုက်ရိုက်အားဖြင့် မပယ်ဘဲ၊ ပရိယာယ်ဖြင့်သာ ဖြေတော်မူခြင်းငှာ 'အတ္ထိ ခွေသ ဗြာဟ္မဏ ပရိယာယော'အစရှိသော စကားဖြင့်–

"ပုဏ္ဏားဝေရဉ္ဇ။ သင်သည် ငါဘုရားအား 'အရသာမရှိ' ဟူသောစကားကို ဆို၏။ ထိုအကြောင်းကား ဆိုထိုက်ပေသည်တကား။ ငါဘုရားသည် အကြင် ရူပရသ, သဒ္ဒရသ, ဂန္ဓရသ, ရသရသ, ဖောဋ္ဌဗ္ဗရသ တည်းဟူသော ကာမဂုဏ်နှင့်စပ်သော ရသတို့ကို ပယ်ချအပ်ကုန်ပြီ။ ရူပါရုံကို ခံစားခြင်း၊ သဒ္ဒါရုံကို ခံစားခြင်း၊ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းတို့ကိုလည်း အကြွင်းမဲ့ ပယ်အပ်ကုန်ပြီ။ ဤအကြောင်းကို ရည်၍ဆိုမူ ဆိုထိုက်လှပေ၏။ အဘိဝါဒန စသည်ကို မပြုခြင်းကြောင့်သာဆိုမူ မထိုက်။ 'အကိရိယဝါဒ ရှိသည်'ဆိုရာ၌ ငါဘုရားသည် ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါး, မနောဒုစရိုက် သုံးပါး တရားတို့ကို လည်းကောင်း၊ ဤမှတစ်ပါး များစွာသော မကောင်းမှုတို့ကို လည်းကောင်း မပြုကျင့်အပ်ဟူ၍ ဟောတော်မူ၏။ 'ဥစ္ဆေဒဝါဒ ရှိ၏'ဟုဆိုရာ၌ ငါဘုရားသည် ဣဋ္ဌ, ဣဋ္ဌမဇ္ဈတ္တဖြစ်သော ကာမဂုဏ်အာရုံတို့၌ စုံမက်တပ်ငြိခြင်းတည်းဟူသော ရာဂတရား, ပြစ်မှားခြင်းတည်းဟူသော ဒေါသတရား, တွေဝေခြင်းတည်းဟူသော မောဟတရား ဤမှတစ်ပါး များစွာသော အကုသိုလ်ဓမ္မတို့ကို ပယ်ချခုတ်ဖြတ်ခြင်းငှာ များစွာဟောတော်မူ၏။ ထို့ကြောင့် ထိုအကြောင်းတို့ကို ရည်၍ ဆိုမူ ဆိုထိုက်ပေ၏။ အဘိဝါဒန စသည်ကို မပြုခြင်းကြောင့်သာဆိုမူ မဆိုထိုက်ချေ"ဟု မိန့်တော်မူပြီးလျှင်–

"အချင်း ဝေရဉ္ဇ။ ဥပမာဖြင့် ငါ ဆိုဦးအံ့။ ဤလောက၌ ကြက်မတို့သည် ရှစ်လုံး, ကိုးလုံးမျှ လည်းကောင်း၊ ဆယ်လုံး, ဆယ့်တစ်လုံးမျှ လည်းကောင်း အုကြလေပြီးသော် ထိုဥပေါ်၌ ဝပ်လျက် ကြက်၏ရင်ငွေ့, အတွေ့, အနံ့တို့ကို ထုံစေသဖြင့် အလုံးစုံသောအရေသည် ခြောက်ကပ်၍ လွမ်းအပ်သော ဥခွံလွှာပါးသဖြင့် သားငယ်ဖြစ်သောကြက်တို့သည် ထက်စွာသော နှုတ်သီးဖြင့် ပေါက်၍ပေါက်၍ ဖောက်ထွက်လာကုန်၏။ ထိုပေါက်သမျှသော ကြက်သားငယ်တို့တွင် အကြင် ရှေ့ဦးကြက်သားငယ်ကို အဘယ်သို့ ခေါ်အပ်သနည်း။ 'အကြီး'ဟူ၍ ခေါ်အပ်သလော။ 'အငယ်' ဟူ၍ ခေါ်အပ်သလော"ဟူ၍ မေးတော်မူ၏။

"ရှင်ဂေါတမ။ ရှေးဦးစွာ ပေါက်သောကြက်ကို 'အကြီး'ဟူ၍ ဆိုအပ်ပါသည်"ဟု လျှောက်လျှင်–

"အချင်းဝေရဉ္ဇ။ ဤ လောကသုံးရွာ၌ သတ္တဝါတို့သည်လည်း အဝိဇ္ဇာဟူသော ဥခွံသည် မြေးယှက်၍မထွက်နိုင်ဘဲ မြင့်မြဲစွာဖြစ်ကြသည်တွင် ငါဘုရားသည် အများတို့ရှေးဦးစွာ အဝိဇ္ဇာဟူသော ဥခွံကိုဖျက်၍ ဖောက်ထွက်နိုင်သောသူတည်း။ ထို့ကြောင့် သင်တို့ထက် ငါသာ ကြီးမြတ်စွာ၏။ သူတကာတို့ ရခြင်း, သိခြင်းငှာမထိုက်သော ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး တရားအထူးကိုလည်း ရတော်မူ၏" ဤသို့ စသည်ဖြင့် ဝိတ္ထာရတရား ဟောကြားသည်ကို နာရလျှင်၊ ဝေရဉ္ဇပုဏ္ဏားလည်း"အရှင်ဘုရားပင် စင်စစ် ကြီးမြတ်သည် မှန်ပေ၏။ တရားဒေသနာလည်း လွန်စွာ နှစ်သက်ဖွယ်ရှိပေ၏။ ဖုံးမှောက် ဝှက်ထားသောဝတ္ထုကို လှစ်လှန်၍



www.burmeseclassic.com

www.burmeseclassic.com



ပြဘိသကဲ့သို့ လည်းကောင်း၊ ခရီးမှားသောသူအား ဖြောင့်သားစွာ လမ်းညွှန်ဘိသကဲ့သို့ လည်းကောင်း သိသာလှပေသည်။ အံ့ဖွယ် ရှိပေသည်”ဟု များစွာချီးပ၍ တေဝါဝိက သရဏဂုံကို ခံယူလေ၏။

ယင်းသို့ ဥပါသကာအဖြစ်သို့ ရောက်ပြီးသော် “ရှင်တော်ဘုရားသည် အကျွန်ုပ်တို့အား သနားတော်မူသဖြင့် ဤဝေရဉ္စာတိုင်း၌ ဝါကပ်တော်မူပါ”ဟု လျှောက်၍ လျှောက်ပတ်သော နေရာ ကျောင်းကန်ကို စီမံလှူဒါန်း၏။ ဘုရားကိုယ်တော်မြတ်လည်း ဝါကပ်တော်မူ၏။ ထိုအခါ ဝေရဉ္စာပြည်အရပ်သည် ငတ်မွတ်ခြင်းဘေးဖြင့် နှိပ်စက်သည်ဖြစ်၍ လူလေးမျိုးတို့သည် အရိုးဖွေးဖွေးဖြူမျှ သေကြကုန်၏။ စပါးကောက်ပဲ စိုက်ကြပါသော်လည်း သီးနှံမထွက် ရိုးတံချက်သာ ဖြစ်ကုန်၏။

မာရ်နတ်သည် မြတ်စွာဘုရားအား ပြစ်မှား နှိပ်စက်လိုသောအကြံဖြင့် နိယံစောင့် လင့်ရာ ထိုအခါ အခွင့်ရလေ၍၊ ဝေရဉ္စပုဏ္ဏားနှင့်တကွ ပြည်သားပြည်သူဟူသမျှတို့ကို ဘုရားကိစ္စ၌ သတိမရအောင် မေ့လျော့စေရကား၊ သံဃာအများတို့သည် သပိတ်ဆွဲကာ ဆွမ်းကိုခံပါသော်လည်း တစ်ထပ်စာမျှ ဝလောက်ရုံသောဆွမ်းကိုမျှ မလှူဒါန်းကြကုန်။

ထိုအခါ ဥတ္တရာပထတိုင်းမှ မြင်းကုန်သည်ငါးရာတို့သည် မြင်းရောင်းခြင်းငှာ လာ၍ ဝေရဉ္စာမြို့အနီး၌ ကြီးစွာသောတင်းကုပ်ပြု၍ နေကြ၏။ ထိုမြင်းကုန်သည်တို့က တစ်ကွမ်းစား, တစ်ကွမ်းစားသော မုယောဆန်ကို သံဃာတော်တို့အား ဆွမ်းဝတ်တည်သတည်း။

သံဃာတော်တို့လည်း နံနက်ကပင် သပိတ်,သင်္ကန်းကိုပြင်လျက် ဝေရဉ္စာမြို့တွင်း၌ လှည့်ပတ်၍ တစ်ဇွန်း,တစ်ယောက်မသောဆွမ်းကိုမျှ မရကြသောကြောင့် မြင်းတင်းကုပ်သို့ ကပ်ကြပြီးသော် တစ်ကွမ်းစားမျှသောဆန်ကို ခံယူခဲ့ကြကုန်၍ ဆုံငယ်ဖြင့်ထောင်း၍သာ ဘုဉ်းပေးရှာကြကုန်၏။

အရှင်အာနန္ဒာလည်း မိမိအလို့ငှာ တစ်ကွမ်းစား၊ ဘုရားသခင်အလို့ငှာ တစ်ကွမ်းစားသော မုယောဆန်ရင်းကို မြင်းကုန်သည်တို့၏ထံမှ ခံခဲ့၍ ကျောက်ထက်၌ ညက်စွာကြိတ်ပြီးသော် ရှင်တော်ဘုရားအား ကပ်ပေ၏။ ကိုယ်တော်မြတ်လည်း ထက်ဝက်မျှသာ ဘုဉ်းပေး၍ တစ်ဝက်ကို ရှင်အာနန္ဒာအား ပေး၏။ ယင်းသို့ သံဃာတို့ ထောင်းကြသောဆုံသံကို မြတ်စွာဘုရား ကြားသိတော်မူလျက်ပင် အရှင်အာနန္ဒာကိုခေါ်၍ “ချစ်သားအာနန္ဒာ။ များစွာသော ဤအသံကား အဘယ်အသံနည်း”ဟု မေးတော်မူ၏။

[ဘုရားတို့ဓမ္မတာကား အခါကိုကျင့်၍ မသင့်သောအခါ၌ သိလျက်လည်း မေးတော်မမူ။ တရားဟောခြင်းငှာ လည်းကောင်း၊ သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်ခြင်းငှာ လည်းကောင်း သင့်တင့်သောအခါဖြစ်မူ သိလျက်ပင် မေးတော်မူမြဲတည်း။]

အရှင်အာနန္ဒာလည်း “သံဃာတော်များ ဆွမ်းမရ၍ တစ်ကွမ်းစားပမာဏ ရခဲ့သော မုယောဆန်ကို ဆုံဖြင့်ထောင်း၍ သုံးဆောင်ကြပါသည်”ဟု နားတော်လျှောက်၏။ ဘုရားသခင်လည်း “ချစ်သားအာနန္ဒာ။ သာဓု သာဓု သာဓု။ ယခု သူတော်ကောင်းဖြစ်ကုန်သော သင်တို့သည် ငြိုငြင်ဆင်းရဲစွာလျက် သိက္ခာပုဒ်ကိုမဖျက်ဘဲ အသက်မွေးမြူကြခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ငါဘုရား၏သာသနာ၌ နောင်လာလတ္တံ့သော ရဟန်းအပေါင်းတို့အား ကောင်းစွာ ချီးမြှောက်သည် မည်၏။ အဘယ့်ကြောင့်နည်းဟူမူကား ထို နောက်သားရဟန်းတို့သည် သားဖြင့် ပြွမ်းသော သလေးဆွမ်းကို မထိမဲ့မြင်ပြုရအောင် ဝပြောရစ်လတ္တံ့သတည်း”ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ဘုရားထံသို့ကပ်ပြီးသော် ဤသို့ နားတော်လျှောက်၏။ “ဘုန်းတော်ကြီးသော တရားမင်းဖျား။ ဤ ပြည်သူပြည်သားတို့သည် ရှားပါးငတ်မွတ်ခြင်း ပြင်းလှကုန်သည်။ သေအံ့လော, ရှင်အံ့လော ဟု တွေးတောခြင်းနှလုံးကြောင့် ယူကျုံးမရ ဖြစ်ကုန်သည်၊ အရိုးဖွေးဖွေးဖြူမျှ သေကြကုန်သည်။ သံဃာတော်တို့လည်း အလွန်ပင်ပန်းကုန်သည်။ သို့ရာတွင် တပည့်တော် ကြံမိသည်ကား ‘ဤ မဟာပထဝီနှစ်စုတွင် ပံသုပထဝီ၏အောက် ကျောက်မြေ၏အထက်၌ မြေးယှက်ကာတည်သော ပျားလပို့ပမာ ဃနာစိုင်အသွင် သန့်ရှင်းကောင်းမြတ်စွာ အရသာနှင့်ပြည့်စုံသော မြေလွှာသည် ရှိ၏။ ထိုမြေလွှာကို ယူ၍ ရဟန်းတို့အားပေးရမူ ချမ်းသာကြရာ၏’ဟု ကြံမိပါသည်။ ထိုအရာကို မြတ်စွာဘုရားသည် ခွင့်သနားပါမူ ကျွန်ုပ် ယူ၍ ကျွေးပါအံ့”ဟု နားတော်လျှောက်၏။

ဘုရားသခင်လည်း “ချစ်သား မောဂ္ဂလာန်။ ဤမြေကိုမှီ၍ နေကုန်သောသတ္တဝါတို့ကို အဘယ်သို့ အသင်ပြုအံ့နည်း”ဟု မေးတော်မူလျှင်၊ “အရှင်ဘုရား။ ဤအရေးကား မခက်ခဲပါ။ တပည့်တော်၏လက်ဝါးတစ်ဖက်ကို ဤကျွန်းမြေထက် ကျယ်သောမြေအပြင် ဖန်ဆင်း၍ မြေ၌မှီတင်းသမျှ သတ္တဝါတို့ကို ပြောင်းလဲကာနေစေပြီးသော် ဤမြေကြီးကို လက်တစ်ဖက်ဖြင့် လှန်၍ မြေဆီအရသာကို ယူပါအံ့”ဟု နားတော်လျှောက်၏။

ဤစကားကို ကြားသော် ရှင်တော်ဘုရားလည်း “ချစ်သား မောဂ္ဂလာန်။ သင် ကြံတိုင်း ယူနိုင်မည်ကို ငါ သိတော်မူ၏။ သို့သော်လည်း ဤသို့ယူခြင်းကို အလိုမရှိလင့်။ အဘယ့်ကြောင့်နည်းဟူမူကား ဤ ဒုဗ္ဘိက္ခကပ်မည်သည်ကား ယခုအခါသာ ဖြစ်သည်မဟုတ်။ နောင်သောအခါလည်း ဖြစ်လတ္တံ့။ ထိုသို့ဖြစ်သောအခါ ငါ၏သာသနာ၌ ဘုန်းသမ္ဘာနကုန်သော ပုထုဇဉ်ရဟန်းတို့သည် မြေလွှာကို မယူစွမ်းနိုင်သဖြင့် ပင်ပန်းကြကုန်သော် ထိုထိုလူအပေါင်းတို့သည် ‘ရှေးသူတော်ကောင်းဖြစ်သော ရဟန်းသူမြတ်တို့ရှိသောအခါ ဤကဲ့သို့အရာ၌ မြေလွှာကိုယူ၍ သုံးဆောင်ကြကုန်သည်။ ယခုမူကား သူတော်ကောင်းရဟန်းစစ် မရှိ၍ မိမိတို့နှင့်တကွ မွတ်သိပ်ခြင်းဒုက္ခကို ခံကြရကုန်သည်’ဟု ကြည်ညိုခြင်း ပျက်စီးဘိရာ၏။ ထို့ကြောင့် မြေလွှာသြဇာယူခြင်းငှာ အလိုမရှိလင့်”ဟု မိန့်တော်မူ၏။

ထို့နောက် တစ်ဖန် အရှင်မောဂ္ဂလာန် လျှောက်ပြန်သည်ကား “အရှင်ဘုရား။ တပည့်သား သံဃာတော်တို့သည် ဆွမ်းအဖျော်ဖြင့် မပင်ပန်းစိမ့်သောငှာ မြောက်ဥတ္တရကုရုကျွန်း၌ ဆွမ်းခံစေလိုပါသည်။ သိဒါခုနစ်တန်, သတ္တရဘန်ခုနစ်ထပ် ရံချပ်ကာတည်သော မြင်းမိုရ်တောင်မင်းကိုဖောက်၍ သမုဒ္ဒရာထုတ်ချောက်ဖြင့် တစ်လျှောက်တည်း တပည့်တော် တံတားသွယ်ပါမည်။ ထိုအမှုကို ခွင့်ပြုတော်မူပါ”ဟု လျှောက်၏။ ဘုရားသခင်လည်း “အချင်းမောဂ္ဂလာန်။ ဤအကြံကိုလည်း သင် အလိုမရှိလင့်။ ထိုထိုသတ္တဝါတို့ ဝိပလ္လာသ ဖြစ်ကုန်လတ္တံ့။ ဤမျှသောဆင်းရဲကို သည်းခံကြလော့”ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရံသောအခါ အရှင်သာရိပုတ္တရာသည် ဆိတ်ငြိမ်ရာသို့ကပ်၍ ကိန်းဝပ်တော်မူစဉ် ဆင်ခြင်မိသည်ကား'ရှေးရှေးသောဘုရားတို့သည် များစွာ ပွင့်ကြလေကုန်ပြီ။ ထိုဘုရားတို့တွင် ဘယ်ဘုရားရှင်တို့၏ သာသနာတော်သည် ရှည်မြင့်စွာ တည်ဘိသနည်း။ ဘယ်ဘုရားတို့၏ သာသနာတော်သည် ရှည်မြင့်စွာ မတည်ဘိသနည်း။ ရှည်မြင့်စွာတည်ကြောင်း,မတည်ကြောင်းကား အဘယ်နည်း'ဟု အကြံဖြစ်၏။ ထိုအကြံကို မိမိ၏ဉာဏ်ဖြင့် အကုန်အစင် မမြင်နိုင်ရကား ဘုရားရှင်သို့ ကပ်ပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ရှေး ပွင့်၍သွားကုန်သော ဘုရားသခင်တို့တွင် အဘယ်ဘုရားသခင်၏ သာသနာသည် ရှည်မြင့်စွာ တည်ပါသနည်း။ အဘယ်ဘုရားသခင်၏ သာသနာသည် ရှည်မြင့်စွာ မတည်ပါသနည်း"ဟု နားတော်လျှောက်၏။

ရှင်တော်ဘုရားကလည်း "ချစ်သား သာရိပုတ္တရာ။ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဝိပဿီဘုရား၊ ၎င်းနောက် ပွင့်တော်မူသော သိခီဘုရား, ဝေဿဘူဘုရားတို့၏ သာသနာသည် ရှည်မြင့်စွာ မတည်။ သာဝကနှစ်ဆက်လွန်က ကွယ်ပ,လေကုန်သတည်း။ ဤကမ္ဘာ၌ကျသော ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရားရှင်တို့၏ သာသနာကား ရှည်မြင့်စွာ တည်ကုန်သတည်း"ဟု မိန့်တော်မူလျှင်–

"အရှင်ဘုရား။ ထို ဝိပဿီစသော ဘုရားတို့၏သာသနာသည် အဘယ့်ကြောင့် ရှည်မြင့်စွာ မတည်ပါသနည်း"ဟု လျှောက်ပြန်၏။ "ချစ်သား သာရိပုတ္တရာ။ ထို ဝိပဿီ အစရှိသော နောင်တော်ဘုရားတို့သည် တရားဟောခြင်း၌ ပင်ပန်းနိုးကုန်သည်ဖြစ်၍ သာဝကတို့အား များစွာလည်း တရားမဟောကုန်။ ဝိနည်း,သိက္ခာပုဒ်ကိုလည်း များစွာ မပညတ်ကုန်။ အာဏာပါတိမောက်ကိုလည်း မပြကုန်။ သုတ္တ, ဂေယျ, ဂါထာစသော ဒေသနာတို့လည်း အနည်းငယ်သာ ဖြစ်ကုန်၏။ ထိုဘုရားတို့၏ တပည့်သားသံဃာတော်တို့သည် ခြောက်နှစ် တစ်ကြိမ်သာ ဘုရားထံသို့လာ၍ ဩဝါဒပါတိမောက်ဖြင့် ဥပုသ်ပြုကုန်၏။ ဥပုသ်ပြုအံ့သောအခါ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ရှစ်သောင်းလေးထောင်သော ကျောင်းတို့၌တည်သော သံဃာတို့ကို ဥပုသ်နှိုးဆော်သောနတ်တို့သည် ပြုအပ်သောနေ့ရက်နီးလျှင် 'အရှင်မြတ်တို့။ နက်ဖြန် ဥပုသ်နေ့ ကြိမ်ပြီ။ သိမ်သို့သွားခြင်းငှာ ပြင်ဆင်ကုန်လော့'ဟု နှိုးဆော်၍၊ နတ်တို့အာနုဘော်ဖြင့် ဆောင်ပြီးလျှင် ဘုရားသခင်ထံသို့ ရောက်စေကုန်၏။

"ထိုအခါ သံဃာတော်တို့၏အစည်းအဝေး၌ ရှေ့ဘုရားတို့ ပြမြဲဖြစ်သော ဩဝါဒပါတိမောက်ကို ပြတော်မူ၏။ ဤသို့ ဆုံးမဟောကြားသော တရားဒေသနာသည် အနည်းငယ်သာဖြစ်ရကား ထိုဘုရားတို့၏သာသနာသည် မြင့်ရှည်စွာ မတည်။ သာဝက တစ်ဆက်, နှစ်ဆက်သာတည်၍ ကွယ်ပျောက်လေသတည်း။ ချစ်သား သာရိပုတ္တရာ။ ကကုသန်, ကောဏာဂုံ, ကဿပ ဟူသော ဘုရားသုံးဆူတို့ကား သာဝကတို့အား လခွဲ တစ်ကြိမ် ဥပုသ်ပြုစေကုန်သတည်း။ တရားဒေသနာတို့သည် သီတံချည်ဖြင့် ကုံးသီအပ်သောပန်းကဲ့သို့ ပရမ်းပတာ မရှိကုန်။ ထို့ကြောင့် ထိုဘုရားတို့၏သာသနာသည် ရှည်မြင့်စွာ တည်လေသတည်း"ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့သောစကားကို ကြားရသောအခါ အရှင်သာရိပုတ္တရာလည်း သာသနာထားမည့် အကြောင်းကို တောင်းပန်လိုရကား ငါးပါးသော အစိမတ္တတို့ဖြင့် ညွတ်ခရှိခိုးလျက် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တစ်ဆူတစ်ဆူသော ဘုရားသခင်တို့၏ ဖြစ်ခြင်းသည် အလွန်ခဲယဉ်းသော ဒုလ္လဘတရား ဖြစ်ပါသည်။ သာသနာ အရှည်တည်မှ သတ္တဝါများတို့ စီးပွားချမ်းသာ ဖြစ်ပါမည်။ ကိုယ်တော်မြတ်၏သာသနာသည် ရှည်စွာထွန်းပအောင် သာဝကတို့အား ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူပါ။ တရားဒေသနာကို များစွာ ဟောတော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်ကလည်း "ချစ်သား သာရိပုတ္တရာ။ ငံ့ဦးလော့, ငံ့ဦးလော့။ ပညတ်သင့်သောအခါကို ငါဘုရား သိတော်မူ၏။ ယခုအခါ သံဃာပရိသတ်သည် ထွတ်မြတ် စင်ကြယ်သေး၏။ အညစ်အကြေးပြုသူ မရှိ။ ပစ္ဆိမက ဖြစ်သောပုဂ္ဂိုလ်မှာ သောတာပန်သာ ဖြစ်၏။ အကြင်နှောင်သောအခါ သာသနာ၌ များစွာသောအမျိုးသားတို့သည် သက်ဝင်ကြသဖြင့် အာသာတို့၏တည်ရာဖြစ်သော ကာမဂုဏ်ငါးပါးတို့သည် ပွားစီးကုန်လတ္တံ့။ လာဘ်ပူဇော်သက္ကာကို တောင့်တ၍ လည်းကောင်၊ အခြွေအရံကို တောင့်တ၍ လည်းကောင်း၊ ဗဟုကိစ္စ, ဗဟုဗျာပါရအဖြစ်ကို တောင့်တ၍ လည်းကောင်း အကုသိုလ်ဖြစ်ကြောင်း မကောင်းမှုတရားကို ပွားစေကုန်လတ္တံ့။ ထိုအခါ ထိုအပြစ်တို့ကို ပယ်ဖျောက်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်ရလတ္တံ့."ဟု မိန့်တော်မူ၏။

ဘုရားကိုယ်တော်မြတ်လည်း ဝါကျွတ်၍ ပဝါရဏာပြုပြီးသော် ရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူသည်ကား"ချစ်သားအာနန္ဒာ။ လာခြင်းကောင်းသော ဘုရားသခင်တို့သည် အကြင်အရပ်၌ အကြင်ဒါယကာတို့ ပင့်အပ်သည်ဖြစ်၍ ဝါကပ်ကုန်၏။ ထိုဒါယကာတို့အား မပန်ကြားဘဲ သွားတော်မူမြဲ မဟုတ်ချေ။ ဖိတ်သောဒါယကာအား ပန်ကြား၍သာ သွားမြဲဓမ္မတာ ဖြစ်ချေသည်။ ထို့ကြောင့် ဒေသစာရီ ကြွချီခြင်းငှာ ဝေရဉ္ဇပုဏ္ဏားအား ပန်ကြားဦး"ဟု မိန့်တော်မူ၍၊ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့နံနက်တွင် သပိတ်,သင်္ကန်းကို ပြင်လျက် ဝေရဉ္ဇပုဏ္ဏားအိမ်သို့ ကြွတော်မူလေ၏။

ဝေရဉ္ဇပုဏ္ဏားလည်း ခင်းထားသောနေရာထက်၌ နေစေပြီးသော် ထံတော်ပါး၌ ရှိခိုးလျက်နေ၏။ ဘုရားသခင်ကလည်း "အချင်း ဝေရဉ္ဇ။ သင်သည် ပင့်ဖိတ်အပ်သည်ဖြစ်၍ ဝါကပ်သောအမှုသည် ယခု ဝါ ပြည့်ချေပြီ။ ငါဘုရားသည် အရပ်တစ်ပါးသို့ သွားလိုသောကြောင့် သင့်ကို ပန်ကြားလာသတည်း"ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား။ အကျွန်ုပ်ကား ပင့်ဖိတ်သည် မှန်ပေ၏။ ထိုသို့ ပင့်ဖိတ်ပါသော်လည်း တစ်ခုသောအလှူဒါနကိုမျှ မလှူရသေး။ ထိုသို့ မလှူရခြင်းသည်လည်း ဒါတဗ္ဗဝတ္ထု မရှိသည်လည်း မဟုတ်။ သမ္ဗုဒ္ဓမြတ်စွာဘုရားအား မသဒ္ဓါ မကြည်ဖြူ၍ မလှူသည်လည်း မဟုတ်။ ကျွန်ုပ်တို့လူမည်ကား အလွန်များသော ကံကိစ္စ ရှိ၏။ ထို့ကြောင့် မေ့လျော့လျက် ရှည်ကြာပေသတည်း။ အရှင်ဘုရားသည် တပည့်သား သံဃာတို့နှင့်တကွ နက်ဖြန် ကျွန်ုပ်အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း ဆိတ်ဆိတ်သည်းခံ၍ ပြန်တော်မူခဲ့လျက် နံနက်သောအခါ သံဃာတော်အပေါင်းနှင့်တကွ ကြွတော်မူ၍ ဆွမ်း, သင်္ကန်းအလှူကို ခံတော်မူ၏။ ဝေရဥ္စ ပုဏ္ဏားလည်း ရဟန်း တစ်ပါးတစ်ပါးလျှင် အသပြာ ငါးရာစီထိုက်သော သင်္ကန်းဖြင့် လှူဒါန်း ပူဇော်၏။ ကိုယ်တော်မြတ်လည်း တရားအနုမောဒနာပြုပြီးသော် ကြွတော်မူခဲ့၍ နောက်တစ်နေ့ ပင် ဝေရဥ္စာတိုင်းမှ ဒေသစာရီကြွချီလာ၍ ဗာရာဏသီပြည်သို့ ရောက်တော်မူ၏။

ဤကား ဒွာဒသမ ဝါကပ်တော်မူသော အကြောင်းအထွေထူးပွတ္တိ အမြွက်တည်း။

[ပါရာဇိကဏ် ပါဠိတော်, အဋ္ဌကထာတို့၌ ကျယ်စွာလာ၏။]

## ॥၇၆॥ သူစိလောမ, ခရလောမ ဘီလူးနှစ်ယောက်တို့ကို ချွတ်တော်မူခြင်း

တေရသမဝါကို စာလိယတောင် ချရားတော၌ ဝါကပ်တော်မူသည်။ စုဒ္ဒသမဝါကို သာဝတ္ထိပြည်၌ ဝါကပ်တော်မူသည်။ ထိုအခါ ဂယာရွာ၏အပါး၌နေသော 'သူစိလောမ, ခရလောမ' အမည်ရှိသော ဘီလူးနှစ်ယောက်တို့အား ချွတ်တော်မူရသော အကြောင်းကား ဤသို့တည်း။

ကဿပဘုရားသခင်၏ လက်ထက်တော်၌ ရဟန်းတစ်ဦးသည် လွန်ကြူးသော မာန်မာန ရှိ၏။ သူတစ်ပါးတို့အား ကဲ့ရဲ့ရှုတ်ချတတ်၏။ ထိုရဟန်းသည် တစ်ရံသောအခါ ခရီးဝေးစွာမှ လာသည်ဖြစ်၍ အညစ်အကြေး ချွေးစေးသောကိုယ်ရှိလျက် မိမိဆရာတို့နေရာ ကောင်းမွန်စွာခင်းထားအပ်သော သံဃိကဖြစ်သော ညောင်စောင်းအင်းပျဉ်ထက်၌ အနီးမခံဘဲလျက် တက်၍အိပ်နေမိ၏။

ထိုရဟန်းသည် အသက်အတိုင်းနေ၍ စုတေသောအခါ မိမိ၏ မာန, မက္ခ, ပလာသအဟုန် ကြောင့် အထက်နတ်ဘုံသို့ မလားဘဲ၊ မဟာဗောဓိပင်၏ အပါး၌တည်သော ဂယာရွာကြီး၏ တံခါးဝယ် များစွာသော မသန့်မသက် တံမြက်အမှိုက် စွန့်ရာဖြစ်သော မြေအရပ်၌ နတ်ဘီလူး၏ အဖြစ်ဖြင့် ဖြစ်လေ၏။ သံဃိကညောင်စောင်းထက်၌ အိပ်စက်ခဲ့ဖူးသော မကောင်းမှုကြောင့် ကိုယ်အလုံး၌ ကထိန်သင်္ကန်းချုပ်သော အပ်နှင့်တူသောအမွေးတို့သည် ထွေးယှက်ကာ တည်ကုန်ရကား 'သူစိလောမ' ဟူသောအမည်ကို ရသတည်း။

ထို ကဿပဘုရားလက်ထက်တော်၌ တစ်ဦးသော ဥပါသကာသည် ရတနာသုံးပါးသို့ ဆည်းကပ်လျက် မြတ်သော သရဏဂုံသီလကို ဆောက်တည်၏။ သံဃာတို့၏ပစ္စည်းဥစ္စာ ကိုလည်း လှည့်ပတ်ကာ ယူလေ့ရှိ၏။ တစ်နေ့သောအခါ သံဃာတို့ မဝေဖန်သေးသော ဆီကိုယူ၍ ကိုယ်၌ လိမ်းမိ၏။ ကောင်းမွန်ဆန်းကြယ်သော ခင်းနှီးတို့ဖြင့် ခင်းထားအပ်သော သံဃိကနေရာထက်၌ မရိုမသေ အိပ်စက်ခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ထို မကောင်းမှုကြောင့် စုတေခဲ့သောအခါ ဂယာရွာ၏ တံခါးဝ၌ သူစိလောမဘီလူး၏ နေရာအနီး၌ပင် နတ်ဘီလူး ဖြစ်လေ၏။ မိကျောင်းကျောက်ကုန်း၊ ဖွတ်ကျောက်ကုန်းကဲ့သို့ ရန့်ရင်းကြမ်းတမ်းသော ကိုယ်ရှိရကား 'ခရလောမ'ဟူသောအမည်ကို ရ၏။ ထိုဘီလူး နှစ်ဦးတို့သည် ကြည်နူးသောမိတ်ဆွေပင် ဖြစ်ကြသတည်း။

ဘုရားသခင်လည်း ဇေတဝန်ကျောင်း၌ နေတော်မူ၍ တစ်နေ့သောအခါ မဟာကရုဏာသမာပတ်ဖြင့် ချွတ်အပ်သောဝေနေယျကို ရှုတော်မူသော် ဉာဏ်တော်၏ကွန်ရက်အတွင်းသို့ ဘီလူးနှစ်ဦးတို့ ဝင်လာ၍ 'ထိုသတ္တဝါတို့အား ငါ သွား၍ ချီးမြှောက်တော်မူအံ့'ဟု ကြံပြီးလျှင် တိမ်နီလာအဆင်းနှင့်တူသော သင်္ကန်းကို ရုံတော်မူလျက် ရတနာဂူမှထွက်သော ခြင်္သေ့မင်းကဲ့သို့ တစ်ပါးချင်းကြွတော်မူ၍ လှူ၊ ဆင်၊ မြင်း၊ နွား စသည်တို့၏ အညစ်အကြေးတို့ဖြင့် ပြည့်လျှောင်းလျက် မကောင်းသောရနံ့ရှိသော မြေအရပ်ကိုပင် မြတ်သောဂန္ဓကုဋိကဲ့သို့ ဝင်၍ ထိုင်တော်မူ၏။

ယင်းသို့ ဘုရားသခင် ဝင်၍ထိုင်သည်ကို သူစိလောမဘီလူးသည် မမြင်။ ခရလောမဘီလူးသည် ရှေးဦးစွာမြင်၍ ခင်ပွန်းဖြစ်သော သူစိလောမဘီလူးအား ဤသို့ ပြောကြား၏။ "အချင်းသူစိလောမ။ အလွန်အဆင်းလှသော ရဟန်းတစ်ပါးသည် သင်၏ဗိမာန်သို့ ဝင်လာသည်။ သင် မမြင်သလော"ဟု ဆို၏။

ထိုအခါ သူစိလောမ ထ၍ကြည့်သဖြင့် ဘုရားသခင်ကို မြင်လျှင် "အရှင် ခရလောမ။ ဤရဟန်းကား ရဟန်းယောင်မျှသာတကား။ ငါတို့၏တန်ခိုးစွမ်းအားကို မသိရှာ၍ ဝင်လာဘိသည်။ သိအောင် ငါ ပြလိုက်အံ့"ဟုဆိုပြီးသော် ရှင်တော်ဘုရား၏ရှေ့တော်၌ ကြောက်မက်ဖွယ်သော ကိုယ်သဏ္ဌာန်ကိုဖန်ဆင်းလျက် ခံတွင်းကျယ်ကြီးကိုဖွင့်၍ ထန်းသီးရင့်မျှ လောက်သော မျက်လုံး၊ ဆုံးအောင်သော လျှာကို ထုတ်လျက်၊ တစ်မိုက်မျှလောက်သော ရှည်သောအမွေးတို့ကို ထောင်စေပြီးလျှင် ဘုရားသခင်အနီးသို့ ကပ်၍ မိမိကိုယ်ဖြင့် ဟပ်၏။ ကိုယ်တော်မြတ်လည်း လေခတ်သောမီးလျှံကဲ့သို့ အတန်ငယ်မျှ ရွေ့လျား၍ နေတော်မူ၏။

ထိုအခါ ဘီလူးကလည်း "အရှင်ရဟန်း။ အကျွန်ုပ်ကို ကြောက်သလော"ဟုမေး၏။ ဘုရားသခင်ကလည်း "အချင်း သူစိလောမ။ ငါကား သင့်ကို မကြောက်။ သင်၏ကိုယ်အတွေ့သည် အလွန် ကြမ်းတမ်းယုတ်မာစွာ၏။ စက်ဆုပ်ဖွယ်သော မစင်စုကဲ့သို့ လည်းကောင်း၊ ထက်စွာသော သံဆူးပုံကဲ့သို့ လည်းကောင်း ဖြစ်၍ ငါ၏ကိုယ်တော်ဖြင့် တွေ့ခြင်း၊ ထိခြင်းငှာ မလျောက်ပတ်သောကြောင့်သာ ငါ ရှားတော်မူသည်"ဟု မိန့်တော်မူ၏။

ဘီလူးသည် 'ငါ့အား ယုတ်မာသောအတွေ့ ရှိသည်ဟူ၍ ဤရဟန်း ဆိုရမည်လော' ဟု ပြင်းစွာအမျက်ထွက်လျက် ဆွဆွဖြူသော မျက်နှာ၊ နက်ကြုတ်စွာသော ကိုယ်၊ စိမ်းညိုသော ခြေလက်၊ ပြူးပြူးထွက်သော မျက်လုံး၊ မီးကျီးတုံးကဲ့သို့သော သွား၊ ရှည်လျားသော လျှာတို့ဖြင့် ကြောက်မက်ဖွယ်သောကိုယ်ကို ဖန်ဆင်းလျက် ညှဉ်းပန်းကိုက်စားအံ့သကဲ့သို့ ပြုပြန်၏။ ဘုရားသခင်လည်း "သင် ပြုလိုသမျှ ပြုငြားသော်လည်း ငါဘုရား မထိတ်လန့်ချေ"ဆို၍ ပြုံးရယ်ကာ နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိလူးကား သူတစ်ပါးတို့အား ဤကဲ့သို့ ကြောက်မက်ဖွယ်သော အရုပ်အဆင်းကိုပြ၍ ထိတ်လန့်အော်ဟစ်လျှင် မိမိလက်ကို ထိုသူ၏ခံတွင်းသို့သွင်း၍ နှလုံးသားကိုသော်လည်း ဆုပ်နယ်သည်။ အူအသည်းကိုသော်လည်း ယူသည်။ ထို့ကြောင့် လူတို့ ရူးသွပ်ခြင်း, ဝမ်းသွေး လွန်၍ သေခြင်းတို့သည် ဖြစ်ကုန်၏။ ဘုရားသခင်ကိုလည်း ထိုနည်းတူပြုခြင်းငှာ လွန်စွာ ချောက်လှန့်လေသတည်း။

ဘုရားသခင်လည်း မထိတ်မလန့် တည်တံ့တော်မူသည်ကိုမြင်လျှင် "ရှင်ရဟန်း။ သင်သည် တည်တံ့ပေ၏။ သတိပညာ များစွာရှိမည် ထင်၏။ သိချင်သောပြဿနာကို ငါ မေးဦးအံ့။ အကယ်၍ မဖြေနိုင်လျှင် သင်၏စိတ်ကိုသော်လည်း ပစ်လွှင့်အံ့။ နှလုံးသား ကိုသော်လည်း ငါ ခွဲအံ့။ ခြေကိုဆွဲငင်၍ သမုဒ္ဒရာထဲသို့သော်လည်း ချအံ့"ဟု ဆိုပြန်၏။

ဘုရားသခင်လည်း "သင်ဘီလူးကိုမျှ မဆိုထားဘိ။ သုံးဆယ့်တစ်ဘုံ၌ ရှိကုန်သော လူ, နတ်, နဂါး, သိကြား, အသူရာ, ဗြဟ္မာအပေါင်းတို့တွင် အကြွင်းမဲ့ တစ်စုံတစ်ယောက် သောသူမျှ ငါဘုရား၏စိတ်ကို ပစ်လွှင့်ခြင်းငှာ လည်းကောင်း၊ ခြေကိုင်ဆွဲ၍ သမုဒ္ဒရာထဲသို့ ချနိုင်သောသူကို လည်းကောင်း တစ်စုံတစ်ယောက်မျှ ငါ မြင်တော်မမူ။ သို့ရာတွင် သင် သိချင်သောပြဿနာကိုပင် မေးဦးလော့။ သိအောင် ငါ ဖြေအံ့"ဟု ခွင့်ပြုတော်မူ၏။

ထိုအခါ သူစိလောမလည်း အားရဝမ်းသာစွာ ပြဿနာကို မေးလိုရကား–

'ရာဂေါ စ ဒေါသော စ ကုတောနိဒါနာ။

အရတိ ရတိ လောမဟံသော ကုတောဇာ။

ကုတော သမုဋ္ဌာယ မနော ဝိတက္ကာ၊

ကုမာရကာ ဓင်္ကမိဝေါဿဇန္တိ' ဟူသောဂါထာ ကိုဆို၏။

အနက်ကား– ဘော သမဏ၊ အို ရဟန်း။ အမှာကံ၊ အကျွန်ုပ်တို့၏။ သန္တာနေ၊ ခန္ဓာအစဉ်၌။ ပဝတ္တော၊ ဖြစ်သော။ ရာဂေါ စ၊ ရာဂသည် လည်းကောင်း။ ဒေါသော စ၊ ဒေါသသည် လည်းကောင်း။ ကုတောနိဒါနာ၊ အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်း။ အရတိ စ၊ မမွေ့လျော်ခြင်းသည် လည်းကောင်း။ ရတိ စ၊ မွေ့လျော်ခြင်းသည် လည်းကောင်း။ လောမဟံသော စ၊ ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ ကုတောဇာ၊ အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ ကုမာရကာ၊ ရွာသူ သားငယ်တို့သည်။ ဓင်္ကံ၊ ကျီးကို။ ဂဟေတွာ၊ ဖမ်းပြီး၍။ ဩဿဇန္တိ ဣဝ၊ ကြိုးရှည်များလျား လွှတ်ထားကုန်ဘိသကဲ့သို့။ ဝိတက္ကာ၊ မိစ္ဆာဝိတက်တို့သည်။ ကုတောသမုဋ္ဌာယ၊ အဘယ်တရားမှ အကြောင်းရှိ သောကြောင့်။ မနော၊ ကုသိုလ်စိတ်ကို။ ဩဿဇန္တိ၊ စွန့်လွှတ်ကုန်ဘိသနည်း။

ဤသို့ သူစိလောမဘီလူး မေးသောအခါ မြတ်စွာဘုရားသည် 'အကျယ်အပွား ထင်ရှား စွာ ဖြေတော်မူသော်လည်း ဤဘီလူး မမှတ်ယူနိုင်ရာ'ဟု ပုစ္ဆာသို့ အစဉ်လိုက်သော သခ်ေပဒေသနာဖြင့် ဖြေတော်မူခြင်းငှာ–



www.burmeseclassic.com

www.burmeseclassic.com



'ရာဂေါ စ ဒေါသော စ ဣတောနိဒါနာ၊
အရတိ ရတိ လောမဟံသော ဣတောဇာ။
ဣတော သမုဋ္ဌာယ မနော ဝိတက္ကာ၊
ကုမာရကာ ဓင်္ကမိဝေါဿဇန္တိ-'ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား-ယက္ခ၊ သူစိလောမ ဘီလူး။ တုမှာကံ၊ သင်တို့၏။ သန္တာနေ၊ ခန္ဓာအစဉ်၌။ ပဝတ္တာ၊ ဖြစ်သော။ ရာဂေါ စ၊ တပ်မက်မောခြင်း တည်းဟူသော ရာဂသည် လည်းကောင်း။ ဒေါသော စ၊ ကြမ်းတမ်းပြစ်မှားခြင်း တည်းဟူသော ဒေါသသည် လည်းကောင်း။ ဣတောနိဒါနာ၊ ဤ အတ္တဘောတည်းဟူသော အကြောင်းရှိ၏။ အရတိ စ၊ မမွေ့လျော်ခြင်းသည် လည်းကောင်း။ ရတိစ၊ မွေ့လျော်ခြင်းသည်လည်း။ လောမဟံသော စ၊ ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း။ ဣတောဇာ၊ ဤအတ္တဘောရှိသောကြောင့်သာ ဖြစ်ကုန်၏။ ကုမာရကာ၊ သူငယ်တို့သည်။ ဓင်္ကံ၊ ကျီးကို။ ဂဟေတွာ၊ ဖမ်း၍။ ဩဿဇန္တိ ဣဝ၊ ကြိုးရှည်များလျှား လွှတ်ထားကုန်ဘိသကဲ့သို့။ ဝိတက္ကာ၊ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် တည်းဟူသော ဝိတက်သုံးပါးတို့သည်။ ဣတော သမုဋ္ဌာယ၊ ဤအတ္တဘောမှ အကြောင်းရှိသောကြောင့်။ မနော၊ ကုသိုလ်စိတ်ကို။ ဩဿဇန္တိ၊ စွန့်လွှတ်ကုန်၏။

ဤသို့ ဖြေတော်မူသည်ကိုကြားလျှင် ဘီလူးသည်လည်း အာရဝမ်းသာစွာလျက် ဒေသနာတော်အနက်ကို ပြက်ပြက်ထင်ထင် မမြင်သေးရကား တွေမှိုင်လျက်သာ အနုမောဒနာ မပြုဘဲနေ၏။ ဘုရားသခင်လည်း ထင်စွာပြတော်မူပြန်လို၍

'သ္နေဟဇာ အတ္တသမ္ဘူတာ' အစရှိသော နှစ်ဂါထာကို ဟောတော်မူ၏။

အနက်ကား-ယက္ခ၊ သူစိလောမ ဘီလူး။ တေ၊ ထို ရာဂ, ဒေါသ အစရှိသော တရားတို့သည်။ သ္နေဟဇာ၊ ချစ်ခင်သာယာ တဏှာဟူသော အစေးအညှိကြောင့် ဖြစ်ကုန်၏။ နိဂြောဓဿ၊ ပညောင်ပင်၏။ ခန္ဓဇာ ဣဝ၊ ပင်စည်မှဖြစ်သော မြစ်ပျဉ်းကဲ့သို့။ အတ္တ သမ္ဘူတာနိ၊ အတ္တဘောကိုစွဲ၍သာ လွန်စွာပွားစီးကုန်၏။ ဝနေ၊ တော၌။ ဝိသတ္တာ၊ ပင်စည်အခက် အောက်ထက်လွှမ်းအုပ် မြွေးယှက်ချုပ်သော။ မာလုဝ၊ မာလောနွယ်ကဲ့သို့။ ပုထူ၊ များစွာကုန် သော ကိလေသာတို့သည်။ ကာမေသု၊ ကိလေသာ ကာမဂုဏ်တို့၌။ ဝိတတာ၊ ပြင်းစွာငြိတွယ် ယှက်နွယ် လွှမ်းမိုးကုန်၏။

ယက္ခ၊ ဘီလူး။ သုဏောဟိ၊ နားထောင်။ ယေ၊ အကြင်ပညာရှိကုန်သော သူတို့သည်။ ယတောနိဒါနံ၊ အကြင် အတ္တဘောဟူသော အကြောင်းရင်းရှိသော။ နံ၊ ထိုရာဂ အစရှိသော ဒုက္ခသစ္စာကို။ ပဇာနန္တိ၊ သိကုန်၏။ တေ၊ ထိုသိကုန်သော သူတို့သည်။ နံ၊ ထိုဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ ဝိနောဒေန္တိ၊ ပယ်ဖျောက်ကုန်၏။ တေ၊ ထို ပယ်ဖျောက်ကုန်သောသူတို့သည်။ ဒုတ္တရံ၊ ကူးမြောက်ခြင်းငှာ ခဲယဉ်းစွာထသော။ အတိဏ္ဏပုဗ္ဗံ၊ မကူးမြောက်ဖူးသော။ ဣမံ ဩဃံ၊ ဤ သံသရာတည်းဟူသောအလျဉ်ကို။ တရန္တိ၊ ကူးမြောက်ရကုန်၏။ အပုနဗ္ဘဝါယ၊ တစ်ဖန် ဘဝသစ်၌မဖြစ်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောတရားကို ကြားနာရလျှင် သူစိလောမဘီလူးသည် ရှေးဦးစွာ သစ္စာလေးပါးကိုမြင်သော သောတာပတ္တိ မဂ်ဉာဏ်ကိုရ၍ ပထမ ဖလဋ္ဌာန် ဖြစ်လေ၏။ ဖိုလ်ကိုရသည်နှင့်တစ်ပြိုင်နက်ပင် ကြောက်မက်ဖွယ်ရှိသော ရုပ်အဆင်းတို့သည် လည်းကောင်း၊ အပ်သွားကဲ့သို့သော အမွေးတို့သည် လည်းကောင်း ကွယ်ပ၍ လှပသောအရေအဆင်းဖြင့် ကြီးမားသောဘုမ္မစိုးနတ်တို့၏ စည်းစိမ်ကို ရလေ၏။ ထို သူစိလောမအား ဟောသောတရားကို နာရလျှင် ခရလောမလည်း ထိုနည်းတူပင် ဖြစ်လေ၏။

[ဤအကြောင်းကား သဂါထာဝဂ္ဂ ယက္ခသံယုတ်၌ လည်းကောင်း၊ သုတ္တနိပါတ်၌ လည်းကောင်း လာသည်။]

## ။ရ၆။ အင်္ဂုလိမာလကို ဆုံးမတော်မူခြင်း

ဘုရားသခင်သည် 'အင်္ဂုလိမာလ'အမည်ရှိသော ခိုးသူကို ဆုံးမတော်မူသောအကြောင်းကား ဤသို့တည်း။

ကောသလတိုင်း သာဝတ္ထိပြည်၌ ပသေနဒီကောသလမင်းကြီး ၏ ပုရောဟိတ်ဖြစ်သော 'အန္တက'ပုဏ္ဏားသည် ရှိ၏။ ထိုပုဏ္ဏား၏မယားကား 'မန္တာဒနီ'မည်သော ပုဏ္ဏေးမတည်း။

တစ်ရံသောအခါ ထို မန္တာဒနီပုဏ္ဏေးမ၏ဝမ်းဝယ် ပဋိသန္ဓေဌီတွယ်၍ ဆယ်လစေ့သောအခါ အဆင်းအင်္ဂါနှင့်ပြည့်စုံသော သားယောကျ်ားကို ညဉ့်အခါ၌ ဖွား၏။ ထိုသား ဖွားသည်နှင့်တစ်ပြိုင်နက်ပင် အလုံးစုံသောပြည်သူတို့၏ သုံးဆောင်ရာ လက်နက်ကိရိယာတို့သည် အလျှံအဝါတောက်ပကုန်၏။ မင်း၏နန်းတော်၌ ထားအပ်ကုန်သော် ဓား, လှံ, သန်လျက် လက်နက်တို့၏ အရောင်အဝါသည်လည်း ပြောင်ပြောင်တောက်ပကုန်၏။

ပုရောဟိတ်ပုဏ္ဏားသည်လည်း သားဖွားသောခဏ၌ ထွက်၍ နက္ခတ်ကို ရှုကြည့်သော် စောရနက္ခတ်နှင့် ယှဉ်သည်ကိုမြင်၍ 'ငါ့အိမ်၌ ဖွားသောသားသည် ခိုးသူကြီး ဖြစ်လတ္တံ့'ဟု သိ၍၊ မိမိအန္တရာယ် မရှိခြင်းကိုပြုလိုရကား နံနက်သောကာလ ကောသလမင်းကြီးထံသို့ ဝင်၍ "အရှင်မင်းမြတ်။ ယနေ့ ချမ်းမြေ့စွာ အိပ်တော်မူရပါ၏လော"စသည်ဖြင့် မေးလျှောက်၏။ မင်းကြီးလည်း "ဆရာ။ ချမ်းသာစွာကား အိပ်ရ၏။ သို့ရာတွင် နန်းတော်ဝန်းကျင်၌ထားသော ဓား, လှံ, သန်လျက် လက်နက်အပေါင်းတို့ အလျှံအဝါ တောက်ပကုန်သည်။ အကြောင်းအသို့ရှိအံ့နည်း။ အသက်အန္တရာယ်လော, ပြည်၏အန္တရာယ်လော"ဟု မေး၏။

ပုဏ္ဏားကလည်း"အရှင်မင်းကြီး။ စိုးရိမ်တော် မမူလင့်။ မင်း၏အန္တရာယ်လည်း မဟုတ်။ ပြည်၏အန္တရာယ်လည်း မဟုတ်။ အကျွန်ုပ်အိမ်၌ ယနေ့ည သူငယ်ကို ဖွား၏။ ထိုသူငယ်သည် ခိုးသူဖြစ်လတ္တံ့သော ပုဗ္ဗနိမိတ်တည်း။ နန်းတော်တွင်ရှိသော လက်နက်ကိရိယာသာ



www.burmeseclassic.com

www.burmeseclassic.com



အရောင်အဝါတောက်ပသည် မဟုတ်။ ပြည်အလုံး၌ရှိသော လက်နက်, ဓား,လှံတို့ပင် အရောင်အဝါ တောက်ပ၏”ဟု ပြောပေသော်၊ “အချင်းပုရောဟိတ်။ ထိုသူငယ်သည် တစ်ယောက်တည်းသောခိုးသား ဖြစ်အံ့လော။ ခြွေရံအများနှင့် တိုင်းကားနိုင်ငံကိုပုန်ကန်သော ခိုးသား ဖြစ်အံ့လော” ဟု မေးပြန်၏။ “အရှင်းမင်းကြီး။ တစ်ယောက်တည်းသောခိုးသား ဖြစ်လတ္တံ့” ဟုဆိုပြီးလျှင်၊ “အရှင်မင်းမြတ်။ နောင်သောအခါ အကျွန်ုပ်တို့အား အပြစ်ဆိုတော် မမူရအောင် ယခုက ဤခိုးသားငယ်ကို ပယ်တော်မူလော့”ဟု လျှောက်၏။

မင်းကြီးကလည်း “တစ်ယောက်တည်းသောခိုးသား ဖြစ်မူ အဘယ်မူ၍ ဂရုပြုတော့အံ့နည်း။ စပါးတစ်သိန်းထွက်သော လယ်၏အတွင်း၌ တစ်နှံတည်း အဖျင်းသီးသကဲ့သို့သာ ဖြစ်ရာသည် မဟုတ်လော။ ကောင်းမွန်စွာလျှင် ကျွေးမွေးစောင့်ရှောက်ပါလော့”ဟု ဆို၏။

ထိုအခါမှစ၍ ပုဏ္ဏားသည် ကြောင့်ကြမဲ့ မွေးမြူ၏။ အမည်ကို မှည့်အံ့သောအခါဝယ် ‘ဤသူငယ်သည် ငါတို့အမျိုးအနွယ်ကို မညှဥ်းဆဲလတ္တံ့.’ဟူသော ပုဗ္ဗနိမိတ်ကိုယူ၍ ‘အဟိံသက’ဟူသောအမည်ကို မှည့်၏။

ထိုသူငယ် အရွယ်သို့ရောက်သောအခါ အတတ်ပညာကို မိမိပင် သင်ပြနိုင်သော်လည်း အဝေးမြို့ရွာ၌ထားရခြင်းသည် ဇာတိမာန်ကျခြင်း၊ ပညာကို လုံ့လပြု၍သင်ခြင်း၊ မိတ်ခင်ပွန်းတို့နှင့် လိုက်လျောတတ်ခြင်း၊ အရပ်ဒေသကို ကျွမ်းကျင်ခြင်း စသောအကျိုးများ သောကြောင့် အမျိုးကောင်းသားတို့သည် မိဘနှင့် ဝေးခြားရာ၌သာ ပညာသင်စေမြဲ ဖြစ်ရကား “တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခဆရာထံ၌ ‘ဓမ္မန္တေဝါသိက’ပြု၍ အတတ်သင်ချေ” ဟု စေလိုက်၏။ [‘ဓမ္မန္တေဝါသိက’ ဟူသည်ကား ဆရာစား အခမပေးဘဲ ခြေရင်း၌ အလုပ်အကျွေး ပြု၍ သင်သောတပည့်တည်း။]

အဟိံသက သတို့သားသည်လည်း မိဘတို့စေလိုက်တိုင်း သွား၍ ဒိသာပါမောက္ခ ဆရာထံသို့ ရောက်လျှင် တိုးဝင်ဆည်းကပ်၍ အတတ်ပညာကို သင်၏။ ဆရာ့အစီးအပွား ဖြစ်သော ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း အလွန်ဆောင်ရွက်၏။ ဆရာနှစ်သက်ဖွယ်သော စကားကိုသာဆိုလျက် ဆရာ့အလိုသို့လိုက်သော အနီးနေတပည့်ပြုလျက် တစ်နေ့တစ်ရက်မျှ မပြတ်မလပ်အောင် အတတ်ပညာကို မှတ်နာသင်ယူ၏။ ထိုသူ ရောက်သည်မှစ၍ တစ်ပါးတပည့်များတို့သည် ဆရာ့ကိစ္စကို ဆောင်ရွက်ခွင့်မရ။ ပြင်ပဗာဟိရသာ ဖြစ်ကုန်၏။ ဒိသာပါမောက္ခဆရာလည်း အဟိံသကအား ရင်ထွက်သားကဲ့သို့ သနားလေးမြတ်သည်ဖြစ်၍ အတတ်အမျိုးမျိုးတို့ကိုပင် သင်စေရကား သူတစ်ပါးထက် ကဲလွန်၍တတ်၏။

ထိုအခါ ရှေးဦးစွာနေလင့်သော တပည့်တို့သည် ဤသို့ တိုင်ပင်ကုန်၏။ “အဟိံသက ရောက်သည်မှစ၍ ဆရာသည် ငါတို့အား သတိမရသကဲ့သို့ ဖြစ်၏။ ဤသူကို ဆရာနှင့် ကွာအောင် ငါတို့ အဘယ်သို့ပြုအံ့နည်း။ အလုံးစုံသောတပည့်တို့ထက် ထက်သော ဉာဏ်ပညာရှိရကား ‘ဒုပ္ပညာ’ ဟူ၍ ဆိုခြင်းငှာလည်း မတတ်ကောင်း။ ဆရာ့ဝတ်၌ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညွတ် လိမ္မာသူဖြစ်ရကား 'ဝတ်နှင့်မပြည့်စုံ' ဟု ဆိုခြင်းငှာလည်း မတတ်ကောင်း။ အမျိုးမြင့်မြတ်သူ ဖြစ်ပေရကား 'အမျိုးညံ့'ဟူ၍ ဆိုခြင်းငှာလည်း မတတ်ကောင်းချေ။ ဤသူ မနေရအောင်မှာ ဆရာ၏မယားနှင့် ယိုးစွပ်၍ပြောဆိုမှသာလျှင် သင့်ရာတော့မည်"ဟု တိုင်ပင်ကြပြီးလျှင် လူကို သုံးစုခွဲ၍ တစ်စုသောသူတို့သည် ဆိတ်ငြိမ်သောအခါ ဆရာ့ထံသို့ ကပ်၍ ရှိခိုးလျက်ရပ်ကုန်၏။

ဆရာက "တပည့်တို့။ အဘယ့်ကြောင့် လာကြသနည်း"ဟုမေးသော်၊ "ကျွန်ုပ်တို့သည် တစ်ခုသောစကားကို လျှောက်ကြားခြင်းငှာ လာပါသည်" ဟုဆို၏။ "အဘယ်စကားကို ကြားလိုသနည်း"ဟု မေးလျှင်၊ "ဆရာချစ်သော အဟိံသကသည် ဆရာ့မိန်းမနှင့် ချစ်ကျွမ်းဝင်၍ ဆရာကိုပင် ပြစ်မှားအံ့ကြံသည်ဟု ကျွန်ုပ်တို့ ထင်ပါသည်"ဟူ၍ လျှောက်၏။ ဒိသာပါမောက္ခ ဆရာလည်း မယုံမနာ ပြင်းစွာအမျက်ထွက်၍ "ဟယ် သူယုတ်တို့။ ငါ့သားကို ငါနှင့်ကွဲပြားအောင် အဘယ့်ကြောင့် ကုန်းတိုက်ကြသနည်း" ဟုဆို၍ တံတွေးဖြင့် ထွေးလိုက်၏။ ထို့နောက် တစ်သင်းသောတပည့်တို့လည်း ထိုနည်းတူပင် ပြောဆိုကြ၏။ တတိယ အသင်းလည်း ထိုနည်းပင် ပြောဆိုကြ၏။

ပြောဖန်များသောအခါ ဆရာလည်း အဟိံသက၏ အမူအရာကိုကြည့်ရှုကာ ဆင်ခြင်၏။ ထိုအဟိံသကကိုကား ဆရာသာလျှင် ချစ်ခင်သည် မဟုတ်။ ဆရာ့မယား, သမီး, သားနှင့်တကွ ချစ်ခင်ကြရကား ကျွမ်းဝင်ရောပြွမ်းသည်သာ ဖြစ်၏။ ဆရာလည်း ရောပြွမ်းသောအမူအရာကို မြင်လျှင် ဟုတ်နိုးအံ့ထင်၍ သတ်ချင်သော စိတ်သည် ဖြစ်၏။ 'အကယ်၍ ငါသည် ဤအိမ်တွင် အဟိံသကကို သတ်သည်ဖြစ်အံ့။ ဒိသာပါမောက္ခဆရာသည် မိမိထံမှာ အတတ်သင်လာသောတပည့်ကိုပင် သတ်ရာသည်ဟု အရပ်ရပ်ကျော်ကြား၍ ငါ၏ထံသို့ တပည့်တို့ မရောက်လာလတ္တံ့။ ဤသို့မရောက်ငြားက ငါ့အား လာဘ်ပူဇော်သက္ကာသည် ဆုတ်ယုတ်လတ္တံ့။ တစ်စုံတစ်ခုသော ပရိယာယ်ဖြင့် ဤသူငယ် ငါ့ထံမှခွာသွား၍ သူတစ်ပါးသတ်လွယ်အောင် ပြုတော့အံ့'ဟု ကြံ၍၊ တစ်ရံသောကာလ အဟိံသကကို ခေါ်ပြီးလျှင်–

"ချစ်သားအဟိံသက။ သင်ကဲ့သို့ အမျိုးမြတ်စွာ ပညာလျင်လျား ဝတ်တရားဌ်လိမ္မာသော တပည်ကောင်းကို အလွန်ရခဲ၏။ ထို့ကြောင့် သင့်အား အကြွင်းမထား ဘဲ လွန်ကဲထူးမြတ်စွာ ငါသိသမျှအတတ်ကို သင်အံ့။ သို့ရာတွင်မူ ပူဇော်ဖွယ်အထူးဖြင့် လွန်စွာပူဇော်မှ ငါ အကုန် သင်ထိုက်ချေသည်။ သင် ပူဇော်နိုင်အံ့လော"ဟု ဆို၏။

ထိုအဟိံသကလည်း "ဆရာ။ အဘယ်သို့ပြုရမည်ကိုသာ ပြောပါလော့။ ကျွန်ုပ် ပူဇော်ပါအံ့"ဟုဝန်ခံလျှင်၊ "သင်ချစ်သားသည် ငါ့အား လူ၏လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်မှ သင်ရချိမ့်မည်"ဟု ဆို၏။

ထိုစကားကိုကြားလျှင် အဟိံသကလည်း"ဆရာ။ မစိုးရိမ်လင့်။ လျင်စွာ ပြည့်စုံစေအံ့" ဟုဆို၍၊ ဆရာကို ရှိခိုးပြီးသော် ကြီးစွာသောသန်လျက်, လှံ, ဓား, လေး, မြား, မီးပေါက် ဟူသော လက်နက်ငါးပါးကိုစွဲလျက် မြို့မှထွက်ခဲ့၍ တစ်ခုသောတောအုပ်၌နေပြီးလျှင် ခရီးသွားကုန်သော မိန်းမ,ယောကျာ်းတို့အား ဖမ်းကာဖမ်းကာသတ်လျက် လက်ညှိုးနှစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ယူ၏။ ပြကတေ့အားဖြင့် အလွန်ပညာရှိသောသူဖြစ်လျက် ပါဏာတိပါတ၌ လေ့လာခြင်းကြောင့် စိတ်ပျံ့လွင့်လေရကား ရသောလက်ချောင်းကိုမျှ မရေတွက်ဘဲ သစ်ခက်သစ်ခွစသည်တို့၌သာ စုထား၍၊ ကျီး, ငှက်စသည်တို့ စားသဖြင့် ထားတိုင်းထားတိုင်း ပျောက်ပျက်သည်သာ ဖြစ်လေသော် 'ဤသို့ထားသဖြင့် မသင့်ချေသေး။ ရသမျှလက်ညှိုးကို ကြိုးဖြင့်သီကုံး၍ ပန်းကုံးကဲ့သို့ လည်တွင်ဆွဲထားမှ ငါ့အား ပြည့်စုံလွယ်ချိမ့်မည်'ဟု ကြံလျက်၊ တစ်ဖန် သတ်၍ရသမျှ လက်ချောင်းကို ကောင်းစွာသီ၍ လည်၌ဆွဲထား၏။ ထိုအခါမှစ၍ 'အင်္ဂုလိမာလ' ဟူသောအမည်ကို လူတို့ ခေါ်ဆိုကြ၏။

ထိုတောအုပ်သို့ ထင်းခုတ်, ဟင်းရွက်ခူးမျှ သွားငံ့ကြသောသူမည်သည် တစ်စုံတစ်ယောက်မျှ မရှိ။ အလုံးစုံသောတောအုပ်သည် ဆိတ်ငြိမ်ခြင်းသို့ ရောက်၏။ အင်္ဂုလိမာလခိုးသားလည်း ခရီးသွားလူသူ မရှိလေလျှင် ညဉ့်အခါ၌ ရွာတွင်းသို့ဝင်၍ အိမ်တွင်ပိတ်ထားသောဆူးတပ်တံခါးကို ခုန်လွှားဖျက်ဖောက်၍ ယောကျ်ား, မိန်းမ ဖမ်းမိသမျှသောသူကို သတ်၍ လက်ညှိုးနှစ်ခုကို ယူ၏။ လူတို့စည်းဝေး၍ လိုက်သောအခါ လျင်စွာသောအဟုန်ဖြင့်ပြေးဘိ၍ မိမိတောအုပ်သို့ ဝင်နေ၏။ သုံးယူဇနာရှိသော ခရီးကိုလည်း တစ်ဟုန်တည်း ပြေးနိုင်သောစွမ်းပကားသတ္တိရှိရကား မည်သူမျှ လိုက်လံဖမ်းဆီးခြင်းငှာ မစွမ်းနိုင်ကုန်။ တစ်စုံတစ်ယောက်သောသူကို မြင်လျှင် လက်တွင်စွဲမြဲသော ဓား, သန်လျက်ကို စက်ရဟတ်ကဲ့သို့ ပတ်ပတ်ချာချာလည်စေလျက် ကြွက်သို့ရှေးရှုလိုက်သော ကြောင်, သားကောင်ကို ရှေးရှုလိုက်သော ကျားကဲ့သို့ ကွန့်လွှားခုန်ပျံ၍ နံဘေးတင်သားကို လက်ဝါးဖြင့်ပုတ်လျက် တစ်မုဟုတ်ချင်း ပြေးလာ၍ ဦးခေါင်းကိုသာ ဖြတ်လေ၏။

ဤသို့သောနည်းအားဖြင့် ညဉ့်၌ လည်းကောင်း, နေ့၌ လည်းကောင်း နေ့တိုင်းနေ့တိုင်း ယူလေရကား ကျေးရွာယယ်အများ ပျက်စီး၍ ရွာကြီးနိဂုံးသို့ ပေါင်းရုံး၍နေကြကုန်၏။ ရွာကြီးတို့၌ ထိုအတူ ဝင်၍ယူပြန်လျှင် လူပုံယင်တို့သည် သားယယ်မြေးတွဲ ပြေးလွှဲကြလတ်၍ သာဝတ္ထိမြို့၏အနီး၌သာ ဆူးတပ်လုံ့စွာဖြင့် ကာရံကာနေကြ၏။

ထိုသို့နေပြီးသော် မင်းကြီးထံသို့ကပ်၍ "အရှင်မင်းမြတ်။ အင်္ဂုလိမာလမည်သောခိုးသားသည် မြင်မြင်သမျှသော မိန်းမ,ယောကျ်ားတို့ကို သတ်၍ အရပ်ရပ်ကျေးရွာတို့ များစွာပျက်စီးကုန်ပြီ။ ဤခိုးသူကို ဖမ်းယူဖယ်ရှားတော်မူပါ"ဟု လျှောက်၏။ ကောသလမင်းလည်း သတင်းကြားသည်နှင့် အလွန်ထိတ်လန့်ရကား မဖမ်းဝံ့ငြားသော်လည်း ပြည်သူ ပြည်သားတို့နှလုံးသက်သာစိမ့်သောငှာ "သင်တို့ မစိုးရိမ်လင့်။ ငါသည် နက်ဖြန် မြင်းစီးသူရဲ ငါးရာနှင့်အင်္ဂုလိမာလကို ဖမ်းယူစေအံ့"ဟု ဆိုလိုက်၏။

ထိုစကားကို ပုရောဟိတ်ပုဏ္ဏားကြားလျှင် အိမ်သို့ပြန်လာ၍ မန္တာနီပုဏ္ဏေးမအားဤသို့ပြော၏။ "ရှင်မ။ ယခု လူတို့ကိုသတ်၍ လက်ညှိုးကိုဖြတ်ယူသော ခိုးသူအင်္ဂုလိမာလဟူသည်ကား အခြားသူ မဟုတ်။ ရှင်မ၏ သားပင်တည်း။ ထိုခိုးသူကို နက်ဖြန် ငါတို့မင်းကြီးသည် မြင်းငါးရာဖြင့် သွား၍ ဖမ်းယူလတ္တံ့"ဟု ပြော၏။ ထိုစကားကိုကြားလျှင် ပုဏ္ဏေးမက "အမောင်။ ထိုသို့ဖြစ်တပြီးကား အမောင့်သားကို သွား၍ ခေါ်ပါချေ"ဟု ဆို၏။ ပုဏ္ဏားက



www.burmeseclassic.com

www.burmeseclassic.com



"ငါ မသွားဝံ့"ဟု ဆိုလျှင်၊ "အရှင်မသွားဝံ့သော် အကျွန်ုပ်ပင် သွား၍ခေါ်ပါအံ့"ဟု ဆို၏။ ပုဏ္ဏားကလည်း "ရှင်မ။ 'သူမိုက်တို့အား လည်းကောင်း၊ ခိုးသူတို့အား လည်းကောင်း ငါ့သား,ငါ့တူ တော်သည်ဟူ၍ အကျွမ်းမဝင်ရာ။ မင်းညီမင်းသားတို့ကိုလည်း ငါ့အား ချစ်ခင်သည်ဟူ၍ ဂရုမမူ အကျွမ်းမဝင်ရာ။ မိန်းမတို့ကိုလည်း ငါ့အလိုသို့ လိုက်လှသည်ဟူ၍ ချစ်ကျွမ်းမဝင်ရာ'ဟု ရှေးပညာရှိတို့ ဆိုကြကုန်သည်။ သင့်သားယုတ်သည် ကြမ်းကြုတ်လွန်ကျူး သောသဘော ရှိ၏။ ထိုကြောင့် ငါ မသွားစေချင်"ဟု ဆို၏။

မိခင်တို့၏သဘောလည်း သားသမီးကို အလွန်စုံမက်ခြင်းရှိရကား "အကျွန်ုပ်အား သတ်လိုသော်လည်း သတ်ပစေ။ သား၏သေခြင်းကို မမြင်လိုပါ"ဟု ဆိုလျက်၊ နံနက်သောအခါ စောစွာထမင်းစားပြီးလျှင် သား အင်္ဂုလိမာလရှိရာ တောအရပ်သို့ ရှေးရှုသွားလေ၏။

အင်္ဂုလိမာလခိုးသားလည်း မကောင်းသောစားခြင်း, မပျော်သောအိပ်ခြင်းဖြင့် ဆင်းရဲခံရသည် မြင့်ရှည်လှ၍ စိတ်ဆန့်ကျင်ရကား မိမိရသော လက်ညှိုးကို ရေတွက်၍ကြည့်သော် တစ်ထောင်ပြည့်မည့် တစ်ယောက်သာ လိုတော့သည်ဟု သိ၍၊ 'ယနေ့ ငါသည် ရှေးဦးမြင်သော သူတစ်ယောက်ကိုသတ်၍ လက်ညှိုးတစ်ထောင် ပြည့်စေသဖြင့် ဆရာအား ပူဇော်ပြီးလျှင် ကြီးမြတ်သောအတတ်ကို လျင်စွာသင်၍ မိခင်ဖခင်တို့ထံ ပြန်တော့အံ့'ဟုကြံလျက် တောအုပ် လယ်မှထွက်ခဲ့၍ ကွယ်ဝှက်လောက်ရုံသော တော၏အဝ တစ်ခုသောဌာနဌ် နေ၏။

မိခင်ဖြစ်သော မန္တာနီပုဏ္ဏေးမလည်း တောအနီးသို့ ရောက်သောအခါ "ချစ်သား အဟိံသက။ ကောသလမင်းကြီးသည် ယနေ့ သင့်ကိုဖမ်းယူခြင်းငှာ မြင်းငါးရာဖြင့် ထွက်လာ လတ္တံ့။ လောလောရက်ရက် ခုတ်ဖြက်သတ်ညှစ်ခြင်းကို သင် ခံရတော့မည်။ မိခင်ထံသို့ အမြန်လာခဲ့လော့"ဟု ဟစ်ကြော်၍ သွား၏။ ခိုးသားအင်္ဂုလိမာလလည်း အဝေးကလာသည်ကို မြင်လျှင် 'ဤမိန်းမကိုပင် သတ်၍ လက်ညှိုးကိုဖြတ်ယူအံ့'ဟု ကြံလျက်နေလင့်၏။

ဘုရားသခင်လည်း ထိုနံနက် ထ၍ လောကကိုရှုတော်မူလျှင် အင်္ဂုလိမာလ၏ ဉပနိဿယ သမ္ပတ္တိကိုမြင်၍'ယနေ့ ငါသွား၍ တရားဟောရမူ လေးပုဒ်ရှိသောတစ်ဂါထာဖြင့် အင်္ဂုလိမာလလည်း သစ္စာလေးဝကိုမြင်သဖြင့် ရဟန်းခွင်သို့ ရောက်လတ္တံ့။ အကယ်၍ ငါမသွားဘိမူ မိခင်ကိုသတ်၍ အနန္တ ရိယကံကို ရသဖြင့် အဝီစိငရဲ၌ မြင့်မြဲစွာ ခံရလတ္တံ့'ဟု မြင်တော်မူ၍ ရတနာဂူမှထွက်သော ခြင်္သေ့မင်းကဲ့သို့ ဂန္ဓကုဋိတွင်းမှထွက်ပြီးလျှင် သပိတ်, သင်္ကန်းကိုပြင်၍ သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်တော်မူ၏။

ဆွမ်းခံရာမှဖဲပြီးသော် ကိုယ်တော်တည်းသာလျှင် အင်္ဂုလိမာလရှိရာတောအုပ်သို့ ရှေးရှုကြွတော်မူ၏။ ခရီးအပါး အမှုလုပ်၍နေသောသူတို့က မြင်လျှင် "အရှင်ဘုရား။ ဤ ခရီးကို သွားတော်မမူပါလင့်။ တောအုပ်၌ရှိသော အင်္ဂုလိမာလခိုးသားသည် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကိုလည်း မသိ။ တွေ့မိသမျှသော လူရဟန်းတို့ကို သတ်၍ လက်ညှိုးကို ဖြတ်ယူပါ သည်"ဟု လျှောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကလည်း "အင်္ဂုလိမာလကို ငါ ဆုံးမတော်မူမည်။ သင်တို့ မကြောက်ကြလင့်"ဆို၍သာ သွားသဖြင့် တော၏အပါးသို့ရောက်သောအခါ သားထံသို့ ရှေးရှုလာသော မန္တာနီပုဏ္ဏေးမနှင့် အင်္ဂုလိမာလအကြားသို့ စကြာသွားတော်မူ၏။

အင်္ဂုလိမာလလည်း မထင်ရှားသောအသွင်ဖြင့် လာသော မြတ်စွာဘုရားကိုမြင်လျှင် 'ဤရဟန်းကိုပင် သတ်တော့အံ့'ဟု ကြံလျက် ပုန်းဝှက်ရာမှ လျင်စွာထ၍ ပြေးလာ၏။ မြတ်စွာဘုရားလည်း ခိုးသား မမီစိမ့်သောငှာ ဣဒ္ဓါဘိသင်္ခါရကို စီရင်၍ ထက်ဝန်းကျင်သော မြေသည် ရေ၌ လှိုင်းတံပိုးရောက်သကဲ့သို့ မောက်တုံနိမ့်တုံ ခလုံခလုထဖြင့် အင်္ဂုလိမာလသည် ခြေမျှမလှမ်းနိုင် ရှိ၏။ ကိုယ်တော်မြတ်မူကား စည်မျက်နှာအလားကဲ့သို့ ညီညွတ်သောမြေပြင် အလယ်၌ သပ္ပာယ်စွာ ကြွတော်မူ၏။ အင်္ဂုလိမာလကို မြေညီရာအစသို့ ရောက်စေ၍လည်း ကိုယ်တော်သည် အလယ်၌သာနဖြင့် ကြွတော်မူ၏။

ယင်းသို့ မြေညီအစသို့ရောက်လျှင် အင်္ဂုလိမာလလည်း ကြုံးဝါးသံပြ၍ "ငါမျှသော သူကို အဘယ်မှု၍ ခံနိုင်အံ့နည်း။ ဤမြေညီဝယ် အမီလိုက်ပြီးလျှင် ရဟန်းကြီး၏လက်ညှိုးကို ဖြတ်အံ့"ဟု လက်ပန်းပေါက်ခတ်ပြီးသော် တောမီးလောင်သကဲ့သို့ အာခေါင်အာရင်းသံကို ဟစ်လျက် အားကုန်သွန်သဖြင့် တစ်ဟုန်တည်းပြေး၍ လိုက်ပါသော်လည်း မြတ်စွာဘုရားသည် အလယ်သား၌သာနမှ ဖြည်းဖြည်းသာသာကြွသည်ကို မမီနိုင်။ အတန်ငယ် နီး၍လာလျှင်လည်း ကြီးစွာသော ချောင်း, မြောင်း, ကြိမ်ပိုက် ခြားသကဲ့သို့ အပါးသို့မကပ်နိုင် ဖြစ်၏။

ဤနည်းဖြင့် လိုက်လာ၍ သုံးယူဇနာခန့်လောက် ခရီးရှည်လေလျှင် အင်္ဂုလိမာလသည် အလွန်ပင်ပန်းလှရကား ခံတွင်းမှတံတွေးတို့သည် ခြောက်၍ ချွေးပေါက်ချွေးစေးတို့သည် ကိုယ်အလုံးမှ ယိုစီးကုန်၏။

ထိုအခါ အင်္ဂုလိမာလလည်း ဤသို့ကြံ၏။ 'ရှေးအခါက ငါလိုက်ရပါမူ လျင်မြန်လှသော သမင်, ဒရယ်, ချေငယ်, ယုန်, ကြောင်မှလည်း ငါ့လက်က မလွတ်နိုင်။ ယခုမှာမူ လျင်စွာသောအဟုန်ဖြင့် ပြေးခုန်၍ လိုက်ပါငြားသော်လည်း ဖြည်းဖြည်းသွားသော ဤရဟန်းကို ငါ မမီနိုင်ချေ။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲပေတကား'ဟုကြံလျက်၊ အတန်ငယ်ရပ်ပြီးလျှင် "အရှင်ရဟန်း ရပ်ဦးလော့။ ရပ်ဦးလော့"ဟု ဆို၏။

ထိုအခါ မြတ်စွာဘုရားလည်း "ငါကား ရပ်၏။ သင်သာ မရပ်သည်"ဟုဆိုလျှင်၊ "အရှင်ရဟန်း။ သင်သည် မတန့်မနား သွားလျက်ကိုပင် 'ငါ ရပ်၏'။ အကျွန်ုပ် ရပ်နေသည်ကို 'သင်ကား မရပ်'ဟု အဘယ့်ကြောင့် ဆိုပါသနည်း။ မုသာဝါဒသည် ရဟန်းတို့၏အလေ့အထ ပင်လော"ဟု ဆိုပြန်၏။

ဘုရားသခင်ကလည်း "အချင်းအင်္ဂုလိမာလ။ ငါသည် ပါဏာတိပါတစသော မကောင်းဒုစရိုက်တို့၌ မလိုက်မစား ကြဉ်ရှောင်ရှားသည်ဖြစ်၍ အပါယ်လားခြင်း မရှိ။ သုဂတိတို့၏အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်လမ်းဝ၌သာ တည်ရကား 'ရပ်သောသူ' မည်၏။ သင်ကား ဒုစရိုက်တရားတို့ကို များစွာ ပြုလေ့ရှိသည်။ သတ္တဝါခပ်သိမ်းတို့အား သနားချစ်ခင်ခြင်း မရှိသည်, ကောင်းသောအကျင့်စာရိတ္တ မရှိသည်ဖြစ်၍ စုတေသောအခါ ငရဲ,



www.burmeseclassic.com

www.burmeseclassic.com



ပြဲတွဲ့၊ တိရစ္ဆာန်၊ အသူရကာယ် ဟူသော အပါယ်လေးခွင်သို့ စင်စစ် သွားအံ့သောသူ ဖြစ်ရကား ရပ်နားသည် မမည်။ 'သွားသည်'ပင် မည်၏။ ထို့ကြောင့် 'ငါကား ရပ်၏၊ သင်ကား မရပ်'ဟူ၍ ငါဆိုသတည်း"ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားလျှင် အင်္ဂုလိမာလလည်း 'အနှစ်သာရ ရှိပေလှ၍ အသက်တည်သမျှ အောက်မေ့ထိုက်သော ဤကဲ့သို့စကားကို ဆိုတတ်ပေသောသူကား လူသာမည မဟုတ်။ သုဒ္ဓေါဒနမင်းကြီးညာထား သိရီမဟာမာယာ မိဖုရား၏ ရွှေရင်တော်နှစ် သားတော်ချစ်ဖြစ်သော သိဒ္ဓတ္ထမင်းသား 'ဘုရား'ဆိုသောပုဂ္ဂိုလ်သည် ဤကိုယ်တော်ပင် ဖြစ်ရာပေမည်။ မြင့်ရှည်စွာ ငါ မကောင်းမှုအကုသိုလ်တရားကို ကျင့်မှားနေဘိ၍ ဒုဂ္ဂတိသို့ လားအံ့သောအရာကို မြတ်စွာ ဘုရား သနားတော်မူလှ၍ ဤတောကြီးမြိုင်ဝသို့ ကြွလာတော်မူပေသည်'ဟု မှတ်ယူလျက်၊ အလွန်ကြည်ညွတ်သောစိတ် ရှိရကား ပီတိငါးပါးဖြင့် နှံ့သောကိုယ်ဖြင့် ရှိသေကျိုးနွံစွာ မြတ်စွာဘုရား၏ရှေ့တော်၌ ဝပ်လျက် "အရှင်မြတ်သည် အကျွန်ုပ်အား သနားချီးမြှောက် တော်မူပါ။ ယုတ်မာသော အကျင့်ဟူသမျှကို ပယ်ချပါတော့မည်"ဟု လျှောက်ကြား၍ လည်၌ ဆွဲဆောင်ထားသော လက်ညှိုးတစ်ထောင်တို့ကို လည်းကောင်း၊ လက်နက်ငါးပါးတို့ကို လည်း ကောင်း တစ်ခုသောအိုင်ကြီး၌ ပစ်လေ၏။ ဘုရားသခင်လည်း အင်္ဂုလိမာလအား အထူးထူးသော တရားတို့ကို ဟောကြားပြသတော်မူလျက် မဂ္ဂါနုလောမဉာဏ် ဖြစ်သည်ကိုမြင်ဘိသော်–

'ဟေ ဘိက္ခု၊ သမ္မာ စရထ ဒုက္ခဿ အန္တကိရိယာယ–' ဟု သုံးကြိမ် ခေါ်တော်မူသဖြင့် လူ့ဝတ်လူ့စား ဆံ၊ မုတ်ဆိတ်တို့သည် အကုန်ကွယ်ပ၍ သပိတ်၊ သင်္ကန်း၊ ရဟန်းပရိက္ခရာ အစုံနှင့်တကွ 'ဧဟိဘိက္ခု' ရဟန္တာအဖြစ်သို့ ရောက်လေ၏။

[ဆုံးမတော်မူသောတရားကို စာသွားရှည်မည်ကြောင့် အကျယ်မဆိုလိုက်ပြီ။ အလိုရှိမူ မဇ္ဈိမနိကာယ် အင်္ဂုလိမာလသုတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ ယူပါကုန်။]

ဘုရားသခင်လည်း အရှင်အင်္ဂုလိမာလအား ကိုယ်တော်၏ သပိတ်၊ ပရိက္ခရာကို လွယ် စေပြီးသော် နောက်တော်ဖြင့်ခေါ်၍ ကျောင်းတော်သို့လာခဲ့၏။ မန္တာနီပုဏ္ဏေးမလည်း သား ရဟန်းဖြစ်သည်ကို မြင်လျှင် ရှင်လန်းဝမ်းသာစွာ ဥသဘခွဲကွာသော နောက်တော်မှလိုက်၍ "ချစ်သားအဟိံသက။ မိခင်နှင့်ကွဲရသည်ကား နှစ်လ ရှည်ကြာပြီ။ အဘယ်မှာ ချစ်သား နေသနည်း။ အဘယ်သို့ စားရပါသနည်း။ အဘယ်သို့ အိပ်ရပါသနည်း။ အဘယ်ကြောင့် ကြမ်းကြုတ်သောအမှုကို ချစ်သား ပြုဘိသနည်း။ ယခု မိခင်အိမ်သို့ မဝင်ပြီလော" စသည်ဖြင့် အဖန်တလဲလဲ မေးမြန်း၍လာ၏။

အရှင်အင်္ဂုလိမာလလည်း ဖြစ်သမျှအကြောင်းကို ပြန်ကြား၍ "ယခု ငါ့အား ဘုရား သခင်သာလျှင် မျက်မြင်ဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း သုခကြီးရောက် အောင် ချီးမြှောက်တော်မူပေသည်။ ဘုရားနောက်တော်သို့သာ လိုက်တော့အံ့"ဟု ဆို၏။

ကိုယ်တော်မြတ်လည်း သာဝတ္ထိပြည်သူပြည်သားတို့အား ထင်ရှားသိစေခြင်းငှာ မြို့၏ အနီးဖြစ်သော ခရီးဖြင့်လာ၍ ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူ၏။ ကောသလမင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကိုကြား၍ ဘုရားသခင်ထံသို့ အခြံအရံများစွာနှင့် လာပြီးသော်၊ ရှင်တော်ဘုရားအား အကြောင်းအကျိုးကို မေးမြန်းလျှောက်ထား၍ နေ၏။

ထိုသို့နေစဉ် အင်္ဂုလိမာလသည် ဘုရားရှင်အား ဝတ်ပြုခြင်းငှာ ထွက်၍လာသော် များစွာသော မူးမတ်, မင်းချင်းအပေါင်းတို့သည် သောင်းသောင်းရုတ်ရုတ် အုတ်အုတ်ကျက်ကျက် ပြောပြလျက် ထ၍ ပြေးပုန်းရှောင်ရှားကြကုန်၏။

ကောသလမင်းကြီးကလည်း "အရှင်ဘုရား။ လူတစ်ထောင်မျှ သတ်လေသောသူခိုးအား ရဟန်းပြုသဖြင့် မသင့်လျော်ပါ။ အကျွန်ုပ် စီရင်ပါမည်" ဟု လျှောက်ထား၏။ ဘုရားသခင်ကလည်း "သင်မင်းကြီး။ မစီရင်ထိုက်ပြီ။ ဤသူ၏ကံရင်းသည် အကြွင်းမဲ့ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီ"ဟု မိန့်တော်မူပြီးမှ အထူးထူးသောတရားရသကို ဝေဌ တိုက်ကျွေးတော်မူ၏။ ကောသလမင်းကြီးလည်း ချီးပအံ့သြ၍ ပြန်ခဲ့၏။

နောက်နောင်သောနေ့တို့၌ အရှင်အင်္ဂုလိမာလ မြို့တွင်းသို့ ဆွမ်းခံလျှင် မြင်သမျှသော လူတို့သည် "ဤသူပင် ငါတို့အဖကို သတ်၏။ ငါတို့သားကို သတ်၏" စသည်ဖြင့် ပြောပြလျက် အချို့ အိမ်တံခါးဝကို ပိတ်လင့်ကုန်၏။ အချို့လည်း ရှောင်ရှား ပြေးလွှဲကုန်သည်။ အချို့လည်း အုတ်ခဲ, လှင်ကန်တို့ဖြင့် ပစ်ကုန်သည်။ တစ်စုံတစ်ခုသော ဆွမ်း, တစ်ဖွန်းသော ယာဂုကိုမျှ မလောင်းကြကုန်။ ကျောင်းသို့ရောက်သောအခါ သံဃာတော်တို့ကသာ မျှတကာ သုံးဆောင်ရကုန်၏။

ထိုအကြောင်းကို ဘုရားရှင် သိတော်မူသော် အင်္ဂုလိမာလကို ခေါ်တော်မူ၍ "ချစ်သား အင်္ဂုလိမာလ။ သင့်ကို ပြည်သူပြည်သားတို့သည် အံ့သွားတခဲခဲဖြင့် ပြေးလွှား ရှောင်ရှားကြခြင်း၊ တစ်စုံတစ်ခု ယာဂုဆွမ်းကိုမျှ မလှူဒါန်းခြင်း ဟူသောအကျိုးသည် ယခုဘဝ၌ တစ်ထောင်မျှသော လူကိုစင် သင် သတ်ခဲ့သော ပါဏာတိပါတကံ၏ ဒိဋ္ဌဓမ္မ အကျိုးဆက်ပင်တည်း။ သင်၏ သန္တာနပက သတ္တမဇော စေတနာသည် လည်းကောင်း, အလယ်ဇော ဟူသော အပရာပရိယ စေတနာသည် လည်းကောင်း အဟောသိကံသာ ဖြစ်လေကုန်ပြီ"။ ဤသို့စသည်ဖြင့် တရားဓမ္မကို ပြတော်မူ၍ အသက်မွေးရခြင်း လွယ်စိမ့်သောငှာ–

'ယတောဟံ ဘဂိနိ အရိယာယ၊

ဇာတိယာ ဇာတော နာဘိဇာနာမိ

သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊

တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ–'ဟူသော ပရိတ်တော်ကို သင်တော်မူ၏။

အရှင်အင်္ဂုလိမာလလည်း ထိုပရိတ်တည်းဟူသော ဆေးဖြင့်သာလျှင် ချမ်းသာစွာ ကိုယ်ဝန်မှမထမြောက်ကုန်သော မာတုဂါမတို့အား ပရိတ်တရားကိုဟော၍ ချမ်းသာစွာ ထမြောက်စေ၏။ ထိုအခါမှ ဒါယကာဒါယိကာမတို့လည်း 'အရှင်အင်္ဂုလိမာလသည် တန်ခိုးကြီး ပေစွ'ဟု သဒ္ဓါပသန္နဖြစ်၍ လှူဒါန်းပူဇော် ကြကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤစကားအစဉ်၌ ကုသိုလ်, အကုသိုလ်ကံတို့သည် အရဟတ္တမဂ်ခဏ၌ အကြွင်းမဲ့ပြတ်သည်ဖြစ်လျက် အင်္ဂုလိမာလအား ဒိဋ္ဌဓမ္မ ဝေဒနီယ ဖြစ်သော အကုသိုလ်ကံ၊ ထိုကံ၏ အကျိုးတို့သည် အသို့ ကြွင်းကျန်ရသနည်း ဟူငြားအံ့-

ဉပပဇ္ဇကံနှင့် အပရာပရိယကံ နှစ်ပါးသာလျှင် မဂ်ခဏ၌ ကုန်သည်။ ဒိဋ္ဌဓမ္မကံမူကား ကြွင်းကျန်၍ ရှိသည်ပင်တည်း ဟူပေ။ ထို့ကြောင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌-

'ထေရဿ ပန ဥပပဇ္ဇဝေဒနီယဉ္စ အပရာပရိယဝေဒနီယဉ္စာတိ
ဣမာနိ ဒွေ ကမ္မာနိ ကမ္မက္ခယကရေန အရဟတ္တမဂ္ဂေန သမုဂ္ဃါဋိတာနိ၊
ဒိဋ္ဌဓမ္မဝေဒနီယံ ပန အတ္ထိ၊ တံ အရဟတ္တပ္ပတ္တဿာပိ
ဝိပါကံ ဒေတိယေဝ-'ဟု မိန့်တော်မူ၏။

အနက်ကား- ထေရဿ ပန၊ အရှင် အင်္ဂုလိမာလထေရ် အားကား။ ဥပပဇ္ဇဝေဒနီယဉ္စ၊ အခြားမဲ့၌ ခံစားအပ်သော ကံ လည်းကောင်း။ အပရာပရိယ ဝေဒနီယဉ္စ၊ အဆက်ဆက်၌ ခံစားထိုက်သော ကံ လည်းကောင်း။ ဣတိ ဣမာနိ ဒွေ ကမ္မာနိ၊ ဤနှစ်ပါးသော ကံတို့ကို၊ ကမ္မက္ခယကရေန၊ ကံ၏ကုန်ခြင်းကို ပြုတတ်သော။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ သမုဂ္ဃါဋိတာနိ၊ အကြွင်းမဲ့ ပယ်အပ်ကုန်၏။ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ ပန၊ ဒိဋ္ဌဓမ္မဝေဒနီယ ကံသည်ကား။ အတ္ထိ၊ ရှိသေး၏။ တံ၊ ထို ဒိဋ္ဌဓမ္မကံသည်။ အရဟတ္တပ္ပတ္တဿာပိ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသောသူအားလည်း။ ဧတွာ၊ တည်၍။ ဝိပါကံ၊ အကျိုးကို။ ဒေတိယေဝ၊ ပေးသည်သာတည်း။

[ဒိဋ္ဌဓမ္မကံ ရှိ၏ဆိုသော်လည်း 'ကုသိုလ်, အကုသိုလ် နှစ်ပါးတို့တွင် ကုသိုလ်ကံသာ ရှိသည်၊ အကုသိုလ်ကံကား မရှိ၊ အကျိုးဆက်သာ ရှိသည်' ဟု ယူမှ ပရမတ္ထဒေသနာနှင့် ညီမည်။]

**ဓိနတ္ထပကာသနီကျမ်း 'သတ္တမပိုင်း' ပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com


# ဇိနတ္ထပကာသနီကျမ်း

## အဋ္ဌမပိုင်း

www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရား အာဠဝကဘီလူးကို ချွတ်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ဋီနုဋ္ဌပကာသနီကျမ်း

## အဋ္ဌမပိုင်း

www.burmeseclassic.com



မြတ်စွာဘုရား အာဠဝကဘီလူးကို ချွတ်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဇိနတ္ထပကာသနီကျမ်း

## အဋ္ဌမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ။ရရ။ မြတ်စွာဘုရား အာဠဝကဘီလူးကို ချွတ်တော်မူခြင်း

ဘုရားမြတ်စွာသည် သောဠသမဝါဝယ် အာဠဝီပြည်၌ ဝါဆိုသောအကြောင်းကား ဤသို့တည်း–

မဇ္ဈိမဒေသ၏ အရှေ့မြောက်စွန်း ဟိမဝန္တာ၏အနီး၌တည်ရှိသော တိုင်းကြီးသည် လူတို့ဝတ်ဆင်ရာ တန်ဆာအထူးတို့၏ ဖြစ်ထွန်းရာဖြစ်၍ 'အလံ ဝိဘူသနံ ဧတ္တာတိ အာဠဝီ' ဟူသော အဘိဓာန် ဋီကာ ပါဠ် မိန့်အပ်သည်နှင့်အညီ 'အာဠဝီတိုင်း' မည်၏။ ထိုတိုင်းအတွင်း မင်းနေပြည်ကြီးနှင့် ခရီးမဝေးမနီး တစ်ဂါဝုတ်ကျော် ကွာသောအရပ်၌ ကြီးစွာသောညောင်ပင်သည် ရှိ၏။ ထိုညောင်ပင်၌ 'အာဠဝက'ဘီလူးသည် စတုမဟာရာဇ်နတ်မင်းတို့၏ အထံ၌ ကျိုးနွံခယသဖြင့် "မွန်းတည့်ကာလ ဤညောင်ပင်ရိပ် နံ့သမျှအရပ်သို့ ကပ်ရောက်ခိုဝင်လာသော သတ္တဝါတို့အား သင် စားပိုင်စေလော့"ဟု ခွင့်ရသောကြောင့် ထိုညောင်ပင်အောက်သို့ ရောက်လာသမျှသော သတ္တဝါတို့၏အသားကို စားလျက်မပြတ် နေစမှတ်ပြုသတည်း။

www.burmeseclassic.com



ဘီလူး၏ ဗိမာန်ကား ညောင်ပင်အနီး တောကြီး၏အတွင်းဝယ် သန့်ရှင်းသော မြေအပြင်၌ တည်၏။ လူတို့နေရာ ကောင်းစွာတည်လုပ်အပ်သော မြို့ကဲ့သို့ တံတိုင်း, မြို့ရိုး ပြအိုး ပစ္စင် ရင်လျှောက် ရင်တား တံခါး ကျုံး မြောင်းလည်း ရှိ၏။ အပြန့်အားဖြင့် ငါးယူဇနာ၊ အစောက်အားဖြင့် သုံးယူဇနာရှိသော ဗိမာန်အထက်၌ ကြေးကွန်ရက်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ သေတ္တာတံတင်းကဲ့သို့ ကောင်းစွာလုံခြုံ၏။

တစ်ရံသောအခါ အာဠဝီပြည်ကို အစိုးရသောမင်းသည် သင်းပင်း ကျေးကျွန် ခြွေရံ မှူးမတ်တို့နှင့်တကွ ခုနစ်ရက်မျှလောက်ပင် တောကစားထွက်တော်မူသော် တောအုပ်၌ တစ်ခုသော ဇေီသမင်ကို မြင်၍ "ငါတို့ဗိုလ်ပါအပေါင်းတွင် အကြင်သူ၏အထံမှ သမင်သည် ထွက်ပြေးအံ့။ ထိုသူ၏တာဝန် ဖြစ်စေ"ဟု ကတိကဝတ်ပြု၍ ထက်ဝန်းကျင် ဝန်းရံကြ၏။

ထိုအခါ လိမ္မာသောဇေီသားလည်း မင်းကြီးနံပါးဖြင့် ထွက်၍ပြေးလေဘိ၏။ မင်းကြီးလည်း လေး,မြား,သန်လျက်တို့ကို ကိုင်၍လိုက်လေသဖြင့် ထိုဇေီသားလည်း သုံးယူဇနာမျှသာ ပြေး၍ ပင်ပန်းသောအခါ ရေရှိရာသို့ သက်၍တည်လေ၏။ ထိုသမင်ကို သန်လျက်ဖြင့်ပိုင်း၍ အသားကို အလိုမရှိသော်လည်း မိမိ၏ကျေးကျွန်ဖြစ်သော အမတ်တို့ ပြက်ရယ်ပြုမည်စိုးသောကြောင့် ထမ်းပိုးဖြင့် ထမ်းဆောင်၍လာခဲ့သော် အာဠဝကဘီလူး နေသော ညောင်ပင်ကိုမြင်သဖြင့် အပင်အပန်းဖြေအံ့သောငှာ ဝင်၍နားလေ၏။

ဘီလူးသည် မင်းကြီးဝင်လာသည်ကိုမြင်လျှင် ကိုယ်တိုင် ဆင်း၍စားခြင်းငှာ အနီးသို့ ကပ်၏။ ထိုသို့ကပ်လာသည်ကို မင်းကြီး မြင်လျှင် အလွန်ကြောက်လန့်ရကား "ဤသမင်သား ကို စား၍ ကျွန်ုပ်အား လွှတ်ပါ"ဟု တောင်းပန်၏။ ဘီလူးသည် "မင်းကြီး။ သင်သည် ဥစ္စာ ရှင်၏ဘဏ္ဍာဖြင့် ဥစ္စာရှင်ကို ပဏ္ဏာပြု၍ လှည့်ပတ်သကဲ့သို့ ငါ့ကို လှည့်ပတ်ဘိသည်တကား။ ငါ့ညောင်ပင်အောက်သို့ ရောက်သည်မှစ၍ သင်သည် လည်းကောင်း၊ ဤအသားသည် လည်းကောင်း ငါ့အစာသာ မဟုတ်လော"ဟု ဆို၏။

မင်းကြီးလည်း "ဘီလူးမင်း။ သင်သည် တစ်နေ့စားရသောအစာထက် နေ့ရက် ရှည်စွာစားခြင်းကို အလိုမရှိပါသလော။ ငါကား ဤ အာဠဝီပြည်ကို အစိုးရသော မင်းတည်း။ ယနေ့ ဤအသားကိုသာ စား၍ ငါ့ကိုလွှတ်ပါမူ လူတစ်ယောက်နှင့် ထမင်းတစ်အိုးကို နေ့တိုင်းနေ့တိုင်း သင့်ထံသို့ ပို့စေအံ့"ဟု ဆို၏။

ထိုဘီလူးလည်း "သင့်ကို လွှတ်၍ နန်းသို့ရောက်လျှင် မင်းစည်းစိမ်ကိုခံလျက် ရာဇမာန် ဝင်သဖြင့် သင် မေ့လျော့စွာနေလတ္တံ့။ ငါလည်း ဤညောင်ပင်အောက်သို့ ရောက်သောသူကိုမှ စားခွင့်ရချေသည်။ သင် မပို့လာသော် သင့်ကို ငါ အဘယ်သို့ အောင်နိုင်အံ့နည်း"ဟု ဆို၏။ မင်းလည်း "ဤ လူတစ်ယောက်နှင့် ထမင်းတစ်အိုးကို အကြင်နေ့၌ ငါ မပို့သည်ဖြစ်အံ့။ ထိုသည့်နေ့ နန်း၌နေသော ငါ့ကို သင် စားပိုင်စေလော့"ဟု ကတိကဝတ်ပြု၏။ ထိုအခါ အာဠဝကလည်း "သင်ဆိုတိုင်း မှန်စေ။ သွားလေလော့"ဟု ခွင့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း မြို့သို့ ရှေးရှုလာခဲ့သော ဗိုလ်ပါအများတို့ ခရီးအကြား၌ သစ်ခက်တဲဖြင့် နေလင့်ကြသည်နှင့် မင်းကြီးလာသည်ကိုမြင်လျှင် ဦးတင်ကြ၍ အကြောင်းကို မေးမြန်ပြောဟော လျက် မြို့သို့ ဝင်တော်မူ၏။ နန်းသို့တက်၍ နံနက်စာထမင်း စားပြီးသော် မြို့ဝန်ကိုခေါ်၍ ထိုအကြောင်းကို ကြား၏။

မြို့ဝန်လည်း "အရှင်မင်းကြီး။ အဘယ်မျှ နေ့ရက်အပိုင်းအခြား ထားခဲ့သနည်း"ဟု မေး၏။ "အပိုင်းအခြားကို ငါ မထားမိခဲ့ချေ"ဟု ဆိုပေသော်၊ "အပိုင်းအခြားမရှိမူ ဘီလူးကို နှစ်လကြာရှည် ကျွေးရချိမ့်မည်။ ဤ အာဋဝိပြည်အလုံးသည် သင်တုန်းဓားသွားထက်၌ နေရသကဲ့သို့ ဖြစ်လတ္တံ့။ ယင်းသို့ဖြစ်သော်လည်း သင်မင်းကြီး ကြောင့်ကြမဲ့သာ စံနေတော်မူ။ သူတစ်ပါးကို မသိစေလင့်။ ဤအရေးကို အကျွန်ုပ်ဆောင်ပါအံ့"ဟုဆို၍၊ နှောင်အိမ်သို့ သွင်းပြီးသော သတ်ထိုက်သော အပြစ်ရှိသူတို့ကို ခေါ်၍ "သင်တို့အသက်ရှည်လိုမူ ထွက်လှည့် ကြ"ဟု ခေါ်၍၊ ရှေးဦးစွာလာသောသူကို ရေချိုးစေပြီးသော် ထမင်းကျွေးမွေး၍ "ဤ ထမင်း ချက်အိုးကို ညောင်စောင့်နတ်အား ပူဇော်ချေ။ ပြီးလျှင် သင် လိုရာအရပ်သို့ သွားလေလော့" ဟုဆို၍ လွှတ်လိုက်၏။ ထိုယောကျာ်းလည်းစေသောအတိုင်း သွား၍ ညောင်ပင်ရင်းသို့ရောက် လျှင် ဘီလူး၏ အာနုဘော်စွမ်းအင်ကြောင့် ပင့်ကူမျှင်ဖြင့်ရစ်သော ပိုးကဲ့သို့ မလှုပ်ချောက်နိုင်၊ ကိုယ်အလုံးသည် ထောပတ်စိုင်ကဲ့သို့ ဖြစ်လေ၏။ ထိုအခါ အာဋဝကဘီလူးလည်း ဆင်း၍ ကြာစွယ်ကြာရင်းကဲ့သို့ ကြွပ်ကြွပ်ဝါး၍ စားလေ၏။

ဤသို့သောနည်းဖြင့် နေ့တိုင်းနေ့တိုင်းစေလွှတ်၍ ရောက်သမျှသောသူအား ဘီလူးစားလတ်သည်ကို လူတို့သိကုန်လျှင် "ငါတို့အရှင်မင်းကြီးသည် ခိုးသူကို ဘီလူးစာ ကျွေးဘိသည်"ဟု အလွန် ကြောက်ရွံ့ကြ၍ ခိုးဝှက်ဆိုးသွမ်းခြင်းကို မပြုဝံ့ကြကုန်။ ကာလရှည် လတ်သော် ခိုးသူဟောင်းတို့ကုန်၍ နှောင်အိမ်သည် ဆိတ်ငြိမ်လေ၏။ ထိုအခါ ဥစ္စာထုပ်ကို အိမ်ကြား ,အိမ်ဝ,လမ်းမုခ်ထွက် စသည်တို့၌ချထားက ကောက်သသူကို ဖမ်းယူ၍ ပို့လေကုန်၏။ ထိုအကြောင်းကို ပြည်သူပြည်သားတို့သိပြန်လျှင် ဥစ္စာထုပ်ကို လက်,ခြေဖြင့် တို့ဝံ့သူမျှ မရှိကြ၍ ခိုးသူလူသွမ်း မရနိုင်သော အမတ်တို့သည် မင်းရင်ပြင်၌စည်းဝေး၍ ဤသို့ ကြံကြကုန် ၏။ "ပြည်သူအလုံးသည် အရှင့်ကျေးဇူးတော်ကို ခံရသူ ချည်းသာ ဖြစ်သည်။ အမျိုးနိမ့်,မြင့် အစဉ်အတိုင်း တစ်ယောက်တစ်ယောက်သော သူအိုတို့ကို စေလွှတ်ကြကုန်အံ့။ အဘယ်ကြောင်း နည်းဟူမူ သူအိုတို့သည် အလိုလိုပင် သေမင်း၏ခံတွင်းဝသို့ ဆင်းရဆဲ ဖြစ်သည်။ ထို့ကြောင့် စုံမက်ရာ မရှိပြီ"ဟု ဆို၏။

ထိုစကားကို မင်းကြီးကြားသော် "ဤအရေးကား မသင့်။ အဘယ့်ကြောင့်နည်းဟူမူ မိဘ ဘိုးဘေးတို့၏ကျေးဇူးကို သိတတ်သောသူတို့သည် 'ငါတို့၏ဘိုးဘေးကို ဘီလူးစာ ကျွေးပြီ'ဟု ပြည်အလုံးသည် ချောက်ချားရာလတ္တံ့။ ပို့သသူတို့လည်း အပြစ်ကြီးစွာ ဖြစ် လတ္တံ့။ ထို့ကြောင့် ငါ မနှစ်သက်"ဟုဆို၏။

ထိုသို့ ဖြစ်တပြီးကား "ပခက်တွင်း၌ ပက်လက်အိပ်တတ်ခါဖြစ်သော သူငယ်တို့ကို ပို့စေကုန်အံ့။ အဘယ့်ကြောင့်နည်းဟူမူ ထိုသူငယ်အား မိဘများလည်း လွန်စွာ မချစ်ခင်သေး။ ငါ့မိ,ငါ့ဖဟူ၍လည်း သူငယ်က မသိသေး"ဟု ဆိုကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အာဠဝီမင်းလည်း "ဤအရေး သင့်ပြီ"ဟု ခွင့်ပြုလေသော်၊ နေပြည်တော်၌ အိမ်စဉ်အတိုင်း သူငယ်ကိုယူ၍ ပို့လေကုန်၏။ ထိုအခါ သားငယ်၊သမီးငယ်ရှိသော မိန်းမတို့သည်လည်းကောင်း၊ ကိုယ်ဝန်ဆောင်သော မိန်းမတို့သည် လည်းကောင်း အရပ်တစ်ပါးသို့ ပြေး၍ မွေးမြူကြပြီးလျှင် သူငယ်ကြီးရင့်မှသာ လာဝံ့ကုန်၏။

ဤသို့သောနည်းအားဖြင့် တစ်ဆယ့်နှစ်နှစ်တိုင်တိုင်ရှိ၍ လူပေါင်း လေးထောင့်သုံးရာနှစ်ဆယ် ကုန်လေသော် အာဠဝီပြည်တွင်း၌ တစ်ယောက်သောသူငယ်ကိုမျှ ရှာ၍မရလေရကား အမတ်တို့သည် မင်းကြီးထံသို့သွား၍ "အရှင်မင်းတရား။ ယမန်နေ့ကဖွားသော အာဠဝကကုမာရမှတစ်ပါး သူငယ်ကား မရှိချေပြီ"ဟု လျှောက်၏။ မင်းကြီးလည်း 'ဤလောက၌ မိမိကိုယ်ထက် စုံမက်ချစ်ခင်အပ်သောသူကား မရှိချေ။ သားကိုတွယ်က ငါ အန္တရာယ်ဖြစ်ချေတော့မည်'ဟု နှလုံးပြု၍၊ "ငါ့သားကို ပို့ကြလေ"ဟု စေတော်မူ၏။

ထိုအခါ မိဖုရားလည်း သားတော်ကို တန်ဆာဆင်လျက် ရင်ခွင်ထက်၌ နေစေပြီးသော် အထိန်းအယ မောင်းမကိုယ်လုပ်တို့အား ခန့်ထားစီမံ၍နေစဉ်အတွင်း မင်းချင်းယောကျ်ားတို့သည် မင်း၏အာဏာဖြင့် အာဠဝကမင်းသားကို တောင်း၍ တစ်သောင်းခြောက်ထောင်သော မောင်းမ နို့ထိန်းတို့နှင့်တကွ မိဖုရားကြီး ငိုကြွေးမြည်တမ်းစဉ်ပင် ယူငင်၍သွားကြကုန်၏။

ဤသို့ အာဠဝကမင်းသားကို ဘီလူးစားခံ နက်ဖြန်ပို့ရမည် ရှိသည်တွင် ရှေးနေ့နံနက်သောအခါကပင် မြတ်စွာဘုရားသည်လည်း မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ သဗ္ဗညုတ ဉာဏစက္ခုဖြင့် လောကကို ရှုတော်မူသော် အာဠဝကမင်းသား၏ အနာဂါမိဖိုလ်သို့ ရောက်လတ္တံ့သောအကြောင်း၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့၏ တရားရအံ့သော အကြောင်းတို့ကို မြင်တော်မူ၍ လဆုတ်ပက္ခ လကွယ်နေ့ ညချမ်းသောအခါ ကိုယ်တော်တည်းသာလျှင် ပရိက္ခရာရှစ်ဖော်ကို ဆောင်တော်မူလျက် သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ကွာသော အာဠဝီပြည်သို့ ကြွတော်မူလာ၍ အာဠဝကဘီလူး၏ဗိမာန်သို့ ရောက်တော်မူ၏။

ထိုအခါ အာဠဝကဘီလူးလည်း ဟိမဝန္တာဝယ် များစွာသောနတ်တို့၏ အစည်းအဝေးသို့ သွားခိုက်ဖြစ်၍ ဘုရားသခင် ဗိမာန်တံခါး၌ ရပ်တော်မူသည်ကို တံခါးစောင့်ဖြစ်သော 'ဂဒြဘ' ဘီလူးမြင်လျှင် ကြည်လင်မြတ်နိုး ရှိခိုးချဉ်းကပ်လျက် "အရှင်ဘုရား။ အဘယ်ကြောင့် ညဥ့်အခါမှ ကြွလာတော်မူသနည်း"ဟု လျှောက်၏။ ဘုရားသခင်လည်း "အကြောင်းရှိ၍ပင် ငါလာသည်"ဟု မိန့်တော်မူပြီးမှ၊ "အချင်း ဂဒြဘ။ သင် ဝန်မလေးမူ တစ်ညမျှ ဤဗိမာန်တွင် ငါ တည်းချင်ပါသည်"ဟု မိန့်တော်မူသော်၊ "အရှင်ဘုရား။ အကျွန်ုပ်ကား ဝန်မလေးပါ။ အာဠဝကမည်သော ဗိမာန်ရှင်ဘီလူးသည် အထူးသဖြင့် ကြမ်းတမ်းခက်ထန်လှပါသည်။ မိဘဆရာကိုမျှ ရိုသေမြတ်နိုး ရှိခိုးခြင်းကို မပြုပါ။ ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကိုလည်း မသိချေ။ ထို့ကြောင့် ဤ၌တည်းခိုခြင်းကို အကျွန်ုပ် မနှစ်သက်ပါ"ဟု လျှောက်၏။

ဘုရားသခင်လည်း "အချင်း ဂဒြဘ။ အာဠဝက၏ ကြမ်းတမ်းသောအဖြစ်ကို ငါသိ၏။ သင်တို့အာဠဝကကြောင့် ငါ့အား အန္တရာယ်မဖြစ်နိုင်ရာ။ သင် ဝန်မလေးမူ တစ်ညဥ့်မျှသာ



www.burmeseclassic.com

www.burmeseclassic.com



တည်းပါရစေ"ဟု မိန့်တော်မူ၏။ဂဒြဘာလည်း "အရှင်ဘုရား။ ဤအာဠဝကကား ပူပြင်းလှသော မီးအိုးကင်းနှင့် တူပါသည်။ မိဘ, ဆရာ, ရတနာသုံးပါး, ရဟန်း, ပုဏ္ဏား ဟူ၍ ထောက်ထားညှာတာခြင်း မရှိ။ ဂုဏ်ကျေးဇူးလည်း မသိပါ။ သူ့နေရာသို့ ရောက်လာသော သူတို့အား စိတ်ဖောက်ပြားခြင်းကိုလည်း ပြုတတ်ပါသည်။ နှလုံးသားကိုလည်း ခွဲတတ်ပါသည်။ ခြေကိုကိုင်၍ သမုဒ္ဒရာတစ်ဘက် စကြဝဠာသို့ သော်လည်းကောင်း ပစ်တတ်ပါသည်။ ထို့ကြောင့် မတည်းခိုပါလင့်"ဟု လျှောက်လေလျှင်၊ ဘုရားသခင်လည်း "အာဠဝက၏အကြောင်းကို ငါသိတော်မူ၏။ အချင်းဂဒြဘ။ သင် ဝန်မလေးသည်ဖြစ်က တစ်ညဉ့်မျှသာ ငါ တည်းခိုမည်"ဟု မိန့်တော်မူသော် "အကျွန်ုပ်ကား ဝန်မလေးပါ။ သို့ရာတွင် 'တည်းခိုလော့'ဟုဆိုချေမူ အကျွန်ုပ်ကို သတ်ရာ၏။ ထို့ကြောင့် တည်းခိုတော်မူလျှင် အာဠဝကထံ အကြောင်းပြန်ပါဦးမည်" ဟု လျှောက်၏။

ဘုရားသခင်လည်း "သင် ကြားလိုလျှင် ကြားချေ"ဟု မိန့်တော်မူပြီးလျှင် ဗိမာန်တွင်းသို့ဝင်၍ နတ်ပွဲသဘင် မင်္ဂလာပြုသောအခါ အာဠဝကဘီလူး တက်နေ၍ နတ်၏အသရေကို ခံစံရာ ရတနာခုနစ်ပါးအတိပြီးသော ရာဇပလ္လင်ထက်သို့တက်၍ တစ်ခဲနက် ရွှေသောရောင်ခြည်ကို လွှတ်တော်မူ၏။ အာဠဝက၏ မောင်းမမိဿံတို့သည် ဘုရားထံသို့ လာ၍ ရိုသေစွာရှိခိုးလျက် ခြံရံကာနေကြကုန်သော် ကိုယ်တော်မြတ်လည်း ထိုသူတို့နှင့် လျှောက်ပတ်သော တရားစကားဖြင့် "သင်တို့ကား ရှေးရှေးသောဘဝက ဒါန, သီလ, ဘာဝနာကို လွန်စွာဆည်းပူး၍ ပူဇော်ထိုက်သောသူကို ပူဇော်ဖူးသောကြောင့် ထူးမြတ်သော နတ်တို့၏စည်းစိမ်ကို ရသည်။ သူတစ်ပါးအား သနားခြင်း, ချစ်ခင်ခြင်းကြောင့်လည်း အဆင်းအရောင် လှပသည်။ ယခုဘဝ၌လည်း ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ကြကုန်။ အချင်းချင်း၌ ငြူစူခြင်း, ဝန်တိုခြင်း, ကိုယ်ဖြင့်ထိပါးခြင်း, ချုပ်ချယ်ပြစ်မှားခြင်း စသည်ကို မပြုကုန်လင့်"ဟု ပြိုးပြွမ်းသောတရားတို့ကို ဟောကြားဆုံးမပြသနေတော်မူ၏။

ဂဒြဘာဘီလူးလည်း နတ်တို့၏စည်းဝေးရာ ဟိမဝန္တာသို့ ရှေးရှုသွားလေရာ အာဠဝကဘီလူးအား ဘုရားသခင် ဗိမာန်တွင် ဝင်၍နေကြောင်းကို လျှောက်လေသော် ထို အာဠဝကလည်း "အချင်း ဂဒြဘ။ ငါကဲ့သို့သောသူ၏ ဗိမာန်ကို မရှုမလေးစား ဘုရားဆိုသူ ဝင်၍နေခြင်းသည် ကြားတွင်းမျှ မတင့်တယ်။ ရှက်ဖွယ် ရှိလှပါသည်တကား။ ဆိတ်ဆိတ်သာ သင်နေ။ သူ မသိစေလင့်။ ပြုခွင့်ရှိသမျှကို ငါပြုမည်"ဟု ဆို၏။

ထိုခဏ၌ သာတာဂိရိနတ်, ဟေမဝတနတ်မင်းတို့သည်လည်း မိမိပရိသတ်အခြံအရံနှင့် တကွ နတ်အစည်းအဝေးသို့ ဝင်အံ့သောငှာ ဆင်ယာဉ်, မြင်းယာဉ်, ဂဠုန်ယာဉ် စသည်တို့ကို စီးလျက် ကောင်းကင်ခရီးဖြင့် လာရောက်ကြကုန်သော် အာဠဝကဗိမာန်၏ အပေါ်သို့ရောက်လျှင် ဘုရားသခင်အာနုဘော်ကြောင့် မကျော်မသန်းနိုင်ဘဲ ပစ်လိုက်သောခဲ ကျသကဲ့သို့ စီးသောယာဉ်နှင့်တကွ မြေပြင်သို့ ကျလေလျှင်၊ "ငါတို့ အစဉ် သွားမြဲခရီးဖြစ်လျက် အဘယ်ကြောင့် ကျသနည်း"ဟု ကြည့်ရှုလတ်သော်၊ ရှင်တော်ဘုရား ထိုဗိမာန်၌ စံနေလင့်သည်ကိုမြင်၍ ဝင်ကြပြီးသော် ပူဇော်မြတ်နိုး ရှိခိုးခယလျက် "ယနေ့ညဉ့် ဒေဝတာ သန္နိပါတဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုအစည်းအဝေးသို့ အကျွန်ုပ်တို့ သွားပါဦးအံ့”ဟု လျှောက်ကြား၍ သွားကြလေသဖြင့်၊ ထိုနတ်တို့၏ အစည်းအဝေးသို့ရောက်လတ်သော် အာဠဝကလည်း နေရာမှထ၍ “ဤ၌ နေတော်မူ”ဟု နေရာဖြင့် ညွှန်းလင့်၏။

ထိုအခါ သာတာဂိရိနတ်, ဟေမဝတနတ်တို့က “အဆွေ အာဠဝက။ ယနေ့ သင့်အား ရတော်ပြြားပေစွ။ ဘုရားသခင်သည် သင်၏ဗိမာန်တော်၌ စံနေတော်မူသည်။ မြန်စွာသွား၍ ညွတ်တွားပျပ်ဝပ် ဆည်းကပ်ပူဇော်လေလော့”ဟု ဆို၏။ ထိုစကားကိုကြားလျှင် သီလမရှိသော သူအား သီလစကားကိုကြားလျှင် နားနှစ်ဖက်တွင်း၌ တံသင်းနက်ဟန်ထင်သကဲ့သို့ လည်းကောင်း၊ ပိတ်ဆို့ဝန်တိုသောသူအား အလှူစကားကိုကြားလျှင် နားပါးနင့်၍ သွားလင့်သကဲ့ သို့ လည်းကောင်း ထို့အတူ ကြည်ဖြူခြင်းသဒ္ဓါတရား မရှိသော အာဠဝကသည်လည်း ဘုရားရှင်၏ကျေးဇူးစကားကို ကြားလျှင် မျက်နှာထားမရွှင် ခါး,ချဉ်သောဒေါသစိတ် ကြွ၍ ပူလှသောအိုးကင်း၌ ချလိုက်သောဆားကဲ့သို့ အမျက်အားဖြင့် ဖျစ်ဖျစ်မြည်လျက် “မရည်မင် ငါ့ဗိမာန်တွင် ဝင်၍နေသော ဘုရားဟူသည် ဘယ်သို့သောသူနည်း။ သတ်မည်, စားမည်, ထွားထွားကြေစိမ့်မည်”ဟု ကြုံးဝါးလေသော်၊ သာတာဂိရိ, ဟေမဝတတို့ကလည်း “အချင်း အာဠဝက။ သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကို မသိလေ။ ထိုဘုရားသည် တုသိတာ နတ်ပြည်ဝယ် စံနေတော်မူရာမှ နတ်ဗြဟ္မာအပေါင်းတို့ တောင်းပန်သည့်အရာကြောင့် လူ့ ပြည်သို့လာ၍ ပဋိသန္ဓေ ယူတော်မူသည်။ယင်းသို့ ပဋိသန္ဓေနေသောအခါ, ဖွားတော်မူသောအခါ, တောထွက်တော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာတရား ဟောကြားတော်မူ သောအခါ ဤအခါတို့၌ စကြဝဠာတိုက်တစ်သောင်းလုံး တုန်လှုပ်သည်။ သုံးဆယ့်နှစ်ပါး သော ပုဗ္ဗနိမိတ်တို့ ထင်ကုန်သည်။ ထိုသို့သော အံ့ဖွယ်သရဲ မဖြစ်စဖူးမြဲသော ပုဗ္ဗနိမိတ် တို့ထင်ကုန်သည်ကို သင် မမြင်ပါသလော”ဟု မေး၏။

အာဠဝကလည်း ဒေါသကြီးသောအားဖြင့် ထင်ရှားသိမြင်လိုက်လျက် ကွယ်ဝှက်ဖုံးဖိ ၍ “ငါ မသိ, မမြင်”ဟုဆို၏။ ထိုအခါ သာတာဂိရိနတ်တို့ကလည်း “အချင်းအာဠဝက။ သင် မြင်သည်ဖြစ်စေ, မမြင်သည်ဖြစ်စေ။ သင်၏ မြင်ခြင်း, မမြင်ခြင်းသည် အကြောင်းမဟုတ်။ သမ္ဗုဒ္ဓစစ် ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားကို သင်ကား အသို့ပြုနိုင်အံ့နည်း။ ဘုရားရှင်နှင့် သင့်ကိုစာ၍ ဥပမာဆင်သော် ကောင်းကင်၌သွားလာသော အာဇာနည် နွားလား ဥသဘနှင့် ဖွားသစ်စ နွားငယ်ကဲ့သို့ လည်းကောင်း၊ ယောကျ်ားဗိုလ်ခြေ ကုဋေတစ်သိန်း၏ အားကိုဆောင်သော ဆင်ပြောင်ကြီး၏အပါး၌ ဖွားသစ်စဖြစ်သော ဆင်ငယ်ကဲ့သို့ လည်းကောင်း၊ သားတကာတို့ ညွတ်ကြို့ဦးနှိမ်ရာ ကေသရာဇာခြင်္သေ့မင်း၏အနီး၌ မြေခွေးအိုကဲ့သို့ လည်း ကောင်း၊ ယူဇနာ တစ်ရာ့ငါးဆယ် ရှည်သွယ်ကြီးပြင်းသော ဂဠုန်မင်း၏အနီး၌ အတောင်ပြတ် သော ကျီးကဲ့သို့ လည်းကောင်း ထို့အတူသာ သင် ဖြစ်ပါသည်တကား။ သင့်စွမ်းအားကို ဘုရားရှင်၌ သင် စမ်းလိုရာပင် စမ်းလေလော့”ဟု ဆိုကြ၏။

ထိုစကားကို ကြားသောအခါ အာဠဝကလည်း ဒေါသ ပြင်းထန်စွာထ၍ ဆေးဒန်း မြင်းသီလာ ကျောက်ဖျာအထက်၌ လက်ဝဲခြေဖြင့်နင်း၍ “နတ်မင်းတို့ဆရာ ဂေါတမရဟန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငါ့စွမ်းအားသည် မည်သူက တန်ခိုး သာ,မသာကို ကြည့်ရှုကာနေကြကုန်”ဟု ကြုံးဝါး၍၊ အလျား, အစောက် ယူဇနာခြောက်ဆယ်ရှိသော ကေလာသတောင်ထွတ်ကို လက်ယာခြေ ဖြင့်နင်းလိုက်လျှင် ပန်းပဲဖိုတွင်း၌ ရဲရဲဝင်းသောသံတွေကို ပေ၌တင်၍ ရိုက်သောအခါ အလွှာလွှာကွာ၍ စဉ်သကဲ့သို့ ထိုအတူ ကေလာသတောင်ထွတ်သည် အချပ်ချပ်အလွှာ အလွှာ ကွာ၍ ဖရိုဖရဲ တစ်ကွဲစီ ဖြစ်သွားလေသည်။

ထို့နောက် ထို ကေလာသတောင်ထိပ်၌ရပ်လျက် “ငါ အာဠဝက ဘီလူးတကား” ဟု ကြုံးဝါးဟစ်အော်သော အသံသည် ဤဇမ္ဗူဒိပ်ကျွန်းအလုံး ကြား၍ အိမ်ပါးအိမ်ဝတွင် ဟစ်သကဲ့သို့ ထင်ကုန်သည်။ အလျား,အနံ ယူဇနာသုံးထောင်ရှိသော ဟိမဝန္တာတောနေ မြေပြင်အလုံးသည် ကြုံးဝါးသောအသံကြောင့် အလွန်တုန်လှုပ်သည်။ ထို့နောက် ‘ရဟန်းဂေါတမ ကို ပြင်းပြသောလေဖြင့် လွင့်စေအံ့’ဟု ကြံ၍၊ သည်းထန်စွာ လေမုန်တိုင်းကိုလာစေသော် ထို လေအဟုန်သည် အလုံးစုံသောဟိမဝန္တာ၌ တစ်ယူဇနာ, နှစ်ယူဇနာ, သုံးယူဇနာရှိသော တောင်ထွတ် ချောက်ကမ်းတို့ကို ဖြန်းဖြန်းကွဲပြိုစေလျက် တောချုံသစ်ပင်တို့ကို နိုပ်စက်၍၊ အာဠဝီပြည်တွင်းသို့ ဝင်ပြီးသော် ဆင်တင်းကုပ်, မြင်းတင်းကုပ်, အုပ်ကြွပ်အိမ်ဟောင်းတို့ကို အမှုန့်ထောင်းထောင်း ဖြစ်စေလျက် ဘုရားထံသို့ရောက်လတ်သော် သင်္ကန်းတော်အနားမျှ မလှုပ်ရှားနိုင် ကြေကွဲ ပျောက်ဆုံးလေ၏။

ထို့နောက် ရေအလျဉ်ဖြင့် လွှမ်း၍ ‘ရဟန်းဂေါတမကို သေစေအံ့’ဟု ကြံ၍ ကမ္ဘာပျက် မိုးကဲ့သို့ မိုးကို ထစ်ကြိုးပြင်းထန်စွာ ရွာစေပြန်သော် မိုးရေအလျဉ်သည် သစ်ပင် တောင်ကမ်းတို့ ကို နှစ်, လွှမ်း, ကွဲပျက်စေလျက်သွားသဖြင့် ဘုရားရှင်ထံသို့ရောက်သော် နှင်းပေါက်မျှ မစွတ်ဘဲ လွတ်ရာသို့ ရှောင်လေ၏။

ထို့နောက်မှ သီးသီး, ဥသျှစ်သီးမျှလောက်သော ကျောက်စစ်မိုးတို့ကို ရွာစေပြန်လျှင် မြေအပြင်၌ ပဲ့တင်တော်ဟည်းလျက် တောင်ကြီးကမ်းကြီး အထွတ်တို့သည် ကြေပြတ် ပြိုကွဲ လျက် သွားသဖြင့် ဘုရားထံသို့ရောက်လေသော် နတ်ပေါက်ပေါက်ပန်းတို့သည် ထူးဆန်းစွာ ဖြစ်ကုန်၏။

ထို့နောက်မှ တစ်ဖက်သွား, နှစ်ဖက်သွားရှိသော သင်တုန်း, လှင်ကန်, သန်လျက်မိုး တို့ကို အခိုးအလျှံနှင့်တကွ ရွာစေ၏။ ထို့နောက်မှ ရဲရဲညီးသော မီးကျီးမိုး, ပြာပူမိုး, သလဲမိုး, ညွန်ပျောင်းမိုးတို့ကို အခိုးအလျှံနှင့်တကွ ရွာစေသည်။ ဘုရားခြေတော်ရင်းသို့ ရောက်လျှင် ပေါက်ပေါက်ပန်းကောင်း နံ့သာပျောင်း နံ့သာမှုန့်တို့သာ ဖြစ်လေကုန်၏။ ထို့နောက်မှ ‘ရဟန်းဂေါတမသည် ထိတ်လန့်ကြောက်ရွံ့၍ ပြေးလေစေ’ဟု လေးထွေသောအင်္ဂါနှင့် ပြည့်စုံသော အမိုက်တိုက်ကို ဖြစ်စေပြန်သော် ကိုယ်တော်မြတ်ထံသို့ရောက်လျှင် နေရောင်ဖြင့် ပျောက်အပ်သော အမိုက်တိုက်ကဲ့သို့ အစဉ်တစိုက် ကွယ်လေ၏။

ဤသို့လျှင် အာဠဝကလည်း ကိုးပါးသောမိုးလက်နက်တို့ဖြင့် တိုက်ဖျက်၍ ဘုရားရှင်၌ တစ်စုံတစ်ခုမျှ အပြစ်မရှိသည်ကိုမြင်လျှင် မိမိကိုယ်တိုင်ဝင်၍ ဆွဲငင်နှိပ်စက် ဖျက်ဆီးလိုရကား များစွာသော ဘီလူးစစ်သည်အပေါင်းကို ခေါ်၍ အထူးထူးအပြားပြားသော ကိုယ်သဏ္ဌာန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းလျက်၊ အထူးထူးအပြားပြားသော လက်နက်တို့ကို ကိုင်စေပြီးလျှင် "ဝင်ကြကုန်၊ ဖမ်းကြကုန်၊ ထိုးခုတ်သတ်ဖြတ်ကြကုန်"ဟု အော်ဟစ်၏။ စစ်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ကုမ္ဘဏ်ဘီလူးအပေါင်းတို့ နောက်ကပါပါသော်လည်း အာဠဝကသည် အလျှံ ပြောင်ပြောင် တောက်လောင်သောသံတွေခဲကို ယင်ရဲတို့ မတိုးဝံ့သကဲ့သို့ ဘုရားထံရင်းသို့ မချဉ်းကပ်ဝံ့ချေ။ အဝေးကနေ၍သာ အာဏာတန်ခိုး ပြ၏။

ဤသို့သောနည်းဖြင့် ညဉ့်ဦးမှသည် သန်းခေါင်ယံကုန်အောင် ကြံဆောင်ဖျက်ဆီးငြား သော်လည်း ဘုရားရှင်၏ တုန်လှုပ်ခြင်းမရှိသည်ကို မြင်သော် 'ဤ အရှင်ဂေါတမကား ကြီးမားသောတန်ခိုး ရှိသည်။ ဘွဲ့ဖြူလက်နက်မှသာ တတ်နိုင်ရာတော့သည်။ ဤ ဘွဲ့ဖြူလက်နက်ကား ငါ အမျက်ထွက်၍ ကောင်းကင်ထက်သို့ပစ်သော် တစ်ဆယ့်နှစ်နှစ်ပတ်လုံး မိုးမရွာနိုင် ဖြစ်ရာသည်။ မြေသို့ပစ်သော် သစ်ပင်အပေါင်းတို့သည် တစ်ဆယ့်နှစ်နှစ်ပတ်လုံး သုဉ်းဖျဉ်း သွေ့ခြောက်၍ အညွန့်မပေါက်ဘဲ ရှိရာသည်။ သမုဒ္ဒရာထဲသို့ပစ်သော် ရစ်သောင်းလေးထောင် နက်ချောင်ကျယ်ဝန်းသော ရေအထုသည် အိုးကင်းပူ၌ချလိုက်သော ရေပေါက်ကဲ့သို့ ခန်းခြောက်လေရာသည်။ ဤသို့သောအစွမ်းနှင့် ပြည့်စုံသောလက်နက်ကို လွှတ်တော့မည်'ဟု ကြံယူ၍၊ ဘွဲ့ဖြူပုဆိုးကို ပစ်လွှတ်လိုက်သော် ရှင်တော်ဘုရားထံသို့ ရောက်လေလျှင် ခြေသုတ်ပုဆိုးဖြစ်၍ တည်လေ၏။

ယင်းသို့သောအခါ စကြဝဠာတစ်သောင်း၌နေကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် 'ယနေ့ကား ဘုရားသခင်သည် အာဠဝကကို ဆုံးမလိမ့်မည်။ ထိုအခါ ငါတို့လည်း တရားတော်ကို နာရလတ္တံ့'ဟု ကြံ၍ အထံတော်သို့ လာကြကုန်သည်။ အချို့သောနတ် တို့လည်း 'အာဠဝကနှင့် လူသားဘုရား နှစ်ပါး၏စစ်ထိုးခြင်းကို ရှုအံ့'ဟု နှလုံးပြုကာ စည်းဝေးလာကြကုန်သည်။ ယူဇနာ လေးသောင်းနှစ်ထောင်ရှိသော ကောင်းကင်ပြင်အရပ်သည် နတ်ပရိသတ်တို့ဖြင့် ပြည့်လေသတည်း။

အာဠဝကလည်း ဘွဲ့ဖြူလက်နက်ဖြင့် ပစ်၍ ဘေးမျှမရှိသည်ကိုမြင်လျှင် အစွယ် ကျွတ်သော ဆင်၊ ချိုရှင်ကျိုးသော နွားဥသဘ၊ အဆိပ်ကျသော မြွေကဲ့သို့ ကြမ်းကြုတ်ခက် ထန်ခြင်း မာန်စောင်ကိုချလျက် 'ဂေါတမရဟန်းကို ဘွဲ့ဖြူလက်နက်စင်လျက် မနှိပ်စက်နိုင်ခြင်း သည်ကား အဘယ့်ကြောင့်နည်း'ဟု ဆင်ခြင်လေသော် 'သဗ္ဗေသတ္တာ အဝေရာ ဟောန္တု စသော မေတ္တာဗြဟ္မဝိဟာရတရားကို ပွားစေနေသောကြောင့် ဖြစ်ချေသည်'ဟု သိသဖြင့်၊ 'ပွားလင့်သော မေတ္တာဗြဟ္မာဝိဟာရပျက်အောင် အမျက်ကို ဖြစ်စေအံ့'ဟု ကြံ၍၊ ဘုရားထံသို့ ကပ်ပြီးလျှင် "ရှင်ဂေါတမ။ ငါ့အခွင့်မပြုဘဲ ငါ့ဗိမာန်သို့ဝင်၍ အိမ်ရှင်ကဲ့သို့ မောင်းမတို့၏ အလယ်၌ အဘယ့်ကြောင့် နေဘိသနည်း။ အရှင်မလိုသော ဗိမာန်၌နေခြင်းသည် လည်းကောင်း၊ မိန်းမတို့နှင့် ရောယှက်ခြင်းသည် လည်းကောင်း ဤအကြောင်းများသည် ရဟန်းသားတို့နှင့် လျော်သလော။ သူတော်ကောင်းဟု သင် ဝန်ခံလျက် မတော်မတန်သောနေရာ၌ နေဘိသည်။ လျင်စွာထွက်လော့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း 'ခက်ထန်သောသူကို အကြမ်းဆုံးမချေက ကိုက်တတ်သောခွေးကို မကိုက်စိမ့်သောငှာ တံပြာနှင့်ရိုက်လျှင် တိုး၍သာ ကိုက်ချင်ရာသကဲ့သို့ ထို့အတူ တိုး၍ စိတ်ဆိုးကြမ်းကြုတ်လေရာသည်။ သာယာသော စကားဖြင့် ဆုံးမမှ အာဠဝက နှလုံးနူးညံ့၍ မဂ်ဖိုလ်ရခြင်းငှာ ထိုက်တော့မည်'ဟု ကြံစည်တော်မူပြီးမှ "အချင်း အာဠဝက။ သင်က မနေစေလိုလျှင် ယခုပင် ငါထွက်မည်"ဟု ဆို၍ ထွက်သောအခါ၊ အာဠဝကလည်း ဤသို့ ကြံ၏။ 'ဤရဟန်းကား တစ်ခွန်းသောစကားဖြင့်ပင် ထွက်ပေသည်။ ငါဆိုသောအရာကို နာယူလွယ်ပေသည်။ ဤသို့ နာလွယ်သောရဟန်းကို မစူးမစမ်း အပန်းတကြီးမှတ်၍ တစ်ညဉ့်လုံး ငါ စစ်ထိုးခြင်းကို ပြုမိပေသည်။ ထိုသို့ထွက်ငြားသော်လည်း 'ငါ့ စကားကို နာလွယ်၍ပင် ထွက်သည်, အမျက်ရှိ၍ပင် ထွက်သည်'ဟု မသိသာသေး။ အရေးကို ကုန်စင်အောင် စမ်းဦးမည်'ဟု ကြံပြီးလျှင်၊ "အရှင်ရဟန်း။ ငါ၏ဗိမာန်သို့ ဝင်လာဦးလော့"ဟု ဆိုပြန်၏။ ဘုရားသခင်လည်း အလွန်လျှင်ပူသော ရေဆူကျွက်ကျွက်ကို သရက္ခန်စန္ဒကူးဖြင့်ချလျှင် ခဏချင်း အေးစေသကဲ့သို့ ထို့အတူပမာ ကြမ်းတမ်းစွာသော အာဠဝက၏အမျက်ကို ရုတ်တရက်ငြိမ်းစိမ့်သောငှာ ချမ်းမြေ့စွာသောမေတ္တာစကားဖြင့် "ငါ့အား သင် ဝင်စေလိုလျှင် ငါ ဝင်ဦးမည်" ဟု ဝင်တော်မူပြန်သော်၊ တစ်ဖန်စမ်းလို၍ "ရဟန်းဂေါတမ ထွက်ဦးလော့"ဟု ဆိုပြန်လျှင်၊ "သင် မနေစေလိုက ထွက်ရမည်ပင်"ဟု အလျင်ထွက်တော်မူသည်။

အကယ်၍ အာဠဝကဆိုတိုင်း မလိုက်နာသော် ကြမ်းတမ်းစွာသောစိတ်သည် မနိမ့်မပြိုလေရာ။ တရားဒေသနာတော်ကို ကောင်းစွာဟောငြားသော်လည်း ကျောက်သား၌ ရေမဝင်သကဲ့သို့ ဖြစ်ရာ၏။ ဥပမာဆိုသော် ငိုတတ်သောသားကို "နင်ကား ငိုဦးမည်လော"ဟု ရိုက်ခတ်က ထပ်၍ အလွန်ငိုရာသည်။ အမိစကားလည်း သား၌ မတည်လေရာ။ လိမ္မာသော အမိသည် ငိုဘိသောသားကို သာယာသောစကားဖြင့် လည်းကောင်း၊ အစာပေး၍ လည်းကောင်း ချော့မော့လျှင် အငိုတိတ်သည်။ မိခင်စကားလည်း သား၌ တည်လေသည်။ ထို့အတူ သတ္တဝါတို့ကိုဆုံးမရာ၌ လိမ္မာတော်မူလှသော လူသုံးပါးတို့အမျူးသည် ဘီလူး၏ဒေါသစိတ်ကို ဆို့ပိတ်တားမြစ်၍ တရားတည်လွယ်စိမ့်သောငှာ အာဠဝက၏အလိုသို့လိုက်တော်မူသဖြင့် သုံးကြိမ်တိုင်တိုင် ထွက်ခြင်း, ဝင်ခြင်းကို ပြုတော်မူသည်။

ထို့နောက်မှ အာဠဝကလည်း 'ဤရဟန်းကား ငါ့စကားကို နားထောင်လွယ်သူမှန်ပြီ။ ဤသို့လွယ်ချက်ကို အထက်က သိရမူ တစ်ညလုံး ထွက်စေ,ဝင်စေ၍ မောပန်းလှပေမှ ခြေနှစ်ချောင်းကိုကိုင်လျက် မြစ်တစ်ဖက်သို့ပစ်ရသော် မပင်ပန်းရ။ လှလှ ငါ အောင်ဘိရာ၏။ ယခု တစ်ကြိမ်ထွက်ခါမှ ခြေကိုကိုင်၍ ငါ ပစ်တော့မည်'ဟုကြံပြီးလျှင်၊ "ရှင်ကြီးရဟန်း။ ထွက်ဦးလော့"ဟု ဆို၏။ ထိုအခါ ဘုရားမြတ်စွာက "ငါ မထွက်လိုပြီ"ဟု မိန့်တော်မူ၏။ "အဘယ့်ကြောင့် မထွက်လိုသနည်း"ဟု မေးပြန်လျှင် "သင်ဘီလူးကား ငါဘုရားအား 'ခြေဖျားနှစ်ဖက်ကိုင်လျက် မြစ်တစ်ဖက်သို့ ပစ်အံ့'ဟု ကြံသောကြောင့် ငါ မထွက်လိုသည်"ဟု မိန့်တော်မူသော်၊ အာဠဝကလည်း 'ဤရဟန်းကား တန်ခိုးကြီးမားရုံသာမက ငါ့စိတ်အကြံကိုလည်း သိနိုင်ပေသည်။ ထိုသို့ ပညာရှိသောသူမြတ်ကို ပြဿနာဖြင့်မေးရသော် ကောင်း၏။ ယင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကို ကောင်းစွာမဖြေနိုင်သောကာလမှ 'စိတ္တဝိက္ခေပ'ကို သော်လည်း ပြုအံ့။ သူ့အသက်ကို သော်လည်း ခွဲအံ့။ သမုဒ္ဒရာထဲသို့ သော်လည်း ပစ်အံ့'ဟု ကြံ၏။

အဘယ့်ကြောင့် ဤသို့ကြံသနည်း ဟူမူကား ရှေးသောအခါ ကောင်းကင်ဖြင့် သွားလာသော ဆင္ဃဘိညရသေ့တို့သည် အာဠဝက၏ဗိမာန်ကို မြင်၍ 'အရှင် အသူ ဖြစ်လေသနည်း။ ဤဗိမာန်ကား ရွှေလော, ငွေလော, ပတ္တမြားလော'ဟု ကြည့်ရှုအံ့သောငှာ လာလတ်ကုန်သော် ပြဿနာကိုမေး၍ ထိုရသေ့တို့ မဖြေနိုင်လျှင် ကြောက်မက်ဖွယ်သော ရုပ်အသွင်ကို ဖန်ဆင်းလျက် ထိတ်လန့်ခြင်းသို့ သော်လည်း ရောက်စေသည်။ တန်ခိုးအဟုန်ဖြင့် အလွန်သိမ်မွေ့သော ကိုယ်ကို ဖန်ဆင်း၍ ရင်အတွင်းသို့ဝင်ပြီးမှ ဟဒယဝတ္ထုရုပ်ကို ဆုပ်နယ်နှိပ်စက်၍ စိတ်ပျက်ရူးသွပ်ခြင်း, ပျံ့လွင့်ခြင်းကို သော်လည်း ဖြစ်စေသည်။ ထိုသို့ ရူးသွပ်သောအခါမှ ရင်လွှာကိုခွဲ၍ အသည်းကိုသော်လည်း ပစ်လွှင့်လေသည်။ ထို့အတူသာ မြတ်စွာဘုရားကို ပြစ်မှားလိုသဖြင့် 'ပြဿနာကို မေးအံ့'ဟု ကြံသတည်း။

ဤသို့သောအကြံကို သိတော်မူလျှင် ဘုရားသခင်လည်း သဗ္ဗညုတ အသာဓာရဏ အညာသဒိသဖြစ်သော အာနုဘော်ကို ပြတော်မူခြင်းငှာ "အချင်း အာဠဝက။ နတ်ဗြဟ္မာနှင့်တကွသော လောကသုံးရွာတွင် အကြင်သူသည် ငါဘုရားအား ထိပါးနှိပ်နှိပ်လျက်စိတ်တော်ကိုလည်း ပျံ့လွင့်အောင်, နှလုံးတော်ကိုလည်း ကွဲစေအောင် ပြုနိုင်ရာ၏။ ထိုသို့ ပြုနိုင်သောသူကိုလည်းကောင်း၊ ငါဘုရား၏ခြေကို ကိုင်၍ ပစ်နိုင်မည့်သူကို လည်းကောင်း သုံးဆယ့်တစ်ဘုံတွင် တစ်စုံတစ်ယောက်ကိုမျှ ငါ မမြင်။ သင် မေးလိုသမျှသော ပြဿနာကို လျင်စွာမေးလော့"ဟု မိန့်တော်မူ၏။ အာဠဝကကလည်း–

'ကိံ သူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ကိံ သု သုစိဏ္ဏော သုခမာဝဟာတိ။

ကိံ သု ဟဝေ သာဓုတရံ ရသာနံ၊ ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ–' ဟူသော ဂါထာဖြင့် တန်းလျက်–

"ရဟန်း ဂေါတမ။ ဤလောကသုံးပါး၌ ယောကျ်ား, မိန်းမ ဟူသမျှတို့၏ မြတ်လှဥစ္စာ ရတနာကား အဘယ်နည်း။ လေ့ကျက်ခြင်းတကာဝယ် အဘယ်မည်သော အလေ့အကျက်သည် ချမ်းသာကို ဆောင်ပါသနည်း။ အရသာတို့တွင် အဘယ်အရသာကို သာလွန်ကောင်းမြတ်သည်ဟု ဆိုအပ်ပါသနည်း။ အသက်မွေးခြင်းတို့တွင် အဘယ်မည်သော အသက်မွေးခြင်းကို မြတ်သည်ဟု ဆိုပါသနည်း"ဟု မေး၏။

ဤပြဿနာကို အာဠဝကသည် အဘယ်မှ ရလေသနည်း ဟူမူကား ကဿပဘုရားလက်ထက်တော်က အာဠဝက၏အမိအဖဖြစ်သော ဘီလူးနှစ်ယောက်တို့သည် ဘုရားရှင်ထံ လုပ်ကျွေးဆည်းကပ်၍ ပြဿနာကို အဖြေနှင့်တကွ သင်ခဲ့ကြပြီးသော် သားအာဠဝက ငယ်စဉ်ကပင် သင်အံ ဆောင်ရွက်စေသည်။ ကာလရှည်သဖြင့် အဖြေကိုမေ့လေလျှင် မေးစဉ် ပုစ္ဆာမျှကိုသာ မမေ့ရအောင် ရွှေပြားထက်၌ ဆေးဒန်းမြင်းသီလာဖြင့် သေချာစွာရေးကူး၍ ဗိမာန်ဦး၌ ထားလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း ယခင်မေးအပ်သော ပုစ္ဆာလေးရပ်ကို ကဿပဘုရားဖြေတော်မူသောနည်းဖြင့် မြွက်ကြားဖြေဆိုတော်မူခြင်းငှာ –

'သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။

သစ္စံ ဟဝေ သာဓုတရံ ရသာနံ၊ ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ–' ဟူသောဂါထာကို ဟောတော်မူ၏။

အနက်ကား – ဘော အာဠဝက၊ အို အာဠဝကဘီလူး။ ဣဓ လောကေ၊ ဤလူ့ရွာ၌။ ပုရိသဿ၊ ယောကျ်ား, မိန်းမ စသည်များစွာ သတ္တဝါ၏။ သဒ္ဓါ၊ ရတနာသုံးပါးဂုဏ်၌ မတုန်မလှုပ် စုပ်စုပ်သက်ဝင် ခင်မင်ကြည်ညိုခြင်းသည်။သေဋ္ဌံ၊ လောကီလောကုတ္တရာ ချမ်းသာပေးတတ် အလွန်မြတ်သော၊ ဝိတ္တံ၊ ဉစ္စာပင်တည်း။ သုစိဏ္ဏော၊ ကောင်းမွန်လှစွာ လေ့လာကျင့်သုံးအပ်သော။ ဓမ္မော၊ ကုသိုလ် ကမ္မပထတရား ဆယ်ပါးသည်။ သုခံ၊ လူ့ပြည့်နတ်ရွာ နိဗ္ဗာန်ဟု ချမ်းသာသုံးပါးကို။ အာဝဟတိ၊ မချွတ်နိုင်အောင် ရွက်ဆောင်ပေ၏။ သစ္စံ၊ မှန်ကန်ဖြောင့်မတ်သော စကားသည်။ ဟဝေ ဧကန္တေန၊ စင်စစ်အားဖြင့်။ ရသာနံ၊ ချိုချဉ်စပ်ဖန် ခါးငန်ခြောက်ဖြာ အရသာတို့တွင်။ ဝါ၊ အရသာတို့ထက်။ သာဓုတရံ၊ အလွန်ကောင်းမြတ်သောအရသာ မည်၏။ ဇီဝိတံ ဇီဝန္တာနံ၊ အသက်မွေးခြင်းတကာတို့တွင်။ ပညာဇီဝိံ၊ ပညာဖြင့်အသက်မွေးခြင်းကို။သေဋ္ဌံ၊ မြတ်၏ဟူ၍။ ကုသလာ၊ လိမ္မာကုန်သော ပညာရှိတို့သည်။ အာဟု၊ ဆိုကုန်၏။

ဤသို့ ပြဿနာလေးပါးကိုဘုရားဖြေတော်မူသောအခါ အာဠဝကသည် အလွန်ဝမ်းမြောက်လှသည်ဖြစ်၍ ကြွင်းသေးသောပြဿနာကို ထပ်ခါမေးပြန်လိုရကား–

'ကထံသု တရတိ ဩဃံ၊ ကထံသု တရတိ အဏ္ဏဝံ။

ကထံသု ဒုက္ခမစ္စေတိ၊ ကထံသု ပရိသုဇ္ဈတိ' ဟူသောဂါထာဖြင့်–

"ရှင်ဂေါတမ။ အဘယ်သို့သော အကြောင်းအရာဖြင့် သံသရာတည်းဟူသော ဩဃကို ကူးမြောက်နိုင်ပါအံ့နည်း။ အဘယ်သို့သော အပြားအားဖြင့် ဝဋ်ဆင်းရဲတည်းဟူသော သမုဒ္ဒရာကို ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း။ အဘယ်သို့သော အကြောင်းဖြင့် ဆင်းရဲအပေါင်းမှ ကောင်းစွာ လွတ်ပါမည်နည်း။ အဘယ်ရေအေးဖြင့် ကိလေသာဟူသော အညစ်အကြေးကို ဆေးကြောသုတ်သင်၍ စင်ကြယ်ပါမည်နည်း" ဟု မေးလျှောက်၏။

ဘုရားသခင်ကလည်း အစဉ်အတိုင်း ဖြေတော်မူခြင်းငှာ–

'သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။

ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ– ဟူသောဂါထာကို ဟောတော်မူ၏။

အနက်ကား – ဘော အာဠဝက၊ အို အာဠဝကဘီလူး။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ဩဃံ၊ သံသရာတည်းဟူသော ဩဃကို။ တရတိ၊ ကူးမြောက်နိုင်၏။ အပ္ပမာဒေန၊ ကုသိုလ်ပြုပြု ကောင်းမှုပျော်မွေ့ မမေ့မလျော့ခြင်းဖြင့်။အဏ္ဏဝံ၊ သမုဒ္ဒရာ ပမာထက်ကဲ ဝဋ်ဆင်းရဲကို။ တရတိ၊ လွန်မြောက်နိုင်၏။ ဝီရိယေန၊ ပါရမီဆယ်ပါး တရားဝီရိယ မြတ်ဓမ္မ၌ နိစ္စကြိုးကုတ် အားထုတ်ခြင်းဖြင့်။ ဒုက္ခံ၊ ဇာတိဇရာ ဗျာဓိမရဏ စသည်သောင်းသောင်း ဆင်းရဲအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကို။ အစ္စေတိ၊ လွန်စေနိုင်၏။ ပညာယ၊ ဝိပဿနာ ပညာဆယ်ပါး ဉာဏ်တရားဖြင့်။ ပရိသုဇ္ဈတိ၊ ကိလေသာမြူမှေး အညစ်အကြေးမှ ကင်းဝေးစင်ကြယ်နိုင်၏။

ဤသို့ ဖြေတော်မူသောဒေသနာကို ကြားရလျှင် အာဠဝကလည်း ပါရမီသမ္ဘာရ ရှိသသူဖြစ်၍ ရှစ်ပါး, ဆယ်ပါး, တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းကင်းကွာလျက် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုသို့ တည်ပြီးမှ ဒုတိယဂါထာဝယ် 'ပညာယ ပရိသုဇ္ဈတိ'ဟူသော ပုဒ်၏အဓိပ္ပာယ်ကို မကျဉ်းမကျယ် သိလွယ်စိမ့်သောငှာ မိမိပညာဖြင့် ကြံ၍ တစ်ဖန်မေးလျှောက်ခြင်းငှာ 'ကထံသု လဘတေ ပညံ' အစရှိသော ဂါထာကို ဆိုသတည်း။

အဓိပ္ပာယ်ကား – "မြတ်စွာဘုရား။ အဘယ်သို့သော အကြောင်းအားဖြင့် ထူးပြားသော ပညာကို ရရာပါသနည်း။ အဘယ်အရေးဖြင့် အသက်မွေးကျောင်း ဥစ္စာကို ရရာပါသနည်း။ အဘယ်သဘောဖြင့် ကောင်းသောသတင်း ကျော်စောခြင်းသို့ ရောက်ပါသနည်း။မိတ်ဆွေကောင်းတို့ကို အဘယ်သို့ ပြုအပ်ပါသနည်း။ မျက်မှောက်ဘဝ ဤလောကမှ တမလွန်ဘဝ သွားရသော အခါဝယ် အဘယ်အမှုမျိုးဖြင့် စိုးရိမ်ခြင်း ကင်းရပါသနည်း"ဟု မေးလျှောက်၏။ ဘုရားသခင်လည်း အစဉ်အတိုင်း ဖြေတော်မူခြင်းငှာ–

'သဒ္ဒဟာနော အရဟတံ၊ ဓမ္မံ နိဗ္ဗာနပတ္တိယာ။
သုဿုသံ လဘတေ ပညံ၊ အပ္ပမတ္တော ဝိစက္ခဏော။
ပတိရူပကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။
သစ္စေန ကိတ္တိံ ပပ္ပေါတိ၊ ဒဒံ မိတ္တာနိ ဂန္ထတိ။
ယဿေတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမေသိနော။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သ ဝေ ပေစ္စ န သောစတိ–' ဟူသောဂါထာကို ဟောတော်မူပေ၏။

အဓိပ္ပာယ်ကား – "ချစ်သား အာဠဝက။ ပူဇော်ထိုက်သော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည် ဟောပြအပ်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားကို ယုံမှားမရှိ အတိပသန္နသဒ္ဓါဖြင့် လွန်စွာယုံကြည်သည်ဖြစ်၍ နှစ်နှစ်သက်သက် စုံမက်မြတ်နိုးစွာ မှတ်နာကျင့်ဆောင်လေ့ ရှိခြင်းသည် လည်းကောင်း၊ မမေ့မလျော့ မပေါ့သောသတိ ရှိခြင်းသည် လည်းကောင်း၊ စုံစမ်းတိုင်းထွာ စာနာကြံစည်လေ့ ရှိခြင်းသည် လည်းကောင်း ဤ အကြောင်း သုံးပါးဖြင့် ထူးပြားသောပညာကို ရရာဘိသတည်း။

"သင့်တင့်ကောင်းမြတ်သောအခါ၌ ကောင်းမြတ်စွာသောမိတ်ဆွေနှင့် ပေါင်းလျက် ကောင်းမြတ်သောအမှုကို ဂရုကတ လုံ့လပြုလေ့ရှိသောသူသည် လောကီဥစ္စာ, လောကုတ္တရာ ဥစ္စာ ဤနှစ်ဖြာကို ရရာသောအကြောင်း ဖြစ်၏။ ရှေ့ဆိုနောက်ပျက် ယွင်းကွက်မရှိ ပကတိဟုတ်မှန်သော သစ္စာစကားကို ဆိုခြင်းသည် ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်၏။ မိမိစီးပွား သူ့စီးပွား၌ လိုလားမျှတ ဝေငှပေးခြင်းသည် မိတ်ဆွေကောင်းကိုးစားရာဖြစ်သော အဆွေခင်ပွန်းကောင်းကို ရကြောင်းကေန် အမှန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အကြင်သူအား ဖြောင့်သားဟုတ်မှန်စွာသော သစ္စာတရား, အပါယ်လားမှု ဒုစရိုက်မှ ရှောင်ကြဉ်လှလျက် နိစ္စကြိုးကုတ် အားထုတ်အပ်သော ပုညကိရိယာ ဓမ္မာဆယ်ပါး, စီးပွားနှစ်ဖြာ ထိုအရာ၌ လွန်စွာဆည်းပူးအပ်သော ဓိတိတရား, သူ့အားစွန့်ကြဲ ဝေခွဲပေးကမ်းခြင်း ဟူသော စာဂတရား လေးပါးကို ပွားများစေသည်ဖြစ်အံ့။ ထိုသသူအား လူ၏ဘောင်တွင် အိမ်ထောင်ရာထား သားမယားနှင့် ပျော်ပါး၍နေသည်ပင် ဖြစ်သော်လည်း စင်စစ် တမလွန်ရွာ၌ စိုးရိမ်စရာ မရှိလေပြီ။ ယုတ်ညံ့သောဂတိမှ လွတ်ကွာ၍ လူ့ရွာနတ်ထံ၌ ကေန်ဖြစ်လတ္တံ့ သည်သာတည်း"ဟု ဖြေတော်မူ၏။

ဤသို့ ပဋ္ဌမပဉှာကို ကောင်းစွာဖြေတော်မူပြီးလျှင် "အချင်း အာဠဝက။ ငါမှတစ်ပါး ဘုရားဟု ဝန်ခံကုန်သော, ပူရဏကဿပ အစရှိကုန်သော ရဟန်းပုဏ္ဏား အများတို့ကိုလည်း လျှောက်ထား စုံစမ်းလေဦးလော့"ဟု တိုက်တွန်းတော်မူ၏။

အာဠဝကလည်း ယုံမှားသံသယ နှစ်ခွသော ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် ပယ်၍ နှစ်သွယ်သောအကျိုးကို မြင်ပြီးသသူဖြစ်ရကား "အရှင်ဘုရား။ အကျွန်ုပ်ကား သူတစ်ပါး၌ လျှောက်ထားခွင့် မရှိပါပြီ။ တစ်သက်ပတ်လုံး ယူကျုံးမှတ်ပိုက် အောက်မေ့ထိုက်သော သဒ္ဒရသ, အတ္ထရသ ရှိပေလှသော ဓမ္မရတနာကို ကောင်းစွာသိရပါပြီ။ အရှင်ဘုရားသည် အကျွန်ုပ်တို့ အကျိုးစီးပွား များစေခြင်းငှာ ဖြစ်တော်မူလာပေသည်။ အကျွန်ုပ်တို့၏ မျက်စိသဖွယ် ဖြစ်ပေသည်။ သံသရာဝဋ်ဟူသော တောအုပ်ကြီး၌ ခရီးမှား၍ ပျက်ပြားရလတ္တံ့သော အကျွန်ုပ်တို့အား ဟုတ်မှန်သောလမ်းကို ညွှန်ငင်၍ ကယ်တင်တော်မူပေသည်။ အရှင်ဘုရား၏ ကျေးဇူးတော်ကို တစ်ဗိမာန်မှသည် တစ်ဗိမာန်သို့, တစ်နိုင်ငံမှသည် တစ်နိုင်ငံသို့, နတ်တို့စံရာ တစ်ဘုံမှသည် တစ်ဘုံသို့ဆောင်၍ ပျံ့နှံ့အောင် အကျွန်ုပ် ဖော်ထုတ်ချီးကျူးကာ လှည့်လည်ပါအံ့"ဟု လျှောက်၍–

'အဇ္ဇာဒိ' ကတ္တာ တုမှာကံယေဝ ပရာယဏံ ကရောမိ။

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။

နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ' ဟူသောစကားဖြင့် သရဏဂုံ ယူ၏။ [ဤသရဏဂုံကား တပွရာယဏ သရဏဂုံတည်း။]

ယင်းသို့ အာဠဝကအား ဟောကြားဆုံးမတော်မူအပ်သော တရားဒေသနာ၏ ပြီးဆုံးခြင်းသည် လည်းကောင်း၊ ထိုညဉ့်ကုန်၍ နေအရုဏ်တက်လျက် မိုးသောက်ခြင်းသည် လည်းကောင်း၊ တရားနာလတ်သော နတ်အပေါင်းတို့၏ ကောင်းချီးအုတ်အော် ကြွေးကြော်ကြခြင်းသည် လည်းကောင်း၊ အာဠဝီပြည်သားတို့သည် အာဠဝကမင်းသားကို ဘီလူးစားအလို့ငှာ ပို့လာ၍ ရောက်ခြင်းသည် လည်းကောင်း တစ်ပြိုင်နက် ဖြစ်လေသတည်း။

မင်းချင်းယောကျ်ားတို့လည်း နတ်တို့၏ ကောင်းချီးပေးသောအသံကို ကြားရ၍ 'ဘုရားရှင်မှတစ်ပါး အခြားသောသူ၏အကြောင်းကြောင့် ဤသို့သောကောင်းချီးသည် မဖြစ်နိုင်ရာ။ ဘုရား ကြွလာသည် ဖြစ်လတ္တံ့'ဟု ကြံ၍ ဗိမာန်အဝမှ ကြည့်ရှုလေသော်၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



တော်ဘုရားကို မြင်၍ ယခင်နေ့တို့ဌှကဲ့သို့ တွန့်တိုထိတ်လန့်ခြင်းမရှိဘဲ ဗိမာန်သို့ဝင်၍ ဘုရားသခင်ကို ရှိခိုးပြီးလျှင် ဘီလူးထံသို့ ချဉ်း၍ "ဘီလူးမင်း။ သင့်အလို့ငှာ ဆောင်ခဲ့ပါသော ဤမင်းသားကို စားလိုသော်လည်း စား, ထားလို့သော်လည်း ထား၊ သင် အလိုရှိသမျှပင် ပြုတော်မူ"ဟု ဆို၍ သူငယ်ကို ဘီလူးလက်သို့ ထည့်၏။

အာဠဝကဘီလူးလည်း သောတာပန်အဖြစ်သို့ ရောက်ပြီးဖြစ်သောကြောင့် လည်းကောင်း၊ အကျိုးအပြစ်စကားကို ဟောကြားဆုံးမသော ဘုရားရှေ့တော်တွင် ဖြစ်သောကြောင့် လည်းကောင်း အလွန်ရှက်နိုးရကား မျက်နှာထားမတင့်တယ်။ သူငယ်ကို လက်နှစ်ဖက်ဖြင့် ချီငင်၍ "အရှင်ဘုရား။ ဤသူငယ်ကား အကျွန်ုပ်အလို့ငှာ လာပို့၍ ပိုင်ဆိုင်သူဖြစ်ပါသည်။ ဤသူငယ်ကို အလိုရှိရာ ပြုတော်မူပါ။ အကျွန်ုပ် ကပ်လှူပါအံ့"ဟုဆို၍ ဘုရားသခင် လက်တော်သို့ ထည့်ပြီးသော်–

'ဣမံ ကုမာရံ သတပုညလက္ခဏံ၊

သဗ္ဗင်္ဂုပေတံ ပရိပုဏ္ဏဗျဉ္ဇနံ။

ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ၊

ပဋိဂ္ဂဟ လောကဟိတာယ စက္ခုမ–' ဟူသောဂါထာကို လျှောက်၏။

အနက်ကား– ဘန္တေ၊ အရှင်ဘုရား။တေ၊ အရှင်ဘုရားအား။ သတပုညလက္ခဏံ၊ အရာမက ပြီးပြီးပသော ဘုန်းလက္ခဏာလည်း ရှိထသော။ သဗ္ဗင်္ဂုပေတံ၊ အလုံးစုံသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံထသော။ ပရိပုဏ္ဏဗျဉ္ဇနံ၊ ထက်ဝန်းကျင်ပြည့်ဖြိုးသော အသွင်သဏ္ဌာန်လည်း ရှိထသော။ ဣမံ ကုမာရံ၊ ဤမင်းသားကို။ အဟံ၊ အကျွန်ုပ်သည်။ ဥဒဂ္ဂစိတ္တော၊ ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍။ သုမနော၊ ဝမ်းသာသည်ဖြစ်၍။ ဒဒါမိ၊ လှူပါ၏။ စက္ခုမ၊ ငါးဖြာမျက်စိ ရှိတော်မူသော မြတ်စွာဘုရား။ တွံ၊ အရှင်ဘုရားသည်။ လောကဟိတာယ၊ လူတို့၏ အစီးအပွားအလို့ငှာ။ ပဋိဂ္ဂဟ၊ ခံတော်မူပါလော့။

ဘုရားသခင်လည်း ချီငင်ခံတော်မူ၍ နတ်လူအပေါင်းကို ကောင်းချီမင်္ဂလာဖြစ်ခြင်းစေငှာ–

'ဒီဃာယုကော ဟောတု အယံ ကုမာရော၊

တုဝဉ္စ ယက္ခ သုခိတော ဘဝါဟိ၊

အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ–' ဟူသော ဂါထာကို ကျူးရင့်တော်မူ၏။

[ဤဂါထာကား သုံးပါဒသာ။ အနက်မှာ သိသာပြီ။]

ဤသို့ ကောင်းချီးပေးတော်မူပြီးသော် မင်းချင်းယောကျ်ားတို့ကို ခေါ်၍ "ဤ မင်းသားကို သင်တို့ ကောင်းမွန်စွာကျွေးမွေးပြီးလျှင် ကြီးရင့်သည့်ကာလမှ ငါ့အထံသို့ ဆောင်ခဲ့"ဟု မိန့်တော်မူလျက်၊ မင်းချင်းတို့လက်သို့ ကမ်းတော်မူ၏။ ဤသို့ မင်းချင်းတို့လက်မှသည် အာဠဝကဘီလူးလက်သို့, ဘီလူးလက်မှသည် ဘုရားရှင်လက်သို့, ဘုရားရှင်လက်မှသည် မင်းချင်းတို့လက်သို့ တစ်ဖန် ရောက်ပြန်၍ရသောကြောင့် ထိုမင်းသားကို အမည်အားဖြင့် 'ဟတ္ထာဠဝက' မင်းသားဟု ခေါ်ကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



မင်းချင်းတို့လည်း မင်းသားယယ်ကိုယူ၍ ပြည်သို့ပြန်လာကြသော် ခရီးလမ်းဝယ် လယ်ထွန်, ယာခုတ် အမှုလုပ်သသူအပေါင်းတို့ မြင်လျှင် 'အရှင့်သားသည် ငယ်လွန်းလှသော ကြောင့် ဘီလူးက မစားလို၍ ပြန်ခဲ့ရသလော'ဟု တွေးတော၍ ကြောက်လန့်လှသဖြင့် မေးမြန်း လင့်ကြကုန်၏။ မင်းချင်းတို့ကလည်း "ဘုန်းတော်ကြီးလှသော ဘုရားမြတ်စွာသည် ကြွတော်မူ လာ၍ ချမ်းသာရကြောင်း"ကို ပြန်ကြားလျှင်၊ ပြည်သားပြည်သူအပေါင်းတို့သည် ကောင်းချီးပေး ကုန်လျက် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်သောအသံသည် ဖြစ်၏။

မင်းအိမ်နန်းတော်သို့ ရောက်သောအခါ အာဠဝီမင်းကြီးလည်း မင်းချင်းတို့ကို မြင် လျှင် ရင်တုန်ထိတ်လန့်သော နှလုံးရှိလျက် "အချင်းတို့။ ဘယ်သို့သောအကြောင်းကြောင့် မင်းသားငယ်ကို ယူ၍ ပြန်လာသနည်း။ ငယ်သောကြောင့် ဘီလူး မစားလိုသလော"ဟု မေး၏။ မင်းချင်းတို့ကလည်း "အရှင်မင်းကြီး။ လောကသင်းကျစ် ဓမ္မရာဇ်မြတ်စွာသည် အာဠဝကဘီလူး ဗိမာန်သို့ ကြွတော်မူလာ၍ ထိုအာဠဝကကို ဆုံးမ ချေချွတ်တော်မူသဖြင့် ဥပါသကာ၏အဖြစ် ၌ တည်စေသည်ဖြစ်၍ အရှင့်သားကို မစားဘဲ မြတ်စွာဘုရားအား ကပ်လှူ၍ ဘုရားလက်တော် မှ ရခဲ့ပါသတည်း"ဟု လျှောက်၏။ ထိုစကားကို ကြားသောအခါ အာဠဝီမင်းကြီးလည်း အားရဝမ်းသာစွာ ဖြစ်၏။

ဘုရားသခင်လည်း ကိုယ်တော်တွင်ပါသော သင်္ကန်း, သပိတ်, ပရိက္ခရာတို့ကို အာဠဝက ဘီလူးအား ယူစေတော်မူ၍ ဆွမ်းခံဝင်အံ့သော အခါတိုင်လျှင် အာဠဝကဗိမာန်မှ ထွက်ခဲ့၍ အာဠဝီပြည်သို့ ရှေးရှုကြွတော်မူလာသော်၊ အာဠဝကသည် မြို့၏အနီးသို့ရောက်လျှင် မြို့တွင်း သို့ဝင်ခြင်းငှာ ရှက်နိုးရကား တရွေ့တရွေ့ နောက်ချန်ကာနေ၏။ ဘုရားမြတ်စွာလည်း အာဠဝက၏အထာကို သိတော်မူ၍ "ချစ်သား အာဠဝက မြို့တွင်းသို့ဝင်ခြင်းမှ သင် ရှက် သလော"ဟု မေးတော်မူလျှင် "အရှင်ဘုရား။ အကျွန်ုပ်ကို မြင်လျှင် 'ငါတို့အမိ, ငါတို့အဖ, သား, မြေး စသည်တို့ကို စားသောက်နိုပ်စက်၍ ဤဘီလူးနေသည်'ဟု လူအပေါင်းတို့သည် ထောင်းထောင်းအမျက်ထ၍ တုတ်, အုတ်, လှင်ကန်တို့ဖြင့် ပစ်ခတ် နှင်ထုတ်ကြလတ္တံ့။ ဤသို့နှင်ထုတ်ခြင်းမှ အကျွန်ုပ် ကြောက်ရှက်လှပါသည်"ဟု လျှောက်၏။ မြတ်စွာဘုရားလည်း "ချစ်သား အာဠဝက။ ငါဘုရားတို့နှင့် တကွပါလျက် အဘယ်သူ ပုတ်ခတ်ခြင်းငှာ ဝံ့အံ့နည်း။ သို့ရာတွင် သင် ရှက်နိုးလျှင် ဤမြို့ပြင်က ပြန်လေလော့"ဟု မိန့်တော်မူ၏။ အာဠဝကလည်း မြို့ တံခါးဝတိုင်အောင် လိုက်၍ ခြေတော်ကို ဦးဖြင့်ခိုက်ပြီးမှ ပြန်လေသည်။

ဘုရားသခင်လည်း မြို့တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူပြီးသော် ဝင်တော် မူခဲ့သော တံခါးဖြင့်ထွက်၍၊ မြို့၏အနီး ကြီးကျယ်သောအရိပ်ရှိသော သစ်ပင်ရင်း၌ သီတင်းသုံး နေတော်မူ၏။ ပြည်သူ မှူးမတ်နှင့်အတူတကွ အာဠဝီမင်းကြီးလည်း ခရီးဦးကြိုခြင်း, နေရာခင်းခြင်း စသော ပဋိသန္ထာရကိုပြု၍ ထံတော်ပါး၌ ခစားပျပ်ဝပ်လာ၏။ ဆွမ်းဘုဉ်းပေး ပြီးသောအခါ များစွာသောပြည်သူအပေါင်းတို့လည်း ရုံးပေါင်းစုဝေးလာ၍ ရိုသေစွာရှိခိုး လျက်၊ ထိုမင်းကြီးက "အာဠဝကအား အဘယ်သို့သော အပြားအားဖြင့် နှိမ်နင်းဆုံးမတော် မူပါသနည်း"ဟု လျှောက်ထားသောစကားစပ်တွင် စစ်ယှဉ်ခင်းကျင်းတော်မူသော အခြင်း



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်မှစ၍ အလုံးစုံသော အာဠဝကက သုတ်ဒေသနာကို ကောင်းစွာဟောတော်မူ၏။ ဒေသနာ၏ အဆုံး၌ ရှစ်သောင်းလေးထောင်မျှသော ပရိသတ်တို့သည် အကျွတ်တရားကို ရကြကုန်သတည်း။ ထိုအခါမှ အာဠဝီပြည်သားတို့သည် အာဠဝကအား ဝေဿဝဏ်နတ်မင်း၏ နေရာအနီး၌ ထား၍ ညွတ်တွားပူဇော်ခြင်းကို ပြုကြကုန်၏။

အာဠဝီမင်းလည်း ဘုရားသခင်အား မိမိပြည်တွင် သီတင်းသုံးပါမည့်အကြောင်းကို ခွင့်တောင်းပြီးသော် ဘိုးတော်ဘေးတော်တို့၏ အမွေဥစ္စာဖြစ်သော သာလဝတီဥယျာဉ်ဝယ် တင့်တယ်ကောင်းမွန်စွာ ကျောင်းတော်ကို ဆောက်လုပ်ရာ ဘုရားသခင်လည်း အလျင် ပြန်တော်မူ၍၊ ဝါလနီးသောအခါမှ ငါးရာသော တပည့်သံဃာတို့နှင့်တကွ ကြွ၍ ဝါကပ်တော်မူ၏။ ဝါကျွတ်သောအခါ ထိုထိုမြို့ရွာသို့ ဒေသစာရီ ကြွချီတော်မူမြဲဖြင့် ကြွချီတော်မူလေ၏။

ဟတ္ထာဠဝကမင်းသားလည်း အရွယ်သို့ရောက်သောအခါ ခမည်းတော်မင်းကြီးနှင့် တကွ မှူးမတ်အပေါင်းတို့က "အရှင်မင်းသားသည် ဘုရားသခင်ကြောင့်သာ အသက် ချမ်းသာ ပေသည်။ မြတ်ဘုရားရှင်ထံ ကပ်နွှမ်ပါဝဲလေ"ဟု တိုက်တွန်းကြသဖြင့် အခြံအရံငါးရာနှင့်တကွ ဘုရားရှိရာ လာ၍ ရှိသေစွာဆည်းကပ်လေသော် မကြာမြင့်မီပင် အနာဂါမိဖိုလ်၌တည်၍ ပိဋကတ်သုံးပုံကို သင်ကြားတတ်မြောက်လျက် ငါးရာသောဥပါသကာတို့၏ အကြီးအမှူးဖြစ်၍ ဘုရားရှင်ထံ နိယံမပြတ် ခစားဆည်းကပ်၏။

တစ်ရံသောအခါ ဥပါသကာ သုံးဦးနှင့်တကွ ဘုရားရှင်ထံသွား၍ ခစားဆည်းကပ် သည်တွင် ယဉ်ကျေးသိမ်မွေ့သော ဣန္ဒြေအမူအရာ ရှိသည်ကိုမြင်တော်မူ၍ "ချစ်သား အာဠဝက။ သင်၏ပရိသတ်ကား ကောင်းမြတ် ယဉ်ကျေးပေစွတကား။ အဘယ်တရားဖြင့် သင်ကား ချီးမြှောက်ဘိသနည်း"ဟု မေးတော်မူလျှင်၊ "အရှင်ဘုရား။ အကျွန်ုပ်ကား ဒါနတရား၌ ပျော်ပါး နှစ်သက်သောသူကို အလှူပေးခြင်း၌ အကျိုးစကားဖြင့် ချီးမြှင့် သင်္ဂြိုဟ်ပါသည်။ ချစ်ဖွယ်သော စကား၌ ပျော်ပါးနှစ်သက်သောသူကို ကြည်ညိုချစ်ခင်ဖွယ်သောစကားဖြင့် ချီးမြှင့်သင်္ဂြိုဟ် ပါသည်။ ဘေးရန်ကိစ္စကို မ,စကယ်ထုတ်ခြင်း၌ နှစ်သက်သောသူကို ထိုအမှုဖြင့် ချီးမြှင့် သင်္ဂြိုဟ်ပါသည်။ ကိုယ်တူထပ်မျှ ချီးပခြင်း၌နှစ်သက်သူကို ကိုယ်တူထားသဖြင့် ချီးမြှင့် သင်္ဂြိုဟ်ပါသည်"ဟု နားတော်လျှောက်သော်–

'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထာဠဝကော'ဟူ၍ ဧတဒဂ်အရာ၌ ထားတော်မူသည်။

အနက်ကား – ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ လေးပါးကုန်သော။ သင်္ဂဟဝတ္ထူဟိ၊ သင်္ဂြိုဟ်ခြင်း ဝတ္ထုတို့ဖြင့်။ ပရိသံ၊ ပရိသတ်ကို။ သင်္ဂဏှန္တာနံ၊ သင်္ဂြိုဟ် ချီးမြှင့်တတ်ကုန်သော၊ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော ဥပါသကာတို့တွင်။ ယဒိဒံ ယံ ဣဒံ ဟတ္ထာဠဝကော၊ အကြင် ဟတ္ထာဠာဝကမင်းသားသည်။ အတ္ထိ၊ ရှိ၏။ ဧတံ သော ဟတ္ထာဠဝကော၊ ဤ ဟတ္ထာဠဝကမင်းသားသည်။ အဂ္ဂံ အဂ္ဂေါ၊ ကဲလွန် မြတ်မွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤ ဟတ္ထာဠဝကမင်းသားကား တပည့်ယောကျ်ားအစုတွင် အကျုံးဝင်သော သူပေတည်း။ သည်ကို ရည်၍-

'ငါးရာငါးရာ၊ အရံပါသား၊ ထိုခါသင်းမှူး၊ သီတင်းဦးဟု၊ မည်ထူးခေါ်လောက် ခုနစ်ယောက်တွင်၊ လက်ပြောက်တွင်ကျယ်၊ စိတ်သူကြွယ်နှင့်၊ လှူဝယ်လှူဆန်း၊ မာန်ဖြင့်ကျန်းသား မြတ်မှန်းမသိ၊ ရှင်မုနိအား၊ ပြစ်မှားရှေးဦး၊ စားမူးမူးဝယ်၊ ဘီလူးအာဠဝက၊ လှူ၍ရသား အာဠဝကရှာစား၊ မင်း၏သားလျှင်၊ ရှည်လျားကြီးပြင်း၊ မိုက်မျက်ကင်း၍၊ သီတင်းဦးကြီး မည်သီးထင်စွာ၊ ထိုအခါ၌၊ ဟတ္ထာဠဝက၊ ခေါ်တွင်ကြအံ့၊ နန္ဒမာတာ၊ ဥတ္တရာဟု၊ ဒကာမိန်းမ တကွနှစ်စုံ၊ တရားယုံလည်း၊ ဉသုံပရိသတ်၊ လေးပါးမှတ်လျက်၊ ချေချွတ်ပွဲတွင်၊ မည်ရည်ထင်အံ့ သဘင်တလင်း၊ ဤသူခင်းသည်၊ ခပင်း စုံစုံစေ့စေ့တည်း' ဟူ၍ အရှင်သီလဝံသအကျော် စပ်တော်မူလေသည်။

ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတ် အဋ္ဌကထာ အာဠဝကသုတ်အဖွင့်၌ အာဠဝီ တွင် ဝါဆိုတော်မူကြောင်းကို မလာ။ အင်္ဂုတ္တိုရ် အဋ္ဌကထာ, ဗုဒ္ဓဝင် အဋ္ဌကထာ, အပဒါန် အဋ္ဌကထာတို့၌သာလျှင် 'သောဠသမံ အာဠဝကံ ဒမေတွာ စတုရာသီတိ ပါဏသဟဿာနိ အမတပါနံ ပါယေတွာ အာဠဝိယံ ဝသံ ဝသိ' ဟု လာသောကြောင့် ဝါကပ်တော်မူကြောင်းကို သိရသည်။

ဤကား သောဠသမဝါဆိုသော အကြောင်းအတ္ထုပ္ပတ္တိ အမြွက်တည်း။

## ။၇၈။ ဒေဝဒတ်သည် သံဃာတော်ကို သင်းခွဲခြင်း

သတ္တရသမဝါကို ရာဇဂြိုဟ်ပြည်၌၊ အဋ္ဌာရသမဝါ, ဧကူနဝီသတိမဝါတို့ကို ထိုပြည်နှင့် မနီးမဝေးဖြစ်သော စာလိယတောင်၌၊ ဝီသတိမဝါကို ရာဇဂြိုဟ်ပြည်၌ ကပ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား ဒေဝဒတ် ပြစ်မှားလေသောအကြောင်းကို အရင်းမှစ၍ ပြဦးအံ့။

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း, ပါဝါရိကာရုံကျောင်း, ကုက္ကုဋာရုံကျောင်းတို့၌ ကိန်းအောင်းတည်စံတော်မူသောကာလ ဃောသကသူဌေး အစရှိကုန် သော ဥပါသကာ, ဥပါသိကာ အပေါင်းတို့သည် ကျောင်းတော်သို့ ဆည်းကပ်ကြကုန်သော် သံဃာတော်တို့ကို အမည်ဖြင့် အသီးသီးခေါ်၍ 'အရှင်သာရိပုတ္တရာကား အဘယ်ကျောင်းမှာ သီတင်းသုံးသနည်း', 'အရှင်မောဂ္ဂလာန်ကား အဘယ်မှာနည်း', 'အရှင်အာနန္ဒာကား အဘယ် မှာနည်း' ဤသို့ စသည်ဖြင့် မေးမြန်း၍ လှူဒါန်းပူဇော်ဖွယ်နှင့်တကွ အသီးသီး ဆည်းကပ်ကြ ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကနားမဏ္ဍပ် ဇရပ်ပွဲပြင် အလှူသဘင်တို့၌ မင်္ဂလာပြု၍ စည်းဝေးသောအခါ၌လည်း 'အရှင်သာရိပုတ္တရာကား ငါတို့ ဆရာတည်း။ အလွန်ပညာ ကြီးကျယ်၏', 'ငါတို့ဆရာကား အရှင်မဟာမောဂ္ဂလာန်တည်း။ ဈာန်အဘိညာဉ်တို့၌ သို့စင် အံ့ဩဖွယ်ရှိ၏' ဤသို့ စသည်ဖြင့် အသီးအသီး ချီးမွမ်းပြောပကြကုန်သည်။ ဒေဝဒတ်ကိုမူကား မည်သူ တစ်ယောက်မျှ မေးမြန်း၍ လှူဒါန်းပူဇော်လာသူလည်း မရှိ။ ချီးမွမ်းပြောဆို အံ့သောသူလည်း မရှိ။

ထိုအခါ ဆရာဒေဝဒတ်သည် ဆိတ်ငြိမ်ရာကပ်ပြီးသော် ဤသို့ ကြံ၏။ 'ဤ ကောသမ္ဗီပြည်သားတို့သည် ငါ့အားမေးမြန်းကာ အကျွမ်းတဝင်ပြုလာသောသူ မည်သည် တစ်စုံတစ်ယောက်မျှ မရှိကြကုန်။ သာရိပုတ္တရာ, မောဂ္ဂလာန်, အာနန္ဒာ စသော သူတို့၏ အထံသို့သာ သွားလာ ဝင်ထွက်ကြကုန်သည်။ ငါလည်း သာကီဝင်မင်းမျိုးမှ ရဟန်းပြုသူဖြစ်ပါ လျက် ဒါယကာတို့ မကြည်ညွတ်ခြင်း, မဆည်းကပ်ခြင်းသည် ဘုရားရှင်က ငါ၏ ကျေးဇူးမဲ့စကား ကို ဒါယကာတို့အား ပြောကြားသည် ဖြစ်ရာလတ္တံ့။ ထို့ကြောင့် ဘုရားမြတ်စွာနှင့် ငါ အတူနေ၍ မသင့်ပြီ။ ဤမှတစ်ပါး အခြားမြို့ရွာ၌ ငါ့အား ကိုးကွယ်ချီးမြှောက်မည့် ဒါယကာကို ဖွေရှာမှီတင်း ၍ နေတော့အံ့။ သို့ရာတွင် ထက်ဝန်းကျင်သော ထီးဆောင်းနန်းနေ ပဒေသရာဇ်မင်းအများတို့ သည် ဘုရားသခင်၏ အလုပ်အကျွေး ဥပါသကာချည်း ဖြစ်ကြကုန်သည်။ ဗိမ္ဗိသာရမင်းကြီး၏ သားဖြစ်သော အဇာတသတ်မင်းသားကား ငယ်လည်း ငယ်သေး၏။ ထိုမင်းသားကို ငါ့အား ကြည်ညိုစေ၍ ဆရာပြုရသော် များစွာသော လာဘသက္ကာရ ရှိသည် ဖြစ်လတ္တံ့။ ထို လာဘသက္ကာ ရကိုမှီ၍ ပရိသတ်လေးပါးတို့သည် ပြန့်ပွားစည်ပင်စွာ ဖြစ်လတ္တံ့'ဟု အကြံဖြစ်၏။

ထိုသို့ကြံပြီးသော် ရှင်တော်ဘုရားထံမှ ခွာ၍ ရာဇဂြိုဟ်ပြည်သို့ လာခဲ့၏။ ပြည်၏ အနီးသို့ ရောက်လျှင် မိမိရသော ဈာန်အဘိညာဉ်ဖြင့် ရဟန်းအသွင်ကိုပယ်၍ သူငယ်၏သဏ္ဌာန် ကို ဖန်ဆင်းပြီးလျှင် ဦးခေါင်းထက်တွင် မြွေတစ်စင်းကို ပါးပျဉ်းဖြန့်စေလျက် လက်နှစ်ဖက်၌ မြွေနှစ်စင်း, ခြေနှစ်ဖက်၌လည်း မြွေနှစ်စင်း ဤ မြွေငါးစင်းကို အမြီးချင်းယှက်ထိုး၍ ခါး ကြိုးကဲ့သို့ဆင်ပြီးမှ ကောင်းကင်ဖြင့်သွား၍ အဇာတသတ်မင်းသား၏ရင်ပြင်ထက်၌ သက်ဆင်း ၏။ မင်းသားလည်း အလွန်ကြောက်လန့်ရကား သည်းစွာဟစ်အော်၍ ထ၏။

ထိုအခါ ဆရာဒေဝဒတ်က "မင်းသား။ ကြောက်သလော"ဟု မေး၏။ မင်းသားက လည်း "ငါကား အလွန်ကြောက်၏။ သင် အသူနည်း။ လူလော, နတ်လော, နဂါးလော"ဟု ဆိုလျှင် "သင်မင်းသား မကြောက်လင့်။ ငါကား ဒေဝဒတ်ပင်တည်း။ သတ္တိစွမ်းအားကို မြင်စေလို၍ ပြသည်"ဟု ဆိုလျှင်၊ "ရှင်ဒေဝဒတ်ဖြစ်ဘိက ပကတိသော ရဟန်းအသွင်ကို ပြပါ"ဟု တောင်းပန်လျှင် ထိုဖန်ဆင်းသော သူငယ်၏အသွင်ကို ဖျောက်၍ ပရိက္ခရာရှစ်ပါးနှင့် တကွသော ရဟန်းအသွင်ကို ပြပေသည်။

ထိုအခါ အဇာတသတ်မင်းသားလည်း 'ရှင်ဒေဝဒတ်ကား ကြီးမားသော တန်ခိုးအာနု ဘော် ရှိ၏။ နာနာဘာဝ ရူပကာယကိုလည်း ပြခြင်းငှာ စွမ်းနိုင်၏။ ခမည်းတော်ကိုးကွယ်သော ဘုရားသော်မှ ဤကဲ့သို့ မပြနိုင်'ဟု အလွန် သဒ္ဓါကြည်ညိုခြင်းဖြစ်ရကား မင်းသားလည်း ရထားငါးရာတို့နှင့် ဆရာဒေဝဒတ်၏အထံသို့ ညဉ့်,နံနက် ဆည်းကပ်၏။ ငါးရာမျှလောက်သော



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဝတ်တို့ကိုလည်း တည်ပေ၏။ မင်းချင်းတို့လည်း အသီးသီး ချီးမြှောက်ပူဇော်ကြ၏။ ထိုအခါမှ စ၍ ဒေဝဒတ်အား များစွာသောလာဘ်ပူဇော်သက္ကာ အခြံအရံတို့သည် ဖြစ်ကုန်၏။

ထိုအခါ ဆရာဒေဝဒတ်လည်း လာဘ်ပူဇော်သက္ကာရတို့၌ တပ်ကြိုက်ပျော်မြူးသည် ဖြစ်၍ မာန်ယစ်လေရကား 'ဘုရားသခင်ကို ပယ်ရှား၍ တပည့်သားဖြစ်သော သံဃာအပေါင်းကို ငါဆောင်အံ့'ဟု အကြံဖြစ်၏။ ထိုစိတ် ဖြစ်သည်နှင့်တစ်ပြိုင်နက်ပင် အထက်ရရင်းဖြစ်သော ဈာန်အဘိညာဉ်သည် ကွယ်လေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်နေသော အရှင်မောဂ္ဂလာန်၏အလုပ်အကျွေး ကောလိယသူဌေး၏သားဖြစ်သော ကုက္ကုဋမည်သော ဒါယကာသည် ကြမ္မာကုန်၍ စတုမဟာရာဇ်ဘုံ၌ နတ်သားအဖြစ် ရလေ၏။ ထိုနတ်၏ကိုယ်ကား သုံးဂါဝုတ်မျှ ပမာဏကြီးသတည်း။

ထိုကုက္ကုဋနတ်သားသည် အရှင်မောဂ္ဂလာန်ရှိရာ ကောသမ္ဗီပြည်သို့လာ၍ ရှိသေစွာရှိခိုးပြီးသော် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ခြောက်ပါးနှင့် ပြည်စုံတော်မူသော မြတ်စွာဘုရား၏ လက်ဝဲတော်ရံဖြစ်တော်မူသော အရှင်ဘုရား။ ရဟန်းဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာ၌ လွန်စွာတောင့်တခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ ကုသိုလ်တရား၌ အားထုတ်လိုခြင်းကင်းသောစိတ်ရှိလျက် 'ရဟန်းသံဃာကို ငါဆောင်အံ့'ဟု စိတ်အကြံသည်ဖြစ်၏။ ထိုသို့ ကြံသည်နှင့်တစ်ပြိုင်နက်ပင် အရှင်ဒေဝဒတ်၏သန္တာန်၌ ရှိရင်းဈာန်, အဘိညာဉ်တို့သည် ရေတွင်ကျသော မီးတောက်ကဲ့သို့ ပျောက်ပျက်သုဉ်းဖျင်းလေပြီ"ဟု လျှောက်လာ၏။

အရှင်မောဂ္ဂလာန်လည်း ဘုရားရှိရာသို့ လျင်စွာကပ်ပြီးသော် နတ်သားလျှောက်တိုင်းသော အကြောင်းစကားကို ဘုရားရှင်အား နားတော်လျှောက်ပေသော်၊ ကိုယ်တော်ဘုရားသည် "ချစ်သားမောဂ္ဂလာန်။ သင်၏အလုပ်အကျွေးဖြစ်သော ကုက္ကုဋနတ်သားသည် မိမိစိတ်ဖြင့် သူတစ်ပါးစိတ်ကို သိသည်ဖြစ်၍ သိစေလင့်ခြင်းငှာ သင့်အား ကြားလျှောက်လာပေသည်။ ဣဿာပကတဖြင့် ပြောပြသောစကားဖျင်းဟု သင် မမှတ်လင့်။ နတ်လျှောက်တိုင်း မှန်သည်သာတည်း။ သို့ရာတွင် သင် ဆိတ်ဆိတ်သာနေဦးလော့။ မမြင့်မီပင် ထိုအခြင်းအရာသည် ထင်ရှားဖြစ်လတ္တံ့."ဟု မိန့်တော်မူပြီးမှ—

"ချစ်သားမောဂ္ဂလာန်။ ဤလောက၌ အပူဇော်ခံကြရသော ဆရာကား ငါးမျိုးပြား သတည်း။ ငါးမျိုး ဟူသော်ကား—

၁။ မိမိ၌ စင်ကြယ်သောသီလ မရှိဘဲလျက်၊ စင်ကြယ်သောသီလ ရှိယောင်မူ၍ သူတထူးအား လွန်ကြူးစွာကဲ့ရဲ့ရှုတ်ချလျက် 'မြတ်သောသီလသည် ငါ၌သာ ရှိ၏'ဟု ဝန်ခံ၍ အခြံအရံ အလုပ်အကျွေးတို့ကို သွေးဆောင်ဖြားယောင်းတတ်သော ဆရာလည်း တစ်မျိုး၊

၂။ မိမိ၌ စင်ကြယ်သောအသက်မွေးခြင်း မရှိဘဲလျက် စင်ကြယ်သောအသက်မွေးခြင်း ရှိယောင်မူ၍ သူတထူးအား လွန်ကြူးစွာကဲ့ရဲ့ရှုတ်ချလျက် 'မြတ်သောအာဇီဝသည် ငါ၌သာရှိ၏'ဟု ဝန်ခံ၍ အပူဇော်ခံသော ဆရာလည်း တစ်မျိုး၊



www.burmeseclassic.com

၃။ မိမိ၌ မစင်ကြယ်သော အယူစကား တရားဒေသနာရှိလျက် စင်ကြယ်စွာရှိယောင်မူ၍ သူတထူးအား ကဲ့ရဲ့ရှုတ်ချလျက် 'မြတ်သော အယူဝါဒ ဓမ္မဒေသနာသည် ငါ၌ရှိ၏'ဟု ဝန်ခံ၍ အပူဇော်ခံသော ဆရာလည်းတစ်မျိုး၊

၄။ မိမိ၌ မစင်ကြယ်သော ဉာဏ်အမြင်ရှိလျက် 'စင်ကြယ်သောဉာဏ်အမြင် ရှိ၏'ဟု ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ ဆရာပြုနေသော ပုဂ္ဂိုလ်လည်း တစ်မျိုး။

၅။ မိမိ၌ မစင်ကြယ်သော ဗျာကရိုဏ်းသင်ခြင်းရှိလျက် 'စင်ကြယ်သော ဗျာကရိုဏ်းသင်ခြင်း ရှိ၏'ဟု ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ ဆရာပြုနေသော ပုဂ္ဂိုလ်လည်း တစ်မျိုး။

"ဤသို့ ငါးမျိုး ပြားသတည်း။ ထိုဆရာတို့အား မိမိတို့၏တပည့်ပင် ဆင်ခြင်မိသော ကာလ သိကုန်ကြသဖြင့် 'ဂရဟိတ အနာဒရ' ဖြစ်လေကုန်သတည်း။

"ချစ်သားမောဂ္ဂလာန်။ ငါဘုရားမူကား စင်ကြယ်သောအကျင့်ဟု ဆိုအပ်သော ပါတိမောက္ခ သံဝရသီလ၊ စင်ကြယ်သောအသက်မွေးခြင်းဟု ဆိုအပ်သော အာဇီဝ ပါရိသုဒ္ဓိသီလ၊ စင်ကြယ်သောအယူစကား တရားဒေသနာ, ဗျာကရိုဏ်းသင်ခြင်း, စင်ကြယ်သော ဉာဏ်အမြင် ရှိသည်ဖြစ်၍ ငါသည် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သီလအာဇီဝ ဓမ္မဒေသနာ ဝေယျာကရဏ ဉာဏဒဿန ရှိ၏ဟု ဝန်ခံသတည်း။ ထို့ကြောင့် တပည့်သာဝကတို့သည်လည်း ငါ့အား အတိဂါရဝ ပသံသတို့ဖြင့် ဆည်းကပ်ကြကုန်သတည်း"ဟု မိန့်တော်မူ၏။

ဘုရားကိုယ်တော်မြတ်လည်း ထိုကောသမ္ဗီပြည်မှသည် ကွန့်လည်ထွက်ကြွကာ ဒေသစာရီ ချီတော်မူခဲ့၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ရောက်တော်မူသော် ဖူးမြော်ခြင်းငှာ လာကုန်သော သံဃာတော်တို့သည် ဤသို့ နားတော်လျှောက်ကုန်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ယခုအခါ အဇာသတ်မင်းသားသည် အရှင်ဒေဝဒတ်အား ဆရာပြု၍ ကိုးကွယ် ဖိတ်ကြားလျက် ရထားငါးရာတို့ဖြင့် ညဉ့်, နံနက်မပြတ် ဆည်းကပ်လေသည်။ ငါးရာမျှလောက်သော ဆွမ်းဝတ်တို့ကို တည်သည်ဖြစ်၍ သံဃာတော်တို့ ချမ်းသာရပေသတည်း"ဟု နားတော်လျှောက်ကြ၏။

ဘုရားသခင်ကလည်း "ချစ်သား ရဟန်းတို့။ ဤမျှလောက်သော လာဘ်ပူဇော်သက္ကာတို့ ပြန့်ပွားလာခြင်းသည်ကား ဒေဝဒတ်အား ကောင်းကျိုးစီးပွား များစေခြင်းငှာ ဖြစ်လာသည် မဟုတ်။ ဆုတ်ယုတ်ခြင်းငှာသာ ဖြစ်လာသတည်း။ ချစ်သားရဟန်းတို့။ လောကူပမာ သိဖွယ်ရာကား ကြမ်းကြုတ်စွာသော ခွေး၏နှာဝ,လျှာဝ၌ ခါးလုသောသည်းခြေအိတ်ကို ခွဲသည် ရှိသော် လွန်ကဲ၍ ကြမ်းကြုတ်ပြန်သကဲ့သို့၊ ဉာဏ်အမြင်နည်းသော ပုဂ္ဂိုလ်တို့၏ထံမှောက်သို့ ရောက်သော လာဘ်ပူဇော် အခြံအရံသည် မွန်မြတ်သောအကျင့်သီလကို ဖျက်ခြင်းငှာ, တရားဆုတ်ယုတ်ခြင်းငှာ, အကုသိုလ် ပွားများခြင်းငှာသာ ဖြစ်၏။ ဥပမာတစ်ပါးလည်း ချစ်သားတို့ ဝါးပင်, ပေပင်, ကျူပင်တို့သည် မိမိကိုသေစေခြင်းငှာ အသီးဖြစ်လာသကဲ့သို့၊ အာဇာနည်မြင်းမသည် မိမိကိုသေစိမ့်သောငှာ သားဖွားလာသကဲ့သို့ ပညာနည်းသော ဒေဝဒတ်အား လာဘ်ပူဇော်သက္ကာတို့ ပြန့်ပွားလာခြင်းသည် မိမိကို ညှဉ်းဆဲခြင်းအကျိုးငှာ, အပါယ်လေးပါးသို့ လားစေခြင်းငှာသာ ဖြစ်ပွားလာသတည်း"ဟု မိန့်တော်မူပြီးမှ–



www.burmeseclassic.com

www.burmeseclassic.com



'ဖလံ ဝေ ကဒလိ' ဟန္တိ၊ ဖလံ ဝေဠုံ ဖလံ နဠံ။

သက္ကရော ကာပုရိသံ ဟန္တိ၊ ဂဗ္ဘော အဿတရိံ ယထာ-'ဟူသော ဂါထာကို ဟောတော်မူ၏။

အနက်ကား - ဘိက္ခဝေ၊ ရဟန်းတို့။ ကဒလိံ၊ ငှက်ပျောပင်ကို။ ဖလံ၊ မိမိအသီး သည်။ ဝေ၊ စင်စစ်၊ ဟန္တိ ယထာ၊ သတ်လေသကဲ့သို့။ ဝေဠုံ၊ ဝါးပင်ကို။ ဖလံ၊ ဝါးသီးသည်။ ဟန္တိယထာ၊ သတ်လေသကဲ့သို့။ နဠံ၊ ကျူပင်ကို။ ဖလံ၊ မိမိအသီးသည်။ ဟန္တိယထာ၊ သတ်လေသကဲ့သို့။ အဿတရိံ၊ အဿတိုရ်မြင်းမကို။ ဂဗ္ဘော၊ မိမိကိုယ်ဝန်သည်။ ဟန္တိ ယထာ၊ သတ်လေသကဲ့သို့။ တထာ၊ ထို့အတူ။ ကာပုရိသံ၊ နှလုံးသွင်းယုတ်သော ယောကျ်ားကို။ သက္ကာရော၊ လာဘ်ပူဇော်သက္ကာသည်။ ဟန္တိ၊ သတ်ဖြတ် ဖျက်ဆီးတတ်၏။

ဤသို့စသည်ဖြင့် ပရိသတ်လေးပါးတို့အား တရားတိုက်ကျွေးလျက် နေတော်မူစဉ် အရှင်ဒေဝဒတ်သည် မိမိပရိသတ်နှင့်တကွ ဘုရားထံသို့လာ၍ ရိုသေစွာရှိခိုးပြီးသော် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်ကား အသက်အရွယ်ကြီး ပါပြီ။ အိုမင်းခြင်းသို့ ရောက်ပါပြီ။ မျက်မှောက်ချမ်းသာ ခံစားကာဖြင့် ကြောင့်ကြမဲ့သာ စံတော်မူပါ။ ဘိက္ခု, ဘိက္ခုနီ, ဉပါသကာ, ဉပါသိကာမဖြစ်သော တပည့် ဒကာ သာဝက အပေါင်းတို့အား အကျွန်ုပ်ကို လွှဲထား အပ်နှင်းတော်မူပါလော့။ ကျွန်ုပ်သာလျှင် ထိုသံဃာ အပေါင်းကို ကောင်းစွာဆောင်ပါအံ့"ဟု လျှောက်ထား၏။

ဘုရားသခင်ကလည်း "ချစ်သားဒေဝဒတ်။ ဤအခွင့်ကား မသင့်ချေသေး။ သင်၏ကိုယ်ရေးကိုသာ အားထုတ်ဦးလော့။ သံဃာတို့ကို ဆောင်ခြင်းဌာ သင် အလိုမရှိလင့်"ဟု ပယ်တော်မူ၏။ အရှင်ဒေဝဒတ်လည်း ထပ်ခါထပ်ခါ သုံးကြိမ်မြောက်အောင် လျှောက်လေ သော် ဘုရားကိုယ်တော်မြတ်က "ချစ်သားဒေဝဒတ်။ အယုတ်, အလတ်, အမြတ်အား ဖြင့် သုံးပါးရှိကုန်သောသတ္တဝါတို့သည် ငါဘုရားကိုရည်မှန်း၍ ရဟန်းပြုကုန်သည်သာ ဖြစ်ရကား သူတထူးအား လွှဲထားခြင်းဌာ မလျော်သည်ဖြစ်၏။ စင်စစ် သာဝကတို့၏အထွတ်သို့ ရောက်သော သာရိပုတ္တရာ, မောဂ္ဂလာန်တို့ကိုမျှ သာဝကသံဃာကို ငါ မအပ်သေးတုံ၏။ သူ တထူးပစ်ထွေးသော တံတွေး, ချွေးပေါက်ကို ကောက်၍မျိုသေးသော သင့်အား အများသံဃာကို အဘယ်သို့ အပ်နှံအံ့နည်း"ဟု မိန့်တော်မူ၏။

ထိုအမိန့်ကိုကြားလျှင် အရှင်ဒေဝဒတ်လည်း 'မြတ်စွာဘုရားသည် ပရိသတ်များ၏ အလယ်၌ ရှက်စဖွယ်သောစကားဖြင့် ငါ့အား ရှုတ်ချတော်မူသည်။ သူစိမ်းမျိုးခြား ဆင်းရဲသား ဖြစ်သော သာရိပုတ္တရာ, မောဂ္ဂလာန်တို့ကိုသာ လွန်စွာ ချီးမြှောက်လေသည်။ ငါကား ယနေ့မှစ၍ ယောက်ဖတော်ဂေါတမ၏ ကောင်းကျိုးကို မကြံပြီ'ဟု နှလုံးပြု၍ ကြီးစွာသောရန်ငြိုးကို ထားလျက် ဘုရားထံတော်မှ ခွာခဲ့၏။

ဤကား ရှေးဦးစွာသော ရန်ငြိုးထားခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၇၉။ ဒေဝဒတ်သည် ဗိမ္ဗိသာရမင်းကြီးကို သတ်စေခြင်း

ဘုရားကိုယ်တော်မြတ်လည်း 'ဒေဝဒတ်သည် အဇာတသတ်မင်းသားအား မတရားသဖြင့် နည်းပေး၍ ဘေးရန်ကြီးစွာ ဖြစ်လတ္တံ့.'သည်ကို မြင်တော်မူသဖြင့် သံဃာတို့ကို စည်းဝေးစေတော်မူ၍ "ချစ်သားတို့။ သင်တို့သည် ရာဇဂြိုဟ်ပြည်တွင်းသို့ သွား၍ ပရိသတ်အများတို့ကြားသိစေခြင်းငှာ ပကာသနီယ ကမ္မဝါဖြင့် ထင်စွာပြုကြကုန်ချေ။ ပြုရာသော ကမ္မဝါအဓိပ္ပာယ်ကား 'အများသံဃာတို့။ ဆရာဒေဝဒတ်သည် ရှေးသောအခါသဘောထားနှင့် ယခုသဘောထား မတူပြီ။ ထိုသူပြုသော ကာယကံ, ဝစီကံ, မနောကံ သုံးပါးသည် ဘုရားနှင့် အလိုတူ၏ ဟူ၍လည်းကောင်း၊ တရားနှင့် အလိုတူ၏ ဟူ၍လည်းကောင်း၊ သံဃာနှင့် အလိုတူ၏ ဟူ၍လည်းကောင်း မယူမှတ်ကုန်လင့်' ဤသို့သော ကမ္မဝါဖြင့် ပကာသနီယကံကို ပြုချေကုန်လော့" ဟု မိန့်တော်မူ၏။ သံဃာတော်တို့လည်း ဘုရားအမိန့်တော်အတိုင်း ရာဇဂြိုဟ်ပြည်သို့ သွား၍ ထင်ရှားပြုလေကုန်၏။

ထိုအကြောင်းကို ကြားသောအခါ သဒ္ဓါတရားနှင့် မပြည့်စုံကုန်သော, ပညာမရှိကုန်သော အချို့သောသူတို့သည် "သာကီဝင်မင်းသား ဘုရားတပည့်ဖြစ်ကုန်သော ရဟန်းတို့သည် ဒေဝဒတ်၏ လာဘသက္ကာရကို အလွန် ငြူစူကုန်စွတကား"ဟု ဆိုကုန်၏။

သာသနာ၌ သဒ္ဓါပသန္နရှိကုန်သော, အဆင်အခြင် ပညာများကုန်သော အချို့သောလူတို့ကား "ဘုရားကိုယ်တော်မြတ်သည် ဒေဝဒတ်အား ပကာသနီယကံကို ပြုခြင်းသည် တစ်စုံတစ်ခုသော အကြောင်းအရေးအခင်းကို မြင်တော်မူသည် ဖြစ်လတ္တံ့."ဟု ချီးမွမ်းပြောဆိုကြကုန်၏။

ထို့နောက်များမကြာ ဆရာဒေဝဒတ်သည် အဇာတသတ်မင်းသားအိမ်သို့ သွားပြီးသော် မင်းသားကို ဆိတ်ငြိမ်ရာသို့ခေါ်၍ မလျော်သောဩဝါဒဖြင့် အဆုံးအမပေးသည်ကား "အရှင့်သား။ ရှေးသောအခါ လူများစွာတို့ပင် ရှည်ကြာသောအသက် ရှိကုန်၏။ ယခုကာလကား ကမ်းစွန်းဖျား၌ တည်နားသောသစ်ပင်ကဲ့သို့ အလွန်လျှင်အသက်တိုကုန်သည်။ မင်းသား၏ ခမည်းတော်ဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် အသက်အရွယ် နုနယ်ပျိုမျစ်လှသေး၏။ ဖခင်မင်းကြီး အသက်အရွယ်ကုန်၍ လွန်သောအခါမှ အဖရိုက်ရာဖြစ်သော ဤ ရွှေထီးရွှေနန်းကို သိမ်းမြန်း၍ မင်းလုပ်မည်ဖြစ်မူကား မင်းသားသည် အိုမင်းရင့်ရော်သောအခါမှ မင်း၏ချမ်းသာကိုခံစံရသော် မင်း၏စည်းစိမ်မည်သည်လည်း ခြောက်ပိန်ကြုံလှီသော သတ္တဝါ၏အသားကို စားရသကဲ့သို့ လည်းကောင်း၊ ဟောင်းနွမ်းယိုယွင်း ရသာကင်းသော ထမင်း, မုန့်, ငါး, သစ်သီးများကို စားရသကဲ့သို့ လည်းကောင်း နှစ်မြို့စလောက် ဝမ်းမြောက်ဖွယ် မရှိပြီ။ ထို့ကြောင့် အဆင်းအရွယ် တင့်တယ်စွာလှ ခုနယ်ကလျှင် အဖရိုက်ရာဖြစ်သော ရွှေနန်းစည်းစိမ်ကို စံရအောင် အဖဖြစ်သောမင်းကြီးကို ပယ်ရှား၍ မင်းသား မင်းပြုဘိလော့။ ငါလည်း ယောက်ဖတော်ဂေါတမကို သတ်၍ ဘုရားလုပ်အံ့"ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလျှင် မင်းသားလည်း 'ငါ့ဆရာဒေဝဒတ်ကား ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိ၏။ အမြော်အမြင် ပညာနှင့်လည်း ပြည့်စုံ၏။ ဆရာဆိုတိုင်း လိုက်နာသော် ကောင်းရာ၏'ဟု နှလုံးထား၍၊ တစ်နေ့သ၌ သန်လျက်ဓားကို ပေါင်ကြား၌ဝှက်ပြီးသော် နန်းတော်၌ ပရိသတ်လပ်လတ္တံ့သော နေမွန်းယိမ်းအချိန်တွင် မင်းအိမ်သို့ ဝင်လေ၏။ တံခါး အစောင့်ထားသော ယောကျ်ားတို့မြင်၍ မင်းသားကိုဖမ်းပြီးလျှင် စုံလင်စွာကြည့်ရှုသော် ပေါင်၌ စည်း၍ပါသော သန်လျက်ကိုမြင်သဖြင့် "သင်မင်းသား။ ဘယ်အလို့ငှာ ဝင်လာသနည်း" ဟု စစ်မေး၍၊ မင်းအား လုပ်ကြံခြင်းငှာ လာသည်ကိုသိရလျှင်၊ "သင်မင်းသား။ ဘယ်သူ သင်ပြစီမံ၍ ဤအကြံကို ကြံဘိသနည်း"ဟု မေး၏။

"ဆရာဒေဝဒတ် တိုက်တွန်းသောကြောင့် ကြံမိပေသည်"ဟု ဆိုသော်၊ ထို မေးစစ်သော အမတ်တို့တွင် အချို့သောအမတ်တို့က "မကြံအပ်သည်ကို ကြံရကား မင်းသားကိုလည်း သတ်သင့်သည်။ ဒေဝဒတ်ကိုလည် သတ်သင့်သည်။ ရဟန်းသံဃာတို့ကိုလည်း သတ်သင့် သည်"ဟု ဆိုကုန်၏။

အချို့သောအမတ်တို့ကလည်း "မင်းသားနှင့် ဒေဝဒတ်ကိုသာ သတ်သင့်သည်။ ရဟန်းသံဃာကို မသတ်သင့်။ သံဃာတို့ကား မင်းကြီးအား မပြစ်မှားပေ"ဟု ဆိုကုန်၏။

အချို့သော အမတ်တို့ကလည်း "ငါတို့မင်းမြတ်သည် သား သတ်လတ္တံ့သောအကြောင်း ကို ဝမ်းတွင်းအောင်းစကပင် သိလျက်ဖြစ်သည်။ ဘယ်သူ့ကိုမျှ မသတ်ကြလင့်ဦး။ မင်းကြီးအား သံတော်ဦးတင်၍ မင်းအာဏာဖြင့်သာ စီရင်သင့်သည်"ဟုဆိုကုန်၏။

ထိုစကားအတိုင်းပင် မင်းသားကို ယူငင်၍ မင်းကြီးထံသို့ ဝင်လေသော်၊ ခမည်းတော် မင်းကြီးလည်း သားကိုခေါ်၍ "ချစ်သား။ အဘယ်ကြောင့် ငါ့ကို သတ်လိုသနည်း"ဟု မေး၏။ "ရွှေထီးရွှေနန်းစည်းစိမ်ကို လိုသောကြောင့် သတ်မည်ကြံပေသည်"ဟု လျှောက်သော်၊ "သားတော်။ သင့်ကို ငါ မွေးမြူခြင်းသည် မင်းစည်းစိမ်ကို ပေးလို၍သာ မွေးသည်မဟုတ်လော" ဟုဆို၍၊ မင်းသားကို သတ်လိုသမျှသော မှူးမတ်တို့အား ရာထူးနုတ်ထား၍၊ အလိုတူသော မှူးမတ်များနှင့်တကွ မင်းအဖြစ်ကို ဆောက်နှင်းပေ၏။

ထို အလုံးစုံသောအကြောင်းကို ရာဇဂြိုဟ်ပြည်သားတို့ ကြားသိသောအခါမှ "မြတ်စွာ ဘုရားသည် ဒေဝဒတ်အား ပကာသနီယကံကို ပြုတော်မူခြင်းသည် ဘေးကင်းအောင် ကြံပေ သည်တကား"ဟု များစွာချီးမွမ်း အံ့ဩကြကုန်၏။

အဇာတသတ်မင်းသားလည်း မင်း၏အဖြစ်ကို ရလျှင် ဆရာဒေဝဒတ်ထံသို့ သွား၍ "အရှင်ဘုရား။ အကျွန်ုပ်ကိစ္စကား ပြီးမြောက်ပါပြီ။ အရှင့်အရေးသာ လိုပါတော့သည်"ဟု လျှောက်၏။ တစ်နေ့သ၌ ဒေဝဒတ်လည်း အဇာတသတ်မင်းထံသို့ လာ၍ ဆိတ်ငြိမ်ရာသို့ ကပ်ပြီးသော် "ဒကာတော်မင်းသား။ အသို့ ပြုဘိသနည်း။ ယခုအနေသည် မြွေဟောက်ကို ခါးပိုက်ဖြင့် ဆောင်သောသူကဲ့သို့ လည်းကောင်း၊ မြေခွေးကို အတွင်းဝှက်၍ ကျက်အပ်သော စည်ငယ်ကို လွယ်၍ တီးမှားသောသူကဲ့သို့ လည်းကောင်း 'အမှုကောင်းစွာ မပြီးဘဲလျက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်ဟု မှတ်တော်မူသလော။ သုံး, လေးရက်ကြာလျှင်ပင် သင်၏ဖခင်ကြီးသည် သင့်အား ဖျက်ဆီးဘိ၍ မိမိစည်းစိမ်ကို ယူလတ္တံ့။ လူတို့မမ္မတာပင် ကောင်းခိုက်ကိုကြင်နာ၍ ဆင်းရဲသောအခါ မုန်းမြဲသာတကား"ဟု ဆိုလျှင်၊ "အရှင်ဘုရား။ အသို့ပြုအံ့နည်း"ဟုမေးပြန်၏။ "မင်းကြီး။ သစ်ပင်တို့သည် အမြစ်အရင်း အကြွင်းမရှိ ပယ်ဖျောက်မှ မပေါက်လာနိုင်သကဲ့သို့ ရန်ကို အဆုံးရောက်အောင်ပြုမှ ငြိမ်းချမ်းစွာ ဖြစ်မည်"ဟု ဆို၏။

ထိုအခါ အဇာတသတ်မင်းကလည်း "အရှင်ဘုရား။ အကျွန်ုပ်၏ဖခင်ကြီးအား ဓားဖြင့် မသတ်ထိုက်သည် မဟုတ်ပါလော။ ဘယ်သို့ သေစေရအံ့နည်း"ဟု မေးလျှင်၊ "သင်မင်းမြတ်ဆိုတိုင်း ဓားဖြင့် မသတ်ထိုက်သည် မှန်၏။ လူသံဆိတ်ငြိမ်သော နှောင်အိမ်၌ထားပြီးလျှင် စားသောက်ခြင်း ထမင်းအာဟာရကို ဖြတ်၍သတ်ရသော် အပြစ်မရှိ"ဟု ဆိုပေ၏။

ထိုအခါ အဇာတသတ်လည်း ကျဉ်းကျပ်လုံခြုံသော နှောင်အိမ်ကို ပြုပြင်စေပြီးလျှင် ဖခင်မင်း ကြီးကို သွင်းထား၍ "ငါ၏မယ်တော် မိဖုရားမှတစ်ပါး အခြားလူရှင်သည် မဝင်, မမြင်စေလင့်။ တစ်စုံတစ်ခုသော အာဟာရကိုလည်း မကျွေး, မပေးလင့်။ ပေးသောသူသည် ဤမျှသောမင်းဒဏ်ကို ခံစေ"ဟုဆို၍ အာဏာသားတို့ကို မြဲမြံစွာ အစောင့်ထား၏။

ဗိမ္ဗိသာရမင်းကြီးလည်း "သားတော်ကို ငါ မင်းမြှောက်ပေပြီ။ ငါ့သားစီရင်တိုင်း ခံရပေမည်"ဟုသာ ကြည်စွာ နှောင်အိမ်၌ဝင်၍ နေ၏။

'ဝေဒေဟီ'မိဖုရားလည်း သားကို ပြောဆိုဆုံးမလျက် ခွင့်မရလေလျှင် ရွှေခွက်၌ထမင်း ထည့်၍ ခါးပိုက်ဖြင့်ဆောင်ကြဉ်းလျက် မင်းကြီးအား ကျွေးမွေး၏။ မင်းကြီးလည်း ထိုအာဟာရဖြင့်သာ မျှတလျက် 'ငါ့သား အမျက်ပြေသောအခါ ချမ်းသာရလတ္တံ့'ဟု စိတ်ချ ကာနေ၏။

ဆယ်ရက်,လခွဲကြာသော် အဇာတသတ်မင်းသည် အစောင့်အကြပ်တို့ကိုခေါ်၍ "ငါ့ခမည်းတော် မသေသေးသလော"ဟု မေး၏။ "မသေသေးကြောင်း"ကို လျှောက်လျှင် "အဘယ်အာဟာရဖြင့် မျှတသနည်း"ဟု မေး၏။ "မယ်တော်မိဖုရား ရွှေခွက်ဖြင့်ဆောင်၍ ကျွေးကြောင်း"ကို လျှောက်သောကာလ၊ "ခါးပိုက်ကို ကြည့်ရှုလော့။ အာဟာရပါလျှင် မဝင်စေလင့်"ဟု အာဏာပေးပြန်၏။မင်းချင်းတို့လည်း မင်းအာဏာအတိုင်း မြစ်လေသော် ဝေဒေဟီ မိဖုရားလည်း လေးပါးသောစတုမဓုဖြင့် ပြုအပ်သောမုန့်လုံးကို ဆံထုံး၌ထည့်၍ ဆောင်ယူကာ မင်းကြီးအား ကျွေးမွေးပေ၏။မင်းကြီးလည်း ထိုအာဟာရဖြင့် မျှတကာနေ၏။

တစ်ဖန် လခွဲကြာ၍ "ငါ၏ခမည်းတော် မသေသေးသလော"ဟု မေးသဖြင့်၊ "မသေသေးကြောင်း။ မယ်တော် ဆံထုံးဖြင့်ဆောင်၍ ကျွေးကြောင်း"ကို လျှောက်လျှင်၊ "မယ်တော် နှောင်အိမ်သို့ဝင်သောကာလ ဆံပင်ဖားလျားချ၍ ဝင်စေ"ဟု အာဏာပေးပြန်၏။ ထိုအာဏာကို ကြားသော် မယ်တော်မိဖုရားလည်း အပြားပြားသောမုန့်ထမင်းကို ရွှေခြေနင်း၌ ဖုံးလွှမ်းပြီးလျှင် စီးနင်းဝင်သဖြင့် ထိုတွင်ပါသော အာဟာရတို့ကို ကျွေးမွေး၏။

တစ်ဖန် ခုနစ်ရက်ကြာသော် "ခမည်းတော် မသေသေးသလော"ဟု မေးပြန်၍ "မသေသေးကြောင်း။ မယ်တော် ခြေနင်းဖြင့်ဆောင်၍ ကျွေးကြောင်း"ကို လျှောက်ကြလျှင်



www.burmeseclassic.com

www.burmeseclassic.com



"မယ်တော်ဝင်သောအခါ ခြေနင်း မပါစေလင့်"ဟု အာဏာပေး၏။ မိဖုရားလည်း ထိုအာဏာကို ကြားသော် ကိုယ်တော်၌ နံ့သာရေဖြင့်သွန်းချိုး၍ ပျစ်ပျစ်သောစတုမဓုရည်ဝယ် နံ့သာမှုန့်ဖြင့် နယ်လျက် ကိုယ်ဝယ်လိမ်းကျံပြီးမှ သန့်ပြန့်လှသောအဝတ်ကိုဆင်လျက် နှောင်အိမ်သို့ ဝင်ပြီးသော် လင်မင်းကြီးအား ခြစ်၍ခြစ်၍ပေး၏။ မင်းကြီးလည်း မွတ်သိပ်ခြင်းပြင်းလှသော ကြောင့် ခြစ်၍ရကောင်းသော မုန့်အာဟာရဖြင့် အားမရနိုင်ရကား မိဖုရားကိုယ်၌ကပ်သော နံ့သာကို လျှာဖြင့်လျက်၍ မျို၏။ ထိုအဖြစ်ကို မြင်ရကုန်သော နှောင်အိမ်စောင့်လူတို့သည် သည်းအူ ပြောင်းပြန်လန်ဘနန်းမျှ သနားကြ၍ တ,သငိုယို ကြကုန်သည်သာတည်း။

နောက် လေး,ငါးရက်ကြာသော် အဇာတသတ်မင်းလည်း "ခမည်းတော် မသေသေး သလော"ဟု မေးပြန်၍၊ "မသေးသေးကြောင်း။ သနားဖွယ်ဖြစ်သောအကြောင်း"တို့ကို လျှောက်ကြသော် "ငါ့မယ်တော်ကို နှောင်အိမ်သို့သွား၍ မဝင်စေလင့်"ဟု ဆိုပြန်၏။ ထိုအခါ ဝေဒေဟီမိဖုရားလည်း နှောင်အိမ်သို့သွား၍ တံခါးဝ၌ ရပ်ပြီးလျှင် ဆံပင်ကိုကြဲဖြန့်လျက် အနည်းနည်းသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးလျက်–

"လူလေးမျိုးတို့၏ ကောင်းကျိုးချမ်းသာကို လွန်စွာပြုပြင်သော အရှင်ဗိမ္ဗိသာရမင်း မြတ်။ မိမိကို သတ်လတ္တံ့သောသားကိုလျက် မဖျက်မဆီးရ ချီးပမွေးမြူချင်သောကြောင့် မမြင်ဝံ့သော ဆင်းရဲအစုကို ယခု ခံတော်မူရချေသည်။ အရှင့်သားမင်းယုတ်သည် အကျွန်ုပ်ကိုမျှ ဝင်ရခြင်းငှာ ခွင့်မပေးပါပြီ။ ဤအခါမှ နောက်ကာလ၌ ပြည်မသခင် ကျွန့်အရှင်ကို ဖူးမြင်ရုံမျှ မရလတ္တံ့။ ယခုဖူးမြင်ခြင်းကား အဆုံးစွန်သော ဖူးမြင်ခြင်းပါတည်း။ အကျွန်ုပ်သည် ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးဖြင့် ညွတ်ကျိုးဝန်လျှော့ ကန်တော့ပူဇော်ပါ၏။ အကျွန်ုပ်၌ ကဲ့ရဲ့ထိုက်သော အပြစ်ရှိမူ သည်းခံတော်မူပါလော့" ဟု ဆို၍ ငိုယိုကာ အကြိမ်များစွာ ရှိခိုးပြီးမှ ပြန်ခဲ့၏။

ဗိမ္ဗိသာရမင်းကြီးလည်း ထိုနေ့မှစ၍ စိုးစဥ်းမျှသော ထမင်းကိုမျှ မမှီဝဲရငြားသော်လည်း ချောက်ချားတုန်လှုပ်ခြင်း မရှိ။ မိမိ၏ မဂ်ဖိုလ်ချမ်းသာကို ခံစားကာ လူးလာလူးလာ စင်္ကြံကြွ၍ မျှတတော်မူရကား အရေအသားတို့သည် ရှေးကထက်အလွန်ပင် တင့်တယ်တော်မူ၏။

နောက် ခုနစ်ရက်ကြာသော် အဇာတသတ်မင်းလည်း "ခမည်းတော် မသေသေးသ လော"ဟု မေးပြန်၍၊ "မသေသေးကြောင်း။ ရှေးကထက် အလွန်ပင်တင့်တယ်ကြောင်း" လျှောက်လျှင်၊ "ငါ့ဖခင်သည် သို့စင်ချမ်းသာအောင် ဘယ်အာဟာရဖြင့် မျှတသနည်း"ဟု မေး၏။ "တစ်စုံတစ်ခုကို မမှီဝဲရ။ စင်္ကြံကြွသဖြင့် မျှတနိုင်ပါသည်"ဟုလျှောက်သော်၊ "ခမည်းတော်ကို စင်္ကြံမသွားနိုင်အောင် သားလိုးဓားဖြင့် ဖဝါးကိုမွှန်းပြီးလျှင် ဆားလူး၍ မီးကင်လေ"ဟု စေတော်မူ၏။ မင်းချင်းယောကျ်ားတို့လည်း နှောင်အိမ်သို့သွား၍ သားတော် အာဏာပေးလိုက်သောအကြောင်းကို လျှောက်လျှင်၊ ဗိမ္ဗိသာရမင်းလည်း "သင်တို့ မင်းစီရင် တိုင်းပင်ပြုကြကုန်"ဟု ခြေအစုံကို ဆင်း၍ပေး၏။ မင်းချင်းယောကျ်ားတို့လည်း မင်းကြီးအား ရှိခိုးလျက် "အရှင်မင်းမြတ်။ အကျွန်ုပ်အား အမျက်ထားတော် မမူပါလင့်။ အရှင့်သားတော်၏ အာဏာပါတည်း"ဟု ဆို၍ ဖဝါးကို အမြွာမြွာမွှန်း၍ ဆားနယ်ပြီးသော် မီးကျီးစုဖြင့် ကင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤသို့သောအပြစ်ကို ခံရခြင်းသည် မင်းကြီး ရှေးသောအခါ နံ့သာ,ပန်း စသည်တို့ဖြင့် ပူဇော်ရာဖြစ်သော စေတီပြင်၌ ခြေနင်းစီး၍ သွားဖူးသော မကောင်းမှု၊ သံဃာတို့၏နေရာ အလို့ငှာ ကောင်းစွာခင်းထားသော အခင်းနေရာကို မြူလွှာရှံ့ညွန်ကပ်သော ခြေဖြင့်နင်းဖူးသော မကောင်းမှု၏ အကျိုးဆက်တည်း။]

ဗိမ္ဗိသာရမင်းလည်း ပြင်းစွာသော ထိုဝေဒနာဖြင့် လွန်စွာတုန်လှုပ်လျက်–

'အဟော ဗုဒ္ဓေါ, အဟော ဓမ္မော, အဟော သံဃော–' ဟူသော အသံကို အဖန်ဖန် နှလုံးပြုလျက် စုတိကျလေသော်၊ စတုမဟာရာဇ်နတ်ပြည်ဝယ် ဝေဿဝဏ်နတ်မင်း၏ အလုပ် အကျွေးဖြစ်သော 'ဇနဝသဘ' အမည်ရသော နတ်သား ဖြစ်လေ၏။

နောင်အိမ်၌စောင့်သော ယောကျ်ားတို့လည်း မင်းကြီးကံကုန်ကြောင်းကို တင်လျှောက် ခြင်းငှာ သဝဏ်စာရေး၍ နန်းတော်သို့ ဆောင်လေသော် နန်းတော်တံခါးဝ၌ အဇာတသတ်မင်း၏ မိဖုရားဝယ် သားတော် 'ဥဒယဘဒ္ဒ'ကို မျက်နှာမြင်၍၊ ထိုအကြောင်းကို သံတော်ဦးတင်ခြင်းငှာ လာသောသူတို့နှင့်ဆိုင်မိ၍ "သင်တို့တင်လွှာကား အမင်္ဂလာစကား ဖြစ်သည်။ ငါတို့ တင်လွှာကား သုမင်္ဂလာစကားတည်း။ ထို့ကြောင့် သင်တို့ ဤက ဆိုင်းလင့်ဦး"ဆို၍၊သားတော် ဖွားကြောင်း တင်လွှာကို ဦးစွာဆောင်၍ မင်း၏ရှေ့တွင် ဖတ်လေသော်၊ ကြားတော်မူသောခဏ ၌ အဇာတသတ်မင်းသားအား သား၌ ချစ်ခြင်းအဟုန်သည် အလုံးစုံသောရိုးတွင်းခြင်ဆီကို စိမ့်၍ နှစ်သိမ့်ဘိရကား၊ သတိရသဖြင့် 'ခမည်းတော်မင်းလည်း ငါ၌ချစ်ခြင်းသည် ဤကဲ့သို့ ဖြစ်ကောင်းရာ၏။ ချစ်, မချစ်ကို မယ်တော်ကို မေးဦးအံ့'ဟု ကြံ၍၊ မယ်တော်ထံကပ်ပြီးသော် "သားတော်ဖွားကြောင်း ကြားရသော် အကျွန်ုပ်အား အလွန်သောချစ်နှစ်သက်ခြင်း ဖြစ်သည်။ အကျွန်ုပ်ဖွားသောအခါက ခမည်းတော်ဗိမ္ဗိသာရမင်းလည်း ဤကဲ့သို့ ချစ်ခြင်းဖြစ်ပါ၏လော" ဟု မေး၏။

ထိုအခါ မယ်တော်ဘုရားလည်း–

"ဟယ်– မင်းယုတ်, မင်းမိုက်။ သင့်ကိုယ်၌ဖြစ်သော ချစ်ခြင်းမေတ္တာကား အတုမျှ သာတကား။ သင့်အဘ၏ ပိယစေတနာမှု နှိုင်းယှဉ်စရာမရှိ။ အံ့သြချီးမွမ်းဖွယ် ရှိလှ၏။ သင် ငါ့ဝမ်းခေါင်း၌ သန္ဓေအောင်းလျှင်ပင် မင်းကောင်းဗိမ္ဗိသာရ၏ လက်ယာလက်ရုံးသွေး ကို ကိုက်ဖောက်၍သောက်ချင်ခြင်းသည် ပြင်းစွာဖြစ်ရကား မတင့်တံ့အားဘဲ မစား,မစက်နိုင်သည် ကို သိတော်မူလျှင် ရတ်ခြည်းပင် လက်ရုံးမှသွေးကို ဖောက်၍ သောက်စေတော်မူသည်။ ပညာရှိတို့အား ထိုအကြောင်းကိုကြားသော် "မိဖုရားဝမ်း၌ ကိန်းသောသူငယ်သည် မင်းအား မချွတ်သတ်လတ္တံ့."ဟု နိမိတ်ဖတ်သောကြောင့်၊ "အဘသတ်သားကို ငါ့ကား မမွေးလိုပြီ"ဟု ကိုယ်ဝန်ကို ဖျက်ဆီးကြံသော်လည်း "သား၏မျက်နှာကိုမျှ မြင်ပါရစေ။ ငါ့ကို သတ်လိုလည်း သတ်ပါစေ။ မဖျက်ချေလင့်"ဟု အခါခါတောင်းပန်သောကြောင့် လူထံသို့ သင် ရောက်ရသည်။ ဖွားမြောက်၍လာလျှင် ဝါဂွမ်းကို ဆီထိသကဲ့သို့ ပီတိပြန့်ပွားလျက် စားတော်မျှမခေါ်နိုင်ဘဲ ဖက်လဲဖက်ယမ်း မီးနေနန်း၌ ပင်ပန်းစွာစောင့်တော်မူသည်။သင်ငယ်စဉ်က လက်မ၌ ရှုနာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်၍ ဆောက်တည်ရာမရ ပြည်ကိုက်လှသည်ကို သင့်အဘမင်းကြီးသည် ခံတွင်း၌ငုံ၍ ပြည်ယူပေသည်။ သို့စင်မျှလောက် ချစ်ခင်မောက်၍ ချီးမြှောက်ပေသော မွေးသည့်သခင် ကျေးဇူးရှင်ကို နင်သတ်ရက်သည်။ နင့်ထက်ယုတ်သောသူကား ဤလူ့ပြည်တွင် မရှိပြီ"ဟု ဆို၍ ခြိမ်းမောင်း၏။

အဇာတသတ်မင်းလည်း မယ်တော်ဆိုသော ထိုစကားကိုကြားလျှင် ခမည်းတော်အား သနားစုံမက်သောစိတ်ရှိ၍ မိခင်ထံမှ ထခဲ့ပြီးသော် မင်း၏နေရာသို့ ပြန်လာပြီးလျှင် "ငါ၏ ခမည်းတော်ကို နှောင်အိမ်မှ ထွက်စေ" ဟူသောအမိန့်ကို ပြန်၏။ ထိုခဏ၌ပင် ယခင် အာဏာသားတို့က 'မင်းကြီး ကံကုန်ကြောင်း' သဝဏ်စာကိုဆက်လာ၍ အခြင်းအရာမျိုးကို ကြားသော် "ငါကား မပြစ်မှားထိုက်သောသူကို ပြစ်မှားမိချေပြီ"ဟု သံဝေဂပြင်းလျက် သည်းတွင်းလှိုက်ဆူ အိုက်ပူပင်ပန်းခြင်း ဖြစ်တော်မူ၏။

ထိုအခါ အမတ်တို့ကလည်း "အရှင်။ ငိုကြွေးတသသော်လည်း မရနိုင်ရာပြီ။ ခမည်းတော်အလောင်းကို ကောင်းစွာသင်္ဂြိုဟ်လျှင် ထိုအပြစ် ကင်းလွတ်ရာသည်။ အဘကျေးဇူး အထူးသိရာ ရောက်တော့သည်"ဟု လျှောက်ကြသဖြင့်၊ ဖခင်အလောင်းကိုသာ ကောင်းစွာ ပြုပြင်ခင်းကျင်းလျက် သင်္ဂြိုဟ်ဖုတ်ကြည်းပေ၏။

## ။၈၀။ ဒေဝဒတ်သည် ဘုရားရှင်ကို သေကြောင်းကြံစည်ခြင်း

ထိုသို့ နှလုံးမသာဖြစ်ကြောင်းကို ဆရာဒေဝဒတ်ကြားသော် လျှင်လျှားစွာလာ၍ များစွာသောပရိယာယ်စကားဖြင့် မင်းအား ဖြေဖျောက်ပြောဆို၏။ ထိုအခါ အဇာတသတ်မင်းကလည်း "အရှင်ဘုရား။ အကျွန်ုပ်ကိစ္စကား ပြီးပြီ။ အရှင့်အရေးသာ လိုပါတော့သည်"ဟု လျှောက်သော်၊ "မင်းကြီး။ ယောက်ဖတော်ဂေါတမကို လုပ်ကြံရန်ကိစ္စ၌ သူရသတ္တိရှိသော ယောကျ်ား သုံးကျိပ်နှစ်ယောက်ခန့်ကို လိုသည်"ဟုဆိုလျှင်၊ "အလိုရှိတိုင်း ယူတော်မူ"ဟု လူတို့ကို အပ်နှင်းလေ၏။

ဒေဝဒတ်လည်း ထိုယောကျ်ားတို့ကို ကျောင်းသို့ခေါ်သွားပြီးလျှင် တစ်ဦးသော ယောကျ်ားကို "သင်ကား ဤခရီးဖြင့်သွား၍ ဘုရားဂေါတမကို သတ်ပြီးလျှင် ဤခရီးဖြင့် ပြန်ခဲ့"ဟု စေလိုက်၏။ ထို့နောက် ယောကျ်ားနှစ်ဦးကို ခေါ်ပြီးလျှင် "သင်တို့ ဤခရီးဖြင့်သွား၍ ဘုရားထံမှ ပြန်သောလူကို သတ်လေ"ဟု စေပြန်၏။ လေးဦးသောယောကျ်ားတို့ကို ဤနည်း ထပ်ခါထပ်ခါ အချင်းချင်းသတ်စိမ့်သောငှာ စေ၏။ ယင်းသို့ အဆင့်ဆင့်စေခြင်းသည် ဘုရားရှင်အား သတ်သူ မထင်ရှားစိမ့်သောငှာ စေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစေလိုက်သော ယောကျ်ားလည်း သန်လျက်, လေး, မြားတို့ကို ပြင်ဆင်လျက် ဘုရားသခင်ရှိရာသို့ ကပ်ပြီးသော် မနီးမဝေးကနေ၍ လေးဖြင့် ပစ်လွှတ်၏။ ပစ်လွှတ်သမျှသော လေးမြားသည် ဘုရားထံတော်သို့ မရောက်ဘဲ လမ်းတွင်သာပျောက်လေသော် 'သြော်၊ ငါကား မှားခြင်းကြီး မှားလေစွ။ အဝိညာဏကဖြစ်သော မြားမှ ဘုရားရှင်ကျေးဇူးတော်ကို သိသေး၏။ သဝိညာဏကဖြစ်သော ငါတို့ မသိပါလေ'ဟု ဆင်ခြင်လျက် ရင်တွင်းမှလိုက်ဆူလျက် ပင်ပန်းကြီးစွာ ကြက်သီးဝှန်းမျှ ကြောက်လန့်ရကား၊ ဘုရားခြေတော်ရင်းသို့ ကပ်၍ တုံ့ဝပ်ရှိခိုးလျက် "အကျွန်ုပ် မိုက်မှားမိသောကံကို သည်းခံတော်မူပါ" လျှောက်လေသော်၊ ရှင်တော်ဘုရားလည်း ထိုသူနှင့်လျော်ကပ်သော တရားဒေသနာဖြင့် သက်သာရာ ရစေတော်မူ၏။ လမ်းမှ အတန်တန်စောင့်နေသော နှစ်ဦးသော ယောကျ်ား, လေးဦးသော ယောကျ်ား, ရှစ်ဦးသော ယောကျ်ားတို့သည်လည်း ကာလလျား၍ သတ်ထိုက်သောယောကျ်ား မပေါ်လာသဖြင့် လမ်းသို့ မျှော်ခါမျှော်ခါသွား၍ ဘုရားရှိရာသို့ ရောက်ကြလေလျှင် ရှင်တော်ဘုရားက တရားဖြင့်ဆုံးမ၍ သရဏဂုံတည်ကြလေသော်၊ ဥပါသကာချည်း ဖြစ်လေကုန်၏။ ယင်းသို့ ဖြစ်ပြီးသော် ကိုယ်တော်မြတ်ထံမှ ပြန်လာ၍ ဆရာဒေဝဒတ်အား ဤသို့ လျှောက်ကြား၏။ "အရှင်ဒေဝဒတ်။ အကျွန်ုပ်တို့သည် ဘုရားသခင်အား သတ်ခြင်းငှာ မစွမ်းနိုင်ပါ။ မြတ်စွာ ဘုရားသည် ကြီးမားသော တန်ခိုးအာနုဘော် ရှိ၏။ အကျွန်ုပ်တို ပစ်လွှတ်သမျှသော လက်နက်သည် ပျောက်ပျက်ပေသည်သာတည်း"ဟု လျှောက်ကုန်၏။

ထိုအခါ ဆရာဒေဝဒတ်လည်း 'ငါကိုယ်တိုင်သတ်မှ ကိစ္စပြီးချိမ့်မည်'ဟု ကြံလျက်၊ အရံလူသူတို့ကို ခေါ်ပြီးသော် 'ဂိဇ္ဈကုဋ်'တောင်ပေါ်သို့ တက်၍ အရှေ့တောင်ရိပ်ဘက်၌ စင်္ကြံကြွ၍နေတော်မူသော မြတ်စွာဘုရားကိုမြင်လျှင် ယန္တရားစက်ဆင်၍ ကြီးစွာသောကျောက်ကို လှိမ့်ချ၏။ ကျောက်တုံးသည် ရှေးရှုလိမ့်လာ၍ မြတ်စွာဘုရားအနီးသို့ရောက်သော် ကျောက် အတိပြီးသော တောင်ထွတ်နှစ်ခုတို့သည် မြေမှထွက်၍ခံကုန်၏။ ထို ခံသောကျောက်နှင့် တိုက်ခတ်သဖြင့် ကျောက်ချပ်ကွာ၍ မြတ်စွာဘုရား၏ခြေပေါ်သို့ ကျသောကြောင့် ခြေမတော် သည် ဖြန်းဖြန်းကွဲလေ၏။ ဘုရားသခင်လည်း ထိုဒေဝဒတ်ကို မြင်တော်မူလျှင် "ငါ့ရှင် ဒေဝဒတ်။ သင်သည် သူမြတ်တို့၏အရောင်အဝါဖြင့် အသက်မွေးသူဖြစ်ပါလျက် အဘိဇ္ဈာ, ဗျာပါဒဖြင့် အမွေအမှုကို အဘယ်ကြောင့် ပြုကျင့်ဘိသနည်း။ ငါသို့စင်သော ဘုရားကိုသတ်က သင့်ကို သူမြတ်, သူတော်ကောင်းဟု ဘယ်သူ ဆိုအံ့နည်း။ အဝီစိမည်သော ငရဲရွာကို ကြာ တော ထင်မှတ်သလော"ဟု မိန့်တော်မူ၏။

ဤသို့ ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ခြင်းငှာ လုံ့လပြုသောအကြောင်းကို သံဃာတော်အပေါင်းတို့ ကြားလျှင် ဘုရားရှင်နေရာသို့ လာ၍ တုတ်, တောင်ဝှေးကို ကိုင်ကာ ဖြင့် စောင့်နေကြကုန်၏။ ထိုအကြောင်းကို ဘုရားသခင်မြင်တော်မူလျှင် "သင်ချစ်သားတို့။ ငါ့အား မကြောင့်ကြကုန်လင့်။ ပါရမီတော်ကြောင့် ရအပ်သော ဘုရားသခင်တို့၏ခန္ဓာကိုယ် သည် ဖျက်ဆီးလိုသော သူတစ်ပါးတို့၏ပယောဂကြောင့် ပျက်စီးရအံ့သော အကြောင်းမဟုတ် သည်သာတည်း"ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ မြတ်စွာဘုရားလည်း ဆရာဇီဝကကို ခေါ်၍ ခြေမတော်၌ ကျောက်ကြိတ်မိရာဝယ် မကောင်းသောသွေးကို ထုတ်စေပြီးမှ ဆေးစည်းတော်မူသဖြင့် နှစ်ရက်, သုံးရက် ကြာလျှင်ပင် ကျန်းမာတော်မူရကား ရှေးအခါကဲ့သို့ များစွာသော သံဃာတော်အပေါင်း ခြံရံလျက် ယုဂန္ဓိုရ်တောင်ညွန့်မှ ထွက်ကွန့်ပထွန်းသော လဝန်းစကြာ၏အလား ဘုရားသခင်တို့၏ တင့်တယ်ခြင်းအသရေကို ဆောင်လျက် မြို့လယ်ခေါင်မင်းလမ်းဖြင့် ဆွမ်းခံဝင်တော်မူ၏။

ထိုအခါ ဆရာဒေဝဒတ်သည် မတည်ရပ်နိုင်သော အာဃာတမာန်ဖြင့် တစ်ဖန်ကြံပြန်သည်ကား 'အရှင်ဂေါတမသည် တင့်တယ်လှပသော အသရေဂုဏ်ကြောင့် ဤလူ့ဘုံ၌ တစ်စုံတစ်ယောက်မျှ ဇိဝိတိန္ဒြေကို ချဖ့်သောသူ မရှိပြီ။ ဤရာဇဂြိုဟ်ပြည်၌ 'နာဠာဂိရိ'အမည်ရှိသော မင်းကြီးဆင်တော်သည်ကား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း မသိ။ ကြမ်းလည်း ကြမ်းကြုတ်၏။ လူကို သတ်တတ်၏။ ထိုဆင်ဖြင့် ရှင်ဂေါတမကို တိုက်သတ်မှ လတ်တလော အသက်ကုန်မည်'ဟု ကြံပြီးလျှင်၊ မင်းကြီးနန်းတော်သို့ ဝင်လေ၍ "နာဠာဂိရိဆင်ဖြင့် ရှင်ဂေါတမကို တိုက်သတ်ပါ"ဟု ဆို၏။ အဇာတသတ်မင်းလည်း ဆင်ထိန်းတို့ကိုခေါ်၍ "နက်ဖြန် ဆင်တော်ကို အရက်ပြင်းစွာတိုက်၍ ရှင်ဂေါတမ ကြွလာသောအခါ ရှေးရှုကာ လွှတ်လေ"ဟု စေတော်မူ၏။

ဒေဝဒတ်လည်း ညချမ်းသောအခါ ဆင်ထားရာတင်းကုပ်သို့ သွား၍ "အချင်း ဆင်ရဲသားတို့။ ငါကား မင်း၏ဆရာဖြစ်၍ ငါတို့ဆိုတိုင်း မင်းကြီး လိုက်နာသည်။ အရာငယ်သူကိုလည်း အရာကြီးအောင်, စည်းစိမ်ငယ်သူကိုလည်း စည်းစိမ်ကြီးအောင် ငါ ချီးမြှောက်နိုင်သည်။ ငါ အလိုပြည့်အောင်သာ သင်တို့ လုံ့လပြုကုန်လော့။ သင်တို့အား ငါ မ,စအံ့။ နေ့တစ်ပါးတို့၌ ဆင်တော်ကို ဘယ်မျှ အရက်တိုက်သနည်း" မေး၍၊ "ရှစ်လုံးစိ တိုက်ပါသည်"ဟုဆိုလျှင်၊ "နက်ဖြန် တစ်ဆယ့်ခြောက်လုံးထက်စွာသောအရက်ကို တိုက်၍ ရိုက်ခတ်ပြီးမှ ရှင်ဂေါတမလာသောခရီးကို လွှတ်လေ" ဟု ဆို၏။ ထိုဆင်ထိန်းတို့ကလည်း "အရှင်ဘုရား။ မစိုးရိမ်လင့်။ ရှင်ဂေါတမအသက်သည် နက်ဖြန် ဆင်စွယ်ဖျားထက်သို့ ရောက်လတ္တံ့."ဟုဆို၍ ဝန်ခံလိုက်၏။ အဇာတသတ်မင်းလည်း မင်းချင်းတို့ကိုခေါ်၍ "ဤနေပြည်တော်၌နေကုန်သော လူအပေါင်းတို့သည် နက်ဖြန်နံနက်ကာလ၌ မိမိတို့နေအိမ်မှ ဌာနအထူးသို့ သွားလာခြင်းကို မပြုကုန်လင့်"ဟု စည်လည်စေ၏။

ထိုအကြောင်းကို ရာဇဂြိုဟ်ပြည်သားတို့ ကြားသိလေသော် ဘုရားရတနာ၌ လွန်စွာ မြတ်နိုးသောသူတို့သည် ဘုရားရှင်ထံသို့ ကပ်ပြီးလျှင် "ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဆရာဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ အရှင်မြတ် ကြွတော်မူသောအခါ နာဠာဂိရိဆင်ကို လွှတ်ပါလိမ့်မည်။ နက်ဖြန် ဆွမ်းခံ ဝင်တော်မမူပါလင့်။ အကျွန်ုပ်တို့သာ ကျောင်းသို့လာ၍ လုပ်ကျွေးပါမည်"ဟု လျှောက်၏။ ထိုစကားကို ကြားသော် ဘုရားသခင်လည်း ဆင်ခြင်တော်မူလတ်၍ "ဥပါသကာတို့။ နက်ဖြန်နံနက်သောအခါ ငါသည် နာဠာဂိရိဆင်ကို ယဉ်ကျေးအောင်ဆုံးမ၍ ကြွတော်မူလတ္တံ့။ ရာဇဂြိုဟ်ပြည်သူအပေါင်းတို့သည် ကျောင်းသို့ လာ၍ ဆွမ်းဩဇာ ကပ်ရလတ္တံ့။ ထိုအခါမှ ငါ ဆွမ်း ဘုဉ်းပေးတော်မူမည်"ဟု မိန့်တော်မူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း ထိုနေ့ ပဌမညဉ့်ယံ၌ များစွာသောပရိသတ်တို့အား တရားဟောဘိ၍၊ မဇ္ဈိမယံအခါ၌ ပြဿနာဖြေပြီးလျှင် ပစ္ဆိမယံတွင် သုံးဖို့,ဖို့၍ ရှေ့တစ်ဖို့ကာလ၌ 'သီဟသေယျ'ဖြင့် ကျိန်းအောင်းတော်မူ၍၊ ဒုတိယအဖို့၌ 'ဖလသမာပတ်'ကိုဝင်စား၍၊ တတိယအဖို့၌'ကရုဏာသမာပတ်' ဝင်စားပြီးသော် နေမျှော်သော ကြာမုံရင့်ကဲ့သို့ ချွတ်သင့်သောသတ္တဝါတို့ကို ရှုတော်မူလျှင် နာဠာဂိရိဆင်ကို ဆုံးမရာ၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ဓမ္မာဘိသမယ ဖြစ်ကြအံ့သည်ကို မြင်တော်မူ၍ လင်းစင်မိုးသောက် ရောက်သောအခါ ရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ။ ယနေ့ ရာဇဂြိုဟ်၏အနီး ကျောင်းကြီးတစ်ဆယ့်ရှစ်ရပ်၌ နေကုန်သော ရဟန်းသံဃာတို့ကို ငါဘုရား၏နောက်တော်မှ ခြံရံ၍ ဆွမ်းခံဝင်ရအောင် ဝေဠုဝန်ကျောင်းတော်ဝ၌ စည်းဝေးကြစေကုန်"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း သံဃာတို့ကို နှိုးဆော်၍ ကျောင်းတော်ဦး၌ စည်းဝေး၏။ ဘုရားသခင်လည်း သံဃာတို့ စည်းဝေးမိသည်ကိုမြင်လျှင် ထိန်လွင်တောက်ပစွာ မြင်းသီလာဂူမှ ထွက်ပြူကွန့်မြူးသော ကေသရရာဇာ ခြင်္သေ့မင်းကဲ့သို့ လည်းကောင်း၊ ကိုးသောင်းသော ဟင်္သာတို့၏အလယ်၌ တင့်တယ်စွာစံပယ်သော ဓတရဋ္ဌ ဟင်္သာမင်းကဲ့သို့ လည်းကောင်း အသောင်းအသိန်းမကသော ဘုရား၏အသေရေကို ဆောင်၍ ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်း ကွန့်မြူးစေလျက် ဝေဠုဝန်ကျောင်းတော်မှထွက်၍ ရာဇဂြိုဟ်ပြည်၏ အချက်ဖြစ်သော မင်းလမ်းဖြင့် ဆွမ်းခံဝင်တော်မူ၏။

ဆင်ထိန်း, ဆင်ဆရာတို့လည်း ဆရာဒေဝဒတ် မှာလတ်သောအတိုင်း နာဠာဂိရိဆင်ကို စီရင်၍ လွှတ်ကြကုန်၏။ ထိုအခါ ရာဇဂြိုဟ်ပြည်သား လူအများတို့တွင် သဒ္ဓါတရားရှိသောသူတို့သည် 'ယနေ့ကား ဘုရားတည်းဟူသောဆင်ပြောင်၏ တိရစ္ဆာန်ဆင်ပြောင်ကို အောင်တော်မူခြင်းကို လက်ငင်းရှုရကုန်အံ့'ဟု ကြံ၍၊ နံရံ,သစ်ပင်,ပစ္စင်,ပြအိုး, မြို့ရိုး, သူ့ရဲပြေး, ဆိုင်ဈေး, မဏ္ဍပ်, ပြာသာဒ်, တိုက်မိုးတို့၌ တိုးဝေ့ထပ်ရှည် ပတ်ပတ်လည်မျှ အပြည့်အနက်နေကုန်သည်။ ဘုရားရတနာ၌ သဒ္ဓါနည်းပါး ပညာရှားပါးသော တိတ္ထိယသာဝကတို့ကလည်း 'နှစ်လရှည်မြင့်စွာ ငါတို့ဂုဏ်ကျေးဇူး အသရေကိုနှိပ်စက်သော ရှင်ပုဂ်ဂေါတမ၏အနိစ္စဖြစ်အံ့သောအရာကို ငါတို့ မြင်ရတော့မည်'ဟု ရည်မှတ်လျက် ပြာသာဒ်, အိမ်မိုးထက်စသည်၌ နေကုန်သတည်း။

နာဠာဂိရိဆင်လည်း ဘုရားသခင် ကြွလာသည်ကို ဝေးစွာကမြင်လျှင် ကောင်းကင်မိုးလုံးထစ်ချုန်းရိုက်ဟည်း ပုံတင်လည်းမျှ သည်းစွာသောကြိုးကြာသံ ဟစ်လျက် ရပ်ရှစ်မျက်နှာဖီလာဆုံဝိုင်း မုန်တိုင်းလေကြမ်းဖြင့် ထက်ဝန်းကျင်လှုပ် မှောင်ကြီးအုပ်သကဲ့သို့ မြေ, ဖုတ်, မြူညက်တို့ကို ဝဲယာအောက်ထက် ဖြန့်ပက်လွင့်ဆောင် မှောင်စေပြီးမှ လမ်းအနီး၌ရှိသော အိမ်ဆိုး အိမ်ဟောင်းတို့ကို ထောင်းထောင်းဖျက်ချိုးလျက် ကျူရိုးကိုင်းမီး ညီးညီးပြောင်ပြောင် လောင်လာသောလား မျက်ပွားဒေါမနသ် ကြည်းသံထပ်လျက် မြတ်စွာဘုရားသို့ ရှေးရှုလာ၏။

ယင်းသို့ ဆင်ပြေးလာသည်ကို မြင်သောအခါ သံဃာတော်အချို့ကလည်း "အရှင်ဘုရား။ ဤ နာဠာဂိရိဆင်သည် အလွန်လျှင် ကြမ်းကြုတ်လှ၏။ ဘုရားကျေးဇူးဂုဏ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိတတ်ပါ။ မြတ်စွာဘုရားသည် ခရီးလွှဲ၍ ကြွစေချင်ပါသည်"ဟု လျှောက်၏။ ဘုရားသခင်လည်း "သင်တို့ မကြောက်ကြလင့်။ နာဠာဂိရိဆင်ကို ယဉ်ကျေးအောင် ငါ ဆုံးမတော်မူမည်"ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာ လျှောက်သည်ကား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤလောက၌ အမိအဖတွင် ကိစ္စရှိငြားက သားကြီးသာ ဆောင်ရွက်ထိုက်ပါသကဲ့သို့ ဤနာဠာဂိရိဆင်ကို အရှင့်ကိုယ်စားလုပ်၍ အကျွန်ုပ် ဆုံးမပါရစေ"ဟု လျှောက်၏။ ရှင်တော်ဘုရားကလည်း "ချစ်သား သာရိပုတ္တရာ။ သာဝကတို့၏အစွမ်းလည်း တစ်ပုံ, ဘုရားရှင်တို့၏ အစွမ်းလည်း တစ်ပုံသာတည်း"ဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန် စသော သာဝကကြီးတို့လည်း အသီးအသီး ခွင့်တောင်းကြ၏။ မည်သူ့ကိုမျှ ခွင့်ပေးတော် မမူ။ ဘုရားရှင်ထံသို့ ရှေးရှု၍ပြေးလာသော နာဠာဂိရိဆင်ကို မြင်လျှင် အာနန္ဒာလည်း မြတ်စွာဘုရား၌ အားကြီးသောချစ်ခြင်းဖြင့် 'သင် ညှဉ်းဆဲလိုလျှင် ငါ့ကိုသာ ရှေးဦးစွာ ညှဉ်းဆဲစေ။ သတ်လိုလျှင် ငါ့ကိုသာ သတ်စေ။ အသက်ဖြင့် ဘုရားကျေးဇူးတော်ကို ဆပ်အံ့'ဟု ကြံ၍ ရှေ့ထံတော်သို့ တက်၏။ ကိုယ်တော်မြတ်ဘုရားလည်း "ချစ်သား အာနန္ဒာ။ ရှားလော့, ရှားလော့။ ငါဘုရားသာ ရှေးဦးစွာ ခံကော်မူအံ့"ဟု မိန့်တော်မူလျှင်၊ "အရှင်ဘုရား။ ဆင်ကား အလွန်ကြမ်းကြုတ်၏။ ဗုဒ္ဓ, ဓမ္မ, သံဃဂုဏ်ကိုလည်း မသိ။ ယစ်မူးဘိလျက်လာပါ၏။ အကျွန်ုပ်ကိုသာ ဦးစွာသတ်ပါစေဦး။ နောက်မှ အရှင့်ထံသို့ ရောက်ပါစေ"ဟု ဆို၍ မဆုတ်မနစ်ဘဲနေလေသော် ရှင်တော်ဘုရားလည်း တန်ခိုးတော်အားဖြင့် အရှင်အာနန္ဒာကို ပယ်ရှား၍ ဆင်အပါးသို့ ကပ်တော်မူ၏။

ထိုခဏ၌ သားငယ်မိခင်မိန်းမသည် အလွန်ကြောက်လန့်ရကား ဘုရားရှေ့တော်ဝယ် သားငယ်ကိုချ၍ ပြေးလျှင် ဆင်လည်း ထိုမိန်းမသို့ ရှေ့ရှုလိုက်၏။ ဘုရားကိုယ်တော်မြတ်လည်း ရပ်တန့်တော်မူကာ ဩဓိသမေတ္တာဖြင့် နာဠာဂိရိဆင်ကို ဖျန်းတော်မူလျက် ချိုမြတ်သာယာ ဗြဟ္မာမင်း၏အသံနှင့်တူသော အသံဖြင့် ကျူးရင်မိန့်တော်မူသည်ကား "ချစ်သား နာဠာဂိရိ။ သင့်အား တစ်ဆယ့်ခြောက်လုံးသော သေရက်တို့ကိုတိုက်၍ လွှတ်လိုက်သော အရေးသည် အိမ်ဈေးသဘင် လူရှင်အများ သူတစ်ပါးတို့ကို ပျက်ပြားသတ်ဖြတ်စိမ့်သောငှာ လွှတ်ပေသည် မဟုတ်။ သမ္မာသမ္ဗုဒ္ဓ မည်တော်ရသော ငါဘုရားကို မျက်ဝါးလတ်လတ် သတ်စိမ့်သောငှာသာ လွှတ်ပေသည်တကား။ သင့်အရှင်၏စကားကို လိုက်နာလိုငြားက ငါဘုရားထံသို့သာ လျှင်စွာလာလော့"ဟု ခေါ်တော်မူ၏။

ဆင်လည်း ထိုအသံကိုကြားလျှင် မိတ်ထားသောမျက်စိကို ဖွင့်၍ကြည့်ရှုသဖြင့် ဘုရားရှင်အသရေကို မြင်လျှင် ကြည်လင်သောစိတ်စေတနာ ဖြစ်ရကား သေယစ်ခြင်းပျောက်ဘိ၍ သတိရသဖြင့် အမြီး, နားရွက်တို့ကိုချလျက် ခံတွင်းဝသို့ နှာမောင်းကိုသွင်း၍ ဘုရားခြေတော်ရင်း၌ ဝပ်စင်းတုပ်ပျပ်လေ၏။

ထိုအခါမှ နာဠာဂိရိဆင်၏ဦးကင်းကို လက်တော်ဖြင့်သုံးသပ်လျက် "ဆင်တော် နာဠာဂိရိ။ သင်သည် ယနေ့မှစ၍ ကြမ်းတမ်းရန့်ရင်းခြင်းကို မပြုလင့်။ လူတို့အား သတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ညှဉ်းဆဲမှုကို မပြုမူ၍ မေတ္တာစိတ်ကိုသာ လွှန်စွာပွားစေလော့။ မေတ္တာမပွား သူ့အားနှိပ်စက်ဖျက်ဆီးတတ်သောသတ္တဝါတို့သည် လူ့ရွာဘဝ ပစ္စက္ခ၌ များလှသောဘေးရန်တို့ကိုလည်း အတန်တန် တွေ့ကြုံတတ်၏။ ဘဝဂတိ ပြောင်းလဲဘိသော်လည်း ဒုဂ္ဂတိဘဝ ပါယ်လေးဝ၌သာ ကာလရှည်စွာ ခံရာရချေ၏" ဤသို့စသည်ဖြင့် ဓမ္မဒေသနာကို ထင်ရှားစွာ ဟောပြတော်မူသော်။ ဆင်တော်နာဠာဂိရိလည်း ပီတိဖြင့်ဖုံးလွှမ်းအပ်သော ကိုယ်ရှိသည်ဖြစ်၍ အမြိုက်ရေဖြင့် သွန်းသကဲ့သို့ ချမ်းမြေ့ကြည်လင်သော သဒ္ဓါတက်ပွားလျက်၊ ဘုရားခြေတော်ကို ဦးတိုက်၍ နှာမောင်းဖြင့်ပိုက်လျက် ခြေတော်ရင်း၌ရှိသော မြေကိုယူ၍ မိမိဦးခေါင်း၌ ကြဲဖြန့်ကာ သရဏဂုံပဥ္စသီကို ယူ၏။ လူဖြစ်မှုကား ထိုခဏ၌ပင် သောတာပန် တည်ပေရာ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သား လူတစ်လွှားတို့သည် အားရဝမ်းသာ ကြော်ငြာဟစ်ကြွေးကောင်းချီးပေးလျက် ဦးယုက်တိုက်ကာ အနီးသို့လာ၍ ရတနာခုနစ်ပါးတို့ဖြင့် ကြဲမြှောက်ပူဇော်ကုန်သည်။ ထိုသို့စုပုံကြသော ရွှေ၊ ငွေ၊ ကျောက်သံရတနာတို့သည် နာဠာဂိရိဆင်၏ကိုယ်လုံးကို ဖုံးလွှမ်းမိလေသတည်း။ ထိုအခါမှစ၍ နာဠာဂိရိဆင်လည်း 'ဓနပါလ'ဟု အမည်တွင်၏။ ထိုဆင်မင်းအား တရားဟောရာ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့သည် အကျွတ်တရားကို ရကြလေကုန်သတည်း။

နာဠာဂိရိဆင်သည် ဘုရားသခင်၏ ခြေတော်ကို ပူဇော်ဦးခိုက်လျက် ဗုဒ္ဓမြင်တော်မူရာနေရာအထိ ပုဆစ်တုပ်၍ နောက်ဆုတ်သွားပြီးလျှင် မိမိတင်းကုပ်သို့ဝင်၍ ယဉ်ကျေးနူးညံ့စွာ မည်သည့်သတ္တဝါကိုမျှ မညှဉ်းဆဲမူ၍ နေလေ၏။ ဘုရားသခင်လည်း ထိုနေရာတွင် ရပ်တော်မူကာ 'ဤရတနာသည် ဥစ္စာရှင်လက်သို့သာ ရောက်စေသော'ဟု အဓိဋ္ဌာန်၍ ဆွမ်းခံတော်မမူဘဲ ပြန်ခဲ့၏။ ထိုအခါ ပြည်သူပြည်သားတို့သည် ကျောင်းတော်သို့သွား၍ များစွာသော ဆွမ်းအဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေးကြကုန်၏။ ထိုနေ့ ညချမ်းသောအခါ သံဃာတော်တို့သည် အရှင်အာနန္ဒာ၏ မြတ်စွာဘုရား၌ အားကြီးသောချစ်ခြင်း ရှိပေသောဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကြသော စကားစပ်တွင် 'စူဠဟံသ'ဇာတ်ကို ဟောတော်မူသည်။

## ။၈၁။ ဒေဝဒတ်ကို မြေမျိုခြင်း

ယင်းသို့ ဘုရားသခင်ကို ဆင်ဖြင့်တိုက်သည်မှစ၍ ဒေဝဒတ်အား ပြည်သူပြည်သားတို့သည် များစွာ ကဲ့ရဲ့ကြကုန်၏။ "ဤဒေဝဒတ်သည် ငါတို့အရှင်ဖြစ်သော ဗိမ္ဗိသာရမင်းကိုလည်းသတ်စေပြီး၊ ဘုရားသခင်ကိုလည်း မိမိပင် သတ်အံ့ဟု လုံ့လပြုလေပြီ။ နာဠာဂိရိဆင်ဖြင့် ဘုရားသခင်အား တိုက်သတ်ပြန်ပြီ။ ဘုန်းတန်ခိုးကြီးမြတ်လှသော အရှင်ဖြစ်၍သာ ချမ်းသာတော့သည်။ ယင်းသို့ ယုတ်မာသော အကျင့်အကြံရှိသော ဒေဝဒတ်အား မြတ်သောသူတော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတရားသည် အဘယ်မှာ ရှိအံ့နည်း။ တရားမရှိသောသူကို ပေးလှူ၍ အဘယ်အကျိုး ရှိအံ့နည်း"ဟု ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြ၍ ဒါနကို ဖြတ်လေကုန်ရကား စားလောက် ဝတ်လောက်ရုံကိုပင် ရှာမရ၍ ဒါယကာတို့ထံ၌ တောင်းခံလှည့်လည်၍ စားရ၏။ ဘုရားသခင် ၌သာ များစွာသော လာဘ်ပူဇော်သက္ကာသည် ဖြစ်၏။

ယင်းသို့ ဒါယကာတို့ထံ၌ တောင်းခံ၍စားကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူလျှင် သံဃာအပေါင်းတို့ကို စည်းဝေးစေ၍ "အဆွေမတော်သော ဒါယကာ, မဖိတ်သော ဒါယကာတို့၏ထံ၌ မတောင်းခံအပ်။ တောင်းခံသော် အာပတ်သင့်စေ"ဟု၍ ပညတ်တော်မူ၏။ ထိုအခါ ဆရာဒေဝဒတ်လည်း မြတ်စွာဘုရားနှင့် ခွဲခြားလိုသော အကြံရှိသည်ဖြစ်၍ မိမိ၏ အဆွေဖြစ်သော ကောကာလိက, ကဋမောဒကတိဿ, ခဏ္ဍဒေဝိယ, သမုဒ္ဒဒတ္တ ဤလေးဦး သော ရဟန်းတို့ထံ ကပ်ပြီးလျှင် "ငါ့ရှင်တို့။ ငါသည် ယောက်ဖတော်ဂေါတမနှင့် သင်းခွဲတော့ မည်။ သင်တို့ ညီညာကြလော့"ဟု ဆို၏။

ထို ကောကာလိကတို့ကလည်း "အရှင်ဒေဝဒတ်။ မြတ်စွာဘုရား ဂေါတမကား အလွန် ဘုန်းတန်ခိုးကြီး၏။ အဘယ်အကြောင်းဖြင့် သံဃာကွဲပြားခြင်းကို ပြုနိုင်အံ့နည်း"ဟု မေးကြလျှင်၊ "ငါ့ရှင်တို့။ ဤအကြောင်းကား ခဲယဉ်းသည် မဟုတ်။ ဘုရားလုပ်၍ သူကျင့်သောသိက္ခာကိုလည်း ငါတို့ သိရပြီ။ သံဃာတို့အား ဟောကြားဆုံးမသော နည်းနာကိုလည်း ငါတို့ ကြားရပြီ။ ဤထက်သာ၍ ခြိုးခြံစွာသော သိက္ခာပုဒ်ငါးရပ်ကို ငါ ခွင့်တောင်းအံ့။ ထိုအကျင့်ကို အခွင့်မပေး ဘဲ နေလိမ့်မည်။ ထိုအခါ ငါတို့သည် အကျင့်ကိုမှီတင်း၍ ပြင်းစွာ အားထုတ်ကုန်အံ့။ လူတို့ဓမ္မတာလည်း သူတကာထက်ထူး၍ ပြောဆိုကျင့်ကြံသောသူကိုသာ လွန်စွာ နှစ်သက် ကုန်၏။ ထို့ကြောင့် ဤကျင့်ဝတ်ငါးပါးဖြင့် ခွဲခြားရမူ ကွဲပြားနိုင်သည်သာတည်း"ဟု ဆို၏။ ထိုစကားကို ကြားလျှင် ကောကာလိကတို့ကလည်း "ကောင်းပြီ"ဟု ဝန်ခံကြ၏။

တစ်နေ့သောအခါ ဆရာဒေဝဒတ်လည်း မြတ်စွာဘုရားအထံတော်သို့ ကပ်ပြီးလျှင် "အရှင်ဘုရား။ တပည့်သံဃာတို့အား ဤ ငါးပါးသောအကြောင်းတို့ကို ပညတ်တော်မူပါ။

၁။ သာသနာသို့ သက်ဝင်၍ ရှင်ရဟန်းပြုသောသူတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး 'အာရညကင်'ဓုတင်ကိုသာ ဆောင်ပါစေ။ အကြင်ရဟန်းသည် ရွာနီးကျောင်း၌ နေအံ့။ ထိုရဟန်းကို ဂရုကအာပတ်သို့ ရောက်စေရာ၏။

၂။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ဆွမ်းခံ၍သာ သုံးဆောင်ပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့ ပို့လာသောဆွမ်း,ဖိတ်သောဆွမ်းကို စားငြားအံ့။ ထိုရဟန်းအား ဂရုကအာပတ်သို့ ရောက်စေရာ၏။

၃။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး သုသာန်တစ သချိုင်းဝ၌ ရအပ်သော ပံ့သကူသင်္ကန်းကိုသာ ဝတ်ဆင်ပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့လှူအပ်သော သင်္ကန်းကို ဝတ်ငြားအံ့။ ထိုရဟန်းအား ဂရုကအာပတ်သို့ ရောက်စေရာ၏။



www.burmeseclassic.com

www.burmeseclassic.com



၄။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး သစ်တစ်ပင်အောက် ဝါးတစ်ပင်ရင်း ကပ်ချဉ်း၍ ရုက္ခမူသာ နေပါစေ။ အကြင်ရဟန်းသည် ဒါယကာတို့ဆောက်လှူသော ကျောင်း၌ နေငြားအံ့။ ထိုရဟန်းအား ဂရုကအာပတ်သို့ ရောက်စေရာ၏။

၅။ ရဟန်းတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ငါးအမဲကို မသုံးဆောင်ဘဲ မြေမှ ပေါက်သောဝတ္ထုကိုသာ စားပါစေ။ အကြင်ရဟန်းသည် ငါးအမဲကို စားငြားအံ့။ ထိုရဟန်းအား ဂရုကအာပတ်သို့ ရောက်စေရာ၏။

"အရှင်ဘုရား။ ဤ ငါးပါးသောအကြောင်းတို့သည် အလိုနည်းခြင်းငှာ, ရောင့်ရဲခြင်းငှာ, ခေါင်းပါးခြင်းငှာ, ကိလေသာကို ခါတွက်ခြင်းငှာ၊ ကြည်ညိုဖွယ်ရှိခြင်းငှာ သင့်လှပါသည်။ ထို့ကြောင့် သံဃာတော်တို့အား ပညတ်တော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်လည်း "ချစ်သားဒေဝဒတ်။ သင် တောင်းပန်အပ်သော အကြောင်းကား သာသနာရှည်မြင့်စွာ တည်ရာသောအကြောင်း မဟုတ်။ မုဒိန္ဒြိယ, ဒွါကာရ ပုဂ္ဂိုလ်တို့အား တိက္ခိန္ဒြိယ, သွာကာရဖြစ်ရအောင် ဆောင်အံ့သောအကြောင်းလည်း မဟုတ်ရကား ဤငါးပါးကို ငါဘုရား ပညတ်၍ မသင့်။ ဆင်းရဲမှလွတ်ခွင့်ကို အလိုရှိသောသူတို့အား လွတ်ရာလွတ်ကြောင်း ဖြစ်သော မဇ္ဈိမပဋိပတ်တရားကို ငါဘုရား ပညတ်တော်မူပြီ။ တပည့်သံဃာတော်သည် အာရညကင် ဓုတင်ယူဆောင်၍ တော၌ နေလိုသူလည်း နေစေ။ ပိဏ္ဍပါတ်ဓုတင် ဆောင်လိုသူလည်း ဆောင်စေ။ ဒါယကာတို့ ဖိတ်မန်သောဆွမ်းကို သာယာလိုသူလည်း သာယာစေ။ ပံ့သကူဆောင်လိုသူလည်း ဆောင်စေ။ ဒါယကာတို့လှူသော သင်္ကန်းကို ဝတ်လိုလည်း ဝတ်စေ။ တန်ဆောင်မုန်းလပြည့်မှစ၍ နယုန်လပြည့်တိုင်အောင် ရှစ်လ၏အတွင်း၌ သစ်တစ်ပင်ရင်း နေခြင်းတည်းဟူသော ရုက္ခမူဓုတင်ကိုလည်း ငါ ပညတ်တော်မူပြီ။ လူတို့တန္တိ သတ်လေဘိသည်ကို မိမိကိုယ်ထင် မမြင်ထသော, ရည်၍သတ်ခြင်း သတင်းကိုလည်း မကြားထသော, ငါ့ကိုရည်ကာ သတ်သည်သာဟု ရွံ့ရှာခြင်းလည်း မရှိထသော ဤသို့အားဖြင့် အစွန်းသုံးပါးမှ စင်ကြယ်သောအသားကိုသာ စားစိမ့်သောငှာကိုလည်း ငါ ပညတ်တော်မူပြီ။ အလိုရှိရာ ကျင့်ကြပါစေ"ဟု မိန့်တော်မူ၏။

ထိုအခါ ဒေဝဒတ်ကလည်း 'မြတ်စွာဘုရားသည် ငါတောင့်တအပ်သော စကားကိုပင် ဆိုပေသည်'ဟု အားရဝမ်းသာ နေရာမှထပြီးသော်၊ အကျွမ်းဝင်သော သံဃာပရိသတ်တို့ကို ခေါ်၍ "ငါ့ရှင်တို့။ သင်တို့ဆရာ ဂေါတမသည် ဒုက္ခကင်းကြောင်းဖြစ်သော အကျင့်ကောင်း ငါးတန်ကို တောင်းပန်ပါသော်လည်း မလိုက်မနာ။ သက်သာရာကိုသာ လိုက်စား၍ တပည့်ပွားစိမ့်သောငှာသာ ကျင့်သည်။ လာဘ်များစိမ့်သောငှာသာ ကျင့်သည်။ နိဗ္ဗာန်ရောက်ကြောင်းကို မကျင့်။ ထို့ကြောင့် ယောက်ဖတော်ဂေါတမနှင့် သင်းခွဲတော့အံ့။ ဝဋ်ဆင်းရဲမှ လွတ်လိုသော သူတို့သည် ငါ့ထံသို့ လိုက်လှည့်ကုန်။ ငါကျင့်တိုင်း ကျင့်လှည့်ကုန်"ဟု ဆို၍ သံဃာတော်တို့ကို သွေးဆောင်၏။

ထိုအကြောင်းကို ဘုရားသခင် ကြားတော်မူ၍ ဒေဝဒတ်ကိုခေါ်ပြီးလျှင် "သင်သည် 'ငါ၏အာဏာစက်ကို ဖျက်ခြင်းငှာ, သံဃာကို သင်းခွဲခြင်းငှာ အားထုတ်၏'ဟု ငါကြားတော်မူ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မှန်သလော”ဟု မေးတော်မူ၏။ ဒေဝဒတ်လည်း “မှန်ပေကြောင်း”ကို လျှောက်လျှင် “သင်သည် ဤကဲ့သို့သောအမှုကို မပြုလင့်။ ဤအမှုကား ဂရုကံဒွသာ တည်သတည်း”ဟု ပြတော်မူခြင်းငှာ–

‘အလံ ဒေဝဒတ္တ မာ တေ ရုစ္စိ သံဃဘေဒေါ၊ ဂရုကော ခေါ ဒေဝဒတ္တ သံဃဘေဒေါ၊ ယော သမဂ္ဂံ သံဃံ ဘိန္ဒတိ၊ ကပ္ပဋ္ဌိယံ ကိဗ္ဗိသံ ပသဝတိ၊ ကပ္ပံ နိရယမှိ ပစ္စတိ။ ယော စ ခေါ ဒေဝဒတ္တ ဘိန္နံ သံဃံ သမဂ္ဂံ ကရောတိ၊ ဗြဟ္မံ ပုညံ ပသဝတိ၊ ကပ္ပံ သဂ္ဂမှိ မောဒတိ–’ ဟူသောဒေသနာဖြင့် ကောင်းစွာ ဆုံးမတော်မူ၏။

အနက်ကား – ဒေဝဒတ္တ၊ ဒေဝဒတ်။ အလံ၊ မသင့်။ တေ၊ သင့်အား။ သံဃဘေဒေါ၊ သံဃာကွဲပြားခြင်းကို။ မာ ရုစ္စိ၊ အလိုမရှိလင့်။ ဒေဝဒတ္တ၊ ဒေဝဒတ်။ သံဃဘေဒေါ၊ သံဃာကို သင်းခွဲသောသူသည်။ ဂရုကော ခေါ၊ ဝန်လေးလှချေ၏။ ယော၊ အကြင်သူသည်။ သမဂ္ဂံ၊ ညီညွတ်သော၊ သံဃံ၊ သံဃာကို။ ဘိန္ဒတိ၊ သင်းခွဲ၏။ တဿ၊ ထိုသူအား။ ကိဗ္ဗိသံ၊ သည်းတောင်းပြင်းပြ ခံရစေတတ်သော။ ကပ္ပဋ္ဌိယံ၊ တစ်ကမ္ဘာပတ်လုံးတည်သော၊ အပုညံ၊ မကောင်းမှုသည်။ ပသဝတိ၊ ပွားစီး၏။ ကပ္ပံ၊ တစ်ကမ္ဘာပတ်လုံး။ နိရယမှိ၊ အဝီစိငရဲ၌။ ပစ္စတိ၊ ကျက်ရ၏။

ဒေဝဒတ္တ၊ ဒေဝဒတ်။ ယော စ ခေါ၊ အကြင်သူသည်ကား။ ဘိန္နံ၊ ကွဲလေပြီးသော။ သံဃံ၊ သံဃာကို။ သမဂ္ဂံ၊ ညီညွတ်သင့်မြတ်အောင်။ ကရောတိ၊ ပြုဘိ၏။ တဿ၊ ထိုသူအား။ ဗြဟ္မံ၊ မြတ်သော။ ပုညံ၊ ကောင်းမှုသည်။ ပသဝတိ၊ ပွားစီး၏။ ကပ္ပံ၊ တစ်ကမ္ဘာပတ်လုံး။ ဝါ၊ အာယုကပ်ပတ်လုံး။ သဂ္ဂမှိ၊ နတ်ပြည်၌။ မောဒတိ၊ မွေ့လျော်ရ၏။

ဤဒေသနာဖြင့် လည်းကောင်း, တစ်ပါးသောဒေသနာဖြင့် လည်းကောင်း ကောင်းစွာ ဆုံးမဟောပြတော်မူ၏။ ယင်းသို့ ဆုံးမပါသော်လည်း ကိုယ်တော်မြတ်၌ ရန်ငြိုးထားခြင်း အားကြီးရကား ဒေဝဒတ်၏နလုံးကြား၌ လှံသွားဖျားဖြင့် မွေသကဲ့သို့ထင်လျက် လျင်စွာထ၍ သွားလေ၏။

နောက်တစ်နေ့သောအခါ အရှင်အာနန္ဒာသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင် လေသည်ကို ဒေဝဒတ်မြင်လျှင် အရှင်အာနန္ဒာ၏အနီးသို့ကပ်၍“အချင်းအာနန္ဒာ။ ငါသည် ယနေ့မှစ၍ ဘုရားသခင်နှင့် လည်းကောင်း, ဘုရားတပည့်ဖြစ်သော သံဃာတို့နှင့် လည်းကောင်း ဥပုသ်ပဝါရဏာမှစ၍ ကံကြီး, ကံငယ်တို့၌ အတူတကွ မပြုပြီ။ ဤယနေ့မှစ၍ သင်းခွဲ တော့အံ့”ဟု ဆိုလိုက်၏။

ထိုအကြောင်းကို အရှင်အာနန္ဒာ ပြန်လာ၍ မြတ်စွာဘုရားအား နားတော်လျှောက်သော် ကိုယ်တော်မြတ်လည်း ဖြစ်လတ္တံ့သောအရေးကို ရှုတော်မူလျက်–

‘သုကရံ သာဓုနာ သာဓုံ၊ သာဓုံ ပါပေန ဒုက္ကရံ၊

ပါပံ ပါပေန သုကရံ၊ ပါပ မရိယေဘိ ဒုက္ကရံ–’ ဟူသော ဂါထာကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



အနက်ကား – ဘိက္ခဝေ၊ ရဟန်းတို့။ သာဓုနာ၊ သူတော်ကောင်းဖြစ်သော သူသည်။ သာဓုံ၊ ကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ ပါပေန၊ သူယုတ်သည်။ သာဓုံ၊ ကောင်းသော အမှုကို။ ဒုက္ကရံ၊ ပြုနိုင်ခဲ၏။ ပါပေန၊ သူယုတ်သည်။ ပါပံ၊ မကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ အရိယေဟိ၊ သူတော်သူမြတ်တို့သည်။ ပါပံ၊ မကောင်းသောအမှုကို။ ဒုက္ကရံ၊ ပြုနိုင်ခဲ၏။

ဤဒေသနာ၏အဆုံး၌ များစွာသောသူတို့သည် တရားရသကို သောက်ရကုန် သတည်း။

ဒေဝဒတ်လည်း ထိုဥပုသ်နေ့၌ ဝေသာလီပြည်သားဖြစ်ကုန်သော ရဟန်းငါးရာတို့အား နားပါးချသွင်း၍ သင်းခွဲစာရေးတံကို ယူစေပြီးလျှင် ဂယာသီသသို့သွား၍ ငါးပါးသောကျင့်ဝတ်ကို ဆောက်တည်လျက် နေကြကုန်၏။ တစ်လ,နှစ်လခန့် ရှည်လတ်သော် အဖော်သံဃာငယ်တို့သည် စားဖွယ်သောက်ရန်၏ ခေါင်းပါးခြင်း, အဝတ်သင်္ကန်း၏ ခေါင်းပါးခြင်း, အရိပ်သခ်မ်း၏ မရှိခြင်း စသည်တို့ဖြင့် နှိပ်စက်လေရကား၊ လျော့ပါးကြုံလှီသော ကိုယ်, စိတ် ရှိကုန်လျက် လူထွက်ခြင်းငှာ အားထုတ်ကုန်၏။

ထိုအကြောင်းကို ဘုရားရှင်ဉာဏ်ဖြင့် မြင်တော်မူလျှင် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို ခေါ်တော်မူ၍ "ချစ်သားတို့။ ဝဋ်ဆင်းရဲမှ လွတ်စေခြင်းငှာ သာသနာသို့ ဝင်ပါလျက် မလိမ္မာသော အဖော်သဟဲကိုရသဖြင့် ပျက်စီးကြလတ္တံ့သော, ဒေဝဒတ်၏အသင်းသို့ပါသော သံဃာငယ်တို့အား သင်တို့ မသနားကြပြီလော။ ထိုသံဃာငယ်တို့အား တရားလမ်းမကို ညွှန်ပြပါချေကုန်"ဟု မိန့်တော်မူ၏။

အဂ္ဂသာဝကနှစ်ပါးလည်း ဘုရားရှင်အမိန့်တော်အတိုင်း ဂယာသီသသို့ သွားကြလေသော် ဒေဝဒတ်လည်း အဝေးမှလာသော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ကိုမြင်လျှင် မိမိအပါးတွင်နေသော ကောကာလိကအား ဤသို့ ပြောကြား၏။ "ချစ်သားကောကာလိက။ ရဟန်းဂေါတမ၏ သာဝကကြီးဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် ငါ၏ထံသို့ လာကြကုန်ပြီ။ ဤသူတို့သည် ငါ့တရားကို နှစ်သက်ကုန်၏"ဟု ဆိုသော်၊ ထို ကောကာလိကလည်း "ဆရာ။ သာရိပုတ္တရာ, မောဂ္ဂလာန်တို့ကို လက်ခံ၍ အကျွမ်းမဝင်လင့်။ ဤသူတို့သည် ယုတ်မာသော အကြံအစည် ရှိကုန်၏"ဟုဆိုလျှင်၊ "ငါ့ရှင်ကောကာလိက။ ရှေးအခါကဖြစ်လျှင် သင်တို့ဆိုသော စကားအတိုင်း မှန်၏။ ယခုကား ကောင်းသောလာခြင်းပင်တည်း"ဟု ပြော၏။

ဤသို့ပြောကြစဉ်ပင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ အနီးသို့ရောက်လာသော် သင့်လျော်စွာနေရာကို မိမိအပါး၌ ခင်း၍ "ဤသို့ လာလှည့်"ဟု နေရာဖြင့် ဖိတ်၏။ အရှင်သာရိပုတ္တရာလည်း ခင်းသောနေရာသို့ မတက်ဘဲ တစ်ခုသောနေရာသို့ တက်ပြီးလျှင် ဒေဝဒတ်ဟောသော တရားကိုနာ၍ ဆိတ်ဆိတ်သာနေ၏။ ဒေဝဒတ်လည်း တပည့်ပရိသတ်တို့အား တရားဟောပြ၍ ညဉ့်ဦးယံလွန်လျှင် "ငါ့ရှင် သာရိပုတ္တရာ။ ငါကား ညောင်းညာပြီ။ သင်သာလျှင် သံဃာတို့အား တရားဟောဦးလော့"ဟု ဆို၍ အိပ်လေ၏။

အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရား သင်သောနည်းဖြင့် သစ္စာလေးပါးနှင့်စပ်သော မဇ္ဈိမပဋိပတ် ဓမ္မအာဏာဒေသနာ ပါဋိဟာရိယာ နုသာသနီယအားဖြင့် ဩဝါဒ ပေးတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အရှင်မောဂ္ဂလာန်လည်း ဣဒ္ဓိပါဒ်ပြဟာရိယာ နုသာသနီယအားဖြင့် ဩဝါဒ ပေးတော်မူ၏။ ထိုဒေသနာတို့ကို ကြားရလျှင် ထို ငါးရာသောရဟန်းငယ်တို့သည် လေးသွယ်သောသစ္စာကို မြင်၍ အစဉ်သောဝိပဿနာဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်လေကုန်၏။

နံနက်သောအခါ အရှင်သာရိပုတ္တရာလည်း "ဆရာဒေဝဒတ်။ အကျွန်ုပ်တို့ သွားတော့အံ့။ ဘုရားတရားကို နှစ်သက်သောသူတို့လည်း ဘုရားထံသို့ လိုက်ပါစေ။ ရှင်ပင့်တရားကို နှစ်သက်သောသူတို့လည်း ရှင်ပင့်ထံ၌ နေရစ်ပါစေ"ဟု ဆို၍ ပြန်ခဲ့လေလျှင်၊ ထိုသံဃာငါးရာတို့သည် မိမိတို့၏ပရိက္ခရာကို ပြင်၍ အရှင်သာရိပုတ္တရာတို့၏နောက်သို့ လိုက်လာကုန်၏။ ထိုအကြောင်းကို ဒေဝဒတ်မြင်လျှင် ပြည့်ရှင်မင်း၏စည်းစိမ်မှ လျှော့ကျသောယောကျ်ားကဲ့သို့ ကြီးမားသောစိတ်ဒုက္ခဖြင့် ခံတွင်းမှ သွေးအန်သောဝေဒနာသည် ဖြစ်၏။

အရှင်သာရိပုတ္တရာလည်း ထိုရဟန်းငါးရာတို့ကို မြတ်စွာဘုရားထံသို့ ဆောင်ခဲ့ပြီးလျှင် "အရှင်ဘုရား။ ဤ ဘေဒါနုဝတ္တက ရဟန်းတို့အား အသစ်ပဉ္စင်းခံရဦးအံ့လော"ဟု လျှောက်၏။ ဘုရားသခင်ကလည်း "ချစ်သားသာရိပုတ္တရာ။ ဝိနည်း၌ မလိမ္မာခြင်းကြောင့် ငါဘုရား၏ တရားမှတ်၍သာ ဒေဝဒတ်၏သင်းခွဲရာသို့ ပါရှာလေသော ဤရဟန်းတို့အား ကံ မထားပါလင့်။ ထုလ္လစ္စည်းအာပတ်ကိုသာ ဒေသနာကြားစေလော့"ဟု မိန့်တော်မူ၏။

ဒေဝဒတ်လည်း မိမိပရိသတ်တို့ ပျက်စီးသောနေ့မှစ၍ ရင်မှ သွေးအန်သောဝေဒနာသည် တစ်နေ့ထက်တစ်နေ့သာ စည်ကားလျက် ကိုးလလွန်သောအခါ 'ငါသည် မြတ်စွာဘုရားအား ပြစ်မှားခြင်းကြီးသောကြောင့် ဤမျှလောက်သောဒုက္ခကို ခံရချေသည်။ ကန်တော့မှသာလျှင် ထိုအပြစ် ကင်းတော့မည်'ဟု ကြံ၍၊ မိမိထံ၌ရှိရစ်သော ကောကာလိက အစရှိသော ရဟန်းရှစ်ဦးတို့အား "ဘုရားထံသို့ ငါ့ကို ရောက်အောင်ဆောင်ပါ"ဆိုလျှင် ထိုရဟန်းတို့လည်း အိပ်ရာညောင်စောင်းကိုပင် ထမ်းစင်ပြု၍ ဘုရားရှိရာ သာဝတ္ထိပြည်သို့လာခဲ့သော် ဇေတဝန်ကျောင်းတော်၏အနီး ရေကန်ကြီးအပါးသို့ရောက်လျှင် ကိုယ်ကို ရေသန့်စင်ဦးမည်ဟု ထမ်းစင်ကိုချစေ၍ ရေသို့သက်ခြင်းငှာ အားထုတ်လတ်သော် မဟာပထဝီမြေကြီးသည် သတ္တရာဘန်သီဒါ လေးဖြာအဏ္ဏဝ ဒီပလေးသွယ် ကျွန်းငယ်အရံနှင့်တကွ ဆတ်ဆတ်ခါမျှ ကြည်းဟည်းလျက် 'အသီးသီးသော ရေမြေတောတောင်ကို ရွက်ဆောင်ခြင်းငှာ ငါ စွမ်းနိုင်၏။ သင်ကဲ့သို့သော သူယုတ်သူပျက်သည် ငါ့အထက်၌နေသည်ကို ငါ မခံလိုပြီ'ဟု ဆိုသကဲ့သို့ ကြောက်မက်ဖွယ်သောအသံကို ကြော်ငြာလျက် နင်းရာအရပ်မှ ကွဲ၍ တစ်သွန်တည်း အဝီစိငရဲသို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ။၈၂။ အဇာတသတ်သည် ဘုရားရှင်၌ သက်ဝင်ယုံကြည်၍ သရဏဂုံတည်ခြင်း

ယင်းသို့ ဒေဝဒတ်အား မြေမျိုလေသောအကြောင်းသည် တစ်သောင်းသော ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားစွာဖြစ်၏။ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းလည်း ခမည်းတော်အား ပြစ်မှားမိသော နေ့မှစ၍ ကြီးမြတ်လှသော မင်း၏ချမ်းသာကို ကျဉ်းကျပ်စွာသော နှောင်အိမ်ကဲ့သို့ ထင်၍ မရွှင်မပျော် စက်တော်မူရာ, နေလေရာ၌ အခါခါလန့်ထိတ်လျက် ထက်စွာသောဓားသွား, လှံဖျား၌ တည်နားရသကဲ့သို့ဖြစ်၍ စားမဖြောင့်စက်မပျော် ရှိ၏။ ဤသို့ ဖြစ်ရင်းအနေအထားတွင် ဒေဝဒတ်အား မြေမျိုကြောင်းကိုကြားလျှင် 'ငါလည်း ဒေဝဒတ်၏စကားကြောင့် ဘုရားသခင်ကို ပြစ်မှားမိချေသည်။ ဤမြေကြီး ငါ့ကို မျိုဦးအံ့လည်း မသိ'ဟု တွေးဆလျက် အတိုင်းထက်အလွန်ပင် မရွှင်မပျော်နိုင်ဖြစ်၏။

တစ်ရံရောအခါ ကြာခေါင်းလောင်းပွင့်တုန်းဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်၌ မှူးမတ်များစွာတို့ ညီလာခံစဉ်တွင် မိမိပူပင်သော အခြင်းအရာကို ပြန်ကြားလျက် "ကြီးမားသော ငါ၏ဒုက္ခဝေဒနာကို အဘယ်ပညာရှိတို့သည် ပျောက်ပြေအောင် ကြံဆောင်နိုင်ပါအံ့နည်း"ဟု မေး၏။

ထိုအခါ ပူရဏကဿပဆရာကို ကိုးကွယ်သော အမတ်အချို့ကလည်း မိမိတို့ဆရာဂုဏ်ကို ချီးပလျက် "ပူရဏကဿပဆရာသည် အတိတ်, အနာဂတ်နှင့် ပစ္စုပ္ပန်ကိုပင် အမှန်သိမြင်၏။ ထိုဆရာသည် ဖြေဖျောက်ခြင်းငှာ စွမ်းနိုင်ပါလတ္တံ့"ဟု လျှောက်၏။ ကေသကမ္ဗလကို ကိုးကွယ်သော အမတ်တို့ကလည်း ကေသကမ္ဗလကို ညွှန်ကြသည်။ နာဋ္ဋပုတ္တကို ကိုးကွယ်သောအမတ်တို့ကလည်း နာဋ္ဋပုတ္တကို ညွှန်ကြသည်။ ပကုဓကစ္စာယနကို ကိုးကွယ်သောအမတ်တို့ကလည်း ပကုဓကစ္စာယနကို ညွှန်ကြသည်။

ဤသို့ အသီးသီးညွှန်လတ်သော်လည်း မယူမနာ။ အဇာတသတ်မင်းသားကား ဘုရားသခင်ထံသို့ ကပ်လိုသောဆန္ဒရှိရကား ဘုရားအလုပ်အကျွေးဖြစ်သော ဆရာဇီဝက၏ စကားကိုသာ ကြားနာလိုသတည်း။ ထို ဇီဝကလည်း ' 'ငါ့ဆရာဖြစ်သော မြတ်စွာဘုရားကိုကား သူတစ်ပါးတို့ဆရာကဲ့သို့ လွယ်လင့်ကာ ငါ မညွှန်သင့်ချေသေး'ဟု ကြံ၍ စကားမပြန်နေ၏။

ထိုအခါ အဇာတသတ်မင်းက "အချင်းဇီဝက။ အဘယ့်ကြောင့် သင် ဆိတ်ဆိတ်နေသနည်း။ မိမိတို့ကိုးကွယ်ရာ ဆရာကိုညွှန်ကြား၍ သူတစ်ပါးပြောဆိုကြသည်ကား နားမဆံ့မျှရှိလေပြီ။ သင့်မှာမူကား စည်းစိမ်ကင်းသော သူဆင်းရဲဖြစ်၍ တစ်စုံတစ်ယောက်သော ဆရာကိုမျှ မကိုးကွယ်နိုင်သလော။ ခမည်းတော်ဘုရား ချီးမြှောက်စား၍ထားသောသူ ဖြစ်ပါလျက် သဒ္ဓါ, ဝီရိယ, သဒ္ဓနဂုဏ် မပြည့်စုံသောကြောင့် တစ်စုံတစ်ယောက်သော ဆရာကိုမျှ မကိုးကွယ်ပါသလော"ဟုမေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားသောအခါ ဆရာဇီဝကလည်း နေရာမှထပြီးသော် ရှင်တော်ဘုရားရှိရာသို့ ငါးဖြာသောရှိခိုးခြင်းဖြင့် ရှိခိုးပြီးလျှင်"အရှင်မင်းကြီး။ အကျွန်ုပ်ကား အဖမဲ့သားကဲ့သို့ ညွှန်ကြားအပ်သောဆရာကင်းသူ မဟုတ်ပါ။ ပုဏ္ဏလ်သာမန်တို့ကဲ့သို့ ယံဝါတံဝါ ပြောပြခြင်းငှာ မသင့်၍သာ ဆိုင်းလင့်ပါသည်။ ကျွန်ုပ်ဆရာကား သုံးရွာသောလောက၌ သီလ, သမာဓိ, ပညာဂုဏ်၌ တစ်စုံတစ်ယောက်သောသူမျှ အတုမရှိ အသဒိသစစ် ဖြစ်တော်မူသော အရှင့်ခမည်းတော်ဆရာ မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း။ အရှင်မင်းမြတ်လည်း ဆည်းကပ် ကိုးကွယ်တော်မူပါ။ လိုသမျှအရေးကို မေးလျှောက်တော်မူပါ။ ဖြစ်လတ်သော စိတ္တဇဝေဒနာသည် လျင်စွာ သက်သာရာရလတ္တံ့."ဟု လျှောက်တင်၏။

မင်းကြီးလည်း ဘုရားသခင်၏ ကျေးဇူးစကားကို ကြားရလျှင် ရွှင်လန်းဝမ်းမြောက်စွာ ငါးဖြာသောပီတိဖြင့် ဝလျက် ထိုခဏ၌ပင် သွားချင်သောအာသာ ဖြစ်ရကား "ဆရာဇီဝက။ ငါ့ကို ယခုပင် ဘုရားရှင်ထံသို့ ပို့ဆောင်ပါလော့။ သွားခြင်းငှာလျောက်ပတ်သော ဆင်, မြင်း, ရထား, ဗိုလ်ပါများကိုလည်း လျင်လျားစွာစီရင်လေလော့"ဟု စေ၏။ ဆရာဇီဝကကလည်း တစ်သောင်းမျှလောက်သော မင်းချင်းပုဏ္ဏား, တစ်သောင်းမျှလောက်သော မှူးမတ် ယောကျ်ားတို့ကို ဝတ်စားတန်ဆာ တင့်တယ်စွာဆင်စေလျက် ပြည်သူအပေါင်းတို့အား "ငါတို့မင်းဖျားသည် ဘုရားထံတော်သို့ ဖူးမြော်ရန် ယခု ထွက်လတ္တံ့။ နှစ်သက်သောသူတို့ လိုက်လှည့်ကုန်"ဟု စည်လည်စေ၏။ ပြည်သူအလုံးလည်း ရှန်းရင်းဆန်မျှ ရွှင်လန်းကြလျက် 'ဘုရားခြေရင်းသို့ မင်းကြီးကြွလျှင် မြတ်လှသောတရားစကားကို ဟောကြားတော်မူလိမ့်မည်။ ထိုအခါ သာယာလှစွာသော တရားစကားကို ငါတို့ ကြားနာရလတ္တံ့.'ဟု ကြံလျက် ခြံရံကာ လိုက်လာကုန်သည်ကား အလွန်များသတည်း။

အဇာတသတ်မင်းလည်း သင်းပင်းပရိသတ်နှင့်တကွ ထိုည၌ပင် ပြည်မှထွက်လေ၍ သရက်ဥယျာဉ်သို့ရောက်လျှင် ဘုရားသခင် စံပယ်တော်မူရာသို့ကပ်လျက် မိမိ၏အတ္ထုပ္ပတ္တိကို ဖော်၍ နားတော်လျှောက်တင်၏။ ဘုရားသခင်လည်း သာမညဖလ သုတ်ဒေသနာဖြင့် များစွာသောပရိသတ်တို့အား တရားရေအေး တိုက်ကျွေးတော်မူ၏။ ထိုအခါ အဇာတသတ်မင်းကား လွန်မင်းသော ပိတုဃာတကကံကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ မရောက်ဘဲ ဥပါသကာမြောက်ရုံသာ သရဏဂုံပဥ္စသီ၌ တည်၏။

ဤအကြောင်းကိုကား ဝတ္ထုစကား မခြားမကွာစိမ့်သောငှာသာ စီစဉ်ကာ ဆိုလိုက်သည်။ နှစ်,လကွာခြား ရှည်လျားဟန်ရှိသည်။ ကျမ်းဂန်၌ကား မည်သည့်နှစ်, မည်သည့်ဝါဟု အသေအချာ မရှိ။ ယုတ္တိကိုစာနာသော် သတ္တရသမဝါ, ဝီသတိမဝါတို့ကို ရာဇဂြိုဟ်ပြည်၌ ကပ်တော်မူသည်ဖြစ်၍ ထိုအခါပင်ဟု ထင်ပေသည်။ ပါရာဇိကဏ်အဋ္ဌကထာ၌ အဇာတသတ်မင်း နန်းတက်သည့်နောက် ရှစ်နှစ်မြောက်၌ ဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ဟု ဆိုသောစကားနှင့် ဆင်ခြင်သော် ဘုရားသခင် ဝါတော် သုံးဆယ့်ခုနစ်ဝါရှိမှ ဗိမ္ဗိသာရမင်း ကံကုန်၍ အဇာတသတ်မင်း နန်းတက်သည်ဟု ဆိုဖွယ်ရာရှိ၏။ ထိုအခါဖြစ်လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်ပြည်တွင် ဘုရား မရှိ။သာဝတ္ထိပြည်၌သာ နိယမဝါဖြင့် စံပယ်တော်မူသည်။ နွေလအခါ ဒေသစာရီ လည့်စဉ်ဖြစ်သည်ဟု ယူရမည်လည်း 'သာရကော မုဒိယာ– ကြာခေါင်းလောင်း ပွင့်တုန်းတန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားရှင်ထံ ကပ်သည်'ဟု ဇာတ်အဋ္ဌကထာ, သီလက္ခန် အဋ္ဌကထာ၌ လာသောကြောင့် ဒေသနာ၏အတ္တုပ္ပတ္တိနှင့် မဆိုင်ချေ။ စာပေသိမြင်သော ပုဂ္ဂိုလ်တို့၏အရာသာ ဖြစ်သည်။]

## ။၈၃။ ဆရာဇီဝက၏ ရေးအကြောင်းကို ပြခြင်း

ဆရာဇီဝက၏အကြောင်းကို အရင်းမူမှစ၍ ပြလိုက်ဦးအံ့။

ငါတို့ဘုရား ပွင့်တော်မူအံ့သောအခါ ဝေသာလီပြည်သည် အလွန်စည်ပင် ပြန့်ပြော ခြင်းရှိသည်ဖြစ်၍ ခုနစ်ထောင့်ခုနစ်ရာ ခုနစ်ဆယ် ခုနစ်ဆောင်သော မင်းနေပြာသာဒ် မဏ္ဍပ် ကနား တရားရုံး တိုက်အိမ်တို့သည် ရှိကုန်၏။ ထိုပြည်၌ လိစ္ဆဝီမင်းတို့သည် မြူးထူးခြင်း အကျိုးငှာ 'အမ္ဗပါလိကာ'အမည်ရှိသော မိန်းမကို ပြည့်တန်ဆာမအရာဖြင့် ကောင်းစွာချီးမြှောက် ထား၏။

ထိုမိန်းမကား သရက်ပင်၌ ကိုယ်ထင်စွဲကပ်၍ 'ဥပပတ်ပဋိသန္ဓေ' တည်နေသော သူတည်း။ အရွယ်လည်း ငယ်၏။ ရှုချင်စဖွယ် တင့်တယ်လှပသော အဆင်းအရောင်လည်း ရှိ၏။ ကခြင်း, သီခြင်း, မြူးထူးခြင်းတို့၌လည်း လွန်မင်းသော မာယာပရိယာယ်တို့နှင့် ပြည့်စုံ၏။ ထိုမိန်းမအား ပျော်ပါးပေါက်ရောက်လိုသော လူတို့သည် တစ်ညဉ့်အခါ၌ အသပြာငါးဆယ် ပေး၍ ပျော်ပါးရကုန်၏။ ထိုပြည့်တန်ဆာမကြောင့်လည်း ဝေသာလီပြည်သည် အတိုင်းထက် အလွန်ပင် မြူးရွှင်ပျော်ပါးဖွယ် ဖြစ်သတည်း။

တစ်ရံသောအခါ ရာဇဂြိုဟ်ပြည်၌နေသော သူကြွယ်ကြီးတစ်ဦးသည် ကူးသန်းရောင်း ဝယ်ခြင်းငှာ ဝေသာလီပြည်သို့ရောက်သော် အံ့သြဘနန်း ထူးဆန်းသာယာသော ပြည်၏အသရေ ကို လည်းကောင်း, အမ္ဗပါလိကာမည်သော ပြည့်တန်ဆာမ၏ အကြောင်းခြင်းရာကိုလည်း ကောင်း စေ့စုံစွာ သိမြင်လေ၏။ ထိုသူကြွယ် ပြန်လာ၍ ရာဇဂြိုဟ်ပြည်သို့ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီးထံသို့ ကပ်၍ ဤသို့ နားတော်လျှောက်၏။ "အရှင်မင်းကြီး။ အကျွန်ုပ်သည် ဝေသာလီပြည်သို့ တစ်ခုသောကိစ္စကြောင့် ရောက်ပါချေသည်။ ထိုပြည်သည်ကား အလွန် ပြန့်ပြောစည်ပင်၏။ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆယ့် ခုနစ်ဆောင်မျှလောက်စင်သော တိုက် ရုံး ပြာသာဒ် မဏ္ဍပ် ကနား တံတား ဥယျာဉ်တို့ဖြင့် တင့်တယ်၏။ လိစ္ဆဝီမင်းတို့သည် နှစ်မြို့စဖွယ် အရွယ်မကြီး နတ်သမီးတမျှ တင့်တယ်လှပသော အမ္ဗပါလိကာကိုလည်း ပြည့်တန်ဆာမ ပြု၍ထား၏။ ထိုမိန်းမကြောင့်လည်း နေ့ညဉ့်မယုတ် အုတ်အုတ်ကျက်ကျက် အတိုင်းထက်အလွန် သာယာ၏။ အရှင်မင်းကြီး။ အကျွန်ုပ်တို့၏ရာဇဂြိုဟ်ပြည်၌လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူစွာ ပြည့်တန်ဆာမ ထားရသော် အခါတစ်ပါးထက် သာယာ၍ ပျော်ပါးဖွယ်ဖြစ်လတ္တံ့."ဟု လျှောက်တင်၏။

မင်းကြီးလည်း "ကောင်းပြီ"ဟု ဝန်ခံ၍၊ ထားရန်သင့်သောသူကို ရွေးချယ်သော် မင်းနှယ်စိုးမျိုးစပ်သော 'သာလဝတီ' အမည်ရှိသောမိန်းမသည် လုပတင့်တယ် ရှုချင်ဖွယ်သော အဆင်းအရောင်လည်း ရှိ၏။ ကခြင်း, သီခြင်းစသော မိန်းမတို့၏အမှုအရာနှင့်လည်း လွန်စွာပြည့်စုံ၏။ ထို သာလဝတီအား မင်းကြီးမှ အသပြာ တစ်သိန်း, ပြည်သူတို့မှ အသပြာ နှစ်သိန်းအားဖြင့် သုံးသိန်းသောအသပြာတို့ကို ပေး၍ ဆင်, မြင်း, ထမ်းစင်, ဉယျာဉ်, ဗိမာန်နှင့်တကွ ချီးပ၍ ထားပေ၏။ ပျော်ပါးလိုသောသူတို့သည် တစ်ညဉ့်အခါ၌ အသပြာ တစ်ရာ ပေး၍ ပျော်ပါးရကုန်၏။

သာလဝတီသည် ပြည့်တန်ဆာမဖြစ်၍ မကြာမြင့်မီ ဗိမ္ဗိသာရမင်းကြီး၏သားတော်ဖြစ်သော အဘယမင်းသားသည် ပျော်ပါးဝင်ထွက်ရာ သန္ဓေတည်လေ၏။ ထိုအခါ သာလဝတီလည်း မိမိ၌ သန္ဓေရှိသောအဖြစ်ကို ယောကျ်ားတို့မသိစိမ့်သောငှာ မကျန်းမာယောင်ဆောင်ပြီးသော် တံခါးစောင့်ကိုခေါ်၍ "အချင်းတံခါးစောင့်။ သူတစ်ပါးတို့ ငါ့ကိုမေးမြန်းလျှင် မကျန်းမမာ ရှိသည်ဆို၍ တံခါးကို ပိတ်လင့်လော့။ မည်သည့်သူမျှ မဝင်စေလင့်"ဟု မှာ၍ လုံရာတိုက်ခန်း၌သာ နေ၏။ ဆယ်လစေ့သောအခါ တင့်တယ်စွာသော သားယောကျ်ားကို ဖွား၏။

သာလဝတီလည်း 'သားငယ်ရှိသောမိန်းမတို့အား ယောကျ်ားတို့ မနှစ်သက်ချေ။ မနှစ်သက်လေကလည်း ငါ့အား လာဘ်သပ်စည်းစိမ် ဆုတ်ယုတ်ရာချေသည်'ဟု ကြံ၍၊ ကျွန်မ တို့ကို ခေါ်ပြီးလျှင် "သူငယ်ကို ဗန်းဝယ်သိပ်၍ မြို့ပြင် တံမြက်ချေးစွန့်ရာ၌ ပစ်ချေ"ဟု စေလိုက်၏။ ကျွန်မတို့လည်း ဆိုတိုင်းပင် ပစ်စွန့်လေ၏။

ထိုနေ့ အဘယမင်းသားလည်း စောစောထလျက် မင်းခစားအံ့သောငှာ နန်းတော်သို့ လာလတ်သော် လမ်း၏အနီး၌ ကျီးငှက်ဝန်းရံ၍နေသည်ကို မြင်လျှင်၊ နောက်တွင်ပါသော ယောကျ်ားတို့ကို သွား၍ကြည့်စေသဖြင့် သူငယ်ဖြစ်ကြောင်းလျှောက်လျှင် "အသက်ရှင်ပါသေး၏လော"ဟု မေး၏။ "ရှင်ပါကြောင်း"လျှောက်လေသော်၊ "ငါနှင့်ထိုက်လျော်၍ တွေ့ချေသည်။ ငါ မွေးမြူအံ့။ ယူခဲ့လော့"ဟု ဆို၍ မိမိအိမ်သို့ဆောင်ပြီးလျှင် နို့ထိန်းမတို့ကို အပ်နှင်း၍ မွေးမြူလေ၏။ အမည်မှည့်အံ့သောကာလ "ထိုသူငယ် အသက်ရှင်သေး၏လော"ဟု မေးဖူးသောစကားကြောင့် သူငယ်အား 'ဇီဝက'ဟူသောအမည်ကို မှည့်ကုန်၏။ အဘယမင်းသား ကောက်ယူမွေးမြူခြင်းကြောင့်လည်း 'ကောမာရဘစ္စ'ဟု တွင်လေသတည်း။

ထို ဇီဝကသည် သိကြားလိမ္မာသောအရွယ်သို့ ရောက်သောအခါ သဟာယဖြစ်သော သူငယ်တို့နှင့်ကစားကြ၍ ငြင်းခုံခိုက်ရန်ဖြစ်လတ်သော် အဖော်သူငယ်တို့က 'အမိမဲ့သား', 'အဖမဲ့သား', 'အုတ်ကြားမြက်ပေါက်', 'ကောက်၍ရသောသူ'ဟု ဆဲရေးကြသောစကားကို ကြားရ သဖြင့်လည်းကောင်း၊ တစ်ပါးသောသူငယ်တို့မှာ ကစားရာဌာန၌ပင် အစ်ကို, အစ်မ, မိထွေး, မိကြီး စသောသူတို့သည် စားဖွယ်သောက်ရာ ပေးကမ်းလာသည်ကို မြင်သဖြင့် လည်းကောင်း ဆင်ခြင်ကြံဆလျက် အဖဖြစ်သော အဘယမင်းသားအား သနားဖွယ်သောအမှုကို ပြုပြီးလျှင် "အရှင့်သား။ အကျွန်ုပ်၏မိဘတို့ကား အဘယ်သူနည်း"ဟု မေး၏။ အဘယမင်းသားက



www.burmeseclassic.com

www.burmeseclassic.com



လည်း "ချစ်သား။ သင်၏မိခင်ဖခင်ကို စင်စစ်အားဖြင့် ငါ မသိ။ ငါတစ်မူကား မွေးမြူသော အဖပေတည်း"ဟု ဆို၏။

ထိုစကားကို ကြားရသော ဇီဝကလည်း ဤသို့ ကြံ၏။ 'ဤမင်းအိမ်၌ နေရခြင်းသည် ထမင်းဝရုံ ခါးလှရုံသာ ဖြစ်သည်။ လူတို့ရွာ၌ အတတ်ပညာ မရှိက အသက်မွေး ခက်လှချေသည်။ တစ်စုံတစ်ခုသော ပညာတတ်မှ လူခပ်သိမ်းလည်း ရှိသေမည်။ အသက်မွေးလည်း သက်သာမည်။ တစ်ခုခုသောပညာကို ငါ သင်ဦးအံ့။ သို့ရာတွင် ဆင်အတတ်, မြင်းအတတ်, လေး, လှံ စသော အတတ်မျိုးသည် သူ တစ်ထူးအား ညှဉ်းဆဲနှိပ်စက်ခြင်းနှင့် မကင်းသောအတတ်သာ များသည်။ ဆေးအတတ်မူကား သတ္တဝါတို့အား သနားပြင်းကရုဏာနှင့်လည်း ယှဉ်၏။ သူ့အကျိုးစီးပွားကိုလည်း ဆောင်နိုင်၏။ ကိုယ်ကျိုးစီးပွားလည်း များ၏။ ဘုရားသခင်တို့အား လည်း သူတစ်ပါး မလုပ်မကျွေးသော ဆေးပစ္စည်းဖြင့် လုပ်ကျွေးပူဇော်ရ၏။ ထို့ကြောင့် ဆေးအတတ်ကို သင်ရသော် ကောင်း၏'ဟု ကြံပေ၏။

ထိုဇီဝကကား ကမ္ဘာတစ်သိန်း၏အထက်၌ ပဒုမုတ္တရဘုရား ထင်ရှားပွင့်တော်မူသော အခါ တစ်ဦးသော ဥပသကာဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆေးပစ္စည်းဖြင့် လုပ်ကျွေး၍ မေးလိုတိုင်းသောပြဿနာကို မြတ်စွာဘုရားအား လျှောက်ထားလျက် များစွာသော မင်း, ပုဏ္ဏား, သူဌေးတို့၏ စုဝေးပူဇော်ရာဖြစ်သော 'သီလဝ' အမည်ရှိသော ဆေးသမားကြီးကို မြင်သဖြင့်၊ 'ငါလည်း ဤသူကဲ့သို့ ဘုရားရှင်တို့၏အလုပ်အကျွေး ဆေးသမားကောင်းအဖြစ် ကို ရောက်စေသော'ဟု တောင့်တလျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့ အား အလှူကြီးကိုပေး၍ တရားတော်ကိုနာပြီးမှ "အကျွန်ုပ်သည် နောင် ဘုရားရှင်တို့၏ သာသနာ၌ ဤဆရာကဲ့သို့ ဖြစ်စေသော"ဟု ဆုတောင်း၏။ ထိုအကြောင်းကံသည် စီမံ တိုက်တွန်းအပ်သည်ဖြစ်၍ ဆေးအတတ်ကို သင်အံ့ဟူသော ထိုအကြံကို ကြံမိလေသတည်း။

ထိုသို့ ကြံပြီးသော် အရပ်ရှစ်မျက်နှာ မြို့ကျေးရွာမှ ရောက်လာကုန်သော ကုန်သည်တို့ အား "သင်တို့အရပ်၌ သမားကောင်း ရှိ၏လော, မရှိ၏လော"ဟု စောကြောမေးမြန်းခြင်း ကို ပြု၏။ တစ်ရံသောအခါ တက္ကသိုလ်ပြည်မှလာသော ကုန်သည်က "အကျွန်ုပ်တို့အရပ်ဝယ် ဆေးအတတ်၌ အထွတ်အထိပ်သို့ရောက်သော ဒိသာပါမောက္ခဆရာ ရှိပါသည်"ဟု ပြော၍ ကြားရသဖြင့်၊ ထိုဇီဝကလည်း အဖဖြစ်သော အဘယမင်းကိုမျှ မပန်ကြားဘဲ ကုန်သည်တို့နှင့် လိုက်သွားသဖြင့်၊ ထိုဆရာထံသို့ ရောက်လေသော် ရှိသေစွာချဉ်းကပ်၍ "အတတ်ကို သင်လိုပါကြောင်း"ဖြင့် ခွင့်တောင်း၏။

ဒိသာပါမောက္ခဆရာလည်း "ချစ်သား။ သင်သည် အဘယ်ပြည်, အဘယ်အမျိုးအရိုး ကနည်း" ဟု မေး၏။ ဇီဝကလည်း "အကျွန်ုပ်ကား ရာဇဂြိုဟ်ပြည်ကို အစိုးရသော ဗိမ္ဗိသာရမင်း ကြီး၏ မြေးပါတည်း"ဟု ဆိုပေ၏။ "ချစ်သား။ အဘယ်အတတ်ကို သင်လိုသနည်း"ဟု မေးလျှင်၊ "ဆေးအတတ်ကို သင်လိုပါသည်"ဟု ဆို၏။ "ထိုသို့တပြီးကား ချစ်သား သင်လော့" ဟု အခွင့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဇီဝကလည်း သင်ခွင့်ရသော အခါမှစ၍နေ့ညဥ့်မယုတ် လုံ့လထုတ်လျက် အကုတ်တပတ် ဆရာထံကပ်၍ မှတ်သားသင်ကြား၏။ တစ်ပါးသော မင်းသားတို့မူကား ဆရာအား များစွာ ရွှေငွေ ပေး၍ ဆရာ့ကိစ္စကို စိုးစဉ်းမျှမဆောင်ဘဲ အတတ်ကိုသာ သင်၏။ ဇီဝကမူကား ဆရာစား အခမပေးရခြင်းကြောင့် 'ငါ့ကို ဆရာချစ်ကြင်မှ ပညာတတ်လွယ်ချိမ့်မည်'ဟု ကြံလျက် ပရိကံကိစ္စ ရှိသမျှကို နေ့ညဥ့်ဆောင်ရွက်၍ လပ်သောအကွက်အခါ ကာလ၌သာ ပညာကို သင်ရ၏။ ထိုသို့ပင် သင်ရသော်လည်း ဉာဏ်ပဋိဘာန် ထက်သန်လှသောကြောင့် များစွာလည်း သင်နိုင်သည်။ သင်တိုင်းသင်တိုင်းလည်း မှတ်နိုင်သည်။ သူတစ်ပါးတို့ တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် သင်ရသောအတတ်ကို ဇီဝကသည် ခုနစ်လဖြင့် ကုန်စင်အောင် တတ်မြောက်၏။

သိကြားမင်းလည်း "ဤဇီဝကကား ဘုရားသခင်၏ အလုပ်အကျွေး ဖြစ်လတ္တံ့."ဟု သိ၍ ဒိသာပါမောက္ခ ဆရာ့ကိုယ်၌ဝိုကပ်၍ အတတ်သင်လာ၏။ ထို့ကြောင့် ဇီဝကဆရာကား ကံကုန်သောအနာကို ချန်ခြွင်း၍ ကြွင်းသမျှ စိတ္တဇ, ဥတုဇ, အာဟာရဇ အနာတို့ကို တစ်ကြိမ် ဆေးပေးကာမျှဖြင့် ပျောက်ပကင်းရှင်းစေတတ်သော ဆေးအတတ်ကို တတ်၏။

ယင်းသို့သင်၍ ခုနစ်နှစ်ရှိသောအခါ 'ငါသည် ဆေးအတတ်ကို အလျင်အလျား များစွာလည်း သင်ပါသည်။ သင်သမျှကိုလည်း မေ့လျော့ရသည်မရှိ မှတ်မိပါသည်။ ယခု ခုနစ်နှစ် တိုင်ချေပြီ။ ဤ ဆေးအတတ်သည် အဆုံးတိုင်မည်ပင် မထင်ချေ'ဟု အကြံဖြစ်၏။ ဤသို့ ကြံခြင်းသည်လည်း သိကြားမင်း ဆရာ့ကိုယ်၌ပူးကပ်ရာမှ လွတ်လျှင်ပင် ကြံမိသတည်း။ ယင်းသို့ကြံပြီးမှ ဆရာထံကပ်ပြီးသော် "ဆရာ။ အကျွန်ုပ်သည် သူတစ်ပါးထက်လွန်၍ မှတ်သား သင်ကြားပါသည်။ သင်တိုင်းလည်း မမေ့မလျော့ရပါ။ ခုနစ်နှစ်လည်း ကြာချေပြီ။ ဤ ဆေးအတတ်၏ အဆုံးကိုလည်း မထင်ပါ။ ဘယ်အခါမှ ဆုံးနိုင်ပါအံ့နည်း"ဟု မေး၏။

ဆရာကလည်း 'ဤသူငယ်သည် ငါ၏အာနုဘော်ကြောင့်သာ တတ်လိမ္မာသည် မဟုတ်။ နတ်တို့၏ အာနုဘော်ကြောင့်လည်း တတ်ချေသည်'ဟုသိ၍၊ "အချင်း ဇီဝက။ တူရွင်းတစ်စင်းကိုယူလျက် တံခါးလေးမျက်နှာမှ ထွက်၍ လေးရက်စေ့အောင် တက္ကသိုလ်ပြည်၏ထက်ဝန်းကျင် တစ်ယူဇနာအတွင်း၌ ဆေးမဝင်သောသစ်ပင်ကို သင် လှည့်၍ရှာလေ"ဟု စေလိုက်၏။

ဇီဝကလည်း ဆရာဆိုတိုင်း ထွက်၍ရှာလေသော် ပြည်လေးမျက်နှာမှ တစ်ယူဇနာ အတွင်းတွင် ဆေးမဝင်သောသစ်ပင် တစ်ခုကိုမျှ မတွေ့ရ၍ "ဆေးမဖော်ရသောသစ်ပင်သည် တစ်စုံတစ်ခုမျှ မတွေ့ပါ"ဟု ဆို၏။ ထိုအခါ ဒိသာပါမောက္ခဆရာကလည်း "အချင်း ဇီဝက။ သင်သည် ဆေးအတတ်ကို တတ်မြောက်လေပြီ။ ဤအတတ်ကို မှီ၍ အသက်မွေးလော့"ဟု ဆို၍ အနည်းငယ်သောရိက္ခာကိုသာ ပေးလိုက်၏။

[အဘယ်ကြောင့် အနည်းငယ်သာ ပေးသနည်းဟူမူကား 'ဤဇီဝကကား မြင့်မြတ်သောသူ၏ သားတည်း။ ရောက်လျှင် မိဘတို့ထံမှ များစွာသောလာဘ်ပူဇော်ကို ရလတ္တံ့။ ထိုသို့ရလျှင် ငါ သင်လိုက်သော ဆေးအတတ်၏ကျေးဇူးကို အထူးမသိ ရှိလတ္တံ့။ ခရီးအကြား



www.burmeseclassic.com

www.burmeseclassic.com



၌ ရိက္ခာကုန်၍ ဆေးကုရသည်ရှိသော် မိမိအတတ်၏ကျေးဇူးဂုဏ်ကို ပြည့်စုံစွာ သိလတ္တံ့သတည်း’ဟု ကြံ၍ အတန်ငယ်သောရိက္ခာကိုသာ ပေးလိုက်သတည်း။]

ဇီဝကလည်း ထို အနည်းငယ်သော ရိက္ခာကိုယူ၍ ရာဇဂြိုဟ်ပြည်သို့လာခဲ့သော် ခရီးအကြားဖြစ်သော သာကေတပြည်သို့ရောက်လျှင် မိမိတွင် ရိက္ခာကုန်ပြတ်၍ ဆေးကုအပ်သော သူနာကို ရှာဖွေမေးမြန်းသော် သာကေတပြည်၌ တစ်ဦးသောသူဌေးမယားဝယ် ခုနစ်နှစ်လည်ပြီးသော ဦးယဉ်းခေါင်းခဲနာသည် ရှိ၏။ ထိုအနာကို ဆရာသမားတို့ကို များစွာကုသစေသော်လည်း ရွှေ ငွေ စရိတ်သာကုန်၍ တစ်စုံတစ်ရာမျှ သက်သာခြင်းမဖြစ်နိုင်။

ဇီဝကလည်း ထိုသူဌေးမ၏ သတင်းစကားကို ကြားသဖြင့် အိမ်သို့ဝင်ပြီးလျှင် “ဤအိမ်တွင် ရောဂါဖြစ်သူ ရှိသလော”ဟု မေး၏။ ကျေးကျွန်တို့ကလည်း “ကျွန်ုပ်တို့သူဌေးမဝယ် ခုနစ်နှစ်ကာလကြာပြီးသော ဦးယဉ်းခေါင်းခဲနာသည် ရှိ၏။ ထိုအနာကို ဆရာကုနိုင်ပါအံ့လော” ဟု မေး၏။ ဇီဝကလည်း “ငါ ကုနိုင်၏။ သင်တို့အရှင် သူဌေးမကိုသာ ကြားလျှောက်ချေ”ဟု စေ၏။

တံခါးစောင့်တို့လည်း သူဌေးမအား အကြောင်းကို ကြားလျှောက်လေလျှင် “သင်တို့ဆေးသမားသည် ဘယ်မျှလောက် အရွယ်ရှိပြီနည်း”ဟု မေး၏။ “အရှင်မ။ ဆေးသမားကားငယ်ပါသေး၏။ အသက် နှစ်ဆယ်ကျော်ခန့်သာ ရှိပါလတ္တံ့”ဟု ဆိုလျှင်၊ “အချင်းတံခါးစောင့်။ သမားငယ်မှု ဘယ်မှာ ကုသနိုင်အံ့နည်း။ ဒီသာပါမောက္ခဖြစ်၍ ကျော်စောထင်ရှားသော သမားကြီးတို့ပင် ကုသ၍ မတတ်နိုင်။ ရွှေငွေသာ များစွာ ပြုန်းတီးကုန်သည်”ဟု ဆို၏။ ထိုတံခါးစောင့်လည်း ပြန်ခဲ့၍ သူဌေးမဆိုလိုက်သော စကားကို ဇီဝကအား ကြား၏။

ဇီဝကလည်း “အချင်းတံခါးစောင့်။ အသက်ကြီးသည်, ငယ်သည်ဆိုရာမှာ ပမာဏမဟုတ်။ အတတ်ပညာသာ ပမာဏဖြစ်သည်။ကျွန်ုပ်ကုသ၍ ‘ရောဂါမပျောက်လျှင် တစ်ချင်ရွေးမျှ အခမယူပါ။ ပျောက်သော်သာ ယူပါမည်’ဟု သင်တို့သူဌေးမကို ပြောဆိုပါချေဦး”ဟူ၍ စေပြန်၏။ တံခါးစောင့်သည်လည်း ထိုအတိုင်း ပြန်ကြားလေလျှင် “ယင်းသို့ ဖြစ်တပြီးကား သင်တို့သမားကို ခေါ်ခဲ့လော့”ဟု ဆို၏။

## ပထမအကြိမ် ဆေးကုခြင်း

တံခါးစောင့်လည်း နှစ်လိုဝမ်းသာ အခေါ်လာ၍ ဆရာဇီဝကသည် သူဌေးမရှိရာသို့ ရောက်လေ၏။ ဆရာလည်း အနာဖြစ်ဟန်ကိုမြင်လျှင် “အရှင်သူဌေးမ။ တစ်လက်ဆွမ်း (လက်ခုပ်တစ်ဖက်ဆံ့)မျှသော ထောပတ်ကို အလိုရှိပါ၏”ဟု ဆို၏။ထိုသူဌေးမလည်း ထောပတ်ကို ပေးစေ၏။ ဇီဝကလည်း တစ်လက်ဆွမ်းမျှသော ထောပတ်ဝယ် အသွယ်သွယ်သော ဆေးတို့ကိုရောနှောလျက် ကောင်းစွာချက်ပြီးမှ သူဌေးမကို ညောင်စောင်းထက်၌ ပက်လက်အိပ်စေ၍ ထိုဆေးရည်ဖြင့် နှာနှပ်၏။ထိုနှာရည်သည်နှာခေါင်းဖြင့်ဝင်လျက် ခံတွင်းမှ အန်ထွက်၏။ သူဌေးမလည်း ထွေးခံဖြင့်ခံ၍ ကျွန်မတို့ကို “ဂွမ်းဖြင့် တို့၍ ယူလော့”ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမူအရာကို ဆရာဇီဝကမြင်လျှင် ဆင်ခြင်လတ်သည်ကား 'ဩော်- အံ့ဖွယ်ရှိစွ။ ဤသူဌေးမသည် ကြီးကျယ်လှသော စည်းစိမ်ရှင်ဖြစ်လျက် ခံတွင်းမှထွက်သော ထောပတ်ကို မျှ မလွှင့်ပါးအောင် ဝါဂွမ်းတို့ဖြင့် ယူပြန်လေ၏။ အဖိုးများစွာ ထိုက်တန်သောဆေးကို ငါပေးပါသော်လည်း ငါ၏ဆေးသာ ကုန်၍ တစ်စုံတစ်ရာမျှ ငါ့အား ပေးမည်မထင်'ဟု ဆင်ခြင်တိုင်းထွာလျက် မျက်နှာညှိုးလျက်နေ၏။

ထိုသို့နေသည်ကို သူဌေးမမြင်လျှင် ပညာရှိသူဖြစ်ရကား ဆရာဇီဝက၏နှလုံးထားကို ကြံမိ၍"ဆရာ။ အဘယ်ကြောင့် နှလုံးမသာ မျက်နှာမရွှင် ရှိသနည်း။ အကျွန်ုပ်သည် ဆေးဝါးကုသသော ဆရာ့ကျေးဇူးကို သိတတ်ပါ၏။ ဤထောပတ်သည် အကျိုးမနပ်ဘဲ မကုန်သင့်ပါ။ ကျွန်ုပ်တို့အား ခြေပူနှာ သုတ်စရာလည်းကောင်းသေး၏။ ဆီမီးညှိထွန်းစရာလည်း ကောင်းသေး၏ဟု နှလုံးပြု၍သာ ယူစေပါသည်။ ဝေဒနာပျောက်က ဆရာ့ကျေးဇူးကို အထူး ဆပ်ပါမည်"ဟု ဆို၏။ ထိုစကားကို ကြားသောအခါမှ ဆရာဇီဝကလည်း 'ဤသူဌေးမကား ပညာရှိပေစွ။ အခွင့်သိပေစွ'ဟု ရွှင်ပဝမ်းသာ ရှိ၏။

ယင်းသို့ ခုနစ်နှစ်တိုင်တိုင်ကြာသော ဦးယဉ်းခေါင်းခဲနာကို တစ်ခါတည်းနှာနပ်သော ဆေးဖြင့် ကင်းဝေးချမ်းသာစေ၏။ သူဌေးမလည်း ရောဂါချမ်းသာသော် အသပြာလေးထောင် မျှ ဆေးခပြု၍ ပေး၏။ သူဌေးမ၏သားသည် "ငါ့မိခင်အား အနာကင်းစေပေသည်"ဟု အသပြာ လေးထောင်ပင် ပေး၏။ ချွေးမလည်း အသပြာ လေးထောင်၊ သူဌေးကြီးကလည်း အသပြာ လေးထောင်၊ ဤမှတစ်ပါး ကျွန်မိန်းမ, ကျွန်ယောကျ်ား, ရထား, ဆင်, မြင်းတို့ကို လည်း ပေး၏။ ဆရာဇီဝကလည်း ထို တစ်သောင်းခြောက်ထောင်မျှသော အသပြာနှင့် ယူရာသမျှသော ကျွန်သမီး, ကျွန်ယောကျ်ားတို့ကို ယူ၍ ရာဇဂြိုဟ်ပြည်သို့ လာခဲ့၏။

ရောက်သောကာလ အဘယမင်းသားထံ ကပ်၍ "အရှင့်သား။ ယခုပါသော လာဘ် သပ်ပကာ ဥစ္စာကျေးကျွန်စုသည် တစ်ကြိမ်သာ ဆေးကုရသော လာဘ်ဦးပင်တည်း။ ကျွန်ုပ်ကို မွေးပေးသောကျေးဇူးအားဖြင့် အရှင့်သားပင် သိမ်းတော်မူပါ"ဟု လျှောက်ထား၏။ အဘယမင်း သားကလည်း "အချင်း ဇီဝက။ သင်ရခဲ့သော ဥစ္စာသည် သင့်အဖို့သာ ဖြစ်စေလော့။ သင် မူကား ငါ့အိမ်တော်သို့ ဝင်၍နေလှည့်"ဟု ဆိုပေ၏။ ဇီဝကလည်း အဘယမင်းသား၏အိမ်တော် သို့ ဥစ္စာ ကျေးကျွန်တို့ကိုသွင်း၍ အတွင်းသား ပြု၍နေ၏။

## ဒုတိယအကြိမ် ဆေးကုခြင်း

ထိုအခါ ဗိမ္ဗိသာရမင်းကြီးအား မြင်းသရိုက်ရောဂါစွဲရကား ဝတ်လဲတော်တို့၌ သွေး အလိမ်းလိမ်း ကပ်သည်ဖြစ်၍ မိဖုရားမောင်းမတို့မြင်လျှင် "ငါတို့ အရှင်မင်းကြီးအား မီးယပ်သွေး မပြတ်ဟောသည်။ အဘယ်အခါ သန္ဓေယူလိမ့်နည်း"ဟု ပြက်ရယ်ပြုကုန်၏။ မင်းကြီးလည်း ကျီစယ်စကားကြောင့် ရှက်နိုးရကား မျက်ညှိုးတမှုန်မှုန် ရှိရ၏။

တစ်နေ့သောအခါ ဗိမ္ဗိသာရမင်းကြီးသည် အဘယမင်းသားကို ခေါ်၍ "သားတော် အဘယ။ ငါ့အား သွေးမြင်းသရိုက်အနာသည် ညှဉ်းဆဲ၍ ဝတ်လဲတော်တို့၌ သွေးအလိမ်းလိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကုန်သည်။ မိဖုရားတို့ ငါ့အား ကျီစယ်လှသောကြောင့် မျက်နှာထားရာမရ ရှိခဲ့သည်။ ထိုဝေဒနာ ချမ်းသာအံ့သောဆေးကို မေးမြန်း၍ ငါ့ကို ဆက်ပါ"ဟု ဆို၏။

ထိုအခါ အဘယမင်းသားကလည်း "အရှင်မင်းကြီး။ အကျွန်ုပ်တို့၏ဇီဝကသည် ဆေးကုသသောပညာ၌ အလွန်တတ်မြောက်၍လာသည်။ ထိုဇီဝကကို ကုစေရသော် မလျော်လော"ဟု လျှောက်၏။ မင်းကြီးလည်း "သင်၏ဇီဝကကို ငါ့ထံသို့ လာစေလော့"ဟု ဆို၍ ထိုအနာကို ဆေးကုစေသော် လက်သည်းပေါ်၌ပါသော ဆေးကို တစ်ကြိမ်တည်း လိမ်းစေကာမျှ ဖြင့်ပင် ထိုဝေဒနာ ကင်းလွတ်လေ၏။

မင်းကြီးလည်း အလွန်ဝမ်းမြောက်လှရကား မောင်းမငါးရာတို့ဆင်ယင်သော တန်ဆာကိုစုပုံစေ၍ ဤ ရွှေငွေရတနာတန်ဆာအစုတို့ကို "ဇီဝက။ သင်ယူလော့"ဟု ဆုပေးတော်မူ၏။ မင်းကြီး၏နှလုံးတော်ကား 'ဤဥစ္စာတို့ကို အကယ်၍ ယူသည်ဖြစ်အံ့။ သင့်တင့်သောအရာ၌သာ ထား၍မြောက်စားအံ့။ အကယ်၍ မယူမူကား အတွင်းသားပြု၍ ချီးမြှောက်အံ့'ဟု အကြံရှိ၏။

ဇီဝကလည်း "အရှင်မင်းကြီး။ အဘိုးအဘွားတို့၏ ပစ္စည်းဘဏ္ဍာကို ကျွန်ုပ်ယူခြင်းငှာ မသင့်။ သက်တော်ရှည်သမျှ ကျွန်ုပ်ကုသသော ကျေးဇူးကိုသာ အောက်မေ့တော်မူပါလော့" ဟု လျှောက်၏။ မင်းကြီးလည်း အလွန်ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ နှစ်သက်လောက်သော နေရာကို လည်းကောင်း၊ ဘေးတော်ဘိုးတော်တို့၏အမွေဖြစ်သော သရက်ဥယျာဉ်ကို လည်းကောင်း၊ တစ်နှစ်လျှင် တစ်သိန်းအခွန်ရသောမြို့ရွာကို လည်းကောင်း၊ ထူးမြတ်သော အသုံးအဆောင်တို့ကို လည်းကောင်းပေး၏။ "အချင်း ဇီဝက။ ငါတို့ကို လည်းကောင်း၊ မောင်းမမိဿံတို့ကို လည်းကောင်း၊ ဘုရားအမှူးရှိသော သံဃာတော်တို့ကို လည်းကောင်း ဆေးဖြင့် လုပ်ကျွေးမစ,လော့"ဟု ဆို၏။ ဇီဝကလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၏။

### တတိယအကြိမ် ဆေးကုခြင်း

တစ်ရံသောအခါ ရာဇဂြိုဟ်ပြည်၏ မြောက်မျက်နှာ၌နေသော မဟာသာလသူဌေးအား ခုနစ်နှစ်ရှိသော ဦးယည်းခေါင်းခဲနာသည် လွန်စွာတိုးပွား၍၊ ကျော်စောထင်ရှားသော သမားကြီးတို့ကို ခေါ်၍ ကုသပါသော်လည်း ချမ်းသာမရ။ ရွှေငွေဥစ္စာကိုသာ များစွာယူကြပြီးသော် "ဤသူဌေးကား ဆေးကု၍မဖြစ်သာပြီ။ ဤဝေဒနာဖြင့် သေလတ္တံ့။ ကြာလှပါမှ ငါးရက်သာ ခံတော့မည်"ဟု အချို့က ဆို၏။ အချို့ဆရာကလည်း "ခုနစ်ရက်သာ ခံတော့မည်"ဟု ဆို၏။

ထိုအခါ နိဂုံးရွာ၌နေသော အဆွေသူကြွယ်တစ်ဦးသည် ဤသို့ကြံ၏။ "ဤ ဦးယည်းခေါင်းခဲနာရှိသော သူဌေးကြီးကား မင်းကြီးအားလည်း များစွာ ကျေးဇူးရှိပေသည်။ ကျေးရွာနေသူတို့အားလည်း များစွာ ကျေးဇူးရှိပေသည်။ သေခွင့်မရောက်လျှင် ထမြောက်ပါစေဦး။ ငါတို့မင်းကြီး၏ ဆရာဇီဝကသည် ဆေးကုသသောပညာ၌ အလွန်လိမ္မာသည်ဟု ကြားသည်။ ထိုသမားကို မင်းကြီးအား သံတော်ဦးတင်၍ ခေါ်ပြီးမှကုစေရသော် ကောင်းရာ၏'



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြံပြီးလျှင် ဗိမ္ဗိသာရမင်းကြီးထံသို့ ကပ်လေ၍၊ သူဌေး၏ အတ္တုပ္ပတ္တိကို လျှောက်ဆိုပြီးသော် "အရှင်မင်ကြီး။ ဆရာဇီဝကကို ကုသရန် စေလွှတ်တော်မူပါ"ဟု တောင်းပန်၏။ မင်းကြီးလည်း "ကောင်းပြီ"ဟု ဝန်ခံ၍၊ ဇီဝကကို "သူဌေးအား ဆေးကုချေ" ဟု စေလိုက်၏။

ဇီဝကလည်း သူနာသူဌေးရှိရာ လိုက်လာ၍၊ ရောက်သော် ဖောက်ပြန်သောအခြင်းအရာကို စေ့စုံစွာကြည့်ရှုပြီးမှ "သူဌေးကြီး။ သင်၏ရောဂါကို ကင်းကွာအောင် ငါ ကုမည်။ ငါ့အား ဘယ်မျှ ဆေးခ ပေးအံ့နည်း"ဟု မေး၏။ သူဌေးကြီးလည်း "ဆရာ။ အလုံးစုံသော ငါ၏ဥစ္စာသည် ဆရာ့ဥစ္စာ ဖြစ်စေအံ့။ သား, မယားနှင့်တကွသော ငါသည်လည်း ဆရာ၏ ကျွန် ပြုအံ့"ဟု ဆို၏။

ထိုသို့ဖြစ်လျှင် "သင်သူဌေးသည် လက်ဝဲနံတောင်းဖြင့် ခုနစ်လပတ်လုံး အိပ်နိုင်ပါအံ့လော"ဟု မေး၏။ "အိပ်နိုင်ပါ၏"ဟု ဝန်ခံလျှင်၊ ထို့နောက် "လက်ယာနံတောင်းဖြင့် ခုနစ်လ, ပက်လက်လည်း ခုနစ်လ အိပ်နိုင်ပါအံ့လော့"ဟု မေးပြန်၏။ "အိပ်နိုင်ပါ၏"ဟု ဝန်ခံလျှင်၊ "ယင်းသို့တပြီးကား ငါ ကုစားတော့အံ့" ဟုဆို၍၊ သူဌေးကို ညောင်စောင်းငယ်ထက် အိပ်စေပြီးသော် နှာနှပ်၏။ နှာ၏အာနုဘော်ဖြင့် အိပ်ပျော်စေ၍ ဦးခေါင်းရေကို ဓားငယ်ဖြင့်လှစ်၍ ဦးနှောက်ကိုစားသော ပင့်ကူပမာဏရှိသော ပိုးနှစ်ကောင်ကိုထုတ်၍ လူအများအား ပြ၏။ "အချင်းတို့။ ရှုကြလော့။ ဤ ပိုးနှစ်ကောင်တွင် အကြီးဖြစ်သောပိုးသည် ဦးနှောက်ကိုစားပြား က ငါးရက်နှင့် ကုန်ရာသည်။ ဤအကြောင်းကို မြင်သဖြင့် ယခင်သမားတို့က 'ငါးရက်နှင့် သေမည်'ဟု ဆိုပေကုန်သည်။ ဤပိုးငယ်သည် ဦးနှောက်ကိုစားခဲ့သော် ခုနစ်ရက်နှင့် ကုန်ရာသည်။ ဤအကြောင်းကို မြော်တွက်၍ 'ခုနစ်ရက်နှင့်သေမည်'ဟု ဆိုပေကုန်သည်။ ထိုသမားတို့လည်း သိမြင်ပေစွ"ဟု ဆိုပြီးလျှင်၊ ပိုးကိုပစ်စေ၍ ဦးရေကို စေ့မြဲစေ့ပြီးမှ ဆေးလိမ်းလေလျှင် ခုနစ်ရက်နှင့်ပင်ချမ်းသာ၏။ ခုနစ်ရက် သုံးလီစေ့လျှင် ပြကတေ့သာ ကျန်းမာလေ၏။

ထိုအခါ ဆရာဇီဝကက "သူဌေးကြီး။ သင်၏ဝေဒနာသည် ခုနစ်ရက်သုံးလီကြာလျှင် ချမ်းသာလတ္တံ့. ဟု ငါသိ၏။ သို့သော်လည်း သင် နှံ့နာစိမ့်သောငှာသာ ခုနစ်လသုံးခါဖြင့် ငါ ပိုင်းခြားသတည်း။ ယခုကား သင်၏ဝေဒနာသည် ချမ်းသာရပြီ။ ဆေးခပေးရန်ကိုသာ ကြံလော့"ဟု ဆိုလျှင်၊ သူဌေးကလည်း "အကျွန်ုပ်ဝန်ခံသောအတိုင်း စည်းစိမ်ဥစ္စာ, လယ်ယာ, ကျွဲ နွား, သားမယားနှင့်တကွ ဆရာ့ဥစ္စာချည်းဖြစ်စေ။ ကျွန်ုပ်လည်း ဆရာ့ကျွန်ဖြစ်စေ။ သိမ်းယူပါလော့"ဟုဆို၏။

ထိုအခါ ဆရာဇီဝကကလည်း "သူဌေးကြီး။ ဤမျှသောဥစ္စာကို ငါ မယူလို။ သင့်ကိုပင် ငါ ပြန်ပေးအံ့။ နိုင်ငံသားတို့ကိုသာ သင် မ,စပါလော့။ ယခုမှာမူ ဗိမ္ဗိသာရမင်းအား တစ်သိန်းသောဥစ္စာ, ငါ့အားလည်း တစ်သိန်းသောဥစ္စာ တို့ကိုသာ ပေးလော့"ဟု ဆို၍၊ နှစ်သိန်းသောအသပြာ တို့ကိုသာ ဆောင်၍ ပြန်လာသဖြင့်၊ ဗိမ္ဗိသာရမင်းအား အသပြာတစ်သိန်း ပေးဘိ၍၊ မိမိလည်း တစ်သိန်းသောအသပြာတို့ကို ယူ၏။



www.burmeseclassic.com

www.burmeseclassic.com



**စတုတ္ထအကြိမ် ဆေးကုခြင်း**

ထို့နောက်အခါ ဗာရာဏသီပြည်၌ သူဌေးသားတစ်ယောက်အား ဦးစောက်ဆောက် ၍ကစားရာ အူထုံးသောဝေဒနာသည် ဖြစ်၍ စားသောက်သမျှသော ထမင်း, ယာဂု, ခဲဖွယ်တို့ သည် ဝမ်းဝယ်မတင် ပြင်သို့သာ အန်ထွက်၏။ ကျင်ကြီး ကျင်ငယ်တို့လည်း ဖြောင့်စွာမဖြစ် ကုန်ရကား တစ်နေ့တစ်ပါး သွေးသားခန်းခြောက်သော ရောဂါသည် ဖြစ်၏။

ဗာရာဏသီသူဌေးလည်း သား၏ဝေဒနာကို ချမ်းသာစေခြင်းငှာ အရပ်မျက်နှာ၌ ထင်ရှားသော သမားဟူးရားတို့ကို ခေါ်၍ကုသသော်လည်း ချမ်းသာမရရှိလျှင်၊ 'ရာဇဂြိုဟ်ပြည့်ရှင် ဖြစ်သော ဗိမ္ဗိသာရမင်းကြီး၏ဆရာဇီဝကကို ကုစေမှ သင့်တော့မည်'ဟု ကြံ၍ အမြန်လာခဲ့ပြီး လျှင်၊"အရှင်မင်းကြီး။ အကျွန်ုပ်၏သား၌ ဤသို့သောရောဂါ ဖြစ်လာပါသည်။ ဆရာဇီဝကကို လိုက်၍ကုသရန် စေလွှတ်တော်မူပါ"ဟု လျှောက်၏။ မင်းကြီးလည်း ဇီဝကကို ခေါ်၍ "ကုသချေ"ဟု စေလွှတ်လိုက်၏။

ဇီဝကဆရာလည်း ဗာရာဏသီပြည်သို့ရောက်လျှင် သူဌေးသားကိုယ်တွင်ဖြစ်သော ဝေဒနာတို့ကို တိုင်းထွာဆင်ခြင်မိ၍ ထက်ဝန်းကျင်မှ တင်းတိမ်အရံကို ထားလျက် ပရိသတ်တို့ကို ရှားစေပြီးသော် သူဌေးသား၏မယား, မိဘတို့ကိုသာ ခေါ်၍ မူးမော်မေ့လျော့စေတတ်သော ဆေးကိုပေးပြီးမှ ဝမ်းကိုဖောက်ခွဲ၍ အူထုံးကိုင်ပြီးလျှင် မိခင်, ဖခင်, မယားတို့အား "သတို့သား၏အနာကို ကြည့်ကြလော့။ ဤ အူထုံးသောအနာကြောင့် အစာမဝင်, ကျင်ကြီး ကျင်ငယ်မဖြောင့် ဖြစ်သည်။ ဤအထုံး မပြေလျှင် မချွတ်သေရတော့မည်"ဟု ဆိုပြီးမှ အူထုံးကို ဖြည်ပြီး၍ ဝမ်းတွင်းသို့ သွင်းမြဲသွင်းလျက် အပေါ်အရေကိုချုပ်ပြီး ဆေးဖြင့်လိမ်းကျံ သော် နှစ်ရက်, သုံးရက်ရှိလျှင် ပကတိအတိုင်းဖြစ်လေ၏။

သူဌေးသားလည်း 'သေဝပါးနီးသော ငါ၏ရောဂါကို ချမ်းသာအောင် ကုသပေးသည် တကား'ဟု ဇီဝကဆရာအား တစ်သောင်းခြောက်ထောင်သော ဥစ္စာတို့ကို ပေး၏။ ဆရာဇီဝက လည်း ထိုမျှလောက်သောဥစ္စာတို့ကို ယူ၍ ရာဇဂြိုဟ်ပြည်သို့ ပြန်လာ၏။

**ပဥ္စမအကြိမ် ဆေးကုခြင်း**

ထိုအခါ စမ္ပာနဂိုရ်ပြည်ကို အစိုးရသော'စဏ္ဍပဇ္ဇောတ'မင်းအား မစားမသောက်နိုင်သော ဖျော့တော့သောအနာသည် ဖြစ်၍ အရပ်မျက်နှာ၌ ထင်ရှားကျော်စောကုန်သော ဆရာသမားတို့ ကို ခေါ်၍ ကုသစေသော်လည်း ဝေဒနာသည် ချမ်းသာရာ မရ။ တစ်လထက် တစ်လ တိုးပွား၍ သာလာလေလျှင် ဗိမ္ဗိသာရမင်းထံသို့ တမန် စေလွှတ်လိုက်၏။ "အကြည်တော် ဗိမ္ဗိသာရ။ ကျွန်ုပ်တွင်ကပ်ငြိသောရောဂါကို များစွာသောဆေးသမားတို့ကို ကုစားစေသော်လည်း ရွှေ, ငွေ ဘဏ္ဍာသာကုန်၍ တစ်စုံတစ်ရာမျှ ချမ်းသာရာမရ ရှိချေသည်။ အကြည်တော်က မဟာမိတ်ဖြစ် ကြသည်နှင့်ညီစွာ ဆရာဇီဝကကို ကုသရန် စေလွှတ်တော်မူပါ"ဟု ရာဇသံဖြင့် လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိမ္ဗိသာရမင်းသည် ဇီဝကကို ခေါ်၍ "ငါ၏အဆွေတော်ဖြစ်သော စဏ္ဍပဇ္ဇောတမင်းအား သင် သွား၍ကုပါချေ"ဟု စေလိုက်၏။ ဆရာဇီဝကကလည်း စဏ္ဍပဇ္ဇောတမင်းထံသို့ရောက်လျှင် အနာပြင်းထန် ဖောက်ပြန်သောအခြင်းအရာကို ဆင်ခြင်၍ "အရှင်မင်းကြီး။ ထောပတ်နှင့် ဆေးကိုချက်၍ သောက်ရချိမ့်မည်"ဟု ဆို၏။ မင်းကလည်း "အချင်းဇီဝက။ ငါသည် ထောပတ်နှင့် မသင့်။ ထောပတ်ကင်းလျက် ချမ်းသာအံ့သောဆေးကိုသာ သင်စွမ်းနိုင်လျှင် တိုက်ပါလော့"ဟု ဆို၏။

[ထိုမင်းကား သန္ဓေဖြစ်ရင်းကပင် ကင်းမြီးကောက်ကို စွဲ၍ဖြစ်၏။ ထိုမင်း၏ မယ်တော်သည် စက်တော်ခေါ်အံ့သောအခါ အင်္ဂါထက်၌ တက်၍သွားသော ကင်း၏အတွေ့၌ တပ်ကြိုက်သောတဏှာဖြင့် သန္ဓေလာ၏။ ထိုကင်းဆိပ်သည်လည်း ထောပတ်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် ထောပတ်ကို စက်ဆုပ်လှရကား ဤသို့သောစကားကို ဆိုသတည်း။ ထိုမင်းသည် မယ်တော်ကဲ့သို့ ကာမဆန္ဒ အလွန်အားကြီးသည်, သုက်ပြောသည်ဖြစ်၍ ဆန္ဒရှိသောအခိုက် လက်ရုံးကိုဖောက်သော် ထိုဖောက်ရာမှ သုက်လာသည်ဟု 'တေရသကဏ်'၌ ဆို၏။]

ဆရာဇီဝကလည်း 'ဤမင်း၏အနာသည် ထောပတ်နှင့်ကင်း၍ ချမ်းသာခြင်းမဖြစ်နိုင်ရာ။ ထောပတ်ကိုသာ အဆင်း, အနံ့, အရသာပျက်အောင် ဖန်ရည်ကဲ့သို့ချက်၍ ဆက်သွင်းရတော့မည်'ဟုကြံ၍ အဖန်, အခါး စသော အထူးထူးသောဆေးတို့ဖြင့် ရော၍ ထောပတ်ကိုချက်၏။ ထောပတ်၏ အဆင်း, အနံ့ကုန်လေလျှင် ဇီဝကလည်း ဤသို့ကြံ၏။ 'မင်းကြီးအား ဤဆေးကိုသောက်စေ၍ အစာကြေ လေကြို့တက်သဖြင့် အနံ့အသက်သည် ဖြစ်လတ္တံ့။ ထိုအခါ ပြင်းစွာသောဒေါသထွက်၍ ငါ့အား သတ်သော်လည်း သတ်လတ္တံ့။ မဆွကပင် ပန်ကြား၍ ရှောင်ရှားမှ သင့်မည်'ဟု ကြံ၍၊ မင်းကြီးထံ ကပ်ပြီးလျှင် "အရှင်မင်းကြီး။ အကျွန်ုပ်တို့ သမားမည်သည်ကား အလိုရှိက တစ်ခဏချင်း ဆေးမြစ်,ဆေးရွက်တို့ကို ရှာရချေသည်။ ဆင်တင်းကုပ်, မြင်းတင်းကုပ်တို့၌ လည်းကောင်း၊ တံခါးလေးမျက်နှာတို့၌ လည်းကောင်း 'ဇီဝကအလိုရှိရာ ယူစေ, ထွက်စေ, ဝင်စေ'ဟု အမိန့်ပေးထားတော်မူပါ"ဟု လျှောက်၏။ မင်းကြီးလည်း "ကောင်းပြီ"ဟုဆို၍ ဆင်ထိန်းမြင်းထိန်းသား, တံခါးသားတို့ကို ဆင့်ဆို၍ ထားရ၏။

ထိုမင်းကြီးအား ရှေးကောင်းမှုကြောင့် လျင်ခြင်းနှင့် ပြည့်စုံသော ငါးပါးသောယာဉ်ရတနာတို့သည် ရှိကုန်၏။ ငါးပါးသော်ကား-

၁။ ယူဇနာ ငါးဆယ်ရှိသောခရီးကို နေ့ချင်းရောက်သွားနိုင်သော 'ဘဒ္ဒဝတီ' ဆင်မတစ်ဦး၊

၂။ ယူဇနာ တစ်ရာရှိသော ခရီးကို နေ့ချင်းရောက်သွားနိုင်သော 'နာဠာဂိရိ' ဆင်ပြောင်တစ်ဦး၊

၃။ ယူဇနာ တစ်ရာ့နှစ်ဆယ်တိုင်တိုင် သွားစွမ်းနိုင်သော 'စေဠကဏ္ဍ'အမည်ရှိသော မြင်းတစ်ဦး၊



www.burmeseclassic.com

www.burmeseclassic.com



၄။ 'မုဋ္ဌကာသီ' အမည်ရှိသော မြင်းတစ်ဦး၊
၅။ တစ်နေ့လျှင် ယူဇနာခြောက်ဆယ်တိုင်တိုင် သွားစွမ်းနိုင်သော 'ကာက'မည်သော ကျွန် လည်းတစ်ဦး၊ ဤ ငါးဦးတည်း။

[ဤ စဏ္ဍပဇ္ဇောတမင်းကား ငါတို့ဘုရား မပွင့်မီ ဗာရာဏသီပြည်၌ တစ်ဦးသောအမျိုးသားဖြစ်၍ တစ်နေ့သ၌ တစ်ဦးသောသူ၏အိမ်တွင် ရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းရပ်လာ၍ ကြွလာသည်ကိုမြင်လျှင် အိမ်ရှင်ကိုခေါ်ပြီးသော် "သင်တို့အိမ်ဝ၌ ပစ္စေကဗုဒ္ဓါ ဆွမ်းရပ်လာ၍ ကြွရာလေပြီ" ဟု ပြော၏။ အိမ်ရှင်ကလည်း "အချင်း ယောကျ်ား။ သင်သည် လျင်စွာလိုက်၍ သပိတ်ကို ဆောင်ပါချေ"ဟု စေ၏။ ထိုယောကျ်ားလည်း လျင်လျားစွာလိုက်၍ သပိတ်ကိုယူခဲ့ပြီးလျှင် အိမ်ရှင်တို့အား အပ်လေ၏။ အိမ်ရှင်ယောကျ်ားလည်း 'စားအံ့'ဟု ပြင်ဆင်သောထမင်းကို ဟင်းလျာနှင့်တကွ သပိတ်တော်၌ လောင်းလိုက်၏။ ယခင်ယောကျ်ားလည်း လျင်စွာလိုက်သွား၍ ပစ္စေကဗုဒ္ဓါအား ကပ်လှူပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် အလှူ့ဒါယကာ၏ လည်းကောင်း, အရှင်မြတ်၏ လည်းကောင်း ဝေယျာဝစ္စကို ရွက်ဆောင်ရသောကုသိုလ်ကံကြောင့် သံသရာခေတ် ဖြစ်တိုင်းဖြစ်တိုင်းဘဝ၌ အလွန်လျင်သော ဆင်ယာဉ်, မြင်းယာဉ်တို့နှင့် ပြည့်စုံသည်ဖြစ်လိုသော"ဟု ဆုတောင်း၏။ ထို ပတ္ထနာဝိသေသကြောင့် ဝေယျာဝစ္စဆောင်သော ယောကျ်ားသည် စဏ္ဍပဇ္ဇောတမင်း ဖြစ်လာ၍၊ လျင်စွာသွားသော ယာဉ်ငါးပါးတို့ကို ရလေသတည်း။]

ဆရာဇီဝကလည်း ချက်ပြီးသောထောပတ်ကို ယူပြီးလျှင် မင်းကြီးထံသို့ကပ်၍ "အရှင်မင်းမြတ်။ ဤဖန်ရည် သောက်တော်မူလော့"ဟု ပေး၏။ ယင်းသို့ ထောပတ်ကိုတိုက်ပြီးလျှင် ဆင်တင်းကုပ်သို့သွား၍ ဘဒ္ဒဝတီ ဆင်မကိုစီးပြီးလျှင် ရာဇဂြိုဟ်ပြည်ခရီးဖြင့် ပြေးလေ၏။

## ဆင္မမအကြိမ် ဆေးကုခြင်း

စဏ္ဍပဇ္ဇောတမင်းလည်း သောက်သောဆေးမွေ၍ လေကြို့တက်သောအခါ ထောပတ်နံ့လာသောကြောင့် 'ပျက်လှစွာသောဆရာဇီဝကသည် ငါ့အား ထောပတ်နှင့်တကွသောဆေးကို ပေးလေပြီ'ဟု သိ၍၊ "ဇီဝကကို ကြီးလှစွာသောမင်းဒဏ် ပေးအံ့။ ရှာကြကုန်, ရှာကြကုန်"ဟု အမတ်တို့ကို စေ၏။ အမတ်တို့ကလည်း "ဇီဝကသည် ဘဒ္ဒဝတီဆင်မကိုစီး၍ ရာဇဂြိုဟ်ပြည်ခရီးသို့ ထွက်ပြေးလေပြီ"ဟု လျှောက်ကုန်၏။

မင်းကြီးလည်း နတ်ဘီလူးနှင့် လူမိန်းမ အိမ်ရာသင့်၍ရသော ကာကအမည်ရှိသော ခြေလျင်ယောကျ်ားကိုခေါ်၍ "ကျွန်တော် ကာက။ သင်သည် လျင်စွာလိုက်၍ ငါ့အာဏာဖြင့် ဇီဝကကို ခေါ်ချေလော့။ သို့အရာတွင် ဆေးသမားတို့၏တံထွာသည် များစွာလှည့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်၏။ စဉ်းလဲစဉ်းစား များ၏။ တစ်ခုခုသော စားဖွယ်ကိုပေးသော်လည်း မစားလင့်"ဟု မှာ၍ လျှင်စွာလိုက်စေ၏။

ကာကလည်း အားထုတ်ကာလိုက်လေ၍ ကောသမ္ဗီပြည်၌ နံနက်စာထမင်းကို စားအံ့ဟုပြင်၍နေသော ဆရာဇီဝကကို မိလေသော် "ဆရာ။ ငါတို့မင်းကြီးက ဆရာ့ကို 'အမီလိုက်၍ ခေါ်ချေ'စေသောကြောင့် လိုက်လာရသည်။ ပြန်၍ ကြွဦး"ဆို၍ လက်ကိုင်လေ၏။

ထိုအခါ ဆရာဇီဝကလည်း "အချင်းကာက။ တစ်ခဏမျှ ထမင်းစားဦးအံ့။ ငံ့ပါဦး။သင်လည်း ထမင်းစားဦးလော့"ဟု ဆို၏။ကာကလည်း "ဆရာ။ ငါတို့မင်းကြီးက 'တစ်စုံတစ်ခုသော အာဟာရကိုပေးသော်လည်း မစားလေလင့်'ဟု မှာချေသည်။ထို့ကြောင့် ငါ မစားလို"ဟု ဆို၏။ ထိုစကားကိုကြားသောအခါ ဆရာဇီဝကလည်း လက်သည်းကြား၌ ဆေးကို ထည့်၍ သျှိသျှားသီးတစ်ခြမ်းကိုစား၍ ရေသောက်၏။ ကာကအားလည်း ထက်ဝက်သောသျှိသျှားသီးကို ပေး၍ "သင်လည်း ရေသောက်ဦးလော့"ဟု ဆို၏။ ကာကလည်း 'ဤဆရာပင် ထက်ဝက်စားပြီး ဖြစ်သည်။ ငါစားသော်လည်း အန္တရာယ် မဖြစ်ရာပြီ'ဟု ထက်ဝက်သာရှိသော သျှိသျှားသီးကိုစား၍ ရေသောက်၏။ ပြီးစီး၍ ပြန်ခြင်းငှာပြင်ဆင်သော် ထိုနေရာတွင်ပင် ပြင်းထန်သောဝေဒနာဖြစ်၍ ဝမ်းသွန်လေ၏။

ကာကလည်း အလွန်ကြောက်လန့်လှလျက် "ဆရာ။ ငါ့အသက် ရှင်ပါဦးအံ့လော"ဟု မေး၏။ "အချင်းကာက။ မကြောက်လင့်။ သင်၏ရောဂါကို ချမ်းသာအောင် ငါ ကုအံ့"ဟု ဆို၍ ဆေးပေးပြီးမှ "သင်တို့၏ စဏ္ဍပဇ္ဇောတမင်းသည် အလွန်ကြမ်းကြုတ်၏။ ငါလိုက်လျှင် 'သင် ထောပတ်ကို တိုက်ရာသလော'ဟု ငါ့အား ညှဉ်းဆဲရိုက်ခတ်ခြင်းကို ပြုလတ္တံ့။ ထို့ကြောင့် ငါ မပြန်လိုပြီ။ ဤ ဘဒ္ဒဝတီဆင်မကိုသာ သင် ယူ၍ ပြန်ပါလေတော့"ဟု ချော့မော့ပြောဆို၍ ကာကကိုသာ ပြန်စေ၏။

ဇီဝကလည်း ရာဇဂြိုဟ်ပြည်သို့အရောက်သွား၍ ဗိမ္ဗိသာရမင်းကြီးအား အကြောင်းကို ကြားလျှောက်ပေ၏။ မင်းကြီးလည်း "အချင်း ဇီဝက။ သင် လာခဲ့သည်ကား ကောင်းလှပြီ။ အကယ်၍ မပြန်ချေလျှင် သင့်အား စဏ္ဍပဇ္ဇောတမင်းသည် ညှဉ်းဆဲသော်လည်း ညှဉ်းဆဲဘိရာ၏။ သတ်သော်လည်း သတ်ဘိရာ၏"ဟု ဆိုပေ၏။

ထို စဏ္ဍပဇ္ဇောတမင်းလည်း ရောဂါကင်းပြီးသော် "ဆရာအား ပူဇော်လိုပါသည်။ အကျွန်ုပ်ထံသို့ လာခဲ့ပါ"ဟု ဆရာဇီဝကထံသို့ တမန်စေလိုက်၏။ ဇီဝကကလည်း "အရှင်မင်းကြီး။ ကျေးဇူးကိုသာ အောက်မေ့တော်မူပါ။ အကျွန်ုပ် မလာနိုင်ပြီ"ဟု စကားပြန်လိုက်၏။ စဏ္ဍပဇ္ဇောတမင်းလည်း သိဝိရစ်တိုင်း၌ဖြစ်သော ပုဆိုးကောင်း, ရာစု, ထောင်စု, သိန်းစုတွင် အထွတ်အမြတ်တို့၏ အဖိုးများစွာထိုက်သော ပုဆိုးကောင်းတစ်စုံကို ဇီဝကအား ပို့လာစေ၏။ ဆရာဇီဝကကလည်း 'ဤ ကောင်းမြတ်လှသောပုဆိုးတို့သည် ဘိုးတော်ဖြစ်သော ဗိမ္ဗိသာရမင်းနှင့် ဘုရားသခင်မှတစ်ပါး အခြားသူတို့နှင့် မထိုက်တန်ပြီ'ဟု ကြံရွယ်ကာ ထားပေ၏။



www.burmeseclassic.com

www.burmeseclassic.com



## သတ္တမအကြိမ် ဆေးကုခြင်း

ထိုအခါ မြတ်စွာဘုရားလည်း ကိုယ်တော်၌ ခက်ထရော်ထူပြောသော ဒေါသရှိရကား အာနန္ဒာကို ခေါ်၍ "ချစ်သား အာနန္ဒာ။ ငါဘုရားသည် ဝမ်းလျှောဆေး သုံးတော်မူလိုသည်"ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာလည်း ဆရာဇီဝကအိမ်သို့ ကြွ၍ "အချင်းဇီဝက။ လောကသနင်းသည် စမြင်းဒေါသ ပြောသည်ဖြစ်၍ ဝမ်းလျှောဆေး သုံးတော်မူလိုသည်"ဟု ဆို၏။

ထိုအခါ ဆရာဇီဝကလည်း "အရှင်အာနန္ဒာ။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးရာ၌ ဆီဖြင့် သာရေယှက်၍ သုံးရက်တိုင်အောင် ဝမ်းနူးပါစေဦး။ လေးရက်စေ့မှ ဆေးကပ်ပါမည်"ဟု လျှောက်လိုက်၏။ အရှင်အာနန္ဒာလည်း ဆရာဇီဝက လျှောက်သောအတိုင်း ဘုရားရှင်ထံ အကြောင်းပြန်၍ ဝမ်းနူးကြောင်းဘောဇဉ်ကောင်းကို ဆီလောင်း၍ကပ်ပေ၏။ ဘုရားသခင် ဆွမ်းဘုဉ်းပေးလျှင် လုတ်တိုင်းလုတ်တိုင်း နတ်သြဇာ ထည့်ကုန်သည်။ ဆီမည်သည်လည်း အလုံးစုံသော စမြင်းဒေါသကို နှံ့၍ စိုစွတ်စေသည်။ ထို့ကြောင့် "သုံးရက်တိုင်အောင် ဆီဖြင့် ဝမ်းနူးပါစေ"ဟု လျှောက်လိုက်သတည်း။

သုံးရက်စေ့သောအခါ ဆရာဇီဝကလည်း 'ရုန့်ရင်းသောဆေးဖြင့် ဘုရားသခင်အား ဝမ်းလျှောစေခြင်းငှာ မသင့်ချေ။ သိမ်မွေ့သောဆေးဖြင့်သာ လျှောစေရာသည်'ဟုကြံ၍၊ ကြာသုံးလက်၌ အထူးထူးသောဆေးကို ထုံစေပြီးလျှင် ဘုရားရှင်ထံသို့လာ၍ ရှေးဦးစွာ ကြာတစ်လက်ကို ကပ်၍ "အရှင်ဘုရား။ ဤ ကြာလက်ကို သုံးကြိမ် နမ်းတော်မူပါ။ ရုန့်ရင်းသောစမြင်းဒေါသတို့ ဆယ်ကြိမ် သက်ပါလိမ့်မည်"ဟု လျှောက်၏။ ထို့နောက်မှ ဒုတိယကြာလက်ကို ကပ်ပြန်၏။ "တစ်ဖန် ဤကြာလက်ကို သုံးကြိမ် နမ်းတော်မူပါ။ အလတ်သော စမြင်းဒေါသတို့သည် ဆယ်ကြိမ် သက်ပါလိမ့်မည်"ဟု လျှောက်၏။ ထို့နောက်မှ တတိယကြာလက်ကို ကပ်၍ "တစ်ဖန် ဤကြာလက်ကို သုံးကြိမ် နမ်းတော်မူပါ၊ နမ်းတော်မူလျှင် သိမ်မွေ့သောဒေါသတို့သည် ဆယ်ကြိမ် လျှောပါလိမ့်မည်"ဟု လျှောက်၏။ ယင်းသို့ အကြိမ်သုံးဆယ် ဝမ်းလျှောစိမ့်သောငှာ ကြာသုံးလက်ကိုကပ်ပြီးသော် ကိုယ်တော်မြတ်ကို ရှိခိုးလျက် ကျောင်းတော်မှ သက်ခဲ့၏။

ကျောင်းတော်တံခါးသို့ ရောက်လျှင် ဆင်ခြင်ပြန်သည်ကား 'ဘုရားသခင်အား အကြိမ်သုံးဆယ် ဝမ်းလျှောစိမ့်သောငှာ ကြာသုံးလက် ငါ ကပ်ခဲ့ရာ၌ တတိယကြာတွင် ဆေးသြဇာ တစ်ပါး ယုတ်ချေသည်။ နှစ်ဆယ့်ကိုးကြိမ်သာ သက်ချိမ့်မည်။ ဘုရားသခင် ဆင်ခြင်တော်မူမိ၍ ရေသပ္ပာယ်ပါလျှင် အကြိမ်သုံးဆယ် စေ့လတ္တံ့'ဟု ကြံ၍ သွားလေ၏။ ဘုရားကိုယ်တော်မြတ်လည်း ဇီဝက၏စိတ်အကြံကို သိတော်မူ၍ ကြာလက်ကိုနမ်းသဖြင့် ဝမ်းလျှော၍ နှစ်ဆယ့်ကိုးကြိမ် စေ့သောအခါ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ။ ရေနွေးစီရင်လော့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း လျင်စွာ ရေနွေးစီရင်၍ ကပ်ပေ၏။ ထိုရေနွေးကို သပ္ပာယ်တော်မူသဖြင့် အကြိမ်သုံးဆယ် စေ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက် အရုဏ်တက်သောအခါ ဇီဝကဆရာလည်း ယာဂုတို့ကို စီရင်၍ ဘုရားရှင်ထံသို့ လာပြီးသော် "ဘုန်းတော်ကြီးသော အရှင်ဘုရားသည် တပည့်တော် လျှောက်ခဲ့သောအတိုင်း ဝမ်းလျှောပါ၏လော"ဟု လျှောက်၏။

ဘုရားသခင်ကလည်း "သင် တံခါးဝသို့ ရောက်သောအခါ 'ငါကပ်ခဲ့သော ကြာသုံးလက်တွင် တတိယကြာ၌ ဆေးသြဇာတစ်ပါး ယုတ်သည်ဖြစ်၍ အကြိမ်သုံးဆယ် မစေ့ရာ။ ရေသပ္ပာယ်မှ သုံးဆယ်ပြည့်ရာ၏'ဟု သင် အကြံဖြစ်သည် မဟုတ်လော။ သင်၏အကြံကို ငါ သိတော်မူ၏။ ရေနွေးနှင့် သပ္ပာယ်သဖြင့် အကြိမ်သုံးဆယ် စေ့လေပြီ"ဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန်လည်း 'ယနေ့ ဘုရားသခင်ကိုယ်တော် မကျန်းမာသည်မှာ မည်သူ၏ဆွမ်းနှင့်မှ လျော်သနည်း'ဟု ဆင်ခြင်လတ်သော်၊ သောဏသူဌေး၏ထမင်းကို မြင်လျှင် တန်ခိုးအစီအရင်ဖြင့် လျင်စွာကြွ၍ သောဏသူဌေး၏ပြာသာဒ်ဦး၌ ရပ်၏။ သောဏသူဌေးလည်း သပိတ်တော်ကိုယူ၍ မွန်မြတ်သောဆွမ်းတို့ဖြင့် လှူဒါန်းလေ၏။ အရှင်မောဂ္ဂလာန်က ပြန်အံ့သော အခြင်းအရာကို ပြုလျှင် "အရှင်ဘုရား။ ဘုဉ်းပေးတော် မူဦးလော့"ဟု လျှောက်၏။ "သူဌေးသား။ ဤဆွမ်းကား ငါ၏အလို့ငှာ မဟုတ်။ ဘုရားသခင် သုံးဆောင်တော်မူရန် ခံလာသည်" ဟု ဆိုပေလျှင်၊ "အရှင်ဘုရား။ ဘုဉ်းပေးတော်မူပါ။ ဘုရားသခင်အလို့ငှာလည်း လှူဒါန်းပါမည်"ဆို၍၊ ဘုဉ်းပေးပြီးမှ သပိတ်တော်ကို နံ့သာရေဖြင့်ဆေး၍ ပျံ့မွှေးလှိုင်ကြိုင်သောဆွမ်းကို လှူဒါန်းလိုက်၏။ အရှင်မောဂ္ဂလာန်သည် ထိုဆွမ်းကို မြန်စွာဆောင်ခဲ့၍ ကိုယ်တော်မြတ်အား ကပ်၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားကိုယ်တော် မကျန်းမာကြောင်းကိုကြား၍ လျင်လျားစွာ လာခဲ့သော် ကျောင်းတော်အနီးသို့ရောက်လျှင်ပင် ယခင်ဆွမ်းအနံ့သည် သင်းပျံ့လှသောကြောင့် စားချင်သောအာသာ ဖြစ်ရကား၊ ဘုရားသခင်လည်း မင်းကြီး၏ အာလယကိုသိသဖြင့် သင့်ရုံသောထမင်းကို မင်းကြီးအား ပေးစေ၏။ မင်းကြီးလည်း ထိုထမင်းကို စားရလျှင် "အရှင်ဘုရား။ ဤဆွမ်းသည် မြောက်ကျွန်းမှဆောင်ခဲ့သော ဆွမ်းလော, တာဝတိံသာမှ ဆောင်ခဲ့သော ဆွမ်းလော"ဟု မေးလျှောက်၏။ "မင်းကြီး။ မြောက်ကျွန်းမှဆောင်ခဲ့သော ဆွမ်းလည်း မဟုတ်။ နတ်ပြည်မှ ဆောင်ခဲ့သော ဆွမ်းလည်း မဟုတ်။ မင်းကြီး၏နိုင်ငံအတွင်းနေသော သောဏသူဌေး၏ ဆွမ်းတည်း"ဟုဆို၍ သောဏသူဌေးစည်းစိမ်ချမ်းသာကို ထင်စွာ ကြားသိပေ၏။

မင်းကြီးလည်း ထိုသူဌေး၏အကြောင်းကို ကြားလျှင် တွေ့မြင်လိုသောအာသာ ရှိလှ၍ "ရှစ်သောင်းသော သူကြီးတို့နှင့်တကွ သောဏသူဌေးသားကို လာစေသတည်း"ဟု တမန်စေလိုက်၏။ [သူဌေးသားရောက်၍ ရဟန်းပြုသည်တိုင်အောင်သော စကားကို အထက်က ပြဆိုခဲ့ ပြီ။]

ဘုရားသခင် ဆွမ်းဘုဉ်းပေးတော်မူပြီးသော် ဇီဝကဆရာလည်း ကောင်းမြတ်လှစွာသော သိဝိရစ်တိုင်းဖြစ် ပုဆိုးတစ်စုံကိုယူ၍ ဘုရားရှိရာကပ်ပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အကျွန်ုပ်အား တစ်ပါးသောဆုကို သနားတော်မူပါ"ဟု လျှောက်၏။ "ဇီဝက။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်တို့ နှစ်သက်အပ်သော ဆုပင်လော”ဟု မေးတော်မူလျှင်၊ “အရှင်ဘုရား။ အပြစ်မရှိ ကောင်းကျိုးများဘိသော ဆုပါတည်း”ဟု လျှောက်၏။ “ဇီဝက။ ထိုသို့တပြီးကား ကြား လျှောက်လော့”ဟု မိန့်တော်မူ၏။

ထိုအခါ ဆရာဇီဝကလည်း “အရှင်ဘုရား။ ဤပုဆိုးအစုံသည်ကား ပဇ္ဇောတမင်း သည် ဆောက်နှင်းအပ်သော လက်ဆောင်ပါတည်း။ ဤ ပုဆိုးအစုံကိုလည်း ဝတ်ရုံသုံးဆောင်ရန် အလှူခံတော်မူပါ။ တပည့်သံဃာတို့မှာလည်း ပံ့သကူသင်္ကန်းကိုသာ ဆောင်ကြရ၍ နွမ်းနယ် လှပါသည်။ ဒါယကာတို့ ကုသိုလ်ဖြစ်စိမ့်သောငှာ လှူလာသောသင်္ကန်းကို သံဃာတော်တို့ သုံးဆောင်ခြင်းငှာ ခွင့်ပြုတော်မူပါ”ဟု လျှောက်၏။ ဘုရားသခင်ကလည်း “သင်၏အလိုကို ပြည့်စေရတော့အံ့”ဟု မိန့်တော်မူ၍ လှူသောပုဆိုးအစုံကိုလည်း ခံတော်မူ၏။ သံဃာတော်တို့ အားလည်း ‘ဂဟပတိ စီဝရ’ကို ခွင့်ပြုတော်မူ၏။

ရာဇဂြိုဟ်ပြည်၌နေကုန်သော လူအပေါင်းတို့သည်လည်း ‘သံဃာတော်တို့အား ဒါယကာတို့လှူသော သင်္ကန်းကို ခွင့်ပြုတော်မူပြီ’ဟု ကြားလျှင် ရွှင်လန်းဝမ်းသာကုန်သည် ဖြစ်၍၊ “ငါတို့ ယခုကောင်းမှု ပြုရပေတော့မည်”ဟု ရုံးစုတိုင်ပင်ကြလျက် တစ်ရက်, နှစ်ရက်ချင်း ဖြင့် အသောင်းအသိန်းမကသော ပုဆိုးတို့ကိုစုဝေး၍ သင်္ကန်းအလှူ ပေးကြကုန်၏။

[ဤအဋ္ဌုပ္ပတ္တိတို့ကား မြတ်စွာဘုရား လေး, ငါးဝါ ရစဉ်ကပင် ဖြစ်သည်။ ရှေးက စကားအလျဉ်းမသင့်၍ မဆိုရသေးသောကြောင့် ဤမှာမှ ထုတ်ပြလိုက်သည်။]

## ။၈၄။ ဝေသာလီပြည် ပျက်စီးခြင်း

အဋ္ဌာရသမဝါ, ဧကူနဝီသတိမဝါတို့ကို စာလိယတောင် ချရားတော၌ ဝါကပ်တော်မူ သည်။ ဝီသတိမဝါကို ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဝါကပ်တော်မူသည်။ ထို့နောက်နှစ်ဆယ့် ငါးဝါကိုကား သာဝတ္ထိပြည် ဇေတဝန်ကျောင်း, ပုဗ္ဗာရုံကျောင်းတို့၌သာ ဝါကပ်တော်မူသည်။ ရာဇဂြိုဟ်ပြည်သို့ကား နွေလအခါ၌သာ ရံခါ ကြွနေတော်မူသည်။

ဝါတော် လေးဆယ်ကျော်သောအခါ ဝေသာလီပြည်ကြီး ပျက်စီးရသောအကြောင်း ဖြစ်သည်ကား ဤသို့တည်း။

ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်၏အကြား၌ ဂင်္ဂါမြစ်သည် ရှိ၏။ ထိုမြစ်၏ကမ်းနား ၌ ရွာကြီးတစ်ရွာသည် ရှိ၏။ ထိုရွာဆိပ်မှ စ၍ လိစ္ဆဝီမင်းတို့၏ အာဏာစက်နှံ့ရာ, အခွန်ခံရာဌာနသည် ယူဇနာခွဲ ဖြစ်၏။အဇာတသတ်မင်း၏ အာဏာနှံ့ရာ, အခွန်ခံရာဌာနသည် လည်း ယူဇနာခွဲဖြစ်၏။

တစ်ရံသောအခါ အဇာတသတ်မင်း၏ အာဏာစက်နှံ့ရာဌာန၌ ကျရောက်လာသော ကုန်သည်တို့၏အခွန်အဏ္ဏာကို ဝေသာလီမင်းတို့သည် နှစ်, နှစ်တိုင်အောင် ခံယူသုံးဆောင်လေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ ထိုအကြောင်းကို အဇာတသတ်မင်းကြားသော် ပြင်းစွာအမျက်ထွက်၍ စစ်မက်ပြုခြင်းငှာ အကြံအစည် ဖြစ်၏။

ထိုအခါ အဇာတသတ်မင်းသည် ဤသို့ ဆင်ခြင်၏။ 'တိုင်းတစ်ပါးကို စစ်မက်ထိုးခြင်း မည်သည်ကား အလွန် ဝန်လေး၏။ သူ့ရဲသူ့ခက် ရဲမက်အဖော်မရှိဘဲ တစ်ယောက်တည်းလည်း မဖြစ်။ စစ်ရေးစစ်ရာ၌ လိမ္မာမြော်မြင်သော ပညာရှိတို့နှင့် ကင်း၍လည်း မဖြစ်။ ပညာရှိတို့နှင့် တိုင်ပင်၍ ပြုမှသာလျှင် အပြစ်ကင်းစွာ လိုရာသို့ ရောက်ချိမ့်မည်။ ဤလောက၌ ဘုရားနှင့် တူသော ပညာရှိမည်သည်လည်း တစ်စုံတစ်ယောက်မျှ မရှိပြီ။ ငါ စစ်ထိုး၍ အကျိုးရှိမည်ဖြစ်လျှင် ဘုရားရှင် ဆိတ်ဆိတ်နေလိမ့်မည်။ အကျိုးမရှိလျှင်လည်း 'အဘယ်အကျိုး ရှိအံ့နည်း'ဟု မိန့်တော်မူလိမ့်မည်'ဟု ကြံ၍၊ တရားစီရင်ရန်ထားသော ဝဿကာရပုဏ္ဏားကိုခေါ်၍ "အချင်းပုဏ္ဏား။ သင်သည် ဘုရားရှင်ထံသို့သွား၍ ငါ၏စကားဖြင့် ဘုရားသခင်ကို ဖူးမြင်လျှောက်ကြားစေ။ 'ကိုယ်တော်မြတ်သည် ကျန်းခံ့သာ၍ အနာမရှိ ပကတိသောကိုယ်ဖြင့် မင်ဖိုလ်ချမ်းသာကို ခံစားနေရပါ၏လော။ အရှင်၏ဒကာတော်ဖြစ်သော အဇာတသတ်မင်းသည် ခြေတော်ကို ဦးဖြင့်တိုက်၍ ရှိခိုးလိုက်ပါသည်။ ကျန်းခံ့သာယာ အနာမရှိခြင်းကို မေးလျှောက်ပါသည်'ဟု လျှောက်ချေ။ ထိုမှတစ်ပါးလည်း 'အရှင်ဘုရား။ ဒကာတော်ဖြစ်သော အဇာတသတ်မင်းသည် ဘုန်းတန်ခိုးအာနုဘော်ကြီးစွာလျက် အတတ်ပညာနှင့် ပြည့်စုံကုန်သော ဝေသာလီလိစ္ဆဝီမင်းတို့အား ဖျက်ဆီးခြင်းကို ပြုလိုပါသည်'ဟု လျှောက်ခဲ့။ ထိုစကားကို ကြားလျှင် ဘုရားသခင်က တစ်စုံတစ်ခုသောစကားကို ဆိုတော်မူလိမ့်မည်။ ထိုစကားကို ရှိသေစွာ မှတ်သားခဲ့"ဟူ၍ စေလိုက်၏။

အမတ်ကြီးလည်း ဆင်ယာဉ်, မြင်းယာဉ် စီး၍သွားသော် ဘုရားနေတော်မူသော ဂိဇ္ဈကုဋ်တောင်သို့ရောက်လျှင် ခြေကျင်ဖြင့်သာသွား၍ ဘုရားရှိရာသို့ကပ်ပြီးသော် မင်းကြီးမှာလိုက်သောအတိုင်း ဘုရားသခင်အား လျှောက်ပေ၏။ ထိုအခါ အရှင်အာနန္ဒာလည်း မြတ်စွာဘုရား၏ထံတော်ပါး၌ ခစားယပ်ခတ်လျက် နေသည်နှင့် ကိုယ်တော်မြတ်လည်း ဝဿကာရပုဏ္ဏားအား တစ်စုံတစ်ခုသောစကားကို မပြန်မူ၍ အရှင်အာနန္ဒာကိုသာလျှင် လှည့်ကာလှည့်ကာ ကြည့်တော်မူလျက်–

"အချင်းအာနန္ဒာ။ သင် အသို့ ကြားဖူးသနည်း။

၁။ 'ဤဝဇ္ဇီမင်းတို့သည် တစ်နေ့တစ်ခါ ညီညွတ်စွာ စည်းဝေးတိုင်ပင်ကြသည်'ဟု ကြားဖူး၏လော။

၂။ 'မင်းတို့ပြုဖွယ် ကိစ္စဟူသမျှ၌ အညီအညွတ်သာ ပြုကြ၏'ဟု ကြားဖူး၏လော။

၃။ 'ဝဇ္ဇီမင်းတို့သည် ရှေးရှေးမင်းတို့ မပညတ်အပ်သောအရာကို ထပ်ခါ မပညတ်ကုန်၊ ရှေးရှေးမင်းတို့ ပညတ်ပြီးသောအရာကိုလည်း မဖျက်ဆီးကုန်' ဟူ၍ ကြားဖူး၏လော။

၄။ 'ထိုဝဇ္ဇီမင်းတို့သည် မိမိတို့ထက် အသက်သိက္ခာ ကြီးရင့်ကုန်သောသူတို့ကို အရိုအသေ ပြုကုန်၏၊ အလေးအမြတ် ပြုကုန်၏၊ ကြီးသောသူတို့၏စကားကို နားထောင်ကုန်၏' ဟူ၍ သင်ကြားဖူး၏လော။



www.burmeseclassic.com

www.burmeseclassic.com



၅။ 'ထို ဝဇ္ဇီမင်းတို့သည် အနွယ်အရိုး အမျိုးဆင်းဝါနှင့် ပြည့်စုံကုန်သောသူတို့၏ သမီးငယ်တို့ကို အနိုင်အထက် နှိပ်စက်သိမ်းပိုက်ခြင်းကို မိမိလည်း မပြုကုန်။ မူးမတ် ကျေးကျွန်တို့ကိုလည်း မပြုစေကုန်' ဟူ၍ သင်ကြားဖူး၏လော။

၆။ 'ထို ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်၌ စောင့်နေကုန်သော နတ်တို့၏နေရာ စေတီတို့ကို ရိုသေမြတ်လေး လုပ်ကျွေးချီးမြှောက်ခြင်းကို မပြတ်ပြုကုန်၏'ဟူ၍ သင် ကြားဖူး၏လော။

၇။ 'ထိုမှတစ်ပါး ချစ်သား အာနန္ဒာ။ ဝဇ္ဇီမင်းတို့သည် မိမိတို့မြို့ရွာသို့ မလာရောက်ကုန်သေးသော သီလဝန် ဂုဏဝန် ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့ကို လည်းကောင်း, ထင်ရှားကျော်စောစွာသော ပညာရှိ ရဟန်းပုဏ္ဏားတို့ကို လည်းကောင်း လာရောက်စိမ့်သောငှာ ကောင်းစွာ လုံ့လပြုခြင်း၊ လာရောက်ပြီးသော အရှင်ကောင်းဆရာမြတ်တို့ကိုလည်း အရပ်တစ်ပါးသို့ မသွားမခွာစေခြင်းငှာ သင့်လျော်စွာသော အစောင့်အရှောက်တို့ကို ပြုကုန်၏'ဟူ၍ သင် ကြားဖူး၏လော"ဟု မေးတော်မူ၏။

"အရှင်ဘုရား။ ဝဇ္ဇီမင်းသားတို့သည် ခုနစ်ပါးသော ကျင့်ဝတ်ဓမ္မတို့နှင့် ပြည့်စုံလှသည်ဟူ၍ အကျွန်ုပ် ကြားဖူးပါသည်"ဟု နားတော်လျှောက်ပေ၏။

"ချစ်သား အာနန္ဒာ။ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးတိုင်ပင်ခြင်း၊ ပြုဖွယ်ကိစ္စဟူသမျှ၌ အညီအညွတ်သာ ပြုကြခြင်း၊ ရှေးမင်းတို့ ပညတ်သောအရာကို ထပ်ခါလည်း မပညတ်, ပညတ်ပြီးကိုလည်း ဖျက်ဆီး၍ အသစ်မပြင်ခြင်း၊ မိမိထက် အသက်သိက္ခာကြီးသောသူတို့ကို အရိုအသေပြုခြင်း၊ သူကြီးတို့၏စကားကို နာယူခြင်း၊ ပြည်သူတို့၏သမီးကို ဖိစီးနှိပ်စက်၍ မသိမ်းမပိုက်ခြင်း၊ မြို့စောင့်နတ်တို့ကို ရိုသေမြတ်လေး လုပ်ကျွေးပသခြင်း၊ သီလဝန်, ဂုဏဝန် ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ် တတ်သိလိမ္မာသော ရဟန်းပုဏ္ဏားတို့ကို မြှောက်စားချီးပခြင်းတည်း ဟူသော အပရိဟာနိယ ဓမ္မခုနစ်ပါးကို အားထုတ်ဖြည့်ကျင့်ကုန်သည် ဖြစ်အံ့။ ထိုမျှလောက်သော ကာလပတ်လုံး ပျက်သုဉ်းယိုယွင်းခြင်းသည် မဖြစ်ရာ။ ကြီးပွားစည်ပင်သည်သာ ဖြစ်လတ္တံ့."ဟု မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူပြီးမှ ဝဿကာရပုဏ္ဏားကို ခေါ်၍ "ဒကာ ပုဏ္ဏား။ ငါဘုရားသည် တစ်ရံသောအခါဝယ် ဝေသာလီပြည်၌ 'သာနန္ဒရ'အမည်ရှိသော နတ်တို့၏နေရာ၌ နေတော်မူသော်၊ ဝဇ္ဇီမင်းသားတို့သည် ငါဘုရားရှိရာသို့ လာကုန်၍ ကျင့်သောတရားကို လျှောက်ထားကြသဖြင့် ထိုမင်းတို့အား ငါဘုရားသည် အပရိဟာနိယတရား ခုနစ်ပါးတို့ကို ဟောကြားတော်မူဖူး၏။ ပုဏ္ဏား။ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် အပရိဟာနိယဓမ္မ၌ တည်ကြကုန်အံ့။ ထိုမျှလောက်သောကာလပတ်လုံး ပျက်သုဉ်းယိုယွင်းခြင်းသည် မဖြစ်နိုင်ရာ။ ကြီးပွားစည်ပင်သည်သာ ဖြစ်လတ္တံ့."ဟု မိန့်တော်မူ၏။

ဝဿကာရပုဏ္ဏားလည်း "အရှင်ဘုရား။ တစ်ပါး,တစ်ပါးသော အပရိဟာနိယဓမ္မနှင့် ပြည့်စုံသော ဝဇ္ဇီမင်းတို့အားလည်း ကြီးပွားခြင်းသည် ဖြစ်ရာသေး၏။ ခုနစ်ပါးသော အပရိဟာ



www.burmeseclassic.com

www.burmeseclassic.com



နိယမမွနှင့် ပြည့်စုံကြမူကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ အရှင်ဘုရား။ ဒကာတော် အဇာတသတ်မင်းသားသည် ဖြားယောင်းခြင်းဖြင့် ဝဇ္ဇီမင်းတို့၏ အညီအညွတ်ကို ဖျက်ဆီးခြင်းကိုထား၍ တစ်ပါးသောစစ်မက်ပြုခြင်းဖြင့် မတတ်နိုင်ရာချေ”ဟု လျှောက်၏။

[ဘုရားသခင်သည် ဤသို့သော ဆိုဖွယ်ရာအမြွက်စကားဖြင့် ပုဏ္ဏား ‘နည်းရမည်ကို သိလျက် အဘယ့်ကြောင့် မိန့်တော်မူသနည်း’ ဟူမူကား ဘုရားသခင်၏နှလုံးတော်သည် ‘ငါသည် ဤသို့သောစကားကိုမျှ မိန့်တော်မမူချေသော် ဤလတွင်ပင် ခပ်သိမ်းသောဝဇ္ဇီမင်းတို့ကို အဇာတသတ်မင်း ဖမ်း၍ ညှဉ်းပန်းကုန်လတ္တံ့။ ဤစကားကို ဆိုရမူကား ညီညွတ်ခြင်းကို ဖျက်ဆီးလျက် သုံးနှစ်လွန်မှ ဖမ်းယူလတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး မိမိတို့၏ ကိုးကွယ်ဆောက်တည်ရာဖြစ်သော ကုသိုလ်ပုညကို အားထုတ်ရမူကား အကျိုးများစွာ ဖြစ်လတ္တံ့’ ဟု ကြံတော်မူ၍ မိန့်တော်မူလေသတည်း။]

ဝဿကာရပုဏ္ဏားလည်း ဘုရားအထံတော်မှပြန်လာ၍ မင်းထံသို့ရောက်သောအခါ၊ အဇာတသတ်မင်းက “ဆရာ။ မြတ်စွာဘုရားသည် အသို့ မိန့်တော်မူသနည်း”ဟု မေး၏။ ပုဏ္ဏားကလည်း “အရှင်မင်းကြီး။ ဘုရားစကားတော်မှာ ဝဇ္ဇီမင်းတို့သည် အပရိဟာနိယဓမ္မနှင့် ပြည့်စုံကြသောကြောင့် နှိမ့်ချဖျက်ဆီးခြင်းငှာ တစ်စုံတစ်ယောက်သောသူသည် မတတ်နိုင်ရာ။ စင်စစ်သော်ကား ဖြားယောင်းလှည့်ပတ်၍ အညီအညွတ်ကို ဖျက်ဆီးမှသာ စွမ်းနိုင်ရာ၏ဟူသော အရိပ်မျှသာ ရှိချေသည်”ဟူ၍ လျှောက်၏။

မင်းကြီးကလည်း “ဆရာ။ ထိုသို့တပြီးကား ဖျက်ဆီးခြင်းငှာ ဆရာ အသို့ကြံအံ့နည်း” ဟုမေး၏။ ပုဏ္ဏားကလည်း “အရှင်မင်းကြီး။ အလိုတော်ရှိသော် ကျွန်ုပ် ကြံပါမည်။ ပရိသတ်များစွာ ညီလာသဘင်ဝင်သောအခါ ဝေသာလီမင်းတို့သည် အရှင်နှင့်ထိုက်တန်သောဘဏ္ဍာကို သိမ်းယူလေသော အခြင်းအရာမှစ၍ ဒေါသဖြစ်ဖွယ်သောစကားကို ဆိုတော်မူပါ။ ထိုအခါ ကျွန်ုပ်က ‘လိစ္ဆဝီမင်းတို့သည် လယ်လုပ်ကုန်သွယ်၍ အသက်မွေးကုန်သလော’ဟု ဆိုပါမည်။ ထိုအခါ အရှင်က အမျက်ရှိယောင်ပြု၍ အကျွန်ုပ်အား နှင်တော်မူပါ။ အကျွန်ုပ် အမျက်ဖြင့် ထ၍ သွားပါမည်။ ထိုအခါ အကျွန်ုပ်အပြစ်ကို များစွာဆိုတော်မူပါ။ ကျွန်ုပ်လည်း ညဉ့်အခါ၌ လိစ္ဆဝီမင်းတို့ထံသို့ တမန်စေလွှတ်၍ လက်ဆောင်တင်ပို့ပါမည်။ အရှင့်မကောင်းကျိုးကို ပြောပါမည်။ ထိုအကြောင်းဖြင့် အကျွန်ုပ်အား အခင်းထား၍ ဦးဆံရိတ်စေပြီးမှ နောင်ကြိုးထည့်၍ ပြည်မှ ထုတ်တော်မူပါ။ ဝေသာလီပြည်သို့သွား၍ မင်းသားတို့၏အထံ၌ ခစားပါမည်။ ထိုမင်းတို့၏ သင့်တင့်ညီညွတ်ခြင်းကို ကုန်းစကားဖြင့် ဖျက်ဆီးပြီးမှ အရှင်မင်းကြီးအား အကျွန်ုပ် လျှောက်လိုက်ပါမည်။ ထိုအခါ စစ်အင်္ဂါလေးပါးဖြင့်ချီ၍ သိမ်းတော်မူပါ”ဟု လျှောက်၏။ အဇာတသတ်မင်းလည်း ထိုအရေးကို နှစ်သက်တော်မူ၍ ပုဏ္ဏားစီမံတိုင်း ပြုလေ၏။

လိစ္ဆဝီမင်းတို့လည်း ဝဿကာရပုဏ္ဏား လာ၍ ဂင်္ဂါမြစ်နားသို့ရောက်သည်ဟု ကြားလျှင် “ဂင်္ဂါမြစ်ကို မကူးစေလင့်။ ဆီးတားကုန်”ဟု စည်လည်၏။ ထိုအခါ ဝေသာလီပြည်ဘက်၌ နေသောသူတို့က “ပုဏ္ဏားသည် အရှင့်သားတို့၏အကျိုးစီးပွားကို ပြောဆိုကျင့်ကြံလေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရာဇဂြိုဟ်ပြည်မှ နှင်ထုတ်လိုက်သည်"ဟု ဆိုကြကုန်သော်၊ "ယင်းသို့ ဖြစ်တပြီးကား လာပါစေလော့"ဟု ခွင့်ပေး၏။

ပုဏ္ဏားလည်း သွားလေ၍ မင်းသားတို့ထံသို့ရောက်သော် လိစ္ဆဝီမင်းတို့အား အဇာတသတ်မင်း နှင်လိုက်သောအခြင်းအရာကို အလုံးစုံလျှောက်ကြားလေ၏။ လိစ္ဆဝီတို့လည်း "ဆရာသည် ရာဇဂြိုဟ်ပြည်၌နေသောအခါ ဘယ်အရာ၌ တည်သနည်း"ဟု မေး၏။ "အကျွန်ုပ်ကား တရားဆုံးဖြတ်သော အမတ်ပင်တည်း"ဟု လျှောက်ပေသော်၊ "ငါတို့လည်း ထိုနည်းပင် ချီးမြှောက်မည်"ဆို၍ တရားဆုံးဖြတ်သော အမတ်အရာကို ပေးကုန်၏။

ထိုဝဿကာရပုဏ္ဏားလည်း တစ်နှစ်,နှစ်နှစ်ခန့်ကာလပတ်လုံး လိစ္ဆဝီမင်းတို့၏ အကျိုးစီးပွားကို များစွာအလိုရှိဟန်ဖြင့် ကျင့်၍၊ နောက်သောအခါ တစ်ဦးသောမင်းသည် တစ်ဦးသောမင်းနှင့် မသင့်မတင့်စိမ့်သောငှာ, မေတ္တာပျက်စိမ့်သောငှာ ပြောဆို၏။ အလုံးစုံသော မင်းတို့သည် ချစ်ခင်ခြင်းပျက်စီး၍ ခရီးတစ်ကြောင်း၌ နှစ်ဦး, သုံးဦးပေါင်း၍မျှ မသွားလိုကြ ဖြစ်လေ၏။

ထိုအခါ အဇာတသတ်မင်းထံသို့ တမန်စေလိုက်၏။ အဇာတသတ်မင်းလည်း ထိုသတင်းကိုကြားလျှင် များစွာသောစစ်သည်တို့ကို ရုံးစု၍ချီလာ၏။ ထိုသို့လာသည်ကို ကြား၍ တားမြစ်ပိတ်ဆီးခြင်းငှာ ညီညွတ်ပါသော်လည်း ကြင်နာခြင်းမရှိကြ၍ ရုံးစုမရ အထမမြောက်နေသဖြင့် ဝေသာလီပြည်၏အနီးသို့ ရောက်လေ၏။

ဝဇ္ဇီမင်းတို့သည် ထိတ်လန့်ခြင်းရှိကုန်၍ "မြို့တံခါးကို ပိတ်လော့။ သူရဲသူခက် လက်နက်စားလုံ့ဖြင့် ခံကုန်လော့"ဟု စည်လည်ပါသော်လည်း၊ မင်းတစ်ဦး၏အာဏာသည် မင်းတစ်ဦးမှာ မတည်လေရကား တံခါးဟင်းလင်းရှိသဖြင့် လွယ်လင့်တကူသာလျှင် အဇာတသတ်မင်း၏စစ်သည်တို့ ဝင်၍ ဝဇ္ဇီမင်းတို့ကို ဖမ်းယူလေကုန်၏။ ထိုအခါမှစ၍ ဝေသာလီပြည်သည် ရာဇဂြိုဟ်မင်း၏လက်နက်နိုင်ငံ ဖြစ်လေသတည်း။

[စကားစပ်၍ အဆုံးသတ်အောင် ဆိုလိုက်သည်။ ထိုပျက်စီးခြင်းကား ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောကာလမှ ဖြစ်သည်။]

ဘုရားကိုယ်တော်မြတ်လည်း ဝဿကာရပုဏ္ဏားသွား၍ မကြာမီပင် အရှင်အာနန္ဒာကိုခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ။ ရာဇဂြိုဟ်ပြည်ကို အမှီပြု၍နေကုန်သော ရဟန်းအပေါင်းတို့ကို တရားမဏ္ဍာပ် စည်းဝေးစေကုန်လော့"ဟု မိန့်တော်မူ၍၊ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားမိန့်တော်မူတိုင်း သံဃာတို့ကိုစည်းဝေးစေ၍ ဘုရားသခင်အား ကြားလျှောက်လေသော် ကိုယ်တော်မြတ်လည်း ကြွတော်မူလာ၍ သံဃာအပေါင်းတို့အား ဤသို့သော အပရိဟာနိယသုတ်ကို ဟောတော်မူ၏။

### အပရိဟာနိယသုတ်တော်ပါဠိအနက်

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတ ဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ။



www.burmeseclassic.com

www.burmeseclassic.com



ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃ ကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ။ ပ။ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညပေဿန္တိ၊ ပညတ္တံ၊ န သမုစ္ဆိန္ဒိဿန္တိ၊ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿန္တိ၊ ဝုဒ္ဓိယေဝ။ ပ။ ဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ထေရာ ရတ္တညူ စိရပဗ္ဗဇိတာ သံဃပိတရော သံဃပရိနာယကာ၊ တေ သက္ကရိဿန္တိ၊ ဂရုံ ကရိဿန္တိ၊ မာနေဿန္တိ၊ ပူဇေဿန္တိ၊ တေသဉ္စ သောတဗ္ဗံ မညိဿန္တိ၊ ဝုဒ္ဓိယေဝ။ ပ။ ဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ဥပ္ပန္နာယ တဏှာယ ပေါနောဗ္ဘဝိကာယ န ဝသံ ဂစ္ဆိဿန္တိ၊ ဝုဒ္ဓိယေဝ။ ပ။ ဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အာရညကေသု သေနာသနေသု သာပေက္ခာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ။ ပ။ ဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ပစ္စတ္တညေဝ သတိံ ဥပဋ္ဌာပေဿန္တိ၊ ကိန္တိ၊ အနာဂတာ စ ပေသလာ သဗြဟ္မစာရီ အာဂစ္ဆေယျုံ၊ အာဂတာ စ ပေသလာ သဗြဟ္မစာရီ ဖာသု ဝိဟရေ ယျုန္တိ၊ ဝုဒ္ဓိယေဝ။ ပ။ ဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဣမေ သတ္တ အပရိဟာနိယာ ဓမ္မာ ဘိက္ခူသု ဌဿန္တိ၊ ဣမေသု သတ္တသု အပရိဟာနိယေသု ဓမ္မေသု ဘိက္ခူ သန္ဒိဿိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ အဘိဏှံ၊ မပြတ်။ သန္နိပါတာ၊ စည်းဝေးကြကုန်သည်။ သန္နိပါတ ဗဟုလာ၊ စည်းဝေးခြင်း များကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဉ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ အကျိုးစီးပွား ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်း ကို။ နော ပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ သမဂ္ဂါ၊ အညီအညွတ်။ သန္နိပတိဿန္တိ၊ စည်းဝေးကြကုန်လတ္တံ့။ သမဂ္ဂါ၊ အညီအညွတ်။ ဝုဋ္ဌဟိဿန္တိ၊ စည်းဝေးရာမှ ထကြကုန်လတ္တံ့။ သမဂ္ဂါ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြလျက်။ သံဃကရဏီယာနိ၊ သံဃာ၏ ပြုဖွယ်ကိစ္စတို့ကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဉ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်း ကို။ နော ပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ အပညတ္တံ၊ ငါဘုရား မပညတ်သည်ကို။ န ပညပေဿန္တိ၊ မပညတ်ကုန်လတ္တံ့။



www.burmeseclassic.com

www.burmeseclassic.com



ပညတ္တံ၊ ငါဘုရားပညတ်ပြီးသည်ကို။ နသမုစ္ဆိန္ဒိဿန္တိ၊ မဖျက်ကုန်လတ္တံ့။ ယထာ ပညတ္တေသု၊ ငါဘုရား ပညတ်တိုင်းကုန်သော။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့၌။ သမာဒါယ၊ ကောင်းစွာ ဆောက်တည်၍။ ဝတ္တိဿန္တိ၊ ကျင့်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဥ္စ၊ ထိုမျှ လောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုမ္မိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို၊ နော ပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ထေရာ၊ မဟာထေရ် ဖြစ်ကုန်၏။ ရတ္တညူ၊ ညဥ့်အပိုင်းအခြားကို သိကုန်၏။ စိရပဗ္ဗဇိတာ၊ ရဟန်းပြု၍ ကြာမြင့်ကုန်၏။ သံဃပိတရော၊ သံဃာ၏ အဖသဖွယ် ဖြစ်ကုန်၏။ သံဃပရိနာယကာ၊ သံဃာ၏အကြီး အမှူး ဖြစ်ကုန်၏။ တေ၊ ထိုမထေရ်ကြီးတို့ကို။ နဝါ၊ သီတင်းငယ်တို့သည်။ သက္ကရိဿန္တိ၊ အရိုအသေပြုကုန်လတ္တံ့။ ဂရုကရိဿန္တိ၊ အလေးပြုကုန်လတ္တံ့။ မာနေဿန္တိ၊ မြတ်နိုးကုန်လတ္တံ့။ ပူဇေဿန္တိ၊ ပူဇော်ကုန်လတ္တံ့။ တေသံ၊ ထိုမထေရ်ကြီးတို့၏။ ဝစနံ၊ စကားကို။ သောတဗ္ဗန္တိ၊ နားထောင်သင့်ပေ၏ ဟူ၍။ မညိဿန္တိ၊ အောက်မေ့ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဥ္စ၊ ထိုမျှလောက်သော ကာကပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုမ္မိယေဝ၊ အကျိုးစီးပွား ကြီးပွားခြင်းကိုသာလျှင်၊ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥပ္ပန္နာယ၊ မိမိသန္တာန်၌ဖြစ်သော၊ ပေါနောဗ္ဘဝိကာယ၊ တစ်ဖန်ဘဝသစ် ကို ဖြစ်စေတတ်သော။ တဏှာယ၊ တဏှာ၏။ ဝသံ၊ နိုင်ငံသို့၊ န ဂစ္ဆိဿန္တိ၊ မလိုက်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဥ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုမ္မိယေဝ၊ အကျိုးစီးပွား ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ အရညကေသု၊ တောကျောင်းဖြစ်ကုန်သော။ သေနာသနေသု၊ ကျောင်းတို့၌။ သာပေက္ခာ၊ ငဲ့ကွက်သောစိတ် ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ ရဟန်း တို့။ တာဝကီဝဥ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုမ္မိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပစ္စတ္တညေဝ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌သာလျှင်။ သတိံ၊ သတိကို။ ဥပဋ္ဌာပေဿန္တိ၊ ဖြစ်စေကုန်လတ္တံ့။ ကိန္တိ၊ အသို့နည်း။ အနာဂတာ မလာကုန်သေးသော။ ပေသလာ၊ သီလကို ချစ်တတ်ကုန်သော။ သဗြဟ္မစာရီ၊ သီတင်းသုံးဖော်တို့သည်။ အာဂစ္ဆေယျုံ၊ လာပါကုန်အံ့လော။ အာဂတာ၊ လာရောက်ကုန်ပြီးသော။ ပေသလာ၊ သီလကို ချစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ကုန်သော။ သဗြဟ္မစာရီ၊ သီတင်းသုံးဖော်တို့သည်။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရေယျုံ၊ နေကုန်အံ့လော။ ဣတိ၊ သို့။ သတိ၊ သတိကို။ ဥပဋ္ဌာပေဿန္တိ၊ ဖြစ်စေကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဥ္စ၊ ထိုမျှလောက်သောကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နော၊ ပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သတ္တ၊ ခုနစ်ပါးကုန်သော။ အပရိဟာနိယာ၊ မဆုတ်ယုတ်စေတတ်ကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ဘိက္ခူသု၊ ရဟန်းတို့၌။ ဌဿန္တိ၊ တည်ကုန်လတ္တံ့။ သတ္တသု၊ ခုနစ်ပါးကုန်သော။ အပရိဟာနိယေသု၊ မဆုတ်ယုတ်တတ်ကုန်သော။ ဣမေသု ဓမ္မေသု၊ ဤတရားတို့၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သန္ဒိဿိဿန္တိ၊ ထင်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဥ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နော ပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဤဒေသနာတော်၏အဆုံး၌ များစွာသောရဟန်းတို့သည် တရားရသကို သောက်ရလေကုန်သတည်း။

ဘုရားကိုယ်တော်မြတ်လည်း 'အမ္ဗလဋ္ဌိက'၌ မွေ့လျော်သမျှ နေတော်မူပြီးသော် သံဃာတော်အပေါင်းတို့ကို ခေါ်၍ နာလန္ဒမြို့သို့ ကြွတော်မူလေ၏။ ထို နာလန္ဒမြို့၌ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်ဝယ် စံပယ်တော်မူ၏။ ထို နာလန္ဒမြို့၌ မွေ့လျော်သမျှနေပြီးသော် ညီတော်အာနန္ဒာကို ခေါ်ယူတော်မူ၍ "ချစ်သား အာနန္ဒာ။ ဂင်္ဂါမြစ်၏အနီးဖြစ်သော ပါဋလိရွာသို့ ဒေသစာရီကြွတော်မူအံ့"ဟု မိန့်တော်မူ၍၊ များစွာသော ရဟန်းအပေါင်းနှင့်တကွ ကြွတော်မူ၏။

ထိုအခါ ပါဋလိရွာ၌နေကုန်သော ဥပါသကာတို့သည် ဘုရားကြွတော်မူလာကြောင်းကို ကြား၍၊ ဘုရားရှင်ထံသို့ ကပ်ကုန်ပြီးသော် "အရှင်မြတ်သည် ဧည့်သည်တို့တည်းခိုရာ ဇရပ်၌ သီတင်းသုံးတော်မူပါ"ဟု လျှောက်၏။ ဘုရားသခင်လည်း ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ များစွာသောပါဋလိရွာသားတို့သည် ဘုရား နေတော်မူခြင်းငှာ သင့်တင့်လျောက်ပတ်အောင် ဇရပ်အပြင်၌ စင်ကြယ်သန့်ရှင်းသော ခင်းနီးကော်ဇောတို့ကို ခင်းထား၍ သောက်ရေတည်ခြင်း, ဆီးမီးထွန်းခြင်းတို့ကို ပြုပြီးမှ ဘုရားသခင်အား သီတင်းသုံးစေ၏။

နံနက်သောအခါ ဥပါသကာတို့သည် ဆွမ်းဩဇာဖြင့် ကောင်းစွာလုပ်ကျွေးကြပြီးသော ကိုယ်တော်မြတ်အနီး၌ ခြံရံကာနေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားလည်း သင့်တင့်သော တရားစကားဖြင့် ဟောကြားတော်မူပြီး၍ ဒုဿီလပုဂ္ဂိုလ်တို့၏ အပြစ်ငါးပါး,သုသီလပုဂ္ဂိုလ်တို့၏ အကျိုးငါးပါးကို ထင်ရှားပြတော်မူခြင်းငှာ–

'ပဥ္စိမေ ဂဟပတယော အာဒီနဝါ ဒုဿီလဿ သီလဝိပတ္တိယာ၊ ကတမေ ပဥ္စ၊ ဣဓ ဂဟပတယော ဒုဿီလော သီလဝိပန္နော ပမာဒါဓိကရဏံ မဟတိံ ဘောဂဟာနိံ



www.burmeseclassic.com

www.burmeseclassic.com



ဂစ္ဆတိ၊ အယံ ပဉ္စမော အာဒီနဝေါ ဒုဿီလဿ သီလ ဝိပတ္တိယာ' အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပာယ်ကား - များစွာသော ဥပါသကာတို့။ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်အား သီလပျက်ခြင်း၏ အပြစ်တို့သည် ငါးပါးတို့တည်း။ ငါးပါးဟူသော်ကား ဤလောက၌ ဒုဿီလပုဂ္ဂိုလ်တို့သည် သီလ၌ မေ့လျော့ခြင်းကြောင့်-

၁။ များစွာသော စည်းစိမ်ချမ်းသာ ဥစ္စာစီးပွားတို့၏ ပျက်ခြင်းသို့လည်း ရောက်ကုန်၏။

၂။ ယုတ်မာသော, မကောင်းသော ကျေးဇူးသတင်း ကျော်စောခြင်းသို့လည်း ရောက်ကုန်၏။

၃။ အကြင်သို့သော မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်တို့သို့ ဆည်းကပ်ကုန်အံ့။ ထိုသို့ဆည်းကပ်သမျှ၌ မလှသောမျက်နှာဖြင့် ကြောက်ရွံ့လျက်သာလျှင် ကပ်ရကုန်၏။

၄။ မိန်းမောတွေဝေလျက်သာလျှင် သေလွန်ရခြင်းသို့ ရောက်၏။

၅။ ကိုယ်ခန္ဓာပျက်သည်၏ အခြားမဲ့၌လည်း အပါယ်လေးပါးလားခြင်းသို့ ရောက်၏။

ဤကား သီလမရှိသောပုဂ္ဂိုလ်၏ အပြစ်ငါးပါးတည်း။

များစွာသော ဥပါသကာတို့။ သီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့အား ငါးပါးသော အကျိုးတို့သည် ထင်ကုန်၏။ ငါးပါးဟူသော်ကား ဤလောက၌ သီလနှင့်ပြည့်စုံသောသူသည်-

၁။ အကြင် ကောင်းသောသီလ၌ လုံ့လပြုခြင်းတည်းဟူသော အကြောင်းကြောင့် များစွာသော လူအပေါင်းတို့သည် အလိုလိုပင် ကြည်ညိုသဥ္ဆါ၍ ကြီးစွာသောစည်းစိမ်ချမ်းသာ လာဘ်ပူဇော်သက္ကာကိုလည်း ရ၏။

၂။ ကောင်းမြတ်သောကျေးဇူးသတင်း ကျော်စောခြင်းသို့လည်း ရောက်၏။

၃။ အကြင်သို့သော မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်တို့ကို ဆည်းကပ်ကုန်အံ့။ ထိုသို့ဆည်းကပ်လေသမျှ၌ လှပတင့်တယ်စွာ သာယာသဖြင့် ဆည်းကပ်ရ၏။

၄။ ကြောက်လန့်ခြင်း, မိန်းမောတွေဝေခြင်းကင်းလျက်သာလျှင် သေလွန်စုတေရ၏။

၅။ ခန္ဓာပျက်သောအခါ၌လည်း နတ်ရွာသုဂတိဘဝသို့ လားရ,ရောက်ရ၏။

ဤကား သုသီလပုဂ္ဂိုလ်၏ အကျိုးငါးပါးတည်း။

ထို့ကြောင့် သင်တို့သည် အကျိုးငါးပါးကို အလိုရှိမူကား သုသီလ ဖြစ်စိမ့်သောငှာသာလျှင် ကောင်းစွာ အားထုတ်ရ၏။

ဤသို့အစရှိသော နည်းနာဖြင့် ပါဋလိရွာသားအပေါင်းတို့အား ကောင်း,မကောင်းသော သီလစကားတို့ဖြင့် များစွာဟောပြောတော်မူ၏။ ဥပါသကာတို့လည်း ကာလကုန်မှ ဘုရားသခင်အားရှိခိုးပြီးသော် အသီးသီးပြန်ကြကုန်၏။

ယင်းသို့ ပါဋလိရွာသို့ မြတ်စွာဘုရား ကြွရောက်တော်မူသောအခါသည်ကား အဇာတသတ်မင်း၏ပုရောဟိတ်ဖြစ်ကုန်သော သုနိဓပုဏ္ဏား, ဝဿကာရပုဏ္ဏား နှစ်ဦးတို့သည့် ဝဇ္ဇီမင်းတို့၏အစွန်ခံလ ်ခြင်းကို တားမြစ်ခြင်းငှာ သူရဲသူခက်တို့နှင့်တကွ လာ၍ လုံခြုံစွာသော မြို့ကို ဖန်ဆင်းစီရင်ခိုက် ကြုံသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စီရင်ရာဝယ် များစွာသော ဘုမ္မစိုးနတ်တို့သည် မိမိနေရာမှပြောင်း၍ သင့်တင့်သောဒေသ၌ နေကြကုန်၏။ တန်ခိုးကြီးသော နတ်၏နေရာ၌ မင်း, မင်း၏အမတ် စသောသူတို့၏နေရာကို သတ်မှတ်၏။ အလတ်သော တန်ခိုးရှိကုန်သော နတ်တို့၏နေရာ၌ သူဌေး, သူကြွယ်တို့၏အိမ်ရာကို သတ်မှတ်၏။ တန်ခိုးငယ်သော နတ်တို့၏နေရာ၌ သူဆင်းရဲ, ကုန်သည်တို့၏အိမ်ရာကို သတ်မှတ်၏။

ဘုရားသခင်လည်း ထိုအကြောင်းကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၍ အရှင်အာနန္ဒာကို ခေါ်ပြီးသော် "ချစ်သား အာနန္ဒာ။ ဤပါဋလိရွာ၌ အဘယ်သူတို့လာ၍ မြို့ ဖန်ဆင်းသနည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား။ ရာဇဂြိုဟ်ပြည်မှ အဇာတသတ်မင်း၏အမတ်ကြီးဖြစ်သော သုနိဓပုဏ္ဏား, ဝဿကာရပုဏ္ဏားတို့သည် ဖန်ဆင်းလာပါသည်"ဟု နားတော်လျှောက်လေသော်၊ "ချစ်သား အာနန္ဒာ။ ဤပါဋလိမြို့သည် ယခုအခါမှစ၍ နောက်သောအခါ အရပ်ရှစ်မျက်နှာမှလာကုန်သော ကုန်သည်အပေါင်းတို့၏ ရောင်းဝယ်ရာ, ဥစ္စာထုပ်ကိုဖြည်ရာ, သာသနာတည်ရာ, အရိယာသူတော်ကောင်းတို့၏ ကိန်းအောင်းမှီခိုရာ 'ပါဋလိပုတ်' အမည်ရှိသော မင်းနေပြည်ကြီးသည် ဖြစ်လတ္တံ့."ဟု ဗျာဒိတ်စကားကို ကြားတော်မူ၏။

မိုးသောက်သောအခါ ဂင်္ဂါမြစ်နားသို့ သွားတော်မူ၏။ ကိုယ်တော်ကို ငြိမ်းချမ်းလျက်ဆွမ်းခံအံ့သောအခါကို ငံ့လင့်တော်မူ၍ နေ၏။

သုနိဓ, ဝဿကာရ ပုဏ္ဏားတို့ကလည်း 'ငါတို့အရှင်မင်းကြီး၏ ဆရာဖြစ်သော အရှင်ဂေါတမသည် ယခု ကြွတော်မူလာပေသည်။ ငါတို့မင်းလည်း အလွန်ကြည်ညို ရှိသေသည်။ "သင်တို့၏ မြို့အစီအရင်ကို အရှင်ဂေါတမအား တိုင်ပင်၏လော"ဟု မေးသည်ရှိသော်၊ "မတိုင်ပင်"ဟု ဆိုငြားအံ့။ ငါတို့အား မင်းကြီး အပြစ်တင်ရာသည်။ အရှင်ဂေါတမ ရောက်ရာဌာန၌ ယုတ်ညံ့သောသတ္တဝါတို့သည် ဖဲခွာရပေကုန်သည်။ ထို့ကြောင့် ငါတို့ မြို့စီရင်ရာ၌ မင်္ဂလာကြီး ဖြစ်စိမ့်သောငှာ မြတ်စွာဘုရားကိုပင့်၍ ဆွမ်း လုပ်ကျွေးကုန်အံ့။ တရားတော်ကို နာကုန်အံ့'ဟု ကြံပြီးလျှင်၊ ဘုရားသခင် တည်းတော်မူရာဇရပ်သို့ ကပ်လေ၍ မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဘုရားသခင်နှင့်တကွသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၏။

ပြီးစီးသောအခါ သင့်ရာဒေသ၌ နေကြကုန်သော် ကိုယ်တော်မြတ်လည်း လျောက်ပတ်သောတရားစကားဖြင့် ဟောကြားပြသတော်မူလိုသည် ဖြစ်၍-

'ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။

သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစရိယေ။

ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။

တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။

တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။

ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ-' ဟူသောဂါထာတို့ကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



အနက်ကား –သုနိဓ ဝဿကာရာ၊ သုနိဓပုဏ္ဏား, ဝဿကာရ ပုဏ္ဏားတို့။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ပဏ္ဍိတဇာတိယော၊ ပညာရှိသောအမျိုးသားသည်။ ဝါသံ၊ နေရာထိုင်ခင်း ပြုလုပ်ခြင်းကို။ ကပ္ပေတိ၊ ပြုလို၏။ ဧတ္ထ၊ ဤပြုရာအရပ်၌။ သညတေ၊ ကိုယ်, နှုတ်, နှလုံးကို စောင့်တတ်ကုန်သော။ ဗြဟ္မစရိယေ၊ မြတ်သောအကျင့်ကို ကျင့်ကုန်သော။ သီလဝန္တေ၊ သီလ သမာဓိ ရှိသောရဟန်းတို့ကို။ ဘောဇေတွာ၊ ဆွမ်းကျွေး၍–

ယတ္ထ၊ အကြင်အရပ်၌။ ယာ ဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ တာသံ၊ ထိုနတ်တို့အား။ ဒက္ခိဏံ၊ အလှူ၏ အဖို့ကို၊ အာဒိသေ၊ ရည်မှတ်၍ ပေးဝေရာ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ပူဇိတာ၊ ပူဇော်အပ်ကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ နံ၊ ထိုပူဇော်သူကို။ ပူဇယန္တိ၊ ပူဇော်ကုန်၏။ မာနိတာ၊ မြတ်နိုးအပ်ကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ နံ၊ ထိုမြတ်နိုးသူကို။ မာနယန္တိ၊ မြတ်နိုးကုန်၏။

တတော တသ္မာ ကာရဏာ၊ ထိုသို့ အမျှပေးဝေခြင်းတည်းဟူသော အကြောင်းကြောင့်။ နံ၊ ထိုသူကို။မာတာ၊ အမိသည်။ ဩရသံ၊ ရင်၌ဖြစ်သော။ ပုတ္တံ၊ သားကို။ အနုကမ္ပတိ ဣဝ၊ အစဉ် စောင့်ဘိသကဲ့သို့။ အနုကမ္ပန္တိ၊ အစဉ် စောင့်ကုန်၏။ ဒေဝတာနုကမ္ပိတော၊ နတ်တို့သည် အစဉ်စောင့်အပ်သော။ ပေါသော၊ သတ္တဝါသည်။ သဒါ၊ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းမြတ်သော အာရုံတို့ကို။ ပဿတိ၊ မြင်ရ၏။ တသ္မာ၊ ထို့ကြောင့်။ တာသံ၊ ထိုနတ်တို့အား။ အာဒိသေ၊ အမျှပေးဝေရာ၏။

ယင်းသို့ တရားဟောကြားပြီးသော် သံဃာတော်အပေါင်းနှင့်တကွ ကြွသွားတော်မူ၏။ သုနိဓ, ဝဿကာရ ပုဏ္ဏားတို့သည်လည်း ဦးဖျားစွာ မင်္ဂလာနိမိတ်ကိုယူခြင်းငှာ နောက်တော်မှလိုက်လာ၏။ ဘုရားသခင်လည်း အကြင်တံခါးဖြင့် ထွက်၏။ “ထိုတံခါးကို ‘ဂေါတမ တံခါး’တွင်စေ”ဟု သမိုက်၏။ ဂင်္ဂါမြစ်သို့ ရောက်သောအခါ အကြင်ဆိပ်ဖြင့် ကူး၏။ “ထိုဆိပ်ကို ‘ဂေါတမဆိပ်’တွင်စေ”ဟု သမိုက်၏။

ထိုအခါ ဂင်္ဂါမြစ်သည် ကမ်းနားမှနေ၍ ကျီးသောက်လောက်အောင် ရေပြည့်သောအခါဖြစ်ရကား လူအချို့တို့သည် ပို့ခြင်းငှာ လှေရှာကြ၏။ အချို့ကား ဝါးဖောင်, သစ်ဖောင်စသည်တို့ကို ဖွဲ့ကြကုန်၏။ ထိုသို့ဖွဲ့စဉ်ပင် ဘုရားသခင်လည်း အားရှိသောယောကျာ်းသည် ကွေး၍ထားသောလက်ကို ဆန့်သကဲ့သို့ တန်ခိုးတော်အားဖြင့် တစ်ခဏချင်း ဟိုမှာဘက်ကမ်းသို့ ရဟန်းအပေါင်းနှင့်တကွ ကြွရောက်တော်မူလေ၏။

လှေဖောင်ရှာသော ဒါယကာတို့မြင်၍ ရှင်လန်းစွာ အံ့အာသရဲဖြစ်သည်တွင် ဘုရားသခင်လည်း ဤသို့သောဥဒါန်းစကားကို ကျူးရင့်တော်မူ၏။

‘ယေ တရန္တိ အဏ္ဏဝံ သရံ၊ သေတုံ ကတွာန ဝိသဇ္ဇ ပလ္လလာနိ။
ကုလ္လံ ဟိ ဇနော ဗန္ဓတိ၊ တိဏ္ဏာ မေဓာဝိနော ဇနာ။’

အနက်ကား – ယေ အရိယပုဂ္ဂလာ၊ အကြင် အရိယာပုဂ္ဂိုလ်တို့သည်။ အဏ္ဏဝံ၊ သမုဒ္ဒရာနှင့်တူသော။ သရံ၊ တဏှာမြစ်ကို။ တရန္တိ၊ ကူးကုန်၏။ တေ အရိယပုဂ္ဂလာ၊ ထိုအရိယာပုဂ္ဂိုလ်တို့သည်။ သေတုံ၊ အရိယာမဂ်တည်းဟူသော တံတားကို။ ဝါ၊ ဖောင်ကို။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တာ၊ ဖွဲ့သည်ကိုပြု၍။ ပလ္လလာနိ၊ ညွန့်ပျောင်းတို့ကို။ ဝိဿဇ္ဇ၊ စွန့်၍။ တရန္တိ၊ ကူးကုန်၏။ ဟိသစ္စ၊ မှန်၏။ နဒိံ၊ မြစ်ကို။ တရိတုကာမော၊ ကူးလိုသော။ ဇနော၊ လူများသည်။ ကုလ္လံ၊ သစ်ဖောင်, ဝါးဖောင်ကို။ ဗန္ဓတိ၊ ဖွဲ့၏။ မေဓာဝိနော၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် ပြည့်စုံကုန်သော။ ဇနာ၊ အရိယာဖြစ်သော သူတို့သည်။ ကုလ္လေန၊ လှေဖောင်နှင့်။ ဝိနာယေဝ၊ ကင်း၍သာလျှင်။ တိဏ္ဏာ၊ ကူးမြောက်နိုင်ကုန်၏။

ဤဂင်္ဂါမြစ်ဆိပ်မှ ကြွတော်မူလေ၍ 'ကောဋိဂါမ'သို့ ရောက်တော်မူလေသည်။ ထိုမှသည် နာဋိကအရပ်သို့၊ ထိုမှသည် ဝေသာလီပြည်သို့ ကြွတော်မူ၍ 'အမ္ဗပါလိကာ'မည်သော ပြည့်တန်ဆာမ၏ သရက်ဥယျာဉ်၌ နေတော်မူ၏။

ပြည့်တန်ဆာမလည်း ဘုရားကြွရောက်ကြောင်းကိုကြားလျှင် အားရဝမ်းသာ ပူဇော်ရာဝတ္ထုတို့ကိုပြင်လျက်၊ မြင်းက,သော ရထားယာဉ်စီးလျက် ဥယျာဉ်သို့ ထွက်လာ၏။ ဘုရားသခင်ကို မဖူးမြင်ရသည်တိုင်အောင် ရထားဖြင့်လာ၍ မြင်သောကာလ ရထားမှသက်ပြီးလျှင် ခြေဖြင့်သာလာ၍ မြတ်စွာဘုရားအထံသို့ရောက်သော် ကိုယ်တော်ကိုရှိခိုးလျက် မြတ်နိုးရိုသေစွာနေ၏။ ဘုရားသခင်လည်း အစဉ်သောတရားစကားဖြင့် ဟောကြားတော်မူ၏။ အမ္ဗပါလိကာလည်း တရားနာပြီးသော် သံဃာတော်တို့နှင့်တကွ ကိုယ်တော်မြတ်အား ဆွမ်းဖိတ်၍ ပြန်ခဲ့၏။

လိစ္ဆဝီမင်းသားတို့လည်း ဘုရားကြွလာကြောင်းကို ကြားသော် မြင်းရထားစီးကုန်လျက် ပြည်မှ ထွက်လာကြ၏။ ထိုမင်းတို့တွင် အချို့ကား ညိုသောအဝတ်တန်ဆာ ဒြဒြာကို ဆင်ယင်ကုန်လျက်၊ အချို့ကား ရွှေသောအဝတ်တန်ဆာ ဒြဒြာကို ဆင်ယင်ကုန်လျက်၊ အချို့ကား ဖြူသောရင်လွှမ်းပန်းခက် ဘယက်တန်ဆာဒြဒြာတို့ကို ဆင်ယင်ကုန်လျက် ထွက်လာကုန်ရကား စစ်သဘင်ကျင်းပရာသို့ ထွက်သောနတ်သားကဲ့သို့ ထူးခြားရှုဖွယ် လွန်တင့်တယ်သော မင်း၏ အသရေသည် ဖြစ်၏။

အမ္ဗပါလိကာပြည့်တန်ဆာမလည်း ငယ်သောလိစ္ဆဝီမင်းတို့၏ ရထားစွန်းကို မိမိရထားစွန်းဖြင့် တိုးဝှေ့ထိခိုက်စေ၍လာ၏။ ထိုအခါ လိစ္ဆဝီမင်းတို့က "ဟယ်၊ အယုတ်မ။ အဘယ်ကြောင့် မင်းသားငယ်တို့၏ရထားစွန်းကို သင်၏ရထားစွန်းနှင့် ထိစေဘိသနည်း။ သင်၏ အဖက်မှတ်သလော"ဟု ဆို၏။ အမ္ဗပါလိကာလည်း "အရှင့်သားတို့။ ဘုရားသခင်ကို နက်ဖြန် အကျွန်ုပ် ဆွမ်းကျွေးခွင့်ရသောကြောင့် မင်းသားတို့ကို ရှောင်ရှားရမည် သတိမရပြီ"ဟု ဆို၏။

ထိုစကားကိုကြားသော် မင်းသားတို့ကလည်း "ဟယ်- အမ္ဗပါလိကာ။ သင်ဖိတ်ခဲ့သော ဆွမ်းကို ငါတို့အား အသပြာတစ်ထောင်နှင့် ရောင်းပါဦးလော့"ဟု ဆိုကြ၏။ "အရှင့်သားတို့။ အကျွန်ုပ်ကား ဇနပုဒ်နိဂုံး အလုံးစုံအရံနှင့်တကွသော ဝေသာလီပြည်ကိုပေးသော်လည်း ကျွန်ုပ် မရောင်းပြီ"ဟု ဆို၏။ ထိုစကားကိုကြားသော် လိစ္ဆဝီမင်းသားတို့လည်း "အချင်းတို့။ အမ္ဗပါလိကာ ပြည့်တန်ဆာမသည် ငါတို့ကိုအောင်လေစွ။ ငါတို့ထက် များစွာလိမ္မာရာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လေစွ"ဟု အံ့သြပြောပ၍ ဘုရားရှိရာသို့လာကြသော်၊ ကိုယ်တော်မြတ်လည်း လိစ္ဆဝီမင်းတို့ကို အဝေးကမြင်လျှင် သံဃာတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့။ တာဝတိံသာနတ်ပရိသတ်တို့ကို မမြင်ဘူးကုန်သောရဟန်းတို့သည် ထိုလိစ္ဆဝီမင်းပရိသတ်ကို ကြည့်ကြကုန်လော့။ ဤမင်းတို့သည် တာဝတိံသာနတ်တို့နှင့် အလားတူပေစွ"ဟု ချီးပ၍ မိန့်တော်မူ၏။

[ဘုရားမြတ်စွာသည် အရာမကသော သုတ်ဖြင့် ရူပါရုံကို မခင်မင်ထိုက်ကြောင်းဖြင့် ဟောတော်မူလျက် ဤအခါဝယ် ...ယ်ကြောင့် ရူပါရုံ၌ သုဘနိမိတ်ကို ယူစေသနည်းဟူမူကား ရဟန်းတို့အကျိုးစီးပွား များမည်ကိုရည်၍ ယူစေသတည်း။ ရဟန်းပရိသတ်တွင် အချို့သောရဟန်းတို့သည် နည်းသောလုံ့လပညာ ရှိကုန်၏။ ထိုရဟန်းတို့အား နတ်စည်းစိမ်ဖြင့် ဖြားယောင်း၍ ကမ္မဋ္ဌာန်းကို ပြုခြင်းငှာ လည်းကောင်း၊ ထိုမင်းတို့သည် မမြင့်မီ အဇာတသတ်မင်း၏လက်တွင်းသို့ရောက်၍ ပျက်စီးကုန်လတ္တံ့။ ထိုအခါ ရဟန်းတို့သည် 'ရှေးအခါက တာဝတိံသာ နတ်အလားကဲ့သို့ခံစားရသော မင်းတို့သည်လျှင် ပျက်စီးခြင်းသို့ ရောက်ချေသေး၏။ ဘုန်းတန်ခိုးငယ်သော ငါတို့သည်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း'ဟု ဓမ္မသံဝေဂ ဖြစ်စိမ့်သောငှာ လည်းကောင်း ရူပါရုံ၌ သုဘနိမိတ်ကို ယူစေသတည်း။]

လိစ္ဆဝီမင်းတို့သည် ဥယျာဉ်သို့ဝင်သောအခါ ခြေဖြင့်သာလျှင် ဘုရားရှိရာသို့ ကပ်လေ၍ ရှိသေစွာရှိခိုးပြီးသော် တရားစကားတော်ကို နာကြ၏။ ပြီးဆုံးသော် ကိုယ်တော်မြတ် လည်း "အမ္ဗပါလိကာသည် ဦးစွာပင်ပင့်ဖိတ်လေပြီ"ဟု မိန့်တော်မူ၏။ လိစ္ဆဝီမင်းတို့လည်း "အမ္ဗပါလိကာသည် ငါတို့ကို အောင်လေစွ"ဟု လက်ဖျားခါ၍ ချီးပပြီးလျှင် ဘုရားသခင်ကို ရှိခိုးလျက် လက်ယာရစ် သုံးပတ်လည်၍ ပြန်ခဲ့ကုန်၏။

နံနက်သောအခါ အမ္ဗပါလိကာလည်း သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီးသော် တည်းခိုတော်မူသောဥယျာဉ်ကို ရေစက်သွန်း၍ ဘုရားသခင်အား လှူ၏။ ဘုရားသခင်လည်း ထိုဥယျာဉ်၌ နေတော်မူ၍ များစွာသောဝေနေယျတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူကာ ချမ်းသာရာ၍ မွေ့လျော်သမျှကာလပတ်လုံး သီတင်းသုံးခဲ့၍ တစ်ဖန် ဒေသစာရီ ကြွချီတော်မူပြန်သဖြင့် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏။

**ဗိန္ဒုဋ္ဌပကာသနီကျမ်း 'အဋ္ဌမပိုင်း' ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com


# ဝိနဋ္ဌပကာသနီကျမ်း

## နဝမပိုင်း

www.burmeseclassic.com

www.burmeseclassic.com





မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com

# ဝိနတ္ထပကာသနီကျမ်း

## နဝမပိုင်း

www.burmeseclassic.com



မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဓိနယ္သပကာသနိကျမ်း
## နဝမပိုင်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ။၈၅။ ဝေဠုဝရွာ၌ ဝါကပ်တော်မူခြင်း

လောကသုံးရွာ၌ သတ္တဝါတို့၏ ပညာစက္ခုကို ပြုပေတတ်သော မြတ်စွာဘုရားသည် သက်တော် ခုနစ်ဆယ့်ကိုး ,ဝါတော် လေးဆယ့်လေးဝါ ပြည့်တော်မူ၍ ပရိနိဗ္ဗာန်စံချိန် နီးသော အခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှသည် ဝေသာလီပြည်သို့ ဒေသစာရီကြွချီတော်မူ၍၊ ထိုပြည်၌ မွေ့လျော်သမျှနေပြီးသော် ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်၏အကြား ဂင်္ဂါမြစ်နား၌ တည်သော ဝေဠုဝရွာသို့ ကြွတော်မူ၏။ ထိုရွာသားတို့လည်း ဘုရားကြွလာသည်ကိုမြင်လျှင် ရွှင်လန်းဝမ်းမြောက် ကျောင်းကန်ဆောက်၍ ပင့်လျှောက်ကြသည်နှင့် ထိုဝေဠုဝရွာတွင် ဝါကပ်တော်မူ၏။

ကိုယ်တော်နှင့်အတူပါသော ရဟန်းများကိုလည်း "ချစ်သားတို့။ သင်တို့သည် ငါနှင့်မဝေးမနီး ဝေသာလီပြည်ကြီးကိုမှီ၍သာ သင့်တင်ရာ၌ ကပ်ကြလေကုန်လော့"ဟု လွှတ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



[အဘယ့်ကြောင့် လွတ်တော်မူသနည်း ဟူမူကား ဝေဠုဝရွာသည် ငယ်သည်ဖြစ်၍ ကျောင်းလည်း မလောက်, ဆွမ်းလည်း မလောက် ရဟန်းတို့ ပင်ပန်းရာသောအကြောင်း ရှိသည်ဖြစ်၍ ချမ်းသာစွာနေစိမ့်သောငှာ လွတ်တော်မူသည်။ အဝေးမြို့ရွာသို့ကား အဘယ့်ကြောင့် မလွှတ်သနည်းဟူမူကား ဘုရားသခင်သည် ဤသို့ အကြံတော်ဖြစ်၏။ 'ငါသည် ဤလမှ နောက်ဆယ်လမြောက်၌ ပရိနိဗ္ဗာန် စံလတ္တံ့။ ထိုကာလ ရဟန်းတို့မဖူးမြင်ရမူ သံဝေဂ ကြီးစွာဖြစ်လတ္တံ့။ ဤဝေသာလီပြည်၌သာ နေရပါမူကား တစ်လ ရစ်ကြိမ်လာ၍ တရားတော် ကိုနာကြသဖြင့် အယူကို သိကုန်လတ္တံ့.'ဟု ကြံတော်မူ၍ အဝေးသို့ မလွှတ်သတည်း။]

ယင်းသို့ ဝေဠုဝရွာ၌ ဝါကပ်တော်မူသောအခါ မြတ်စွာဘုရား၌ ကြမ်းတမ်းပြင်းပြစွာ သွေးသွန်လှသော ရောဂါအနာသည် ဖြစ်၏။ သို့ဖြစ်ဘိသော်လည်း သတိသမ္ပဇဉ် အမြဲယှဉ်လျက် ငြိုငြင်ဆင်းရဲခြင်းမရှိဘဲ ပကတိ သည်းခံတော်မူ၏။ ထို သွန်သောသွေးအညစ်အကြေးကိုလည်း သိကြားမင်းသည် ရတနာပန်းတောင်းဖြင့်ခံ၍ သမုဒ္ဒရာ၌ သွန်ပေ၏။

ဘုရားသခင်လည်း ဤသို့ ကြံတော်မူ၏။ 'ငါသည် တပည့်သံဃာတို့ကို မခေါ်မပန် ဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှာ မလျောက်ပတ်ချေ။ ဝေဒနာရောဂါကို သမာပတ်အဟုန်ဖြင့် ဖျောက်၍ ဇီဝိတိန္ဒြေကို ကောင်းစွာတည်စေဦးအံ့'ဟု ကြံလျက် ခုနစ်တန်သော ဗောဇ္ဈင်တရားတို့ကိုလည်း ပွားစေတော်မူ၏။ ရူပသတ္တက,အရူပသတ္တကတို့ကိုလည်း အထွေးအယှက်မရှိစေဘဲ တစ်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ဝိပဿနာရှု၍ သမာပတ်ကို ဝင်စားတော်မူ၏။ ထိုအခါမှ စ၍ဝေဒနာရောဂါသည် ငြိမ်းလေ၏။

['ရှေးရှေးသောကာလ၌လည်း ဖလသမာပတ်ကို ဝင်စားသည် မဟုတ်လော'ဟူငြားအံ့။ ဝင်စား၏။ ဝင်စားသော်လည်း ကာလပရိစ္ဆေဒဖြင့် ခဏိကသမာပတ်ကိုသာ ဝင်စားရကား သမာပတ်၏အတွင်း၌သာ ရောဂါ ကွာသည်။ သမာပတ်မှထသောအခါ ရောဂါ လွှမ်းမြဲ လွှမ်းပြန်လေသည်။ ဥပမာကား ထူထပ်သော ရေညှိမှော်စုထဲ၌ ခဲ,လှင်ကန်ကို ချဘိသကဲ့သို့ တည်း။ မဟာဝိပဿနာဖြင့် သမာပတ်ဝင်စားသောအခါ၌ အားရှိသောယောကျ်ားသည် မှော်ရေညှိကို ပယ်ရှားသဖြင့် ကာလရှည်လျားစွာ ကွာဘိသကဲ့သို့ ပကတိ ဝေးကွာတော်မူ၏။]

ဘုရားသခင်လည်း ထိုအနာမှ ထမြောက်တော်မူသော် ကျောင်းတော်မှသက်၍ အနောက်ဘက်ကျောင်းရိပ်၌ ခင်းအပ်သောနေရာထက် နေတော်မူ၏။

ထိုသို့နေစဉ် အရှင်အာနန္ဒာသည် ရှိသေစွာရှိခိုးလျက် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်မြတ်သည် ကျန်းခံ့သာယာ အနာမှထမြောက် ခြင်းကို တပည့်တော် မြင်ရပေပြီ။ အရှင်ဘုရား၏ လေးလံပင်ပန်းခြင်းကို မြင်ရသဖြင့် တပည့်တော်ကိုယ် ပင်ပန်းသကဲ့သို့ ရှိပါသည်။ ကိုယ်တော်မြတ်သည် ပြင်းပြစွာ ဝေဒနာ ခံရခြင်းကြောင့် တပည့်တော်အား အရပ်မျက်နှာတို့သည် မထင်မြင်နိုင် ရှိပါသည်။ သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသော တရားတို့သည်လည်း မထင်နိုင် ရှိပါသည်။ စင်စစ်သော်ကား ထွက်သက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်သက်ကိုမျှ ကျွန်ုပ် ကောင်းစွာမသယ်နိုင် ရှိပါသည်။ အရှင်ဘုရား တရားတော်ကို ဟောနိုင်သမျှသောကာလပတ်လုံး ရှေ့ပြည်နိဗ္ဗာန် မစံသည်ကိုသာ မြင်လိုကြပါသည်"ဟု လျှောက်၏။

ဘုရားသခင်လည်း "ချစ်သားအာနန္ဒာ။ ငါဘုရားအား အဘယ့်ကြောင့် ဤမျှလောက် တောင့်တဘိသနည်း။ သတ္တဝါတို့ အကျိုးစီးပွားများအံ့သော အကြောင်းတရားကို ငါဘုရားသည် အတွင်း၌ လည်းကောင်း, အပ၌ လည်းကောင်း အကြွင်းမထားမူ၍ ငါ ဟောတော်မူအပ်ပြီ။ သုတ် အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းတရားတော်ကို လည်းကောင်း ငါ ထားတော်မူအပ်ပြီ။ ချစ်သားအာနန္ဒာ။ ငါဘုရားသည် ရှည်လျားသောအခွန့်သို့ ရောက်ပြီ။ အိုမင်းရင့်ရော်မှည့်ပျော်သောအရွယ်သို့ တိုင်ပြီ။ ဘုရားတကာတို့ တည်မြဲမွေတာဖြစ်သော အာယုကပ်ကို ငါးစုပြု၍ လေးစုကုန်လျက် သက်တော်ရှစ်ဆယ် ပြည့်ပြီ။ လှပတင့်တယ်စွာ စီရင်အပ်သော လှည်းသည် အိုမင်းဟောင်းနွမ်း ဆွေးမြည့်သောအခါကာလ စီးကြခြင်းငှာ လည်းကောင်း, ဝန်တင်ခြင်းငှာ လည်းကောင်း မလျှောက်ပတ်သကဲ့သို့ ထို့အတူ ငါ၏ရူပကာယတော်သည် အိုမင်း၍ ယိုယွင်းပျက်စီးချေပြီ။

"ချစ်သားအာနန္ဒာ။ အကြင်အခါ၌ ငါဘုရားသည် အလုံးစုံသော အာရုံခြောက်ပါးကို မလိုက်စားမူ၍ သင်္ခါရတို့ကို အာရုံပြုသော, အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော သမာဓိကို ဖြစ်စေ၍ နေတော်မူ၏။ ထိုအခါ ငါ၏ကိုယ်တော်သည် အထူးသဖြင့် ချမ်းသာ၏။ တို့ကြောင့် ငါ၏သာသနာ၌တည်သော သင်တို့သည်လည်း မိမိကိုယ်ကိုသာ မှီရာပြု၍ နေကုန်လော့။ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ အစရှိသော ကိလေသာတို့ကို ဖျောက်၍ ရူပကာယ၌ ဆံ အစရှိသော ကောဋ္ဌာသအပေါင်းကို အဖန်တလဲလဲရှုသည်ဖြစ်၍ နေကြကုန်လော့"။

ဤသို့ အစရှိသော တရားစကားကို ဟောကြား ဆုံးမတော်မူ၏။

## ။၈၆။ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

ဘုရားသခင်လည်း ဝေဠုဝရွာ၌ ဝါမှထပြီးသော် 'သာဝတ္ထိပြည်သို့ ကြွတော်မူအံ့'ဟူ၍ လာသောခရီးဖြင့် ပြန်တော်မူလျက် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၍ ဇေတဝန်ကျောင်းသို့ ဝင်တော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအားဝတ်ပြု၍ ဆွမ်းခံရာမှ ဖဲခဲ့ပြီးသော် နေ့သန့်တော်မူမြဲဖြစ်သောအရပ်၌ သမာပတ် ဝင်စားတော်မူ၏။

ထိုသမာပတ်မှ ထပြီးသော် ဤသို့အကြံတော်ဖြစ်၏။ 'ဘုရားသခင်တို့သည်တည်း ရှေးဦးစွာ နိဗ္ဗာန်ဝင်ကုန်သလော။ အဂ္ဂသာဝကတို့သည်တည်း ရှေးဦးစွာ နိဗ္ဗာန်ဝင်ကုန်သလော' ဟု အကြံတော် ဖြစ်၏။ ထိုအခါ အဂ္ဂသာဝကတို့သည် ရှေးဦးစွာ နိဗ္ဗာန်ဝင်မြဲဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သိ၍၊ မိမိ၏အာယုသင်္ခါရကို ဆင်ခြင်သော် 'ခုနစ်ရက်အတွင်း၌သာလျှင် ငါ၏ အာယုသင်္ခါရ သည် ဖြစ်လတ္တံ့.'ဟု သိရ၍၊ 'အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုရအံ့နည်း'ဟု ကြံပြန်သော်–

'ဘုရားသခင်တပည့်တော်ကြီးဖြစ်သော အရှင်ကောဏ္ဍညသည်လည်း ဟိမဝန္တာတော မန္ဒာကိနီအိုင်၏အနီး၌ ပရိနိဗ္ဗာန်ပြုလေ၏။ သားတော် ရာဟုလာသည်လည်း တာဝတိံသာနတ် ပြည်၌ ပရိနိဗ္ဗာန်ပြု၏။ ငါမူကား အရပ်တစ်ပါး၌ ပရိနိဗ္ဗာန်ပြု၍မသင့်ချေ။ ငါ၏မယ်တော်သည် သား လေးယောက်,သမီး သုံးယောက်အားဖြင့် ခုနစ်ပါးသောရဟန္တာတို့၏ အမိဖြစ်လျက် ဘုရား, တရား, သံဃာတို့၌ မကြည်ညို။ ထို ငါ့မယ်တော်ကား 'ဤဘဝ၌ မဂ်ဖိုလ်ရအံ့သော အကြောင်း ရှိပါသလော'ဟု တွေးတောဆင်ခြင်ပြန်သော် သောတာပတ္တိဖိုလ်၌ ဥပနိဿယကိုမြင်သဖြင့် ငါ့မိခင်အား ငါမှတစ်ပါး အမြိုက်တရားကို ပေးအံ့သောသူ မရှိပြီ။ ဤကိစ္စ၌ ငါ ကြောင့်ကြမဲ့ ဖြစ်ချေအံ့။ 'အရှင်သာရိပုတ္တရာသည် တစ်ပါးသောသတ္တဝါတို့၏ ကိုးကွယ်ရာသာ ဖြစ်နိုင်၏။ မယ်တော်၏ မှားသောအယူဝါဒကို ပယ်ချခြင်းငှာ မတတ်နိုင်ပါ'ဟု အများဆိုရာဖြစ်ပေလတ္တံ့။ ထို့ကြောင့်မယ်တော်၏ မိစ္ဆာဝါဒကို ကင်းစိမ့်သောငှာ ငါဖွားရာတိုက်ခန်း၌ပင် ပရိနိဗ္ဗာန် ပြုအံ့'ဟု ကြံစည်ဆုံးဖြတ်၍၊ 'ယနေ့ပင်လျှင် ဘုရားသခင်ကို ခွင့်တောင်း၍ ထွက်တော့အံ့'ဟု နှလုံးပြုလျက်၊ ညီတော်စုန္ဒကို ခေါ်၍ "ငါ့ရှင်စုန္ဒ။ မိဘတို့ရွာသို့ သွားကြကုန်အံ့။ ရဟန်းငါးရာ တို့အား အမှတ်သညာကို ပေးလော့"ဟု ဆို၏။

ထို အရှင်စုန္ဒလည်း အရှင်သာရိပုတ္တရာ၏ တပည့်ငါးရာတို့အား "အရှင်တို့။ သပိတ် သင်္ကန်းတို့ကိုဆောင်၍ လာလတ်ကုန်လော့။ အရှင်သာရိပုတ္တရာသည် နာဠကရွာသို့ ကြွတော်မူလို၏"ဟု ကြားပေ၏။ ငါးရာသော ရဟန်းတို့လည်း သပိတ်, သင်္ကန်းပြင်ဆင်လျက် အရှင်သာရိပုတ္တရာ၏ထံသို့ ကပ်ကြကုန်၏။

အရှင်သာရိပုတ္တရာလည်း ထိုရဟန်းငါးရာခြံရံလျက် ဘုရားရှင်ထံသို့ကပ်ပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တပည့်တော်အား ခွင့်ပြုတော်မူပါ။ တပည့်တော်သည် အာယုသင်္ခါရ လွှတ်ချိန်တန်ပါပြီ"ဟု လျှောက်၏။

ဘုရားသခင်လည်း 'သင် ပရိနိဗ္ဗာန် ပြုချေတော့'ဟု မိန့်တော်မူချေသော်၊ သေခြင်း၏ ကျေးဇူးကို ချီးကျူးတိုက်တွန်းရာ ကျချိမ့်မည်။ 'ပရိနိဗ္ဗာန် မပြုလင့်'ဟု မိန့်တော်မူလျှင်လည်း 'အမြိုက်တရားကို ပိတ်ပင်ရာကျချိမ့်မည်'ဟု နှလုံးပြု၍၊ ထိုစကားနှစ်ပါးကို မိန့်တော်မမူဘဲ "ချစ်သား သာရိပုတ္တရာ။ သင် အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုအံ့နည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား။ မဂဓရဇ်တိုင်း နာဠကရွာ၌ ကျွန်ုပ်ကိုဖွားရာဖြစ်သော တိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုပါ အံ့"ဟု လျှောက်လေလျှင်၊ ဘုရားသခင်ကလည်း "ချစ်သား သာရိပုတ္တရာ။ သင်၏ ပရိနိဗ္ဗာန် ဝင်ရာကို သင်သာ သိနိုင်သည်။သင်၏ တပည့်ကြီးတပည့်ငယ်တို့သည် သင်ကဲ့သို့သော ဆရာကို ဖူးမြင်ရခြင်းငှာ လည်းကောင်း၊ ဆည်းကပ်ရခြင်းငှာ လည်းကောင်း အလွန်ရခဲ၏။ ထို့ကြောင့် တရားဟောဦးလော့"ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှင်သာရိပုတ္တရာလည်း 'မြတ်စွာဘုရားသည် ငါ၏ တန်ခိုးဖန်ဆင်းခြင်းလျှင် ပဓာနရှိသော တရားဒေသနာကို အလိုတော်ရှိချေသည်'ဟု သိ၍၊ ဘုရားသခင်ကို ရှိခိုးလျက် ထန်းတစ်ဆင့်မျှသော ကောင်းကင်သို့တက်၍ မြေသို့သက်ပြန်ပြီးလျှင် ဘုရားရှင်၏ခြေတော်ကို ဦးဖြင့်တိုက်၍၊ တစ်ဖန် ထန်းနှစ်ဆင့်မျှသောကောင်းကင်သို့ တက်ပြန်၍ တစ်ဖန် မြေသို့သက်ပြန်ပြီးလျှင် ဘုရားရှင်၏ခြေတော်ကို ဦးတိုက်၍၊ ဤသို့တစ်ကြိမ်ထက် တစ်ကြိမ်လွန်ကာ ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်ထက်သို့ပြန်တက်၍ ကောင်းကင်ထက်၌တည်လျက် အထူးထူးသော တန်ခိုးဖန်ဆင်းခြင်းကိုပြ၍ လူရဟန်းအပေါင်းတို့အား တရားဟောပြလေ၏။ ထိုအခါ သာဝတ္ထိပြည်အလုံးသည် ရှန်းရှင်းခတ်မျှ စည်းဝေးကြ၏။

အရှင်သာရိပုတ္တရာလည်း ကောင်းကင်မှသက်ဆင်း၍ ဘုရားခြေတော်ရင်း၌ ဦးတိုက်ပြီးလျှင် "အရှင်ဘုရား။ တပည့်တော် သွားပါတော့အံ့"ဟု လျှောက်၏။ မြတ်စွာဘုရားလည်း နေတော်မူရာမှထ၍ ဂန္ဓကုဋိတိုက်၏အပါး ပတ္တမြားစီသော အင်းပျဉ်ထက်၌ ရပ်တော်မူ၏။

အရှင်သာရိပုတ္တရာလည်း လက်ယာရစ် သုံးကြိမ်လည်၍ ရှိခိုးပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤကမ္ဘာမှ ပြန်၍ရေသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၏အထက်၌ အနောမဒဿီ ဘုရားသခင်၏စက်ပြင်တော်ရင်း၌ ဝပ်၍ ကိုယ်တော်မြတ်ကို ဖူးမြင်ရကြောင်းဖြင့် တပည့်တော် ဆုတောင်းခဲ့ဖူးပါသည်။ တောင်းသောဆုသည် ယခုပြည့်ဝ၍ အရှင်မြတ်ကို ဖူးမြင်ရပေပြီ။ တရားရသကိုလည်း သောက်ရပေပြီ။ ဤ ယခု ဖူးမြင်ခြင်းသည်ကား အဆုံးစွန်သောဖူးမြင်ခြင်း ပါတည်း။ ယနေ့မှ ခုနစ်ရက်လွန်လျှင် လေးလံစွာသောခန္ဓာဝန်ကို တပည့်တော် ချပါတော့မည်"ဟု လျှောက်၍၊ ဘုရားမြင်လောက်သမျှ ဌာနတိုင်အောင် နောက်ဆုတ်သွားကြွလေ၍၊ ဒဿနူပစာရလွန်သောအခါမှ နာဠကရွာသို့ ရှေးရှုကြွတော်မူ၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ကြည်းဟည်းလျက် တုန်လှုပ်၏။

ဘုရားသခင်လည်း အရှင်သာရိပုတ္တရာကို ခြံရံကာနေကုန်သောရဟန်းတို့အား "ချစ်သားတို့။ သင်တို့၏အစ်ကိုကြီးကို လိုက်၍ပို့ကြကုန်လော့"ဟု မိန့်တော်မူ၏။ ရဟန်းပရိသတ်တို့လည်း မြတ်စွာဘုရား တစ်ပါးကိုသာခြွင်း၍ အကြွင်းမဲ့ ထွက်လေကုန်၏။ သာဝတ္ထိပြည်သားတို့သည်လည်း "အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကိုပန်၍ နိဗ္ဗာန်ဝင်အံ့သောငှာ ကြွချေပြီ။ ဤအခါမှ နောက်ကာလ၌ ငါတို့သည် မဖူးရကုန်လတ္တံ့"ဟု ပန်းနံ့သာ လက်စွဲကုန်လျက် ဖြန့်ကြသော ဆံ ရှိသည်ဖြစ်၍ ဟစ်ကြွေးငိုယိုကာ လျင်စွာ နောက်တော်သို့ လိုက်ကြကုန်၏။

အရှင်သာရိပုတ္တရာလည်း မြို့၏ဥပစာအလွန်၌ ရပ်တော်မူ၍ လူ ,ရှင်,ရဟန်းအပေါင်းတို့အား "သင်တို့သည် ဘုရားသခင်ကိုလည်း မမေ့ကုန်လင့်။ သင်္ခါရတရားတို့၏ ဖြစ်တတ်, ပျက်တတ်သော သဘောရှိသောအဖြစ်ကိုလည်း မမေ့စေကုန်လင့်"ဟု ဩဝါဒပေး၍ ပြန်ကြစေ၏။ ထိုမှလည်း အစဉ်သဖြင့် ကြွတော်မူ၍ ခရီးအကြား၌ လူတို့အား တရားဟောတော်မူကာ ခုနစ်ရက်ကြာသော် ညချမ်းအခါ၌ နာဠကရွာသို့ရောက်၍ ရွာတံခါးအနီး ပညောင်ပင်ကြီး၏ အရင်း၌ ရပ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှင်သာရိပုတ္တရာ၏ တူဖြစ်သော 'ဥပရေဝတ'သည် ရွာ၏အပသို့ ထွက်လာသည်နှင့် အရှင်သာရိပုတ္တရာကိုမြင်လျှင် ရွှင်လန်းမြတ်နိုး ရှိခိုးလျက်ရပ်လင့်၏။ အရှင်မြတ်လည်း ဥပရေဝတကိုခေါ်၍ "အချင်းဥပရေဝတ။ သင်၏အဘွားသည် အိမ်၌ ရှိပါ၏လော"ဟု မေး၏။ "အရှင်ဘုရား။ ရှိပါ၏"ဟု လျှောက်သော်၊ "သင် မြန်စွာသွား၍ ငါတို့လာသောအဖြစ်ကို ကြားချေ။ 'ဘယ့်ကြောင့် လာသနည်း'ဟု မေးလျှင် မိခင်အိမ်၌ ညဥ့်ကျိန်းဝပ်လို၍ လာသည်။ ဖွားရာတိုက်ခန်းကို သုတ်သင်ပြင်ဆင်လော့။ ငါးရာသောရဟန်းတို့၏ နေရာကိုလည်း ပြင်ဆင်လော့"ဟုဆို၍ စေလိုက်၏။

ထို ဥပရေဝတလည်း အဘွားအိမ်သို့သွား၍ "အဘွားကြီး။ ငါတို့ဦးရီးဖြစ်သော အရှင်သာရိပုတ္တရာ ယခု ကြွလာသည်"ဟု ဆို၏။ အဘွားကလည်း "ယခု ဘယ်မှာ ရှိသနည်း"ဟု မေးလျှင်၊ "ရွာပြင် ပဒေါင်ပင်ရင်း၌ ရှိပါသည်"ဟုဆို၏။ "ငါ့သား တစ်ပါးတည်းလော၊ အခြားသူ ပါသလော"ဟု မေးပြန်သော်၊ "ရဟန်းငါးရာ ပါလာသည်"ဟု ဆိုပေ၏။ "အဘယ့်ကြောင့် ကြွလာသနည်း"မေးပြန်လျှင်၊ အရှင်သာရိပုတ္တရာ မှာလိုက်သောအတိုင်း "ယနေ့အိမ်တွင် ကျိန်းဝပ်လိုသည်။ ဖွားရာတိုက်ခန်းကို သုတ်သင်ရမည်။ ရဟန်းငါးရာတို့၏ နေရာကိုလည်း ပြင်ဆင်ရမည်ဟု မှာလိုက်ပါသည်"ဟူ၍ ဆို၏။

ထိုစကားကိုကြားသော် မယ်တော် ရူပသာရိပုဏ္ဏေးမလည်း 'ဤမျှလောက်သော ရဟန်းတို့၏နေရာကို ဘယ်မှာ သုတ်သင်ရ အံ့နည်း။ငယ်ရွယ်ပျိုမျစ်သောအခါက ရဟန်းပြု၍ ယခု ကြီးရင့်သောအခါမှ လူထွက်ခြင်းကို အလိုရှိပြန်လေသလော'ဟု တွေးတောမြည်တမ်းကာ ဖွားရာတိုက်ခန်းကို လည်းကောင်း၊ ငါးရာသောရဟန်းတို့၏ နေရာကိုလည်းကောင်း ပြုပြင်စေ၍ ဆီမီးတိုင်တို့ကို တစ်ပြိုင်တည်းညှိထွန်းပြီးလျှင် အရှင်သာရိပုတ္တရာထံသို့ စေလိုက်၏။

အရှင်မြတ်လည်း ရဟန်းငါးရာနှင့်တကွ ပြာသာဒ်သို့တက်၍ ဖွားရာတိုက်ခန်းသို့ ဝင်လျက် နေတော်မူ၏။ ရဟန်းတို့ကိုလည်း "သင်တို့၏နေရာသို့ သွားလေကုန်လော့"ဟု လွှတ်လိုက်၏။ ညီတော် စုန္ဒနှင့် မယ်တော် ပုဏ္ဏေးမသာလျှင် အနီး၌တည်၏။

ရဟန်းတို့သွား၍ မမြင့်မီပင်လျှင် အရှင်သာရိပုတ္တရာအား ကြမ်းတမ်းကြောက်မက်ဖွယ်ရာ သွေးအန်သောဝေဒနာသည် ရောက်ခဲ့၏။ ညီတော်စုန္ဒသည် ခွက်ကြီးခွက်ငယ်တို့ဖြင့် အလှယ်လှယ်ခံ၍ သွန်သည်။ ခံသောခွက်မျှ မဆံ့နိုင်အောင်ရှိချေ၏။ ဝေဒနာကို အာရုံ မပြုဘဲ သည်းခံပါသော်လည်း တက်ဆန်လာသောလေကြောင့် ရေပွက်မှုတ်သကဲ့သို့ တရှုတ်ရှုတ် ပျို့အန်၏။

ထိုအခါ ရူပသာရီမည်သော မယ်တော်ပုဏ္ဏေးမသည် "ငါ့သား၏ဖြစ်ရအင်ကို မိခင် မမြင်ဝံ့ပြီ"ဟု ရင်ကို လက်ဆုပ်ဖြင့်ခတ်လျက် တိုက်တံခါးကို မှီ၍ရပ်၏။

စာတုမဟာရာဇ်နတ်မင်းတို့လည်း ထိုအကြောင်းကိုသိ၍ လျှင်စွာလာပြီးလျှင် အရှင်သာရိပုတ္တရာ၏ခြေတော်ကို ဆုပ်နယ်၏။ "သင်တို့ အဘယ်သူ နည်း"ဟုမေးလျှင်၊ "အရှင်ဘုရား။ စာတုမဟာရာဇ် နတ်မင်းကြီးတို့ပါတည်း"ဟု လျှောက်ကုန်၏။ "အဘယ်



www.burmeseclassic.com

www.burmeseclassic.com



အလို့ငှာ လာသနည်း”ဟု မေးလျှင်၊ “အရှင်မြတ်နာသည်ကို လုပ်ကျွေးခြင်းငှာ လာပါသည်”ဟု လျှောက်၏။ အရှင်သာရိပုတ္တရာလည်း “ငါ့အား လုပ်ကျွေးသူရှိပြီ။ သွားကြကုန်လော့”ဟု ဆို၍ လွှတ်လိုက်လေ၏။

ထို့နောက် သိကြားမင်းရောက်လာ၍ စာတုမဟာရာဇ်နတ်မင်းတို့၏အတူ ပြု၏။ ထို့နောက် သုယာမနတ်မင်း၊ ထို့နောက် စုဋ္ဌရထနတ်မင်း၊ ထို့နောက် ဗြဟ္မာမင်းတို့ လာ၍ စာတုမဟာရာဇ်နတ်တို့၏အတူ ပြုပေ၏။

မယ်တော်ပုဏ္ဏေးမလည်း နတ်, ဗြဟ္မာတို့၏ လာခြင်း, သွားခြင်းကို ‘ဤသူများတို့သည် ငါ့သားကိုရှိခိုးကာ အဘယ်အကြောင်းကြောင့် သွားလာပါလိမ့်အံ့နည်း’ဟု ကြံ၍၊ သားတော်ထံသို့ကပ်ပြီးလျှင် “ချစ်သား စုန္ဒ။ အကြောင်းအသို့နည်း”ဟုမေး၏။ အရှင်စုန္ဒက လည်း နတ်, ဗြဟ္မာတို့ လာသောအကြောင်းကို ပြန်ပြောပြီးလျှင်၊ “အရှင်ဘုရား၏ မယ်တော်ဖြစ်သော ဒကာမကြီးသည် အနီးသို့လာပါသည်”ဟု လျှောက်၏။

အရှင်သာရိပုတ္တရာလည်း “အခါမဟုတ်သည်၌ အဘယ့်ကြောင့် လာသနည်း”ဟု မေး၏။ မယ်တော်က “ချစ်သားကို ဖူးမြင်ခြင်းငှာ လည်းကောင်း၊ ရောဂါ သက်သာကြောင်း, မသက်သာကြောင်းကို သိခြင်းငှာလည်းကောင်း လာပါသည်”ဟု ဆို၍၊ “ချစ်သား။ ကိုယ်အရောင်အဝါ တင့်တယ်စွာဖြင့် ရှေးဦးစွာလာသောသူတို့သည် အဘယ်သူတို့နည်း”ဟု မေး၏။ “ဒကာမကြီး။ စာတုမဟာရာဇ် နတ်မင်းကြီးတို့တည်း”ဟု ဆိုလျှင်၊ “ချစ်သားသည် ထိုနတ်မင်းကြီးလေးပါးထက် ကြီးမြတ်သလော”ဟု မေး၏။ “ဒကာမကြီး။ ထိုနတ်မင်းကြီး လေးယောက်တို့သည် အရံအစောင့်နှင့်သာ တူ၏။ ငါတို့ဆရာ မြတ်စွာဘုရားသည် ပဋိသန္ဓေယူသည်မှစ၍ သန်လျက် စွဲလျက် စောင့်ရကုန်သည်။ တပည့်သာဝကတို့ကိုလည်း ထိုနည်းတူ စောင့်ရကုန်သည်”ဟု ဆိုပေသော်၊ “ချစ်သား။ ထို့နောက်လာသောသူတို့ကား အဘယ်သူ နည်း”ဟု မေးပြန်သော်၊ “မယ်တော်။ နတ်တို့ကိုအစိုးရသောသိကြားမင်းပင်တည်း”ဟုဆိုသော်၊ “ထိုသိကြားမင်းထက်လည်း ချစ်သားသည် ကြီးမြတ်သလော”ဟု မေးပြန်၏။ “မိခင်။ သိကြားမင်းသည် သပိတ်သက်န်းကိုဆောင်ယူသော လူသာမဏေငယ်နှင့်သာ တူ၏။ ငါတို့ဆရာ မြတ်စွာဘုရားသည် တာဝတိံသာမှသက်သောအခါ သပိတ်သက်န်းကို ဆောင်ယူကာလိုက်ရ၏” ဟု ဆိုပေသော်၊ “ချစ်သား။ ထို့နောက် ပြောင်ပြောင်တောက်သော ကိုယ်အလျှံအဝါဖြင့် လာ၍ ခစားလတ်သည်ကား အဘယ်သူနည်း”ဟုမေးပြန်၏။ “ဒကာမကြီး။ ဒကာမကြီးတို့၏ ကိုးကွယ်သောဆရာ၊ ဘုန်းအာနုဘော် ကြီးကျယ်စွာသော ဗြဟ္မာမင်းတို့တည်း”ဟု ဆိုပေသော် “ချစ်သား။ သင်ချစ်သားသည် ငါတို့ဆရာ ဗြဟ္မာတို့ထက်လည်း ကြီးမြတ်သလော”ဟု မေး၏။ “ဒကာမကြီး။ ထိုဗြဟ္မာကြီးသည် ငါတို့ဆရာ မြတ်စွာဘုရား ဖွားတော်မူသည့်နေ့ပင် ရတနာ ရွှေကွန်ရက်ဖြင့် ခံကြရကုန်သည်။ ဥပါသကာ ပရိသတ်ကဲ့သို့သာ ဖြစ်ကုန်သည်”ဟု ဆိုပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ရှုပသာရီမယ်တော်က 'ငါ့သား၏ဘုန်းအာနုဘော်သည် ကြီးမြတ်ပေစွ။ စင်စစ်ကား ငါ့သား၏ဆရာဖြစ်သော ဘုရားသခင်၏ဘုန်းအာနုဘော်မှာ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း'ဟု ကြံမိ၍၊ ငါးရပ်သောပီတိတို့ဖြင့် ကိုယ်အလုံးကို နှံ့လေ၏။ အရှင်သာရိပုတ္တရာလည်း 'ငါ၏မယ်တော်အား များစွာသော နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပြီ။ ဤ ယခုအခါ၌ တရားဟောခြင်းငှာ သင့်ပြီ'ဟု ကြံပြီးလျှင်၊ "မိခင်။ အဘယ်သို့ နှလုံးထားသနည်း"ဟု မေး၏။ "ငါ့သား၏ဂုဏ်ကျေးဇူးကို ရှေးဦးစွာ မိခင်အောက်မေ့ပြီးမှ ငါ့သား၏ဆရာကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း"ဟု၊ "နှစ်သက်ဝမ်းမြောက် အောက်မေ့ပါသည်" ဟု ပြောသော် "မယ်တော်။ ငါ၏ဆရာ မြတ်စွာဘုရားသည် ဖွားတော်မူသောအခါ၌ လည်းကောင်း၊ တောထွက်တော်မူသောအခါ၌လည်းကောင်း၊ ဓမ္မစကြာတရား ဟောတော်မူသောအခါ၌ လည်းကောင်း တစ်သောင်းသောလောကဓာတ်တို့ ပွဲတင်ထပ်မျှ တုန်လှုပ်သည်။ သီလ, ပညာ, သမာဓိအရာ၌လည်းကောင်း ဘုရားသခင်နှင့်တူသူ မရှိပြီ။ 'ဣတိပိသော' အစရှိသော ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူ၏"

ဤသို့ ဘုရားဂုဏ်နှင့်စပ်သော တရားစကားကို ဟောကြားတော်မူသော် မယ်တော်ရှုပသာရီလည်း ဤဒေသနာ၏အဆုံး၌ အလုံးစုံသော ဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းကွာလျက် သောတာပတ္တိဖိုလ်၌တည်၍ "ချစ်သား။ အဘယ်ကြောင့် ဤသို့ ကောင်းမြတ်သော အမြိုက်တရားကို မိခင်အား ဤမျှလောက်ကာလပတ်လုံး မဟောမကြားနေဘိသနည်း။ မိခင်အား ချစ်ခြင်းနည်းလေသလော"ဟု ဆို၏။

ထိုစကားကို ကြားသောအခါ အရှင်သာရိပုတ္တရာလည်း 'ငါ၏ အဆင်းအသရေကို ဆောင်ပေတတ်သော မယ်တော်၏ မွေးကျွေးသော နို့ဖိုးကျေးဇူးကို အထူးငါဆပ်ရပြီ။ ဤမျှဖြင့် ပြီးစေတော့အံ့'ဟု ကြံ၍၊ "ဒကာမကြီး။ သွားဦးတော့"ဟု ဆို၍ မယ်တော်ကို လွှတ်လိုက်၏။

ထို့နောက်မှ "ငါ့ညီစုန္ဒ။ ဘယ်အချိန် တိုင်ပြီနည်း"ဟု မေး၏။ "မိုးသောက်အားကြီးရှိပါပြီ"ဟု လျှောက်သော်၊ "ငါ့ညီစုန္ဒ။ ငါ့ကို ထူလော့"ဟု မိန့်တော်မူ၏။ အရှင်စုန္ဒလည်း နောက်တော်ကို မ,၍ ထစေပြီးသော် ရဟန်းတို့ကိုခေါ်၍ "ငါ့ရှင်တို့။ ငါသည် လေးဆယ်လေးနှစ်တို့ပတ်လုံး သင်တို့နှင့်အတူတကွ သွားလာကြသည်။ ထိုမျှလောက်အခါ၌ ငါ၏ကာယကံကြောင့်ဖြစ်သော အမူအရာကို လည်းကောင်း, ဝစီကံကြောင့်ဖြစ်သော အမူအရာကို လည်းကောင်း သင်တို့ မနှစ်သက်ရှိကုန်အံ့။ ထိုအမူကို သည်းခံကြပါကုန်လော့"ဟု မိန့်တော်မူ၏။

တပည့်တို့ကလည်း "အရှင်ဘုရား။ ဤမျှလောက်သော ကာလပတ်လုံး အရှင်၌ အကျွန်ုပ်တို့ မနှစ်သက်ဖွယ်မည်သည် မရှိ။ အရှင်ဘုရားသာ တပည့်တော်တို့အား သည်းခံတော်မူပါ။ ကံသုံးပါးဖြင့် ကန်တော့ပါ၏"ဟု လျှောက်ကုန်၏။

အရှင်သာရိပုတ္တရာလည်း တန်ဆောင်မုန်းလပြည့်နေ့ည ပစ္ဆိမယံအချိန်တွင် မယ်တော်အိမ်တိုက်ခန်း၌ ခေါင်မသက်န်းကိုရုံတော်မူ၍ လက်ယာနံပါးဖြင့်လျောင်းလျက်၊ ဈာန်သမာပတ်, ဖလသမာပတ်တို့ကို မပြတ် ဝင်စားတော်မူလျက်၊ စတုတ္ထဈာန်၏အထွက်၌ ဤမြေကို ပွဲတင်ထပ်စေလျက် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ရူပသာရီလည်း မဟာပထဝီလှုပ်သောအခါ အနီးသို့လာ၍ "ချစ်သား စုန္ဒ။ အသို့တုံနည်း။ ငါ့သားကြီး ဥပတိဿသည် တစ်ခွန်းသောစကားကိုမျှ မဆိုပြီတကား"ဟု ခြေတော်ကို ဆုပ်နယ်သုံးသပ်သော် ပရိနိဗ္ဗာန် စံယူသောအဖြစ်ကိုသိ၍ သည်းစွာသောအသံကို ဟစ်လျက် "ချစ်သား ဥပတိဿ။ ရှေးကာလ ငါ့သားကျေးဇူးဂုဏ်အင်ကို မိခင် မသိရပါ။ ယခုမှသာ သိလိုက်ပါတော့သည်။ စည်းစိမ်ဥစ္စာ များစပါလျက် သားရဟန်းကို အမွန်ထား၍ ဘုရားသခင်နှင့်တကွ အသိန်းမကသော ရဟန်းသံဃာတို့ကို မိခင်အိမ်မှာ တစ်ကြိမ်မျှစည်းဝေး၍ မလုပ်ကျွေး, မလှူဒါန်းရပါလေ။ တစ်ထည်သောသင်္ကန်း, တစ်ဆောင်သောရိပ်ဝှမ်းကိုမျှ မလှူဒါန်းရပါလေ"ဟု ငိုကြွေး၏။

မိုးသောက်သောအခါ အရာမျှလောက်သော ပန်းထိမ်သည်တို့ကိုခေါ်၍ လော်ပြီးသော ရွှေစင်တစ်သိန်းကိုအပ်လျက် စုလစ်မွမ်းချွန်တပ်သော ပြာသာဒ်ငါးရာတို့ကို လည်းကောင်း၊ စေတီတလား ငါးရာတို့ကို လည်းကောင်း ကောင်းစွာလုပ်ဆောင်စေ၏။

သိကြားမင်းလည်း ဝိသကြုံနတ်သားကိုခေါ်၍ "အချင်းဝိသကြုံနတ်သား။ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ နိဗ္ဗာန်ယူရာ၌ တင့်တယ်စွာသော ပြာသာဒ်တို့ကို ဖန်ဆင်း၍ပေးချေ"ဟု စေလိုက်၏။ မယ်တော်ကလုပ်ဆောင်သော ပြာသာဒ်တစ်ထောင်, ဝိသကြုံနတ်သားဖန်ဆင်းသော ပြာသာဒ်တစ်ထောင် ဤနှစ်ထောင်သော ပြာသာဒ်တို့သည် ဖြစ်လေကုန်၏။

ထို့နောက်မှ မြို့လယ်၌ မဏ္ဍပ်ကြီးကိုဆောက်စေ၍ ထိုမဏ္ဍပ်တွင်း၌ ပြာသာဒ်နှစ်ထောင်ကို စီကာစဉ်ကာထား၍၊ တစ်ပါးသောပြာသာဒ်မှသည် တစ်ပါးသောပြာသာဒ်သို့ ပြောင်းကာ များစွာ ပူဇော်ကုန်၏။ နတ်တို့သည် လူတို့၏အကြား၌, လူတို့သည် နတ်တို့၏အကြား၌ သွားလာလှည့်ပတ်ရကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော ရေဝတီအမည်ရှိသော မိန်းမသည် အဖိုးများစွာထိုက်သော ရွှေပန်းသုံးခိုင်ကို စီရင်၍ အရှင်မြတ်အလောင်းတော်ကို ပူဇော်လာ၏။ သိကြားမင်းသည်လည်း နှစ်ကုဋေငါးသန်းသော နတ်ကချေသည်တို့ဖြင့် ခြံရံလျက် ဆင်းသက်လာ၍ ပူဇော်ကုန်၏။

များစွာသောလူတို့သည် သိကြားမင်းကိုမြင်လျှင် ကြောက်ငြင်ကြရကား နောက်ဆုတ် နောက်ဆုတ် သွားကြ၏။ ရေဝတီကား ရှောင်ရှားပါသော်လည်း မရှောင်သာသဖြင့် လူတို့၏ အကြား၌ လဲလေ၏။ ထိုလဲရာ၌ လူများစွာတို့သည် ထပ်ခါထပ်ခါနင်းသဖြင့် ရုတ်ခြည်း စုတေလေ၍ တာဝတိံသာနတ်ပြည်ဝယ် ရွှေဗိမာန်ကြီး၌ နတ်သမီး အခြံအရံငါးရာနှင့် တကွ သုံးဂါဝုတ်မျှသောကိုယ်ဖြင့် ဖြစ်လေ၏။ ကိုယ်တွင်ဆင်ယင်အပ်သော ထိုနတ်သမီး၏ ဘယက်တန်ဆာ ဒွာဒရာတို့ကား လှည်းအစီး ခြောက်ဆယ်တိုက်ခန့် ရှိ၏။ တင့်တယ်စွာ တန်ဆာဆင်လျက် ကိုယ်ထင်ဖြစ်လာသည်ကို မြင်လျှင် ထက်ဝန်းကျင် ရံနေသောနတ်သမီးတို့သည် ကြေးမုံကို ရှေ့က ပြကြကုန်၏။



www.burmeseclassic.com

ရေဝတီလည်း မိမိ၏ စည်းစိမ်အသရေကို မြင်လျှင် 'သို့စင်သောစည်းစိမ်ချမ်းသာကို ငါရခြင်းသည် အရှင်မြတ်၏ ကျေးဇူးပေတကား'ဟု သိ၍ လူအပေါင်းတို့အား ထင်ရှားပြခြင်းငှာ ဗိမာန်နှင့်တကွသက်လာ၍ နာဋကရှာသူတို့သည် 'အကြောင်း အသို့နည်း။ ယနေ့ပင် နေနှစ်စင်း ထွက်လေသလော'ဟု တွေးတောမျှော်ရှုစဉ်ပင် စုလစ်မွမ်းချွန်တို့ဖြင့် တန်ဆာဆင်အပ်သော ရွှေဗိမာန်သည် ထင်ရှား၍ အရှင်သာရိပုတ္တရာ၏ ထင်းတလားထက်၌ ရပ်လေ၏။ ရေဝတီနတ်သမီးလည်း ဗိမာန်ကို ကောင်းကင်၌ထားလျက် မိမိကား မြေသို့သက်၍ အလောင်းတော်ကို ပူဇော်ပေ၏။

လူအများတို့သည် "သင်ကား အဘယ်သူ နည်း"ဟု မေးကြကုန်လျှင်၊ "အရှင်မြတ်၏အလောင်းကို ရွှေပန်းသုံးခိုင်ဖြင့် ပူဇော်လာသော ရေဝတီပင်တည်း။ သင်တို့နှင်း၍ ငါ သေလွန်ရသည်။ ထိုခဏ၌ တာဝတိံသာနတ်ပြည်ဝယ် ကြီးကျယ်သောစည်းစိမ်ကို ခံစားရသောကြောင့် သင်တို့ကိုပြအံ့သောငှာ ငါ သက်လာသည်။ သင်တို့လည်း များစွာ အလှူကောင်းမှုကို ပြုကြကုန်လော့"ဟု တိုက်တွန်း၍၊ အရှင်မြတ်အလောင်းကိုထားသော ထင်းတလားပုံကို လက်စုံယှက်ကာ လက်ယာရစ်သုံးပတ်လည်ပြီးမှ နတ်ပြည်သို့ ပြန်တက်လေ၏။

လူအပေါင်းတို့သည်လည်း ကောင်းချီးပေးကာ လွန်ဝမ်းသာလျက် နံ့သာအမျိုးမျိုးတို့ကို ရုံးစုလျက် ပြုကြသောထင်းပုံကား ကိုးဆယ့်ကိုးတောင် မြင့်သည်။ အလောင်းတော်ကို ထို ထင်းပုံထက်၌တင်၍ ခုနစ်ရက်ပတ်လုံး ပူဇော်ပြီးမှ မီးတိုက်ကြကုန်၏။ သချိုင်း၌ တစ်ညဉ့်ပတ်လုံး တရားနာခြင်း, အလှူပေးခြင်းကို ပြု၏။

အရှင်အနုရုဒ္ဓါသည် နံ့သာရေဖြင့် မီးကိုငြိမ်းစေ၏။ အရှင်စုန္ဒသည် ဓာတ်တော်ကို ရွှေစင်ကြုတ်ဖြင့် ထည့်ဆောင်၍ 'နောင်တော်၏ပရိနိဗ္ဗာန်ပြုခြင်းကို ဘုရားသခင်အား လျှောက်ကြားအံ့'ဟု အရှင်သာရိပုတ္တရာ၏ သပိတ်သင်္ကန်းကိုယူ၍ သာဝတ္ထိပြည်သို့ လာခဲ့၏။

ရောက်သောအခါ မြတ်စွာဘုရားအထံသို့ မဝင်ဦးဘဲ လေးထောင့်ကန်၌ ရေချိုး၍ ကောင်းစွာဝတ်ရုံပြီးမှ 'ဘုရားသခင်တို့မည်သည်ကို ကျောက်ထီးကဲ့သို့ အလေးအမြတ်ပြုအပ်လှချေသည်။ ငါဘုရားရှင်ထံ အဖြောင့်သွား၍လျှောက်ခြင်းငှာ မသင့်သေး။ ငါ၏ဥပဇ္ဈာယ်ဖြစ်သော အရှင်အာနန္ဒာ၏ထံသို့ဝင်အံ့'ဟု ကြံပြီးလျှင် အရှင်အာနန္ဒာထံသို့သွား၍ "အရှင်ဘုရား။ အကျွန်ုပ်၏နောင်တော်ကြီးသည် ပရိနိဗ္ဗာန် လွန်ချေပြီ။ ဤကား သပိတ်, သင်္ကန်းတည်း။ ဤကား ဓာတ်တော်တည်း"ဟု လျှောက်ကြား၏။

အရှင်အာနန္ဒာလည်း အရှင်စုန္ဒနှင့်တကွ ဘုရားထံတော်သို့ကပ်၍ အတ္ထုပ္ပတ္တိအလုံးစုံကို လျှောက်ကြားလျက် ဓာတ်တော်, သပိတ်များကို ပြ၏။

ဘုရားသခင်လည်း ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းတော်နှင့်တူသော လက်ရုံးတော်ကို ဆန့်လျက် လက်ဝါးပြင်၌ ဓာတ်တော်ကိုထားပြီးမှ "ချစ်သားရဟန်းတို့။ ယမန်နေ့၌ပင် ရှေ့တော်တွင် တန်ခိုးပြာဋိဟာကိုပြ၍ လူရဟန်းတို့အား တရားဆုံးမပေးသော ငါ့သားတော်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



သခ်ါရမီး ငြိမ်းခဲ့ရကား ဓာတ်အစုမျှသာ ယခု ထင်ချေတော့သည်။ သင်တို့လည်း မပေါ့မလျော့ကုန်လင့်။ ဤ ချစ်သား သာရိပုတ္တရာသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်သဖြင့် အဂ္ဂသာဝကအဖြစ်သို့ ရောက်လာရကား ပညာအရာ၌ ငါဘုရားကိုထား၍ တိုင်းစားထိုက်သောသူသည် စကြဝဠာအပေါင်း တစ်သောင်းအတွင်း၌ တစ်စုံတစ်ယောက်မျှ မရှိ။ ဤသူသည် ကြီးသောပညာလည်း ရှိ၏။ ရွှင်သော ပညာ, လျင်သောပညာ, ထက်မြက်ထိုးထွင်း တစ်ခဏချင်းမြင်နိုင်သော ပညာလည်း ရှိ၏။ အလိုနည်း၏။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏။ သူတော်ကောင်းလှ၏။ အကျိုးစီးပွား၌ အားထုတ်သောလုံ့လ ရှိ၏။ မကောင်းမှု ပြုသူတို့ကို ကဲ့ရဲ့တတ်၏။ မြေကြီးနှင့်တူသော သည်းခံခြင်း ရှိ၏။ စောင်မာန်ကင်းဘိရကား ဦးချိုကျိုးသော နွားဥသဘနှင့် တူ၏။ ချစ်သားတို့။ သို့စင် ကျေးဇူးဂုဏ်အထူးနှင့်ပြည့်စုံသော ငါ့သားသာရိပုတ္တရာ၏ဓာတ်တော်ကို ကြည့်ကြကုန်လော့”ဟု ဂါထာငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ၏ကျေးဇူးကို ချီးမွမ်းတော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား ချီးမွမ်းတော်မူသည်ကိုကြားလျှင် အသည်းကြားမှ လှိုက်၍ ရှိုက်ငင်ငိုကြွေး၏။ ဘုရားသခင်လည်း “အချင်းအာနန္ဒာ။ ရှေးမဆွက သင့်အား ငါ ဟောကြားဖူးပြီမဟုတ်လော။ အဘယ့်ကြောင့် ငိုကြွေးဘိသနည်း။ အမိ, အဖ, နှမ, အစ်ကို အစရှိသော ချစ်ခင်အပ်သောသူတို့နှင့် နာနာဘာဝ, ဝိနာဘာဝဟုဆိုအပ်သော ရှင်သဖြင့် ကွေကွင်းရခြင်း, သေသဖြင့် ကွေကွင်းရခြင်းသဘောသည် လောက၌ ထင်ရှားရှိ၏။ ထိုသဘောတရားကို ခန္ဓာငါးပါးရှိသေးသမျှ တွေ့ကြရသည်ချည်းတည်း။ ငါဘုရားသော်မှလည်း တောင့်တ၍သာ မဖြစ်လေရာ။ ထို့ကြောင့် ငိုကြွေးမြည်တမ်းခြင်းဖြင့် မသင့်သည်သာတည်း”ဟု တရားစမ္မ ပြတော်မူ၍ သက်သာရာရစေ၏။

ဘုရားသခင်လည်း အရှင်သာရိပုတ္တရာ၏ဓာတ်တော်တို့ကို သာဝတ္ထိပြည်တွင် စေတီတည်စေ၏။

**။၈၇။ အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း**

ထို့နောက်မှ ရဟန်းအပေါင်းခြံရံကာ ရာဇဂြိုဟ်ပြည်သို့ကြွတော်မူ၏။ ရောက်တော်မူ၍ မကြာမြင့်မီ တန်ဆောင်မုန်းလကွယ်နေ့၌ပင် အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် ပြုတော်မူသည်။

အကြောင်းကား – ဘုရားသခင် ဝေဠုဝန်ရှာ၌ ဝါဆိုတော်မူသောအခါကပင် အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်၏အနီးဖြစ်သော ဣသိဂိလိတောင်၏နံပါး ကာဠမည်သော ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူ၏။ ထို အရှင်မောဂ္ဂလာန်သည် တစ်ရံတစ်ရံသောအခါ၌လည်း အထက်နတ်ရွာသို့ ဒေသစာရီကြွချီ၍ နေ့သန့်တော်မူသည်။ တစ်ရံတစ်ရံသော အခါ၌လည်း ငရဲရွာသို့ ကြွတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ကြွတော်မူရာ အထက်နတ်ရွာ၌ မြတ်စွာဘုရား၏ တပည့်သား အလုပ်အကျွေး ဖြစ်သော ယောကျ်ား, မိန်းမတို့သည် ကြီးကျယ်လှသော စည်းစိမ်ဗိမာန်ဖြင့် ပျော်စံရသည်ကို တွေ့မြင်ခဲ့ရ၏။ လူ့ပြည်သို့လာသောအခါ "မည်သည့် ဥပါသကာသည် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ မည်သည့် ဥပါသကာသည် ယာမာ, တုသိတာနတ်ပြည်၌ဖြစ်၍ ကြီးကျယ်သော စည်းစိမ်ကို ခံစားရ၏"ဟု လူတို့ကို ပြောကြား၏။ ငရဲပြည်မှပြန်လာသောအခါလည်း "အညတိတ္ထိယတို့၏ အလုပ်အကျွေးဖြစ်သော မည်သည့်ဒါယကာသည် သိဉ္စိုဝ်းငရဲ၌ ဆင်းရဲကြီးစွာခံရသည်ကို ငါ မြင်ခဲ့၏။ မည်သည် ဒါယကာ, မည်သည့်ဒါယိကာမတို့သည် ကာဠ သုတ်ငရဲ၌ ဆင်းရဲခံရသည်ကို ငါ မြင်ခဲ့၏" ဤသို့စသည်ဖြင့် လူတို့အား ပြောကြား၏။

ထိုစကားကို လူတို့ကြားရသော် ဘုရားရှင်အယူဝါဒသို့သာ လိုက်၍ သာသနာတော်၌သာ ကြည်ညိုလေးမြတ်ကုန်၏။ တိတ္ထိတို့ကို မကြည်ညို မလှူဒါန်းကုန်။ ထို့ကြောင့် ဘုရားသခင် တပည့်သား သံဃာတော်တို့၌သာ များစွာသော လာဘ်ပူဇော်သက္ကာသည် ဖြစ်၍၊ တိတ္ထိယ သာဝကတို့ကား စားရမဲ့ သောက်ရမဲ့ ဖြစ်လေကုန်၏။

ထိုအခါ တိတ္ထိအများတို့သည် အရှင်မောဂ္ဂလာန်အား ကြီးစွာသောရန်ငြိုးထား၍ 'ဤရဟန်း သေမှသာလျှင် ငါတို့၌ လာဘ်ပူဇော်သက္ကာ ရှိချေတော့မည်။ မသေမကျေ အသက်ရှည်မူ ငါတို့ဒါယကာများပင် ငါတို့အား သဒ္ဓါပျက်ချိမ့်မည်'ဟု ကြံ၍၊ အရှင်မောဂ္ဂလာန် ကို သတ်စေခြင်းငှာ ရဲရင့်သန်စွမ်းသော ခိုးသူကိုရှာသော် ရန့်ရင်းကြမ်းကြုတ်စွာ ရတနာ သုံးပါးကျေးဇူးကိုမသိသော 'သမဏဂုတ္တိက' မည်သော ခိုးသားကိုတွေ့၍ ထိုသူအား အသပြာ တစ်ထောင်ဖြင့် ငှား၏။ သမဏဂုတ္တိကခိုးသားလည်း များစွာသောအခြံအရံနှင့်တကွ ညဉ့်အခါ အရှင်မောဂ္ဂလာန်ရှိရာသို့ သွားလေ၏။ အရှင်မြတ်လည်း ခိုးသားလာကြောင်းကို သိလျှင် စတုတ္ထဈာန်ကို ဝင်စားလျက် ကောင်းကင်၌ စင်္ကြံကြွ၍နေတော်မူ၏။ ခိုးသားတို့လည်း အရှင်မြတ်ကိုမတွေ့၍ ပြန်ခဲ့ပြီးလျှင် နောက်ညဉ့်တစ်ဖန် သွားကြပြန်၏။ အရှင်မောဂ္ဂလာန်လည်း ယုဂန္ဓိုရ်တောင်ညွန့်သို့ ကြွ၍နေတော်မူ၏။

ဤသို့သောနည်းအားဖြင့် ခြောက်ညဉ့်ပတ်လုံး ခိုးသားတို့သွားသော်လည်း တန်ခိုး တော်ဖြင့်သာ ရှောင်ရှားလျက် ခုနစ်ရက်မြောက်သောအခါ ရှေး အပရာပရိယ ဝေဒနီယဖြစ်သော 'ဥပပီဠကကံ'သည် နှိပ်နှင်းခြင်းငှာ အခွင့်သာလေရကား မရှောင်ရှားနိုင်ဘဲ ခိုးသားတို့ညှဉ်းဆဲ သည်ကို ခံရလေ၏။

ထိုအရှင်အား အဘယ်သို့သော ရှေးဝဋ်ရှိလေသနည်း ဟူမူကား- ရှေးသောအခါ မဂရွာ၌ တစ်ဦးသောအမျိုးသားဖြစ်၍ မလိမ္မာသောမယားစကားကို နားထောင်မှားသဖြင့် မျက်စိမမြင်သော မိဘနှစ်ပါးကိုသတ်ခြင်းငှာ ရွာတစ်ပါးသို့ သွားလိုသောအခြင်းအရာဖြင့် ယာဉ်သာထက်တင်၍ ဆောင်လေ၏။ တောအုပ်သို့ရောက်သောအခါ ခိုးသူလာသော အမူအရာ ကိုပြု၍ မိဘနှစ်ပါးတို့အား ရိုက်ခတ်၏။ မိဘနှစ်ပါးကလည်း "ချစ်သား။ ငါတို့အား ခိုးသား ရိုက်ခတ်လေပြီ။ အမောင်သာ လွတ်ရာသို့ ပြေးလေလော့"ဟုဆို၍ သားကို မရိုက်စိမ့်သောငှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ကာငိုကြွေးလေ၏။ ထိုအခါ 'ငါ၏မိဘတို့သည် ဤမျှလောက် နာကျင်ကြေးသော်လည်း ငါ၏အလို့ငှာသာ တောင်းပန်ကာ ငိုကြွေးပေကုန်၏။ သို့စင်ချစ်ခင်သော ကျေးဇူးရှင်နှစ်ပါးတို့အား ငါ ပြစ်မှားခြင်းသည် မသင့်ပေစွ'ဟု ကြံပြန်၍၊ ခိုးသူတို့ သွားဟန်ပြုပြီးမှ မိဘ မျက်မမြင်နှစ်ပါးကို ကြည်နူးစုံမက်စွာ သက်သာရာကိုရစေ၍၊ ခြေလက်ဆုပ်နယ်ခြင်းကို ပြုပြီးမှ လှည်းထက်သို့တင်၍ အိမ်သို့ တစ်ဖန်ဆောင်ခဲ့ပြန်၏။

ထို မကောင်းမှုကံသည် ကမ္ဘာရှည်လျားစွာ အကျိုးပေးခွင့်မသာဘဲ ပြာလွှမ်းသော မီးကျီးစုကဲ့သို့ ရှိ၍ ဤ ပစ္ဆိမဘဝ၌ အကျိုးပေးခွင့်ရလေရကား သိကြားမင်းနေရာ ဝေဇယန္တာပြာသာဒ်ကိုလျက် ခြေမတော်ဖျားဖြင့် လှုပ်ရှားခြင်းငှာစွမ်းနိုင်သော, နန္ဒောပနန္ဒစသော သူတို့ကိုလျက် နှိပ်စက်ခြင်းငှာစွမ်းနိုင်သော တန်ခိုးတော်အဟုန်သည် ကုန်ခန်းလေသဖြင့် အသေသတ်ခြင်းငှာလာသော ခိုးသူတို့၏လက်ထဲ၌ ရိုက်နှက်ညှဉ်းဆဲခြင်းကို ခံရလေ၏။ အရိုးတော်တို့သည် မုန့်မုန့်ညက်ညက်ကြေ၍ ဝွမ်းအိတ်ကဲ့သို့နေမှ သေပြီဟူသောအမှတ်ဖြင့် ပစ်ထား၍ ခိုးသားတို့ သွားကြလေကုန်၏။

ထိုခိုးသားတို့လည်း မိမိအိမ်သို့ မရောက်မီကပင် အရှင်မြတ်ကို ပြစ်မှားမိသော 'အာနန္တရိယကံ'ကြောင့် တောင်ကမ်းပါးယံကြားတွင် မြေမျို၍ အဝီစိငရဲသို့ ရောက်လေ၏။ အရှင်မောဂ္ဂလာန်လည်း အတန်ငယ်သတိရသောအခါ ဈာန်သမာပတ်အဟုန်ဖြင့် အလုံးစုံသော ကိုယ်ကို ကျန်းခဲ့စေလျက် ဘုရားရှင်ထံသို့လာပြီးသော် ကိုယ်တော်မြတ်ကို ရှိခိုးကန်တော့လျက် "အကျွန်ုပ်သည် ပရိနိဗ္ဗာန် ပြုခါတန်ချေပြီ။ ခွင့်ပြုတော်မူပါ"ဟု လျှောက်ကြား၍ ထို 'ကာဠသိဂိလိ' တောင်နံပါး၌ပင် ပရိနိဗ္ဗာန် စံလွန်လေ၏။

ထိုခဏ၌ စာတုမဟာရာဇ်စသော နတ်ပြည်ခြောက်ရွာဝယ် 'ငါတို့၏ဆရာဖြစ်သော အရှင်မောဂ္ဂလာန်သည် ပရိနိဗ္ဗာန်ပြုချေပြီ'ဟု အုတ်အုတ်ကျက်ကျက် တစ်ပြိုင်နက်သော ကောလာဟလသည် ဖြစ်၏။ ရာဇဂြိုဟ်ပြည်သူ လူအပေါင်းတို့လည်း သောင်းသောင်းဖြဲမျှ စည်းဝေးကြ၍ ပန်း, နံ့သာ စသည်ဖြင့် ပူဇော်ကုန်သည်။ ထင်းတလားစသည်ကို စုပုံကုန်သည်။ စန္ဒကူးထင်းပုံကား ကိုးဆယ့်ကိုးတောင် အမြင့်ဆောင်၏။ ဘုရားသခင်လည်း သံဃာတော်အပေါင်းနှင့်တကွ ကြွပ်မ၍ သင်္ဂြိုဟ်တော်မူသည်။

ထိုအခါ သင်္ဂြိုဟ်ရာဌာနမှ ထက်ဝန်းကျင် တစ်ယူဇနာမျှသောအရပ်၌ နတ်တို့၏ ပန်းမိုး, နံ့သာမိုး ရွာကုန်သည်။ လူတို့၏အကြား၌ နတ်တို့ သွားလာသည်ကို မြင်ရကုန်သည်။ ခုနစ်ရက်ပတ်လုံး အလောင်းတော်ကို ပူဇော်ချီးပပြီးမှ မီးသင်္ဂြိုဟ်တော်မူသည်။ ထိုဓာတ်တော်ကို ယူ၍ ဝေဠုဝန်ကျောင်းတော် တံခါးမုခ်ဝ၌ စေတီတည်စေသည်။

ယင်းသို့ အရှင်မောဂ္ဂလာန်အား ဘုရားကိုယ်တော်တိုင် ကြွပ်မ၍ သင်္ဂြိုဟ်သောအရာကို သံဃာတော်တို့ ချီးမွမ်းသောစကားစပ်တွင် "သင်တို့၏အစ်ကိုလတ်ဖြစ်သော ချစ်သား မောဂ္ဂလာန်၏အလောင်းကို ကောင်းမြတ်ကြီးကျယ်စွာ ယခုဘဝသာလျှင် ငါ သင်္ဂြိုဟ်ရသည် မဟုတ်။ ရှေးသောအခါ ငါဘုရားသည် 'သရဘင်္ဂ'ရသေ့ဖြစ်၍၊ မောဂ္ဂလန်သည် 'ကိသဝစ္ဆ'



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ဖြစ်သောအခါ၌လည်း ဤနည်းတူသာ ငါ သင်္ဂြိုဟ်ရဖူးပြီ”ဟု သရဘင်္ဂဇာတ်ကို ဟောတော်မူသည်။

ဤအကြောင်းကား စတ္တာလီသနိပါတ်၌ လာ၏။

## ။၈၈။ မာရ်နတ်သား ဘုရားထံသို့ ကပ်၍ အာယုသင်္ခါရ လွှတ်တော်မူရန် တောင်းပန်ခြင်း

ဘုရားသခင်လည်း အရှင်မောဂ္ဂလာန်ကို သင်္ဂြိုဟ်ပြီးသော် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်သမျှ နေတော်မူခဲ့၍၊ ဂင်္ဂါမြစ်သို့ အစဉ်လျှောက်ကာ ဒေသစာရီ ကြွချီတော်မူသဖြင့် နတ်တော်လပြည့်နေ့၌ ‘ဥက္ကစေလ’သို့ ကပ်တော်မူ၏။ ထိုမှတစ်ဖန် ကြွတော်မူပြန်သဖြင့် ဝေသာလီပြည်သို့ ရောက်တော်မူသည်။ နံနက်အခါ၌ ဝေသာလီပြည်တွင် ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဝေသာလီပြည်၏အရှေ့မျက်နှာ ‘စာပါလစေတီ’အရပ်သို့ ကပ်တော်မူ၍ “ချစ်သားအာနန္ဒာ။ စမ္မခဏ်(သားရေပိုင်း)ကို ခင်းလော့။ ဤအရပ်၌ နေ့အဖို့ နေဦးအံ့”ဟု မိန့်တော်မူ၍၊ ခြံရံလျက်ပါသော သံဃာတော်အပေါင်းနှင့်တကွ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ “ချစ်သားအာနန္ဒာ။ ဤဝေသာလီပြည်သည် အလွန်မွေ့လျော်ဖွယ် ရှိ၏။ ရှေးလိစ္ဆဝီမင်းတို့သည် ခင်းကျင်းစီမံ၍ထားအပ်သော၊ ပြည်သူပြည်သားတို့ ဝပ်တွားစည်းဝေးရာဖြစ်သော ဥတေနနတ်၏နေရာ (နတ်ကွန်း)စေတီသည်လည်း အလွန်မွေ့လျော်ဖွယ် ရှိ၏။ ဂေါတမအမည်ရှိသော နတ်၏နေရာဖြစ်သော ဂေါတမစေတီသည်လည်း အလွန်သာယာ၏။ သတ္တမ္ဗအမည်ရှိသော နတ်၏နေရာဖြစ်သော သတ္တမ္ဗစေတီသည်လည်း အလွန်မွေ့လျော်ဖွယ် ရှိ၏။ ဗဟုပုတ္တိက အမည်ရှိသော နတ်၏နေရာဖြစ်သော စေတီသည်လည်း အလွန်မွေ့လျော်ဖွယ် ရှိပေ၏။ သာနန္ဒရအမည်ရှိသော နတ်၏နေရာဖြစ်သော စေတီသည်လည်း အလွန်မွေ့လျော်ဖွယ် ရှိပေ၏။

“ချစ်သားအာနန္ဒာ။ ငါဘုရားသာသာနာ၌ ရဟန္တာဖြစ်ပြီးသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါးကို ပွားစေ၍ အဖန်တလဲလဲ အလေ့အလာပြု၍ နေငြားအံ့။ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးလည်း တည်နိုင်ရာ၏။ ထို့ထက်အလွန်လည်း တည်နိုင်ရာ၏။ ချစ်သား အာနန္ဒာ။ ငါ ဟောတော်မူသော ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ပွားစေ၍ လည်းကောင်း၊အဖန်တလဲလဲ အလေ့အလာပြု၍ လည်းကောင်း နေငြားအံ့။ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ဆိုသော် အာယုကပ်ပတ်လုံး လည်းကောင်း၊အသက်တစ်ရာကျော်သည်တိုင်ရုံလည်းကောင်း တည်နိုင်ရာ၏။ ချစ်သား အာနန္ဒာ။ ငါဘုရားသည်သည်လည်း အလိုတော်ရှိ၍ ဣဒ္ဓိပါဒ်လေးပါး, အဓိပတိ လေးပါး, ဗောဇ္ဈင်ခုနစ်ပါး တရားကိုသာ လေ့လာပွားစီး၍



www.burmeseclassic.com

www.burmeseclassic.com


နေသည့်ရှိသော် အာယုကပ်ပတ်လုံး တည်တော် မူနိုင်၏။ ထို့ထက်အလွန် တစ်ကမ္ဘာပတ်လုံး လည်း တည်တော်မူနိုင်၏”ဟု သုံးကြိမ်တိုင်တိုင် မိန့်တော်မူ၏။

ယင်းသို့ အမြွက်အရိပ် နိမိတ်ဩဘာစကားကို မိန့်ကြားတော်မူသော်လည်း အရှင်အာနန္ဒာ သည်တောင်းပန်ခြင်းငှာ သတိမရ။ “ဘုရားကိုယ်တော်မြတ်သည် လူ့နတ်တို့၏ စီးပွားချမ်းသာ အကျိုးငှာ အာယုကပ်ပတ်လုံး တည်တော်မူပါ”ဟု မတောင်းပန်မိလေ။ ရှိခိုးလျက် ဆိတ်ဆိတ် သာနေ၏။ ထိုအခါ မြတ်စွာဘုရားလည်း “ချစ်သား အာနန္ဒာ။ တည်းခိုခြင်းငှာ သင့်သောအရပ် သို့ သွားကုန်ဦးအံ့”ဟု မိန့်တော်မူ၍၊ ထို စာပါလစေတီနှင့် မနီးမဝေး အေးချမ်းသာယာသော အရိပ်ရှိသောသစ်ပင်ရင်းသို့ ကြွ၍နေတော်မူ၏။

ထိုအခါ မာရ်နတ်မင်းသည် နတ်ပြည်မှဆင်း၍ အရှင်အာနန္ဒာ ရှေဆောင်ခြင်းငှာ သွားသည့်အခိုက်တွင် ဘုရားရှင်ထံသို့ကပ်၍ လျှောက်ပတ်ရာဌ်နေပြီးသော်–

‘ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော’ဟူသော စကားဖြင့် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အရှင်မြတ်သည် ပရိနိဗ္ဗာန်ပြုခါ တန်ပါပြီ။ ယခု ပရိနိဗ္ဗာန် ပြုတော်မူပါလော့။ ရှေးသောအခါက အရှင်ဘုရားသည် အကျွန်ုပ်အား ဤသို့သော စကားကို ဆိုဖူးပါသည်။

‘အချင်းမာရ်နတ်။ ‘အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏တပည့်သား သံဃာတို့သည် ထူးမြတ်သောတရားအရာ၌ မလိမ္မာကုန်သေး။ ကိုယ်,နှုတ်,နှလုံး သုံးပါးကိုလည်း မဆုံးမ နိုင်ကုန်သေး။ သင်ကြားအပ်သော ပရိယတ္တိသည်လည်း မများကုန်သေး။ လောကုတ္တရာ တရားတော်အား လျော်သောအကျင့်ကိုလည်း မကျင့်နိုင်ကုန်သေး။ သူတစ်ပါးအား ဟောကြားသင်ပြခြင်းငှာလည်း မစွမ်းနိုင်ကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါ ဘုရားသည် ပရိနိဗ္ဗာန် မစံလိုသေး’ဟူ၍ ဆိုဖူးပါသည်။ ယခုမူကား အရှင်ဘုရား၏ တပည့် သားသံဃာတို့သည် လိမ္မာခြားနားကုန်ပြီ။ ကိုယ်, နှုတ်, နှလုံး သုံးပါးကို ဆုံးမနိုင်ကုန်ပြီ။ အသင်အကြားများ၍ ရဲရင့်တည်ကြည်သောအဖြစ်သို့ ရောက်ကုန်ပြီ။ပိဋကတ်သုံးပုံကို ဆောင် နိုင်ကုန်ပြီ။ လောကုတ္တရာတရားအား လျော်သော်အကျင့်ကို မိမိတို့လည်း ကျင့်နိုင်ကုန်ပြီ၊ သူတစ်ပါးတို့အားလည်း သင်ကြားပြသနိုင်ပြီ။ ဤလည်း အကြောင်းတစ်ပါး။

‘အချင်း မာရ်နတ်။ ‘ငါဘုရား၏ အဆုံးအမကိုခံကုန်သော ရဟန်း မိန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာ မိန်းမတို့လည်း အကြင်မျှလောက်သော ကာလပတ်လုံး ကိုယ်, နှုတ်, နှလုံး သုံးပါးကို မဆုံးမနိုင်ကုန်သေး။အသင်အကြား များသဖြင့် ရဲရင့်တည်ကြည်ခြင်းသို့ မရောက်ကုန်သေး။ လောကုတ္တရာတရားအား လျော်သောအကျင့်ကို မကျင့်နိုင်ကုန်သေး။ သူတစ်ပါးအား ဟောကြားဆုံးမ ပြသခြင်းငှာ မစွမ်းနိုင်ကုန်သေး။ ထိုမျှလောက်သော ကာလ ပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် မစံလိုသေး’ဟူ၍လည်း ဆိုဖူးပါသည်။ ယခုမူကား ထို သုံးပါးသော ပရိသတ်တို့ပင် လိုအပ်သောအကျိုး ပြည့်စုံကြပါပြီ။ ဤလည်းအကြောင်းသုံးပါး။


www.burmeseclassic.com

www.burmeseclassic.com

'အချင်းမာရ်နတ်။ ငါဘုရား၏ ဆုံးမသြဝါဒသာသနာသည် အကြင်မျှလောက်သော အခါပတ်လုံး လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၌ များစွာမပျံ့နှံ့သေး၊ များစွာ မသိသေး၊ မပြည့်စုံသေး။ ထိုမျှလောက်သော အခါပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် မစံလိုသေး'ဟု ဆိုဖူးပါသည်။ ယခုမှာ အရှင်ဘုရားသာသနာသည် စကြဝဠာအပြည့်ပင် ပျံ့နှံ့၍ ရှိပါပြီ။ လူ, နတ်, ဗြဟ္မာ သိကြား ပြည်စုံပါပြီ။ ဤစကားငါးဦး ဆိုဖူးသည့်အတိုင်း ကျွန်ုပ်ရှုသော် ယခု ပြည့်စုံစွာ ရှိရကား အရှင်ဘုရား ပရိနိဗ္ဗာန် ပြုခါတန်ပါပြီ။ ပရိနိဗ္ဗာန် စံတော်မူပါလော့"ဟု လျှောက်၏။

ဘုရားသခင်လည်း 'အစဉ်ပွင့်လေကုန်သော နောင်တော်ဘုရားတို့၏ အာယုသင်္ခါရသည် အဘယ်မျှတည်တံ့သနည်း'ဟု ရှုတော်မူသော်၊ ရှေးနောင်တော်ဘုရားတို့ ပွင့်သောကာလ လူတို့၏အသက်တမ်းကို ငါးဖို့ပြု၍ လေးစုမျှသာ တည်တော်မူသည်ကို မြင်သဖြင့် 'ဗုဒ္ဓဝင်ထုံးတမ်းကို ငါလည်း မလွန်ထိုက်ချေ'ဟု နှလုံးပြုတော်မူလျက်၊ "ဟယ် မာရ်နတ်ယုတ်။ သင် အဘယ်ကို စိုးရိမ်သနည်း။ မကြောင့်ကြလင့်။ မမြင့်မီပင် ငါ ပရိနိဗ္ဗာန် စံတော်မူအံ့။ ဤကာလမှ သုံးလလွန်သောအခါ ငါဘုရား ပရိနိဗ္ဗာန်ပြုအံ့"ဟု မိန့်တော်မူလိုက်၏။ မာရ်နတ်လည်း ထိုအကြောင်းကို တောင်းပန်ပြီးလျှင် ဘုရားရှင်ရှေ့တော်မှ ကွယ်ခဲ့၏။

ဘုရားကိုယ်တော်မြတ်လည်း ထိုအရပ်ဌာန ထိုခဏတွင်ပင် သတိသမ္ပဇဉ် ယှဉ်တော်မူကာ အာယုသင်္ခါရကိုလွှတ်ခြင်းငှာ အာရုံရှိသောသမာပတ်သို့ ဝင်တော်မူ၏။ ထိုသမာပတ်၏အာနုဘော်ကြောင့် မြေပေါ်ကောင်းကင် ရေပြင်သမုဒ္ဒရာ၌ သတ္တဝါအပေါင်းတို့၏ ကြောက်မက်ထိတ်လန့်ခြင်း, ကြက်သီး မွေးညင်းထခြင်းကို ဖြစ်စေခြင်းငှာ မဟာပထဝီမြေကြီးသည် ကြည်းဟည်းတုန်လှုပ်၏။ ဘဝဂ်မိုးပြင် ပဲ့တင်ထပ်မျှ တော်လည်း၏။ ထိုအခါ မြတ်စွာဘုရားလည်း ဤသို့သောဥဒါန်းကို ကျူးရင့်တော်မူ၏။

"တုလ မတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရ မဝဿဇိ မုနိ။
အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိ ကဝစ မိဝတ္တသမ္ဘဝံ"

အနက်ကား။ ။ မုနိ၊ မောနေယျပဋိပတ်နှင့်ပြည့်စုံသော ဘုရားသည်။ သမ္ဘဝံ၊ ဘဝအသစ်ဖြစ်ရခြင်း၏အကြောင်းလည်း ဖြစ်ထသော။ ဘဝသင်္ခါရံ၊ ဘဝတစ်ဖန် ပြုပြင်လတ္တံ့ သော။ တုလဉ္စ၊ ကာမကုသိုလ် ရူပကုသိုလ်ကံကို လည်းကောင်း။ အတုလဉ္စ၊ အရူပ ကုသိုလ်ကံကို လည်းကောင်း။ အဇ္ဈတ္တရတော၊ မိမိသန္တာန်၌ အဖန်ဖန် မွေ့လျော်စေပြီး၍။ သမာဟိတော၊ တည်ကြည်ငြိမ်သက်သောစိတ် ရှိလျက်။ အဝဿဇိ၊ စွန့်ပစ်ထွေးအန် ပယ်လှန်အောင်မြင်အပ်ပြီ။ အတ္တသမ္ဘဝံ၊ မိမိသန္တာန်၌ဖြစ်သော မာရ်အပေါင်းကို။ မဟာယောဓော၊ သူရဲကြီးသည်။ သင်္ဂါမေ၊ စစ်မြေအရပ်၌။ ကဝစံ၊ လွှားကာကို။ အဘိန္ဒိက္ကဝ၊ ဖျက်ဆီးသကဲ့သို့။ အဘိန္ဒိ၊ အကြွင်းမဲ့ ဖျက်ဆီးအပ်ပြီ။

ယင်းသို့ ပြင်းစွာမြေလှုပ်သောအခါ အရှင်အာနန္ဒာအား ဤသို့ အကြံဖြစ်၏။ 'အံ့ဖွယ်သူရဲ မဖြစ်ဖူးမြဲ လွန်ကဲကြောက်မက်ဖွယ်သော ဤမြေလှုပ်ခြင်း, တော်လည်းခြင်းကား

www.burmeseclassic.com



အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်း။ ဘုရားမှတစ်ပါး အခြားသောသူတို့ကား သိနိုင်ရာတော့မည် မဟုတ်ပြီ။ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ကြားအံ့'ဟု ကြံ၍ ကိုယ်တော်မြတ်ထံသို့ကပ်ပြီးသော် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ယခု မြေ ပြင်းစွာ လှုပ်ခြင်းကား အဘယ်အကြောင်းပါနည်း"ဟု နားတော်လျှောက်၏။

ဘုရားသခင်လည်း "ချစ်သား အာနန္ဒာ။ မဟာပထဝီလှုပ်ခြင်း၏အကြောင်းကား ရှစ်ပါး ရှိသတည်း။ ရှစ်ပါးဟူသော်ကား-

၁။ ချစ်သား အာနန္ဒာ။ ယူဇနာ နှစ်သိန်းလေးသောင်းရှိသော ဤမြေကြီးသည် ရေထုအထက်၌တည်၏။ ထိုရေသည် လေထု၏အထက်၌ တည်၏။ ထိုလေသည် ကောင်းကင်ပြင်၌ တည်၏။ ထိုသို့တည်ရာ၌ အောက်ဝါယောဓာတ်သည် အလွန်မှုတ်လေက အထက်ရေ လှုပ်သည်။ ရေလှုပ်သဖြင့် မြေလှုပ်ခြင်း ဖြစ်သည်။ ဤသို့လှုပ်ခြင်းလည်း အကြောင်းတစ်ပါး။

၂။ ဤလောက၌ တန်ခိုးအာနုဘော်နှင့်ပြည့်စုံကုန်သော၊ ဈာန်အဘိညာဉ်၌ လေ့လာကုန်သော ရဟန်း, ပုဏ္ဏားတို့သည်လည်း ရှိကုန်၏။ တန်ခိုးအာနုဘော်ကြီး၍အလိုအတိုင်း ပြီးကုန်သော နတ်တို့သည်လည်း ရှိကုန်၏။ ထို ရဟန်း, ပုဏ္ဏား, နတ်သားတို့သည် မိမိတို့၏တန်ခိုးအာနုဘော်ဖြင့် လှုပ်စေကုန်၏။ ဤလည်း အကြောင်းတစ်ပါး။

၃။ ဘုရားလောင်းတို့သည် နတ်ပြည်မှစုတေလာ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေသောအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးလေသောအားဖြင့် လှုပ်သည်လည်း အကြောင်းတစ်ပါး။

၄။ ဘုရားလောင်းတို့ မယ်တော်ဝမ်းမှဖွားသောအခါ သတ္တဝါတို့ကို သိစေသောအားဖြင့် မြေလှုပ်သည်လည်း အကြောင်းတစ်ပါး။

၅။ ဘုရားသခင်တို့ သဗ္ဗညုတဉာဏ်ကို ရသောအခါ သာဓုနမော် ခေါ်ဘိသကဲ့သို့ အံ့ဩချီးမြှောက်ခြင်းငှာ မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါး။

၆။ ထိုဘုရားတို့ တရားဓမ္မစကြာ ဟောသောအခါ မင်္ဂလာအထူးဖြစ်စိမ့်သောငှာ မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါး။

၇။ ဘုရားသခင်တို့ နိဗ္ဗာန်ဝင်အံ့သောငှာ အာယုသင်္ခါရ လွှတ်တော်မူသည်ကို ထိုထိုလူနတ်တို့ ဌပွတ်သိကြ သံဝေဂကို ရစိမ့်သောငှာ မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါး။

၈။ ဘုရားသဗ္ဗညုတို့သည် အနုပါဒိသေသ နိဗ္ဗာန်စံတော်မူသောအခါ ထိတ်လန့်လေသော အခြင်းအရာဖြင့် မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါး။

ဤ ရှစ်ပါးတို့ပင်တည်း။

"ချစ်သား အာနန္ဒာ။ ငါဘုရားသည် သဗ္ဗညုတဉာဏ်ကို ရဦးအစ သတ္တသတ္တာဟတို့တွင် 'အဇပါလ'၌ နေတော်မူသောအခါကပင် ယုတ်မာသောမာရ်နတ်သားသည် ငါဘုရားထံသို့ ကပ်၍ "အရှင်မြတ်သည် ပရိနိဗ္ဗာန်စံ ဝင်တော်မူပါ"ဟု လျှောက်လာဖူး၏။ ထိုအခါ ငါဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကလည်း "ဟယ် မာရ်နတ်။ သတ္တဝါအပေါင်းကို ကောင်းမြတ်သောအမြိုက်ရေအေးဖြင့် တိုက်ကျွေးကယ်တင်လို၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ငါ ဖြည့်ခဲ့သည်။ ယခု ငါ ဘုရားဖြစ်မြောက်သော်လည်း တစ်စုံတစ်ယောက်သောသူကိုမျှ ငါသိသောဓမ္မရသကို မတိုက်ကျွေးရသေး။ ငါ၏သာသနာသည် ပြန့်ပွားစွာ မရှိသေး။ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့ကို ငရဲဘေးမှပိတ်ပင်လျက် နတ်ရွာနိဗ္ဗာန် လမ်းမှန်ကောင်းရာကို ငါ မပြရသေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် စံတော်မမူလိုသေး"ဟု ငါ ဆိုလိုက်သတည်း။ ချစ်သား အာနန္ဒာ။ ယခု စာပါလစေတီအနီး သစ်ပင်ကြီးရင်း၌ နေတော်မူရာ၌လည်း ထိုမာရ်နတ်သည် ငါ့ထံသို့ ကပ်၍ "ပရိနိဗ္ဗာန် စံတော်မူပါ"ဟု လျှောက်လာပြန်သတည်း။ ယင်းသို့ လျှောက်ရကား "ဟယ် မာရ်နတ်ယုတ်။ သင် မစိုးရိမ်လင့်။ ဤကာလမှ နောက် သုံးလမြောက်လွန်သောအခါ ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူအံ့"ဟု အာယုသင်္ခါရကို လွှတ်တော်မူလိုက်သည်။ ဤအကြောင်းကြောင့်သာ မဟာပထဝီ ဤ မြေနှစ်သိန်းသည် ကြောက်ကြိမ်းဖွယ်ပြု၍ လှုပ်သတည်း"ဟု မိန့်တော်မူ၏။

ထိုစကားကို ကြားလျှင် အရှင်အာနန္ဒာလည်း "မဟာဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာ ဘုရား။ လူတို့၏အကျိုးစီးပွား များစိမ့်သောငှာ ပါရမီဖြည့်ခဲ့လျက် လျင်စွာ ပရိနိဗ္ဗာန် ပြုတော်မမူပါလင့်။ အာယုကပ်ပတ်လုံး တည်တော်မူပါ"ဟု လျှောက်လေ၏။

ဘုရားသခင်ကလည်း "ချစ်သား အာနန္ဒာ။ အခုအခါ သင် တောင်းပန်လာခြင်းသည် အခွင့်မဟုတ်ပြီ"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ထပ်ခါထပ်ခါ သုံးကြိမ်မြောက်အောင် တောင်းပန်လေလျှင် "ချစ်သားအာနန္ဒာ။ သင်သည် ငါဟောကြားသော မဂ်ဉာဏ်လေးပါးကို နိဗ္ဗာန်ရောက်ကြောင်းတရားဟူ၍ ယုံကြည်၏လော"ဟု မေး၏။ "ယုံကြည်ပါ၏။ ကျွန်ုပ် လည်း စိုးစဉ်းမြင်ပါ၏"ဟုလျှောက်လျှင်၊ "အာနန္ဒာ။ အကြင်သူသည် ဣဒ္ဓိပါဒ်လေးပါး, ဗောဇ္ဈင်ခုနစ်ပါးတရားကို ပွားစေ၍ အာယုကပ်ပတ်လုံးကို လည်းကောင်း၊ ထို့ထက်အလွန် လည်းကောင်း တည်လိုသော် တည်နိုင်ရာ၏။ ထို့အတူ ငါဘုရားသည်လည်း ဣဒ္ဓိပါဒ်လေးပါး, ဗောဇ္ဈင်ခုနစ်ပါး တရားတို့ကို များစွာပွားစေ၍ အာယုကပ်ပတ်လုံး ဖြစ်စေ၊ ထို့ထက်အလွန်ဖြစ် စေ နေတော်မူလိုသော် အလိုရှိသမျှ နေနိုင်၏ ဟူ၍ ငါမိန့်တော်မူသည်ကို သင် ယုံကြည်၏ လော"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ယုံကြည်ပါ၏"ဟု လျှောက်သော်၊ "ချစ်သားအာနန္ဒာ။ သင်သည် ငါဘုရားဒေသနာကို ပညာဖြင့်နှစ်လို၍ သို့စင်ယုံကြည်သောသူ ဖြစ်လျက် နိမိတ်ဩဘာစကား မြွက်ကြားတော်မူသောအခါ ငါဘုရားကို မတောင်းပန်။ ထိုသို့ မတောင်းပန်ခြင်းသည် သင်၏ဝန်, သင်၏ ချွတ်ယွင်းခြင်းပင်တည်း။ အကယ်၍ သင် တောင်းပန်မူကား ငါဘုရားသည် သင်၏စကားကို နှစ်ကြိမ်သာ ပယ်ရာ၏။ သုံးကြိမ်မြောက် မပယ်ပေရာ။ လိုက်နာသည်သာ ဖြစ်လတ္တံ့။ ယခုမှ တောင်းပန်ခြင်းသည် သင်၏ချွတ်ယွင်းခြင်းပင်တည်း။ ချစ်သားအာနန္ဒာ။ ငါဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသောအခါ၌လည်း နိမိတ်ဩဘာစကားကို သင့်အား ငါ မိန့်တော်မူဖူး၏။ 'အာနန္ဒာ။ ရာဇဂြိုဟ်ပြည်သည် အလွန်မွေ့လျော်ဖွယ်ရှိ၏။ ဤ ဂိဇ္ဈကုဋ်



www.burmeseclassic.com

www.burmeseclassic.com



တောင်သည်ကား သူတော်ကောင်းတို့ ရှည်မြင့်စွာကိန်းအောင်းခြင်းငှာ လျှောက်ပတ်၏။ ရာဇဂြိုဟ်ပြည်သား အများသတ္တဝါတို့လည်း မိစ္ဆာဒိဋ္ဌိအယူသို့ လိုက်ကြသည်သာ များသေး၏' ဤသို့စသည်ဖြင့် ငါ မိန့်ဖူးသည် မဟုတ်လော။ ထိုအခါသင် တောင်းပန်ပါမူ နှစ်ကြိမ်မြောက်သာ သင့်စကားကို ငါ ပယ်ရာ၏။ သုံးကြိမ်မြောက်အောင် မပယ်ရာ။ လိုက်နာသည်သာဖြစ်လတ္တံ့။ ထိုအခါက မတောင်းပန်ခြင်းသည် သင်၏ ချွတ်ယွင်းခြင်းပင်တည်း"ဤသို့ အစရှိသည်ဖြင့် များစွာမိန့်တော်မူပြီး၍၊ "ချစ်သားအာနန္ဒာ။ ငါဘုရားသည် အသက်ဟူသောအကြောင်းကြောင့် ဆိုအပ်ပြီးသောစကားကို တစ်ဖန်ပြင်ပြန်ခြင်းသည် အကြောင်းမသင့် အခွင့်မဟုတ်ချေ"ဟု ဆိုတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာလည်း ပြင်းစွာသောဓမ္မသံဝေဂသည် ဖြစ်၏။

ထို့နောက်မှ "အာနန္ဒာ။ မဟာဝန ကူဋာဂါရသို့ ကြွသွားကြကုန်အံ့"ဟု ဆို၍၊ ကိုယ်တော်မြတ် ရေးကနေဖူးသော ကူဋာဂါရသို့ ကြွတော်မူ၏။ ရောက်လျှင် အရှင်အာနန္ဒာအား ဤသို့မိန့်တော်မူ၏။ "ချစ်သား အာနန္ဒာ။ ဝေသာလီပြည်ကို မှီ၍နေကုန်သော ရဟန်းအပေါင်းတို့ကို တညီတညွတ်တည်း စည်းဝေးစေကုန်လော့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဗျာဒိတ်တော်အတိုင်း နှိုးဆော်၍ ရဟန်းတို့ စည်းဝေးမိကြသော် ကိုယ်တော်မြတ်အား ကြား လျှောက်ပေ၏။ ဘုရားသခင်လည်း သံဃာတို့ထံသို့လာ၍ ခင်းအပ်သောနေရာ၌ နေပြီးသော်–

'တသ္မာ တိဟ ဘိက္ခဝေ ယေ တေ မယာ ဓမ္မာ အဘိညာ ဒေသိကာ–' အစရှိသည်ဖြင့် ဩဝါဒ ပေးတော်မူ၏။

အနက်ကား – "ချစ်သားရဟန်းတို့။ ငါဘုရားသည် သင်တို့၏အကျိုးစီးပွားအလို့ငှာ သုတ်, အဘိဓမ္မာ, ဝိနည်းတည်းဟူသော သာသနာကို ကောင်းစွာထားအပ်ကုန်ပြီ။ ထိုတရား တို့ကို သင်တို့ မြဲမြဲစွာသင်ကြား၍ အဖန်တလဲလဲ ပွားများကြလေကုန်။ ဤသို့ပွားများကြသော် ငါဘုရားသာသနာတော်သည် ရှည်မြင့်စွာထွန်းပ၍ သိဿာန သိဿ ပရမ္ပရဖြစ်သော လူနတ်အများတို့သည် အကျိုးစီးပွားများခြင်းငှာ ဖြစ်လေရာ၏။ သာသနာတော်၏ ကာလ အရှည် တည်ထွန်းပေရာသော အကြောင်း(၁)ရားကား သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါး ဤတရားအစု ပင်တည်း။ ထိုတရားတို့ကိုလည်း အထူးထူးသောပရိယာယ်အားဖြင့် သင်တို့အား ဟောကြားအပ် ပြီ။ ဤတရားတို့ကို အဖန်တလဲလဲ နှလုံးသွင်းကာ သင်္ခါရတရားတို့၏ ကုန်တတ်, ပျက်တတ် သောသဘောကို ရှုကြကုန်လော့။ ငါဘုရားသည် ဤလမှ နောက်သုံးလမြောက်လွန်သဖြင့် ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့."ဟုမိန့်တော်မူ၏။

ထို့နောက်မိုးသောက်၍ တစ်နေ့သောအခါ မြတ်စွာဘုရားလည်း သပိတ်သင်္ကန်းကို ပြင်လျက် အရှင်အာနန္ဒာနှင့်တကွ ဝေသာလီပြည်သို့ ဆွမ်းခံ ဝင်တော်မူ၏။ ဆွမ်းခံရာမှ ဖဲခဲ့ပြီးသော် ပြည်၏အနီး၌ ရပ်တော်မူ၏။ "ချစ်သားအာနန္ဒာ။ ဝေသာလီပြည်ကို ငါ ကြည့်ဦး အံ့"ဟု မိန့်တော်မူပြီးလျှင် ဆင်ပြောင်ကြီး၏ကြည့်ခြင်းဖြင့် ကြည့်တော်မူ၏။ ထိုအခါ မဟာပထဝီ မြေကြီးသည် အိုးထိန်းစက်လည်သကဲ့သို့ ဝေသာလီပြည်သည် လှည့်လည်၍ တည်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



[‘ဆင်ပြောင်ကြီး၏ ကြည့်ခြင်း’ဟူသည်ကား လူအများတို့၏အရိုးသည် အစွန်းချင်းထိ၍ တည်ကုန်သည်။ ပစ္စေကဗုဒ္ဓါတို့၏အရိုးသည် ချွန်းတောင်း ချိတ်သကဲ့သို့ တည်ကုန်သည်။ ဘုရားသခင်တို့ကား ဤကဲ့သို့ မဟုတ်။ သံကွင်းဆက်သကဲ့သို့ တစ်စပ်တည်းတည်ရကား နောက်သို့ကြည့်လိုသောအခါ လည်တော်ကို လှည့်၍ကြည့်ခြင်းငှာ မတတ်ကောင်း။ ဆင်ပြောင်ကြီး ကိုယ်လုံးလှည့်၍ ကြည့်ရသကဲ့သို့ ထိုအတူ ကိုယ်လုံးလှည့်၍ ကြည့်တော်မူလေသတည်း။ ဝေသာလီပြည်ကို အဘယ်ကြောင့် ပြန်လှည့်၍ကြည့်တော်မူသနည်း ဟူမူကား– ‘ပြည်သူပြည်သားတို့သည် မကြာမြင့်မီ ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့။ ဘုရားသခင် ရပ်၍ကြည့်တော်မူရာကို ‘နာဂါပလောကိတ’မည်သော စေတီတည်၍ ပူဇော်ကုန်လတ္တံ့။ ထိုပူဇော်ခြင်းသည် ကြာမြင့်စွာသောကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ကြလတ္တံ့.’ဟု ကြံ၍ ကြည့်တော်မူသတည်း။]

## ။၈၉။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း

ဘုရားသခင်လည်း သံဃာတော်အပေါင်းနှင့်တကွ အရှင်အာနန္ဒာကိုခေါ်တော်မူ၍ “ချစ်သား အာနန္ဒာ။ ဘဏ္ဍဂါမသို့ သွားကြကုန်အံ့”ဟု ဆို၍ကြွတော်မူ၏။

ထိုသို့ရောက်တော်မူလျှင် သံဃာတော်တို့ကို ခေါ်၍ –

‘စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ–’ အစရှိသော တရားဒေသနာကို ဟောတော်မူ၏။

ထိုဘဏ္ဍဂါမ၌ မွေ့လျော်သမျှ နေတော်မူ၍ တစ်ဖန် ဟတ္ထိဂါမ, အမ္ဗဂါမ, ဇမ္ဗုဂါမ, ဘောဂနဂရသို့ ကြွတော်မူ၏။ ထိုအခါ သံဃာတော်တို့အား မဟာပဒေသလေးပါးကို ညွှန်ကြားဆုံးမတော်မူ၏။ ထို ဘောဂနဂရ၌ မွေ့လျော်သမျှနေပြီးသော် ပါဝါပြည်သို့ ကြွတော်မူပြန်၏။

ထို ပါဝါပြည်၌နေသော ရွှေပန်းထိမ်သည်၏သားဖြစ်သော ‘စုန္ဒ’အမည်ရှိသော ဒါယကာသည် စည်းစိမ်ဥစ္စာကြွယ်ဝလျက် ရှေးကာလ ဘုရားကြွတော်မူသောအခါကပင် သောတာပန်ဖြစ်၍၊ ရှင်ချစ်ဘုရားအား အလွန်ကြည်ညိုခြင်းရှိရကား မိမိဥယျာဉ်၌ ကျောင်းဆောက်၍ လှူသတည်း။ ဘုရားသခင်လည်း ထို ပါဝါပြည်သို့ရောက်တော်မူလျှင် ယခင်နေဖူးသော စုန္ဒဒါယကာ၏ သရက်ဥယျာဉ်သို့ဝင်၍ သီတင်းသုံးနေတော်မူ၏။

ဒါယကာစုန္ဒလည်း သံဃာတော်တို့နှင့်တကွ ဘုရားကြွလာကြောင်း၊ မိမိဥယျာဉ်၌ သီတင်းသုံးနေကြောင်းကို ကြားရလျှင် ဘုရားရှိရာသို့ချဉ်းကပ်၍ လျောက်ပတ်သောနေရာမှ ရှိခိုးပူဇော်ကာ နေ၏။ ကိုယ်တော်မြတ်လည်း လျောက်ပတ်သောတရားစကားဖြင့် ဟောကြားဆုံးမတော်မူ၏။ ထို စုန္ဒဒါယကာလည်း တရားနာပြီးသော် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန် သံဃာတော်တို့နှင့်တကွ အကျွန်ုပ်၏ဆွမ်းကို ခံတော်မူပါ"ဟု လျှောက်ကြား၏။ ဘုရားသခင်လည်း ဆိတ်ဆိတ်သည်းခံတော်မူလျှင် ရွှင်လန်းဝမ်းသာစွာ လက်ယာရစ် သုံးပတ်လှည့်၍ရှိခိုးပြီး မိမိအိမ်သို့ သွားလေ၏။

အိမ်သို့ရောက်သောအခါ ကောင်းမြတ်လှစွာသော 'ဝက်သားပြွမ်းဆွမ်းဖြင့် ဘုရားသခင်အား လုပ်ကျွေးတော့အံ့'ဟုကြံ၍၊ ချက်ပြုတ်ရန် ပရိကံတို့ကို ရုံးစုစီရင်လျက် နံနက်သောအခါဝယ် ငယ်လည်းမငယ်လွန်း၊ ကြီးလည်းမကြီးလွန်း ပြည့်ရွှန်းသားဆီ တညီပြင်ဖြစ်သော ဝက်ပျိုသားကိုဝယ်၍ အသွယ်သွယ်သော အမွှေးအကြိုင်တို့ဖြင့် ထုံလှိုင်လျက် သားပြွမ်းဆွမ်း ချက်လေ၏။ ထိုအခါ စကြဝဠာအတွင်း၌နေကုန်သော နတ်တို့သည် ထူးမြတ်သောဩဇာ ဟူသမျှကို ထည့်ကြပေကုန်၏။ အလုံးစုံ စီမံခင်းကျင်းပြီးသော် ကိုယ်တော်မြတ်အား ကြားလျှောက်စေ၏။

ဘုရားသခင်လည်း သံဃာတော်တို့နှင့်တကွ စုန္ဒအိမ်သို့ကြွ၍ ဆွမ်း ဘုဉ်းပေးတော်မူ၏။ စုန္ဒဒါယကာလည်း မြတ်စွာဘုရားအား ဝက်သားဖြင့်ပြွမ်းသောဆွမ်းကို လုပ်ကျွေး၍၊ တပည့်သံဃာတို့အား တစ်ပါးသောခဲဖွယ်ဘောဇဉ်ဖြင့်သာ လုပ်ကျွေးပေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ စုန္ဒဒါယကာကို ခေါ်တော်မူ၍ "အချင်းစုန္ဒ။ ငါဘုရားအား လုပ်ကျွေးသော သားပြွမ်းဆွမ်းကြွင်းကို တွင်း၌ မြှုပ်ဘိလော့။ အဘယ့်ကြောင့်နည်းဟူမူကား ဤသားပြွမ်းဆွမ်းကို စားသော် ငါဘုရားမှတစ်ပါးသော ပုဂ္ဂိုလ်သည် အစာမကြေနိုင်လေရာ။ အစာကြေနိုင်အံ့သော ပုဂ္ဂိုလ်ကို နတ်ပြည်ခြောက်ရွာ ဗြဟ္မာနှစ်ဆယ်နှင့်တကွသော သြကာသလောက၌ တစ်စုံတစ်ယောက်သောသူကိုမျှ ငါ မမြင်"ဟု မိန့်တော်မူ၏။

စုန္ဒဒါယကာလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း တွင်းတူး၍မြှုပ်ပြီးသော် ရှေ့တော်၌ ရှိခိုး၍နေ၏။ ဘုရားသခင်လည်း အစဉ်အလာ ဓမ္မဒေသနာဖြင့် ဆွမ်းအနုမောဒနာပြု၍ ကြွတော်မူ၏။

တည်းခိုတော်မူသော ဥယျာဉ်သို့ရောက်သောအခါ သည်းထန်ပြင်းပြစွာ ဝမ်းသွေးသွန်သောဝေဒနာသည် ဖြစ်တော်မူ၏။ ဘုရားသခင်လည်း သတိပညာတော်ဖြင့် ဆင်ခြင်လျက် ကြောက်ငြင်ဖွယ်သော ထိုဝေဒနာကို ကောင်းစွာသည်းခံတော်မူ၏။

[ထိုသားပြွမ်းဆွမ်းကို ဘုဉ်းပေးသောကြောင့်သာ ထိုဝေဒနာ ရောက်သည်မဟုတ်။ စင်စစ်သော်ကား ဘုရားကိုယ်တော်မြတ်၌ ဤဝေဒနာ မချွတ်ရောက်လတ္တံ့ပင် ဖြစ်သည်။ သားပြွမ်းဆွမ်းကို မဘုဉ်းပေးရသော် အလွန်ပြင်းပြစွာ ခံရဘိရာသည်။ ဘုဉ်းပေးရသောကြောင့်သာလျှင် အားတော်ခိုင်မာ ရှည်စွာသောခရီးကိုလျက် ခြေတော်ဖြင့်သာ ကြွနိုင်သေးသည်ဟု မှတ်ရမည်။]

ဘုရားသခင်လည်း အာနန္ဒာကိုခေါ်၍ "ချစ်သားအာနန္ဒာ။ ဤ ပါဝါပြည်၌နေ၍ မသင့်သေး။ ကုသိနာရုံပြည်သို့ သွားကြကုန်အံ့"ဟု မိန့်တော်မူ၍ သံဃာတော်အပေါင်းနှင့်တကွ ကြွတော်မူလေ၏။ ခရီး တစ်ယူဇနာခန့် ရောက်သောအခါ "ချစ်သားအာနန္ဒာ။ ငါဘုရားသည်



www.burmeseclassic.com

www.burmeseclassic.com



ခွန်အားကုန်ခန်း၍ ပင်ပန်းတော်မူလှသည်။ ဤလမ်းခရီး၏အနီး သစ်ပင်ကြီးရင်း၌ ဒုကုဋ်တော်ကို လေးထပ်ပြု၍ ခင်းလော့”ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း လျင်စွာ သစ်ပင်ရင်းကို သုတ်သင်၍ ဒုကုဋ်တော်ကို လေးခေါက်ပြု၍ခင်းလျှင် ဘုရားသခင်လည်း ထိုတွင် လဲလျောင်းတော်မူ၏။

ထိုသို့လျောင်းပြီးသော် အာနန္ဒာကို ခေါ်တော်မူ၍ “ချစ်သားအာနန္ဒာ။ ငါ ရေမွတ်တော်မူသည်။ ချမ်းကြည်အေးမြသောရေကို ရှာဆောင်ချေလော့”ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဂင်္ဂါမြစ်သို့ သွား၍ရှုပြီးသော် “ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား။ ယခုအခါ မလ္လာမင်းတို့ လှည်းငါးရာဖြင့်ကူးသွား၍ ဤမြစ်ငယ်ရေသည် မကြည်လင်ပါ။ ကကုဓာမည်သောမြစ်သည် ရှေ့အနီးတွင်ပင် ရှိပါသည်။ချမ်းကြည်အေးမြသောရေလည်း ရှိပါသည်။ ဆိပ်ခင်းလည်း ကောင်းပါသည်။ ထိုမြစ်သို့ရောက်မှ သုံးဆောင်ရမူ ပူဆာသောဒုက္ခ ငြိမ်းပါလိမ့်မည်”ဟု လျှောက်၏။

[မလ္လာမင်းတို့သည် အဘယ့်ကြောင့် လှည်းဖြင့်ကူးသွားသနည်းဟူမူကား ဤကုသိနာရုံပြည်သို့ မလ္လာမင်းတို့ အလှည့်အလည် မင်းပြုကုန်သည်။ အလှည့်မကျသော မင်းသားတို့ ကုန်ရောင်းသွား၍ အသက်မွေးကုန်သည်။ ပုက္ကုသမည်သော မင်းသားသည်လည်း လှည်းငါးရာဖြင့် ကုန်ရောင်းအံ့သောငှာ ပါဝါပြည်သို့သွားသည်နှင့် ခရီးဆိုင်မိကြ၍ ယခင်စကားကို လျှောက်သတည်း။]

ဘုရားသခင်လည်း အရှင်အာနန္ဒာက ‘ရေနောက်ပါသည်’ဟု လျှောက်သော်လည်း သုံးကြိမ်မြောက်အောင် ရေယူခြင်းငှာ တိုက်တွန်းတော်မူ၏။ အရှင်အာနန္ဒာလည်း အာဏာတော်ကို မဆန်သာ၍ ဂင်္ဂါမြစ်နားသို့ သပိတ်တော်ကိုယူ၍ သွားလေသော် နွံနှစ်မွှေသကဲ့သို့ နောက်ကျုလှသောရေသည် ထိုခဏချင်း သန့်ရှင်းကြည်လင်စွာ စီး၏။ အရှင်အာနန္ဒာလည်း ‘သြော်မြတ်စွာဘုရားတို့၏ တန်ခိုးအာနုဘော်မည်သည်ကား အံ့ဖွယ်ရှိလှ၏တကား။ အသက်မရှိသော ရေစင်လျက် အလိုတော်အတိုင်း ကြည်လင်ရပေသည်။ မဖြစ်ဖူးမြဲ ထူးကဲလှစွာ၏တကား’ဟု အကြံဖြစ်၏။ ထို့နောက်မှ သပိတ်တော်ဖြင့် ရေကိုဆောင်ယူခဲ့၍ ဘုရားသခင်အား ကပ်ပေ၏။ ဘုရားကိုယ်တော်မြတ်လည်း မွတ်သိပ်ခြင်း ပြေပျောက်လေ၏။

ထိုအခါ ကာလာမအမျိုး၌ဖြစ်သော ‘အာဠာရ’ရသေ့၏ တပည့်ဖြစ်သော မလ္လာမင်းသား ‘ပုက္ကုသ’သည် ဘုရားသခင် သစ်ပင်ရင်း၌ သီတင်းသုံးနေသည်ကိုမြင်၍ ဘုရားရှင်ထံသို့ ကပ်ပြီး သော်–

“ရွှေဘုန်းတော်ရှင် သခင်ဘုရား။ ရဟန်းသံဃာတို့ ငြိမ်သက်တင့်တယ်စွာ ဈာန်သမာပတ်ဖြင့် နေတော်မူခြင်းသည် အလွန်ကြည်ညိုဖွယ် ရှိလှ၏တကား။ ရှေးသောအခါ ကျွန်ုပ်တို့ဆရာဖြစ်သော အာဠာရရသေ့သည် အဝွန့်ရှည်သောခရီးကိုသွားသော် ခရီးမှဖဲ၍ လမ်း၏အနီး သစ်ပင်ကြီးရင်း၌နေခြင်းကို ပြု၏။ ထိုအခါ ငါးရာသောလှည်းတို့သည် ရှင်ရသေ့ကိုမှီ၍ လွန်ရကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုအခါ ယောကျ်ားတစ်ယောက်သည် လှည်းတို့၏နောက်မှ လိုက်လာ၍ အာဠာရရသေ့အား 'အရှင်ဘုရား။ လှည်းသမားငါးရာ ရှေ့က သွားသည်ကို မြင်ပါသလော'ဟု ဆိုလျှင်၊ 'ဒါယကာ ငါမမြင်'ဟုဆိုလျှင်၊ 'အရှင်ရသေ့။ လှည်းကိုမမြင်သော် အသံကိုလည်း ကြားပါသလော'ဟု မေး၏။ 'အသံလည်း ငါမကြား'ဟု ဆိုလျှင်၊ 'အရှင်ရသေ့သည် အိပ်ပျော်သလော'ဟု မေးမြန်း၏။ 'ဒါယကာ ငါ အိပ်ပျော်သည်လည်း မဟုတ်'ဟု ဆိုပြန်လျှင်၊ 'အရှင်ရသေ့ အသို့ဖြစ်သနည်း။ သညာနှင့်လည်း ပြည့်စုံပါ၏လော'ဟု မေးမြန်၏။ 'ဒါယကာ သညာနှင့်လည်း ငါ ပြည့်စုံ၏'ဟု ဆိုပြန်လျှင် 'အရှင်ရသေ့သည် နိုးလည်းနိုးလျက် သညာလည်း ရှိပါလျက် လှည်းငါးရာလုံးနှင့် သွားသည်ကိုမျှ မမြင်မကြားခြင်းသည် အကြောင်းအသို့နည်း'ဟု မေး၏။ 'ဒါယကာ။ ငါ၏သင်္ကန်း၌ မြူအလိမ်းလိမ်းကပ်သည် မှန်၏'ဟု ဆိုပေ၏။ ထိုအခါ ယောကျ်ားလည်း 'ဩော်။ ရဟန်းတို့မည်သည် အလွန် အံ့ဩဖွယ်ရှိပေစွတကား။ မိမိတို့၏ ဈာန်သမာပတ်တရားကိုသာ ပွားစီးကာနေနိုင်ပေ၏တကား'ဟု ကြံအောက်မေ့လျက် အာဠာရရသေ့၌ ထိုယောကျ်ားသည် အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်သတည်း"

ဤသို့သော ရှေးအကြောင်းစကားကို ပုက္ကုသမင်းသားသည် ဘုရားသခင်အား လျှောက်ကြား၏။

ကိုယ်တော်မြတ်လည်း ပုက္ကုသအား တရားဟောတော်မူလို၍ "အချင်း ပုက္ကုသ။ သင့်ကို ငါ မေးဦးအံ့။ အကြင်သူသည် သတိပညာ ပြည့်စုံစွာလျက် မအိပ်စက်ဘဲ လှည်းငါးရာတို့နှင့်လာသည်ကို မမြင်မကြားလိုက်။ အကြင်သူလည်း ထိုနည်း သတိပညာရှိလျက် မအိပ်စက်ဘဲ ထိုင်နေလျက်ပင် ထက်ဝန်းကျင်မှ ပဲ့တင်ဟည်း၍ မိုးကြီးစွာလျက် သုံးချက်မိုးကြိုး ကျလတ်သည်ကိုမျှ မမြင်မကြားလိုက်။ ထိုသူ နှစ်ဦးတို့တွင် ဘယ်သူသာ၍ ခဲယဉ်းမည် ဖြစ်သနည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား။ ကြီးစွာသောမိုး ရွာသွန်းဖြိုးလျက် မိုးကြိုးထစ်သည်ကို မကြားသောသူသာလျှင် အဆအရာ သာ၍ခဲယဉ်းမည် ထင်ပါသည်"ဟု နားတော်လျှောက်သော်၊ "အချင်း ပုက္ကုသ။ တစ်ရံသောအခါ ငါဘုရားသည် 'အာတုမ'မည်သောပြည်ဝယ် ကောက်နယ်တလင်း ခန့်မျှသော တဲအုံ၌ သမာပတ်အာရုံဖြင့် နေတော်မူ၏။ ထိုအခါ ကြီးစွာသောမိုးသည် ရွာလတ်၍ လျှပ်စစ်တိမ်မီး လေကြီးမုန်တိုင်းသံတို့နှင့်တကွ သုံးချက်သောမိုးကြိုးတို့သည် ကျ၍ ငါနေသောဌာန၏အပါး၌ ယောကျ်ားညီနောင်တို့ လေးကောင်သောနွားတို့ဖြင့် လယ်ထွန်နေရာ၌ နွားသတ္တဝါတို့ သေလေကုန်၏။ ထိုသေရာသို့ အာတုမပြည်သား လူအများတို့သည် အုန်းအင်းတက်မျှ လာကြကုန်သည်။ မိုးစဲသောအခါ ငါဘုရားသည် တဲအုံပါး၌ စင်္ကြံသွား၍ နေတော်မူစဉ် တစ်ဦးသောယောကျ်ားသည် ငါ၏ထံပါးသို့ တုံ့ဝပ်ရှိခိုးကာ နေလာ၏။ ထိုယောကျ်ားကို ငါဘုရားသည် ဤသို့ မေးတော်မူ၏။

'ဒါယကာ။ ဤ များစွာသောလူတို့သည် အဘယ့်ကြောင့် စည်းဝေးလာကြသနည်း' ဟု မေးလျှင်၊ 'အရှင်ဘုရား။ ယခု မိုးကြီးအရွာတွင် မိုးကြိုးကျလာ၍ နွားလေးကောင်တို့ သေရာသောကြောင့် ကြည့်ရှုခြင်းငှာ စည်းဝေးကြပါသည်။ အရှင်ဘုရား။ ဘယ်မှာရှိပါ၍ မသိသနည်း' ဟု မေး၏။ 'ဒါယကာ ငါလည်း ဤတဲအုံမှာပင် နေ၏'ဟု ဆိုလျှင်၊ 'အရှင်မြတ်သည် လျှပ်စစ်တိမ်မီးဖြင့် မိုးကြိုးရွာသည်ကို မမြင်သလော'ဟု မေး၏။ 'ဒါယကာ။ ငါမမြင်'ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် 'အရှင်ဘုရား။ အသို့နည်း။ မိုးကြိုးသံကို မကြားသလော'ဟု မေးပြန်၏။ 'ဒါယကာ။ ငါမကြားလိုက်'ဟု ဆိုလျှင်၊ "အရှင်ဘုရား။ အသို့တုံနည်း။ အိပ်ပျော်သလော'ဟု မေး၏။ 'ငါ အိပ်ပျော်သည်လည်း မဟုတ်'ဟု ဆိုလျှင်၊ 'အရှင်ဘုရား။ အသို့တုံနည်း။ သညာရှိပါ၏လော'ဟုလျှောက်ပြန်၏။'ဒါယကာ။ သညာလည်း ရှိ၏'ဟု မိန့်တော်မူပြန်လျှင်၊ "အရှင်ဘုရား။ နိုးလည်း နိုးကြားလျက်, သညာလည်းရှိလျက် လျှပ်ပြက်၍ မိုးရွာသည်ကို လည်းကောင်း၊ မိုးကြိုးထစ်သည်ကို လည်းကောင်း မမြင်, မကြားလိုက်ခြင်းသည် အံ့ဖွယ်ရှိလေစွတကား။ မဖြစ်ဖူးမြဲ ထူးကဲလေစွတကား။ အရှင်မြတ်တို့သည် တည်ကြည်ငြိမ်သက်လှစွာ သမာပတ်ချမ်းသာဖြင့် နေနိုင်ကုန်စွတကား'ဟု ငါဘုရားအား အတိုင်းထက်အလွန် ချီးပ၍ ခ,ယပူဇော်ကာ လက်ယာရစ် သုံးပတ်လည်၍ သွားလေ၏"

ဤသို့သော အကြောင်းစကားကို ဘုရားမိန့်တော်မူလေသော် မလ္လာမင်းသား ပုက္ကုသလည်း "အရှင်ဘုရား။ အကျွန်ုပ်သည် ရှေးသောအခါက အာဠာရရသေ့၏ သိမ်မွေ့ငြိမ်သက်ခြင်းကိုပင် အလွန်ကြည်ညိုပါသည်။ ယခုအခါ အရှင်ဘုရား၏ဣန္ဒြေတော်ကို ကြားရသော် ရှေးကထက် အဆအရာသာလွန်၍ ကြည်ညိုစုံမက်ပါသည်။ အရှင်မြတ်သည် ယနေ့မှစ၍ အကျွန်ုပ်ကို ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု လျှောက်ကြား၍၊ သုံးပါးသော သရဏဂုံတို့ကို ဆောက်တည်၏။

ထို့နောက်မှ ပုက္ကုသမင်းသားလည်း ယောကျ်ားတစ်ယောက်ကို ခေါ်၍ "အချင်းယောကျ်ား။ သင် ငါ၏အိမ်သို့ သွားတည့်ချေ။ သိင်္ဂီရွှေအဆင်းနှင့်တူသော, ရံခါရံခါ ဆောင်အပ်သော, နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ်လှသော ပုဆိုးအစုံကို ယူတည့်ချေ"ဟု စေလိုက်၏။ ထိုယောကျ်ားလည်း လျင်စွာသွား၍ ပုဆိုးအစုံကို ဆောင်ယူအပ်နှင်း၏။ ပုက္ကုသ မလ္လာမင်းလည်း ဘုရားခြေရင်းသို့ ကပ်ပြီးသော် "ဘုန်းတော်ကြီးသောမြတ်စွာဘုရား။အကျွန်ုပ်အား သနားတော်မူသဖြင့် ဤပုဆိုးအစုံကို ဝတ်ရုံ သုံးဆောင်တော်မူပါ" ဟု ကပ်လှူ၏။ ကိုယ်တော်မြတ်ကလည်း "အချင်းပုက္ကုသ။ ပုဆိုးတစ်ထည်ကို ငါဘုရားအား လှူ၍၊ တစ်ထည်ကို အာနန္ဒာအား လှူလော့" ဟု မိန့်တော်မူလေ၏။ ပုက္ကုသလည်း ဘုရားအမိန့်တော်အတိုင်း လှူလေ၏။

[အရှင်အာနန္ဒာသည် မြတ်စွာဘုရားချီးမြှောက်အပ်သော လာဘ်ကိုပယ်၍ လုပ်ကျွေးသူဖြစ်လျက် ထိုပုဆိုးကို ခံလတ်သည်ကား ဥပဋ္ဌာကကိစ္စ အပြီးသို့ရောက်သောကြောင့်လည်းကောင်း၊ အရှင်အာနန္ဒာ လုပ်ကျွေးပါသော်လည်း မြတ်စွာဘုရားထံမှ တစ်ခုသောလာဘ်ကိုမျှ မရရှာစဖူးဟု သူတစ်ထူးကဲ့ရဲ့ခြင်း ကင်းစိမ့်သောငှာလည်းကောင်း ခံတော်မူသည်။]

မြတ်စွာဘုရားလည်း မလ္လာမင်းအား တရားဒေသနာကို များစွာ ဟောတော်မူလိုက်၍ သွားလေ၏။ ပုက္ကုသမင်းသား သွား၍ မကြာမြင့်မီ သိင်္ဂီရွှေအဆင်းနှင့်တူသော, နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ်လှစွာသော ပုဆိုးကို အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအား ကပ်လှူ၏။ ကိုယ်တော်မြတ်လည်း တစ်ထည်ကိုဝတ်၍ တစ်ထည်ကို ရုံတော်မူ၏။ ယင်းသို့ ဝတ်ရုံတော်မူလျှင် ရှင်တော်ဘုရား၏အဆင်းသည် ဝင်းဝင်းညီးညီး တောက်လောင်ပြီးသော မီးကျီး၏အလျှံကဲ့သို့ လည်းကောင်း၊ ယုဂန္ဓိုရ်တောင်ဦးမှ ကွန့်မြူးထွက်ပြူသော သူရိယာစက်ဝန်းသို့



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အသောင်းအသိန်းသော လူ, နတ်ပရိသတ်တို့၏အလယ်၌ တင့်တယ်စွာ စံပယ်သော အာဘာဿရ ဗြဟ္မာမင်းကဲ့သို့ လည်းကောင်း ချီးသောင်းတွက်ကျုံ၍ မဆုံးမကုန်နိုင်အောင် ရောင်ခြည်တော်ခြောက်ဆိုင်သည် တစ်ပြိုင်တည်းပွင့်၍ တင့်တယ်ခြင်းအထွတ်သို့ ရောက်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အရှင်မြတ်၏ကိုယ်တော်သည် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ ထူးကဲ တင့်တယ်လှ၏တကား။ ကိုယ်တော်ရောင်တို့သည် ပြောင်ပြောင်ညီးညီး ယိုစီးဘနန်း ဖြစ်သည်တကား"ဟု နားတော်လျှောက်တင်သော်၊ ဘုရားသခင်ကလည်း "ချစ်သားအာနန္ဒာ။ ထွန်းခါစဖြစ်သော တန်ဆောင်ဆီမီးသည် လည်းကောင်း၊ ငြိမ်းခါနီးဖြစ်သော ဆီမီးသည် လည်းကောင်း ကြီးစွာသောအလျှံဖြင့် အလွန်ထွန်းပခြင်း ဖြစ်သကဲ့သို့ ငါဘုရား၏ကိုယ်တော်သည်လည်း ဇောဓိပင်နှင့် ရွှေပလ္လင်ကိုရ၍ ဘုရားဖြစ်ဦးစအခါ၌ လည်းကောင်း, ပရိနိဗ္ဗာန်စံယူရအံ့သောနေ့၌ လည်းကောင်း ဤကာလနှစ်ပါး၌ ထူးခြား၍ တင့်တယ်ခြင်းအသရေကို ဆောင်လေသတည်း။ အာနန္ဒာ။ ယနေ့ကုန်မြောက်၍ မိုးသောက်ယံအခါ၌ ကုသိနာရုံပြည်ဝယ် မလ္လာမင်းတို့၏ အင်ကြင်းပင်စုံအကြား၌ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူလတ္တံ့"ဟု မိန့်တော်မူပြီး၍၊ "ချစ်သားအာနန္ဒာ။ နေရာကို သိမ်းလော့။ သွားကြကုန်အံ့"ဟု ဆို၍ ကြွတော်မူလေသဖြင့် ရေခံတက်ပင်ရောက်သော ကကုဓာမြစ်သို့ ရောက်လေသော် "ရေလည်း သောက်တော်မူလိုသည်။ သပ်လည်း သပ္ပာယ်တော်မူလိုသည်"ဟု မိန့်တော်မူ၍၊ ကိုယ်တော်တိုင်ဆင်းလျက် မြစ်တွင်း၌ ရေသပ္ပာယ်တော်မူ၏။ ထိုမြစ်မှတက်၍ ကမ်း၏အထက်၌ သရက်ဥယျာဉ်သို့ ဝင်တော်မူသည်။

ထိုအခါ အရှင်အာနန္ဒာသည် ရေသနပ်တော်ကိုညှစ်၍ ကျန်ရစ်လေရကား အရှင်စုန္ဒ သာလျှင် မြတ်စွာဘုရား၏ထံပါး၌ ပါ၏။မြတ်စွာဘုရားလည်း "ချစ်သား စုန္ဒ။ ငါကိုယ်တော်ပင်ပန်းလှ၏။ ဤဌာနတွင်ပင် တစ်ခဏ လျောင်းတော်မူဦးအံ့။ ဒုကုဋ်ကို ခင်းလော့"ဟု မိန့်တော်မူလျှင်၊ ဒုကုဋ်တော်ကို လေးထပ်ပြု၍ ခင်း၏။ ဘုရားသခင်လည်း ဒုကုဋ်ထက်တွင်ပင် ခြင်္သေ့မင်း၏လျောင်းခြင်းကဲ့သို့ လက်ယာနံတောင်းဖြင့် လျောင်းတော်မူ၏။ အရှင်အာနန္ဒာ ရောက်လာသောအခါ ကောင်းစွာခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ။ ငါဘုရားသည် ယခု ဝမ်းလားရခြင်း ဟူသောအကျိုး ဖြစ်လေသောကြောင့် ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒဒါယကာအား နလုံးမသာ ရှိလေရာသည်။ သူတစ်ထူး အပြစ်တင်လေရာသည်။ 'မြတ်စွာဘုရားသည် စုန္ဒ၏ဝက်သားဆွမ်းကို စားရသောကြောင့် ရောဂါကြီးပွား၍ နိဗ္ဗာန်လားရလေသည်။ ကောင်းမှု၏အကျိုးသည် မရှိလေပါ'ဟု နလုံးမသာခြင်းကို သင် ဖျောက်လေလော့။ အသို့ဖျောက်ရာသနည်း ဟူမူကား ဘုရားကိုယ်တော်မြတ်သည် 'စုန္ဒဒါယကာ၏ဆွမ်းကို ဘုဉ်းပေးပြီးမှ နိဗ္ဗာန်ကို ကြွတော်မူသည်။ စုန္ဒဒါယကာအား များစွာသောအကျိုး ရှိပေစွ'ဟု မိန့်တော်မူသောစကားကို ဘုရားရှင်မျက်မှောက်တော်မှ ငါ ကြားလိုက်ရ၏။ 'ဘုရားဖြစ်အံ့သောနေ့ကပ်လှူရသော သုဇာတာ၏ဃနာနို့ဆွမ်းသည် လည်းကောင်း၊ ရွှေပြည်နိဗ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



စံအံ့သောနေ့ကပ်လျှသော စုန္ဒါယကာ၏ဆွမ်းသည် လည်းကောင်း ဤဆွမ်းနှစ်ပါးသည် အခြားကာလ၌ လှူရသောဆွမ်းတို့ထက် ကဲတက်ထူးမြတ်သော အကျိုးရှိ၏။ ငါဘုရား၏ အားအင်ဖလကို ကူမထောက်ပံ့၍ တည်၏'ဟု မိန့်တော်မူသည်ကို ငါ ကြားလိုက်ရ၏ဟူ၍ သင်ပြောဘိလော့”ဟု မိန့်တော်မူ၏။

ယင်းသို့ မှာထားလျက် နားနေတော်မူပြီးသော် အရှင်အာနန္ဒာကို ခေါ်တော်မူ၍“ချစ်သား အာနန္ဒာ။ ဤနေရာတွင် မနေသင့်သေး။ ဟိရညဝတီမြစ်၏ ထိုမှာဘက်ကို ကူးကြကုန်အံ့။ ကုသိနာရုံပြည် မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်သို့ ဝင်ကြကုန်အံ့”ဟု မိန့်တော်မူသော်၊ ကိုယ်တော်၏အားသည် လျော့ပါးလေရကား ရှေ့ယိမ်းနောက်ယိမ်းဖြင့် ကတိမ်းကပါး ရှိတော်မူ၏။ အရှင်အာနန္ဒာနှင့် အရှင်စုန္ဒသာလျှင် လက်ယာ,လက်ဝဲဖြင့် တွဲမ၍ထူရ၏။

ယင်းသို့နေနားကာ ကြွတော်မူလာသဖြင့် ကုသိနာရုံပြည်၏ အနီးသို့ရောက်သော် မလ္လာမင်းတို့၏ ပျော်ခင်းအလို့ငှာ ကောင်းစွာပြုပြင်၍ထားသော မြို့၏အနောက်တောင်ပါး တာငါးရာခန့်ကွာသော အရပ်၌ အင်ကြင်းဥယျာဉ်သို့ ဝင်တော်မူ၍၊ အင်ကြင်းပင်စည်တို့၏ အကြား၌ မလ္လာမင်းတို့၏ နေနားခြင်းငှာထားသော ရတနာညောင်စောင်းကိုမြင်လျှင် အရှင်အာနန္ဒာကိုခေါ်၍ “ချစ်သားအာနန္ဒာ။ ငါဘုရားသည် အားတော်ကုန်ခန်း၍ ပင်ပန်းလှချေပြီ။ ဤညောင်စောင်းကိုယူ၍ အင်ကြင်းပင်စုံတို့၏အကြား၌ မြောက်သို့ ဦးခေါင်းထား၍ လျှင်လျားစွာ ခင်းဘိလော့”ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား၌ သနားစုံမက်ခြင်း ပြင်းလှသည်နှင့် 'ယောကျ်ား ဗိုလ်ခြေ ကုဋေတစ်သောင်း, ဆင်ပေါင်း ကုဋေတစ်ထောင် အားကိုဆောင်သော နောင်တော် ဘုရားသည် အားတော်ကုန်လှလေပြီ။ ဤယနေ့ပင် နိဗ္ဗာန်ခွင်သို့ ဝင်လိမ့်ယောင်တကား'ဟု ချောက်ချားပူပင်လှသော နှလုံးဖြင့် ယူကျုံးမရရှိလျက်၊ ယိုထွက်သောမျက်ရည်ကို သုတ်၍ ဒုကုဋ်တော်ကိုခင်းလျက် အင်ကြင်းပင်စုံတို့၏အကြား၌ ညောင်စောင်းကို ထားပေ၏။ ဘုရားသခင်လည်း ထိုညောင်စောင်းထက်တွင် ရွှေခြင်္သေ့မင်းကဲ့သို့ ဖြည်းညင်းသာယာစွာ လက်ယာနံတောင်းဖြင့် လျောင်းတော်မူလေ၏။

[ပရိနိဗ္ဗာနသုတ် ပါဠိတော်၌ 'ဥတ္တရသီသကံ မဉ္စံ ပညပေဟိ'ဟု လာရှိသည်ဖြစ်လျက် အချို့ဆရာတို့က 'မျက်နှာတော်ကိုသာ မြောက်သို့ ထားသည်။ ဦးခေါင်းကား အရှေ့ကိုပင် ပြုသည်'ဟု ဆိုကြသည်။ အချို့ကလည်း 'ပြုဗ္ဗုတ္တရာ၊ ရပ်ဒိသာကို၊ လျောင်းကာတူရှု၊ ဦးခေါင်းမူ၍' ဟု ဆိုကြသည်။ ထိုစကားကိုကိုးစားလောက်သော ကျမ်းကြီးကျမ်းခိုင် မရှိလေ။ 'ဥယျာဉ်တွင်း၌ အင်ကြင်းပင်ပျိုနှစ်ပင်ကား တောင်မြောက်ယှဉ်လျက် ယှက်တင်သောအကိုင်းအခက် အရွက် အညွန့် ရှိသည်။ ပင်လုံးကျွတ် ပွင့်သည်။ ထိုအပင်၏အကြား၌ မြောက်အပင်ကို ခေါင်းရင်း ထား၍ ခင်းသည်'ဟု အဋ္ဌကထာ လာသည်။

[ပါဝါပြည်မှ ကုသိနာရုံပြည်သည် သုံးဂါဝုတ်သာ ကွာသည်။ ယင်းသို့ နီးစွာလျက် မြတ်စွာဘုရားသည် အားတော်ကုန်လှလေရကား ခရီးအကြား၌ နှစ်ဆယ့်ငါးကြိမ် နေနား၍ အလွန်သောအားထုတ်ခြင်းဖြင့် ကြွတော်မူရချေသောကြောင့် ညနေချမ်းမှပင် အင်ကြင်းတောသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော်မူနိုင်သည်။ ဘုရားသခင်သည် အပင်ပန်း သည်းစွာခံလျက် ဤ ကုသိနာရုံပြည်သို့ အဘယ့်ကြောင့် ကြွတော်မူသနည်း။ တစ်ပါးသောတိုင်းနိုင်ငံ၌ ပရိနိဗ္ဗာန် မပြုကောင်းသလော ဟူမူကား တစ်ပါးသောအရပ်၌လည်း နိဗ္ဗာန်ယူခြင်းငှာ တတ်ကောင်းသော်လည်း ဤအရပ်၌ နိဗ္ဗာန်ယူခြင်းသည် မဟာသုဒဿနသုတ်ကို ဟောခွင့်သင့်ခြင်း၊ သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူရခြင်း၊ ဓာတ်တော်ကို လုယက်ကြသော ကလဟဝိဝါဒ၌ ဒေါနပုဏ္ဏားဖြေဖျန်၍ ဝေဖန်အံ့သောအကြောင်းရှိခြင်း၊ ဤအကြောင်းသုံးပါးကို မြင်တော်မူ၍ ကြိုးစားအားထုတ်ကာ ကြွတော်မူသတည်း။]

ဘုရားမြတ်စွာသည် ရတနာသလွန်ညောင်စောင်း၌ မြောက်သို့ ဦးခေါင်းပြု၍ လျောင်းတော်မူသောအခါ အရှင်အာနန္ဒာသည် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤ ကုသိနာရုံပြည်သည် မကြီးမကျယ် ပြည်ငယ်တိုင်းငယ်သာ ဖြစ်ပါသည်တကား။ ဝန်းလျားကျယ်စွာ မဟာရာဇဓာနီဖြစ်ကုန်သော စမ္ပာနဂိုရ်ပြည်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ သာကေတပြည်၊ ကောသမ္ဗီပြည်၊ ဗာရာဏသီပြည် စသောပြည်ကြီးတို့၌သာလျှင် နိဗ္ဗာန်စံယူခြင်းငှာ သင့်လျော်ပါသည်။ ထိုပြည်ရွာတို့၌ ခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ၊ ဂဟပတိမဟာသာလ ဖြစ်ကုန်သော ဥပါသကာများတို့သည်လည်း အရှင်မြတ်အား အလွန်ကြည်ညိုပါကုန်သည်။ ချီးမြှောက်ပူဇော် လိုကုန်သည်။ ထို့ကြောင့် ထိုမြို့ရွာတို့၌သာလျှင် မြတ်စွာဘုရားသည် နိဗ္ဗာန်လားတော် မူစေချင်ပါသည်"ဟု နားတော်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားကလည်း "ချစ်သားအာနန္ဒာ။ ဤကုသိနာရုံပြည်ကို ငယ်သည်ဟူ၍ သင် မှတ်သလော။ ရှေးသောအခါ စကြာရတနာဖြင့် လေးကျွန်းလုံးကို လှည့်ပတ်သော သုဒဿနစကြာမင်း ငါ ဖြစ်သောအခါ ဤပြည်ရွာသည် 'ကုသဝတီ'ဟူသော အမည်ဖြင့် စည်ပင်ပြန့်ပြော အံ့ဩစရာ မဟာရာဇဓာနီ ဖြစ်ဖူးပြီ"ဟု အကြောင်းရင်းပြု၍ 'သုဒဿန စက္ကဝတ္တိသုတ်'ကို ဟောတော်မူသည်။

ယင်းသို့ ရတနာညောင်စောင်းထက် လျောင်းစက်တော်မူသောကာလ ခြေရင်းမှ လည်းကောင်း၊ ခေါင်းရင်းမှ လည်းကောင်း တည်သောအင်ကြင်းပင်ပျိုတို့သည် ကိုယ်တော်မြတ်ကိုပူဇော်ခြင်းငှာ အခါမဲ့ဖြစ်လျက် အသစ်အသစ်သော အပွင့်အငုံတို့ဖြင့် ဆင့်ကာဆင့်ကာ ပွင့်ကုန်လျက် ဝတ်မှုန်ဝတ်ဆံတို့သည် ကိုယ်တော်ထက်သို့ ကြွေသက်ကုန်၏။ ထိုဥယျာဉ်၌ ရှိကုန်သော သစ်ပင်အပေါင်းတို့သည်လည်း နာမောင်းဆက်ကာဆက်ကာ ဘုရားရှိရာသို့ ရှေးရှုညွတ်လျက် ပင်လုံးကျွတ် ပွင့်ကုန်၏။

ထိုဥယျာဉ်၌ သစ်ပင်တို့သည်သာ ပွင့်ကုန်လာသည် မဟုတ်။ တစ်သောင်းသော စကြဝဠာတိုက်တွင်း၌ ခပင်းသစ်ပင်တို့သည်လည်း နှစ်လိုစဖွယ် ငယ်ငယ်ကြီးကြီးသော အသီးအပွင့်တို့ကို ဆောင်ကုန်သည်ဖြစ်၍ ပင်စည်၊ အခက်၊ အရွက်၊ အခွ ဟူသမျှ၌ ပဒုမ္မာကြာသဏ္ဌာန် ဝတ်ဆံဝတ်မှုန်နှင့်တကွ ခန္ဓပဒုမာ၊ သာခပဒုမာ၊ သတ္တပဒုမာ၊ ဝိဋပပဒုမာ မည်သောပန်းတို့သည် ပြည့်လျှမ်းစွာ ထွက်၍ထွက်၍ ပွင့်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ယုဇနာသုံးထောင်ကျယ်သော ဟိမဝန္တာတောင်မင်းနှင့် တကွသော တောအုပ်သည် တစ်ပေါင်းတည်းစု၍စည်းအပ်သော ဥဒေါင်းမြီးယပ်ကဲ့သို့ လည်းကောင်း၊ အကြားမလပ် စီလုပ်အပ်သော ပန်းဆိုင်းကွန်ရက်ကဲ့သို့ လည်းကောင်း၊ ကြာသွတ်အိုး၌ တစ်ပေါင်းတည်း စိုက်အပ်သော ကြာကဲ့သို့ လည်းကောင်း တင့်တယ်စွာဖြစ်၍ အလွန်မွှေ့လျော် ပျော်ပါးဖွယ်ဖြစ်ကုန်၏။

ထိုဥယျာဉ်၌နေကုန်သော ဘုမ္မစိုးနတ်တို့သည်လည်း ပန်းဝတ်မှုန်ကိုဆွတ်၍ ကိုယ်တော်မြတ်ကို ဖြန့်ကြဲကုန်၏။ အထက်ဘုံ၌နေသော နတ်တို့သည်လည်း ရွှေသားအဆင်း ဝင်းဝင်းညီးညီး ထိန်းရွှက်ပမာဏ ပွင့်ဝတ်ကြွလျက် ကုံ့မွှုသော ဝတ်မှုန်ရှိသော မန္တာရဝမည်သော နတ်ပန်းတို့ဖြင့် ကြဲဖြန့် ပူဇော်လာကုန်၏။ နတ်၌ဖြစ်သော အထုံအခိုး မွှေးမျိုးနံ့သာတို့ဖြင့် ကြဲဖျန်းပူဇော်လာကုန်၏။ နတ်၌ဖြစ်သော စောင်း, ငြင်း, ပတ်သာ, တူရိယာတို့ဖြင့်လည်း တီးမှုတ်ကာ ပူဇော်လာကြကုန်၏။

နတ်တို့သာလျှင် ပူဇော်လာကုန်သည် မဟုတ်သေး။ မြင်းမိုရ်တောင်ခြေ၌ နေကုန်သော နဂါး, ဂဠုန်, ကုမ္ဘာဏ်များစွာ အသူရာတို့သည်လည်း ထူးမြတ်သောပန်းတို့ဖြင့် လည်းကောင်း၊ ရတနာပေါက်ပေါက်တို့ဖြင့် လည်းကောင်း ချီးမြှောက်ကာ ပူဇော်လာကုန်သတည်း။

အသက်ရှည်စွာ ဝေဟာသဘုံ၌ ဖြစ်ကုန်သော ဝရုဏဝါရဏမည်သော နတ်တို့သည် 'ယောကျ်ားမြတ်သည် လူ့ပြည်၌ဖြစ်တော်မူ၍ ဘုရားဖြစ်လတ္တံ့'ဟု ကြားစကပင် 'ပဋိသန္ဓေနေသောအခါ, ဖွားတော်မူသောအခါ ငါတို့သွား၍ ပူဇော်အံ့'ဟု ပန်းကုံးကြသည်။ ထိုနတ်တို့ ပန်းကုံးစဉ်ပင် ပဋိသန္ဓေနေတော်မူ၍ မယ်တော်ဝမ်းမှ ဖွားတော်မူသည်။ တစ်ပါးနတ်တို့က "ဘုရားလောင်း ဖွားတော်မူပြီ။ သင်တို့ ဘယ်သူ့ကို ပူဇော်ရန်အလို့ငှာ ပန်းကုံးပါသနည်း"ဟု မေးသော်၊ "ငါတို့ ပန်းကုံး၍ မပြီးသေး။ တောထွက်သောနေ့မှ ပူဇော်တော့အံ့"ဟု ဆိုပြန်ကုန်၏။ နှစ်ဆယ့်ကိုးနှစ်တိုင်၍ တောထွက်တော်မူပြီဟု ကြားလျှင်၊ "ဘုရားဖြစ်သောနေ့မှ သွား၍ ပူဇော်တော့အံ့"ဟု ဆိုပြန်ကုန်၏။ ဘုရားဖြစ်တော်မူပြီဟု ကြားပြန်လျှင်၊ "ငါတို့ ပန်းကုံးကား မပြီးချေသေး။ ဓမ္မစကြာတရား ဟောတော်မူသောနေ့မှ သွား၍ ပူဇော်အံ့"ဟု ဆိုပြန်ကုန်၏။ ဓမ္မစကြာတရား ဟော၍ပြီးပြီဟု ကြားပြန်လျှင်၊ "ယမိုက်ပြာဋိဟာတို့ ပြသောနေ့မှ သွား၍ ပူဇော်တော့အံ့"ဟု ဆိုပြန်ကုန်၏။ ပြာဋိဟာပြ၍ ပြီးပြီဟုကြားလျှင် "တာဝတိံသာနတ်ပြည်၌ တရားဟောသောအခါမှ ငါတို့သွား၍ ပူဇော်အံ့"ဟု ဆိုပြန်ကုန်၏။ တရားဟောပြီး၍ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းပြီဟု ပြောကြလျှင် "အာယုသင်္ခါရ လွှတ်သောနေ့မှ သွား၍ ပူဇော်အံ့"ဟု ဆိုပြန်ကုန်၏။

မာရ်နတ် တောင်းပန်သဖြင့် "အာယုသင်္ခါရ လွှတ်တော်မူပြီ"ဟု ကြားပြန်သော်၊ "ပန်းကုံး၍ မပြီးသေး။ ပရိနိဗ္ဗာန် ဝင်တော်မူသောနေ့မှ သွား၍ပူဇော်အံ့"ဟု ဆိုပြန်ကုန်၏။ထို နိဗ္ဗာန်ဝင်သောနေ့သို့ ရောက်သောအခါ များစွာသောနတ်တို့က "ယနေ့ ဘုရားသခင် 'နိဗ္ဗာန်ဝင်လတ္တံ့'ဟု ရတနာညောင်စောင်း၌ လျောင်းတော်မူပြီ။ သင်တို့သည် ဘယ်သူ့အလို့ငှာ ပန်းကုံးပါ



www.burmeseclassic.com

www.burmeseclassic.com



သနည်း”ဟု မေးကြသောစကားကို ကြားရသော်၊ “ဤဘုရားသည် ဘယ်သို့ ဖြစ်ဘိသနည်း။ ယခုပင်လျှင် မယ်တော်ဝမ်းမှဖွားမြင်၍ ယခုပင်လျှင် တောထွက်တော်မူသည်။ ယခုပင်လျှင် ဘုရားဖြစ်တော်မူသည်။ ယခုပင်လျှင် ဓမ္မစကြာတရား ဟောသည်။ ယခုပင်လျှင် တန်ခိုးပြသည်။ ယခုပင်လျှင် နတ်ပြည်က သက်သည်။ ယခုပင်လျှင် အာယုသင်္ခါရ လွှတ်သည်။ ယခုပင်လျှင် နိဗ္ဗာန်ဝင်သည်ဟု ဆိုသည်မှာ နံနက်အခါ၌ ယာဂုတစ်သောက်ခန့်မျှသာ တည်ပါသည် တကား။ ပါရမီဆယ်ပါးကို ရှည်လျားစွာဖြည့်၍ ဘုရားအဖြစ်သို့ရောက်ရသော ထိုဘုရားအား ဤသို့ဖြစ်ခြင်းသည် မသင့် မလျော်ကပတ်ပါတကား”ဟုဆို၍၊ အလိုအတိုင်း မပြီးသေးသောပန်းကုံးကိုပင် လျင်စွာယူ၍လာခဲ့သော်၊ နတ် ဗြဟ္မာပရိသတ်တို့ ဝန်းပတ်ခြင်း အားကြီးသောကြောင့် စကြဝဠာတိုက်တွင်းသို့ ဝင်ခြင်းငှာ အခွင့်မရ။ စကြဝဠာအနားရေးမှသာ ရပ်မျှော်၍ အထံတော်သို့ ရောက်အောင် တစ်ယောက်လက်မှသည် တစ်ယောက်လက်သို့ ကမ်းလျက် ပူဇော်ရကုန်၏။

ထိုအခါမြတ်စွာဘုရားလည်း ဂဠုန်, နဂါး, သိကြား, ဗြဟ္မာ, နတ်များစွာတို့၏ ပူဇော်လာခြင်းကို မြင်လျှင် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ “ချစ်သား အာနန္ဒာ။ ဤစကြဝဠာ တိုက်တစ်သောင်းအတွင်း၌ရှိနေကုန်သော ပန်းသစ်ပင်အပေါင်းနှင့်တကွ များစွာသောနတ်ဗြဟ္မာတို့သည် အထူးထူးသော ပူဇော်သက္ကာတို့ဖြင့် ငါဘုရားအား ပူဇော်ကုန်ပြီ။ ဤသို့ပူဇော်ကာမျှဖြင့် ငါဘုရားအား လျော်စွာသောအမှုကို ပြုသည်မမည်သေး။ ချစ်သား အာနန္ဒာ။ အကြင် ဥပါသကာ, ဥပါသိကာမတို့သည် လည်းကောင်း၊ ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့သည် လည်းကောင်း ငါပညတ်တော်မူအပ်သော ဝါရိတ္တသီလ, စာရိတ္တသီလတို့ကို ရိုသေစွာ ကျင့်ဆောင်ကုန်၏။ ‘ဓမ္မာနုဓမ္မပ္ပဋိပန္န’ဟု ဆိုအပ်သော လောကုတ္တရာတရားအား လျော်သောအကျင့်တို့ကို ရိုသေစွာ ကျင့်၍ နေကုန်၏။ ထိုသူတို့သည်သာလျှင် ငါဘုရားကို ရိုသေလေးမြတ်သည် မည်၏။ ချစ်ကြည်မြတ်နိုး ရှိခိုးပူဇော်သည် မည်၏။ ထို့ကြောင့် ငါ၏သာသနာချမ်းသာကို အလိုရှိကုန်သော ဥပါသကာ, ဥပါသိကာ, ဘိက္ခု, ဘိက္ခုနီ အများတို့သည် လောကုတ္တရာတရား၏ ရှေ့အဖို့ဖြစ်သော ကျင့်ဝတ်ပဋိပတ်ကိုသာ ရိုသေစွာ ကျင့်သုံးကုန်ရာ၏”ဟူ၍ မိန့်တော်မူသည်။

ပါဠိတော်ကား– ‘ယော ခေါ အာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ၊ ဂရုံကရောတိ၊ မာနေတိ၊ ပူဇေတိ၊ အပစိယတိ ပရမာယ ပူဇာယ၊ တသ္မာတိဟာနန္ဒ ဓမ္မာနုဓမ္မပ္ပဋိပန္နာ ဝိဟရိဿာမ သာမီစိပ္ပဋိပန္နာ အနုဓမ္မစာရိနောတိ၊ ဧဝဥ္ဟိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗန္တိ’ ဟူသည်တည်း။ [အနက်မှာ ရှေ့အဓိပ္ပာယ်အတိုင်းပင်။]

မြတ်စွာဘုရားသည် တစ်ပါးသောအရာ၌ ရတနာသုံးပါး၏ကျေးဇူးကို ဆင်ခြင်လျက်၊ ပန်းတစ်ပွင့်မျှပင် တင်လှူရခြင်းဖြင့် အပ္ပမေယျ မနှိုင်းဆနိုင်သော အကျိုးရှိဟန် ပြညွှန်တော်မူပါလျက်၊ ဤအခါဝယ် အာမိသပူဇာကို အဘယ့်ကြောင့် ပယ်တော်မူသနည်း ဟူမူကား သာသနာတော်၏ မြင့်ရှည်စွာတည်ခြင်းကို အလိုတော်ရှိလှသောကြောင့် လည်းကောင်း၊ ပရိသတ်လေးပါးတို့အား ချီးမြှောက်ခြင်းငှာ လည်းကောင်း မိန့်တော်မူသတည်း။ အကယ်၍ ပယ်တော် မမူငြားအံ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်သားသတ္တဝါတို့သည် စာရိတ္တ ဝါရိတ္တ သီလအရာ၌ လည်းကောင်း၊ သမာဓိ ဝိပဿနာ အရာ၌ လည်းကောင်း လွန်စွာအားမထုတ်ဘဲ လျှဒါန်းခြင်း, ပေးကမ်းခြင်းကိုသာ များစွာ ပြုကြကုန်လတ္တံ့။ ထိုသို့ပြုကြခြင်းသည် သာသနာတော်၏ အမြစ်မူလ မဟုတ်ရကား ဆုတ်ယုတ်ခြင်း လျင်စွာဖြစ်လေရာသည်။ ထို့ကြောင့် ကောင်းသောကျင့်ဝတ်သိက္ခာတို့ကို လွန်စွာ အားထုတ်စိမ့်သောငှာ၊ နောင်လာနောက်သားတို့ မဂ်ဖိုလ်တရားနီးစိမ့်သောငှာ အာမိသပူဇာကို ပယ်ခွာ၍ မိန့်ရတော်မူသတည်း။ [ဤကား အဋ္ဌကထာ၌လာသော အဓိပ္ပာယ်တည်း။]

ယင်းသို့ ရတနာညောင်စောင်း၌ လျောင်းတော်မူသောအခါ အရှင်ဥပဝါဏသည် ဘုရား ရှေ့တော်၌ ယပ်ခတ်ကာနေ၏။ ဘုရားသခင်လည်း “ရှင်ဥပဝါဏရဟန်း။ ရှားလော့, သွားလေလော့။ ငါ၏ရှေ့တော်တွင် မနေလင့်”ဟု မိန့်တော်မူ၏။ အရှင်ဥပဝါဏလည်း တစ်ခွန်းသောစကားဖြင့်ပင် လက်တွင်ကိုင်သောယပ်ကို ချ၍ လျောက်ပတ်ရာဌာန၌ နေ၏။

ထိုအခါ အရှင်အာနန္ဒာက ‘အရှင်ဥပဝါဏကို အဘယ်အကြောင်းကြောင့် ပယ်ရှားတော် မူပါလိမ့်နည်း’ဟု ကြံ၍၊ ဘုရားရှင်ထံသို့ ကပ်ပြီးသော် “ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤ အရှင်ဥပဝါဏသည် ‘ပထမဗောဓိ’ဟု ဆိုအပ်သော ဝါတော်နှစ်ဆယ်အတွင်း၌ အရှင့်ခြေရင်း ဝယ် ဝပ်စင်းခစား၍ ရှည်လျားစွာ လုပ်ကျွေးဖူးသောသူ, အနီး၌သာ နေပေသောသူ ဖြစ်ပါလျက် နောက်ဆုံးဖြစ်သော ဤအခါ၌ ‘ငါ၏ရှေ့ပါးတွင် မနေလင့်။ ရဟန်း သွားဦးလော့”ဟု အဘယ့်ကြောင့် ပယ်ရှားတော်မူပါသနည်း”ဟု နားတော်လျှောက်၏။

ဘုရားသခင်ကလည်း “ချစ်သားအာနန္ဒာ။ ငါ့တပည့်ဖြစ်သော ဥပဝါဏ၌ အပြစ်မရှိ။ ယေဘုယျအားဖြင့် တစ်သောင်းသောလောကဓာတ်မှလာသော နတ်ဗြဟ္မာတို့သည်။ ငါဘုရား မျက်နှာတော်ကို ဖူးမြင်ခြင်းငှာ စည်းဝေးရှာကြကုန်၏။ ချစ်သားအာနန္ဒာ။ ဥယျာဉ်မှစ၍ တစ်ဆယ့် နှစ်ယူဇနာရှိသော အရပ်အတွင်း၌ ပြကတေ့နေခြင်းငှာ မတတ်ကောင်းရကား သားမြီးတစ်မျှင် တွင်မျှ နှစ်ကျိပ်လည်းကောင်း, သုံးကျိပ်လည်းကောင်း တန်ခိုး ဖန်ဆင်း၍ နေကြရကုန်သည်။ မြက်နွယ်သစ်ပင် ကောင်းကင်ပြင်မျှ မလပ်ရအောင် အထပ်ထပ် စည်းဝေးနေကုန်သည်။ ရှင် ဥပဝါဏကား ကိုယ် ကြီးလှသည်။ တန်ခိုးအာဘာဉ်လည်း ကြီးလှသည်။ ဥပဝါဏ၏ ပြင်ဘက်ကနေရကုန်သော နတ်ဗြဟ္မာတို့သည် ငါဘုရား၏မျက်နှာတော်ကို ဖူးမြော်ခွင့် မရသောကြောင့် ‘ငါတို့ကား ဘုရားသခင်ကို ဖူးမြင်ခြင်းငှာ အဝေးစကြဝဠာမှ လာပါကုန်သည်။ ဤအရှင့်ကိုယ်ဖြင့် ကွယ်ကာ၍ မျက်နှာတော်ကိုမျှ မဖူးရပါ’ဟု များစွာသောနတ်ဗြဟ္မာတို့ ငြူစူကြကုန်သည်။ နတ်တို့၏မျက်စိသည် ပုထုဇဉ်တို့၏ ကိုယ်ကိုသာ ထွင်းဖောက်၍ မြင်နိုင်သည်။ ရဟန္တာတို့၏ကိုယ်ကိုကား ထွင်းဖောက်၍ မမြင်နိုင်။ ဤဥပဝါဏကား ဆင်ဖြူပမာဏ ကြီးလှသောကိုယ်လည်း ရှိသည်။ တန်ခိုးကြီးသော ရဟန္တာလည်း ဖြစ်သည်။ ထို့ကြောင့် နတ်တို့၏ငြူစူခြင်း ကင်းစိမ့်သောငှာ ဥပဝါဏကို ‘ရှားလေလော့’ဟု ငါ ဆိုတော် မူသတည်း” ဟု မိန့်တော်မူ၏။

[ထို အရှင်ဥပဝါဏကား အဘယ်ပုညကြောင့် ကြီးလှသောကိုယ်, ကြီးလှသောတန်ခိုး ရှိသနည်းဟူကား ရှေး ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ ဤ ဥပဝါဏ၏



www.burmeseclassic.com

www.burmeseclassic.com



အလောင်းသည် တစ်ဦးသောသူကြွယ်၏အမျိုး၌ ဖြစ်၏။ ဝိပဿီဘုရား ပရိနိဗ္ဗာန် လားတော်မူ၍ တစ်ခဲနက်ကျန်ရစ်သော ဓာတ်တော်တို့ကို လူအများတို့သည် အလျား တစ်တောင်, အနံ တစ်ထွာ, အထု လက်နှစ်သစ် ရှိသော ရွှေအုတ်တို့ဖြင့် အပြန့်အစောက် တစ်ယူဇနာရှိသော ရွှေစေတီကို တည်လုပ်ကြကုန်သည်။ ထို့နောက်မှ ဘုမ္မစိုးနတ်တို့က တစ်ယူဇနာ၊ အာကာသစိုးနတ်တို့က တစ်ယူဇနာ၊ မိုးနတ်သား တစ်ယူဇနာ၊ တိမ်နတ်သား တစ်ယူဇနာ၊ စာတုမဟာရာဇ်နတ်တို့ တစ်ယူဇနာ၊ တာဝတိံသာနတ်တို့ တစ်ယူဇနာစီ ထပ်မံကာ တည်ကြကုန်သဖြင့် ခုနစ်ယူဇနာရှိသော စေတီတော်သည် ဖြစ်၏။

[လူတို့ပူဇော်ခြင်းငှာ ပန်း,နံ့သာ,ပုဆိုး စသည်တို့ကို ယူ၍လာသော် စေတီတွင်စောင့်သောနတ်တို့က လူတို့မြင်စဉ် စေတီတော်သို့တင်၍ ပူဇော်ကုန်သည်။ ထိုအခါ အရှင်ဥပဝါဏ၏အလောင်းဖြစ်သော သူကြွယ်သည်လည်း ရွှေအဆင်းရှိသော ပုဆိုးတို့ကိုယူ၍ ပူဇော်ခြင်းငှာ စေတီသို့လာသည်တွင် ဆင်းဝါကောင်းမြတ်သော စေတီစောင့်နတ်တစ်ဦးသည် ပုဆိုးကို လှမ်းယူ၍ စေတီတော်ကို ပူဇော်ပေ၏။ သူကြွယ်လည်း ထိုနတ်ကို မြင်သဖြင့်ကြည်လင်စိတ်ရှိသည်ဖြစ်၍ 'ငါလည်း ဤကဲ့သို့ နောက်နောင်ဘဝ၌ ဖြစ်ရစေသော'ဟု ဆုတောင်း၏။ အသက်အတိုင်းနေ၍ စုတေလေသော် နတ်ပြည်၌ နတ်အဖြစ်ကို ရ၏။ ထိုမှစ၍ လူ့ပြည် နတ်ပြည် ကျင်လည်ကာသာ အစဉ်လာပြီးမှ ကဿပဘုရား ထင်ရှားဖြစ်တော်မူသောအခါ ဓာတ်တော်စေတီစောင့်နတ် ဖြစ်သတည်း။ ကဿပဘုရားသာသနာ လွန်သောအခါ တာဝတိံသာနတ်ရွာ၌ ဖြစ်လေ၏။ ငါတို့ဘုရား ပွင့်တော်မူသောကာလ လူတို့နေရာ သာဝတ္ထိပြည်ရပ်မြတ်သောအမျိုး၌ဖြစ်လာ၍ အရွယ်သို့ရောက်သောအခါ သာသနာသို့ဝင်၍ ရဟန်းပြုသဖြင့် မမြင့်မီပင် ရဟန္တာ ဖြစ်သတည်း။ ထို့ကြောင့် အရှင်ဥပဝါဏသည်အဆင်းလည်း လှသည်၊ ကိုယ်လည်း ကြီးသည်၊ တန်ခိုးလည်း ကြီးမားသတည်း။]

အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်ပြန်၏။ "အရှင်ဘုရား။ တစ်ဆယ့်နှစ်ယူဇနာ ရှိသောအရပ်၌ အထပ်ထပ်စည်းဝေးလာသော နတ်ဗြဟ္မာတို့၏နှလုံးသည် အဘယ်သို့ ဖြစ်ကုန်သနည်း။ အဘယ်စကားကိုဆို၍ ပူဇော်ကုန်သနည်း"ဟု လျှောက်ကြားသော်၊ "ချစ်သားအာနန္ဒာ။ မြေမိုးကောင်းကင် ထက်ဝန်းကျင်မှ စည်းဝေးကြသော ဤ လူ နတ် ဗြဟ္မာအပေါင်းတို့သည် 'ကောင်းသောတရားစကားကို ဟောကြားတော်မူပေတတ်သော မြတ်စွာဘုရားသည် နိဗ္ဗာန်လားလွယ်စေတကား'ဟု တောင့်တ၍ ဦးခေါင်း၌ ဆံကို ဖရိုဖရဲကြဲဖြန့်လျက် တရှိုက်မက်မက် ငိုကြွေးကုန်သည်။ ပြင်းစွာ လူးလဲကုန်သည်"ဟူ၍ မိန့်တော်မူ၏။

"အရှင်ဘုရား။ တပည့်တော်တို့ထံသို့ မာတုဂါမတို့ ဆည်းကပ်သည်ရှိသော် အဘယ်သို့ ကျင့်ပါရအံ့နည်း"ဟု နားတော်လျှောက်ပြန်၏။ "ချစ်သားအာနန္ဒာ။ ကိလေသာကို ပယ်စွာလိုသောရဟန်းသည် စည်းစောင်ရန်း လုံခြုံရာ၌နေသောနွားကဲ့သို့ တိုက်တံခါးလုံခြုံသော ကျောင်း၌သာ ကိန်းအောင်း၍နေရာ၏။ မာတုဂါမတို့ ရောက်လာသော်လည်း အကြင်မျှ



www.burmeseclassic.com

www.burmeseclassic.com



လောက်သောကာလပတ်လုံး အဆင်းကို မမြင်ရ။ ထိုမျှလောက်သောကာလပတ်လုံး ရွန်ရွန်း ရင်းတပ်မက်သော ရာဂသည် မဖြစ်နိုင်ရာ။ မြင်ရသော်သာလျှင် ပြင်းစွာရာဂသည် ဖြစ်လွယ်၏။ ထို့ကြောင့် မမြင်ရရာ၌ နေခြင်းသည်သာလျှင် မြတ်သောပဋိပတ်တည်း"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ အကယ်၍ ဆွမ်းခံသောအခါ, ဆွမ်းလှူလာသောအခါ၌ မြင်ချေမူကား အသို့ ကျင့်အပ်ပါသနည်း"ဟု လျှောက်ပြန်၏။ "ချစ်သား အာနန္ဒာ။ မာတုဂါမတို့ကို အကယ်၍ မြင်ကုန်ငြားအံ့။ စကားမပြောနေခြင်းသည်ပင် မြတ်သောပဋိပတ်တည်း။ ချစ်သား အာနန္ဒာ။ ထက်စွာသောသန်လျက်ကို ကိုင်၍ 'ငါနှင့် စကားဆိုမူကား သင်၏ဦးခေါင်းကို ဖြတ်အံ့'ဟုဆို၍ ရပ်လာသောယောကျ်ားနှင့် စကားပြောခြင်းသည် မြတ်သေး၏။ မာတုဂါမတို့အား စကား ပြောဆိုခြင်းသည် မမြတ်။ 'ငါ့ကိုခေါ်မူကား သင်၏အသားကို ထွင်း၍ စားအံ့'ဟူ၍ ရပ်လာသော ဘီလူးမအား စကားဟောပြောခြင်းသည် မြတ်သေး၏။ ချစ်ဖွယ်ရှိသော မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်။ အဘယ့်ကြောင်းနည်း ဟူမူကား မာတုဂါမတို့နှင့် စကားဟော ပြောရသည် ရှိသော် ချစ်ကျွမ်းဝင်ခြင်းသည် ဖြစ်၏။ ချစ်ကျွမ်းဝင်သည်ရှိသော် နှစ်သက်ခြင်း ရာဂသည် ဖြစ်၏။ ရာဂဖြစ်သည်ရှိသော် အထူးထူးသော ကိစ္စကို ကြံခြင်းဟူသော သက်ပွရာဂသည် ဖြစ်၏။ သက်ပွရာဂ ဖြစ်သည်ရှိသော် တဏှာဥပါဒါန်တို့သည် ဖြစ်ကုန်၏။ ထို တဏှာဥပါဒါန်ဖြစ်သည်ရှိသော် သီလ၏ ညစ်ညူးပျက်စီးခြင်းသို့ရောက်၍ အပါယ် လေးပါးသို့ လားခြင်းသည် ဖြစ်၏။ ထို့ကြောင့် စကားပြောရခြင်းသည် မမြတ်"ဟု မိန့်တော် မူ၏။

"အရှင်ဘုရား။ မာတုဂါမတို့သည် ပြဿနာကို မေးခြင်းငှာ ကျောင်းသို့လာ၍ တစ်နေ့ ပတ်လုံးသော်လည်း မေးလျှောက်၍ နေငြားအံ့။ သီလသီတင်း ဖြည့်ကျင့်ခြင်းကိုလည်း တောင့် တငြားအံ့။ တရားတော်ကိုလည်း နာလို၍ တောင်းပန်ငြားအံ့။ ရဟန်းတို့နှင့် လျောက်ပတ်သော ကံကိစ္စကိုသော်လည်း ရွက်ဆောင်၍ နေလာငြားအံ့။ ထိုအခါ တစ်စုံတစ်ခုသော စကားကိုမျှ မပြောခဲ့ရသော် ရဟန်းတို့သည် ဆွံ့အသည်, နားပင်းသည်, လောကအရာ မလိမ္မာသည်, ပညာ မရှိသည်ဟု ဆိုလိမ့်သတည်း။ ထို့ကြောင့် စကားပြောဟောရချေသော် အဘယ်သို့ နှလုံးထားအပ်ပါသနည်း"ဟု နားတော်လျှောက်ပြန်၏။ မြတ်စွာဘုရားလည်း "ချစ်သားအာနန္ဒာ။ ကျောင်းသို့ရောက်သောအခါ မာတုဂါမတို့အား စကားပြောလိုသည်ရှိသော် အမိလောက်ရှိသော မိန်းမတို့၌ 'အမိ' ဟူသောစိတ်ကို ဖြစ်စေကုန်။ နှမမျှလောက်ရှိသော မိန်းမတို့၌ 'နှမ' ဟူသော စိတ်ကို ဖြစ်စေကုန်။ သမီးမျှလောက်ရှိသော မိန်းမတို့၌ 'သမီး' ဟူသောစိတ်ကို ဖြစ်စေကုန်။ အာနန္ဒာ။ မာတုဂါမတို့အား စကားပြောဟောသောအခါ၌ သတိပညာကို လွန်စွာ ဖြစ်စေကုန် လော့"ဟု ဩဝါဒ ပေးတော်မူ၏။

ထို့နောက်မှ အရှင်အာနန္ဒာလည်း ဤသို့ နားတော် လျှောက်ပြန်၏။ "အရှင်ဘုရား။ ကိုယ်တော်မြတ် နိဗ္ဗာန်လားခဲ့သော် အလောင်းတော်၌ တပည့်တော်တို့ ပြုဖွယ်ကိစ္စကို အဘယ်သို့ ပြုရပါအံ့နည်း"ဟု လျှောက်ပြန်၏။ "အာနန္ဒာ။ ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်ခြင်း စသည်၌ သင်တို့ မကြောင့်ကြလင့်။ မိမိ၏အစီးအပွားဖြစ်သော အရဟတ္တဖိုလ် ရခြင်းငှာသာ



www.burmeseclassic.com

www.burmeseclassic.com



များစွာ လုံ့လပြုကုန်လော့။ ကိုယ်အသက်ကို ကွက်ခြင်းမရှိဘဲ သတိသမ္ပဇဉ်ဖြင့်သာ ငါ၏သာသနာကို ရှက်ဆောင်ကြကုန်လော့။ ငါ၏အလောင်းတော်ကိုကား ရတနာသုံးပါး၌ ကြည်ညိုကုန်သော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး၊ သူကြွယ်မျိုးဖြစ်ကုန်သော ပညာရှိ ဒါယကာတို့သည် မီးပူဇော်ကုန်လတ္တံ့"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ထို အမျိုးလေးပါးဖြစ်ကုန်သော ပညာရှိဒါယကာတို့သည် တပည့်တော် ထံသို့လာ၍ 'ရှင်အာနန္ဒာ။ အလောင်းတော်ကို အဘယ်သို့ သင်္ဂြိုဟ်ရပါအံ့နည်း'ဟု မေးကုန် လတ္တံ့။ ထိုအခါ အဘယ်သို့ နည်းပေးရပါအံ့နည်း"ဟု လျှောက်ပြန်၏။ "ချစ်သားအာနန္ဒာ။ စကြဝတေးမင်း၏အလောင်းတော်ကို သင်္ဂြိုဟ်ဖူးသော ထုံးဟောင်းကား အလောင်းတော်ကို ကောင်းမွန်စွာသော ကာသိကရစ်တိုင်းဖြစ် ပုဆိုးဖြင့် ထုပ်ပိုးပတ်ရစ်၍ ညက်စွာနစ်အပ် သော ဝါဂွမ်းကို လွှမ်းပြီးသော် အပေါ်၌ နူးညံ့စွာသောပုဆိုးတို့ဖြင့် ရစ်ပတ်ပြန်၏။ ဤသို့ အဖန်များစွာ ငါးရာသောပုဆိုးတို့ဖြင့် ရစ်ပတ်ပြီးသော် လော်ပြီးသော သိင်္ဂနိက်ရွှေတလားသို့ သွတ်သွင်း၍ နံ့သာထင်းပုံထက်တင်ပြီးမှ မီးတိုက်၏။ အရိုးကိုယူပြီးသော် ခရီးလေးကြောင်း ဆုံရာ၌ ကောင်းစွာ စေတီ တည်လုပ်၏။ ဤသို့ စကြဝတေးမင်း၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်သကဲ့သို့ ငါဘုရား၏အလောင်းတော်ကိုလည်း ကောင်းစွာသင်္ဂြိုဟ်အပ်၏။

"ဓာတ်တော်တို့ကိုလည်း ခရီးဆုံရာ၌ ကောင်းစွာ စေတီ တည်အပ်၏။ ထိုစေတီကို ပူဇော်ချီးမြှောက်ရသော လူ၊နတ်အများတို့သည် စီးပွားချမ်းသာ လွန်စွာဖြစ်ကုန်လတ္တံ့။ ချစ်သား အာနန္ဒာ။ စေတီတည်ခြင်းငှာ ထိုက်သောပုဂ္ဂိုလ်တို့ကား ငါဘုရား တစ်ပါး၊ ပစ္စေကဗုဒ္ဓါလည်း တစ်ပါး၊ ရဟန္တာလည်းတစ်ပါး၊ စကြဝတေးမင်းလည်း တစ်ပါး ဤလေးပါးသာတည်း။

"အဘယ်အကျိုးထူးကို စွဲ၍ စေတီတည်ခြင်းငှာ ထိုက်သနည်းဟူမူကား အကြင် ဒါယကာတို့သည် သစ္စာလေးပါးတရားတို့ကို အလိုလိုသိမြင်တော်မူသော သဗ္ဗညုဘုရား၏ သရီရဓာတ်တော် တည်ရာပေတကားဟု စေတီ၌ ကြည်ညိုခြင်း၊ လေးမြတ်ခြင်းတို့ကို ဖြစ်စေကုန် လတ္တံ့။ အထူးထူးသော ပန်းနံ့သာ ပူဇော်ရာဝတ္ထုတို့ဖြင့် ငါဘုရားဂုဏ်ကို အာရုံ ပြု၍ ပြုပြင်ချီးမြှောက်ကုန်လတ္တံ့။ ထိုဒါယကာတို့သည် ဤ ကြည်ညိုသောစေတနာကြောင့် ခန္ဓာပျက်ကြွေသောအခါ နတ်ရွာသုဂတိသို့လည်း တက်ရကုန်လတ္တံ့။ သူဌေးသူကြွယ်၊ ပဒေသရာဇ်စသော လူကောင်းလူမြတ်၏စည်းစိမ်ချမ်းသာကိုလည်း ရကုန်လတ္တံ့။ ထိုသို့ အကျိုးထူးရှိသည်ကိုစွဲ၍ စေတီတည်ခြင်းငှာ ထိုက်သတည်း။ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာမင်းတို့၏ စေတီ၌လည်း ဤနည်းအတူပင် လူတို့အကျိုးစီးပွား များဘိရာသတည်း"ဟု မိန့်တော်မူ၏။ ယင်းသို့ စေတီတည်ထိုက်သည် လေးပါးကို ဟောတော်မူပြီးသော် ကိုယ်တော် မြတ်သည် ဖလသမာပတ်ချမ်းသာဖြင့် ဆိတ်ငြိမ်စွာနေတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာကား ဤသို့ အကြံဖြစ်၏။ 'ဘုရားသခင်သည် သံဃာတော်တို့ အား မှာကြားဆုံးမထိုက်သမျှသော တရားစကားကို ငါ့ကိုအမှူးထား၍ ဟောကြားဆုံးမတော် မူပြီ။ ဤညဉ့်ကေန် နိဗ္ဗာန်ယူချေတော့မည်။ နက်ဖြန်ခါပင် သွန်သင်ပြသ ဆုံးမပေသော အသံတော်သည် ဆိတ်ချေတော့မည်။ ငါတို့ဆရာ မြတ်စွာဘုရားနှင့် ကွဲပြားရချေတော့မည်'ဟု



www.burmeseclassic.com

www.burmeseclassic.com



ကြံအောက်မေ့လျက် ဆွေးမြည့်သောနလုံးဖြင့် ယူကျုံးမရဖြစ်ရကား ဘုရားရှင်အနီးမှခွာ၍ မလှာမင်းတို့၏တည်းခိုရာ ကောင်းစွာဆောက်ထားအပ်သော မင်းကွန်းဇရပ်၏ တံခါးတိုင်ကို ကိုင်လျက် ငိုကြွေး၏။ ငါသည် သောတာပန်ဖြစ်၍သာ အထက်မဂ်အလို့ငှာ ပြုရာကိစ္စရှိ ချေသေး၏။ မိုက်မြေးထူလှသော ငါ့ကို အဖန်တလဲလဲ ဆုံးမပဲ့ပြင် သွန်သင်ပေသော နောင်တော်ဘုရားသည် ငါ့ကိုထား၍ ယနေ့ကား ပရိနိဗ္ဗာန် ယူချေတော့မည်။ နက်ဖြန်မှစ၍ အဘယ်သူအား မျက်သစ်ဒန်ပူ ကပ်လှူရပါအံ့နည်း။ အဘယ်သူ၏ခြေကို ဆေးရပါအံ့နည်း။ အဘယ်သူ၏နေရာကို ခင်းရပါအံ့နည်း။ အဘယ်သူ၏နေရာကို သုတ်သင်ရပါအံ့နည်း။ အဘယ်သူ၏ သက်နှိုး, သပိတ် ပရိက္ခရာကို ငါ ဝတ်ပြုရပါအံ့နည်း" ဤသို့စသည်ဖြင့် တ,သမြည် တမ်းကာ လွန်စွာငို၍နေ၏။

ဘုရားသခင်လည်း သံဃာတော်တို့အားကြည့်၍ အရှင်အာနန္ဒာကို မမြင်လျှင် "ချစ်သား တို့။ အာနန္ဒာသည် အဘယ်မှာနေသနည်း"ဟု မေးတော်မူ၏။ "မင်းကွန်းတံခါးတိုင်ကို ကိုင်လျက် ပြင်းပြစွာ ငိုကြွေးနေပါသည်"ဟု နားတော်လျှောက်ကြလျှင်၊ "ချစ်သားတို့။ အာနန္ဒာကို လျင်စွာ ခေါ်ဘိလော့"ဟု မိန့်တော်မူ၍ ခေါ်ရလေ၏။ အနီးသို့ရောက်သောအခါ အရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူ၏။

"ချစ်သား အာနန္ဒာ။ ငါဘုရားသည် သင်တို့အား စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်း၌ အကျိုးမရှိသည်ကို မိန့်တော်မူဖူးပြီ မဟုတ်လော။ ဤလောက၌ ဖြစ်ရကုန်သော လူနတ် အပေါင်းတို့ပင် ခင်မင်စုံမက် နှစ်သက်အပ်ကုန်သော မိဘဆွေရင်း သားချင်းဖြစ်ကုန်သော သူတို့နှင့် အတူမနေ သေလွန်သဖြင့် ကွဲပြားရခြင်းတည်းဟူသော 'နာနာဘာဝ'၊ ဒေသတခြား လွင့်ပါးဝေးကွာရခြင်းတည်းဟူသော 'ဝိနာဘာဝ'၊ ရှေးကစည်းစိမ်ဖြင့် ရိပ်ငြိမ်ပျော်စံလျက် တစ်သက်ပန်တွင် ငြိုငြင်ဆင်းရဲပြန်ခြင်းတည်းဟူသော 'အညထာဘာဝ' ဤဒုက္ခတို့ကို ခံရမြဲ ဓမ္မတာသာ ဖြစ်၏။ လွတ်လွဲခြင်းငှာ အဘယ်မှာ တတ်နိုင်ကြအံ့နည်း။

"အကြင်ကိုယ်ခန္ဓာသည် တဏှာဟူသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်တတ် ၏။ ထို ဖြစ်သမျှကိုယ်ခန္ဓာသည် ပျက်မြဲဓမ္မတာသာတည်း။ တစ်စုံတစ်ယောက်သော ဗြဟ္မာ, သိကြား, ဘုရားတို့မှလည်း မပျက်စီးရအောင် တောင့်တ၍မဖြစ်နိုင်သည်သာ ဟု ငါ ဟောတော် မူပြီ မဟုတ်လော။

"ချစ်သားအာနန္ဒာ။ သင်သည် ငါဘုရားအား ရှည်လျားစွာသော ကာလပတ်လုံး မေတ္တာစိတ်၏အစွမ်းဖြင့်ဖြစ်သော မျက်သစ် ဒန်ပူ ကပ်လှူခြင်း, နေရာခင်းခြင်း, တံ့ဝပ်ရိုကျိုး ရှိခိုးခြင်းစသော ကာယကံဖြင့် လည်းကောင်း၊ 'ဤရေကို သုံးတော်မူပါ', 'ဤနေရာ၌ နေတော်မူပါ' စသည်ဖြင့် မြွက်ဟချိုးကျူးသော မေတ္တာဝစီကံဖြင့် လည်းကောင်း၊ 'ဘုရားကိုယ် တော်သည် သက်တော်ရှည်စေသတည်း' စသည်ဖြင့် တောင့်တသော မေတ္တာမနောကံဖြင့် လည်းကောင်း ငါဘုရားအား ခစားလုပ်ကျွေးပေပြီ။ ဤသို့ပြုအပ်သော သင်၏ မေတ္တာကံ သုံးဖြာသည် စကြဝဠာနှင့်နှိုင်းဆသော် ယူဇနာ တစ်သန်းနှစ်သိန်း သုံးထောင့်လေးရာ ငါးဆယ်ကျယ်သော စကြဝဠာအပကား ကျဉ်းသေး၏။ သင်၏ မေတ္တာကာယကံ, ဝစီကံ,



www.burmeseclassic.com

www.burmeseclassic.com



မနောကံသာလျှင် ကျယ်ဝန်း၏။ ယူဇနာ ခုနစ်ကုဋေ တစ်သန်းရှစ်သိန်း ငါးသောင်း ခြောက်ထောင် အမြင့်ဆောင်သော ဘဝဂ် ဟုဆိုအပ်သော နေဝသညာနာသညာဘုံသည် နိမ့်သေး၏။ သင်၏ မေတ္တာ ကာယကံ, ဝစီကံ, မနောကံသာ လွန်စွာမြင့်မောက်၏။

"ချစ်သားအာနန္ဒာ။ သင်သည် ဖြည့်အပ်ပြီးသော ပါရမီကောင်းမှု ရှိ၏။ ကမ္မဋ္ဌာန်းကိုသာ လွန်စွာလုံ့လပြုလော့။ မကြာမြင့်မီ အာသဝေါကင်းကွာ၍ ရဟန္တာ ဖြစ်လတ္တံ့။ ရှေးသောအခါ အာနန္ဒာသည် ဆင်းရဲစွာသောပုဏ္ဏားဖြစ်၍ ပေါက်ပင်စောင့်နတ်သားဖြစ်သော ငါဘုရားအား ခစားလုပ်ကျွေးသဖြင့် သူဌေးစည်းစိမ်ကို ရအောင် ငါ မ,စဖူးပြီ။ သဗ္ဗညုအဖြစ်သို့ ရောက်သော ငါဘုရားအား ခစားလုပ်ကျွေးရရာ၌ အဘယ်မှာ ရဟန္တာမဖြစ် ရှိတော့အံ့နည်း" ဟု ရှေးအဖြစ်ကိုဖော်၍ ဇာတ်တော်ကိုလည်း ဟောတော်မူ၏။

ထို့နောက် အစောက် နှစ်သိန်းလေးသောင်းရှိသော မြေကို ထက်အောက်လှန်ဘိသကဲ့သို့ အရှင်အာနန္ဒာ၏ကျေးဇူးတော်ကို ဖော်၍မိန့်တော်မူခြင်းငှာ သံဃာတော်အပေါင်းတို့ကို ခေါ်တော်မူ၍ "ချစ်သားတို့။ ရှေး နောင်တော်ဘုရားတို့၏အထံ၌ 'နိရန္တရ'လုပ်ကျွေးကြသော သူမြတ်တို့ကဲ့သို့ အာနန္ဒာသည် ငါဘုရားအား ခစားလုပ်ကျွေးပေသည်။ ဤအာနန္ဒာကား ပညာလည်း ကြီး၏။ လုံ့လဝီရိယလည်း ရှိ၏။သတိ, သမာဓိနှင့်လည်း ပြည့်စုံ၏။ ခန္ဓာ, အာယတနစသော ပရမတ္ထ ဓမ္မအရာ၌လည်း အလွန်လိမ္မာ၏။အာနန္ဒာသည် 'ဤအခါကား ဒါယကာယောကျ်ားတို့ ခစားဆည်းကပ်သော အခါတည်း။ ဤအခါကား ဒါယိကာမိန်းမတို့ ခစားဆည်းကပ်သော အခါတည်း။ ဤအခါကား တိတ္ထိယသာဝကတို့ ဆည်းကပ်ကြသော အခါတည်း'ဟု တိုင်းထွာမှတ်သားလျက် ပရိသတ်အား လျော်သောအမှုဖြင့် ပြုပြင် ချီးမြှောက်ပေတတ်၏"ဟု မိန့်တော်မူပြီးမှ၊ "ချစ်သား ရဟန်းတို့။ အာနန္ဒာကား လေးပါးသောအံ့ဖွယ်တို့သည် ရှိကုန်၏။ လေးပါးဟူသော်ကား–

၁။ အဝေးအနီးမြို့ရွာမှ ရောက်လာကုန်သော ရဟန်းယောကျ်ား ပရိသတ်တို့သည် အာနန္ဒာထေရ်မြတ်၏ အဆင်းအသွင်ကို ဖူးမြင်၍ လည်းကောင်း၊ ပြောဆိုသော တရားစကားသံကို နာခံ၍ လည်းကောင်း မရောင့်ရဲနိုင်သည့် အံ့ဖွယ်တစ်ပါး။

၂။ ရဟန်းမိန်းမ ပရိသတ်တို့သည် အာနန္ဒာမထေရ်မြတ်၏ ရုပ်ဝါသွင်ပြင်ကို ဖူးမြင်၍လည်းကောင်း၊ ပြောဆိုသော တရားစကားသံကို နာခံ၍လည်းကောင်း မရောင့်ရဲနိုင်သည့် အံ့ဖွယ်တစ်ပါး။

၃။ အဝေးအနီးမှလာသော ဥပါသကာ ပရိသတ်သည် အာနန္ဒာထေရ်မြတ်၏ အဆင်းအသွင်ကို ဖူးမြင်၍လည်းကောင်း၊ ပြောဆိုသော တရားစကားသံကို နာခံ၍လည်းကောင်း မရောင့်ရဲနိုင်သည့် အံ့ဖွယ်တစ်ပါး။

၄။ အဝေးအနီးမှလာသော ဥပါသိကာ ပရိသတ်သည် အာနန္ဒာထေရ်မြတ်၏ အဆင်းအသွင်ကို ဖူးမြင်၍လည်းကောင်း၊ ပြောဆိုသော တရားစကားသံကို နာခံ၍ လည်းကောင်း မရောင့်ရဲနိုင်သည့် အံ့ဖွယ်တစ်ပါး။ ဤသို့အားဖြင့် လေးပါးသောအံ့ဖွယ်တို့နှင့် ပြည့်စုံပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သားတို့။ လေးကျွန်းလုံးကိုပိုင်သသော စကြဝတေးမင်း၌လည်း လေးပါးသောအံ့ဖွယ်တို့သည် ပြည့်စုံကုန်၏။ လေးပါးဟူသော်ကား–

၁။ စကြဝတေးမင်းသည် ရှေးဘုန်းပါရမီအလျောက် အလွန်လည်း အဆင်းလှ၏။ ရှုချင်ဖွယ်ရှိ၏။ အသံလည်း သာယာ၏။သတ္တဝါတို့၏ ကောင်းကျိုးစီးပွားကိုလည်း ကြားပေတတ်၏။ ကောင်းကင်ဖြင့်လည်း သွားနိုင်၏။ တရားနှင့်ညီညွတ်သော စက္ကဝတ်ဓမ္မရာဇ်လည်း ဖြစ်လေ၏'ဟု ကြားရပေသဖြင့် မင်းပရိသတ်တို့သည် အဝေးအနီးရပ်ရွာမှ ဖူးမြင်လာကုန်သော် အဆင်းတော်ကို မြင်သဖြင့်လည်းကောင်း၊ အသံတော်ကို ကြားသဖြင့် လည်းကောင်း၊အဆုံးအမတော်ကို ခံရသဖြင့် လည်းကောင်း မရောင့်ရဲနိုင်သည်လည်း အံ့ဖွယ်တစ်ပါး။

၂။ ပုဏ္ဏားပရိသတ်တို့သည် အဝေးအနီးရပ်ရွာမှ ဖူးမြင်လာကုန်သော် အဆင်းကို မြင်သဖြင့် လည်းကောင်း၊ အသံတော်ကို ကြားသဖြင့် လည်းကောင်း၊ အဆုံးအမတော်ကို ခံရသဖြင့် လည်းကောင်း ရောင့်ရဲခြင်းမဖြစ်နိုင်သည်လည်း အံ့ဖွယ်တစ်ပါး။

၃။ သူကြွယ်ပရိသတ်တို့သည် အဝေးအနီးရပ်ရွာမှ ဖူးမြင်လာကုန်သော် အဆင်းတော်ကို မြင်သဖြင့် လည်းကောင်း၊ အသံတော်ကို ကြားသဖြင့် လည်းကောင်း၊အဆုံးအမတော်ကို ခံရသဖြင့် လည်းကောင်း ရောင့်ရဲခြင်းမဖြစ်နိုင်သည်လည်း အံ့ဖွယ်တစ်ပါး။

၄။ ရသေ့ ရဟန်း ပရိသတ်တို့သည် စကြဝတေးမင်းကို တွေ့မြင်ခြင်းငှာ ရောက်လာကုန်သော် အဆင်းကို မြင်သဖြင့် လည်းကောင်း၊ အသံတော်ကို ကြားသဖြင့် လည်းကောင်း၊ တရားစကား ပြောကြားနှီးနှောရသဖြင့် လည်းကောင်း ရောင့်ရဲခြင်း မဖြစ်နိုင်သည်လည်း အံ့ဖွယ်တစ်ပါး။

"ဤ လေးပါးသောအံ့ဖွယ်သရဲ လွန်ကဲသောကျေးဇူးတရားသည် စကြာမင်းအား ပြည့်စုံဘိသကဲ့သို့ ချစ်သားအာနန္ဒာလည်း လေးဖြာသော အံ့ဖွယ်သရဲ လွန်ကဲသောကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသတည်း"ဟူ၍ မိန့်တော်မူ၏။

ထို့နောင်မှ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ။ ကုသိနာရုံပြည်သို သွား၍ မလ္လာမင်းတို့အား အကြောင်းကို ကြားချေ။ 'ဝါသေဋ္ဌအနွယ်ဖြစ်သော မင်းများတို့။ ဘုရားသခင်သည် ယနေ့ညဥ့် မိုးသောက်ယံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ဖူးမြင်လိုပါမူ လျင်စွာ သွားကြကုန်လော့။ နောင်သောအခါ ငါတို့ မဖူးမြင်ရဟု နလုံးမသာ မရှိစေကုန်လင့်'ဟု ပြောကြားချေ"ဟူ၍ စေလိုက်၏။

ရှင်အာနန္ဒာလည်း ဗျာဒိတ်တော်ရှိတိုင်း တစ်ပါးတည်းသာလာခဲ့၍ ကုသိနာရုံပြည်သို့ ဝင်လေ၏။ မလ္လာမင်းတို့လည်း ပြုခြင်းကိစ္စရှိခြင်းကြောင့် မိမိတို့ စည်းဝေး၍နေကြကုန်စဉ် အရှင်အာနန္ဒာလည်း ဘုရားမှာတော်မူလိုက်တိုင်း ပြောကြားပေ၏။ မလ္လာမင်းများတို့လည်း သားမယားဆွေမျိုးတို့အား ထိုအကြောင်းကိုသိစေသော် ပြည်သူပြည်သားနှင့်တကွသော



www.burmeseclassic.com

www.burmeseclassic.com



မင်းဆွေမင်းမျိုးတို့သည် သမုဒ္ဒရာမြစ်ရိုး၌ လှိုင်းတံပိုးကဲ့သို့ သောင်းသောင်းညံမျှ ငိုကြွေးကြလျက် “လောကသုံးပါး၏ စီးပွားချမ်းသာကို လွန်စွာရွက်ဆောင်ပေတတ်သော မြတ်စွာဘုရားသည် လျင်စွာ ပရိနိဗ္ဗာန် စံတော်မူ၏တကား။ ငါတို့ကိုပစ်ထား၍ သွားတော်မူအံ့သည် တကား” ဟု များစွာ မြည်တမ်းကြကုန်၏။

ထို့နောက်မှ မလ္လာမင်းများလည်း သားမယား ဆွေမျိုးနှင့်တကွ ဥယျာဉ်သို့လာကြ၍ အရှင်အာနန္ဒာထံသို့ ကပ်ကုန်၏။ အရှင်အာနန္ဒာလည်း ‘ဤ မလ္လာမင်းတို့ကို အသီးအသီး ရှိခိုးစေသည် ဖြစ်အံ့။ ဤညဉ့်ကုန်၍ နေအရုဏ် တက်လေရာသည်။ တစ်မျိုးတစ်မျိုးစီသာ ဝင်၍ ရှိခိုးစေတော့အံ့’ဟု ကြံပြီးလျှင် မိမိတွင်ပါသော ပရိသတ်နှင့်တကွ တစ်ဦးတစ်ဦးစီ ဆောင်၍ “အရှင်ဘုရား။ ဤမည်သောမလ္လာမင်းသည် ခြေတော်ရင်း၌ ဦးတိုက်၍ ရှိခိုးပါသည်”ဟု လျှောက်ပေ၏။ ဤသို့သောနည်းအားဖြင့် ပထမယံ၌သာလျှင် မလ္လာမင်းတို့၏ ရှိခိုးခြင်းကိစ္စကို ပြီးစေ၏။

ထိုအခါ သုဘဒ္ဒအမည်ရှိသော ပရိဗိုဇ်ရဟန်းသည် ကုသိနာရုံပြည်၌ နေ၏။ ထို သုဘဒ္ဒပရိဗိုဇ်သည် ယနေ့ညဉ့် ပစ္ဆိမယံ၌ပင်လျှင် ‘ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော့အံ့’ ဟူသော သတင်းကိုကြား၍ ဘုရားရှိရာသို့ လျင်စွာလာခဲ့ပြီးလျှင်၊ အရှင်အာနန္ဒာ၏အထံသို့ ကပ်၍ ဤသို့ တောင်းပန်၏။ “အရှင်အာနန္ဒာ။ အကျွန်ုပ်သည် အသက်အရွယ် အနွယ်အားဖြင့်ကြီးကုန်သော, အစဉ်အဆက်ကို ပြောဆိုတတ်ကုန်သော, ဆရာ၏ဆရာဖြစ်ကုန်သော ပရိဗိုဇ်ကြီးတို့၏ အထံမှ ဆုံးမသံစကားကို ဤသို့ ကြားဖူးပါသည်။ ‘ဤလောက ဤလူ့ရွာဝယ် ကိလေသာ ရန်ခပင်းကို အကြွင်းမဲ့ပယ်သင်၍ လေးအင်သောသစ္စာကို ကောင်းစွာသိမြင်တော်မူပေသော သယမ္ဘူ မြတ်စွာဘုရားတို့သည် တစ်ခါတစ်ရံမှ ဖြစ်လာခြင်းငှာ အလွန်ရှား၏။ အကယ်၍ ဖြစ်လာငြားက ထိုဘုရားရှင်တို့၏အထံ၌ သံသယရှိသမျှကို ပျောက်ပကျေနပ်အောင် ပြုရာသည်’ ဟူသော စကားကို ကြားရဖူးပါသည်။ ထို့ကြောင့် အရှင်တို့ဆရာ ဂေါတမသည် နိဗ္ဗာန်ယူလတ္တံ့ ဟုကြား၍ ‘ငါ၏ယုံမှားခြင်းကို ရှင်ဂေါတမသာ ပယ်ဖျောက်နိုင်ရာသည်။ ကြာလျှင် မတွေ့ရာချေပြီ’ဟုကြံ၍ လျင်မြန်စွာ ကျွန်ုပ် လာပါသည်။ အရှင်အာနန္ဒာ။ ကျွန်ုပ် တောင်းပန်ပါ၏။ မြတ်စွာဘုရား ဂေါတမကို ဖူးမြင်ချင်လှပါသည်။ အခွင့်ပေးတော်မူပါ”ဟု လျှောက်၏။

အရှင်အာနန္ဒာကလည်း ‘သာသနာတော်မှအပဖြစ်သော တိတ္ထိတို့သည် မိမိတို့၏ အယူကိုသာ မြဲမြံစွာ ယူကုန်သည်။ ထိုအယူကို ပယ်ရှားအောင် တရားဟောရသော် ဘုရားကိုယ်တော် ပင်ပန်းရင်းတွင် ထူး၍ပင်ပန်းခြင်း ဖြစ်တော်မူပါလိမ့်မည်ဟု အောက်မေ့၍၊ “ငါ့ရှင်သုဘဒ္ဒ။ အကြောင်းမသင့် အခွင့်မသာပြီ။ မြတ်စွာဘုရားကို မညှဉ်းဆဲလိုလင့်။ ကိုယ်တော်မြတ် ပင်ပန်းလှသည်”ဟု ဆိုပေ၏။ ထို သုဘဒ္ဒပရိဗိုဇ်ကလည်း ‘အခွင့်ကို အလိုရှိသောသူမည်သည် သူကြည်ညွတ်အောင် ပြုအပ်ပေသည်’ဟု နှလုံးထား၍ ဝပ်တွားခယစွာ အရှင်အာနန္ဒာကို သုံးကြိမ်မြောက်အောင် တောင်းပန်၏။ အရှင်အာနန္ဒာလည်း အခွင့်မပေးဘဲ သုံးကြိမ်မြောက် အောင် တားမြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို သုဘဒ်တောင်းပန်စကားကို ဘုရားကိုယ်တော်တိုင် ကြားတော်မူလျှင် သုဘဒ်ပရိဗိုဇ်၏ အကျိုးငှာသာ ပြင်းစွာသောအားထုတ်ခြင်းဖြင့် လာတော်မူသည်ဖြစ်သောကြောင့် "ချစ်သား အာနန္ဒာ။ မတားမြစ်ပါလင့်။ ငါဘုရားကို ဖူးမြင်ပါစေ။ ဤသုဘဒ်သည် ပြဿနာကို မေးလိုသော်လည်း မေးပါစေ"ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသောအခါ အရှင်အာနန္ဒာလည်း "ငါ့ရှင်သုဘဒ်။ မြတ်စွာဘုရားသည် သင့်အား ခွင့်ပေးတော်မူပြီ။ ဝင်လော့, ဝင်လော့"ဟု ဆိုပေ၏။

သုဘဒ်ပရိဗိုဇ်လည်း အားရဝမ်းသာ ဘုရားရှိရာသို့ ချဉ်းကပ်ပြီးသော် ကိုယ်တော်မြတ်အား ပဋိသန္ဓာရစကားကို လျှောက်ထားပြောဆိုပြီးမှ "အရှင်ဂေါတမ။ အကျွန်ုပ် သံသယတစ်ခု ရှိပါသည်။ ထိုပြဿနာကို သိသာအောင် ဖြေတော်မူပါ။ ဤလူ့ရွာ၌ ဂိုဏ်းဆရာဖြစ်၍ ကျော်စောထင်ရှားကုန်သော ပူရဏကဿပ, မက္ခလိဂေါသာလ, အဇိတ, ပကုဓကစ္စာယန, သဉ္စယ, နိဂဏ္ဌ ဤသူတို့သည် မိမိတို့ဝန်ခံသောအတိုင်း အလုံးစုံသောတရားကို သိပါကုန်သလော။ မသိဘဲပင် လွန်ကဲစွာ ဝင့်ဝါလေသလော။ အချို့သောတရားကိုလည်း သိလေသလော" ဟု လျှောက်၏။

ဘုရားသခင်လည်း "အချင်းသုဘဒ်။ ဤစကားကို ငါဘုရား ဖြေခြင်းငှာ အကြောင်း မသင့် အခွင့်မဟုတ်ပြီ။ ဤစကားကို ထားဘ်လော့။ သင့်အား ငါဘုရား ဟောကြားအံ့။ အကြင် တိတ္ထိတို့သည် ကိလေသာတည်းဟူသော အညစ်အကြေးကင်းသဖြင့် သန့်ရှင်းဖြူစင်စွာ အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ခမ္မကို မရ, မကျင့်တတ်။ ထိုတိတ္ထိတို့သာသနာ၌ သောတာပန်ရဟန်းကို လည်းကောင်း၊ သကဒါဂါမ်ရဟန်းကို လည်းကောင်း၊ အနာဂါမ်ရဟန်းကို လည်းကောင်း၊ လေးယောက်မြောက်သော ရဟန္တာကို လည်းကောင်း အခါခပ်သိမ်း မရအပ်သေး။ ယင်းသို့ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန်မှ တစ်ရံတစ်ခါ မရလာသောကြောင့် ခန္ဓာပျက်ကြွေ သေလွန်ငြားသော်လည်း အမြိုက်တရားကို မရကုန်။ ငါဘုရား၏ သာသနာ၌သာလျှင် ကိလေသာတည်းဟူသော အညစ်အကြေးကို ကင်းဝေးစေတတ်သော အဋ္ဌင်္ဂိက မဂ္ဂပဋိပတ်ကို ရအပ်သည်ဖြစ်သောကြောင့် စွန့်ပစ်အပ်သောတရားကို ပယ်စွာလျက် သောတာပန်ရဟန်းကို လည်းကောင်း၊ သကဒါဂါမ်ရဟန်းကို လည်းကောင်း၊ အနာဂါမ်ရဟန်းကို လည်းကောင်း၊ ရဟန္တာကို လည်းကောင်း ကောင်းစွာရအပ်၏။

"ထို့ကြောင့် ခန္ဓာပျက်ကြွေ သေလွန်သောအခါ အမြိုက်ချမ်းသာကို ကောင်းစွာ ရလေကုန်၏။ အကယ်၍ တိတ္ထိတို့သာသနာ၌ မဂ္ဂါနုလောမ ပဋိပန္န ပုဂ္ဂိုလ်လေးပါး၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် လေးပါး၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးပါးအားဖြင့် တစ်ကျိပ်နှစ်ပါးသော ပုဂ္ဂိုလ်တို့ကို ရသည်ဖြစ်အံ့။ ဤလောက၌ ရဟန္တာတို့မှ မဆိတ်နိုင်ရာ။

"အချင်း သုဘဒ်။ ငါဘုရားသည် နိဗ္ဗာန်တရားကို မြင်လိုသည်ဖြစ်၍ နှစ်ဆယ့်ကိုးနှစ်ကပင် တောသို့ဝင်လျက် သာမညပုဂ္ဂိုလ်တို့ ကျင့်လိုခဲလှသော ဒုက္ကရစရိယာ အကျင့်ဖြင့် ရှည်မြင့်စွာ နေတော်မူသည်။ ရဟန်းပြုသည်မှ စ၍ ငါးဆယ့်တစ်နှစ်ပတ်လုံး အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုဘိ၍ ဝိပဿနာတရားကို အားထုတ်တော်မူသည်။ ထိုမျှလောက်သော



www.burmeseclassic.com

www.burmeseclassic.com



ကာလအတွင်း၌ ငါ၏သာသနာတော်မှကင်းလျက် သန့်ရှင်းသော အကျင့်အယူရှိသော ပုဂ္ဂိုလ်, မဂ်ဖိုလ်လမ်းမှန် နိဗ္ဗာန်သို့ ရောက်သောပုဂ္ဂိုလ်ကို တစ်စုံတစ်ယောက်မျှ ငါ မြင်တော်မမူ" ဟူ၍ ဟောတော်မူ၏။

သုဘဒ်ပရိဗိုဇ်လည်း ထိုတရားစကားကို ကြားနာရသော် "အရှင်ဘုရား။ အလွန်ခြား နား ကောင်းမြတ်ပေစွ။ ခရီးမှားသောသူကို ဆောင်ယူ၍ ခရီးမှန်မှာ ချသကဲ့သို့ ကျေးဇူးကြီး လှပေသည်။ အကျွန်ုပ်သည် ဘုရားသခင်အား လည်းကောင်း၊ တရား,သံဃာတော် တို့အား လည်းကောင်း လဲလျောင်းဆည်းကပ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဘုရားသာသနာ၌ အကျွန်ုပ် ရဟန်းပြုလိုပါသည်"ဟု လျှောက်လေသော်၊ ကိုယ်တော်မြတ်ကလည်း "ငါ့ရှင် သုဘဒ်။ တိတ္ထိ ဖြစ်ဖူးသောသူသည် ငါ၏သာသနာသို့ ဝင်လိုမူ လေးလပတ်လုံး 'ပရိဝါသ်'နေရ သည်။ လေးလလွန်၍ အဘ္ဗာန်သွင်းပြီးမှ ရှင်ရဟန်း ပြုရချေသည်။ သို့ရာတွင်မူကား ငါဘုရား သည် ပုဂ္ဂိုလ်ထူးကိုလည်း သိတော်မူ၏"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား။ အရှင့်တပည့်သား သံဃာတော်တို့သည် အကယ်၍ ရဟန်းပြုပါသည် ဖြစ်အံ့။ အကျွန်ုပ် လေးလကို မဆိုသေး။ လေးနှစ်ပတ်လုံး ပရိဝါသ်နေပါအံ့သည်"ဟု လျှောက်ထားလေ၏။

ဘုရားသခင်လည်း အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သား အာနန္ဒာ။ အာသာ အလွန်ရှိပေသော ဤသုဘဒ်ကို ယခုပင် ရဟန်းပြုလော့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း သင့်ရာသို့ခေါ်ဆောင်၍ ဆံ, မုတ်ဆိတ်ကို ပယ်ရိတ်ပြီးလျှင် သင်္ကန်းဝတ်စေ၍ သရဏဂုံပေးပြီးမှ ဘုရားထံတော်သို့ ဆောင်၏။ ဘုရားသခင်လည်း ပဥ္စင်းခံစေ၍ ကမ္မဋ္ဌာန်းကို ပေးတော်မူလိုက်၏။ သုဘဒ်ပရိဗိုဇ်လည်း ထိုဥယျာဉ်တွင်း၌ပင် စင်္ကြံသွားလျက် ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါး, သမာပတ် ရှစ်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထို အရှင်သုဘဒ်ကား ဘုရားသခင်ရှေ့မှောက်တော်၌ နောက်ဆုံးဖြစ်သော ရဟန္တာ သာဝကတည်း။

[ဤ] သုဘဒ်ပရိဗိုဇ်ကား ဥဒိစ္စမဟာသာလ ပုဏ္ဏားမျိုးမှ အဝတ်ဖြူစည်း၍ ပရိဗိုဇ်ရဟန်း ပြုလေသောသူဟူ၍ ဒီဃနိကာယ်၌လာသည်။ ဓမ္မပဒ အဋ္ဌကထာ တေရသကဏ္ဍိကာတို့၌ကား ဝက်ဇနပုဒ်၌ မုဆိုးသမီး စာပါနှင့် ဥပက သင့်မြတ်ရာတွင် ဖွားမြင်သောသူ ဟူ၍ဆို၏။ ထို သုဘဒ်၏ပြဿနာကိုလည်း 'ကောင်းကင်၌ ခြေရာထင်ပါ၏လော၊ သာသနာတော်မှအပ၌ ရဟန်း ရှိပါ၏လော၊ သင်္ခါရတရားတို့သည် မြဲပါအံ့လော' ဟူသော ပြဿနာသုံးပါးကို မေးသည်ဟု လာ၏။

[ဤ] သုဘဒ်ပရိဗိုဇ်၏ ရှေးအကြောင်းကား ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဝယ် မဟာကာလ, စူဠကာလ အမည်ရသော သူကြွယ်ညီနောင်နှစ်ဦးတို့ဖြစ်၍၊ ညီ စူဠကာလ သည် တစ်နှစ်လုပ်သော စပါး၌ ဘုရားအမှူးရှိသောသံဃာတော်တို့အား မျိုးဦးအလှူ, မုန့်ဆန်းဦး အလှူ, ရိတ်ဦးအလှူ, ဆုပ်ဦးအလှူ, လှိုင်းဦးအလှူ, နယ်ဦးအလှူ, ချင့်ဦးအလှူ, ရောင်းဦးအလှူ, စားဦးအလှူ, အလှူအားဖြင့် ကိုးကြိမ်တိုင်တိုင် အလှူကြီးပေး၏။ 'နောင်ဘုရားတို့၏သာသနာ၌



www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာ တရားရစေသော’ဟု ဆုတောင်း၏။ ထိုအကြောင်းကြောင့် ငါတို့ဘုရား တရားဓမ္မစကြာ ဟောသောအခါ၌ ရှေးဦးစွာတရားရ၍ ‘အညာသိ ကောဏ္ဍညမထေရ်’ ဖြစ်၏။ အစ်ကို သူကြွယ်မှာမူကား နောက်မှ အလှူပေးတရားတော်ကို ကျင့်သောကြောင့် ငါတို့ဘုရားသာသနာ တော်၌ သုဘဒ်ပရိဗိုဇ်ဖြစ်လာ၍ နိဗ္ဗာန်စံယူ နီးသောအခါမှ တရားတော်ကိုနာရသဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေသတည်း။

[ဘုရားသခင်ကို ရန်ငြိုးဖွဲ့သော သုဘဒ်ရဟန်းကား အာတုမပြည်၌ ဆတ္တာသည်၏ သားတည်း။ ထိုအကြောင်းကို အထက်၌ ဆိုလတ္တံ့။]

ယင်းသို့ သုဘဒ်ပရိဗိုဇ်အား တရားရစေပြီးသော်၊ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ “ချစ်သားအာနန္ဒာ။ ငါ၏သာဝကဖြစ်သော သံဃာတော်အများတို့သည် ငါဘုရား ‘လွန်ပြီ၊ မရှိပြီ’ဟု ထင်မှတ်လိမ့်မည်။ ယင်းသို့ကား မမှတ်အပ်။ အကြင် သုတ် အဘိဓမ္မာကိုလည်း ငါဘုရား ဟောအပ်ပြီ။ ဝိနည်းတရားတော်ကိုလည်း ငါ ပညတ်အပ်ပြီ။ ထိုအလုံးစုံသော သုတ်, ဝိနည်း, အဘိဓမ္မာတရားသည် ငါဘုရားလွန်သဖြင့် သင်တို့၏ဆရာ ဖြစ်လတ္တံ့။ ထို့ကြောင့် ငါဘုရား ရှိသည်သာဟု ကောင်းစွာမှတ်အပ်၏။

“ချစ်သားအာနန္ဒာ။ ငါ ပညတ်တော်မူအပ်သော ရဟန်းတို့၏သိက္ခာအစုတွင် ခုဒ္ဒါနုခုဒ္ဒက ဖြစ်သော သိက္ခာပုဒ်တို့ကား အလွန်လည်းများပြား၏။ အပါယ်လားကြောင်းလည်း မဟုတ်။ ထို ခုဒ္ဒါနုခုဒ္ဒကကို နုတ်ချသော်ကား နောက်သားသံဃာတို့ သက်သာရာ ရလတ္တံ့။ ချစ်သား အာနန္ဒာ။ ငါဘုရားရှိစဉ် သံဃာတို့သည် အချင်းချင်း ‘အာဝုသော’ ဟူသောစကားဖြင့် ခေါ်ဆိုကုန်၏။ ထိုစကားအတိုင်း ငါဘုရားလွန်သည်နောက် တစ်ပါးသည် တစ်ပါးအား မခေါ်ဝေါ်ကုန်လင့်။ သိက္ခာဝါကြီးသောရဟန်းသည် သိက္ခာငယ်သောရဟန်းအား အနွယ်အားဖြင့် လည်းကောင်း၊ ‘အာဝုသော’ဟူသော စကားဖြင့်လည်းကောင်း ခေါ်ဝေါ်အပ်၏။ ငယ်သော ရဟန်းသည် ကြီးသောရဟန်းအား ‘ဘန္တေ’ဟူ၍လည်းကောင်း၊ ‘အာယသ္မာ’ဟူ၍လည်းကောင်း ခေါ်ဝေါ်အပ်၏။ မခေါ်သောရဟန်းအား ဒုက္ကဋ်သင့်စေ”ဟု ပညတ်တော်မူသည်။

“ချစ်သား အာနန္ဒာ။ ဆန္နရဟန်းကိုလည်း ငါဘုရား လွန်တော်မူသောအခါ ဗြဟ္မဒဏ် ပေးကြကုန်”ဟု မိန့်တော်မူ၏။ “အရှင်ဘုရား။ အဘယ်သို့ ဗြဟ္မဒဏ် ထားအပ်ပါသနည်း”ဟု နားတော်လျှောက်ပြန်သော်၊ “အာနန္ဒာ။ သံဃာအပေါင်းတို့ စည်းဝေး၍ ဆိုနိုင်ခက်လှသော ဤဆန္နရဟန်းသည် သူဆိုလိုသမျှ ဆိုသည်ကို တစ်ပါးသောရဟန်းတို့ မဆို, မဆုံးမကြလင့်။ ဤသူ၏ စကားကိုလည်း လေးစား မပြုကြလင့် ဟူ၍ ဗြဟ္မဒဏ် ပေးအပ်၏” ဟု မိန့်တော်မူ၏။

ထို့နောက်မှ ရဟန်းအများကို ခေါ်တော်မူ၍ “ချစ်သားတို့။ အကြင်ပုဂ္ဂိုလ်သည် ဘုရား, တရား, သံဃာ၌ လည်းကောင်း၊ မဂ်တရား ဖိုလ်တရား၌ လည်းကောင်း၊ ကျင့်ဝတ် ပဋိပတ်၌ လည်းကောင်း ယုံမှားတွေးတောခြင်း ရှိသည်ဖြစ်အံ့။ ငါဘုရားကို ယခု မေး လျှောက်လိုက်ကြကုန်။ နောင်သောအခါ မြတ်စွာဘုရားကို မျက်ဝါးထင်ထင် တွေ့မြင်ရလျက် မမေးလိုက်ရဟု နောင်တပူပန်ခြင်း မဖြစ်စေလင့်”ဟု မိန့်တော်မူသည်။ ရဟန်းတို့လည်း ဆိတ်ဆိတ်သာ နေကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း သုံးကြိမ်တိုင်အောင်ပင် မိန့်တော်မူသည်။ သို့မိန့်သော်လည်း တစ်စုံတစ်ယောက်မျှ မလျှောက်ထားကြ။ ဆိတ်ဆိတ်သာ နေကြကုန်ရကား "ချစ်သား ရဟန်းတို့။ ငါ့ကို ရိုသေသောအားဖြင့် ယခု မလျှောက်ထားဝံ့ခဲ့သော် အပေါင်းအဖော်ဖြစ်သော ရဟန်းတို့အား ပြောကြားဘိလော့"ဟု မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူသော်လည်း တစ်စုံတစ်ယောက်မျှ မလျှောက်ထားကြ။ ရဟန်းတို့ ဆိတ်ဆိတ်သာနေကြကုန်လျှင် အရှင်အာနန္ဒာက ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤအစည်းအဝေး၌ တစ်စုံတစ်ယောက်သောရဟန်းသည် သာသနာ၌ ယုံမှားမရှိကြပါပြီ" ဟု လျှောက်သော်၊ ရှင်တော်ဘုရားကလည်း "ချစ်သားအာနန္ဒာ။ ယုံမှား ရှိ, မရှိသောအရာကို ငါလည်း ပစ္စက္ခအားဖြင့် သိတော်မူသည်သာတည်း။ ဤ အစည်းအဝေး၌ အငယ်ဆုံးဖြစ်သောသံဃာသည် သောတာပန်သာ ရှိပေသတည်း"ဟု မိန့်တော်မူပြီးသော်၊ ရဟန်းတို့ကို ခေါ်တော်မူ၍–

"ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ဟု နောက်ဆုံးဖြစ်သောစကားကို ဟောကြားတော်မူပေ၏။

အနက်ကား– ဘိက္ခဝေ၊ ရဟန်းတို့။ ဒါနိ–ဣဒါနိ၊ ယခုအခါ၌။ ဟန္ဒ၊ အကျဉ်းအားဖြင့်။ ဝါ–ငါ၏ အလိုတော်ရင်းဖြင့်။ ဝေါ၊ သင်တို့ကို။ အဟံ၊ ငါဘုရားသည်။ အာမန္တယာမိ၊ မှာထားတော်မူ၏။ သင်္ခါရာ၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းလေးပါး အစုတို့သည် ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သောသဘော ရှိကုန်၏။ တမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မလစ်သဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံ စေကုန်လော့။

ဤ ပစ္ဆိမစကားကို ဟောကြားတော်မူပြီးလျှင် ပဌမဈာန်ကို ဝင်စားတော်မူ၏။ ထို့နောက်မှ ဒုတိယဈာန်, ထို့နောက်မှ တတိယဈာန်, ထို့နောက်မှ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။ ထို စတုတ္ထဈာန်မှထ၍ အာကာသာနဉ္စာယတနဈာန်ကို၊ ထို့နောက်မှ ဝိညာဏဉ္စာယတနဈာန်ကို, ထို့နောက်မှ အာကိဉ္စညာယတနဈာန်ကို, ထို့နောက်မှ နေဝသညာ နာသညာယတနဈာန်ကို ဝင်စားတော်မူ၏။ ထို့နောက်မှ ဝေဒနာ, သညာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါအား ဤသို့မေး၏။ "အရှင်အနုရုဒ္ဓါ။ မြတ်စွာဘုရားသည် ငြိမ်သက်တော်မူလှသည်။ ပရိနိဗ္ဗာန် ပြုတော်မူချေပြီလော"ဟု မေး၏။ အရှင်အနုရုဒ္ဓါထေရ်ကလည်း "ငါ့ရှင်အာနန္ဒာ။ ပရိနိဗ္ဗာန် မပြုသေး။ နိရောဓသမာပတ်ကိုသာ ဝင်စား တော်မူသေးသည်"ဟု ဆို၏။

ဘုရားသခင်လည်း ထို ဝင်စားတော်မူသော နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာ နာသညာယတနဈာန်ကို, ထို့နောက်မှ အာကိဉ္စညာယတနဈာန်ကို, ထိုမှထ၍ ပဌမ



www.burmeseclassic.com

www.burmeseclassic.com



ဈာန်တိုင်အောင် ဝင်စားတော်မူ၏။ ထို ပထမဈာန်မှထ၍ ဒုတိယဈာန်ကို, ထို့နောက်မှ တတိယဈာန်ကို, ထို့နောက်မှ စတုတ္ထဈာန်ကိုဝင်စားတော်မူ၏။

ထို စတုတ္ထဈာန်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇောတို့သည် အကြိမ်များစွာ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ဘိ၍ ဝီထိတွက်ရေ ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးမှ စတုတ္ထဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏ အဆုံး၌ အလုံးစုံသော သင်္ခါရတရားတို့၏ကုန်ငြိမ်းရာ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါက်ပထမ အသင်္ခါရိက အဗျာကတဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန် စံတော်မူ၏။

ဤသို့ ဆိုအပ်ပြီးသော နည်းအားဖြင့် ဘုရားသခင်သည် လူတွင်မှတ်စစ် သက္ကရာဇ် ၁၄၈ ခု ရတုဂိမှ ကဆုန်လပြည့် အင်္ဂါနေ့ ညဥ့်ဦးယံဝယ် မလ္လာမင်းတို့အား တရားညွှန်ပြ၍၊ သန်းခေါင်ယံကာလ၌ သုဘဒ်ပရိဗိုဇ်ကို ဆုံးမ၍၊ မိုးသောက်ယံကျသောအခါ ရဟန်းသံဃာတို့ကို များစွာဆုံးမတော်မူ၍ အရုဏ်တက်နီး လင်းအားကြီးယံ၌ ပရိနိဗ္ဗာန် စံယူတော်မူသည်။

ဘုရားသခင် နိဗ္ဗာန်ဝင်သည်နှင့် တစ်ပြိုင်နက် ကြောက်မက်ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလျက် ဤ နှစ်သိန်းလေးသောင်း အထုရှိသောမြေသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်၏။ ကောင်းကင်အလုံး ထစ်ချုန်းရိုက်ဟည်းလျက်တော်ပဲ့တင် လည်း၏။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ လွန်ကဲသောတိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။

ယင်းသို့ ဘုရား နိဗ္ဗာန်လားသောအခါ 'သဟမ္ပတိ'ဗြဟ္မာသည် စကြဝဠာအလုံးကို ကြားစေလျက်–

'သဗ္ဗေဝ နိက္ခိပိဿန္တိ ဘူတာ လောကေ သမုဿယံ။

ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။

တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော–' ဟူသော ဂါထာကို ရွတ်၏။

အနက်ကား– ဘောန္တော၊ အရှင်တို့။ ယတ္ထယသ္မိံ လောကေ၊ အကြင် သတ္တလောက၌။ ပရိယာပန္နော၊ အကျုံးဝင်သော။ ဧတာဒိသော၊ ဤသို့ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူထသော။ အပ္ပဋိပုဂ္ဂလော၊ တုဖက်မရှိသော ပုဂ္ဂိုလ်ဖြစ်ထသော။ ဗလပ္ပတ္တော၊ အားတော်ဆယ်တန်, ဉာဏ်တော်ဆယ်ပါးသို့ ရောက်တော်မူပြီးထသော။ သမ္ဗုဒ္ဓေါ၊ အလုံးစုံသောတရားတို့ကို အလိုလိုသာလျှင် သိမြင်တော်မူပြီးထသော။ တထာဂတောပိ၊ မြတ်စွာဘုရားသည်လည်း။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံလွန်တော်မူချေသေး၏။ အဟော၊ ဘုန်းကံနည်းရှား သူတစ်ပါးမှုကား။ မရဏတော၊ သေခြင်းမှ။ ကုတောမုစ္စတိ၊ အဘယ်မှာ လွတ်သာချေတော့အံ့နည်း။ တတ္ထတသ္မိံ လောကေ၊ ထိုသတ္တလောက၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊ ခန္ဓာငါးပါးဟုဆိုအပ်သော အတ္တဘောကို။ နိက္ခိပိဿန္တိ၊ ပစ်ချကုန်လတ္တံ့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သိကြားမင်းသည်လည်း-

'အနိစ္စ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ-'ဟူသောဂါထာကို ရွတ်၏။

အနက်ကား- ဘောဇ္ဇော၊ အရှင်တို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ ဝတ၊ အမြဲမရှိကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း, ပျက်ခြင်းသဘော ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုသို့ ဖြစ်တတ်, ပျက်တတ်သော သဘောတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ချမ်းသာ၏။

[ရဟန္တာတို့ အသီးသီးရွတ်ကြသော ဂါထာကား များသေး၏။]

ဘုရားသခင် နိဗ္ဗာန်ဝင်သည်ရှိသော် အထံတော်၌တည်နေကုန်သော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ဖြစ်ကုန်သော ရဟန်းတို့သည် သက်ကြီးရှိက်တငင် ပင်ပန်းလျက် ဦးခေါင်းထက်လက်တင်၍ လည်းကောင်း၊ လူးလဲမြည်တမ်းကာ လည်းကောင်း ပြင်းစွာ ငိုကြွေးကြကုန်၏။ အနာဂါမ်ရဟန္တာတို့သာလျှင် သင်္ခါရဓမ္မကို နှလုံးသွင်း၍ သည်းခံနိုင်ကုန်၏။ ထိုအခါ အရှင်အနုရုဒ္ဓါက သံဃာတော်တို့အား သံဝေဂတရားကို ပြ၍ သက်သာရာရစေ၏။

အရှင်အာနန္ဒာလည်း "အရှင်အနုရုဒ္ဓါ။ ငါတို့ လူသား ရဟန်းများလည်း ချောက်ချားပင်ပန်းလှလေကုန်ပြီ။ ဥပပတ် ပဋိသန္ဓေနေသော နတ်အများတို့သည် အဘယ်သို့ နှလုံးသွင်းကြကုန်သနည်း"ဟု မေး၏။ "ငါ့ရှင်အာနန္ဒာ။ အာကာသဋ္ဌဖြစ်သော ဥပပတ်နတ်တို့သည် လည်းကောင်း၊ ဤအရပ်သို့ စည်းဝေးလာသော ကာမာဝစရ နတ်အများတို့သည် လည်းကောင်း ဆံကို ဖရိုဖရဲကြဲကုန်လျက် လက်နှစ်ဖက်ကိုမြှောက်ကာ ငိုရှာကြကုန်၏။ 'ရွှေဘုန်းတော်ရှင်ဘုရားသခင်သည် သတ္တဝါတို့၏စီးပွားကို ကျင့်ဆောင်၍ တာရှည်အောင်မျှ မနေရပါ။ ထွက်လာသောနေမင်းသည် ရုတ်ခြည်းဝင်သကဲ့သို့ လူနတ်တို့၏ အလင်းမရအောင် တစ်ခဏချင်းဖြင့် ပရိနိဗ္ဗာန်စံတော်မူသည်'ဟု မြည်တမ်းကြကုန်သည်။ အနာဂါမ်, ရဟန္တာဖြစ်သော နတ်တို့သာလျှင် သင်္ခါရသဘောကိုနှလုံးရည်၍ တည်တံ့နိုင်ကြသည်"ဟု ပြောပေ၏။

ဤသို့ပြောလျှင် သံဃာတော်တို့လည်း ထိုညဉ့်ကြွင်းကို နှလုံးသွင်းအပ်သော တရားစကားဖြင့်သာ လွန်စေကုန်၏။ လင်းစင်သောအခါ အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ခေါ်၍ "ငါ့ရှင့်အာနန္ဒာ။ ကုသိနာရုံပြည်တွင်းသို့ သွား၍ မလ္လာမင်းတို့အား ဘုရားပရိနိဗ္ဗာန်ယူကြောင်း ဆောင်ရွက်ဖွယ်ကိစ္စကို လာ၍ ဆောင်ရွက်ကြအံ့သော အကြောင်းကို ကြားချေ"ဟု စေတော်မူ၏။ အရှင်အာနန္ဒာလည်း လျင်စွာသွား၍၊ မလ္လာမင်းတို့အား ကြားလေသော် ဆွေမျိုးသားမယားနှင့်တကွသော မလ္လာမင်းတို့သည် ရှန်းရင်းမျှ ငိုကြွေးကြကုန်လေသည်။

ထို့နောက်မှ ယောကျ်ားတစ်ယောက်ကိုခေါ်၍ "အချင်းယောကျ်ား။ ငါတို့ပြည်၌ စည်စောင်း တီးကုန်သော အလုံးစုံသောလူအပေါင်းတို့သည်လည်းကောင်း၊ ပန်းနံ့သာ အထုံအခိုး



www.burmeseclassic.com

www.burmeseclassic.com



မွေးမျိုးရောင်းချကုန်သော သူအပေါင်းတို့သည် လည်းကောင်း ဘုရားသခင် နိဗ္ဗာန်ဝင်ရာဌာနသို့ စည်းဝေးကြစေကုန်"ဟု စေလိုက်၏။

ယောက်ျားသည် ပြည့်အနှံ့လှည့်သွား၍ ထိုစကားကို ကြွေးကြော်လေသော် ပြည်သူပြည်သားအပေါင်းတို့သည် ကောင်းမြတ်ရာရာ နံ့သာဆိုင်းပန်းဆိုင်းစသော ပူဇော်ဖွယ်အများတို့ကိုဆောင်၍ တောင်တံခါး၏အကွေ့ဖြစ်သော အင်ကြင်းဥယျာဉ်သို့ ဝင်လေကုန်၏။

ရောက်ကြသောအခါ ထိုမလ္လာမင်းတို့သည် မြတ်စွာဘုရားအလောင်းတော်ကို အကျော်, စမှာ စသော ပန်းနံ့သာတို့ဖြင့် မွှမ်းလျက်၊ ထူးဆန်းသာယာသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ကုန်လျက်၊ အသစ်စက်စက်သော ပုဆိုးဗိတာန်, ပုဆိုးမဏ္ဍပ်တို့ကို စီရင်ကုန်လျက် နှစ်ရက်မြောက်သောနေ့ကို လွန်စေကုန်၏။

ထို့အတူ ပူဇော်ချီးမြှောက်လျက် ခြောက်ရက်လွန်၍ ခုနစ်ရက်နေ့သို့ ရောက်သောအခါ မလ္လာမင်းတို့သည် ဤသို့ ကြံကြကုန်၏။ "ငါတို့သည် ဤအလောင်းတော်ကို ပူဇော်ချီးမြှောက်ကာ ရတနာပြာသာဒ်ထက်၌တင်၍ မြို့ပြင်ကိုသာ လက်ယာရစ် သုံးပတ်လည်၍ ပြည်၏တောင်စူးစူးဖြစ်သော ဤအရပ်၌သာ အလောင်းတော်ကို မီးပူဇော်ကုန်အံ့"ဟု အကြံဖြစ်၏။

ထိုသို့ကြံပြီးနောက် ရှစ်ယောက်သော ခွန်အားကြီးသောမလ္လာမင်းတို့သည် သန့်ရှင်းသော အဝတ်သစ်ကိုဝတ်ကုန်လျက်၊ 'ဘုရားအလောင်းတော်ကို ချီကုန်အံ့'ဟု နှလုံးသွင်း၍ ခြေရင်းခေါင်းရင်းမှ ရံလျက် ချီကြွကုန်သည်။ ချီကြွခြင်းငှာ မတတ်နိုင်ကုန်။

ထိုအခါ မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါအား ဤသို့ လျှောက်ကြကုန်၏။ "အရှင်အနုရုဒ္ဓါ။ အကျွန်ုပ်တို့သည် သုသာန်သို့ဆောင်ခြင်းငှာ အလောင်းတော်ကို ချီပါသော်လည်း မချီကြွနိုင်ပါကုန်။ အကြောင်း အဘယ်သို့ ရှိပါသနည်း"ဟု လျှောက်၏။

အရှင်အနုရုဒ္ဓါကလည်း "ဒါယကာတို့။ သင်တို့၏အကြံလည်း တစ်ပါး, နတ်များတို့၏အကြံလည်း တစ်ပါး ဤသို့ ခြားသောကြောင့် မကြွနိုင်သည်"ဟု ဆိုလျှင်၊ "အရှင်ဘုရား။ နတ်တို့၏စိတ်အလိုကား အဘယ်သို့ပါနည်း"ဟု လျှောက်ပြန်၏။ "မလ္လာမင်းတို့။ သင်တို့၏အကြံမှာ 'မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်ဖွယ်အသီးသီးတို့ဖြင့် ချီးမြှောက်ပူဇော်ကာ မြို့ပြင်ဖြင့်သာ ဆောင်၍ မြို့တောင်အရပ်၌ မီးပူဇော်အံ့'ဟု ကြံသည်။ နတ်တို့၏အလိုကား 'ဘုရားအလောင်းတော်ကို နတ်တို့စောင်းငြင်းတူရိယာ ပန်းနံ့သာတို့ဖြင့်ပူဇော်လျက် မြို့အနောက်ဘက်ဖြင့် ယူဆောင်၍၊ မြို့တံခါးသို့ရောက်သောအခါ မြို့လယ်သို့ဝင်လာ၍ အရှေ့တံခါးသို့ ထွက်ပြီးလျှင် မင်းတို့၏မင်္ဂလာပြုရာဖြစ်သော မကုလဗန္ဓနအရပ်၌ တေဇောဓာတ်လောင်စေလိုသော အကြံရှိသည်"ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားသောအခါ မလ္လာမင်းတို့လည်း "အရှင်ဘုရား။ နတ်တို့၏အလိုအတိုင်းပင် ဖြစ်ပါစေ"ဟုဆို၍၊ ကိုယ်တော်မြတ်၏အလောင်းသွားရာကို သန့်ရှင်းစွာ သုတ်သင်စေ၏။ ထိုသို့ သုတ်သင်သောမြေအရပ်၌ နတ်တို့သည် 'မန္ဒာရဝ'မည်သော ထင်ရှားပန်းဖြင့် ကြဲဖြန့်လေရကား လူသွားလောက်သမျှသောဌာနဝယ် ပုဆစ်ဒူး ကျွံနစ်မျှလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ လူတို့သည် လည်းကောင်း၊ နတ်တို့သည် လည်းကောင်း အလောင်းတော်ကို ပူဇော်ခြင်းငှာ ထက်ဝန်းကျင်မှ သဘင်ပွဲလမ်းတို့ဖြင့် ခြံရံကုန်လျက် မြို့အနောက်မှသည် မြောက်မျက်နှာ တံခါးဝဖြင့် ဝင်၍၊ မြို့လယ်ခေါင်သို့ ဆောင်ယူခဲ့၏။ လူတို့၏အကြား၌ နတ်တို့ သွားလာသည်ကိုလည်း ထင်ရှားစွာ မြင်ရကုန်၏။

ဗန္ဓုလစစ်သူကြီး၏ မယားဖြစ်သော မလ္လိကာသည် မြတ်စွာဘုရားအလောင်းတော်ကို ဆောင်ယူ၍လာသည်ဟု ကြားလျှင်၊ မိမိလင် သေသည်မှစ၍ မဆင်ဘဲထားသော ဝိသာခါ၏ တန်ဆာနှင့်တူသော မဟာလ္လတာတန်ဆာကို 'မြတ်စွာဘုရားအား ပူဇော်အံ့'ဟုကြံ၍၊ တန်ဆာကို နံ့သာရေဖြင့်ဆေးပြီးသော် မျှော်လင့်ကာနေ၏။ အိမ်တံခါးဝသို့ ရောက်သောအခါ "အမောင်တို့။ ချပါဦး"ဟုဆို၍ ကိုယ်တော်မြတ်အလောင်းဝယ် ဦးခေါင်းမှစ၍ ဖဝါးတိုင်အောင် စွပ်လှူ ပူဇော်၏။

သိင်္ဂနိက် ရွှေအဆင်းနှင့်တူသော ကိုယ်တော်ဝယ် ရတနာခုနစ်ပါးတို့ဖြင့် ရစ်ဆင်စီမံသောတန်ဆာကို ဆင်လတ်သော် အလွန်လျောက်ပတ် တင့်တယ်ခြင်းသည် ဖြစ်၏။ မလ္လိကာလည်း "ဤတန်ဆာကို လှူရသောပုညကြောင့် ဘဝတိုင်းဘဝတိုင်းဝယ် တန်ဆာမဆင်ဘဲ တင့်တယ်သောသူ ဖြစ်စေသော"ဟု ဆုတောင်း၏။ ထို့နောက်မှ အလောင်းတော်ကိုချီ၍ အရှေ့တံခါးဝမှ ထွက်ပြီးလျှင် မင်္ဂလာပြုရာဖြစ်သော မကုလဗန္ဓန အမည်ရှိသော အရပ်၌ပင် လျောက်ပတ်စွာထား၏။

ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာအား "အရှင်ဘုရား။ အလောင်းတော်ကို အဘယ်သို့ သင်္ဂြိုဟ်ပါမည်နည်း"ဟု လျှောက်၏။ အရှင်အာနန္ဒာလည်း "စကြဝတေးမင်း၏ အလောင်းကို သင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ်ကုန်လော့"ဟု ဆိုပေ၏။ "အရှင်အာနန္ဒာ။ စကြဝတေးမင်းအလောင်းကို အဘယ်သို့ သင်္ဂြိုဟ်ရိုး ရှိပါသနည်း"ဟု လျှောက်လျှင်၊ "သင် ဝါသေဋ္ဌ အမျိုးမျိုးတို့။ စကြာမင်း၏အလောင်းကိုကား ကစီ မချသေးသော ပုဆိုးတို့ဖြင့် ရစ်လွှမ်းပြီးသော် နုနယ်သောဝါဂွမ်းဖြင့် ရစ်လျက် အထက်၌လည်း ပုဆိုးထည်ငါးရာတို့ဖြင့် ထပ်ခါထပ်ခါ ထုပ်ပြီးလျှင် ရွှေစင်ဖြင့်ပြုအပ်သော ကျင်း၌ထည့်၍ ဆီလောင်းပြီးမှ တစ်ခုသောရွှေကျင်းဖြင့်ဖုံး၍၊ အလုံးစုံတန်ဆာဆင်အပ်သော ထင်းစုထက်တင်၍ မီးတိုက်ကုန်သည်။ အရိုးကို စေတီ တည်ကုန်သည်။ ထို့အတူ လူသုံးပါးတို့၏ဆရာ မြတ်စွာဘုရားအလောင်းကိုလည်း ကောင်းစွာသင်္ဂြိုဟ်အပ်သည်"ဟု ဆိုပေ၏။ မလ္လာမင်းတို့လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ အရှင်အာနန္ဒာ စီမံသောအတိုင်းပြုပြင်ပြီးမှ စန္ဒကူးထင်းပုံထက်သို့ တင်ကုန်၏။

ထိုအခါ အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းငါးရာတို့နှင့် တကွ ကြွလာ၏။ ထိုသို့ကြွလာရာ၌ တပည့်သံဃာတို့သည် မွန်းတည့်အခါ ပူလှစွာသော ကျောက်နှင့်တူသော မြေပူကို နင်း၍လာခြင်းကြောင့် ပင်ပန်းစွာရကား အရှင်မဟာကဿပလည်း 'ညဦးချမ်းအခါမှ ကုသိနာရုံမြို့သို့ ရောက်အောင်သွား၍ ဘုရားရှင်ကို ဖူးမြင်တော့အံ့'ဟု ကြံလျက်၊ ခရီးမှသက်၍ တစ်ခုသောသစ်ပင်ရင်း၌ နားနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့နားနေသောအခါ တစ်ယောက်သောတက္ကတွန်းသည် ကုသိနာရုံမှ ခွက်ကြီးပမာဏရှိသော မန္ဒာရဝမည်သော ထင်ရှားပန်းကို ထီးကဲ့သို့ဆောင်းလျက် ပါဝါပြည်သို့ လာ၏။ အရှင်မဟာကဿပမြင်လျှင် ဤသို့ဆင်ခြင်၏။ 'ဤတက္ကတွန်း၏ လက်၌ပါသော မန္ဒာရဝပန်းသည် အခါခပ်သိမ်း ငါတို့လူ့ပြည်၌ မထင်။ အကြင် တန်ခိုးရှိသောပုဂ္ဂိုလ်တို့ ဖန်ဆင်းသောအခါ၌ လည်းကောင်း၊ ဘုရားအလောင်းတို့ ပဋိသန္ဓေ နေသောအခါ၌ လည်းကောင်း၊ ဖွားသောအခါ စသည်တို့၌ လည်းကောင်း ဖြစ်၏။ ယခုအခါမူကား မည်သူမျှလည်း တန်ခိုး မဖန်ဆင်း။ ငါတို့ဆရာ မြတ်စွာဘုရားသည်လည်း တရားဓမ္မစကြာကို ဟောတော်မူပြီးပြီ။ တန်ခိုးပြာဋိဟာကိုလည်း ပြတော်မူပြီးပြီ။ ဤအခါကား ဘုရားကေန် ပရိနိဗ္ဗာန်ယူတော်မူသည် ဖြစ်လတ္တံ့။ ဤတက္ကတွန်းကို ငါမေးရသော် ကောင်း၏။ သို့ရာတွင် ဤနေရာကနေ၍ မေးချေလျှင် ဘုရားသခင်ကို မရိုသေရာကျလတ္တံ့'ဟု ကြံ၍ ဆဒ္ဒန်ဆင်မင်း၏ ပတ္တမြားစီတပ်သော ချပ်တန်ဆာကဲ့သို့ မြတ်စွာဘုရား သနားတော်မူသော ပံ့သုကူဒုကုဋ်ကိုရုံ၍ လက်စုံယှက်ကာ ထိပ်ထက်၌တင်ပြီးသော် "ငါ့ရှင် အာဇီဝက။ ငါတို့ဆရာ မြတ်စွာဘုရားကို သင်ကား သိပါ သလော"ဟု မေး၏။

တက္ကတွန်းကလည်း "ငါ့ရှင် ငါသိပါ၏။ ရဟန်းဂေါတမသည် ပရိနိဗ္ဗာန်ပြု၍ ယနေ့ ခုနစ်ရက် ရှိပြီ။ ဤ မန္ဒာရဝပန်းသည် ရဟန်းဂေါတမ ပရိနိဗ္ဗာန်ယူရာကပင် ငါ ရခဲ့သတည်း"ဟု ပြောပေ၏။ ထိုစကားကိုကြားလျှင် ငါးရာသောရဟန်းတို့တွင် ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ဖြစ်ကုန်သော ရဟန်းတို့သည် ဆောက်တည်ရာမရ ငိုကြွေးကြကုန်၏။

[ဤအရာတွင် အရှင်မဟာကဿပသည် ဘုရားပရိနိဗ္ဗာန်စံကြောင်းကို မသိ၍ပင် မေးသလော, သိလျက်ပင် မေးသလော ဟူမူကား ရဟန္တာတို့၏သိခြင်းသည် နှလုံးသွင်းသတိနှင့်သာ စပ်သည်။ အချို့ကလည်း အရှင်မဟာကဿပသည် ညဉ့်၌လည်းကောင်း, နေ့၌လည်း ကောင်း သမာပတ်ကိုသာ မပြတ်လေ့လာသည် ဖြစ်၍ မြတ်စွာဘုရား နိဗ္ဗာန်လားသည်ကို မသိ။ ထိုသို့ မသိသောကြောင့်ပင် မေးသည်ဟု ဆိုကြကုန်၏။ ထိုစကားကို မယူအပ်။

အဘယ့်ကြောင့်နည်း ဟူမူကား – ဘုရားသခင်၏ နိဗ္ဗာန်ဝင် ခြင်းသည် အလွန်ထင်ရှား ရကား တစ်သောင်းသောလောကဓာတ်သည် ဆတ်ဆတ်ခုန်အောင် တုန်လှုပ်၏။ အံ့ဖွယ်သရဲ သော တိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် သိသည်သာတည်း။ ထိုသို့ မိမိသိသော်လည်း အထံတွင်ပါသော သံဃာပရိသတ်တို့တွင် အချို့လည်းဘုရားသခင်ကို မြင်ဖူးကုန်၏။ အချို့လည်း မမြင်ဘူးကုန်။ 'ထို ရဟန်းတို့သည် ဖူးမြင်ခြင်းကို အလွန် အလိုရှိကြကုန်သည်။ ကုသိနာရုံ ပြည်သို့ရောက်၍မှ ဘုရားသခင်ကို မဖူးမြင်ခဲ့ရသော် ဆောက်တည်ရာမရ။ အချို့လူးလဲ၍ မိန်းမတို့ကဲ့သို့ ငိုကြွေးကြကုန်ရာသည်။ ထို့သို့ငိုကြွေးသောအခါ ငါ၏ဣန္ဒြေသည်မဲ့လတ္တံ့။ ယခုတောတွင်းကပင် သိရသည် ဖြစ်မူကား အကယ်၍ ငိုကြွေးငြားသော်လည်း အပြစ်ကို ဆိုအံ့သောသူ မရှိ။ မိမိတို့အလျောက် သာ ဖြစ်သည်။ ရှေးဦးစွာ ကြားစ မြင်စဟူသည်လည်း စိုးရိမ်ခြင်း ပြင်းပြတတ်သည်'ဟု နှလုံးပြု၍ မိမိနှင့်ပါသော ရဟန်းတို့ သတိရစိမ့်သောငှာ မြတ်စွာဘုရား နိဗ္ဗာန်ယူကြောင်းကို သိလျက်ပင် မေးတော်မူသည်ဟု မှတ်ရမည်။]



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ရဟန်းအများတို့က "ဘုရားကိုယ်တော်မြတ်သည် ငါတို့အား ခြင်းချန်၍ အမြန် နိဗ္ဗာန်ကို ယူတော်မူခဲ့ချေပြီ။ ဖူးမြင်ခြင်းငှာ ပင်ပန်းစွာလာပါသော်လည်း ငါတို့ မဖူးမြင်ရပြီ"ဟု မြည်တမ်းတသ ငိုကြွေးကြကုန်သော်၊ ကြီးမှရဟန်းပြု၍ အာတုမပြည်မှ လိုက်လာသော သုဘဒ်ရဟန်းကြီးသည် ဤသို့ဆို၏။ "ငါ့ရှင်တို့။ အဘယ့်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးတသကြသနည်း။ ငါတို့သည် ဂေါတမရဟန်းလက်မှ လွတ်ထွက်ကြကုန်ပြီ။ ဤရဟန်း ကြီးသည် ငါတို့အား 'ဤအမှုကိုကား ပြုအပ်၏။ ဤအမှုကိုကား မပြုအပ်။ မည်သည့် အာပတ် သင့်စေသည်ဖြစ်၍ နှိပ်စက်ညှဉ်းဆဲလှလေပြီ။ ယခုကား ငါတို့ပြုလိုသမျှ ပြုရတော့ မည်"ဟု ဆို၏။ ထို သုဘဒ်ရဟန်းကား ဘုရားသခင်၌ ရန်ငြိုးရှိသောကြောင့် ဤစကားကို ဆိုသတည်း။

[ဗုဒ္ဓမြတ်စွာအား သုဘဒ်ရဟန်း ရန်ငြိုးထားပုံ မှတ်ချက်။ ။အဘယ်သို့ ရန်ငြိုး ရှိဖူးသနည်းဟူမူကား–ဘုရားသခင် ထင်ရှားရှိသောအခါ သံဃာတော် တစ်ထောင့် နှစ်ရာ့ ငါးကျိပ် နှင့်တကွ ဒေသစာရီ ကြွချီတော်မူရာတွင် အာတုမပြည်သို့ ရောက်အံ့သောအခါ ဆတ္တာသည် ဖြစ်ဖူးသော ဤသုဘဒ်ရဟန်းကြီးသည် အာတုမပြည်၌ နေသည်နှင့် ဘုရားရောက်အံ့သော သတင်းကို ကြားလျှင် ယာဂုကပ်လှူချင်ရကား မိမိသားဖြစ်သော သာမဏေနှစ်ပါးကို ခေါ်၍ "ငါ့သားတို့။ ငါတို့ဆရာ မြတ်စွာဘုရားသည် တစ်ထောင့် နှစ်ရာ ငါးကျိပ်သော သံဃာတို့နှင့် တကွ ကြွတော်မူလာသတတ်။ ငါတို့ ယာဂုလှူရအောင် နှမ်း, ဆန်, ဆီ စသည် ကိုရှာကြချေကုန်။ သင်တို့၏ သင်တုန်းအိတ် ပရိက္ခရာကိုယူ၍ လူကောင်းသူကောင်းတို့အိမ်တိုင်း တက်ပြီးမှ ဆတ္တာသည် ကိစ္စကို ပြုကြချေကုန်"ဟု ဆို၏။ ထို သာမဏေတို့သည် အဖဆိုတိုင်း လှည့်ပတ်လေသော် ချေင်သာယာ ပျူငှာသောအသံစကားရှိသော သူငယ်တို့ကိုမြင်၍ မုတ်ဆိတ်, ဆံ ပြင်လိုသော သူ၊ မပြင်လိုသောသူ အများကပင် "ချစ်သားတို့။ အဘယ်မျှ အခ ပေးရမည်နည်း"ဟု မေးလျှင်၊ "သခင်တို့။ ကျွန်ုပ်တို့ကား ဘုရားကြွလာရာ၌ ယာဂု လှူချင်သည်ဖြစ်ပါ၍ ဆီ, နှမ်း, ဆန်တို့ကိုသာ လိုပါသည်"ဟု ဆိုလေ၏။ ထိုစကားကို ကြားသော် မတွက်မလိုက်မူ၍ ယူနိုင်သမျှ ပေးကုန်၏။

[နှမ်း, ဆီ, ဆန် စုမိသောအခါ မြတ်စွာဘုရားလည်း အာတုမပြည်သို့ ရောက်တော်မူ၍ ဖွဲတလင်းတင်းကုပ်၌ တည်းတော်မူ၏။ သုဘဒ်ရဟန်းလည်း ညဉ့်ချမ်းသောအခါ ဒါယကာတို့ကို ခေါ်၍ ကျောင်းတလင်း၌ ထင်း, ဖိုခုံလောက်တို့ကိုစီရင်ပြီးလျှင် အိုးကြီးအိုးငယ်တို့ဖြင့် ယာဂုကို ချက်စေ၏။ မိမိမူကား မည်းညစ်သောသင်္ကန်းကို ဝတ်ရုံ၍ လှုပ်ကြား၌ သွားလာလှည့် ပတ်ကာ "ဤမှာ ဆီထည့်လော့။ ဤမှာ နှမ်းထည့်လော့" စသည်ဖြင့် တစ်ညဉ့်ပတ်လုံး စီရင်၏။ တစ်သိန်းမျှလောက်သော အသပြာကို စွန့်လွှတ်၏။ ထတ်ထတ်သောယာဂုတို့ကို လည်းကောင်း၊ ပျားလူးပေါက်ပေါက်တို့ကို လည်းကောင်း ပြီးစေ၏။ ထိုယာဂု၌ ထောပတ်, တင်လဲ, အမဲရည်, ငါးရည်, သစ်သီးရည် စသည်တို့ကိုလည်း ထည့်အပ်၏။ အလွန်ကောင်း သော ရနံ့ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားလည်း နံနက်စောစောကပင်လျှင် ကိုယ်လက်သုတ်သင်၍ သံဃာအပေါင်းခြံရံလျက် ဆွမ်းခံကြွအံ့သောငှာ အာတုမရွာသို့ ရှေးရှု ကြွလာတော်မူ၏။ ယာဂုကိုချက်သောသူတို့မြင်သော် "အရှင်သုဘဒ်။ ဘယ်သူ့အလို့ငှာ ဤယာဂုကို ချက်ဘိသနည်း။ ဘုရားသခင်လည်း သံဃာတော်နှင့်တကွ ဆွမ်းခံကြွတော်မူပြီ"ဟု ပြောကြ၏။ ထိုစကားကိုကြားသော် သုဘဒ် တောထွက်ရဟန်းကြီးလည်း ဝတ်တိုင်းရုံတိုင်းသော သင်္ကန်းညစ်ဖြင့် လက်ယာလက်မှ ယောက်မ၊ လက်ဝဲလက်မှ ဟင်းချိုကိုကိုင်ပြီးလျှင် ကိုယ်တိုင် ဘုရားထံသို့ကပ်၍ တုံ့ဝပ်ရှိခိုးပြီးသော် "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား။ အကျွန်ုပ်အားသနားတော်မူပါသဖြင့် ယာဂုအလှူကို ခံတော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်လည်း "ငါ့ရှင်သုဘဒ်။ သင် အဘယ်သို့သောအခြင်းအရာဖြင့် ဤယာဂုကိုစီရင်သနည်း"ဟု မေးတော်မူ၍၊ အလုံးစုံအားထုတ်ရသော အကြောင်းစကားကို ကြားလျှောက်၍ သိတော်မူလျှင်၊ "ငါ့ရှင် သုဘဒ်သည် တရားနှင့် မလျောက်ပတ်သော, မအပ်သောအမှုအရာဖြင့် အဘယ့်ကြောင့် ဖွေရှာ၍ အားထုတ်သနည်း။ တရားနှင့် မလျော်သောပစ္စည်းကို လှူ၍လည်း အကျိုးမရှိ။ သုံးဆောင်ဘိသော်လည်း ဓမ္မိကပရိဘောဂ မဖြစ်နိုင်။ ထို့ကြောင့် ချစ်သား ရဟန်းတို့။ ဤယာဂုကို အလှူမခံကြကုန်လင့်"ဟု မိန့်တော်မူ၍ 'ဝိညာပန' သိက္ခာပုဒ်နှစ်ရပ်ကို ပညတ်တော်မူပြီးသော် ကိုယ်တော်မြတ်လည်း ဆွမ်းခံရွာသို့ ရှေးရှုကြွတော်မူ၏။ ထိုအခါ သုဘဒ်ရဟန်းကြီးသည် နှလုံးမသာ မျက်နှာမလှဖြစ်၍ 'ရှင်ဂေါတမသည် အလုံးစုံကိုသိသောသူဟူ၍ ကျော်စောသည်။ အကယ်၍ ငါ့အလှူကို မခံလိုလျှင် တစ်ယောက်ယောက်သောသူကို စေကြားအပ်ပါသည်။ ကျက်ပြီးသောအစာမည်သည်လည်း အခါလေးမြင့်ထား၍ မသင့်လျော်လေပြီ။ ဤမျှလောက်သော အဆောက်အဦကိုလည်း တစ်သက်ပတ်လုံး ငါရှာမှီးရသည်။ သနားခြင်းကြီးသူဆိုပါလျက် ငါ၏အကျိုးမဲ့ ပြုလေသည်။ ငါ့အရှက်ကိုခွဲလေသည်။အလုံးစုံကို ဖျက်ဆီးလေသည်' ဟုဘုရားသခင်အား ရန်ငြိုးထား၏။ ထိုသို့ထားသော်လည်း ဘုရား ထင်ရှားရှိသောအခါ 'ဤဂေါတမကား မြင့်မြတ်လှသောအမျိုးမှ ရဟန်းပြုသူ ဖြစ်ပေသည်။ တစ်စုံတစ်ခုသောစကားကိုမျှ ငါဆိုမိငြားက ငါ့အား ခြိမ်းခြောက်ရာချေသည်'ဟုနှလုံးပြု၍၊ တစ်စုံတစ်ခုသောစကားကိုမျှ မဆိုဝံ့ရကား 'နိဗ္ဗာန်ယူပြီ'ဟု ကြားမှ သက်သာရာရသကဲ့သို့ နှလုံးဝမ်းသာလျက် "ငါတို့ ရဟန်းဂေါတမလက်မှ လွတ်ပြီ။ သင်တို့မစိုးရိမ်ကြကုန်လင့်" ဟု ဆိုသတည်း။

ယင်းသို့ သုဘဒ်ဆိုသောစကားကို အရှင်မဟာကဿပ ကြားလျှင် အသည်းကြားဝယ် မယ်နဖြင့် နှက်သကဲ့သို့ လည်းကောင်း၊ ဦးထိပ်ထက်၌ မိုးကြိုးစက် ကျသကဲ့သို့ လည်းကောင်း အောက်မေ့တော်မူ၍ အလွန်သော ဓမ္မသံဝေဂသည် ဖြစ်၏။ 'ယခု ဘုရားသခင်လွန်၍ ခုနစ်ရက်မျှသာ ရှိသေးသည်။ ရွှေအဆင်းနှင့်တူသော အလောင်းတော်ပင် ထင်ရှားရှိသေးသည်။ သို့ပါလျက် မကောင်းသောသူတို့ မကြည်ဖြူသောစကားကို ဆိုချေသည်။ထိုသူတို့ ပွားများခဲ့သော် သာသနာတော်ကို မမြင့်မီ ဖျက်ဆီးနိုင်ချေရာသည်။ ငါသည် ဤ သုဘဒ်ရဟန်းကြီးကို ဤလမ်းခရီး၌ပင် ပုဆိုးနွမ်းကိုဝတ်ဆင်လျက် ထိပ်ထက်၌ ပြာပုံ၍ နှင်ထုတ်စေသည် ဖြစ်အံ့။



www.burmeseclassic.com

www.burmeseclassic.com



'အရှင်ဂေါတမ၏တပည့်သားတို့သည် ကိုယ်တော်မကွယ်မီပင် အချစ်အကြင် မရှိ။ ဝိဝါဒ ကလဟ များကုန်သည်။ ထေရ်ကြီးသည် ထေရ်ငယ်အား နှိပ်စက်ကုန်သည်'ဟု ငါတို့အား လူအများတို့ ကဲ့ရဲ့ကြလတ္တံ့.'ဟု ကြံ၍ သည်းခံတော်မူ၏။

ထို့နောက်မှ အရှင်မဟာကဿပသည် ဤသို့ ကြံပြန်၏။ 'ကြိုးသီတံတို့ဖြင့် မကုံးသီ အပ်သော ပန်းတို့သည် ပရမ်းပတာ ဖရိုဖရဲ ကြဲကုန်သကဲ့သို့၊ ထို့အတူ ဘုရား ပညတ်တော်မူအပ် သော ဝိနည်း, သိက္ခာ, သုတ်, အဘိဓမ္မာ တရားအပေါင်းကို ကောင်းစွာရုံးစု၍ သင်္ဂါယနာ မတင်ခဲ့သော် မသူတော်ဖြစ်သော ရဟန်းဆိုး,ရဟန်းညစ်တို့လည်း ပစ်ပယ်ချေဖျောက်၍ တရွေ့ရွေ့ ပျောက်ပျက်ကုန်ရာသည်။ သင်္ဂါယနာတင်ရမူကား မလှုပ်မရှား မပျောက်ပျက်နိုင်ရာ။ စကြာ မင်းတရားသည် သားကြီးရတနာအား စည်းစိမ်ဥစ္စာ ပြည်ရွာတိုင်းကားကို သိမ်းဆည်းစိမ့်သောငှာ မင်းမြှောက်တန်ဆာနှင့် အရာအထူးကို ပေးဘိသကဲ့သို့၊ ထို့အတူ သယမ္ဘူဘုရားသည် တရားတော်ကို စောင့်ထိန်းစေခြင်းငှာ အစစွာက သုံးဂါဝုတ်တိုင်တိုင် ခရီးဦးကြိုဆို၍ ငါ့ကို ဆုံးမဩဝါဒ ပေးတော်မူသည်။ ကိုယ်တော်ဝတ်ရုံသော ဒုကုဋ်သင်္ကန်းဖြင့် ချီးမြှောက်တော်မူပေ သည်။တရားတော်ကို သင်္ဂါယနာမတင်မူ ဘုရားသခင်၏ကျေးဇူးတော် မပြေ ရှိပေရာသည်။ မရှည်ကြာမီ သင်္ဂါယနာတင်ရအောင် ငါ လုံ့လပြုအံ့'ဟု တစ်စုံတစ်ယောက်သောသူကိုမျှ မပြောဘဲ စိတ်ထဲကသာ ကြံတော်မူ၏။

ဝိုယိုတသသော ရဟန်းသံဃာတို့ကိုလည်း "ငါ့ရှင်တို့။ သင်္ခါရတရားတို့၏ ပျက်ပြား မြဲသဘောကို ဘုရားသခင်လည်း ဟောတော်မူပြီးသည် မဟုတ်လော။ နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝသဘော၌ သောကမီးကို မဖြစ်စေကုန်လင့်"ဟု ဆုံးမ၍ သက်သာရာ ရစေတော်မူ၏။

ကုသိနာရုံပြည် သချိုင်းတော်မှာလည်း မလ္လာမင်း လေးယောက်တို့သည်'ငါတို့ မြတ်စွာ ဘုရားအလောင်းတော်ကို ပူဇော်အံ့'ဟု ကြံ၍၊ အတောင် တစ်ရာ့နှစ်ဆယ်မြင့်သော စန္ဒကူးထင်းပုံ ထက်သို့ တက်ပြီးလျှင် မီးတိုက်ကြကုန်သည်။ တစ်စုံတစ်ခုကိုမျှ မလောင်ချေ။

ထို့နောက်မှ ရှစ်ယောက်, တစ်ကျိပ်ခြောက်ယောက် စသည်ပွား၍ များစွာကုန်သော မလ္လာမင်းတို့သည် ထင်းတို့၏အကြား၌ များစွာသော ဆီ, ထောပတ်, မီးလောင်တတ်သော ဝတ္ထုကို စု၍ အကြိမ်ကြိမ်မီးတိုက်ကြသော်လည်း တစ်စုံတစ်ခုကိုမျှ မလောင်ရှိလေလျှင် အရှင်အနုရုဒ္ဓါ၏အထံသို့ ကပ်ကြ၍ "အရှင်မြတ်။ အကျွန်ုပ်တို့သည် ဘုရားအလောင်းတော်ကို မီးပူဇော်ပါသော်လည်း မီးမစွဲနိုင်ပါ။ အကြောင်းဘယ်သို့ ရှိပါသနည်း"ဟု လျှောက်ကြကုန်၏။

အရှင်အနုရုဒ္ဓါကလည်း "မလ္လာမင်းတို့။ နတ်တို့၏ အလိုအနှ မပြည့်သေးသောကြောင့် မီး မစွဲနိုင်သည်"ဟု ဆိုပေ၏။ "နတ်တို့၏အလို ဘယ်သို့ရှိပါသနည်း"ဟု မေးပြန်လျှင်၊ "သင် မင်းသားတို့၏ အဖသေလွန်၍ နတ်ပြည်၌ဖြစ်ကုန်သော ရှစ်ယောက်သောမလ္လာမင်း တို့သည် တတိယသာဝကကြီးဖြစ်သော အရှင်မဟာကဿပ၌ အလွန်ကြည်ညိုကုန်သည်။ ထို အရှင်မဟာကဿပသည် ယခုကြွလာ၍ ရှိမခိုးရသေးသမျှကို 'ဤထင်းပုံ၌ မီးမလောင်စေ သတည်း'ဟု နတ်တို့ အဓိဋ္ဌာန်ပြုကြသောကြောင့် မီး စ၍မစွဲနိုင်သည်"ဟုဆိုပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလျှင် လူအပေါင်းတို့ကလည်း 'အရှင်မဟာကဿပသည်ကား ဘုရား တပည့်ကြီးဖြစ်ပါလျက် အဘယ့်ကြောင့် ကြာလေသနည်း။ နတ်တို့ပင် အရှင်မဟာကဿပ၏ နှလုံးအလိုကို ဖြည့်ရပေသည်။ ထိုအရှင်ကား ဘယ်သို့စင် ထူးမြတ်သနည်း။ ဖြူသလော, မည်းသလော, မြင့်မြင့်လော, နိမ့်နိမ့်လော။ ဘယ်လောက်ကြာမှ လာပါလိမ့်မည်နည်း' စသည်ဖြင့် ပြောဆိုမျှော်တ အချို့ကလည်း ခရီးဦးကြိုလင့်သည်။ အချို့ကလည်း လမ်းပြင်လင့်သည်။ အချို့ ကလည်း နေရာပြင်လင့်သည်။ ထိုသို့ဖြစ်ဆဲအခါ၀ယ် အရှင်မဟာကဿပသည် ရဟန်းငါးရာ နှင့်တကွ ကြွတော်မူ၍ သချိုင်းသို့ ရောက်လာသတည်း။

ထိုသို့ရောက်၍ အလောင်းတော်ကို ထင်းတလားတွင်း၌ သွင်းထားသည်ကိုမြင်လျှင် ကိုယ်၀တ်ကို စံပယ်တင်၍ ဘုရားရှင်ရှိရာသို့ လက်အုပ်ချီလျက် စန္ဒကူးထင်းပုံကို လက်ယာရစ် သုံးပတ်လည်၍ ပူဇော်ပြီးမှ 'ဤဌာနကား ဦးခေါင်းတော် ထားရာတည်း။ ဤဌာနကား ဖ၀ါးတော်ရှိရာတည်း'ဟု မှတ်၍၊ 'ကိုယ်တော်မြတ်၏ ခြေတော်အစုံကိုမျှငါ မဖူးမြင်ရပြီတကား' ဟု နှလုံးထား၍ ဖ၀ါးတော်သို့ ရှေးရှုရပ်လျက် စတုတ္ထသမာပတ်ကို ၀င်စားပြီးသော် 'ကိုယ် တော်မြတ်၏ ခြေတော်အစုံသည် လွှမ်းခြုံသမျှကို ဖောက်ထွက်၍ ဦးခေါင်းထိပ်၌ တည်စေ သော'ဟု မနောဓိဋ္ဌာန် ကြံတော်မူ၏။

ထိုခဏ၌ အကန့်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တစ်ရာရှစ်ကွက်သော စက်လက္ခဏာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ဖ၀ါးတော်အစုံသည် လွှမ်းခြုံရစ်ပတ် သော ၀ါဂွမ်းလွှာနှင့် ငါးရာသောပုဆိုးထပ်တို့ကို လည်းကောင်း၊ သိမ်မွေ့အပ်သော ရွှေကျင်းကို လည်းကောင်း၊ စန္ဒကူးထင်းပုံကို လည်းကောင်း ဖောက်ထွင်း၍ တိမ်တိုက်အတွင်းမှ ထွက်သော လကဲ့သို့ အရှင်မဟာကဿပ၏ဦးခေါင်းထက်၌ တည်လာ၏။ အရှင်မဟာကဿပလည်း ပွင့်သစ်စဖြစ်သော ပဒုမ္မာကြာနှင့်တူသော လက်အုပ်အစုံကိုဆန့်၍ ရွှေအဆင်းနှင့်တူသော ဘုရားသခင်၏ ခြေတော်အစုံနှစ်ဖက်ကို ဖမျက်တိုင်အောင်ကိုင်လျက် မိမိဦးခေါင်းထက်၌ ထား၍ ရှိခိုး၏။ ငါးရာသောရဟန်းတို့လည်း အနည်းနည်း ရှိခိုးကြကုန်၏။

လူအမျိုးမျိုးတို့လည်း ထိုအံ့ဖွယ်သရဲကို မြင်လျှင် ကြည်ရွှင်၀မ်းသာလျက် သည်းစွာ သောအသံကို ဟစ်ကြော်၍ ပူဇော်ဖွယ်အသီးသီးတို့ဖြင့် ချီးမြှောက်ပူဇော်ကုန်၏။ ယင်းသို့ပူဇော် ပြီးခါမျှ၌ တစ်ဖန် အဓိဋ္ဌာန်ခြင်းကိစ္စမရှိဘဲ ပကတိသာလျှင် အရှင်မဟာကဿပလက်မှ လွတ်၍ ထင်းပုံတလားတို့ကို မလှုပ်ရှားစေဘဲ တည်မြဲတိုင်း၀င်၍ တည်လေကုန်၏။

ထိုသို့ ခြေတော်အစုံတို့ ထွက်ကုန် ၀င်ကုန်သော်လည်း အလောင်းတော်၌ လွှမ်းသော ၀ါဂွမ်းပုဆိုးတို့သည် စိုးစဉ်းမျှ မယိုယွင်းကုန်။ ပြကတေ့အတိုင်းသာ တည်ကုန်သည်။

ယင်းသို့ ခြေတော်ကွယ်သောအခါ များစွာသောလူရဟန်းတို့သည် ပင်ပန်းရှိုက်ငင် လျက် ထက်၀န်းကျင် ငိုယိုကြရကား နိဗ္ဗာန်ယူသည်ကာလထက် ကဲ၍ သနားဖွယ် ဖြစ်ကြ၏။ ပရိသတ်တို့ ငိုကြွေးကြကုန်စဉ် ဘုရားသခင်၏အလောင်းတော်တည်ရာ နံ့သာထင်းပုံသည် တစ်စုံတစ်ယောက်သောသူမျှ မီးမညှိရဘဲ ရဲရဲပြောင်ပြောင် မီးရောင်ချီးချီးထွက်သဖြင့် အထက်မှ စ၍ ကျွမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ပြီးသော် ကိုယ်တော်၏ အရေ, အသား, အရိုးတို့သည် တပေါင်းတစ်စု တည်း မထင်ပြီ။ ရွှေစင်တကွဲ ပုလဲဥလား ချရားစေ့အဆင်းရှိသော ဓာတ်တော်တို့သည်သာလျှင် ရှစ်စိတ်ပမာဏမျှ တည်ကုန်၏။

[ရှေးရှေးသောဘုရားတို့ကား မပြိုမကွဲ တစ်ခဲနက်ပင် တည်လေကုန်သည်။ ငါတို့ဘုရားမှာကား သက်တော် တိုသောအခါဖြစ်၍ သာသနာပြန့်ပွား သဖြင့် လူတို့အကျိုးစီးပွားများစိမ့်သောငှာ ပတ္ထနာသောအာနုဘော်ကြောင့် စွယ်တော် လေးဆူ, ညှပ်ရိုးတော် နှစ်ဆူ, နဖူးသင်းကျစ်တော် တစ်ဆူ ဤ ခုနစ်ဆူသောဓာတ်တော်တို့သည် မပြိုမကွဲ တည်ကုန်သည်ဖြစ်၍ 'အသမ္ဘိန္နဓာတ်' မည်သည် ကြွင်းသောကိုယ်တော်မှာ အကြီး ပဲနောက် ပမာဏ, အလတ် ဆန်ကျိုးပမာဏ, အငယ် မုန့်ညင်းစေ့ပမာဏဖြင့် စိတ်ဖြာလျက် တည်ကုန်သည်ဖြစ်၍ 'သမ္ဘိန္နဓာတ်'မည်သည်ဟု ဆိုကုန်၏။]

စန္ဒကူးထင်းပုံကို အကုန်မီးလောင်၍ ပြီးလျှင် ကောင်းကင်ပြင်မှ လက်ရုံးဖျားမျှလောက်သော ရေအလျဉ်သည် သက်ဖျန်း၍ငြိမ်းစေ၏။ အင်ကြင်းပင်ပျို၏အခွမှ လည်းကောင်း, ထက်ဝန်းကျင်သောမြေအပြင်မှ လည်းကောင်း ထွန်တုံးပမာဏရှိသော ရေအလုံးသည် တက်၍ ထင်းပုံထက် ဆွတ်ဖျန်းကုန်၏။

မီးငြိမ်းပြီးသောအခါ မလ္လာမင်းတို့သည် ဓာတ်တော်ကိုယူ၍ ရွှေအတိပြီးသောအိုးဖြင့် ထည့်ပြီးသော်၊ အလောင်းတော်ကို ကျင်းပပူဇော်ရာဇရပ်၌ ထူးမြတ်ကောင်းမွန်သော ကော်ဇောကမ္ဗလာတို့ကိုခင်း၍ ထုံသင်းမွှေးကြိုင်စွာ နံ့သာပျောင်း, နံ့သာမှုန့်တို့ကို ပက်ဖျန်းလျက်၊ ကြက်အပ်သော ပုဆိုးဗိတာန်ရှိသော ရတနာပလ္လင်ထက်တင်၍ ထက်ဝန်းကျင်မှ ရှုချင်ဖွယ်ရှိသော တံခွန်, ကုက္ကား, ယမား, ကွန်ချာ, နံ့သာဆိုင်းတို့ကို ဆွဲလျက်၊ လေး, လှံ, သန်လျက်, လက်နက်စွဲကုန်သော ယောကျ်ားတို့ကို အစောင့်အရှောက်ထား၍ များစွာသောပွဲလမ်းသဘင် ပဉ္စင်တူရိယာတို့ဖြင့် ပူဇော်ကုန်၏။

ထို့နောက်မှ တန်ဆာဆင်အပ်သော ဆင်ပြောင်ကြီး၏ကျောက်ထက်၌ ဓာတ်တော်ကို ရတနာပန်းတောင်းဖြင့် တင်ပြီးသော် ထီးဖြူအုပ်ကာလျက် လက်ဝဲ, လက်ယာ, နောက်မျက်နှာတို့မှ ဦးကင်းချင်းယှက်ကာယှက်ကာ ညီညာစွာရံစေသော ဆင်တစ်ထပ်၊ လည်ချင်းယှက်ကာယှက်ကာ ညီညာစွာရံစေသော မြင်းတစ်ထပ်၊ နားပန်းချင်းစပ်ကာစပ်ကာ ကောင်းစွာရံစေသော ရထားတစ်ထပ်၊ လက်ရုံးချင်းထိကာထိကာ တညီတညာ ကောင်းစွာရံစေသော ခြေသည်သူရဲ လက်နက်စွဲတစ်ထပ် ဤသို့ အထပ်ထပ် ရံပတ်ခင်းကျင်းလျက် မြို့တွင်းသို့ ဆောင်ယူပြီးလျှင် ပွဲသဘင်တို့ဖြင့် ခုနစ်ရက်ပတ်လုံး ပူဇော်ကြကုန်၏။

[အဘယ်ကြောင့် ဤမျှလောက် ပူဇော်သနည်းဟူမူ ကား ထိုမလ္လာမင်းသားတို့သည် ရှေးနှစ် သတ္တာဟ၌ ရဟန်းသံဃာတို့တည်းခိုရာဌာနကို လည်းကောင်း၊ ဆွမ်းကိစ္စကို လည်းကောင်း လုံ့လပြုရသည်ဖြစ်၍ ကစားခွင့် မရသေး။ ထို့ကြောင့် ဓာတ်တော်ကိုသာ ခုနစ်ရက်ပတ်လုံးပူဇော်၍ ကစားပျော်ပါးကြကုန်သည်။ 'ငါတို့ မေ့လျော့စဉ်အခါဝယ် တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



မြို့ရွာမှမင်းများတို့ မယူသွားနိုင်စေသတည်း'ဟု နှလုံးပြု၍ စတုရင်္ဂ ကထိုမျှလောက်သော ဆင်, မြင်း, ရဲမက်တို့ကို ရံကလျက်ပင် အမြဲနေစေသတည်း။]

ထိုအခါ ရာဇဂြိုဟ်၌ အဇာတသတ်မင်း၏အမတ်တို့သည် ဘုရား ပရိနိဗ္ဗာန်ယူကြောင်းကိုကြားလျှင် ဤသို့ ဆင်ခြင်တိုင်ပင်ကြကုန်၏။ "ပုထုဇဉ်၏ သဒ္ဓါကြည်ညိုခြင်းတွင် ငါတို့အရှင်မင်းနှင့်တူ၍ ကြည်ညိုသောသူ မရှိပြီ။ ဤမင်းသည် ဘုရား လွန်တော်မူကြောင်းကို ကြားရလျှင် တစ်ခဏချင်း နှလုံးကွဲ၍ သေရာသည်။ ထို့ကြောင့် ငါတို့သည် မင်း၏အသက်ကို စောင့်သင့်ပေသည်"ဟု ကြံ၍၊ လျော်ပောင်းတန်ရုံသော ရွှေကျင်းသုံးခုကိုယူ၍ စတုမဓုဖြင့်ပြည့်စေပြီးသော် မင်းကြီးထံသို့ကပ်၍ ဤသို့ လျှောက်ကြ၏။ "အရှင်မင်းကြီး။ ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်သောအိပ်မက်ကို မြင်ပါသည်။ ထိုအိပ်မက်ကို ဖျောက်ဖျက်စေချင်ပါသည်။ အရှင်မင်းကြီး ဘွဲ့ဖြူပုဆိုး နှစ်ထည်ကိုပတ်၍ နှာခေါင်းဝမျှကို ဖော်စေလျက် စတုမဓုကျင်းထဲ၌ အိပ်စက်တော်မူပါ"ဟု ဆို၏။ ထိုစကားကို ကြားသောအခါ အဇာတသတ်မင်းကြီးကလည်း "ငါ၏ အကျိုးစီးပွားကို ရွက်ဆောင်လို၍ဆိုသည်ကို ဘယ်မှာ နားမထောင် ရှိတော့အံ့နည်း"ဟု ဆို၍၊ ထိုအမတ်တို့ လျှောက်ထားတိုင်း အိပ်ပေ၏။

ထိုအခါ အမတ်တစ်ယောက်သည် ဘုရား ပရိနိဗ္ဗာန်စံတော်မူရာ အရပ်ဆီသို့ လက်အုပ်ချီပြီးသော် "အရှင်မင်းကြီး။ ကိုယ်တော်၏သံသယကို ပျောက်ပကျေနပ်စေတတ်သော, ဘုန်းအာနုဘော်တက်၍ အသက်ကိုရှည်စေတတ်သော, ရှိသေလေးမြတ် ဆည်းကပ်ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုသိနာရုံပြည်အပါး၌ နိဗ္ဗာန် လားတော်မူချေပြီ"ဟု လျှောက်တင်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် သစ်ပင်ထက်မှ ကျလာသောသူကဲ့သို့ သည်းအူလှိုက်ဖိုလျက် ကိုယ်အလုံးတုန်ဘိ၍ သတိမရ တသ,မိန်းမော၍ မြောလေ၏။ စိမ်အပ်သော စတုမဓုပင် ကျိုက်ကျိုက်ဆူ၍ အငွေ့ထွက်၏။ အမတ်တို့လည်း မင်း၏ကိုယ်ကို ချီ၍ တစ်ခုသောကျင်း၌ သိပ်ပြန်သဖြင့် သတိရလာသောအခါ "အမောင်တို့။ အဘယ်ကို ဆိုကြသနည်း"ဟု မေးပြန်လျှင်၊ "အရှင်မင်းကြီး။ မြတ်စွာဘုရား ပရိနိဗ္ဗာန် လားချေပြီ"ဟု လျှောက်ကြ၏။ မင်းကြီးလည်း ရှေးနည်းတူ မိန်းမော၍ မြောနေပြန်သဖြင့် တစ်တန်သောကျင်းသို့ ပြောင်းရ၏။ သတိရသောအခါ "အဘယ်အကြောင်းအရာကို ဆိုကြသနည်း"ဟု မေးပြန်၍၊ 'ဘုရား နိဗ္ဗာန်စံလွန်ကြောင်းကို လျှောက်ပါသည်'ဟုဆိုလျှင် ယခင်နည်း မိန်းမောပြန်လေ၏။

အမတ်တို့လည်း မင်းကိုချီ၍ ရေချိုးစေပြီးမှ နံ့သာရေတို့ဖြင့် ဆွတ်ဖျန်းရ၏။ အဇာတသတ်မင်းလည်း သတိရလတ်သော် ဦးခေါင်းမှဆံတို့ကို ဖရိုဖရဲကြဲဖြန့်၍ နူးညံ့သိမ်မွေ့စွာသောလက်နှစ်ဖက်တို့ဖြင့် ရင်ကိုတီးခတ်၍ သက်ကြီးရှိုက်ငင်ငိုကြွေးလျက် ခရီးမသို့သက်၍ သူရူး၏အလားကဲ့သို့ ပြေးသွား၏။ တန်ဆာဆင်အပ်သော ကချေသည် မောင်းမတို့သည် နောက်မှဝန်းရံကာ လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့မှထွက်၍ ဇီဝက၏သရက်ဥယျာဉ်သို့ ရောက်သောအခါ မိမိအား တရားဟောတော်မူဖူးသော နေရာကိုကြည့်မျှော်၍ "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤအရပ်၌နေ၍ အကျွန်ုပ်အား တရားဟောတော်မူသည် မဟုတ်လော။ အကျွန်ုပ်၏ ကြောက်လန့်ညှိုးပိန် စိုးရိမ်ခြင်းတည်းဟူသော ငြောင့်ကို နုတ်တော်မူပေသည် မဟုတ်လော။ အကျွန်ုပ်သည် ဖခင့်ဆယ်ဆ လွန်မကအောင် ညွတ်ခမပြတ် ဆည်းကပ်ပါသည် မဟုတ်လော။ အကျွန်ုပ်အား စကားတုံ့ပြန် တစ်ခွန်းသံမျှ လုန်၍ မမိန့်ပါပြီတကား"ဟုဆို၍၊ အဖန်တလဲလဲ ငိုကြွေး၏။ "ဘုရားသခင်လည်း အခါတစ်ပါး၌ သံဃာများစွာခြံရံလျက် နိုင်ငံအသီးသီး ပြည်ကြီးအရပ်ရပ်သို့ လှည့်ပတ်ဒေသစာရီ ကြွချီတော်မူသည်ကိုသာ ကြားရပါသည်။ ယခုမူကား တစ်ခါမပြန် ပြည်နိဗ္ဗာန်စံတော်မူခြင်း သတင်းကိုမျှသာ ကြားရပါတော့သည်" ဤသို့သာဖြင့် တ,သ မြည်တမ်းကာ ခြောက်ဆယ်သောဂါထာတို့ကို ကျူးရင့်၏။

ထို့နောက်တစ်ဖန် ကြံမိသည်ကား 'ငါသည် ငိုကြွေး၍သာနေသဖြင့် အခွင့် မပြည့်စုံရာချေ။ အမွေအနှစ်ဖြစ်သော ဓာတ်တော်ကိုသာ သွား၍ဆောင်ဦးမှ သင့်မည်'ဟု ကြံလျက်၊ မလ္လာမင်းတို့ထံသို့ တမန် စေလိုက်၏။ "အဆွေ မလ္လာမင်းတို့။ ရွှေဘုန်းတော်ရှင် ဘုရားသခင်သည် မဟာသမ္မတ မင်းမှစ၍အသမ္ဘိန္န ခတ္တိယဟု ဝံသမပြတ် မြတ်လှစွာသော မင်းမျိုးပေတည်း။ ငါတို့လည်း ထိုနည်းသက်ဆင်းသော မင်းမျိုးဖြစ်ရကား ဘေးတော်ဘိုးလောင်း မင်းကောင်းတို့၏ ဓာတ်အရိုးကို ကိုးကွယ်ချီးမြှင့် အပ်ပေသည်။ ထို့ကြောင့် ကိုယ်တော်စား ဓာတ်တော်များကို ငါတို့အဖို့ ရထိုက်ပါသည်။ စေတီတည်၍ ကိုးကွယ်ပါမည်။ ဓာတ်တော်ကို ငါတို့အား ဝေဖန်ပါ"ဟု တမန် စေလိုက်၏။

ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့လည်း ထိုနည်းတူ မလ္လာမင်းတို့၏ထံသို့ တမန် စေလိုက်၏။

ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့လည်း ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံလွန်တော်မူကြောင်းကို ကြား၍ မလ္လာမင်းများအထံသို့ တမန်စေလိုက်သည်ကား "မလ္လာမင်းများတို့။ မြတ်စွာဘုရားသည် ငါတို့အမျိုးအဆက်တွင် အမြတ်ထက်အမြတ်ဆုံး ဖြစ်ပါသည်။ အမွေအနှစ်ကို စင်စစ် ငါတို့ ခံထိုက်ပါသည်။ ထို့ကြောင့် ဓာတ်တော်များကို ငါတို့အား အဖို့ ပေးပါ။ ငါတို့ပြည်၌ စေတီတည်၍ ကိုးကွယ်လိုပါသည်"ဟု စေလိုက်၏။

အလ္လကပ္ပပြည်၌နေကုန်သော 'ဗုလ'အမည်ရှိသော မင်းတို့သည် လည်းကောင်း၊ ရာမရွာ၌နေကုန်သော ကောလိယမင်းမျိုးတို့သည် လည်းကောင်း၊ ဝေဋ္ဌဒီပတိုင်း၌နေကုန်သော ပုဏ္ဏားတို့သည် လည်းကောင်း၊ ပါဝါပြည်၌နေကုန်သော မလ္လာမင်းတို့သည် လည်းကောင်း ထိုနည်းအတူ တမန်စေ၍ မွေတော်ဓာတ်တော်တို့ကို တောင်းကြကုန်၏။

တမန်စေ၍ များမကြာမီ အဇာတသတ်မင်းသည် စစ်သည်ဗိုလ်ပါတို့ကို ရုံးစု၍ 'ငါ တမန်စေတိုင်း ပေးသော်လည်း ပေးစေ။ မပေးနေမူ ပြည်အလုံးကို ထွားထွားညက်ညက် ဖျက်ဆီး၍ ဓာတ်တော်ကို ယူအံ့'ဟုကြံလျက်၊ ကိုယ်တော်တိုင် ထွက်၍ချီလေ၏။ ကုသိနာရုံပြည်သို့ ရောက်သောအခါ မြို့ကို ဝန်းရံကာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေသာလီမင်း, ကပိလဝတ်မင်း အစရှိသော ခုနစ်ပြည်ထောင်သောမင်းတို့သည်လည်း ထိုနည်း စစ်ချီ၍ရုံလေကုန်၏။ ထိုသို့ရုံပြီးမှ တမန် အကျပ်အတည်းလွှတ်ကြ၍ "ဘုရားရှင်၏ ဓာတ်တော်ကိုတည်း ပေးအံ့လော။ စစ်သော်တည်း ထိုးအံ့လော"ဟု ဆိုစေ၏။

ထိုစကားကို ကြားသောအခါ မလ္လာမင်းတို့ကလည်း ဤသို့ ပြန်လိုက်၏။ "ဘုရားသခင်သည် သင်တို့ပြည်၌နေရာဝယ် ငါတို့ ပင့်ခေါ်သည်လည်း မဟုတ်။ သတင်းစကားမျှ မှာလိုက်သည်လည်း မဟုတ်သေး။ အလိုလိုသာ ကြွရောက်လာ၍ ငါတို့ပြည်၌ နိဗ္ဗာန်ယူသည်။ ငါတို့ ကိုးကွယ်ထိုက်၍သာ ရသည်။ သင်တို့ပိုင်သော ဂါမခေတ်၌ တစ်စုံတစ်ခုသော ရွှေငွေရတနာ ဖြစ်ထွန်းလာသော် ငါတို့အား သင်တို့ မပေးကုန်ရာ။ လောကသုံးရွာ၌ မြတ်စွာဘုရားနှင့်တူသော ရတနာမည်သည် မရှိ။ ထိုသို့ အသဒိသအစစ်ဖြစ်သော ရတနာကို ငါတို့ အဘယ်ကြောင့် သင်တို့အား ပေးအံ့နည်း။ သင်တို့သာ အမိနို့ကို စို့ရသလော။ ငါတို့ကား အမိနို့ကို မစို့ရသလော။ သင်တို့သာ ယောကျ်ားပေလော။ ငါတို့ကား ယောကျ်ား မဟုတ်သလော။ သင်တို့သာ အသက်ရှိသလော။ ငါတို့ကား အသက် မရှိသလော။ ဖြစ်လိုသမျှဖြစ်စေ။ ဘုရားဓာတ်တော်ကို မပေးဝေ"ဟု ကြုံဝါးသံပ၍ မာန်မာနဖြင့်သာ ပြန်လိုက်၏။

[ထိုမင်းတို့သည် အကယ်၍ စစ်ထိုးငြားအံ့။ မလ္လာမင်းတို့သာ အောင်ဘိရာ၏။ အဘယ့်ကြောင့်နည်းဟူမူ ဓာတ်တော်ကို ပူဇော်ခြင်းငှာလာသောနတ်တို့သည် မလ္လာမင်းတို့၏ အသင်းအပင်းသာ ဖြစ်သောကြောင့်တည်း။]

ထိုမင်းတို့သည် အချင်းချင်း ကြုံးဝါးသံပ၍ ငြင်းခုံကြရာတွင် 'ဒေါဏ'အမည်ရှိသော ပုဏ္ဏားသည် လာ၍၊ သင့်ရာအရပ်ကနေလျက် နှစ်ဘာဏဝါရခန့်သော စကားဖြင့် ကြုံးဝါး၍ ဆုံးမ၏။ ထို နှစ်ဘာဏဝါရတို့တွင် ပထမ ဘာဏဝါရကိုကား အငြင်းသံများ၍မကြားလိုက်ကုန်။ ဒုတိယဘာဏဝါရ အဆုံး၌သာ "ငါတို့ဆရာ၏ အသံကဲ့သို့ ထင်သည်"ဟု အလုံးစုံသော မင်းတို့ပင် အသံဆိတ်လေ၏။ ထို ဒေါဏပုဏ္ဏားကား ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားသော မင်းပုဏ္ဏားတို့သည် တပည့်မဖြစ်ဘူးသောသူ မည်သည် မရှိ။ ဖြစ်ဖူးဘိသည်သာတည်း။ ထို့ကြောင့် ဆရာကို ရိုသေခြင်းဖြင့် ထိုမင်းတို့ အသံဆိတ်လေသတည်း။ ထိုသို့ အသံဆိတ်သောအခါ ဒေါဏပုဏ္ဏားလည်း မင်းအများကို ဆုံးမလို၍–

'သုဏန္တု ဘောန္တော မမ ဧကဝါစံ၊

အမှာက် ဗုဒ္ဓေါ အဟု ခန္တိဝါဒေါ–'အစရှိသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား။ ။ "မင်းများတို့။ ငါတို့ဆရာ မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ပါရမီကိုဖြည့်တော်မူသောအခါ, ခန္တီဝါဒီ ရှင်ရသေ့ဖြစ်သောအခါ, ဓမ္မပါလမင်း ဖြစ်သောအခါ, မဟာသီလဝမင်း ဖြစ်သောအခါ, ဘူရိဒတ်နဂါး စမ္ပေယျနဂါး သင်္ခပါလနဂါးမင်း ဖြစ်သောအခါ, မဟာကပိမျောက်မင်း ဖြစ်သောအခါက လည်းကောင်း၊ ထိုမှတစ်ပါး များစွာသော ဇာတ်ဘဝတို့၌ လည်းကောင်း သူတစ်ထူးအား အမျက်မထွက်မူ၍ သည်းခံခြင်းကိုသာ ပြုလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။ ခန္ဓီပါရမီကိုသာ အမြတ်ပြု၍ ချီးမွမ်းပါသည်။ ယခုမူကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ကိုယ်တော်၏အသက်ကို ဖျက်ဆီးအံ့သော ဒေဝဒတ်ကိုလျက် စုံမက်သနားတော်မူသေးသည်။ ဤသို့ကျင့်တတ် မြတ်လှသောဘုရားသခင်၏ ဓာတ်တော်ကို ပူဇော်လိုခြင်းတည်းဟူသော အကြောင်းကြောင့် မကောင်းမှုဖြစ်ပွားအောင် ခိုက်ရန်များခြင်း, စစ်ထိုးခြင်းဖြင့် မသင့်ချေတကား။ ဘုရားရှင်ထံ ကျိုးနွံဆည်းကပ်ကြသော ဥပါသကာချည်းတကား။ အညီအညွတ်သာ ဖြစ်ပါကုန်လော့။အချင်းချင်း ချစ်ခင်လျက် အရှင်မြတ်ဓာတ်တော်တို့ကို ကြည်ညိုကိုးကွယ်ကြကုန်လော့။ တညီတမျှ ကိုးကွယ်ရအောင် 'အဋ္ဌဘာဂ'ပြု၍ ကျွန်ုပ် ဝေဖန်အံ့"ဟုဆို၍ ဖျန်ဖြေ၏။

ထိုစကားကိုကြားရမှ ဒေါဏပုဏ္ဏားရှိရာသို့ လာ၍ "ဆရာပင် ဝေဖန်ပါလော"ဟု အပ်နှင်း၏။

ဒေါဏပုဏ္ဏားလည်း ထိုမင်းတို့၏စကားကိုရလျှင် ဓာတ်တော်ကိုဝေခြင်းငှာ ရတနာကိုးပါးတို့ဖြင့် စီအပ်သော ရွှေအိုးကိုလှစ်သော် ရှစ်စိတ်ပမာဏရှိလျက် ရွှေအတိပြီးသော ဓာတ်တော်တို့ကိုမြင်သဖြင့် "ရှေးအခါက ဘုရားသခင်၏ ရွှေသားအဆင်းနှင့်တူသော ကိုယ်တော်ကိုသာ ဖူးမြင်ရမြဲ ဖြစ်ပါလျက်၊ ယခုမှာကား ဓာတ်တော်များကိုသာ မြင်ရပါတော့သည်တကား"ဟု များစွာတ,ဆို၍ ငိုကြွေး၏။ မင်းရှစ်ဦးတို့လည်း ထိုနည်းပင် ငိုကြွေးကြ၏။

ဒေါဏပုဏ္ဏားလည်း မင်းများ မေ့လျော့စဉ်အခါဝယ် လက်ယာစွယ်တော်ကိုယူ၍ မိမိ၏ ဦးရစ်ကြား၌ ဝှက်ထား၏။ ထို့နောက်မှ ရှစ်စု အမျှပြု၍ ဝေဖန်၏။ တစ်စုတစ်စုလျှင် ပြကတေ့သော ကွမ်းစားဖြင့် တစ်ဆယ့်ခြောက်ကွမ်းစားစီ ရ၏။ ငါတို့ မြန်မာဝေါဟာရဖြင့် တစ်စိတ် ရှိသည်။

ပုဏ္ဏား ဓာတ်တော်ကိုဝေဖန်စဉ်ပင် နတ်ဘုရင်ဖြစ်သောသိကြားမင်းသည် 'လက်ယာစွယ်တော်ကို အဘယ်သူ ယူသနည်း'ဟုကြည့်လေလျှင် ဒေါဏပုဏ္ဏား ဦးရစ်ကြား၌ ဝှက်ထားသည်ကိုမြင်၍၊ 'ဤပုဏ္ဏားသည် အရိုအသေ ကိုးကွယ်နိုင်ပါမည်လော'ဟု ရှုပြန်လျှင်၊ မကိုးကွယ်နိုင်အံ့သည်ကို မြင်၍၊ နတ်တို့၏အာနုဘော်ဖြင့် စွယ်တော်ကိုယူ၍ စူဠာမဏိစေတီ၌ ဌာပနာလေ၏။

ဒေါဏပုဏ္ဏားလည်း ဓာတ်တော်ကို ဝေဖန်ပြီးသောကာလ မိမိဝှက်ထားသော စွယ်တော်ကိုကြည့်လျှင် မမြင်မတွေ့ဘိရကား မိမိလည်း ဝှက်ထားသောကြောင့် သူတစ်ပါးကိုလည်း မမေးသာ။ "ငါ၏အဖို့ကို ပေးဦး"ဆိုရမည်လည်း မိမိ ဝေသူဖြစ်သောကြောင့် မသင့်ရကား၊ "အို မင်းများတို့။ ငါ့အား ဓာတ်တော်ထည့်သောရွှေအိုးကို ပေးပါကုန်လော့"ဟု တောင်း၏။ မင်းတို့ကလည်း ဓာတ်တော်ချင့်သော စရွတ်ခွက်ကိုသာ ပေးကုန်၏။ ပုဏ္ဏားလည်း ထိုစရွတ်ခွက်ကိုပင် ဓာတ်တော်ကဲ့သို့ထင်မှတ်လျက် မိမိမြို့တွင် စေတီတည်၍ ကိုးကွယ်လေ၏။

ထို့နောက်မှ ပိပ္ပလိဝနၙ၌နေသော မောရိယမင်းတို့သည် ယခင် ခုနစ်ပြည်ထောင်မင်းတို့ကဲ့သို့ မလ္လာမင်းတို့အထံသို့ တမန်စေ၍ ဓာတ်တော်ကို တောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



မလ္လာမင်းတို့ကလည်း "ဓာတ်တော်ကို ဝေဖန်၍ကုန်ချေပြီ။ အလောင်းတော်ကို သင်္ဂြိုဟ်သော စန္ဒကူးမီးသွေးသာ ကြွင်းပါတော့သည်။ ဤမီးသွေးကိုသာ ကိုးကွယ်ပါလော့"ဟု ပေးလိုက်သည်။ ထို မောရိယမင်းတို့လည်း စန္ဒကူးမီးသွေးကိုသာ စေတီတည်၍ ကိုးကွယ်ကြကုန်၏။

[ဘုရားသခင်ဓာတ်တော် ရှစ်စရွတ် ဆိုသည်မှာ ပါဠိတော် အဋ္ဌကထာတို့၌ ဒေါဏသဒ္ဒါကို 'စရွတ်'ဟု မြန်မာပြန်ကြသော ရွှေဥမင်ဆရာ၊ နန်းကျောင်း ဒက္ခိဏဝန် ဆရာတော်တို့၏ အလိုတည်း။ ကျော်အောင်စံထား ဆရာတော်ကား အဘိဓာန်နိဿယ၌ 'စတုရော ပတ္ထာ၊ လေးကွမ်းစားတို့သည်။အာဠှကော၊ တစ်ပြည် မည်၏။ စတုရာဠှကံ၊ လေးပြည်သည်။ ဒေါဏံ၊ တစ်စိတ် မည်၏'ဟူ၍ မြန်မာပြန်သည်။ ဝိမတိဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ သုတ္တနိပါတ် အဋ္ဌကထာတို့၌လည်း 'စတုရောအာဠှကာ၊ လေးပြည်တို့သည်။ ဧကံ ဒေါဏံ၊ တစ်စိတ်မည်၏။ စတ္တာရိ ဒေါဏာနိ၊ လေးစိတ်တို့သည်။ ဧကာမာနိကာ တစ်တင်းမည်၏'ဟူ၍ မိန့်သောကြောင့် ဒေါဏသဒ္ဒါကို 'စိတ်'ဟူ၍ မြန်မာပြန်ခြင်းသည် အလွန်သင့်မြတ်သည်။

[နလာဋဓာတုဝင်တွင် ဘုရားရှင်ဓာတ်တော်သည် တင်းအားဖြင့် နှစ်တင်း ရှိသည်။ ဒေါဏအားဖြင့် ရှစ်ဒေါဏ ရှိသည်။ စလယ် ဟူသော ကွမ်းစားဖြင့် တစ်ရာနှစ်ဆယ့်ရှစ် စလယ်ရှိသည်ဟု ပြလိုရကား 'စက္ခုမန္တဿ ဘဂဝတော သရီရဓာတု အဋ္ဌဒေါဏမတ္တံ၊ သုဝဏ္ဏ နာဠိယာ ဧကသတအဋ္ဌဝီသတိ နာဠိကာ အဟောသိ'ဟူ၍ ဆိုသည်။ ထို့ကြောင့် ဘုရားရှင်ဓာတ်တော်ကို ယခု လူတို့သုံးဆောင်သော တင်းဖြင့် နှစ်တင်း ရှိ၏ဟု မှတ်ရာသည်။]

ဤသို့ ဘုရားသခင်သည် လူတွင်မှတ်စစ် သက္ကရာဇ် ၁၄၈ ခု ရတုဂိမှ ကဆုန်လပြည့် အင်္ဂါနေ့ရက် နံနက်မိုးသောက်ယံတွင် နိဗ္ဗာန်ဝင်တော်မူ၍ ပြည်သူပြည်သားအများ သံဃာတော်အပေါင်းတို့ အလောင်းကို ပူဇော်သက္ကာပြုကြသော ပထမခုနစ်ရက်သည် 'သာဓုကီဠနသတ္တာဟ' မည်၏။ ထို့နောက် သချိုင်းတော်သို့ဆောင်၍ စန္ဒကူးထင်းစင်သို့တင်ပြီးမှ မီးလောင်သော ခုနစ်ရက်သည် 'စိတကသတ္တာဟ'မည်၏။ ထို့နောက် ဓာတ်တော်ကို ပူဇော်သက္ကာရဖြင့် များစွာချီးမြှောက်လျက် ရှစ်ယောက်သောမင်းတို့ ဝေဖန်သည်တိုင်အောင် ခုနစ်ရက်သည် ဓာတုပူဇာ သတ္တာဟ မည်၏။ ဤသို့ သတ္တာဟအကုန် နယုန်လဆန်းငါးရက် တနင်္လာနေ့တွင် ဓာတ်တော်ကိုဝေဖန်၍ ပြီးဆုံးသတည်း။

ထိုအခြင်းအရာကိုကား-

'ဘဂဝါ ဟိ ဝိသာခပုဏ္ဏမာယံ ပစ္စူသကာလေ ပရိနိဗ္ဗုတော၊
အထဿ သတ္တာဟံ သုဝဏ္ဏဝဏ္ဏံ သရီရံ ဂန္ဓမာလာဒီဟိ ပူဇယိံသု၊
ဧဝံ သတ္တာဟံ သာဓုကီဠနဒိဝသာ နာမ အဟေသုံ၊
တတော သတ္တာဟံ စိတကာယ အဂ္ဂိနာ ဈာယိ၊
တတော သတ္တာဟံ သတ္တိပဉ္ဇရံ ကတွာ သန္ထာဂါရသာလာယ ဓာတုပူဇံ
ကရိံ သူတိ ဧကဝီသတိ ဒိဝသံ ဂတံ၊

ဇေဋ္ဌမူလသုက္ကပက္ခ ပဉ္စမိယံ ပန ဓာတုယော ဘာဇယိံသု' ဟူ၍ လာသော သာရတ္ထဒီပနီဋီကာပါဌ်ဖြင့် သိအပ်၏။ အနက်မှာ အဓိပ္ပာယ်အတိုင်းပင်။ ဤအရာဝယ်



www.burmeseclassic.com

www.burmeseclassic.com



ဝိနည်းအဋ္ဌကထာနှင့် သုတ္တန်အဋ္ဌကထာ မညီသည်ကို ဋီကာဆရာ ညီညွတ်၍ပြသည်ကား များသေး၏။ ရှုပ်အံ့စိုး၍ မရေးလိုက်ပြီ။ အဇာတသတ်မင်းတို့ ဓာတ်တော်ကို ဆောင်ယူလေသောအကြောင်းကို အထက်မှာမှာ တစ်သမတ်တည်း ပြတော့အံ့။

**ဓိနတ္တပကာသနီကျမ်း 'နဝမပိုင်း' ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


ဇိနတ္ထပကာသနီကျမ်း

ဒသမပိုင်း

www.burmeseclassic.com

www.burmeseclassic.com






အရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာ ပဌမသင်္ဂါယနာတင်ခြင်း


www.burmeseclassic.com

www.burmeseclassic.com

# ဇိနတ္ထပကာသနီကျမ်း

## ဒသမပိုင်း

www.burmeseclassic.com




အရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာ ပထမသင်္ဂါယနာတင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



# ဗိနည်းပိဋကသာသနာဝင်ကျမ်း

## ဒသမပိုင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ။၉၀။ အရှင်မဟာကဿပအမှူးရှိသော ရဟန္တာငါးရာ ပဌမသင်္ဂါယနာတင်ခြင်း

သုံးလောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသော ဘုရားကိုယ်တော်မြတ်သည် ဘိုးတော်အဥ္စနမင်းကြီး ဖြို့ခွင်းသက္ကရာဇ် ၆၈–ခုနှစ် ကဆုန်လပြည့် သောကြာနေ့တွင် ဖွားမြင်တော်မူ၍၊ ၁၀၃–ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဘုရားအဖြစ်သို့ရောက်ပြီးသော် သက်တော်ရှစ်ဆယ်စေ့သဖြင့် ၁၄၈–ခု ကဆုန်လပြည့် အင်္ဂါနေ့ရက် နံနက်မိုးသောက်ယံတွင် နိဗ္ဗာန်လားတော်မူ၍ အလောင်းတော်ကို လပြည့်ကျော် တစ်ဆယ့်နှစ်ရက် တနင်္ဂနွေနေ့ တောဓာတ်လောင်သဖြင့်၊ ထို့နောက် တစ်သတ္တာဟကုန်သော် နယုန်လဆန်း ငါးရက်နေ့ဝယ် ရှစ်ပြည်ထောင်မင်းတို့ ဓာတ်တော်ကိုဝေဖန်၍ ပြီးမြောက်သည်။

ထိုနေ့ပင် အရှင်မဟာကဿပလည်း သုဘဒ်ရဟန်းကြီး ဆိုသောစကားကို နှလုံးထားတော်မူလျက် ဘုရားပရိနိဗ္ဗာန် စံယူခြင်းကိစ္စကြောင့် စည်းဝေးလာသမျှသော သံဃာတော် ခုနစ်သိန်းတို့အား ဓာတ်တော်ထားရာဇရပ်၌ တညီတညွတ်တည်း စည်းဝေးစေ၍ ဤသို့ ဆိုတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့။ ငါတို့ဆရာ မြတ်စွာဘုရားသည် ကြီးမားလှစွာသော မဟာကရုဏာစိတ်ဖြင့် သတ္တဝါတို့ အပါယ်ရွာတံခါးပိတ်အောင် သိက္ခာပုဒ်အများကို မိန့်ကြား ပညတ်တော်မူပါသည်ကို မလိမ္မာသော လူ့ရဟန်းတို့သည် သော့သွမ်းသောစကားဖြင့် ပယ်ရှားတွန်းလှန်ကြကုန်သည်။ ဘုရားလွန်ပြီဟု ထင်မှတ်ကြကုန်သည်။

"ငါ့ရှင်တို့။ ငါသည် ပါဝါပြည်မှ ဤကုသိနာရုံပြည်သို့ သံဃာငါးရာနှင့်တကွ လာခဲ့ရာတွင် ခရီးအကြား၌ တစ်ဦးသောအာဇီဝကသည် မန္ဒာရဝမည်သော ပန်းကိုဆောင်၍ လာသည်ကိုမြင်သဖြင့် "ငါ့ရှင်။ သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကို သိပါသလော"ဟု မေးသော်၊ "ကျွန်ုပ် သိပါ၏။ သင်တို့ဆရာဂေါတမသည် ပရိနိဗ္ဗာန်လွန်၍ ယနေ့ ခုနစ်ရက်ရှိပြီ။ ဤပန်းကား အရှင်ဂေါတမ ပရိနိဗ္ဗာန်ယူရာဌာနမှ ရခဲ့သော ပန်းပင်တည်း"ဟု ဆို၏။

"ထိုအာဇီဝကစကားကို ကြားလျှင် ရဟန်းအများတို့ ပြင်းစွာ ငိုယိုကြကုန်သည်။ ထိုအခါ အာတုမပြည်သားဖြစ်သော သုဘဒ်ရဟန်းကြီးသည် "ငါ့ရှင်တို့။ အဘယ့်ကြောင့် ငိုကြွေးကြကုန်သနည်း။ ရဟန်းဂေါတမလက်မှ ငါတို့ ယခုလွတ်ထွက်ပြီတကား။ ဤဂေါတမရဟန်းကြီးသည် ငါတို့အား နှိပ်စက်သည် များလှပြီ။ ဤအခါမှစ၍ ငါတို့ အလိုရှိတိုင်း နေရတော့မည်"ဟု ဆိုသည်။

"ငါ့ရှင်တို့။ ဤသုဘဒ်ရဟန်းကဲ့သို့သော သူယုတ်သူဖျင်းတို့သည် မင်း၏စည်းစိမ်ကို ပေးပေသော ကျေးဇူးရှင်ကိုလျက် ရန်သူထင်မှားသောယောကျ်ားကဲ့သို့ ချုပ်ချယ်ထိပါးလျက် ပြောဆိုကြကုန်သည်။ ဤ သူဖျင်းတို့သည် အသင်းအပင်းကို ရကုန်သည်ရှိသော် သူတော်ကောင်းတရားတည်းဟူသော ဘုရားဩဝါဒသည် မကြာမီ ကွယ်လေရာသည်။

"စင်စစ်သော်ကား အကြင်မျှလောက်သော ကာလပတ်လုံး သုတ်, အဘိဓမ္မာ, ဝိနည်းတရားသည် တည်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရား မလွန်သေးသည်သာတည်း။ ယင်းသို့ဖြစ်ရကား မသူတော်တို့၏တရားသည် မပြန့်ပွားမတောက်ပမီ၊ သူတော်ကောင်းတို့၏တရားသည် မရွေ့မရှား မပျောက်မပျက်မီ၊ အလဇ္ဇီသူယုတ်တို့ ပြုလုပ်ပညတ်အပ်သော အဝိနယဓမ္မသည် မထွန်းပ မပြန့်ပွားမီ၊ ဝိနည်းတရားသည် မပျက်ပြားမယိုယွင်းမီ၊ အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်များသည် အားမကြီးမီ၊ ဓမ္မဝါဒီ လဇ္ဇီသူတော်ကောင်းများသည် အားမနည်းမီ ဤ သုတ်, ဝိနည်း, အဘိဓမ္မာကို သင်္ဂါယနာ တင်ကြကုန်အံ့"ဟု ဆိုပေ၏။

ထိုစကားကိုကြားသော် သံဃာတော်အပေါင်းတို့ကလည်း "အရှင်မဟာပဿပ။ ဤအကြောင်းကား အလွန်ကောင်းလှ၏။ သင်္ဂါယနာ တင်ကြခြင်းငှာ အရှင်သာ အားထုတ်တော်မူပါလော့။ လျောက်ပတ်သောသံဃာကို ဖွေရှာ ရွေးကောက်တော်မူပါလော့"ဟူ၍ လျှောက်ကြ၏။

ထိုအခါ အရှင်မဟာကဿပလည်း အလုံးစုံ အင်္ဂါကိုးပါးရှိသော ပရိယတ္တိသာသနာကို ဆောင်ကုန်သော၊ အရာ အထောင် အသောင်း အသိန်းမကကုန်သော၊ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ချာန်မရသော ရဟန္တာပုဂ္ဂိုလ်တို့ကို ချန်ထား၍ များသောအားဖြင့် ဘုရား ဇေတဒဂ် မိန့်မြွက်ချီးကျူးတော်မူအပ်သော သုံးပုံပိဋကတ်တည်းဟူသော ပရိယတ္တိဓမ္မကို



www.burmeseclassic.com

www.burmeseclassic.com



နေ့ညဥ့် သရဏ္ဍာယ်ကာ ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇ, ဆဠဘိညာဖြစ်ကုန်သော ရဟန္တာသခင် အရှင်ငါးရာတို့တွင် တစ်ပါးလျော့၍ ရွေးကောက်တော်မူ၏။

[အဘယ်ကြောင့် တစ်ပါးလျော့သနည်း ဟူမူကား– အရှင်အာနန္ဒာကိုသွင်းခြင်းငှာ လျော့၍ထားသတည်း။ အဘယ်ကြောင့် အရှင်အာနန္ဒာကို သွင်းလိုသနည်း ဟူမူကား– အရှင် အာနန္ဒာသည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌သာ သုတ္တဂေယျ စသော ပိဋကတ်သုံးပုံကို အကုန်သင်ရ၏။ မျက်ကွယ်၌ သင်ရသော မည်သည် မရှိ။ ထို့ကြောင့် အရှင်အာနန္ဒာနှင့် ကင်း၍ သင်္ဂါယနာတင်ခြင်းငှာလည်း မထိုက်။ အစဉ်တစိုက် သွင်းရမည်လည်း ထို အရှင် အာနန္ဒာသည် သောတာပန်သာ ဖြစ်သေး၏။ ရဟန္တာ မဟုတ်သေး။ ထိုသို့လျက် မိမိအလိုဖြင့် ရေတွက်ကောက်ယူငြားအံ့။ သူ တစ်ပါးတို့ ကဲ့ရဲ့ခြင်း ဖြစ်ဘိလေရာသည်။ ဤအကြောင်း သာလည်း မဟုတ်။ အရှင်အာနန္ဒာနှင့် အရှင်မဟာကဿပသည် အလွန် ချစ်ကျွမ်းဝင်ကြ၏။ ဆုံးမပြောဆိုဖွယ်သော အရေးအရာရှိလျှင် အရှင်အာနန္ဒာ သက်တော်ခြောက်ဆယ်ကျော်၍ ဦးခေါင်းပေါ်၌ ဆံဖြူရောက်သည်တိုင်အောင်ပင် "ဤသူငယ်သည် အတိုင်းအရှည်ကိုမျှ မသိသေး"ဆို၍ 'သူငယ်'ဟူသော ဝေါဟာရဖြင့်သာလျှင် ဆုံးမလေ့ပြု၏။

[ဤသို့ ချစ်ကျွမ်းဝင်သူဖြစ်ရကား– အရှင်မဟာကဿပသည် ဆန္ဒာဂတိသို့ လိုက်သော အားဖြင့်'ရဟန္တာအများ ရှိပါလျက် သောတာပန်သာဖြစ်သေးသော အရှင်အာနန္ဒာကို ရွေးကောက် တော်မူလေသည်'ဟု သူတစ်ထူးကဲ့ရဲ့မည်ကို ကြဉ်လိုသောကြောင့်လည်း ခြွင်းတော်မူသည်။ ထိုသို့ ခြွင်းသော်လည်း သံဃာတော်တို့၏အလိုနှင့် သွင်းရအံ့သည်ကို မြင်တော်မူလျက်ပင်တည်း။]

ထိုအခါ သံဃာတော်တို့က ဤသို့ တောင်းပန်ကြ၏။ "အရှင်ဘုရား။ အရှင်အာနန္ဒာ မထေရ်ကား အကယ်၍ သေက္ခသာ ဖြစ်ပါငြားသော်လည်း တရားတော်မြတ် ပိဋကတ်အရာဝယ် ဘဏ္ဍာစိုးကြီး ဖြစ်ပေသည်။ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာကို ဘုရားရှေ့တော်မှောက် ၌သာ သင်၍ နှုတ်တွင်ဆောင်ထားသူ ဖြစ်ပေသည်။ အရှင်အာနန္ဒာနှင့် ကင်း၍ သင်္ဂါယနာ တင်ခြင်းငှာ မလျောက်ပတ်ပေ။ ထို့ကြောင့် အရှင်အာနန္ဒာကို ရွေးကော်တော်မူပါလော့"ဟု တောင်းပန်ကြ၏။

ထိုအခါမှ အရှင်မဟာကဿပလည်း အရှင်အာနန္ဒာနှင့်တကွ သံဃာငါးရာပြည့် ရွေး ကောက်တော်မူပြီးလျှင် "ငါတို့သည် အဘယ်မြို့ရွာ၌ ဝါကပ်၍ သင်္ဂါယနာတင်ရသော် သင့်လျော်ပါအံ့နည်း"ဟု တိုင်ပင်ကြ၏။ ထိုအခါ သံဃာတော်တို့သည် ဤသို့ အကြံဖြစ်၏။ 'ရာဇဂြိုဟ်ပြည်သည် ကျယ်သောဆွမ်းခံရွာလည်း ရှိ၏။ မှီခိုရာကျောင်းလည်း များ၏။ ပြည်သူပြည်သားတို့လည်း ရတနာသုံးပါးအရေး၌ ယဉ်ကျေးလိမ္မာ၍ သဒ္ဓါနှင့် ပြည့်စုံကြ၏။ ငါတို့မှတစ်ပါး အခြားသံဃာတို့ ဤရာဇဂြိုဟ်၌ ဝါမကပ်လာမူ သင်္ဂါယနာတင်ခြင်းငှာ သင့်မြတ်လှ၏'ဟု အကြံဖြစ်၏။ အဘယ့်ကြောင့် ဤသို့ ကြံသနည်းဟူမူကား 'ငါတို့ စီမံလတ္တံ့ သော သင်္ဂါယနာကံသည် ထာဝရဖြစ်သော ကံကြီးတည်း။ တစ်စုံတစ်ယောက်သော ဝိသဘာဂ ပုဂ္ဂိုလ်သည် မဆိုမမြစ် မပစ်ပယ်သော်သာ ကောင်းမြတ်စွာဖြစ်လတ္တံ့။ ပစ်ပယ်မှုကား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ကျိုး မရှိလတ္တံ့.'ဟု အကြံဖြစ်လေသတည်း။ ထို့သို့ကြံပြီးမှ အရှင်မဟာကဿပသည် ဤသို့သော ဥ တ္တိဒုတိယကမ္မဝါစာကို ရွတ်၏။

'သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
သံဃော ဣမာနိ ပဉ္စဘိက္ခုသတာနိ သမ္မန္နေယျ ရာဇဂဟေ ဝဿံ
ဝသန္တာ ဓမ္မဉ္စ ဝိနယဉ္စ သံဂါယိတုံ၊
နာညေဟိ ဘိက္ခူဟိ  ရာဇဂဟေ ဝဿံ ဝသိတဗ္ဗန္တိ။ ဧသာ ဉ တ္တိ။
သုဏာတု မေ အာဝုသော သံဃော။ ပ။ မံ သံဃော ဓာရေတု–' ဟူသည်တည်း။

အဓိပ္ပာယ်ကား – 'ယခု စည်းဝေးကြသော အရှင်ရဟန်းတို့။ သံဃာသည် ငါ၏စကားကို နာကုန်လော့။ သံဃာတော်အား သင့်လျော်ညီညွတ်သော ကံသည် အကယ်၍ဖြစ်အံ့။ သံဃာတော်သည် ငါ ရွေးကောက်အပ်သော ဤ ငါးရာသောရဟန်းတို့ကို ရာဇဂြိုဟ်ပြည်၌ ဝါကပ်၍ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတော်ကို သင်္ဂါယနာတင်ခြင်းငှာ သမ္မုတိပေး၏။ ဤငါးရာမှ တစ်ပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆို၍နေခြင်းကို မရအပ်။ ဤသည်ကား အမျှားကို သိစေခြင်းတည်း'ဟု ဆိုလိုသည်။

ယင်းသို့ ဉ တ်ကမ္မဝါရွတ်ပြီးသောအခါ အရှင်မဟာကဿပသည် သံဃာတော်အပေါင်းတို့ကို ခေါ်၍ "ငါ့ရှင်တို့။ ယနေ့သည် ဘုရားနိဗ္ဗာန် စံတော်မူသည်မှ နှစ်ဆယ့်တစ်ရက်လွန်ပြီ။ နွေလတို့၏အထက်၌အရက်လေးဆယ်မျှသာ ကြွင်း၍ ဝါကပ်ခြင်းလည်း နီးချေပြီ။ ဤမှ နောက်ကာလ၌ ဤမည်သော ပလိဗောဓသည် ရှိကြပါသည်ဟု မဆိုရအောင် ရက်လေးဆယ်၏အတွင်း၌သာ အနာရောဂါကြောင့်ဖြစ်သော ပလိဗောဓ, ဆရာတို့ကြောင့်ဖြစ်သော ပလိဗောဓကို ထမြောက်စေကုန်လော့။ သင်္ကန်းချုပ်ခြင်း, သပိတ်ဖုတ်ခြင်း စသော မိမိကိစ္စကိုလည်း ပြီးကြစေကုန်လော့"ဟု ဆိုဘိ၍၊ မိမိတပည့်ငါးရာ သံဃာအပေါင်းနှင့် တစ်ကြောင်းသော ခရီးဖြင့် ရာဇဂြိုဟ်ပြည်သို့ ရှေးရှုကြွလေ၏။

အရှင်အနုရုဒ္ဓါစသော သာဝကကြီးတို့သည်လည်း မိမိ၏ တပည့်သံဃာအပေါင်းနှင့် တစ်ကြောင်းသောခရီးဖြင့် သွားကြ၏။

ပုဏ္ဏထေရ်မူကား ခုနစ်ရာသော ရဟန်းတို့နှင့်တကွ ဘုရားနိဗ္ဗာန်လွန်သောဌာနဝယ် ရောက်လာသမျှသော ပရိသတ်တို့အား တရားဟောခြင်းငှာ ကုသိနာရုံပြည်တွင် တည်ရစ်ရ၏။

အရှင်အာနန္ဒာထေရ်ကား မြတ်စွာဘုရား သက်တော်ထင်ရှား ရှိသောအခါကကဲ့သို့ သင်္ကန်း, သပိတ်, ပရိက္ခရာတော်ကို ကောင်းစွာယူဆောင်ပြီးလျှင် သာဝတ္ထိပြည်ခရီးဖြင့် ရဟန်းငါးရာ အခြံအရံနှင့်တကွ ကြွတော်မူ၏။ အရှင်အာနန္ဒာ ရောက်ရာရောက်ရာဖြစ်သော ဇနပုဒ်နိဂုံးတို့၌ အလုံးစုံသောလူတို့သည် အရှင်အာနန္ဒာကိုမြင်လျှင် ပူပင်လှိုက်လှဲသောအသံဖြင့် ငင်လျက် "အရှင်အာနန္ဒာ။ ရှေးရှေးသောအခါ စောမြတ်စွာနှင့် အတူသာလာမြဲဖြစ်ပါလျက် ယခုအခါ သုံးလူ့ဆရာ မြတ်စွာဘုရားကို အဘယ်မှာထားခဲ့၍ အရှင်ဘုရား တစ်ပါးတည်းသာ ကြွလာဘိသနည်း။ ကျွန်ုပ်တို့ ဘုရားသခင်ကို မဖူးမြင်ရပြီလော"ဟုဆို၍ ခေါ်တော်သို့ ဖက်ယမ်း



www.burmeseclassic.com

www.burmeseclassic.com



လျက် ထက်ဝန်းကျင်မှ ဝိုင်းကြွေးကြ၏။ အရှင်အာနန္ဒာလည်း များစွာသော ထိုလူအပေါင်းတို့အား သခံါရတရားတို့၏သဘောကို ဟောပြ၍ သက်သာရာ ရစေ၏။

အစဉ်သဖြင့် လာ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ရောက်သော် ဘုရားကိန်းဝပ်တော်မူမြဲဖြစ်သော ဂန္ဓကုဋိတိုက်တံခါးကို ဖွင့်၍ ရှိလင့်သောညောင်စောင်းအင်းပျဉ်ကို ထုတ်လှန်းလျက်၊ ရိန္ဓမ်းသော အဝတ်, ပန်းမှိုက်တို့ကိုသုတ်သင်ပြီးလျှင် ဘုရားသခင် သက်တော်ထင်ရှားရှိသောအခါက မျက်နှာသစ်တော်မူသော အခါကဲ့သို့ နေမြဲနေရာ၌ ခင်းထားခြင်း, သောက်တော်ရေတည်ခြင်း စသောဝတ်တို့ကို လည်းကောင်း၊ ရေချိုးတော်မူရာ၌ ရေတည်ခြင်း ဝစ္စကုဋိပဿာဝကုဋိတို့ကို သုတ်သင်ခြင်း, ကျောင်းကိုပြုပြင်ခြင်း စသောဝတ်တို့ကို လည်းကောင်း၊ "ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဤအခါကား မျက်နှာသစ်တော်မူသော အခါပါတည်း။ ဤအခါကား တပည့်သားတို့ကို တရားပြသ၍ ဩဝါဒပေးတော်မူသော အခါပါတည်း" ဤသို့ စသည်ဖြင့် ကိစ္စအလုံးစုံတို့ကို ငိုကာငိုကာ လျှောက်၍ပြုလေ၏။

ထိုသို့ပြုသည်ကို ကျောင်းတော်စောင့်နတ်တစ်ယောက် မြင်လျှင် "အရှင်အာနန္ဒာ။ သောတာပန်ဖြစ်ပြီးသော အရှင်ဘုရားတို့မှ ဤမျှလောက် တချောက်ချားချား တရှိုက်ငင်ငင် ပူပင်ငိုယိုဘိမူ သူတစ်ပါးတို့မှာ အဘယ်သို့ သက်သာရာ ရနိုင်ပေတော့အံ့နည်း"ဟု ဆို၏။ ထိုသို့ နတ်သားကြားလျှောက်သောအခါမှ အရှင်အာနန္ဒာလည်း သတိပညာဖြင့် ကောင်းစွာ ချုပ်တည်းတော်မူ၏။

ဘုရားသခင် ပရိနိဗ္ဗာန်ဝင်သည်မှစ၍ ထိုင်ခြင်း, ရပ်ခြင်း, သွားလာခြင်းများသည် ဖြစ်၍၊ ကိုယ်တော်၌ ပြောသောသလိပ်,သည်းခြေရှိရကား နို့ရည်ဖြင့်ဖျော်သော ဝမ်းလားဆေးကို ဘုဉ်းပေးတော်မူ၏။

ထို့နောက် မိုးသောက်သောနေ့၌ 'တောဒေယျ'ပုဏ္ဏား၏သားဖြစ်သော 'သုဘလုလင်' သည် အရှင်အာနန္ဒာ ကြွရောက်လာရာ၌ 'ငါသည်အဖူးအမြင်သွားသော် ကျောင်းတော်၌ ပရိသတ်အလွန်များ၍ တရားတော်ကို မနာရ ရှိလတ္တံ့။ အိမ်သို့ပင့်ပြီးမှ ကောင်းမွန်စွာ ဆွမ်းလုပ်ကျွေး၍ တရားတော်ကိုနာရသော် ကောင်း၏'ဟု ကြံပြီးလျှင်၊ အ ရှင်အာနန္ဒာ၏အထံတွင် တမန်လွှတ်၍ လျှောက်၏။ အရှင်အာနန္ဒာကလည်း "ငါကား ယနေ့ အနည်းငယ်သောဆေးကို ဘုဉ်းပေးမိသည်။ နက်ဖြန် လာနိုင်ငြားအံ့လည်း မသိ"ဟု မိန့်လိုက်ပြီးမှ၊ ဒုတိယနေ့ နံနက်သောအခါ 'စေတက' ထေရ်ကို ပစ္ဆာသမဏပြု၍ သုဘလုလင်၏အိမ်သို့ ကြွပြီးလျှင် ဒီဃနိကာယ်၌ သုဘသုတ်ကို ဟောပေ၏။

ထို့နောက်မှ အရှင်အာနန္ဒာလည်း ပရိဘောဂစေတီဖြစ်သော ဇေတဝန်ကျောင်းတော်၌ ကျိုးသည်ပျက်သည်များကို ပြုပြင်ပြီးသော်၊ ဝါလနီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေ၏။

အရှင်မဟာကဿပထေရ်, အရှင်အနုရုဒ္ဓါထေရ်တို့သည်လည်း မိမိတို့ပရိသတ်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ အရောက်ညီကြသော် ပြည်၏ထက်ဝန်းကျင်၌တည်သော တစ်ဆယ့်ရှစ်ရပ်သော ကျောင်းကြီးတို့၌ ပျက်စီးယိုယွင်းလေသည်တို့ကို လည်းကောင်း၊ ကျသော အမှိုက်သရိုက်တို့ကို လည်းကောင်း သုတ်သင်ပြုပြင်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



[အဘယ့်ကြောင့် ထိုကျောင်းကြီးတို့သည် ပျက်စီးယိုယွင်းခြင်း ရှိလေသနည်းဟူမူကား-ရဟန်းတို့သည် ဘုရား ပရိနိဗ္ဗာန်ယူသည်ဟု ကြားသော် ကျောင်းတို့ကိုပစ်ထား၍ မိမိတို့၏ သကၢန်း, သပိတ်, ပရိက္ခရာနှင့်သာ ကုသိနာရုံပြည်သို့ လာကြသောကြောင့် စိုးစဉ်းကျိုးပျက်လေသတည်း။]

ကျောင်းတို့ကို သုတ်သင်ပြီးသော် ဝါဆိုလပြည့်နေ့၌ ဥပုသ်ပြုကြ၍၊ လပြည့်ကျော် တစ်ရက်နေ့၌ စည်းဝေး၍ ဝါကပ်ပြီးမှ ဤသို့ တိုင်ပင်ကြ၏။ "ငါတို့၏ ပုဗ္ဗကိစ္စကား ပြီးပြီ။ ယခုအခါ သင်္ဂါယနာတင်ကြခြင်းငှာ စည်းဝေးရာမဏ္ဍပ်သာ လိုတော့သည်။ ဤအရာကို အဇာတသတ်မင်းအား ကြားကြကုန်အံ့"ဟု တိုင်ပင်လျက်၊ နောက်နေ့နံနက်သောအခါ သံဃာတော်ရှစ်ဦးတို့ မင်းအိမ်သို့ ကြွတော်မူကြကုန်၍၊ မင်းကြီးအား ဤသို့ ဆိုကြလေကုန်၏။ "ပြည့်ရှင်မင်းမြတ်။ ငါတို့ပြုအပ်သော 'ဝိဟာရပဋိသင်္ခရဏ' စသောကိစ္စသည် ပြီးပြီ။ ယခုအခါ တရားဓမ္မက္ခန္ဓာတို့ကို သင်္ဂါယနာတင်ရန်သာ လိုတော့သည်"ဟု ဆိုလေ၏။

ထိုမင်းကလည်း "အရှင်ဘုရားတို့။ မရွံ့မထိတ် စိတ်တော်ရှိတိုင်း လွတ်လွတ်သာ ပြုတော်မူပါ။ အကျွန်ုပ်၏အာဏာစက်လည်း ဖြစ်ပါစိမ့်မည်။ အရှင်ဘုရားတို့ ဓမ္မစက်ကိုလည်း ဖြစ်ပါစေကုန်။ အရှင်တို့၌ မပြည့်စုံသော အကျွန်ုပ်တို့ပြုဖွယ်ကိစ္စကား အဘယ်နည်း"ဟု လျှောက်၏။ "မင်းကြီး။ ငါတို့သံဃာငါးရာ စည်းဝေးခြင်းငှာ လျောက်ပတ်သောမဏ္ဍပ်ကို အလိုရှိချေ၏။ ထိုမဏ္ဍပ်ကိုကား စရည်းပင်ရောက်သော လိုဏ်ဝ၌ ပြုစေချင်သည်"ဟု ဆိုလျှင်၊ "အရှင်ဘုရား။ ကောင်းပါပြီ။ အကျွန်ုပ် ဆောက်လုပ်ပါတော့မည်"ဟု ဝန်ခံ၍ မြန်စွာ သစ်ဝါးတို့ကိုဆောင်စေပြီးသော် ညီညွတ်ပြီးသော မြေအပြင်တစ်ခု၌ ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်သည်နှင့်တူသော အကြီးအငယ် ကျင်းကျယ်နိမ့်မြင့် အသင့်ဝေဖန်အပ်သော နံရံသီတိုင် စောင်းတန်းရှိထသော ခြူးပန်းခြူးနွယ်တို့ဖြင့် ဆန်းကြယ်စွာရေးခြယ်စီခင်းလျက် မင်းအိမ်နန်းတော်၏ကျက်သရေကို နှိပ်စက်လေသကဲ့သို့ မြင်းမိုရ်ထိပ်ဖျား သိကြားဗိမာန် ဝေဇယန်ကို ပြိုင်စံ၍ ပြက်ရယ်ပြုသည့်ပမာ အံ့ဖွယ်စွာသော ဗြဟ္မာမင်း၏ဗိမာန်နှင့်တူထသော ရှုဖွယ်ဘနန်း အံ့မခန်းသောမဏ္ဍပ်ကို ဆောက်လုပ်ပြီးလျှင် သံဃာတော်တို့၏နေရာများ၌ များစွာအဖိုးထိုက်သော အခင်းတို့ကို ခင်းကျင်းစီရင်လတ်၍၊ မဏ္ဍပ်၏အလယ်ချာ၌ ဘုရားတို့သာ နေခြင်းငှာ ထိုက်သော ဓမ္မာသနကို ဆင်စွယ်ယပ်နှင့်တကွ ထား၍၊ တောင်ဘက်နံပါးကိုမှီကာ ဥတ္တရာမုခဖြင့် သံဃာထေရ်ကြီးတို့၏နေရာကို ထား၍၊ ခမ်းနားတင့်တယ်စွာ စီမံပြီးသော် သံဃာတော်တို့အား "အရှင်ဘုရားတို့။ အကျွန်ုပ်ကိစ္စ ပြီးပါပြီ"ဟု လျှောက်၏။

ထိုအခါ ဝါခေါင်လဆန်း တစ်ဆယ့်လေးရက်သို့ကျ၍၊ သံဃာတော်တို့ကလည်း "လပြည့်နေ့ပင် စ၍ သင်္ဂါယနာတင်ကုန်အံ့"ဟု တိုင်ပင်ကြ၏။ ထိုအခါ အချို့သောသံဃာတို့သည် အရှင်အာနန္ဒာကိုရည်၍ "ငါတို့အစည်းအဝေးဝယ် ကိလေသာတည်းဟူသော အဆိပ်နံ့ တကြိုင်ကြိုင်လှိုင်လျက် ထွက်လာဝင်လာလတ္တံ့သော သူတစ်ဦး ရှိသည်တကား"ဟု ပြက်ရယ်စကား ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှင်အာနန္ဒာကလည်း 'ငါမှတစ်ပါး ကိလေသာတည်းဟူသော အဆိပ်နံ့လှိုင်လျက် ထိုင်လတ္တံ့သောသူ မည်သည် မရှိပြီ။ ဤရဟန်းတို့သည် ငါ့ကိုရည်၍ပင် ဆိုချေသည်တကား'ဟု ကြီးမားသောသံဝေဂ ဖြစ်၏။ အချို့သောရဟန်းတို့ကလည်း "အရှင်အာနန္ဒာ။ နက်ဖြန်ပင် သံဃာအစည်းအဝေးသည် ဖြစ်လတ္တံ့။ အရှင်ကား သေက္ခသာ ဖြစ်၍ အထက်မဂ်အလို့ငှာ ပြုဖွယ်ကိစ္စ ရှိချေသေး၏။ မမေ့မလျော့ အားထုတ်တော်မူပါ။ ရဟန္တာပရိသတ်သို့ ဝင်ရပါလတ္တံ့."ဟု ဆိုကြကုန်၏။

ထိုစကားကိုကြားလျှင် အရှင်အာနန္ဒာလည်း 'ငါသည် သေက္ခသာဖြစ်လျက် ရဟန္တာပရိသတ်သို့ ဝင်ခြင်းငှာမသင့်။ အားထုတ်၍ကျင့်က အရဟတ္တဖိုလ်စိတ်သည် မျက်မိတ်တစ်ခတ် လျှပ်ပြက်တစ်ခတ် သာတည်း။ ငါ၏ကိစ္စသည် ယနေ့ည ပြည့်စုံစေအံ့'ဟု ကြံလျက်၊ ညဦးယံကပင် စင်္ကြံသို့တက်၍ လူးလာလူးလာသွားလျက် ကာယဂတာသတိ–ဟု ဆိုအပ်သော ဒွတ္တိံသာကာရကို အနုလောမအားဖြင့် စီးဖြန်း၍ သန်းခေါင်ယံ ကုန်ခန်း၏။ မိုးသောက်ယံသို့ လှမ်း၍မျှ တရားအထူးကိုရခြင်းငှာ မတတ်နိုင်လေသော် ဆင်ခြင်တော်မူပြန်သည်ကား – 'မြတ်စွာဘုရားသည် "ချစ်သားအာနန္ဒာ။ သင်ကား ဖြည့်ပြီးသောပါရမီ ရှိ၏။ ကမ္မဋ္ဌာန်းကိုသာ ကောင်းစွာ အားထုတ်လော့။ မမြင့်မီ ရဟန္တာဖြစ်လတ္တံ့."ဟု မိန့်တော်မူဖူးပါသည်။ မြတ်စွာဘုရားတို့စကားလည်း ဖောက်ပြားချွတ်ယွင်းသောမည်သည် မရှိစဖူး။ လွန်ကျူးသော ဝီရိယကြောင့်ပင် သတိ, သမာဓိကိုမရဘဲ ငါ့အား ဥဒ္ဓစ္စ ဖြစ်လေသလော။ ယခုအခါ ဝီရိယနှင့် သမာဓိကို မျှစေဦးအံ့'ဟုကြံလျက်၊ စင်္ကြံမှသက်ဆင်းပြီးသော် ကျောင်းတွင်းသို့ဝင်၍ အပင်ပန်းဖြေတော်မူခြင်းငှာ အိပ်ရာညောင်စောင်းထက်ထိုင်၍ ငါးခိုင်သောခန္ဓာ၏ အနိစ္စလက္ခဏာကို ဆင်ခြင်လျက် ကိုယ်တော်ကိုလျောင်းလိုက်သော် ခြေတော်ကို မြေမှအကြွ ဦးခေါင်းတော် အုံးသို့မကျမီ အထက်မဂ် သုံးတန်ကို ရ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

[ထို့ကြောင့် ငါတို့မြတ်စွာဘုရား သာသနာတော်၌"လျောင်းစဉ်လည်း မဟုတ်၊ ထိုင်စဉ်လည်း မဟုတ်၊ ရပ်စဉ်လည်း မဟုတ်၊ သွားစဉ်လည်း မဟုတ် ဣရိယာပုထ်လေးပါးမှ လွတ်ကွာလျက် ရဟန္တာဖြစ်သည်ကား အသူနည်း"ဟုမေးလျှင်၊ "အရှင်အာနန္ဒာပေတည်း"ဟု ဖြေအပ်၏။]

ယင်းသို့ အရှင်အာနန္ဒာ ရဟန္တာဖြစ်သည့်နောက် မိုးသောက်သောနေ့၌ လေးရာ့ကိုးကျိပ်ကိုးပါးသော ရဟန်းတို့ ဆွမ်းစား၍ပြီးကြသော်၊ သပိတ်,သင်္ကန်းကို သိုမှီး၍ မဏ္ဍပ်သို့ ကပ်ပြီးလျှင် ထေရ်စဉ်နေရာဖြင့် ကောင်းစွာစည်းဝေးကြ၏။ အရှင်အာနန္ဒာ၏အလို့ငှာလည်း နေရာကို ထားကြ၏။ အချို့သောရဟန်းတို့ကလည်း "ဤနေရာကား အဘယ်ပုဂ္ဂိုလ်၏နေရာနည်း"ဟု မေးကြလျှင်၊ "အရှင်အာနန္ဒာ၏ နေရာပေတည်း"ဟု ပြောလင့်၏။

အရှင်အာနန္ဒာလည်း မိမိ၏ ရဟန္တာဖြစ်ကြောင်းကို သိစိမ့်သောငှာ သံဃာတို့နှင့် အတူ မလိုက်မူ၍ သံဃာတို့တောင့်တသောအခါမှ မဟာပထဝီကို ဝင်လျှိုးသဖြင့် ထားလင့်သော နေရာထက်၌ ရုတ်ခြည်း ကိုယ်တော်ကို ပြပေ၏။ ထိုသို့ပြသောအခါမှ ရဟန္တာဖြစ်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်အပေါင်းတို့ သိကြသတည်း။ တစ်ရံသောအခါလည်း အာကာသခရီးဖြင့် သွား၍ နေရာ၌ ထင်ရှားပြသတည်း။

**ပထမသင်္ဂါယနာတင်ပုံ**

သံဃာတို့ စည်းဝေးမိကြသောအခါ အရှင်မဟာကဿပလည်း "ငါ့ရှင်တို့။ သုံးပုံသော ပိဋကတ်တို့တွင် ဝိနည်းကိုတည်း ရှေးဦးစွာ သင်္ဂါယနာ တင်ကြအံ့လော။ သုတ် အဘိဓမ္မာကိုတည်း ရှေးဦးစွာ သင်္ဂါယနာ တင်ကြအံ့လော"ဟု မေး၏။သံဃာတော်တို့ကလည်း "အရှင်ဘုရား။ ဝိနည်းတရားမည်သည်ကား သာသနာတော်၏ အသက်တည်း။ဝိနည်းတည်သော်သာလျှင် သာသနာတော် တည်ရာ၏။ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာ တင်သင့်ပါသည်"ဟု လျှောက်၏။"ဝိနည်းကို သင်္ဂါယနာ တင်ကြအံ့ဆိုသော် အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ တင်သင့်သနည်း"ဟု မေးမြန်း၏။"အရှင်ဥပါလိကို အမှူးထား၍ တင်ကြကုန်အံ့"ဟု လျှောက်၏။ "အသို့နည်း။ အရှင်အာနန္ဒာ မစွမ်းနိုင်သလော"ဟု မေးပြန်လျှင်၊ "အရှင်အာနန္ဒာလည်း စွမ်းနိုင်ပါ၏။ သို့ရာတွင် အရှင်ဥပါလိကိုမူကား မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် အရှင်ဥပါလိကို ဝိနယဓရအရာ၌ ဧတဒဂ် ထားတော်မူချေသည်။ ထို့ကြောင့် အရှင်ဥပါလိကို အမှူးထားသင့်ပါသည်"ဟု လျှောက်၏။

ယင်းသို့ မေးမြန်းညှိနှိုင်းကြသောအခါ အရှင်မဟာကဿပနှင့် အရှင်ဥပါလိတို့သည် သမ္မုတိဉတ်ကို ထားကြ၏။ ထို့နောက်မှ အရှင်ဥပါလိသည် ဆင်စွယ်ဖြင့်စီသောယပ်ကို ကိုင်လျက် တရားပလ္လင်ထက်၌ အရှေ့သို့မျက်နှာမူ၍ နေ၏။ အရှင်မဟာကဿပလည်း တောင်ဘက် နံရံကိုမှီ၍ မြောက်သို့မျက်နှာမူကာ ထေရာသနပ္ပ၌နေပြီးသော် ဤသို့ မေးတော်မူ၏။

"အရှင်ဥပါလိ။ ပထမ ပါရာဇိကသိက္ခာပုဒ်ကို ဘုရားမြတ်စွာသည် အဘယ်ပြည်ရွာ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်း"ဟု မေး၏။

အရှင်ဥပါလိကလည်း "အရှင်ဘုရား။ ဝေသာလီပြည်၌ ကလန္ဒသူဌေးသားဖြစ်သော သုဒိန်သည် မိမိမယားဟောင်း၌ မေထုန်မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်"ဟု လျှောက်၏။

ဤသို့သောနည်းအားဖြင့် အလုံးစုံသောသိက္ခာပုဒ်တို့၏ ဝတ္ထုကို လည်းကောင်း၊ နိဒါန်းကို လည်းကောင်း၊ ပုဂ္ဂိုလ်ကို လည်းကောင်း၊ ပညတ်ရင်းကို လည်းကောင်း၊ အနုပညတ်ကို လည်းကောင်း၊ အာပတ္တိဝါရကို လည်းကောင်း၊ အနာပတ္တိဝါရကို လည်းကောင်း၊ ပဒဘာဇနီကို လည်းကောင်း မေး၏။

မေးတိုင်းမေးတိုင်း၌ အရှင်ဥပါလိလည်း ဖြေဆို၏။

ထိုသို့ မေးဖြေကြပြီးမှ ဤမျှသော သိက္ခာပုဒ်စုကား ပါရာဇိကကဏ္ဍတည်း။ ဤမျှကား သံဃာဒိသိသ်တည်း။ ဤမျှကား အနိယတတည်း။ ဤသို့စသည်ဖြင့် ပါရာဇိက လေးပါး, သံဃာဒိသိသ် တစ်ဆယ့်သုံးပါး, အနိယတ နှစ်ပါး, နိဿဂ္ဂိယပါစိတ် သုံးဆယ်, သုဒ္ဓပါစိတ် ကိုးဆယ့်နှစ်ပါး, ပါဋိဒေသနီ လေးပါး, သေခိယ ခုနစ်ဆယ့်ငါးပါး, အဓိကရဏသမထ



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ပါးအားဖြင့် ပေါင်း နှစ်ရာနှစ်ဆယ်ခုနစ်ပါးသော တရားအစုကို 'ဘိက္ခုဝိဘင်း' ဟူသောအမည်ဖြင့်ထား၍၊ ရဟန်းမိန်းမတို့အားပညတ်တော်မူအပ်သော ပါရာဇိကရှစ်ပါး, သံဃာဒိသိသ် တစ်ဆယ့်ခုနစ်ပါး, နိဿဂ္ဂိယပါစိတ်သုံးဆယ်, သုဒ္ဓပါစိတ် တစ်ရာ့ခြောက်ဆယ့်ခြောက်ပါး, ပါဋိဒေသနီ ရှစ်ပါး, သေခိယ ခုနစ်ဆယ့်ငါးပါး, အဓိကရဏသမထ ခုနစ်ပါးအားဖြင့် သုံးရာတစ်ဆယ့်တစ်ပါးသော သိက္ခာပုဒ်တို့ကို 'ဘိက္ခုနီဝိဘင်း'ဟူသောအမည်ဖြင့်ထား၍၊ ကြွင်းသောတရားအစုကို မဟာဝါခန္ဓက, စူဠဝါခန္ဓက, ပရိဝါ ဟူသောအမည်ဖြင့် သီးသန့်၍ထားပြီးမှ ရဟန္တာငါးရာလုံး ပေါင်းရုံး၍ သရဇ္ဈာယ်ကြကုန်၏။

ဝိနည်းကို သင်္ဂါယနာတင်ပြီးသော် အရှင်မဟာကဿပလည်း "ငါ့ရှင်တို့။ သုတ်အဘိဓမ္မာကို သင်္ဂါယနာတင်ရာဝယ် အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ တင်သင့်သနည်း"ဟု မေးပြန်၏။ "အရှင်အာနန္ဒာကို အမှူးထား တင်သင့်ပါသည်"ဟုလျှောက်လျှင်၊ အရှင်အာနန္ဒာကို အရှင်ဥပါလိ၏နေရာသို့ တက်စေ၍၊ ဤသို့ မေးပြန်၏။

"ငါ့ရှင် အာနန္ဒာ။ မြတ်စွာဘုရားသည် 'ဗြဟ္မဇာလသုတ်'ကို အဘယ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူပါသနည်း"ဟုမေး၏။

"အရှင် မဟာကဿပ။ ဤ ဗြဟ္မဇာလသုတ်ကို ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြားသို့ ဘုရားကြွတော်မူလာသောကာလ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းဖြစ်သည်ကို အကြောင်းပြု၍ ဟောတော်မူပါသည်"ဟု လျှောက်၏။

ဤသို့စသည်ဖြင့် အလုံးစုံသော သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်တို့ကို အရှင်မဟာကဿပ မေးတော်မူသည်။

မေးတိုင်း မေးတိုင်းလည်း အရှင်အာနန္ဒာ ဖြေတော်မူသည်။

ဤသို့ မေး,ဖြေကြပြီးမှ–

ရှည်သောပမာဏရှိသော သုံးဆယ့်လေး(၃၄)သုတ်ကို ပေါင်း၍ 'ဒီဃနိကာယ်'ဟု သမုတ်သည်။

အလယ်ပမာဏရှိသော တစ်ရာ့ငါးဆယ့်နှစ် (၁၅၂)သုတ်ကို ပေါင်း၍ 'မဇ္ဈိမနိကာယ်' ဟု သမုတ်သည်။

ငယ်သောပမာဏရှိသော ခုနစ်ထောင့်ခုနစ်ရာ့ခြောက်ဆယ့်ငါး(၇၇၆၅)သုတ်ကို ပေါင်း၍ 'သံယုတ္တနိကာယ်'ဟု သမုတ်သည်။

အင်္ဂါတစ်ပါးလွန် သုတ်စု ကိုးထောင့်ငါးရာ့ ငါးဆယ့်ခုနစ်(၉၅၅၇)သုတ်ကို ပေါင်း၍ 'အင်္ဂုတ္တရ နိကာယ်'ဟု သမုတ်သည်။

ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, ဇာတ်, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, အပဒါန်, ဗုဒ္ဓဝင်, စရိယပိဋက အားဖြင့် တစ်ဆယ့်ငါးကျမ်းသော သုတ်တို့ကို လည်းကောင်း၊ အဘိဓမ္မာ ခုနစ်ကျမ်း, ဝိနည်း ငါးကျမ်းတို့ကို လည်းကောင်း၊ ထိုမှကြွင်းသော ဘုရားစကားတော်တို့ကို လည်းကောင်း ပေါင်းချုပ်၍ 'ခုဒ္ဒက နိကာယ်'ဟု သမုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အမည်အရည် သီးသန့်ပြီးမှ ရဟန္တာငါးရာလုံး ပေါင်းရုံး၍ ရွက်အံသရဇ္ဈာယ် ကြကုန်၏။

[ထို့ကြောင့် 'သမောဓာ နေတွာ ဂါယန္တိ ဗ္ဗောတိ သင်္ဂါယနာ'ဟူသော ဝစနတ္ထနှင့် ညီစွာ 'သင်္ဂါယနာ' မည်၏။

အနက်ကား –ဗ္ဗေသမယေ၊ ဤအခါ၌။ ဝါ–ဤ အစည်းအဝေး၌။ သမောဓာနေတွာ၊ ပေါင်း၍။ ဂါယန္တိ၊ ရွတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ပေါင်းရုံး၍ ရွတ်ရာဖြစ်သော သတ္တိကြောင့်။ သင်္ဂါယနာ၊ သင်္ဂါယနာ မည်၏။ သံ–ရှေးရှိသော၊ ဂါ– ဓာတ်၊ ယု–ပစ္စည်း။]

ယင်းသို့ သင်္ဂါယနာတင်၍ ပြီးဆုံးသောအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသည့်ပမာ မဟာသမုဒ္ဒရာ အဆုံးရှိသည်ကိုပြု၍ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်၏။ သုရာဂဋ္ဌုန် ကုမ္ဘဏ်အများ သိကြားဗြဟ္မာတို့၏ ကြော်ငြာဟစ်ကြွေး ကောင်းချီးပေးသော အသံတို့သည် ညံညံညုန်းညုန်း အုန်းအင်ခတ်မျှ ရှိကုန်၏။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ ထူးကဲသော တိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။

ပထမသင်္ဂါယနာကား ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှ စ၍တင်သည်။ တပေါင်းလပြည့်တိုင်ရောက် ခုနစ်လမြောက်မှ ပြီးဆုံးသတည်း။

## ။၉၁။ ဘုရားရှင်ဓာတ်တော်ကို ဌာပနာခြင်း

သင်္ဂါယနာပွဲ ပြီးသောအခါ အဇာတသတ်မင်းလည်း အရှင်မဟာကဿပနှင့် ညှိနှိုင်းတိုင်ပင်ကြ၍ ဘုရားသာသနာတော်နှင့် ကောဇာ တညီတည်းရှိစိမ့်သောငှာ တစ်ရာ့လေးဆယ်ရှစ်ခုသောသက္ကရာဇ်ကို ချေ၍ ကိန်းသစ်ထားလေ၏။

ထို့နောက်မှ အရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်တော်မူသော် အသီးအသီး စေတီတည်၍၊ ပူဇော်ကြလေသော ဓာတ်တော်တို့၏အန္တရာယ်သည် နောင်သောအခါ ဖြစ်ရာလတ္တံ့သည်ကိုမြင်၍ မင်းအိမ်သို့ဝင်ပြီးသော် အဇာတသတ်မင်းအား ဤသို့ဆိုပေ၏။ "မင်းကြီး။ ဓာတ်တော်ကို ဝေပြီးလျှင် အသီးအသီးပင့်ဆောင်၍ မိမိတို့ပြည်ရွာ၌ အလွယ်တကူသာ စေတီတည်၍ ကိုးကွယ်ကြခြင်းသည် မသင့်ချေသေး။ ဘေးရန်မရှိနိုင်အောင် ဤပြည်သို့ဆောင်၍ တစ်စုတစ်ပုံတည်းထားမှ ရှည်လျားစွာ တည်နိုင်ရာသည်"ဟု မိန့်တော်မူသည်။

ထိုအခါ အဇာတသတ်မင်းကလည်း "အရှင်ဘုရား။ ဓာတ်တော်တို့ကို သိမ်းရမည့်အမှုမှာ အကျွန်ုပ်တာဝန် ဖြစ်ပါစေ။ တိုင်းတစ်ပါးတို့သို့ ပါသွားလေသော ဓာတ်တော်တို့ကို ဤပြည်သို့ရောက်အောင်မှာ အကျွန်ုပ် မကြံနိုင်ပါ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာကဿပလည်း "ဤဓာတ်တော်တို့ကို ဆောင်ခြင်းကိစ္စသည် ငါ့ဝန်ပင်ဖြစ်စေ"ဟု ဝန်ခံ၏။ ယင်းသို့ဝန်ခံပြီးသော် တန်ခိုးတော်ဖြင့် ကြွလေ၏။ ထိုထိုသောမင်းတို့၏ ပြည်၌တည်လေသော စေတီ၏အတွင်းဝယ် ကိုးကွယ်ပူဇော်ရရုံ အနည်းငယ်သော ဓာတ်တော်တို့ကို ခြွင်း၍ ကြွင်းသောဓာတ်တော်တို့ကို ဆောင်ယူလေ၏။ ရာမရွာ၌ရှိသော ဓာတ်တော်တစ်စုံကို နဂါးတို့စောင့်ရှောက်သောကြောင့် အန္တရာယ်မရှိဘဲ၊ 'နောင်သောအခါ လင်္ကာဒီပ၌ မဟာဝိဟာရတိုက်တွင် မဟာစေတီ၌ တည်ထားလတ္တံ့'ဟု နှလုံးပြု၍ မယူမဆောင်လေ။

ကြွင်းသော ပြည်ထောင်မင်းတို့၏ထံမှသာ ဆောင်ယူလာသဖြင့် ရာဇဂြိုဟ်ပြည်သို့ ရောက်သော် မြို့၏အရှေ့တောင် ကုန်းခေါင်မြင့်မောက်ရာအရပ်၌ တည်ရပ်တော်မူ၍ "ဤဌာန၌ မညီမလှသောကျောက်တို့သည် ကွယ်ပျောက်စေသော။ မြေမှုန့်သက်သက်သာ ဖြစ်စေသော။ တူး၍နက်သော်လည်း ရေမထွက်သည် ဖြစ်စေသော"ဟု အဓိဋ္ဌာန်တော်မူ၏။ အဇာတသတ်မင်းလည်း ထိုအရပ်ကို တူးစေ၍ တူးရွင်းစာမြေကို အုတ်လုပ်စေပြီးလျှင် တွင်း၏ထက်ဝန်းကျင်၌ ရှစ်ကျိပ်သော မဟာသာဝကတို့၏စေတီကို စီမံတည်ထား၏။

[အဘယ့်ကြောင့် တည်ထားသနည်း ဟူမူကား- မင်းကြီးသည် ဤစေတီကို ပြုပြင်ခြင်းငှာသာ မြေကို တူးသတည်း ဟုထင်စေ၍၊ ဓာတ်တော်ထားကြောင်းကို တစ်စုံတစ်ယောက်သော သူမျှ မသိစေခြင်းငှာ သာဝကရှစ်ကျိပ်တို့၏စေတီကို တည်လုပ်လေသတည်း။]

တူးသောတွင်းသည် အတောင်ခြောက်ဆယ် နက်လတ်သော် အောက်၌ သံပြားကို ခင်းစေ၍၊ ထိုသံပြားပေါ်၌ သီဟိုဠ်ကျွန်း ထူပါရုံစေတီပမာဏရှိသော ကြေးနီဖြင့်ပြီးသော ကျောင်းကို ပြုစေ၍၊ ထိုအတွင်း၌ သာယာစွာခင်းကျင်းပြီးသော် ဓာတ်တော်တို့ကို စန္ဒကူးကြုတ်ရှစ်လုံးတို့၌ သွင်း၍၊ ထိုအထက်၌ ရွှေကြုတ်ငွေကြုတ်မွမ်းမံပြီးလျှင် ထပ်ခါထပ်ခါ ရတနာကိုးပါးဖြစ်သော ကျောက်တို့ကိုထွင်း၍ အထပ်ထပ်သွင်းပြီးမှ အပေါ်ကမူကား ပတ္တမြားပြောက်ကျောက်ကို စေတီပြု၍ထား၏။ ထိုစေတီ၏အပေါ်၌ ရွှေဖြင့်ပြီးသော ကျောင်း, ငွေဖြင့်ပြီးသော ကျောင်း, ဖန်ဖြင့်ပြီးသော ကျောင်း ကိုလည်း ဆင့်ခါဆင့်ခါ ပြုလုပ်စေရကား ပြင်ဆုံးဖြစ်သော ကြေးပြာသာဒ်သို့ရောက်အောင် အထပ်ပေါင်း တစ်ရာ့ခြောက်ဆယ် ရှိလေသတည်း။

ထို ဓာတ်တော် ဌာပနာရာတိုက်၌ ရတနာဖြင့်ပြီးသော သဲတို့ကိုကြဲဖြန့်၍၊ ရေပန်း, ကြည်းပန်းအပေါင်းတို့ကိုလည်း ကောင်းစွာခင်းထားလျက် နံပါးရစ်ဖက်တို့၌လည်း ငါးရာ့ငါးဆယ်သော ဇာတ်ရုပ်, သုဒ္ဓေါဒနမင်း, သိရီမဟာမာယာမိဖုရား, ဖွားဖက်တော်သားတို့၏ အရုပ်ကို လည်းကောင်း ရွှေအတိကို သွန်းလုပ်၍ထားပေ၏။

ထိုအကြား၌ ထက်ဝန်းကျင်မှရံလျက် ရွှေတံခွန် ငါးရာ, ရွှေမြူတာငွေမြူတာ ငါးရာတို့ကိုလည်း ကောင်းစွာဆောက်စေ၏။ ရွှေဆီမီးတိုင် ငါးရာ, ငွေဆီမီးတိုင် ငါးရာတို့ဖြင့် နံ့သာဆီမီးကိုလည်း တညီတည်း ပူဇော်၏။ အထုံအခိုး မွှေးမျိုးအပေါင်းကိုလည်း ကောင်းစွာကြဲဖြန့်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စီရင်ပြီးမှ အရှင်မဟာကဿပသည် မွေးကြူလှသော ကြာညိုပန်းကိုစိုက်ပြီးမှ "ဤပန်းသည် နောင်သောအခါ ဓမ္မာသောကမင်းကြီးသည် ဓာတ်တော်ကိုပင့်ဆောင်၍ ဇမ္ဗူဒိပ်ကျွန်းကို ဖြန့်လတ္တံ့။ ထိုအခါတိုင်အောင် ပန်းမညှိုးနိုင်သည် ဖြစ်စေသော။ နံ့သာမျိုးတို့သည် အခိုးရနံ့ မပြယ်သည် ဖြစ်စေသော။ ဆီမီးမငြိမ်းသည် ဖြစ်စေသော"ဟု အဓိဋ္ဌာန်တော်မူ၏။ ရွှေပေ၌ အက္ခရာကို ရေးသား၍လည်း ထားစေ၏။

အက္ခရာကား– 'အနာဂတေ ပိယဒါသော နာမ ကုမာရော ဆတ္တံ့ ဥဿာပေတွာ အသောကော နာမ ဓမ္မရာဇာ ဘဝိဿတိ၊ သော ကုမာရော ဓာတုယော ဂဟေတွာ ဝိတ္ထာရိကာ ကရိဿတိ'–ဟူသတည်း။

အနက်ကား– အနာဂတေ၊ နောင်သောအခါ၌။ ပိယဒါသော နာမ၊ 'ပိယဒါသ'အမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ဆတ္တံ၊ ဇမ္ဗူဒိပ်လုံး သိမ်းကျုံးစိုးလစ် ကေရာဇ်ထီးဖြူကို။ ဥဿာပေတွာ၊ စိုက်ဆောက်အပ်၍။အသောကောနာမ၊ 'အသောက'အမည်ခံသော။ ဓမ္မရာဇာ၊ မင်းတရားသည်။ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော ကုမာရော၊ ထို အသောကမင်းသားသည်။ ဣမာဓာတုယော၊ ဤဓာတ်တော်တို့ကို။ ဂဟေတွာ၊ ယူ၍။ ဝိတ္ထာရိကာ၊ နံ့စေသည်ကို။ ကရိဿတိ၊ ပြုလတ္တံ့။

ထို့နောက် အဇာတသတ်မင်းသည်လည်း အလုံးစုံသောတန်ဆာတို့ကို ပူဇော်ပြီးမှ တံခါးဝတို့ကို အစဉ်အတိုင်းပိတ်လျက်၊ အထက်ဆုံးဖြစ်သော ကြေးနီတံခါးဝယ် ကြီးကျယ်သော မင်းတုပ်ကိုဖွဲ့၍၊ နှစ်ဆယ့်လေးကုဋေ အဖိုးထိုက်သောပတ္တမြားကို တံခါးဝ၌ ထားပြီးသော် 'နောင်သောအခါ ဆင်းရဲစွာသောမင်းတို့သည် ဤပတ္တမြားကိုယူ၍ ဓာတ်တော်တို့ကို ပူဇော်စေသတည်း'ဟု အက္ခရာတို့ကို ရေးသား၍ထားစေ၏။

ထို့နောင်မှ ဘူတာဝါဟန ယန္တရားစက် ဆင်တတ်သောသူကို ရှာ၍၊ ဆုလာဘ်များစွာပေးပြီးလျှင် အသက်ရှင်သောလူယောကျ်ားကဲ့သို့ သစ်သားဖြင့်ပြီးသော အရုပ်တို့သည် ကြောက်မက်ဖွယ်သော လက်နက်ကိုစွဲကုန်လျက် ထားလေ၏။ လေအဟုန်ကဲ့သို့သော လျင်ခြင်းဖြင့် အဆင့်ဆင့်လည်စေလျက် ထားပေ၏။

[ဓာတုဝင်၌ကား–သိကြားကစေ၍ ဝိသကြုံနတ်သားသည် ယန္တရားစက်ရုပ်ကို စီရင်၍ ထားသည်ဟု ဆို၏။ ထိုစကားသည် ဒီပဝင်, မဟာဝင် စသောကျမ်းတို့နှင့် မညီ။ ဥပစာယူသော်ကား သင့်ရာ၏။]

ယင်းသို့ ကြောက်မက်ဖွယ်သော ယန္တရားစက်ကိုထားပြီးမှ အထက်၌ တစ်ခုသော ကျောက်ဖျာဖြင့် ဖုံး၍၊ ထိုကျောက်ဖျာပေါ်၌ မြေမှုန့်တို့ကိုဖို့ပြီးသော် အပေါ်၌ ကျောက်စေတီကို ပြုပေ၏။ ဤသို့ ဓာတ်တော်တို့ကို ကောင်းမွန်စွာသိုမှီးပြီးသော် သာဝကကြီး အရှင်မဟာကဿပလည်း ပရိနိဗ္ဗာန် လွန်တော်မူ၏။ ထိုမှကြွင်းသော အရှင်တို့လည်းအသက်အတိုင်းတည်၍ နိဗ္ဗာန်ယူလေကုန်၏။ အဇာတသတ်မင်းလည်း အစဉ်အတိုင်း မင်းပြု၍ မင်းစည်းစိမ်သုံးဆယ့်နှစ်နှစ် ရှိသောကာလ၊ သားတော်'ဥဒယဘဒ္ဒ' လုပ်ကြံ၍ ကံကုန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ထို(အဇာတသတ်)မင်းကား ဘုရား နိဗ္ဗာန်မလွန်မီ ရှစ်နှစ်, နိဗ္ဗာန်လွန်ပြီးနောက် နှစ်ဆယ့်လေးနှစ်အားဖြင့် သုံးဆယ့်နှစ်နှစ် မင်းမူသတည်း။]

အဇာတသတ်မင်းသည် တိဟိတ်ပဋိသန္ဓေ နေသောသူဖြစ်လျက် အဆွေခင်ပွန်းယုတ်ဖြစ်သော ဒေဝဒတ်နှင့်ပေါင်းမိသောကြောင့် 'ပိတုဃာတကကံ'ကို ပြုမှား၍၊ ရှည်လျားစွာ အဝီစိငရဲ၌ ခံထိုက်သူဖြစ်လျက် ဘုရားရတနာ၌ အလွန်သဒ္ဓါ၍ သာသနာကို ချီးမြှောက်ပေရကား အဝီစိအနီးအပါးဖြစ်သော လောဟကုမ္ဘိငရဲ၌ အနှစ်ခြောက်သောင်းခံ၍ လွတ်ပြီးလျှင်၊ မေတ္တေယျဘုရားရှင်အကြား၌ 'ဝိဇိတာဝီ'မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့သတည်း။

။၉၂။ ဒုတိယသင်္ဂါယနာတင်ခြင်း

ဉဒယဘဒ္ဒ မင်းစည်းစိမ် တစ်ဆယ့်ခြောက်နှစ် သက္ကရာဇ် ၄၀– တွင် သားတော် 'အနုရုဒ္ဓါ' လုပ်ကြံ၍ မင်းပြုပြန်သည်။ ထို အနုရုဒ္ဓါကို သားတော်'မုဏ္ဍ' လုပ်ကြံ၍ မင်းပြုသည်။ထိုမင်းနှစ်ဦး စည်းစိမ် ရှစ်နှစ် သက္ကရာဇ် ၄၈ –ခု ရှိသောအခါ သားတော် 'နာဂဒါသ' သည် ခမည်းတော်မုဏ္ဍကို လုပ်ကြံ၍ မင်းပြုသည်။ နာဂဒါသစည်းစိမ် နှစ်ဆယ့်လေးနှစ် သက္ကရာဇ် ၇၂–ခုရှိသောအခါ အဖသတ်မင်းမျိုး ငါးဆက်ကို ဖြုတ်၍၊ 'သုသုနာဂ' အမတ်ကြီးကို ပြည်သားအပေါင်းတို့ မင်းမြှောက်ကြသည်။

သုသုနာဂအကြောင်းကား– ဝေသာလီပြည်၌ မင်းပြုသော လိစ္ဆဝီမင်းမျိုးတို့သည် ပြည်ရွာဆိတ်ငြိမ်သောကြောင့် အမတ်ပညာရှိတို့နှင့် စည်းဝေး၍ "ငါတို့၏မြို့ရွာသည် မြို့အင်္ဂါလေးပါး, ပြည်ကြီးအင်္ဂါ ရှစ်ပါး စသည်တို့နှင့် ပြည့်စုံပါလျက် အဘယ့်ကြောင့် ဆိတ်ငြိမ်ဘိသနည်း"ဟု မေး၏။ အမတ်ပညာရှိတို့ကလည်း 'ပြည့်တန်ဆာ မရှိသောကြောင့် ဆိတ်ငြိမ်သည်' ဟု ပြောလျှင်၊ မိမိတို့၏အမျိုးတွင် အဆင်းပြင်လျာလှပသော မင်းသမီးတစ်ယောက်ကို ပြည့်တန်ဆာအရာ၌ ထား၏။ အသပြာ ငါးရာပေးမှ မွေ့လျော်ရလေ၏။ ပြည်သားတို့သည် များစွာ ပျော်ရွှင်ကြလေသော် အမျိုး၏ကျက်သရေကိုစောင့်သော လိစ္ဆဝီမင်းတစ်ဦးသည် ယူ၍ သိမ်းထား၏။

ထိုမင်းသမီးလည်း လိစ္ဆဝီမင်းနှင့်ဆက်ဆံရာတွင် ပဋိသန္ဓေ ပါလေ၏။ အခါစေ့၍ ဖွားလေသော် သားတစ် ဖွားရကား အိုးသစ်တွင်ထည့်၍ လုံစွာပိတ်ပြီးမှ မြို့အပသို့ ပစ်စေ၏။ ထိုအခါ နဂါးကြီးတစ်ခုသည် အိုးကိုခွေပတ်၍ ပါးပျဉ်းမိုးလျက် စောင့်နေ၏။ သားတစ်သည် ရင့်၍ သတို့သားဖြစ်သောအခါ ပြည်သူတို့ အုတ်အုတ်ကျက်ကျက် လာ၍ကြည့်ရှုကြသဖြင့် လိစ္ဆဝီမင်းတို့ကြားလေသော် သွား၍ အိုးကိုယူစေ၏။ ဖွင့်၍ကြည့်သောအခါ ဘုန်းလက္ခဏာနှင့် ပြည့်စုံသော သတို့သားကိုမြင်၍ 'ရင်ထွက်သား'အမှတ်ဖြင့် မွေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



[နဂါးကြီးသည် လူတို့ ယူလာသောအခါ 'သူ-သူ'ဟူသော အသံကိုပြု၍ပြေးလေသည်ကို အကြောင်းပြု၍ 'သုသုနာဂလုလင်'ဟု ခေါ်ကုန်၏။]

ထို သုသုနာဂ ခုနစ်နှစ်ရှယ် ငယ်သောအခါကပင် အဇာတသတ်မင်း ချီ၍လုပ်ကြံလာသဖြင့် ဝေသာလီပြည်အလုံးကိုရ၍ စုံမက်လောက်သမျှသော လူသူ ဘဏ္ဍာတို့ကို ရာဇဂြိုဟ်ပြည်သို့ ဆောင်လေ၏။ ထိုအခါ သုသုနာဂသည် ရာဇဂြိုဟ်ပြည်သို့ အမတ်စစ်သူကြီးနှင့်အတူ ပါလာလေ၏။ အရွယ်ရောက်သောအခါ အလွန်လိမ္မာသော သတ္တိဗျတ္တိရှိပေရကား စစ်သူကြီးသည် သားပြု၍ မွေးလေ၏။ အဘစစ်သူကြီး အနိစ္စရောက်လျှင် ဖခင်အရာဖြင့် စစ်သူကြီး ဖြစ်လေ၏။

ထို သုသုနာဂစစ်သူကြီးသည်း ဘုန်း,လက်ရုံး, ပညာ, သဒ္ဓါ, သီလနှင့် ပြည့်စုံလှ၍ ပြည်သူတို့ အလွန်ကြည်ညိုရကားအဖသတ် မင်းယုတ်ဖြစ်သော နာဂ ဒါသကို ပယ်ဖျောက်၍၊ သုသုနာဂ စစ်သူကြီးကို မင်းမြှောက်လေ၏။ ထို သုသုနာဂ မင်းဖြစ်လေလျှင် ဝေသာလီပြည်တွင် နေတော်မူ၏။ ထိုမင်း စည်းစိမ် တစ်ဆယ့်ရှစ်နှစ် သာသနာသက္ကရာဇ် ၉၀ ရောက်သောအခါ သုသုနာဂမင်း အနိစ္စရောက်၍ သားတော်'ကာလာသောကမင်း' မင်းဖြစ်တော်မူသည်။ ထိုမင်း နန်းစံ၍ ဆယ်နှစ်ရှိသောအခါ သက္ကရာဇ် တစ်ရာပြည့်၍ အရှင်မဟာယသတို့ 'ဒုတိယသင်္ဂါယနာ' တင်တော်မူသည်။

တင်ရသောအကြောင်းကား– ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသားဖြစ်သော ရဟန်းတို့သည် ဝိနည်းကျမ်းဂန်ကို ဆရာတို့၏အထံ၌ နည်းခံခြင်း မကျနသောကြောင့် လည်းကောင်း၊ လောဘ, ဒေါသ, မောဟပြောထူ၍ မသူတော်တို့၏စရိုက်သို့ လိုက်လိုသောကြောင့် လည်းကောင်း ဘုရားဝိနည်းတော်ကို ပျက်ပြားစေ၍ ဆယ်ပါးအဓမ္မဝါဒကို ထင်ရှားပြုကုန်၏။

အဓမ္မဆယ်ပါး ဟူသည်ကား–

၁။ 'ရဟန်းတို့အား ယမန်နေ့အကပ်ခံသော ယာဝဇီဝကဝတ္ထုကို ဤနေ့ ဆွမ်းစသော ယာဝကာလိကနှင့်ရော၍ သုံးဆောင်သော် သန္နိဓိကာရက ပါစိတ်သင့်သည်ဟု ပညတ်တော်မူပါလျက်၊ သားချိုဖြင့် သိုမှီး၍ထားသော အကပ်ခံပြီးသောဆားကို နောက်နေ့တစ်ခါ စားသုံးရန်မရှိခဲ့သော် ဆွမ်းနှင့်ရော၍ သုံးဆောင်ခြင်းငှာ အပ်၏။ 'သန္နိဓိ' မဖြစ်'ဟု အယူရှိသည်လည်းတစ်ပါး။

၂။ 'နေရိပ်လက်နှစ်သစ် မွန်းလွဲသည်တိုင်အောင် ဆွမ်းစားကောင်း၏'ဟု အယူရှိသည်လည်း တစ်ပါး။

၃။ 'ရွာတစ်ရွာသို့ သွားလိုသောရဟန်းသည် ပဝါရိတ်သင့်လျက် အတိရိတ်ဝိနည်းကံမပြုဘဲ ဆွမ်းစားခြင်းသည် အပ်၏'ဟု ယူသည်လည်း တစ်ပါး။

၄။ 'တစ်သိမ်တည်း၌နေလျက် နှစ်စု,သုံးစုသော သံဃာတို့ ဥပုသ်ပဝါရဏာစသော ကံပြုခြင်းသည် အပ်၏။ ဝဂ်မဖြစ်'ဟု အယူရှိသည်လည်း တစ်ပါး။



www.burmeseclassic.com

www.burmeseclassic.com



၅။ 'မလာသေးသောရဟန်းတို့၏ အလိုကို 'လာသောအခါမှ ယူအံ့'ဟူ၍ မလာမီက သံဃာကံကို ပြုခြင်းငှာအပ်၏'ဟု ယူသည်လည်း တစ်ပါး။

၆။ 'ဥပဇ္ဈာယ်တို့၏ အလေ့အကျင့်ဟူသမျှသည် အပ်၏'ဟု ယူသည်လည်းတစ်ပါး။

၇။ 'နို့ရည်အဖြစ်မှလွန်၍ နို့ဓမ်းအဖြစ်သို့ မရောက်သေးသောနို့ကို ဘုဉ်းပေး၍ ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ် ဝိနည်းကံမပြုဘဲ သုံးဆောင်ခြင်းငှာ အပ်၏'ဟု ယူသည် လည်း တစ်ပါး။

၈။ 'မရင့်သေးသောသေနကို သောက်ခြင်းငှာ အပ်၏'ဟု ယူသည်လည်းတစ်ပါး။

၉။ 'အဆာမရှိသော နိသီဒိုင်သည် အပ်၏'ဟု ယူသည်လည်းတစ်ပါး။

၁၀။ 'သံဃာကိုရည်၍ လှူသော ရွှေ,ငွေသည် အပ်၏'ဟု ယူသည်လည်း တစ်ပါး။

ဤဆယ်ပါးသော အဓမ္မဝါဒကို လူရဟန်းတို့အား ပြ၍နေကြကုန်၏။

ထိုအခါ ကောသမ္ဗီပြည်၌နေသော 'ကာကဏ္ဍက'ပုဏ္ဏား၏သားဖြစ်သော အရှင်မဟာယသသည် ရဟန်းတို့၏ ပါမောက္ခ ဝိနယဓရ သံဃာ့ထေရ် ဖြစ်၏။ ထို အရှင်မဟာယသသည် ထိုအကြောင်းကို ကြားသိလေသော် 'မသူတော်ဖြစ်သော ဝေသာလီပြည် အလဇ္ဇီရဟန်းတို့သည် ဘုရားရှင်ဝိနည်းတော်ကို ဖျက်၍ သာသနာ၌ ပြောင့်တံသင်း နက်သကဲ့သို့ ပြုချေပြီ။ ဤ အလဇ္ဇီတို့ အပင်းအသင်းကို များစွာရသော် ဘုရားသာသနာကို လျင်စွာကွယ်စေလတ္တံ့'ဟု အလွန်သော ဓမ္မသံဝေဂဖြစ်ရကား တရားပြုခြင်းငှာ မိမိကိုယ်တိုင်လာ၍ ဝေသာလီပြည်သို့ရောက်သော် ဘုရားနေတော်မူဖူးသော 'မဟာဝန ကူဋာဂါရ'၌ နေ၍ ထို အလဇ္ဇီပုဂ္ဂိုလ်တို့၏အမှုအရာကို နာခံကြည့်ရှု၏။

ဝဇ္ဇီတိုင်းသား ရဟန်းတို့လည်း ဥပုသ်နေ့ကြိမ်လျှင် ဥပုသ်အိမ်ဝ၌ ရေဖြင့်ပြည့်သော ကြေးနီခွက်, ကြေးနီအိုးတို့ကိုထား၍ ရောက်လာသမျှသော ဒါယကာတို့အား "စွမ်းနိုင်သမျှ မူး,စ,မတ်စဖြစ်သော အသပြာကိုလည်း လှူကြကုန်, ထည့်ခဲ့ကြကုန်။ တစ်စုံတစ်ခုသော သံဃာကိစ္စ၌ သံဃာတို့၏အသုံးအဆောင် ဖြစ်လတ္တံ့."ဟုဆို၍ ယူ၏။

အရှင်မဟာယသလည်း ထိုသို့ပြုကြသည်ကို မြင်လျှင် ထိုသံဃာတို့အား လည်းကောင်း၊ ဒါယကာတို့အား လည်းကောင်း "အချင်းတို့။ ဤသို့ ရွှေ, ငွေကို ခံခြင်း၊ သိမ်းဆည်းခြင်း၊ သုံးဆောင်ခြင်းသည် မအပ်။ ရဟန်းတို့၏အမှုအရာ မဟုတ်"ဟု တားမြစ်၏။ ထိုစကားကို ကြားသောအခါ လိမ္မာသောဒါယကာတို့ ရှောင်ရှားကြ၏။ ထိုအခါ အလဇ္ဇီရဟန်းတို့က "အရှင်မဟာယသအား မပေါင်းဖက် မဆက်ဆံကြလင့်"ဟု ဥက္ခေပနီယကံကို ထား၍ ပယ်ရှားကြ၏။

ယင်းသို့ပယ်ရှားကြလေလျှင် အရှင်မဟာယသလည်း မိမိ၏ ဓမ္မဝါဒီ လဇ္ဇီသူတော်ကောင်း၏အဖြစ်ကို ရဟန်းတစ်ပါးအား ထင်ရှားသိစေ၍၊ အလဇ္ဇီတို့ကို နှိမ်နင်းခြင်းငှာ အားထုတ်၏။ ထိုအကြောင်းကိုသိလျှင် အလဇ္ဇီတို့က အရှင်မဟာယသရှိရာ ကျောင်းသို့လာ၍ တုတ်, တောင်ဝှေးကိုင်ကာဖြင့် များစွာဝန်းရံကြ၏။ ထိုအခါ အရှင်မဟာယသလည်း စတုတ္ထချာန်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝင်စားပြီးလျှင် ကောင်းကင်ခရီးဖြင့်ပျံ၍ ကောသမ္ဗီပြည်သို့ လာခဲ့၏။ ရောက်သော် သံဃာတို့နှင့် စုရုံးတိုင်ပင်၍ ပါဝေယျကတိုင်း, အဝန္တီတိုင်း၌နေကုန်သော ရဟန်းတို့ထံ တမန် စေလွှတ်၏။ အသီးအသီးသော တိုင်းနိုင်ငံ၌နေကုန်သော ရဟန္တာကြီးတို့၏အထံသို့လည်း တမန် စေလွှတ်၏။

ထိုသို့စေပြီးသော် မိမိမူကား 'အဟောဂင်္ဂါ'မည်သော တောင်သို့သွား၍ ထို၌နေသော သမ္ဘူတထေရ်အား အကြောင်းမျိုးစုံကိုပြန်ကြား၍ သံဃာတော်များအား စည်းဝေးစေ၏။ ပါဝေယျကတိုင်း၌နေသော ရဟန်းခြောက်ကျိပ်တို့သည် လည်းကောင်း၊ အခြား မြို့ကျေးရွာ၌နေကုန်သော ရဟန်းတို့သည် လည်းကောင်း အဟောဂင်္ဂါသို့ချည်း လာ၍ ကိုးသောင်းသောသံဃာတို့ စုဝေးမိကြသော်၊ သောရေယျတိုင်း၌နေသော ရေဝတထေရ်၏အထံသို့ တစ်ဖန်လာကြ၍ ခြင်းရာစကားကို ပြောကြားတိုင်ပင်ပြီးလျှင်၊ သင်္ဂါယနာတင်ခြင်းငှာ ရဟန္တာအပေါင်းတို့သည် ဝေသာလီပြည်သို့ချည်း ကြွလာကြကုန်၏။

ဝဇ္ဇီတိုင်းသားဖြစ်ကုန်သော အမ္ဗေဝါဒီ ရဟန်းတို့သည်လည်း သံဃာတို့လာကြောင်းကို သတင်းစကားဖြင့် သိလင့်လေလျှင် ကာလာသောကမင်းကြီးထံသို့ ဝင်၍ "ပြည့်ရှင်မင်းကြီး။ ငါတို့သည် ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ ကိန်းဝပ်တော်မူရာ မဟာဝုန်တော ကူဋာဂါရတည်းဟူသော ဂန္ဓကုဋိကို စေတီကြီးထင်မှတ်၍ မပြတ်ကိုးကွယ် စောင့်ရှောက်ပါသည် ကို အဝေးအာဂန္တုကဖြစ်သော တစ်ပါးတိုင်းသား ရဟန်းများတို့သည် ငါတို့အားနှိပ်စက်၍ အနိုင်အထက်ယူမည်ဟု လာကြချေသည်။ ဤအရာ၌ ဒကာမင်းကြီး တားမြစ်ပါမှ ငါတို့လည်း ချမ်းသာတော့မည်။ ဂန္ဓကုဋိလည်း မပျက်စီးရှိတော့မည်"ဟု ပြော၏။

ထိုစကားကိုကြားသော် ကာလာသောကမင်းသည် အဆင်အခြင် ပညာနည်းသောသူ ဖြစ်ရကား အလဇ္ဇီတို့၏စကားကို ယုံမှတ်၍ အမတ်တို့ကို "ရဲမက်မိုလ်ပါနှင့်တကွ သင်တို့သွား၍ အာဂန္တုကရဟန်းတို့အား တားမြစ်ချေကုန်။ တားမြစ်၍မရနိုင်သော သံဃာတို့အား ညှဉ်းဆဲရိုက် ခတ်လေကုန်"ဟု စေလိုက်၏။

သွားလေသောအမတ်တို့လည်း သာသနာစောင့်နတ်တို့ အာနုဘော်ကြောင့် မျက်စိလည် ၍ ခရီးလွဲလေကုန်၏။

ကာလာသောကမင်းလည်း ထိုညဥ့်တွင် အိပ်မက်, မက်သည်ကား 'ကြီးမားကြမ်းကြုတ် အရုပ်ဆိုးလှသော ဘီလူးတစ်ကျိပ်တို့သည် ထီးဖြူရိပ်၌နေသော မင်းကြီးကို အတင်းယူငင်၍ မြို့ပြင်သို့ရောက်သောကာလ အလျှံပြောင်ပြောင် တောက်လောင်သောမယ်နဖြင့် ဖိ၍ လောဟ ကုမ္ဘီငရဲအိုးကို ဓောက်ထိုးချမည်'ဟု မြင်မက်၏။ နံနက်သောအခါ မင်းဆရာပုရောဟိတ်တို့ကို ခေါ်၍တိုင်ပင်ပါသော်လည်း သင့်လျော်စွာ မတတ်နိုင်ကြလေလျှင်၊ ကြောက်ငင်တုန်လှုပ် လှရကား စားတော်မခေါ်နိုင် ရှိ၏။

ထိုအကြောင်းကို မင်းကြီး၏နှမတော်ဖြစ်သော အာသဝေါကင်းပြီးသော 'နန္ဒာထေရီ' ဘိက္ခုနီမသည် သိလေလျှင်၊ ကောင်းကင်ခရီးဖြင့်ကြွလာ၍ ကာလာသောကမင်းကြီးအား ဤသို့ဆိုပေ၏။ "မောင်တော်မင်းကြီး။ သင်သည် အလွန် ဝန်လေးစွာသောအမှုကို ပြုဘိသည်



www.burmeseclassic.com

www.burmeseclassic.com



တကား။ အဓမ္မဝါဒီဖြစ်သော အလဇ္ဇီရဟန်းတို့ကို အဖော်အပေါင်းပြု၍ ရဟန်းကောင်းတို့ကို နှိပ်စက်ခြင်းငှာ ကြံမှားရာဘိသည်တကား။ အကယ်၍ ဤကံသည် ထမြောက်သည်ဖြစ်အံ့။ စင်စစ် လောဟကုမ္ဘီငရဲသို့ လားလတ္တံ့သော ပုဗ္ဗနိမိတ်ပင်တည်း။ လျင်စွာသွား၍ ဓမ္မဝါဒီ လဇ္ဇီရဟန်းတို့ကို ကန်တော့ပူဇော်ပါလော့"ဟု ဆို၏။

ထိုစကားကို ကြားသောအခါမှ ကာလာသောကမင်းလည်း ရုတ်ခြည်းသတိရ၍ မိမိကိုယ်တိုင် မဟာဝုန်တော ကူဋာဂါရသို့ သွား၍ လာရောက်သမျှသော သံဃာတော်အပေါင်းတို့ကို စည်းဝေးစေ၏။ နှစ်သင်းသောသံဃာတို့ စုဝေးမိသောအခါ ဝိနည်းပါဠိတော်, အဋ္ဌကထာနှင့်တကွ ဝါဒနှစ်ဦးကိုတိုက်ဆိုင်သော် ဝဇ္ဇီတိုင်းသား ရဟန်းတို့၏ဝါဒသည် အဓမ္မဝါဒဖြစ်ကြောင်းကိုသိ၍ မိမိသည် ဓမ္မဝါဒီတို့၏ အသင်းအပင်းဖြစ်ကြောင်းကို လျှောက်ထားလျက် "အရှင်ဘုရားတို့သည် တရားမှန်ရာကိုသာ ဆုံးဖြတ်တော်မူပါ"ဟု တောင်းပန်၏။ ဓမ္မဝါဒီတို့ ဘေးရန်မရှိစိမ့်သောငှာ များစွာသောအစောင့်အရှောက်တို့ကိုလည်း ထား၍ ပြန်ခဲ့၏။

စည်းဝေးမိသော သံဃာတော်တို့လည်း ရေဝတထေရ်, သဗ္ဗကာမိထေရ်တို့အား တရားကို ဆုံးဖြတ်စေ၏။ ထိုအရှင်နှစ်ပါးတို့လည်း ဘုရားပညတ်တော်ကိုပြ၍ 'ဥဗ္ဗာဟိက'ကံဖြင့် ထိုဆယ်ပါးသော အဓမ္မဝတ္ထုကိုပယ်လှန်၍ တရားဖြောင့်မှန်ရာ၌သာ တည်စေပြီးမှ မင်းကြီးအား သင်္ဂါယနာတင်လိုသော အကြောင်းကို ကြား၏။

ကာလာသောကမင်းလည်း သံဃာတို့ စည်းဝေးရန်အလို့ငှာ ကြီးကျယ်ကောင်းမွန်စွာသော မဏ္ဍပ်ကို လည်းကောင်း၊ သံဃာတို့၏ ကိန်းဝပ်ရာဖြစ်သော ကျောင်းကို လည်းကောင်း ကောင်းမွန်စွာ ဆောက်လုပ်၍ပေးပေ၏။ ထိုကျောင်းရာသည် ခတ်အပ်သော ငွေပြားအခင်းကဲ့သို့ သန့်ရှင်းဖြူစင်သော သဲတို့ကိုကြဲဖြန့်ဘိရကား 'ဝါလိကာရုံ'ဟုတွင်၏။

တရားဆုံးဖြတ်၍ပြီးလျှင် သံဃာတော်တို့လည်း ဝါလိကာရုံသို့ လာ၍၊ ပဋိသမ္ဘိဒါပတ္တခီဏာသဝဖြစ်သော ရဟန္တာ ခုနစ်ရာကို ရွေးချယ်ပြီးမှ အရှင်မဟာကဿပတို့ ပဌမသင်္ဂါယနာတင်လေဘိသကဲ့သို့ ပိဋကတ်သုံးပုံကို အကုန်ထပ်မံ၍ သင်္ဂါယနာ တင်ပြန်ကုန်၏။ ထိုသင်္ဂါယနာကား ရှစ်လမြောက်မှ ပြီးဆုံးသတည်း။

အဓမ္မဝါဒီ အလဇ္ဇီရဟန်းတစ်သောင်းသည် အချို့လည်း လူထွက်ကုန်သည်။ အချို့လည်း ပြေးလွှဲကုန်သည်။ အချို့လည်း ထပ်မံ၍ ရဟန်းခံကြကုန်သည်။

ဒုတိယသင်္ဂါယနာတင်ရာ၌ သံဃာထေရ်ဖြစ်သော သက်တော် တစ်ရာ့ရှစ်ဆယ်ရှိသော ရေဝတထေရ်, သဗ္ဗကာမိထေရ်, သာဠှထေရ်, ခုဇ္ဇသောဘိတထေရ်, မဟာယသထေရ်, သမ္ဘူတထေရ် အားဖြင့် ခြောက်ပါးသောမထေရ်ကြီးတို့သည် အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်တို့တည်း။ ဘုရားသခင်ကို ဖူးမြင်လိုက်ရကုန်၏။

ဝါသဘဂါမိထေရ်, သုမနထေရ်နှစ်ဦးတို့သည် အရှင်အနုရုဒ္ဓါ၏ သဒ္ဓိဝိဟာရိက တပည့်တို့တည်း။ ဘုရားသခင်ကို ဖူးမြင်လိုက်ရကုန်၏။

ဤကား ဒုတိယသင်္ဂါယနာ တင်ခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ။၉၃။ မောဂ္ဂလိပုတ္တတိဿထေရ်၏ အကြောင်းကို ပြခြင်း

ယင်းသို့ ဒုတိယသင်္ဂါယနာ တင်ပြီးသော် ရဟန္တာကြီးတို့သည် 'ဤသို့သော သာသနာတော်၏ အညစ်အကြေးဘေးရန်သည် နောင်သောအခါ ဖြစ်ရာဦးအံ့လော'ဟု ဆင်ခြင်ပြန်သော်၊ 'သာသနာတော် နှစ်ရာတစ်ဆယ့်ရှစ်နှစ် ရောက်သောအခါ ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရသော ဓမ္မာသောကမင်းသည် ပါဋလိပုတ်ပြည်၌မင်းအဖြစ်ကိုရ၍ သာသနာတော်ကို အလွန်ချီးပလတ္တံ့။ ထိုအခါ သံဃာတို့၌ လာဘသက္ကာရ အလွန်ပြန့်ပြောသဖြင့် တိတ္ထိတက္ကတွန်းတို့သည် ရှင်ရဟန်းပြုကြ၍ ကြီးစွာသောအဓိကရဏ်းကို ပြုလတ္တံ့.'ဟု မြင်တော်မူ၏။

ထိုအခါ 'ငါတို့မျက်မှောက် ဖြစ်ပါဦးအံ့လော'ဟု ဆင်ခြင်ပြန်သော်၊ 'မဖြစ်လတ္တံ့.'ဟု သိ၍၊ ထိုအဓိကရဏ်းကို ငြိမ်းစိမ့်သောငှာ စွမ်းနိုင်ရာသောသူကို ကြည့်လတ်သော် နတ်နှင့်တကွသော လူ့ဘုံတွင် တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်၍၊ ဗြဟ္မာ့ရပ်ခွင်သို့ ရှုပြန်သော် နည်းသောအသက်ကြွင်းရှိလျက် အထက်ဗြဟ္မာဘုံသို့ လားလတ္တံ့.သော 'တိဿဗြဟ္မာကြီး'ကို မြင်၍၊ 'ဤတိဿဗြဟ္မာကြီးကို ငါတို့တောင်းပန်ရသော် မောဂ္ဂလိပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေနေလာ၍ အရွယ်ရောက်သောအခါ ရဟန်းပြု၍ ပိဋကတ်တော်ကိုသင်သဖြင့် လေးအင်သော ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။ ထိုသူသာလျှင် သာသနာတော်၌ဖြစ်သော အဓိကရဏ်းကိုငြိမ်းစေ၍ သင်္ဂါယနာတင်သဖြင့် သာသနာတော်ကို ချီးမြှောက်ပေလတ္တံ့.'ဟု သိ၍၊ မိမိတို့ကိုယ်တိုင် ဗြဟ္မာ့ပြည်သို့တက်ပြီးလျှင် တိဿဗြဟ္မာကြီးအား ဤသို့ တောင်းပန်ကြ၏။

"အချင်းတိဿ။ ငါတို့လွန်သည့်နောက် တစ်ရာ့တစ်ဆယ့်ရှစ်နှစ် မြောက်သောကာလ ဘုရားသာသနာ၌ ကြီးစွာသောဘေးရန် ဖြစ်လတ္တံ့။ ထိုအခါ သာသနာတော်၏အညစ်အကြေးကို သုတ်သေးရှင်းလင်း၍ ချီးမြှောက်နိုင်အံ့သောသူကို ကြည့်ရှုပါသော် လူ့ရပ်နတ်ရွာ ဗြဟ္မာတစ်ဆယ့်ခြောက်ခွင်၌ သင်တိဿကို ထား၍ တစ်ပါးသောသူ တစ်စုံတစ်ယောက်ကိုမျှ မမြင်ပါကုန်။ ထို့ကြောင့် သင် သူတော်ကောင်းသာလျှင် လူ့ရွာရပ်ဌာန်၌ ပဋိသန္ဓေယူလာ၍ မြတ်စွာဘုရား၏ တရားဩဝါ သာသနာကို ကောင်းစွာချီးမြှောက်ပါလော့"ဟု တောင်းပန်၏။

တိဿဗြဟ္မာလည်း ရဟန္တာကြီးတို့၏ တောင်းပန်သောစကားကို ကြားလျှင် 'ငါကား သာသနာတော်၏ဘေးရန်ကို ပယ်လှန်သန့်ရှင်း၍ ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သည် ဖြစ်လတ္တံ့. တကား'ဟု အလွန်အားတက် ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍၊ "ကောင်းပါပြီ"ဟု ဝန်ခံလိုက်၏။

ရဟန္တာကြီးတို့လည်း လူ့ပြည်သို့ပြန်လာခဲ့၍ သိက္ခာငယ်သေးသော သိဂ္ဂဝထေရ်၊ စဏ္ဍဝဇ္ဇိထေရ် အမည်ရှိသော ရဟန္တာနှစ်ပါးကို ခေါ်၍၊ "ငါ့ရှင်တို့။ ငါတို့၏ အဓိကရဏ်းငြိမ်းရာ သင်္ဂါယနာကိစ္စဝယ် အဖော်မျှ မဖြစ်ပါကုန်။ ထို့ကြောင့် သင်တို့အား ဤသို့သောဒဏ်အမှုကို ငါတို့ ပြုလိုသည်"ဟုဆိုပေသော်၊ ထိုရဟန်းတို့လည်း "အရှင်ဘုရားတို့ ထားတိုင်းဒဏ်ကို အကျွန်ုပ်တို့ ဆောင်ပါအံ့"ဟုလျှောက်သော်၊ "မောဂ္ဂလိပုဏ္ဏားအိမ်၌ တိဿဗြဟ္မာသည်



www.burmeseclassic.com

www.burmeseclassic.com



သန္ဓေယူလာလတ္တံ့။ ထိုသူကို သင်တို့နှစ်ဦးတို့တွင် တစ်ဦးသောပုဂ္ဂိုလ်သည် ရဟန်းဖြစ်အောင် သင်ကြားလေလော့”ဟု ဒဏ်ထား၏။ ရဟန္တာနှစ်ပါးလည်း “ကောင်းပါပြီ”ဟု ဝန်ခံကြ၏။ ထိုရဟန္တာကြီးတို့လည်း ဤသို့စီမံခဲ့ပြီးမှ အသက်အတိုင်းတည်၍ ပရိနိဗ္ဗာန် စံလေကုန်၏။

တိဿမြဟ္မာကြီးသည်လည်း ဗြဟ္မာပြည်မှ စုတေခဲ့၏။ ဝေသာလီပြည်၏အနီးဖြစ်သော ပုဏ္ဏားတို့၏မြို့ကြီးဝယ် ‘မောဂ္ဂလိ’အမည်ရှိသော ပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေ ယူလာ၏။ သိဂ္ဂဝမထေရ်သည်လည်း ပဋိသန္ဓေ နေသောနေ့မှစ၍ ပုဏ္ဏားအိမ်၌ နေ့စဉ်မပြတ် ဆွမ်းရပ်၍ ခုနစ်နှစ်ပတ်လုံးကြာသော်လည်း တစ်လုတ်စာသော ဆွမ်း, တစ်ဇွန်းတစ်ယောက်မသော ယာဂုကိုမျှ မရစဖူးလေ။ တစ်နေ့သောအခါ၌ကား အိမ်ရှင်ပုဏ္ဏားလည်း အခြားဌာနသို့ သွားခိုက်ကြိမ်၍ အိမ်၌ဆွမ်းရပ်ခံရာ “ကန်တော့ပါ၏”ဟူသောစကားကိုသာ ရပေ၏။

ပုဏ္ဏားလည်း တစ်ပါးသောဌာနမှ ပြန်လာသဖြင့် အရှင်သိဂ္ဂဝနှင့် ခရီးရင်ဆိုင် တွေ့ကြလေလျှင် “အရှင်ရဟန်း။ ယနေ့ ငါတို့အိမ်၌ ဆွမ်းရခဲ့၏လော”ဟု မေး၏။ “ရပါ၏”ဟု ပြောပေသော်၊ ပုဏ္ဏားလည်း အိမ်သို့လာ၍ သားမယားတို့ကို “သင်တို့ ယနေ့ဆွမ်းခံလာသော ရဟန်းအား ဆွမ်း ပေးလိုက်သလော”ဟု မေး၏။ မည်သည်ကိုမျှ မပေးကမ်းလိုက်ကြောင်းကို ဆိုလျှင်၊ “သင်တို့ မပေးကမ်းဘဲလျက် ရဟန်းက ‘စိုးစဉ်းမျှ ရခဲ့၏’ဟု ပြောချေသည်။ နက်ဖြန် မုသာဝါဒကံဖြင့် ရဟန်းကို ငါဆိုဦးအံ့”ဟု ကြံ၍နေ၏။

အရှင်သိဂ္ဂဝမထေရ်လည်း ဒုတိယနေ့၌ ဆွမ်းခံကြွ၍ ပုဏ္ဏား၏အိမ်ဝသို့ ရောက်သော အခါ ပုဏ္ဏားသည် အပါး၌ရပ်၍ “အရှင်ရဟန်း။ ယမန်နေ့က ငါတို့အိမ်က တစ်စုံတစ်ခုမျှ မရဘဲလျက် ‘ရ၏’ဟု သင်ဆိုသည်။ ရဟန်းတို့အား မဟုတ်မမှန်သောစကားသည် အပ်သလော” ဟု မေး၏။ သိဂ္ဂဝမထေရ်ကလည်း “ပုဏ္ဏား။ သင်၏အိမ်၌ ငါ ဆွမ်းရပ်သည်ကား ခုနစ်နှစ် ရှိပြီ။ ‘ကန်တော့ပါ၏’ဟူသောစကားကိုမျှ မရစဖူးပါ။ ယမန်နေ့ကမူကား ‘ကန်တော့ပါ၏’ ဟူသော ပဋိသန္ထာရစကားကိုမျှ ရသောကြောင့် ‘ရခဲ့၏’ဟု ဆိုသတည်း”ဟုပြော၏။

ပုဏ္ဏားလည်း ထိုစကားကိုကြားလျှင် ‘ဤအရှင်တို့ကား ဤမျှလောက်သော စကားကို ရရုံမျှပင် အားရဝမ်းသာ ချီးမွမ်းရှာသေး၏။ တစ်ဇွန်း,တစ်ယောက်မသော ဘောဇဉ်ခဲဖွယ်တို့ကို ရဘိမူကား အဘယ်မှာ မချီးမွမ်းဘဲ ရှိတော့အံ့နည်း’ဟု ကြံဆင်ခြင်လျက်၊ ရွှင်လန်းသဒ္ဓါသော စိတ် ရှိသည်ဖြစ်၍ မိမိစားခြင်းငှာထားသော ထမင်းတစ်ဇွန်း ယူ၍ “အရှင်ရဟန်း။ ဤမျှ လောက်သော ဆွမ်းကိုကား နေ့တိုင်း ရပါလတ္တံ့”ဟုဆို၍ လောင်းပေ၏။

ထိုနေ့မှစ၍ တစ်နေ့ထက်တစ်နေ့ ကြည်ညိုရကား အိမ်ပေါ်သို့ပင့်လတ်၍ တစ်ထပ်စာ သောဆွမ်းကို နေ့တိုင်းမပြတ် လှူပေ၏။ မထေရ်လည်း အတန်ငယ်အတန်ငယ်သော တရား စကားကို ဟောကြား၍သွားပေ၏။

တိဿမြဟ္မာ ပဋိသန္ဓေယူရာမှ ဖွားသောသူငယ်သည်လည်း တစ်ဆယ့်ခြောက်နှစ်ရွယ် သို့ရောက်သော် ထွန်းတောက်လျှင်မြန်သောဉာဏ်ဖြင့် သင်၍ ဗေဒင်သုံးကျမ်းကို ကမ်း တစ်ဘက်ရောက် တတ်မြောက်နိုင်လေ၏။ ဗြဟ္မာပြည်မှ လာသောသူဖြစ်၍လည်း သန့်ရှင်းစင်



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရကား သူငယ်၏အိပ်ရာနေရာ၌ တစ်စုံတစ်ယောက်သောသူမျှ အိပ်ရ,နေရသောသူ မည်သည် မရှိ။ အာစရိယတို့အိမ်သို့ သွားသောအခါ သူငယ်အိပ်ရာကို ဖြူစွာသောအဝတ်ဖြင့် လွှမ်းလျက် အထက်၌သာ ဆွဲထားရ၏။

တစ်နေ့သ၌ အရှင်သိဂ္ဂဝသည် ဤသို့ကြံ၏။ 'သူငယ်အိမ်၌ ငါဆွမ်းရပ်သည်ကား တစ်ဆယ့်ခြောက်နှစ်မျှ ကာလကြာပြီ။ ဤသူငယ်အား ရှင်ရဟန်းပြုခြင်းငှာလည်း လျော်ပြီ။ ဤသူငယ်နှင့် တစ်စုံတစ်ခုသော စကားကိုမျှလည်း ငါ မပြောရသေး။ ယနေ့ပြောဆိုရအောင် သူငယ်၏နေရာမှတစ်ပါး အခြားနေရာကို ဤအိမ်မှာ ရှာ၍ မရစေသတည်း'ဟု အဓိဋ္ဌာန်၍ ဆွမ်းခံကြွလေ၏။ အိမ်သို့တက်မိသောအခါ အိမ်မှာရှိလင့်သော သူတို့လည်း ဤသူငယ်၏ နေရာမှတစ်ပါး အခြားခင်းဖို့ရာကို မမြင်၍၊ သူငယ်၏အိပ်ရာကိုပင် အရှင်သိဂ္ဂဝအား ခင်းပေ၏။ အရှင်သိဂ္ဂဝလည်း ထိုနေရာထက် ငြိမ်သက်စွာနေလေ၏။

တိဿသူငယ်သည် ဆရာထံမှပြန်လာ၍ မိမိနေရာထက်၌ အရှင်သိဂ္ဂဝ နေလင့်သည်ကို မြင်လျှင် မရွှင်မသာသော နှလုံးရှိလျက် အမျက်ထွက်ဘိရကား "ဦးပြည်းရဟန်းအား ဤနေရာကို အဘယ်သူ ခင်းလင့်သနည်း"စသည်ဖြင့် ဆိုမြည်ရေရွတ်၏။ အရှင်သိဂ္ဂဝလည်း ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုပြီး၍ သူငယ် အမျက်နည်းသောအခါ"အမောင်လုလင်။ သင် ဗေဒင် သင်သည်ကား စိုးစဉ်းမျှ တတ်ပါပြီလော"ဟု မေး၏။

တိဿလုလင်ကလည်း "အရှင်ရဟန်း။ အကျွန်ုပ်မှမတတ်သော် အဘယ်သူ တတ်တော့အံ့နည်း"ဟုဆို၏။ ထိုသို့ဆိုပြီးလျှင်"အရှင်ရဟန်းကား ဗေဒင် တတ်ပါ၏လော"ဟု မေး၏။ "တတ်သည်, မတတ်သည်ကို မေးလိုသမျှ မေးလော့။ မေးလျှင် သိရလတ္တံ့သတည်း" ဟု ဆိုပေ၏။

ထိုစကားကိုကြားလျှင် တိဿလုလင်လည်း မိမိသင်ခဲ့သမျှပညာ၌ ခဲရာခဲဆစ်ဟူသမျှကို မေး၏။ အရှင်သိဂ္ဂဝလည်း ရဟန္တာမဖြစ်မီကပင် ဗေဒင်သုံးကျမ်း၌ ကမ်းတစ်ဘက်ကူးသူ ဖြစ်ရကား ရဟန္တာဖြစ်သောအခါ မည်သည့်ပညာမျှ ထွေးယှက်ခြင်း မရှိ၊ ယုတ္တိအာဂုံနှင့်တကွ မေးသမျှကိုပင် တစ်ခဏချင်း ဖြေဆို၏။ ထိုသို့ ဖြေဆိုနိုင်သောကာလ တိဿလုလင်သည် အလွန်ဝမ်းမြောက်၏။

ထို့နောက်မှ အရှင်သိဂ္ဂဝသည် ဤသို့ ဆိုပြန်၏။ "လုလင်။ သင်သည် ငါ့အားမေးသော ပြဿနာကို ငါ များစွာဖြေဆိုပြီ။ သင့်ကိုလည်း တစ်ခုသောပြဿနာကို ငါ မေးလို၏။ ထိုပြဿနာကို သင် ဖြေပါအံ့လော့"ဟု မေး၏။ "ရှင်ရဟန်း။ မေးလော့။ ဖြေပါအံ့"ဟု ဝန်ခံလျှင်၊ အရှင်သိဂ္ဂဝလည်း စိတ္တယမိုက်၌-

'ယဿ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ တဿစိတ္တံ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ၊

ယဿ ဝါ ပန စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ' ဟူသောပြဿနာကို မေး၏။



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကား– 'အကြင်ပုဂ္ဂိုလ်၏စိတ်သည် ဖြစ်ဆဲ, ချုပ်ဆဲ မဟုတ်။ ထိုပုဂ္ဂိုလ်၏ စိတ်သည် ချုပ်လတ္တံ့, မဖြစ်လတ္တံ့လော။ အကြင်ပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့, မဖြစ်လတ္တံ့။ ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြစ်ဆဲ, ချုပ်ဆဲ မဟုတ်လော'ဟူလိုသည်။ သန္နိဋ္ဌာန်ပုဒ်ကား– ရဟန္တာတို့၏ စုတိစိတ်၏ ဥပ္ပါဒက္ခဏ၊ သေက္ခပုထုဇဉ်တို့၏ စိတ်၏ ဥပ္ပါဒက္ခဏဖြင့် ဖြေအပ်၏။ သံသယကား– ရဟန္တာ၏ စိတ်သာတည်း။

ထိုပြဿနာကိုကြားရသော် တိဿလုလင်လည်း မိမိသင်သော ဗေဒင်ကျမ်းတို့၌ အထက်ကို လည်းကောင်း, အောက်ကို လည်းကောင်း, အောက်မေ့တွေးကာ ဆင်ခြင်ပါသော်လည်း ထိုပြဿနာ၏အနက်ကို အမြွက်မျှမမြင်ရကား "အရှင်ရဟန်း။ ထူးဆန်းလှသော ဤဗေဒင်ကား အဘယ်ဗေဒင်နည်း"ဟု မေး၏။ "လုလင်။ 'ဗုဒ္ဓဗေဒင်' မည်၏"ဟု ဖြေပေသော်၊ "အရှင်ဘုရား။ ဤ ဗုဒ္ဓဗေဒင်ကား အဘယ်မျှလောက် များပြားကျယ်ဝန်းပါသနည်း"ဟု မေး၏။ "လုလင်။ ငါတို့ဗုဒ္ဓဗေဒင်ကား ရှစ်သောင်းလေးထောင်မျှလောက် များ၏။ သိကြား, ဗြဟ္မာတို့မှ မြင်ခြင်းငှာမစွမ်းနိုင်သော ဓမ္မသဘာဝကိုလည်း သိရတတ်၏"ဟု ဆိုပေသော်၊ "ထိုသို့ဖြစ်တပြီးကား အရှင်ရဟန်း။ ဤဗေဒင်ကို အကျွန်ုပ်အား သင်ပါလော့"ဟု တောင်းပန်၏။

အရှင်သိဂ္ဂဝလည်း "အချင်းတိဿ။ ငါကဲ့သို့ ရဟန်းအသွင်ဖြင့် နေသောသူကိုသာ ငါ သင်နိုင်၏"ဟု ဆိုလျှင်၊ "အရှင်ရဟန်း။ ကောင်းပါပြီ။ အကျွန်ုပ် ရဟန်းအသွင်ဖြင့်နေ၍ သင်ပါအံ့"ဟု လျှောက်၍၊ မိဘတို့ထံသို့ ကပ်ပြီးသော် "မိခင်ဖခင်တို့။ ဤရဟန်းသည် ဗုဒ္ဓဗေဒင်ကို တတ်၏။ 'မိမိကဲ့သို့ သင်္ကန်းဝတ်သောသူကိုသာလျှင် သင်အံ့'ဟု ဆိုချေသည်။ ထိုဗေဒင်ကို သင်ယူရအောင် အကျွန်ုပ် ရဟန်းပြုပါရစေ"ဟု ခွင့်တောင်း၏။

မိဘတို့ကလည်း 'ငါတို့သား ဗေဒင်တတ်ရုံသင်ပြီးလျှင် လူ့ဘွင်သို့ ပြန်လာလတ္တံ့' ဟု နှလုံးထား၍၊ "ချစ်သား။ ကောင်းပြီ။ ရဟန်းပြုလော့"ဟု ခွင့်ပေး၏။ အခွင့်ရလေလျှင် အရှင်သိဂ္ဂဝလည်း ဆံ, မုတ်ဆိတ်ကိုပယ်ချ၍ ရှင်ပြုလေ၏။ ရှင်ဖြစ်ပြီးသော် တစပဉ္စက စသော ကာယဂတာသတိ ကမ္မဋ္ဌာန်းကို သင်၍ မမြင့်မီပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ထိုအခါ အရှင်သိဂ္ဂဝလည်း ဤသို့ကြံ၏။ 'ဤတိဿကား ပဌမဖိုလ်သို့ရောက်၍ နောက်သို့ဆုတ်လတ္တံ့သော အကြောင်းမရှိပြီ။ အလီလီသောကမ္မဋ္ဌာန်းကို ပွားစေရသော် အရဟတ္တဖိုလ်သို့ ရောက်အံ့သည်ကား မချွတ်ပြီ။ ယခု စဏ္ဍဝဇ္ဇိထေရ်၏အထံသို့ စေလွှတ်ရန် တန်ပြီ'ဟု ကြံအောက်[illegible] သာမဏေကိုခေါ်ပြီးလျှင်၊ "ငါ့ရှင်တိဿ။ ဤမည်သောဌာန၌ ငါ၏အ[illegible]ဖြစ်သော စဏ္ဍဝဇ္ဇိထေရ်၏အထံသို့ သွား၍ ဘုရားရှင့်စကားတော်ကို သင်ချေ။ ငါ၏စကားဖြင့်လည်း ထိုအရှင်အား အနာကင်းခြင်း, ချမ်းသာစွာနေခြင်းကို မေးလေလော့။ ထိုအရှင်က 'သင်၏ဆရာ အသူနည်း'ဟုမေးသော်၊ 'ကျွန်ုပ်၏ဆရာကား သိဂ္ဂဝထေရ်ပါတည်း'ဟုလျှောက်။ 'ငါ့အမည်ကား အဘယ်အမည် ရှိသနည်း'ဟုမေးသော်၊ 'အရှင်၏အမည်ကို အကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာ သိပါ၏'ဟုလျှောက်။ ဆရာ၏အမည်ကို ရှေ့တွင်ထုတ်ဖော်၍ ခေါ်ခြင်းမည်သည်ကား မရိုမညွတ်ရာ ရောက်သည်။ သင် ထုတ်ဖော်၍ မခေါ်မပြောလင့်"ဟု သင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တိဿသာမဏေလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ ဆရာထံ ပူဇော်ခဲ့ပြီးလျှင် အရှင်စဏ္ဍဝဇ္ဇိထေရ်ရှိရာသို့ လာခဲ့၏။ ရောက်သောအခါ သင့်တင့်ရာအရပ်မှ ရှိခိုးလျက်ကပ်လေသော် စဏ္ဍဝဇ္ဇိထေရ်ကလည်း "သာမဏေ။ သင် အဘယ်အရပ်မှ အဘယ်သို့သော အကြောင်းဖြင့် လာသနည်း"ဟု မေး၏။ "အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားထံ၌ ကပ်၍ 'ပိဋကတ်ကို သင်ချေ'ဟု စေလွှတ်သောကြောင့် လာပါသည်"ဟုလျှောက်လျှင်၊ "သင်၏ဆရာကား အဘယ်အမည် ရှိသနည်း"ဟု မေး၏။ "သိဂ္ဂဝထေရ် မည်ပါသည်" ဟု လျှောက်ပေသော်၊ "ငါ၏အမည်ကား အဘယ်အမည် ရှိသနည်း"ဟု မေး၏။ "အရှင်ဘုရား၏အမည်ကို အကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာ သိပါ၏" ဟု လျှောက်ပြန်၏။ "သာမဏေ။ ထိုသို့ဖြစ်တပြီးကား သင်၏ သပိတ်, သင်္ကန်းကို သိုမှီးလော့"ဟု အခွင့်ပေး၏။ သာမဏေလည်း မိမိ၏ သပိတ်,သင်္ကန်းကို သိုမှီးလျက် ထိုညဉ့်အိပ်စက်၍၊ နံနက်သောအခါ စောစွာထ၍ ကျောင်းအာရာမ်၌ တံမြက်လှည်းပြီးသော် မထေရ်ထသောအခါ မျက်သစ်ရေ, ဒန်ပူတို့ကိုလည်းကောင်း၊ မျက်နှာသုတ်ပုဆိုးတို့ကို လည်းကောင်း ကပ်ပေ၏။

စဏ္ဍဝဇ္ဇိထေရ်လည်း သာမဏေငယ်၏ သည်းခံခြင်းရှိ, မရှိကို သိခြင်းငှာ လည်းကောင်း၊ အခွင့်အရာ၌ လိမ္မာသည်, မလိမ္မာသည်ကို သိခြင်းငှာ လည်းကောင်း ကပ်လာသော ရေကိုလည်း သွန်၍, ဒန်ပူကိုလည်း ပယ်ရှား၍၊ တစ်ပါးသောရေ, ဒန်ပူကိုသာ ယူ၍ သုံးဆောင်၏။ တံမြက်လှည်းရာ၌ ထပ်၍သာ တံမြက်လှည်း၏။ သာမဏေလည်း နေ့စဉ်မချွတ်ဘဲ ပြုမြဲတိုင်းသောဝတ်ကိုသာ ခုနစ်ရက်ပတ်လုံး ပြု၏။

ခုနစ်ရက်စေ့သောအခါ သာမဏေကိုခေါ်ပြန်၍ "သင်သည် ငါ့ထံသို့ အဘယ် အကျိုးငှာ လာသနည်း"ဟု မေး၏။ သာမဏေလည်း ရှေး လျှောက်ထားမြဲအတိုင်းပင် လျှောက် ထား၏။ ထိုအခါ စဏ္ဍဝဇ္ဇိထေရ်ကလည်း 'ဤသာမဏေကား တော်တည့်မှန်ကန်သော စကားလည်း ရှိ၏။ ဝတ်နှင့်ပြည့်စုံလှလျက် သီလ, သိက္ခာပုဒ်ကိုလည်း ဂရုပြု၏။ ဥပဇ္ဈာယ် ဆရာတို့က ထားသောဒဏ်ကိုလည်း သည်းခံလေ၏။ ဗြဟ္မာ့ပြည်သို့သွား၍ တောင်းပန်ရသော တိဿဗြဟ္မာ စင်စစ်ပင်တည်း'ဟု သိ၍၊ ပိဋကတ်တော်ကို သင်စိမ့်သောငှာ အခွင့်ပေး၏။

သာမဏေလည်း ရှိသေစွာသင်မှတ်သဖြင့် သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်တို့ကို အဋ္ဌကထာနှင့်တကွ သာမဏေစဉ်ကပင် အာဂုံဆောင်နိုင်၏။ ဝိနည်းပိဋကတ်ကိုကား ပဉ္စင်းဖြစ်မှ သင်သည်။ တစ်ဝါမပြည့်မီပင် သုံးအင်သောပိဋကတ်တို့ကို အဆုံးသတ် ဆောင်နိုင်၏။ ဆရာဥပဇ္ဈာယ်ဖြစ်သော သိဂ္ဂဝထေရ်, စဏ္ဍဝဇ္ဇိထေရ်တို့သည်လည်း အလုံးစုံသော ပိဋကတ်တို့ကို အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ လက်၌ထားပြီးသော် အသီးသီး ပရိနိဗ္ဗာန် စံယူလေကုန်၏။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း ကမ္မဋ္ဌာန်းဝိပဿနာကို လွန်စွာအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ ထိုအရှင် သင်္ဃာထေရ်မြောက်သောအခါ သီရိဓမ္မာသောက မင်း ဖြစ်လာသည်နှင့် ဆိုင်မိလေသတည်း။ ဤကား သာသနဝံသ အစဉ်တည်း။

[ရာဇဝင်အစဉ်ကို ဆိုဦးအံ့။ ဒုတိယသင်္ဂါယနာ တင်ပြီးသည့်နောက် တစ်ဆယ့်ရှစ် နှစ်မြောက်သောအခါ ကာလာသောကမင်း အနိစ္စရောက်၍ သားတော် ဘဒ္ဒသေန မင်းပြု၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကောရဗ္ယာဝဏ္ဏမင်း၊ ထို့နောက် မစုရမင်း၊ ထို့နောက် သဗ္ဗသမင်း၊ ထို့နောက် ဇာလိယမင်း၊ ထို့နောက် ဥသဘာသမင်း၊ ကုဥ္စသမင်း၊ ကောရဗ္ဗရမင်း၊ နန္ဒိဝမုနမင်း၊ ပဥ္စမကမင်း။ ဤညီနောင် တစ်ကျိပ်တို့သည် နှစ်ဆယ့်နှစ်နှစ်ပတ်လုံး မင်းပြု၍၊ အဆုံးဖြစ်သော ပဥ္စမကမင်းကို ခိုးမှုကြီးနေနှာ သတ်၍၊ 'ဥဂ္ဂသေန' ဟူသောအမည်ဖြင့် မင်းပြုလေ၏။ ထို ဥဂ္ဂသေနမင်း၌ ညီရှစ်ယောက်တို့သည် ရှိကုန်၏။ ရှစ်ယောက်တို့၏အမည်ကား ပဏ္ဍုကာနန္ဒမင်း၊ တိဿ နန္ဒမင်း၊ ဘူတပါလနန္ဒမင်း၊ ကောဓိဿာနန္ဒမင်း၊ ဖုဿဝိဓိကနန္ဒမင်း၊ ကောလိယနန္ဒမင်း၊ ရဿနန္ဒမင်း၊ ဓနနန္ဒမင်း တည်း။ ထိုညီနောင် ကိုးယောက်တို့သည်လည်း နှစ်ဆယ့်နှစ်နှစ်သာ မင်းပြု၍ သာသနာသက္ကရာဇ် ၁၆၂ နှစ် ရှိသောအခါ 'စန္ဒဂုတ္တ'ကို ဇာနက္ကပုဏ္ဏား မင်းမြှောက်၍ မင်းအဖြစ်သို့ ရောက်လေ၏။

॥၉၄॥ ဇာနက္ကပုဏ္ဏား၏အကြောင်းကို ပြခြင်း

ထို ဇာနက္ကပုဏ္ဏား အကြောင်းကား –တက္ကသိုလ်ပြည်၌ 'ဇာနက္က' မည်သော ပုဏ္ဏားသည် ဗေဒင်သုံးပုံကိုလည်း တတ်မြောက်၏။ မန္တရားဆေးဝါးတို့၌လည်း လိမ္မာ၏။ ဥပါယ်တံမျဉ်တို့၌လည်း လိမ္မာ၏။ အလှည့်အပတ် ပရိယာယ်ဝေဝုစ်ကိုလည်း ကျွမ်းကျင်၏။ ဉာဏ်ပဋိဘာန်လည်း လျင်လျား၏။ အထူးထူးသော ထုံးပုံနိဒါန်းကိုလည်း ဆောင်နိုင်၏။ ထီးဖြူဆောင်းထိုက်သော ဘုန်းကံနှင့် ပြည့်စုံ၏ ဟူ၍လည်း ကျော်စော၏။ အဖမရှိ၍ အမိဖြစ်သော ပုဏ္ဏေးမကို လုပ်ကျွေးပေသောသူ ဟူ၍လည်း လူအများ ကြည်ညို၏။

တစ်ရံသောကာလ၌ အမိပုဏ္ဏေးမသည် သား၏ မင်းဖြစ်လတ္တံ့သော ကျော်စောခြင်းကိုကြားသော်၊ 'ငါ့သား မင်းဖြစ်သည်ရှိက ငါ့ကို ချစ်ခြင်းနည်း၍ ကျွေးမွေးခြင်းကို မပြုရာ။ ငါ ကိုးကွယ်ရာမဲ့ ဖြစ်လတ္တံ့'ဟုအောက်မေ့၍ ငိုမြည်တမ်းလေ၏။ ဇာနက္ကပုဏ္ဏားလည်း "မိခင် အဘယ်ကြောင့် ငိုသနည်း"ဟုမေး၍၊ အကြောင်းကိုပြန်ကြားလေလျှင်၊ "မိခင်။ အကျွန်ုပ်၌ မင်းဖြစ်ထိုက်သောကျက်သရေ အဘယ်၌ တည်သနည်း"ဟု မေး၏။ အမိကလည်း "ချစ်သား။ အစွယ်လေးချောင်း၌ တည်၏" ဟု ပြောပေသော်၊ ဇာနက္ကပုဏ္ဏားလည်း 'ငါ မင်းဖြစ်ရတာထက် မိခင်ကို လုပ်ကျွေးရခြင်းသည် အကျိုးရှိ၏'ဟု အစွယ်ကိုချိုး၍ မွေးမိခင်ကို လုပ်ကျွေးလျက်ရှိ၏။

ထိုအကြောင်းကြောင့် လူအပေါင်းတို့သည် "ဤပုဏ္ဏားကား မင်းအဖြစ်ကို စွန့်၍လည်း မိခင်ကို လုပ်ကျွေးပေသည်။ ကျေးဇူးကို အလွန်သိတတ်ပေသည်" ဟု ချီးမွမ်းလျက် စုံမက်ရှိသေကြ၏။ ထို ဇာနက္ကပုဏ္ဏားကား အဆင်းမလှ၊ ကိုယ်သဏ္ဌာန် မကောင်းချေ။

တစ်ရံသောအခါ ဇာနက္ကပုဏ္ဏားသည် အမေးပုစ္ဆာကို ရှာမှီး၍ အစဉ်လှည့်လာသဖြင့် ပါဋလိပုတ် ပြည်သို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြည်၌ 'ဓနနန္ဒ'မင်းကား ကုဋေရှစ်ဆယ်မကသော ဥစ္စာလည်း ရှိ၏။ ဝန်လည်းတို၏။ ဥစ္စာတို့ကို သူတစ်ပါးမရနိုင်အောင် မြေထဲ, ရေထဲ၌ ခက်ခဲစွာထား၏။ ဂင်္ဂါမြစ်ကို ကန်သင်းဆည်ပြီးသော် အလယ်၌ တွင်း ကြီးစွာတူး၍ ရွှေ, ငွေထားပြီးမှ ကျောက်ဖျာကြီးစွာကိုပိတ်၍ အပေါ်သို့ ရေ သွားစေ၏။ နိုင်ငံတွင်ဖြစ်သမျှ မြက်, ထင်းမှစ၍ အဖိုး,အခွန် ခံသည်ချည်းတည်း။

တစ်ရံသောအခါ ထိုမင်းသည် အလှူအတမ်း ပေးကမ်းလိုသည်ဖြစ်၍ မင်းရင်ပြင်၌ မဏ္ဍပ်ကနားဆောက်စေပြီးသော် ပုဏ္ဏားကြီးအား တစ်သိန်းတန်, ပုဏ္ဏားငယ်တို့အား တစ်ထောင်တန် ဝတ္ထုတို့ကို စီရင်၍လှူ၏။ ထိုအလှူနှင့် ကြိမ်ကြိုက်ရကား ဓာနက္ကပုဏ္ဏားလည်း ပုဏ္ဏားကြီးတို့အညာက နေ၏။

ထိုအခါ ဓနနန္ဒမင်းသည် များစွာသော မင်း၏စည်းစိမ်အခြံအရံနှင့်တကွ အလှူမဏ္ဍပ်သို့ဝင်လာ၍ ဓာနက္ကပုဏ္ဏားကိုမြင်လျှင် မကြည်လင်သောစိတ် ရှိရကား၊ "ဤပုဏ္ဏားကို နှင်ချေ"ဟု စေလိုက်၏။ အလှူစီမံသူတို့သည် 'မနှင်အပ်ကြောင်း'ကို လျှောက်ပါသော်လည်း၊ မင်းကြီး မကြိုက်လွန်းသည်ဖြစ်၍ "နှင်ထုတ်လေ" ဟု အဖန်ဖန်စေ၏။

မင်းစေလုလင်တို့သည်လည်း မင်း၏အာဏာ ဖြစ်ပါသည်ဟူ၍မျှ မဆိုဝံ့ရကား ပုဏ္ဏား၏အနီး၌ထိုင်၍ "ပေးလှူသူ မနှစ်သက်ဘဲလျက် ပစ္စည်းကိုစုံမက်၍ နေမှားသည်။ ပစ္စည်း၌ တပ်မက်သောတဏှာသည် အလွန်စက်ဆုပ်ဖွယ် ရှိ၏"ဟု တဏှာကိုသာ အပြစ်တင်ကုန်၏။ ပုဏ္ဏားလည်း မင်းချင်းတို့၏စကားကို ကြား၍၊ 'ငါ့အားရည်မှတ်၍ ဆိုလာချေသည်'ဟု သိသဖြင့် ရှက်ကြောက်ဘိရကား ယ၍သွားခဲ့၏။ လည်၌ဝတ်သော ချည်မျှင်ကိုလည်း အထုံးအထုံးဖြတ်၍ မိမိကိုင်သောရွှေကရားကို တံခါးတိုင်၌ပုတ်ခွဲပြီးသော် "မြေပြင်အလုံး၌ ဓနနန္ဒမင်း၏ အစီးအပွားမဲ့သာ ဖြစ်စေသော"ဟု ကျိန်ဆဲ၍ ထွက်ခဲ့၏။ ကျိန်ဆဲကြောင်းကို မင်းကြီးသိသော် "မိအောင်ဖမ်း၍ သတ်လော့"ဟု စေလိုက်၏။ ပုဏ္ဏားလည်း အဝတ်မဆီး အချည်းနီးကျင့်သော မိစ္ဆာဒိဋ္ဌိအယောင်ဖြင့် ပုန်းရှောင်လေ၏။

ဓနနန္ဒမင်း၌ ပဗ္ဗတမည်သော သားတော်တစ်ယောက်သာ ရှိ၏။ ထိုသားကိုလည်း မင်းကြီးက ကြီးကြပ်လုံ့ခြုံစွာထား၏။ ပုဏ္ဏားလည်း မင်းသားရှိရာသို့ မြေဥမင်တူး၍ ဝင်ပြီးသော် သွေးဆောင်ဖြားယောင်း၍ ခေါ်လေ၏။ ပဗ္ဗတမင်းသားလည်း ပုဏ္ဏားကို ယုံကြည်သောအားဖြင့် သုံးစားရိက္ခာ ဘဏ္ဍာနှင့်တကွ ထွက်၍လိုက်လေ၏။

ပုဏ္ဏားလည်း မင်းသားနှင့်တကွ ထွက်ကြပြီးသော် ဝိဇ္ဈာဋဝီမည်သော တောကြီး၌နေ၍ မိမိတတ်လိမ္မာသောအစွမ်းဖြင့် တစ်ကျပ်တန်ဥစ္စာကို သပြာတစ်ထောင် တန်အောင်ပြု၍ ဖြည့်တင်းစရာဥစ္စာပစ္စည်းတို့ကို ဆည်းပူး၏။ ထူးမြတ်သော ဆေးမန္တရားတို့ဖြင့်လည်း ရွှေ,ငွေကိုပြုလုပ်၏။ ကုဋေရှစ်ဆယ်မျှလောက်သော ရွှေ,ငွေအစုအပုံတို့သည် ဖြစ်လေ၏။ ထိုဥစ္စာတို့ကို သိုမှီးပြီးသော် ပဗ္ဗတသတို့သားမှ တစ်ပါးသော မင်းဖြစ်ထိုက်သော ဘုန်းလက္ခဏာ ရှိသောသူကို ရှာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



[ထိုသို့ ဥစ္စာများ စုရုံးခြင်း, မင်းလောင်းကို ရှာခြင်းသည် ဓနနန္ဒမင်းအား ပြင်းစွာသော အာဃာတရှိ၍ မိမိလုပ်ကြံသောအခါ မချွတ်အောင်မြင်စိမ့်သောငှာ ကြီးစွာအားထုတ်လေသတည်း။ ထို့ကြောင့် ပြည်ကြီးသနင်း မင်းတို့သည် အမျက်ရှိငြားသော်လည်း သူတစ်ပါးတို့ထက် သိဝှက်သိမ်းဆည်းရာ၏။]

ဇာနက္ကပုဏ္ဏားလည်း ပဗ္ဗတသတို့သားနှင့်တကွ မင်းဖြစ်ထိုက်သောသူကို ရှာလေသော် 'စန္ဒဂုတ္တ'သတို့သားကို တွေ့လေ၏။

ထို စန္ဒဂုတ္တအကြောင်းကား– မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် ဝိဋူဋ္ဌဘသည် သာကီဝင်မင်းတို့ကို ဖျက်ဆီးလေသောအခါ အချို့သော သာကီဝင်မင်းတို့သည် အသက်လွတ်လို၍ တောအုပ်သို့ ခိုလျက်နေလာ၏။ ထိုအရပ်သည် ဥဒေါင်းသံ, ကြိုးကြာသံတို့နှင့် နှစ်လိုမွေ့လျော်ဖွယ်ရှိရကား 'မောရိယမြို့'ဟု တွင်၏။

အခါတစ်ပါး ထို မောရိယမြို့ကိုရန်သူတို့ဖျက်ဆီး၍ ပျက်စီးလေလျှင်၊ မောရိယမင်းကြီး၏ မိဖုရားသည် ဝမ်းတွင်းပဋိသန္ဓေနှင့်တကွ မောင်းမတော်တို့ပါ ပြေးလာ၍ ပါဋလိပုတ်ပြည်သို့ ရောက်လျှင် သားကိုဖွားမြင်၍၊ ပင်ပန်းဆင်းရဲသောအခိုက်ဖြစ်၍ သားငယ်ကို မမွေးမြူလိုရကား ထိုသားကို အိုးသစ်၌သွင်း၍ နွားတို့နင်းစိမ့်သောငှာ ခြံဝ၌ ထားလေ၏။

နတ်တို့စောင်မရကား'ဃောသကသတို့သားကဲ့သို့ 'စန္ဒ'မည်သော နွားလားသည် တစ်ပါးနွားတို့မထွက်မီ ထွက်လာ၍ ကောင်းစွာစောင့်နေ၏။ နွားထိန်းယောကျ်ားလည်း သတို့သားကို မြင်သော် ချစ်ခင်စုံမက်စွာ ယူ၍မွေးမြူလေ၏။ 'စန္ဒ'မည်သော နွားလားဥသဘ စောင့်သည်ကို အကြောင်းပြု၍ 'စန္ဒဂုတ္တ' ဟူသောအမည်ကို မှည့်၏။

ထို စန္ဒဂုတ္တသတို့သားသည် နွားကျောင်းသားအရွယ် ရှိသောအခါ မုဆိုးတစ်ယောက် မြင်၍ ချစ်ခင်စုံမက်သောအားဖြင့် နွားထိန်းတို့ထံမှ တောင်း၍မွေးပြန်၏။ စန္ဒဂုတ္တသတို့သားက နွားကျောင်းသားတို့နှင့်ကစားသော် မင်း၏အဟန်ဆောင်၍၊ သူငယ်ဖော်များကို အိမ်ရှေ့မင်းအဟန်, စစ်သူကြီးအဟန်, မှူးမတ်တို့အဟန် အပါးတော်စေအဟန် ပြုစေ၍၊ ခိုးသူတစ်ယောက်ကိုမိ၍ ဆက်လာသောအဟန် ပြုစေပြီးသော်၊ အပြစ် ရှိ, မဲ့ကို မေးမြန်းစိစစ်၍ "ဤသူကို လက်,ခြေ ဖြတ်ထိုက်၏။ ဤသူကို သတ်ထိုက်၏"ဟူ၍ တရားသူကြီးတို့ ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်တိုင်း မင်းမှာ လျှောက်လေ၏။ မင်းက "လက်,ခြေဖြတ်စေ"ဟုစေ၏။ စေသူတို့လည်း မိမိကိုင်သော လှင်ကန်, တုတ်, ဓားအဟန်ပြု၍၊ "စန္ဒဂုတ္တ၏အာဏာတော်"ဆို၍ ဖြတ်ကြ၏။ ခံရသူတို့ကလည်း လက်,ခြေ ပြတ်အဟန်ကို ပြုရ၏။ "စန္ဒဂုတ္တ၏ဘုန်းအားဖြင့် ပကတိ ရှိစေပြန်သတည်း" ဆို၍လည်း ရှေးအတိုင်း ဖြစ်စေပြန်၏။

ထိုသို့သောအကြောင်းကို ဇာနက္ကပုဏ္ဏား ကြားမြင်လေသော် 'အံ့ဖွယ်သရဲ ဖြစ်၏တကား' ဟု အားရဝမ်းသာလျက် ဥစ္စာတစ်ထောင် မုဆိုးအားပေး၍ "ငါ ဗေဒင်သင်အံ့"ဟုဆို၍ ယူမွေးလေ၏။ လက်သို့ရောက်လျှင် တစ်ထောင်တန်သော ရွှေနပေတန် ဆာကိုလုပ်၍ တမုတ်ကြိုးနှင့်သီပြီးလျှင် လည်၌ဆင်ပေ၏။ ပဗ္ဗတသတို့သားကိုလည်း ထိုနည်းပင် ဆင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားနှစ်ပါးတို့သည် ရှည်လျားစွာ ပုဏ္ဏားလက်၌ကြီး၏။ အရွယ်ရောက်ပြီးသော် အသီးအသီး အိပ်မက်မြင်သဖြင့် မိမိတို့အိပ်မက်ကို ပုဏ္ဏားအား ပြန်ကြားသော် 'ပဗ္ဗတကား မင်း မဖြစ်။ စန္ဒဂုတ္တသာ ဇမ္ဗူဒီပါကျွန်း၌ မင်းဆုံးဖြစ်လတ္တံ့'ဟုသိ၏။ ထိုသို့သိငြားသော်လည်း မင်းသားတို့ကို မကြားသိစေဘဲ ခပ်မဆိတ်နေလေ၏။

တစ်ရံသောအခါ တစ်ခုသောတောခန်းဝါ၌ အိပ်ကြလေသော် ဇာနက္ကပုဏ္ဏား ရှေးဦးစွာ နိုး၍ ပဗ္ဗတသတို့သားကို နှိုးပြီးလျှင် လက်တွင် သန်လျက်ကိုထည့်၍၊ "စန္ဒဂုတ္တလည်တွင်ဆင်သော တန်ဆာကြိုးကို မဖြည်, မချွတ်, မဖြတ်ဘဲ ရအောင်ယူချေ"ဟူ၍ စေ၏။ ပဗ္ဗတလည်း 'ယူအံ့'ဟု သွားပြီးသော်၊ 'မဖြည်, မချွတ်, မဖြတ်ဘဲ မရသာ'ဟု ပြန်ခဲ့၏။

အခါတစ်ပါး ထို့အတူ ၎င်းအိပ်ပြန်သော် စန္ဒဂုတ္တကို ရှေးကဲ့သို့ စေပြန်လေ၏။ စန္ဒဂုတ္တလည်း ဓားကိုကိုင်ကာ သွား၍၊ ပဗ္ဗတသတို့သား အိပ်ရာအနီး၌ထိုင်ပြီးသော် 'မဖြည် မချွတ်, မဖြတ်ဘဲ ရအောင်ကိုကား သတို့သားလည်ကို ဖြတ်မှသာ ရရာတော့မည်'ဟု ကြံ၍၊ သန်လျက်ဖြင့် ပဗ္ဗတ၏လည်ကိုဖြတ်၍ လည်၌ဝတ်သောတန်ဆာကို ယူခဲ့၏။ ဆရာပုဏ္ဏားလည်း ထိုအခြင်းအရာကိုမြင်သော် "ပညာ ရှိပေစွ။ ရဲစွမ်း ရှိပေစွ"ဟု ချီးမွမ်းလျက် ခပ်မဆိတ်နေလေ၏။

စန္ဒဂုတ္တလည်း အရွယ်သို့ရောက်လေသော် ဗေဒင်အတတ်ကို လည်းကောင်း၊ ဆင်စီး, မြင်းစီးစသော အတတ်မျိုးတို့ကို လည်းကောင်း သင်ကြား၍ အပြီးတိုင်တတ်မြောက်၏။ လုပ်ရည်ကြံရည်နှင့်လည်း ပြည့်စုံ၏။ ထိုအခါ ဆရာဖြစ်သော ဇာနက္ကပုဏ္ဏားက မိမိမြှုပ်ထားသော ရွှေ, ငွေ ဥစ္စာတို့ကို ဆောင်နှင်း၍ ပြည်ထဲရေးကို လုပ်ကြံစိမ့်သောငှာ ဗိုလ်ပါကို စုရုံးစေ၏။ မိမိမူကား 'ဤအရာသည် အထမမြောက်သည်ရှိသော် ခဲယဉ်းစွာ၏' ဟု ရှောင်ရှားကာ နေလေ၏။

စန္ဒဂုတ္တလည်း တံစိုးပဏ္ဏာဖြင့် ဗိုလ်ပါကိုပေါင်းစည်း၍ ဓနနန္ဒမင်းအား စစ်ပြုလေ၏။ အစွန်အဖျားနေသော မြို့ရွာတို့က အဆစ်အဆစ် ဆီးဆို့တိုက်ဖျက်လေသောကြောင့် စန္ဒဂုတ္တမင်း၏ရဲမက်တို့သာ ပျက်စီးချေ၏။ ထိုအခါ စနည်း တဘောင် နာစေသော်၊ ရွာစွန်နေ မုန့်သည်မတစ်ယောက်သည် မုန့်လုပ်ရာ သားငယ်သည် အမိပေးသောမုန့်ကိုစားသော် အနားဝန်းကျင်က စ၍မစားဘဲ အလယ်သားကို ထွင်းကာစားသဖြင့် မစားနိုင်။ ပူသောကြောင့် ချီတုံချတုံ ပြု၏။ အမိလည်း သားငယ်အပူကို မြင်လျှင် "နင် မုန့်စားသည်ကား စန္ဒဂုတ္တ ပြည်ထဲရေးကိုလုပ်ကြံသည်နှင့် တူ၏တကား"ဟု ဆို၏။ သားငယ်ကလည်း "အမိ။ စန္ဒဂုတ္တမင်း အဘယ်သို့ပြုသနည်း။ငါနှင့် အဘယ်သို့တူသနည်း"ဟုမေး၏။ "ချစ်သား။ စန္ဒဂုတ္တသည် ပြည်ထဲရေးကို လုပ်ကြံရာ၌ ကျေးစွန်ရွာလက်တို့ကို အလျှင်မဖျက်ဘဲ၊ မင်းနေပြည်ကြီးကို ဦးစွာလုပ်ကြံသောကြောင့် မင်းအဖြစ်ကို မရ။ သင်ချစ်သားလည်း မုန့်ကို အနားမှ စ၍မစားဘဲ အလယ်ပူရာကို ထွင်း၍စားသောကြောင့် မစားနိုင်လေ။ ထို့ကြောင့် တူသည်ဟု ငါဆိုသတည်း" ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို စနည်းနာသူတို့ ကြား၍ စန္ဒဂုတ္တနှင့် ဓာနက္ကပုဏ္ဏားအား လျှောက်ကြားလေသော်၊ "ဤအကြောင်း ဟုတ်လှပေသည်"ဟု တစ်ဖန် ဗိုလ်ပါစုရုံးပြန်၍ ပြည်စွန်ရွာနားမှ စ၍ တစ်စတစ်စသိမ်းယူပြီးလျှင် ပုဇ္ဇပုရပြည်ကို ရံ၍ ဓနနန္ဒမင်းအား စစ်ပြုသဖြင့် မင်းအဖြစ်ကို ရလေ၏။

ဓာနက္ကပုဏ္ဏားလည်း မိမိကရားကို ပုတ်ခွဲ၍ လည်တွင်ဆွဲသော စလွယ်ကိုဖြုတ်ပြီးသော် 'ဓနနန္ဒမင်းကြီး၏ စီးပွားမဲ့ကိုသာ ငါပြုတော့အံ့'ဟူသောအကြံသည် မြောက်လေ၏။ ပုဏ္ဏားလည်း စန္ဒဂုတ္တမင်းအား အဘိသိက်မသွန်းသေးဘဲ၊ ဓနနန္ဒမင်း ခဲယဉ်းစွာ ဥစ္စာထားရာကိုသိသော တံငါကြီးကို မင်းမြှောက်လေ၏။ ထိုတံငါကြီးလည်း အကြွင်းအကျန်မရှိအောင် ဥစ္စာရွှေငွေတို့ကို ဖော်ယူ၏။ ထိုသို့ ယူပြီးသောအခါမှ တံငါကြီးကို ပယ်ရှား၍၊ စန္ဒဂုတ္တအား ရာဇာဘိသေက ခံစေ၏။

[ဤသို့ ဓနနန္ဒမင်းကြီး၏ ထုံးစံကိုထောက်၍ 'မင်းတို့မည်သည်ကား အမျိုးလေးပါးတို့နှင့် မဆန့်ကျင်စိမ့်သောငှာသာ ကျင့်ရာ၏။ သင်္ဂဟတရားလေးပါးနှင့် ညီညွတ်စေရာ၏။ သာယာသောစကားကိုသာ ဆိုရာ၏' ဟူ၍ မှတ်ရာသည်။]

ဓာနက္ကပုဏ္ဏားလည်း စန္ဒဂုတ္တမင်းအား စားတော်၌ ဆေးထည့်သောအန္တရာယ် မဖြစ်စိမ့်သောငှာ စားသောက်ရာဟူသမျှတို့၌ တစ်စတစ်စ အဆိပ်နှင့်ရော၍သာ စားစေ၏။ မိဖုရားတို့နှင့် မစပ်စေဘဲ အသီးအခြားသာ စားစေ၏။

[ထိုမင်း၏မိဖုရားကား မောရိယပြည်မှ မယ်တော်နှင့်အတူ ပုဇ္ဇပုရသို့ ရောက်လာသော ဦးရီးတော်၏ သမီးရင်းတည်း။]

တစ်ရံသောအခါ ထိုမိဖုရား၌ ရင့်ပြီးသောကိုယ်ဝန်ရှိလျက် မင်းကြီးစားတော်ခေါ်ရာဝယ် တစ်လုတ်မျှ ခံတွင်းသို့ သွင်းမိ၏။ မင်းကြီးလည်း "ထွေးလော့၊ ထွေးလော့"ဟု ဆိုပါသော်လည်း၊ မထွေးခင် လည်ချောင်းသို့ ဝင်လေ၏။ ထိုသို့ ဝင်ကြောင်းကိုသိလျှင် မိဖုရားလည်ကို သန်လျက်ဖြင့်ခုတ်ဖြတ်၍ ဝမ်းမှသားကို ထုတ်ပြီးသော်၊ ဆိတ်မကြီး၏ဝမ်းကိုဖောက်၍ ထည့်ရ၏။ လေးဆယ့်ကိုးရက်ပတ်လုံး ဆိတ်မအလှည့်အလှည့်သာ အောင်းစေလျက် နေ့ရက်စေ့သောအခါမှ နို့ထိန်းတို့ကိုအပ်၍ မွေးစေ၏။ ကိုယ်တော်သည် ဆိတ်သွေးတို့ဖြင့် လိမ်းကျံရကား အရေလွှာတို့သည် အပိမ့်အပိမ့်ပေါက်သည်ဖြစ်၍ မင်းသားအား 'ဗိန္ဒုသာရ' ဟူသောအမည်ကို မှည့်၏။ ထိုမင်းသား အရွယ်သို့ရောက်သောအခါ၊ ခမည်းတော် စန္ဒဂုတ္တမင်းကြီး နှစ်ဆယ့်လေးနှစ် မင်းမူ၍ အနိစ္စရောက်လေ၏။

အနိစ္စရောက်ကြောင်းကား– မင်းကြီး၏ကိုယ်၌ ဒေဝကုမ္ဘာဏ်ဘီလူး ဝင်၍နေသောကြောင့် အမူအရာတို့သည် လည်းကောင်း၊ ကိုယ်အနံ့တို့သည် လည်းကောင်း ဖောက်ပြန်ကုန်၏။ တစ်ယောက်ချင်း အိပ်နေသောအခါလည်း ဖောက်ပြန်စွာဖြစ်၏။ ပညာရှိသောအမတ်တို့သည် သမား၊ ဟူးရား၊ ပုဏ္ဏားတို့ကို စူးစမ်းသော် ဘီလူးဝင်လေသောအဖြစ်ကို သိ၍



www.burmeseclassic.com

www.burmeseclassic.com



ဗိန္ဒုသာရမင်းအား "အရှင့်ခမည်းတော် မရှိပြီ။ ဘီလူးသာ ဝင်၍ မင်းမှုနေတော့သည်"ဟု လျှောက်ကြကုန်၏။ အဟုတ်အဟတ်သိအောင် ပြုပြီးမှ ဘီလူးကို သတ်ခြင်းငှာ ဥပါယ်တံမျဉ် ဖြင့်ကြံ၍ မင်းချင်းနှစ်ယောက်ကို လက်နက်လုပ်ဟန် ပြုစေ၏။ သူတစ်ပါးတို့ မြစ်တားသော်လည်း မရ။ မင်း၏ ရှေ့တော်တိုင်အောင် ရောက်လေ၏။

ဗိန္ဒုသာရလည်း ဘီလူးနှင့် အကျွမ်းတဝင် ဖခင်ကဲ့သို့ပြု၍ အနီး၌ ခစားကာနေ၏။ လက်နက်လုပ်ယူသောနှစ်ဦးကို ဘီလူးမြင်လျှင် "ငြိမ်းအောင်ပြုဘိ"ဟု မင်းသားအား စေ၏။ မင်းသားလည်း အကြိမ်ကြိမ်သွား၍၊ မတားဆီးနိုင်ကြောင်းကို ဆိုလျှင် ဘီလူးက "ငါ့ထံသို့ ခေါ်ခဲ့"ဟု ဆို၏။ "မင်းချင်းတို့လက်တွင် လက်နက်ပါရှိသောကြောင့် မချဉ်းလာစေသည်"ဟု ပြောသော်၊ "လာစေလော့။ ငါ ငြိမ်းအောင်ပြုအံ့"ဟု ဆို၏။

ထိုသူနှစ်ဦးတို့လည်း ဘီလူး၏အပါးသို့ လက်နက်နှင့်တကွချဉ်း၍ သန်လျက်ပေးဟန် ပြုပြီးမှ ဘီလူးအား ခုတ်သတ်လေ၏။ ဘီလူးသေလျှင် ဖခင်မင်းကြီးအလောင်းကို ကောင်းစွာ ဖုတ်ကြည်းသင်္ဂြိုဟ်လေ၏။

။၉၅။ ဗိန္ဒုသာရမင်း၏သားတော် ဓမ္မာသောကမင်းဆက်အကြောင်းကို ပြခြင်း

စန္ဒဂုတ္တမင်းကား နန်းစည်းစိမ် နှစ်ဆယ့်လေးနှစ်, သာသနာ တစ်ရာ့ရှစ်ဆယ့်ခြောက်ခု တွင် အနိစ္စရောက်၍၊ သားတော် ဗိန္ဒုသာရ မင်းဖြစ်တော်မူသည်။ ထိုမင်းမိဖုရားကား မောရိယ ပြည်မှ သာကီဝင်မင်းမျိုးဖြစ်သော'ဓမ္မာ'မင်းသမီးကို မိဖုရားမြှောက်၏။ ထို ဓမ္မာမိဖုရားဝယ် 'ဓမ္မာသောက'မင်းကို ပဋိသန္ဓေရလေလျှင် ချင်ခြင်းငါးပါးသည် ဖြစ်၏။

ချင်ခြင်းငါးပါးကား–

၁။ ခြေတစ်ဖက်ကား နေဝန်းကို, ခြေတစ်ဖက်ကား လဝန်းကိုနင်းလိုခြင်း တစ်ပါး။

၂။ ကောင်းကင်၌ရှိသော ကြယ်တို့ကို စားချင်သည် တစ်ပါး။

၃။ ကောင်းကင်၌ရှိသော မြွေးသောတိမ်ညွန့်တို့ကို စားချင်သည် တစ်ပါး။

၄။ မြေထဲ၌ရှိသော တီကို စားချင်သည် တစ်ပါး။

၅။ မြေထက်၌ ရောက်သမျှသောအညွန့်တို့ကို စားချင်သည် တစ်ပါး။

ဤသို့ ချင်ခြင်းငါးပါးဖြစ်ကြောင်း မင်းကြီးအား ကြားလျှောက်၏။ မင်းကြီးလည်း ပညာရှိတို့နှင့်တိုင်ပင်၍ ဤအာသာ ငြိမ်းအောင်ပြုပေ၏။ မိဖုရားလည်း မိမိ၏ဆရာ အတတ်ပညာနှင့်ပြည့်စုံသော 'စရဏဇိဝက' အား မေးပေ၏။ ထိုဆရာလည်း ဤသို့ ဟော ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



၁။ မိဖုရားဝမ်းတွင်ရှိသော သန္ဓေကား ယောကျ်ားဖွားမြင်၍ မင်းစင်စစ် ဖြစ်လတ္တံ့။ ထိုသို့မင်း ဖြစ်သော်လည်း မင်းမည်ကာမျှ မဟုတ်။ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ထင်ရှားထွန်းပသောမင်း တို့ကို နှိမ်နင်းသော မင်းဆုံးဖြစ်လတ္တံ့သော နိမိတ်ကြောင့် နေ့,လတို့ကို နှိမ်နင်းလိုသော ချင်ခြင်း ဖြစ်သတည်း။

၂။ ကြယ်တို့ကို စားချင်သောနိမိတ်ကား ညီအစ်ကို တစ်ဖသားချင်း မင်းဟူသမျှကို သတ်ရလတ္တံ့သော အကြောင်းတည်း။

၃။ တိမ်အဖျားတို့ကို စားချင်သောနိမိတ်ကား ဘုရားရှင်သာသနာတော်၏ အညစ်အကြေး ဖြစ်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖျောက်လတ္တံ့သော အကြောင်းတည်း။

၄။ မြေ၌ကျစ်သော တီတို့ကို စားချင်သောနိမိတ်ကား မြေကြီးအထဲ တစ်ယူဇနာတိုင်အောင် စိုးပိုင်လတ္တံ့သော အကြောင်းတည်း။

၅။ သစ်ပင်၌ သစ်ညွှန့်တို့ကို စားချင်သောနိမိတ်ကား အထက်ကောင်းကင်သို့ တစ်ယူဇနာ တိုင်အောင် အာဏာစက်နှံ့ရသော အကြောင်းတည်းဟု ဟောပေ၏။

မိဖုရားလည်း အားရဝမ်းမြောက်စွာ ဆရာဟောပေသော စကားကို ရွှေပြားတွင် ရေးတင်၍ ထား၏။ "ဆရာဟောတိုင်း မှန်ပါမူ ရတနာအတိစီသော ရွှေထမ်းစင်ဖြင့် ဆရာကိုတင်၍ ကြီးစွာသော ပူဇော်သက္ကာကို ပြုပါအံ့"ဟု ဆို၏။

မိဖုရားလည်း နေ့,လ စေ့သောအခါ တင့်တယ်စွာသောသတို့သားကို ဖွားမြင်၍၊ 'အသောက'ဟူသောအမည်ကို မှည့်၏။ သတို့သား ထိုင်တတ်သောအရွယ်သို့ ရောက်လျှင် မင်းရင်ပြင်သို့ဆောင်၍ မင်းကြီး၏တင်ထက်၌ နေစေ၏။ မင်းကြီးလည်း ခရုသင်းလက်ယာ ရစ်ကို ကိုင်၍နေစဉ် မင်းသားသည် ခရုသင်းအတွင်းဝယ် ကျင်ငယ် သွားတည့်၏။ မင်းကြီး လည်း ခရုသင်းနှင့် ကျင်ငယ်ရေကို သားတော်ထိပ်၌ သွန်းမိလေ၏။

မိဖုရားလည်း ဆရာ စရဏာဇီဝကကို ခေါ်၍ အကြောင်းကိုမေးသော် "သားတော်ကို ယခု အဘိသိက်သွန်းသည် မည်၏။ မချွတ် မင်းဖြစ်လတ္တံ့"ဟု ဆိုပေ၏။ ဤသို့ဆိုပြီးမှ "ငါဟောသည့်အတိုင်း မှန်လျှင် ငါရှိရာ လာ၍ပင့်စေ"ဟုဆိုပြီးမှ စရဏာဇီဝကဆရာလည်း ယူဇနာ တစ်ရာဝေးသောအရပ်သို့ သွား၍နေလေ၏။

ဓမ္မာသောကမင်းသား အရွယ်သို့ရောက်လတ်သော် ခမည်းတော်က အိမ်ရှေ့အရာပေး၍ အဝန္တိတိုင်း ဥဇ္ဇေနီပြည်ကြီးကို စားစေ၏။

တစ်ရံသောအခါ "အမောင်စားသောမြို့သို့ သွား၍နေလေ"ဟု စေလိုက်၏။ ဓမ္မသောကမင်းသားသည် ယူဇနာ တစ်ရာဝေးခြားသော ဥဇ္ဇေနီပြည်ကို သွားလေသော်၊ ခရီး အကြား ယူဇနာငါးဆယ်ရှိသောအရပ်၌ ဝိဋ္ဋူဘဘေးကြောင့် သာကီဝင်မင်းတို့ ပြေးပုန်း၍ နေလာသော 'ဝေဒိသ'မည်သောမြို့သည် ရှိ၏။ ထိုမြို့၌နေသော သာကီဝင်သူဌေးသမီးဖြစ်သော 'ဝေဒိသဒေဝီ'ကို ယူခဲ့၍၊ ဥဇ္ဇေနီပြည်ကြီး၌မင်း၏စည်းစိမ်ကို ခံစား၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေဒိသဒေဝီကိုယူ၍ မကြာမြင့်မီ 'မဟိန္ဒ'မင်းသားကို ပဋိသန္ဓေ ယူလေ၏။ ထိုမင်းသားကိုဖွား၍ ဖဝါးခြေဖြင့်သွားလတ်သော် သမီးတော် 'သင်္ဃမိတ္တာ'ကို ဖွားမြင်ပြန်၏။ အခါတစ်ပါးခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် နာတော်မူကြောင်းကိုကြား၍၊ ဥဇ္ဇေနီပြည်မှ အလျင်အမြန်ပြန်ခဲ့ပြီးသော် ဝေဒိသဒေဝီနှင့် သမီးတော်,သားတော်တို့ကို ဝေဒိသပြည်တွင်ထားခဲ့၍၊ မိမိချည်းသာ ပါဋလိပုတ်ပြည်သို့လာခဲ့၍ ခမည်းတော်အား လုပ်ကျွေးပြုစု၏။ ဗိန္ဒုသာရမင်းကြီးလည်း နန်းသက်စည်းစိမ် နှစ်ဆယ့်ရှစ်နှစ်, သာသနာသက္ကရာဇ် နှစ်ရာတစ်ဆယ့်လေးခုတွင် အနိစ္စရောက်တော်မူ၏။ ခမည်းတော် ခန္ဓာငြိမ်းခဲ့သော် ပြည်အလုံးကိုသိမ်းယူ၍ မင်းပြုတော်မူ၏။

ထိုအကြောင်းကို နောင်တော် 'သုမန'မင်းသား ကြားလေသော် ကိုးကျိပ်ကိုးယောက်သော ညီနောင်တို့နှင့်တကွ သမုဒ္ဒရာလှိုင်းထဘိသကဲ့သို့ စစ်ကြီးစီရင်၍လာပြီးလျှင် ပါဋလိပုတ်ပြည်ကို ဝန်းရံလေ၏။ ဓမ္မာသောကမင်းကြီးလည်း မြို့တွင်းရှိ ရဲမက်နှင့်တကွ ရုံးစည်း၍တိုက်လေလျှင်၊ နောင်တော် ကိုးကျိပ်ကိုးယောက်ကိုရ၍ သတ်လေ၏။

နောင်တော် သုမနမင်းသား၏မိဖုရား သုမနဒေဝီလည်း မင်းသားသေကြောင်းကိုကြားလျှင်၊ ရင့်သောကိုယ်ဝန်နှင့်တကွ မထင်ရှားသောအသွင်ဖြင့် ပြေး၍ မနီးမဝေးသောဒွန်းစဏ္ဍားတို့၏ရွာသို့ သွားလေ၏။ ရောက်လျှင် ထိုရွာ၏အနီး ပညောင်ပင်ကြီး၌ စောင့်နေသောနတ်သည် သုမနဒေဝီအား "ဤသို့ လာလော့"ဟု ခေါ်နှင့်ပေ၏။ မိဖုရား ချဉ်းကပ်မိလျှင် တစ်ခုသောဇရပ်ကို ဖန်ဆင်း၍နေစေ၏။

သုမနဒေဝီလည်း ဇရပ်သို့ရောက်သောနေ့ပင်လျှင် သတို့သားကို ဖွားမြင်၏။ ထိုသားကို ပညောင်စောင့်နတ် မ,စသည်ကို အကြောင်းပြု၍ 'နိဂြောဓ'လုလင်ဟု သမုတ်လေ၏။ ဒွန်းစဏ္ဍားအကြီးလည်း ထိုမိဖုရားကို မြင်သည်မှစ၍ မိမိအရှင်သမီးကဲ့သို့ မှတ်လျက်လုပ်ကျွေးပြုစုလေ၏။

နိဂြောဓသတို့သား ခုနစ်နှစ်အရွယ်သို့ရောက်လေသော် 'မဟာဝရုဏ' မည်သောရဟန္တာသည် သူငယ်၏ ရဟန္တာဖြစ်အံ့သော အကြောင်းကို မြင်၍၊ သုမနဒေဝီအား တရားစကားဟောကြားဆုံးမပြီးလျှင် သတို့သားကိုယူ၍ ရဟန်းပြုစေ၏။ နိဂြောဓလုလင်လည်း ဦးခေါင်းရိတ်စဉ်ကပင် 'တစပဉ္စက' ကမ္မဋ္ဌာန်းကို သင်ကြားသဖြင့်၊ သင်တုန်းဓားအဆုံး၌ပင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

သိရိဓမ္မာသောကမင်းကြီးကား မိမိနှင့် တစ်မိတစ်ဖတည်းဖြစ်သော ညီတော်တိဿကိုထား၍၊ တစ်ဖသားချင်းဖြစ်သော နောင်တော် ကိုးကျိပ်ကိုးယောက်ကို ဖျောက်၍၊ လေးနှစ်တိုင်တိုင် အဘိသိက်မခံဘဲ ပြည်ထဲရေးကိုသာ သုတ်သင်စီရင်၍၊ သက္ကရာဇ် ၂၁၈ ခုနစ်ရောက်သောအခါ ရာဇာဘိသေက ခံတော်မူ၏။ ညီတော် 'တိဿကုမာရ'ကိုလည်း အိမ်ရှေ့ ပေးတော်မူသည်။ ဝေဒိသဒေဝီလည်း 'မဟိန္ဒ 'မင်းသားနှင့် သမီးတော် 'သင်္ဃမိတ္တာ'ကို ပါဋလိပုတ်ပြည်သို့ ပို့စေ၏။ မိမိမူကား ဝေဒိသပြည်၌ပင် နေလေ၏။

သိရိဓမ္မာသောကမင်းလည်း ရှေးကောင်းမှု၏ အာနုဘော်, အဘိသိက်၏ အာနုဘော်ကြောင့် ဇမ္ဗူဒီပါကျွန်းပေါ်၌ တစ်ယောက်တည်းသောမင်းအဖြစ်သို့ ရောက်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်မြေအထဲကိုလည်း တစ်ယူဇနာထွင်း၍၊ ကောင်းကင်ကိုလည်း တစ်ယူဇနာတက်၍ အာဏာစက်တော် နှံ့၏။

အနောတတ်အိုင်မှ တစ်နေ့ ရှစ်ထမ်းသောရေတို့ကို နတ်တို့သည် နေ့တိုင်းနေ့တိုင်း ပို့ဆက်လာကုန်၏။ ထိုရေ တစ်ဆယ့်ခြောက်လုံးတို့တွင် ရှစ်လုံးသောရေတို့ကို သံဃာတော်တို့အား ကပ်လှူ၏။ နှစ်လုံးသောရေတို့ကို ပိဋကတ်သုံးပုံကိုဆောင်သော ရဟန်းတို့အား လှူတော်မူသည်။ နှစ်လုံးသောရေတို့ကို 'အသန္ဓိမိတ္တာ'မိဖုရားကြီးအား ပေးတော်မူသည်။ နှစ်လုံးသောရေတို့ကို တစ်သောင်းခြောက်ထောင်သော မောင်းမတို့အား ပေးတော်မူသည်။ နှစ်လုံးသောရေတို့ကို ကိုယ်တော် သုံးဆောင်သည်။

ထိုမှတစ်ပါး ဟိမဝန္တာတောမှ နူးညံ့သိမ်မွေ့စွာသော၊ အရသာနှင့်ပြည့်စုံသော၊ နာဂလတာမည်သော ကွမ်းရိုးဒန်ပူကို လည်းကောင်း၊ ဆေးဖြင့်ပြီးသော သျှိသျှားသီး၊ သဖန်းခါးသီးတို့ကို လည်းကောင်း နတ်တို့သည် ပို့ဆက်လာကုန်၏။ ထိုမှတစ်ပါး အနံ့ အရသာနှင့် ပြည့်စုံသော သရက်သီးမှည့်တို့ကို လည်းကောင်း၊ ဆဒ္ဒန်အိုင်၏အနီးဖြစ်သော ပဒေသာပင်မှ အဆင်းငါးပါးရှိသော ဝတ်စရာရုံစရာ အထည်တို့ကို လည်းကောင်း၊ လိမ်းကျံစရာ နံ့သာပျောင်း နံ့သာမှုန့်တို့ကို လည်းကောင်း၊ ချည်ဖြင့်ရက်သော၊ မုလေးပွင့်ကဲ့သို့နူးညံ့သိမ်မွေ့သော၊ အပြောက်ရှိသော အပေါ်ရုံပုဆိုးတို့ကို လည်းကောင်း နတ်တို့သည် ပို့ဆက်လာကုန်၏။

မြတ်သောသူတို့သာ ထိုက်သော မျက်စဉ်းတို့ကိုလည်း နဂါးတို့ ဆက်လာကုန်၏။ ဆဒ္ဒန်အိုင်၏အနီးဖြစ်သော သလေးစပါးတို့ကိုလည်း ကျေးသား၊ ငုံး၊ ခါ အစရှိသော ငှက်တို့သည် ချီဆောင်၍ အလှည်း ကိုးထောင်တိုင်တိုင် ဆက်လာကုန်၏။

['အလှည်းကိုးထောင်' ဟူသည်ကား– လေးဆုပ်ကို တစ်ကုဍ္ဍ၊ လေးကုဍ္ဍကို တစ်ကွမ်းစား၊ လေးကွမ်းစားကို တစ်ပြည်၊ လေးပြည်ကို တစ်စိတ်၊ လေးစိတ်ကို တစ်တင်း၊ အတင်းနှစ်ဆယ်ကို တစ်ဝါဟ၊ တစ်ဝါဟကို တစ်လှည်း၊ ဤလှည်းပေါင်း ကိုးထောင်တည်း။ ဤကား သုတ္တနိပါတ်အဋ္ဌကထာ စသည်တို့၌လာသော ဝါဟာရတည်း။ ဂဏန်းကျမ်းတို့၌ကား – လေးတင်းကို တစ်တို့၊ လေးတို့ကို တစ်ပုတ်၊ လေးပုတ်ကို တစ်ကက်၊ လေးကက်ကို တစ်ကြ၊ လေးကြကို တစ်ကျီ၊ တင်းပေါင်းလေးဆယ်ကို တစ်ဝါဟ မည်၏ဟု ဆိုကုန်သည်။ ယခုသုံးစွဲသော တင်းဖြင့်ရေတွက်သော် 'အလှည်းကိုးထောင်'သည် 'တင်းပေါင်း သုံးသောင်းခြောက်ထောင်' ရှိ၏။]

ထိုသို့ ကျေးငှက်တို့ဆောင်ခဲ့သော စပါးကို ညဥ့်အခါ ရှဉ့်၊ကြွက်၊ပွေးစသော သတ္တဝါတို့သည် ဆန်လုံးမပျက်စေဘဲ ဖွဲနု၊ ဖွဲကြမ်းကိုသာ နွာ၍စားကုန်၏။ ထိုဆန်ဖြင့် အရိယာသံဃာတို့အားလည်း ဆွမ်းလုပ်ကျွေး၏။ မင်း၊ မိဖုရား၊ မောင်းမ၊ မိသံ၊ ခြွေရံ၊ မှူးမတ်တို့ကိုလည်း ရိက္ခာစားနပ် ပေးတော်မူ၏။

ထိုမှတစ်ပါးလည်း ပျားကြီးပျားငယ်တို့သည် နီးရာနီးရာအရပ်၌ အသက်မရှိဘဲ လပို့သာ စွဲလာကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



တော၌နေသော ဝံ, မျောက် စသောသတ္တဝါတို့လည်း ပန်းပဲဖိုသို့ဝင်၍ နေ့ညဥ့်မပြတ်တူ, ပေကိုင်၍ ပုတ်ခတ်ရကုန်၏။

ကရဝိက်ငှက်တို့သည်လည်း နန်းတော်ထက်ဝန်းကျင်မှ သာယာသောအသံဖြင့် ကျူးရင့်လာကုန်၏။

ဤသို့ ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသော, တက်သစ်သောနေမင်းသဖွယ်ဖြစ်တော်မူသော သိရိဓမ္မာသောကမင်းကြီးသည် အစဉ်အဆက်မိကုန်သော မှူးမတ်တို့စကားဖြင့် ဘုရားသခင်၏အသွင်အပြင်ကို ဖူးမြင်လိုရကား ဘုရားလေးဆူကိုမီလိုက်သော, အသက်တစ်ကမ္ဘာပတ်လုံးရှည်သော 'ကာလနဂါး'ကိုခေါ်လို၍ ရွှေခြေချင်းအဖွဲ့ကို သမုဒ္ဒရာထဲသို့ချလိုက်၏။ ထိုခြေချင်းသည် ကာလနဂါးမင်းနေရာသို့ ရောက်လေသော် ထိုနဂါးနေရာလည်း မြေအောက် တစ်ယူဇနာအတွင်း၌ဖြစ်၍ မင်း၏နိုင်ငံတော်ဖြစ်သောကြောင့် မနေဝံ့ရကား လျှင်လျှားစွာလာရ၏။

ဓမ္မာသောကမင်းကြီးလည်း ကာလနဂါးရောက်သောအခါ ထီးဖြူမိုးကာသော ရတနာပလ္လင်၌နေစေ၍၊ ကျက်သရေရှိသော ရေပန်း,ကြည်းပန်းတို့ဖြင့် လည်းကောင်း၊ ရွှေပန်း, ငွေပန်း, ပေါက်ပေါက်ပန်းတို့ဖြင့် လည်းကောင်း ပူဇော်၍၊ ရှုမျှော်ဖွယ်သော ကချေသည် အပေါင်း တစ်သောင်းခြောက်ထောင်တို့ကို ခြံရံစေလျက် နဂါးမင်းအား ဤသို့ဆို၏။ "အဆုံးမရှိသော အားတော် ဆယ်တန်, ဉာဏ်တော် ဆယ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း၏ ရတနာခုနစ်ပါးနှင့်တူသော၊ ဗောဇ္ဈင်ခုနစ်ပါး တရားရတနာနှင့် ပြည့်စုံတော်မူသော ဘုရားသခင်ကို သင်ကိုယ်တိုင် ဖူးမြင်ရပါသည်။ ငါမူကား မဖူးမြင်ရပါ။ ထိုဘုရားသဏ္ဌာန်ကို ဖန်ဆင်း၍ ငါ့အား ပြပါလော့"ဟု ဆို၏။

နဂါးမင်းလည်း "အရှင်မင်းကြီး။ အစိန္တေယျ လေးပါးနှင့် ပြည့်စုံတော်မူသော ကိလေသာကင်းတော်မူသော မြတ်စွာဘုရားသခင်သဏ္ဌာန်ကို အကျွန်ုပ်ဖန်ဆင်း၍ ဘယ်မှာတူနိုင်အံ့နည်း။ မပြစွမ်းနိုင်ပါ"ဟု ဆို၏။ မင်းကြီးလည်း "ပီပြင်စွာ မပြနိုင်သော်လည်း တစ်စိတ်တစ်ဒေသမျှ ပြပါလော့"ဟု ဆိုလျှင်၊ ကာလနဂါးလည်း သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, ရောင်ခြည် ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော၊ လူ နတ် နဂါး သိကြား ဗြဟ္မာတို့၏ မျက်စိအရသာ တည်ရာဖြစ်သော၊ ကကုသန်, ကောဏဂုံ, ကဿပ, ဂေါတမ ဟူသော ဘုရားလေးဆူတို့၏အသွင်တော်ကို ပြပေ၏။

မင်းကြီးလည်း ထိုသို့သော အဆင်းတော်ကိုရှုလျက် ခုနစ်ရက်ပတ်လုံး မျက်စိဖြင့် ပူဇော်ခြင်းကို ပြုတော်၏။ သိရိဓမ္မာသောကမင်းကြီးကား အဘိသိက်ခံပြီးမှ လေးနှစ်တိုင်တိုင် သာသနာတော်မှအပဖြစ်သော လောကီစည်းစိမ်ကိုသာ များစွာ ဆည်းပူးတော်မူလျက်၊ လေးနှစ်လွန်သောအခါမှ သံသရာကြောင်းကို တိုင်းထွာ၍ ဆရာကောင်းဆရာမြတ်တို့ကို ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံသောအခါ "ငါသည် ဇမ္ဗူဒိပ်ကျွန်းလုံးကို အစိုးရသော မင်းစေရာဇ်စည်းစိမ်ကို ရတော်မူသည်။ ထိုသို့ဖြစ်လတ္တံ့သော အကြောင်းကို ပဋိသန္ဓေနေစဉ်က တစ်စုံတစ်ခုသော တိတ်နိမိတ် ထင်ဖူးသလော"ဟု မယ်တော်ဖြစ်သော ဓမ္မာမိဖုရားအား မေးတော်မူ၏။ မယ်တော်လည်း ရွှေပေ၌ ရေးသားထားသောအက္ခရာကို ပြပေ၏။ မင်းကြီးမြင်လျှင် ယခင် နိမိတ်ဖတ်ဖူးသော ဆရာစရဏဇိဝကကို ပူဇော်သက္ကာရပြုလို၍ ရတနာအတိပြီးသောထမ်းစင်ဖြင့် တင်ဆောင်ရလေ၏။ ဆရာလည်း အပူဇော်ခံခြင်းငှာ လိုက်လာ၍၊ ခရီးအကြား၌ 'အဿဂုတ္တ' ရဟန္တာကိုတွေ့၍ တရားတော်ကိုနာရလျှင်၊ ရဟန္တာအဖြစ်သို့ရောက်၍ အပူဇော်မခံလိုဘဲ ထိုအရှင်ထံ၌ပင် နေလေ၏။

ထိုမင်းခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် ပုဏ္ဏားတို့အား လည်းကောင်း၊ ပုဏ္ဏားမျိုးဖြစ်သော ပါသဏ္ဍအယူရှိသော သက်န်းယောင်ပုဆိုးဝတ်သော 'ပဏ္ဍရင်္ဂ' တိတ္ထိတို့အား လည်းကောင်း၊ ဒုစရိုက်ဆယ်ပါးကိုသာ ရှောင်လျက် ရဟန်းယောင်ပြုနေသော 'ပရိဗ္ဗာဇက' တိတ္ထိတို့အား လည်းကောင်း၊ အဝတ်မဆီး အချည်းနှီးသော 'အစေလက' တိတ္ထိတို့အား လည်းကောင်း၊ 'ငါတို့အား ကိလေသာတည်းဟူသော အနှောင်အဖွဲ့ မရှိ။ ရဟန္တာဖြစ်ပြီ' ဟု ဝန်ခံလျက် သူ တစ်ပါးထံအလှူခံ၍ များစွာသောပရိက္ခရာတို့ကို ဆောင်ယူတတ်သော နိဂဏ္ဌတိတ္ထိ၊ 'ငါတို့ဆရာကား ထာဝရဘုရားတည်း။ ထိုဘုရားကိုကိုးကွယ်မှု လူတို့၏ မကောင်းသော အကျင့်ဟူသမျှကို ထာဝရဘုရားသာ ကိုယ်စားခံစေသည်ဖြစ်၍ မကောင်းမှု မရှိပြီ'ဟု ယူသော 'နတ္ထိက' တိတ္ထိတို့အား လည်းကောင်း၊ ဤသို့စသည်ဖြင့် ပြားသော ခြောက်သောင်းမျှလောက်သော တိတ္ထိတို့အား ဝတ်ထား၍ လုပ်ကျွေးပြုစု၏။

သိရီဓမ္မာသောကမင်းလည်း ခမည်းတော်ကျွေးမြဲသောဝတ်ကို မချတ်စေဘဲ အိမ်တော်၌ အမြဲလုပ်ကျွေး၏။ တစ်နေ့သ၌ ခြသေ့်ခံသော လေသာနန်းတံခါးကို လှပ်၍ကြည့် တော်မူသော် လျှပ်ပေါ်သောလက္ခဏာဖြင့် နေထိုင်စားသောက်ကြသော ထို တိတ္ထိ၊ ပရိဗိုဇ်တို့ကို မြင်၍ 'ဤသူတို့၌ မြတ်သောတရားသည် မရှိရာ။ သွားလာနေထိုင်ခြင်းကိစ္စ၌ ငြိမ်သက်မြတ်မွေ့ခြင်း မရှိ။ ပကတိသော လူတို့ကဲ့သို့ပင် တကား။ မြတ်လှသော အလှူခံတို့ကို ရှာကြံရွေးချယ်၍ လှူမှ သာလျှင် အကျိုးရှိသည်တကား'ဟု ကြံလေ၏။

ထိုသို့ကြံပြီးသော် အမတ်တို့ကိုခေါ်၍ "အမောင်တို့သည် သူ တော်ကောင်းဟု သမုတ်အပ်သော အလှူခံမြတ်တို့ကို ရှာ၍ပင့်ခဲ့ကုန်။ ငါ အလှူပေးလိုသည်"ဟု ဆို၏။ ထိုအမတ်တို့လည်း တိတ္ထိပုဂ္ဂိုလ်တို့ကို ပင့်ဆောင်၍ "အရှင်မင်းကြီး။ ဤပုဂ္ဂိုလ်ကား အကျွန်ုပ်တို့၏ဆရာ ရဟန္တာပါတည်း"ဟု လျှောက်ကုန်၏။ မင်းကြီးလည်း သူမြတ်မဟုတ်မှန်း သိ၍၊ ထိုတက္ကတွန်းတို့နှင့် လျော်သော ပူဇော်သက္ကာရကိုသာ ပြု၍သွားစေ၏။

ဤသို့ အလှူခံမြတ်ကို ဖွေရှာ၍နေစဉ် တစ်နေ့သ၌ 'နိဂြောဓ'သာမဏေသည် နံနက် အခါ ဆရာတို့၌ပြုထိုက်သော ဝတ်ကိုပြုခဲ့ပြီး၍၊ သပိတ်၊ သင်္ကန်းပြင်လျက် မယ်တော်အိမ်သို့ ဆွမ်းခံအံ့သောငှာ မြို့၏တောင်မျက်နှာမှ ဝင်လာ၍ အရှေ့မျက်နှာသို့ ရှေးရှု သွားသတည်း။ မယ်တော်အိမ်ကား မြို့၏အရှေ့၌ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သိရီဓမ္မာသောကမင်းလည်း လေသာနန်းတံခါး၌ ရပ်၍ အရှေ့အရပ်သို့ မျှော်စဉ် မင်းရင်ပြင်သို့ လှမ်း၍လာသော နိဂြောဓသာမဏေယ်ကို မြင်လျှင် ဤသို့ ဆင်ခြင်၏။ 'မြင်မြင်သမျှသော လူအပေါင်းကား မတည်ကြည်သောနှလုံး ရှိ၏။ တုန်လှုပ်လျှပ်ပေါ်သော ဣန္ဒြေ ရှိ၏။ ကျော့ကွင်း၌မိသော သမင်ကဲ့သို့ လည်းကောင်း၊ ကျီး၏မျက်နှာကဲ့သို့ လည်းကောင်း ရှိ၏။ ဤနန်းရင်ပြင်ဖြင့် သွားသောသူငယ်မူကား အလွန်တည်ကြည်သော ဣန္ဒြေ ရှိ၏။ ရှေ့သို့တက်ခြင်း, နောက်ဆုတ်ခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း, လက်ခြေတို့၏ ကွေးခြင်း, ဆန့်ခြင်း စသောအမူအရာတို့သည် တင့်တယ်သိမ်မွေ့စွာ ရှိ၏တကား။ ဤသူငယ်၏ကိုယ်တွင်း၌ မြတ်သောတရားသည် ရှိရာပေ၏'ဟု ကြံပြီးလျှင် အလွန် ချစ်ခင်ကြည်ညိုသောစိတ် ရှိသည်ဖြစ်၏။

အဘယ်ကြောင့် ဖြစ်သနည်း ဟူမူကား – ရှေးကောင်းမှုပြုကြသောအခါ နိဂြောဓသာမဏေသည် အစ်ကိုကြီး, 'ဒေဝါနံပိယတိဿ'မင်းသည် ညီအလတ်, သိရီဓမ္မာသောကမင်းသည် ညီအထွေး ဖြစ်ဖူးသောကြောင့် မြင်တော်မူလျှင်ပင် လွန်စွာသောကြင်နာစုံမက်ခြင်းသည် ဖြစ်သတည်း။ ထိုသို့ ရှေးဘဝ၌ တကွကောင်းမှု ပြုဖူးသောကြောင့် လည်းကောင်း၊ မျက်မှောက်သောအဖြစ်ဝယ် နှစ်သက်ဝမ်းသာ စီးပွားချမ်းသာကို ဆောင်ပေသောကြောင့် လည်းကောင်း ဤအကြောင်းနှစ်ပါးဖြင့် ချစ်ခြင်းတရားသည် ဖြစ်သတည်း။

ထို့ကြောင့် ဘုရားသခင်လည်း–

'ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။

ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ' – ဟူသောဂါထာကို ဟောတော်မူသည်။

အနက်ကား – ဘိက္ခဝေ၊ ရဟန်းတို့။ ပုဗ္ဗေဝ၊ ရှေးဘဝကလျှင်။ သန္နိဝါသေန၊ အတူတကွ မိဘ၊ ပေါက်ဖော် တော်စပ်နီးကာ ကောင်းစွာပြုရာသောကြောင့် လည်းကောင်း။ ပစ္စုပ္ပန္နဟိတေန ဝါ၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကို ရွက်ဆောင်ခြင်းကြောင့် လည်းကောင်း။ ဧဝံ၊ ဤသို့သော အကြောင်းနှစ်ပါးဖြင့်။ တံပေမံ၊ ထို ချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဥဒကေ၊ ရေ၌။ ဥပ္ပလံ၊ ကြာသည်။ ဥဒကဥ္စ၊ ရေကိုလည်းကောင်း။ ကဒ္ဒမဥ္စ၊ ညွန်ကိုလည်းကောင်း။ နိဿာယ၊ မှီ၍။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့တည်း။

မင်းကြီးလည်း သာမဏေအား ထိုအကြောင်းနှစ်ပါးဖြင့် အားကြီးသောမြတ်နိုးခြင်း ရှိသည်ဖြစ်၍ "သာမဏေကို မြန်စွာလိုက်ပင့်ချေ"ဟု အမတ်တို့ကို စေလိုက်၏။ အမတ်တို့ လိုက်၍ပင့်စဉ် မင်းကြီးလည်း 'ကြာသည်'ဟူ၍၊ တစ်ဖန်ထပ်၍ အမတ်တို့ကို စေပြန်၏။ ထိုသို့ အကြိမ်ကြိမ်ထပ်၍ အမတ်ကို့ကို ပင့်စေသော်လည်း သာမဏေသည် လျင်စွာမကြွမူ၍၊ ပြကတေ့သောလာခြင်းဖြင့်သာ လာ၍၊ မင်းအိမ်သို့ တက်မိသော် "သင်နှင့် သင့်လျော်သောနေရာ၌ နေလော့"ဟု ဆိုတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



သာမဏေလည်း ထိုမှဤမှ ကြည့်ရှုသော် 'ယခုအခါ ငါ့ထက် သိက္ခာဝါကြီးသော ရဟန်းသည် ဤမင်းအိမ်ထက်၌ မရှိပြီ'ဟု ကြံပြီးလျှင်၊ ထီးဖြူအုပ်သော ရာဇပလ္လင်ထက်သို့ တက်အံ့သောအခြင်းအရာကို ပြလျက် မင်းကြီးလက်သို့ သပိတ်ကို ကမ်း၏။ မင်းကြီးလည်း ထိုအခြင်းအရာကိုမြင်လျှင် 'ဤသာမဏေငယ်သည် ယနေ့ ငါ၏အိမ်တော်အလုံး၌ အရှင် ဖြစ်လတ္တံ့'ဟု ကြံ၍၊ သပိတ်တော်ကို လှမ်း၏။

သာမဏေလည်း ရာဇပလ္လင်ထက်သို့ တက်၍ထိုင်လေလျှင် မင်းကြီးလည်း အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ကို သပိတ်၌ လောင်း၍ကပ်၏။ သာမဏေလည်း ဘုဉ်းပေးသုံးဆောင်၏။ ပြီးစီးသောအခါ မင်းကြီးက ဤသို့ မေးလေ၏။ "သာမဏေ။ သင်၏အမျိုးအနွယ်ကား အဘယ်သူ၏ အမျိုးအနွယ်နည်း။ အဘယ်သူ၏အဆုံးအမကို ခံသနည်း။ သင်၏ အယူကား အဘယ်သို့ ယူသနည်း"ဟု မေးလျှောက်၏။

သာမဏေလည်း "ငါ၏အမျိုးအနွယ်ကား ဥဒေယျခံတရားငါးပါးကို အကုန် သိမြင်သော သဗ္ဗညုဘုရား၏ အနွယ်တည်း။ ထိုဘုရား၏အဆုံးအမ၌သာ ငါ တည်သတည်း။ ငါ၏အယူလည်း အဆူဆူသောဘုရားသခင်တို့ ရောက်ဝင်ပျော်စံရာဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုသတည်း"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း "သင်တို့ဆရာ မြတ်စွာဘုရား၏ အဆုံးအမကိုသိလျှင် ငါ့အား ကြားပါ"ဟုဆို၏။ သာမဏေလည်း "မင်းကြီး။ ငါ အတန်ငယ်မျှသာ သိပါသေးသည်။ နာလိုမူကား ဟောအံ့"ဟု ဆို၍၊ ဓမ္မပဒ၌ 'အပ္ပမာဒဝဂ်'ကို ဟော၏။

'အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ' အစရှိသော ဂါထာကို ကြားလျှင်ပင်၊ "မောင်ရှင်သာမဏေ။ ငါ သိပြီ။ စုံလင်စွာဟောပါဦး"ဟူ၍ တောင်းပန်၏။ သာမဏေလည်း အပ္ပမာဒဝဂ်ဆုံးအောင် သောတရားကို ဟောပေ၏။ ယင်းသို့ တရားကိုနာရပြီးသော် မင်းကြီးလည်း "ရှင်သာမဏေ။ ရှစ်ဝတ်သော ဆွမ်းတို့ကို အကျွန်ုပ် နေ့တိုင်းမပြတ် သင့်အား လှူ၏"ဟု ဆိုလေ၏။ သာမဏေလည်း "ဒကာတော်မင်းကြီးလှူသော ဆွမ်းရှစ်ဝတ်ကို ငါ၏ ဥပဇ္ဈာယ်ဆရာအား လှူအံ့"ဟု ဆိုပေ၏။

မင်းကြီးလည်း " ဥပဇ္ဈာယ် ဟူသည် အဘယ်သို့သော သူနည်း"ဟု မေးပြန်၏။ "မင်းကြီး။ အပြစ်ကြီးငယ်တို့ကို ကဲ့ရဲ့ဆုံးမ၍ 'ဤသို့ ကျင့်အပ်၏, ဤသို့ ဆိုအပ်၏'ဟု သွန်သင်ပြသပေးသောသူတည်း"ဟု ပြောပေ၏။ မင်းကြီးကလည်း "ချစ်သား။ သင်၏ဥပဇ္ဈာယ်အား ဆွမ်းရှစ်ဝတ်, ချစ်သားအားလည်း ဆွမ်းရှစ်ဝတ် လှူ၏"ဟု ဆိုတော်မူပြန်၏။

သာမဏေလည်း "မင်းကြီး။ ငါ့အဖို့ကို ငါ့ဆရာအား လှူအံ့"ဆိုပြန်၏။ "ချစ်သား။ ဆရာဟူသည် အသို့သောသူနည်း"ဟု မေးပြန်သော် "မင်းကြီး။ ဆရာဟူသည်ကား ပိဋကတ်သုံးပုံကို သင်ပေးသောသူတည်း"ဟု ပြောပေ၏။ မင်းကြီးကလည်း "ချစ်သား။ သင်၏ ဆရာအားလည်း ဆွမ်းရှစ်ဝတ်၊ သင့်အားလည်း ဆွမ်းရှစ်ဝတ် လှူ၏"ဟု ဆိုတော်မူပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သာမဏေလည်း "မင်းကြီး။ ငါ့အဖို့ကို သီတင်းသုံးဖော် သံဃာတော်တို့အား လှူအံ့"ဟု ဆိုပြန်၏။ "ချစ်သား။ သီတင်းသုံးဖော် သံဃာတော်ဟူသည် အဘယ်သို့သောသူနည်း" ဟု မေးပြန်သော်၊ "မင်းကြီး။ သံဃာဟူသည်ကား ငါ့အား ရဟန်းပြုပေးသောသူ, အတူတကွ သီလဆောက်တည်ဖက် ဖြစ်သောသူတည်း"ဟု ပြောပေ၏။ "ချစ်သား။ သံဃာတော်တို့အား ဆွမ်း ရှစ်ဝတ်, ချစ်သားအားလည်း ဆွမ်း ရှစ်ဝတ် လှူ၏"ဟု ဆိုပြန်၏။ မင်းကြီးလည်း အတိုင်းထက်အလွန် ကြည်ညိုသောစိတ် ရှိတော်မူ၏။ နိဂြောဓသာမဏေလည်း "ကောင်းပြီ"ဟု ဝန်ခံ၍ ကြွတော်မူ၏။

မိုးသောက်သောနေ့၌ ရှစ်ဝတ်လေးလီ သုံးဆယ့်နှစ်ဝတ်သော ဆွမ်းတို့ကို သုံးကျိပ်နှစ်ပါးသော ရဟန္တာတို့အား ပင့်ခေါ်၍ ဆွမ်း ဘုဉ်းပေးတော်မူကြ၏။ ဆွမ်းဘုဉ်းပေးပြီးသော် မင်းကြီးက နိဂြောဓသာမဏေကို ခေါ်တော်မူ၍ "ယနေ့ကြွလာသော ရဟန္တာ သုံးကျိပ်နှစ်ပါးကို လည်းကောင်း, ထိုမှတစ်ပါး သုံးကျိပ်နှစ်ပါးကိုလည်းကောင်း ပင့်ခေါ်၍ နက်ဖြန် ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု လျှောက်ပြန်၏။

ဤသို့သော နည်းအားဖြင့် နေ့တိုင်းနေ့တိုင်း ပွားစေ၍၊ တိတ္ထိခြောက်သောင်းတို့အား လှူသောဆွမ်းဝတ်ကိုဖြတ်လျက် ခြောက်သောင်းသောရဟန္တာတို့အား နန်းတော်တွင်း၌ အမြဲ လုပ်ကျွေးပေ၏။

သိရီဓမ္မာသောကမင်းကြီးလည်း နိဂြောဓသာမဏေအား ပုထုဇဉ်တို့၏ ကြည်ညိုခြင်းထက် လွန်စွာကြည်ညိုတော်မူ၏။ သာမဏေလည်း ပရိသတ်နှင့်တကွ မင်းကြီးအား သုံးပါးသောသရဏဂုံ၌ လည်းကောင်း၊ ငါးပါးသော သီလ, ရှစ်ပါးသောသီလ၌ လည်းကောင်း တည်စေ၏။ မင်းကြီးလည်း သံဃာတို့နေ့စိမ့်သောငှာ 'အသောကာရာမ'ကျောင်းကို ဆောက်စေ၍ ခြောက်သောင်းသောရဟန္တာမြတ်တို့အား ဆွမ်းဝတ်နှင့်တကွ လှူတော်မူ၏။

မင်းကြီးလည်း အဘိသိက်ခံ၍ လေးနှစ်မြောက်သောအခါ နန်းလျာအိမ်ရှေ့ထားသော မင်း၏ညီတော်ဖြစ်သော တိဿမင်းသားသည် တောကစားအံ့သောငှာ သွားလေသော်၊ တောအုပ်တွင်း၌ အချင်းချင်းပျော်ပါးမြူးထူးကုန်သော သမင်အပေါင်းတို့အားမြင်၍ ဤသို့ ကြံ၏။ 'မြက်သစ်ရွက်ကိုစားရကုန်သော သမင်တို့လျက် အမှုကိစ္စ မရှိ။ မိမိတို့အလျောက်သာ နေသဖြင့် ပျော်ပါးမြူးထူးကြသေး၏။ သိမ်မွေ့သောအစာကို သုံးကာ, သိမ်မွေ့သောအိပ်ရာ၌ အိပ်ကာနေကုန်သော ရဟန်းတို့မူကား အဘယ်မှာ မမြူးထူးမရှိတော့အံ့နည်း'ဟု ကြံမိ၏။

ထိုသို့ကြံမိ၍ တောကစားရာမှပြန်လာသော် နောင်တော်မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြား၏။ မင်းကြီးလည်း 'ညီတော်အိမ်ရှေ့မင်းသည် အရာမဟုတ်သည်ကို ကြံဘိ၏ တကား'ဟု မသက်မသာရှိတော်မူ၍၊ ထိုအကြံကို ဥပါယ်တံမျဉ်ဖြင့် သိစေလို၍၊ တစ်နေ့သ၌ တစ်စုံတစ်ခုသောအကြောင်းဖြင့် အမျက်လိုသကဲ့သို့ပြု၍ "အမောင်သည် ခုနစ်ရက် မင်းပြုဘိလော့။ ခုနစ်ရက်လွန်လျှင် သင့်ကို ငါ သတ်တော့အံ့"ဟု ချောက်ခြိမ်း၍ အကြောင်းကို သိစေ၏။ အိမ်ရှေ့မင်းလည်း 'ခုနစ်ရက်လွန်သောနေ့၌ နောင်တော်သည် ငါ့ကို သတ်လတ္တံ့'ဟု



www.burmeseclassic.com

www.burmeseclassic.com



မစားမသောက်ဘဲ တချောက်ချားချားနေသောကြောင့် ခေါင်းပါးသောကိုယ် ရှိသည်ဖြစ်၍၊ ခုနစ်ရက်စေ့သောအခါ၌ မင်းကြီးသည် အိမ်ရှေ့မင်းကို ခေါ်၍မေးတော်မူ၏။ "ညီတော်။ သင်ကား အဘယ့်ကြောင့် ခေါင်းပါးညစ်ညူးသောကိုယ် ရှိသနည်း"ဟု မေးတော်မူ၏။ "အရှင်မင်းကြီး။ သေဘေးကို ကြောက်သောကြောင့် ဖြစ်ပါသည်" ဟုလျှောက်သော်၊ "ညီတော်။ သေအံ့သောနေ့ရက်ကို မြင်နိုင်သေးလျက် မမြူးထူးနိုင် ရှိသေး၏။ အရှင်ဖြစ်သော ရဟန်းတော်တို့မှာမူကား အာနာပါနနှင့် စပ်သော သေခြင်းတရားကို နေ့, ညဉ့် ရှုကုန်လျက် အဘယ်မှာ မြူးထူးနိုင်ကုန်အံ့နည်း"ဟု မိန့်တော်မူ၏။ အိမ်ရှေ့မင်းလည်း ထိုနေ့မှစ၍ သာသနာတော်၌ အလွန်ကြည်ညို၏။

တစ်နေ့သ၌ တောကစားသွားရာမှ ပြန်လေသော် ဆင်ပြောင်တစ်စီးသည် အင်ကြင်းခက်ကိုကိုင်၍ 'အရှင်ယောနက မဟာရက္ခိတထေရ်'အား ယပ်ခတ်၍နေသည်ကို မြင်သဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိ၍ 'ငါသည်လည်း ဤမဟာထေရ်ကဲ့သို့ ရဟန်းအဖြစ်ကို အဘယ်အခါမှ ရပါမည်နည်း'ဟု တောင့်တ၏။ မဟာထေရ်သည်လည်း အိမ်ရှေ့မင်း အကြံရှိသည်ကိုသိ၍၊ ထိုမင်းမြင်စဉ်လျှင် ကောင်းကင်သို့ ပျံတက်လေ၍၊ အသောကာရာမကျောင်းကြီး၏အနီး၌ လေးထောင့်အပြင်ရှိသော ကန်၏အနီးဝယ် ရပ်လျက် သင်္ကန်းကို ကောင်းကင်၌ဆွဲ၍ ရေချိုးအံ့သောငှာ သက်၏။

ထိုမဟာထေရ်၏ တန်ခိုးအာနုဘော်ကိုမြင်၍ အတိုင်းထက်အလွန် ကြည်ညိုခြင်းသည် ဖြစ်၍၊ အိမ်ရှေ့မင်းလည်း 'ယနေ့ပင် ရဟန်းပြုတော့အံ့'ဟု ပြည်သို့ပြန်၍ မင်းကြီးထံ ခွင့်တောင်းလေ၏။ မင်းကြီးလည်း မြတ်နိုးတော်မူသော နှလုံးတော်ရှိသည်ဖြစ်၍ အထူးထူးသော တောင်းပန်ခြင်းဖြင့် တောင်းပန်တော်မူ၏။ ထိုသို့တောင်းပန်ငြားသော်လည်း မတတ်နိုင်သည်ဖြစ်၍ အသောကာရာမကျောင်းသို့ သွားသောခရီးကို တန်ဆာဆင်စေ၍ အထူးထူးသောချပ်တန်ဆာ မိန်ညို မောက်တို မောက်ရှည်ဆင်ယင်သော စစ်သည်အပေါင်းခြံရံစေ၍ ကျောင်းသို့ဆောင်လေ၏။ အိမ်ရှေ့မင်းလည်း အခြံအရံတစ်သိန်းနှင့်တကွ အရှင်မဟာရက္ခိတထေရ်မြတ်၏ အထံ၌ ရဟန်းပြုလေ၏။

['အိမ်ရှေ့မင်းသည် အခြံအရံတစ်သိန်းနှင့်တကွ ရဟန်းပြုလေသည်' ဟူ၍ ပြည်သူတို့ ကြားလေလျှင်၊ လိုက်၍ ရဟန်းပြုလေသောသူကား မရေမတွက်နိုင် ဖြစ်သတည်း။]

သိရီဓမ္မာသောကမင်းကြီး၏ တူတော်ဖြစ်သော 'အဂ္ဂိဗြဟ္မာ' အမည်ရှိသော မင်းသားကိုလည်း သမီးတော်'သင်္ဃမိတ္တာ'နှင့် ထိမ်းမြား၍ သားတော် 'သုမန'မင်းသားကို ရသဖြင့် ဃရာဝါသ၌ ငြီးငွေ့လေရကား၊ အိမ်ရှေ့မင်း ရဟန်းပြုပြီဟု ကြားလျှင် မင်းကြီး၏ထံတော်သို့ သွား၍ "အကျွန်ုပ်လည်း ရဟန်းပြုပါရစေ"ဟု တောင်းပန်၏။ မင်းကြီးကလည်း ခွင့်ပေးတော်မူ၍ ထိုနေ့ပင် ရဟန်းပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မင်းကြီးသည် အသောကာရာမကျောင်းသို့ သွား၍၊ ခြောက်သောင်းမျှ လောက်သောရဟန်းတို့ကို စည်းဝေးစေပြီးလျှင် ကြီးစွာသောအလှူကို ပေး၍ ပစ္စည်းလေးပါးဖြင့် ဖိတ်၏။ ဤသို့လည်း မေးလျှောက်၏။ "အရှင်ဘုရားတို့။ ဘုရားသခင် ဟောတော်မူသောတရားတော်ကား အဘယ်မျှရှိသနည်း"ဟု လျှောက်ပေ၏။

ရဟန္တာမြတ်တို့လည်း "ဓမ္မဝိနယအားဖြင့် နှစ်ပါး, ပိဋကတ်အားဖြင့် သုံးပါး, နိကာယ်အားဖြင့် ငါးပါး, အင်္ဂါအားဖြင့်ကိုးပါး, ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိသည်"ဟု ပြောပေ၏။

မင်းကြီးလည်း တရားတော်၌ အလွန်ကြည်ညိုစွာရကား တစ်ပါးတစ်ပါးသော ဓမ္မက္ခန္ဓာကိုရည်၍ စေတီ တစ်ဆူတစ်ဆူ တည်တော်မူလိုသောအကြံတော် ရှိသည်ဖြစ်၍ ဘုရားသခင်၏ သရီရဓာတ်တော်တို့ကို တောင့်တ၏။

သံဃာတော်တို့လည်း "ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း ခဲယဉ်းစွာမြှုပ်ထား၍ ကိုးကွယ်တော်မူသော သရီရဓာတ်တော် ခုနစ်စရွတ်တို့ကို မင်းကြီးရ၍ စေတီတည်လတ္တံ့"ဟု မိန့်တော်မူကုန်၏။

မင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ "ဓာတ်တော်ထားရာကို သိသောသူသည် အသပြာတစ်ထောင်ထုပ်ကို ယူလေ"ဟူ၍ ဆင်တွင်တင်ကာ မြို့ထက်ဝန်းကျင်ကို လည်စေ၏။ မည်သူမျှ 'သိသည်'ဟူ၍ မပေါ်ထွက်ကုန်။ ရက်လည်သောနေ့၌ ရဟန်းမိန်းမတစ်ပါးသည် သိကြောင်းကိုဆိုလေ၏။ မင်းကြီးလည်း ထိုရဟန်းမိန်းမကို ပင့်၍ မေး၏။ ရဟန်းမိန်းမကလည်း "ငါ ခုနစ်နှစ်အရွယ် သာမဏေဖြစ်သောအခါ ငါ့ဆရာနှင့် ဆီမီး, ပန်းနံ့သာကို ကိုင်၍ လိုက်ရဖူးသည်။ ငါ့ဆရာ ရဟန်းမလည်း နိမ့်သောမြေအဖို့တွင် နံ့သာပန်းပူဇော်၍ ရှိခိုးရဖူးသည်"ဟု ပြောပေ၏။

သိရိဓမ္မာသောကမင်းသည်လည်း ရဟန်းမိန်းမပြော၍ စေတီတည်ရာကိုသိလျှင် မိမိ၏ မှူးမတ် ပရိသတ်နှင့်တကွ သွားလေ၍၊ ဓာတ်တော်ရှိရာသို့ရောက်သောအခါ များစွာသော ပူဇော်သက္ကာရကိုပြု၍ တူးဖော်စေသည်ရှိသော်၊ ကျောက်အင်္ဂတေအမိုးတို့ကို မြင်၍ ထုတ်ငင်ရလေ၏။

ထို့နောက် အုတ်ကြွပ်အမိုး, ထို့နောက် သံအမိုး, ထို့နောက် ကြေးဖြူအမိုး, ထို့နောက် ကြေးနီအမိုး, ထို့နောက် သလွဲဖြူအမိုး, ထို့နောက် သလွဲမည်းအမိုး တို့ကိုလည်း အစဉ်အတိုင်း ထုတ်ယူစေ၍၊ အမိုးကုန်လျှင် အလုံးစုံရတနာအတိပြီးသော ပြာသာဒ်၏ တံတိုင်းခုနစ်ထပ် အတွင်းဝယ် ဝင်းဝင်းညီးသော ဓား, လှံ, သန်လျက်ကိုဆွဲငင်၍ အသက်ရှင်သောလူကဲ့သို့ ပြေးသွားကာနေသော ယန္တရားစက်ရုပ်တို့ကို မင်းကြီးနှင့်တကွသော လူအပေါင်းတို့မြင်လျှင် ရင်သပ်လက်တီး ချီးမွမ်းအံ့သြကုန်လျက် တစိုက်မတ်မတ် ကြည့်မျှော်လျက်သာ နေကြကုန်၏။

ထို့နောက်မှ မင်းကြီးသည် ဤသို့ အကြံရ၏။ 'အထက်က စီရင်တတ်သောသူ မရှိဘဲ အဇာတသတ်မင်းသည် ဤယန္တရားကို မထားနိုင်လေရာ။ တတ်သော အဆက်အနွယ်ကိုသာ ရှာဦးအံ့'ဟု အသပြာတစ်ထောင်ထုပ်ကို ဆင်ကျောက်ကုန်းထက်တင်၍ "အကြင်သူသည်



www.burmeseclassic.com

www.burmeseclassic.com



ယန္တရားစက်ကို ဖျက်နိုင်တုံအံ့။ ထိုသူသည် ဤအသပြာကို ယူလော့"ဟု ကြွေးကြော်၍ ရာဇဂြိုဟ်ပြည်ကို လည်စေ၏။ ထိုအခါ အထက် ရောမတိုင်းကလာ၍ ဤစေတီကို စီရင်ခဲ့သော ဆရာ၏သားမြေးတို့ ကြားလေသော် ငွေထုပ်ကိုသိမ်းယူပြီးလျှင် မင်းကြီးအထံသို့ သွားလေ၏။

## ။၉၆။ အဇာတသတ်မင်းတည်ထားသော ဌာပနာတိုက်အား ဖျက်ဆီးခြင်းကိုပြခြင်း

ထိုဆရာကြီးတို့၏အကြောင်းကား ရောမတိုင်း၌ 'ဘူတာဝါဟန' ယန္တရားအတတ်ကို တတ်ကုန်သောသူတို့သည် မိမိအမည်ကို ပေါင်၌စာရင်းထိုး၍ မှတ်သား၏။ တစ်ပါးနိုင်ငံသို့သွားလျှင် ယန္တရားအတတ်ဖြင့် လိုက်၍သတ်လေကုန်၏။

တစ်ရံသောအခါ ပါဋလိပုတ် ပြည်သားတစ်ယောက်သည် 'ရောမတိုင်း၌ အဖိုးအတိုင်းမသိထိုက်သော ယန္တရားအတတ်ကို ငါဆောင်အံ့'ဟု ကြံပြီးလျှင် ရောမတိုင်းသို့ သွားလေ၍၊ ထိုအတတ်ကို တတ်သောသူ၏သမီးကို ဥစ္စာရွှေငွေ စုနှင်း၍ မယားပြုလေ၏။ ဆရာလည်း သမက်အား အလုံးစုံသောအတတ်ကို သင်၍ ပေါင်တွင် စာရင်းထိုးလေ၏။ နှစ်, လရှည်လျား၍ သားသူငယ် လူရွယ်သို့ရောက်လျှင် "ငါသည် ပါဋလိပုတ်ပြည်သို့သွားအံ့။ ဤတိုင်းသားတို့သည် သွားကြောင်းကိုသိလျှင် ကောင်းကင်ဖြင့်လိုက်၍ ငါ့ကို သတ်လတ္တံ့။ သင်မူကား ငါ၏အကောင်ဝယ် ပေါင်တွင်ရှိသော အတတ်ကိုထုတ်ယူ၍ ငါ၏ဆွေမျိုးထံ၌ ဤအတတ်ဖြင့် အသက်မွေးလေလော့" ဟု သားကို မှာ၍ ပြေးခဲ့လေ၏။ ပြေးကြောင်းကို သိလျှင် ထိုတိုင်းသားတို့ လိုက်လံဝန်းလျား၍ သတ်လေ၏။ သားလည်း အဖမှာခဲ့သောအတိုင်း အတတ်ကိုယူ၍ အဖအလောင်းကို သဂြိုဟ်ပြီးလျှင် ပါဋလိပုတ်ပြည်၌ နေလေ၏။ အဇာတသတ်မင်း သရီရဓာတ်တော်ကို ထားသောအခါ ထိုဆရာကို ရာဇဂြိုဟ်ပြည်သို့ခေါ်၍ စီရင်လေ၏။ ထိုသူ၏အနွယ်ဖြစ်သော သား,မြေး တို့ကို တွေ့လေသတည်း။

မင်းကြီးလည်း ထိုသူတို့ကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာ အသပြာတစ်ထောင်ပေး၍ ယန္တရားစက်ကို ဖျက်စေ၏။ ထို့နောက်မှ မြေကိုတူး၍ တံတိုင်းခုနစ်ထပ်တို့ကို အစဉ်အတိုင်း ပယ်ရှားလျက် ရဟန်းသံဃာ ပါသမျှသော မှူးမတ်ပရိသတ်နှင့်တကွ ဓာတ်တော်ပြာသာဒ်ကို လက်ယာရစ် သုံးကြိမ်လှည့်၍ ဖူးမြော်လေလျှင် အရှင်မဟာကဿပ အဓိဋ္ဌာန်၍ထွန်းသော ဆီမီးလေးတိုင်၌ မီးမသေသည်ကိုမြင်၍ အလွန်အံ့သြလျက်၊ ပြာသာဒ်တွင်းသို့ဝင်၍ ရွှေစင်အတိလုပ်သော မြင်းရုပ်ကို ယန္တရားအကျည်ဖြင့်ဖွင့်သော်၊ မြင်း၏ဝမ်းတွင်း၌ထားသော ဝဇီရစိန်ကဲ့သို့ ထွန်းတောက်လျက်တည်သော ဓာတ်တော်အစုကို မင်းကြီးမြင်လျှင်၊ ရွှင်ကြည်လှစွာသော စိတ်ရှိသည်ဖြစ်၍၊ ခုနစ်ရက်ပတ်လုံး ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ချီးမြှောက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပြာသာဒ်, မြင်းရုပ်တို့ကို ထုတ်၍၊ ကောင်းစွာသုတ်သင် ဆင်ယင်ပြီးသော် တံခွန်, ကုက္ကား, မုလေးပွားတို့ဖြင့် စီရင်လျက် မြို့တွင်းသို့ဝင်၍ ပြာသာဒ်ဥကင်၌ ထားတော်မူ၏။

ယင်းသို့ ယူပြီးမှ မိမိပြည်သို့ ပြန်ခဲ့ပြီးသော် သရီရဓာတ်တော် တစ်ဖို့ကို ဇမ္ဗူဒိပ်ကျွန်း အလုံး၌ အမြကိုးကွယ်စေခြင်းငှာ "ရှစ်သောင်းလေးထောင်သော မြို့နိုင်ငံတို့၌ တစ်မြို့တစ်မြို့လျှင် စေတီ တစ်ဆူတစ်ဆူ တည်လေ"ဟူ၍၊ ကိုးဆယ့်ခြောက်ကုဋေသော ငွေအသပြာတို့ကို အမတ်တို့အားအပ်၍ စေတီတည်စေ၏။ ကျောင်းလည်း တစ်ဆောင်စီ ဆောက်စေ၏။

မင်းကြီးလည်း ထိုကျောင်း, စေတီတို့ကို လုပ်စေမည့်အခါ ကြီးသော တန်ခိုးအာနုဘော်ရှိသော 'ဣန္ဒဂုတ္တ' အမည်ရှိသော ရဟန္တာမြတ်ကို တောင်းပန်၏။ ထိုအရှင်လည်း မိမိတန်ခိုးစွမ်းအင်ဖြင့် စောင်မ၍ ခြောက်လရှိလျှင် အလုံးစုံသော ကျောင်း, စေတီတို့သည် ပြီးကုန်၏။ ထိုစေတီကို တည်သောအခါ လ,ကို ရာဟုဖမ်းသည့်နေ့ တစ်ပြိုင်နက်တည် ကုန်၏။ လ,ကို ရာဟု ဖမ်းသည့်နေ့ တစ်ပြိုင်နက်ပြီးကုန်၍၊ ပြီးကြောင်းကို ရှစ်သောင်း လေးထောင်သောမင်းတို့သည် ကမ္ပည်းဆက်စာနှင့် တစ်ပြိုင်တည်း ရောက်လာကြကုန်၏။

တစ်ဖို့သော ဓာတ်တော်တို့ကို ပါဋလိပုတ်ပြည်၌ မြစ်နားဝယ် တစ်ကောသခွဲအရပ်ကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်စေ၍ အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်ယင်လျက် မဟာစေတီ တည်လေ၏။ တည်ပြီးသော် 'ခုနစ်လ ခုနစ်ရက်တိုင်တိုင် ကြီးစွာသောပူဇော်ပွဲကို ပြုအံ့'ဟု ကြံ၏။ ထိုအခါ 'အနုမောဒနာပွဲ၏အန္တရာယ်သည် စဉ်းငယ်မျှမရှိစိမ့်သောငှာ အရိယာသံဃာတို့ကို တောင်းပန်အံ့'ဟု မှူးမတ်တို့နှင့်တကွ အသောကာရာမကျောင်းသို့ လာ၍၊ သံဃာတော်တို့အား ရိုသေစွာရှိခိုး၍ သံဃာ့ထေရ်အား ဤသို့လျှောက်၏။ "အရှင်ဘုရား။ အကျွန်ုပ်ကောင်းမှု၏အန္တရာယ်ကို တန်ခိုးဖြင့်တားမြစ်ခြင်းငှာ စွမ်းနိုင်သော ရဟန်းတစ်ဦးကို စေတော်မူပါ" ဟု လျှောက်၏။ သံဃာ့ထေရ်လည်း "မင်းကြီး။ တန်ခိုးရှိသောရဟန်းကို ရှာဦးအံ့"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း နန်းတော်သို့ ပြန်လေ၏။

ရဟန်းသံဃာတို့လည်း စည်းဝေးတိုင်ပင် ကြသည်ရှိသော် "မာရ်နတ်သားသည် ကောင်းမှု၏အန္တရာယ်ကို ပြုအံ့သည် မချွတ်ဖြစ်သည်။ ထိုမာရ်နတ်ကို တားမြစ်ခြင်းငှာ ငါ့ရှင်အားထုတ်ပါ"ဟု သံဃာအစဉ်အတိုင်း တိုက်တွန်းကြသော်လည်း တစ်ပါးသောရဟန်းမျှ ဆုံးမမည့်သူ မထွက်။ ဤ သုံးရက်မြောက်သောနေ့၌ သံဃာစည်းဝေးသောကာလ နဂါးပြည်မှ နဂါးမင်းတစ်ယောက်သည် 'သံဃာတော်တို့ကို ရှိခိုးအံ့' ဟုလာ၍ သံဃာအစည်းအဝေးကို ရှိခိုး၍နေစဉ်၊ ကောင်းကင်ဖြင့်လာသော ဂဠုန်မင်းသည် နဂါးကိုမြင်၍ ဖမ်းအံ့သောငှာ မြေသို့သက်လာသော် လေ၏အဟုန်ဖြင့်သိ၍ နဂါးမင်းသည် ကြောက်လန့်လှုလျက် သံဃာ့ထေရ်၏ခြေတော်ကြားသို့ဝင်၍ "အကျွန်ုပ်အသက်ကို ကယ်ပါ"ဟု လျှောက်၏။ သံဃာ့ထေရ်လည်း ဒုတိယထေရ်ကို ဤသို့ဆို၏။ "ငါသည် ဇရာဒုဗ္ဗလဖြစ်၍ ဈာန်ဝင်စားခြင်းငှာ မတတ်နိုင်။ အရှင်သည် နဂါးမင်းကို ဂဠုန်ဘေးမှ ကယ်ပါ"ဟု ဆို၏။ ဒုတိယထေရ်လည်း တတိယထေရ်ကို ထို့အတူ တိုက်တွန်း၏။ ဤနည်းဖြင့် အဆင့်ဆင့်တိုက်တွန်းသော်



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်နှစ်အရွယ်သာရှိသော သာမဏေငယ်တစ်ဦးက "ကျွန်ုပ် ဂဠုန်ကို ဆုံးမပါမည်"ဟု ဝန်ခံ၍ မျှော်လင့်ကာနေ၏။

ဂဠုန်လည်း နဂါး၏အထက် တစ်ယူဇနာမျှလောက်ရောက်လျှင် သံဃာကြီးတို့က "ငါ့ရှင်သာမဏေ။ ထပါလော့, ထပါလော့"ဟု တိုက်တွန်းကြ၏။ သာမဏေငယ်လည်း စတုတ္ထဈာန်ကို မြန်စွာဝင်စား၍ အဓိဋ္ဌာန်လျှင် ဂဠုန်မင်း၏လျင်ခြင်းအဟုန်သည် ကုန်၍ ထုလုစွာသော ကျောက်ဖျာကြီးကဲ့သို့ဖြစ်၍ ပြေးရှောင်ရလေ၏။ နဂါးမင်းလည်း သံဃာတော်တို့ကိုလည်းကောင်း, သာမဏေကို လည်းကောင်း ကြည်ညိုစွာရှိခိုးလျက် နဂါးပြည်သို့ သွားလေ၏။

ရဟန်းအပေါင်းတို့လည်း သာမဏေကို ဤသို့ မိန့်တော်မူကုန်၏။ "သာမဏေ။ သင်သည် ငါတို့တောင်းပန်သည်ကို တစ်ကြိမ်တည်း ဝန်မခံသည်ဖြစ်၍ ဒဏ်ထားလိုသည်"ဟု ဆို၏။ "အဘယ်ဒဏ်ကို ထားလိုသနည်း"ဟု သာမဏေက လျှောက်လျှင်၊ "သိရီဓမ္မာသောက မင်းကြီးသည် ခုနစ်လ ခုနစ်ရက်ပတ်လုံး စေတီပူဇော်ခြင်းကို ပြုသောအခါ မာရ်နတ်သည် ကောင်းမှု၏အန္တရာယ်ကို ပြုလတ္တံ့။ ထိုမာရ်နတ်ကို သင် နိုင်အောင်တားပါ"ဟု မိန့်ကုန်၏။

သာမဏေကလည်း "အကျွန်ုပ် မတတ်နိုင်။ အကျွန်ုပ်ထက် တန်ခိုးကြီးသောရဟန်းကို ညွှန်ပါအံ့။ ထိုအရှင်သာ တားနိုင်ပါ့လတ္တံ့"ဟု လျှောက်၏။ "အဘယ်နည်း"ဟု မေးသော် "မဟာသမုဒ္ဒရာအတွင်း၌ ရေအစုကိုထွင်း၍ ရတနာပြာသာဒ်ကိုဖန်ဆင်းလျက် ထိုပြာသာဒ်ထက် နေတော်မူသော 'တိဿနာဂ' အမည်ရှိသော ရှင်ဥပဂုတ်ထေရ်သည် ဈာန်သမာပတ်ဖြင့် များစွာသောနေ့ရက်တို့ကို လွန်စေ၍ အစာမစားဘဲ နေတော်မူသည်။ ထိုအရှင်နှင့်တူသော မာရ်နတ်ကို ဆုံးမနိုင်သောသူမည်သည် မရှိ"

ထိုအရှင် ဆုံးမမည့်အကြောင်းကိုလည်း ဘုရားသခင်သည် ဤသို့ ဗျာဒိတ်ကြားတော်မူသည်။

ဘုရားမြတ်စွာသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသောအခါ သူငယ်တို့သည် မြေမှုန့်ကစား၍ နေကုန်၏။ ထိုသူငယ်တို့တွင် ခုနစ်နှစ်အရွယ် ရှိသော 'ပိယဒဿီ'အမည်ရှိသော သူဌေးသားသည် ဘုရား၌ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ 'လက်၌ ရှိသောမြေမှုန့်ကို အလှူခံပါ'ဟု ကြံ၍ အခြွေအရံ သူငယ်တို့ကိုခေါ်ပြီးသော် လက်၌ရှိသော မြေမှုန့်ကို လှူ၏။ ဘုရားသခင်လည်း ထိုသူငယ်ကိုမြင်လျှင် ရွှင်သောနလုံးတော်ဖြင့် အရှင်အာနန္ဒာကို ကြည့်တော်မူ၏။ အရှင်အာနန္ဒာလည်း သပိတ်တော်ကိုကပ်လျှင် သူငယ်လောင်းအပ်သော မြေမှုန့်ကို ခံယူတော်မူ၍ အရှင်အာနန္ဒာအား တစ်ဖန်ပေးပြီးမှ ပြုံးတော်မူ၏။

အရှင်အာနန္ဒာက ပြုံးတော်မူသောအကြောင်းကို လျှောက်သော်"ချစ်သား အာနန္ဒာ။ ဤ ပိယဒဿီသတို့သားသည် မြေမှုန့်လှူသောအကျိုးအားဖြင့် နတ်ပြည်၌ စံစားပြီးသော် သာသနာတော် နှစ်ရာ့တစ်ဆယ့်ရှစ်နှစ် ရောက်သောအခါ ပါဋလိပုတ်ပြည်၌ ဗိန္ဒုသာရမင်း၏ တစ်ရာ့တစ်ယောက်သောသားတို့တွင် 'အသောက'မည်သော ဗလစကြာမင်းဖြစ်လတ္တံ့။ ထိုအခါ ငါ၏သာသနာ၌ သဒ္ဓါခြင်း အားကြီးသည်ဖြစ်၍ ခုနစ်လ ခုနစ်ရက်တိုင်တိုင် အလှူကြီးပေး၍



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို နံ့သာဆီဖြင့်ဆွတ်သော ဝါဂွမ်းဖြင့်ရစ်၍ မီးညှိကာ ပူဇော်လတ္တံ့။ ထိုအခါ မာရ်နတ်ဖျက်ဆီးသည်ကို 'ဥပဂုတ္တ တိဿနာဂ' မည်သောမထေရ်သည် တန်ခိုးအားဖြင့် တားပေလတ္တံ့."ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

## ။၉၇။ ဥပဂုတ္တတိဿနာဂထေရ်သည် မာရ်နတ်ကို ဆုံးမတော်မူခြင်း

ယင်းသို့ သာမဏေဆိုသောစကားကို ကြားလျှင် များစွာသောသံဃာတော်တို့လည်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာခေါ်၍ ရဟန်းတော်နှစ်ပါးအား "ရှင်ဥပဂုတ်ကို သွား၍ ပင့်ချေ"ဟု စေလိုက်၏။ ထိုရဟန်းနှစ်ပါးတို့သည် မြေကိုငုပ်လျှိုး၍ သွားသဖြင့် ရောက်လျှင် ပြာသာဒ်အပြင်က အသံပြုကြ၏။ အရှင်ဥပဂုတ်လည်း သမာပတ်မှထ၍ "အကြောင်း အသို့နည်း" ဟု မေး၏။ ရဟန်းတို့ကလည်း "သံဃာတို့အစည်းအဝေး ပင့်လိုသည်"ဟု လျှောက်၏။ သံဃာတို့ကို ရိုသေသဖြင့် "ငါ လာခဲ့အံ့။ ငါ့ရှင်တို့ ကြွနှင့်လော့"ဟု ဆို၍ လွှတ်လိုက်ပြီးသော်၊ မိမိသည် တန်ခိုးအဟုန်ဖြင့် လျင်စွာလာ၍ သံဃာတို့အစည်းအဝေး၌ မထေရ်ကြီးတို့ကို ရှိခိုးလျက်နေ၏။ ရှေးလာနှင့်သော ရဟန်းတို့သည် နောက်မှရောက်၍ အရှင်ဥပဂုတ်ကိုမြင်လျှင် "ဤအရှင်ကား တန်ခိုးကြီးပေစွ။ ငါတို့နောက်မှလာလျက် ဦးစွာ ရောက်နှင့်ပေသည်"ဟု အံ့သြကြကုန်၏။

သံဃာ့ထေရ်တို့ကလည်း "ငါ့ရှင်ဥပဂုတ်။ သင်သည် လဆန်း, လဆုတ်ပက္ခတို့၌ ဥပုသ်ပြုခြင်းကို လည်းကောင်း၊ သံဃာအစည်းအဝေးကို လည်းကောင်း မရောက်မလာ။ မိမိချမ်းသာကိုသာ အလေးပြုဘိ၏။ သံဃာအမှုကို အလေးမပြု။ ဤကဲ့သို့နေရာ၌ မြတ်စွာဘုရားလည်း 'မဟာကပ္ပိန္န'ထေရ်ကို ကဲ့ရဲ့တော်မူဖူး၏။ ထို့ကြောင့် သင့်ကို ဒဏ်ထားခြင်းငှာ ထိုက်၏"ဟု ဆိုကုန်၏။ အရှင်ဥပဂုတ်ကလည်း ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော် ကောကနဒ မည်သော ကြာပန်းကို တန်ဆာဆင်သကဲ့သို့ "အရှင်တို့ထားသောဒဏ်ကို ဦးဖြင့် ခံပါအံ့။ အဘယ်ဒဏ်ကို ပေးလိုကြသနည်း"ဟု မေး၏။

သံဃာ့ထေရ်လည်း "ငါ့ရှင်ဥပဂုတ်။ သာသနာ့ဒါယကာဖြစ်သော အသောကမင်းကြီး သည် ရဟန်းတို့အလုပ်အကျွေး ဖြစ်သည်။ ယခုအခါ ခုနစ်လ ခုနစ်ရက်တိုင်အောင် စေတီကျောင်း ပူဇော်ပွဲ ပြုလိုသည်။ ထိုအခါ မာရ်နတ်လာ၍ ကောင်းမှု၏အန္တရာယ်ကို ပြုလတ္တံ့။ ထိုမာရ်နတ်ကို ငါ့ရှင် ဆုံးမပါ"ဟု မိန့်၏။

အရှင်ဥပဂုတ်လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍၊ အရှင်ဥပဂုတ်က ဆွမ်းမဘုဉ်းပေးရသေး ကြောင်းကို ဆိုလျှင်၊ ရဟန်းတစ်ပါးက ""ကျွန်ုပ်အား ရှေးကောင်းမှုကြောင့် ဆွမ်း လေးသပိတ် ကို နေ့တိုင်းမပြတ် ရသည်။ တစ်သပိတ်ကို အကျွန်ုပ်အဖို့ချန်၍ သုံးသပိတ်ကို အလိုရှိတိုင်း သုံးဆောင်ပါ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဥပဂုတ်က "အဘယ်ကောင်းမှုကြောင့် သင် ရသနည်း"ဟု မေးလျှင်၊ "အကျွန်ုပ် ရှေးသောအခါ ဤပါဋလိပုတ်ပြည်၌ သူဌေးသားဖြစ်၍ မိဘချစ်မြတ်နိုးသော တစ်ယောက်တည်းသောသားဖြစ်လျက် ခင်ပွန်းကောင်းနှင့် ပေါင်းဖက်မိသဖြင့် ရဟန်းပြု၍ သီလ ဘာဝနာကို လွန်စွာ အားထုတ်၏။ မိဘတို့ နေ့တိုင်း ဆွမ်းစားပင့်လျှင် အဆွေခင်ပွန်းဖြစ်သော ရဟန်းလေးပါးတို့ကို ပင့်ခေါ်၍ ဆွမ်းလုပ်ကျွေးသည်။ ဤကောင်းမှုကြောင့် ဆွမ်း လေးသပိတ် ရသည်" ဟူ၍ မိန့်၏။ အရှင်ဥပဂုတ်ကလည်း "သင်၏ဆွမ်းသည် မစင်ကြယ်။ သဒ္ဓါ၍လှူသောဆွမ်း မဟုတ်။ သား၏ချစ်ခြင်းဖြင့်လှူသော ကောင်းမှုအကျိုးသာ ဖြစ်သည်။ ငါ အလိုမရှိ"ဟု မိန့်၏။

ရဟန်းတစ်ယောက်က ဤသို့ လျှောက်ပြန်၏။ "အရှင်ဥပဂုတ်။ အကျွန်ုပ်ကောင်းမှုကြောင့် ရသောဆွမ်းသည် ရှိ၏။ ထိုဆွမ်းကို ဘုဉ်းပေးတော်မူပါ"ဟု လျှောက်၏။ အဘယ်ကောင်းမှုကြောင့် ရသနည်း"ဟုမေးလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် ရှေးအခါ ဤပါဋလိပုတ်ပြည်၌ ဗေဒင်တတ်သော ဆရာဖြစ်၍ များစွာသောလူတို့သည် စတုမဓုနှင့်ယှဉ်သော ဘောဇဉ်ကို လုပ်ကျွေး၍ စားပြီးလျှင် မြို့ပြင်သို့ထွက်၍ ကန်ရှိးသို့သွားသောအခါ ခွေးမငယ်တစ်ခုသည် အကျွန်ုပ်၏ရှေ့တွင် လက်အုပ်ချီ၍ အသံပြုသည်ကိုမြင်လျှင် ကြင်နာသနားလှသော စိတ်ရှိရကား ကျွန်ုပ်စားပြီးသောအစာကို အန်၍ကျွေးဖူး၏။ ထိုကောင်းမှုကြောင့် ဤဘဝ၌ ရေမရောသော ဃနာဆွမ်း၊ စတုမဓုနှင့်ယှဉ်သော ဆွမ်း နှစ်သပိတ်ကို ရသည်။ အရှင်ဘုရားအား တစ်သပိတ် လှူပါမည်"ဟု လျှောက်၏။ အရှင်ဥပဂုတ်လည်း ပြုံးတော်မူ၍ "ငါ့ရှင်။ သင်၏ ဆွမ်းကား အော့ဖတ်စော် နံလတ္တံ့။ ငါ အလိုမရှိပြီ။ ငါ့အလိုအလျောက် ဆွမ်းခံ၍ စားအံ့"ဟု ဆို၍နေ၏။

တစ်နေ့သ၌ အသောကမင်းသည် ကျောင်းသို့လာ၍ သံဃာ့ထေရ်၏အထံသို့ ကပ်ပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်ကောင်းမှု၏ အန္တရာယ်ကို ပြုလတ္တံ့သော မာရ်နတ်အား မြစ်နိုင်အံ့သော ရဟန်းကို ရပါပြီလော"ဟု လျှောက်၏။ သံဃာ့ထေရ်ကလည်း "မင်းကြီး။ ရပြီ။ တစ်ယောက်ကို မဆိုထားဘိ။ တစ်သောင်းသောမာရ်နတ်ကိုလည်း ဆီးတားနိုင်သော တန်ခိုးအာနုဘော်ရှိသော 'တိဿနာဂ ဥပဂုတ္တ' အမည်ရှိသောသူသည် ဤသူပင်တည်း"ဟု ပြောလေသော်၊ မင်းကြီးလည်း အရှင်ဥပဂုတ္တအနီးသို့ ကပ်၍ဖူးမြော်လျှင် အလွန်ကြမ်းသော၊ မလှသော အဆင်းတော်ကိုမြင်သဖြင့် 'ဤအရှင် တတ်နိုင်ပါအံ့လော'ဟု ကြံလျက် နန်းတော်သို့ ပြန်လေ၏။ 'မိုးသောက်သောအခါ စူးစမ်းအံ့' ဟု ကြံပြီးလျှင် နေလင့်၏။

အရှင်ဥပဂုတ်လည်း နန်းတော်ကို ဆွမ်းခံဝင်လေ၏။ မင်းကြီးလည်း ဆွမ်းလှူလိုက်၍ ကြွလာသောကာလ အမုန်ယစ်သော ဆင်တစ်စီးကို လွှတ်၏။ ထိုဆင်လိုက်၍ အနီးသို့ရောက်သောအခါ အရှင်မြတ်လည်း မင်းကြီးက လွှတ်သောအဖြစ်ကိုသိ၍၊ ကြွစဉ် အဓိဋ္ဌာန်တော်မူလျှင် ထိုဆင်သည် ကျောက်တိုင်ကဲ့သို့ဖြစ်၍ နှာမောင်းချီလျက် ရပ်လေ၏။ အရှင်ဥပဂုတ်လည်း မကြည့်ဘဲ ကြွတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း အမှူးအမတ်တို့နှင့်တကွ ဆင်၏အနီးသို့ သွား၍ကျောက်တိုင်ဖြစ်သည်ကိုမြင်လျှင် ထိုအရှင်၏ တန်ခိုးအာနုဘော်ကို အံ့သြကြကုန်လျက် 'ကြန်အင်လက္ခဏာနှင့်ပြည့်စုံသောဆင်သည်လျက် ကျောက်တိုင် ဖြစ်ချေ၏။ မာရ်နတ်ကိုကား မချွတ် ဆုံးမနိုင်လတ္တံ့.' ဟု ဝမ်းမြောက်ဝမ်းသာ ခြိမ့်ကာလိုက်လေ၏။ "အရှင်ဥပဂုတ်။ အရှင့်ကို နှိပ်စက်လို၍ မပြုပါ။ စူးစမ်းလို၍သာ ပြုပါသည်။ အပြစ်ကို သည်းခံတော်မူပါ"ဟု ကန်တော့၏။

အရှင်ဥပဂုတ်လည်း "မင်းကြီး။ ချမ်းသာသောကိုယ် ရှိပါစေ။ ဆင်လည်း ပြကတေ့အတိုင်း ဖြစ်စေ"ဟု မိန့်တော်မူလျှင်၊ ဆင်သည် မိမိနေရာသို့ သွားလေ၏။ ထိုအခါ များစွာသောလူအပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။

သီရိဓမ္မာသောကမင်းကြီးလည်း ရှစ်သောင်းလေးထောင်သော ကျောင်း၊ စေတီတို့ကို ပူဇော်ခြင်းငှာ မြို့အလုံးကို စည်လည်စေ၏။ "ဤနေ့မှစ၍ ခုနစ်ရက်လွန်သဖြင့် စေတီပူဇော်ခြင်းသည် ဖြစ်လတ္တံ့။ ပြည်တွင်းပြည်ပ၌နေသော လူအပေါင်းတို့သည် သုံးပါးသော သရဏဂုံနှင့်တကွ ရှစ်ပါးသောသီလကို ဆောက်တည်၍ စေတီပူဇော်ကြကုန်"ဟု နှိုးဆော်စေ၏။ ခုနစ်ရက်သောနေ့၌ တန်ဆာဆင်အပ်သော၊ 'အင်္ဂောဘိဏီ'မှလောက်သော စစ်အင်္ဂါအပေါင်းခြံရံလျက် သိကြားမင်း၏နေရာ တာဝတိံသာနတ်ပြည်ကဲ့သို့ ကျက်သရေရှိသောပြည်တော်ကို လက်ယာရစ်သုံးပတ်လှည့်ပြီးမှ အသောကာရာမကျောင်းသို့သွား၍၊ ရဟန်းတို့၏ အလယ်၌နေပြီးမှ မဟာစေတီ၏ထက်ဝန်းကျင် ယူဇနာခွဲအရပ်ကို ဆီမီး ညှိထွန်းစေ၏။ စေတီတော်ကို ရှိခိုးပူဇော်ခြင်းငှာလာကုန်သော ရဟန်းသံဃာ လူအပေါင်းတို့သည်လည်း စည်းဝေးကြကုန်၏။

['အင်္ဂောဘိဏီ'ဆိုရာ၌ အရေအတွက်ကား ဆင်တစ်စီးတွင် ဆင်စီးသူရဲ တစ်၊ ကုန်းလည်စီး တစ်၊ နောက်ပဲ့စီး တစ်၊ လှံကမ်း လက်ယာနှစ်, လက်ဝဲနှစ်၊ ဆင်ခြေဖုံး လေး၊ ဆင်မြီးစောင့် တစ်၊ ဆင်ကဲကျွေး တစ်၊ ပေါင်းသော် တစ်ကျိပ်သုံးယောက်တည်း။

ရထားတစ်စီးတွင် ရထားသူရဲ တစ်၊ နားပန်စောင့် လက်ယာတစ်, လက်ဝဲတစ်၊ မြင်းကဲကျွေး တစ်၊ ပေါင်း လေးယောက်တည်း။

ဆင်တစ်စီးကို ရထားတစ်ရာ ရံသည်။ ရထားတစ်စီးကို မြင်းတစ်ရာ ရံသည်။ မြင်းတစ်စီးကို သူရဲကောင်းတစ်ရာ ရံသည်။ သူရဲကောင်းတစ်ယောက်ကို သမီးကညာတစ်ရာ ရံသည်။ သမီးကညာတစ်ယောက်ကို အလုပ်အကျွေးမိန်းမ တစ်ရာရံသည်။

သို့ဖြစ်၍ ဆင် ကိုးကောင်၊ ရထား ကိုးသိန်း၊ မြင်း ကိုးကုဋေ၊ သူရဲကောင်း ကုဋေကိုးရာ၊ သမီးကညာ ကုဋေကိုးသောင်း၊ အလုပ်အကျွေးမိန်းမ ကုဋေကိုးသန်း အလုံးစုံကို ပေါင်းသော် 'အင်္ဂောဘိဏီ'ဖြစ်သည်။ ဤ အင်္ဂောဘိဏီကား မင်းတို့၏ စစ်အင်္ဂါကျင်းပရာ၌ သုံးစွဲ ခေါ်ဝေါ်ရိုးတည်း။ [ကစ္စည်းကျမ်း၌လာသော အင်္ဂောဘိဏီကား အသက်ရှည်စဉ်က ဖြစ်သော လူတို့၏ ခေါ်ဝေါ်မှတ်သားသော သင်္ချာတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ရဟန်းသံဃာတို့လည်း ကုဋေရှစ်ဆယ်တိုင်တိုင် စည်းဝေးမိ၏။ မိန်းမ, ယောကျ်ား, ရဟန္တာကို ရွေးကောက်သော် တစ်သိန်းအရေအတွက် ရ၏။ ထိုသူတို့ အသီးသီး ဆီမီးညှိသောအခါ မီးသေစိမ့်သောငှာ မာရ်နတ်သားလည်း ပြင်းစွာသောလေကို လာစေ၏။ အရှင်ဥပဂုတ်လည်း တန်ခိုးတော်ဖြင့်ယူ၍ အဝေးသို့လွှင့်ပေ၏။ တစ်ဖန် မာရ်နတ်သားလည်း သဲမိုး, ကျောက်စရစ်မိုး, ကျောက်ဖျာမိုး, မီးကျီးမိုး, ကြေးမိုးတို့ကို အစဉ်အတိုင်း ရွာစေ၏။ အရှင်ဥပဂုတ်လည်း အဓိဋ္ဌာန်တန်ခိုးဖြင့်ခံ၍ စကြဝဠာတံတိုင်းအပ၌ စွန့်ပေ၏။

မာရ်နတ်သားလည်း မိမိလွှတ်သောလက်နက် မရောက်သည်ကိုမြင်လျှင် အမျက်ထွက်၍ ကြီးစွာသော နွားဥသဘအဟန်ဖန်ဆင်း၍ မီးကိုငြိမ်းစေခြင်းငှာ ပြေးလာ၏။ အရှင်ဥပဂုတ်လည်း ကျားအဟန်ဖန်ဆင်း၍ ကြောက်မက်ဖွယ်သောအသံကို မြည်လျက် လိုက်၏။ လူအပေါင်းတို့လည်း ကြည့်ကြကုန်၏။

မာရ်နတ်သားလည်း နွားဥသဘအဖြစ်ကို စွန့်၍ ဦးခေါင်းခုနစ်လုံးရှိသော နဂါးအဟန်ကိုဖန်ဆင်း၍ ကျားကိုကိုက်အံ့သောငှာ လိုက်၏။ အရှင်ဥပဂုတ်လည်း ကျားအသွင်ကို စွန့်၍ ဂဠုန်အဟန်ဖန်ဆင်းပြီး နဂါးကို ဖမ်းလေ၏။

မာရ်နတ်သားသည် နဂါးအသွင်ကို စွန့်၍ ဘီလူးကြီးအဟန်ဖန်ဆင်း၍ ထန်းပင်ရှိလောက် ပြောင်ပြောင်တောက်သော သံလှင်ကန်ကိုကိုင်လျက် ဦးခေါင်းကိုရိုက်အံ့သောငှာ လာ၏။ အရှင်ဥပဂုတ်လည်း ဂဠုန်အသွင်ကိုစွန့်၍ မာရ်နတ်သားထက် နှစ်ဆကြီးသော ဘီလူးကြီးအဟန် ဖန်ဆင်း၍ ဝင်းဝင်းညီးသော သံလှင်ကန်နှစ်ချောင်းကို ကိုင်လျက် မာရ်နတ်ကို ရိုက်နှက်ခြင်းငှာ လာ၏။

မာရ်နတ်သားလည်း အလွန် ကြောက်လန့်သည်ဖြစ်၍ အရောင်အဆင်းနှင့်ပြည့်စုံသော လူ၏အသွင်ကို ဖန်ဆင်း၍ အရှင်ဥပဂုတ်၏ရှေ့မှ ရပ်လေ၏။ အရှင်ဥပဂုတ်လည်း ပိုးလောက်အတိပြည့်သော စက်ဆုပ်ရွံရှာဖွယ်ရှိသော ခွေးကောင်ပုပ်ကို လည်၌ဆွဲ၍၊ တစ်စုံတစ်ယောက်သော နတ်, သိကြား, ဗြဟ္မာတို့သည် မချွတ်နိုင်အောင် အဓိဋ္ဌာန်၍ မာရ်နတ်ကို လွှတ်လိုက်၏။

မာရ်နတ်လည်း စတုလောကပါလနတ်သားတို့ကို "ချွတ်ပါ"ဟု ဆို၏။ ထိုနတ်တို့က "အဘယ်သူ ဆွဲသနည်း"ဟု မေး၏။ အရှင်ဥပဂုတ် ဆွဲကြောင်းကိုဆိုသော် "ထိုအရှင် ဆွဲသည်ကိုမူ ကျွန်ုပ် မချွတ်နိုင်ပါ"ဟုဆိုလျှင်၊ မာရ်နတ်လည်း သိကြား, သုယာမ, သန္တုသိတ, သုနိမ္မိတ, ဝသဝတ္တီ နတ်မင်းတို့၏အထံသို့ သွား၍ "ချွတ်ပါ, ချွတ်ပါ"ဟု တောင်းပန်၏။

နတ်မင်းတို့ကလည်း "ထိုအရှင်သည် တန်ခိုးကြီးလှ၏။ ငါတို့ မချွတ်နိုင်ကုန်"ဟု ဆိုလျှင်၊ မာရ်နတ်လည်း ဗြဟ္မာထံသို့ကပ်၍ "အကျွန်ုပ်အား သနားကြပါသဖြင့် အရှင်ဗြဟ္မာမင်းတို့သည် ဤခွေးကောင်ပုပ်ကို ချွတ်ပါ"ဟုဆို၏။ ထိုဗြဟ္မာမင်းတို့ကလည်း "မြတ်စွာဘုရား၏ တပည့်တော်ကြီးဖြစ်သော ရဟန္တာမြတ် ဆွဲထားလတ်သည်ကို ငါတို့လည်း မချွတ်နိုင်ချေ။ သင်သွား၍ ထိုအရှင်အား တောင်းပန်လေ။ အရှင်မြတ်ပင် ဖြည်ချွတ်လတ္တံ့"ဟု ဆိုလိုက်၏။

ထိုစကားကိုကြားသောအခါ မာရ်နတ်ကလည်း အရှင်ဥပဂုတ်ထံသို့ လာ၍ "အရှင်ဘုရား။ အကျွန်ုပ် ရှုံးပါပြီ။ ဤခွေးကောင်ပုပ်ကို ချွတ်တော်မူပါ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဥပဂုတ်လည်း မာန်နတ်သားကိုခေါ်၍ တောင်ကြီးတစ်လုံးအပါးသို့ ကပ်ပြီးသော် မာရ်နတ်၏လည်၌ ခွေးကောင်ပုပ်ကိုချွတ်ပြီးလျှင်၊ ခါးပန်းတော်ကို ရှည်အောင်ဖန်ဆင်း၍ ခါးပန်းနှင့်ချည်ပြီးမှ တောင်၌ မြဲမြံစွာချည်၍ "မာရ်နတ်သား။ သင် တစ်ပါးသို့ မသွားလင့်။ ဓမ္မာသောကမင်းကြီး၏ပူဇော်ပွဲ မပြီးမချင်း ဤအရပ်၌နေရစ်"ဟု မိန့်တော်မူလျှင် မာရ်နတ် လည်း ဆိတ်ဆိတ်သာခံနေ၏။

အရှင်ဥပဂုတ်လည်း အလိုရှိရာ၌ ချမ်းသာစွာ နေလေ၏။ ခုနစ်လ ခုနစ်ရက်လွန်၍ စေတီပူဇော်ပွဲပြီးသောအခါ မာရ်နတ်ရှိရာသို့သွား၍ အသံကိုနားထောင်သော် မာရ်နတ်သားက ဘုရားကျေးဇူးတော်ကို အောက်မေ့မိသဖြင့် ဤသို့ဆို၏။

"ငါသည် ရှေးသောအခါ မြတ်စွာဘုရားအား များစွာဖောက်ပြန်သော အမှုကို ပြုသည်။ မြတ်စွာဘုရားသည် ငါ့အား တစ်စုံတစ်ခုသောအပြစ်ကို မပြု။ ယခုသာဝကသည် သနားခြင်း မရှိသည်ဖြစ်၍ ငါ့အား ညှဉ်းဆဲနှိပ်စက်ဘိသည်"ဟု မြည်တမ်းလျက် တောင်ဝှမ်းကို အစဉ် လည်၍ နေ၏။ တစ်ဖန် အကြံ ဖြစ်ပြန်၏။ "ငါသည် ရှေးရှေးသောဘဝကလည်း ဘုရားရဟန္တာ ဖြစ်ရအောင် ပုညအစု ကောင်းမှုအထူးကို ဆည်းပူးခဲ့လှပြီ။ ဤကုသိုလ်တို့၏ အာနိသင်ကြောင့် နောင်သောအခါ ဘုရားဆုကိုသာ ရလိုပါ၏။ သတ္တဝါတို့အား သနားခြင်းမရှိသော သာဝက မဖြစ်လိုပါ"ဟု မြည်တမ်း၏။ ထိုသို့မြည်တမ်းစဉ်လျှင် အရှင်ဥပဂုတ်လည်း အလျင်အဆောလာ၍ ခါးပန်းတော်ကိုဖြည်ပြီးမှ "မာရ်နတ်သား။ ငါ့အား သည်းခံလော့။ ငါသည် သင်၏ အကျိုးကိုလည်း ပြီးစေပြီ။ မင်းကြီး၏ကောင်းမှုကိုလည်း အန္တရာယ်ကင်းစေပြီ ။ ယနေ့မှစ၍ သင်သည် ဘုရားဆုကို ယူပေသူဖြစ်သောကြောင့် သင့်ကို ပူဇော်ထိုက်ပေသည်"ဟု ဆို၏။

ထိုအခါ မာရ်နတ်ကလည်း "အရှင်ဥပဂုတ်။ သင်တို့သာဝကသည် သနားခြင်း မရှိ။ ကဲ့ရဲ့ဖွယ်အတိသာ များ၏။ ထို့ကြောင့် အကျွန်ုပ်သည် သာဝကအဖြစ်ကို မဖြစ်လိုပြီ။ သာဝကဟူက သင်ကဲ့သို့ သနားခြင်းမရှိသည်သာတည်း"ဟု ဆို၏။ အရှင်ဥပဂုတ်ကလည်း "မာရ်နတ်။ သင်သည် နှလုံးမသာ မရှိလင့်။ ငါ၏အာနုဘော်ကြောင့် သင် ဘုရားဆုကို တောင်း၏။ တောင်းသည့်အတိုင်းလည်း မချွတ် ဖြစ်လတ္တံ့။ ဘုရားသခင်သည် ဗျာဒိတ်စကားကို ကြားတော်မူဖူး၏"ဟု မိန့်ပြီးလျှင်၊ "မာရ်နတ်။ ဘုရားဖြစ်တော်မူသောအခါ သင် မြင်ရဖူးသည်။ ငါ မမြင်ရဖူးပါ။ မြတ်စွာဘုရား၏ကိုယ်တော်ဟန်ကို သာဝကအခြွေအရံနှင့်တကွ ငါ့အား ဖန်ဆင်းပြပါ"ဟု ဆို၏။

မာရ်နတ်သားလည်း "အရှင်ဥပဂုတ်။ အကျွန်ုပ်ကို ရှိမခိုးမူကား ပြပါအံ့"ဟု ဆိုလျှင်၊ အရှင်ဥပဂုတ်ကလည်း "ကောင်းပြီ"ဟု ဝန်ခံ၍၊ မြန်စွာ သံဃာတော်တို့အား စည်းဝေးစေ၏။ ဘုရားအသွင်ကို ဖူးမြင်လိုသမျှသောလူတို့လည်း ပန်းနံ့သာလက်စွဲလျက် ရဟန်းတို့ကို ခြံရံ၍လိုက်ကြကုန်၏။

မာရ်နတ်လည်း တစ်ခုသောတောအုပ်သို့ ဝင်ပြီးမှ ထွက်လာသောအခါ သုံးဆယ့်နှစ်ပါး သော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်အပ်သော၊ တစ်လံမျှလောက်သော ရောင်ခြည်တော်အဝန်းဖြင့် တောက်ထွန်းသော ဘုရားသခင်အသွင်တော်ကို ဖန်ဆင်းလျက် လက်ယာရံ, လက်ဝဲရံ အဂ္ဂသာဝကအစုံ ရှစ်ကျိပ်သော မဟာသာဝကတို့ ခယမ်းပုံနှင့်တကွ အလုံးစုံတောက်ပသော ဘုရားအသရေ အဆင်းတော်ကို ဖန်ဆင်း၍ပြပေ၏။

အရှင်ဥပဂုတ်လည်း မတုန်မလှုပ်သော သက်ဝင်ကြည်ညိုခြင်းဖြစ်၍ မာရ်နတ်သားအား ပေးအပ်သောပဋိညာဉ်ကို မအောက်မေ့နိုင်။ ငေးမှိုင်မိန်းမောကာ သဒ္ဓါအလွန်ပွားရကား ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၏။ ပါလာသော မင်း မှူးမတ် ပရိသတ်အပေါင်းတို့သည်လည်း အလွန် ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာဖြစ်ကုန်၏။

မာရ်နတ်သားလည်း ဘုရားအသွင်ကို ကွယ်စေ၍ "အရှင်ဥပဂုတ်။ အဘယ့်ကြောင့် အကျွန်ုပ်ကို ရှိခိုးသနည်း"ဟု မေး၏။ အရှင်ဥပဂုတ်ကလည်း "သင့်ကို ငါ ရှိမခိုး။ မျက်မှောက်သောသာဝက ရှစ်ကျိပ်နှင့်တကွသော ဘုရားသခင်ကိုသာ ငါ ရှိခိုးသည်"ဟု ဆို၏။ ထိုအခါမှ စ၍ မာရ်နတ်လည်း သာသနာ၌ သဒ္ဓါနူးညံ့သောစိတ် ရှိသည်ဖြစ်၍ မိမိနေရာသို့ ပြန်လေ၏။

အရှင်ဥပဂုတ် စသောရဟန္တာအပေါင်းတို့လည်း ကြံကြ၏။ 'မင်းကြီးသည် မိမိပြုသော ရှစ်သောင်းလေးထောင်သော ကောင်းမှုအလုံးစုံကို အကုန်မြင်သည်ရှိသော် ဘုရားသာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုခြင်း ဖြစ်လတ္တံ့'ဟု ကြံ၍၊ မိမိတို့ဈာန်ကို ဝင်စားပြီးလျှင် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် ရပ်ထက်ဝန်းကျင် မင်းလွင်မြူမေး ညစ်ကြေးကုန်ကင်း၍ အကြွင်းမဲ့ မြင်စေတတ်သော 'လောကဝိဝရဏ'မည်သော တန်ခိုးပြာဋိဟာကို ပြုပေ၏။

မင်းကြီးသည် အသောကာရာမကျောင်းတော်ထက် ရပ်လျက်ပင် ထက်ဝန်းကျင်သော အရပ်မျက်နှာကို ရှုမျှော်သော် သမုဒ္ဒရာအပိုင်းအခြားရှိသော ဇမ္ဗူဒိပ်ကျွန်းအလုံးကို လည်းကောင်း, ရှစ်သောင်းလေးထောင် အရေအတွက်ရှိသော စေတီကျောင်းတော်တို့ကို လည်းကောင်း လက်ဝါးပြင်တွင် တင်၍ကြည့်သကဲ့သို့ မြင်တော်မူသော် အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရအပ်သောမင်းစည်းစိမ်ဖြင့် ပူဇော်တော်မူ၏။

ထို့နောက်မှ သရီရဓာတ် စေတီမြတ်ကို ပရမတ္ထဒါနဖြင့် ပူဇော်ခြင်းငှာ မိမိကိုယ်ကို ဝါဂွမ်းဖြင့်ရစ်၍ နံ့သာဆီ၌နှစ်ပြီးမှ ဆီးမီးညှိထွန်းလျက် ပူဇော်ပေ၏။ ထိုဆီမီးလျှံသည် ခုနစ်သူမျှလောက်သော ကောင်းကင်သို့ တက်လေ၏။ မင်းကြီးလည်း ဣတိပိသော အစရှိသော ဂုဏ်တော်ကို အစဉ်အောက်မေ့လျက် နှစ်သက်ခြင်းပီတိအဟုန်ဖြင့် မတုန်မလှုပ် နေတော်မူရကား မီးအလျှံသည် ကိုယ်တော်၏ဖောက်ပြန်ခြင်းကို တစ်စုံတစ်ခုမျှမဖြစ်စေဘဲ စန္ဒကူးဖြင့် လိမ်းကျံသကဲ့သို့ ချမ်းမြေ့သည်သာ ဖြစ်၏။

ဤကဲ့သို့ ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီးမှ နံ့သာရေဖြင့်ချိုး၍ တန်ဆာဆင်ပြီးသော်၊ မှူးတော်မတ်တော်ခြံရံလျက် လက်ယာရစ်သုံးပတ်လည်၍ စေတီကိုပူဇော်ပြီးမှ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကိုနာပြီးသော် နန်းတော်သို့ပြန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



## ။၉၈။ ယန္တရားဆရာကို သတ်ရန်ဆက်သခြင်းနှင့် မဟိန္ဒမင်းသား, သဃမိတ္တာမင်းသမီးတို့ ရဟန်းပြုကြခြင်း

ယင်းသို့ သီရိဓမ္မာသောကမင်းကြီး အဇာတသတ်မင်း ယန္တရားစက်ဖြင့် ခဲယဥ်းစွာထားသောဓာတ်တော်တို့ကို ယူ၍ ရှစ်သောင်းလေးထောင်သော စေတီတို့ကို တည်လုပ်လေသောအကြောင်းစကားကို ရောမတိုင်းကိုအစိုးရသော မင်းကြီးကြားလေသော် "အဘယ်သူသည် ယန္တရားစက်ကို ဖျက်လေသနည်း"ဟု မှူးမတ်တို့ကိုမေး၍၊ မှူးမတ်တို့က "အကျွန်ုပ်တို့၏ ကျွန်းနိုင်ငံတွင် အတတ်သင်လာဖူးသောသူ၏ သားတစ်ယောက်သည် ပါဋလိပုတ်ပြည်တွင် ရှိ၏။ ထိုသူကို ဖျက်ဆီးစေပါသည်"ဟု လျှောက်လျှင်၊ 'ထိုသူကိုသတ်အံ့'ဟု ကြံ၍ သံဖြင့်ပြီးသော ယန္တရားတံတင်းကိုလုပ်စေပြီးလျှင် ဖုတ်သွင်းသော ယောကျ်ားရုပ်ကို သန်လျက်စွဲကိုင်လျက် တံတင်းထဲ၌ထည့်၍ အပေါ်က လျှို့ဝှက်သောယန္တရားအဖုံးကို ပြု၍ 'ရတနာတံတင်း လက်ဆောင် သလိုက်ပါသည်'ဟု ဓမ္မာသောကမင်းကြီးအား ဆက်လေ၏။

မင်းကြီးလည်း ဆက်လာသောသံတို့ကို လက်ဆောင်ပဏ္ဏာ တုံ့ပြန်၍ ထိုတံတင်းကို ယန္တရားတတ်သောဆရာကို ပြ၍၊ "သင် ဖွင့်လော့"ဟု စေ၏။ ဆရာလည်း မိမိပညာဖြင့် တိုင်းထွာ၍စူးစမ်းသော် 'ရတနာတံတင်း မဟုတ်ကြောင်း၊ မိမိရန်သူပါကြောင်း'ကို သိ၍ "အရှင်မင်းကြီး။ ဤတံတင်းသည် အကျွန်ုပ်ကိုသတ်စိမ့်သောငှာသာ ဆက်လာပါသည်။ ရတနာတံတင်း မဟုတ်ပါ။ အကျွန်ုပ်ကဲ့သို့ ဘူတဝါဟနယန္တရားစက် တတ်သောသူကို ဤဇမ္ဗူဒိပ်ကျွန်း၌ အလွန် ရောက်ခဲရခဲပါသည်။ အကျွန်ုပ်ဖခင်သည် ဤအတတ်ကို ရောမတိုင်းသို့ သွား၍ အသက်ကိုစွန့်စားသဖြင့် သင်ယူပါသည်။ ယခု အကျွန်ုပ်ရှိကြောင်းကို သိ၍ သတ်ခြင်းငှာ ဆက်ရောက်လာပါသည်။ အကျွန်ုပ်၏အသက်ကို သနားတော်မူပါ"ဟု လျှောက်လျှင်၊ မင်းကြီးကလည်း "သင့်အား ပေးလိုက်သည် မဟုတ်။ ငါ့ကိုသာ ဆက်သသည်။ အဘယ်အကြောင်းဖြင့် သင့်ကို သတ်အံ့နည်း"ဟု မေးပြန်သော်၊ "ဘုန်းတော်ကြီးလှသော တရားမင်းမြတ်။ ဖုတ်သွင်းအပ်သောလူရုပ်သည် ထိုးခုတ်ရန် လက်နက်နှင့်တကွ ဤတံတင်းအတွင်း၌ ပါပါသည်။ ဖွင့်မိလျှင် မြန်စွာသတ်၍ သူ့အရပ်ကို ပြန်ပါလိမ့်မည်"ဟု လျှောက်၏။

မင်းကြီးက "အဘယ်အကြောင်းဖြင့် သင် သိသနည်း"ဟု မေးလျှင်၊ "ဥပါယ်တံမျဉ်ဖြင့် ပြုသည်ကိုမြင်၍ သိပါသည်"ဟု သံတော်ဦးတင်၏။ ထိုအခါ မင်းကြီးက အမတ်တို့ကို "အဘယ်သို့ ပြုသင့်သနည်း"ဟု တိုင်ပင်ပြန်၏။ အမတ်တို့ကလည်း "ဤသူစကားကို မယုံကြည်အပ်။ လေးမြတ်ရှိညွှတ်စွာ ဆက်လာသည်ဖြစ်ရကား ရတနာတံတင်းသာ ဖြစ်ရာသည်"ဟု လျှောက်ကြ၏။

ဆရာယောကျ်ားကလည်း မိမိကို သတ်အံ့သောငှာ လာကြောင်းကို လျှောက်ပြန်သော်၊ အမတ်တို့က "အဘယ်သို့ ပြုသင့်သနည်း"ဟု မေး၏။ မီးပုံကြီး၌ ပစ်ချသင့်ကြောင်းကိုဆိုသော် ထိုအမတ်တို့က မင်းကြီးအား ဤသို့ လျှောက်ကြ၏။ "အရှင်မင်းကြီး။ ယန္တရားတတ်သောဆရာ



www.burmeseclassic.com

www.burmeseclassic.com



သည် အရာမဟုတ်သည်၌ တွေးတော၍ ကြောက်ဘိ၏။ ဤသူကြဲတိုင်း ဟုတ်မည်မထင်ပါ" ဟူ၍ လျှောက်ကြ၏။

မင်းကြီးလည်း အမတ်စကားကို ယုံကြည်တော်မူ၍ ထိုသူ့ကို "တံတင်းဖွင့်လော့"ဟု မိန့်တော်မူ၏။ ထိုသူလည်း အိမ်သို့သွား၍ သားမယားတို့ကို ဥစ္စာပစ္စည်းပေး၍ မှာထားပြီးလျှင် မင်းအိမ်သို့ ပြန်ခဲ့၍၊ မိမိရာထူးကို မင်းကြီးအားဆောက်နှင်း၍ တံတင်းကိုကိုင်ကာ ရတနာသုံးပါး ကိုအောက်မေ့လျက် သော့ချက်ဖြင့် ဖွင့်လေ၏။ ဖွင့်သောခဏ၌ တံတင်းထဲမှလူသည် ထွက်လာ၍ ထိုသူကို ဝါးညွန့်ကဲ့သို့ဖြတ်၍ ရောမတိုင်းသို့ ပြန်လေ၏။ သီရိဓမ္မာသောကမင်းကြီး လည်း ကြောက်လန့်တကြားဖြစ်၍ အမတ်တို့ကို များစွာ အပြစ်တင်တော်မူ၏။

တင်ရဲသောအခါ မင်းကြီးလည်း စစ်အင်္ဂါလေးပါး ခြံရံလျက် အသောကာရာမကျောင်း သို့ထွက်တော်မူ၍ သံဃာတော်တို့၏အလယ်၌ နေပြီးလျှင် သံဃာတော်တို့အား ဤသို့ မေးလျှောက်၏။ "အရှင်ဘုရားတို့။ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဘုရားသခင် ၏သာသနာတော်၌ အဘယ်သူသည် အကျွန်ုပ်တို့ကဲ့သို့ ကြီးကျယ်စွာသော ပရိစ္စာဂဖြင့် ချီးမြှောက်ကြဖူးသနည်း။ အဘယ်သူ စွန့်ကြဲခြင်းသည် ကြီးမြတ်ပါသနည်း"ဟု လျှောက်၏။

ထိုအခါ သံဃာတော်တို့က အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အား "ဖြေတော်မူပါ"ဟု တိုက်တွန်းကြ၏။ အရှင်မြတ်လည်း "ဒကာတော်မင်းကြီး။ ငါတို့ဆရာ မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိသည်မှစ၍ ယခုကာလတိုင်အောင် ဘုရားသာသနာ၌ ဒကာတော်မင်းကြီး ၏ စွန့်ကြဲခြင်းနှင့်တူသော စွန့်ကြဲခြင်းမည်သည် မရှိ။ ဒကာတော်မင်းကြီး၏ စွန့်ကြဲခြင်းသည် သာလျှင် သာလွန်ကြီးမြတ်သတည်း"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း ထိုစကားကိုကြားရသော် အလွန် ဝမ်းမြောက်ဝမ်းသာ စိတ်တော်ရှိလှ၍ ဤသို့ မေးပြန်၏။ "အရှင်ဘုရား။ အကျွန်ုပ်သည် ဤမျှလောက်သော ဒါနကိုပြုရသဖြင့် သာသနာတော်၏အမွေကို ခံရပါအံ့လော"ဟု လျှောက်၏။

အရှင်မောဂ္ဂလိပုတ္တတိဿကလည်း "မင်းကြီး။ ဤသို့ ပစ္စည်းကို စွန့်ကြဲကာမျှဖြင့် သာသနာ့အမွေခံ မဖြစ်ချေသေး။ ဤမြေမှသည် ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းလေးပါးကို စုပုံ၍လှူငြားသော်လည်း ဘုရားရှင့်သာသနာ၌ အမွေခံ မဖြစ်ချေသေး"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား။ အဘယ်သို့သော ကောင်းမှုကိုပြုမှ သာသနာ့အမွေခံ ဖြစ်ပါအံ့နည်း" ဟု လျှောက်သော်၊ "ဒကာတော်မင်းကြီး။ မိမိရင်၌ဖြစ်သော သားသမီးတို့ကို ရဟန်းပြုစေခြင်းသည် သာလျှင် သာသနာတော်၏ အမွေခံဖြစ်သတည်း"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း 'ငါသည် ဤမျှလောက်သော အလှူကြီးကို ပေးပါလျက် သာသနာတော် ၏အမွေကို မခံရချေသေး။ သာသနာတော်၏ အမွေခံဖြစ်အောင် အဘယ်သို့ပြုရအံ့နည်း'ဟု အောက်မေ့လျက် ထိုမှဤမှကြည့်သော် သားတော် 'မဟိန္ဒ'သည်လည်း မင်း၏အပါးတွင် နေ သည်ကို မြင်၍ ကြံဆင်ခြင်လတ်သည်ကား 'အိမ်ရှေ့မင်းဖြစ်သော ညီတော်တိဿသည် ရဟန်း ပြုလေသော် သားတော်မဟိန္ဒကို အိမ်ရှေ့အရာ ထားမည်'ဟု အကြံတော်ရှိသည်။ ထိုသို့ရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း 'အိမ်ရှေ့မင်း၏အဖြစ်ထက် ရဟန်းအဖြစ်သည် မြတ်၏'ဟု ကြံတော်မူ၍ "ချစ်သား မဟိန္ဒ။ သင်သည် ရဟန်းပြုခြင်းငှာ စွမ်းနိုင်ပါအံ့လော"ဟု မေး၏။ မင်းသားလည်း အိမ်ရှေ့မင်း ရဟန်းပြုသည်မှစ၍ ရဟန်းအဖြစ်ကို တောင့်တလျက်နေသောကြောင့် ခမည်းတော်၏ စကားကိုကြားလျှင် ရွှင်လန်းဝမ်းမြောက်သောစိတ် ရှိလှ၍ "အရှင်မင်းမြတ်။ အကျွန်ုပ် ရဟန်းပြုနိုင်ပါ၏။ အကျွန်ုပ်ကို ရဟန်းပြု၍ သာသနာ့အမွေကို ခံတော်မူပါ"ဟု လျှောက်၏။

သမီးတော် သံဃမိတ္တာလည်း အပါးတော်တွင်ရှိသည်နှင့် "ချစ်သမီး။ သင်သည်လည်း ရဟန်း ပြုနိုင်ပါအံ့လော"ဟု မေး၏။ မင်းသမီးကလည်း "အကျွန်ုပ်၏ခင်ပွန်းဖြစ်သော အဂ္ဂိဗြဟ္မာမင်းသားသည် ရဟန်းပြုသည်မှစ၍ ကျွန်ုပ်သည်လည်း ရဟန်းအဖြစ်ကို တောင့်တ လျက်နေပါသည်"ဟု လျှောက်၏။

မင်းကြီးလည်း သားတော်, သမီးတော်တို့ လျှောက်သောစကားကို ကြားသိတော်မူလျှင် ရွှင်လှသောနှလုံးတော် ရှိသည်ဖြစ်၍ ရဟန်းသံဃာတို့အား "အရှင်ဘုရားတို့။ ဤသတို့သားငယ်, သမီးငယ်တို့ကို ရဟန်းပြု၍ အကျွန်ုပ်သာသနာတော်၏အမွေကို ခံပါရစေ"ဟု လျှောက်၏။

သံဃာတော်တို့လည်း မင်းကြီး၏စကားကိုကြားလျှင် မဟိန္ဒမင်းသားအား အရှင် မောဂ္ဂလိပုတ္တတိဿထေရ် ဥပဇ္ဈာယ်ပြု၍၊ မဟာဒေဝထေရ် သရဏဂုံ ဒသသီလပေး၍၊ မဇ္ဈန္တိကထေရ်ကား အနုသာသနဆရာပြု၍၊ မင်းသား အသက်နှစ်ဆယ် ပြည့်ပြီးဖြစ်သောကြောင့် ပဉ္စင်းခံလေ၏။ မဟိန္ဒမင်းသားကား ကမ္မဝါစာ၏အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

သံဃမိတ္တာမင်းသမီးကား အသက် တစ်ဆယ့်ရှစ်နှစ်သာဖြစ်၍ ပဉ္စင်းမခံဘဲ၊ သာမဏေပြု၏။ ဥပဇ္ဈာယ်ဆရာကား 'ဓမ္မပါလိ' ထေရီတည်း။ သရဏဂုံ ဒသသီလပေးသောဆရာကား 'အာယုပါလိ' ထေရီတည်း။

ဤသို့ သားတော်,သမီးတော်တို့ကို ရဟန်းပြုသောအခါ မင်းကြီးအဘိသိက်ခံ၍ ခြောက်နှစ်မြောက်ဖြစ်သော သက္ကရာဇ် ၂၂၅ ခုတည်း။ အရှင်မဟိန္ဒလည်း ရဟန်းဖြစ်သော နေ့မှစ၍ မိမိဥပဇ္ဈာယ်ဆရာထံ၌ ပိဋကတ်သုံးပုံဖြစ်သော ဘုရားစကားတော်ကို သင်ကြားသဖြင့် သုံးနှစ်ရှိသောကာလ ထေရဝါဒနှင့်တကွ တတ်မြောက်၍ တစ်ထောင်သောသံဃာတို့၏ ပါမောက္ခ ဖြစ်သတည်း။

[ပါရာဇိကဏ် အဋ္ဌကထာနိဒါန်း၌ စေတီပူဇော်ပွဲ ပြုသောနေ့ပင် သံဃာတော်တို့အား "ကျွန်ုပ် သာသနာ့အမွေခံ ဖြစ်ရပါအံ့လော"ဟု လျှောက်ကြောင်းကိုဆိုရာ အရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ စသည်ကို မဆို။ ယင်းသို့မဆိုသော်လည်း ထိုအတ္ထုပ္ပတ္တိကို စူဠဝင်, မဟာဝင်, ဋီကာတို့၌ ထင်ရှားစွာလာသောကြောင့် လည်းကောင်း၊ ကစ္စည်းကျမ်း၌ပင် 'ဥပဂုတ္တေန မာရော ဗန္ဓော'ဟူသော ပါဠ်ကို ဥဒါဟရဏ်ပြုသောကြောင့် လည်းကောင်း ပမာဏပြုလောက် သော စကားဖြစ်၍ သွင်းဆိုလိုက်သည်။ အဋ္ဌကထာ၌ မလာသည်ဟူ၍ မဟုတ် မယူသင့်။ အကျဉ်းသာစီရင်သောကြောင့် စကားကြွင်းလေသည်ကို ဋီကာဆရာတို့ သွင်းရသည်လည်း အများပင်ဖြစ်သည်။]



www.burmeseclassic.com

www.burmeseclassic.com



သိရိဓမ္မာသောကမင်းကြီး အဘိသိက်ခံ၍ ရှစ်နှစ်ရှိသောအခါ 'ကောန္တပုတ္တတိဿ'ထေရ် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ထိုမထေရ်ညီနောင်တို့၏ အကြောင်းကား ပါဋလိပုတ်ပြည်၌နေသော မုဆိုးတစ်ယောက်သည် တောကစားသွားရာ၌'ကောန္တိ'မည်သော ကိန္နရီမနှင့် သင့်မြတ်ကြ၍ သားငယ်နှစ်ယောက် ရသတည်း။ အစ်ကိုကြီးကိုကား 'ကောန္တပုတ္တတိဿ'ဟု မှည့်၍၊ အငယ်ကိုကား 'သုမိတ္တ'ဟု မှည့်၏။ ထိုသားငယ်တို့ကို ဓမ္မာသောကမင်းကြီး ယူ၍မွေးမြူလေသဖြင့် အရွယ်သို့ ရောက်လျှင်'အရှင်မဟာဝရုဏ'မည်သော ရဟန္တာမြတ်ထံ၌ အပ်နှံ၍ ရဟန်းပြုလေသဖြင့်၊ မမြင့်မီပင်လျှင် အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြ၏။

တစ်ရံသောအခါ အရှင်ကောန္တပုတ္တ တိဿထေရ်အား အားကြီးစွာသော လေအနာသည် ဖြစ်၍ ဆေးကုအံ့သောငှာ တစ်လက်ဆွမ်းမျှလောက်သော ထောပတ်ကိုရှာ၍ မရတည့်သော် ညီတော် သမိတ္တထေရ်သည် ပါဋလိပုတ်ပြည်အလုံးကို လှည့်ပတ်၍ ဆွမ်းခံဝတ်ဖြင့်ရှာပါသော်လည်း မရနိုင်၍ပြန်လာခဲ့လျှင်၊ ကောင်းကင်ပြင်၌ ထက်ဝယ်ဖွဲ့ခွေ၍ သံဃာတော်တို့အား အပ္ပမာဒတရားဖြင့် ဟောကြားဆုံးမလျက် တေဇောဓာတ်သမာပတ်ဝင်၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။

ဓမ္မာသောကမင်းကြီးလည်း ထိုအကြောင်းကို ကြားတော်မူသော် 'ငါသို့သောသူ သာသနာ၌, သဒ္ဓါပသန္နရှိသော မင်းကရာဇ်၏လက်ထက်၌ တစ်လက်ဆွမ်းမျှသော ထောပတ်ကိုမျှ သံဃာတို့ မရ ရှိရအံ့လော'ဟု သံဝေဂဖြစ်၍၊ မြို့လေးမျက်နှာ၌ တစ်မျက်နှာတစ်မျက်နှာဝယ် ကျယ်သောကန်ကြီးတစ်ကန်စီ တူးပြီးလျှင် တစ်ကန်ကို ထောပတ်, တစ်ကန်ကို ပျား, တစ်ကန်ကို တင်လဲ, တစ်ကန်ကို ဆီဖြင့် ပြည့်စေလျက် ဆေးအလို့ငှာ သံဃာတော်တို့အား ဖိတ်လှူ၏။

[ကေစိဆရာတို့ကား ကဋ္ဌဝါဟနမင်းမျိုးဖြစ်သော ကုဏ္ဍာအမည်ရှိသော မင်းသမီးသည် ဂင္ဂျုန်ငှက်ယန္တရားဆင်၍ ကောင်းကင်ဖြင့်ပျော်ပါးလျက် တောကစားလေသော် ပါဋလိပုတ်ပြည်မှ မုဆိုးတစ်ဦးနှင့်တွေ့၍ သံဝါသဖြစ်သဖြင့်၊ ကုဏ္ဍာပုတ္တနှင့် သုမိတ္တကို ရသည်ဆို၏။ ဒီပဝင်ကျမ်း၌လည်း ကုဏ္ဍာပုတ္တတိဿထေရ်၏အနာကို ကင်းကိုက်၍ ပရိနိဗ္ဗာန်ပြုသည်ဟု ဆို၏။]

ထိုမင်းလက်ထက် ပါဋလိပုတ်ပြည်၏ တံခါးလေးမျက်နှာတွင် တစ်မျက်နှာတစ်မျက်နှာမှ အသပြာတစ်သိန်းစီသော အခွန်ကို နေ့တိုင်း ရ၏။ မြို့လယ် တရားဆုံးဖြတ်ရာ၌လည်း ကွမ်းဖိုး တစ်နေ့လျှင် တစ်သိန်း ရ၏။ ဤ ငါးသိန်းသော အသပြာတို့မှ ရှစ်သောင်းလေးထောင်သော စေတီတော်တို့၌ ပန်းနံ့သာ ပူဇော်အံ့သောငှာ တစ်သိန်း၊ ရဟန်းသံဃာအပေါင်းတို့အား တစ်သိန်း၊ တရားတော်ကို သင်ကြားဆောင်ရွက်သော ရဟန်းတို့အား တစ်သိန်း၊ တံခါးလေးမျက်နှာ၌ ထောပတ်, ပျား, တင်လဲ, ဆီ အလို့ငှာ တစ်သိန်း၊ နိဂြောသောမဏေအား တစ်သိန်း၊ ဤငါးသိန်းသော ဥစ္စာတို့ကို စွန့်၍ သာသနာတော်၌ ပူဇော်သက္ကာရကို ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်တို့မှဆက်သော ပုဆိုးတို့ကို သင်္ကန်းပြု၍ တစ်နှစ်လျှင် သုံးကြိမ် ဆင်နှင့်တင်၍ အရှင်နိဂြောဓ သာမဏေအား လှူတော်မူ၏။ ထိုအခါ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ရဟန်းသံဃာတို့ ဝတ်ရုံသော သင်္ကန်းဟူသမျှတို့သည် နိဂြောဓသာမဏေ၏သင်္ကန်းသာ များ၏။

ဤသို့ ဘုရားသာသနာ၌ ပြန့်ပြောစွာသော လာဘသက္ကာရသည် ဖြစ်လတ်သော် တိတ္ထိတို့သည် စားရမဲ့ သောက်ရမဲ့ဖြစ်ကုန်ရကား ရဟန်းခွင်သို့ ခိုဝင်လာကြ၏။ ရဟန်းပြုကြပြီးလျှင် မိမိတို့၏အယူဝါဒကို ထင်ရှားပြုကြလျက် 'အဓမ္မ'ကို 'ဓမ္မ'ဟု ပြဆိုကုန်၏။ ရဟန်းကောင်းတို့ လက်မခံဘိသော် မိမိအလိုလို ဦးပြည်းရိတ်၍ ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်ကုန်လျက် ထိုထိုသောကျောင်းတို့ကိုလည်း၍ ဥပုသ်ပဝါရဏာ၌ ဝင်ကုန်၏။ ရဟန်းကောင်းတို့ကလည်း ထိုရဟန်းတို့နှင့်အတူတကွ ဥပုသ်ပဝါရဏာ မပြုကြကုန်။

## ။၉၉။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် တတိယသင်္ဂါယနာ တင်ခြင်း

ထိုအခါ မဟာမောဂ္ဂလိ ပုတ္တတိဿထေရ်သည် အဓိကရဏ်း ကြီးစွာဖြစ်လတ္တံ့သည်ကို မြင်၍၊ အရှင်မဟိန္ဒအား သံဃာအပေါင်းကို အပ်ခဲ့ပြီးသော် မိမိသည် အဟောဂင်္ဂါမည်သော အရပ်သို့ ကြွ၍ နေတော်မူ၏။ ရဟန်းခွင်သို့ ဝင်လာကြသော တိတ္ထိတို့သည်လည်း ပိဋကတ်တော်ကို မသင်မကြား။ မိမိတို့၏ အလေ့အကျင့်အားလျော်စွာသာ ကျင့်၍ အချို့ကား မီးကို လုပ်ကျွေးကုန်သည်၊ အချို့ကား ပဉ္စာတပအကျင့်ကို ကျင့်ကုန်သည်၊ အချို့ကား နေကို အတူလိုက်၍ ကျင့်ကုန်သည်။ အချို့ကား တရားမဟုတ်သည်ကို ကျမ်းဂန် ပြုလုပ်ကုန်သည်။ ရဟန်းသံဃာတို့ကား ထိုတိတ္ထိတို့နှင့် အတူတကွ ဥပုသ်ပဝါရဏာစသော ကံကြီးကံငယ်ကို မပြုကြကုန်။ အသောကာရုံကျောင်း၌ ခုနစ်နှစ်ပတ်လုံး ဥပုသ်ပဝါရဏာ ပြတ်ကုန်၏။

ထိုအကြောင်းကို မင်းကြီးကြားသိလေသော် အမတ်တစ်ယောက်ကို ခေါ်၍ "အချင်းအမတ်။ ကျောင်းတော်သို့သွား၍ အဓိကရဏ်းကို ငြိမ်းအောင် စီရင်ချေ။ သံဃာတော်တို့အား အညီအညွတ် ဥပုသ်ပြုစေလော့"ဟု စေလိုက်၏။ အမတ်လည်း အကြောင်းကို မင်းကြီးအား ပြန်ကြား၍ စေ့စုံစွာမလျှောက်ဝံ့သောကြောင့် အမတ်တစ်ယောက်ကို ဤသို့ မေး၏။ "အမတ်ကြီး။ အကျွန်ုပ်ကို မင်းကြီးက 'ရဟန်းတို့၏အဓိကရဏ်းကို ငြိမ်းစေ'ဟု စေတော်မူသည်။ အဘယ်သို့ စီရင်ရအံ့နည်း"ဟု မေး၏။ ထိုအမတ်လည်း "လောကူပမာကား ပစ္စန္တရစ်မြို့ရွာကို ငြိမ်းစေလိုသော် ခိုးသူစားပြတို့ကို သတ်ရကုန်၏။ အာဏာကို မခံညားသောသူအား ပယ်ရှားရကုန်၏။ ထို့အတူ ရဟန်းတို့သည် ဥပုသ်ပြုဆို၍ မပြုလိုသော် ထိုရဟန်းတို့ကို သတ်စေလိုသတည်း"ဟု ပြော၏။ စေသောအမတ်လည်း ထိုစကားကို 'ဟုတ်မှန်၏'ဟု



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသွင်း၍၊ ကျောင်းသို့သွားလေပြီးသော် သံဃာတို့ကို "အညီအညွတ် ဥပုသ်ပြုကြကုန်လော့"ဟု တိုက်တွန်း၏။ ရဟန်းကောင်းတို့က "တိတ္ထိတို့နှင့် အတူတကွ ငါတို့ ဥပုသ်မပြုကုန်"ဟု ဆိုပေ၏။

ထိုအခါ သံဃာ့ထေရ်ကြီးမှစ၍ အစဉ်အတိုင်း သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်လေ၏။ ထိုသို့သတ်သည်ကို အိမ်ရှေ့မင်းဖြစ်ဖူးသော တိဿထေရ်မြင်လျှင် 'မင်းကြီးသည် ဤအမှုကို မစေလေရာ။ အမတ်မိုက်၏ချွတ်ယွင်းခြင်းသာ ဖြစ်လတ္တံ့'ဟု အကြံတော်ရှိ၍၊ မိမိ၏တန်ခိုးဖြင့်ကပ်လာ၍ အမတ်နှင့် နီးစွာသောနေရာ၌ နေတော်မူ၏။

အမတ်လည်း 'ဤရဟန်းကား မင်းကြီးညီတော် ဖြစ်ပေသည်'ဟု မသတ်ဝံ့ရကား၊ မင်းကြီးအား ပြန်၍ နားတော်လျှောက်လေ၏။ "အရှင်မင်းကြီး။ 'ဥပုသ်ပြုပါ'ဟု လျှောက်သည်ကို မပြုလိုသောရဟန်းတို့အား သတ်ခဲ့လေပြီ။ ညီတော်တိဿ၏အလှည့်လည်း ကျရောက်ပြီ။ အသို့ ပြုရအံ့နည်း"ဟု လျှောက်၏။ မင်းကြီးလည်း ထိုစကားကိုကြားလျှင် ဘဝင်လိုက်ခုန်လျက် တုန်လှုပ်သောစိတ်တော် ရှိသည်ဖြစ်၍ "ဟယ် အမတ်မိုက်။ သင့်အား 'ရဟန်းတို့ကို သတ်ချေ'ဟု ငါမစေဘဲလျက် အဘယ်ကြောင့် သတ်ဘိသနည်း"ဟုဆို၍ တောက်တပို ထပြီးသော် အတန်ငယ်သောပရိသတ်တို့ကို ခေါ်၍ ကျောင်းတော်သို့ လာခဲ့၏။ ရောက်လျှင် သံဃာ့မထေရ်ဖြစ်ကုန်သော ရဟန္တာထေရ်တို့အား ဤသို့ လျှောက်၏။ "အရှင်ဘုရားတို့။ ဤအမတ်သည် အကျွန်ုပ် 'သတ်ချေ'ဟု မစေဘဲလျက် ဤသို့သောအမှုကို ပြုဘိ၏။ ထိုမကောင်းမှုသည် အဘယ်သူအား အကုသိုလ်တရား ဖြစ်ရာသနည်း"ဟု မေးလျှောက်၏။

ထိုအခါ အချို့သောသံဃာတို့ကလည်း "ဤအမတ်သည် မင်းကြီး၏စကားဖြင့် ပြုလေရကား မင်းကြီးအားသာ မကောင်းမှု ဖြစ်ရာချေသည်"ဟု ဆို၏။ အချို့သော မထေရ်တို့ကလည်း "မင်းအား လည်းကောင်း၊ အမတ်အား လည်းကောင်း မကောင်းမှုဖြစ်ရာသည်" ဟုဆိုကုန်၏။ အချို့သောမထေရ်တို့ကလည်း "မင်းကြီးသည် သတ်လိုသောစေတနာဖြင့် အမတ်အား 'ရဟန်းတို့ကို သတ်ချေ'ဟု မစေသောကြောင့် မင်း၌ မကောင်းမှု မရှိ"ဟု ဆိုကုန်၏။

မင်းကြီးလည်း အသီးအသီးဆိုကြသော မထေရ်တို့၏စကားကို ကြားရသော် နှလုံးတော်နှစ်ခွဖြင့် ယုံမှားသင်္ကာ ရှိလှသည်ဖြစ်၍ မကောင်းမှုမှ ကြောက်လန့်ရကား သံဃာတော်တို့အား ဤသို့ လျှောက်ပြန်၏။ "အရှင်ဘုရားတို့။ ကျွန်ုပ်၏ ယုံမှားသံသယကို ပျောက်ပစင်ကြယ်အောင် အဘယ်ပုဂ္ဂိုလ်သည် ဖျောက်ပါအံ့နည်း။ သာသနာကိုလည်း ချီးမြှောက်နိုင်ပါအံ့နည်း"ဟု လျှောက်ပြန်လျှင်၊ သံဃာတော်တို့ကလည်း "ဒကာတော်မင်းကြီး၏ ယုံမှားသင်္ကာကို ပယ်ချွနိုင်အံ့သောပုဂ္ဂိုလ်ကားအဟောဂင်္ဂါမည်သော မြစ်ညာ၌နေသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်တည်း။ ထိုအရှင်သာလျှင် သံသယကိုပယ်ချွ၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်လတ္တံ့"ဟု မိန့်တော်မူကြကုန်၏။

မင်းကြီးလည်း ထိုနေ့ပင်လျှင် ရဟန်းတစ်ထောင်စီ အခြံရံရှိသော ဓမ္မကထိက ပုဂ္ဂိုလ်လေးဦးတို့ကို လည်းကောင်း၊ သူရဲတစ်ထောင်စီ အခြံရံရှိသော အမတ် လေးဦးတို့ကို လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်၍ ပင့်လေ၏။ စေလိုက်သော လူတို့လည်း "မင်းကြီး ပင့်ခေါ်ပါသည်။ ကြွတော်မူပါ" ဟု လျှောက်၏။ အရှင်မောဂ္ဂလိပုတ္တတိဿလည်း မကြွဘဲ နေတော်မူ၏။ ပင့်သူတို့က မကြွကြောင်းကိုလျှောက်သော် တစ်ဖန် ရှစ်ဦးသော ဓမ္မကထိကပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ ရှစ်ယောက်သော အမတ်တို့ကို လည်းကောင်း ထပ်မံ၍စေပြန်၏။ ပင့်သူလည်း ရှေးနည်းအတူ လျှောက်သဖြင့်၊ မကြွဘဲနေပြန်၏။

ထိုအခါ မင်းကြီးသည် သံဃာတော်တို့၏ အထံသို့သွား၍ "အရှင်ဘုရားတို့၏ ဆရာကို အကျွန်ုပ် ပင့်ပါသည်။ နှစ်ကြိမ် ရှိပြီ။ မကြွလာပါ"ဟုလျှောက်သော်၊ သံဃာထေရ်တို့လည်း "'မင်းကြီး ပင့်ခေါ်သည်'ဟု မလျော်သောစကားဖြင့် လျှောက်သောကြောင့်သာ မကြွလာ ဖြစ်ရာသည်။ 'သာသနာတော်၌ ကြီးစွာသောဘေးရန် ဖြစ်ပါသည်။ ထိုဘေးရန်ကို သုတ်သင်ပြီး၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ ကြွတော်မူပါ'ဟု လျှောက်လျှင် ကြွလတ္တံ့သတည်း" ဟု မိန့်ကုန်၏။

ထိုစကားကိုကြားလျှင် တစ်ကျိပ်ခြောက်ပါးသော ဓမ္မကထိက ပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ တစ်ကျိပ်ခြောက်ယောက်သော အမတ်တို့ကို လည်းကောင်း ထိုစကားအတိုင်း သင်ကြား၍ ယောကျ်ားအရံ တစ်ထောင်စီနှင့်တကွ ပင့်စေပြန်၏။ သံဃာတော်တို့အားလည်း ဤသို့ မေး၏။ "အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အရွယ် အဘယ်မျှရှိပြီနည်း။ အိုမင်းပြီလော၊ ငယ်သေး၏လော"ဟု မေးလျှောက်၏။ "မင်းကြီး။ သက်တော် ခုနစ်ဆယ့်နှစ်နှစ် ရှိသည်ဖြစ်၍ အိုမင်းပြီ"ဟု ဆိုလျှင်၊ "အရှင်မြတ်သည် ယာဉ်ကို လည်းကောင်း၊ ထမ်းစင်ကို လည်းကောင်း စီးလတ္တံ့လော"ဟု မေး၏။ "မင်းကြီး။ မစီးလတ္တံ့"ဟုဆိုပေသော်၊ "လှေအများတို့ကို ဖောင်ဖွဲ့၍ပင့်ချေ"ဟု စေတော်မူ၏။ ပင့်သောသူတို့ ရောက်၍၊ "သာသနာတော်ကို ချီးမြှောက်ခြင်းငှာ ကြွတော်မူပါ"ဟုလျှောက်လျှင်၊ အရှင်မြတ်ကလည်း "ငါသည် သာသနာတော်ကို ချီးမြှောက်ခြင်းငှာသာလျှင် ဗြဟ္မာ့ပြည်မှ စုတေလာ၍ ရဟန်းအဖြစ်ကို ယူသည်။ ထိုအခါသည် ယခု ရောက်ချေပြီ"ဟု ဆို၍ ဓမ္မခဏ်ကို ခါတွက်ပြီးမှ ထ၍လိုက်တော်မူ၏။

ယင်းသို့စုန်လာ၍ ပါဋလိပုတ်ပြည်သို့ ရောက်အံ့သော နေ့ ညဉ့်၌ မင်းကြီး အိပ်မက် မြင်တော်မူသည်ကား – ကိုယ်လုံးဖြူသော ဆင်ပြောင်ကြီးသည် ကောင်းကင်ခရီးဖြင့်လာ၍ မင်းကြီး၏ဦးခေါင်းမှသည် လက်ယာလက်ရုံးတိုင်အောင် နှာမောင်းဖြင့် သုံးသပ်သည်ဟု မက်၏။ မိုးသောက်သောကာလ အိပ်မက်ကိုကြိတတ်သောလူတို့အား အကြောင်းကိုပြန်ကြားလျှင် "အရှင်မင်းကြီး။ ရတနာဆင်ဖြူနှင့်တူသော ရဟန္တာမြတ်သည် လက်ယာလက်ရုံးကို သုံးသပ်လတ္တံ့"ဟု လျှောက်၏။

များမကြာမီပင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ကြွတော်မူလာပြီဟု ကြား၍ မြစ်အနားသို့ လာပြီးလျှင်၊ မင်းကြီးသည် လည်တိုင်အောင်သောရေသို့ ဆင်းသက်၍ မထေရ်၏လက်ကို လှမ်းတော်မူလင့်၏။ မဟာထေရ်လည်း မင်းကြီးလက်ကို ကိုင်တော်မူ၏။ ထိုသို့ကိုင်သည်ကို သန်လျက်စွဲသော သက်တော်စောင့်တို့မြင်လျှင် 'မထေရ်၏ဦးခေါင်းကို ဖြတ်အံ့'ဟု သန်လျက်ကို အအိမ်မှထုတ်၍ ခုတ်အံ့ဟုမိုးသည်ကို ရေအရိပ်တွင် မင်းကြီးမြင်လေသော် "ဟယ် အချင်းတို့။



www.burmeseclassic.com

www.burmeseclassic.com



ရှေး၌လည်း ရဟန်းသံဃာတို့အား ပြစ်မှားခြင်းကြောင်း နှလုံးတော်မသာ ငါရှိရပြီ။ ယခုလည်း အရှင်ဘုရားအား ပြစ်မှားခြင်းတို့ မပြုကုန်လင့်"ဟု မိန့်တော်မူပြီးမှ မင်းကြီးကိုယ်တိုင် လမ်းညွှန်လျက် ဥယျာဉ်သို့ ပင့်ဆောင်လေ၏။

[အကြင်သူသည် မင်း၏လက်ကို ကိုင်၏။ ထိုသူအား သန်လျက်ဖြင့် ဖြတ်ရခြင်းသည် မင်းမျိုးတို့၌ဖြစ်သော စာရိတ္တပင်တည်း။ အရှင်မြတ်လည်း ထိုစာရိတ္တကို သိလျက် အဘယ့်ကြောင့် ကိုင်သနည်းဟူမူကား 'မင်းကြီးသည် ငါ့အား ပြဿနာမေးခြင်းငှာ ပင့်လျှောက်လာသည်ပင် ဖြစ်၍ ငါ၏ ဓမ္မန္တေဝါသိကပင်တည်း။ ငါ ချီးမြှောက်သင့်ပေသည်'ဟု နှလုံးပြု၍ ကိုင်တော်မူသတည်း။]

ယင်းသို့ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဥယျာဉ်၌ သီတင်းသုံးစေ၍ သူရဲသူခက်တို့ကို သုံးထပ်တိုင်အောင် ဝန်းရံစောင့်နေစေ၏။ မင်းကြီးလည်း မိမိကိုယ်တိုင်ပင် အရှင်မြတ်၏ခြေတော်ကို ဆေးသပ်ပြီးမှ အနီး၌နေလျက် 'ဤအရှင်သည် ငါ၏ယုံမှားသင်္ကာကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်ပါအံ့လော'ဟု စုံစမ်းခြင်းအကျိုးငှာ၊ "အရှင်ဘုရား။ တစ်ခုသော တန်ခိုးပြာဋိဟာကို အကျွန်ုပ် ဖူးမြင်လိုပါသည်"ဟု နားတော်လျှောက်၏။

အရှင်မောဂ္ဂလိကပုတ္တတိဿကလည်း "ဒကာတော်မင်းကြီး။ အဘယ်သို့သော တန်ခိုးပြာဋိဟာကို မြင်လိုပါသနည်း"ဟု မေးလျှင်၊ "အရှင်ဘုရား။ ဤမဟာပထဝီ၏ တုန်လှုပ်ခြင်းကို မြင်လိုပါသည်"ဟု လျှောက်သော်၊ "မင်းကြီး။ အလုံးစုံသောမြေ၏လှုပ်ခြင်းကို မြင်လိုသလော, တစ်စိတ်တစ်ဒေသသော မြေ၏လှုပ်ခြင်းကို မြင်လိုသလော"ဟု မေးတော်မူ၏။ "အရှင်ဘုရား။ အဘယ်လှုပ်ခြင်းသည် ခဲယဉ်းပါသနည်း"ဟု လျှောက်ပြန်သော်၊ "ရေဖြင့်ပြည့်သော တစ်ခုသောခွက်၌ အလုံးစုံသောရေ၏ လှုပ်ခြင်းသည် ခဲယဉ်းသလော, တစ်စိတ်တစ်ဝက်သောရေ၏လှုပ်ခြင်းသည် ခဲယဉ်းသလော"ဟု မေးပြန်၏။ "တစ်စိတ်တစ်ဝက်သော ရေ၏ လှုပ်ခြင်းသည်သာလျှင် ခဲယဉ်းပါသည်" ဟုလျှောက်သော်၊ "ဒကာတော်မင်းကြီး။ ဤအတူပင် ထက်ဝန်းကျင်သောမြေ၏ လှုပ်ခြင်းသည် မခဲခက်။ တစ်စိတ်တစ်ဝက်သောမြေ၏ လှုပ်ခြင်းသည်သာ ခဲယဉ်းစွာ၏"ဟုဆိုလျှင်၊ "အရှင်ဘုရား။ ထိုသို့ဖြစ်ပြီးတကား တစ်စိတ်တစ်ဝက်သောမြေ၏ လှုပ်ခြင်းကိုပင် မြင်ချင်ပါသည်"ဟု လျှောက်၏။ "မင်းကြီး။ ယင်းသို့ မြင်လိုမူ တစ်ယူဇနာမျှလောက်သောအရပ်ကို သတ်မှတ်စည်းခြား၍ အရပ်လေးပါးတွင် အရှေ့မျက်နှာ၌ ကြီးစွာသောရထားကို အတွင်းမှ ဘီးနှစ်ခု, အပြင်မှ ဘီးနှစ်ခု ချပြု၍ တည်စေ။ တောင်မျက်နှာ၌ တစ်စီးသောမြင်းကို အတွင်းမှ ခြေနှစ်ဖက်, အပြင်မှခြေနှစ်ဖက် ထောက်၍ နေစေ။ အနောက်မျက်နှာ၌ တစ်ဦးသောယောကျ်ားကို အတွင်းမှခြေတစ်ဖက်, အပြင်မှခြေတစ်ဖက် ထောက်၍ နေစေ။ မြောက်မျက်နှာ၌ တစ်ခုသောရေခွက်ကို ထက်ဝက် စီပြု၍ တည်စေ"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း အရှင်မြတ် စီရင်တိုင်း တည်ထားပေ၏။

မထေရ်မြတ်လည်း အဘိညာဉ်၏အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စားလျက် ထိုဈာန်မှထ၍ တစ်ယူဇနာမျှလောက်သောအတွင်း၌ မြေလှုပ်ခြင်းကို အဓိဋ္ဌာန်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် မှတ်သားထားသော ရပ်ကွက်၏အတွင်း၌ မြေ ပြင်းစွာလှုပ်၍ ရထားဘီး, မြင်းခြေ, လူခြေ, ရေထက်ဝက်တို့သည် သွက်သွက်ခါမျှ တုန်လှုပ်ကုန်၏။ အပဌိတည်သော လှည်းဘီး, မြင်းခြေ စသည်တို့သည် မတုန်လှုပ်ကုန်။

ဤသို့ အံ့ဖွယ်သရဲ ထူးကဲသော တန်ခိုးပြာဋိဟာကို မင်းကြီး မြင်ရလျှင် 'ဤအရှင်ကား ငါ၏ယုံမှားသက်ာကို ဖျောက်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှာ စွမ်းနိုင်ရာ၏'ဟု အောက်မေ့ပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်သည် အမတ်တစ်ယောက်အား 'ကျောင်းသို့သွား၍ အဓိကရဏ်းကို ငြိမ်းစေပြီးလျှင် သံဃာတော်တို့ တညီတညွတ် ဥပုသ်ပြုကြပါစေ'ဟူ၍ စေလိုက်သော် အမတ်မိုက်သည် ဤမျှလောက်သော ရဟန်းတို့ကို သတ်လာချေသည်။ အရှင်ဘုရား။ ဤမကောင်းမှုသည် အဘယ်သူအား ဖြစ်ရာသနည်း"ဟု နားတော်လျှောက်၏။

အရှင်မောဂ္ဂလိပုတ္တတိဿကလည်း "ဒကာတော်မင်းကြီး။ 'ဤအမတ်တို့သည် သံဃာတို့အား နှိပ်စက်သတ်ညှစ်စေသတည်း'ဟု သင် စိတ်ရှိသလော"ဟု မေး၏။ "အကျွန်ုပ် စိတ်မရှိပါ"ဟု လျှောက်လျှင်၊ "မင်းကြီး။ သတ်စေလိုသောစိတ် မရှိက သင်၌ မကောင်းမှု မရှိ။ အမတ်၌သာ မကောင်းမှု ရှိ၏"

[ဤအကြောင်းကို ဘုရားသခင်ဟောတော်မူသော 'တိတ္တိရ'ဇာတ်ဖြင့် သိအပ်၏။]

"မင်းကြီး။ ရှေးလွန်သောပြီးလေအခါ ငါတို့ဘုရားအလောင်းတော်သည် ရသေ့ ရဟန်းပြု၍ တစ်ခုသောတောအုပ်၌ နေသတည်း။ တစ်ခုသော ပစ္စန္တရစ်ရွာ၌ မုဆိုးတစ်ဦးသည် ခါတိန်ညင်ကိုမွေး၍ လိမ္မာစွာသင်ပြီးသော် ထို ခါတိန်ညင်ဖြင့် တော၌ရှိသော ခါအပေါင်းတို့ကို ဖမ်းယူခြင်းငှာ တောသို့လာပြီးသော် သင့်ရာ၌ ခါတိန်ညင်ကိုထား၍ အပါး၌ ညွတ်ကွင်းတို့ကို ထောင်၏။ ခါတိန်ညင် တွန်ကျူးသောအသံကိုကြား၍ ခါအများတို့လာလျှင် ညွတ်၌ မိလေသဖြင့် မုဆိုးသည် ဖမ်း၍သတ်၏။

"ဤသို့သောနည်းဖြင့် အသက်မွေး၍ တစ်နေ့သ၌ ခါတိန်ညင်ကိုပိုက်လျက် တောအုပ်၌ ရသေ့ကျောင်းသို့ရောက်လေလျှင် ခါအိမ်ကို ကျောင်းဝ၌ထား၍ မုဆိုးကား ပြုဖွယ်ကိစ္စကို ပြုနေ၏။

"ထိုအခါ ခါတိန်ညင်က ရှင်ရသေ့အားဤသို့ လျှောက်၏။ 'ရှင်ရသေ့။ အကျွန်ုပ်တွန်သံကို ကြားသဖြင့် လည်းကောင်း, အဆင်းကို မြင်သဖြင့်လည်းကောင်း တော၌ရှိသော ခါ အပေါင်းတို့သည် ငါတို့အဆွေအမျိုး ရှိချေသည်ဟုလာကြ၍ မုဆိုး၏ ညွတ်ကွင်း၌သာ မိလေသဖြင့် ခါအများတို့ အသတ်ခံရလေသည်။ ဤမကောင်းမှုကံကို ကျွန်ုပ် ခံရလတ္တံ့လော, လွတ်ပါလတ္တံ့လော'ဟု မေးလျှောက်၏။

"ရသေ့လည်း 'ခါတိန်ညင်။ သင်သည် ရောက်လာသောခါတို့ကို သေစေလိုသော စိတ်ရှိသလော'ဟု မေး၏။ 'အရှင်ဘုရား။ အကျွန်ုပ် သေစေလိုသောစိတ် မရှိပါ။ တွန်မြဲတိုင်း ဖြစ်၍သာ တွန်ပါသည်'ဟု လျှောက်လျှင်၊ ရှင်ရသေ့က ထိုပြဿနာကို ဖြေဆိုခြင်းငှာ–

"သစေ တေ နတ္ထိ စိတ္တံ၊ နတ္ထိပါပံ၊ စေတယန္တ မေဝ ဟိ ပါပံ ဖုသတိ၊ နာ စေတယန္တံ သ' အစရှိသောပါဠိဖြင့် 'ခါတိန်ညင် သေစေလိုသောစိတ်မရှိက သင့်အား မကောင်းမှု မရှိ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတနာနှင့်တကွ ပြုသောသူအားသာလျှင် မကောင်းသောအကျိုး ဖြစ်သတည်း။ ခါတိန်ညင်။ သိမြင်လိမ္မာသော ပညာရှိတို့သည် စေတနာကိုသာလျှင် ကံ ဟူ၍ဆိုကုန်၏။ ကိုယ်, နှုတ်, နှလုံး သုံးပါး၌ဖြစ်သောအမှုအရာသည် စေတနာလျှင် အကြောင်းဖြစ်၏'ဟု ဖြေပေ၏။

[ထိုအခါ ခါတိန်ညင်သည် အရှင်ရာဟုလာဖြစ်၍၊ ရသေ့သည် ငါတို့ဆရာ မြတ်စွာဘုရားဖြစ်တော်မူပြန်သော် ဤအတ္ထုပ္ပတ္တိနှင့် လျော်သောအကြောင်းဖြစ်၍ ဤတိတ္တိရဇာတ်ကို ဟောတော်မူသတည်း။]

"မင်းကြီး။ ဤတိတ္တိရဇာတ်ဥပဒေကို သက်သေပြုထားသဖြင့် သတ်စေလိုသောစိတ် မရှိသော် မင်းကြီးအား အရဟန္တဃာတက ပါဏာတိပါတကံ မရှိဟု မှတ်တော်မူ"ဟူ၍ ဟောပေ၏။ မင်းကြီးလည်း အလွန်ဝမ်းသာလျက် သက္ကာယနကင်း၍ ထိုအရှင့်ထံရင်းတွင်ပင် ခုနစ်ရက်ပတ်လုံး ဘုရားအဆုံးအမဖြစ်သော အယူတော်ကို သင်ကြား၏။ တတ်မြောက်သော အခါ အသောကာရာမကျောင်းသို့ လာ၍ သံဃာတော်တို့ကို ဝါဒတူရာတူရာ၌ စည်းဝေး စေပြီးလျှင် တစ်သင်းတစ်သင်းကိုဝင်စေ၍ "အရှင်ရဟန်းတို့။ ဘုရားသခင်သည် အဘယ်သို့ အယူတော်ရှိသနည်း"ဟု မေး၏။

အချို့ကလည်း 'သဿတဝါဒ ရှိပါသည်'ဟု ပြော၏။ အချို့ကလည်း 'ဧကစ္စသဿ တဝါဒ ရှိပါသည်'ဟု ပြော၏။ အချို့ကလည်း 'အမရာဝိက္ခေပဝါဒ ရှိပါသည်'ဟု ပြော၏။ အချို့ကလည်း 'အဓိစ္စသမုပ္ပန္နဝါဒ'၊ အချို့ကလည်း 'သညီဝါဒ', 'အသညီဝါဒ' 'နေဝသညီနာ သညီဝါဒ', 'ဥစ္ဆေဒဝါဒ', 'ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ' ရှိပါသည်ဟု ပြော၏။

ဓမ္မာသောကမင်းကြီးလည်း မိမိသည် အယူတို့ကို သိမြင်တတ်မြောက် ပြီးသည်ဖြစ်၍ ဤသူတို့ကား ဘုရားတပည့်စစ် မဟုတ်။ တိတ္ထိတို့သာတည်းဟု သိ၍ အဝတ်ဖြူစည်း၍ လူပြုစေပြီးသော်ကျောင်းကြီးမှ နှင်ထုတ်ကုန်၏။ ထိုတိတ္ထိတို့ကား ခြောက်သောင်းမျှ အရေ အတွက်ရှိ၏။

ထို့နောက် တစ်စုသောရဟန်းတို့ကို ခေါ်ပြီးလျှင် "အရှင်ဘုရားတို့။ ဘုရားသခင်သည် အဘယ်သို့ အယူရှိသနည်း"ဟု မေးပေသော်၊ "ဒကာတော်မင်းကြီး။ ဘုရားမြတ်စွာကား ကမ္မဝါဒီ ဝိဘဇ္ဇဝါဒီတည်း"ဟု ဖြေလျှင်၊ "အရှင်ဘုရားတို့ ဟုတ်မှန်ပေပြီ။ ဤအခုအခါ၌ သာသနာတော် သန့်ရှင်းစင်ကြယ်ပါပြီ။ ဥပုသ်ပဝါရဏာကို ပြုပါကုန်လော့"ဟုလျှောက်ကြား၍၊ သံဃာတော်အများကို စည်းဝေးစေပြီးလျှင် တညီတညွတ်တည်း ဥပုသ်ပြုစေ၏။ ထို အစည်းအဝေး၌ သံဃာအပေါင်းတို့ကား ခြောက်သန်းအရေအတွက် ရှိကုန်၏။

အရှင်မောဂ္ဂလိပုတ္တ တိဿထေရ်လည်း သံဃာအလယ်၌ အသွယ်သွယ်သော အဓမ္မဝါဒကိုနှိမ်နင်းလျက် တရားမင်းဖြစ်တော်မူသော ဘုရားသခင်၏နှုတ်နက် ရှစ်ချက်သော မာတိကာကို အမှီပြုလျက် 'ကထာဝတ္ထုကျမ်း'ကို ဟောတော်မူပေ၏။

ထို့နောက်မှ ခြောက်သန်းမျှလောက်သော သံဃာတို့တွင် ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇ ဆဠဘိည တိပိဋကဓရ ဖြစ်သော ရဟန္တာတစ်ထောင်ကို ရွေးကောက်တော်မူလျက် အသော



www.burmeseclassic.com

www.burmeseclassic.com



ကာရာမကျောင်းထက်တွင် အရှင်မဟာကဿပ, အရှင်မဟာယသတို့ ပထမ, ဒုတိယ သင်္ဂါယနာတင်ကုန်သကဲ့သို့ ဘုရားစကားတော်ဖြစ်သော ပိဋကတ်သုံးပုံ အလုံးစုံကို ရွေးချယ်သန့်စင်လျက် နယုန်လမှစ၍ ကိုးလတိုင်တိုင် သင်္ဂါယနာ တင်တော်မူကြပြန်သတည်း။

ဤ တတိယသင်္ဂါယနာကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ နှစ်ရာ့သုံးဆယ့်ငါးနှစ်မြောက်သော တပို့တွဲလ၌ ပြီး၏။

အချို့ ဆရာတို့ကား နှစ်ရာ့တစ်ဆယ် ရှစ်နှစ်မြောက်၌ သင်္ဂါယနာတင်သည်ဟု ဆို၏။ ထိုဆရာတို့ကား အဋ္ဌသာလိနီ၌–

'ဘဂဝတော ပရိနိဗ္ဗာနတော အဋ္ဌာရသာဓိကာနံ ဒွိန္နံ ဝဿသတာနံ မတ္ထကေ'ဟူသော ပါဌ်ကို သင်္ဂါယနာတင် သက္ကရာဇ်မှတ်၍ ဆိုဟန်ရှိသည်။ ထိုပါဌ်ကား ဓမ္မာသောက မင်းဖြစ်လတ္တံ့သည်ကို ရည်၍ဆိုသော ပါဌ်တည်း။ အချို့ဆရာကား 'နှစ်ရာ့သုံးဆယ်ခြောက်နှစ်တွင် သင်္ဂါယနာတင်သည်'ဟု ဆိုသည်။ ထိုစကားလည်း ပါရာဇိကဏ် အဋ္ဌကထာ၌ အရှင်မဟာမဟိန္ဒတို့ သီဟိုဠ်သို့ သာသနာပြု ကြွရောက်သည့်အခါကို ပြဆိုသောစကားတည်း။ ထိုစကားကိုထောက်ထား၍ ဆိုမိဟန်ရှိသည်။

စင်စစ်သော်ကား နှစ်ရာ့သုံးဆယ် ငါးနှစ်အကျ နယုန်လမှစ၍ သင်္ဂါယနာ တင်သည်။ ကိုးလမြောက်ဖြစ်သော တပို့တွဲလ၌ ပြီးဆုံးကြသည်။ အရှင်မောဂ္ဂလိပုတ္တတိဿကား အရှင်မဟိန္ဒစသော ရဟန္တာကြီးတို့အား ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်သဖြင့် အရှင်မဟိန္ဒသည် နှစ်ရာ့သုံးဆယ့်ခြောက်ခုနှစ် နယုန်လ၌ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူသည်ကို ဆိုသော စကားတည်း။

**ဓိနတ္ထပကာသနီကျမ်း 'ဒသမပိုင်း' ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး

ဒန္တဒမ္မက စာရိတ္တေန၊ သုပါသကင်္သမ္ပုဏ္ဏေန။
ခန္တိ တပါဒိပူရဏေန၊ နိဝေရကေ နုပါသကေန။
ပုနပ္ပုန် အဓ္ဈေသိတော၊ မုနိန္ဒာဘိဓေဝှေန။
ပါကဋေ ဂဏဝါစကေ၊ နိဋ္ဌိသေ ဝါစကန္တရေ။
ဇိနတ္ထပကာသနီနာမ ပကရဏော ဒသမကဏ္ဍော နိဋ္ဌိတော။

ဒန္တဒမ္မကစာရိတ္တေန၊ ဆုံးမခြင်းငှာ ခဲယဉ်းစွာသော ရာဂ, ဒေါသ, မာန, ဣဿာ, ဥပါရမ္ဘ စသည်ညစ်ကျူ မကောင်းမှုကို ဂရုကတ ဆုံးမပယ်ပစ် ကံမြစ်လေ့ရှိသည်ဖြစ်၍ စင်စစ် ယဉ်ကျေးသော ကိုယ်, နှုတ်, နှလုံး သုံးပါး၏အကျင့် ရှိထသော။

သုပါသ ကင်္သမ္ပုဏ္ဏေန၊ စဏ္ဍာလ, မလ, ပတိကိဋ္ဌ သုံးဝအင်္ဂါ ကင်းလွတ်ကွာလျက် သာသနာ၌ သဒ္ဓါပသန္န သီလမြဲဘိ ဒိဋ္ဌိသန့်စင် ကံလျှင်ယုံကြည် သုံးမည်ရတနာ ဆရာမှတ်ထင် ငါးပါးအင်ကြောင့် လူတွင်အမြတ် သမုတ်အပ်သော ဥပါသကရတန ပဒုမပုဏ္ဍရိဂုဏ်သုံးလီဖြင့် စုံညီပြည့်ဖြိုးစွာထသော။

ခန္တိတပါဒိပူရဏေန၊ ကိုယ်, နှုတ်, ဥစ္စာ ဒဏ်သုံးဖြာဖြင့် ကျူးလာပြစ်မှား သူတစ်ပါးကို ရန်စားမလို မျက်ငြိုမဖန် မာန်ကိုနှိမ်နင်း သည်းခံခြင်းအစရှိသော ပါရမီသမ္ဘာရကိုလည်း လွန်စွာ ဆည်ပူးလေ့ရှိသော။ နိဝေရကေန၊ တွင်းပဘေးဒဏ် ရန်မာန်နှစ်သင်း သူ့ထက်ကင်း၍ 'ဦးရန်ကင်း'အမည်ရှိထသော။ ဥပါသကေန၊ အမြတ်တနိုး ကိုးကွယ်လောက်စွာ ရတနာ၌ လွန်စွာလေးမြတ် ဆည်းကပ်လေ့ရှိသော ဒါယကာသည်။

ပုနပ္ပုန်၊ အဖန်တလဲလဲ။ ဝါ အကြိမ်ကြိမ်။ အဇ္ဈေသိတော၊ ရိုသေလေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ မုနိန္ဒာဘိဓေဝှေန၊ 'မုနိန္ဒာဘိဓေ' ဟူသော အမည်ဖြင့်။ ပါကဋေန၊ ထင်ရှားစွာသော။ ဂဏဝါစကေန၊ ရပ်လေးမျက်နှာ မြို့ရွာရွာက ရောက်လာဝင်နား စာသင်သားတို့အား သင်ကြားပို့ချ နည်းနာပြသည့် 'ဂဏဝါစက'လည်း ဖြစ်ထသော။ မယာ၊

www.burmeseclassic.com



ငါသည်။ သာသနောဒယကာရဏံ၊ သာသနာတော်၏ စည်ပင်ပြန့်ပွား ရှည်လျားထွန်းလင်းအံ့သောအကြောင်းကို။ ဥဒ္ဒိဿ၊ ရည်၍။ ဝါစကန္တရေ၊ စာပေပို့ချသောအကြား အားခိုက်,လပ်ခိုက်၌။ နိဒ္ဒိသေ၊ ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ အဝဝကို နှိုင်းဆရှုတင် စီရင်ရေးသားအပ်သော။

ဓိနတ္ထပကာသနီ နာမ၊ မြတ်စွာဘုရား ဖြစ်ကြောင်းလျားကို ထင်ရှားပြရာပြကြောင်းဖြစ်၍ 'ဓိနတ္ထပကာသနီ' အမည်ရှိသောကျမ်း၌။ ဒသမကဏ္ဍော၊ ဆယ်ခုမြောက်သော အပိုင်းသည်။ နိဋ္ဌိတော၊ အပြီးသို့ ရောက်ပြီ။

[အဝယဝတ္ထ နိဂုံးမျှဖြစ်၍ ဂဇ္ဇဗန္ဓမျှသာ ဆိုလိုက်သည်။ 'ပါကဋေ ဂဏဝါစကေ'တို့ကား သုတိမင်္ဂလာအကျိုးငှာ 'ပဌမာဒိစျာနသာဒေ'တို့ကဲ့သို့ ဝိဘတ္တိလောပ။ ဓိနတ္ထ၌ အတ္ထသဒ္ဒါကား– အတ္တော ပယောဇနေသဒ္ဒါ၊ ဘိဓေယျေ ဝုမိုယံ ဓနေ။ ဝတ္ထုမှိ ကာရဏေ နာသေ၊ ဟိတေပစ္ဆိမ ပဗ္ဗတေ–' ဟူသောအဘိဓာန်နှင့်အညီ 'သဒ္ဒါယ အတ္ထော သုလဒ္ဓေါ' စသည်၌ကဲ့သို့ ကာရဏတ္ထ၊ ဓိနဿ ပဝတ္တော အတ္တောဓိနတ္တော(မဇ္ဈေလောပ ဆဋ္ဌီတပ္ပုရိသ်) ဓိနတ္ထဿ ပကာသနီ၊ ဓိနတ္ထပကာသနီဟု ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ် သမာသ် တွဲလေ။

**ဓိနတ္ထပကာသနီကျမ်း ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com

## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကုံရနှင့် ဣန္ဒက | ၄၀၀ |
| အက္ခဏဝေဓိအတတ် | ၃၇ |
| အကျပ်အတည်းကျပုံ | ၂၉၉ |
| အကျိုးကြီးသော ဆွမ်းနစ်ပွဲ | ၅၈၅ |
| အကျိုးရှိရှိ အသက်ရှည်လိုပါသည် | ၁၁၉ |
| အကျွန်ုပ် သည်းမခံလိုသေး | ၂၅၂ |
| အကြံဉာဏ်ပေါ်လာပုံ | ၁၂၂ |
| အကြိမ်တစ်ရာဖတ်အပ်သော လဲ၀ါဠွမ်းစုကဲ့သို့ | ၂၆၃ |
| အကြိမ်များစွာ ဆိုလှာသောစကားကို | ၁၅၃ |
| အခါမဲ့ပွင့်သော ပန်း | ၇၆ |
| အခါမဲ့မိုးကြီးစွေသည်တွင် | ၆၂ |
| အခေါင်အဖျား ရှေ့သွားအမှူး၏ | ၂၅၄ |
| အချင်အတွယ်မှတ်စု | ၆၅၁ |
| အချည်းနှီးသောရွှေခွက်ကို | ၁၅၀ |
| အခြံအရံနှင့်တကွ ကြီးပွားရ၏ | ၃၃ |
| အင်္ဂီရသံ | ၂၂၅ |
| အင်္ဂုလိမာလ၏ စွမ်းရည် | ၄၈၄ |
| အင်္ဂုလိမာလကို ငါဆုံးမတော်မူမည် | ၄၈၇ |
| အင်္ဂုလိမာလ မင်္ဂဖိုလ်ရ | ၄၈၈ |
| အင်္ဂုလိမာလ ပရိတ်တော် | ၄၈၉ |
| အဂ္ဂသာဝက ဆုပန်ပုံ | ၁၂၄ |
| အဂ္ဂေါဟမသို့ လောကဿ | ၂၉ |
| အစလသုပ္ပတိဋ္ဌိတမဖြစ် | ၃၄ |
| အစိန္တေယျ | ၃၄၁ |
| အစ္စာရဒ္ဓဝိရိယ | ၅၈ |
| အစောင့်ထားပုံ | ၃၉၂ |
| အဆအရာ သဒ္ဓါပသန္န ရှိရကား | ၂၂၂ |
| အဆိပ်ဆေးကို ငွေပေး၍ ဝယ်သကဲ့သို့ | ၁၉၅ |
| အဆွေကောလိတ မြင်လျှင် | ၁၀၇ |
| အဇာတသတ်အား ဖြားယောင်းပုံ | ၅၁၀ |
| အဇာတသတ် ကန်တော့ချိန် | ၅၃၁ |
| အဇာတသတ် ထိတ်လန့်နေခြင်း | ၅၃၀ |
| အဇာတသတ် ဘုရင်ဖြစ်ပြီ | ၅၁၅ |
| အဇာတသတ်မင်း သာသနာပြုပုံ | ၆၂၆ |
| အဇာတသတ်မင်းကြီး သောကပူဆွေးငိုကြွေးပုံ | ၆၁၂ |
| အဇာတသတ်မင်း သံဝေဂရပုံ | ၅၁၈ |
| အတိလိနဝိရိယ | ၅၅ |
| အတိသူရော | ၂၃ |
| အတုမရသော အသရေဖြင့် | ၅၁ |
| အတုမရှိသောပြည်ကြီး ဖြစ်လတ္တံ့ | ၂၄၀ |
| အတိုင်းမသိသော နတ်ချမ်းသာကို ခံစားပြီးမှ | ၃၀၁ |
| အတိုင်းမသိ ပြည့်စုံသည်သာ ဖြစ်၏ | ၂၅၅ |
| အတ္တသမ္မာဝံ | ၅၇၆ |
| အတ္ထိခွေသဗြာဟ္မဏ | ၄၇၃ |
| အထူးထူးသော ပူဇော်သက္ကာရတို့ဖြင့် | ၂၄၃ |
| အဓိကာရ | ၂၁ |
| အနာဂတံသ အဘိဉာဉ် | ၅၅ |
| အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူ၍ | ၁၂၆ |
| အနာဂါရော ပရိဗ္ဗဇေ | ၂၇၁ |
| အနာဂါမ် ဥပါသကာကြီး | ၅၀၈ |
| အနာဒေယျဝါစာ | ၂၂ |
| အနန္တရိယကံအကျိုးမှတ်ချက် | ၄၂၈ |
| အနန္တကပ္ပသင်္ခိတ | ၁၉ |
| အနန္တဇိန | ၇၀ |
| အနန္တဂေါစရံ | ၆၁ |
| အနနုညာတော မာတာပိတူဟိ | ၁၄၁ |
| အနုပိယာကို အမိအရာထား၍ | ၂၄၀ |
| အနုပလိတ္တော | ၆၈ |
| အနုလောမဉာဏ် | ၅၆ |
| အနုဏ္ဏတော | ၈၃ |
| အနုရုဒ္ဓါ၏ဖခင် ရှင်းချက် | ၁၆၀ |
| အနော်မာမြစ် | ၄၅ |
| အနောမဒဿီ မြတ်စွာဘုရား | ၁၂၂ |
| အနောက်မျက်နှာ လေသာနန်းတံခါးကို ဖွင့်၍ | ၁၉၀ |
| အန္ဓဘာရ၏ ဥစ္စာဟုဆို၍ ယူလေကုန် | ၁၅၉ |
| အပရာဇိတပလ္လင်တော် | ၁၂ |
| အပရိဟာနိယသုတ်တော် ပါဠိအနက် | ၅၅၀ |
| အပရိဟာနိယတရား ၇ ပါး | ၅၄၇ |
| အပါကဋ္ဌသူကြွယ် | ၁၅၅ |
| အပူဇော်ခံရသော ဆရာငါးမျိုး | ၅၁၁ |
| အပိုင်စားရခြင်း | ၄၉၃ |
| အပျော်ကစားရန် ရေကန်တော် | ၃၄ |
| အဖဥစ္စာဟူက သားရမြဲမမှတာ | ၁၄၀ |
| အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာကိုအပ်ပြီးလျှင် | ၂၆၉ |
| အဖိုးတစ်သိန်းထိုက်သော ပုလဲသွယ် | ၄၃ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အဖိုးအနဂ္ဃထိုက်သောပတ္တမြားရတနာကို ထားပေ၏ | ၂၆၁ |
| အဖိုးအနဂ္ဃထိုက်သော ယောကျ်ားပေတကား | ၂၆၈ |
| အဖိုးထိုက်သောရတနာတို့ကား အလွန်များ၏ | ၂၆၀ |
| အဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေး၍ | ၁၆၁ |
| အဘိဝတ္ထယိ | ၂၂ |
| အဘိပါရက တရားပြပုံ | ၄၁၁ |
| အဘိနိဗ္ဗာယိတတ္တ | ၅၅ |
| အဘိသိက်ခံ စည်းစိမ်တော်စံပုံ | ၃၉ |
| အဘယ်ကိုရည်မှန်း၍ ရဟန်းပြုသနည်း | ၁၀၉ |
| အဘယ်ကြောင့် စန္ဒကူးနံ့, ကြာဝတ်နံ့တို့ဖြင့် လှိုင်ပျံ့သနည်း | ၁၈၇ |
| အဘယ်သို့ ဆိုးရည်ကျိုရတံ့အံ့နည်း | ၉၉ |
| အန်ကစားရာမဏ္ဍပ်သို့ ရောက်သောအခါ | ၁၅၀ |
| အမိတောဒနမင်း၏ သားဖြစ်၍ | ၁၆၆ |
| အမောင်ကား အလွန်စိမ်းကားရက်စက်၏ | ၄၃၂ |
| အမတ်မိုက်၏အမှား | ၆၇၂ |
| အမ္ဗပါလိကာ | ၅၅၇ |
| အမျိုးသမီးနှင့် ရဟန်းတော် | ၅၉၁ |
| အမျက်စောင်မာန်ကြီးသဖြင့် | ၄၆၀ |
| အမျက်ရန်ငြိုးဖြင့် အခိုးအလျှံကိုလွှတ်၏ | ၉၆ |
| အမြဲမရှိသောသဘော | ၅၆ |
| အမြိုက်တရားဟောကြားပြသတော်မူလျက် | ၂၈၇ |
| အမြိုက်ဟူသော မိုးကြီး | ၃၇၇ |
| အရုဏ်တက်ချိန်တွင် ပရိနိဗ္ဗာန်ယူလေ၏ | ၁၉၁ |
| အရုဏ်တက်သောအခါကပင် | ၂၉၇ |
| အရုဏ်မတက်မီ ပြန်ကြွသဖြင့် | ၉၈ |
| အရူပဈာန်များ ရတော်မူခြင်း | ၅၄ |
| အရောရောဆွမ်းကို မြင်တော်မူ၍ | ၄၇ |
| အရိုးဓာတ်တော် ဆက်စပ်ပုံများ | ၅၈၀ |
| အရွယ်တူမျှသော ယောကျ်ားတစ်ပါးနှင့်သာလျှင် | ၁၉၃ |
| အရှင်အဿဇိကို တွေ့သည်မှစ၍ | ၁၁၀ |
| အရှင်အာနန္ဒာ၏ ချွတ်ယွင်းချက်များ | ၅၇၈ |
| အရှင်အာနန္ဒာ ငိုကြွေးပုံ | ၅၉၃ |
| အရှင်အာနန္ဒာ တောင်းပန်ခြင်း | ၅၇၇ |
| အရှင်အာနန္ဒာ ဘုရားပင့်ကြွပုံ | ၄၅၆ |
| အရှင်အာနန္ဒာ မြတ်စွာဘုရားအားကြည်ညိုပုံ | ၅၆၂ |
| အရှင်အာနန္ဒာ ရဟန္တာဖြစ်ပုံ | ၆၂၆ |
| အရှင်ဥပါလိ၏ ဩဝါဒများ | ၁၇၉ |
| အရှင်ကစ္စာယန ဥဇ္ဇေနီပြည်ပြန်ခန်း | ၂၁၉ |
| အရှင်စုန္ဒနှင့် ဘုရားထံတော်သို့ကပ်၍ | ၅၇၀ |
| အရှင်စူဠပန် ရဟန္တာဖြစ်ပုံ | ၂၂၇ |
| အရှင်စူဠပန်၏အဘိညာဉ်တန်ခိုး | ၂၂၈ |
| အရှင်ပိဏ္ဍောလကို မြင်လျှင် | ၃၃၈ |
| အရှင်ဘဒ္ဒိယ | ၁၁၇ |
| အရှင်မဟာနာမ | ၁၁၇ |
| အရှင်မောဂ္ဂလာန်တန်ခိုးပြိုင်ပုံ | ၄၆၂ |
| အရှင်မောဂ္ဂလာန်၏ဝဋ်ကြွေး | ၅၇၂ |
| အရှင်မောဂ္ဂလာန်ကို တားမြစ်ခြင်း | ၄၇၅ |
| အရှင်မောဂ္ဂလာန်ဓာတ်တော်ကို စေတီတည်ထားခြင်း | ၅၇၃ |
| အရှင်မောဂ္ဂလာန်ပရိနိဗ္ဗာန်စံပုံ | ၅၇၃ |
| အရှင်မောဂ္ဂလာန်လုပ်ကြံခံရခြင်း | ၅၇၂ |
| အရှင်မဟာကဿပ၏ကြေညာချက် | ၆၂၁ |
| အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကြွလာပုံ | ၆၇၃ |
| အရှင်မဟာယသ ကြိုးစားတော်မူပုံ | ၆၃၅ |
| အရှင်ဝပ္ပ | ၁၁၇ |
| အရှင်သာရိပုတြာတန်ခိုးပုံပြ | ၅၆၅ |
| အရှင်သာရိပုတြာ သာသနာတည်စေလိုပုံ | ၄၇၆ |
| အရှင်သုဘဒ္ဒထေရ် မှတ်ချက် | ၅၉၉ |
| အရှင်သောဏမထေရ်ကို ခေါ်စေ၍ | ၂၄၄ |
| အလုပ်အကျွေးမထေရ်များ | ၁၆၇ |
| အလုပ်အကျွေးဖြစ်သော သုမနထေရ်ကို | ၂၀၁ |
| အလွန်သိမ်မွေ့ နူးညံ့၏ | ၁၅၂ |
| အလျှံညီးညီး ယိုစီးဘနန်းသော | |
| အလျှံရဲရဲ ပုလဲမြသားခြယ်စီထားသည့် | ၂၈၇ |
| ပတ္တမြားနားတောင်းလည်း ဝတ်ကုန်ထသော | ၁၇၆ |
| အလောင်းတော်ကပ္ပိလပုဏ္ဏားသည် | ၂၃၉ |
| အဝတ်မဆည်း အချည်းနှီးကျင့်သော | ၁၀၂ |
| အဝိဇဟိတဋ္ဌာန | ၃၄၇ |
| အဝိဇ္ဇာကွန်ရက်ကို ပယ်ဖျက်စွန့်ခွာလေပြီ | ၃၁၀ |
| အသပြာပေါင်း ရှစ်ဆယ့်ခုနစ်ကုဋေရှိ၏ | ၁၉၄ |
| အသပြာတစ်ထောင်ထိုက်သော ပုဆိုးကိုပေး၏ | ၁၈၈ |
| အသုဘာယ | ၃၀၅ |
| အသာရေ သာရမတိနော | ၁၂၆ |
| အသာရတ္တော | ၈၃ |
| အဟောသုခံဟူသော ဥဒါန်းကို မြည်တမ်းမိပါသည် | ၁၆၂ |
| အဟောင်းကိုသာ စားသောက်ပါသည် | ၃၇၂ |
| အာကာတိမ်ညွန့်မှ | ၂၈ |
| အာဂတပါကသူဌေးဟု တွင်၏ | ၁၉၉ |
| အာတုရံ | ၁၀၅ |


www.burmeseclassic.com

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အာယုပရိစ္ဆေဒကို ဆင်ခြင်ပြန်လျှင် | ၃၀ |
| အာလောကကသိုဏ်းကို ပွားစေ၍ | ၅၇ |
| အာသဝေါကင်းပြီးသော နန္ဒာထေရီဘိက္ခုနီမ | ၆၃၆ |
| အာသဝေါကင်းလတ် ရဟန္တာမြတ်ဖြစ်၍ | ၁၇၆ |
| အာဠဝက အပူဇော်ခံရသည် | ၅၀၇ |
| အာဠဝက တရားရပြီ | ၅၀၅ |
| အာဠဝက တိုက်ခိုက်ပုံ | ၄၉၈ |
| အာဠဝီပြည်ကို အစိုးရသောမင်းသည် | ၄၉၄ |
| အားလုံးငိုကြွေးကြခြင်း | ၆၀၃ |
| အေးလှသောရေချမ်းဖြင့် | ၂၃၀ |
| အံ့ဩဖွယ်သရက်ပင် | ၃၉ |
| အိုး၏အတွင်း၌ပါမူ ငါ၏ဥစ္စာတည်း | ၂၆၇ |
| အိုးထုပ်ကြီးစသည်တို့ကို ပြည့်စေ၍ | ၃၅၀ |
| အိပ်မက်ကြီးငါးပါးကား | ၄၉ |
| အိမ်ရှေ့နှင်းမည်ဟု ကြံ၍ | ၁၃၆ |
| အိမ်ထောင်မပြုလိုပုံ | ၁၉၂ |
| အောင်သွယ်မုဆိုးကြီး | ၄၁၄ |
| **[ ဣ - ဤ ]** | |
| ဣစ္ဆိတံ ပတ္ထိတံ တုယှံ | ၁၅၈ |
| ဣဒ္ဓါဘိသင်္ခါရကို စီရင်၍ | ၄၈၇ |
| ဣန္ဒြေမဖောက်မပြားဘဲ အပါးကသာလိုက်၏ | ၄၅၃ |
| ဣဿာတရားတို့ကို မပွားစေအပ် | ၂၅၃ |
| ဤထမင်းချက်အိုးကို ညှောင်စောင့် နတ်အား ပူဇော်ချေ | ၄၉၅ |
| ဤမျှလောက်ဖြင့် ချီးမြှောက်ခြင်းကိုမပြုပါလင့် | ၃၁၃ |
| ဤရဟန်းကား တန်ခိုးကြီးမားရုံသာမက | ၅၀၁ |
| **[ ဥ ]** | |
| ဥစ္စာနစ်ကို စွန့်ပစ်မခွာ စောင်မကာလျှင် | ၂၅၈ |
| ဥစ္စာရှင်လက်သို့သာ ရောက်စေသော | ၅၂၄ |
| ဥက္ကာကရစ် နွယ်မြစ်တော်ရိုး မင်းအမျိုးမှ | ၂၁၇ |
| ဥတေနမင်း၏နေရာ ကောသမ္ဗီပြည်၌ | ၁၄၂ |
| ဥတေနမင်း လေးနှင့်ခွင်းပုံ | ၄၄၈ |
| ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ | ၁၃၄ |
| ဥတ္တရာအမည်ရှိသော ခင်ပွန်းမအား | ၃၁၉ |
| ဥတ္တရာသင်္ဂ နက္ခတ် | ၂၅ |
| ဥဒယဗ္ဗယဉာဏ် | ၅၆ |
| ဥဒါန်းသီကုံးကျူးရင့်လျက် | ၃၈၈ |
| ဥပကဝတ္ထု | ၆၉ |
| ဥပညီသံ | ၈၃ |
| ဥပတိဿနှင့် ကောလိတ | ၁၀၆ |
| ဥပါတိဿပရိဗိုဇ်သည် | ၁၀၈ |
| ဥပါနိ ဝတ္တတိ | ၈၅ |
| ဥပရေဝတသာမဏေ၏တင့်တယ်ခြင်း | ၂၀၂ |
| ဥပါလိဆတ္တာသည် | ၁၅၄ |
| ဥပါသိကာမ တန်ခိုးပြနိုင်ပုံ | ၃၉၄ |
| ဥမ္မာဒန္တီအလှ | ၄၀၉ |
| ဥယျာဉ်တွင်း၌ သီတင်းသုံးတော်မူသော | ၁၈၁ |
| ဥယျာဉ်တော်အတွင်းမှာ ပူဇော်ကာ | ၁၉၀ |
| ဥရုဝေလတော၏အနီး | ၅၀ |
| ဥရုဝေလာယံ | ၁၂၉ |
| ဥသိရဒ္ဓဇတောင် | ၂၅ |
| ဥသျှောင်ထုံးမင်္ဂလာ | ၁၃၆ |
| **[ ဦ - ဦး ]** | |
| ဦနောဒရော | ၈၄ |
| ဦးခေါင်းမှဆံတို့ကို ဖြတ်စေပြီးလျှင် | ၂၁၉ |
| ဦးဆံဖားရားကြဲကုန်လျက် | ၉၀ |
| **[ ဧ - ဩ ]** | |
| ဧကောသင္ဃကာဘဝ | ၁၈၃ |
| ဧကာဒသမမြောက်သော မဟာသမ္မတမင်းမှစ၍ | ၂၃၈ |
| ဧဝဒဂ်ရသော ထေရီမကဲ့သို့ | ၃၂၄ |
| ဧဝဒဂ် ၅ တန် ရှင်အာနန် | ၁၇၂ |
| ဧည့်သည်မြတ်စွာဘုရား | ၉၆ |
| ဩဒါတကသိုဏ်းကိုစီးဖြန်းလျက် | ၂၂၂ |
| ဩဝါဒဒေသနာတော် | ၅၇၉ |
| **[ က ]** | |
| ကကုသန်ဘုရားနှင့် ပြိတ္တာများ | ၁၂၁ |
| ကစ္စာယနပုဏ္ဏားသည် ရဟန်းပြု၍ | ၂၂၀ |
| ကစ္စာယန ပုရောဟိတ် | ၂၁၇ |
| ကဏ္ဍကမြင်းတော် | ၄၆ |
| ကမ္ဗလာနီအဆင်းရှိသော အုတ်တို့ဖြင့်ရံလျက် | ၁၈၈ |
| ကမ္ဗလာသက်န်းတို့ဖြင့် လှူဒါန်းပူဇော်၏ | ၂၃၈ |
| ကမ္မက္ခယကရေန | ၄၉၀ |
| ကမ္မဋ္ဌာန်း ဝိပဿနာကို စီးဖြန်းရာတွင် | ၂၄၃ |
| ကပိရာဇဇာတ် | ၁၄၄ |
| ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ | ၁၄၃ |
| ကတိကဝတ်ကိုဖျက်၍ | ၇၂ |
| ကဿပဘုရား ပွင့်တော်မူသောအခါ | ၂၅၀ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကဿပဘုရားနှင့် ပြိတ္တာများ | ၁၂၁ |
| ကဿပတို့ တပည့်ခံကြပုံ | ၁၀၃ |
| ကလ္လဝါဠ ရွာကြီးအတွင်း | ၁၁၂ |
| ကာမချမ်းသာကိုမြိန်နိုး၍ | ၇၁ |
| ကာမဂုဏ်ဟူသောအမှိုက်ကို စု၍ | ၃၃၁ |
| ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းကိုအလိုမရှိပါ | ၁၉၂ |
| ကာမပဂေ်ာတိဏ္ဍော | ၁၃၉ |
| ကာယိကသုခသည် | |
| သောမနဿဖြစ်ခြင်း၏အကြောင်း | ၅၄ |
| ကာလာသောကမင်း ကူညီခြင်း | ၆၃၆ |
| ကာလာသောကမင်းကြီး | ၆၃၃ |
| ကာဠုဒေဝိလရသေ့ နိမိတ်ဖတ်ပုံ | ၃၀ |
| ကာလဒေဝိလရသေ့အကြောင်း | ၃၁ |
| ကာဠုဒါယီ ပင့်ခဲ့ပုံ | ၁၂၈ |
| ကာဠုဒါယီမထေရ်ကျော်သည် | ၂၁၉ |
| ကိကီမင်းကြီး၏သမီးခုနစ်ယောက်တို့တွင် | ၃၀၈ |
| ကိကီမင်းသမီးဘဝ | ၄၀၈ |
| ကိလေသာစိတ် မဆိတ်ညံသည် | ၂၅၃ |
| ကိလေသာမှောင်လွှမ်းလျက် | ၁၂၃ |
| ကုသိနာရုံပြည်မှန် | ၅၈၇ |
| ကုသိနာရုံသို့ကြွတော်မူခြင်း | ၅၈၁ |
| ကုဏ္ဍလကေသီ | |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကုဏ္ဍုရှေ့နတ်သားသည် မိမိစိတ်ဖြင့် | ၅၁၁ |
| ကုသိုလ်ကောင်းမှုအစုစုနှင့် နိယတဗျာဒိတ် | ၂၃၇ |
| ကုသိုလ်ကို ရှောင်း၍မရ | ၁၅၈ |
| ကုသိုလ်ဆယ်ပါး ပွားများလတ္တံ့ | ၃၁၀ |
| ကုသိုလ်နှင့် ဗျာဒိတ်ရပုံ | ၂၄၉ |
| ကူးမြောက်ခြင်းငှာခဲယဉ်းစွာထသော | ၄၈၁ |
| ကောကနဒ် | ၂၂၁ |
| ကောဏာဂုံဘုရားနှင့် ပြိတ္တာများ | ၁၂၁ |
| ကောဏ္ဍတိဿထေရ် မှတ်ချက် | ၆၇၁ |
| ကောသလမင်းကြီး အံ့ဩရပုံ | ၄၈၈ |
| ကံကောင်းပေါ်လာပြီ | ၄၁၆ |
| ကန်တော့ဆွမ်းရခဲ့ခြင်း | ၆၃၉ |
| ကောက်ဦးဒါနများ | ၁၁၆ |
| ကောင်းကင်ခရီးဖြင့်ကြွ၍ | ၁၃၂ |
| ကောင်းကင်အလုံးမှချီ၍ | ၁၃၃ |
| ကောင်းကင်ခရီးဖြင့်သွားလာသော ဝိဇ္ဇာဓိုရ် | ၂၆၇ |
| ကောင်းကင်မှကြွတော်မူပုံ | ၂၀၈ |
| ကောင်းစွာကြက်အပ်သော ကွန်ရက်ဗိတာန်နှင့် | ၂၁၇ |
| ကောင်းကင်သို့ မပျံပါလင့် | ၃၃၇ |
| ကောင်းခြင်းငါးပါး | ၃၆၀ |
| ကောင်းမြတ်လှသော သုတမင်္ဂလာကို | ၂၇၆ |
| ကင်းနှင့် ထောပတ် ပဋိပက္ခ | ၅၄၁ |
| ကပ်ကြီးသုံးပါးဆိုက်ရောက်ပြီ | ၂၈၄ |
| ကပ္ပိယဘဏ္ဍာ | ၃၈၃ |
| ကပ်ဘေးကြောင့် ပြေးကြရပုံ | ၄၃၉ |
| ကိုးကွယ်ရန် ဆရာရှာပုံ | ၅၃၀ |
| ကိုယ်ကို မီးတိုက်ပူဇော်ခြင်း | ၆၆၇ |
| ကိုယ်လုံးလှည့်၍ ကြည့်တော်မူသတည်း | ၅၈၀ |
| ကျိုးအာသီးမှည့်နှင့်တူသောနှုတ်ခမ်းသည် | ၃၂၇ |
| ကျေးဇူးသိတတ်သူ | ၆၄၃ |
| ကျက်သရေတိုက်ခန်း၌ ရှိပါ၏ | ၂၆၆ |
| ကျောက်စက်ယန္တရားဆင်ပြီ | ၅၂၀ |
| ကျောက်သပိတ်လေးလုံးကို လှူပြန်၏ | ၆၃ |
| ကျောင်းတစ်ဆောင်ကျစီ ဆောက်စေ၏ | ၁၆၅ |
| ကျောင်းနှင့်သံဃာတို့ကား အလွန်များ၏ | ၂၂၈ |
| ကျောင်းများပျက်စီးရခြင်းမှတ်ချက် | ၆၂၆ |
| ကျောင်းရေစက်ချပွဲ | ၃၄၆ |
| ကျွန်များ တော်လှန်စေကြ၍ | ၁၉၆ |
| ကျွန်းကြီးလေးရပ်ကို အုပ်ကွပ်စိုးမိုးနိုင်လတ္တံ့ | ၁၈၉ |
| ကျွန်းငယ်နှစ်ထောင် ဝန်းဆောင်ပတ်ရံ | |
| တိုင်းနိုင်ငံ၌ | ၁၇၆ |
| ကြီးစွာသောတင်လဲရေအိုးကိုထား၍ | ၂၃၀ |
| ကြီးမားသောအကျိုးပင်ရှိသော်လည်း | ၁၄၁ |
| ကြီးမားသော သာဝကပါရမီဉာဏ်၏ | ၁၁၂ |
| ကြေးမုံသဏ္ဍာန် အလျှုံလက်သော | ၂၀၂ |
| ကြင်နာစုံမက်သောသားပါတကား | ၁၅၃ |
| ကြမ်းကြုတ်ခက်ထန် စောင်မာန်ဒေါသကြီး၏ | ၁၅၄ |
| ကြည်ညိုချစ်ခင်ဖွယ်သောစကားဖြင့် | ၅၀၈ |
| ကြွလိုသောကိုယ်ရှိသော ရသေ့ငါးရာတို့၏ | ၁၀၄ |
| ကြုံးဝါးသံ ၃ ခွန်း | ၂၈ |
| ကြီးရှည်များလျား လွှတ်ထားကုန်ဘိသကဲ့သို့ | ၄၈၀ |

[ ခ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ခမည်းတော် အနာဂါမ်တည်ခြင်း | ၁၄၁ |
| ခမည်းတော်မယ်တော်တို့အရိယာဘဝ | ၁၃၄ |
| ခရလောမဘီလူး | ၄၇၉ |
| ခရီးသွားအာဂန္တုသာ ဖြစ်သည် | ၃၄၃ |
| ခေမာချုတ်ခန်း | ၃၀၄ |
| ခေမာနီးသော် | ၁၄၄ |
| ခေမာအမြိုက် နိဗ္ဗာန်ဆိုက်အောင် | ၃၀၆ |
| ခန္တီဝါဒီ ရှင်ရသေ့ဖြစ်သောအခါ | ၆၁၄ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ခက်ခဲသောအရာ၌ သက်ာယနရှိ၍ | ၁၇၁ |
| ခုဇ္ဇုတ္တရာ ကျွတ်တမ်းဝင်ပြီ | ၄၄၆ |
| ခုနစ်အိမ်ပျံ့အောင် ကိုယ်နံ့မွှေးကြူ၏ | ၁၉၃ |
| ခုနစ်ပြည်ထောင်မင်းတို့ ဓာတ်တော် | |
| ဝေစုတောင်းပုံ | ၆၁၃ |
| ခုနစ်ယူဇနာထက်၌ တည်ရှိလေ၏ | ၃၅၉ |
| ခုနစ်ရာသောရဟန်းတို့နှင့်တကွ | ၆၂၄ |
| ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေး၍ | ၃၀၀ |
| ခါးပန်းတော်ကို ရှည်အောင်ဖန်ဆင်း၍ | ၆၆၆ |
| ခင်ပွန်းကောင်းမှမွန်မြတ်ကြောင်း | ၄၅၇ |
| ခေါင်းပါးသောအကျင့် | ၂၀၇ |
| ခိုက်ရန်ပြုရာ ပြစ်များစွာ | ၄၅၉ |
| ချေးညှော်အလိမ်းလိမ်းကပ်သဖြင့် | ၂၂၇ |
| ချော်ချွတ်သောမိစ္ဆာဉာဏ်ဖြင့် | ၄၆၄ |
| ချင်ခြင်းငါးပါး ဖြစ်ပါသည် | ၁၀၄ |
| ချစ်ခင်ကြည်ညိုကြောင်း တရား ၂-ပါး | ၆၅၄ |
| ချစ်ခင်စုံမက် နှစ်သက်ရှိသေခြင်းရှိသဖြင့် | ၃၂၂ |
| ချစ်လင်ပုဏ္ဏ | ၃၁၃ |
| ချမ်းအေးစွာနံ့သာရည်ပျောင်းကဲ့သို့ | ၃၁၈ |
| ခြေရာလက္ခဏာ | ၄၄၄ |
| ခြသေ့မင်းကဲ့သို့ ရဲတင်းသောအသံဖြင့် | ၂၂၉ |
| ခြောက်ပါးသောနတ်ဘုံသော်လည်း | |
| အကုန်ပျက်သုဉ်းဘိရာ၏ | ၁၇၈ |
| ခွေးလိမ္မာကလေး | ၄၃၂ |

[ ဂ ]

| | |
| --- | --- |
| ဂဇင်္ဂလနိဂုံးရွာ | ၂၅ |
| ဂန္ဓမာဒနတောင်သို့ကြွလေပြီးသော် | ၂၅၇ |
| ဂရုဓမ်တရား ၈-ပါး | ၂၉၁ |
| ဂဠုန်ငှက်ဟန်ဖန်ဆင်းပြီး | ၄၆၇ |
| ဂဠုန်ယာဉ်ပျံ | ၄၂၃ |
| ဂိဟိသမ္ဘတ္တိကိုခံစားပြီးမှ | ၂၆၈ |
| ဂေါတမအမည်တော်ရှိသော | ၈၀ |
| ဂေါတမောသကျပုင်္ဂဝေါ | ၁၇၅ |
| ဂေါတမဘုရားနှင့် ပြိတ္တာများ | ၁၂၁ |
| ဂေါတမရဟန်းကြီးထံနည်းခံ၍ | ၁၀၃ |
| ဂေါပါလမင်းသားဟူသော အမည်ကိုမှည့်၏ | ၂၂၁ |
| ဂုဏ်ကျေးဇူးလည်း မသိပါ | ၄၉၇ |
| ဂုဏ်ဝါတူမျှသော သာကီဝင်မင်းသားတို့နှင့် | ၁၅၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ဃ ] | |
| ဃဋ္ဌေသိ | ၂၃၃ |
| ဃနာနို့ဆွမ်းချက်ပုံ | ၅၀ |
| ဃနာနို့ဆွမ်းရှင်းချက် | ၅၀ |

[ င ]

| | |
| --- | --- |
| ငရဲသဘော | ၄၂၇ |
| ငရဲကြီး ၈-၀ | ၂၇ |
| ငလျင် တော်ဟိန်းသကဲ့သို့ | ၃၃၈ |
| ငါကား ဒေဝဒတ်ပင်တည်း | ၅၁၀ |
| ငါနှင့်ကြုံက တုန်လှုပ်ရမည် | ၂၉၇ |
| ငါဘုရားထံသို့သာ လျင်စွာလာလော့ | ၅၂၃ |
| ငါဘုရား ပရိနိဗ္ဗာန်မစံလိုသေးဟု ဆိုဖူးပါသည် | ၅၇၅ |
| ငါ၏အထက်၌ လမင်း ဘည်ရှိလေ၏ | ၃၇၈ |
| ငါ၏သက်န်း၌ မြူအလိမ်းလိမ်းကပ်သည်မှန်၏ | ၅၈၃ |
| ငါ့ဦးခေါင်းသော်လည်း ခုနစ်စိတ် ကွဲဘိရာ၏ | ၃၁၈ |
| ငါ့ကိုကြင်နာမှု ငါနှင့်အတူ သင်ရဟန်းပြုပါ | ၁၅၃ |
| ငါ့ရင်နှစ်ကိုလည်း ရှင်ချစ်ဘုရား ယူလေပြီ | ၃၃၁ |
| ငါ့ရှင်အာနန္ဒာ၊ မြန်စွာထလော့ | ၁၆၉ |
| ငါးဆယ့်လေးကုဋေကြွယ်ဝသော | ၂၅၀ |
| ငါးမိကျောင်း၏ ဦးခေါင်းတူပြီ တောကိုမှီ၍ | ၁၄၅ |
| ငါးရာမျှသော ဒေဝစ္ဆရာ | ၁၃၈ |
| ငါးရာသော သူခစားတို့၏အကြီးဖြစ်သော | ၂၉၂ |
| ငါးရာသောပစ္စေကဗုဒ္ဓါတို့အား ကျွေးမွေး၏ | ၂၅၈ |
| ငါးရပ်သော ရှိခိုးခြင်းတို့ဖြင့် | ၃၁၃ |
| ငယ်ဖော်ဆန္နကို အမြီးကဆွဲစေလျက် | ၄၄ |
| ငြိုငြင်စွာကျင့်ရထသော | ၈၃ |

[ စ ]

| | |
| --- | --- |
| စတုမဟာရာဇ်နတ်မင်းကြီး | ၂၈ |
| စတုမဓုနှင့်ယှဉ်သော ဘောဇဉ်ကိုလုပ်ကျွေး၍ | ၆၆၃ |
| စတုမဓုလှူဒါန်းထားခြင်း | ၆၇၁ |
| စတုရာသီတိပါဏသဟဿာနိ | ၅၀၉ |
| စတုတ္ထအကြိမ်ဆေးကုခြင်း | ၅၄၀ |
| စတုတ္ထဈာန်အဘိညာဉ်ကိုဝင်စားပြီးလျှင် | ၂၂၈ |
| စတုတ္ထဈာန်မှ ထတော်မူ၍ | ၅၄ |
| စဏ္ဍပဇ္ဇောတမင်း၏ယာဉ် ၅-ပါး | ၅၄၁ |
| စဏ္ဍပဇ္ဇောတမင်း၏ရေးကောင်းမှု | ၅၄၂ |
| စန္ဒကိန္နရီဇာတ်တော်ကို ဟောခြင်း | ၁၃၅ |
| စန္ဒကူးဖြင့်ပြီးသော တံကဲဖြစ်လေ၏ | ၃၄၉ |
| စန္ဒဂုတ္တမင်းကြီး | ၆၄၇ |


www.burmeseclassic.com

www.burmeseclassic.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စန္ဒဂုတ္တစွမ်းရည် | ၆၄၅ |
| စန္ဒဂုတ္တသတို့သား | ၆၄၅ |
| စာပါလစေတီအရပ်သို့ ကပ်တော်မူ၍ | ၅၇၄ |
| စာပါဟူသော သမီးငယ်တစ်ယောက် | ၆၉ |
| စိတ္တကတံ | ၃၂၂ |
| စိတ္တသတို့သားဟူသောအမည်ကို မှည့်၍ | ၂၅၀ |
| စိတ်တူသောဇနီးမောင်နှံ | ၂၇၅ |
| စုလစ်မွမ်းချွန်တပ်သော ဇရပ်ကျောင်း၌ | ၁၄၂ |
| စူဠကာလ မဟာကာလ | ၁၁၆ |
| စူဠပန္ထက | ၂၂၄ |
| စူဠပန်၏ လူထွက်ရန်အကြံ | ၂၂၆ |
| စူဠပန်သည် ယခုမှသာ ဉာဏ်လေးသည်မဟုတ် | ၂၃၅ |
| စူဠာမဏိပုထိုးတော်တည်၍ | ၄၆ |
| စေတီများ တည်ဆောက်လိုပုံ | ၆၅၈ |
| စစ်အင်္ဂါ ၄-ပါး ဝန်းရံလျက် | ၁၅၄ |
| စစ်တပ်ဖွဲ့စည်းပုံမှတ်စု | ၆၆၄ |
| စစ်သူကြီးကတော် | ၄၁၀ |
| စစ်သူကြီးအား ပြည်မှနှင်ထုတ်ခြင်း | ၂၃၄ |
| စကြ်ဦး၌ လဲတော်မူသည် | ၄၈ |
| စဉ်းလဲသောငှက်မုဆိုးသည် | ၃၅၇ |
| စကြဝတေးမင်း၏မိဖုရား ဖြစ်လတ္တံ့ | ၂၉၄ |
| စကြာမင်းအဖြစ် အကြိမ်တစ်ထောင် | ၁၆၇ |

[ ဆ ]

| | |
|---|---|
| ဆဋ္ဌမအကြိမ် ဆေးကုခြင်း | ၅၄၂ |
| ဆတ္တံ့ ဥဿာပေတ္တာ | ၆၃၂ |
| ဆရာ့အထံသို့ ကျိုးနွံပူဇော်ခြင်းငှာ | ၁၁၁ |
| ဆရာအား ခြေဆုပ်လက်နယ်ပြုခြင်း | ၂၃၃ |
| ဆရာဇီဝကကို မှီ၍ | ၁၄၄ |
| ဆရာထက်လွန် ပညာချွန် | ၁၀၇ |
| ဆရာဒေဝဒတ်တိုက်တွန်းသောကြောင့် ကြံမိလေသည် | ၅၁၅ |
| ဆရာသင်အပ်သော ဂါထာကို ကောင်းစွာသရဇ္ဈာယ်၏ | ၂၃၃ |
| ဆာပူလှိုက်လှဲ ဆင်းရဲငြိုငြင်သောနလုံးဖြင့် | ၂၈၉ |
| ဆီမီးတိုင်တစ်ထောင်ဖြင့် | ၁၂၄ |
| ဆီမီး, ထီးဖြူ, တံခွန်တို့ဖြင့် | ၂၈၆ |
| ဆီမီးနှစ်ထောင် ပူဇော်ပြန်သောကြောင့် | ၁၅၇ |
| ဆုတောင်းမှုနှင့် ဗျာဒိတ်တော် | ၄၀၇ |
| ဆေးဒန်းမြင်းသီလာကို နံ့သာရည်တို့ဖြင့် သွေးပြီးလျှင် | ၁၈၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆေးအတတ် တတ်ပြီ | ၅၃၅ |
| ဆေးအတတ် သင်ကြားပုံ | ၅၃၄ |
| ဆံပင်ရောင်း၍ ဆွမ်းကပ်ပုံ | ၂၁၉ |
| ဆန္ဒအမတ်ကို စေလိုက်ပြီးလျှင် | ၄၄ |
| ဆန်မွှေးစိမ်ပုံ | ၂၄၁ |
| ဆင်စွယ်ဖြင့်စီသောယပ်ကို | ၆၂၈ |
| ဆင်မင်းဝမ်းနည်းပြီး ကံကုန်ပုံ | ၄၅၈ |
| ဆုံးမခွင့်တောင်းကြပုံ | ၄၆၁ |
| ဆွမ်းအနုမောဒနာပြုသောကာလ | ၂၀၀ |
| ဆွမ်းခံ၍ ဆွမ်းဘုဉ်းပေးတော်မူပုံ | ၄၆ |
| ဆွမ်းခံ၍ မျှတတော်မူခြင်း | ၄၉ |
| ဆွမ်းခံလှည့်လည်ခြင်း | ၁၃၃ |
| ဆွေမျိုးဘဝနီး၍ ချစ်ကြပုံ | ၄၂၀ |
| ဆယ်ပါးသောသီလကို ဆောက်တည်၍ | ၁၂၀ |
| ဆယ့်ငါးရက်တက်ထွန်းသော လပြည့်ဝန်းကဲ့သို့ | ၃၅၃ |

[ ဇ ]

| | |
|---|---|
| ဇင္ဃိလဟူသောအမည်ကို မှည့်၏ | ၂၆၈ |
| ဇင္ဃိလသူဌေးကြီး ဖြစ်လာခြင်း | ၂၆၈ |
| ဇနပဒကလျာဏီဟူသောအမည်ဖြင့် | ၃၂၄ |
| ဇနပဒကလျာဏီမှာလိုက်ပုံ | ၁၃၇ |
| ဇမ္ဗူဒိပ်ကျွန်းသည် ကျယ်ဝန်းပါသေး၏ | ၁၀၈ |
| ဇမ္ဗူနဒရွှေစင်ကဲ့သို့ | ၂၁၈ |
| ဇမ္ဗူရစ်ရွှေတို့ကို ပန်းခိုင်ပြုလုပ်သောကြောင့် | ၂၇၂ |
| ဇမ္ဗူ့သပြေသီး | ၉၉ |
| ဇာတိမာန်ဖြင့် ခက်ထန်တင်းမာလှပါသည် | ၁၅၃ |
| ဇီဝက၏မိခင် | ၅၃၃ |
| ဇီဝက၏ ရှေးဆုတောင်း | ၅၃၄ |
| ဇေတဝန်ကျောင်းတော် | ၃၄၄ |
| ဇေတဝန်ကျောင်းတော်သို့ရောက်၍ | ၂၅၆ |
| ဇေတဝန်ပုဗ္ဗာ လှည့်လည်ကာဖြင့် | ၁၄၄ |
| ဇေတဝန်မှတ်ချက် | ၃၄၅ |
| ဇော္ဗြောဟမသ္မိ လောကဿ | ၂၉ |
| ဇောတိကပစ္စည်း လု၍မရပုံ | ၂၇၃ |
| ဇောတိပါသာဏကျောက်တို့၏ရောင်ဟုန်ကြောင့် | ၂၆၄ |

[ ဈ ]

| | |
|---|---|
| ဈာနလာဘီရဟန်းသည် | ၆၇ |
| ဈာယိနီဇေတဒဂ်အရာ၌ ထားတော်မူသတည်း | ၃၂၉ |
| ဈာန်သမာဓိတန်ခိုး | ၅၉၂ |
| ဈာယန္တံ | ၈၀ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ည ]** | |
| ညချမ်းအခါ ပန်းနံ့သာလက်စွဲလျက် | ၁၅၅ |
| ညီတော်မင်းနန် သပိတ်ထမ်းရပုံ | ၁၃၆ |
| ညီတော်တိဿ ရဟန်းပြုပုံ | ၆၅၆ |
| ညစ်ကြေး သမ်းမိုခြင်းမရှိ | ၂၈ |
| ညည်းတွားမြည်တမ်းလျက် | ၆၉ |
| ညောင်စောင်းကြား၌ အလျားမှောက်၍သာ | ၃၂၁ |
| ဉာဏ်ကွန်ရက်အတွင်းသို့ဝင်လာ၍ | ၄၆၀ |
| **[ တ ]** | |
| တစ်ဥတုမှ တစ်ဥတုသို့ | ၈၉ |
| တစ်အုပ်ချုပ်ဆင်း လင်ရင်းဥပရာဇ် | ၃၂၅ |
| တစ်ခုသောသံသယကို ကင်းစေတော့အံ့ | ၃၃၆ |
| တစ်ခုသောအဖို့မျှသာ ဖြစ်ပါသည် | ၃၅၂ |
| တစ်ခဲနက်သောရွှေနီဖြင့်ပြီးကုန်သော | ၃၄၉ |
| တချောက်ချားချား တရှိုက်ငင်ငင် | ၆၂၅ |
| တန်ခိုးပြာဋိဟာ | ၆၇၅ |
| တန်ခိုးပြာဋိဟာပြတော်မူခြင်း | ၁၃၂ |
| တန်ခိုးဖြင့် နတ်ပြည်ကိုကွယ်ထားပြီ | ၄၆၁ |
| တစပဉ္စက ကမ္မဋ္ဌာန်းကိုကြား၍ | ၂၂၅ |
| တစပဉ္စကကို သင်စေ၍ | ၂၄၉ |
| တပည့်ကြောင့် ချီးမွမ်းခံရပုံ | ၂၄၅ |
| တစ်ဆယ့်ငါးကြိမ်မြောက်သော | ၁၄၆ |
| တစ်ဆယ့်ငါးယူဇနာရှိသောအရပ်၌ | ၁၆၁ |
| တစ်ဆယ့်လေးလံကွာ | ၆၅ |
| တဏှာဘဝ ပရိက္ခီဏ | ၂၇၁ |
| တတိယအကြိမ် ဆေးကုခြင်း | ၅၃၈ |
| တတိယ သံဂါယနာတင်ခြင်း | ၆၇၇ |
| တစ်ထောင်မျှလောက်သော ဘိက္ခုနီမတို့ထံ၌ | ၃၀၇ |
| တစ်ပါးသောဆုကိုသာ ငါပေးအံ့ | ၁၁၉ |
| တပည့်များ မွေးခြင်း | ၅၂၇ |
| တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ | ၁၁၅ |
| တရားဦးနာ၍ သိရန်ဆုတောင်း | ၁၁၅ |
| တရားစကား ပြောကြားခြင်း | ၄၂၅ |
| တရားစကား နာကြားကြပြီ | ၄၂၁ |
| တရားတော်ကို အကျယ်ဟောခြင်းငှာ မစွမ်းနိုင်ပါ | ၁၀၉ |
| တရားတော် ဂမ္ဘီရဖြစ်ပုံ | ၄၀၆ |
| တရားစမ္မစကြာကို ဟောတော်မူပြီးပြီ | ၆၀၆ |
| တရားရေချမ်း၄ ဆွတ်ဖျန်းတော်မူအံ့ | ၂၁၄ |
| တရှိုက်မက်မက် ငြိန်ခဲ့၍ | ၃၂၁ |
| တလျှပ်လျှပ်တညီးညီး အံ့ချီးစဖွယ်ဖြစ်၍ | ၁၈၅ |
| တာဝတိံသာ ကြွတော်မူပြီ | ၃၉၈ |
| တိကာသဋ္ဌခရုံ | ၆၄ |
| တိတ္ထိဘောင်မှပြောင်းလာသူများ ကျင့်ဝတ် | ၅၃၃ |
| တိတ္ထိရဇာတ်တော် | ၆၇၆ |
| တိဿဖြဟ္မာကြီး | ၆၃၈ |
| တိဿသာမဏေ ပညာသင်ပြီ | ၆၄၂ |
| တိဿလုလင် သာမဏေဝတ်ပြီ | ၆၄၀ |
| တုဏ္ဍိလဇာတ်ကို ဟောတော်မူ၍ | ၁၁၈ |
| တုန်လှုပ်လှုပ်ပေါ်သော ဣန္ဒြေရှိ၏ | ၆၅၄ |
| တူလကာရိအမည်ရှိသော မြောက်ကျွန်းသူ | ၂၇၄ |
| တူးတိုင်းတူးတိုင်းပင် ရွှေအိုးငွေအိုးတို့ကိုသာရ၍ | ၂၇၇ |
| တေဓောဓာတ်လောင်ကျွမ်းပုံ | ၆၁၀ |
| တေလပနာဋ်နိဂုံး၌နေသော သူဌေးသမီး | ၂၂၁ |
| တောချုံသစ်ပင်တို့ကိုနိပ်စက်၍ | ၄၉၉ |
| တော်ပဲ့တင်ဟည်းလျက် | ၃၇ |
| တံခွန်ကုက္ကား မုလေးပွားတို့ဖြင့် | ၂၈၃ |
| တင့်တယ်ကောင်းမြတ်သောအကျင့်ဖြင့် | ၃၁၉ |
| တောင်မျက်နှာ ရှစ်ပယ်စာခန့်တွင် | ၁၄၄ |
| တောင်းလာမှု ကြည်ဖြူသောစေတနာဖြင့် | ၃၀၈ |
| တိုင်းကားနိုင်ငံကိုပုန်ကန်သော နိုးသားဖြစ်အံ့လော | ၄၈၃ |
| တွေဝေတတ်သောမောဟကို လည်းကောင်း | ၂၂၈ |
| **[ ထ ]** | |
| ထမင်းအိုးဖွင့်ပြီးမှ ပြောကြားပေအံ့ | ၃၅၄ |
| ထမင်းအိုးမှရှုးသည်ကို မမြင်ဘူးသောကြောင့် | ၁၅၁ |
| ထမင်းဖြစ်ရာ မသိရှာ | ၁၅၁ |
| ထမင်းပို့မသွားဝံ့ကြပုံ | ၂၇၅ |
| ထူးဆန်းလှပသော မိန်းမငယ်၏ သဏ္ဌာန်ကိုဖန်ဆင်း၍ | ၃၂၆ |
| ထူးမြတ်သောနတ်တို့၏စည်းစိမ်ကို ရပြီ | ၄၉၇ |
| ထူးသောရောင်ခြည်တော်များ | ၅၈၅ |
| ထိမ်းမြားလက်ထပ်ခြင်းကို ပြုပေ၏ | ၃၁၆ |
| ထွန်တုံးထွန်သန် နှင်တံငါးရာ | ၄၆၈ |
| ထွန်းပစ်ပယ် လွှန်တင့်တယ်သည် | ၂၂၆ |
| **[ ဒ ]** | |
| ဒန္တေဒန္တေ ဟိ | ၁၀၅ |
| ဒဗ္ဗသမ္မာရာနိစ | ၂၅၄ |
| ဒမ္မက် | ၁၉ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ | ၁၅၆ |
| ဒိဗ္ဗစက္ခုဇေတဒဂ်ရ အရှင်အနုရုဒ္ဓါ | ၁၅၅ |
| ဒိဗ္ဗစက္ခု၏ စွမ်းအား | ၅၅ |
| ဒိဗ္ဗစက္ခုဉာဏ်ရတော်မူပုံ | ၅၄ |
| ဒါယကာတို့ သပိတ်မှောက်ကြခြင်း | ၄၅၆ |
| ဒီယမုရတန် | ၆၅ |
| ဒီဃကေသာအမျိုးသမီး | ၂၁၉ |
| ဒီဃာဝုကုမာရဇာတ် | ၄၅၂ |
| ဒုက္ကစရိယာကျင့်စဉ်က | ၁၄၁ |
| ဒုစ္စရိတတို့ကို ပယ်ပစ်၍ | ၂၅၀ |
| ဒုတိယရှိခိုးခံရခြင်း | ၃၄ |
| ဒုတိယသံဂါယနာတင်ပြီ | ၆၃၇ |
| ဒုတိယအကြိမ်ဆေးကုခြင်း | ၅၃၇ |
| ဒုရာဘိသမ္ဘဝံ | ၈၃ |
| ဒုဿီမာရ်နတ်ဝတ္ထု | ၄၂၆ |
| ဒေဝဒ္ဒရာလုကညာ | ၁၃၈ |
| ဒေဝဒဟပြည် | ၃၆ |
| ဒေဝဒတ်တောင်းသော အကြောင်းငါးပါး | ၅၂၅ |
| ဒေသစာရီ ချီတော်မူခဲ့၍ | ၁၄၉ |
| ဒေါဏပုဏ္ဏားဓာတ်တော်ဝေပုံ | ၆၁၄ |
| ဒေါသဖုံးလွှမ်း၍ နှလုံးမသာရှိရကား | ၂၅၂ |

[ ဓ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဓဇေနာနေန သုဇ္ဈန္တိ | ၁၇၉ |
| ဓနဥ္စယသူဌေးကြီး၏ဩဝါဒ | ၃၆၉ |
| ဓနဥ္စယသူဌေးကြီး၏သမီးတည်း | ၃၆၄ |
| ဓမ္မံ သရဏံ ဂစ္ဆာမိ | ၆၃ |
| ဓမ္မဒိန္နာဟူသောအမည်ကို မှည့်၍ | ၃၀၈ |
| ဓမ္မရာဇ်ထွက်ထား | ၃၂ |
| ဓမ္မကထိကသူဌေးတစ်ဦးကိုမြင်၍ | ၂၄၉ |
| ဓမ္မာသောကမင်းတရား | ၆၄၉ |
| ဓမ္မာသောကမင်းသား | ၆၄၈ |
| ဓမ္မောဟဝေရက္ခတိ ဓမ္မစာရိံ | ၁၁၇ |
| ဓမ္မိဥ္စရေ သုစရိတံ | ၁၃၅ |
| ဓမ္မိကပရိဘောဂ မဖြစ်နိုင် | ၆၀၈ |
| ဓုတင်္ဂရေဆုကိုပန် | ၁၈၂ |
| ဓုတဝါဒါနံ ယဒိဒံ နိသဘော | ၁၈၁ |
| ဓုတင်မှတ်ချက် | ၈၄ |
| ဓုဝပရိဘောဂဝသေန | ၁၄၅ |
| ဓာတ်တော်အားလုံးကိုစုရုံး၍ စေတီတည်ခြင်း | ၆၃၀ |
| ဓာတ်တော် စုစုပေါင်း မှတ်ချက် | ၆၁၆ |
| ဓာတ်တော် မရလိုက်ကြသူများ | ၆၁၅ |
| ဓာတ်တော်များမှတ်ချက် | ၆၁၁ |
| ဓာတ်တော်များ ဘုရားရှင်ထံရောက်၍ စေတီတည်ထားခြင်း | ၅၇၀ |
| ဓာတ်တော်များရ၍ စေတီများတည်ခြင်း | ၆၅၉ |
| ဓားခွဲခံရခြင်း၏ အကြောင်းမှတ်ချက် | ၅၁၈ |

[ န ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| နဂါးကိုဆုံးမပုံ | ၉၆ |
| နဂါးမင်းစည်းစိမ်ခံနေစဉ် | ၄၆၀ |
| နဂါးမင်းရှုံး၍ ဥပါသကာအဖြစ်ခံယူပုံ | ၄၆၃ |
| နန္ဒအသခေျ် | ၂၀ |
| နန္ဒမင်းသား ရဟန်းပြုပြီး | ၁၃၇ |
| နန္ဒိယမည်သော ဥပါသကာသည် | ၉၃ |
| နဖူးကချွေးယို စီးသောကြောင့် | ၂၂၈ |
| နာဠက ရဟန်းပြုခြင်း | ၃၁ |
| နာဠကရွာသို့ ကြွပြီး | ၅၆၅ |
| နာဠန္ဒမြို့နှင့် ပါဋလိရွာ | ၅၅၃ |
| နာဠရအမည်ရှိသောဘီလူးသည် စောင့်ရှောက်အပ်သော | ၁၄၂ |
| နာဠဂိရိဆင်ဖြင့် တိုက်ပုံ | ၅၂၁ |
| နာဠာဂိရိ ဆုံးမခန်း | ၅၂၃ |
| နိဂဏ္ဌာအယူရှိသောသူတို့၏အထံ၌ | ၂၉၄ |
| နိဂြောဓာရုံကျောင်းဝယ် စံပယ်တော်မူသောအခါ | ၂၈၉ |
| နိဗ္ဗတ္တိတော ပုရေတရမေဝ | ၂၉၄ |
| နိဗ္ဗိဒါဉာဏ် | ၅၆ |
| နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ | ၁၁၃ |
| နိရဗ္ဗုဒ မှတ်ချက် | ၄၆၅ |
| နေစက်ထွန်းတောက် မိုးသောက်သောအခါ | ၃၄၁ |
| နေဝန်းတစ်ထောင် ထွက်သကဲ့သို့ | ၂၁၄ |
| နံနက်၌ မင်းခစားခြင်းငှာသွားလေလျှင် | ၂၆၂ |
| နံ့သာဆီတို့ကို ပွတ်လိမ်းလျက် | ၂၄၁ |
| နံ့သာ ၄-ပါးတို့ဖြင့် ပက်ဖျန်းလျက် | ၂၄၁ |
| နားထွင်းမင်္ဂလာတို့ကိုပြုလျက် | ၃၁၅ |
| နားရာဇရပ်၌ပင် ဥပဒ်ကင်းအောင်နေရ၏ | ၂၂၃ |
| နတ်ကညာကဲ့သို့သော မင်းမိန်းမငါးရာရံလျက် | ၁၅၁ |
| နတ်ချစ်တရားတော် | ၄၀၆ |
| နတ်တို့ကပေးအပ်သော ရွှေအိုးတို့ကိုဖော်စေ၍ | ၂၇၇ |
| နတ်တို့ ပူဇော်ခွင့်ရခြင်း | ၅၉၀ |
| နတ်ပန်းကုံးကြီးဖြင့် ပူဇော်ခြင်း | ၅၈၈ |
| နတ်ဗြဟ္မာတို့ ငိုကြွေးကြခြင်း | ၅၉၁ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| နတ်ပြဟ္မာတို့ ဆည်းကပ်လာပုံ | ၅၆၆ |
| နတ်မျက်စိအလား ဝေးခြားစွာဘိ တည်ရှိလေတုံ | ၁၅၅ |
| နတ်သဘင်တွင် သတိပေးကြခြင်း | ၄၉၇ |
| နတ်သမီးရည်မှန်း ကမ္ဘဋ္ဌာန်း | ၁၃၈ |
| နောက်ဆုံးသာဝက | ၅၉၇ |
| နောင်တော်ဘုရားထံလိုက်၍ | ၁၅၂ |
| နှစ်ဂါဝုတ်ကျယ်သော ဂန္ဓကုဋီကိုဆောက်လုပ်၏ | ၂၅၉ |
| နှစ်သက်ရွှင်ချင်စဖွယ် တင့်တယ်ခြင်း၏ | ၃၀၅ |
| နှိပ်စက်ဖူးသော ဝိပါက်ကြောင့် | ၂၂၆ |
| နွားလားဥသဘ တစ်တွန်ကွာ | ၆၆ |
| **[ ပ ]** | |
| ပကာသနီယကံပြုခြင်း | ၅၁၄ |
| ပကုဓကစ္စာယန | ၃၃၇ |
| ပစ္စေကဗုဒ္ဓါအား ပြစ်မှားပုံ | ၁၇၇ |
| ပစ္စေကဗုဒ္ဓါ ထေရ်ငါးရာ | ၄၁၈ |
| ပစ္စည်းမပျောက်ရန် ဆုတောင်း | ၂၆၁ |
| ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝဒ္ဒ | ၁၇၈ |
| ပဋိမာဘိမုခေါ | ၆၄ |
| ပဌမအကြိမ် ဆေးကုခြင်း | ၅၄၀ |
| ပဌသိမ္မကို နိစ္စစွဲသုံးလျက် | ၂၇၂ |
| ပဌဝဂ္ဂိငါးဦးနှင့် တွေ့ခြင်း | ၄၈ |
| ပညာမရင့်သေးသော သမင်အဖြစ်ကပင် | ၂၀၅ |
| ပညာတော်၍ မနာလိုခံရပုံ | ၄၈၃ |
| ပညာသင်လွှတ်ခြင်းအကြောင်း | ၄၈၃ |
| ပထမအကြိမ် ဆေးကုခြင်း | ၅၃၆ |
| ပထမရှိခိုးခံရခြင်း | ၃၀ |
| ပထမသံဃာယနာတင်ပုံ | ၆၂၈ |
| ပထမသံဂါယနာတင်ရာအရပ် | ၆၂၃ |
| ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ | ၁၄၂ |
| ပဏ္ဍုကမ္ဗလာတင်း၍ အကြောင်းကိုရှုမြင်လျှင် | ၂၆၂ |
| ပထမဈာန်ကို ဝင်စားတော်မူ၏ | ၃၄ |
| ပထဝိန္ဓရနဂါးမင်းဖြစ်၏ | ၂၀၀ |
| ပထဝိန္ဓရမင်းသားဘဝ | ၂၀၄ |
| ပဒုမ္မာကြာလက္ခဏာသည် ဖြစ်ပေါ်လေ၏ | ၃၅၅ |
| ပဒုမုတ္တရ မြတ်စွာဘုရား | ၁၁၄ |
| ပဒုမုတ္တရာဘုရားထင်ရှားဖြစ်တော်မူသော ကာလ | ၂၄၉ |
| ပဒုမုတ္တရာဘုရား၏ လက်ထက်တော်၌ | ၂၄၄ |
| ပရိက်အထူးမပြုရဘဲ | ၅၅ |
| ပရိဗိုဇ်ရဟန်းပြုကြခြင်း | ၁၀၇ |
| ပရိနိဗ္ဗာန်စံတော်မူပြီ | ၅၆၈ |
| ပရိနိဗ္ဗာန်စံရာဌာန | ၅၆၃ |
| ပရိနိဗ္ဗာန်ပြုပွဲ ၂၁ ရက် | ၆၁၆ |
| ပလလည်းဆင်မင်းဆည်းကပ်ပုံ | ၄၅၅ |
| ပလလည်းတောသို့ကြွတော်မူပြီ | ၄၅၅ |
| ပါဏံ ဇီဝိတာ ဝေါရောပေတာ | ၄၈၉ |
| ပါတိမောက္ခ ၈ သံဝရော | ၁၁၃ |
| ပါဘာတေန ဝိစက္ခဏော | ၂၃၂ |
| ပါလိလေယျကတောအုပ်၌ | ၁၄၅ |
| ပိဋကစာရိကရဟန်းကိုခေါ်၍ | ၂၂၅ |
| ပုဂ္ဂိုလ်လေးမျိုး | ၂၄၃ |
| ပုဏ္ဏကဘီလူးကိုလျက် | ၇၇ |
| ပုဏ္ဏမိစ္ဆေ အင်္ဂါနေ့တွင် | ၁၄၅ |
| ပုဏ္ဏ သူဌေးကြီးဖြစ်ပုံ | ၃၁၂ |
| ပုဏ္ဏားကြီးကျွတ်တမ်းဝင်ပြီ | ၄၇၁ |
| ပုဏ္ဏားတို့ဖတ်သောနိမိတ်စကားကို<br>ကြားသည်မှစ၍ | ၁၄၁ |
| ပုဏ္ဏား ၈ ယောက်တို့လက္ခဏာဖတ်ကြပုံ | ၃၂ |
| ပုထုဇဉ်သေက္ခဖြစ်သော သတ္တဝါ | ၈၃ |
| ပုဗ္ဗေနိဝါသဉာဏ် ရတော်မူပုံ | ၅၄ |
| ပုဗ္ဗဗုဒ္ဓေသု | ၂၂ |
| ပုဗ္ဗာရုံကျောင်းတော်မြတ်၌ | ၁၄၄ |
| ပူဇော်မှုအမွန်မြတ်ဆုံး | ၅၈၉ |
| ပူရဏကဿပသေဆုံးပုံ | ၃၉၃ |
| ပူပန်ဆင်းရဲကြေကွဲသောနှလုံး ရှိပါသည် | ၁၄၁ |
| ပေါက္ခရဝဿမည်သော မိုးကြီးသည်ရွာ၏ | ၂၈၇ |
| ပံ့သကူကောက်တော်မူပုံ | ၉၉ |
| ပန်းအမျိုးမျိုးပွင့်ကြပြီ | ၅၈၇ |
| ပန်းနေရာ အနုမောဒနာကိုပြုလော့ | ၁၂၄ |
| ပျားပိတုံး, ကျေးငှက် ထွေးကာယှက်၍ | ၃၀၃ |
| ပျှော့ဆန်းကြယ် သက်ရှယ်မကြီး<br>နတ်သမီးအပေါင်းတို့ဖြင့် | ၂၄၇ |
| ပျိုမျစ်နုနယ်သော အသက်အရွယ်ရှိကုန်သော<br>ပြန့်ပွားကျော်စောသော<br>ဂုဏ်သတင်းမဖြစ်ရအောင် | ၉၄<br><br>၃၄၀ |
| ပြဿနာတစ်ခုကို မေးလိုပါသည် | ၂၉၇ |
| ပြာသာဒ်ဗိမာန် ဝေဇယန်ဘုံကြီး၌ | ၂၃၆ |
| ပြာသာဒ်လေးထောင့်၏ အနီး၌လည်း | ၂၆၃ |
| ပြိုးပြိုးပြက်ထွန်းတောက်သော<br>ပတ္တမြားတောင်ကို | ၁၈၅ |

www.burmeseclassic.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ ဖ ]** | |
| ဖခင်၏ကျွန်ခြွေကို ငံ့လင့်၍သည်းခံတော်မူ၏ | ၁၁၉ |
| ဖုဿမာသပုဏ္ဏမိယံ | ၁၂၉ |
| ဖုဿမြတ်စွာဘုရား | |
| ထင်ရှားပွင့်တော်မူသောအခါ | ၂၀၄ |
| ဖုတ်ဝင်နေသောဘုရင်ကြီး | ၆၄၇ |
| ဖုတ်သွင်းရထားဆိုက်လေပြီ | ၁၈၈ |
| ဖန်ရည်စွန်းသောအဝတ်တို့ကို ဆီးလျက် | ၂၈၉ |
| ဖွားဖက်တော်ဖြစ်ရပြီ | ၁၆၇ |
| ဖွားဖက်တော် ၇ ပါး | ၂၉ |
| ဖြောင့်သားဟုတ်မှန်သော သစ္စာတရား | ၅၀၅ |
| **[ ဗ ]** | |
| ဗကဗြဟ္မာကြီးအမြင်မှန်ရပြီ | ၄၆၈ |
| ဗကဗြဟ္မာကြီး ငြင်းဆန်ရာ | ၄၆၄ |
| ဗကဗြဟ္မာ၏ရှေးဘဝများ | ၄၆၅ |
| ဗဟုပုတ္တကမည်သော ပညောင်ပင်ရင်းဝယ် | ၁၉၇ |
| ဗလအမည်ရှိသော မင်းတို့သည် လည်းကောင်း | ၆၁၃ |
| ဗန္ဓုလစစ်သူကြီး၏မယားဖြစ်သော | |
| မလ္လိကာသည် | ၆၀၅ |
| ဗိန္ဓုသာရမင်းကြီး၏ | ၆၄၇ |
| ဗိမ္ဗိမင်းကို လင်းစေမျက်မှောက် | ၁၃၁ |
| ဗိမ္ဗိသာရမင်းအဖမ်းခံရပုံ | ၅၁၆ |
| ဗိမ္ဗိသာရမင်းကြီး ဓားခွဲခံရပုံ | ၅၁၇ |
| ဗိမ္ဗိသာရမင်းကြီးကို သတ်စေပုံ | ၅၁၄ |
| ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | ၆၃ |
| ဗုဒ္ဓကိုရန်ငြိုးထားပြီ | ၅၁၃ |
| ဗုဒ္ဓကောလာဟလ | ၂၄ |
| ဗုဒ္ဓမြတ်စွာအား တိုင်ပင်ခြင်း | ၅၅၅ |
| ဗုဒ္ဓသရီရဖြစ်သောဘုရားကိုသာ | ၂၇၂ |
| ဗောဓိအောက်ပြင် ရွှေပလ္လင်မှ | ၁၁၄ |
| ဗျာဒိတ်တော်ကိုကြား၏ | ၂၀၃ |
| ဗျာဒိတ်တော်ရပုံ | ၁၆၁ |
| ဗျာဒိတ်ပေးတော်မူခြင်း | ၁၂၅ |
| ဗြဟ္မဒေဝ္ဌ | ၂၂ |
| ဗြဟ္မာကြီးအယူလွဲနေပုံ | ၄၆၄ |
| **[ ဘ ]** | |
| ဘဂ်ဉာဏ် | ၅၆ |
| ဘယဉာဏ် | ၅၆ |
| ဘဏ္ဍာတို့ကို အသီးအသီးဝယ်စေပြီးလျှင် | ၂၃၁ |
| ဘဒ္ဒကမ္ဘာမပေါ်လာမီ ရှေးကမ္ဘာဝယ် | ၁၇၇ |
| ဘာရဒွါဇလုလင် | ၂၁၅ |
| ဘာဝနာဒွိ မွေ့လျော်ရာကိစ္စဖြင့် | ၁၅၅ |
| ဘာသိတဿ | ၂၂၁ |
| ဘိက္ခုနီမ တန်ခိုးပြနိုင်ပုံ | ၃၉၅ |
| ဘီလူး၏အမေးပြဿနာ | ၄၈၀ |
| ဘီလူးကြီးအဟန် ဖန်ဆင်း၍ | ၆၆၅ |
| ဘီလူးချောက်လှန့်ပုံ | ၄၇၉ |
| ဘီလူးဖမ်းစားပုံ | ၄၈၀ |
| ဘီလူးထံအစာဆက်ရပုံ | ၄၉၅ |
| ဘုရင်ကို ရန်ငြိုးဖွဲ့ခြင်း | ၆၄၄ |
| ဘုရင့်ဘုန်းတန်ခိုး ကြီးမားပုံ | ၆၅၀ |
| ဘုရင့်လက်ကိုမကိုင်ရ မှတ်ချက် | ၆၇၅ |
| ဘုရားကိုလုပ်ကျွေးကြခြင်း | ၁၁၉ |
| ဘုရားကိန်းအောင်းတော်မူသောအခါတွင် | ၂၄၆ |
| ဘုရား ခုတင်ခုပွင့်ပေသည် | ၅၁ |
| ဘုရား ၄–ဆူတို့၏ပုံတော်များ | ၆၅၂ |
| ဘုရားစင်စစ်ဖြစ်တော်မူပြီ | ၁၅၀ |
| ဘုရားမြတ်စွာ ကြိုဆိုလာ | ၁၉၇ |
| ဘုရားရှင်၏နောက်ဆုံးဩဝါဒ | ၆၀၁ |
| ဘုရားရှင်၏ နောက်ဆုံးမှာထားချက်များ | ၆၀၀ |
| ဘုရားရှင်ထံဆည်းကပ်ရန် | ၅၃၁ |
| ဘုရားရှင်ထံသို့သွားပြီးသော် | ၂၀၁ |
| ဘုရားရှင်ပြဿနာ ၇–ချက် | ၅၄၇ |
| ဘုရားရှင်အလောင်းတော်ကို ပူဇော်ကြရန် | ၅၉၂ |
| ဘုရားထံသို့ ငါ့ကိုရောက်အောင်ဆောင်ပါ | ၅၂၉ |
| ဘုရားထံမှောက် ဖူးမြော်ရောက် | ၁၁၂ |
| ဘုရားသခင်ကိုဖူးမြင်ရခြင်းငှာ | ၁၂၅ |
| ဘုရားသခင်တို့၏ကျေးဇူးဂုဏ်ကို | ၂၂၉ |
| ဘုရားရှင်လည်း ရွှင်လှသောမျက်နှာဖြင့် | ၂၉၉ |
| ဘုန်းကြီးကိုးကွယ်ပုံ | ၂၅၁ |
| ဘုန်းရှိသောယောက်ျားဖြစ်ပေသည် | ၁၅၁ |
| ဘုန်းတေဇာကို ရှုကြပါကုန်လော့ | ၃၃၉ |
| ဘေသကလာ မိဂဒါဝုန်တောဍ္ဌ | ၁၄၂ |
| ဘောဂသမပွိတော | ၂၅၆ |
| ဘွဲ့ဖြူလက်နက်ဆန်း | ၅၈၀ |
| **[ မ ]** | |
| မက္ကဋကောဝ | ၃၀၅ |
| မကောင်းကြံက မကောင်းခံရ | ၄၂၂ |
| မကောင်းသော မာရ်နတ် | ၄၅ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မင်္ဂလာနိမိတ်ကို ယူခြင်းငှာ | ၅၅၆ |
| မင်္ဂလာရှိသောအင်ကြင်းပင်ကြီး၏ | ၂၈ |
| မဏ္ဍာအသချေ | ၂၀ |
| မဏိကုဏ္ဍလာ | ၃၄၂ |
| မတ္တညုတာ စ | ၁၁၃ |
| မနုဿေ လဒ္ဓါန ဝိတ္တံ | ၂၁၀ |
| မပျက်စီးသေးသောကာလ၌ | ၂၉၈ |
| မမြင်ဘူး၍သာ ကြည့်အပ်သည်မဟုတ် | ၁၅၉ |
| မယားဘာရိတာကိုခေါ်၍ | ၃၁၄ |
| မယားအလိမ္မာနှင့် ဆုတောင်းခဲ့ပုံ | ၁၅၇ |
| မလ္လာမင်းတို့ ဦးဆောင်သဂြိုဟ်ခြင်း | ၆၀၃ |
| မလ္လာမင်းတို့ ဘုရားဖူးလာကြပြီ | ၅၉၆ |
| မဟပ္ပလာနိ | ၄၀၁ |
| မဟာဥမင်္ဂဇာတ်ကို ဟောတော်မူသည် | ၁၄၃ |
| မဟာကပ္ပိန္နထေရ်ကို ကဲ့ရဲ့တော်မူဖူး၏ | ၆၆၂ |
| မဟာစေတီနှင့် ရှင်ဥပဂုတ် | ၆၆၀ |
| မဟာပညာနံ ဘိက္ခုနီနံ | ၃၀၇ |
| မဟာပန္ထက | ၂၂၄ |
| မဟာပန္ထက ရဟန္တာဖြစ်ပုံ | ၂၂၅ |
| မဟာနေအမည်ရှိသော သူဌေးကြီးသည် | ၂၂၄ |
| မဟာဓမ္မပါလသူဌေး | ၁၄၂ |
| မဟာဓမ္မပါလ သူဌေးဖြစ်သောအခါ | ၁၄၂ |
| မဟာနိသဘထေရ်မြတ်သည် သပိတ်သင်္ကန်းပြင်လျက် | ၁၈၂ |
| မဟာဗောဓိရှင်းချက် | ၇၁ |
| မဟာလေ့ကားအဆင်းနှင့်တူသော | ၁၈၆ |
| မဟာလေ့ကားပန်းတို့ကိုဆွတ်ခြေ၍ | ၂၄၄ |
| မဟာဝနေကူဋာဂါရသာလာယံ | ၁၄၅ |
| မဟာသမဏော | ၁၀၉ |
| မဟာသာလအမျိုး၌ ပဋိသန္ဓေရ၍ | ၂၁၅ |
| မဟာသာလဟူသော အမည်ကိုရ၍ | ၂၃၇ |
| မဟာသေနမထေရ်အား ဤသို့လျှောက်၏ | ၂၅၉ |
| မာဂဏ္ဍီ ကုန်းတိုက်ခြင်း | ၄၄၇ |
| မာဂဏ္ဍီအငြိုးထားပုံ | ၄၄၅ |
| မာတုဂါမစသော သတ္တဝါ၌ | ၇၇ |
| မာရဓိတရော | ၆၁ |
| မုစလိန္ဒသတ္တာဟ | ၆၂ |
| မုစ္စိတုကမျတာဉာဏ် | ၅၆ |
| မုတ်ဆိတ်ဆံပြင်လိုသောသူ | ၆၀၇ |
| မောနေယျအကျင့်ကို ဟောခြင်း | ၈၃ |
| မောနေယျဂုဏ်နှင့် ပြည့်စုံစွာထသော | ၈၀ |
| မောနေယျအကျင့်ရှင်းချက် | ၃၁ |
| မဂ်ဖိုလ်ကိုရပြီ | ၅၇ |
| မင်းကြီးတာကထွက် | ၄၉၄ |
| မင်းကြီးထံ ပြန်ပို့ကြပုံ | ၅၀၆ |
| မင်းပယ်မှတ်ချက် | ၃၄၇ |
| မင်းလောင်းရှာပြီ | ၆၄၄ |
| မင်းသားတို့နှင့် ကစားမြူးထူးကြရာ | ၁၅၁ |
| မင်းသားတို့တတ်အပ်သော ပညာ ၁၈ ရပ်ကိုပြခြင်း | ၃၉ |
| မင်းသမီး ၇–ယောက်တို့၏အမည်ကား | ၃၀၂ |
| မင်းသားကို ပို့လာကြပြီ | ၅၀၅ |
| မယ်ကာက ထမင်းပို့သွားပြီ | ၂၇၅ |
| မယ်တော်က ပရိကပ္ပစကားမျှဖြင့် | ၁၅၃ |
| မယ်တော်ကျွတ်တမ်းဝင်ပြီ | ၅၆၈ |
| မယ်တော်ဆည်းကပ်လာခြင်း | ၅၆၆ |
| မယ်တော့်ကုသိုလ် | ၅၆၉ |
| မယ်တော့်တိုက်ခန်းရောက်သော် | ၅၆၆ |
| မောင်လည် နှမလည် | ၃၅၈ |
| မောင်ရင်းနှမ စုံဖက်၍ | ၃၂၅ |
| မိခင်၏စေတနာ | ၄၈၅ |
| မိခင်ရင်ခွင်ထက်၌နေပြီးလျှင် | ၁၅၀ |
| မိဂဒါဝုန်တောကြီးသို့ | ၆၈ |
| မိဖုရားကြီးဖြစ်ရပုံ | ၄၄၀ |
| မိဖုရား ရာထူးမှကျပုံ | ၄၁၆ |
| မိစ္ဆာသက်ပွဂေါစရာ | ၁၂၆ |
| မိတ်ဆွေကိုတိုက်တွန်းခြင်း | ၁၂၅ |
| မိတ်ဆွေ၏စကားကို တပ်မက်ယောင်မှားသောကြောင့် | ၂၀၁ |
| မိတ္တသန္ထဝအဖြစ်သည် | ၁၉၆ |
| မိမိတို့ထုံးနည်းအတိုင်းသာ အကျွန်ုပ်တို့ကျင့်ပါအံ့ | ၂၉၅ |
| မီးလုံ့စိမ့်သောငှာ မီးမယ်ဖျူး ၅၀၀ တို့ကိုလည်း | ၁၀၁ |
| မီးသဂြိုဟ်ကြပုံ | ၆၀၉ |
| မုန့်လောင်းတမ်း အန်ကစားကြကုန်သော် | ၁၅၀ |
| မန်ကျည်းပင်အောက်သို့လာ၍ | ၂၇၆ |
| မန္တာနီပုဏ္ဏေးမ၌ | ၈၂ |
| မာန်မာနကျစိမ့်သောငှာ | ၁၃၂ |
| မာရ်နတ်ကိုနှင်ထုတ်ပုံ | ၄၂၅ |
| မာရ်နတ်၏ ၁၆–ကြောင်းသောအရေး | ၆၀ |
| မာရ်နတ်ယုတ်မာပုံ | ၄၂၇ |
| မာရ်နတ်မင်း ဘုရားဆုပန်ပုံ | ၆၆၆ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မာရ်နတ်မင်း ဘုရားရှင်ပုံဖန်ဆင်းပြခြင်း | ၆၆၆ |
| မာရ်နတ်ရန်တား မြတ်တရား | ၄၂၆ |
| များစွာသော လက်ဆောင်ပဏ္ဏာတို့ဖြင့် | ၂၈၅ |
| မျက်ချိုသွေး၍ ဆောင်လေပြီ | ၁၂၇ |
| မျက်မှောက်အကျိုးရပုံ | ၁၈၄ |
| မျောက်ငယ်ဒါနပြုပုံ | ၄၅၆ |
| မျောက်အိုမနှင့် ဇနပဒကလျာ | ၁၃၇ |
| မြလေးငုံအဆင်းနှင့်တူသော | ၃၅၄ |
| မြို့လွှာလိမ်းကျံသောကိုယ်ဖြင့် | ၂၉၀ |
| မြေအပြင်ကို ငုပ်လျှိုး၍သွားသဖြင့် | ၁၆၄ |
| မြေကိုညက်အောင်ထွန်ယက်ရာ၏ | ၁၅၂ |
| မြေပြင်ရိုက်ဟည်းလျက် | ၂၆ |
| မြေလှုပ်ကြောင်း ၈-ပါး | ၅၇၇ |
| မြေးတော်ရာဟုလာ နန်းမှာကျန်ရစ်၍ | ၁၄၁ |
| မြို့တံခါး ၄-၀၀ယ် အလှူမဏ္ဍာပ်ဆောက်၍ | ၁၉၉ |
| မြို့တော်ဝင်ခန်း | ၄၁၇ |
| မြို့သစ်တည်ကြပုံ | ၅၁၄ |
| မြင်းမိုရ်တောင်မှ | ၂၄ |
| မြင်းမိုရ်တောင်ကို နှိုင်းစာသကဲ့သို့ | ၁၂၃ |
| မြစ်နားကမ်းခွင် ပွဲသဘင်သို့ | ၁၀၆ |
| မြတ်စွာဘုရား အာဠဝကထံကြွပုံ | ၄၉၆ |
| မြတ်စွာဘုရားကို ပူဇော်ခြင်းငှာလာခဲ့၍ | ၂၈၅ |
| မြတ်စွာဘုရားဈာန်ဝင်စားပုံ | ၃၉၆ |
| မြတ်စွာဘုရားသတိပေးခြင်း | ၄၆၂ |
| မြတ်စွာဘုရား သီဟိုဠ်ကြွပုံ | ၉၈ |
| မြတ်သောတရားကို ကြားနာခဲ့ရသည် | ၁၁၀ |
| မြောက်ကျွန်းမှ ဆောင်ခဲ့သော | |
| ဆွမ်းလည်းမဟုတ် | ၅၅၅ |
| မြောက်သို့ ဦးခေါင်းထားပုံမှတ်ချက် | ၅၈၆ |
| မိန်းမတို့မည်သည်မှာ ပညာအလွန်နည်း၏ | ၂၆၆ |
| မိန်းမလှရတနာ | ၁၉၂ |
| မှန်ကန်ဖြောင့်မတ်သောစကားသည် | ၅၀၃ |
| မွေးသည့်ဖခင် ဖူးမြင်ရအောင် | ၁၂၈ |
| မြွေသေကောင်ကို လှောင်သောအိုးကဲ့သို့ | ၃၂၈ |
| **[ ယ ]** | |
| ယမကောင့်မြည်သော နတ်ဘီလူးသည် | ၂၇၃ |
| ယန္တရားစက်ဆရာ | ၆၅၁ |
| ယန္တရားစက်ဆရာ သေဆုံးရပုံ | ၆၆၈ |
| ယန္တရားစက် တပ်ဆင်ထားခြင်း | ၆၃၂ |
| ယထာ အဂါရံ ဒုစ္ဆန္နံ | ၁၃၉ |
| ယသသူဌေးသားကို မြင်တော်မူလျှင် | ၉၀ |
| ယသောဓရာ ဗိမ္ဗာဒေဝီ | ၃၉ |
| ယသောဓရာတိုက်ခန်းကြွ | ၁၃၅ |
| ယာဉ်ရထား စသည်ကို ပြင်ဆင်စေကြကုန်လော့ | ၃၇၆ |
| ယူဇနာ ၆၀ ရှိသော | ၂၇ |
| ယေ ဓမ္မာ ဟေတုပ္ပဘဝါ | ၁၁၀ |
| ယုံမှားက အပါယ်လားတတ်ကြောင်းမှတ်ချက် | ၂၆၀ |
| ယောက်ဖတော်ဒေဝဒတ်သည် | ၁၄၃ |
| **[ ရ ]** | |
| ရတနသုတ်တော်စွမ်းရည် | ၂၈၅ |
| ရတနာ ၇-ပါးအတိပြီးသော | ၂၆၃ |
| ရတနာ ၇-ပါး အတိပြီးသော အုတ်တို့ဖြင့် | ၇၃ |
| ရတနာစီတပ်သော ထန်းရွက်ယပ်ဖြင့် | ၂၆၆ |
| ရဋ္ဌပါလသတို့သား ဟူသောအမည်ကိုရ၏ | ၂၀၆ |
| ရမ္မ, သုရမ္မ, သုဘ | ၃၆ |
| ရတ္တညူတောဒက် အရာ၌ထား၍ | ၂၉၂ |
| ရသေ့ညီနောင်တို့အားသော်လည်း | ၁၁၄ |
| ရဟန္တာ ၅၀၀ ကြွလာကြပုံ | ၆၂၄ |
| ရဟန္တာဖြစ်လေပြီ | ၁၃၈ |
| ရဟန္တာဖြစ်၍ တေဒင်ရပုံ | ၁၉၈ |
| ရဟန္တာမည်သောသူတို့ မဟုတ်ကုန် | ၃၇၁ |
| ရဟန္တာမိန်းမဖြစ်ပြီ | ၄၂၀ |
| ရဟန်းကိုမြင်ရပုံ | ၄၁ |
| ရဟန်း ၂-ပက္ခကွဲပုံ | ၄၅၀ |
| ရဟန်း ၅၀၀ ပါလာသည်ဟုဆိုပေ၏ | ၅၅၆ |
| ရဟန်းဆိုးတို့ပေါ်လာကြပုံ | ၆၇၁ |
| ရဟန်းတု,ရဟန်းယောင်ခွဲခြားနည်း | ၆၇၂ |
| ရဟန်းတော်ဘဝရောက်ပြီ | ၁၉၇ |
| ရဟန်းပြုကြပြီ | ၁၅၄ |
| ရဟန်းပြု၍ ပစ္စည်းများကွယ်ပြီ | ၂၇၄ |
| ရဟန်းပြုရန် တိုင်ပင်ကြပုံ | ၁၅၁ |
| ရဟန်းပြုရန် အဖော်ညှိပုံ | ၁၅၃ |
| ရဟန်းပြုခွင့်မရသဖြင့် ဆန္ဒပြခြင်း | ၂၀၆ |
| ရဟန်းများကို မနီးမဝေးမှာ နေစေပုံ | ၅၆၂ |
| ရာဂရမ္မက်ဖြင့် | ၂၇ |
| ရာဂေါ သမတိ ဝိရှုတိ | ၁၃၉ |
| ရာဇဂြိုဟ်ပြည်သည် အလွန်မွေ့လျော်ဖွယ်ရှိ၏ | ၅၇၈ |
| ရာဇာရယနသတ္တာဟ | ၆၃ |
| ရာဟုလာ ရှင်ပြုရပုံ | ၁၄၀ |
| ရာဟုလာနှင့်မခြား သနားစုံမက်တော်မူသဖြင့် | ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ရာဟုလာဖြစ်လာပြီ | ၂၀၅ |
| ရူပကာယသမ္ပတ္တိကိုမြင်သော် | ၂၀၆ |
| ရူပချာန်များ ရတော်မူပြီ | ၅၃ |
| ရူပါရုံ၌ သုဘနိမိတ်ကိုယူစေခြင်းမှတ်ချက် | ၅၅၈ |
| ရေကြည်တော်ရှာစေပုံ | ၅၈၂ |
| ရေငုပ်ဖန်များက နားချို့တဲ့ရာသည် | ၈၂ |
| ရေမီးအစုံ တန်ခိုးတော်အဖုံဖုံ | ၃၉၆ |
| ရေဝတီနတ်သမီး | ၅၆၉ |
| ရဲရင့်တည်ကြည်ခြင်းသို့ မရောက်ကုန်သေး | ၅၇၅ |
| ရုံခါမလပ် ပွားစေအပ်သော | ၁၃၉ |
| ရင်တီးလက်မ အံ့သြကြပြီးလျှင် | ၂၆၉ |
| ရန်ငြိုးထားခြင်း အားကြီးရကား | ၅၂၇ |
| ရန်သူထင်မှားသောယောကျ်ားကဲ့သို့ | ၆၂၂ |
| ရောင်ခြည်တော်ခြောက်ဆိုင်သည် | ၁၃၄ |
| ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်း လွှတ်တော်မူလျက် | ၂၁၄ |
| ရှေ့ဉာဏ် ၂-ပါး ရခဲ့,ကွယ်ခဲ့ကြောင်းရှင်းချက် | ၅၇ |
| ရှေးဘုရားတရားတော် | ၅၀၂ |
| ၈-တန်သော ဝိထိဟူသည်ကား | ၅၉ |
| ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ကို | ၁၄၆ |
| ၈-ရက်မြောက်သောနေ့ အရဏ်တက်၌ | ၁၉၈ |
| ရှင်ဂေါတမ ငါ့ထံသို့မလာမူကောင်း၏ | ၁၃၀ |
| ရှင်ဥပဂုတ်၏တန်ခိုး | ၆၆၂ |
| ရှင်ဥပဂုတ်နှင့်မာရ်နတ် | ၆၆၅ |
| ရှင်ဥပဂုတ်မှတ်ချက် | ၆၇၀ |
| ရှင်ဥပဂုတ်မှတ်စု | ၆၆၁ |
| ရှင်ဥပဝါဏထေရုပ္ပတ္တိ | ၅၉၀ |
| ရှင်တစ်ထောင်တို့အကျင့် | ၉၆ |
| ရှင်ဒေဝဒတ် စိတ်မကောင်းဖြစ်ပုံ | ၅၀၉ |
| ရှင်ဒေဝဒတ် မြေမျိုပုံ | ၅၂၉ |
| ရှင်ဒေဝဒတ် သွေးအန်ပြီ | ၅၂၈ |
| ရှင်မဟာကဿပအား ဒုကုဋ်ကိုပေးတော်မူ၏ | ၁၉၈ |
| ရှင်ယသ၏ဆွေမျိုးမိတ်သင်္ဂဟများ | ၉၂ |
| ရွှေအိုးတစ်လုံးသည် တစ်ဂါဝုတ် ပမာဏရှိသည် | ၂၉ |
| ရွှေအိုးကြီး ၄-လုံးရှင်းလင်းချက် | ၂၉ |
| ရွှေကြုတ်ငွေကြုတ် မွမ်းမံပြီးလျှင် | ၆၃၁ |
| ရွှေခွက်ကိုမျှောလိုက်သော် | ၅၁ |
| ရွှေခြေနင်းတို့ကိုစီးလျက် | ၉၀ |
| ရွှေစင်ရုပ်ပမာ မိန်းမရှာ | ၁၉၂ |
| ရွှေတန်ဆောင်းကြီးကဲ့သို့ | ၂၀၂ |
| ရွှေထမ်းစင်စီးပြီးလျှင် | ၂၈ |
| ရွှေနန်းစည်းစိမ်ကိုခံစား၍ | ၁၆၃ |
| ရွှေဘုန်းတော် နေလဝန်း | ၃၇၉ |
| ရွှေယောက်မကိုကိုင်ပြီးလျှင် အနီး၌စောင့်နေလျက် | ၃၀၉ |
| ရွှေရုပ်နှင့်တကွသော ပဏ္ဏာကာရကို သိမ်း၏ | ၁၉၃ |


[ လ ]


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| လက္ခဏာတော်ကြီး ၃၂-သွယ် | ၇၈ |
| လဇ္ဇုကိကဇာတ် | ၄၅၂ |
| လပြည့်ဝန်းနှင့်တူသောရွှေမျက်နှာတော်ဖြင့် | ၂၄၅ |
| လပြည့်လဝါ ထန်းမှည့်ညှာကဲ့သို့ | ၁၁၀ |
| လဝန်းလက္ခဏာ ဖြစ်ပေါ်လေ၏ | ၃၅၅ |
| လစ္ဆဝီမင်းတို့သည် လယ်လုပ်ကုန်သွယ်၍ | ၅၄၉ |
| လစ္ဆဝီဟူသောအမည်သည် ဖြစ်၏ | ၂၈၃ |
| လုလင်တို့သည် ရင်ခတ်လက်တီးအံ့သြကြ၍ | ၁၉၄ |
| လူအများစောင့်စားနေကြပုံ | ၃၉၉ |
| လူ၏ဘောင်၌နေ၍ | ၁၅၀ |
| လူ၏အရပ်အဝါကိုဖန်ဆင်းလျက် | ၂၀၁ |
| လူတို့လှူသောသင်္ကန်းကို ခွင့်ပြုပုံ | ၅၄၅ |
| လူထွက်လာအောင်ဖျောင်းဖျကြပုံ | ၂၀၇ |
| လူ,နတ်,ဗြဟ္မာတို့ကဲ့ပြီ | ၄၅၁ |
| လူနှင့်မမျှ နတ်ထက်လှသော မိန်းမကညာကို | ၃၀၄ |
| လူရဟန္တာမ | ၃၀၆ |
| လူဝတ်လဲလိုကြောင်း | ၁၃၇ |
| လူ့ပြည် ဆွမ်းခံကြွခြင်း | ၄၀၂ |
| လူ့ပြည်အဘိဓမ္မာ | ၄၀၃ |
| လူ့ဘဝဖြင့် တေဒဂ်ရသူ | ၂၅၆ |
| လူ့ရှာဘဝ ပစ္စက္ခ၌ | ၅၂၄ |
| လေသာလေပြည်မြူးသည် | ၂၆ |
| လေးအတတ်များကို ပြခြင်း | ၃၇ |
| လေးပါးသော ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံချေသည် | ၃၁၀ |
| လေးပါးသောနက်နဲခြင်းနှင့် ပြည့်စုံသော | ၂၉၉ |
| လေးထောင့်ကန်ပမာ | ၃၇ |
| လေးပစ်ခန်း ရှင်းချက် | ၃၈ |
| လေးဖြာသောပရိသတ်တို့ဖြင့် မဆိတ်ည် | ၁၆၉ |
| လေးသည်တော်များစေလွှတ်ပုံ | ၅၁၉ |
| လောကဝိဝရဏတန်ခိုး | ၄၀၅ |
| လောကသနင်း တရားမင်းဖြစ်တော်မူသော | ၂၈၅ |
| လောလောရက်ရက် ခုတ်ဖျက်သတ်ညှစ်ခြင်းကို | ၄၈၆ |
| လုံ့လမှီးလျက် | ၂၃ |
| လက်နက်ကိရိယာ တန်ဆာအရောင်တို့သည် | ၂၆ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| လက်ယာနံတောင်းဖြင့် | ၅၃၉ |
| လက်ဝဲရံ အဂ္ဂသာဝကဖြစ်၏ | ၁၁၉ |
| လင်းလွန်းပင်ရင်း၌ | ၆၃ |
| လည်၌ဆွဲဆောင်ထားသော | |
| လက်ညှိုး ၁၀၀၀ တို့ကိုလည်းကောင်း | ၄၈၈ |
| လာဘ်များခြင်းသည် ပျက်စီးရန်ဖြစ်ပုံ | ၅၁၁ |
| လယ်ခေါင်ရန်းပန်းအဆင်းကဲ့သို့ | ၂၈၂ |
| လယ်ထွန်မင်္ဂလာ ဆင်ယင်ပုံ | ၄၆၉ |
| လယ်ယာလုပ်ငန်းနှင့် လူမှုကိစ္စ | ၁၅၂ |
| လယ်သူမဘာဝ | ၄၁၃ |
| လုပ်ကြံမှုကြီး ပေါ်ပြီး | ၂၃၄ |
| လျင်မြန်စွာပြေးသွားသဖြင့် | |
| မတင့်တယ်သူ ၄-ယောက် | ၃၆၂ |
| လွင်တီးခေါင်၌ စကြံကြွ၍ | ၉၀ |
| လွန်စွာလေးမြတ်သောသူဖြစ်လျက် | ၁၄၁ |
| လှူသောပုဆိုးအစုံကိုလည်း ခံတော်မူ၏ | ၅၄၆ |
| လော့်ပြီး, ဦးပြီးသော ရွှေဇမ္ဗူရစ်ကို | ၃၃၀ |
| **[ ဝ ]** | |
| ဝဇ္ဇီတိုင်း ပြိုကွဲပုံ | ၅၅၀ |
| ဝဇ္ဇီတိုင်းသား ရဟန်းဆိုးများ | ၆၃၄ |
| ဝရကမ္ဘာ၌ အနောမဒဿီအမည်ရှိသော | ၂၃၆ |
| ဝသဝတ္တိ | ၂၄ |
| ဝဿကာယပုဏ္ဏား ဘုရားထံဆည်းကပ်ခြင်း | ၅၄၆ |
| ဝဿကာရပုဏ္ဏား၏ ဘေဒဉပါယ် | ၅၄၉ |
| ဝါဆိုစဉ်လက်ာ | ၁၄၄ |
| ဝါလဝေဓိအတတ် | ၃၈ |
| ဝိဇ္ဇာ ၃-ပါ, ဝိဇ္ဇာ ၈-ပါး | ၇၉ |
| ဝိနည်းမိုရ်ဆရာတို့အား | ၇၄ |
| ဝိပဿနာကိုရှုတော်မူ၍ | ၅၅ |
| ဝိပဿနာဉာဏ် ၁၀-ပါး | ၅၆ |
| ဝိပဿနာ၏စွမ်းအင်များ | ၅၆၂ |
| ဝိပဿနာပညာ ၁၀-ပါး ဉာဏ်တရားဖြင့် | ၅၀၄ |
| ဝိပဿီဘုရားပွင့်တော်မူ၏ | ၁၁၆ |
| ဝိသာခါ၏အသက်ကား ၁၂၀ ရှည်၏ | ၃၈၀ |
| ဝိသာခါနက္ခတ်နှင့်ယှဉ်သည် | ၂၆ |
| ဝိသာခါမည်သော ဤသတို့သမီးသည် | |
| ဤသို့သဘောရှိပေသတတ် | ၃၇၀ |
| ဝိတိဝတ္တာနိ | ၂၃ |
| ဝေဒေဟီမိဖုရားကြီး ပူဆွေးပုံ | ၅၁၇ |
| ဝေရဉ္ဇာပုဏ္ဏား ဆွမ်းကျွေးခြင်း | ၄၇၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဝေရဉ္ဇာပုဏ္ဏား၏ပြဿနာများ | ၄၇၂ |
| ဝေရဉ္ဇာပြည်တော်မွတ်ပုံ | ၄၇၄ |
| ဝေသာလီပြည် | ၂၈၃ |
| ဝေဠုဝန်ကျောင်းတော် | ၃၀၂ |
| ဝေဠုဝန်ဥယျာဉ်တွင်း၌ | ၁၀၅ |
| ဝက်ပျိုသားမှတ်ချက် | ၅၈၁ |
| ဝက်သားပြွမ်းဆွမ်းဖြင့် ဘုရားသခင်အား | |
| လုပ်ကျွေးတော့အံ့ | ၅၈၁ |
| ဝမ်းသွေးသွန်တော်မူခြင်း | ၅၈၀ |
| ဝင့်ဆင်းရဲမှ လွတ်စေခြင်းငှာ | ၅၂၈ |
| **[ သ ]** | |
| သကျနာယက် | ၃၃၂ |
| သက္ကရာဇ်ဖြိုခြင်း | ၆၃၀ |
| သစ္စကပရိဗိုဇ် | ၂၉၆ |
| သစိတ္တပရိယောဒပနံ | ၁၁၃ |
| သညာဝိဝဋ္ဋဇေတဒဂ်အရာ၌ | ၂၃၅ |
| သညာရှိပါ၏လောဟု လျှောက်ပြန်၏ | ၅၈၄ |
| သတ္တမအကြိမ် ဆေးကုခြင်း | ၅၄၄ |
| သတ္တဋ္ဌာန ရှင်းချက် | ၆၄ |
| သန္တိစိတ္တံ သမာဟိတံ | ၁၇၉ |
| သန္တာအဆင်းရှိသော ညှို့ဖြင့်ဖွဲ့လျက် | ၃၇ |
| သန္တုဿိတနတ်သား ရှင်းချက် | ၃၃ |
| သန္တုဿိတ | ၂၄ |
| သန္တာအဆင်းကဲ့သို့သော သားတစ်စိုင်ကိုမြင်၏ | ၂၈၂ |
| သတင်းစကား | ၅၃၆ |
| သတ္တပုညလက္ခဏ် | ၅၀၆ |
| သတသဟဿေန | ၁၇၄ |
| သတိသံဝေဂ ရကြပြီ | ၁၀၇ |
| သူဌေး ၃-ဦး ကျွတ်တမ်းဝင်ခြင်း | ၄၄၁ |
| သူဌေးကြီးဖြစ်ရပြီ | ၄၃၈ |
| သူဌေးသမီးကို ရပုံ | ၄၃၆ |
| သူဌေးကြီး မွေးစားပြီ | ၄၃၄ |
| သူဌေးဘဝ ဗျာဒိတ်ရ | ၂၁၅ |
| သဒ္ဒဝေဓိအတတ် | ၃၈ |
| သဒ္ဓါသီလတို့နှင့် ပြည့်စုံရကျိုး | ၂၅၅ |
| သဒ္ဓါပဗ္ဗဇိတာနံ | ၂၁၀ |
| သမ္ဗင့်ဇ္ဈ တုဝံ မုနိ | ၁၇၄ |
| သမ္မသနဉာဏ် | ၅၆ |
| သမီးကိုပယ်၍ တရားဟောခြင်း | ၄၄၄ |
| သမီးကို ရဟန်းနှင့်ပေးစားလိုပုံ | ၄၄၃ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သမန္တပါသာဒိက တောဂဒ်အရာ၌ | ၂၄၄ |
| သမန္တစက္ခုဖြင့် ရှုတော်မူလျှင် | ၂၉၇ |
| သမုဋ္ဌာပေတိ ဖြစ်ပွားကြီးမြင့်စေ၏ | ၂၃၂ |
| သမာပတ်များကို ဝင်စားခြင်း | ၆၀၁ |
| သမာဓိအင်အား | ၅၈၃ |
| သမိဒ္ဓုတု | ၁၅၈ |
| သမာဓိကိုမရနိုင်သောကြောင့် | ၁၂၄ |
| သမာပတ် ၈-ပါးကိုရကြ၏ | ၁၂၂ |
| သမ္ဗပါဒ္ဒိကမည်သော ရဟန္တာတစ်ဦးအား | ၁၇၃ |
| သမ္ဗုဒ္ဓဘုရားသာ ဖြစ်ပေရာ၏ | ၁၂၃ |
| သမ္ဗုဒ္ဓတေသုတာဒိနော | ၇၆ |
| သမ္ဗုဒ္ဓဘုရား ဖြစ်တော်မူခြင်း | ၅၇ |
| သမ္ဗုဒ္ဓမိပတိ မုနိအစစ်ဓမ္မရာဇ် | ၂၁၈ |
| သရဏဝေဓိအတတ် | ၃၈ |
| သရဏဂုံပဥ္စသီလကို ဆောက်တည်လျက် | ၂၄၇ |
| သရဏဂုံပဥ္စသီ | ၈၁ |
| သရဒလုလင်အမည်ရှိ၏ | ၁၂၂ |
| သဝဏ်လွှာလဲ၍ ပို့ကြခြင်း | ၁၉၃ |
| သဝဏ်လွှာ ၂-စောင် | ၅၁၈ |
| သာကီဝင်မင်းသား ၆-ပါး | ၁၅၄ |
| သာကီဝင်မင်းတို့ မာနကျပြီ | ၁၃၂ |
| သာဂရအသင်္ချေ | ၂၀ |
| သာတာဂီရိနတ်သည် | ၇၄ |
| သာတာဂီရိမည်သောတောင်၌ | ၇၄ |
| သာဓုကီဠနကစားခြင်းမှတ်ချက် | ၆၁၁ |
| သာမာဝတီတို့ ကျွတ်တမ်းဝင်ပုံ | ၄၄၆ |
| သာမာဝတီတို့က မှတ်ချက် | ၄၅၀ |
| သာမာဝတီ သူဌေးသမီးဘဝရောက်ပြီ | ၄၄၀ |
| သာမာဝတီ၏ဆရာဖြစ်သော ခုဇ္ဇုတ္တရာကို | ၃၂၃ |
| သာမဏေတန်ခိုးပြနိုင်ပုံ | ၃၉၅ |
| သာရိမည်သော ပုဏ္ဏေးမ၏ဝမ်း၌ | ၂၄၈ |
| သာဝတ္ထိပြည်၏တောင်မျက်နှာ ၈-ပယ်စာခန့်တွင် | ၁၄၄ |
| သာသနာ၌ ကြည်ညွှတ်သောစိတ်ဖြစ်၍ | ၃၂၆ |
| သာသနာ့အမွေခံထိုက်သူ | ၆၆၉ |
| သာသနာတော် ချီးမြှောက်ပုံ | ၆၅၅ |
| သာသနာဝယ်ရဟန်းပြု၍ | ၁၁၈ |
| သာသနာပြု လွှတ်တော်မူခြင်း | ၉၃ |
| သိကြား | ၂၄ |
| သိကြားမင်းဗျာဒိတ်ရလေပြီ | ၂၀၄ |
| သိကြားမင်းအလှူနှင့် ဆုတောင်း | ၂၀၃ |
| သိကြားမင်းကိုတိုက်တွန်းပုံ | ၂၀၃ |
| သိက္ခာပုဒ်တော် ပညတ်ကြောင်း | ၄၇၇ |
| သိန္ဓောမြင်း ၄-စီးကို က,စေလျက် | ၄၀ |
| သိဒ္ဓတ်မင်းသား သံဝေဂရတော်မူပုံ | ၄၃ |
| သိရိဓမ္မာသောကမင်းကြီးကိုးကွယ်ရာရပုံ | ၆၅၃ |
| သိရိဓမ္မာသောကမင်းကြီး | ၆၅၀ |
| သိရိဝမုနအမည်ရှိ၏ | ၁၂၂ |
| သိရိဝမုန ဗျာဒိတ်ရပုံ | ၁၂၅ |
| သိရိမာအမည်ရှိသော ပြည့်တန်ဆာမကို | ၃၁၇ |
| သိရိမာ သောတာပန်ဖြစ်ပြီ | ၃၁၉ |
| သီဝိဇာတ်တော် | ၄၀၉ |
| သီဝိဘုရင်ကို ဖမ်းစားပုံ | ၄၁၁ |
| သီဝိဘုရင်ရှုံးရပြီ | ၄၁၁ |
| သီဝိမင်းကြီး သတိရပြီ | ၄၁၂ |
| သီတင်းသည်မှတ်ချက် | ၅၀၉ |
| သီလစောင့်ထိန်းသူ၏ အကျိုး ၅ ပါး | ၅၅၄ |
| သီလမရှိ ဒုဿီလပုဂ္ဂိုလ်၏အပြစ် ၅-ပါး | ၅၅၃ |
| သီလပရိပူရဏမေတ္တာသဟဂတ စေတနာ | ၁၈၃ |
| သီလစောင့်တည်ခဲ့ကြပုံ | ၁၁၈ |
| သီဟောကုန္တို ကာနုသရဏဟုဆိုအပ်သော | ၅၅ |
| သုခပဋိဘာန် | ၂၀ |
| သုဇာတပုဏ္ဏား | ၁၇၃ |
| သုဒတ္တအမည်ရှိသောသူဌေးသည် ရှိ၏ | ၃၄၀ |
| သုဒတ္တပုဏ္ဏား | ၄၈ |
| သုနိမ္မိတ | ၂၄ |
| သုနန္ဒအသင်္ချေ | ၂၀ |
| သုဘဒ္ဒ | ၇၀ |
| သုယာမ | ၂၄ |
| သုသိမမည်သော ပစ္စေကဗုဒ္ဓါ၏ | ၂၈၈ |
| သုသုသံ လဘာတေ ပည် | ၅၀၄ |
| သူ့အိုကို မြင်ရပုံ | ၄၀ |
| သူ၏ပရိက်ကို ပြုဦးမှ | ၁၀၈ |
| သူခိုးသော်လည်း ဖြစ်လတ္တံ့လော | ၂၆၂ |
| သူငယ်ကို ဘုရားအားလှူခြင်း | ၅၀၆ |
| သူစိလောမဘီလူး | ၄၇၈ |
| သူဆင်းရဲမ သင်္ကန်းလှူပုံ | ၄၀၈ |
| သူတစ်ပါးမကောင်းကြံ ကိုယ်ခံရ | ၄၃၅ |
| သူနာကို မြင်ရပုံ | ၄၁ |
| သူရဲသူခက် ရဲမက်အဖော်မရှိဘဲ | ၅၄၇ |
| သူသေကို မြင်ရပုံ | ၄၁ |
| သေကြောင်းကြံစည် ခံရပုံများ | ၄၃၄ |


www.burmeseclassic.com

www.burmeseclassic.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| သေဋ္ဌောဟမသ္မိ လောကဿ | ၂၉ |
| သဲကိုလည်း လက်ခုပ်ဖြင့်ကျုံးပြီးသော် | ၂၀၅ |
| သောကောရောဂေါ စုပဒ္ဒဝေါ | ၉၅ |
| သံခိတ္တေန | ၂၂၁ |
| သံဂါယနာတင်ရန် ရဟန္တာ ၅၀၀ | ၆၂၂ |
| သံဂါယနာတင်လိုစိတ် ပေါ်ပေါက်လာပုံ | ၆၀၉ |
| သံဃာတို့ စည်းဝေးမိသည်ကိုမြင်လျှင် | ၅၂၂ |
| သံဃာ ၅၀၀ မပြည့်ပုံ မှတ်ချက် | ၆၂၃ |
| သံဃာရာမသိဒ်ဖလ် | ၁၇၅ |
| သံဃာတော်များကြွလာခြင်း | ၁၂၄ |
| သံဃာတော် ၁-သိန်းနှင့်တကွ | ၁၂၅ |
| သံဝေဂဂါထာများ | ၆၀၂ |
| သံဝေဂရ ရဟန်းပြုကြ | ၁၉၁ |
| သံသန္ဒိတွာ၊ နှိုးနှောနှိုင်းစာ၍ | ၂၁၃ |
| သားအင်္ဂုလိမာလရှိရာ တောအရပ်သို့ | ၄၈၆ |
| သားအရင်းကို ဘီလူးစာကျွေးပြီး | ၄၉၆ |
| သားချင်းဆွေမျိုး ကိုယ်စားရာမရှိ | ၄၀၉ |
| သားတော်, သမီးတော်တို့ရဟန်းပြုကြပုံ | ၆၆၉ |
| သားတော် ၅၀၀ | ၄၁၅ |
| သားနန္ဒနှင့် ထိမ်းမြားလိုပါကြောင်း | ၃၁၅ |
| သားမြေးတို့၌ချစ်ခြင်းသည် | ၁၄၁ |
| သားရဟန္တာ အဖဥပါသကာ | ၉၁ |
| သားသမီး မရနိုင်ကြောင်း | ၄၂၃ |
| သက်ဝင်ကြည်ညိုခြင်း ပြင်းစွာရှိရကား | ၂၅၈ |
| သင်အသက်မွေးခြင်းဌာတတ်ကောင်းရာလတ္တံ့. | ၂၃၃ |
| သင်၏မန္တာန်ကို ငါ့အားသင်ပေးပါ | ၂၃၄ |
| သင်၏ပန်းကုံးညှိုးက | |
| သင် ရာဂစိတ်ဖြစ်သည်ကို သိရလတ္တံ့. | ၁၉၄ |
| သင်တို့ ဆိုင်းလင့်ကုန် | ၂၇၁ |
| သင်္ကန်းလျှာ လှူရကျိုး | ၁၈၉ |
| သင်္ကသကို သတ်မှတ်ပြီ | ၄၀၄ |
| သင်ကား သာဝကဝေနေယျမဟုတ် | ၂၂၇ |
| သင်္ခါရုပေက္ခာဉာဏ် | ၅၆ |
| သင်္ဂါယနာဝင်ကျမ်းတို့နှင့် ညီညွတ်သည် | ၃၄၈ |
| သစ်ပင်သစ်ခက်တို့ကို အကျွန်ုပ် ရှင်းပါမည် | ၂၃၀ |
| သင့်ဘုန်းနှင့်သာ ရာကြလေတော့ | ၁၈၈ |
| သန့်ရှင်းချောင် ဖြဟ္မာသံကဲ့သို့ | ၇၈ |
| သင်းခွဲဖက်ရှာပုံ | ၅၂၅ |
| သင်းခွဲစကားပြောကြားပုံ | ၅၂၆ |

| အက္ခရာစဉ် | ဟမျက်နှာ |
| --- | --- |
| သုံးကြိမ်မြောက်မပယ်ပေရာ | ၅၇၈ |
| သုံးဂါဝုတ်မျှ ကြီးကျယ်လှသော | ၁၄၀ |
| သုံးဆယ့်နှစ်ပါးသော | |
| ပုဗ္ဗနိမိတ်တို့ထင်ကုန်သည် | ၄၉၈ |
| သုံးယူဇနာလောက် ခရီးရှည်လေလျှင် | ၄၈၇ |
| သျှိသျှားသီးပမာဏရှိသော | ၂၅၉ |

**[ ဟ ]**

| | |
| --- | --- |
| ဟဒယဝတ္ထုရှိလျက် | ၅၅ |


www.burmeseclassic.com